

စာပေလောက ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်
ရွှေဥဒေါင်း
တစ်သက်တာမှတ်တမ်း
နှင့်
အတွေးအခေါ်များ

# ဆရာကြီးရွှေဥဒေါင်း

## တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

### ပထမနှိပ်ခြင်းအမှာ

၁၉၅၃ ခုနှစ်တွင် ကျွန်ုပ်၏ ရတနာပုံဝတ္ထုကို ကျောင်းသုံးစာအုပ်အဖြစ်နှင့် ပြဋ္ဌာန်းစဉ်အခါက ကျောင်းသုံး စာအုပ် ပြဋ္ဌာန်းရေး ကော်မတီ၏ မှတ်ချက်တွင် " စာရေးဆရာအကြောင်းကို လည်း လေ့လာရမည် " ဟူသော အချက်တခု ဖော်ပြပါရှိ၏။ ရတနာပုံဝတ္ထု ရေးဆရာ ဖြစ်သော ကျွန်ုပ်အကြောင်းကို ကျောင်းသားများလေ့လာရမည်ဆိုလျှင် အချို့စာရေးဆရာများကဲ့သို့ 'ပီမိုးနင်း၏ ပီမိုးနင်း'၊ 'မဟာဆွေ၏ မဟာဆွေ' အစရှိသည့် ကိုယ်တိုင်ရေးသားသော အတ္ထုပ္ပတ္တိ စာအုပ်မျိုး ရေးထုတ်ဖူးခြင်း မရှိသေးသည့်အတွက်ကြောင့် ကျောင်းသူ ကျောင်းသားများ၌ အခက်အခဲ ကြုံရဖွယ်ရှိသည်ဟု သဘောရသည်နှင့် ကျွန်ုပ်သည် 'ဦးဖေသိန်း၏ ရွှေဥဒေါင်း'ဟူသော အမည်ဖြင့် ကျွန်ုပ်၏အတ္ထုပ္ပတ္တိကို အကြမ်းဖျင်းအနေဖြင့်ရေးသား ရိုက်နှိပ်ခဲ့ဘူးပါသည်။ ထိုအမည်ကိုမှည့်ရာ၌ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ဆရာ ပီမိုးနင်းနှင့် မဟာဆွေတို့ မှည့်ထားကြသည့် စာအုပ်အမည်များနှင့် အဆင်ကွဲစေရန် ဖြစ်ပါသည်။ သို့ရာတွင် ရွှေဥဒေါင်းသည် ဦးဖေသိန်းပင် ဖြစ်သည်ဟု မသိကြသူအချို့ 'ရွှေဥဒေါင်း 'အတ္ထုပ္ပတ္တိကို ဦးဖေသိန်းဆိုသော လူတယောက်က ရေးထုတ်ခြင်း ဖြစ်သည်ဟု မှတ်ထင်ခဲ့ကြလေသည်။

‘ ဦးဖေသိန်း၏ ရွှေဥဒေါင်း ’ စာအုပ်တွင် ရတနာပုံဝတ္ထု၊ သင်ရသည့် ကျောင်းသူ ကျောင်းသား များအတွက် သက်သက်ရည်ရွယ်သည့်အတိုင်း ကျွန်ုပ်၏ မျိုးရိုးဇာတိနှင့် မွေးဖွားသည့်ခုနှစ်သက္ကရာဇ်အပြင် အလုပ်အကိုင် အမျိုးမျိုးမျှ လောက်ကိုသာ ထည့်သွင်းဖော်ပြခဲ့သည် ဖြစ်သောကြောင့် ကျွန်ုပ်အကြောင်းကို သိလိုသူများအဖို့ မစုံလင်ရုံ သာမက ယင်းသို့သော အတ္ထုပ္ပတ္တိမျိုးကို ဖတ်ရှုခြင်း အားဖြင့် အကျိုးကျေးဇူး များလှမည်လည်း မဟုတ်ပါ။ ဤအကြောင်းကို ကျွန်ုပ် နားလည်သော်လည်း ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကျောင်းသုံးစာအုပ် ကော်မတီ၏ မှတ်ချက်အရကျောင်းသူကျောင်းသားများအဖို့လိုလားချက်ပြည့်စုံရုံကလေး အတွက် ဆို၍ထိုမျှနှင့်ပင် ကျေနပ်ခဲ့ပါသည်။

အထက်ပါစာအုပ် ထွက်လာပြီးသည့်နောက် လူထုမောင်နှံတို့က (အထူး သဖြင့် မအမာက) “ဦးလေးသိန်းအတ္ထုပ္ပတ္တိကို ပြည့်ပြည့်စုံစုံ တအုပ် ရေးထုတ် စမ်းပါအုံး” ဟု တိုက်တွန်းကြ၏။ ထိုအခါ ကျွန်ုပ်က မိမိ၏ အတ္ထုပ္ပတ္တိကို ရေးသားခြင်းဟူသည်မှာ တိုင်းပြည်တွင်တနည်းနည်းနှင့် ကြီးကျယ် ပြီး ‘လူတလုံး သူတလုံး’ ဖြစ်လာကြသူများသာရေးလေ့ရှိကြောင်း၊ မိမိမှာ ဘာ တလုံးမျှဖြစ်မလာ သေးသဖြင့် မိမိအကြောင်းကို အခြားလူများက ရေးထိုက်သည် ထင်ကြလျှင် ရေးကြစေ၊ မိမိကိုယ်တိုင်ရေးပါက ကိုယ့်ဟာကိုယ် အထင်ကြီးသူ တယောက် ဟူ၍ အခြားလူများ ကဲ့ရဲ့စွပ်စွဲစရာဖြစ်လိမ့်မည့် အကြောင်း ပြန်ပြော ပါသည်။ ထိုအခါ မအမာက ကိုယ့်အကြောင်းကိုကိုယ် ရေးခြင်းဟူသည်မှာ ‘လူတလုံး သူတလုံး’ ဖြစ်လာမှရေးထိုက်သည် မဟုတ်ကြောင်း၊ အကယ်၍ ဈာမ လူကြီး တယောက်ဖြစ်လာစေကာမူလည်း ‘ငါလိုလူ ရှိသေးလား’ ဆိုသည့် သဘောမျိုးနှင့် ဟိတ်ထုတ် ရေးသားခြင်းမျိုးဖြစ်ခဲ့ရင် စာဖတ်သူအဖို့ အကျိုး များသင့်သလောက် မများပဲဖြစ်နိုင်ကြောင်း၊ ကြီးကျယ်လှသော ပုဂ္ဂိုလ်တဦးပင် မဟုတ်စေကာမူ စာရေးတတ်သောစာရေးဆရာ တယောက်ဖြစ်ပါကဖတ်ချင့်စဖွယ် ဖြစ်နိုင်သည့်ပြင်

စာဖတ်သူများအဖို့၌ သင်ခန်းစာ ယူနိုင်လောက်သည့် စာအုပ် မျိုးဖြစ်လာနိုင်ကြောင်းများနှင့် အကြောင်းပြ ပြောဆိုလေသည်။

ကျွန်ုပ်သည် မအမာ၏အကြောင်းပြချက်နှင့် ပတ်သက်၍ အချိန်ကြာရှည်စွာ စဉ်းစားခဲ့ပါသည်။

သူ၏ အကြောင်းပြချက်များသည် ခိုင်လုံသည်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည့်အပြင် ကျွန်ုပ်ကိုယ်တိုင် ထပ်မံတွေ့ရှိ ရသောအကြောင်း များကိုလည်း တင်ပြလိုပါသေးသည်။ ကျွန်ုပ်မှာ အနောက်တိုင်း ဝတ္ထု များအနက်မှ ( Classics ) စံနမူနာ တင်လောက်သည်ဟု ပညာရှိများ သတ်မှတ်ထားသည့် ဝတ္ထုအမြောက်အမြားကို ဖတ်ရှုခဲ့ဖူးရာတွင် ၄င်းတို့ကို အဘယ့်ကြောင့် ထိုကဲ့သို့ ရွေးချယ် သတ်မှတ်ကြပါသနည်းဟု ကျွန်ုပ်စူးစမ်း ရှာဖွေကြည့် ပါသည်။ ကျွန်ုပ်တွေ့ရှိရသော အကြောင်းတရပ်မှာ ထိုစာအုပ်များသည် လူ့သဘာဝကို မှန်ကန်စွာနှင့် သစ္စာရှိစွာပေါ်လွင်ထင်ရှားစေရန် အဖြစ်အပျက်များကို စိတ်ကူးဖြင့် စီစဉ်ဖန်တီးပြီး ဇာတ်ကွက် ဇာတ်လမ်းဖြင့် ဝတ္ထုဖြစ်အောင် ရေးသား တင်ပြခြင်းသည်အကြောင်းကြီး တရပ်ဖြစ်သည်ဟု တွေ့ရှိရပါသည်။ ကျွန်ုပ်၏အဝတ္ထုပွတ်တွိကို ရိုးသားစွာတင်ပြသည်ဆိုလျှင် အဖြစ်အပျက် အစစ်အမှန်ကို တင်ပြခြင်းဖြစ်သည့်အတွက်ကြောင့် ( ဝတ္ထုများကဲ့သို့ ) သဘာဝ ကျမကျကို စဉ်းစားစရာမလို၊ ရေးသားသူ ကိုယ်နှိုက်က ရိုးသားဖို့ သာလိုသည်ဟု စဉ်းစားမိပါသည်။ ဤတွင် အဟုတ် တကယ် ရိုးသား နိုင်ပါမည်လော၊ မိမိ၏ ဂုဏ်သရေကို ထိခိုက်မည်စိုးသည်နှင့် တစိတ်ကို တအိတ်လုပ်ခြင်း၊ အမည်းကိုအဖြူလုပ်ခြင်း၊ အကောင်းကိုချဲ့ထွင်ပြီး အဆိုးကို မြုပ်ထားခြင်းအစရှိသည့် မရိုးသားသော ကလောင်သမား၏ အပြုအမူမျိုးမှ ရှောင်ကြဉ်နိုင် ပါမည်လောဟု မိမိကိုယ်ကို စစ်ဆေးကြည့် ရာတွင် ကျွန်ုပ်သည် စာအုပ်ကောင်းတအုပ် ပေါ်ထွက်ရေး

အတွက် ပုဂ္ဂိုလ်အနေဖြင့် မိမိအဖို့ အထင်ကြီးခံလိုခြင်း တည်းဟူသော မာန ( Vanity ) ကို စွန့်လွှတ် ပါတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါသည်။

လူ့သဘာဝကို ထင်ရှားအောင် တင်ပြခြင်းဆိုရာ၌ လူသားအားလုံးနှင့် သက်ဆိုင်သောသဘာဝအပြင် ပုဂ္ဂိုလ်အသီးသီးနှင့် သက်ဆိုင်သော သဘာဝ ( Individual Nature ) ဟူ၍ ရှိပါသေးသည်။ မိမိ၏ အတ္ထုပ္ပတ္တိကို ရေးသားဖော်ပြမည်ဖြစ်သော ကျွန်ုပ်အဖို့မှာ လူသားအားလုံးနှင့် သက်ဆိုင်သော သဘာဝနှင့် စည်းလွတ် ဒုံးလွတ်' မဖြစ်စေပဲ ကျွန်ုပ်၌ အထူးတလည် တသီး တခြားတည်ရှိသည့် သဘာဝကိုလည်း ဖော်ပြရန်တာဝန်ရှိသည်ဖြစ်ရာ (၎င်းတာဝန် သည် သေးငယ်လွယ်ကူသော တာဝန်တခုမဟုတ်သော်လည်း ) ကျွန်ုပ်၏ မရှက် မကြောက် သဘောထားနိုင်ခြင်း၊ ရိုးသားခြင်း၊ ဖြောင့်စင်းခြင်း၊ သစ္စာတရားကို မြတ်နိုးခြင်းများအားလုံးဖြင့် အဆိုပါတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်နိုင် ကောင်းပါ၏ဟု မျှော်လင့်မိပါသည်။ ကျွန်ုပ်၏အရည်အချင်းနှင့် ပတ်သက်၍မူ (မှန်မည် မှားမည်မပြောတတ် ) လူအသီးသီး၏ အဇ္ဈတ္တသန္တာန်၌ ကတ်ကတ် သတ်သတ်တည်ရှိတတ်သည့် အလွန်သိမ်မွေ့လှသော သဘာဝကလေး အချို့ကို ဖော်ထုတ်တင်ပြတတ်သည့် ပါရမီခံပါရှိသည်ဟု မျှော်လင့်ပါသည်။ ဤသည်မှာ ကျွန်ုပ်၏ အားကိုးကြီးတခု ဖြစ်ပါသည်။

ကျွန်ုပ်သည် ပဋိသန္ဓေစာတ်ခံအားဖြင့် လူယုတ်မာတယောက်လည်း မဟုတ်၊ သူတော်ကောင်း တယောက်လည်း မဟုတ်၊ အလယ်အလတ် အတန်းအစား တယောက်ဖြစ်သည်ဟု ယုံကြည်ပေရာ ပတ်ဝန်းကျင်အခြေအနေ၏ ပြုပြင်မှု အတွက်ကြောင့် ကောင်းသောအချင်းအရာများနှင့် မကောင်းသောအချင်းအရာ များသည် ဘယ်ပုံဘယ်နည်း ဝင်လာကြပုံ၊ မိဘများထံမှ ဆက်ခံရပုံ၊ ဘဝ အစဉ်အဆက်မှ ပါလာပုံရသည့် အချင်းအရာများလည်း ရှိပုံ၊ ၎င်းတို့အားလုံးကို ပေါင်းစပ်ပြီးခါမှ ယခု လက်ရှိ ရွှေဥဒေါင်းဆိုသည့် အဘိုးကြီး တယောက်

ဖြစ်လာရပုံအကြောင်းကို ခရေစေ့တွင်းကျဖော်ပြလိုသည့် ရည်ရွယ်ချက်လည်း ရှိပါသည်။ ကျွန်ုပ်၏တသက်တာမှတ်တမ်းကိုစေ့စေ့စပ်စပ် ဖတ်ရှုသူများအနက် လက်ရှိ ရွှေဥဒေါင်းကို သိကြသူဖြစ်ပါက "သြော်..သြ.. ဒီလူကြီးဟာ ဒါကြောင့် ဝွစာကြီးဖြစ်နေတာပဲကိုး" ဟူ၍ ဆုံးဖြတ်ချက် ချကြပါလျှင် လည်း ကျွန်ုပ်အဖို့ နစ်နာသည်ဟုထင်လိမ့်မည် မဟုတ်သည့်ပြင် စာရေးဆရာ တယောက်အနေဖြင့် လက်စွမ်းထက်လှပြီးဟူ၍ပင် ဂုဏ်ယူလိမ့်မည်ထင်ပါသည်။

ကျွန်ုပ်၏မှတ်တမ်းမှာ အပြစ်အနာအဆာနှင့် ချွတ်ယွင်းချက်များကို ဝန်ခံဖော်ပြသည့် (Confessions) ဖြောင့်ချက်များ သက်သက်လည်းမဟုတ်၊ မိမိကိုယ်ကို အထင်ကြီးစေလို၍ အကောင်းတွေချည်းရွေးပြီး ချဲ့ထွင်တင်ပြခြင်းမျိုးလည်းမဟုတ်၊ ကျွန်ုပ်တသက်တာ၌ စိတ်ကိုထိခိုက်ခြင်းကြောင့် အမှတ်ထင်လျက်ရှိသည့် အဖြစ်အပျက်အကြောင်းအရာများကို ကျွန်ုပ်သတိရသလောက် ရေးသားဖော်ပြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၏စိတ်၌ ထိခိုက်ခြင်းဟူသည် မှာ ကျေနပ်သောကြောင့် ထိခိုက်ခြင်းများလည်းရှိ၍ မကျေနပ်သောကြောင့်ထိခိုက်ခြင်းများလည်းရှိကြပေသည်။ ရံဖန်ရံခါ မိမိကိုယ်ကို ကောင်းသော အကွက်၌ထား၍ ကောင်းသော အရည်အချင်းကလေးများကို ဖော်ပြမိသည့်အခါ (နည်းတော့နည်းပါသည်) ကိုယ်ရည်သွေးချင်တတ်သည်ဟု ထင်မှတ်မိကြပါက ကျွန်ုပ်၏မကောင်းခြင်း၊ ညံ့ဖျင်းခြင်း စိတ်ဓာတ်ပျော့ခြင်း အကြောင်းများကိုလည်း မကွယ်မဝှက် မဖုံးမဖိဖော်ပြခြင်းများကိုလည်း သတိပြုကြခြင်းအားဖြင့် ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်ုပ်၏ ပျော့ညံ့မှုများနှင့် ချွတ်ယွင်းချက်များမှာ မှတ်တမ်းတလျှောက်လုံးတွင် အဖန်တလဲလဲ တွေ့ရှိရမည်ဖြစ်သောကြောင့် စာဖတ်သူအချို့က ကျွန်ုပ်၏ ရိုးသားခြင်းကို သဘာကျဖွယ်ရာရှိသော်လည်း ရာခိုင်နှုန်းအများကမူ "လက်စသတ်တော့ ဒီလူကြီးဟာ လူရှော်ကြီးတယောက်ပါတကား"ဟု ဆုံးဖြတ်ကြ မည်ကိုလည်း

ကျွန်ုပ်စဉ်းစားမိပါသည်။ ဤတွင်ကျွန်ုပ်သည် ကမ္ဘာကျော် အတ္ထုပ္ပတ္တိရေးဆရာကြီး ဘော့စ်ဝဲလ် အကြောင်းကို သတိရမိပါသည်။ ဘော့စ်ဝဲလ်သည် ကမ္ဘာကျော် စာရေးဆရာကြီးတဦးဖြစ်သော ဒေါက်တာဂျွန်ဆင်၏ အတ္ထုပ္ပတ္တိကိုရေးသားခဲ့ရာ သူ၏အတ္ထုပ္ပတ္တိစာအုပ်(Biography)သည် ကမ္ဘာပေါ် တွင် အကောင်းဆုံးသော အတ္ထုပ္ပတ္တိစာအုပ်ဖြစ်ရုံသာမက ဒုတိယလိုက်သော အတ္ထုပ္ပတ္တိစာအုပ်သည် ဘော့စ်ဝဲလ်၏ စာအုပ်နောက်မှ မိုင်ပေါင်းများစွာ ပြတ်ကျန်ရစ်သည်ဟု စာရေးဆရာကြီး လော့ဒ်မကော်လေးက ချီးကျူးရေးသား ဖူးလေသည်။ ဘော့စ်ဝဲလ်၏ စာအုပ်တွင် ဒေါက်တာဂျွန်ဆင်နှင့်တွေ့တိုင်း အပြန်အလှန် စကားနိုင်လုရှ် ပြောကြသည်များတွင် ဒေါက်တာဂျွန်ဆင်ကချည်း နိုင်ပြီး ဘော့စ်ဝဲလ်က ပြတ်ပြတ်သတ်သတ် 'ခွေးကျဝက်ကျ' ရှုံးခဲ့ရပုံများကို အရှက်မငဲ့ပဲ ရဲရဲတင်းတင်း ကွက်ကွက်ကွင်းကွင်း ပြည့်ပြည့်စုံစုံအသေးစိတ် ရေးသားဖော်ပြ ထားလေသည်။၎င်းစာအုပ်တွင် ဒေါက်တာဂျွန်ဆင် တော်သလောက် ဘော့စ်ဝဲလ် ညံ့ရာရောက်နေ၏။ ဒေါက်တာဂျွန်ဆင်၏တော်ခြင်းသည် ဘော့စ်ဝဲလ် ၏ညံ့ခြင်း ကြောင့် (လကွယ်နေ့ညတွင်မြင်ရသော သောကြာကြယ်ကဲ့သို့) အစွမ်းကုန် တောက်ပြောင်ပြီး အကောင်းဆုံး စာအုပ်ကြီး ဖြစ်လာရလေသည်။ တကမ္ဘာလုံးသည် ဘော့စ်ဝဲလ်၏ စာအုပ်ကြီးကို ချီးကျူး၍ မဆုံးရှိနေစဉ် ဘော့စ်ဝဲလ် ကွယ်လွန်သောအခါ၌ သူ၏သားက မည်သို့ပြောသည် ထင်ကြ သနည်း။ ဖခင်၏ စာအုပ်ကျော်စောမှုကြောင့် သားဖြစ်သူက ဂုဏ်ယူသည် ထင်ကြသလော။ သူ့သားကမိမိတတ်နိုင်ခဲ့လျှင် ဖခင်ရေးခဲ့သည့် အတ္ထုပ္ပတ္တိ စာအုပ်များကို ကမ္ဘာပေါ်တွင်ရှိရှိသမျှ အားလုံးဝယ်ပြီး မီးရှို့ပစ်ချင်သည်ဟု ပြောဖူးသည်ဆို၏။ အကြောင်းမူကား ထိုစာအုပ်ကြီးတွင် သူ့ဖခင်သည် (စာရေးကောင်းသော်လည်း) ပုဂ္ဂိုလ်အနေဖြင့် လူညံ့တယောက်ဖြစ်ရသောကြောင့် ဟုဆိုလေသည်။ ကျွန်ုပ်၏မှတ်တမ်းမှာလည်း ကျွန်ုပ်၏အဆက်အနွယ် နောင်လာနောင်သားများက ဘော့စ်ဝဲလ်၏ သားနည်းတူ မီးရှို့ပစ်ချင်ကြချေမည်

လောဟု စဉ်းစားမိဖူးပါသည်။ နောက်ဆုံး၌မူ မီးရှို့တော့မှ ရှို့စေ၊ လူ့သဘာဝကို ရိုးသားစွာ တင်ပြခြင်းအားဖြင့် စွန့်စားလိုက်ပါဦးမည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

ကျွန်ုပ်၏မှတ်တမ်းမှာအတ္ထုပ္ပတ္တိသက်သက်မဟုတ်၊ အတွေးအခေါ်များလည်း ထည့်သွင်းဖော်ပြပါရှိ၏။ ကျွန်ုပ်၏ အတွေးအခေါ်များမှာလည်း နိဗ္ဗာန်ဆိုသည်မှာ ဘယ်သို့နည်း၊ မဂ်စိတ္တပ္ပါဒ်ဟူသည်မှာ ဘယ်လိုများနေလေသနည်း စသည်ဖြင့် အခြောက်တိုက် ဗလာသက်သက် ရော်ရမ်းမှန်းဆသည့် အတွေးအခေါ် အမျိုးအစား မဟုတ်၊ ကိုယ်တိုင်ကြုံတွေ့သည့် အဖြစ်အပျက် အချင်းအရာများ အပေါ်တွင် အခြေတည်ကာ လွတ်လပ်စွာ တွေးခေါ်တင်ပြထားခြင်းမျိုး ဖြစ်ပါသော ကြောင့် ကျွန်ုပ်ယူဆသည့်အတိုင်း 'တချက်လွတ်' လက်ခံနိုင် လက်မခံနိုင် အပထား၍ ဟုတ်လောက်သင့် မဟုတ်လောက်သင့်ကို စဉ်းစား ဆင်ခြင်စရာ အချင်းအရာ မျိုးမြောက်မြားစွာ ပါရှိသည်ဟု မျှော်လင့်ပါသည်။ လွန်ခဲ့ပြီးသော ခေတ်များကမူ မိရိုးဖလာ အယူအဆနှင့် ကွဲလွဲခဲ့လျှင် ပရိသတ်သို့ တင်ပြရန်ပင် ခဲယဉ်းခဲ့သည်ဖြစ်ရာ၊ ဤခေတ်တွင်မူကား ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်ဆုံးဖြတ် ရဲသည့် စာဖတ်ပရိသတ် တိုးတက်များပြားလာသည်ဟု ယုံကြည်သည့်အလျောက် စွန့်စား တင်ပြလိုက်သော အတွေးအခေါ်များလည်း ပါရှိပါသည်။

တသက်တာမှတ်တမ်းကို ရေးသားရာ၌ ကျွန်ုပ်၏ အရေးအကြီးဆုံးဖြစ်သော ရည်ရွယ်ချက်မှာ ငယ်ရွယ်နုနယ်စဉ်အခါ ပျော်ပျော်နေချင်တတ်၍ 'လူစုံ'တယောက် ဖြစ်ချင်သည့် 'လူရော်' တယောက်သည်ပင် အချိန်တန်သောအခါ၌ သတိတရားရ၍ ဂေါတမဗုဒ္ဓ ဟောပြတော်မူခဲ့သည့် ကျင့်စဉ်များအရ မိမိ၏စိတ်ကို စောင့်ကြည့်ကာ ထိန်းသိမ်းပေးသည့် အလေ့အကျင့်(MindCulture)ပြုလုပ်ပါက ကျမ်းတတ်ဆရာများ ဦးခေါင်းကုတ် ကြရသည့် လောကုတ္တရာရေးဆိုင်ရာ ကျမ်းတစောင်တဖွဲ့ ပြုစုနိုင်ခဲ့ခြင်းအားဖြင့် မြန်မာပြည်ဗုဒ္ဓဘာသာလောက၌ အမှတ်ထင်ရစ်အောင်

စွမ်းဆောင်နိုင်ပေသည် တကားဟု အားကျရစ်စေဖို့ မျှော်လင့်ယုံကြည်ချက်ပင်ဖြစ်ပါ သတည်း။

ရွှေဥဒေါင်း

၂၁.၁၀.၆၁

## ဒုတိယနှိပ်ခြင်းအမှာ

တသက်တာမှတ်တမ်း ပထမနှိပ်ခြင်းကို ဖတ်ရှုကြသော စာဖတ်ပရိသတ် အချို့က ကျွန်ုပ်သည် ၄င်းစာအုပ် ၄တွဲတွင် ဖော်ပြခဲ့သည် အချင်းအရာများအနက် ၄င်းတို့သဘောမကျနိုင်သည့် အချက်အလက်များကို စာဖြင့် ရေးသားပေးပို့ကြသည်။ ထိုသူတို့သည် အတ္ထုပ္ပတ္တိဆိုပါက စာဖတ်သူတို့ အတုခိုး နည်းယူထိုက်သည့် အဖြစ်အပျက် အကြောင်းအရာများကိုသာ ထည့်သွင်း ဖော်ပြထိုက်သည်ဟု ယူဆကြဟန် လက္ခဏာရှိသည်။

တသက်တာမှတ်တမ်း စာအုပ် ၄တွဲကို ရေးသားဖော်ပြခဲ့ရာ၌ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ 'ရွှေဥဒေါင်း'တည်းဟူသော ပုဂ္ဂိုလ်တစ်ဦးသည် ချီးကျူးဖွယ်ကောင်းသော လူတယောက်ဖြစ်သည်ဟူ၍ စာဖတ်သူများယူဆကြရန် ရည်ရွယ်ချက်မရှိ။ လူချီးမွမ်းခံလို၍ မှတ်တမ်းကို ရေးထုတ်ခြင်းလည်းမဟုတ်။ 'ရွှေဥဒေါင်း'သည် မည်သို့သော လူတယောက်ဖြစ်သည်ကို သစ္စာရှိစွာ သရုပ်ဖော်ပြခြင်းအားဖြင့် ဟုတ်တိုင်းမှန်ရာ မိမိအဖြစ်အပျက်များနှင့်တကွ မိမိအတွေးအခေါ်များကို စာဖတ်ပရိသတ်သို့တင်ပြရန် ရည်ရွယ်ချက်မျှသာရှိပါသည်။ အချို့နေရာများ၌ ကျွန်ုပ်သည် ရှက်ဖွယ်ရာကောင်း သော မိမိ၏ညံ့ဖျင်းမှုများကိုပင် စာဖတ်သူတို့အား မကွယ်မဝှက်၊ မဖုံးမဖိပဲ ရိုးသားစွာ တင်ပြခဲ့ပါသည်။ ကဲ့ရဲ့ချင်လျှင်လည်း ကဲ့ရဲ့ကြစေ၊ ပြောင်လှောင်ချင်လျှင်လည်း ပြောင်လှောင်ကြစေဟု သဘောထားကာ ဟုတ်မှန်သမျှ အတိုင်းသာတင်ပြခဲ့ပါသည်။

အချို့သော အတ္ထုပ္ပတ္တိစာအုပ်များ၌ စာရေးဆရာသည် ကောင်းပေ့ဆိုသော အရည်အချင်းများနှင့်တောက်ပြောင်သော အပြုအမူများကိုသာ ဖော်ပြလေ့ရှိရာ မိမိ၏ အဖြစ်အပျက်ကို မိမိကိုယ်တိုင် ရေးသားဖော်ပြသည့် တသက်တာ မှတ်တမ်း စာအုပ်တွင် ထိုကဲ့သို့ပြုမူပါက အတ္ထုပ္ပတ္တိရေးသားနည်း အစဉ်အလာကို နားလည်သောပရိသတ်၏ ကဲ့ရဲ့သဂြိုဟ်အပြစ်ဆိုခြင်းကို ခံရဖွယ်ရာရှိပေလိမ့်မည်။

ကျွန်ုပ်သည် လက်ခံရရှိထားသည့် အထက်ပါပြစ်တင်စာ မျိုးကို သည်းခံရမည် ဖြစ်သော်လည်း ညံ့ဖျင်းမှုများကို မြုပ်ထားရန် လူချီးမွမ်းစရာ အသက်တာ မျိုးကိုသာလျှင် ရေးသားဖော်ပြမိပါက ပါးရည်နပ်ရည်ရှိသော ပရိသတ်၏ ပြစ်တင်ကဲ့ရဲ့ခြင်းကို ကြောက်လှပါသည်။

အတ္ထုပ္ပတ္တိ စာအုပ်များအနက်တွင် ကျော်စောထင်ရှားဆုံးဖြစ်သော 'ဘော့စ်ဝဲလ်'၏ 'ဒေါက်တာဂျွန်ဆင်'စာအုပ်တွင် စာရေးဆရာ ဘော့စ်ဝဲလ်သည် မိမိ၏ ညံ့ဖျင်းသော အချက်များကိုဖော်ပြ၍ ဒေါက်တာဂျွန်ဆင်၏ တောက်ပြောင်သော ပြောပုံဆိုပုံ စကားလုံးများကိုကား တလျှောက်လုံးဖော်ပြခဲ့သည့်အတွက် စာရေးသူ ဘော့စ်ဝဲလ်မှာ လူညံ့တယောက်ဟူ၍ ထင်မှတ်ဖွယ်ရာဖြစ်သွား၏။ သို့ရာတွင် သူ၏ အတ္ထုပ္ပတ္တိစာအုပ်မှာ ကမ္ဘာပေါ်တွင် ရေးခဲ့ကြသမျှသော အတ္ထုပ္ပတ္တိများအနက် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသည့် ၄င်းစာအုပ်သည် အခြားအခြားသော အတ္ထုပ္ပတ္တိစာအုပ်များထက် အပြတ်အသက် သာလွန် ကောင်းမွန်ပါပေသည်ဟု ကမ္ဘာကျော် စာရေးဆရာကြီး မက္ကောလေးက ဖော်ထုတ်ချီးကျူးခဲ့လေသည်။ ကျွန်ုပ်မှာလည်း 'ညံ့လျှင်ညံ့ပစေ၊စာအုပ်ကောင်းလျှင် တော်ပြီ'ဟု သဘောထားမိပါကြောင်း။

ရွှေဥဒေါင်း

၁၉–၆–၆၈

# ဆရာကြီးရွှေဥဒေါင်း

# တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

## ပထမပိုင်း

### ကျွန်ုပ်၏မှတ်တမ်း

လူတယောက်သည် စုံထောက်မင်းကြီးထံ အလုပ်လျှောက်ထားသည့်အခါ မင်းကြီးသည် ထိုလူ၏ ဥပဓိရုပ်ကို သဘောကျသည်နှင့် ၎င်း၏အရည်အချင်းကို စမ်းသပ်၍ သင့်တော်လျှင် ရာထူးခန့်ထားလိုသောအကြံဖြစ်၏။ သို့ဖြစ်၍ မင်းကြီးသည် မိမိသိလိုသော ပုဂ္ဂိုလ်တဦး၏အမည်၊ နေရပ်နှင့် အလုပ်အကိုင်တို့ ကိုပြောပြပြီးလျှင် ထိုပုဂ္ဂိုလ်အား မျက်စိအောက်မှ အပျောက်မခံပဲ နေ့ရောညပါ အရိပ်သဖွယ် တွယ်ကပ်လိုက်ပါလျက် ၎င်းပြောသမျှ လုပ်သမျှ အလုံးစုံကို မိမိထံသို့ အစီရင်ခံစာ တင်ပို့ရမည့်အကြောင်း ပြောပြလေ၏။ အလုပ်လျှောက်ထားသောလူသည် မင်းကြီးသိလိုသော ပုဂ္ဂိုလ်နှင့် မိတ်ဆွေလည်းမဟုတ်၊ ရန်သူလည်းမဟုတ်လေရကား ထိုပုဂ္ဂိုလ်ပြောသမျှ လုပ်သမျှတို့ကို မိမိမြင်ရသည့်အတိုင်း၊ ကြားရသည့်အတိုင်း တိကျမှန်ကန်စွာရေးသား အစီရင်ခံရပေလိမ့်မည်။ မကောင်းသော အချင်းအရာများကို ဖုံးဖိခြင်းလည်းမရှိ၊ ကောင်းသောအချင်းအရာများကို ချဲ့ထွင်ခြင်းလည်းမပြု၊ ချီးမြှောက်ခြင်းလည်းမပြု၊ ချောက်တွန်းခြင်းလည်း မရှိ၊ မိမိ၏ အမြင်အကြားအတိုင်း ရိုးသားစွာ အစီရင်ခံပေလိမ့်မည်။

ထိုနည်းတူစွာ ကျွန်ုပ်မှာလည်း မိမိအကြောင်းကို ရေးသားရာတွင် အထက်ပါ စုံထောက်လောင်းကဲ့သို့ သဘောထား၍ အသားလည်းမယူ၊ ရှက်လည်းမရှက်၊ ဟုတ်မှန်သမျှကို 'အရင်းတိုင်း' ရေးသားဖော်ပြရန်ကြံရွယ်ပါ သည်။

စုံထောက်လောင်းသည် ထိုပုဂ္ဂိုလ်၏ စိတ်အကြံများကို သိနိုင်ခွင့် ရှိမည်မဟုတ် ပေရာ၊ကျွန်ုပ်မှာမူ မိမိအကြံအစည်နှင့်စိတ်ကူးများကိုပါသိရသည်ဖြစ်၍ စုံထောက်၏ အစီရင်ခံစာထက် ပြည့်စုံနိုင်ခွင့် ရှိပါသည်။ မည်သူမဆို နိုက်နိုက်ချွတ်ချွတ် စစ်ဆေးလိုက်သည့်အခါ အကောင်းချည်းလည်း မဖြစ်နိုင်။ အဆိုးချည်းလည်း မဖြစ်နိုင်။ အကောင်းနှင့်အဆိုး (အနည်းနှင့်အများ) ရောပြွမ်းလျက် ရှိခြင်းကိုသာ တွေ့ရပေလိမ့်မည်။ ကျွန်ုပ်ကိုယ်၌လည်း ဤနည်းအတူ အကောင်းနှင့်အဆိုး ရောနှောလျက် ရှိရမည်သာဖြစ်ရာ ကောင်းသောအချက်အလက်များကို ဖော်ပြသည့် အလှည့်တွင် 'ဂုဏ်ယူသည်' သို့မဟုတ် 'ကြွားဝါသည်'ဟူ၍ သူတပါးစွပ်စွဲမည် ကိုလည်း မကြောက်၊ မကောင်းသော အချက်အလက်များကို ဖော်ပြသည့်အလှည့် တွင် 'တယ်ရော်တဲ့ လူပဲ'ဟူ၍ သူတပါး ကဲ့ရဲ့မည်ကိုလည်း မရှက်၊ ကောင်းလျှင် ကောင်းသလောက်၊ မကောင်းလျှင် မကောင်းသလောက် ရိုးသားစွာ တင်ပြလိမ့်မည် ဖြစ်ပါသည်။

ဤမှတ်တမ်းကို ရေးသားရာ၌ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ ကောင်းသော အချင်းအရာများ အတွက်သူတပါးတို့၏ အထင်ကြီးခြင်းခံလိုသောကြောင့်မဟုတ်၊ မကောင်းသော အချင်းအရာများကို ဖော်ထုတ်ဝန်ခံလိုသောကြောင့်လည်းမဟုတ်၊ ကောင်းသောအချင်းအရာသည် ကျွန်ုပ်အတွင်းသို့ အဘယ်အကြောင်းကြောင့် ရောက်လာသည်၊ မကောင်းသော အချင်းအရာများသည်လည်း ကျွန်ုပ်၏ အရှုတ္တသန္တာန်သို့ ဘယ်ပုံဘယ်နည်း ရောက်လာသည်ဆိုခြင်းကို (လူ့သဘာဝ လေ့လာခြင်းအနေဖြင့်) ထင်ရှားအောင် ဖော်ပြလိုသောကြောင့်မျှသာ ဖြစ်ပါသည်။ ကျွန်ုပ်၏ လက်တွေ့အရဆိုပါမူ လူသတ္တဝါသည် ဘဝသံသရာ အဆက်ဆက်မှ ပါခဲ့သည့် ဉာဉ်ကလေးများ၊ ဝါသနာအထုံကလေးများကားတဘက်၊ ပတ်ဝန်းကျင် က ပြုပြင်ခြင်းခံရချက်များကား တဘက် ရောနှောပေါင်းစပ်လျက်ရှိရာ ကျွန်ုပ် အဖို့ရာ၌ မည်သည်ကား အတိတ်၏ဖန်တီးချက် ဖြစ်သည်၊ မည်သည်ကား

ပစ္စုပ္ပန်ဘဝ၏ ပြုပြင်မှု ဖြစ်သည်ဆိုခြင်းကို (ဉာဏ်မီသလောက်) ပိုင်းခြားဝေဖန်၍ တင်ပြလိုခြင်းဖြစ်ပါသည်။ လိုရင်းအချုပ်၌ ကျွန်ုပ်အကြောင်းကို ကျွန်ုပ်ရေးသား ဖော်ပြခြင်းဖြစ်စေကာမူ (အမျိုးသမီးစာရေးဆရာတဦးက ဝေဖန်ဖူးသည့်အတိုင်း) ငါတည်းဟူသော စိတ်ထားမပါပဲ အပြင်လူတယောက်အနေဖြင့် ရေးသားဖို့ကြိုးစား မည်ဖြစ်ပါသည်။ ကျွန်ုပ်၏စာ၌ငါသဘော(ပလွှားလိုသောသဘော) မည်မျှလောက် ကင်း မကင်းကိုမူ စာဖတ်သူတို့ ဆုံးဖြတ်ကြရန် ဖြစ်ပါသည်။

ကျွန်ုပ်၏အဖြစ်အပျက်များမှာ အတ္တုပ္ပတ္တိ ရိုးရိုးအနေဖြင့် ရေးသားဖော်ပြ မည်ဆိုပါက ခပ်ရှန်းရှန်းရေးတတ်သူ မဟုတ်ခဲ့လျှင် (ရေးတတ်သူလည်း ရှားသည်) ခြောက်ကပ်ငြီးငွေ့ဖွယ်ကောင်းသော အကြောင်း အရာများပါရှိတတ် သည်ဖြစ်သောကြောင့် အဖြစ်အပျက်သက်သက်မျှမက အတွေးအခေါ်များလည်း သက်ဆိုင်ရာနေရာများတွင် ထည့်သွင်းဖော်ပြရပါသည်။ ကျွန်ုပ်၏အတွေးအခေါ် များမှာလည်း (မှန်ကန်ခြင်း၊ မမှန်ကန်ခြင်းကို အပထား၍) အစဉ်အလာ ပညာရှိများ၏ အယူအဆများနှင့် ကွဲလွဲမှုများ ရှိလိမ့်မည်ဖြစ်ရာ မည်သည်က သဘာဝကျ မကျကို စာဖတ်သူတို့ စဉ်းစားစရာ ရှိခြင်းအားဖြင့် စိတ်ဝင်စားဖွယ် ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။

## ရှေးဦးစွာ မှတ်မိသောအရာ

အခြားတနေရာ၌ ကျွန်ုပ်သည် လူဖြစ်လာသည်မှစ၍ ရှေးဦးစွာ မှတ်မိသော အချင်းအရာမှာ မေးစေ့ကွဲ၍ တသက်ပတ်လုံး ထင်ရှားသော အမှတ်အသားတခု ဖြစ်ရလောက်အောင် အမာရွတ် ထင်ခြင်းအကြောင်းကို ရေးသားခဲ့ဘူးရာ ထို့နောက်တွင် ထပ်မံ၍ စေ့စေ့တွေးပြန်သောအခါ၌ ၄င်းထက် အလျင်ကျသော အဖြစ်အပျက်တခုကို သတိရမိပါသည်။ ကျွန်ုပ်မှာ သားဦးဖြစ်၍ ဒုတိယ မွေးဖွားသည့် ကျွန်ုပ်၏နှမသည် ကျွန်ုပ်ထက်သုံးနှစ်ခန့်ငယ်ရာ အနောက်တိုင်း

ပြည်များ၌ ၇လ၊ ၁၀လမျှသာ မိခင်နို့ကို တိုက်ကျွေးကြသည်ဆို သော်လည်း ကျွန်ုပ်မှာ နှစ်နှစ်ကျော်မျှ နို့စို့ခွင့်ရပါလျက်နှင့်ပင် မိဘများသည် ကျွန်ုပ်အား 'နို့မျက်သား'ကလေးဟုဆိုကာ အထူးဂရုစိုက်၍ အကောင်းဆုံးဆိုသော စားစရာများကို ကျွေးမွေးကြသည်။ (ထိုစဉ်က နို့ဗူးတိုက်သော အလေ့အထ ရှိကြသေးဟန် မတူပေ။) ပုစွန်တုပ်ကြော်၊ ဝက်သားကင်၊ ကြက်ပေါင်ကြော် စသော စားစရာများသည် ကျွန်ုပ်အတွက်ဖြစ်၍ မိဘများမူကား ကြက်ရိုးနှင့် ဝက်ဆီ ဝက်ခေါက်လောက်သာ စားကြသည်။ ဖခင်၏နှမများ၊ မိခင်၏ညီမများ သည်ကျွန်ုပ်တို့နေအိမ်သို့ တယောက်တလှည့်လာရောက်၍ ကျွန်ုပ်အားထိန်းရန် အတွက် အတူတကွ နေထိုင်ကြရာ အိမ်တွင် ကျွန်ုပ်၏ အရီးတယောက်ယောက် ဖြစ်စေ၊ အဒေါ်တယောက်ယောက်ဖြစ်စေ ဘယ်အခါမျှ ပြတ်တော့သည်မရှိချေ။ တခါတရံ နှစ်ယောက်ပြူး သုံးယောက်ပြူးပင် ရှိတတ်ကြ၏။ ၎င်းတို့သည် ကျွန်ုပ်အား အထက်ပါ စားစရာအကောင်းများကို ဝါး၍ခွံကြရ၏။ နှမကလေးမွေး ပြီး၍ ကျွန်ုပ်သုံးနှစ်သားအရွယ်ကျော်ကျော်ရှိသည်တွင် ကျွန်ုပ်သည် စားစရာများ ဝါးခွံသောအရီးများ အဒေါ်များကို သဘောမကျတော့ပဲ မိခင်ခွံ့ရမည်ဟု တစာစာ ပူဆာခြင်းကို မှတ်မိသည်။

ကျွန်ုပ်ကြီးပြင်းလာသောအခါ တနေ့သ၌ မိခင်က စကားစပ်မိသည်နှင့် "မောင်ဖေသိန်းတို့များ အစားတော့ သွားမစမ်းလေနဲ့၊ ဝါးခွံ့တဲ့အရွယ်ကတည်းက သူ့အရီးတွေ အဒေါ်တွေ ခွံ့တာကိုမကြိုက်ဘူး ငါကိုယ်တိုင် ဝါးခွံ့ရတယ်၊ ဟုတ်လဲ ဟုတ်မှာပေါ့၊ ကောင်းမလေးတွေကတော့ ဝါးပြီး အချိုရည်အချို့ကို မျိုချကြမှာကိုး၊ အစားအသောက်များတော့ ငယ်ကတည်းက ဒီလောက် နားလည်တဲ့ အကောင်ပဲ"ဟု ပြောဘူးရာသည်။ ကျွန်ုပ်သည် အချိုရည် မျိုချခြင်း အတွက်ကြောင့် အရသာညံ့သွားခြင်းဟူ၍ ငယ်စဉ်က မသိသော်လည်း မိခင် ဝါးခွံ့ခြင်းနှင့် အရီးများ ဝါးခွံ့ခြင်းတို့၏ ခြားနားခြင်းကို ငယ်ငယ်ကတည်းက သိကြောင်း မှတ်မိသေးသည်။ ကျွန်ုပ်စဉ်းစားမိသည်ကား 'လျှာ'သည် အရသာ

သိခြင်းနှင့် စကားပြောခြင်းတည်းဟူသော အလုပ်နှစ်မျိုး လုပ်တတ်ရာတွင် ကျွန်ုပ်၏ 'လျှာ'ကား ပထမအလုပ်၌ ကျွမ်းကျင်လွန်း၍ ဒုတိယအလုပ်ဘက်၌ လျော့နေဟန်တူသည်။ အချိုအချဉ် အငန် အစပ်အဆိမ့် အခါးမှစ၍ ကောင်းမကောင်း အရသာ အမျိုးမျိုးတို့ကို ကျွန်ုပ်သည် သူတပါးတို့ထက် အသေးစိတ်သိတတ်၏။ အနောက်တိုင်းပြည်များ၌ ဝိုင်အရက် ကုမ္ပဏီကြီးများသည်'လျှာ' အစွမ်းထက်သော လူများကို အရက်မြည်းသမား (Wine Taster) အဖြစ်နှင့် လခထောင်သောင်းပေး၍ ငှားထားကြသည်ဆိုရာ ကျွန်ုပ်၏ 'လျှာ' အစွမ်းမှာ တဘက်တလမ်းတွင် အသုံးမချနိုင်ပဲ စကားမပြောတတ်ခြင်းသာလျှင် အဖတ်တင်လျက်ရှိသောကြောင့် တနည်းအားဖြင့် 'လူဖြစ်ရှုံးသည်'ဆိုရမည်လောမပြောတတ်ပေ။

ပတ်ဝန်းကျင်၏ ပြုပြင်မှုမခံရသေးမီ (အသက်လေးငါးနှစ်အရွယ်၌) ကျွန်ုပ်၏ 'ပင်ကို' စိတ်နေသဘောထားကို မိဘများ ပြောဘူးသမျှနှင့် ကျွန်ုပ်ပြန်လည်သုံးသပ်ခြင်းဖြင့် မှတ်မိသမျှမှာ ကျွန်ုပ်သည် မိဘများကို ချစ်လည်းချစ်၍ ကြောက်လည်းကြောက်တတ်၏။ ဖခင်ကိုမူ အချစ်ထက် အကြောက်က ပို၍ မိခင်အားမူကား အချစ်နှင့်အကြောက် အညီအမျှလောက်ရှိလိမ့်မည်။ တယောက်တည်းရှိသေးသော နှမကလေးကိုလည်း အခြားသော မောင်နှမများ ချစ်ကြခြင်းထက် ပို၍ အလွန်ကြင်နာသည်။ (ကြင်နာပုံကို တနေရာ၌ ဖော်ပြပါဦးမည်။) အလွန် 'ဆော့'ချင်တတ်၍ ကစားဖော်သူငယ်ချင်းကို အလွန်တရာ ခင်မင်တတ်သည်။ အရွယ်နှင့် မလိုက်အောင် လည်ချင်ပတ်ချင်တတ်၍ ချစ်သောသူငယ်ချင်းများနောက်သို့ တကောက်ကောက် လိုက်နေတတ်သည်။ ထိုစဉ်က စိတ်မတိုတတ်သေး၊ သဘောကောင်းသည်ဟု မိခင်က ပြောဘူးသည်။ ကိုယ်လုံးကိုယ်ပေါက်မှာ (မိခင်စကားအတိုင်း) ခပ်ဖိုင့်ဖိုင့်နှင့် အိအိစက်စက်ရှိသည်။ ကြီးပြင်းလာသောအခါ၌မူ ပိန်ပိန်ရှည်ရှည် ဖြစ်လာခြင်းကို တွေ့ရ၍ ဆေးပြင်းလိပ်ကို နံပေါ်တင်ပြီး

ဆေးလိပ်သည်က လိုမ့်လိုက်သကဲ့သို့ ကိုယ်လုံးလျော့ပြီး အရပ်ရှည်ထွက်လာရခြင်းပေလောဟု စဉ်းစားမိသည်။

## အနိုင်ကျင့်ခံရခြင်း

ကျွန်ုပ်၏ ကံဆိုးခြင်းတခုမှာ ကလေးဘဝမှစ၍ ကျောင်းထွက်သည့်တိုင်အောင် ကိုယ့်ထက်ကြီးသော သူငယ်ချင်းများနှင့်ချည်း ပေါင်းသင်းရ၍ အနိုင်ကျင့်ခြင်း အခံရဆုံး တယောက်ဖြစ်သည်။ ဤအခြင်းအရာသည် ကျွန်ုပ်၏ စိတ်နေသဘောထားကို တသက်လုံးအတွက် ပြောင်းလဲသွားစေရသည်ဟု ယူဆ၏။ ပထမဦးဆုံးကျွန်ုပ်အား အနိုင်ကျင့်သော အိမ်နီးချင်း ကစားဖော်မှာ ကျောင်းမနေမီ လေးငါးနှစ်သားအရွယ်၌ ဖြစ်၏။ ထိုသူငယ်သည် ကျွန်ုပ်ထက် သုံးနှစ်ခန့်အသက်ကြီး၍ ကျွန်ုပ်က သူ့အား ချစ်လိုက်ပုံမှာ မိဘများနှင့်ခွဲ၍ သူနှင့်အတူအိပ်ခွင့်ရလျှင် အိပ်နိုင်၏။ (ဤကား ကျွန်ုပ်၏အပြစ်ဟု ဆိုရမည်ထင်သည်။) နံနက်လင်းလျှင် ထိုသူငယ်အိမ်သို့ ကူးသွား၍ စားရုံ အိပ်ရုံမျှလောက်သာ အိမ်သို့ပြန်တော့သည်။ တနေ့ပတ်လုံး သူ့နောက်မှ တကောက်ကောက် လိုက်နေတော့၏။ သို့ဆိုလျှင် ထိုသူငယ်ကလည်း ကျွန်ုပ်အား ကျွန်ုပ်ချစ်သလို ချစ်ခင်တွယ်တာခြင်းရှိပါသလော၊ မဟုတ်ချေ။ ကျွန်ုပ်၌ စားစရာတခုရှိလျှင် တယောက်တည်း မစားနိုင်ပဲ သူ့ဆီသို့ ယူပြေး၍ကြည်ဖြူစွာ ဝေစားကြသည်။ အိမ်၌ရှိသေးလျှင်လည်း သူက 'ယူချေအုံး'ဟု ခိုင်းသဖြင့် ခိုးကျွေးရသေးသည်။ သူ့၌စားစရာရှိသောအခါမူကား ကျွန်ုပ်အား တဖဲ့တရွဲ့မျှမပေးပဲ ရယ်ကာမောကာနှင့် ကြောင်တောင်ကြည့်၍ စားတတ်သည်။ ဤမျှလောက်သာဆို ပါမူကား ကျွန်ုပ်၏ စိတ်၌ ထိခိုက်ခြင်းမရှိပါ။ အမှတ်လည်းမထားပါ။ ကျွန်ုပ်စားစရာ ရတိုင်း ဝမ်းမြောက်ဝမ်းသာ ယူပြေး၍ ခွဲဝေစားသောက်သည်သာ ဖြစ်ပါသည်။ သို့ရာတွင် ဝမ်းနည်းဖွယ်အကောင်းဆုံးသော အပြုအမူမှာ ထိုသူငယ်သည် ကျွန်ုပ်နှင့် ရယ်ကာ

မောကာ ပျော်ရွှင်စွာ ကစားနေရခြင်းထက် ကျွန်ုပ်ငိုယိုနေ သည်ကိုမြင်ရလျှင် သာ၍သဘောကျဟန်ရှိ၏။ သူက မြင်းစီးချင်သည်ဆိုလျှင် ကျွန်ုပ်မှာ မနိုင့်တနိုင်နှင့် ကျောပိုးရ၏။ နစ်ယောက်စလုံး ပျော်ကြ၍ တဟီးဟီးရယ် ၏။ အတန်ကြာသော် ထိုသူငယ်သည် စိတ်ဖောက်ပြန်လာ၍ "ဟဲ့မြင်း–နှေးတယ်ကွ၊ မြန်မြန်ပြေး"ဟု ဆိုကာ ကျွန်ုပ်၏ ခြေသလုံးများကို သူ၏ခြေထောက်ဖြင့်ခတ်လေရာ ကျွန်ုပ်လည်း ဒယီးဒယိုင်နှင့် တတ်နိုင်သမျှ မြန်မြန်ပြေးရ၏။ ဤအထဲမှပင် သူက အားမရသေးပဲ ဝါးခြမ်းတချောင်းကို ဆင်းယူ၍ ကျောပေါ်သို့ပြန်တက်ပြီးလျှင် ကျွန်ုပ်၏ပေါင်များကို တရှိုးရှိုး ရိုက်လေရာ ကျွန်ုပ်မှာပြေးယင်း ဟပ်ထိုးလဲ၍ ငိုရပါတော့သည်။ ဤတွင်မှ သူက အားရပါးရ ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။

ထိုသူငယ်သည် ကျွန်ုပ်အား အထက်ပါနည်းနှင့်တကွ များစွာသော အခြားနည်းမျိုးစုံတို့ဖြင့် အနိုင်ကျင့်လေ့ရှိ၏။ ကျွန်ုပ်သည် သူ၏ ညဉ်းပန်းနှိပ်စက်နည်းနှင့် တကွ မိဘများအား မတိုင်တန်းပဲ ကြိတ်၍ ခံခဲ့၏။ အကယ်၍ တိုင်တန်းခဲ့သော သူနှင့် မကစားရတော့ပဲ တားမြစ်လိမ့်မည်ဟု ကျွန်ုပ်သိသောကြောင့်ဖြစ်၏။ တခါတရံ ကျွန်ုပ်၏မိခင်က ငိုသံကြား၍ခေါ်လိုက်ရာ သူက "ဟေ့ကောင် မျက်ရည်တွေ သုတ်သွားကွ"ဟု ပြောသည်နှင့် မျက်ရည်များကို လုံချည်ဖြင့် သုတ်ကာ မိခင်ရှေ့သို့ ဟန်လုပ်၍ ဝင်သွားရလေသည်။

တနေ့သ၌ ထိုသူငယ်နှင့် ကျွန်ုပ်သည်လှေကားပေါ်၌ရှိစဉ်သူသည် မတော်တဆဖြစ်လေဟန်နှင့် ကျွန်ုပ်အား လှေကားပေါ်မှ တွန်းချလိုက်သဖြင့် မြေကြီးနှင့်ဦးခေါင်း ဆောင့်မိကာ အတော်နာသွား၏။ "ဟေ့ကောင်မငိုနဲ့ကွ"ဟု သူက ပြောသော်လည်း နာကျင်လှသော ဝေဒနာကြောင့် တအားဟစ်၍ ငိုလိုက်မိရာ ကျွန်ုပ်၏ မိခင်ပြေးလာ၍ အဖြစ်အပျက်ကို မေးသဖြင့် "လှေကားပေါ်မှ ချော်ကျရပါသည်"ဟု ပြောလိုက်သည်။ ကျွန်ုပ်၏မိခင်မှာ ဖခင်နှင့်မတူ။ စိတ်တင်းသူ တယောက်ဖြစ်၍ ကျွန်ုပ်၏ဦးခေါင်း၌ ဒဏ်ရာ ရှိမရှိကြည့်ပြီးနောက်

သွေးထွက်သံယို မတွေ့ရသည်နှင့် "ကိုယ့်ဖာသာ ဆော့လို့ ခိုက်မိတာများ ဒါလောက်ကြီး ငိုရသလား"ဟုပြော၏။ ဤတွင် ကျွန်ုပ်အား အပြစ်တင်သော အဓိပ္ပာယ်သက်ရောက်သည်နှင့် မခံချင်သောကြောင့် "ကိုယ့်ဘာသာမဟုတ်ဘူး အမေရဲ့၊ ဟိုကောင်က တွန်းချတာ"ဟု လွှတ်ကနဲ ပြောမိလေသည်။ ထိုအခါ မိခင်သည် ဒေါသတကြီးနှင့် ဟိုကောင်၏ဦးစွန်းဖုတ်ကို ဆွဲနှိမ်ကာ ကျောကို သုံးလေးချက် ထုလေသည်။ ၎င်းနောက်ကျွန်ုပ်ကိုဆွဲခေါ်၍ အိမ်သို့ပြန်လာကြ သည်။ ဟိုကောင်၏မိခင်နှင့် အစ်မများမှာ ငါးစိမ်းသည်များဖြစ်၍ အိမ်၌မရှိခိုက် ဖြစ်လေရာ ဈေးမှပြန်လာကြသောအခါတွင် ဟိုကောင်၏တိုင်တန်းချက်ကြောင့် အိမ်နီးချင်း ရန်ဖြစ်ကြလေတော့၏။ ကျွန်ုပ်၏မိခင်မှာ နန်းတွင်းသူ ဖြစ်သော်လည်း ဒေါသကြီးသောအမျိုးဖြစ်၍ ဖြစ်မိလျှင် မလျှော့ချင်တတ်သော ဝါသနာအတိုင်း ငါးစိမ်းသည် သားအမိသုံးယောက် (မိခင်နှင့် သမီးနှစ်ယောက်) တို့အား ချုံ့လင့်လုပ်သေးရာ အရပ်ကဖြန်ဖြေ၍ ပြီးသွားရသည်။ ကျွန်ုပ်အဖို့ရာ၌ကား ထိုနေ့မှစ၍ ဟိုကောင်နှင့် ပေါင်းသင်းခွင့် မရေတော့ချေ။ သို့သော် မိဘများ၏အမိန့်ကို မတော်လှန်ဝံ့၍သာ နေရသည်။ ကျွန်ုပ်အား လှေကားပေါ်မှ တွန်းချသောအကောင်ကို စိတ်မနာပဲ ခေါ်ချင်သောကြောင့် စိတ်ထဲ၌ တရှုရှု ဖြစ်လျက် ရှိသည်။ ကျွန်ုပ်မှတ်မိသလောက်မှာ ကျွန်ုပ်သည် ဟိုကောင်၏ နှိပ်စက်ခြင်းကို တနှစ်ခန့်လောက် ခံခဲ့ရသည်။

## သီလရှင်ကျောင်း

ထိုအချိန်မှစ၍ မိဘများသည် ကျွန်ုပ်အား ဟိုကောင်နှင့် မပေါင်းမိစေရန် စာသင်ကျောင်းသို့ပို့လေတော့သည်။ ကျောင်းမှာ သီလရှင်ကြီးတပါးတည်ထောင် ထားသည့်စာသင်ကျောင်းဖြစ်လေရာကျွန်ုပ်ထက်ရှစ်နှစ်ခန့်ကြီးသော (မိခင်၏ညီမ)

အဒေါ်တယောက်နှင့်အတူ ကျောင်းတက် ကျွန်ုပ်အားကာကွယ်စောင့်ရှောက်ပေးလေသည်။ ကျောင်းသူ ကျောင်းသားများအနက်တွင် ကျွန်ုပ်ပင် အငယ်ဆုံးဖြစ် ကျောင်းသားကြီးများက ထိပ်ထိုး၊ ခေါင်းပုတ် လုပ်ချင်ကြသော်လည်း အဒေါ် ကျောင်းသူ၏ကာကွယ်မှုကြောင့်ထိုကျောင်း၌အတော်သက်သာခွင့်ရခဲ့သည်။သို့နှင့်ပင် ကျွန်ုပ်၏အဒေါ် ကျောင်းမတက်သော တနေ့၌ ကျောင်းသားကြီးများသည် ကျွန်ုပ်အား ဝိုင်း၍ကျီစယ်ကြသည်။ မိဘများသည် ထိုခေတ်က ချစ်တတ်သော မိဘများ၏ထုံးစံအတိုင်း ကျွန်ုပ်အား ကတ္တီပါရွှေဇောသတ်သည့် (ဇာတ်မင်းသားများဝတ်သော) ဘောင်းဘီကလေးဖြင့် ဆင်ပြင်ထားရာ ကျောင်းသားများသည် ကျွန်ုပ်၏ ပြောင်လက်သော ကတ္တီပါဘောင်းဘီကို မျက်မုန်းကျိုးကြသည့်လက္ခဏာနှင့် ဘောင်းဘီအနားကွပ် ရွှေချည်မျှင်များကို ဆွဲ၍နုတ်ကြ၏။ အခါတိုင်းမူကား အဒေါ်၏ကာကွယ်မှုကြောင့် ရွှေချည်တမျှင်တလေမျှသာ အနုတ်ခံရ၏။ အဒေါ်မပါသော ထိုနေ့၌မူ ကျောင်းသားအားလုံး ဝိုင်း၍ နုတ်ယူလိုက်ကြသောကြောင့် အနားသတ်သော ရွှေချည်တမျှင်မျှ မကျန်တော့ပဲ ကတ္တီပါဘောင်းဘီချည်းငုံးတိတိနှင့် အိမ်သို့ပြန်လာရလေသည်။ မိဖများသည် အလွန်မခံချင၍ သီလရှင်ကြီးအား တိုင်တန်းလေရာ သီလရှင်ကြီးသည် ကျွန်ုပ်က လက်ညှိုးထိုးပြသော ကျောင်းသူ ကျောင်းသား အားလုံးကိုရိုက်လေတော့သည်။ ထိုနေ့မှ၍ အရိုက်ခံရသောကျောင်းသားများသည် ကျွန်ုပ်အား ရန်ညှိုးဖွဲ့ကြသည့်လက္ခဏာနှင့် အဒေါ်အလစ်တွင် ထိုးကြခေါက်ကြလေရာ ကလေးကတည်းက အတော်အတန်နှင့် မငိုတတ်သူဖြစ၍ ကြိတ်ခံခဲ့ရသည်။

ဟိုကောင်၏ နှိပ်စက်ခြင်းမှ လွတ်ခဲ့ရပြီဆိုသော်လည်း တယောက်၏လက်မှ အများ၏လက်သို့ ရောက်ရခြင်းဖြစ်၍ ကျွန်ုပ်မှာ ကျောင်းသားအရွယ် ကလေးအားလုံးကိုမုန်းချင်သလိုလို ဖြစ်လာခဲ့လေပြီ။ ကလေးအချင်းချင်း တွေ့ရသည့်အခါလည်းပင်းကိုပြေး၍ဖက်ချင်သော စိတ်မျိုးရှိခဲ့ရာမှ မသင်္ကာသော စိတ်မျိုးနှင့် ခပ်ဝေးဝေးမှ လှမ်းကြည့်သော အဖြစ်မျိုးသို့ ပြောင်းလဲလာခဲ့လေပြီ။

ကျွန်ုပ်သည် ငယ်စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်သည့်အခါ (ဖော်ပြလတံ့သော အခြင်းအရာများကြောင့်) မိမိကိုယ်ကို 'ဖြူကောင်'နှင့် နှိုင်းယှဉ်မိသည်။ ဖြူကောင်သည် မည်သူ့အားမျှ ရန်မူခြင်းမရှိသော်လည်း 'အနားမကပ်ခဲ့နဲ့၊ တွယ်လိုက်မယ်'ဆိုသော အနေဖြင့် ကိုယ်၌ရှိသော ဆူးများကို ထောင်ထားတတ်သည်ဆိုရာ ကျွန်ုပ်မှာလည်း ဟိုကောင်နှင့် ဆက်ဆံရဘူးခြင်းတချက်၊ သီလရှင်ကျောင်းသားများနှင့် ဆက်ဆံရဘူးခြင်းတချက်ကြောင့် ကျွန်ုပ်၏ သဘာဝတွင် ဆူးကလေးနှစ်ချောင်း ပေါက်လာခဲ့လေပြီ။ ဤသည်မှာ ပထမဆုံးသောဆူးနှစ်ချောင်းဖြစ်လေရာ ရှေ့အဖို့တွင်လည်း ဤမျှမက ချွန်ထက်သောဆူးများဖြစ်ပေါ်လာပုံကို အဆင့်ဆင့်ဖော်ပြပါဦးမည်။

လေးငါးနှစ်သား အရွယ်၌ပင် ကျွန်ုပ်သည် ကလေးအချင်းချင်းအပေါ်၌ ချစ်ခင်စိတ် ပေါ့လျော့လာခဲ့သော်လည်း ကျွန်ုပ်၏မိဘများနှင့်ပတ်သက်၍မူကား ကျွန်ုပ်ကလည်း အလွန်ချစ်၍ ၄င်းတို့၏ ချစ်ခြင်းကိုလည်း ယုံမှားသံသယ မရှိချေ။ ကျွန်ုပ်၏နှမကလေးအပေါ်၌ ကျွန်ုပ်ကြင်နာခြင်းကို အထက်တွင် အမြွက်မျှ ဖော်ပြခဲ့ရာ ၄င်းနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်၌ ထိခိုက်ခဲ့ဘူးပုံကို ဖော်ပြရပေဦး မည်။ အချို့ကလေးများသည် ငယ်စဉ်က အလွန်ကောင်း၍ ကြီးပြင်းလာမှ ဆိုးတတ်ပုံ၊ အချို့မှာလည်း ငယ်စဉ်က အလွန်ဆိုးတတ်ကြ၍ ကြီးကာမှကောင်း တတ်ပုံတို့ကို လူကြီးများ ပြောလေ့ရှိကြ၏။ နှမကလေးမှာ ကြီးပြင်းလာသောအခါ ၌အလွန်ကောင်းသော်လည်း ငယ်စဉ်ကမူ အလွန်ဆိုးလှ၏။ (ကွယ်လွန်ရှာသည်မှာ နှစ်ပေါင်း ၃၀ကျော်ပြီ။) နှမကလေးသည် ညတိုင်းတွင် စောစောအိပ်တတ်၍ သန်းခေါင်ကျော်သော အချိန်တွင် အိပ်ရေးဝသည့် လက္ခဏာနှင့်တကျည်ကျည်ပူ ဆာတတ်၏။ ဟိုဟာစားချင်သည်၊ သည်ဟာ စားချင်သည် စသည်ဖြင့် နားပူနား ဆာလုပ်တတ်၍ မိခင်က ချော့ချည်တခါ ချောက်ချည်တလှည့်ဖြင့် သိပ်ရ၏။ တခါတရံ မြန်မြန်အိပ်၍ တခါတရံလည်း တအီအီနှင့် အကြာကြီး ငိုနေတတ်၏။ တညသ၌ ကျွန်ုပ်သည်

နမကလေးငိုသံကြောင့် နိုးလာ၍ ကြည့်လိုက်သောအခါ ကလေးမှာ အိမ်ပြင်သို့ရောက်နေ၍ မိခင်နှင့်ဖခင်တို့က အိမ်အတွင်း တံခါးအနီးမှ ရပ်ကာ "မတိတ်ဘူးလား၊ တိတ်မှဖွင့်ပေးမယ်'ဟုပြောရာ ကလေးကမူ 'ချမ်းလှပါပြီ၊ ဖွင့်ပေးပါ၊ ဖွင့်ပေးပါ'ဟု ငိုလျက်သာပြော၏။ အငိုမတိတ်ချေ။ ရာသီကား ဆောင်းဥတုရာသီဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် စောင်ခြုံထဲ၌ ကွေးလျက်ရှိ ခြင်းကိုမှတ်မိ၏။ ကလေးကလည်းငို၊ မိဘများကလည်း တံခါးဖွင့်မပေးပဲ "တိတ်လေ၊ မတိတ်ဘူးလား၊ မချမ်းဘူးလား'ဟု မေးလျက်ရှိရာ ကျွန်ုပ်မှာ အိမ်ပြင်၌ နမကလေး၏ ချမ်းအေးရှာလှမည့် အဖြစ်ကို သနားလှသဖြင့် စောင်ခြုံထဲ၌ တိတ်တဆိတ် ကြိတ်ကာ မျက်ရည်များ ရွှဲအောင်ငိုမိသည်။ မိဘများ အား တောင်းပန်ပေးဖို့ မဆိုထားဘိ ကျွန်ုပ်နိုးနေသည့်အဖြစ်ကိုပင် မသိစေဝံ့ပေ။ ဤတွင် သားသမီးများကို အလွန်ချစ်ခင် တတ်သည်ဟု ယူဆသည့် (ယခုတိုင်လည်း ယုံမှားခြင်းမရှိပါ။) အမိအဖများအား နမကလေးအား ညှဥ်းဆဲနှိပ် စက်ကြသည်ဟူသော အထင်ကပ်ရောက်လာသဖြင့် ကျွန်ုပ်မှာ စိတ်ထဲတွင် အလွန်မကောင်းလာပဲ တတိယဆူးတချောင်းပေါက်လာရပြန်ပါသည်။

## ယခုမှ ဖွင့်ပြောခြင်း

ဤသို့ ရေးသားခြင်းအတွက်ကြောင့် မိဘများအပေါ်၌ ကျွန်ုပ်စိတ်ထားပုံကို စာဖတ်သူတို့အထင်လွဲမည်စိုးသဖြင့် ရှင်းလင်း ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် အထက်ပါ အဖြစ်အပျက်ကို မိခင် ဖခင်တို့အား လည်းကောင်း၊ ကွယ်လွန်သူအား လည်းကောင်း၊ ယခု ရှိနေသော ညီတယောက်အားလည်းကောင်း၊ အခြားသူတစုံ တယောက်အားလည်းကောင်း တသက်ပတ်လုံး တကြိမ်တခါ တခွန်းတပါဒမျှ ဖွင့်ပြောပြဘူးခြင်းမရှိသည်ကားမှန်ပါသည်။ တသက်လုံးမပြောပဲမြိုထားခဲ့ပါလျက် ယခုမှ ထည့်၍ရေးရခြင်းမှာ ကျွန်ုပ်၏ စိတ်ပြောင်းလဲပုံ အခြင်းအရာများကို ပြည့်စုံ

အောင်ဖော်ပြမည်ဟု ဖော်ထုတ်ကြေညာထားခဲ့သည့်အတိုင်း လူ့သဘာဝကိုတင်ပြလိုသောကြောင့် ဖြစ်ပါသည်။ ၁၉၃၀ ပြည့်နှစ် ပဲခူးမြို့ငလျင်ကြီးတွင် ကျွန်ုပ်တို့၏ အိမ်သားအားလုံးသည် (မိခင်လည်းပါသည်) အိမ်ပေါ်မှ ဆင်းပြေးကြ၍ လမ်းမကြီးပေါ် လေးဘက်ထောက်သူထောက် ၊ဝမ်းလျားမှောက်သူမှောက် ရှိနေကြ စဉ် ကျွန်ုပ်သည် လှိုင်းများသဖွယ် အလိပ်လိပ်ထလျက်ရှိသော မြေကြီးကိုမြင်ရ၍ အားမငယ်စဘူး ငယ်မိသည်။ အားငယ်ခြင်းကား အခိုင်အမာဆုံး ဟူ၍ စိတ်ချယုံကြည်ထားသည့် ဟာပထဝီမြေကြီးကိုယ်၌ကဤကဲ့သို့ လှုပ်ခါနေလျင်ငါသည် အဘယ်မှာ နေစရာရှိတော့အံ့နည်းဟူသော စိတ်ကူးဝင်လာခြင်းကောင့် ဖြစ်၏။ ထိုည၌ကလည်း ကျွန်ုပ်နှင့် နှမကလေးတို့အား ချစ်ခင်မှုနှင့် ပတ်သက်၍ လုံးဝဒွိဟ သံသယမရှိခဲ့ဘူးသဖြင့် အလုံးစုံ ယုံကြည်အားကိုးသော မိဘနှစ်ပါးတို့ ကိုယ်တိုင်က နှမကလေးအား (ကျွန်ုပ်၏အထင်အရ) ရက်စက်စွာပြုမူခြင်းကို မျက်စိနှင့် ကိုယ်တိုင်မြင်ရသောအခါ ရင်ထဲ၌ဆို့၍ ခိုကိုးရာမဲ့ ဖြစ်သွားခဲ့ရပါသည်။ ကျွန်ုပ်ပြောရဲပါသည်။ မိဘနှစ်ပါးအပေါ်၌ ကျွန်ုပ်စိတ်နာခြင်းလည်း မဟုတ်၊ စိတ်ဆိုး ခြင်းလည်းမဟုတ်၊ စိတ်ထဲ၌ အကြီးအကျယ်အံ့အားသင့်၍ 'ဘယ့်နှယ်ပါလိမ့်၊ ဘယ်လိုပါလိမ့်' အစရှိသဖြင့် အထပ်ထပ်မေးကာ စိတ်အားငယ်မိခြင်းမျှသာ ဖြစ်ပါသည်။ ဤအတွက်ကြောင့် ကျွန်ုပ်၏ သဘာဝ၌ဆုးတချောင်းထပ်၍ ပေါက်လာခြင်းကား အမှန်ဖြစ်ပါသည်။

## စိတ်တိုစပြုခြင်း

နောက်တနေ့နံနက် ကျွန်ုပ်အိပ်ရာမှ ထသောအခါ နွားနို့သည် ပုဏ္ဏားမရောက်နေလေပြီ။ မကြာသေးမီက ကျွန်ုပ်အနည်းငယ် မကျန်းမမာဖြစ်သည်နှင့် ဦးလေးတယောက်က ကြက်ဖြူကလေးတကောင် 'ခမဲ'ပေးထားရာ ကျွန်ုပ်သည် ကြက်ဖြူကလေးကို အလွန်ချစ်၍ တပွေ့ပွေ့တပိုက်ပိုက်နှင့် ကစားလေ့ရှိ၏။

မကျန်းမမာပြီးခါစဖြစ်၍ မိဘများသည် ကျွန်ုပ်အား နေ့တိုင်း နွားနို့အဝက်သာ သောက်စေလေရာ ပုဏ္ဏားမထံမှ နံနက်တိုင်း နွားနို့ယူရန်မှာ ကျွန်ုပ်၏တာဝန်ဖြစ်၏။ ကျွန်ုပ်သည် ပုဏ္ဏားမကိုမြင်၍ နွားနို့ထည့်ရန် ဇလုံယူပြီးလျှင် ပုဏ္ဏားမရှေ့၌ချထား၍ မျက်နှာသစ်စဉ် ပုဏ္ဏားမသည် နွားနို့ကို ချင့်ထည့်ပြီးနောက် ထွက်သွား၏။ ကျွန်ုပ်သည် မျက်နှာသစ်ပြီးနောက် နွားနို့ဇလုံရှိရာသို့လျှောက်လာရာ ကြက်ဖြူကလေးသည် ဇလုံထဲမှနွားနို့ကို နှုတ်သီးဖြင့်နှစ်ကာ သောက်နေသည်ကို တွေ့ရ၏။ ဤတွင်ကျွန်ုပ်သည် ကြက်ကလေးကိုဖမ်း၍ မြေကြီးပေါ်သို့ ပေါက်လိုက် ရာမသေသော်လည်း ဆန့်ငင်ဆန့်ငင်နှင့် အတန်ကြာခံရရှာသည်။ မိဘများသည် ကျွန်ုပ်၏ရက်စက်သောအပြုအမူကို မြင်ကြ၍ အံ့အားသင့်ကာ တယောက်မျက်နှာ ကို တယောက်ကြည့်နေကြ၏။ လူကိုသော်လည်းကောင်း၊ တိရစ္ဆာန်ကိုသော် လည်းကောင်း ရက်ရက်စက်စက် ပြုလုပ်ခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ် ဖြစ်သည်ဟု မိခင်ကပြော၍ "ကြက်ကလေးသောက်လို့ ဘယ်လောက်ကုန်သွား မှာလဲ သားရယ်"ဟု ဆို၏။ ကျွန်ုပ်ပြုလိုက်ခြင်းမှာ မိခင်ထင်သည့်အတိုင်း နွားနို့ ကို နှမြောသောကြောင့်ပေလော၊ ယမန်ညဥ့်က နှမကလေး၏ ဖြစ်အင်ကို မြင်ရ သဖြင့် စိတ်တိုလျက်ရှိသောကြောင့်ပေလော။ သို့တည်းမဟုတ် ထိုအကြောင်းနှစ် ရပ်ပေါင်းစပ်ခြင်းကြောင့်ပေလော မပြောနိုင်အောင်ရှိပါသည်။

## မဲအိုးတန်းရပ်ကွက်

ကျွန်ုပ်တို့သည် ထိုအချိန်၌ မန္တလေးမြို့ သင်းချိုင်းတော် တံတားမြောက်ဘက် ရွှေတချောင်းနံဘေးရှိ မဲအိုးတန်းရပ်ကွက်၌ နေထိုင်လျက်ရှိရာ ဖခင်၏အလုပ်မှာ ပိန်းတန်း ဖိနပ်ထောင်ဆရာဖြစ်၍ အလုပ်သမားလေးငါးယောက် ရှိလေသည်။ ထိုရပ်ကွက်သားများမှုကား ချည်ကြမ်းကို မဲနယ်ဆိုးသောအလုပ်ဖြင့်

အသက်မွေးကြ၍ ငှင်းရပ်ကွက်မှာလည်း မဲ့အိုးတန်းဟု ခေါ်တွင်ခြင်းဖြစ်လေသည်။ ရွှေတချောင်း ကမ်းပါးတွင် အလုပ်သမားအသီးသီးသည် ဝမ်းဘဲဥအိုးကြီးနှစ်လုံး၏ အလယ်မှ ထိုင်လျက် လက်များဖြင့်မွှေကာ မဲနယ်ဆိုးခြင်းအလုပ်ကို တသီတတန်း ကြီး လုပ်ကြသည်မှာ (ကျွန်ုပ်တို့ ကလေးသူငယ်များအဖို့) ပျော်စရာကြီးဟု ထင်ခဲ့မိသည်။ (မကြာသေးမီက ငှင်းရပ်ကွက်သို့ အလွမ်းပြေ သွားကြည့်ရာ ရှေးက မဲအိုးတန်းနှင့်မတူတော့ပဲ မဲနယ်ဆိုးသောအလုပ်ကိုလည်း တဦးတယောက် မျှ လုပ်ကိုင်သည်ကို မတွေ့ခဲ့ရပေ။)

ဤရပ်ကွက်ကလေး၏ ထူးခြားချက်တခုကို ဖော်ပြရပေဦးမည်။ မန္တလေး မြို့ကြီး၌ တောရွာများမှ ပြောင်းရွှေ့လာကြသည့် အိမ်ထောင်သည်များ သည် သူ့ရွာနှင့် သူ့အစု ဥမကွဲ သိုက်မပျက် ပေါင်းစုနေထိုင်လေ့ရှိကြလေရာ အချို့သောအရပ်များနှင့် 'ဝင်း'များမှာ ငှင်းတို့နေထိုင်ခဲ့သည့် မူလရွာအမည်များ ဖြင့်ပင် မှည့်ခေါ်ကြလေသည်။ ဥပမာ–ရွာသာမှ ပြောင်းလာရွှေ့လာသော လူများကြောင့် 'ရွာသာတန်း'ဟူ၍ လည်းကောင်း၊ ခေါတောရွာမှ ပြောင်းရွှေ့လာ ကြသော သူများကြောင့် 'ခေါတောဝင်း'ဟူ၍လည်းကောင်း မှည့်ခေါ်ကြလေသည်။ မဲအိုးတန်းရပ်ကွက်မှာမူ အလုပ်အကိုင်ကို အစွဲပြု၍ မှည့်ခေါ်ကြခြင်း ဖြစ်သော်လည်း ငှင်းအရပ်သူ အရပ်သားများမှာကား အားလုံးလိုပင် မုံရွာနယ် ကမ်းဖြူရွာမှဖြစ်ကြ လေသည်။ ကျွန်ုပ်တို့မှာမူ ဖခင်၏နှမတယောက်က ငှင်းအရပ်သားနှင့် အိမ်ထောင် ကျသည်နှင့် အိမ်ရာဝယ်ပြီး ဓားတန်းမှ ပြောင်းရွှေ့လာကြခြင်းဖြစ်လေသည်။ ဤရပ်ကွက်သူ ရပ်ကွက်သားများ၏ ထူးခြားချက်တခုမှာ မန္တလေးမြို့ကြီးတွင် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြပြီး ဖြစ်သော်လည်း ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ၊ နေပုံ ထိုင်ပုံ အလုံးစုံမှာ မန္တလေးမြို့သူမြို့သားနှင့် လုံးဝမတူ၊ မတူတခြား ရှိနေခြင်းပင် ဖြစ်သည်။ တနေ့သ၌ ကျွန်ုပ်သည် ကျွန်ုပ်တို့၏နေအိမ်နှင့် နှစ်အိမ်ခြားရှိသော

'အရိုး'၏နေအိမ်သို့ သွားလည်၍ ပြန်လာသောအခါ မိခင်က "ငါ့သားဘာများ ကျွေးလိုက်သလဲဟဲ့"ဟု မေးရာ၊ ကျွန်ုပ်က "ဘိုးဘိုးဘတ်သတ်ဟင်း စားခဲ့ရ တယ်အမေ"ဟု ပြန်ပြောသဖြင့် မိခင်မှာ ဟက်ဟက်ပက်ပက်ရယ်မောလေသည်။ (၎င်းအရပ်၌ အမဲဝမ်းတွင်းသားကို "ဘိုးသိုးဘတ်သတ်"ဟု ခေါ်သည်။) ဤတွင် မိခင်ကဖခင်အား "ဒီအရပ်မှာ ကြာကြာနေလို့ မဖြစ်ပါဘူး ကိုရင်၊ ကလေးတွေ ကမ်းဖြူစကား ပြောကုန်ကြတော့မှာပဲ"ဟု ပြောလေသည်။

## အောက်ပြည်ဆင်းကြခြင်း

တနေ့သ၌ ကျွန်ုပ်၏ဖခင်သည် ပဲခူးမြို့နယ် တာဝဘူတာ ကျိုက်ပဒိုင်ရွာရှိ သူ၏ဘထွေးတယောက်ထံမှ စာတစောင်ရရှိ၏။ (၎င်းဘထွေးမှာ မိခင်၏ဇာတိဖြစ် သည့်ရွှေဘိုနယ် မန်ကျည်းတုံရွာမှ ပြောင်းရွှေ့သွားသူဖြစ်၏။ မန်ကျည်းတုံရွာမှာ လည်း လက်ဝဲသုန္ဒရကြောင့် ဤခေတ်တွင် လူသိများသော ရွာကလေးဖြစ်သည်။) ၎င်းစာ၌ အောက်ပြည်အောက်ရွာတွင် ရွှေထည် လက်ဝတ်လက်စားများ ရောင်းချ ကောင်းလှသောကြောင့် အမြတ်အစွန်း ရနိုင်ကြောင်း၊ မိမိကပင် ကူညီ၍ ရောင်းချပေးမည့်အကြောင်း ပါရှိလေသည်။ ထိုအချိန်၌ပိန်းတန်း ဖိနပ်အလုပ်မှာ ခပ်ပါးပါးရှိသော ရာသီဖြစ်လေရာ မိဘများသည် ရှိစုမဲ့စုကလေးများကို ထုခွဲ၍ ရွှေထည်လက်ဝတ်လက်စားများ ဝယ်ယူကာ သားအမိ သားအဖ လေးယောက် အောက်ပြည်သို့ဆင်းသွားကြ၏။ကျိုက်ပဒိုင်ရွာသို့ ရောက်ကြသောအခါ ပေါင်တွင် 'ကျွဲအသားမာနာ' ပေါက်၍ မထနိုင်ပဲရှိရာ ၎င်း၏ဘထွေးက လက်ဝတ်လက်စား များကို ရောင်းချပေးရန်တာဝန်ယူမည်ဆို၍ အပ်လိုက်ရ၏။ 'ကျွဲအသားမာနာ' ဆိုသည်မှာ အလွန်ဆိုး၍ သေတတ်သည်ဟု ပြောကြ၏။ ဘထွေး၏ သားနှစ် ယောက်တို့သည် ကျွန်ုပ်တို့မောင်နှမကို အလွန် 'ကျီစား'သန်ကြ၍ နှမကလေး အားတယောက်က ပစ်ပေးလိုက်၊ တယောက်ကဖမ်းလိုက် ပြုလုပ်ကြရာတွင်

မိခင်မှာ အသည်းဖိုလှသည်နှင့် ကန့်ကွက်သော်လည်း သူတို့ညီအစ်ကိုနှစ်ယောက်က "ကိစ္စမရှိပါဘူး အမကြီးရယ်၊ မသကာ သေရုံပေါ့ဗျာ"ဟု ပြောကြလေသည်။ ကျွန်ုပ်အားလည်း ထိုနည်းတူပြုကြသေးရာ ကျွန်ုပ်က လက်ကိုကိုက်လိုက်သဖြင့် "ခွေးကလေးပါလားဟ"ဟု ဆိုကာ နားသယ်ကိုအပုတ်ခံရသေးသည်။ ဤအတောတွင်းဖခင်မှာလည်း သေမည်ရှင်မည်မသိသော အခြေအနေ၌ ရှိနေရာ ကျွန်ုပ်မှာ မိခင်၏ဒုက္ခများကိုမြင်ရ၍ ကျွန်ုပ်၏သဘာဝတွင် ဆူးတချောင်းပေါက်လာခဲ့ပြန်လေပြီ။ မိခင်မှာ ကျွန်ုပ်သိသမျှ တသက်လုံးတွင် ဘယ်အခါမှ လျှော့ဘူးသည်မရှိ၊ ဤတကြိမ်၌မူ အချို့မိန်းမများကဲ့သို့မျက်ရည်ကျခြင်းမရှိသော်လည်း မျက်နှာတခု လုံး တမျိုးဖြစ်၍ ကြိတ်ခံရရှာသည်။

ကျွန်ုပ်တို့၌ ရောင်းချရန် ပါလာသောရွှေထည်များမှာ ရောက်ကတည်းက ဘထွေး(ကျွန်ုပ်၏ဘိုးလေး) လက်ဝယ်သို့ အပ်လိုက်လေရာ ဘိုးလေးသည်သူ၏လူများကို ဟိုရွာ သည်ရွာများသို့ လှည့်လည်ရောင်းချစေ၏။ တနေ့သ၌ ပစ္စည်းများနှင့်လွှတ်လိုက်သော ဘိုးလေး၏ယောက်ဖတယောက်သည် လက်မောင်းတွင်ဓားနှင့်ထိုးသောဒဏ်ရာနှင့် ပြန်လာ၍ ပစ္စည်းအားလုံးကို လုယူခြင်းခံရကြောင်းပြောလေသည်။ မိဘများမှာရှိစုမဲ့စုကလေးကို အားလုံးထုခွဲ၍ ရင်းနှီးလာခဲ့ခြင်းဖြစ်သောကြောင့် ဖခင်မှာ အနာပျောက်ခါနီးတွင်မှ စိတ်ထိခိုက်၍ အဖျားကြီး ဖျားလာရရှာပြန်သည်။ မိခင်မူကား စိတ်တင်းသူဖြစ်၍ သမီးကလေးကို မြှောက်ကစားစဉ်ကလောက်မျှ မျက်နှာပျက်သည်ဟု ကျွန်ုပ်မထင်ပေ။ (ပစ္စည်းများ လုယူခြင်းခံရသည်ဆိုခြင်းမှာ လည်ဆယ်ခြင်းမျှသာ ဖြစ်သည်ဟု နောက်ပိုင်းတွင် ကြားသိရ၏။ မိခင် ဖခင်များမှာ အလွန် 'ရိုး'သူများဖြစ် ၄င်းတို့၏ တသက်တာတွင် သုံးကြိမ်တိုင်တိုင် နင့်လှအောင် လူလိမ်ခံရခြင်းကို ကျွန်ုပ်မှတ်မိသည်။) ပစ္စည်းများပြောင်သည့်နောက် ဘိုးလေးလင်မယားသည် ကျွန်ုပ်တို့သားအဖ လေးယောက်အား ကျွေးထားရခြင်းအတွက် ဝန်လေးသောကြောင့်ပေလော၊ ကိုယ့်တူကိုကိုယ်လိမ်ရခြင်းအတွက် မျက်နှာပူသောကြောင့်ပေလော မဆိုနိုင်။ ကျွန်ုပ်တို့အပေါ်

တွင် မျက်နှာထားတမျိုးပြင်လာခြင်းကို ကျွန်ုပ်ပင်သိ၏။ မိဘများမှာမူကား ဆိုဖွယ်ရာမရှိချေ။ မန္တလေးသို့ပြန်ရန်အတွက် စရိတ်အနည်းငယ်ရှိသော်လည်း ဖခင်၏ မကျန်းမာခြင်းအတွက်ကြောင့် အခက်ကြီးကြုံနေကြရသည်။

ဤအတောအတွင်း၌ ဘိုးလေး၏သားနှစ်ယောက်က ကျွန်ုပ်တို့မောင်နှမအား ကျီးစားလိုက်ကြသည်များမှာ ယခင်ကထက်ပင် မိခင်က ဓားနှင့်ခုတ်မည် ကြံစည် မိကြောင်းနှင့် နောင်တွင် ကျွန်ုပ်အားပြောပြဘူးသည်။ နောက်ဆုံး၌ မိခင်ဖခင်တို့ စီစဉ်ကြသည်မှာ အနာကောင်းစွာမကျက်မချင်း ဖခင်နေရစ်၍ကျွန်ုပ်တို့သားအမိ သုံးယောက် မန္တလေးသို့ ပြန်နှင့်ကြရန်ဖြစ်လေသည်။ ခွဲခါနီး၌ မိခင်သည် ဤလူစု လက်မှလွတ်ပေပြီဟု အောက်မေ့သောကြောင့်ပေလောမဆိုနိုင်၊ မျက်နှာညှိုးငယ် ခြင်းမရှိလှသော်လည်း ဖခင်မူကားငိုရှာလေသည်။ ကျိုက်ပဒိုင်ရွာမှ တာဝဘူတာရုံ သို့ သားအမိသုံးယောက် လှည်းနှင့် ထွက်လာကြရာတွင် (မည်သူမျှ လိုက်၍မပို့ ကြ၊ ဖခင်လည်း မပို့နိုင်ရှာချေ) လမ်းခရီး လှည်းပေါ်၌မူ မိခင်သည် မျက်ရည်တခါ နှစ်ခါဝိုင်းလာခြင်းကို ကျွန်ုပ်မြင်ရသည်။ သို့သော် သုတ်သိမ်း လောက်အောင်ကား မဟုတ်၊ ပြန်၍ရှုပ်ယူလိုက်ဟန်တူသည်။ ကျွန်ုပ်သည် မိခင်၏စိတ်ကိုသိဟန်နှင့် မမြင်ချင်ပြု၍ မိခင်၏ရင်ခွင်ထက်၌ ပွေ့ထားသည့် နှမကလေးကို ကျွန်ုပ်၏ရင်ခွင် ပေါ်သို့ ရွှေ့ယူလိုက်သည်။ မိခင်သည် ကျွန်ုပ်၏ အပြုအမူကို သဘောကျသည်နှင့် တသက်လုံးပြော၍ မဆုံးအောင်ရှိလေရာ ကျွန်ုပ်လည်း အားရကြည်နူးလှသည်။

## ပြန်လာကြခြင်း

တာဝဘူတာရုံသို့ရောက်ကြ၍ လက်မှတ်ဝယ်ရာတွင် မိခင်သည် လူကြီး အတွက် လက်မှတ်တစောင်သာဝယ်၍ ကျွန်ုပ်အတွက် ကလေးလက်မှတ် မဝယ် တော့ချေ။ အလာခရီး၌ ကျွန်ုပ်အတွက် ဝယ်ပါလျက် အပြန်ခရီး၌ မဝယ်ခြင်း မှာ

ပိုက်ဆံနည်းပါးသောကြောင့်ဟု ကျွန်ုပ်သိရ၏။ သို့ရာတွင် ဘူတာရုံမှ မီးရထားအလုပ်သမားတယောက်နှင့် နားလည်မှုယူထားသည်ဟု နောင်တွင် မိခင်က ပြော၍သိရ၏။ မီးရထားဆိုက်ခါနီးတွင် ဘူတာရုံဝ၌ စောင့်လျက်ရှိသော လက်မှတ်စစ်နှင့်လွဲစေရန် မိခင်သည် ကျွန်ုပ်အား မီးရထားအလုပ်သမား၏ လက်သို့အပ်လိုက်၏။ဤအစီအစဉ်အကြောင်းကို ဘာမျှ နားမလည်သောကျွန်ုပ်မှာ ထိုလူနှင့် အတူလိုက်သွား၍ ဘူတာရုံ၏အပြင်သို့ ရောက်ခဲ့ပြီးသော်လည်း တရပ်တကျေး တွင် လူစိမ်းတယောက်နှင့် ကြာရှည်စွာနေရခြင်းကိုရွံ့သည်နှင့် အပြင်သို့ရောက်ပြီး ကာမှ မိခင်ရှိရာသို့ ပြန်လာ၏။ မိခင်ကမူ ကျွန်ုပ်၏ ဦးခေါင်းကို ခေါက်၍ပြန်သွား ခိုင်းသဖြင့် ထွက်လာပြန်၏။ နောက်တကြိမ် ပြန်သွားရာ ခပ်နာနာ ခေါက်၍လွှတ် လိုက်ပြန်၏။ တတိယအကြိမ်၌မူကား မိခင်နာကြီးစွာ ခေါက်လွှတ်လိုက်လေရာ ကျွန်ုပ်မှာ ဦးခေါင်းကိုပွတ်သတ်ရင်း ကိုယ့်မိခင်ထံသို့ ကိုယ်သွားမိခြင်းအတွက် အခေါက်ခံရသည်မှာ နားမလည်နိုင်အောင် ဖြစ်၍ 'ဘယ့်နှယ်ဟာပါလိမ့်၊ ဘယ်လိုပါလိမ့်' စသည်ဖြင့် အကြီးအကျယ်စိတ်ရှုခြင်းကြောင့် ကျွန်ုပ်၏သဘာဝ၌ ဆူးတချောင်းပေါက်လာခဲ့ပြန်လေပြီ။ ဤအကြောင်းကို ကြီးပြင်းလာသောအခါ၌ မိခင်အား ကျွန်ုပ်ကပြောပြရာတွင် မိခင်မှာ မျက်ရည်များ ဝိုင်းလာသည့်အထဲမှ ရယ်မောလျက် "ငါ့သားနယ် မှတ်မိလိုက်တာပါလားကွယ်၊ အမေလဲစိတ်ရှုပ်လွန်း လို့ပေါ့"ဟုပြောသဖြင့် ကျွန်ုပ်ကလည်း "ကျွန်တော်ကအမေ့ကိုစိတ်မနာပါဘူး၊ လောကကြီးဟာတယ်ပြီး ဝှကျပါကလားလို့ စိတ်ရှုပ်မိတာပါပဲအမေရဲ့"ဟု ပြောရဘူးလေသည်။

## ဖခင်ရောက်လာခြင်း

မန္တလေးသို့ ကျွန်ုပ်တို့ သားအမိသုံးယောက်ပြန်ရောက်၍ (မိခင်၏စကား အရ) တလတိတိ ပြည့်သောနေ့၌ ဖခင်ပြန်ရောက်လာသဖြင့် အလွန်ဝမ်းသာကြ လေရာ၊ ဝမ်းအသာဆုံး လူမှာ ဖခင်ဖြစ်၍ ဝမ်းသာမှုအနည်းဆုံးမှာ ကျွန်ုပ်ပင်ဖြစ် လေသည်။ ဖခင်၏ဝမ်းသာခြင်းကို နားလည်နိုင်ကြမည် ဖြစ်သော်လည်း ကျွန်ုပ်၏ ဝမ်းသာမှုနည်းပါးပုံကို ရှင်းပြဖို့ လိုပေလိမ့်မည်။

အချို့သော မိခင်များသည် စီးပွားရေးအခြေအနေအရ ကျဆင်းသော အခါများတွင် သားသမီးများအပေါ်ကြင်နာမှု လျော့ပါးသကဲ့သို့ ငေါက်လား၊ ငမ်းလား၊ ရိုက်လား၊ နှက်လား ပြုတတ်ကြလေရာ ဖခင်ပြန်မရောက်မီ ကျွန်ုပ်တို့ သားအမိသုံးယောက်သည် အညံ့ဆုံးသော ဟင်းများကိုသာ စားကြရသော်လည်း မိခင်သည် ကျွန်ုပ်တို့မောင်နှမအပေါ်၌ရှေးကထက် ပို၍ကြင်နာသည်။ မုန့်ပဲသား ရေစာစသည်များကိုလည်းတောင်းတိုင်း ဝယ်ကျွေးသည်။ ထို့ထက် အရေးကြီးသည် မှာကား ကျွန်ုပ်အားလည်း (ဟိုကောင်နှင့် ပေါင်းခြင်းမှတပါး) လွတ်လပ်ခြင်း ပေးထား၍ အရပ်ထဲတွင် လည်ချင်တိုင်းလည်ပတ်ခွင့်ရသည်။ သီလရှင်ကျောင်း မှလည်း နုတ်လိုက်ပြီဖြစ်၍ ကျွန်ုပ်မှတ်မိသမျှ ကလေးဘဝတွင် အပျော်ဆုံးသော ကလာ အစိတ်အပိုင်းတခုဖြစ်လေသည်။ ဖခင်ပြန်ရောက်လာ သော အခါ၌မူကား အထက်ပါ အခွင့်အရေးများ ဆုံးရှုံးရချေတော့မည်ဟု ကျွန်ုပ်သိသောကြောင့် ကျွတ်ကျွတ်လွတ်လွတ် ဝမ်းသာခြင်းမရှိကြောင်းကို ကျွန်ုပ်မှတ်မိသည်။

## အလုပ်ရုံရွှေ့ခြင်း

များမကြာမီဖခင်သည် အလုပ်သမားများကိုပြန်စု၍ ပိန်းတန်းဖိနပ်အလုပ်ကို ပြန်ကောက်၏။ သို့ရာတွင် မဲအိုးတန်းအရပ်မှာ ဈေးချိုဖြင့် အတော်လှမ်း၍ အခြားသောဖိနပ်ထောင်ဆရာများလည်း ဤအရပ်ထဲတွင် တဦးမျှမရှိလေရကား ဈေးချိုထဲ၌ ဖိနပ်ဆိုင်ထွက်သော ဆိုင်ရှင်များသည် ဤအရပ်သို့ မလာလိုကြပဲ ဖြစ်နေကြသဖြင့် အရောင်းပါးလှ၏။ သို့ဖြစ်၍ ဖခင်သည် ဈေးချိုအနောက်ဘက်၌ ရှိသော ပဲပုပ်တန်းရပ်ကွက်တွင် အိမ်ခန်းကလေးငှား၍ အလုပ်သမားများနှင့် အလုပ်ရုံကလေးဖွင့်လေ၏။ အိမ်ခန်းကလေးမှာ ခပ်ကျဉ်းကျဉ်းဖြစ်၍ မဲအိုးတန်းနေ အိမ်၌ အိပ်ရစားရပြီး ပဲပုပ်တန်းအိမ်ခန်းမှာ အလုပ်ရုံအတွက် သက်သက်ဖြစ်လေ သည်။ ဖခင်နှင့်အလုပ်သမားများသည် ထမင်းကိုနံနက်စောစော စားသွားကြ၍ နေဝင်လုနီးကာမှ မဲအိုးတန်းနေအိမ်သို့ ပြန်လာကြ၏။ အလုပ်သမား သုံးလေး ယောက်တို့မှာ မဲအိုးတန်းရပ်ကွက်တွင် နေကြသူများဖြစ်လေသည်။

## လူကျောင်းသို့ရောက်ခြင်း

တနေ့သ၌ မိခင်နှင့်အတူ နန်းတွင်းသူဖြစ်ခဲ့ဘူး၍ အလွန်ခင်မင်ခဲ့ကြသည် ဆိုသော မိန်းမကြီးတယောက်သည် (အသက် ၃၀ ခန့်မျှသာ ရှိသေးသဖြင့် ယခုအမြင်အားဖြင့် မိန်းမတယောက်ဟု ခေါ်ရမည်ဖြစ်သော်လည်း ထိုစဉ်က အမြင်အားဖြင့် 'မိန်းမကြီး'ဟု ရေးလိုက်ရသည်။ ထိုမိန်းမသည် ကျွန်ုပ်၏မျက်စိ၌ တနေ့တခြားကြီး၍ကြီး၍ သွားပုံကိုလည်း ဖော်ပြပါမည်။) ကျွန်ုပ်တို့နေအိမ်သို့ အလည်အပတ် လာလေရာ ကျောင်းသူအရွယ်မိန်းကလေးတယောက်လည်း ပါလာ လေသည်။ မိခင်တို့စကားပြောလျက်ရှိကြစဉ် ကျွန်ုပ်နှင့်မိန်းကလေးသည်

ကစားဖော်ဖြစ်လာကြ၍ အတော်ခင်မင်လျက် ရှိကြလေပြီ။ မိန်းကလေးမှာ ကျွန်ုပ်ထက် သုံးနှစ်လောက်ကြီးလိမ့်မည်ထင်သည်။ ညည့်သည်မိန်းမကြီးသည် မိခင်နှင့် စကားပြောရာမှာ ကျွန်ုပ်၏အကြောင်းကိုမေးသည်တွင် မိခင်က ငယ်လွန်းသောကြောင့် သီလရှင်ကျောင်း၌ အစမ်းထားပြီးမှ နုတ်ထားရကြောင်းပြော၏။ (မိန်းမကြီးမှာ အပျိုးကြီးဖြစ်၍ ကျောင်းထောင်စားသည်ဟုသိရသည်။) ထိုအခါ မိန်းမကြီးက သူ၏ကျောင်းမှာအိမ်တော်ရာဘုရား အရှေ့ဘက်၌ရှိကြောင်း၊ ကျွန်ုပ်အားသူ့ကျောင်း၌ထားလျှင် ဖခင်နှင့်အတူ လိုက်လာ၍ညနေတွင်လည်း ဖခင်နှင့်အတူပြန်နိုင်သောကြောင့် အလွန်အဆင်ပြေကြောင်း ပြော၏။ (ပဲပုပ်တန်းနှင့်သူ၏စာသင်ကျောင်းမှာ တပြကျော်ကျော်မျှသာဝေးသည်။) ထို့နောက်မိခင်က ငယ်လွန်းလျှင်ကျောင်းသားကြီးတွေက နှိပ်စက်တတ်ကြောင်းပြောရာ ဆရာမကြီးက "စိတ်သာချပါ ခင်လေးရယ်၊ ကျွန်မကိုယ်တိုင် စောင့်ပြီးကြည့်ပေးပါ့မယ်၊ မပူပါနဲ့ ဘယ်သူမှ မနှိပ်စက်ပါဘူး"ဟုပြောပြီးလျှင် ကျွန်ုပ်အား သူ့အနီးသို့ ခေါ်ယူကာ ကျောသပ်ရင်သပ်ဖြင့် ချိုသာစွာချော့မော့ယင်း စကားပြောလေ၏။ ကျွန်ုပ်သည် ဆရာမ၏ ကြင်နာပုံရသောအပြုအမူကို သဘောကျသည်တကြောင်း၊ ၎င်းနှင့်အတူပါလာသော မိန်းကလေးအားလည်း ချက်ချင်းပင်ခင်မင်လျက်ရှိသည်က တကြောင်းကြောင့် မိခင်ကမေးသောအခါ "ကျောင်းနေပါမယ်"ဟု အဖြေပေးလိုက်လေ၏။

## နှစ်သက်လှသောပစ္စည်း

၎င်းနေ့ညနေ ဖခင်ပြန်လာ၍ မိခင်ကပြောပြသောအခါ ပညာကိုအလွန်လိုလားသော ကျွန်ုပ်၏ဖခင်မှာဝမ်းမြောက်ဝမ်းသာဖြစ်၍ ကျွန်ုပ်အဖို့အဝတ်အစားသစ်များ ချုပ်ကြပြီးလျှင် သပ်ရပ်အောင်ပြင်ဆင်၍ ကျောင်းသို့အပ်ကြလေသည်။ မဲအိုးတန်းနှင့် အိမ်တော်ရာဘုရားမှာ ငါးနှစ်သားကျော်ကျော်မျှသာရှိသေးသော ကျွန်ုပ်အဖို့ရာ၌ နေ့စဉ်အသွားအပြန် ခရီးဖြစ်သောကြောင့် တော်တောညောင်းပေ ရာ

အပြန်ခရီးတွင် တခါတရံဖခင်ကတလှည့်၊ အလုပ်သမားများကတလှည့် ပခုံးပေါ်တွင်ထမ်းတတ်ကြလေသည်။ နံနက်တွင် ထမင်းစောစောကြီးစား၍ ဖခင်တို့နှင့်အတူလိုက်ရသဖြင့် နေ့ခင်းတွင် အလွန်ဆာလောင်လှသည်ဖြစ်ရာ၊ မိဘများသည် ယွန်းထည်အုပ်ကလေးတွင် ထမင်းဟင်းများထည့်၍ ဆိုင်းကလေးဖြင့် ဆွဲယူသွားဖို့စီမံပေးကြခြင်းကြောင့် ကျွန်ုပ်စိတ်ထဲ၌ ဝမ်းသာလိုက်ပုံ၊ ကျေးဇူးတင်လိုက်ပုံများကို ယနေ့တိုင် မှတ်မိပါသေးသည်။ ထိုခေတ်၌ သံဆင့်များမသုံးကြသေးပဲ ယွန်းထည်အုပ်ကြီးများဖြင့် ဘုရားသွား ကျောင်းတက်ခေါင်းရွက်သွားကြလေရာ ကျွန်ုပ်အဖို့ အုပ်အငယ်အစားကလေး ဝယ်ပေးခြင်းအတွက်ဝမ်းသာလှ၍ အိပ်ရာထဲမှပင် တခါတခါထ၍ ကြည့်မိပါသေးသည်။ မိဘများလည်း ကျွန်ုပ်နှစ်သက်ခြင်းကိုမြင်ကြ၍ သဘောကျရှာသည်။ (ကျွန်ုပ်အဖို့ ဝယ်ပေးသော ပစ္စည်းများအနက် ထိုယွန်းထည်အုပ်ကလေးထက် ကျွန်ုပ်အား ပျော်မြူးစေသော အခြားပစ္စည်းကို မမှတ်မိပါ။)

ပထမ၌ မိခင်၏မိတ်ဆွေဆရာမကြီးသည် (လက်ထောက်ဆရာမကလေးနှစ်ယောက်လည်း ရှိသည်။) မိခင်အား ကတိထားခဲ့သည့်အတိုင်းပင် ကျွန်ုပ်အားအထူးတလည်ဂရုစိုက်ပါပေသည်။ ကျွန်ုပ်၏ယွန်းထည်အုပ်ကလေးကိုဖွင့်ကြည့်၍ ဟင်းများည့်လျှင် ဟင်းကောင်းကလေး တတုံးတလေ ထည့်ပေးသဖြင့် (အစားကောင်း ခင်မင်တတ်သော ကျွန်ုပ်အဖို့) ဝမ်းသာလုံးဆို့မတတ် ပျော်လှ၍ ကျေးဇူးလည်းတင်မိသည်။ အိမ်သို့အလည်လာစဉ်က ပါလာသော ကျောင်းသူကလေးနှင့်လည်း ပြန်ဆက်မိသဖြင့် ကြည်နူးလှသည်။ သို့ရာတွင်ကျွန်ုပ်မှာ တကျောင်းလုံးတွင် အငယ်ဆုံးလည်းဖြစ်၍ အဝေးဆုံးသော အရပ်မှ လာရသော ကျောင်းသားကလေးလည်းဖြစ်သည်။ ရွယ်တူတယောက် နှစ်ယောက်ရှိသော်လည်း ကျောင်းပတ်ဝန်းကျင်၌ နေကြသူများဖြစ်သောကြောင့် နေ့ခင်းခေတ္တကျောင်းဆင်းချိန်တွင် သူတို့၏အိမ်သို့ပြန်၍ စားသောက်ကြရာ ကျွန်ုပ်တယောက်တည်းသာ

အုပ်ကလေးဖွင့်၍ စားရသူရှိသောကြောင့် တနည်းအားဖြင့် စိတ်ဝင်စားဖွယ်သော ကျောင်းသားကလေးတယောက်ဟူ၍ သဘောထားလောက်ကြသည် ထင်ပါသည်။ သို့ရာတွင် ထိုသို့ကားမဟုတ်ချေ။

ငင်းစာသင်ကျောင်းနှင့်ပတ်သက်၍ ကျွန်ုပ်မကျေနပ်သော အကြောင်းအရာများကို မဖော်ပြမီ ကျေနပ်သော အချက်များကို ဖော်ပြပါဦးမည်။ သီလရှင်ကျောင်း၌ နေခဲ့ရစဉ်က ကျွန်ုပ်အား ဟိုကောင်၏နှိပ်စက်ခြင်းမှ လွတ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် မိဘများက အပ်ထားခြင်းဖြစ်ရာ စာသင်ရန် ငယ်လွန်းသည့် အတွက်ကြောင့် ကျောင်းတွင် 'ခွေးဝင်စား'အဖြစ်နှင့် ကျွန်ုပ်၏အဒေါ်အနီးတွင် ထိုင်နေရခြင်းမျှသာ များ၏။ အခြားကျောင်းသားများ စာရေးကြသောအချိန်တွင် ကျွန်ုပ်မှာ သစ်သားတွင် အိုးမည်းသုတ်ထားသည့်သင်ပုန်းပေါ်၌ ကံ့ကူဆံဖြင့် 'ဝလုံး'များ ရေးရခြင်းကိုသာ မှတ်မိသည်။ ဝလုံးမှ တဆင့်တက်ရသောအခါ 'နငယ်'များရေးရ၏။ 'နငယ်'များရေးသောအခါတွင် ခေါင်းကြီးကြီးမဖြစ်စေရဟု သီလရှင်ကြီးက ပြောခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။ စာအံသောအခါ "နမောဗုဒ္ဓါ"မှ မတက်ခဲ့ရသေးပေ။ (ကကြီး) (ခကွေး) စသော အက္ခရာများကို မသင်ရသေးမီ "နမောဗုဒ္ဓါ"ကို ရှေးဦးစွာ သင်ပေးခြင်း၏ ရည်ရွယ်ချက်ကို ကျွန်ုပ် ယခုတိုင် နားမလည်သေးပေ။

## စိတ်ဝင်စားသောအချက်

သီလရှင်ကျောင်းမှ လူကျောင်းသို့ ရောက်သောအခါ၌မူ (ကကြီး) (ခကွေး) အက္ခရာများကို သင်ရ၍ (ကကြီးရေးက)သို့ ရောက်သောအခါ ကျွန်ုပ်၏စိတ်၌ ဖြစ်ပေါ်လာသော အခြင်းအရာတခုကို မှတ်မိသေးသည်။ ကျွန်ုပ်ကဲ့သို့ (ကကြီးရေး က) (ခကွေးရေခ) စသည်ဖြင့် 'အံ'ကြရသော ကလေးများက တတန်း၊ မျက်နှာ

ချင်းဆိုင်အတန်း၌ (ကကြီးရေကသတ်ကက်) (ခကွေးရေကသတ်ခက်) စသည်ဖြင့် 'အံ'ကြရသူများရှိကြ၏။ ကျောင်းသူ ကျောင်းသားအားလုံးသည် ထိုခေတ်စာသင်ကျောင်းများ၏ ထုံးစံအတိုင်း အော်၍အံကြရာ အချို့ကလည်း အသံကုန်ဟစ်၍ အံကြ၏။ (ဤသည်မှ အကျင့်ပါ၍ သင်္ကန်းဝတ်ပြီး စာအံသောအခါ၌ "ဟာနံနံ၊ ဟာနံနံ"ဟူ၍ အံကြခြင်းဖြစ်ဟန်ရှိသည်။) လူကျောင်း၌ ကျွန်ုပ်သည် ဆရာမကြီးထံသို့ တိုင်တောခြင်း၏ အကျိုးမရှိခြင်းကိုသိလာသည်ဖြစ်၍ ကျွန်ုပ်အပေါ်၌ 'ညစ်' သောကျောင်းသားဆိုလျှင် ကျွန်ုပ်ထက် ၂ နှစ် ၃ နှစ်လောက်သာ အသက်ကြီးသူဖြစ်ပါကဖက်တွယ်၍ သတ်လေတော့သည်။ ညစ်ချင်သူကလည်း များ၍ သတ်ပုတ်ရသည်မှာ နေ့တိုင်းလိုပင် ဖြစ်နေတော့၏။ ဤတွင် ဆရာမကြီးသည် ကျွန်ုပ်အား ခဏခဏရန်ဖြစ်သော ကောင်ကလေးဆိုကာ ဖိ၍ရိုက်တော့သည်။ မိခင်၏ မိတ်ဆွေဖြစ်၍ လိမ္မာစေရန်ဆိုသော ရည်ရွယ်ချက်ဖြင့် သူတပါးထက် ဖိ၍ရိုက်ခြင်းလည်းဖြစ်ပါလိမ့်မည်။ သို့ရာတွင် ကျွန်ုပ်အဖို့မူကား လားလားမှ မတရားသော ဆရာမကြီးဟူ၍ မကျေမချမ်းဖြစ်ခဲ့ရသည်။ ဤနောက်ပိုင်း၌ ကျွန်ုပ်စဉ်းစားမိသည်ကားဆရာမကြီးသည် အပျိုကြီးဖြစ်၍ သားသမီးမမွေးဘူးသည့်အတွက်ကြောင့် ကလေးသူငယ်များ၏ ပြဿနာများကို မသိသားဆိုရှားလှသည်ဟု ဆုံးဖြတ်ချက်ချမိပါတော့သည်။

## ကျွန်ုပ်၏ဖခင်

ကျွန်ုပ်အကြောင်းကိုရေးလျှင် ကျွန်ုပ်၏မိဘများအကြောင်းကိုလည်း ဖော်ပြပါမှ ကျွန်ုပ်အဖို့မှာ ရုပ်လုံးပေါ်ပေလိမ့်မည်။ ကျွန်ုပ်၏ဖခင်မှာ ရွှေဘိုတောင်လက် (မြင်းနယ်ဟုခေါ်သည်။) မန်ကျည်းတုံရွာသား ဦးအေးရာဖြစ်၏။ ဖခင်၏အမည်မှာ မြန်မာပြည်တွင် အလွန်ရှား၍ မကြာသေးမီကမှ နာမည်တူသော ဆိုင်းဘုတ်တခုကို တွေ့ရဘူးသည်။ ဖခင်နှင့်နာမည်တူသောကြောင့် လူကိုယ်တိုင်

ကိုလည်းတွေ့မြင်လို စေကာမူ ယနေ့တိုင်မတွေ့ရဘူးသေးပေ။ ရွှေဘိုတောင်လက်ကို 'မြင်းနယ်'ဟု ခေါ်တွင်ခြင်းမှာ မြန်မာဘုရင် အဆက်ဆက်လက်ထက်တွင် မြင်းအမှုထမ်း (မြင်းတပ်စစ်သား) များ ထွက်သောနယ်ဖြစ်သောကြောင့် ဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင် (မြင်းပွဲသမားတယောက် မဟုတ်သော်လည်း) မြင်းဝါသနာပါသူဖြစ်၍ မြင်းနှင့်ပတ် သက်သော ဗဟုသုတလေ့လာရာတွင် ၎င်းနယ်သားများကဲ့သို့ မြင်း 'အသားကျ' စီးနည်းအကြောင်းကို နားလည်သူရှားပါးကြောင်းတွေ့ရ၏။ မန်ကျည်းတုံရွာကလေးမှာ အိမ်ခြေတရာကျော် ခန့်မျှသာရှိသော်လည်း မင်းလက်ဝဲသန္ဓရ၏ ဇာတိချက် ကြွေဒေသဖြစ်သည့်အတွက်ကြောင့် လူသိများသော ရွာကလေးဖြစ်၏။ (၎င်းနယ်တွင် ဝက်လက်ဘူတာအနီးမှ မန်ကျည်းတုံနှင့် ရွှေဘိုမြောက်လက် ခင်ဦးဘူတာအနီးမှ မန်ကျည်းတုံဟူ၍ ရွာနှစ်ရွာရှိပေရာ ကွယ်လွန်သူဇာတ်မင်းသား ဦးဖိုးစိန်ကြီးက မင်းလက်ဝဲသုန္ဓရ မွေးဖွားသည့်ရွာမှာ ခင်ဦးအနီးမှ မန်ကျည်းတုံ ရွာဖြစ်သည်ဟု မှားယွင်းပြောဆိုဘူးသည့်အတွက် ရှင်းလင်းဖော်ပြမည် ကြံစည်ဘူး သော်လည်း ယခုမှပင် အလျဉ်းသင့်၍ ထည့်သွင်းရေးသားလိုက်ရပါတော့သည်။ မင်းလက်ဝဲသုန္ဓရ မွေးဖွားသည့် အိမ်နေရာအမှတ်အသားများကို ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ တိုက်တွန်းချက်အရ နောက်ပေါက်စာရေးဆရာ ကလေးများအား ကျွန်ုပ်ညွှန်ပြခဲ့ရဘူးပါသည်။)

## ဂုဏ်ယူတတ်ခြင်း

ကျွန်ုပ်၏ဖခင်မှာ ကျွန်ုပ်ကဲ့သို့ 'လူစုံ' တယောက်မဟုတ်၊ အလွန်'ရိုး'သည့် အနွယ်အဆက်ဖြစ်၍ ဘိုးစဉ်ဘောင်ဆက်တိုင်အောင် သေအရက်ကို လျှာပေါ်တွင် မတင်ဘူးခြင်းကို အသားယူ၍ ပြောလေ့ရှိသူများဖြစ်ကြ၏။ ဖခင်မှာ ဆွေကြီးမျိုးကြီးဖြစ်၍ ၎င်းနယ်တဝိုက်ရှိ ရွာများတွင် သူ၏ဆွေမျိုး မရှိသောရွာဟူ၍မရှိသည့်

ပြင် ဆွေမျိုးများမှာလည်း စားနိုင်သောက်နိုင် အခြေအနေရှိကြသူများဖြစ်၍ အချို့မှာလယ်မြေကေကြွယ်ဝသူများ ဖြစ်ကြလေသည်။ ကျွန်ုပ်ကြီးပြင်း၍ ရန်ကုန် သူရိယတဝိုက်တွင် အယ်ဒီတာဖြစ်လာပြီးနောက်အခွင့်ယူ၍ ထိုနယ်သို့ အလည် အပတ် ရောက်ရာတွင် ဖခင်နှင့်ကျွန်ုပ်တို့ လှည်းတစီးဖြင့် ဟိုရွာသည်ရွာ လှည့်လည်ကာ "ငါ့သား အယ်ဒီတာဖြစ်လာပြီကွယ်"ဟု ဆွေမျိုးများအား ပြောပြရခြင်း၊ "ဒီဟာက ငါ့ညီကွယ့်၊ ဒီရွာမှာတော့ သူက မြေပိုင်ရှင်သဌေး တယောက်ကွယ့်"ဟူ၍ ကျွန်ုပ်အား ပြောပြရခြင်းတို့ကြောင့် ဖခင်မှာအမော သားရှိတော့သည်။ ဖခင်သည် မိခင်နှင့်မတူ၊ သူ၏ဆွေမျိုးအတွက် အတော်ဂုဏ်ယူ ချင်ရှာသည်။

## သီပေါမင်းကိုသာ မျှော်ကြခြင်း

ဖခင်သည် ရွာကျောင်းဘုန်းကြီး၏ ညီနှစ်ဝမ်းကွဲတော်သူဖြစ်၍ (ဟိုခေတ်က ထုံးစံအတိုင်း) ကိုရင်အဖြစ်နှင့်လေးငါးခြောက်နှစ်ခန့် နေခဲ့ရာ အသက်ပြည့်သော အခါတွင် ရဟန်းခံဖို့ ဘုန်းတော်ကြီးကစိတ်ကူးထား၏။ တောရွာ၌ မွေးဖွားရသူ ဖြစ်သည့်အပြင် ဘုန်းကြီးကျောင်းတွင် နှစ်ပေါင်းအတန်ကြာနေခဲ့ရသူကလည်း ဖြစ်သည်နှင့် အလွန့်အလွန် 'ရိုး'ရှာသည်။ သို့ရာတွင် ရဟန်းခံနိုင်သည့် အရွယ်သို့ ရောက်သောအခါ၌ အတော်ပါးရည်နပ်ရည်ရှိပုံရသော သူ၏ဖခင်သည် ရဟန်းခံခြင်းကို အားမပေးပဲ မန္တလေးမြို့သို့ဆင်း၍ သီပေါဘုရင်၏ လွှတ်ရုံးတွင် စာရေးကလေးအဖြစ်နှင့် အမှုထမ်းရန် မိတ်ဆွေတယောက်ထံတွင် အပ်နှံလိုက်လေ သည်။ (ထိုခေတ်၌မူ စာရေးတိုင်းအား စာရေးကြီးဟု မခေါ်ကြ၊ 'စာရေးကြီး'ဆို သူမှာ လွှတ်ရုံးတွင်ရောမ အမှုထမ်းကြီးတယောက်ဖြစ်၍ သူ့အထက်တွင် ဝန်ထောက်၊ ထို့နောက် အတွင်းဝန်ဖြစ်လာနိုင်သူတယောက်ဖြစ်လေသည်။) ၁၂၄၇ခုနှစ်တွင် သီပေါဘုရင် ပါတော်မူ၍ ဖခင်မှာ အင်္ဂလိပ်အစိုးရ

လက်အောက်တွင် အမှုထမ်းနိုင်ခွင့်ရှိသော်လည်း (အမှုထမ်းသူများလည်း နောက်ပိုင်းတွင် စစ်ကဲရာထူးအထိတိုးတက်ကြသည်။) ဖခင်၏အမျိုးများက သီပေါဘုရင်ပြန်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြသောကြောင့် ဖခင်အား အင်္ဂလိပ်လက်အောက်တွင် အမှုမထမ်းဖို့ ဖျက်ကြသည်။ ၁၂၅၀ ပြည့်နှစ်တွင် မိခင်နှင့်အကြောင်းပါ၍ ၁၂၅၁ ခုနှစ်တွင် ကျွန်ုပ်လူ့ပြည်သို့ရောက်လာသည်။

## ဆရာတော်၏ကျေးဇူး

ကျွန်ုပ်၏အရပ်မှာ ဖခင်ထက် ၂ လက်မခန့်မြင့်၍ ၅ပေ၊ ၁၀လက်မ ရှိသောကြောင့် အမျိုးအဆွေထဲတွင် အရပ်အမြင့်ဆုံး တယောက်အနေဖြင့် လူဖြစ်လာရသည်။ ဖခင်သည် 'လူရိုးလူကောင်းကြီး'တယောက်ဖြစ်၍ ဒေါသနည်းသည်၊ နှိမ့်ချသည်။ သိမ်မွေ့နူးညံ့သော စိတ်သဘောရှိသည်၊ ကြောက်တတ်သည်၊ ဗဟုသုတလိုလားသည်ဟု ကျွန်ုပ်နားလည်၏။ မိခင်၏အဖေကမူ 'လူညံ့' တယောက်ဟု ထင်သောကြောင့် သူ၏သမီးနှင့်ကောင်းကောင်းကြီး သဘောမတူဟု ကျွန်ုပ်ကြားရဘူး၏။ သို့သော် ရိုးသားပုံရခြင်း တခုတည်းကြောင့် ပေးစားလိုက်ခြင်းဖြစ်သည်ဆို၏။ သို့ဆိုသော်လည်း ဖခင်သည် စဉ်းစားဉာဏ်ခေလှသူတယောက်မဟုတ်ပေရာ တောင်သူမိရိုးဖလာ အစဉ်အလာတို့ကြောင့် ခပ်နုံနုံရှိပုံရသော်လည်း မန္တလေးမြို့၌ ပုဂ္ဂိုလ်ထူးတပါးဖြစ်သသော မြိတ်ဆရာတော်ဘုရားနှင့် တွေ့ဆုံရသည်တွင်မှ ဉာဏ်ပွင့်လင်း၍ (သူ့ခေတ်နှင့်သူ) လူတလုံးသူတလုံးဖြစ်လာခဲ့လေသည်။ (စီးပွားရေးကိုမဆိုလို၊ မိရိုးဖလာ အယူအဆများကို စွန့်ပယ်ဝံ့သည်သတ္တိရှိခြင်းကိုဆိုလိုပါသည်။)

## ကျွန်ုပ်၏ မိခင်

မိခင်မှာမူ မင်းတုန်းဘုရင်၏ 'စားတော်ခဲ' (ထမင်းဟင်းချက်ရသူ)မှ ပေါက်ဖွားခဲ့သူဖြစ်၏။ ထိုခေတ်၌မူ ရှင်ဘုရင်၏ 'ဖိနပ်ကိုင်'၊ 'ထီးမိုး'၊ 'ကွမ်းအစ်ကိုင်' စသော အမှုထမ်းများပင် မျက်နှာကြီးသော ခေတ်ဖြစ်၍ ထမင်းဟင်းချက်ရသော အလုပ်မှာ ဂုဏ်ငယ်သည်ဟု မယူဆကြပေ။ ကျွန်ုပ်အဘိုး၏ ရထူးကိုအကြောင်းပြု၍ ကျွန်ုပ်၏ မိခင်မှာလည်း အရွယ်ရောက်သောအခါတွင် 'မင်းနှစ်ပါး'တို့၏ 'စာတော်ဖတ်'ဖြစ်လာရသည်။ အရွယ်ငယ်သေးသောကြောင့် (၁၈နှစ်သမီး) စာတော်ဖတ်ကြီးများဖြစ်ကြသည့် 'သခင်ကြီး'များလက်အောက်တွင် စာတော်ဖတ်ကလေးမျှသာ ဖြစ်ခဲ့ရသေးသော်လည်း မိခင်မှာ အလွန်အသံကောင်းလှသည်။ ကျွန်ုပ်ငယ်စဉ်က ပုခက်ထဲ၌ အိပ်မည်ပြုစဉ် မိခင်က တေးချင်းဆို၍ ပုခက်လွှဲခြင်းကို ဖခင်၏ ဖိနပ်အလုပ်သမားများက နားထောင်ကြရသောကြောင့် ကျွန်ုပ်အိပ်မည့်အချိန်ကို စောင့်မျှော်နေကြသည်ဟု အလုပ်သမားများပြောကြသည်။ မိခင်သီဆိုတတ်ခြင်းမှာ ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းကြီး သီချင်းခန့်မဟုတ်ပဲ ရတု၊ ရကန်၊ ပျို့၊ အဲ့၊ အိုင် စသည်တို့သာဖြစ်၍ ခန့်ညားလွန်းလှသော်လည်း အသံကောင်းသည့်အတွက်ကြောင့် နားထောင်၍ကောင်းခြင်းကို ကျွန်ုပ်လည်း ကြားရဘူးသည်။ အသက် ၅၀ ကျော်ခန့်တိုင်အောင် အသံမပျက်သေးသဖြင့် ရံဖန်ရံခါ ကျွန်ုပ်တို့သားသမီးများ၏ တောင်းပန်ခြင်းကြောင့် ဆို၍ပြရာခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။ ကျွန်ုပ်မှာ မိခင်၏ အသံကို မမှီသော်လည်း အချို့သော ပျို့ကြီး များကို မိခင်၏ သင်ပြမှုကြောင့် တော်ကကျေအောင် ဆိုတတ်သည်ဖြစ်၍ ဝါသနာပါသော မိတ်ဆွေများအပေါ်၌ အသားယူခဲ့ရဘူးပါသည်။

## ဒေါသကြီးသောအမျိုး

ဖခင်၏စိတ်နူးညံ့သိမ်မွေ့သလောက် မိခင်မှာ စိတ်ဆတ်ခြင်း၊ စိတ်ထက်ခြင်း၊ စိတ်တင်းခြင်း၊ မဟုတ်မခံတတ်ခြင်း၊ မကြောက်တတ်ခြင်းစသော အခြင်းအရာတို့ရှိ၏။ တနေရာ၌ မိခင်အား 'ဒေါသကြီးသောအမျိုး'ဟူ၍ ရေးသားဘူးရာ မိခင်၏အဖေ (ကျွန်ုပ်၏အဘိုး) အကြောင်းကိုသတိရ၍ ရေးခဲ့ခြင်း ဖြစ်၏။ ကျွန်ုပ်ငယ်စဉ်ကမိခင်၏မောင်တယောက် (ကျွန်ုပ်၏ဦးလေး)အား သူ့ထက်ကြီးသော လူတယောက်က အနိုင်ကျင့်ကာ စော်ကားလိုက်ရာတွင် အဘိုးသည် အသားများ ဆတ်ဆတ်တုန်အောင် ဒေါသထွက်သည်နှင့် ထိုသူကို သွား၍သတ်ပါတော့မည်ဟု ဓားကိုင်လျက် ထွက်သွားသဖြင့် ဆွေမျိုးအားလုံးက ဝိုင်း၍တောင်းပန်ကြသော်လည်း မရပဲရှိရာတွင် ထိုလူ၏ဖခင်သည် အဘိုး အကြောင်းကိုသိ၍ သားနှင့်အတူပြေးလာပြီးလျှင် အဘိုးအားဝန်ချတောင်းပန် ကြလေသည်။ သို့နှင့်လည်း အဘိုးကမကျေနိုင်သေးသည်နှင့် စော်ကားသူကိုယ် တိုင် နှစ်ချက်၊ သုံးချက်မျှ 'အထောင်းခံပြီးသည့်နောက်မှ ကျေနပ်လေတော့သည်။ ဤနေရာ၌ ထိုသားအဖပြေးလာခြင်းမှာ အဘိုး၏ဒေါသကိုကြောက်၍သာ မဟုတ်၊ 'စားတော်ခဲ' တယောက်ဟူသော ရာထူးကိုလည်း ရှို့ကြပုံရသည်ဟု ကျွန်ုပ် ထင်မိ၏။ မြန်မာဘုရင်များ၏ မင်းမှုထမ်းများအား အင်္ဂလိပ်လက်ထက်ကျွန်ုပ် ငယ်စဉ်ကအထိ လေးစားမှုရှိကြခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။

## အဘိုး၏သြဝါဒ

ကျွန်ုပ်၏အဘိုးမှာ ကျွန်ုပ် ၁၀ နှစ်သားခန့်အရွယ်တွင် ကွယ်လွန်လေရာ အဘိုး၏ စကားတခွန်းသည် ကျွန်ုပ်၏နားထဲစွဲထင်လျက်ရှိခဲ့၍ ကျွန်ုပ်အဖို့ရာ၌ ဝါသနာတခုကဲ့သို့ဖြစ်လာရပုံကို ဖော်ပြရပေဦးမည်။ တနေ့သ၌ အဘိုးသည်

ကျွန်ုပ်၏ဖခင်မရှိခိုက်တွင် သူ့သားများ အကြောင်းကို မိခင်အား ပြောပြလျက် ရှိစဉ် "ယောကျာ်းဆိုတာမျိုးဟာ မိန်းမမဟုတ်ဘူးသမီးရဲ့၊ 'စုံ'စေရမယ်၊ ငါ့သား များဆိုလျှင် 'စုံ'မှ ငါကကြိုက်တယ်၊ ငါ့သမီးရဲ့ ယောကျာ်းက စိတ်ကောင်း နှလုံးကောင်းတော့ ရှိရှာပါရဲ့၊ နို့ပေမယ့် မစုံဘူးကွယ့်"ဟုပြောဘူးလေသည်။ ကျွန်ုပ် ကြီးပြင်းလာသော အချိန်၌ အခွင့်ကြုံတိုင်း အဘိုး၏စကားသည် စိတ်ထဲတွင်ပေါ်လာသည်ချင်းဖြစ်၍ သူတပါးအား ထိပါးနစ်နာအောင် ကျူးကျော် စော်ကားသော အပြုအမူမျိုး မဟုတ်သမျှ ကာလပတ်လုံး အဘိုး၏ ဩဝါဒအတိုင်း လိုက်နာခြင်းကြောင့် ကျွန်ုပ်ကိုယ်တိုင် 'လူစုံ'တယောက်ဖြစ် လာခဲ့ရသည်။ ဤအတွက်ကြောင့် အထိုက်အလျောက်နာမည်ပျက်စေခြင်းကို ဝန်ခံရမည်ဖြစ် သော်လည်း ကျွန်ုပ်၏စိတ်၌ တရံတဆစ်မျှ နောင်တရဘူးသည် မရှိခြင်းကိုလည်း ပြောရဲပါသည်။

## ဘဝတာကိုပြောင်းလဲစေသော အချက်

မိခင်ဖခင်တို့သည် ဈေးချိုအနောက်ဘက် ရွှေတာချောင်း မြောင်းပေါင်အနီး ရှိ ရိုင်တန်းအရပ်၌ အိမ်ကလေးတလုံး ဝယ်ယူရရှိသောအခါတွင် မဲအိုးတန်းရှိ နေအိမ်ကိုရောင်းချ၍ ပဲပုပ်တန်းပအိမ်ခန်းကိုလည်း စွန့်လွှတ်ပြီးလျှင် ပြောင်းရွှေ့ နေထိုင်ကြလေ၏။ ၎င်းရပ်ကွက်၌ နေထိုင်နေကြစဉ် ကျွန်ုပ်၏အသက်တာကို ပြုပြင်ပြောင်းလွဲစေခဲ့သည့် အခြင်းအရာတခုဖြစ်ပေါ်ခဲ့၏။ ၎င်းရပ်ကွက်အနီးရှိ 'လေးဆယ်တော်မင်း'ခေါ်မြန်မာမင်းလက်ထက်က အရာရှိကြီးတယောက်ရှိရာ၊ ၎င်းအဘိုးကြီးသည် ကျွန်ုပ်တို့နေအိမ်သို့ ညတိုင်းလာ၍တရားဟောပြောလေ့ရှိ၏။ ထိုပုဂ္ဂိုလ်ကြီး ဟောပြောသည့်တရားမှာ ဗုဒ္ဓဘာသာ မိရိုးဖလာ ဟောပြောကြသည့် တရားမျိုးမဟုတ်ပဲ 'မင်္ဂသံဖိုလ်သံ' မျိုးပါရှိလေရာ (ထိုစဉ်ကမူ အလွန်ဆန်းသည်ဟု ယူဆကြသည်။) မိဘများသည် 'နားပါးသော' ပုဂ္ဂိုလ်မျိုးဖြစ်၍ မည်သည့်

ဆရာတော်၏ ဩဝါဒဖြစ်ပါသနည်းဟု စုံစမ်းမေးမြန်းကြရာ ဒက္ခိဏဝန်တိုက်ရှိ မြိတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒဖြစ်ကြောင်းသိရှိကြရ၏။ ၎င်းဆရာတော်ဘုရားကြီး၏ ကျောင်းတွင် ကျောင်းသားများအား သင်ရိုးသင်စဥ် နည်းဖြင့်မဟုတ်ပဲ ဘာသာရေးဆိုင်ရာ စာပေများကိုလည်း တနည်းတဖုံသင်ပြ သည်။ ဂဏန်းသချာ်စသည်များ သင်ပြသည့် လက်ထောက်ဆရာများလည်းရှိ၍ အစိုးရစာစစ်လည်းခံသည်ဟုကြားသိရသည်တွင် ကျွန်ုပ်အား လူကျောင်းမှ နုတ်၍ ဒက္ခိဏဝန်တိုက် ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့အပ်နှံလေ၏။ အကယ်၍ ကျွန်ုပ်သည် ၎င်းကျောင်းသို့ မရောက်ခဲ့လျှင် ကြီးပြင်းသောအခါတွင် ဖိနပ်ထောင် ဆရာတယောက်ယောက်သော်လည်းကောင်း၊ ဈေးချိုထဲ၌ ဆိုင်ထိုင်၍ရောင်းသော ဖိနပ်သည်တယောက်ယောက်သော်လည်းကောင်း ဖြစ်လာဖို့သာ ရှိပေသည်။

## ဘုန်းကြီးကျောင်းသား

ဒက္ခိဏဝန်တိုက် မြိတ်ဆရာတော်၏ ကျောင်းသို့အပ်နှံသောအခါ ကျွန်ုပ်မှာ ခုနစ်နှစ်သား အရွယ်ရှိ၍ လူကျောင်းမှ သင်ပုန်းကြီးကုန်ပြီး မင်္ဂလသုတ်၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်းစသော သင်ရိုးစာများ ကုန်ခဲ့ပြီးလေပြီ။ ၎င်းဘုန်းကြီးကျောင်းတွင် ဆရာတော်သည် အခြားသော ဘုန်းကြီးကျောင်းမှာကဲ့သို့သင်ရိုးသင်စဥ် စာများကိုမသင်ပဲ ဆရာတော်ကိုယ်တိုင် ရေးစီရင်သော စာများကို သင်အံ့ကြရ၏။ ကျွန်ုပ်မှာ မှတ်ဉာဏ်အတော်ကောင်း၍ ဆရာတော်က ပို့ချသော စာများကို အခြားကျောင်းသားကြီးများထက် ရလွယ်သည်ဖြစ်သောကြောင့် ဆရာတော်က လှော်တိုင်းပြေးသည့် 'လှေပြေးကလေး' ဟုအမည်မှည့်ကာ ချီးကျူးခြင်းခံရသည်နှင့်အတူ အခြားကျောင်းသားကြီးများ၏ မနာလိုခြင်းလည်း ခံရလေသည်။ ဤကျောင်းတွင်လည်း ကျွန်ုပ်သည်ပင် အငယ်ဆုံးဖြစ်၍ အခြားကျောင်းသားများမှာ အနည်းဆုံး ဆယ်နှစ်သားအရွယ် ရှိနေကြလေပြီ။

ဆရာတော်သည် ကြွသွားရာအရပ်တိုင်းသို့ ကျွန်ုပ်အား ခေါ်သွား၍ ပရိသတ်ရှေ့တွင် ၎င်းသင်ကြားထားသည့် ဘာသာရေးစာပေများကို အမေးအဖြေသဘောဖြင့် ကျွန်ုပ်အားမေးရာ ကျွန်ုပ်ကသွက်လက်စွာ ဖြေနိုင်သည့်အတွက်ကြောင့် အချို့သော လူကြီးမိန်းမကြီးများက 'သားကလေး တော်ချင်သည်' 'တူကလေးဖြစ်စေချင်သည်' စသည်ဖြင့် တောင့်တ ပြောဆိုကြခြင်းများကို ကျွန်ုပ်ကြားရ၏။ ပရိတ်သတ်ရှေ့၌ ဆရာတော်နှင့်ကျွန်ုပ်အမေးအဖြေလုပ်ခြင်းကို ကြားနာကြရသော အရပ်သူ အရပ်သားများသည် ၎င်းတို့၏ သားများကို ဆရာတော်၏ ကျောင်းသို့မထားချင်သူမရှိသလောက်ဖြစ်၏။ ဤနည်းအားဖြင့် ဆရာတော်၏ကျောင်းမှာ ကျောင်းသားများစည်ကားများပြားသည်ထက် များပြားလာခဲ့ရာ ကျွန်ုပ်သည်ပင် 'တယ်ကြက်' ကလေးဖြစ်နေခဲ့လေပြီ။ စင်စစ်မှာ အမေးအဖြေများသည် ကျွန်ုပ်၏ ဉာဏ်စွမ်းဖြင့် ဖြေဆိုရခြင်းမဟုတ်ပဲ 'ကျက်စာ'မျှသာဖြစ်သော်လည်း မကြားဘူးသော မိဘများအဖို့မူ တအံ့တဩဖြစ်ကြရလေသည်။

သင်ကြားပုံနမူနာ

အမေးအဖြေကို ဥပမာ တခုပြပါဦးမည်။

"လူ ဘယ့်နှယ်ရေးသလဲ"

"လရေးနှစ်ချောင်းငင် လူ"

"ဘယ်သူ့ကို လူခေါ်သလဲ"

"ရုပ်နာမ်နှစ်ပါးကို လူခေါ်ပါသည်"

"ရုပ်ဘယ်လောက်ရှိသလဲ"

"ရုပ် အဋ္ဌဝီသံ (၂၈) ရှိပါသည်"

"ဘာကို 'နာမ်'ခေါ်သလဲ"

"စိတ်၊ စေတသိက်ကို နာမ်ခေါ်ပါသည်"

“စေတသိက် ဘယ်လောက်ရှိသလဲ”

“စေတသိက် ဒွိပညာသ (၅၂) ရှိပါသည်”

“စိတ် တခုယုတ် ၉၀၊ အကျယ် ၁၂၁ပါး ရှိပါသည်”

“စိတ် ဘယ်လောက်ရှိသလဲ”

“ဘယ်စိတ် ဘယ်စိတ်များတုန်း”

“လောဘမူစိတ် ၈ခု၊ ဒေါသမူ စိတ်၂ခု၊ မောဟမူစိတ် ၂ခု ပေါင်းအကုသိုလ်၁၂ခု” စသည်ဖြင့် ၈၉ မျိုးသော စိတ်တို့ကို ရေတွက်ရွတ်ဆိုပြရလေသည်။ ဤသည်မှာ ‘ကျက်စာ’ပင်ဖြစ်သော်လည်း ၇ နှစ်သားအရွယ် သူငယ်ကလေးတယောက်က ပရိသတ်ထဲ၌ သွက်သွက်လက်လက် ရွတ်ဆိုပြခြင်းကိုမြင်ကြကြားကြရသော အရပ်သူအရပ်သားများက “ဒီသူငယ်ကလေး သင်္ဂြိုဟ်တတ်နေပြီ”ဟု ကျွန်ုပ်အား ချီးမွမ်းကာပွေ့ကြ၊ ဖက်ကြ၊ မုန့်ကျွေးကြလေသည်။

## အကောင်းနှင့်အဆိုးတွဲခြင်း

ဤသည်ကား ကျွန်ုပ်အဖို့ ဟန်ကျလှပါ၏။ သို့ရာတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ဖြစ်တတ်သောဇာတာရှင်ဖြစ်သည်ဟု နက္ခတ်ဆရာကြီးတယောက်က (နောက်ပိုင်းတွင်) ဟောဘူးသည့်အတိုင်း ဆရာတော်၏ ‘လက်သပ်မွေး’ တပည့်ကလေးတယောက် ဖြစ်ရခြင်းအတွက်ကြောင့် မကောင်းသော အခြင်းအရာများ တွဲလျက်လိုက်ပါလာတော့သည်။ ဤကျောင်းသို့ ကျွန်ုပ်မရောက်မီအချိန်က စာတော်သော ကျောင်းသားကလေးတယောက်သည် ကျွန်ုပ်ကဲ့သို့ပင် ဆရာတော်နောက်သို့တကောက်ကောက်လိုက်ရဘူး၏။
ကျွန်ုပ်ရောက်လာသောအခါ၌မူ ကျွန်ုပ်က သူ့ထက်သုံးနှစ်ငယ်၍ သူ့ကဲ့သို့ပင် ဆရာတော်၏ အမေးများကိုဖြေတတ်သည်ဖြစ် သောကြောင့် ဆရာတော်သည်

သာ၍ 'ပွဲကျခြင်း'ကို လိုလားသည်နှင့် သူ့အစား ကျွန်ုပ်အားခေါ်လေတော့သည်။ ဤသို့သော အခြင်းအရာကို ၎င်းကျောင်းသားသည် မလိုလားနိုင်သည့် လက္ခဏာနှင့် ကျွန်ုပ်အပေါ်တွင် အကောက်ဉာဏ်ကြံဟန်တူပေသည်။

## အနိုင်ကျင့်ခံခဲ့ရပုံ

အထက်တွင်ဖော်ပြခဲ့ဘူးသည့်အတိုင်း ကျွန်ုပ်မှာ (ထိုခေတ်က ကျောင်းသားသူငယ်တို့၏ ကစားနည်းဖြစ်သည်) 'ပေသီးပစ်ခြင်း၌' လက်ဖြောင့်ခြင်းအတွက် ကြောင့်အများအားဖြင့် နိုင်တတ်သူဖြစ်သည်။ ပိုက်ဆံတပြားလျှင် ပေသီး (ဂေါ်လီ) ၁၀လုံးရ၍ ကစားကြရာတွင် တနေ့တွင် ပိုက်ဆံ ၂ပြား၊ ၃ပြား စသည်ဖြင့် နေ့တိုင်းလိုပင် နိုင်လေ့ရှိ၏။ ကျွန်ုပ်အား မိဘများက တနေ့လျှင် မုန့်ဖိုးပိုက်ဆံ ၂ ပြားပေးလေ့ရှိရာ ပေသီးပစ်ခြင်းမှ နိုင်ရခြင်းကြောင့် တပဲ၊ ငါးပြား သုံးနေရ၏။ ပေသီးပစ်ကြရာတွင်လည်း ခပ်ကြီးကြီး ကျောင်းသားဝိုင်းနှင့် ကလေးဝိုင်းဟူ၍ နှစ်ဝိုင်းရှိရာ ကလေးဝိုင်းတွင်မူ အထက်ပါကျောင်းသားတယောက်မှတပါး ကျွန်ုပ်သည် လက်အဖြောင့်ဆုံးဖြစ်၏။ ထိုကျောင်းသားသည် ကျွန်ုပ်အား သူနှင့် နှစ်ယောက်တည်းကစားရန်သွေးဆောင်လေရာ ကျွန်ုပ်မှာလည်း လူအကလေး တယောက် မဟုတ်သောကြောင့် ငြင်းပယ်ခဲ့၏။ သို့ရာတွင် ထိုသူငယ်သည် ကျွန်ုပ်ထက်အသက်သုံးနှစ်ခန့် ကြီးသည်ဖြစ်၍ ကျွန်ုပ်အား ချော့ချည်တခါ၊ မြူချည်တလှည့်၊ ချောက်ချည်တမျိုးဖြင့်၊ နေ့ရှိသမျှ ကပ်၍နူးနှပ်လေရကား ကျွန်ုပ်မှာ သူနှင့်ကစားရန် သဘောတူမိလေတော့သည်။ တခါတရံ သူက ညစ်သည်နှင့် ကျွန်ုပ်က မခံပဲ သတ်ပုတ်ကြရာတွင် ၇ နှစ်သားနှင့် ၁၀ နှစ်သား ဖြစ်သောကြောင့် ကျွန်ုပ်ပင်နာ၍ ရှုံးရလေသည်။ ဤကဲ့သို့ ဖြစ်ရဖန်များလတ်သော် ကျွန်ုပ်မှာ သူနှင့်မကစားပဲလည်းမနေရ၊ ကစားတိုင်းလည်း ရှုံးရသည်သာ

ဖြစ်သောကြောင့် ကျွန်ုပ်ရခဲ့သော မုန့်ဖိုးပိုက်ဆံနှစ်ပြားမှာ တပြားဖိုးမျှ မုန့်မစားရပဲ သူ့လက်ထဲသို့ ရောက်သွားပါလေတော့သည်။

သို့ဆိုလျှင် လွတ်မြောက်ရန် နည်းလမ်းမရှိသလော၊ ဆရာတော်အား အဘယ့်ကြောင့် မလျှောက်ထားသနည်းဟု မေးရန်ရှိ၏။ ဘုန်းကြီးကျောင်းသား ဟူသည်မှာ ဘုန်းကြီးအား ဘယ်မျှလောက် ကြောက်ရသည်ကို ဘုန်းကြီးကျောင်း သားများသာ သိကြပေလိမ့်မည်။ ကျွန်ုပ်သည် ဆရာတော်၏ လက်သပ်မွေးတပည့် ကလေးတယောက်ပင်ဖြစ်သော်လည်း လျှောက်ထားတိုက်တောခြင်း မပြုဝံ့ချေ။ တခါက သည်းမခံနိုင်လှသဖြင့် ဆရာတော်အား လျှောက်ထားတိုင်တန်းရာတွင် ဆရာတော်သည် ထိုသူငယ်အားရိုက်ဖူး၏။ သို့ရာတွင် ထိုသူငယ်သည် ဤအတွက် ကြောင့်ကျွန်ုပ်အပေါ်၌ တိုး၍ဆိုးလာလေရာ ဆရာတော်အား လျှောက်ထားရန် ပင်မဝံ့ပဲရှိတော့သည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်းဟု မေးပါမူ ဘုန်းကြီးကျောင်းသား တယောက်အနေဖြင့် ဆရာတော်အား နားပူရမည်ကို ကြောက်သည့်အတွက်ဟု ဖြေဆိုရပေမည်။

## ကျောင်းလက်ဇေ့ပွဲများ

ထိုကျောင်းသားသည် ကျွန်ုပ်အပေါ်၌ ဆိုးသည်ထက် ဆိုးလာသေး၏။ သူနှင့်ပေးသီးပစ်ကြသဖြင့် ကျွန်ုပ်၏မုန့်ဖိုးပိုက်ဆံနှစ်ပြားကုန်၍ ကျောင်းတက်ချိန် မရောက်သေးသည့်အခါသူက ပေသီးများထုတ်ချေးပြီး ဆက်လက်ကစားဖို့ မျက်နှာချိုသွေးလေရာ ကျွန်ုပ်မှာ သူ့ကိုရွံ့သည်နှင့် မငြင်းဝံ့ပဲ ဆက်လက်၍ ကစားရ၏။ ပိုက်ဆံတပြားဖိုးအကြွေးတင်သွားသောအခါ နက်ဖြန်တွင် အရင်း တပြား၊ အတိုးတပြားဟုဆိုကာ ကျွန်ုပ်ထံမှ ပိုက်ဆံနှစ်ပြားတောင်း၏။ မပေးဟု ငြင်းလျှင် လု၍ယူ၏။ "ဘုန်းကြီးကိုလျှောက်လျှင် မင်းသေပေတော့"ဟု ကျွန်ုပ်အား

ခြိမ်းခြောက်သေး၏။ ကျွန်ုပ်မှာ ၎င်းအရွယ်တွင် မိခင်၏သတ္တိမျိုးမရှိ။ ဖခင်၏ ပျော့ညံ့သောစိတ်မျိုးရှိဟန်တူသည်။ သို့နှင့်ပင် ရွယ်တူချင်းဖြစ်ပါက ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အလျှော့မပေးပဲ တွယ်သတ်ခဲ့ဘူးသည့် အကြိမ်ပေါင်းလည်း များခဲ့လှပါပြီ။ ထိုခေတ်မှာ ဤခေတ်နှင့် မတူအောင် ကျောင်းသားချင်း သတ်ပုတ်ထိုးကြိတ်ကြခြင်းမှာ နေ့တိုင်းကိစ္စဖြစ်သည်။ ဆရာတော်အား မလျှောက်စတမ်းဆို၍ သဘောတူသတ်ပုတ်ကြသော လက်ဝှေ့ပွဲ ကလေးများမှာ တနေ့လျှင် တပွဲနှစ်ပွဲရှိမြဲဖြစ်၏။ ထိုခေတ်၌ နိုင်ငံကျော် လက်ဝှေ့သမားကြီးများဖြစ်ကြသည့် မိုးကြိုး၊ ပေါ်သိုင်း၊ ကျားပျံ၊ ကျားနက် စသည်တို့ကလည်း အိမ်တော်ရာဘုရားမြောက်ဘက်ရှိ 'ဘုရားငုတ်တို'အနီးတွင် ရှုံသွင်းလျက်ရှိရာ ကျောင်းသားကြီးများသည် ကျောင်းသားကလေးနှင့် ကျောင်းသားလတ်များကိုမြှောက်ပေး၍ 'မင်းကမိုးကြိုးကွ၊ မင်းက ပေါ်သိုင်းကွ၊ မင်းက ပေါင်ဖြူဘကွ၊ မင်းက အုတ်နဲ့ဖုတ် ဖိုးတုတ်ကွ' စသည်ဖြင့် နာမည်ကြီးများမှည့်ပြီးလျှင် ရွယ်တူချင်းတွဲပေးကာ ထိုးသတ်စေ၏။ သတ်ပုတ်ကြစဉ်အတွင်း ၎င်းတို့က လက်ဝှေ့ဆိုင်းအသွားမျိုးကို ပါးစပ်ဖြင့် တီးပေးကြရာ ကလေးများလည်း မိုက်စိတ်ဝင်၍ သဲသဲမဲမဲ ထိုးသတ်ကြလေတော့ သည်။ ဤသို့ဖြင့် ကျွန်ုပ်ကဲ့သို့သော ကျောင်းသားငယ်ကလေးများမှာ နှုတ်ခမ်းစုတ်ပြတ်ခြင်း၊ နဖူးရောင်ခြင်း၊ မျက်ကွင်းညိုခြင်း စသည့် ဒဏ်ရာဒဏ် ချက်များနှင့် အိမ်သို့ပြန်ကြသည်က များလေသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့ ကျောင်းသားငယ်ကလေးများမှာ 'တိုက်ကြက်'ကလေးသဖွယ် 'ခွပ်'ဖို့ ဦးမလေးပဲ ဖြစ်ကုန်ကြလေပြီ။

## အမျိုးမျိုးညဉ်းဆဲပုံ

ကျွန်ုပ်သည် သတ်ပုတ်ခြင်းအလုပ်၌ 'ရှယ်တူလျှင် လူမရွေး' ဆိုသော အဖြစ်သို့ရောက်ခဲ့သော်လည်း ကျွန်ုပ်၏ကံဆိုးခြင်းတခုမှာ ကျွန်ုပ်ထက်ကြီးသော အထက်ပါ ကျောင်းသားက (ကျွန်ုပ်အား မနာလိုသည့်လက္ခဏာနှင့်) ကပ်၍ ညဥ်းဆဲမှုခံရခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် သူ၏အကြွေးကို နေ့တိုင်း အရင်း တပြား၊ အတိုးတပြား ဆပ်ရ၍ မုန့်ဖိုးရသော ပိုက်ဆံနှစ်ပြားအနက်မှ တပြားဖိုးမျှ မုန့်ဝယ်မစားရပဲ အငတ်နေရသည့်အထဲ ကပင် သူ၏အကြွေးများသည် နေ့တိုင်း တက်လျက်သာရှိ၏။

ပိုက်ဆံနှစ်ပြားခန့် ကြွေးတင်မိသည်ဆိုလျှင်ပင် ပေးဆပ်၍ ပြေသည်မရှိ တော့ပဲ တမူး၊ တမတ်၊ ငါးမူး စသည်ဖြင့် တက်၍တက်၍သာ သွားတော့၏။ အချို့သော ကျောင်းသားကြီးများသည် ကျွန်ုပ်ကိုသနားကြ၍ ကျွန်ုပ်ဘက်မှ ခုခံကာကွယ်ပြောပေးကြရာ ထိုတရက်အတွက်သာ ကျွန်ုပ်အဖို့ သက်သာရာရ၍ မုန့်ကလေးနှစ်ပြားဖိုး ဝယ်စားရ၏။ ခမျာများကလည်း နေ့တိုင်းစောင့်၍ ပြောပေးနိုင်ကြသည် မဟုတ်သောကြောင့် နောက်နေ့များတွင် ကျွန်ုပ်မှာ မုန့်ငတ်မြဲတိုင်း ငတ်ရပြန်၏။ နောက်ဆုံးတွင် ကျွန်ုပ်၏ဖြစ်အင်သည် ဆရာတော် ၏နားသို့ပေါက်ရောက်၍ ကျွန်ုပ်၏ဖခင်ကိုမှာယူပြီးလျှင် ထိုကျောင်းသား၏ အကြွေး များကိုပေးဆပ်စေရာ တကြိမ်လျှင် ငါးမူး၊ ခြောက်မူး၊ သုံးမတ် စသည်ဖြင့် ပေးဆပ်ရ၏။ ကြွေးဆပ်ပြီးခါစ ရက်များတွင်ကျွန်ုပ်အလွန်ပျော်မိခြင်းကို မှတ်မိ သေးသည်။ သို့ရာတွင်ကြာရှည်စွာ မဟုတ်ချေ။ ထိုကျောင်းသားသည် ကျွန်ုပ်အား အမျိုးမျိုးသောနည်းဖြင့် ချော့မော့နှုးနပ်ခြိမ်းခြောက်လေရာ ရက်သတ္တတပတ် အတွင်းတွင် ဘယ်လိုကဘယ်လိုဖြစ်သည် မမှတ်မိ၊ သူ၏အကြွေးနှစ်ပြားမျှ တင် သွားလေပြီ။ သို့ဆိုလျှင် နေ့စဉ်နှစ်ပြားပေးဆပ်သည့်အထဲမှ တမတ်၊ ငါးမူးဖြစ် သွားအောင် သူ၏အတိုးနှုန်းဖြင့် ဖလှယ်လိုက်ပြန်လေတော့သည်။ ထိုအခါတွင် သတင်းပေါက်ကြားပြန်၍ ဖခင်က ကြွေးဆပ်ရပြန်လေရာ ထိုသို့သော အကြိမ်မျိုးမှာ လေးငါးကြိမ်ထက်နည်းမည်မထင်ပေ။ ပထမ၌ ဖခင်သည် ကျွန်ုပ်၏

ငယ်လွန်းသောအဖြစ်ကြောင့် ကြည်ဖြူစွာပေးဆပ်ရာသော်လည်း နောက်အကြိမ် များ၌မူ ကျွန်ုပ်အား ရိုက်နှက်လေတော့သည်။ ဖခင်၏ရိုက်နှက်ခြင်း များသည် မသက်သာလှခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။

## 'ချစ်တီး'ဖြစ်ဘူးလေသလော

ကျွန်ုပ်မှာ တကျောင်းလုံးတွင် စာအတော်ဆုံးသော ကျောင်းသားကလေး တယောက်ဖြစ်သော်လည်း ကျွန်ုပ်ကဲ့သို့ စိတ်ဆင်းရဲသော ကျောင်းသားသည် ဤကျောင်းတွင်လည်းကောင်း၊ အခြားကျောင်းများတွင်လည်းကောင်း တယောက်မျှ ရှိလိမ့်မည်မထင်ပေ။ ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း စိတ်ချလက်ချ အေးအေးဆေးဆေး နေရသည်ဟူ၍ တနာရီမျှ မရှိခဲ့ချေ။ ကျောင်း၌ရှိစဉ် ကြွေးရှင် ကျောင်းသား၏မျက်နှာကိုကြည့်နေရ၏။ သူစိတ်မထင်လျှင် ၎င်းနေ့အဖို့ ပိုက်ဆံနှစ်ပြား ပေးဆပ်ပြီးသည့်အထဲမှပင် ကြွေးဟောင်းတောင်းပြီး ကျွန်ုပ်၏ စာအုပ်ကလေး များကို ဆွဲ၍လုတတ်၏။ ဤအဖြစ်ကို ဆရာတော်သိမည့် အရေးအတွက်လည်း ကျွန်ုပ်ပင်ပူပန်ရ၏။ အိမ်၌ရှိစဉ်တွင်လည်း ကြွေးတင်ခြင်း အကြောင်းကို မိဘများ၏ နားသို့ပေါက်ကြားမည်ကိုလည်း ကျွန်ုပ်ပင် ပူပန်ရ သည်။ ကျွန်ုပ်ကဲ့သို့ စိတ်ပူရသောကျောင်းသားသည် 'ဤကျောင်း ထိုကျောင်းတွင် သာမက ဤခေတ် ရှေးခေတ်များတွင်လည်း ရှိပါလေမည်လော'ဟု အောက်မေ့မိ သည်။ ၁၉၅၆ခုနှစ် တွင် ဖဆပလအစိုးရက ကျွန်ုပ်အား ထောင်သို့ပို့ရုံမက ထောင်ထဲ၌ 'တိုက်ပိတ်' ခံရသည့်အခါ 'ငါ့မှာ လက်ငင်းအပြစ်မရှိသော်လည်း ငယ်စဉ်က စာကလေးမွေးခဲ့ဘူးသည့်အပြစ်ကြောင့် ဖြစ်တန်ရာသည်'ဟု စဉ်းစားမိ ဘူးရာ ထိုကျောင်းသားအကြောင်းကို ယခုသတိရသောအခါ၌ 'ငါသည်ဘဝ၌ ချစ်တီးဖြစ်ခဲ့ ဘူးလေသလော'ဟု တွေးတောမိပါတော့သည်။ ထိုကျောင်းသားသည် ဤစာရေး သောအချိန်တွင် အသက်ရှင်လျက်ပင်ရှိသေး၍ ၎င်းအား တခါတရံ

တွေ့မြင်ရ သောအခါများတွင် အာဃာတထားခြင်း မရှိသော်လည်း 'ငါ၏သဘာဝ တွင် ဆူးကြီးတချောင်းပေါက်လာအောင် ဖန်တီးသူကား သူပင်ဖြစ်သည်'ဟု သတိမရပဲ နေနိုင်အောင် ရှိပါတော့သည်။

## မြိတ်ဆရာတော်

မြိတ်ဆရာတော်၏ကျောင်းမှာ ဒက္ခိဏဝန်တိုက်တွင် သာမက မန္တလေးမြို့ ပေါ်ရှိ ဘုန်းကြီးကျောင်းများ အနက်တွင် ကျောင်းသားအစည်ကားဆုံး သော ကျောင်းဖြစ်၍ ကျောင်းသားမိဘများသည်လည်း မန္တလေးသားများအား ရေတွက်ခြင်းအလို့ငှာ တယောက်စီ ၁၊၂၊၃ စသည်ဖြင့် ရွတ်ဆိုစေရာ နောက်ဆုံး ကျောင်းသားက ၆၄ဟု ဆိုလိုက်ခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ မှတ်မိပုံမှာ ထိုကျောင်းသားသည် ရောင်ထုံးကလေးနှင့် ရှေ့သို့ကိုင်းကာ သူ့အလှည့်ရောက် အောင် စောင့်ကြည့်နေရာမှ သူ့အထက်က လူက၆၃ဟု ဆိုလိုက်သည်နှင့် တပြိုင်နက် သူက "ခြောက်၊ ခြောက်၊ ခြောက်ဆယ့်လေး"ဟု ဆိုလိုက်ရာ တကျောင်းလုံးဝိုင်း၍ရယ်လိုက်ကြ၏။ ကျွန်ုပ်လည်း အခြားကျောင်းသားများနှင့် အတူ ရယ်လိုက်မိသည်။ ထိုသူငယ်မှာ 'စကားထစ်'သူတယောက်ဖြစ်လေရာ ကျွန်ုပ်မှာလည်း ထိုနေ့မှစ၍ စကားထစ်လာတော့သည်ဟု မှတ်မိသည်။ အခြား ကျောင်းသားများအား 'မကူး'ပဲ ကျွန်ုပ်တယောက်တည်းကိုသာ ကူးရခြင်းမှာ ကား (ဟုတ်မဟုတ်အပထား၍) ကျွန်ုပ်၏ထင်မြင်ချက်ကို သက်ဆိုင်ရာနေရာတွင် ဖော်ပြပါမည်။

## ထူးခြားသောဆရာတော်

မြိတ်ကျောင်း(‘ဘိတ်ကျောင်း’ခေါ်ကြသည်။)၏ စည်ကားခြင်းအကြောင်းရင်းမှာ ဆရာတော်ဦးနန္ဒသည် မြိတ်နယ်သားဖြစ်၍ အင်္ဂလိပ်လက်အောက်သို့ အလျင်ဆုံးကျရောက်ခဲ့သည့်နယ် ဖြစ်သည့်အလျောက်မန္တလေးမြို့တွင် ခေတ်အမီဆုံးသော ရဟန်းတပါးဖြစ်၏။ ခေတ်မှီပုံကား ဘုန်းကြီးကျောင်းသားတိုင်း သည် ရဟန်းပြုကြမည်မဟုတ်ပဲ လူ့အဖြစ်နှင့် ဝမ်းစာရှာမှီးကြရမည်ဖြစ်သော ကြောင့် အနည်းဆုံး အတွက်အချက် (ဂဏန်းသင်္ချာ)တတ်ကြမှ ဖြစ်မည်ဆိုကာ “ဘောဒေပုတ္တ”မျှလောက်နှင့် မပြီးစေပဲ လက်ထောက်ဆရာများထားကာ လောကီပညာ သင်ပြစေ၏။ အစိုးရကလည်း ခေတ်မှီသော ဘုန်းတော်ကြီးဟု နားလည်ကာ လက်ထောက်ဆရာများအတွက် လခပေး၏။ ဒုတိယအကြောင်းတရပ်မှာလည်း မြိတ်ဆရာတော်သည် ထွတ်ခေါင်ဆရာတော်ဘုရားကြီး၏ ကျောင်းတွင် သီတင်းသုံးခဲ့စဉ်က သတိပဋ္ဌာန်နည်းအတိုင်း အားထုတ်ခဲ့၍ (အရိယာဖြစ်သည်ဟု မိဘများလည်း ယုံကြည်သည်။ ကျွန်ုပ်လည်း ဤနောက်ပိုင်းတွင်ယုံကြည်သည်။) မဂ်တရား ဖိုလ်တရားဟူသည်မှာ ရစကောင်းသောခေတ် ရှိသေးသည်ဟု ဟောပြောရုံမက အားထုတ်လိုသူများအားလည်း နည်းလမ်းညွှန်ပြတော်မူသည်။ ထိုခေတ်တွင် (လယ်တီဆရာတော်လည်း မကျော်ကြားသေးသဖြင့်) နိဗ္ဗာန်မဂ်ဖိုလ်ဟူသည်မှာ ရနိုင်သောခေတ်မရှိတော့ပြီဟု မြန်မာပြည် ရဟန်းလောက တခုလုံးက ယူဆလျက်ရှိရာ ‘လူ’ဆိုသည်မှာကား ရဟန်းများပြီး လျှင်ပြီးကြရသောခေတ်ဖြစ်၏။ ဤတွင် ဒက္ခိဏဝန်တိုက်ရှိ ဂိုဏ်းချုပ်ဆရာတော်များသည်ဂဏန်းသင်္ချာသင်ပေး၍ကျောင်းသားစည်ကားခြင်းကိုလည်း ကြည့်လိုဟန်မတူ၊ မဂ်ဖိုလ်ကို ရစကောင်းသေးသည့် ဆိုခြင်းအတွက်လည်း ‘နားကလော’ ဟန်တူရလေကား မြိတ်ဆရာတော်ကို ‘ကြဉ်’ကြလေ၏။

## ‘စာဖြု’ သင်ရတော့မည်

ဘုန်းကြီးကျောင်း၌ ကျွန်ုပ်အသက် ကိုးနှစ်သားအရွယ်တိုင် ရောက်လတ်သော် မော်လမြိုင်မြို့ ကော့ကရိတ်ရွာမှ ဘွဲ့တော် ဦးတိလောကခေါ် ရဟန်းတပါးသည် မန္တလေးမြို့သို့ ကြွရောက်လာရာ အင်္ဂလိပ်စာတတ်ဖြစ်၍ ကျောင်းသားများအား အင်္ဂလိပ်စာသင်ပေးလိုသည်ဆိုသောကြောင့် မြိတ်ဆရာတော်၏ ကျောင်းနှင့်အံကျဖြစ်နေတော့သည်။ အခြားသော ဘုန်းကြီးကျောင်းများမှာ ဂဏန်းသချင်္ချာကိုမျှ သင်ပေးဖို့သဘောမတူပဲရှိရာ အင်္ဂလိပ်စာ (စာဖြု) မူကား လက်ခံဖို့ ဝေးသေး၏။ ဤတွင် ဦးတိလောကမှာ မြိတ်ဆရာတော်၏ ကျောင်းတွင်သီတင်းသုံး၍ စုဆောင်းပြီး ရရှိထားသော ကျောင်းသားသုံးလေးဆယ် တို့အား အင်္ဂလိပ်စာသင်ပြပေးလေရာ ကျွန်ုပ်မှာလည်း တယောက် အပါအဝင် ဖြစ်၏။ လက်ရှိကျောင်းသားပေါင်း ဖဝကျော်အနက် ‘စာဖြု’ သင်တော့မည် ဆိုသဖြင့် အချို့လည်း နုတ်ထွက်၍ အချို့လည်း တိုးလာလေရာ နုတ်ထွက်သွားသည့် ကျောင်းသားများအနက် ကျွန်ုပ်၏ ‘ချစ်တီး’လည်း ပါသွားပြီ ဖြစ်သော ကြောင့် ကျွန်ုပ်အဖို့မှာ ဝန်ထုပ်ကြီးတခု ကျခဲ့ပေပြီ။

## ဈေးချိုတော် ပထမမီး

ထိုအချိန်တွင် ကျွန်ုပ်၏မိဘများသည် ဘုန်းကြီးကျောင်းနှင့် ‘တပြ’ခန့် လောက်သာ ဝေးသောရှိင်တန်းအရပ်မှ ၁၇ပြ’ဝေးသည့် ရန်နှင်တံခါးကို ပြောင်းရွှေ့ကြပြန်လေပြီ။ ထိုအရပ်သို့ မပြောင်းရွှေ့မီ ရှိင်တန်းရပ်၌ နေစဉ်က ကျွန်ုပ်အတွက် မှတ်လောက်သားလောက် သင်ခန်းစာကြီးတခု ရစေသော အဖြစ်အပျက်တခုကိုဖော်ပြလို၏။ တညသ၌ ဈေးချိုတော်ကြီးကို ပထမအကြိမ်

မီးလောင်လေရာ ကျွန်ုပ်တို့ နေအိမ်နှင့်ဈေးချိုတော်ကြီးမှာ ရွှေတချောင်းမျှသာ ခြားသည်ဖြစ်၍ ကျွန်ုပ်၏တသက်တာတွင် မီးအကြီးအကျယ်လောင်ခြင်းကို ပထမအကြိမ် 'ဂရင်းစတင်း'မှ ကြည့်ရခြင်းဖြစ်သည်။ တည၌ပတ်လုံး လောင်ခြင်းကို တည၌ပတ်လုံးလိုပင် တရပ်လုံး ထိုင်ကြည့်ကြ၏။ ရေစက်များ ဟုတ္တိပတ္တိမရှိသေးသည့် ခေတ်ဖြစ်၍ တပိုင်းတစမျှ ငြိမ်းသတ်ထားသည့် နေရာများတွင် တခဏတာမျှသာငြိမ်း၍ တအောင့်မျှကြာလျှင် တဖန်ထ၍ တောက်လောင်ပြန်လေသည်။ ပစ္စည်းမျိုးစုံလောင်ခြင်းဖြစ်၍ ညှော်နံ့အမျိုးစုံနံ ကြရသည့်ပြင် ပေါက်ကွဲသံ အမျိုးမျိုးလည်းကြားကြရ၏။ မီးတောက်များသည် တနေရာ၌ တခါတရံ ငြိမ်းတော့မည်ကဲ့သို့ဖြစ်ပြီးမှ ဆီ၊ရေနံဆီစသော လောင်စာများသို့ ကူးစက်ရာတွင် မိုးထိုးသည့် မီးတောက်ကြီးများ ဟုန်းကနဲထ၍ တောက်လာပြန်၏။ သို့ဖြစ်ရာတွင် ငိုက်မျဉ်းစပြုလာသော မီးကြည့်ပရိသတ် ကြီးမှာ မျက်လုံးများပြူး၍ လာကြပြန်သည်။

## ငွေရှင်သောရက်ပိုင်း

မီးလောင်ပြီးသည့်နောက် ရက်သတ္တပတ် ကျော်ကျော်မျှအတွင်း၌ မီးလောင်ကွင်းကြီးသည် ကျွန်ုပ်တို့ကျောင်းသားအရွယ် သူငယ်များ အဖို့ရာ၌ အင်ပို့လိုင်စင်ဌာနကြီးတခု ဖြစ်နေတော့၏။ ၁၉၅၀ပြည့်နှစ်လောက်ဆီက ရန်ကုန်သို့ ကျွန်ုပ်ဆင်းသွားရာတွင် နေ့ချင်းညချင်း သဌေးဖြစ်သွားသည့် 'ဘိုင်ကုန်သည်'များအကြောင်းကို စီးပွားရေးသမား အချင်းချင်း ပြောကြခြင်းများ ကြားရသည့်အခါ ကျွန်ုပ်မှာငယ်စဉ်ကဈေးချိုတော် မီးလောင်ကွင်းကြီးကို ဘွားကနဲ သတိရမိသည်။ နံနက်လင်းသည်နှင့်တပြိုင်နက် ပုပုရွရွဟူသမျှ သည်မီးလောင် ကွင်းကြီးသို့ လျှောက်လာကြ၍ သံကောက်တချောင်းစီနှင့် ဤဟာကိုလှန် ဟိုဟာကိုဖွင့်စသည်ဖြင့် အနံ့အပြား ထိုးဆွမွှေနှောက် ရှာဖွေကြလေရာ

နေဝင်သည့် အဆုံး၌ တကျပ် နှစ်ကျပ် ငါးကျပ်တန်များကို လူတိုင်းလိုရ၍ ၅ဝိတန် ၁ဝဝိတန် တိုင်အောင် ရကြသူများလည်း ရှိကြလေသည်။ အချို့မှာ ရွှေဆိုင်ငွေဆိုင်တန်းမှ ရွှေခဲငွေခဲများကိုပင် ရရှိကြသည်ဆို၏။ ပြာပုံထဲမှာ ရှာ၍ရကြသော ပစ္စည်းများကို စောင့်၍ဝယ်ယူကြသည့် လာဘ်မြင်သူများလည်း ရန်ကုန်ကြက်တန်းပမာ ပေါ်လာကြသည်။ ကျွန်ုပ်သည်လည်း မိဘများ မသိစေပဲ ကျောင်းအားလပ်ချိန်တွင် အခြားကျောင်းသားကြီးများနှင့်အတူ လိုက်၍ ပြာပုံကို မွှေခြင်းဖြင့်တနေ့လျှင် သုံးပဲလေးပဲမျှ ရရှိလေရာ မုန့်ဖိုးနှစ်ပြားသာရသော သူငယ်တယောက် အဖို့၌ လာဘ်သပ်ပကာရွှင်လှ၍ လွန်စွာကျေနပ်ခဲ့လေ၏။

## 'စျေးသမား' ဖြစ်လာကြခြင်း

ကျွန်ုပ်အထူးသဖြင့် တင်ပြလိုသော အခြင်းအရာမှာ ပိုက်ဆံရှင်ဘူးခြင်းကြောင့် ကျွန်ုပ်ပျက်စီးလာရပုံပင်ဖြစ်လေသည်။ စျေးချိုတော်ကြီး ပြာပုံဖြစ်စဉ်က သုံးပဲ တမတ်သုံးနိုင်သော ကျောင်းသားများသည် ပြာပုံပေါ်တွင် ဆိုင်တန်းများ ဖြစ်လာသောအခါ၌ ပိုက်ဆံဝင်ပေါက် မရှိကြတော့သဖြင့် ကြံမိကြံရာ ကြံရတော့သည်။ (ထိုခေတ်ကမူ ခေါက်ဆွဲတလုံးတပဲ၊ မုန့်တီနှစ်ပြား၊ ဖာလူဒါ ခွက်ကလေးတပဲ၊ ခွက်ကြီးတမူး၊ စီးကရက်တပြား လေးလိပ်၊ 'ဖင်ဆီစွပ်'သုံးလိပ်ရသောခေတ်ဖြစ်သောကြောင့် သုံးပဲတမတ်ဆိုလျှင် သဌေးသားမျိုးသဖွယ် သုံးနိုင်ကြသည်။ ကျွန်ုပ်တို့ကျောင်း၌ သဌေးဦးဘဇံ၏ သားတယောက်ရှိရာ သူပင် မုန့်ဖိုးခြောက်ပြားသာရသည်။) ကျောင်းသားများသည် စျေးချိုပြာပုံ (စားကျက်) ကွယ်ပျောက်၍ တဲတန်းဆိုင်များ ပေါ်ပေါက်လာရာတွင် (လိုက်စင်ပိတ်လိုက်သော ကုန်သည်ကြီးများကဲ့သို့) စီးပွားရေး အကျပ်အတည်းတွေ တွေ့ကြုံရလေ၏။ ဤတွင် အချို့ကျောင်းသားများသည် စျေးဆိုင်များမှ အလစ်နှိုက်သော စနစ်ကို တီထွင်ကြ၏။ အထူးသဖြင့် ကုန်စုံရောင်းသော ကျူလီယာဆိုင်များမှာ

၎င်းတို့ကျက်စားရာသော ဌာနဖြစ်၏။ ကျောင်းသားခပ်ကြီးကြီး လေးငါးယောက်တို့သည် ကျောင်းအားချိန်တွင် ဈေးချိုသို့သွား၍ ပြန်လာသောအခါ၌ ဂေါ်လီများ၊ မင်အိုးများ၊ လက်ကိုင်ပုဝါများ၊ ခဲတံများ အစရှိသည့် ပစ္စည်းကလေးများ အသီးသီး ပါလာကြရာ တယောက်လျှင် ငါးမူးတန်၊ ခြောက်မူးတန် စသည်ဖြင့် ရခဲ့ကြ၏။ ၎င်းတို့၏ 'ပွဲ'ခြင်းကိုမြင်ကြရ၍ ဈေးချိုသွားသော ကျောင်းသားအရေ အတွက် ပွားများလာရာ နောက်ဆုံးတွင် ပိုက်ဆံရှင်သော သဌေးသားနှင့် လက်ဖွာသော မိဘတို့၏သား အနည်းငယ်မှတပါး ဈေးသမားဖြစ်ကုန်ကြလေတော့ သည်။

## အတုမြင်အတတ်သင်

တနေ့သ၌ ကျွန်ုပ်သည်လည်း ကျောင်းသားကြီးများ၏ ပိုက်ဆံရှင်ခြင်းကို သွားရည်ကျလျက်ရှိစဉ် ကျွန်ုပ်ကိုခင်မင်သော ကျောင်းသားကြီးတယောက်က "ဟေ့ကောင် ဖေသိန်း၊ ငါနဲ့လိုက်ခဲ့ပါလားကွ၊ ဘာမှမခက်ဘူး၊ ငါလုပ်သလိုသာ ကြည့်လုပ်"ဟုဆိုကာ လစ်ပုံလစ်နည်းကို သွန်သင်လေရာ ကျွန်ုပ်လည်းလိုက်ပါ သွားလေ၏။ ကျွန်ုပ်တို့အဖွဲ့မှာ သုံးလေးယောက်ရှိ၍ ကျွန်ုပ်သည်သူတို့၏လစ်ပုံ လစ်နည်းကို လက်တွေ့သင်ခန်းစာယူရုံသာယူခဲ့ပြီး ပထမတခေါက်ပြန်လာခဲ့၏။ ဒုတိယတခေါက်၌မူ ကျွန်ုပ်၏အဖွဲ့သားများက ပစ္စည်းများ ဝယ်ချင်ပြု၍ ဈေးဆစ်လျက်ရှိကြစဉ် ကျွန်ုပ်သည် ဖလ်ဂေါ်လီဒိုးကြီးတလုံးကို နှိုက်ယူ၍ ခါးပိုက်ထဲသို့ ထည့်လိုက်၏။ နှိုက်ယူသောအခါတွင် လက်တုန်သော်လည်း ခါးပိုက်ထဲသို့ ထည့်ပြီးသည့်တိုင်အောင် ဆိုင်ရှင်က မမြင်သောကြောင့် 'တယ်ဟုတ်တဲ့အလုပ်ပါတကား' ဟုနှစ်သိမ့်မိ၏။ ထိုခဏ၌ အခြားဆိုင်မှ ကျူလီယာကုလားတယောက်ပြေးလာ၍ ကျွန်ုပ်၏ခါးပိုက်ကို နှိုက်စမ်းသည်တွင် ဖလ်ဂေါ်လီကြီးကို တွေ့သွား၏။ ဤတွင်ဆိုင်ရှင်ဆင်းလာ၍ ကျွန်ုပ်၏နသယ်ကို တချက်နှစ်ချက်ပုတ်ပြီး ဂါတ်တဲသို့ပို့ရန်ဆွဲခေါ်လေရာ ကျွန်ုပ်၏အဖွဲ့သားများ

ဝိုင်းလာကြ၍ "ဟော့ ဘာလဲကွ ကုလား၊ ကလေးကိုမင်းဘာလုပ်တာလဲ၊ မင့် တဆိုင်ထဲ ဖလ်ဂေါ်လီ ရောင်းသလား၊ ဟိုဘက်တန်းဆိုင်က သူဝယ်ခဲ့တာ၊ ငါတို့သိတယ်၊ ပေးဂေါ်လီ"ဟုဆိုကာ ကလားလက်ထဲမှ ဂေါ်လီကိုလုယက်၍ ဆဲဆဲဆိုဆိုနှင့်ထွက်လာခဲ့ကြလေ၏။ ၎င်းဖလ်ဂေါ်လီကို ကျွန်ုပ်ရသော်လည်း ထင်သလောက် မလွယ်ကူလှပာ ဆုံးဖြတ်ကာ ထိုလူစုနှင့်လည်း မလိုက်ဝံ့၊ သူတပါး၏ပစ္စည်းကိုလည်း မနိုက်ဝံ့တော့ပဲ သင်ခန်းစာရခဲ့ပါသည်။ တနေ့သ၌ ကျွန်ုပ်သည်လည်း ကျောင်းသားကြီးများ၏ ပိုက်ဆံရှင်ခြင်းကို သွားရည်ကျ လျက်ရှိစဉ် ကျွန်ုပ်ကိုခင်မင်သော ကျောင်းသားကြီးတယောက်က "ဟော့ကောင် ဖေသိန်း၊ ငါနဲ့လိုက်ခဲ့ပါလားကွ၊ ဘာမှမခက်ဘူး၊ ငါလုပ်သလိုသာ ကြည့်လုပ်"ဟုဆိုကာ လစ်ပုံလစ်နည်းကို သွန်သင်လေရာ ကျွန်ုပ်လည်းလိုက်ပါ သွားလေ၏။ ကျွန်ုပ်တို့အဖွဲ့မှာ သုံးလေးယောက်ရှိ၍ ကျွန်ုပ်သည်သူတို့၏လစ်ပုံ လစ်နည်းကို လက်တွေ့သင်ခန်းစာယူရုံသာယူခဲ့ပြီး ပထမတခေါက်ပြန်လာခဲ့၏။ ဒုတိယတခေါက်၌မူ ကျွန်ုပ်၏အဖွဲ့သားများက ပစ္စည်းများ ဝယ်ချင်ပြု၍ ဈေးဆစ်လျက်ရှိကြစဉ် ကျွန်ုပ်သည် ဖလ်ဂေါ်လီဒိုးကြီးတလုံးကို နှိုက်ယူ၍ ခါးပိုက်ထဲသို့ ထည့်လိုက်၏။ နှိုက်ယူသောအခါတွင် လက်တုန်သော်လည်း ခါးပိုက်ထဲသို့ ထည့်ပြီးသည့်တိုင်အောင် ဆိုင်ရှင်က မမြင်သောကြောင့် 'တယ်ဟုတ်တဲ့အလုပ်ပါတကား' ဟုနှစ်သိမ့်မိ၏။ ထိုခဏ၌ အခြားဆိုင်မှ ကျုလီယာကုလားတယောက်ပြေးလာ၍ ကျွန်ုပ်၏ခါးပိုက်ကို နှိုက်စမ်းသည် ထိုအခေါက်တွင် အောင်မြင်ပါက ဘယ်မျှလောက်ကြာအောင် နှိုက်နေဦးမည် မဆိုနိုင်ပေ။

## ကြားရခဲသောအင်္ဂလိပ်စာသံ

မြိတ်ဆရာတော်၏ ကျောင်း၌ ဦးတိလောကရောက်လာ၍ အင်္ဂလိပ်စာသင်စပြုသည်တွင် မိဘများသည်ကျောင်းနီးသော ရှိင်တန်းရပ်မှ ရင်နှင်တံခါးသို့ ရွှေ့ပြောင်းကြရပြန်၏။ ရန်နှင်တံခါးနှင့် ဒက္ခိဏဝန်တိုက်မှာ ၁၇ ပြ'ဝေးသော်လည်း မိဘများသည် မြိတ်ဆရာတော်ကို ကြည်ညိုသည်ကတကြောင်း၊ ကျွန်ုပ်အားလည်း အင်္ဂလိပ်စာသင်စေလိုသည်တကြောင်းကြောင့် အရပ်ရွှေ့သော်လည်း ကျောင်းမရွှေ့ပဲ ဤဝေးလှသောခရီးကိုနေ့တိုင်း အသွားအပြန်လမ်းလျှောက်စေ၏။ ရန်နှင်တံခါးရပ်ကွက်မှာ မိခင်၏ဆွေမျိုးများနေထိုင်ကြသောရပ်ကွက်ဖြစ်လေရာ (ကျွန်ုပ်၏အဘိုးလည်းရှိသေးသည်။) ကျွန်ုပ်သည် သူငယ်တန်း 'ပရိုင်မာ'ဖတ် စာအုပ်တွင် စီ–အေ–ကက်တ် (Cat) အာရ်–အေ–တီ ရက်တ် (Rat) အက်စ်–အေ–တီ ဆက်တ် (Sat) စသည်ဖြင့်ဖတ်ပြသောအခါ အဘိုးနှင့်တကွ မိခင်၏ ဆွေမျိုးများသည် ဝိုင်းအုံနားထောင်ကြယင်း 'လျှာလိပ်သံ'ပါ၍ပီသသည်၊ နားထောင်၍ကောင်းသည် စသည်များဖြင့် ချီးမွမ်းကြသောကြောင့် ကျွန်ုပ်ရင်ကော့၍ဂုဏ်ယူမိခြင်းကိုမှတ်မိပါသေးသည်။ ထိုစဉ်က အင်္ဂလိပ်စာဟူသည်မှာ အရပ်သူ အရပ်သားများအဖို့ ကြားရခဲလှ သောကြောင့် အိမ်နီးနားချင်းများပင် လာ၍နားထောင်ကြသည်။ ကျွန်ုပ်၏အဘိုးကမူ အခြားသောရှေးလူကြီးများ ကဲ့သို့ 'စာဖြူ'ဟူ၍ မရှုတ်ချသည့်ပြင် "ငါ့မြေးတယောက် 'လူစုံ'ကလေး ဖြစ်တော့မယ်" ဟု ဝမ်းသာအားရ ပြောရှာသေး၏။ ကျွန်ုပ်ကလည်း နောက်ပိုင်းတွင် အတိုးနှင့် 'စုံ'၍ပြလိုက်ခြင်းကို အဘိုးတယောက်မြင်မသွားရရှာဟု ယခုသတိရမိသေးသည်။

## အာဂုံဆောင်သောခေတ်

နေအိမ်မှကျောင်းသို့သွားသောအခါ ကျွန်ုပ်သည် စိန့်ပီတာကျောင်းအနီးမှ ဖြတ်သွားရ၍ အလွန်တရာအင်္ဂလိပ်စကားပြောသည့် စိန့်ပီတာကျောင်းသူများ ပြောသံကို ကြားရသည်တွင် အလွန်ပြောချင်၍ ငါလည်းတနေ့တော့ ပြောလိုက်ရ ဦးမည်ဟု အားခဲထား၏။ ထိုစဉ်က ကျွန်ုပ်မှာ နှုတ်လျှာသွက်လက်သော သူငယ်တယောက်ဖြစ်၍ စကားအနည်းငယ်ထစ်သော်လည်း ရှုံ့ရှက်ခြင်းမရှိပဲ စိန့်ပီတာကျောင်းမှ အသိကျောင်းသားကလေးတယောက်နှင့် ၎င်းတို့ကျောင်းအနီး ဆုံမိကြသည်တွင် ကျွန်ုပ်က တတိယတန်းဖတ်စာ (Royal Teader) ထဲမှလည်း ကောင်း၊ နဲ့စ်ဖီးလ်ဒ် (Nesfield) ၏သဒ္ဒါစာအုပ်ထဲမှလည်းကောင်း ရွတ်ဆိုပြ လိုက်ရာ ၎င်းကျောင်းသားမှာ အတော်မျက်လုံးပြူး၍သွား၏။ (ကျွန်ုပ်တို့၏ဆရာ ဦးတိလောကသည် ဖတ်စာအုပ်ကိုလည်းကောင်း၊ သဒ္ဒါစာအုပ်ကိုလည်းကောင်း၊ ပထမတန်းမှ တတိယတန်းတိုင်အောင် အာဂုံဆောင်စေရာ ကျွန်ုပ်အထက်တန်း များသို့ရောက်သောအခါ အင်္ဂလိပ်စာ၌ ပထမရ၍ ကြီးပြင်းလာသောအခါ၌လည်း အင်္ဂလိပ်စာ ရေးတတ်သည်ဟု နာမည်ရခြင်းမှာ ငယ်စဉ်က အာဂုံဆောင်ခဲ့ရခြင်း သည်အကြောင်းတရပ်ဖြစ်ချေသလောဟု စဉ်းစားမိသည်။)

## အနည်းနည်းဆော့ခြင်း

ဤအချိန်တွင် ကျွန်ုပ်၌အကျင့်ဆိုးကလေးများ ဝင်လာခဲ့သည်။ မိခင်၏ မောင်ကြီးမှ မွေးသည့်သားကြီး (ကျွန်ုပ်၏အစ်ကို) မောင်ပုအား အင်္ဂလိပ်စာ တတ်စေလို၍ ကျွန်ုပ်တို့၏ မြို့တက်ကျောင်းသို့အပ်နှံလေရာ ပထမ၌ ကျွန်ုပ်အဖို့ သွားဖော်ပြန်ဖော် ရသည်ဆိုကာ အလွန်နေရာကျ၏။ နှစ်ယောက်သား အတူသွား အတူပြန်ကြရာတွင် ကျွန်ုပ်တို့သည် ရွှေတချောင်း မြောင်းပေါင်တလျှောက်တွင်

ဂေါ်လီတလုံးစီနှင့် ထွေခင်းလျက်လျှောက်လာကြ၏။ ထွေခင်းခြင်းဟူသည်မှာ တယောက်၏ဂေါ်လီကို တယောက်က ထိမှန်အောင် တလှည့်စီပစ်ယင်း လမ်းလျှောက်လာကြခြင်းဖြစ်သည်။ ဤနည်းမှာ ကစားယင်း လမ်းလျှောက်လာကြခြင်းဖြစ်သောကြောင့် ခြေညောင်းမှန်းမသိဟု ဆိုနိုင်သော်လည်း တည့်တည့်ဖြောင့်ဖြောင့် လမ်းလျှောက်ခြင်းမဟုတ်ပဲ ကွေ့ကွေ့ကောက်ကောက်နှင့် ဂေါ်လီကို ကောက်ယူရခြင်း၊ မှန်းချိန်ရခြင်း၊ တလှည့်စီ ပစ်ရခြင်းတို့ကြောင့် အလွန်အချိန်ကုန်လှသဖြင့် ညနေ၄နာရီတွင် ကျောင်းမှလွှတ်လိုက်သော်လည်း နေဝင်စုပ်စုပ်ကန်းမှ အိမ်သို့ရောက်လာကြသည်။ တခါတရံတွင်လည်း ထွေခင်းရခြင်းကို ငြီးငွေ့လာကြသည်နှင့် တနည်းတဖုံ ပြောင်း၍ ဆော့ကြသေး၏။

## တမျိုးတဖုံဆော့ခြင်း

ရွှေတချောင်းမြောင်းဘောင်တလျှောက်ရှိ ရေစပ်တွင် ကနနိုပင်များ၊ ဆင်နှာမောင်းပင်များ၊ ကုလားမျက်စိပင်များ ပေါက်ရောက်လျက်ရှိရာ ၎င်းအပင်များ၏ထိပ်ဖျား၌ အနီရောင်၊ အဝါရောင်၊ အညိုရောင်ရှိသော ပုစဉ်းကောင်များ နားလျက်ရှိ၏။ ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်သည် မြင်းမြီးတပင်စီရှာ၍ တဘက်အဖျားကိုဝါးခြမ်းတခု၏ ထိပ်၌ချည်ကာ အခြားဘက်အဖျားတွင် နှမ်းစေ့ပမာဏရှိသည့် ပျားဖယောင်းလုံးကလေးကို ကပ်ထား၏။ ထို့နောက် ကျွန်ုပ်တို့သည် ဤနည်းပြင်ဆင်ထားသော 'မြှားတံ' တခုစီကိုင်လျက် အပင်ကလေးများထိပ်တွင် နားလျက်ရှိသော ပုစဉ်းကောင် ကလေးများ၏ရှေ့တွင် ဖယောင်းလုံးကလေးကို (၎င်းတို့၏အစာ) ပိုးကောင်ကလေး ထင်မှတ်သည်နှင့် ဝီကနဲမြည်ကာ ထပျံလာပြီးလျှင် ဖယောင်းလုံးကလေးကို လှုပ်၍ လှုပ်၍ဖမ်းလိုက်၏။ ၎င်း၏သွားများသည် ဖယောင်းလုံးတွင် စူးဝင်၍ ပြန်နုတ်ရန် မဖြစ်နိုင်ပဲရှိရကား ကျွန်ုပ်တို့သည် ပုစဉ်းကောင်ကိုအလွယ်တကူဖမ်းယူနိုင်သည်။

(ဥရောပတိုက်သားများ ငါးမျှားခြင်းအလုပ်ဖြင့် အပျင်းဖြေကြသည်ဟု ကျွန်ုပ်ဖတ်ရသောအခါ ငါတို့ပုစဉ်းဖမ်းခြင်းမျှလောက် ပျော်ပါလေစ'ဟု အောက်မေ့မိသည်။ သူတို့သည် ရေအောက်၌ရှိသော ငါးကောင်ကိုမမြင်ရပဲ ငါးစာဖြင့် မြူကြရခြင်းဖြစ်ရာ ကျွန်ုပ်တို့ကား ပုစဉ်းကောင်ကိုအထင်အရှားမြင်နိုင်၏။ အချို့ပုစဉ်းသည် ရုတ်တရက်ကိုက်ဖမ်းခြင်းမပြုသေးပဲ သူ၏ဦးခေါင်းတွင်တည်ရှိသော မျက်လုံးများကို 'ကလယ်ကလယ်' လုပ်ကာ မသင်္ကာသော အမူအရာဖြင့် စူစမ်းဆင်ခြင်နေသည်တွင် မြင်းမြီးဖျား၌ရှိသော ဖယောင်းလုံးကလေးကို ပိုးကောင်နှင့်တူအောင် လုပ်ပေးရသည်များမှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ တခါတရံတွင် ပုစဉ်းကောင်သည် ဖယောင်းလုံးကလေးကို ကိုက်ဖမ်းတော့မည်လုပ်ပြီးမှ ရစ်ပတ်ပျံသန်းကာ ကြည့်၍ 'နင်တို့လောက်များ ပါးလို့ဟယ်'ဟု ဆိုသည့် သဘောနှင့် ဝီကနဲမြည်ကာ ပျံပြေးသွားလေတော့၏။) ကျွန်ုပ်တို့သည် မိထားသော ပုစဉ်းများကို ဘာမျှ မလုပ်တတ်။ အင်္ကျီအိတ်ထောင်ထဲတွင် လက်ကိုင်ပဝါဖြင့် ဖိထား၍ အိမ်အနီးသို့ရောက်သောအခါမှ လွှတ်ပစ်ခဲ့ကြလေသည်။

## ရွှေတချောင်း၏ဖြားယောင်းမှု

ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်သည် ရန်နင်တံခါးမှ ကျောင်းသို့ထွက်လာကြရာတွင် ရှေးဦးစွာ ရွှေတချောင်းကိုဖြတ်ကျော်သည့် အမြောက်တန်းတံတားသို့ ရောက်ကြ၏။ ထိုနေရာမှစ၍ ဒက္ခိဏဝန်တိုက်ဘက်သို့ ချိုးဝင်ရသည့် ဆိုင်းတန်းတံတားသို့ မရောက်မီ ရေဆိပ်ပေါင်း တဒါဇင်ခန့်မျှရှိရာ ဝိဇယမင်းသား၏ နောက်ပါတပည့်များအား ဘီလူးမများက အာရုံအမျိုးမျိုးတို့ဖြင့် ဖြားယောင်းသွေးဆောင်လေတော့သည်။ ထိုခေတ်ကရွှေတချောင်းမှာ ယခုကဲ့သို့ ရေဆိုးမြောင်းမဟုတ်၊ မတ္တရာအထက်မှ စီးဆင်းလာခဲ့၍၊ လွန်တောင်း၊ ဝါးရင်းတုတ်၊ တောင်ပြုံး၊ သရကန်၊ ကန်ပိုင် စသောရွာများကိုဖြတ်ကျော်ပြီးလျှင် အိုးဖိုကို

ကျော်၍ မန္တလေးမြို့ထဲသို့ဝင်လာသည့် ရေရှင်ချောင်းဖြစ်သောကြောင့် အတော်ကြည်လင်၍ တသွင်သွင်စီးဆင်းလျက်ရှိ၏။ ရေကိုမြင်ရလျှင် (သေတော့မှ သေရော) ပြေးဆင်း၍ ခုန်ပေါက်ယက်ကူးချင်တတ်သော ကျောင်းသားအရွယ် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်မှာ ရေဆိပ်တိုင်း၌ အခြားသူငယ်ကလေးများ ပျော်ရွှင်စွာ ရေချိုးကြခြင်းကို မြင်ရခြင်း၊ တဘွမ်းဘွမ်း ကူးယက်ကြသောရေသံ နှင့် မြူးတူးအော်ဟစ်ကြသော သူငယ်သံများကို ကြားရခြင်း၊ မှော်ပင် ကလေးများ မျောလက်ရှိသော ရေမှရနံ့တမျိုးကို ရှူရှိုက်ရခြင်း၊ ရေ၏အေးမြသောအတွေ့ကို စိတ်ကူးဖြင့်လွမ်းရခြင်းတည်းဟူသော အာရုံအမျိုးမျိုးတို့၏ သွေးဆောင်မှုကြောင့် ရေဆိပ်တခုနှစ်ခုတွင် ကြိတ်၍ခံနိုင်ကြသော်လည်း တတိယ၊ စတုတ္ထ စသည့်ရေဆိပ်များသို့ ရောက်ရာတွင်မူကား တယောက်၏ မျက်နှာကိုတယောက် ကြည့်နေကြလေပြီ။ ဤအတောအတွင်း အတူတကွ ရေချိုးနေကျဖြစ်သည့် လူကလေးများက "ဟေ့ကောင်တွေ လာကြလကွာ၊ အစောကြီးရှိပါသေးတယ်"ဟု ဟစ်ခေါ်လိုက်ကြသောအခါတွင်မူကား ကျွန်ုပ်တို့နှစ်ယောက်သည် စာအုပ်ကလေး များကိုပစ်ချ၊ အဝတ်ကိုချွတ်၍ပုံပြီးလျှင် ရေထဲသို့ ဒိုင်ဗင်ထိုးဆင်း လိုက်ကြ လေတော့သည်။

## စိတ်ဗေဒါ၏လက်သံလို

ကျွန်ုပ်တို့မူလကြံရွယ်ချက်မှာ ခဏတဖြုတ်ရေချိုးပြီးနောက် ကျောင်းချိန်မှီ အောင် တက်ကြရန်ဖြစ်၏။ တခါတရံလည်း ကျောင်းတက်မှီ၍ တခါတရံလည်း ကျောင်းတက်နောက်ကျသဖြင့် အရိုက်ခံကြရ၏။ ထို့နောက်တွင်မူ အပျော်ကြူး၍ ကျောင်းချိန်လွန်သွားသောအခါများတွင် အရိုက်ခံရမည်ကို ကြောက်သည်နှင့် ကျောင်းမတက်ပဲ ကျောင်းပြေးဖို့သဘောတူ ဆုံးဖြတ်လိုက်ကြလေ၏။ တခါတရံ တွင်လည်း အိမ်၌လုပ်ရန်ပေးလိုက်သည့်အလုပ် (Home Work) ကိုမလုပ်ခဲ့မိကြသ

ဖြင့် အရိုက်ခံရမည်ဟု သိသည်နှင့်ရေဆိပ်မှတမင်မတက်ပဲ ကျောင်းပြေးလိုက်ကြ၏။ နောက်တနေ့တွင် နေမကောင်းသောကြောင့်ဟု လိမ်၍ပြောခြင်းအားဖြင့် အရိုက်လွတ်အောင် ကြိုးစားကြ၏။ သို့ရာတွင် ကျွန်ုပ်၏ ပညာရေးအတွက် မည်သည့်မိဘနှင့်မျှမတူအောင် ဂရုစိုက်တတ်သော ကျွန်ုပ်၏ ဖခင်သည် ကျောင်းသို့ရုံဖန်ရံခါဝင်လာ၍ ယမန်နေ့က ကျွန်ုပ်တို့ကျောင်းမတက် ခြင်းနှင့်ဆုံးစည်းသည့်အခါ ကျွန်ုပ်တို့၏ အလီမ်ပေါ်၍ 'နှစ်ထပ်ကွမ်း'အရိုက်ခံကြ ရ၏။ ဆရာတော်သည်ကျောင်းပြေးသော ကျောင်းသားအား ကြမ်းပြင်ပေါ်တွင် အလျားမှောက်စေ၍ ခြေလက်များကိုကျောင်းသားလေးယောက်တို့က တဘက်စီကိုင်ထားစဉ်ကြိမ်လုံးဖြင့် ၁၀တိတိရိုက်လေ့ရှိ၏။ ကျွန်ုပ်တို့အရိုက်ခံရခြင်းကို ဖခင်မြင်ရသော်လည်း မကျေနပ်သေးသဖြင့် အိမ်သို့ရောက်သောအခါ၌ ထပ်၍ရိုက်သေး၏။ ဖခင်၏လက်မှာအသက်ကြီးပြီးဖြစ်သော ဆရာတော်၏လက်ထက်ပြင်းသောကြောင့် နှစ်ဆသုံးဆ ပို၍နာ၏။ တခါက ကျွန်ုပ်အား ဖခင်ရိုက်၍ မောင်ပုအား သူ့အဖေ(မိခင်၏မောင်) ကရိုက်လေရာ သမီးယောက်ဖနှစ်ယောက်သည်ကိုယ့်သားကိုကိုယ်ရိုက်ကြရာတွင် တယောက်နှင့်တယောက် သူ့ထက်ငါနာအောင် လက်စွမ်းပြကြသည့်လက္ခဏာနှင့် ဖခင်က ကျွန်ုပ်၏လက်မောင်းကို ဆေးပြင်းလိပ်မီးနှင့်ထိုးဆဲတွင် ဦးကြီးက မောင်ပု၏ငယ်ထိပ်ကို ပိန်းတန်းဖိနပ်ဖြင့်ခုတ်လိုက်သည်နှင့် သွေးများဖြာဆင်း၍ လာတော့သည်။ မောင်ပုမှာလည်း ကျွန်ုပ်၏မေးစေ့အမာရွတ်ကဲ့သို့ ထိပ်တည့်တည့်တွင် သုံးလက်မခန့်ရှိသောအမာရွတ်ကြီးတခု သေရာပါသွားရှာသည်။ ကျွန်ုပ်၏ ဖခင်မှာ အခြားသောဖခင်များထက် အရိုက်သန်သည်မှန်သော်လည်း ပညာလိုလားခြင်းနှင့် ကျွန်ုပ်၏မိုက်မဲခြင်းကို ကျွန်ုပ်နားလည်သည်ဖြစ်သောကြောင့် အထက်ပါရိုက်ခြင်း မျိုးအတွက်စိတ်ထဲ၌ မည်သို့မျှမရှိခဲ့ပါ။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ ထိခိုက်စေ သော ရိုက်ခြင်းများလည်းရှိ၍ သက်ဆိုင်ရာနေရာတွင်မှ ဖော်ပြပါမည်။

## ဖခင်နှင့် 'နင်လားငါလား'

ကျွန်ုပ်အား အင်္ဂလိပ်စာသင်ပြသည့် ဦးတိလောကမှာလည်း ကျွန်ုပ်၏ဖခင်နှင့် 'နင်လားငါလား'ဆိုရလောက်အောင် အရိုက်သန်လှသော ဆရာတပါးဖြစ်၏။ ရုံဖန်ရံခါ ကျောင်းပြေးတတ်သည့်အထဲမှပင် အတန်းထဲ၌ ကျောင်းသားဆယ်ယောက်ရှိသည့်အနက် ဒုတိယသော်လည်းကောင်း၊ တတိယသော်လည်းကောင်း၊ လိုက်နိုင်ခဲ့သူဖြစ်၏။ ကျက်ရန်ပေးလိုက်သော စာကိုနေ့တိုင်းစစ်၍ တလုံးမရလျှင် ကြိမ်လုံးဖြင့်တချက်ရိုက်လေ့ရှိရာ ကျွန်ုပ်ပင် တနေ့လျှင် အနည်းဆုံး သုံးလေးချက် အရိုက်လွတ်သော ကျောင်းသားဟူ၍ကား တယောက်မျှမရှိခဲ့ချေ။ နေ့စဉ်တတ်သော စာကိုသာမက စာဟောင်းများကိုလည်း ရက်သတ္တပတ်တကြိမ် (အဖိတ်နေ့တိုင်း) ပြန်လည်စစ်ဆေးလေ့ရှိရာ ထိုနေ့အတွက်မှာမူကား ကြိမ်၂လုံး ၃လုံးဖြန်းဖြန်းကွဲရသည်ချည်းဖြစ်လေသည်။ သို့နှင့်လည်း ကျွန်ုပ်တို့ကျောင်းသားများသည် ဦးပဥ္စင်းအကြောင်းကို တခွန်းမျှမကောင်းပြောခြင်း မကြားရ၊ ဆရာကတပည့်အား ရိုက်ခြင်းသည် ထုံးစံဖြစ်သည်ဟု လက်ခံကြ၍ ဆရာအပေါ်တွင် ချစ်ကြောက်ရိုသေစိတ် ရှိကြသည်ချည်းကြုံခဲ့ရလေသည်။ တခါက ဦးပဥ္စင်း မကျန်းမမာရှိရာတွင် (စာသင်မှုရပ်နားခွင့်ရရှိ၍ ကျောင်းသားများထုံးစံအတိုင်း ဝမ်းသာကြသည့်အထဲမှပင်) ဦးပဥ္စင်း၏ကျန်းမာရေးအတွက် မိဘသဖွယ် စိုးရိမ်ပူပန်ကြခြင်းကိုလည်း ကြုံရဘူးသည်။

ကျွန်ုပ်၏အစ်ကို တဝမ်းကွဲမောင်ပုနှင့်ကျွန်ုပ်မှာ 'ကျောင်းပြေးရောဂါ' စွဲကပ်လျက်ရှိကြ၍ မည်မျှပင်ရိုက်နှက်ဆုံးမသော်လည်း ရက်ပေါင်း နှစ်ဆယ် သုံးဆယ် မျှလောက်သာ ကျောင်းမှန်မှန်တက်ကြ၍ တနေ့တွင်ရေဆိပ် များ၏ ဖြားယောင်းမှုကြောင့် ကျောင်းပြေးမြဲတိုင်း ပြေးကြပြန်လေ၏။ ကျွန်ုပ်တို့ လုပ်ကြပုံကား ပျော်စရာကြီးတော့ မဟုတ်လှပါ။ ကျောင်းမတက်ရလျှင် ပြီးရောဆိုသော 'ပျင်းစိတ်'မျိုးဝင်လာခြင်းသာဖြစ်တန်ရာသည်။ ရေဆိပ်၌

ရေချိုး၍မွန်းတည့် အချိန်ခန့်တိုင် ရောက်သောအခါ အလွန်ရေဝသဖြင့် နှုတ်ခမ်းများပြာ၍ ခိုက်ခိုက်တုန်ချမ်းအေးလာရာတွင် ကျွန်ုပ်တို့သည် ကုန်းပေါ်သို့ တက်၍ ပက်လက်လှန်ကာ နေလှုန်းကြ၏။ ရင်ဘတ်ပူသောအခါ ဝမ်းလျားမှောက်၍ ကျောကိုနေပူလှုန်းကြ၏။ ဤသို့ဖြင့်တကိုယ်လုံး ရှန်းရှန်းတောက် ပူလောင်လာသည့်အခါ ရေထဲသို့ခုန်ဆင်းကြပြန်လေသည်။ တနေ့ပတ်လုံး ထိုကဲ့သို့ပူချည်အေးချည်ခံခဲ့ခြင်းအတွက်ကြောင့် အကျင့်ရပြီး ကျွန်ုပ်ကြီးပြင်းလာသောအခါတွင် အအေးမိခြင်း နည်းပါးလေသလောဟု ထင်မိသည်။ သို့ရာတွင် ယခုအဘိုးကြီးဖြစ်လာသောအခါမှ သူတပါးနည်းတူ အအေးမိတတ်လာသောကြောင့် ၎င်းအထင်ကို ပြင်ဆင်လိုက်ရပြန်သည်။ ဆာလောင်သောအခါများတွင် ရွှေတချောင်း မြောင်းပေါင်၌ အချို့အပ်များရှိခြံ များထဲမှ မာလကာသီး၊ သပြေသီးစသော သစ်သီးများကို ခူးစားကြ၍ လျှာနှင့် နှုတ်ခမ်းများပြာလျက်ရှိကြရာ အိမ်ပြန်ခါနီးတွင်မှ သလဲနှင့်ပွတ်တိုက်ကာ ရေဆေးခဲ့ကြလေသည်။

## ကျောင်းအိပ်ကျောင်းစား

မိဘများသည် ကျွန်ုပ်တို့၏ ကျောင်းပြေးရောဂါကို အမြစ်ပြတ်အောင် မကုသနိုင်ပဲရှိရာတွင် နှစ်ယောက်တွဲလျက် ရှိသောကြောင့်သာ ကျောင်းပြေးကြသည်ဟုယူဆ၍ ကျွန်ုပ်၏ဦးကြီးသည် မောင်ပုကိုကျောင်းနှုတ်လိုက်လေ၏။ ထင်လည်း ထင်စရာပေ။ ကျွန်ုပ်မှာတယောက်တည်း ကျောင်းတက်ရသည်မှစ၍ ကျောင်းတက်ပြန်သည်။ အိမ်သို့လည်း (ထွေမခင်းရသောကြောင့်) စောစော ပြန်ရောက်သည်။ တခါတရံမြင်းရထားအဆင်သင့်သောအခါများတွင် နောက်မြီး ခိုစီး ခဲ့သဖြင့် သာ၍စောစောပင်ရောက်သေး၏။

သို့ရာတွင် မိဘများသည် ကျွန်ုပ်တယောက်တည်း ခရီးဝေးကြီး သွားရခြင်းအတွက် သနားကြသည်နှင့် စိတ်ကူးတမျိုးရကြပြန်၏။ ဘုန်းကြီးကျောင်း၌ ကိုရင်လူထွက် ကျောင်းအိပ်ကျောင်းစားလေးငါးယောက်ရှိရာ ကျွန်ုပ်အားလည်း ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် အစမ်းထားကြ၏။ ကျွန်ုပ်ကလည်းခြေညောင်း သက်သာသည်ကတကြောင်း၊ အိမ်မှာထက် ကျောင်းတွင် ကလေးဘာဝ ပြေးလွှားကစားဖို့ အချိန်လည်းရ၊ အခွင့်လည်းသာသည်တကြောင်းကြောင့် သဘောတူလိုက်၏။ (ကျွန်ုပ်၏ဖခင်မှာ ကျွန်ုပ်အားပညာလည်းတတ်၍ အလွန်လည်း 'လိမ်မာ'စေချင်သောကြောင့် အိမ်တွင် အရပ်ထဲက သူငယ်များနှင့်ကစားခွင့်မပြုပဲရပြီးသောစာများကို ရွတ်နေစေ၏။ ကြက်ကောင်း ကြိုးနှင့်မကွာ စေရ'ဟူသော စကားမှာဖခင်၏ဆောင်ပုဒ်ဖြစ်၍ ကျွန်ုပ်အပေါ်တွင် ၄င်းအတိုင်း ကျင့်သုံးရ၏။ ကစားခြင်းသည် ဘာမျှအကျိုးမရှိ၊ စာအံခြင်းသာလျှင် ပညာတတ်စေသည်ဟု ခဏခဏပြောလေ့ရှိ၏။) သို့ဖြစ်၍ ကျွန်ုပ်သည်။ ကျောင်းအိပ်ကျောင်းစားနေဖို့စီမံသောအခါ ဝမ်းသာမိလေ၏။

## ကျောင်းဟင်းလေး

နေ့ကျောင်းသားများအနက်၌ပင် အငယ်ဆုံးဖြစ်သော ကျွန်ုပ်မှာ ကိုရင်လူထွက် ကျောင်းအိပ်ကျောင်းစားများအထဲတွင်မူ အပြတ်အသတ် အငယ်ဆုံးဖြစ်လာရပြန်လေပြီ။ နံနက်၌ ဘုန်းတော်ကြီးနှင့် ဦးပဥ္စင်းများ၊ ထို့နောက် ကိုရင်များ ဘုဉ်းပေးပြီးသည့် ထမင်းဟင်းများကို ကျွန်ုပ်တို့ ကျောင်းသားများစား ကြရာတွင် ဝက်သား၊ ကြက်သားစသော ဟင်းကောင်းကလေး တခွက်တလေပါသေး၏။ ထမင်းပွဲ၌ ထိုင်ကြသည်နှင့် တပြိုင်နက် ကျောင်းသားကြီးများသည် အလွန်မျက်စိရှင်၍ လက်သွက်သူများ ဖြစ်သည့်အလျောက်ဟင်းကောင်းများကို ပန်းကန်ပါ မှောက်သွန်၍ ယူလိုက်ကြရာတွင် ကျွန်ုပ်အဖို့မှာ ငံပြာရည်ဖျော်၊

ချဉ်ပေါင်ဟင်း၊ စားတော်ပဲများကို မျှစ်လောက်သာကျန်လေတော့သည်။ ဟင်းကောင်းကလေး တတုံးဖြစ်စေ ပါမှစားတတ်သော ကျွန်ုပ်မှာ ထမင်းကို အနိုင်နိုင်မျိုချရ၏။ နောက်တနပ်တွင် 'သူတို့လို လက်သွက်မှဖြစ်မည်'ဟု သဘောပိုက်ကာ ဦးအောင်နိုက်ဖို့ ကြိုးစားပါ၏။ သို့ရာတွင် ကျောင်းသားကြီးများသည် ကျွန်ုပ်၏လက်ထဲမှ လုယူကြသည်ချည်း ကြုံရ၏။ သို့ဖြစ်၍ ကျွန်ုပ်မှာ အလှူအတန်းနှင့် ဆွမ်းကျွေးရှိပါမှ ဟင်းကောင်းကလေးများ စားရတော့၏။ ညစာအတွက်မူ နံနက်စာမှကျန်သော ချဉ်ပေါင်းဟင်း၊ မန်ကျည်းရွက်ဟင်း၊ ငါးပိချက်၊ ဟင်းချိုဟင်း၊ မျှစ်ဟင်း (အလှူအတန်းရှိလျှင်လည်း) ဝက်သားဟင်း၊ ငါးကြော်စသည့် ဟင်းပေါင်းစုံကိုရောရှ၍အိုးကြီးတလုံးတွင် 'ကျောင်းဟင်းလေး' ကျို၍စားကြ၏။ ညစာအဖို့တွင် ဟင်းကောင်းမပါသော နေ့ပင်ဖြစ်စေကာမူ ကျောင်းသားကြီးများ လုစားသည့် ဟင်းကောင်းကို မမြင်ရသောကြောင့် အလွန်ဆာတတ်သောအရွယ်လည်းဖြစ်၍ မြိန်လှ၏။ 'ကျောင်းဟင်းလေးမှာ' အနံ့တမျိုးရ၍ ကြီးပြင်းလာသောအခါတွင် တခါတရံတောင့်တမိသည်နှင့် ဟင်းများကို တမင်တကာရောနှောပြီး ကျို၍စားဘူးပါသေးသည်။ သို့ရာတွင် ကျိုနေကျ 'ကျောင်းအိုး' မဟုတ်သောကြောင့် ဟင်းကောင်းဖတ်တွေ ထည့်သဖြင့် အရသာ ရှိသော်လည်းကျောင်းဟင်းလေးနံ့ကို မမှီအောင် ရှိတော့သည်။

## ပြန်ပြေးခဲ့ခြင်း

ကျွန်ုပ်သည် ကျောင်းအိပ်ကျောင်းစားအဖြစ်တွင် အစားအသောက် ဆင်းရဲသော်လည်း လွတ်လပ်စွာကစားခွင့်ရခြင်းကြောင့် စိတ်ညစ်လောက်အောင် မရှိလှပေ။ ဖခင်က ကစားခွင့်လုံးဝမပေးခြင်းအတွက်ကြောင့် ကျွန်ုပ်မှာ ကစားခြင်းကို အထူးခုံမင်သော သူငယ်တယောက် ဖြစ်လာသည်ထင်၏။ ကျောင်းအိပ်ကျောင်းစားဘဝ၌ ညစာစားပြီး၍ ထင်သလိုနေရခြင်းအတွက်

အလွန်ပျော်သော်လည်း ညဥ့်အချိန်များ၌မူ ကျောင်းသားကြီးများ၏ ကျီးစားခြင်းကြောင့် စိတ်ညစ်ရ၏။ မိဘများနှင့် ခွဲခွာ၍ မအိပ်ခဲ့ရဘူးသည့် ကျွန်ုပ်မှာခွဲကာစ၌လွတ်လပ်ခြင်းကြောင့် ပျော်မိသော်လည်း ရက်သတ္တပတ် ကြာရှိသောအခါ မိခင်ကို လွမ်းဆွတ်သောစိတ်ဖြစ်လာ၍ ညဥ့်အချိန်များတွင်မူ ညှိုးငယ်စပြုလာလေပြီ။ ဤအထဲတွင် ကျောင်းသားကြီးများက အနင်းခိုင်းခြင်း၊ ပေါင်ကိုလက်သီးနှင့် ဖြည်းညှင်းစွာထုခိုင်းခြင်း၊ မီးခွက်မှုတ်သောအခါ၌ ဦးစွန်းဖုတ်ကို ဆွဲသူကဆွဲ၊ ကျောကိုဆိတ်သူကဆိတ်၊ ခါးကို'ကလိထိုး'သူကထိုး စသည်ဖြင့် ကျီစယ်ကြလေတော့၏။ ညတိုင်းလိုပင် ထိုကဲ့သို့အနည်းနှင့်အများ ကျီစားကြရာမှ တညဥ့်မူ သန်းခေါင်ကျော်သည့်တိုင်အောင် ကလိကြလေရကား နက်ဖြန်ညနေ ကျောင်းဆင်းချိန်တွင် ကျွန်ုပ်သည် အိမ်တော်ရာဘုရားထဲသို့ ဝင်ချင်ပြု၍ ၁၇ ပြဝေးသောခရီးကို တဟုန်တည်းပြေးကာ မောကြီးပန်းကြီးနှင့် အိမ်သို့ရောက်လာခြင်းကို မှတ်မိပါသေးသည်။ မိဘများအား အဖြစ်အပျက်ကို ပြောပြရာတွင် ကျွန်ုပ်အား ကျောင်းအိပ်ကျောင်းစား မထားတော့ပဲ နေ့ကျောင်းသား အဖြင့်နှင့်ကျောင်းတက်စေပါတော့သည်။ (၄င်းအဖြစ်အပျက်ကြောင့်ပေလော မသိ၊ ကျွန်ုပ်ကြီးပြင်းလာသောအခါ ကလေးသူငယ်များကို ငိုအောင် ကျီစားချင်တတ် သူများအား ရန်သူသဖွယ် အမြင်ကပ်လှပါသည်။)

## နောက်မြီးခိုစီးခြင်း

မောင်ပုကို ကျောင်းနုတ်လိုက်၍ ကျွန်ုပ်တယောက်တည်း ကျောင်းတက်ရ သည်တွင် ကျောင်းပြေးရောဂါမှ သက်သာရာရ၍ ကျောင်းမှန်မှန် တက်လျက်ရှိ သော်လည်း လက္ခဏာမှာ အမြစ်ပြတ်သေးခြင်းမဟုတ်၊ 'ငုတ်'နေခြင်းမျှသာဖြစ်၍ ကျောင်းသားကြီးဖြစ်လာသောအချိန်တွင် တချီတချီပေါ် လာတတ်သေး၏။ မည်သို့ပင်ဖြစ်စေ ဘုန်းကြီးကျောင်း၌ နေစဥ်အတွင်းမူ ကျောင်းပြေးသည်

မရှိတော့ပါ။ သို့ပင်ဖြစ်လင့်ကစား တယောက်တည်း ကျောင်းသွားရခြင်းမှာ ပျင်းလည်းပျင်း၊ ခြေထောက်လည်း ညောင်းသည်နှင့် မြင်းရထားနောက်မြီး ခိုဖို့အကျင့်လုပ်တော့သည်။ မြင်းရထားများသည် ရွှေတချောင်းပေါင် (မြေလမ်း)မှ မမောင်းပဲ ကျောက်လမ်းတွင်သာ မောင်းကြသောကြောင့် ကျောင်းမှအပြန်တွင် ဈေးချိုကိုဖြတ်၍ ၈၄ လမ်းတလျှောက် မြောက်သို့လျှောက်လာယင်း နောက်သို့ ခဏခဏ လှည့်ကြည့်ရ ၏။ မြင်းရထားတစင်း မောင်းလာသောအခါ ကျောက်လမ်းနဘေးရှိ မြေလမ်းပေါ်တွင် လျှောက်ခဲ့ရာမှ ကျောက်လမ်းဘက်သို့ မသိမသာ ချဉ်းကပ်လိုက်ရ၏။ ထင်ထင်ရှားရှား မကပ်ဝံ့ပေ။ ဤသို့ပြုရခြင်းမှာ မြင်းရထား ကုလားအပေါ်ရှိ ဟန်လုပ်ရခြင်းဖြစ်၏။ မြင်းရထားကုလားများသည် နောက်မြီးခိုစီး သောသူငယ်များကို ကြာပွတ်နှင့်လှမ်း၍ရိုက်တတ်ပေရာ ကျွန်ုပ်က သူ၏မြင်းရထားကို နောက်မြီးခိုမည့် ကြံရွယ်ချက် လုံးဝမရှိလေဟန်ဖြင့် အခြားဘက်သို့ မျက်နှာလှည့်ကာ လမ်းလျှောက်လာရ၏။ မြင်းရထားသည် ကျွန်ုပ်ကိုမှီလာ၍ ကျော်တက်ရာတွင် အချို့ကုလားသည် လမ်းနဘေးမှလျှောက် သောကောင်ကလေးများကို မျက်စောင်းထိုးကာ အကဲခတ်တတ်ကြောင်း ကျွန်ုပ်သိသောကြောင့် သူ့မြင်းရထားကိုဂရုမစိုက်လေဟန်ဖြင့် မျက်နှာလွှဲကာ လမ်းလျှောက်လာရခြင်းဖြစ်၏။ ကျော်တက်သွားသည့်အခါတွင်လည်းရုတ်တရက် ပြေး၍မလိုက်သေးပဲ ကုလားကလှည့်ကြည့်မကြည့်ကို စောင့်ကြည့်ရသေး၏။ တော်တော်ကလေးဝေး၍ စိတ်ချရသောအခါမှသာ ပြေးလိုက်ပြီး နောက်မြီး ခိုရလေသည်။ ခိုးကြောင်ခိုးဝှက်ပြုသော အလုပ်မျိုးမှာလွယ်ကူလှသည် မဟုတ်ချေ။

## ရန်ပွဲမိသွားခြင်း

မြင်းရထားနောက်ခုံပေါ်တွင် ဝမ်းလျားမှောက်ကာနေထားတကျ ခိုစီးလာစဉ် တခါတရံမြင်းရထားသည် ရုတ်တရက် ရပ်လိုက်သည်ဖြစ်စေ၊ မလိုသော

လမ်းဘက်သို့ ကွေ့ချိုးလိုက်သည်ဖြစ်စေ ရုတ်တရက်လျှောဆင်းရပြန်၏။ ကွေ့သွားသော အခါ၌ကုလားသည် နောက်သို့ လှည့်ကြည့်ခိုက်နှင့်ကြုံ၍ ကျွန်ုပ်ကိုမြင်သဖြင့်ကြာပွတ်ကိုပြသွားရာ ကျွန်ုပ်ကလည်း လက်သီးကလေးကို ပြလိုက်သေးသည်။ တခါတရံတွင်မူ ဝမ်းလျားမှောက်ကာ ခိုစီးစဥ်လမ်းဘေးမှ လူနောက်ကလေးတယောက်က "ဟေး ဂါလိဝါလား"ဟု ခေါ်ကာရထားနောက်မြီးသို့လက်ညှိုးညွှန်ပြသဖြင့် ပျာယီးပျာယာ လျှောဆင်းလိုက်ရ၏။ နောက်ကျခဲ့လျှင်ရှိကနဲမြည်၍လာသော ကြာပွတ်သည် ကျောပေါ်သို့လည်းကောင်း၊ ဦးခေါင်းပေါ်သို့လည်းကောင်း အမှတ်တံဆိပ်ရိုက်နှိပ်လိုက်သဖြင့် အရှိုးများထင်နေခဲ့လေပြီ။ ဤကဲ့သို့ခံရသောအခါများတွင် ဒေါသထွက်လာသဖြင့် ကျွန်ုပ်သည် ဟစ်အော်ပြောသော ကောင်ကလေးကို လှမ်းကြည့်လိုက်၍ ရွယ်တူချင်း ဖြစ်နေပါက တချီတပွဲသတ်ပုတ်ခဲ့ရသေးသည်။ တနေ့တွင် ဤနည်းဖြင့် ကောင်ကလေးနှင့်သတ်ပုတ်နေစဥ် မိခင်နှင့်ဖခင်တို့ဈေးချိုမှ ဖိနပ်လုပ်ရန်အတွက် သတ္တုလပ်ထည်နှင့်အခြားပစ္စည်းများဝယ်၍ မြင်းရထားဖြင့် ပြန်လာကြသည်နှင့် ကျွန်ုပ်တို့ကိုမြင်သွား၏။ ဖခင်သည် မြင်းရထားပေါ်မှဆင်းလာ၍ ကောင်ကလေးတယောက်နှင့်သတ်ပုတ်ရမည်လောဆိုကာ အိမ်ရောက်မှ ရိုက်ဦးမည်ဟုကြုံးဝါးသေးရာ မိခင်က"ကိုရင့်မလဲ ဘာမမေး၊ ညာမမေးနဲ့ ရိုက်ချင်တာချည်ပဲကိုး"ဟု ပြောသဖြင့် ဖခင်က "ရန်ဖြစ်တာကိုးဗျ"ဟု ပြန်ပြောသည်တွင် မိခင်က "ဖြစ်သင့်လဲဖြစ်ရမှာပေါ့ ကိုရင်"ဟု ခပ်တင်းတင်း ပြန်ပြောသည်နှင့် ကျွန်ုပ်အရိုက်လွတ်သွားရဘူးလေသည်။

## နှုတ်တိုက်ချက်ပေးခြင်း

ကျွန်ုပ်သည် ဖခင်၏သဘာဝကို မိခင်သဘာဝကဲ့သို့ မကြိုက်နိုင်သော်လည်း ဖခင်၏ပညာလိုလားသော ဝါသနာအကြောင်းကို ချီးကျူးဖော်ပြရ

ပေဦးမည်။ ကျွန်ုပ် သုံးနှစ်ကျော်လေးနှစ်သားရှိ၍ စကားပြောတတ်စ ပြုသည်ဆိုလျှင်ပင် ဖခင်သည် ဖိနပ်လုပ်ဖို့ ကရိယာများဝယ်ရန်သွားတိုင်း ကျွန်ုပ်အား ပခုံးပေါ်တွင်ထမ်းလျက် လက္ခဏာရေးသုံးပါး၊ ဣတိပိသော ဘဂဝါ၊ ဟေတုပစ္စယောစသော စာများကို နှုတ်တိုက်ချပေးသဖြင့် ကျွန်ုပ်ရွတ်ဆို တတ်နေလေပြီ။ ကကြီး ခကွေးမျှ မသင်ရသေးမီ အထက်ပါစာများကို မပီကလာ ပီကလာဖြင့် လူကြီးများရှေ့၌ ရွတ်ဆိုနိုင်းပြခြင်းအားဖြင့် အသားယူတတ်ရာသည်။ ကျွန်ုပ်အား လူထူးကလေးဟူ၍အခြားသူများက ချီးမွမ်းကြသောအခါ ဖခင်မှာ အလွန်ဂုဏ်ယူသော်လည်း ကျွန်ုပ်မှုကား ဝမ်းသာခြင်းမရှိ၊ အခြားကလေးများကဲ့ သို့ မကစားရခြင်းအတွက်သာ ဝမ်းနည်းမိသည်။ ကြီးပြင်းသောအခါ၌ စဉ်းစားမိသည်ကားမျောက်ပွဲပြသောအခါ၌တွင် ပရိသတ်က ဩဘာလက်ခုပ် တီးခြင်းအတွက် ဝမ်းသာခြင်းမရှိသော မျောက်ကလေးနှင့် တူလေတော့သည်ဟူ၍ ဖြစ်သည်။

## ပညာအားပေးပုံ

ဘုန်းကြီးကျောင်းတွင် အင်္ဂလိပ်စာ သင်ခါစ၌ ကျောင်းသားသုံးလေးဆယ် ခန့် တပြိုင်နက်တည်း သင်ကြရာ သုံးလခန့်ကြာသောအခါတွင် အတော်ဆုံးသော ကျောင်းသား၁၀ယောက်ကို ရွေး၍ ထိပ်တန်းတတန်းဖွဲ့လိုက်သည်တွင် ကျွန်ုပ်သည် ဒုတိယလိုက်၏။ ပထမရသော ကျောင်းသားသည် ကျွန်ုပ်ထက်အသက်သုံးနှစ်ကြီး ၍ ကျွန်ုပ်အောက်တွင်လည်း ကျွန်ုပ်ထက်အသက်လေးငါးနှစ်ကြီးသူများပင် ရှိကြ သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့ထိပ်တန်းကျောင်းသား ဆယ်ယောက်အား သုံးလ တကြိမ် စာမေးပွဲပြုလုပ်လေရာ ကျွန်ုပ်၏ဖခင်သည် ထိပ်ဆုံးမှအောင်သော ကျောင်းသားသုံးယောက်အတွက် ဆုအဖြစ်နှင့်ချီးမြှင့်ရန် ဗလာစာအုပ်များ၊ ခဲတံများ၊ မင်အိုးများ၊ ချိုချဉ်များ ဝယ်လာခဲ့ပြီးလျှင် ဦးပဉ္စင်းထံတွင်

အပ်နှံထား၏။ ပထမအောင်မြင်သူအတွက်ဈေးချိုထဲမှ ဖောင်တိန်တချောင်း ဝယ်ခဲ့ခြင်းကို ကျွန်ုပ်မှတ်မိ၏။ ကျွန်ုပ်သည် ဖောင်တိန်လိုချင်လှ၍ ပူဆာသော်လည်းဝယ်မပေးပဲ 'ဖောင်တိန်လိုချင်လျှင် ပထမရအောင်မင်းကြိုးစား'ဟု ဖခင်က ပြန်ပြောလေသည်။

ကျွန်ုပ်ကား ပထမမရ၊ ဒုတိယနှင့် တတိယမျှသာ လိုက်ခဲ့နိုင်သောကြောင့် ဖခင်၏ဖောင်တိန်ဆုကို ကျွန်ုပ်မရ၊ ဘယ်တော့မှလည်း ဝယ်မပေးချေ။ ကျွန်ုပ်၏မိဘများမှာ ထိုစဉ်က စီးပွားရေး ချောင်လည်လှသည် မဟုတ်သည့်အထဲမှ ကျောင်းသားများအား သုံးလေးငါးကျပ်တန်မျှစီဖြင့် စားမေးပွဲလုပ်တိုင်းဆုပေးခြင်း တည်းဟူသော ချီးမြင့်မှုသည် ရှေးခေတ်မှ ဤခေတ်တိုင်အောင် မည်သည့် ကျောင်းသားများ၏မိဘများမှ ပြုလုပ်သည်ဟုမကြုံ ဘူးပေရကား မွေးသဖခင်၏ ပညာရေးမြှောက်စားအားပေးခြင်းတည်းဟူသော ဝါသနာနှင့်စေတနာကို လှိုက်လှဲ စွာ ကြည်ညိုမိပါသည်။ ဖခင်သည် ကျွန်ုပ်အပေါ်၌ အုပ်ချုပ်ပုံ တင်းကျပ် လွန်းသည်ဟု မကျေနပ်ခြင်းအကြိမ်ကြိမ် ဖြစ်ခဲ့ရဘူးသော်လည်း ဤအချက် တစ်ခုကို နှလုံးသွင်းခြင်းအားဖြင့် ပြေဖျောက်ခဲ့ရပါသည်။

## ထိပ်ထိုး၍တက်ရသောစနစ်

ဘုန်းတော်ကြီးကျောင်း၌ ဦးတိလောက၏ စာသင်ပုံ ထူးဆန်းသော အချက်တခုကို ဖော်ပြရပေဦးမည်။ နေ့စဉ်တက်ပေးသော စာများကို တလုံးမရလျှင် တချက်ရိုက်ကြောင်း ဖော်ပြခဲ့ဘူးရာ၊ သုံးတန်းသို့ ကျွန်ုပ်တို့ရောက်ကြသောအခါ ဦးပဉ္စင်းသည် ကျောင်းသားများအား ကိုယ်တိုင်ရိုက်ရ၍ လက်ညောင်းသောကြောင့် ပေလော၊ သို့တည်းမဟုတ် ကြိမ်လုံးဖိုး မတတ်နိုင်သောကြောင့်ပေလော မဆိုနိုင်၊ ဆုံးမပုံ တနည်းတီထွင်လိုက်၏။ ကျွန်ုပ်တို့ ကျောင်းသားဆယ်ယောက်သည် စီတန်းလျက် ရပ်နေကြစဉ် ထိပ်ဆုံးကျောင်းသားအားစာတလုံးမေးလိုက်၏။

ထိုသူက ဖြေနိုင်လျှင် ဒုတိယလူအား အခြားစာတလုံးမေး၏။ ယင်းသို့တယောက်စီ မေးသွားရာ မဖြေနိုင်သူ ရှိသည့်အခါ နောက်လူအားမေး၍ ထိုသူကဖြေနိုင်လျှင် မဖြေနိုင်သောလူ၏ထိပ်ကိုတချက်ထိုးပြီး သူ၏နေရာသို့တက်ရ၏။ မဖြေနိုင်၍ အောက်သို့ ရွှေ့ပေးရသောလူမှာ ဤမျှနှင့် မပြီးသေးပဲနောက်တလုံးမေးပြန်ရာ မဖြေနိုင်ပြန်က ဖြေနိုင်သော အောက်လူ၏ ထိပ်ထိုးခြင်းခံရပြီး တနေရာ ဆင်းရပြန်၏။ စာတလုံးမှမကျက်ခဲ့ရသူ ဖြစ်ပါမူ တယောက်ပြီးတယောက် တတန်းလုံး၏ထိပ်ထိုးခံယင်း အောက်ဆုံးသို့ရောက်သွားလေတော့၏။ တခါတရံ တွင် ခက်သောစာတလုံးကို ထိပ်ဆုံးလူအားမေး၍ မဖြေတတ်သဖြင့် ဒုတိယလူ အားမေးရာ ထိုသူကလည်းမဖြေတတ်လျှင် 'နောက်တယောက်၊ နောက်တယောက်' ဆိုကာ တတန်းလုံးဆုံးအောင်မေးသွား၏။ တခါတရံတွင် အောက်ဆုံးလူသို့ ရောက်ကာမှ ဖြေနိုင်ခြင်းလည်းရှိလေရာ ထိုသူသည်တတန်းလုံး ကို 'ထိပ်ထိုး'ပြီး အထက်ဆုံးသို့ တက်သွားရလေ၏။ တခါတရံ၌မူ တတန်းလုံး၏ ထိပ်ထိုးခံရပြီး အောက်ဆုံးသို့ ဆင်းသွားရသောလူသည် တတန်းလုံးကို 'ထိပ်ထိုး'ပြီး အထက် ဆုံးသို့ ပြန်ရောက်သွားခြင်းများလည်းရှိလေသည်။ ပထမ၌ ကျောင်းသားများသည် စိတ်ဝင်စားဖွယ်ကောင်းသော စနစ်တခုဟူ၍ တော်တော် သဘောကျကြသည်။ နောက်ပိုင်း၌မူ အပြစ်အနာအဆာများ တွေ့လာကြ၏။

## တနည်းတော့ကောင်းသည်

ကျောင်းသားများသည် ကနဦး၌ ခပ်မှန်မှန် 'ထိုး'ကြသော်လည်း နေ့ရက် ရှည်ကြာသောအခါတွင် ငါ့ကိုနာနာထိုးသည်၊ သူ့ကိုညှာသည် စသည်များဖြင့် အမှတ်ထားကာ ရန်ငြိုးဖွဲ့လာကြ၏။ မိမိအား နာနာကြီးထိုးသောလူကို အခွင့်ရသောအခါတွင် နာနာကြီးပြန်ထိုး၍ မိမိအားညှာသောလူကို ညှာ၍ထိုး၏။

ဦးပဥ္စင်းသည် နာနာထိုးခြင်းကို ခွင့်လွှတ်သော်လည်း ညှာထိုးသောလူကိုခေါ်၍ “ဒီလိုထိုးရတယ်ကွ”ဟုဆိုကာ ထိုသူ၏ဦးခေါင်းကို နာနာကြီးထိုးပြလေသည်။ ဤတွင် ကျွန်ုပ်တို့မှာ မည်သူ့အားမဆို နာနာထိုးလျှင်သာထိုးသည်၊ ‘ညှာ’သည်ဟူ၍ကား မလုပ်ဝံ့ကြတော့ပေ။ ထို့ပြင် ကျွန်ုပ်တို့အတန်းထဲ၌ အသက်လည်းကြီး၍ ဝဝတုတ်တုတ်နှင့် ဗလကောင်းသော ကျောင်းသားကြီးတယောက်ရှိရာ ထိုသူက ထိုးရသောအလှည့်တွင် ခပ်မှန်မှန်ထိုးသော်လည်း လေးလံလှသော သူ၏လက်သီးကြီးကြောင့် ကျွန်ုပ်ကဲ့သို့သော ကောင်ကလေးမှာပု၍ ပု၍ဝင်သွားလေ၏။ ကျွန်ုပ်တို့အနက်တွင် အသက်အကြီးဆုံးဖြစ်၍ ပိန်ပိန်ရှည်ရှည် ကျောင်းသားကြီးတယောက်လည်းရှိသေး၏။ ထိုသူမှာ ၁၈ နှစ်သားအရွယ်တွင် အရပ် ၅ပေ ၁၀လက်မခန့် ရှိနေလေပြီ။ ကျွန်ုပ်သည် ထိုလူကြီးအား ထိုးရန်ရှိသောအခါ သူ၏ဦးခေါင်းကိုသူ၏ဦးခေါင်းကို မှီအောင် မလှမ်းနိုင်သဖြင့် ခုန်၍ထိုးရာ အားလုံးက ရယ်ကြ၏။ တခါကမူ လူအများရယ်ကြမည်စိုးသည့် လက္ခဏာနှင့် သူ၏ဦးခေါင်းကိုငုံ့ပေးရာ ဤသည်မှာလည်း သက်သာရာမရပဲ ရယ်မြဲတိုင်း ရယ်ကြလေသည်။ (စစ်အတွင်း၌ သက်န်းဝတ်နေသည့် ထိုလူကြီးအား ဘုန်းကြီးကျောင်းတကျောင်း၌ တွေ့ဆုံမိကြရာတွင် ဤအကြောင်းကို သူကပင် ပြော၍ ရယ်ကြရသေးသည်။) ထိုလူကြီးသည် ကျွန်ုပ်တွေ့ဘူးသမျှသော လူများအနက်တွင် သဘောအကောင်းဆုံး တယောက်ဖြစ်၏။ ထိုအချိန်၌မူ ကျွန်ုပ်ထက် အရပ်တလက်မခန့်လောက်သာမြင့်တော့၏။ (ယခုမူကား ပျံလွန်တော်မူ ရှာလေပြီ။) ကျွန်ုပ်မှာ အတန်းထဲတွင် အတော်ဆုံးထဲကဖြစ်ပါလျက် (နံပါတ်ချိတ်ထဲတွင်ပါသည်။) တနေ့လျှင်အနည်းဆုံး လေးငါးချက် အထိုးခံရသဖြင့် လူဝကြီး၏ လက်သီးချက်မိသောနေ့များတွင် ဦးခေါင်းကျိန်းသေးရာ ညဲ့ဖျင်း၍ ဆယ့်လေးငါးချက် အထိုးခံရသူများအဖို့မှာ ဘယ်လိုနေရှာကြမည် မပြောတတ်ပေ။ ကျွန်ုပ်တို့သည်တနေ့လုံး အတန်းအထက်နှင့် အောက်ဆင်းချည် တက်ချည်ရှိနေကြလေရာ နောက်ဆုံးအချိန်တွင် မိမိတို့၏နေရာအစီအစဉ်ကို

မှတ်သားထား၍ နောက်တနေ့တွင် ၄င်းအစီအစဉ်အတိုင်း ရပ်ကြရလေ၏။ ယခုပြန်၍ကြည့်သော် မည်သည့်ကျောင်းတွင်မှ မကြုံခဲ့ဘူးသည့်စနစ် ဖြစ်သော်လည်း ကျောင်းသားများ စာကျက်စေဖို့တိုက်တွန်းရေးတွင် အလွန်အရာ ရောက်သော စနစ်တခုဖြစ်သည်ဟု ဆုံးဖြတ်ချက် ချချင်၏။ သို့ရာတွင် ဤစနစ်အတိုင်း လိုက်နာကျင့်သုံးကြဖို့ အကြံပေးတိုက်တွန်းခြင်းကား မဟုတ်ပေ။

## ဗုဒ္ဓဘာသာ(ဘီ၊တီ၊အင်)ကျောင်းဖြစ်လာပုံ

ထိပ်ဆုံးဖြစ်သော ကျွန်ုပ်တို့ကျောင်းသားဆယ်ယောက်သည် လေးတန်းသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့အောက်တွင်လည်း ပထမတန်းမှ တတိယတန်း အထိ တတန်းလျှင် ကျောင်းသားဆယ့်လေးငါးယောက်စီရှိကြသဖြင့် ကျောင်းသား စုစုပေါင်း ၆၀ ခန့်ရှိနေလေပြီ။ ထိုအချိန်တွင် ပညာအုပ်( ဝန်ထောက်မင်း ဟုခေါ်ကြသည်။) ဦးကျော်ရန်နှင့် ဆက်မိ၍ အစိုးရ စာစစ်ခံကျောင်း ဖြစ်အောင် စီမံကြ၏။ အရာရှိတစ်ဦးဖြစ်သော ဦးကျော်ရန်၏ ဝါယမစိုက်ထုတ်မှု ကြောင့် အလွတ်ပညာသင်ဘုန်းကြီးကျောင်းအဖြစ်မှ အစိုးရစာစစ်ခံဗုဒ္ဓဘာသာ ကျောင်းကြီး ဖြစ်လာရသည် မှန်သော်လည်း မူလဘူတ အစစ်အမှန်မှာမြိတ်ဆရာတော်ဘုရားကြီး ဦးနန္ဒနှင့် ဦးပဥ္စင်းဦးတိလောကတို့၏ လုံ့လပယောဂတို့ကြောင့် ဖြစ်ပေသည်။ ဘီ၊တီ၊အင်ခေါ် ဗုဒ္ဓဘာသာကျောင်းကြီး ကျယ်လာသောအချိန်တွင် ရဟန်းတော် နှစ်ပါးတို့၏ ဘွဲ့တော်များတိမ်မြုပ် ဦးကျော်ရန်၏အမည်သာလျှင် တည်ထောင်သူ အဖြစ်နှင့် ထင်ရှားကျော်ကြားလျက်ရှိ ခဲ့ခြင်းအတွက်ကြောင့် မြိတ်ဆရာတော် ဘုရားအဖို့ရာ၌ မည်သို့မျှမရှိသော်လည်း ဦးတိလောက ကိုယ်တော်ကမူ ကျေနပ် သည့်လက္ခဏာမရှိပဲ ကလောင်သမား တယောက်ဖြစ်လာ သော ကျွန်ုပ်အား ဤအကြောင်းကိုဖော်ထုတ်ရေးသားရန်တိုက် တွန်းဘူး၏။ ကျွန်ုပ်ကလည်း ရေးပါ မည်ဟု ကတိပေးခဲ့ဘူး၏။ သို့ရာတွင် အခါအခွင့်မသင့် သည့်အတွက်ကြောင့်

မရေးဖြစ်ပဲရှိခဲ့ရာ နှစ်ပါးလုံး ပျံလွန်တော်မူပြီ ဖြစ်သော ယခုအချိန်မှပင် ဤအကြောင်းကိုရေးရပါတော့မည်။ မြိတ်ဆရာတော် ဘုရားကြီး အတွက်ကား ကိစ္စမရှိ၊ ဦးတိလောက ကိုယ်တော်အတွက်မူ မကွယ်လွန်မီရေးပြခြင်းအားဖြင့် ကျေးဇူးမဆပ်နိုင်ခြင်းအတွက် လွမ်းဆွတ်ဝမ်းနည်း မိပါသည်။

## လူတိုင်းအောင်စေသောနည်း

၁၉၀၀ ပြည့်နှစ်တွင် ဆိုင်းတန်းရပ်၌ တိုက်တလုံးငှား၍ ဒက္ခိဏဝန်တိုက် မြိတ်ကျောင်းမှ ကျောင်းသားပေါင်း ၉၀၊၁၀၀မျှ ပြောင်းရွှေ့ပြီးလျှင် ဗုဒ္ဓသာသနာ နုဂ္ဂ(ဘီ၊တီ၊အင်) အစိုးရစာစစ်ခံ အင်္ဂလိပ်မြန်မာ နှစ်ဘာသာသင် ကျောင်းကြီး အမည်နှင့် စတင်ဖွင့်လှစ်ခဲ့လေသည်။ ထိပ်ဆုံးဖြစ်သော ကျွန်ုပ်တို့ကျောင်းသား ဆယ်ယောက်အား အင်္ဂလိပ်စာ စ၍သင်သောအချိန်မှသည် ၄င်းနှစ် ဒီဇင်ဘာလ တွင် ကျွန်ုပ်တို့အား လေးတန်းစာမေးပွဲသို့သွင်း၍ အစိုးရစာစစ်ခံစေသော အချိန်တိုင်အောင် တနှစ်နှင့်သုံးလမျှသာအချိန်ကြာ၏။ သို့နှင့်ပင် ကျွန်ုပ်တို့ ကျောင်းသားဆယ်ယောက်လုံးသည် လေးတန်းစာမေးပွဲ အောင်မြင်ကြရလေကား မန္တလေးတမြို့လုံး ဟိုးလေးတကျော် ဖြစ်၍ ကျောင်းသားအရေအတွက်မှာလည်း ကျောင်းမဆံ့အောင် တိုးတက်များပြား လာလေ၏။ ဤမျှသော အချိန်အပိုင်းအခြား အတွင်း၌ဆယ်ယောက်လုံးအောင်မြင် ကြခြင်းမှာ ကျောင်းသားများအား စာမကျက် ပဲနေ၍မဖြစ်အောင် ကျပ်တည်းစွာ သင်ပြသော ဦးပဥ္စင်း ဦးတိလောက၏ ကျေးဇူးပင်ဖြစ်သည်ဟု မှတ်ချက်ပေးလိုက်ရ ပေသည်။

## ဆရာနှင့်တပည့်သဘောထား

ဤနေရာတွင် ဦးပဥ္စင်းဦးတိလောကအကြောင်း ဆက်လက်၍ ဖော်ပြပါရစေဦး။ ဦးတိလောကသည် ကျွန်ုပ်တို့ငါးတန်းသို့တက်သောနှစ်၌ ရဟန်းဘ၀ကို ပျော်ပိုက်ဟန်မရှိပဲ လူထွက်၍ အိမ်ထောင်ကျသွားလေပြီ ဦးတိလောကအား ကျွန်ုပ်တို့ကျောင်းသားများက မည်မျှလောက် ချစ်ကြောက်ရိုသေရှိကြပုံကို ကြီးပြင်းလာသောအခါတွင် အချင်းချင်းပြော၍ ရယ်မိကြသေးသည်။ ရယ်မိကြခြင်းမှာ ကျွန်ုပ်တို့ ကြီးပြင်းလာကြ၍ အသက်၃၀ကျော် ၄၀အရွယ်တွင် သားမယားအလုပ်အကိုင်နှင့် ဖြစ်နေကြသော်လည်း တခါတရံလူ၀တ်လဲပြီးဖြစ်သည့် ဦးတိလောကနှင့် မတော်တဆ ဆုံမိကြရာ၌ဆရာတစ်ခွန်း၊ အရှင်ဘုရားတခွန်း၊ ခင်ဗျား ကျွန်တော်တခွန်းနှင့် ကယောင်ချောက်ချားဖြစ်ကာ ကြောက်ဒူးတုန်လျက် စကားမပြောတတ်အောင် ဖြစ်ကြရသောကြောင့်ဖြစ်လေသည်။ ကျွန်ုပ်ကိုယ်တွေ့ အဖြစ်အပျက်တခုကို ဖော်ပြရသော် ၁၉၁၉ ခုနှစ်တွင် ကျွန်ုပ်သည် သူရိယတိုက်၌ မဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့် လုပ်ကိုင်လျက်ရှိစဉ် ဦးတိလောက (လူအမည် ဦးထွန်း၀င်း)သည် တိုက်ပေါ်သို့တက်လာ၍ ကျွန်ုပ်နှင့်ကပ်လျက်ရှိသော စားပွဲတွင်ထိုင်သော အယ်ဒီတာတယောက်နှင့်စကားပြောသည်ကို ကျွန်ုပ်မြင်ပါလျက် နှုတ်ဆက်ရမည်ကိုကြောက်သည်နှင့် မမြင်ချင်ပြု၍ ငုံ့နေလိုက်၏။ နောက်တခေါက်ပြန်သောအခါ၌မူ ရှိုင်းရာကျတော့မည်ဟု အောက်မေ့၍ ထိုင်ရာမှထပြီး နှုတ်ဆက်သည်တွင်မှ ဦးပဥ္စင်း (ဆရာ)က ၀မ်းသာအားရနှင့် ဖက်လှဲတကင်းပြုပေသည်။

"ငါ တနေ့က တခေါက်လာသေးတယ်ကွယ့်၊ မင်း မရှိဘူးလား"

"တင်ပါ၊ တပည့်တော်– ကျွန်တော် အလုပ်ရှုပ်နေလို့ မော့မကြည့်လိုက်မိလို့ပါ ဆရာ"ဟု ပြန်ပြောရသည်။

ဆရာသည် လူပါးတယောက်ဖြစ်၍ ကျွန်ုပ်အကြောင်းကို ရိပ်မိသဖြင့် ပြုံးစိစိ ကြည့်ခြင်းကိုလည်း ကျွန်ုပ်နားလည်သည်။ ဆရာသည် တပည့်တယောက် အယ်ဒီတာဖြစ်ခြင်းအတွက် ဂုဏ်ယူရှာသည့် လက္ခဏာနှင့် ဝမ်းသာအားရ ပြောသွားရှာ၏။ ဤအကြောင်းကို ကျောင်းသားဟောင်းများတွေ့တိုင်း ကျွန်ုပ်က ပြောပြရာ သူတို့ကလည်း ဤနည်းနှင့်ဖြစ်ဘူးကြောင်း ပြန်ပြောကြ၏။ ကျွန်ုပ်တို့က ဆရာဆိုသည်မှာ ရိုက်ပိုင်သည်ဟူ၍လည်းကောင်း၊ ဦးပဥ္စင်းဖြစ်သောကြောင့် သာ၍ရိုက်ပိုင်သည်ဟူ၍လည်းကောင်း နားလည်ကြ၍ (ရိုက်လွန်းသည်ဟု ထင်ကြစေကာမူ) ဆရာဦးထွန်းဝင်းအပေါ်၌ ဆန့်ကျင်သော စိတ်မျိုး မရှိကြခြင်းစိုးစဉ်းမျှ မှန်သော်လည်း ငယ်စဉ်က ကြောက်ခဲ့ရခြင်း အတွက်ကြောင့် အကြောက်မပြေနိုင်သည်နှင့် မျက်နှာချင်းမဆိုင် လိုကြခြင်း ပင်ဖြစ်ပါသည်။ ဤခေတ် ဆရာတပည့်များကမူ ရယ်ချင်ကောင်း ရယ်ချင်ကြပေ လိမ့်မည်။

## ကျီစားလွန်ခြင်း

ကျောင်းသားချင်းက နှိပ်စက်ဘူးခြင်းများကို စာဖြင့်ရေး၍ မှတ်သားထား လေသလောဟု ပြောချင်သည်။ ပြောကြစေ၊ ဆိုင်းတန်းကျောင်းသို့ ပြောင်းခါစတွင် ကျွန်ုပ်ခံရသည့် အဖြစ်အပျက်တခုကို ဖော်ပြလိုသေး၏။ ဖခင်သည် ဖိနပ်ထောင် ဆရာဖြစ်သည့်အလျောက် ကျွန်ုပ်အတွက် ပိန်းတန်း ဖိနပ်ကလေးများ ဆန်းဆန်း ပြားပြားလှလှပပဖြစ်အောင် စပယ်ရှယ် ချုပ်လုပ်ပေးလေ့ရှိ၏။ ကျောင်းသားတိုင်း သည် ကျွန်ုပ်၏ ဖိနပ်ကလေးကို ငုံ့ကြည့်ကြ၏။ ကြည့်လည်းကြည့်သင့်၏။ တနေ့သ၌ ဦးတိလောကသည် ပျော်ဘွယ်မြို့သို့ အလည်ကြွသွား၍ ပြန်လည် ကြွရောက်လာရာတွင် ဆရာများရော၊ ကျောင်းသားများပါ တကျောင်းလုံး ကြိုဆို ကြဖို့ စီစဉ်ထား၏။ ထိုနေ့တွင် ကျောင်းသားတိုင်း ဝတ်ကောင်းစားလှနှင့် လာကြ၍ ဘူတာရုံသို့ စီတန်းကာ လမ်းလျှောက်ကြ ရမည်ဖြစ်၏။ ဆိုင်းတန်း

ကျောင်းမှာ နှစ်ထပ်တိုက်ဖြစ်၍ အောက်ထပ်တွင် ဖိနပ်စီးရသော်လည်း အပေါ်ထပ်တွင် ဖိနပ်ချွတ်ကြရ၏။ ကျွန်ုပ်မှာ အပေါ်ထပ်သို့ ကိစ္စတခုနှင့် တက်သွား၍ လှေကားတွင် ဖိနပ်ဆန်းကလေးကို ချွတ်ထားခဲ့ရာ ပြန်ဆင်းလာသောအခါ၌ မတွေ့ရတော့ချေ။ ဖိနပ်ကလေးမှာ မည်သူ၏ ဖိနပ်နှင့်မျှမတူသောကြောင့် မှားနိုင်စရာမရှိ၊ တမင်တကာနောက်ပြောင်၍ ဝှက်ထားသည်ဖြစ်စေ ခိုးထားသည်ဖြစ်စေ ဖြစ်ရပေမည်။ ဖိနပ်ပျောက်သော ကိစ္စမျှလောက်နှင့် ဆရာများအား တိုင်ရန် ထုံးစံမရှိသောကြောင့် ကိုယ့်ဖာသာ ရှာရ၏။ မတွေ့ချေ။

## ဒုက္ခဝေဒနာ

စာပို့ရထားသည် မန္တလေးဘူတာရုံသို့ နေ့လယ်တနာရီတွင် ဆိုက်မည်ဖြစ်၍ ကျောင်းသားများသည် ၁၂ နာရီတိတိတွင် ဆိုင်းတန်းကျောင်းမှ စီတန်းကာ ထွက်ကြရန်ဖြစ်၏။ ရာသီမှာ တပေါင်းလဖြစ်၍ခြစ်ခြစ်စလန်အောင် ပူပြင်းလျက်ရှိလေပြီ။ ကျွန်ုပ်၌ဖိနပ်ပျောက်ခြင်းကို ဆရာများအား မပြောဝံ့သည်နှင့် အခြားကျောင်းသားများနှင့် အတူစီတန်း၍ လိုက်ရ၏။ ပူလှသည့်မြေကြီးမှာ ဒယ်အိုးကင်းကဲ့သို့ရှိသဖြင့် ခြေထောက်တဘက်ချတိုင်း ကပျာကယာ ပြန်မြှောက်ကာ နောက်ခြေတဘက်အား အလှည့်ပေးရခြင်းကြောင့်ခုန်ဆွခုန်ဆွဖြစ် နေ၏။ သို့ရာတွင် ကျွန်ုပ်မှာ ဦးပဥ္စင်း၏ ရိုက်နှက်ခြင်းနှင့် ဖခင်၏ရိုက်နှက်ခြင်း အကြားတွင်လူဖြစ်လာရခြင်းသောကြောင့် ဒုက္ခဝေဒနာခံစားရခြင်း၌ အလေ့အကျင့်

ရှိသည်ဖြစ်၍ သူတပါးတို့ထက် (လူကြီးလူငယ်မရွေး ခံနိုင်ရည်ရှိသူဖြစ်၏။ ခြေဖဝါးများ ပူလှခြင်းကြောင့် ခုန်ချင်သလိုလို၊ ပေါက်ချင်သလိုလို၊ ပြေးချင်သလိုလိုဖြစ်ခဲ့ရသော်လည်း အံကြိတ်၍ ခံခဲ့နိုင်ပါသည်။ သို့ရာတွင် မီးရထားသံလမ်းကို ဖြတ်ကျော် ဆောက်လုပ်ထားသည့်တံတားကုန်းကြီးပေါ်သို့ ရောက်ကြသောအခါ၌မူကား မြေကြီးကို နင်းလာခဲ့ရာမှ သစ်သားပျဉ်ပြားကို

နင်းလိုက်ရခြင်းကြောင့် နှစ်ဆမျှပူလောင်ခြင်းကို ခံစားရသဖြင့် လေးငါးလှမ်း သွားမိရာတွင် မခံမရပ်နိုင်တော့ပဲ 'တောက်လျှောက်ပြေးသွားတော့ မည်'ကြံမိ၏။ သို့ဆိုလျှင် ဆရာ၏ရိုက်နှက်ခြင်းခံရမည်ဟု သိသောကြောင့် မပြေးဝံ့ပဲ အံကြိတ်ခံယင်း 'အလိုလေး အမယ်လေး'ဟု ညည်းချင်လာ၏။ သို့ရာတွင် ကျောင်းသားများရယ်ကြမည်ကို ရှက်သည်နှင့် ညည်းညူမည့်အသံကို မျိုချလိုက်ရာ မျက်ရည်များ ယိုကျလာတော့သည်။ ဤတွင် ကျွန်ုပ်သည် 'ကျောင်းသားတယောက် ယောက်၏ ညစ်ပတ်ခြင်းကြောင့် ငါခံရလေခြင်း' ဟုအောက်မေ့ကာ 'ဆူးတချောင်း' ပေါက်လာရပြန်ပါတော့သည်။ ထိုညနေတွင် အိမ်သို့ ပြန်ရောက်သောအခါ နေရာတိုင်းရိုက်ချင်တတ်သော ဖခင်မသိစေပဲ မိခင်အားပြောပြ၍ မိခင်၏ အကာအကွယ်ကြောင့် ကျွန်ုပ်အဖို့သက်သာရာရလေတော့သည်။ ဖခင်၏သဘာဝ မှာ မိမိက အမြတ်တနိုး အထူးတလည် ချုပ်လုပ်ပေးထားသည့် ဖိနပ်သစ်ကို လုံခြုံအောင် မထိန်းသိမ်းနိုင်ရသလောဟူသော အမြင်မျိုးသာရှိတတ်၍ အတော် ကြောက်ဖို့ကောင်းလေသည်။

## မည်သူ၏အပြစ်ပေးနည်း

ကျွန်ုပ်အပေါ်၌ဖခင်က ချစ်ခင်ပုံ၊ ဂရုစိုက်ပုံတို့မှာ များလွန်းအားကြီးသည် ဟု တောင့်တမိသောအခါများလည်း ရှိ၏။ ဦးတိလောက ပြန်ရောက်လာသည့် နောက် တပေါင်းလပြည့်ကျော် ၅ ရက်နေ့တွင်ရွှေစာရံဘုရားပွဲသို့ ကြွရန်စီစဉ်ရာ ဦးပဥ္ဇင်းက ကျွန်ုပ်အား "ငှင်း၏တူနှစ်ယောက်နှင့်အတူ လိုက်ချင်လိုက်နိုင်သည်" ဟုအမိန့်ရှိ၍ ကျွန်ုပ်လည်း မရောက်ဘူးသည့် ရွှေစာရံပွဲသို့ လိုက်ချင်လှသည်နှင့် ဝမ်းမြောက်ဝမ်းသာလက်ခံလေ၏။ အိမ်သို့ရောက်၍ မိဘများအား ပြောပြသော အခါ မိခင်ကခွင့်ပြုသော်လည်း ဖခင်ကမူအကြောက်အကန်ကန့် ကွက်လေ၏။ သို့ကန့်ကွက်ရာတွင် မည်သည့်အကြောင်းမှ မပြနိုင်ပဲ သူကိုယ်တိုင်မပါသော

လမ်းခရီးတွင် ကျွန်ုပ်တယောက်တည်း ပါသည်။ ဦးပဉ္စင်းကို လိုက်ပို့သည့် ပွဲကတော်တအိမ်လုံးလည်းပါကြသည်။ ဤအထဲမှပင် ကျွန်ုပ်၏ လုံခြုံရေးအတွက် စိတ်မချသောကြောင့် ဘုရားပွဲသို့ မထည့်လိုက်နိုင်ဆိုခြင်းမှာ (ဦးပဉ္စင်းကိုယ်နှိုက်ကပင်) လွန်လွန်းသည်ဟု ယူဆနေလေပြီ။ သို့သော် ဦးပဉ္စင်းသည် ဖခင်အားမည်သို့မျှမပြော "မင့်ဖာသာကြည့်လုပ်လေ"ဟု ကျွန်ုပ်အား လွှဲထား၏။ ကျွန်ုပ်ကား ၁၁ နှစ်သားအရွယ်ရှိလေပြီ။ ရွှေစာရံဘုရားပွဲ၏ ပျော်စရာကောင်းခြင်းအကြောင်းကို ကြားရဘူးသော ကျွန်ုပ်မှာလည်း မလိုက်ရလျှင် သေရမလောက်ဖြစ်နေလေပြီ။ ကျွန်ုပ်လည်း ထိုအရွယ်သို့တိုင်အောင် ဖခင်စကားကို မမြင်ကွယ်ရာ၌ ဖောက်ဖျက်ခဲ့မိဘူးသော် လည်း တိုက်ရိုက်ဆန့်ကျင်ဘက်ပြုဘူးခြင်းကား မရှိသေးပေ။ ဤအကြိမ်တွင်မူ ကားဖခင်၏ တားမြစ်ခြင်းသည် တရားနည်းလည်းမကျဟု ယူဆသည်နှင့် အိမ်မှ ပြောင်ပြောင်ထွက်သွား၍ ဘုရားပွဲသို့ လိုက်သွားလေ၏။ (အမှန်ကိုပြောရလျှင် ကျွန်ုပ်မှာဘုရားပွဲတလျှောက်လုံးတွင် ဖခင်၏မကြည့်ရှုင်သောမျက်နှာကိုသာ မြင်လျက်ရှိသောကြောင့် မျှော်လင့်သလောက် မပျော်ခဲ့ရပေ။)

အိမ်သို့ပြန်ရောက်သောအချိန်၌ ဖခင်သည် ကျွန်ုပ်အပေါ်တွင် ရှေးကကဲ့သို့မဟုတ်ပဲ 'ခပ်တန်းတန်း' လုပ်နေလေရာ ကျွန်ုပ်ကလည်း မိမိမှန်သည်ဟုထင်ကာ ခပ်တန်းတန်းပင် တုံ့ပြန်မိသည်။ ဤအဖြစ်အပျက်မှာမည်သူ၏ အပြစ်ဖြစ်သည်ဟု ကျွန်ုပ်မဆုံးဖြတ်လိုသော်လည်း ထိုအချိန်မှစ၍ကျွန်ုပ်တို့သားအဖနှစ်ယောက်မှာ ကြင်နာမှုလျော့ပါးလာခြင်းကား အမှန်ဖြစ်သည်။ ဖခင်က ဟန်လုပ်၍ တင်းမာခြင်းဖြစ်ချင်ဖြစ်မည်။ ကျွန်ုပ်ကမူကျပ်တည်းလွန်းသော ဖခင်တယောက်ဟု တကယ်မြင်လာ၍ သူ၏ချစ်လွန်းခြင်းအတွက် ဝမ်းမသာနိုင်အောင်ဖြစ်မိတော့သည်။ အဘယ်ကြောင့်ဆိုသော် သားသမီးတို့မည်သည် မိဘအပေါ်၌ အလုံးစုံကျေနပ်၍ မိမိတို့၏နေအိမ်၌ ပျော်ပိုက်သင့်သည်ဖြစ်ရာ ကျွန်ုပ်မှာ ထိုကဲ့သို့မဖြစ်ရပဲ စည်းလုံးသောစိတ်မျိုး လျော့ပါးသွားပေသောကြောင့်တည်း။

ဤသို့ရေးခြင်း အားဖြင့် ဖခင်အား အပြစ်တင်လိုခြင်းမဟုတ်။ ကျွန်ုပ်၏ ကံမကောင်းခြင်းဟူ၍သာ ဆိုလိုပါသည်။

## ယူကလစ် လူမဖြစ်

၁၉၀၁ ခုနှစ်တွင် ကျွန်ုပ်တို့အတန်းသား ၁၀ ယောက်သည် ၅ တန်းသို့တက်ကြရ၏။ ဦးတိလောကသည် ကျောင်းအုပ်ချုပ်ရေးနှင့်ပတ်သက်၍ မကျေနပ်သည့် လက္ခဏာနှင့် ကျွန်ုပ်တို့အား ကိုယ်တိုင်မသင်ပြတော့ပဲ အတန်းပြဆရာများ ငှားရမ်းသင်ပြစေရာ ဆရာပေါင်းလေးငါးယောက် လဲလှယ် သည့်အထဲတွင် ဆရာဖြစ်တန်းအောင်သူတယောက်မျှ မပါရှိပဲ ၇ တန်း အောင်ခါစ လူများ၊ စာရေးပြုတ်များ၊ အလုပ်လက်မဲ့ ဗိုလ်ကပြားတယောက် စသည်ဖြင့် နှစ်လတကြိမ်ခန့် အပြောင်းအလဲ ဖြစ်နေ၏။ အတန်းသားများသည် အင်္ဂလိပ်ဘာသာတွင် တော်ကြသော်လည်း အသစ်စက်စက် ဘာသာရပ် တခုဖြစ်သော 'ဂျီသြမေတြီ'၌ အခက်အခဲတွေ့ကြ၏။ ထိုစဉ်ကမူ 'ယူကလစ်' ဟုခေါ်ကြ၍ အလွန်ခက်သည့်အနေဖြင့် 'ယူကလစ်လူမဖြစ်'ဟု ကျောင်းသားများ ပြောကြ၏။ ဤအတောအတွင်း ကျောင်းကလည်း ဆိုင်းတန်းရပ်မှ မလွန်ဆေးရိုး ဝင်းသို့ ရွှေ့ပြောင်းရပြန်လေရာဆရာများက 'ယူကလစ်'ကိုလူငယ်များ သဘောပေါက်အောင် မသင်ပြတတ်သည့် အတွက်ကြောင့် စာမေးပွဲတွင် ကျောင်းသားကြီး လေးယောက်မျှသာ အောင်မြင်၍ (ကျွန်ုပ်အပါအဝင်) ကျောင်းသားကလေးခြောက်ယောက် ကျရှုံးကြလေသည်။ ဤတွင် အကျရှုံး များလွန်းသည်ဆိုကာ ကျွန်ုပ်မှတပါး ကျရှုံးသော ကျောင်းသားများသည် အခြားကျောင်းများသို့ ပြောင်းရွှေ့သွားကြလေ၏။ ကျွန်ုပ်၏မိဘများကမူ ဆရာတော်ဘုရားကြီး တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကျောင်းဟူ၍ သစ္စာရှိသည့် လက္ခဏာနှင့် ကျွန်ုပ်အားပြောင်းရွှေ့ခြင်းမပြုပေ။

## ကျွန့်ပ်၏ နတ်မင်းကြီး

ကျွန်ုပ်တို့ကျောင်းမှာ ထိပ်ဆုံးတန်းဖြစ်သော ၅တန်းသမားများ အောင်ကြသောအခါတွင် ၆တန်းဖွင့်နိုင်သော အခြေအနေမရှိသည်နှင့် စိန်ပီတာ၊ အောဘီအမ်စသော ခရစ်ယန်သာသနာပြု ကျောင်းကြီးများသို့ ပြောင်းရွှေ့၍ ဆက်လက် သင်ကြားကြ၏။ အောင်မြင်သော ကျောင်းသားများနှင့်အတူ မအောင်မြင်သော ကျောင်းသားများသည်လည်း အထက်ပါအကြောင်းကြောင့် ပြောင်းရွှေ့သွားကြသဖြင့် အတန်းတူကျောင်းသားဟောင်းဆို၍ ကျွန်ုပ်တယောက် တည်း ကျန်ရစ်လေတော့သည်။ အခြားကျောင်းသားများပြောင်းရွှေ့ ခြင်းထက် ကျွန်ုပ်အား အကာအကွယ်ပေးခဲ့သည့် ကျောင်းသားကြီးတယောက် ပြောင်းရွှေ့သွားခြင်းကြောင့် ကျွန်ုပ်၏စိတ်၌ထိခိုက်ပုံကို ဖော်ပြလိုပါသေးသည်။ သူ၏အမည်မှာ 'ထွန်းလှ'ဟုခေါ်၍ (ကျွန်ုပ်၏မိဘများမှတပါး) ကျွန်ုပ်အပေါ်၌ တကယ်မေတ္တာကရုဏာထားသည့် ပထမဦးဆုံးသော ကျောင်းသားတယောက်ဖြစ်၏။ ထိုသူသည် ဘုန်းကြီးကျောင်း၌ ကျောင်းသားကလေးများအား လက်ဝေ့တိုက်ပေး သည့် ကျောင်းသားကြီးများအနက်တွင်တယောက်အပါအဝင်ဖြစ်၍ကျွန်ုပ်နှင့် 'သတ်ဘက်' ရွေးပေးသောအခါများ၌ ကျွန်ုပ်အပေါ်ညှာတာမှုရှိခြင်းကို ကျွန်ုပ်ရိပ်မိခဲ့ သည်။ အခြားကျောင်းသားကြီးများက ကျွန်ုပ်ထက်အနည်းငယ်ကြီးသော ကျောင်းသား နှင့် 'ဘက်'ပေးမည်ပြုသော ကိုထွန်းလှက 'မလုပ်ပါနဲ့ကွ၊ ဒီကလေးက အိမ်အဝေးကြီးလာရရှာတာ'ဟု ပြော၍ ညီတူမှ ကျွန်ုပ်နှင့်တွဲပေး၏။ 'ချစ်တီး'က ကျွန်ုပ်အား 'ပစ္စည်းဝါးရမ်းဖမ်း'သောအခါများတွင်လည်း ကိုထွန်းလှကပင် ကယ်ဆယ်ခဲ့သဖြင့် ကျွန်ုပ်မုန့်စားရ၏။ ကိုထွန်းလှသည် ကျွန်ုပ်ထက် ငါးနှစ်ခန့်ကြီး၍ သူ၏ညီပင် ကျွန်ုပ်ထက် နှစ်နှစ်ခန့်ကြီးသေးရာ ညီအရင်းက ကျွန်ုပ်အားအနိုင်ကျင့်မည်

ပြုခြင်းကိုပင် သူသိပါက ကျွန်ုပ်ဘက်မှ လိုက်၏။ သူတို့ညီအစ်ကိုသည် အချင်းချင်း စကားမပြော။ ကိုထွန်းလှသည် ကျွန်ုပ်တယောက်တည်းကိုသာ အရောတဝင်ရှိ၍ သူ့ညီထက်ပင် ကျွန်ုပ်ကို ချစ်သည်ဟုပင် ထင်မိ၏။ ဟုတ်မဟုတ်ကား မပြောတတ်။ ကျွန်ုပ်ကမူ ၎င်းအထင်ကြောင့် ကိုထွန်းလှအား တိုး၍ချစ်မိရာ၊ ကိုထွန်းလှကလည်း ဤအတွက်ကြောင့် တိုး၍ကြင်နာပုံရသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ တနှစ်ထက်တနှစ်ခင်မင်လာကြ၍ ရွယ်တူမဟုတ်သော်လည်း တပူးတွဲတွဲ ရှိကြလေ၏။

## အတော်ဆုံးလူတယောက်

ချားလ်စ်ဒစ်ကင်း ဒေးဗစ်ကော့ပါးဖီးလ် (David Copperfield) ဝတ္ထုကြီးကို ဖတ်ဘူးသူများသည် စတီးယားဖို့သ် (Steerfoth) ကိုမမှတ်မိပဲ နေနိုင်ကြမည် မဟုတ်ပေ။ ကျွန်ုပ်သည် ၎င်းဝတ္ထုကိုဖတ်လိုက်ရသည်နှင့် တပြိုင်နက် ကိုထွန်းလှကိုချက်ချင်းသတိရ၏။ကိုထွန်းလှသည် အခြားကျောင်းသားများထက် ကိုယ်ကာယအားဖြင့်သာ ဦးခေါင်းတလုံး မြင့်သည်မဟုတ်။ မှတ်ဉာဏ်ကောင်းခြင်း၊ စဉ်းစားတတ်ခြင်း၊ ပါးနပ်ခြင်း၊ လူရေလည်ခြင်းစသော အရည်အချင်းများနှင့် ပတ်သက်၍လည်း အခြားကျောင်းသားများထက် ဦးခေါင်းတလုံးမြင့်သည်ဟု ကျွန်ုပ်ဆိုချင်၏။ ဝတ္ထုထဲမှ စတီးယားဖို့သ်မှာ လူပျိုပေါက်အရွယ်တွင် ဆုံးရှုံးရသကဲ့သို့ ကိုထွန်းလှမှာလည်း ၎င်းအသက်အရွယ်၌ပင် အသက်ဆုံးရှုံးရခြင်းလည်း တူကြ၏။ လိင်ကိစ္စနှင့်ပတ်သက်၍ အသက်ဆုံးရှုံးကြရခြင်းလည်းတူ၏။ သို့ရာတွင် စတီးယားဖို့သ်၏ ဆုံးရှုံးရခြင်းမှာညစ်ပတ်မှုမကင်းပဲရှိရာ၊ ကိုထွန်းလှ၏ ဆုံးရှုံးရခြင်းမူကား ညစ်ပတ်မှုမပါပဲ ဆေးကောင်းဝါးကောင်း မပေါ်ပေါက်သေးသည့် ခေတ်ကြောင့်ဖြစ်၏။ ကိုထွန်းလှသည် ၅တန်းအောင်ပြီးကတည်းက ကျွန်ုပ်နှင့်ကွဲကွာသွား၍ တကျောင်းစီတတန်းစီဖြစ်သွားကြလေရာ၊ အတန်းတိုင်း

တွင် ဆရာတိုင်း၏ ချီးမွမ်းခြင်းခံရ၍ ငှင်းသေဆုံးသောအခါ၌ အတန်းဆရာက အလွန်နှမြောဖို့ကောင်းသော ကျောင်းသားတယောက်ဖြစ်၍ သူ့ကဲ့သို့မဖြစ်ကြစေရန် ကျွန်ုပ်တို့အား သတိပေးခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။ (သေဆုံးသောအခါတွင် ကိုထွန်းလှမှာ ၉တန်းသို့ရောက်၍ ကျွန်ုပ်မှာလည်း ၈တန်းသို့ရောက်လေပြီ။) ကျွန်ုပ်သည် တသက်တာတွင် 'လူတော်များကို သတိထား၍စောင့်ကြည့်တတ်သူဖြစ်ရာ၊ ကျွန်ုပ်တွေ့ဘူးသည့် 'လူတော်'နှစ်ယောက်အနက်တွင် ကိုထွန်းလှလည်း တယောက်ဖြစ်ပေသည်။ ဤလူအသက်ရှည်ခဲ့လျှင် ကေန္တကြီးပွားရမည်ဟု ကျွန်ုပ်ပြောရဲသည်။ ကျောင်း၌ အတူနေကြစဉ် (ကျွန်ုပ်အားအကာအကွယ်ပေးသော ကျေးဇူးကြောင့် ပေလောမသိ) ကျွန်ုပ်သည် ကိုထွန်းလှ၏ သစ္စာရှိသောခွေးကလေး (Faithful Dog) ကဲ့သို့လည်းကောင်း၊ ရော်ဘင်ဆင်ကရူးဆိုး၏တပည့် ဖရိုက်ဒေးကဲ့သို့လည်း ကောင်း သူ့နောက်မှ တကောက်ကောက် လိုက်ကာသူ၏အမှုကြီးငယ်တို့ကို ဆောင်ရွက်ပေးရခြင်းအတွက် ကြည်နူးမိ၏။ ၅ တန်းစာမေးပွဲ၌ သူအောင်၍ ကျွန်ုပ်ကျသဖြင့် ခွဲခါနီးတွင် ကိုထွန်းလှသည် ကျွန်ုပ်အားကျောင်းနောက်ဖေးသို့ခေါ် ၍ ကျွန်ုပ်၏ ပခုံးကိုဖက်ညှစ်ယင်း မျက်ရည်များ ဝိုင်းလာရာ၊ ကျွန်ုပ်ကလည်း ရှိုက်ကြီးတငင် ငိုယိုမိလေသည်။ (ကျွန်ုပ်တို့ မြန်မာလူမျိုးသည် မိတ်ဆွေသူငယ်ချင်း နှင့် ဆွေမျိုးမိဘစသည်များအပေါ်၌ ခင်မင်ခြင်းကို ဖော်ထုတ်ပြသခြင်း နည်းလှသော လူမျိုးဖြစ်ရာ၊ ကျွန်ုပ်အဖို့ရာတွင်လည်း မျက်ရည်ကျသည်အထိ ဖော်ထုတ်ပြသမိခြင်းမှာ တသက်လုံးတွင် ထိုအကြိမ်ပထမဆုံးအကြိမ်ဖြစ်ပါသည်။)

## ကျောင်းပြောင်းရွှေ့ရခြင်း

၅တန်း၌ ဒုတိယနှစ်နေ၍ အတန်းသားသစ်များ အထဲတွင်မိုလ်စွဲရသော်လည်း ဝမ်းသာလှသည်မရှိ၊ ကိုထွန်းလှအမှူးရှိသည့် လူဟောင်းများကိုသာ

တလွမ်းတည်းလွမ်းလျက်ရှိပါတော့သည်။ ဦးပဥ္စင်းဦးတိလောကမှာလည်း လူထွက်သွားပြီးဖြစ်၍ အရိုက်ခံရဖို့ မရှိသည့်အထဲမှာပင် အခြားကျောင်းသားများနှင့် အတူတကွ အရိုက်ခံရဘူးခြင်းများကို သတိရ၍ လွမ်းသလိုလိုဖြစ်မိပါသေးသည်။ ဤနှစ်၌မူ တက္ကသိုလ်ဝင်စာမေးပွဲ (Entrance) နှင့် စက္ကင်ဒရီ ဆရာဖြစ်တန်း အောင်သည့် ဆရာကောင်းတယောက် ရောက်လာသည်နှင့်ခက်လှသည် ထင်ခဲ့သော 'ယူကလစ်'ကို ကျွန်ုပ်သဘောပေါက်အောင် သင်ပြနိုင်ပေရာ၊ ယခင်နှစ်ကတည်းက ဤဆရာမျိုးနှင့်တွေ့ရလျှင် အလွယ်တကူပင် အောင်မြင်နိုင်လိမ့်မည်ဟုထင်မိသည်။ ၁၉၀၂နှစ်တွင် ကျွန်ုပ်၅ တန်းအောင်သောအခါ ဗုဒ္ဓဘာသာကျောင်းမှာ ၆ တန်းကျောင်းဖွင့်နိုင်သော အခြေအနေမရှိသေးသည်နှင့် ကျွန်ုပ်မှာ အေ၊ ဘီ၊ အမ် ကျောင်း (အမေရိကန်ကျောင်း)သို့ ပြောင်းရွှေ့၍ ကျောင်းဝေးသော ဒုက္ခမှလွတ်မြောက်ပြီးပါပြီ။

## ကျောင်းကြီး၏ အရှိန်

လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ ကျောင်းသားတို့ ကြုံရတတ်သော ဒုက္ခများမှ လွတ်မြောက်သလိုဖြစ်ခဲ့သော်လည်း ကျွန်ုပ်အဖို့၌ ၆တန်းကျောင်းသားဘဝ (၁၉၀၃-ခုနှစ်)မှာ မမေ့နိုင်ဆုံးသော အခြင်းအရာများဖြင့်ပြည့်နှက်လျက်ရှိ၏။ ကျောင်းသားတိုင်း (အထူးသဖြင့်ငယ်ရွယ်သူတိုင်း)သည် ကျောင်းတကျောင်းမှ တကျောင်းသို့ ပြောင်းရွှေ့သင်ကြားရသည့်အခါ ရွံ့တွန့်တွန့် ဖြစ်တတ်ခြင်းမှာ ဓမ္မတာပင်ဖြစ်သည်ထင်၏။ ကျွန်ုပ်အဖို့ရာ၌ကား ထိုမျှလောက်မက ထိတ်လန့်တုန်လှုပ်ဖွယ်ကြီးတခုပင် ဖြစ်ခဲ့ရသည်။ ပထမအချက်၌ ကျွန်ုပ်သည်ငယ်စဉ်က လူကြောက်တတ်၏။ (ကျွန်ုပ်ဖခင်မှာလည်း ထိုနည်းတူပင်ဖြစ်ခဲ့ရာ၊ သားအဖနှစ်ယောက်လုံးမှာ ကြီးပြင်းလာကြသော အခါတွင်မှ သူ့နည်းနှင့်သူ လူကြောက်တတ်သော ရောဂါပျောက်ကင်းလာကြသည်။) ဒုတိယအချက်၌ ကျွန်ုပ်နေခဲ့ရသော

ဗုဒ္ဓဘာသာကျောင်းမှာ ထိုစဉ်က ကျောင်းသားဦးရေတရာခန့်မျှသာရှိသည့် အရပ်ကျောင်းကလေးမျှသာဖြစ်ရာ၊ အမေရိကန် ကျောင်းမှာမူ ကျောင်းသား ၃၀၀ ကျော်ရှိ၍ ကြီးကျယ်သော အဆောက်အအုံကြီးများ၊ အချွန်အတက်တွေနှင့် မြင့်မားလှသော ဘုရားရှိခိုးကျောင်းကြီး၊ ကျယ်ဝန်းသော ဝင်းကြီး၊ ဘောလုံးကွင်းကြီး စသည်တို့ဖြင့် ထယ်ထယ်ဝါဝါ ခန့်ခန့်ညားညား၊ သားသားနားနား ရှိလှသည်ဖြစ်သောကြောင့် အရပ်သားများ ဖြတ်သန်းသွားလာခြင်း မပြုဝံ့လောက် အောင်အရှိန်အဝါကြီးလှသည်။ ထိုသို့သော ကျောင်းကြီးသို့ ကျောင်းကလေးမှ ကျောင်းသားတယောက်ဖြစ်သည့် ကျွန်ုပ်ရောက်သွားရသည့်အခါ မြေကြီးကိုပင် ရဲရဲမနင်းဝံ့လောက်အောင် ကျောက်ဒူးတုန်မိပါသည်။ (ဤသည်မှာ ဘုန်းကြီးကျောင်းသား၏ သဘာဝဖြစ်ဟန်တူ၏။ ဘုန်းကြီးကျောင်းသားများသည် ကျောင်းဝင်းထဲ၌ဖိနပ်ချွတ်ကြရသည်။) တတိယအချက်၌ ဖိတန်းပြဆရာ ဆရာနိုင်မှာ ကျောင်းဆရာများအနက်တွင် နာမည်ကြီးတယောက်ဖြစ်၍ ဧရာမ ကျောင်းသားကြီးများကိုပင် 'မျဉ်းလုံး'နှင့် ရိုက်သည်ဟုပြောသံကြားရ၏။ ကျွန်ုပ်မှာ ဗုဒ္ဓဘာသာကျောင်းတွင် နှစ်နှစ်ခန့် အရိုက်လွတ်ခဲ့သော်လည်း အရိုက်ခံရသော ဝေဒနာနှင့်ပတ်သက်၍ (ကျောင်းရောအိမ်ပါ) အကျင့်ရခဲ့သူ ဖြစ်သဖြင့် ကြောက်လှအောင်မရှိသော်လည်း ရိုက်နေကျသူကရိုက်ခြင်းမဟုတ်သည့် အတွက် ကြောင့် အလွန်ထိတ်လျက်ရှိ၏။ (နာကျင်ခြင်းအတူတူ ဖြစ်သော်လည်း 'မျက်နှာသိ'၏ရိုက်ခြင်းနှင့်သူစိမ်း၏ရိုက်ခြင်းတို့ မတူပုံကို နားလည်ကောင်းမှ နားလည်ကြပေလိမ့်မည်။ ကျွန်ုပ်ကဲ့သို့ရိုက်ခြင်းအမျိုးမျိုးခံရဘူးမှသာ နားလည် နိုင် လိမ့်မည်ထင်သည်။) သို့ဖြစ်ရကား ကျွန်ုပ်မှာ ကျောင်းအပ်ပြီး၍ ပထမဦးနေ့ ကျောင်းတက်ရသော နံနက်တွင် ၁၉၅၆ ခုနှစ်က ထောင်ထဲသို့ ဖမ်းခေါ်သွားသော နံနက်ထက်ပင်တုန်လှုပ် ချောက်ချားခြင်းဖြစ်ပေါ်လာသည်။

## သမ္မာဒေသနတ်

အမေရိကန်ကျောင်းသို့ ပို့သောအခါ၌ ကျွန်ုပ်၏အားကိုးကြီးတခုမှာ ငါ၏'သမ္မာဒေဝနတ်ကြီး' ကိုထွန်းလှတယောက် ရှိသည်ဟူသော အချက်ပင်ဖြစ်၏။ ကျွန်ုပ်သည် ကျောင်းတက်ရသော ပထမနံနက်၌ရောက်လျှင် ရောက်ချင်း ကိုထွန်းလှကို လိုက်ရှာ၍တွေ့ရာ ကိုထွန်းလှသည် ကျွန်ုပ်ကိုမြင်ရ၍ ဝမ်းသာ သော်လည်း ဗုဒ္ဓဘာသာကျောင်းမှာကဲ့သို့ ကျွန်ုပ်နှင့်တပူးတွဲတွဲလုပ်ချင်ဟန် မတူတော့ပဲ သူနှင့်အတန်းတူရွယ်တူကျောင်းသားကြီး အချင်းချင်းသာ ပေါင်းသင်း ချင်ပုံရသည်။ ကျောင်းသားရွယ်တူချင်းများအနက်တွင်လည်း ကိုထွန်းလှ သည် 'ဝိုင်းထိုင်ဆရာကြီး' ဖြစ်နေခြင်းကိုတွေ့ရ၏။ ဤသူကား မည်သူပရိသတ်၊ မည်သို့သော လူစားမျိုးနှင့် ပေါင်းသင်းဆက်ဆံရသည်ဖြစ်စေ 'ခေါင်းသူကြီး' ဖြစ်ရမည့် လူတယောက်ဟူ၍ ကျွန်ုပ်သိပြီးဖြစ်ပါသည်။ ကိုထွန်းလှသည် ကျွန်ုပ်မျှော်လင့်သကဲ့သို့ အကာအကွယ်ပေးနိုင်မည့်ပုံ မရသော်လည်း "အရေး အကြောင်းရှိလျှင် ငါ့ကိုပြော"ဟု မှာထားဖော်ရပေသဖြင့် အထိုက်အလျောက် အားရှိခဲ့မိသည်။

## ဓမ္မသီချင်းသီဆိုရခြင်း

၉ နာရီထိုး၍ ဘုရားရှိခိုးကျောင်းကြီးမှ ခေါင်းလောင်းကြီးထိုးသည်နှင့် တပြိုင်နက် ကျွန်ုပ်ရင်ထဲ၌ ဒိတ်ကနဲဖြစ်သွား၏။ ဤသို့ထိတ်ရခြင်းမှာ ကျောင်းတက်ဖို့ လန့်သည့်အထဲတွင် ဗုဒ္ဓဘာသာ ကျောင်းမှာကဲ့သို့ လက်လှုပ်ခေါင်းလောင်းမျိုးမဟုတ်ပဲ ကြိုးကြီးဖြင့်ဆွဲရပြီး 'တာဝါ'စင်မြင့်ကြီးပေါ်မှ တရပ်လုံးကြားရလောက်အောင်မြည်ဟိန်းသော ခေါင်းလောင်းသံကြီးကလည်း လူကိုလန့်ပေးသကဲ့သို့ ရှိသောကြောင့်ဖြစ်၏။ ကျောင်းတက်သောအခါ၌

ကျောင်းသားများသည် မိမိတို့၏ အတန်းများသို့ မသွားရသေးပဲ ကျောင်းကြီးအပေါ်ထပ်ရှိ ခန်းမဆောင်ကြီးသို့သွားကြရ၏။ ကျောင်းအုပ်ဆရာကြီး က မုတ်ဆိတ်မွေးကြီး တဖွားဖွားနှင့် စင်မြင့်ပေါ်၌ထိုင်လျက်ရှိ စဉ် ၃၀၀ ခန့်မျှသော ကျောင်းသားများသည် နှစ်ယောက်တွဲထိုင်ရသော ခုံများပေါ်တွင် ငြိမ်သက်စွာထိုင်လျက်ရှိကြလေရာ၊ ဤမျှလောက် ကျယ်ဝန်းသော ခန်းမကြီးကိုလည်းကောင်း၊ ဤမျှလောက် မြောက်မြားစွာသော ကျောင်းသားများကိုလည်းကောင်း မမြင်ဘူးသည့် ကျွန်ုပ်အဖို့မှာ အလိုလိုလန့်လျက် ရှိ၏။

ထို့နောက်ဓမ္မသီချင်း သီဆိုရန်အတွက် တပြိုင်နက်တည်း ထလိုက်ကြသဖြင့် 'ဝုန်း'ကနဲမြည်ဟိန်းသွားသော အသံကြီးသည်လည်း ကျွန်ုပ်အား တိုး၍ရင်ဖိုလှိုက်စေ၏။ ကျောင်းအုပ်ကြီးက ဓမ္မသီချင်းနံပါတ်ကို ပြောလိုက်သဖြင့် ကျောင်းသားများသည် နှစ်ယောက်လျှင် တအုပ်ကျစီကိုင်ထားကြသည့် ဓမ္မသီချင်းစာအုပ်ကိုလှန်ကြ၍ သီဆိုရမည့် သီချင်းပိုဒ်ကိုတွေ့ကြသောအခါ ကျောင်းအုပ်ကြီးက စတင်သီဆိုလိုက်သည်နှင့်တပြိုင်နက် ကျောင်းသားများရောကျောင်းဆရာများပါ တညီတညာတည်း သီဆိုကြလေကုန်၏။

## ကြည်နူးဖွယ်သောအသံ

ခရစ်ယန်ဓမ္မသီချင်းသံကို မကြားရဘူးသည့် ကျွန်ုပ်မှာ အတော်ခန့်ညား၍ စိတ်ထိခိုက်စေသော တေးသံဖြစ်သည်ထင်၏။ ကျွန်ုပ်သည် ဗုဒ္ဓအကြောင်းအရာကို ခန့်ညားစွာ စီကုံးရေးစပ်ထားသည့် 'ဇောတိဉာဏ်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပေါက်သား၊ ရောင်တောက်ပလွင်၊ သမိုက်ပြင်ထက်' အစရှိသော လင်္ကာကြီးကိုမိခင်၏ ချိုအေးခန့်ညားလှသောအသံဖြင့် ရွတ်ဆိုပြခြင်းကို ကြားရဘူး၍ ပီတိဖြစ်ခဲ့ဘူးသည်ဖြစ်ပါလျက် ခရစ်ယန်ဓမ္မသီချင်းကို ကြားရသောအခါတွင် တမျိုးစီခန့်ပါပေသည်ဟု အောက်မေ့မိ၏။ ဗုဒ္ဓ၏အဖြစ်တော်၊

ဂုဏ်တော်တို့နှင့် ပတ်သက်၍ ပီတိဖြစ်ရအောင် ရွတ်ဆိုခြင်းကို မကြားရဘူးရှာကြပဲ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟူ၍ ဘုန်းတော်ကြီးများ ရွတ်ဆိုသံမျှလောက်ကိုသာ ကြားရဘူးသည့် ရပ်ဝေးမှ အပ်နှံထားသော ကျောင်းသားကလေးများအဖို့မှာ ခရစ်ယန်ဓမ္မသီချင်းကို ကြားရခြင်းတခုတည်းနှင့် ပင်စိတ်ကြည်နူး၍ ၄င်းဘာသာကိုအဟုတ်ကြီးထင်ကာ ကူးပြောင်းယုံကြည်သွားရှာ ခြင်းသည် အံ့သြထိုက်သည်မဟုတ်ဟု ကျွန်ုပ်စဉ်းစားမိပါသည်။ ဓမ္မသီချင်း ဆိုပြီးကြသည့်နောက် ဆုတောင်းခြင်းနှင့် ကျောင်းကိစ္စအဝဝတို့ကို ကျောင်းအုပ်ကြီးက ပြောပြခြင်းစသည်ဖြင့် ဆောင်ရွက်ပြီးကြသောအခါမှ ကျောင်းဆရာများနှင့် ကျောင်းသားများသည် ခန်းမကြီးမှ ဆင်းလာကြ၍ အတန်းအသီးသီးသို့ ဝင်ကြရလေသည်။

## ကြွန်ကောင်းလှသော ဆရာနိုင်

၆ တန်းသင်ပြသောအခန်းမှာ တကျောင်းလုံးတွင် အကျယ်ဆုံးဖြစ်၍ ကြောက်လှပါသည်ဆိုသော ကျွန်ုပ်အား ဖြဲချောက်သကဲ့သို့ ရှိနေပြန်၏။ ဖြစ်ရပုံမှာ ကံအားလျော်စွာ ၄င်းနှစ်၌ ၆တန်း ကျောင်းသားများသည် တကျောင်းလုံးရှိ အတန်းတကာတို့တွင် အများဆုံးဖြစ်သည်နှင့် ၄င်းအခန်းကြီးသို့ရွှေ့ပြောင်းသင်ပြ ရခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် အတန်းသားတယောက်နှင့် အတူတွဲလျက် နှစ်ယောက်ထိုင်ရသောစာရေးခုံတခုံ၌ ထိုင်မိသည်နှင့် တပြိုင်နက် နာမည်ကြီးလှသော ဆရာနိုင်သည် အတန်းထဲသို့ ဝင်လာလေ၏။ ဆရာနိုင်မှာ ကျွန်ုပ်တွေ့ခဲ့ရသော ကျောင်းဆရာ ၁၅ယောက်ခန့်တို့အနက်တွင် ထူးခြားသော ဥပဓိရုပ်ရှိသူတယောက်ဖြစ်ပေသည်။ အသားဖြူဖြူ လူဖလံတယောက်မျှသာဖြစ်၍ ကြောက်စရာကြီးမဟုတ်ဟု ထင်ရသော်လည်း နှုတ်ခမ်းမွေးကလေးသက်သက်နှင့် အလွန်ကြွန်ကြီးသော ဆရာတယောက်ဖြစ်၍ ကျွန်ုပ်မြင်ရသည့်လေးငါးလအတွင်းတွင် တကြိမ်တခါမျှပြုံးခြင်းရယ်ခြင်းရှိသည်ကို မတွေ့ရဘူးချေ။

မျက်နှာထား ဆိုးလှသည့်ကားမဟုတ်၊ ဣန္ဒြေကြီးခြင်းသက်သက် ကြောင့်ကြောက်ရခြင်းဖြစ်၏။ အမေရိကန်ကျောင်းသည် ထိုခေတ်၌ကျောင်းသားဆိုးကြီးများ အလွန်ပေါသည်ဟု မန္တလေးမြို့တွင် နာမည်ကြီးလျက်ရှိရာ ညဥ့်အချိန်များတွင် ကျောင်းပြင်သို့ထွက်၍ ခရီးသွားသူများ၏ ပဝါကိုချွတ်ယူသောကျောင်းသားကြီးများပင် ရှိသည်ဟုပြောကြ၏။ ဆရာနိုင်မှာ ဗိတန်းပြဆရာသာမဟုတ် ကျောင်းအိပ်ကျောင်းစား 'ဘော်ဒါ'များကိုအုပ်ချုပ်ရသောဆရာလည်းဖြစ်ပေရာ ကျောင်းသားဆိုးကြီးများသည် နှုတ်ခမ်းမွေး စုတ်ဖွားနှင့်ငေါက်လားအော်လား ခြိမ်းခြောက်သော ဘော်ဒါဆရာမျိုးကိုမကြောက်ကြ၊ မျက်နှာပိုးသက်ကာ ဣန္ဒြေနှင့်လှမ်း၍ကြည့်တတ်သော ဆရာနိုင်ကိုသာ ကြောက်ကြသည်ဟုပြောကြ၏။ ဆရာနိုင်သည် မျက်လုံးနှင့် ရိုက်တတ်သည်ဟု နာမည်ကြီးလျက်ရှိသော်လည်း ခဏခဏရိုက်ရသည်မဟုတ်။ ၄င်းအားအာခံသော ကျောင်းသားဆိုးကြီးတယောက်ကို ရိုက်ဖူးခြင်းကြောင့် နာမည်ကြီးခြင်းဖြစ်၏။ သို့ရာတွင်ဤအကြောင်းကို နောက်မှသိရသော ကျွန်ုပ်အဖို့မှာ ဆရာနိုင်ဝင်လာခြင်းကိုမြင်ရရုံနှင့် ကြောက်ဒူးတုန်မိပါတော့သည်။

## အကဲစမ်းကြခြင်း

ကျွန်ုပ်ကကြောက်မည့်သာကြောက်ရသည်။ဆရာနိုင်၏ရိုက်ခြင်းကိုတကြိမ်မျှမခံခဲ့ရဘူးပါ။ ကျောင်းကြီးကို ကြောက်သည်နှင့် ဆရာကိုပါ ရောစွက်ကြောက်ခြင်းဖြစ်ဟန်တူပါသည်။ အမေရိကန်ကျောင်းသို့ရောက်ခါစအချိန်၌ ကျွန်ုပ်သည်အတန်းထဲတွင် အငယ်ဆုံးဖြစ်၍ (ရွယ်တူတယောက် နှစ်ယောက် တော့ရှိပါသည်။) 'ခဲမှန်ဘူးသော စာသူငယ်'ဆိုသကဲ့သို့ ကျွန်ုပ်အား အနိုင်ကျင့် ကြလိမ့်မည်အထင်နှင့် ကုပ်ကုပ်ကလေးနေစဉ် အကဲစမ်းသော ကျောင်းသား နှစ်ယောက်သုံးယောက်နှင့် ကြုံရသေး၏။ တစ်ယောက်က ကျွန်ုပ်အား ကော်ဖီ

(နှစ်ပြားတန်)တခွက် အတိုက်ခိုင်း၍ အခြားတယောက်က လက်ကိုင်ပဝါကို ကပ်၍ တောင်း၏။ မုန့်ဖိုးနှစ်ပြားသာရသော ကျွန်ုပ်မှာ ထိုသူအားကျွန်ုပ်မသောက်ပဲ ကော်ဖီတိုက်လိုက်နိုင်သော်လည်း လက်ကိုင်ပဝါကိုမူ အလွန်နှမြော၏။ ထိုလက်ကိုင်ပဝါမှာ အောက်ပြည်က အရီးတယောက်က ပို့လိုက်သည့် တထည်တည်းသောပိုးလက်ကိုင်ပဝါလေးဖြစ်၍ အနားကွပ်တွင် ဆေးရောင်စုံဖြင့် နှိပ်ထားသည့် အလံကလေးများ ပါရှိခြင်းကိုမှတ်မိသေး၏။ ၄င်းကို နားပူနားဆာနှင့် ကပ်၍တောင်းသော ကျောင်းသားမှာ ကျွန်ုပ်ထက်အနည်းငယ်မျှသာကြီး၍ ကြောက်လောက်အောင် မဟုတ်သော်လည်း သူက'ဘော်ဒါ'ဖြစ်သည်တကြောင်း၊ ကျွန်ုပ်ကလူသစ်ဖြစ်သည်တကြောင်းကြောင့် နောက်ဆုံးတွင် နားအေးစေတော့ဆို၍ နှမြောလျက်နှင့် ပေးလိုက်ရသည်။ ဤကားရှိပါစေတော့။ သို့သော်ကျွန်ုပ်၏စိတ်ကို ညှိုးငယ်အောင်တမင်လုပ်သော ကျောင်းသားကြီးတယောက်အကြောင်းကို ဖော်ပြချင်ပါသေး၏။ ကျွန်ုပ်မှာ ကျောင်းကြီး၌ လူသစ်ကလေး တယောက်ပီပီ အားလပ်ချိန်များတွင်သစ်ပင်ရိပ်၌ မြက်ခင်းပေါ်တွင် တယောက်တည်း သွားထိုင်လေ့ ရှိရာ တနေ့သ၌ ကျွန်ုပ်တို့အတန်းသားဖြစ်သော်လည်း ကျွန်ုပ်ထက် အနည်းဆုံး ၅နှစ်ခန့်ကြီး၍ လူပျိုကြီးဖားဖားဖြစ်သော ဘော်ဒါကျောင်းသားကြီး တယောက်သည် အနီးသို့ချဉ်းကပ်၍–

"ဟေ့ကောင်လေး၊ မင်းဘယ်ကျောင်းက ရောက်လာတာလဲ"

"ဘီ၊တီ၊အင် ကျောင်းကပါဗျာ"

"မင့်ကို ငါကြည့်ရတာ မေတ္တာမရှိလိုက်တာကွာ"ဟု အခြောက်တိုက်သက်သက် ပြောသွားလေသည်။ ၄င်းကျောင်းသားသည် မေတ္တာတရား ရှေ့ထားရမည်ဆိုသော ခရစ်တော်ကို ကိုးကွယ်သူဖြစ်ကြောင်း နောင်သောအခါ၌ သိရပေရာ ကျောင်းထွက်ပြီးနောက် များမကြာမီအတွင်း ပုလိပ်ရောဂါနှင့် သေဆုံးသွားသည်ဟု ကြားသိရ၏။ ကျွန်ုပ်မှာ လူတဘက်သားကို ကြင်နာမှုခေါင်းပါးသူတယောက် မဟုတ်သော်လည်း ထိုသူ၏သေခြင်း သတင်းကဲ့သို့ ကျွန်ုပ်၏နှလုံး၌ ထိခိုက်မှု

နည်းပါးခြင်းကို မကြုံရဘူးပေ။ ထိုသူ၏ စကားတခွန်းသည်လည်း 'ဆူး' တချောင်းပေါက်စေသည်ဟု ကျွန်ုပ်ယူဆမိသည်။ (ကျွန်ုပ်အပေါ်၌မေတ္တာ မရှိခြင်းကားထားပါတော့။ ဖြစ်နိုင်ပါသည်။ သို့ရာတွင် ဘာအကြောင်းမှမရှိပဲ သက်သက်ဖွင့်ပြောလာခြင်းကား ကိုယ့်ထက်ငယ်သူကို အနိုင်ကျင့်ရာ ရောက်ပါသည်။)

## တတ်သလောက်မပြဝံ့ခြင်း

၆ တန်း၌ရှိစဉ် အတန်းသားများအလွန်ကြောက်ကြသော ဆရာနိုင် ကွယ်လွန်လေရာ ၎င်းအတန်းတွင်လည်း ၅ တန်းမှာကဲ့သို့ပင် ကျောင်းဆရာ လေးငါးယောက်၏ သင်ပြခြင်းခံခဲ့ရ၏။ ၎င်းအတန်းတွင်ကျွန်ုပ်မှာ အရှိန်နှင့်လန့်၍ ကျောင်းသားတိုင်းကို ကြောက်ပြီးဦးခေါင်းမဖော်ဝံ့ပဲရှိသည်နှင့် အညတရကျောင်း သားကလေးတယောက်ဖြစ်နေခဲ့၏။ တခါတရံအင်္ဂလိပ်ဘာသာရပ်နှင့် ပတ်သက် သောမေးခွန်းတခုကိုအခြားအတန်းသားများမဖြေနိုင်ကြပဲရှိရာ ကျွန်ုပ်ဖြေတတ် လျက်နှင့်ပင် မဖြေဝံ့သည်နှင့် ဆိတ်ဆိတ်နေလိုက်မိခြင်းများလည်းရှိ၏။ ကျောင်းသားဘဝ တွင် ၎င်း၆ တန်းမှာကဲ့သို့ တိမ်မြုပ်သောအဖြစ်မျိုးကို ကျွန်ုပ်အဖို့ရာ၌တခါမျှ မကြုံဖူးပေ။ ထိုနှစ် စာမေးပွဲကျင်းပသောအခါ ပညာဝန် Mr. Wedderspoon ကိုယ်တိုင်လာ၍ အင်္ဂလိပ်ဘာသာရပ်တွင် နှုတ်တိုက်မေးခွန်း Oral Test များဖြင့် စစ်ဆေးရာတွင် ကျွန်ုပ်သည်အတန်းထဲမှာကဲ့သို့ ကျောင်းသားကြီးတွေကို ကြောက်စိတ်မရှိတော့ပဲ ကိုယ်ဖြေနိုင်မှ ကိုယ်အောင် မည်ဟု သိသည့်အတွက်ကြောင့် အခြားလူများ မဖြေနိုင်သော ပုစ္ဆာများကိုရဲရဲဝံ့ဝံ့ ဖြေဆိုလိုက်ရာ ပညာဝန်လည်းသဘောကျ၍ ကျောင်းအုပ်ကြီးလည်း အားရပုံရ သည်။ ထိုနှစ်တွင် အင်္ဂလိပ်ဘာသာမေးခွန်းများ ခက်လှ၍ ၆တန်းသား တဝက်ကျော်ကျော်မျှ ကျရှုံးကြသော်လည်း ကျွန်ုပ်အောင်ခဲ့သည်။ ထိုခေတ်တွင်

၄တန်းမှ ၈တန်းတိုင်အောင် အစိုးရစစ်စာမေးပွဲများဖြစ်၍ ၉တန်း 'အင်ထရင်း' Entrance ခေါ်တက္ကသိုလ်ဝင်စာမေးပွဲမှာ ကာလကတ္တား ယူနီဗာစီတီမှ စစ်ဆေးလေသည်။

## အခြေအနေတက်လာခြင်း

၇ တန်းသို့တက်ရသောအခါ ကျွန်ုပ်မှာ အတန်းထဲ၌သာမက ကျောင်း၌ပင် လူတလုံးသူတလုံးဖြစ်လာခဲ့လေပြီ။ ဖြစ်လာပုံကား အတန်းဆရာသည် အင်္ဂလိပ်ဘာသာ၌ အစမ်းစာမေးပွဲများတွင် ကျွန်ုပ်ချည်းပထမရခြင်းကို တွေ့ရသည်နှင့် စကောလားရှစ် စာမေးပွဲသို့သွင်းဖို့ ကျွန်ုပ်အားရွေးချယ်၏။ ကျွန်ုပ်နှင့်အတူအခြားကျောင်းသားသုံးယောက်အားလည်း ရွေးချယ်ရာ ၄င်းတို့ အနက်တွင် စက်ရှင်တရားသူကြီးဦးရီလည်းပါဝင်၏။ (ထိုသုံးယောက်လုံးမှာ ၇ တန်းကျောင်းသားဆိုလျှင် ကျောင်းတွင် အတော်မျက်နှာပွင့်လန်း၍အထက်တန်း ကျောင်းသားကြီးများ၏ အသိအမှတ်ပြုခြင်းခံရလေသည်။ ကျွန်ုပ်၏ 'သမာဒေဝနတ်'ကိုထွန်းလှမှာလည်း ဤအတွက်ကြောင့် ကျွန်ုပ်အား ကျောသပ် ရင်သပ်ပြုလုပ်ကာ ချီးကျူးပေသည်။ သူ့နှစ်တွင်သူလည်းဝင်ခဲ့ရ၏။ သို့ရာတွင် အမေရိကန်ကျောင်းမှ စကောလားရှစ် အောင်သူတယောက်မျှ မထွက်ခဲ့ပေ။

## ဆန္ဒပြခြင်းတမျိုး

ကျောင်း၌ ကျွန်ုပ်၏အခြေအနေ တိုးတက်လျက်ရှိစဉ် အိမ်၌မူကား ကျဆင်းလျက်ရှိ၏။ ဖခင်သည် ကျောင်း၌အခြေအနေ ကောင်းခြင်းကိုကြားသိရ၍ ကျွန်ုပ်အား အဝတ်ကောင်း အစားကောင်းများဖြင့်မြှောက်စားသော်လည်း 'ကြက်ကောင်း ကြိုးမကွာ'ဆိုသော သူ၏ဆောင်ပုဒ်အရ ကျွန်ုပ်အားလိမ်မာသည်

ထက်လိမ်မာအောင်ဆို၍ ရေးကထက်ပင်ကျပ်တည်းချင်သေး၏။ ကျွန်ုပ်မှာလည်း အရွယ်အလျောက်စွန်(လေတံခွန်)လွှတ်ခြင်း၊ ထုပ်ဆီးခြင်း၊ ဖန်တို့ခြင်း၊ ဖန်ခုန်ခြင်း စသောကစားနည်းများကို ကစားချင်၏။ ထိုအချိန်၌ကျွန်ုပ်အသက်မှာ ဆယ့်လေးငါးနှစ် ရှိပြီဖြစ်ရာ ထိုခေတ်က 'စွန်လွှတ်ခြင်း'အလုပ်မှာ လူပျိုပေါက် အရွယ်မှစ၍အသက် ၂၅၊၃၀ အရွယ်တိုင်အောင် ကစားကြ၍ ညနေတိုင်း ကောင်းကင်တွင် ရောင်စုံလေတံခွန်များဖြင့် ရှုပ်ထွေးလျက်ရှိ၏။ 'စွန်တကောင်' ပြတ်သွားသည့်အခါ တုတ်တိုတုတ်ရှည်၊ ဝါးလုံး၊ ဝါးခြမ်း၊ ဆူးခက်စသည်များ ကိုင်ဆောင်လျက် 'စွန်'လိုက်ကြသော ကလေးသူငယ်ချင်းများကလည်း ခြေချင်းလိမ်လျက်ရှိ၏။ ကျွန်ုပ်စွန်လွှတ်လိုက်စမ်းချင်သည်မှာကား ဘာနှင့်မျှမတူချေ။ ကျောင်းမှအပြန် ညနေခင်းတွင် အိမ်ရှေ့၌ထိုင်ကာသူတပါး လွှတ်ကြသော စွန်များကို မော့်၍သာ ကြည့်နေရ၏။ ကစားခွင့်မရချေ။ သို့ရာတွင် ကျွန်ုပ်၌ မိခင်၏ခွင့်ပြုချက်အရ ဝယ်ထားသည့် ရောက်လုံး၊ အပ်ချည်၊ လေတံခွန်တို့ကား အပြည့်အစုံရှိ၏။ ၄င်းတို့မှာဖခင်မရှိခိုက်တွင် ကစားရန်ဖြစ်၏။ တညနေ၌ ကျွန်ုပ်သည် ကျောင်းမှပြန်လာ၍ ဖခင်မရှိခိုက်ကြုံသည်နှင့် လေတံခွန် ကိုထုတ်၍ လွှတ်ရာ လေတံခွန်သည် ကောင်းကင်သို့ရောက်၍ လေဟုန်စီးနေခြင်း ကိုကြည်နူးစွာနှင့် မော့်ကြည့်နေစဉ် နောက်မှကျောကိုဗျင်းကနဲချလိုက်ခြင်းကိုသိ လိုက်၏။ ကျွန်ုပ်ကား ဖခင်ဖြစ်သည်ဟု ချက်ချင်းသိသည်နှင့် လန့်ဖျပ်ခြင်းမရှိ၊ လေတံခွန်ကိုသာ ပြန်၍ရုပ်သိမ်း၏။ စိတ်ထဲ၌ 'ရိုက်စမ်းပါစေ'ဟုအောက်မေ့၍ ခပ်ဖြည်းဖြည်း ပင်ရုပ်သိမ်းနေ၏။ ဖခင်သည်ကျွန်ုပ်၏ခံတံတံရှိသော အမူအရာကို ရိပ်မိ၍ နာနာကြီးရိုက်လေရာ ကျွန်ုပ်မှာ အလွန်နာကျင်သော်လည်း ကတိုက်ကရိုက် မသိမ်းပဲ မှန်မှန်ကြီးသာ သိမ်းနေ၏။ ဤအချင်းအရာကိုမိခင်မြင်၍ ပြေးလာပြီးလျှင် ဖခင်အား စကားပြောပြော၍ ခေါ်သွားလေသည်။

## ထွက်ပြေးချင်စိတ်ပေါ်လာခြင်း

နောက်သုံးလေးရက်တွင် ကျွန်ုပ်ကျောင်းမှပြန်လာသောအခါ ဖခင်ရှိနေသဖြင့် စာအုပ်များကိုချ၍ ထုံးစံအတိုင်းကောင်းကင်သို့ မော့်ကြည့်နေ၏။ မကြာမီ ဖခင်လည်း အဝတ်များလဲ၍ ထွက်သွားသဖြင့်ကျွန်ုပ်လည်း ရောက်လုံးနှင့် လေတံခွန်ကို (ဝှက်ထားသော နေရာမှ) ထုတ်လာ၏။ လေတံခွန်ကိုကလေး တယောက်က 'ထိုး'ပေးသဖြင့် ခါးကိုကော့ကာ 'တုပ်'လျက်ရှိစဉ် ဖခင်ပြန်လာ၍ ရိုက်ပြန်၏။ သူ့ပါးစပ်ကလည်း 'နင့်လောက်များ ပါးလို့ဟယ်၊ ငါတမင် ပြန်ကြည့်တာ၊ နင်ကစားမယ်ဆိုတာ ငါသိတယ်"ဟုပြော၏။

ဤတွင် ကျွန်ုပ်၏စိတ်ထဲ၌ ဘယ်ကဲ့သို့ဖြစ်သွားသည်မသိ၊ ရောက်လုံးရော၊ လေတံခွန်ပါ ပေါက်ခွဲပစ်လိုက်ပြီး ထိုနေ့မှစ၍ လေတံခွန်မလွှတ်တော့ချေ။ သို့သော် အကောင်းမဟုတ်၊ ဖခင်အပေါ်တွင် အလွန့် အလွန်မကျေနပ်သောစိတ် ဖြစ်ပေါ်လာသည်။ တော်လှန်ချင်သောစိတ်မျိုးကား မဟုတ်၊ ထွက်ပြေးချင်သော စိတ်ဖြစ်လာခဲ့သည်။ ကျွန်ုပ်၏မိခင်သည် ဖခင်၏စေတနာ လွန်ကဲခြင်းကို နားလည်၍ ကျွန်ုပ်အား ရံဖန်ရံခါကစားခွင့်ပေးဖို့ပြောရာ တခါတရံတွင် မိခင်အား မငြင်းလိုသည်နှင့် ခွင့်ပြုခြင်းများရှိပါ၏။ သို့ရာတွင် အများအားဖြင့်မူကား ငြိမ်ငြိမ် ထိုင်နေပြီး စာအံခြင်းသည် လူတိုင်းအဖို့ (ကလေးသူငယ်များမကျန်) အကောင်းဆုံးဖြစ်သည်ဟု တထစ်ချ မှတ်ယူထားလေသည်။

## ကစားမုန်းသောဖခင်

ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ဂုံတန်းရပ်ဆေးရိုးဝင်းထဲတွင် ကျွန်ုပ်နှင့် ရွယ်တူချင်းဖြစ်သည့် ယောကျာ်းကလေးများနှင့် မိန်းကလေးများ ငါးယောက် ခြောက်ယောက်ရှိရာ မိန်းကလေးနှစ်ယောက် သုံးယောက်တို့မှာ ဖခင်က

(လောကီမှုရေးရာနှင့်ပတ်သက်၍) ဆရာတဆူကဲ့သို့ အလေးပြုသော ပုဂ္ဂိုလ်ကြီးတဦး၏ သမီးများဖြစ်ကြ၏။ လသာသောညဥ့်များတွင် ကျွန်ုပ်တို့ ယောကျ်ားကလေး၊ မိန်းကလေးများသည် (ဆယ့်သုံးလေးနှစ်အရွယ်များဖြစ်ကြ၍) ထုပ်ဆီးတမ်း၊ ဖန်တို့တမ်း၊ ဖန်ခုန်တမ်းစသည့် ထိုခေတ်က ကစားကြသော နည်းများအတိုင်းကစားကြ၏။ အလွန်လည်း ပျော်ကြ၏။ ကျွန်ုပ်သည် ကျောင်းစာများကို ကျက်ပြီးသောအခါ၄င်းတို့နှင့်အတူ ကစားချင်လှ၏။ သို့ရာတွင် ဖခင်၏ ကစားမုန်းသော ဝါသနာကြောင့် ရံဖန်ရံခါမျှသာ ကစားခွင့်ရ၏။ ထိုကဲ့သို့ အခွင့်ရခြင်းသည်ပင်လျှင် မိခင်၏အကူအညီကြောင့်ဖြစ်၏။ တခါတရံတွင် ကစားခွင့်ပြုထားသဖြင့် ကစားနေခိုက်အတွင်းမှာပင် ဧည့်သည်တယောက်ယောက် ရောက်လာ၍ (မြိတ်ဆရာတော်သင်ကြားထားခဲ့သည့်) 'လူဘယ့်နှယ်ရေးပါ့မယ်'၊ 'ဘာကိုလူခေါ်သလဲ' အစရှိသော မေးခွန်းများဖြင့် အမေးအဖြေပြုလုပ်ရန် ကျွန်ုပ်အား ခေါ်ယူလေ့ရှိလေသည်။ ဖခင်သည် ကျွန်ုပ်ပညာတတ်ခြင်းကို လိုလားရုံသာမက သေးပဲ တတ်ခြင်းကိုလည်း လူသိအောင်ပြချင်တတ်သည့် ဝါသနာရှိသူ ဖြစ်လေသည်။ 'လူဘယ့်နှယ်ရေးပါ့မယ်' အစရှိသောအမေးအဖြေများ မှာ ငယ်ရွယ်စဉ်က 'ပွဲကျ'ခဲ့ဘူးသော်လည်း ၇ တန်း ကျောင်းသားတယောက်ဖြစ် ၍ ၁၄–၅နှစ်အရွယ်ရှိနေသော ကျွန်ုပ်အဖို့ရာ၌ ရှက်တတ်တတ်ရှိမိပါတော့သည်။ ထိုအထဲတွင် 'ဧည့်သည်ကြောင့်ပေလောဲ'ဟူသောတွေးတောမှု ဝင်လာတတ်သေး သည်ဖြစ်၍ ကျွန်ုပ်အဖို့ရာ၌ လွန်စွာပင်မကျေမနပ်ဖြစ်ခဲ့ရသည်။ ယောကျ်ား ကလေး တယောက်ဖြစ်သည့် ကျွန်ုပ်အဖို့၌ ဤမျှလောက် ကတ်ကတ်သတ်သတ် ကျပ်ကျပ် တည်းတည်းဆုံးမပဲ့ပြင်ပေးသည်ဆိုပါလျှင် ကျွန်ုပ်ထက်သုံးနှစ်မျှ ငယ်သည့် နှမတယောက်အတွက်မူကား ပြောဖွယ်ရာ မရှိတော့ချေ။ သူ့ထက်ကြီး သည့် မိန်းကလေးများ ပျော်ပျော်ကြီး ကစားနေကြခြင်းကို ကိုယ့်အိမ်ပေါ်မှ မြင်ရခြင်း၊ ကြားရခြင်းမှတပါး ရောနှောကစားခွင့်ရသည့် အကြိမ်ပေါင်း အလွန်နည်းလှ၏။ အိမ်၌ဖခင်မရှိပဲ ရပ်ဝေးသို့သွားနေသည့် အခါမျိုးမှတပါး

နမကလေးမှာ ကစားခွင့်မရှိသောကြောင့် မိန်းကလေးဘဝတွင် ၁၀ ကြိမ်မျှပင် ကစားဘူးရှာပါလေ၏လောဟု ကျွန်ုပ်တွက်ချက်သနားမိပါသည်။

## ပွဲကြည့်ခြင်းကြောင့် ငရဲကြီးသတဲ့

ပွဲလမ်းသဘင်နှင့်ပတ်သက်၍လည်း ကျွန်ုပ်ကျောင်းဘဝတွင် တကြိမ်တခါ ကြည်ဖြူစွာ ကြည့်ရဘူးသည်ဟု မမှတ်မိသလောက်ရှိပေရာ နမကလေးမှကား တကြိမ်မျှပင် မကြည့်ရှာရဘူးကြောင်း ကျွန်ုပ်ကောင်းကောင်းသိ၏။ ဖခင်ကိုယ်ကလည်း ၎င်း၏သမီးသည် တကြိမ်တခါမျှ ပွဲလမ်းသဘင်များသို့ သွားရဘူးခြင်းမရှိသည်ကို အသားယူ၍ ပြောလေ့ရှိ၏။ ဖခင်သည် နဂိုကတည်းက တေးဂီတဆိုအကနှင့် ကဗျာများကို ရသာခံတတ်သော 'နား' (Musical Ear) ပါရှိသူမဟုတ်ရသည့်အထဲတွင် ဤအလုပ်မျိုးသည်အပါယ်သို့ လားစေတတ်သည်ဟု မိရိုးဖလာ အစဉ်အလာအရ ယူဆလာခဲ့သူဖြစ်၏။ မိခင်ကမူ နန်းတွင်းသူဖြစ်၍ သီပေါဘုရင် လက်ထက်၌ ညဥ့်စဉ်ညဥ့်တိုင်း ပွဲကြည့်ခဲ့ရဘူးသည့်ပြင် 'ဂီတနား'မျိုးလည်း ရှိသူဖြစ်၍ ၎င်းတို့နှစ်ဦး ညားခါစအချိန်က ပွဲကြည့်သင့် မသင့်ကိစ္စအတွက် တကျက်ကျက်ဖြစ်ခဲ့ကြသည်ဆို ၏။ သို့ရာတွင်ဖခင်က လျှော့ပေးရသည်သာများခဲ့၏။ နောက်ပိုင်း၌မူ မြိတ်ဆရာတော်၏ကျင့်စဉ်အရ လိုက်နာကျင့်ကြံကြရာတွင် မိခင်သည် ပွဲကြည့်ခြင်းကြောင့် ငရဲကြီးသည်ဟု မယူဆ သော်လည်း တရားအလုပ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဆိုကာ လုံးဝ'ပွဲ'ဖြတ်လိုက်လေတော့သည်။ ကျွန်ုပ်တို့ မောင်နှမ၏ ကံဆိုးခြင်းမှာ ထိုအချိန်တွင်မှလူလားမြောက် လာကြရခြင်းပင်ဖြစ်သည်။ ကျွန်ုပ်အဖို့မှာ ပွဲလမ်းသဘင်များကိုတကြိမ်တခါမျှ ကြည်ဖြူစွာမကြည့်ရဟု အထက်တွင် ရေးသားခဲ့ရာ 'ကြည်ဖြူစွာ' ဟူသော စကားလုံးကို တမင်တကာ သုံးနှုန်း

လိုက်ခြင်းဖြစ်၏။ အဓိပ္ပါယ်မှာ မိဘများ၏ ခွင့်ပြုချက်အရ မကြည့်ရဘူးသော်လည်း တိတ်တိတ်ခိုးကြည့်သောအကြိမ်များမှ ကားအနည်းငယ်ရှိပါသည်။

## ပွဲခိုးကြည့်ရခြင်း

ပွဲခိုးကြည့်မှုနှင့်ပတ်သက်၍ ကျွန်ုပ်အရိုက်ခံရပုံကို မှတ်မိပါသေး၏။ ကျွန်ုပ်တို့၏ နေအိမ်တွင် မိဘများသည် အထက်ထပ်၌အိပ်၍ ကျွန်ုပ်နှင့် မောင်ပုမှာ အောက်ထပ်တွင် အိပ်ကြ၏။ (မောင်ပုမှာ ၄င်း၏မိခင်ဖခင်တို့ ကွယ်လွန်ပြီဖြစ်၍ ကျွန်ုပ်တို့နှင့် အတူနေ၏။) အခြားအလုပ်သမား နှစ်ယောက်၊ သုံးယောက်တို့လည်း အောက်ထပ်တွင်အိပ်ကြ၏။ တညဦးသ၌ ကျွန်ုပ်တို့နေအိမ်နှင့် နှစ်ပြခြားသော ရပ်ကွက်တွင် ဆရာပုနှင့် ကိုဘကျော့တို့၏ ရုပ်သေးပွဲခံလေရာ ကျွန်ုပ်တို့ညီအစ်ကိုနှင့် အလုပ်သမားများသည် ညနေစောင်းက တည်းက ထိုညတွင်ပွဲကြည့်ကြဖို့ တိုင်ပင်ထားကြ၏။ (ဖခင်၏ဝါဒမှာ ကိုယ့်အိမ်၌ ကိုယ်နေသော အလုပ်သမားများအား ချုပ်ချယ်ခြင်းမရှိသော်လည်း ကျွန်ုပ်တို့အိမ်၌ နေသော အလုပ်သမားများအားမူ သူ့ဆန္ဒအတိုင်းလိုက်နာစေလို၏။ အတူနေ အလုပ်သမားများသည် ဖခင်၏သဘောကို သိကြသည်နှင့် ပွဲကြည့်ဖို့ ခွင့်မတောင်းဝံ့ကြချေ။) ထိုညဦး၌ အထက်ထပ်တွင် ဖခင်တို့အိပ်ကြသည်နှင့် တပြိုင်နက် ကျွန်ုပ်တို့ညီအစ်ကိုနှင့် အလုပ်သမား သုံးယောက်တို့သည် ဖိနပ်ကရိယာများဖြစ်သည့် ခုံ၊သားရေ၊ သဲကြိုး၊ ဖဝါးစသော ပစ္စည်းများကို အိပ်ရာများပေါ်တွင် စီးခင်းထား၍ အပေါ်ယံ၌ စောင်ခြုံပေးပြီးလျှင် ဆရာပု၏ ရုပ်သေးပွဲသို့သွားကြလေ၏။ ဆရာပုနှင့်ကိုဘကျော့တို့ကလည်း နားဝင်ဆိမ့် လောက်အောင် ကောင်းကြပါပေသည်။ ကိုဘကျော့သည် ဆရာပုနှင့်ခွဲခွာ၍ စင်ပြိုင် ထောင်မည့် အကြံရှိသည်ကိုဆရာပုက ရိပ်မိ၍ “ကျော့ဖေလင်၊ မနေတမင်သွား၊ အမေလင်များရချေအုံးတော့မယ်”ဟူသော တေးချင်းဖြင့် မင်းသား

ကိုဘကျော့အား 'ခဲနဲ့'လေရာ ပရိသတ်ကလည်းလက်ခုပတ် တဖြောင်းဖြောင်း ဖြင့်ဩဘာပေးကြလေသည်။ ယင်းသို့နားထောင်ရသဖြင့် ပီတိဖြစ် ရသည့်အထဲ၌ပင်အိမ်ကို သတိရ၍ ရင်ထဲ၌ နွေးကနဲဖြစ်မိသေးရာ မောင်ပုကလည်း တို့အတူ ဖြစ်ရသည်ဟု ပြောဘူးသည်။ မင်းသား မင်းသမီး 'နှစ်ပါးသွား'ပြီး၍ ငိုချင်းတပုဒ်လောက် နားထောင်ပြီးသောအခါ ၂ နာရီကျော် ကျော်ခန့်ရှိပြီဖြစ်၍ အိမ်သို့ပြန်ပြီး အိပ်မည်ပြုကြရာတွင် အိပ်ရာနေရာများမှာ ထားခဲ့သည့်အတိုင်း ရှိနေခြင်းကို တွေ့ရ၍စိတ်ချလက်ချ အိပ်လိုက်ကြလေ၏။

## အလိမ်မိခြင်း

"ရှီး၊ ရှမ်း၊ ဖျုံး၊ ဖျင်း"ဟူသော အသံများကြားရခြင်းနှင့်အတူ ခြေသလုံး၊ ပေါင်၊ ကျော စသည်တို့မှ စပ်ဖျဉ်းဖျဉ်းဝေဒနာများခံစားရ၍ အလူးလူးအလဲလဲနှင့် ပျာယီးပျာယာ ထလိုက်ကြရာတွင် မောင်ပုနှင့်ကျွန်ုပ်အား 'ဂျပ်လုန်တုတ်'နှင့် ရိုက်နေသော ဖခင်ကိုမြင်ကြရ၏။ ('ဂျပ်လုန်တုတ်'ဟူသည်မှာ စက်ချုပ်ထားသော သက္ကလပ်သဲကြိုးကို အတွင်းအပြင် လှန်ရန်အတွက် ပြုလုပ်ထားသည့် လက်နက်ကိရိယာ တခုဖြစ်ရာ အလျားတတောင်သာသာရှိသည့် ချွန်ထက်သော ဝါးခြမ်းတခုဖြစ်သည်။ ၎င်းမှာ ရင့်မာသော ဝါးကိုချောမွေ့အောင်စားဖြင့် သပ်ထားခြင်းဖြစ်ရာ မည်မျှလောက်ရင့်၍ မည်မျှလောက်မာသော ဝါးဖြစ်သည်ကို မောင်ပုနှင့် ကျွန်ုပ်အသိဆုံးဖြစ်သည်။ ဖခင်သည် ကြိမ်မသုံးပဲ ၎င်းတုတ်ကို အမြဲသုံးလေ့ရှိ၏။) ဖြစ်ပုံမှာ ကျွန်ုပ်တို့သည် ပွဲမှပြန်လာကြ သောအခါ အတော်ညဥ့်နက်ပြီဖြစ်၍ အခါတိုင်းကဲ့သို့ စောစောမထနိုင်ကြပဲ အိပ်ပျော်လျက်ရှိကြသည်၌ ဖခင်က ရိုက်နှိုးခြင်းဖြစ်သည်ဟု ထင်နေကြ၏။ သို့ရာတွင် ထိုသို့ကား မဟုတ်သေး ညဥ့်ကတည်းက ဖခင်အောက်သို့ဆင်းလာ၍

ဖုံးထားသောစောင်များကို လှန်ကြည့်ရာတွင် ကျွန်ုပ်တို့ကိုမတွေ့ပဲ ဖိနပ်ကိရိယာများ စီခင်းထားခြင်းကိုတွေ့သွားခဲ့လေပြီ။

## တွေ့ကရ ရိုက်ချင်တတ်သည်

ကျွန်ုပ်တို့စီမံထားခဲ့သော စောင်များနှင့် အိပ်ရာများကိုဖခင်တွေ့ရသောအခါက ရယ်ချင်လေသလောမပြောတတ်၊ နံနက်ခင်း၌ ကျွန်ုပ်နှင့် မောင်ပုကို ရိုက်နေသောအခါ၌မူကား ရယ်ချင်သည့် မျက်နှာထားမျိုးလုံးဝမတွေ့ရပဲ အလွန်စိတ်ဆိုးဟန်နှင့် ရှုတင်းကာ နာနာကြီးရိုက်နေခြင်းကိုသာ တွေ့ရ၏။ ကျွန်ုပ်နှင့်မောင်ပုတို့မှာ နာခြင်းနှင့် ထိတ်လန့်ခြင်းတို့ မည်သည့်ဘက်က အလေးချိန်သာနေသည်ဟု မပြောနိုင်ပဲ တုတ်ကျသောနေရာများသို့ လက်ဖြင့်ပွတ်ယင်း 'တရှီးရှီး တရှဲရှဲ'အော်နေကြစဉ် ကျွန်ုပ်တို့နှင့် ပွဲအတူတူကြည့်သော အလုပ်သမားတယောက်သည် ကျွန်ုပ်ကိုခင်မင်၍ သနားသောကြောင့်ပေလော၊ သို့တည်းမဟုတ် ပွဲအတူတူကြည့်မိခြင်းကြောင့် သူ၌လည်း စိတ်မကောင်းဖြစ်ရသောကြောင့်ပေလော၊ သို့တည်းမဟုတ်ဆရာ၏ သားတယောက်အရိုက်ခံရသည်၌ ဖျန်ဖြေဖို့ တာဝန်ရှိသည် ဟုယူဆသောကြောင့်ပေလော မပြောတတ်။ ကျွန်ုပ်၏ရှေ့သို့ ပြေးဝင်ကာ ကျွန်ုပ်အား အကာအကွယ်ပေးလျက် "ကျွန်တော့်ကိုရိုက်ပါ ဆရာခင်ဗျား၊ ကျွန်တော့်ကိုရိုက်ပါခင်ဗျား"ဟုဆိုကာ ကျောကိုကုန်း၍ ပေးလေ၏။ ဤတွင် ကျွန်ုပ်၏ဖခင်သည် မည်သို့ပြုသည်ထင်ကြသနည်း။ ကျွန်ုပ်နှင့် မောင်ပုကို လုံးလုံး လွှတ်ထားခဲ့၍ ထိုအလုပ်သမားကိုချည်း သဲသဲမဲမဲ ရိုက်လေတော့သည်။ ဤတွင် မိခင်သည် "ကိုရင်ဘယ့်နှယ်လုပ်တာတုန်း ကိုရင်"ဟု သတိပေးကာမှ ၎င်းအလုပ်သမားမှာ သက်သာရာ ရလေတော့သည်။ သို့နှင့်လည်း ဆယ့်လေးငါးချက်ထက်မနည်း အရိုက်ခံရပြီးရှာလေပြီ။ ထိုအလုပ်သမားအတွက်ကြောင့်

ကျွန်ုပ်တို့မှာ သက်သာရာရသော်လည်း ငှင်းအလုပ်သမားအပေါ်၌ ဖခင်၏ပြုမူပုံသည် ကျွန်ုပ်၏နှလုံးသားတွင်အမှတ်ကြီးတခု ထင်နေခဲ့လေသည်။

## ပထမဦး ရည်းစားစာပေးခြင်း

ကျွန်ုပ် ၇ တန်း၌ရှိစဉ် ကျွန်ုပ်၏နှလုံးသားတွင် မပျက်နိုင်သော ဒုတိယအမှတ်တခု ဖြစ်ရပုံကိုလည်း ဖော်ပြရပေဦးမည်။ ၇ တန်းစာမေးပွဲ ဝင်ခါနီး အချိန်တွင် ကျွန်ုပ်မှာ အသက် ၁၅ နှစ်အရွယ် ရှိခဲ့ပြီဖြစ်ရာ နော်မန် ကျောင်းသူကလေး တယောက်နှင့် စာပေးစာယူ လုပ်ခဲ့မိ၏။ မိန်းကလေးမှာ ကျွန်ုပ်နှင့်ထုပ်ဆီးတမ်း ကစားဘက်တယောက်ဖြစ်၍ အရောတဝင် ခေါ်ငင်ဆက်ဆံလျက်ရှိကြရာတွင် အလုပ်သမားများက ကျွန်ုပ်အား မြှောက်ပေးကြသည်နှင့် စာတစောင်ပေးဘူး၏။ စာထဲတွင် ဘာမျှရေးထည့်တတ်သည်မဟုတ်။ အလုပ်သမားတယောက်က ရေးစပ်ပေးသည့် တေးထပ်တပုဒ်ကို ကူးရေး၍ ပေးလိုက်ခြင်းသာဖြစ်၏။ မိန်းကလေးထံမှလည်း ငှင်းနည်းတူ တေးထပ်တပုဒ်ကို ပြန်ဘူးလေသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့အရပ်ထဲ၌ ကျွန်ုပ်ထက်အတန်းငယ်သော်လည်း အသက်သုံးနှစ်ခန့်ကြီးသော ကျောင်းနေဘက်တယောက်နှင့် ကျွန်ုပ်မှာမခွဲနိုင်၊ မခွာနိုင်အောင် ချစ်ခင်လျက်ရှိရာ တယောက်အကြောင်းကို တယောက်အား ပြောမိကြ၏။ ဤတွင်သူ့၌လည်းနော်မန်ကျောင်းသူတယောက်နှင့် ချစ်ကြိုက်နေကြောင်း ကျွန်ုပ်သိရ၏။ ကျွန်ုပ်နားလည်သလောက်မှာ သူတို့၏ချစ်ခြင်းသည် အပျိုလူပျိုချစ်ခြင်းဖြစ်ဟန်ရှိ၍ ကျွန်ုပ်၏အချစ်ရေးကား တေးထပ်တပုဒ်စီ အပြန်အလှန် ပေးကြဘူးခြင်းမျှသာ ဖြစ်သဖြင့် စိတ်ထဲ၌ထိခိုက်လှသည့်မဟုတ်လှချေ။ (ကျွန်ုပ်မှာ ထိုအချိန်က 'ကြီးကောင်ဝင်' သည်ဟုခေါ်ကြသည့် အရွယ်ရောက်သော အထိမ်းအမှတ်ပင် မပြသေးကြောင်း မှတ်မိ၏။) သို့ရာတွင် ရည်းစားကိုယ်စီနှင့် လူလားမြောက်လျက် ရှိပြီဟူသောအထင်ကို ကျွန်ုပ်သဘော

ကျလှ၍ ငှင်းသူငယ်ချင်းနှင့် ကိုယ့်'များ'အကြောင်း ကိုယ်ပြောရခြင်းကို မြိန်ရှက်လှသည်။ သူ၏ရည်းစားနှင့် ကျွန်ုပ်၏ မိန်းကလေးမှာ နော်မန်ကျောင်းသူ ချည်းဖြစ်ကြ၍ ကျွန်ုပ်တို့သည် အတူတကွ ကျောင်းပြေးပြီး ပိုးပန်းကြရန် သဘောတူကြလေ၏။

## အဖော်ကောင်းလျှင်ပါတတ်ခြင်း

ယခုအချိန်မှပြန်၍ ကြည့်သော်ထိုစဉ်က စိတ်ထားသည်လည်းကောင်း၊ အကြံ အစည်သည်လည်းကောင်း၊ ချစ်ကြိုက်ပါသည်ဆိုသော မေတ္တာစိတ် (လိင်စိတ် ဓာတ်) သည်လည်းကောင်း ယုတ္တိပတ္တိမရှိ။ ဘာလောက်မျှလည်း နက်နဲကြီးကျယ် သည် မဟုတ်ချေ။ သို့ရာတွင် ထိုစဉ်က ကျွန်ုပ်၏စိတ်အထင် မှာမူ ကျွန်ုပ်၏ နှလုံးသားတွင် အချစ်ရောဂါကြီး စွဲကပ်နေပြီဖြစ်သောကြောင့် တနေ့မမြင်ရလျှင် သေရတော့မလောက်အထင်ရောက်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သူငယ်ချင်း နှစ်ယောက်သည် စာအုပ်ကလေးများ ကိုယ်စီနှင့် အိမ်မှထွက် လာကြ၍ နော်မန်ကျောင်းဘက်ဆီသို့ ချိုးကာ ရွှေကျီးမြင့်ဘုရားဆီသို့ သုတ်ကြလေ၏။ ကျွန်ုပ်မှာ ကျောင်းမပြေးပဲ အတန်ကြာ နေခဲ့ပြီးသည့်နောက် အလွယ်တကူနှင့် ကျောင်းပြေးမိခြင်းမှာ အမြစ်မပြတ်ခဲ့သည့် 'ရောဂါဟောင်း' ပြန်၍ထခြင်းပင် ဖြစ်တန်ရာသည်။ ကျွန်ုပ်၏ ညံ့ဖျင်းချက်တခုမှာလည်း တကယ်ခင်မင်သူ တယောက်က မကောင်းမှုကိုဖြစ်စေ၊ ကောင်းမှုကိုဖြစ်စေ ကျွန်ုပ်တယောက်တည်း ပြုလုပ်ဖို့ တိုက်တွန်း၍ မရသော်လည်း တိုက်တွန်းသူကပါပြုလုပ်မည်ဆိုလျှင် ဘာမဆိုလိုက်၍ လုပ်ချင်တတ်၊ လုပ်မိတတ်ခြင်းပင်ဖြစ်လေသည်။ ဤမျှလောက် အဖော်ခင်မင်တတ်သူတယောက် အဖို့၌ တကယ့်လူယုတ်မာများနှင့် ခင်ခင်မင်မင် ဖြစ်ဖို့ အခွင့်မရခဲ့ခြင်းမှာ ကျွန်ုပ်၏ ကံကောင်းခြင်းတခုဟူ၍ ဆိုရပေမည်။

## ချစ်မှချစ်ပါလေစ

ကျွန်ုပ်တို့နှစ်ယောက်သည် ရွှေကျီးမြင့်ဘုရားသို့ ရောက်ကြသောအခါ နော်မန်ကျောင်း မတက်သေးသဖြင့် ကျောင်းသူကျောင်းသားများသည် ကျောင်းဝင်းကြီးအတွင်း ဤတစု ထိုတစု ရှိနေကြလေရာ ရွှေကျီးမြင့်ဘုရားနှင့် နော်မန်ကျောင်းမှာ ကျောက်လမ်းမျှသာ ခြားလျက်ရှိသည်တွင် ကျွန်ုပ်တို့နှစ်ယောက်သည် ဘုရားအုတ်တံတိုင်းပေါ်သို့ တက်ကာ ကျွန်ုပ်တို့၏ မိန်းကလေးများ မြင်အောင်မျက်နှာပြလိုက်ကြ၏။ မိန်းကလေးများသည် ကျွန်ုပ်တို့ လာကြမည်ဟူ၍ မသိကြသောကြောင့် မြင်ကြသောအခါ၌ အံ့သြကြပုံ ရသော်လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည့် လက္ခဏာမရှိချေ။ ကျွန်ုပ်သည် ၎င်းတို့၏အမူအရာကို မကျေနပ်သည်နှင့် သူငယ်ချင်းအား ပြောသောအခါ သူငယ်ချင်းက "ငါ့လူရာ၊ သူတို့မှာလဲ ကျောင်းသူ ကျောင်းသားတွေရှိတယ်ကွ၊ ဝမ်းသာအားရ မျက်နှာထားမျိုးပြလိုက်လို့ ရိပ်မိသွားလျှင် ရှက်စရာကြီး ဖြစ်နေမှာပေါ့"ဟု ပြောပြသဖြင့် ကျေနပ်လိုက်ရလေသည်။ ကျောင်းတက်သွား သည့်နောက် ကျွန်ုပ်တို့သည် ရွှေကျီးမြင့်ဘုရားဝင်းအတွင်းရှိဇရပ်များ၊ တန်ဆောင်း များသို့ လှည့်လည်ကြည့်ရှုခြင်း၊ ခုံတန်းလျားရှည်ကြီးများပေါ်၌ ပက်လက်လှန်ကာ စိတ်ကူးယဉ်ခြင်း၊ တရေးတမော အိပ်ခြင်းဖြင့် အချိန်ဖြုန်းကြရ၏။ မွန်းတည့်ခါနီးတွင် နော်မန်ကျောင်းသို့ ဈေးရောင်းရန်လာကြသော မုန့်သည်များထံမှ ကုလားပဲသုပ်တပြားဖိုးနှင့် ဘရာကြော် တပြားဖိုးစီ ဝယ်စားကြ၏။ (ကျွန်ုပ်မှာ ၇ တန်းသို့ရောက်သည်အထိ မုန့်ဖိုးနှစ်ပြားသာရ၍ ၈ တန်းရောက်မှ တပဲရလေသည်။) အားလပ်ချိန်ပေး၍ ကျောင်းသားများ ဆင်းလာကြသောအခါတွင် သူငယ်ချင်းသည် ဘုရားတံတိုင်းပေါ်သို့တက်၍ မျက်နှာ ပြပြန်လေရာ ကျွန်ုပ်မှုကား ရှက်သည်နှင့် တံတိုင်းပေါ်သို့မတက်ပဲ ကုပ်၍နေတော့သည်။ ဤတကြိမ်ကျောင်းပြေးခြင်းနှင့်

ပတ်သက်၍ ကျွန်ုပ်၏စိတ်ထဲ၌အမှတ်တရ ကျန်ရစ်ခဲ့သော အခြင်းအရာ တခုကိုနောင်တွင်မှ တင်ပြပါဦးမည်။

## မန်ကျည်းသီးစားနည်းတမျိုး

၁၂ နာရီမထိုးမီက ၂ပြားဖိုးဝယ်စားထားကြသည့်ဘရာကြော်နှင့် ကုလားပဲသုပ်တို့မှာသုံးနာရီထိုးသောအခါ၌ ဝမ်းထဲတွင် ညက်ညက်ကြေကြေသည့် လက္ခဏာနှင့် ဆာလောင်မွတ်သိပ်လျက် ရှိကြလေပြီ။ ကျောင်းတက်သောနေ့များတွင်လည်း ဤနည်းအတူ ၂ပြားဖိုးမျှသာစားရပါလျက် ဤမျှလောက်မဆာလှ၊ ထိုနေ့၌မူ အငြိမ်မနေကြပဲ ဟိုလျှောက်သည်လျှောက်၊ ဟိုခုန်သည်လွှား လုပ်ကြသည့်အတွက်ကြောင့် အိမ်မှစားခဲ့သော ထမင်းရော၊ ဘရာကြော်နှင့် ကုလားပဲသုပ်တို့ပါ စေ့စေ့ညက်ညက်ကြေကုန်ကြသည်နှင့် 'ဟပ်တပ်စွဲ'ဆိုရမလောက် မနေနိုင် မထိုင်နိုင်ရပ်တည်ရာမရအောင် ဆာလောင်မွတ်သိပ်လျက်ရှိကြလေပြီ။ ပိုက်ဆံလည်းတပြားမှ မကျန်တော့ချေ။ ဤတွင်ကျွန်ုပ်တို့သည် မန်ကျည်းပင်ပေါ်သို့တက်၍ မန်ကျည်းသီး (မဒန်သီး)များခူးကြရာ ခါးပိုက်တလုံး စီရခဲ့၍ ဆင်းလာကြ၏။ တံတိုင်းကိုမှီလျက် စားကြမည် ပြင်သောအခါ တတောင့်မျှစီစားပြီးသည့်နောက် ဆားမပါသဖြင့် မစားနိုင်ပဲ ဖြစ်နေကြ၏။ အနီးအပါး၌ အိမ်များရှိသော်လည်း အသိမဟုတ်သောကြောင့် မတောင်းဝံ့ကြချေ။ ထိုအခါ သူငယ်ချင်းက "နေအုံးကွ"ဟုဆိုကာ သူသောက်ပြီး၍ပစ်ထားသော ကွမ်းသီးဖက်ဆေးလိပ်နှစ်တိုနှင့် မန်ကျည်းကိုင်းအခြောက်များကိုလိုက်၍ ကောက်ပြီးနောက် စုပုံ၍မီးရှို့လေ၏။ နောက်ဆုံး၌ မီးငြိမ်း၍ပြာပုံကလေး ကျန်ရစ်ရာတွင် သူသည်ခါးပိုက်ထဲမှ မန်ကျည်းသီးများကိုထုတ်၍ပြာနှင့် တို့စားယင်း ကျွန်ုပ်အား ခေါင်းညိတ်ခေါ်လေသည်။ ကျွန်ုပ်သည် သူလုပ်သလိုလုပ်၍ မြည်းကြည့်ရာ၊ ဆားနှင့်တို့စားရခြင်းထက်ပင် ကောင်းသေး၍ ခပ်ချိုချိုအရသာတမျိုး ဝင်လာသည်

ဟုပင် ထင်မိ၏။ မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့သည် မန်ကျည်းသီးတခါးပိုက်စီကို ဤနည်းဖြင့် ချွတ်လိုက်ကြ၍ မွတ်သိပ်ခြင်း ပြေပျောက်ကြလေပြီ။

## အခြောက်တိုက်ပီတိဖြစ်ပုံ

ကျောင်းဆင်းချိန်တိုင် ရောက်သောအခါ ကျွန်ုပ်တို့၏ မိန်းကလေးနှစ်ယောက်သည် ကျောင်းထဲမှ အတူတွဲကာ ထွက်လာကြ၍ အိမ်ဘက်သို့ ပြန်ကြစဉ် နောက်သို့ မကြာမကြာ လှည့်ကြည့်ကြ၏။ သို့ရာတွင်ကျွန်ုပ်တို့ကမူ အခြားကျောင်းသူကျောင်းသားများ မြင်ကြမည်စိုးသည်နှင့် ခပ်လှမ်းလှမ်းမှပင်လိုက်လာကြ၍ ကျောင်းနှင့် အတော်ကြီး ဝေးသောအခါမှ ချဉ်းကပ်ကြလေသည်။ ရှေ့လျှောက်၌မူ သူတို့မိန်းကလေးနှစ်ယောက်ကတတွဲ၊ ကျွန်ုပ်တို့ယောကျာ်းကလေးနှစ်ယောက်က တတွဲ တောင်ရောက်မြောက်ရောက် ထွေရာလေးပါးစကားမျိုးတွေကိုပြောယင်း လျှောက်လာကြလေသည်။ ဤမျှလောက်ဆိုလျှင်ဘာများ မက်မောလောက်စရာ ရှိပါသနည်း။ ကျွန်ုပ်၏မိန်းကလေးက "ဟော့မောင်ဖေသိန်း မင့်အိမ်က သိသွားယင် အရိုက်ခံနေရမယ်နော်၊ မင်းတို့အဖေကြီးက ရိုက်တတ်ပါဘိသနဲ့"ဟူသော စကားတလုံးသည်သာလျှင် ကိုယ်ရေးကိုယ်တာပါရှိလေရာ၊ ကျန်သောစကားများမှာ တောင်စဉ်ရေမရ အလဟဿစကားမျိုးသာ ဖြစ်လေသည်။ သို့နှင့်လည်းကျွန်ုပ်မှာ ထိုစဉ်က ပီတိအကြီးအကျယ်ဖြစ်ခဲ့ရလေသည်။ (ထိုစဉ်က ပီတိဖြစ်မိခြင်းကို ကောင်းကောင်းကြီးမှတ်မိ၍သာ ရေးလိုက်ရသည်။) မဖြစ်စလောက် ကလေးအတွက် ပီတိဖြစ်ခဲ့ရသော်လည်း ခံစရာရှိသောအခါ၌ နစ်နစ်နာနာခံလိုက်ရ ပုံကို ဖော်ပြရပါဦးမည်။

## သတင်းပေါက်ကြားလေပြီ

ကျွန်ုပ်အိမ်သို့ ပြန်ရောက်သောအခါ ဖခင်ရော မိခင်ပါ မျက်နှာထားတမျိုး ဖြစ်နေကြခြင်းကိုမြင်လိုက်ရသဖြင့် ရင်ထဲ၌ ဒိတ်ကနဲဖြစ်သွား၏။ ငါလုပ်သမျှတွေကိုသိသွားကုန်လေပြီဟု ရိပ်မိသော်လည်း ဘယ်မျှလောက် သိကြသည်၊ ဘယ်ကဲ့သို့ သိထားကြသည် ဆိုခြင်းကိုမူကား ချက်ချင်း ကျွန်ုပ်မသိရသေး။ နောင်တွင်မှ သိရခြင်းဖြစ်သည်။ မိဖများသိကြပုံကား ဤသို့တည်း။ ကျွန်ုပ်ကျောင်းသည်ဆိုလျှင် မကြာမတင် မိဘများသိစေဖို့ဖန်တီးတတ်သည့် ထုံးစံအတိုင်း ဖခင်သည်ကျောင်းသို့ ဝင်မကြည့်သည်မှာ ကြာလှပြီဖြစ်ပါလျက် ထိုနေ့တွင်မှ (ဘာသတင်းကြားရသည်မသိ) ဂုတန်းကျောင်းခန်းသို့ ဝင်ကြည့်ရာ၊ ကျွန်ုပ်ကျောင်းပြေးကြောင်းသိရ၍ အိမ်သို့ပြန်လာပြီးလျှင် ကျွန်ုပ်အကြောင်းကို စုံစမ်းလေ၏။ ဤတွင်မိဘများကြားသိရသည်မှာကား ကျွန်ုပ်သည် နော်မန်ကျောင်း သူကလေးတယောက်နှင့် စာပေးစာယူလုပ်နေကြောင်း (စင်စစ်မှာတေးထပ် တပုဒ်စီသာပေးကြဘူးပါသည်။) ထိုမိန်းကလေးသည် ကျွန်ုပ်ကို ချစ်ကြိုက်သည် မဟုတ်၊ ကျွန်ုပ်နှင့်အတူ ကျောင်းပြေးသောသူငယ်ချင်းနှင့် သမီးရည်းစား ဖြစ်ကြောင်း၊ ၎င်းတို့နှစ်ယောက်လုံးသည် ကျွန်ုပ်ကို အကာအကွယ်ယူပြီး ကြိုက်နေကြ၍ ကျွန်ုပ်အား'လှမ့်'ထားကြခြင်းဖြစ်ကြောင်း စသည်များဖြင့် သတင်းရရှိထားကြ၏။ ၎င်းသတင်းအတိုင်း ဟုတ်မဟုတ်ကိုမူ ကျွန်ုပ်ယနေ့တိုင် မပြောနိုင်ပဲ ရှိပါတော့သည်။

## အရှက်ကြီးကွဲရခြင်း

ကျွန်ုပ်သည် မိဘများ၏မျက်နှာထား မဟန်ခြင်းကို မြင်ရ၍ ရင်ဖိုလှိုက်လျက် အိမ်ပေါ်သို့တက်ပြီးလျှင် စာအုပ်ကလေးများကို စားပွဲပေါ်သို့ပစ်တင်ဆဲတွင် မိခင်ရော ဖခင်ပါလိုက်လာကြ၍ ကျွန်ုပ်၏အဝတ်အစားများကိုဆွဲချွတ်ကြလေ၏။ ကျွန်ုပ်ကငြိမ်ဝပ်စွာမခံပဲ ရုန်းကန်သည်တွင် အလုပ်သမား ၂ယောက ၃ယောက် တို့ကိုခေါ်၍ ၎င်းတို့အကူအညီဖြင့် ကျွန်ုပ်အင်္ကျီများ ရောလုံချည်များကို ပါ တကိုယ်လုံး တုံးလုံးချွတ်ကြ၏။ ထို့နောက်ကျွန်ုပ်အား အိမ်ပေါ်ထပ်မှ အောက်သို့ ဆွဲချလာကြ၍ အိမ်ရှေ့သို့ ဆွဲခေါ်ကြ၏။ ကျွန်ုပ်တို့၏အိမ်ရှေ့၌ ရေတွင်းရှိလေရာ တုံးလုံးဖြစ်နေသော ကျွန်ုပ်အား ရေတွင်းတိုင်၌ တုပ်ချည်ထားကြလေ၏။ ဤနည်းဖြင့် နာရီဝက်ခန့် (ကျွန်ုပ်၏အထင်မှာ တနှစ်လောက်ကြာသည်။) တုံးလုံးပစ်ထားလေရာ၊ အရပ်ထဲမှ ကလေးလူကြီးများသည် ခပ်လှမ်းလှမ်းမှ ကြည့်၍ ပြုံးကြရယ်ကြလေသည်။ အလွန်ရှက်လျက်ရှိသော ကျွန်ုပ်ကမူ ခပ်နီးနီးချဉ်းကပ်၍ ကြည့်သောလူများကို ဆဲ၍ လွှတ်မိပါသည်။ ချည်တုပ်ထားရာမှ ကြိုးဖြေပြီး အဝတ်များဝတ်ရသောအခါတွင် ဆံပင်ညှပ် ကုလားတယောက် ကိုခေါ်၍ ကျွန်ုပ်၏ ဗိုလ်ကေကိုဖြတ်ပြီး ခေါင်းတုံးရိတ်စေပါသည်။

## နှံ့ခြင်းသည် လိမ်မာခြင်းမဟုတ်

ကျွန်ုပ်သည် ကျွန်ုပ်၏မိုက်မဲခြင်းကို ကျပ်ပြည့်တင်းပြည့်ဝန်ခံပါသည်။ သို့ရာတွင် ကျွန်ုပ်၏အပြစ်မှာမိဘအား မလေးမစားပြုခြင်းလည်းမဟုတ်၊ စော်ကားမော်ကား ပြောမိခြင်းလည်းမဟုတ်၊ မရိုမသေပြုခြင်းလည်းမဟုတ်။ ရှုးမိုက်မိခြင်းသက်သက် မျှသာဖြစ်ပါသည်။ ဤမျှလောက်သောပြစ်ချက်နှင့် ဤမျှလောက်စိတ်ကိုထိခိုက်

အောင်ဒဏ်ပေးဆုံးမခြင်းမှာများလွန်းသည်ဟု ထင်ပါသည်။ ကျွန်ုပ်၏မိဘများ နားမလည်ရှာကြသော အချက်မှာသားသမီးကို အရှက်ခွဲသောနည်းဖြင့် ဆုံးမခြင်း သည် ကောင်းသည်၊ လိမ်မာစေသည်၊ နောင်ကြဉ်သည်ဟုထင်မှတ်ရှာကြခြင်းပင် ဖြစ်သည်။ ‘နောင်ကြဉ်သည်’ ဆိုခြင်းကား ဟုတ်လေမည်လောမဆိုနိုင်၊ ခံရသော သားသမီး၏စိတ်ကို နံ့ရှာသွားစေခြင်းကိုမူကား ခံရဘူးသော ကျွန်ုပ်သိပါသည်။ လူဟူသည်မှာသူ့အရွယ်ကလေးနှင့်သူ သူ့ကိုယ်ကိုယ်ကိုလေးစားမှု (self-respect) ရှိကြရမည်၊ ရှိအောင် ကြိုးစားကြရမည်ဖြစ်ရာ၊ မိဘများ၏ဆုံးမပုံ မူကား ကျွန်ုပ်၏စိတ်ကိုအညွန့်ချိုးလိုက်ဘိသကဲ့သို့ဖြစ်သွားပါတော့သည်။

ကျွန်ုပ်သည်အရပ်ထဲ၌လည်းကောင်း၊ ကျောင်း၌လည်းကောင်း (ကျောင်းသို့လည်း သတင်းပေါက်ကြားသည်။) ကလေးလူကြီးများ၏မျက်နှာကို ရဲရဲမကြည့်ဝံ့အောင် ဖြစ်ရပါသည်။ (ကျွန်ုပ်တွင် သက်သာရာရစေသော အချက်တခုမှာ ၁၅နှစ်သား ဆိုသော်လည်း ကြီးထွားမှုနောက်ကျ၍ ကြီးကောင်မဝင်သေးခြင်းပင်ဖြစ်သည်။ သို့မဟုတ်ပါက ငှင်းဒဏ်တချောင်းပေါ်ပေါက်လာရုံမျှမက၊ နံ့သောစိတ်ဓာတ် (Inferiority Complex) ဝင်လာခြင်းကိုလည်းသတိပြုမိပေရာ၊ ကြီးပြင်းလာသော အခါတွင် အနောက်တိုင်းမှ စာကောင်းပေကောင်းကြီးများကိုဖတ် ရှုကာဆင်ခြင် သုံးသပ်ခွင့်ရသောအခါမှ အတော်အတန် ပျော့ပါးသွားသည်ဟု ထင်မိပါသည်။ နားမလည်ရှာကြ၍စေတနာကောင်းနှင့် (လိမ်မာအောင်) ဆုံးမကြ သော သဘာဝ ကို တွေ့ရသည့်အခါတိုင်း အထက်ပါအဖြစ်အပျက်ကိုသတိရ၍ ‘ငါ၏ကံမကောင်း ခြင်းပေတည်း’ဟု အောင်းမေ့မိပါတော့သည်။

## ရှက်တတ်၍ သာဆိုးသည်

နော်မန်ကျောင်းသူကလေးနှင့် ပတ်သက်၍ မိဘများ၏ ထင်မြင်ချက်သည် ဟုတ် မဟုတ်၊ မှန် မမှန် ကိုလည်းကျွန်ုပ်စုံစမ်းရန် မလိုမရှိတော့၊ မိဘများက မိမိတို့

သားကို ဤမျှလောက် အသည်းနုံသည်ဟု အထင်ရောက်ကြခြင်းသည်ပင်လျှင် ကိုယ့်ကိုယ်ကိုရှက်လှ၍ ထိုမိန်းကလေးကို ဘယ်အခါမှ လှမ်းမကြည့်တော့ပါ။ တလခန့်အတွင်း၌ ကျွန်ုပ်သည် အိမ်နီးချင်း အရပ်သူအရပ်သားကလေးများနှင့်လည်း မကစား၊ လူသူလေးပါးမြင်အောင်ပင် မထိုင်တော့၊ ကျောင်းသွား ကျောင်းပြန်များတွင် မြေကြီးသို့ငုံ့ကာ မျက်နှာကိုအောက်ချက်လျက် ခြေကုန်သုတ်၍သွားပါသည်။ တကယ့်အရွယ် မရောက်သေးသူဖြစ်၍ ရှက်ကြောက်သောစိတ်သည် ကြာရှည်စွာမဖြစ်ပဲ တလကျော်ခန့်ရှိသောအခါ သက်သာရာရ၍ ပျောက်မတတ်ရှိသော်လည်း ကိုယ့်ကိုယ်ကို နုံသည်ထင်သော စိတ်မူကား ဤမျှလောက် ဖျောက်ဖျက်ဖို့ မလွယ်ကူသဖြင့် အသက်လေးငါးဆယ်အရွယ်တိုင်အောင် အစွန်းထင်လျက်ရှိပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ အနည်းငယ်စကားထစ်ခဲ့ရာမှ ကိုယ့်ကိုယ်ကို ပို၍သတိပြုမိသည့်အတွက် (More Selfconscious) ပို၍ဆိုးလာပါသည်။

ရှေးဦးစွာစကားထစ်ခြင်း ကူးစက်ခဲ့ပုံ အကြောင်းကို အထက်တွင် ဖော်ပြခဲ့ဘူးရာ ကျွန်ုပ်မှာ နဂိုကတည်းက အခြားလူများထက် ကိုယ့်ကိုယ်ကို လှည့်ကြည့်မိတတ်သော အလေ့အကျင့်ရှိသူ ဖြစ်၍ အတူတူရယ်မိကြခြင်းဖြစ်ပါလျက် ကျွန်ုပ်တယောက်တည်းကိုသာ ကူးစက်ခဲ့ခြင်း ဖြစ်ဟန်တူ၏။ ကိုယ်တုံးလုံးပြလိုက်ရသည့်နောက်၌မူ သာ၍ဆိုး လာသည်ဟု ကျွန်ုပ်သတိပြုမိပါသည်။ (ဤကိစ္စမျိုး၌ ကျွန်ုပ်အလွန်ရှက်တတ်၍ ရေချိုးခန်းထဲ၌ပင်ရေလဲပိုင်းပါမှ ရေချိုးတတ်သူဖြစ်ရာ အဘိုးကြီးအိုဖြစ်လာသောအခါမှ သက်သာရာရတော့သည်။ ထို့ကြောင့်လည်း မိဘများ၏ဒဏ်ပေးခြင်းသည် ကျွန်ုပ်၏စိတ်ကိုသာ၍ ထိခိုက်စေခဲ့သည်။

၄င်းနှစ် ၇တန်းစာမေးပွဲတွင် မန္တလေးမြို့ရှိကျောင်းတိုင်းပင် အကျအရှုံး များကြသော်လည်း အမေရိကန်ကျောင်းမှ စကောလားရှစ်ဝင်ဖို့ ရွေးချယ်ထားသည့် ကျွန်ုပ်တို့ကျောင်းသားလေးယောက်လုံးပင် အောင်မြင်ကြသည်။ အချို့ကျောင်းများ၌မူ တော်လှပါသည်ဆို၍ စကောလားရှစ်သွင်းဖို့ ရွေးချယ်ထားသည့်ကျောင်းသားများပင် ကျရှုံးကြ၏။ ထိုစဉ်က ထုံးစံမှာ ၇တန်းကျောင်းသားများသည် ရိုးရိုးစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှ စကောလားရှစ်စာမေးပွဲတွင် ဖြေဆိုရ၍ ၄င်းကို အောင်မြင်သောအခါတွင် ၈တန်းနှင့် ၉တန်းသင်ရန်အတွက် တလ ၁၆ကျပ်ရ၏။ (၁၆ကျပ်ဟူသော ငွေမှာလည်း ထိုစဉ်ကမနည်းလှ၊ ပုလိပ်အမှုထမ်းတယောက်၏လခမှာ ၁၁ကျပ်၊ ၁၀ပဲမျှသာ ဖြစ်လေသည်။) ကျွန်ုပ်အဖို့ရာ၌မူ စကောလားရှစ် စာမေးပွဲကိုမအောင်မြင်သော်လည်း ၄င်းစာမေးပွဲကို အကြောင်းပြု၍ အလွန်ချစ်ခင်ကြင်နာသော အတန်းတူသူငယ်ချင်းသုံးယောက် တပြိုင်တည်း ပထမအကြိမ်ရရှိခြင်းကြောင့် ထူးခြားသောနှစ်ဖြစ်သည်ဟု မှတ်တမ်းတင်ရသည်။ အေ၊ဘီ၊အမ် ကျောင်းသို့ရောက်ကတည်းက ကျွန်ုပ်မှာ ခင်မင်သော သူငယ်ချင်းဟူ၍မရှိ၊ အသိမိတ်ဆွေဖွဲ့မည့်သူလည်းမရှိ အတန်းထဲမှာ ရော ကျောင်းထဲ၌ပါ “တကောင်ကြွက် တမျက်နှာ”ဆိုသလို ကုပ်ကုပ်ကလေး နေခဲ့ရသည်ဖြစ်ရာ စကောလားရှစ် စာမေးပွဲ ဝင်ခါနီးတွင်မှ ကျောင်းသားလေးယောက်ပေါင်းစည်းလုံးမိကြ၍ အလွန်တရာ ခင်မင်ရင်းနှီးသော အဖြစ်သို့ ရောက်ခဲ့ရသည်။ မိတ်ဆွေတယောက်မျှမရှိခဲ့ဘူးသဖြင့် ဘယ်သူ့အားမျှ မချစ်ခဲ့ရသော ကျွန်ုပ်မှာ တပြိုင်နက်တည်း သုံးဦးကြီးရသောအခါ၌ ပျော်လိုက်ပုံမှာ (တခါတရံ သူတို့အကြောင်းတွေကိုစဉ်းစားရခြင်းကြောင့်)အိပ်မပျော်နိုင်အောင် ရှိဘူးပါသည်။

## ရတနာပုံဆိုက်သောနှစ်

၈ တန်းသို့တက်ရသောနှစ်(၁၉၀၅ခုနှစ်)သည် ကျွန်ုပ်အဖို့ရာ၌ ကျောင်းသားဘဝတွင် "ရတနာပုံဆိုက်"သောနှစ်ဟူ၍ ဆိုသင့်၏။ အလွန်ချစ်ခင်သော အတန်းသားသုံးယောက်တပြိုင်နက်တည်း ရရှိသည့်ပြင်ဟိုလူ သည်လူများကလည်း ခေါ်ချင်ပြောချင်ရှိကြသည်။ ကျောင်းသို့ရောက်သည်မှာ ၂ နှစ်ပြည့်ခဲ့ပြီဖြစ်၍မုတ်ဆိတ်ဖွားကြီးနှင့် ကျောင်းအုပ်ကြီးကိုလည်း မလန့်တော့။ မိုးထိုးသည်ဟု ထင်ခဲ့မိသော 'တာဝါ'အချွန်ကြီးကိုလည်း ကြောက်စရာမထင်တော့။ (ကျောင်းသားတယောက်နှင့်တိတ်တဆိတ် တက်၍ပင်ကြည့်ပြီးခဲ့လေပြီ။) ကျောင်းသားမြင်သမျှသည် ကျွန်ုပ်ကို 'ကျယ်'လိမ့်မည်ဟူ၍လည်း မစိုးရိမ်တော့။ ဤကျောင်းသည် ငါတို့ကျောင်း ဖြစ်သည်ဟု ပိုင်ပိုင်နိုင်နိုင် သဘောထားနိုင်ခဲ့လေပြီ။ ကျွန်ုပ်သည် ငယ်စဉ်ကတည်းက အတိတ်ကိုပြန်ပြောင်းသတိရ၍ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ကြည့်တတ်သော အလေ့ရှိသူတယောက်ဖြစ်လေရာ ၈တန်းသို့တက်ရပြီးသည့်နောက် ၆တန်း ကျောင်းသားကလေးအဖြစ်နှင့် ရှေးဦးစွာ ကျောင်းတက်ရသောနံနက်ကို သတိရမိတိုင်း တောင်ပေါ်မှ တောင်ခြေသို့ ပြန်ကြည့်ရသည့်နှယ် အခြေအနေကွာခြားပုံကို ပြုံးမိပါသည်။

## ကြာလေကောင်းလေဖြစ်လာခြင်း

အေ၊ဘီ၊အမ် ကျောင်း၌ ကျွန်ုပ်တို့၏ ၇တန်းဆရာနှင့် ၈တန်းဆရာတို့မှာ အိမ်နီးချင်း ဖြစ်ကြသည့်အလျောက် ၈တန်းသို့ ကျွန်ုပ်တို့ တက်သွားကြသော အခါ ၈တန်းဆရာသည် အတန်းသားသစ်များအနက် မည်သူမည်ဝါတို့တော်သည်ဆိုခြင်းကို သိနှင့်ပြီးလေပြီ။ ထိုစဉ်က ၇တန်းဆရာနှင့် ၈တန်းဆရာတို့သည် အင်္ဂလိပ်စာကိုအထူးအလေးပေးကြသူများဖြစ်၍ ကျွန်ုပ်တို့ စကောလား

ရှစ်ဖြေခဲ့သူလေးယောက်ကို စတန်းဆရာက အလေးပေးပြီး ဖိ၍သင်ပြ လေရာ ၎င်းတို့အနက်တွင် ကျွန်ုပ်မှာ အင်္ဂလိပ်ဘာသာတော်လျက်နှင့် ကျောင်းပြေးတတ်သော ကောင်ကလေးဟု သိထားသည်နှင့် အထူးတလည်ဖိ၍ သင်ပြပေသည်။ ထို့ကြောင့် ကျွန်ုပ်စာမကျက်လျှင်လည်း ဆရာကသိ၍ စာကျက်လျှင်လည်း တတန်းလုံးသိအောင် ကြော်ငြာပေးသကဲ့သို့ ထင်ရှားစေသည်။ ဤတွင် ကျွန်ုပ်မှာ စာမကြိုးစားပဲနေ၍ မဖြစ်သော အခြေသို့ ရောက်နေလေတော့သည်။ ကျွန်ုပ်အဖို့ရာ၌ ကောင်းခြင်းတရပ်ပင်။

## ကျောင်းသားကြီးများ၏ 'လက်ချာ'

ကျွန်ုပ်မှာ ကျောင်းသက်တတလျှောက်လုံးတွင် (ကိုထွန်းလှတယောက်မှတပါး) ခင်မင်ရင်းနှီးသူမရှိခဲ့ဘူးသဖြင့် စတန်းသို့ရောက်ခါမှ သုံးယောက်ပူး တပြိုင်နက်ရရှိခြင်းအတွက် ပီတိဖြစ်ရပုံကိုမဖော်ပြပဲ မနေနိုင်အောင် ရှိပါတော့သည်။ ကျွန်ုပ်တို့ လေးယောက်အနက် ကိုဖေဆိုသူမှာ ကျွန်ုပ်တို့ထက်လေးနှစ်ခန့်ကြီး၍ ကျန်နှစ်ယောက်မှာ ကျွန်ုပ်နှင့် ရွယ်တူများဖြစ်ကြ၏။ စင်စစ်အားဖြင့် ကိုဖေသည် ခေါင်သူကြီးဖြစ်ထိုက်သော်လည်း သုံးယောက်လုံးသည် ကျွန်ုပ်အား အချစ်ဆုံးဖြစ်၍ ကျွန်ုပ်၏အဆုံးအဖြတ်ကို နာယူကြသည်။ ကျွန်ုပ်ကားကိုထွန်းလှကဲ့သို့ သဘာဝခေါင်းဆောင်တယောက် (Born Leader) မဟုတ်ပါပဲလျက် မေတ္တာအလျောက်တင်မြှောက်ကြခြင်းဖြစ်ရာ ကျွန်ုပ်ကမူ အထိုက်အလျောက်ပါးရည်နပ်ရည်ရှိသည်နှင့် ကိုဖေ၏အလိုကိုကြည့်၍ အဆုံးအဖြတ် ပေးတတ်လေသည်။ ရွယ်တူနှစ်ယောက်အနက် တယောက်မှာ စက်ရှင်တရားသူကြီး ဦးရီးဖြစ်လာ၍ အခြားတယောက်မှာ တရုတ်ကပြားကလေး စက်ခွေဆိုသူဖြစ်၏။ ကျွန်ုပ်တို့လေးယောက်သည် ကျောင်းမတက်မီ နာရီဝက်ခန့် စောစောရောက်၍ 'အစည်းအဝေး'ထိုင်ခြင်း၊ နေ့လည်အားလပ်ချိန် တနာရီအနက် နာရီဝက်ခန့်

သစ်ပင်ရိပ်အောက်တွင် အတူထိုင်ကြခြင်းဖြင့် မှန်မှန်ကြီး အချိန်ဖြုန်းကြ၏။ ၄င်းအစည်းအဝေးများ၌ကိုဖေသည် ရည်းစားထားခြင်းအလုပ်နှင့် ပတ်သက်၍ လက်တွေ့များလှသူတယောက်ဖြစ်သည့်အလျောက် အမြဲတမ်း 'လက်ချာ'ပေးလေ့ ရှိရာ တခါတရံတွင် အခြားကျောင်းသားကလေးများလည်း ကြားနာကြ၍ အချို့ ကျောင်းသားကြီးများကလည်း မိမိတို့၏ အတွေ့အကြုံများကို ဇွက်ဖက် ပြောပြလေ့ရှိကြ၏။ လက်ချာဆရာများအနက် ကိုဖိုးဝိုက်ဆိုသူ၏ လက်ချာတပုဒ် ကို ကျွန်ုပ်မှတ်မိပါသေးသည်။

## လူချော ကိုဖိုးဝိုက်

ကိုဖိုးဝိုက်ကား ကျောင်းသားဘဝမှစ၍ ကျွန်ုပ်တွေ့ဘူးသမျှ မြင်ဘူးသမျှသော ယောကျ်ားများ (ဇာတ်မင်းသား အပါအဝင်) အနက်တွင် အချောဆုံး၊ အလှဆုံး လူတယောက်ဖြစ်၏။ သူနှင့်ယှဉ်နိုင်သူမှာ နာမည်ကြီးလှသည့် မန္တလေးမြို့သား "ဘောင်ယာဆောင်ဒင် မောင်ကြီး"တယောက်သာ ရှိသည်ထင်၏။ ကိုမောင်ကြီး ၏ချောခြင်းမှာ မျက်နှာထားချိုခြင်းနှင့် ဝတ်ပုံစားပုံ ကိုယ်နေကိုယ်ဟန် ဂိုက်ဆိုက် ကောင်းခြင်းတို့က အထောက်အကူပြုလျက်ရှိရာ မျက်နှာသက်သက်ကို ကြည့်မည် ဆိုပါမူကား ကိုဖိုးဝိုက်ကို မှီသောယောကျ်ားဟူ၍ ကျွန်ုပ်တသက်လုံး မတွေ့ရဘူးချေ။ အလွန်ကြည်လင်၍ အစဉ်ပြုံးလျက်ရှိသော မျက်လုံးများ၊ ထင်ရှား၍ ပြတ်သားသော မျက်ခုံး၊ ရှည်လျား၍ ကော့လန်လျက်ရှိသော မျက်တောင်မွေးများ၊ ကျယ်ပြန့်ညီညာသော မဟာနဖူး၊ ဖြောင့်စင်းသောနှာတံ၊ ဖြူစင်၍ ညီညာသော သွားများ၊ အစွန်းနှစ်ဘက်၌အထက်သို့ ပျံတက်သည် ထင်ရသောပါးစပ်၊ ခပ်သွယ်သွယ်ရှိသော မျက်နှာ၏အဆုံး၌ မချွန်းလွန်း မပြားလွန်းပဲ အနေတော်ရှိသည့် မေးစေ့တို့ဖြင့် တချက်မြင်လိုက်ရလျှင် နောက်ထပ်၍ မကြည့်ပဲ မနေနိုင်သည့် 'အလန့်တကြား' ချောလှသော မျက်နှာမျိုး

ရှိသူဖြစ်၏။ အထူးသဖြင့် မှတ်မိလောက်သော အခြင်းအရာသည်ကား သူ၏ အသားပင်ဖြစ်၏။ မြန်မာလူမျိုးသည် အသားဖြူနှင့် အသားဝါတို့အနက် အသားဝါကိုပို၍နှစ်သက်တတ်ကြသည်ဖြစ်ရာ ကိုဖိုးဝိုက်၏ အသားဝါပုံမျိုးမှာ ဖျော့တော့သော ဝါခြင်းမျိုးမဟုတ်၊ ရဲရဲတင်းတင်း ထိန်ထိန်လင်း လျက် ရွှေရောင်ဝင်းသည်ဟု ထင်ရလောက်သော ဝါခြင်းမျိုးဖြစ်ရသည့်အထဲတွင် ညက်ညောချောမွေ့လိုက်ပုံကလည်း မည်သူနှင့်မျှမတူဟု ကျွန်ုပ်ထင်မိသည်။ "အကျွမ်းဝင် အဆင်ပြေ"ဟူသော မြန်မာစကားရှိပေရာ ကျွန်ုပ်သည် ကိုဖိုးဝိုက်ကို ခင်မင်သောကြောင့် သူ၏ရုပ်အဆင်းကို အထင်ကြီးခြင်းမဟုတ်၊ သူနှင့် ကျွန်ုပ်မှာ တတန်းတည်းဖြစ်ရဘူးခြင်းမတပါး အရွယ်ချင်းလည်းကွာ၍ နေရပ်ချင်းလည်း မနီးသောကြောင့် နှစ်ကြိမ်သုံးကြိမ်မျှသာ ခေါ်ဘူးပြောဘူးပါသည်။ ဤမျှလောက် လှပချောမောသူတယောက်က ကျွန်ုပ်အား တခါတရံ ခေါ်ဘူးခြင်းအတွက်ပင် 'လူသစ်ကလေး တယောက်ဖြစ်သော ကျွန်ုပ်အဖို့၌ ဝမ်းသာမိခြင်းကို မှတ်မိပါသေး သည်။

## မှတ်သားလောက်သော စုံစမ်းနည်း

ဘုရားရှိခိုးကျောင်း၏ တောင်ဘက်၌ရှိသော ကြို့ပင်အောက်၌ 'မြာလက်ချာ' ပေးကြသောကျောင်းသားကြီးများအနက်တွင် ကိုဖိုးဝိုက်နှင့် ကိုဖေတို့သည် အပြောင်မြောက်ဆုံးသော ဆရာကြီးများဖြစ်ကြသည်ဟု ကျွန်ုပ်မှတ်မိ၏။ ကိုဖေမှာ အထက်ချင်းတွင်းနယ် မင်းကင်းမြို့သား တယောက်ဖြစ်၍ နွေရာသီကျောင်း(၄၅) ရက်ပိတ်တိုင်း မိမိ၏ဌာနေသို့ ပြန်ရသူဖြစ်လေရာ တနှစ်တခေါက်ပြန်တိုင်း ရည်းစားတယောက်ထားနိုင်သူဖြစ်သည်နှင့် သူ၏လက်ချာများသည် ဆင်ပြောင်း ဆင်ကွဲဖြစ်၍ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ကိုဖိုးဝိုက်မှုကား မန္တလေးသားဖြစ်၍ ဌာနီပြန်ကာမှ တနှစ်တယောက်မဟုတ်၊ ရုပ်ကလည်း

အလွန်ချော၊ အပြောကလည်း အလွန်ကောင်း၊ သပ်သပ်ရပ်ရပ်နှင့် ဝတ်ကောင်းစားလှ ဝတ်တတ်သူလည်း ဖြစ်သောကြောင့် (ကျွန်ုပ်၏ခန့်မှန်းခြေအရ) တလ တယောက်လောက် တွေ့နိုင်သူဖြစ်ဟန်တူပေသည်။ ကိုဖိုးဝိုက်၏မှတ်သားဖွယ်သော 'လက်ချာ'များအနက် အထူးသဖြင့် မှတ်သားမိသော လက်ချာတခုမှာ ချက်ချင်းတွေ့ရသော မိန်းကလေးတယောက်သည် မိမိအပေါ်၌ စိတ်ဝင်စားမှု ရှိမရှိကို အကဲခတ်သော နည်းအကြောင်းဖြစ်၏။ (ဤအကြောင်းကိုမူ ကျွန်ုပ်မှတ်မိသလောက် သူ၏စကားအတိုင်းဖော်ပြပါမည်။) "မင်းတို့ပွဲကြည့်တယ်ဆိုပါတော့ကွာ၊ ကိုယ့်နေရာမှာ ထိုင်လိုက်လျှင် ထိုင်လိုက်ချင်း ကိုယ့်ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်ရတယ်၊ ဘယ်'မြာ'ဟာ နိပ်သလဲဆိုတာ ရှာကြည့်လိုက်၊ တော်တော်ကလေးကြာကြာထိုင်မိတဲ့အခါမှာ ကိုယ်သဘောကျတဲ့'မြာ'ဟာ ကိုယ်နဲ့ မျက်လုံးချင်း ဆိုင်မိမဆိုင်မိကို အကဲခတ်နိုင်လိမ့်မယ်၊ ကောင်းပြီ၊ ခဏခဏ တယောက်ကိုတယောက် လှမ်းကြည့်ကြလို့ မျက်လုံးချင်း တိုက်ဆိုင်မိတယ် ဆိုပါတော့၊ တထစ်တက်ပြီး စမ်းကြည့်လိုက်အုံး၊ စမ်းပုံကတော့ ဒီလိုကွ၊ မင်းတို့ ထိုင်တဲ့နေရာနဲ့ 'မြာ'ထိုင်တဲ့နေရာနဲ့ တည့်တည့်ကြီးဖြစ်နေလို့ တယောက်နဲ့ တယောက်မြင်နိုင်ရာကနေပြီး မင်းတို့က နဲနဲလေး ရွှေ့ထိုင်လိုက်ရမယ်၊ ဒီအခါမှာ မျက်စိချင်း မတိုင်ဆိုင်နိုင်ပဲ နဲနဲကွယ်သွားတယ် ဆိုပါတော့၊ 'မြာ'ကမင်းကို စိတ်ဝင်စားရိုးမှန်လျှင် သူကိုယ်တိုင်က နေရာရွှေ့ပြီး ပြင်ထိုင်လိမ့်မယ်၊ ဒီလိုတခါနှစ်ခါပြင်ထိုင်တယ်ဆိုလျှင်တော့ သေချာပေါက်ပဲ၊ သူ့နောက်ကလိုက်၊ သူ့အရပ်တို့ နေအိမ်တို့စုံစမ်းပြီး အဆက်သာရှာပေတော့၊ သူ့ကိုယ်နှိုက်က အဆက်လုပ်ပေးတာမျိုးတောင် ကြုံရတတ်တယ်"ဟုပြောပြလေ သည်။ ကိုဖိုးဝိုက်မှာ 'အလန့်တကြား'ချောသူဖြစ်၍ လူပုံထဲတွင် ထင်းထင်းကြီး ပေါ်နေမည့် လူတယောက်ဖြစ်သောကြောင့် (အခြားလူများအဖို့ တသက်တခါ ကြုံရမည်ဖြစ်သော်လည်း) သူ့အဖို့မှာ ပွဲတိုင်း'စွဲ'လောက်သည်ဟု ထင်မိဘူး ပါသည်။

## 'ဘော်ဒါ'အလုပ်သမားများ

စတန်း၌ရှိစဉ် ကျွန်ုပ်၏ အကျင့်ဆိုးများ ကပ်ရောက်လာခြင်းကို ဖော်ပြရပေဦးမည်။ ဖခင်၏အလုပ်မှာ အတော်တိုးတက်လာ၍ ဖိနပ်ချုပ် အလုပ်သမားပေါင်း လေးငါးဆယ် ဖြစ်လာလေရာ များသောအားဖြင့် ကိုယ့်အိမ်မှ ကိုယ်ချုပ်လုပ်ပြီး လာပို့ကြသော်လည်း တကျိပ်ခန့်တို့မှာမူ ကျွန်ုပ်၏အိမ်၌ချုပ်လုပ်ကြလေသည်။ ၎င်းတို့အနက်တွင် 'ဖဝါးထိုး'သော မိန်းမအလုပ်သမားများလည်း ရှိကြ၍ ၎င်းတို့အချင်းချင်းချစ်ကြိုက်ပြီး အိမ်ထောင်ကျသူတို့လည်း မနည်းလှပေ။ အလုပ်လုပ်ရုံသာမက ချက်ပြုတ်စားသောက်ပြီး အိမ်၌အိပ်ကြသောယောကျ်ား မိန်းမများပင် လေးငါးယောက် ရှိတတ်သေး၏။ လူပျိုအလုပ်သမား နှစ်ယောက် ခန့်လောက်မှာမူ ကျွန်ုပ်တို့အိမ်၌ဘော်ဒါနေကြ၍ လခ လေးကျပ်မျှနှင့် ထမင်းကျွေးရခြင်းကိုလည်း မှတ်မိပါသေးသည်။ ထမင်းလခ လေးကျပ်ဟူသည်မှာ ဤခေတ်တွင် လက်ဖက်ရည်ကြမ်းဖိုးပင် မရှိသောကြောင့် အံ့ဖွယ်ရာတခုဖြစ်နေ ပေလိမ့်မည်။ အလုပ်သမားတယောက်လျှင် ၁၀–၁၂ ကျပ်မျှသာ နေ့တွက် ကိုက်ကြ၍ ၁၅ ကျပ်ရသောအလုပ်သမားသည်လူရည်ချွန်တယောက်ဖြစ် လာရသော ခေတ်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ လေးကျပ်ဟူသော ထမင်းဖိုးသည် (ကျွန်ုပ်တို့စားသလို ကျွေးရခြင်းဖြစ်သောကြောင့်) နည်းလွန်းလှသော်လည်း ၎င်းတို့၏လုပ်အားပေါ်မှရသော အမြတ်ကြောင့် ကျွေးနိုင်ခြင်းဖြစ်ဟန်တူပေသည်။

## ရှေးခေတ်အလုပ်သမားများ၏ အကျင့်

ကျွန်ုပ်မှာအိမ်တွင် အလုပ်သမားများနှင့်အတူ 'လက်ပွန်းတတီး'နေရသူဖြစ်သည့် အလျောက်အလုပ်သမားများ၏ စိတ်နေသဘောထားနှင့် အလေ့အကျင့်များသည်

တဖြည်းဖြည်း မသိမသာကူးစက်လျက်ရှိလေပြီ။ ၄င်းတို့သည် တယောက်ကို တယောက် 'နှပ်'လိုသော စိတ်ထားမျိုး အမြဲရှိကြ၍ ထူအ.သောလူများခံကြရသည်ချည်းဖြစ်၏။ တဦးတယောက်၏ ဒုက္ခရောက်ခြင်းကို မြင်ရသည့်အခါ အားလုံးက ပျော်ရွှင်စွာရယ်မောတတ်ကြ၍ ထိုကဲ့သို့ ဒုက္ခရောက်စေခြင်းငှာ အမျိုးမျိုးသောနည်းဖြင့် ကျီစားတတ်၏။ (Practical Joke) ဥပမာ တယောက်၏ နေရာ၌ဖြစ်စေ၊ မှီသောတိုင်၌ဖြစ်စေ တွယ်အပ်မြှုပ်ထားခြင်း၊ သောက်သော လက်ဖက်ရည်ကြမ်း၌ ငရုတ်သီးမှုန့်ခတ်ထားခြင်း၊ လက်သွက်သော အလုပ်သမား တယောက်၏ လက်နက်ကိရိယာများကို (အလုပ်ဖင့်နှေးစေခြင်းငှာ) ဝှက်ထားခြင်း မှစ၍နည်းအမျိုးမျိုးတည်ထွင်ကာရယ်ရအောင်ဖန်တီးတတ်ကြလေသည်။

အလုပ်သမားအချင်းချင်းသာမဟုတ်၊ အိမ်ရှေ့မှ လမ်းလျှောက်သွားသော ခရီးသည်များအားပင် 'နှပ်'တတ်ကြသေး၏။ မူးစေ့၊ သို့မဟုတ် မတ်စေ့တစေ့ကို အိမ်ရှေ့တွင် မြေကြီးထဲ၌မပေါ်တပေါ်မြှုပ်ထား၍ အလွယ်တကူကောက်ယူရန် မဖြစ်နိုင်စေခြင်းငှာ အောက်၌တိုင်ငုတ်တူးပြီး ကော်နှင့်ကပ်ထား၏။ လမ်းသွား တယောက်သည် အိမ်ရှေ့မှ လျှောက်သွားစဉ် မူးစေ့ကိုမြင်၍ ကုန်းကောက်လိုက်မိသဖြင့်ရုတ်တရက်ခွာမရပဲရှိသည်တွင်မှ ဝါးကနဲဝိုင်း၍ ရယ်လိုက်ကြသောအခါ ရှက်ကိုးရှက်ကန်းနှင့် ထွက်သွားရှာခြင်းမျိုးလည်း မြင်ရဘူးသည်။ ဤထက်ဆိုးသော နည်းမျိုးလည်းရှိသေး၏။ နံနက်စောစောကြီး အချိန်တွင် ပခုံးထမ်းသမားများသည် ဟင်းသီးဟင်းရွက်များကို တောင်းနှစ်ဘက်၌ အပြည့် အလျှံထည့်ကာ 'ကယ်ကယ်ကယ်ကယ်'နှင့် ဒရောမျောပါးထမ်းပိုးသွားလေ့ လာရှိ၏။ 'ပခုံးထမ်း'တို့မည်သည်မှာ ဖိနပ်စီးရိုးထုံးစံမရှိပဲ ခြေထောက်အတိုင်း အပြေးအလွှား သွားရစမြဲပင်ဖြစ်လေရာ၊ အလုပ်သမားတယောက်သည် အိမ်ရှေ့လမ်းပေါ်တွင် တလက်မခန့်ရှိသော ငုတ်တိုကလေးတချောင်း ရိုက်ထား၏။ အချို့လည်းမြင်၍ ရှောင်ကွင်းသွားကြသော် လည်း အချို့မှာ သွားနေကျလမ်းဖြစ်၍ အမှတ်မဲ့ပင် စိတ်ချလက်ချသွားကြ၏။တယောက်သောအထမ်းသမားသည် (ဆောင်းရာသီတွင်)

မုန့်လာဥ၊ မုန့်လာထုပ် စသော ဟင်းရွက်ဟင်းသီးများကို တောင်းနှစ်ဘက်တွင် အပြည့်အမောက်ထည့်လျက် အပြေးအလွှားထမ်းလာရာ ရိုက်ထားသော တိုင်ငုတ်ကို ခြေမနှင့်တိုက်မိ၍ ဒယိမ်းဒယိုင်ဖြစ်သွားသည်တွင် ဖိနပ်အလုပ်သမား များသည် ဦးခေါင်းကိုငုံ့ကာ ကြိတ်၍ရယ်ကြလေသည်။ ထိုလူသည်အထမ်းကိုချ၍ အလွန်မကျေနပ်သော မျက်နှင့်အိမ်ဘက်သို့ လှမ်းကြည့်ယင်း ကွဲသွားသော ခြေမကို နှိပ်နယ်ပေးရှာလေသည်။

## ညစ်စိတ်ကူးစက်ခြင်း

ဤစာကိုရေးသားသော ယခုအချိန်၌ပင် ကျွန်ုပ်သည် ထိုလူ၏မျက်နှာကို မြင်လျက်ရှိ၍ ရင်ထုမနာဖြစ်မိပါသည်။ သို့ရာတွင် ထိုစဉ်ကမူ မည်သို့ရှိမည်ထင်ကြသနည်း။ အခြားအလုပ်သမားများနည်းတူ ကြိတ်၍ရယ်မိပါသည်။ အဘယ်ကြောင့်နည်းဟူမူ ကျွန်ုပ်သည် အလုပ်သမားများနှင့် ရောထွေး ယှက်တင်နေရသည်တွင် ၎င်းတို့၏စိတ်ဓာတ်များ ကူးစက်လျက်ရှိပါသောကြောင့်တည်း။ ဤသို့ဖြစ်ရခြင်းမှာ ရုတ်တရက်ချက်ချင်းမဟုတ်၊ တဖြည်းဖြည်း တစတစ ပြောင်းလဲခြင်းဖြစ်၍ သူတပါး ဒုက္ခရောက်ခြင်း၌ အရသာခံတတ်လာခြင်းဖြစ်လေသည်။ 'အတုမြင် အတတ်သင်' ဟူသော စကားသည် အလွန်မှန်၏။ သို့ရာတွင် ဤအကြောင်းနှင့်ပတ်သက်၍ တင်ပြရန် တချက်ကျန်သေး၏။ ကျွန်ုပ်တို့၏နေအိမ်သို့ 'သဘာဝခေါင်းဆောင်' စိတ်ဓာတ်မျိုးရှိသော အလုပ်သမားတယောက်ရောက်လာရာ ထိုသူသည် တလခန့်အတွင်း၌ပင် အိမ်ရှိအလုပ်သမားများ၏ခေါင်းဆောင်ကြီးဖြစ်လာ၏။ ကောင်းသောဘက်၌ဖြစ်စေ၊ ဆိုးသောဘက်၌ဖြစ်စေ ထိုသူလုပ်သမျှလိုက်၍လုပ်ကြ၏။ ထိုသူဥပုသ်စောင့်လျှင် အားလုံးဥပုသ်စောင့်ချင်သောစိတ်ဖြစ်ပေါ်လာကြ၍ ထိုသူထန်းရည်သောက်လျှင်လည်း အနည်းဆုံး တပုလင်းစီ သောက်ကြလေတော့၏။ ကျွန်ုပ်၏ဖခင်သည် ထိုသူ့အကြောင်းကို

ရိပ်မိလာသောအချိန်မှစ၍ ၎င်းအား ချော့၍ပေါင်းရ၏။ ကျွန်ုပ်မှုကား အလုပ်သမား ခေါင်းဆောင်တယောက်နှင့် ခင်မင်ရခြင်းကိုပင် အပတ်ကြီးထင်ကာ ဖြစ်သင့်သည် ထက် ပို၍ရင်းနှီးမိသည်တွင် ထိုသူ၏'ညစ်'စိတ်များသည် ကျွန်ုပ်သို့ အတော်ကြီး ကူးစက်လာခဲ့လေသည်။ 'ငတ်ရိုက်'ခြင်းစသော အထက်ပါယုတ်မာမှု များမှာ ထိုသူ၏တီထွင်မှုများဖြစ်၏။ ကျွန်ုပ်၏ အဓ္ဓျတ္တသန္တာန်၌ ယခုတိုင် ကိန်းအောင်း ချင် ကိန်းအောင်းလျက်ရှိဦးမည့် 'ညစ်'စိတ်ကလေးများသည် ထိုသူချထားခဲ့သည့် မျိုးစေ့ဖြစ်ရမည်ဟု ဆိုချင်သည်။ 'ကိန်းအောင်းချင် ကိန်းအောင်းလျက် ရှိဦးမည်'ဟူ၍ ဧကန်မဟုတ်သည့် အနေကန်သဘောမျိုး ရေးသားခြင်းမှာ လူလား မြောက်လာသောအခါတွင် ကျွန်ုပ်သည် အနောက်တိုင်းမှ ကမ္ဘာကျော် ဝတ္ထုစာအုပ်ကြီး အမြောက်အမြားကို ဖတ်ရှုရသည်တွင်မှ ကိုယ့်ကိုယ်ကို ပြုပြင်တန် သလောက် ပြုပြင်ထားသည်ဟု ယူဆသောကြောင့်ဖြစ်ပါသည်။

## လောင်းကစားနည်းအမျိုးမျိုး

အလုပ်သမားခေါင်းဆောင်ထံမှ ကျွန်ုပ်သို့ကူးစက်လာသည့် အကျင့်ဆိုးတခုမှာ လောင်းကစားခြင်းပင်ဖြစ်၏။ "သူတပါးကို အဆိုးမချပါနှင့်၊ လူတွင်ပါလို့ နွားကို ကျားကိုက်သည်မဟုတ်လော"ဟု ဆိုကြလျှင်လည်း "သူ့ကိုအဆိုးချခြင်း မဟုတ် ရပါ၊ ကူးစက်ခြင်းကိုသာ တင်ပြခြင်းဖြစ်ပါသည်"ဟု ဖြေဆိုရပါမည်။ ဥပမာ မီးသွေးကိုကိုင်မိ၍ လက်မည်းခဲ့လျှင် မီးသွေး၏အပြစ်မဟုတ်၊ ကိုင်မိသူ၏အပြစ် သာဖြစ်သည်ဟု နားလည်ပါသည်။ သို့ရာတွင် ငယ်ရွယ်နုနယ်သောအချိန်၌ 'မီးသွေး'နှင့် ရောထွေးယှက်တင် ထားခံရခြင်းမှာ ကျွန်ုပ်၏ကံမကောင်းခြင်းဖြစ် သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ စနေနှင့် တနင်္ဂနွေနေ့များတွင် ကျွန်ုပ်သည် အလုပ်သမားများ၏ အလုပ်ခွင်၌ တနေ့လုံး အချိန်ဖြုန်းတတ်၏။ (အခြားနည်းလမ်းလည်းမရှိချေ။) သူတို့၏ပြောနည်း၊ ဆိုနည်း၊ လိုမ့်နည်း၊

နှပ်နည်း၊ အချင်းချင်း 'ကိုက်နည်း'များသည် ကျွန်ုပ်အဖို့ နားရည်ဝလျက်ရှိ၍ ကျောင်းတွင်'လူပါး'လူလည်'ကလေးတယောက်ဖြစ်လာ၏။

အချို့ကျောင်းသားကလေးများ မရယ်တတ်သော 'ပြက်လုံး'ကို ကျွန်ုပ်ရယ်တတ်လေပြီ။ ဤသည်တို့ကား မဆိုးလှ၊ ဤမျှမက ဆိုးသော အခြင်းအရာများလည်း ရှိသေး၏။ ဖခင်သည်နေ့တိုင်း ဈေးချိုသို့သွား၍ ရောင်းပြီးသော ဖိနပ်များအတွက် ငွေတောင်းခြင်း၊ သက္ကလပ်စသော ပစ္စည်းများ ဝယ်ယူခြင်း စသည်ဖြင့် ဆောင်ရွက်လေ့ရှိရာ ဖခင်ထွက်သွားသည်နှင့် တပြိုင်နက်မနီးမဝေးရှိအိမ်ကြားသို့ တယောက်ချင်း ထသွား၍ 'မျောက်ပန်းလှန်'သော ကစားနည်းဖြင့် ကစားကြ၏။ အရှုံးအနိုင်မှာတပဲ ခြောက်ပြားမျှသာဖြစ်သောကြောင့် ကျွန်ုပ်လည်း ပါဝင်နိုင်လေသည်။ ဤသို့ဖြင့် ဖခင်ပြန်လာလုနီးသည်တိုင်အောင် လောင်းကစားကြ၏။ ထိုမှ တဆင့်တက်လာသောအခါ အလုပ်ခွင်နှင့် မနီးမဝေးတွင်ထိုင်နေသော ဖခင်တယောက်လုံးရှိလျက်နှင့်ပင် အလုပ်တဘက်နှင့် လျှို့ဝှက်စွာ လောင်းကစားနည်းကို (ခေါင်းဆောင်က)တီထွင်ပြန်လေသည်။ ထိုနည်းမှာ တယောက်လျှင် ပိုက်ဆံတပြားစီ ထည့်ဝင်ပြီးနောက် တယောက်ယောက်က 'ဖဝါး'များကိုယူ၍ တခု၏ကျောဘက်တွင် ခြစ်ပြီး မှောက်ခင်းထားလိုက်၏။ လူငါးယောက်ဆိုလျှင် 'ဖဝါး' ငါးခုအသုံးပြု၍ တခုတည်းကိုသာ ခြစ်မှတ်ရလေသည်။ ပိုက်ဆံထည့်သော အလုပ်သမားများသည် ကြိုက်ရာ'ဖဝါး'တခုကို လှန်ရလေရာ အခြစ်ပါသော 'ဖဝါး'ကို လှန်မိသည့်လူသည် ပိုက်ဆံငါးပြားကိုယူရလေသည်။ ဖဝါးကိုခြစ်၍ မှောက်ရသောလူကမူ လှန်နိုင်ခွင့်မရှိ၊ အခြားလူများ မလှန်ပဲချန်ထားသော 'ဖဝါး' သည်သူ့အတွက်ဖြစ်၍ ၎င်း၌အခြစ်ပါခဲ့လျှင် ပိုက်ဆံငါးပြားသည် သူ့ပစ္စည်း ဖြစ်သွား၏။ မည်သူမဆို ဖဝါးခြစ်လိုက ခြစ်နိုင်ခွင့်ရှိသည်။ ဤနည်းကား ဖခင်ကြောင်တောင်ရှိလျက်နှင့် လောင်းကစားနိုင်သောနည်းပေတည်း။ တနေ့လျှင် များများကြီးမဟုတ်၊ တမူးဆယ်ပြားမျှ အရှုံးအနိုင် ရှိတတ်လေသည်။

## လောင်းကစားခြင်း၏ ဆိုးရွားပုံ

ဤမှ တဆင့်တက်ပြန်သော် လသာသောညဥ့်များတွင် အိမ်ရှေ့၌ရှိသော ရေတွင်းပေါ်တွင် အပန်းဖြေသယောင်နှင့် 'အပေါက်၂၀'ဆွဲကြ၏။ ကျွန်ုပ်လည်း ပါဝင်တတ်လေပြီ။ ဤကစားနည်းမှာတမတ် သုံးမူးထိအောင် အရှုံးအနိုင်ရှိတတ်သော ကစားနည်းဖြစ်၍ ကျွန်ုပ်အဖို့ လက်ကိုင်ရအောင် ရှာရသည့် အကျင့်ဆိုးတခုတတ်လာရပြန်လေပြီ။ ဖခင်သည် ပိုက်ဆံအိတ် ထည့်ထားသောအင်္ကျီကို ခုတင်ခြေရင်းတိုင်တွင် ချိတ်၍အိပ်လေ့ရှိရာ ကျွန်ုပ်သည်ဖခင်အိပ်ချိန်တွင် တိတ်တဆိတ်ထလာ၍ သားရေအိတ်ထဲမှ မူးစေ့မတ်စေ့ကလေးများအနက် (၂ ကျပ်ဖိုးခန့်ရှိတတ်သည်။) မူးစေ့ တစေ့ဖြစ်စေ၊ အများဆုံး မတ်စေ့တစေ့ဖြစ်စေ ခိုးယူရသည်။ ဒင်္ဂါးများရှိသော်လည်း သိသွားမည်စိုးသောကြောင့် မယူဝံ့ချေ။ သို့နှင့်ပင် မှတ်ဉာဏ်ကောင်းသောဖခင်သည် အိတ်ကိုဖွင့်၍ မူးစေ့မတ်စေ့များ နှိုက်သောအခါများတွင် တွေးတောစဉ်းစားသော မျက်နှာထားမျိုးဖြစ်ပေါ်လာခြင်းကို တွေ့ရတတ်သဖြင့် 'ပေါ်'ကုန်ချေတော့မည်လောဟု တထိတ်တလန့်ဖြစ်ခဲ့ရဘူးပါသည်။ ကျွန်ုပ်မှတ်မိသလောက်မှာ မိခင်သည်ညနေတိုင်း ဈေးဝယ်သွားရာတွင်ပိုက်ဆံငါးမူးလောက်မျှနှင့် တအိမ်သားလုံးနှင့် အလုပ်သမားတယောက်နှစ်ယောက်အတွက်ပါ လုံလောက်အောင် တိုင်းထွာဝယ်ခြမ်းရခြင်းကို ကြီးပြင်းလာသောအခါ၌ စဉ်းစားမိရာတွင် ကျွန်ုပ်ပြုခဲ့ဘူးသမျှသောပြစ်မှုများအနက် ဖခင်၏အိတ်ထဲမှ မူးစေ့၊ သို့မဟုတ် မတ်စေ့ နှိုက်ယူမိခြင်းအတွက် ဖြစ်တတ်သည့် နှလုံးပူပန်မှု(ကုက္ကုစ္စ)မှာ အပူလောင်ဆုံး ဖြစ်ပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်မှာ လောင်းကစားခြင်း အလုပ်၌ အထုံဝါသနာပါခဲ့လေရာ၊ ၄င်းကို အကြောင်းပြု၍ မိဘ၏ပစ္စည်းကို နှိုက်ယူချင်တတ်သော အကျင့်ဆိုးတခုလည်း ပူးတွဲစွဲကပ်ခဲ့လေပြီ။ လောင်းကစားတတ်ခြင်း၏ ဆိုးရွားခြင်း တရပ်မှာ ကျွန်ုပ်သည်အထည်အဝတ်ဝယ်ရန်အတွက်လည်းကောင်း၊ မုန့်စားရန် အတွက်

လည်းကောင်း မိဘ၏ပစ္စည်းကို မနှိုက်ခဲ့ဘူးပါပဲလျက် လောင်းကစားဖို့ အတွက် ဆိုပါက (လက်ကိုင်မရှိလျှင်) မနှိုက်ပဲ မနေနိုင်အောင် ဖြစ်ရခြင်းပင် ဖြစ်လေသည်။ လောင်းကစားခြင်းဟူသည်မှာ စွဲမိလျှင် မလုပ်ပဲမနေနိုင်အောင် ရှိတတ်၍ အလွန်ကြောက်ဖို့ကောင်းသော အကျင့်ဆိုးတခုဖြစ်၏။ လောင်းကစားခြင်းသည် နိုင်ချင်သော 'လောဘ'အရင်းခံသည် မှန်သော်လည်း 'စွဲ'လာသောအခါ၌မူ နိုင်ခြင်း ရှုံးခြင်းကို အပထား၍ ကစားနေရမှ အသက်ရှင်ရလောက် သဘောထားသည့် အခြေအနေမျိုးသို့ ရောက်ရခြင်းကိုလည်း ကိုယ်တိုင်ကြုံရဘူးပါသည်။ ဤအတွက် ကြောင့် ထောင်တန်းကျလောက်သည့် အဖြစ်မျိုးသို့ ရောက်ခဲ့ရဘူးခြင်းကိုလည်း သက်ဆိုင်ရာနေရာ၌ ဖော်ပြပါဦးမည်။

## ပထမအကြိမ်ချစ်ကြိုက်မိခြင်း

၈ တန်း၌ရှိစဉ် ကျွန်ုပ်တို့၏ ဝင်းထဲတွင် ကလေးသူငယ်များ လွန်ဆွဲတမ်း ကစားကြရ၏။ ထိုနှစ်၌မန္တလေးမြို့တွင် မိုးခေါင်လှ၍အချို့အရပ်များ၌ ညနေတိုင်း လွန်ပွဲကြီးများကျင်းပလေရာ တရုတ်တန်းလွန်ပွဲမှာ အလွန်ကြီးကျယ်၍ ကြိတ်ကြိတ်တိုးစည်ကားလှသည်။ ကျွန်ုပ်တို့ သူငယ်များလည်း အခြားအရပ် များမှ လွန်ပွဲကြီးများကို အတုယူ၍ ညတိုင်း လွန်ဆွဲတမ်း ကစားကြခြင်း ဖြစ်ပေရာ ယောကျ်ားကလေး မိန်းကလေးများသာမက လူကြီးများလည်း (ကျားရောမပါ) ပါဝင်ကြ၏။ ကစားခြင်းဆို၍ ဘာမျှခွင့်မပြုချင်သော ကျွန်ုပ်၏ဖခင်ပင်လျှင် တဝင်းလုံး ဆူညံလျက်ရှိသောကြောင့် ခွင့်ပြုရတော့သည်။ လွန်ပွဲတချီဆွဲပြီး၍ ရပ်နားလျက်ရှိစဉ် မိန်းမကြီးတယောက်၏ ရင်ခွင်၌ထိုင်လျက် စိတ်ဝင်စားသော အမူအရာနှင့် ကျွန်ုပ်အား စိုက်ကြည့်နေသော မိန်းကလေးတယောက် ၏မျက်နှာသည် ကျွန်ုပ်၏မျက်လုံးများနှင့် တပ်ကနဲဆိုင်လိုက်မိ၏။ ထိုအခိုက်၌ မိန်းကလေး၏မျက်နှာသည် လဆန်း ၁၂ရက် လမင်းနှင့် ပဏာရလျက်

ရှိသောကြောင့် ကျွန်ုပ်အား သူကထင်ရှားစွာ မြင်ကောင်းမှ မြင်မည်။ ကျွန်ုပ်ကမူ သူ့မျက်နှာကို ထင်းထင်းကြီး မြင်နေရသည်။ (ကျွန်ုပ်မှာလူချောကလေးတယောက် မဟုတ်သော်လည်း ပတ်ဝန်းကျင် ရပ်ကွက်များတွင် အရွယ်နှင့်မလိုက်အောင် အတန်းအမြင့်ဆုံးသော အင်္ဂလိပ်ကျောင်းသားကလေးအဖြစ်နှင့် တရပ်လုံးက စိတ်ဝင်စားမှု ရှိကြခြင်းကို ကျွန်ုပ်ရိပ်မိ၍ ဂုဏ်လည်းယူမိသည်။) ကျွန်ုပ်သည် မိန်းကလေးနှင့် မျက်လုံးချင်း ဆိုင်မိသည်နှင့်တပြိုင်နက်နှလုံးသားသည် ရင်ဘတ်ကို'ဒိန်း'ကနဲ မြည်မတတ် တချက်ဆောင့်လိုက်ခြင်းကို သိလိုက်ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ထိုမိန်းကလေး အား ချစ်ကြိုက်ရကောင်းမှန်း သိသောကြောင့်မဟုတ်၊ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားပုံရသည်ဟု ကျေနပ်မှု ရှိရုံမျှကြောင့်လည်းမဟုတ် (ပါတော့ပါသည်။) လူကျောင်း၌နေခဲ့ရစဉ်က 'ကကြီးရေးကသတ်ကက်'ဟု စာအံသံ ကြားခဲ့ရဘူးသည့် မိန်းကလေးနှင့် ရုပ်ဆင်းသဏ္ဌာန်တူခြင်းကို သတိရလိုက်မိ သောကြောင့် ဖြစ်ပါသည်။ အသားညိုခြင်း၊ ဆံရစ်ဆံတောက်ထားခြင်း၊ မျက်လုံး အိမ်ကြီးခြင်းမှစ၍ မျက်နှာအဆင်ပြေပုံတို့မှာ တဖြတ်တည်း ဆိုရမလောက် တူညီလှပေရာ ပထမ၌ ထိုစဉ်က မိန်းကလေးပင် ဖြစ်ချေသလောဟု ထင်လိုက်မိ ၏။ သို့ရာတွင် ပထမိန်းကလေးမှာ ကျွန်ုပ်ထက် သုံးလေးနှစ်ခန့်ကြီး၍ ဤမိန်းကလေးကမူကား ကျွန်ုပ်နှင့် ရွယ်တူဖြစ်သောကြောင့် တယောက်တည်း မဟုတ်ခြင်းကို သိရပါ လေပြီ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏နှလုံးသား၌ မိန်းကလေး၏ ပုံသဏ္ဌာန် ရိုက်နှိပ်လိုက်ပြီးဖြစ်သကဲ့သို့ စွဲသွားခဲ့ပြီဖြစ်ရာ ထိုညဥ့်အဖို့၌ လွန်ဆွဲဖို့ စိတ်မဝင်စားတော့ပဲ မျက်နှာချင်းဆိုင်၍ ကြည့်ဖို့လောက် သာ အခွင့်အလမ်း ရှာလျက် ရှိပါတော့သည်။ သာ၍ထူးဆန်းသည်မှာ ဤမိန်းကလေးသည်လည်း ကန်ထရိုက်တဦး၏ သမီးဖြစ်သည်ဟု သိရခြင်းပင် ဖြစ်လေသည်။ ဤအကြောင်း ကို စဉ်းစားမိသော အခါများ၌ (သမီးရည်းစားပင် မဟုတ်သော်လည်း)

ဤမိန်းကလေးကား ငါ၏ဖူးစာရှင်ဖြစ်၍ လွဲနိုင်ဖို့မရှိပြီ’ဟု အောက်မေ့ခဲ့မိပါသည်။

## တသက်တာတွင် အပျော်ဆုံးသောပွဲ

၈ တန်းကျောင်းသားအဖြစ် (၁၉၀၅ ခုနှစ်)သည် ကျွန်ုပ်အဖို့ရာ၌ ‘ရတနာပုံဆိုက်သောနှစ်’ဖြစ်သည်ဟု အထက်တွင် ဖော်ပြခဲ့ပေရာ ၎င်းနှစ်တွင် ပထမဦးဆုံး တကယ်ချစ်ကြိုက်သူနှင့် မျက်နှာချင်းဆိုင်ရသည့်ကြည်နူးစရာ အဖြစ်မျိုး အပြင် အခြားသော ပျော်စရာကြီးတခုနှင့်လည်း ကြုံခဲ့ပေသည်။ ၎င်းမှာကား ရွှေစာရံဘုရားပွဲသို့သွားရသော အခြင်းအရာပေတည်း။ ကျွန်ုပ်၅တန်း၌ ရှိစဉ်က ‘မသဒ္ဓါရည်သဒ္ဓါရည်’ သွားခဲ့ရခြင်းကြောင့် ထင်သလောက်မပျော်ခဲ့ရ သဖြင့် အမြွက်မျှလောက်သာ ဖော်ပြခဲ့ရာ ဤတခေါက်၌မူ မိုးမမြင် လေမမြင် ဆိုရမလောက် ပျော်ရွှင်ခဲ့ရသည့်အတိုင်း ရှေးခေတ် ရွှေစာရံဘုရားပွဲနှင့် ဤခေတ်ဘုရားပွဲတို့၏ ခြားနားပုံကို မမှီလိုက်သူများ နားလည်စိမ့်သောငှာ ရေးသား ဖော်ပြလိုက်ရပေဦးမည်။

## ပွဲထွက်ကြပြီ

ကျောင်းပိတ်ရက်တကာတို့တွင် အရှည်ဆုံးဖြစ်၍ (ထိုခေတ်က ၄၅ ရက်ပိတ်သည်။) ကျောင်းသူကျောင်းသား အပေါင်းတို့၏ အမျှော်လင့်ဆုံးဖြစ်သည့် နွေရာသီ ကျောင်းပိတ်လိုက်သည်တွင် ကျွန်ုပ်သည်ခြေထောက်နှင့်မြေကြီး ထိရသည်မထင်ပဲ လေပေါ်၌ ဝဲပျံလာရသည့်နယ် ကျောင်းမှအိမ်သို့ ခြေကုန်သုတ်ကာပြန်လာခဲ့၏။ နှစ်တိုင်းလည်း ဤရက်တွင်ပျော်ပါ၏။ ဤနှစ်မူ

ကား အထူးတလည် ပျော်လှပါသည်။ အကြောင်းမူကား ဤညတွင် ရွှေစာရံဘုရားပွဲသို့ သွားကြမည်ဟု သိထားရသောကြောင့်ပေတည်း။

အိမ်သို့ ရောက်သည်နှင့်တပြိုင်နက် ဘုရားပွဲသို့သွားရန်အတွက် ချက်ပြုတ်ကြော်လှော်ခြင်း၊ လှည်းများငှားရမ်းခြင်း၊ ပစ္စည်းများပြင်ဆင်ကြခြင်း စသည်တို့ကို မြင်ရသည်မှာ ကျွန်ုပ်အဖို့ရာ၌ ငြိမ်ငြိမ်ထိုင်မနေနိုင်ပဲ ဆွေ့ဆွေ့ခုန်မျှ ပျော်လှပါတော့သည်။ တစ်စုံတစ်ယောက်သောသူသည် ကျွန်ုပ်အားနတ်ပြသည်သို့ အလည်အပတ်လိုက်မည်လောဟု မေးငြားအံ့။ ကျွန်ုပ်က ရွှေစာရံကပြန်မှ လိုက်မည်ဟု ပြောလိမ့်မည်ထင်သည်။ တပေါင်းလပြည့်ကျော် ၅ ရက် ည၉နာရီအချိန်ခန့်(လထွက်ချိန်)တွင် ကျွန်ုပ်တို့အိမ်မှ လှည်းနှစ်စီးနှင့် အရပ်ထဲမှလှည်းလေးငါးစီးတို့သည် တအိမ်ကို တအိမ်အသံပြုကာ တပြိုင်တည်း အတူတကွထွက်လာကြ၏။ ကျွန်ုပ်မှာရင်ထဲ၌ မြူးထူးလွန်းလှ၍ မအောင့်နိုင်သည်နှင့် တေးချင်းတပုဒ်ဟစ်၍ ဆိုလိုက်မိသည်။ ကျွန်ုပ်တို့အိမ်မှလှည်းနှစ်စီးအနက် တစ်စီးတွင် ကျွန်ုပ်တို့အိမ်သားများနှင့် မိန်းမအလုပ်သမားများပါကြ၍ အခြားတစီးတွင်ယောကျ်ားအလုပ်သမားများနှင့် ကျွန်ုပ်တို့စီးနင်းလိုက်ပါကြရာ ဖခင်မူကား အပျော်အပါးမကြိုက်ဆိုကာ မလိုက်ပါချေ။ မှန်သောစကားကိုဆိုရ လျှင် ကျွန်ုပ်သည်လွတ်လွတ်ကျွတ်ကျွတ် ပျော်ချင်သောကြောင့် ဖခင်မလိုက်ပါခြင်းအတွက် ဝမ်းသာသည်။ ကျွန်ုပ်၏ဖခင်မှာ အင်္ဂလိပ်အခေါ်အားဖြင့် Kill-Joy ပျော်ခြင်းကို မကြည့်နိုင်သူဟုခေါ်ရမည်ထင်သည်။

## အောင်ပင်လယ်ကမ်းရိုးတစ်လျှောက်

ကျွန်ုပ်တို့၏အရပ်မှ လှည်းများသည် အောင်ပင်လယ်ကမ်းရိုးသို့ ရောက်ကြသောအခါ လှည်းတန်းရှည်ကြီးနှင့် ဆုံမိကြ၍ ၄င်းအထဲ၌ နေရာယူကာ အပါအဝင်ပြုလျက် မောင်းနှင်ကြလေ၏။ ထိုအချိန်၌မူ လမင်းသည် အတော်မြင့်

လာပြီဖြစ်၍ လှည်းတန်းကြီး၏ ရှည်လျားခြင်းကို မြင်နိုင်လေပြီ။ သို့ရာတွင်မည်မျှ လောက်ရှည်လျားသည်ကိုမူ မမြင်နိုင်ချေ။ မန္တလေးတမြို့လုံးမှ ဘုရားပွဲသွားများ သည် ဤအချိန်တွင် ဤနေရာသို့ ရောက်အောင်(လနာရီ)ဖြင့် လှည်းမောင်းလာ ခြင်း ဖြစ်သောကြောင့် တပေါင်းဆုံမိကြရာတွင် နှစ်ပြသုံးပြ ရှည်လျား ပါလိမ့်မည်။ ထိုစဉ်ကမူ ဗီရိုလှည်း တစီးတလေမှတပါး မြင်းရထား၊ မြင်းလှည်း၊ မိုတာကား၊ ဒေါက်ကတ်၊ ဘက်ဂီစသော ယာဉ်မျိုးမပါ။ ပေါင်းမိုးနှင့် နွားလှည်းတွေချည့်ဖြစ်ကြ၍ အနေးအမြန်မရှိ။ တစီးကိုတစီးကကျော်တက်ခြင်း လည်းမရှိ။ (လမ်းကျဉ်းသောကြောင့် ကျော်တက်ရန်လည်းမဖြစ်နိုင်)။ တစီးနောက် မှ တစီးတဖြည်းဖြည်းတအိအိ ဖိမ်ရှိရှိနှင့် မောင်းနှင်ကြလေသည်။ အောင်ပင်လယ် ကန်မှာ ကန်ဟူ၍ ခေါ်ကြသော်လည်းစင်စစ်အားဖြင့် အရှေ့တောင်ရိုးမှ စီးကျလာ သော မိုးရေများကိုတာရိုးဖြင့် ဆီးကာထားခြင်းဖြစ်သောကြောင့် ‘တဘက်ဆည်’ ကြီးမျှသာ ဖြစ်လေရာ ထိုစဉ်က နွေရာသီဖြစ်၍ ရေမရှိသော်လည်း ယခုကဲ့သို့ လယ်ကွက်များမဟုတ်ပဲ ကန်စွန်းပင်အစရှိသည့် ဟင်းရွက်ပင်များ ပေါက်ရောက် လျက် ရှိ၏။ ဘုရားသွားများသည် သူခိုး ဒမြလည်း မကြောက်ရ၊ အချိန်လု၍ အလုပ်လုပ်ကြသော ခေတ်မဟုတ်သဖြင့် ကတိုက်ကရိုက် လည်းသဘောမထားပဲ လသာသာတွင် လှည်းသံတအိအိနှင့် မောင်းနှင်လာကြရာ လှည်းများပေါ်မှ လည်းကောင်း၊ လှည်းများနံဘေးမှ ခြေလျင် လျှောက်သူများက လည်းကောင်း တေးချင်းသံ တဟိုဟိုနှင့် ကန်ပေါင်ရိုးတခုလုံး ဆူညံလျက်ရှိ၏။ တောင်ပြုံးပွဲ၊ ရတနာ့ဂူပွဲစသည့် နတ်ပွဲများကဲ့သို့ တယောက်နှင့်တယောက် နောက်ပြောင်ခြင်း မရှိပဲ ဣန္ဒြေရရနှင့် သွားကြရာ ဝါသနာပါသော ယောကျ်ားကလေးအဖွဲ့၊ မိန်းကလေးအဖွဲ့များက တချီတချီတွင် လှည်းပေါ်မှ ဆင်းကာ ကခုန်သီဆို ကြပြီးနောက် အားရသောအခါမှ လှည်းပေါ်သို့ပြန်တက်ကြ လေ၏။ ကျွန်ုပ်မှာ အလုပ်သမားများထံမှ ကျက်မှတ်ထားသည့် ဆရာပု၏ တေးချင်း၊ ကိုဘကျော့၏ ‘မြိုင်ထ’၊ စပယ်သက်ကြီး၏ ပတ္တမြားမှန်ဂူ (ဆဒ္ဒန်ဆင်မင်းတောလား)

စသည်များကို သုံးထပ်လေးထပ်မက ဆိုပြီးသဖြင့် မောခဲ့လေပြီ။ (မိခင်သင်ပေးသည့် 'ပျို့''ကြိုး'စသည်တို့မှာ ဤနေရာမျိုးနှင့် မလျော်သောကြောင့် ချန်ထားလိုက်ရသည်။)

## အေးအေးဆေးဆေးခေတ်

ရာပေါင်းများစွာ ပါဝင်သည့် လှည်းတန်းကြီးဖြစ်၍ တခါတရံတွင် လှည်းတစီးတလေမှ 'ဝင်ရိုး'ကျိုးတတ်သေးရာ ထိုအခါတွင် လှည်းတန်းကြီးတတန်းလုံးရပ်နားကာ လှည်းသမားအားလုံး ဝိုင်းဝန်း ကူညီလုပ်ကိုင်ပေးကြရ၏။ အချိန်အစိုးရသကဲ့သို့ရှိသော ခေတ်ဖြစ်၍ 'မပြီးသေးဘူးလား' 'မြန်မြန်လုပ်ကြစမ်းပါ''နောက်ကျနေလိမ့်မယ်'စသည်ဖြင့် ညည်းညူခြင်း၊ရေရွတ်ခြင်းမရှိ။လှည်း သမားတွေ အလုပ်လုပ်ခိုက်တွင် ဘုရားသွားများသည် ဟိုမှာတဝိုင်း သည်မှာတဝိုင်းစသည်ဖြင့် စုရုံးကာ သီဆိုကခုန်နေကြ၏။ လှည်းသမားများမှာ လှည်း 'ဝင်ရိုး'အတွက် သစ်ပင်ခုတ်သူခုတ်၊ ဖြတ်သူဖြတ်၊ ထစ်သူထစ်၊ ဖြောင့်သူဖြောင့်၊ ရွေသူရွေ၊ 'တယောက်တချက် ကျောင်းသားလက်'ဆိုဘိသို့ ဝိုင်းဝန်း လုပ်ကိုင်လိုက်ကြရာ ဘာမျှကြာသေးသည်မထင်ရမီ ဝင်ရိုးတချောင်းခုတ်ပြီး ချောပြီးသွင်းပြီးဖြစ်၍ ဆက်လက်ထွက်နိုင်ကြလေပြီ။

## ပျော်ရမှကျေနပ်သောလူမျိုး

တံတိုင်းရှည်ရွာသို့ ရောက်ကြသောအခါ ကာလသားများသည် လှည်းများပေါ်မှ အလျှိုလျှိုနှင့်ဆင်းသွားကြ၍ အိုးကလေးများဆွဲကာ ပြန်လာပြီး လှည်းပေါ်သို့ ပြန်တက်ကြ၏။ ဤကားအခြားမဟုတ် 'ပင်ကျရေ'ခေါ် ထန်းရည်ခါးဝယ်ကြခြင်းဖြစ်၏။ လှည်းတန်းကြီးကား မရပ်၊ သူဝင် ငါထွက်ဖြင့်တယောက်

တလှည့်စီ ဝယ်ကြခြင်းဖြစ်ကြ၏။ ဘုရားပွဲသို့ သွားကြခြင်းဖြစ်သော်လည်း ပျော်ရွှင်မှုကို လက်မလွှတ်ချင်။ အသုဘချရာ၌ပင် စိန်ပန်းသူတော်၏ ဒိုးပတ်ဝိုင်းကတီး၍ ဘုန်းတော်ကြီး၏ ခေါင်းကိုမြှောက်ကစားချင်သော လူမျိုးဖြစ်သောကြောင့် ထန်းရည်သောက်ခြင်းမျှလောက်အတွက် အံ့ဩစရာ မဟုတ်ပေ။ သို့ရာတွင် ဤဘုရားပွဲ၏ ချီးကျူးဖွယ်တခုမှာ ကာလသားများ၏ လှည်းများ၌ ကိုယ့်'မြူ'အိုးနှင့်ကိုယ် မော့်ကြသော်လည်း တောင်ပြုံးစသည့် နတ်ပွဲမျိုးမှာကဲ့သို့ မူးသံ၊ ယစ်သံ၊ မတော်တရော် ပြောင်လှောင်သံဟူ၍ တခွန်းမျှပင် မကြားရချေ။ ကျွန်ုပ်တို့၏လှည်းမှ အလုပ်သမားများလည်း ဘုရားတကာများ မဟုတ်ကြသဖြင့် မြူအိုးများ ဝယ်သောက်ကြ၍ ကျွန်ုပ်အား လည်းပေးကြသေး၏။ သို့ရာတွင် ကျွန်ုပ်မှာ ထိုစဉ်က ဤ'စာအထိ မတက်ရ သေးသဖြင့် ငြင်းလိုက်နိုင်ပါသည်။ အမှန်မှာ မိခင်တယောက်လုံးပါသည့်ပွဲမျိုးတွင် ဤမျှလောက် 'စာကြီးပေကြီး'တက်၍ သင်ရန်မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ တကြောင်းမှာလည်း ကျွန်ုပ်သည်ဖခင်ကိုကြောက်သလောက် မိခင်အားရိုသေလေး စားပါသည်။ ခြားနားပုံကား ကြောက်ခြင်းဟူသည်မှာ မမြင်ကွယ်ရာတွင် လုပ်တတ်၍ ရိုသေလေးစားခြင်းမူကား မျက်မှောက်မျက်ကွယ်မရွေး ဩဇာညောင်း တတ်ခြင်းပင် ဖြစ်လေသည်။

## ကြောက်သော်လည်း ပျော်၏

လှည်းတန်းကြီးသည် အရုဏ်မတက်မီ အချိန်တွင် ရွှေစာရံမုခ်တောသို့ ဝင်လာကြရာ အချို့နေရာမှ အငွေ့တချောင်းချောင်းရှိသော ဆင်ချေးပုံကြီးများ တွေ့သူများ တွေ့ကြ၏။ ချေးပုံကြီးများမှာ ဆင်ယဉ်များစွန့်ခဲ့ခြင်းမဟုတ်၊ ဆင်ရိုင်းများ၏ပစ္စည်း ဖြစ်သည်ဆိုသဖြင့် လှည်းများပေါ်၌ အသက်မရှူဝံ့ပဲ ကုပ်၍ လိုက်သော မိန်းမများလည်းရှိကြ၏။ ကျွန်ုပ်မူကား အဆန်းအသစ်ဆိုလျှင်

ကြည့်ချင်တတ်သောဝါသနာနှင့် စွန့်စားချင်တတ်သော အထုံအလေ့ကြောင့် အခြားလူများ တွေ့သည်ဆိုသောနေရာသို့ လှည်းပေါ်မှဆင်း၍ သွားကြည့်မိအောင် ကြည့်ခဲ့ပါသေးသည်။ ချေးပုံကြီးကို မြင်ရသောအခါ၌ မကြောက်တတ်သည်မဟုတ်၊ ကြောက်ခဲ့ရပါ၏။ သို့ရာတွင် ကြောက်ရခြင်းသည်ပင်လျှင် အရသာတခုဖြစ်သည်ဟု ကျွန်ုပ် ယူဆပါသည်။ ဆင်ရိုင်းခြေရာများကား အနှံ့အပြားပင်တွေ့ခဲ့ကြရသဖြင့် ဤဘုရားပွဲသို့ လာရခြင်းမှာ စွန့်စားခန်းကြီးတခု (Great Adventure) အနေဖြင့် အမှတ်ထင်လျက်ရှိပါတော့သည်။

## အလုပ်ကိုယ်စီနှင့်

ရှမ်းမိဖုရား ရှင်မွန်လ၏ နားတောင်းကျခဲ့သည်ဆိုသော ချောင်းကိုဖြတ်ကျော်၍ စခန်းချမည့်နေရာသို့ ရောက်ကြသောအခါ သရက်ပင်ကြီးများသည် အရွက်ချင်း ထိမတတ် ဆက်စပ်ကာပေါက်ရောက်လျက်ရှိ၍ တရပ်တည်းမှ အတူလာကြသော လှည်းများသည် တဝိုင်းတည်းဖြစ်အောင် နီးကပ်စွာ ရွေးချယ်ကြ၍ ဖျာ၊ ရိုင်၊ သင်ဖြူးများခင်းသူကခင်း၊ ကန့်လန့်ကာများ ကာသူကကာ၊ မီးဖိုအတွက် ကျင်းတူးသူကတူး၊ ဖိုကနောက်ရှာသူကရှာ၊ သရက်ဖူးကောက်သူကကောက်၊ ရေခပ်သူကခပ်၊ တံမြက်လှဲသူကလှဲ၊ ထင်းခွေသူကခွေ အလုပ်ကိုယ်စီနှင့်ပျော်ရွှင်စွာ ဆောင်ရွက်လျက်ရှိကြ၏။ ဤအထဲတွင် တညလုံး တရေးမျှမိတ်ခဲ့ရသူမရှိပဲ လှည်းပေါ်၌ကြောင်တောင်လိုက်ခဲ့ရသူချည်းဖြစ်သော်လည်း လတ်ဆတ်လိုက်ကြပုံမှာ နှင်းခံထားသည့်ပန်းပွင့်များသဖွယ်အဖူးအညွန့်တလူလူနှင့် ခုန်ဆွခုန်ဆွဖြစ်လျက် ရှိကြလေသည်။ မည်သို့ဆိုစေ ကျွန်ုပ်တယောက်မူကား အထူးတလည်ရွှင်မြူးလျက်ရှိ၏။ အကြောင်းမူကား ဖခင်မကြည်မသာနှင့် လိုက်ခဲ့ရသည့် လွန်ခဲ့သောလေးနှစ်က

တခေါက်နှင့် ညီအစ်ကိုမောင်နှမ မိခင်နှင့်တကွ အိမ်နီးချင်းများပါ လာရသည့် ဤတခေါက်၏ခြားနားပုံကိုမကြာခဏ သတိရလျက် ရှိပေသောကြောင့်တည်း။

တပေါင်းလပြည့်ကျော် ၅ ရက်နေ့ည၌ ထွက်၍ဖရက်နေ့ နံနက်ရောက်ပြီး နှစ်ညအိပ်ကာ လပြည့်ကျော် ၈ ရက်နံနက်တွင်မှ ပြန်ကြရသော ပွဲဖြစ်၍ ရက်အတော်ရှည်သလောက် ကြည်နူးဖွယ်ကောင်းလှသည်။ နှစ်စဉ်လာသည်ဆို သော ငါးကြီးများကိုကြည့်ရခြင်း၊ မြစ်ငယ်ဆိပ်၌ ရေချိုးရခြင်း၊ (ဥသျှစ်သီးများ ပေါလှသည်၊ တပြားဖိုး ၈ လုံးရသည်။) ဈေးတန်းကြီးတလျှောက်လျှောက်ရခြင်း၊ ရွှေစာရံပုတီးများဝယ်၍ လည်ပင်း၌စွပ်ရခြင်း၊ ထူးဆန်းသော စေတီတော်ကို ဖူးရခြင်းတို့မှာ လူအများပျော်တတ်ကြသော အခြင်းအရာများ ဖြစ်ပေသည်။ ကျွန်ုပ်အဖို့ရာ၌ကား ရေချိုးပြီးတက်လာ၍ သရက်ကင်းများတဖုတ်ဖုတ်ကြွေကျ လျက်ရှိသည့် သရက်ပင်ကြီးများ၏ အရိပ်အောင်၌ ပူအိုက်စပြုလာသည့် ဤတပေါင်းလရာသီတွင် ပက်လက်လှန်ကာ မုန့်ပဲသားရေစာများ၊ ဝါးနေရခြင်း သည် ပျော်စရာအကောင်းဆုံးဟု ဆုံးဖြတ်ခဲ့ပါသည်။ အခြားသော ပျော်စရာကြီး တခုမှာ သရက်ပင်ကြီးများအောက်၌ နံနက်စာ ညစာစားသောက်ကြ ရာတွင် တရပ်တည်းအတူလာကြသော လှည်းများမှ တဝိုင်းနှင့်တဝိုင်း တဖွဲ့နှင့်တဖွဲ့ အဆန်းအပြားဟင်းခွက်ကောင်းများ အပေးအယူလုပ်ကြခြင်းကြောင့် ဟင်းပေါင်း ဆယ့်လေးငါးခွက်စားရ၍ မောမောနှင့် ပျော်ပျော်ကြီးရှိနေသော ကျွန်ုပ်အဖို့မှာ တသက်တွင်တဆက်တည်း အမြိတ်ရှက်ဆုံးသော ထမင်းငါးနပ်ဟူ၍ မှတ်တမ်းတင် ရပါသည်။

စေတီတော်၏ ထူးခြားချက်မှာ အခြားသော စေတီတော်များကဲ့သို့ အရှေ့၊ အနောက်၊ တောင်၊ မြောက် တည်းဟူသော အရပ်လေးမျက်နှာသို့ တည့်တည့်တုရှု မျက်နှာမမူပဲ ခပ်ရွဲ့ရွဲ့ ခပ်စောင်းစောင်း ရှိနေခြင်းပင်ဖြစ်လေသည်။ ရှမ်းမိဖုရား ရှင်မွန်လအား ဘုရင်ကပြည်တော်ပြန်စေရာတွင် စေတီတော်ကို မြတဘက်ဖြင့် ပတ်ကာ သစ္စာပြု၍ လှည့်လိုက်ခြင်းကြောင့် စောင်းရွဲ့သွားသည်ဟု ပြောကြလေ

သည်။ ကျွန်ုပ်မှာ ခပ်ငယ်ငယ်ကတည်းကပင် စိတ်ကူးယဉ်သမား တယောက်ဖြစ်၍ အကယ်တန္တ ဤအတိုင်းပြုလုပ်ခဲ့ခြင်းမှန်ပါလျှင် ရှင်မွန်လသည် စေတီတော်၏ ဤတဘက်တွင် ဤနေရာလောက်၌ ထိုင်ခြင်း ဖြစ်လိမ့်မည်ဟု ရော်ရမ်းမှန်းဆကာ အတော်လွမ်းခဲ့ရဘူးပါသည်။

## နောက်ဆုံးပျော်နည်းတခု

လပြည့်ကျော် ၈ ရက်နေ့ နံနက်စောစောကပင် ကော်ဇော၊ ကန့်လန့်ကာ၊ ဖျာ၊ ရိုင်၊ သင်ဖြူးများ ရုပ်သိမ်း၍ အပြန်ခရီးအတွက် ပြင်ဆင်ကြလေပြီ။ ဤဘုရားပွဲတွင် နောက်ဆုံးသော ပျော်ခြင်းအနေဖြင့် ကာလသားများပျော်ကြသည့် အခြင်းအရာတခုကို မှတ်မိသေး၏။ လှည်းများသည် နားတောင်းကျချောင်းကို ဖြတ်ကျော်ကြရာတွင် အပြန်ခရီးအဖို့၌ အဆင်းဘက်ကမ်းပါးသည် ခပ်ပြေပြေ ရှိသော်လည်း အတက်ဘက်ကမ်းပါးမှာ အတော်မတ်စောက်သောကြောင့် လှည်းပေါ်မှလူများ အားလုံးဆင်း၍ လှည်းခွက်ချည်းတက်ကြရ၏။ သို့နှင့်ပင် ကမ်းပါး၏ မတ်စောက်ခြင်းကြောင့် နွားများသည် တကိုယ်လုံး အကြောပြိုင်းပြိုင်း ထသည်ကို မြင်ရလောက်အောင် အားခဲ၍ ရုန်းတက်ကြရ၏။ ဤတွင် အတက်ဘက်ကမ်းပါး၌ ကာလသားများသည် စုရုံးကာစောင့်နေကြ၍ လှည်းများကို တစီးပြီးတစီး ကမ်းပါးအတက်ကြီးတွင် တွန်းတင်ပေးကြ၏။ တယ်တော်တဲ့ လူတွေပါတကားဟု မချီးမွမ်းလိုက်ပါနှင့်ဦး၊ ၎င်းတို့သည် လှည်းတစီးကို ကမ်းပါးစောက်အတက်ကြီးအတိုင်း တွန်းတင်ကြ၍ ထိပ်သို့ရောက်ခါနီးတွင် ရုတ်တရက် လွှတ်ပစ်လိုက်ကြလေရာ နွားနှစ်ကောင်မှာ လွယ်ကူရာမှ အမှတ်မဲ့ အခက်တွေ့ရသည်နှင့် အရှိန်ပျက်ကာ နွားရောလှည်းပါ လန်ကျသွားလေ၏။ ဤအခြင်းအရာကိုစောင့်၍ ကြည့်ကြသောပရိသတ်ကလည်း ရယ်မောကြလေ၏။

ဤသို့ဖြင့် လှည်းတစီးလျှင် တခေါက်မျှ ဒလိန့်ခေါက်ကွေး ပြန်ကျလာပြီးမှ နောက်တကြိမ်အတက်တွင် ထိပ်သို့ရောက်အောင် တွန်းတင်လိုက်လေသည်။ ဗလကောင်းသောနွားကြီးများလည်း မသက်သာချေ။ အဘယ့်ကြောင့်ဆိုသော် သန်စွမ်းလှသော နွားကြီးများကို ကမ်းပါးထိပ်သို့ ရောက်လုဆဲဆဲတွင် လွှတ်ပေးလိုက်ရုံနှင့် မပြီးပဲ လက်လွှတ်ခါနီး၌ မသိမသာနှင့် ပြန်၍ ဆွဲချလိုက်ကြသောကြောင့် ဖြစ်လေသည်။ အလွန်အမင်းသန်စွမ်းသော နွားများနှင့် ပါးနပ်သော လှည်းသမားများမှတပါး ဒယီးဒယိုင်နှင့် နောက်ပြန်လိမ့်ကျကြခြင်းအား ဖြင့် ပရိသတ်အား တကြိမ်ဖြစ်စေ ဖျော်ဖြေသွားကြရသည်ချည်းဖြစ်လေသည်။

## ပွဲသွားကြော့ကြော့ ပွဲပြန်မော့မော့

နားတောင်းကျချောင်း အတက်လမ်း၏ ထစ်ငေါ့မှုကြောင့် အပြန်ခရီးတွင် လှည်းများသည် အလာခရီးမှာကဲ့သို့ တသီတတန်းကြီးမမောင်းကြတော့ပဲ ကိုယ့်ရပ်ကွက်နှင့် ကိုယ့်အုပ်စုမျှလောက်သာ အဖော်လုပ်နိုင်ကြတော့၏။ ဤဘုရားပွဲတွင် မိမိကိုယ်ကို အပျော်ဆုံးတယောက်အနေဖြင့် သဘောထားမိသော ကျွန်ုပ်ပင် လျှင် တေးချင်း သီဆိုချင်စိတ် မရှိတော့ပဲ အလုပ်သမားတယောက် ယောက်၏ ပေါင်ပေါ်တွင် ဦးခေါင်းတင်၍ မှိန်းချင်ခဲ့လေပြီ။ ဖြစ်လည်း ဖြစ်သင့်သည်။ အဘယ့်ကြောင့်ဆိုသော ကျွန်ုပ်မှာ သုံးညလုံး စုပေါင်းပါမှ ၁၀ နာရီမျှပင် မအိပ်ခဲ့သဖြင့် မျက်တောင်များ စင်းနေပြီဖြစ်သောကြောင့်ပေတည်း။ လိင်သဘော မပါရှိပဲ လူငယ့်သဘာဝသက်သက်ဖြင့် အူရွှင်မြူးတူးခဲ့ရခြင်းများတွင် စစ်ကိုင်းတောင်ရိုးသို့ ပထမအကြိမ်ရောက်ရဘူးသော တခေါက်နှင့် ဤတပွဲသည် စိတ်ထဲတွင် 'စားမြုံ့ပြန်'၍ မပြီးဆုံးနိုင်သည့် အခြင်းအရာနှစ်ခုပေတည်း။ နေရှိန်အတော်ပြင်းလာသောအခါ ကျွန်ုပ်တို့ရပ်ကွက်မှ လှည်းလေးငါးစီးတို့သည် အရှေ့ဏ်တက်မှ ထ၍ချက်ခဲ့ကြသည့် ထမင်းဟင်းများကို သစ်ပင်ရိပ်

ကောင်းကောင်းတွင် ရပ်နားယင်း စားသောက်ကြလေသည်။ ရှေ့အဖို့တွင် နေကလည်း ပူပြင်းလာသဖြင့် အူရှင်ခန်းပြီးဆုံး၍ ဝမ်းဗိုက်တောင့်တောင့်နှင့် ခွေကြသူတို့သာများတော့၏။ အပြန်ခရီး၌ ကျွန်ုပ်အမှတ်ရသော အခြင်းအရာတခုမှာ ကျွန်ုပ်တို့၏လည်ပင်း၌ 'ရွှေစာရံပုတီး'ဟုခေါ်သည့် ထန်းရွက်ပုတီးဝါများစွပ်လျက် ပြန်လာကြစဉ် အောင်ပင်လယ်ကန်ရိုးရှိ အောင်ပင်လယ်ရွာ၌ ကျင်းပသည့်'ပေါ်တော်မူ' ဘုရားပွဲအပြီးနှင့် ဆုံစည်း၍ ငှင်းဘုရားပွဲပြန်များသည်လည်း မန္တလေးသို့ ကျွန်ုပ်တို့နှင့်အတူရောနှောကာ ပြန်လာကြ၏။ ငှင်းပွဲပြန်များ၏ လည်ပင်းတွင်လည်း ကျွန်ုပ်တို့နည်းတူ ထန်းရွက်ပုတီးများ စွပ်ထားကြလေရာ ထိုသူတို့သည် ရွှေစာရံဘုရားသို့ ရောက်အောင်သွားရန် မတတ်နိုင်သဖြင့် 'နေ့ချင်းပြန်'ဖြစ်နိုင်သော ဤဘုရားပွဲသို့ လာရောက်ကာ 'ရွှေစာရံပြန်များ'အနေဖြင့် မန္တလေးမြို့သို့ ဝင်ကြခြင်းဖြစ်သည်ဟု သိရလေသည်။ (ကျွန်ုပ်တို့ လူမျိုးကား ကြံကြံဖန်ဖန် ဟန်ဆောင်ချင်သော လူမျိုးပေတည်းဟု အောက်မေ့ခဲ့မိသည်။)

## ခေတ်စားသောတေးတပုဒ်

၈ တန်း၌ရှိစဉ် ကျွန်ုပ်အား အထက်တန်းကျောင်းသားကြီးများနှင့် နီးနီးရင်းရင်း ဖြစ်စေသည့် အခြင်းအရာတခု ပေါ်ပေါက်ခဲ့ခြင်းကို မှတ်မိပါသေး၏။ ထိုခေတ်က ကျောင်းသားများ၏ ထုံးစံတခုမှာ အောက်တန်းကျောင်းသားများသည် အထက်တန်းကြီးများမှ ကျောင်းသားများကို ကြည်ညိုစွာနှင့် မော့်ကြည့်ကြ၍ အထက်တန်းကျောင်းသားများကမူ အောက်တန်းကျောင်းသားကလေးများအား "ဖုတ်လေတဲ့ငါးပိ ရှိသည်ဟုမမှတ်"ဆိုသော စကားကဲ့သို့ လူဖတ်မထင်တတ်ကြပေ။ တနေ့သ၌ ကျွန်ုပ်သည် နေ့ကျောင်းတက်ခါနီး ၁၅ မိနစ်ခန့် လိုသေးသော အချိန်တွင် ၈ တန်းသင်သော ကျောင်းခန်းထဲ၌ စပယ်သက်ကြီးဆိုသည့်

'ပတ္တမြားမှန်ဂူ' သီချင်းကို တီးတိုးသီဆိုပြသလျက်ရှိစဉ် အခန်းအပြင်ဘက်မှ လျှောက်သွားကြသည့် ကိုထွန်းလှအပါအဝင် ၉ တန်းကျောင်းသားတစု ကြားသည်နှင့် ဝင်လာကြ၍ ကိုထွန်းလှက "ဟေ့ဖေသိန်း၊ ဒီသီချင်းကို မင်းအစ အဆုံးရသလား"ဟု မေးသဖြင့် ကျွန်ုပ်က ရကြောင်းပြန်ပြော၏။ ဤတွင် ၉တန်း ကျောင်းသားကြီးများသည် ကျွန်ုပ်အား ကျောသပ်ရင်သပ်လုပ်ကြ၍ စာရွက်နှင့် ခဲတံများ ထုတ်ကြလေ၏။

## ခက်ခဲစွာကူးရခြင်း

ဤနေရာ၌ ၄င်းတေးချင်း၏လူကြိုက်များပုံနှင့် ခဲယဉ်းစွာ ကျွန်ုပ်ရပုံကို ဖော်ပြရပေဦးမည်။ မန္တလေးမြို့တွင် ထိုခေတ်က ရုပ်သေးမင်းသား မင်းသမီးများ သီဆိုသည့် တေးချင်းများသည် အလွန်ခေတ်စား၏။ ဇာတ်မင်းသား ဦးဖိုးစိန်ကြီးမှာ ထိုအချိန်တွင် ပေါ်ပေါက်ပြီးဖြစ်သော်လည်း ဤနောက် (ကျွန်ုပ်အထင်အရ) ၂ နှစ် လောက်ကြာမှ သူ၏သီချင်းများကို ကာလသားများ လမ်းလျှောက်ဆိုသောအဖြစ် သို့ရောက်လာသည်။ ထိုစဉ်က အထူးနာမည်ကြီး၍ ယနေ့တိုင်အစားထိုးရန် (သို့မဟုတ် နှိုင်းယှဉ်၍ပြောရန်) မပေါ်ပေါက်သေးသည့် ရုပ်သေးမင်းသမီးနှင့် မင်းသားများကား ဆရာပု၊ ကိုဘကျော့၊ စပယ်သက်ကြီး၊ ကိုစိန်ခို၊ ကိုဖူးညိုတို့ ဖြစ်၏။ ၄င်းတို့၏ပါးစပ်မှ တေးချင်းအဆန်းများသည် ကာလသားများ၏ ပါးစပ်သို့ ရောက်သည့်အခါ ၄င်းတို့သည် ဘာဂျာ၊ ဗျတ်စောင်း စသော တူရိယာများနှင့် တွဲကာ ညအချိန်များတွင် လမ်းများပေါ်၌လျှောက်၍ သီဆိုတတ်ကြလေသည်။ အချို့သောလမ်းများမှာ ထိုကဲ့သို့သော တီးဝိုင်းမျိုး တဝိုင်းပြီး တဝိုင်းလျှောက် လာတတ်သဖြင့် လမ်းနံဘေးမှ အိမ်များမှာ ဤခေတ်ရေဒီယိုများ သဖွယ် အဆက်မပြတ်လုဘနန်းနားထောင်ရလေသည်။ ကျွန်ုပ်ရထားသော စပယ်သက်ကြီး ၏ 'ပတ္တမြားမှန်ဂူ'တေးချင်းမှာ ပေါ်ခါစ

လည်းဖြစ်၍ ကာလသားများလည်း မရသေး၊ ကျနအောင် သီဆိုတတ်သူလည်း မရှိသေးပဲ အလွန်လည်း လူကြိုက်များ သည်နှင့် တန်ဖိုးရှိလှသော တေးချင်းတပုဒ်ဖြစ်ပေ၏။ ထို့ကြောင့်လည်း ကိုထွန်းလှအမှူးရှိသော ကျောင်းသားကြီးများသည် ကျွန်ုပ်ထံ ပူဆာခြင်း ဖြစ်လေသည်။

## ကျွန်ုပ်မျက်နှာပွင့်လိုက်ပုံ

ဤတေးချင်းကိုကျွန်ုပ်ရပုံကား ဤသို့တည်း။ ရုပ်သေးမင်းသား စပယ်သက်ကြီး၏ မင်းသမီး ကိုအောင်သာ၌ မယားငယ်တယောက်ရှိရာ မင်းသား မင်းသမီးတို့ မည်သည်မှာ ၎င်းတို့၏ တေးချင်းသစ်များကို အရပ်သားများသို့ ပေးလေ့မရှိသော်လည်း မင်းသမီး ကိုအောင်သာမှုကား မယားငယ်၏ ပူဆာခြင်းကြောင့် ပေးရ၏။ ကျွန်ုပ်တို့အိမ်မှ အလုပ်သမားခေါင်းဆောင် ကိုတောက်ထွန်းသည် ထိုမိန်းမနှင့် ခင်မင်ရင်းနှီးမှုရှိ၍ ၎င်းတေးချင်းကို ဆိုပုံဆိုနည်းနှင့်တကွ တောင်းယူလာခဲ့ရာ ကျွန်ုပ်မှာ ၎င်းတို့ထံမှ ရှိခိုးဦးတင်သင်ယူရခြင်းဖြစ်လေသည်။ သို့ဖြစ်ရကား ကိုထွန်းလှတို့ လူစုအပေါ်၌ ကျွန်ုပ်မျက်နှာ ပွင့်လိုက်ပုံမှာ ပြောဖွယ်ရာမရှိ၊ “မင်းကလေးတယ်နိပ်သကွာ”ဟု ခဏခဏ ကျောသပ်ရင်သပ် ချီးကျူးကြဘူးလေသည်။ ကျွန်ုပ်ကလည်း တေးချင်းကိုခဲခဲယဉ်းယဉ်း ယူခဲ့ရသည့်အဖြစ်နှင့်တကွ ပြောပြ၍ ကျနအောင်ဆိုပြစဉ် သူတို့လူစုလည်း လိုက်၍ ကူးကြလေသည်။ ကျွန်ုပ်၏တေးချင်းမှာ ချစ်ခန်းကြိုက်ခန်းနှင့် ပတ်သက်သည့် ‘သစ္စာ’ထား တေးချင်းမျိုးမဟုတ်ပဲ အလောင်းတော်ဆဒ္ဒန်ဆင်မင်းအား သောနုတ္တိုရ်မုဆိုးက ခဲယဉ်းစွာသွားပြီးအစွယ်ကို ဖြတ်ယူခြင်း အကြောင်းဖြစ်၍ များစွာသော ကာလပေါ် တေးချင်းများကဲ့သို့ မကွယ်ပျောက်ပဲ နှစ်ပေါင်းအတန်ကြာ သီဆိုလျက် ကျန်ရစ်ခဲ့ လေသည်။ ကျွန်ုပ်မှာ ဤတေးချင်းအတွက်ကြောင့် အထက်တန်း ကျောင်းသားကြီး များနှင့် သိကျွမ်းရုံမက၊ ခင်မင်ကြင်နာခြင်းကို ခံယူရရှိလေရာ

ဤသို့သောအခြင်း အရာသည် ကျွန်ုပ်အဖို့၌ သူဌေးသားများနှင့် ခင်မင်ရခြင်း ထက်ပင် ဝမ်းပန်းတသာ နှင့် ဂုဏ်ယူခဲ့မိပါသည်။ နောက်များမကြာမီပင် ကိုထွန်းလှ ကွယ်လွန်ရှာသည်။

## ဂုဏ်ဒြပ်ကြီးခဲ့သော ၉ တန်း

၁၉၀၅ခုနှစ်ကုန်တွင် ၈ တန်းအောင်၍ ၁၉၀၆ခုနှစ်တွင် ၉ တန်းသို့တက်ရလေရာ ဤအတန်းမှာ တက္ကသိုလ်ဝင် (Entrance) အတန်းဖြစ်၍ ကျောင်းတွင်အမြင့်ဆုံးဖြစ်၏။ ထိုစဉ်က မြန်မာပြည်တွင် ယူနီဗာစီတီ မရှိသေးသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ကာလကတ္တားယူနီဗာစီတီမှ စစ်ဆေးရပေရာ ဤအခြင်းအရာသည်ပင် ၉ တန်းကျောင်းသားများ ခြေဖျားထောက်စရာဖြစ်ခဲ့လေသည်။ အကြောင်းမူကား ၉ တန်းစာမေးပွဲမှာ အက်(ဖ်)အေ၊ ဘီအေ စာမေးပွဲများနည်းတူ ဘင်္ဂလားစာမေးပွဲ ဟုခေါ်သောကြောင့်ပေတည်း။ ကျွန်ုပ်တို့ကျောင်းသားများသည် မြန်မာပြည်၌ သီးသန့်ယူနီဗာစီတီ မရှိခြင်းကြောင့် ဂုဏ်ငယ်သည်ဟူ၍ နားမလည်ကြ၊ ဘင်္ဂလားကို အထင်ကြီးကြတုန်းဖြစ်၍ ဘင်္ဂလားစာမေးပွဲဝင်ရခြင်းသည်ပင် ဂုဏ်ဒြပ်ကြီးတခုဟူ၍ မှတ်ထင်ခဲ့ကြလေသည်။ ကျောင်းသားတို့မည်သည် စာမေးပွဲအောင်၍ အတန်းတက်ရသည်ဆိုလျှင် ဝမ်းသာကြမြဲ ဖြစ်သော်လည်း တက္ကသိုလ်ဝင်ခေါ် ၉ တန်းသို့ တက်ရခြင်းကဲ့သို့ ဝမ်းသာခြင်း၊ ဂုဏ်ယူမိခြင်း ကားမကြုံခဲ့ရဘူးပါ။ ကျွန်ုပ်အဖို့မှာမူ နေအိမ်ပတ်ဝန်းကျင်အရပ်များ၌ ၉ တန်းသမားဟူ၍ ထိုစဉ်ကလည်းမရှိ၊ ယခင်ကလည်း မရှိခဲ့ဘူးသည့် အတွက်ကြောင့် အတော်ဘဝင်မြင့်ခဲ့မိပါ၏။ ဤအတွက်ကြောင့် ကျွန်ုပ်အပေါ်၌ မနာလိုသူများရှိကြသော်လည်း ကျွန်ုပ်အား ပညာရှိကလေးတယောက်သဖွယ် လေးစားကြသည့်အတန်းကလေးသမားများလည်း မြောက်မြားစွာရှိကြပေသည်။ အချို့မိဘများသည် ၎င်းတို့၏ လေးငါးတန်းကျောင်းသားကလေးများကို

ကျွန်ုပ်နှင့် အတူ စာကျပ်ပါစေဆိုကာ ကျွန်ုပ်တို့၏နေအိမ်သို့ ပို့ထားခြင်းများရှိ၏။ ထိုလူတို့၏ စိတ်၌ 'ပဏ္ဍိတာနဉ္စသေဝနာ'ဆိုသည့် မင်္ဂလာတရားတော်အတိုင်း ပညာရှိကလေးတဦးထံဆည်းကပ်ပါစေဟူသော သဘောနှင့် ပို့ကြလေသလော မဆိုနိုင်ပေ။ ကျွန်ုပ်၏ဖခင်ကား အတော်ဂုဏ်ယူပုံရသည်။

## 'ရင်ဘတ်'မိတ်ဆွေရခြင်း

၈ တန်းသို့တက်ရကတည်းက အလွန်ခင်မင်သော သူငယ်ချင်းသုံးယောက်ရှိခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ၄င်းတို့အနက်တွင် ကိုဖေမှာ အိမ်ချင်းကလည်း နီးသည်နှင့် အထူးသဖြင့် ခင်မင်ရင်းနှီးသော မိတ်ဆွေတယောက်ဖြစ်လာ၍ ကျွန်ုပ်၏ တသက်တာတွင် ပထမဦးဆုံးသော မိတ်ဆွေရင်း (Bosom Friend) တယောက်ဖြစ်ချေသည်။ ဤအင်္ဂလိပ်စကားလုံးမှာ 'ရင်ဘတ်မိတ်ဆွေ'ဟု အဓိပ္ပါယ်ရှိလေရာ အလွန်တိကျပေါ်လွင်သော အသုံးအနှုံးဖြစ်၏။ အကြောင်းမူကား ရင်ဘတ်ထဲ၌ရှိသော အခြင်းအရာအားလုံးကို (အကောင်းရောအဆိုးပါ) ဖွင့်ဟတိုင်ပင်၍ အကြံဉာဏ်တောင်းနိုင်သော မိတ်ဆွေမျိုးဖြစ်သောကြောင့်တည်း။ ဤမိတ်ဆွေမျိုးသည် တယောက်နှင့်တယောက် ဟန်လုပ်ခြင်း၊ ကြွားဝါခြင်း၊ ဂုဏ်ပြိုင်ခြင်း မရှိ။ တယောက်ဒုက္ခရောက်သည်ဆိုလျှင် တယောက်က ပါးစပ်ဖျားကလေးဖြင့် "ဝမ်းနည်းတယ်ဗျာ"ဟု လောကဝတ်စကားပြောခြင်းမဟုတ်၊ စိတ်၌ တကယ်ထိခိုက်အောင် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်း၍ ကောင်းစားလျှင်လည်း အဟုတ်တကယ် ဝမ်းမြောက်ဝမ်းသာ (မုဒိတာစိတ်)ဖြစ်နိုင်သည့် မိတ်ဆွေမျိုးကို ဆိုလိုပေသည်။ လူတိုင်းလူတိုင်း၌ ထိုသို့သောမိတ်ဆွေမျိုး ဘယ်နှစ်ယောက်စီရှိကြသည်မဆိုနိုင်၊ ကျွန်ုပ်အဖို့ရာ၌ကား (ကိုဖေအပါအဝင်)တသက်သာလုံး၌ သုံးလေးငါးယောက်မျှသာ ကြုံရဘူးပါသည်။ (ဤသို့သော မိတ်ဆွေမျိုးမှာ ဘဝရေစက်လည်းပါဦးမှ တွေ့နိုင်ဟန် တူပေသည်။)

## တန်ဖိုးရှိလှသော ဩဝါဒ

၉ တန်းသို့တက်၍ နွေရာသီ ကျောင်းပိတ်မည့်နေ့တွင် မြန်မာစာသင်ပြသည့် ဆရာရွှေမှန်သည် ကျွန်ုပ်အဖို့ရာ၌ တသက်ပတ်လုံး အသုံးဝင်သည့် ဩဝါဒတခု ပေးဘူး၏။ (ဆရာရွှေမှန်မှာ ကျွန်ုပ်တို့၏ ၈ တန်းဆရာဖြစ်ခဲ့ရာ ၉ တန်းသို့ ကျွန်ုပ်တို့တက်ကြသောအခါ ၉တန်းပြဆရာသည် ကုလားလူမျိုးဆရာတစ်ယောက် ဖြစ်၍ မြန်မာစာမတတ်သည်နှင့် ဆရာရွှေမှန်က ကျွန်ုပ်တို့အား မြန်မာစာသင် ပေး၍ ကုလားဆရာသစ်က ၈ တန်းကိုအင်္ဂလိပ်ဘာသာ သင်ပေးခြင်း ဖြင့် အလဲအလှယ်လုပ်ကြသည်။) ကျောင်းပိတ်မည့်ညနေ၌ ဆရာရွှေမှန်သည် ကျွန်ုပ်တို့ အား အင်္ဂလိပ်ဝတ္ထုများ ဖတ်ခြင်းအားဖြင့် အင်္ဂလိပ်ဘာသာကောင်းကောင်း တတ်အောင် ကြိုးစားကြဖို့ ဟောပြောပြီးနောက် ကျောင်းဆင်းသောအခါတွင် အင်္ဂလိပ်ဝတ္ထုစာအုပ် ငှားလိုသူများအား သူ၏အိမ်သို့ လိုက်ခဲ့ရန် ခေါ်သွားလေရာ ကျွန်ုပ်နှင့် အခြားကျောင်းသား လေးငါးယောက် လိုက်သွားကြ၏။ ကျန်လူများ ကား ယီးတီးယားတားလုပ်ကာ မလိုက်ပဲ ချန်နေရစ်ခဲ့ကြလေသည်။ လိုက်သွားသူ များအနက်တွင် ကိုဖေ၊ မောင်ရီနှင့် စက်ခွေတို့ ပါဝင်ကြသည်။ စင်စစ်မှာ ကျွန်ုပ်နှင့် ဤသူငယ်ချင်းသုံးယောက်သည် အင်္ဂလိပ်ဘာသာတွင် အားကျမခံ အပြိုင်အဆိုင် ကြိုးစားကြသူများ ဖြစ်လေသည်။ ဤအကြောင်းကို ပြန်လည် သုံးသပ်သည့်အခါ ကျွန်ုပ်တို့လေးယောက်အား ခင်မင်ရင်းနှီးအောင် ချည်နှောင်ပေး သော အခြင်းအရာသည်ကား အင်္ဂလိပ်ဘာသာ ရပ်၌ စိတ်ဝင်စားသည့် အထုံအလေ့ ချင်း တူညီမှုပင်ဖြစ်တန်ရာချေသည်။

(မြင်းသမားအချင်းချင်း၊ ဂီတသမားအချင်းချင်း ရင်းနှီးတတ်ကြ သကဲ့သို့ပင်။)

## ကောင်းလိုက်သည့်စာအုပ်

ကျွန်ုပ်ယူခဲ့မိသောစာအုပ်မှာ ချားလ်စ်ဒစ်ကင်း ရေးသည့်ဘာနဘီရတ်ချ (Burnaby Rudge) စာအုပ်ဖြစ်လေရာ ကျွန်ုပ်သည် ၄င်းဝတ္ထုကို ကြိုးစား၍ ဖတ်ပါသော်လည်း အရသာ ခံနိုင်လောက်အောင် ပြည့်စုံစွာ နားမလည်သည် တကြောင်း၊ သတ္တုအဆင့်အတန်းကလည်း (ကျွန်ုပ်၏အရွယ်နှင့် မလိုက်အောင်) မြင့်လွန်းသည် တကြောင်းကြောင့် ၄င်းဝတ္ထုစာအုပ်ကိုချထား၍ ကိုဖေထံမှ ပသီပုံပြင်ဝတ္ထုကို ငှားရမ်းဖတ်ရှုလေသည်။ ပသီပုံပြင်ဝတ္ထုကောင်းလိုက်ပုံကား ပြောမကုန်နိုင်အောင် ရှိပါတော့၏။ လွန်ပွဲ၌ ဆုံခဲ့ဘူးသောမိန်းကလေးနှင့် သမီးရည်း စားမဟုတ်ငြားသော်လည်း စိတ်ထဲ၌ ချစ်ကြိုက်၍ နေ့ရှိသမျှ မျက်လုံးချင်းဆိုင်လျက်ရှိကြပြီဖြစ်ရာ ပသီပုံပြင်ထဲ၌ပါသည့် ဝတ္ထုပေါင်းများစွာတို့မှ (ဇာတ်လိုက်) မင်းသမီးများသည် ထိုမိန်းကလေး၏ ရုပ်ဆင်းသဏ္ဍာန်အတိုင်းချည်းဖြစ်၍ မင်းသားကလေးမှာလည်း ကျွန်ုပ်ကိုယ်တိုင်ချည်းဖြစ်နေလေတော့သည်။ လူပျိုပေါက် အရွယ်လည်းဖြစ်ပြန်၊ စိတ်ထဲ၌ ကြိုက်ထားသူလည်းရှိပြန်၊ စိတ်ကူးယဉ်တတ်သော အလေ့အထုံကလည်းရှိပြန်၊ ကျောင်းပိတ်ထားသည့် အားလပ်ချိန်လည်းဖြစ်ပြန် လေရကား ကျွန်ုပ်မှာစာအုပ်ကိုဖတ်လိုက်၊ ချထားပြီး စိတ်ကူးလိုက်၊ တဖန်ကောက်ဖတ်လိုက်၊ နှစ်ခြိုက်သော စာပိုဒ်များကိုကူးယူလိုက် စသည်ဖြင့် (အိပ်ချိန်စားချိန်မှတပါး) အချိန်ရှိသမျှ ဖတ်လေတော့သည်။ ဤအတွက်ကြောင့် အမြတ်တခုပေါ်ထွက်သည်မှာ ဖခင်သည် ကျွန်ုပ်အား အလွန်စာကြိုးစားသည်ဆို၍ ဘာဂျာတလုံး ဝယ်ပေးပေသည်။ (ဖခင်သည် တီးမှုတ်သံကို အလွန်ရွံ့မုန်းသူ တယောက်ဖြစ်ရကား ၄င်းအပြုအမူမှာ ကျွန်ုပ်အား အစွမ်းကုန်အလိုလိုက်ရာခြင်း ဖြစ်လေသည်။)

## တန်ဖိုးရှိသော အင်္ဂလိပ်စာခေတ်

ပသီပုံပြင်ဝတ္ထုကို ဘာသာပြန်ထားသည့် အင်္ဂလိပ်စကား အသုံးအနှုန်းမှာ အလွန်ကောင်းသည်ဟု ဆရာ့ဆရာများပြောသံကြားဘူးပေရာ ကျွန်ုပ်မှာ ကျောင်း ၄၅ ရက်ပိတ်သည့်အတွင်း၌ ဝတ္ထုဇာတ်လမ်း၏အရသာကို ခံစားရုံသာမက အင်္ဂလိပ်စာရေးပုံရေးနည်းကိုလည်း ကျက်မှတ်ထားသည်နှင့် ကျောင်းဖွင့်၍ စာစီစာကုံးတပုဒ်ရေးသားကြရသည်တွင် အတန်းဆရာက ကျွန်ုပ်၏အရေးအသားမှာ တဖြည်းဖြည်းမဟုတ်ပဲ ခုန်လွှား၍တက်သွားကြောင်း (By leaps and bounds) ချီးကျူးပြောဆိုဘူးလေသည်။ ဟုတ်ပုံလည်းရသည်။ စာတနှစ်သင်၍ တတန်းတက်သောအခါ၌ တိုးတက်ခြင်းထက် ထို ၄၅ ရက်အဆုံး၌ တိုးတက်ခြင်းသည် ပိုသည်ဟု ကိုယ့်ဟာကိုယ်လည်း ထင်မိပါသည်။ ထိုခေတ်၌ အင်္ဂလိပ်ဘာသာ အသားယူသောခေတ်ဖြစ်၍ တော်သည်ဆိုလျှင် တကျောင်းမှ တကျောင်းသို့လည်းကောင်း၊ တရုံးမှတရုံးသို့လည်းကောင်း၊ အစိုးရဌာနတခုမှ တခုသို့လည်းကောင်း သတင်းပျံ့နှံ့တတ်သော ခေတ်ဖြစ်လေသည်။ ကျွန်ုပ်သည် ဤအကြောင်းကို ကြားဘူးခြင်းကြောင့် ကြိုးစားချင်သောစိတ်ဖြစ်ပေါ်ခြင်းလည်း ဟုတ်နိုင်ပါသည်။

## အသံထွက်မှန်ကန်အောင်ကြိုးစားသင့်ခြင်း

အင်္ဂလိပ်ဘာသာရပ်နှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ ကံကောင်းသော အခြင်းအရာတခုလည်းဖော်ပြလိုပါသည်။ ဇတန်းဆရာ ကုလားလူမျိုး မစ္စတာ အင်းဂလစ်စ် (Mr.Inglis) ဆိုသူမှာ ကျွန်ုပ်တွေ့ဘူးသည့် (အင်္ဂလိပ်မဟုတ်သော) လူမျိုးကွဲများ

အနက်တွင် အင်္ဂလိပ်စကားပြော အကောင်းဆုံးထဲက တယောက်ဖြစ်သည်ဟု ကျွန်ုပ်ယူဆပါ၏။ ကျွန်ုပ်သည် နာမည်ကြီးလှသော ဦးမေအောင်၊ ဒေါက်တာ ဘမော်စသော မြန်မာဝတ်လုံများကိုလည်းကောင်း၊ ကုလားဝတ်လုံများကို လည်းကောင်း နားထောင်ရဘူးပါ၏။ ထိုလူများသည် ကျွန်ုပ်၏ဆရာနှင့် တူလျှင် သာတူရမည်၊ သာသည်ဟု ကျွန်ုပ်မထင်ပါ။ ဆရာ အင်းဂလစ်စ်သည် အင်္ဂလန်သို့ လည်း ရောက်ဘူး၍ အင်္ဂလိပ်စကား အသံထွက်တွင် တိကျ မှန်ကန်လိုက်ပုံမှာ အချို့အင်္ဂလိပ်များထက်ပင်သာသေးသည်ထင်၏။ ကျွန်ုပ်မှာနောက်ပိုင်းတွင် အင်္ဂလိပ်ရောမြန်မာစကားပါ ပြောချင်သောစိတ်မရှိလောက်အောင် ဖြစ်ခဲ့ရသော်လည်း အင်္ဂလိပ်အသံထွက် မှန်ကန်စေမှုအတွက်မူ တသက်လုံး ဂရုစိုက်လာခဲ့သူ ဖြစ်၏။ ဆရာအင်းဂလစ်စ်၏အသံထွက်အမှန်များသည် အောက်တန်းများမှ ကျွန်ုပ်၏ အသံထွက်အမှားများကိုပြုပြင်ပြောင်းလဲစေ၏။ အသံမှန်ထွက်ဖို့လိုလားသော ကျွန်ုပ်သည် အောက်တန်းများမှ သင်ခဲ့ရသည့်အသံထွက်နှင့် ဆရာ အင်းရဂလစ်စ်၏ အသံထွက်တို့ ကွဲလွဲခြင်းကို တွေ့ရသည့်အခါတိုင်း ကျွန်ုပ်နှင့် ကိုဖေတို့သည် အိတ်ဆောင်အဘိဓာတ်ကို လှန်၍ရှာတတ်ကြပေရာ ဆရာ အင်းဂလစ်စ်ကမှန်ကန်သည်ချည်းတွေ့ကြရ၏။ ဤမျှသာမကသေး ကြီးပြင်းလာသောအခါ၌လည်း လူတတ်များနှင့် ဆရာ၏အသံထွက် ကွဲလွဲခြင်းကို တွေ့ရလျှင်လည်း အဘိဓာတ်ကိုလှန်၍ကြည့်သေးရာ ဆရာကပင် မှန်ကန်ခြင်းကို တွေ့ရ၏။ (ဤခေတ်၌တက္ကသိုလ်ကျောင်းသားများသည် အင်္ဂလိပ်အသံထွက် အလွန်ချာသည်ကို တွေ့ရ၏။ ကိုယ့်ဘာသာစကားမဟုတ်သောကြောင့် အသံထွက်မှားလျှင်လည်း မတတ်နိုင်ဟု သဘောထားကြသောကြောင့်ပေလော၊ ကျောင်းဆရာများကိုယ်နှိုက်ကလည်း ဤအတိုင်းပင် ယူဆကြလေသလော မပြောတတ်ပေ။ သို့ဆိုလျှင် အလွန်မှားသောအယူအဆဖြစ်သည်ဟု ဆိုချင်သည်။ ဤကိစ္စမျိုးနှင့် ပတ်သက်၍ အင်္ဂလိပ်စကားပုံတခုမှာ နည်းယူထိုက်၏။ 'လုပ်သင့် သည်ဆို၍ လုပ်သော အလုပ်တခုကို (တော်အိလျော်အိသဘောမထားပဲ) ကောင်းကောင်း

ဖြစ်အောင်လုပ်ရမည်’ဟု ဆိုလေသည်။ လူမျိုးကွဲ၏ စာဆို၍ မသင်ချင်လည်းနေကြစေ၊ သင်မိလျှင်လည်းကောင်းကောင်းတတ်အောင် သင်ထိုက်ပေသည်။ လူတိုင်းလူတိုင်းသည် သင်တိုင်းလည်း အချွန်အမွန် မဖြစ်နိုင်ခြင်းကားမှန်ပါသည်။ သို့ရာတွင် အသံထွက်မျှလောက်ကို မှန်ကန်အောင် ပြောတတ်ခေါ်တတ်ဖို့မှာ လူမျိုး၏ဂုဏ်ကိုထောက်ထားသောအားဖြင့် ကြိုးစားထိုက် ကြသည်။ ဘယ်သူက ဘာပြောသည်ဖြစ်စေ၊ အင်္ဂလိပ်စကားသည်မပြောတတ်လျှင် မပီ၊ မပီသလျှင် အထင်သေးခံရမည့် ဘာသာရပ်တခုဖြစ်ရာ နိုင်ငံခြားသားနှင့် အဆက်အသွယ်များလှသော ဤခေတ်တွင် နယ်ချဲ့ခဲ့ဘူးသည့် ဝသီကြောင့် လူမျိုးကို အာဃာတထားပြီး သူတို့၏ဘာသာစကားကို မထီလေးစားပြုမိပါက ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ဖွယ်ရာ၊ အထင်သေးခံရဖွယ်ရာ ရှိပေသည်။ ‘မြန်မာ့အသံ’မှ အခြားတိုင်းပြည်များမှ မြို့အမည်၊ လူအမည်များကို မှန်ကန်အောင် ခေါ်တတ်ဖို့ မကြိုးစားကြခြင်းမှာလည်း အံ့သြဖို့ကောင်း၏။ ရှက်ဖို့လည်း ကောင်း၏။ သံရုံးတွေရှိနေသော ရန်ကုန်မြို့တွင် ဤကိစ္စသည်လွယ် ကူသင့်၏။ သံမှန်မထွက်တတ်ခြင်းနှင့်ပတ်သက်၍ မြန်မာသတင်းစာများသည် အလားတူပင် ချာလှသည်။ ကမ္ဘာ့တိုင်းပြည်ကြီးများမှ ဝန်ကြီးချုပ်များ၏ အမည်များကိုပင် တယောက်ကတမျိုး ရေးချင်သလိုရေးလျက်ရှိကြသည်။ အခြားတိုင်းပြည်များတွင် ဤကဲ့သို့ တော်အိလျော်အိ ပေါ့ရွှတ်ရွှတ် သဘောထားကြသည်မထင်ပေ။)

## သာဓကတခု

၉ တန်းဆရာ မစ္စတာ အင်းဂလစ်စ်မှာ အင်္ဂလိပ်စကား ပြောခြင်း၌ အလွန်သွက်အလွန်မှန်၍အလွန်တော်ပုံကို အထောက်အထား တင်ပြပါဦးမည်။ တနေ့သ၌ ဗန်းမော်မြို့မှ အင်္ဂလိပ်စာတတ် မြန်မာနယ်ပိုင်ဝန်ထောက်တယောက်သည် ကျွန်ုပ်တို့နှင့်အတူ ၉တန်း၌ သင်လျက်ရှိသော ၄င်း၏သားထံသို့အလည်လာရာ တွင်

ကျောင်းအုပ်ကြီးကိုယ်တိုင် ဝန်ထောက်ကြီးအား ကျွန်ုပ်တို့အတန်းသို့ လိုက်ပို့၏။ ထိုအခိုက်တွင်ဆရာအင်းဂလစ်စ်သည် ကျွန်ုပ်တို့အတန်းသားများအား 'ဝါတာလူး စစ်ပွဲမတိုင်မီတည' ဟူသောအင်္ဂလိပ် လင်္ကာတပုဒ်ကို သင်ပြလျက်ရှိရာ၊ ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးတို့ ဝင်လာကြ၍ ကျောင်းအုပ်ကြီးက ဆရာအား "သင်သာသင်ပါ"ဟုပြောပြပြီး ခုံလွတ်တခုတွင် ဝင်ထိုင်ကြ၏။ ဆရာအင်းဂလစ်စ်လည်း ဆက်လက်၍ သင်ပြလေရာ လင်္ကာထဲမှ ခက်ခဲသော စာပိုဒ်များကို အတန်းသားများ နားလည်အောင် ရှင်းလင်းပြောပြခြင်းအလုပ်၌ သူမတူအောင် သွက်လက်ခြင်း၊ ပြတ်သားခြင်း၊ စိတ်ပါလက်ပါရှိခြင်း၊ စကားအသုံး အနှုန်းတိကျမှန်ကန်ခြင်းတည်းဟူသော အင်္ဂါများကြောင့် ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးတို့သည် တယောက်မျက်နှာကို တယောက်ခဏခဏ လှမ်းကြည့် ကြခြင်းကို ကျွန်ုပ်တို့မြင်ရ၏။ နောက်ဆုံး၌ ဝန်ထောက်ကြီးနှင့် ကျောင်းအုပ်ကြီး တို့သည် ကျေနပ်အားရသော အမူအရာနှင့် ထသွားကြသောအခါ ဆရာ အင်းဂလစ်စ်သည် စာအုပ်ကိုပိတ်၍ တဘက်သို့ လှည့်ခိုက်တွင် ကျွန်ုပ်တို့ ကျောင်းသားအချင်းချင်းလည်း ဤမျှလောက်ကောင်းသော သင်ပြခြင်းကို တခါမျှ မကြုံဘူးသည်နှင့် စိတ်ထဲမှ သဘောတူ ချီးကျူးကြယင်း 'ဝေါ'ကနဲ မြည်သော အသံ ထွက်သွားမိကြလေ၏။ တကယ်သင်တော့ တကယ်တော့်သည့် ဆရာတယောက်ပေတည်း။

## ဒုတိယသာစကေ

တနင်္ဂနွေ တနေ့၌ ဆရာအင်းဂလစ်စ်သည် သူ၏'အချစ်တော်' ကလေးများ ဖြစ်ကြသည့် မောင်ရီနှင့် ကျွန်ုပ်အား စောစောကြီးလမ်းလျှောက်ရန် ချိန်းဆို ခေါ်ငင်သွား၍ အိုးဖိုဘက်ရှိ ဗျစ်စက်ရုံကိုပြ၏။ သူကိုယ်တိုင်က အလွန်မည်းသူ တယောက်ဖြစ်သော်လည်း မန္တလေးမြို့ပေါ်ရှိ မျက်နှာဖြူအရာရှိဆိုလျှင် ဆရာနှင့်

မသိသူမရှိသလောက် အသိအကျွမ်းပေါသည့်အလျောက် ဗျစ်စက်ရုံမန်နေဂျာအား ကျွန်ုပ်တို့နှစ်ယောက်ကို စက်ရုံတခုလုံးသို့လိုက်ပြစေ၏။ ပြီးသောအခါအာဥဂီ(စီ) လမ်းရှိ ဗီယာနာဟော်တယ်သို့ ကျွနုပ်တို့နှစ်ယောက်ကိုခေါ်၍ နံနက်စာကျွေးရာ ရုံတော်ကြီးမှ အရှုန်းတို့အထန်းတို့၏ တရုတ်ခေါက်ဆွဲများနှင့် ဈေးချိုအနီးမှ မြန်မာမုန့်တီဆိုင်များ၌ လောက်သာ စားခဲ့ဘူးသည့် ကျွန်ုပ်အဖို့မှာ အင်္ဂလိပ်ဟော်တယ်သို့ ပထမအကြိမ်ရောက်ဘူးခြင်းဖြစ်၍ အခင်းအကျင်းနှင့် စားသောက်ဖွယ်ရာများ၏ သားနားပုံများကို အံ့သြမဆုံးအောင် ငေးကြည့်မိပါ တော့သည်။ (အမှန်မှာ ဗီယာနာဟော်တယ်၏ သားနားလှခြင်းကြောင့် မဟုတ်လှပါ။ ထိုခေတ်က ရုံတော်ကြီးမှ ခေါက်ဆွဲဆိုင်များသည် ဤခေတ် လျှန်းစိန်ဟော်တယ်ကဲ့သို့ သပ်သပ်ရပ်ရပ်မရှိပဲ ပေကျံသော သစ်သားစားပွဲတွင် ညစ်ပတ်သော ခုရှည်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ စားကြရသောကြောင့်ဖြစ်ပါ သည်။ ဝမ်းပဲဥပုံစားပွဲကြီးတွင် ဖွေးဖွေးဖြူဖြူ၍ ပန်းပွင့်ပုံများထည့်ရက်ထားသည့် စားပွဲခင်းအဝတ်ကြီးခင်းလျက် ပန်းစိုက်ခရားနှင့်တကွ ဆွတ်ဆွတ်ဖြူသော လက်သုတ်ပဝါများကို ပါးလှသော ဖလ်ခွက်ထဲ၌ထည့်ကာ ပြင်ဆင်ထားခြင်းမျိုးကို မည်သည့်ဆိုင် မည်သည့်အိမ်၌မျှ မမြင်ရဘူးသေးပါ။ ထိုခေတ်၌ကျွန်ုပ်တို့၏ အိမ်၌သာမဟုတ်၊ မိဘများထက်စီးပွားရေးအဆင့်အတန်းမြင့်သောအိမ်များ၌ပင် 'လိုက်ထမင်း'ကို ကြွေဇလုံဖြင့် မထည့်ပဲ ဆန်ဆေးခြင်းတောင်း သုံးကြတုန်း ဖြစ်ပါသည်။)

## ပထမဆုံးအင်္ဂလိပ်နံနက်စာ

ဟော်တယ်ထဲသို့ ကျွန်ုပ်တို့ဝင်သွားကြသည်နှင့်တပြိုင်နက် ဂါဝန်ရှည်၊ အင်္ကျီ လက်ရှည်များဖြင့်သပ်ရပ်စွာ ဝတ်ဆင်ထားသည့် ဗိုလ်ကပြားမကလေး သုံးယောက်

တို့သည် ဆရာ အင်းဂလစ်စ်အား ကဗျာကယာ ဆီးကြိုနှုတ်ဆက်ကာ အူယားဖားယားစကားပြောကြလေရာ၊ ကျွန်ုပ်မှာ အလွန်အံ့သြလျက် ရှိသည့်အထဲမှ ပင် ဗျိုင်းသုံးကောင်နှင့် ကျီးတကောင် တွေ့ကြသည်ဟု သတိရ၍ ပြုံးမိပါသည်။ ဗိုလ်ကပြားမလေးသုံးယောက်မှာ ဤမျှလောက်ဖြူလှသောကြောင့် မဟုတ်၊ ကျွန်ုပ်တို့၏ဆရာကမည်းလှသောကြောင့်ဖြစ်ပါသည်။ ဆရာအင်းဂလစ်စ်ကား ကျွန်ုပ်မြင်ဘူးသည့်လူများအနက်တွင် အနက်ဆုံး တယောက်ဖြစ်ပေသည်။ အသားမည်းသလောက် တောက်ပြောင်သည့် အဆင်းအရောင် အဝတ်မျိုးကို အလဲလဲဝတ်ဆင်တတ်သူဖြစ်၍ မန္တလေးမြို့တွင် လူမျိုးကွဲများအထဲ၌ (အမြင်အားဖြင့်) အထင်ရှားဆုံးပုဂ္ဂိုလ်တဦးဖြစ်ချေ၏။ ဆရာအင်းဂလစ်စ်သည် ကပြားမသုံးယောက်အနက်မှ အချောဆုံးတယောက်ကို ရွေး၍တွဲခေါ်ကာ စားပွဲခန်းသို့ဝင်ကြပြီးလျှင် ထိပ်မှထိုင်လေရာ ကျွန်ုပ်နှင့် မောင်ရီတို့လည်း (ယောကျ်ားသုံးယောက် မိန်းမသုံးယောက်ရှိသည်နှင့် တယောက်ခြားစီထိုင်ကြရ သဖြင့်) လက်ဝဲနှင့် လကျ်ာတွင် ကပြားမတယောက်စီ ရှိနေကြလေ၏။ မောင်ရီမှာ ဤကိစ္စမျိုးတွင် ကျွန်ုပ်ထက် 'အဝါးဝ'ပုံရ၍ ဟန်မပျက်လှသော်လည်း ကျွန်ုပ်မူကား ဖင်နှင့်ကုလားထိုင် ထိသည်မထင်။ ရင်တဆတ်ဆတ်ခုန်လျက်ရှိ၏။ ထို့နောက် နံနက်စာ စားစဉ်အတွင်း၌လည်း ကောင်း၊ စားပြီးသောအခါ၌လည်းကောင်း ကျွန်ုပ်တို့၏ဆရာ အင်းဂလစ်စ် အင်္ဂလိပ်စကားပြောလိုက်ပုံမှာ တရှိုးရှိုး တရွှတ် ရွှတ် နှင့်ရေပက်မဝင်အောင် ရှိတော့ရာ ကပြားမကလေး သုံးယောက်မှာလည်း တဟီးဟီး တဟားဟား တဝါးဝါး တသောသောရယ်မောလျက်ရှိကြလေတော့၏။ ဆရာပြောသည့်အထဲတွင် အင်္ဂလိပ် 'ဘန်းစကား'များ ရောညှပ်ပါရှိသောကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ပြည့်စုံအောင် နားမလည်ကြစေကာမူ ကိုယ်ဟန် လက်ဟန်နှင့်ဆရာ၏ မျက်နှာထားတို့ကြောင့် အတော်အတန်ရိပ်မိကြ၍ ရောနှော ကာ ရယ်မောနိုင်ကြ လေသည်။ ဆရာအင်းဂလစ်စ်သည် ကျောင်းခန်းထဲတွင် ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးအား အစွမ်းပြဘူးသကဲ့သို့ သူ၏'အချစ်တော်'

ကလေးများဖြစ် သည့်မောင်ရီနှင့် ကျွန်ုပ်တို့အပေါ်တွင် အစွမ်းပြချင်၍ တမင်စီစဉ် ထားခြင်းဖြစ်သည် ဟုကျွန်ုပ်တို့ရိပ်မိကြသော်လည်း ကျွန်ုပ်အဖို့ရာတွင်မူ တသက် တွင် အရယ်ရဆုံး သော နံနက်စာစားပွဲတခုအနေဖြင့် မှတ်တမ်းတင်ထားမိပါသည်။ အင်္ဂလိပ်စကားပြောခြင်းအလုပ်တွင် အဟုတ်တကယ်တော်သည့် ပုဂ္ဂိုလ်တဦးပါပေ။

## ကျောင်းအုပ်ကြီး၏ ဝေဖန်ချက်

ကျွန်ုပ်၏ စကားထစ်တတ်ခြင်းကို ဆရာအင်းဂလစ်စ်သိသော်လည်း အင်္ဂလိပ်စကား ပြောတတ်ဖို့ အစွမ်းအစရှိသည်ဟု ယူဆသည့် လက္ခဏာနှင့် ကျောင်းကပွဲ (Concert) ၌လည်းကောင်း စကားရည်လုပွဲများ၌လည်းကောင်း ဆရာအင်းဂလစ်စ်သည် မောင်ရီနှင့် ကျွန်ုပ်အား အမြဲတမ်း ရွေးချယ်ထည့်သွင်း၍ အင်္ဂလိပ်လိုပြောပုံဆိုနည်းများ သင်ပြပေး၏။ ကျွန်ုပ်လည်း ကြိုးစားပါသည်။ 'ကပွဲ' များ၌ မောင်ရီနှင့် ကျွန်ုပ်ကျက်၍ပြောရသည့် ရယ်ရွှင်ဖွယ် အပြန်အလှန် စကားမျိုး (Dialogus) ပြောရာတွင်ဝေဖန်ဖို့မလိုသဖြင့် ဝေဖန်ခြင်းမခံရသော်လည်း တနေ့သ၌ အင်္ဂလိပ်လို စကားရည်လုပွဲတခုအဆုံးတွင် ကျောင်းအုပ်ကြီးက စကားပြောသူများအကြောင်းကို ဝေဖန်ပါသည်။ စင်စစ်မှာ ကျွန်ုပ်သည် မိမိ၏ ချွတ်ယွင်းချက်ကိုသိ၍ ငြင်းသော်လည်း ဆရာအင်းဂလစ်စ်၏ အားပေးမှုကြောင့် ပါဝင်ခြင်းဖြစ်ပါသည်။

ကျောင်းအုပ်ကြီးသည် ကျွန်ုပ်၏ အကြောင်းကို ဝေဖန်ရာ၌ "ဖေသိန်းက အသံထွက်တော့ကောင်းပါရဲ့၊ သို့သော်လဲ သူ့လျှာက အာခေါင်မှာ တချက် တချက်ကပ်ကပ်နေတတ်တယ်"ဟု ပြောလေသည်။ ကျွန်ုပ်သည် ထိုနေ့မှစ၍ စကားရည်လုပွဲများတွင် အပါအဝင်မလုပ်တော့ပဲနေရာ ဆရာအင်းဂလစ်စ်ကမူ ကျောင်းအုပ်ကြီးအပေါ်၌ စိတ်ဆိုးပုံရသည်။ ကျွန်ုပ်သည် ကံမကောင်းသဖြင့် အင်္ဂါမစုံပဲမွေးခဲ့လျှင် ရှက်ဖွယ်ရာဟုယူဆလိမ့်မည်မဟုတ်သကဲ့သို့ စကားထစ်

ခြင်းအတွက် ရှက်စရာဟူ၍ မယူဆပါ။ သို့ရာတွင် မိမိ၏ချွတ်ယွင်းချက်ကိုသိလျက်နှင့် နေရာတကာတိုင်း စကားပြောချင်သည်ဟု အထင်ခံရမည်ကိုကား ရှက်တတ်ဖို့နားလည်ပါသည်။ ကြီးပြင်းလာသောအခါ၌ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စများ၌ ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် အခြားပုဂ္ဂိုလ်များ၏ တိုက်တွန်းမှုကြောင့် ရံဖန်ရံခါပရိသတ်ရှေ့တွင် စကားပြောမိဘူးပါ၏။ ကျွန်ုပ်၏ အခက်အခဲတခုမှာစကားမထစ်စေရအောင် သတိထား၍ ပြောနိုင်သော်လည်း ထိုကဲ့သို့သတိထားနေရခြင်းသည်ပင် အလုပ်ကြီးတခုဖြစ်နေသဖြင့် စကားလုံး ပြောင်မြောက်အောင်ဖြစ်စေ၊ အဓိပ္ပါယ်ရှင်းလင်းအောင်ဖြစ်စေ၊ ပွဲကျလောက်အောင်ဖြစ်စေ မပြောနိုင်ပဲရှိသည်နှင့် နောက်ဆုံးတွင် တခါတည်းလက်မြောက်ဖို့ဆုံးဖြတ်လိုက်ပြီးဖြစ်ပါသည်။ စကားပြောခြင်းအလုပ်တွင် တစက္ကန့်၏အပိုင်းဂဏန်း ကလေးလောက်မျှနောက်ကျသည်ဖြစ်စေ၊ တဆိတ်မျှဆိုင်းငံ့ထားရမည့်နေရာတွင် မဆိုင်းငံ့ပဲ တွန်း၍ ပြောလိုက်သည်ဖြစ်စေ ပွဲကျင်သင့်သလောက်မကျခြင်းကို ကျွန်ုပ်နားလည်၍ စကားပြောကောင်းသူတိုင်းလည်း နားလည်ကြပါသည်။ ကျွန်ုပ်မတတ်နိုင်သဖြင့်အထက်ပါ ချွတ်ယွင်းချက်မျိုးနှစ်ခုလုံး ရှိသည်ဖြစ်သောကြောင့် ဤအလုပ်ကို တခါတည်း လက်လျှော့လိုက်ပါတော့သည်။

## ဝေလာမင်းသားနှင့် ပလိပ်ရောဂါ

၁၉၀၆ခုနှစ် ကုန်ခါနီးတွင် မြန်မာပြည်သို့ အင်္ဂလန်ပြည်မှ ဝေလမင်းသား Prince of Wales (ပဉ္စမမြောက် ဂျော့ဘုရင်လောင်း) အလည်အပတ်ရောက် လာ၍ များမကြာမီအတွင်း ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများတွင် ပလိပ်ရောဂါ အကြီးအကျယ် ဖြစ်လေတော့သည်။ ထိုစဉ်က ကောဠာဟလ စကားတချို့ကို ကျွန်ုပ်မှတ်မိသေး၏။ အချို့က မန္တလေးမြို့သို့ ဝေလာမင်းသားရောက်လာစဉ် အလွန်စည်ကားသည်ကိုမြင်၍ မင်းသားက အရာရှိများအား “စည်ကားလွန်းအား

ကြီးတယ်”ဟု ပြောသောကြောင့် လူဦးရေပေါ်များခြင်းပြဿနာကို ဖြေရှင်းရန် အတွက် ဗြိတိသျှအစိုးရက ပလိပ်ရောဂါကို တမင်တကာဖန်တီးသည်ဟု ပြောကြရာ ယုံကြည်သူ အတော်များသည်ကိုတွေ့ရ၏။ အချို့ကလည်း အစိုးရသည် အရပ်ထဲ၌ ပလိပ်ပိုးများကို လူငှား၍လွှတ်ကြောင်း၊ တနေ့သော် ပလိပ်ပိုးလွှတ်သောလူကို (ပိုးပါသော ကြွက်များနှင့်တကွ) အရပ်သားများက ဝိုင်းဖမ်းပြီး ရိုက်နှက်မေးမြန်းစစ်ဆေးကြရာတွင် ထိုလူကငွေရ၍လုပ်ရပါသည်ဟု ဖြောင့်ချက်ပေးကြောင်း၊ ထိုအခြင်းအရာကို ကျွန်ုပ်၏အစ်ကို မောင်ပုက ကိုယ်တိုင်မြင်ခဲ့ရသည်ဟု ကျွန်ုပ်အား ပြောပြ၍ ကျွန်ုပ်ပင်ယုံခဲ့ဘူးပါသည်။ တမြို့လုံးမှုကား ဤစကားကို ယုံကြည်ခဲ့သည်မှာ အတော်ကလေးကြာခဲ့လေပြီ။ တနေ့သ၌ကျွန်ုပ်တို့ ၉တန်းတွင် ခရစ်ယန် ကျမ်းစာသင်ပြသည့် သာသနာပြု ဆရာမကြီးက “ပလိပ်ရောဂါပိုးများ အစိုးရလွှတ်သည်ဆိုခြင်းကို ယုံကြည်ကြ သလော”ဟု အတန်းသားများအားမေး၍ ယုံသူများထကြရန် ပြောလေရာ အတန်းသားတယောက်နှစ်ယောက်မှတပါး တတန်းလုံး (ကျွန်ုပ်လည်း အပါအဝင်) ထလိုက်ကြလေသည်။ ဤတွင် သာသနာပြုဆရာမကြီး၏မျက်နှာ အိုသွားခြင်းကို ကျွန်ုပ်ယနေ့တိုင် မျက်စိထဲတွင် မြင်ယောင်မိပါသေးသည်။ ဆရာမကြီးက “ငါတို့ကျောင်းမှာ အမြင့်ဆုံးအတန်းမှ ကျောင်းသားများက ဒီစကားမျိုးယုံကြည် ကြတယ်ဆိုတာ အားကြီးဝမ်းနည်းစရာပဲ”ဟုပြောရှာလေသည်။ မကြာမတင်မှာပင် ကျွန်ုပ်၏သူငယ်ချင်းတရုတ်ကပြားကလေး စက်ခွေတို့ သားအမိနှစ်ယောက် ‘ပလိပ်ထဲပါသွားရှာကြသည်’ဟုသိရသဖြင့် ကျွန်ုပ်မှာ မန္တလေးတွင် မနေဝံ့အောင် ထိတ်လန့်လာသည်နှင့်တိမ်းရှောင်ထွက်ပြေးဖို့ မိဘများအားပူဆာလေတော့သည်။

## ကြောက်မက်ဖွယ်ရောဂါဆိုး

ထိုအချိန်၌ မန္တလေးမြို့အခြေအနေမှာ ကြောက်စရာကြီးတခုဖြစ်နေပါတော့သည်။ ထွက်ပြေးတိမ်းရှောင်နေကြသူတွေ အတော်များနေသဖြင့် မြို့မှာ ခြောက်ကပ်တိတ်ဆိတ်လျက်ရှိရာ လမ်းလျှောက်သွားသည့်အခါ လမ်းတဘက်တချက်တွင် သုံးအိမ်မှာတအိမ်၊ လေးအိမ်မှာတအိမ် စသည်ဖြင့်သာ နေဝံ့သူရှိတော့သည်ကို တွေ့ရ၏။ နေသူမရှိသည့် အိမ်လွတ်များတွင်လည်း အိမ်ရှေ့၌ မြင်လောက်သော နေရာများတွင် **P-1 P-2** စသောစာလုံးများကိုဆေးနက်ဖြင့် ထင်ရှားစွာ ရေးထားခြင်းကို တွေ့ရ၏။ အဓိပ္ပါယ်မှာ ပလိပ်ရောဂါဖြင့်သေသူတယောက်၊ သို့မဟုတ် နှစ်ယောက်၊ သို့မဟုတ် သုံးယောက်ရှိပြီဟု ဆိုလိုခြင်းဖြစ်၏။ တအိမ်တလေမှာမူ **P-4** လေးယောက်အထိ အမှတ်အသားမျိုးကိုပင် တွေ့ရလေသည်။ အချို့အိမ်များရှေ့၌မူ ပြာပုံကလေးတွင် မီးခိုးကလေးတလူလူပင် တွေ့ရတတ်သေး၏။ အဓိပ္ပါယ်မှာ ၎င်းအိမ်၌ နာရီပိုင်းအတွင်းကပင် လူတယောက်ယောက ပလိပ်ရောဂါနှင့်သေဆုံး၍ အိမ်ရှိအဝတ်အစားများကို မီးပုံရှို့ထားခြင်းပင် ဖြစ်လေသည်။ တိတ်ဆိတ်လျက်ရှိသော မြို့ကြီးတွင် အထက်ပါ အခြင်းအရာမျိုးတို့ကို တွေ့မြင်ရသည့်အခါ အဘယ်သူသည် မတုန်လှုပ်မချောက်ချားပဲ ရှိနိုင်ပါမည်နည်း။

## တိမ်းရှောင်ခွင့်ရခြင်း

ကျွန်ုပ်မှာ အတော်ချောက်ချားလျက်ရှိပြီဖြစ်၍ မိဘများအား တိမ်းရှောင်ကြဖို့ပူဆာ၏။ သို့ရာတွင်ဖခင်၏ (လောကီမှုရေးရာတွင်) ဆရာတဆူ အသိအမှတ်ပြုထားသည့်ပုဂ္ဂိုလ်ကြီးက အစိုးရသည် ပလိပ်ရောဂါကို တမင်လုပ်သည်ဆိုခြင်းကို မယုံကြည်သည်နှင့် ပလိပ်ရောဂါ၏ကူးစက်တတ်ခြင်းကိုပါ မယုံကြည်ပဲ သူတို့

လည်းမပြေး၊ ဖခင်အားလည်း "အလကားပါဗျာ"ဟုပြောကာ အားပေးလေ့ရှိလေသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ကြောက်တတ်ခြင်းကို သိသည်နှင့် "ဖေသိန်းတို့များ ကြောက်လိုက်တာ ကြောက်ချေးများပါနေပါအုံးမယ်ကွယ့်"ဟု ပြက်ရယ်စကား ပြောဘူးခြင်းကိုလည်း ကျွန်ုပ်မှတ်မိသေးသည်။ နောက်ဆုံး၌ ငှင်းပုဂ္ဂိုလ်ကြီး၏အိမ်မှပင် တယောက်နှစ်ယောက်ပျက်စီးလေရာ ကျွန်ုပ်အားလည်း ဝက်လက်သို့ ပို့ထားရန်စီစဉ်ကြလေတော့သည်။ မိဘများမှာကား အလုပ်ပျက်မခံနိုင်သဖြင့် မတိမ်းရှောင်ကြပဲ ကျွန်ုပ်၏နှမတယောက်နှင့်ညီတယောက် (ပေါင်းသုံးယောက်)ကိုသာ ဖခင်၏ဒေသသို့ ပို့ထားလေသည်။

## တောအလိုက်ပျော်တတ်ခြင်း

ကျွန်ုပ်မှာ ဖခင်၏ရွာသို့ ကောက်ကြီးတက်ချိန်များတွင် ရုံဖန်ရံခါ ရောက်ဘူးသော် လည်းလေးငါးရက်ခန့်မျှသာ နေခဲ့ဘူးရာ ဤတခေါက်ကြာရှည်စွာ နေရသည်တွင်မှ ကျွန်ုပ်၏သွေးထဲ၌ ပါရှိဟန်တူသည့်တောင်သူသဘာဝမှာ ဦးခေါင်းပြူ၍ပြသည့်နှယ် ပေါ်ထွက်လာလေပြီ။ ကျွန်ုပ်သည် တောင်သူများလုပ်ကြသည့် (ထိုအခါ၌ဆောင်းရာသီဖြစ်သည့်အတိုင်း) စပါးသိမ်းခြင်း၊ စပါးနယ်ခြင်း၊ စပါးလှေ့ခြင်း၊ လှည်းမောင်းခြင်း၊ မြင်းစီးခြင်း စသည့် ဓလေ့ဟူသမျှတွင် အလွန်စိတ်ဝင်စား၍ ပျော်ရွှင်စွာ ကူညီဆောင်ရွက်ပေး တတ်လေပြီ။ ညအချိန် လသာသာတွင် ကောက်လှိုင်းပုံကြီးပေါ်၌ နွားထီးများရော နွားမများပါ ရေပြွမ်းပူးတွဲထားသည်။ ကြိုးစကို ကိုင်ကာနွားများ၏အလယ်မှ ပတ်ချာလှည့်လျက် 'ဟိုနွားကရို၊ ဒီနွား ကရို' စသည်များဖြင့် အော်ငေါက်ကာ စပါးနယ်ရခြင်း အလုပ်သည် အလွန်ပျော်စရာကောင်းလှ၍ ချမ်းမှန်းမသိ၊ အေးမှန်းမသိ ကောက်လှိုင်းပုံမညက်မချင်း သန်းခေါင်ကျော်အောင် အလုပ်လုပ်ပေးလေသည်။ နွားလည်း မောင်းတတ်သည်။ မြင်းလည်း ကျကျနန စီးတတ်သည်။ 'နွားပြေး နွားလိုက်' လည်း

မောင်းတတ်သည်။ မိုးရာသီမဟုတ် သဖြင့် ထွန်ယက်ခြင်းအလုပ်ကို မသင်ခဲ့ရသော်လည်း ကြီးလာသောအခါ၌ တတ်အောင်သင်ခဲ့သေးသည်။ ကျွန်ုပ်သည် တောင်သူလယ်သမားများ လုပ်နေကျအလုပ်မျိုးဟူသမျှတွင် ဝါသနာပါလှ၍ ပျော်ရွှင်စွာဆောင်ရွက်နိုင်သည် ဖြစ်သောကြောင့် 'ငါသည် မြို့ပေါ်၌ လူဖြစ်ရခြင်းကား မှားလေသည်'ဟု ထင်မိလာပါတော့သည်။ ကျွန်ုပ်သည် ၄င်းဒေသ၌ နှစ်လသုံးလခန့်ကြာ၍ သုံးလေးရွာမျှ လှည့်လည် နေထိုင်လျက်ရှိ၏။ ဖခင်သည် တခေါက်တလေ အလည်ရောလာရာတွင် "မောင်ကြီးရဲ့သားက တောင်သူဘာဝ ပျော်ပုံရတယ်၊ အစ်ကိုကြီးရဲ့သားက နွားကောင်းကောင်းမောင်းတတ်နေပြီ" စသည်ဖြင့် ဆွေမျိုးများက အားပါးတရပြောကြသည့် အဖေသည် သဘောကျဟန်မတူချေ။ (နွားမောင်းတတ်သည်ဆိုခြင်းမှာ 'နွားပြေး၊ နွားလိုက်' မောင်းတတ်ခြင်းကိုဆိုလို၍ တောင်သူတိုင်းမတတ်၊ ပညာရပ်တခုဖြစ်သည်။)

ဖခင်ကမူ မိမိကိုယ်နှိုက်က အနုပ်စုတ်ဂုတ်စုတ် ဤအလုပ်မျိုးကိုမကြိုက်သောကြောင့် မြို့တက်ပြီး နေနိုင်အောင် ကြိုးစားပါလျက် သားတယောက်က ကျေးရွာဓလေ့ဖြစ်သည့် တောင်သူယာခုတ်အလုပ်ကို နှစ်သက်ရပါမည်လောဟု မကျေမနပ်ပင်ဖြစ်ပုံရသည်။ ကျွန်ုပ်လည်း ဖခင်၏သဘောကိုရိပ်မိသည်နှင့် ကျွန်ုပ်၏'ပညာ'များကိုမပြဝံ့တော့ပဲ ဖုံးဖိ၍ထားလိုက်ရပါတော့သည်။ နောက်နောင်တွင်လည်း ဖခင်သည် ဤအလုပ်မျိုး၌ ကျွန်ုပ်ဝါသနာပါခြင်းကို မျက်နှာသာမပေးချေ။ မန္တလေးမြို့၌ပလိပ်ရောဂါပြီးသွား၍ ကျွန်ုပ်ပြန်ရသောအခါ မူးကြီးရွာနှင့် မန်ကျည်းတုံရွာအကြား၌ ရေကလေး တစပ်စပ်ရှိနေသည့် သဲချောင်း ကလေးအကြောင်းကို မန်ကျည်းတုံရွာသား ရှေးစာဆိုတော်တယောက်က 'ရွာတန်းရယ်သွယ်၊ အလယ်မှာ ရေယဉ်နှင့် အိုမြင်သူမော'ဟု စပ်ဆိုထားခဲ့သည့် ထိုသဲချောင်းကလေးကို ခဏခဏ သတိရသည်နှင့် နောက်ဆံတငင်ငင်ဖြစ်မိပါသေး သည်။

## စာမေးပွဲကျရှုံးခြင်း

၁၉၀၇ခု နှစ်ဦးတွင် ကျွန်ုပ်သည် မန္တလေးသို့ပြန်ရောက်၍ မတ်လအတွင်း၌ ဇတန်းစာမေးပွဲ ဖြေဆိုရ၏။ ကျွန်ုပ်မှာ 'ပလိပ်ပြေး'နေရခြင်းကြောင့်တကြောင်း၊ အတန်းစာများထက် ဝတ္ထုများဖတ်ခြင်းတွင် စိတ်ဝင်စားခဲ့သောကြောင့်တကြောင်း စာမေးပွဲတွင် ကျရှုံးခဲ့လေသည်။ စာမေးပွဲဖြေဆို၍အပြီး တလကျော်မျှ အားလပ်သောအချိန်များတွင် ဖခင်သည် စတီးဘရားသားကုမ္ပဏီမှ စာရေးကြီး Head Clerk နှင့် အကျွမ်းတဝင်ဖြစ်၍ ကျွန်ုပ်အား အကူစာရေးအဖြစ်နှင့်လုပ်ကိုင်ရန် အပ်နှံထားသည်နှင့် စတီးအလုပ်ရုံးသို့ မှန်မှန်တက်ခဲ့ရ၏။ စာရေးကြီးကလည်း ကျွန်ုပ်အား အင်္ဂလိပ်စာ အရေးအသားတွင် အစွမ်းအစရှိသည်ဆိုကာ စာပေးစာယူ ဘက်၌ အလုပ်သွင်းပေးဖို့ ကြံရွယ်ချက်ရှိ၏။ အကယ်၍ ထိုနှစ်၌ စာမေးပွဲအောင် မြင်ခဲ့ပါက ကျွန်ုပ်မှာ စတီးဘရားသား ကုမ္ပဏီတွင် စာရေးဖြစ်လာဖို့ လမ်းများ၏။ (ကြာရှည် လုပ်ချင်လိမ့်မည် တော့မထင်ပါ။) ဇတန်းစာမေးပွဲတွင် ကျွန်ုပ်သည် ပထဝီဝင်ဘာသာ၌ ကျရှုံးသည်ဟုသိရ၏။ အမှန်အတိုင်းပြောရလျှင် ကျွန်ုပ်အဖို့ရာ၌ ပထဝီဝင် ဘာသာရပ်ကဲ့သို့ ခြောက်သွေ့ငြီးငွေ့၍ စိတ်ဝင်စားမှု နည်းပါးသော ဘာသာရပ်သည် မရှိချေ။ ဤပြည်မှ ဘာဝတ္ထုပစ္စည်းထွက်သည်၊ ထိုပြည်မှ ဘာကုန်ထွက်သည်ဆိုခြင်းများကို မှတ်သားရခြင်းကဲ့သို့ အဓိပ္ပါယ်မရှိသော ပညာရပ်သည် လောက၌မရှိတော့ဟု ထင်ခဲ့မိပါသည်။ စိတ်ဝင်စားမှုရှိမှ လေ့လာမှတ်စားချင်တတ်သော ကျွန်ုပ်၏ ဝါသနာအရဆိုလျှင် နောက်တနှစ်၌ အောင်ခဲ့ခြင်းသည်ပင် အံ့ဖွယ်တခုဖြစ်တော့သည်။

နောက်တနှစ်၌ အောင်ခဲ့ရပုံမှာ ဤသို့တည်း။ ထိုနှစ်၌မူ ၉ တန်းကျောင်းသားများသည် ပထဝီဝင်ဘာသာရပ်တွင် အကျအရှုံးများလှသည်ဆိုကာ (ကိုဖေနှင့်အခြားလူများလည်း ပထဝီဝင် ဘာသာရပ်၌ပင် ကျရှုံးကြသည်။) ကျောင်းအုပ်ကြီးမစ္စတာ ထရစ်ဘလီ (Mr. Tribolet) ကိုယ်တိုင် ၉တန်းတွင် ပထဝီဝင်ဘာသာရပ်ကိုသင်ပြ၏။ (တော်တော်လည်း မှတ်မိတတ်သော လူကြီးတယောက်ပါပေ) တနေ့သ၌ အတန်းထဲတွင် ဆရာကြီးသည် ကျွန်ုပ်အား ပြင်သစ်ပြည်မြေပုံကိုဆွဲပြီး ပါရစ်မြို့၊ ဘိုဒိုမြို့၊ တူလွန်မြို့ စသည်များနှင့် တကွ ဆီးန်မြစ်ကိုပါထည့်ပေးရန် သင်ပုန်းကြီးဆီသို့ လွှတ်လိုက်၏။ ဤအတောအတွင်း၌ ဆရာကြီးသည် အခြားကျောင်းသားများအား ပထဝီဝင်နှင့်ပတ်သက်၍ ဤအကြောင်းများကိုမေးမြန်းခြင်း၊ ပြောဆိုခြင်းစသည်ဖြင့် စစ်ဆေးလျက်ရှိ၏။ ကျွန်ုပ်မူကားကျောက်သင်ပုန်းကြီးတွင် ချွေးတလုံးလုံးနှင့်ရပ်ကာ မြေပုံဆွဲဖို့ ကြိုးစားလျက်ရှိ၏။ ကျွန်ုပ်မှာ ပြင်သစ်ပြည်၏ ပုံသဏ္ဍာန်ကိုလည်းကောင်း၊ ဆီးန်မြစ်၏ စီးဆင်းပုံကိုလည်းကောင်း၊ ပါရစ်စသော မြို့များ၏တည်ရှိပုံ အနေအထားကိုလည်းကောင်းလုံးဝပင် စိတ်ထဲ၌ ဖော်၍မရသောကြောင့် ချွေးကျလျက်ရှိခြင်းဖြစ်၏။ နောက်ဆုံး၌'တတ်နိုင်ပါဘူး'ဟု အောက်မေ့ကာ ပြင်သစ်ပြည်၏ပုံသဏ္ဍာန်ကို လေးထောင့်စပ်စပ်ဆွဲ၍ မြစ်နှင့်မြို့များကို ထည့်ချင်ရာ ထည့်ထားလိုက်၏။ ဆရာကြီးသည်ကျွန်ုပ်အား ကျောခိုင်းလျက်ရှိရာ ကျောင်းသား များမူကား ကျွန်ုပ်ဘက်သို့လှည့်ကာ ထိုင်လျက်ရှိကြသည်နှင့် ကျွန်ုပ်၏ပြင်သစ်ပြည်ပုံကို မြင်ကြရ၍တခစ်ခစ်ရယ်နေကြလေပြီ။ ဤတွင် ဆရာကြီးသည် ကျွန်ုပ်၏မြေပုံကိုလှည့်၍ကြည့်လိုက်သည်နှင့်တပြိုင်နက် တတန်းလုံး ဝေါကနဲ ရယ်ကြလေ၏။ ကျွန်ုပ်၏ ကျောင်းသက်တလျှောက်လုံးတွင် ဤအကြိမ်ကဲ့သို့ 'အရှုံးဖြစ်'ရခြင်းကိုမကြုံခဲ့ရဘူးချေ။ သူတပါးအားသာ ရယ်နိုင်ခဲ့၍ ကိုယ်တိုင်ခံရခြင်းမူကား

ဤတကြိမ် အဆိုးဆုံးဖြစ်ပါသည်။ ရှက်လိုက်ပုံမှာလည်း ပြောဖွယ်ရာမရှိ၊ ဆရာကြီး လှည့်၍မကြည့်မီ ကျွန်ုပ်တကိုယ် လုံး ကြမ်းပြင်ထဲဖောက်ပြီး မြေမျိုသွားလျှင် ကောင်းလိမ့်မည်ထင်ခဲ့မိ၏။ အမှန်မှာ ကျွန်ုပ်သည် ပုံတူ ရေးဆွဲခြင်း၌ အလွန်ညံ့ဖျင်း၍ သုံးတန်းကျောင်းသားကလေး တယောက်လောက်မျှ မြေပုံကို မဆွဲတတ်ခဲ့ပါ။

## ကြိမ်းမောင်းခြင်းခံရပုံ

ကျောင်းသားများသည် ဆရာကြီးပါ ရယ်လိမ့်မည် အထင်နှင့် လွတ်လပ်စွာ ရယ်လိုက်မိကြလေရာ အလွန်စိတ်ဆိုးသော ဆရာကြီးမျက်နှာကို မြင်လိုက်ကြရသည်တွင်မှ ယတိပြတ် အသံတိတ်သွားကြလေတော့၏။ ထို့နောက်ဆရာကြီးက ကျွန်ုပ်အား "မင်း အင်္ဂလိပ်စာ ဘယ်လောက်တော်နေပေမယ့် ပထဝီဝင် မအောင်လျှင်ဘယ်တော့မှ မင်းမအောင်နိုင်ဘူး၊ ငွေတဆယ်ကို ရေထဲလွှင့်ပစ်တာနဲ့ အတူတူပဲ"ဟု ပြော၏။ (ထိုခေတ်၌ ဘင်္ဂလားစာမေးပွဲဝင်ကြေးမှာ ငွေတဆယ် ဖြစ်သည်။) အများအားဖြင့် လူတော်ကလေး လုပ်လာခဲ့သော ကျွန်ုပ်မှာ အလွန်ရှက်သည်နှင့် မျက်ရည်များ ဝိုင်းလျက်ရှိလေပြီ။ ဤတွင်မှ ဆရာကြီးက "တခုတော့ရှိပါရဲ့ မင်းက ရာဇဝင်တော့ နည်းနည်းတော်တယ်၊ ပထဝီဝင်အတွက် အမှတ်ကို ရာဇဝင်နဲ့ရအောင် လုပ်ယူပေတော့၊ ဒါပဲရှိတာပဲ"ဟု ပြောလေ၏။ ပထဝီဝင်နှင့် ရာဇဝင်မှာ ထိုခေတ်တွင် တတွဲတည်း ပြုလုပ်ထားသောကြောင့် ဆရာကြီးပြောသည့်အတိုင်း ရာဇဝင်ကိုသာ ဖိ၍ကြိုးစားခြင်းအားဖြင့် ၉ တန်းအောင်ခဲ့ရပါတော့သည်။

## ပညာစုံသင်ပြသော ကိုဖေ

ကျွန်ုပ်နှင့် ခင်မင်သည်ဟု ဖော်ပြခဲ့သော ကျောင်းသားသုံးယောက်အနက် မောင်ရီတယောက်တည်း အောင်သွား၍ စက်ခွေမှာ သေရှာပြီဖြစ်ရာ ကျွန်ုပ်နှင့် ကိုဖေတို့သာ ကျန်လေတော့သည်။ ကျွန်ုပ်မှာ ၅ တန်းတွင်တကြိမ်၊ ၉ တန်းတွင် တကြိမ် ကျရှုံးခဲ့ပြီးသော်လည်း အတန်းထဲတွင် အငယ်ဆုံးတယောက်ဖြစ်နေသေး၍ ဆရာအင်းဂလစ်စ်က (Little Fellow) ကောင်ငယ်ကလေး တယောက်ဟု ခေါ်သည့်အတိုင်းလူတိုင်းကခေါ်ကြ၏။ ၉ တန်းအောင်သည့်နှစ်တွင်မှ ဖြုန်းကနဲ ထွားလာ၍ ၅ ပေနှင့် ၁၀ လက်မရှိ အရပ်မြင့်သူတယောက်ဖြစ်လာခဲ့ရာ အတန်းထဲ၌မူ 'အညက်ဆုံး'လူကလေးတယောက် ဖြစ်ခဲ့သဖြင့် ဘောလုံးကစားခြင်း အလုပ်မျိုးကို အဝေးမှ မော့်ကြည့်ရုံသာ တတ်နိုင်ခဲ့ပါသည်။ ကိုဖေနှင့် ကျွန်ုပ်မှာ 'ကံတူအကျိုးပေး'ကျရှုံးခဲ့ရခြင်းဖြစ်၍ တယောက်နှင့်တယောက် ပိုမိုတွယ်တာမှု ရှိလာပြီးလျှင် တယောက်၏အိမ်သို့ တယောက်လာ၍ အတူတကွ စာကျက်ကြ လေသည်။ ကိုဖေသည် ကျွန်ုပ်ထက်လည်းကြီး၍ အတော်'စုံ'သော ကျောင်းသား ကြီးတယောက် ဖြစ်သည့်အလျောက် ဘာဂျာဆွဲခြင်း စသော ဂီတအလုပ်မျိုး တွင်သာမက ပိုးပန်းခြင်းဆိုင်ရာ 'မြာဋီကာ'နှင့် ပတ်သက်၍လည်း တတွတ်တွတ် သင်ပြပေး လေသည်။ သို့ရာတွင် ကျွန်ုပ်မှာ 'ဆရာကောင်းတပည့်' မပီသခြင်းကို ရှေ့တလျှောက်တွင် တွေ့ရပါလိမ့်မည်။

## အပြိုင်အဆိုင် စာရေးခြင်း

ကျွန်ုပ်တို့သူငယ်ချင်း လေးယောက်တွဲတွင် စက်ခွေကွယ်လွန်၍ မောင်ရီ တယောက်တည်း ၉တန်းအောင်ပြီး ရန်ကုန်မြို့ 'ဘက်ပတစ်'ကောလိပ်သို့ အိုင်အေသင်ရန် ရောက်သွားလေရာ ကျွန်ုပ်နှင့်မောင်ရီတို့သည် အတော်မှန်မှန်

အင်္ဂလိပ်ဘာသာဖြင့် စာပေးစာယူပြုလုပ်ကြ၏။ ထိုခေတ်က အင်္ဂလိပ်လို ၈တန်း၊ ၉တန်းရောက်၍ မတောက်တခေါက် ရေးတတ်သည်ဆိုလျှင်ပင် အင်္ဂလိပ်လို စာပေးစာယူလုပ်ကြသော အလေ့အထရှိကြ၏။ မြန်မာလိုလေ့ကျင့်သူဟူ၍ တယောက်မျှ မတွေ့ခဲ့ရပေ။ ကျွန်ုပ်မှာလည်း အင်္ဂလိပ်စာကိုသာ ချစ်တတ်၍ အင်္ဂလိပ်ဝတ္ထုများကိုသာဖတ်ပြီး အင်္ဂလိပ်လိုသာ( ခေတ်အားလျော်စွာ) လေ့ကျင့်လာခဲ့သည့်အတိုင်း စာရေးခြင်းအားဖြင့် အသက်မွေးရလျှင် မြန်မာစာရေးဆရာ တယောက်၏ဘဝကို အိပ်မက်မျှပင် မမက်ခဲ့ပေ။ ထိုအချိန်တွင် ကြီးပွားထွန်းကားနေသော မြန်မာစာရေးဆရာဟူ၍လည်း မတွေ့ရဘူးသေးသည်နှင့် စိတ်ကူးမထည့်ခဲ့မိချေ။ မိဘများမှာ စီးပွားရေး မခိုင်လုံလှသောကြောင့် စရိတ် အကုန်အကျများသည့် ကောလိပ်ကျောင်းသားအဖြစ်ကို မမျှော်မှန်းနိုင်သဖြင့် အင်္ဂလိပ်လို စာရေးဆရာဖြစ်ဖို့ ကြံရွယ်ချက် မထားဝံ့ပါ။ တတ်နိုင်လျှင် ဖြစ်လိုခြင်း ကိုသာ ဖော်ပြခြင်းဖြစ်ပါသည်။ မောင်ရီသည် ရန်ကုန်မြို့ ဘက်ပတစ်ကောလိပ် အကြောင်းများကို ကျွန်ုပ်ထံသို့ စာရေးလေ့ရှိရာ ကျွန်ုပ်ကလည်း ရှေးဟောင်းနှောင်းဖြစ်များကို ရေးပို့လေ့ရှိ၏။ ကျွန်ုပ်တို့၏စာများမှာ အင်္ဂလိပ်လို ရေးကြရုံသာမက တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် အပြန်အလှန်ရေးကြခြင်းဖြစ်သည်ကို ကျွန်ုပ်ရောသူပါ သိရှိကြ၍ ၄င်းစာများကို သိမ်းဆည်းထားရန် နှစ်ဦးလုံး ကတိပြုကြဘူးလေသည်။ ဤသို့ဖြင့် မောင်ရီ ဘီအေအောင်သည့်တိုင်အောင် ကျွန်ုပ်နှင့်စာပေးစာယူ လုပ်ခဲ့ရာ ကျွန်ုပ်ကလည်း ထိုအတောအတွင်း၌ အင်္ဂလိပ်ဝတ္ထုကောင်းကြီး အမြောက်အမြား ဖတ်ထားသည်ဖြစ်သောကြောင့် မောင်ရီကိုယ်တိုင်က ဖော်ထုတ်ချီးကျူးဘူးလေသည်။ “ငါတို့ဘီအေအောင်တယ် ဆိုပေမယ့် မထူးပါဘူးကွာ၊ မင်းလဲ ငါတို့လို ရေးနိုင်ဒါပါပဲ၊ မင့်စာတွေကို ငါက ကျောင်းသားတွေကို ပြရသေးတယ်၊ ငါတို့အညာသားတွေကို အထင်မသေးအောင်လို့”ဟု မောင်ရီကပြောဘူး၏။ (ကျွန်ုပ်သည် မောင်ရီ၏စာများကို ကတိအတိုင်း

သိမ်းဆည်းထားရာ စစ်အတွင်းတွင် ပြေးရလွှားရမှုကြောင့် ပျောက်ဆုံးကုန်ခဲ့ပါလေပြီ။)

## ဖြူစင်သောမေတ္တာ

၁၉၀၅ခုနှစ်၌ လွန်ပွဲတွင် မျက်နှာချင်းဆိုင်ခဲ့ဘူးသည့် မိန်းကလေးသည် ၁၉၀၈ခုနှစ်၌ ကျွန်ုပ် ၉တန်းအောင်သောအခါတွင် သူရော ကျွန်ုပ်ပါ အပျိုလူပျိုကလေးတွေဖြစ်ကုန်ကြလေပြီ။ ဤသုံးနှစ်မျှသော အချိန်ကာလအတွင်း ကျွန်ုပ်သည် သူ့မျက်နှာကို အနည်းဆုံး တနေ့တကြိမ်မြင်ရအောင် ကြိုးစား၍ မမြင်ရလျှင်ကျေကျေနပ်နပ် မအိပ်နိုင်ပဲဖြစ်ခဲ့၏။ ကျွန်ုပ်၏မေတ္တာကားပြော၍ မယုံနိုင်လောက်အောင်ဖြူစင်ပါသည်။ ကျွန်ုပ်မှာ ကိုဖေနှင့် ကိုဖိုးဝိုက်တို့၏ 'လက်ချာ'များကို ကြားနာရခြင်းကြောင့်ယောကျ်ားနှင့်မိန်းမ ချစ်ကြိုက်ကြရာတွင် လိင်ပြဿနာ၏ ရည်ရွယ်ရင်းသဘောကိုနားလည်ပြီးဖြစ်ပါသည်။ သို့နှင့်လည်း ကျွန်ုပ်သည် ထိုမိန်းကလေးအကြောင်းနှင့် ပတ်သက်၍ စိတ်ကူးယဉ်မိသော အခါများတွင် ညစ်ညမ်းသော စိတ်ကူးမျိုးလုံးဝမပါရှိ။ မျက်နှာချင်းဆိုင်ထိုင်ပြီး ကြည့်နေချင်သော ဆန္ဒမျိုးထက်မကျော်လွန်ဘူးကြောင်း ပြောရဲပါသည်။ ချစ်ကြိုက်ခန်းများလှသော ပသီပုံပြင် ဝတ္ထုများကို ဖတ်ရှုဆဲ ဖတ်ရှုရိုက်များ၌ပင် ၎င်းမိန်းကလေးအားသတိရ၍ ဇာတ်လိုက်နေရာ၌ထားကာ စိတ်ကူးယဉ်လေ့ရှိသော် လည်း ရုန့်ရင်းကြမ်းတမ်းသည့် ရာဂနှင့်ပတ်သက်သော စိတ်ကူးတရံတဆစ်မျှ မဖြစ်ပေါ်ဘူးခြင်းကိုလည်း (ယုံချင်မှ ယုံကြစေ) ရဲရဲပင် ရေးလိုက်ရပါသည်။ ဤကိစ္စမျိုးနှင့် ပတ်သက်၍ ကျွန်ုပ်၏ စိတ်ထားဖြူစင်ခြင်းကို သာဓကတခု တင်ပြရသော် ထိုခေတ်၌ ကာလသားများသည် မည်သည့်မိန်းကလေးကား 'ကာတစ်'ကောင်းသည်၊ ခါးသေး၍ရင်ချီပြီး ဖွမ် (Form) တောင့်တင်းသည် စသည်များဖြင့် ချီးကျူးစကားပြောသံ ကြားရသည့်အခါ ကျွန်ုပ်၏စိတ်ထဲ၌ 'ဒီလူတွေဟာ

ဘာတွေများ ရှာရှာဖွေဖွေ ချီးမွမ်းနေကြပါလိမ့်မယ်'ဟု အံ့သြမိပါသည်။ (ကျွန်ုပ်သဘောကျသော မိန်းကလေးသည် အထက်ပါ အင်္ဂါရပ်များနှင့် ပြည့်စုံခြင်းကို နောင်အခါမှ ပြန်တွေး၍ ပေါ်လာသော်လည်း ရှေးဦးစွာ ကြိုက်မိစဉ်ကမူ ဤအကြောင်းကို လုံးဝဂရုမစိုက် သတိမရခဲ့ခြင်း မှန်ပါသည်။) အရုပ်ထဲတွင် ဂိုက်ဆိုက်အကျဆုံး၊ ကိုယ်လုံးကိုယ်ပေါက် အလှဆုံး၊ ကြည့်၍ အကောင်းဆုံး ဖြစ်သည်ဟု ကျွန်ုပ်၏ မိခင်ကိုယ်တိုင်က ချီးမွမ်းခြင်းကို ကျွန်ုပ်ကြား ဖူး၍ ဝမ်းသာမိသော်လည်း ကျွန်ုပ်၏စိတ်ကူးထဲတွင် ရာဂစိတ်မပေါ်။ ဤသို့သော မိန်းကလေးကို ကြည့်ချင်တိုင်းကြည့်နိုင်မည့် သူ့ခင်ပွန်း ဖြစ်ဖို့လောက်ကိုသာ မျှော်လင့်ချက် ထားခဲ့ပါသည်။

## ကြည့်ကောင်းလိုက်ပုံက

မကြာသေးမီက သိန်းဖေမြင့်ရေးသည့် 'အမေ'အကြောင်းကို ဖတ်ကြည့်ရာတွင် ကျွန်ုပ်နှင့်စိတ်ကူးချင်းတိုက်ဆိုင်ပုံကို သတိရ၍ ပြုံးမိပါသေးသည်။ သိန်းဖေမြင့်မှာ သူ့အဖေ မြေတိုင်းစာရေးကြီး၏ ဆရာသခင်ဖြစ်သည့် မျက်နှာဖြူ လယ်ဝန်ကို အထင်ကြီးခဲ့ဘူးသည်နှင့် လယ်ဝန်၏ 'ချေး'သည် ဘယ်လိုများ ရှိချေမည်နည်းဟု တမင်တကာ ကြည့်ဘူးသည်ဆို၏။ ကျွန်ုပ်မှာလည်း ဤကဲ့သို့ တမင်တကာမကြည့်ဘူးစေကာမူ မိန်းကလေး၏ချေးသည် အခြားလူများ၏ ချေးကဲ့သို့ နံကောင်းမှနံလိမ့်မည်။ သူ့ချေးမှုကား ဘယ်နည်းနှင့်မျှ နံလိမ့်မည် မဟုတ်။ ဖုသသတီဒေဝီ၏ ကိုယ်နံ့ကဲ့သို့ ခပ်သင်းသင်းရှိရမည်၊ ခံတွင်းနံ့မှာလည်း မွှေးကြိုင်နေလိမ့်မည်။ နံနက်အိပ်ရာမှထခါစတွင် အခြားမိန်းမများကဲ့သို့ မှုန်မှုန် သုန်သုန် မဟုတ်၊ မဖီးမလိမ်းပဲနှင့် ကြည်ကြည်ရွှင်ရွှင် သပ်သပ်ရပ်ရပ်ရှိရမည် စသည်များဖြင့် စိတ်ကူးမိဘူးပါသည်။ ဤမိန်းကလေး၏ 'ကြည့်ကောင်း'ခြင်းကား လူတိုင်းကချီးမွမ်းသံကြားရပါ၏။ ကျွန်ုပ်အဖို့ရာ၌မူ သူ့ထက်လှသော မိန်းမများ

ကို ထိုစဉ်ကလည်းကောင်း၊ ထို့နောက်၌လည်းကောင်း တွေ့ရဘူးပါ၏။ သို့ရာတွင် သူကဲ့သို့ အဆင်ပြေ၍ 'ကြည့်ကောင်း'သော မိန်းမဟူ၍ကားတယောက်မျှပင် မတွေ့ရဘူးပါ။ အခြားသော ယောကျာ်းများလည်း ကိုယ့်ရည်းစားကို ဤအတိုင်း ပင်မှတ်ထင်ကြလေသလော မပြောတတ်ပေ။

## ဒုတိယပိုင်း

## ဖေသိန်းမှ မောင်ဖေသိန်းသို့

ကျွန်ုပ်၏တသက်တာတွင် ကဏ္ဍငါးခုခွဲ၍ ရေးသားလို၏။ (၁)ဖေသိန်း၊ (၂)မောင်ဖေသိန်း၊ (၃)ကိုဖေသိန်း၊ (၄)ဦးဖေသိန်း၊ (၅)ဆရာကြီးဟူ၍ ငါးပိုင်းခွဲခြား လို၏။ ကျောင်းသားအရွယ် တလျှောက်လုံးတွင် (ထိုခေတ်က ထုံးစံအတိုင်း) ကျွန်ုပ်အား ကျောင်းသားအချင်းချင်းက 'ဖေသိန်း' ဟူ၍ချည်းခေါ်ကြ၏။ မိဘဆရာ သမားနှင့် ကျောင်းသားအချင်းချင်း 'မောင်'တပ်၍ခေါ်သူ ရှားပါးလှသည်။ ဇတန်းအောင်၍ကျောင်းမှထွက်သည်တွင် မိဘများကိုယ်တိုင်က 'မောင်ဖေသိန်း' ဟုပြင်ဆင်ခေါ်ငင်ခြင်းကို ကျွန်ုပ်မှတ်မိပေရာ ထိုအချိန်မှစ၍ လူတိုင်းကပင် 'ဖေသိန်း'မခေါ်တော့ပဲ မောင်ဖေသိန်း ဖြစ်လာလေပြီ။ ထို့နောက် အသက် ၃၀ နီးလာ၍ (သူရိယတိုက်သို့ရောက်၍) အချင်းချင်းက 'ကိုဖေသိန်း' ခေါ်ကြသည့် အရွယ်သို့ ရောက်လာရပြန်သည်။ ၅၀ကျော်အရွယ်မှ စ၍မူ 'ဦးဖေသိန်း'ဖြစ်လာ ၍ ၆၀ ကျော်သည့်နောက်တွင်မူကား 'ဆရာကြီး'ဟု ခေါ်ဝေါ်သူ များလာခဲ့လေပြီ။ သို့ဖြစ်၍ ကျွန်ုပ်၏တသက်တာမှတ်တမ်းကို တင်ပြရာတွင် အထက်ပါအတိုင်း ကဏ္ဍငါးခုခွဲ၍ ဖော်ပြမည်ဖြစ်ပါသည်။ ဤစာအရမှာ ကျွန်ုပ်သည် ဒုတိယအရွယ်သို့ ရောက်၍ဖေသိန်းမှ မောင်ဖေသိန်း ဖြစ်လာခဲ့ပါလေပြီ။

### အကြောင်းကြီးလေးရပ်

'မောင်ဖေသိန်း'ဖြစ်လာသော ဤကဏ္ဍတွင် ကျွန်ုပ်သည် လွန်ခဲ့ပြီးသော ဖေသိန်းဘဝနှင့် ပတ်သက်သည့် အတွေးအခေါ်များ ဖြစ်ပေါ်လာခြင်းကို တင်ပြရပါဦးမည်။ ဖော်ပြလတံ့သော အခြင်းအရာများမှာ စာပေကျမ်းဂန်များမှ တွေ့ရှိခြင်း

လည်းမဟုတ်၊ အနောက်တိုင်းပညာရှိများထံမှ လက်ခံရရှိခြင်းလည်းမဟုတ်၊ ကျွန်ုပ်၏အတွေ့အကြုံများအရ အခြေခံ၍ဖြစ်ပေါ်လာသည့် ကျွန်ုပ်အတွေးအခေါ် သက်သက်မျှသာ ဖြစ်ပါသောကြောင့် ကြိုက်မှလည်း လက်ခံနိုင်သည်။ မကြိုက်လျှင် ပယ်နိုင်ကြပါသည်။ ကျွန်ုပ်၏တင်ပြချက်မှာ လူသတ္တဝါသည် လေးခုသော အကြောင်းတို့ကြောင့် လူတော်၊ လူရော်၊ လူကောင်း၊ လူဆိုး၊ လူရှုပ်၊ လူလည်၊ လူရိုး၊ လူမိုက် စသည်ဖြင့် အမျိုးမျိုးဖြစ်လာကြသည်ဟု ဆိုလိုပါသည်။ ထိုလေးခုတို့ကား (၁) မိခင်ထံမှရသောအရည်အချင်းများ၊ (၂) ဖခင်ထံမှဆက်ခံရရှိသည့် ကောင်းဆိုးအရည်အချင်းများ၊ (၃) သတ္တဝါကိုယ်နှိုက်ကဘဝအစဉ်အဆက် လိုက်ပါလာသည့် ဝါသနာကောင်းဆိုးများ၊ (၄) ပတ်ဝန်းကျင်၏ပြုပြင်မှုကြောင့် ဖြစ်ရသည့် ကောင်းဆိုး အချက်အလက်များဟူ၍ရှိရာ အဆိုပါလေးခု၏ ရောနှောပေါင်းစပ်မှုသည် 'ဖေသိန်း'တည်းဟူသော အရွယ် (ကျောင်းထွက်ချိန်အထိ) လူကလေးတယောက် ဖြစ်လာရသည်ဟုဆိုလို၏။ ဤအကြောင်းတရားလေးခုတို့သည် 'ဖေသိန်း'တည်းဟူသော အရွယ်အတွင်း၌ ကျွန်ုပ်၏ရွေးချယ်မှုမပါ။ ရွေးချယ်ခွင့်ကောင်းစွာမရရှိပဲ အတိတ်ကံက ပစ်ချလိုက် သည့်အတိုင်း ဖြစ်လာရတော့သည်ဟု ဆိုလိုပါသည်။ သို့ရာတွင် ဤအကြောင်းကို ရှေ့အဖို့တွင်မှ ဆက်လက်ရှင်းပြမည်ဖြစ်၍ ဤနေရာ၌ ဤမျှနှင့်သာ ဖြတ်ထားရပါဦးမည်။

## ဖခင်ထံမှရသောအမွေ

(၁)ဖခင်ထံမှ ဆက်ခံရရှိသည်ဟု ကျွန်ုပ်ယူဆသည့် ကောင်းဆိုးအခြင်းအရာမှာ (က)ကြောက်တတ်ခြင်း၊ (ခ)နှမြောတတ်ခြင်း၊ (ဂ)ရိုးခြင်း **(Simpleness)** တို့ဖြစ်၏။ (က)ကြောက်တတ်ခြင်းမှာ ဖခင်ထံမှ ဆက်ခံရ ရှိသည် ဆိုသော်လည်း ကျွန်ုပ်သည် မိမိ၏ ကြောက်တတ်ခြင်းအတွက် ကျေနပ်မှု မရှိ၊ ဖခင်ကမူ

'ကြောက်တတ်ဝန်ကင်း'ဆိုသော စကားအတိုင်း ကျေနပ်စွာ လက်ခံ၏။ သို့ဖြစ်၍ ကျွန်ုပ်အဖို့မှာ ဝမ်းထဲ၌ကြောက်တတ်သော်လည်း ထိုအခြင်းအရာကို မကြိုက်သောကြောင့် ကြိုးစားပြီးရဲရ၏။ ဥပမာ တစ္ဆေကြောက်သော် လည်းခြောက်တတ်သည်ဆိုသော နေရာသို့ စွန့်စားပြီးသွား၏။ သေနတ်မကိုင် တတ်ပဲမုဆိုးများနှင့် တောလိုက်လည်၏။ ဤသည်တို့မှာ စွန့်စားခန်းဝတ္ထုများ ဖတ်ခြင်း၊ ရေးခြင်းတို့ကြောင့် ဖြစ်ပေါ်လာသည့်စိတ်ဓာတ်ဖြစ်ပေသည်။ (ခ)နှမြောတတ်ခြင်း တခုမှာ ကြာလေဆိုးလေဖြစ်လာသည်ကို တွေ့ရ၏။ ဘိုးကြီးအို ဖြစ်လာသော ဤအချိန်တွင် စီးပွားစုဖို့ မဟုတ်သော်လည်း အိုခါမှ လက်မဲ့ဖြစ်ပြီး ဆင်းရဲမည်ကိုကြောက်သည်နှင့် ငယ်စဉ်ကထက် လက်တွန့်လျက်ရှိ၏။ (ဂ)ရိုးခြင်း ဟူသည်မှာ 'ရိုးသားခြင်း'နှင့် တခြားစီဖြစ်၏။ ဖခင်အဖို့မှာ ရိုးခြင်းရော ရိုးသားခြင်းပါရှိသော်လည်း ကျွန်ုပ်မှုကား ရိုးခြင်းကိုသာဆက်ခံ၍ ရိုးသားခြင်းမှုကား အလုပ်သမားများနှင့် ဖက်လှဲတကင်းနေခဲ့ရခြင်းကြောင့် ဖခင်၏အဆင့်အတန်းကို မမှီတော့ပါ။ သို့ရာတွင် သူလို ငါလို လူတယောက်လောက်တော့ ရိုးသားပါသေး သည်။ ဤသည်မှာလည်း အလုပ်သမားများထံမှ ကူးစက်လာခြင်းများကို ဝတ္ထုကောင်းများဖြင့် တိုက်ဖျက်နိုင်သောကြောင့်ဖြစ်ပါသည်။ ဖခင်ကဲ့သို့ 'ရိုးခြင်း' မှာလည်း ကျွန်ုပ်၏အလုပ်သဘောဖြင့် တိုက်ဖျက်ခဲ့ပါပြီ။ စာရေးဆရာ၊ သတင်းစာဆရာတယောက် အနေဖြင့် 'လူရိုး'လုပ်နေ၍မဖြစ်၊ 'ရိုးသားခြင်း'ကား ဖြစ်နိုင်ပါသည်။ နားလည်ကြစေလိုသည်မှာ 'ရိုးသားခြင်း'သည် ချီးမွမ်းထိုက်သ လောက် 'ရိုးခြင်း'သည် နံ့ရာ အရာရောက်တော့သည်။

## မိခင်ထံမှ ရသောအမွေ

(၂) မိခင်ထံမှ ဆက်ခံရရှိခဲ့သည့် ဆိုးကောင်း အမွေများမှာကား (က)စိတ်ဆက်၍ ဖြစ်မိလျှင်ဖွတ်မိုတ်လုပ်ချင်တတ်ခြင်း၊ (ခ)မာနရှိ၍ စိတ်ကြီးဝင်

တတ်ခြင်း၊ (ဂ)မဟုတ်မခံချင်တတ်ခြင်းတို့ ဖြစ်လေသည်။ 'ဖေသိန်း'အရွယ်တွင် ၄င်းအချင်းအရာများသည် ကျွန်ုပ်၌ အပြည့်အဝရှိ၍ ကြီးပြင်းလာသောအခါ၌မူ၊ နောက်ထပ်တွေ့ရသည့် အဖြစ်အပျက်တို့ကြောင့် အတိုးအလျှော့ရှိလာပါသည်။ (ဃ)ဒေါသနှင့်ပတ်သက်၍မူလျှော့လျှင် ကောင်းသည်ဟု နားလည်လာသဖြင့် (တကယ်လျှော့ခြင်း မလျှော့ခြင်းကို အပထား၍) ကြိုးစားပါ၏။ (င)မာနနှင့် ပတ်သက်၍မူ မကြိုးစားမိသည့်အတွက်ကြောင့် တိုး၍ပင် တက်လာသည် ထင်ပါ၏။ (စ)မဟုတ်မခံချင်တတ်ခြင်းမူကား နောက်ပိုင်းတွင် အကျိုးရှိမရှိချင့်ချိန်ဖို့ သတိထားရန် ကြိုးစားရကောင်းမှန်း သိလာပါသည်။ ဤအခြင်းအရာသည် ကောင်းသည်ဟူ၍ လည်းကောင်း၊ မကောင်းဟူ၍လည်းကောင်း တထစ်ချ ဆုံးဖြတ်သင့်သော အရာတခု မဟုတ်ဟူ၍ ယူဆလာပါသည်။ သို့ရာတွင် ကျွန်ုပ်၏ စိတ်ထဲ၌ရှိသော သဘောထားကို ဖွင့်ရေးရမည် ဆိုပါမူကား ကျွန်ုပ်သည် (ကိုယ်တိုင် မတတ်နိုင်တော့မှုရှိစေ) မဟုတ်မခံချင်တတ်ခြင်း တည်းဟူသော စိတ်ထားမျိုးရှိသူတယောက်အား လိုက်လိုက်လဲ့လဲ့ ကြည်ညိုတတ်သည့် သဘောထားရှိပါသည်။

## သံသရာအစဉ်က ပါလာခြင်း

(၃) ကျွန်ုပ်၌ ဘဝအစဉ်အဆက်မှ လိုက်ပါလာသည်ဟု ယူဆသည့် ဝါသနာကောင်းဆိုးများမှာ (က)အဖော်ကောင်းလျှင် ဘာမဆိုပြုချင်တတ်သည့် မကြံ့ခိုင်သောစိတ်ဓာတ် (အထူးသဖြင့် မကောင်းသောဘက်၌ သာ၍ 'အညာလွယ်' တတ်သည်။) (ခ)ဘာမဆိုသိချင်၍ စူးစမ်းချင်တတ်သော စိတ်မျိုး၊ (ဂ)အဆန်းအသစ်ဆိုလျှင် (အကျိုးရှိမရှိအပထား၍) မြည်းစမ်းချင်တတ်သောဝါသနာ၊ (ဃ)သူတပါး၏ထင်မြင်ချက်ကိုဂရုမစိုက်၊ မိမိ၏ယုံကြည်ချက်အတိုင်း ကျင့်ကြံချင်တတ်ခြင်းတို့ ဖြစ်လေသည်။ (က)မကြံ့ခိုင်သောစိတ်ဟူသည်မှာ မကောင်းခြင်း

သက်သက်ဟူ၍ ဆိုရပေမည်။ ဤစိတ်သည် ကျွန်ုပ်၏လောကကြီး ပွားရေးကို အများဆုံးဖျက်ဆီး၏။ ကြီးပြင်းလာသောအခါ၌ ပြုပြင်ဖို့ ကြိုးစားသော် လည်း အောင်မြင်မှုနည်းလှသည်။ (ခ)ဘာမဆိုသိချင်၍ စူးစမ်းချင်တတ်သော စိတ်မျိုးသည် ဆိုးသည်ဟု မဆိုသင့်၊ ကောင်းကျိုးပင် ပေးတတ်ပါ၏။ (ဂ)အဆန်း အသစ် မြည်းစမ်းချင်တတ်သော ဝါသနာကြောင့် အကောင်းရောအဆိုးပါကြုံခဲ့ရ ဘူးပါ၏။ (ဃ)ကိုယ့်ယုံကြည်ချက်အတိုင်း ကျင့်ကြံတတ်ခြင်းမှာ အချို့က 'ခေါင်းမာသည်'ဟုဆိုကြမည်ဖြစ်သော်လည်း ကိုယ့်ဟာကိုယ်တော့ ကျေနပ်လျက် ရှိပါသည်။ ကိုယ့်ယုံကြည်ချက်အတိုင်း ကျင့်ကြံမိခြင်းကြောင့် ဒုက္ခတွေ့ရသည်ဖြစ်စေ၊ လူကဲ့ရဲ့ခံရသည်ဖြစ်စေ ခံရန အသင့်ရှိပါသည်။ ယနေ့တိုင်လည်း နောင်တမရပါ။

## ပတ်ဝန်းကျင်၏ပြုပြင်မှုနှစ်မျိုး

(၄) ပတ်ဝန်းကျင်၏ ပြုပြင်မှုဆိုသည်ကိုမူ နှစ်ပိုင်းခွဲ၍ ဖော်ပြလို၏။ (က)မိမိက ရွေးချယ်ခွင့်မရှိပဲအကြောင်းအားလျော်စွာ ခံရခြင်း၊ (ခ)မိမိကိုယ်၌က ကြိုက်နှစ်သက်၍ လက်ခံခြင်းဟူ၍ ပိုင်းခြားလို၏။ (က)မိမိက ရွေးချယ်ခွင့်မရှိပဲ အကြောင်းအားလျော်စွာခံရခြင်းဟူသည်မှာ မိဘများ၏ ဆုံးမပဲ့ပြင်မှုနှင့် ထိန်းသိမ်း အုပ်ချုပ်မှုတို့အပြင် ငယ်ရွယ်စဉ်က အတွေ့အကြုံများလည်း ပါဝင်၏။ ကျွန်ုပ်၏ သဘာဝ၌ တချောင်းပြီး တချောင်း ပေါက်ရောက်လာခဲ့သည့် 'ဆူး'များမှာ ကျွန်ုပ်က ပြုပြင်နိုင်ခြင်းမရှိ၊ 'အရေမထူ'သည့် ငယ်ရွယ်နုနယ်သော အရွယ်တွင် မည်သူမဆို ထိုကဲ့သို့ တွေ့ကြုံခံစားရပါက ကျွန်ုပ်ကဲ့သို့ပင် ဖြစ်လာဖို့ များပေလိမ့်မည်။ သူငယ်ဘာဝ ကစားမြူးတူးခြင်းသည် အလျင်းအကျိုးမရှိ ဟူသောဖခင်၏ ဆုံးမနည်းသည်လည်း ကျွန်ုပ်ဘာမျှမတတ်နိုင်ပဲ ခံရ၍ ကျွန်ုပ်အား 'စိတ်ချဉ်'ပေါက်စေ၏။ အလုပ်သမားများ၏ ညစ်ချင်၊ နှပ်ချင်၊ လောင်းကစားချင်

သော အလေ့အကျင့်များ ကူးစက်ခြင်းသည်လည်း ကျွန်ုပ်ဘာမျှမတတ်နိုင်ပဲ ခံလိုက်ရခြင်းဖြစ်၏။ မည်သည့်သူငယ်မဆို ကျွန်ုပ်ကဲ့သို့ အလုပ်သမားများနှင့် လက်ပွန်းတတီး နေရသည်ဆိုလျှင် ကျွန်ုပ်ကဲ့သို့ပင် ဖြစ်လာဖို့ များပေလိမ့်မည်။ သို့ဖြစ်၍ 'ဖေသိန်းအရွယ်' တလျှောက်လုံးတွင် ကျွန်ုပ်သည် ပတ်ဝန်းကျင်၏ ပြုပြင်မှုကို ဘာမျှမတတ်နိုင်ပဲ ခံခဲ့ရခြင်းဖြစ်သည်ဟု ဆိုလိုပါ၏။ ပမာဆိုသော် မြစ်ကြောင်းတွင်ရေးစီးအလိုက်မျောပါရသည့် ဖောင်နှင့်တူပါသည်။

## တော်လှန်နိုင်လောက်သည့်ပတ်ဝန်းကျင်

(ခ) ကျောင်းထွက်၍ မောင်ဖေသိန်းအရွယ်သို့ ရောက်လာသောအခါမူ မြစ်ကြောင်းတွင်ရေစီးအလိုက် မျောပါရစေကာမူလည်း ဖောင်နှင့်မတူပဲ လှော်တက်ပဲ့တက်အပြည့်အစုံပါသည့်လှေနှင့် တူပါတော့သည်။ ထိုအရွယ်၌မူ အလုပ်သမားများ အလယ်၌ ပစ်ချခံရခြင်းမျိုး မဟုတ်ပဲ အပေါင်းအသင်းကို မိမိ၏သဘော အတိုင်း ရွေးချယ်နိုင်ခွင့်ရှိခဲ့လေပြီ။ ဖေသိန်းအရွယ်၌ ပြုခဲ့ဘူးသည့် အမှားများ အတွက် မိမိကိုယ်ကို အပြစ်မဆိုချင်သော်လည်း မောင်ဖေသိန်းအရွယ်မှ စ၍ တသက်သာလုံး၏ အမှားများအတွက်မူ တာဝန်ယူဖို့ ဝန်လေးလိမ့်မည် မဟုတ်ပါ။ ထိုအချိန်မှစ၍ အမှားမရှိတော့၊ လူလိမ်မာတယောက်ဖြစ်လာတော့သည် ဟုပြောဆိုလိုသည် မထင်ကြပါလေနှင့်။ ကြီးကျယ်သော အမှားကြီးများလည်း မှားခဲ့ပါသည်။ ပိုင်းခြား၍ ဖော်ပြပြောဆိုလိုသည် မထင်ကြပါလေနှင့်။ ကြီးကျယ်သော အမှားကြီးများလည်း မှားခဲ့ပါသည်။ ပိုင်းခြား၍ဖော်ပြရခြင်းမှာ မိမိအတွက် အသရေဆည်လိုခြင်းမဟုတ်၊ လူ၏သဘာဝကို ကျွန်ုပ်နားလည်သလို ရှင်းလင်း အောင်တင်ပြလိုသောကြောင့်မျှသာဖြစ်ပါ၏။ သို့ရာတွင်ငယ်စဉ်က ပေါက်ခဲ့သည့် ဆူးများ အတွက်မူကား ကျွန်ုပ်ဘာမျှမတတ်နိုင်။ "မျက်နှာချိုကလေး နှင့် နှုတ်လျှာချို၍ သဘောကောင်းလှပါသည်"ဆိုသော လူတယောက်ဖြစ်ဖို့မူကား

မည်သည့်နည်းနှင့်မျှ ကျွန်ုပ်မတတ်နိုင်တော့ပြီ။ (ဖြူကောင်သည် ယုန်ကလေး ဖြစ်မလာနိုင်သကဲ့သို့ပင်။) သို့ရာတွင် စာအုပ်ကောင်းများ ဖတ်ရခြင်း ကြောင့် နောက်ပိုင်း၌ အသစ်ထပ်မံရရှိသည့် လူ့သဘာဝ သဘောတရားများကိုမူ သက်ဆိုင်ရာ အပိုင်းတွင်မှ ဖော်ပြပါဦးမည်။

## ခေတ်ပညာတတ်ရှားသောခေတ်

၁၉၀၈ခုနှစ်တွင် ၉ တန်းအောင်မြင်ခဲ့လေပြီ။ ဤခေတ်တက္ကသိုလ်ဝင်စာမေး ပွဲအောင်မြင်သူများနှင့် ထိုခေတ်က အောင်မြင်သူများမှာ 'မျက်နှာပွင့်'ရာ၌ မနှိုင်းယှဉ်နိုင်အောင် ကွာခြား၏။ ထိုခေတ်ကမူ ဘင်္ဂလားစာမေးပွဲခေါ် ၉ တန်းအောင်သူ အလွန်ရှားသေး၏။ အမေရိကန်ကျောင်းမှနှစ်စဉ် ၉ တန်းသမား လေးငါးရှစ်ယောက်မျှ ဖြေဆိုကြရာ တနှစ်မှ တယောက်တလေမျှသာ အောင်သော နှစ်ပေါင်း တသီတတန်းကြီးရှိခဲ့ဘူး၏။ ကျွန်ုပ်တို့နှစ်ကမူ ၁၁ယောက်သွင်း၍ ၂ယောက်တည်းကျပြီး ၉ယောက်အောင်သောနှစ်ဖြစ်၍ ကျောင်းအုပ်ကြီး လက်ပန်းပေါက်ခတ်ချင်မတတ်ဖြစ်သည်ဟု ကြားလိုက်ရ၏။ အထက်မြန်မာပြည် မှာ ထိုစဉ်ကအင်္ဂလိပ်စာတတ် အလွန်ရှားသေး၍ လေးငါးတန်းမျှနှင့် မီးရထားရုံပိုင်၊ သဘော်ာစာရေး၊ မြို့အုပ်စာရေး၊ ကုမ္ပဏီစာရေး၊ မြေတိုင်းစာရေးစသည်ဖြင့် ဖြစ်နိုင်ကြပေရာ အရေးပိုင်ရုံးများ၌ပင် ၇တန်းအောင်သော စာရေးကြီးများ မင်းမူနိုင်သောခေတ်ဖြစ်လေသည်။ ရှေးဦးစွာ ငွေစာရင်းမင်းကြီးဖြစ်၍ ထိုနောက်၌ ရန်ကုန်ကော်ပိုရေးရှင်း မင်းကြီးဖြစ်လာသည့် ဦးဆက်မှာ ပထမဦးစွာ ဘီအေ အောင်သော အထက်မြန်မာပြည်သားဆို၍ဗြိတိသျှ အစိုးရ၏ အထူးချီးမြှောက် ခြင်းခံရ၏။ မြန်မာလူမျိုးအနက်မှ ပထမဦးစွာ ရာဇဝတ်ဝန်ကြီး (D.S.P.) ခန့်ထားခြင်းခံရသည့် ဦးထွန်းမင်းမှာလည်း အထက်မြန်မာပြည်သားများ အနက်မှ ပထမဦးစွာ ၉တန်းအောင်သူဖြစ်၍ ၉တန်းအောင်လက်မှတ်ကို ဘုရင်ခံ

ကိုယ်တိုင်က အခမ်းအနားနှင့် အပ်နှင်းသည်ဟု ကြားရဘူးလေသည်။ (ဤခေတ် ဇတန်းသမားများကား လူဖြစ်နောက်ကျသည်ဟု အောက်မေ့ရာကြမည်ထင်သည်။)

## မီးပွင့်အောင်လည်ခြင်း

ကျွန်ုပ် ဇတန်းအောင်သောအချိန်၌ မိဘများသည် ဖိနပ်ထောင်ဆရာအလုပ်ကို စွန့်လွှတ်၍ မန္တလေးမှ ဝက်လက်သို့ပြောင်းရွှေ့ပြီးလျှင် 'ချိတ်ကုန်တိုက်ကုန်' ပွဲစားအလုပ်ကို လုပ်ကိုင်လျက် ရှိကြလေပြီ။ မိဘများသည် ကျွန်ုပ်အား ရန်ကုန် ကောလိပ်ကျောင်းသို့ပို့ရန် စိတ်ကူးရှိဘူးသော်လည်း စီးပွားရေးအခြေအနေ မကောင်းသဖြင့် မတတ်နိုင်ပဲရှိခဲ့၏။ သို့ဖြစ်၍ကျွန်ုပ်သည် ကျောင်းထွက်သော အချိန်မှာပင် အစီအစဉ်မရှိပဲ ဝက်လက်သို့မလိုက်မူ၍ မန္တလေးမြို့တွင် ဖခင်၏ ညီဝမ်းကွဲတယောက်၏အိမ်၌ တည်းခိုကာ ဗုဒ္ဓဘာသာ ကျောင်းတွင်ကျောင်းဆရာ ကလေးဝင်၍လုပ်၏။ လခသုံးဆယ်မျှရသော်လည်း အတော်ကလေး သုံးလောက် သောခေတ်ဖြစ်၍ ကြိုက်သလို လည်နိုင်ပတ်နိုင်၏။ မိဘများကလည်း စာမေးပွဲအောင်သောကြောင့် ဘိုင်စကယ် အသစ်တစီးဝယ်ပေးခဲ့ရာ ကျွန်ုပ်မှာ ဖခင်၏ကျပ်တည်းသော ထိန်းသိမ်းခြင်းမှ လွတ်မြောက်သည်တကြောင်း၊ တနေ့လျှင် မုန့်ဘိုး ၆ ပြားမျှရာသာ ရခဲ့ရာမှ တနေ့လျှင် တစ်ကျပ် သုံးနိုင်သဖြင့် ဖောဖောသီသီ ဖြစ်လာသည်တကြောင်း၊ ဘိုင်စကယ်အသစ်တစီး ရသည် တကြောင်းကြောင့် (ထိုခေတ်တွင် မန္တလေးမြို့၌ လူတိုင်း ဘိုင်စကယ် စီးနိုင်သည်မဟုတ်၊ ဤခေတ် ဂျစ်ကားစီးနိုင်ခြင်းထက် မျက်နှာရှိသည်။ ကျွန်ုပ်တို့ အရပ်ထဲတွင် ရုံးစာရေးသူငယ်ချင်းတယောက်မှတပါး ကျွန်ုပ်တယောက်တည်းသာ ဘိုင်စကယ်ရှိသည်။) လည်လိုက်ပတ်လိုက်သည်မှာ မီးပွင့်နေတော့၏။ ကျောင်းတက်ချိန်နှင့် စားချိန်အိပ်ချိန်တို့မှတပါး အလင်းရောင်ရှိသမျှ လည်တော့

၏။ မန္တလေးမြို့သည် တပြပတ်လည် အတွင်း၌ လေးစိတ်ဝင်းများ ရှိကြသည် ချည်းဖြစ်ရာ မန္တလေး၌မွေးပြီး အိုရှိသေရသူပင်ဖြစ်စေကာမူ အဆိုပါ လေးစိတ်ဝင်းတိုင်းသို့ တမြို့လုံးစေ့စုံအောင် ရောက်ဘူးသူ၍ တယောက်မျှပင် ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ်မူကား ဘိုင်စကယ်သစ်ရပြီးကတည်းက လေးစိတ်ဝင်း များကို ကွက်စိပ်ရိုက်ပြီး အမှတ်အသားနှင့်တမင်တကာ လှည့်လည်ခဲ့ဘူး သည်ဖြစ်၍ ကျွန်ုပ်ကဲ့သို့ ဝင်းတိုင်းနှံ့စပ်အောင်ရောက်ခဲ့ဘူးသူ ရှိလိမ့်မည် မထင်ပေ။

## ပွဲကြည့်နှစ်

ကျောင်းထွက်ပြီး၍ ကျောင်းဆရာလုပ်သောအချိန်တွင် ကျွန်ုပ်၌ မိတ်ဆွေ သစ်များ တိုးပွားလျက်ရှိလေပြီ။ ကျောင်းသားဘဝ၌မူ ကျောင်းသားအချင်းချင်းမျှ သာအပေါင်းအသင်းပြုလုပ်ခဲ့လေရာ ကျောင်းထွက်ပြီးသည့်နောက် ကိုဖေမှာ လည်း သူ၏ဌာနီ (မင်းကင်း)သို့ ပြန်သွားပြီဖြစ်၍ဈေးချိုထဲမှ ဈေးသည် ကာလသား များ၊ ဤကျောင်းထိုကျောင်းများမှ ကျောင်းသားကြီးများ၊ စာရေးစာချီကလေးများ၊ ပိုက်ဆံရှိသော မိဘများ၏သားတေလေကလေးများ စသည်တို့နှင့် အကျွမ်းတဝင်ဖြစ်ခဲ့ရလေပြီ။ ဤလူစုအနက်တွင် ကျွန်ုပ်ကဲ့သို့ ဇတန်းအောင်သူ တယောက်မျှ မရှိ၊ အင်္ဂလိပ်စာပင် သင်ဘူးကြသူ နည်းပါးလှသောကြောင့် ထိုသူတို့သည် ကျွန်ုပ်အား 'လူတော်'ကလေး တယောက် အနေနှင့် လက်ခံကြ၍ ဝမ်းမြောက်ဝမ်းသာမိတ်ဖွဲ့ကြ၏။ 'မြာပြဲသနာမျိုးမှတပါး အရပ်ရပ်ဗဟုသုတနှင့် ဆိုင်ရာတွင် ကျွန်ုပ်၏စကားကိုနာယူကြ၏။ ကြည့်လိုက်ကြ သည့်ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်၊ ရုံပွဲဆိုသည်များမှာလည်းတညမျှ မလုပ်သလောက်ဖြစ်၏။ တသက်လုံး စိတ်ချက်လက်ချ မကြည့်ခဲ့ရသမျှ ယခုမှ အတိုးနှင့်ချ၍ ကြည့်ရ၏။ ဖိုးစိန်ကြီး၊ စိန်ကတုံး၊ အောင်ဗလတည်းဟူသော

ဇာတ်ပွဲများ၊ စိန်ဒွေး စိန်ဌေး တည်းဟူသော မိန်းမဇာတ်မင်းသားများ၊ ဆရာပု၊ ကိုဘကျော့၊ စပယ်သက်၊ ကိုစိန်ခို၊ ကိုဖူးညို၊ ကိုဖုန်းမိုးတည်းဟူသော ရုပ်သေးများ၊ စိန်သုံးကြီး၊ ဒုတိယစိန်သုံ၊ ဘိလပ်ပြန်စိန်တင်၊ အလုံစိန်တင်၊ စိန်ဆင်၊ အုန်းစိန်၊ မြကလေး၊ မြသွေး၊ ရေကျော်စိန်ပု၊ ဆီကြော် စစိန်တည်းဟူသော အငြိမ့်များ၊ ချစ်ဖွယ်၊ ချစ်စရာ၊ရွှေဒင်္ဂါး၊ တက်တိုးစသော အငြိမ့်လူပျက်များကို 'ရေလဲနှင့် ကြည့်လေ တော့သည်။ ဆူပူမည့် လူလည်းမရှိ၊ အချိန်ကလည်းအားလပ်၊ ပိုက်ဆံမပေါ်စေကာမူ သုံးလောက်စွဲလောက်လည်းရှိ၊ လူကလည်းကျန်းမာ၊ အရွယ်ကလည်း နုပျိုလေရကား ကျွန်ုပ်မှာ ကျောင်းမှထွက်သောနှစ်သည် ကျွန်ုပ်၏ တသက်တာတွင် 'ပွဲကြည့်နှစ်'ဟူ၍ ခေါ်ထိုက်ပေသည်။

## ဝတ္ထုပြောသမားဘဝ

ကာလသားသူငယ်ချင်းများနှင့် မတွေ့ရသောအချိန်များနှင့် ပွဲမကြည့်သော ညများတွင် ကျွန်ုပ်သည် ပသီပုံပြင်ဝတ္ထု၊ အဆင့်အတန်းမှ တက်လာခဲ့၍ ထိုခေတ်က အလွန်နာမည်ကြီးလှသည့် ဗြိတိသျှနန်းတွင်း အရှုပ်တော်ပုံကြီး (Mysteries of the Court of London) ဝတ္ထုကြီးကိုလည်းကောင်း လန်ဒန်မြို့အရှုပ်တော်ပုံကြီး (Mysteries of London) ဝတ္ထုကြီးကိုလည်း ကောင်း ညဥ့်နက်လှအောင် ဖတ်ရှု၏။ လိင်ကိစ္စနှင့် ပတ်သက်၍ ပသီပုံပြင်ဝတ္ထု များသည် စိတ်ဝင်စားဖွယ် ကောင်းသော်လည်း ကလေးသူငယ်အဆင့်အတန်းမျှ သာရှိ၍ အရှုပ်တော်ပုံဝတ္ထုကြီးများကား ကာလသားအရွယ်ကြိုက် ဖြစ်သည်နှင့် မအိပ်ပဲ ဖတ်ရမည်ဆိုပါက ဖတ်နိုင်သော ဝတ္ထုကြီးများဖြစ်၏။ အပျိုလူပျို အရွယ်များ အဖို့ရာတွင် ရည်းစားထားချင်စိတ်ဖြစ်ပေါ်လာအောင် ရေးသားသည့် ဝတ္ထုမျိုးကို ဖော်ပြပါဆိုလျှင် ဤဝတ္ထုကြီး နှစ်အုပ်ကို ရွေးချယ်ရပေလိမ့်မည်။ ဤဝတ္ထုကြီးများ

ဖတ်ဘူးသူအချင်းချင်း စကားပြောကြရမည်ဆိုလျှင် မအိပ်တမ်း ပြောနိုင်၏။ ပြော လည်းပြောခဲ့ဘူး၏။ တနေ့သ၌ ကျွန်ုပ်သည်အတန်းတူ မိန်းကလေးတယောက်နှင့် စစ်ကိုင်းတောင်ရိုးတွင် ဆုံမိကြ၍ ဤဝတ္ထုကြီးများကို နှစ်ယောက်လုံး ဖတ်ဘူးကြ သည်နှင့် ထိုင်၍ပြောလိုက်ကြရာ နံနက်ဆွမ်းချက်သူ များထကြသောအခါတွင်မှ လူကဲ့ရဲ့မည်စိုးသည်နှင့် အိပ်ရာသို့ဝင်ကြရသည်။ မိန်းကလေး၌လည်းကောင်း၊ ကျွန်ုပ်၌လည်းကောင်း ချစ်ကြိုက်သူ ရှိနှင့်ပြီးဖြစ်၍သာ တော်တော့သည်။ သို့မဟုတ်ပါလျှင် စိတ်ဖောက်ပြန်ကောင်းဖောက်ပြန်ကြလိမ့်မည် ထင်၏။ အခြား လူပျိုကလေးများကား မပြောတတ်၊ ကျွန်ုပ်အဖို့မှာမူ ထိုအချိန်၌ အလွန်သစ္စာရှိ၍ 'ဖွဲနှင့်ဆန်ကွဲ'ဟူသော စကားပုံအတိုင်း သဘောထားမိပါတော့ သည်။ တခါတရံ ပွဲမရှိသောညများတွင် ကျွန်ုပ်နှင့် ကာလသားတစုတို့သည် လသာသာ၌ ခုတင်ကြီး ပေါ်တွင် ပက်လက်လှန်လျက် ကျွန်ုပ်ကအထက်ပါ အရှုပ်တော်ပုံဝတ္ထုကြီးများကို ပြောပြလေ့ရှိရာ၊ အတွဲပေါင်း တဆယ်ကျော်စီရှိသော ဝတ္ထုများဖြစ်ပါလျက် အစအဆုံး ပြန်ပြောနိုင်၍ သုံးလေးညမျှ ဆက်လက် ပြောရလေသည်။ ဤသည်မှာ ကာလသားများအလယ်တွင် မျက်နှာပွင့်လန်းစေ သည်ဖြစ်၍ ကျွန်ုပ်ကလည်း မောပန်းသည်ဟု မအောက်မေ့ခဲ့ချေ။

## ပိုးပန်းသူများလှသော မိန်းကလေး

ပွဲလမ်းသဘင်များသို့ကျွန်ုပ်နှင့်သွားအတူလာအတူဖြစ်၍ ကျွန်ုပ်ပြောသည့် ဝတ္ထုများကို နားထောင်ရသဖြင့် ကျွန်ုပ်အား ခင်မင်လေးစားကြသည့် ကာလသား သူငယ်ချင်း ရှစ်ယောက်ခန့်ရှိသည့် အထဲတွင် ကျွန်ုပ်သဘောကျလျက်ရှိသော မိန်းကလေးအား ပိုးပန်းသူ နှစ်ယောက် သုံးယောက်ရှိပါ၏။ ကျွန်ုပ်၏နေအိမ်မှာ ထိုမိန်းကလေး၏အိမ်နှင့် အနီးကပ်ဆုံး (သုံးအိမ်လောက်သာခြားသည်။) ဖြစ်လေရ ကား ၎င်းတို့သည် ကျွန်ုပ်တို့နေအိမ်၌ စခန်းချကာ မိန်းကလေးအားပိုးပန်းကြ၏။

၄င်းတို့သည်တယောက်စီပေါက်လာ၍ ညဦးအချိန်များတွင် မိန်းကလေး၏ အိမ်နောက်ဘေး၌ ရစ်ပတ်ကာ ချောင်းမြောင်းကြ၏။ ကျွန်ုပ်မှာကိုယ့်စိတ်ထဲ၌ သဘောကျခြင်းမျှသာဖြစ်၍ မိန်းကလေး၏သဘောထားကို အတိအကျ သိရခြင်း မဟုတ်ပဲ 'ထင်ခြေ'မျှသာ ရှိသဖြင့် သမီးရည်းစား မဟုတ်သေးသောကြောင့် ကျွန်ုပ်၏ချစ်ကြိုက်ခြင်းကို သူတို့အားမပြော။ သူတို့ကလည်း ရိပ်မိဟန်မရှိသဖြင့် ကျွန်ုပ်အိမ်မှ ပိုးပန်းကြခြင်း ဖြစ်လေသည်။ တခါတရံတွင် ပိုးပန်းကြသူများက ကျွန်ုပ်၏ဇွတန်းဂုဏ်ကို အထင်ကြီးကြသည်နှင့် "ခင်ဗျားက အိမ်နီးချင်းဖြစ်ပြီး ငြိမ်လှပါကလားဗျ၊ ခင်ဗျားပိုးလျှင်တော့ပြောသာပြောပါဗျာ၊ ကျုပ်တို့နောက်ဆုတ် ပေးပါ့မယ်၊ ခင်ဗျားနဲ့တော့ မပြိုင်ဝံ့ပါဘူး"ဆိုကာ တီးခေါက်စုံစမ်းကြ၏။ သို့ရာတွင် ကျွန်ုပ်သည် ၄င်းတို့ပန်းပန်းခြင်းများကို မကြည့်လိုသော်လည်း ကိုယ့်ရည်းစားဟူ၍ မပြောနိုင်သဖြင့် ဘာမျှမပြောပဲ ပြုံး၍သာ နေလိုက်ရသည်။ အမှန်ကိုရေးရလျှင် ကျွန်ုပ်သည်လွန်ပွဲညမှစ၍ ထိုအချိန်တို့တိုင်အောင် စိတ်ထဲက ကြိုက်နေခဲ့သည်မှာ (ကိုယ့်ဘက်က သေချာသော်လည်း သူ့ဘက်ကထင်ခြေမျှ သာဖြစ်သည်။) နှစ်နှစ်ကျော် သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်သော်လည်း အိမ်နီးချင်း ပဆစ်ဝိုင်း၌ နှစ်ကြိမ်မျှ မျက်နှာချင်းဆိုင် 'ပဆစ်ပစ်'ခဲ့ဘူးခြင်းမှတပါး ခေါ်ဘူးခြင်း မရှိ၊ အဝေးမှ လှမ်းကြည့်ရှုမျှနှင့် ကျေနပ်ခဲ့ရပါသည်။ ကျွန်ုပ်အကြောင်းကို သူငယ်ချင်း ကာလသားများအား အသိမပေးသော်လည်း ၄င်းတို့၏ပိုးပန်းမှု အခြေအနေကို ကျွန်ုပ်က စောင့်ကြည့်၍ မည်သူမျှ နေရာမကျသေးခြင်းကို သိရသဖြင့် ကျေနပ်လျက် ရှိပါသည်။

## သူတပါးထက်ပင် ထူးလေသလော

ဗုဒ္ဓဘာသာကျောင်း၌ ကျောင်းဆရာလုပ်လျက်ရှိစဉ် ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ ပွဲကြည့်ရှုသာမက တောင်ပြေးပွဲ၊ ရတနာ့ဂူပွဲများသို့

သွားခဲ့ရာ ထိုမိန်းကလေးလည်း ၄င်း၏အိမ်သားများနှင့် သွားကြသဖြင့် အလွန်အူမြူးခဲ့ဘူးပါ၏။ ရွှေစာရံ ဘုရားပွဲ၌ ပျော်ရခြင်းမှာ ပိုးပန်းမှု မပါရှိသော ကြောင့် (နှိုင်းယှဉ်ခြင်းအားဖြင့်) ခြောက်ကပ်ကပ်ရှိသည်ဟု ဆိုရမည်ဖြစ်ရာ အထက်ပါပွဲမှုကား အလွန်စိုပြေလှ၍ ရင်တဖိုဖိုဖြစ်ခဲ့ရပါတော့သည်။ ရင်ဖိုရခြင်း မှာ ကား ဤပွဲတွင် အနည်းဆုံးလေးငါးကြိမ်မျှ မိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရ ချေတော့မည်ဟု မျှော်လင့်ချက်ရှိ၍ သတိရတိုင်း ရင်ထဲ၌ ဖိုကနဲ လှိုက်ကနဲ ဖြစ်ရပါတော့သည်။ မျက်နှာချင်းဆိုင်ခွင့် ရတော့မည်ဟု စဉ်းစားလိုက်မိရုံနှင့် ရင်ဖို လှိုက်ရခြင်းမှာ အခြားလူများ ကြုံဘူးကြလေသလော မပြောတတ်။ ကျွန်ုပ်အဖို့မူ ချဲ့ထွင်ခြင်းမဟုတ် တကယ်ပင်ဖြစ်ပါသည်။ ဤသည်ကြောင့်လည်း ငါ၏မေတ္တာ သည်အလွန် နက်နဲကြီးကျယ်၍ လွဲနိုင်မည် မဟုတ်တော့ဟု ယုံကြည်မိပါသည်။ ဤယုံကြည်ချက်မှာလည်း ‘ကကြီးရေးကသတ်ကတ်’ဟု စာအံသော မိန်းကလေးနှင့် တွေ့ဘူးခြင်းသည် အထောက်အပံ့ ပြုလျက်ရှိပါသည်။ အချစ်သည် အတော် ဆန်းကြယ်ပေသည်တကား။

## ပထမအကြိမ် မူးယစ်ခြင်း

ကျွန်ုပ်သည် ထိုအချိန်သို့တိုင်အောင် သေအရက်ကို မြည်းဘူးသည် မရှိသေး။ တကြိမ်က သူငယ်ချင်းများ၏ တိုက်တွန်းမှုကြောင့် ဘီယာကို တငုံမျှ မြည်းကြည့်ရာ ခါးလွန်းသောကြောင့် ထွေးပစ်လိုက်ဘူး၏။ ဤတောင်ပြုံးပွဲ၌ မူကား သူငယ်ချင်းများနှင့် အတူ လှေဖြင့်သွားကြရာတွင် အခြားလူများ ပျော်ကြ သည်ကို မြင်ရ၍ သူတို့၏ပျော်နည်းကို စမ်းလိုသည်တကြောင်း၊ ကျွန်ုပ်ကိုယ်၌ ကလည်း အလွန်အူမြူးလျက်ရှိ၍ ဘာမဆိုလုပ်မည်ဆိုသော စိတ်မျိုးဖြစ်နေသည် တကြောင်းကြောင့် လှေပေါ်တွင် တကြိမ်ပြင် နှစ်ကြိမ်မတိုက်တွန်းရပဲ ဝီစကီနှင့် ဆိုဒါတခွက်ကို သူတို့နှင့်အတူ သောက်လိုက်၏။ ဝီစကီ၊ ဘရန်ဒီစသော

နိုင်ငံခြားအရက်များမှာ ထိုခေတ်၌ မည်မျှလောက် ဈေးချိုပါသနည်းဟူမူ လူတယောက် ငွေတဆယ်ဆီ စု၍ သွားကြသည့် ကျွန်ုပ်တို့အဖွဲ့သည် လှည်းခ၊ လှေခ၊ အိပ်ခနှင့် ထမင်းလေးနပ် အတွက် ချက်ပြုစရိတ်များပါ ဖယ်ထားပြီးသည့်နောက် ထင်းရှူးသေတ္တာနှင့် တလုံးအပြည့် အရက်အမျိုးမျိုး ဝယ်ခဲ့နိုင်ကြလေသည်။ ကျွန်ုပ်သည် ပထမအကြိမ် သောက်ခြင်းဖြစ်သော်လည်း အည့်မခံချင်တတ်သော ဝါသနာကြောင့် သူတို့သောက်သလောက် လိုက်၍သောက် မိရာ ပျော်ရဖို့ဝေးစွတောင်ပြုံးပွဲသို့ ဘယ်ပုံဘယ်နည်း ရောက်လာသည်ကိုပင် မမှတ်မိနိုင်ပေ။ နောက်တနေ့နံနက်၌ တည်းခိုသောအိမ်တွင် အိပ်ရာမှနိုးလာ၍ ဝတ်ထားသည့်လုံချည်ကိုကြည့်လိုက်ရာ ကျွန်ုပ်၏လုံချည်မဟုတ်ကြောင်းသိရ၍ သူငယ်ချင်းများအား မေးကြည့်၏။ သိရပုံမှာကား ကျွန်ုပ်သည်လေဆိပ်မှ တည်းခိုအိမ်သို့လမ်းမလျှောက်နိုင်သဖြင့် တွဲခေါ်ကြရကြောင်း၊ လမ်းတွင် လူငယ် တယောက်က သူ၏ကျောင်းနေဘက် သူငယ်ချင်းဖြစ်ပါသည်ဆိုကာ ကျွန်ုပ်ကို တည်းအိမ်သို့ရောက်အောင် တွဲပို့ကြောင်း၊ ရောက်သောအခါ ကျွန်ုပ်၏လုံချည် အတွက် စိုးရိမ်ရသည်ဆိုကာ သူ၏လုံချည်နှင့် လဲဝတ်သွားပြီး နံနက်မှလာ၍ လဲပေးပါမည်ဟု ပြောသွားကြောင်း သိရလေ၏။ ကျွန်ုပ်သည် အိပ်ရာမှထ၍ သူ၏လုံချည်ကို ဖြန့်ကြည့်ရာ ပါတိတ်လုံချည် အနွမ်းကလေးဖြစ်၍ ကျွန်ုပ်၏လုံချည်မှာကား ယောလုံချည်ပွင့်ထိုး ဖြစ်လေသည်။ ကျွန်ုပ်ပြန်၍ စဉ်းစားသောအခါ ကျွန်ုပ်အား တွဲ၍ပို့သော ကျောင်းနေဘက် သူငယ်ချင်း၏ မျက်နှာပေါ်လာ၍ ပြန်လာလိမ့်မည်ဟု မျှော်လင့်သည်နှင့် ခပ်အေးအေးပင် နေလိုက်၏။ သို့ရာတွင် ထိုနေ့ကလည်း ပေါ်မလာ၊ နောက်တွင်လည်း တသက် လုံးမတွေ့ရတော့ချေ။ ဤတွင် ကျွန်ုပ်မှာ ချည်လုံချည်မှတပါး အခြားလုံချည် ကောင်းလည်းမပါ။ ခါး၌ဝတ်လျက်ရှိသော ပါတိတ်လုံချည် အနွမ်းကလေးနှင့် လည်း ပွဲတိုးရန် မဖြစ်နိုင်သောကြောင့် တည်းအိမ်၌သာ ကုပ်၍နေရတော့သည် ဖြစ်ရကား မိန်းကလေးနှင့် မျက်နှာချင်း ဆိုင်ရဖို့အတွက် မျှော်လင့်ချက်ကြီးစွာနှင့်

လာခဲ့ရခြင်းမှာ ‘ခဲလေသမျှ သဲရေကျ’ ဖြစ်ခဲ့ရပါတော့သည်။ သို့ရာတွင် သင်ခန်းစာတခုတော့ရခဲ့ပါ၏။ ပထမအကြိမ် သောက်ခြင်း၌ ချက်ချင်း လက်ငင်းခံလိုက်ရခြင်းအတွက်ကြောင့် ‘အရက်သောက်ခဲ့လျှင် မလွန်စေနှင့်’ ဟူသည့် ယောလုံချည်တထည်နှင့် လဲယူလိုက်ရသော ဩဝါဒသည် တသက်လုံး စွဲမှတ်လောက်သည်ဖြစ်၍ ကျွန်ုပ်အဖို့ရာ၌ နောက်နောင်တွင် ဤအမှားမျိုး မှားခဲလှပါသည်။ (ကိုယ်ကျင့်တရား နှင့် ပတ်သက်သည့် ဩဝါဒမျိုးတို့မှာ စာလောက်နှင့် မပြီး၊ သူတပါး ဟောပြော၍လည်း မလုံလောက်။ လက်တွေ့ကြုံမှ သဘောပေါက်တတ်သည်ဖြစ် သောကြောင့် ကျွန်ုပ်သည် ယောလုံချည်ဆုံးရခြင်း အတွက် မနှမြောလှပေ။)

## အလစ်မပေးသော မိခင်

ကျွန်ုပ်သည် တောင်ပြုံးပွဲတွင် မိန်းကလေးနှင့် တကြိမ်မျှ မျက်နှာချင်းဆိုင်ခွင့် မရသဖြင့် ဝမ်းနည်းစွာပြန်ခဲ့ရသော်လည်း (နောက် ၁၅ရက်တွင် ကျင်းပသည့်) ရတနာ့ဂူပွဲ၌ သုံးလေးကြိမ်မျှ မြင်ခဲ့ရသဖြင့် ကျေနပ်ခဲ့ရပါသည်။ မိန်းကလေး တယောက်အား စိတ်ထဲက ချစ်ကြိုက်သည့် အခြားလူပျိုကလေးများအဖို့ရာတွင် ဘယ်ကဲ့သို့ရှိကြသည်မဆိုနိုင်၊ ကျွန်ုပ်အဖို့ရာတွင်မူ မျက်နှာကိုတခဏတာကလေး မျှမြင်ရဖို့အရေးသည် ကိစ္စကြီးတခုသဖွယ် သဘောထားမိပါတော့သည်။ တနေ့ တကြိမ်မျှ မြင်ဖို့အရေးအတွက် သူတို့အိမ်ရှေ့သို့ဘာကိစ္စမျှမရှိပဲ လမ်းသလားရ လေရာ တခေါက်မမြင်ရလျှင် နောက်တခေါက် ထပ်၍ လျှောက်ရပြန်သည်။ အဝေးအရပ်၌နေသူဖြစ်လျှင် တော်ပါသေး၏။ ယခုမှာ သုံးအိမ်လောက်သာခြား သောကြောင့် သာ၍ဝွကျသည်ထင်၏။ ဤအထဲတွင် အိမ်နီးပါးချင်းများက ရိပ်မိသွားမည်ကိုလည်း ရှက်လိုက်မိသေး၏။ ရတနာ့ဂူနတ်ပွဲသို့ အတူသွားကြ သည့် သူငယ်ချင်းခြောက်ယောက်ခန့်အနက် သုံးယောက်လောက်က မိန်းကလေး

အားပိုးပန်းလျက်ရှိရာ သူတို့ကမူ ပြောင်ပြောင်ကြီးပိုး၍ နောက်မှ တကောက်ကောက်လိုက်ကြသော်လည်း ကျွန်ုပ်ကမူ သူတို့မသိစေပဲ 'အုံ့ပုန်း'ပိုးနည်းမျိုးဖြင့်လည်းသူတို့နှင့်အတူ တပူးတွဲတွဲ လိုက်ပါလျက်ရှိလေသည်။ ထိုလူစုအနက်တယောက်တလေကမူ ကျွန်ုပ်အား "ခင်ဗျားနဲ့ အိမ်နီးချင်းပဲဗျာ၊ ကျုပ်တို့ကတော့ခင်ဗျားကိုကပ်ရမှာပဲ"ဟူ၍ပင် ပြောဘူးလေသည်။ ထိုမိန်းကလေး၏ထူခြားသောအခြေအနေတခုမှာ ၎င်းမိခင်သည် မည်သည့်လမ်းသို့မျှ တယောက်တည်းမလွှတ်၊ အခြားမိန်းကလေးများနှင့်လည်း အပေါင်းအသင်း မလုပ်စေပဲ တဦးတည်းသောသမီးပျိုကလေးကို မျက်စိအောက်က အပျောက်မခံ ဆိုရလောက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းပင် ဖြစ်လေသည်။

## ကျေနပ်စွာနှင့် အံ့သြခြင်း

မိန်းကလေးနှင့်ပတ်သက်၍ ကျွန်ုပ်စိတ်ထဲ၌ အကြည်နူးဆုံးဖြစ်ခဲ့သည့် ပတ္တမြားစေတီ ဘုရားပွဲသွားခြင်း၊ အကြောင်းကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်၌ စိတ်ကြည်နူးသည်ဆိုသောကြောင့် နေရာကျလှပြီဟု မမျှော်လင့်ကြပါနှင့်ဦး။ ကျွန်ုပ်၏ပထမအကြိမ် ညံ့ဖျင်းမှုကိုသာ တွေ့ရမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤတကြိမ်တွင် ကာလသားသူငယ်ချင်းများနှင့် မဟုတ်ပဲ ဗုဒ္ဓဘာသာကျောင်း ဆရာအဖွဲ့နှင့်လိုက်ပါသွားခြင်းဖြစ်ရာ ကျောင်းဆရာများနှင့်အတူ သင်္ဘောပေါ်သို့ တက်လိုက်မိသည်နှင့် တပြိုင်နက် ရင်ဘတ်ကိုအတွင်းမှ တင်းပုတ်ဖြင့်နှက်လိုက် သည့်နှယ်ကျွန်ုပ်၏နှလုံးသားသည် ရင်ဘတ်ကိုဒိန်းကနဲ တိုက်ဆောင့်လိုက်၏။ အကြောင်းမူကား သင်္ဘောနှင့် တွဲလျက်လိုက်ပါမည့် သမ္ဗန်ကြီးပေါ်တွင် မိန်းကလေးတို့အိမ်သားတစုကို ဘွားကနဲ မြင်လိုက်ရသောကြောင့်ဖြစ်၏။ ကျွန်ုပ်သည်ပတ္တမြားစေတီပွဲတော်သို့ ၎င်းတို့သွားလိမ့်မည်ဟု မသိရသော ကြောင့်ဤပွဲတော်သို့လိုက်မည်မကြံစည်ပဲ ကာလသား သူငယ်ချင်းများနှင့် (တော်သလင်း

လပြည့် အဖိတ်နေ့ ကျောင်းပိတ်ရက်တွင်) ဖိုးစိန်ကြီးပွဲကြည့်ကြဖို့ စိတ်ကူးထားရာ ကျောင်းဆရာများ၏ ခေါ်ငင်မှုကြောင့် အားနာပါးနာနှင့် လိုက်ပါလာခဲ့ရသည်တွင် မိန်းကလေးအားမမျှော်လင့်ပဲ တွေ့ရခြင်းကြောင့် ဝမ်းသာလုံးဆို့သွားခြင်းဖြစ်လေသည်။ ဖော်ပြခဲ့သည့်အတိုင်း မိန်းကလေးသည် ကျွန်ုပ်နှင့်သမီးရည်းစားမဟုတ်ရစေကာမူ ယခုအချိန်တွင် ကျွန်ုပ်သိန်းထီပေါက်၍ ကြေးနန်းရသည်ဆိုစေဦး၊ ထိုအခါကလောက် ရင်ဘတ်ကိုဆောင့်လောက်အောင် နှလုံးခုန်လိမ့်မည်မထင်ပေ။ ဖွင့်ဟပြောဆိုရခြင်း၊ စကားကို လက်ခံခြင်းဟူ၍မျှ မရှိသေးပဲ မျက်လုံးချင်းကြိုက်သည်ဆိုခြင်းမှာပင် ကိုယ့်အထင်သက်သက်မျှသာ ရှိသေးပါလျက် ဤမျှလောက် တုန်လှုပ်ရသည်ဆိုသောလူပျိုကလေးသည် တော်တော်ရှားလိမ့်မည်ထင်ပါသည်။

## လည်သလောက် ချဦးကပ်ခြင်း

သင်္ဘောထွက်သောအခါ ၄င်းတို့မိသားစုသည် သင်္ဘောနှင့် ကပ်လျက်ရှိသည့်သမ္ဗန်ပိုင်းတွင် ကော်ဇောခင်းလျက် လိုက်ပါလာကြရာ ကျွန်ုပ်သည်လည်း သမ္ဗန်နှင့် ကပ်လျက်ရှိသော သင်္ဘောပိုင်းတွင် မတ်တတ်ရပ်လျက်လိုက်လေ၏။ ကျောင်းဆရာအဖွဲ့သည် သင်္ဘောဦးပိုင်းတွင် ကော်ဇောခင်းလျက် ထိုင်၍လိုက်ကြရာကျွန်ုပ်သည် ၄င်းတို့ကော်ဇောအနီးသို့ မချဉ်းကပ်တော့ပဲ သင်္ဘောနံဘေးရှိ သံတိုင်ကို မှီလျက် လိုက်ပါလာ၏။ သင်္ဘောနှင့် သမ္ဗန်မှာ ပူးတွဲထားခြင်းဖြစ်သောကြောင့် ကျွန်ုပ်နှင့် သူတို့အဖွဲ့သည် နှစ်လံမျှလောက်သာ ဝေးကွာ၏။ မိန်းကလေးအုပ်စု၌ အရပ်ထဲမှ အပျိုကြီးတယောက်ပါရှိရာ အပျိုကြီးကပင် ကျွန်ုပ်အား စတင်၍နှုတ်ဆက်သဖြင့် နိမိတ်ကောင်းသည်ဟု ကျွန်ုပ်ဝမ်းသာမိ၏။ ထူးဆန်းခြင်းတခုမှာ ကျွန်ုပ်တို့အိမ်နှင့်မိန်းကလေး၏အိမ်မှာ သုံးအိမ်ကျော်လောက်သာခြားသည်ဆိုသော်လည်း ဝင်းထဲနှင့် လမ်းမတန်း ဖြစ်သည်တကြောင်း၊

အပေါင်းအသင်းမှာလည်း တဂိုဏ်းစီဖြစ်သည့်တကြောင်းကြောင့် တအိမ်နှင့်တအိမ် ခေါင်ငင်နှုတ်ဆက်ခြင်းမှုရှိကြပဲ ကိုယ့်ဂုဏ်နှင့်ကိုယ် ခပ်တည်တည်နေခဲ့ကြလေသည်။ ထိုနေ့၌ကျွန်ုပ်သည် သဘော်သံတိုင်ကိုမှီလျက် အပျိုကြီးနှင့်စကားပြောစဉ် မိန်းကလေး၏အမေနှင့် အလွန်နှုတ်ဆက်ချင်သော် လည်း တခါဘူးမျှ မလုပ်ခဲ့သည့်အထဲတွင် ပိုးပန်းသူပေါ်များသော သမီးချော တယောက်၏ မိခင်ပီပီ ခပ်တည်တည်မျက်နှာထားမျိုးရှိသည်ဖြစ်၍ နှုတ်ဆက်ရန် မဝံ့တော့ပဲ အပျိုကြီးနှင့်သာ အဆက်မပြတ် စကားပြောရတော့သည်။ သို့နှင့် ကျွန်ုပ်က တခွန်းတလေပြောသည့် ပြက်လုံးကလေးများကို သမီးကရယ်၍ အမေကြီးက ပြုံးဖော်ရခြင်းအတွက်ပင် ကျေးဇူးတင်လှပါလေပြီ။ မိန်းကလေး၏ ရုပ်ရည်နှင့် ပတ်သက်၍ ရေးသားရသော် အချောအလှကြီးတယောက်ဟု မဆိုနိုင်သော်လည်း တကြိမ်မြင်လိုက်လျှင် လှည့်၍မကြည့်ပဲ မနေနိုင်သည့် (Striking) ရုပ်ဆင်းသဏ္ဍာန်မျိုးရှိသောကြောင့် သဘော်ပေါ်၌ လိုက်ပါလာသော ကာလသားများသည် မိန်းကလေးအုပ်စုကို ရစ်ပတ်နေကြရာမှ ဟန်ကျနေသည့် အမူအရာမျိုးဖြင့် သမ္မန်ဘက်မှ လှမ်း၍စကားပြောနေသည့် ကျွန်ုပ်အား နာလိုဟန်မတူသော မျက်နှာထားများနှင့် ကြည့်ကြခြင်းကို ကျွန်ုပ်သတိပြုမိ၏။ အချို့ကလည်း (နည်းတော့နည်းသည်။) နိပ်ပါပေ့ကွာဟူသော အဓိပ္ပါယ်မျိုးနှင့် ကြည့်ကြသဖြင့် ကျွန်ုပ်၏နှလုံး၌ ခွေ့လှသည်။ တချက်တချက်တွင် အပျိုကြီးက ကလိသော မျက်နှာထားနှင့်–

"မောင်ဖေသိန်း မညောင်းဘူးလား"

"မညောင်းပေါင် အမကြီးရာ၊ တနေ့လုံးရပ်ရ ရပ်ရ"ဟူ ပြောလိုက်ရာတွင် အပျိုကြီးနှင့်အမေကြီးက ရယ်ကြ၍ မိန်းကလေးကား မျက်နှာလွှဲ၍သွားသည်။ 'နိပ်ဟ'ဟု စိတ်ထဲကသြဘာပေးလိုက်၏။

## အကဲစမ်းလိုက်ပုံ

ပတ္တမြားစေတီဘုရားအောက်ရှိ ဝါးချက်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်၍ သင်္ဘောပေါ်မှဆင်းပြီး သူ့ချောင်ငါ့ချောင်တက်ကြရာတွင် မိန်းကလေးတို့အုပ်စု တည်းခိုမည့်ချောင်အမည်ကို မမေးလိုက်မိသည်နှင့် ကွဲရချေတော့မည်လောဟု တထိတ်ထိတ်ဖြစ်မိသေး၏။သို့ရာတွင်ကျွန်ုပ်ကျောင်းဆရာအဖွဲ့နှင့် တချောင်တည်း တည်းခိုကြသည်ကိုတွေ့ရ၍ ဒုတိယအကြိမ် ဝမ်းအသာကြီး သာခဲ့ရပြန်ပါသည်။ ညနေပိုင်းတွင် ကျောင်းဆရာများနှင့် ကျွန်ုပ်တို့သည် 'ချောင်လည်ချောင်ပတ်' ထွက်ကြမည်ဟု ဇရပ်မှဆင်းလာကြရာတွင် ချောင်အဝင်ဝရှိဇရပ်ကတုံးပေါ်၌ ထိုင်နေကြသည့် ကျွန်ုပ်၏အပျိုကြီးနှင့် စံဒေဝီကိုတွေ့ရာ (စံဒေဝီမှာ မိန်းကလေး အား ကျွန်ုပ်၏စိတ်ကူးဖြင့် မှည့်ထားသော နာမည်ဖြစ်သည်။) အပျိုကြီးက "မောင်ဖေသိန်းတို့ ဘယ်ထိအောင် သွားကြမလို့လဲ"ဟု မေးသည်နှင့် ကျွန်ုပ်က "ဘယ်ရယ်လို့ မဟုတ်ပါဘူး အမကြီး၊ ချောင်လည်ချောင်ပတ်ပါပဲ"ဟုပြန်ပြော၏။

"ဒီလိုဆိုအပြန်တော့ ပန်းခူးခဲ့နော်၊ ဗြဲဇင်ပန်းတွေ ပေါလှပြီတဲ့"

"ဘယ်သူပန်မှာလဲဗျ"

"အမကြီးပန်မှာပေါ့ကွယ့်"

"အမကြီးလဲပန်ပေါ့ဗျာ၊ ဒိပြင်လူလဲ ပန်အုံးမှပေါ့၊ ဟုတ်ဘူးလား"

ဤတွင် အပျိုကြီးသည် စံဒေဝီအား ပြုံးစိစိမျက်နှာထားနှင့် လှမ်းကြည့်လိုက်ရာ စံဒေဝီက "ပန်ပါ့မယ်တော် ပန်ပါ့မယ်၊ ခူးသာ ခူးခဲ့ပါ"ဟု ပြောလိုက်၏။

ထို့နောက် ကျွန်ုပ်တို့ကျောင်းဆရာအဖွဲ့ ထွက်လာခဲ့ကြရာ ခပ်ကြီးကြီး ဆရာများက ရှေ့မှသွားကြ၍ ခပ်ငယ်ငယ်ရှိကြသည့် ဆရာဘဦးနှင့် ကျွန်ုပ်က နောက်မှလိုက်ကြ၏။ လမ်းခရီးတွင် ကျွန်ုပ်သည် ဗြဲဇင်ပန်းများကို အားပါးတရ ခူးလေရာ ဆရာဘဦးက–

"ဗျို့ ဆရာဖေသိန်း၊ ပန်းတွေဘာလုပ်ဖို့လဲ"

"ခုနင်က မှာလိုက်တာ ဆရာ မကြားဘူးလား"

"အို မလုပ်နဲ့မရူးနဲ့ဗျ၊ ခင်ဗျား မကြားဘူးဘူးလား"

"ဘာကြောင့်လဲ ဆရာ"

"ပန်းပေးလျှင် ကျိန်းကျေတတ်တယ်ဗျ"ဟုဆိုကာ ကျွန်ုပ်၏လက်ထဲမှပန်းများကိုယူ၍ လွှင့်ပစ်လိုက်၏။ ကျွန်ုပ်သည်ဆရာဘဉီး၏ စကားအဓိပ္ပါယ်ကို ရုတ်တရက် နားမလည်သည်နှင့် စဉ်းစားနေပြီးမှ သဘောပေါက်၍ ပန်းအားလုံးကို လွှင့်ပစ်လိုက်၏။

ချောင်သို့ပြန်ရောက်ကြသောအခါ အပျိုကြီးက "ဟေ့ မောင်ဖေသိန်း၊ ဘယ်မှာလဲကွယ့် ဗြိဇင်ပန်း"ဟုမေးရာ ကျွန်ုပ်မှာ အဖြေပေးရန် ကြိုတင်စိတ်ကူးထားပြီး မရှိသည်နှင့် အတတဖြစ်ပြီး "ပန်းမတွေ့ဘူး အမကြီးရဲ့"ဟု ပြန်ပြောလိုက်ခြင်းကို စံဒေဝီကျေနပ်ပုံမရချေ။

စံဒေဝီတို့၏ဇရပ်နှင့် ကျွန်ုပ်တို့ဇရပ်မှာ ယှဉ်ကပ်လျက်ရှိရာ ဇရပ်နှစ်ဆောင်အကြားတွင် သောက်ရေအိုးများထား၍ နှစ်ဘက်လုံးကရေသောက်ကြရ၏။ လည်ပတ်ရာမှ ပြန်ရောက်လာ၍ မကြာမီအတွင်း စံဒေဝီနှင့်ကျွန်ုပ်သည် သောက်အိုးစင်၌ပက်ပင်းသွားဆုံမိကြသေးရာ (ကျွန်ုပ်ကတမင်ဆုံဖို့ မကြိုးစားခြင်း မှန်ပါသည်။ အမေကြီးကို ရွံ့လှပါသည်။) စံဒေဝီက ရေမှုတ်ကို အလျင်ရ၍ ရေသောက်နေခြင်းကို ကျွန်ုပ်က စောင့်နေရ၏။ ကျွန်ုပ်သည် တခုခုပြောချင်သော်လည်း ဘာပြောရမည်မသိသည်နှင့် "ပန်းမရူးခဲ့တာ စိတ်မဆိုးပါနဲ့၊ ကျိန်းကျေသွား မှာစိုးလို့ပါမရယ်"ဟု လွှတ်ကနဲပြောလိုက်၏။ ဤတွင်စံဒေဝီသည် ရေမှုန်ကိုပြန်ချ၍ မျက်ခုန်းချီကာ မျက်နှာထားတည်တည်ကြီးနှင့် လှည့်ပြန်သွားလေ၏။ စံဒေဝီ၏မျက်ခုန်းချီပုံမှာ ဇာတ်လိုက်မင်းသမီးခင်ခင်နု၏ မျက်ခုန်းချီပုံနှင့် တူလှ၍ ခင်ခင်နု–ဘတင့်တို့၏ 'တပြည်သူ'ဇာတ်ကားကို ကြည့်ရစဉ်က စံဒေဝီကို လွမ်းမိပါသေးသည်။

ဘုရင်မတဦးတယောက်နှင့် စကားပြောလျက်ရှိစဉ် စကားတလုံးမှားသွားသဖြင့် ဘုရင်မက အလိုမကျသည့်အနေဖြင့် မျက်လုံးပြူးကြည့်ခံရသော မင်းခစားယောကျ်ားသည် ကျွန်ုပ်ထက်ပို၍ ထိတ်လန့် တုန်လှုပ်လိမ့်မည်မထင်ပေ။ အမှန်ကိုရေးရလျှင် ကျွန်ုပ်သည် စံဒေဝီအား ချစ်ကြိုက်လျက်ရှိသော်လည်း ကရော်ချော်မယ်ပြက်ရယ်စကားပြောဖို့ လုံးဝမဝံ့ပဲ ဘုရင်မတယောက်ကဲ့သို့ပင် ကြောက်ရွံ့လျက်ရှိခြင်း မှန်ပါသည်။ "ငါတော့သွားပြီ၊ စိတ်ဆိုးသွားပြီ၊ ဘယ့်နှယ်လုပ်မလဲ၊ ဘယ့်နှယ်မှ မလုပ်တတ်ဘူး၊ ခံရုံပဲ"ဟု အောက်မေ့ကာ သူငယ်ချင်း ကိုဖေကိုသာ တမ်းတမိပါတော့သည်။

မျက်ခုန်းချီခြင်းသည် အလိုမကျသော အဓိပ္ပါယ်မှတပါး ဘာမျှမရှိ။ ငါတော့လွဲပြီဆိုတာ ယူကြုံးမရဖြစ်လျက်ရှိ၏။ အင်္ဂလိပ်ဝတ္ထု အမြောက်အမြားဖတ်ဖူး၍ ၁၉နှစ်သား ရှိပြီဖြစ်သော ကျွန်ုပ်ကဲ့သို့ 'ဝေး'သောလူငယ်တယောက်သည် ဤခေတ်တွင် ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ်သည် စိတ်နှလုံးညှိုးငယ်စွာနှင့် ချောင်ထဲမှထွက်လာ၍ စောစောခိုက်က စံဒေဝီနှင့်အပျိုကြီးတို့ထိုင်ခဲ့ကြသည့် ဇရပ်ကတုံးပေါ်တွင် တယောက်တည်းထိုင်နေ၏။ ခဏမျှကြာသောအခါ အပျိုကြီး တယောက်တည်း ထွက်လာ၍ စပ်ဖြဲဖြဲ မျက်နှာထားနှင့် "ဟော့မောင်ဖေသိန်း မင်းက မကိုဘာပြောလိုက်တာလဲဟေ့"ဟုမေးလိုက်ရာ–

ကျွန်ုပ်မှာ မျက်နှာထူပူသွား၏။

"စိတ်ဆိုးသွားသလား အမကြီးရယ်"

"ငါ့မောင်က တယ် အ သေးတာကိုး"

"ဘယ်လိုပါလိမ့် အမကြီးရယ်"

"ဘာများ စကားကောင်းနေကြတာလဲ၊ မေမေကခေါ်နေတယ် တော်ရေ့"

ချောင်ဝမှဟစ်ခေါ်လိုက်သူမှာ စံဒေဝီဖြစ်လေရာ ကျွန်ုပ်သည် သူ့မျက်နှာကိုလှမ်း

ကြည့်လိုက်သောအခါ မချိုမချဉ်လုပ်နေသော မျက်နှာထားကိုမြင်ရမှ 'လွှတ်စေ' အမိန့်ကျသော တရားခံကဲ့သို့ ရင်ထဲ၌ အေးသွားတော့သည်။ ငါ့အပေါ်၌ စိတ်ဆိုးလျှင် ဤမျက်နှာထားမျိုး မဟုတ်နိုင်ဟု ကောက်နုတ်ချက် ထုတ်နိုင်လေသည်။ ဤတွင် ကျွန်ုပ်အားတက်လာသည်နှင့်–

"ဒီခေါ်လိုက်ပါအုံး အမကြီးရဲ့"

"ဟော့ မ၊ လာပါအုံးအေ့"

"မလုပ်နဲ့၊ မေမေက ဘုန်းကြီးတွေကိုဘိလပ်ရည်ကပ်မလို့တဲ့ ပြင်ကုန်ပြီတော့"

အပျိုကြီးလည်း ထသွားရလေရာ အုတ်လှေကားကို နှစ်ယောက်တွဲတက်သွားကြ၍ ထိပ်သို့ရောက်သောအခါတွင် စံဒေဝီသည် ကျွန်ုပ်ဘက်သို့ ဆတ်ကနဲ တချက်လှည့်၍ ကြည့်လိုက်ပုံ မျက်နှာထားမှာ ယနေ့တိုင်မမေ့နိုင်အောင် ဝဲလျက်ရှိပါတော့သည်။ ကျွန်ုပ်သည် ထိုမျက်နှာထား၏ အဓိပ္ပာယ်ကို အမျိုးမျိုးတွေးတောခဲ့ရာ နောင်တွင် ဖြစ်ပျက်သော အခြင်းအရာများ ကြုံရသည်တွင်မှ "မောင်ရင် အပုံနဲ့တော့ လွဲကုန်ကြပါလိမ့်မယ်"ဟု ဆိုလိုဟန်တူကြောင်း စဉ်းစားမိပါတော့သည်။

## ဖိုသံပေးခြင်း

ထိုည၌ ကျောင်းဆရာအဖွဲ့နှင့် ကျွန်ုပ်တို့သည် ပတ္တမြားစေတီ တောင်ထိပ်သို့တက်ကြလေရာ လမ်းတလျှောက်လုံးတွင် ကျွန်ုပ်ကဲ့သို့ တေးချင်းဆိုနိုင်သူ တယောက်မျှမရှိပေ။ ချစ်ကြိုက်ပါသည်ဟု ဖွင့်ပြောခြင်း၊ တုံ့ပြန်ဝန်ခံခြင်း မရှိသေးသော်လည်း ကျွန်ုပ်၏စိတ်ထဲ၌မူ 'ငါတို့နှစ်ယောက်ကား ဤဘဝတွင် မလွဲနိုင်တော့ပြီ၊ နံနက် နေ့လယ် ညအချိန်မရွေး သူ့မျက်နှာကို မဝမချင်း ကြည့်နိုင်ပေတော့မည်၊ နီးနီးကပ်ကပ် ကြည့်နိုင်ပေတော့မည်'ဟူသော စိတ်ကူးသည် လမ်းတလျှောက်လုံး ခဏကလေးမှ လပ်သည်မထင်၊ ပေါ်ပြီးယင်း ပေါ်ယင်း

ဖြစ်နေတော့၏။ ချောင်မှ ထွက်ခါစတွင် ဦးဖိုးစိန်ကြီး၏ သစ္စာထား တေးချင်းတပုဒ်ကို (ရင်ထဲ၌ ပြည့်လျှံလွန်းသည်နှင့်) ဟစ်၍ သီဆိုလိုက်၏။ 'မသိန်းညွန့်ရယ်နဲ့ မောင်စိန်ဟာ၊ ဂဟေနှစ်ဖြာကူး၊ ရွှေနဖာစူးရယ်နဲ့၊ ရွှေနဖူးစာလေးလေးနော်မျှ၊ သြော်–စပ်ကြားနတ်များရေးမှ ရေးတတ်ပလေ'ဤတပုဒ်ကို စံဒေဝီတို့ကြားလောက်သောနေရာ၌ သီဆိုပြီး ရပ်ထားလိုက်သည်တွင် အပျိုကြီးက "ဟော့မောင်ဖေသိန်းဆုံးအောင်ဆိုကွယ့်နော်"ဟု ပြောလိုက်ပြီး စံဒေဝီ၊ အမေကြီး၊ အပျိုကြီးနှင့် အခြားအိမ်သူအိမ်သားတို့၏အသံများဖြင့် ဝါးကနဲရယ်လိုက်ကြလေရာ ပန်းမပေးဖို့ ပြောထားသည့် ဆရာဘဦးက "ဆရာဖေသိန်းက ဖိုသံပေးနေတာ ဆရာတို့ရဲ့"ဟု ပြောလိုက်သည်နှင့် ဆက်၍မဆိုတော့ပဲ "နောက်များမှ အမကြီးရေ့"ဟုပြန်ပြောပြီး ဆက်လက်တက်သွားကြလေ၏။

## မမေ့နိုင်သော ညတည

တောင်ထိပ်ရှိ ပတ္တမြားစေတီဘုရားသို့ ရောက်ကြသောအခါ တော်သလင်းလဆန်း၁၄ရက် လကလည်းထိန်ထိန်ဝင်းလျက် ဧရာဝတီမြစ်ကြီးကို ထင်းထင်းကြီးမြင်ရပြန်၊ စေတီတော်၌လည်း ဖယောင်းတိုင်မီးများဖြင့် ဝင်းဝင်းလက်ရှိနေပြန်၊ တီးလိုက်သည့် နရည်းသံကလည်း ဆိတ်ငြိမ်သောတောင်ထိပ်၌ ညအချိန်တွင် အသည်းနှလုံးတို့ကို ယစ်သွားစေမတတ် သာယာပြန်၊ ကျွန်ုပ်၏စိတ်ဓာတ်ကလည်း မျှော်လင့်ချက်အမျိုးမျိုးတို့ဖြင့် ပြည့်တင်းဖောင်းကားလျက် ရှိပြန်လေရကား ကြည်နူးရွှင်မြူးလိုက်ပုံမှာ တသက်တာတွင်မမေ့နိုင်ဆုံးသော ညတညအနေဖြင့် နှလုံးသားတွင် တံဆိပ်နှိပ်ခတ်လျက် ရှိပေတော့၏။ အချစ်နှင့်ပတ်သက်၍ဘာတခုမျှ မယ်မယ်ရရ မရှိသေးခြင်းကား မှန်ပါ၏။ သို့ရာတွင် မျက်နှာကို ကြည့်နေရလျှင် ဘာလိုသေးသည်ဟု မတောင့်တပဲ ကျေနပ်ခြင်း၏ အထွတ်အထိပ်သို့ ရောက်သည်ဟု ယူဆလောက်အောင် တင်းတိမ်ရောင့်ရဲခြင်း

ရှိခဲ့သော ကျွန်ုပ်အဖို့မှာ ဤမျှလောက်သော ချမ်းသာမှုသည်ပင် ရောမသုခ ကြီးတခု ဖြစ်နေလေပြီ။ စံဒေဝီသည် အခြားယောကျ်ား တဦးတယောက် နှင့်မျှ လက်မထပ်သမျှ ကာလပတ်လုံး ကျွန်ုပ်သည်လက်ရှိအခြေအနေထက် တိုးပြီး မနီးစပ်ချင်လည်းနေစေ၊ ဤအတိုင်းနှင့်ပင် လေးငါးနှစ် စောင့်နေနိုင်သည် ဟူ၍လည်း ထိုစဉ်ကထင်ခဲ့မိပါသည်။ ပတ္တမြားစေတီဘုရားပွဲတော်မှ အပြန်ခရီး တွင် သင်္ဘောပေါ်၌အတူစီး၍လိုက်ခဲ့ကြရာ အမေကြီးသည် ရှေးကနှင့်မတူပဲ ကျွန်ုပ်အား စိတ်ဝင်စားသောမျက်နှာထားမျိုးနှင့် ခဏခဏလှမ်းကြည့်သည်ဟု သတိပြုမိခဲ့သည်။ သို့သော် ဤသည်မှာလည်း ကျွန်ုပ်၏အထင်မျှသာ ဖြစ်နိုင်၏။ ကြည့်ခြင်းကားမှန်ပါသည်။ စိတ်ဝင်စားခြင်းဟူသည်မှာကား ကျွန်ုပ်၏အထင်သက် သက်ဖြစ်နိုင်သည်ဟုတွေးမိ၏။ စံဒေဝီနှင့် ပက်သက်သမျှတွင် ကျွန်ုပ်သည် ကိုယ်ကိုကိုယ် အထင်မကြီးပဲ အမြဲတွန့်ဆုတ်လျက် ရှိခဲ့၏။ ကြိုက်လွန်းအားကြီး သောကြောင့်ပေလော၊ သို့မဟုတ် မိမိကိုယ်ကို ယုံကြည်မှု Confidence မရှိသော ဝါသနာကြောင့်ပေလော မပြောနိုင်ပါ။ မည်သို့ဆိုစေ ပိုးပန်းခြင်းအလုပ်၌ အလွန်ညံ့သူ တယောက်ဖြစ်ခြင်းကို ရှေ့တလျှောက်တွင်လည်း တွေ့ရပါလိမ့်ဦး မည်။

## အပျိုကြီးမှတဆင့်

ပတ္တမြားစေတီပွဲတော်မှ ပြန်ရောက်ကြသည်နှင့် နောက်တနေ့ညနေတွင် အပျိုကြီးသည် ကျွန်ုပ်တို့၏နေအိမ်သို့ မလာစဖူး ပေါက်လာ၏။ (ဤအိမ်မှာ ကျွန်ုပ်တို့အိမ်ပင် ဖြစ်သော်လည်း ဖခင်သည် ညီဝမ်းကွဲတယောက်သို့ အလုပ်ပါ လွှဲပေးထား၍ ဝက်လက်သို့ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်လည်းဘထွေးနှင့်အတူ ဆက်လက် နေထိုင်ခြင်းဖြစ်၏။) အပျိုကြီးရောက်လာသောအခါ မလာစဖူး လာခြင်းဖြစ်၍ အလုပ်သမားများက ပြုံးကြသေးရာ ကျွန်ုပ်က အပျိုကြီးအား

အပေါ်ထပ်သို့ ခေါ်သွားသောအခါ တယောက်၏မျက်နှာကို တယောက်လှမ်းကြည့်ကြ၏။ ကျွန်ုပ်သည် စံဒေဝီအား ချစ်ကြိုက်ရာ၌ မည်သူ့ကိုမျှ အသိမပေးပဲ ကြိတ်၍ပိုးခြင်းဖြစ်ရာ အလုပ်သမားများက ကျွန်ုပ်အား 'အပျိုဟိုင်းကြီး'နှင့် ငြိနေပြီဟု ထင်မိကြကြောင်းနှင့် နောင်တွင်ပြောပြကြသေးသည်။ ၄င်းအပျိုကြီးကား စံဒေဝီတို့အိမ်၌ အကျွမ်းတဝင် ထွက်ဝင်လာခဲ့သည့် 'လက်ကသုံးတောင်ဝှေး'ဖြစ်လေသည်။ ကျွန်ုပ်သည် အပေါ်ထပ်တွင် အပျိုဟိုင်းကြီးအား နေရာထိုင်ခင်းပေး၍ မျက်နှာချင်းဆိုင် ထိုင်မိကြသည်တွင် 'ကောင်းသော'စကား ပါခဲ့သည်အထင်နှင့် 'ဖိုးကျိုင်းတုတ်'ဖြစ်မိသော်လည်း တဘက်၌ကား မည်သည့်စကား အဆက်အသွယ်မျှ မရှိပါပဲနှင့် 'ကောင်းသောစကား'ပါလာရန် မဖြစ်နိုင်ဟု ဖျက်ချလိုက်၏။ ထို့နောက် အပျိုကြီးက–

"မောင်ဖေသိန်း၊ မကို မင်းတကယ်ကြိုက်တာလား"

ထိုခဏ၌ သဘော်ဆိပ်တုန်းကထက် ပြင်းထန်သော ထုနက်ခြင်းဖြင့် ကျွန်ုပ်၏ နံရိုးကို နှလုံးသားက ဆောင့်၍ တိုးလိုက်သည်နှင့် ကျွန်ုပ်၏မျက်နှာပင် တမျိုးတမည် ဖြစ်သွားခြင်းကို အပျိုကြီး မြင်လိုက်ရသည့် လက္ခဏာနှင့် သူပင် အံ့အားသင့်သွား၏။ ကျွန်ုပ်လည်း ရုတ်တရက် အဖြေမပေးနိုင်ပဲ ငေးကြည့်နေမိသေး၏။ နောက်တွင်မှ "ဘာကြောင့် မေးတာလဲ အမကြီး"

"မေးဆို ဒီလိုလေ၊ အမေကြီးက လွှတ်လိုက်တယ် မောင်ရဲ့"

"ဟုတ်ကဲ့လားဗျာ၊ ကျွန်တော့်ကိုလိမ့်နေတာများလား အမကြီးရယ်"

"ငါ့မောင်က တယ်ရိုးတာကိုး၊ ပတ္တမြားစေတီပွဲမှာ မင်းနဲ့အတူတူသွားကြတဲ့ အဖွဲ့ထဲက ကျောင်းဆရာတယောက်က ငွေ၃၀၀၀ဝိနဲ့ စိန်နားကပ်တရံ တင်ပါ မယ်တဲ့၊ စကားစပ်နေတယ် မောင်ရေ့"

"ဘယ်တုန်းက စပ်တာလဲဗျာ၊ ပွဲက ပြန်လာမှလား"

"မဟုတ်ဘူး မောင်ရေ့၊ တလလောက် ရှိသွားပြီ"

"နို့ ဘယ်လိုတဲ့လဲဗျာ"

"အမေကြီးကတော့ ခပ်ပါပါပဲ၊ သမီးကလဲ မအေ့စကားကို နားထောင်ရမှာပဲ"

"ဟိုက် ဒီလိုဆိုပြီးကြရောပေါ့ အမကြီးရယ်"

"ပြီးကြလို့ရှိယင် ဒီကိုအမကြီး ဘာလာစရာရှိသလဲ"

ကျွန်ုပ်အား ထ၍ခုန်လိုက်ချင်သည်။

"ကိုင်း–ဒါဖြင့် ပြောပါအုံး အမကြီး"

"မကို မင်းကြိုက်နေတာ ဘယ်လောက်ကြာပြီလဲကွယ့်"

"၈ တန်းကတည်းကပါပဲဗျာ"

"ဒီအကြောင်းကို အမေကြီးက မသိဘူး မောင်ရဲ့"

"နို့ဗျာ သူကတော့ သိတယ်မဟုတ်လား အမကြီးရယ်"

"သိတာပေါ့ကွယ်"

"နို့ဒါဖြင့် အမေကြီးက ပေးစားတိုင်း ယူမှာတဲ့လားဗျ"

"မယူလို့ ဘယ့်နှယ်လုပ်မလဲ၊ မင်းက ဘာမှပြောဘူးတာလဲ မဟုတ်၊ ပတ္တမြားစေတီပွဲက ပြန်တော့မှ အမေကြီးက မင်းအကဲခတ်ပြီး အမကြီး လွှတ်လိုက်တာပဲ"

"နို့ သူကကောဗျာ"

"သူက မင်းလိုပဲ ရှက်တတ်တယ်၊ ငါ့ကိုတောင် ဘာမှမပြောဘူးဘူး"

"အမကြီးက ဘယ်လိုထင်သလဲဗျာ"

"အမကြီးက အပျိုကြီးပေမယ့် နားလည်ပါတယ်"

"ဖွင့်လို့တော့ မပြောဘူးဘူးပေါ့"

"တယ်ခက်တဲ့ လူပါကလား၊ ယောက်ျားကလေးက ဘာမှမပြောဘူးပဲနဲ့ မိန်းကလေးက ပြောရမှာလားမောင်ရယ်"

"အမေကြီးက ဘယ်လိုမှာလိုက်သလဲ အမကြီးရဲ့"

"တကယ်ကြိုက်လို့ရှိလျှင် မိဘများလွှတ်ပြီး ပြောခိုင်းပါတဲ့"

“တခုတော့ ကျွန်တော်သိချင်တယ် အမကြီးရယ်”

“ဘာများလဲတော်”

“ကျွန်တော်ကြိုကြတာက တကယ်ကြိုက်တာပါ၊ သူလဲပဲ သိလောက်ပါတယ်၊ ယခု ကျွန်တော်ဖွင့်ပြောနေပြီ မဟုတ်လား၊ ဒီတော့ သူ့ဆီက စကားတလုံးရအောင် တောင်းပြီး ကျွန်တော့်ကိုပြန်ပြောပါ မိဘများကို ကျွန်တော် လွှတ်ပါမယ်”

“သူ့အမေကြီးက မောင့်ဆီကို လွှတ်လိုက်လို့ အမကြီးလာရပြီဟာပဲ မောင်ရယ်၊ စိတ်ချလောက်ကရောပေါ့”

“ဒါပေမယ့် သူ့ဆီကစကားတလုံးကို ကျွန်တော်ကြားချင်ပါသေးတယ် အမကြီးရယ်၊ တဆိတ်လောက်မေးပေးပါဗျာ”

“ဒီလိုဆို မေးပေးရတာပေါ့မောင်”

“တခုတော့ရှိတယ် အမကြီးရေ့၊ ကျွန်တော်ကတော့ ငွေ၃၀၀၀ဝိတွေ၊ စိန်နားကပ်တွေ ဘာတွေတော့မတတ်နိုင်ပေဘူးဗျာ”

“ဒါတွေသိပါတယ်၊ ၉ တန်းသမားတယောက်ဟာ ငွေတင်ဖို့ မလိုပါဘူး၊ အမကြီးကလဲနားလည်ပါတယ်”

“ဒါဖြင့် ဘယ်တော့လောက် စကားပြန်မှာလဲ အမကြီး”

“နက်ဖြန်ခါတော့ အမကြီးရယ်၊ သူတို့သားအမိနှစ်ယောက်ရယ် မိတ္ထီလာသွားကြမလို့၊ ဟိုကအပြန်တော့ လာခဲ့မယ်”

“မိတ္ထီလာကိုဘာလုပ်လဲဗျာ”

“သူ့မောင်တယောက်ရှိတယ်၊ ဟုတ်လား၊ ဒီအကြောင်းကိုတိုင်ပင်မလို့တဲ့၊ မောင်ကသာ မိဘများနဲ့စီစဉ်ထားပေတော့”

“သူ့မောင်က သဘောမတူဘူး ဆိုယင်ကောဗျာ”

“အမလေး စိတ်သာချ၊ သူ့မောင်က ၇တန်းအောင်တဲ့ လူဆိုယင် ပေးစားလိုက်တဲ့၊ ငါ့မောင်က ၂တန်းတောင်ပိုနေသေးတယ်”

အပျိုကြီးပြန်ခါနီး၌ ကျွန်ုပ်က သောက်ရေအိုးစင်အနီးတွင် 'ပန်း'အကြောင်း ပြောလိုက်မိ၍ မျက်မှောင်ကြီး ကုပ်သလို၊ မျက်ခုန်းချီသလို လုပ်သွားပုံအကြောင်း ပြောပြလိုက်ရာ အပျိုကြီးက "ဒီအကြောင်းခဏခဏ ပြောပြီး အမကြီးတို့ ရယ်ကြရသေးတယ်၊ ငါ့မောင်က တယ်ရိုးတာကိုး"ဟု ရယ်မောကာပြော၍ ပြန်သွားလေ၏။

ဤတွင်မှ စစ်ကိုင်းတောင်ရိုး၌ ချောင်လေ့ကားအတက်တွင် စံဒေဝီက ကျွန်ုပ်အား လှည့်ကြည့်လိုက်သော မျက်နှာထား၌ "မောင်ရင့် အပုံနဲ့တော့ လွဲကုန်ကြပါလိမ့်မယ်"ဟူသော အဓိပ္ပါယ်ရှိခြင်းကို တွေးဆနိုင်ပါတော့သည်။ 'ပတ္တမြားစေတီပွဲတော် လိုက်မိပေလို့ပေါ့၊ နို့ဖြင့် လွဲတော့မှာပဲ၊ ကံကောင်းလို့ပါ တကား'ဟုလည်း ကျွန်ုပ်စဉ်းစားမိပါသည်။

## ဖြူစင်သောမေတ္တာ

စံဒေဝီကို ပိုးပန်းခဲ့သော အဖြစ်အပျက်တွင် ဤအချိန်သည် ကျွန်ုပ်အဖို့ရာ၌ မျှော်လင့်ချက်အများဆုံးအောင်မြင်ဖို့ အနီးကပ်ဆုံးသော အချိန်အပိုင်းအခြားဖြစ်၍ ထိုညဥ့်၌ ကျွန်ုပ်သည် စံဒေဝီအကြောင်းကို ပြောတတ်ကြသည့် သူငယ်ချင်း ကာလသားများ၏ဝိုင်းသို့ မသွားတော့ပဲ ကိုယ့်အိမ်၌ပင် စိတ်ကူးယဥ်လျက်ရှိ၏။ စိတ်ထဲ၌ရှိသော အခြင်းအရာကိုရေးရလျှင် ယခင်ကမူ စံဒေဝီအကြောင်းပြောပြ ခြင်းကို နားထောင်နိုင်သော်လည်း ဤညဥ့်၌မူ ချီးမွမ်းခြင်းကိုလည်းကောင်း၊ ကဲ့ရဲ့ခြင်းကိုလည်းကောင်း မကြားချင်သောစိတ်ဖြင့်နေခဲ့လေပြီ။ "ကိုရင်တို့နဲ့ ဘာဆိုင်လို့လဲ"ဟုမေးလိုက်ချင်သည်ဖြစ်ရာ ထိုကဲ့သို့ မေးရလောက်အောင်က လည်း ကျွန်ုပ်အဖို့ရာတွင်လည်း ဘာမျှမယ်မယ်ရရ ပိုင်ဆိုင်သေးသည် မဟုတ်သောကြောင့် ထိုဝိုင်းကို ရှောင်ခဲ့ခြင်းဖြစ်၏။ ကိုယ့်အဖြစ်ကို ပြန်၍စစ်ဆေး လိုက်သည့်အခါ အပျိုကြီး၏ စကားသက်သက်မျှသာရှိသေး၍ ၄င်း၏စကား

ထဲ၌ပင် "ကြိုက်ပါသည်"ဟူ၍ ဖွင့်ပြောပြခြင်းမျိုး မပါရှိ၊ သူ့အထင်သက်သက်မျှသာရှိသေး ၏။ သို့ရာတွင်ကျွန်ုပ်အဖို့ရာ၌ စိတ်ကူးယဉ်နိုင်ဖို့ အချက်အလက်များ ပါရှိသည် ဖြစ်သောကြောင့် ပျက်နိုင်သော အခြင်းအရာများကို ဖယ်ရှားပြီး (မေတ္တာ စင်ကြယ် မှုကြောင့်)ညစ်ညမ်းသော အခြင်းအရာများမပါ၊ ကိုယ်တဦးတည်းပိုင်ပစ္စည်းအနေ ဖြင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ဝဝကြီးကြည့်နေနိုင်ကြတော့မည်ဟူသည်ထက် မပိုခြင်းကို ကျွန်ုပ်သစ္စာပြုဝံ့ပါသည်။ စံဒေဝီ၏ကိုယ်အင်္ဂါအလုံးစုံတွင် ကျွန်ုပ် သတိရဆုံး၊ စိတ်အကူးမိဆုံးအပိုင်းမှာ ၎င်း၏မျက်နှာပင်ဖြစ်ရာ တဖန်ထပ်၍ စစ်ဆေးလိုက်သော် မျက်လုံးပင်ဖြစ်ပါသည်။ 'ကာတစ်'တွေ၊ ခါးသေးရင်ချီခြင်း တွေကိုလုံးဝသတိမရခြင်း မှန်ပါသည်။ ပြစ်ချက်တွေဗလပွရှိခဲ့သော ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်ပြန်၍စစ်ဆေးလိုက်သည့်အခါများတွင် စံဒေဝီအပေါ်၌ ထားရှိသည့်မေတ္တာ၏ ဖြူစင်ခြင်းသည် အကျေနပ်ဆုံးဖြစ်ပါတော့သည်။

နောက်တနေ့နေ့လယ်တွင် စံဒေဝီသားအမိနှင့် အပျိုကြီးတို့သည် မိတ္ထီလာသို့ မီးရထားနှင့်သွားကြမည်ဖြစ်ရာ ၎င်းတို့၏အိမ်ရှေ့သို့ မြင်းရထားဆိုက်ခြင်းကို ကြားလိုက်ရသဖြင့် ထွက်၍ကြည့်ချင်သော်လည်း ရှက်သည်နှင့်ပင် မကြည့်ပဲ နေလိုက်ပါသည်။

ယခင်ကမူ ကျွန်ုပ်၏မေတ္တာကို မည်သူ့အားမျှ ဖွင့်၍မပြောဘူးသေးသောကြောင့် မရှက်သော်လည်း ယခုမှာမူ အပျိုကြီးအား ဖွင့်ပြောပြီးဖြစ်သောကြောင့် အပျိုကြီးကိုလည်း ရှက်သည်၊ အမေကြီးကိုလည်း ရှက်သည်။ စံဒေဝီကိုပင် (စကားပြန်မရသေးသောကြောင့်) ရှက်သေးသည်။ ကျွန်ုပ်ကဲ့သို့ ညံ့သောလူပျိုကလေးတယောက်သည် ကမ္ဘာလောကတွင် ရှိပါလေ၏လောဟု တခါတရံတွင် ကိုယ့်ဟာကိုယ်မေးမိပါသည်။

## ဖခင်၏အစီအစဉ်

ထိုနေ့ညနေတွင် ဖခင်ရောက်လာ၏။ ဖခင်၏မျက်နှာကို မြင်လိုက်ရသည်နှင့် တပြိုင်နက် ဖွင့်ပြောရမည့် ကိစ္စကို သတိရ၍ ဒိတ်ကနဲဖြစ်ရ၏။ ဖခင်ကမူ "သဘက်ခါမင်းလိုက်ခဲ့ရမယ်ဟေ့၊ ကျောင်းဆရာကြီးကိုပြောပြီး အားလုံးပြင်ဆင်ထား"ဟု ပြောသည်နှင့် ကျွန်ုပ်က "ခွင့်ခံခဲ့ရမှာလား"ဟုမေးရာ "မဟုတ်ဘူး တခါတည်းထွက်ခဲ့ရမှာ"ဟု ပြောသဖြင့် ဦးခေါင်းကြီး၍သွား၏။ နောက်ဆုံး၌ ကျွန်ုပ်သိရသည်မှာကား ရွှေဘိုမြို့ အရေးပိုင်ရုံးတွင် အကူစာရေးလုပ်ဖို့အတွက် ဟက်ကလက်စာရေးကြီးနှင့်တကွ ရုံးအုပ်စာရေးကြီးနှင့်ပါ စီစဉ်ခဲ့ပြီးဖြစ်ကြောင်း၊ သုံးလအတွင်း အလုပ်တခု ရလိမ့်မည့်အကြောင်း ပြောသည်တွင် ကျွန်ုပ်၏မျက်နှာ၌သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်သွားသည် ထင်လိုက်မိ၏။ ကျွန်ုပ်ကခေတ္တဆိုင်းဖို့ ပြောသော်လည်း လက်မခံသည်နှင့် စံဒေဝီအကြောင်းနှင့် အပျိုကြီး၏စကားများ အကြောင်းကို ပြောပြလေ၏။

"ဒီလိုဆိုဘာခက်သလဲ၊ ဒီကနေ့ည ငါသွားပြောမယ်လေ"ဤတွင် ကျွန်ုပ်က သူတို့မရှိသေးကြောင်း၊ စံဒေဝီထံမှ စကားပြန်ကို စောင့်နေရကြောင်း ပြေပြလေရာ ဖခင်က "ကိစ္စမရှိဘူး၊ မင်းလိုက်ခဲ့ ရုံးပို့ပြီး ငါတခေါက် လာပြောမယ်၊ ကျေနပ်ကဲ့ မဟုတ်လား"ဟုမေး၏။ ကျွန်ုပ်က စံဒေဝီ၏စကားတလုံးအတွက် စောင့်စေလိုကြောင်း၊ အပျိုကြီး၏စကားသက်သက်မျှသာ ရှိသေးကြောင်း ပြောသော်လည်း "မင်းပြောတဲ့အတိုင်းဆိုလျှင် နေရာကျမှာပါကွယ်၊ လိုက်သာလိုက်ခဲ့ပါ၊ ငါတခေါက်လာပြီး ပြောပါမယ်"ဟု အတင်းခေါ်သည်နှင့် လိုက်သွားရပါတော့သည်။

## ခံရခက်ဆုံးသော ရက်သတ္တပတ်

ရွှေဘိုမြို့သို့ရောက်ကြ၍ ရုံးအုပ်စာရေးကြီးနှင့်တွေ့ပြီး စီစဉ်ပြီးရာတွင် (ထိုခေတ်၌ ရွှေဘိုတမြို့လုံးနှင့်ရုံးအားလုံးတွင် ၉ တန်းအောင်သူ တယောက်မျှ မရှိသေးရာ အကူစာရေးမျှလောက်ဖြစ်ဖို့မှာ အခက်အခဲမရှိ၊ မျက်နှာပင် ရခဲ့သေး၏။) ကျွန်ုပ်တင်ပါးတွင် သွေးစုနာကြီး ချက်ချင်းပေါက်လာ၍ လမ်းပင် မလျှောက်နိုင်ပဲရှိသည်နှင့် ဝက်လက်သို့ လိုက်လာရပြန်သည်။ သွေးစုနာ ဟူသည်မှာ ပြည်မှည့်ပြီးမှ ပျောက်ရသောအနာမျိုးဖြစ်၍ ကိစ္စ တန်းလန်းအတွင်း ရက်ပေါင်း ၂၀မျှလောက် စောင့်ရမည့်အရေးကြောင့် ကျွန်ုပ်အဖို့ရာ၌ ငရဲပြည် ပို့ထားသည့်နှယ် စိတ်ဆင်းရဲခဲ့ရပါသည်။ ဤအရေးတွင် ကျွန်ုပ်ဖခင်ကား တော်ရှာပါပေသည်။ မန္တလေးမှ သတင်းကိုနားထောင်၍ စံဒေဝီတို့သားအမိ ပြန်ရောက်ပြီဟု ကြားသိရသည်နှင့်တပြိုင်နက် ချက်ချင်းဆင်း ၍ပြောရာ လက်ခံလိုက်သည်ဆိုသောကြောင့် ကျွန်ုပ်ဝမ်းသာလှသည်။ သို့ရာတွင် ပြည်မှည့်ဖို့ မှာ ရက်သတ္တပတ်ခန့် လိုသေးသောကြောင့် ကျွန်ုပ်၏တသက်တာတွင် အခံရ ခက်ဆုံးသော ရက်သတ္တပတ်ဟူ၍မှတ်တမ်းတင်ထားရပါသည်။

## သဘာပေးကြခြင်း

သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့မှာ သကျသီဟဘုရား ဆွမ်းတော်ကြီး ကပ်သောနေ့ဖြစ်၍ ကျွန်ုပ်၏သွေးစုနာလည်း ပြည်ပေါက်သည်နှင့် ထိုနေ့မှာပင် မန္တလေးသို့ ဆင်းလာခဲ့၏။ ညနေခင်းတွင် ဘူတာရုံသို့ဆိုက်ရောက်၍ ကာလသား သူငယ်ချင်းများ ရှိသောနေရာသို့ သွားလေရာ တကျိပ်ခန့်မျှသော သူငယ်ချင်းများ သည် ထိုည၌ သကျသီဟဆွမ်းတော်ကြီးကပ်သို့ သွားကြရန်အတွက် စုရုံးလျက် ရှိသည်နှင့် အဆင်သင့်တွေ့ရသည်။ ၄င်းတို့သည် ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း

“ဟစ်ဟစ်ဟူးရေး”ဟု သုံးကြိမ်သြဘာပေးလိုက်ကြသဖြင့် ကျွန်ုပ်အံ့အားသင့်သွား၏။ စုံစမ်းကြည့်သောအခါ ၎င်းတို့သည် ဖခင်၏စကားကို စံဒေဝီ၏မိခင်က လက်ခံလိုက်ကြောင်း သတင်းကြားကြပြီးဖြစ်သောကြောင့် သြဘာပေးခြင်းဖြစ်သည်ဟုသိရ၏။ စံဒေဝီကိုပိုးပန်းသူများအနက် တယောက်ကမူ ကျွန်ုပ်၏လက်ကို ဆွဲလျက် “ကွန်ဂရက်ကျူလေးရှင်း’ဟု ဆိုပါပေသည်။ ထိုညနေအဖို့၌ ဤလူစုထဲတွင် ကျွန်ုပ်မှာ ‘ဟီးရိုး’ကြီးတယောက်ဖြစ်နေ၍ ခဏခဏသြဘာပေး ခြင်းခံရ၏။ အချို့ကလည်း“တော်တော်လုံတဲ့ လူတယောက်ပဲဗျာ၊ ကျုပ်တို့ကဖြင့် သူ့ကို တောင် ကပ်ရမလားမှတ်နေ၊ မောင်မင်းကြီးသားက ‘အံ့ပုန်းကြီး’လုပ်နေ တာကိုးဗျ ဟု ပြောကြ၏။ အချို့ကလည်း “ဒါတော့မပြောနဲ့လေ သူ့မှာလဲမျက်စိနဲ့ ပဲဗျ”ဟု ဝင်ပြော၏။ “ကြိုက်တာတော့ ကြိုက်ရပါတယ်၊ ဒီလိုဆို ကျုပ်တို့ ခြေညောင်းမခံဘူးပေါ့ဗျ”ဟု ပြောသူကပြော၍ တယောက်က “ကိုယ်ကြိုက်ကိုယ် ပိုးပေါ့ဗျာ၊ ဘာဖြစ်သလဲ”ဟုပြောရာ အခြားတယောက်က “သူက ၉ တန်းသမား ဗျ၊ ကျုပ်တို့ လေးငါးတန်းနဲ့ ဘာစွံနိုင်မှာလဲ”ဟု ပြောလေသည်။ ဤလူစုအနက် တွင်ကျွန်ုပ် ထက် ရုပ်ချောသူများ၊ ဝတ်စားနိုင်သူများ၊ ဝင်ငွေရှိသည့် ဈေးသည် ကလေးများ၊ သုံးနိုင်ဖြုန်းနိုင်သူများရှိကြပါလျက် အင်္ဂလိပ်စာကို မည်မျှလောက် အထင်ကြီး ကြောင်း ထင်ရှားလှပါသည်။

## ထူးဆန်းသောကြည့်ခြင်း

ထိုည၌ ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ သကျသီဟဘုရားပွဲသို့ လိုက်သွားသော်လည်း စံဒေဝီကို မြင်လိုသေးသည်နှင့် လူစုနှင့်ခွဲပြီး တယောက်တည်း လိုက်ရှာ၏။ စံဒေဝီတို့ သားအမိသည် ဤဘုရားပွဲသို့ နှစ်တိုင်း လာတတ်ခြင်းကိုလည်း ကျွန်ုပ်သိပြီးဖြစ်၏။ ဘုရားပေါ်သို့ရောက်၍ အရှေ့မြောက် ထောင့်အပေါ်မှ ရပ်ပြီး ဘုရားဖူးသူများအား လှမ်းကြည့်လိုက်စဉ် ကျဉ်းမြောင်း

သော အပေါက်ကလေးတွင် စံဒေဝီနှင့်ကျွန်ုပ် မျက်နှာချင်းဆိုင်ရပ်လျက်သား ဆုံမိကြလေတော့၏။ ထိုအခိုက်အတန့်၌ မိခင်ကို မမြင်ရပဲ စံဒေဝီတယောက် တည်းရှိနေရာ ကျွန်ုပ်က ဝမ်းပန်းတသာ နှုတ်ဆက်လိုက်မည်အပြုတွင် သူ၏ ထူးဆန်းသော မျက်နှာထားကို မြင်လိုက်ရ သည်နှင့် တန့်ကနဲ ရပ်ထားလိုက်ရ၏။ စံဒေဝီသည် ကျွန်ုပ်အား အလွန်ပြောချင် သောစကားတခွန်းရှိသည့် လက္ခဏာနှင့် စိုက်ကြည့်ပြီးမှ နောက်သို့လှည့်ကြည့် လိုက်ရာ အမေကြီးရောက်လာသည်နှင့် မပြောတော့ပဲဆိုင်းထားလိုက်၏။ သို့ရာတွင် စကားပြောချင်ပုံရသည့် လက္ခဏာ မှာမူ သူ၏မျက်နှာ၌ ကျန်လျက်ပင် ရှိသေး၏။ အမေကြီးရောက်လာ၍ ကျွန်ုပ်ကို မြင်သောအခါ ကျွန်ုပ်မျှော်လင့်သော မျက်နှာထားမျိုးမဟုတ်ပဲ ရှက်သလိုလို အားနာသလိုလို ဖြစ်နေခြင်းကိုတွေ့ရ၏။ မည်သို့ပင်ဖြစ်စေ အမေကြီးကား ကျွန်ုပ်ကိုမြင်ရသည့်အတွက် ဝမ်းသာပုံမရခြင်း ကားသေချာလှသည်။ ကျွန်ုပ်သည် သားအမိနှစ်ယောက်လုံး၏ အမူအရာကို နားမလည်နိုင်သည်နှင့် နှုတ်ဆက်မည့် အကြံကို ရုပ်သိမ်း၍ ကျဉ်းမြောင်းသော တံခါးဝတွင် တိမ်းရှောင်ပေးလိုက်ရာ ရှေ့မှထွက်လာသော စံဒေဝီသည် ယခင်မျက်နှာထားအတိုင်း တချက်လှည့်ကြည့် သေးသော်လည်း အမေကြီးမူကား မျက်နှာငုံ့၍သွားတော့၏။ ဤမိန်းမကြီးကား သူ့သမီးအားပိုးသော လူပျိုကလေး များကိုကြည့်ရာတွင် အလွန်မျက်လုံးရဲသူ တယောက်ဖြစ်သောကြောင့်သူ၏ ဤညဉ့်အပြုအမူကို ကျွန်ုပ်နားမလည်အောင် ရှိတော့သည်။

## အမေကြီးညာတယ်

ကျွန်ုပ်သည် သူငယ်ချင်းများနှင့် မဆုံတော့ပဲ တယောက်တည်းပြန်လာ၍ အပျိုကြီး၏အိမ်သို့သွားရာ အပျိုကြီးမှာ ၄င်း၏ညီမများနှင့် ပွဲကြည့်သွားကြသော ကြောင့် မတွေ့ခဲ့ရချေ။ သတ္တိရှိသော လူပျိုကလေးတယောက်ဖြစ်ခဲ့လျှင် စကား

လက်ခံပြီး၍ တရပ်လုံးသိနေကြသော ကိစ္စဖြစ်သောကြောင့် သူတို့၏အိမ်သို့တိုက်ရိုက်တက်ပြီး မေးခွင့်ရှိ၏။ ကျွန်ုပ်လည်းမေးချင်လိုက်သည်မှာ အူယားလျက်ရှိ၏။ သို့သော်တယောက်တည်း မတက်ဝံ့၊ အဖော်ခေါ်ရမည့် လူလည်းမမြင်၊ သူငယ်ချင်းကိုဖေကိုသာ တမ်းတမိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်သည်ပွဲသို့မပြန်တော့ပဲ နေအိမ်သို့ပြန်လာ၍ ဘထွေး၏မိန်းမထံတွင် စံဒေဝီတို့အကြောင်းကို စုံစမ်းမေးမြန်းလေ၏။ အဒေါ်ကလည်း ဖခင်၏စကားကို လက်ခံလိုက်သည်ဆိုစေကာမူ လွန်းခဲ့သည့်လေးငါးရက်လောက်အတွင်း ကုန်သည်ပိုင်းမှလူတယောက်က ငွေမည်၍မည်မျှ တင်သမည် ဆိုသောကြောင့် အမေကြီးကလက်ခံလိုက်သလိုလို ကြားရကြောင်း၊ ခရီးရောက်မဆိုက်ဖြစ်၍ ညနေကကျွန်ုပ်အားမပြောပဲ ထားခဲ့ကြောင်း စသည်ဖြင့်ပြောပြလေ၏။ ဤစကားအရထောက်လိုက်သော် သားအမိနှစ်ယောက်တို့၏ မျက်နှာထားသည် အဓိပ္ပါယ်ပေါ်လွင်လျက်ရှိလေပြီ။ ကျွန်ုပ်မည်မျှလောက် မခံချင်လိုက်သည်ကို ဖော်ပြရန်လိုမည်မဟုတ်ပေ။ သို့သော် ကျွန်ုပ်အဖို့ရာ၌ ကိုယ့်သိက္ခာ ကိုယ်မလုံအောင်ဖြစ်နေခြင်းမှာ ဖခင်၏စကားကို သူ့မိခင်က လက်ခံလိုက်သည်ဆိုသော်လည်း စံဒေဝီကိုယ်၌က ချစ်ကြိုက်ပါသည်ဟု ဦးတိုက်ဖြစ်စေ၊ တဆင့်စကားဖြစ်စေ ဖွင့်ဟဝန်ခံဘူးခြင်း မရှိသည့်အတွက်ကြောင့် ကျွန်ုပ်သည်စံဒေဝီကိုဆူနိုင်ခွင့်မရှိ၊ အမေကြီးကိုသာ ဆူနိုင်မည်၊ ကျွန်ုပ်ဆူချင်သူကားအမေကြီးမဟုတ်၊ စံဒေဝီဖြစ်နေသဖြင့် ဂွကျလျက်ရှိ၏။ ဝတ္တရားသိသောသမီးတယောက်သည် မိဘ၏သဘောအတိုင်း ပေးစားသောလူကို ယူချင်လျှင်ယူနိုင်ခွင့်ရှိ၏။ ချစ်ကြိုက်ပါသည်ဟု ဖွင့်ဟဝန်ခံသည့်စကားမျိုး ဦးတိုက်ရရှိမထားသည့်လူပျိုတယောက်က မိဘပေးစားတိုင်း ယူရချေမည်လောဟု ဆူပူဖို့အခွင့်အရေးရှိသည် မဟုတ်ပေ။

## သူငယ်ချင်းများ၏ အားပေးမှု

ထိုညဉ့်တွင် ကျွန်ုပ်မှာ ပျွမ်းသဒါလန်အောင် ခံရခက်လျက်ရှိ၏။ ရှက်လည်း ရှက်သည်။ အလွန်လည်းနှမြောသည်။ စံဒေဝီကိုဒေါပွချင်သော်လည်း (ဖော်ပြခဲ့သည့် အတိုင်း) ဒေါပွပိုင်သော အခွင့်အရေးကျွန်ုပ်၌မရှိချေ။ အမေကြီး အပေါ်၌ ဒေါပွနိုင်သော်လည်း ဘာမျှ အကျိုးရှိမည်မဟုတ်။ သာ၍ အရှက်ကွဲကြဖို့ သာဖြစ်လိမ့်မည်ဟု ကျွန်ုပ်တွက်မိ၏။ သို့သော် သကျသီဟ ဘုရားပွဲ၌ စံဒေဝီ၏ မျက်နှာထားကို သတိရ၍'ဘာများပြောချင်ပါလိမ့်'ဟု သိချင်သောဆန္ဒဖြစ်လာ၏။ ဤနေရာတွင် ကျွန်ုပ်၏ညံ့ဖျင်းမှု ဝင်လာ၏။ သတ္တိရှိသူဖြစ်ခဲ့လျှင် ဘယ်နည်းနှင့် မဆို သိရအောင်လုပ်မည်ဖြစ်၏။ ကျွန်ုပ်ကမူ "မောင်နဲ့ကျုပ်နဲ့လွဲကြပါစို့"ဟူ သောစကားမျိုးပြောလိုခြင်းလည်း ဖြစ်နိုင်သည်ဟု တွက်မိသည်နှင့် တွေ့ဆုံ မေးမြန်း ဖို့ပင် မကြိုးစားချင်တော့ပဲ ဝက်လက်သို့သာပြန်ပြေးဖို့ စိတ်ကူး ဖြစ်ပေါ်လျက်ရှိ၏။ နောက်တနေ့နံနက် အိပ်ရာမှနိုး၍ ဝက်လက်သို့ပြန်ရန် စဉ်းစားလျက်ရှိစဉ် ကာလသား သူငယ်ချင်းများအနက်မှ ကျွန်ုပ်၏ ၉ တန်းဂုဏ်ကို အထူးအထင်ကြီး ၍ကျွန်ုပ်အားခင်မင်လေးစားသူ တယောက်သည် ကျွန်ုပ်၏ နေအိမ်သို့ ရောက်လာ၍ ကျွန်ုပ်အား မျက်နှာတမျိုးနှင့်ကြည့်ခြင်းကို သတိပြုမိ သည်။ ထိုသူသည် ကျွန်ုပ်အား ကြင်နာသောမျက်နှာထားနှင့် ကြည့်နေပြီးနောက်–

"သတင်းခုကြားရတယ်ဗျာ၊ ခင်ဗျားတော့ ကြားပြီးပြီလား မဆိုနိုင်ဘူး"

ကျွန်ုပ်သည် သူ၏မျက်နှာထားကို မြင်ရခြင်းအားဖြင့် သူပြောချင်သော သတင်းကို ရိပ်မိသော်လည်း ဘာမှမပြောပဲ ဆိတ်ဆိတ်နေလိုက်လေသည်။

"မနေ့ညကတည်းက ဘုရားပွဲမှာ ခင်ဗျားကိုလိုက်ရှာကြတာ မတွေ့ဘူးဗျာ၊ ကျုပ်တို့က ပြောချင်လွန်းလို့အူကိုယားနေကြတာပဲ၊ သူတို့ဒီလိုလုပ်တာ ဘာ ကောင်းသလဲဗျ"

"ကုလားများပြောကြသလို 'နဖူးစာ'ပလေဗျာ၊ ကျုပ်တော့ဒီကနေ့ ဝက်လက်ပြန်တော့မယ်ဗျာ သူငယ်ချင်းတွေတောင် မတွေ့ချင်တော့ပါဘူး"

"သြော် ခင်ဗျားလဲ ကြားပြီးပြီလား"

"ညကပဲ ကြားပါတယ်"

"လာဗျာ၊ အပြင် ခဏထွက်ရအောင်"

ကျွန်ုပ်သည် အဝတ်လဲ့လှယ်၍ လိုက်ပါသွားလေ၏။

သူငယ်ချင်းသည် အခြားသူငယ်ချင်းတယောက်အိမ်သို့ ဝင်၍ခေါ်ပြီးနောက် သုံးယောက်သားသည် ရုံတော်ကြီးသို့ သွားကြလေ၏။ တရုတ်ဆိုင်သို့ဝင်၍ ပထမသူငယ်ချင်းက ဝီစကီတချိုးနှင့် ဆိုဒါအပြင်စားစရာများလည်း မှာပြီးနောက် စံဒေဝီ၏ အမေကြီးလုပ်ပုံကို ၎င်းတို့နှစ်ယောက်က စ၍ပြောကာ ကျွန်ုပ်အားကြင်နာစကားပြောကြလေရာ ကျွန်ုပ်လည်း ပထမ၌ ဝီစကီကို ငြင်းမည်ပြုပြီးမှ စိတ်ထွက်လာသည်နှင့် အတူသောက်မိလေ၏။

တယောက်။ ။ "ဟိုငနဲက ငွေကလေး ငါးထောင်တင်နိုင်တာနဲ့ ငါးစိမ်းမြင် ငါးကင်ပစ်သတဲ့ဗျာ၊ လူချင်းတော့ ခင်ဗျားနဲ့ကွာပါတယ်၊ နံ့သာဆီနဲ့ အီးပါပဲဗျာ၊ ခင်ဗျားကောင်က သုံးတန်းအောင်တဲ့ကောင်မဟုတ်ဘူး"

တယောက်။ ။ "ပညာတွင်မကပါဘူးဗျာ၊ လူပုံချင်းကြည့်ပါအုံး၊ ဟိုကောင့်မျက်နှာက ရောက်သီးနေပူလှန်းထားသလို ရှုံ့နေတဲ့မျက်ခွက်ကြီးမျိုးပဲ၊ ခင်ဗျားက လူချောကြီးမဟုတ်ပေမယ့် ကျုပ်တို့မျက်စိထဲမှာတော့ သိပ်ယောက်ျားပီတယ်ဗျ၊ ဟုတ်တာပေါ့၊ ဘယ်လိုများ မျက်စိသူကြီးလွဲတဲ့ငနဲမလဲ မဆိုနိုင်ပါဘူးဗျာ"

ကျွန်ုပ်။ ။"အမေကြီးချယ်လှယ်တာဆိုင်ထင်ပါ့ဗျာ"

တယောက်။ ။"ဟင် ဟုတ်လား၊ ဒီလိုဆို ကျုပ်တို့မခံနိုင်ဘူးဗျ၊ အိမ်ရှေ့မှာ ဆိုင်းဘုတ်ထူပြီး အရှက်ခွဲမယ်ဗျာ"

တယောက်။ ။"ကျုပ်ကတော့ ဒီလိုကြံတယ်၊ ကိုမောင်ကလေးကို သီချင်းစပ်ခိုင်းပြီး သူတို့အိမ်ရှေ့က လျှောက်ဆိုစေမယ်ဗျာ"

ဟုတ်မဟုတ် အပထား၍ အထက်ပါစကားများသည် ကျွန်ပ်အဖို့ နှစ်သိမ့်စေသည့် စကားများဖြစ်လေရာ ကျွန်ပ်သည် ဝီစကီအနည်းငယ်ကလေးမျှသာ (သူတို့စိတ်ကျေနပ်အောင်) သောက်၍ တနေ့လုံး သူတို့နှင့်မခွဲတော့ပဲ လည်ပတ်သဖြင့် ဝက်လက်သို့မပြန်ဖြစ်တော့ချေ။

ထိုညဥ့်၌ လသာသာကြီးတွင် ကျွန်ပ်တို့ ကာလသားသူငယ်ချင်း ၁၀ ယောက်ခန့်တို့သည် စံဒေဝီ၏အိမ်ရှေ့ လမ်းလျှောက်ကြယင်း ကိုမောင်ကလေးက ကိုယ်တိုင်ရေးစပ်သော သီချင်းတပုဒ်ကို သူကိုယ်တိုင်ဟစ်အော်ကာ သီဆိုလေ၏။ ၎င်းတေးချင်းမှ တပုဒ်ကို ကျွန်ပ်မှတ်မိသည်မှာကား–

"....အမှန်ကို လင်းရမှာဖြင့် သတင်းမကြားပေါင်၊ ဒင်္ဂါးကိုဖြင့် မက်တာ၊ ရှက်စရာ ကလက်တာပေါ်ထင်...."ဟူသည်ပင်ဖြစ်လေသည်။

တရပ်လုံးသည် တေးသံကိုကြားကြ၍ အမေကြီး၏လော်မာမှုကို ရှုတ်ချပြီး ကျွန်ပ်ကိုသနားကြခြင်းကြောင့် ဥက္ကောဒေယျ ဖြစ်ရသေးသည်ဟု နောင်တွင် အဝေးမှကျွန်ပ်ကြားရ၏။ ကျွန်ပ်မူကား နောက်တနေ့နံနက်တွင် ဝက်လက်သို့ ပြန်ပြေး၍ ရွှေဘိုအရေးပိုင်ရုံးတွင် အလုပ်ဝင်လုပ်လေပြီ။

## ကျွန်ပ်၏အိပ်မက်

တနေ့သ၌ အပျိုကြီးထံမှ စာတစောင်ရရှိလေရာ ၎င်းစာ၌ စံဒေဝီသည် ငွေ၅၀၀ဝိကိုလည်း မမက် လူကိုလည်း မလိုချင်ပါဆိုကာ ငိုယိုသည့်အတွက်ကြောင့် အမေကြီးက လက်လျှော့လိုက်ရကြောင်း ပါရှိသည်။ ကျွန်ပ်သည် အမေကြီး၏လုပ်ပုံကြောင့် စံဒေဝီနှင့်ပတ်သက်၍ ရှက်လည်းရှက်၊ ဒေါလည်းဖောင်းသည်နှင့် သူ့အကြောင်းကိုမေ့ပျောက်ရန် ကြိုးစားလျက်ရှိစဉ် (အောင်မြင်

ခြင်းမရှိပါ။) အပျိုကြီး၏စာကို လက်ခံရရှိသည်တွင်ဖိနှိပ်ထားသည့် ဗူးညွှန့်ကို လွှတ်ပေးလိုက်ခြင်းကဲ့သို့ ချစ်စိတ်သည် နေ့ချင်းညချင်းကြီးထွားလာတော့၏။ အပျိုကြီး၏စာတွင် စံဒေဝီက ကျွန်ုပ်အပေါ်၌ မည်ကဲ့သို့ စိတ်ထားသည်ကို အကျယ်တဝင့်ဖော်ပြခြင်းမရှိပဲ ကျွန်ုပ်ကဆက်လိုလျှင် အသင့်ရှိလိမ့်မည် ဟူသော အပျိုကြီး၏ တင်ပြချက်မျှသာ ပါရှိလေသည်။ ကျွန်ုပ်သည် စံဒေဝီကိုလိုချင်လိုက် သည်မှာသေလုမတတ် ဖြစ်နေ၏။ သို့ရာတွင် ကိစ္စမျိုး၌ အလွန်ရှက်တတ် သည့်အထဲတွင် တကြိမ်လည်းအရှက်ကွဲခဲ့ရပြီဖြစ်သောကြောင့် ချီတုံချတုံဖြစ်ကာ မဆုံးဖြတ်နိုင်ပဲ ဖြစ်နေ၏။ ထိုညဥ့်၌ အိပ်မက်ထဲတွင် အမေကြီး သည် ငိုယိုလျက်ရှိသော စံဒေဝီအား မိခင်၏စကားကို နားမထောင်ရကောင်းလော ဟု ကြိမ်းမောင်းလျက်ရှိခြင်းကို မြင်ရသည်။ အိပ်ရာမှလန့်နိုးရာတွင် ကျွန်ုပ်သည် ပြန်၍မအိပ်တော့ပဲ ချက်ချင်းထ၍ စာတစောင်ရေးလေ၏။

## အမေကြီးထံပေးစာ

ငှင်းစာမှာအမေကြီးထံသို့ ပေးရန်ဖြစ်လေရာ အဓိပ္ပာယ်မှာ စံဒေဝီအား ချစ်ကြိုက်လာခဲ့သည်မှာ သုံးနှစ်ကျော်မျှ ရှိခဲ့ပြီဖြစ်ကြောင်း၊ စံဒေဝီက မေတ္တာကို တုံ့ပြန်သည်ဟု ထင်မိခဲ့သော်လည်း စုံစမ်းခွင့်မရသောကြောင့် ယနေ့တိုင် အတိအကျ မသိရသေးကြောင်း၊ အရွယ်လည်း ငယ်ကြသေးသဖြင့် ကျောင်းမှ ထွက်လာပြီးနောက် အလုပ်အကိုင်တခုခု နေထားတကျ ရရှိသောအခါမှ လူငယ်ချင်း တွေ့ခွင့်မရခဲ့လျှင် လူကြီးချင်းစေ့စပ်ယူဖို့ ကြံရွယ်ထားခဲ့ကြောင်း၊ ပတ္တမြားစေတီပွဲတော်မှအပြန်တွင် အပျိုကြီးကို လွှတ်၍ပြောခိုင်းသည့်အတွက် ဖခင်ကိုကတိုက်ကရိုက် စေလွှတ်ရခြင်းဖြစ်ကြောင်း၊ ထို့နောက်အမေကြီးညာ ခြင်းကြောင့်အရှက်ကွဲရခြင်းကို အကျယ်တဝင့် မရေးသားလိုတော့ပါကြောင်း၊ သို့သော်စံဒေဝီအပေါ်၌ထားရှိသောမေတ္တာမှာ သူတပါးတို့၏ မေတ္တာနှင့်တူမည်

မထင်။ အလွန်ဖြူစင်သော မေတ္တာမျိုးဖြစ်သည့်အလျောက် မေတ္တာကို စံဒေဝီက တုံ့ပြန်သည်ဖြစ်စေ မတုံ့ပြန်သည်ဖြစ်စေ (ကျွန်ုပ်ကို ပေလာယျက်ထားပြီး) စံဒေဝီကမကြည်ဖြူသော လူတယောက်ယောက်နှင့် ဇွတ်အဓမ္မနားချသည့် အလုပ်မျိုးကိုတော့ တောင်းပန်လိုကြောင်း၊ မိမိကိုယ်တိုင်မည်သူနှင့်အကြောင်း ပါသည်ဖြစ်စေ၊ စံဒေဝီအဖို့မှာ သူကိုယ်တိုင် မနှစ်မြို့သည့်ယောကျ်ားမျိုးနှင့် ပေးစားခံရခြင်းအားဖြင့် စိတ်ဆင်းရဲရသည်ဆိုလျှင် မိမိမှာလည်း တသက်ပတ်လုံး စိတ်ချမ်းသာနိုင်ဖို့ရှိတော့မည်မဟုတ်ကြောင်း၊ နောက်ဆုံးတောင်းပန်လိုသည်မှာ လူပျိုပေါက်ကလေးမျှသာရှိသေး၍ အညွန့်တလူလူဆိုလောက်သူ တယောက်အား အရှက်ကွဲအောင်ပြုခဲ့ရာတွင် ခံရသူကိုယ်တိုင်က ကိုယ့်အတွက် အရေးဆိုခြင်း မဟုတ်ပဲ သမီးအတွက် သက်သက် တောင်းပန်ခြင်း ဖြစ်သောကြောင့် လိုက်နာ လိမ့်မည်ဟု မျှော်လင့်ပါကြောင်း စံဒေဝီကို နှုတ်ဆက်လိုက်ချင်သော်လည်း အခွင့်အရေးမရှိသောကြောင့် အမေကြီးကိုသာ နှုတ်ဆက်လိုက်ပါကြောင်း စသည်ဖြင့် ပါရှိလေသည်။

## ချစ်စရာကောင်းသောဖခင်

စာထည့်လိုက်ပြီးနောက် ရက်သတ္တပတ်ခန့်တွင် ဖခင်ရောက်လာလေ၏။ မျက်နှာမှာ အလွန်ရွှင်လာသည်။ ဖခင်သည် ကျွန်ုပ်အား အပြင်သို့ခေါ်သွား၍ လမ်းလျှောက်ယင်း အောက်ပါအဖြစ်အပျက်ကို ပြောပြလေသည်။ စံဒေဝီ၏ မခင်ထံမှ ဝက်လက်ရှိ မိခင်ဖခင်တို့ထံသို့ လူတယောက်လွှတ်လိုက်ကြောင်း၊ ကျွန်ုပ်အားရန်ကုန်ကောလိပ်ကျောင်းသို့ (မိဘနှစ်ဦးစပ်) ပို့ပေးသည်ဖြစ်စေ၊ သို့တည်းမဟုတ် မိတ္ထီလာမြို့အရေးပိုင်ရုံးတွင် စံဒေဝီ၏ မောင်ကြီးက အလုပ်တခု သွင်းပေးသည်ဖြစ်စေ ကျွန်ုပ်ကြိုက်ရာ ရွေးနိုင်ကြောင်း၊ သဘောတူညီခဲ့လျှင် အလုပ်မှနုတ်ထွက်ခဲ့ရန် မှာထားလိုက်ကြောင်း ပြောပြလေ၏။ ကျွန်ုပ်မှာ အလွန်

ဝမ်းသာသည့်အထဲမှာပင် အရှက်ရဘူးခြင်းကို သတိရသည်နှင့် ရုတ်တရက် လက်မခံသေးပဲ မိခင်ဖခင်တို့၏ သဘောထားကိုစုံစမ်းလေရာ–

"ငါတို့ကတော့ သဘောကျပါတယ်ကွယ်"

"အမေကကော"

"သူကတောင် ပိုပြီး ချစ်နေနှင့်သေးတယ် မောင်ရေ့"

"ဟိုတုန်းကအတွက် မရှက်ကြဘူးလား အဖေတို့"

"ဘာဖြစ်သလဲကွယ့်၊ အမေကြီးကလွှဲပေမယ့် သမီးက ဟိုလူကို ငြင်းဘော်ရလျှင် တော်ရောပေါ့"

ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်အား လူလားမြောက်သောနေ့မှစ၍ နမ်းချင်သော စိတ်မျိုးတကြိမ်တခါမျှဖြစ်ခဲ့ဘူးသည်မရှိ။ ဤတကြိမ်မှာမူ ဖက်၍နမ်းလိုက်ချင် သည်။ ဗမာ့ထုံးစံ မဟုတ်သောကြောင့်သာ အောင့်၍ထားလိုက်ရ၏။ (မိခင်သည် စံဒေဝီအပေါ်၌သံယောဇဉ် တွယ်ရှာခြင်းကို နောင်တွင်မှ တိုး၍သိရသည်။)

## ကျွန်ုပ်၏ညံ့ဖျင်းမှု

ကျွန်ုပ်သည် အရေးပိုင်ရုံးမှ နုတ်ထွက်၍ ဖခင်နှင့်အတူ ဝက်လက်သို့ လိုက်ပါသွားပြီးလျှင် ဤတခေါက်တွင် ကျွန်ုပ်နှင့်မိခင်တို့ မန္တလေးသို့သွားကြ၏။ ကျွန်ုပ်၏နှမလည်း ပါသည်။ ဘထွေး၏အိမ်သို့ရောက်ကြသောအခါ ထိုညဥ့်တွင် မိခင်နှင့်နှမတို့သည် စံဒေဝီအိမ်သို့ သွားကြဖို့ အစီအစဉ်ရှိ၏။ အချိန်တန်သော အခါ သားအမိနှစ်ယောက်တို့သည် ထိုအိမ်သို့သွားကြရာ ကျွန်ုပ်မှာသေချာပေါက် ကိစ္စဖြစ်သောကြောင့် တုန်လှုပ်ခြင်းမရှိလှသော်လည်း အနည်းငယ် ရောက်ရက်ခတ် ဖြစ်လျက်ရှိ၏။ ၁၅ မိနစ်ခန့်ကြာလတ်သော် ကျွန်ုပ်မှာ ငြိမ်သက်စွာ စောင့်မျှော်မနေနိုင်သဖြင့် စံဒေဝီတို့အိမ်ရှေ့မှ လမ်းလျှောက်သွားရာ ကျွန်ုပ်၏ နှမနှင့် စံဒေဝီသည် အိမ်ရှေ့ဝင်းထဲ၌ ခုံရှည်တခုပေါ်တွင် လမ်းဘက်သို့

မျက်နှာလှည့်ကာ ယှဉ်ထိုင်လျက် ရှိသည်ကိုမြင်ရ၏။ လဆန်း ၁၂ ရက် လမင်းသည်လည်း စံဒေဝီနှင့်နမကလေးတို့၏ မျက်နှာများပေါ်သို့ ထင်းထင်းကြီးသာလျက်ရှိရာ ကျွန်ုပ်အား ပြုံးလျက် ကြည့်နေကြသော သူတို့၏ မျက်နှာများကို ထင်ရှားစွာမြင်ရ၏။ မိခင်နှစ်ဦးတို့ကား အပေါ်ထပ်တွင် ကျွန်ုပ်အကြောင်းကို ပြောလျက်ရှိကြမည်ဟု ကျွန်ုပ်သိနိုင်၏။

အိမ်ကိုကျော်လွန်၍ တပြခန့်လမ်းလျှောက်လာခဲ့ရာတွင် မြုန်းကနဲ အကြံတခု ပေါ်လာ၏။ ကျွန်ုပ်သည် စံဒေဝီ၏နှုတ်မှ အဖြေရအောင် မေးလိုသော ဆန္ဒကို သတိရ၍ ဤအချိန်သည် အလွန်အခွင့်သာသော အချိန်ကောင်းပေတည်းဟု ဆုံးဖြတ်ကာ လှည့်လာခဲ့၏။ လမ်းခရီး၌ ရွံ့ရှက်တတ်သော ဝါသနာအလျောက် စိတ်ကူးတခု ပေါ်လာပြန်သည်မှာ စံဒေဝီနှင့်နမကလေးထိုင်သော ခုံရှည်သို့ဝင်၍ ထိုင်ရလျှင် နမကိုရှက်ဖို့ကောင်းသည်။ သူက အလိုက်သိစွာ ရှောင်ဖယ်ပေးလျှင် တော်ပါ၏။ နမအားဖယ်ပေးဖို့ ကိုယ်တိုင်ပြောရလျှင် ရှက်စရာကြီးဖြစ်လိမ့်မည်။ သို့သော် မတတ်နိုင်၊ နမကိုရှက်မနေနိုင်တော့ဟု စိတ်တင်းကာ ဆက်လက်လျှောက်လာခဲ့ရာ အနီးသို့ရောက်ပြန်တော့လည်း နမကိုရှက်ခြင်း၊ စံဒေဝီကို ရွံ့ခြင်းတို့ နှစ်ခုပေါင်းပြီး ကြောက်ဒူးတုန်လာသည်နှင့် ဝင်းထဲသို့မဝင်ပဲ ကျော်လွန်လျှောက်သွားလေ၏။ အတန်ကျော်လွန်ပြီးနောက် ပြန်လှည့်လာကာ ချိုးဝင်မည်ပြုပြန်တော့လည်း ယခင်အတိုင်းပင် တွန့်နေပြန်သည်နှင့် ဆက်လက်၍ လျှောက်သွားရပြန်၏။

ဤနည်းအတိုင်း သုံးခေါက်တိတိ ကျော်ချည်ပြန်ချည် လုပ်နေရာတွင် ဒူးတုန်ခြင်းမှာ သက်သာရာမရပဲ တိုး၍သာတုန်လာ၏။ တတိယအခေါက်၌မူ ကိုယ့်ကိုကိုယ် ဆင်ခြေပေး၍ အကြောင်းရှာသည့် အနေဖြင့် အိမ်ပေါ်မှ မိခင်နှစ်ဦး ဆင်းလာခြင်းကိုပင် တောင့်တသကဲ့သို့ ဖြစ်နေ၏။ (ယခုရေးသော အခြင်းအရာများသည် တကယ့်ဟာမဟုတ်ပဲ ဝတ္ထုရေးခြင်းဖြစ်ခဲ့လျှင် သဘာဝကျ အောင် မရေးတတ်သော ဝတ္ထုရေးသမားတယောက်ဟူ၍ပင် ကျွန်ုပ်အား စွပ်စွဲ ကောင်း

စွပ်စွဲကြပေလိမ့်မည်။ ဘာကြောင့် ဤမျှလောက် စံဒေဝီကိုရွံ့ရသည် မပြောတတ်ချေ။ ကျွန်ုပ်ဘက်၌ အားလုံးရှိ၍ ရွံ့စရာ ဘာမျှမရှိကြောင်းသိလျက်နှင့် ဒူးတုန်ရသည်မှာ 'ငတ်'ချင်၍ ဖြစ်ရမည်ဟု နောင်တွင် ကျွန်ုပ်ရေရွတ်မိဘူးသည်။) နောက်ဆုံးခေါက်၌ နမကလေးက "မောင်ကြီးလား"ဟုလှမ်း၍မေးကာ အားပေးလိုက်သောအခါမှ ဝင်းထဲသို့ချိုးဝင်မည်ပြုရာတွင် မိဘနှစ်ပါးတို့ လှေကားမှ ဆင်းတော့မည်ပြုခြင်းကို မြင်သည်နှင့် လှည့်ထွက်လာရပါတော့သည်။ သို့နှင့် စံဒေဝီအား 'ဦးတက်'မေးဖို့ပထမဦးဆုံးနှင့် နောက်ဆုံးအကြိမ်ရရှိသော အခွင့်အရေးမှ လက်လွတ်သွားခဲ့ရပါလေပြီ။ နောက်ကာလများ၌ 'မရဲသောလူသည် မိန်းမချောကို ဘယ်တော့မှ မရနိုင်'ဟူသော အင်္ဂလိပ်စကားပုံ ကို ကျွန်ုပ် မကြာခဏ သတိရမိပါတော့သည်။

## ဓာတာတိုက်ခြင်း

ကျွန်ုပ်သည် အိမ်သို့ ဦးအောင်ပြန်ပြေး၍ မိခင်နှင့်နမပြန်လာမည်ကို စောင့်လျက်ရှိရာ ကျွန်ုပ်ထက်ငယ်ရွယ်သည့် မိန်းမသားကလေးဖြစ်သော နမက ကျွန်ုပ်အား ကြည့်၍ရယ်သည်တွင် ကျွန်ုပ်မှာတမျိုးရှက်ရပြန်သည်။ ရှက်ရပြန်ပုံကား မိမိ၏ညံ့ဖျင်းခြင်းကို အစမှအဆုံးတိုင် မြင်သွားသည်ဟု ကျွန်ုပ်သိရသောကြောင့်ပေတည်း။ မိခင်ပါလာသောသတင်းမှာ စံဒေဝီ၏အမေကြီးက 'ဓာတာတိုက်' လိုပါသည်ဆို၍ ကျွန်ုပ်၏ဓာတာကို ပို့လိုက်ရန် ဖြစ်လေသည်။ ကျွန်ုပ်၏ မိဘများသည် ဤအလုပ်မျိုးတွင် အယုံအကြည်မရှိသဖြင့် ကျွန်ုပ်၏ ဓာတာပင် ဖွဲ့ထားပြီး မရှိသည်နှင့် အသစ်ဖွဲ့၍ ပို့လိုက်ရသည်။ ဓာတာနှစ်စောင်ကို ငွေဖလားကြီးတွင် ထည့်၍ပုဏ္ဏားပညာရှိ ဦးကဝိထံသို့ အမေကြီးကိုယ်တိုင် သွားပြီးတိုက်လေရာ နေရာမကျဟု ဟောလိုက်၏။ စံဒေဝီမှာ ဘီလူးနက္ခတ်ဖြစ်၍ ကျွန်ုပ်မှာ လူနက္ခတ်ဖြစ်သည်ဆိုရာ လူနှင့်ဘီလူး မတည့်ဟု ဆို၏။ ပေးစားခဲ့လျှင်

ဘီလူးကလူကို စားလိမ့်မည်ဆို၏။ ကျွန်ုပ်မှာ ဤအချင်းအရာမျိုးကို မယုံကြည်သည်နှင့် "စားချင်စားပါစေ၊ ခံစရာရှိလျှင် ခံဖို့အသင့်ရှိပါသည်"ဟု စကားပြန်သော်လည်း အမေကြီးက သူ့သမီး မုဆိုးမဖြစ် မခံနိုင်သည့်အနေမျိုး ဖြင့်လှည့်ပတ်ကာ စကားပြန်လာသည်။ ဘုန်းကြီးနှစ်ခါရှက် ဖြစ်ရပြန်လေပြီ။

## ကြံရာမရလေပြီ

ထိုညဉ့်၌ ကျွန်ုပ်သည်စံဒေဝီနှင့် နှမကလေးရှိသော ခုံရှည်သို့ချဉ်းကပ်၍ စံဒေဝီထံမှစကားတခွန်း အခိုင်အမာရအောင် တောင်းယူနိုင်ခဲ့ပါမူကား (တောင်းရုံ ကလေးမျှ တောင်းဝံ့လျှင် ရလိမ့်မည်ဟူ၍လည်းယုံကြည်သည်။) မည်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ရသည်ဖြစ်စေ ကျေနပ်စွာ ရင်ဆိုင်ရဲပါ၏။ စကားတခွန်း ရလိုက်သည်ဆိုကတည်းက ကျွန်ုပ်၏ ရွံ့သောစိတ်သည် (ပယောဂဆရာက ခြေချုပ်လွှတ်လိုက်သော စုန်းကဝေကဲ့သို့)ပျောက်ပြယ်သွားပြီး ပြောရဲ၊ ဆိုရဲ၊ ကြံစည်ရဲ ဖြစ်လာလိမ့်မည် ထင်ပါသည်။ ယခုသော် စံဒေဝီအပေါ်၌ဒေါသဖြစ် လောက်သည့် အခြေခံရှာမရသဖြင့် ဒေါသစိတ်၏ တင်းမာသော အထောက်အပံ့ လည်း မရပဲရှိရကား ဘာလုပ်ရမည်မသိ၊ အတော်ပျော့ခွေလျက်ရှိ၏။ အမေကြီးအပေါ်၌ ဒေါသစိတ် တချက်တချက်ပေါ်လာခြင်းမှ တပါး စံဒေဝီနှင့် ပတ်သက်၍ လက်ဆုပ်လက်ကိုင် ဘာမျှမရှိခြင်းကြောင့် စိတ်လည်းမဆိုးနိုင်၊ ဘာမျှလည်းမကြံတတ်တော့ချေ။ အပျိုကြီးကို ချဉ်းကပ်မည်ကြံသော်လည်း ၎င်းမှာ အမေကြီး၏ 'လူ'ဖြစ်သောကြောင့် မိန်းမကြီးနှင့် ဆန့်ကျင်ဘက်အလုပ်မျိုးဖြင့် ကျွန်ုပ်အား အကူအညီပေးလိမ့်မည် မဟုတ်ကြောင်း သိပြီးဖြစ်လေသည်။

## ဖိ၍တောင်းခံရခြင်း

မိခင်တို့ကား ဝက်လက်သို့ပြန်သွားကြလေပြီ။ မိခင်မှာ ဇာတာတိုက်ခြင်း၏ 'အဟော'ကိုပင် ကြားမသွားရချေ။ မိဘများအား ပြောပြရန်မှာ ကျွန်ုပ်၏တာဝန် ဖြစ်နေခဲ့လေပြီ။ မည်ကဲ့သို့ ပြောရပါမည်နည်း။ ကျွန်ုပ်၏စိတ်ကို စစ်လိုက်သော် လွဲရခြင်းကြောင့် နှမြောမိခြင်းထက် ရှက်ခြင်းက ပိုလျက်ရှိ၏။ အင်္ဂလန်ပြည်၌ အချို့လူငယ်များသည် အလိုမကျသော ကိစ္စတခု ဖြစ်ပေါ်သည့်အခါ သင်္ဘောသား အဖြစ် နှင့်လိုက်ပါသွားပြီး တပြည်တနိုင်ငံသို့ လွင့်ကြသည်ဆိုရာ မြန်မာပြည်၌ 'ထိုကဲ့သို့ လုပ်၍ဖြစ်နိုင်လျှင် ကောင်းလေစွ'ဟု အောက်မေ့မိ၏။ ကျွန်ုပ်သည် အရပ်ထဲတွင် မျက်နှာမဖော်ပဲ အိမ်ထဲ၌ကုပ်ကာ အကြံထုတ်လျက်သာနေ၏။ တနေ့သ၌ဖခင်၏ ဆရာတဆူဟူ၍ ဖော်ပြခဲ့ဘူးသည့် ပုဂ္ဂိုလ်ကြီးထံသို့ချဉ်းကပ်၍ 'စိတ်ပြေလက်ပျောက်'စကားပြောလျက်ရှိစဉ် ထိုပုဂ္ဂိုလ်ကြီးအား ကျွန်ုပ်က စံဒေဝီအကြောင်းကို တစုံတရာ စကားစပ်ဟပ်ခြင်း မရှိပါပဲလျက် ပြောလိုက်ခြင်းမှာ–

"မင်းတို့လက်ထက်က တယ်ခက်တယ်ကွယ့်၊ စကားတလုံးကို တန်ဖိုးမထားကြဘူး၊ တောင်လိုလို မြောက်လိုလို ယီးတီးယားတားနဲ့ ဟိုအစဆွဲ၊ ဒီအစကိုင်၊ နောက်ဆုံးကျတော့ မင်းထက်သာတာမရလျှင် မင်းနဲ့ပေးစားလိုက်မှာပဲ"ဟု လွတ်ကနဲ ပြောလိုက်လေ၏။ ကျွန်ုပ်မှာ မျက်နှာများ ထူပူရှိန်းဖိန်းသွား၏။ ကျွန်ုပ်နားလည်ခြင်းကား တမျိုး၊ သူထင်သည်ကား တမျိုးဖြစ်နေ၏။ ကျွန်ုပ်က ဇာတာကြောင့်ထင်ရာ သူကမူအမေကြီး'ဆန္ဒာဘယာ'များတိုင်း သမီးကလည်း သဘောတူ လိုက်နာလျက်ရှိသည်ဟု ထင်၏။ ဤပုဂ္ဂိုလ်ကြီးကား 'လူပါးကြီး' တယောက်ဖြစ်၍ သူ့အထင် မှန်ချင်မှန်နိုင်သည်ဟု ကျွန်ုပ်စဉ်းစားမိ၏။ မှန်ခြင်း မှားခြင်း အပထား၍ ဖခင်ကိုယ်၌က လေးစားသော (ဖခင်သည် အတော်အတန် ပုဂ္ဂိုလ်များကိုလေးစားမှု နည်းသူတဦးဖြစ်သည်။) ဆရာသမား တဦးတယောက်က

ကျွန်ုပ်အပေါ်၌ အထင်သေးခံရခြင်း (အရှုးလုပ်ခံရသည်ထင်ခြင်း)အတွက် ပြောမပြနိုင်အောင် ရှက်လှပါသည်။ ဤပုဂ္ဂိုလ်ကြီး၌ သမီးပျိုများ ရှိခြင်းအတွက်ကြောင့် သာ၍ရှက်လှသည်။ ကျွန်ုပ်ကဤကဲ့သို့ မဟုတ်ရပါ ဇာတာကြောင့်ဖြစ်ရပါသည်ဟု ဖြေရှင်းပြောပြရန်ပင် အလိုမရှိတော့ပဲ ပုဂ္ဂိုလ်ကြီးကိုဦးချ၍ နောက်တနေ့တွင် ဝက်လက်သို့ ပြန်သွားပါတော့သည်။

## ရွှေဘိုမှ၌အလုပ်ရခြင်း

ဝက်လက်သို့ ရောက်သောအခါ မိဘများအား ကျွန်ုပ်၏ဝမ်းတွင်း၌ 'ဗလုံဆန်'လျက်ရှိသော အခြင်းအရာကို ဖုံးဖိကာ သင့်လျော်အောင်မျှလောက်သာ ပြောပြပြီးလျှင် ရွှေဘိုမြို့သစ်တောရုံး၌ လခ၄၀ိနှင့် စာရေးအလုပ်ကို အဆင်သင့်ဝင်ရောက်လုပ်ကိုင်ပါတော့သည်။ မန္တလေးမှ ထွက်လာခဲ့သည့်နောက်တွင် ကျွန်ုပ်သည် စံဒေဝီအကြောင်းကိုလည်း မစဉ်းစား၊ မည်သူ့အားမျှလည်း စပ်၍မပြော၊ (ကျွန်ုပ်၏နေရပ်ဟောင်းဖြစ်၍ မိတ်ဆွေဟောင်းများလည်း ရှိနေကြသည့်)စံဒေဝီ၏အရပ်သို့လည်း မသွားပဲ လမ်းဖြတ်လိုက်သည်မှာ ကျွန်ုပ်၏ပထမအိမ်ထောင်ကျသည်အထိ ဖြစ်ပါသည်။ စံဒေဝီမှာ ကျွန်ုပ်အိမ်ထောင်ကျသောအချိန်၌ အပျိုကြီးအဖြစ်၌ရှိသေး၏။ ကျွန်ုပ်၏မှတ်တမ်းကို ဤနေရာ၌ခေတ္တကျော်လွှား၍ စံဒေဝီအကြောင်းကို အပြီးတိုင်လက်စသတ်လိုက်ပါဦးမည်။

## ဆွေးမိသော အခြင်းအရာတခု

၁၉၁၉ ခုနှစ် မတ်လတွင် စံဒေဝီမှာ အပျိုကြီးဘဝနှင့်ပင် မန္တလေးမြို့၌ ကွယ်လွန်လေရာ ထိုအချိန်တွင် ကျွန်ုပ်မှာ ဒုတိယအိမ်ထောင်နှင့် သူရိယတိုက်တွင် မဂ္ဂဇင်းအယ်ဒီတာအလုပ်၌ ရှိနေခဲ့လေသည်။ ကွယ်လွန်ကြောင်းကိုဖခင်ထံမှ

စာရသောအခါ တကယ်ချစ်ကြိုက်ခဲ့သည့် မိန်းကလေးတယောက်ဖြစ်သည်နှင့်အညီ စိတ်၌တော်တော်ကြီးထိခိုက်ပါသည်။ အမှန်မှာ အိမ်ထောင်မကျပဲ အပျိုကြီးဘဝနှင့် ကွယ်လွန်ခြင်းဖြစ်၍ နှမြောဝမ်းနည်းသောစိတ်ကို လက်ခံမိခြင်းဖြစ်ပါ၏။ အိမ်ထောင်မပြုသော 'ငယ်ချစ်'အတွက်လွမ်းဆွတ်ခြင်းမှာ ('တဘီးလိမ့်'ပင် ဖြစ်စေဦးတော့) လွမ်းစကောင်းသည်ဟု ကျွန်ုပ်နားလည်ပါသည်။ စံဒေဝီသည် ကျွန်ုပ်အပေါ်၌ မေတ္တာတုံ့ပြန်ဘူးခြင်း ရှိမရှိ သိရမည့် အခွင့်အရေးမှာ တခါတည်း 'ဘုတ်ပိတ်'သွားလေပြီတကားဟု မှတ်ချက်ချလိုက်၏။ သို့ရာတွင် ဤသို့ကား မဟုတ်သေးပဲ နောက်ဆက်တွဲ သတင်းတခုပေါ်လာရပြန်ပါသေးသည်။

## ဖြစ်ကြောင်းငယ်မှ ကုန်စင်

၁၉၂၀ ပြည့်နှစ်၌ ကျွန်ုပ်သည် သူရိယတိုက်မှထွက်ခဲ့ရ၍ တတိယအကြိမ် အိမ်ထောင်ပြုပြန်ရာ (ယခုလက်ရှိအိမ်ထောင်ပင်ဖြစ်သည်။) ကျွန်ုပ်တို့လင်မယား သည် ဇနီး၏ဌာနီဖြစ်သော မြတောင်ရွာမှ မိဘများရှိသော မန်ကျည်းတုံရွာသို့ ရောက်လာကြ၏။ ကျွန်ုပ်၏မိခင်သည် တတိယဇနီးကို မြင်လျှင်မြင်ချင်းကျေနပ် သည့်လက္ခဏာရှိပေရာ ဇနီးကလည်း မိခင်အားကြင်နာပုံရ၍ တဘက်နှင့်တဘက် ရေစက်ပါကြဟန်ရှိသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ တနေ့သ၌ မိခင်အား ကြင်နာသောအမူအရာနှင့် ပွေ့ချီလိုက်ခြင်းကိုမိခင်သည် နှစ်သက်ပုံရ၏။ ထို့နောက် ဇနီးမရှိခိုက်တွင် မိခင်က "မစိုးကိုတွေ့ရတာ မင်းခေါ်တဲ့ စံဒေဝီကို အလွမ်းပြေလိုက်တာကွယ်"ဟု ပြော၏။

"ဘာကြောင့်လဲ အမေ"

"သူတို့နှစ်ယောက် ရုပ်ချင်း နဲနဲဆင်တယ်ကွယ့်"

"ရုပ်ချင်းဆင်တာကတော့ ထားပါတော့လေ၊ စံဒေဝီကို အလွမ်းပြေတယ်ဆို တော့ အမေက လွမ်းနေလို့လား"

"လွမ်းမိတာပေါ့ကွယ်၊ ဒါထက် မင်းကိုငါမပြောပဲ ဝှက်ထားခဲ့တဲ့ စကားတခုရှိတယ်ဟေ့၊ ခုမှပြောတော့မယ်"

"စံဒေဝီအကြောင်းလား အမေ"

"အေး ဟုတ်တယ်၊ ဟိုလွန်ခဲ့တဲ့ ရှစ်နှစ်လောက်တုန်းက မင်းငှက်ဖျားဖျားပါလေကော"

"ပထမအိမ်ထောင် မလှမှူးနဲ့တုန်းကလား အမေ"

"ဟုတ်တယ်လေ၊ ဒီတုန်းက မင်းတို့က မင်္ဂလာဈေးနားမှာ နေကြတယ်မဟုတ်လား၊ ငါကဝက်လက်က မန္တလေးကို လာခိုက်မှာ မင့်စံဒေဝီက ငါ့တည်းအိမ်ကို လာပြီး ငိုရှာတယ်ကွယ့်" (တည်းအိမ်မှာနှမ၏အိမ်ဖြစ်သည်)

"ဘာတွေများ ပြောသွားသေးသလဲ အမေ"

"ဟိုတုန်းက မင်းဖျားတာကို သူကြားပါတယ်တဲ့၊ ဆေးရုံတောင် လာကြည့်ဖို့စိတ်ကူးပါတယ်တဲ့၊ အဖော်ရှာမရလို့ မသွားဖြစ်ဘူးတဲ့"

"သည့်ပြင်ကော ဘာများပြောသေးသလဲ အမေ"

"သူကလဲ မင့်အတိုင်းပဲ၊ ရှက်တတ်တယ်၊ ဘာမှတော့ မပြောဘူး၊ မျက်ရည်တောက်တောက်ကျတာပဲ၊ မင့်နှမကိုတော့ ဖက်သွားရှာသေးတယ်"

"ဒီအကြောင်းတွေကို ဘာကြောင့် ကျွန်တော့်ကို မပြောတာလဲ အမေ"

"ငါကတော့ပြောချင်ပါရဲ့၊ သူမသေခင်က ပြောလိုက်လျှင် မင်းက ကိုးရိုးကားရား လုပ်ကုန်မှာမြင်လို့မပြောပဲ ဖုံးထားခဲ့တာပဲ"

"ဖြစ်ချင်ရာ ဖြစ်ပေါ့အမေရယ်၊ သူ့အမေကြီးကို ဝွလုပ်လိုက်ရလျှင် ကျွန်တော်ကျေနပ်တာပေါ့"

"ငါလဲ ကြိုက်တာပဲ၊ ဒါပေမယ့် မလှမှူးက ရှိသေးတာကိုးသားရယ်၊ မင်းက လွတ်လွတ်လပ်လပ်ဆိုလျှင် ဟုတ်သားပေါ့"

ရှင်းလင်းချက်

အထက်ပါ အခြင်းအရာများ ဖြစ်ပေါ်လာရပုံမှာ ဤသို့တည်း။ ၁၉၁၀ ပြည့်နှစ်၌ ကျွန်ုပ်ပထမအိမ်ထောင်ကျ၍ ၁၉၁၂ ခုနှစ်တွင် ငှက်ဖျား အကြီးအကျယ် ဖျားလေရာ ငှက်ဖျားပျောက်သောအခါတွင် ကျွန်ုပ်၏စိတ်သည် နောက်တောက်တောက်ဖြစ်ခဲ့၏။ (အကြီးအကျယ် ဖျားနာသူတို့သည် ရောဂါ ပျောက်သောအခါတွင် ထိုကဲ့သို့ ဖြစ်သူများလည်း ရှိသည်ဟု ကျွန်ုပ်ကြားဘူး၏။) ကျွန်ုပ်စိတ်နောက် ပုံကား ဆိုးဆိုးရွားရွားမဟုတ်၊ ဝတ်သစ်စားသစ်များ ဝတ်၍လမ်းလျှောက်ခြင်း၊ လေပန်းခြင်း၊ ငါလုပ်လျှင် ဘာမဆိုဖြစ်နိုင်သည်ဟု အထင်ကြီးမိခြင်းတို့ ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် အဖျားပျောက်၍ ဆေးရုံမှ ဆင်းလာသောအခါတွင် အဝတ်အစား အမျိုးမျိုး လဲလှယ်၍ ရွှေမျက်မှန်တပ်ကာ တုတ်ကောက်နှင့် လမ်းလျှောက်၏။ စံဒေဝီတို့၏အိမ်ရှေ့ကို (သူနှင့် လွဲကတည်းက) ရှောင်ကွင်းလာခဲ့ရာ ထိုအခါကမူ စိတ်ဖောက်ပြန်သည့် အလျောက် အရှက်အကြောက် မရှိတော့ပဲ တွင်တွင်ကြီးလမ်းလျှောက်၍ စံဒေဝီနှင့် တခါတရံ မျက်နှာချင်းဆိုင် တွေ့ရသောအခါတွင် ပြုံး၍ ပြခဲ့သေး၏။ ဤအပြုအမူ များကို မြင်ရသော စံဒေဝီသည် ကျွန်ုပ်၏စိတ်ဖောက်ပြန်ခြင်းကို မရိပ်မိသည်နှင့် တဖန်လာ၍ ပိုးပြန်သည်ထင်သောကြောင့် ငုပ်နေသော ကြင်နာစိတ်ပြန်ပေါ်ကာ မိခင်ထံသို့ လာခြင်းဖြစ်တန်ရာချေသည်။

## တရေးရေးပေါ်လာခြင်း

ကျွန်ုပ်သည် မိခင်၏စကားကို ကြားရသောအခါတွင်မှ စံဒေဝီ၏ သဘောထားနှင့် ပတ်သက်၍သံသယ ကင်းရှင်းသည့် အလျောက် အောက်ပါ အဖြစ်အပျက်ကလေးများသည် စိတ်ထဲတွင် တရေးရေးပေါ်လာတော့သည်။ ပတ္တမြားစေတီ ဘုရားပွဲတွင် စံဒေဝီတို့အုပ်စုက ဇရပ်သို့အလျင်ရောက်နှင့်၍ ထမင်းစားနေခိုက်တွင် ကျွနုပ်တို့လူစု ရောက်လာကြ၍ ကျွန်ုပ်၏အသံကိုကြားရသည်နှင့် တပြိုင်နက် ထမင်းပွဲတွင်အမေကြီးနှင့် အပျိုကြီးတို့၏ အကြားမှ ကတ်ကတ်သတ်သတ် ချောင်းကြည့်၍ ကျွန်ုပ်နှင့် မျက်လုံးချင်းတိုက်ဆိုင်မိခြင်း၊ ပဆစ်ဝိုင်း၌ စံဒေဝီက ကြွေပစ်၍ 'အစိတ်'ကျခြင်းကို ကျွန်ုပ်က မမြင်လိုက်ရသဖြင့် ပန်းကန်ထဲသို့လက်နှိုက်လိုက်မိရာ ဆက်လက်၍ပစ်မည်ဟု ကြွေကိုနှိုက်နေသော စံဒေဝီ၏လက်ကို ဆုပ်ကိုင်မိသဖြင့် လူကြီးတွေက ရယ်ကြသော်လည်း စံဒေဝီ ရှက်ဟန်မရှိပဲ ချစ်စရာကောင်းသော မျက်နှာထားမျိုးနှင့် ကျွန်ုပ်အားပြုံးလျက်ကြည့် ခြင်း၊ ကျွန်ုပ်တို့၏ အိမ်ရှေ့မှ စံဒေဝီ လမ်းလျှောက်သွားစဉ် အိမ်ပေါ်မှ ဆင်းလာသော ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင် ကြည့်လိုက်ကြရာ အုတ်ကျိုးအုပ်ပဲ့များ ခင်းထားသဖြင့် ဖလုံးဖခု ဖြစ်နေသော လမ်းဖြစ်၍စံဒေဝီ ခလုတ်တိုက်မိခြင်း၊ စံဒေဝီတို့၏ အိမ်ရှေ့သို့ ကျွန်ုပ်လမ်းလျှောက်သွားစဉ် စံဒေဝီသည် ထိန်းကျောင်း လျက်ရှိသော တူကလေးကို မြေကြီးပေါ်တွင် ချထားယင်း ငုံ့လျက်ရှိရာမှ ကျွန်ုပ်ကိုမြင်သည်နှင့် မျက်လုံးချင်းဆုံမိကြရာတွင် သူ၏ဆွဲကြိုးသည် တူကလေး ၏ ဆွဲကြိုးမှ လော့ကတ်သီးနှင့် ငြိသွားသဖြင့် အတော်ဖြုတ်ယူရဘူးခြင်း စသော အခြင်းအရာများသည် မျက်စိထဲတွင် တဝဲဝဲပြန်၍ ပေါ်လာပါတော့သည်။ ဤအဖြစ် အပျက်များသည် တခုစီအနေဖြင့် အဓိပ္ပာယ်ထင်ရှားကောင်းမှ ထင်ရှားမည် ဖြစ်သော်လည်း အားလုံးစုပေါင်းလိုက်သော အခါ၌မူကား ကျွန်ုပ်အား

ချစ်ကြိုက်သည်ဟု ထင်ခဲ့ခြင်းသည် အထင်ကြီးခြင်းမဟုတ်ဟုယူဆနိုင်ကြပေလိမ့်မည်ထင်၏။ သို့နှင့်လည်း ကျွန်ုပ်သည် ဤအဖြစ်အပျက်ကလေးများကို မြုပ်ထား၍ မိခင်၏စကားကိုကြားရသောအခါမှ ကျွန်ုပ်၏ အထင်ကိုအတည်ပြုသောအနေဖြင့် ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။

## အကြီးဆုံးသော 'ဆူး' ကြီးပေါက်ခြင်း

စံဒေဝီအကြောင်းကို ဤနေရာတွင် ဇာတ်သိမ်းပြီးနောက် ၁၉၀၉ ခုနှစ်တွင် စံဒေဝီကိုလက်လျှော့လိုက်သည့် အချိန်အပိုင်းအခြားသို့ပြန်၍ ကောက်ရပေဦးမည်။ စံဒေဝီအဖြစ်အပျက်သည် ကျွန်ုပ်၏သဘာဝတွင် အကြီးဆုံးသော'ဆူး'ကြီးတချောင်းပေါ်ပေါက်စေသည်ဖြစ်၍ လူသားကိုချစ်ခင်ကြင်နာတတ်သည့် စိတ်ထားမျိုး အတော်ကြီးလျော့နည်း ဆုတ်ယုတ်သွားခဲ့ပါလေပြီ။ ချစ်ခင်သော မိတ်ဆွေတယောက်တလေမျှ ဤဌာန ထိုဌာနစသည်များတွင် ကြုံတွေ့ရ၍ အပြန်အလှန်ကြင်နာခြင်း ရှိကြသော်လည်း လူသားသောင်းပြောင်း အနေဖြင့်မူကား အထင်ကြီးမှု မရှိတော့ပဲ လူအများနှင့် ပေါင်းသင်းဆက်ဆံခြင်း ထက် တကိုယ်တည်း နေရသောအဖြစ်ကို ပိုမိုနှစ်သက်လာခဲ့လေပြီ။ နဂိုကတည်းကတကိုယ်တည်း နေချင်တတ်သည့် 'ဉာဉ်'ကလေးပါလာခဲ့သည့် အထဲတွင် (Introvert Type) အထက်ပါ အဆင်မပြေမှုနှင့် ကြုံလိုက်ရသော အခါ၌ 'လူတွေဟာ အလကားပါပဲ၊ တယောက်တည်း နေခြင်းက ကောင်းပါသေးသည်'ဟူသောအယူအဆသည် တိုး၍တိုး၍ ဖြစ်ပေါ်လာပြီး သာ၍သာ၍ သဘောကျလာ၏။ သို့ဖြစ်၍ ရွှေဘိုမြို့သစ်တောရုံး၌စာရေးလုပ်စဉ် ယခင်တခေါက် အရေးပိုင်ရုံး၌ လုပ်ကိုင်စဉ်ကလောက်မျှ အသိအကျွမ်း မရှာတော့ပဲစာအုပ်ကိုသာ အဖော်ပြုပါတော့သည်။ အသိမိတ်ဆွေ ပေါ်များအောင် လုပ်ပေးနိုင်သည့် ဘထွေး

နှစ်ယောက်တို့၏နေအိမ်သို့ပင် တခေါက်တလေမျှလောက်သာ ရောက်ပါတော့သည်။

## ကြီးပွားချင်စိတ် ကုန်ခမ်းပုံ

အကယ်၍ စံဒေဝီသည် ရာထူးရှိသော လူတယောက်၊သို့မဟုတ် ပိုက်ဆံရှိသောယောကျ်ားတယောက်နှင့် လက်ထပ်သည်ဆိုပါက ကျွန်ုပ်သည် ဘထွေးနှစ်ယောက်ထံသို့ ချဉ်းကပ်၍ လက်လှမ်းမှီသလောက် တတ်နိုင်သမျှ အမြင့်ဆုံးအဆင့်အတန်း မိန်းကလေးတယောက်ယောက်ကို ရနိုင်ရန် အားကျမခံ ဂုဏ်တုဂုဏ်ပြိုင်သဘောမျိုးနှင့် ကြိုးစားကောင်း ကြိုးစားမိလိမ့်မည်ထင်သည်။ ယခုမှာမူ (သူတို့အဆိုအတိုင်း)နက္ခတ်ချင်း မတိုက်ဆိုင်၍ လွဲကြရာတွင် သူကိုယ်တိုင်မှာလည်း အိမ်ထောင်ပြုသည်ဟု မကြားရသောကြောင့် ထိုကဲ့သို့ ကြိုးစားဖို့မလိုပဲ ဖြစ်နေ၏။ သို့ရာတွင် ကျွန်ုပ်၏ စိတ်ထားနှင့်ပတ်သက်၍ ကြီးစွာသော ပြောင်းလဲချက်တခုဖြစ်ပေါ်လာခဲ့ပုံမှာ ယခင်ကမူ ငါသည် စံဒေဝီကို သူတပါးသားမယားထက် အောက်မကျစေပဲ ဆင်ပြင်နိုင်စေရန် ရာထူးဌာနန္တရတိုးတက်အောင် ကြိုးစားရမည်ဟူသော စိတ်အကြံအစည်မျိုး ရှိခဲ့ရာ ယခုမှာမူကား ကြီးပွားတိုးတက်ရေးအတွက် လုံး၀သတိမရသလောက် ဖြစ်ခဲ့ရလေပြီ။ လူပျိုကလေးဘ၀ လှချင်ပချင်၊ ၀တ်ချင်စားချင်စိတ်မျိုးလည်း ကွယ်ပျောက်သလောက်ဖြစ်နေ၏။ ထိုစဉ်က ရွှေဘိုမြို့ထဲတွင် ဖွင့်သည့် အရပ်ထီ တခုတွင် ကျွန်ုပ်သည် ဓာတ်ထုပ် သုံးထုပ်ပါသည့် ဓာတ်စက်တခု ထီပေါက်ရာ (၃၀၀ိလောက်တန်၍ ငွေတန်ဖိုးရှိသောခေတ်ဖြစ်သောကြောင့် တော်တော် ၀ယ်လောက် ချမ်းလောက်သည်။) ၎င်းဓာတ်စက်ကိုရောင်းပြီး အ၀တ်အစားနှင့် အသုံးအဆောင်များ ၀ယ်မည်ဟုစိတ်ကူးပြီးမှ စီးပွားအခြေယိုင်သဖြင့် မန္တလေးသို့ တဖန်ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မိဘများထံသို့ ပို့လိုက်ပါသည်။ ဤသည်မှာ ငွေရေးနှင့်

ပတ်သက်၍မိဘများအတွက် ကျွန်ုပ်အများဆုံး စွန့်စားထောက်ပံ့လိုက်ရ ဘူးခြင်းပင် ဖြစ်ပါ၏။ (မိဘများ ပြောင်းရွှေ့နေထိုင်ကြသော ရပ်ကွက်မှာ စံဒေဝီတို့နှင့်အတူနေသော ယခင်ရပ်ကွက် မဟုတ်၊ မိခင်၏အစ်မဝမ်းကွဲတယောက်နေသည့် ဓားတန်းရပ်ကွက်ဖြစ်၏။) ကျွန်ုပ်သည် မိဘများနှင့် နှမကလေးညီကလေးများ အပေါ်တွင် ကြင်နာစိတ် ကင်းမဲ့သူတယောက် မဟုတ်သော်လည်း စံဒေဝီနှင့် လွဲရသည်တွင် လူ့ဘဝကို တော်တော်ကြီး စိတ်ပျက်သွားပြီး ဘာကိုမျှ ဂရုမစိုက်ချင်တော့ပဲ မထီတရီ ဖြစ်လာခဲ့ခြင်းကြောင့် ဝတ္တရားပျက်ကွက်မှုများလှပါသည်။ စံဒေဝီနှင့် အကြောင်းပါရလျှင် လူ့ဘဝကို ကျေနပ်ပြီး ယခုထက် ဝတ္တရားသိသော သားကောင်းတယောက်ဖြစ်လာလိမ့်မည်ဟု ထင်မိပါသည်။ (သို့သော် ဤသည်မှာ အထင်မျှသာဖြစ်ပါ၏။)

## မိဘများ၏ အကြံအစည်

၁၉၁၀ ပြည့်နှစ် နှစ်ဦးလောက်တွင် မိခင်သည် ကျွန်ုပ်အတွက် အစီအစဉ်တခု ရှိသည်ဆိုကာ အလုပ်မှ နှုတ်ထွက်ခဲ့ရန်မှာထားသဖြင့် မန္တလေးသို့ ရောက်လာခဲ့၏။ မိခင်တို့ကား ဓားတန်းရပ်တွင် အစ်မတော်သူရေတော်ခင်လေး၏ တိုက်၌ နေထိုင်လျက်ရှိကြ၏။ မိခင်နှင့်ကြီးတော်တို့၏ အစီအစဉ်ကား ဤသို့တည်း။ (ကျွန်ုပ်၏ကြီးတော်မှာ ရေနံချောင်းမြို့တွင် ရေနံတွင်းအမြောက်အမြားရှိခဲ့၍ ၎င်းတို့ကို ဘီအိုစီကုမ္ပဏီသို့ရောင်းချခြင်းအားဖြင့် ကြွယ်ဝသူတယောက်ဖြစ်လာ၏။) ကြီးတော်သည် အိမ်ရှေ့မင်း၏ သမီးတော် မင်းသမီးတယောက်နှင့် ညီအစ်မအရင်းတမျှ ချင်ခင်လာခဲ့ကြ၍ အတူတကွနေထိုင်လျက်ရှိရာ ၎င်းတို့၏စိတ်ကူးမှာ ကျွန်ုပ်အား ဆွေတော်မျိုးတော် (မင်းသမီးကလေး) တယောက်နှင့် ပေးစားရန်၊ ထို့နောက် ကြီးတော်၏သူငယ်ချင်း မင်းသမီးမှာ မင်းပေါက်စိုးပေါက်ဖြစ်၍ မြန်မာပြည် အတွင်းဝန်ချုပ်ကြီးထံသို့ ချဉ်းကပ်ပြီး

ကျွန်ုပ်အားမြို့အုပ်ခန့်ဖို့ တောင်းခံရန် ဖြစ်လေရာ (ထိုခေတ်၌ ဤအကြံသည် စိတ်ကူးယဉ်ခြင်း သက်သက်မဟုတ်၊ ကျွန်ုပ်နှင့် ကျောင်းနေဘက် သူငယ်ချင်း တယောက်မှာ ဇတန်းပင် မအောင်ပဲ ဤနည်းဖြင့် မြို့အုပ်ဖြစ်ခြင်းကို မြင်ဘူးပါသည်။) ကြီးတော်နှင့်မင်းသမီးသည် ကျွန်ုပ်အား ၄င်းအကြံအစည်ကို ဖိ၍ပြောကြရာ မိခင်ဖခင်တို့ကလည်း သဘောတူကြ၏။ နောက်ဆုံး၌ ကျွန်ုပ်က "ကြည့်ပါရစေ"ဟု ပြောသည်နှင့် ကြီးတော်နှင့်မင်းသမီးသည် ကျွန်ုပ်အား ၄င်းအိမ်ပေါ်သို့ ခေါ်သွားကြလေ၏။

## ကျွန်ုပ်၏ ဝါသနာတခု

ကျွန်ုပ်၏စိတ်ကူး၌ မင်းသမီးဟူသည်မှာ အနည်းဆုံး သနားကမား ရှိလိမ့်မည် ဟုထင်ထား၏။ ထိုကဲ့သို့ကားမတွေ့ရချေ။ ရုပ်အဆင်းကို ထားပါဦး။ ဖီးလိမ်းပြင်ဆင်မှုနှင့် ပတ်သက်၍သူ့ခေတ်နှင့်သူ ရှေ့ဆုံးမှပြေးလျက်ရှိသော စံဒေဝီ အား မျက်စိကျလာခဲ့သော ကျွန်ုပ်မှာ 'ဒေါင်းတိမောင်းတိ'နှင့် တော်သလို ဝတ်ဆင် ထားသော မိန်းကလေးကို မြင်ရသောအခါ၌ မည်သို့မျှ မထိခိုက်ပဲရှိနေ၏။ အခြားတချက်မှာလည်း ကျွန်ုပ်ကိုယ်၌ကသာ ခပ်ရိုးရိုးနှင့် ဝတ်ပုံခပ်ရိုးရိုး ရှိနေ သည်။ မျက်စိကျတော့ ထိပ်တန်းမှ ကျတတ်ချင်သည်ဖြစ်ရာ မိန်းကလေးကလည်း ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားသည့် အမူအရာမတွေ့ရချေ။ အကယ်၍ သူ့ဘက်က စိတ်ဝင်စားမှုတွေ့ရလျှင် ကျွန်ုပ်ဘက်ကလည်း ပြောင်းလဲခြင်း ရှိကောင်းရှိပေမည်။ စံဒေဝီကို ကျွန်ုပ်စွဲခဲ့ခြင်းမှာ အခြားသောအကြောင်းများထက် ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားမှုရှိခြင်းကို လွန်ပွဲမှစ၍ အခါခပ်သိမ်း ထင်ရှားစွာဖော်ပြသောကြောင့် ဖြစ်၏။ မိန်းကလေးတယောက်သည် မိုးပျံအောင် လှချင်လှစေ၊ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားခြင်းရှိသည်ကို မတွေ့ရလျှင် ကျွန်ုပ်စွဲမက်လိမ့်မည်မဟုတ်ချေ။ တဖန် ကျွန်ုပ်အပေါ်၌ ရိုးသားစွာစိတ်ဝင်စားခြင်းရှိသည်ကို ကျွန်ုပ်တွေ့ရသောအခါတွင်

လည်း ကျွန်ုပ်ကတုံ့ပြန်၍ စိတ်ဝင်စားခြင်းရှိလာတတ်ပါသည်၊ ဤသည်ကား ကျွန်ုပ်၏အသက်တာတလျှောက်လုံး ဝါသနာပေတည်း။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ ကျွန်ုပ်သည် ဤအတိုင်းပင် သဘောထားတတ်၏။ ဤသို့ပြုရမည်ဟု တမင်တကာ အစီအစဉ်ရေးဆွဲထားခြင်း မဟုတ်၊ ကျွန်ုပ်၏ပင်ကိုယ်သဘာဝ (Spontaneous Reaction) ဖြစ်ပါသည်။ ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားပုံမရသော မိန်းကလေးတယောက်အား ချစ်ကြိုက်လာအောင်လူပျိုလုည့်ဖို့သော်လည်းကောင်း၊ စိတ်မဝင်စားသော လူကြီးတဦး တယောက်ထံမှ တစုံတခုရလိုသည်နှင့် မျက်နှာချိုသွေးဖို့သော်လည်းကောင်း လုပ်လည်းမလုပ်ခဲ့၊ ဘယ်တော့မှလည်း လုပ်လိမ့်မည်မဟုတ်ချေ။ ဤသည်မှာ မာနဟုခေါ်ကြလျှင် မိခင်ထံမှအမွေဆက်ခံရခြင်းဖြစ်၍ ဘာမှမရချင်လည်းရှိစေ၊ ဤအတွက်ကြောင့် ဝမ်းနည်းလိမ့်မည် မဟုတ်ချေ။ ကြီးတော်နှင့် မင်းသမီးသည် ကျွန်ုပ်နှင့် မင်းသမီးလေး၏အကဲကို ရိပ်မိကြ၍ အခြားတယောက်နှင့် စမ်းကြည့်ကြသေး၏။ ဤတယောက်မှာ ပိုးကုန်သည်ဖြစ်၍ သနားကမားရှိပါ၏။ သို့ရာတွင် စံဒေဝီ၏ ရုပ်ရည်ကိုမမှီပဲလျက် မိုးအောက်သို့ လျှော့၍ မကြည့်တတ်သည့် မာနမျိုး ရှိခြင်းကို ကျွန်ုပ်ရိပ်မိသည်နှင့် နောက်ဆုတ်လိုက်ပါတော့သည်။ ကြီးတော်ကမူ ကျွန်ုပ်၏ မိခင်အား "မင့်သားကသူ့ဟာကလွဲလျှင် ဖွဲနဲ့ဆန်ကွဲထင် ပါရဲ့ ညီမရယ်" ဟု ပြောဘူးလေသည်။

## အထင်ကြီးခံရခြင်း

၁၉၁၀ ပြည့်နှစ် နှစ်လည်လောက်တွင် ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေး မင်းကြီးရုံးတွင် လခ ၅၀၊ ၅၊ ၇၅ စာရေးအလုပ်ကို ရရှိ၏။ ဤရုံးမှာ မန္တလေးမြို့၌အခြားသာရုံးများနှင့်မတူပဲ ၉ တန်းအောင်သောစာရေးအများဆုံးရှိသော ရုံးဖြစ်၍ အင်္ဂလိပ်စာပညာ အဆင့်အတန်းမြင့်မားသော လူများချည်းတွေ့ရ၏။ အခြားရုံးကြီး

များမှ စာရေးများသည် 'အောက်ဆိုက်'ရကြသောကြောင့် အစိုးရလခကို လျှော့ထားဟန်တူပေရာ ဤရုံး၌မူကား ကျွန်ုပ်သည် လစာအငယ်ဆုံးဖြစ်၍ ၃၀၀ိ အထိရသောစာရေးကြီးများပင် ရှိလေသည်။ ဤရုံးကြီးမှာ ရွှေဘိုရုံးများကဲ့သို့ အင်္ဂလိပ်စာ မတောက်တခေါက် ရေးတတ်ရုံမကပဲ တော်တော်သားသားနားနား ရေးတတ်သည့် စာရေးများရှိကြ၍ အင်္ဂလိပ်စာ ဝါသနာပါသော ကျွန်ုပ်အဖို့ စိတ်ဝင်စားမှုရှိလှသည်။ ကျွန်ုပ်မှာလက်နှိပ်စက်စာရေးကလေးတယောက်မျှသာ ဖြစ်သော်လည်း အလွန်ဖတ်ရခက်သော အိုင်စီအက်စ်အရာရှိကြီးများ၏ 'သော့' လက်ရေးကိုဖတ်နိုင်၍ မှန်ကန်စွာ စက်နှိပ်ကူးယူနိုင်ခြင်း အတွက်ကြောင့် မကြာမီနာမည်ကလေးထွက်လာ၏။ တနေ့သ၌ ထီနံပါတ်များအကြောင်းကို ရုံးအုပ်နှင့်တကွ စာရေးအားလုံးဝိုင်းဖွဲ့ကာ ဆွေးနွေးလျက်ရှိကြစဉ် (ထိုခေတ်၌ ရန်ကုန်ကြေးနန်းထီရှိသည်။) အင်္ဂလိပ်ကပြား ရုံးအုပ်စာရေးကြီးက "၁၁၁၁၁၁ (တစ်ခြောက်လုံး) သို့မဟုတ် ၂၂၂၂၂၂ (နှစ်ခြောက်လုံး)မှစ၍ ဂဏန်းထပ်သော ထီလက်မှတ်မျိုးသည် အခြားသောနံပါတ်များထက် ပေါက်ဖို့ခဲယဉ်းသည်"ဟုပြော ရာ ကျွန်ုပ်က "အတူတူပင်ဖြစ်သည်"ဟု ပြော၏။ အခြားစာရေးများလည်း ဝင် မစွက်ကြပဲ နားထောင်လျက် ရှိ၏။ ရုံးအုပ်ကဆင်ခြေဆင်လက် အကြောင်းပြ၍ ကျွန်ုပ်ကလည်း (Law of Probability) ဖြစ်တန်ရာသော လက္ခဏာဥပဒေ စည်းကမ်းအရ တွက်၍ပြ၏။ နောက်ဆုံး၌ ကျွန်ုပ်က နှုတ်ဖြင့်ပြောရခြင်းကို အားမရသည်နှင့် အင်္ဂလိပ်လိုစာဖြင့် ရေးသားတင်ပြ၏။ ရုံးသားအားလုံးသည် ကျွန်ုပ်၏ ဖြေလွှာကိုဝိုင်းဝန်း နားထောင်ကြရာ အတော်ကျေနပ်ကြ၍ ရုံးအုပ်ကိုယ် တိုင်ကလည်း " Theory စာလိုတော့ ဟုတ်သည်၊ လက်တွေ့တော့ တမျိုးဖြစ် သည်"ဟုပြောပြန်၏။ ဤတွင် ကျွန်ုပ်က "ဤကိစ္စမျိုး၌ စာလိုဟုတ်လျှင် လက်တွေ့ လည်း မှန်ရမည်"ဟု ထပ်ဆင့်တင်ပြပြန်ရာ စားရေးအားလုံးကျေနပ်ကြ ၍ရုံးအုပ်ကိုယ်တိုင်လည်း အရှုံးပေးသွားသည်။ ဤတွင်ရုံးအုပ်နှင့်တကွ ရုံးသားအား လုံးသည် ကျွန်ုပ်၏ဗဟုသုတကိုလည်းကောင်း၊ ကျိုးကြောင်းဆင်ခြင်တတ်သော

ဉာဏ်ကိုလည်းကောင်း၊ အင်္ဂလိပ်လိုအရေးအသားကိုလည်းကောင်း၊ အထင်ကြီးသွားကြ၏။ ဤရုံးသားများသည် ရွှေဘိုရုံးသားများထက် အရာရာတွင် အဆင့်အတန်း မြင့်ကြပါပေသည်ဟု ကျွန်ုပ်ကျေနပ်မိပါသည်။ တနှစ်ခန့်ကြာသော လခ ၆၀၊ ၅၊ ၈၀ ရသော စာရေးနေရာ လစ်လပ်၍ (ရုံးအုပ်၏ ထောက်ခံချက်အရ) ကျွန်ုပ်အား ခန့်ထားလေရာ တနေ့သ၌ ယခင်စာရေးလုပ်သွားခဲ့သည့် အမှားတခုမှာ ကျွန်ုပ်အပေါ်သို့ အမှုပတ်၍ မင်းကြီး၏ ထုချေလွှာတောင်းခြင်းခံရ၏။ ကျွန်ုပ်သည် ကျွန်ုပ်လက်ထက်၌ အမှားမဟုတ်ပဲ အမှားဟောင်းတခုဖြစ်ခြင်းကို ရေလည်ရှင်းလင်းစွာ ထုချေလွှာရေး၍ တင်လိုက်ရာ မင်းကြီးက 'ကျေနပ်ဖွယ်ရေးထားသောထုချေ ချက်ဖြစ်သည်'ဟု မှတ်ချက် ချလိုက်လေသည်။ နောက်များမကြာမီ ရုံးအုပ်ကြီးက "ဟေ့ ဖေသိန်း မင်းကိုမင်းကြီးက တော်တော်သဘောကျသွားတယ်၊ ကြိုးစားလုပ်၊ မင်း တက်လမ်းရှိတယ်"ဟုခေါ်၍ ပြောပါပေသည်။

## လူပျိုကြီးဖြစ်ထိုက်ပါလျက်

ကျွန်ုပ်၏ချစ်ရေးပြဿနာကို ပြန်ပြောင်းဆင်ခြင်လိုက်ရာတွင် ကျွန်ုပ်သည် စံဒေဝီကို ချစ်ကြိုက်ခြင်းနှင့် တူညီသော မေတ္တာမျိုးရှိသည့် မိန်းကလေးကိုမှ လက်ထပ်ယူမည်ဆိုပါက ဤတသက်တွင် လူပျိုကြီးအဖြစ်နှင့်ပင် ဘဝတုံးဖို့ ရှိပေလိမ့်မည်။ အကြောင်းပါခဲ့သည့် အိမ်ထောင် သုံးဆက်လုံးအားလည်းကောင်း၊ အကြောင်းမပါသည့် အချို့ မိန်းမများအားလည်းကောင်း စံဒေဝီကို ချစ်ကြိုက်ခဲ့ခြင်းနှင့် တူညီသော မေတ္တာမျိုးမူကား တသက်တာတွင် တဦးတယောက်မျှ မကြုံခဲ့ဘူးပေ။ အခြား မိန်းမများကိုမူ ကိုယ်လုံးကိုယ်ပေါက် သဘောကျခြင်း၊ ကိုယ်ဟန်အမူအရာကိုကြိုက်ခြင်း၊ ပြောပုံဆိုပုံကို နှစ်သက်ခြင်း စသည်ဖြင့်ရှိခဲ့ဘူးရာ စံဒေဝီကိုမူ (အခြားသော ကိုယ်အင်္ဂါအစိတ်အပိုင်းများလည်း လူချီးမွမ်းခံရ

စေကာမူ) မျက်လုံးသက်သက်ကိုသာ ကျွန်ုပ်အထူးနှစ်သက်ခဲ့၏။ ပထမ အိမ်ထောင်၏ မျက်လုံးများမှာ စင်စစ်အားဖြင့် စံဒေဝီ၏ မျက်လုံးများထက် လှပါ၏။ ကျွန်ုပ်လည်းသိပါ၏။ သို့ရာတွင် စံဒေဝီ၏ကြည့်ပုံ ကြည့်နည်းမျိုး မဟုတ်သောကြောင့် စွဲမက်ရာ၌မမှီနိုင်ပါ။ စံဒေဝီကို တကိုယ်လုံးမရလျှင် နေစေ သူ၏မျက်လုံးနှစ်လုံးကို အရှင်လိုက်ရထား၍ မှန်သေတ္တာကလေးထဲတွင် ထည့်ထားပြီး ကြည့်ချင်သောအခါ၌ ကြည့်နေရမည်ဆိုပါက တသက်လုံး အိမ်ထောင်မပြုပဲ နေနိုင်လိမ့်မည်ဟု ထင်မိပါသည်။ ဤမျှလောက်စွဲမက်လျှင် အဘယ်ကြောင့် စံဒေဝီအိမ်ထောင်မပြုမီ မိမိက မယားယူရပါသနည်းဟု မေးဖွယ်ရာရှိ၏။ စံဒေဝီမှာ သူ့ခေတ်တွင် စပ်သူဟပ်သူ သတင်းများသည် ကျွန်ုပ်ထံသို့နားမဆံ့အောင် ရောက်လျက်ရှိသောကြောင့် ကျွန်ုပ်၌ အတွေးတခု ဖြစ်ပေါ်လာ၏။ အကယ်၍ သူလင်ယူပြီး ငါမယားမယူသေးလျှင် 'ဖိုးကျန်ရစ်' ဟုခေါ်ကြလိမ့်မည်ဆိုကာ အိမ်ထောင်ဖက်ရှာဖို့ အလောသုံးဆယ်အကြံဖြစ်လာ ပါတော့သည်။ အချို့လူများကား ကိစ္စမရှိ၊ ကျွန်ုပ်မှာမူ နှစ်ကြိမ်တိုင်တိုင် ရပ်သိ ရွာသိ ကျော်ကြားပြီးမှ လွဲချော်ခြင်းဖြစ်သောကြောင့် 'စောင့်မျှော်တုန်း ရှိသေးသည်'ဟု အရပ်ထဲက ပြောကြမည်ကို သေမတတ်ရှက်မိပါတော့သည်။

## ပထမ အိမ်ထောင်

ဤသို့သောအခြေအနေတွင် ကျွန်ုပ်သည် ကျွန်ုပ်တို့ရုံးမှ စာရေးကလေး တယောက်နှင့် စကားစပ်မိကြ၍ မြေတိုင်းကျောင်းဆရာကြီး၏ သမီးနှစ်ယောက် အိမ်သို့ အလည်လိုက်သွား၏။ သမီးအငယ်မလှမှူးမှာ မျက်ခုန်းမျက်လုံးလှသူ တယောက်ဖြစ်၍ စံဒေဝီ၏စွဲမက်ခြင်းမျိုး မဟုတ်စေကာမူ တော်လောက်ပြီဟု သဘောကျ၏။ ကျွန်ုပ်အိမ်ထောင်ဖက်ရှာခြင်းမှာ 'အလောသုံးဆယ်'ရှိလှ၏။ စံဒေဝီလင်မယူမီ ဦးအောင်မယားယူမည်ဆိုကာ နောက်မှ လူလိုက်သကဲ့သို့

အပြေးအလွှားစိတ်ကူးတော့၏။ ဤနေရာ၌မူ စံဒေဝီကို ရွံ့ခြင်းမျိုး လုံးဝမရှိတော့ပဲ ရဲရဲကြီးစကားဆို၍ မြန်မြန်ကြီးစီမံလိုက်ရာ ရက်ပိုင်းမျှအတွင်းလောက်ပင် လက်ထပ်ပြီးစီးသွားခဲ့လေပြီ။ ထိုစဉ်ကမူ စံဒေဝီလင်မရမီ အိမ်ထောင်ပြုရခြင်း သည်ပင် 'အောင်ပြီ အောင်ပြီ'ဟု စိတ်ထဲက ကြွေးကြော်မိပါသေးသည်။ (အကယ်၍ နောက်ပိုင်းတွင် သိရသည့်အတိုင်း စံဒေဝီ၏မေတ္တာကို စိတ်ချရ၍ ဖွင့်ဟဝန်ခံသော စကားတခွန်း ရရှိထားခဲ့ပါမူကား ကျွန်ုပ်သည်သေသည်အထိ စောင့်ဆိုင်းနေခဲ့ လိမ့်မည် ထင်မိပါသည်။ စံဒေဝီမှာ ၂၉ နှစ်အရွယ်တွင် ကွယ်လွန်၍ ကျွန်ုပ်မှာအသက် ၃၀ မျှရှိပါလေပြီ။)

## ရာထူးတက်ခြင်း

ထိုအတောအတွင်း ကျွန်ုပ်မှာ ရာထူးတိုးတက်လျက်ရှိပါ၏။ အကယ်၍ စံဒေဝီသည်ထိုအချိန်တွင် အိမ်ထောင်ပြုပြီးဖြစ်ခဲ့ပါမူ ကျွန်ုပ်သည် အလုပ်တွင် သူလို ငါလိုကြီးပွားချင်သောစိတ်မျိုးရှိ၍ သူတို့စုံတွဲထက်သာအောင်ဆိုကာ ဝီရိယစိုက်လိမ့်မည်ထင်၏။ ယခုမှာ စံဒေဝီသည် အပျိုကြီးပင်ရှိသေး၍ ကျွန်ုပ်မှာနောက်ဆံတင်းငင်ဖြစ်လျက်ရှိ၏။ ရုံးတွင် တော်တော် အစအန ကောင်းသော စားရေးကလေးတယောက်ဖြစ်နေပါလျက် သူတပါးနည်းတူ မကြိုးစားပဲ ဝတ်ကျေဝတ်ကုန်မျှလောက်သာ အလုပ်လုပ်လျက်ရှိ၏။ မင်းကြီးကမူ ကျွန်ုပ်ကိုအတော်အထင်ကြီး၍ အခြားစားရေးတယောက်အပေါ်သို့ ကျော်ကာ ကျွန်ုပ်အား သူ၏တောလိုက်စာရေးခန့်လိုက်၏။ လခမှာ ၇၅ိကျပ်–၅ိကျပ်– ၁ဝဝိကျပ်မျှသာ ဖြစ်သော်လည်း ခရီးစရိတ် ၁ဝဝိကျော်ရလေသည်။ မင်းကြီးသည် လယ်ယာစိုက်ပျိုးရေးဌာနကို လည်းကောင်း၊ သမဝါယမဌာနကို လည်းကောင်း၊ လက်မှုပညာဌာနကိုလည်းကောင်း သုံးဌာနကိုင်ရ၍ ဌာနတခုတခုသည် မြန်မာ တပြည်လုံးအတွက် ဖြစ်ရကားနယ်လှည့်လိုက်ရသည်မှာ နားရတော့သည် မရှိချေ။

တလတွင် ၂၇ ရက်မျှ နယ်လှည့်ရ၍ ၃ရက်ခန့်မျှသာ မန္တလေးမြို့၌နေခွင့် ရရှိပါတော့သည်။ ထို့ကြောင့်လည်း ကျွန်ုပ်အတွက် ခရီးစရိတ်၁၀ဝိကျော်ရခြင်း ဖြစ်ရာ လခနှင့် ပေါင်းလိုက်လျှင် ၂၀ဝိခန့်ရရှိ၏။ ဤသည်မှာ ပထမကမ္ဘာစစ် မတိုင်မီကဖြစ်၍ ယခုငွေ၁၀ဝိ ကျော်မကသုံးလောက်ဖွဲလောက်ပေ သည်။ ကျွန်ုပ်၏အသက်မှာ ၂၂နှစ်မျှသာရှိသေး၍ တော်တော်ဟန်သည်ဟု ဆိုနိုင်လောက် ပါသည်။

## ရန်ကုန်သို့ပထမအခေါက်

မင်းကြီး၏ တောလိုက်စာရေးဘဝတွင် ကျွန်ုပ်သည် မြန်မာပြည် မီးရထားလမ်းတလျှောက်နှင့် သင်္ဘောလမ်းတလျှောက်လုံးတွင် မရောက်ဘူးသော မြို့ဟူ၍မရှိ၊ ဒေသန္တရဗဟုသုတ အများကြီးရခဲ့ပါ၏။ သမဝါယမအသင်းကိစ္စနှင့် သော်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးကိစ္စနှင့်သော်လည်းကောင်း၊ လက်မှု ပညာရေးကိစ္စနှင့်သော်လည်းကောင်း တခုမဟုတ်တခု၊ တနေရာမဟုတ် တနေရာသို့ အမြဲသွားနေရသည့်ပြင် ရန်ကုန်သို့လည်း လတိုင်းရောက်ရသည်က များ၏။ ကျွန်ုပ်မှာ ထိုအချိန်က ရန်ကုန်မြို့သို့ ကောင်းကောင်းရောက်ဘူးသူ မဟုတ်သေးသည်နှင့် ရန်ကုန်မြို့နှင့်တကွ မြို့သူမြို့သားများအား အထင်ကြီးခဲ့ပုံ ကို ဖော်ပြရပါဦးမည်။ ၁၉၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ ဂျူဘလီဟောလ်ရုံကြီး၌ ကျွန်ုပ်တို့၏လက်မှုပညာဌာနက ကြီးမှူးကျင်းပသည့် လက်မှုပညာပြပွဲကြီး ပြုလုပ်ရာတွင် မင်းကြီးနှင့်ကျွန်ုပ်သည် ခပ်စောစော ကြိုတင်ဆင်းသွားကြ၍မင်းကြီးက ပဲခူးကလပ်၌တည်းရာ ကျွန်ုပ်လည်း သူနှင့်အတူ တည်းရ၏။ (အတူဆိုသော်လည်း အစေခံများနှင့် အိပ်ရခြင်းဖြစ်သည်။) ဤတခေါက်မှာ ကျွန်ုပ်အဖို့ရာ၌ ပထမအခေါက်ဖြစ်၍ ပကတိတောသားတယောက် နှင့် ဘာမျှမခြား၊ အလွန်တွန့်ဆုတ်လျက်ရှိ၏။ (တောလိုက်စာရေးနေရာမှာ

စာရေးကြီး ကိုမြစ်၏နေရာဖြစ်၍ ကိုမြစ်ခွင့်ယူသွားသောကြောင့် ကျွန်ုပ်တက်၍ လုပ်ရခြင်းဖြစ်ရာ ကိုမြစ်လည်း ကျွန်ုပ်ကို လာ၍အကူအညီပေးပေသည်။) မရောက်ဘူးသဖြင့် ရွံ့ကြောက်လျက်ရှိသော ရန်ကုန်မြို့ကြီးတွင် ဂျူဘလီဟောလ်ရုံ ကြီး၌ နိုင်ငံလုံးဆိုင်ရာ ပြပွဲကြီးတခုကို ကျွန်ုပ်တယောက်တည်း (မင်းကြီးလက်အောက်၌) ဦးစီးလုပ်ကိုင်ရမည်ဆိုလျှင် ထွက်ပြေးမိလိမ့်မည်ထင်၏။ ကိုမြစ်က "မလန့်နဲ့နော်ကိုယ့်လူ၊ မသိတာရှိ ကျုပ်ကိုမေး၊ ရဲရဲသာလုပ်"ဟု ခဏခဏအားပေးရှာ၏။ ကျွန်ုပ်ကား စာရေးဖို့ဆိုလျှင် မကြောက်၊ ဗာဟီရအလုပ် မျိုးမူကား ဝါသနာမပါသောကြောင့် ဘာမဆို ခက်သည်ချည်းထင်မိ၏။ မည်မျှပင် အားပေးရှာသော်လည်း ကျွန်ုပ်ကား လန့်၍မဆုံးအောင် ဖြစ်နေပါတော့သည်။

## တကယ်တော်သော လူတယောက်

ပြပွဲဖွင့်သောနေ့၌ လာလိုက်ကြသည့် အရာရှိကြီးတွေ၊ မျက်နှာဖြူကုမ္ပဏီ သူဌေးကြီးတွေ၊ အချို့လည်းထီးတည်း၊ အများအားဖြင့် စုံတွဲစသည်ဖြင့် ဟောလ်ကြီးတခုလုံး ပြည့်သွား၏။ ထိုစဉ်က ကျွန်ုပ်မှာ အင်္ဂလိပ်ဝတ္ထုများ အတော်အတန်ဖတ်ဘူးပြီဖြစ်သော်လည်း သောမတ်စ်ပိန်း၏ လူ့အခွင့်အရေး Rights of Man ခေါ်မျက်စိဖွင့်ပေးသည့် စာအုပ်ဟောင်းကြီးမျိုးကို မဖတ်ရဘူးသေးသည် ဖြစ်သောကြောင့် အင်္ဂလိပ်လူမျိုးကို အလုံးစုံကြည်ညို၍ အိုင်စီအက်စ်အရာရှိကြီး တွေကို တစုတဝေးတည်းမြင်ရသော ဤပြပွဲတွင် ၎င်းတို့အားလုံးကို အလွန်ညွှတ် သောစိတ်ဖြစ်ပေါ်လျက်ရှိ၏။ 'တယ်ကြီးကျယ်ပါ ပေတကား၊ အင်မတန့် လူအဖိုးတန်ကြီးတွေထဲတွင် ငါရောက်နေရချေသည် တကား'အစရှိသော စိတ်ကူးများ ဖြစ်ပေါ်လျက်ရှိ၏။ ထိုအထဲတွင်မင်းကြီးကတော် ဒေါ်မြမေ (Mrs Hla Aung) ကလည်း လက်ရွေးစဉ် အပျိုချောတသိုက်နှင့် ဂျူဘလီဟောလ်ဝင်းကြီးထဲတွင် မိုးကာတဲကြီး တည်ဆောက်လျက် ဗိုလ်ကြီးများ

အား လက်ဖက်ရည် ရောင်းလျက်ရှိရာ (ကျောင်း အလှူငွေအတွက်ဖြစ်သည်။) အဝတ်အစားဆင်တူဖြင့် စတိုင်ကျကျ ဝတ်ဆင်ထား သည့် ၄င်းအပျိုချောများက ဗိုလ်ကြီးနှင့် ဗိုလ်မကြီးများသို့ ချဉ်းကပ်ကာ အင်္ဂလိပ်လို တရှတ်ရှတ်ပြောလျက် မိုးကာတဲသို့တွဲထုတ်သွားကြခြင်းများသည် လည်း ကျွန်ုပ်၏မျက်စိ၌ အလွန်ခန့် ထယ်၍ ကြည့်ကောင်းလှသည်။ ဗမာမိန်းမတွေ အင်္ဂလိပ်လိုလည်လည်ပတ်ပတ် ပြောတတ်ခြင်းကို မတွေ့ရဘူးသေးသည့် ကျွန်ုပ်(မန္တလေးတောသားတယောက်) အဖို့ရာ၌ အလွန်ကြီးကျယ်သည်ထင်၍ တအံ့တသြဖြစ်မိပါတော့သည်။ (မန္တလေး တောသားဆိုသောကြောင့် မန္တလေးသား များက အပြစ်မဆိုကြပါကုန်လင့်၊ ကျွန်ုပ်မှာ ထိုစဉ်က မိမိကိုယ်ကို တကယ့်တော သားတယောက်အနေဖြင့် မြင်လျက်ရှိသောကြောင့် ဖြစ်ပါသည်။ ဖျင်းသည်ဟု ဆိုချင်ဆို၊ 'ကား'ခြင်းတော့ မဟုတ်ရပါ။) ကိုမြစ်မူကား ကျွန်ုပ်ထက် ၆နှစ်ခန့်ကြီး သည့်ပြင် ရန်ကုန်ကောလိပ်၌ အဲ့ဖ်အေ သင်ခဲ့ဘူးသည့် လူလယ်ကြီးတယောက် ဖြစ်သောကြောင့် သူ၏အမူအရာကို ကျွန်ုပ်အတုခိုး၍ မကုန်နိုင်အောင် ရှိပါတော့ သည်။ (ကိုမြစ်မှာ ကျောင်း၌ ကျွန်ုပ်တွေ့ခဲ့ဘူးသည့် ကိုထွန်းလှနှင့် တန်းတူထားထိုက်သည့် လူတယောက်ဖြစ်ရာ မြို့အုပ်စာမေးပွဲအောင်၍ အရေးပိုင်အထိဖြစ်ပြီးမှ စစ်မဖြစ်မီ ကွယ်လွန်သွားရှာသည်။ ဗြိတိသျှ အစိုးရလက် ထက်၌ အရေးပိုင်ဟူသည်မှာ အတော်အတန်နှင့် ဖြစ်နိုင်သည်မဟုတ်၊ တကယ်တော်သောလူစားမျိုးသာဖြစ်နိုင်သည်။ ညာတတ်လျှင် ဖြစ်နိုင်သည်ဟု အချို့က ဆိုပေလိမ့်မည်။ သို့သော် ဗိုလ်ကြိုက်အောင် ညာရုံနှင့်မပြီးသေး၊ တကယ်လည်း တော်မှ ဖြစ်နိုင်ပါသည်။ ရှိခိုးရုံနှင့် ဖြစ်နိုင်လျှင် အရေးပိုင်ကြီးတွေ အများကြီးဖြစ်ကုန်ကြပေလိမ့်မည်။ ကိုမြစ်သည် ကျွန်ုပ်၏အရေးအသားကို သဘောကျသည်နှင့် အစအနရှိသူ တယောက်ဟုယူဆကာ ဗိုလ်ကြိုက်အောင် မည်သို့လုပ်ရမည်ဟု ကျွန်ုပ်အား သင်ပြပေသည်။ သို့ရာတွင် ၄င်းဘက်၌ အစွမ်းအစမရှိခြင်းကို သိမြင်သည့် လက္ခဏာနှင့် "ခင်ဗျားကတော့

ရှိုးရှိုးလမ်းအတိုင်းလိုက်ပါလေ၊ ကြိုးစားလျှင်တော့ ကြီးပွားပါတယ်”ဟု ပြုံးရယ်ကာ ပြောဘူးရှာသည်။)

## ပထမအကြိမ် စိတ်ပျက်မိခြင်း

ကျွန်ုပ်သည် အင်္ဂလိပ်အရာရှိ အိုင်စီအက်စ်များအပေါ်၌ အထင်ကြီး၍ ကြည်ညိုဘူးခြင်းကို အထက်တွင်ဖော်ပြခဲ့ရာ ပထမအကြိမ် မကျေမချမ်း ဖြစ်ခဲ့ရဘူးခြင်းကို တင်ပြရပေမည်။ ကျွန်ုပ်၏မိုလ်မစ္စတာ ကလေတင်တည်းဆို သောပဲခူးကလပ်၌ ကလပ်မင်းသားဧည့်သည်များတည်းခိုရန်အတွက် အဆောက်အအုံ သီးသန့်ရှိလေရာ ဧည့်သည်မိုလ်ကြီးများ၏ အိပ်ခန်းမှ ရေချိုးခန်းသို့သွားသော လမ်းကြားကလေးတွင် ကျွန်ုပ်နှင့်အစေခံများ အိပ်ကြရ၏။ တနံနက်၌ မိုလ်ကြီးတယောက်သည် အိပ်ရာမှ စောစောကြီးထ၍ ရေချိုးခန်းသို့ သွားရာတွင် လမ်းကြား၌ရှိသော ကျွန်ုပ်၏အိပ်ရာနှင့်ခေါင်းအုံးများကို ခြေထောက်နှင့် တမင်ခတ်သွား၏။ အခြားမိုလ်ကြီးများသည် အစေခံမပါကြပဲ ကျွန်ုပ်၏မင်းကြီးတယောက်သည်သာလျှင် ကျွန်ုပ်နှင့် ချာပရာစီများကို ဤလမ်းကြားကလေးထဲ၌ အိပ်စေခြင်းဖြစ်ရာ ထိုအရာရှိသည် ကျွန်ုပ်တို့ကို ရှုပ်သည်ဟုထင်သောကြောင့်သော်လည်းကောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၏ မင်းကြီးနှင့် မသင့်မြတ်သောကြောင့်သော် လည်းကောင်း၊ ဖြစ်ကောင်းဖြစ်ပေလိမ့် မည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကား အချည်းနှီးသက်သက် စော်ကားခြင်းဖြစ်သည် ဟုယူဆသည်နှင့် မိုလ်အရာရှိများပေါ်တွင် အထင်ကြီးမှု တထစ်လျော့ဆင်းသွား ခဲ့ပါလေပြီ။ ဤအကြောင်းကိုမင်းကြီးအား တိုင်မည်ကြံပါသေး၏။ သို့သော်မင်းကြီးက အရေးယူလျှင်လည်း ယူမည်။ မယူပဲနေလျှင်လည်း နေမည်။ အရေးယူခဲ့လျှင် မိုလ်နှစ်ယောက်ရန်ဖြစ်ကြမည်။ (မစ္စတာကလေတင်ကား မိုလ်ချင်းရန်ဖြစ်ဖို့ ဦးမလေးသူ တယောက် ဖြစ်ကြောင်းကို နောင်တွင်သိရသည်။) အရေးမယူပဲ

နေလျှင်လည်း ကျွန်ုပ်၏စိတ်၌ သာ၍ထိခိုက်မည်။ ထို့ကြောင့် အရေးယူမကောင်း၊ မယူမကောင်း ဖြစ်သည်ဆိုကာ မတိုင်ပဲ ထားလိုက်ပါတော့ သည်။ ဤအကြောင်းကို ကိုမြစ်အားပြောပြရာ "သူတို့ထဲက တချို့ကောင်တွေ မကောင်းဘူးဗျာ၊ သို့သော် နဲတော့ နဲပါတယ်"ဟု ပြန်ပြောလေသည်။

## အသွင်တူချင်း တွေ့ရပုံ

ထိုကဲ့သို့ ဝင်ငွေကလေးတော်တော်ကောင်းလျက်ရှိသော အချိန်တွင် ကျွန်ုပ်၏ ချွတ်ယွင်းချက်ကလေးများသည် ဦးခေါင်းပြူ၍ ထွက်လာကြလေပြီ။ စံဒေဝီနှင့် အကြောင်းပါခဲ့ပါမူကား ကျွန်ုပ်သည် လခနှင့်စား၍ ခရီးစရိတ်ကို ကိုယ့်သားမယား လုပအောင်ဆိုကာ ကျစ်ကျစ်ပါအောင် ထုပ်ပြီး စုထားသည် ဖြစ်စေ၊ သို့တည်းမဟုတ် သူ့လက်ဝယ်သို့ အပ်ကာ စုဆောင်းထားသည်ဖြစ်စေ ပြုလုပ်လိမ့်မည်ထင်၏။ ယခုသော်ငွေကလေးရွှင်လာသည်တွင် ပျော်ပျော်ကလေး နေချင်တတ်သော ဝါသနာ၏ဖျက်ဆီးခြင်းကို ခံရလေတော့သည်။ ဤရုံးသို့ရောက်ခါစက ကိုခင်မောင်တင့်အမည်ရှိ စာရေးတဆယာက်နှင့် ကျွန်ုပ်သည် မြင်လျှင်မြင်ချင်း ခင်မင်ကြ၏။အပျော်ဘက်တွင် အချိန်ဖြုန်းခဲ့ခြင်းကြောင့် စာမေးပွဲမအောင်ခဲ့ပဲ နောက်ဆုံးတွင် ဤရုံး၌စာရေးအဖြစ်နှင့် ဝင်ရောက်အမှုထမ်းရလေသည်။ ကျွန်ုပ်တွေ့ဘူးသမျှသော 'ဘိလပ်ပြန်'များအနက်တွင် ဤလူသည် ဘိလပ်၏ပျော်စရာအကောင်းခြင်းကို အကျအနဆုံး ပြောပြတတ်သူတယောက်ဖြစ်၏။ ဘိလပ်မှ ပြန်ရောက်သည်မှာ သုံးလေးနှစ်ရှိပြီဖြစ်သော်လည်း ယမန်နေ့ကမှ ပြန်ရောက်လာသည့်နှယ် လန်ဒန်မြို့ကြီး၌ သူတွေ့မြင်ခဲ့ရပုံများအကြောင်းကို ကွင်းကွင်းကွက်ကွက် မြင်လာအောင် သရုပ်ပါပါ ပြောပြတတ်သူဖြစ်၏။ ကျွန်ုပ်ကလည်း လန်ဒန်မြို့ကြီး၏အရှုပ်တော်ပုံဝတ္ထုကြီးများကို ဖတ်ထားသူဖြစ်ရာ သူပြောပြသော အကြောင်းအရာများကို အပြည့်အဝထောက်ပေးနိုင်ပေရကား သူနှင့်ကျွန်ုပ်မှာ

တယောက်နှင့်တယောက် အပြန်အလှန် အထင်ကြီး၍ တနေ့တခြားတိုး၍ ခင်မင်လာကြလေတော့သည်။ စိတ်မကြွနိုင်ပုံ၊ ပျော်ပျော်နေချင်တတ်ပုံချင်းလည်း တူညီကြသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာ တသက်ပတ်လုံး ခင်မင်ရင်းနှီးသော မိတ်ဆွေအဖြစ်သို့ ရောက်လာကြလေတော့သည်။

## 'စွဲ'တတ်သော ဝါသနာ

တနေ့သ၌ ကိုခင်မောင်တင့်သည် ကျွန်ုပ်အား ဘိလိယက်ခုံတခုံသို့ ခေါ်သွား၍ အခြားလူတယောက်နှင့်ကစားပြရာ စုံချင်သော ဝါသနာရှိသည့် ကျွန်ုပ်သည် အလွန်တရာ စိတ်ဝင်စားစွာနှင့်စောင့်ကြည့်လျက်ရှိ၏။ သူတို့ကစားပြီးကြသော အခါ ကျွန်ုပ်သည် ကျူတံကိုကောက်ကိုင်၍ ဘောလုံးများကို ထိုးကြည့်၏။ အလွန်အရသာတွေ့လှသည်။ ထို့နောက် ကိုခင်မောင်တင့်အား သင်ပြပေးစေ၍ ဘိလိယက်ထိုးတော့ရာ တနေ့တခြားဝါသနာကြီးလာတော့၏။ တတ်နိုင်လျှင် ကစားချင်၏။ သို့ရာတွင် ထိုစဉ်ကမူ ကျွန်ုပ်၏လခမှာ ၅ဝိမျှသာ ရသေးသည်နှင့် တနာရီလျှင် တကျပ်ပေးရသော ကစားနည်းမျိုး၌ တခါတရံမျှလောက်သာ ကစားနိုင်၏။ မင်းကြီး၏ တောလိုက်စာရေးဖြစ်လာသောအခါ၌မူ တလလျှင် ဝင်ငွေ၂ဝဝိခန့် ရရှိလာသည်ဖြစ်သောကြောင့် ဘိလိယက်ခုံတွင် အချိန်အတန် ကြာကြီး ဖြုန်းနိုင်ခဲ့လေပြီ။ မင်းကြီးနှင့် နယ်လှည့်ရာတွင် ရောက်လေရာ မြို့ကြီးများ၌ ဘိလိယက်ခုံရှာပြီး အားလပ်သလောက် ကစားပါတော့သည်။ ကျွန်ုပ်မှာ အားကစားအလုပ်မျိုး၌ဖြစ်စေ၊ လောင်းကစားအလုပ်မျိုး၌ဖြစ်စေ အလေ့အကျင့်မလုပ်ပဲ နေတော့မှနေစေ အလေ့အထလုပ်လိုက်သည်နှင့် တပြိုင်နက် 'စွဲ' တတ်သော အကျင့်ဆိုးရှိ၏။ ဘိလိယက်စသည့် အားကစားအလုပ် မျိုး၌လည်းကောင်း၊ ဘာဂျာ၊ စန္ဒရား၊ စောင်း စသော အတီးအမှုတ်မျိုး၌လည်း ကောင်း၊ အစပြုလိုက်လျှင် 'စွဲ'တတ်သောကြောင့် အခြားလူများထက်

တတ်လွယ်၏။ သုံးလလောက် ကျင့်လိုက်လျှင် တနှစ်သမားလောက် တတ်လာ၏။ သို့ရာတွင် အချွန်အမွန်ဖြစ်လာဖို့ကား ဇာတာပါပါယ်မတူချေ။ အချို့က ကျွန်ုပ်၏ တတ်လွယ်ခြင်းကြောင့် အထင်ကြီးတတ်ကြ၏။ သို့ရာတွင်ရှေ့လျှောက်တော့ ဘာမျှမဟုတ်လှခြင်းကို တွေ့ကြရသည်။ ဘိလိယက်၌ ကျွန်ုပ်စွဲလိုက်ပုံကို ဖော်ပြရသော် လူနှစ်ယောက်ထိုင်နေကြခြင်းကို မြင်ရသည့်အခါ ကျွန်ုပ်၏နေရာမှ 'ကယ်နင်' (Cannon) ထိုး၍စမ်းတော့၏။ အိပ်ရာထဲ၌ ပက်လက်လှန်အိပ်စဉ် ခြင်ထောင်ကို ဘိလိယက်ခုံသဖွယ်ထားပြီး 'ကယ်နင်'၊ 'အင်းနော့ဖ်'၊ 'ပေါ့တ်' စသည်ဖြင့် စိတ်ကူးနှင့် ထိုးကစားတော့သည်။ ထိုစဉ်ကမူ ဘိလိယက်ထိုးခြင်း ကဲ့သို့ စိတ်ဝင်စားဖို့ကောင်း၍ ပျော်စရာကောင်းသောအလုပ်သည် ကမ္ဘာလောက ကြီးတွင် ဘယ်မှာမှမရှိချေပြီတကားဟု အောက်မေ့မိသည်။ အင်္ဂလန်ပြည်၌ မြေပိုင်ရှင်သူဌေးကြီးများသည် မိမိတို့၏နေအိမ်၌ ဘိလိယက်ခန်းဟု သီးသန့် ထားပြီး ဘိလိယက်ခုံတွင် မိမိ၏နေအိမ်သို့ အလည်လာသော ဧည့်သည်များနှင့် ကစားကြသည်ဟု ဖတ်ရဘူးရာ ဤလူမျိုးကဲ့သို့ ပျော်ရသော လူမျိုးသည် လူ့ပြည်၌ မရှိနိုင်ပြီဟူ၍ သွားရည်ကျခဲ့မိဘူးပါသည်။ သို့နှင့် ကျွန်ုပ်သည် နယ်လှည့်စဉ်၌လည်းကောင်း၊ မန္တလေးသို့ပြန်ရောက်သောအခါ၌လည်းကောင်း ဘိလိယက်ခုံတွင် တတ်နိုင်သမျှ အချိန်ရသလောက် ကစားပါလေတော့သည်။

## မယားရပုံအရေးကြီးခြင်း

ကျွန်ုပ်၏မိတ်ဆွေ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်မှာ ဘိလိယက်ဝါသနာအိုးချင်း တူ၏။ သူ၏ဝင်ငွေမှာ (ကျွန်ုပ်ကဲ့သို့ ခရီးစရိတ်မရသောကြောင့်) မများလှသော် လည်း သူ၏မိဘရော၊ ယောက္ခမကြီးကပါ ဝိုင်းဝန်းထောက်ပံ့ကြသည်နှင့် ကျွန်ုပ်ကဲ့သို့ပင် သုံးနိုင်ဖြုန်းနိုင်သူတယောက်ဖြစ်၏။ သို့ရာတွင် ခြားနားချက် တခုရှိသည်မှာ သူသည် 'စိတ်တိုင်းကျ'မိန်းမတယောက်ကို ရရှိထားသူဖြစ်၍

သူ့အိမ်မှတပါး အခြားနေရာတွင် အနည်းဆုံးအချိန်ဖြုန်း၏။ ဘိလိယက်ခုံသို့ တခါတရံတွင်သာလာ ၍ တနာရီခန့်နှင့်ပြန်သွားလေ့ရှိ၏။ ကျွန်ုပ်လည်း စံဒေဝီနှင့်ဆိုလျှင် သူ့အတိုင်း ပြုလိမ့်မည်ထင်၏။ ယခုသော် (ကျွန်ုပ်၏ဇနီး၌ အပြစ်မရှိသော်လည်း) စံဒေဝီကဲ့သို့ လှိုက်လှိုက်လှဲလှဲကြီး မဟုတ်လှသောကြောင့် ငွေရှင်သည်ဆိုလျှင်ပင် ဘိလိယက်ခုံများ၌ အလွန်အမင်း အချိန်ဖြုန်းမိပါတော့သည်။ ဇနီးမှာလည်း ကျွန်ုပ်ထက်ငယ်လှ၍ (လက်ထပ်စဉ်က ၁၆နှစ်မျှသာရှိသေးသည်။) ချောင်ချောင်လည်လည်နေရသည်ဆိုလျှင် တော်လောက်ပြီဆိုကာ ကျေနပ်နိုင်သည် ဖြစ်သောကြောင့် ကျွန်ုပ်မှာကျေကျေနပ်နပ်ပင် တနေ့တခြား ပျော်ပျော်ပါးပါး နေလျက်ရှိပါတော့သည်။

## တခုပြီးတခု တတ်လာပုံ

တနေ့သ၌ ရမည်းသင်းမြို့ဗိုလ်တဲတွင် မင်းကြီးနှင့်ကျွန်ုပ် စတည်းချလျက်ရှိကြစဉ် မင်းကြီးသည်ရမည်းသင်း ရာဇဝတ်ဝန်ကြီးအား ဗိုလ်တဲသို့ဖိတ်၍ ညစာကျွေး၏။ (၎င်းတို့နှစ်ယောက်မှာ အင်္ဂလန်ပြည်၌ တမြို့တည်းနေ ကျောင်းနေဘက် သူငယ်ချင်းများ ဖြစ်ကြသည်ဆို၏။) သူတို့နှစ်ယောက်သည် လသာသာတွင် ဗိုလ်တဲဝရံတာသို့ထွက်၍ ရေခဲစိမ်ဘီယာသောက်ယင်း တညလုံးစကားပြောကြခြင်းကိုကျွန်ုပ်မြင်ရ၍ အလွန်သွားရည်ကျမိ၏။ ‘တယ်ပြီး ဖိမ်ရှိတဲ့အလုပ်ပါတကား’ဟု အောက်မေ့မိ၏။ ထိုညဥ့်မှာလည်းအထူးပူအိုက်လှ၍ (မေလ ရာသီဖြစ်သည်။) အလွန်ပူသောဒေသဖြစ်သည့် ရမည်းသင်းမြို့၌ ရေခဲစိမ်ဘီယာသောက်ကြရခြင်းမှာ (အမြည်း အမျိုးမျိုးကိုလည်း ဘွိုင်ကုလားက ပြင်ပေးသည်။) လူ့လောကတွင် အကြီးဆုံးသောဖိမ်တမျိုးပေတည်းဟု ကျွန်ုပ်ချီးကျူးမိ၏။ အားကျမိ၏။ ဤတွင် ကျွန်ုပ်သည် မင်းကြီးဘတ္တလာသို့ ချဉ်းကပ်ပြီးမင်းကြီး၏ စတိုးသေတ္တာမှ ဘီယာတလုံးနှင့် ရေခဲရအောင် နှူးပြီး သောက်ပါလေတော့သည်။ သေအရက်သည်

(ဖော်ပြခဲ့သည့်အတိုင်း) ကျွန်ုပ်အဖို့ အသစ်အဆန်း မဟုတ်သော်လည်း တခါတရံအဖော်ကောင်းပါမှ သောက်မိခဲ့ခြင်းဖြစ်ရာ ဤညဥ့်၌မူ ဘီယာကို တယောက်တည်း သောက်ရသော်လည်း ရှေးကကဲ့သို့ ခါးတော့သည်မထင်ပဲ 'လေး'သော အရသာတမျိုး ရှိသည်ဆိုကာ တပုလင်းကုန်အောင် သောက်နိုင်ခဲ့ပါသည်။ ယခင်ကမူ အဖော်ကောင်း၍၊ သို့မဟုတ် ပျော်ချင်၍၊ သို့မဟုတ် ပျော်သည်ဆို၍ သောက်ခဲ့ဘူးရာ ထိုညဥ့်၌မူကား ဖိမ်ရှိသည်ဟူပင် မှတ်ထင်တတ်လေပြီ။ ဘီယာနှင့် ဘိလိယက် သည် အလွန်ဖက်မိသော အတွဲဖြစ်သည်ဟု နောင်တွင် တဆင့်တက်၍ ခံစားတတ်လာပါတော့သည်။

## အညံ့ခံခဲ့ရခြင်းတရပ်

ဘိလိယက်ကြောင့်တသက်တွင်တကြိမ် အညံ့ခံခဲ့ရဘူးခြင်းကို တင်ပြလိုပါသေး၏။ နယ်လှည့်ရာမှပြန်ရောက်လာရာတွင် တနင်္ဂနွေနေ့ နေ့လယ်ဖြစ်၍ ကျွန်ုပ်သည် မင်္ဂလာလမ်းအနီးရှိ ဘိလိယက်ခုံသို့သွားမိ၏။ ထိုနေ့တွင် အားလပ်ကြသည့်အလျောက် စာရေးတော်တော်များများ လာရောက်ကြ၍ တတွဲပြီးတတွဲကစားကြခြင်းကို ကျန်သူများသည် အလှည့်မရ၍ ထိုင်စောင့်ယင်းကြည့်နေကြရ၏။ (ထုံးစံမှာ ရှေးဦးစွာရောက်သူက ရှေးဦးစွာ ကစား၍ တတွဲပြီး တတွဲ ကိုယ့်အလှည့်ရောက်မှ ထ၍ကစားကြရ၏။) တနာရီခန့်စောင့်၍ ကျွန်ုပ်အလှည့်သို့ရောက်သဖြင့် ကစားမည်ဟု ကျွန်ုပ်တို့တတွဲ ထလိုက်ရာတွင် ခပ်ထောင်ထောင် မောင်းမောင်းလူတယောက်ထလာ၍ သူ့အလှည့်ဖြစ်သည်ဟု ငြင်းကာ စားပွဲကိုယူ၏။ ကျွန်ုပ်ကလည်း ကိုယ့်အလှည့် ဖြစ်သည်ဟုဆိုကာ စားပွဲရဖို့ ကြိုးစား၏။ သူက သူ့ဟာသူ တကယ်ယုံကြည် လေသလော၊ သို့တည်းမဟုတ် အနိုင်ကျင့်ရန်ကြံစည်လေသလော မပြောတတ်ချေ။

ကျွန်ုပ်သည် ဤခုံတွင် ထိုသူကို မြင်ဘူးသော်လည်း လူချင်းကား မသိကြ။ ကျွန်ုပ်၏အထင်မှာ ထိုသူသည် အရပ်ထဲက 'ဂျပိုး'တယောက်ဖြစ်သည် ထင်၏။ သူရ ကိုယ်ရ လုကြရာတွင် ထိုသူသည် ကျွန်ုပ်ကိုတွန်းပစ်သဖြင့် ကျွန်ုပ်ယိုင်သွား၏။ လဲတော့မလဲပါ။ ကျွန်ုပ်ကား အလွန်ရှက်သွားလေပြီ။ သူသည် ကျွန်ုပ်ထက် ဗလအနည်းငယ်သာသော်လည်း သူ၏ဗလကို မကြောက်၊ ဂျပိုး လူမိုက်တယောက်ဖြစ်သည် ထင်သောကြောင့် တစုံတခုဖြစ်ခဲ့လျှင် ကျွန်ုပ်ပင် အရှက်ရမည်ဟု စဉ်းစားမိသည်နှင့် အောင့်ခံလိုက်ရ၏။ ရှက်လိုက်သည်မှာကား သေလုမတတ်ဖြစ်တော့၏။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ၄င်းဘိလိယက်ခုံသို့ မသွားတော့ပဲ အခြားခုံများသို့သာ သွား၏။ တနေ့သ၌ ကိုမြစ်က "ခင်ဗျာ့ကောင် တော့ ပြောင်းသွားပြီဗျို့"ဟု ပြောသဖြင့် "ဘယ်ကောင်လဲ"ဟုမေးရာ "ခင်ဗျားနဲ့ ခုံလုကြတဲ့ ကောင်လေ"ဟု ပြော၏။ ထိုစဉ်က ကိုမြစ်မရှိခြင်းကို ကျွန်ုပ်မှတ်မိ၍ "ခင်ဗျားလဲ ကြားသကိုး"ဟု မေးသဖြင့် ကြားကြောင်း ပြန်ပြော၏။ "သူကဘယ်ပြောင်းရအောင် ဘာကောင်လဲဗျ"ဟု ကျွန်ုပ်ကမေးရာ ယစ်မျိုးဘက် ဆိုင်ထိုင်အရာရှိ (R.E.O) ဖြစ်ကြောင်းပြော၏။ ဤတွင်မှ ကျွန်ုပ်ယူကျုံးမရဖြစ် တော့သည်။ ကျွန်ုပ်သည် ဤအကြောင်းကိုသိရလျှင် သူ၏တွန်းခြင်းကို သည်းခံလိမ့်မည်မဟုတ်။ အရပ်သား ဂျပိုးလူမိုက်တယောက် ဖြစ်သည်ထင်၍ ကြိတ်ခံလိုက်ရခြင်း ဖြစ်ပါသည်။

ဤအကြောင်းကို ကိုမြစ်အား ပြောပြရာ ကိုမြစ်က 'သြော် ဒီလိုလား၊ ကောင်းပါလေဗျာ'ဟု ပြန်ပြောပြ၏။ ခပ်ရွယ်ရွယ်ကမူ ကျွန်ုပ်သည် ဤအတွက် အခဲမကြေနိုင်ပဲ ထိုလူနှင့် တွေ့ရာအရပ်တွင် တောင်းပန်ခိုင်းမည်၊ မတောင်းပန် လျှင် ဖြစ်ချင်ရာဖြစ် သတ်ပုတ်မည်ဟု သန္နိဋ္ဌာန်ချထားခဲ့ရာ ကံအားလျော်စွာ တကြိမ်တခါမျှ မတွေ့ရချေ။ ထိုတကြိမ် အည့်ခံလိုက်မိခြင်းအတွက် ကျွန်ုပ်သည် မိမိကိုယ်ကိုမကျေနပ်ဆုံးသော ညံ့ဖျင်းမှုတခုအနေဖြင့် မှတ်တမ်းတင်ထား၏။ နောက်နောင်တွင် ဤအဖြစ်မျိုး ကြုံရပါက ဘာဘာညာညာမတွေးပဲ လိုအပ်လျှင်

သေအထိ ခံခံမည်ဟု သန္နိဋ္ဌာန်ချခဲ့ပါတော့သည်။ ရန်ကုန်၌ နှစ်ပေါင်းများစွာ နေခဲ့၍ ဟိုတယ်ပေါင်း စုံအောင် ဘိလိယက်ထိုးခဲ့ရာ ထိုအဖြစ်မျိုးနှင့် မကြုံရတော့ပါ။ ဤအကြောင်းကို အကျယ်တဝင့်ဖော်ပြခြင်းမှာ ဖခင်ထံမှရသည့် 'ကြောက်သွေး'ကို စွန့်စားခန်းစာအုပ်များ ဖတ်ခြင်းအားဖြင့် ဖယ်ထုတ်ရပုံကို ထင်ရှားစိမ့်သောငှာ ဖြစ်ပါသည်။ နောက်ပိုင်း၌မူ ထစ်ကနဲဆို မခံတော့ပဲ တုံ့ပြန်တတ်ခြင်းကြောင့် ကိုယ့်ကိုယ်၌ အရှိုးအရေ အပြည့်အစုံ ရှိနေခြင်းပင်လျှင် ကံကောင်းသောကြောင့် ဖြစ်ပါသည်။

## တာဝန်ကြီးလှသည်

တနေ့သ၌ မင်းကြီးနှင့် ကျွန်ုပ်သည် မိတ္ထီလာ ဒိစတြိတ် မလှိုင်ဘက်တွင် သမဝါယမအသင်းများထူထောင်ခြင်း၊ စစ်ဆေးခြင်းနှင့် ပတ်သက်၍နယ်လှည့် လျက် ရှိကြ၏။ မစ္စတာ ကလေတင်မှာ လူပျိုကြီးအရာရှိတယောက်ဖြစ်၍ အိမ်ထောင်မှု ပစ္စည်းအကောင်းဆုံး သုံးတတ်သူဖြစ်ရာ တောတက်သောအခါတွင် သူ၏ပစ္စည်းများအတွက် လှည်းသုံးစီး အမြဲတမ်းဆင့်ရ၏။ သူ၏ပန်းကန် ခွက်ယောက်၊ ဇွန်း၊ ခက်ရင်း၊ ဓား၊ ဖလ်ခွက် စသော ပစ္စည်းများထည့်သည့် သစ်သား သေတ္တာကြီးမှာ ဘိလပ်မှ ဝယ်လာခဲ့ခြင်းဖြစ်၍ အလွန်သပ်ရပ်စွာ လုပ်ထားခြင်း ဖြစ်သောကြောင့် ပစ္စည်းတခုနှင့် တခုအကြားတွင် သက္ကလပ် အဝိုင်းကလေးများ၊ အရှည်ကလေးများ၊ လေးထောင့်ကလေးများ စသည်ဖြင့် ခံထားရာတွင် ပစ္စည်းတခုနှင့်တခု မထိနိုင်သဖြင့် မတော်တဆ သေတ္တာကြီး လိမ့်ကျစေဦးတော့ ပစ္စည်းများ မကွဲကြေနိုင်ပေ။ ဝါသနာပါသော ကျွန်ုပ်သည် ဘွိုင်ကုလား၏ မီးဖိုထဲသို့ ဝင်ကြည့်ရာ မီးဖိုကိရိယာများမှာ ကတ်တလောက်ထဲ ကအတိုင်း ဆန်းပြားစုံလင်လှပါပေသည်။

တောတက်ကြရာတွင် ကျွန်ုပ်အပြင် ချာပရာစီ နှစ်ယောက်၊ ပစ္စည်းထိန်း ဘတ္တလာတယောက်၊ စားပွဲထိုးတယောက်၊ ထမင်းချက် (Cook) တယောက်၊ လက်ထောက် ထမင်းချက်တယောက်၊ 'ကွတ်စ်မေတီး'ခေါ် အိုးတိုက်ကုလား ကလေးတယောက်ပါရှိ၏။ တခါတရံတွင် မြို့ကြီးများ၌ စတည်းချသောအခါ မြို့ပေါ်မှ အရာရှိကြီးများ ဖိတ်ခေါ်ကာ ဒင်းနားပါတီ ကျွေးလိုက်ချေသေး၏။ မင်းကြီးက ကျွန်ုပ်အား လှည်းသုံးစီးတိုက်ရသည့် သူ၏ပစ္စည်းများအားလုံးသည် ကျွန်ုပ်၏တာဝန်ဖြစ်ကြောင်း၊ တော၌လိုက်ပါလာသော အစေခံများအားလုံးသည် ကျွန်ုပ်၏သြဇာခံများဖြစ်ကြ၍ အစစအရာရာတွင် ကျွန်ုပ်ကကြည့်ပြီး စီမံရမည်ဖြစ်ကြောင်း ပြောပြထား၏။ ကိုမြစ်ကလည်း ဤဗိုလ်ကြီး၏ ပစ္စည်းခင်တွယ်တတ်ကြောင်း ပြောထားဘူးလေသည်။

## သူကြီးများ၏ အကျင့်ဆိုးတခု

တနေ့သ၌ ကျွန်ုပ်တို့သည် တောရွာကလေးတရွာ၌ သမဝါယမအသင်း ကိစ္စအတွက် ဇရပ်တခုတွင် (ဗိုလ်တဲမရှိ) စတည်းချအိပ်ကြရာ ညဥ့်သုံးနာရီအချိန်တွင် သုံးမိုင်ခန့်ဝေးသော ဘူတာရုံ၌ မီးရထားစီးကြရန်ဖြစ်၏။ တောလိုက်စာရေး၏တာဝန်မှာ လိုအပ်သောလှည်းများကို လိုအပ်သောအချိန်တွင် ဇရပ်သို့ ရောက်အောင် သူကြီးအားဆင့်ထားရန် ဖြစ်၏။ အချို့ရွာသူကြီးများသည် အသင်းမင်းကြီး၏ ရာထူးကြီးခြင်းကို သိကြသော်လည်း အုပ်ချုပ်ရေးဘက်မှ နယ်ပိုင်ဝန်ထောက်၊ ပုလိပ်ဘက်မှ ရာဇဝတ်ဝန်စသော အရာရှိများလောက် မကြောက်ကြပဲ ခပ်ပေါ့ပေါ့ လုပ်တတ်ကြသောကြောင့် လိုသောပစ္စည်းများဆင့်၍ တောင်းရာတွင် စာရေးအဖို့ အတော်ဂရုစိုက်ရ၏။ သူကြီးများက ပေါ့မည်သာ ပေါ့ကြသည်။ ကျွန်ုပ်တို့ဌာနမှ အရာရှိကြီးများသည် လှည်းခကိုလည်းကောင်း၊ ထင်း၊ ရေ၊ ကြက်၊ ကြက်ဥ စသော ပစ္စည်းများအတွက်ကို လည်းကောင်း

သတ်မှတ်ထားသောနှုန်းအတိုင်း အပြည့်အဝ ပေးကြသည်သာ ဖြစ်လေသည်။ နယ်ဘက်အရာရှိများထံမှမူ မတောင်းဝံ့သည်နှင့် မရလိုက်သည်များလည်း ကြားရဘူးလေသည်။ သို့နှင့်လည်း အချို့သူကြီးများသည် အသင်းမင်းကြီးအား အဆိပ်မရှိသော 'ရေမြွေ'ဟု သဘောထားကာ ကောင်းစွာမလေးစားပဲ နေတတ်ကြ၏။ အခြားပစ္စည်းကား အရေးမကြီး၊ လှည်းများကို အချိန်နှင့်ရဖို့ကား လွန်စွာ အရေးကြီးလှ၏။ အဘယ့်ကြောင့်ဆိုသော မီးရထားမမှီလိုက်ဟုဆိုလျှင် ဘာပြောပြော စာရေးကြီး၏ အပြစ် ဖြစ်ရသောကြောင့် ပေတည်း။

## တောလိုက်စာရေးတို့ ဗာဟီရအလုပ်

ထိုည၌ မင်းကြီးကအလုပ်လုပ်၍ သူရေးသောစာများကို ကျွန်ုပ်က လက်နှိပ်စက်ဖြင့် ရိုက်ကူးခြင်းလက်မှတ်ထိုးစေခြင်း၊ နံပါတ်တပ်ခြင်း၊ စာရင်းသွင်းခြင်း၊ စာအိတ်တွင်ထည့်၍ပိတ်ခြင်း၊ တံဆိပ်ခေါင်းကပ်ခြင်းစသည်ဖြင့် ဆောင်ရွက်ပြီးသောအခါ ၁၀နာရီခွဲပြီးလေပြီ။ ဤစာများမှာ ကျွန်ုပ်တို့စီးမည့် မီးရထားဖြင့် ရန်ကုန်သို့ပို့ရမည့် အစိုးရစာများဖြစ်လေသည်။ ကျွန်ုပ်တို့ခရီးထွက်ရန် အစီအစဉ်မှာ နာရီပြန်တချက်တွင် အိပ်ရာမှထကြရန်၊ လှည်းများရောက်လာသော အခါ ပစ္စည်းများတင်၍ တနာရီခွဲတွင် ဇရပ်မှထွက်ခွာကြရန်၊ ၂ နာရီခွဲတွင် ဘူတာရုံသို့ရောက်၍ ပစ္စည်းများကို ချိန်တွယ်ခြင်း၊ တန်ဆာလုပ်ခြင်း၊ ပြီးစီးချိန်တွင် (၃ နာရီထိုးသောအခါ) မီးရထားရောက်လာ၍ တက်စီးကြရန် ဖြစ်လေ သည်။ ကျွန်ုပ်သည် ၁၁ နာရီတွင် အိပ်ရာသို့ဝင်၍ တနာရီတွင် ကပျာကယာထကာ အိပ်ရာလိပ်ပြီးနောက် လှည်းများကိုမေးလိုက်ရာ မရောက်ကြသေးချေ။ ဤတွင်သူကြီးအိမ်သို့ ချာပရာစီကိုစေလွှတ်ပြီး ခေါ်ခိုင်းရသဖြင့် တနာရီခွဲခါနီးမှ ရောက်လာကြ၏။ သို့နှင့်အချိန်လုပြီး ကတိုက်ကရိုက်တင်၊ အပြေးအလွှားမောင်းကြရသဖြင့် ၂နာရီ ၄၅ မိနစ်တွင်မှ ဘူတာရုံသို့ ရောက်ကြ၍

ပျာယီးပျာယာ တန်ဆာလုပ်ပြီး မီးရထား ဝင်လာလေတော့သည်။ 'တော်သေးရဲ့'ဟု စိတ်ထဲ၌ဟီးချမိရာ မတော်သော အချင်းအရာတခု ကြုံရပါတော့သည်။

## အဆူခံရခြင်း

နောက်တစခန်းသို့ နံနက် ၈ နာရီလောက်တွင် ဆိုက်ရောက်ကြ၍ (မြို့ကြီး ဖြစ်သည့်အလျောက်) ဗိုလ်တဲ၌ တည်းခိုကြကြ၏။ ချာပရာစီများ၊ ဘတ္တလာများ၊ ထမင်းချက်များသည် မိမိတို့နှင့် ဆိုင်ရာပစ္စည်းများကို နေထားတကျ စီစဉ်ပြင်ဆင်လျက်ရှိကြစဉ် အစေခံများခေါင်းချင်းရိုက်ကာ တီးတိုးတိုင်ပင်လျက် ရှိကြခြင်းကိုမြင်၍ "ဘာဖြစ်ကြတာလဲ"ဟု ကျွန်ုပ်ကမေး၏။ "မိုးတော့ မီးလောင် တော့မယ် စာရေးကြီးရေ"ဟု ဘတ္တလာက ပြောသဖြင့် ကျွန်ုပ်ထိတ်လန့်သွား၏။ "ဘယ်လိုဖြစ်တာလဲ"ဟု ကျွန်ုပ်က ထပ်၍မေးတော့ မင်းကြီး၏ ရွက်ဖျင်ကုလားထိုင်တွင် ချိတ်ထားရသည့် ခေါင်းအုံးကလေး ကျကျန်ရစ်ကြောင်း သိရလေ၏။ "ဟာ ဒီလိုဆိုမဖြစ်ဘူး ဈေးထဲသွားပြီး မရရအောင် ရှာဝယ်ချေ"ဟု ပြောကာ ချာပရာစီတယောက်ကို ကျွန်ုပ်လွှတ်လိုက်၏။ မင်းကြီးသည် နံနက်စာ စားပြီးမှ ရွက်ဖျင်ကုလားထိုင်ပေါ်တွင် သတင်းစာဖတ်လေ့ရှိသောကြောင့် အချိန်ရသေးသည်ဟု အောက်မေ့ကာ စိတ်မပူလှပဲရှိသေး၏။ မည်သည့်နည်းမဆို ဤပစ္စည်းကလေးမျိုးအတွက်မှာ အစေခံများ၏အလုပ်ဖြစ်၍ ရုံးသေတ္တာကြီးသုံးလုံး ကို ပစ္စည်းစေ့စုံအောင်ထည့်ခဲ့ဖို့ တာဝန်ယူရသည့်စာရေးကြီး၏ အပူမဟုတ်နိုင်ဟု ခပ်ပေါ့ပေါ့ပင် အောက်မေ့လိုက်၏။ အလွန်ဆုံးတွက်လိုက်လျှင် 'သူတို့အား ဆူသည်ကို ငါမြင်ရချေတော့မည်လော'ဟူ၍သာ အောက်မေ့၍ သူတို့အတွက် ပူပန်မိသေး၏။ ခေါင်းအုံးကလေးတလုံးဝယ်ဖို့ စေလွှတ်လိုက်သော ချာပရာစီ မောင်ပြူးလည်း ပြန်မလာချေ။ "လူကလေး စားစရာယူခဲ့"ဟု မင်းကြီးက တောင်းလိုက်သောအခါ၌ပင် မောင်ပြူးရောက်မလာသေးချေ။ ကျွန်ုပ်သည်

ထမင်းချက်ကုလားအား ဖြည်းဖြည်းချက်ရန် "အာစတေးဘာဘူ၊ အာစတေး" လက်သိပ်ထိုး ပြောထားရ၏။ မင်းကြီးသည် စားစရာတပွဲပြီးတပွဲစား၍ သုံးပွဲကုန်သည်တိုင်အောင်လည်း မောင်ပြုံးပေါ်မလာသေးချေ။ "သတင်းစာယူခဲ့" ဟုခေါ်လိုက်ရာတွင်မှ မောင်ပြုံးသည် မြို့ထဲမှ ဖတ်ဖတ်မောပြေးလာ၍ လက်ထဲတွင် ခေါင်းအုံးကလေးပါလာ၏။

ထိုအခိုက်တွင် မင်းကြီးသည် ရေချိုးခန်းသို့ ခေတ္တဝင်သွားရာ ကျွန်ုပ်က မောင်ပြုံးအား မေးကြည့်သည်တွင် တမြို့လုံး၌ ဤခေါင်းအုံးကလေးမျိုး တလုံးမျှ မရှိသောကြောင့် အကြာကြီးရှာနေပြီးမှ နောက်ဆုံးတွင် စက်ချုပ်ဆိုင်တဆိုင်၌ ကတိုက်ကရိုက် ချုပ်ယူခဲ့ရကြောင်း ပြောပြလေ၏။

"တော်သေးရဲ့ကွာ ငါ့လူ"ဟု ကျွန်ုပ်က ချီးမွမ်းမိသေးသည်။ မင်းကြီးသည် ရေချိုးခန်းမှ ထွက်လာ၍ ရွက်ဖျင်ကုလားထိုင်ပေါ်၌ ထိုင်မည်ပြုသည်တွင် ခေါင်းအုံးကလေးကိုမြင်၍ တန့်ကနဲ ဖြစ်သွားပြီး "စာရေးကြီး"ဟု ခေါ်လိုက်၏။ ကျွန်ုပ်၏အထင်မှာ အစေခံများဖျောက်ပစ်ခဲ့သော ပစ္စည်းတခုအတွက် အစားထိုးနိုင်အောင် ကျွန်ုပ်က စီမံထားခြင်းကြောင့် မျက်နှာကောင်းရလိမ့်မည်ဟု မျှော်လင့်မိ၏။ ထိုကဲ့သို့ကားမဟုတ်ချေ။ မင်းကြီးကဖြစ်ပုံကိုမေး၍ ကျွန်ုပ်ကအမှန်အတိုင်းပြောပြရာတွင် မင်းကြီးသည် မျက်နှာများနီလာ၍ ကျွန်ုပ်၏ပေါ့လျော့မှုအတွက် ကြိမ်းမောင်းလေတော့သည်။ ကျွန်ုပ်ကလည်းကိစ္စနှင့်တကွ စီမံရ၍ ညဥ့်နက်အောင်အလုပ်လုပ်ရခြင်း၊ ရုံးနှင့်ဆိုင်ရာ စာရွက်စာတမ်းများနှင့် ဖိုင်တွဲများကို စေ့စုံအောင် ဂရုစိုက်ရခြင်းတို့ကြောင့် ခေါင်းအုံးကလေးကို ဂရုမစိုက်နိုင်ကြောင်းပြောပြလေရာ မစ္စတာကလေတင်သည် တိုး၍စိတ်ဆိုးလာ၏။ နောက်ဆုံး၌ ဘာမျှမပြောဝံ့တော့ပဲ ဆိတ်ဆိတ်နေလိုက်ရပါတော့သည်။

## ဆူပြီး၍ ချော့ခြင်း

အိုင်စီအက်စ် အရာရှိတိုင်းသည် ဤကဲ့သို့မဟုတ်၊ မင်းကြီး မစ္စတာ ကလေတင်သည် လူဆန်းတယောက်ဖြစ်ခြင်းကို ကြုံဘူးသူတိုင်း သိကြပါသည်။ သူ၏ ဝါသနာကား ဆူစရာရှိလျှင် ကြီးငယ်မရွေး ဆူတတ်၍ ချီးမြှောက်စရာ ရှိလျှင်လည်း သူ့လူကို မတက်တက်အောင် ထိုးတင်ပေးတတ်လေ သည်။ ကျွန်ုပ်သည် ဤအကြောင်းကိုသိပါ၏။ ရုံးအုပ်ကလည်း ကျွန်ုပ်တောလိုက် စာရေး ဖြစ်တော့မည်ဆိုရာတွင် "ဖေသိန်းတော့ကော်တာပဲ၊ သိပ်ကံကောင်းတယ်၊ ဒီကောင် လေး ကြီးပွားတော့မယ်"ဟု အခြားစာရေးများအား ပြောဘူးလေသည်။ သို့ရာတွင် ကျွန်ုပ်၏ဇာတာမှာ အစိုးရအမှုထမ်းအဖြစ်နှင့် ကြီးပွားဖို့ ပါလာဟန် မတူချေ။ မင်းကြီးသည် ကျွန်ုပ်အားဆူပြီး နာရီဝက်ခန့်ကြာသောအခါ ကျွန်ုပ်ကို ခေါ်ပြန်၏။ မျက်နှာထားမှာ ခပ်ချိုချိုဖြစ်နေခဲ့လေပြီ။ ကျွန်ုပ်ကမတ်တတ်ရပ်လျက် ရှိရာ မင်းကြီးက အနီးသို့ချဉ်းကပ်ရန်ပြောသဖြင့် သူ၏ရွက်ဖျင်ကုလားထိုင်အနီး တွင် ထိုင်ရလေသည်။ ထုံးစံအတိုင်းသူက အင်္ဂလိပ်လိုပြောသော်လည်း စာရေးက မြန်မာလိုဖြေမှ သဘောကျသည်။ "ကျွန်တော်မျိုး"၊ "အရှင်ဘုရား"စသော စကားလုံးများကို ဗိုလ်များနှစ်သက်ကြသည်။

"မင့်အသက် ဘယ်လောက်ရှိပြီလဲ"

"၂၂ နှစ်ရှိပါပြီ အရှင်ဘုရား"

"ဟလို ငယ်ငယ်ကလေးပါကလား"

ကျွန်ုပ်၏ပါးကို ဖြည်းညင်းစွာ ဆွဲ၍လိမ်သည်။

"မောင်မင်းနဲ့ ကျွန်ုပ်နဲ့ ဆရာတပည့်နော်၊ ဟုတ်ရဲ့လား"

"မှန်ပါတယ် အရှင်ဘုရား"

"ဆရာတပည့်ဆိုတာ ဆရာကဆူလျှင် တပည့်က စိတ်မဆိုးရဘူး၊ ဟုတ်လား"

"မှန်လှပါ ဘုရား"

"ကျွန်ုပ်ကအလုပ်ကောင်းကောင်းလုပ်တဲ့သူဆိုလျှင် ချီးမြှောက်တတ်တယ်"

"မှန်ပါဘုရား"

"ကောင်းကောင်းလုပ်၊ စိတ်မညစ်ပါနဲ့၊ ဒီခေါင်းအုံးကလေး ဘယ်လောက်ပေးရသလဲ"

"နှစ်ကျပ်ပေးရတယ် ပြောပါတယ် ဘုရား"

"ရုံးသုံးငွေထဲက မထုတ်နဲ့၊ ကျွန်ုပ်ကိုယ်ပိုင်ငွေစာရင်းထဲက ထုတ်ယူပါ"

"မှန်ပါဘုရား"

"အလုပ်ကောင်းကောင်းလုပ် သွားတော့"

ကျွန်ုပ်စိတ်ကောက်လေပြီ။

မိမိအလုပ်၌ ကြီးပွားစေလိုသောစိတ်ရှိသည့် စာရေးကလေး တယောက်သည် အလွန်ဆူတတ်သည်ဟု နာမည်ကြီးသော အရာရှိတဦးက ပါးကိုလိမ်ဖြစ်ကာ စကားပြေပြောခြင်း ခံရသည်ဆိုပါက စိတ်အားတက်ကြပြီး ကြိုးစား၍ အလုပ်လုပ်ပေလိမ့်မည်။ ကျွန်ုပ်မူကား ထိုကဲ့သို့ မဟုတ်ချေ။ မိမိ၏အပြစ် မဟုတ်ပါပဲလျက် ခေါင်းအုံးကလေး ပျောက်ခြင်းအတွက် ဆူပူရချေမည်လောဟု နှလုံးသို့ခိုက်အောင် နာထားသည်နှင့် မင်းမှုထမ်းအလုပ်သည် အလကားအလုပ် ဖြစ်သည်။ ဗိုလ်စိတ်ကောင်းလျှင် ကောင်းသလို၊ ဗိုလ်စိတ်ဆိုးလျှင် ဆိုးသလို သူတို့သဘောအတိုင်းခံရသည်။ စိတ်ဆင်းရဲမှု ချမ်းသာမှုသည် သူတို့၏ ကြည်ခြင်းနောက်ခြင်း အပေါ်တွင် ဖြစ်သောကြောင့် မင်းကြီးက နှစ်သိမ့်စေလိုသော သဘောနှင့် ချော့၍ ဆုံးမခြင်း ဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါလျက်နှင့် ကောင်းကောင်း စိတ်မကျေပဲ ဖြစ်နေပါတော့သည်။ သမဝါယမဌာနဘက်၌ ကျွန်ုပ်ကဲ့သို့ အတန်းလည်း မအောင်၊ အရေးအသားလည်း မတော်၊ ဗိုလ်နှင့်အထက်ပါ အခွင့်အရေးမျိုးလည်း မရကြပဲလျက် သည်းညည်းခံပြီး ကုတ်ကုတ်ပတ်ပတ် ကြိုးစားထမ်းရွက်ကြခြင်းအားဖြင့် (Joint-Registrar)

တွဲဘက်မင်းကြီးရာထူးတိုင်အောင် တက်ကြသူများလည်းရှိလေသည်။ သူတို့နှင့် ကျွန်ုပ်ခြားနားခြင်းမှာ ကြီးပွားလိုသောဆန္ဒပြင်းထန်ခြင်း မပြင်းထန်ခြင်းမျှသာ ကွာကြ၏။ စံဒေဝီနှင့် အကြောင်းပါခဲ့ပါမူ ကြီးပွားလိုစိတ်ဖြစ်ပေါ်လာမည်လော မပြောတတ်ပေ။

## အဆင်မပြေမှုတခု

မင်းကြီး၏ တောလိုက်စာရေးသည် ထမင်းချက် ကုလားသုံးယောက်မှတပါး မင်းကြီး၏ဘတ္တလာ၊ စားပွဲထိုးနှင့် ရုံးချာပရာစီ နှစ်ယောက်တို့အား (အားလုံး ဗမာများဖြစ်သည်။) နယ်လှည့်စဉ်အတွင်း ထမင်းကျွေးရသောထုံးစံတခု ကိုမြစ်က လုပ်ထားခဲ့၏။ အလုပ်လွှဲပေးခါနီးတွင် ကိုမြစ်က "ဒိပြင် ဌာနတွေမှာတော့ ဒီလိုထုံးစံမရှိပါဘူး၊ ကျုပ်ကတော့ ထုံးစံလုပ်ထားခဲ့မိပြီ၊ ခင်ဗျားလဲ ကျွေးလိုက်ပါဗျာ၊ သူတို့မှာခရီးစရိတ်ကလဲ ဖြစ်လောက်အောင် မရရှာကြပါဘူး"ဟု မှာထားခဲ့ဘူးလေသည်။ ကျွန်ုပ်လည်း ကိုမြစ်မှာထားခဲ့သည့်အတိုင်းပင် ကျွေးပါသည်။ ရုံးချာပရာစီတယောက်က ချက်ပြုတ်မှုအတွက် တာဝန်ယူပါ၏။ ကျန်သူများကား အလကားစားကြခြင်းဖြစ်၏။ စားကြရုံနှင့်မပြီးသေး။ ဘတ္တလာနှင့် စားပွဲထိုးသည် ကျွန်ုပ်အားငယ်ရွယ်သော လူကလေးတယောက်ဆို၍ ကိုမြစ်ကဲ့သို့ မလေးစားချင်ပဲ မထီမဲ့မြင် ပြုချင်ကြပုံရ၏။ မစ္စတာကလေတင်၏ ဝါသနာတခုမှာ သူ၏ဘတ္တလာကို လက်သပ်မွေးထားပြီး ရုံးအလုပ်မှတပါး အရပ်ရပ်ကိစ္စများတွင် 'လူယုံတော်' တယောက်အနေဖြင့် တိုင်ပင်တတ်၍ 'အချစ်တော်'တယောက်ပင် ဖြစ်ခဲ့လေပြီ။ သမဝါယမဌာနဘက်၌ အမှုထမ်းကြသော မြို့အုပ်များ၊ ဝန်ထောက်များသည် မင်းကြီး၏အိမ်သို့ ဝင်ကြသောအခါ ဘတ္တလာကိုရှေးဦးစွာ ချဉ်းကပ်ပြီး အာလာပ သလ္လာပစကားပြောပြီးမှ ဝင်ကြ၏။ အချို့မှာဘတ္တလာအတွက် အသေးအဖွဲ လက်ဆောင်ကလေးများပင် ပါလာတတ်ကြ၏။ တခါတရံ

ဘတ္တလာကပင် မြို့အုပ်ဝန်ထောက်များအား "ဦးတို့အရပ်မှာ ဟဝါမပေါဘူးလား၊ ကျွန်တော်နဲနဲရချင်တယ် ခင်ဗျာ"ဟု ဆိုကာ မှာထားလိုက်ရာ အရာရှိများလည်း ယူခဲ့ကြရ၏။ စင်စစ်မှာ ဘတ္တလာသည် အရာရှိများအား ကောင်းကျိုးသော်လည်းကောင်း၊ ဆိုးကျိုးသော်လည်းကောင်း ဘာမျှ တတ်နိုင်သည့် မဟုတ်၊ တမင်သတ်သတ် 'မင်းမှီ စိုးကပ်'ဖြင့် ဗိုလ်ကျခြင်း ဖြစ်၏။ ကျွန်ုပ်သည် ဤအကြောင်းများကိုသိ၍ ဘတ္တလာကို သဒ္ဓါကြည်ဖြူမဟုတ် လှသော်လည်း ကိုမြစ်၏ဩဝါဒအရ ထမင်းတော့ ကျွေးပါသည်။ သို့သော် မထေမဲ့မြင် လုပ်လွန်းပုံကို ဖော်ပြပါဦးမည်။

## ဒုတိယမွှိစိတ်ပျက်ခြင်း

တနေ့သ၌ ရွာတရွာတွင် ကျွန်ုပ်တို့လူစု စတည်းချလျက်ရှိစဉ် ကျွန်ုပ်သည် ဈေးဝယ်ရန်အတွက် ချာပရာစီအား ပိုက်ဆံပေးထားပြီး အလုပ်လုပ်လျက်ရှိ၏။ တောရွာများ၌ ဈေးဝယ်ခြင်းဟူသည်မှာ ကြက်နှင့်ဆီ၊ ဆန်တို့သာ ဖြစ်လေသည်။ ထိုနေ့၌ ကျွန်ုပ်သည် မင်းကြီးက ဘဏ္ဍာရေးမင်းကြီးထံသို့ စာရှည်ကြီးတစောင် ရေးသည်နှင့် မပြီးမချင်း လက်နှိပ်စက်ဖြင့် ရိုက်ကူးရခြင်းကြောင့် ၁၂ နာရီခန့်တွင်မှ နံနက်စာစားနိုင်တော့သည်။ အလုပ်ပြီးစီး၍ ထမင်းပွဲပြင်ခိုင်းသောအခါ ဘတ္တလာနှင့် စားပွဲထိုးတို့စားနှင့်ပြီးဖြစ်၍ ကျွန်ုပ်နှင့်ချာပရာစီ နှစ်ယောက်သာ ကျန်တော့သည်။ ထမင်းပွဲ၌ ထိုင်လိုက်၍ ဆာလောင်စွာနှင့် ကြက်သားဟင်းခွက်ကိုနှိုက်လိုက်သောအခါ ရင်အုပ်နှင့် အသည်းမရှိတော့ပဲ ပေါင်နှင့်အရိုးများသာ တွေ့၏။ ကျွန်ုပ်အတွက် ရင်အုပ်ဖြစ်စေ၊ အသည်းဖြစ်စေ ထားရမည်ကို သူတို့သိလျက်နှင့် ဘတ္တလာနှင့် စားပွဲထိုးတို့က စားပစ်လိုက်ကြလေပြီ။ ပိုက်ဆံထုတ်ရသူက ကျွန်ုပ်၊ ချက်ပြုတ်ရသူကား ရှုံးချာပရာစီဖြစ်ပါလျက် တမင်သက်သက်ဗိုလ်ကျခြင်း ဖြစ်သည်ဟု ကျွန်ုပ်နားလည်၏။ သူတို့ယူဆကြပုံမှာ

ကား စာရေးကြီးဆိုသူသည် မိမိတို့သခင်၏ စာရေးမှူးသာဖြစ်၍ ရှိသေဖို့ မလိုဟု ထင်ကြပုံရ၏။ သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်သောအခါ ဖလ်ခွက်တိုက် သူကတိုက်၍ စားပွဲခင်းသူက ခင်းလျက်ရှိ၏။ ဆူလိုက်ချင်သည်မှာကား ပြောဖွယ်ရာ မရှိချေ။ သို့သော်မင်းကြီး၏ လူဖြစ်သောကြောင့် မဆူဝံ့ပဲ ကြိတ်ခံလိုက်ရသည်တွင် ကျွန်ုပ်သည် အပြစ်အလုံးစုံကို ထိုအလုပ်ပေါ်သို့ ပုံချပြီး 'အလကား အလုပ်မျိုးပဲ'ဟု မှတ်ချက် ချလိုက်ပါတော့သည်။ သို့သော် ဤတခေါက်လွန်ပစေ၊ နောက်တခေါက်တွင် ဒီအကောင်တွေကို ထမင်းမကျွေး တော့ပြီဟု ဆုံးဖြတ်လိုက်၏။

## အစီအစဉ်တမျိုး လုပ်ခြင်း

နောက်တခေါက်တွင် ဗန်းမော်မြို့ရွှေကျီးနား ဘုရားပွဲ၌ လယ်ယာ စိုက်ပျိုးရေး ပြပွဲပါသည်နှင့် ကျွန်ုပ်တို့လူစုသည် မြစ်ကြီးနားမှ အစိုးရ သင်္ဘောကလေးနှင့် စုန်ဆင်းလာကြ၏။ ကျွန်ုပ်တို့နှင့်အတူ ဒုတိယ လယ်ယာစိုက်ပျိုးရေးဝန်ကြီးလည်း ပါလာရာ သူ၏စာရေးကြီးနှင့် ကျွန်ုပ်သည် ဘိလိယက်ကစားဘက်ဖြစ်၍ အလွန်ပျော်ကြသည်။ ကျွန်ုပ်အဖို့ စားသောက်ရန် အစီအစဉ်မှာ မင်းကြီး၏ ထမင်းချက်အား ကျွန်ုပ်အတွက်တနေ့တကျပ်ပေး၍စား ပြီး ဘတ္တလာနှင့် စားပွဲထိုးတို့ကို ပေလာယျက် ပစ်ထားလိုက်၏။ ချာပရာစီ နှစ်ယောက်အားမူ ပိုက်ဆံအနည်းငယ်သာပေး၍ ကျွန်ုပ်တာဝန်မယူတော့ချေ။ ဤတွင်ဘတ္တလာနှင့် စားပွဲထိုးတို့သည် ကျွန်ုပ်ကို အတော်'အောင့်' ကြ၏။ ကျွန်ုပ်ကမူ ဂရုမစိုက်ချေ။ မင်းကြီး၏စာရေးက ဘတ္တလာကိုလန့်မနေနိုင်ဟု သဘောထားလိုက်၏။ တနေ့တကျပ်ဟူသော ငွေမှာ ထိုခေတ်က အတော်ကြီး အရာရောက်၍ ကျွန်ုပ်မှာလည်း ထမင်းကောင်း ဟင်းကောင်းစားရသဖြင့် ကျေနပ်လှသည်။ ဗိုလ်နှစ်ယောက်တို့သည် အစိုးရသင်္ဘောအထပ်ထပ် ဦးပိုင်းမှ

လိုက်ကြ၍ ကျွန်ုပ်တို့စာရေးနှစ်ယောက်သည် အောက်ထပ် ဦးပိုင်းမှ လိုက်ပါလာကြရာ အစိုးရအလုပ်နှင့် သွားခဲ့ရသမျှတွင် ဇိမ်ရှိဆုံး ခရီးဖြစ်၍ အနည်းငယ်ဖော်ပြလိုပါသည်။

## ထူးခြားသော အခြင်းအရာနှစ်ခု

ဗန်းမော်နှင့် မြစ်ကြီးနား ခရီးမှာ ဧရာဝတီကုမ္ပဏီသင်္ဘောများ သွားလာခြင်း မရှိပဲ အစိုးရသင်္ဘောများသာ သွားလာသည်ဖြစ်သောကြောင့် ရောက်ဖို့ အလွန် ခဲယဉ်းသော ခရီးဖြစ်၏။ အစိုးရသင်္ဘောများသည် ပင်လည်း အလွန်ရေငယ်သည့် (ဧပြီလ ၁၅ ရက်နေ့အထိ) အချိန်အပိုင်းအခြား အတွင်းသာ သွားလာနိုင်၏။ မြစ်ရေငယ်သောအချိန်အပိုင်းခြားကိုမှ ရွေးပြီး သွားလာကြခြင်းမှာ ၄င်းဒေသ တလျှောက်၌ ဧရာဝတီမြစ်သည် အလွန်ကျဉ်းသည်ဖြစ်၍ မြစ်ရေ အတော်အတန် ကြီးသည်ဆိုလျှင် ရေစီးကြမ်းသည်နှင့် သင်္ဘောခုတ်နှင်ဖို့ အလွန်ခဲယဉ်းသော ကြောင့်ဖြစ်၏။ အစိုးရသင်္ဘောမှာလည်း ကြီးကြီးမားမား မဟုတ်၊ အငယ်စား ကလေးမျှသာ ဖြစ်၏။ ကျွန်ုပ်နှင့်စာရေးကြီး ကိုဘခင်တို့သည် (ဒုဝန်ကြီး၏ စာရေးဖြစ်သည်) ဧရာဝတီပထမမြစ်ကျဉ်း အကြောင်းကို ကျောင်း၌ သင်ခဲ့ဘူးကြ သည်ဖြစ်၍ ဤခရီးတွင် စိတ်ဝင်စားဖွယ် ရှုခင်းများတွေ့မြင်ရလိမ့်မည် ဆိုခြင်းကို သိကြသည်နှင့် အောက်ထပ် ဦးပိုင်းတွင် မျှော်တလင့်လင့်နှင့် ဟန်ပြင်လျက် ရှိကြ၏။ ဗိုလ်နှစ်ယောက်မူကား အထပ်ထပ်တွင် မှန်ပြောင်းများ တကိုင်ကိုင်နှင့် ရွက်ဖျင် ကုလားထိုင်များပေါ်၌ ထိုင်လျက်ရှိကြ၏။ မြစ်ကြီးနား မထွက်ခွာမီပင် ထူးဆန်းသော အခြင်းအရာနှစ်ခု တွေ့မြင်ရသည်မှာ ဧရာဝတီမြစ် ရေသည် ကျွန်ုပ်ရောက်ဘူးသည့် နေရာများအနက် မည်သည့်နေရာ၊ မည်သည့် ဆိပ်ကမ်းနှင့်မျှမတူပဲ သောက်ရေအိုးမှ ရေကဲ့သို့ကြည်လင်၍ အလွန်တရာ အေးမြသောကြောင့် သကြားနှင့်သံပရာသီးခပ်သောက်လိုက်လျှင် ရှလပတ်ရည်

ဖြစ်သွားလေတော့သည်။ (မန္တလေးမြို့၌ရောင်းသော ရှလပတ်ရည်သည်ပင် ရေခဲရှားသော နွေရာသီ၌ ဤမျှလောက် အေးသည်မထင်။) ကြည်လင်လိုက်ပုံ ကလည်း သင်္ဘောနံဘေး၌ ကပ်လျက်ရှိကြသော ငါးအမျိုးမျိုး တို့မှာ ဖလ်ပေါင်း ချောင်ထဲတွင် ထည့်ထားသည့် ရွှေငါးများသဖွယ် ထင်ထင်ရှားရှားကြီး မြင်နိုင် ပေသည်။ အခြားတချက်မှာ မြစ်ကမ်းပါး တလျှောက်လုံး ဆေးကြိတ်ကျောက်လုံး များဖြင့် ဖြန့်ကြဲလျက် ရှိခြင်းပင် ဖြစ်၏။ မြစ်ဆိပ်သို့ လျှောက်လာကြစဉ် လမ်းခရီး၌ ကျောက်တလုံးတလေတွေ့သည်နှင့် မဆလာကြိတ်ရန် ဆိုကာ လိုလိုမယ်မယ် ကောက်ယူခဲ့၏။ ရှေ့လျှောက်လာသော အခါ ထိုထက်လှသော ကျောက်လုံးကိုတွေ့သည်နှင့် ပထမကျောက်လုံးကို ပစ်ချပြီး လဲလှယ်ယူခဲ့၏။ တလုံးထက် တလုံးလှသော ကျောက်လုံးများကို တွေ့သည်နှင့် တလုံးပြီးတလုံး ပစ်ချကာ လဲလှယ်ယူခဲ့ရာ နောက်ဆုံးတွင် မြစ်ဆိပ်သို့ ရောက်၍ သိန်းသန်းကုဋေရှိနေသော ကျောက်လုံးများကို မြင်ရတော့မှ လက်ရှိကို ပစ်ချပြီး အလှဆုံးတလုံးကို ရွေးယူခဲ့ရပါသည်။

## ပထမမြစ်ကျဉ်း

ဧရာဝတီမြစ်သည် မြစ်ကြီးနား ဆိပ်ကမ်း၌ပင် အခြားမြို့များမှ ဆိပ်ကမ်းများထက် ကျဉ်းမြောင်းလှပါလေပြီ။ သို့ရာတွင် သင်္ဘောထွက်လာခဲ့၍ ပထမမြစ်ကျဉ်း (First Defile) သို့ရောက်သောအခါ၌ မြစ်တခု၏ အရွယ်မဟုတ်တော့ပဲ ချောင်းကလေး၏အရွယ် ဖြစ်လာတော့၏။ မြစ်ကြောင်း ကျဉ်းမြောင်းလေလေ ရေများသည် စု၍စု၍လာလေ ဖြစ်ရသောကြောင့် ရေစီးလည်း အလွန်ထန်၍ အလွန်တရာလည်း နက်ပုံရသည်၊ အချို့နေရာများ၌ ဒလတွန်း ထိုးဆင်းသောရေသည် ရှေ့၌ ဆီးကာလျက်ရှိသော တောင်ကြီး သို့မဟုတ် ကျောင်ဆောင်ကြီးများကို အဟုန်ပြင်းစွာနှင့် တိုက်ခိုက်သည် ဖြစ်သောကြောင့်

ရေမှုန် ရေမွှားများသည် တဖွားဖွား ပြန့်စင်၍ တဝေါဝေါ တဟောဟော မြည်သောအသံဖြင့် ဆူညံလျက်ရှိ၏။ ကမ်းတဘက် တချက်၌ကား အလွန်မြင့်မားသော တောင်ကြီးများသည် ဖွတ်အတင်း ထိုးဆင်းသော မြစ်ရေလုံးကို အသာတကြည်လမ်းမဖယ်ပေးချင်ပဲ ကတ်သီးကတ်သတ် လုပ်ကြသည့် လက္ခဏာနှင့် ဟိုမှဆီး သည်မှတား၊ ဟိုမှာခု သည်မှာခံ အတန်တန် ကြိုးစား၍ အနှောင့်အယှက် ပြုသည့်နှယ် နေရာတကာတိုင်းတွင် အတိုက်အခံ လုပ်နေဟန်တူ၏။ အချို့နေရာတွင် တဘက်၌ရှိသော တောင်ကြီးသည် (ပြေးသွားသော လူတယောက်ကို ခြေထိုး၍ခံလိုက်ခြင်းကဲ့သို့) မြစ်ရေလုံး၏ရှေ့မှ ကျောက်စွန်းတခုထုတ်ကာ ကန့်လန့်ခံလိုက်ရာ မြစ်ရေလုံးသည် ကျောက်စွန်းကို အကြမ်းနည်းဖြင့် ဖြိုဖျက်ရန် မတတ်နိုင်သော အခါတွင် အနုနည်းဖြင့် ပွန်းတီးအောင် တဖြည်းဖြည်း လုံးပါးပါးစေ၏။ တခါတရံတွင် မြစ်ကြောင်းသည် မည်မျှ ကျဉ်းမြောင်းပါသနည်းဟူမူ သင်္ဘောဦးမှထိုင်၍ ရှေ့သို့မျှော်ကြည့်ကာလိုက် လာသော ကျွန်ုပ်သည် ရှေ့တည့်တည့်၌တောင်ကြီးဆီးလျက် ရှိခြင်းကိုသာမြင်ရ၍ မြစ်ကြောင်းလုံးပျောက်ပြီး တောင်ကြီးကိုသင်္ဘောဦးဖြင့် ဆောင့်တော့မည့်ဆဲဆဲ ရှိရာတွင်မှ လက်ယာဘက်၌သော်လည်းကောင်း၊ လက်ဝဲဘက်၌သော်လည်းကောင်း ရေကြောင်းကလေးပေါ်လာ၍ ၄င်းဘက်သို့ ဆတ်ကနဲလှည့်ကာ ကွေ့ချိုးလိုက်ခြင်း ကို မြင်ရပါတော့သည်။ မြစ်ကြောင်း ကျဉ်းမြောင်းရသည့်အထဲတွင် 'တတောင်ဆစ်ချိုး'ကွေ့ရသည့် နေရာပေတကား။ ထိုကဲ့သို့ ချိုးကွေ့လျက်ရှိစဉ် တချက်တချက်တွင် သင်္ဘောဦးမှဖြစ်စေ၊ တချက်တချက်တွင် သင်္ဘောပဲ့ပိုင်းမှ ဖြစ်စေ ခုန်ချလိုက်ပါက ကမ်းပေါ်သို့ ရောက်နိုင်မည်ဟူ၍ပင် ထင်ရလောက် ပေသည်။

## လူ့စိတ်သည် ခက်လှ၏

ငှင်းမြစ်ကျဉ်းအရပ်၌ တဘက်တချက်ရှိ တောင်ကြီးများသည် မြင့်မြင့်မားမား ကြီးရှိကြ၍ သစ်ပင်များထူထပ်စွာ ပေါက်ရောက်လျက်ရှိကြသဖြင့် ကျွန်ုပ်မြင်ဘူးသည့် တောင်များအနက်တွင် အစိမ်းလန်းဆုံးဖြစ်ပေရာ မြစ်ကြောင်း၏ကျဉ်းမြောင်းခြင်းကြောင့် သင်္ဘောနှင့် ကပ်လျက်ရှိရုံမက အချို့နေရာများတွင် သင်္ဘောပေါ်သို့ပင် မိုးလျက်ရှိသည်ထင်ရ၏။ သစ်ပင်များ ပေါ်၌လည်း မျောက်များနှင့် တောငှက်အမျိုးမျိုးရှိကြ၍ မျောက်သံ၊ ငှက်သံနှင့် ရေသံတို့ စုပေါင်းရောနှောကာ နားထဲသို့ ထိုးဝင်သည်ဖြစ်သောကြောင့် အချို့နေရာများတွင် သင်္ဘောပေါ်၌ အချင်းချင်း စကားပြော၍ မကြားနိုင်လောက် အောင် ဆူညံစွာ ရှိနေတော့သည်။ (ဤခရီးမှပြန်လာ၍ ၁၉၁၇ ခုနှစ်ထုတ် ရှုပနန္ဒီ ဝတ္ထုကို ကျွန်ုပ်ရေးသားရာတွင် ထိုစဉ်က မြင်တွေ့ခဲ့သောရှုခင်းအတိုင်း မှတ်မိသလောက် ရေးထည့်ခဲ့ခြင်းဖြစ်လေသည်။) အထက်ထပ်၌ လိုက်ပါလာကြသော ဗိုလ်ကြီးနှစ်ယောက်တို့သည် ရွက်ဖျင်ကုလားထိုင်ကိုယ်စီနှင့် မှန်ပြောင်းကို ကြည့်လိုက်၊ ဝီစကီဆိုဒါကို ကျိုက်ချလိုက်၊ တယောက်ကဆေးပြင်းလိပ်၊ တယောက်က ဆေးတံကိုဖွာလိုက်၊ စကားတပြောပြောနှင့် လိုက်ပါလာကြရာ ကျွန်ုပ်တို့စာရေးနှစ်ယောက်မှာမူ မှန်ပြောင်းလည်းမပါ။ ဝီစကီရှိသော်လည်း မသောက်ဝံ့ကြသည်နှင့် လက်ဖက်ရည်ကြမ်းကို စီးကရက်နှင့်မြည်းရုံဖြင့် ကျေနပ်ကြရသည်။ လူ့စိတ်သည် ခက်၏။ ကျွန်တို့သည် လက်ဖက်ရည်ကြမ်းမျှနှင့် ကျေနပ်ကြရာမှ ဗိုလ်နှစ်ယောက်ဘာလုပ်နေကြသည်ကို သိလိုကြ၍ လှေကားမှ ချောင်းကြည့်လိုက်မိကြရာတွင် ဝီစကီဆိုဒါကို မြင်ကြရသည်နှင့် ကျွန်ုပ်တို့၏ လက်ဖက်ရည်ကြမ်းမှာ ဖိမ်မရှိပဲ ဖြစ်သွားရပါတော့သည်။ ဤတွင် ဘာမဆိုမြည်းစမ်းချင်တတ်သော ကျွန်ုပ်၏ဝါသနာသည် ဟုတ်မှဟုတ်ပါလေ၏လော ဟု ယုံမှားခြင်းတကြိမ်ဖြစ်ခဲ့မိဘူးပါသည်။

## ထုချေလွှာတောင်းခံရခြင်း

လမ်းတွင် တည၌အိပ်၍ နောက်တနေ့တွင် ဗန်းမော်မြို့သို့ ဆိုက်ရောက်ကြ၏။ ဒုဝန်ကြီးသည် ဗန်းမော်အရေးပိုင်နှင့် ခင်မင်သူဖြစ်၍ ၎င်း၏အိမ်၌ တည်းခိုလေရာ မင်းကြီးနှင့် ကျွန်ုပ်မှာ ဗိုလ်တဲ၌ တည်းခိုကြ၏။ ထိုည၌ ကျွန်ုပ်နှင့်စာရေးကြီး ကိုဘခင်တို့သည် ရွှေကျီးနားဘုရားပွဲသို့ ခေတ္တလောက်သာသွားကြ၍ ဝါသနာအိုးများဖြစ်ကြသည့်အတိုင်း ဘိလိယက်ခုံ၌ အချိန်ဖြုန်းကြပြီး ခုံပိတ်မှ ကိုယ့်နေရာသို့ အသီးသီးပြန်သွားကြ၏။ နောက်နေ့ နံနက်ခင်း၌ ကျွန်ုပ်သည် လုပ်စရာအလုပ်များကိုလုပ်၍ နံနက်စာစားပြီးသည်နှင့် တပြိုင်နက် အစေခံတဲ၌ရှိသော ကျွန်ုပ်၏အိပ်ရာသို့ ဝင်အိပ်လေ၏။ နေ့လယ် နှစ်နာရီခန့်တွင် ကိုဘခင်လာနှိုးပြီး "ဗျို့ဆရာကြီး ထကြည့်ပါဦးဗျ၊ ခင်ဗျားစားပွဲမှာ မီးလောင်နေလေရဲ့"ဟုပြော၏။ ကျွန်ုပ်သည်ဗိုလ်တဲအောက်ထပ်၌ရှိသော ကျွန်ုပ်၏အလုပ်စားပွဲသို့ သွားကြည့်ရာ မင်းကြီးကထုချေလွှာတောင်းထားသည့် စာတစောင်ကိုတွေ့ရ၏။ အဓိပ္ပာယ်မှာ နေ့လယ် ၁၂ နာရီလောက်၌ အလုပ်ရှိ၍ခေါ်ရာ မတွေ့ရကြောင်း၊ နေ့ခင်းအချိန်တွင် အခွင့်မရှိပဲ ထွက်၍ လည်သည့်အတွက် အဘယ့်ကြောင့်အပြစ်မပေးထိုက်ကြောင်းကို ခုချေရမည်ဖြစ်ကြောင်းပါရှိလေသည်။ စာကိုဖတ်လိုက်ရသည်နှင့်တပြိုင်နက် မင်းကြီး၏အချစ်တော် ဘတ္တလာ၏ လက်ချက်ဖြစ်သည်ဟု ကျွန်ုပ်တွေးနိုင်လေပြီ။ မင်းကြီးကခေါ်ခိုင်းစဉ် ကျွန်ုပ်အိပ်နေခြင်းကို သိလျက်နှင့်ဘတ္တလာက ကျွန်ုပ်မရှိဟု ပြောလိုက်ခြင်းဖြစ်သည်။ ရန်ငြိုးကား သူတို့အား ထမင်းမကျွေးသည့် အတွက် ဖြစ်ရပေမည်။ ကျွနုပ်သည် ကိုမြစ်ကဲ့သို့ အစေံများနှင့် ပြေပြစ်အောင် မဆက်ဆံတတ်သည့် ကျွန်ုပ်၏အပြစ်ကိုသိပါ၏။ သို့ရာတွင် ဘတ္တလာက ကျွန်ုပ်ရှိပါလျက်နှင့် မရှိဟု လိမ်လည်ပြောခြင်းကြောင့် အရေးယူခံရခြင်းကိုစိတ်ဆိုးသည်နှင့် ကိုဘခင်ကို သက်သေ

ထူရန် မင်းကြီးထံသို့ ခေါ်သွားပါသည်။ ကျွန်ုပ်သည်အိုင်စီအက်စ် အရာရှိကြီး များကို အခါခပ်သိမ်း ရွံ့ကြောက်ပါသည်။ သို့ရာတွင်မတရားသဖြင့် စွပ်စွဲခြင်း ခံရသည်နှင့် ဒေါသထွက်လာ၍ ကြောက်လန့်စိတ်မရှိတော့ပဲ အဖြစ်အပျက်အမှန် ကိုမင်းကြီးအား ဒေါသဖြင့် ပြောပြ၍ ကိုဘခင်ကိုသက်သေထူ၏။ မင်းကြီးသည် ဘတ္တလာကိုခေါ်၍ မေးရာ ဘတ္တလာက ကျွန်ုပ်ကိုရှာစဉ် အစေခံတဲထဲသို့ ဝင်မကြည့်မိကြောင်းဝန်ခံ၏။ မင်းကြီးသည်ဘတ္တလာကို ပြန်ထွက်စေပြီးနောက် "အဘယ့်ကြောင့် ထိုကဲ့သို့ ပြောသည်ထင်သနည်း"ဟု ကျွန်ုပ်အားမေးရာ သူတို့ကို ထမင်းမကျွေးသောကြောင့် ဖြစ်သည်ထင်ကြောင်း ပြောပြ၏။ ထိုအခါမင်းကြီးက သူတို့ကိုထမင်းကျွေးဖို့ တာဝန်မရှိကြောင်း၊ သူတို့လည်း ခရီးစရိတ်ရကြ၍ သူတို့ဟာသူတို့ စားနိုင်ကြောင်းပြောလေသည်။ ဤကိစ္စ၌ မင်းကြီးသည် ကျွန်ုပ်အပေါ်တွင် အပြစ်တင်စရာ ရှာမတွေ့သော်လည်း သူ၏အချစ်တော် ဘတ္တလာနှင့် အဆင်မပြေမှု ဖြစ်ရခြင်းအတွက် ကျွန်ုပ်အပေါ်၌ မျက်နှာမကောင်းခြင်းကို ကျွန်ုပ်ရိပ်မိသည်။ ထိုအချိန်မှစ၍ ငါသည် ဘတ္တလာကိုလည်း အလျှော့မပေးနိုင်။ ဤသို့သောဘတ္တလာတယောက်အား လက်သပ်မွေးထားသည့် မင်းကြီးတယောက်၏ လက်အောက်တွင် ကြည်ရှည်စွာ အလုပ်လုပ်ခြင်းအားဖြင့် စိတ်ချမ်းသာမှု ရှိနိုင်တော့မည် မဟုတ်ဟု ဆုံးဖြတ်လိုက်လေ၏။

## ရုံးပြောင်းခြင်း

နောက်များမကြာမီ ဒုဝန်ကြီး၏ ဟက်ကလပ်စာရေးကြီး ခွင့်ယူသွားရာတွင် ရုံးပြောင်းဖို့ လျှောက်ထား၏။ မင်းကြီး၏တောလိုက်စာရေးနှင့် ဒုဝန်ကြီး၏ ဟက်ကလပ်စာရေး၏လခမှာ အတူတူဖြစ်သော်လည်း ကျွန်ုပ်၏လက်ရှိရာထူးသည် တက်လမ်းရှိ၍ ခရီးစရိတ်လည်းပိုသောကြောင့် ရုံးအုပ်နှင့်တကွ အခြားစာရေး

များက ကျွန်ုပ်၏အကြံအစည်ကို ဖျက်ကြ၏။ သို့ရာတွင် ကျွန်ုပ်မှုကား ကြီးပွားခြင်းကို သဘောမထား၊ ဘတ္တလာတယောက်အား ဦးစားပေးသည့် မင်းကြီးတယောက်၏ လက်အောက်တွင် လက်ပွန်းတတီး နေရသည့် တောလိုက်စာရေးအလုပ်၌ စိတ်ချမ်းသာမှု မရှိနိုင်ပြီဟု ဆုံးဖြတ်ကာ ရုံးပြောင်းလိုက်ပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် စီဘီလိုင်း၌ရှိသော မင်းကြီးရုံးမှ ဗောဓိကုန်း၌ရှိသော လယ်ယာစိုက်ပျိုးရေးဒုဝန်ကြီး၏ရုံးသို့ ပြောင်းရွှေ့လိုက်ပါတော့သည်။ လယ်ယာစိုက်ပျိုးရေးဌာန မင်းကြီးမှာ အိုင်စီအက်စ် အရာရှိတယောက်ဖြစ်၍ ဒုဝန်ကြီးမှာ လယ်ယာစိုက်ပျိုးခြင်းပညာကို အထူးတလည် သင်ကြားလာခဲ့သည့် Expert အိတ်စပတ်ခေါ် အရာရှိဖြစ်လေသည်။

## အကျင့်ဆိုးပြန်ပေါ်လာခြင်း

မင်းကြီးမစ္စတာ ကလေတင်သည် ဆူပူတတ်သလောက် ဒုတိယဝန်ကြီး မစ္စတာသော်မ်ဆင်မှာ စိတ်သဘောကောင်းသည့် လူအေးတယောက်ဖြစ်၏။ ကျွန်ုပ်နှင့် တလခန့်မျှ အလုပ်လုပ်မိကြလျှင် ဒုဝန်ကြီးသည် ကျွန်ုပ်ကိုအလွန်ခင်မင်၍ သူ့လက်အောက်၌ အလုပ်လုပ်ရခြင်းမှာ စိတ်ချမ်းသာလှသည်။ ဝန်ကြီးသည် ကျွန်ုပ်ကိုအလွန်ယုံကြည်၍ ကျွန်ုပ်ပြောသမျှပြီး၏။ ဤအခြင်းအရာသည် ကျွန်ုပ်အဖို့ အကောင်းချည်းမဟုတ်လှချေ။ ဝန်ကြီး တောတက်သောအခါ ဒုတိယစာရေးသည် ဝန်ကြီးနှင့် အတူလိုက်ရလေရာ ကျွန်ုပ်မှာ ဟက်ကလပ်အဖြစ်နှင့် ရုံးထိုင်ကျန်ရစ်ပြီး အတော်လွန်လပ်ခြင်းရ၏။ ရုံးသုံးငွေကို ကျွန်ုပ်ပင်ကိုင်ရ၍ စာရင်းကိုလည်း ကျွန်ုပ်ပင်ကိုင်ရ၏။ ထိုအချိန်တွင် ကျွန်ုပ်သည် စံဒေဝီကို ပိုးပန်းစဉ်က ကာလသား သူငယ်ချင်းများနှင့် တဖန်အဆက်ဖြစ်၍ ၎င်းတို့နှင့်အတူ ဘိလိယက်ခုံ၌ ညဥ့်များတွင် အချိန်ဖြုန်းလျက်ရှိ၏။ ထိုစဉ်က ဘိလိယက်ခုံများတွင် ဘိလိယက်ရိုးရိုးမကပဲ စကစ်တလ်စ် (Skittles) ခေါ်

ဇတိုင်ကစားနည်း ခေတ်စားလျက်ရှိရာ ဤကစားနည်းတွင် ဂေါ်လီအကြီးအသေး လောင်းကားခြင်းလည်း တွဲဖက်လျက်ရှိ၏။ ကျွန်ုပ်သည်တညလျှင်တကျပ် နှစ်ကျပ် လောင်းကစားရာမှ (ငယ်စဉ်က အလုပ်သမားများနှင့် လောင်းကစားဘူးသည့် အလေ့အကျင့်ကြောင့်) 'သွေးကြီး'လာပြီး ငါးကျပ်တဆယ်စသည်ဖြင့် လောင်းတတ် လာလေပြီ။ အစပထမ၌ လောင်းကစားခြင်းအလုပ်၏ ဖြားယောင်း သွေးဆောင် တတ်သည့် ထုံးစံအတိုင်း Beginner's luck နိုင်သည်ကများ၍ ရှုံးသည်က နည်းသဖြင့် ဝမ်းသာစရာကြီးဖြစ်နေ၏။ အတန်ကြာသော် အနိုင်ကုန်၍ ရှုံးများလာခဲ့လေပြီ။ ဤတွင် ကျွန်ုပ်သည် လခထုတ်သောအခါ၌ ထည့်လိုက်ရ၏။ ဤအတောအတွင်း လောင်းကစားခြင်းသည် ကျွန်ုပ်အား အပူတပြင်း သွေးဆောင် လျက်ရှိလေပြီ။ ဘိလိယက်ခုံသို့ မသွားတော့ပါဆိုကာ တညနှစ်ည အောင့်နေသော် လည်း "ရှက်၊ရှက်၊ပွတ်ဒေါင်း"ဟူသော အသံများသည် နားထဲသို့ တိုး၍တိုး၍ ဝင်လာတော့သည်။ မနေနိုင်၊ သွားရတော့သည်။ ပထမ၌ တလခငွေကို လည်းကောင်း၊ ထို့နောက် နှစ်လခငွေကိုလည်းကောင်း ယူ၍ယူ၍သွားလေရာ ရှုံးရသည်ချည်းသာ ကြုံရတော့၏။ မထူးတော့ပြီ။ တတက်စားလည်း ကြက်သွန်ဟူသော စကားကိုလည်းကောင်း၊ လေ့မျော လေ့ချင်းလိုက်ဟူသော စကားကိုလည်းကောင်း သတိရ၍ ရှုံးထားသည့်ရုံးငွေကို ပြန်ရအောင် လုပ်ယူခြင်းမှတပါး အခြားနည်းလမ်း မရှိတော့ပြီဆိုကာ ညတိုင်းပင် ဂေါ်လီရိုက်မိတော့သည်။ တခါတရံ အနည်းငယ်နိုင်သော်လည်း ရှုံးထားသည့် ရုံးငွေကို ပြန်ထည့်လောက်အောက် မပြည့်သောကြောင့် ဆက်လက်၍သာ ကစားရ ၏။ ရုံးငွေထုတ်သုံး၍ အစိုးရသိလျှင် ထောင်ကျမည် ဆိုခြင်းကို သိပြီးဖြစ်သော ကြောင့် စိတ်ပူလိုက်ပုံမှာ အဆီစား၍ အသားမဖြစ်ဆိုသည့် စကားအတိုင်း အတော်ပိန်ကြုံလျက်ရှိလေပြီ။ ဝန်ကြီးသည် ရုံးငွေကို တလတကြိမ် ထုံးစံအတိုင်း စစ်ဆေးသော်လည်း ငွေစာရင်းကို ဤနှယ်ထိုနှယ် ဖလှယ်၍ပြခြင်းကြောင့် ဝန်ကြီးမသိရှိပေ။ ဤသို့ဖြင့် ခြောက်လခန့် ကြာသောအခါ ရုံးငွေအနက်မှ

ကျပ်တထောင်ခန့် လျော့လျက်ရှိလေပြီ။ ဘီလီယက်ခုံမှ ပြန်လာသောအခါ အိပ်မပျော်နိုင်သည့် ညများက များပါတော့သည်။

## ကံကောင်းလို့ ထောင်မကျ

တနေ့သ၌ လဆန်းတရက်နေ့တွင် မင်းကြီးရုံးစစ်လာမည့်အကြောင်း စာရရှိလေရာ ထိုနေ့မှာ ၂၈ရက် နေ့ဖြစ်၍ သုံးရက်သာကျန်တော့၏။ ဦးခေါင်းမီးလောင်ခဲ့လေပြီ။ ရွှေကလေး ရှိစုမဲ့စုကို ရောင်းချလိုက်လျှင်လည်း ၃၀၀ဝိမျှလောက်သာ ရနိုင်မည်ဖြစ်ပြီး မထူးတော့ပြီ။ မီးခံသေတ္တာထဲတွင် ရုံးငွေ ၂၀ဝိလောက်ရှိသေး၏။ ၄င်းကိုယူပြီးသူငယ်ချင်း လူလယ်တယောက်ကိုခေါ်၍ တရုတ်ကလပ်သို့ တက်ကစားရာ ပထမတွင် ၂၀ဝိလောက်နိုင်ပြီး နောက်ဆုံး၌ ပြောင်ပါလေတော့သည်။ ခက်ချေပြီ၊ မည်သို့လုပ်မည်နည်း။ ထွက်ပြေးလျှင်လည်း အကျိုးမရှိပြီ။ နောက်ဆုံး လကုန်မည့်နေ့တွင် ကျွန်ုပ်သည်အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာဖော်ပြ၍ ဒုဝန်ကြီးသနားလောက်အောင် စာတစောင်ရေးလိုက်၏။ တညလုံးရေးပြီး နံနက်စောစောတွင်ကျွန်ုပ်၏ယောက်ဖကို ပို့ခိုင်းလိုက်ရာ "ချက်ချင်းလာခဲ့"ဟု ဝန်ကြီးထံမှ စကားပြန်လာ၏။ ဝန်ကြီးသည်ကြင်နာသော မျက်နှာထားနှင့် ကျွန်ုပ်အားကြည့်လျက် ဤငွေ၁၀၀ဝိကျော်ကို သူကစိုက်ထည့်ထား သည့်အကြောင်း၊ သူနှင့်အတူတောတက်ရာသို့လိုက်ပြီး ရရှိသော ခရီးစရိတ်ဖြင့် ပြန်ဆပ်၍ လခကို ကျွန်ုပ်စားနိုင်ကြောင်းပြောလေရာ ကျွန်ုပ်သည် မစ္စတာ သော်မ်ဆင်အား ဦးသုံးကြိမ်ချမိခဲ့ပါသည်။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ဤပုဂ္ဂိုလ်အား ကျေးဇူးရှင်ကြီးအဖြစ် မေတ္တာပို့ခြင်း၊ ကန်တော့ခြင်းအားဖြင့် အရိုအသေပြုခဲ့ရာ ယနေ့တိုင်လည်းသူရှိရာအရပ်သို့မှန်း၍ မေတ္တာပို့လျက် ပင်ရှိပါသည်။ ကျွန်ုပ်သည် မိမိကိုယ်ကိုထောင်ကျဖို့ ဇာတာမပါဟု အောက်မေ့ခဲ့ ရာ ဖဆပလ အစိုးရလက်ထက်တွင်မှ ထောင်သို့ပို့ခြင်းခံခဲ့ရ၏။ သို့သော်

အပြစ်မရသဖြင့် ထောင်ကျခြင်းမဟုတ်၊ အချုပ်ခံရခြင်းသာ ဖြစ်သည်ဟု ကိုယ့်ဟာကိုယ် ဖြေဆည်မိပါတော့သည်။

## ပျော်ပွဲစားထွက်ခြင်း

ထိုအချိန်မှစ၍ ကျွန်ုပ်သည် ခရီးစရိတ်ရလိုမှုကြောင့် ဒုဝန်ကြီး၏ တောလိုက်စာရေးလုပ်ရလေရာ ဤအရာရှိနှင့် လိုက်ရခြင်းမှာ မင်းကြီး မစ္စတာ ကလေတင်နှင့်လိုက်ရခြင်းထက် ပျော်စရာကောင်းလှ၏။ ထစ်ကနဲဆိုတိုင်း ဆူတတ်ပူတတ် ကြိမ်းမောင်းတတ်သည့် အရာရှိနှင့် လိုက်ရပြီးနောက် သနား ကြင်နာတတ်သောအရာရှိနှင့် လိုက်ရခြင်းမှာ နတ်ပြည်ရောက်ရသလောက် ထင်မိ ပါ၏။ သို့ရာတွင် ကျွန်ုပ်၏ဇာတာမှာ (ဗေဒင်တော့မေးကြည့်သည်မဟုတ်) အလုပ် တခု၌ ကြည်ရှည်စွာ စွဲစွဲမြဲမြဲလုပ်မည့်သူတယောက် မဟုတ်သည့်လက္ခဏာနှင့် ဒုဝန်ကြီး၏ အကြွေးပြေလုနီးချိန်တွင် မိမိအလုပ်၌ မပျော်ပိုက်သောစိတ်မျိုး တစတစ ဝင်လျက်ရှိ၏။ ယင်းသို့ရှိစဉ် ကျွန်ုပ်သည် ရုံးစာရေးများဖြစ်ကြသည့် မိုလ်ကပြား ညီအစ်ကိုတစုနှင့် မတ္တရာနယ်ဆည်ကြီးခေါ် အရပ်သို့ငှက်ပစ်လိုက် သွား၏။

ကျွန်ုပ်တို့အားလုံးမှာ စာရေးများသာဖြစ်၍ သားသားနားနား သွားနိုင်ကြ သည်မဟုတ်၊ လေသေနတ်တလက်စီနှင့် ဘိုင်စကယ်စီးပြီး သွားကြခြင်းဖြစ်၏။ ငါးသေတ္တာ စသော စားစရာကလေးများ အသင့်အတင့်ပါလာကြ၏။ ကျွန်ုပ်ကမူ (ခြင်ကိုင်လျှင်ငှက်ဖျား ဖျားတတ်သည်ဟု ဖတ်ရဘူးသောကြောင့်) ခြင်ထောင် တလုံးပါလာခဲ့၏။ (နောင်တွင် ဖော်ပြလတ္တံ့သော ကသာနယ် နမ်းပေါင်းရွာသို့ ဘုရင်ခံဆာဟာကုတ် ဘတ္တလာတို့လူစု ခရစ်စမတ်တပတ် တောလည်ထွက် ကြခြင်းကို ကြုံရသောအခါတွင် ကျွန်ုပ်တို့၏တောလည်ခြင်းမှာ အလွန်ရယ် ချင်စရာကလေး တခု ဖြစ်လာသော်လည်း) ထိုစဉ်ကမူ ကိုယ့်ဟာကလေးနှင့်ကိုယ်

အတော်ကြီးပျော်ခဲ့ပါသည်။ ညနေခင်းတွင် လူတယောက် ချိုးလေးငါးကောင် စီရအောင် ပစ်ကြပြီးနောက်ထင်းတုံးကြီးများ ဆိုက်ထားသည့် မီးဖိုကြီးအနီးတွင် အမွေးနုတ်သူကနုတ်၊ ခုတ်သူကခုတ်၊ ဆေးသူကဆေး၊ ကြော်သူကကြော်၊ ချက်သူကချက်ပြီး ရေရောသော ဝီစကီကလေးနှင့် (ဆိုဒါမတတ်နိုင်) မြည်းကြသောက်ကြရခြင်းမှာ ရောမ ဖိမ်ကြီးတခု ဖြစ်နေပါတော့သည်။ ဤအတောအတွင်း အကော်ဒီယင်တလုံးပါလာ၍ တီးတတ်သူက တီးပြီး အင်္ဂလိပ်တေးချင်းများ ဝိုင်းဆိုကာ ကသူများက ကကြသည်တွင် အတော်နိပ်သောပျော်စရာတခုအနေဖြင့် ကျွန်ုပ်၏ဦးနှောက်တွင် အမှတ်ထင်လျက် ကျန်ရစ်ခဲ့ပါသည်။

ကျွန်ုပ်တို့လူစု စတည်းချသောနေရာ၌ တဲကလေး နှစ်တဲ သုံးတဲရှိခြင်းကို ကျွန်ုပ်မှတ်မိသေးရာ တတဲမှာ ကျွန်ုပ်တို့လူစုအတွက်ဖြစ်၏။ ချိုးကြော်နှင့် ဝီစကီ တပုလင်းကုန်၍ အမူးပြေကြသောအခါ ကျွန်ုပ်တို့သည် တဲကလေးထဲသို့ ဝင်အိပ်ကြ၏။ ကျွန်ုပ်သည် ပါလာသောခြင်ထောင်ကို ထောင်၍ အိပ်ရာပြင်လေရာ အခြားလူများမှုကား တဦးတယောက်မျှ ခြင်ထောင်မပါခဲ့ကြပေ။ ထိုညဥ့်မှာ အတော်အိုက်၍ ခြင်ကိုက်ခြင်းကို ကျွန်ုပ်မှတ်မိ၏။ ကိုယ့်နေရာနှင့်ကိုယ် အိပ်ကြရာတွင် ကပြားကလေးတယောက်သည် ခြင်ကိုက်လှသည်ဆို၍ ကျွန်ုပ်၏ခြင်ထောင်ထဲသို့ ဝင်လာ၏။ ခြင်ထောင်မှာ တယောက်အိပ်ကလေး ဖြစ်သောကြောင့် မဝင်လောက်သည်နှင့် ဦးခေါင်းမျှသာ သွင်းပါရစေဆိုကာ ကျွန်ုပ်ဘက်သို့ ဦးခေါင်းဆိုက်လျက် အိပ်၏။ အတန်ကြာလျှင် ဒုတိယတယောက် ဝင်လာပြန်၍ ပထမလူနှင့် ယှဉ်လျက်အိပ်၏။ ဤနည်းဖြင့် ဗိုလ်ကပြား ၄ယောက်လုံးတယောက်ပြီးတယောက် ဦးခေါင်းသွင်းထည့်ကြပြီး ခြေထောက် များကို စောင်ဖုံးထားကြသည်။ အတန်ကြာသော် သူတို့၄ယောက်မှာ တခေါခေါနှင့် ဟောက်ကြ၍ ကျွန်ုပ်မှာကား အိပ်မပျော်နိုင်ပဲ ဖြစ်နေ၏။ ခြင်ထောင်မှာ ဇာခြင်ထောင်မဟုတ်၊ ပိတ်ခပ်ပါးပါးဖြင့် ချုပ်ထားခြင်းဖြစ်ရာ သူတို့အသက်ရှူ ထုတ်သောအငွေ့များသည် ကျွန်ုပ်ကို မွန်းစေသဖြင့် သာ၍ပင် အိပ်မပျော်နိုင်အောင်

ဖြစ်နေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည်ခြင်ထောင်ကို သူတို့အားပေးခဲ့ပြီးလျှင် တဲပြင်သို့ တယောက်တည်းထွက်၍ အိပ်ပါတော့သည်။ ဖြစ်ရပုံမှာ ပေါ့ပေါ့ဆဆ လာခဲ့ကြသူများအဖို့ ကိစ္စမရှိ၊ သတိဝီရိယနှင့် ခြင်ထောင် ဆောင်ယူခဲ့သော ကျွန်ုပ်၌သာလခံလိုက်ရခြင်းကို ရှေ့တွင်ဖော်ပြပါမည်။ (လောကကြီးကား ဘာမျှ စိတ်ချရသည်မဟုတ်ချေ။)

## ထူးဆန်းသော အခြင်းအရာတခု

အိမ်သို့ပြန်ရောက်ပြီးနောက် ရက်သတ္တတပတ်အတွင်းတွင် ကျွန်ုပ်မှာ အကြီးအကျယ် ဖျားခဲ့လေပြီ။ အဖျားကြီးလွန်းသောကြောင့် တချီတချီတွင် 'တက်'သွားပြီး အကြာကြီး သတိလစ်လျက်ရှိရာ ကျွန်ုပ်၏ပါးချောင်ရိုးများ ငါး၏ပါးဟက်ကဲ့သို့ကားချည် စုချည်ဖြစ်နေခြင်းကို မိဘများ၊ မယားနှင့် မရီးတို့ မြင်ကြရသည်ဟု နောက်တွင် ပြောကြ၏။ ကျွန်ုပ်၏မိဘများကား ဖျားစ ကတည်းက ရောက်နေကြလေပြီ။ (ထူးဆန်းသော အခြင်းအရာတခုမှာ အဖျား ပျောက်သောအခါတွင် ကျွန်ုပ်၏ပါးချောင်ရိုးနှစ်ဘက်တို့သည် မိမွေးတိုင်း ဖမွေးတိုင်း မဟုတ်တော့ပဲ ခပ်ကားကားဖြစ်လာသည်ဟု လူတိုင်းက ပြောလေသည်။) ထိုကဲ့သို့ ခဏခဏတက်ရာတွင် ပြုစုသူအားလုံးသည် ကျွန်ုပ်သေချေ တော့မည်ထင်ကြ၍ ငိုကုန်ကြသည်ဆို၏။ နောက်ဆုံး၌ ကျွန်ုပ်အား မန္တလေး ဆေးရုံကြီးသို့ ပို့ကြ၏။ မပို့မီကမူ ဆရာဝန်ခေါ်၍ ကုကြပါသည်။

## သိပ်ဆိုးတဲ့ငှက်ဖျားတဲ့

မန္တလေးဆေးရုံကြီးမှာ ထိုစဉ်ကကြီးကြီးကျယ်ကျယ် မဟုတ်သေး။ Paying Ward ပိုက်ဆံပေးရသော ဒုတိယတန်း သူနာခန်းမှာ အထက်ထပ်

ဆင်ဝင်ဆောင်ကလေးတွင် တည်ရှိ၍ ကျွန်ုပ်နှင့်ဗိုလ်ကပြားလေးငါးယောက်မျှသာ ရှိ၏။ ပိုက်ဆံမပေးရသည့် Free Ward အခန်းများမှာလည်း မြန်မာလူနာ အလွန်နည်း၍ တရုတ် ကုလား ဘိန်းစားများလောက်သာ ရှိကြ၏။ ပိုက်ဆံပေးရ သော အခန်းမှာအရပ်သားများအတွက် တနေ့တကျပ်၊ အစိုးရအမှုထမ်းများ အတွက် တနေ့ရှစ်ပဲမျှသာ ပေးရသည်။ ဆေးရုံသို့ရောက်ခါစ၌ ညတိုင်းလိုလိုပင် အဖျားကြီး၍ ၁၀၆ ဒီဂရီရှိပြီး သတိမရသဖြင့် ညတိုင်းပင် ဦးခေါင်းပေါ်သို့ ရေခဲအိတ်တင်ရသည်။ တနေ့သ၌ ကျွန်ုပ်၏လက်မမှ သွေးဖောက်ယူသွားခြင်းကို သိလိုက်သော်လည်း ဘာလုပ်မည်မသိသဖြင့် အမှတ်မဲ့ နေလိုက်မိရာ သူငယ်ချင်း မောင်ရီ (ထိုစဉ်က မြို့အုပ်ဖြစ်နေသည်။) ရောက်လာမှ သိရတော့သည်။ မောင်ရီသည် လူနာမေးရန် ရောက်လာ၍ ကျွန်ုပ်၏ခုတင်အနီးတွင် ကပ်လျက်ထိုင်နေရာမှ ခေါင်းရင်းတွင် ချိတ်ထားသော စာရွက်ကို မြင်သည်နှင့် ထ၍ကြည့်၏။ တဖန်ပြန်၍ထိုင်သောအခါ၌မူ ကုလားထိုင်ကို ခပ်လှမ်းလှမ်း သို့ရွှေ့ပြီးမှ ထိုင်၏။ ကျွန်ုပ်သည် သူ၏အပြုအမူကို သတိပြုလိုက်မိသော်လည်း ဤသို့မမေးပဲနေပြီး သူပြန်သွားသောအခါမှ ချိတ်ထားသော စာရွက်ကို ထ၍ကြည့်ရာ အင်္ဂလိပ်ဘာသာဖြင့် ဤသို့ရေးထားသည်ကို တွေ့ရ၏။ (Malarial Parasites Of Malignant Type) အသက်အန္တရာယ်ပြုတတ်သည့် ငှက်ဖျားပိုးမျိုး တွေ့ရသည်ဆိုခြင်းပင်ဖြစ်သည်။ လက္ခဏာမှာ ငှက်ဖျားပိုး အမျိုးမျိုးရှိသည့်အနက် ကျွန်ုပ်၏သွေး၌ တွေ့ရသော ပိုးမျိုးမှာ အထူးဆိုးရွားသည် ဆိုခြင်းပင်ဖြစ်သည်။ ဤတွင်မှသူငယ်ချင်းမောင်ရီ ရွှေ့ထိုင်လိုက်သောအပြုအမူကို ကျွန်ုပ်နားလည် တော့သည်။ ထိုအခါမှ ကျွန်ုပ်၏အဖျားမှာငှက်ဖျားဖြစ်ကြောင်း ကျွန်ုပ်သိရ၍ ဆည်ကြီးသို့သွားစဉ်က ခြင်ကိုက်ခဲ့ခဲ့ရခြင်းကြောင့် ဖြစ်ကြောင်းကိုလည်း ကျွန်ုပ်စဉ်းစားမိသည်။ အခြားတချက်မှာလည်း ပြင်းထန်သော အမျိုးအစားဟု ဆိုထားပြန်သဖြင့် သေချင်သေနိုင်သည်ဟု ကျွနုပ်သိရခြင်းပင်ဖြစ်သည်။ ယခင်ကမူ တက်ပြီး သတိလစ်ဘူးသော်လည်း အနီးရှိလူများကသာသေမည်လော

ထင်ကြသည်။ ကျွန်ုပ်ကမူ သတိရသောအခါ သေတတ်သည်၊ သေနိုင်သည်ဟူ၍ တခါမစဉ်းစားမိပဲ ခပ်ပေါ့ပေါ့ ခပ်ရွှင်ရွှင်သာ နေခဲ့ပါသည်။ ထို့ကြောင့်များ အသက်ချမ်းသာရာရလေသလောမပြောတတ်ပေ။ ငှင်းစာကို ဖတ်ရသော အခါမှစ၍မူ ကိုယ့်ကိုယ်ကို တော်တော် လေးလေးစားစား လုပ်၍နေလာ ပါတော့သည်။ သို့ရာတွင် နဂိုကတည်းက ခပ်ပေါ့ပေါ့လူစားမျိုးဖြစ်၍ ကြာမရှည် လှပါ။

## ဇွတ်ဒရွတ်ဝါသနာ

ဤနေရာတွင် ကျွန်ုပ်၏ စိတ်ဖောက်ပြန်ခြင်းကြောင့်ပေလော၊ တခါတရံတွင် ဇွတ်ဒရွတ်လုပ်ချင်တတ်သော ဝါသနာကြောင့်ပေလော မပြောတတ်။ ကျွန်ုပ်လုပ်ပုံ တခုကို ဖော်ပြပါဦးမည်။ ကျွန်ုပ်မှာနလံထစ ဖြစ်သော်လည်း ကောင်းကောင်းကြီး အဖျားပြတ်သေးဟန်မရှိသည်နှင့် ထမင်းဟင်း မကျွေးသေးပဲပေါင်မုန့်နှင့် နွားနို့ကို ချည်း စားနေရ၏။ တယောက်တည်းဆိုလျှင်လည်း အောင့်အည်းနိုင်ပါသေး၏။ ယခုမူနာလံထူလျက်ရှိကြသည့် ဗိုလ်ကပြားကလေးများက ကျွန်ုပ်အနီးတွင် ကြက်သားဟင်းနှင့် ထမင်းစားကြသည်ကို မြင်နေရ၍ မေထရွန် အြေမသည ဗိုလ်မကြီးအားတောင်းရာ သုံးရက်လောက် စောင့်ဖို့ပြော၏။ ဤတွင်ကျွန်ုပ်၏ စိတ်ထဲ၌ငါသည် ယနေ့ည ကြက်သားစားပြီး သေချင်သေရစေ၊ စားဖြစ်အောင်စား မည်ဟု သန္နိဋ္ဌာန်ချလိုက်လေ၏။ ဆေးရုံပေါ်တွင် မည်သူအားမျှခိုင်းစရာမရှိပဲ နေရာတွင် မည်သို့လုပ်သည် ထင်ကြသနည်း။ ကျွန်ုပ်သည်အိမ်သာသို့ သွားမယောင်ယောင်နှင့် ဆေးရုံအပေါ်ထပ်မှ ဆင်းလာ၍ ဆေးရုံရှေ့၌ ဆိုက်သော ဓာတ်ရထားများသည် ဆေးရုံလူနာအဝတ်အစားနှင့်တက်လာသော ကျွန်ုပ်အား မြင်ကြ၍ တယောက်ယောက်ကြည့်ကြ၏။ ကျွန်ုပ်ကမူ မမြင်ချင်ပြု၍ ထိုင်လိုက်လာ၏။ ဈေးချိုအနီး ဘီလမ်း (ထိုစဉ်က ချစ်တီးတန်းခေါ်သည်။)

သို့ရောက်သောအခါ ဓာတ်ရထားပေါ်မှဆင်းပြီး ဆိတ်သားကင်နှင့် ကြက်သားကင် တမတ်ဖိုးစီဝယ်၏။ ထိုနေရာ၌စားသော် ညှော်စော်နံနေလိမ့်မည်ဆိုကာ မိဘများ တည်းခိုသည့် ဆေးရုံဝင်းအိမ်သို့ ယူသွားပြီးအားလုံးပြောင်အောင် ထိုင်၍ စားလိုက်သည်။ စားပြီးသည့်နောက် ဆန့်ငင်ဆန့်ငင်နှင့် သေသွားလျှင်လည်း ကျွန်ုပ်နောင်တရလိမ့်မည်မဟုတ်၊ အသေခံဖို့ အသင့်ပြင်ပြီးဖြစ်၏။ ဤအပြုအမူ မျိုး သုံးကြိမ်ထက်မနည်း ကျွန်ုပ်၏တသက်တာ၌ လုပ်ခဲ့ဘူးသည်။

## ဒူးထောက်တောင်းပန်ရခြင်း

အံ့ဩလျက်ရှိသော မိဘများကို နှစ်သိမ့်စေရန် သင့်တော်အောင်ပြော၍ လက်ဖက်ရည်ကြမ်းတခရားဝဝကြီးသောက်ပြီးနောက် ကျွန်ုပ်သည် ဓာတ်ရထားနှင့် ပင် ဆေးရုံကြီးသို့ ပြန်သွား၍ ချောမောစွာ ရောက်ပါ၏။ လမ်းခရီး၌သာ ချောမောပါသည်။ မေထရွန်ဗိုလ်မကြီးနှင့်မူကား အကြီးအကျယ်ပင် မချောမောပါ။ ကျွန်ုပ်ထွက်သွားသည်မှာ စုစုပေါင်း တနာရီခွဲခန့်ကြာလိမ့်မည်ဖြစ်ရာ ထိုအတော အတွင်း၌ ဆရာမကြီးသည် ခဏခဏ လာ၍မေးသည်ဟု ကပြားကလေးများက ပြောကြ၏။ ကျွန်ုပ်မူကား အဆူခံဖို့ ပြင်ပြီးဖြစ်သောကြောင့် အလွန်အမင်း မတုန်လှုပ်လှချေ။ သို့သော် ကျွန်ုပ်သည် ဤဆရာမကြီးအကြောင်းကို မဆွကသိခဲ့ပါမူကား ထွက်ကောင်းမှ ထွက်ဝံ့မည်ထင် သည်။ ဆူလိုက်ပုံကား ပွက်ပွက်ရိုက်သွားတော့၏။ အင်္ဂလိပ်စကားလုံးရိုးရိုး အခေါ်ရှိသမျှ ဆိုးမိုက် ညံ့ဖျင်းသော အပြုအမူနှင့် ပတ်သက်သမျှ ကုန်ခဲ့ပါလေပြီ။ ပထမ၌ ကျွန်ုပ်သည် 'နားပြင်အိတ်မရှိဘူး'ဟု သဘောထားကာ ဆူချင်တိုင်းဆူသည်များကို မထီတရီလုပ်နေ၏။ ဗိုလ်မကြီးသည် ကျွန်ုပ်၏ခပ်အေးအေးလုပ်နေသော အမူအရာ ကိုမြင်သည်တွင် သာ၍ဆူလာပြီးလျှင် နာမည်ရိုင်းများခေါ်ရုံနှင့် မပြီးတော့ပဲ ဆရာဝန်ကြီးကို တိုင်ရမည်၊ ထိုမှတဆင့် ကျွန်ုပ်၏အလုပ်ဌာန မင်းကြီးသို့

လည်းကောင်း၊ ဝန်ကြီးသို့လည်းကောင်း တိုင်ရမည်စသည်များဖြင့် ဆက်လက် ဆူပူခြင်းကို နားငြီးလာပြီဖြစ်၍ မည်ကဲ့သို့ ပြုရပါမည်ကို စဉ်းစား၏။ ကျွန်ုပ်သည် အကြံတခုရသည်နှင့် ဆရာမကြီးအား လှမ်းကြည့်လိုက်ရာ အနည်းဆုံးမိခင်အရွယ်ရှိသော မိန်းမကြီးတယောက် ဖြစ်နေခြင်းကိုတွေ့ရ၍ အိပ်ရာပေါ်တွင် မထိတရီထိုင်နေရာမှ ထပြီးလျှင် သူ့ရှေ့တွင် ဒူးထောက်လျက် "ကျွန်တော်မှားပါတယ်အမေ၊ ဒီအတွက် ကျွန်တော် ဝမ်းနည်းပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ဗုဒ္ဓဘာသာအရ အနိမ့်ချဆုံးဖြစ်တဲ့နည်းနဲ့ ကျွန်တော်ဝန်ချ တောင်းပန်ပါတယ် အမေ"ဟု ဆိုကာ လက်အုပ်ချီလျက် တကယ့်စေတနာနှင့် ဝတ်ချလိုက်လေ၏။ မိန်းမကြီးသည် ကျွန်ုပ်၏ ရိုးသားပုံရသော အပြုအမူကို မြင်လိုက်ရသည်နှင့် တပြိုင်နက် သူ၏ပါးစပ်မှ ရေရွတ်ဆူပူခြင်းများမှာ မီးကိုရေဖြင့်ငြိမ်းသတ်လိုက်သည့်နှယ် ချက်ချင်းရပ်သွား၍ ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်ယင်း အမျက်ဒေါသ ပြေပျောက်သည့် လက္ခဏာနှင့် မဆိုစလောက် ကလေး ပြုံးလာလျက် (That will do) "တော်လောက်ပါပြီ"ဆိုကာ ထွက်သွားလေ၏။ ကပြားကလေးများလည်း အံ့ဩသော အမူအရာနှင့် ကျွန်ုပ်အား ကြည့်လျက်ရှိရာမှ တယောက်က (That fellow is wise) "ဒီကောင် တော်တော်ပညာရှိတယ်"ဟု သူတို့အချင်းချင်း ပြောလေသည်။ (သူတို့၏ စိတ်ထားကို ကျွန်ုပ်ဆင်ခြင်လိုက်သည့်အခါတွင် "ပွဲကောင်းတခု လက်လွတ်သွား သည်"ဟု အောက်မေ့ကြပုံရသည်။)

## ခေတ္တ စိတ်ဖောက်ပြန်ခြင်း

တလနီးပါး ဆေးရုံတက်၍ ကျန်းမာသဖြင့် ဆင်းလာသောအခါ ကျွန်ုပ်မှာ (အထက်ပိုင်းတွင်အနည်းငယ် ရေးသား ဖော်ပြခဲ့သည့် အတိုင်း) 'ဘဝင်မြင့်'သည့် ချွတ်ယွင်းချက်တခု ကျန်ရစ်ခဲ့ပါသည်။ သို့ရာတွင် ဤအကြောင်းကို

(ဘဝင်မြင့်သူတို့၏ ထုံးစံအတိုင်း) ကိုယ့်ဟာကိုယ် သိသည်မဟုတ်၊ ပျောက်သွားသောအခါမှ ဆင်ခြင်ခြင်းအားဖြင့် သိရခြင်းဖြစ်ပါသည်။ ထိုစဉ်အခါနှင့် ပတ်သက်၍ ရယ်စရာကလေးများဖြစ်ရပုံကို ဖော်ပြလိုပါသေးသည်။ ငှက်ဖျားပျောက်၍ ဆေးရုံမှ ဆင်းလာပြီး ခွင့်တလယူထားသည့်အခိုက်တွင် ကျွန်ုပ်သည် ရွှေမျက်မှန်တလက် (ထိုခေတ်မှာ ရွှေမျက်မှန်တပ်လျှင် ဂုဏ်ရှိသည် ထင်ကြ၍ ဘီအေတိုင်းလိုပင် တပ်ကြပြီး ရဟန်းငယ် ကလေးများလည်း တပ်ချင်ကြသည်။) ချယ်ရီ တုတ်ကောက်တချောင်း၊ ဆိတ်သားရေ လက်အိတ်ဖြူတစုံ (ထိုခေတ်က မိုလ်မများ စွပ်ကြသည်။) ခေါင်းပေါင်းအလဲလဲ၊ (ဘီအေပေါင်းတော့ မတတ်သေး၊ ရန်ကုန်ရောက်မှ တတ်ပါသည်။) အဆင်ကြောင်သော ပိုးလုံးချည်၊ ဖဲလုံချည် အလဲလဲ (ဖဲလုံချည်မှာ အလွန်တောက်ပြောင်၍ ဤခေတ်တွင် ယောကျာ်းများ မဝတ်ကြတော့ပေ။) ကောင်းပေ့ဆိုသည့် ဆက္ကဓုံး (Sexone) ဘွတ်ဖိနပ် (ထိုခေတ်၌ လူတယောက်နှင့် တယောက်သည် အခြားအရာကိုမကြည့်၊ ဖိနပ်ကို ရှေးဦးစွာ လှမ်းကြည့်သည့်တိုင်အောင် ဖိနပ်ကောင်း ပြိုင်ကြသော ခေတ်ဖြစ်သည်။ တနည်းဆိုသော် ဖိနပ်ကောင်း စီးနိုင်မှ ခေတ်မီသည်ဟု ယူဆကြသည်။) ရှပ်အကျီလက်မာကြွေတိုက်၊ စိတ်တုလုပ်ထားသည့် ဖလ်ရှပ်ကြယ်သီး၊ ခေါင်းပေါင်းစရှည်ရှည်၊ ပိုးအစစ်ခြေအိတ်၊ ဆတ်ချသက္ကလပ် နက်ပြာရောင် ကောင်းကောင်း စသည်တို့ကို အလဲလဲ ဝတ်ဆင်၍ လမ်းလျှောက်လေသည်။ ဆိတ်သားရေလက်အိတ်ဖြူမှတပါး အခြားသော အဝတ်အစား အပြင်အဆင်မှာ မလျော်သည်မဟုတ်၊ သူ့ခေတ်တွင်ရှေ့ဆုံးမှ ပြေးခြင်းမျှသာ ဖြစ်သောကြောင့် ကျွန်ုပ်အကြောင်းကို တလျှောက်လုံး သိသူများက ပြုံးကြသော်လည်း တရံစံ လူများကမူ မော့်၍ကြည့်ကြရသည်။ အဝတ်အစားတွင်သာမက စိတ်ထဲကလည်း ငါလုပ်လျှင်ဘာမဆိုအောင်မြင်ရမည်ဟု ထင်မြင်လျက်ရှိရာ စံဒေဝီကိုရဲရဲကြည့်၍ ပြုံးခြင်းအတွက်ကြောင့် မိခင်ထံသို့လာပြီး ငိုရှာပုံကိုလည်း အထက်တွင် ဖော်ပြခဲ့ပါပြီ။ ထိုစဉ်အခါက စံဒေဝီနှင့် နှမကလေးတို့ ယဉ်ထိုင်နေကြသည့်

အခွင့်အရေးမျိုး ကြုံရလျှင် ဝင်၍မေးရုံသာမက လက်ကိုပင် ဆွဲဝံ့လိမ့်မည် ထင်သည်။ သို့ဆိုလျှင်လည်း အောင်မြင်မည် ဖြစ်ကြောင်းကို နောက်အကြောင်း အရာများက သက်သေခံလျက်ရှိသည်။

## မိတ်ဆွေသစ်များ

ရယ်စရာတခု ဖြစ်ရပုံကို ဖော်ပြလိုသေးသည်မှာ ကျွန်ုပ်သည် ရန်ကုန်သို့ မင်းကြီးနှင့် ရောက်ခဲ့စဉ်က ကျောင်းနေဘက် သူငယ်ချင်းများဖြစ်သည့် မောင်ရီ (စက်ရှင်တရားသူကြီး ဖြစ်လာသည်။) ကိုဝင့်မော် (သစ်တောဝန်ထောက် ဖြစ်လာသည်။) ကိုဖူးညို (ငွေတိုက်ဝန်ထောက် ဖြစ်လာသည်။) တို့အား ၎င်းတို့၏ ကျောင်းသို့သွား၍ တွေ့ဘူး၏။ ကိုဝင့်မော်မှာ မဂိုလမ်း တိုက်ခန်းတခုတွင် ကိုထွန်းရှိန်၊ ကိုကွန်းတည်းဟူသော (ဘီအေအတန်းတွင် သင်လျက်ရှိသည့်) ကျောင်းသားနှစ်ယောက်နှင့်အတူ အခန်းငှား၍နေထိုင်လျက် ရှိရာ ကိုဝင့်မော်က မိတ်ဆက်ပေးခြင်းကြောင့် ထိုလူနှစ်ယောက်နှင့် ကျွန်ုပ်သိကျွမ်း ရုံမက ကျွန်ုပ်ရန်ကုန်ရှိခိုက်တွင် ခဏခဏတွေ့၍ အတူလည်ပတ်ကြဘူးသည်။ ထိုလူ သုံးယောက်လုံးမှာ ကျွန်ုပ်နှင့်အတူ ၉ တန်းတနှစ်တည်း အောင်ခဲ့သူများ ဖြစ်သည့်အလျောက် ကိုဝင့်မော်က ကျွန်ုပ်အားထိုလူနှစ်ယောက်နှင့် မိတ်ဆက်ပေး ရာတွင် ကျွန်ုပ်မှာသူတို့ကဲ့သို့ ကောလိပ်ကျောင်း မရောက်သော်လည်း အလွန် စာဖတ်သူတယောက်ဟူ၍ ပြောကြ၏။ ဤတွင် ကိုထွန်းရှိန်နှင့် ကိုကွန်းတို့သည် မန္တလေးသား တယောက်ကို 'ဆတ်'ကြည့်လိုက်ရ ဦးမည်ဟူသော ရည်ရွယ်ချက်ဖြင့် အင်္ဂလိပ် ဝတ္ထုကြီးများနှင့်ပတ်သက်၍ ကျွန်ုပ်၏အယူအဆများကို တီးခေါက် စုံစမ်းကြ၏။ ကျွန်ုပ်ကလည်း သူတို့၏ ဘီအေ အတန်းစာများကို မသင်ရဘူး သဖြင့် မကျွမ်းကျင်သော်လည်း အင်္ဂလိပ်ဝတ္ထုများနှင့် ပတ်သက်၍မူ ရှယ်တူလျှင် မကြောက်ဟု ကိုယ့်ဟာကိုယ် ယုံကြည်စိတ်ချထားသည့်အလျောက် (ဘီအေ

ကျောင်းသားတွေဆိုရုံနှင့်) ရှုံ့ကြောက်ခြင်း မရှိပဲ ရဲရဲတင်းတင်း ထင်မြင်ချက်ပေးတော့သည်။ သူတို့ဖတ်ဘူးသည့် စာအုပ်များကို ကျွန်ုပ်အားလုံးလိုလိုပင်ဖတ်ဘူး၍ ကျွန်ုပ်ဖတ်ဘူးသော စာအုပ်များအကြောင်းကို တီးခေါက်ကြည့်သောအခါ၌မူ သူတို့က "ကျွန်တော်တို့က ကျောင်းသားတွေ ရှိပါသေးတယ်ဗျာ၊ ခင်ဗျားလို စာစုံအောင် မဖတ်ရသေးပါဘူး၊ ကျောင်းစာကလဲ တဖက်ကိုးဗျ"ဟု ပြောကြလေသည်။ မည်သို့ပင်ဖြစ်စေ ကိုဝင့်မော်က "ကျုပ်တို့မန္တလေးသားက မခေဘူးဗျ"ဟု ပြောလိုက်ရာတွင် ထိုလူနှစ်ယောက်က လှိုက်လှဲစွာ ဝန်ခံကြပါတော့သည်။ (ထိုခေတ်ကမူ စာသမားချင်းဆုံမိကြ၍ နှီးနှောတိုက်ဆိုင်ကြည့်ရာတွင် အင်္ဂလိပ်ဝတ္ထုကြီးများ (Classics) စုံစုံလင်လင် ဖတ်ဘူးသူမှာ ဂုဏ်ကြီးတခုဖြစ်လေသည်။ ထိုမျှမက ၄င်းစာအုပ်များနှင့် ပတ်သက်၍ တော်တော် ခြေခြေမြစ်မြစ်ရှိအောင်ထင်မြင်ချက် ပေးတတ်ခြင်းမှုကား ဧရာမဂုဏ်ကြီးတခု ဖြစ်ပါတော့သည်။ ထိုလူနှစ်ယောက်အနက် ကိုကွန်းမှာ နောင်တွင် ဘိလပ်မှ ဝတ်လုံဖြစ်လာ၍ ကိုထွန်းရှိန်မှာ မန္တလေးမြို့ ဗုဒ္ဓဘာသာ ကျောင်းအုပ်ကြီးဖြစ်လာပါသည်။)

## ဘဝင်မြင့်သော်လည်း မဆိုးလှ

'ဘဝင်မြင့်'လျက်ရှိသောအချိန်က ကျွန်ုပ်သည် စံဒေဝီတို့အရပ်မှ လမ်းလျှောက်ပြန်လာ၍ ဗုဒ္ဓဘာသာကျောင်းအနီးသို့ရောက်ရာတွင် ကျောင်းအုပ်ဖြစ်နေသော ကိုထွန်းရှိန်ကို သတိရသည်နှင့် နှုတ်ဆက်ဦးမည်ဟု ချိုးဝင်ခဲ့၏။ အချိန်မှာ ကျောင်းအားချိန်ဖြစ်သည်နှင့် ကျောင်းအုပ်ကြီးနှင့် အခြားဆရာများသည် အခန်းတခန်းတွင် အတူတကွ ထိုင်လျက်ရှိကြ၍ ကိုထွန်းရှိန်က ဆရာများအား လက်ချာပေးနေသည့် လက္ခဏာရှိ၏။ ကျွန်ုပ်သည် ရွှေမျက်မှန်၊ တုတ်ကောက်၊ လက်အိတ်ဖြူတို့နှင့်တကွ ဝတ်ကောင်းစားလှဝတ်လျက် 'ဆက္ကဖုံး' ဖိနပ်ကို ရဲရဲနင်းကာ ဝင်သွားရာတွင် ကိုထွန်းရှိန်သည် ရန်ကုန်၌ တွေ့ခဲ့စဉ်က

'ကိုဖေသိန်း'နှင့် မတူသောကြောင့် ယီးတီးယားတားဖြစ်၍ ငေးကြည့်နေသေး၏။ ဤတွင် ကျွန်ုပ်ကလက်အိတ်တဘက် ကိုချွတ်ကာ "ကိုယ့်လူကျုပ်ကို မမှတ်မိဘူးလား၊ ဖေသိန်းလေဗျာ"ဟု အင်္ဂလိပ်လိုပြောလျက် လက်ကိုဆန့်တန်းပေးလိုက်ရာ ကိုထွန်းရှိန်သည် ကပျာကယာထလာ၍ ကျွန်ုပ်၏လက်ကို ဝမ်းသာအားရ ဆွဲလှုပ်လေ၏။ ထို့နောက် ကျွန်ုပ်အား နေရာထိုင်ခင်းပေး၍ ကိုဝင့်မော်အကြောင်း၊ ကိုကွန်းအကြောင်း စသည်များကို အင်္ဂလိပ်လိုပြောကြလေရာ ကိုထွန်းရှိန်က တချက်တချက်တွင် မြန်မာလိုညှပ်သော်လည်း ကျွန်ုပ်က မြန်မာစကားလုံးဝ မသုံးသောကြောင့် သူလည်း အင်္ဂလိပ်လိုချည်း ပြောရတော့သည်။ ကျောင်းဆရာများမှာ ကျွန်ုပ်နှင့် အားလုံးသိကြသူများဖြစ်၍ ကျွန်ုပ်လုပ်ပုံတွေကို ပါးစပ်ဟောင်းလောင်းနှင့် ငေးကြည့်လျက်ရှိကြရာ ကျွန်ုပ်က တယောက်တလေအား ဦးခေါင်းဆတ်လျက် နှုတ်ဆက်သည်တွင် ကိုထွန်းရှိန်က ၎င်းတို့ဘက်သို့လှည့်ပြီး "နောက်မှ ဆက်ပြောကြသေးတာပေါ့ ဆရာတို့"ဟု ဆိုကာ သွားခွင့်ပြုလိုက်လေ၏။ ကျွန်ုပ်နှင့် ကိုထွန်းရှိန်တို့လည်း ကျောင်းတက်ချိန်တိုင်အောင် ဆက်လက်၍ အင်္ဂလိပ်လိုပြောလျက်ရှိကြရာ ကျောင်းဆရာများမှာ စပါးကြီးမြွေညို့သော ယုန်များကဲ့သို့ အခန်းပြင်ဘက်မှ တရစ်သီသီလုပ်ကာ ကျွန်အားကြည့်လိုက်ကြ၊ သူတို့အချင်းချင်း ကြည့်လိုက်ကြ၊ တီးတိုးစကားပြောလိုက်ကြ လုပ်နေကြလေတော့သည်။ ကျောင်းတက်ချိန်တိုင်ခါမှ ကျွန်ုပ်က ကိုထွန်းရှိန်အား စတိုင်ကျကျ လက်ဆွဲနှုတ်ဆက်၍ ထွက်လာခဲ့လေရာ ကျောင်းဆရာများမှာ မျက်လုံးများ ပြူးကြရသည်နှင့်ပင် မျက်စိနာကြမည်ကို စိုးရိမ်းရပါသေးသည်။ သူတို့သည် ကျောင်းဝင်းထဲမှ ထွက်လာသော ကျွန်ုပ်အား မျက်စိတဆုံး ရပ်ကြည့်နေကြခြင်းကို ကျွန်ုပ်က လှည့်ကြည့်သဖြင့် မြင်ခဲ့ရပါသေးသည်။

## ကိုထွန်းရှိန်က အကဲခတ်ပုံ

အထက်ပါ အဖြစ်အပျက်တွင် ကျောင်းဆရာများ (ကျောင်းနေဘက် သူငယ်ချင်းများလည်း ပါဝင်သည်။)နှင့် ကျောင်းအုပ်ကြီး ဦးထွန်းရှိန်တို့၏ အမူအရာများနှင့်ပတ်သက်၍ ကျွန်ုပ်အဖို့ စဉ်းစားစရာ သင်ခန်းစာယူစရာများ ပါရှိသည်ဖြစ်သောကြောင့် ကျွန်ုပ်၏မှတ်တမ်းကို ၇ နှစ်ခန့်မျှ ခေတ်ကျော်လွှား၍ ၎င်းတို့အကြောင်းကို ဆက်လက်ဖော်ပြလိုပေသေးသည်။ ဦးထွန်းရှိန်နှင့် ခွဲခွာ၍ ထွက်လာသောအချိန်၌မူ ကျွန်ုပ်မှာ 'ဘဝင်မြင့်'ရောဂါအရှိန် ရှိနေသေးသည် ဖြစ်သောကြောင့် ဦးထွန်းရှိန်၏မျက်နှာထားကို လည်းကောင်း၊ ကျောင်းဆရာ များ၏ မျက်နှာထားကိုလည်းကောင်း ကျွန်ုပ်သတိပြုမိသော်လည်း 'ဒီလူတွေ ငါ့ကိုတော်တော်လန့်သွားကြသည်၊ အံ့သြသွားကြသည်၊ မှတ်လေရော့ဟ၊ ငါ့အကြောင်းသိကြလေရော့ဟ' စသည်များဖြင့် ကိုယ့်ဟာကိုယ် အလွန်ကျေနပ် လာခဲ့ပါသည်။

ဦးထွန်းရှိန်၏ မျက်နှာထား၌ ကျွန်ုပ်ကိုကောင်းစွာ နားမလည်သည့် လက္ခဏာမျိုးတချက်တချက်တွေ့ရသော်လည်း ကျွန်ုပ်၏စိတ်ထဲက "နားမလည် မရှိပါနဲ့ဆရာ၊ ဒီဖေသိန်းမှ ဖေသိန်းအစစ်ပါ"ဟူ၍ အဖြေပေးလျက် ရှိ၏။ ရဲရဲတင်းတင်း သွက်သွက်လက်လက် ပြောခြင်းမှတပါး ကျွန်ုပ်၏စကားများမှာ အမှားပါသည် မဆိုနိုင်သောကြောင့် ဦးထွန်းရှိန်သည် ကျွန်ုပ်၏မျက်နှာထား အဓိပ္ပာယ်ကို လက်ခံ၍ ဤနှစ်နှစ်ခန့်အတွင်း သည်လူတယောက် သည်လောက် တိုးတက်လာရချေသလောဟု စဉ်းစားခြင်းကိုပင် ကျွန်ုပ်မြင်နိုင်သည်။ ပထမတွင် သူ့အဖို့ ပြဿနာဖြစ်၍ နောက်ဆုံးတွင် ကျွန်ုပ်အား အထက်ပါအတိုင်းလက်ခံခြင်း ကိုကျွန်ုပ်မြင်ရသည်။ ဥပမာထိုစဉ်က ဘားမားကရစ်တစ် (Burma Critic) သတင်းစာအယ်ဒီတာ အမှုဖြစ်လျက်ရှိရာ ၎င်းအမှုအကြောင်းကို သူရောကျွန်ုပ်ပါ

သတင်းစာတွင် လိုက်၍ဖတ်ထားသဖြင့် ဆွေးနွေးကြရာတွင် ကျွန်ုပ်က ကျွန်ုပ်၏ ထင်မြင်ချက်ကို ရဲရဲကြီး ပြောချလိုက်သဖြင့် သူအံ့အားသင့်သွားခြင်းကို ကျွန်ုပ်သတိပြုလိုက်မိသည်။ ကျွန်ုပ်'ဘဝင်မမြင့်'မီက ဤစိတ်ကူးမျိုး ရှိချင်ရှိမည် ဖြစ်သော်လည်း ထိုကဲ့သို့ရဲရဲတင်းတင်းပြောဝံ့မည်မဟုတ်၊ နောင်တွင် ဘဝင်မြင့်ပျောက်၍ ကျွန်ုပ်ပြောခဲ့သည့် ထင်မြင်ချက်ကို ပြန်လည်သုံးသပ်သောအခါ 'အသားလွတ်'မဟုတ်၊ အကြောင်းအကျိုး အဆက်အသွယ် အတော်ပြည့်စုံခြင်းကို တွေ့ရသဖြင့် ကိုယ့်ဟာကိုယ် ချီးမွမ်းရဦးမည်ကဲ့သို့ တွေ့ရပါသည်။

## နောက်တဖန် တွေ့ပြန်ခြင်း

၁၉၁၉ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်တွင် ဗုဒ္ဓဘာသာ ကျောင်းဆရာ တစုသည် ရန်ကုန်မြို့သို့ရောက်လာကြ၍ ကျွန်ုပ်ရှိနေသော သူရိယတိုက်သို့ ဝင်လာကြပြီးလျှင် လွန်ခဲ့သော ၇နှစ်ခန့်က ဦးထွန်းရှိန်နှင့် ကျွန်ုပ်ဗုဒ္ဓဘာသာ ကျောင်း၌ တွေ့ကြပုံအခြင်းအရာကို အားရပါးရ ချီးကျူးပြောဆို ကြလေသည်။ လက္ခဏာမှာ ကျွန်ုပ်၏သူငယ်ချင်းများဖြစ်ကြသော ထိုကျောင်းဆရာ များသည် ကျောင်းအုပ်သစ် ဦးထွန်းရှိန် ဘီအေအား အလွန်ကြောက်ရွံ့လေးစား နေကြရသော အချိန် ဖြစ်ပုံရသည်။ (ထိုအချိန်တွင် ဘီအေရှားသေးသောခေတ်ဖြစ် ၏။) ၎င်းကျောင်းဆရာများသည် ထိုစဉ်က ၆ လခန့်မျှ ကျွန်ုပ်၌ 'ဘဝင်မြင့်'နေခဲ့ခြင်းကို လုံးဝမသိကြချေ။ သူတို့၏မျက်စိ၌ ၉ တန်းမျှသာအောင်၍ စာရေး တယောက်မျှသာဖြစ်သော ကျွန်ုပ်က သူတို့၏နာမည်ကြီးကျောင်းအုပ်ကြီးကို ရဲရဲတင်းတင်းဝင်ပြီး အင်္ဂလိပ်လို 'ဆတ်'ဝံ့ခြင်းအတွက် မယုံနိုင်လောက်အောင် အံ့သြကြလေသည်။

ဆရာတယောက်။ ။"ကျုပ်တို့တော့ ခင်ဗျားလုပ်သွားလိုက်ပုံကို သဘောကျလိုက်တာဗျာ၊ ခုထက်ထိပြောလို့မဆုံးဘူး၊ ဝတ်ထားလိုက်ပုံကလဲ တကယ့်ဖက်ရှင်ပဲ၊ ခင်ဗျားအင်္ဂလိပ်စာတော်တာကတော့ ကျုပ်တို့သိပါတယ်၊ နို့ပေမယ့် ဟိုနေ့ကတော့ မထစ်မငေါ့နဲ့ ဂိုက်နဲ့ဆိုက်နဲ့ ဟန်နဲ့ပန်နဲ့ စကားလုံးပြောင်ပြောင်တွေရွေးပြီး ပြောသွားလိုက်တာများ ကျုပ်တို့ဖြင့် သိပ်အားရတာပဲ၊ ဦးထွန်းရှိန်ကအောက်သားကိုးဗျ၊ ကျုပ်တို့ကဟောဒါ မန္တလေးသားကွလို့တောင် အော်လိုက်ချင်တယ်"

တယောက်။ ။"နေပါအုံးဗျ၊ ခင်ဗျားက သူနဲ့ဘယ်တုန်းကတွေ့ဘူးလို့လဲဗျ"

ကျွန်ုပ်။ ။"မင်းကြီးနဲ့ နယ်လှည့်ယင်း ရန်ကုန်ဆင်းသွားကြတုန်းကပါပဲ"

တယောက်။ ။"ဘယ်နှစ်ခါလောက် တွေ့ဘူးထားလို့လဲဗျာ"

ကျွန်ုပ်။ ။"မများလှပါဘူး၊ နှစ်ခါလောက်ပါပဲ"

"တယောက်။ ။"ဒါနဲ့များဗျာ၊ တကယ့် ကျောင်းနေဘက်သူငယ်ချင်းကျနေတာပဲ၊ ကျုပ်တို့ဆရာကြီးကို ခင်ဗျားလိုပြိုင်ဘက်နိုင်တဲ့လူ မန္တလေးမှာ တယောက်မှ မပေါ်လာသေးဘူးဗျ"

တယောက်။ ။"ဟုတ်တယ်ဗျ၊ ခင်ဗျားလူဟိုနေ့ကနူတ်တော်တော်တွန့်တယ်၊ ခင်ဗျားကို မလွှမ်းနိုင်ဘူး၊ ကျုပ်တို့က ကျေနပ်လိုက်တာဗျာ"

(အမှန်မှာ ဦးထွန်းရှိန်ကား လူသွက်တယောက်ဖြစ်ပါသည်။)

ကျွန်ုပ်သည် ကျောင်းဆရာများအား တရုတ်ဟိုတယ်တခု၌ ထမင်းတနပ်ကျွေးလိုက်ရာ တောင်ရောက်မြောက်ရောက်ပြောရာမှ ဦးထွန်းရှိန်နှင့် ကျွန်ုပ်အကြောင်းသို့ ခဏခဏလှည့်၍လာကြပါသေးသည်။ ကျွန်ုပ်သည် စာဖတ်ပရိသတ်အား 'ဘဝင်မြင့်'ခဲ့ဘူးခြင်းကို ဖော်ထုတ်ပြောပြသော်လည်း ကျောင်းဆရာများအားမူကား အသိမပေးခဲ့ပါ။ ၄င်းတို့အနက် တယောက်တလေမျှသည်

ဤစာကိုဖတ်ရလျှင် ရယ်ချင်မည်ဖြစ်သော်လည်း ကျွန်ုပ် အမှတ်ရသလောက်မှာ တယောက်မကျန် ကွယ်လွန်ကုန်ကြရှာလေပြီ။

## ဦးထွန်းရှိန်နှင့် တွေ့ပြန်ခြင်း

ငှင်းနှစ် နောက်ပိုင်းလောက်တွင် ဦးထွန်းရှိန်သည် ('သပြေနုချိန် တင်ရန်ဆင်ရန် ပန်းတွေက များလိုက်ပါဘိသနှင့်၊ ဖေပုရှိန် အင်္ဂလန်နန်းမြေသွား တို့မှာတော့'ဟူသည့် မစ္စတာမောင်မှိုင်း၊ ယခု သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးအရ) မန္တလေးမှ ရန်ကုန်သို့ဆင်းလာ၍ ကျွန်ုပ်နှင့် ဝိုင်အမ်ဘီအေ အသင်းတိုက်တွင်တနေ့တွေ့ကြ၏။ သူသည် ကျွန်ုပ်အား ရှေးကအတိုင်း လှိုက်လှဲစွာ တွေ့ဆုံ၍ စကားပြောကြလေရာ (ကျွန်ုပ်မှာ 'ဘဝင်မြင့်'ပျောက်နေပြီ ဖြစ်၍ ကျွန်ုပ်၏အမူအရာပြောင်းလဲခြင်းကို မည်သို့လေနည်းဟု အကဲခတ်၏။) ကျွန်ုပ်မှာ ဗုဒ္ဓဘာသာကျောင်း၌ တွေ့စဉ်ကကဲ့သို့ ရဲရဲဝံ့ဝံ့မရှိပဲ ခပ်တွန့်တွန့်ဖြစ်နေသည်ဟု သူထင်ပုံရ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ဆရာသမားသဖွယ်ဖြစ်သော ဦးဘဖေနှင့် သူသည် တန်းတူဖြစ်နေ၍ ကျွန်ုပ်က အောက်ကျလျက်ရှိသောကြောင့် တွန့်သည်ဟု သူကယူဆသလော မပြောတတ်ပေ။ အမှန်မှာ ကျွန်ုပ်၌ 'ဘဝင်မြင့်'ပျောက်ပြီး 'ပုံမှန်'အတိုင်း ဖြစ်နေသောကြောင့်မျှသာ ဖြစ်ပါသည်။ ဦးထွန်းရှိန်သည် ကျွန်ုပ်နှင့် အရောတဝင်ဖြစ်အောင် ကြိုးစားသေးသော်လည်း ကျွန်ုပ်၌ တွန့်ဆုတ်မှုရှိခြင်းကို သူမြင်သည်နှင့် နောက်ဆုံးတွင်လက်လျှော့လိုက်ပါလေတော့သည်။

## ပြန်ပြောင်းတွေးခေါ်ချက်များ

ထိုညဥ့်၌ ကျွန်ုပ်သည် ကိုထွန်းရှိန်နှင့်ဖြစ်စေ၊ အချို့လူများနှင့်ဖြစ်စေ တွေ့ဆုံဆက်ဆံရာများတွင် 'ဦးခေါင်းလျှိုး'မိတတ်ခြင်းကို ကိုယ့်ဟာကိုသိ၍ မကျေမနပ်ရှိသည်နှင့် မိမိ၏တသက်တာ နောက်ကြောင်းကို ပြန်ပြောင်းဆင်ခြင် သုံးသပ်မိပါတော့သည်။ မည်သို့သော လူစားမျိုးအပေါ်၌ ကျွန်ုပ် 'ဦးခေါင်းလျှိုး' တတ်ပါသနည်းဟု စစ်ဆေးလိုက်သည့်အခါ ပိုက်ဆံရှိသူများလည်း မဟုတ်၊ ရာထူးကြီးများလည်း မဟုတ်သေး။ ဗဟုသုတ ပြည့်စုံလှပါသည် ဆိုသူများလည်း မဟုတ်သေး။ ဥာဏ်ကောင်းသူများလည်း မဟုတ်သေး။ ရန်ကုန်ကောလိပ်၌ ပညာသင်ခဲ့၍ ဘီအေအောင်ခဲ့ကြသူများ ဖြစ်သည်ဟု စစ်ထုတ်နိုင်ခဲ့ပါသည်။ "ရန်ကုန်ကောလိပ်၌ ပညာသင်ခဲ့၍ ဘီအေအောင်သူများ"ဟူသော စကားကို သီးခြားခွဲထုတ် ဖော်ပြလိုက်ခြင်းကို သတိပြုကြစေလို၏။ ရန်ကုန်၌ ထိုခေတ်က ရန်ကုန်ကောလိပ်၊ ဂျပ်ဆင်ကောလိပ်ဟူ၍ နှစ်ကျောင်း ရှိခဲ့ဘူးရာ ကျွန်ုပ်သည် ဂျင်ဆင်ကျောင်းထွက် ဘီအေထက် ရန်ကုန်ကောလိပ်ဘီအေများကို ပို၍ 'ဦးခေါင်းလျှိုး'မိ၏။ ကောလိပ်သို့မရောက်ဘူးပဲ အလွတ်ပညာသင် အဖြစ်နှင့် ဘီအေအောင်ကြသည့် သူငယ်ချင်းများလည်း ရှိကြပါ၏။ ကျွန်ုပ်သည် ၄င်းတို့အား 'ဦးခေါင်းလျှိုး'ခြင်းကို မတွေ့ရပါ။ သို့ဆိုလျှင် သူကတော့ ရန်ကုန်ကောလိပ် ကျောင်းထွက်ဖြစ်၍ 'ဦးခေါင်းလျှိုး'ရမည်၊ သူကတော့ အလွတ်ပညာသင် အဖြစ်နှင့် အောင်သောဘီအေဖြစ်သောကြောင့် 'ဦးခေါင်းလျှိုး' စရာ မလိုဟူ၍ တမင်တကာ တွက်ကိန်းနှင့် ပြုလုပ်ခြင်းကား မဟုတ်ရပါ။ ကျွန်ုပ်၏မျက်စိ၌ လူပုံလူပန်းနှင့် ဟန်ပန်အနေအထား ကွာခြားခြင်းကို တွေ့ရ၍ (Unconsciously) အလိုအလျောက် တွန့်မိခြင်းမျှသာ ဖြစ်ပါသည်။

## ကောလိပ်ချင်း ကွာခြားပုံ

ဤအကြောင်းကို ထင်ရှားစေရန် ကိုယ်တွေ့အဖြစ်အပျက်တခုကို ဖော်ပြပါရစေ။ မင်းကြီး၏တောလိုက်စာရေးအဖြစ်နှင့် ရန်ကုန်သို့ ဆင်းသွားစဉ် ရွှေတိဂုံဘုရား ခြေရင်းတွင် ဘုန်းကြီးပျံ အကြီးအကျယ်တခုရှိရာ ထိုညဥ့်တွင် ကျွန်ုပ်သည် ဂျပ်ဆင်ကောလိပ်ကျောင်းသား သူငယ်ချင်းများဖြစ်သည့် မောင်ရီ၊ ကိုဖုးညိုတို့နှင့် အတူဘုန်းကြီးပျံသို့သွား၏။ ပွဲထဲတွင် ကိုဝင့်မော်၊ ကိုကွန်း၊ ကိုထွန်းရှိန်တို့ လူစုနှင့်ဆုံမိကြ၏။ ၎င်းတို့သည် ရန်ကုန်ကောလိပ်ကျောင်းသားများ ဖြစ်ကြလေရာ ကိုဝင့်မော်မှာ ကျွန်ုပ်တို့လူစုနှင့်အတူ မန္တလေး အေဘီအမ်ကျောင်းထွက်ဖြစ်၏။ ကိုဝင့်မော်မှတပါး ၎င်းတို့အားလုံးမှာ ဘီအေ ဆီနီယာ အတန်းသားများဖြစ်ကြလေသည်။ ကျွန်ုပ်မှာမူ ကိုကွန်း၊ ကိုထွန်းရှိန်တို့နှင့် တွေ့ဘူးပြီး ဖြစ်ကြ၍ မိတ်ဆက်ရန်မလိုပဲ ကိုဝင့်မော်က ဂျပ်ဆင်ကျောင်းသားများဖြစ်ကြသည့် မောင်ရီနှင့် ကိုဖုးညိုတို့အား ကိုကွန်း၊ ကိုထွန်းရှိန်တို့နှင့်မိတ်ဆက်ပေး၏။ ထိုနှစ်ယောက် အနက်တွင် ကိုကွန်းသည် စတိုင်သမား တယောက် ဖြစ်လေရာ ဘီအေအတန်းသားချင်း တူသော်လည်း ဂျပ်ဆင်ကျောင်းသားများ ဖြစ်သည့် မောင်ရီနှင့်ကိုဖုးညိုတို့အား (Patronising airs) ယဉ်ယဉ်ကျေးကျေး ကလေးနှင့်အထက်စီးသံမျိုးဖြင့် စကားပြောလေသည်။ (ဦးဘဖေ ဝန်ကြီးဖြစ်စဉ်က သူ၏သတင်းစာ ကွန်ဖရင့်သို့ တက်ကြသူများ အနက်တွင် ဒီးဒုတ်ဦးဘချိုနှင့် ကျွန်ုပ်ပါဝင်လေရာ ကွန်ဖရင့်ပြီး၍ နှစ်ယောက်သား လန်ခြားနှင့် ပြန်လာကြရာတွင် ဦးဘချိုကကျွန်ုပ်အား ၎င်းအချိုးမျိုးလုပ်သည်နှင့် ကျွန်ုပ်ကမခံချင်ကြောင်း ပြလိုက်သဖြင့်ဦးဘချိုတန့်၍သွားဘူးသည်။ ခင်မင်မှုကား လျော့ပါးလေပြီ။ သို့သော် ကျွန်ုပ်ဂရုမစိုက်ချေ။) ကျောင်းသားချင်း မိတ်ဆက်ပေးပြီးနောက် အတူလျှောက်ကြဖို့ ကိုဝင့်မော်က ခေါ်ရာတွင် ကျွန်ုပ်သည် ကိုကွန်း၏ 'နှိမ်ပေါက်'ကလေးများကို မကြိုက်သော်လည်း (ကျွန်ုပ်ကိုမဟုတ်၊ ဂျပ်ဆင်

ကျောင်းသားများကို ရည်ရွယ်သည်။) မန္တလေးသားချင်းဖြစ်သော ကိုဝင့်မော်ကို အားနာသည်နှင့် ခပ်တွန့်တွန့်ဖြစ်နေသည့် ဂျပ်ဆင်ကျောင်းသား နှစ်ယောက်အား ကျွန်ုပ်ကတိုက်တွန်းကာ အတူလျှောက်ကြလေ၏။ မောင်ရီမှာ စင်စစ်အားဖြင့် လူညံ့တယောက် မဟုတ်၊ အလွန်သွက်လက်သူ ဖြစ်သည်။ သို့ရာတွင် ရန်ကုန်ကောလိပ် ကျောင်းသားနှစ်ယောက်နှင့် ဆုံမိကတည်းက နှုတ်ဆိတ်သွားပြီး "ဆင်ဖြူမျက်နှာ ဆင်မဲ မကြည့်ဝံ့"ဆိုသော စကားပုံအတိုင်း ဇက်ကျိုးမတတ် ဖြစ်နေလေပြီ။ နဂိုကမှ ခပ်ရိုးရိုးရှိသော ကိုဖူးညိုမှူကား ပြောဖွယ်ရာ မရှိတော့ပေ။

ဤအတောအတွင်း၌ ကိုကွန်းသည် ကိုထွန်းရှိန်အား ယခင်ကဲ့သို့ အင်္ဂလိပ်လို မပြော၊ ပါဠိလိုချည်းပြောလေတော့သည်။ (ဂျပ်ဆင် ကောလိပ်တွင် ပါဠိမသင်၊ လောဂျစ်သာသင်၏။) ညှော်ခံမဏ္ဍပ်များအနီးသို့ ချဉ်းကပ်ရာတွင်လည်း ဟိုက ကိုကွန်း၊ ဒီကကိုထွန်းရှိန် စသည်ဖြင့် ဟစ်အော်ခေါ်ငင်ကြရာ ဘီအေပေါင်း အဝါရောင် သွေးတူမွေးတူ ဆင်ထားကြသော ဤလူနှစ်ယောက်မှာ ခေါင်းပေါင်းစ ကလေးတွေတလူလူနှင့် ခြေထောက်ကလေးတွေ မြောက်တောက် မြောက်တောက် ဖြစ်နေကြခြင်းကို ကျွန်ုပ်မြင်မိသည်။ ညှော်ခံမဏ္ဍပ် တခုနှစ်ခုတွင် သူတို့နှင့်အတူဝင်၍ ချိုပွဲ ချဉ်ပွဲများ စားသောက်ကြပြီးနောက် (ဂျပ်ဆင်ကောလိပ် ကျောင်းသား နှစ်ယောက်ကား လက်ဖျားနှင့်မျှ မတို့ရှာကြချေ။) ကျွန်ုပ်သည် အခြေအနေကို သဘောမကျပဲ ဤလူနှစ်ယောက်ကို သနားသည်နှင့် တတိယ မဏ္ဍပ်သို့ဝင်မည်အပြုတွင် ကျွန်ုပ်ကပင်နှုတ်ဆက်၍ ခွဲထွက်လာကြပါတော့သည်။ (၁၉၁၄ ခုနှစ်ကလည်း ကျွန်ုပ်သည် ရေနံချောင်းမှ ရန်ကုန်သို့သင်္ဘောဖြင့်လိုက်ပါ ရာတွင် ရန်ကုန်ကောလိပ်မှ ဘီအေအောင်ပြီးသူ တယောက်နှင့် ဂျပ်ဆင်ကောလိပ်မှ ဘီအေတယောက်သည် ကျွန်ုပ်နှင့်အတူ ခရီးသည်အဖြစ် ပါလာကြ၍ အလားတူအဖြစ်မျိုး ခပ်ဆင်ဆင်ကြုံရဘူးရာ အသေးစိတ်ဖော်ပြရန် မလိုတော့ပါ။) ကျွန်ုပ်ဆိုလိုခြင်းမှာ ထိုခေတ်၌ ရန်ကုန်ကောလိပ်ကျောင်းထွက် သည် ဂျပ်ဆင်ကောလိပ်ကျောင်းထွက်ထက် (ပညာတတ် မတတ် အပထား၍)

ဦးခေါင်းထောင်ခြင်းကို တွေ့ရသည်။ ဦးခေါင်းထောင်ခြင်းသည် (ပလွှားခြင်းကို မဆိုလို) 'ဦးခေါင်းလျှိုး'ခြင်းထက် ကြီးပွားရေးအတွက် အထောက်အပံ့ဖြစ်ခြင်းကို ကျွန်ုပ်တွေ့ရသည်။

## ကျွန်ုပ်၏ ချို့ငဲ့ချက်

ဦးထွန်းရှိန်နှင့် ဝိုင်အမ်ဘီအေတွင် တွေ့ခဲ့ရသောည၌ ကျွန်ုပ်သည် မိမိ၏ 'ဦးခေါင်းလျှိုး'ခြင်းကို ဆင်ခြင်သုံးသပ်သောအခါ ငါသည် သူတို့လိုပြောတတ်သည်၊ သူတို့လိုရေးတတ်သည်၊ သူတို့လိုဝတ်တတ်သည်၊ သူတို့လို ဗဟုသုတရှိသည်။ သို့ပါလျက် အဘယ့်ကြောင့် 'ရှုံ့ရသနည်း'ဟု စစ်ဆေးလိုက်သည်တွင် အဖြေထွက်လာ၏။ အဖြေကား သူတို့ကဲ့သို့ ဘီအေအောင်လက်မှတ်မရှိသောကြောင့်မဟုတ်။ သူတို့ကဲ့သို့ ရန်ကုန်ကောလိပ် ကျောင်း၌ မနေခဲ့ရသောကြောင့်ဖြစ်သည်ဟု သဘောပေါက်လာပါတော့သည်။ ထိုကဲ့သို့ သဘောပေါက်လာရခြင်းမှာလည်း ရွှေတိဂုံ ဘုရားခြေရင်း ဘုန်းကြီးပျံ၌ မောင်ရီတို့လူစုနှင့် ဦးထွန်းရှိန်တို့လူဟု ဆုံမိကြခြင်းကို စဉ်းစားမိသောကြောင့် ဖြစ်လေသည်။ ဂျပ်ဆင်ကောလိပ်နေဘူးသူများက ရန်ကုန်ကောလိပ် မနေဘူးသူများအား 'ဦးခေါင်းလျှိုး'သည် ဆိုလျှင် မည်သည့် ကောလိပ်မှ မနေဘူးသူ တယောက်သည် (မိုက်ရူးရဲများမှတပါး) 'ဦးခေါင်းလျှိုး' ကြရမည်မှာ ဓမ္မတာတခုသဖွယ် ကျွန်ုပ်မြင်လာပါသည်။ ဤတွင်ကျွန်ုပ်သည် ကောလိပ်ကျောင်း မနေခဲ့ရဘူးသည့်အတွက် ပထမအကြိမ် ဝမ်းနည်းရကောင်းမှန်း သိလာပါတော့သည်။

## ရှေးကောလိပ်နှင့် ခေတ်တက္ကသိုလ်

အကယ်၍ ကျွန်ုပ်သည် ကောလိပ်ကျောင်း၌ လေးနှစ်ခန့်နေခဲ့ရဘူးသည် ဆိုပါစို့။ (ကျွန်ုပ်ဆည်းပူးထားခဲ့သည့် ဗဟုသုတများကို ထောက်ထားသောအားဖြင့်) ယခုထက်ပိုပြီး တတ်ကောင်းမှ တတ်ပေလိမ့်မည်။ (ဤအကြောင်းကို မောင်ရီနှင့် ကိုဝင့်မော်တို့ကလည်း ထုတ်ဖော်ဝန်ခံပြီးဖြစ်ရာ ကိုဝင့်မော်ကမူ သူ၏ အထက်အရာရှိထံသို့ တင်ပို့ရမည့် အရေးကြီးသော စာမျိုးကို ကျွန်ုပ်အားပင် ရေးခိုင်းဘူးပါသည်။) သို့ဖြစ်လျှင်ကောလိပ်ကျောင်း နေဘူးခြင်းအားဖြင့် ကျွန်ုပ် အဖို့ မည်သို့သော အကျိုးကျေးဇူးထူးထူးခြားခြား ဖြစ်ပေါ်နိုင်ဖွယ်ရာ ရှိပါသနည်း။ ရှိသည်၊ အများကြီးရှိသည်ဟု ကျွန်ုပ်သဘောပေါက်လာသည်။ ကျွန်ုပ်၏ လက်ရှိချို့ငဲ့ချက်မှာ ကောလိပ်ကျောင်း၏ 'လေ' (Atmosphere) ကို လေးနှစ်လောက် မရှူခဲ့ရခြင်းပင် ဖြစ်လေသည်။ ထို့ကြောင့်လည်း သက်တူရွယ်တူ ဘီအေများနှင့် ယှဉ်လိုက်လျှင် ကျွန်ုပ်ဦးခေါင်းလျှိုးမိခြင်း ဖြစ်၏။ ငါသည် သူတို့ကဲ့သို့ ကောလိပ်၌ မနေခဲ့ရ၍ ညံ့သည်ဟု ကိုယ့်ဟာကိုယ် သတိရနေသောကြောင့် မဟုတ်၊ ကောလိပ် 'လေ' (ပတ်ဝန်းကျင်)နှင့် မထိတွေ့ခဲ့ရသည့် အတွက်ကြောင့် ပြေပြေပြစ်ပြစ် ဟန်ပန်မျိုး (Easy Manners) မရှိပဲ 'ခပ်ထောင့်ထောင့်' ဖြစ်နေရခြင်းကို ဆိုလိုသည်။ ကောလိပ်ကျောင်း၌ လေးနှစ်နေဘူးသော လူတိုင်းသည် ပြေပြေပြစ်ပြစ် ဖြစ်လာတော့သည်ဟု ဆိုလိုခြင်းကားမဟုတ်၊ သို့သော် မနေရမီကထက် တိုးတက်လာခြင်းရှိသည်ကို ကျွန်ုပ်ကြိမ်ဖန်များစွာ လေ့လာတွေ့ရှိရသည်။

ဤအကြောင်းကိုသိလျှင် ကိုယ့်ကိုယ်ကို ပြုပြင်ယူနိုင်သည် မဟုတ်ပါလောဟု မေးဖွယ်ရာရှိ၏။ မဖြစ်နိုင်ဟု ကျွန်ုပ်က အဖြေပေးလိုသည်။ ဥပမာ ဆေးရည်မစိမ်ခဲ့ရသော သားရေစိမ်းသည် ဘယ်တော့မှ နူးနူးနပ်နပ်မရှိပဲ

ကျွပ်ဆတ်ဆတ် ဖြစ်ရမည်ကဲ့သို့ပင် ကောလိပ်ကျောင်း၏ အဆောက်အအုံသည် လည်းကောင်း၊ မြက်ခင်းနှင့်တကွ မြေယာကွက်လပ်များသည်လည်းကောင်း၊ ဆရာများ၏ အမူအရာသည်လည်းကောင်း၊ အောက်တန်းကျောင်းသားများထက် (အနည်းနှင့်အများ) သပ်သပ်ရပ်ရပ် ရှိသူအချင်းအချင်း ဆက်ဆံကြရခြင်းသည် လည်းကောင်း၊ မိမိတို့တတွေသည် သာမန်အရပ်သားများထက်သာသည်ဟူသော စိတ်ထားမျိုး အခါခပ်သိမ်းရှိနေကြခြင်းသည်လည်းကောင်း ငယ်ရွယ်သူများအဖို့ ရာ၌ စိတ်ကြီးဝင်ခြင်း (ကောင်းသော အဓိပ္ပာယ်နှင့်သုံးသည်။) ဖြစ်စေနိုင်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ (ဤခေတ် တက္ကသိုလ် ကျောင်းသူကျောင်းသားများသည် 'သောကောရောကော' ဖြစ်နေသောကြောင့် ဦးထွန်းရှိန်နှင့် ဦးကွန်းကဲ့သို့သော ရှေးရန်ကုန်ကောလိပ်ကျောင်းသားများလို ဤကိစ္စတွင် မမှီတော့ပဲ ရှိချင်ရှိမည်။ သို့ရာတွင် သာမန်အရပ်သူအရပ်သားများထက်မူကား သာလျက်ပင်ရှိသည်ကို ကျွန်ုပ်တွေ့ရသည်။) ကျွန်ုပ်အဖို့ရာ၌ ဤချို့ငဲ့ချက်ကြောင့် 'ဦးခေါင်းလျှိုး' ချင်သောစိတ်ဓာတ် (Inferiority Complex) ဝင်လာသည်ဟု ဆိုလိုပါသည်။ ဦးခေါင်းမလျှိုးပဲ ဦးခေါင်းထောင်ခြင်းသည် ဟန်ကြီးပန်ကြီးလုပ် ခြင်းနှင့် မရောထွေးစေဖို့ သတိပြုစေလိုသည်။ ဟန်ကြီးပန်ကြီး လုပ်ခြင်းသည် မကောင်း၊ ဦးခေါင်းထောင်ခြင်းသည် ကောင်းသည်ဟု ဆိုလိုပါသည်။

## သာစခေါ်ရခြင်း

ထိုညတွင်မှ ကျွန်ုပ်သည် မည်သည့်နည်းနှင့်မျှ ပြန်၍ မရနိုင်တော့သည့် အခွင့်အရေး ဆုံးရှုံးမှုကိုလိုက်လှဲစွာ နှမြောမိပါတော့သည်။ သို့သော် ကောလိပ်ကျောင်း မနေနိုင်ခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်၊ အတိတ်ကံ၏ ညံ့ဖျင်းမှုဖြစ်သည်ဟု ဆုံးဖြတ်လိုက်သဖြင့် ဝမ်းနည်းလောက်အောင် မရှိပါ။ အတိတ်ကံကို ချပြီး ဝမ်းနည်းခြင်းသည် ကျွန်ုပ်၏ဝါသနာမဟုတ်ပါ။ ထို့ကြောင့်လည်း

ကျွန်ုပ်သည် အခြားလူများထက်လူလားမြောက်ကတည်းက စိတ်ဆင်းရဲမှု နည်းခဲ့ပါသည်။ တွေးပြီးဆွေးခြင်းဟူ၍ အလွန်နည်းခြင်းကိုဆိုလိုပါ သည်။ ထိုစဉ်က ကျွန်ုပ်သည် ဒုတိယအိမ်ထောင်နှင့် သားကလေးတယောက် ရခဲ့ပြီဖြစ်ရာ၊ ၄င်းကိုမည်သည့်နည်းမဆိုတက္ကသိုလ်သို့ ပို့ဖြစ်အောင်ပို့ပြီး ၄င်း၏ တိုးတက်မှုများကို စောင့်ကြည့်လေ့လာမည်ဟူ၍ပင် ဆုံးဖြတ်ခဲ့၏။ သို့ရာတွင် ကျွန်ုပ်၏အိမ်ထောင်ရေးအဆင်မပြေမှုကြောင့် သားကလေးမှာ ၁၀တန်းနှင့် အလုပ်လုပ်ရပြီး (၁၉၅၆ ခုနှစ်တွင် ဖဆပလအစိုးရက ကျွန်ုပ်အား ထောင်ထဲပို့ထားစဉ်) ဘ၀ဇာတ်သိမ်းသွားရှာလေပြီ။ ဤခေတ်၌တက္ကသိုလ်တွင် လေးနှစ်မျှ နေခွင့်ရကြသော ကျောင်းသူကျောင်းသားများ (အတန်းအောင်သည် ဖြစ်စေ မအောင်သည်ဖြစ်စေ) ကျွန်ုပ်တို့သားအဖထက် ကံထူးချွန်ကြပါပေသည်ဟု သာမှတ်ခေါ်လိုက်ရပါသည်။

## ကျွန်ုပ်၏အားကိုး

ဦးထွန်းရှိန်နှင့်မတွေ့မီ အထက်ပါအကြောင်းများကို မစဉ်းစားရသေး သောအခါကမူကား ငါကြိုးစားလျှင်သာနိုင်သည်၊ အနည်းဆုံး တူနိုင်သည်။ ငါ့၌ သူတပါးထက် မည့်သော ဉာဏ်ရှိသည်စသည်ဖြင့် အထင်ရောက်ခဲ့၏။ ချာလ်စ်ဒစ်ကင်း၏ မျှော်တလင့်လင့် (Great Expectations) ဝတ္ထုကြီး၌ပစ်ပ်သည် ပန်းပဲသမားလင်မယားနှင့် ကြီးပြင်းခဲ့ရ၍ ခပ်ငယ်ငယ်ကပင် ပညာသင်ပေးပြီး (Gentleman) လူကုံထံ အတန်းအစားဖြစ်အောင် သွန်သင်ပေးခဲ့ရာ အထိုက်အလျောက် ထမြောက်အောင် မြင်ပါ၏။ သို့သော် ငယ်ရွယ်နုနယ်စဉ် ကတည်းက သွန်သင်ပေးခြင်း ဖြစ်လျက်နှင့်လည်း တက္ကသိုလ်ကျောင်းထွက် တယောက်ကို မမှီနိုင်ကြောင်းတွေ့ရသည်။ တက္ကသိုလ်ကျောင်းကြီးများသည် လူငယ်များ၏ အမူအရာနှင့် စိတ်နေသဘောထားကို ပြုပြင်ခွင့် အများဆုံးရသော

ဌာနကြီးများ ဖြစ်ကြသည့်အလျောက် (Good Breeding) ၏တန်ဖိုးကို နားလည်အောင် လုပ်ကြပြီးလျှင် ကျောင်းသူ ကျောင်းသားတို့အား ကိုယ်စီကိုယ်င အများဆုံး ခံယူရရှိကြဖို့တိုက်တွန်းလိုက်ရသည်။ ကျွန်ုပ်အဖို့ရာ၌မူကား အထက် ပါနည်းအတိုင်း သဘောပေါက်လာသဖြင့် မိမိနှင့်မဆိုင်ကြောင်း နားလည်သော အချိန်မှစ၍ လူမှုဆက်ဆံရေး ဆိုင်ရာတွင်ပြောင်မြောက်ဖို့ မကြိုးစားတော့ပဲ စိတ်ကူးဉာဏ်နှင့် ကလောင်ကိုသာ အားကိုးရပါတော့သည်။

## နမတယောက်အကြောင်း

ဤနေရာ၌ ကျွန်ုပ်၏မွေးပေါက်ဖော်များ အကြောင်းကို ညှပ်၍ ဖော်ပြရပေဦး မည်။ မောင်နမ ရှစ်ယောက်မွေးသည့်အနက် ငါးယောက်မှာ ငယ်စဉ်ကပင် သေဆုံးကြ၍ နမတယောက်နှင့် ညီတယောက်မျှသာ ကြီးပြင်းအောင် အသက်ရှင်ကြ၏။ ကျွန်ုပ်၏မှတ်တမ်းအစလောက်၌ နမကလေးအား အလွန် ကြင်နာ၍ သူ့အတွက်ကြောင့်ပင် မိခင်ဖခင်များအပေါ်တွင် အပြစ်တင်ချင်သော စိတ်မျိုးဖြစ်ပေါ်ခဲ့ဘူးကြောင်းရေးသားဖော်ပြခဲ့ဘူးရာ အရွယ်မရောက်တရောက် အချိန်မှစ၍ တဦးနှင့်တဦး ခပ်အေးအေးဖြစ်သွားခဲ့ကြရ ပါတော့သည်။ ဤသို့ဖြစ်ရခြင်းမှာ မြန်မာလူမျိုး မောင်နှင့်နမတို့၏ နေထိုင်ကြပုံ ထုံးစံကြောင့် ဖြစ်သည်ဟု ကျွန်ုပ်မြင်မိ၏။ များစွာသော မြန်မာလူမျိုးတို့၏ထုံးစံမှာ မောင်နှင့် နမဆိုလျှင် အပျိုလူပျိုအရွယ်သို့ ရောက်ကြသောအချိန်မှစ၍ အရောတဝင် မနေကြတော့ပဲ ခပ်မှန်မှန် ခပ်တန်းတန်း နေတတ်ကြသည့် အစဉ်အလာရှိ၏။ တဦး၏အခက်အခဲကလေးများ၊ ပြဿနာလေးများကို တဦးအား တင်ပြကာ ဆွေးနွေးတိုင်ပင်ကြဖို့ ဝေးစွ၊ အရောတဝင်ပင် မနေကြတော့ပဲ မပြောမပြီးသော စကားမျှလောက်သာ ပြောကြဆိုကြ လေတော့သည်။ ဤထုံးစံ၏ ကောင်းခြင်း ဆိုးခြင်းကို ကျွန်ုပ်မဝေဖန်လို။ သို့ရာတွင် တယောက်နှင့်တယောက် ရင်းနှီးမှု

လျော့ပါးခြင်းကားအမှန်ဖြစ်၏။ ရင်းနှီးမှုနည်းပါးလျှင် ခင်မင်မှု လျော့ပါးခြင်းသည် အရိပ်သဖွယ်လိုက်လာရတတ်ပါသည်။ တဦးနှင့်တဦး မကြာခဏ စကားပြောခွင့်ရ၍ ပြဿနာကလေးများကို အပြန်အလှန် ဆွေးနွေးတိုင်ပင်ခွင့်ရခြင်းကဲ့သို့ လူနှင့်လူချင်းခင်မင်မှုဖြစ်စေသော အခြင်းအရာသည် ခပ်ရှားရှားရှိလိမ့်မည်ထင်၏။ (သံယောဇဉ်တရား၏ကောင်းခြင်းဆိုးခြင်းကိုအပထား ၍) မကြာခဏ တိုင်ပင်ဆွေးနွေးခွင့်ရသူ အချင်းချင်းကို ခဏခဏသတိရတတ်ခြင်းမှာ ကိုယ်တွေ့ဖြစ်ကြလိမ့်မည် ထင်ပေရာ ခဏခဏ သတိရခြင်းသည်ပင် ခင်မင်ခြင်းကို ဖြစ်စေနိုင်ပေသည်။ ကျွန်ုပ်တင်ပြလိုခြင်းမှာ ကျွန်ုပ်တို့မောင်နှမသည် တအိမ်တည်းတွင် အတူတကွနေကြသော်လည်း (အထက်ပါမြန်မာထုံးစံကြောင့်) ကြီးပြင်းလာကြလေလေ ခင်မင်မှု လျော့ပါးလေလေ ဖြစ်လာကြလေသည်။

သဘောကွဲလွဲမှု၊ သဘောတူညီမှုဟူ၍ ရှိသည်မဟုတ်။ အလိုအလျောက် ခပ်အေးအေး ဖြစ်လာကြခြင်းဖြစ်ပါသည်။ ကျွန်ုပ်ပထမ အိမ်ထောင်ပြုသောအချိန်၌ မိဘများမှာ စီးပွားရေး အခြေအနေယိုင်လျက်ရှိ၍ နှမကလေးသည် အပျိုအရွယ်ကလေး ဖြစ်နေပါလျက် ကျွန်ုပ်သည် ဝတ်ချင်စားချင်လှပချင်တတ် သောနှမကလေးအား မထောက်ထားပဲ 'ဖိုးကျန်ရစ်'ဟု လူအများက ခေါ်ကြမည့်အရေးတခုတည်းကိုသာ အရေးတကြီး ဂရုစိုက်ကာ အပြေးအလွှားအိမ်ထောင်ပြုလိုက်ခြင်းမှာ ကျွန်ုပ်အဖို့ 'အမဲကွက်'တခုဖြစ်သည်ဟု ကြိမ်ဖန်များစွာ သတိရပါသည်။ အကယ်၍ ငယ်စဉ်ကကြင်နာခဲ့သည့်အတိုင်း သဘောထားနိုင်ခဲ့ပါမူ ယုတ်စွအဆုံးနှမကလေး အိမ်ထောင်ကျသည် တိုင်အောင်ဖြစ်စေ၊ မိဘများ၏ စီးပွားရေးအခြေအနေ မတ်လာသည် တိုင်အောင်ဖြစ်စေ စောင့်ဆိုင်းလိမ့်မည်ဟု ယုံကြည်ပါသည်။ ဤနေရာ၌ နှမကလေးအား မိဘများ၏ ရှေ့မှထား၍ ရေးသားရခြင်းမှာ ကျွန်ုပ်အိမ်ထောင်ပြု သောအချိန်၌ နှမသည် ဆေးပြင်းလိပ်ထောင်ခြင်းအားဖြင့် မိဘများ၏ တာဝန်ကို ရွက်ခဲ့ရသောကြောင့်

ဖြစ်ပါသည်။ နှမကလေးမှာ ၁၉၂၉ ခုနှစ် (၃၆နှစ်အရွယ်) တွင် ကွယ်လွန်၍ သားသမီး ၆ယောက်ကျန်ရစ်ခဲ့သည်။

## ညီနှင့်တူများ

ကျွန်ုပ်၏နှမအောက်တွင် ညီတယောက်ရှိသေး၏။ ညီမှာမူ ကျွန်ုပ် အိမ်ထောင်ပြုသော အချိန်တွင်မိဘများနှင့်မနေပဲ ကျွန်ုပ်နှင့်အတူ လိုက်၍နေရာ ထိုစဉ်က ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်ခင်မင်ကြပုံမှာ မည်သည့် ညီအစ်ကိုနှင့်မျှ မတူပုံကို မိဘနှစ်ပါးတို့က ဝမ်းသာအားရနှင့် တပြောပြောရှိရှာကြ၏။ ကျွန်ုပ်သည် ညီကလေးအား ကျောင်းထားပေးရန် တာဝန်ယူသော်လည်း (သုံးတန်းမျှသာ ရောက်သည်။) ကျွန်ုပ်တောလိုက်စာရေးဖြစ်စဉ်က တယောက်နှင့် တယောက် မခွဲချင်ကြသည်နှင့် ကျွန်ုပ်တို့နယ်လှည့်ရာသို့ စရိတ်အကုန်ခံပြီး ခေါ်သွားလေ့ ရှိ၏။ ထို့နောက် သူရိယတိုက်သို့ ကျွန်ုပ်ရောက်သောအခါတွင်လည်း ကျွန်ုပ်နှင့် ပင် အတူနေထိုင်လျက်ရှိရာ အင်္ဂလိပ်စာကို ကျွန်ုပ်ပင်သင်ပေး၍ ဖတ်သင့် ဖတ်ထိုက်သော အင်္ဂလိပ်စာအုပ်မျိုးကို ဖတ်စေခြင်းအားဖြင့် အင်္ဂလိပ်လို အရေး အသားတွင် ကျွန်ုပ်ကို မမှီသော်လည်း ပြောရေးဆိုစရှိခြင်း၌မူ ကျွန်ုပ်ထက်ပင် သာပါသေးသည်။

ညီတော်မောင်ကား ကျွန်ုပ်ကဲ့သို့မျှ တက္ကသိုလ်ဝင်တန်း မအောင်သော် လည်း 'ဦးခေါင်းလျှိုး'ခြင်းမရှိ၊ တက္ကသိုလ်များ နေရဘူးလျှင် ကြောင်ကို 'အတောင်တပ်'ပေးသကဲ့သို့ ဖြစ်သွားလိမ့်မည်ထင်၏။ နှမကမွေးခဲ့သည့်တူ တယောက်မှာလည်း ညီတော်မောင်ကဲ့သို့ပင် 'ဦးခေါင်းထောင်' သူတယောက် ဖြစ်လေရာ မန္တလေးမြို့တွင် လျှမ်းလျှမ်းတောက်ဆိုလောက်သည့် အခြေအနေမျိုး သို့ရောက်ခဲ့၏။ (ရာထူးကိုဆိုလိုခြင်းမဟုတ်၊ 'တွင်ကျယ်'ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။) သူတို့နှစ်ယောက်သည် တက္ကသိုလ်အနီးသို့ပင် မရောက်ခဲ့ကြ

ရောက်ဖို့လည်းမလိုဟူ၍ သူတို့ကိုယ်သူတို့ (မျက်စိကန်းတစ္ဆေမကြောက်) ထင်ကောင်းထင်ကြပေမည်။ သို့ရာတွင် ကျွန်ုပ်၏မျက်စိ၌ကား တက္ကသိုလ်ကျောင်းသား၏ စိတ်ဓာတ်နှင့် ဟန်ပန်အမူအရာမျိုး (Poise) ဖြည့်စွက်ပေးလိုက်ရလျှင် အများကြီးတက်ဖို့ ရှိသေးသည်ဟု မြင်မိပါသည်။ ၎င်းညီမှာ ကျွန်ုပ်၏တဦးတည်းကျန်ရှိသော မွေးပေါက်ဖော်ဖြစ်ပါတော့သည်။ ညီကမွေးသည့် တူတယောက်မှာ ကျွန်ုပ်နှင့်စိတ်သဘောထားခပ်ဆင်ဆင်ရှိသည်ဆိုကာ သူ့အဖေကကျေနပ်ပုံမရသော်လည်း တက္ကသိုလ်၌ လေးနှစ်နေခဲ့ဘူးသည့်အတွက်ကြောင့် ကျွန်ုပ်ထက်သာသောအချက်အလက်များရှိခြင်းကို ကျွန်ုပ်မြင်နိုင်ပါသည်။

## စိတ်လေလွင့်ခြင်း

ကျွန်ုပ်၏မှတ်တမ်းကို အချိန်ကာလအားဖြင့် ရှေ့သို့ကျော်လွှားခြင်း၊ အတွေးအခေါ်များကိုဖော်ပြခြင်း အဖြစ်အပျက်အနေအားဖြင့် နံဘေးသို့ ချော်ထွက်ခြင်း စသည်တို့ကို ဤနေရာတွင် ရပ်တန့်၍ ၁၉၁၄ခုနှစ်သို့ ပြန်ဆင်းကာ ဆက်လက်ဖော်ပြပါတော့မည်။ ထိုအချိန်တွင် ကျွန်ုပ်သည် လယ်ယာစိုက်ပျိုးရေးဘက်ဆိုင်ရာဒုဝန်ကြီး၏ တောလိုက်စာရေးအဖြစ်နှင့် အမှုထမ်းလျက်ရှိရာ ဝန်ကြီးက စိုက်၍ဆပ်သည့် အကြွေးမှာလည်း ကျေလုနီးပါပြီ။ (တရာကျော်လောက်ကျန်တော့သည်ထင်၏။) အထက်ပိုင်းတွင် အရိပ်အမြွက်ဖော်ပြခဲ့ဘူးသည့်အတိုင်း (ကျွန်ုပ်၏ဇာတာအရ) အလုပ်အကိုင်ပြောင်း လဲဖို့ အချိန်ဆိုက်ရောက်လာသည့် လက္ခဏာရှိ၏။ နယ်လှည့်ရသောအလုပ်ကို 'အီတီတီ'ဖြစ်လာသည့်အပြင် ဇနီးသည် (ပထမအိမ်ထောင်) နှင့်လည်းတကျက် ကျက်ဖြစ်စပြုလာ၏။ သူဆိုးသည် ငါဆိုးသည် ဟု မဝေဖန်လိုတော့ပါ။ သို့သော် ကျွန်ုပ်၏လေလွင့်ချင်သောအပြစ်ကများလိမ့်မည်ဟု ဝန်ခံဖို့ အသင့်ရှိပါသည်။ နောက်ဆုံး၌ ဇနီးသည်က ၎င်း၏ဖခင်ရှိသည့်ရေနံချောင်းမြို့သို့ သမီးကလေးနှင့် အလည်အပတ်သွားချင်

သည်ဟု ပြောရာတွင် ကျွန်ုပ်ကဝမ်းမြောက်စွာခွင့်ပြုလိုက် လေ၏။ ထိုအချိန်တွင် ကျွန်ုပ်မှာ ဘဝင်မြင့်ရောဂါ ပျောက်ခဲ့ပြီဖြစ်သော်လည်း စိတ်သည်အကြောင်းမဲ့ လေလွင့်လျက်ရှိ၏။ စံဒေဝီကား ထိုစဉ်ကရှိပါသေးသည်။ သို့သော် သူ့ကိုသတိရ၍မဟုတ်၊ မည်သူ့အားမျှလည်း ပိုးပန်းချင်သောစိတ်မျိုး ပေါ်လာသည်မဟုတ်၊ အိမ်၌မနေချင်ပဲ အလကားလည်းပတ်နေချင်၏။ နယ်သို့မထွက်ရသောရက်များတွင် ရုံးသို့အလုပ်သွား၍ ဝတ်ကျေဝတ်ကုန်လုပ်ခဲ့ ပြီးနောက် ရုံးမှပြန်လာသောအခါ သူငယ်ချင်းများ၏အိမ်တွင် ဤတညထိုတည အိပ်လေ့ရှိ၏။ တခါတရံတွင် ဘိလိယက်ခုံ၌ မိုးလင်းခြင်းများလည်းပါသေး၏။ မိဘများမူကား ဝက်လက်သို့ ရောက်သွားကြပြန်လေပြီ။ တခါတရံတွင်အိမ်ထောင် ကျလျက်ရှိပြီဖြစ်သော နှမ၏အိမ်၌ တညတလေအိပ်၏။ ထိုရက်များတွင် ကျွန်ုပ်သည် ပဲ့တက်မပါသော လှေကဲ့သို့ ပင်လယ်ထဲတွင် လှိုင်းလေပုတ်ခတ်တိုင်း မျောချင်ရာသို့ မျောပါလျက်ရှိ၏။ လောက၌ ကျွန်ုပ်အဖို့ မည်သည့်ရည်ရွယ်ချက်မျှ မရှိ၊ ရပ်တန့်စဉ်းစားခြင်းလည်းမရှိ၊ လုပ်ချင်ရာလုပ်၍ ဖြစ်ချင်ရာဖြစ်နေတော့၏။ သို့ဆိုသော်လည်း ဆိုးဆိုးရွားရွား အလုပ်မျိုးကား မပါ။ စာဖတ်ချင်လျှင် မိုးလင်းအောင် ဖတ်နေတတ်သေး၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့် အလွန်ခင်မင်အကျွမ်းဝင်သည့် ကိုခင်မောင်တင့်တို့ လင်မယားသည် အခွင့်ယူ၍ ဟသ်ာတမြို့သို့ဆင်းသွားရာ မယားသေဆုံး၍ ကိုခင်မောင်တင့်အလုပ်ထွက်လိုက်လေ၏။ အကယ်၍၎င်းတို့လင်မယားရှိနေခဲ့ပါမူ ကျွန်ုပ်သည် သူတို့အိမ်၌ စတည်းချလိမ့်မည်ထင်၏။ ကျွန်ုပ်သည် ဗေဒင်မေးတတ်၍ မေးကြည့်ခဲ့လျှင် အသက်တာ၏လမ်းဆုံလမ်းခွသို့ ရောက်နေသဖြင့် သတိပြုရမည်ဟု ဟောကောင်းဟောလိမ့်မည် ထင်သည်။ ဤကာလအပိုင်းအခြားကဲ့သို့ ကျွန်ုပ်အဖို့ရာ၌ အဓိပ္ပါယ်မရှိသော အချိန်သည် တခါဘူးမျှ မကြုံခဲ့ရဘူးပါ။ စိတ်ညစ်ခြင်း၊ ပျော်ခြင်း၊ တောင့်တခြင်း၊ အလျဉ်းမရှိပဲ ဗလာသက်သက် လေလွင့်နေခြင်း ပင်ဖြစ်လေသည်။

## အလုပ်ပြုတ်လေပြီ

တနေ့သ၌ ကျွန်ုပ်အား ကယ်ဆယ်သည့် ဒုဝန်ကြီး မစ္စတာသော်မ်ဆင် ခွင့်ယူသွားလေရာ လေလွင့်လျက်ရှိသည် ကျွန်ုပ်၏စိတ်သည် မုန်တိုင်းနှင့် တိုးဖေ့သကဲ့သို့ ဗရမ်းဗတာဖြစ်လာခဲ့လေပြီ။ မယားတကွဲ သားတကွဲ အိမ်မရှိ ယာမရှိဖြစ်၍ အလုပ်တက်ချင်စိတ်ပင် မရှိပဲဖြစ်လာ၏။ ကျွန်ုပ်၏ စိတ်အခြေအနေကို ယခုရေးသားဖော်ပြရာတွင် 'ဖြစ်မှဖြစ်ရလေ'ဟု ဆိုကြမည်ဖြစ်သော်လည်း ထိုအချိန်ကမူ မည်သူကမျှ ထူးခြားသည်မထင်၊ ဖြစ်ရိုးဖြစ်စဉ်အတိုင်းဟူ၍သာ ထင်ကြရ၏။ တနင်္ဂနွေနေ့တနေ့၌ ကျွန်ုပ်သည် မိတ်ဆွေတယောက်နှင့်အတူ စစ်ကိုင်းချောင်သို့ အလည်သွားကြရာမှ ဘိလိယက်ခုံသို့ ရောက်သွားပြီး ဘိလိယက်ထိုးကြ၏။ ညတွင် ချောင်၌အိပ်ပြီး တနင်းလာနေ့ နံနက်တွင် ရုံးတက်ရန်ရှိလျက်နှင့် ဘိလိယက်ထိုးပြန်၏။ ကျွန်ုပ်၏ဘထွေးက သတင်းရ၍ လာခေါ်သော်လည်း မလိုက်ချေ။ ရုံးမှ ချာပရာစီတယောက်လွှတ်၍ ခေါ်ပြန်သော်လည်း မလိုက်ပဲ ပေကပ်နေ၏။ ကျွန်ုပ်ကား အသက် ၂၅နှစ်ရှိလေပြီ။ ဤအရွယ်တွင် ဤကဲ့သို့ပြုသူကား အတော်ရှားလိမ့်မည်ထင်သည်။ ဤနည်းအတိုင်း လေးငါးရက် ပေကပ်နေရာတွင် မင်းကြီးက ကျွန်ုပ်အား 'ရီမု' Remove လုပ်ဖို့အမိန့်ချလိုက်၏။ Dismiss ဒစ္စမစ်မဟုတ်ချေ။ ခြားနားပုံကား ကျွန်ုပ်သည် အခြားဌာနတခုတွင် အမှုထမ်းနိုင်ခွင့်ရှိ၏။ ဒစ္စမစ်ဟူသည်ကား အစိုးရအလုပ်မှ ရာသက်ပန် ထုတ်ပယ်ခြင်းဖြစ်လေသည်။ ကျွန်ုပ်အကြောင်းကို နားစွန်နားဖျားကြားရသူများက အစိုးရငွေမှုကြောင့် ဒစ္စမစ်လုပ်ခံရသည်ဟု ပြောကြ၏။ စင်စစ်မှာ ဒစ္စမစ်လည်းမဟုတ်၊ ငွေမှုလည်းမဟုတ်၊ အချိန်အားဖြင့်လည်း ၂ နှစ်ခန့်ကွာသေးသည်။ (၁၉၅၃ ခုနှစ်၌ ပထမအကြိမ် ဘာသာပြန်ဆုရစဉ်က ကျွန်ုပ်သည် ဆုပေးပွဲအခမ်းအနားတွင် စာရေးဆရာဖြစ်လာရပုံအကြောင်းကို ဝန်ကြီးချုပ်ဦးနု ရှေ့၌ပြောပြသဖြင့် ပရိသတ်ပွဲကျခဲ့ဘူးသည်။) မိန်းကလေးတယောက်အား

ချစ်ကြိုက်ကြောင်းပြောဖို့ ရှက်တတ်သော ကျွန်ုပ်သည် အလုပ်ဖြုတ်ခံရခြင်းကို ရောမပရိသတ်ကြီးထဲ၌ ထုတ်ဖော်ပြောဖို့မရှက်တတ်ခြင်းမှာ လူဆန်းတယောက်ကို ဆိုကြလိမ့်မည်ထင်သည်။

## ပထမကမ္ဘာစစ်

အလုပ်ဖြုတ်လိုက်ကြောင်းကြားရ၍ စစ်ကိုင်းမြို့ဘိလိယက်ခုံမှ ပြန်လာသောအခါ ကျွန်ုပ်၏စိတ်ထဲ၌ ဝမ်းနည်းခြင်းလည်းမရှိ။ အားငယ်ခြင်းလည်း မရှိ။ အမှုထမ်းသက်လေးနှစ်ကို နှမြောခြင်းလည်းမရှိ။ နောင်ရေးအတွက် စိုးရိမ်ပူပန်ခြင်းလည်း မရှိ။ (ယုံမှ ယုံကြမည်လော မဆိုနိုင်။) အရီးတယောက်က ပေးလိုက်သည့်ငွေကလေး သုံးဆယ်မျှနှင့် (နှမထံမှ အကူအညီမတောင်း) ကျွန်ုပ်၏ယောက်ဖရှိသည့် တွံတေးမြို့သို့ထွက်လာခဲ့၏။ (အစိုးရငွေများကို လောင်းကစားပစ်ခဲ့စဉ်ကလည်း ကျွန်ုပ်သည် မိဘများအားလည်းကောင်း၊ အတော်ကြွယ်ဝသောကြီးတော်အားလည်းကောင်း အပူမကပ်ပဲ ကိုယ်ပြုလျှင် ကိုယ်ခံမည်ဆိုကာဝန်ကြီးထံသို့ စာရေးခြင်းမှတပါး မည်သူ့အားမျှ ပြောမပြသဖြင့် မိဘများသည်သေသည်တိုင်အောင် ဤအကြောင်းကို သိမသွားကြချေ။) တွံတေးရှိ ယောက်ဖမှာ (မယား၏မောင်ကြီး) မြေစာရင်း အင်စပိတ်တော်ဖြစ်၍ ကျွန်ုပ်ရောက်လာခြင်းကို ဝမ်းသာအားရ ခရီးဦးကြိုပြုပါပေသည်။ ဇနီးနှင့်သမီးမှုကား ရေနံချောင်းမြို့တွင် သူ့ဖခင်နှင့် အတူနေထိုင်လျက်ရှိ၏။ ကျွန်ုပ်သည် ဇူလိုင်လတွင် တွံတေးသို့ ရောက်၍ ဩဂုတ်လ ၄ ရက်နေ့တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်တော့သည်။ စစ်ဖြစ်သောနေ့တွင် မြေတိုင်းစာရေးတယောက်က ဗြိတိသျှနှင့် ပြင်သစ်တို့ကတဘက်၊ ဂျာမနီ၊ ဩစတြီးယားတို့ကတဘက် တိုက်ကြသည်ဟု ပြောပြရာ အင်္ဂလိပ်ကို အလွန်အထင်ကြီးလျက်ရှိသည့် အင်္ဂလိပ်ကျောင်းသားတယောက်ဖြစ်သော ကျွန်ုပ်က "ဘာခံနိုင်လိမ့်မှာလဲဗျာ၊ ခင်ဗျား ဂျာမနီချက်ချင်း ပြုတ်သွား

မှာပေါ့”ဟု လွှတ်ကနဲပြောလိုက်မိခြင်းကိုမှတ်မိသေး၏။ ဗြိတိသျှအစိုးရ၏ ပါးနပ်ခြင်း တခုမှာ အင်္ဂလိပ်ကျောင်းသားဟူသမျှအား သူတို့လူမျိုးကို အထင်ကြီးအောင် သင်ပြထားခြင်းပင်ဖြစ်လေသည်။

## ယောက်ဖတိုင်းကယုံကြည်ခြင်း

ကျွန်ုပ်သည် ယောက်ဖအား အလုပ်ပြုတ်ခဲ့သည်ဟု မပြောပဲ နုတ်ထွက်ခဲ့သည်ဟုပြောထား၏။ (ဤစကားမှာ မုသားဖြစ်သော်လည်း စင်စစ်အားဖြင့်မူကား မပြုတ် ပြုတ်အောင်တမင်လုပ်ခြင်းဖြစ်သောကြောင့် မုသားကြီးမဟုတ်ဟု ယူဆထားသည်။) ယောက်ဖသည် မန္တလေးမြို့၌ အိမ်နီးချင်းအဖြစ်နှင့် နေခဲ့ဘူးစဉ်ကပင် ကျွန်ုပ်အား အလွန်ခင်မင်၍ ကျွန်ုပ်ပြောပြသော အင်္ဂလိပ်ဝတ္ထုများကို ၎င်းတို့လင်မယားနားထောင်ကြရခြင်းအားဖြင့် ကျွန်ုပ်အပေါ်တွင် အကြီးအကျယ်တွယ်တာမှုရှိပေသည်။ သူသည်ခေတ်ပညာ တတ်မဟုတ်သဖြင့် အင်္ဂလိပ်စာအလွန်တတ်ချင်သူတယောက်ဖြစ်ရာ ကျွန်ုပ်က သူနှင့်အတူတောလိုက်၍ အင်္ဂလိပ်စာသင်ပေးခြင်း၊ ဝတ္ထုများပြောပြခြင်း၊ သူ၏အလုပ်အကိုင်၌ အထိုက်အလျောက်ကူညီရေးသားပေးခြင်း စသည်တို့ကြောင့် သူနှင့်အတူနေလျက်ရှိသော အစ်ကိုအရင်းထက်ပင် ကျွန်ုပ်ကို ပို၍ချစ်ခင်ခြင်းမှာ လူတိုင်းမြင်လောက်အောင်ထင်ရှားပါသည်။ သို့ဖြစ်၍ ယောက်ဖသည် ကျွန်ုပ်ရောက်လာခြင်းအတွက် သူ့အဖို့ဝန်မလေးသည့်ပြင် အကောင်းစားချင်တတ်သော ကျွန်ုပ်၏ဝါသနာကိုသိသည့်အလျောက် အကောင်းဆုံးသောဟင်း ထမင်းများဖြင့် အလွန်ကြည်ဖြူစွာချက်ပြုတ်ကျွေးမွေး ပါပေသည်။ ကောင်းမွန်သောဟင်းလျာများကို လျှာပေါ်၌ပို၍ထက်မြက်ကောင်း မွန်စေရန်ဆိုကာ ဘီယာကလေးများပင် ရံဖန်ဝယ်ပေးသေး၏။ သို့ရာတွင် ကျွန်ုပ်အတွက် ဤမျှလောက် အလိုမလိုက်ဖို့ ကျွန်ုပ်ကပြောရန် သတိရပါသည်။ သို့နှင့်လည်း ယုတ်စွအဆုံး တောတက်ကြသော

အခါများတွင် ဝယ်မိအောင် ဝယ်ခဲ့ပါသေးသည်။ ကျွန်ုပ်သည် ယောက်ဖကောင်းကြောင်းကိုဖော်ပြလေလေ ကျွန်ုပ်အဖို့ရာ၌ ကျေးဇူးကန်းရာရောက်လေလေ ရှိနေခြင်းကို နောင်တွင်တွေ့ကြ ရမည်ဖြစ်သော်လည်း မှန်ကန်သည့်အတိုင်း ရေးသားဖော်ပြရန် တာဝန်ယူထားသောအားဖြင့် ကျွန်ုပ်၏ ဆိုးခြင်းမိုက်ခြင်း အတွက် မည်ကဲ့သို့ အပြစ်တင်ကြစေကာမူလည်း မကွယ်မဝှက် တင်ပြရပေမည်။ ကျွန်ုပ်၏ထူးခြားချက်တခုမှာ အိမ်ထောင် သုံးဆက်ရှိခဲ့သည့်အနက် ယောက်ဖများ ရှိလေသည်ချည်းဖြစ်လေရာ ယောက်ဖများအားလုံးသည် ကျွန်ုပ်၏ 'ဘက်သား'များ ဖြစ်ကြသည်ချည်းဖြစ်၏။ မယားများနှင့် ကွဲခဲ့သော်လည်းယောက်ဖများသည် ကျွန်ုပ်နှင့်ခင်မင်သော မိတ်ဆွေကောင်းများအဖြစ်နှင့် ဆက်လက်တည်ရှိကြ၍ ကျွန်ုပ်၏နေအိမ်သို့ ဝင်ထွက်သွားလာကာ အဆက်မပြတ်ပဲ နေတတ်ကြသည် ချည်းဖြစ်လေသည်။

## ဇနီးကိုခေါ်ရခြင်း

တွံတေးမြို့၌ ယောက်ဖနှင့်အတူ သုံးလေလခန့်မျှ နေထိုင်မိကြရာတွင် ယောက်ဖသည်ကျွန်ုပ်အား ရေနံချောင်းမြို့၌ သူ၏ဖခင်နှင့်အတူ နေထိုင်လျက်ရှိသော ဇနီး (သူ၏နှမ)နှင့် သမီးကလေးကို သွား၍ခေါ်ရန် တိုက်တွန်းလေ၏။ ကျွန်ုပ်သည် အလုပ်လက်မဲ့ဖြစ်၍ ဝင်ငွေမရှိသေးမီ အတောအတွင်း ယောက်ဖ အပေါ်၌ တာဝန်တက်မည်ကို အားနာသည်နှင့် အတန်တန် ငြင်းသော်လည်း မီးဖိုချောင်တွင် သူ့ဇနီးအတွက်အကူအညီ ရစေနိုင်သည်ဆိုကာ အထပ်ထပ် တိုက်တွန်းချက်ကြောင့် ရေနံချောင်းသို့ သွား၍ခေါ်ရလေ၏။ ဖော်ပြလတံ့သော အဖြစ်အပျက်မှာ ကျွန်ုပ်၏ အသက်တာ တလျှောက်လုံးတွင် အရှက်ဆုံးဖြစ်သော်လည်း အရေးကြီးသော အဖြစ်အပျက် တခုဖြစ်သည့်အတွက်ကြောင့် ကျော်လွှား၍မသွားပဲ ဟုတ်မှန်သည့်အတိုင်း ဖော်ပြပါတော့မည်။

## ‘ဖွေဖောက်’ရတော့မည်

ရေနံချောင်းမှ ပြန်ရောက်လာကြသောအခါ၌ ပထမကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်စုံသည် အလွန်သင့်မြတ်ကြ၍ ပျော်ပျော်ပါးပါး စားစားသောက်သောက်ဖြင့် လွန်စွာ ကျေနပ်လျက်ရှိ၏။ ကျွန်ုပ်တို့ သမီးယောက်ဖ နှစ်ယောက်လုံးမှာ အစားသမားများဖြစ်ကြ၍ ကောင်းပေ့ဆိုသော ဟင်းများကို ယောကျ်ားများက စိတ်ကူးပြီး မိန်းမများက ချက်ပြုတ်ကြ၍ မကြာခဏ ပျော်ပွဲစားထွက်ကြ၏။ ညဥ့်အချိန်များတွင် ကျွန်ုပ်က ဝတ္ထုများပြောခြင်းဖြင့် ဖျော်ဖြေ၏။ ကျွန်ုပ်မှတ်မိသောဝတ္ထုများ ကုန်သောအခါ ယောက်ဖသည် စာအုပ်သစ်များ ဝယ်ပေး၍ ကျွန်ုပ်ကဖတ်ပြီး ဘာသာပြန်ပြောရ၏။ ဝတ္ထုဆုံးသောအခါ ၎င်းဝတ္ထုဇာတ်လမ်းကို မိမိတို့ထင်မြင်သလိုဝေဖန်ကြ၏။ ကျွန်ုပ်အဖို့ရာတွင်လည်း နောင်နောင်တွင် ဝတ္ထုရေးသမားတယောက်ဖြစ်လာဖို့ အထောက်အပံ့ဖြစ်စေ၍ ပညာတိုးလျက်ရှိ၏။ တနေ့သ၌ ယောက်ဖ၏ဇနီး၏ မိတ်ဆွေသားအမိ နှစ်ယောက်သည် အလည်အပတ်ရောက်လာကြလေရာ သမီးဖြစ်သူမှာ ကျွန်ုပ်တို့နှင့်ရွယ်တူ ‘အလွတ်အလပ်’ဖြစ်လေသည်။ ၎င်းတို့သားအမိသည် သုံးလေးရက်မျှ တည်းခိုသွားကြရာ ကျွန်ုပ်မှာ ဝတ္ထုပြောရာတွင် နားထောင်သူ အရေအတွက်များပြားလာသည်နှင့် သာ၍စိတ်ပါလက်ပါပြောလေ၏။ ဤသို့ဖြင့် တခေါက်ပြင် နှစ်ခေါက်လာကြ၍ အားလုံးအကျွမ်းဝင်သည်ထက် ဝင်လာကြရာတွင် ယောက်ဖလင်မယားတို့ကလည်း ပျော်ပွဲစားထွက်ကြဖို့ ခဏခဏ စီစဥ်၍ လှည်းဖြင့်တမျိုး၊ လှေဖြင့်တဖုံ ထွက်ကြ၏။ ထိုနေ့ရက်များတွင် ကျွန်ုပ်တို့ သမီးယောက်ဖသည် အလွတ်အလပ်ဖြစ်သောမိန်းမနှင့် အရောဝင်သည်ထက် ဝင်လာကြလေပြီ။ ယောက်ဖအတွက် အမှန်မသိရသော်လည်း ကျွန်ုပ်အဖို့မှာမူ ၎င်းမိန်းမအပေါ်၌ ‘စိတ်ကွက်’ခြင်းမရှိပဲ ရိုးရိုးတန်းတန်း ခင်မင်မိခြင်းဖြစ်ပါသည်။

သို့ရတွင် ယောက်ျားနှင့်မိန်းမ အရောတဝင်ဆက်ဆံသော ထုံးစံမရှိသည့် မြန်မာလူမျိုးဖြစ်သည့်အလျောက် ကျွန်ုပ်၏ဇနီးသည် ကျွန်ုပ်အပေါ်၌လည်းကောင်း၊ ယောက်ဖ၏ဇနီးသည် ယောက်ဖအပေါ်၌လည်းကောင်း သကာ်မကင်းရှိသည့် အမူအရာမျိုးကို ကျွန်ုပ်ရိပ်မိစပြုလေပြီ။ မိန်းမလိုက်ဖို့ ဝါသနာလည်းမရှိ၊ လိုက်လည်းမလိုက်ခဲ့ဘူးသော ကျွန်ုပ်သည် ဇနီး၏မျက်နှာထား ပြောင်းလဲခြင်းကို ရိပ်မိ၍ ခပ်တွန့်တွန့် ဖြစ်သွားခဲ့ပါသည်။ အကယ်၍ ကျွန်ုပ်က အပျော်လိုက် ချင်ဦးတော့ ယောက်ဖနှင့် အလုအယက် ကြံစည်မည်မဟုတ်ဟုပြောရလျှင် အမှန်အတိုင်း ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။

## ဆူပူခြင်းခံရပုံ

ကျွန်ုပ်၏ဇနီးသည် အဝါးမဝရှာသော မိန်းမတယောက်ဖြစ်၏။ ကျွန်ုပ်က ညွှသည်မိန်းမနှင့်ပတ်သက်၍ ခပ်တွန့်တွန့်ဖြစ်သွားခြင်းကို သူရိပ်မိသော်လည်း ပရိယာယ် ဟန်ဆောင်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူ၏။ တနေ့သ၌ ကျွန်ုပ်တို့လူစုသည် ပျော်ပွဲစားထွက်ကြ၍ ရေဆိပ်တခုတွင် ရေကူးလျက်ရှိကြရာ ကျွန်ုပ်တို့အနီးတွင် လောင်းလှေကလေးတစင်းသည် မျောလျက်ရှိ၏။ ကျွန်ုပ်တို့ သည် လှေကလေးပေါ်သို့ တက်ကြသောအခါ အခြားလူများ တတ်နိုင်သော်လည်း ညွှသည်မိန်းမမှာ မတတ်နိုင်ပဲ ဝမ်းလျားထိုးလိုက်၊ လန်ကျလိုက်ဖြစ်နေ၏။ ဤတွင် ကျွန်ုပ်သည် အနီးသို့ချဉ်းကပ်၍ 'ရင်ရှား'ထားသော လုံချည်အထက်ဆင့် ကိုကျောဘက်မှကိုင်ကာ လှေပေါ်သို့ မြှောက်တင်ပေးလိုက်လေ၏။ ထို့နောက် ဇနီး၏မျက်နှာသို့ လှမ်းကြည့်လိုက်ရာ အလွန်မကျေမချမ်းဖြစ်နေသော အမူအရာ ကိုမြင်လိုက်ရ၏။ ၎င်း၏အထင်မှာ ကျွန်ုပ်နှင့်ညွှသည်မိန်းမသည် အတော် နားလည်မှု ရှိနေကြပြီဟု ယူဆဟန်ရှိ၏။ ထိုည၌ ဇနီးသည် ကျွန်ုပ်အား အမျိုးမျိုးနာလိုခံခက်ပြောလေတော့၏။ ဇနီးက ညွှသည်မိန်းမသည် ကျွန်ုပ်ကဲ့သို့

သော အလုပ်လက်မဲ့တယောက်ကို အရေးလုပ်မည်မဟုတ်ကြောင်း၊ သူ၏မောင်ကြီး အင်စပိတ်တော်ကို 'ဖြုတ်'ရအောင် လာခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင် မရှိပဲလျက်နှင့် 'ကမျင်းကျောထ'ချင်သည့် အတွက် အလွန်နလုံးနာလှကြောင်း၊ မိန်းမကို ကျွန်ုပ်ကဘယ်လိုပင်ပိုးပန်းသော် လည်း အဖက်လုပ်လိမ့်မည် မဟုတ်ကြောင်း၊ ရအောင်ပိုးနိုင်လျှင် ဆယ်ပြန်ယူသွားစေလိုကြောင်း စသည်များဖြင့် ရှည်လျားစွာ ဆူပူပါတော့သည်။ ကျွန်ုပ်သည် ကိုယ့်အိမ်တွင် ကိုယ့်အလုပ်အကိုင်နှင့် နေနိုင်သောအခါမျိုး၌ ဤကဲ့သို့ဆူပူခြင်းခံရပါက ထ၍ 'တီး'လိုက်လိမ့်မည်ဖြစ်သည်။ ယခုမူသူ့မောင်ကြီး ၏အိမ်၌မှီခိုကပ်ရပ်နေရစဉ် တမင်တကာ 'နှိမ်လုံး'မျိုးပြောသည်ဟု စိတ်နာသည် တကြောင်း၊ အလုပ်လက်မဲ့တယောက်ကို အဖက်လုပ်လိမ့်မည်မဟုတ်ဆိုခြင်းသည် လည်း ကျွန်ုပ်၏မာန (Vanity) ကိုထိခိုက်သည်တကြောင်းကြောင့် တစုံတရာ ပြန်မပြောပဲ ထိုမိန်းမကို ရအောင်ယူမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

## ထွက်ပြေးကြခြင်း

ရိုးရိုးသားသားဖော်ပြရလျှင် ကျွန်ုပ်သည် ထိုမိန်းမ၏စိတ်ထားကို ယခင်က လေးလေးနက်နက်အကဲခတ်မိခြင်း မရှိသော်လည်း ထိုညဥ့်၌မူ ၎င်း၏မျက်နှာထား နှင့် စကားများကို ပြန်လည်ဖော်ထုတ်သုံးသပ်ရာတွင် ဖြစ်နိုင်လောက်သည်ဟု ထင်မြင်လာ၏။ ၎င်းထင်မြင်ချက်သည် မမှားချေ။ နောက်တနေ့ညဥ့်ဝတ္တုပြောပြီး၍ အိပ်ရာသို့ ဝင်ကြပြီးနောက် သန်းခေါင်ကျော်သော အချိန်တွင် ကျွန်ုပ်နှင့် ညွှန်းသည်မိန်းမတို့သည် အိပ်ရာထဲ၌ ဝတ်သော အဝတ်များနှင့် အိမ်ပေါ်မှ ဆင်းလာခဲ့ကြလေ၏။ ပထမ၌ အိမ်နောက်ဖေးတွင် တိုင်ပင်ရန်မျှသာ ကြံရွယ်ကြ သော်လည်း များမကြာမီအတွင်း၌ ပင် အိမ်ပေါ်မှ လက်နှိပ်ဓာတ်မီးများနှင့် ဆင်းလာကြခြင်းကို မြင်သဖြင့် နောက်ဖေးဝင်းထရံမှ တိုးလျှိုးကာ ခြံကြီးများထဲ၌

ခြေဦးလှည့်ရာ လျှောက်လာကြ လေ၏။ ကျွန်ုပ်တို့သည် ဘယ်သို့သွားမည်ဟူ၍ ကြံရွယ်ချက်မရှိ၊ အိမ်မှဝေးလျှင် ပြီးရောဆိုသည့် သဘောနှင့်အိမ်ကိုကျောခိုင်းကာ မှောင်မိုက်ကြီးထဲတွင် လက်တွဲလျက် လျှောက်သွားကြလေ၏။ နောက်တနေ့ နံနက်တွင် သူ့၌ပါလာသော ပိုက်ဆံကလေးဖြင့် ရန်ကုန်သို့ ကူးတို့သင်္ဘောနှင့် လိုက်ကြ၍ ဝက်လက်သို့မီးရထားဖြင့် လိုက်ပါလာခဲ့လေ၏။ ဤသည်မှာ ကျွန်ုပ်၏ ဒုတိယအိမ်ထောင်ဖြစ်လေသည်။

## စာပေလေ့ လာခဲ့ပုံ

၁၉၁၅ ခုနှစ်တွင် ကျွန်ုပ်သည် ဝက်လက်၌ မိဘများနှင့်အတူ နေထိုင်၍ အင်္ဂလိပ်ဝတ္ထုများနှင့်အခြား အင်္ဂလိပ်စာပေများကို အများဆုံးဖတ်ရှုလေ့လာခဲ့ပါသည်။ Classics ကလေဆစ်က်စ် ခေါ် စံတင်ထားကြသည့် အင်္ဂလိပ်ဝတ္ထုကြီးများကိုယခင်ကတည်းက တရာကျော်ခန့်မျှ ဖတ်ထားပြီးပြီဖြစ်ရာ ထိုအချိန်၌မူ ဘေကွန် မက္ကောလေး၊ ရတ်စ်ကင်၊ ကာလိုင်းလ်အစရှိသည့် စာရေးဆရာကြီးများ၏ (ဝတ္ထုမဟုတ်သော) စာပေ များကို ရှာဖွေဖတ်ရှုလေ့လာခဲ့ပါသည်။ ကမ္ဘာကျော် စာရေးဆရာကြီးများအနက် ဝါကျတည်ဆောက်ပုံနှင့်ရေးဟန်တွင် မက္ကောလေးကို ကျွန်ုပ်အနှစ်သက်ဆုံးဖြစ်၍ ၎င်းပုဂ္ဂိုလ်ကြီး၏ ပါလီမန်မိန့်ခွန်းများ၊ စာရေးဆရာနှင့် စာအုပ်ဝေဖန်ချက်များ၊ ရာဇဝင် စာအုပ်များသာမက လက်ကြီးများကိုပင် တတ်နိုင်သလောက်ရအောင် ရှာဖွေ၍ ကုန်လုမတတ် ဖတ်ရှုခဲ့၏။ မက္ကောလေး၏ စာအုပ်များကိုမူ တောက်လျှောက်ဖတ်ရှုရုံမဟုတ်ပဲ စကားအသုံးအနှုန်းနှင့် ဝါကျတည်ဆောက်ပုံတို့ကိုပါ လေ့လာ၏။ ဤစာရေးဆရာကြီး၏ရေးဟန် (Style) ကိုကျွန်ုပ်မည်မျှလောက် နှစ်သက်သဘောကျပါသနည်းဟူမူ အချို့သော စာပိုဒ်များသည် ကျွန်ုပ်အား ကျောထဲ၌ စိမ့်ကနဲဖြစ်၍ ကြက်သီးမွေးညင်းထသည်အထိ ဖြစ်စေခဲ့၏။ ထိုသို့သော စာပိုဒ်မျိုးကို ကျွန်ုပ်သည် စာအုပ်တွင်

ခဲတံဖြင့် ခြစ်မှတ်ထားပြီး အားလပ်သောအချိန်များတွင် အာဂုံဆောင်နိုင်သည် တိုင်အောင်ကျက်မှတ်ထား၏။ မကွေ့ာလေးကသူသည် လင်္ကာဆရာကြီး မီလ်တန် (Milton) ၏ 'ကောင်းကင်ဘုံမှလျှောကျခြင်း' (Paradise Lost) ခေါ် လင်္ကာကြီးကို အာဂုံဆောင်နိုင်ကြောင်း၊ ထိုကဲ့သို့ အာဂုံဆောင်နိုင်ခြင်းမှာလည်း တမင်တကာ ကျက်မှတ်ထားခြင်းမဟုတ်။ သဘောကျလွန်း၍ အကြိမ်ကြိမ် အထပ်ထပ်ဖတ်ထား သောကြောင့်သာ ဖြစ်ကြောင်းရေးသားဘူး၏။ ကျွန်ုပ်ကလည်း မကွေ့ာလေး၏ အက်ဒီဆင်အကြောင်း စာတမ်းကြီးများကို ရွတ်ဆိုပြနိုင်သည်အထိ ကျေကျက်ခဲ့ ဘူးပါ၏။ ထိုကဲ့သို့ ရွတ်ပြနိုင်ခြင်းမှာလည်း တမင်တကာ ကျက်မှတ်ထား သောကြောင့် ဖြစ်ပါသည်။ (၁၉၁၂ ခုနှစ်ဦးတွင် ဘီအေတန်း၌သင်လျက်ရှိသော မောင်ရီနှင့်တွေ့စဉ် မကွေ့ာလေး၏ အက်ဒီဆင် အကြောင်းစာမှာ ဘီအေအတန်း စာဖြစ်သည့်အလျောက် ဆွေးနွေးကြယင်း ကျွန်ုပ်က အချို့စာပိုဒ်များကို ရွတ်ပြလိုက်ရာ မောင်ရီမှာ အကြီးအကျယ်မျက်လုံး ပြူးသွားဘူး၏။ ဤသည်မှာ စာသမားတယောက်၏ အရသာပေတည်း။ ကျွန်ုပ်သည် အခြားလူတယောက်ထက် ကြွားချင်တတ်သည် (Vain) မထင်ပါ။ သို့ရာတွင် ထိုနေရာ၌ သူငယ်ချင်း မောင်ရီအား မျက်လုံးပြူးအောင်လုပ်နိုင်လိုက် ခြင်းမှာ အဝတ်တစုံရခြင်းထက် ဝမ်းသာမိပါသည်။ ဤအခြင်းအရာကို စာသမား မဟုတ်သူများ နားလည်ကောင်းမှ လည်ကြပေမည်။

## မြန်မာနှင့်အင်္ဂလိပ်စာ

၁၉၁၅ ခုနှစ်၌ ကျွန်ုပ်၏စာဖတ်သက်မှာ (ကျောင်းသားဘဝကို ချန်လုပ်၍) ခုနှစ်နှစ်ကျော်ခဲ့ပါလေပြီ။ ထိုအချိန်တွင် ရွယ်တူလျှင် ကျွန်ုပ်ထက်ပို၍ စာဖတ်ထားသူ မရှိဟုပင် မှတ်ထင်ခဲ့ပါ၏။ သို့သော် ကျွန်ုပ်ဖတ်သော စာပေများမှာ အင်္ဂလိပ်စာ သက်သက်ဖြစ်၍ မြန်မာဘက်မှ နည်းပါးလှသည်။

တနေ့သ၌ ကျွန်ုပ်၏ဖခင်က မြန်မာစာဘက်တွင်လည်း လေ့လာဖို့သင့်ကြောင်း သတိပေးသည်နှင့် ကိုးခန်းပျို့၊ မဃဒေဝ၊ ဇာတ်ကြီးဆယ်ဖွဲ့စသည်များကိုလည်းကောင်း၊ ကဗ္ဗာဝံသ၊ ဝိဇယကာရီ စသောဝတ္ထုများကိုလည်းကောင်း ဖတ်ရှုပါ၏။ သို့သော် ကျွန်ုပ်အဖို့မှာ (အကျင့်ပါလျက်ရှိသောကြောင့်ပေလောမပြောတတ်) မြန်မာဘာသာ စကားထက် အင်္ဂလိပ်ဘာသာစကားကိုပို၍အရသာ ခံတတ်လျက် ရှိသည်ဖြစ်သောကြောင့် အင်္ဂလိပ်ဘာသာစာအုပ်များဘက်သို့ ပြန်ရောက်သွားတော့သည်။ စင်စစ်မှာလည်း မြန်မာစာအုပ်များသည် လောကုတ္တရာဘက်၌သာ များပြား၍ လောကီဘက်တွင် အလွန်နည်းပါးသေး၏။ လောကုတ္တရာ စာပေများသည်ပင် ဤခေတ်၌ တိပိဋကက အာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွက်လျက် ရှိသောကြောင့် မများလှကြောင်း တွေ့ရလေပြီ။ အင်္ဂလိပ်ဘာသာ စာအုပ်များမှုကား အသက်တရာ နေရသော လူသားမျိုးသာမကကမ္ဘာချင့်အောင် နေရသော အမျိုးအစား ဖြစ်စေကာမူ အာဂုံမဆိုထားဘိကုန်အောင် ဖတ်ရှုဖို့ပင် တတ်နိုင်လိမ့်မည်မဟုတ်ပေ။

## ဝတ္ထုရေးဖို့ဆုံးဖြတ်ခြင်း

ဝက်လက်သို့ ဒုတိယအိမ်ထောင်နှင့် ရောက်လာကြကတည်းက ကျွန်ုပ်သည် မြန်မာစာသင်ကျောင်းတည်ထောင်သည့် ညီအား အင်္ဂလိပ်စာ သင်ပြပေးခြင်း၊ သူ၏ကျောင်းသူ ကျောင်းသားများအား ဂဏန်းသင်္ချာသင်ပြပေး ခြင်းအားဖြင့်လည်းကောင်း၊ ကျွန်ုပ်၏ဇနီးက မိခင်၏ဈေးဆိုင်တွင် ကူညီရောင်းချပေးခြင်း၊ ထမင်းဟင်း ချက်ပြုတ်ခြင်းအားဖြင့် လည်းကောင်း ကိုယ့်ဝမ်းစာအတွက် အသီးသီးကျေပွန်အောင် အလုပ်လုပ်ကြသောကြောင့် ကျွန်ုပ်တို့ လင်မယားအတွက်တာဝန်မတက်လှပေ။ သို့ရာတွင် တညသ၌မူကား မယားနှင့်ညီတို့အား ဝတ္ထုတပုဒ်ပြော၍ ပြီးဆုံးသောအခါတွင် ၎င်းတို့နှစ်ယောက်က ဤမျှလောက်

ဝတ္ထုတွေဖတ်ထားသော ကျွန်ုပ်သည် ကိုယ်စိတ်ကူးဖြင့် ဝတ္ထုတပုဒ် ဖြစ်အောင် ဖန်တီးရေးသားရန် မဖြစ်နိုင်သလောဟု ပြောကြလေသည်။ ထိုစဉ်အခါကမူ အိမ်ရှေ့မိဖုရား၏ ဣန္ဒာဝံသနှင့် ဝိဇယကာရီ ဝတ္ထုများ၊ ဝန်စာရေး၏ မောင်မင်းကျော်၊ ချဉ်ပေါင်ရွက်သည် မောင်မှိုင်းစသော ဝတ္ထုများ၊ (မန္တလေးမောင်ခင်မောင် အမည်နှင့်) လယ်တီပဏ္ဍိတဦးမောင်ကြီး ရေးသည့် ခင်မြင့်ကြီး ဝတ္ထုများအပြင် ဖတ်စရာဝတ္ထု ဟုတ္တိပတ္တိမရှိခြင်းကို ကျွန်ုပ်သိ၏။ အထက်ပါဝတ္ထုစာအုပ်များမှာလည်း ရည်းစားတယောက်ပြီးတယောက် ထားသည့် လူပျိုလှည့်ခန်းများထက်မပိုခြင်းကိုလည်း ကျွန်ုပ်သိ၏။ သို့ဖြစ်၍ လူ့သဘာဝကို အသေးစိတ် တင်ပြသည့် ဝတ္ထုမျိုး (Novel) မဟုတ်ပဲ ချစ်ခန်း၊ ကြိုက်ခန်း၊ စွန့်စားခန်းမှစ၍ အသည်းတုန် အူတုန်ဖြစ်စေလောက်သည့် အဖြစ်အပျက်များ ပါဝင်သောဝတ္ထုမျိုး (Story) ရေးသားရလျှင် မိမိလည်း တတ်နိုင်လောက်သည်။ မြန်မာပရိသတ်ကလည်း လက်ခံလိမ့်မည်ဟု စိတ်ကူးဖြစ်ပေါ်လာ၏။ ယင်းသို့ ဆိုလျှင် ကျွန်ုပ်သည်စာရေးဆရာတယောက်ဖြစ်လာ၍ မကြီးပွားစေနှင့်ဦးတော့ ဝဝစား၍ လှလှဝတ်နိုင်လိမ့်မည်ဟု စဉ်းစားမိ၏။ ကျွန်ုပ်၏ ဇနီးမှာ နိုဝင်ဘာလစရက်နေ့တွင် သမီးတယောက်ဖွားမြင်လေရာ ကျွန်ုပ်သည် ၎င်းညဉ့်ပင် စတင်၍ရန်ကြီးအောင် ဝတ္ထုကိုရေးသားပါတော့သည်။

## စာရေးဆရာအတွက် ကျွန်ုပ်၏လက်နက်များ

ဤနေရာတွင် ကျွန်ုပ်စာရေးဆရာ အလုပ်ကို စမ်းသပ်ရာတွင် ကျွန်ုပ်၌ အသင့်ရှိသော 'လက်နက်ကရိယာများ'နှင့် စိတ်ဓာတ်ခံကိုတင်ပြလိုပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဝတ္ထုအမြောက်အမြားကို ဖတ်ဘူး၍၎င်းတို့ကိုပြန်ပြောင်း ပြောပြတတ်ခြင်း၊ ပြည်တွင်းဒေသန္တရဗဟုသုတ တော်တော်ကြီးရှိခြင်း၊ လူ့သဘာဝ ကို လေ့လာတတ်သော ဝါသနာရှိခြင်း၊ စာရေးခြင်း၌ ဝါသနာထုံခြင်း၊ (သို့သော်

အင်္ဂလိပ်လိုဖြစ်သည်။) အဖြစ်အပျက်များကို စိတ်ဝင်စားဖွယ် ဖြစ်အောင် စပ်ဟပ်ဖော်ပြတတ်ခြင်း၊ ဤသည်ကား လူအများစိတ်ဝင်စားတတ်သည်၊ ဤသည်ကားစိတ်မဝင်စားတတ်သည် ဟူသည်ကိုပိုင်းခြား၍ သိတတ်ခြင်း စသည်တို့သည် ကျွန်ုပ်အဖို့ 'လက်နက်များ'ဖြစ်ပါတော့သည်။ ကျွန်ုပ်တွန့်ဆုတ်သော အချက်တခုမှာ လေ့လာထားခြင်းကား အင်္ဂလိပ်ဘာသာစကားရေးရမည့် ဝတ္ထုကား မြန်မာလို ဖြစ်နေခြင်းပင်ဖြစ်၏။ အင်္ဂလိပ်လိုရေးဖို့ စိတ်ကူးမပေါ်သည် မဟုတ်၊ စိတ်ကူးပေါ်ပါ၏။ ရေးလျှင်လည်း အထိုက်အလျောက် ဖြစ်လိမ့်မည်ဟု ယုံကြည်ပါ၏။ သို့သော် ကျွန်ုပ်၏အင်္ဂလိပ်စာမှာ (International Standard) နိုင်ငံခြားသို့ ထုတ်ရောင်းလောက်သည့် အဆင့်အတန်းကိုမမှီနိုင်၊ မြန်မာပြည်အတွင်း၌ ရောင်းရမည့် စာအုပ်မျိုးသာဖြစ်နိုင်မည်ဟု သိ၏။ (ကျွန်ုပ်သည် ရခိုင်ပြည်သား တယောက် ရေးသားသည့် 'မဖြူ'အမည်ရှိ အင်္ဂလိပ်လို ဝတ္ထုတအုပ်ကို ဖတ်ရဘူးရာ ရေးပုံအတော်ကောင်းသော်လည်း နိုင်ငံခြားစာအုပ် အဆင့်အတန်းကိုမမှီသဖြင့် ရခိုင်ပြည်အတွင်း၌သာ ကျက်စားနိုင်ခြင်းကိုတွေ့ရ၏။ ကျွန်ုပ်သည် လွန်စွာ့အဆုံး 'မဖြူဝတ္ထု'အဆင့်အတန်း မျိုးလောက်သာ တတ်နိုင်မည်ဖြစ်၍ အကျိုးကျေးဇူး မများလှခြင်းကို သိမြင်၏။) မြန်မာပြည်အတွင်း၌ သာဖတ်သော အင်္ဂလိပ်ဝတ္ထုစာအုပ်ထွက်ခဲ့လျှင် နိုင်ငံခြားမှ အင်္ဂလိပ်ဝတ္ထုများနှင့် ယှဉ်ပြိုင်ရလိမ့်မည် ဖြစ်ရာ မြန်မာလို ရေးပါမူကား စိတ်ဝင်စားလောက်သည့် မြန်မာဝတ္ထုများ မပေါ်ပေါက်သေးသည့် အလေ့အကျင့် ထိုခေတ်တွင် 'ကြက်ဆူပင်' ဖြစ်နိုင်ဖို့ လမ်းရှိသည်ဟု တွက်ကိန်းရပါသည်။ မြန်မာလို စီကုံးခြင်း၌ အလေ့အကျင့် မရှိစေကာမူ မကွေ့ာလေး၏ ဝါကျတည်ဆောက်ပုံများကို လေ့လာထားသော ကျွန်ုပ်အဖို့မှာ အချွန်အမွန်အလှအပ မရေးတတ်စေကာမူလည်း မိမိဆိုလိုသော အနက်အဓိပ္ပာယ်ကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်းရှိ၍ ချက်ချင်း နားလည်စေပြီး စာဖတ်ရာ၌လည်းမထောင့်မထစ် ပြေပြစ်ချောမောခြင်း ရှိစေနိုင်

လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ခဲ့ပါသည်။ ဤသည်တို့ကား စာရေးဆရာ အလုပ်၌ ကျွန်ုပ်၏ လက်နက်များပေတည်း။

## ကျွန်ုပ်၏စိတ်ဓာတ်ခံ

စာရေးခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ စိတ်ဓာတ်ခံ၊ သို့မဟုတ် ဝါသနာအချို့ကို တင်ပြပါဦးမည် ကျွန်ုပ်သည် လိုသည်ထက် ပိုသည်ထင်သည့် ယဉ်ကျေးလွန်းသော ဝေါဟာရ အသုံးအနှုန်းများကို နှာခေါင်းရှုံ့ချင်တတ်သော ဝါသနာရှိ၏။ ကျွန်ုပ်၏ မိခင်သည် နန်းတွင်းသူတယောက်ဖြစ်၍ အပျိုတော်များ၊ ရွာစား မြို့စားများ၊ အရှင်သခင်ကြီးများ၊ အရာရှိအရာခံများ၏ သားသမီးများ၊ မင်းသမီး မင်းသားစသည့် မင်းမျိုးမင်းနွယ်များသည် ကျွန်ုပ်တို့၏ နေအိမ်သို့ မကြာခဏ လာရောက်လည်ပတ်လေ့ရှိ၏။ ကျွန်ုပ်သည် ၎င်းတို့အချင်းချင်း စကားပြောကြသည့်အခါ သုံးနှုန်းကြသော စကားလုံးများကို မျက်ကွယ်မှ နားထောင်၍ ဝမ်းထဲ၌ပြုံးလေ့ရှိ၏။ ၎င်းတို့နှင့် စကားပြောသည့်အခါ မည်ကဲ့သို့ ခေါ်ဝေါ်သုံးနှုန်းရမည်ကို မိခင်က သင်ကြားထားသော်လည်း တကယ်ပြောရသော အခါတွင် ရိုးရိုးပင်ပြောသည်နှင့် မိခင်၏ထိပ်ခေါက်ခြင်း အကြိမ်ကြိမ်ခံရဘူး၏။ စင်စစ်မှာ ကျွန်ုပ်မေ့သည်မဟုတ် (မှတ်ဉာဏ်ကောင်းပါသည်။) တမင်တကာ ပြောခြင်းဖြစ်၏။ သူတို့ပြောကြသည့် အသုံးအနှုန်းများကို 'အပိုတွေ'ဟု ကျွန်ုပ်မှတ်ထင်၏။ တနေ့သ၌ စစ်ကဲတော်မင်း၏အိမ်တွင် အမှုထမ်းသော မောင်မြဲဆိုသူက "သူတို့သားသမီးများ တော့ မောင်မောင်ကြီးရေ၊ ခင်မောင်ကြီးရေ၊ ခင်ခင်ကြီးရေနဲ့ တို့များကျတော့ 'ဟဲ့ ငမြဲတဲ့'၊ ဘာကောင်းသလဲဒါ"ဟု ညည်းတွားသော စကားတလုံးသည် ကျွန်ုပ်၏နားထဲသို့ စွပ်၍ဝင်သွားဘူး၏။ ထိုနေ့မှစ၍ ကျွန်ုပ်သည် မောင်မြဲ၏လူဖြစ် လာပြီး ယဉ်ကျေးသည်ဆိုသည့် စကားလုံးများဖြင့် သူတို့အချင်းချင်းသုံးနှုန်းကြခြင်း ကို ရယ်ချင်၍ ကျွန်ုပ်

ကိုယ်၌ကလည်း မသုံးချင်တော့ချေ။ အချို့မိဘများသည် မိမိတို့သားများအား “မောင်ဘသန်း’၊ မောင်ဘရင်’ စသည်ဖြင့် မောင်တပ်ခေါ်ပြီး သူတပါး၏ သားများအား ဘသန်း၊ ဘရင်စသည်ဖြင့် ခေါ်ကြခြင်းများကိုကြားရ သောအခါ (မောင်မြ၏စကားကြောင့်) ကျွန်ုပ်ရွှံ့မုန်းတတ်လာလေပြီ။ အချို့မိဘများသည် ‘နှုတ်ကျိုး’နေသဖြင့် အမှတ်မဲ့ခေါ်ခြင်းဖြစ်နိုင်ပါ၏။ သို့ရာတွင် ကိုယ့်သားများကို ‘မောင်’တပ်ခေါ်ဖို့ ‘နှုတ်ကျိုး’တတ်ပြီး သူတပါး၏ သားကိုမှ အသားအလွတ် ခေါ်ခြင်းကို ကျွန်ုပ်ခွင့်မလွှတ်နိုင်ချေ။ ထိုသို့သောမိဘမျိုးက ကျွန်ုပ်အား ‘ဖေသိန်း’ခေါ်ခဲ့လျှင် လှည့်မကြည့်ခြင်းမှာ ငယ်စဉ်ကတည်းက (မောင်မြနှင့် တွေ့ပြီးသည့်နောက်) ကျွန်ုပ်၏အကျင့်တခုဖြစ်ပါသည်။ အစေခံ တယောက်မျှ သာဖြစ်သော မောင်မြက နာတတ်လျှင် ကျွန်ုပ်အဘယ့်ကြောင့် မနာတတ်ပဲ ရှိပါမည်နည်း။ ကျောင်းသားများအနက်တွင် ကျွန်ုပ်မှာ အသက်ငယ်ဆုံး ဖြစ်၍ ဤအဖြစ်အပျက်မျိုး ခဏခဏကြုံရတတ်သည်။ ဤသို့သော်မိဘမျိုးကို ကျွန်ုပ် တော်တော်ရွှံ့တတ်ခဲ့လေပြီ။ ကျွန်ုပ်၏မိဘများမှုကား ကျွန်ုပ်အား ‘ဖေသိန်း’ ခေါ်သော်လည်း အခြားကျောင်းသားများအား ‘မောင်’တပ်၍ခေါ်လေ့ရှိ၏။ ကျွန်ုပ် အလွန်ကျေနပ်သည်။

## ရှိုင်းသည်ဟုဆိုချင်ဆိုစေ

အချို့မိဘများသည် မိမိတို့၏သားများအား ‘ဝန်ထောက်မင်း’ ‘ဦးဘယ်သူ’ ‘ဦးဘယ်ဝါ’ ဟူ၍လည်းကောင်း၊ သမီးများအားလည်း ‘မင်းကတော်’ ‘မင်းကတော်ကြီး’ ‘ဒေါ်ဘယ်သူ’ ‘ဒေါ်ဘယ်ဝါ’စသည်ဖြင့်လည်းကောင်း ခေါ်တတ်ကြလေရာ ကျွန်ုပ်အလွန်ရယ်ချင်လှသည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ရှင်ဘုရင်ဖြစ်ခါစ၌ ၎င်း၏ဦးကြီး၊ ဦးလေး၊ ကြီးတော်၊ အဒေါ် စသော ဆွေတော်မျိုးတော်များသည် ဒန်တိုများနှင့် နန်းတော်ထဲသို့ဝင်လာကြ၍

မှူးကြီးမတ်ရာများအား "အောင်ဖေယျာဘယ်မှာလဲဟရို့"ဟု မေးကြသည်ဆိုရာ ကျွန်ုပ်အလွန်သဘောကျသည်။ ကျွန်ုပ်သည်လည်း တူများ၊ သားများ ဘယ်မျှ လောက်ကြီးကျယ်ကြစေ ဝင်းမောင်၊ သင်းမောင်၊ စိုးနိုင်ဟု ခေါ်ရမှ ကျေနပ်၏။ ဝန်ကြီးချုပ်ဦးနုသည် ကျွန်ုပ်၏တူတယောက်ဖြစ်ခဲ့လျှင်လည်း ဘယ်နေရာမှ ဝန်ကြီးချုပ်ခေါ်လိမ့်မည်မဟုတ်။ 'မောင်နု'ပင်ခေါ်လိမ့်မည်ဖြစ်သည်။ ရဟန်းမှ တပါး ကျွန်ုပ်၏လက်အောက်ခြေသား ဆွေမျိုးဖြစ်ခဲ့လျှင် အခေါ်အဝေါ် ပြောင်းလဲ လိမ့်မည်မဟုတ်ချေ။ ဤသည်တို့မှာ ကျွန်ုပ်သည်သာလျှင် လမ်းမှန်ကျသည်ဟု ဆိုလိုခြင်းမဟုတ်၊ ကျွန်ုပ်၏ဝါသနာကိုတင်ပြခြင်းမျှသာဖြစ်၏။ ဆက်လက်၍ ဖော်ပြရဦးမည်ဆိုလျှင် လန်ဒန်မြို့ဘီဘီစီ ရေဒီယိုမှအယ်လစ်ဇဘက် ဘုရင်မနှင့် အက်ဒင်ဘာရာ နယ်စားတို့အကြောင်းကို ဖော်ပြရာတွင် 'ပွဲတော်တည်သည်'၊ 'စက်တော်ခေါ်သည်'ဟူသော အသုံးနှုန်းမျိုးဖြင့် အသံလွှင့်ခြင်းသည်ပင် ကျွန်ုပ်အဖို့ နားကလောလှသည်။ ရိုင်းသည်ဟု ဆိုချင်ဆိုစေ ကျွန်ုပ်ကား သောမတ်စ်ပိန်း (Thomas Payne) ၏ တပည့်ဖြစ်၍ လူနှင့်လူချင်း အတော်အတန်မကပဲ အလွန်အမင်းမြောက်ပင့်ခြင်းကို နားခါးသူတယောက် ဖြစ်သည်။ (မည်သို့ဆိုစေ ပဒေသေရာဇ်၊ ဧကရာဇ်ခေတ်သည် ကုန်ဆုံးခဲ့လေပြီ။) ကျွန်ုပ်သည် ထီးသုံးနန်းသုံး အခေါ်အဝေါ်များကို ငယ်ကတည်းက ယဉ်ပါးခဲ့သူတယောက် ဖြစ်သော်လည်း အမှတ်အသား ပြုလုပ်မထားရုံသာမက မေ့ပျောက်ပစ်ဖို့ပင် ကြိုးစားသူဖြစ်၏။ ကျွန်ုပ်ရေးထားသော ဝတ္ထုများတွင်လည်း အလွန်မြှောက်ပင့်ရာရောက်သော ဝေါဟာရများကို တမင်ရှောင်တိမ်း၍ ရိုးရိုးစကားလုံးများကိုသာ ရွေးချယ်သုံးနှုန်းဖို့ လုံ့လပြုခဲ့ပါသည်။ ကျွန်ုပ်ကား စကားလုံး၏ ယဉ်ကျေးမှုထက် အပြုအမူ၏ ယဉ်ကျေးမှုကို အလေးပေးသူဖြစ်ပါသည်။

## ကျွန်ုပ်အလုပ်လုပ်ရပုံ

၁၉၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ည၌ ကျွန်ုပ်သည် ရန်ကြီးအောင် ဝတ္ထုကို စတင်ရေးသားလေရာ ဇာတ်လိုက် မနင်းမြိုင်အား ကာလသားလေးယောက်က အလောင်းအစားပြုကာ လူပျိုလှည့်ကြသော အဖြစ်အပျက်မှတပါး ကျွန်ုပ်၏ စိတ်ကူးဖြင့် ဇာတ်ကွက်ဆင်ခြင်းဖြစ်ပါသည်။ လေးယောက်သဘောတူ လူပျိုလှည့်ကြသော အဖြစ်အပျက်မှာ "လန်ဒန်မြို့ကြီး၏ အရှုပ်တော်ပုံကြီး" ဟူသော ဝတ္ထုကြီးမှ ခိုးယူခြင်းဖြစ်သော်လည်း လူပျိုလှည့်ပုံ လှည့်နည်းများမှာ ခိုးချခြင်းမဟုတ်။ ကျွန်ုပ်၏စိတ်ကူးဉာဏ်ဖြင့် အကွက်ဆင်ထား ခြင်းဖြစ်၏။ ကျွန်ုပ်သည်ခပ်စောစောတွင် အိမ်သူအိမ်သားများနှင့် စကားပြောနေ၍ ၎င်းတို့အိပ်ရာသို့ ဝင်ကြသောအခါမှ ရေးသားလေ့ရှိရာ တခါတရံတွင် နံနက် လင်းအားကြီး အချိန်သို့ပင်တိုင်ရောက်၏။ ကျွန်ုပ်နှင့်ဇနီးတို့နေကြသော အိမ်ကလေးမှာ ဝါးကြမ်းခင်း၍ ဝါးကပ်ကာရံထားသဖြင့် ဆောင်းလေသည် ကြမ်းကြားနှင့် ထရံကြားတို့မှတိုးဝင်ရာတွင် အလွန်ပင် ချမ်းအေးလှသောကြောင့် ကျွန်ုပ်၏ကုလားထိုင်အနီးတွင် မီးလင်းဖိုထား၍အလုပ်လုပ်ရ၏။ သို့နှင့်ပင် သန်းခေါင်ကျော်သည့်နောက်တွင် အေးလွန်းလှသဖြင့် (ဝက်လက်သည် မန္တလေးထက်ချမ်း၏။) အလုပ်ရပ်နားကာ လက်ချောင်းများကို ခဏခဏမီးကင်ရ၏။ တခါတရံတွင် စိတ်ကူးတွေ မြူးနေပါလျက်နှင့် ချမ်းလွန်းသောကြောင့် အလုပ်သိမ်းလိုက်ရ၏။ ချမ်းလျှင်လည်း ချမ်းပေမည်။ ကျွန်ုပ်၌ရှိစုမဲ့စုအဝတ်အစားများမှာ တွံတေးမြို့တွင် ထားပစ်ခဲ့ရလေပြီ။ ဤနည်းဖြင့် ညတိုင်းအလုပ်လုပ်၍ နေ့အချိန်၌ အိပ်နေပါသည်။

## ကျွန်ုပ်၏ စာရေးဝါသနာ

၁၅ရက်ခန့် ရေးမိသောအခါ ကျွန်ုပ်၏ မိဘများ၊ ဇနီးနှင့်ညီတို့သည် ရေးပြီးသော စာရွက်များကို ဖတ်ချင်ကြလှလေပြီ။ ညီသည်ပြီးသမျှသောစာရွက်များ ကိုယူဖတ်၍ အလွန်ကောင်းသည်ဟု ချီးမွမ်းရာတွင်မိဘများကလည်း သိချင်ကြ ကုန်လေပြီ။ သို့ဖြစ်၍ ဝက်လက်၌ နေထိုင်လျက်ရှိကြသော ဦးလေးများ၊ အရီးများ၊ ညီများ၊ နှမများကို အားလုံးခေါ်ယူစုရုံးပြီးလျှင် ညီကဖတ်ပြစဉ် လက်ဖက်ရည် ကြမ်းဝိုင်းဖြင့် နားထောင်ကြလေ၏။ လူပျိုလှည့်ဝတ္ထုများလောက်သာ ဖတ်ဘူး ကြ၍ ထိတ်လန့်တုန်လှုပ်ဖွယ်များ၊ အသည်းအေးဖွယ် အခြင်းအရာများပါရှိ သော ကျွန်ုပ်၏ဝတ္ထုမျိုးကို မကြားဘူး၊ မဖတ်ဘူးကြသည့် ဆွေမျိုးသားချင်း အားလုံး တို့မှာ အလွန်စိတ်ဝင်စားကြလျက် အားပါးတရ ချီးမွမ်းအားပေးကြပါပေသည်။ မည်သည့်ဝတ္ထုကိုမျှ မဖတ်ခဲ့ဘူးသည့် ကျွန်ုပ်၏ ဖခင်ကိုယ်တိုင်မှာပင် "ကောင်းသဟေ့၊ သိချင်လှပြီဟေ့" စသည်များဖြင့် ခဏခဏပြောလျက်ရှိ၏။ ဣန္ဒာဝံသနှင့် ဝိဇယကာရီ ဝတ္ထုများကို ညက်ညက်ကြေ လာခဲ့သော မိခင်ကိုယ်တိုင်ကလည်း "ဆန်းတယ်ဟေ့၊ ဒါမျိုးမကြားဘူးဘူးဟေ့" ဟုဆိုကာ တပြုံးပြုံးနှင့် အားပေးရှာသည်။ နောင်အခါ၌လူကြိုက်များမများ၊ ပုံနှိပ်ထုတ်ဝေ မည့်သူ ရှိမရှိကိုပင် မသေချာသေးသော်လည်း ကျွန်ုပ်အဖို့မှာ မိဘများနှင့် အိမ်သူအိမ်သားများ၊ ဆွေမျိုးညာတိများက သဘောကျသည်ဆိုရုံနှင့်ပင် ကြည်နူး ဝမ်းမြှုလျက် ရှိပါလေပြီ။ ဤသို့ဖြင့် ကျွန်ုပ်သည် နှစ်ညရေးပြီးတိုင်း တတိယညတွင် လူစုလူဝေးနှင့် နားထောင်ကြပါတော့သည်။ နောက်ပိုင်း၌မူ ညအချိန်၌ရေးသော ကော်ပီများကိုနေ့အချိန်တွင် ဖူးစကက်စာရွက်ပေါ်၌ အချော ကူးရပါသည်။ စာအရှည်ကြီးရေးသားခြင်းမှာ ဤအကြိမ်သည် ပထမအကြိမ် ဖြစ်သော်လည်း ဖူးစကက်စာရွက်မျက်နှာ ၁၄၀ကျော်ရှိသော ဤရန်ကြီးအောင်

ဝတ္ထုကို အကြမ်းမှ အချောကူးရာတွင် စာမျက်နှာလေးငါးရွက်တွင်မှ တလုံးတလေမျှသာ အမှားပြင်ချက်ရှိခြင်းသည် ကျွန်ုပ်၏ထူးခြားချက်တရပ်ဖြစ် သည်ဟုဆိုသင့်၏။ တော်လ်စတွိုင်စသော စာရေးဆရာကြီးများသည် မိမိတို့ရေးသောစာကို သုံးလေငါးကြိမ် (တခါတရံဆယ်ကြိမ်မျှပင်)ပြင်ဆင်ရေးကူးကြသည်ဟုကြားရ၏။ ကမ္ဘာကျော်စာရေးဆရာကြီးများနှင့် နှိုင်းယှဉ်ချက်ထုတ်ကာ သူတို့ကားပြင်ရေးရသည်၊ ကျွန်ုပ်ကား ပြင်မရေးရသောကြောင့် ကျွန်ုပ်ကပင် သာသေးသည်ဟု ဆိုလိုရင်းမဟုတ်ရပါ။ ကျွန်ုပ်၏ဝါသနာကို ဖော်ပြခြင်းမျှသာ ဖြစ်ပါ၏။ ကျွန်ုပ်သည် စာအုပ်ကိုမဆိုထားနှင့် ဆောင်းပါးတပုဒ်ကိုပင် နှစ်ကြိမ် သုံးကြိမ်ပြင်ရေးရလျှင် ပျင်းသည်နှင့်ပင် သေရလိမ့်မည်ထင်၏။ ရေးပြီးသောစာကိုပြန်၍ဖတ်သည့်အခါ အမှားရှာဖို့လောက်သာ ဂရုစိုက်မိပေရာ သာ၍ကောင်းအောင်ရည်ရွယ်ချက်မူကား ရှိခဲလှပါသည်။ ထို့အတွက်ကြောင့် တော်လ်စတွိုင်တို့ကဲ့သို့ပထမတန်း စာရေးဆရာတယောက်မဖြစ်လာလျှင်လည်း ကျေနပ်နိုင်ပါသည်။

## ရန်ကြီးအောင်စွံလေပြီ

၁၉၁၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရန်ကြီးအောင်ဝတ္ထုကိုအချောကူးပြီးသည်အထိ ပြီးစီးခဲ့လေပြီ။ လယ်ယာစိုက်ပျိုးရေးဌာနဘက်၌အမှုထမ်းခဲ့စဉ်က သူရိယဦးဘဖေအကြောင်းကို စာရေးတယောက်ကပြော၍သိရဘူး၏။ ကျွန်ုပ်သည် မြန်မာပြည်တွင် မြန်မာဝတ္ထုများ အခြေအနေအကြောင်းကိုစာရှည်ကြီးတစောင်ရေးသား၍ သူရိယတိုက်အုပ် ဦးဘဖေထံသို့ ဝတ္ထုနှင့်တကွပို့လိုက်၏။ ကလောင်သမားများအဖို့မှာ ပထမဦးစွာ တင်ပို့သည့် 'စာ'သည်မည်မျှလောက် အရေးကြီးခြင်းကို သိကြပြီးဖြစ်၏။ အပျော်ရေးခြင်းမဟုတ်ပဲအသက်မွေးဝမ်းကျောင်းအတွက် ရည်ရွယ်ချက်ဖြင့် စမ်းသပ်ခြင်းဖြစ်သည့်

ကျွန်ုပ်အဖို့မှာ လွန်စွာပင်အရေးကြီး၏။ (စံဒေဝီ၏မိခင်ထံသို့ ကျွန်ုပ်၏ဖခင် သွား၍ပြောဘူးစဉ်က အရေးကြီးပုံနှင့် စိတ်ထဲတွင် နိုင်းယှဉ်လိုက်သည့်အခါ အနည်းငယ်မျှသာ လျော့တော့သည်ထင်၏။) တလကြာသော်လည်း လက်ခံရရှိပါသည်ဆိုသော စာမှတပါး အဆုံးအဖြတ်ကို မသိရသေးပဲရှိရာ သုံးလခန့်ကြာသောအခါ၌မူ ကျွန်ုပ်မှာအတော်စိတ်ပူလျက်ရှိလေပြီ။ ထိုအတောအတွင်း ကျွန်ုပ်ကလည်း တလလျှင် အနည်းဆုံး စာတစောင်ကျရေးကာ နှိုးဆော်လျက်ရှိရာ စာနှစ်စောင်လျှင် တစောင်ကျလောက်ပြန်ကြား၍ 'ဖတ်ဆဲရှိပါသည်' ဟူသောအကြောင်းကိုသိရ၏။ ကျွန်ုပ်ကား အတော်အားလျော့စ ပြုလျက်ရှိပေပြီ။ ဟသ်ာတမြို့မှ ကိုခင်မောင်တင့်၏ဦးလေး ဝတ်လုံတယောက်က သူ့ထမင်းစာ လခ၄၀ိနှင့်စာရေးလုပ်ပြီး ရှေ့နေစာမေးပွဲဝင်ဖို့ဟူသောအကြံကို လက်ခံရချေမည်လောဟူ၍ပင် စဉ်းစားလျက်ရှိလေပြီ။ နောက်ဆုံး၌ မေလ၆ရက် နေ့တွင် သူရိယတိုက်မှ စာပြန်လာ၍ ငွေ၁၀၀ိနှင့် ဝယ်ယူလိုကြောင်း သိရပေသည်။ ဝတ္ထုတပုဒ်လျှင် တန်ဖိုးမည်မျှပေါက်ဈေးရှိသည်ဟု မကြားရဘူးသော ကျွန်ုပ်မှာ နည်းသည်များသည် နားမလည်ပဲ ငွေ၁၀၀ိအပြင် ဝတ္ထုစာအုပ် ၂၅အုပ် ဖြည့်ပေးဖို့တောင်းခံပြီး သဘောတူလိုက်၏။ စာအုပ်များမှာ တအုပ်လျှင် ၁ကျပ်စပဲတန်သည်ဖြစ်၍ ကျွန်ုပ်သည်ရန်ကြီးအောင်ဝတ္ထုအတွက် စုစုပေါင်း ၁၃၇ကျပ် ၈ ပဲမျှရရှိပါသည်။

## ဘကြီးဘဖေ၏ဉာဉ်

ငင်းနှစ်မေလကုန်ခါနီးတွင် ကျွန်ုပ်တို့လင်မယားသည် ဝက်လက်မြို့မှ ရန်ကုန်သို့ဆင်းလာကြ၍ ယောက္ခမများ၏နေအိမ်၌ တည်းခိုနေထိုင်ကြသည်။ ပြောင်းရွှေ့ကြခြင်း၏ ရည်ရွယ်ချက်မှာ ဝတ္ထုရေးသမားတယောက်အဖို့ရာ၌ ရန်ကုန်မြို့ကြီးသည် တောမြို့ကလေးထက် အပေါက်အလမ်းပွင့်၍ မျှော်လင့်စရာ

များသည်ဟုတွက်မိသောကြောင့်ဖြစ်၏။ ကျွန်ုပ်၏ဇနီး၌ မွေးပေါက်ဖော် (သူပါ) ရှစ်ယောက်မျှရှိရာ ယောက္ခမကြီးများသည် လည်းကောင်း၊ မရီးများ၊ ခယ်မများ၊ ယောက်ဖများသည်လည်းကောင်း ကျွန်ုပ်အပေါ်၌ ကြင်နာခြင်း၊ကာကွယ်ခြင်း၊ ခင်မင်လေးစားခြင်း ရှိကြသည်ဖြစ်၍ ကျွန်ုပ်အဖို့ရာ၌ စိတ်ချမ်းသာမှုရှိပါပေသည်။

ဝတ္ထုရေးသမားတယောက် ဟူသည်မှာ ထိုခေတ်တွင် ခပ်ဆန်းဆန်းဖြစ်သော်လည်း ကျွန်ုပ်အားခေတ်ပညာတတ်တယောက်အနေဖြင့် လေးစားကြပါပေသည်။ ယောက်ဖများကလည်း (ကျွန်ုပ်၏ထူးဆန်းသောအကျိုးပေးအတိုင်း) ညီရင်းအစ်ကိုတမျှ ချစ်ခင်ကြင်နာကြပါပေသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် ဘကြီးဘဖေနှင့် သွားရောက်တွေ့ဆုံ၍ ဝတ္ထုရေးခြင်းအကြောင်း ဆွေးနွေးလေရာ ဘကြီးဘဖေက East Lynn အိစလင်ဝတ္ထုကိုမှီးပြီး မြန်မာဝတ္ထုဖြစ်လာအောင် ရေးဖို့အကြံပေးသည်နှင့် ၎င်းစက်တင်ဘာလအတွင်း ပြီးစီးအောင် ရေးသားပေးပို့လိုက်၏။ ၎င်းဝတ္ထုမှာ ပ–ဒုဟူ၍ နှစ်တွဲထုတ်ရသော်လည်း ၁၆၅ကျပ်မျှသာရသောကြောင့် ဆရာလွန်းက (နောင်တွင်) အလွန်နည်းသည်ဟု ပြောဘူးပါသည်။ ရန်ကြီးအောင်ဝတ္ထုနှင့် ရတနာပုံ ဝတ္ထုများအတွက် ဈေးနှုန်းဖြတ်သူမှာ ဘကြီးဘဖေဖြစ်ရာ ထိုပုဂ္ဂိုလ်ကြီးသည် ကျွန်ုပ်၏ ပါးရှားသောအခြေအနေကို ရိပ်မိ၍ သူရိယတိုက်အကျိုးအတွက် သက်သက်ကိုသာ ကြည့်ပြီး ကျွန်ုပ်အား ဈေးနှုန်းဖိနှိပ်၍ဆစ်လိုက်သည့် လက္ခဏာရှိ၏။

(၁၉၅၃ခုနှစ်၌ ရတနာပုံဝတ္ထုကို ကျောင်းသုံးအဖြစ် ပြဋ္ဌာန်းရာတွင်တခုသော ပုံနှိပ်တိုက်ပိုင်ရှင်က သူရိယတိုက်မှ ၎င်းစာမူများကို ငွေ၃ဝဝိမျှနှင့် ဝယ်ယူသွားပြီးသောင်းချီ၍ အမြတ်ထုတ်နိုင်လေသည်။ ကျွန်ုပ်အတွက် ငွေ၅၅ဝဝိ ရသေးသော်လည်း သူရိယတိုက်မှုကား ငွေ၃ဝဝိနှင့်ပင် ပြီးရလေတော့သည်။ ကျွန်ုပ်သည် မိမိကိုယ်ကို သူတော်ကောင်းကြီးတယောက်ဟူ၍ မကြွေးကြော်လိုသော်လည်း ဤသို့သော အခြင်းအရာမျိုးမှာ ကျွန်ုပ်၏တသက်တာ၌ အကြိမ်များစွာ တွေ့ခဲ့ရပါသည်။)

# တတိယပိုင်း

## (မောင်ဖေသိန်းမှ ကိုဖေသိန်းသို့)

### သူရိယတိုက်သား ဖြစ်လာခြင်း

၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျွန်ုပ်သည် သူရိယမဂ္ဂဇင်း အယ်ဒီတာအဖြစ်နှင့် သူရိယတိုက်သားတယောက်ဖြစ်လာ၏။ သူရိယတိုက်အုပ် နှစ်ယောက် (ဦးဘဖေနှင့် ဦးလှဖေ)တို့သည် ကျွန်ုပ်၏လက်စွမ်းလက်စကို မြင်ကြသည်နှင့် သူရိယမဂ္ဂဇင်း ထုတ်ဖို့ အကြံဖြစ်ပေါ်လာသည်ဟု နောင်တွင်သိရ၏။ လခမှာ ပထမတွင် ၇၅ိဖြစ်သော်လည်း သုံးလလောက်တွင် ၁၀၀ိ၊ ၁၀၁၊ ၁၈၀ိ သို့တိုး မြင့်ပေးကြပါပေသည်။ ကျွန်ုပ်ရေးခဲ့သော ဝတ္ထုနှစ်အုပ်အနက် 'ရန်ကြီးအောင်' ဝတ္ထုမှာ ရှေးဦးစွာ ရေးခြင်းဖြစ်သော်လည်း သူရိယတိုက်က 'ရတနာပုံ'ဝတ္ထုကို အလျင်အသုံးပြု၍ ၁၉၁၆ခုနှစ်၊ အောက်တိုဘာလမှစပြီး သူရိယသတင်းစာတွင် ရက်ခြားထည့်ပေး၏။ ၎င်းနောက် စာအုပ်အဖြစ်နှင့်ထုတ်သောအခါတွင်လည်း သူ့ခေတ်တွင် Best Seller အတွင်ကျယ်ဆုံး ရောင်းရသည့် စာတအုပ်ဖြစ်လာပါသည်။ ကျွန်ုပ်သူရိယတိုက်သားတယောက် ဖြစ်ခါစအချိန်၌ ရတနာပုံဝတ္ထုမှာ စာအုပ်အဖြစ်နှင့် ထွက်လာခြင်းဖြစ်ရာ နံနက်အချိန်တွင် ကျွန်ုပ်တိုက်သို့ ရောက်သွား၍ စာအုပ်ရောင်းစာရေးက အမြို့မြို့မှ လက်လီမှာထားကြသော ရတနာပုံဝတ္ထုစာအုပ် အဖုံးစိမ်းများကို သူ့စားပွဲရှေ့၌ ဖြန့်ခင်းထားသဖြင့် တခန်းလုံး စိမ်းလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသည်နှင့် စာရေးဆရာ လက်သစ် တယောက်အနေဖြင့် အလွန်ကျေနပ်နှစ်သိမ့်မိခြင်းကို မှတ်မိပါသေးသည်။ ထိုခေတ်၌ ဝတ္ထုစာအုပ် အမြောက်အမြားပေါ်ထွက်သေးသည် မဟုတ်သည့် အလျောက် တိုက်သွား တိုက်ပြန်အချိန်များတွင် ဓာတ်ရထား (ဘတ်စ်ကား

မပေါ်သေး။) မီးရထားများပေါ်၌ စာရေးစာချီ အလုပ်သမားများ၏ ဝေဖန်ချက်များကို ကြားရသည်မှာလည်း အားရှိစရာ ကောင်းလှပါပေသည်။ (ဤခေတ်၌မူ မြန်မာပြည်တွင် ဝတ္ထုနှင့်စာရေးဆရာ၏နေရာကို ရုပ်ရှင်ဇာတ်ကား နှင့် ဇာတ်လိုက်များက ယူသွားကြသည့် လက္ခဏာရှိပေ၏။)

## 'ခွေးဝင်စား'အယ်ဒီတာ

ဤနေရာတွင် ကျွန်ုပ်နှင့် အကျွမ်းတဝင်ဖြစ်ခဲ့သော သူရိယတိုက်သား (စာရေးဆရာများ) အကြောင်းကိုရေးသားဖော်ပြရပေဦးမည်။ သူရိယမဂ္ဂဇင်းကို ၁၉၁၇ခုနှစ်၊ မတ်လတွင် စတင်၍ ထုတ်မည်ဟု သတ်မှတ်ထားရာ ကျွန်ုပ်မှုကား ဖေဖော်ဝါရီလ တရက်နေ့မှစ၍ အလုပ်ဝင်ရမည်ဖြစ်၏။ ကျွန်ုပ်မှာ အားလပ်လျက်ရှိသည်တကြောင်း၊ သတင်းစာတိုက် အလုပ်အကြောင်းကို စမ်းဝါးမိစေရန်အတွက် တကြောင်း ဖေဖော်ဝါရီလတရက်နေ့တိုင်အောင် မဆိုင်းပဲ ဇန်နဝါရီလလယ် လောက်ကတည်းက တိုက်သို့ဝင်ပြီး (လခမရှိပဲ) လေ့လာ ပါရစေဟု အခွင့်တောင်းသဖြင့် အခွင့်ရခဲ့သည်။ ကျွန်ုပ်သည်ဝတ္ထုရေးသမားတယောက်အနေဖြင့် ဦးဘဖေ တယောက်တည်းနှင့်သာ ဆက်ဆံရ၍ သိကျွမ်းခဲ့ရာ ထိုနေ့တွင် ဦးဘဖေက ကျွန်ုပ်အား ဦးလှဖေနှင့်မိတ်ဆက်ပေးလေသည်။ ဦးဘဖေသည် သတင်းစာ ရိုက်နှိပ်သူ အဖြစ်နှင့် လည်းကောင်း၊ ဦးလှဖေသည် ထုတ်ဝေသူအဖြစ်နှင့်လည်းကောင်း မှတ်ပုံတင်ထားကြ၍ နှစ်ယောက်လုံး တိုက်အုပ်အဖြစ်နှင့် အသိအမှတ်ပြုကြခြင်း ခံရလေရာ ၎င်းတို့၏ တာဝန်မှာမူ ဦးလှဖေသည် အထွေထွေ မန်နေဂျာဖြစ်၍ ဦးဘဖေမှာ ကြော်ငြာဘက်သက်သက် အုပ်ချုပ်ရသူ ဖြစ်လေသည်။ ဦးဘဖေသည် သူရိယသတင်းစာတွင် 'နတ်ကြီးသုံးပါးခန်း' ကိုင်ခြင်းမှတပါး အခြားတာဝန်များကိုမယူ။ ဦးလှဖေသည်သာလျှင် အကြီးအကဲ ဖြစ်လေရာ ဦးဘကလေးမူကား သူရိယနေ့စဉ်သတင်းစာ အယ်ဒီတာဖြစ်၍ ကျွန်ုပ်နှင့်ဆက်ဆံမှု အလွန်နည်းပါး

ခဲ့ပါသည်။ ကျွန်ုပ်သည်သူရိယမဂ္ဂဇင်းအလုပ်တွင် ဦးလှဖေ လက်အောက်၌ လုပ်ရ၍ အများဆုံး ဆက်ဆံမှုရှိသူ ဖြစ်လေသည်။ ကျွန်ုပ်နှင့် မိတ်ဆက်ပြီး သည့်နောက် ဦးလှဖေသည် ကျွန်ုပ်အတွက် နေရာတသီးတခြား ပြင်ဆင်မထား ရသေးသည်နှင့် (ထိုရက်များတွင် ကျွန်ုပ်မှာ 'ခွေးဝင်စား' အယ်ဒီတာ တယောက် အဖြစ်သာ ရှိနေသေးသည်။) ကျွန်ုပ်အားပီမိုးနင်း၏စားပွဲတွင် အတူထိုင်ဖို့ နေရာချထားပေး၏။ ပီမိုးနင်းကား နေ့စဉ်သတင်းစာဘက်တွင် လက်ထောက် အယ်ဒီတာ တယောက်ဖြစ်၍ ဦးဘကလေး၏ လက်အောက်၌ ခေါင်းကြီးများ ရေးသော တာဝန်ကိုယူရလေသည်။

## ကိုကျော် (ခေါ်) ပီမိုးနင်း

ကျွန်ုပ်သည် ပီမိုးနင်းနှင့် တစားပွဲတည်းမျက်နှာချင်းဆိုင် ထိုင်လိုက်ကြရာ တွင် တယောက်နှင့်တယောက်လူကဲခတ်ကြ၏။ ပီမိုးနင်းက ကျွန်ုပ်အကြောင်းကို သိထားနှင့်သလောက် ကျွန်ုပ်က ပီမိုးနင်းအကြောင်းကို မသိရသေးချေ။ (စင်စစ်မှာ ထိုစဉ်ကမူ ကျွန်ုပ်သည် ပီမိုးနင်းဟူ၍ မသိသေးပဲ 'ကိုကျော်'ဟူ၍သာသိပေရာ သူရိယတိုက်မှ ထွက်သွားပြီးနောက် ပညာ့အလင်း သတင်းစာတွင် အယ်ဒီတာဖြစ်လာသောအခါမှ ပီမိုးနင်းဟူသော အမည်ကိုကြားရ ဘူး၏။ သို့နှင့်ပင် ပထမ၌ ပီမိုးနင်းနှင့် ကိုကျော်သည် လူတယောက်တည်း ဖြစ်သည်ဟု ကျွန်ုပ်မသိပေ။) ဦးလှဖေက ကိုကျော်ဟူသော အမည်ဖြင့် ကျွန်ုပ်နှင့် မိတ်ဆက်ပေးသဖြင့် ကျွန်ုပ်သည်မျက်နှာချင်းဆိုင်ထိုင်လျက်ရှိသော ကိုကျော်ကို လှမ်းကြည့်လိုက်ရာ ကျွန်ုပ်နှင့် တနေ့နေ့တွင် ရင်းနှီးသောမိတ်ဆွေတယောက် ဖြစ်လာနိုင်ဖို့ ရှိခြင်းကို ထိုနေ့ကပင် အကဲခတ်မိတ်သည်ဟု ရေးသားဖော်ပြပါက ကြွားသည်ဟုထင်ကောင်း ထင်ကြပေလိမ့်မည်။ စင်စစ်သော်ကား ကျွန်ုပ်သည် မိမိနှင့် အကျွမ်းတဝင် ဖြစ်မည့်လူ ဟုတ်မဟုတ်ကို တထိုင်တည်းနှင့်

အကဲခတ်နိုင်ပေရာ ကျွန်ုပ်၏အကဲခတ်ခြင်းမှာ တသက်လုံးတွင် ရာခိုင်နှုန်း ၉၀ ကျော်မျှ မှန်ကန်ခြင်းကို တွေ့ရပါသည်။

ကျွန်ုပ်သည် ကိုကျော်အား လှမ်းကြည့်လိုက်ရာ ပြုံးပြုံးကလေးရှိသောသူ၏ မျက်နှာထားတွင် ကျွန်ုပ်အားစိတ်ဝင်စားရုံသာမက အတော်ကျေနပ်ဟန်ရှိသော အမူအရာကို တွေ့ရ၏။ ပရိယာယ်မသုံးတတ်ခြင်းတွင် ကျွန်ုပ်နှင့်တူလိမ့်မည်ဟူ၍လည်း အကဲခတ်မိ၏။ အခြားလူများ၏ ထင်မြင်ချက်ကိုလုံးဝ ဂရုမစိုက်ဟု မဆိုနိုင်သော်လည်း ဂရုစိုက်မှုနည်းပါးခြင်း၌ ကျွန်ုပ်နှင့် တူလိမ့်မည် ဟူ၍လည်း ထင်မိ၏။ လူ့လောကတွင် မိမိနှင့်ထိုက်တန်သော နေရာကို မရရှိဟူ၍ သူ့ကိုယ်သူ အထင်ရောက်လျက် ရှိခြင်းကိုလည်း ကျွန်ုပ်ရိပ်မိ၏။ (ကျွန်ုပ်မူကား ထိုစဉ်က ၎င်းအထင်မျိုး မကပ်သေးသည့်ပြင် နောင်တွင်လည်း ဤအတွက်ကြောင့် သူတပါး အပေါ်၌အပြစ်တင်ချင်သော စိတ်မျိုး ဖြစ်ခဲလှသည်ဟု ထင်ပါသည်။) ထိုခေတ်တွင် ရန်ကုန်မြို့၌ အသက်၂၀ကျော်အရွယ်များသာ ပတ်ပေါင်း (ဘီအေပေါင်း)ပေါင်းကြ၍ ထို့အထက်လူများမှာ အုပ်ပေါင်းခေတ်ဖြစ်နေသော်လည်း အသက်၃၀ ထက်မနည်း ရှိရမည့် ကိုကျော်မှာမူ 'ဘီအေပေါင်း'မဟုတ်သည့်ပတ်ပေါင်းရိုးရိုးဖြင့်သာ တော်တော်ကလေး သပ်ရပ်စွာ ပေါင်းထား၏။ သူရိယတတိုက်လုံး (ကျွန်ုပ်အပါအဝင်စာရေးများမကျန် အုပ်ပေါင်းနှင့် ဂိုက်ထုတ်လျက် ရှိကြသော ထိုခေတ်တွင် ပုသိမ်ထီးကို ဂျိုင်းတွင်ညှပ်ထားလျက် ကွင်းထိုးဖိနပ်လျှိုကာ ပတ်ပေါင်းရိုးရိုးကလေးနှင့် ဆေးပေါ့လိပ်ခဲလျက် အလုပ်တက်လေ့ရှိသော ကိုကျော်မှာ လူဆန်းတယောက်လိုလိုဖြစ်နေ၏။ ရန်ကုန်သို့ရောက်ခါစဖြစ်၍ အဝတ်အစားတွင်သူတပါးထက်နောက်မကျရအောင် ကြိုးစားနေရသော ကျွန်ုပ်မှာ ကိုကျော်ကိုမြင်ရ၍ အားလည်းရှိသည်။ သဘောလည်းကျလှပါသည်။

## ပြောပုံဆန်းလှခြင်း

စားပွဲတွင် အတူထိုင်မိလျှင် ထိုင်မိချင်း ကိုကျော်က မြန်မာဝတ္ထုများ အကြောင်းနှင့် ပတ်သက်၍ သူရိယတိုက်သို့ ကျွန်ုပ်အင်္ဂလိပ်လို ရေးပို့ဘူးသော စာတစောင်ကို သူဖတ်လိုက်ရကတည်းက ကျွန်ုပ်အပေါ်၌ အထင်ကြီး၍ လူချင်း တွေ့လိုကြောင်း၊ သတင်းစာ၌ တရက်ခြားထည့်လျက်ရှိသော ရတနာပုံဝတ္ထု ကိုလည်းသူဖတ်၍ သဘောကျကြောင်း၊ သူလည်း 'ဘီအေမောင်တင့်နှင့် ကချေသည် မယ်မြင့်'ဝတ္ထုတပုဒ် ရေးခဲ့ဘူးကြောင်း စသည်ဖြင့်ပြောလေရာ ဤမျှနှင့်ပင် ကျွန်ုပ်သည် ကိုကျော်နှင့် အတော်ကြီး ရင်းနှီးသွားခဲ့လေပြီ။ ကျွန်ုပ်ကလည်း သူရိယခေါင်းကြီးများကို (ရတနာပုံဝတ္ထု ထည့်ကတည်းက အလကားရ၍) ဖတ်လာခဲ့ရာ ၎င်းတို့မှာကိုကျော်၏ လက်ရာ ဖြစ်ကြောင်း ယခုသိရ၍ ချီးကျူးပါကြောင်း၊ မိမိမှာ ဝတ္ထုနှစ်ပုဒ်ရေးခဲ့ဘူးသော် လည်း သတင်းစာခေါင်းကြီးများ ရေးဖို့ဆိုလျှင် အိပ်မက်မျှပင် မမက်ဝံ့ကြောင်း ပြောပြလေရာ သူကလည်း သဘောကျပုံရသည်။ နေ့လယ် လက်ဖက်ရည် သောက်ချိန်တွင် ကိုကျော်သည် ကျွန်ုပ်အား အိမ်သို့ခေါ်သွား၍ သူ၏ဇနီးနှင့် မိတ်ဆက်ပေးပြီးနောက် အင်္ဂလိပ်စာအုပ်များအကြောင်းကို ဆွေးနွေးကြလေရာ ကျွန်ုပ်၏စာဖတ်စုံခြင်းကို ချီးမွမ်း၍ သူကိုယ်တိုင်မှာ အသင့်အတင့်မျှလောက်သာ ဖတ်ဘူးကြောင်း ဝန်ခံလေသည်။ သူ၏အင်္ဂလိပ်စကားပြောပုံကို ကျွန်ုပ်ကြား ရသည်နှင့် ထိုဝန်ခံချက်သည် နှိမ့်ချခြင်း ဖြစ်သည်ဟု ထင်မိသော်လည်း နောင်တွင်တကယ်ပြောခြင်းဖြစ်သည်ဟု ကျွန်ုပ်သိရသည်။

ကိုကျော်၏အင်္ဂလိပ်အသံထွက်များမှာ တော်တော်လန့်လောက်၏။ မြန်မာတယောက် ပြောသောအသံထွက်နှင့်ပင် မတူချေ။ ကျွန်ုပ်သည် အင်္ဂလိပ် စကားလုံးများ မှန်ကန်အောင် အသံထွက်တတ်ဖို့ လေ့ကျင့်ထားသော် လည်း မြန်မာတယောက်က ပီပီသသထွက်သော အသံမျိုးမျှသာဖြစ်လေရာ ကိုကျော်၏

အသံထွက်မူကား ဘောင်းဘီဝတ်တယောက်၏ အသံနေ အသံထားမျိုး ဖြစ်နေ၍ ကျွန်ုပ်လန့်မိခြင်းဖြစ်၏။ လူချင်းနီးရင်းလာသောအခါ၌ ဤအကြောင်းကို စုံစမ်းကြည့်သည်တွင်မှ ပြင်သစ်(ဘုရင်ဂျီ)ဘုန်းကြီးလုပ်ခဲ့ဘူး၍ ပြင်သစ်ဘုန်းကြီး များနှင့်အတူ နှစ်ပေါင်းများစွာနေခဲ့ဘူးကြောင်း၊ လက်တင်ဘာသာလည်း တတ် ကြောင်း သိရလေသည်။ ကိုကျော်၏ အင်္ဂလိပ်စကားပြောပုံမှာ ကျွန်ုပ်၏ သူငယ်ချင်း (ဘိလပ်ပြန်) ကိုခင်မောင်တင့်ကဲ့သို့ ဗိုလ်ဆန်ခြင်းမျိုးမဟုတ်ပဲ ပြင်သစ်ဘုန်းကြီးများနှင့် ငယ်စဉ်က အကြာကြီးနေဘူးခြင်းကြောင့် လျှာတမျိုး ဖြစ်နေခြင်းဖြစ်လေသည်။ များမကြာမီ ကိုကျော်သည် ဂျပ်ဆင်ကောလိပ်တွင် လက်တင်ဘာသာပြဆရာ အလုပ်ကိုလျှောက်ထားရရှိသဖြင့် သူရိယတိုက်မှ ထွက်သွားလေ၏။ သို့ရာတွင် သူနှင့်ကျွန်ုပ်ခင်မင်မှုမှာ အဆက်မပြတ်လုပဲ ၁၉၃၈ခုနှစ်၌ သူသေသည်အထိ ရင်းနှီးစွာ ရှိခဲ့ကြလေသည်။

## ဆရာလွန်း၏ ချီးကျူးချက်

ဖေဖော်ဝါရီလတရက်နေ့၌ ကျွန်ုပ်မဂ္ဂဇင်းအယ်ဒီတာ ဖြစ်လာသောအခါ သူရိယသည် လေးထပ်တိုက်ကြီးတွင် အောက်ဆုံးတထပ်ကိုသာ ငှားနိုင်သေးသည် ဖြစ်၍ လုပ်သားနှင့် နေရာမမျှအောင် ကျဉ်းကျပ်သည့်အတွက်ကြောင့် ဆရာလွန်း နှင့် ကျွန်ုပ်တို့အတွက် စားပွဲတခုတည်းသာ နေရာပေးနိုင်လေသည်။ ဤတွင်ကျွန်ုပ်တို့နှစ်ယောက်သည် နေ့တိုင်း မျက်နှာချင်းဆိုင်ထိုင်ကြ၍ ထွေရာလေးပါး စကားပြောခွင့်ရကြ၏။ ဆရာလွန်းသည် ကျွန်ုပ်အား မန္တလေးသား ဆိုကတည်းက စိတ်ဝင်စားသည့် လက္ခဏာရှိပေရာ ကျွန်ုပ်ကလည်း နှုတ်ခမ်းမွေး ရေးရေးနှင့် အမြဲကွမ်းစားလေ့ရှိသဖြင့် 'အညာဂိုက်'ရှိသော ဤလူကြီးအား မြင်လျှင်မြင်ချင်း ကြည်ညိုမိပါသည်။ ဆရာလွန်းမှာ ကျွန်ုပ်ထက် အသက်၁၄ နှစ်ကြီး၍ ထိုစဉ်က ၄၂ နှစ်ရှိပြီဖြစ်ရာ အသက်၄၀ကျော်လျှင် ရေမ

လူကြီးတယောက်ဟူ၍ ထင်ခဲ့မိသော ကျွန်ုပ်၏မျက်စိ၌ အတော်ကြီးရင့်ပြီဟု အောက်မေ့ခဲ့ပါသည်။ ဆရာလွန်းကလည်း ကိုကျော်နည်းတူ ကျွန်ုပ်နှင့်ရေစက်ပါသည့်လက္ခဏာနှင့်သူ၏တိုက်ခန်းသို့ ခေါ်သွား၍ နေ့လယ်ခင်းများတွင် သူ၏တိုက်ခန်း၌ တရေးတမောအိပ်ကာ အပန်းဖြေဖို့ အမြဲဖိတ်ကြားထားပါသည်။ ကျွန်ုပ်သည်ဆရာလွန်းနှင့်လည်းကောင်း၊ ကိုကျော်နှင့်လည်းကောင်း ရေစက်ပါသော်လည်း ၎င်းတို့နှစ်ယောက်မှုကား ရင်းနှီးကြဟန်မတူချေ။ သူတို့နှစ်ယောက်အကြောင်းနှင့် ပတ်သက်၍ ကိုကျော်ပြောဘူးသော စကားတခွန်းကို ကျွန်ုပ်မှတ်မိ၏။ တနေ့သ၌ သူတို့နှစ်ယောက်သည် မြန်မာစာပေအကြောင်းကို ဆွေးနွေးလျက်ရှိစဉ် ကိုကျော်ပြောလိုက်သော စကားတလုံးကို ဆရာလွန်းက အဓိပ္ပာယ်အယူအဆလွဲသည့်လက္ခဏာနှင့် "ဟေ့ မောင်ကျော်၊ ဆရာက ဗမာပြည်မှာကိုယ့်ကိုယ်ကို ဒိတ်ထားတဲ့ လူတယောက် မောင်ရ၊ ဘာမှတ်လို့လဲ"ဟု ဣန္ဒြေနှင့်ပြောဘူးသည်ဆို၏။ ဟုတ်ပုံလည်းရသည်။ ထိုသူနှစ်ယောက်သည် ကျွန်ုပ်ရှေ့၌ အကျွမ်းတဝင်ရှိကြခြင်းကို ကျွန်ုပ်မမြင်ခဲ့ရဘူးပေ။ ဆရာလွန်းနှင့်ကျွန်ုပ်မှုကား သူရိယတိုက်သားများ အဖြစ်နှင့်လည်းကောင်း၊ တသက်လုံးတွင်လည်းကောင်း ဆက်ဆံရေးတွင် အဖုအထစ်မရှိ၊ ပြေပြေပြစ်ပြစ်ရှိခဲ့ပါသည်။ သို့နှင့်လည်း ဆရာလွန်းသည် ကျွန်ုပ်အား ဂျာနယ်များတွင် လေးချိုးဖြင့်ကလိသော အလုံးကလေးများကို အကြောင်းအရာပြောပြ၍ ဆရာလွန်းကသူရေးနေကျဖြစ်သော စကားပြင်မျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆန့်၍ ရေးထုတ်လိုက်သောအခါ စာမျက်နှာနံပါတ် အတော်များလာ၏။ ဆရာလွန်း၏စကားပြင်ရေးနည်းမှာ ဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ ရေးနည်းမျိုးကဲ့သို့ကာရန်ကလေးတွေ ငဲ့ကာငဲ့ကာရေး ခြင်းကြောင့်ဖတ်၍အလွန်ချောမောသော်လည်းမဂ္ဂဇင်းအတွက် ရှည်လွန်းသကဲ့သို့ ဖြစ်နေ၏။ ဤတွင် ဦးလှဖေသည်ကျွန်ုပ်ကိုခေါ်၍ ခေါင်းကြီးသုံးပုဒ်ကို တဆက်တည်း တောက်လျှောက်ပြောပြီးရေးခိုင်း၏။

ကျွန်ုပ်သည်ခဲတံဖြင့် တလုံးတလေမှရေးမှတ်ခြင်းလည်းမရှိ၊ ချက်ချင်းလည်း မရေးသေးပဲ လေးငါးရက်ကြာသောအခါမှ သုံးပုဒ်ရေးပြီး တင်ပြလိုက်သည်။ ဆရာလွန်းသည် ကျွန်ုပ်၏ပထမဦးဆုံးလက်ရာဖြစ်သောခေါင်းကြီးသုံးပုဒ်ကို ဖတ်ကြည့်ရာတွင် ဦးလှဖေ၏ဦးခေါင်းမှထွက်သော အကြံများဟူ၍ သူသိပြီးဖြစ်သော်လည်း မြန်မာစာ ရေးပုံရေးနည်းကို သဘောကျသည့် လက္ခဏာနှင့် "ဟိုခွေးမသား တွေဒီလောက်မရေးတတ်ပါဘူး"ဟု ဆိုကာ တိုက်အုပ်များဘက်သို့ မေးငေါ့၍ပြဘူးလေသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ဦးလှဖေက နမူနာအဖြစ်နှင့် အယ်ဒီတာအဖွဲ့အား ရေးပြဘူးသည့် ခေါင်းကြီးတပုဒ်ကို ဖတ်ရဘူးသဖြင့် သူ၏အရေးအသားကိုလေးစားလျက် ရှိပါသည်။

ဆရာလွန်းက အထက်ပါစကားကို ပြောလိုက်သောအခါတွင် ငါသည် ဦးလှဖေထက် ရေးတတ်သည်ဟု စိတ်ကြီးဝင်မသွားခြင်းကို သစ္စာပြု၍ ပြောဝံ့ပါသည်။ သို့ရတွင် ကျွန်ုပ်၏ပထမဦးဆုံးခေါင်းကြီးများကို ဆရာသမားဖြစ်သော ဆရာလွန်းက ထိုကဲ့သို့ ပြောလိုက်သောအခါတွင်မူကား ငါသည် ခေါင်းကြီးရေးခြင်းအလုပ်တွင် လူညံ့တယောက်မဟုတ်တော့ ဟုဆိုကာလွန်စွာ အားတက်သွားပါသည်။

## ဆရာတော်ဦးဥတ္တမ

သူရိယတိုက်၌ သိကျွမ်းရသော ပုဂ္ဂိုလ်ကျော်များအကြောင်းကို ဖော်ပြရာတွင် ဆရာတော်ဦးဥတ္တမအကြောင်းကိုလည်း ဖော်ပြရန်လိုပေလိမ့်မည်။ သူရိယတိုက်သို့ ကျွန်ုပ်ရောက်ပြီးနောက် များမကြာမီအတွင်း ဆရာတော်ဦးဥတ္တမသည် ကျွန်ုပ်၏ စားပွဲသို့ လာ၍ထိုင်လေ့ရှိ၏။ ဆရာတော်သည် ကျွန်ုပ်၏ဝတ္ထုများ ဖတ်လေ့ရှိသူဖြစ်ရာ ကျွန်ုပ်အား (ဦးဘဖေ၊ ဦးလှဖေတို့မှတပါး) တိုက်သားများအနက်တွင် စိတ်အဝင်စားဆုံးတယောက်ဖြစ်ဟန်ရှိ၏။ ဆရာတော်သည် အိန္ဒိယပြည်နှင့်

မြန်မာပြည်တို့ကို ခေါက်တုံ့ခေါက်ပြန် ကူးသန်းသွားလာလျက်ရှိသော နိုင်ငံရေး ဘုန်းကြီးတပါးဖြစ်ခြင်း၊ ရခိုင်သားဖြစ်သည် ဆိုခြင်းမှတပါး ကျွန်ုပ်ဘာမျှမသိချေ။ ကျွန်ုပ်မှာ ထိုစဉ်က စာပေမှတပါး နိုင်ငံရေး၌ စိတ်ဝင်စားခြင်း မရှိသေးသည်ဖြစ်၍ ဆရာတော်အပေါ်၌ အထင်လည်းမကြီး၊ စိတ်ဝင်စားမှုလည်း နည်းပါးလှသည်။ ကျွန်ုပ်သည်သူရိယတတိုက်လုံးတွင် (မဂ္ဂဇင်းအယ်ဒီတာအဖြစ်နှင့်) အလုပ်အချောင် ဆုံးသော ဖတ်သူတယောက်ဖြစ်ခဲ့ဘူးရာ ဆရာတော်သည် ကျွန်ုပ်အလုပ်ချောင်ခြင်း ကိုသိသည်တကြောင်း၊ ဝတ္ထုဝါသနာပါ၍ ကျွန်ုပ်အား ဝတ္ထုရေးသမားတယောက် အနေဖြင့် ခင်မင်လေးစားသည်တကြောင်းကြောင့် ကျွန်ုပ်၏စားပွဲတွင် အကြာကြီး ထိုင်ကာ စကားပြောလေ့ရှိ၏။ ကျွန်ုပ်ကမူစာဖတ်ပျက်သည်ဆိုကာ ဆရာတော်အား အသာတကြည်ပြော၍မရလျှင် ငေါက်၍ပင် ထုတ်ခဲ့မိဘူးပါသည်။

ထိုစဉ်က ဆရာတော်သည် ဘယ်ဆီမှာ ဆွမ်းဘုမ်းပေးသည်မသိ၊ ညဥ့်အချိန် များတွင်မူကား သူရိယတိုက်၌ပင် ကျိန်းစက်သည်ဟု ကျွန်ုပ်သိရ၏။ ကျွန်ုပ်၏ မျက်စိ၌ ဆရာတော်သည် ဘုန်းကြီး 'ဂျပိုး'ထဲက ထင်မိသည်နှင့် ငေါက်၍ထုတ်မိ ခြင်းဖြစ်ပါသည်။ "တပည့်တော်တို့က ကိုယ်တော်တို့လို လူအား မဟုတ်ပါဘူး ဘုရား၊ လုပ်နိုင်မှစားရတဲ့လူတွေပါ၊ အရှင်ဘုရားလို လေမပန်းအားပါဘူး ဘုရား"စသည်များဖြင့် နှင်ထုတ်ခဲ့မိဘူးပါသည်။ သို့သော်ဆရာတော်သည် ဤမျှဖြင့်လည်း မနာတတ်၊ ဤထက် ကြမ်းကြမ်း လျှောက်၍လည်းမနာတတ်၊ နှင်ထုတ်သည့်အခိုက်တွင် ခဏတဖြုတ်ထသွား၍ တော်တော်ကြာလျှင် စပ်ဖြဲ စပ်ဖြဲနှင့် ရောက်လာပြန်ပါတော့သည်။ နောက်ပိုင်းတွင် မြန်မာပြည်၌ ဟုမ္မရူး တစခန်းထလာသော အချိန်တွင်မူကား ကျွန်ုပ်သည် အလွန်တန်ခိုးကြီးလျက်ရှိသော 'ငယ်ပေါင်း' ဆရာတော်ဆို၍ ဖူးတွေ့ရန် ရောက်သွားသောအခါ အစောင့်အကြပ် တွေအထပ်ထပ် ဝိုင်းရံလျက်ရှိသည်နှင့် ပုဂ္ဂိုလ်ကြီး အဆင့်ဆင့်ထံ ဝင်ခွင့်တောင်း ပြီးမှ ဆရာတော်ရှေ့မှောက်သို့ ရောက်ခဲ့ရခြင်းကို ကြုံခဲ့ရဘူးပါသည်။ ထိုအခါ တွင် ရှေးယခင်က ရှုပ်သည်ထင်၍ စားပွဲမှ နှင်ထုတ်ခဲ့မိဖူးသော အခြင်းအရာကို

သတိရမိသဖြင့် ပြုံးခဲ့မိပါသေးသည်။ 'ဟော့ ဖေသိန်း၊ မင်းကငါ့ကိုရှုပ်တယ် ဆို'ဟူသော မျက်နှာထားမျိုး ပြရှေမည်လောဟု ကျွန်ုပ်အကဲခတ်သေးရာ ထိုအမူအရာမျိုးကား ပြတော်မမူရှာပေ။

## အံ့သြဖွယ်ဘုန်းပေးနိုင်ခြင်း

ကျွန်ုပ်သည် ဆရာတော်အား နှင်ထုတ်မိခဲ့ဘူးသော်လည်း စင်စစ်မှာ ဆရာတော်မကြီးကျယ်သေးမီအချိန်ကပင် ဆရာတော်၏ အချို့သောစိတ်နေ သဘောထားများကို ကြည်ညိုရကောင်းမှန်း သိသည်နှင့်အိမ်သို့ပင့်၍ ဆွမ်းနှစ်ကြိမ် ကျွေးဘူးပါသည်။ ဆွမ်းကျွေးခြင်းကို လူသိစေလို၍မဟုတ်၊ ဆရာတော်ဦးဥတ္တမ၏ ဘုန်းပေးပုံထူးခြားခြင်းကို ဖော်ပြလိုသောကြောင့်ဖြစ်ပါသည်။ ဆွမ်းနှစ်ကြိမ် ကျွေးဘူးသည့်အနက် ပထမအကြိမ်မှာ ဆွမ်းလိုက်သော ဇလုံကြီးနှင့် ဘုဉ်းပေး၍ တဇလုံလုံး အကုန်ချုတ်ခြင်းမျှလောက်သာ ရှိသဖြင့် စာမဖွဲ့လောက်ပါ။ သို့ရာတွင် ဒုတိယအကြိမ် ကျွေးသောအခါ၌မူ ကျွန်ုပ်ကိုယ်တိုင် တအံ့တသြ ဖြစ်မိသည်နှင့် ဆရာတော်ဦးဥတ္တမအကြောင်းနှင့်ပတ်သက်၍ စိတ်ဝင်စားမှု ရှိသူများအဖို့ ဖော်ပြလိုက်ပါသည်။ ဒုတိယအကြိမ်ပင့်သောအခါတွင် ဆရာတော်က "ငါ့မှာ ဆီးချိုရောဂါရှိတယ်၊ ထမင်းလဲမစား၊ ဂျုံလဲမစား၊ သားငါးသက်သက်သာ စားတယ်"ဟု အမိန့်ရှိလိုက်၏။

ကျွန်ုပ်သည်ဆရာတော်၏ဘုန်းပေးပုံအစွမ်းကို သိပြီးဖြစ်၍ အောက်ပါ စားစရာများကို ချက်ပြုတ်ပြင်ဆင်ထား၏။

(၁)ကြက်တကောင်ရှိ့စ်(ပြုတ်ကျော်)၊ (၂)အရည် ခပ်များများနှင့် ဘဲတကောင် စွပ်ပြုတ်၊ (၃)ဝမ်းဘဲဥ ခြောက်လုံးဟတ်ဘွိုင်၊ (၄)ဝက်အူချောင်းကင် ၂၅ကျပ်သား၊ (၅)ငါးကြင်းသားကြော် ၂၅ကျပ်သား၊ (၆)နွားနို့၅၀သားတို့ကို အသင့်ပြင်ထားပြီးလျှင် မိတ်ဆွေ ကိုခင်မောင်တင့်အားလည်း ထမင်းစား ဖိတ်ထား

၏။ ၎င်းနံနက်တွင် ကျွန်ုပ်တို့အတွက် အထူးတလည်မစီမံပဲ ထမင်းအိုးတလုံး သာချက်ထား၏။ ဆရာတော်ကြွလာ၍ ထိုင်လိုက်ရာတွင် ကျွန်ုပ်တို့လင်မယားနှင့် ကိုခင်မောင်တင့်သည် အနီးတွင်ထိုင်လျက် စောင့်ကြည့်နေကြ၏။ ဆရာတော် သည်ဘဲတကောင်လုံးပေါင်းပြီး ဝမ်းဘဲဥပုံ ပန်းကန်ကြီးတွင် ထည့်ထားသော စွပ်ပြုတ်ရည်ထဲမှ တဝက်ခန့်မျှသောအရည်များကိုသောက်လိုက်ပြီးနောက် ဘဲသား ကိုဖဲ့၍ ဘုဉ်းပေး၏။ ရင်အုပ်နှင့်ပေါင်များ ကုန်သည့်နောက် တောင်ပံရိုး စသည်များကို ကိုက်လိုက်သေး၏။ ၎င်းနောက် ရို့စ်လုပ်ထားသော ကြက်ကောင် ကိုလှမ်းကိုင်၍ ဘဲကောင်ရောက်နှင့်သောနေရာသို့ပို့လိုက်၏။ ကြွင်းကျန်သော ဘဲရိုးနှင့် ကြက်ရိုးများမှာ အညီအမျှလောက်ရှိ၍ မည်သည့်အရိုးတွင်မှ အသားထူထူ ကပ်လျက် မရှိတော့ချေ။ ကြက်ကောင်ကုန်သည့်နောက် တဝက်ခန့် ကျန်သေး သော ဘဲစွပ်ပြုတ်ရည်ထဲမှ နောက်ထပ် တဝက်သောက်ပြန်၏။ အနီးမှထိုင် ကြည့်နေကြသော ကျွန်ုပ်တို့သုံးယောက်သည် တယောက်မျက်နှာကို တယောက်လှမ်းကြည့်နေကြလေပြီ။ ၎င်းနောက်ဆရာတော်သည် ဘဲဥဟတ်ဘွိုင် ခြောက်လုံးနှင့် ဝက်အူချောင်းကို ဘုဉ်းပေးယင်း ကျန်နေသေးသော ဘဲစွပ်ပြုတ်ရည် ထဲမှ တချက်ချက် တဇွန်းနှစ်ဇွန်း ခပ်၍သောက်၏။ ၎င်းတို့ကျွတ်သောအခါ ငါးကြင်းသားကြော်ကို လှမ်းကိုင်၍ အာခြောက်သောအခါတွင် စွပ်ပြုတ်ရည်ဖြင့် ကျိုက်ချ၏။ ငါးကြော်လည်းကုန်၍ စွပ်ပြုတ်ရည်လည်းပြောင်လေပြီ။ ဤတွင်မှ ဆရာတော်သည် နွားနို့ ၅၀ သားကို စကားတပြောပြောနှင့် တဖြည်းဖြည်း ကျိုက်၍ ကျိုက်၍ ချလေရာ ကျွန်ုပ်မှာ ဆရာတော် ဘုဉ်းပေးပြီးနောက် စောင့်၍မကြည့်နိုင်တော့ပဲ ဖိတ်ခေါ်ထားမိသော ဧည့်သည်နှင့် ကျွန်ုပ်တို့အတွက် ဘဲကင်တကောင်ပြေးဝယ်ရပါတော့သည်။ မရှုံတတ်လျှင် ဆရာတော်ကိုက်၍ ချထားသော ဘဲရိုး ကြက်ရိုးများမှ အသား အကပ်အသပ် ကလေးများကို ကိုက်စုတ်ယူရန်မှတပါး ဘာတခုမျှ စားစရာမကျန် တော့ပါ။ ဤသည်ကား ဆရာတော်ဦးဥတ္တမ ကိုယ်တော်၏ တထပ်စာ ဆွမ်းဘုဉ်းပေးတော်မူခြင်းပေတည်း။

## 'မှီး'သော ဝတ္ထုများ

၁၉၁၇ခုနှစ်၊ မတ်လထုတ် ပထမဦးဆုံး သူရိယမဂ္ဂဇင်းတွင် ကျွန်ုပ်၏ "မောင်သိန်းတင် မသိန်းရှင်" ဝတ္ထုတိုတပုဒ်ထည့်သွင်းပြီးနောက် တိုက်အုပ်ဦးလှဖေက ရှားလော့ဟုမ်း (Sherlock Holmes) ၏ စုံထောက်ဝတ္ထုများကို မှီးပြီးမြန်မာဝတ္ထုရေးရန် အကြံပေးသည့်အလျောက် ဧပြီလထုတ် သူရိယမဂ္ဂဇင်းတွင် 'စုံထောက်မောင်စံရှား'ဝတ္ထုရှေးဦးစွာ ပေါ်ထွက်လာပါတော့ သည်။ ထိုစဉ်ကမူ အင်္ဂလိပ်စာတတ်သူ ယခုထက် ရှားသေးသည့်အထဲတွင် ဝတ္ထုဖတ်သူများလည်း အလွန်နည်းပါးကြသေးရကား မောင်စံရှားဝတ္ထုမျိုးဖတ်ရသူတို့က မောင်စံရှားသည် ရွှေဥဒေါင်း၏ စိတ်ကူးဖြင့်ရေးသားခြင်း ဖြစ်သည်ဟု မှတ်ထင်ကြ၏။ မောင်စံရှားဝတ္ထုကိုလည်းကောင်း၊ ရတနာပုံဝတ္ထုကိုလည်းကောင်း အကြောင်းပြု၍ ရွှေဥဒေါင်းအား ချီးကျူးစကားပြောသံများကို ကျွန်ုပ်ကြားရသည့်အခါ ရန်ကြီးအောင်ဝတ္ထုကိုချီးကျူးခြင်းကဲ့သို့ကျွန်ုပ်ဂုဏ်မယူမိခြင်းမှန်ပါသည်။ အချို့သော အင်္ဂလိပ်စာတတ်များကမူ ကျွန်ုပ်အား (Plagiarism) ခိုးချသည်ဟု နှိပ်နှိပ်နယ်နယ် စွပ်စွဲချင်ကြပါသည်။ ခိုးချခြင်းဟူသည်မှာ လူမသိအောင် တကွက်တလေ ခိုးချခြင်းမျိုးကိုဆိုလို၍ အနောက်တိုင်းပြည်များ၌ အကြီးအကျယ် ရှုတ်ချခြင်းဖြစ်ပါ၏။ မောင်စံရှား အစရှိသော ကျွန်ုပ်၏ဝတ္ထုများမှာ တနည်းအားဖြင့်ဘာသာပြန်မှုသာဖြစ်ရာ တိုက်ရိုက်ပြန်ခဲ့လျှင် နုနယ်သေးသော မြန်မာစာဖတ်ပရိသတ်အဖို့၌ စိတ်ဝင်စားမှု နည်းပါးလိမ့်မည်ဟု သိရှိရသောကြောင့် 'မှီး'ရုံသဘောမျိုးဖြင့် ရေးသားခြင်း ဖြစ်ပါသည်။ ဤခေတ်တွင် စာဖတ်သူပေါ်များလာသဖြင့် 'မှီး'ခြင်းထက် တိုက်ရိုက်သက်သက်ပြန်ခြင်းသည် သာ၍သင့်လျော်သည်ဟု ဆိုချင်ဆိုနိုင်သော်လည်း လွန်ခဲ့သောနှစ်ပေါင်း ၄၀ကျော် အချိန်ကမူ 'မှီးသော ဝတ္ထုမျိုးကိုပင် (တိုက်ရိုက်ဘာသာပြန်ခြင်းထက်) ပို၍ ဖတ်ချင်ကြပါသည်။

'မှီး'သော အလုပ်သည် စာရေးဆရာအတွက်စားသာသည်ကား မှန်ပါသည်။ နောက်ပေါက် စာရေးဆရာကလေးများသည် ရှေးလူများ စားသာခြင်းကို မနာလို ကြသည့် လက္ခဏာနှင့် တောင်ကော် မြောက်ကော် ကလော် ရေးသားကြခြင်းမျှသာ ဖြစ်ဟန်တူပါသည်။ ကျွန်ုပ်သည် လည်းကောင်း၊ ကျွန်ုပ်နောက်၌'မှီး'ကြသော စာရေးဆရာများသည်လည်းကောင်း မိမိတို့ 'မှီး'သော ဝတ္ထုစာအုပ်များ အောင်မြင်မှုကြောင့် လက်မထောင်ရဲကြသည် မဟုတ်ပါ။ သူများထက်အလျင်မွေး၍ စားလိုက်ရပေသည်ဟူ၍သာ အောက်မေ့ကြပါသည်။

## ပထမဦး ဂျာနယ်

ရန်ကြီးအောင်ဝတ္ထု ရတနာပုံဝတ္ထု၊ ရူပနန္ဒီဝတ္ထု၊ စုံထောက်မောင်စံရှားဝတ္ထု၊ ရတနာပူရဝတ္ထု စသည်များကိုရေးသားပြီးသောအခါတွင် ရွှေဥဒေါင်းဟူသော အမည်မှာ အတော်တက်လာခဲ့ပါလေပြီ။ ထိုစဉ်ကမူ ဝတ္ထုဘက်တွင်ပီမိုးနင်းနှင့် ကျွန်ုပ်အပြင် ထင်ထင်ရှားရှား မပေါ်ထွက်သေးသည်ဖြစ်၍ ဂုဏ်ယူလောက်အောင် မရှိလှပါ။ ရေးသမျှ ဝတ္ထုများရောင်း၍ စွံရုံမျှလောက်သာ ရှိကြပါ၏။ သို့သော် ကျွန်ုပ်ရရှိသော 'မူပိုင်'တန်ဖိုးငွေမှာ မနည်းလှပါ။ ဥပမာ ရတနာပူရ ဝတ္ထုအတွက် သူရိယတိုက်မှ ငွေ၆ဝဝိ ရခဲ့ဘူးရာ ၎င်းငွေမှာ ဤခေတ်ငွေ ၃ဝဝဝိ ထက်မနည်းသော တန်ဖိုးရှိသောကြောင့် တော်တော်ဟန်သည်ဟု ဆိုနိုင်လောက်ပါ၏။ ထိုအချိန်တွင် လယ်ယာစိုက်ပျိုးရေးဘက်၌ မိတ်ဆွေဖြစ်ခဲ့သော ကိုခင်မောင် တင့်မှာ ရန်ကုန်မြို့ ကုန်သည်လမ်းတွင် ဘားမားဟောက်စ် (Burma House) အမည်နှင့် မြန်မာပြည်ဖြစ် သစ်သားပန်းပု၊ ဆင်စွယ်ပန်းပု၊ ငွေထည်၊ ယွန်းထည်စသော ပစ္စည်းများကို နိုင်ငံခြားသား ခရီးသည်များသို့ ရောင်းသည့် ဆိုင်တဆိုင် ဖွင့်လှစ်၍ အတော်တွင်ကျယ်စွာ ရောင်းချလျက်ရှိ၏။ ကိုခင်မောင်တင့် နှင့် ကျွန်ုပ်သည်မြန်မာ့ဗျူဟာဂျာနယ်ခေါ် ရက်သတ္တပတ်စဉ်ထုတ် စာစောင်ကို

ထုတ်ဝေခဲ့ရာ မြန်မာပြည်တွင် ပထမဦးဆုံး 'ဂျာနယ်'ဖြစ်လေသည်။ ၎င်းဂျာနယ်မှာ တစောင်တမတ်ရောင်း၍ ပန်းရောင်မျက်နှာဖုံး ရှိလေရာ ဂျာနယ်ထွက်သော စနေနေ့ညနေများ၌ စာရေးစာချီများ၏ လက်တွင် တအုပ်စီ ကိုင်လာကြသဖြင့် တမြို့လုံး နီသွားမတတ် မြင်ရခြင်းမှာ လုံးဝတာဝန်ယူကာ စတင်စီစဉ် ထုတ်ဝေရသော ကျွန်ုပ်အဖို့ရာ၌ ကြည်နူးအားတက်ဖွယ် ကောင်းလှပါပေသည်။ ၎င်းဂျာနယ်မှာ ကိုခင်မောင်တင့်က ငွေစိုက်၍ ကျွန်ုပ်က အလုပ်အားလုံးအတွက် တာဝန်ခံဖြစ်လေသည်။ မြန်မာ့ဗျူဟာ ဂျာနယ်မှာ ပထမဦးဆုံး ဂျာနယ်ဖြစ်၍ ပရိသတ်၏ အားပေးခြင်းကို ခံယူရရှိပါလျက် သက်တန်း မရှည်ရခြင်းမှာ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့နှစ်ယောက်လုံး၏ ပျော့ညံ့မှုနှင့် နုံချာမှုကြောင့် ဖြစ်လေသည်။ ကျွန်ုပ်အဖို့ရာ၌ စိတ်ကူးဘက်တွင်လည်းကောင်း၊ အရေးအသား ဘက်တွင်လည်းကောင်း မည်သို့လှသော်လည်း အလုပ်တခုကို တာဝန်ယူချင်သည့် လေးစားမှုမရှိခြင်း၊ ကိုခင်မောင်တင့်ဘက်၌ မြန်မြန်သဌေးဖြစ်ချင်ခြင်းတည်း ဟူသော ချွတ်ယွင်းချက် ရှိခြင်းတို့ကြောင့် ဂျာနယ်ကလေး ပျက်ရခြင်း အတွက် ကျွန်ုပ်နမြောလှသည်။

## ယဉ်ယဉ်ကလေး ဖျက်ဆီးခြင်း

ဤနေရာ၌ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်အကြောင်းကို အနည်းငယ် ဖော်ပြရပေဦးမည်။ မန္တလေးမြို့လယ်ယာစိုက်ပျိုးရေးဌာနဘက်၌ အတူတကွ အလုပ်လုပ်ကြစဉ် ကိုခင်မောင်တင့်သည် ပျော်ပျော်နေချင်တတ်သူတယောက် ဖြစ်သော်လည်း သူ၏စိတ်တိုင်းကျ ရရှိထားသော မယားကို လေးစားသည့်အတွက် ကြောင့်အလည်အပတ်နားပါကြောင်း ဖော်ပြခဲ့ဘူးရာ ရန်ကုန်သို့ရောက်သောအခါ ၌မူ သူ၏ပထမအိမ်ထောင် ပျက်စီး၍ ဒုတိယအိမ်ထောင်မှာ မိန်းမချောတယောက် ဖြစ်ပြီး တဦးတည်းမွေးထားသည့် အလွန်ချစ်စဖွယ်ကောင်းသော သားကလေး

တယောက်နှင့် ဟန်ကျလျက်ရှိသော်လည်း လေးစားမှုအရာတွင် ပထမအိမ်ထောင်ကိုမမှီချေ။ ချစ်ခင်ကြင်နာမှုကား တူပါလိမ့်မည်။ လေးစားမှုကား မတူချေ။ ဤတွင်ကိုခင်မောင်တင့်သည် ပျော်ပျော်နေချင်တတ်သော ဝါသနာအတိုင်း အိမ်မှထွက်၍ ပျော်သောအချိန်များခဲ့လေပြီ။ ကျွန်ုပ်သည်သူ၏နမူနာ ကိုကြည့်ခြင်းအားဖြင့် စံဒေဝီနှင့် အကြောင်းပါခဲ့လျှင် တော်တော်ငြိမ်လိမ့်မည်ဟု ယူဆမိခြင်း ဖြစ်ပါသည်။

ယခုသော် ကျွန်ုပ်မှာ ပထမနှင့်ဒုတိယအိမ်ထောင်တို့အပေါ်တွင် စံဒေဝီကဲ့သို့လေးစားမှုမရှိရကား ကိုခင်မောင်တင့်နှင့် 'ဘက်'ရ၍ အတူတကွ ပျော်ပျော်နေခဲ့ကြပါတော့သည်။ သို့ရာတွင်ကျွန်ုပ်တို့ပျော်ခြင်းမှာ ဟိုတယ်တခုမှ တခုသို့ပြောင်းပြီး ဘိလိယက်ထိုးယင်း ဘီယာသောက်ကြခြင်းမျှသာဖြစ်ပါသည်။ ဘိလိယက်ထိုးခြင်း၊ ဘီယာတပုလင်းတလေသောက်ခြင်းတို့သည် အပြစ်ကြီးများ မဟုတ်သော်လည်း စုပေါင်းလိုက်သည့်အခါ၌မူ ပျော်သည်ထက် ပျော်ချင်သောစိတ်မျိုး တနေ့တခြား ပြင်းထန်လာ၍ ယဉ်ယဉ်ကလေးနှင့်လူကိုဖျက်ဆီးသော ပျော်နည်းမျိုးဟူ၍ ကျွန်ုပ်မှတ်ချက်ချလိုက်သည်။ အခြားလူများအတွက် မပြောတတ်၊ ကျွန်ုပ်နှင့် ကိုခင်မောင်တင့်တို့မှာမူ ဤအတွက်ကြောင့် အတော်ဒဏ်ခံ လိုက်ရပါသည်။ ဒဏ်ဟူသည်မှာ အခြားမဟုတ်၊ အိုးနှင့်ဆန် မတန်လောက်အောင် ပိုက်ဆံကုန်ကျခြင်းပင်ဖြစ်၏။ ကျွန်ုပ်မှာ ထိုစဉ်က လခနှင့်ဝတ္တုရေးခြင်းအတွက် စုစုပေါင်း ၂၀၀ိ ကျော် ရရှိပါလျက် (ငွေ ၂၀၀ိ သည်ထိုခေတ်၌ အတော်ကြီး အရာရောက်သည်။) ညတိုင်း ၅ကျပ်၊ ၁၀ိ သုံးဖြုန်းချင်သည့်အတွက် အဘယ်မှာ ချောင်ချိနိုင်ပါအံ့နည်း။ ကျွန်ုပ်တို့၏ အပြစ်ကား အခြားမဟုတ်၊ လခတထောင်ကျော်ရသော အင်္ဂလိပ်အရာရှိကြီးများ၏ ပျော်ပါးနည်းမျိုးကို ဘိလိပြန်ဆရာ ကိုခင်မောင်တင့်၏ လမ်းပြခြင်းအရ သွားရည်ကျ၍ အတုခိုးမိခြင်းပင်ဖြစ်လေသည်။

## ဟန်ကြီးပန်ကြီးလုပ်မိခြင်း

ဤအတောအတွင်း ကျွန်ုပ်၏ခြေဖျားထောက်သော အပြစ်ကလေးများလည်း ပါရှိသေး၏။ ၁၉၁၇–၂၀ ပြည့်နှစ်များတွင် သူရိယနေ့စဉ်သတင်းစာအတွက် ဝတ္ထုများကို ကျွန်ုပ်တယောက်တည်း 'ဒိုင်ခံ'ရေးရသော အဖြစ်သို့ရောက်ခဲ့လေပြီ။ သူရိယနေ့စဉ်သတင်းစာ အယ်ဒီတာဦးဘကလေးသည် အခြားစာရေးဆရာများ ပို့ကြသည့်ဝတ္ထုများကိုလည်း မကြိုက်၊ ကျွန်ုပ်အားလည်း ရေးပေးဖို့မပြောချင်ပဲ ဖြစ်နေ၏။ ကျွန်ုပ်မှာလည်းမြန်မာ့ဗျူဟာဂျာနယ်၊ မြန်မာ့နဂ္ဂဟဂျာနယ် စသည်တို့တွင် ဈေးနှုန်းကောင်းကောင်းနှင့် ရေးရသောကြောင့် သူရိယနေ့စဉ် အတွက်မူ သူတို့ကတောင်းမှ ရေးပေးတော့မည်ဟု ဟန်ကြီးပန်ကြီးလုပ်လာ၏။ ဤတွင်ဦးဘကလေးသည် အခြားစာရေးဆရာ တယောက်ရေးသည့် ဝတ္ထုတပုဒ်ကို နေ့စဉ်သတင်းစာတွင် ထုံးစံအတိုင်း ထည့်ပေးလိုက်ရာ တလမျှမကြာမီ စာဖတ်သူများက ဝိုင်း၍ဆူကြသဖြင့် ရပ်ပစ်လိုက်ရ၏။ သို့နှင့်ကျွန်ုပ်အားလည်း အရေးမခိုင်း၊ ကျွန်ုပ်ကလည်း မဂ္ဂဇင်းအတွက်သာ တာဝန်ရှိသူဖြစ်၍ နေ့စဉ်သတင်းစာအတွက် မခိုင်းပဲမရေးဟု ပေကပ်နေ၏။ သူရိယတိုက်တွင် အထက်ပိုင်းလူကြီးများဖြစ်ကြသော ဦးလှဖေ၊ ဦးဘဖေနှင့် ဦးဘကလေးတို့သည် ကျွန်ုပ်ကဲ့သို့သော အခြားလုပ်သားများအပေါ် တွင် ဗျူရိုကရက်ဆန်ကြသည်ဟု ကျွန်ုပ်ထင်သောကြောင့် ကျွန်ုပ်က တမင်တကာ ကပ်ဖဲ့လုပ်ခြင်းဖြစ်၏။ ကျွန်ုပ်နှင့်အတူ နှစ်လခန့်အလုပ်လုပ်သွားဘူးသည့် ပီမိုးနင်း ကလည်း ဤအတိုင်းပင် ထင်မြင်ချက်ရှိ၍ ကျွန်ုပ်အား မြှောက်ပေးဘူးသည်။ ဤသည်မှာ ကျွန်ုပ်၏အပြစ်ဟူ၍မထင်။ အခြားနေရာများတွင် သိပ်သည်းစွာ နေထိုင်တတ်ပါက ကျွန်ုပ်ပင် မနိုင်စေဦး၊ အရှုံးထွက်လိမ့်မည်မထင်ပါ။ ယခုမှာ ရသမျှငွေကို

ကိုခင်မောင်တင့်နှင့်အတူ (ဖော်ပြခဲ့သည့်နည်းအတိုင်း) လက်ကျန်မထားပဲ သုံးဖြုန်းပစ်ချင်တတ်သည့် ကျွန်ုပ်၏အကျင့်ဆိုးကြောင့် အညံ့ခံခဲ့ရဘူးပါသည်။

## အဆင်မပြေမှုများ

သူရိယတိုက်နှင့် ပတ်သက်၍ ကျွန်ုပ်အညံ့ခံခဲ့ရပုံ အခြင်းအရာကို မဖော်ပြမီ သူရိယတိုက်သားအချို့နှင့် ကျွန်ုပ်အဆင်မပြေမှုကလေးများရှိပုံကို ဖော်ပြပါဦးမည်။ သူရိယအယ်ဒီတာ အဖွဲ့တွင် ကျွန်ုပ်သည်လခအကြီးဆုံး မဟုတ်သော်လည်း (ဦးဘဖေနှင့် ဦးလှဖေ ၃၀၀ိ မျှစီ လည်းကောင်း၊ ဦးဘကလေး ၁၈၀ိ မျှလည်းကောင်း၊ လွယ်အိတ်ဦးဘလှိုင်နှင့် သူကြီးဂေဇက် ဦးခင်မောင်တို့မှာ ကျွန်ုပ်နှင့် ပိန်မသာလိမ်မသာမျှလည်းကောင်း၊ ကိုဘသန်းမှာ ကျွန်ုပ်နှင့် တန်းတူမျှလည်းကောင်း ရရှိကြသည်။ တိုက်အုပ်နှစ်ယောက်မှတပါး) ကျွန်ုပ်မှာ ဝတ္ထုများနှင့် အခြားစာပေများ ရေးသားခြင်းကြောင့် ဝင်ငွေအကောင်းဆုံး တယောက်ဖြစ်နေ၏။ ရန်ကုန်သားတယောက်မဟုတ်ပဲ မနေ့တနေ့ကမှ ရန်ကုန်သို့ ရောက်လာသူဖြစ်သည်နှင့် ကြွားလိုလှ၍မဟုတ်၊ အညာသားတယောက် အနေဖြင့် အထင်သေးမခံရစေခြင်းငှာ တော်တော်ကြီး ပြောင်ပြောင်လက်လက် ဝတ်ဆင်လေ့ရှိ၏။ (ထိုခေတ်မှာ ဤခေတ်နှင့်မတူ၊ ယောကျ်ားချင်း အပြိုင်ဝတ်သော ခေတ်ဖြစ်၏။) ဤခေတ်တွင်ခေါင်းပေါင်းလည်း နေရာတိုင်း မပေါင်းကြ၊ ချည်လုံချည်နှင့် ဘုံဘိုင်ဖိနပ်လောက်ဖြင့် ပြီးကြသူများသော်လည်း ထိုခေတ်၌မူ စာရေးစာချီ အတန်းအစားလူများသည် ကိုယ်တိုင်ပေါင်းရသော ဘီအေပေါင်း (မောင့်ကျက်သရေခေါင်းပေါင်းမဟုတ်) ပိုး၊ သို့မဟုတ် သက္ကလပ်၊ သို့မဟုတ် တာဖက်တာအကျီ၊ နော်န်ထရက်၊ သို့မဟုတ်ဆက္ကဖုံး စသောဖိနပ် ကောင်းများကို လူတိုင်းလို ဝတ်ဆင်ကြသည်။

ကျွန်ုပ်၏ အသက်တာတလျှောက်လုံးတွင် (ထိုခေတ်ကကဲ့သို့ ရန်ကုန်မြို့၌ ယောကျ်ားချင်းအဝတ်ပြိုင်သောခေတ်ကို မကြုံခဲ့ရဘူးပေ) တိုက်အုပ်ဦးလှဖေမှာ ပိုးသားတောင်ရှည်ကို နေ့တိုင်းဝတ်၍ လုံချည်နှင့်အလုပ်တက်သောနေ့ပင် မမြင်ဘူးချေ။ အယ်ဒီတာ ဦးဘကလေးလည်း ပိုးလုံချည် 'ထည်လဲ'နှင့် သစ်လွင်သော အင်္ကျီ၊ ဖိနပ်များကို နေ့တိုင်းဝတ်၏။ ဦးဘဖေကား (ငွေစုသမား တယောက်ဖြစ်၍) အဝတ်အစားဘက်တွင် သင့်တင့်ရုံမျှ ဝတ်လေသည်။ ကျွန်ုပ်မူကား ဝင်ငွေကောင်းသည့်ပြင် 'အညာသား'ကို အထင်သေးမခံနိုင်သည့် အတွက်ကြောင့် ဦးဘကလေး စသော လူစုထက် မညံ့အောင် ဝတ်ဆင်ခဲ့သည်။ ကျွန်ုပ်၏ ဂိုက်ဆိုက်ပြောင်းလဲလာခြင်းကို မြင်ကြရသောအခါ ကျွန်ုပ်အား မျက်နှာထားတမျိုးနှင့် ကြည့်ကြသည်ဟု ကျွန်ုပ်ထင်သည်။ သူတို့ရှေ့မှ ကျွန်ုပ်ဖြတ်သွား၍ လွန်လာပြီးမှ ရုတ်တရက် ဖျပ်ကနဲ လှည့်ကြည့်လိုက်သောအခါ သူတို့အချင်းချင်း 'မျက်စပစ်'ပြခြင်းကို ကျွန်ုပ်မြင်လိုက်ရဘူးသည်။ မှားသည်ဖြစ်စေ ၊ မှန်သည်ဖြစ်စေ ကျွန်ုပ်အား အခြားတိုက်သားများက ဝိုင်းပြီး မနာလိုလျက်ရှိသည်ဟု ကျွန်ုပ်အထင်ရောက်လျက်ရှိလေပြီ။

## သူရိအယ်ဒီတာအဖွဲ့

ဤသို့သော အခြေအနေတွင် သူတို့နှင့်ရောနှောပေါင်းသင်းခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ခြင်းကိုလည်းကောင်း၊ ရောနှောခြင်းအလုပ်တွင်လည်း မိမိကအနာခံ၍ 'မျှော'ခြင်းသည် အရာရောက်ဆုံးဖြစ်ခြင်းကိုလည်းကောင်း နှောင်သောအခါ၌ ကျွန်ုပ်နားလည်ပါသည်။ ဥပမာ ဟိုတယ်တခု၌ ၎င်းတို့ရောက်နေကြစဉ်ကျွန်ုပ်ဝင်သွားသောအခါ သူတို့စားပွဲတွင် ဝင်ထိုင်ပြီး တခွက်စီတိုက်လိုက်လျှင် (ကျွန်ုပ်တတ်လည်းတတ်နိုင်ပါသည်။) အခြေအနေ

အတော်ကောင်းသွားမည်ဖြစ်၏။ ထိုကဲ့သို့ နှစ်ကြိမ်သုံးကြိမ် ဝတ်ပြုလိုက်ပါက အားလုံး နေရာကျသွားရမည်ဖြစ်၏။ ယခုသော် ကျွန်ုပ်အား ဆီး၍မခေါ်သော လူများဟုဆိုကာ ထိုလူစုကို မမြင်ချင်ပြု၍ သူတို့နှင့်အဝေးဆုံးသော စားပွဲတခုသို့သွားပြီး တယောက်တည်း ထိုင်သောက်၏။ (သူရိယအယ်ဒီတာအဖွဲ့တွင် လူလတ်ပိုင်းကမူ လွယ်အိတ်ဦးဘလှိုင်မှတပါး အနည်းအကျဉ်းသောက်တတ်သူများပါသည်။ သို့သော်ယစ်ထုပ်များကား မဟုတ်ကြပါ။ သေရည်အရက်သောက်ခြင်းနှင့် ပတ်သက်၍ လူအများနှင့်ကျွန်ုပ်အယူအဆ ကွဲလွဲမှုရှိ၏။ နောက်ပိုင်းတွင် အချို့လူများသည် ကျွန်ုပ်အား "ပီမိုးနင်းကြီးတယောက်အရက်သောက်တတ်တယ်ဆို"ဟု မေးတတ်ကြရာ ကျွန်ုပ်က "ကျွန်တော်လဲသောက်တတ်တာပဲ"ဟု လုံးပိုသက်သက်ဖြည့်စွက်ဖြေဆိုလေ့ရှိပါသည်။) ထိုစဉ်က အယ်ဒီတာအဖွဲ့ဝင်များအနက် နောင်အခါတွင်မနေနိုင်သည့် 'ယစ်ထုပ်'ဖြစ်သွားကြသူများလည်း ရှိကြသည်။ သို့သော် ကျွန်ုပ်မူကား ထိုကဲ့သို့မဖြစ်စေပဲ မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်ခဲ့ခြင်းအတွက် ကျေနပ်ပါသည်။ သောက်တတ်ဘူးခြင်းအတွက် ရက်စရာကြီးတခုဟူ၍မယူဆပါ။ ကျွန်ုပ်၏အဘိုးက "ယောက်ျားကလေးဆိုတာ 'စုံ'မှကွယ့်"ဟူ သောစကားတလုံးကို ကျွနုပ်သဘောကျဘူးကြောင်း ဖော်ပြခဲ့ရာ 'စုံ'ခြင်းဟူသည် မှာ သုရာမေရယ သက်သက်ကိုသာ ဆိုလိုခြင်းမဟုတ်ကြောင်းကို ရှေ့တွင် အလျဉ်းသင့်သောနေရာ၌ ရှင်းလင်းဖော်ပြရပါဦးမည်။

## အမြင်ကတ်စရာလူတယောက်

ကျွန်ုပ်အား ဝင်ငွေကလေးကောင်း၍ 'ထောင်လွှားသော အညာသားတယောက်'ဟု အချို့တိုက်သားများက အမြင်ကတ်လာကြည်ဟု ကျွန်ုပ်ထင်လာသောအချိန်မှစ၍ ကျွန်ုပ်သည် ဖော်ပြခဲ့သည့်နည်းအတိုင်း ရောနှောဖို့ မကြိုးစားတော့ပဲ (ကြိုးစားထိုက်သည်ဟူ၍လည်း ကျွန်ုပ်နားမလည်သေး) သာ၍ အမြင်ကတ်

အောင်လုပ်ချင်သော စိတ်မျိုးသာ ဖြစ်ပေါ်လာပါတော့သည်။ ထိုခေတ်၌ ကွမ်းခြံ (ရန်ကုန်)ဘူတာအနီး ပန်းဆိုးတန်းလမ်းပေါ်တွင် 'ဆိုရှယ်ရဲ့စ်တောရင့်'ခေါ် ဟိုတယ်၌ ဘိလိယက်ခုံများရှိရာ ၎င်းတွင်ကျွန်ုပ် ဘိလိယက်ထိုးလေ့ရှိသဖြင့် ဟိုတယ်ပိုင်ရှင် မိုလ်ကပြား လင်မယားနှင့် အကျွမ်းတဝင်ဖြစ်လာ၏။ ၎င်းတို့၌ ဒေါက်ကတ်ကောင်းတခုရှိရာ သူတို့ကပြား အချင်းချင်းအား တနာရီငါးကျပ်နှုန်းဖြင့် ငှားလေ့ရှိ၏။ မြန်မာများအားမူကား သူတို့ကလည်းမငှား၊ ငှားစီးသော မြန်မာများလည်းရှားလှသည်။ ကျွန်ုပ်မူကား သူတို့လင်မယားနှင့် အကျွမ်းတဝင်ရှိ၍ ၎င်းနှုန်းအတိုင်းငှား၏။

ကျွန်ုပ်ဒေါက်ကတ် မောင်းတတ်ခြင်းကိုလည်း သူတို့သိ၏။ သို့ဖြစ်၍ ဒေါက်ကတ်ကိုညနေ၅နာရီတွင် သူရိယတိုက်သို့ပို့ရန် ကျွန်ုပ်မှာထားပြီး သူရိယတိုက်၌ တဦးတည်းသော မိတ်ဆွေ 'သံတွဲမောင်'အားလည်းပြောထား၏။ ညနေ၅နာရီထိုး၍ တိုက်သားများသည် အလုပ်မှဆင်းလာကြသဖြင့် တိုက်ရှေ့၌ လှုပ်လှုပ်ရွရွရှိနေကြသည်။ ကျွန်ုပ် (ထိုနေ့အဖို့အထူးတလည်ဆင်လာခဲ့သည့် အဝတ်သစ်များဖြင့်) သံတွဲမောင်နှင့်အတူ တိုက်ပေါ်မှ ဆင်းလာပြီးဒေါက်ကတ်ပေါ်သို့ တက်ကာ ဆူးလေဘုရားလမ်းတလျှောက် မောင်းလာခဲ့လေ၏။ မြင်းကြီးမှာ ချောချောလှလှနှင့် အဆက်အကွင်းကျ၍ ထွားကြိုင်းသော အလုံးအရပ်ရှိပေရာ ယခုကဲ့သို့ မိုတာကား အသွားအလာ မများလှသေးသည့် ဆူးလေဘုရား (ကတ္တရာစေး) လမ်းကြီးပေါ်တွင် ကျွန်ုပ်တို့ဒေါက်ကတ်မြင်းကြီး၏ ခွာသံကြီးများသည် တဖြောင်းဖြောင်းတဖြောင်းဖြောင်းဖြင့် တဘက်စီတလုံးစီ ပီပီသသ မြည်ချသွားလေ၏။ ရှေ့၌တွေ့သော လံချားများနှင့် မြင်းရထားများကိုလည်း တဒေါင်ဒေါင်တဒင်ဒင်မြည်အောင် ဘဲလ်ကို ဆောင့်နင်းခြင်းအားဖြင့် ဖယ်ရှားစေ၏။ ဤအခြင်းအရာကို မြင်ကြသော သူရိယ တိုက်သားများအနက် ကျွန်ုပ်တို့နှစ်ယောက်အား (အထူးသဖြင့် ဒေါက်ကတ်မောင်း သောရှေ့ဒေါင်းအား) အမြင်မကပ်သော သူရိယတိုက်သား ခပ်ရှားရှားရှိလိမ့်မည်ထင်သည်။ ကျွန်ုပ်၏

ဉာဉ်ဆိုးတခုမှာလည်း ကျွန်ုပ်အား အကြောင်းမဲ့အမြင်ကတ်သူ၊ မနာလိုသူများကို တိုး၍ အမြင်ကတ်အောင်၊ မနာလိုအောင် လုပ်ရခြင်းသည် အရသာတခုဖြစ်၏။ ဤဝါသနာမှာ ကျွန်ုပ်အဖို့ရာ၌ ဖျောက်ဖျက်ဖို့အခဲယဉ်းဆုံးတခု ဖြစ်နေပါတော့သည်။ ဤနည်းဖြင့် ကျွန်ုပ်နှင့် သံတွဲမောင်တို့သည် တပတ်လျှင် နှစ်ကြိမ်မျှ လောက် ကန်တော်ကြီးသို့ လေညင်းခံ ထွက်ကြလေရာ သူကလည်း ဤဗိမ်မျိုးကို လျှာလည်လာသည်ဖြစ်၍ တလှည့်တပတ်တွင် အကုန်အကျခံပါလေသည်။ ကျွန်ုပ်သည် မိုတာကားကိုတော့ မမောင်းဘူးပါ။ သို့ရာတွင် ဒေါက်ကတ်ကောင်းကောင်းတွင် မြင်းရှရှလုလု တပ်၍ မောင်းရခြင်းသည် 'မောင်း'ခြင်းတကာတို့တွင် ဗိမ်အရှိဆုံးဟူ၍ ဆိုချင်ပါသည်။

## ချဲလင့်ချ် လုပ်မိဘူးခြင်း

တနေ့သ၌ သံတွဲမောင်နှင့် သူရိယတိုက် စာရေးတယောက်သည် (မည်သည့် အကြောင်းကြောင့်ဟူ၍ မမှတ်မိတော့) တိုက်ထဲတွင် စကားများကြရာမှ ရန်ဖြစ်ကြလေရာ စာရေးသည် သံတွဲမောင်အား အဝေးကြီးမှပြေးလာပြီး ခြေထောက်နှင့်ကန်ကျောက်လိုက်သဖြင့် သံတွဲမောင် ယိုင်သွား၏။ လူနှစ်ယောက်မှာလုံးတူရပ်တူ ခပ်ထွားထွားချည်းဖြစ်၍ လက်ဝှေ့ပွဲ ကြည့်ရတော့မည်ဟု မျှော်လင့်ကြ၏။ သို့ရာတွင် သံတွဲမောင်သည် စာရေးကို တုံ့ပြန်ကန်ကျောက်သည်ဖြစ်စေ၊ ယုတ်စွအဆုံး လက်သီးနှင့် ထိုးသည်ဖြစ်စေ ပြုလုပ်ရမည့်အစား စားပွဲတခုသို့ပြေးပြီး မင်အိုးတလုံးကို ကောက်ယူကာ စာရေးအား ပေါက်၏။ မထိမှန်ချေ။ ဤတွင်သံတွဲမောင်သည် တောင်ပြေး မြောက်ပြေးနှင့် လက်နက်တခုခုကိုရှာလေရာ သတင်းစာတိုက်ဖြစ်၍ (သူက ရှာဟန်ရှိသည့်) တုတ်၊ ဓား၊ သေနတ်စသော လက်နက်ကောင်းမျိုးကို မတွေ့ရချေ။ ထိုအခါ စာရေးသည် နောက်တခါ ကန်ကျောက်ဦးမည်ဟု ပြေးသွားရန် ဟန်ပြင်လျက်ရှိစဉ် ကျွန်ုပ်က

“ဟော့လူတော်တော့ကွ၊ မင်းကချည်း လုပ်နေရတာပဲ”ဟု ပြောလိုက်သည်နှင့် တန့်သွားပြီး ရန်ပွဲပြီးသွား၏။ သံတွဲမောင်မူကား သူ့စားပွဲတွင်ပြန်ထိုင်ကာ အံသွားကြိတ်ခြင်း၊ လက်သီးဆုတ်ခြင်း စသည်များဖြင့် ဒေါသကိုပြလျက်ရှိ၏။

ထိုအခါ ကျွန်ုပ်သည် စာရေးက အယ်ဒီတာအား တဘက်သတ် ကန်ကျောက်ခြင်းကို မခံချင်သည်တကြောင်း၊ သံတွဲမောင်ကို သနားသည် တကြောင်း၊ ကျွန်ုပ်ကအလုပ်သွင်းပေးသော အယ်ဒီတာဖြစ်သည်တကြောင်း၊ လုံးတူရပ်တူဖြစ်လျက် လက်သီးချင်းလည်း မထိုး၊ ခြေထောက်ချင်းလည်း ပြိုင်၍မကန်ဝံ့ပဲမရှိသောလက်နက်ကို ရှာနေရချေမည်လောဟု စိတ်ပေါက်လာ သည်တကြောင်းကြောင့် “ဟော့လူ၊ မင်းနဲ့ငါနဲ့တိုက်ခေါင်မိုးပေါ်တက်ပြီး တချီတပွဲ သတ်ချေကြစို့လား”ဟု ချဲလင့်ချ် လုပ်လိုက်၏။ ကျွန်ုပ်တို့သုံးယောက်လုံးမှာ လုံးတူ ရပ်တူ လန်ဘားချည်း ဖြစ်၍တကယ်သတ်ကြလျှင် မည်သူရှုံးမည်၊ နိုင်မည်ကို ခန့်မှန်းရန်ခဲယဉ်းပေလိမ့်မည်။ ကျွန်ုပ်အဖို့ရာ၌ကား ဘုန်းကြီးကျောင်း သားဘဝတွင် ရွယ်တူလျှင် လူမရွေးဆိုကာ ထိုးသတ်ခဲ့ဘူးသည့် အလေ့အကျင့်မျှ လောက်သာ အားကိုးရှိပါသည်။ စာရေးသည် ကျွန်ုပ်အား လှမ်းကြည့်၍ “ခင်ဗျားနဲ့တော့မသတ်ချင်ဘူး အပေးပြိုင်ချင်တယ်”ဟု ပြန်ပြောလေသည်။ ဤအကြောင်းအရာကို ရေးသားဖော်ပြရခြင်းမှာ ကျွန်ုပ်၏သတ္တိကို သိစေလိုသော ကြောင့် မဟုတ်ရပါ။ သူရိယတိုက်မှ ကျွန်ုပ်အလုပ်ပြုတ်ရာတွင် ဤစာရေး၏ လက်ချက်ပါရှိခြင်းကို ဖော်ပြရဦးမည် ဖြစ်သောကြောင့်ဖြစ်ပါသည်။ သံတွဲမောင် ကား သူ၏အသရေကို ကျွန်ုပ်ကဆယ်လိုသောရည်ရွယ်ချက်ဖြင့် စာရေးချဲလင့်ချ် လုပ်သည်ဟု နားလည်မတူ၊ နောင်တွင် ဟိုတယ်တခု၌ ကျွန်ုပ်ကို ပုလင်းနှင့် ရိုက်မည် ကြံစည်ဘူးလေရာ ကျွန်ုပ်၏ညီက သူ့အကြံကိုသိ၍ လုံချည်ထဲ၌ ဝှက်ထားသော ပုလင်းကိုထုတ်ယူလိုက်နိုင်သည်နှင့် အကြံပျက်သွားပါတော့သည်။ (ယခုအချိန်၌ စာရေးရော သံတွဲမောင်ပါ ကွယ်လွန်ကုန်ရှာကြလေပြီ။)

## မိဘနှစ်ပါးကို ပင့်ခေါ်ခဲ့ခြင်း

၁၉၂၀ ပြည့်နှစ်၊ ဩဂုတ်လတွင် ကျွန်ုပ်သည် (လုပ်သက် သုံးနှစ်တွင် ခွင့်တလပေးသော သူရိယတိုက်စည်းကမ်းအတိုင်း) အခွင့်တလယူ၍ သားမယား များနှင့်အတူ ဝက်လက်၌ရှိသော မိဘများထံသို့ အလည်သွားကြရန် ပြင်ဆင်၏။ ကျွန်ုပ်နှင့်အတူနေသော ညီလည်းပါသည်။ (လွန်ခဲ့သော တနှစ်လောက်က ကျွန်ုပ်သည်သူရိယတိုက်တွင် စာရေးအလုပ်တခုလစ်လပ်၍ တိုက်အုပ် ဦးလှဖေထံ ညီအတွက် လျှောက်ထားဘူး၏။ ကျွန်ုပ်၏ညီမှာ ဆရာဖြစ်စာမေးပွဲလည်း အောင်၍ အင်္ဂလိပ်ရော မြန်မာစာအရေးအသားတွင် သာမန်စာရေးများထက်သာကြောင်း ပြောထား၏။ နောက်ဆုံး၌ ဦးလှဖေက တိုက်တတိုက်တည်းတွင် လုပ်သား ညီအစ်ကိုခန့်ထားသော 'မူ'ကို သဘောမကျ ကြောင်း၊ တခါက ညီအစ်ကိုနှစ်ယောက် ခန့်ထားဘူးသည့်အတွက် လုပ်သားအချင်းချင်း ပြဿနာ ပေါ်ပေါက်ရဘူးကြောင်း၊ သူ၏ညီအရင်း တယောက်ကိုပင် သူရိယတိုက်သို့ မသွင်းပဲအခြားနေရာတခုတွင် လုပ်ကိုင်စေကြောင်းပြော၍ ငြင်းပယ်လိုက်ဘူး ပါသည်။ (ကျွန်ုပ်သည်သံတွဲမောင်နှင့် ရန်ဖြစ်ဘူးသည့် စာရေး၏ (ရန်မဖြစ်မီက) မိတ်ဆက်ပေးခြင်းကြောင့် ဝတ်ဆင်တိုက်မှ အဝတ်အထည်နှင့်လူသုံးပစ္စည်းများကို 'လခထုတ်ပေး' အကြွေးယူ၍ လစဉ်ပေးဆပ်လာခဲ့သည်မှာ တနှစ်ကျော်ခန့် ရှိပါလေပြီ။ အခွင့်သွားမည့်လ၌မူ အကုန်အကျများလိမ့်မည်ကို သိသည်နှင့် ကြွေးယူထားသည့် ငွေ၄၀ကျော်ကို မဆပ်ခဲ့ပဲထားခဲ့မိပါသည်။ ကျွန်ုပ်၏အကြံမှာ ဤလမဆပ်နိုင်လျှင် နောက်တွင် ပေးဆပ်ရန်ဖြစ်ရာ ယခင်ကလည်းတစ်ကြိမ် နှစ်ကြိမ်မျှ ဤအတိုင်းလုပ်ခဲ့ဘူး၏။ ဝက်လက်သို့ ရောက်ကြ၍ မိခင် ဈေးရောင်း ရခြင်းကို ကျွန်ုပ်တွေ့သောအခါ မိမိတတ်နိုင်သော တာဝန်ကိုထမ်းမည်ဆိုကာ

ဈေးဆိုင်ကို ဖြုတ်စေ၍ ကျွန်ုပ်တို့နှင့်အတူ ရန်ကုန်သို့လိုက်နေရန် မိဘနှစ်ပါးကို ခေါ်လာခဲ့ပါ သည်။ သားသမီးက ကျွေးမွေးခြင်းကို မစားချင်တတ်သော ကျွန်ုပ်မိခင်က အတန်တန်ငြင်းသော်လည်း ကျွန်ုပ်က ကျွန်ုပ်ကဲ့သို့သော သားတယောက်လုံး ရှိလျက်နှင့်မိခင်က ဆိုင်ကလေးရောင်းနေရခြင်းမှာ ကျွန်ုပ်အဖို့ရှက်စရာကောင်း သည်ဆိုကာ အကြောင်းပြသည်နှင့် စိတ်မပါတပါနှင့် လိုက်လာကြရှာလေသည်။ ဝင်ငွေ ၂၀၀၊ ၃၀၀ ဆိုသည်မှာ ထိုခေတ်၌ စားနေဝတ်အတွက်လုံလောက်သည် ဖြစ်ရာ မလုံလောက်သေးလျှင်လည်း ကျွန်ုပ် အလုပ်ပို၍လုပ်မည်၊ အပိုသုံးဖြုန်းခြင်း များကို လျှော့ပစ်မည်ဟု အားခဲထားခဲ့ ပါသည်။ ကျွန်ုပ်တို့မိသားစုသည် ပျော်ပျော် ပါးပါး ခရီးသွားကြမည် ဆိုကာမီးရထားဖြင့် မပြန်ပဲ သင်္ဘောဖြင့်စုန်ဆင်းလာကြရာ ကျွန်ုပ်အလုပ်ပြန်ဝင်ဖို့ ရက်မစေ့မီ တရက်တွင် ရန်ကုန်သို့ဆိုက်ရောက်ရန်ဖြစ်လေသည်။ သို့ရာတွင် လမ်းခရီး၌ သောင်တင်လျက်ရှိသော အစိုးရသင်္ဘောတစ်စင်းကို ကျွန်ုပ်တို့ သင်္ဘောက သဲသဲမဲမဲ ဆွဲချဖို့ ကြိုးစားသည်နှင့် အချိန်တရက်ဖင့်သွား၏။ သောင်တင်သောသင်္ဘောကိုလည်း လက်လျှော့၍ထားခဲ့သည်။

## မလိုသူများ၏လက်ချက်

ရန်ကုန်သို့ ပြန်ရောက်သည်မှာ တရက်နောက်ကျသော်လည်း အစိုးရအလုပ် မဟုတ်သဖြင့် ကိစ္စမရှိနိုင်ဆိုကာ စိတ်ပူပန်ခြင်း မရှိချေ။ ညတွင်သင်္ဘောဆိုက်၍ နောက်တနေ့၌ အလုပ်တိုက်သို့သွားသောအခါ အလုပ်သမားများသည် ကျွန်ုပ်အား မျက်နှာထားတမျိုးနှင့် ကြည့်ကြခြင်းကို ကျွန်ုပ်ရိပ်မိ၏။ သို့ရာတွင်အကြောင်းခြင်း ရာကိုမူကား ကျွန်ုပ်ဘာမှ မသိရသေးပေ။ ကျွန်ုပ်သည်မိမိ၏စားပွဲတွင်ထိုင်ကာ စာရွက်များကိုရှင်းလင်းလျက်ရှိစဉ် တိုက်အုပ်ဦးလှဖေရောက်လာ၍ ကျွန်ုပ်ထံသို့

စာတစောင်ပို့လိုက်၏။ ၎င်းမှာ ထုချေလွှာတောင်းသည့်စာပင်ဖြစ်လေသည်။ ထုချေရမည့် အချက်များမှာ (၁)ခွင့်တလယူရာ တရက်နောက်ကျ၍ ပြန်ရောက်ခြင်း၊ (၂) ဝက်ဆင်တိုက်မှ ကုန်ပစ္စည်းများကို သူရိယတိုက်လက်ထောက်မန်နေဂျာဟုဆိုကာ အကြေးယူခြင်းတို့ဖြစ်လေသည်။ ဤနှစ်ချက်အနက် တရက်နောက်ကျခြင်းမှာ ဖော်ပြခဲ့ပြီးသည့်အတိုင်း သင်္ဘောဆိုက်ရောက်ခြင်း နောက်ကျသောကြောင့်ဖြစ်၍ အရေးမကြီးလှချေ။ ဒုတိယအချက်မှာ ဟုတ်ခဲ့လျှင် အရေးကြီးပေရာ ဟုတ်မဟုတ်ရှင်းပြန်ရန် လိုပေသည်။ ကျွန်ုပ်သည်၎င်းစွပ်စွဲချက်ဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်၍ စုံစမ်းကြည့်သောအခါ ကျွန်ုပ်ခွင့်သွားခိုက်တွင် ဝက်ဆင်ကုမ္ပဏီသည် သူရိယတိုက်ကြီးကို ကြွေးဝါးရမ်းကပ်ထားကြောင်း၊ နံနက်အချိန်တွင်ဦးလှဖေ ရောက်လာသောအခါ တံခါးတွင် ကပ်ထားသည့် ဝါးရမ်းစာရွက်ကိုမြင်၍ ကျွန်ုပ်အပေါ်၌အကြွေးငွေလေးဆယ် ရရန်ရှိသောကြောင့် ဝါးရမ်းကပ်သည် ကြားရသည်တွင် ကျွန်ုပ်အားစိတ်ဆိုးကြောင်း ကျွန်ုပ်ကလည်း လက်ထောက် မန်နေဂျာ အဖြစ်နှင့် အကြွေးယူသည်ဟု ဆိုသောကြောင့် ဦးလှဖေသာ၍စိတ်ဆိုး ကြောင်း သိရှိရလေ၏။

## ဆက်စပင်းချခံရခြင်း

ဤစွပ်စွဲချက်ကို ထုချေရာ၌ အကြွေးယူခြင်း မယူခြင်းသည် အရေးမဟုတ်။ လက်ထောက်မန်နေဂျာဟူသော ရာထူးကို အသုံးပြု၍ယူခြင်း ဟုတ် မဟုတ်သည်သာအရေးကြီး၏။ ထိုစဉ်အခါက ဝက်ဆင်တိုက်သည်အလုပ်အကိုင်ရှိသော စာရေးစာချီများအားပင် 'လခထုတ်ပေး'အကြွေးပေးလျက်ရှိရာ သူရိယတိုက်အယ်ဒီတာတယောက်ဖြစ်သော ကျွန်ုပ်အဖို့မှာ လက်ထောက်မန်နေဂျာ တယောက်ဟူ၍ လိမ်လည်လှည့်ဖျားနေဖို့မလိုခြင်းမှာ အလွန်ရှင်းသောအချက်ဖြစ်၏။ တင်ရှိသော အကြွေးမှာလည်း ၄ဝိမျှသာဖြစ်၍ မည်သည့်အလုပ်သမားအားမဆို ယုံကြည်နိုင်

လောက်သော အကြွေးဖြစ်၏။ သို့ပါလျက် သံတွဲမောင်နှင့် ရန်ဖြစ်သောစာရေးသည်သူ့ကိုချဲလင့်ချ်လုပ်သည့်အတွက် ကျွန်ုပ်အပေါ်၌ အာဃာတထားသည့် လက္ခဏာနှင့် ကျွန်ုပ်မရှိခိုက် ဝက်ဆင်ကုမ္ပဏီအားဘာတွေပြောသည်မဆိုနိုင်။ သူ့ရိယတိုက်သို့ ဝါးရမ်းလာကပ်ခြင်း ဖြစ်လေသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် လက်ထောက်မန်နေဂျာ တယောက်အနေဖြင့် အကြွေးယူခြင်း မဖြစ်နိုင်သည်ကိုဦး စွာ ထုချေ၍ ဦးလှဖေထံသို့ တင်ပို့လိုက်ရာ ဦးလှဖေက ဤကိစ္စကို စုံစမ်းရန်အတွက် ကျွန်ုပ်အားဆတ်စ်ပင်း Suspension လုပ်လိုက်သည်ဟူသော စာပြန်လာသည်နှင့် ကျွန်ုပ်အိမ်သို့ပြန်လာခဲ့သည်။ ကျွန်ုပ်သည် ထိုအချိန်၌မူ ဘယ်သူတွေက ချောက်ချထားသည်ဟု မရိပ်မိသေးပဲ ကျွန်ုပ်၏အလွန်ရှင်းသောထုချေချက်ကို ရုတ်တရက် လက်မခံခြင်းမှာ အကုသိုလ်ကံ ဖိစီးနှိပ်စက်ခြင်း သက်သက်ဖြစ်သည်ဟု သဘောပိုက်လျက်ရှိသည်။

## အလုပ်ဖြုတ်ခံရခြင်း

အိမ်သို့ပြန်ရောက်၍ မိဘများအား အဖြစ်အပျက်ကိုပြောပြသောအခါ ဖခင်သည် ဆရာလွန်းကသိသည်နှင့် ထိုညတွင် ၎င်း၏အိမ်သို့သွား၏ ကျွန်ုပ်အဖို့မှာမူ အကယ်၍အလုပ်ပြုတ်စေဦးတော့ ရွှေဥဒေါင်းအမည်နှင့် ဝတ္ထုရေးစားလျှင် ယုတ်စွအဆုံး ချွေချွေတာတာ စားနိုင်လောက်သည်ဟု ယုံကြည်သောကြောင့် စိတ်ပူပန်လောက်အောင် မရှိလှ။ သို့သော် မိဘများကို ဇွတ်ခေါ်လာခဲ့သည့် အခေါက်တွင်မှ စိတ်မချမ်းသာဖွယ် ဖြစ်ရသည်ဆိုကာ သူတို့အတွက် ဝမ်းနည်းမိပါသည်။ ထိုည၌ဖခင်ပြန်လာသောအခါ ဆရာလွန်းလည်း ပါလာ၏။ ကျွန်ုပ်ကြားသိရသည်မှာ ဖခင်နှင့်ဆရာလွန်းသည် ဦးလှဖေ၏အိမ်သို့ ရောက်ခဲ့ကြောင်း၊ အကျိုးအကြောင်းကိုပြောပြသောအခါ ဦးလှဖေက 'ဆရာ့လူက ဘာမှ ဝန်မခံဘူးဆရာရဲ့၊ မခက်ဘူးလား"ဟု ပြောကြောင်း၊ သို့ဖြစ်၍ ကျွန်ုပ်က

ဝန်ခံစေလိုကြောင်းနှင့် ဖခင်ကရော ဆရာလွန်းကပါ ကျွန်ုပ်အားတိုက်တွန်းကြလေ၏။ ကျွန်ုပ်က အပြစ်မရှိပဲလျက်နှင့် ဘာကိုမှ ဝန်ခံစရာမရှိကြောင်း ပြောသောအခါ ဖခင်က "ဘာပဲဖြစ်ဖြစ် အဖေတို့စိတ်ချမ်း သာအောင် ဝန်ခံလိုက်ပါ ငါ့သားရယ်"ဟု ဖိ၍ပြောပြန်ရာ ဆရာလွန်းကလည်း ကူညီ၍ပြောပြန်၏။ သူတို့၏ထင်မြင်ချက်ကား ဟုတ်ဟုတ်မဟုတ်ဟုတ် ဦးလှဖေက ဝန်ခံစေလိုသည့် အတိုင်း ဝန်ခံလိုက်၍ အလုပ်မပြုတ်လျှင် အားလုံးအေးသွားမည်ဟု ဆိုကြလေသည်။ ကျွန်ုပ်ကားမကြုံတတ်အောင်ဖြစ်နေလေပြီ။ အစအဆုံး သင်္ကာရှင်း ခွင့်ရလျှင် ကျွန်ုပ်၌အပြစ်မရှိကြောင်း ဖော်ပြနိုင်လောက်ပါလျက် ဖခင်နှင့်ဆရာလွန်းတို့က တဖက်သတ်ဖိပြီး ဝန်ခံခိုင်းနေကြရာတွင် ငြင်းဆန်ရန် မတတ်နိုင်တော့ပဲ ၎င်းတို့၏ဆန္ဒအတိုင်း လိုက်နာပါတော့မည်ဟု ပြောပြီးလျှင် စာရွက်တရွက်တွင် "ကျွန်တော်ဝန်ခံပါသည်"ဟုရေး၍ ဆရာလွန်း၏လက်သို့ ပေးလိုက်သဖြင့် ဆရာလွန်းလည်း ပြုံးပြုံးရွှင်ရွှင်ပြန်သွားလေ၏။ ထို့နောက် ရက်သတ္တတပတ်ခန့် လောက်တွင် ကျွန်ုပ်၏'အမှု'ကို ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်၍ဆွေးနွေးပြီးလျှင် ကျွန်ုပ်အား အလုပ်မှထုတ်ပယ်လိုက်သည် ဟူသောအမိန့် ချမှတ်လိုက်ကြလေသည်။

## ယူကျုံးမရဖြစ်ရပုံ

ကျွန်ုပ်၏ပြစ်ချက်မှာ လက်ထောက်မန်နေဂျာ ဟန်ဆောင်သည်ဆိုခြင်းပင် ဖြစ်ရာ ကျွန်ုပ်သည် ဝက်ဆင်ကုမ္ပဏီသို့လည်းကောင်း၊ အခြားတစုံတယောက် သောပုဂ္ဂိုလ်သို့လည်းကောင်း၊ မိမိကိုယ်ကိုလက်ထောက်မန်နေဂျာ ဖြစ်ပါသည်ဟူ၍ နှုတ်ဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဘယ်နံ့ရောအခါကမှ ပြောဆို ရေးသားခြင်းမရှိခဲ့ဘူးပါလျက် (အမှန်မှာလည်း လက်ထောက်မန်နေဂျာ ဖြစ်ရခြင်းထက် အယ်ဒီတာဖြစ်ရခြင်းကိုကျွန်ုပ်ပို၍ဂုဏ်ယူပါသည်။) ဖခင်နှင့်

ဆရာလွန်းတို့၏ တိုက်တွန်းမှုကြောင့် ဖြောင့်ချက်သဘောမျိုးရေးပေးလိုက်မိခြင်း အတွက်ယူကျုံးမရဖြစ်မိပါသည်။ ကျွန်ုပ်အမှုကိုဒါရိုက်တာဘုတ်အဖွဲ့သို့တင်၍ ကျွန်ုပ်ကိုစစ်ဆေးပါက လက်ထောက်မန်နေဂျာ ဟန်မဆောင်ဘူးခြင်းကို ရှင်းလင်း အောင် ပြနိုင်လောက်ပါသည်။ တိုက်အုပ်ဦးလှဖေသည် ကျွန်ုပ်ကို အလွယ်တကူ ဖြုတ်လိုသည့်အတွက်ကြောင့် (ဟုတ် မဟုတ်တော့မပြောတတ်)ဝန်ခံ ခိုင်းခြင်း ဖြစ်သည်ဟု တွေးထင်လိုက်မိရာတွင် တိုက်အုပ်ဦးလှဖေနှင့် ပတ်သက်၍ ကျွန်ုပ်ဆောက်လုပ်ထားသည့် 'လေထဲမှ ရဲတိုက်ကြီး'သည် တခါတည်း ပြိုကျ ပျက်စီးသွားပါတော့သည်။

## အထက်မြက်ဆုံး 'ဆူး'ကြီးပေါက်လာခြင်း

ရှင်းပါဦးအံ့။ ကျွန်ုပ်သည် သူရိယတိုက်သို့ရောက်သည့်နေ့မှစ၍ ကျွန်ုပ် ထက် ရာထူးကြီးသည့် ဦးလှဖေ၊ ဦးဘဖေနှင့် ဦးဘကလေးတို့ သုံးယောက်ကို တစောင်းမှ အမြဲစောင့်၍အကဲခတ်ခဲ့၏။ ဦးဘကလေးသည် ကျွန်ုပ်ထက်လမျှ လောက်သာကြီး၍ ဘီလိယက် ကစားဘက်လည်းဖြစ်ခြင်း၊ အလုပ်အားဖြင့် ဆက်သွယ်မှုလည်းမရှိခြင်းကြောင့် အရေးတကြီးမထားပဲ တိုက်အုပ်နှစ်ယောက်ကို ပို၍ ဂရုစိုက်ခဲ့၏။ ဦးဘဖေကား ကျွန်ုပ်၏ဝတ္ထုများကို 'ဈေးနှိမ်'သည် ထင် ကတည်းက 'လင်သေကြွေးပူ'ရှာသော စီးပွားရေးသမားကြီး တယောက်ဖြစ်သည်၊ ပညာသည်တယောက်ကို ချီးမြှောက်လိုသူမဟုတ်ဟု ဆုံးဖြတ်ကာလေးစားမှု နည်းပါးခဲ့ပါသည်။ (ဦးလှဖေထွက်သွားသည့်နောက် ကျွန်ုပ်၏ ဝတ္ထုများစာမူများ နှင့် ပတ်သက်၍ ဦးဘဖေနှင့် တပတ်ကျော့ပြန်ဆက် ရသည်တွင် စာမူကို ဖြန့်ကြည့်ပြီး စာတကြောင်းတွင် စာလုံးပေါင်း မည်မျှပါဝင်သည်ဟု တလုံးစီ ရေတွက်ကြည့်ခြင်းကိုလည်း ကျွန်ုပ်မြင်ရဘူးပါသည်။ သို့သော် ဦးဘဖေသည် ထိုအချိန်တွင် ကျွန်ုပ်နှင့်အတော်အတန်အကျွမ်းဝင်လျက် ရှိပြီဖြစ်၍ ကျွန်ုပ်အား

ကျီစယ်သောသဘောနှင့် ပြုလုပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်ကမူ 'ခဲမှန်ဘူးသောစာသူငယ်' ဆိုဘိသို့ ဈေးနှုန်းနှင့် ပတ်သက်လာလျှင် ဦးဘဖေကို လန့်၍သာနေပါတော့သည်။) ဦးလှဖေမူကား ကျွန်ုပ်၏ဝတ္ထုစာမူကို ၂၀ဝိမှ ၆၀ဝိထိ တိုးပေးသူဖြစ်၍ တိုက်အုပ်ပင်ဖြစ်သော်လည်းပညာသည်ကို ညာတာတတ်သည်ဟု ကျွန်ုပ်နားလည်ပါသည်။ ထို့ပြင် ရိုးဖြောင့်တည့်မတ်ခြင်း၊ တရားမျှတခြင်း၊ (အနည်းငယ်ဟန်ကြီးသည် ထင်ရသော်လည်း) တိုက်အုပ်ပီသသော ကာယိန္ဒြေရှိခြင်း၊ အင်္ဂလိပ်မြန်မာနှစ်ဘာသာလုံးကို ကျကျနန ရေးတတ်ခြင်း၊ (ဦးမေအောင်လက်အောက်၌ အင်္ဂလိပ်ထုတ်သော Burman ဘားမင်းသတင်းစာတွင် အယ်ဒီတာလုပ်ခဲ့ဘူးသည်။) သိက္ခာသမာဓိရှိ၍ လူကြီးပီသခြင်း၊ စိတ်သဘောထားကြီးရင့်ပုံရခြင်း၊ အလုပ်သမားတယောက်ကို ဖိ၍မခိုင်းခြင်း၊ စာအုပ်တော်တော်များများဖတ်ဘူးသည့် စာသမားတယောက်ဖြစ် ခြင်း အစရှိသော ဂုဏ်အင်္ဂါအရည်အချင်းတို့နှင့် ပြည့်စုံသော လူကြီးတယောက်ဟူ၍ ကျွန်ုပ်ကိုယ်တိုင် ယုံကြည်ရုံသာမက ကျွန်ုပ်၏မိဘများနှင့်တကွ တွေ့သမျှသော ကျွန်ုပ်၏မိတ်သင်္ဂဟ အပေါင်းတို့အားလည်း အားရပါးရ ပြောပြလေ့ရှိ၏။ မန္တလေးမြို့၌ စီအီးအိုအဖြစ်နှင့် အမှုထမ်းသွားဘူးသည့် ကျွန်ုပ်၏ဆရာ ဦးဘလှိုင်နှင့် သူရိယတိုက်အုပ် ဦးလှဖေသည် ကျွန်ုပ်တွေ့ဘူးသော လူများအနက်တွင် အရိုးဖြောင့်ဆုံးနှစ်ယောက်ဟူ၍ အမှတ်သညာထားခဲ့ပါသည်။ ဦးလှဖေသည် ကျွန်ုပ်အား အပြစ်ရှိသည်ဆို၍ ရိုးရိုးနည်းဖြင့်ဖြုတ်ပစ်ပါမူကား ကျွန်ုပ်ဘာမျှ ပြောစရာမရှိပါ။ ယခုမှာ မလိမ့်တပတ်နည်းမျိုးဖြင့် ဝန်ခံခိုင်းပြီးမှ ဖြုတ်သည်ဟု ကျွန်ုပ်ယူဆမိသောအခါတွင် လောက၌ လူဟူသည်မှာ တယောက်မျှ ယုံကြည်စရာမရှိဟူသော ထင်မြင်ချက်တခုရောက်လာ၍ ကျွန်ုပ်၏သဘာဝတွင် အတော်ထက်မြက်ခိုင်မာသော 'ဆူး'ကြီးတချောင်း ပေါက်လာခဲ့ပြန်ပါသည်။ ဤဆူးမှာ ကြီးပြင်းလာသောအခါမှ ပေါက်လာသော 'ဆူး'ဖြစ်သည့်အတွက်ကြောင့် အတော်ရင့်မာ၍ ထက်မြက်ပုံရပါသည်။

## ဝတ္ထုရေးစားဖို့အကြံ

ကျွန်ုပ်အား အလုပ်ဖြုတ်လိုက်ခြင်းကို ဆရာလွန်းကိုယ်တိုင် အိမ်သို့လာ၍ပြောသောအခါ ဆရာလွန်းက 'မောင်ဖေသိန်းရာ မင့်ကို သူရိယတိုက်တခုတည်းမှာလုပ်စားဖို့ မင့်အမေက မွေးထားတာမဟုတ်ပါဘူးကွာ"ဟုပြော၏။ ကျွန်ုပ်လည်း သဘောပေါက်ပါ၏။ ကျွန်ုပ်၏စိတ်၌ ထိခိုက်ခြင်းမှာ ဝမ်းရေးအတွက်မဟုတ်၊ မိဘနှစ်ပါးတို့ကို ခေါ်လာခဲ့ရာတွင်မှ ဖြစ်ရသောကြောင့် ကျွန်ုပ်အတွက်ရှက်လည်း ရှက်၍ မိဘများကိုလည်းသနားသည်တကြောင်း၊ ကျွန်ုပ်အလွန်ကြည်ညိုသော တိုက်အုပ်ဦးလုဖေက မလိမ့်တပတ်ပြောပြီး ဖြုတ်ပစ်သည်ဟုထင်သည်တကြောင်းကြောင့် ဝမ်းနည်းမိခြင်းဖြစ်ပါသည်။ သို့သော် မည်သည့်ကိစ္စအတွက်ဖြစ်စေကြောရှည်စွာ စိတ်မညစ်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း လေးငါးရက်မျှ အနားနေပြီးနောက် အလုပ်ထွက်၍ရှာပါသည်။ တနေ့တွင် ကျွန်ုပ်တို့နေထိုင်လျက်ရှိသော ကြည့်မြင်တိုင်မှ ရန်ကုန်သို့ထွက်လာခဲ့၍ ယခင်ကဝတ္ထုရေးပေးဖို့ပြောဘူးသော ပုံနှိပ်တိုက်များသို့ ဝင်၍စကားစပ်၏။ ပုံနှိပ်တိုက်သားများသည် ကျွန်ုပ်၏ဝတ္ထုများ စွံခြင်းကိုသိ၍ သူတို့အတွက်ရေးပေးရန် ဟိုကပြောသည်ကပြောနှင့် တိုက်တွန်းကြဘူးရာ ကျွန်ုပ်မှာ သူရိယမဂ္ဂဇင်းအပြင် မြန်မာ့ဗျူဟာဂျာနယ် တခုလုံးအတွက်လည်း တာဝန်ယူထားရသည်ဖြစ်သောကြောင့် လက်မခံပဲ လှန်၍ပစ်ရသည်ချည်းဖြစ်၏။ ထိုနေ့၌ ပထမပုံနှိပ်တိုက်သို့ ဝင်သွားသောအခါ ပုံနှိပ်တိုက်ပိုင်ရှင် ကျွန်ုပ်အကြောင်းကိုကြား၍ ဝမ်းနည်းကြောင်းပြော၏။ ဝမ်းနည်းသည်ဟုသာ ပြောသည်။ သူ၏မျက်နှာထားကား လှိုက်လှဲသော အမူအရာ မရှိလှချေ။ ဤတွင် ကျွန်ုပ်သည် လာခဲ့သောကိစ္စအကြောင်းကို မပြောတော့ပဲ နှုတ်ဆက်၍ထွက်လာခဲ့၏။ ဒုတိယအိမ်သို့ ဝင်သွားသောအခါ ထိုလူမှာ ပုံနှိပ်တိုက်ပိုင်ရှင်တယောက်ကားမဟုတ်၊ သို့သော် မြတ်လိမ့်မည်အထင်နှင့် ကျွန်ုပ်၏ဝတ္ထုစာမူကိုဝယ်ပြီး

ရိုက်နှိပ်ရောင်းဖို့ စိတ်ကူးဖြင့် 'စာမူ'တောင်းဘူးသူ ဖြစ်လေသည်။ သူကလည်း ဝမ်းနည်းစကားပြောလေရာ ပထမလူထက်လိုက်လှဲပုံရသည်နှင့် ကျွန်ုပ်ကဝတ္ထုစာမူအကြောင်းစုံစမ်း၏။ ထိုလူကမူ ပစ်ပစ်ခါခါတော့ မပြော၊ သို့သော်ယခင်က ပေးပါမည်ဆိုဘူးသော နှုန်း၏ထက်ဝက်မျှသာ ပေးချင်တော့သည်။ ကျွန်ုပ်သည် ဤအခြေအနေတွင် တအိမ်တက်ဆင်း မလုပ်ချင်တော့သည်နှင့် သူပြောသည့် နှုန်းအတိုင်းပင် လက်ခံ၍ စရံငွေ ၅ဝိ ယူလာခဲ့ပြီးလျှင်ဝတ္ထုတပုဒ်စ၍ရေးပါသည်။

## ဒေါသဖြစ်စရာ

ထိုအချိန်၌ ကျွန်ုပ်တို့၏ငွေရေးကြေးရေးအခြေအနေမှာ မဟန်လှချေ။ ရသမျှကို ဟုတ္တိပတ္တိမစုဆောင်းပဲ ခပ်ဖေါဖေါ သုံးလာခဲ့သည့်အထဲတွင် ခွင့်တလရသည့်အတွင်းကလည်း ခရီးလှည့်လည်ခဲ့ကြခြင်းကြောင့် လက်ကျန်ငွေ ပြောင်သလောက်ဖြစ်နေလေပြီ။ မိဘများ၏လက်ဝယ်၌ ဆိုင်ကလေးရောင်းခဲ့သည့် ငွေကလေးရှိခြင်းကို ကျွန်ုပ်သိသော်လည်း အကူအညီမတောင်းဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။ မိခင်က "ငါတို့မှာ နဲနဲပါးပါးပါပါသေးတယ်"ဟု ပြောခြင်းကိုပင် ကျွန်ုပ်လက်မခံပဲ "ကိစ္စမရှိပါ"ဟုပြောထား၏။ ဤအတောအတွင်းကျွန်ုပ်သည် ဝတ္ထုတပုဒ်ကို ကြိုးစားပမ်းစားရေးလျက်ရှိ၏။ သို့ရာတွင် စိတ်မကြည်သာမှုကြောင့် ထင်သလောက်မပေါက်ပဲရှိနေ၏။ စရံငွေ ၅ဝိအနက်မှ အိမ်လခ ၃ဝိပေးလိုက်ရ သောကြောင့် ၂ဝိမျှသာ စားဖို့ကျန်ရာမည်မျှလောက်ချွေတာစေကာမူ ၁ဝ ရက်အတွင်း ကုန်ချေတော့မည်။ သို့ရှိစဉ် ကျွန်ုပ်သည် ကိစ္စတခုနှင့် ရန်ကုန်သို့ သွား၍ အိမ်သို့ပြန်ရောက်လာရာတွင် မိဘများ မျက်နှာမကောင်းကြဟု ထင်မိ၏။ အိမ်ပေါ်သို့တက်၍ အခြေအနေကို ကြည့်လိုက်ရာတွင် မိဘများအိပ်သော ကျွန်းခုတင်ကြီးမရှိတော့ပဲ အိပ်ရာများမှာကြမ်းပေါ်၌ ခင်းထားခြင်းကို တွေ့ရ၏။ ဇနီးသည်အား မေးသောအခါ သူ၏ညီမသို့ ငွေ၃ဝိနှင့် ရောင်းလိုက်

ကြောင်း ပြောပြလေသည်။ ကျွန်ုပ်ဒေါသထွက်လိုက်ပုံမှာ ဇနီးအား တပိုင်းစီ တဖဲ့စီ ဆုတ်ဖြဲပစ်လိုက်ချင်သည်။

## မကြုံဘူးသည့်ဒေါသ

ဖြစ်ရပုံကား ဤသို့တည်း။ မိဘများအိပ်သော ဤခုတင်မှာ အပိုလည်း ဖြစ်၍ အိမ်လည်းရှုပ်သည်ဆိုကာ ခွင့်မသွားမီကရောင်းဖို့ပြောဘူးခြင်းကား မှန် သည်။ သို့ရာတွင် ယခုမူ မိဘများအိပ်နေကြရသဖြင့် အပိုမဟုတ်တော့သည့်ပြင် ကျွန်ုပ်ရန်ကုန်သွားနေသည့် အခိုက်တွင်မှ ရောင်းပြီး၊ ဖြုတ်ပြီး၊ ရွှေ့ပြောင်းပြီး၊ ငွေချေပြီးဖြစ်ရချေသလောဟု ကျွန်ုပ်ဒေါပွခြင်းဖြစ်လေသည်။ မည်သူ့အား ရောင်း လိုက်သနည်းဟု မေးသောအခါ သူ့ညီမသို့ရောင်းလိုက်သည်ဟုပြော၏။ ဤတွင် ကျွန်ုပ်သည် အနည်းငယ် စိတ်သက်သာရာရ၍ "ဟောဒါဖြင့်တော်ပါသေး တယ်၊ ငွေပြန်ပေးရုံရှိတာပေါ့"ဟု ပြောရာတွင် ဇနီးက အရောင်းအဝယ်ပြုလုပ် ပြီးဖြစ်၍ ကိစ္စပြီးပြတ်နေသဖြင့် ငွေပြန်ပေးရန် မဖြစ်နိုင်ကြောင်းပြော၏။ ကျွန်ုပ်က "အခြားလူမဟုတ်၊ ကိုယ့်ညီမဖြစ်၍ရအောင်ယူပေးရမည်"ဟု ပြောရာဇနီးက မဖြစ်နိုင်ကြောင်းနှင့် 'ဘူး'ခံလျက်ရှိ၏။ မိဘများအိပ်နေကြသောခုတင်ကို ကျွန်ုပ် မရှိခိုက်တွင် ရောင်းလိုက်ခြင်းအတွက် ဒေါသဖြစ်ခြင်းသည် ဘာမျှမဟုတ်သေး၊ သူ့ညီမထံမှပြန်ယူ၍မဖြစ်နိုင်ဟု ပြောလိုက်သောအခါ၌ ထွက်လာသောဒေါသ မှာမူကား လူတကောင်လုံးကို အစိမ်းလိုက်ကိုက်စားချင်လှသည်။ ကျွန်ုပ်သည် ဇနီးအား တစုံတခုပြုလုပ်မည့်အကြံပေါ်လာ၏။ သို့သော် ဤထက်အရာ ရောက်သော နည်းရှိသည်ဟု ချက်ချင်းသတိရ၍ ဒေါသကို ချုပ်တည်းလိုက်သည်။

## ကျွန့်ပ်၏ အကြံ

ထိုညဦး၌ မိဘများနှင့်ညီတို့က ဝက်လက်သို့ပြန်ကြတော့မည်ဟုပြောရာ ကျွန့်ပ်မှာလည်းအကြံအစည်ရှိသည်နှင့် သူတို့၏အကြံကို သဘောတူလက်ခံလိုက်၏။ နောက်တနေ့တွင် ၎င်းတို့သုံးယောက်သည် ဝက်လက်သို့ပြန်ကြရန် ဘူတာရုံသို့သွားကြလေရာ ကျွန့်ပ်လည်းလိုက်၍ပို့၏။ ကျွန့်ပ်တို့မိသားဖသားတစုသည်ခုတင်အဖြစ်နှင့်ပတ်သက်၍လည်းကောင်း၊ ဇနီးနှင့်ပတ်သက်၍လည်းကောင်း တခွန်းမျှမပြောပဲ အခြားအကြောင်းအရာများကိုသာ ပြောကြ၏။ ဘူတာရုံတွင် မီးရထားလက်မှတ်ယူရန် ကိစ္စအတွက်ညီကို မခိုင်းပဲကျွန့်ပ်ကိုယ်တိုင်သွား၍ယူ၏။ မီးရထားပေါ်၌အတူထိုင်နေကြရာမှ မီးရထားထွက်ဖို့ ဝီစီမှုတ်ရာတွင်မိခင်က "ငါ့သား ရထားထွက်တော့မယ်၊ ဆင်းလေကွယ်"ဟုသတိပေး၏။ ကျွန့်ပ်ကား ငြိမ်သက်စွာထိုင်နေ၏။ သို့နှင့်မီးရထားထွက်သောအခါ ကျွန့်ပ်သည် အပိုတစ်စောင်ဝယ်လာခဲ့သော လက်မှတ်ကိုမိဘများအား ထုတ်ပြပါတော့သည်။ ကျွန့်ပ်သည်မိဘများ၏သဘောကိုသိ၍ ဤအကြောင်းကို မတိုင်ပင်ပဲတိတ်တဆိတ်ကြိတ်ပြီးစီမံခြင်းဖြစ်၏။ တိုင်ပင်ပါမူကား ယုတ်စွာအဆုံး မိခင်ကဖျက်သည်နှင့် အကြောက်အကန်ငြင်းဆန်ရဦးမည်ဖြစ်လေသည်။ ကျွန့်ပ်၏ညီမှတပါး မိဘနှစ်ပါးတို့ကမူ ကျွန့်ပ်၏လုပ်ပုံအတွက် အံ့သြဝမ်းနည်းခြင်းဖြစ်ကြပုံရသည်။

## အခြေအနေဖန်တီးခြင်း

ကျွန့်ပ်သည်ဤအဖြစ်အပျက်ကို နောင်တွင် အကြိမ်ကြိမ်တွေ့ရသော ယောက်ဖအားလည်းမပြော၊ မည်သူ့အားမျှလည်း ပြောပြဖို့မလိုဟု ယူဆမိသည်နှင့် ရှောင်၍နေခဲ့ရာ တနေ့သ၌ ဇနီးကိုသိသော လူထုမအမာက မေးသဖြင့် တကြိမ်တည်း ပြောပြဘူး၏။ မအမာက "မယားကိုတော့ ထားပါတော့၊

ကလေးတွေကိုတော့သနားဖို့ကောင်းတယ်”ဟု မှတ်ချက်ချလေသည်။ ကျွန်ုပ်သည် ကလေးတွေနှင့်ပတ်သက်၍ မအမာအားမည်သို့မျှ မရှင်းပြခဲ့သော်လည်း ကျွန်ုပ်၏ သားသမီးများအပေါ်၌ ကျွန်ုပ်စိတ်ထားပုံကိုဤနေရာတွင်ရှင်းပြရပေဦးမည်။ ဒုတိယအိမ်ထောင်နှင့်ဝက်လက်၌ (ရန်ကြီးအောင်ဝတ္ထု စ၍ရေးသောနေ့က) မွေးသည့်သမီးကလေးဆုံး၍ နောက်ထပ်ရန်ကုန်၌သားတယောက် သမီးနှစ်ယောက် ဖွားမြင်သည့်အနက် ကျွန်ုပ်၏မိဘများနှင့်လိုက်လာပြီး ဒုတိယအိမ်ထောင်နှင့် ကွဲခဲ့သောအခါတွင် သားတယောက်သမီးတယောက် ကျန်ရစ်ခဲ့၏။ ပထမအိမ်ထောင်နှင့်လည်း သမီးတယောက်ရခဲ့၏။ ‘ဥမပွဲသိုက်မပျက်’ နေကြစဉ်အတွင်း၌ (သားကို သမီးထက်လည်းကောင်း၊ ညီကိုနှမထက်လည်းကောင်း ချစ်တတ်သောဝါသနာ ရှိသော်လည်း) သားသမီးနှင့် ညီနှမတို့ကို ချစ်ခင်တတ်သော အရာတွင် ကျွန်ုပ် ထက်သာသူ ရှားလိမ့်မည် ထင်ပါသည်။ ညီကိုကျွန်ုပ်၏ချစ်ခင်ခြင်းနှင့်ပတ်သက်၍ မိဘများ၏ ချီးမွမ်းခြင်းခံရပုံကို ဖော်ပြခဲ့ဘူးရာ သားကလေးကို ချစ်ခင်ရာ၌လည်း ယောက္ခမ ယောက်ဖများနှင့် သူရိယတိုက်သားများ သိကြပါသည်။ ကျွန်ုပ်သည် လေးနှစ်မျှသာရှိသော သားကလေးအား သက္ကလပ်လောင်းကွတ်ကလေး ချုပ်ပေး၍ သူရိယတိုက်သို့ ခေါ်သွားပြီး ကျွန်ုပ်အလုပ်လုပ်စဉ် စားပွဲပေါ်တင်ထားခြင်းကို တိုက်သားများနှင့်တကွ တိုက်အုပ်ဦးလှဖေလည်း မြင်ဘူးကြ၍ပြုံးကြပါသည်။ အလုပ်တိုက်မှ ပြန်လာသော အခါများတွင် သားကလေးသမီးကလေးများကို တကြိမ်ဖြစ်စေပွေ့ချီနမ်းရှုပ်ရမှ ကျေနပ်သူဖြစ်ပါသည်။ ရန်ကုန်မှ ဝက်လက်သို့ မိဘများနှင့်လိုက်သွားစဉ် ဇနီးအပေါ်၌အမျက်ပင်မပြေသေးသော်လည်း သားသမီး များကို (အထူးသဖြင့် သားကလေးကို) သတိရ၍မျက်ရည်လည်လာတိုင်း မိဘများ မမြင်စေရအောင် ဖုံးကွယ်ထားရပါသည်။ ဖုံးကွယ်ထားရခြင်းမှာလည်း မိဘများ မကြိုက်မည်စိုးသောကြောင့် မဟုတ်၊ ပြန်သွားဖို့ တိုက်တွန်းကြမည်စိုးသောကြောင့် ဖြစ်ပါသည်။ သို့နှင့်မိဘနှစ်ပါးတို့သည် ကျွန်ုပ်၏စိတ်ကို ရိပ်မိကြသည့် လက္ခဏာနှင့် ကျွန်ုပ်အား တစေ့တစောင်းမျှသာကြည့်၍ ၎င်းတို့အချင်းချင်းသာ

လုမ်း၍လုမ်း၍ ကြည့်ကြပါသည်။ သို့ဖြစ်လျှင်အဘယ့်ကြောင့် ခွဲပစ်ထားခဲ့ပါသနည်းဟု မေးသူရှိခဲ့လျှင် ထိုစဉ်က ဖန်တီးလျက်ရှိသော အခြင်းအရာအားလုံးသည် ကျွန်ုပ်ကို ကွဲပြဲစေဖို့ဘက်သို့ချည်း တွန်းပို့လျက်ရှိသောကြောင့်ဟူ၍ဖြေဆိုရပေမည်။ မည်သို့ပင်ဖြစ်စေ နောက်ပိုင်း၌ ကျွန်ုပ်ပြန်လည်သုံးသပ်သောအခါများတွင် ပတ်ဝန်းကျင်အခြေအနေများသည် ကျွန်ုပ်အား ဤအချိန်တွင် ဤစာကိုထိုင်ရေးလျက်ရှိသောအဖြစ်သို့ရောက်အောင် တွန်းပို့ကြသည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တွန်းလှန်နိုင်သော အခြင်းအရာအလွန်နည်း၍ (လုံးဝမရှိတော့မဆိုလိုပါ။) ရေစီး၌ မျောရခြင်းကဲ့သို့ ရှိခြင်းကများလှပါသည်။ ကျွန်ုပ်အဖို့ရာ၌ ထိုအချိန်သည် ဒုတိယအိမ်ထောင်နှင့်ကွဲ၍ တတိယအိမ်ထောင်ပြုစေဖို့ အားလုံးဝိုင်းပြီး ဖန်တီးပေးသည်ဟု ဆိုချင်ပါသည်။ (ဝတ္ထုရေးဖို့ စရံယူခဲ့သော ငွေ၅ဝိမှာ ဝတ္ထုမရေးနိုင်တော့ပဲ ၁၉၂၆ခုနှစ်တွင် ရန်ကုန်သို့တပတ်ပြန်ရောက်သောအခါမှ ငွေကိုပြန်၍ဆပ်ရပါသည်။)

## မြစ်ညာသို့တက်ကြခြင်း

မန္တလေးသို့ရောက်ကြသောအခါ မိဘများမှာ ဝက်လက်သို့ပြန်ကြရန်ဖြစ်သော်လည်း ကျွန်ုပ်မှာလိုက်ဖို့ရှက်သည်နှင့် (မိဘများလည်း ပြန်ဖို့ရှက်ရှာကြရာ အခြားနည်းလမ်းမရှိ၍ ပြန်ရှာကြရသည်။ သို့သော်မိခင်၏ဆိုင်ကလေးမှာ အပြီးအပြတ်မရောင်းခဲ့ပဲ မိခင်က 'အရှင်'ရောင်းထားခဲ့သည်ဟု နောင်တွင်သိရ၍တော်ပါသေး၏။) ကသာဒိစတြိတ် ထီးချိုင့်မြို့တဘက်ကမ်းရှိ မြတောင်ရွာတွင် သစ်တောဘက်၌ အကောက်ဝန်ထောက်ဖြစ်နေသော သူငယ်ချင်း ကိုဝင့်မော်ထံသို့ သွားလည်ရန် စီစဉ်ရာ ညီကလည်း လိုက်ချင်သည်ပြော၏။ သို့ဖြစ်၍ ၁၉၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ကျွန်ုပ်တို့ညီအစ်ကိုသည် ဗန်းမော်သို့ထွက်သော ကုန်သင်္ဘောဖြင့် အညာသို့ဆန်တက်ခဲ့ကြလေ၏။ သင်္ဘောပေါ်တွင် ကျွန်ုပ်၏

အဖြစ်ကို ကျွန်ုပ်ပြန်ပြောင်းဆင်ခြင်ရာ၌ အလုပ်ပြုတ်ခြင်းအတွက်လည်းမပူလှ၊ သားမယားနှင့် ကွဲရခြင်းအတွက်လည်း ကိစ္စမရှိလှ၊ မိဘများအားဆိုင်ဖြုတ်နိုင်းပြီး ရန်ကုန်သို့ပင့်ခေါ်သွားရာတွင်မှ ဤသို့ဖြစ်ရလေခြင်းဟူသော တွေးတောမှုသည် ကျွန်ုပ်၏အရက်ကိုလည်းကောင်း၊နှလုံးကိုလည်းကောင်းအပြင်းထန်ဆုံး ထိုးဆောင့်သည့် တွေးလုံးဖြစ်ပါသည်။ သို့ရာတွင် မတတ်နိုင်သောအခြင်းအရာတခုကို တွေးပူခြင်း၏ အကျိုးမရှိခြင်းကို ငယ်ငယ်ကတည်းကသဘောပေါက်လာခဲ့သည့် ကျွန်ုပ်အဖို့ရာ၌ သဘော်ဖြင့် တရက်ခရီးမျှ ထွက်လာရသည်ဆိုလျှင်ပင် အထက်ပါအတွေးမျိုးကို မောင်းထုတ်နိုင်ခဲ့ပါပြီ။ သဘော်ပေါ်တွင် ကျွန်ုပ်တို့ညီအစ်ကို အနီး၌ ဖောင်ကြိုသမားများလည်းလိုက်ပါလာကြရာ ခပ်ကြီးကြီးလူတယောက်က "ဘယ်သွားကြမလဲ"ဟု မေးသဖြင့်မြတောင်ရွာသို့သွားမည့်အကြောင်း သူငယ်ချင်းအကောက်ဝန်ထောက်ရှိကြောင်း ပြန်ပြော၏။ ထိုအခါဖောင်ကြိုသမားကြီးက–

"မောင်ရင်တို့မှာ အိမ်ထောင်ရှိသလား"

"မရှိပါဘူးဗျာ"

"ဘာတော်ကြသလဲ"

"ညီအစ်ကိုပါပဲဗျာ"

"အရင်းပဲလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် မောင်တို့နှစ်ယောက် လူပျိုအဖြစ်နဲ့ ပြန်စိတ်မရှိဘူး"

"ဘာ့ကြောင့်လဲဗျာ"

"မြတောင်ရွာက ရွာငယ်ပေမယ့် အပျိုချော အင်မတန်ပေါတယ်"

ကျွန်ုပ်တို့ညီအစ်ကိုက ရယ်လျက်ရှိစဉ် လူကြီးက–

"ညီအစ်ကို ညီအစ်မတောင် ဖြစ်တတ်သေးဗျား"

"ဦးက ဗေဒင်ကလေး ဘာလေးတတ်လို့လား"

“မဟုတ်ပေါင် မောင်ရာ၊ မောင်တို့လူပုံလူပန်းကလေးတွေ ကြည့်ပြောတာပါ”

ညီတော်မောင်မှာ ကျွန်ုပ်ထက် သနားကမားရှိ၍ ကျွန်ုပ်ကား သာမန်တယောက် ဖြစ်သော်လည်း ရန်ကုန်၌ သုံးလေးနှစ်နေခဲ့ဘူးသည့် အတွက်ကြောင့် ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်ပုံကို အကဲခတ်၍ ဖောင်ကြိုသမားကြီး တယောက်ကပင် ကျွန်ုပ်တို့၏ထူးခြားချက်ကို မြင်သည့်လက္ခဏာနှင့် ‘လူပုံလူပန်း ကလေးတွေ’ဟူသော စကားကို သုံးနှုန်းလိုက်ခြင်း ဖြစ်တန်ရာ၏။ လွန်ခဲ့သည့် စစ်ကြီးအတွင်း၌ လူတိုင်းချည်ကြမ်းလုံချည်ဝတ်ရခြင်း၊ ဤခေတ်တွင် (ယောကျ်ားများအဖို့၌) ဝတ်တုစားတုနည်းပါးခြင်း၊ မောင့်ကျက်သရေခေါင်းပေါင်း များပေါ်လာခြင်းတို့ကြောင့် ယောကျ်ားအားလုံးကို ရောမွှေလိုက်သကဲ့သို့ရှိ၍ ‘အညာဂိုက်အောက်ဂိုက်’ခွဲခြားရန် ခဲယဉ်းသော်လည်း ထိုစဉ်ကမူ ရန်ကုန်သားနှင့်မန်းသားမှာ တဖာလုံလောက်မှသိနိုင်၏။ ကျွန်ုပ်ကိုယ်တိုင်သိသည်ဟု ပြောရဲ၏။ ဤအခြင်းအရာမှာ ကောင်းသည်ဆိုးသည် မပြောတတ်။ သို့သော် လူပြိန်တော်များသည် ရုံးထိုင်တရားသူကြီး ထင်ရလောက်အောင်မောင့်ကျက်သရေ ခေါင်းပေါင်းနှင့်ဘာနှင့်လုပ်လာသည်များကိုတွေ့ရသည့်အခါ မောင့်ကျက်သရေ ခေါင်းပေါင်းတီထွင်သော လူကိုသူတို့က တနေ့ဦးသုံးကြိမ်ချထိုက်သည်ဟု တွေးမိတိုင်းပြုံးမိ၏။ ကျွန်ုပ်တို့ငယ်စဉ်ကမူ ခေါင်းပေါင်းကို သပ်သပ်ရပ်ရပ်ဖြစ်အောင်ပေါင်းတတ်ဖို့ လူပျိုပေါက်ကလေးကတည်းက သုံးလေးနှစ် ကျင့်ယူရ၏။ လူပြိန်တော်များလည်းလူဝတ်လဲခါစတွင် နဖူး၌ ကမ္ဗည်းထိုးထားသကဲ့သို့ပရိသတ်ထဲ၌ ပေါလောကြီး ပေါ်လျက်ရှိတတ်၏။ ဤခေတ်တွင်မူကား ယနေ့လူထွက် နက်ဖြန်တရားသူကြီးဟန် ဖမ်းနိုင်ကြသည်မှာ မောင့်ကျက်သရေခေါင်းပေါင်း၏ ကျေးဇူးပေတည်း။ (ကျွန်ုပ်သည် ဤစာကိုရေးယင်း စဉ်းစားမိသည်မှာ ငါတို့တော့ အတော်ကျင့်ယူရပြီး သူတို့တော့ ကျင့်မနေရပဲ

အချောင်ဖြစ်ရသည်ဆိုကာ မနာလိုစိတ်နှင့် ရေးမိသလောဟု ကိုယ့်ဟာကိုယ် မေးမိပါသေးသည်။)

## မြတောင်သို့ဆိုက်လေပြီ

လမ်းတွင် နှစ်ညအိပ်ပြီးနောက် ကျွန်ုပ်တို့လိုက်ပါလာသော ကုန်သင်္ဘော သည် မြတောင်ဆိပ်ကမ်း၌ ညဦးအချိန်တွင် ဆိုက်ကပ်လေသည်။ ကျွန်ုပ်တို့ ဆင်းခါနီး၌ ဖောင်ကြိုသမားကြီးက "မောင်ရင်တို့ကျုပ်ဟောတဲ့ဗေဒင်ကို မမေ့နဲ့ နော်"ဟု ပြောလိုက်သေးရာ ကျွန်ုပ်က "ဟောတဲ့အတိုင်းသာ မှန်ပါစေဗျာ၊ ခင်ဗျားကိုတခုခုကန်တော့ပါမယ်"ဟု ရယ်ကာမောကာပြောခဲ့၏။ မြတောင်ရွာသည် ထီးချိုင့်မြို့၏ အရှေ့ဘက်ကမ်းတွင်ရှိ၍ ထီးချိုင့်ဘက်၌ တောင်ထိပ်တွင် မြသိန်းတန်စေတီတော်သည်လည်းကောင်း၊ မြတောင်ဘက်၌လည်းတောင်ထိပ်တွင် ဖောင်တော်ဦးစေတီတော်သည်လည်းကောင်း ဓာတ်မီးများဝင်းထိန်လျက် လွန်စွာ ပဏာရ၍ကြည်ညိုဖွယ်ကောင်းလှပါဘိသည်။ သို့သော် ကျွန်ုပ်မှာမူ အလုပ်ပြုတ်ခဲ့၍ သားမယား မိဘများနှင့် ကွဲကွာလာရပြီး မရောက်ဘူးသော ဒေသ တခုသို့ ကြိုဆိုမည့်သူမရှိပဲ ညကြီးမင်းကြီး၌ ဆင်းလာခဲ့ရခြင်းဖြစ်သဖြင့် စေတီတော်နှစ်ဆူ၏ ကြည်ညိုဖွယ် အခြင်းအရာကြောင့် စိတ်ကြည်နူးခြင်းမဖြစ် နိုင်ပဲ အားငယ်သလိုဖြစ်မိပါသည်။

(ကျွန်ုပ်သည် ဗန်းမော်နှင့်မြစ်ကြီးနားမြို့များသို့ နှစ်ကြိမ်သုံးကြိမ်ရောက်ဘူး သော်လည်း မီးရထားနှင့်ကသာသို့လိုက်၍ ထိုမှတဖန် ဗန်းမော်သို့ ကူးတို့သင်္ဘော စီး၍ ခရီးသွားခဲ့ရခြင်းဖြစ်သောကြောင့် မန္တလေးနှင့်ကသာအကြားရှိ ထီးချိုင့်၊ မြတောင် စသောဒေသများသို့ မရောက်ဘူးခဲ့ခြင်းဖြစ်ပါသည်။) မြန်မာပြည် အတွင်း၌ဒေသန္တရဗဟုသုတအတော်ပြည့်စုံ၍ မရောက်ဘူးသော မြို့ကြီးမရှိ သလောက် ဆိုနိုင်သော ကျွန်ုပ်အဖို့ပင် သင်္ဘောပေါ်မှ ညီအစ်ကိုနှစ်ယောက်

ဆင်းလာကြသည့်အခါ ဖော်ပြခဲ့ပြီးသော ချို့ငဲ့ချက်များကြောင့် ထင်သည်ထက် ပို၍ စိတ်ညှိုးငယ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်ထက် အသက် ၉နှစ်ခန့်ငယ်သော ညီကလေးစိတ်အားမလျှော့စေခြင်းငှာ ဆိတ်ဆိတ်မနေပဲ တောင်ပြောမြောက်ပြော၊ ဟိုမေး သည်မေးလုပ်ကာဖြင့်သင်္ဘောမှ ဆင်းလာခဲ့ကြလေတော့၏။

## သူငယ်ချင်းကိုဝင့်မော်

ကျွန်ုပ်၏သူငယ်ချင်း ကိုဝင့်မော်မှာ အကောက်ဝန်ထောက်ဖြစ်၍ ရွာ၏ အစွန်၌ရှိသော သစ်တောရုံးသို့ (ပစ္စည်းကလေးများကိုကူလီငှား၍) လျှောက်လာကြရာ ရောက်သောအခါ၌ ကိုဝင့်မော်၏မျက်နှာကိုမြင်ရ၍ ကျွန်ုပ်ဝမ်းသာပုံမှာ တသက်တွင် တော်တော်ကြုံခဲသည့် ဝမ်းသာနည်းမျိုးဖြစ်၏။ ကိုဝင့်မော်ကလည်း ကျွန်ုပ်တို့ညီအစ်ကိုအား မြင်ရာတွင် မမျှော်လင့်ပဲ တွေ့ရခြင်းဖြစ်သည်ဆိုကာ ဝမ်းသာအားရ ခရီးဦးကြိုပြုသည်တွင်မှ ကျွန်ုပ်မှာ တော်တော် အားတက်လာပါ တော့သည်။

ကိုဝင့်မော်သည် ကျွန်ုပ်နှင့်ရွယ်တူဖြစ်လေရာ (ကျွန်ုပ်ထက် တရက်တည်း ကြီးသည်။) ကျွန်ုပ်မှာနှစ်အိမ်ထောင်ပျက်ခဲ့ရပြီဖြစ်သော်လည်း သူ့မှာမူ လူပျိုကြီး အဖြစ်နှင့် မိဘများအား လုပ်ကျွေးလျက်ရှိသဖြင့် ကျွန်ုပ်အလွန်ကြည်ညိုပြီး ရှိခိုးချင်စိတ် ဖြစ်မိပါသည်။ ထိုသူသည် ကျောင်း၌ တတန်းတည်း အတူ ပညာသင်ခဲ့သူဖြစ်သော်လည်း သူ၏ကျီစားတတ်သော ဝါသနာကြောင့် ကျွန်ုပ်နှင့် အခင်မင်ဆုံး သူငယ်ချင်းတယောက်မဟုတ်ခဲ့ပေ။ သို့ရာတွင် ရန်ကုန်ကောလိပ် ကျောင်းသို့ ရောက်သောအခါမှစ၍ လူငယ် 'လူနောက်'ကလေးတယောက်အဖြစ်မှ လူကြီးလူကောင်းတယောက် ဖြစ်သွားရုံမက ကိုကွန်း၊ ကိုထွန်းရှိန်စသော လူတော်လူကောင်းကလေးများနှင့် ပေါင်းသင်းဆက်ဆံရခြင်းကြောင့် ရေရေ လည်လည် ပတ်ပတ်နပ်နပ်ရှိသော လူတယောက်အဖြစ်သို့ ရောက်သွားခဲ့လေပြီ။

ကျွန်ုပ်သည် ကိုကွန်း၊ ကိုထွန်းရှိန်တို့နှင့်အတူ ကိုဝင့်မော်အား ရန်ကုန်၌ မတွေ့ခဲ့ရဘူးပါက သူ့ထံသို့ လာဖို့ဝေးစွ။ သူ့ကိုမြင်လျှင် ဝေးဝေးကရှောင်ပြေး ချင်သော စိတ်မျိုးရှိလိမ့်မည်ဖြစ်၏။ ဤမျှလောက်အထိ နောက်ပြောင်သော ကျောင်းသားတယောက်ဖြစ်ပါသည်။ သို့သော်ရန်ကုန်ကောလိပ်၌ လေးနှစ်မျှ နေလိုက်ရခြင်းသည် ကိုဝင့်မော်၏ အမူအရာနှင့် စိတ်နေသဘောထားကို မမှတ်မိ လောက်အောင် ပြောင်းလဲပစ်လိုက်ပါတော့သည်။ (ထို့ကြောင့်လည်း ကောလိပ် ကျောင်း၌ကျွန်ုပ်လေးနှစ်လောက် နေခွင့်မရခဲ့သည့် ကျွန်ုပ်၏အဖြစ်ကို ဝမ်းနည်း ပန်းနည်း ရေးသားခဲ့ခြင်းဖြစ်၏။) ကိုဝင့်မော်မှာမူ ရန်ကုန်ကောလိပ်သာမက အိန္ဒိယပြည် ဒယ်ရဒွန်းမြို့သစ်တောကျောင်း၌လည်း နှစ်နှစ်မျှ ဆက်လက် ပညာသင်ခွင့်ရခဲ့သူဖြစ်သည်နှင့် ကျွန်ုပ်၏မျက်စိ၌ သာ၍ကျေနပ်ဖွယ်ကောင်းသော လူတယောက်ဖြစ်လာသည် မြင်မိသည်။ (ဤနေရာ၌ နိုင်ငံခြားသို့ ပညာသင် သွားနိုင်သည့် အခြေအနေရှိသော လူငယ်များအား "ဘာမျှ စဉ်းစားမနေနဲ့ သွားသာသွား"ဟု ကျွန်ုပ်တိုက်တွန်းလို သည်။) ယေဘုယျအားဖြင့် ပြောရလျှင် မြို့ကလေးသားနှင့် မြို့ကြီးသားတို့၏ ခြားနားခြင်းကဲ့သို့ တိုင်းကြီးပြည်ကြီး များ၌ မနေဘူးသူနှင့် နေဘူးသူတို့၏ ခြားနားခြင်းသည်လည်း ထင်ရှားသည်ဟု ကျွန်ုပ်မြင်မိပါသည်။

## မတောင်ရွာ

ထိုညဉ့်၌ ထမင်းစားသောက်ပြီးကြသောအခါ ကိုဝင့်မော်က "လာကြဗျို့၊ ခင်ဗျားတို့ကို မြတောင်ရွာအကြောင်း သိရအောင်လိုက်ပြအုံးမယ်"ဟုဆိုကာ အနွေး ထည်ကလေးများ ဝတ်ဖို့ပြော၏။ (ကျွန်ုပ်၏ထူးခြားချက်တခုမှာ သားမယားနှင့် ကွဲခဲ့ရသည့်အခါတိုင်း အဝတ်တထည် ကိုယ်တခုနှင့် ဆင်းလာခဲ့သည့်အဖြစ်မျိုးကို နှစ်ကြိမ်လုံးကြုံခဲ့ရခြင်းဖြစ်သည်။ ဤတကြိမ်၌မူ ညီ၌ပါသော အဝတ်အထည်များ

ကို ခွဲဝေဝတ်ရ၍တော်ပါသေး၏။) ရာသီမှာ သီတင်းကျွတ်လပြည့်ကျော်မျှသာ ရှိသေးသော်လည်း ရန်ကုန်၌အတော်အနေကြာ လာခဲ့သော ကျွန်ုပ်တို့အဖို့မှာ ညဥ့်နက်ချိန်တွင် တော်တော်ကလေး အေးစပြုလေပြီ။ ကိုဝင့်မော်မှာ မြန်မာမင်း လက်ထက်က ကြေးနန်းဝန်၏ မြေးဖြစ်၍ အသားဝါ မျက်လုံးပြူး နှုတ်ခမ်းမွေး ကောင်းကောင်းနှင့် လူချောလူခန့်တယောက် ဖြစ်လေရာ လူပျိုလည်းဖြစ်ပြန်၊ အရာရှိတယောက်လည်းဖြစ်ပြန် (နောင်တွင်သိရ သည့်အတိုင်း) စိတ်ကြီးမဝင် တတ်ပဲ ရွာသားများနှင့် ရောရောနှောနှောလည်း နေတတ်ပြန်လေရကား မြတောင် ရွာသို့လူချစ်လူခင်ပေါသော အရာရှိတယောက် ဖြစ်နေ၏။

သူသည် မိန်းမလိုက်စားသော ဝါသနာမရှိသော်လည်း အပျိုချောရှိသော လူကြီးလူကောင်းများ၏အိမ်သို့ မိတ်ဖြစ်ဆွေဖြစ် ပြုရမည်ဆိုကာ တအိမ်တက်ဆင်း လှည့်လည်တတ်လေရာ ကျွန်ုပ်တို့အား ဤညတွင်မြတောင်ရွာအပျိုချောများကို ပြရမည်ဆိုကာ ခေါ်သွားခြင်းဖြစ်လေသည်။ အထက်ဖော်ပြရာပါ အင်္ဂါရုပ်များနှင့် ပြည့်စုံသော ကိုဝင့်မော်အဖို့မှာ ပျူပျူငှာငှာ ဧည့်မခံချင်သော အိမ်ရှင်မရှိ၊ အိမ်ပေါ်သို့တက်သွားကြသည်ဆိုလျှင် ကော်ဇောခင်းပြီး လက်ဖက်ရည်ကြမ်းနှင့် အမြည်းဖြစ်စေ၊ သို့မဟုတ် ကော်ဖီနှင့် ဘီစကွတ်မုန့်သေတ္တာဖြစ်စေ တည်ခင်း ကျွေးမွေးကြသည်ချည်းဖြစ်၏။ တအိမ်နှစ်အိမ်မျှ တက်မိကြလျှင် ကျွန်ုပ်သည် မြတောင်ရွာ၏ ထူးခြားချက်တခုကို သတိပြုမိ၏။ ကျွန်ုပ်၏ဖခင် မွေးဖွားရာ ဖြစ်သော ရွှေဘိုနယ်ဘက်၌မူ တောရွာကလေးများတွင် ဧည့်ကြီးဧည့်ကောင်းဆို၍ ထိုက်တန်အောင် သားသားနားနား ခင်းကျင်းပြင်ဆင်ကျွေးမွေးနိုင်သောအိမ် ဟူသည်မှာ သူကြီးအိမ်မှတပါး ခပ်ရှားရှားတွေ့ရ၏။ သူကြီးအိမ်ဆိုသည်မှာလည်း မြို့အုပ်ဝန်ထောက်စသော အရာရှိများလာတတ်သဖြင့် ဧည့်ခံနိုင်ဖို့ တမင်ပြင်ဆင် ထားရခြင်းမျှသာ ဖြစ်လေသည်။

ရွှေဘိုနယ်မှ တောရွာများကိုထားပါဦး၊ ရွှေဘိုမြို့နှင့် မန္တလေးမြို့ကြီး ပေါ်၌ပင် (ထိုစဉ်အခါက) အိမ်တိုင်းတွင် ကော်ဇောအသစ်တချပ်ရှိသောအိမ်

ခပ်ရှားရှားရှိ၍ ညဥ့်အိပ်ဧည့်သည်လာသည်ဆိုလျှင် ဟိုအိမ်သည်အိမ်မှ စောင်၊ခေါင်းအုံး မငှားရသောအိမ်ဟူ၍ ရှားလှပေသည်။ ခြင်ထောင်မူကား ဆယ်အိမ်တွင်မှ အပိုတလုံးထားနိုင်သူ မရှိခဲ့ချေ။ မြတောင်ရွာကလေးမူကား (ဤရွာသာမဟုတ်၊ မြစ်ရိုးတလျှောက်ရှိ ရွာတိုင်းလိုပင် ဤနည်းနှင်နှင်တွေ့ရ၏။) သစ်ကုန်သည်များ၊ အင်းတိုင်များဆိုသည့် အထက်လွှာလူစားသာမက နဲ့သမား တယောက်၏ အိမ်၌ပင် သင့်တင့်လျောက်ပတ်စွာ ဧည့်ခံနိုင်ခြင်းကို တွေ့ရသည်။ ထိုညဥ့်၌ ကျွန်ုပ်တို့သည် သူကြီးအိမ်နှင့် သစ်ကုန်သည်တယောက်၏ အိမ်တအိမ် မျှသာ တက်ကြပြီးနောက် နဲ့သမားတယောက်၏အိမ်၌ အချိန်အကြာဆုံးနေ၍ နောက်ပိတ်ဆုံးအနေဖြင့် လက်စသတ်လိုက်ကြ၏။ နဲ့သမား၏အိမ်သို့ ရောက်ကြရ ခြင်းမှာ ထိုသူ၌ အသံကောင်း၍ တေးချင်းဆိုတတ်သော သမီးကလေးတယောက် ရှိရာ ကိုဝင့်မော်မှာ ဂီတဝါသနာပါသူဖြစ်၍ ကျွန်ုပ်ဝါသနာပါခြင်းကိုလည်း သိသည်နှင့် သမီးကတေးဆို၊ ဖခင်က နဲ့မှုတ်ခြင်းဖြင့် 'ရွှေနားတော်သွင်း'ကြစေရန် အကြံနှင့် ဝင်ရောက်ခြင်းဖြစ်လေသည်။ သူငယ်ချင်းဝန်ထောက် ကိုဝင့်မော်၏ ထူးခြားသော ဝါသနာတခုမှာ တဲစုတ်သော နှစ်ဆောင်ပြိုင်အိမ်သော မရွေး၊ သူခင်မင်လျှင် ဝင်ချင်ရာဝင်ပြီး ထိုင်ချင်ရာ ထိုင်တတ်ခြင်းပင်ဖြစ်လေသည်။ မျက်နှာကြီးငယ် မလိုက်တတ်ခြင်း၊ ဂုဏ်ပကာသနကို ဂရုမစိုက်ခြင်း၊ ဟန်ကြီးပန်ကြီး မလုပ်တတ် ခြင်း တည်းဟူသော အရာဌာနတွင် ကိုဝင့်မော်ကို မှီနိုင်သူဟူ၍ ကျွန်ုပ်မတွေ့ရ ဘူးချေ။

## ဝရန်တာမှရှုခင်း

မြတောင်ရွာတွင် ယခင်က အကောက်ဝန်ထောက်ဟူ၍မရှိခဲ့၊ ကိုဝင့်မော် သည် ပထမဦးဆုံး အကောက်ဝန်ထောက်ဖြစ်၍ ၎င်းအတွက် နေအိမ်သီးခြား ဆောက်လုပ်ထားခြင်းမရှိသေးပဲ သစ်တောရုံးအဆောက်အအုံကိုပင် ဝန်ထောက်

နေအိမ်အဖြစ်နှင့် အသုံးပြုရ၏။ ဧရာဝတီမြစ်သည် မြတောင်ရွာအနီးတွင် ထုံးစံအတိုင်းတောင်နှင့်မြောက် မစီးဆင်းပဲ ကွေ့ကွေ့ကောက်ကောက် ရှိသည် ဖြစ်၍ မြစ်ကမ်းပါးပေါ်၌ တည်ထားသည့် ရွာများ၏ထုံးစံအတိုင်း ရွာရှည်ကြီး ဖြစ်ရာ ရွှေဘိုနယ်ဘက်၌မူ ရွာများသည် အများအားဖြင့်ခပ်ဝိုင်းဝိုင်း ရှိကြလေ သည်။ မြတောင်ရွာ၏ အနောက်ဘက်အစွန်း (ရွာမြီး)၌ သစ်ဝါးဖြင့် ဆောက်လုပ်ထားသည့် အိမ်မြင့် (ဗိုလ်အိမ်ကြီး) နှစ်ဆောင်ရှိရာ တအိမ်မှာ တောအုပ်ကြီးအတွက်ဖြစ်၍ ဒုတိယအိမ်မှာ အကောက်ဝန်ထောက်အတွက်ဖြစ်၏။ အိမ်နှစ်ဆောင်လုံးသည် မြစ်ဘက်သို့ မျက်နှာမူလျက်ရှိ၍ ရှုခင်းသာလှ၏။ ဝရန်တာမှ ပက်လက်ကုလားထိုင်တွင် ထိုင်လျက် မျှော်ကြည့်လိုက်သောအခါ တဘက်ကမ်းရှိ ထီးချိုင့်မြို့နှင့် တောင်ထိပ်မှ မြသိန်းတန်ဘုရားကိုလည်းကောင်း၊ ဧရာဝတီမျက်နှာပြင်၌ စုန်ဆန်သွားလာလျက်ရှိကြသည့် သင်္ဘော၊ သမ္ပန်၊ လောင်းလှေ၊ ပိန်းကောများကို လည်းကောင်း၊ တအိအိ တရွေ့ရွေ့ မျောချလာကြသည့်သစ်ဖောင်၊ ဝါးဖောင်၊ ကြိမ်ဖောင် စသည်များကိုလည်းကောင်း၊ ဟိုဘက်ကမ်းသည်ဘက်ကမ်း ခေါက်တုံ့ ခေါက်ပြန် တကျွိကျွိတကွိကွိနှင့် လှော်ခတ်ကြသည့် 'ငှက်'(သမ္ပန်)များကို လည်းကောင်း ပြတ်တော့သည်မရှိပဲ နေ့ရောညဥ့်ပါ မြင်ရကြားရ၏။ သို့သော် ကျွန်ုပ်တို့လူစု မျှော်လင့်အားထားဆုံး သော အချိန်သည်ကား ညနေခင်း အချိန်ပေတည်း။

## မြတောင်သူ အပျိုချောများ

ရှင်းပါဦးအံ့။ ဧရာဝတီမြစ်သည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြတောင်ရွာအနီးတွင် ကွေ့ကွေ့ကောက်ကောက် စီးဆင်း၍ အချို့နေရာများ၌ ကမ်းပါးပြိုလျက် ရှိသောကြောင့် မြတောင်ရွာသည် တခုတည်းသော ရေဆိပ်ကိုသာ အသုံးပြုနိုင်၏။ ၎င်းရေဆိပ်မှာလည်း သစ်တောရုံးရှေ့တည့်တည့်၌ ရှိနေ၏။

ထိုရေဆိပ်တွင် ဝါးဖောင်များလည်း (တဖောင်ပြီးတဖောင်) အမြဲလိုပင် ဆိုက်ကပ်လျက်ရှိရာ ရေခပ်သူများလည်း ဖောင်ပေါ်သို့တက်၍ (ရေကောင်း ရေသန့် ရစေခြင်းငှာ) ဖောင်အစွန်းသို့ လျှောက်သွားပြီးမှ ရေခပ်ကြ၏။ ရေချိုးသူများလည်း ၎င်းနည်းအတိုင်းပင် ပြုလုပ်ကြသည်။ သို့ဖြစ်၍ ညနေခင်း အချိန်များတွင် မြတောင်တရွာလုံးရှိ အပျိုဟူသမျှသည် ငါးယောက်တတန်း၊ ခြောက်ယောက်တတန်း စသည်ဖြင့် ရေအိုးများရွက်ကာ ရေဆိပ်သို့ လာကြလေရာ သစ်တောရုံး ဝရန်တာမှ ထိုင်လျက် တညနေမျှ မျှော်ကြည့်လိုက်ပါက မြတောင်ရွာရှိအပျိုပေါင်းစုံကို တယောက်မကျန် မြင်ရသည်ဟု ဆိုနိုင်လောက် ပေသည်။ (သစ်တောရုံး၌ လူပျိုလူချော သစ်တောအရာရှိတယောက် ရှိနေခြင်းသည် မြတောင်သူ အပျိုများအတွက် ရေခပ်ရခြင်း အလုပ်၌ ငြီးငွေ့ခြင်း ပြေပျောက်စေလေသလော မပြောတတ်ပေ။) မည်သို့ဆိုစေ ရေဆိပ်သို့ ညစ်တီး ညစ်စုတ် မလာပဲသပ်သပ်ရပ်ရပ်ဝတ်ဆင်လာစေဖို့ တိုက်တွန်းချက်တခု ဖြစ်စေ သည် ဟူ၍ကား ကျွန်ုပ်ယုံကြည်သည်။ ရေဆိပ်သို့လာကြသောအပျိုများ သည် ပွဲနေပွဲထိုင် ထွက်ရသကဲ့သို့ ဝတ်ကောင်းစားလှကြီး မဟုတ်သော်လည်း သရက်ထည်လုံချည်လတ်လတ်နှင့် (တတ်နိုင်သူများက) အင်္ကျီဒိုဘီချမ္ပူလောက်ကို တော့ ဝတ်ဆင်လာကြသည်။ ဆံပင်ကောင်းသူများကလည်း ဆံပင်ဖားလျားချကာ လာတတ်ကြပေရာ သနပ်ခါးပန်းပန်ဟူသည်မှာ အပျိုတိုင်းလိုပင် ပန်ဆင်လာကြခြင်း ကို တွေ့ရ၏။ ရေအိုးကို ခေါင်းပေါ်တွင် ရွက်ထားရသော်လည်း ရေစီးကျပြီး သနပ်ခါးပျက်ခြင်းမရှိရလေအောင် အပျိုတိုင်းလိုပင် ကျင်လည်မှုရှိလေသည်။ ကျွန်ုပ်တို့လူစုသည် ဝရန်တာ၌ထိုင်လျက်ရေဆိပ်ဘက်သို့ မျှော်ကြည့်နေကြစဉ် သစ်တောရုံးဘက်သို့ မသိမသာ မထင်မရှားစောင်းငဲ့၍ မကြည့်မိသောအပျိုဟူ၍ မရှိခြင်းကိုလည်း ကျွန်ုပ်သတိပြုမိ၏။ ဤတွင် ကျွန်ုပ်က ကိုဝင့်မော်အား–

"ဘယ့်နှယ်လဲဗျ ကိုဝင့်မော်၊ မြတောင် အပျိုချောတွေက ခင်ဗျားရုံးဘက်ကို တယ်ကြည့်ကြပါကလား"ဟု ပြောလိုက်ရာ ကိုဝင့်မော်၏စာရေးကလေးက "ခါတိုင်း

ဒါလောက်မဟုတ်ပါဘူးခင်ဗျာ၊ ဒီနေ့တော့ဆရာတို့ရောက်တဲ့ သတင်းကြားလို့ ဒါလောက်ကြည့်တာပါ"ဟုပြော၏။

"ဟုတ်နိုင်ပါ့မလားငါ့လူရာ၊ ငါတို့က စိတ်ဝင်စားလောက်တဲ့ လူတွေမှ မဟုတ်ပဲ"

"ဝန်ထောက်မင်းအိမ်ကို ရောက်တဲ့ဧည့်သည်ဆိုလျှင် ဟိုမြို့ ဒီမြို့က သစ်ကုန်သည်လောက်ကိုတောင်ဂရုစိုက် ကြည့်ကြတာပဲ ဆရာရဲ့၊ နောင်ကြီးတို့က ရန်ကုန်က ရောက်လာကြတဲ့ မဂ္ဂဇင်းအယ်ဒီတာညီအစ်ကိုဆိုတော့ စိတ်မဝင်စားပဲ ဘယ်မှာနေနိုင်ကြမှာပဲ နောင်ကြီးရဲ့"

"တို့အကြောင်းတွေကို ဘယ့်နှယ်လုပ်ပြီးသိသလဲမောင်ရယ်"

"နောင်ကြီးတို့ညီအစ်ကို သင်္ဘောကဆင်းပြီး ဝန်ထောက်မင်းရုံးကို တက်လာကြတည်းက ဘယ်ကဧည့်သည်တွေပါလိမ့်လို့ မော့်ကြည့်ကုန်ကြပြီး မနေ့ညက သူကြီးအိမ်ကို ဝန်ထောက်မင်းနဲ့ နောင်ကြီးတို့သွားလည်လိုက်ကြတယ် ဆိုလျှင် မနက်လင်းတော့ နောင်ကြီးတို့အကြောင်းကို တရွာလုံး သိကုန်ကြတာ ပေါ့ခင်ဗျ၊ တချို့ကတော့ ဝန်ထောက်မင်းလို လူပျိုတွေပဲလား၊ ဘာလား ညာလား နဲ့တောင် မေးကုန်ကြပြီနောင်ကြီးရဲ့"

"မေးသူတွေက အပျိုတွေဟုတ်ကဲ့လား ငါ့လူရဲ့"

"အပျိုတွေကရော၊ သူတို့မိဘတွေကရောပေါ့ နောင်ကြီးရယ်"

ကိုဝင့်မော်၏ စာရေးကလေးက ကိုဝင့်မော်၏ ရှေ့မှောက်၌ ကျွန်ုပ်တို့အား ဤကဲ့သို့ လွတ်လပ်စွာပြောဝံ့ခြင်းကို တွေ့ရခြင်းအားဖြင့် ကိုဝင့်မော်သည် လက်အောက်ငယ်သားများနှင့် အရောတဝင်ဆက်ဆံလေ့ရှိခြင်းကို ကျွန်ုပ်အကဲ ခတ်နိုင်ပေသည်။

ရေဆိပ်နှင့် ကျွန်ုပ်တို့ရှိနေသော သစ်တောရုံးမှာ လွန်စွာမနီးကပ်လှသော် လည်း ရေခပ်လာကြသောအပျိုများအနက် မည်သည်ကား ချောသည်၊ မည်သည် ကား မချောဟူသည်ကို အကဲခတ်နိုင်လောက်သည်။ အပျိုချောကိုမြင်သည့်အခါ

ကျွန်ုပ်က စာရေးကလေး(မောင်မြ)အားမေးရာ မောင်မြက အပျိုချောများ၏ အမည်နာမသာမက မိဘအခြေအနေများကိုပင် ပြောပြနိုင်လေသည်။

## အနီးကြည့်တမျိုး

ညနေ လေးနာရီလောက်မှစ၍ အပျိုများရေခပ်ဆင်းကြရာ ငါးနာရီခန့် ရှိသောအခါတွင် အပျိုတိုင်းသုံးလေးခေါက်မျှစီ ရေခပ်ဆင်းပြီးကြပြီဖြစ်၍ ဆံပင်ဖားလျားနှင့် အပျိုချောကား မည်သူမည်ဝါ ဖြစ်သည်။ လုံချည်အကျားကြီးနှင့် အပျိုချောကား မည်သူ၊ သရက်ထည်အကျီပန်းရောင်နှင့် အပျိုချောကား မည်ဝါစသည်ဖြင့် ကျွန်ုပ်မျက်မှန်းတန်းမိကုန်လေပြီ။ (မချောသော အပျိုမူကား အရေအတွက်တွင် မထည့်သွင်းချေ။) ကျွန်ုပ်ရောက်ဘူးသမျှသော ကျေးရွာများ အနက်တွင် မြတောင်ရွာသည် အပျိုချော ရာခိုင်နှုန်းအများဆုံးဟူ၍ ၎င်းညနေကပင် ကျွန်ုပ်မှတ်တမ်းတင်လိုက်ပြီးပါပြီ၊ ငါးနာရီ ကျော်ကျော်လောက် တွင် ကျွန်ုပ်ကကိုဝင့်မော်အား "ခင်ဗျား ဘယ်အချိန် ရေချိုးတတ်သလဲဗျို့ ကိုဝင့်မော်"ဟု မေးလိုက်ရာ ကိုဝင့်မော်က "ဟော့ ဖိုးကွန်း၊ ရေလဲပိုင်းတို့ မျက်နှာသုတ်ပဝါတို့၊ ဆပ်ပြာခွက်တို့ယူခဲ့ကွာ၊ ငါတို့ ရေချိုးမယ်"ဟု အလိုက်သိစွာ စီမံလေတော့သည်။ (တကယ်ချစ်စရာကောင်းသော သူငယ်ချင်း တယောက်ပေတကား။) ရေဆိပ်၌ ရေချိုးကြစဉ် ကျွန်ုပ်၏အလုပ်မှာဆံပင်ဖားလျား နှင့်အပျိုချောသည် လည်းကောင်း၊ လုံချည်ကျားနှင့်အပျိုချောသည်လည်းကောင်း၊ ပန်းနုရောင်သရက်ထည်အကျီနှင့် အပျိုချောသည်လည်းကောင်း အဝေးမှချော သလောက် အနီး၌ချောပါလေ၏လော ဟု စုံစမ်းရခြင်းပင် ဖြစ်လေသည်။

အနီးသို့ချဉ်းကပ်၍ကြည့်ရာ၌ ထပ်မံတွေ့ရှိရသော အခြင်းအရာ တခုသည်ကား အပျိုအားလုံးတွင် အရုပ်ဆိုးသူ အလွန်နည်း၍ ယုတ်စွာ့အဆုံး သနားကမားနှင့် 'ရွက်ကြမ်းရေကြို' ရှိကြသူတို့သာ ပေါ်များလှခြင်းပေတည်း။

အပျိုချောတကာတို့တွင် နံပါတ်တစ် ထားထိုက်သူမှာ ကျွန်ုပ်၏ 'ခယ်မလောင်း' ကလေးပင်ဖြစ်လေသည်။ ကျွန်ုပ်၏တတိယဇနီးလောင်း (မစိုး)မှာ ရေခပ်သူများ အနက်တွင် မပါဝင်ချေ။ (မစိုးမှာ ထိုစဉ်က အသက်၂၂နှစ်ရှိပြီဖြစ်၍ ၎င်း၏ညီမ အငယ်နှစ်ယောက်က ရေခပ်သော တာဝန်ကို ယူကြသောကြောင့် ရေခပ်ကြရာတွင် မပါဝင်ပဲ "အိမ်ထောင်ထိန်း အစ်မကြီး"အဖြစ်သို့ရောက်နေခဲ့ လေပြီ။)

## ကိုဝင့်မော်၏ ဝါသနာတခု

ဤနေရာ၌ သူငယ်ချင်း ကိုဝင့်မော်နှင့် ပတ်သက်၍ ကျွန်ုပ်ကိုအကဲခတ်နိုင် လောက်စရာ ဖြစ်ပေါ်လာသော အကြောင်းအရာတခုကို အမှတ်ရ၍ ဖော်ပြရဦး မည်။ ကျွန်ုပ်တို့သည် ဖောင်စွန်းတွင် (ရေညာမှ) ရေချိုးကြ၍ မိန်းမကြီး သုံးယောက်တို့လည်း အောက်ပိုင်းမှ ရေချိုးလျက်ရှိကြ၏။ ဖောင်စွန်းဖြစ်သည့် အတွက်ကြောင့်ရေသည် ဤနေရာ၌ အတော်နက်၍ မထောက်မိပဲ ရှိသည်နှင့် ရေကူးမတတ်သူများမှာ ဖောင်ကိုကိုင်တွယ်လျက် ရေချိုးကြရ၏။ သို့နှင့်ပင် ရေကူးမတတ်သူများ အဖို့မှာ ဘေးအန္တရာယ်မကင်းလှပေ။ ကျွန်ုပ်တို့မူကား ရေကူးတတ်သူများဖြစ်၍ ဖောင်ကိုလွှတ်ကာ မြစ်ပြင်သို့ ထွက်ကူးကြလေသည်။ (ဤနေရာ၌ ကျွန်ုပ်ရေကူးတတ်ပုံ ဆန်းကြယ်ခြင်းကို ဖော်ပြရပေဦးမည်။) ကျွန်ုပ်သည်ဘုန်းကြီးကျောင်းသားကလေး ဘဝကတည်းက ရွှေတချောင်း၌ ကြိမ်ဖန်များစွာ ရေချိုးခဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့သည်ဖြစ်ရာ ရေကူးတတ်ဖို့ အတန်တန်ကြိုးစားသော်လည်း မကူးတတ်ပဲ 'ဖော့်'ရုံမျှသာ 'ဖော့'တတ်၏။ ကျွန်ုပ်၏ ဆရာတော်မြိတ်ကိုယ်တော်ကလူသည် ရေမျက်နှာပြင်ပေါ်တွင် ပက်လက်လှန်၍ ခြေလက်များကို ကားရားကြီးထားပြီး ဦးခေါင်းကို နောက်သို့ လှန်ကာ နှာခေါင်းပေါ်ရုံကလေးမျှ ထားတတ်ပါက ရေမနစ်နိုင်ကြောင်း၊ ဦးခေါင်းကို နောက်သို့မလှန်ဝံ့ပဲ ခပ်ထောင်ထောင် လုပ်လိုက်လျှင်မူကား

မြုပ်သွားမည်ဖြစ်ကြောင်း မိန့်တော်မူဘူးလေသည်။ ကျွန်ုပ်သည် ဆရာတော်၏ စကားအတိုင်း ရှေ့တချောင်း၌ စမ်းသပ်ကြည့်ရာ ဟုတ်မှန်ကြောင်းတွေ့ရ၏။ သို့ဖြစ်၍ ကျွန်ုပ်မှာရေမကူးတတ်ပဲလျက် ရေပေါ်အောင် 'ဖော့'နိုင်လျက်ရှိလေပြီ။ တနေ့သ၌ ကျွန်ုပ်နှင့်မောင်ပုသည် ဘုန်းကြီးကျောင်းမှ ထွက်ပြီး၍ ဆယ့်သုံး လေးနှစ် အရွယ်တွင် အခြားသူငယ်ချင်းများနှင့် မြစ်ဆိပ်သို့သွား၍ ဖောင်များအနီး တွင် ရေချိုးကြ၏။ ကျွန်ုပ်မှတပါး အားလုံးရေကူးတတ်ကြ၏။ အခြားသူငယ်များ သည် ဖောင်စွန်းတွင် ရေကူးလျက်ရှိကြစဉ် ကျွန်ုပ်မူကား ကမ်းပါးအနီး ခါးလောက်မျှသာ နက်သော နေရာတွင် (မြိတ်ဆရာတော်၏နည်းအတိုင်း) တယောက်တည်း 'ဖော့'လျက်ရှိ၏။ ကျွန်ုပ်သည် ရေပေါ်တွင်ခြေလက်ကားရား ထား၍ ပက်လက်လှန်ကာ ပေါလောပေါ်လျက်ရှိစဉ် နေကိုကြည့်နေရသဖြင့် နေသည်ချာလပတ်လျက် ရှိသည်ထင်ရ၏။ အမှန်မှာ နေကလည်ခြင်းမဟုတ်၊ ကျွန်ုပ်၏ကိုယ်သည် ရေပေါ်၌ပတ်ချာလည်လျက်ရှိခြင်းမျှသာဖြစ်၏။ အကြောင်းမူ ကား မြစ်ရေသည် ဒလဟော စီးဆင်းလျက်ရှိစဉ် ကျွန်ုပ်၏ကိုယ်သည် ရေပေါ်၌ ပတ်ချာလည်လျက် မျောပါခြင်း ဖြစ်ပေသောကြောင့်တည်း။ ဤအကြောင်းကို နားမလည်သောကျွန်ုပ်မှာမူ ရေမျက်နှာပြင်၌ မျော၍လိုက်ရခြင်း သည် 'ငြိမ့်'သည်ဆိုကာ ဇိမ်နှင့်မျောပါလျက်ရှိ၏။ တခဏ၌ကျွန်ုပ်၏လက်ကို တစုံတယောက်က ဆွဲလိုက်သည်နှင့် ပက်လက်မျောရာမှ တန့်ကနဲ ဖြစ်သွားပြီး မြေကြီးကိုခြေထောက်လိုက်ရာ မြေကြီးရှာမတွေ့သည်နှင့် အကြီးအကျယ် ထိတ်လန့်ရုံမက ရေမျက်နှာပြင် အောက်သို့မြုပ်သွားပြီး နှာခေါင်းထဲသို့ ရေများဝင်ကုန်လေတော့သည်။ လန့်လိုက်ပုံကား ပြောဖွယ်ရာမရှိချေ။ နောက်တခဏ၌ ကျွန်ုပ်အား ဆွဲထားသော လက်ကိုကိုင်ဖမ်းကာ ၎င်းကို အားပြုလိုက်သည်တွင် ရေပေါ်သို့ဦးခေါင်းပေါ်လာ၍ ဖြစ်ရပုံ အခြေအနေကို ကျွန်ုပ်မြင်ရပါတော့သည်။ ဤတွင်တစ်ကြိမ်ထပ်၍ လန့်ရပြန်ပါတော့သည်။ ဖြစ်နေပုံမှာကား ကျွန်ုပ်သည် ဖောင်ကြီး၏အစွန်းရေနက်ထဲသို့ ရောက်လျက်ရှိ၍

မောင်ပုက ဖောင်စွန်းကိုလက်တဘက်နှင့် ကိုင်ကာအခြားလက်တဘက်ဖြင့် ကျွန်ုပ်၏လက်တဘက်ကို ဆွဲဖမ်းထားခြင်း ဖြစ်လေသည်။ မောင်ပုကမြင်ရ ကျွန်ုပ်ရေမကူးတတ်ခြင်းကို သိသည်နှင့် ပြေးလာပြီး ဖောင်ကိုကိုင်ကာ ကျွန်ုပ်အားဆွဲယူလိုက်ခြင်းဖြစ်လေသည်။ အကယ်၍ မောင်ပုသည် ကျွန်ုပ်၏ အခြေအနေကို အချိန်မီမမြင်လိုက်ပဲ တစက္ကန့်မျှ နောက်ကျသွားသည်ဆိုပါမူကား ကျွန်ုပ်မှာ ဤမှတ်တမ်းဖြင့် စာဖတ်ပရိသတ်အား ညှဉ်းပန်းခွင့်မရတော့ပဲ အစောကြီးက ဘဝ ရုပ်သိမ်းပြီး ဖြစ်ရပေတော့မည်။

## အချောင်ရေကူးတတ်ခြင်း

၁၉၁၄ ခုနှစ်၌ တွံတေးမြို့သို့ ကျွန်ုပ်ရောက်သွားစဉ် 'ဝါဆိုဝါခေါင် ရေဖောင်ဖောင်'ဆိုသော ရာသီဖြစ်၍ တွံတေးတူးမြောင်းမှာ ကမ်းပြည့်ကမ်းလျှံ ဆိုလောက်အောင် ရေများလျက်ရှိ၏။ အိမ်များသည်ချောင်းကိုကျောပေးလျက်ရှိကြ ရာ အခြားရာသီများတွင် တွံတေးချောင်းမှာ ရေချိုးလောက်အောင် မသန့်ပြန့် သော်လည်း ၎င်းရာသီ၌မူ ဧရာဝတီမြစ်ကြောင်း ရေသဖွယ် ကြည်လင်သန့်ရှင်း လျက်ရှိ၏။ သို့ဖြစ်၍ချောင်းကိုကျောခိုင်းကာ ဆောက်လုပ်ထားသည့် အိမ်များမှ လူများသည် အိမ်နောက်ဖေးပိုင်းကို ရေဆိပ်ပြု၍ချောင်းထဲသို့ ခုန်ဆင်းကာ ရေချိုးကြလေသည်။ တညနေ၌ ယောက်ဖနှစ်ယောက်က ကျွန်ုပ်အားရေချိုးရအောင် ဟုပြော၍ အိမ်နောက်ဖေးမှ ခုန်ဆင်းကြလေရာ ကျွန်ုပ်လည်း ၎င်းတို့နောက်မှ ခုန်ဆင်းလိုက်လေ၏။ ဤနေရာ၌ 'ရေတိမ်'ဟူ၍မရှိ။ ခုန်ချလိုက်သည်နှင့် တပြိုင်နက်မထောက်မိပဲ ရေကူးကြရလေသည်။ ယောက်ဖနှစ်ယောက်သည် ရှေ့မှကူးသွားကြ၍ချောင်းလယ် သို့ ရောက်သွားကြလေရာ ကျွန်ုပ်လည်းနောက်မှ လိုက်ကူးသွားလေ၏။ ချောင်းလယ်သို့ရောက်သွားကြသောအခါ ကျွန်ုပ်၏စိတ်ထဲ ၌ တစုံတခုကို သတိရ၍ ထိတ်ကနဲဖြစ်သွား၏။ သတိရသော အခြင်းအရာမှာ

"ဘယ်တုန်းကရေကူးတတ်ပါလိမ့်" ဟူသည်ပင်ဖြစ်၏။ ကျွန်ုပ်မှာ မောင်ပုနှင့် ကြိမ်ဖန်များစွာ ရေကူးသင်ခဲ့ဘူးသော် လည်း ရေကူးကားမတတ် 'ဖော့'နိုင်ရုံသာ တတ်ခဲ့ဘူးခြင်းကိုသတိရ၏။ ဖြစ်ရပုံကား မိမိကိုယ်ကို ရေကူးတတ်ပြီးအထင်နှင့် ခုန်ချပြီး ကူးယက်ခဲ့ရာ တကယ်ကူးတတ်သောအဖြစ်သို့ 'အချောင်' ရောက်သွားခြင်းပင် ဖြစ်ဟန်ရှိသည်။ ဤအခြင်းအရာသည် ထူးဆန်းသော်လည်းမဖြစ်နိုင်သော အရာမဟုတ်။ ခွေးကလေးများသည် ရေထဲသို့ချလိုက်လျှင် ကူးသွားနိုင်ကြသည်သာဖြစ်လေသည်။ လူအဖို့ရာ၌ 'ငါရေမကူးတတ်'ဟူသော အထင်ကပ်လျက်ရှိသောကြောင့် တမင်တကာ လေ့ကျင့်ယူရခြင်းဖြစ်တန်ရာသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့ရာ၌ကား 'ရေကူးတတ်ပြီး'ဟူသော အထင်မှားမှုကြောင့် တကယ်ကူးတတ်ခြင်းဖြစ်သည်ကို သက်သေခံရပါသည်။ သို့ရာတွင်မကူးတတ်ပဲလျက်နှင့် ကူးတတ်သည်ဟု တမင်တကာထင်ဖို့မှာ အလွန်ခဲယဉ်းသော ကိစ္စတခုအနေဖြင့် အကြံပေးလိုခြင်းကား မဟုတ်ရပါ။

## ကိုဝင့်မော်၏ ငယ်မူပေါ်ခြင်း

ကျွန်ုပ်တို့လူစုသည် ဖောင်စွန်း၌ ရေချိုးလျက်ရှိကြစဉ် ဖောင်၏အောက်ပိုင်းတွင် မိန်းမကြီးနှစ်ယောက် သုံးယောက်လည်း ရေချိုးလျက်ရှိကြောင်း ရေးသားဖော်ပြခဲ့ရာ ကိုဝင့်မော်သည် ရေချိုးယင်းတန်းလန်းမှ မိန်းမကြီးများရှိရာသို့ လျှောက်သွား၍ ဖောင်စွန်းကိုလက်တဘက်ဖြင့် ကိုင်တွယ်ကာ ရေချိုးနေသော မိန်းမကြီးအနီးသို့ ချဉ်းကပ်လျက်–

"ဘာလုပ်တာလဲဗျ ဒေါ်မြင့်"

"ရေချိုးတာပေါ့ ဝန်ထောက်မင်း"

"ရေချိုးတာဒီလို ချိုးရသလားဗျ၊ မြစ်ပြင်ထွက်ပြီး ကူးမှပေါ့ဗျ"

"ပြောပြောဆိုဆိုနှင့် ဖောင်၍တွယ်ထားသော မိန်းမကြီး၏လက်ကို ဖြုတ်တော့မည်ဟန်ပြင်လေရာ–

"မလုပ်ပါနဲ့ ဝန်ထောက်မင်းရဲ့ အဒေါ်ရေမကူးတတ်ပါဘူး၊ သေရပါလိမ့်မယ်"

"ကူးသာ ကူးပါဗျ၊ ကျွန်တော်ရှိပါသေးတယ်"

တွယ်ထားသောလက်ကို ဖြုတ်မည်လုပ်ပြန်၏။

"အမယ်လေးလာကြပါအုံး၊ သေရပါတော့မယ်"

"မကြောက်ပါနဲ့ဗျ၊ ကျွန်တော်ရေကူးတတ်ပါတယ်"

"ဝန်ထောက်မင်း ကူးတတ်ပေမယ့် အဒေါ်က မကူးတတ်ဘူး"

ဤအတောအတွင်း ကိုဝင့်မော်မှာ တဟားဟား ရယ်မောလျက်ရှိရာ မိန်းမကြီးကြောက်လေလေ သူကရယ်၍ ကောင်းလေလေဖြစ်နေတော့သည်။ မိန်းမကြီး၏လက်ကို တကယ်ဖြုတ်ခြင်းကား မဟုတ်၊ ဖြုတ်မည့်ဟန် ပြုခြင်းသာဖြစ်သော်လည်း တဘက်သားကမူ တကယ်ပြုမည်ထင်၍ ကြောက်ရှာခြင်းဖြစ်သည်။ ရေချိုးပြီး၍ တက်လာကြသောအခါ ကျွန်ုပ်က "ဟိုမိန်းမကြီးက ဘယ်သူလဲဗျ"ဟု မေးရာ ကိုဝင့်မော်က "တောအုပ်ကတော်ကြီး ပေါ့ဗျာ၊ ကောင်းတဲ့မိန်းမကြီး မဟုတ်ဘူးဗျ၊ လင်ကိုဒုက္ခပေးတဲ့ အဒေါ်ကြီးပဲ၊ သူ့ယောက်ျားမယားငယ်ယူတာကို သစ်တောဝန်တက်တိုင်သတဲ့ဗျာ၊ အလုပ်ပြုပ်လဲအေးတာပဲတဲ့၊ ကောင်းနိုင်ရဲ့လားဗျာ၊ သူ့ယောက်ျားက ကျုပ်တို့နဲ့ ကျောင်းနေဘက်ပဲ၊ ဟိုဟဝါလေဗျာ"

ကျွန်ုပ်မှာ ကိုဟဝါကို မမှတ်မိသော်လည်း မိန်းမကြီးအား ချောက်လှန့်ခြင်း၌ ကိုဝင့်မော်တွင် ရည်ရွယ်ချက်ရှိခြင်းကို ရိပ်မိ၍ 'ငယ်ကျင့်'ကလေးပေါ်လာခြင်း ဖြစ်သည်ဟု သတိရသည်နှင့် ပြုံးမိပါသေးသည်။ သို့ရာတွင် ဤအဖြစ်အပျက်မျိုး ကို နောက်တကြိမ်ထပ်၍ မတွေ့ရတော့ပါ။

## အဆင်းနှင့်အချင်း

ငှင်းဒေသ၏ ထုံးစံတခုမှာ တရပ်တကျေးမှ လူပျိုတယောက်သည် အပျိုတယောက်ကို 'လည်'လိုသည်ဆိုလျှင် ရွာသားလူပျိုတယောက်ကို ချဉ်းကပ်၍ ရွာသားက အပျို၏အိမ်သို့ 'တင်'ပေးလျှင် အပျိုကလက်ခံစကားပြောရသော ဝတ္တရားရှိ၏။ အကယ်၍လက်ခံစကားပြောခြင်းမပြုပါမူ 'တင်'ပေးသော ရွာသားက အပျိုပေါ်၌ 'ဂျိုကျ'မည်ဖြစ်လေသည်။ ဂျိုကျလျှင် မည်သို့ပြုလုပ်လိမ့်မည်ဟု မပြောနိုင်သော်လည်း ယေဘုယျအားဖြင့် ငှင်းထုံးစံကို မဖောက်ဖျက်ပဲ လက်ခံကြသည်သာ များလေသည်။ ကျွန်ုပ်တို့မှာမူ ငှင်းထုံးစံ၏ အထောက်အကူယူဖို့ မလိုပဲ ရေဆိပ်၌ မြင်လိုက်ရသော အပျိုချောများ၏ နေအိမ်များသို့ ကိုဝင့်မော်နှင့်အတူ တအိမ်တက်ဆင်းရောက်ကြ၍ ကိုဝင့်မော်က မိတ်ဖွဲ့ပေးလေသည်။ ညီတော်မောင်မှာ ကျွန်ုပ်တို့နှင့် မလိုက်တော့ပဲသူနှင့် ရွယ်တူချင်းဖြစ်သည့် စာရေးမောင်မြနှင့် တစ်စခန်း သွားကြလေသည်။ ဤနည်းအားဖြင့် သုံးလေးညမျှလည်ပတ်ကြရာတွင် ငှင်းအရပ်သူ အရပ်သားများနှင့် ပတ်သက်၍ ကျွန်ုပ်အကဲခတ်ရသော အချက်အလက်များကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်မှာရွှေဘိုနယ်အဆက်အနွယ်ဖြစ်၍ အခြားနယ်မှ လူများကို မြင်ရသည့်အခါ ရွှေဘိုနယ်သူ နယ်သားများနှင့် နှိုင်းယှဉ်ကြည့်တတ်သော အလေ့ရှိ၏။ ဤရွာသားများသည် ရွှေဘိုနယ်သားများထက် သပ်သပ်ရပ်ရပ် နေထိုင်တတ်ခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ရုပ်ရည်မှာလည်း ကျားရော မပါ ကျွန်ုပ်တို့၏နယ်ထက် မွန်ရည်သန့်ရှင်းကြပါပေသည်။ ရွှေဘိုနယ်ဘက်၌ 'အသားဖြူ'၊ 'အသားဝါ'၊ အလွန်ရှား၍ 'အသားနက်'၊ 'အသားညို'တို့သာ ပေါများကြပေရာ 'အသားလတ်'လောက် ဆိုပါကဒေဝီမြောက်ကြရလေသည်။ (ကျွန်ုပ်၏စံဒေဝီမှာလည်း မန္တလေးသူဖြစ်၍ ညိုချောတယောက် အဖြစ်နှင့်သာ အသိအမှတ်ပြုခြင်းခံရသူ ဖြစ်လေသည်။) ဝတ်စားပြင်ဆင်ရာ၌လည်း မြတောင်မှလူများသည် (အထူးသဖြင့် မိန်းကလေးများ

သည်) ရွှေဘိုနယ်က လူများထက် 'မန်းဆန်'သည်ဟု ဆိုထိုက်ပါပေသည်။ ရွှေဘိုနယ်သားများ၏အားကိုးမှာ ရုပ်ဆင်းသဏ္ဍာန်မဟုတ်၊ အရည်အချင်း ပင်ဖြစ်သည်။ တနည်းဆိုသော် မြစ်ရိုးတလျှောက်သည် 'အဆင်း'အားကိုးဖြစ်၍ ရွှေဘိုနယ်သည် 'အချင်း' အားကိုးဖြစ်၏။ ကျွန်ုပ်၏ ကိုယ်တွေ့ကိုတင်ပြရသော် မြတောင်ရွာ (နယ်တလျှောက်လုံး အပါအဝင်)မှ လူပျိုပေါက်အရွယ်ကာလသား လူလည် တယောက်သည် ရွှေဘိုနယ်မှ နွားကျောင်းသားအရွယ် သူငယ်ကလေး တယောက်နှင့်စကားပြိုင်၍ ပြောပါက ကျွန်ုပ်ကမူ နွားကျောင်းသားဘက်မှ လောင်းလိမ့်မည်ဖြစ်သည်။ စကားအရာ၌ လည်းကောင်း၊ ပါးရေနပ်ရေရှိခြင်း၌ လည်းကောင်း အလည်ပတ်ဆုံးသော မြတောင်သား တယောက်သည် ထူလှ အလှပါသည် ဆိုသော ရွှေဘိုသား တယောက်၏နောက်ဘက်၌ နေရစ်လိမ့်မည်ထင်သည်။ မြစ်ရိုးနယ်ဘက်၌ အလွန်လည်ပတ်သော မိန်းမတယောက်တလေကို တွေ့ရဘူးပါ၏။ (ကျွန်ုပ်၏ တတိယအိမ်ထောင်ကို မဆိုလိုပါ။ ၎င်းမှာ ရိုးရိုးထဲက ဖြစ်ပါသည်။) သို့ရာတွင် ယောကျ်ားများ အနက်မှ ဤမျှလောက် စွမ်းသူကို တယောက်မျှ မတွေ့ရဘူးပါ။ မွေးထူးရေခြား မိန်းမတယောက်ဟူ၍ ဆိုသင့်ပါသည်။

## ဖူးစာရေးနတ်

သူငယ်ချင်းကိုဝင့်မော်ကား အလွန် စကားကြောရှည်သော လူတယောက်ဖြစ်၏။ ကျွန်ုပ်၏ဆန္ဒမှာ ရေဆိပ်၌မြင်လိုက်ရသည့် အပျိုချောများအနက်မှ တည အတွင်း သုံးလေးယောက်မျှ မြင်တွေ့ရ၍ မိတ်ဆက်ရန်ဖြစ်လေရာ ကိုဝင့်မော်ကမူ တအိမ်သို့ တက်မိလျှင် တော်တော်နှင့် ပြန်မဆင်းတတ်ပဲ တဝါးဝါး တဟားဟား နှင့် စကားကောင်းချင်တတ်သူ ဖြစ်လေသည်။ အချို့သော အပျိုချောများနှင့် ၎င်းတို့၏ မိဘများသည် ရန်ကုန်မြို့ကြီးမှ ပူပူနွေးနွေးကြီးရောက်လာသည့်

ခေတ်ပညာတတ် မဂ္ဂဇင်း အယ်ဒီတာ စာရေးဆရာတယောက်အနေဖြင့် ကျွန်ုပ် အပေါ်၌ အထိုက်အလျောက် စိတ်ဝင်စားခြင်း ရှိကြပုံရသော်လည်း ကိုဝင့်မော်နှင့်မူကား နှိုင်းယှဉ်ရန် မဖြစ်နိုင်ပေ။ တအိမ်တလေတွင် မိဘလုပ်သူတို့၏ စိတ်ဝင်စားမှုကို ခံယူရရှိသော်လည်း အပျိုချောများကိုယ်တိုင်၌မူကား ဝန်ထောက် လူချောဘက်သို့ မဲတင်းလျက်ရှိခြင်းကို ကျွန်ုပ်ရိပ်မိသည်။ ကျွန်ုပ်လိုချင်သည်ကား မိဘများမဟုတ်၊ အပျိုချောများဖြစ်လေရာ ထိုအချင်းအရာကို (၁၅မိနစ်ခန့်အတွင်း) ကျွန်ုပ်အကဲခတ်မိသည်မှစ၍ ဖင်ပူအောင် မထိုင်ချင်တော့ပဲ ဝတ်ကျေဝတ်ကုန် နာရီတဝက်ခန့် ထိုင်ပြီးကြကတည်းက ကျွန်ုပ်မှာ ဖင်တကြွကြွဖြစ်နေခဲ့လေပြီ။ ကျွန်ုပ်က မျက်ရိပ်ပြ၍ဖြစ်စေ၊ စကားအရိပ်အမြွက်ဖြင့်ဖြစ်စေ အချက်ပေးသော် လည်း ကိုဝင့်မော်သည် မသိချင်ပြု၍ ဟားမြဲတိုင်း ဟားလျက်ရှိ လေသည်။ နောက်ဆုံး၌ ကျွန်ုပ်မှာ တတ်နိုင်ပါဘူးဆိုကာ လက်လျှော့လိုက်ရလေ ရာ ဤသို့ဖြင့် တအိမ်လျှင် အနည်းဆုံး နှစ်နာရီခန့် ကြာသောအခါမှ ဆင်းလာကြရလေသည်။ ကျွန်ုပ်ကား တညလျှင် လေးငါးခြောက်အိမ်တက်ချင် ပေရာ ကိုဝင့်မော်လုပ်ပုံနှင့်မူ နှစ်အိမ်လောက်သာ တက်ခဲ့နိုင်ကြသည်။ ဤအကြောင်းကို ကိုဝင့်မော်အား ပြောပြရာ သူက "ဘာ့ကြောင့် အရေးကြီး နေရတာလဲဗျ၊ ခင်ဗျား နက်ဖြန်ခါပြန်တော့မှာမို့လား"ဟု ပြန်မေး၍ 'ဖင်မြဲမြဲတိုင်း မြဲပါ့လေတော့သည်။ သူလုပ်ပုံနှင့်ဆိုလျှင် အပျိုချောကလည်း ပေါသည်နှင့် ရွာဦးတွင်ရှိကြသော အပျိုချောများအိမ်သို့ လပေါက်လို့မှ ရောက်ပါမည်လောဟု အောက်မေ့မိသည်။ သို့ရာတွင် ကျွန်ုပ်၏ဆန္ဒကို ဖြည့်စွမ်းပေးသကဲ့သို့ရှိသော အခြင်းအရာတခု ဖြစ်ပေါ်လာရလေပြီ။ ဖူးစာရေးနတ်၏ ဖန်တီးချက်ဟု ဆိုရန်မှာလည်း ကျွန်ုပ်၏နဖူးတွင် သူ၏'စာ'တွေ အတော်ထပ်၍နေပေတော့မည်။ သို့သော် ဤအထဲတွင် စံဒေဝီ၏အမည်တခု ပါဟန်မရှိခြင်းအတွက် အံ့ဩမိ သည်။ ရေးပြီးဖျက်ပစ်ခြင်းပေလောလည်း မပြောတတ်ချေ။

## မတွေ့ဘူးသည့် အစ်မကြီး

နောက်တနေ့၌ ကိုဝင့်မော်သည် ထီးချိုင့်ငွေတိုက်သို့သွားရန် ကိစ္စရှိသည်နှင့် ကျွန်ုပ်အား အတူလိုက်ခဲ့ဖို့ခေါ်၏။ သူ၏အကြံမှာ ကျွန်ုပ်အား ထီးချိုင့်မြို့သို့ ရောက်စေလိုသည့်ပြင် မြို့အုပ်ကတော်မှာလည်း ကျွန်ုပ်၏အစ်မ တော်စပ်ကြောင်းသူသိ၍ မိတ်ဆက်ပေးရန်ဖြစ်လေသည်။ မောင်နှင့်အစ်မဖြစ်လျက် 'မိတ်ဆက်'ဟူသောစကားကို သုံးရခြင်းမှာ အောက်ပါအကြောင်းကြောင့်ဖြစ်၏။ မန္တလေးအေဘီအမ်ကျောင်း၌ ပညာသင်ကြစဉ် ပျဉ်းမနားမြို့မှ ကိုပုအမည်ရှိ ကျောင်းသားတယောက်သည် ကျွန်ုပ်တို့နှင့်အတူ တတန်းတည်းရှိ၍ ဇတန်းကို တပြိုင်တည်းအောင်သွား၏။ ကိုပုသည် သီပေါဘုရင်လက်ထက်က သစ်ကြိတ်ဝန် ၏သားဖြစ်လေရာ ကျွန်ုပ်၏မိခင်နှင့် သစ်ကြိတ်ဝန်မှာ ဆွေမျိုးတော်သည်ဟု နောင်တွင်မှသိရ၍ ကိုပုနှင့်ကျွန်ုပ်မှာ ကျောင်းထွက်ခါနီးတွင်မှ ညီအစ်ကိုတော် ကြောင်း သိရသည်။ ကိုဝင့်မော်နှင့် ကိုပုတို့သည် ရန်ကုန်ကောလိပ်ကျောင်းတွင် ဆက်လက်ပညာသင်ကြားကြစဉ် ကျွန်ုပ်အကြောင်းကို ခဏခဏ ပြောကြသည် ဆို၏။ ကျွန်ုပ်မြဲတောင်သို့ ရောက်သောအချိန်၌ ကိုပုမှာ ကွန်လွန်ရှာပြီဖြစ်ရာ ကိုပု၏အစ်မမြို့အုပ်ကတော် မမလေးနှင့် ကျွန်ုပ်အားမိတ်ဆက်ပေးရန် ကိုဝင့်မော် က ကျွန်ုပ်ကိုခေါ်သွားခြင်း ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထီးချိုင့်ဘက်သို့ကူး၍ မြို့အုပ်ကတော် မမလေး၏အိမ်သို့ ရောက်ကြရာတွင် ကိုဝင့်မော်က "အစ်မကြီး သူ့ကိုသိသလား"ဟု ကျွန်ုပ်အားညွှန်ပြကာ မေးလိုက်သဖြင့် မတွေ့ဘူးသော မောင်နှမနှစ်ယောက် မျက်နှာချင်းဆိုင် ကြည့်လိုက်ကြ၏။ ဤမိန်းမကြီးကား အလွန်စေ့စပ်၍ ဆူတတ်ပူတတ်သည်၊ ရှေးအရာရှိကြီးတဦး၏သမီး၊ ခေတ်အရာရှိ တဦး၏ ဇနီးပီပီ စိတ်ကြီးဝင်လိမ့်မည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ နှုတ်ခမ်းပါး လျှာပါးရှိသော မိန်းမမျိုးကို ကျွန်ုပ်လန့်တတ်၍ မမလေးကို မြင်လျှင်မြင်ချင်း

ကျွန်ုပ်လန့်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည်မင်းကတော်မမလေးအား အစ်မတယောက်အနေဖြင့် ခဏခဏ တွေ့ချင်လိမ့်မည်မဟုတ်ဟု စိတ်ထဲ၌ ဆုံးဖြတ်လိုက်သည်။ မမလေးက ကျွန်ုပ်အကြောင်းကို သူ့မောင်ကိုပုက ခဏခဏ ပြောဘူးပါသည်ဟုဆိုကာ ချိုသာသော မျက်နှာထားနှင့်နှုတ်ဆက်သော်လည်း ဤမိန်းမကြီးနှင့် ပတ်သက်၍ တွန့်သောစိတ်၊ ရွံ့သောစိတ်မူကား မပျောက်နိုင်ချေ။ ထိုအချိန်တွင် မြို့အုပ်ကြီးသည် ရုံးတက်လျက်ရှိရာ မမလေးသည် ကျွန်ုပ်တို့အား ကော်ဖီတိုက်ယင်း ကိုဝင့်မော်၏နေပုံထိုင်ပုံနှင့် ပတ်သက်၍ လက်ချာပေးလေတော့သည်။ ကိုဝင့်မော်သည် လက်အောက်အမှုထမ်းများနှင့်လည်းကောင်း၊ ရွာသူရွာသားများနှင့်လည်းကောင်း၊ အရောတဝင်နေတတ်သည်ဟု မိမိကြားရကြောင်း၊ အရောဝင်လျှင် အရိုသေတန်သည်ဆိုသော မြန်မာစကားရှိ သည်ဖြစ်၍ အထက်တန်းအရာရှိတယောက်ပီပီ ဣန္ဒြေရရ၊ တည်တည်တန့်တန့်၊ ခန့်ခန့်ညားညား နေတတ်ရမည်ဖြစ်ကြောင်း၊ တအိမ်တက်ဆင်းလည်ပတ်ခြင်းမှာ သာမန်အရပ်သားများ၏ အလုပ်ဖြစ်၍ ဝန်ထောက်တန်း အရာရှိတယောက် အဖို့ရာ၌ ဣန္ဒြေမဲ့လုကြောင်း စသည်များဖြင့် ရှည်လျားစွာ လက်ချာပေးလေ၏။ မထိတရီလုပ်တတ်သောအရာတွင် ကျောင်းသားကတည်းက နာမည်ရလာခဲ့သော ကိုဝင့်မော်သည် မမလေး၏ ဩဝါဒလက်ချာများကို နားတဘက်မှ သွင်း၍ နားတဘက်မှ ထုတ်ပစ်လိုက်သည့်နှယ် ပြုံးဖြဲဖြဲကြီးလုပ်ကာ စားစရာများကို တွင်တွင်ကြီးစားပြီး သူနှင့် ကျွန်ုပ်နှစ်ယောက်တည်းရှိသည့်နှယ် စားဖွယ်များကို ကျွန်ုပ်ဘက်သို့တွန်းပို့ကာ "စားပါဗျ၊ လုပ်ပါဗျ၊ သောက်ပါဗျ"ဟု တိုက်တွန်းလေ၏။ ကိုဝင့်မော်သည် မမလေး၏စကားများကိုတကြိမ်မျှလည်း မကန့်ကွက်၊ တခွန်းမျှလည်း မှတ်သားနာယူခဲ့သည့် လက္ခဏာမရှိချေ။

## သံဝေဂရဖွယ်တရပ်

ကျွန်ုပ်၏အစ်မ မမလေးမှာ ကျွန်ုပ်၏မှတ်တမ်းတွင် ကြာရှည်စွာ ပါဝင်မည် မဟုတ်သောကြောင့် သူ့အဖြစ်အပျက်နှင့်ပတ်သက်၍ သံဝေဂရခဲ့မိဘူးသော အခြင်းအရာတခုကို တင်ပြခြင်းအားဖြင့် သူ့အကြောင်းလက်စသိမ်းလိုက်ပါတော့ မည်။ မမလေး၏ခင်ပွန်း မြို့အုပ်ကြီးဦးမြသည် မမလေးထက် အသက်ကြီးပေရာ မမလေး၏စိတ်ကူးမှာ မြို့အုပ်ကြီးကွယ်လွန်သည့်နောက်တွင် မုဆိုးမအဖြစ်နှင့် အချိန်ကာလကြာရှည်စွာ 'ထိုင်စား'ရစ်ရဦးမည်ဖြစ်သောကြောင့် ငွေစုဖို့ အရေးကြီး သည်ဆို၏။ ဤအတိုင်းလည်း ချွေချွေတာတာသုံး၍ ကျစ်ကျစ်ပါအောင် ထုပ်ထားပြီးလျှင် အထူးသဖြင့် လက်ဝတ်လက်စားများ စုဆောင်း၏။ (အိမ်ထောင် ကျစဉ်က မမလေးသည် အပျိုကြီးဖြစ်၍ ဦးမြမှာကား မုဆိုးဖိုဖြစ်လေရာ သားကြီး သမီးကြီးများလည်း ရှိဟန်တူသည်။) မမလေး၏စကားတလုံးမှာ သူ့သမီး အကြီးတွေအဖို့တော့ လက်ဝတ်လက်စားပြည့်စုံခဲ့လှပြီ။ မိမိမှာတော့ ယခုမှ စုဆောင်းရသည်ဆိုကာ အခြားသော မြို့အုပ်ကတော်များထက် ချွေတာရေး လေ့ကျင့်သည်သည်ဟု လူတိုင်းက ပြောကြ၏။ ကုန်သင့်သည်ထက် တပြား တချပ်မျှ ပို၍မကုန်စေရဟူ၍လည်း ပြောကြ၏။ မြတောင်သို့ကျွန်ုပ်ရောက်၍ မကြာမီအတွင်း မြို့အုပ်ကြီးမှာ အခြားတနယ်သို့ ပြောင်းရွှေ့ရလေရာ ထိုနယ်သို့ ရောက်၍လပိုင်းအတွင်း၌ပင် မြို့အုပ်ကတော်မမလေးမှာ ခေါက်ကနဲ ပျက်စီးရ ရှာလေသည်။ မုဆိုးမအဖြစ်နှင့်ထိုင်စားဖို့ဆိုသော အထုပ်ကလေးနှင့် စိန်ရွှေ လက်ဝတ်လက်စားများသည် မြို့အုပ်ဦးဖိုးမြ၏ တတိယအိမ်ထောင်အတွက် ဖြစ်လေသလော၊ သို့တည်းမဟုတ်၊ ပထမအိမ်ထောင်မှ သမီးကြီးများအတွက် ဖြစ်လေသလောမပြောတတ်၊ ကျွန်ုပ်မျက်ခြေပြတ်၍သွားခဲ့သည်။ သို့သော် မမလေးအတွက်မှာ (သူပြုသောကမ္မမှတပါး)ဘာမျှ ပါမသွားခြင်းကား သေချာ သည်။

## လူရည်မလည်သော မြတောင်သားများ

ကိုဝင့်မော်၏ ရုံးကိစ္စလည်း ပြီးစီးသည်နှင့် ကျွန်ုပ်နှင့် ကိုဝင့်မော်တို့သည် မြို့အုပ်အိမ်မှဆင်းခဲ့ကြ၍ မြစ်ဆိပ်သို့လျှောက်လာကြရာ ကမ်းသို့ချဉ်းကပ်မိသောအခါ၌ ငှက်တစ်စင်းသည် ကမ်းမှခွာ၍ မြတောင်ဘက်သို့လော်ခတ်သွားသည်ကို မြင်သည်နှင့် ကိုဝင့်မော်က လှမ်းခေါ်၏။ ငှက်သမားသည် မကြားချင်ပြု၍ လော်ခတ်မြဲလော်ခတ်သွား၏။ ထိုအခိုက်တွင်မြစ်ဆိပ်၌ အခြားငှက်များမရှိသည်နှင့် ကိုဝင့်မော်က ကျယ်ကျယ်ကြီးဟစ်ခေါ်ရာ ငှက်သမားလည်းဇွတ်ခတ်ပြေး၏။ ဤတွင် 'လူကောင်းစိတ်တို့'ဖြစ်သော ကိုဝင့်မော်သည် ဒေါသဖြစ်လာ၍ ခတ်ပြေးသော ငှက်သမားမှာ မည်သူမည်ဝါဖြစ်သည်ဟု မြစ်ဆိပ်တွင် ထိုင်လျက်ရှိသော သူငယ်တယောက်အားမေး၏။ လူငယ်ကလည်း ဘာမျှမပြောပဲ ငုတ်တုတ်ကြီးထိုင်နေလေရာ နဂိုကတည်းကဒေါသပွလျက်ရှိသော ကိုဝင့်မော်သည် မိမိကမေးသည်မပြောပဲ ပေလျက်ရှိသော လူငယ်အားစိတ်ဆိုးသည်နှင့် ခြေထောက်ဖြင့် တချက်ကန်လိုက်လေသည်။ (မြတောင်သားများ၏ မရေလည်ပုံမှာ သဘောကောင်းလှသည်ဟု နာမည်ရလျက်ရှိသော ဝန်ထောက်တယောက်အားပင် ခေါ်မရ မေးမရ လုပ်ချင်လုပ်သေးသည်။ လူငယ်ရောငှက်သမားပါ မြတောင်ဘက်မှဖြစ်သည်ဟု နောင်တွင်သိရသည်။ ရွှေဘိုနယ်သားများမူကား ကိုဝင့်မော်ကဲ့သို့ သဘောကောင်းသော ဝန်ထောက်တယောက်အား ဤကဲ့သို့ ပြုမူလိမ့်မည် မဟုတ်ဟူ၍ ကျွန်ုပ်နှိုင်းယှဉ်ချက်ထုတ်မိသည်။) များမကြာမီ ထီးချိုင့်ဘက်မှ ငှက်တစ်စင်းပေါ်လာ၍ ၎င်းဖြင့် မြတောင်ဘက်သို့ ကူးခဲ့ကြရ၏။ သူငယ်ချင်းကိုဝင့်မော်မှာ ဆင်းရဲသားကို ကြင်နာတတ်သူဖြစ်၍ ငှက်ခမပေးပဲ နေမည့်လူတယောက်မဟုတ်ခြင်းကိုလည်း ကျွန်ုပ်သိသဖြင့် ထိုသူနှစ်ယောက်တို့၏ အပြုအမူကို အံ့သြမိသည်။

ထိုညဥ့်၌ ရွာထဲမှ အဘိုးကြီးတယောက်ရောက်လာ၍ ခြေကန်ခံရသော လူငယ်မှာ အလူးအလဲဖြစ်နေကြောင်း၊ ဝန်ထောက်မင်းလိုက်ကြည့်ဖို့အကြောင်း တောင်းပန်ပြောဆိုလေ၏။ ကိုဝင့်မော်သည် ချက်ချင်းထ၍လိုက်ရာ ကျွန်ုပ်အား လည်း အဖော်လိုက်ခဲ့ဖို့ ခေါ်သွားလေသည်။ ရုံးပေါ်မှဆင်း၍ တောအုပ်ကြီး၏ အိမ်ရှေ့သို့ရောက်ကြရာတွင် အကြောင်းခြင်းရာကို ကြားသိနှင့်ပြီး ဖြစ်သော တောအုပ်ကြီးသည် အိမ်ပေါ်မှ ပြေးဆင်းလာ၍ မြတောင်ရွာသားများ မကောင်း ကြောင်း၊ ဘာမျှမယုံရကြောင်း၊ လူရမ်းကားကလေးများလည်း ရှိကြောင်း၊ ဝန် ထောက်မင်းကိုယ်တိုင် မလိုက်သင့်ကြောင်းပြောကာ တားဆီးလေ၏။ (တောအုပ် ကြီးကား ဤနယ်တွင် နှစ်ပေါင်းများစွာ နေဘူးသူဖြစ်၍ နယ်အကြောင်းကို ကိုဝင့်မော်ထက် ပို၍သိသည်။) ဤတွင် ကိုဝင့်မော်က “ဘယ့်နယ်လဲဗျို့ ကိုဖေသိန်း”ဟု မေးရာ ကျွန်ုပ်က “ခင်ဗျားသွားလျှင်တော့ ကျုပ်လိုက်မှာပဲ”ဟု ပြန်ပြောသည်နှင့် “ကိုင်းလာဗျာ၊ သွားမယ်”ဟုဆိုကာ ထွက်လာကြလေသည်။ အသက်ငါးဆယ်ကျော်ပြီဖြစ်သော တောအုပ်ကြီးကမူ “တော်တော်ခေါင်းမာတဲ့ လူကလေးနှစ်ယောက်ပဲ” ဟူသော မျက်နှာထားမျိုးနှင့် ကြည့်နေရစ်လေ၏။ ခြေကန်ခံရသော လူငယ်၏အိမ်သို့ ရောက်ကြသောအခါ (ဝန်ထောက်နှင့်ပတ်သက် သောအမှုဖြစ်သည်နှင့်) လူငယ်ဆွေမျိုးများသာမက တရွာလုံးလိုပင် စုရုံးရောက်ရှိ နေကြလေပြီ။ ကျွန်ုပ်တို့သည်အိမ်ပေါ်သို့တက်၍ လူနာအနီး၌ ထိုင်ကြရာ လူနာမှာ ခါးကိုကန်မိသောဒဏ်ကြောင့် ရွာသူရွာသားများ ဝိုင်းဝန်းနှိပ်နယ်ပေး နေကြ၏။ ကျွန်ုပ်သည် လူနာ၏မျက်နှာကို တချက်လှမ်းကြည့် လိုက်ရာတွင် ဝေဒနာပြင်းထန်ပုံမရကြောင်း အကဲခတ်မိသည်နှင့် ပရိသတ်ကို လှမ်းကြည့်လိုက် ပြန်၏။ ၎င်းတို့အနက်တွင် ရေခပ်ဆိပ်၌ မြင်လိုက်ရ၍ ကျွန်ုပ်မှတ်မိသော မိန်းမချောကလေးကို တွေ့ရ၏။ သူ့အနီးတွင်လည်း ရုပ်ချင်းခပ်ဆင်ဆင်တူသော

မိန်းမချောကလေး နှစ်ယောက်ကိုလည်း မြင်ရလေရာ ညီအစ်မများ ဖြစ်တန်ရာသည်ဟု အကဲခတ်မိ၍ ထိုအတိုင်းမှန်ကန်ခြင်းကိုလည်း နောင်တွင်သိရသည်။ ညီအစ်မသုံးဖော်တို့၏မျက်နှာများမှာ ရှမ်းဆန်သည်ထင်မိရာ ဤသည်လည်း မှန်ကန်ကြောင်းတွေ့ရသည်။ ရွာသူရွာသားများသည် ကိုဝင့်မော်၏ ခြေကန်မှုနှင့် ပတ်သက်၍ တစိတ်ကို တအိတ်ဖြစ်အောင် ချဲ့ထွင်ပြောဆိုလျက်ရှိကြ ရာ ကျွန်ုပ်မှာ လူ့စိတ်ကိုအကဲခတ်သလောက် ပြေလည်အောင်မပြောတတ်သည်နှင့် စကားဖြင့် မကူညီပဲ ရွာသားလူငယ်များ၏အကဲကိုသာ စောင့်ကြည့်နေရပါတော့ သည်။ ရွာသူများအနက်တွင် အတော်စကားတတ်သော မိန်းမကြီးတယောက်၏ စကားချ ချက်အရ ကိုဝင့်မော်က လူနာအတွက် အရာရာတာဝန်ယူပါသည်ဟု ကတိပြုပြီး နောက် အိမ်ပေါ်မှ ဆင်းလာခဲ့ကြလေ၏။

## အပျိုချောများနှင့် အကျွမ်းဝင်ပုံ

နောက်တနေ့နံနက်တွင် ထီးချိုင့်ဘက်သို့ ကျွန်ုပ်နှင့်စာရေးကလေးတို့ သွား၍ ဆရာဝန်ခေါ်ပြီးလူနာ၏အိမ်သို့ ပို့ပေးရ၏။ ကိုဝင့်မော်မှကား တောအုပ်ကြီး သတိပေးချက်ကြောင့် ကိုယ်တိုင်မလိုက်တော့ချေ။ ထိုနေ့၌ပင် ကိုဝင့်မော်၏မိဘ များထံမှ ကြေးနန်းရ၍ မန္တလေးသို့ ကိုဝင့်မော်လိုက်သွားရလေရာ ဆရာဝန်နှင့် လူနာ၏တာဝန်ကို ကျွန်ုပ်အားလွှဲထားခဲ့၍ နေ့တိုင်းသွားကြည့်ဖို့လည်း ကတိပြု လိုက်ရလေသည်။ လူနာ၏အိမ်နှင့် မျက်နှာချင်းဆိုင်ရှိသော အိမ်တွင် ကျွန်ုပ် မျက်မှန်းတန်းမိသည့် မိန်းမချောကလေး ညီအစ်မသုံးယောက်တို့ နေထိုင်ကြ လေရာ ကျွန်ုပ်မှာ ကိုဝင့်မော်လွှဲထားခဲ့သည့် လူနာကြည့်တာဝန်ကို ထမ်းရွက်ရ သည်နှင့်ပင် မိန်းကလေးများနှင့် အတော်သိကျွမ်းလျက်ရှိလေပြီ။ တခါတရံ လူနာ ထံမှအပြန်တွင်၎င်းတို့၏အိမ်ဘက်သို့ ကူးဝင်ကာ အချိန်အတန်ကြာအောင် စကားစမြည်ပြောလေ့ရှိ၏။ ပထမ၌ အလတ်မိန်းကလေးသည် အချောဆုံးဖြစ်သည်

ဟု ထင်ခဲ့ရာမှ အတော်အတန် အကျွမ်းတဝင်ရှိလာသောအခါတွင် အကြီးဆုံးနှင့် ပို၍ မျက်မှန်းတန်းမိလာသည်။ သို့ရာတွင် စံဒေဝီနှင့် မျက်မှန်းတန်းမိခြင်းမျိုးကား မဟုတ်သေးပေ။ အမှန်မှာ ကိုဝင့်မော်မရှိသည့် ရက်သတ္တပတ်အတွင်း၌ နေ့စဉ်လို တွေ့ရသော်လည်း မိတ်ဖြစ်ဆွေဖြစ်သာ သဘောထား၍ 'လူပျိုလှည့်'လိုသည့် အကြံအစည်ပင် မပေါ်ပေါက်သေးပါ။ ဤရက်များအတွင်း အခြားသော အပျိုချောများနှင့်လည်း သိကျွမ်းအောင် လမ်းဖောက်လျက်ရှိပါသည်။ ကျွန်ုပ်သည် ဟုတ်မှန်သည့်အတိုင်း ပြောရမည်ဆိုလျှင် လိင်နှင့်ပတ်သက်၍ ခေါင်းပါးသူ တယောက် ဖြစ်ပါလျက် တသက်တာတွင် ထိုအချိန်အပိုင်းအခြားကဲ့သို့ မိန်းမစိတ်ကူးသော အချိန်သည် မရှိခဲ့ဘူးပါ။ မလုပ်ကလည်းမရှိ၊ လွတ်လပ်သော မိန်းမချောများကလည်း ပေါသည်နှင့် မည်သူ့ကို 'လှည့်'ရလျှင် တော်လိမ့်မည်၊ ဟန်လိမ့်မည်၊ နေရာကျလိမ့်မည်ဆိုသည်ကို အချိန်ကုန်ခံ၍ စဉ်းစားစိတ်ကူး မိပါသည်။ ဟုတ်ချင်ဟုတ်၊ မဟုတ်ချင်နေ၊ နောင်ခါလာ နောင်ခါချေးဆိုကာ အပျော်လိုက်တတ်သော ဝါသနာလည်းမရှိသောကြောင့် မည်သူ့အားမျှ ထိရောက် စွာအကြံမပြုသေးပဲ အကဲခတ်ဆဲ ရှိပါသည်။ သို့သော် ငါသည် ဤရွာသူ တယောက်ယောက်နှင့် အိမ်ထောင်ကျလိမ့်မည်ဟူသောအထင်မှာမူ ရောက်ကတည်း က ကပ်လျက် ရှိပါ၏။ မိန်းမတယောက်သာဖြစ်ခဲ့လျှင် 'အညာလွယ်'သည်ဟု ဆိုရလိမ့်မည် ထင်ပါသည်။

## သစ်သင်းထွက်ခြင်း

မန္တလေးမှ ကိုဝင့်မော်ပြန်ရောက်သောအခါ ခြေကန်ခံရသော လူငယ်မှာ ကောင်းစွာပျောက်ကင်းပြီဖြစ်၍ ကိုဝင့်မော်မှာ ဆရာဝန်အတွက်လည်းကောင်း၊ လူနာအတွက်လည်းကောင်း သင့်တင့်လျောက်ပတ်အောင် ပေးရသည်တွင် ကိုဝင့်မော်က "တော်တော်ဈေးကြီးတဲ့ ခြေတချက်ပဲဗျ၊ (An Expensive Kick)"ဟု

ရယ်ကာမောကာ ပြောလေသည်။ နောက်တနေ့တွင် သစ်တောဝန်ထံမှ ကိုဝင့်မော် ထံသို့ အမိန့်စာရောက်လာ၏။ ၎င်းမှာ ကိုဝင့်မော်အား တောခေါင်းနှစ်ယောက် နှင့်အတူ သစ်တောသို့ချက်ချင်း 'သစ်သင်း' ထွက်ရန် ဖြစ်လေသည်။ သစ်သင်းသောအလုပ်မှာ သစ်တောအရာရှိများနှင့် လက်အောက်အမှုထမ်းများ အဖို့ရာ၌ အပင်ပန်းဆုံးသော အလုပ်တခုဖြစ်၍ အတော်ငိုင်သွားကြလေရာ မမြင်ဘူးသော အခြင်းအရာမြင်လိုလှသော ကျွန်ုပ်မှုကား ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေသည်။ ကျွန်ုပ်၏ရွှင်ပြသောမျက်နှာ ကိုမြင်ရသောအခါ ကိုဝင့်မော်က "ခင်ဗျားက ဝမ်းသာနေဗျား၊ တော်တော်ကြာ တော့မညည်းနဲ့နော်"ဟု ပြောရာ ကျွန်ုပ်ကလည်း "ခင်ဗျားတို့လုပ်သမျှ လုပ်ပါ့မယ်ဗျာ၊ မညည်းပါဘူး"ဟု ပြန်ပြောမိပါသည်။ နောက်တနေ့ညနေတွင် ဝန်စည်စလည်များကို ဆင်နှစ်ကောင် ဖြင့်တင်၍ ကျွန်ုပ်တို့လူစုသည် သစ်သင်းစခန်းသို့ထွက်ခဲ့ကြလေ၏။ သစ်တော အရာရှိများမှာ ဆင်များ ရသည်ဆိုသော်လည်း လူစီးရန်မဟုတ်၊ ပစ္စည်းတင်ရန် ဖြစ်လေရာ လူ့အဖို့မှာ ခြေနှစ်ချောင်းကိုသာ အားကိုးရလေသည်။ ကျွန်ုပ်တို့သည် ပထမသစ်သင်းစခန်း ဖြစ်သော နမ်းပေါင်းရွာသို့ သွားရန်ဖြစ်သော်လည်း ၁၆ မိုင်ခရီးကိုတညနေဖြင့် ပေါက်အောင် မသွားနိုင်သောကြောင့် ၉ မိုင်ဝေးသည့် ပေါက်နက်ရွာကလေး၌ တညအိပ်ကြရ၏။ ပေါက်နက်ရွာရှိ သစ်တောဘန်ဂလိုမှာ နှစ်မျက်နှာတွင် အကာရှိ၍ နှစ်မျက်နှာတွင် လုပ်ထားသော (ဇရပ်ကလေးအရွယ်) အဆောက်အအုံ တခုဖြစ်ရာ ၎င်းစခန်းတွင် မြတောင် တောအုပ်ကြီးနှင့်ဆုံမိကြ၍ ညစာ အတူတူစားကြသည်။ ၉ မိုင်ခရီး လျှောက်ရခြင်းအတွက် ကိုဝင့်မော် နှင့်အမှုထမ်း များအဖို့ မည်သို့မျှမရှိသော်လည်း ကျွန်ုပ်တို့ညီအစ်ကိုမှာ အတော် ဖား၍ ထမင်းအလွန်မြိန်ကြသည်။ ကျွန်ုပ်တို့အိပ်ရာသို့ ဝင်ကြသောအခါ တန်ဆောင်မုန်း လဆန်း ၈ရက် လကလေးသည် ဆီးနှင်းများအကြားမှ မှေးမှိန်စွာ သာလျက်ရှိလေ ၏။

## ဆင်ပစ်ထွက်ခြင်း

ည ၁၀ နာရီအချိန်ခန့်တွင် ရွာသားနှစ်ယောက်ရောက်လာ၍ အနီးရှိ လယ်တောတွင် ဆင်ရိုင်းဝင်၍စားနေကြောင်း သတင်းပေးလာ၏။ ဤတွင် ကိုဝင့်မော်သည် ငေါက်ကနဲထ၍ ရိုင်ဖယ်သေနတ်ကို ဆွဲကိုင်လေရာ တောအုပ်ကြီး က "ဝန်ထောက်မင်း မတော်ပါဘူး ထင်ပါတယ်"ဟု သတိပေးသော် လည်း ကိုဝင့်မော်က "ဘာဖြစ်သလဲ တောအုပ်ကြီးရဲ့၊ ပစ်ခွင့်ရှိတယ် မဟုတ်လား"ဟု မေး၏။ တောအုပ်ကြီးက "ပစ်တာကတော့ပစ်နိုင်ခွင့်ရှိပါတယ်၊ သို့သော် စိုးရိမ်လို့ ပြောခြင်းပါ"ဟု ပြန်ပြော၏။ ကိုဝင့်မော်က "ဥပဒေလွတ်ကင်း လျှင်တော်ပြီဗျာ၊ ဆင်ကိုတော့ မကြောက်ပါဘူး၊ တခါမှ ဆင်မပစ်ဘူးလို့ စမ်းကြည့်ချင်တယ်"ဟု ပြောပြောဆိုဆိုနှင့် ဆင်းမည်ပြုပြီး "ကိုဖေသိန်းကောဗျို့ လိုက်ဝံ့ရဲ့လား" ဟု မေး၏။ အမှန်ကိုပြောရလျှင် ကျောင်းသို့နေစဉ်က ကိုဝင့်မော်၏ ကျီစားခြင်းများကို ရှောင်ခဲ့ရခြင်းမှာ သူတို့၏ညီအစ်ကိုလေးယောက်အဖွဲ့ကို လန့်သောကြောင့်ဖြစ်ရာ ဤနေရာ၌မူ သူကဲ့သို့ပင် သတ္တိရှိကြောင်း ပြလိုသည်နှင့် "လိုက်တာပေါ့ဗျာ" ဟုဆိုကာ ဆင်း၍လိုက်လေ၏။ ဤတွင်တောအုပ်ကြီးက "ဆရာကလေး ဘာလုပ်လိုက်မှာလဲ၊ ဒီလိုဆိုကျုပ်သေနတ်ကိုယူသွားအုံး" ဟုပြောရာ ကျွန်ုပ်က သေနတ်မပစ်တတ်ကြောင်း ပြော၍ ဗလာလိုက်သွားလေ၏။ ကျွန်ုပ်သည် ကိုဝင့်မော်အပေါ်၌ အညံ့မခံချင်ရုံချည်းမဟုတ်၊ ဆင်ပစ်ခြင်းကိုလည်း မြင်ဘူးလို သောကြောင့် ဖြစ်လေရာ ရွာသားနှစ်ယောက်က ရှေ့ဆုံးမှလည်းကောင်း ကိုဝင့်မော် ကအလယ်မှ ကျွန်ုပ်ကနောက်ဆုံးမှလည်းကောင်း စီတန်းကာ လျှောက်သွားကြ၍ တဖာလုံခန့် ရောက်သောအခါ လယ်တောအစပ်သို့ ရောက်လာကြသည်။

ရွာသားနှစ်ယောက်သည် ရှေ့ဆုံးမှ ခေတ္တရပ်၍ နားထောင်ရာ 'ဖြုတ် ဖြုတ် ဖြုတ်'မည်သော အသံများကိုကြားရ၏။ ၎င်းမှာစပါးပင်များကို နှုတ်စားသော အသံပင်ဖြစ်သည်။ ထို့နောက် ရွာသားတယောက်သည် မြက်တဆုပ်ကို နှုတ်၍

မြှောက်ကြည့်လိုက်ရာ ကျွန်ုပ်တို့က လေအောက်မှ ရှိနေခြင်းကို တွေ့ရသဖြင့် တဖြည်းဖြည်းဆက်လက် လျှောက်သွားကြ၏။ လရောင်မှာ တခြမ်းမျှသာရှိသော လမှ ထွက်ရခြင်းဖြစ်သည့်အထဲတွင် ဆီးနှင်းများလည်း အနည်းငယ် ဖုံးလျက် ရှိသောကြောင့် ကျွန်ုပ်တို့သည် လယ်ကန်သင်းကိုပင် ရေးရေးသာမြင်၍ ခြေမချော် စေရအောင် သတိနှင့်လျှောက်ကြရ၏။ 'ဖြုတ် ဖြုတ်'မြည်သံများသည် ကျယ်၍ ကျယ်၍လာရာမှ ဖျတ်ကနဲရပ်သွားရာတွင် ရှာသားနှစ်ယောက်တို့သည် တန့်ကနဲ ရပ်၍ ပြားကနဲ ဝပ်လိုက်ကြ၏။ ကျွန်ုပ်တို့လည်း သူတို့နည်းတူ ကန်သင်းပေါ် တွင် လေးဘက်ထောက်ကာ ကုန်းလိုက်ကြသည်။ ရှာသားတယောက်သည် မြက်တဆုပ်ကို မြှောက်စမ်းပြရာ ကျွန်ုပ်တို့သည် လေအောက်မှပင် ရှိနေခြင်း ကိုတွေ့ရသည်။ 'ဖြုတ် ဖြုတ်'သံလည်း မကြားရ၊ ကျွန်ုပ်တို့လည်း ကန်သင်းရိုး ပေါ်တွင် ပြားလျက် တမိနစ်ခန့် ကြာသည့် အတောအတွင်း ကျွန်ုပ်၏ရင်ပတ် လှုပ်ခန်သောအသံမှာ ကိုယ့်ဟာကိုယ် ကြားရုံမက ကိုဝင့်မော်ကြားမည်စိုး၍ လက်ဖြင့် ဖိထားရပါသေးသည်။ ရှာသားတွေ ကြားလျှင်ကြားစေ၊ ဆင်နှင့် ကိုဝင့်မော် မကြားလျှင်ပြီးရောဟု အောက်မေ့မိသည်။ နေက်တခဏ၌ 'ဖြုတ် ဖြုတ်'သံမဟုတ်ပဲ သိမ့်ကနဲ သိမ့်ကနဲ ဖြစ်သော အခြင်းအရာကို ခံစားရကြပေရာ နေရာတကာတွင် အတင့်ရဲသော ကိုဝင့်မော်သည် ကုန်းနေရာမှ ဦးခေါင်းထောင်ကာ မျှော်ကြည့်လိုက်သဖြင့် ကျွန်ုပ်လည်း သူလုပ်သလို လိုက်၍လုပ်၏။ ကျွန်ုပ်အထင် ပေတရာခန့်လောက်တွင် မှေးမှိန်လှသောလရောင်၌ မည်းနက်သော အရာဝတ္ထု ကြီး တခုကိုမြင်ရ၏။ ရှာသားနှစ်ယောက်ကလည်း "ပစ်ပါ၊ ပစ်ပါ"ဟု တီးတိုး ပြောသံ ကြားရ၏။ ဤတွင် ကိုဝင့်မော်သည် ကန်သင်းပေါ်တွင် မှဆိုးထိုင် ထိုင်လျက် ရိုင်ဖယ်ကို ပခုံး၌ ထောက်ကာ မောင်းဖြုတ်ချလိုက်၏။

သေနတ်သံကို ဤမျှလောက် နီးနီးကပ်ကပ်မကြားရဘူးသော ကျွန်ုပ်မှာ အသံကြောင့် လန့်မိသော်လည်း စိတ်ချလက်ချ မလန့်နိုင်ပဲ ရှေ့မည်းမည်းကြီးကို လှမ်း၍ကြည့်လိုက်ရသေး၏။ ကျွန်ုပ်အထင် ဆင်ကောင်သည် ရှေ့သို့ဦးစိုက်

သွားရာ မှ တဖန်ပြန်၍အထတွင် ရှာသားနှစ်ယောက်လည်း သုတ်ခြေတင်ကြ၍ ကိုဝင့်မော်နှင့် ကျွန်ုပ်တို့လည်း ၎င်းတို့နောက်မှ လိုက်ပြေးကြ၏။ ကိုဝင့်မော်ကား သေနတ်ကြီးတဘက်နှင့် ကျွန်ုပ်ကိုမှီအောင် မပြေးနိုင်ချေ။ လမ်းခရီးတွင် သေနတ်နှင့် ပြေးလိုက်လာသော တောအုပ်ကြီးကိုတွေ့၍ ကိုဝင့်မော်က ပြန်ကြည့်ဖို့ပြောရာ တောအုပ်ကြီးက ဥပဒေအရ လယ်ကိုစားသော ဆင်ရိုင်းကို ခြောက်လှန့်ရုံသာ အခွင့်ရှိသည်ဟု ပြော၍ ကိုဝင့်မော်အား အတင်းပြန်ခေါ်သွားလေသည်။ နံနက်လင်း၍ လာကြည့်ကြသောအခါ ဆင်ကောင်ကား မတွေ့၊ သွေးကွက်ကြီးနှင့် ဦးစိုက်သော နေရာကိုသာ တွေ့ရလေသည်။ မုဆိုးဝါရင့်သောတောအုပ်ကြီးက ဦးခေါင်းကို ထိမှန်သော်လည်း ဦးနှောက်မဖောက်ပဲ ‘ရှပ်’၍မှန်ပြီး မူးသွားခြင်းဖြစ်တန်ရာသည်ဟု ပြော၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့ကား ဆင်ပစ်ခြင်းကို မြင်ရဘူး၍ မြတ်သည်ဟု ဆိုနိုင်ပါသည်။

## ခရီးဆက်ကြခြင်း

နောက်တနေ့နံနက်တွင် ကျွန်ုပ်တို့လူစုသည် ကော်ဖီသောက်ပြီးနောက် ခရီးထွက်ရန် ပြင်ဆင်ကြလေ၏။ တောအုပ်ကြီးတို့ လူစုမှာ မြတောင်ဘက်သို့ လည်းကောင်း၊ ကျွန်ုပ်တို့လူစုမှာ နမ်းပေါင်းစခန်းသို့လည်းကောင်းဆက်လက် ခရီးထွက်ကြရန်ဖြစ်၏။ ပစ္စည်းများကို ဆင်နှစ်ကောင်ပေါ်သို့တင်၍ ကိုဝင့်မော်၏ တပည့်များ၊ တောခေါင်းများ၊ စာရေးမောင်မြနှင့် ကျွန်ုပ်၏ညီတော်မောင်တို့က တဖွဲ့၊ ကိုဝင့်မော်နှင့်ကျွန်ုပ်တို့နောက်မှ သေနတ်ထမ်း၍ လိုက်ရသည့်တပည့် တယောက်ကတဖွဲ့ လမ်းလျှောက်လာကြ၏။ ပစ္စည်းများတင်သည့် ဆင်နှစ်ကောင်ကို ပထမ၌ မှီအောင် လိုက်နိုင်ကြသော်လည်း တရွေ့ရွေ့ တအိအိနှင့် သွားကြသည် ထင်ရသောဆင်နှစ်ကောင်၏ ခြေလှမ်းကြဲမှုကြောင့် ကြာရှည်စွာ မှီအောင် မလိုက်နိုင်ကြပဲ သုံးကွဲကွဲ၍ သွားလေတော့သည်။ ကိုဝင့်မော်၏အကြံမှာ လမ်းခရီး

တွင် ချောကလေး၊ ဒရယ်ကလေးများ တွေ့လိုတွေ့ငြားဆိုကာ သေနတ်ထမ်းသော တပည့်နောက် လိုက်ပါလာသည့်အတွက် ကျွန်ုပ်တို့ သုံးယောက်မှာ နောက်ဆုံးအဖွဲ့ဖြစ်နေလေသည်။

လမ်းလျှောက်သွားကြစဉ် ကျွန်ုပ်မှာ ဤမျှလောက်နက်သော တောသို့ တကြိမ်မျှ မရောက်ဘူးသည်နှင့် စိတ်ဝင်စားဖွယ်သော အခြင်းအရာများကို တွေ့ရ၏။ 'စိမ့်ကြီး၊ မြိုင်ကြီး၊ ရိပ်ကြီး တောတောင် နေရောင်မခ'ဟူသော ရကန်ကြီးအတိုင်း အလွန်ကြီးမားထူထပ်သော သစ်ပင်ကြီးများတွင် ပေါင်လုံးခန့် တုတ်သောနွယ်ကြီးများ ပတ်ရစ်လျက် နေပျောက်မထိုးသည့် လှည်းလမ်းပေါ်၌ လျှောက်သွားစဉ် သစ်ပါးပျဉ်းကြီးများကို မြင်ရ၍ သောနတ္တိုရ် မုဆိုးသည် ဆဒ္ဒန်ဆင်မင်း၏ အစွယ်ကိုဖြတ်ရန် သွားစဉ်က တောအုပ်ကိုလည်းသတိရမိ၏။ တနေရာ၌ ရေအိုင်တခုဘွားကနဲ ပေါ်လာ၍ ဆတ်သုံးလေးကောင်ကိုလည်း တွေ့လိုက်သဖြင့် ကိုဝင့်မော်သည်တပည့်လက်မှ သေနတ်ကို လှမ်းယူလိုက်၏။ သို့သော်ဆတ်များကား ပျောက်သွားလေပြီ။ ဤတွင်ကိုဝင့်မော်သည် သေနတ်ကို တပည့်လက်သို့ပြန်ပေးပဲ သူကိုယ်တိုင်ထမ်းကာ လျှောက်လာ၏။ သို့ရာတွင် မည်သည့်တောကောင်ကိုမျှ မတွေ့ပဲ နမ်းပေါင်းသို့ ရောက်လာကြပါတော့သည်။

## နမ်းပေါင်းဗိုလ်တဲ

နမ်းပေါင်းရွာသို့ ရောက်ကြသောအခါ ရွာနှင့်မနီးမဝေးတွင် ဗိုလ်တဲတခုရှိ၍ ပစ္စည်းများချပြီး ချက်သူကချက်၊ ခင်းသူက ခင်း၊ ပြင်သူက ပြင်လျက်ရှိကြသည်ကို တွေ့ရ၏။ နမ်းပေါင်းဗိုလ်တဲမှာ ပေါက်နက်ဗိုလ်တဲကဲ့သို့ ဇရပ်ကလေးအရွယ် မဟုတ်၊ ဝင်းနှင့်ချင်းနှင့်အစေခံတဲပါ ကျယ်ဝန်းစွာ ရှိသည့်ပြင် ဗိုလ်တဲကြီးများ ထုံးစံအတိုင်း အိပ်ခန်းနှစ်ခန်းနှင့် ရေချိုးခန်းမှတပါး အတော်ကျယ်ဝန်းသော ဝရန်တာကြီးလည်း ရှိသည်ဖြစ်၍ နေလောက်ထိုင်လောက်ရှိပါပေသည်။ မကျယ်

မဝန်းပဲ ရှိပါမည်လော။ မြန်မာပြည်ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကိုယ်တိုင် အမဲပစ်ထွက်စဉ်က ရက်သတ္တတပတ်ခန့် နေထိုင်ခဲ့ဘူးသည်ဖြစ်ရာ ဤအကြောင်းကိုရှေ့တွင်မှ ဖော်ပြပါဦးမည်။ ("ရှင်ဘုရင် တခါထွက် ပဲကြီးတလှေချက်"ဟူသော စကားပုံကို ထင်ရှားစေလိုသောကြောင့် ဖြစ်ပါသည်။) ဗိုလ်တဲသို့ မြန်မာနှင့် မတူသည့် အလုပ်ကြမ်းသမား ဆယ်ယောက်ခန့်တို့လည်း ရောက်နှင့်နေကြရာ ကဒူးသစ်ခုတ်သမားများဖြစ်၍ သစ်သင်းရန်အတွက် ရောက်နှင့်ကြကြောင်း သိရလေသည်။ နေရာဌာန ပြောင်းလဲရခြင်းကို အလွန်နှစ်သက်သူ ကျွန်ုပ်မှာ နမ်းပေါင်းဗိုလ်တဲ ဝရန်တာတွင် အမောပြေ ထိုင်လျက်ရှိစဉ် အရပ်လေးမျက်နှာ၌ တောကြီး၊ မြိုင်ကြီး၊ စိမ့်ကြီး၊ စမ်းကြီးများ ဝိုင်းရံလျက်ရှိသော ရှုခင်းအသစ်အဆန်းကို မြင်ရသည်နှင့် စိတ်ထဲတွင်တမျိုးကြည်နူးမိပါတော့သည်။

အခြားဒေသများ၌ လယ်တောများ ခြံရံခြင်းကိုသာ မြင်ရတတ်ပေရာ နမ်းပေါင်းဗိုလ်တဲပေါ်မှမူ သစ်တောများကိုသာ မျက်စိတဆုံး မြင်ရပါ၏။ ရှေးခေတ်၌ ရမည်းသင်းနှင့် ပျဉ်းမနား ဘူတာများအကြား မီးရထားခုတ်သွားစဉ် ကျွန်းတောကြီးများကို မြင်ရ၍ နမ်းပေါင်းသစ်စခန်းကို သတိရလွမ်းဆွတ်မိရာ ဤခေတ်တွင်မူကား ကျွန်းတောများကို မမြင်ရတော့ပဲ (ပြုန်းကုန်လေသည်မသိ) မီးရထားလမ်း နံဘေးတလျှောက်၌ ရှင်းရှင်းကြီးမြင်ရသဖြင့် ရှေးခေတ်ဟောင်းအောက်မေ့လှပါသည်။

## တောဝက်တကောင်ရခြင်း

ဆိုက်ရောက်သောနေ့၌ လူအားလုံး အနားယူလျက်ရှိရာ ကိုဝင့်မော်သည် တောခေါင်း တယောက်နှင့် ရွာမုဆိုးတယောက်အား သေနတ်ပေးလိုက်၍ လူနှစ်ယောက် အမဲရှာထွက်ကြသည်။ ဤဒေသကား သမင်၊ ဒရယ်၊ တောကြက်၊ တောဝက်မှ စိုင်၊ ပြောင်၊ ကြံ့၊ ဆင်သို့တိုင်အောင် တောကောင်စုံသော

ဒေသဖြစ်ရာ စင်စစ်မှာ မြန်မာတပြည်လုံးတွင် တောတိရစ္ဆာန် အစုံဆုံးဖြစ်၍ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် အင်္ဂလိပ်အရာရှိကြီးများ အဖွဲ့တို့လွန်ခဲ့သော နှစ်က တောပစ်ရန် လာရောက်ခဲ့ကြဘူးလေသည်။

တောခေါင်းတယောက်နှင့် ရွာမှုဆိုးသည် နေဝင်ချိန်သာသာတွင် ပြန်ရောက်လာကြ၍ မုဆိုးက တောဝက်ကလေးတကောင်ကို ကျောပိုးလျက် ပါလာ၏။ အိမ်ကြက်၊ အိမ်ဝက်သားများကိုသာ အများအားဖြင့် စားရဘူးသော ကျွန်ုပ်တို့ညီအစ်ကိုမှာ တောဝက်တကောင်ရခဲ့ခြင်းအတွက် အပျော်ဆုံးလူနှစ်ယောက် ပေတည်း။ အခြားလူများသည် ချက်ပြုတ်ပြီးရှိသော ဟင်းထမင်းဖြင့် ညစာ စားကြသော်လည်း ကျွန်ုပ်တို့ညီအစ်ကိုမူကား တောဝက်သားကျက်မှ စားမည်ဆိုကာ ထမင်းမစားသေးပဲ ဝက်ကောင်'ဖျက်'ခြင်းကို စောင့်ကြည့်နေကြ၏။ ပေါင်သားများကို ကင်ရန်အတွက် တုံးတစ်ခြင်း၊ ဝမ်းတွင်းသားခေါ် အသည်းနှလုံး စသည်များကို ချက်ရန်အတွက် လှီးဖြတ်ခြင်း စသည်ဖြင့် ပြင်ဆင်ပြီးနောက် စိတ်ပါဝင်ဖွယ် အကောင်းဆုံးသော အလုပ်မှာ ဦးခေါင်းကိုပြင်ဆင်ရခြင်းပင်ဖြစ်၏။ တနေရာ၌ ကျင်းကြီးတခုကိုတူး၍ အင်ဖက်၊ ငှက်ပျောဖက် စသည်တို့ကို ထူထပ်စွာခင်းကျင်းပြီးလျှင် အမွှေးအမှင်များ ပြောင်စင်အောင်ခြစ်ကာ ရနိုင်သမျှသော ဂျင်း၊ ငရုတ်၊ ကြက်သွန်ဖြူစသည့် အမွှေးအကြိုင်များဖြင့် လူးနယ်ထားသည့် ဝက်ခေါင်းကို ဖက်များပေါ်၌တင်၍ တဖန် ဖက်ရွက်များဖြင့် ထူထပ်စွာဖုံးအုပ်ပြီးမှ အပေါ်ဆုံးတွင် မြေကြီးများ ဖုံးဖိပေးကြ၏။ ၎င်းနောက်ပေါချင်တိုင်းပေါသော ထင်းတုံးကြီးများကို ကျင်းပေါ်၌တင်၍ ရောမမီးပုံကြီးဖြစ်အောင် ရှို့မွှေးပေးကြ၏။ ထင်းတုံးကြီးများကို လောင်ကျွမ်း၍ရဲရဲနီသော မီးကျီခဲကြီးများ ဖြစ်လာသောအခါ တံစို့ဖြင့် ထိုးထားသည့် ဝက်ပေါင်သားတုံးကြီးများကို မီးအနီး၌ကင်၍ ဝမ်းတွင်းသားအိုးကို လည်း မီးဖိုနံဘေးတွင် ချက်ကြလေသည်။ မီးကျီးရော မီးတောက်ပါ အလွန်အားကောင်းသည်ဖြစ်၍ ဝက်သားကင်မှာ ကျွန်ုပ်တို့ထင်သလောက် မကြာပဲ ကျက်သောအပိုင်းကို ဖဲ့စားနိုင်သော အခြေသို့မကြာမီ ရောက်လာလေသည်။

## အဘယ့်ကြောင့် အရက်သောက်သနည်း

တန်ဆောင်မုန်းလမပြည့်သေးသော်လည်း စိမ့်ကြီးမြိုင်ကြီးများ၏ အလယ်၌ ရှိသောနမ်းပေါင်းမိုလ်တဲမှာ ဆီးနှင်းများ ရုံလျက်ရှိ၍ ကျွန်ုပ်တို့ ညီအစ်ကို အဖို့ရာ၌ အတော်ကလေး ချမ်းအေးနေပြီဖြစ်ရာ ဝက်သားကင်များစား၍ဖြစ်သော အခြေသို့ ရောက်သည်နှင့် တပြိုင်နက် ကိုဝင့်မော်သည် နာရေးဖျားရေးအတွက် ဆေးဝါးအဖြစ် ယူဆောင်လာခဲ့သည့် အိတ္တရှော ဘရန်ဒီတလုံးကို ထုတ်လေ၏။ ကျွန်ုပ်ကြည်နူးလိုက်ပုံမှာပြောဖွယ်ရာမရှိချေ။ (ကျွန်ုပ်အား အရက်ကြိုက်တတ်သည်ဟု အထင်ရောက်ကြသော လူများသည် 'ကျွန်ုပ်ကြည်နူးသည်'ဟု ရေးလိုက်သောအခါ၌ ပြုံးကြလိမ့်မည်ဖြစ်ရာ ကျွန်ုပ်နှင့်အရက်အကြောင်းကို ဤနေရာ၌ရှင်းလင်း ရေးသားရပေလိမ့်မည်။) ကျွန်ုပ်သည်စင်စစ်အားဖြင့် အရက်ကို ကြိုက်ခြင်းမဟုတ်၊ အစားကောင်းကိုကြိုက်ခြင်းဖြစ်၏၊ အရသာရှိသော အစာတခုကို သည်အတိုင်း စားခြင်းထက် အရက်ကလေး တခွက်လောက် သောက်ပြီးမှစားသည့်အခါ အရသာပိုခြင်းမှာ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်၏။ တသက်ပတ်လုံး ကျွန်ုပ်အရက် သောက်သမျှတွင် မူးချင်၍သောက်ခြင်းမဟုတ်၊ စားကောင်းချင်၍ သောက်ခြင်း ဖြစ်၏။ မူးယစ်ခြင်းသက်သက်ကိုကြိုက်တတ်သော လူများသည် စားစရာ မပါချင် နေစေ၊ သောက်စရာရလျှင်ပြီးရောဟု သဘောထားတတ်ကြ၏။ ကျွန်ုပ်မှာ ငယ်သူငယ်ချင်းများနှင့်ပြန်လည်ဆုံတွေ့သော အချိန်မျိုးမှတပါး အရက်သက်သက် သောက်ဘူးခြင်းကို ကျွန်ုပ်မမှတ်မိပါ။ သူငယ်ချင်းဟောင်းများ ဆုံဆည်းရာ၌မူကား 'လူညီလျှင်'ဘာမဆိုလုပ်မည်ဆိုသော လူတယောက်ဖြစ်၏။ ဟန်ဆောင်ခြင်းသည် ကျွန်ုပ်၏ဝါသနာမဟုတ်ပါ။ "စားစရာတွေကို ဗိုက်ပြည့်အောင် စားမနေပါနဲ့၊ သောက်ဖို့နေရာမရှိပဲ နေပါလိမ့်မယ်"ဟု အချို့လူများ ပြောတတ်ကြပေရာ ကျွန်ုပ်မှုကား ထိုလူမျိုးတွင်အပါအဝင်မဟုတ်ချေ။ သောက်ကတည်းက စားကောင်းချင်၍ သောက်ခြင်းဖြစ်'။ အစားမပါပဲ သောက်ခြင်းသည် ကျွန်ုပ်အဖို့ အဓိပ္ပာယ်မရှိချေ။

စားစရာကောင်းများပါသော ထမင်းပွဲကို မြင်ရခြင်းသည် ကျွန်ုပ်အဖို့ကြီးစွာသော သွေးဆောင်ခြင်းကြီးတခုဖြစ်၏။ အသောက်ကလေးပါလျှင် သာ၍ကောင်းလေစွဟု သတိမရပဲ မနေနိုင်အောင် ဖြစ်၏။ ထို့ကြောင့်လည်း တရုတ်ပြည်သို့ ရောက်ခဲ့စဉ်က ထမင်းစားပွဲများတွင် တခွက်တလေမျှကို လက်မလွှတ်နိုင်ပဲ ဖြစ်ခဲ့ရ၏။ ကျွန်ုပ်အဖို့ရာ၌ အသောက်ကို ချိုးနှိမ်လိုလျှင် အစားကောင်း စားချင်တတ်သောဝါသနာကိုပါ ချိုးနှိမ်မှ ဖြစ်မည်ဟု သိမြင်၏။

ထို့ကြောင့် အသက်ကြီးရင့်လာပြီဖြစ်သော ဤနောက်ပိုင်းတွင် ထမင်းဟင်းကိုရှောင်၍ မုန့်လာထုပ်၊ ဖူးသီး၊ ခဝဲသီး၊ မုန့်လာဥ စသည့် ဟင်းသီးဟင်းရွက်များကိုချည်း ပြုတ်ပြီး ရက်သတ္တတပတ်တိုင်တိုင် စားခဲ့သည့် အပတ်ပေါင်းမှာ တော်တော်များခဲ့ပါပြီ။ ဤနည်းမှာ အစာအိမ်ကို ရှင်းလင်းခြင်းဖြစ်၍ ကျန်းမာရေးအတွက် ကောင်းသည့်ပြင် အစားကောင်းစားချင် တတ်သည့် 'အာသာငန်းငန်း'ရှိခြင်းကိုလည်း ပြတ်စေနိုင်သည်ဟု တွေ့ရ၏။ အစားကောင်းစားဖို့ တမ်းတခြင်းမရှိခဲ့လျှင် သာ၍ကောင်းစေရန်ဆိုကာ အသောက်ကလေးတောင့်တမှုဆိုသည်မှာလည်း အဓိပ္ပာယ်မရှိ ဖြစ်လာပါတော့သည်။ ဤအလေ့အကျင့်ကြောင့် တရုတ်စားပွဲများ၌ တခွက်လောက် သောက်ချင်သောစိတ်ကိုလည်း ချိုးနှိမ်နိုင်ခဲ့ပါပြီ။ သို့ရာတွင် ကျွန်ုပ်ဤမျှလောက် ကြိုးစားခြင်းမှာ ဗုဒ္ဓက ဒုစရိုက်ဆယ်ပါးတွင် သွတ်သွင်း၍ ဟောတော်မူခဲ့သည့် သုရာမေရယအတွက်ကြောင့် ငရဲကြီးလိမ့်မည်ဟု ယုံကြည်သောကြောင့်ကား မဟုတ်၊ တရားအားထုတ်ခြင်း၌ အနှောင့်အယှက်ဖြစ်၍ ဓမ္မမိတ်ဆွေများ အထင်လွဲမည်ကို (သူတို့အတွက်) စိုးရိမ်သောကြောင့် ဟင်းရွက်ပြုတ် သက်သက်စားပြီး တပင်တပန်းလေ့ကျင့်ထားခြင်းဖြစ်ပါသည်။

## ဇိမ်ရှိသောညတည

ကိုဝင့်မော်သည် ‘ငှက်တော ချေးတော’တက်ရသည့် သစ်တော အရာရှိတယောက် ဖြစ်သော်လည်း ငှက်ဖျားကာကွယ်ရန်ဆို၍ အရက်သောက်သော လူတယောက်မဟုတ်ပါပေ။ တောထဲ၌ ဖျားနာလျှင်သုံးမည်။ သို့သော်ကာကွယ်ရန် ဆို၍ သောက်တတ်သူမဟုတ်ချေ။ သို့ရာတွင်“အသက်ကိုအသေခံမည်၊ သေအရက် ကိုလျှာပေါ်မတင်”ဟု ဝါကြွားပြောဆိုတတ်ကြသည့် အယူသီးသော လူစားမျိုး တယောက်ကား မဟုတ်ပေ။ မိတ်ဆွေသူငယ်ချင်းများအား ထမင်းစားပွဲ ကျွေးသော အခါများတွင် သူတပါးအားလည်း တိုက်၏။ သူလည်းသောက်ပါသည်။ သို့သော် ကျွန်ုပ်တို့နှင့် နေ့တိုင်းစားကြသော ထမင်းစားပွဲမျိုး၌မူ အရက်မပါချေ။ ထိုညမှာ တောဝက်သားကင်၏ ဆွဲဆောင်ခြင်းကြောင့် သူနှင့်ကျွန်ုပ်တခွက်စီ သောက်ကြ သော်လည်း ညီတော်မောင်အားမူ ဖိတ်ခေါ်ခြင်း တိုက်တွန်းခြင်းမပြုပဲ အစား ကောင်းများသာ ကျွေးမွေးပါသည်။ အတော်ကလေးချမ်းအေးစပြုနေသော ရာသီ တွင် တဟုန်းဟုန်း တောက်လောင်သော မီးပုံကြီးနှင့် မလှမ်းမကမ်း၌ ရွက်ဖျင် ကုလားထိုင်တလုံးစီနှင့် အကောင်းဆုံး ဘရန်ဒီတခွက်စီ လက်တဘက်တွင်ကိုင်ကာ တကျိုက်သောက်လိုက်၊ တောဝက်သားကင်တုံးကို တကိုက်ကိုက်၍ တဖဲ့ဝါးလိုက်၊ ငယ်သူငယ်ချင်းချင်း ရှေးဟောင်းနှောင်းဖြစ်များကို တလှည့်စီပြောလိုက်၊ တချက် တချက်၌ အရက်နှင့်စားစရာ အာသာပြေခိုက်တွင် (သူက စီးကရက်၊ ကျွန်ုပ်က ဆေးတံကို) တခါတခါ ဖွာလိုက်ကြရသည်များမှာ ယနေ့တိုင်မမေ့နိုင်သည့် ဇိမ်တခု ဖြစ်ပါတော့သည်။ ကိုဝင့်မော်က ဝက်သားကင်တုံးကြီးများကို ဓားဖြင့် လှီး၍ ခက်ရင်းတပ်ကာ ပြင်ယူခဲ့ဖို့ အမိန့်ပေးသည်ကို ကျွန်ုပ်ကဖျက်၍ တောစခန်းအလိုက် တောပီပီ စားစမ်းပါရစေဟုပြောကာ ကိုက်၍ ကိုက်၍ ဖဲ့စားကြ၏။ ထိုည၌၌ အရက်တခွက်စီသာ သောက်မည်ဟု ကြံရွယ်ကြ သော်လည်း စကားတပြောပြောနှင့် သုံးခွက်စီခန့်သောက်မိကြသည် ထင်ရာ

တပိဿခန့်ရှိသော တောဝက်သားတကင်မှာလည်း ကျွတ်လုနီးပါးရှိခဲ့လေပြီ။ ထမင်းကား အလျဉ်းမစားကြတော့ချေ။ ရှေးဟောင်း နှောင်းဖြစ်များအကြောင်း ပြောရှုံကုန်နိုင်သည် မရှိသော်လည်း တချက်တချက် စကားအပြတ်တွင် ကျွန်ုပ်က ဆာဟာကုတ်ဘတ္တလာ အမဲပစ်လာစဉ်က အကြောင်းကို မေးသဖြင့် ကိုဝင့်မော်က သူသိသမျှကို အသေးစိတ်ပြောပြသည့် အထဲမှ ကျွန်ုပ်မှတ်မိသလောက် ရေးသား ဖော်ပြရပါဦးမည်။

## ဘုရင်ခံ အမဲပစ်ခြင်း

ဆာဟာကုတ်ဘတ္တလာသည် မြန်မာပြည်သို့ ဘုရင်ခံအဖြစ်နှင့် နှစ်ကြိမ်တိုင် လာရောက်အုပ်ချုပ်ဘူးသည့်အနက် ပထမအကြိမ် (၁၉၁၈ ခုနှစ်လောက် ထင် သည်။) ဘုရင်ခံဖြစ်စဉ်က ခရစ်စမတ် ရက်သတ္တပတ် (Christmas Week) အတွက် ကသာဒိစတြိတ်အတွင်းရှိ နမ်းပေါင်းဖိုလ်တဲ၌ စတည်းချကာ အမဲပစ် ထွက်ကြရန် အစီအစဉ်ပြုလုပ်ကြ၏။ ခရစ်စမတ် ရက်သတ္တပတ်ဟူသည်မှာ ဒီဇင်ဘာလ ၂၅ရက်နေ့မှ ဇန်နဝါရီလ တရက်နေ့အထိ ဖြစ်လေရာ နိုဝင်ဘာလ ဆီလောက်ကတည်းက သစ်တောဘက်ဆိုင်ရာ တောကြပ်၊ တောခေါင်း၊ တောအုပ်ကလေး၊ တောအုပ်ကြီးမှ စ၍ ဝန်ထောက်တိုင်အောင် ၎င်းကိစ္စအတွက် ကြိုတင်စီမံကြရ၏။

ထိုရက်များအတွင်း၌ သစ်တောအရာရှိများအဖို့ရာတွင် သစ်တောကိစ္စသည် အရေးမကြီးသေး၊ ဘုရင်ခံတောလည်လာမည့် ကိစ္စသည်သာလျှင် အရေးကြီး၏ သစ်တောလုပ်ငန်းနှင့် ပတ်သက်၍ ဝတ္တရားတစုံတရာ လစ်ဟင်းပေါ့လျော့မှု ရှိခဲ့လျှင် ထုချေလွှာ တောင်းခံရရုံမျှလောက်နှင့် ပြီးနိုင်သော်လည်း ဘုရင်ခံ အမဲပစ်လာမည့်ကိစ္စနှင့် ပတ်သက်၍မူ တချက်ကလေးမျှ လစ်ဟင်းပါက ချက်ချင်း အလုပ်ပြုတ်သွားနိုင်သည်ဟု နားလည်ကြလေသည်။

ဗြိတိသျှအစိုးရ၏ ပါးနပ်ပုံမှာ ထိုမျှလောက် အရေးကြီးသည်ဟု အမိန့်ထုတ်ဆင့်သည်မဟုတ်၊ သို့သော်သစ်တောဘက် အရာရှိများအားလုံးနှင့် နယ်ဘက်ဆိုင်ရာ ဝန်ထောက်၊ မြို့အုပ်မှစ၍ ရွာသူကြီးများတိုင်အောင် ဤအတိုင်း ပင် နားလည်ထားကြလေသည်။

နိုင်ငံဘာလ အစပြုသည်နှင့် တပြိုင်နက် နမ်းပေါင်းရွာ ပတ်ဝန်းကျင် ဧရိယာစတုရန်းမိုင်ပေါင်းများစွာ အတွင်း တောကြပ်တောခေါင်းများက နေရာ အနှံ့အပြားတွင် ဆားများစုပုံချထားကြရ၏။ ဆားများရောက်အောင် တင်ပို့ရခြင်း မှာ နယ်အရာရှိများ၏ တာဝန်ဖြစ်၍ တောကြပ်တောခေါင်းများက ၎င်းဆားများကို သင့်လျော်သော နေရာများ၌ စုပုံကြရ၏။ တောတိရစ္ဆာန်ရိုင်းများ သည်အငန်ကြိုက် တတ်သော သဘာဝရှိလေရာ ၎င်းနယ်ပယ်တပိုက်တွင် ကြဲဖြန့်ကာ လှည့်လည် ကျက်စားလျက်ရှိသော တောတိရစ္ဆာန်များကိုနမ်းပေါင်းရွာ နယ်တပိုက်အတွင်း စုရုံးရောက်ရှိလာကြစေခြင်းငှာ ဆားပုံများဖြင့် ဖြားယောင်းသွေးဆောင်ယူခြင်း ဖြစ်၏။ တောတိရစ္ဆာန်များသည် ဆားကိုလာ၍ လျက်ကြလေရာ တောခေါင်းများ က ဆားပုံများကို မကြာမကြာ လာကြည့်ပြီး ဆားဖြည့်ပေးရလေသည်။ ဆားပုံ များကိုလှည့်လည်၍ 'အင်စပက်ရှင်း'လုပ်သော အရာရှိက တခုသော ဆားပုံ၌ ဆားပြတ်လပ်နေခြင်းကို တွေ့သည်ဆိုအံ့။ တာဝန်ကျသော တောခေါင်း တောကြပ်မှုကား အလုပ်ပြုတ်ဖို့သေချာလေပြီ။ ဤအကြောင်းကို အရာရှိက အရေးမယူပဲ သက်ညှာလိုက်ပါလျှင်လည်း သူ့အထက်အရာရှိက (ရွာသားများ၏ အကူအညီဖြင့်) တနည်းနည်း သိတတ်သည်ဖြစ်၍ အရာရှိပါ ပြုတ်ဖို့သေချာ လေသည်။

## ဘုရင်ခံဆိုက်ရောက်ခြင်း

ဤနည်းဖြင့် တောကောင်များကို ကြိုတင်ကာ ဖြားယောင်းသွေးဆောင်ထားသည်ဖြစ်၍ ဒီဇင်ဘာလအလယ်လောက်ရောက်သည်ဆိုလျှင် ဆားကြိုက်တတ်သော တောကောင်ဟူသမျှသည် (မကြိုက်သော တောကောင်မျိုးလည်း ခပ်ရှားရှား ရှိလိမ့်မည်။) နမ်းပေါင်းရွာပတ်ဝန်းကျင်တွင် ခြေချင်းလိမ်မတတ် ပေါများလျက်ရှိ၏။ ထိုအတောအတွင်း ၎င်းပတ်ဝန်းကျင်တွင် ကြက်ကလေး၊ ငှက်ကလေးမျှ မပစ်ရဟု တားမြစ်ထား၏။ အဘယ့်ကြောင့်ဆိုသော် သေနတ်သံကြားလျှင် တကောင်တလေဖြစ်စေ ထိတ်လန့်ထွက်ပြေးမည်ကို စိုးရိမ်ရသောကြောင့် ပေတည်း။ နမ်းပေါင်းရွာသားများသည်လည်း နမ်းပေါင်းဗိုလ်တဲနှင့်တကွ ပတ်ဝန်းကျင်ကို ပြောင်စင်အောင် လှဲကျင်းသုတ်သင် ထားကြရပေရာ ၎င်းတို့ အဖို့မှာလည်း တသက်တွင်တခါကြုံရခဲသော 'တောလည်ပွဲ' ကြီးဖြစ်၍ မျှော်တလင့်လင့် ရှိနေကြလေ၏။ နေ့ရက်နီးကပ်လာသောအခါ နမ်းပေါင်းရွာသည် ရွာငယ်အဖြစ်မှ မြို့ကလေးအဖြစ်သို့ပြောင်းလဲ၍ ဘုရင်ခံနှင့်အဖွဲ့၏ အစေခံများ တည်းခိုရန်အတွက် တဲအုံကနားများနှင့် အလိုရှိရာ ခိုင်းစေရန်အတွက် သစ်တော ဘက်နယ်ဘက် အမှုထမ်းများဖြင့် ပြည့်နှက်စည်ကားစွာ ရှိနေလေပြီ။ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အစိုးရသင်္ဘော သုံးလေးစင်းသည် မြတောင်ရွာအထက်ရှိ ရေပျံရွာသို့ ဆိုက်ကပ်၍ ဘုရင်ခံအပြင် အတွင်းဝန်ချုပ်၊ အတွင်းဝန်ကလေးမှစ၍ သေနတ်ပစ် ဝါသနာပါသည့် မျက်နှာဖြူအရာရှိ မြောက်မြားစွာ ပါလာကြသည်။ ၎င်းတို့၏ပစ္စည်းများကို အစိုးရဆင်များနှင့် မလုံလောက်သဖြင့် ဘီဘီတီစီ၊ စတီးဘရားသား စသောသစ်ကုမ္ပဏီကြီးများမှ သစ်ဆွဲဆင်ကြီးများဖြင့် တင်ဆောင် ယူကြ၏။

ဤအတောအတွင်း ဘုရင်ခံနှင့် အဖွဲ့အား မြတောင်၊ ထီးချိုင့်၊ အောင်သာ စသော ရွာများမှ ယိမ်းအကဖြင့် ဖျော်ဖြေကြရသည်။ နောက်ဆုံး၌ ဘုရင်ခံနှင့်အဖွဲ့ သည်

နမ်းပေါင်းရွာသို့ မြင်းများနှင့် သွားကြ၍ ပစ္စည်းများကိုဆင်များဖြင့် ရှေးဦးစွာ တင်လွှတ်လိုက်၏။ ဘုရင်ခံသည် ရေပျံရွာဆိပ်တွင် သင်္ဘောပေါ်၌ တညအိပ်၍ နောက်တနေ့တွင် နမ်းပေါင်းသို့ရောက်သောအခါ ဗိုလ်တဲကိုဝိုင်းရံလျက် မိုးကာတဲများ အသင့်ဆောက်လုပ်ပြီးဖြစ်နေလေပြီ။ ဘုရင်ခံသည် ဗိုလ်တဲပေါ်တွင် နန်းထိုင်၍ အတွင်းဝန်၊ အပြင်ဝန်၊ အကြီး၊ အငယ်၊ အလတ် တို့သည် မိုးကာတဲများ၌ စတဲချကြလသည်။

## သားကောင်များ၏ သင်းချိုင်း

ကသာဒိစတြိတ် နမ်းပေါင်းတောမှာ တိရစ္ဆာန်ရိုင်းများ ပေါလည်းပေါ စုံလည်းစုံသောကြောင့် မုဆိုးများ၏ နတ်ပြည် (Paradise of Hunters) ဟု ၎င်းတို့ခေါ်ကြ၏။ မြန်မာတပြည်လုံးတွင် ကြံ့များသည် ဤအပိုင်းတွင်သာ တွေ့ရသည်ဆိုရာ မုဆိုးများ တခါတရံ တွေ့ရတတ်သော်လည်း ပညတ်ထားသော တိရစ္ဆာန်မျိုးဖြစ်သောကြောင့် မည်သူမျှ ပစ်ခွင့်မရဆို၏။ ဘုရင်ခံနှင့်အဖွဲ့မှုကား ဥပဒေအထက်မှ လူစုဖြစ်သောကြောင့် ဘာကောင်မဆို ပစ်နိုင်ခွင့်ရှိကြရာ ပစ်လည်းပစ်ကြသည်ဆို၏။ မျက်နှာဖြူအရာရှိ သေနတ်သမားများ သည်လည်း ကောင်း ၊ သူတို့၏အမိန့်နှင့်ပစ်သော မုဆိုးများသည်လည်းကောင်း နေ့ရော ညပါ ပစ်လိုက်ကြသည်မှာ မိုးမွှန်သွားတော့သည်။

တောကောင်များမှာ ယခင်ကတည်းက ဤတဝိုက်၌ စုံရုံးနေကြအောင် ဆားပုံများဖြင့် ဖြားယောင်းထားခြင်းဖြစ်ပေရကား ရွာသားများက သေနတ်သမား များရှိရာသို့ 'တောချောက်'ပေးလိုက်ရာတွင် သူတို့က ကုလားထိုင်ပေါ်မှ ဖိမ်နှင့် ထိုင်ပြီး တကောင်ပြီးတကောင် ပစ်ချလိုက်ရုံသာ ရှိသည်ဆို၏။ တောကောင်များ သေလိုက်ကြသည်မှာ သောက်သောက်လဲရှိ၍ တနှစ်တကြိမ်မျှလောက် ဤနည်း အတိုင်း အမဲပစ်ထွက်ကြမည်ဆိုလျှင် မကြာမီအတွင်း တောပြုန်းသွားဖွယ်ရာ

ရှိသည်ဆို၏။ ရွာသားများမှုကား ၎င်းတို့အတွက် ဝေစုရရှိသော အသားများကို ကြပ်တင်ခြောက်လုပ်ခြင်း၊ နေလှန်းအမဲခြောက်လုပ်ခြင်း စသည်ဖြင့် အတော်စီးပွားဖြစ်ကြ၍ အလွန်ပျော်ကြသည်ဆို၏။ နောက်ဆုံး၌ နှစ်ကုန်၍ ခရစ်စမတ်ရက်သတ္တပတ် ပြီးဆုံးသဖြင့် ဘုရင်ခံတို့လူစု ပြန်သွားကြသောအခါ နမ်းပေါင်းမိုလ်တဲ ပတ်ဝန်းကျင်တဝိုက်မှာ သားကောင်များ၏ သင်းချိုင်းကုန်းပမာဖြစ်၍ ပုပ်စော်နံကျန်ရစ်သည်ဟု ပြောကြလေသည်။

ကိုဝင့်မော်သည် အထက်ပါ အကြောင်းအရာများကိုပြောပြ၍ ပြီးဆုံးသောအခါ ဆီးနှင်းများသည် အောက်တွင်ကျွန်ုပ်တို့ထိုင်လျက်ရှိသဓာ သစ်ပင်ကြီး၏ အရွက်များအကြားမှ ထိုးဖောက်ကာကျလာ၍ မီးပုံကြီးမှာလည်း တရှဲရှဲမြည်လျက်ရှိရာတွင် ကျွန်ုပ်တို့မှာ တညအတွက်တာအဖို့ စကားကုန်လောက်ပြီဆိုကာ မိုလ်တဲပေါ်သို့ တက်လာကြလေ၏။ စစ်စစ်မှာ စကားကုန်ကြခြင်းကား မဟုတ်၊ (သုံးလေးညဆက်ပြီး မအိပ်ပဲ ပြောစရာ စကားရှိသူနှစ်ယောက်ဖြစ်သည်။) နံနက်စောစော သစ်သင်းထွက်ကြရမည်အတွက်ကြောင့် 'ချုံ'ထားလိုက်ကြခြင်းမျှသာ ဖြစ်လေသည်။ ကျွန်ုပ်၏ ဝါသနာတခုမှာလည်း ကောင်းစွာအကျွမ်းမဝင်သော လူတယောက်နှင့် ၁၀ မိနစ် ပြောစရာစကား ရှာမတွေ့တတ်သော်လည်း လေစပ်တည့်သော သူငယ်ချင်းဟောင်းတယောက်နှင့်မူ သုံးလေးညမအိပ်ပဲနှင့် စကားပြောနိုင်၏။ ပြောလည်းပြောခဲ့ဘူးလှလေပြီ။

## စာစုံခြင်း၏ အကျိုးကျေးဇူး

နောက်တနေ့နံနက်တွင် အိပ်ရာမှ ထကြသောအခါ (ကျွန်ုပ်မှာ နိုင်ငံရေးသဘောတရား ခေါင်းပါးသေးသူတယောက်ဖြစ်သည့်အလျောက်) ဤကားဆာဟာကုတ်ဘတ္တလာ အိပ်သောအခန်း၊ ဤနေရာကားဘုရင်ခံ ကော်ဖီသောက်သော စားပွဲနေရာ၊ ဤကား နေပူစာလှုံသော ဝရန်တာ စသည်ဖြင့် အမှတ်ရကာ

စားမြုံ့ပြန်လျက်ရှိ၏။ (ကျွန်ုပ်မှာ ဒစ်ကင်း၊ စကော့၊ သက္ကရေးစသော အင်္ဂလိပ်စာရေးဆရာကြီးများ၏ ဝတ္ထုကောင်း အမြောက်အမြားကို ဖတ်ခဲ့ရဘူး၍ အင်္ဂလိပ်လူမျိုးများ၏ ကောင်းမြတ်သော အချက်အလက်များကို သိထားရသည့်ပြင် မိခင်ဖခင်တို့ ကိုယ်တိုင်ကလည်း မင်းစိုးရာဇာနှင့် ပတ်သက်သမျှသော ကိစ္စများတွင် အထင်ကြီးအောင် သင်ပြထားခဲ့ကြသည်ဖြစ်သောကြောင့် ဘုရင်ဝါဒနှင့် ၎င်း၏အဆက်အသွယ်ဖြစ်သော ဗျူရိုကရေစီကို တော်တော် အထင်ကြီးခဲ့မိ၏။ စဉ်းစားဉာဏ်က တော်လှန်ချင်စေကာမူလည်း အတွင်းစိတ်က ဦးညွှတ်လျက်ရှိ၏။ အသက် ၄၀ အရွယ်လောက်တွင် သောမတ်စပိန်း၏ 'လူသား၏အခွင့်အရေး' ဟူသော စာအုပ်ကိုဖတ်ရသည်တွင်မှ စဉ်းစားဉာဏ် ကောင်းကောင်းကြီးပွင့်လင်းပြီး ဗျူရိုကရေစီနှင့်ပဒေသရာဇ်၊ ကေရာဇ်စနစ်များကို ကြည်ညိုလေးစားကာဖြင့် ဦးညွှတ်ချင်တတ်သော စေတနာမျိုး လုံးဝ အမြစ်ကျွတ်ထွက်သွားခဲ့ပါသည်။

ဤအခြင်းအရာကို တွေးမိသောအခါ 'ငါသည် စာစုံအောင် မဖတ်ခဲ့ရလျှင် အတော်နုံချာသော လူတယောက်ဖြစ်လိမ့်မည်ဟူ၍လည်း မှတ်ချက်ချခဲ့ပါသည်။ ထိုနံနက်၌ ကိုဝင့်မော်သည် ဆာဟာကုတ်ဘတ္တလာ၏ နေရာ၌လည်းကောင်း၊ ကျွန်ုပ်သည် အတွင်းဝန်ချုပ်နေရာ၌လည်းကောင်း အသီးသီးထိုင်ကာကော်ဖီသောက်ပြီးနောက် သစ်သင်းစခန်းသို့ ထွက်ကြလေ၏။ ညီတော်မောင်အားမူကား တောအုပ်ကလေးများနှင့် စာရေးမောင်မြတို့၏ စားပွဲသို့ပို့လိုက်ရသည်။

## 'သစ်သင်း'အလုပ်

စားသောက်ပြီးကြသောအခါ ကျွန်ုပ်တို့လူစုနှင့် သစ်ခုတ်သမားများသည် ကျွန်းပင်ကြီးများရှိသော အစိုးရသစ်တောကြိုးဝိုင်းသို့ ထွက်ကြလေ၏။ ဗိုလ်တဲမှ နှစ်မိုင်ကျော် သုံးမိုင်ခန့်ရောက်ကြသောအခါတွင် သစ်သင်းရမည့် ကျွန်းတောကြီးသို့ ရောက်ကြ၏။ 'သစ်သင်း'ခြင်းဟူသည်မှာ အခြားမဟုတ်၊ ကျွန်းပင်ကြီးများကို

သေအောင် သတ်ပေးရသောအလုပ်ပင်ဖြစ်၏။ ထိုစဉ်ကမူ ကျွန်းသစ်များထုတ်လုပ်ခြင်းအလုပ်ကို မြန်မာသစ်ကုန်သည်များအနက်မှ ဟုတ္တိပတ္တိလုပ်နိုင်သူနည်းပါး၍ ဘီဘီတီစီ၊ စတီးလ်ဘရားသား၊ မက်ဂရဂ္ဂါစသော နိုင်ငံခြား ကုမ္ပဏီကြီးများသာ လုပ်ကိုင်နိုင်ကြလေသည်။ မြန်မာသစ်ကုန်သည်များ မှာ ငွေရင်းမလုံလောက်သည့်ပြင် ဗြိတိသျှအစိုးရကလည်း မြန်မာကုန်သည်များလိုက်နာဖို့ ခဲယဉ်းလောက်အောင် စည်းကမ်းဥပဒေများ ပြုလုပ်ထားခြင်းကြောင့် မလုပ်နိုင်ပဲရှိကြရသည်ဟု မြန်မာကုန်သည်များက ပြောကြ၏။ ကိုဝင့်မော်ကမူ မြန်မာကုန်သည်များ၏ မကျွမ်းကျင်မှုလည်း ပါသည်ဟု ပြောဘူး၏။ မည်သို့ပင်ဖြစ်စေ မြန်မာကုန်သည်များမှာ 'အော်လဲ နတ်သတ်'ဟု ခေါ်သော ကျွန်းသစ်အပိန်အခြောက်များမှတပါး လုပ်နိုင်သူ မရှိကြချေ။ နိုင်ငံခြားကုမ္ပဏီကြီးတခုက ကျွန်းတောတခုကို လေလံဆွဲပြီးနောက် ၎င်းတောမှကျွန်းသစ်များကို ခုတ်ချင်ရာခုတ်လှဲ၍ ယူရသည်မဟုတ်၊ သစ်သင်းသော သစ်တောအရာရှိက သင့်တော်သည်ထင်သော ကျွန်းပင်များကို ရွေးချယ်သတ်မှတ်၍ 'သတ်'ပေးရ၏။

မည်သည့်ကျွန်းပင်ကို သတ်ပေးသင့်သည် ဆိုရာ၌လည်း သစ်တောဥပဒေအရ အတိအကျ သတ်မှတ်ထားသည်ဖြစ်ရာ သစ်တောအရာရှိက ၎င်းစည်းကမ်း ဥပဒေအတိုင်း သတ်ပေးရခြင်းဖြစ်၏။ ကုမ္ပဏီများ၏အလိုမှာ မိမိတို့ လေလံဆွဲထားသည့် ကျွန်းတောထဲမှ အချောဆုံး၊ အလှဆုံးသော ကျွန်းပင်ကြီးများကို လှဲယူရန်ဖြစ်လေရာ အစိုးရကမူ အကြီးဆုံး၊ အချောဆုံး များကိုချည်း သတ်ပေးသည်မဟုတ်၊ တပင်နှင့်တပင် ပူးကပ်လွန်းသဖြင့် မကြီးပွားနိုင်သော ကျွန်းပင်များကိုလည်း ညှပ်၍ထည့်ချင်သေးသည်။

သစ်သင်းအရာရှိသည် ကုမ္ပဏီများ၏ အကြိုက်ချည်း လုပ်ပေးပါက အထက် အစိုးရအရာရှိ၏ ကြိမ်းမောင်းခြင်းခံရ၍ အစိုးရ၏ အကြိုက်ချည်း လုပ်ပြန်ပါကလည်း ကုမ္ပဏီများ၏ အတိုင်အတော ခံရလေသည်။ ယင်းကဲ့သို့ အတိုင်ခံရသော အခါ၌လည်း အထက်အရာရှိက အစိုးရ၏ အကျိုးကိုကြည့်တတ်

သော သစ်သင်းအရာရှိဆို၍ ချီးကျူးသည့မဟုတ်၊ မျှတအောင်မလုပ်တတ်သော အရာရှိတယောက်ဟူ၍ မောင်းမဲခြင်းခံရတတ်သေးသည်။ အစိုးရကလည်း ဗြိတိသျှ၊ ကုမ္ပဏီကြီးများကလည်း အင်္ဂလိပ်ဖြစ်သည့်အတွက်ကြောင့် မြန်မာအရာရှိများမှာ 'အကင်းပါး'ဖို့ အလွန်အရေးကြီးလေသည်။ ဤကိစ္စမျိုး၌ သစ်သင်းအရာရှိသည် မိမိ၏ဝတ္တရားအတိုင်း တိကျစွာ ဆောင်ရွက်တတ်သော လူတယောက်ပေလော ဟူသည်ကို မှန်ကန်အောင် အကဲခတ်တတ်ဖို့ အရေးကြီး၏။ အထက်အရာရှိကြီး ကိုယ်တိုင်မှာလည်း (သစ်ကောင်း၊ သစ်ချောများများရလိုသည့်အတွက်) ကုမ္ပဏီကြီးများက လာဘ်ထိုးသည်ဟူ၍ ဖြစ်နိုင်ပေသေးသည်။ ကုမ္ပဏီကြီးများသည် သစ်သင်းအရာရှိအား သစ်သင်းခိုက်အတွင်း စည်သွတ်ဗူး စသည့် စားကောင်း သောက်ဖွယ်များ ပို့တတ်ကြသည်ဆိုရာ ကိုဝင့်မော်မှာမူ လာဘ်မစားဟူ၍ နာမည်ရသော အရာရှိတယောက်ဖြစ်သောကြောင့် ယုတ်စွအဆုံး ငါးသေတ္တာတဗူး မျှပင် ပို့ကြခြင်းကို မမြင်ခဲ့ရပေ။

## အတော်'ဖား'သောအလုပ်

ကျွန်ုပ်တို့ရောက်သွားသော ကျွန်းတောကြီးမှာ အလွန်ကျယ်ဝန်းလှ၍ တောင်ထိပ်ရော၊ တောင်ကမ်းပါးယံရော၊ တောင်ကြားတလျှောက်ရော ကျွန်းပင်များ အနှံ့အပြား ပေါက်ရောက်လျက်ရှိရာ ၎င်းကျွန်းတောကြီးထဲမှ ဥပဒေစည်းကမ်းနှင့် ညီညွတ်သော ကျွန်းပင်များကို တောင်တပင်၊ မြောက်တပင်၊ တောင်ထိပ်၌တပင်၊ တောင်ကြားထဲ၌တပင်၊ တောင်ကမ်းပါးယံ၌တပင် စသည်ဖြင့် ရွေးခယ်ကာ 'သင်း'ပေးရမည်ဖြစ်လေသည်။ တောအုပ်ကလေးများနှင့် တောခေါင်းများ၊ သစ်ခုတ်သမားများသည် လူစုခွဲ၍ စည်းကမ်းနှင့် ညီညွတ်သော ကျွန်းပင်များကို လိုက်လံရှာဖွေကြ၏။ အုပ်စုတစုတွင် ခေါင်းဆောင်ဖြစ်သော တောအုပ်ကလေး သည် ရွေးချယ်ရမည့် စည်းကမ်းကို အကြမ်းအားဖြင့် နားလည်ထားသည်။

အုပ်စုသုံးစုခွဲ၍ ထွက်သွားကြစဉ် ကိုဝင့်မော်နှင့် ကျွန်ုပ်သည် တနေရာ၌ထိုင်ကာ ဆေးလိပ်သောက်လျက် စောင့်နေကြရာ ကျွန်ုပ်က တောတောင်၏သာယာပုံကို လှမ်းကြည့်ယင်း "တော်တော်ဖိမ်ရှိသားပဲဗျို့"ဟု ပြောလိုက်သဖြင့် ကိုဝင့်မော်က "ကြည့်သေးတာပေါ့ဗျာ"ဟု ပြန်ပြောလေသည်။ စီးကရက်တလိပ် မကုန်မီ တောင်အောက်ဆီမှ 'ဝူး'ဟု အော်သံကြားရ၍ ကျွန်ုပ်တို့သည် အသံကြားရာသို့ ဆင်းသွားကြလေရာ ၎င်းတို့ရွေးချယ်ထားသော ကျွန်းပင်တပင်ကို တွေ့ရလေ၏။ ကိုဝင့်မော်သည် စည်းကမ်းနှင့် ညီညွတ်သည်ဟု အဆုံးအဖြတ်ပေး၍ ၎င်းကျွန်းပင်၌ ကိုယ်တိုင်လက်မှတ်ရေးထိုးရလေသည်။ ဤတွင် သစ်ခုတ်သမား သည် ကျွန်းပင်၏ခါးကို ခွန်ဖြင့်လှည့်ပတ်ကာ တပတ်ပြည့်အောင် ပေါက်ရလေသည်။ ခွန်ရာချင်းဆက်မိပြီး တပတ်ပြည့်လျှင် ကျွန်းပင်သေသည်ဟု ဆိုလေသည်။ သို့ရာတွင် ချက်ချင်းကား မဟုတ်၊ အတန်ကြာမှသေပြီး ခြောက်သည်တိုင်အောင်ထား၍ ကောင်းကောင်းသွေ့ခြောက် ချိန်တွင်မှ လှဲယူရလေသည်။

များမကြာမီ တောင်ကမ်းပါးယံဆီမှ 'ဝူး'သံကြား၍ ကိုဝင့်မော်နှင့် ကျွန်ုပ်တို့ တက်သွားကြရာ ရှေးနည်းအတိုင်း ရွေးချယ်ထားသည့် ကျွန်းပင်တွင် လက်မှတ်ထိုး၍ သစ်ခုတ်သမားနှင့် လွှဲထားခဲ့လေသည်။ ဤသို့ဖြင့် တောအုပ် ကလေးများ ရွေးချယ်ထားသည့် ကျွန်းပင်ရှိရာမှ 'ဝူး'သံကြားတိုင်း တောင်ကမ်းပါးယံတွင် ဆင်းချည်တက်ချည် ခေါက်တုံ့ခေါက်ပြန် သွားလာကြရ ပေရာ တောင်မှာလည်း လမ်းထွင်ထားခြင်းမရှိပဲ အရိုင်းသက်သက် ဖြစ်သော ကြောင့် သုံးလေးနာရီမျှ ကြာသောအခါတွင် ကျွန်ုပ်ဖားလိုက်ပုံမှာ လျှာထွက်မတတ် ရှိပါတော့သည်။ သို့ရာတွင် နေ့စဉ်မိုင် ၂၀ ခန့်လမ်းလျှောက်ဖို့ အလေ့အကျင့် ပြုလုပ်ထားကြသည့် ကိုဝင့်မော်နှင့်သစ်တောအမှုထမ်းများမှုကား တနေ့အဖို့ရာ၌ ကိစ္စရှိကြပုံမရချေ။ ၁၁ နာရီခန့် အချိန်တွင် ကျွန်ုပ်တို့သည် နံနက်စာ စားရန်အတွက် ဗိုလ်တဲသို့ ပြန်လာကြလေ၏။

## မွှေးလိုက်သည့်ဝက်ခေါင်း

ကျွန်ုပ်မှာ သစ်တော အမှုထမ်းတယောက်မဟုတ်သော်လည်း သာမန် အရပ်သားများ အနက်တွင် လှုပ်ရှားမှု အလေ့အကျင့်ရှိသူတယောက် ဖြစ်သည့် အလျောက် ပင်ပန်းခြင်းထက် ဆာလောင်မွတ်သိပ်ခြင်းကကဲလွန်လျက် ရှိ၏။ ပြန်ကြတော့မည်ဟု ဗိုလ်တဲဘက်သို့ ခြေဦးလှည့်ကတည်းက ကျွန်ုပ်မှာ ကျင်းကြီး ထဲမှ ဝက်ခေါင်းကိုသတိရ၍ မြင်လိုစောနှင့် စားလိုသော အာသာဆန္ဒတို့ သည်အပြိုင်အဆိုင် ဖြစ်လျက်ရှိ၏။ ဝန်ခံထားသည့်အတိုင်း အစားသမား တယောက်ဖြစ်၍ ဆာဆာနှင့်ကိုက်ဖဲ့ကာ ဝါးချင်လှပြီ ဖြစ်သော်လည်း ကျင်းကို ဖော်လိုက်သောအခါ၌ မည်သို့သော အဆင်းရှိသည်ဟု ကြည့်လိုသည့် ဇောမှာလည်း မသေးလှချေ။ သစ်ပင်ကြီးအောက်၌ရှိသော ယမန်ညဥ့်က မီးပုံမှာ ပြာပူများနှင့် နွေးလျက်ရှိသေးရာ ကိုဝင့်မော်၏ ထမင်းချက် မောင်ဘိုးကွန်းသည် ပြာများကို ရှေးဦးစွာ ဖယ်ရှား၍ နောက်တွင်မြေကြီးကိုတူးယက်၏။ ဖက်များပေါ်လာသောအခါ မြေကြီးများကို ဆက်လက်၍ ဖြည်းညှင်းစွာ ဖယ်ရှားပြီးနောက် ဝက်ခေါင်းထုပ်ကို အပေါ်သို့သတိကြီးစွာနှင့် မတင်ရ၏။ နောက်ဆုံး၌ ပတ်ချက်ထားသော နှီးများကိုဖြေ၍ ဖက်များကိုဖွင့်လိုက်သည်နှင့် အပြိုင်နက် မွှေးကြိုင်သော အနံ့သည်နှာခေါင်းသို့ တိုးဝင်လာခြင်းနှင့်အတူ နီညိုညိုအဆင်းရှိသော ကြာညို့ရောင် ဝက်ခေါင်းလည်း ပေါ်လာပါတော့သည်။ ဤဖုတ်နည်း၏ထူးခြားချက်မှာ အနံ့အရသာနှင့် ပြည့်စုံသည့် ဓာတ်ငွေ့များ (Volatile Gases) တိုးထွက် ပျောက်ပြယ်ခြင်းမရှိစေရပဲ အထုပ်အတွင်း၌ ပိတ်လှောင်နေရသည့် အတွက်ကြောင့် အလွန်မွှေး၍ အလွန်'လေး'သော အရသာနှင့် ပြည့်စုံခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထမင်းကို တို့ရှုံတို့၍ ဝက်ခေါင်းဖုတ်နှင့် ဝမ်းတွင်းသားဟင်းကိုချည်း အဝကြီး စားလိုက်ကြရာ ကျွန်ုပ်မှာ ညနေခင်းအတွက် သစ်သင်းရာသို့ မလိုက်နိုင်တော့ပဲ အိပ်ရာထဲ၌အချိန်ကုန်ရပါ

တော့သည်။ ကျွန်ုပ်သည်ဗဟုသုတအတွက် သစ်သင်းလိုက်ခဲ့သော်လည်း တနံနက် နှင့်ပင်လုံလောက်ပြီးဖြစ်၍ နောက်နေ့များတွင် နမ်းပေါင်းရွာနှင့် ပတ်ဝန်းကျင် တို့ကို လှည့်လည် ကြည့်ရှုခြင်းဖြင့်အချိန်ကုန်စေပါသည်။

## ဆင်ကောက်ခြင်း၏ အန္တရာယ်

တညနေ၌ ကျွန်ုပ်သည် နမ်းပေါင်းရွာ အနီးတဝိုက်တွင် လမ်းလျှောက် လျက်ရှိစဉ် ဆင်ဦးစီးကိုမြသည် ချွန်းကလေးကိုကိုင်လျက် လမ်းလျှောက်လာခြင်း ကိုတွေ့ရ၍ မေးကြည့်ရာ 'ဆင်ကောက်'သွားမည်ဟုပြောသည်နှင့် ကျွန်ုပ်လည်း လိုက်သွား၏။ ဆင်များမှာ အခြားတိရစ္ဆာန်များကဲ့သို့ အစာကျွေးဖို့ မလိုပဲ နံနက်စောစောလွှတ်လိုက်ပြီး ညနေခင်းတွင် 'ကောက်'ယူရလေသည်။ လွှတ်ခါနီး၌ လက်နှစ်ဘက်ကို သံကြိုးရှည်တချောင်းဖြင့် ထူးခတ်၍ ကြိုးတန်းလန်းနှင့် လွှတ်လိုက်ခြင်းဖြစ်၏။ ရှေ့လက်များကို ထူးခတ်ထားသည့်အတွက်ကြောင့် ဆင်သည်ခြေလှမ်းကျဲကျဲ မလှမ်းနိုင်သဖြင့် တနေ့အတွင်း ခရီးဝေးစွာ မသွား နိုင်ပဲရှိရာ တန်းလန်းကျလျက်ရှိသော သံကြိုးရှည်ကလည်း ဆင်သွားသော လမ်းကိုညွှန်ပြလျက် ရှိလေသည်။ သို့ဖြစ်၍ဆင်ကောက်သော ညနေခင်း အချိန်တွင် ဆင်ဦးစီးသည် သံကြိုးကြောင်းကြီးအတိုင်း လိုက်ခြင်းအားဖြင့် ဆင်ရှိသောနေရာသို့ ရောက်နိုင်လေသည်။ ကျွန်ုပ်နှင့် ဆင်ဦးစီးသည် ရွာမှ ထွက်ကတည်းက ထင်ရှားစွာ ပေါ်လျက်ရှိသော သံကြိုးကြောင်းကြီးအတိုင်း စကားတပြောပြောနှင့် လိုက်သွားကြ၏။ ပြောကြသောအကြောင်းအရာမှာ အခြားမဟုတ်၊ ဆင်ဦးစီးအလုပ်နှင့် ဆင်များ၏ သဘာဝအကြောင်းပင် ဖြစ်လေသည်။ တမိုင်ကျော်ကျော် နှစ်မိုင်ခန့် ရောက်ကြသောအခါ ဆင်ဦးစီး၏ စိုးရိမ်မကင်းရှိသော အမူအရာကို ကျွန်ုပ်မြင်ရသည်နှင့်မေးကြည့်ရာ သူ၏ဆင်မ သည် အခါတိုင်းဆိုပါက ဤမျှလောက် အကွာအဝေးတွင် တွေ့တတ်၍ ယနေ့

မတွေ့ရသည်မှာ ထူးခြားကြောင်းပြောပြ၏။ ကျွန်ုပ်မှာ သူ၏စကားကြောင့် အနည်းငယ် စိတ်မသက်သာသော်လည်း ခရီးဝေးဝေး လမ်းလျှောက်ရရုံပြင် မရှိဆိုကာ ဖြေဆည်နိုင်ပါသည်။ ဆက်လက်၍ လျှောက်ကြသောအခါ ဆင်ဦးသည် မကြာခဏ ရပ်ကာရပ်ကာနားစွင့်၏။ "ဘာလုပ်တာလဲ"ဟု ကျွန်ုပ်က မေးရာ "ခလောက်သံကိုနားထောင်ရသည်"ဟုပြော၏။

မိုင်ဝက်ခန့်မျှဆက်လက်လျှောက်လာကြသည်တွင်မှ ခလောက်သံတချက်တချက် သဲ့သဲ့ကလေး ကြားရ၍ ကျွန်ုပ်အားတက်လာ၏။ ခလောက်သံသည် တဖြည်းဖြည်း ကျယ်သည်ထက်ကျယ်လာ၍ ကျွန်ုပ်တို့လည်း ခပ်သုတ်သုတ် လျှောက်လာကြစဉ် တော်တော်နီးကပ်လာသည်ထင်ကာမှ ဖြုန်းကနဲ အသံတိတ်သွား၏။ ဤတွင် ဆင်ဦးစီးသည် ကျွန်ုပ်အား လက်ပြကာ အချက်ပေး၍ တန့်ရပ်ခိုင်းသည်နှင့် စိုးရိမ်စွာဖြင့် ရပ်လိုက်ရ၏။ ခလောက်သံသည် ငါးစက္ကန့်လောက်တွင် တချက်တချက် ကြားလာခဲ့ရာမှ ယခုမူတမိနစ်ခန့် တိတ်ဆိတ်လျက်ရှိလေပြီ။

"ဘာဖြစ်တာလဲဗျ ကိုမြ"

"ခလောက်သံ တိတ်သွားတာက ဘာကြောင့်လဲဗျာ"

"ဆင်ရိုင်းနဲ့တွေ့လျှင် ဆင်မက ခလောက်သံမကြားရအောင် လည်ပင်းနဲ့ ညှပ်ထားတတ်တယ်ဆရာ"

"သူ့ကို လူမတွေ့စေရအောင်လို့လား"

"ဟုတ်တာပေါ့ သူတို့ဘာသာဘာဝ ပျော်မြူးချင်တာပေါ့ ဆရာ"

"ဒါဖြင့် ကျုပ်တို့ဘယ့်နှယ်လုပ်ပါ့မယ်"

"ဆင်ရိုင်းနဲ့တွေ့ရိုးမှန်လျှင် လိုက်တတ်တယ်ဆရာ၊ သစ်ပင်ပေါ် တက်ပေတော့"

"သူတို့ချင်း'လိုက်'တာကို တက်ကြည့်ဖို့လားဗျာ"

"သူတို့ချင်းလဲ လိုက်တယ်၊ လူကိုလဲ လိုက်တတ်တာပဲ"

ကျွန်ပ်ကား အတော်လန့်သွားလေပြီ။ သို့သော် လွန်ပြီးအဖြစ်ကို တွေးပူပြီး ငါလိုက်ခဲ့မိခြင်းကားမှားလေပြီဟု မိမိကိုယ်ကို အပြစ်ဆိုတတ်သော ဝါသနာမရှိသည်အလျောက် ရွက်ဖျင်ဖိနပ်ကလေးကို ကပျာကယာချွတ်၍ အတက်ရလွယ်သော သစ်ပင်တပင်ပေါ်သို့ တက်လေ၏။

"နို့ ခင်ဖျားကောဗျ"

"ကျွန်တော်ကတော့ ဆင်မကို သွားကြည့်ရအုံးမယ်ဆရာ၊ ဒီထက်မြင့်မြင့် မတက်နိုင်ဘူးလား ဆရာ"

"ဒီလောက်ဆို မလွတ်သေးဘူးလား"

"လွတ်တော့လွတ်ပါတယ်၊ ခပ်မြင့်မြင့်တက်ပြီး ဆင်မကို မျှော်ကြည့်လျှင် မြင်နိုင်မလားလို့ပါ"

ကျွန်ပ်မှာ ဘုန်းကြီးကျောင်းသားဘဝကတည်းက သစ်ပင်တက်ခြင်းအလုပ်၌ အတော်အလေ့အကျင့်ရှိခဲ့သည်ဖြစ်၍ (ငယ်စဉ်က တက်ခဲ့ခြင်းများသည် အချက်ထဲတွင် အသုံးဝင်တတ်လှသည်။) သစ်ပင်ကြီးပေါ်သို့ တက်နိုင်သမျှ မြင့်အောင်တက်ပြီး ယခင်က ခလောက်သံ ကြားရာဘက်သို့ မျှော်ကြည့်လိုက်ရာတွင် ကိုင်းတောကြီးတခုထဲ၌ မည်းမည်းကြီးရှိသော အရာဝတ္ထုကြီးနှစ်ခုကို မြင်ရလေ၏။

"မည်းမည်းကြီးတွေမြင်တယ်ဗျို့၊ ဆင်နှစ်ကောင်နဲ့တူတယ်"

"ဟုတ်လိမ့်မယ်ဆရာရေ့၊ ဆရာ ဒီကနေရစ်အုံးနော်"

"ခင်ဖျားက ဘယ်သွားမှာလဲ"

"ကျွန်တော်ဆင်နောက်ကို လိုက်ချောင်းမယ်"

ကျွန်ပ်မှာ ဆင်ရိုင်းများနှင့်မဝေးသော တောနက်ကြီးထဲတွင် တယောက်တည်းနေရစ်ရမည့် အစီအစဉ်ကိုမကြိုက်သော်လည်း အခြားနည်းလမ်း မမြင်သည်နှင့် သဘောတူလိုက်ရလေ၏။ ဆင်ဦးစီးထွက်သွားသော အခါကျွန်ပ်မှာ တစ်ယောက်တည်းနေရစ်ခဲ့ရ၍ အားငယ်ရသည့်အထဲတွင်တောထဲ၌ လူနှင့်ဆင်ရိုင်းတွေ့၍သစ်ပင်ပေါ်သို့ တက်ပြေးသောလူအား ဆင်ရိုင်းက ပင်စည်ကို ဦးခေါင်းဖြင့်

တိုက်ချတတ်သည်ဆိုသော အဖြစ်အပျက်ကို သတိရသဖြင့် အားတက်ဖွယ် ဖြစ်မလာချေ။ သို့သော် ဆာရိုက်ဒါဟဂ္ဂတ်၏ စွန့်စားခန်းဝတ္ထုပေါင်း မြောက်မြားစွာတို့ကို ဖတ်ထားခဲ့သော ကျွန်ုပ်မှာ အလင်္ကာတာမိန်းသည် ဤအခြေအနေမျိုး၌ ဘယ်ကဲ့သို့ ပြုလုပ်ချေမည်နည်းဟု ဆင်ခြင်ကာ အတုခိုးလျက် ဆေးတံကိုထုတ်ပြီး ဆေးတဆုံ သောက်လိုက်ပါသေးသည်။ (ရယ်စရာရေးခြင်းမဟုတ်၊ တကယ်လုပ်ခြင်းဖြစ်၏။ မိမိကိုယ်တိုင် မရဲသော်လည်း သတ္တိရှိသောလူများ ပြုမူပုံကို သတိရခြင်းအားဖြင့် အားဖြည့်နိုင်ခြင်းသည် စွန့်စားခန်းဝတ္ထုများ ဖတ်ရှုခြင်း၏ အကျိုးကျေးဇူးပေတည်း။)

ဆေးတဆုံကုန်သောအခါ ဆင်နှစ်ကောင်ရှိသောဘက်ဆီမှ 'ဝူး၊ဝါး၊ဝူး၊ဝါး' ဟုကုန်း၍ညစ်အော်သော အသံများကြားရသဖြင့် မျှော်ကြည့်လိုက်ရာတွင် ကိုင်းတောထဲမှ မည်းမည်းကြီးနှစ်ခုအနက် တခုသည်တခုကိုခွဲခွာ၍ ခပ်သုတ်သုတ် ရွေ့သွားသည်ကို မြင်လိုက်ရလေသည်။ အတန်ကြီးကြာသောအခါ ခလောက်သံ 'ဂလောင် ဂလောင်'နှင့် ဆင်ဦးစီးက ဆင်မအား မောင်းလာခြင်းကို မြင်ရပါသည်။ ဤတွင်မှ ကျွန်ုပ်သည် သစ်ပင်ပေါ်မှ ဆင်းလာခဲ့လေ၏။ အောက်သို့ ရောက်သောအခါ ဆင်ဦးစီးက–

"ဆင်စီးမလားဆရာ"

"ကတီမှမပါပဲနဲ့ ဘယ်လိုလုပ် စီးရလဲဗျ"

"ဦးခေါင်းပေါ် ထိုင်စီးပေါ့ဆရာ၊ ကျွန်တော်တို့ ဒီလိုစီးတာပဲ"

"မဖြစ်ပါဘူးဗျ၊ လိမ့်ကျမှာပေါ့"

"ဒါဖြင့် လည်ပင်းခွစီးဆရာ"

မလုပ်ဘူးသော အလုပ်ကိုလုပ်ခြင်းအားဖြင့် 'စုံ'ချင်သော ဝါသနာရှိသည့် ကျွန်ုပ်သည် စီးရန်သဘောတူသဖြင့် ဆင်ဦးစီးက ဆင်မကို ဝပ်ခိုင်းပြီး ဆင်၏လက်ပေါ်မှ လည်ပင်းပေါ်သို့ ခဲယဉ်းစွာ တက်ရလေ၏။ လည်ပင်း၌ကား ကြီးစွာသော သံကြိုးကြီး ပတ်ချည်ထားလေရာ ကျွန်ုပ်သည် သံကြိုးနောက်၌ခွထိုင်

ကာသံကြိုးကိုကိုင်ထားရလေသည်။ ထို့နောက်ဆင်ဦးစီးက ထိုခိုင်းပြီးနောက်မှ မောင်းလျက်လိုက်လာရာ ဆင်မသည်ရှေ့မှ ခပ်သုတ်သုတ် လှမ်းလာလေ၏။ ထူးခြားသော အခြင်းအရာတခု သတိပြုမိသည်မှာ ဆင်မသည်နောက်မှလိုက်ပါလာသောဆင်ဦးစီးအား တခဏကလေးမျှ မျက်ခြည်ပြတ်မခံပဲ လက်ဝဲဘက်မှဖြစ်စေ၊ လက်ယာဘက်မှဖြစ်စေ ဆင်ဦးစီးကို မြင်ရလောက်အောင် ဦးခေါင်းကို တပြောင်းတည်းပြောင်း၊ တစောင်းတည်း စောင်းငဲ့ကာ ပြုပြင်သွားပါလေတော့သည်။

## သတ္တိပြခြင်း

ဆင်ကိုမူကား တယောက်တည်းစီးဘူးပါပြီ။ သို့ရာတွင်လည်ပင်းကို ကားယားခွ၍ ထိုင်ရခြင်းဖြစ်သောကြောင့် ဆင်၏ကြမ်းတမ်းသော ဂုတ်မွေးများသည် ပေါင်များနှင့် တင်ပါးတို့ကို စူးလှုပါသည်။ အတန်ငယ်သွားမိ၍ ဆင်၏ ခြေလှမ်းနှင့် လှုပ်ရှားပုံ အခြင်းအရာကို ရိပ်စားမိလာသောအခါ မိမိမတတ်သေးသောအခြင်းအရာတခုကို သင်ခွင့်ကြုံက တတ်အောင်သင်ချင် တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း လည်ပင်းကိုခွ၍မစီးမူ၍ ဆင်ဦးစီးများကဲ့သို့ ဦးကင်းထိပ်မှ ခြေတွဲလောင်းချ၍ စီးဖို့ကြိုးစားတော့၏။ ကျွန်ုပ်သည်ခွထားသော ခြေထောက်များကို တဖြည်းဖြည်းရုပ်သိမ်း၍ (သံကြိုးကိုလက်မလွှတ်ပဲ) ဦးခေါင်းထိပ်သို့ တရွေ့ ရွေ့ ရွေ့လာ၏။ ဆင်၏ဦးခေါင်းနဲ့ပုံကို ကြာလေသဘောပေါက်လေရှိလာသည်တွင် နောက်ဆုံး၌ သံကြိုးကိုနောက်ပြန်ကိုင်လျက် ဦးကင်းပေါ်တွင်တင်ပါးလွှဲထိုင်ကာ ခြေတဲလောင်းချလျက် စီးနိုင်ပါတော့သည်။ မိုလ်တဲသို့ရောက်လာသောအခါ ကိုဝင့်မော်တို့လူစု ရောက်နှင့်ကြပြီဖြစ်ရာ သူငယ်ချင်းကိုဝင့်မော်အား ဆင်ဦးကင်းထက်မှနှုတ်ဆက်လိုက်ရခြင်းသည် ကျွန်ုပ်အဖို့ရာတွင် အောင်မြင်မှုကြီးတခု ဖြစ်ပါတော့သည်။ ဤတွင် ကိုဝင့်မော်က

"ခင်ဗျားဟာကသံကြိုးကို ကိုင်ထားတာကိုးဗျ၊ လက်လွှတ်စီးမှပေါ့"ဟု ပြောလိုက်သည် ကျွန်ုပ်သည်ချက်ချင်းပင် လက်လွှတ်၍စီးလိုက်သည်။ အခြားလူတယောက်က ထိုကဲ့သို့ပြောလိုက်လျှင် ကျွန်ုပ်ပြုလုပ်လိမ့်မည်မဟုတ်၊ ကိုဝင့်မော်မူကား သူ၏ကျီစားခြင်ကို တသက်လုံးခံခဲ့ရသဖြင့် သတ္တိကြောင်သည်ဟု ထင်မည်စိုးသောကြောင့် (လိမ့်ကျပြီး ကျိုးတော့မှကျိုးစေ)စွန့်၍ လုပ်ပြလိုက်ခြင်းဖြစ်လေသည်။ ကိုဝင့်မော်နှင့် ကျွန်ုပ်သည် ရှေ့တွင်လည်း ဤအဖြစ်အပျက်ကလေးမျိုးတွေ ရှိပါသေးသည်။

## ဆင်စိတ်ကောက်ခြင်း

မြတောင်ဆိပ်ကမ်းတွင် ဈေးသင်္ဘောများသည် ရက်သတ္တတပတ်လျှင် တကြိမ်မျှ ဆိုက်ကပ်လေရာ သင်္ဘောမဆိုက်မီ တရက်တွင် ကိုဝင့်မော်က "ခင်ဗျားစားချင်တာတွေ ကြည့်ပြီး ဝယ်ရအောင်ကိုယ်တိုင်လိုက်သွားချေဗျာ" ဟုကျွန်ုပ်အားခိုင်း၏။ ရိက္ခာဝယ်ရန်မှာ ကျွန်ုပ်တို့အတွက်သာ မဟုတ်၊ သစ်ခုတ်သမားများအတွက်လည်း ဆီဆန်မှစ၍ ဝယ်ရမည်ဖြစ်သောကြောင့် ဆင်နှစ်စီးနှင့်သွားကြရန်ဖြစ်လေသည်။ ညီတော်မောင်ကလည်း ဆင်စီးဘူးချင်သည် ဆို၍ အတူလိုက်ပါလာလေရာ တနံနက်စောစော၌ ကျွန်ုပ်တို့ညီအစ်ကိုသည် ဆင်နှစ်စီးနှင့်နမ်းပေါင်းဗိုလ်တဲမှ ထွက်လာခဲ့ကြလေ၏။ ကျွန်ုပ်သည် ဆင်ဦးစီး ကိုမြနှင့်အတူစီး၍ ညီတော်မောင်မှာ အခြားဆင်ပေါ်၌ လိုက်ပါလာလေသည်။ ဆင်ပေါ်တွင်ကတီခင်းထား၍ စိတ်ချလက်ချစီးရသော်လည်း လမ်းသွားသောအခါတွင်ဆင်၏ကိုယ်သည် ဦးခေါင်းထက်လှုပ်သောကြောင့် ဦးခေါင်းထက်၌ထိုင်၍စီးဘူးစဉ်ကထက် အလိုက်ခတ်သည်ကို တွေ့ရ၏။ ဆင်စီးလျှင် အလွန်ငြိမ့်လိမ့်မည်ထင်သော ညီတော်မောင်မှာ တမိုင်ခန့်လောက် ရောက်ကြသောအခါ၌ ထင်သလောက် ဇိမ်မရှိသည်နှင့် ညည်းညူစပြုလေပြီ။ မည်သည့်သတ္တဝါကို

စီးသည်ဖြစ်စေ ၎င်း၏ကိုယ်နှဲ့ပုံကို သဘောမပေါက်သေးသမျှ ကာလပတ်လုံး သတိနှင့်လိုက်ရ၍ ကျတော့မလိုလို ဖြစ်တတ်၏။ သတ္တဝါ၏ ကိုယ်နှဲ့ပုံကို နားလည်၍ 'ဟန်'ပေး တတ်သောအခါမှ စိတ်ချောင်ချိစွာနှင့် စီး၍လိုက်နိုင်၏။ ကျွန်ုပ်မှာငယ်ကတည်းက နွား၊ ကျွဲ၊ မြင်း စသည်တို့ကို စီးတတ်အောင် သင်ထားသူဖြစ်သည့်အတွက် ကြောင့် မည်သည့်သတ္တဝါကို စီးသည်ဖြစ်စေ၊ သူတပါးထက် သဘောပေါက်လွယ် လေသည်။ သို့နှင့်လည်း ကျွန်ုပ်မှာ လမ်းခရီးတွင် အကျည်အတည်းတခုနှင့် ကြုံရသေး၏။ ကိုမြ၏ဆင်သည် လမ်းဖြောင့်ဖြောင့်မသွားပဲ နံဘေးတဘက်တချက်သို့ရွှေ့ပြောင်းကာ ဟိုကပ် သည်ကပ်လုပ်၏။ ထိုအချိန်တွင် ၁၆ မိုင်ခရီးအနက် ၁၃မိုင်ခန့် ပေါက်လာခဲ့ပြီဖြစ်၍ ၃မိုင်ခန့်မျှသာ လိုတော့ရာ နေကလည်းအတော်ကလေး ပူပြင်းစပြုလာလေပြီ။

"ခင်ဗျာ့ဆင် ဘာဖြစ်တာလဲဗျ"

"စိတ်ကောက်ချင်တာ ဆရာရေ့"

"ဘာပြုလို့လဲဗျာ"

"သူတို့က နမ်းပေါင်းနဲ့မြတောင်ခရီးဆိုလျှင် ပေါက်နယ်မှာ တထောက်နား နေကျဗျ၊ ဒီတခေါက်တောက်လျှောက်မောင်းလာလေတော့ ကပ်သီးကပ်သပ် လုပ်ချင်တယ်ဆရာ၊ ဟဲ့ ကောင်မ..."ပြောယင်းဆိုယင်း ဆင်မသည် လမ်းဘေး၌ရှိသော ချုံပင်များထဲသို့ ဆက်ကနဲတိုးဝင်လိုက်ရာ ဆင်ဦးစီး၏ ဦးခေါင်းကို သစ်ကိုင်းများ ရိုက်သွားသဖြင့် ကံကောင်း၍သာ မကျပဲရှိ၏။ ကျွန်ုပ်မှုကား သူ၏ကျောနောက်မှ ပြားကနဲဝင်အိပ်လိုက်ရ၏။ အိပ်မည့်သာ အိပ်ရသည်။ ဆင်ဦးစီးလိမ့်ကျလျှင်လည်း ကျွန်ုပ်ကိုပါ ပွတ်တိုက်ချသွားမည် ဖြစ်လေသည်။ ဤတွင်လက်မြန်သော ဆင်ဦးစီးသည် ဆင်မ၏ဦးခေါင်းကြီးကို ချွန်းနှင့် နှစ်ချက်သုံးချက်ဆက်၍ ပေါက်ယင်း ပါးစပ်ကလည်း ကုန်း၍ အော်ငေါက်သည်တွင်မှ ဆင်မသည် ချုံမှခွာ၍ လမ်းပေါ်သို့ တက်လာလေသည်။

"ကံကောင်းလို့ဗျာ၊ ခင်ဗျားကျယင် ကျုပ်ပါကျမှာပဲ"

"ဒီလောက် မဖြစ်ပေဘူးလားလို့ ကျွန်တော်က သတိလိုသွားတယ်ဆရာ"

"ဒီဆင်မက ဒီလိုလုပ်နေကျလားဗျာ"

"လုပ်ခဲပါတယ် ဆရာ၊ နေက နဲနဲပူလာလို့ပါ၊ သူတို့က မနက်တစခန်း ညနတစခန်း သွားနေကျမှာ တဆက်တည်းမောင်းလိုက်တော့ စိတ်ကောက်တာပါ ဆရာ၊ လူလိုပေါ့"

ညီတော်မောင်လိုက်ပါသော ဆင်မှာမူ ရှေ့၌တော်တော်ပြတ်ကွာသွားပြီဖြစ်ရာ ဆင်ဦးစီးသည် ဆင်မကိုစိတ်ဆိုးဆိုးနှင့် ချွန်းဖြင့်နှင့်၍မောင်းသည်တွင် ဆင်မသည် ပုကနဲ ပုကနဲဖြစ်အောင်ခြေလှမ်းကျဲကြီးနှင့် လှမ်းသောကြောင့် ကျွန်ုပ်မှာ မြေကြီးနှင့်နီးကပ်လာသည်ဟု ထင်မိသည်။ မကြာမီ ရှေ့မှဆင်မကို မှီလာကြ၏။

မြတောင်ရွာသို့ရောက်၍ သုံးထပ်ကျောင်းကြီးထဲမှ ဖြတ်လာကြသောအခါ တန်ဆောင်မုန်း လပြည့်နေ့ဖြစ်၍ ဥပုသ်သည်များသည် ကျောင်းကြီးပေါ်မှ ကျွန်ုပ်တို့အား ထွက်ကြည့်နေကြရာ ၎င်းတို့အနက်တွင် ကျွန်ုပ်၏ခယ်မလောင်းကိုလည်း မြင်ခဲ့ရသည်။ ထိုညနေ၌ အစုန်စျေးသင်္ဘောရော အဆန်စျေးသင်္ဘောပါ မြတောင်ရွာ၌ ဆိုက်ကပ်၍ အိပ်မည်ဖြစ်ရာ ဤအတွက်ကြောင့်တကြောင်း၊ တန်ဆောင်တိုင်ပွဲကြောင့်တကြောင်း ရွာကလေးမှာ သိသိသာသာလှုပ်လှုပ်ရွရွ ရှိနေ၏။ ဤအထဲတွင် ရန်ကုန်မှလာကြသည့် ကျွန်ုပ်တို့ညီအစ်ကိုနှစ်ယောက်က ဆင်နှစ်စီးနှင့် တောမှဆင်းလာကြခြင်းသည်လည်း အပျိုချောများ၏ နှလုံးသွေးကို တိုး၍ လှုပ်ခုန်ခြင်း ဖြစ်စေလေသလောဟု တွေးတောမိသည်။

## မစိုးတို့ညီအစ်မတတွေ

ကျွန်ုပ်တို့သည် ကိုဝင့်မော်၏ သစ်တောရုံး၌ စခန်းချ၍ ဆင်ဦးစီး နှစ်ယောက် တို့က ချက်ပြုတ်ရန် တာဝန်ယူကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ ညီအစ်ကိုအတွက်မူ မြတောင်အကောက်စာရေးကြီးက ကျွန်ုပ်တို့ရှိနေသမျှ တာဝန် ယူပါပေသည်။ ထိုရက်တွင် ကျွန်ုပ်တို့မှာ မြတောင်ရွာ၌ အသိအကျွမ်း အတော်ပေါများလျက်ရှိပြီ ဖြစ်ရာ ခပ်တည်တည်လည်ပတ်ရမည့် အိမ်များသို့ နေ့ခင်းအချိန်တွင် နှုတ်ဆက်၍ ကျွန်ုပ်နှင့် မျက်မှန်းတမ်းမိသည် ရွာဦးရှိ အပျိုချော ညီအစ်မများအိမ်သို့မူ နေဝင်ပြီးနောက်မှ ရောက်ပါသည်။ ထိုညနေ ကုန်သဘော်ာ များ ဆိုက်ကပ်ချိန်တွင် ကျွန်ုပ်သည် ဝယ်ရန်ရှိသော စားစရာပစ္စည်းများကို စာရင်းပြုလုပ်၍ မစိုးလက်သို့ ပေးအပ်ထားလိုက်၏။ မစိုးမှာ ဖော်ပြခဲ့ဘူးသော ညီအစ်မများအနက် အကြီးဆုံးဖြစ်လေရာ ကျွန်ုပ်၏ဇနီးလောင်းဖြစ်သော်လည်း အမှန်ကိုဖော်ပြရလျှင် ထိုအချိန်ကမူ ကျွန်ုပ်၏စိတ်ထဲ၌ပင် တိတိကျကျ ဆုံးဖြတ် ချက်ချမရသေးပဲ စိတ်ကူးထားသည့် သုံးလေးယောက်အနက်တွင် တယောက် အပါအဝင်မျှသာ ဖြစ်ပါသေးသည်။

သို့ရာတွင် အခြား 'ခန့်မှန်းချက်'များထက် အကျွမ်းတဝင် ရှိသည့်အတွက် ကြောင့် ဈေးဝယ်ပေးဖို့စေခိုင်းမိခြင်းဖြစ်ပါသည်။ ၎င်းညဉ့်၌ မစိုးသဘော်ာမှပြန်လာ ပြီးနောက် မိခင်နှင့်တကွ ညီမကလေး မောင်ကလေးများပါ အတော်ညဉ့်နက်သည် တိုင်အောင် ဆောင်းမီးဖိုအနီး၌ ဝိုင်းဖွဲ့ကာ စကားပြောကြ၏။ မစိုး၏ဖခင်မှာ မိခင်နှင့် ကွဲသွားသဖြင့် မိသားတစု ပုံတော်သလို လုပ်ကိုင်စားသောက်လျက်ရှိကြ ရာ ၎င်းတို့၏အိမ်ကြီးသည်သာလျှင် ယခင်က စီးပွားရေးအခြေအနေ ဖွံ့ဖြိုးခဲ့ ဘူးခြင်း၏ အထိမ်းအမှတ်အဖြစ်နှင့် ကျန်ရှိပါတော့သည်။ ကျွန်ုပ်၏ အသက်တာတလျှောက်လုံး ဝါသနာတခုမှာ မိန်းကလေးတယောက်၏ စီးပွားရေး အခြေအနေကို အလျင်းဂရုမစိုက်ပဲ ရုပ်ရည်သက်သက်ကိုသာ အလေးဂရုပြုလေ့

ရှိ၏။ (သို့ရာတွင် ရုပ်ဝါဒသမားတယောက်ကား မဟုတ်ရပါ။) စံဒေဝီမှာ သူ့အရပ်ထဲတွင် ဝတ်နိုင်စားနိုင်ဆုံးသော မိန်းကလေးတယောက်ဖြစ်သော်လည်း သူ၏စိန်တလုံးနားကပ်နှင့် ရွှေခြေကျင်းတို့သည် သူ့ရုပ်ရည်နှင့် လိုက်လျော၍ ကြည့်ကောင်းလှခြင်းကိုသာ ကျွန်ုပ်ဂရုစိုက်မိပါသည်။ စီးပွားရေးအခြေအနေဟူ၍မူကား မစဉ်းစားမိပါ။ ရုပ်ရည်မှတပါး အိမ်ထောင်ရေးနှင့် ပတ်သက်၍ အကြံအစည် တစုံတခု မရခဲ့သေးပါ။ သို့ဖြစ်၍ နောက်တနေ့ညနေတွင် ကျွန်ုပ်တို့သည် နမ်းပေါင်းသို့ ပြန်တက်ကြ၍ ပေါက်နက်ဗိုလ်တဲတွင် တညဥ့်အိပ်ကြရပြန်လေ၏။

## မမေ့နိုင်သောထမင်းတနပ်

ကျွန်ုပ်သည် အစားနှင့်ပတ်သက်၍ စိတ်ထားပုံ အတော်ဆန်းသည်ဟု ဆိုကြလိမ့်မည်ထင်၏။ မည်မျှလောက် ဈေးကြီးသော စားစရာဖြစ်စေ စားချင်သည်ဆိုလျှင် ပိုက်ဆံကို မမြော်မြင်ပဲ (တကြိမ်တခါဖြစ်စေ) ဝယ်စားရမှ ကျေနပ်၏။ နေ့စဉ်အဖို့မှာလည်း လက်လှမ်းမှီသလောက် တတ်နိုင်သမျှ အကောင်းဆုံးကိုဝယ်စားလေ့ရှိ၏။ သို့ရာတွင် တခါတရံ၌မူကား ကောင်းသော အစာတခုကို အလွယ်တကူနှင့် မရပဲခဲခဲယဉ်းယဉ်း ရှာရမည်ဆိုလျှင်လည်း ဒုက္ခမခံမူ၍ အညံ့ဆုံးသော အစာကိုပင် ကျေကျေနပ်နပ်ကြီး စားနိုင်ပါသည်။ မြတောင်မှ ဆင်နှစ်စီးနှင့် ထွက်လာကြ၍ ပေါက်နက်ဗိုလ်တဲကလေး၌ ညအိပ်ကြ မည်ပြုရာတွင် ညစာအတွက်ကိုဆင်ဦးစီး နှစ်ယောက်က တာဝန်ယူ၍ ချက်ပြုတ်ကြ၏။ ထမင်းစားချိန် နီးသောအခါ ကျွန်ုပ်တို့ညီအစ်ကိုမှာ အလွန်ဆာလောင်လျက် ရှိလေပြီ။ (ဆင်စီးခြင်းသည် လမ်းလျှောက်ခြင်းတမျှ လှုပ်ရှားခြင်းကြောင့်အလွန်ဆာတတ်သည်ဟု ဆင်သမားများက ပြောကြသည်။) ကျွန်ုပ်သည် မီးဖိုချောင်အလုပ်မျိုး၌ဝါသနာပါသည်နှင့် မည်သည့်ဟင်းများ ချက်ကြလေသနည်းဟု ဟင်းအိုးများကိုဖွင့်ကြည့်လိုက်ရာ ကျက်ပြီး၍ မီးဖိုအနီး၌ ကပ်ထားသော

ဟင်းအိုးကလေးထဲ၌ ရှမ်းပဲပုပ်နှင့် ခရမ်းချဉ်သီးဟင်းကို လည်းကောင်း၊ မီးဖိုပေါ်၌ တည်ထားသော ဟင်းအိုးကလေးထဲ၌ရေတွင် ငါးပိခတ်ပြီး တည်ထား၍ ပွက်ပွက်ဆူနေခြင်းကို လည်းကောင်း တွေ့ရ၏။ အခြားဟင်းမတွေ့ရချေ။ မကြာမီ ရွာထဲသို့သွားသော ဆင်ဦးစီး ပြန်လာ၍လက်ထဲ တွင်ဖူးရွက် အနည်းငယ် ပါလာ၏။ ခွင်ပေါ်ရှိ ဟင်းအိုးထဲသို့ ဖူးရွက်ခတ်ပြီးနောက် ထမင်းပွဲ ပြင်ကြ၏။ ၎င်းတို့တွင် ပန်းကန်ပြားနှစ်ချပ်တည်းရှိ၍ ကျွန်ုပ်တို့ညီအစ်ကို အတွက် ပြင်ကျွေးရာ ကျွန်ုပ်က အားလုံး အတူဝိုင်း၍ စားရမည်ပြောသောကြောင့် စလောင်းဖုံးများနှင့် ဖြစ်သလို ဝင်စားကြသည်။ ဆင်ဦးစီး တယောက်က "ဆင်သမားဟင်းပဲ ဆရာရေ့၊ ဆရာကလဲ မခိုင်း၊ ကျွန်တော်တို့ကလဲ အထုပ်တွေ ဖြေရမှာ ပျင်းလေတော့ ဝန်ထောက်မင်းရဲ့သားဖူး ငါးဖူးတွေကို မထုတ်တော့ဘူး၊ စားသာစားပါ၊ မြိန်ပါတယ်ဆရာ၊ ဆင်စီးတာ သိပ်ပြီး ဗိုက်ချောင်တာပဲ"ဟု ပြော၏။ သားဖူး၊ ငါးဖူးအကြောင်း ပြောသောအခါ ကျွန်ုပ်က ထုတ်ယူဖို့ ပြောမည်ပြုပြီးမှ 'ဆင်သမားတွေနဲ့ သွားတဲ့အခါ သူတို့စားသလို ဖြစ်အောင် စားမယ်'ဟု ဆုံးဖြတ်လိုက်လေ၏။ ဟင်းများမှာ ရှမ်းပဲပုပ်နှင့် ခရမ်းချဉ်သီးကို ငရုတ်သီးစပ်စပ် ချက်ထား၍ ပုဇွန်ခြောက်မပါပဲ ငါးပိနှင့် ချက်ထားသည့် ဖူးရွက်ဟင်းချိုသာ ဖြစ်လေသည်။ သို့ရာတွင်ဆာလောင်သော ဓာတ်ခံကြောင့် ငရုတ်သီးနီနီရဲရဲ ချက်ထားသည့် ပဲပုပ်ဟင်းသည်ပင် ကျွန်ုပ်တို့အား သွားရေကျစေခဲ့လေပြီ။ တလုပ်နှိုက်၍ စားလိုက်ပါတော့လည်း ထင်သည်ထက်ပင် ပို၍ အရသာတွေ့နေသေး၏။

ကျွန်ုပ်တို့ညီအစ်ကိုသည် ထမင်းအိုးထဲမှ 'ဒါရိုက်'နှိုက်၍နှိုက်၍ ထည့်ပေးသော ထမင်းများကို ကုန်း၍ကုန်း၍ ကြိတ်လိုက်ကြရာ ဆန်တခွက် ချက်ထားသည့် ထမင်းအိုးထဲမှ ကျွန်ုပ်တို့ကပင် ပိုလိမ့်မည်ထင်သည်။ ဤတကြိမ်တွင် ကျွန်ုပ် အတွက် နို့ဆီဖူးတလုံးချက် ကုန်လိမ့်မည်ထင်ရာ တသက်လုံးတွင် ဤတကြိမ်ပါမှ နှစ်နှပ်တည်း၍သာ 'တလုံးချက်' ကုန်ဘူးပါသည်။ ဤအကြောင်းကို အကျယ်တဝင့်

ရေးသား ဖော်ပြခြင်းမှာ အစား ကောင်းကောင်းကိုသာမက မကောင်းတရောင်းနှင့်လည်း အမှတ်တရ မြိန်အောင် စားတတ်သော ဝါသနာကို တင်ပြလိုသောကြောင့် ဖြစ်ပါသည်။ ဆိုလိုခြင်းမှာ အကောင်းကြိုက်တတ်သော်လည်း မကောင်းလျှင် မစားနိုင်သည်မဟုတ်၊ မကောင်းတရောင်းနှင့်လည်း အလိုက်အထိုက် မြိန်အောင် စားတတ်ပါသည်။ ဟင်းမကောင်းလျှင် မျိုး၍မကျဆိုသော လူစားမျိုး မဟုတ်ပါ။

## အဓိပ္ပာယ်ရှိသော ခရီးတခေါက်

နောက်တနေ့တွင် နမ်းပေါင်းသို့ ရောက်ကြ၍ သုံးလေးရက်ခန့်ကြာသော အခါ ကိုဝင့်မော်က ကျွန်ုပ်အား ထီးချိုင့်ငွေတိုက်သို့ သူ့အတွက်နှင့်တကွ အလုပ်သမားများနှင့် တောအုပ် တောခေါင်းများ အတွက်ပါ လခထုတ်ခိုင်း၏။ ကိုဝင့်မော်သည် မြတောင်သို့ ကျွန်ုပ်သွားလိုခြင်းကို ရိပ်မိဟန်တူသည်။ လခမှာ နိုဝင်ဘာလအတွက်ဖြစ်၍ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျွန်ုပ်ထွက်လာခဲ့၏။ ဤတကြိမ်တွင် မြင်းနှင့်ထွက်ခဲ့၍ ညီတော်မောင်မပါချေ။ မြင်းအတွက်မှာ အဆင်သင့်လှသည်။ ရွှေလီမြစ်ဘက်မှ မြင်းများနှင့် လာကြသော သစ်ကုန်သည် နှစ်ယောက်သည် မြတောင်သို့ အသွားတွင်နမ်းပေါင်းသို့ ဝင်လာ၍ ကိုဝင့်မော်နှင့် တွေ့ကြ၏။ ကိုဝင့်မော်က မြင်းနှင့်ထည့်လိုက်ချင်သည်ဟု ပြောရာတွင် သစ်ကုန်သည်တဦးက သူ၏မြင်းကို ကျွန်ုပ်အားပေးပြီး သူကိုယ်တိုင် လှည်းကြုံနှင့် လိုက်မည့်အကြောင်း၊ လှည်းကြုံလည်းအဆင်သင့်ရှိနေကြောင်း ပြောလေ၏။ သို့ဖြစ်၍နံနက်စောစောတွင် သစ်ကုန်သည်တဦးနှင့် ကျွန်ုပ်သည် မြင်းတစီးစီနှင့် မြတောင်သို့ ထွက်လာကြလေ၏။ ထိုသူမှာမြတောင်ရွာသား လူလတ်အရွယ် တယောက်ဖြစ်၍ ကျွန်ုပ်အပေါ်၌စိတ်ဝင်စားပုံရသည့် အလျောက်ကျွန်ုပ်အကြောင်း ကိုမေး၏။ ကျွန်ုပ်က အိမ်ထောင်မရှိကြောင်း ပြောရာတွင် လူရိုးတယောက်ဟု

နာမည်ကြီးသောဝန်ထောက်မင်း ဦးဝင့်မော်၏ သူငယ်ချင်းခေတ်ပညာတတ် တယောက်ဖြစ်၍ မြတောင်ရွာတွင် လိုချင်သောအပျိုကို ရနိုင်ကြောင်း၊ သစ် ကုန်သည်လုပ်ဖို့ ဝါသနာပါလျှင် အရင်းအနှီးအပြည့်အစုံရှိသော မိန်းမကိုလည်း ရနိုင်ကြောင်း၊ မြတောင်တွင် ယောကျ်ားကောင်း တော်တော်ရှားနေ၍ မိန်းကလေးများသည် 'တနယ်သား'ကို စောင့်မျှော်နေကြဟန်တူကြောင်း၊ ရွာခံ ယောကျ်ားနှင့် တနယ်သားတို့ ယှဉ်ပြိုင်၍ လူပျိုလှည့်လျှင် တနယ်သားက စွံဖို့လမ်းများကြောင်း စသည်ဖြင့် ပြောပြလေ၏။ ကျွန်ုပ်က "မြတောင်သူတွေဟာ သူတို့ရွာမှာ သူတို့မပျော်ကြလို့ ရပ်ဝေးလိုက်ချင်ကြသလား"ဟု မေးရာ ထိုလူက "ဒီလိုတော့ မဟုတ်ပေါင်ဆရာ၊ မြတောင်သားကလေးတွေက သေသေဝပ်ဝပ် လုပ်ကိုင် ကျွေးချင်တဲ့လူ နဲတယ်၊ လူဘော်ကျော့ကလေးတွေ ဖြစ်ကုန်ကြပြီ ခင်ဗျ"ဟု ပြောပြလေ၏။ ဤလူကိုယ်တိုင်မှာ လူပျိုပင်ရှိသေးကြောင်း ကျွန်ုပ် သိရ၍-

"ခင်ဗျားလဲ လူပျိုဆို၊ ခုပြောတဲ့ လူ့ဘော်ကျော့ထဲမှာ မပါဘူးမဟုတ်လား"

"ဟာ.... ကျွန်တော် သာဆိုးသေး၊ ဘာမှ မလုပ်ချင်ဘူးဆရာ"

"သစ်ကုန်သည်ဆို"

"ယောင်သုံးဆယ်ပါခင်ဗျာ၊ မိဘများက ခိုင်းလို့မို့ မလွှဲသာလို့ လုပ်ရတာ ပါ၊ လူပျင်းခင်ဗျ၊ တရွာလုံးလူပျင်းချည်းပဲ"

"အစဉ်အဆက်က ဒီလိုပဲလား"

"ရှေးက ကျွန်တော်တို့ ဦးလေးများ လက်ထက်က ဒီလောက်မဆိုးပါဘူး ခင်ဗျ၊ ဒီခေတ်မှာမြစ်ရိုးတလျှောက်လုံး လူငယ်ကလေးတွေ သိပ်ပျက်စီးတယ်ခင်ဗျ"

"မြတောင်သူတွေ တော်တော်ချောတယ်ဆို"

"ဒါကတော့ ဆရာလဲမြင်သားပဲ၊ ဘုရင်ခံလာတုန်းက မြစ်ရိုးတလျှောက်မှ ရွာတွေက ယိမ်းအကနဲ့ ကြိုဆိုကြတော့ ကျွန်တော်တို့မြတောင်ယိမ်းအက နံပတ်တစ်စွဲတယ်ဆရာ"

"ဒီရွာမှာ ဘယ်အပျိုအချောဆုံးလဲ"

နာမည် သုံးလေးခု ပြောပါသည်။ ကျွန်ုပ်က–

"မစိုးကော မပါဘူးလား"

"သူက နဲနဲကြီးသွားပြီဆရာ၊ သူ့ညီမကသာသွားပြီ၊ အဖေကြီးက ပစ်သွားတော့ အမေကြီးကလဲ ဘာမှမတတ်ရှာဘူး၊ ညီမကလေးတွေ၊ မောင်ကလေးတွေကို သူကပဲ ဦးစီးအုပ်ချုပ်ပြီး လုပ်ကိုင်စားသောက်နေရှာ ကြတယ်"

မြတောင်ရွာသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် ယခင်တခေါက်ကကဲ့သို့ သစ်တောရုံးသို့ မသွားပဲအကောက်စာရေးကြီး၏ နေအိမ်သို့ တိုက်ရိုက်ဝင်လေ၏။ ထမင်းစားပြီးသောအခါ ကျွန်ုပ်သည် ထီးချိုင့်ဘက်သို့ကူး၍ ကိုဝင့်မော်ပေးအပ်လိုက်သည့် လခစာရင်းအတိုင်း ငွေတိုက်မှ ငွေများထုတ်၍ ပြန်လာပြီးလျှင် ငွေများကို အကောက်စာရေးကြီးလက်သို့ အပ်ထားလိုက်လေ၏။ ကျွန်ုပ်၏ခရီးစဉ်မှာ နက်ဖြန်နံနက်တွင် ယမန်နေ့က သစ်ကုန်သည်နှင့်အတူ နမ်းပေါင်းသို့ ပြန်ကြရန်ဖြစ်လေသည်။

## တဖြည်းဖြည်းယိမ်းညွတ်ခြင်း

ထိုနေ့ညနေတွင် ကျွန်ုပ်သည် မစိုးတို့၏အိမ်သို့သွား၍ ငါးဖယ်ကြော်နှင့် ခဲလံချောင်းများ (သူတို့အရပ်တွင် 'ပေါင်းတင်း'ဟုခေါ်သည်။) ပြုလုပ်ပြင်ဆင်ထားရန်အတွက် ပိုက်ဆံပေး၍ မှာထားခဲ့၏။ ထိုညဥ့်တွင်ငါးဖယ်ကြော်နှင့် ပေါင်းတင်းကို အဝစားမည်အကြံနှင့် အကောက်စာရေးကြီး၏ ညစာထမင်းကို အသင့်အတင့်သာ စားခဲ့၏။ စာရေးကြီးကတော်က "ဘယ်အိမ်ကများ အစားကောင်းကျွေးဖို့ ဖိတ်ထားတယ် မဆိုနိုင်ဘူး၊ ကျွန်မတို့အိမ်က ထမင်းကိုတောင် ဝအောင်မစားတော့ပါပဲလား"ဟုခနဲ့စကား ပြောလိုက်ရာ ကျွန်ုပ်မှာ မစိုးတို့အိမ်၌ စီမံထားခဲ့သော ပေါင်းတင်းအကြောင်းကို သတင်းသန့်သန့်ကြား၍ ပြောလိုက်ခြင်း

ဖြစ်သည်ဟု မသင်္ကာသည်နှင့် မျက်နှာရှိန်းကနဲဖြစ်သွားမိပါသည်။ ကျွန်ုပ်၏ စိတ်ကို နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးလိုက်သောအခါ လမ်းခရီးတွင် သစ်ကုန်သည် က မစိုးသည် ညီမကလေး မောင်ကလေးများကို ဦးစီးအုပ်ချုပ်ကာ 'ဝိုင်းလုပ်ဝိုင်းစား' အဖြစ်နှင့် ထိန်းသိမ်း စောင့်ရှောက်လျက် ရှိရှာသည်ဟု ပြောလိုက်ကတည်းက ကျွန်ုပ်စိတ်ကူးထား သည့်မိန်းကလေးနှစ်ယောက်၊ သုံးယောက်အနက် မစိုးဘက်သို့ ကရုဏာသက်သွားခြင်း ဖြစ်တန်ရာချေသည်။ ကျွန်ုပ်လိုချင်သည်မှာ ရုပ်ရည် သနားကမားရှိတာချင်းတူလျှင် ကြင်နာတတ်သော စိတ်ရှိသူကို ရွေးချယ်မည်ဖြစ်ရာ အိမ်သူအိမ်သားများအပေါ်၌ အကြီးအကဲ အဖြစ်နှင့် ကြင်နာတတ်လျှင် လင်သား အပေါ်၌လည်း ကြင်နာတတ်လိမ့်မည်ဟု တွက်ကိန်းရသည်။ 'ချစ်'ဖို့ဆိုသည်မှာ စံဒေဝီနှင့် လွဲကတည်းက ကျွန်ုပ်အဖို့ရာ၌ (အပြန်အလှန်) မျှော်လင့်ချက် ကင်းခဲ့ပြီးဖြစ်ရာ တယောက်နှင့် တယောက် ကြင်နာတတ်လျှင် ပထမတန်း အိမ်ထောင်ဘက်ဖြစ်ဖို့ လုံလောက်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ (မျက်နှာကိုမြင်ရသည်ဖြစ်စေ၊ အသံကိုကြားလိုက်ရသည် ဖြစ်စေ ရင်ထဲ၌ ဒိတ်ကနဲ လှုပ်ခုန်သွားသော အဖြစ်မျိုးမူကား စံဒေဝီမှလွဲ၍ မည်သည့် မိန်းကလေး အတွက်မျှ တသက်လုံး ကြုံခဲ့ရဘူးခြင်း မရှိပေ။) အခြားသော အခြင်းအရာများ မည်မျှလောက် ပြည့်စုံဟေ၊ ရက်စက်သော စိတ်သဘောရှိသည့် မိန်းမတယောက်သည် ကျွန်ုပ်အဖို့ အကောင်းဆုံးမယား မဟုတ်နိုင်ဟု (မှန်ချင်ရင်မှန် မှားချင်ရင်မှား) ကျွန်ုပ်တွက်မိသည်။ ကျွန်ုပ်သည် ထိုစဉ်က ဤအကြောင်းအရာများကို ရေးရေးမျှသာ ရိပ်မိပေရာ အကောက်စာရေး ကြီးကတော်က ကျွန်ုပ်အား 'ခနဲ့'လိုက်၍ ကျွန်ုပ်၏မျက်နှာရှိန်းသွားခြင်းကို ကိုယ့်ဟာကိုယ် သိလိုက်သောအခါ၌မူကား ငါသည် မစိုးဘက်သို့ ယိမ်းလျက် ရှိချေသည်တကားဟု သိလိုက်ရပါသည်။ သို့ရာတွင် စံဒေဝီကဲ့သို့ အချစ် သက်သက်မဟုတ်၊ ကရုဏာဖက်ခြင်းကိုလည်း ကျွန်ုပ်နားလည်ပါသည်။ သို့နှင့်ပင် ကျွန်ုပ်သည် အတိအကျ ဆုံးဖြတ်ချက် ချခြင်းကား မဟုတ်သေးပေ။ ဆိုလိုရင်းမှာ

ငါသည် ယနေ့ည မစိုးအား ချစ်ကြိုက်ကြောင်းကို ဖွင့်ဟ၍ ပြောပါတော့မည်ဟုပင် ဆုံးဖြတ်ရသေးသည် မဟုတ်ချေ။ အတည်ယူမည် မကြံပဲနှင့် လူပျိုလှည့်ခြင်း အလုပ်မှာ ကျွန်ုပ်၏အလေ့အကျင့်မဟုတ်ချေ။

## ပေါင်းတင်းနှင့်ငါးဖယ်ကြော်

ထိုညဥ့်၌ ကျွန်ုပ်သည် အကောက်စာရေးကြီးအိမ်မှ ညစာစားပြီးနောက် မစိုးတို့၏အိမ်သို့ ခပ်စောစောသွားရောက်၏။ စောစောသွားခြင်းမှာ ပေါင်းတင်း ဖုတ်ခြင်းကို အစအဆုံး မြင်လိုသောကြောင့် ဖြစ်၏။ ကျွန်ုပ်၏ဝါသနာတခုမှာ ကောင်းသောအစာကို စားရရုံနှင့်မပြီးပဲ ကိုယ်တိုင် လုပ်တတ်သည်အထိ စောင့်ကြည့်လိုခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်ရောက်သွားသောအခါ ငါးဖယ်ကြော် အရှက်ကြီးများမှာ ကြော်ပြီးဖြစ်၍ နံနံပင်နှင့် ကြက်သွန်မြိတ်များက တပန်းကန် ပြား၊ ငါးဖယ်ကြော်အရှက်ကြီးများက တပန်းကန်ပြား အပြည့်ကြော်ပြီး၍ ပေါင်းတင်းဖုတ်ရုံမျှသာ ကျန်လေတော့သည်။ ငါးဖယ်ကြော်များမှာ မီးဖိုချောင်၌ ကြော်ရ၍ ပေါင်းတင်းမူကား ဧည့်ခန်း၌ ဆောင်းမီးဖိုတွင် ဖုတ်နိုင်လေသည်။ ၎င်းဒေသတလျှောက်၌ ဆောင်းမီးဖိုဟူသည်မှာ ကြမ်းပျဉ်တွင် အပေါက်ဖောက်၍ ကြမ်းပျဉ်နှင့်အညီ ပြုလုပ်ထားသော လေးထောင့် မီးဖိုဖြစ်၏။

မီးဖိုသည် ကြမ်းပြင်ထက်မြင့်ခဲ့လျှင် မီးရှိန်သည် မီးလှုံသူ၏ ခြေထောက် များသို့မရောက်ပဲ ခြေသလုံးလောက်သာ ရောက်နိုင်မည်ဖြစ်သော ကြောင့် ကြမ်းကိုဖောက်ပြီး တပြင်တည်းဖြစ်အောင် လုပ်ထားရခြင်းဖြစ်လေသည်။

ကျွန်ုပ်ရောက်သွားပြီးနောက် မကြာမီ ရေစိမ်ပြီးသော ကောက်ညှင်းဆန် သွတ်ထားသည့် ပေါင်းတင်းဝါး သုံးလေးချောင်းယူလာ၍ မီးဖိုတွင်ဖုတ်လေ၏။ ပေါင်းတင်းဝါးမှာ တဘက်ဖွင့်ဖြစ်၍ ငှက်ပျောဖက်ဖြင့် ဆို့ထားလေရာ ၎င်းဘက် ကို ရှေးဦးစွာဖုတ်၍ အဆစ်ပိတ်သောဘက်ကို နောက်မှ ဖုတ်ရ၏။ တဘက်၌

ကျက်လောက်သောအခါမှ အခြားတဘက်သို့ လှည့်မပေးမီ အဆစ်ပိတ်သောဘက်ကိုဓားနှင့်ထစ်၍ ဖွင့်ပေးရ၏။ ဖွင့်လိုက်သောအပေါက်မှ အငွေ့ချောင်းချောင်းပန်းထွက်လေရာ ထိုကဲ့သို့မပြုလုပ်ပါက ပေါင်းတင်းဝါးထဲမှ ကောက်ညှင်းများသည် ရုတ်တရက် ပန်းထွက်တတ်သဖြင့် ပေါင်းတင်းတချောင်းလုံး ဆုံးရတတ်လေသည်။ ကျွန်ုပ်မှာမူမီးဖိုအနီး၌ ညှော်သည်ဖြစ်သော ကျွန်ုပ်အတွက်ခင်းထားသည့်ကော်ဇောပေါ်တွင် ဆေးတံခဲလျက် ထိုင်ကာ ပေါင်းတင်းများကိုလည်းကောင်း၊ အိမ်သူအိမ်သား ညီအစ်မ သားချင်းတစုတို့ကို လည်းကောင်း တလှည့်စီကြည့်ကာ အကဲခတ်လျက် ရှိလေ၏။

## ဇနီးလောင်းကို အကဲခတ်ခြင်း

ထိုညဥ့်၌ ကျွန်ုပ်သည်ပေါင်းတင်းဖုတ်ခြင်းထက် ညီအစ်မသုံးယောက်တို့ကို အထူးဂရုပြု၍ အကဲခတ်လျက်ရှိ၏။ နမ်းပေါင်းမှ ပထမတကြိမ် ဆင်နှင့်ဆင်းခဲ့သော အခေါက်တွင် တောဝက်သားကင် အနည်းငယ်ပါလာခဲ့၍ အကြီးဆုံးဖြစ်သော မစိုးလက်သို့ ‘အားလုံးစားကြဖို့’ဆိုကာ ပေးအပ်လိုက်၏။ မစိုးသည် ဝက်သားကင်များကို ညီမများနှင့် မောင်ကလေးများသို့ ခွဲဝေပေးရာ မောင်အငယ်ဆုံးအား အများဆုံးပေး၏။ သူကိုယ်တိုင်ကား မစားချေ၊ ကျွန်ုပ်အား ‘ပညာတတ်သည်’ထင်၍ ပြုစားမည်စိုးသောကြောင့်ပေလော မပြောတတ်ပေ။ အားလုံးခွဲဝေစားစေချင်၍ ယူခဲ့သော စားစရာကို သူကိုယ်တိုင် မမြည်းပဲ ပေးဝေလိုက်ခြင်းအတွက် တဘက်၌အနည်းငယ် မကျေမနပ်ဖြစ်ရခြင်းနှင့်အတူ အခြားတဘက်၌လည်း မောင်ညီမကလေးများအပေါ်၌ညာတာ ဟန်တူသည်ဟု ချီးကျူးဖို့ သတိရခဲ့ပါသည်။ ကျွန်ုပ်သည် ဤအကြောင်းကို မစိုးအားပြောဘူးသည်မရှိ။ (ဤစာကို သူကိုယ်တိုင်ဖတ်မှပင် သိရပေတော့မည်။ ကျွန်ုပ်အား

'ပီယဆေး' သမားတယောက်ဟု မထင်မှတ်တန်စကောင်းဟူ၍လည်း မျှော်လင့်သည်။)

ထိုညဥ့်၌ ပေါင်းတင်းများကျက်၍ ငါးဖယ်ကြော်နှင့် စားကြသောအခါတွင်လည်း မစိုးသည်ကျွန်ပ်အတွက် အများဆုံးပြင်ပေးပြီး မိခင်နှင့်မောင်ညီမကလေးများအတွက် ထည့်ပေးလေရာ သူ့အဖို့မူ အနည်းငယ်မျှသာ စားသည်ကိုတွေ့ရ၏။ ကျွန်ပ်ကိုမြင်ရ၍ ဝမ်းသာနေသောကြောင့်ကား မဟုတ်တန်ရာ။ ကျွန်ပ်ကဘာမျှမပြောရသေးချေ။ မည်သို့ပင်ဖြစ်စေ အစားအသောက်နှင့်ပတ်သက် ၍ မောင်ညီမကလေးများ အပေါ်သက်ညှာခြင်းသည် ကျွန်ပ်လင်ဖြစ်လာသောအခါ၌ သက်ညှာတန်ရာသည့် လက္ခဏာတခုဖြစ်လိမ့်မည် ဟူသောကျွန်ပ်၏အတွေးအခေါ်မူကား တကယ်မှန်ပါပေသည်။

'လင်နှင့်မယား၊ လျှာနှင့်သွား' ဟူဘိသို့ တဦးနှင့်တဦး မကျေနပ်သောအချက်ကလေးများရှိရသည့် ဓမ္မတာဖြစ်သော်ငြားလည်း အစားနှင့်ပတ်သက်၍ ကျွန်ပ်အပေါ်၌ ဂရုစိုက်ပုံ၊ ဒုက္ခခံပုံ၊ ကြိုးစားအားထုတ်ပုံများမှာ ရှာမှရှားသော ဇနီးတယောက်ဖြစ်သည်ဟု ဤနေရာ၌ ဝန်ခံလိုက်ရပေဦးမည်။ လင်ကရှာပေးလျှင် ချက်တတ်ပါသည်ဟု မိန်းမအများ ပြောစကားရှိသော်လည်း ကြိုးစားအားထုတ်ပုံချင်းမူကား ခြားနားခြင်းရှိကြပေလိမ့်မည်။ ညီအစ်မသုံးယောက် (အိမ်ထောင်ကွဲတယောက်ပါ လေးယောက်) ရှိကြသည့်အနက် တယောက်အပေါ်၌ တယောက် ကြင်နာမှုရှိရာတွင် မစိုးသည် (အကြီးဆုံးဖြစ်သောကြောင့်ပေလောမသိ။) အကြင်နာတတ်ဆုံးဖြစ်သည်ဟု ထိုစဉ်ကတည်းက အကဲခတ်မိရာ နောင်တွင်လည်း ဤအတိုင်းမှန်ကန်ခြင်းကို တွေ့ရလေသည်။ အခြားသော ယောက်ျားများသည် မည်သို့ သဘောထားကြသည်မပြောတတ်။ ကျွန်ပ်အဖို့ရာတွင်မူကား ဤအခြင်းအရာသည် မစိုးနှင့်ကျွန်ပ်အိမ်ထောင်ဘက်ဖြစ်ကြဖို့ ဖန်တီးပေးခြင်း၌ သူ၏ရုပ်ရည်ထက်ပင် အရေးကြီးသည်ဟု ထင်မိပါသည်။

## ဝေ့လည်လည်ပြောနေခြင်း

စောစောခိုက်၌ ပေါင်းတင်းနှင့် ငါးဖယ်ကြော်ကို နံနံပင် ကြက်သွန်မြိတ်နှင့် စားလိုက်၊ လက်ဖက်ရည်ကြမ်းသောက်လိုက်၊ ဆေးတံဖွာလိုက်ဖြင့် ဝိုင်းဖွဲ့စကား ပြောကြပြီးနောက် အတန်ညဥ့်နက်လာသောအခါ မောင်ညီမကလေးများသည် သူတို့၏အိပ်ခန်းသို့ အသီးသီးဝင်ကြလေရာ မိခင်တယောက်သာလျှင် 'ဆေးဗန်း'ကိုထုတ်၍ ၎င်း၏အခန်းဝ၌ထိုင်ကာ ကွမ်းသီးဖက်ဆေးလိပ်များ လိပ်လျက်ရှိလေ၏။ ကျွန်ုပ်မှာနှစ်အိမ်ထောင်ပျက်ခဲ့ပြီ ဖြစ်၍ လူပျိုစကားပြောဖို့ (စံဒေဝီနှင့် တုန်းကကဲ့သို့) ရှုံ့ခြင်း တွန့်ခြင်းမရှိသော်လည်း အချိန်အများကြီး ရှိသည်ဆိုကာ ထွေရာလေးပါး စကားကိုပြောလျက်ရှိ၏။

အမေကြီး၏အခန်းမှာ (အိပ်ခန်းသုံးခန်းရှိ၍ အတော်ကျယ်သော အိမ်ကြီး ဖြစ် သောကြောင့်) အတော်ကလေးဝေး၍ ပြောချင်သောစကားကို သူမကြားအောင် ပြောနိုင်သော်လည်း 'ဖြေးဖြေးပေါ့'ဟု သဘောထား၏။ ယနေ့ည ပြောတော့မည် ဟူ၍ပင် တထစ်ချဆုံးဖြတ်ခြင်း မပြုသေးချေ။ မစိုး စိတ်ဝင်စားပုံရသည်မှာ ရန်ကုန်မြို့ကြီးအကြောင်းဖြစ်၍ ရွှေတိဂုံ၊ သိမ်ကြီးဈေး၊ တိရစ္ဆာန်ရုံစသည့် ရောက်သင့်ရောက်ထိုက်သောနေရာများအကြောင်းကို တွင်တွင်ကြီးပြောပြယင်း "မစိုးတို့ တခေါက်လောက်တော့ ရောက်အောင်လာဖို့ ကောင်းတယ်"ဟူသော စကားမျိုးထက် နီးကပ်အောင်မပြောပဲ ဝေ့လည်လည်ဖြင့် သာအချိန်ကုန်စေ၏။ သန်းခေါင်တိုင်လတ်သော် ကြမ်းပြင်မှ အမှိုက်သရိုက် လှည်းချရန်အတွက် ဖောက်ထားသည့် ကြမ်းပေါက်မှ 'ဖုတ်ကနဲ'အသံကြား၍ ကြည့်လိုက်ရာ ဆေးပြင်းလိပ်တိုတခုသည် ကြမ်းပေါက်အနီးတွင် မီးခိုးတအူအူနှင့် လောင်လျက် ရှိခြင်းကို တွေ့ရ၏။ လက္ခဏာမှာ ကြမ်းပေါက်မှ ပစ်တင်လိုက်သည့် ဆေးလိပ်တိုဖြစ်ဟန်ရှိသည်။ သို့ဆိုလျှင် အိမ်အောက်၌ ကာလသားတယောက် ဖြစ်စေ၊ တယောက်မကဖြစ်စေ ရောက်နေလေပြီ။

"ဘာလဲ မစိုး"

"အလကားပါ၊ ကောင်ကလေးတွေ နောက်တာ ဂရုမစိုက်ပါနဲ့."

"ပြန်ဖို့ရာလဲ တော်တော်ညဥ့်နက်ပြီ၊ ဘယ့်နှယ်လုပ်ပါမယ်"

"ဒီမီးဖိုနားမှာ အိပ်ပေါ့၊ ညဥ့်နက်လှပြီပဲ၊ အမေနဲ့ ကျွန်မနဲ့ ဟိုဘက်ခန်းမှာ အိပ်ကြမယ်"

## အခြေအနေကတွန်းပို့ခြင်း

မစိုးသည် စောင်တထည်နှင့် ခေါင်းအုံးတလုံးယူလာခဲ့၍ မီးဖိုအနီးရှိ ကော်ဇောပေါ်တွင် ကျွန်ုပ်အတွက်တင်ထား၏။ ထိုခဏ၌ အိမ်ရှေ့ဝရန်တာမှ ခြေသံကြား၍ ကျွန်ုပ်နားစွင့်လိုက်ရာ လှေကားမှ တဖြည်းဖြည်းဆင်းသွားသော ခြေသံများကိုကြားရ၏။ လက္ခဏာမှာ ကျွန်ုပ်တို့အား အိမ်ပြင်ဝရန်တာမှ ချောင်းကြည့်ပြီး ပြန်ဆင်းသွားသောခြေသံဖြစ်ဟန်တူ၏။ မြတောင်ရွာတွင် 'လူအာကျယ်'ကလေး တယောက်တလေရှိသော်လည်း ကျွန်ုပ်တို့ ရွှေဘိုနယ်ကဲ့သို့ ရိုက်မှု၊ သတ်မှု ဖြစ်ဘူးသည့် မရှိသောကြောင့် ကျွန်ုပ်မတုန်လှုပ်လှ၊ မစိုးလည်း ဣန္ဒြေမပျက်ရှိနေသည်။ နောက်တခဏ၌ 'ဂုန်း၊ဒုန်း၊ဖြုန်း၊ဒိုင်း' မြည်သောအသံများ ကြားရလေရာ အိမ်ထရံနှင့် အမိုးများမှာ ခဲများ၊ ထင်းချောင်းများ၊ ဝါးလုံးများ ထိမှန်သောအသံများဖြင့် ဆူညံလျက်ရှိတော့၏။ မောင်၊ညီမကလေးများနှင့် အမေကြီးလည်း မီးဖိုအနီးသို့ စုရုံးရောက်ရှိလာကြ၏။ ကျွန်ုပ်သည် ဆေးတဆုံကို ညှိသောက်၍စဉ်းစားရာ ဘေးအန္တရာယ်ရှိသည်ဟု မစိုးရိမ်သော်လည်း မကြုံဘူးသောအဖြစ်ကြောင့် မည်သို့ပြုရမည်မသိပဲဖြစ်နေ၏။ ထင်းချောင်း ထင်းစများသည်လည်း ဆက်လက်၍ မိုးရွာဆဲပင်ဖြစ်နေ၏။ ထိုခဏ၌ အသံခပ်စာစာနှင့် မိန်းမတယောက်၏ ကြိမ်းမောင်းသံကို အိမ်ရှေ့မှကြားရလေရာ အမေကြီးက "မိမိုးလားဟဲ့"ဟု အော်မေးကာတံခါးကိုဖွင့်လိုက်၏။ မိမိုးမှာ

မစိုး၏အိမ်ထောင်ကွဲညီမတယောက်ဖြစ် လေရာ အနီးအပါးရှိ အိမ်တွင်နေရာမှ ခဲသံကြားပြီး ကြိမ်းမောင်းကာ ထလာခဲ့ခြင်း ဖြစ်လေသည်။ သူ၏ခင်ပွန်းမှာ ရွှေလီသို့ သွားခိုက်ဖြစ်၍ အိမ်တွင် တယောက်တည်းနေရသော်လည်း အိမ်ထောင်ကွဲဖြစ်သောကြောင့် တကြိမ်နှစ်ကြိမ်မျှသာမြင်ဘူး၏။ "ဟဲ့ကောင်တွေ နင်တို့သတ္တိ ဒါပဲလား၊ တဆိတ်ရှိ အိမ်ကိုမပေါက်ကြနဲ့၊ ငါ့ကိုပေါက်လှည့်ကြ၊ လာကြလေ"ဟု အော်ဟစ်ကာ ကျွန်ုပ်တို့အိမ်ရှေ့သို့ လာ၍ရပ်လေရာ ခဲသံများလည်း ချက်ချင်းရပ်စဲသွားလေ၏။ ထို့နောက် မစိုးသည် အိမ်ရှေ့ဝရန်တာသို့တက်လာ၍ လှေကားထိပ်၌ရပ်ကာ "နင်တို့ကာလသားတွေ သတ္တိက ဒါပဲလား၊ လူကောင်းမှန်း မသိ လူဆိုးမှန်းမသိ၊ တဆိတ်ရှိ မနာလိုရမှာလောက် သူတို့တတ်တာပဲ၊ နင်တို့ရည်းစားကို လုလို့လား၊ နင်တို့မယားကို ခိုးလို့လား" စသည်များဖြင့် ရေရွတ်ကြိမ်းမောင်းလေရာ တရွာလုံး တိတ်ဆိတ်လျက်ရှိသည်ကိုတွေ့ရ၏။ 'အာဂမိန်းကလေးပေတကား'ဟု စိတ်ထဲက ကျွန်ုပ်ချီးကျူးမိလေသည်။ အားလုံး တိတ်ဆိတ်သွား၍ တံခါးကိုပိတ်ပြီး မီးဖိုအနီး၌ ဝိုင်းဖွဲ့ကာ ထိုင်မိကြရာတွင် ကျွန်ုပ်သည်(အချက်ထဲတွင်) မစိုး၏အကဲကို အတော်ခတ်မိပြီဖြစ်၍ ကျွန်ုပ်က–

"မင်းတို့ရွာက နေရာကျတဲ့ ရွာမဟုတ်ပါဘူး မစိုးရယ်၊ ဘယ့်နှယ်လဲ လိုက်မလား"ဟု အားလုံးရှေ့တွင် မေးလိုက်၏။

မစိုးကလည်း ညီမများနှင့် မိခင်ရှေ့၌ပင် လိုက်မည်ဟုပြော၏။ ကျွန်ုပ်ကယနေ့ သဘော်ာမရှိသော်လည်း သမ္ဘန်ငှားပြီး တကောင်းသို့စုန်မည်၊ တကောင်းကမှ သဘော်ာနှင့် မန္တလေးသို့ သွားမည်ဟုပြောရာ မစိုးကသဘော တူသော်လည်း မမိုးက ကန့်ကွက်လေသည်။ မိခင်အုပ်ချုပ်၍ ကြီးကြရသော သမီးများဖြစ်ကြသည့်အလျောက် ကြက်ကလေး ငှက်ကလေးကဲ့သို့ ခေါ်ပြေးလျှင် မိခင်ရော ညီမကလေးများပါ ဂုဏ်ငယ်ဖို့ရှိကြောင်းပြော၍ လူကြီးများရှေ့မှောက်၌ အထိုက်အလျောက် တောင်းရမ်းယူဖို့ ပြောလေသည်။ ကျွန်ုပ်၏မျက်စိ၌ ဤညည်၌အဖို့တွင် မမိုးသည် (ဟီးရိုးဝင်း) လူစွမ်းကောင်းမတယောက်ဖြစ်နေရကား သူ့စကားကို

ကျွန်ုပ်မပစ်ပယ်နိုင်ပဲ နက်ဖြန် ဒီဇင်ဘာလ ၅ရက်နေ့တွင် ရှာလူကြီးသုံးလေး ယောက်ရှေ့၌ တောင်းရမ်းယူလိုက်ပါတော့သည်။

## ထူးခြားသောအချက်များ

ကျွန်ုပ်မိန်းမယူခြင်းနှင့် ပတ်သက်၍ ထူးခြားသောအချက်အနေဖြင့် အိမ်ထောင်တခုပျက်တိုင်း အ၀တ်တထည် ကိုယ်တခုနှင့် ဆင်းလာခဲ့ရပုံကို ဖော်ပြခဲ့ပြီဖြစ်ရာ မိန်းမရသော အချိန်ရာသီနှင့်ပတ်သက်၍ထူးခြားချက်ကိုလည်း ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် တတိယ အိမ်ထောင်ဖြစ်သော မစိုးကို ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် လက်ထပ်၏။ ပထမအိမ်ထောင်ကို ၁၉၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်လက်ထပ်၏။ ဒုတိယအိမ်ထောင်နှင့် ၁၉၁၄ ခုနှစ်၊ ဒီဇင်ဘာလ၁၅ရက်နေ့တွင် ထွက်ပြေးကြသည်။ သုံးယောက်လုံးမှာ ဒီဇင်ဘာလချည်းဖြစ်၍ ၅ ဂဏန်းနှင့်စား၍ပြတ်သောရက်များချည်း ဖြစ်သည်။ ဤမျှသာမကသေး၊ စံဒေ၀ီ၏မိခင်က ပေးစားပါမည်ဆို၍ ကျွန်ုပ်၏ဖခင်က ရွှေဘိုသို့လာပြီး ကျွန်ုပ်အား ခေါ်သွားသောရာသီမှာလည်း ဒီဇင်ဘာလပင် ဖြစ်လေသည်။ (သို့ဖြစ်၍ ဒီဇင်ဘာလရောက်တိုင်း ဘာများဖြစ်ချေဦးမလဲဟု လည်ပင်းတဆန့်ဆန့် မျှော်ရဦးမည်ကဲ့သို့ ဖြစ်မိပါသည်။) မစိုးနှင့် လက်ထပ်သော နေ့နှင့် ပတ်သက်၍ ထူးခြားချက်တခုရှိသေးသည်မှာ ကျွန်ုပ်တို့ လက်ထပ်သော နေ့သည် ခရစ်သက္ကရာဇ် ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့လည်းကောင်း၊ မြန်မာသက္ကရာဇ် ၁၂၈၂ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်နေ့လည်းကောင်း၊ ဖြစ်၍ ယူနီဘာစီတီဘွိုက်ကောနေ့ဖြစ်လေရာ ၎င်းနေ့ကို ပင် 'အမျိုးသားနေ့'ဟူ၍ ရွေးချယ်သတ်မှတ်ထားကြပြန်ရာတွင် အမျိုးသားနေ့ ကျရောက်တိုင်း ကျွန်ုပ်တို့၏ လက်ထပ်နေ့ ဖြစ်ရပြန်သောကြောင့် (ယခုဤစာကို ရေးသားသောအချိန်မှ ရက်သတ္တနှစ်ပတ်ခန့် ကြာသောအခါတွင်) အနှစ်၄၀မြောက်

အမျိုးသားနေ့ ကျင်းပခြင်းနှင့်အတူ ကျွန်ုပ်တို့၏ လက်ထပ်သည်မှာလည်း အနှစ် ၄၀ ပြည့်ပါတော့မည်။ အချိန်ကာလနှင့် နေ့ရက်များသည် အဓိပ္ပာယ်ရှိသည်ဟု ဆိုပါလျှင် ကျွန်ုပ်နှင့်ပတ်သက်သော နေ့ရက်များသည်လည်း မင်္ဂလာရှိသောအနက် အဓိပ္ပာယ်မျိုးသာ ရှိပါစေဟူ၍ ဆုတောင်းလိုက်ရပါတော့သည်။

## စံဒေဝနှင့်မစိုး

ကျွန်ုပ်သည် ကိုဝင့်မော်၏ငွေထဲမှ ငွေတရာနှုတ်ယူထား၍ ကျန်သောငွေများကို အကောက်စာရေးကြီးမှတဆင့် ယခင်သစ်ကုန်သည်၏လက်သို့ ပါးလိုက်ရာ ကိုဝင့်မော်ထံ ကောင်းမွန်စွာရောက်ကြောင်း ပြန်စာရရှိ၏။ (၎င်းငွေတရာကို ကမ်းနီရွာတွင် ကျွန်ုပ်ကျောင်းထောင်သောအခါ၌ ပြန်ဆပ်ရာ ကိုဝင့်မော်က ငွေကိုမယူပဲ သူ့နာမည်နှင့် ကျောင်းသားတယောက်ထားပေးဖို့ ပြောသဖြင့် သူ့ဆန္ဒအတိုင်း ကျွန်ုပ်လက်ခံလိုက်ပါသည်။) ကိုဝင့်မော်သည် ကျွန်ုပ်နှင့် စံဒေဝီအကြောင်းကို အလုံးစုံသိ၍ စံဒေဝီကိုလည်း မြင်ဘူးသူဖြစ်လေရာ သူ၏ပြန်စာထဲ၌ မစိုးသည် စံဒေဝီထက်လှသူဖြစ်၍ ကျွန်ုပ်ကျေနပ်ထိုက်ကြောင်း ဝမ်းပန်းတသာ ရေးရှာပါပေသည်။ ကိုဝင့်မော်မှာ မစိုးကိုလည်း ကြင်နာပုံရသည်။ စံဒေဝီနှင့် မစိုးကို နှိုင်းယှဉ်ရေးခြင်း အတွက်ကြောင့် ကျွန်ုပ်ဝမ်းသာဖို့မှတပါး အခြား ဘာမျှမရှိပေ။ သို့ရာတွင် စံဒေဝီကို ကျွန်ုပ်သဘောကျခဲ့မိခြင်းမှာ ၎င်း၏ ရုပ်အဆင်းသက်သက်မဟုတ်၊ ဝတ်စားဆင်ပြင်ပုံကြောင့်ချည်းမဟုတ်၊ ကျွန်ုပ်အား ရင်ခုန်လှုပ်စေသည့် (မဖော်ပြနိုင်စကောင်းသော) သဘာဝတခု ဖြစ်သောကြောင့် အတော်အတန်လူများ နားလည်ကြပါမည်လောဟု ယုံမှားသံသယ ဖြစ်မိပါသည်။

စံဒေဝီအကြောင်းကို ဖြတ်ထားခဲ့သည်မှာ အတန်ကြာပြီဖြစ်၍ ကွယ်လွန်သည်မှာ ကြာလှပြီ ထင်ရလောက်သော်လည်း ၁၉၁၉ ခုနှစ်ကမှ ကွယ်လွန်ခြင်း ဖြစ်သောကြောင့် မစိုးနှင့် အကြောင်းပါသောအချိန်တွင် ကွယ်လွန်သည်မှာ

တနှစ်မျှသာ ရှိပါသေးသည်။ ကျွန်ုပ်၏မိခင်ကမူ မစိုးနှင့်စံဒေဝီတို့ ခပ်ဆင်ဆင် တူသည်ဟု ပြောဘူးခြင်းကို စောစောပိုင်းက ဖော်ပြခဲ့ဘူးပါပြီ။ မိခင်သည် စံဒေဝီကိုခင်မင်၍ ၎င်းနှင့်တူသော မစိုးကိုလည်း ချစ်ခင်ကြောင်းပြောဘူးပါသည်။ မိခင်၏စကားအရမှာ "ညိုချောနဲ့ဝါချော တမျိုးစီထားပါတော့၊ စံဒေဝီက အဆင်အပြင်သာတယ်၊ မစိုးက ကိုယ်လုံးကိုယ်ပေါက်ပိုလှတယ်၊ မစိုးရဲ့ ကိုယ်လုံးကိုယ်ပေါက်မျိုးက မိန်းမထဲမှာ ရှားပေတယ်ကွယ်၊ တင်နဲ့ ရင်နဲ့ သိပ်အချိုးကျတယ်၊ နန်းတော်ထဲက အပျိုတော်တွေထဲမှာ တယောက်မြင်ဘူးတယ်" ဟု ပြောဘူးရှာသည်။ ကျွန်ုပ်၏မိခင်၌ အထူးသဖြင့် ချစ်ခင်ဖွယ်ကောင်းသော အချက်တခုသည်ကား ကျွန်ုပ်မိန်းမယူခဲ့သောအခါတိုင်း မိဘကိုမတိုင်ပင်ပဲ ကျွန်ုပ်၏သဘောအတိုင်း ယူခဲ့သည်ချည်းဖြစ်သော်လည်း ကျွန်ုပ်ယူသော မိန်းမ များနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချခြင်းပြုသည်ဟု မရှိဘူးခြင်းပင် ဖြစ်လေသည်။ မိခင်ဆိုလျှင် လူတိုင်းပင်ချစ်သည်ဟု ပြောကြမည်ဖြစ်ရာ အထက်ပါ အကြောင်း တရပ် အတွက်ကြောင့်ပင် အခြားသော သားများချစ်ကြခြင်းထက် ကျွန်ုပ်၏ မိခင်ကို ကျွန်ုပ်ချစ်ခြင်းသည် ပိုလိမ့်မည်ဟု ထင်မိပါသည်။ သားကချစ်ကြိုက် သောမိန်းမကို မိဘက သဘောမတူနိုင်ဆိုခြင်းသည် ယောကျ်ားကလေးအတွက်ရော မိန်းကလေးအတွက်ပါ အကြီးအကျယ် စိတ်ဆင်းရဲကြရမည်ဖြစ်ရာ ကျွန်ုပ်အဖို့ရာ၌ ၎င်းဆင်းရဲမှုမျိုး မရှိခဲ့ဘူးခြင်းသည် အလွန်ကံကောင်းသည်ဟု ဝမ်းသာခဲ့ရပါ တော့ သည်။

## နဖူးစာပါမှ ညားနိုင်ခြင်း

ကိုဝင့်မော်တို့လူစုသည် ဆက်လက်၍ 'သစ်သင်း'အလုပ်ကို ဆောင်ရွက် လျက် ရှိကြသော်လည်း ညီတော်မောင်မှာမူ မကြာမီအတွင်း သစ်တောမှပြန်လာ၍ ကျွန်ုပ်တို့နှင့်အတူ နေထိုင်လျက်ရှိ၏။ မစိုး၏ညီမတယောက် ချောလှကြောင်းကို

အထက်တွင် အမြွက်မျှဖော်ပြခဲ့ဘူးရာ အမည်မှာ မလုံးဖြစ်၏။ မစိုး၏ကိုယ်လက် အင်္ဂါနှင့် ကိုယ်လုံးကိုယ်ပေါက်မျိုးမဟုတ်ပဲ လုံးကြီးပေါက်လှနှင့် ချစ်စရာကောင်းသော မျက်နှာထားရှိ၍ သူ့ခေတ်တွင် မြတောင်ရွာ၌ ပိုးပန်းသူ အတော်များသော မိန်းကလေးတယောက်ဖြစ်၏။ ညီတော်မောင်သည် မစိုးတို့၏အိမ်သို့ ကျွန်ုပ်နှင့် အတူ မသွားဘူးသော်လည်း စာရေးမောင်မြနှင့်အတူ လည်ပတ်ကြဘူး၍ မလုံးနှင့် မျက်မှန်းတမ်းမိကြဟန်ရှိ၏။ အိမ်သို့ရောက်လာသည်နှင့် တပြိုင်နက် ညီတော်မောင်သည် မလုံးအား တမ်းတမ်းစွဲ စုံမက်လျက်ရှိ၏။ ဤတွင် မြတောင်သို့ သဘော်ာနှင့် ညီအစ်ကိုနှစ်ယောက် လိုက်လာကြစဉ်က ဖောင်ကြိုသမားကြီး ပြောဘူးသော စကားကိုသတိရ၍ သူ၏ဗေဒင်မှာ အလုံးစုံ မှန်ချေတော့မည်ဟု ကျွန်ုပ်ထင်မိသည်။ ထိုလူကြီးက ကျွန်ုပ်တို့မှာ လူပျိုအဖြစ်နှင့် 'ပြန်စိတ်မရှိ' သည့်ပြင် ညီအစ်ကို ညီအစ်မပင် ဖြစ်တတ်သေးသည်ဟု ပြောဘူးခြင်းကို မှတ်မိကောင်း မှတ်မိကြပေလိမ့်မည်။ ကျွန်ုပ်အဖို့ကား မှန်နေပြီဖြစ်ရာ ညီတော်မောင်အတွက်ပါ မှန်ခဲ့လျှင် တအံ့တသြဖြစ်ရလိမ့်မည်ဟု ထင်မိသည်။ တအိမ်တည်းလည်း အတူနေကြရ၍ အပျိုလူပျိုလည်း ဖြစ်နေသည့်ပြင် တယောက်နှင့်တယောက် သဘောမကျစရာလည်း ဘာမျှမရှိချေ။ ယောက်ျားကလေးနှင့် မိန်းမကလေးတို့သည် မည်မျှပင် အကြောင်းညီညွတ်၍ အဆင်ပြေလျက်ရှိသော် လည်း 'နဖူးစာ'မပါလျှင် မညားကြခြင်းကို စံဒေဝီနှင့် ကျွန်ုပ်၏ အဖြစ်သာမက ညီတော်မောင်နှင့် မလုံးတို့၏အဖြစ်တွင်လည်း ထပ်ဆင့်၍ ကြုံရဘူးပြန်ပါသည်။ အစစအရာရာ အဆင်ပြေလျက်ရှိကြ၍ တောထဲသို့ ကျွန်ုပ်တို့တအိမ်လုံး (ငှင်းဒေသထုံးစံအတိုင်း) ထင်းခွေသွားကြစဉ် ထင်းရှာသူများ ကရှာကြ၍ ညီတော်မောင်နှင့် မလုံးတို့က ထင်းတုံးကြီးတတုံးကို လွှဖြင့် တဘက်စီ တိုက်ဖြတ်နေကြခြင်းများကို ကျွန်ုပ်တို့တွေ့မြင်ရ၍ အားလုံးသဘောတူ တပြုံးပြုံး ဖြစ်ခဲ့ကြရဘူးပါသည်။ ကျွန်ုပ်နှင့်မစိုးတို့က 'လွဲဖို့မရှိပြီ"ဟု ထင်မိကြရာ အမေကြီးကလည်း သဘောတူရှာသည်။ ဤအဖြစ်မျိုးသို့ ရောက်ကာမှ မလုံးသည်

(ကျွန်ုပ်တို့ကို မနှာလိုကြသည့် ရှာသူအချို့တို့၏ ကတုံးကတိုက်လုပ်မှုကြောင့်) ချက်ချင်း အမှုအရာ ပြောင်းလဲသွားပြီး ထော်လော်ကန့်လန့် လုပ်လေတော့သည်။ ဤမိန်းကလေးကား ခေါင်းမာသော မိန်းကလေးတယောက်ဟူ၍ ကျွန်ုပ်အကဲခတ်နိုင်ခဲ့သည်။ ကျွန်ုပ်တို့အကြံအိုက်လျက်ရှိစဉ် မိဘများထံမှ စာတစောင်ရောက်လာရာ ၎င်းစာတွင် ဂျမားသဒ္ဒေး၏ ကိုယ်စားလှယ်လုပ်နေသော ကျွန်ုပ်၏ဦးလေးမြေစာရင်း အင်စပိတ်တော် တယောက်က ညီတော်မောင်အား သူ၏စာရေးအဖြစ်နှင့် ခန့်လို၍ ချက်ချင်းလာဖို့ မှာထားလိုက်သည်။ ညီတော်မောင်မှာ မသွားချင်ရှာသော်လည်း ကျွန်ုပ်ကမိန်းမပေါ၍ အလုပ်ရှားကြောင်း၊ မလုံးကိစ္စအတွက် ဆက်လက်ဆောင်ရွက်ပေးမည့် အကြောင်းနှင့် ချော့မော့တိုက်တွန်းလိုက်ရာတွင် ညီတော်မောင်သည် ဦးလေးရှိသော မြစ်သားမြို့သို့ လိုက်သွားရှာလေ၏။ နဖူးစာမပါကြသောကြောင့် ပေလော မဆိုနိုင်။ ညီတော်မောင်မှာ ခွဲခွာသွားပြီးနောက် ခပ်အေးအေး ဖြစ်သွား၍ သူတို့၏ပြဿနာမှာ တိုတိုနှင့်ပြီးဆုံးသွားပါတော့သည်။

## 'မင်းစိတ်'ရှိသော ကိုဝင့်မော်

၁၉၂၁ ခုနှစ်မှာ ကျွန်ုပ်အဖို့ရာ၌ ခပ်ပေါ့ပေါ့ ခပ်ချောင်ချောင်နေခဲ့သော နှစ်တနှစ်ဖြစ်၏။ ထိုနှစ်တွင် ကျွန်ုပ်နှင့်မစိုးတို့သည် မြစ်သားသို့ ညီတော်မောင်နှင့် အတူ လိုက်၍နေခြင်း၊ မန်းကျည်းတုံရွာရှိ မိဘများထံသို့ အလည်သွားခြင်း၊ စစ်ကိုင်းတောင်ရိုး၌နေခြင်း၊ မြတောင်တွင် ကိုဝင့်မော်နှင့်အတူနေခြင်း စသည်ဖြင့် (Honeymoon) အချိန်ကုန်လွန်ခဲ့သည်။ ထိုအချိန်အတောအတွင်း အင်္ဂလိပ်ဝတ္ထုများမှ မှီး၍ရေးသည့်ဝတ္ထုကြီးနှစ်ပုဒ်ပြီးပါ၏။ ၎င်းဝတ္ထုနှစ်ပုဒ်မှာ (Sign of the Cross and Gullivers Travel's) ဦးဘဖေက ဝယ်ယူသလိုလို၊ သူရိယတိုက်က ဝယ်သလိုလို ငွေတဝက်တပျက်ပေးချေထား၍ ကျွန်ုပ်၏လက်ထဲ၌

အတန်ကြာအောင်းနေခဲ့ရာ ပဲခူးမြို့လျှောင်ကြီးတွင် ကော်ပီများ ပျောက်ဆုံး၍ မရိုက်နှိပ်လိုက်ရပဲ မြေကြီးသြဇာ ဖြစ်သွားခဲ့ပါလေပြီ။ မြတောင်၌နေကြစဉ် ကိုယ့်အိမ်၌ကိုယ် မောင်ညီမကလေးများနှင့် အတူနေကြသော်လည်း ကိုဝင့်မော်က သူ့ရုံးသို့ဖွတ်အတင်း ပြောင်းရွှေ့ခိုင်းသည်နှင့် ပြောင်းကြရပါသည်။ သို့သော် ကိုဝင့်မော် တောတက်သောအခါ မရမက ကျွန်ုပ်ခေါ်သွားသည်ချည်း ဖြစ်သော ကြောင့် မစိုးကို သူ့အမေများနှင့်ထားခဲ့၍ ကျွန်ုပ်မှာသူနှင့် တောတက်နေရ သည်သာ များပါသည်။

ကိုဝင့်မော်သည် ကျွန်ုပ်အား ညီအစ်ကိုရင်းတမျှ ချစ်ခြင်းကို ကျွန်ုပ်သိပါ၏။ ပိုလျှင်သာပိုမည်၊ လျှော့သည်မထင်ပါ။ ဤစကားမှာ သာမန်ပြောတတ်ကြသည့် ခင်မင်တတ်သူရှိခဲ့လျှင် ထိုသူသည် ကိုဝင့်မော်ဖြစ်၏။ သူ၏ညီများ၊ နှမများ အတွက် လျစ်လျူရှုထားမည့် ကိစ္စမျိုးတွင် ကျွန်ုပ်အတွက်ဆောင်ရွက် ပေးခြင်း ကိုကြုံရဘူးပါသည်။ သို့သော် ဤလူတယောက်ကား တခါတရံတွင် 'မင်းစိတ်' ရှိသူတယောက်ဖြစ်၏။ တနေ့သ၌တောတက်မည်ပြုရာတွင် ရက်ရှည်မည်ဟု သိသောကြောင့် မစိုးက ကျွန်ုပ်မလိုက်စေချင်သည်နှင့် မလိုက်ပဲငြင်းလိုက်ဘူး၏။ တောမှပြန်ရောက်လာကတည်းက ကိုဝင့်မော်သည် ကျွန်ုပ်အား မကြာခဏ စကားနာပြောလိုက်၊ လှောင်လိုက် လုပ်လေတော့ရာ ကျွန်ုပ်မှာ နောက်နောင်တွင် သူခေါ်လျှင် မငြင်းဝံ့တော့ပဲ လိုက်ရပါတော့သည်။ သူ့မှာ လူပျိုကြီးဖြစ်၍ အိမ်ထောင်သည်အကြောင်းကို နားမလည်၊ ဂရုမစိုက်။ သူခေါ်လျှင်လိုက်မှ ကြိုက်တတ်သူ ဖြစ်လေသည်။

## ကျောင်းဆရာဖြစ်ရပြန်ခြင်း

၁၉၂၂ ခုနှစ်ဦးတွင် ကျွန်ုပ်သည် ရန်ကုန်သို့ဆင်းပြီး စာရေးဆရာအဖြစ်နှင့် အသက်မွေးဖို့ မစိုးနှင့်တိုင်ပင်ရာ သဘောတူကြလေပြီ။ ဤတွင် ကိုဝင့်မော်က

မြဲတောင်၌ သူရှိနေသမျှကာလပတ်လုံး မခွဲရ၊ ဝမ်းရေးအတွက် သူကြည့်ပြီး စီမံပေးမည်ဟုပြော၏။ ကိုဝင့်မော် ပြောသည်ဆိုလျှင် ငြင်းဖို့ခက်သော လူတယောက်ဖြစ်ခြင်းကို ကျွန်ုပ်သိပြီးဖြစ်၏။ နောက်ဆုံး၌မြဲတောင်အထက် ၁စမိုင်ခန့်ဝေးသည့် ကမ်းနီရွာတွင် အင်္ဂလိပ်ကျောင်းထောင်ဖို့ စီစဉ်လေ၏။ ကမ်းနီရွာ၌ သစ်ကုန်သည် လေးငါးဦးရှိ၍ ၎င်းတို့တွင်ကျောင်းသားအရွယ် သားများလည်းရှိကြ၏။ မိဘများသည် သားများကို အင်္ဂလိပ်စာသင်လို၍ မြို့ကြီးများသို့ ပို့ချင်ကြသော်လည်း (မြန်မာမိဘများ၏ ထုံးစံအတိုင်း) သားကလေးများကို စိတ်မချခြင်း၊ အစားအသောက် ဆင်းရဲမည်ကိုစိုးရိမ်ခြင်း၊ မခွဲနိုင်ခြင်းစသော အခက်အခဲများကြောင့် ရွာကျောင်း၌သာထားကြရာ ကိုဝင့်မော်က ကျွန်ုပ်အကြောင်းပြော၍ အင်္ဂလိပ်စာသင်ဖို့ တိုက်တွန်းလိုက်ရာတွင် ဝမ်းမြောက်ဝမ်းသာ သဘောတူကြလေသည်။ သစ်ကုန်သည်သုံးဦးသည် အိမ်တလုံးကိုဝယ်၍ ကျောင်းတည်ပြီးလျှင် ကျောင်းသားများ စုဆောင်းလိုက်ရာ ၁၅ယောက်နှင့် ကျောင်းလခ တရာကျော်ခန့် ရရှိလေ၏။ ထိုစဉ်ကမူ ထင်း၊ရေ၊ နေအိမ် စသည်တို့ရသော လင်မယားနှစ်ယောက်အတွက်မှာ ၎င်းငွေမျှသည် ကောင်းစွာလုံလောက်သည်ဖြစ်၍ ကျွန်ုပ်သည် ၎င်းအလုပ်ကို လက်ခံလိုက်လေသည်။ သို့ဖြစ်၍ ဖေဖော်ဝါရီလဆန်းတွင် ကျွန်ုပ်တို့လင်မယားသည် ယောက်ဖကလေးတယောက်နှင့်အတူ ကမ်းနီရွာသို့ ပြောင်းရွှေ့သွားကြလေ၏။

## ကျေနပ်ဖွယ်သောနှစ်

ကျွန်ုပ်သည် ဗုဒ္ဓဘာသာကျောင်း၌တကြိမ်၊ အမေရိကန်ကျောင်း၌တကြိမ်၊ ညီတော်မောင်၏ကျောင်း၌တကြိမ် လပိုင်းမျှလောက်စီ ကျောင်းဆရာလုပ်ခဲ့ဘူး၍ ကျွန်ုပ်အဖို့ အဆန်းအသစ်မဟုတ်၊ အကြောင်းသိပြီးဖြစ်သော အလုပ်တခုဖြစ်ပါသည်။ ကျွန်ုပ်နားလည်သည်ကား ဤအလုပ်သည် ခဏတဖြုတ်အတွက်

စိတ်ဝင်စားဖွယ်ကောင်း၍ ပျော်စရာကြီးတခုပင် ထင်ရသော်လည်း အလွန်ငြီးငွေ့လွယ်သောအလုပ်မျိုးဖြစ်လေသည်။ ဆရာပါရမီပါသော ပုဂ္ဂိုလ်များ အတွက်မှာ မတတ်သောလူ၊ သို့မဟုတ် ကလေးများအား တတ်အောင် သင်ပြပေးရခြင်းသည် ဝမ်းသာစရာ ပျော်စရာကောင်းသည်ဟု ယူဆကြပေလိမ့်မည်။ ကျွန်ုပ်မှာ စကားပြောချင်သော လူတယောက်မဟုတ်၊ ကလောင်သမားသက်သက်ဖြစ်သည်ဟု ကိုယ့်ဟာကိုယ်သိပြီးဖြစ်သောကြောင့် နှစ်ရှည်တာဝန်မခံပဲ သုံးနှစ်အတွက်မျှသာ ပဋိညာဉ်ပေးခဲ့ပါသည်။ သင်ပြရမည့် ပညာရပ်မှာ အင်္ဂလိပ်ဘာသာ တခုတည်းဆိုသောကြောင့် ကျွန်ုပ်သဘောကျလှသည်။ ပထမနှစ်၌ တောထဲသို့ကျောင်းသားများနှင့် ဗဟုသုတအဖို့ ပျော်ပွဲစားထွက်ခြင်း၊ မြစ်ထဲ၌သမ္ဗန်လှော်ခြင်း၊ ရှုက်တိုက်ခြင်း၊ ဟိုရွာသည်ရွာများသို့ သွားလည်ခြင်း စသည်များဖြင့် တော်တော်ပျော်မိပါသည်။ သူငယ်ကလေးများ တတ်လွယ်စေခြင်းငှာ ကျောင်းကြီးများကဲ့သို့ တပတ်လျှင် နှစ်ရက်မပိတ်ပဲ တရက်တည်းပိတ်ခြင်း၊ နွေရာသီတွင်လည်း ကျောင်းဖွင့်ခြင်း၊ ညဥ့်အချိန်များ၌လည်း သူငယ်များ စာကျက်ကြသည်ကို စောင့်ကြည့်၍ မေးကြသည်များကို ဖြေခြင်းစသည်ဖြင့် စိတ်ပါလက်ပါ သင်ပြရာတွင် ကျောင်းထောင်ပေးသော သစ်ကုန်သည်များ လွန်စွာကျေနပ်အားရကြသည်။ ၎င်းရွာသို့ နယ်လှည့်ရန် ရောက်လာကြသည့် ပညာအုပ်၊ တောအုပ်၊ ပုလိပ်၊ အင်စပတ်တော်၊ အကောက်ဝန်ထောက်၊ အကောက်စာရေး စသည်များသည်လည်း အခြားနေရာ၌ မတည်းခိုကြပဲ ကျွန်ုပ်၏ကျောင်းကလေးမှာချည်း တည်းခိုကြသည်တွင် စားကြ၊ သောက်ကြ၊ ရယ်ကြ၊ မောကြနှင့် ပျော်စရာကြီးဖြစ်ခဲ့ပါသည်။ ၁၉၂၂ ခုနှစ်မှာမူ ကျေနပ်ဖွယ်သော နှစ်ဟူ၍ မှတ်တမ်းတင်နိုင်ပါသည်။

‘လပ်ကီး’

၁၉၂၃ ခုနှစ်ဦး၌ ကျွန်ုပ်သည် မြင်းတကောင်ဝယ်၍ မြင်းစီးအလေ့အကျင့်ပြု လုပ်၏။ မြင်းမှာအရိုင်းမဟုတ်၊ ‘အသားကျ’သင်ပြီးဖြစ်ရာ ကျွန်ုပ်မှာလည်း အတော်အတန် မြင်းစီးတတ်ပြီးဖြစ်၍ အလွန်ဟန်ကျလျက်ရှိ၏။ ကျွန်ုပ်သည် ရှေးခေတ်အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရကတည်းက မြင်းစီးခြင်းအလုပ်ကို ‘ရူး’မတတ် သင်ချင်၍ ရွှေဘိုနယ်တွင် ဦးဘေး၊ ဘထွေး စသော ဆွေမျိုးများ၏မြင်းများကို အခွင့်ကြုံတိုင်းငှား၍ စီးခြင်းအားဖြင့် သာမန်ရွာသားတယောက်မျှလောက်တော့ တတ်မြောက်လျက်ရှိပါ၏။ မြင်းစီးဝါသနာပါသော ကျွန်ုပ်အဖို့ရာ၌ သာ၍ ကျင်လည်စွာ စီးတတ်အောင် ပါရမီဖြည့်ပေးရာရောက်သည့် အခြင်းအရာတခုကို ဖော်ပြရပါဦးမည်။ (စွန့်စားရခြင်း၌ ဝါသနာပါသော ကျွန်ုပ်အဖို့မှာ မြင်းစီးခြင်း သည် အန္တရာယ်ရှိတတ်ခြင်းကို မဆွကတည်းက နားလည်ပြီးဖြစ်ပါသည်။) ကျွန်ုပ်ဝယ်ယူ လိုက်သောမြင်းမှာ မြင်းကောင်း မြင်းဆတ်တကောင်ဖြစ်ပေရာ မြင်းရှင်(အင်းတိုင်)၌ စီးပွားရေးအခြေမဟန်သော်လည်း သူ့မြင်းကိုချစ်သည်နှင့် မရောင်းပဲဖက်တွယ်ထား သည်တွင် ကျောင်းသားတယောက်၏ဖခင်က ဖွတ်တွယ် ကပ်၍ ဝယ်ပေးသောကြောင့် ကျွန်ုပ်ရလိုက်ခြင်းဖြစ်လေသည်။ မြင်းပေါ်သို့တက်၍ တခေါက်လောက်မောင်းကြည့်လိုက်ကတည်းက ဤမြင်းကား ငါနှင့်တော်သည်ဟု တခါတည်း သဘောကျလိုက်မိ၏။ မြင်းပုကလေးများသာပေါသော ထိုနယ်၌ လေးပေ လေးလက်မ ဟူသော‘ဒေါက်’သည် အရပ်မြင့်သော ကျွန်ုပ်အဖို့ရာ၌ ရခဲလှ၍ သင့်တော်လှပေပြီ။ အမွေးမှာ စိုင်ညိုဖြစ်၍ ခပ်သွယ်သွယ်ရှိသော ခြေတံလက်တံရှိ၏။ ထိုမြင်း၏ထူးခြားချက်တခုမှာကား အလွန်ကျွတ်ဆတ်သော စိတ်ရှိသည်ဖြစ်၍ (ကျွန်ုပ်အားလည်း ‘ကျွတ်ဆတ်ဆတ်’ရှိသော လူကြီးဟု ပြောကြမည်ထင်သည်။) ကြိမ်လုံးကိုင်ဖို့မလို၊ ‘စုတ်’တသပ်သပ်နှင့် ချော့၍စီးရသော မြင်းမျိုးဖြစ်၏။ အခက်အခဲတခုရှိသည်မှာ မြန်မာတို့စီးနည်းဖြစ်

သော 'အသားကျ'ပြေးနည်းမှာ စိတ်ထန်လွန်းလျှင် 'ဒုန်း'ပြေးတတ်ပေရာ သို့ဆိုလျှင် 'ဖောက်'သည်ဆို၍ တန်ဖိုးမရှိပဲ ဖြစ်သွား၏။ 'အသားကျ'ဟူသည်မှာ ခြေလေးဘက်ရှိသည့်အနက် မြေကြီးပေါ်တွင် တဘက်စီချကာပြေးရခြင်း ဖြစ်လေရာ ခြေနှစ်ဘက်စီ 'စုံ'ချ၍ ခုန်ပြေးခြင်း၊ 'သုံးချောင်းထောက်' ပြေးခြင်း စသည်တို့မှာ မြန်မာသက်သက်မြင်းပွဲများ၌ အသုံးမဝင်၊ 'ဖောက်'သည်ဟုဆိုလေသည်။ မြင်းတကောင်သည် တတ်နိုင်သမျှ အမြန်ဆုံးလည်းပြေးရမည်။ ခြေနှစ်ဘက်ပူးခုန်ပြီး 'ကဆုန်'ပြေးခြင်းမျိုးလည်း မဖြစ်စေရ။ ဤသည်ကား မြန်မာမြင်းပြေးနည်း၏ အရေးကြီးသော အချက်ပေတည်း။ ကျွန်ုပ်၏မြင်းမှာ ကျွန်ုပ်လက်သို့ရောက်လာမှ ဂရုတစိုက်ကျွေး၍ ဝဝလင်လင်ဖြစ်လာသည်နှင့် 'လပ်ကီး' (ကံကောင်း)ဟူ၍ မှည့်ခေါ်ထားလေသည်။

## မြင်းစီးကောင်းဖြစ်ချင်သည်

လပ်ကီးဝယ်ကတည်းက 'ဖောက်'လည်း မဖောက်၊ အစွမ်းရှိသမျှ ခြေကုန်လည်း ပြေးအောင်စီးနိုင်ရန်မှာ ကျွန်ုပ်အဖို့ရာ၌ ပြဿနာကြီးတခု ဖြစ်နေခဲ့လေပြီ။ မြင်းကလေးကား လှလည်းလှသည်။ ပြေးလည်းပြေးသည်။ သို့သော် စိတ်ထန်လွန်းသောကြောင့် မဖောက်အောင် နိုင်နင်းစွာ စီးဖို့ခက်သည်ဟု တနယ်လုံးကပြောကြ၍ ကျွန်ုပ်လေ့ကျင့်ခြင်းကို လူတိုင်းက စိတ်ဝင်စားလျက်ရှိကြ၏။ မြင်းစီးခြင်း၌ နဂိုကတည်းက ဝါသနာပါသော ကျွန်ုပ်အဖို့မှာ အခက်အခဲကလေးနှင့် တွေ့ရသည်တွင် အလွန်စိတ်ဝင်စားလျက်ရှိ၏။ ဤမြင်းကို နိုင်နင်းအောင် စီးပြနိုင်လျှင် မြင်းဝါသနာပါသူပေါ်သော ၎င်းအရပ်၌ နာမည်တလုံး ထွက်လာရမည်ဟု ကျွန်ုပ်မျှော်လင့်၏။ 'မြင်းစီးကောင်း' တယောက်အဖြစ်နှင့် ရသော နာမည်သည် 'ဘယ်လောက်တန်ဖိုးရှိမည်နည်း'ဟု မေးကြလျှင် (ရှေ့ဘိုမြင်းနယ်သား အဆက်ဖြစ်သောကြောင့်ပေလောမဆိုနိုင်။) မြင်းစီးသမားများ အပေါ်၌

လူမော်လုပ်နိုင်လျှင် နာမည်ကျော် ဝတ္ထုကောင်းတပုဒ် ရေးထုတ်ခြင်းအား ဖြင့် ရရှိသောဂုဏ်ထက် မလျော့အောင် ကျွန်ုပ်မြတ်နိုးမိပါသည်။ ကျွန်ုပ်သည် ငါးရက်တပတ် လေ့ကျင့်ပြီးသောအခါများ၌ ဤမြင်းကို စိတ်တိုင်းကျနိုင်နင်းအောင် ဘယ်ကဲ့သို့ စီးရပါမည်နည်းဟု အကြံထုတ်ခြင်းကြောင့် အိပ်မပျော်နိုင်သော ညပေါင်းလည်း အတော်များလှပါပြီ။ မအောင်မြင်သေးချေ။

## လျော်လိုက်ရခြင်း

ကျွန်ုပ်နေထိုင်သော ကမ်းနီရွာတွင် တဘက်တချက်၌ အိမ်များရံလျက်ရှိသော ရွာလယ်လမ်းရှိရာကျွန်ုပ်မှာ အခြားလမ်းမရှိသောကြောင့် ထိုရွာလယ်လမ်းကိုပင် မြင်းလမ်းအဖြစ်နှင့် လေ့ကျင့်ရ၏။ ကျွန်ုပ်လေ့ကျင့်ခြင်းကို မြင်ကြရသောအခါ မြင်းရှိသော ကမ်းနီရွာသားများသည် (လူကြီး၊လူလတ်မကျန်) ၎င်းတို့၏ မြင်းများကို ထုတ်၍စီးကြသည်နှင့် မြင်းခေတ်ဖြစ်လာတော့၏။ ကျွန်ုပ်မြင်းစီးသော ညနေများတွင် မြင်းတွေတပြွတ်ပြီး လေ့ကျင့်ကြသည်နှင့် ရွာလယ်လမ်းကလေးမှာ ရှုပ်ရှက်ခတ်ဖြစ်နေ၏။ ကမ်းနီရွာရှိ မြင်းများအနက်တွင်မူ လပ်ကီးကိုမှီသော မြင်းမရှိသောကြောင့် ကျွန်ုပ်ကပင် ရှေ့ဆုံးမှဆိုင်းရ၏။ ကျွန်ုပ်ပြိုင်ချင်သော မြင်းမှာ ပြိုင်ပွဲဝင်ဘူးသည့် ရွှေလီရိုးမှ မြင်းတစီးဖြစ်လေရာ လပ်ကီးက 'ခြေသာ'သည်ဟု ကျွန်ုပ်သိသော်လည်း မဖောက်အောင် နိုင်နင်းစွာစီးဖို့ အခက်အခဲတွေ့နေခြင်း ဖြစ်လေသည်။ တညနေ၌ ကျွန်ုပ်သည် ရွာလယ်လမ်းတလျှောက် ရှေ့ဆုံးမှ စိုင်းလာစဉ် နားထိုင်းသော ဆင်သမား တယောက်အား တိုက်မိလေရာ နာကျင်လောက်အောင် မထိခိုက်သော်လည်း ငွေ၅ကျပ်ပေးပြီး ကျေနပ်အောင် လုပ်လိုက်ရလေသည်။ ဤတွင်ကျွန်ုပ်သည် ရွာလယ်လမ်း၏ အန္တရာယ်များခြင်းကိုမြင်၍ ရွာပြင်၌ မြင်းလေ့ကျင့်ရန်အတွက် မြင်းလမ်း သက်သက် ဖောက်လုပ်ရန် စီမံလေသည်။ မြင်းပိုင်ရှင်များထံမှ သဒ္ဒါကြေး

ကောက်ခံ၍ လိုသမျှငွေကို ကျွန်ုပ်ကထည့်ပြီး မိုင်းသာ ကုလီများငှားရမ်းကာ မြင်းလမ်းကြီးဖောက်လုပ်လေသည်။

## မြင်းစီးဝါသနာ

ကျွန်ုပ်သည် လပ်ကီးကို စိတ်တိုင်းကျ နိုင်နင်းအောင် မစီးနိုင်ပဲရှိရာတွင် မြစ်တဘက်ကမ်းမှ မြင်းစီးသမားနာမည်ကျော်တယောက်ကိုခေါ်၍ လေ့ကျင့်စေ၏။ ထိုသူမှာ 'အသားကျ'ပြိုင်ပွဲများတွင် လောင်းကြေးနှင့်စီးခဲ့ဘူးသည့် ကြေးတန်းစား မြင်းစီးသမားတယောက်ဖြစ်၏။ ကျွန်ုပ်၏ကြံရွယ်ချက်ကား လပ်ကီးကိုသူနိုင်နင်း အောင် စီး၍ဖြစ်လျှင် သူ့ထံမှ စနစ်ယူပြီး ရွှေလီရိုးမှမြင်းနှင့် ဥစ္စာရှင်ချင်း ပြိုင်စီးရန် ဖြစ်လေသည်။ လောင်းကြေးမှာ အမြောက်အမြားမဟုတ်၊ ငွေလေးငါး ဆယ်မျှသာ ဖြစ်သော်လည်း နိုင်ရသည်ဆိုလျှင်မြင်းအတွက်ရော လူအတွက်ပါ ကြွားချင်သောကြောင့်ဖြစ်လေသည်။ ထိုငွေ ၅၀မျှကို နိုင်ရန်အတွက် ကျွန်ုပ်သည် ငွေတရာကျော် နစ်ရာအကုန်ခံဖို့လည်း ဦးလေးမည်မဟုတ်ချေ။ ဤအတောအတွင်း ၌ ရွှေလီရိုးမြင်းရှင်ထံမှလည်း မခံချင်စဖွယ် ဆွပေးသည့် စကားသံများ ကြားလျက်ရှိ၏။ လပ်ကီးကို မြင်းစီးသမားတစ်ဦးစေလျှင် ဆတူလောင်းမည်။ ကျွန်ုပ် (ကျောင်းဆရာ)စီးလျှင် နစ်လေးပေးမည် စသည်ဖြင့် အသံပေးလျက်ရှိ၏။ (အမှန်မှာအတော်သိကျွမ်းသူများဖြစ်၍ ကျွန်ုပ်ထံမှ ငွေ၅၀ကို ရလို၍မဟုတ်၊ မခံချင်အောင် ခနဲ့ခြင်းမျှသာဖြစ်သည်။ ဤအကြောင်းကိုလည်း ကျွန်ုပ်ရိပ်မိ၏။ သို့ရာတွင် မြင်းချင်းလည်းကောင်း၊ လူချင်းလည်းကောင်း နိုင်ကိုနိုင်လိုက် ချင်သည်။) ကြေးတန်းစား မြင်းစီးသမားသည် ၅ ရက်တပတ်တိုင်း လပ်ကီးကိုလေ့ကျင့်ပေးသော်လည်း ပြိုင်ပွဲသွင်းလောက်အောင် နိုင်နင်းသော အခြေသို့ မရောက်ချေ။ လေးပတ်ကြာလတ်သော် ဂျော်ကီလက်လျှော့ သွားရ

လေပြီ။ နှစ်ကောင်ပြိုင်စီးဖို့ မဆိုထားဘိ၊ တကောင်တည်းပင် ပိပိရိရိ နိုင်နိုင် နင်းနင်းမစီးနိုင်ပဲ ဖြစ်နေတော့သည်။

## အပတ်တကုတ် လေ့ကျင့်ပုံ

မြင်းစီးသမား လက်လျှော့သော်လည်း ကျွန်ုပ်ကား လက်မလျှော့သေးချေ။ ကျွန်ုပ် စဉ်းစားမိသည်မှာကား လပ်ကီးသည် (မြင်းစီးသမားလည်း သိပြီးဖြစ်သည့် အတိုင်း) တိုး၍ပြေးဖို့မလို၊ ရှိရင်းခြေအတိုင်းမဖောက်စေပဲ တည်တည်ကြီးပြေးဖို့ သာလိုသည်။ တည်တည်ကြီးပြေးယင်း ဖောက်၍သွားခြင်းမှာ ဒေါသကြီးခြင်း ကြောင့်၊ သို့မဟုတ် စိတ်ထန်လွန်းသောကြောင့် ဖြစ်သည်။ စိတ်ထန်သောမြင်းကို အလွန်အမင်းမထန်အောင် ထိန်းချုပ်ရန်မှာ မြင်းစီးသမားသည် ဇက်ကိုသာ အသုံးပြုနိုင်သည်။ ငါသည် ဇက်ကိုင်ခြင်း အလုပ်၌ ကြေးတန်းစား မြင်းစီးသမားထက် ကျင်လည်ရန် တတ်နိုင်ဖို့မရှိပြီ။ သို့ဖြစ်လျှင် ငါသည် လပ်ကီးကို မည်သည့်နည်းနှင့် ထိန်းသိမ်းအုပ်ချုပ်ရန် ဖြစ်နိုင်ပါမည်နည်း။ ဤတွင်အကြံတခုပေါ်လာ၏။ လူနှင့်မြင်းသည် 'ဇက်'ဖြင့်သာဆက်သွယ်နိုင်သည် မဟုတ်၊ စိတ်ဖြင့်လည်း ဆက်သွယ်နိုင်ရမည်။ သို့သော် စိတ်ဖြင့် ဘယ်ကဲ့သို့ ဆက်သွယ်ချေမည်နည်း။ သို့နှင့်အကြံတခု ထပ်၍ပေါ်လာသည်မှာ ငါ့ကိုချစ်ခင် အောင်လုပ်ပြီး ငါ့စိတ်ကိုမြင်းသိအောင်လုပ်ပေးပါက ငါ့အလိုအတိုင်း လိုက်နာ တန်ရာသည်ဟု စဉ်းစားမိသည်။ ထိုနေ့မှစ၍ ကျွန်ုပ်သည် လပ်ကီးနှင့်အထူး 'လက်ပွန်းတတီး'နေ၏။ ဗိုက်သပ်ကျောသပ်လုပ်ပေး၏။ ကြင်နာသော အသံနှင့် ဖြည်းညှင်းစွာစကားပြော၏။ ငှက်ပျော်ခွံစသော မြင်းကြိုက်တတ်သည့် အစာကလေးများကို ကျွန်ုပ်ကိုယ်တိုင်ကျွေး၏။ မြက်ကိုပင် အခါတိုင်းကဲ့သို့ ကျောင်းသားကလေးများ မကျွေးစေပဲ ကိုင်တိုင်ကျွေး၏။ 'စီးလှဲ့ချ' သောအခါ၌လည်း မြန်မြန်ပြေးဖို့၊ သို့မဟုတ် ဖြည်းဖြည်းပြေးဖို့ စသည်ကို

နှုတ်ဖြင့် အမိန့်ပေး၏။ ဤမြင်း၏ဉာဉ်တခုမှာသိပ်ပြေးဖို့ တိုက်တွန်းရန်မလို၊ ပြေးသည်ထက်ပြေးပြီး ခြေမနိုင်ပဲ 'ဖောက်'သွားမည်ကိုသာ စိုးရသည်။ ဤကဲ့သို့တစတစ လေ့ကျင့်ယူရာတွင် လပ်ကီးသည် ကျွန်ုပ်၏ အလိုအတိုင်း အတော်ကြီး လိုက်လာသည်ကို တွေ့ရ၏။ ဖြောင့်ဖြူးလျက်ရှိသော မြင်းလမ်းမ ကြီးပေါ်၌ တည့်တည့်ကြီး ပြေးလျက်ရှိစဉ် သူ၏ဝါသနာအတိုင်း တိုး၍ တိုး၍ ပြေးချင်၏။ ကျွန်ုပ်သည် သူ၏ခြေရပ်ခြေကဲကို ကျောပေါ်မှ အကဲခတ်လျက် လိုက်လာရာ အလွန်ပြေးနေသော အခြေသို့ ရောက်ပါလျက် တိုးပြီး ပြေးချင်သေး သော သူ၏စိတ်ကို ကျွန်ုပ်ရိပ်မိရာတွင် "ငါ့သားဖြေးဖြေးကွယ့်"ဟု ဖြည်းညှင်းစွာ သတိပေးလိုက်သည်နှင့် တပြိုင်နက် ငြိမ့်ကနဲ ငြိမ့်ကနဲ ဖြစ်သွားခြင်းကိုတွေ့ရ၏။ သို့မဟုတ်လျှင် ဒေါသတွေဝင်လာပြီး ဟတ်ထိုးလဲမတတ်ပြေးရာမှ တသတ်ကြီး 'ဖောက်'သွားပြီး ထိန်းမရအောင် ဖြစ်ရပေတော့မည်။ ဤနည်းဖြင့် ကျွန်ုပ်သည် အခြားလူများ မရိပ်မိစေပဲ မိမိ၏မြင်းကို တဖြည်းဖြည်းလေ့ကျင့်ယူပါတော့သည်။ တခါတရံတွင် အကယ်လွှတ်၍ စမ်းချင်သောအခါ ရွာအနီးရှိ မြင်းလမ်းပေါ်တွင် မမောင်းပဲ တောလမ်းသို့ထွက်ကာ 'လွှတ်'စမ်းလေရာ လပ်ကီးသည် ကျွန်ုပ်၏ စကားကို နားထောင်ကြောင်း တွေ့ရလေ၏။ ဤအတိုင်းဆိုလျှင် ရွှေလီရိုးမှ မြင်းကိုနိုင်ဖို့ သေချာလေပြီ။ ကျွန်ုပ်ဤမျှလောက် အပတ်တကုတ်ကြိုးစား အားထုတ်ခြင်းမှာ ငွေကိုနိုင်လိုသောကြောင့်ချည်း မဟုတ်လှ၊ (သစ်ကုန်သည် လူရည်တတ်များဆီမှ ရဖို့ဖြစ်သောကြောင့် လိုတော့လိုချင်ပါသည်။) မြင်းရော လူရောအတွက် ဂုဏ်လိုချင်သည့်ပြင် ကျွန်ုပ်ကိုယ်တိုင်စီးလျှင် နှစ်လေးပေး၍ လောင်းမည် ဆိုသဖြင့် မခံချင်လှသောကြောင့် ဖြစ်ပါသည်။

## တောအုပ်ကိုသိန်းဖေ

ဤနေရာ၌ ကိုသိန်းဖေအကြောင်းကို ဖော်ထုတ်ရပေဦးမည်။ ကိုသိန်းဖေသည် ကိုဝင့်မော်၏ လက်အောက်ခံအင်းရှာ အကောက်စာရေး ဖြစ်လေရာ (ထို့နောက်မှ တောအုပ်ကြီးဖြစ်သည်။) မစိုးနှင့်ကျွန်ုပ်အကြောင်း ပါသည်ဟု ကြားကတည်းက မြတောင်သို့လာပြီး တမင်ကြည့်ချင်လောက်အောင် ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားလျက်ရှိသည်ဟု ပြောဘူး၏။ သို့သော် ကမ်းနီသို့ရောက်မှ လာ၍ကြည့်ဖြစ်သည်။ သူနှင့်ကျွန်ုပ်တွေ့သောအခါ ကျွန်ုပ်၏အိမ်တွင်ဖြစ်၍ ကိုဝင့်မော်လည်း ရှိသည်။ ကိုသိန်းဖေနှင့် ကျွန်ုပ်တွေ့ကြ၍ မျက်နှာချင်းဆိုင်လိုက်ကြသည်နှင့် တပြိုင်နက် (အသက်ချင်း ရွယ်တူဖြစ်သည်။) တယောက်နှင့်တယောက်ခင်မင်ကြမည့် လူနှစ်ယောက်ဖြစ်ခြင်းကို နှစ်ယောက်လုံးပင် သိကြသော်လည်း ခပ်ပြိုင်ပြိုင် သဘောထားကြခြင်းကိုလည်းရိပ် မိကြ၏။ ပြိုင်ချင်သည် ဆိုရာ၌ အခြားမဟုတ်၊ မည်သူက 'စုံ'သည် ဆိုခြင်းကို ပြိုင်လိုကြခြင်းပင် ဖြစ်သည်။ အမှန်မှာ သူသည် ဤတဝိုက်တွင် 'လူလည်'ကြီးတယောက်အနေဖြင့် နာမည်ရထားသူဖြစ်၍ ကျွန်ုပ်ကိုအထင်ကြီးပြီးလျှင် ကျွန်ုပ်နှင့် စမ်းလိုခြင်း ဖြစ်လေသည်။ သူ၏စိတ်ကို ကျွန်ုပ်အကဲခတ်မိသော်လည်း စွန့်စားခြင်းစသော အလုပ်မျိုးမှတပါး သူနှင့် ကျွန်ုပ်မယှဉ်ပြိုင်နိုင်ခြင်းကို ကျွန်ုပ်သိ၍ အစောကြီးက လက်မြှောက်ပြီးဖြစ်ပါသည်။ ဥပမာ ဝီစကီဘယ်နှစ်ခွက်၊ ဘီယာ ဘယ်နှစ်ပုလင်း ကုန်အောင် သောက်နိုင်ခြင်းစသော အလုပ်မျိုးကို ကျွန်ုပ်သည် မည်သူနှင့်မျှ မပြိုင်လိုပါ။ သို့သော် အဖွဲ့နှင့် သောက်ကြလျှင် ကိုယ့်တာဝန်ကျေပြီး ဣန္ဒြေမပျက် ထိန်းသိမ်းနိုင်ဖို့ကား ကြိုးစားပါသည်။ ပထမစ၍ တွေ့သောနေ့၌ပင် ကျွန်ုပ်သည် ကိုသိန်းဖေအား မည်သည့်ကိစ္စမျိုး၌ ပြိုင်ဝံ့သည်၊ မည်သည့်ကိစ္စ၌ မပြိုင်ဝံ့၊ မပြိုင်ချင် စသည်ဖြင့် အကြမ်းအားဖြင့် ရှင်းလင်းပြလိုက်ရာ အကင်းပါးသော လူတယောက်ဖြစ်၍

သူ့နယ် ကိုယ့်နယ် ပိုင်းခြားပြီး ဗိုလ်လုပ်ကြရန် နားလည်သွားကြပါတော့သည်။ သို့ရာတွင် လူနှစ်ယောက်ပြိုင်၍ ဗိုလ်လုချင်သောအချက်မှာ မြင်းစီးအတတ်ပင် ဖြစ်လေသည်။

## ကိုသိန်းဖေနှင့်လပ်ကီး

ကိုသိန်းဖေ၌ ပြိုင်ပွဲဝင်ဘူးသည့် ဒုန်းမြင်းနှစ်ကောင်ရှိ၏။ ရွှေလီမြစ်ရိုးရှိ မဘိန်းရွာတွင် နှစ်စဉ်ကျင်းပသော ဘုရားပွဲတပွဲ၌ မြင်းပွဲများ ထည့်လေ့ရှိရာ 'ဒုန်းပွဲ'၊ 'အသားကျပွဲ'ဟူ၍ နှစ်မျိုးလုံးပါဝင်၏။ ၎င်းဘုရားပွဲသို့ ရွှေလီရိုး တလျှောက်မှ မြင်းများ လာရောက်ကြ၍ 'ဒုန်း'မြင်းအချင်းချင်း၊ 'အသားကျ' မြင်းအချင်းချင်း ခွဲပြပြီး သဘောတူ စပ်ဟပ်ကာ တကောင်ချင်းလောင်းကြေးနှင့် ပြိုင်ကြ၏။ ကိုသိန်းဖေ၏ဒုန်းမြင်းနှစ်ကောင် မှာ၎င်းပွဲတွင် တကြိမ်နှစ်ကြိမ် အနိုင်ရဘူး၍ သူကိုယ်တိုင်လည်း စီးခဲ့သည်။ လပ်ကီးနှင့်ချိန်းထားသည့်မြင်းအား လပ်ကီးအကြောင်းပြောပြ၍ အနုန်းခွံရှင်က ချဲ့လင့်ချ် လုပ်ဘူးကြောင်း၊ ကျွန်ုပ် ကိုယ်တိုင် စီးလျှင် နှစ်လေးပေးမည်ဟု ပြောကြောင်း ပြောပြ၏။ သို့ရာတွင် လပ်ကီးကို ကျွန်ုပ်ကိုယ်တိုင်လေ့ကျင့်ထား၍ အတော်အတန်အောင်မြင်သည် ထင်ကြောင်းကိုမူကား မပြောပဲ ချန်ထား၏။ ကိုသိန်းဖေသည်တဘက်က ချဲ့လင့်ချ်လုပ်ထားသည် ဆိုသောကြောင့် စိတ်ဝင်စားလာသည်နှင့် လပ်ကီးကို သူစီးချင်သည်၊ အောင်မြင်လျှင် သူကိုယ်တိုင်ပြိုင်ပွဲဝင်သည်ဖြစ်စေ၊ ကျွန်ုပ်အား သင်ပြပေးသည်ဖြစ်စေ ကျွန်ုပ်သဘောကျသလို လုပ်ပါမည်ဟု ပြော၏။ ကျွန်ုပ်သည် (ပြိုင်ဘက်ချင်းဟု သဘောထားသည့် မိတ်ဆွေဖြစ်သည့်အလျောက် ဝမ်းထဲ၌ ကြိတ်၍ ပြုံးကာ) တညနေတွင် ရွာပြင် မြင်းလမ်း၌ လပ်ကီးကို ကိုသိန်းဖေစီးစေ၏။ နှစ်ခေါက် သုံးခေါက် စီးကြည့်လိုက်လျှင်ပင်ကိုသိန်းဖေ လက်လျှော့လိုက်လေပြီ။ သို့ရာတွင် ကိုသိန်းဖေအတွက် ပြောရန်ရှိပေသည်မှာ

မြစ်တဘက်ကကြေးစား ရော့်ကီထက်မည့်ပါပေ။ ဤတွင် ကျွန်ုပ်အကြံတခု ပေါ်လာသည်။

## ကိုသိန်းဖေဝန်ခံခြင်း

ကိုသိန်းဖေ၏ဒုန်းမြင်းနှစ်ကောင်အနက် တကောင်မှာ 'အသားကျ'လည်း ပြေးတတ်သည်။ သို့သော်လပ်ကီး၏ခြေကို မမှီတတ်ချေ။ ကျွန်ုပ်သည် ၎င်းမြင်းကို (လောက်စာဟု ခေါ်သည်။) ပြင်စေ၍ ကိုသိန်းဖေအား တက်ခိုင်းပြီးလျှင် ကျွန်ုပ်က လပ်ကီးပေါ်သို့တက်၏။ ထို့နောက် မြင်းလမ်းပေါ်တွင် တဘက်တကောင်စီယဉ်စီး ကြရာ ကျွန်ုပ်သည် လပ်ကီးကို ပိပိရိရိစီးနိုင်သည့်ပြင် လောက်စာကိုလည်း တော်တော်ဖြတ်ထားနိုင်၏။ ကိုသိန်းဖေမျက်လုံးပြူးသွားလေပြီ။ သူ့အဖို့မှာ တကောင်တည်းကိုပင် ပိပိရိရိမစီးနိုင်ပဲ ရှိပါလျက်က ကျွန်ုပ်ကနှစ်ကောင်ယှဉ်ပြီး 'မဖောက်အောင်' စီးနိုင်သည် ဆိုခြင်းမှာ မယုံကြည်နိုင်အောင် ဖြစ်နေတော့၏။ ဤမျှနှင့်ပင် ကျွန်ုပ်သည် ပြိုင်ဘက်တယောက်ဟု သဘောထားသော ကိုသိန်းဖေအပေါ်၌အတော် အသားယူနိုင်ခဲ့လေပြီ။ ဤတွင် ကိုသိန်းဖေက "ချောင်ချောင်ကလေးနဲ့ ဖြတ်ထားခဲ့နိုင်တဲ့ လောက်စာနဲ့တော့ခင်ဗျား ဟာ ဟန်နေပြီဗျို့၊ နို့ပေမယ့် အုန်းခွံရဲ့ခြေက လောက်စာခြေလောက် မကဘူးဗျ၊ မြင်းဆိုတာ တကောင်နဲ့တကောင်ကပ်လိုက်ပြီး အကြိတ်အနယ်ပြေးရတော့မှ အထိန်းရခက်တာဗျ၊ ဘာပဲပြောပြော ခင်ဗျား ဒီလောက်စီးနိုင်တာကိုပဲ ကျွန်တော် ကျေနပ်လှပါပြီ၊ သို့သော်လဲ အုန်းခွံ့နဲ့တော့ စိတ်မချရသေးဘူးဗျ"

"အုန်းခွံ့ခြေက ဘယ်လောက်ရှိသလဲဗျာ"

"ခင်ဗျား လပ်ကီးက အခုပြေးတဲ့အတိုင်း ပြေးလျှင်တော့ နိုင်နိုင်ပါတယ်၊ နို့ပေမယ့် လောက်စာကိုဖြတ်ထားခဲ့သလိုတော့ မဖြတ်နိုင်ပေဘူး၊ ဟိုက ကပ်လိုက်ပြီဆိုတော့ ခင်ဗျားကောင်က ဖောက်မှာစိုးရတယ်"

“ကျုပ်ကောင်က ဒီဟာ ခြေကုန်မဟုတ်သေးပါဘူး”

“ဟုတ်ပါ့မလားဗျာ”

“လာ လိုက်ခဲ့၊ ကျုပ်ပြမယ်”

ကျွန်ုပ်သည် ကိုသိန်းဖေကို တောလမ်းသို့ ခေါ်သွား၍ လမ်းခရီး၌ ကျွန်ုပ်က ဤရွာလမ်းတွင်ခြေကုန်စီးပြလိုက်ပါက အုန်းခွဲ့ရှင်သိသွားလျှင် ကြေးတွန့်သွားမည်ကို စိုးရိမ်ရကြောင်းပြောပြရာ ကိုသိန်းဖေလည်း သဘောတူလေသည်။ လမ်းဖြောင့်သော တနေရာသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် လပ်ကီးကို တခေါက်စီးပြလိုက်ရာ ဇက်သတ်လိုက်သောအခါတွင် ကိုသိန်းဖေချဉ်းကပ်၍ ကျွန်ုပ်၏လက်ကို ဆွဲလှုပ်ယင်း “အသားကျတော့ ခင်ဗျား ကျုပ်ထက်သာပေတယ် ဗျာ”ဟု လှိုက်လှဲစွာ ဝန်ခံပေသည်။ (ကျွန်ုပ်အဖို့အောင်ပွဲတခုပေတည်း။)

## လပ်ကီးနှင့်အုန်းခွဲ

ကိုသိန်းဖေပြန်သွားသည့်နောက် ကျွန်ုပ်သည် လပ်ကီးကို ထုံးစံအတိုင်း ငါးရက်တပတ် ‘စီးလှဲ့’ချမြဲတိုင်း ချသော်လည်း ခြေတိုးအောင် ကျင့်ဖို့မလို၊ သခင်နှင့်မြင်း ရင်းနှီးမှုမပျက်စေရုံမျှ လောက်သာလေ့ကျင့်ပေးတော့၏။ ဤအတောအတွင်း အုန်းခွဲ့ရှင် ထံသို့လည်း စကားဆက်မပြတ်စေရအောင် တို့၍တို့၍ ပေးထား၏။ မဘိန်းဘုရားပွဲမှာ တပေါင်းလတွင် ကျင်းပမည်ဖြစ်ရာ ယခုမှ တပို့တွဲလဖြစ်၍ တလမျှလိုပေသေးသည်။ တပို့တွဲလ ကုန်ခါနီးလောက်၌ ကမ်းနီရွာနှင့် ခြောက်မိုင်ခန့် ဝေးသည်ကြက်တကောင်ရွာတွင် အလှူတခုရှိ၍ ကျွန်ုပ်အားဖိတ်ထားသဖြင့် မြင်းနှင့်သွားရ၏။ ကံအားလျော်စွာ ရွှေလီရိုးမှ အုန်းခွဲသည် ကမ်းနီသို့ ခေတ္တ ရောက်လာသည်တွင် ကျွန်ုပ်၏ကျောင်းသားတပည့်ဖြစ်သော ဘစောသည် ၎င်းမြင်းကိုငှားစီးပြီး ကျွန်ုပ်နှင့်အတူလိုက်လာ၏။ အလှူတွင် ကိုသိန်းဖေနှင့်လည်း ဆုံမိကြသည်။ ထိုညနေအလှူအပြီးတွင် ဟိုရွာ

သည့်ရွာမှ မြင်းကောင်းများသည် ရွာလမ်းပေါ်၌ မြင်း 'သလား'ကြရာ ကျွန်ုပ်နှင့် ကိုသိန်းဖေတို့မှာ အကြံတခုရှိ၍ ဝမ်းသာနေကြ၏။ အခြားမြင်းများ ခေါက်တုံ့ ခေါက်ပြန် 'သလား'လျက်ရှိစဉ် တပည့်ဘစောသည် အုန်းခွံကိုစီးလျက် ဝင်၍ သလားလေရာ ကျွန်ုပ်ကလပ်ကီးနှင့် နောက်မှလိုက်၍ စမ်းရာတွင်ချောင်ချောင် နှင့်နိုင်နိုင်သည်ဟု အကဲခတ်နိုင်လေပြီ။ ဘစောကား မြင်းစီးသမား မဟုတ် သည်မှန်၏။ သို့ရာတွင်လပ်ကီးသည် အုန်းခွံကို နောက်ကလိုက်ပြီး ရှေ့သို့ ကျော်တက်သွားနိုင်သော 'ခြေ'ရှိသည်ဟု ကျွန်ုပ်ကောင်းကောင်းကြီးသိခဲ့ရလေပြီ။ (အလှူသို့အသွားအပြန်ခရီးတွင် ကြမ်းတမ်းလှသောကြောင့် ခြေမစမ်းခဲ့ချေ။) ကိုသိန်းဖေနှင့် ကျွန်ုပ်တို့မှာ သေချာပေါက် တွေ့ပြီဆိုကာ ကြည်နူးလျက် ရှိကြလေ၏။

## မိတ်ဆွေသုံးယောက်

မဘိန်းဘုရားပွဲမှာ တပေါင်းလပြည့်လောက်တွင် ကျင်းပမည်ဖြစ်ရာ ၎င်းလဆန်းလောက်တွင် ကိုဝင့်မော်နှင့် ကိုသိန်းဖေတို့သည် ကမ်းနီရွာသို့ မြင်းများနှင့် ရောက်လာကြ၏။ ကိုသိန်းဖေ၌ သူ၏မြင်းနှစ်ကောင်ပါလာသည့်ပြင် ကိုဝင့်မော်၌လည်း မြင်းသားအမိနှစ်ကောင် ပါလာ၏။ ကိုဝင့်မော်သည် ထီးချိုင့်မြို့အုပ်ကြီး (မမလေး၏ခင်ပွန်း) ပြောင်းရွှေ့သွားရာတွင် မြင်းမသားအမိကို ဝယ်ယူထားလိုက်ပြီးလျှင် ကျွန်ုပ်ထံသို့ပို့ထားရန်ယူလာခဲ့ခြင်းဖြစ်လေသည်။ သူ၏မြင်းမကြီးမှာ အုန်းသင်ဟုခေါ်၍ 'တာပတ်'ပွဲများတွင် သွင်းဘူးပြီး နိုင်ခဲ့ဘူးသော မြင်းမကြီးဖြစ်လေသည်။ ထိုညဥ့်၌ ကိုဝင့်မော်နှင့် ကိုသိန်းဖေတို့ သည် ကျွန်ုပ်၏ကျောင်း၌ တည်းခိုကြလေရာ အကောက်ဝန်ထောက်နှင့် အကောက်စာရေးဟူသည်မှာ ရာထူးအားဖြင့် အဆင့်အတန်းကွာလှမ်းသော်လည်း ကိုဝင့်မော်၏နဂိုဝါသနာအရ လက်ထောက် အမှုထမ်းများနှင့် အရောတဝင်

နေတတ်သည့်အပြင် ကျွန်ုပ်အား နှစ်ယောက်လုံးက ခင်မင်သော သူငယ်ချင်း တယောက်ဟူ၍ သဘောထားကြသည်နှင့်အားလုံး ဂုဏ်ရည်တူများ သဖွယ် ပျော်ပျော်ပါးပါး စားစားသောက်သောက် ဆက်ဆံကြလေသည်။ (ထိုအပြု အမူမျိုးကြောင့်လည်း မြို့အုပ်ကတော် မမလေးက ကျွန်ုပ်ရှေ့တွင် ကိုဝင့်မော်အား ကြိမ်းမောင်းဘူးခြင်းဖြစ်၏။) သို့ရာတွင် ကိုသိန်းဖေမူကား အကင်းပါးသော လူရည်လည် တယောက်ဖြစ်၍ 'အရောဝင်လျှင် အရိုသေတန်တတ်သည်'ဆိုသော မြန်မာစကားပုံအတိုင်း အပြစ်တင်လောက်စရာ အမှားမျိုးမပါရှိအောင် သတိထား တတ်သူဖြစ်လေသည်။ လူသုံးယောက် ဤတည စကားပြောလိုက်ကြရ သည်မှာ သုံးနှစ်ယောက်ပေါင်းသင်းဆက်ဆံလိုက်ရသကဲ့သို့ ပိုမိုရင်းနှီးခြင်း ရှိသွားကြ လေသည်။

တချိန်၌ ကျွန်ုပ်က လပ်ကီးနှင့်ရွှေလီမှ ႇအန်းခွံတို့ တဘက်နှင့်တဘက် ချိန်လျက်ရှိခြင်း အကြောင်း၊ ဟိုဘက်က ကျွန်ုပ်ကိုယ်တိုင်စီးလျှင် နှစ်လေးပေးမည် ဟု စကားသံပစ်နေကြောင်း၊ လပ်ကီးကိုကျွန်ုပ်လေ့ကျင့် ထားသဖြင့် နိုင်နိုင်းစွာ စီးနိုင်ပြီဖြစ်ကြောင်းပြောပြ၍ ကိုသိန်းဖေကလည်း ဟုတ်မှန်ကြောင်းထောက်ခံ ပြောပြလေရာ ကိုဝင့်မော်လည်း အလွန်စိတ်ဝင်စား၍ အားပေးလေသည်။ ကိုဝင့်မော်တယောက်ချစ်စရာကောင်းလိုက်ပုံမှာ ငွေကိုနိုင်လိုသောကြောင့်မဟုတ်၊ သူ၏သူငယ်ချင်းတယောက် နာမည်တလုံး ရမည့်အတွက် ဝမ်းသာသောကြောင့် အားပေးအားမြှောက်ပြုခြင်းဖြစ်လေသည်။

## မခံချင်သောသတ္တိပြမှု

နောက်တနေ့ညနေ၌ ကျွန်ုပ်တို့သည် မြင်းများကို ခြေစမ်းကြည့်ရန် ရှား့ပြင် မြင်းလမ်းသို့ ထုတ်ကြ၏။ ခြေစမ်းလိုက်ခြင်းမှာ ကိုသိန်းဖေ၏ လောက်စာနှင့် ကိုဝင့်မော်၏ဖောင်းဝတ်မကြီး အုန်းသင်တို့ဖြစ်လေသည်။ ကိုဝင့်မော်က သူ၏

မြင်းမကြီးကို ကိုသိန်းဖေ၏နာမည်ကြီးသော လောက်စာနှင့် ယှဉ်ကြည့်လို၍ ကိုသိန်းဖေကလည်း သူ၏လောက်စာကို တာပတ်ပွဲများ နိုင်ဘူးသည့် အုန်းသင်နှင့် ခြေစမ်းချင်လှသည်။ လောက်စာကို ကိုသိန်းဖေစီးမည်ဖြစ်ရာ အုန်းသင်ကို မည်သူ့အား တင်ရမည်မသိ ဖြစ်နေ၏။ ရွာသားများအနက်မှ ဒုန်းမြင်းစီးဘူးသူ မရှိ။ ကျွန်ုပ်မှာလည်း 'အသားကျ'လောက်သာ စီးဘူးသူဖြစ်၍ ရှောင်တောင်တောင် လုပ်နေ၏။ ဤတွင်ကိုဝင့်မော်က "ဘယ့်နှယ်လဲဗျ ကိုဖေသိန်း၊ ခင်ဗျားက တောက်တက်ပြေးရတဲ့ အသားကျလောက်သာ စီးဝံ့တာလား၊ ဒုန်းပြေးတော့ ခင်ဗျားကြောက်သလား"ဟု မေးလိုက်ရာ ကျွန်ုပ်သည် လုံချည်ကိုချွတ်၍ လိုလိုမယ်မယ် ခံဝတ်ခဲ့သော ဘောင်းဘီတိုကို ပြင်ပါတော့သည်။ ယခင်ကတကြိမ် ဆင်ဦးကင်းပေါ်၌ လက်လွှတ်စီးဖို့ပြောစဉ်က ဖော်ပြခဲ့ဘူးသည့်အတိုင်း ကျွန်ုပ် သည် အခြားမည်သူမြှောက်ပေး၍မျှ လုပ်မည်မဟုတ်သော်လည်း ကိုဝင့်မော် တယောက်အပေါ်၌ကား သတ္တိနှင့်ပတ်သက်၍ ကြွေးဟောင်းဆပ်ဖို့ရှိ၏။ ဤအထဲ တွင် ကိုသိန်းဖေရှိနေသောကြောင့်လည်း သာ၍ သတ္တိပြချင်သေး၏။ သို့ဖြစ်၍ ကျွန်ုပ်သည်မြင်းမကြီးပေါ်သို့ လွှားတက်၍ မြင်းလမ်းပေါ်တွင် ကိုသိန်းဖေနှင့်အတူ 'တာစူ'ပါလေတော့သည်။

## လောက်စာနှင့်အုန်းသင်

မြင်းစီးသမားတို့မည်သည်မှာ 'မြင်းစိမ်း'ကိုချက်ချင်းတခါတည်း စီးရိုးထုံးစံ မရှိ။ စီးရမည့်မြင်းအကြောင်းကို သိရအောင် အနည်းဆုံးတခေါက် တလေဖြစ်စေ မောင်းကြည့်ရစမြဲဖြစ်၏။ ကျွန်ုပ်ကား အုန်းသင်အကြောင်းကို ဘာမျှမသိ၊ ချက်ချင်းတက်ပြီး တာစူမိလိုက်လေပြီ။ ကျွန်ုပ်သည် မည်သည့် မြင်းပေါ်၌ဖြစ်စေ 'ဖင်ငြိမ်'သောကြောင့် လိမ့်ကျမည်ကိုကား မကြောက်၊ မတော်တဆ 'ယူ'ပြေးမည် ကိုသာစိုးရိမ်မိသည်။ သို့သော်မြင်းမကြီးမှာ အသက်အတန်ရင့်ပြီဖြစ်၍ ထိုလောက်

မ'မြူး'တန်ရာဟု အကဲခတ်ရသည်။ မြင်းလမ်းပေါ်၌ဟိုဘက် သည်ဘက်ယှဉ်ကာ ကိုသိန်းဖေနှင့်ကျွန်ုပ်တို့ ရပ်လျက်ရှိစဉ် တယောက်ယောက်က ရှေ့မှ လက်ကိုင် ပဝါပြလိုက်သဖြင့် ကျွန်ုပ်သည် လွှတ်လိုက်၏။ ကိုသိန်းဖေမူကား လောက်စာကို ရုတ်တရက်မလွှတ်ပဲ ကျွန်ုပ်ကလှည့်ကြည့်လိုက်ကာမှ လိုက်လာ၏။ ကျွန်ုပ်မှာ လေ့ကျင့်ပြီးသော ဒုန်းမြင်းကို တခါမျှမစီးဘူးသောကြောင့် ပထမ၌ အလိုက် ခက်မည် ထင်မိသော်လည်း ထိုကဲ့သို့မဟုတ်ပဲ ပုခက်လွှဲသကဲ့သို့ ညိတ်ကနဲ ညိတ်ကနဲရှိ အောင်အလွန်ညင်သာစွာ ပြေးတတ်သော မြင်းမကြီးဖြစ်သည်နှင့် ဇိမ်နှင့်လိုက်ကာ ကိုသိန်းဖေကို လှည့်ကြည့်လိုက်၏။ ကိုသိန်းဖေမူကား လောက်စာ၏ကျောပေါ်တွင် ကုန်းလျက် အော်၍လိုက်လာ၏။ လောက်စာသည် တခဏထက်တခဏ နီး၍နီး၍ကပ်လာ၏။ သို့ရာတွင် ပန်းတိုင်မှာ ပေတရာခန့် လောက်သာ ကွာလေတော့ရကား လောက်စာ၏ဦးခေါင်းသည် အုန်းသင်၏အမြီး နားသို့မရောက်မီ ကျွန်ုပ်ပန်းဝင်သွားလေပြီ။

မြင်းမကြီး 'ဇက်သေ'လိုက်ပုံမှာ ပန်းတိုင်ကိုလွန်၍ ဇက်သတ်တော့မည်ဟု ကျွန်ုပ်ကစိတ်ကူးလိုက်ရုံရှိသေး၊ မြင်းမကြီးသည် ခြေလေးဘက်လုံးကို ရှေ့သို့ ပစ်ကာ တောင့်ထားလိုက်သဖြင့် ရှောကနဲဖြစ်၍ချက်ချင်းလိုပင် ရပ်သွားလေရာ အကြောင်းကိုမိသ၍ ဟန်ပြင်မထားနှင့်မိသော ကျွန်ုပ်မှာ ကံကောင်း၍ မြင်းလည်ပင်းပေါ်မှ ပွမ်းပြန်ပြီး ရှေ့သို့ထိုးမကျပဲ ရှိပါတော့သည်။ နှစ်ကောင်လုံး ဇက်သတ်ပြီး၍ ပြန်လှည့်လာကြသောအခါ–

"ဘာ့ကြောင့် ချန်နေရစ်တာလဲဗျ ကိုသိန်းဖေ၊ ပဝါဖြူပြတာ မမြင်လို့လား"

"မြင်ပါတယ်ဗျာ၊ ကျုပ်အတွက်မှားလို့ပါ"

"ဘယ်လိုမှားတာလဲဗျ"

"ကျုပ်က မြင်းမကြီးဟာ အကျင့်လဲမရှိဘူး၊ အိုလဲအိုပြီဆိုပြီး အထင်သေး မိတယ်၊ ဒါကြောင့်ကြည့်လို့ကောင်းအောင်ခင်ဗျားကို ရှေ့ကလွှတ်ပြီး ကျုပ်က

မှီအောင်လိုက်ပြဖို့ စိတ်ကူးတာပဲ၊ ခုတော့ အုန်းသင်က အတော်ပြေးနိုင်သေးတာကိုးဗျ၊ လိုက်လို့ကို မမှီတော့ဘူး”

တာစူသောနေရာသို့ ပြန်ရောက်ကြ၍ ကိုဝင့်မော်နှင့် တွေ့ကြသောအခါ ကိုသိန်းဖေက သူ၏အမှားကိုရှင်းပြရာတွင် ကိုဝင့်မော်က–

“ခင်ဗျားဝွကျတဲ့လူပဲဗျာ၊ ကျုပ်ကခြေကုန်အောင်ကြည့်ချင်တာ မကြည့်လိုက်ရဘူး၊ ဒီလိုဆိုတခေါက်ထပ်စီးပြအုံးဗျာ”

“လောက်စာကတော့ ပြေးနိုင်ပါသေးတယ်၊ နို့ပေမယ့် အုန်းသင်က ကြီးရှာပါပြီ ဝန်ထောက်မင်း”

“ဒီလိုဆိုလပ်ကီးနဲ့စီးကြစမ်းဗျာ”

ဤတွင် ကျွန်ုပ်ကကန့်ကွက်သောအခါ ကိုဝင့်မော်က–

“ဘာဖြစ်သလဲဗျ၊ တခါတလေ ဒုန်းစီးတာနဲ့တော့ ပျက်စီးမသွားနိုင်ပါဘူးဗျာ”

“ဘယ့်နှယ်လဲ ကိုသိန်းဖေ”

“ဟိုကိစ္စကလဲ ရှိသေးတယ် ဝန်ထောက်မင်း”ဟု ကူ၍ပြောသော်လည်း “အောင်မယ်ဘာဖြစ်တတ်သလဲဗျ၊ ရက်အဝေးကြီးလိုသေးတာပဲ”

ကျွန်ုပ်သည် ကိုဝင့်မော်အကြောင်းကို သိပြီးဖြစ်၍ စိတ်ဆိုးမခံချင်သည်နှင့် ကျောင်းသားတယောက်အား လပ်ကီးကိုယူခဲ့စေ၏။ ရောက်လာသောအခါ အုန်းသင်၌ တပ်ဆင်ထားသည့် သားရေကုန်းနှီးကိုဖြုတ်၍လပ်ကီးသို့ ပြောင်းဆင်ပေး၏။ အုန်းသင်၏သားရေကုန်းနှီးမှာ ဇက်ရောကုန်းပါ အသစ်ဖြစ်လေသည်။

ဤတချီတွင် ကျွန်ုပ်က လပ်ကီးကိုစီး၍ ကိုသိန်းဖေက သူ၏လောက်စာနှင့် တာစူကြပြန်လေသည်။ ကျွန်ုပ်သည် အုန်းသင်ကိုစီးရစဉ်က မစမ်းဘူးသော 'မြင်းစိမ်း'လည်းဖြစ်သည်၊ ပထမဦးဆုံး ဒုန်းစီးရခြင်းလည်း ဖြစ်သည်ဆိုကာ တော်တော်တုန်လှုပ်မိပါသည်။ ကိုဝင့်မော်ကို မခံချင်၍သာ စီးရသည်။ ငွေ၅ဝိလောက်ရဖို့အတွက်မျှဆိုလျှင် စီးမိလိမ့်မည်မထင်ပါ။ လပ်ကီးကိုစီးဖို့မူကား ဒုတိယဒုန်းပွဲဖြစ်လာသည့်ပြင် ကိုယ့်မြင်းကိုကိုယ်စီးရခြင်း ဖြစ်သည်ဆိုကာ (ခြေပျက်သွားမည်စိုးခြင်းမှတပါး) စိုးရိမ်တုန်လှုပ်ခြင်း အလျှင်းမရှိခဲ့ချေ။ ဤကားကျွန်ုပ်၏ အမှားတခုပေတည်း။

လက်ကိုင်ပဝါပြလိုက်သည်နှင့် တပြိုင်နက် ကိုသိန်းဖေသည် ဒုန်းမသင်ရဘူးသည့် လပ်ကီးအားလည်း အသက်ကြီးသော အုန်းသင်နည်းတူပင် အထင်မကြီးစေကာမူ သူ၏လောက်စာမှာ တခေါက်ပြေးပြီးပြီဖြစ်၍ နောက်ချန်မနေရစ်တော့ပဲ လပ်ကီးနှင့် အတူတူပင် လွှတ်လေ၏။ သို့သော် စိတ်ထဲကမူ ခပ်ပေါ့ပေါ့ သဘောထားသည်ဆို၏။ လပ်ကီးသည်ပထမဥ္စ 'ဒုန်း'ပြေးရမည် မထင်သောကြောင့် ခြေအန်းတန်းတန်းဖြစ်နေသေး၏။ သို့ရာတွင် ရှေ့သို့တက်ပြေးသော လောက်စာကိုမြင်၍ ကျွန်ုပ်ကလည်း ဇက်ကိုတွန်းပေးလိုက် ရာတွင် သူပြေးချင်တိုင်း ပြေးခွင့်ရသဖြင့် စိတ်တိုင်းကျတွေ့ရသည့်လက္ခဏာနှင့် အားကုန်ညှစ်ထုတ်ပြီး ပြေးလေတော့သည်။ ကိုသိန်းဖေသည် ခပ်အေးအေးလုပ်နေရာမှ လောက်စာကို မှီလာသော လပ်ကီးကိုမြင်ရ၍ အံ့အားသင့်ပြီး နှင်၍စီးလေ၏။ ထိုအခါ မြင်းနှစ်စီးတို့သည် ရင်ဘောင်တန်းပြေး လျက်ရှိရာ ဒုန်းပြေးနေကျဖြစ်သော လောက်စာသည် လပ်ကီးထက် အလျားတိုသော်လည်း တခုန်တခုန်တွင် လပ်ကီးထက် အလှမ်းကျယ်၏။ လပ်ကီးမှာမူ ဒုန်းသင်ထားခြင်း မရှိသောကြောင့် ကားနေအောင် မခုန်တတ်သော်လည်း အလွန်ခြေသွက်အောင်ပြေးရာ၏။ သို့ဖြစ်၍

လောက်စာက သုံးခုန်မျှနှင့်ရောက်သော ခရီးတာကို လပ်ကီးက လေးခုန်ခုန်ကာ မှီအောင်လိုက်ရ၏။

ဤတွင် တကောင်ကားခြေကျဲကျဲ တကောင်ကား ခြေသွက်သွက်ဖြင့် ကိုယ့်နည်းနှင့်ကိုယ်တတ်သလို ပြေးလျက်ရှိကြရာ ဦးခေါင်းချင်း ညီလျက်ရှိ၍ ပရိသတ်အဖို့ အလွန်ကြည့်၍ကောင်းကြသည်ဆို၏။ ထိုအချိန်တွင်တရွာလုံးပင် မြင်းလမ်းသို့ ထွက်၍ကြည့်နေကြလေပြီ။ ဒုန်းပြေးတတ်သော လောက်စာနှင့် ဒုန်းမသင်ဘူးသည့်လပ်ကီးတို့ ထိုကဲ့သို့ 'ခြေပြိုင်'လျက်ရှိကြခြင်းမှာ လပ်ကီး သည် လတ်လတ်ဆတ်ဆတ်ဖြစ်၍ လောက်စာမူကား အုန်းသင်နှင့် တပွဲပြေးထားရုံ သာမက (ကိုသိန်းဖေကတမင်ပေါ့တော့တော့ စီးမှုကြောင့်) အားသွန်ပြီးမှီအောင် လိုက်ရာရသဖြင့် 'ဖား'လှသောကြောင့် ဖြစ်ပေလိမ့်မည်။ လောက်စာ၏ ကျောပေါ်မှလိုက်သော ကိုသိန်းဖေကမူ ဤအကြောင်းကိုသိသော်လည်း ဒုန်းမြင်း အဖြစ်နှင့် နာမည်ကြီးလျက်ရှိသော သူ၏လောက်စာကို 'ခြေရိုင်း' သက်သက် ဖြစ်သော လပ်ကီးက ရင်ဘောင်တန်းလိုက်လျက်ရှိခြင်းကြောင့် ပွဲကြည့်ပရိသတ် အပေါ်၌ ရှက်သည်နှင့် လောက်စာကို ခြေကုန်အောင်နှင်၍ စီးလေ၏။ နှင်ပုံကား လောက်စာ၏လည်ပင်းပေါ်မှ ရှေ့သို့ကုန်းကာ မြင်း၏ နားရွက်အနီးသို့ကပ်လျက် အသံကုန်ငေါက်အော်လိုက်လေ၏။ ဤတွင်အစွမ်းကုန် ပြေးလျက်ရှိသော လောက်စာသည် သူ့သခင်၏အသံကိုလန့်သည်နှင့် နင်းကလန် ပြေးလိုက်ရကား လပ်ကီး၏ရှေ့သို့လည်တကိုင်းမျှ တက်သွားလေ၏။ ထိုအခါ ကျွန်ုပ်သည်လည်း သူ့နည်းကိုယူ၍ လပ်ကီး၏ လည်ပင်းပေါ်မှရှေ့သို့ကိုင်းညွတ် ကာနားရွက်သို့ ပါးစပ်နှင့်ကပ်လျက် "ကြိတ်လိုက်စမ်းကွ ငါ့သားကြီးလပ်ကီး"ဟု သံကုန်ဟစ်၍ အော်လိုက်လေ၏။ လပ်ကီးသည် တကိုယ်လုံးတုန်သွားသည်ဟု ကျွန်ုပ်ထင်လိုက် မိသည်။ နောက်တခဏ၌ သူ၏ကိုယ်တွင်ရှိသမျှသောခွန်အားကို တစွေးသား မကျန်အောင် ညှစ်ထုတ်ကာ ခုန်၍ထိုးလိုက်ရာ သုံးခုန်လောက်အတွင်းတွင် လောက်စာနှင့် ဦးခေါင်းချင်း ညီလျက်ရှိပြန်လေတော့၏။ ဤတွင် ကိုသိန်းဖေ

ကလည်းအော်၊ ကျွန်ပ်ကလည်း "လပ်ကီးကွ၊ သားကြီးကွ" စသည်ဖြင့် အဆက်မပြတ် မရပ်မနား ကုန်း၍ကုန်း၍ အော်လေရာ လပ်ကီး၏ခြေထောက်များမှာ (ပို၍ကျယ်စွာ မလှမ်းတတ်ရှာသော် လည်း) ခြေနှုတ်သွက်လိုက်ပုံမှာ မြေကြီးပေါ်၌ ချ၍နားတော့သည်ပင် မထင်ရတော့ပဲ တဝဲတည်း ဝဲနေသည့်ပြင် ခွာသံများမှာလည်း အပ်ချုပ်စက်ကဲ့သို့ အကြားမလပ်သလောက် တရစပ်မြည်လျက်ရှိလေ၏။

လောက်စာသည်သူ့သခင်ကိုသိန်းဖေကို ကြောက်ရှာခြင်းကား ဟုတ်ပါလိမ့်မည်။ သို့ရာတွင်အထူးတလည် လေ့ကျင့်ထားသည့် လပ်ကီးက ကျွန်ပ်ကို ကြောက်ရှာလိုက်ပုံနှင့် မနှိုင်းယှဉ်နိုင်ချေ။ ပြေးလိုက်ပုံမှာတကယ်ပင် ဝီခေါ်လျက်ရှိ၏။ လပ်ကီး၏အပြေးသည် ယခင်စီးခဲ့သည့် အုန်းသင်၏အပြေးထက် မြန်လှသည်ကားမထင်။ သို့ရာတွင် အားစိုက်လိုက်ပုံမှာကား ထင်ရှားစွာသိနိုင်၏။

ကျွန်ပ်သည်လပ်ကီး၏ကျောပေါ်၌ ကုန်းလျက်လိုက်ပါလာစဉ် သူ၏အားစိုက် လွန်ခြင်းကိုသိရ၍ ဟတ်ထိုးလဲသွားချေမည် လောဟူ၍ပင် စိုးရိမ်မိ၏။ ငွေလောင်းတန်းသက်သက် ပြိုင်ခြင်းဖြစ်ခဲ့လျှင် ထိုအချိန်တွင်ကျွန်ပ်သည် လပ်ကီးကိုမနှင်ပဲ ထားလိုက်တော့မည်ဖြစ်၏။ ယခုမှာ (ငွေထက်အရေးကြီးသည်) မိတ်ဆွေချင်း ပြိုင်ဆိုင်မှုဖြစ်လေရကား ၎အေ ဋ္ဌညေအပး) "ကြိတ်လိုက်စမ်း သားကြီးရေ့၊ လပ်ကီးကွနော်၊ ကြိတ်လိုက်စမ်းကွ"ဟု ညာသံပေး၍လိုက်လေ၏။ ကျွန်ပ်၏ပါးစပ်မှ ဖြည်းညှင်းသော အသံမျိုးကိုသာ ကြားနေကျဖြစ်သော လပ်ကီးမှာ သူ၏နားသို့ကပ်၍ ကျွန်ပ်၏အော်သံကို ကြားရခြင်းကြောင့် လန့်ပြီး ရူးသွားလေသလောဟု နောင်တွင် ကျွန်ပ်စဉ်းစားမိ၏။

လောက်စာလည်း ခြေလှမ်းကျဲကြီးနှင့် လိုက်ရှာပါ၏။ သို့ရာတွင် မြေကြီး၌ ခြေမချဝံ့သကဲ့သို့ သွေးရူးသွေးတန်းပြေးလျက်ရှိသော လပ်ကီးကိုမူ မမှီနိုင်ရှာ တော့ပဲ ကိုယ်တပိုင်းလောက်ပြတ်ပြီး ပန်းဝင်သွားကြလေသည်။ ပန်းတိုင်သို့ ရောက်ကြသောအခါ လောက်စာမှုကား ဖြတ်ဆိုရပ်နေရစ်ခဲ့လေပြီ။

ကျွန်ုပ်သည် ကုန်းလျက်လိုက်ခဲ့ရာမှ မတ်မတ်ထိုင်လိုက်၍ လပ်ကီးကို ဇက်သတ်လိုက်သောအခါ ဦးခေါင်းလှုပ်သွားရုံမှတပါး အနည်းငယ်မျှ အရှိန် မလျှော့ပဲ ပြေးမြဲတိုင်း ပြေးလျက်ရှိ၏။ မြင်းလမ်းဆုံးပြီးသည့်နောက် လမ်းသည် မြစ်ဘက်သို့ ချိုးကွေ့သွားလေရာ လပ်ကီးသည် ၎င်းလမ်းအတိုင်း စွပ်၍ ပြေးလျက်ရှိ၏။ ခက်ချေပြီ။ ကျွန်ုပ်ကား တကယ်ကြောက်လာခဲ့လေပြီ။ ဤတွင် ကျွန်ုပ်သည် နင်းကွင်းကို ခြေကန်လျက်ဇက်ကို အားကုန်ဆွဲလိုက်၏။ ဦးခေါင်းသာ အနည်းငယ်လှုပ်သွား၍ အရှိန်ကား လုံးဝမလျှော့ချေ။

မည်သို့ပြုရမည်နည်း။ ရှေ့သို့မျှော်ကြည့်လိုက်သော် လမ်းသည် မြစ်ကမ်းပါးသို့ တည့်တည့်ကြီး ဦးတိုက်သွား၍ ထိုမှတဖန် လက်ယာဘက်သို့ ချိုးပြီးလျှင် ကမ်းပါးကိုမှီ့ကာ ဖောက်လုပ်ထားခြင်းကို မြင်ရ၏။ ၎င်းလမ်းပေါ်၌ သစ်တိုက်သောကျွဲလှည်းများ မောင်းနှင်လာတတ်ခြင်းကိုလည်း သတိရ၍ ကျွဲလှည်းနှင့်ဝင်တိုက်ပြီး ကျွဲဦးချိုပေါ်တွင် ကျွန်ုပ်အူပေါက်ပြီး တန်းလန်းကြီးဖြစ် နေမည်ကိုလည်း မြင်မိ၏။ ဤတွင်ကျွန်ုပ်အကြံတခုရလာသည်။ မြစ်ကမ်းပါးသည် ထိုနေရာ၌ ရေစားထားသည်ဖြစ်၍ ပေ၇၀ခန့် မတ်စောက်လျက်ရှိရာ မြင်းသည် ကမ်းပါးသို့ရောက်ခါနီးတွင် လက်ယာဘက်သို့ လမ်းအတိုင်း ချိုကွေ့ပြေးရန် ဟန်ပြင်ခြင်းကို ကျွန်ုပ်သိလိုက်သည်နှင့်တပြိုက်နက် လက်ဝဲဘက်ဇက်ကြိုးကို ဆွဲကာ သူ၏ဦးခေါင်းကို မြစ်ကမ်းပါးနှင့်တည့်တည့်ကြီး တိုက်ပေးထားလိုက်၏။ ကျွန်ုပ်၏အကြံကား ရပ်လျှင်ရပ်၊ မရပ်လျှင် မြစ်ထဲသို့ လူရောမြင်းပါ ထိုးကျစေဟူ သည်ပင်ဖြစ်သည်။

## 'နမိတ်'ထင်လာခြင်းပေလော

(ဤနေရာ၌ ကျွန်ုပ်၏မျက်စိထဲ၌ ဖျတ်ကနဲပေါ်လာသည့်ကိုယ်တွေ့ အခြင်းအရာတခုကို ဖော်ပြရပါဦးမည်။ ကျွန်ုပ်ငယ်စဉ်က မိခင်နှင့်အတူ မတ္တရာသို့

လှေနှင့်သွားကြ၍ ရွာတရွာ အနီးသို့ရောက်သောအခါ လူတယောက်သည် ရွှေတချောင်း မြောင်းဘောင်တွင် မြင်းစိုင်းလျက် ရှိသည်ကိုမြင်ရ၏။ မြင်းသည် အသားကျပြေးရာမှ 'ယူ'သွား၍ ဒုန်းပြေးပြီးလျှင် တံတားတခုသို့ ရောက်သည့်တွင် ချောင်းကို ၎င်းတံတားမှဖြတ်ကူးပြေး၏။ တံတားအလယ်သို့ ရောက်သောအခါ တွင် မြင်းသည်မည်သို့မျှ ဝမ်နင်မပေးပဲ ခါးလောက်မြင့်သော တံတား လက်ယမ်းကို ခုန်ကျော်ကာ ချောင်းထဲသို့ ခုန်ချလိုက်သဖြင့် မြင်းရောလူပါ ထိုးကျသွားခြင်းကို မြင်ရဘူးလေသည်။ အတော်မိုက်သောမြင်းပေတကား။ တံတားအောက်၌ အခြားလှေလည်းမရှိ၊ ကျွန်ုပ်တို့၏လှေမှာလည်း အတော် ကွာဝေး၍ တော်ပါသေး၏။ မြင်းရောလူပါ ဘာမှမဖြစ် တကွဲစီဖြစ်၍ကုန်းပေါ်သို့ တက်သွားကြသည်။

## 'သံချောင်းတို့ဖအေ'

လပ်ကီးသည် မြစ်ကမ်းပါးနှင့်မြင်း နှစ်ပြန်လောက် အကွာတွင် ကျွန်ုပ်က တည့်တည့်ကြီး ဦးတည်ပေးလိုက်သောအခါတွင် ကျွန်ုပ်၏စိတ်ထဲ၌ ရပ်မလား၊ ခုန်ချမလား ဟူသောမေးခွန်းသည် ပေါ်လျက်ရှိ၏။ လပ်ကီးသည် အထက်ပါ မြင်းကဲ့သို့ မိုက်သည်မဟုတ်ချေ။ လက်ယာဘက်သို့ ချိုးပြေးဖို့ အခွင့်မရ မှန်းကိုသိသည်နှင့်တပြိုင် နက် မြစ်ကမ်းပါးစောက်မှ ထိုးကျမည့် အန္တရာယ်ကို အလွန်ကြောက်ရှာသည့် လက္ခဏာနှင့် တကိုယ်လုံးဆတ်ကနဲ တုန်သွား၍ မြင်းမကြီး အုန်းသင်လုပ်သည့်အတိုင်း ခြေလေးချောင်းကို ရှေ့သို့ပစ်ကာ မြေကြီးကိုအသေအလဲ ကန်ထားပြီး အောက်သို့ ဖင်ထိုင်ချလိုက်လေ၏။ နောက်တခဏ၌ ကျွန်ုပ်၏ခြေထောက်များသည် မြေကြီးနှင့် ထိလျက်ရှိသည်ဖြစ်၍ ကျွန်ုပ်သည် နင်းကွင်းမှ ခြေထောက်များကို ထုတ်ကာ မြင်းပေါ်မှ ဆင်းပြီးဖြစ်နေတော့၏။

အခြေအနေကို ကျွန်ုပ်ကြည့်လိုက်သောအခါ မြစ်ကမ်းပါးစောက်ကြီးထိပ်တွင် ကျွန်ုပ်သည်လပ်ကီး၏ဖက်ကြိုးကိုကိုင်ကာ မြစ်ဘက်သို့မျက်နှာမူလျက် ရပ်နေလေတော့ သည်။ လပ်ကီးကား တကိုယ်လုံးတဆတ်ဆတ်တုန်လျက်ရှိရာ ကျွန်ုပ်မူကား အထူးသဖြင့် ရင်ထဲက တုန်လှသည်။ ထိုခဏ၌ ကိုသိန်းဖေသည် လောက်စာနှင့် ရောက်လာလေရာ ကျွန်ုပ်တို့၏အခြေအနေကို မြင်သဖြင့် မြင်းပေါ်မှဆင်း၍ ကျွန်ုပ်၏လက်ကို လှုပ်ယမ်းလေ သည်။ (ကိုသိန်းဖေမှာ ခရစ်ယန် တယောက်ဖြစ်၍ သူ၏အမူအရာများမှာ တခါတရံ ဗိုလ်ဆန်လှသည်။)

"ကံကောင်းလို့ပါလားဗျာ၊ ခင်ဗျား…"

"မပြောနဲ့တော့ ဆရာရေ၊ ခုတောင် ရင်ခုန်တုန်း ရှိသေးတယ်ဗျို့၊ ဒါထက် ကိုသိန်းဖေ ဟိုဒင်းပါသေးလားဗျို့"

"ဘရန်ဒီလား၊ ပါပါတယ်၊ ကျုပ်လဲ သတိရပါတယ်"

(ဤမျှလောက် အကင်းပါးသော မိတ်ဆွေတဦးကို ကျွန်ုပ်သည် အဘယ်မှာ မခင်မင်ပဲ နေနိုင်ပါမည်နည်း။)

## ဤကား ကိုဝင့်မော်တည်း

ကျွန်ုပ်သည် တုန်လျက်ပင်ရှိရှာသေးသည့်လပ်ကီးအား ပွတ်သပ်ချော့မော့ကာဖြင့် ဖြည်းညင်းစွာစကားပြောပြီးမှ တက်စီး၍ ကိုဝင့်မော်ထံသို့ တဖြည်းဖြည်း လာခဲ့ကြလေ ၏။ အိမ်သို့ရောက်လျှင် ရောက်ချင်းအလိုက်သိသော ကိုသိန်းဖေသည် ဘရန်ဒီတခွက်ကိုငဲ့၍ ရေမရောပဲ ကျွန်ုပ်အားပေးသဖြင့် မော့်ချလိုက်ပြီးမှ ကျွန်ုပ် ဖြောင့်တန်းစွာ စကားပြောနိုင်ပါတော့သည်။

တကယ်သတ္တိကောင်းသော လူများသည် ဤသို့သော အတွေ့အကြုံများတွင် ဘယ်ကဲ့သို့ ရှိကြမည်မဆိုနိုင်၊ တကယ့်သတ္တိမဟုတ်ပဲ စွန့်ပြီးရဲရသော ကျွန်ုပ်အဖို့မှာ အဖြစ်အပျက်ကို ပြန်တွေးမိတိုင်း အူတုန်သည်းတုန် ရှိလှပါ

တော့သည်။ သို့သော်လုပ်မိ တာမှားလေခြင်းဟု ကိုယ့်ကိုယ်ကိုအပြစ်တင်သော ဝါသနာမရှိ။ မသေမပျောက် (အနည်းဆုံးမကျိုးမပဲ့) လွတ်မြောက် လာခဲ့ရပြီ ဖြစ်သောကြောင့် ကြုံတွေ့ခဲ့ရသမျှသည် 'အမြတ်'ဟူ၍ သဘောပိုက်မိပါသည်။ ကျွန်ုပ်ကအစအဆုံး အသေးစိတ်ပြန်ပြော၍ မြစ်ကမ်းပါးစောက်အနီး၌ ကျွန်ုပ်၏ ဘေးအန္တရာယ် အကြောင်းကိုကြားရသည်တွင် ကိုဝင့်မော်သည် တဆိတ်ကလေးမျှ သာမျက်နှာထား ပြောင်းသွားလိုက်ပြီးနောက် 'ဟား ဟား ဟား ဟား'နှင့် ဝမ်းသာလှသည့်နှယ် ရယ်မောလေ၏။ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့မူကား တယောက် ၏မျက်နှာကို တယောက်ကြည့်ကာ 'ဤကားကိုဝင့်မော်ပေ တည်း'ဟု စိတ်ထဲက မှတ်ချက်ချမိကြလေ၏။ ထို့နောက် ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ လောက်စာနှင့် လပ်ကီးကို စီးကြသည့်မြင်းပွဲအကြောင်းကို အပြန်အလှန်ပြော၍ စကားမကုန် နိုင်အောင် ရှိပါတော့သည်။ ကိုသိန်းဖေကသူစီးဘူးခဲ့သမျှသော ဒုန်းပွဲများ အနက်တွင် စိတ်အဝင်စားဆုံး ဖြစ်ကြောင်း အားရပါးရ ဝန်ခံလေရာ ကျွန်ုပ်အဖို့ မူကား ပြောဖွယ်ရာ မရှိတော့ချေ။ ထိုခဏ၌မြင်းများကို ကုန်းဖြုတ်ပြီးကြသော တပည့်များသည် လပ်ကီးတွင် တပ်ထားသည့် (ကိုဝင့်မော်၏) သားရေဇက်ကြိုး သစ်ကိုယူလာ၍ ကျွန်ုပ်တို့အားပြလေ၏။ သရေဇက်ကြိုးသစ်မှာ မြင်း၏ပါးစပ် အနီးရှိ နှစ်နေရာတွင် အခြားနေရာများမှာကဲ့သို့ မဟုတ်တော့ပဲ အရွယ်တဝက် ခန့်တိုင်အောင် သေးသိမ်လျက်ရှိ ခြင်းကို တွေ့ကြရလေ၏။ ကိုသိန်းဖေက–

"အောင်မယ်လေး လူဟဲ့၊ ဆွဲလဲ ဆွဲနိုင်ပါပေ့ဗျာ၊ ခင်ဗျားကိုကျုပ်က ဗလတော့ မပြိုင်ဝံ့ဘူးဗျို့"၊ သားရေဇက်ကြိုး အသစ်ကြီးကို သိမ်ဝင်သွား တာပါပဲလား၊ ဒါလောက် ဆွဲတာတောင် မရပ်ဘူးဆိုတော့ခင်ဗျာ့ကောင်က ဇက်ကိုသွားနဲ့ကိုက်ပြီး 'ယူ'ပြေးတော့ တာကိုးဗျ၊ ခင်ဗျားကံကောင်းလို့ဗျို့၊ မြစ်ကမ်းပါးနဲ့မတွေ့လျှင် ဘယ်ထိအောင် ယူပြေးပြီး ခင်ဗျားဘာနဲ့ တိုက်ကျမယ် မသိဘူး"ဟု ပြောလေ၏။

ကျွန်ုပ်ပြန်၍တွေးလိုက်သောအခါ မြင်းလမ်းဆုံးပြီး လှည်းလမ်းပေါ်သို့ အရောက်တွင် ကြောက်အားလန့်အားနှင့် နင်းကွင်းကို ခြေကန်ပြီး (နင်းကန်) ဆွဲလိုက်စဉ်က ဖြစ်ရပေမည်။ ကံကောင်း၍သာမသေရသော်လည်း ကိုဝင့်မော်နှင့် ကိုသိန်းဖေတို့က ကျွန်ုပ်၏ကာယဗလ (လက်မောင်းအား)ကို ချီးကျူးကြခြင်းသည် ဂုဏ်ယူစရာ တခုဟု သဘောထားခဲ့မိပါသေးသည်။

## လပ်ကီးပျက်လေပြီ

ထိုညဥ့်၌ ကျွန်ုပ်သို့သုံးယောက်သည် ညနေပိုင်းက မြင်းစီးခြင်း အကြောင်းကို ဆက်လက်၍ပြောကြစဉ် ကိုသိန်းဖေသည် လပ်ကီး၏ခြေစွမ်းကို ချီးမွမ်းယင်း "နေစမ်းပါဦးဗျ၊ ခင်ဗျားက သူ့နားနားကပ်ပြီး ကုန်းအော်တာ ဘယ်ကရတဲ့ နည်းလဲဗျ"

"ခင်ဗျားလုပ်တာမြင်လို့ ကျုပ်လိုက်လုပ်တာပဲ၊ လပ်ကီးက ကျုပ်ကို သိပ်နားထောင်တယ်ဗျ၊ ကျုပ်ကတမင် လေ့ကျင့်ထားတာ"

၎င်းနောက် ကျွန်ုပ်သည် လပ်ကီးအား တိတ်တဆိတ်လေ့ကျင့်ထားပုံ အကြောင်းကို သူတို့နှစ်ယောက်အား အသေးစိတ်ဖွင့်ဟပြောပြရာတွင် ကိုသိန်းဖေ က–

"မောင်မင်းကြီးသားက ဒါ့ကြောင့် သူ့မြင်းကို ဒါလောက်နိုင်နေတာကိုးဗျ၊ ကျုပ်ကမြင်းစီးကောင်းလှချေကလားလို့ အောက်မေ့နေတာ၊ လက်စသတ်တော့ စိတ်ပညာနဲ့ ကြိတ်သင်ထားတာကိုး"

"သင်ထားတာတောင် ယူပြေးတာကိုတော့ မတတ်နိုင်ဘူး ဆရာရေ့"

"သြော်–ဟုတ်တယ် ဒီလိုဆို ကျုပ်တခု စိုးရိမ်တယ်ဗျို့"

"ဘယ်လို စိုးရိမ်တာလဲဗျ"

"ခင်ဗျားမြင်း ပျက်သွားပြီထင်တယ်"

"ကျုပ်လဲ စိုးရိမ်တာပဲ၊ ချော့သင်ထားရာက ချောက်ပြီး စီးလိုက်လို့ လန့်ပြီး ပြေးချင်တိုင်းပြေးလိုက်ရတယ် ဆိုကတည်းက ကျုပ်သြဇာတော့ ပျက်သွားပြီ ထင်တယ်"

"ဖြစ်နိုင်တယ်ဗျ၊ ဒီလိုဆို အုန်းခွံ့နဲ့စီးဖို့ ခပ်ကြပ်ကြပ်ပဲဗျို့"

ဤတွင် ကိုဝင့်မော်မှာ သူခိုင်း၍စီးရခြင်းဖြစ်သည်နှင့် သူ့တာဝန်မကင်းဟု ဆိုကာ လပ်ကီးကို စမ်းကြည့်ချင်ပြန်သည်။ သို့ဖြစ်၍ ၎င်းတို့နှစ်ယောက်သည် နက်ဖြန်တွင် ကမ်းနီမှ ထွက်ကြဖို့ ဖြစ်သော်လည်း တရက်ပို၍နေပြီး လပ်ကီးကို စမ်းကြည့်ဖို့ ဆုံးဖြတ်ကြလေ၏။

နောက်တနေ့ ညနေ၌ ကျွန်ုပ်တို့သည် လပ်ကီးနှင့် မြင်းမကြီး အုန်းသင်တို့ကို ရှာ့ပြင်မြင်းလမ်းသို့ထုတ်၍ အသားကျစမ်းကြည့်ကြ၏။ အုန်းသင်မှာ အသားကျလည်း ကောင်းကောင်းပြေးတတ်၍ တာပတ်တွင် ဒုန်းပွဲသွင်းသည် တွင်မှ အသားကျကို ဖြတ်ထားလိုက်ခြင်းဖြစ်သည်။ ကိုသိန်းဖေက အုန်းသင်ကိုစီး၍ ကျွန်ုပ်က လပ်ကီးနှင့် မြင်းလမ်းတွင် တာစူကြည့်ကြရာ ခပ်ဖြည်းဖြည်း (လမ်းဒိုး) စမ်းကြည့်ရာ၌ပင် လပ်ကီးသည် ကျွန်ုပ်၏စကားကို နားမထောင်တော့ကြောင်း သိရလေပြီ။ ကိုဝင့်မော်က တိုက်တွန်း၍ 'ဖွင့်'စီးလိုက်ရာတွင် လပ်ကီးသည် မြင်းမကြီး ချဉ်းကပ်ခြင်းကိုပင် မခံချင်တော့ပဲ တ'ဆူ'တည်း ဆူလျက်ရှိ၏။ "ဖြည်းဖြည်းကွယ့် ငါ့သားရဲ့၊ လူကလေး လပ်ကီး"စသည်ဖြင့် ကျွန်ုပ်၏ချော့မော့စကားများသည် အချည်းနှီးပင် ရှိတော့သည်။ ထို့နောက်ကိုသိန်းဖေ တက်စီးရာ ထူးမခြားနားပင်ဖြစ်နေ၏။ ကျွန်ုပ်ထက်လည်း မကောင်း၊ ကျွန်ုပ်ထက်လည်းမညံ့ချေ။ လပေါင်းအတန်ကြာ အောင် အပင်ပန်းခံ၍ လပ်ကီးအပေါ်၌ ထူထောင်ခဲ့သည့်သြဇာ အာဏာတို့သည် တခါတည်း ကျဆုံးသွားခဲ့လေ ပြီ။ ကျွန်ုပ်စိတ်မချမ်းသာလိုက်ပုံမှာ ဟန်မဆောင် နိုင်ပဲ မျက်နှာညှိုးငယ်လျက်ရှိတော့၏။ ကိုဝင့်မော်သည် ထိုအခြင်းအရာကို မြင်၍ အားနာပုံရသည်။ အုန်းသင်၏အသားကျ ခြေသည် ကျဲကျဲကြီးရှိ၍ လောက်စာ၏

ခြေထက် သာမည်ကိုခန့်မှန်းနိုင်ကြ၏။ လပ်ကီးကို ကျွန်ုပ်နိုင်နင်းအောင် စီးနိုင်စဉ်က အုန်းသင်နှင့် အသားကျ ခြေချင်း စမ်းမကြည့်လိုက်ရ ခြင်းအတွက် ဝမ်းနည်းစွာနှင့်ပင် မြင်းများကို သိမ်းလိုက်ကြရလေ၏။

## ကိုဝင့်မော်ဝမ်းနည်းခြင်း

ထိုညဥ့်၌ ကိုဝင့်မော်က မဘိန်းဘုရားပွဲ ရက်သတ္တတပတ်ကျော်လိုသေး၍ အချိန်ရှိသောကြောင့် လပ်ကီးနှင့် အုန်းခွဲတို့စီးဖို့ ကိစ္စကို စကားမဖြတ် လိုက်သေးဖို့ အကြောင်း၊ သူကပင် ငွေ၅ဝိရှုံးချင်ရှုံး စိုက်ထုတ်၍ လောင်းမည် ဖြစ်ကြောင်း ပြောပါသည်။ ထိုအခါ ကျွန်ုပ်က ဤမြင်းနှစ်ကောင်ပြိုင်ပွဲ၌ လောင်းကြေးသည် ပဓာနမဟုတ်၊ မြင်း၏ဂုဏ်နှင့် မြင်းရှင်၏ဂုဏ်သာ ပဓာန ဖြစ်ကြောင်း၊ လောင်းကြေး ဆတူနှင့် စီးကြသော မြင်းပွဲဖြစ်ခဲ့လျှင် ရှုံးသည်ဖြစ်စေ၊ နိုင်သည်ဖြစ်စေ အရေးမကြီးလှကြောင်း၊ ယခုမှာ ဟိုဘက်က လောင်းကြေးနှစ်လေး ပေးပြီး စီးကြမည့်ပွဲဖြစ်သောကြောင့် ဤဘက်မှ နိုင်လိုက်ရလျှင် အလွန်တရာ လူရေးသာသွားသလောက် ဤဘက်မှ ရှုံးလိုက်ရလျှင် "ဒီကျောင်းဆရာက ဘာနားမလည် ညာနားမလည်နဲ့ သူတပါး နှပ်ချတိုင်းခံရတဲ့ လူတယောက်ပဲ၊ ဒီမြင်းနဲ့ဒီမြင်းကိုနှစ်လေးမကဘူး ဆယ်လေးတောင် ပေးဝံ့သေးရဲ့၊ သူ့မြင်းမှသူ နိုင်နိုင်နင်းနင်းမစီးတတ်ပဲနဲ့ ပြိုင်ပွဲထဲဝင်ချင်ပါပေ့ဗျာ၊ အံ့သြပါရဲ့၊ ဘာရဲ့ ညာရဲ့"နှင့် ရှုံ့မဲ့ကဲ့ရဲ့ကြမည့်အကြောင်း ပြောပြလေ၏။ ကိုဝင့်မော်သည် သူ၏ဝါသနာ အတိုင်း ဇွတ်လုပ်ချင်သေးသော်လည်း ကိုသိန်းဖေကဝင်၍ "ကိုဖေသိန်းပြောတာမှန်တယ် ဝန်ထောက်မင်း"ဟု ထောက်ခံတော့မှ လက်လျှော့ လိုက်လေသည်။ သို့နှင့်လပ်ကီးအားအပန်းခံပြီး မျှော်လင့်ချက်ကြီး တခွဲသားနှင့် လေ့ကျင့်ပေးခဲ့ရခြင်းများမှာ နီးကပ်ကာမှ 'ခဲလေသမျှသဲရေကျ' ဖြစ်ရပါတော့ သည်။ ဘုရားပွဲနီး၍ ဟိုတဘက်က အသံပစ်သော စကားများကို ကျွန်ုပ်နားမကြား

ချင်ပြု၍ နေလိုက်ရပါတော့သည်။ (ကျွန်ုပ်၏တသက်တာ၌ စံဒေဝီနှင့် လွဲရခြင်း၊ သူရိယတိုက်မှ အထုတ်ခံရခြင်းနှင့် လပ်ကီး၏ ကိစ္စတို့မှာ အခံရခက်ရာ၌ ပိန်မသာ လိန်မသာ ရှိပါတော့ သည်။)

## ကိုဝင့်မော်နှင့်ခွဲရခြင်း

လပ်ကီးကိုတဖန်လေ့ကျင့်ရန် မဖြစ်နိုင်ကြောင်း တွေ့ရသောအခါ ကျွန်ုပ်မှာ ကမ်းနီရွာတွင် ကျောင်းဆရာလုပ်ရခြင်းကို ငြီးငွေ့စပြုလာခဲ့လေပြီ။ ဤအတောအတွင်း ကိုဝင့်မော်မှာလည်း မြတောင်မှ တောင်တွင်းကြီးသို့ပြောင်းရွှေ့ရန် အမိန့်ရောက်လာခဲ့လေပြီ။ သွားခါနီး၌ ကိုဝင့်မော်သည် ကျွန်ုပ်ထံသို့ နှုတ်ဆက်ရန်လာ၍ မည်သည့်နည်းနှင့် မဆို ဤရွာ၌ သုံးနှစ်စေ့အောင်နေဖို့ တိုက်တွန်းလေရာ ကျွန်ုပ်ကလည်း သဘောတူလိုက် ပါသည်။ ထိုအချိန်၌ ကျွန်ုပ်ကကမ်းနီရွာသို့ရောက်သည်မှာ နှစ်နှစ်ပြည့်ခဲ့လေပြီ။ ရှေးဟောင်းနှောင်းဖြစ်များအကြောင်းကို ပြောလျက်ရှိကြစဉ် ကိုဝင့်မော်သည် မစိုးအား ခြေသလုံးကို လှန်ပြ၍ ၇ တန်း၌ရှိကြစဉ်ကျွန်ုပ်ကခဲတံနှင့်ထိုးဘူးသည့် အမာရွတ်တခုဖြစ်သည်ဟု ပြောပြလေ၏။ ကျွန်ုပ်သည်ထိုအကြောင်းကိုလုံးဝမေ့နေသဖြင့် သူပြောတော့မှ သတိရလာပါသည်။ ဖြစ်ပျက်ပုံမှာ တနေ့သ၌ ကျွန်ုပ်သည် ဂျပန်ပိုးအကျီအသစ်ကလေးနှင့် ကျောင်းတက်၍ အတန်းထဲ၌ သူ့ရှေ့မှထိုင်ရသည်တွင် ကျွန်ုပ်၏အကျီလည်ကုပ်ပေါ်သို့ မင်စက်ကလေးများချ၏။ ကျွန်ုပ်သည် ကိုဝင့်မော်တို့၏ အဖွဲ့တောင့်ခြင်းကို မသိသေးသည့် ကျောင်းသားသစ်ဖြစ်၍ သူ့ကိုမကြောက်သေးပဲ နောက်သို့ ဖျတ်ကနဲလှည့်ကာ သူ၏ခြေသလုံးကို ခဲတံနှင့်စွပ်ကနဲထိုးလိုက်မိသည်။ ဤအတွက်ကြောင့် ကိုဝင့်မော်တို့သားချင်း လေးယောက်တို့သည် ကျွန်ုပ်ကို ဝိုင်း၍ နှိမ်ကြလေရာ တကောင်ကြွက်ဖြစ်သော ကျွန်ုပ်မှာ တလျှောက်လုံး အညံ့ခံခဲ့ရလေသည်။ မစိုးရှေ့တွင် ကိုဝင့်မော်ကအမာရွတ်ရပုံကို

ပြောပြသော်လည်း ကျွန်ုပ်ကမူ ဇာတ်ဟောင်းကို မလှန်တော့ပါ။ ဆင်ဦးကင်းထက်၌လည်းကောင်း၊ ဒုန်းမြင်းစီးခြင်း၌ လည်းကောင်း ကိုဝင့်မော်အား ကျွန်ုပ်သတ္တိပြခဲ့ခြင်းများမှာ ထိုအကြောင်းများကြောင့် ဖြစ်ပါသည်။ ခွဲခါနီး၌ ဝမ်းနည်းခြင်းကို ပြခဲလှ၍ အခြားလူများ၏ဒုက္ခတွင် တဟားဟား ရယ်မောတတ်သော ကိုဝင့်မော်သည် ညှိုးငယ်သောမျက်နှာထား ဖော်ပြခြင်းကို ဤတကြိမ် မြင်လိုက်ရဘူးပါသည်။

## ခဏခဏတွေ့ကြခြင်း

ကျွန်ုပ်သည် အလုပ်တခု၌ ငြီးငွေ့လာသည်ဆိုလျှင် ၎င်းအလုပ်ကို စွန့်လွှတ်ချင်သော ဆန္ဒသည် တနေ့တခြား ပြင်းထန်လာတတ်သည့် ဝါသနာရှိ၏။ ကိုဝင့်မော်ပြောင်းရွှေ့သွားသောအခါ ကိုသိန်းဖေသည် ကျွန်ုပ်၏စိတ်ကိုရိပ်မိ၍ (ဆယ်မိုင်ခန့်ဝေးသည့်) သူ၏အင်းရွာသို့ မကြာခဏ ပျော်ပွဲစားဖိတ်သည်နှင့် ကျွန်ုပ်လည်း မြင်းနှင့် နေ့ချင်းပြန်သွားလေ့ရှိ၏။ သစ်ကုန်သည်များသည် အကောက်စာရေးကြီးဖြစ်သော ကိုသိန်းဖေအား တရုတ်ဟိုတယ် (ခေါက်ဆွဲဖို)တွင် ခဏခဏ ဝတ်ပြုလေ့ရှိကြရာ ကျွန်ုပ်အား ညနေစောင်းမှ ဖိတ်ခေါ်သော်လည်း မြင်းကောင်းရှိသူဖြစ်၍ နေ့ချင်းပြန်သွားဖြစ်အောင် သွားလိုက်သေး၏။ ကျွန်ုပ်၏ ဝါသနာတခုမှာ ရင်းနှီးသော မိတ်ဆွေဖြစ်လာသူတယောက်အား စာဖတ်ချင်အောင် ဖျားယောင်းခြင်းတိုက်တွန်းခြင်းပြုလုပ်လေ့ရှိ၏။

ကိုသိန်းဖေမှာ (ခရစ်ယန်တယောက်ဖြစ်သည့်အလျောက်) အင်္ဂလိပ်ဝတ္ထုကလေးများ အနည်းငယ်ဖတ်လေ့ရှိရာ ကျွန်ုပ်နှင့် ဆုံမိတိုင်း စာအုပ်များများဖတ်အောင် တိုက်တွန်းခြင်း ကြောင့် စာဖတ်ဝါသနာတိုးတက်လျက်ရှိလေပြီ။ အင်းရွာရှိ တရုတ်ဟိုတယ်ထဲ၌ ပျော်ပွဲစားကြသည့်အခါတိုင်း ကိုသိန်းဖေနှင့် သူ၏ 'တကာ' သစ်ကုန်သည်များအား အင်္ဂလိပ်ပုံပြင် ဝတ္ထုများဖြင့် ဖျော်ဖြေလေ့ရှိရာ

ကိုသိန်းဖေသည် ဖတ်သင့်ဖတ်ထိုက်သော အင်္ဂလိပ်စာအုပ်စာရင်းကို ကျွန်ုပ်ထံမှ တောင်းယူ၍မှာလည်းမှာ ဖတ်လည်းဖတ်လေသည်။ သို့နှင့်သူသည် စာရေး အဆင့်အတန်း အမူထမ်းများအနက်တွင် အင်္ဂလိပ်လို အတော်ကလေးရေတတ် ချွတ်တတ်သူတယောက်ဖြစ်လာ၏။ ကျွန်ုပ်မှာလည်း သူ့ထံမှ စာအုပ်အတော် များများ ငှားဖတ်ရသည်နှင့် နှစ်ဦးနှစ်ဝ အကျိုးရှိကြပါသည်။ ကိုသိန်းဖေအဖို့မှာ သစ်တောဝန်ထံ အစီရင်ခံစာများတွင် အရေးအသား တိုးတက်လာသည်ဖြစ်၍ နောင်၌ တောအုပ်ကြီးအဖြစ်သို့ တိုးတက်ခန့်ထားခံရခြင်းတွင် အကြောင်းတရပ် ဖြစ်သည်ဟု ဝန်ခံပြောဆိုပေသည်။

## လူသတ် သည်ဟု စွပ်စွဲခံရခြင်း

ကိုသိန်းဖေတယောက် ရှိနေခြင်းကြောင့် ကျွန်ုပ်အဖို့ ဖျော်ဖြေမှုတခု ဖြစ်သော်လည်း ကမ်းနီရွာ၌ကျွန်ုပ်ငြီးငွေ့ခြင်းကား တဖြည်းဖြည်း တိုးတက်လျက်ရှိ ၏။ ဤတွင် အပျင်းဖြေဖို့ အခွင့်အလမ်းတခု ဖြစ်ပေါ်လာ၏။ တနေ့သ၌ ဆင်ခေါင်း(ဘီဘီတီစီ ကုမ္ပဏီမှဆင်များနှင့် ဆင်ဦးစီးများကို အုပ်ချုပ်ရသူ) ကိုရှမ်းဖြူနှင့် စကားစပ်မိကြရာတွင် ကျွန်ုပ်အလွန်ဝါသနာပါသည့် 'သုံးပုံဖဲ' အကြောင်းပြောပြ၍ အစီအစဉ်ပြုလုပ်ကြ၏။ ၎င်းရွာရှိ လက်သမားဆရာတယောက် နှင့် ကိုရှမ်းဖြူတို့သည် ဝါသနာအိုးများ ဖြစ်ကြလေရာ ကျွန်ုပ်၏အိမ်တွင်သုံးပုံရိုက် ဖို့သဘောထူကြ၏။ ကျွန်ုပ်၏ကျောင်းမှာ ဥပုသ်နေ့တွင် ပိတ်သည်ဖြစ်၍ အဖိတ်နေ့ညတွင် စတင်ကစားကြ၏။ ကြေးမှမများလှ၊ 'တဖူ'မှတပဲဖြစ်၏။ ကစားမိကြသည် ဆိုလျှင်ပင် သုံးယောက်လုံးသည် ဝါသနာအိုးများဖြစ်ကြ၍ အလွန်ဖင်မြဲပြီး အလွန်'ပေ'သော လူများဖြစ်ကြောင်း သိကြရလေပြီ။ အဖိတ်နေ့ည ၈ နာရီလောက်မှ စ၍ထိုင်ကြရာ နက်ဖြန် ဥပုသ်နေ့တနေ့လုံးနှင့် ၎င်းည သန်းခေါင်ကျော်ထိအောင် ထိုင်ကြလေသည်။ ဒုတိယညသို့ ရောက်သောအခါ

အလွန်အိပ်ချင်ကြပြီဖြစ်သော်လည်း ကျွန်ုပ်က သံပရာသီးသနပ်၊ သရက်သီး ကုလားတယ်၊ လက်ဖက်ရည်ကြမ်း စသည်တို့ဖြင့် ဧည့်ခံ၏။ နံနက်စာနှင့် ညစာထမင်းဟင်းအတွက်လည်း ကျွန်ုပ်က တာဝန်ယူ၏။ ကျွန်ုပ်တို့ကစားချိန်မှာ နာရီပေါင်းသုံးဆယ်ခန့်ရှိ၍ ထမင်းစားသော အခိုက်အတန့်မှတပါး အနားမရှိချေ။

ထိုအချိန်အတွင်း အရှုံးအနိုင်မှာ သုံးလေးကျပ်ထက်မပိုချေ။ လက်ချင်း ခပ်ညီညီ ရှိရာတွင် (သုံးပုံ သုံးလှည့်ဆိုသော စကားအရ) ဖဲကောင်းခြင်း မကောင်းခြင်းမှာ တလှည့်စီ ဖြစ်တတ်သောကြောင့် မည်သူမျှနစ်နာလောက်အောင် မရှုံးချေ။ ဤတပတ်ရှုံးလျှင်လည်း နောက်တပတ်တွင်ပြန်၍ နိုင်သည်က များလေသည်။ ဤလူသုံးယောက် တူညီကြသော အချက်တခုသည်ကား ဥပုသ်နေ့ ညသန်းခေါင်မတိုင်မချင်း တဦးတယောက်ကမျှ တော်ပါစို့မပြော၊ ညောင်းလှသည် မငြီး၊ တညီတညွတ်တည်း 'ပေ'ကြခြင်းပင် ဖြစ်လေသည်။ ဆင်ခေါင်းကိုရှမ်းဖြူမှာ ဒူလာရောဂါရှိသည်ဟု ပြောကြ၏။ ဤနည်းအားဖြင့် ဥပုသ်ပတ်တိုင်း နာရီ ၃၀ခန့် တလျှောက်တည်းထိုင်ကြ၍ ဆယ်ပတ်ခန့်ရှိသောအခါ ကိုရှမ်းဖြူမကျန်းမမာဖြစ်ရာမှ နာလန်မထူရှာတော့ပဲ ကွယ်လွန်ရှာလေတော့သည်။ ကမ်းနီရွာသားများကမူ ဆင်ခေါင်းကိုရှမ်းဖြူကို ကျောင်းဆရာ(ကျွန်ုပ်)သတ်သွားသည်ဟု ပြောစမှတ်ပြုရစ် ကြလေတော့သည်။

## ဆင်နှင့်တောလည်ခြင်း

တညနေတွင် ကိုသိန်းဖေရောက်လာ၍ သူကြီးကိုညွှင်းနှင့် 'တောလည်'ဖို့ တိုင်ပင်ကြ၏။ ကမ်းနီရွာသူကြီး ကိုညွှင်းမှာ ကျွန်ုပ်၏ကျောင်းတည်ထောင်သည့် သစ်ကုန်သည်သုံးဦးအနက်တွင် တဦးဖြစ်၍ ကျွန်ုပ်တို့လူစုနှင့် စားဘော် သောက်ဘက်တယောက်လည်း ဖြစ်လေသည်။ ထိုရက်၌ ဘီဘီတီစီကုမ္ပဏီမှ ဆင်များသည်ကမ်းနီရွာသို့ ရောက်လျက်ရှိကြရာ သူကြီးသည် ဆင်ဦးစီးများနှင့်

တောလည်ဖို့ အစီအစဉ်လုပ်၍ ကိုသိန်းဖေကလည်း သဘောတူလေသည်။ သူတို့၏အစီအစဉ်မှာ နောက်တနေ့ညနေတွင် ဆင်နှစ်စီးနှင့် 'တောနင်း'ကြ၍ ကိုသိန်းဖေနှင့် သူကြီးတို့က သေနတ်တလက်စီနှင့် ဆင်ပေါ်မှ လိုက်ပါကြရန် ဖြစ်လေသည်။ ကျွန်ုပ်အားလည်း လိုက်ဦးမည်လောဟု မေးကြရာ အဆန်းအသစ်ဆိုလျှင် လက်မလွှတ်ချင်သည့် ကျွန်ုပ်ကလည်း လိုက်ဖို့ သဘောတူလေ၏။

သို့ရာတွင် နောက်တနေ့ညနေ၌မူ ဆင်နှစ်စီးပြောထားသည့်အနက် တစီးမအားလပ်၍ တစီးသာရတော့သည်။ ဆင်ဦးစီးက ရှေ့မှထိုင်၍ သူကြီးနှင့် ကိုသိန်းဖေတို့က ကတီပေါ်၌ သေနတ်ကိုယ်စီနှင့် ထိုင်လိုက်ကြသောအခါ ကျွန်ုပ်အဖို့ နေရာအခက်အခဲဖြစ်နေ၏။ ကတီပေါ်တွင် သုံးယောက်ထိုင်ဖို့ ထိုင်လောက်သည်။ သို့သော်သေနတ်ပစ်ဖို့ ကတ်သီးကတ်သပ် ဖြစ်နေလိမ့်မည်။ နောက်ဆုံးစီမံကိန်းမှာ ကတီပေါ်တွင် သုံးယောက်အတူထိုင်သွားကြ၍ တောထဲ၌ သေနတ်ပစ်ရမည့်နေရာသို့ ရောက်သောအခါ ကျွန်ုပ်ကကတီပေါ်မှဆင်းပြီး ဆင်နောက်မြီး၌ ထိုင်တတ်လျှင်ကား ဖြစ်နိုင်သည်။ ဆင်နောက်မြီး၌ ထိုင်ရန်မှာ လွယ်ကူလှသည် မဟုတ်ခြင်းကို ကျွန်ုပ်သိသော်လည်း အသစ်အဆန်းကြုံတွေ့ချင်လှသော ကျွန်ုပ်အဖို့ရာ၌ လိုက်ရမည်ဆိုပြီးမှ ချန်မနေရစ်ချင်သည်နှင့် ဖြစ်အောင်လိုက်မည်ဆိုကာ လိုက်လာခဲ့၏။ ရွာမှထွက်ကြသောအခါ ကတီပေါ်တွင် သုံးယောက်ထိုင်ရ၏။ (ဆင်စီးဘူးသော ကျွန်ုပ်အဖို့၌) အစွန်းအဖျားကျသော်လည်း ကိစ္စမရှိလှ။ သို့ရာတွင်သားကောင်ရှာရမည့် နေရာသို့ရောက်ကြ၍ ကတီပေါ်မှ ဆင်းပြီး နောက်မြီးစွန်းတွင် ထိုင်ရသော အခါ၌မူကိစ္စရှိတော့မည်မှာ နည်းနည်းသာ လိုတော့သည်။

ကျွန်ုပ်တို့သည် ကိုင်းတောကြီးတခုသို့ ရောက်ကြသောအခါ ၎င်းကိုင်းတောထဲတွင် သားကောင်ရှာကြရမည်ဖြစ်၍ ကိုသိန်းဖေနှင့် သူကြီးကိုညွှန်းတို့အား သေနတ်ကိုယ်စီနှင့် ချောင်ချိစွာ အလုပ်လုပ်နိုင်စေခြင်းငှာ (မူလအစီအစဉ်အတိုင်း) ကတီပေါ်မှဆင်းပြီး နောက်မြီးစွန်းမှ ထိုင်ရလေ၏။ ကျွန်ုပ်ထိုင်ရသည်မှာ

ညီညာသော မျက်နှာပြင်မဟုတ်။ ဆင်၏တင်ပါးစွန်းဖြစ်၍ တဘက်စောင်းကြီး ရှိနေသဖြင့် အတော်ခဲယဉ်းလှပေရာ၏ ဆင်၏နောက်မြီး၌ အုန်းဆံကြိုးတချောင်း သိုင်းထားသဖြင့် ၎င်းကိုအားပြုကာ ခက်ခဲစွာ လိုက်ရလေသည်။ နေရာ ပြောင်းရွှေ့စဉ် ငြိမ်လျက်ရှိသည့်အထဲ၌ပင် အတော်ထိုင်ရခက်ပေရာ ဆင်သွားသော အခါ၌တင်ပါးကြီးသည် အတော်လှုပ်သောကြောင့် သာ၍ဆိုးပြန်သည်။ သို့သော် ခဲယဉ်းမှုကြိုက်တတ် သောကျွန်ုပ်သည်မညည်းမညူ လိုက်ပါသွား၏။ ကျွန်ုပ် တို့သည် ကိုင်းတောကြီး တလျှောက် ဖြတ်သွားကြသောအခါ ဆင်၏ကျောကုန်း နှင့် ကျွန်ုပ်တို့၏ ကိုယ်လုံးများသည် ကိုင်းပင်များအထက်မှ လွတ်လွတ် ကျွတ်ကျွတ်ကြီး ပေါ်ထွက်လျက်ရှိသော်လည်း သားကောင်များသည် ကျွန်ုပ်တို့ကို မမြင်ကြဟုဆို၏။ ဟုတ်ပုံလည်းရသည်။ ကိုင်းပင်များမထူထပ်ပဲ ခပ်ကျဲကျဲရှိသော အကွက်တခုသို့ ရောက်သောအခါ ချေတကောင်သည် ကိုင်းပင်များ အကြားမှ ကျွန်ုပ်တို့အား ငေးကြည့်လျက်ရှိသည်ကို မြင်ရ၏။ ချေတို့မည်သည်မှာ လူရိပ်မြင်လျှင် ပြေးမြဲဖြစ်ပါလျက် ယခုမှာ ကြောင်တောင်ငေးလျက် ကြည့်နေ၏။ အနေအထားမှာ ကိုသိန်းဖေနှင့် လက်လှည့်သင့်သည် ဖြစ်၍ ကိုသိန်းဖေ၏ သေနတ်သံ ဒိုင်းကနဲမြည်သွားခြင်းနှင့်အတူ ချေကလေးလည်း လိမ့်သွားရှာသည်။ ဆင်သမားသည် ဆင်ပေါ်မှဆင်း၍ ချေကိုထမ်းလာပြီးလျှင် ဆင်ပေါ်တွင် သူ့နောက်မှထားလိုက်၏။ ချေသည်ဆင်ကောင်ကြီးကိုသာမြင်၍ ဆင်၏ကျောကုန်း ပေါ်၌ရှိသော ကျွန်ုပ်တို့ကို မမြင်ဆိုခြင်းမှာ ဟုတ်ဟန်တူသည်။ ထို့ကြောင့်လည်း ဆင်နှင့်တောလည်ခြင်းသည် တောပစ်ဖို့ အခွင့်ကောင်းရသဖြင့် မုဆိုးများ သဘောကျခြင်းဖြစ်လေသည်။

## ကံကောင်းလို့ ဆင်နင်းမခံရ

ထို့နောက် ဆက်လက်၍ ကိုင်းတောကြီးထဲ၌ လှည့်ပတ်ကြပြန်လေရာ အစွန်းအဖျား၌လိုက်ရသောကျွန်ုပ်မှာ ချေတကောင် ဝန်တက်လာသည့်အတွက် သာ၍ အလိုက်ရခက်လာ၏။ ချေတကောင်အတွက်နေရာပေးရ၍ ကျွန်ုပ်အဖို့၌ တလက်မလောက်သာ ရွှေ့ပေးရသည်ဆိုစေဦး၊ နဂိုကတည်းက ခဲယဥ်းစွာလိုက်ရသော ကျွန်ုပ်အဖို့မှာ သာ၍ခဲယဥ်းသွားလေပြီ။ တခါတရံတွင် ကျွန်ုပ်သည် အုန်းဆံကြိုးကို ဆွဲကိုင်ထားသည့်အထဲမှပင် လွတ်၍ကျတော့မတတ် ဆင်၏ တင်ပါးကြီး လှုပ်ရှားသွား၏၊ သို့သော် ကျွန်ုပ်စိတ်ကူးမိသည်မှာ အကယ်၍ မတော်တဆလွတ်ကျသွားစေဦး၊ ကျောကုန်းထက်မှ တည့်တည့်ကြီးကျခြင်းမဟုတ်ပဲ တင်ပါးကြီးတလျှောက် ဆင်ခြေလျှော ကျသွားမည်ဖြစ်သောကြောင့် အနာတရမဖြစ်နိုင်၊ ကိစ္စမရှိဟု အောက်မေ့ကာစိတ်မပူလှပဲရှိ၏။ တနေရာ၌ ဆင်မသည် ကိုင်းပင်များထဲမှ (ဘာကောင်မှန်းမသိ) ထခုန်ပြေးခြင်းကို လန့်သွားသည်နှင့် ရုတ်တရက် ခြေလှမ်းပြင်လိုက်သည်တွင် ကျွန်ုပ်မှာ အုန်းဆံကြိုးကို တွယ်ထားရာမှ ဟန်ပျက်ပြီးကံကောင်း၍ မကျပဲရှိတော့၏။ ထိုအခါ ဆင်ဦးစီးက–

"ဟို နောက်က ဆရာဘယ့်နှယ်လဲ"

"ကံကောင်းလို့ လိမ့်မကျတယ်ဗျို့၊ နို့ပေမယ့် ကိစ္စမရှိပေါင်လေ၊ ဆင်နောက်မြီးက လိမ့်ကျလို့တော့သိပ်မနာနိုင်ပါဘူး"

"မလုပ်နဲ့ ဆရာရေ့၊ ဒီဆင်မက သိပ်ယုတ်တယ်ဆရာ၊ သူ့ကျောပေါ်က လူလိမ့်ကျယင် လှည့်ပြီးနင်းတတ်တယ် ဆရာရေ့"

ဤတွင်မှ ကျွန်ုပ်မှာ အကြီးအကျယ် တုန်လှုပ်သွားပါတော့သည်။ ခုနင်က လိမ့်ကျခဲ့လျှင် ယခုလောက်ရှိဆင်နင်း၍ ပြားပြီးသားဖြစ်နေတော့မည်ဟု စဉ်းစားမိရုံသာမက ထုတ်ဖော်၍လည်း ပြောလိုက်ရသည်။ ဤတွင်ကိုသိန်းဖေနှင့်

သူကြီးတို့က ချေတကောင်လည်း ရပြီးဖြစ်၍ ပြန်ကြဖို့ပြောသည်နှင့် ဆင်ဦးစီးလည်း လှည့်၍ပြန်ခဲ့လေ၏။ နောက်တနေ့အတွက်မူ ဆင်နှစ်ကောင်နှင့် ချောင်ချိစွာ လည်ကြဖို့စီမံကြသေးသည်။

## လူသေမှုဖြစ်ဦးမလို့

နောက်တနေ့ညနေ၌ ဆင်နှစ်ကောင်ရလေရာ ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ဆင်တစီးပေါ်၌ထိုင်၍ သူကြီးကိုညှင်းသည် ဒုတိယဆင်ပေါ်တွင်ထိုင်ကာ ယခင် ကိုင်းတောသို့ သွားကြပြန်၏။ ဤတခေါက်၌မူ ကျွန်ုပ်မှာချောင်ချိစွာထိုင်ရ သောကြောင့် စိတ်အေးလက်အေး လည်ကြရပေတော့မည်ဟု ထင်စားမိ၏။ သို့ရာတွင် လူသား၏တွက်ကိန်းများမှာ မည်သည့်အခါမှ စိတ်ချရသည် မဟုတ် လှချေ။ ဤတကြိမ်၌မူ ထွက်ကတည်းကတနာရီနီးပါးမျှ နောက်ကျသော ကြောင့် လည်ချိန်နည်းမည် စိုးကြသည်နှင့် ကတိုက်ကရိုက် စီမံကြသည်။ အဘယ့် ကြောင့်ဆိုသော် နေဝင်၍မှောင်သွားသည်ဆိုလျှင် (ကိုသိန်းဖေရော သူကြီးပါ မျက်စိမှုန်သူများဖြစ်သောကြောင့်) သားကောင်ကိုမြင်ဖို့ ခဲယဉ်းမည်ဖြစ်သော ကြောင့်တည်း။ ကိုင်းတောသို့ ရောက်ကြသောအခါ သူကြီးပါသောဆင်သည် လက်ဝဲဘက်သို့လည်းကောင်း၊ ကိုသိန်းဖေနှင့် ကျွန်ုပ်ပါသောဆင်သည် လက်ယာ ဘက်သို့လည်းကောင်း နှစ်စုခွဲကာ ဖြန့်၍လည့်ကြလေ၏။ အကြောင်းမူကား ဆင်နှစ်စီး အတူလှည့်ကြလျှင်တကောင် တည်းသောအမဲကို နှစ်ကောင်လုံး ပစ်ချင် ကြ၍ နယ်ကျဉ်းမည်ဖြစ်ပေသောကြောင့် တည်း။ ဆင်တစီးတည်း ထွက်ခဲ့စဉ်ကမူ ချေတကောင်တွေ့သေး၊ ဆင်နှစ်စီးထွက်လာကာမှ ကျွန်ုပ်တို့လည်းမတွေ့၊ သူကြီး တို့ဘက်ကလည်း ဘာသံမျှ မကြားရချေ။ ကိုင်းတောကြီးမှာ တမိုင်ထက်မငယ်၊ ကျယ်ဝန်းသည်ဖြစ်၍ သူတို့ဘက်မှခြေသံကို ကျွန်ုပ်တို့မကြား၊ ကျွန်ုပ်တို့ဘက်မှ

ခြေသံကိုလည်း သူတို့မကြားနိုင်။ သားကောင်တွေ့၍ သေနတ်နှင့်ပစ်မှသာ ကြားနိုင်ကြမည်ဖြစ်လေ သည်။

နေဝင်သွားလေပြီ။ လပြည့်ကျော်ရက်ဖြစ်သောကြောင့် လရောင်ကိုလည်း အားမကိုးနိုင်၊ ကျန်ရှိနေသေးသော 'ဆည်းဆာ'ရောင်ကလေး ပျောက်သွားလျှင် ပြန်ကြရတော့မည်။ ဆည်းဆာရောင်သည် မှိန်သည်ထက် မှိန်လျက်ရှိလာရာ မြင်ရသည်ဆိုရုံ မှေးမှိန်စွာ ရေးရေးကလေးမျှသာ မြင်ကြရသောအချိန်၌ ဆင်ဦးစီးက "ဆရာ ဆရာ ရှေ့က တောဆင်ဆရာရေ့"ဟု တီးတိုးပြောလိုက်၏။ တောဆင်ရိုင်းနှင့်တွေ့လျှင် ဆင်ပေါက်သာဖြစ်တတ်၍ ကျောပေါ်မှလူကို ဂရုမစိုက်ပဲ ဆင်ယဥ်မကို လိုက်တတ်၏။ ကိုသိန်းဖေ၏မျက်စိမှာ ဤသို့သောအချိန်မျိုးတွင် အသုံးမဝင်သည်နှင့် "ကိုဖေသိန်း၊ ကြည့်စမ်းဗျို့"ဟု ကျွန်ုပ်အား တီးတိုးပြောလိုက်၏။ ကျွန်ုပ်သည် ဆင်ဦးစီးပြသည့် လက်ဝဲဘက်ဆီသို့ ခပ်စောင်းစောင်း ကြည့်လိုက်သောအခါ ကျွန်ုပ်တို့၏ဆင်ထက် အနည်းဆုံး တတောင်ခန့်မြင့်မည်ထင်ရသော ဆင်ကောင်ကြီး၏ ဦးကင်းကြီးကိုမြင်ရသဖြင့် "ဟုတ်တယ်ဗျို့၊ ရောမဆင်ကြီးပါတကား"ဟု ပြန်ပြောလိုက်၏။ ဤတွင် ဆင်ဦးစီးက "သူကလိုက်ယင် ခက်တယ်၊ ပစ်တော့ဆရာ"ဟု ပြော၍ စကားမဆုံးမီပင် ကိုသိန်းဖေ၏သေနတ်မှ ဒိုင်းကနဲ အသံထွက်သွား၏။ နောက်တခဏ၌ "ဘာလုပ်ကြတာလဲ ကျုပ်တို့ပါ"ဟု တုန်ယင်စွာနှင့် အော်ပြောလိုက်သော သူကြီး၏အသံကိုကြားရလေ၏။ "ဟာ စောက်ကျိုးနဲပြီဗျို့"ဟု ကိုသိန်းဖေနှင့် ဆင်ဦးစီးတို့က တပြိုင်နက်တည်း ပြောလိုက်ကြ၏။

## လက်ဖြောင့်ခြင်း

ထို့နောက် ကိုသိန်းဖေက "ထိသွားသလားဗျို့ ကိုညွှင်း"ဟု မေးလိုက်သဖြင့် သူကြီးက "ထိတော့မထိပါဘူး၊ ကံကောင်းလို့ပါလားဗျာ၊ ကျုပ်တို့နှစ်ယောက်

အကြားက ကျည်ဆံဖြတ်သွားတာပဲ”ဟု ပြောယင်းသူတို့၏ဆင်သည် ကျွန်ုပ်တို့ ဆီသို့ ချဉ်းကပ်လာ၏။ တဖြည်းဖြည်းနီးလာ သောအခါတွင်မှ ကျွန်ုပ်နှင့် ဆင်ဦးစီးတို့၏အမှားသည် ဘွားကနဲပေါ်လာတော့သည်။ သူကြီးနှင့် ဆင်ဦးစီး တို့သည် သူတို့၏ဆင်ပေါ်တွင် ရှေ့နှင့်နောက်ထိုင်လျက် ရှိကြသော်လည်း သူတို့၏ဆင်သည် ကျွန်ုပ်တို့နှင့်ခပ်စောင်းစောင်းရှိနေသောအခါ၌ ဆင်ပေါ်တွင် ထိုင်လျက်ရှိသော သူကြီးနှင့်ဆင်ဦးစီးတို့နှစ်ယောက်သည် ကျွန်ုပ်တို့၏နေရာမှ ကြည့်သောအခါတွင် ဆင်၏ဦးကင်းကြီးသဖွယ် (မထင်ရှားသောအလင်းရောင်၌) မြင်ကြရခြင်း ဖြစ်လေသည်။ ကိုသိန်းဖေသည် (သူ၏အထင်) ဆင်ရိုင်း၏ ဦးကင်းကြီး အလယ်တည့်တည့်သို့ မှန်း၍ ရိုင်ဖယ်နှင့်ပစ်လိုက်ရာ ကျည်ဆန်သည် သူကြီးနှင့် ဆင်ဦးစီးတို့အကြားမှ ဖြတ်သွားခြင်းဖြစ်လေသည်။ သူကြီး၏နားရွက် တဘက်ကိုပင် ကာပတ်ထိမှန်သွားသေးသည်ဟု ပြော၏။ ကံကောင်း၍ပေ တကား။ အကယ်၍ ကျည်ဆန်သည် လက်ဝဲဘက်သို့ဖြစ်စေ၊ လက်ယာဘက် သို့ဖြစ်စေ တလက်မခန့်မျှကလေး တိမ်းစောင်းသွားငြားအံ့ သူကြီးအားဖြစ်စေ၊ ဆင်ဦးစီးအားဖြစ်စေ တယောက်ယောက်ကို ထိမှန်ချေတော့မည်။ ယခုမူ ဆင်ဦးကင်း၏ အလယ်ဆို၍ ပစ်ထည့်လိုက်ရာတွင် အလယ်တည့်တည့် ဗဟို ချက်သို့ဝင်သွားသည်နှင့် လူနှစ်ယောက်အကြားမှ ကျွတ်ကျွတ်လွတ်လွတ် ဖြတ်သွားခြင်းဖြစ်လေသည်။ ဤအကြောင်းကိုသိရသောအခါ ကျွန်ုပ်တို့တုန်လှုပ် ကြရသည်မှာ ပြောဘွယ်ရာ မရှိချေ။ ဤအထဲတွင်အတုန်လှုပ်ဆုံးသော လူမှာကား နားရွက်တွင် ကာပတ်မှန်ခံရ သည့်သူကြီးကိုညွှင်းပင် ဖြစ်လေသည်။ သူကြီးက ကိုသိန်းဖေအား “ခင်ဗျားလက်ဖြောင့်ပုံကတော့ အံ့သြလောက်တယ်ဗျို့၊ တဘက် ကိုနဲနဲကလေး တိမ်းသွားလျှင် ကျွန်ုပ်တို့တယောက်ယောက်သေပြီးပဲ”ဟု တုန်လျက်ရှိသေးသော အသံနှင့်ပြောလေသည်။ ကိုသိန်းဖေလက်ဖြောင့်ခြင်း နှင့်ပတ်သက်၍ ကျွန်ုပ်ကိုယ်တွေ့တခုကိုဖော်ပြရပေဦးမည်။

## တောချောက်ကြခြင်း

ကိုဝင့်မော်ပြောင်းရွှေ့သွားပြီးနောက် တနေ့သ၌ ကမ်းနီရွာသို့ ကိုသိန်းဖေ ရောက်နေရိုက်တွင် (တလတခေါက်လောက်ရောက်တတ်သည်။) ရွာနှင့် မိုင်တဝက် ခန့်ဝေးသောနေရာ၌ 'အခင်း'လုပ်စားသောလူတယောက်သည် ကျွန်ုပ်၏ ကျောင်း သို့လာ၍ သူ၏အခင်းနှင့်ကပ်လျက်ရှိသော တောကလေးထဲတွင် ချေ၊ ဒရယ်၊ တောဝက်၊ ကျားသစ်စသော တောတိရစ္ဆာန်အမျိုးမျိုး ခိုအောင်းခြင်းကို မြင်ရဘူး၍ 'တောချောက်'ရန် အလွန်ကောင်းကြောင်း ပြောပြ၏။ ထိုအချိန်တွင် သေနတ်ပစ်ဝါသနာပါသော တောအုပ်ကလေးတယောက်နှင့် ပုလိပ်အရာရှိ တယောက်သည်လည်း ရွာသို့ ရောက်နေကြ၍ အခြားတအိမ်၌တည်းခိုလျက်ရှိကြ ၏။ ကျွန်ုပ်၏ကျောင်း၌မူ ကိုသိန်းဖေရှိနေသောကြောင့် နေရာမရနိုင်ကြပေ။ ကိုသိန်းဖေသည်သူကြီးကိုညွှင်းကိုခေါ်၍ တိုင်ပင်ပြီးနောက် တောအုပ်ကလေးနှင့် ပုလိပ်အရာရှိတို့အားလည်း ခေါ်ယူဆွေးနွေး၏။ (တောချောက်သောအလုပ်မှာ သေနတ်သမားများလေ ကောင်းလေဖြစ်သည်။) နောက်ဆုံး၌ထိုနေ့ညနေစောင်း တွင် တောချောက်ကြရန် သဘောတူကြ၍ ရွာသားများစုဆောင်းရန် စီစဉ်ကြလေသည်။

'တောချောက်'ခြင်းဟူသည်မှာ မည်သို့ပြုလုပ်ရခြင်းဖြစ်သည်ကို မကြားဘူး သည့် အချို့မြို့သားများနားလည်စေခြင်းငှာ ဖော်ပြရပါဦးမည်။ တောတိရစ္ဆာန် တို့မည်သည်မှာ ညအချိန်များတွင်မှ အစာရှာထွက်တတ်ကြ၍ နေ့အချိန်တွင် ချုံထူထပ်သည့်တောအုပ်ကောင်းကောင်း၌ အိပ်ကြသည်က များလေသည်။ သမင်၊ ဒရယ်၊ ချေငယ်စသော (အမဲ)တိရစ္ဆာန်များမှာ နေ့အချိန်များတွင် ရံဖန်ရံခါ တွေ့တတ်သေးသော်လည်း ကျား၊ ကျားသစ်စသော (မုဆိုး)တိရစ္ဆာန်များမှာမူ တနေ့လုံး အိပ်တတ်၍ နေ့အချိန်တွင် တွေ့ရခဲလှ၏။ တောချောက်ခြင်းဟူသည်မှာ တောတိရစ္ဆာန်များ အိပ်တတ်ခြင်းကို တွေ့မြင်ရဘူးသည့် ကိုင်းတော၊

သို့မဟုတ်ချုံတန်းများကို ရွာသားအမြောက်အမြားတို့က သဘက်သတ် ဝိုင်းထား ကြ၍ အခြားတဘက်မှ စောင့်နေကြသည့် သေနတ်သမားများထံသို့ ချောက်ပေး ကြရခြင်း ဖြစ်လေသည်။ ယင်းသို့ချောက်ပေးရာတွင် မိမိတို့နေရာမှရပ်ပြီး ချောက်ပေးရုံမဟုတ်၊ ကိုင်းတော၊ သို့မဟုတ် ချုံများကိုဖြတ်သန်းကာ တဘက်သို့ ဖောက်ထွက်လာသည့်တိုင်အောင် လူများကိုယ်တိုင်လိုက်ပြီး ချောက်ပေးကြရ၏။ တောချောက်သူများသည် ကိုင်းတော၏တဘက်တွင် စုရုံးကြ၍ တယောက်နှင့် တယောက် လက်တကမ်းသာ သာမှခွဲကာ စီတန်းကြပြီးလျှင် ကိုင်းတောထဲသို့ တညီတညာတည်း ဝင်ကြရ၏။ ဝင်သည်နှင့်တပြိုင်နက် လက်တွင်ပါသော လုံ၊ ခက်ရင်း၊ တုတ်စသည်တို့ဖြင့် ကိုင်းပင်များကို တဖုံးဖုံးရိုက်ယင်း ပါးစပ်မှလည်း "ဟေး၊ ဟား၊ ဂူး၊ ဝါး"စသည် ဖြင့် အသံမစဲအောင်အော်ကာ ရှေ့သို့တဖြည်းဖြည်းတိုးလာကြရ၏။ ဤတွင်ကိုင်းတောထဲ၌ အိပ်ပျော်နေသော တိရစ္ဆာန်များသည်လန့်နိုးကြ၍ အသံများလာသောဘက်ကို ကွင်းရှောင်ကာ အသံ ဝေးသောဘက်သို့ ပြေးကြရ၏။ တခါတရံတွင်မူ အအိပ်ကြီးသည့် ကျားစသော တိရစ္ဆာန်မျိုးနှင့် ရင်ဆိုင်တွေ့ရသည် ဖြစ်စေ၊ တခါတရံတွင် တက်၍နင်းလုမတတ် ကပ်၍တွေ့ရသည်ဖြစ်စေ ကြုံရတတ်သည်ဟု ကြားရဘူးလေသည်။ တောတိရစ္ဆာန် များသည် အလန့်တကြား ထပြေးကြ၍ ကိုင်းတောဘက်သို့ ဖောက်ထွက်ရာတွင် အသင့်စောင့်နေသော သေနတ်သမားများ၏ ပြောင်းဝသို့ရောက်ကြ၏။ တခါတရံ ၌မူ သေနတ်သမားများ၏ အလုပ်သည် ပြောသလောက်မချောင်လှ။ ကိုင်းတော ထဲမှ အလန့်တကြား ထွက်ပြေးလာသည့် တိရစ္ဆာန်မှာ အမဲမဟုတ်ပဲ ကျား(မုဆိုး) ဖြစ်နေ သဖြင့် မုဆိုးချင်း ရင်ဆိုင်ရခြင်းမျိုးလည်း ကြုံရတတ်သည်ဟုဆိုလေသည်။ ဤအလုပ်မျိုးမှာ သေနတ်နှင့်ဖြစ်နေသဖြင့် မုဆိုးချင်း ရင်ဆိုင်ရခြင်းမျိုးလည်း ကြုံရတတ်သည်ဟု ဆိုလေသည်။ ဤအလုပ်မျိုးမှာ သေနတ်နှင့်ထိုင်စောင့်ရသော မုဆိုးထက် တောချောက်ပေးရသော ရွာသားများအဖို့သာ၍ အန္တရာယ်များသော်

လည်းဝါသနာပါသော ရှာသားများသည် မိမိတို့အတွက် မျှော်လင့်ရန်ရှိသည့် အမဲသား'ဝေစု'ကြောင့် လိုက်လိုသူမရှားလှပေ။

## ကျားသစ်တွေ့ရခြင်း

ကျွန်ုပ်သည် တောချောက်ခြင်းကို မမြင်ဘူး၍ လိုက်ကြည့်လိုသည်နှင့် ကိုသိန်းဖေအား စုံစမ်းကြည့်ရာ ကိုသိန်းဖေက အထက်ပါအတိုင်း ပြောပြသည်တွင် ဤမျှလောက် ဆိုပါက အန္တရာယ် မများလှဟု သဘောထားကာ အတူလိုက်ရန် ဆုံးဖြတ်လိုက်လေ၏။ ထိုနေ့ညနေ သုံးနာရီအချိန်ခန့်တွင် သေနတ်သမား လေးယောက်နှင့် ကျွန်ုပ်သည် တောချောက်ရမည့်နေရာသို့ ရောက်ကြသောအခါ ရှာသား ၃၀ခန့်နှင့် ခွေးခြောက်ကောင်ခန့်ရောက်နေကြလေပြီ။ ဤအလုပ်မျိုးတွင် ဆရာကြီးဖြစ်သော ကိုသိန်းဖေသည် အခြားသေနတ်သမား သုံးယောက်တို့အား နေရာချထား၍ သူ့အတွက်လည်း နေရာတခုယူလေရာ ကျွန်ုပ်သည် သူနှင့်အတူ နေလေသည်။ ထို့နောက်မှ တောချောက်မည့် ရှာသားများအား ချုံတော၏ အခြားဘက်သို့ လွှတ်လိုက်၏။ ချုံပင်များမှာ 'ကုန်းဗေဒါ'ခေါ်သည့် အပင်များ ဖြစ်၍ လက်ခုပ်တဖောင်ခန့်မြင့်လေရာ မြန်မာပြည်၏ ရေမျက်နှာပြင်တွင် ဗေဒါပင်များ တိုးပွားပေါများလျက် ရှိကြသည့်နည်းတူ ၎င်းအပင်များသည်လည်း အညာဒေသတလွှားတွင် တိုးပွားလျက်ရှိခြင်းကြောင့် 'ကုန်းဗေဒါ'ဟု အမည်ပေး ကြခြင်း ဖြစ်သည်ဆို၏။ ကျွန်ုပ်နှင့် ကိုသိန်းဖေတို့သည် ကုန်းဗေဒါ တောအစွန်း၌ သစ်ပင်တပင်အောက်တွင် ထိုင်လျက်ရှိကြစဉ် ကျွန်ုပ်က–

"အန္တရာယ်တော့ ရှိနိုင် မထင်ပေါင်နော် ကိုသိန်းဖေ"

"ဖြစ်တော့ ဖြစ်ခဲပါတယ်၊ သို့သော် ဖြစ်တော့ဖြစ်ဘူးတယ်ဗျို့၊ ခင်ဗျားအဖို့ စိတ်ချရအောင် ဒီသစ်ပင်ပေါ်က တက်ကြည့်ပါလားဗျာ"

ကိုသိန်းဖေနှင့် ကိုဝင့်မော်တို့၏ ခြားနားချက်မှာ ကိုဝင့်မော်သည် ဤအခြေအနေမျိုးတွင် ကျွန်ုပ်အားသစ်ပင်ပေါ်သို့တက်ဖို့ စကားစပ်လိမ့်မည် မဟုတ်။ သူနှင့် အတူနေစေမည် ဖြစ်လေသည်။

"ဒီလိုဆို ကျုပ်သစ်ပင်ပေါ်က တက်ကြည့်မယ်ဗျာ"

"တက်ပါ၊ ကျုပ်ကဝန်ထောက်မင်း ဦးဝင့်မော်မဟုတ်ပါဘူး"

ကျွန်ုပ်သည် ကိုသိန်းဖေအား ကျေးဇူးတင်သော်လည်း ဖွင့်၍မပြောပဲ သစ်ပင်ပေါ်သို့ တက်လေ၏။ သစ်ပင်ထက်မှမူ ကုန်းဗေဒါပင်များပေါ်မှကျော်၍ ရွာသားများကိုပင် မြင်ရသည်နှင့် ရှုခင်းကောင်းလှသည်။ ကိုသိန်းဖေက–

"ဟိုလူတွေ ရောက်ကုန်ကြပြီလားဗျို့"

"ရောက်ကုန်ကြပြီဗျို့၊ ပေသုံးလေးရာလောက် ဝေးလိမ့်မယ်ထင်တယ်"

"စီတန်းကုန်ကြပြီလား"

"စီတန်းကြတုန်းပဲဗျို့၊ ဟော ပြီးကြပြီဗျို့"

ထိုခဏ၌ "ဟေး၊ ဟား၊ ဝူး၊ ဝါး"ဟူသော အသံများကိုလည်းကောင်း၊ "ဖြုန်း၊ ဝုန်း၊ ဂျုံး"ဟူသောရိုက်သံနှက်သံများကိုလည်းကောင်း၊ "ဝုန်း၊ ဝေါ၊ ဂိန်၊ ဂင်"မြည်သော ခွေးသံများကိုလည်းကောင်း ကြားကြရလေရာ ကျွန်ုပ်သည် သူ့နေရာနှင့်သူ စောင့်နေကြသော သေနတ်သမားများကိုလည်း မြင်ရ၍ အသင့်ပြင်ဆင်ကြခြင်းကိုလည်း တွေ့ရသည်။ အသံများသည် တဖြည်းဖြည်း နီးလာ၍ ကျယ်သည်ထက် ကျယ်လာကြရာ အတော်နီးကပ်လာသောအခါတွင် တလှုပ်လှုပ်ဖြစ်နေသော ကုန်းဗေဒါပင်များ၏ ထိပ်ဖျားများကိုပင် သစ်ပင်ပေါ်မှ ကျွန်ုပ်မြင်ရ၏။ တဝက်ခန့်ရောက်လာကြ၍ ကျွန်ုပ်တို့နှင့် ပေတရာကျော်ခန့် အဝေးတွင် ခွေးတကောင်သည် "ဂိန် ဂိန်" မြည်လျက် နောက်သို့ပြန် ဆုတ်ပြေးသော အသံကိုကြားရ၏။

"ဘာလဲဗျို့ ကိုသိန်းဖေ"

ကိုသိန်းဖေသည် လက်ပြလျက် "ကျားလား၊ ကျားသစ်လားပဲ တိတ်တိတ်ဗျ"ဟု တီးတိုးပြော၏။ လက္ခဏာမှာ ခွေးသည် ကျား၊ သို့မဟုတ် ကျားသစ်နှင့်တွေ့သဖြင့် လန့်၍ဖြစ်စေ၊ ပုတ်မိသောကြောင့် ဖြစ်စေ ပြန်ဆုတ်ပြေးကြခြင်းဖြစ်ဟန်တူသည်။ သစ်ပင်ထိပ်၌ လုံခြုံစွာရှိနေသော ကျွန်ုပ်က မူစိုးရိမ်စရာ မရှိသည်နှင့် ကျားဖြစ်စေ၊ ကျားသစ်ဖြစ်စေ မကြောက်။ ဖြစ်ချင်းဖြစ်လျှင် ကျားအကောင်ကြီး ဖြစ်စေချင်သည်။ နောက်တခဏ၌ ကျွန်ုပ်တို့ ရှိနေသောနေရာနှင့် တည့်တည့်ကြီးတွင် ကုန်းဖေဒါပင်များသည် တလှုပ်လှုပ်ရှိရာမှ လှုပ်ရှားမှုသည် တဖြည်းဖြည်း ရွေ့လာ၍ ဖေဒါတောကလေး နခမ်းအစွန်းသို့ ရောက်ခဲ့လေပြီ။ အကောင်တမျိုးမျိုးလာနေခြင်းဖြစ်ရမည်ဟူ၍ကား ကျွန်ုပ်တွေးဆနိုင်သည်။ ကိုသိန်းဖေလည်း ထိုနေရာသို့ပင် စူးစိုက်ကာကြည့်နေခြင်းကို ကျွန်ုပ်မြင်ရ၏။ နောက်တခဏ၌ လှုပ်ရှားလျက်ရှိသော ဖေဒါပင်များအကြားမှ ဦးခေါင်းတခြမ်းပေါ်လာရာ ကျားသစ်တကောင်၏ ဦးခေါင်းဖြစ်သည်ဟု ကျွန်ုပ် သိရ၏။ ကိုသိန်းဖေလည်း မြင်ပုံရ၏။ ကျွန်ုပ်ကမူ ကိုသိန်းဖေ ပစ်လိုက်တော့မည်ဟု မျှော်လင့်လျက်ရှိ၏။ ကိုသိန်းဖေမူကား မပစ်ပဲ သေနတ်နှင့်သာ ချိန်ထား၏။ နောက်တခဏ၌ ကျားသစ်သည် ကိုသိန်းဖေကို မြင်လိုက်သည့် လက္ခဏာနှင့် ဖြုတ်ကနဲတွန့်ဆုတ်ကာ ဦးခေါင်းပြန်ဝင်သွားပြီးနောက် ဖေဒါပင်များ၏အဖျားသည် ကျားသစ်သွားသော လမ်းကြောင်းအတိုင်းလှုပ်သွားကြ ခြင်းကို သစ်ပင်ပေါ်မှကျွန်ုပ်မြင်လိုက်ရ၏။ ပထမ၌ ကိုသိန်းဖေ မပစ်လိုက်ခြင်းကို စိတ်ထဲကအပြစ်တင်ချင်သော်လည်း ကျားသစ်နောက်မှ ရှာသားများရှိနေခြင်းကို ချက်ချင်းသတိရ၍ ကိုသိန်းဖေမပစ်လိုက်ခြင်းအကြောင်းကို နားလည်ပါသည်။ ကျွန်ုပ်သည် ဖေဒါပင်ထိပ်ဖျားများလှုပ်သွားသော ကျားသစ်လမ်းကြောင်းကို မျက်စိနှင့်လိုက်၍ ကြည့်လျက်ရှိစဉ် ၎င်းအရပ်ဆီမှ ကွိန်ကနဲခွေးအော်သံကြားရခြင်းနှင့်အတူလူများ အလန့်တကြား အော်ဟစ်ကြသော အသံများကိုလည်း ကြားရ၏။ နောက်တခဏ၌ဖေဒါချုံတောကိုဖောက်ထွက်၍ လျားကနဲ လျားကနဲ ပြေးသွားသော

သတ္တဝါတကောင်ကိုမြင်ရ၍ သေချာစွာကြည့်လိုက်ရာတွင် ကျားသစ်တကောင် ဖြစ်ကြောင်း သိလိုက်ရသည်။ ခုနင်က ကျားသစ်သည် ကိုသိန်းဖေကိုမြင်သည်နှင့် လှည့်ပြန်ပြီး အခြားဘက်မှ ဖောက်ထွက်သွားခြင်းဖြစ် ဟုကျွန်ုပ်တွေးဆနိုင်သည်။

## တောဝက်ထွက်ပြေးပုံ

ကျားသစ်ဖောက်ထွက်သွားခြင်းကြောင့် လူများနှင့်ခွေးများ အတော်ဖရိုဖရဲ ဖြစ်သွားသည့်လက္ခဏာနှင့်အလန့်တကြား အော်လိုက်ကြပြီးနောက် ရွာသားများ သည်တဖန် တာစူကြပြန်၍ကျွန်ုပ်တို့ရှိရာဘက်သို့ယခင်အတိုင်း ဆက်လက် ချောက်ထုတ်လာကြပြန်၏။ ကျွန်ုပ်သည် ဗေဒါပင်ထိပ်ဖျားကလေးများ လှုပ်ယိမ်း ခြင်းကို သစ်ပင်ထက်မှ မျှော်ကြည့်နေစဉ် အကောင်တကောင် ပြေးလာသည့် လက္ခဏာနှင့် ကျွန်ုပ်တို့ဘက်သို့ဗေဒါပင်ထိပ်ဖျားကလေးများ လှုပ်လာသည့် လမ်းကြောင်းကိုမြင်ရ၏။ အကောင်သည် ရပ်ချည်ပြေးချည် လုပ်လာခြင်း၏ အထိမ်းအမှတ်မှာ ဗေဒါပင်ထိပ်ဖျားကလေးများက ပြလျက်ရှိ၏။

လှုပ်ရှားခြင်းသည် တောကလေး၏အစွန်းအဖျားသို့ ရောက်လာလေပြီ။ နောက်ဆုံး၌ ဗေဒါတောအစွန်းမှ ပြူးကြည့်ဟန်နှင့် တောဝက်တကောင်၏ နှာသီးဖျားကလေးပေါ်ထွက်ခြင်းကို ကျွန်ုပ်မြင်ရ၏။ တောဝက်သည် ကိုသိန်းဖေ ရှိနေသောနေရာနှင့် တည့်တည့်မဟုတ်၊ ပေတရာလောက် ကွာလှမ်းလိမ့် မည်။ ကိုသိန်းဖေလည်း ၎င်းကိုမြင်၏။ သို့သော်မပစ်သေးပဲ သေနတ်နှင့်ချိန်ထား၏။ ၁၀စက္ကန့်မျှ တွေလျက်ရပ်နေပြီးနောက် တောဝက်သည် ဗေဒါတောကလေးထဲမှ ရုတ်တရက်တဟုန်ထိုး ခုန်ထွက်ပြီးလျှင် တောကလေးကို နောက်ခိုင်းကာ တည့်တည့်ကြီး လျှောက်ပြေးလေ၏။ ကိုသိန်းဖေသည် တောဝက်ကိုသေနတ်နှင့် ချိန်၍လိုက်စဉ် (လှူလိုက်ခြင်းမဟုတ်၊ သေနတ်လိုက်ခြင်း ဖြစ်သည်။) တောဝက်နှင့် ရွာသားများတတန်းတည်းမဟုတ်သောနေရာသို့ ရောက်သည်နှင့်တပြိုင်နက် 'ဒိုင်း'

ကနဲ တချက်ပစ်လိုက်ရာ တောဝက်သည် မြေကြီးပေါ်၌ လိမ့်သွားခြင်းကို မြင်လိုက်ရ၏။ ကျွန်ုပ်ဝမ်းသာမည်ပြုဆဲတွင် တောဝက်သည်မြေကြီးပေါ်မှထ၍ ယခင်အတိုင်းပြေးပြန်၏။ ကိုသိန်းဖေသည် နှစ်လုံးပြူးသေနတ်တွင် ထိုးထားသည့် လက်ကျန်ယမ်းတောင့်ဖြင့် တချက်ဆင့်၍ပစ်လိုက်သဖြင့် တောဝက်သည်လိမ့်သွားပြန်၏။ ဤတကြိမ်၌မူ တောဝက်သည် မထနိုင်တော့ရုံသာမက လှုပ်ပင်မလှုပ်နိုင်ရှာတော့ချေ။ (ရှာဟူသောကရုဏာစကား ရေးသားခြင်းမှာ ယနေ့အမြင်နှင့် ရေးခြင်းဖြစ်ရာ ထိုစဉ်ကအမြင်မှုကား များများသေသေ ပီတိဖြစ်လေရှိခဲ့ပါသည်။) ထိုအတောအတွင်း အခြားသေနတ်သမားများရှိရာမှလည်း သေနတ်သံများ တဒိုင်းဒိုင်းကြားလျက်ရှိ၏။ စုစုပေါင်း ဖချက်ထက်နည်းမည်မထင်။ သို့သော် နောက်ဆုံး၌ စုစုပေါင်း တောဝက် ၃ ကောင်ရရှိလေသည်။

## ကိုသိန်းဖေ၏လက်စွမ်း

သေနတ်သမားတို့မည်သည်မှာ မိမိတို့ပစ်လိုက်သော သားကောင်ကိုရရှိပြီးသည့်နောက် ပစ်လိုက်စဉ်ကချိန်လွှတ်သောနေရာကို တည့်တည့်ကြီးထိမထိ၊ ထိခဲ့လျှင် ဘယ်မျှလောက် ဗဟိုကျသည့် စသည်များကို ကြည့်လေ့ရှိကြ၏။ အခြားသေနတ်သမားများ ပစ်၍ရသော သားကောင်များကို ကြည့်ကြပြီးနောက် ရှေးဦးစွာပစ်သူဖြစ်၍ နှစ်ပစ်ယူရသော ကိုသိန်းဖေအား အခြားသေနတ်သမားများကမည်သည့်နေရာသို့ ချိန်ပစ်၍ မည်သည့်ကျည်ဆန်မျိုးနှင့် ပစ်လိုက်ကြောင်းမေးကြ၏။ ကိုသိန်းဖေက မိမိ၏နှစ်လုံးပြူးသေနတ်တွင် အယ်လ်ဂျီ (ကျည်ဆန်ငါးလုံးပါ သောယမ်းတောင့်) ကားတဘက်၊ ကျည်မကြီးကားတဘက် (ကျည်ဆန်တခုတည်း ပါသောယမ်းတောင့်ကိုဆိုလိုသည်။) ထိုးထားကြောင်း၊ ချိန်သောအခါတွင် ရှေးဦးစွာ အယ်လ်ဂျီနှင့်ပစ်၍ ရှေ့လက်မောင်းရင်းသို့ချည်း ချိန်၍ပစ်လိုက်ကြောင်း ပြောပြ၏။ သေနတ်သမားများသည် ကိုသိန်းဖေ

ပစ်သောဝက်ကောင်ကို လှန်လှောကြည့်ကြရာတွင် သေနတ်သမားအားလုံး (ကိုသိန်းဖေမကျန်) အကြီးအကျယ်အံ့ သြလျက်ရှိကြ လေ၏။ ဖြစ်နေပုံကား ကိုသိန်းဖေချိန်ပစ်လိုက်သည့် ဝက်၏ လက်ယာဘက်လက်မောင်းရင်း၌ ငါးပွင့်ဆိုင် ဒဏ်ရာကလေး ငါးချက်အပြင် အလယ်ဗဟို၌ ဒဏ်ရာကြီးတချက် တွေ့ကြရသောကြောင့်ပေတည်း။ အဓိပ္ပာယ်မှာ ပထမပစ်လိုက်သော အယ်လ်ဂျီ ကျည်ဆန်ငါးခုသည် ချိန်သည့်အတိုင်း ပခုံးသို့ထိမှန်ထားသည့်ပြင် တဖန်ထပြေး သောအခါ၌ ထိုနေရာဆီသို့ ချိန်ပစ်လိုက်ပြန်ပါတော့လည်း တခုတည်းသော ကျည်မသည် ယခင်ထိမှန်ထား သည့်ဒဏ်ချက်ငါးချက်၏ အလယ်ဗဟိုသို့ ဖြစ်ပေသောကြောင့်တည်း။ (ဗဟိုဆိုသော်လည်းလက်ယာဘက် အထက်ထောင့်သို့ မဆိုစလောက်ကလေး ချဉ်းကပ်သွားခြင်းကိုကျွန်ုပ်တွေ့ရသည်။) သေနတ်သမား များသည် အလွန်အံ့သြသည်။ မျက်နှာထားများနှင့် ကိုသိန်းဖေအား ချီးကျူးကြ လေသည်။ ကျွန်ုပ်သည်လည်း ယောင်ပေါင်ရောနှောပြီး 'ကွန်ဂရက်ကျူးလေးရှင်း' လုပ်ခဲ့ရပါသေးသည်။ (မိတ်ဆွေကိုသိန်းဖေသည် ဤအခြင်းအရာကို အလွန် ဂုဏ်ယူသည့် လက္ခဏာရှိပေရာ ဤအကြောင်းကို တနေရာရာတွင် တနေ့နေ့၌ ကျွန်ုပ်ရေးထည့် ပေးမည်ဟု ကတိပြုဘူးသည့်အတိုင်း ဤနေရာတွင် ရေးထည့်ပေး လိုက်လေပြီ။ သူ၏ 'ဝိညာဉ်'သည် တနေရာရာမှ နှစ်သိမ့်ကြည်နူးခြင်းဖြစ်လိုက ဖြစ်နိုင်ပါစေသော်) သေနတ်သမားလေးယောက်တို့သည် ဝက်ကောင်များအနက်မှ တပေါင်စီလည်းကောင်း၊ ကျွန်ုပ်အတွက် တပေါင်လည်းကောင်း လှီးဖြတ်ယူကြ၍ ကျန်သောဝက်သားများကို ရွာသားများအား ပေးလိုက်ကြ၏။ (ဤတောချောက် ခြင်း၌ ခွေးတကောင်မှာကျားသစ်ပုတ်၍ အတော်နာသွားသည်ဟု သိရသည်။)

## ကိုသိန်းဖေနှင့်ကျွန်ုပ်

နွေရာသီတညနေတွင် ကိုသိန်းဖေရောက်လာ၍ (ကိုဝင့်မော် ပြောင်းရွှေ့သွားသည့်နောက် ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ကိုဝင့်မော်၏မှာထားချက်အတိုင်း ကိုက်ညီကာ တယောက်နှင့်တယောက် တိုး၍ခင်မင်လာကြသည်မှာ သူက မှာခဲ့သောကြောင့် ဟုတ်သည်မထင်။ မိတ်ဆွေတယောက် လျော့သွားခြင်းကြောင့် ကျန်ရစ်သူအချင်းချင်း တိုး၍ခင်မင်ကြခြင်း ဖြစ်ဟန်တူသည်။) ထုံးစံအတိုင်း ကျွန်ုပ်တို့၏ကျောင်း၌ တည်းခိုလေရာ အစားအသောက်မှာ အိမ်ရှင်နှင့် ညှိ့သည်တို့ တာဝန်ခွဲ၍ယူကြ၏။ ကိုသိန်းဖေ၏အလုပ်မှာ 'အောက်ဆိုက်' ရှင်သောအလုပ်မျိုးဖြစ်၍ ကုန်ကျစရာရှိလျှင် သူကချည်း တာဝန်ယူပါပေသည်။ ဆရာကတော်ဒေါ်စိုး၏ ဝတ္ထုရားမှာ ကောင်းကောင်းချက်ပြုတ်ရုံသာရှိလေသည်။ ကျွန်ုပ်တို့၏ကျောင်း၌ ကိုသိန်းဖေဖြစ်စေ၊ ကိုဝင့်မော်ဖြစ်စေ တည်းခိုကြသောအခါတိုင်း အစောဆုံးအိပ်ရာဝင်ကြသောအချိန်မှာ သန်းခေါင်ကျော်ဖြစ်၍ နှစ်နှစ်ခန့် ပေါင်းသင်းဆက်ဆံမိကြရာတွင် ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ သဘာဝချင်း အတူများသည်နှင့် ပြောစရာစကား အတော်များနေကြလေပြီ။ တူညီသော သဘာဝဟူသည်ကား ချစ်ခင်သော သူငယ်ချင်းလုပ်သောအလုပ်မျိုးဆိုလျှင် (သူတပါးအား ထိခိုက်စေသည့် ရာဇဝတ်မှုမျိုး မဟုတ်သမျှ ကာလပတ်လုံး) ဘာမဆို လိုက်၍လုပ်ချင်တတ်ခြင်းကို ဆိုလိုသည်။ ဥပမာ သုရာမေရယ အလုပ်မျိုးဘက်၌ သူသောက်လျှင်သောက်မည်၊ သူ'ရှူ'စမ်းလျှင် ရှူစမ်းမည်၊ သူပွဲသွားလျှင် လိုက်မည်၊ သူရန်ဖြစ်လျှင် သူ့ဘက်ကူမည် ဟူသည်တို့ဖြစ်သည်။ သို့ရာတွင် အဆိုးဘက်ချည်းသက်သက်ဟူ၍ မဆိုလို၊ အကောင်းဘက်တွင်လည်း အသောက်အစားကို သူဖြတ်လျှင် ဖြတ်မည်၊ သူစာဖတ်လျှင် ဖတ်မည်၊ အဘိဓမ္မာ ကို သူလေ့လာလျှင် လေ့လာမည် ဟူသည့်သဘောထားမျိုးရှိကြသည်။ (ကိုသိန်းဖေ သည် ခရစ်ယန်တယောက်ဖြစ်သော်လည်း ဂေါတမဗုဒ္ဓအကြောင်းကို ဆာအက်ဒဝင်

အာနိုး ရေးသားသည့် အာရှတိုက်၏အလင်းရောင် (Light of Asia) ခေါ် ဗုဒ္ဓဝင်စာအုပ်ကြီးကို ကျွန်ုပ်၏တိုက်တွန်းချက်အရဖတ်သည်နှင့် ဗုဒ္ဓအား အလွန်ကြည်ညိုသောစိတ်ဖြစ်ပေါ်သည်အထိ အကျိုးရှိသွားသည်။ ကျွန်ုပ်ကလည်း သူညွှန်ကြားသည့် ဥပနစ်သျှဒ်နှင့် ဘဂဝါဂီတတည်းဟူသော ဟိန္ဒူကျမ်းစာများကိုဖတ်ပါသည်။ ကျွန်ုပ်ပင်တခါက အတော်နှစ်သက်သွားဘူးသေး ၏။ သို့ရာတွင် နောက်ပိုင်း၌ ကျွန်ုပ်တရားအားထုတ်သောအခါ ခရစ်ယန်သမ္မာကျမ်း၊ ဟိန္ဒူကျမ်း နှင့် ဗုဒ္ဓအဘိဓမ္မာတို့ကို နှိုင်းယှဉ်ချက်ထုတ်ကာ ရှင်းပြခြင်းကြောင့် ကိုသိန်းဖေ အတော်ကြီးလိုက်ပါလာသည်။) ဤသည်တို့မှာ စကားစပ်မျှသာဖော်ပြခြင်းဖြစ်ရာ ကျွန်ုပ်၏ရင်းနှီးသော မိတ်ဆွေများအကြောင်း ရေးသားသောအခါတွင်မှ ကိုသိန်းဖေ၏ထူးခြားချက်များကို ဖော်ပြပါဦးမည်။ ထိုညဦးတွင်လည်း ကိုသိန်းဖေနှင့် ကျွန်ုပ်သည် တယောက်နှင့်တယောက်မတွေ့မီက အဖြစ်အပျက်များကို အပြန် အလှန် ဖွင့်ဟကာ 'ဖြောင့်ချက်'ပေးကြခြင်းအားဖြင့် သန်းခေါင်ကျော်လင်းအားကြီး အချိန်တိုင်ခဲ့ပါသည်။ ကျွန်ုပ်အထူးသဘောကျသည် မှာ နှစ်ယောက်လုံးသည် 'တော်'သောအချက်များထက် 'ရှော်'ခဲ့ဘူးသော အခြင်းအရာများကို ဖော်ထုတ် ပြောပြခြင်းအားဖြင့် အသားယူကြသည်။ ဂုဏ်တု ဂုဏ်ပြိုင် သဘောထားသူ အချင်းချင်းဖြစ်ပါလျက် 'ဂုဏ်ဖော်'မှုနည်းပါး၍ ရိုးသားစွာ ဝန်ခံချက်များကို ဖော်ထုတ်ပြောပြကြခြင်းကြောင့် အံ့လည်းအံ့သြ၍ သဘောလည်း ကျလှသည်။ ထို့ကြောင့်လည်း ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ ငယ်သူငယ်ချင်းများ မဟုတ်ပါပဲလျက် နီးရင်းသော မိတ်ဆွေများအနက်တွင် အနီးရင်းဆုံးသော မိတ်ဆွေဖြစ်လာခြင်း ဖြစ်တန်ရာသည်။ ထိုနေ့မှစ၍ သူနှင့်ကျွန်ုပ်သည် တယောက်နှင့်တယောက် 'ဟန်လုပ်'ခြင်း အလျှင်းမရှိတော့ပဲ 'အရင်းတိုင်း' ဆက်ဆံကြလေတော့သည်။ ဤသည်မှာလည်း အရသာတမျိုးပေတည်း။

## ကျားကိုက်သောမြင်း

နောက်တနေ့နံနက် စောစော၌ အိမ်နီးချင်း၊ ရွာသားတယောက်သည် ကိုသိန်းဖေထံသို့လာ၍ သူ၏မြင်းကလေးကို ယမန်ညဥ့်က ကျားကိုက်ကြောင်း၊ မြင်းသေကောင်ကို ရွှေ့ထားကြောင်းပြောပြရာ သေနတ်ဝါသနာအိုးဖြစ်သော ကိုသိန်းဖေသည် ဤညတွင် 'လင့်စောင့်'ရန် ဆုံးဖြတ်လေ၏။ ထို့နောက်သူကြီး ကိုညွင်းကိုခေါ်၍ ကျွန်ုပ်တို့သည် မြင်းရှင်ရွာသားနှင့်အတူ မြင်းသေကောင်ရှိရာသို့ လိုက်သွားကြ၏။ ကမ်းနီရွာ၏ အနောက်ဘက်တွင် သင်းချိုင်းရှိရာ ၎င်းသင်းချိုင်း နှင့် တဖာလုံခန့်တွင် မြင်းသေကောင်ကို တွေ့ကြလေ၏။ ယမန်နေ့ ညနေကမူ သားအမိနှစ်ကောင်လုံး ပြန်မလာပဲ သန်းခေါင်ကျော်မှ မြင်းမကြီးတကောင် တည်းပြန်လာသည်ဆို၏။ နံနက်လင်း၍ မြင်းရှင်က လိုက်ရှာရာတွင် ဤနေရာ၌ တွေ့ရခြင်းဖြစ်လေသည်။ ကိုသိန်းဖေနှင့် ကိုညွင်းတို့ သည် အခြေအနေကိုကြည့်၍ တိုင်ပင်ကြရာ မြင်းသေကောင်မှာ သစ်ပင်နှင့်အတော်ကွာလှမ်းသဖြင့် ဤအတိုင်း 'လင့်စောင့်'ရန် မဖြစ်နိုင်ဆို၏။ သို့ဖြစ်၍သင့်တော်သော သစ်ပင်တပင်ကို ရွေးချယ်ကြပြီးလျှင် ၎င်းတွင် 'လင့်စင်'ထိုး၍ မြင်းသေကောင်ကို လင့်စင်နှင့် ပေ၂ဝကွာလောက်သို့ ဆွဲထားရန် မြင်းရှင်အားပြောပြလေ၏။ မြင်းရှင်၏သဘော ထားမှာ လင့်စောင့်၍ ကျားကိုပစ်ခြင်း အားဖြင့် သူ၏မြင်းကလေး ပြန်ရှင်လာမည် မဟုတ်သော်လည်း မိမိ၏မြင်းကို ကိုက်သတ်သည့် ကျားကိုသေအောင်ပစ်ကြလျှင် သူ့အဖို့ရာ၌ အရသာတမျိုးရှိသည်ဟု ယူဆလေသည်။ ဤကား လူအများတို့၏ သဘာဝပေတည်း။ ကိုသိန်းဖေက မည်သည့်သစ်ကိုင်းတွင် လင့်စင်ထိုးရမည့် အကြောင်းကို မြင်းရှင်အား ညွှန်ကြား၍ ကျွန်ုပ်တို့ပြန်လာကြရာ မြင်းရှင်သည် ရွာသားလူငယ်များကိုခေါ်၍ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရစ်ကြလေသည်။

## သူမတူသော မိခင်

ဖော်ပြရန် တချက်ကျန်ရစ်သည်မှာ ကျွန်ုပ်၏မိခင်သည် ကမ်းနီရွာသို့ အလည်လာခိုက်ဖြစ်၍ ကျွန်ုပ်နှင့် ကိုသိန်းဖေတို့ခင်မင်ကြပုံကို တွေ့ရခြင်းကြောင့် ဝမ်းသာလျက်ရှိသည်။ မိခင်၏ထူးခြားချက်တခုမှာ သားနှင့်ခင်မင်သည်ဆိုလျှင် မည်သူမည်ဝါမရွေး ခင်မင်တတ်ရှာသည်။ ဖခင်ကဲ့သို့ ဤလူနှင့်ပေါင်းသင့်သည်၊ ထိုလူနှင့်မပေါင်းသင့် စသည်ဖြင့် သွန်သင်ညွှန်ကြားရန် ဝါသနာမရှိ၊ ကျွန်ုပ်ယူခဲ့သော မယားများအား ခင်မင်သကဲ့သို့ ကျွန်ုပ်၏မိတ်ဆွေ သူငယ်ချင်းများအားလည်း ခင်မင်သည်ချည်းဖြစ်၏။ မိခင်၏အပြုအမူသည် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်ုပ်ကမူကား ကျွန်ုပ်၏မိခင်အား (သူမတူသော မိခင်)ဟူ၍ ဤအတွက်ကြောင့်ပင် ပို၍ချစ်ခင်ပါသည်။ ကျွန်ုပ်နှင့် အထူးခင်မင်သော မိတ်ဆွေများမှာလည်း သူ့နေရာနှင့်သူ တော်ကြသည်ဖြစ်၍ မိခင်၏အပြုအမူသည် အလုံးစုံ ခြုံ၍ကြည့်လိုက်သောအခါ မှားသည်ဟုမထင်ပါ။ ကျွန်ုပ်၏မယားများနှင့်ပတ်သက်၍ဖြစ်စေ၊ နီးရင်းသော မိတ်ဆွေများနှင့် ပတ်သက်၍ ဖြစ်စေ ကဲ့ရဲ့ရှုတ်ချသော စကားမျိုးပြောခြင်းကိုကျွန်ုပ်မမှတ်မိပါ။ ခုတင်ကိုရောင်းစားသော ဒုတိယအိမ်ထောင်အကြောင်းကိုပင် ကျွန်ုပ်ရှေ့၌ ဘာမျှမပြော၊ရှောင်နေခဲ့ပါသည်။ ၎င်းနေ့ ညနေ၅နာရီအချိန်တွင် ကိုသိန်းဖေနှင့် သူကြီးတို့သည် လင့်စောင့်ရန် ပြင်ဆင်ကြလေရာ ကျွန်ုပ်လည်း လင့်စောင့်ခြင်းကို မမြင်ဘူးသည်နှင့် အတူလိုက်သွားမည်ဟု မိခင်အားခွင့်တောင်း၏။ မိခင်က ကျွန်ုပ်ထင်သည့်အတိုင်း ခွင့်ပြုရုံသာမက စိုးရိမ်မကင်းရှိပုံရသော ကျွန်ုပ်၏ဇနီးအား လည်း "ကိစ္စမရှိပါဘူး သမီးရယ်၊ ယောကျ်ားဆိုတာ စုံမှပေါ့ကွယ့်"ဟု အဘိုး၏ စကားအတိုင်း ပြောပြဖော်ရပါပေသည်။

## လင့်စောင့်ကြခြင်း

၅ နာရီထိုးပြီးသည်နှင့်တပြိုင်နက် ကိုသိန်းဖေနှင့် သူကြီးတို့သည် သေနတ်တလက်စီနှင့် ထွက်ကြလေရာ ကျွန်ုပ်လည်း လက်ချည်းဗလာလိုက်ပါသွားလေ၏။ ကျွန်ုပ်သည် အတော်အတန် တုန်လှုပ်ခြင်းရှိသည်ကားဝန်ခံရပေမည်။ သို့ရာတွင် ကြောက်ရွံ့သောကြောင့်ကားမဟုတ် (ကိုသိန်းဖေ၏ 'လက်'ကို အလွန်ယုံကြည်အားထားသည်။) ကျားကိုတွေ့မှတွေ့ရပါမည်လောဟု စိုးရိမ်သောကြောင့်မျှသာ ဖြစ်၏။ လမ်းခရီး၌သူကြီးက မကြာသေးမီအတွင်းက ရွှေလီရိုးမှ သူကြီးတယောက် လင့်စောင့်ရာတွင် ကျားက လင့်စင်ကိုခုန်ဆွဲ၍ ဖရိုဖရဲ ပျက်ကျမည်အပြု ကျား၏ဦးခေါင်းကို သေနတ်တချက်ထိမှန်သွားသည်နှင့် သူကြီးမှာ အသက်ချမ်းသာရာရကြောင်း ပြောပြသည်တွင်မှ ကျွန်ုပ်မှာ အတော်တုန်လှုပ်သွားမိပါသည်။ ဤတွင်ကိုသိန်းဖေက ထိုသူကြီးစောင့်သော လင့်စင်မှာ သစ်ပင်အဆင်မသင့်၍ ကျားလွတ်လောက်အောင် မမြင့်ပဲ ခပ်နိမ့်နိမ့် လုပ်ရသောကြောင့်ဖြစ်ကြောင်း ပြောပြသည်တွင်မှ စိတ်သက်သာရာ ရပါတော့သည်။ လင့်စင်ဆောက်လုပ်ထားသောနေရာသို့ ရောက်ကြသောအခါ ကျွန်ုပ်၏ပထမဦးဆုံးမေးခွန်းမှာ လင့်စင်သည် ကျားလွတ်လောက်အောင် မြင့်ပါ၏လောဟူသည်ပင်ဖြစ်၏။ သူတို့နှစ်ယောက်လုံးက "လွတ်လောက်ပါသည်" ဟု ပြောရာတွင်မှ အတန်စိတ်အေးသွားပါသည်။ သို့နှင့်လည်း လွတ်လောက် မလွတ်လောက်ကို ကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန်မိပါသေးသည်။ လင့်စင်မှာ ဝါးများကို 'ကုလားဖောင်' ဖွဲ့၍ ဆောင်လုပ်ထားခြင်းဖြစ်ရာ လူ'နှစ်ရပ်'လောက်သာ မြင့်သည်နှင့် စိတ်မချတချရှိ၏။

သို့ရာတွင် ကျွန်ုပ်သည် 'အိတ်စပတ်'နှစ်ယောက်၏ အဆုံးအဖြတ်ကို သံသယဖြစ်ကြောင်း မဖော်ပြပဲသစ်ပင်ပေါ်သို့ ရှေးဦးစွာ တက်ပါသည်။ (အမှန်ကိုရေးရလျှင် အချိန်မရွေးကျားရောက်လာနိုင်သော ဤနေရာမျိုးတွင်

ရှေးဦးစွာတက်ရမှ လုံခြုံပါသည်။) သုံးယောက်လုံးလင့်စင်ပေါ်သို့ ရောက်ကြသောအခါ ကျွန်ုပ်က သေနတ်သမားနှစ်ယောက်၏အလယ်၌ထိုင်၏။ ထူးတော့မထူးပါ။ သို့သော် အလယ်မှထိုင်ရ၍ စိတ်လုံခြုံပါသည်။ နေသားတကျထိုင်မိကြသောအခါ ကျွန်ုပ်သည် အခြေအနေကို လှမ်းမျှော်ကြည့်လိုက်သည်။

ကျွန်ုပ်တို့၏ရှေ့တည့်တည့်၌ ပေ၁၀၀ပတ်လည်ခန့်ရှိသည့် မြက်ခင်းကလေးရှိရာ မြင်းသေကောင်ကလေးမှာ ကျွန်ုပ်တို့နှင့် ပေ၂၀ကွာလောက်တွင် ပြင်ဆင်ထား၏။ ပြင်ဆင်ပုံကား ဦးစွန်းဖုတ်ကလေးကိုပန်းစည်းကြိုးဖြင့် စုစည်းထား၍ စက္ကူပန်းကလေးပန်ထားပြီးလျှင် မျက်နှာကိုပေါင်ဒါများရိုက်ထားလေသည်။ သူတို့၏အယူအဆမှာ ထိုကဲ့သို့ မတော်မတည့်ပြုလုပ်ကာ 'စတိလုပ်' ထားပါမှ ၎င်းအား ကိုက်သတ်သောကျားသည် မလာပဲမနေနိုင်၊ ကေန်မုချလာရသည်ဟု ယုံကြည်ကြလေသည်။ ပေ၁၀၀ခန့်ကျယ်သော မြက်ခင်း၏ဟိုဘက်တွင် ချုံများနှင့် သစ်ပင်ကြီးများရှိ၏။ နေဝင်ဖို့မှာ တနာရီကျော်ကျော်လိုသေးသော်လည်း အချို့ကျားသည် နေမဝင်မီလာတတ်သောကြောင့် ကျွန်ုပ်တို့ကြိုတင်၍ လာကြရခြင်းဖြစ်၏။ ကျွန်ုပ်သည် ပတ်ဝန်းကျင်အခြေ အနေကိုကြည့်လျက်ရှိစဉ် ကိုသိန်းဖေက "ကိုင်း ဆရာတို့ ဆေးလိပ်ကလေး ဘာလေးသောက်ချင်သောက်ထားကြဗျို့၊ နောက်ထပ်သောက်ဖို့ အချိန်မရပေဘူး"ဟု ပြောသည်နှင့် အားလုံးဆေးလိပ်သောက်ကြ၏။ ကျားလာတတ်သောအချိန်မှာ အလွန်ဆုံး နေဝင်ပြီး နှစ်နာရီခန့်အတွင်းဟုဆိုရာ ဤအတွင်းအချိန်မရွေး ချက်ချင်းလည်းလာနိုင်သည်ဟု ဆိုလေသည်။

နေဝင်လုနီးသောအခါ နှစ်ဖာလုံခန့်ဝေးသော ကမ်းနီရွာမှ နွားများ၊ မြင်းများသိမ်းသော အသံများကိုတစီစီကြားရ၏။ ထို့နောက် ခွေးဟောင်သံများ၊ ရွာသူရွာသားများ၏ စကားပြောသံများ၊ ဘယ်သူရေ ဘယ်ဝါရေ စသည်ဖြင့် ဟစ်အော်ခေါ်ငင်သံများ၊ ဘုန်းကြီးကျောင်းများမှ ခေါင်းလောင်းသံ၊ ကြေးစည်သံများ စသည်တို့သည် နားထဲသို့ လုံး၍ဝင်လာကြ၏။ ဤအသံများသည်

ကြားနေကျအသံများဖြစ်သော်လည်း အခါတိုင်းမှု ဂရုစိုက်မိသည်မရှိ။ လျှို့၍သာ ထွက်သွားတတ်ပေရာ နားမျက်စိများကိုဖွင့်ပြီး စိတ်အာရုံ စူးစိုက်လျက်ရှိသော ထိုအခါ၌မူ အသံတခုစီ တခုစီ ပိုင်းပိုင်းခြားခြားကြီး နားထဲသို့ ဝင်သွားကြလေ၏။ အလုပ်ကလည်းအန္တရာယ်ရှိ နိုင်သည့် (ကျားစောင့်သော) အလုပ်ဖြစ်သောကြောင့် အာရုံကြောများသည် အထူးထက်မြက်နေကြပုံရသည်။ စနာရီခန့်၌ ကလေး တယောက်ငိုလိုက်သောအသံကိုပင် ပီပီသသ ကြားလိုက်ရ၏။ ရွာသူတို့၏ အသံများသည် တဖြည်းဖြည်း ဆိတ်သည်ထက် ဆိတ်သွားလေရာ စနာရီခွဲခန့်တွင် တရွာလုံး တိတ်ဆိတ်လျက် ရှိတော့၏။ သူတို့ကလည်း ကျွန်ုပ်တို့ထံမှ သေနတ်သံကို နားစွင့်လျက်ရှိသည်ဟု သိရသည်။ တောထဲမှ ရှဉ့်သံ၊ ငှက်သံ စသည်များမှာမူ နေဝင်စကတည်းက လုံးဝ တိတ်ဆိတ်လျက်ရှိလေပြီ။ လင့်ပေါ်သို့ ကျွန်ုပ်တို့တက်မိကြသည်မှာ သုံးနာရီကျော်ခဲ့လေပြီ။ကျားကားမပေါ်လာသေး ချေ။

## ဆီးတောင့်သောဒုက္ခ

၉ နာရီကျော်လတ်သော် ကျွန်ုပ်မကြုံဘူးသည့် 'တော၏တိတ်ဆိတ်ခြင်း'ကို ပထမအကြိမ်ကြုံရ၏။ ဂူ၏တိတ်ဆိတ်ခြင်းကို ကြုံရဘူးပေရာ တော၏တိတ်ဆိတ် ခြင်းသည် (ကျွန်ုပ်၏စိတ်တွင်) ထို့ထက်ပင် နက်နဲသေး၏။ ဆိုးရွားသော အခြင်းအရာတခုမှာ နေဝင်ပြီးကတည်းက ခြင်ကောင်များသည် တဝီဝီမြည်လျက် ပါး၊နားရွက် စသည်များကို ဝိုင်းအုံကာ ကိုက်ကြလေရာ ၎င်းတို့အား လက်ဖျား ကလေးဖြင့် ပုတ်ခတ်လိုက်သည်ဆိုလျှင်ပင် ဝါးထရံကို လက်ဖဝါးဖြင့် ပုတ်လိုက်သည့်အလား ဘုံးကနဲ ဖျောင်းကနဲ အလန့်တကြား မြည်လာလေ တော့သည်။ ထို့ကြောင့် ခြင်ကိုက်သော်လည်း မရိုက်ဝံ့၊ လက်ကလေးဖြင့် ဖြည်းညင်းစွာချောက်ရ၏။ များလွန်းတော့လည်း မချောက်နိုင်သဖြင့် ပေ၍ခံရ၏။ ကျွန်ုပ်အနီးသူကြီးဘက်မှ 'ဂွတ်ကနဲ ဂွတ်ကနဲ'မြည်သောအသံ တချက်တချက်

ကြားရ၍ စုံးစမ်းကြည့်ရာ အခြားမဟုတ်၊ တံထွေးမျိုချသော အသံများဖြစ်သည်ဟုသိရ၏။ သူကြီးသည်တံထွေးကို ခံတွင်း၌ စုထားပြီးမှ အလုံးလိုက်မျိုချတတ်သူတယောက်ဖြစ်လေရာ ထိုအသံကြောင့် ကျားလန့်ပြေးမည်ကိုပင် ကျွန်ုပ်တို့စိုးရိမ်မိ၏။ တော၏တိတ်ဆိတ်ခြင်းသည် ဤမျှလောက်နက်နဲလှသည်။ (ကားခြင်းမဟုတ်၊ တကယ်ဖြစ်ပါသည်) ဤအတောအတွင်း ကျွန်ုပ်၏မျက်စိများသည်အလကားနေသည်မရှိ၊ မြင်းသေကောင်ကလေးကို တစိုက်တည်းစိုက်လျက်ကြည့်နေမိ၏။ မြင်းသေကောင်ကလေး၏ ဖွေးဖွေးဖြူသောမျက်နှာသည် လဆန်း၉ရက်လရောင်တွင် ထင်းထင်းကြီးပေါ်လျက်ရှိရာ ကြည့်ယင်းကြည့်ယင်းနှင့်ပင်ကျွန်ုပ်၏မျက်လုံးများမှာ ထိုနေရာမှ ရွေ့၍မရပဲဖြစ်လာ၏။ (ထိုစဉ်ကမူ ကျွန်ုပ်မှာတစ္ဆေကြောက်တတ်သူဖြစ်သည်။) ကြည့်ယင်း ကြည့်ယင်း ကြောက်လာသည်နှင့်မျက်နှာလွှဲဖို့ကြိုးစားသော်လည်း ချက်ချင်းပင် ထိုနေရာသို့ပြန်ရောက်၏။ ကျွန်ုပ်ကြောက်လာခြင်းမှာ အခြားကြောင့်မဟုတ်၊ အသေကောင်ကို ပန်းစည်းကြိုးနှင့်ပန်းပန်ပေးပြီး ပေါင်ဒါလိမ်းထားသည့် မတော်မတည့်ပြင်ဆင်ထားမှုကြောင့်ကြောက်စရာစိတ်ကူးတွေ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။ (တစ္ဆေကြောက်တတ်ခြင်းဆိုသည်မှာ တကယ်ချောက်သေးသည် မဟုတ်ပဲ စိတ်ကူးဖြင့်ကြောက်ကြသည်သာ များလေသည်။) ဆယ်နာရီကျော်လတ်သော် ခြင်ကိုက်ခံရသောဒုက္ခနှင့် မြင်းတစ္ဆေကြောက်သော ဒုက္ခတို့အပေါ်တွင် ဝေဒနာတခု ထပ်ဆင့်လာပြန်လေပြီ။ ၎င်းမှာ ဆီးသွားချင်သော အခံရခက်မှုပင်ဖြစ်သည်။ ကျွန်ုပ်၏ဒုက္ခအကြောင်းကို တီးတိုးပြောပြရာ ကိုသိန်းဖေက "ဟာ မလုပ်နဲ့ဗျို့၊ အောင့်ထားဗျာ"ဟု ပြော၏။ ကျွန်ုပ်မှာအလွန် တရာ အခံရခက်သောအခြေသို့ရောက်ခါမှ ဖွင့်ပြောခြင်းဖြစ်သောကြောင့် အောင့်ထားရန် မဖြစ်နိုင်တော့ပဲရှိသည်တွင် ကိုသိန်းဖေက "တတ်နိုင်ဘူးဗျာ၊ ပေါက်သာချလိုက်တော့"ဟု ခွင့်ပြုသည်နှင့် ဗျင်းဗျင်းမြည်သောအသံသည် တတောလုံးပဲ့တင်ထပ်သွားသည်

ထင်လိုက်ရ၏။ "ကျီတောက်မေ့ကျန်ရစ်တာ ဝွကျတယ်ဗျာ"ဟုသူကြီးက တီးတိုး ညည်းတွားလေသည်။

## တောကောင်ဝင်လာခြင်း

၁၁ နာရီကျော်လေပြီ။ ကျားလည်း မပေါ်လာသေးချေ။ ကျွန်ုပ်မှာမူ နေသာထိုင်သာရှိသွား၍ ကျားလာမည့်အရေးကို ဂရုစိုက်နိုင်ပြန်လေပြီ။ သို့သော် မြင်းတစ္ဆေကြောင်ခြင်းမူကား ထပ်၍ပေါ်လာပြန်၏။ ဆီးတောင့်စဉ်ကမူ တစ္ဆေလည်းမကြောက်၊ ကျားကိုလည်းမလန့်၊ အခံရခက်သော ဝေဒနာကိုသာ သတိရလျက်ရှိ၏။ ၁၁နာရီခွဲလတ်သော် ခပ်ဝေးဝေးမှ တောဝက်တကောင် လန့်ပြေးသည့်လက္ခဏာနှင့် 'ဝိ.အိ.အိ.အိ.အိ'ဟု မြည်ကာ ချုံထဲသို့တိုးပြေးသံ ကြားရသဖြင့် ကိုသိန်းဖေက လက်ပြကာ ဝမ်နင်ပေးလိုက်၏။ ကျားနှင့်တွေ့၍ လန့်ပြေးသော တောဝက်သံဖြစ်သည်ဟု ကျွန်ုပ်နားလည်ရသည်။ ထိုအချိန်၌ လဆန်း၉ရက်လသည် အတော်စောင်းသွားပြီဖြစ်၍ မြင်းသေကောင်ပေါ်သို့ ကျွန်ုပ်တို့၏သစ်ပင်ရိပ်ကျသဖြင့် မှောင်လျက်ရှိလေပြီ။ သို့ရာတွင် ပေါင်ဒါ လိမ်းထားသော မြင်းမျက်နှာကလေးမူကား မှောင်ထဲ၌ပင် ဖွေးဖွေးကလေး မြင်ရ၏။

သူတို့နှစ်ယောက်သည် ဤနေရာထိုနေရာတို့သို့ မျှော်ကြည့်ကြသော်လည်း ကျွန်ုပ်မူကား ကျားလာလျှင် ဤနေရာသို့လာရမည်ဆိုကာ မြင်းကိုသာ ကြည့်နေ၏။ ဝက်လန့်ပြေးပြီးနောက် နှစ်မိနစ်ခန့်တွင် သားငှက်မဆိုနိုင် ငှက်တကောင် လန့်၍ အော်မြည်ပျံပြေးခြင်းကို ကြားလိုက်ရ၏။ ထို့နောက် တမိနစ်ခန့်တွင် ငှက်နှင့်တောဝက်တို့လန့်သောနေရာဆီမှ တရှုးရှုးနှာမှုတ်သံကြား ရ၍ တဖြည်း ဖြည်း အသံနီးလာပြီးလျှင် မြင်းသေကောင်အနီးသို့ အကောင်တကောင် ရစ်သွား ခြင်းကို ကျွန်ုပ်မြင်လိုက်ရ၏။ လက္ခဏာမှာ ထိုအကောင်သည် (ကျားသစ်ဟု

နောင်မှသိရသည်။) မိမိကိုက်သတ်ထားခဲ့သော မြင်းသေကောင်ရှိသည့် နေရာသို့ ရှေးဦးစွာသွား၍ မြင်းသေကောင်ကို မတွေ့ရသောအခါ တရွတ်တိုက်ဆွဲသွားသော လမ်းကြောင်းအတိုင်း မြေကြီးကို တရှူးရှူးမြည်အောင် အနံ့ခံလိုက်လာခြင်း ဖြစ်ပေလိမ့်မည်။ နောက်ဆုံး၌ မြင်းသေကောင်ကို တွေ့ရသော်လည်း နေရာပြောင်းနေသည့်အတွက် မသင်္ကာသည်နှင့် ချင်းချင်းထိုင်၍မစားပဲ လစ်ကနဲ တဖန်ပြန်၍ထွက်သွားပြန်၏။ ထို့ကြောင့်စားတော့မည်အထင်နှင့် သေနတ်ပြင် လျက်ရှိကြသော ကိုသိန်းဖေနှင့် သူကြီးတို့သည် သေနတ်များကို ရုပ်သိမ်း ထားကြရ၏။ သူတို့၏အကြံမှာ မပစ်မူ၍ ကျကျနန ထိုင်စားသောအခါမှပစ်ကြရန် ဖြစ်လေသည်။

## ပစ်တော့ပစ်ရသည်

ကျားသစ်သည် မြင်းသေကောင်မှ ခွာပြီးနောက် မြင်ခင်း၏ပတ်ဝန်းကျင်ရှိ မှောင်ရိပ်ထဲသို့ ဝင်သွားလေရာ မုဆိုးနှစ်ယောက်တို့လည်း စောင့်ကြည့်နေကြ၏။ အတန်ငယ်ကြာသော် ကျွန်ုပ်တို့၏ လင့်စင်အောက်တည့်တည့်မှ ချွတ်ချွတ် မြည်သော အသံနှစ်ချက်ကြားရလေရာ သူကြီးကအောက်သို့ လက်ညှိုးထိုးပြ၏။ ကျားသစ်သည် ကျွန်ုပ်တို့အောက်သို့ရောက်နေ၍ သစ်ကိုင်းခြောက်တခုကို နင်းမိဟန်တူသည်။ သို့သော်ဘာမျှ မကြာမီ တရှူးရှူး နမ်းလျက် တနေရာသို့ ရွေ့ပြောင်းသွား၏။ လက္ခဏာမှာ ကျွန်ုပ်၏ကျယ်ငယ်နံ့ ရသည်နှင့် မသင်္ကာ၍ ထွက်ခွာသွားခြင်းဖြစ်ပေလိမ့်မည်။ ထိုအချိန်မှစ၍ ကျားသစ်သည် တနေရာတည်း၌ ကြာကြာမရပ်ပဲ ဟိုကူးလိုက် သည်ကူးလိုက် စသည်ဖြင့် မြင်းသေကောင်အနီးသို့ ချဉ်းကပ်လိုက် ခွာသွားလိုက် စသည်ဖြင့် ဂနာမငြိမ်ပဲ လူးလားခတ် ဖြစ်နေတော့သည်။ ဤနည်းဖြင့် နာရီဝက်ခန့် ကြာလတ်သော် ကိုသိန်းဖေက ကိုညွင်းအား မုဆိုးတို့ ဘာသာဖြင့် အချက်ပေးလိုက်၏။ (ကျွန်ုပ်ကား နားမလည်။

နောင်မှသိရသည်။) အခိပ္ပာယ်မှာ 'ကျားသစ်သည် မြင်းသေကောင်ကို ဝင်စားတော့မည်မထင်၊ မသင်္ကာလျက်ရှိနေ လေပြီ။ ထို့ကြောင့် နောက်တကြိမ် 'လင့်'အောက်ဝင်ပြီး၍ အထွက်တွင် ပစ်ကြစို့'ဟူသည်ပင်ဖြစ်၏။ ကျားသစ်သည် ကျင်ငယ်နံ့ကို မသင်္ကာသောကြောင့် လင့်အောက်သို့ ခဏခဏဝင်လေရာ နောက်တကြိမ်အဝင်တွင် မုဆိုးနှစ်ယောက် တို့သည် သေနတ်များနှင့် ချိန်ထားကြ၏။ လင့်စင်အောက်မှ အကောင်ကိုမူကား မည်သူမျှမြင်နိုင် သည်မဟုတ်ချေ။ ကျွန်ုပ်မှာ သူတို့၏အကြံကိုရိပ်မိ၍ ရင်ခုန်လျက်ရှိ၏။ ကြောက်သောကြောင့်မဟုတ်။ သို့လောသို့လောဟူသော စိတ်ဇောကြောင့် ဖြစ်၏။ တခဏ၌ ဝါးလင့်စင်သည် သူတို့နှစ်ယောက်၏ ကိုယ်ဟန်ပြမှုကြောင့် သိမ့်ကနဲ ဖြစ်သွားသည်နှင့် တပြိုင်နက် ဒိုင်းဒိုင်းဟူသော အသံနှစ်ချက်သည် တပြိုင်နက် ကဲ့သို့မြည်သွား၏။ ကျွန်ုပ်သည်လည်း သူတို့၏ သေနတ်ချိန်ထားသော နေရာဆီသို့ ငုံ့ကြည့်လျက်ရှိရာ အကောင်တကောင်သည် လင့်စင်အောက်မှ ဖြုန်းကနဲခုန်ထွက်လျက် 'ခွီး ခွီး ခွီး ခွီး'နှင့် အရှည်ကြီး မြည်အော်ကာ တောထဲသို့ဝင်ပြေးလေ၏။

"ဘယ်နေရာ ချိန်ပစ်လိုက်သလဲဗျို့ ကိုညွင်း"

"လည်ဂုတ်နောက်ကို ပစ်လိုက်တယ်၊ ခင်ဗျားကော"

"ကျုပ်ကဇက်ပိုးကို ပစ်လိုက်တယ်"

"ထွက်ထွက်ချင်း ပစ်ကြရတာမို့ ကောင်းကောင်းထိပုံမရဘူးဗျို့"

"ဟုတ်တာပေါ့ဗျ၊ အဝေးကြီးရောက်အောင် အော်ပြေးတာ မကြားဘူးလား"

"ကျောင်းဆရာရဲ့ သေးနံ့ကြောင့်ပဲဗျ"

"မတတ်နိုင်ဘူးလေ၊ ခင်ဗျားကကျည်တောက်မှ မယူခဲ့ပဲကိုး"

"ကျုပ်ကလဲ ဒီလောက်ကြာကြာကြီး စောင့်ရလိမ့်မယ် မထင်မိဘူးဗျာ"

"ဟုတ်တော့ ဟုတ်တယ်၊ သူဝင်လာတာကိုက သိပ်နောက်ကျတာပဲ၊ ဒါမျိုးတခါမှ မကြုံဖူးဘူး"

ထိုအချိန်၌မူ လဝင်သွားပြီဖြစ်၍ တတောလုံး မှောင်မည်းလျက်ရှိရာ ကျွန်ုပ်တို့သည် ရွာသားများလာကြသည်ကိုစောင့်ယင်း ခြောက်နာရီကျော်မျှ ငုတ်လျက်ရှိသော ဆေးလိပ်ကို အားရပါးရ ရှူရှိုက်ကြရလေ၏။ များမကြာမီ ရွာဘက်မှ 'ဝူးဝါး'ဟု အူကာ အချက်ပေးသော အသံများကြားရ၍ သူကြီးက ပြန်'အူ'ရာတွင် ရွာသား လေးငါးယောက်တို့သည်လက်နှိပ်ဓာတ်မီးများ၊ လက်ဆွဲ မှန်အိမ်များနှင့် ရောက်လာကြလေ၏။ ၎င်းတို့အနက်တွင် မြင်းရှင်လူကြီးလည်း ပါလာ၏။ ၎င်းတို့က–

"ဝင်ခဲ့ရမှာလား"

"ဝင်ခဲ့ကြပါ"

သူတို့လူစုသည် လင့်စင်အောက်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့လည်း လင့်ပေါ်မှ ဆင်းပြီးကြလေပြီ။

"ဘယ်မှာလဲဗျ ကျားကော"

"ထိတော့ ထိတယ်ထင်တာပဲ၊ မကျဘူးဗျ၊ အကောင်က မဝင်ဘူး"

"ဘယ်ဝင်မှာလဲ ဆရာတို့ဟာက နံကနံသနဲ့၊ ကျားမပြောနဲ့ ကျွန်တော်တို့ တောင်နံသေး"

"ကျားမဟုတ်ဘူးဗျ လင့်ပဲ"

၎င်းဒေသ၌ ကျားသစ်ကို 'လင့်'ဟု ခေါ်ကြသည်။

ထို့နောက် ကျွန်ုပ်တို့သည် လင့်စင်အောက်မှ ကျားသစ်ထွက်သော နေရာကို သေချာစွာကြည့်ကြရာ သွေးအနည်းငယ် ကျန်ရစ်ခြင်းကိုတွေ့ရ၏။ ထိလျှင်ထိချင်း မခုန်လိုက်နိုင်မီ ကျဆင်းသော သွေးဖြစ်သောကြောင့်များများကြီး မကျနိုင်ဟုဆိုကာ မျှော်လင့်ချက်ဖြင့် သူ့လမ်းအတိုင်း လက်နှိပ်ဓာတ်မီးများဖြင့် လိုက်၍ထိုးကြည့်ကြသေး၏။ သို့ရာတွင် သွေးစက်များမှာ တနေရာနှင့်တနေရာ ခပ်ကျဲကျဲ တွေ့ကြရသောကြောင့် သေလောက်သော ဒဏ်ရာ မဟုတ်နိုင်ဆိုကာ ပစ်ထားခဲ့ကြလေ၏။

ကျောင်းသို့ရောက်ကြသောအခါ မိခင်နှင့်မစိုးတို့သည် ကျွန်ုပ်တို့အား တံခါးဖွင့်ပေးပြီးနောက် မိခင်က "ဘယ့်နှယ်လဲဟေ့၊ မင်းတို့ကျားလာရဲ့လား၊ ဘယ်အချိန်လာသလဲ"ဟု မေးသဖြင့် သန်းခေါင်နီးမှ ပေါ်လာကြောင်းပြောရာတွင် မိခင်ပြုံးသည်ကို ကျွန်ုပ်မြင်လိုက်၏။ ကျွန်ုပ်က "ဘယ်လိုလဲအမေ"ဟု မေးသော အခါ မစိုးက အောက်ပါအတိုင်းပြန်ပြောလေသည်။ နေဝင်သည်နှင့်တပြိုင်နက် မိခင်သည် ကျားသေမည် စိုးသောကြောင့် ကျွန်ုပ်တို့ရှိရာသို့ မလာစေရန် ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အဓိဋ္ဌာန်ပြုခြင်း စသည်ဖြင့်တောက်လျှောက် ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိကြောင်း၊ သန်းခေါင်နီးသောအခါမှ မိခင်အိပ်ချင်လာ သည်နှင့် သားအမိနှစ်ယောက် အတူအိပ်ကြကြောင်း ပြောပြလေသည်။

## ယုံချင်မှယုံပါ

ဤသည်မှာ 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်' ဖြစ်နိုင်ခြင်းကို ကျွန်ုပ်နားလည်ပါသည်။ သို့ရာတွင်မိခင်၏ထူးဆန်းသော အရည်အချင်းအချို့ကို တင်ပြပါရစေဦး၊ ဖတ်ပြီးသောအခါမှ စာဖတ်သူကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်ပါ သည်။ မိခင်သည် အသက်၃၀ကျော်လောက်ကတည်းက တရားနှင့်မွေ့လျော်သူဖြစ် ၍ ကြီးပြင်းလာသောအခါတွင် (မြိတ်ဆရာတော်၏ ဩဝါဒအတိုင်း) အကြိတ်အနယ်တရားအားထုတ်ခြင်း၊ စိတ်ကိုထိန်းသိမ်းခြင်း၊ ညစဉ်ရွတ်ဖတ် သရဇ္ဈာယ်ခြင်း စသည်တို့ကြောင့် တန်ခိုးအာနိသင် အနည်းနှင့်အများ ရရှိသည်ဟု လူအများက ယုံကြည်ကြသည်။ (ကျွန်ုပ်မူကား ယုံလွယ်တတ်သူ မဟုတ်ခြင်း ကြောင့် (Scientific Minded) ယုံကြည်လောက်လျှင် နောက်ဆုံးမှ ယုံတတ်သူဖြစ်သည်။) သားမဖွားနိုင်သော မိန်းမသည်မိခင်၏ 'ပရိတ်ရေ'ကြောင့် အလွယ်တကူ ဖွားမြင်နိုင်သည်ဟု ယုံကြည်ကြသည်။ ကိုက်တတ်သော ခွေးသည် မိခင်အား မကိုက်ခြင်းကို ကျွန်ုပ်ကိုယ်တိုင် အကြိမ်ကြိမ်ကြုံရဘူးသည်။ မိခင်သည်

မည်သည့်ခွေးကိုမှ မကြောက်တတ်၊ အိမ်ထဲသို့ ရဲရဲဝင်ဝံ့သည်။ အထူးသဖြင့် ဆန်းကြယ်သည်မှာ မိခင်၏ အိပ်မက်များသည် အဓိပ္ပာယ်ရှိသော အိပ်မက်မျိုးဖြစ်တတ်၍ တစုံတရာ ဖြစ်မည်ဆိုလျှင် ကြိုတင်၍ အိပ်မက်တတ်သောကြောင့် ဆွေမျိုးသားချင်းများသည် မိခင်၏ သတိပေးခြင်းကို အလွန်လေးစားကြသည်။

ဤအခြင်းအရာကိုမူ ကျွန်ုပ်ကိုယ်တိုင် မယုံတယုံရှိပါသည်။ ကျွန်ုပ်ကို ပဋိသန္ဓေရှိသည့်အချိန်၌ မိခင်မြင်မက်သော အိပ်မက်မှာ ကောင်းလွန်းအားကြီးသောကြောင့် ကျွန်ုပ်ကိုယ်တိုင်လည်း မယုံသည့်ပြင် ပလွှားရာကျမည်စိုးသောကြောင့် ဤနေရာ၌မဖော်ပြလိုတော့ပါ။ ဆိုလိုခြင်းမှာ ကျွန်ုပ်ကိုယ်တိုင် ဟုတ္တိပတ္တိ ထူးထူးခြားခြားမဖြစ်သေးသောကြောင့် ၎င်းအိပ်မက်နှင့် မထိုက်တန်ဟု ယူဆလျက်ရှိပါသေးသည်။ မည်သို့ပင်ဖြစ်စေကျား၊ ကျားသစ်တို့ မည်သည် မိမိတို့ ကိုက်သတ်ထားသော အသေကောင်ရှိရာသို့ မလာချင်လည်းနေစေ၊ လာလျှင် ခပ်စောစော လာတတ်ခြင်းနှင့် ထိုည၌က မိခင် ပရိတ်ရွတ်ခြင်း ရပ်စဲချိန်နှင့် ကျားသစ်ရောက်ချိန်ကို တိုက်ဆိုင်ခြင်းမှုကား အမှန်ပင်ဖြစ်ပါသည်။

## မပျော်ပိုက်စရာ ဖန်တီးချက်များ

တနေ့သ၌ ကျွန်ုပ်၏ကျောင်းတွင် ကိုသိန်းဖေ တည်းခိုလျက်ရှိစဉ် မိုးကုတ်မြို့မှ ပညာအုပ် ကိုဖိုးသော်တာသည် ကမ်းနီရွာသို့ နယ်လှည့်ရောက်လာ၍ မြန်မာစာသင်ကျောင်း၌ တည်းခိုလေသည်။ ကိုဖိုးသော်တာမှာဂျပ်ဆင်ကောလိပ် ဘောသင်းထင်ပေါ်ဘူးစဉ်က အလွန်နာမည်ကြီးခဲ့ဘူးသည့် ဂိုးသမားတယောက်ဖြစ်ရာ သူ၏ဘောဖမ်းခြင်းမှာ ဘောလုံးကို မိရုံမက လက်ဟန်ခြေဟန်နှင့် ခုန်ပုံဖမ်းပုံတို့ သပ်ရပ်လှပ စတိုင်ကျခြင်းတို့ကြောင့် သာ၍ နာမည်ကြီးခြင်းဖြစ်လေသည်။

ကျွန်ုပ်သည် ဂျူဗလီဟောသို့ လက်မှုပညာ ပြပွဲအတွက် သွားရစဉ်က သူငယ်ချင်း မောင်ရီရှိသော ဂျပ်ဆင်ကောလိပ်၌ တညအိပ်ခဲ့ဘူးရာတွင် သူနှင့်သိကျွမ်းခဲ့လေသည်။ ကိုသိန်းဖေမှာလည်း ခရစ်ယန်ချင်းဖြစ်၍ သူနှင့် အတော်ကလေး အရင်းနှီး၏။ သို့ဖြစ်၍ ကိုသိန်းဖေ၏အကြံပေးချက်အရ ကျွန်ုပ်သည် ကိုဖိုးသော်တာအား ညစာစားဖို့ဖိတ်၏။ သူကြီး ကိုညွင်းအားလည်း (ခေတ်ပညာတတ် မဟုတ်စေကာမူ) မိတ်ဖြစ်ဆွေဖြစ်သဘောနှင့် ဖိတ်ကြား လေသည်။ ကျွန်ုပ်တို့သည် ထုံးစံအတိုင်း ဆရာကတော် ချက်သော စားစရာများနှင့် ကိုသိန်းဖေဝယ်ယူခဲ့သော သောက်စရာများဖြင့် ပျော်မြူးကြရာ ၎င်း'ဒင်းနားပါတီ'တွင် ယခင်က ပါတီများထက် အနည်းငယ် 'များ'သွားကြသည် ထင်၏။ သို့ရာတွင် ဆူညံခြင်း၊ ငြင်းခုန်ခြင်းကားမရှိ၊ ချစ်ကြည်စွာနှင့်ပင် လူစုခွဲကာ ၁၀ နာရီခန့်တွင် အိမ်သို့ပြန်ကြပါသည်။ ကျွန်ုပ်တို့အထဲတွင် သူကြီးသည် အနည်းငယ်ယိုင်သွားသည်ဟု ထင်လိုက်မိကြသည်။ သို့သော် သူ၏အိမ်နှင့် ကျွန်ုပ်၏ကျောင်းမှာ နီးကပ်သောကြောင့် လိုက်ပို့ရန်မလို၊ သူ၏ရွာလည်း ဖြစ်သောကြောင့် စိတ်ချလက်ချနေရစ်ကြသည်။

နောက်တနေ့နံနက် ခပ်စောစောပင် ကိုဖိုးသော်တာသည် လမ်းလျှောက်ရာမှ ပြန်လာ၍ ကျွန်ုပ်တို့ကိုမြင်သည်နှင့် ကျောင်းပေါ်သို့ တက်လာ၏။ ထိုနေ့မှာ ဥပုသနေ့ဖြစ်၍ ကျောင်းပိတ်သည်နှင့် အေးအေးဆေးဆေး စကားပြောလျက် ရှိကြ၏။ နာရီတဝက်ခန့် ကြာလတ်သော ကျောင်းတည်ထောင် သော သစ်ကုန်သည်သုံးဦးတွင် တဦးအပါအဝင်ဖြစ်သော ဦးလေးမောင် တက်လာ၍ တိုင်တန်းသည်မှာ ယမန်ညဥ့်က သူကြီးကိုညွင်းသည် ကျောင်းမှ (အရက်မူးပြီး) ဆင်းလာ၍ ရွာလယ်တွင် သူ၏လုပ်သားတယောက်နှင့်တွေ့ကြောင်း၊ လုပ်သားအား မေးမြန်းစစ်ဆေးရာတွင် ဦးမောင်၏တပည့်ဟု ပြောသော်လည်း မယုံကြည်နိုင် ဆိုကာ သူကြီးကအိမ်သို့ခေါ်သွားပြီး တညလုံးချုပ်ထားကြောင်း ပြောလေ၏။ ညည့်သည်နှစ်ယောက်နှင့် ကျွန်ုပ်မှာ ဤကျောင်းမှအရက်အတူ သောက်ပြီး

ဆင်းသွားသည့် သူကြီးဖြစ်သည်ကိုသိကြ၍ အားနာပါးနာ ဖြစ်နေကြစဉ် ဦးလေးမောင်က သေအရက်သောက်စားခြင်း၏ အပြစ်များ အကြောင်းကို ကျွန်ုပ်တို့သုံးယောက်အား ရှည်လျားစွာ လက်ချာပေးလေတော့သည်။ ကျွန်ုပ်တို့သည် ပထမ၌ ဦးလေးမောင်အား အားနာကြသော်လည်း အစိုးရ အမှုထမ်းများဖြစ်ကြသော ကိုဖိုးသော်တာနှင့် ကိုသိန်းဖေတို့သည် တဖြည်းဖြည်း မျက်နှာထား တင်းလာကြခြင်းကို ကျွန်ုပ်မြင်ရသည်။ ကျွန်ုပ်ကမူ သူတို့နှစ်ယောက် အပေါ်၌ အားနာလျက် ရှိလေပြီ၊ ဤလူကြီးသည် ကျွန်ုပ်တို့လင်မယားအပေါ်၌ တူသားနောင်မယ်ကဲ့သို့ သဘောထားကာ အရာရာ၌စောင့်ရှောက်ခဲ့ပေသော ကျေးဇူးကိုထောက်ထားသောအားဖြင့် ကျွန်ုပ်တယောက်တည်းရှိစဉ် မြည်တွန် တောက်တီးခြင်း ဖြစ်ပါမူကား ကြိုးစား၍သည်းခံနိုင်ဖွယ်ရာရှိပါသေး၏။ (အမှန်မှာ ကျွန်ုပ်၏မိဘမှတပါး မည်သူက မည်မျှလောက် စေတနာကောင်းသည်ဖြစ်စေ မြည်တွန်တောက်တီးခြင်းကို ခံချင်သူ မဟုတ်ပါ) ယခုမှာမူ မိတ်ဆွေများရှေ့၌ ကျွန်ုပ်တယောက်တည်းကို 'မြည်'ရုံမက အဖွဲ့ပါ မြည်ခြင်းဖြစ်သောကြောင့် သူတို့အပေါ်၌ အားနာပြီး ကျွန်ုပ်အတွက် ရှက်လည်းရှက်ပါသည်။ သို့ဖြစ်၍ ဤလူကြီးဆင်းသွားသည်နှင့် တပြိုင်နက် (ကျောင်းသားများ၏ ပညာရေးအတွက် ရက်အားမယူပဲ ကျွန်ုပ်၏ကြိုးစားချက်များကိုမှ မထောက်ထားလေခြင်းဟု အောက်မေ့ကာ) ဇနီးအားမြတောင်သို့ပြန်စေ၍ ဧည့်သည်များအားလည်းပြန်ကြဖို့ ပြောပြီးလျှင် ချက်ချင်းမြင်းပြင်ကာ အင်းရွာသို့ ထွက်လာခဲ့လေ၏။ သို့သော် ရက်သတ္တတပတ်အတွင်း အခြားလူကြီးများ၏ တောင်းပန်ခြင်း၊ ဦးမောင်၏ ဝန်ခံခြင်းနှင့် ကိုဝင့်မော် အပေါ်၌ထားခဲ့သော ကတိတို့ကြောင့် ကမ်းနီသို့ တဖန်ပြန်လာပြီး ဆက်လက် အလုပ်လုပ်ပါသေး သည်။

တနေ့သ၌ ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ဓမ္မသဘာဝအကြောင်းကို ဆွေးနွေးလျက်ရှိစဉ် ဖခင်၏တရားဟောကောင်းခြင်း အကြောင်းကိုကျွန်ုပ်က ပြောမိသည်နှင့် ဖခင်ကိုပင့်ခေါ်ရန် ကိုသိန်းဖေက စားရိတ်ခံမည်ဟု ပြောသဖြင့်

သူ့ဆန္ဒအတိုင်း ပင့်ခေါ်လိုက်၏။ ကျွန်ုပ်၏ဖခင်မှာ တရားဟောပြောခြင်း အလုပ်၌ အလွန်မွေ့လျော်သူဖြစ်၍ ချက်ချင်းလိုပင် ဝမ်းမြောက်ဝမ်းသာ ရောက်လာ၏။ ဖခင်သည် သုံးညမျှဆက်၍ ဟောရာကိုသိန်းဖေနှင့်သူကြီးအပြင် ကမ်းနီရွာမှ သက်ကြီးရွယ်အိုများလည်း လာရောက်နာကြ၏။ ကျောင်းတည်ထောင်သော လူကြီးတဦးဖြစ်သည့် ဦးလေးမောင်အား ဖိတ်ခေါ်သော်လည်း (ကျွန်ုပ်တို့လူစုအပေါ်၌ အယုံအကြည်မရှိသောကြောင့်ပေလော မဆိုနိုင်) မလာရောက်ချေ။ အခြားပရိသတ်များပြန်သွားကြပြီးနောက် ကိုသိန်းဖေနှင့် ကိုညွှင်းတို့သည် သန်းခေါင်ကျော်တိုင်အောင် သုံးညတိုင်တိုင် ကြားနာကြ၏။ ကျွန်ုပ်၏ဖခင်မှာ သဒ္ဓါတရားတက်ကြွအောင် ဟောပြောခြင်း၌ အလွန်စွမ်းသော ဓမ္မကထိက ဖြစ်ပေရကား တတိယညတွင် ကိုသိန်းဖေနှင့် ကျွန်ုပ်က အရက်ကို လည်းကောင်း၊ သူကြီးကိုညွှင်းက အရက်ရော သေနတ်ပါ လည်းကောင်း လှူလိုက်ကြလေသည်။ ကိုသိန်းဖေနှင့် ကျွန်ုပ်သည် တနှစ်ခန့်အကြာတွင် အဓိဋ္ဌာန်ပျက်ကြသော်လည်း ကိုညွှင်းမူကား အသက်ထက်ဆုံး ထိန်းသိမ်းသွားပေ သည်ဟု သိလိုက်ရပေသည်။

ကျွန်ုပ်၏ဖခင်အပေါ်တွင် သဒ္ဓါတရားဖြစ်ခြင်းသည်လည်း ကိုသိန်းဖေအပေါ်၌ ကျွန်ုပ်က တိုး၍ခင်မင်ရန် (သို့မဟုတ် တယောက်နှင့်တယောက် အပြန်အလှန် တိုး၍ခင်မင်ရန်) အကြောင်းတရပ်ဖြစ်လာတော့သည်။ ဦးမောင်နှင့် ကျွန်ုပ်မူကား ခင်မင်လေးစားမှုသည် တဖန်ထပ်၍ ကျဆင်းသွားပါတော့သည်။ လူ့သဘာဝသည် အတော်ဆန်းကြယ်၏။ လူမိုက်တယောက်လိမ္မာသွားခြင်းထက် ထိုလူမိုက်အပေါ်၌ ဆရာလုပ်ပြီး အထက်စီးနှင့်ဩဝါဒပေးခြင်းကို ပိုမိုနှစ်သက်တတ်လေသည်။ ကျွန်ုပ်တို့အကြောင်းကို ဦးမောင်ကြားသိရသောအခါ သာခုမခေါ်ချင်ပဲ ခပ်ပြုံးပြုံး လုပ်နေတတ်လေသည်။

'ခွေးမြီးကောက် ကျည်တောက်စွပ်'ဟု ပြောချင်၏။ မည်သို့ပင်ဖြစ်စေ ကြိုးစားခြင်းကို အသိအမှတ်ပြုထိုက်သည်ဟု ကျွန်ုပ်တို့သဘောရကြသည်။ ဖခင်ပြန်သွားပြီးနောက် ဦးလေးမောင်နှင့် ကျွန်ုပ်တို့လူစုသည် ခပ်တန်းတန်း

ဖြစ်သွားကြလေပြီ။ ထိုအချိန်မှစ၍ ကမ်းနီရွာ၌ ကျွန်ုပ်မနေချင်စရာ အကြောင်းကလေးများသည် (အသစ်ရေအဟောင်းပါ) ကျွန်ုပ်၏စိတ်ထဲတွင် မကြာခဏ ပေါ်ပေါက်လျက် ရှိပါတော့သည်။

## ကျေးစွပ်သောလူ

မကျေနပ်ခဲ့သော အဖြစ်ဟောင်းများကား ဤသို့ပေတည်း။ ကျွန်ုပ်၏ ကျောင်းနှင့်မျက်စောင်းထိုးရှိသော အိမ်ကလေးတွင် ငှက်သမားတယောက် နေထိုင်၏။ ထိုသူသည် စက်ချုပ်သော အလုပ်ကိုလည်းတဘက်ကလုပ်၏။ (ကမ်းနီရွာတွင် ငှက်သမားအလုပ်သက်သက်ဖြင့် ထမင်းမဝနိုင်) ကျွန်ုပ်တို့၌ ကိစ္စကြီးငယ်ဖြင့် ခရီးသွားရန်ရှိသည်ဖြစ်စေ၊ အဝတ်အထည်များ ချုပ်လုပ်ရန် ရှိသည်ဖြစ်စေ ထိုလူအားအသုံးချလေ့ရှိ၏။ တခါတရံသူ့၌ ပိုက်ဆံပြတ်လပ် လျှင်လည်း ကျွန်ုပ်တို့ကထုတ်ချေးလေ့ရှိ၏။ သူကလည်းစကား ချော့ပြောတတ် သည့်အလျောက် ကျွန်ုပ်တို့အား တရိုတသေဆက်ဆံသည်နှင့် အတော်ခင်မင်ရင်းနှီး သည်ဟု ထင်မိပါသည်။ ကျွန်ုပ်သည် ရွာလယ်လမ်းတွင် မြင်းစိုင်းစဉ်က ဆင် သမားတယောက်ကို တိုက်မိဘူးခြင်းအကြောင်းဖော်ပြခဲ့ခြင်းကို မှတ်မိကြပေလိမ့် မည်။ ထိုကဲ့သို့ တိုက်မိပြီးသည့် နောက်တနေ့ညနေတွင် ကျွန်ုပ်သည် ရွာပြင်သို့ လမ်းလျှောက် ထွက်လာခဲ့ရာ ဆင်သမားများသည် ရွာပြင်ရှိဇရပ်တဆောင်တွင် တည်းခိုလျက်ရှိ ကြ၏။

ကျွန်ုပ်သည် မိမိတိုက်မိထားသော ဆင်သမားကိုသတိရ၍ ဝင်ကြည့်မည်ဟု ဇရပ်သို့လျှောက်လာရာဖော်ပြခဲ့သော ငှက်သမားသည် ကျွန်ုပ်ဘက်သို့ ကျောခိုင်း ကာရပ်လျက် ဇရပ်ပေပေါ်ရှိဆင်သမားအား လှမ်း၍စကားပြောလျက် ရှိ၏။ ဆင်သမားက "ခင်ဗျားတို့ဆင်သမားဆိုပြီး ဒီတချီအညံ့ခံလိုက်လေဗျာ"ဟုပြော လျက်ရှိ၏။ (ဆင်သမားဟူသည်မှာ လူတေလူပေများဖြစ်သည်ဟု နာမည်ရသူ

များဖြစ်သည်။) ကျွန်ုပ်သည်အထက်ပါစကားကိုကြားလိုက်ရ၍ ဆင်သမားမျက်နှာ ပျက်သွားခြင်းကို မြင်လိုက်သည်နှင့် တပြိုင်နက် မြင်းနှင့်တိုက်မိ သောအဖြစ်ကို ပြောခြင်းဖြစ်သည်ဟု ရိပ်မိလေပြီ။ ငှက်သမားသည် တစုံတရာ ပြန်မပြောပဲ မျက်နှာပျက်လျက်ရှိသော ဆင်သမားကိုမြင်သည်နှင့် ၎င်းနောက်သို့ လှည့်ကြည့် လိုက်ရာတွင် ကျွန်ုပ်နှင့်မျက်နှာချင်းဆိုင်လျက်ရှိကြလေ၏။ ကျွန်ုပ်က မျက်နှာထား တမျိုးနှင့်ပြုံးခြင်းကို သူမကြည့်နိုင်ပဲ တောင်ပြောမလို မြောက်ပြောမလို နှင့် ဘာမျှမပြောပဲ ထွက်သွားလေတော့သည်။ ဤတွင်ဆင်သမားကိုကျောင်းသို့ ခေါ်၍ သူ့ကျေနပ်စေရန် ငွေ၅ကျပ် ပေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် ငှက်သမားအား ရေးနည်းအတူ အသုံးချပါသေး၏။ သို့ရာတွင် သူ့ကိုယ်၌က မျက်နှာချင်းမဆိုင်ဝံ့တော့ချေ။ တော်တော်ဆိုးသော အရပ်သားပေတကားဟု မှတ်ချက်ချရဘူးသည်။

## မြစ်ရိုးသားတို့၏ဥာဉ်ဆိုး

ကမ်းနီရွာသို့ ကျွန်ုပ်ရောက်ခါစ အချိန်ကလည်း ကျွန်ုပ်၏ခယ်မပျိုကလေး နှစ်ယောက် အလည်အပတ်လာကြရာ ရွာသားလူငယ်များသည်တရစ်သီသီလုပ်ကြ ၏။ အပျိုရှိသောအိမ်သို့ လူပျိုများ 'ရစ်'ကြခြင်းမှာ ဖိုမတို့၏ ဓမ္မတာဖြစ်သည်ဟု ကျွန်ုပ်နားလည်သည့်အလျောက် မျက်နှာထားတင်းတင်းမထားပဲ ရောက်ခါစလည်း ဖြစ်သည်နှင့် ဖော်ရွေလုမတတ် အမူအရာမျိုးပြခဲ့သည်။ တရက်နှစ်ရက်ကြာသော အခါ လူပျိုများသည် ခယ်မပျိုများအား ပြုံးစိစိနှင့်မျက်နှာချိုသွေးခြင်းမျှလောက်နှင့် အားမရကြတော့ပဲ ကျွန်ုပ်အားပင် နောက်ပြောင်ချင်လာကြသည်။ ကျွန်ုပ်၏ကျောင်း ရှေ့သို့ ရောက်ကြသောအခါများတွင် "ဖဲထီးခိုး ရိုက်စစ်"၊ "ငမ်းတရွှတ်ရွှတ် ပုဖွန်တောင်"၊ "ဘဲဒီးဂွတ်"၊ "ဘဲမဂွတ်"၊ ဝမ်းစမိုး အင်းခွေး"စသော စကားလုံး များကို ကျွန်ုပ်၏ကျောင်းဘက်သို့ကြည့်ကာ တယောက်တလှည့် ရွှတ်ဆိုကြလေ

သည်။ စကားလုံးများသည် ရိုင်းစိုင်းသော စကားလုံးများ မဟုတ်ခြင်းကား မှန်သည်။ သို့ရာတွင် ကျွန်ုပ်၏ အင်္ဂလိပ်စာသင်ကျောင်းကို နောက်ပြောင်ခြင်း ဖြစ်သည့်ပြင် ခယ်မပျိုများလည်းရှိ၍ သူတို့ရွှတ်တွတ်တွတ် မျက်နှာထားကလည်း ထင်ရှားစွာဖော်ပြလျက်ရှိ၏။ ကျွန်ုပ်သည်သူတို့၏မခန့်ညား သော ရည်ရွယ်ချက်ကို နားလည်သော်လည်း မည်သို့မျှမတတ်နိုင်ပဲ သူကြီးကိုညှင်းအား တိုင်လိုက်ရသည်။

သူကြီးကိုယ်တိုင်မှာလည်း ကျွန်ုပ်၏ကျောင်းကို တည်ထောင်သော လူကြီးသုံးယောက် အနက်တွင်တယောက်အပါအဝင်ဖြစ်၍ လူနောက်ကလေးများ အား မောင်းမဲလိုက်သည်နှင့် နောက်ထပ်မပြုဝံ့ကြသည်ကား မှန်ပါသည်။ သို့ရာတွင် ကျွန်ုပ်မှတ်ချက်ချလိုက်သည်မှာကား မြစ်ရိုးတလျှောက်ရှိ ရွာသားများသည် (မြတောင်လည်းပါသည်။) အခြားနယ်မှလူများ လာရောက်နေထိုင်သည့်အခါ အစိုးရ အမှုထမ်းဖြစ်လျှင် ပြားပြားဝပ်ချင်ကြသော်လည်း မင်းမှုထမ်းမဟုတ်ခဲ့လျှင် တနည်းနည်းဖြင့် အကဲစမ်းချင်တတ်ကြသည်။ ၎င်းနယ်တလျှောက်၌ 'မဖြစ်ညစ်ကျယ်' ခေါ်သည့် ရွာသားကလေးများသည် အခြားနယ်များမှာထက် ပေါများလှသည်ဟု ကျွန်ုပ်ဆုံးဖြတ်ချက်ချလိုက်သည်။ ရွှေဘိုနယ်ဘက်၌မူ စွာတာတာလုပ်ချင်သော တနယ်သားကို အကဲစမ်းချင်တတ်ကြသော်လည်း မြစ်ရိုးသား၏ သတ္တိမှာမူ ရိုးရိုးမှန်မှန်နေသော (မင်းမှုထမ်းမဟုတ်သည့်) တနယ်သားကိုလည်း ချမ်းသာမပေးတတ်၊ ကျယ်ကပ်ကပ် လုပ်ချင်တတ်ကြသည်။ ရောက်စကတည်းကပင် ကျွန်ုပ်သည် ဤရွာ၌ သုံးနှစ်ပြည့်အောင်မှ နေနိုင်ပါမည်လောဟု သံသယဖြစ်ခဲ့မိသည်။

## ကမ်းနီရွာမှထွက်ခွာခြင်း

၁၉၂၄ခုနှစ် ဇူလိုင်လတွင် ဧရာဝတီမြစ်ရေသည် အလွန်အမင်းကြီး၍ နှစ်ပေါင်းများစွာ ရေမတက်ခဲ့ဘူးသည့် ကမ်းနီရွာပေါ်သို့ ခါးလောက်ထိအောင် ရေလွှမ်းမိုး၏။ ကျွန်ုပ်၌ လပ်ကီးအပြင် ကိုဝင့်မော်၏မြင်းသားအမိကလည်း ရှိနေရကား ၎င်းတို့အတွက် အစာနှင့်ရေလွတ်အောင် ဖောင်းလုပ်ပေးဖို့မှာ ပြဿနာကြီးတခု ဖြစ်နေတော့၏။ အခြားသော မြင်းရှင်နွားရှင်များသည် "တတ်နိုင်ပါဘူး"ဆိုကာ ရေထဲ၌ပစ်ထားကြသော်လည်း တိရစ္ဆာန်ကိုချစ်တတ်သော ကျွန်ုပ်အဖို့မှာ လပ်ကီးအတွက်သာမဟုတ်၊ မြင်းမသားအမိအတွက်ပါ စိတ်ဒုက္ခရောက်လျက်ရှိ၏။ ဤမျှလောက် ရေကြီးလိမ့်မည်ဟု မည်သူမျှ မထင်သောကြောင့် မြင်းစာသိုလှောင်ခြင်းလည်းမရှိ၊ အိပ်ဖို့နေရာလည်း မပေးနိုင်ချေ။ ဤတွင်ကျွန်ုပ်သည် ထင်းတုံးများရှာ၍ဖောင်ဖွဲ့ပြီးလျှင် မြင်းသုံးကောင်ကို တင်ထားရ၏။ အစာအတွက်မူ ရွာထဲ၌ ရေနစ်၍လဲသော သဘော်ာပင်များကိုရှာ၍ ခုတ်စင်းကျွေးရ၏။ သို့နှင့်လည်းမြင်းသုံးကောင်ဖြစ်၍ ဝအောင်မကျွေးနိုင်ပဲရှိရာတွင် မြင်းများသည် ဝါးဝင်းထရံများကို ကိုက်ဖဲ့၍စားရှာကြသည်။

ကျွန်ုပ်သည် လူငတ်ခြင်းကိုသာမဟုတ်၊ ကိုယ်မွေးထား၍ ကိုယ့်တာဝန်ရှိသော တိရစ္ဆာန်များငတ်မွတ်ခြင်းကိုမြင်ရခြင်းကြောင့်လည်း ရင်ထုမနာဖြစ်တတ်သည်နှင့် 'လက်မြှောက်'ရန် ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။ အထက်တွင် ဖော်ပြခဲ့သည့် မကျေနပ်မှုများအပေါ်တွင် မြင်းသုံးကောင်ကြောင့် ကြုံတွေ့ရသော ဒုက္ခတခု ထပ်ဆင့်လိုက်ရာတွင်မူကား ကျွန်ုပ်သည် ကမ်းနီရွာ၌ ဆက်လက်နေထိုင်ဖို့ကို လုံးဝစွန့်လွှတ်၍ရေကျသည်နှင့် တပြိုင်နက် ဝက်လက်သို့ပြောင်းရန် သန္နိဋ္ဌာန်ချလိုက်ပါတော့သည်။ လပ်ကီးကို ယူသွားရန် မတတ်နိုင်သောကြောင့် မြင်းချစ်တတ်သောသူကြီးတယောက်သို့ ရောင်းလိုက်ရပေရာ ကျွန်ုပ်၏ အသက်တာတွင် အတော်ကြီးအသဲနာလှသော ခွဲခွာမှုကြီး တခုပေတည်း။

ကိုဝင့်မော်၏မြင်းသားအမိကိုမူ ဦးလေးမောင်၏လက်သို့ အပ်ထားခဲ့ရ၏။ ကျွန်ုပ်တို့ဇနီးမောင်နှံသည် တပည့်ကျောင်းသား အချို့နှင့်အတူ သမ္မန်တစင်းဖြင့် ကိုသိန်းဖေနေသော အင်းရွာသို့ သွားရောက်နှုတ်ဆက်ကြပြီးလျှင် ၁၉၂၄ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ကမ်းနီရွာမှ အဆန်သင်္ဘောဖြင့် လိုက်ပါခဲ့ကြလေ၏။

## ကျွန်ုပ်၏အနေအထိုင်

ဝက်လက်နှင့် နှစ်မိုင်ဝေးကွာသည့် မန်ကျည်းတုံရွာသို့ ရောက်ကြသောအခါ ကျွန်ုပ်တို့ဇနီးမောင်နှံနှင့်အတူ ကျွန်ုပ်၏တပည့်ယောက်ဖကလေး အောင်မြလည်း ပါလာ၏။ ဖခင်သည် စာသင်ကျောင်းထောင်၍ ဗုဒ္ဓဘာသာဆိုင်ရာ စာပေများကို ယောကျ်ားကလေးနှင့် မိန်းကလေးများအား သူ၏ဝါသနာအတိုင်း(အခမဲ့) သင်ပြလျက်ရှိရာ ကျွန်ုပ်၏ညီကမူ သားရေစိမ်းကို သားရေနယ်ဖြစ်အောင် လုပ်သောလုပ်ငန်းတခုတည်ထောင်ထား၏။ မိဘများသည် မကြာခဏ အလုပ်အကိုင်ပြောင်းလဲလေ့ရှိသော ကျွန်ုပ်ရောက်လာခြင်းအတွက် အံ့ဩခြင်းမရှိ။ တလည့်တပတ် အတူတကွ နေထိုင်ခွင့်ရကြမည့်အတွက်သာ ဝမ်းသာပုံရကြသည်။ မိဘများ၏အိမ်မှာ ခပ်ငယ်ငယ်ဖြစ်သော်လည်း ဝင်းခြံမှာ ကျယ်ဝန်း၍ ခြံထဲတွင် တဲကလေး သုံးလေးတဲရှိသောကြောင့် နေလောက်ထိုင်လောက်ရှိပါ၏။ ကျွန်ုပ်၏ အားကိုးမှာ ရန်ကုန်မှမဂ္ဂဇင်းနှင့် ဂျာနယ်များအတွက် ဝတ္ထုတိုများရေးခြင်းဖြင့် မိဘများနှင့် ဝိုင်းလုပ်ဝိုင်းစား နေထိုင်ကြရန် ဖြစ်လေသည်။

ထိုစဉ်က သူရိယမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်းနှင့် တိုးတက်ရေးအပြင် ပဲရော့ ဦးဆန်နီအတွက် စာမူများ ရေးသားပေးပို့ခြင်းအားဖြင့် ဝင်ငွေမများလှသော်လည်း တောရွာအလိုက်တော့ စားလောက်သောက်လောက်ရှိပါသည်။ ကျွန်ုပ်၏အကြိုက် တခုမှာလည်း မကြီးပွားချင်နေစေ၊ မိဘများနှင့် အတူနေရပြီး စားလောက်ရုံ ကလေးရှိလျှင် ကျေနပ်နိုင်ပါသည်။ ထိုစဉ်ကမူအလုပ်ကို အထိုက်အလျောက်

သာလုပ်၍ မိဘများနှင့်တရားဆွေးနွေးခြင်း၊ စာပေဗဟုသုတ အတော်ပြည့်စုံ၍ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်ရဲသော ဖခင်ထံမှဗဟုသုတ စုဆောင်းခြင်း စသည်ဖြင့် အများဆုံး အချိန်ဖြုန်းခဲ့ပါသည်။ (ဖခင်သည် သူ့ခေတ်နှင့်သူ ကိုယ်ပိုင်ဉာဏ် သုံးရဲသူတဦးအဖြစ် နာမည်ရခဲ့သော်လည်း နောက်ပိုင်း၌မူ ကိုယ်ပိုင်ဉာဏ်သုံးသည့်နေရာတွင် ပြတ်ပြတ်သတ်သတ် ရဲရဲဝံ့ဝံ့ ရှိပေသည်ဆိုကာ သူ၏သားဖြစ်သော ကျွန်ုပ်အား တဖြည်းဖြည်းလက်မြှောက်ရှာပါ ပေသည်။ သို့ဆိုသော်လည်း ဖခင်နှင့် မြိတ်ကိုယ်တော်ထံမှ ဆက်ခံရရှိသော မျိုးစေ့ဖြစ်ခြင်း ကိုမူကား ကျွန်ုပ်ကျေနပ်စွာဝန်ခံ၍ အခါခပ်သိမ်း ဦးညွှတ်ပါသည်။)

## စမ်းသပ်မှု

ကျွန်ုပ်သည် အသက်၂၅နှစ် အရွယ်လောက်က ဒုတိယအိမ်ထောင်နှင့် ဝက်လက်တွင် မိဘများနှင့်အတူနေ၍ စာရေးဆရာဖြစ်ခါနီး၌ စာအမြောက်အမြား ဖတ်ရှုလျက်ရှိစဉ် သတိပဋ္ဌာန်သုတ္တန်ကျမ်းကို ဖတ်ရှုဘူး၏။ ၎င်းကျမ်း၌ ဗုဒ္ဓက မည်သူမဆို ဤကျမ်းတွင် ငါဟောသည့်အတိုင်း ခုနစ်ရက်မျှ အားထုတ်ငြားအံ့၊ ရဟန္တာသော်လည်းကောင်း၊ အနာဂါမ်သော်လည်းကောင်း ဖြစ်နိုင်သည်ဟု ဝန်ခံထားခြင်းကို တွေ့ရ၏။ ဤတွင် ကျွန်ုပ်အကြံဖြစ်သည်မှာ ဗုဒ္ဓဘာသာဝင်များ သည် မဂ်တရား ဖိုလ်တရားတို့၏ မှန်မြတ်ခြင်းအကြောင်းကို သူရောငါပါ ပြောတတ်ကြသော်လည်း ခုနစ်ရက်မျှလောက်အတွက်ပင် ဤနည်းအတိုင်း စမ်းသပ်အားထုတ်သူ မတွေ့ရသည်မှာ အံ့သြဖို့ကောင်းသည်၊ ငါမူကား တနေ့နေ့ အခွင့်သာသော အခါတွင် ဤနည်းအတိုင်းစမ်းသပ် အားထုတ် ကြည့်မည်၊ ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်နေ၊ မသေမီအတွင်း အနည်းဆုံး တကြိမ်ဖြစ်စေ စမ်းဖြစ်အောင် စမ်းကြည့်မည်ဟူ၍ ဆုံးဖြတ်ခဲ့ဘူးလေသည်။

၁၉၂၅ ခုနှစ်တွင် တညဉ့်သ၌ ကျွန်ုပ်သည် မန်ကျည်းတုံရွာတွင် မိဘများနှင့် ဆွေးနွေးလျက်ရှိစဉ် ၁၉၁၄ ခုနှစ်က ဖြစ်ခဲ့ဘူးသော စိတ်အကြံကို သတိရသည်နှင့် ဤညဉ့်မှာပင် အစပြု၍ ခုနှစ်ရက် အားထုတ်တော့မည်ဟု အဓိဋ္ဌာန်ပြုလိုက်ပါတော့သည်။ ဟုတ်မှန်သည့်အတိုင်း ဖွင့်၍ရေးရလျှင် ကျွန်ုပ်သည် ထိုညဉ့်၌မဂ်ဖိုလ်ကိုလည်းကောင်း၊ နိဗ္ဗာန်ကိုလည်းကောင်း လိုချင်လှသောကြောင့် မဟုတ်၊ (ပြတ်သားစွာစဉ်းစားလေ့ရှိသော ကျွန်ုပ်အဖို့ရာ၌ ဘာမှန်းမသိသော အရာတခုကို လိုချင်သည် ဆိုခြင်းမှာ အဓိပ္ပါယ်မရှိ) ကျွန်ုပ်၏ဆရာမိဘနှင့်တကွ ဗုဒ္ဓဘာသာဝင် အပေါင်းတို့ တပြောတည်း ပြော၍ တဟောတည်းဟောလျက်ရှိကြသော မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား တည်းဟူသော အခြင်းအရာသည် ဘယ်လိုဟာမျိုး ဖြစ်သည်ကို သိစမ်းချင်သည်၊ သိအောင်လုပ်မည်၊ များများ မတတ်နိုင်လျှင် ခုနှစ်ရက်တော့ လုပ်မည်ဆိုသော ရည်ရွယ်ချက်ဖြင့် စတင်အားထုတ်ခဲ့ခြင်းဖြစ်ပါသည်။ အားထုတ်ပုံ အားထုတ်နည်းမှာမူ ဆောင်းပါးများ၌ သာမက ကျမ်းတစောင်တဖွဲ့ပင် ရေးထုတ်ခဲ့ပြီ ဖြစ်သောကြောင့် ဤနေရာတွင် အဖြစ်အပျက် သက်သက်မျှကိုသာ ဖော်ပြပါတော့မည်။

## ကျွန်ုပ်၏ပြောင်းလဲချက်

ကိုယ့်စာရိတ္တ အကြောင်းကို ဖွင့်၍ရေးရလျှင် ကျွန်ုပ်သည် ထိုအချိန်က ရောက်ရှိနေသည့် အသက်၃၅– ၃၆ နှစ်အရွယ်သို့တိုင်အောင် မိမိ၏ လုံ့လဝီရိယကိုလည်းကောင်း၊ သီလကိုလည်းကောင်း၊ အနေအထိုင်ကိုလည်းကောင်း ဘယ်တော့မျှ စိတ်တိုင်းကျခဲ့ဘူးသည်မရှိ၊ ချွတ်ယွင်းချက်များသည် မှိုလိုပေါက်လျက်ရှိ၏။ သူတပါးတို့ကလည်း မြင်ကြ သိကြ၏။ ထို့ကြောင့်လည်း ရွယ်တူချင်းများကသာမက ကိုယ့်ထက် ငယ်သော ကလေးသူငယ်၊ ယောကျာ်း၊ မိန်းကလေးများကပင် ကျွန်ုပ်အပေါ်တွင် ဆရာလုပ်ချင်ကြသည်။ (ထိုအထဲတွင်

ကိုသိန်းဖေမပါချေ။ ကိုသိန်းဖေသည် ကျွန်ုပ်၏ ညံ့ဖျင်းမှုများကိုသိ၏။ အမှန်မှာ သူတပါးထက်သိ၏။ သို့သော် ဆရာမလုပ်ချေ။ ထို့ကြောင့်လည်း ကျွန်ုပ်က ခင်မင်ခြင်း ဖြစ်တန်ရာသည်။) တရား အားထုတ်ပါတော့မည်ဟု အဓိဋ္ဌာန်ပြုသော ညဥ့်မှစ၍မူကား ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အကျေနပ်ဆုံးသော အပိုင်းအခြား တခုဟူ၍ စိတ်ထဲတွင် မှတ်တမ်းတင်မိ၏။ ထိုကာလ၌မည်မျှလောက် ကျေနပ်ဖွယ်ကောင်းသော လူတယောက်ဖြစ်လာပါသနည်းဟူမူ ကျွန်ုပ်၏အပြစ်များကို ညွှန်ပြဖို့ ဦးမလေးသော ကျွန်ုပ်၏မွေးသဖခင်သည် ကျွန်ုပ်အားထုတ်ပုံကို မြင်ရသောအခါ ကျွန်ုပ်ကိုတဖြည်းဖြည်း ရွံ့လာသည်နှင့် "အဖေမို့လို့သာ မင်းနဲ့ ငါနဲ့ ပြောနေရတယ်၊ ဒီလိုပြောရတာတောင် စိတ်ထဲက ရွံ့လာပြီကွယ်"ဟု ဖော်ထုတ်ပြောဆိုဘူးလေသည်။

ထိုရက်အတွင်း ကျွန်ုပ်၏ရင့်ကျက်သော ဣန္ဒြေကိုမြင်ရသော ဖခင်၏ တပည့် တယောက်ကမူ (ကျွန်ုပ်ထက် ဆယ်နှစ်ခန့် ကြီးသော်လည်း) "ကိုဖေသိန်းကိုကြည့်ရတာ ကျွန်တော်ဖြင့် ဒူးထောက်ပြီးရှိခိုးချင်တဲ့စိတ် ခဏခဏ ဖြစ်မိတယ် ဆရာရေ့"ဟု ပြောဘူးလေသည်။ မိခင်မူကား ကျွန်ုပ်ကိုမြင်ရ၍ အားရလှသည်နှင့် တပြုံးပြုံးရှိနေ၏။ ဇနီးမစိုးမူကား လင်တယောက်ဆုံးချေတော့ မည်ဟူသော စိုးရိမ်မှုဖြင့် မျက်နှာညှိုးငယ်လျက်ရှိ၏။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်၏ စူးစိုက်သော သမာဓိနှင့် ရင့်ကျက်တည်ငြိမ်သော ဣန္ဒြေတို့ကြောင့် ဖြစ်ပေလိမ့်မည်။ ငါးရက်မြောက်သော ညဥ့်တွင် ကျွန်ုပ်သည် 'ငါ'ဟူ၍ အထင်မှားကြရအောင် လှည့်စားသောအကြောင်းရင်းကိုတွေ့ရှိ၍ ဝမ်းသာအားရဖြင့် တုန်ယင်စွာ နှိုး၍ ပြောပြလေ၏။

ပီတိတမျိုးပေလော

မိခင်ဖခင်နှင့်တကွ ၎င်းတို့၏ တပည့်ဂိုဏ်းသားအပေါင်းမှာ တုန်လှုပ်ချောက်ချား သွားကြလေပြီ။ မိခင်နှင့်ဖခင်တို့အားလည်း ၎င်းတို့၏ တရားအမြင်မှာ မစင်ကြယ်သေးကြောင်း ပြောပြရာ ဖခင်ကပင် ရှေးဦးစွာ သဘောပေါက်၍ ၎င်းညဥ့်၌ပင် မိခင်နားလည်သွားလေသည်။ ထိုရက်များအတွင်း ၌ ကျွန်ုပ်သည် လောကအကြောင်းကိုလည်း ဂရုမစိုက်၊ လောကီနှင့် ပတ်သက်၍ လည်း ဘာမျှမပြောတော့ပဲ ဆိတ်ဆိတ်နေတော့သည်။ တညဥ့်၌ ဖခင်နှင့် ကျွန်ုပ်သည် ရွာထဲက အလှူတခုသို့ သွားကြရာ မဏ္ဍာပ်ထဲတွင် ဖခင်အတွက် သီးသန့်ခုံရှည်တခု ခင်းထား၏။ ဖခင်မှာ ဓမ္မကထိက တယောက်ဖြစ်၍ သာမှု၊ နာမှုများတွင် တရားဟောလေ့ရှိရာ ထိုညဥ့်တွင်လည်း ဆိုင်းမတီးမီ နာရီဝက်ခန့် တရားဟောဖို့ အစီအစဉ်ရှိ၏။ ဓမ္မကထိကဖြစ်သော ဖခင်အတွက် ခင်းကျင်းထားသည့်ခုံရှည်ပေါ်၌ သားအဖနှစ်ယောက် ထိုင်ကြရာတွင် ကျွန်ုပ်သည် နောက်မီးကို မီးလျက် ပုပုရွရွ ရှိနေသော ပရိသတ်အား လှမ်းကြည့်ယင်း "သူတို့ကား သံသရာ၌ကျင်လည်ကြရ ရှာပေဦးမည်၊ ငါ့အဖို့ကားပြီးပေပြီ"ဟူသော စိတ်အကြံ ဖြစ်ပေါ်လာသည်နှင့် အပြိုင်နက် ကျွန်ုပ်တွင် ထူးခြားသော ခံစားမှုတခု ဖြစ်ပေါ်လာ၏။ ဥပမာ အလွန်မြင့်သော တောင်ကြီးကိုတက်၍ အထွဋ်သို့ ရောက်သောအခါ ဆိုဖာကြီးပေါ်တွင် ထိုင်၍ လေညှင်းခံလိုက်သည့်၌ ခံစားရသည့် အရသာမျိုးနှင့် နှိုင်းယှဉ်ရမည်ထင်သည်။ ဆိုဖာပေါ်တွင် ငြိမ်းချမ်းခြင်းမှတပါး ဘာကိုမျှ သတိမရနိုင်သကဲ့သို့ ကျွန်ုပ်မှာလည်း ၎င်းအခိုက်အတန့်တွင် ငါ၌သံသရာတာဝန်ကြီး ပြီးငြိမ်းပေပြီဆိုကာ ကြီးစွာသော ကျေနပ်ငြိမ်သက်မှုကို ခံစားရဘူးသည်။ (ထိုစဉ်ကမှု ကိုယ့်ဟာကိုယ် အလုံးစုံကိစ္စ ပြီးပြီကဲ့သို့ ထင်မှတ်လျက် ရှိပါသည်။)

## ထူးဆန်းသော အဖြစ်မျိုး

နောက်တနေ့တွင်မူကား ကျွန်ုပ်သည် ငြိမ်းချမ်းသော အရသာကိုခံစားယင်း ကပင် တချက်တချက် လစ်၍လစ်၍သွား၏။ လစ်၍အတန်ကြာတိုင်း ဖခင်က ဖြစ်စေ၊ မစိုးကဖြစ်စေ သတိရအောင် နှိုးလေ့ရှိ၏။ တယောက်ယောက်က နှိုးသဖြင့် သတိရလာသောအခါတွင် ကျွန်ုပ်၏စိတ်ထဲ၌ လွတ်လပ်စွာ လေထဲတွင် နေရာမှ ဖျာလိပ်ခေါင်းထဲသို့ သွတ်သွင်းလိုက်သည့်အလား ကျဉ်းကြပ်ကျပ်တည်း လှသည်ဟု ထင်မိသည်နှင့် ဘာကြောင့် နှိုးချင်ကြသနည်း ဟူ၍ပင် ပြောမိ၏။ ဤတွင် ဖခင်နှင့်ဇနီးတို့မှာ ကျွန်ုပ်သေတော့မည်ထင်၍ မဲ့တဲ့တဲ့ ဖြစ်ကုန်ကြလေ ပြီ။ မိခင်ကမူကား "မသေနိုင်ပါဘူး၊ မပူကြပါနဲ့၊ သေလျှင်ကော ဘာဖြစ်သေးလဲ၊ ကောင်းသော သေခြင်းပဲ"ဟု ဆိုကာ ကြံ့ကြံ့ခိုင်လျက်ရှိပေသည်။ ကျွန်ုပ်အဖို့ရာ တွင်မူကား 'လစ်'ရာမှ သေနိုင်သဖြင့် တကယ်သေသွားသည်ဆိုလျှင် ကျွန်ုပ်ကြိုက် မကြိုက် ဆုံးဖြတ်ရန် မလွယ်ကူပဲ ဖြစ်နေ၏။ လစ်ရခြင်းကို လွတ်လပ်သည်ထင်ရ ၍ သဘောကျမိသော်လည်း ပြန်၍ သတိမရတော့ပဲ တခါတည်း ဝိညာဉ် ချုပ်သွားပါမူ ဟုတ်မှဟုတ်ပါစဟူသော သံသယဝင်လာခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဖခင်နှင့်ဇနီးကို သတိပေးသောဘက်သို့ မဲတင်းကာ မိမိကိုယ်ကို နှိုးကြားအောင်ကြိုးစားပေးပါတော့သည်။ ပတ်ဝန်းကျင်ကိုမသိပဲ လစ်၍နေခြင်း သည် ငြိမ်းချမ်းခြင်းရှိသည်ကားမှန်သည်။ သို့ရာတွင်ဤအဖြစ်နှင့် ပတ်သက်၍ မကျေနပ်ဖွယ်သော အခြင်းအရာတခုမှာ မိမိကအလိုရှိသောအခါမှ လစ်သည် ဆိုလျှင်တော်ပါ၏။ ယခုမူ မိမိ၏လုံ့လပယောဂ မစိုက်ပဲ ခဏခဏလစ်ခြင်း ဖြစ်သောကြောင့် မှုမှန်သော လစ်ခြင်း ဟုတ်ပါလေ၏လောဟု သံသယ ဖြစ်လာသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် သမာဓိ လွန်ကဲခြင်း ဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်နှင့် သမာဓိကို လျော့ချပစ်မည်ဆိုကာ ကျွန်ုပ်တီးနေကျဖြစ်သော စောင်းကို ကောက်၍ တီးလိုက်၏။ စောင်းသံသည် ကျွန်ုပ်၏နားတွင်

အသာယာဆုံးသော အသံဟုမှတ်ထင်နေကျ ဖြစ်သော်လည်း ထိုအခါ၌မူ သမံတလင်းကို ကျောက်ခဲနှင့်ခြစ်သော အသံကဲ့သို့ ကြမ်းတမ်းယုတ် မာ၍ မခံမရပ်နိုင်အောင် ရှိသည်နှင့် စောင်းကိုချက်ချင်း ချထားလိုက်ရသည်။ နောက်ဆုံး၌ အကြံတခုရ၍ အနှိပ်သည်ခေါ်ပြီး 'ဘဝင်'ကို ထောက်ပေးစေသည် တွင်မှ သက်သာရာ ရပါတော့သည်။

## ဇနီးကို ပြန်ပို့ခြင်း

အနှိပ်ခံပြီးသည့်နောက်၌မူ လစ်တော့သည် မရှိပါ။ သို့ရာတွင် တရားနှင့် ပတ်သက်သော စကားမျိုးမှတပါး ဘာမျှမပြောချင်တော့ပဲ တယောက်တည်း ကိုယ့်အာရုံနှင့်ကိုယ် နေချင်ပါတော့သည်။ မစိုးတို့မောင်နှမမူကား မျက်နှာ မသာမယာ ရှိနေရှာကြလေပြီ။ မိမိ၏သားမယား ကြည်ရွှင်ပါမှ နေတတ်သည့် ဝါသနာရှိသော ကျွန်ုပ်သည် သူတို့၏မျက်နှာညှိုးငယ်ခြင်းကို မြင်ရသော်လည်း စိတ်၌ဘာမျှမထိခိုက်၊ ကိုယ်နှင့်ဘာမျှမဆိုင်သကဲ့သို့ ခပ်အေးအေးပင် နေတတ် လာသည်။ ဤသည်တွင် မိခင်ကမစိုးတို့မောင်နှမကို မြတောင်သို့ ခေတ္တ အလည်အပတ် သွားစေလျှင် ကောင်းလိမ့်မည်ဟု အကြံပေးသည်နှင့် ကျွန်ုပ်ကိုယ်တိုင် ၎င်းတို့အားလိုက်ပို့ရန်စီစဉ်ကြသည်။ အစီအစဉ်မှာ မီးရထားနှင့် ကသာရောက်အောင် ကျွန်ုပ်လိုက်ပို့ပြီး ၎င်းတို့အား အစုန်သင်္ဘောဖြင့် မြတောင်သို့ တင်ပေးလိုက်ရန်ဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်နှင့် မစိုးတို့မောင်နှမသည် ဝက်လက်မှမီးရထားနှင့် လိုက်ပါသွားကြရာ ကျွန်ုပ်သည် မီးရထားပေါ်တွင် ခရီးသည်တွေကို ပီပီသသ သဲသဲကွဲကွဲ မမြင်ပဲအိပ်မက်ထဲမှာ ကဲ့သို့ ဝိုးဝါးကြီး ဖြစ်နေ၏။ ၎င်းတို့၏ လှုပ်ရှားမှုများနှင့် စကားသံများသည် ကျွန်ုပ်အဖို့ ဘာမျှအဓိပ္ပာယ်မရှိ၊ အရိပ်များသဖွယ်ထင်ရ၍ ကျွက်စီကျွက်စီမျှသာ ကြားရ၏။ လမ်းတလျှောက်လုံး ဤအတိုင်းပင်ဖြစ်နေ၏။ နံနက်တွင် ကသာသို့ရောက်ကြ၍

ညနေတွင် သူတို့မောင်နှမကို ဗန်းမော်မှလာသော အစုန်သင်္ဘောဖြင့် တင်ပေးလိုက်ရန် ဖြစ်လေသည်။

## ချာန်လျှောသကဲ့သို့ ဖြစ်ရပုံ

ညနေတွင် ကျွန်ုပ်တို့ သုံးယောက်သည် မြစ်ဆိပ်သို့လာကြရာ အစီအစဉ်မှာ သူတို့ကို သင်္ဘောပေါ်သို့တင်ပေး၍ ကျွန်ုပ်ကလည်း ၎င်းညနေထွက်သည့် မီးရထားနှင့် ဝက်လက်သို့ပြန်ရန်ဖြစ်၏။ မီးရထားဘူတာရုံမှာလည်း (ထိုစဉ်က) သင်္ဘောဆိပ်၌ပင် တည်ရှိ၏။ သင်္ဘောဆိုက်လာသောအခါ ကျွန်ုပ်သည် မောင်နှမနှစ်ယောက်အား သင်္ဘောပေါ်သို့တင်ပို့ပေးခဲ့ပြီးနောက် ကျွန်ုပ်အတွက် ဘူတာရုံမှ လက်မှတ်ယူပြီးလျှင် အသင့်ထိုးထားသည့် မီးရထားတွဲပေါ်သို့တက်၏။ မီးရထားနှင့် သင်္ဘောမှာ နီးကပ်စွာ ရှိကြသည်ဖြစ်၍ သူတို့မောင်နှမနှင့် ကျွန်ုပ်သည် ကောင်းစွာ မြင်နိုင်ကြသည်နှင့် တဘက်နှင့်တဘက် လှမ်း၍လက်ပြကာ နှုတ်ဆက်ကြသေး၏။ အတန်ကြာသော် သင်္ဘောမှဥသြမှုတ်၍ မီးရထားလည်း ဝီစီမှုတ်လျက် အချက်ပေးကာ တပြိုင်နက်တည်း ထွက်ကြလေ၏။ သူတို့မောင်နှမနှင့် ကျွန်ုပ်သည်လည်း တဘက်နှင့်တဘက် လှမ်း၍ကြည့်နေကြဆဲ ပင် ရှိနေခိုက် ကျွန်ုပ်၏စိတ်ထဲ၌ 'သူတို့မောင်နှမသည်ငါ့အတွက်ကြောင့် ပြန်သွား ရရှာလေပြီတကား'ဟူသော စိတ်ကူးဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် ရင်ထဲ၌ နင့်ကနဲ ဖြစ်သွားပါတော့သည်။ တဘက်နှင့်တဘက် မျက်စိတဆုံး ကြည့်နေကြ၍ သင်္ဘောသည် ဦးလှည့်လိုက်သဖြင့် ကွယ်သွားသည်တွင်မှ ကျွန်ုပ်သည် နေရာတကျထိုင်လိုက်ပါတော့သည်။ ထိုအခါတွင် ကျွန်ုပ်၌ အကြီးအကျယ်ပြောင်းလဲသွားခြင်း ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ ဝက်လက်မှ လာစဉ်ကမူ မီးရထား ခရီးသည်များကို မထင်မရှား ပိုးဝါးကြီးမြင်ရသည်သို့ ဖော်ပြခဲ့ရာ ယခုမှာမူ တနေရာ၌ ထိုင်ခုံလုနေကြသော ခရီးသည်နှစ်ယောက်ကိုလည်းကောင်း၊

အခြားတနေရာတွင် ညားခါစလင်မယားနှစ်ယောက်နှင့် သဏ္ဍာန်တူ၍ တယောက်နှင့်တယောက် ကြင်နာကြပုံ ရခြင်းကိုလည်းကောင်း ထင်ရှားပီသစွာ အသေးစိတ်မြင်တတ်လျက် ရှိလေပြီ။ 'ငါကား ဈာန်လျှောသော သူကဲ့သို့ရှိချေပြီ တကား'ဟု စဉ်းစားမိသည်နှင့် ပြုံးမိပါသေးသည်။ မန်းကျည်းတုံသို့ ရောက်သောအခါ ကျွန်ုပ်ပြန်လာမည်ကိုအချိန်နှင့်တကွ သိပြီးဖြစ်သော မိခင်သည် အိမ်တံခါးဝမှ စောင့်ကြိုလျက်ရှိ၍ ကျွန်ုပ်၏မျက်နှာထားကိုမြင်သည်နှင့် တပြိုင်နက် "ဟော့ မောင်ဖေသိန်း၊ မင့်မှာ မပါခဲ့ဘူး"ဟု လှမ်းပြောလိုက်ရာ ကျွန်ုပ်က "ဟုတ်တယ်အမေ"ဟု ဝန်ခံလိုက်ရလေသည်။ ကျွန်ုပ်တို့သားအမိကား တယောက်နှင့်တယောက် အတော်ကြီးနားလည်မှုရှိကြသည်။ ဤတွင် ကျွန်ုပ်က သဘော်ာဆိပ်၌ အဖြစ်အပျက်ကို ပြောပြရာ မိခင်လည်း ရယ်မောရှာသည်။

## ရဟန်းပြုဖို့ခွင့်တောင်းခြင်း

ကျွန်ုပ်စဉ်းစားပုံမှာကား တရားအားထုတ်ခြင်းအားဖြင့် မိမိ၌ 'ငါ'တည်းဟူသော 'အလိမ်'တခုပြေ၍ ငါမရှိသကဲ့သို့ ကျင့်ကြံပြုမူလျက်ရှိခဲ့ရာမှ သဘော်ာဆိပ်၌ 'ငါ့အတွက်ကြောင့်'ဟူသော စိတ်အကြံတခုဖြစ်ပေါ်လာရာတွင် ၎င်းအကြံနှင့် လျော်ညီစွာ စိတ်၌ထိခိုက်မှုပေါ်လာခြင်း ဖြစ်တန်ရာသည်။ သို့ဆိုလျှင် မိမိ၌တရားကိစ္စ ပြီးဆုံးသေးသည်မဟုတ်သေး၊ အားထုတ်ရန်ကျန်သေးသည်ဟု ဆုံးဖြတ်ချက်ချလိုက်ရာ မိခင်လည်းသဘောတူသည်။ သို့ဖြစ်၍ သားအမိနှစ်ယောက် ဆက်လက်အားထုတ်ကြရာ မိခင်မှာ ချက်ပြုတ်မှုကို ပြန်မကြည့်ချင်သောအခြေသို့ ရောက်သွား၏။ ဤတွင်ချက်ပြုတ်မှုအလုပ်သည် ကျွန်ုပ်အပေါ်သို့ကျရောက်လာသည်နှင့် ၁၀ ရက်ခန့်အကြာတွင် မစိုးကို ပြန်၍ မှာယူ ရသည်။ ထိုအခါ ကျွန်ုပ်မှာ အားထုတ်ဖို့အချိန်ရပြန်သည်နှင့် တဖန်ကြိုးစားပြန်၏။ သို့ရာတွင် ဗဟုကိစ္စများသော လူ့အဝတ်ဖြင့် မကျေနပ်နိုင်တော့ပဲ

သက်န်းဝတ်ပြီး အားထုတ်ချင်၏။ မစိုးထံအခွင့်တောင်းသော်လည်း ခွင့်မရပဲ ဖြစ်နေ၏။ ဘုန်းတော်ကြီးများကမူ မိဘထံမှ ခွင့်ပန်ရမည်ဟု ဆိုသောကြောင့် မယားနှင့် မဆိုင်သကဲ့သို့ ဆုံးဖြတ်ကြ၏။ သို့သော်ကျွန်ုပ်ကမူ လုပ်ကိုင်ကျွေး ပါမည်ဟု တာဝန်ခံ၍ယူခဲ့သော မယားဟူ၍ နားလည်သောကြောင့် ဇနီးသဘော မတူပဲ အဝတ်လဲရန် စိတ်မကောင်းနိုင်ပဲဖြစ်နေ၏။ အတင်းရဟန်းပြုလျှင် မတရား ဟု ကျွန်ုပ်ယူဆသည်။ နောက်ဆုံး၌ မစိုးနှင့်အတူ မြတောင်သို့လိုက်သွားပြီးမှ အခွင့်တောင်းဖို့ မိခင်က အကြံပေးသည်နှင့် လိုက်သွားပြန်၏။ မြတောင်သို့ ရောက်၍ မစိုးအပေါ်၌ ဩဇာရှိသော အရီးတယောက် (သူ့အဖေ၏နမ)အား ကျွန်ုပ်က ပြောပြရာ အရီးက မစိုးအား "ကောင်းတဲ့အလုပ်လုပ်မှာကို ညည်းက တားဆီးယင် ညည်းတော့ အဝီစိကျလိမ့်မယ်"ဟု ပြောသည်တွင်မှ ခွင့်ပြုပါတော့ သည်။ ခွင့်ရသည်ဆိုလျှင်ပင် ကျွန်ုပ်လက်ပန်းပေါက်ခတ်လိုက်ချင်ပါတော့သည်။

ခွင့်ရသည်နှင့် တပြိုင်နက် ကျွန်ုပ်သည် ရဟန်းဒကာရှာရာ ကျွန်ုပ်၏ အင်္ဂလိပ်စာသင်ကျောင်းတည်ပေးသည့် လူကြီးများဖြစ်သော သူကြီးကိုညှင်းနှင့် သစ်ကုန်သည်ကြီး ဦးစုတို့က ဒကာခံကြသည်။ (ဦးမောင်မူကား ကသာသို့ ပြောင်းရွှေ့သွားလေပြီ။) ကျွန်ုပ်က မြတောင်သို့ပြန်၍ ပြောချေပါရစေဦးဟု ပြော သော်လည်း ရဟန်းဒကာ နှစ်ယောက်တို့က "ခွင့်ရပြီးမဟုတ်လား၊ ပြန်ပြောမနေ ပါနဲ့တော့၊ မျက်နှာကိုမြင်တော့ တမျိုးဖြစ်ပြီး စိတ်ပြောင်းလဲသွားမှာကို စိုးရပါတယ်၊ နက်ဖြန်ပဲ ပဉ္စင်းခံလိုက်ကြပါစို့"ဟု ပြောကြသည်နှင့် ကျွန်ုပ် သဘောတူလိုက်လေ၏။

## ရဟန်းပြုခြင်း

၁၂၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်နေ့တွင် ကျွန်ုပ်သည် ကမ်းနီရွာ၌ ရဟန်းပြုပါသည်။ သိမ်ထဲ၌ရဟန်းပရိသတ်နှင့်တကွ ကမ္မဝါညှပ်၍ ရဟန်းပြုရာ

တွင် ဤကိစ္စနှင့်ပတ်သက်၍ ဂေါတမဗုဒ္ဓစီစဉ်ထားတော်မူခဲ့သည့် အခမ်းအနားမှာ အဟုတ်တကယ် ကြီးကျယ်ခန့်ညားလှ၍ အသည်းနှလုံး တုန်လှုပ်ဖွယ် ကောင်းပေရကား ကျွန်ုပ်မှာ အလွန်ဖြစ်ချင်လှသည့် ရဟန်းအဖြစ်သို့ ရောက်ရခြင်း ကြောင့် ဝမ်းမြောက်ဝမ်းသာရှိသည့်အထဲ၌ပင် မတုန်လှုပ်ပဲ မနေနိုင်အောင်ရှိနေ၏။

ဤမျှလောက်ကြီးကျယ်သော ဥပသမ္ပဒကံဆောင်ခြင်းကိစ္စကြီးကို ၇ရက်၊ ၁၀ ရက်စသည်ဖြင့် ပေါ့ပေါ့ဆဆ သဘောထားကြသည်ကို လက္ခဏာနှင့် ခေတ္တခဏဒုလ္လဘရဟန်းပြုကြသည့် လူများသည် ဘယ်ကဲ့သို့များ သဘောထား ကြသည်ကို ကျွန်ုပ်နားမလည်နိုင်အောင်ရှိတော့သည်။ ထိုအချိန်မှစ၍ ဗုဒ္ဓ ကိုယ်တော်မြတ်သည် 'ဒုလ္လဘရဟန်း'ဟူသော အလုပ်မျိုးကို မည်သည့်နည်းနှင့်မျှ ခွင့်ပြုတော်မူလိမ့်မည်မဟုတ် ဟူ၍စိတ်ထဲ၌ စွဲစွဲမြဲမြဲကြီး ယုံကြည်လာခဲ့သည်။ ထို့ကြောင့်လည်း 'ဖျက်ကယ် ဖျက်ကယ်'အခိပ္ပာယ်ရောက် သော ဒုလ္လဘ ရဟန်းပြုခြင်းအလုပ်ကို မလုပ်ထိုက်ကြောင်းနှင့် အပြင်းအထန်ကန့် ကွက်သည့် ဆောင်းများ ရေးခဲ့ဘူးသည်။ ထိုအချိန်မှစ၍ "လုံနှမတန်းလန်းနှင့် ဥုဖွမန်းသလို ဒုလ္လဘရဟန်း"ပြုကြသူများအား ကျွန်ုပ်ကိုယ်တိုင် ဖူးမြော်ကန်တော့ ခြင်းပြုရန် ခဲယဉ်းကြောင်းဝန်ခံပါသည်။ ကျွန်ုပ်သည် ရဟန်းပြုခြင်းအတွက် ထိုနေ့က ဘယ်မျှလောက် ဝမ်းမြောက်ပါသနည်းဟူမူ သိမ်မှထွက်လာ၍ ရွာသူများ ခင်းကျင်းထားသည့် တဘက်များပေါ်၌ လမ်းလျှောက်လာသည့်အခါ ခြေထောက် နှင့် ထိခြင်းကိုပင် မသိပဲ ရှိပါတော့သည်။

ရဟန်းဒကာ သူကြီးကိုညင်းသည် ကျွန်ုပ်၏အဝတ်အစားများကို မြတောင် ရွာသို့သွား၍ မစိုးအားပေးအပ်ရာတွင် မစိုးကသကာ်န်းကို ဆွဲချွတ်လာမည် ဟုပြောလိုက်သည်ဆိုသောကြောင့် ဘယ်များထွက်ပြေးရပါမည် နည်းဟု ထိတ်လန့်မိသည်။ သို့သော်တခေါက်ပြန်၍ မပြောကောင်းလေလောဟု ဒေါသ ဖြစ်၍ပြောလိုက်ခြင်းဖြစ်တန်ကောင်းပါ၏ဟု တွေးဆမိရာ ထိုအတိုင်း မှန်ကန် သဖြင့် တော်ပါသေးသည်။

## တစ္ဆေကြောက်သေးသလော

ရဟန်းပြုပြီးသည့်နောက် ကျွန်ုပ်သည် ရွာ၌ရှိသော ဘုန်းကြီးကျောင်း၌ သီတင်းမသုံးပဲ ရွာပြင်၌ရှိသော အုတ်ဇရပ်ကြီးတွင် တပါးတည်းနေ၏။ အကြောင်းတခုမှာ ရွာဘုန်းကြီးသည် တရားဝါသနာပါသော ပုဂ္ဂိုလ်မျိုးမဟုတ်ပဲ သူလိုငါလို (ဗဟုကိစ္စ၌ မွေ့လျော်သော) ဘုန်းကြီးတပါးဖြစ်၍ ကျွန်ုပ်နှင့် ပုဂ္ဂလသပ္ပါယ ဖြစ်လိမ့်မည် မထင်သောကြောင့်ဖြစ်၏။ (ယခုအခါ၌မူ ၎င်းဘုန်းတော်ကြီးမှာ လူထွက်ပြီး၍ သားပျိုသမီးပျိုကြီးများနှင့် ဖြစ်နေလေပြီ။) ကိုသိန်းဖေတို့နှင့် လင့်စင်စောင့်စဉ်က ကျွန်ုပ်တစ္ဆေကြောက်တတ်သေးသည်ဟု ရေးခဲ့ဘူးရာ တစ္ဆေကြောက်တတ်ခြင်း ပျောက်သွားပုံကို ဤနေရာ၌ ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည်အုတ်ဇရပ်ကြီးပေါ်တွင် တပါးတည်း ကျိန်းလျက်ရှိစဉ် ပထမညဥ့်၌ ဆင်းတုတော်အနီးတွင် စုပုံထားသည့် ဖယောင်းတိုင်ထုပ်များသည် ပလ္လင်ပေါ်မှ ဖြုန်းကနဲကျသွား၍ ထုံးစံအတိုင်း ရင်ထဲ၌ ဒိတ်ကနဲဖြစ်သွား၏။ ဤတွင် ဖယောင်းတိုင်ထွန်း၍ ထကြည့်ရာ ရှဥ့်တကောင်ဆင်း ပြေးသည်ကို မြင်လိုက်ရသဖြင့် စိတ်အေးသွား၏။ သို့ရာတွင် ကျွန်ုပ်စဉ်းစားမိသည် မှာကား ငါသည် ဤဇရပ်ထဲ၌ ကြာရှည်စွာနေမည်ဖြစ်၍ ဤမျှလောက်ထိတ်လန့် လွယ်သည်ဆိုလျှင် အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ ဘာ့ကြောင့် ထိတ်လန့်ရသနည်းဟု မိမိကိုယ်ကို မေးမြန်းသောအခါ တစ္ဆေကြောက်တတ်သော ကြောင့် ဟူသော အဖြေထွက်လာ၏။ ဤတွင် မိမိကိုယ်ကို ဆုံးမသည်မှာ "ဒီလိုဆိုလျှင် ဘယ်ဖြစ်မလဲ ဗုဒ္ဓဃောသ၊ (ကျွန်ုပ်၏ဘွဲ့ဖြစ်သည်။) မင့်ကိုယ်မင်း 'ငါ' မရှိဘူး လို့တောင် သိထားတယ်ဆိုပြီး တစ္ဆေချောက်မှာလောက်ကို ကြောက်ရသလား၊ တစ္ဆေရှိလို့ ချောက်ပါပြီတဲ့၊ မင့်ကိုသူက ဘာတတ်နိုင်သလဲ၊ မတော်တရော် အဆင်းသဏ္ဌာန်လုပ်ပြီး ပြရုံပြနိုင်မှာပေါ့၊ မင်းလိုလူကို လည်ကုတ်ချိုးပြီး မစားနိုင်ပါဘူး၊ ကြောက်စရာ အဆင်းသဏ္ဌာန်လုပ်ပြေပေမယ့် မင်းကကြောက်မှဖြစ်တာပဲ၊ အဆင်းကလေးပြရုံနဲ့

မင်းကဘာကြောင့် ကြောက်ရမှာလဲ၊ မင်းစိတ်က ဒီလောက်ပဲနုသလား” စသည် များဖြင့် မေးခွန်းများထုတ်ရာတွင် အဆင်းသဏ္ဍာန်ပြရုံမျှလောက်ကိုတော့ ခံနိုင် ပါသည်ဟူသော အဖြေထွက်လာ၏။ ထို့နောက် ကျွန်ုပ်သည် ကြောက်မက်ဖွယ် သော ပုံသဏ္ဍာန်အမျိုးမျိုးစိတ်ကူးလျက် ကျွန်ုပ်၏ရှေ့၌ချောက်နေသည့်နယ် ဖန်ဆင်းကြည့်ရာ မတုန်လှုပ်ခြင်းကိုတွေ့ရ၏။ ယခင်ကမူ ကြောက်စရာသဏ္ဍာန် များကို ဤသို့သော နေရာမျိုးတွင် ညဥ့်အချိန်၌ စိတ်မကူးဝံ့ပါ။ ကျွန်ုပ် အထူးတလည် သဘောပေါက်သွားသည်မှာ အဆင်းသဏ္ဍာန် သက်သက်သည် ကိုယ့်ကို နာကျင်အောင် လုပ်နိုင်သည်မဟုတ်၊ ချောက်ရုံသာ တတ်နိုင်သည်၊ နာကျင်အောင် မတတ်နိုင်ပဲလျက်နှင့် အဘယ့်ကြောင့် ကြောက်ရမည်နည်း။ ကျားကို ကြောက်ခြင်းမျိုးကားအဓိပ္ပာယ်ရှိသည်။ တစ္ဆေကြောက်သည်ဆိုခြင်း မျိုးကား အဓိပ္ပာယ်မရှိခြင်းကို ငါကဲ့သို့ ရင့်ကျက်သူ တယောက်သည် နားမလည်နိုင်သလော စသည်ဖြင့် ကောင်းကောင်းကြီး သဘောပေါက်သွားခြင်း ဖြစ်လေသည်။ ထိုနေ့မှစ၍ ကျွန်ုပ်၌ တစ္ဆေကြောက်သည် ဟူသော အမှတ်သည် မရှိတော့ချေ။

## ရှုတင်ဆောင်လိုသောအကြံ

ရှေ့သို့တဆင့်တက်ဖို့ စိတ်ကူးသေး၏။ ရဟန်းပြုစဉ်ကမူ ကိစ္စပြီးသည် အထိ အားထုတ်ရန် ဟူသောအကြံဖြင့်ပြုခဲ့၏။ ဝတ်ပြီးသည့်နောက်၌ကား မိမိသိသမျှ တရားကို ရွာသားများအား ဟောပြောချင်သောဆန္ဒဖြစ်ပေါ်လာ၏။ ကျွန်ုပ်ဟောမည့် တရားကား အခြားသော ဘုန်းကြီးများဟောသည့် တရားမျိုး မဟုတ်၊ ငါပြုတ်ဖို့တရားဖြစ်၍ ထူးဆန်းသည်။ ထူးဆန်းသော တရားကိုဟောလျှင် ဟောပြောသူအပေါ်၌ ယုံကြည်မှု(သဒ္ဓါ)ရှိမှဖြစ်မည်၊ ရွာသားများက “တို့ရွာက အင်္ဂလိပ်ကျောင်းဆရာပဲ၊ တနေ့က ပြောင်းသွားပြီး အခုပြန်လာတာပဲ”ဟုဆိုကာ

အထင်သေးကြမည်ဖြစ်၍ ကျွန်ုပ်၏တရား စွဲဖို့ခဲယဉ်းလိမ့်မည်။ သို့ဆိုလျှင် ၎င်းတို့သဒ္ဓါထက်အောင် မည်ကဲ့သို့ လုပ်ရမည်နည်း စသည်ဖြင့် စဉ်းစား၏။ အကြံတခုပေါက်သည်ကား ဒကာ ဒကာမများသည် ဓုတင်ဆောင်ပုဂ္ဂိုလ်များကို ကြည်ညိုတတ်ကြသည်။ ငါကိုယ်တိုင် ဓုတင်တေရသကိုဆောင်လျှင် သဒ္ဓါ တိုးတက်ကြ၍ ငါ့တရားကို ယုံကြည်စွာ နာကြလိမ့်မည်ဟု အကြံဖြစ်၏။ ဤတွင်ကျွန်ုပ်သည် ရဟန်းဒကာ ဦးစုနှင့်ကိုညွှန်းတို့အား တိုင်ပင်၍ ရှေးဦးစွာ သုသာန်ဓုတင်ဆောင်ပြီး သင်းချိုင်း၌ နေမည်ဖြစ်သောကြောင့် တဲကလေး ငယ်ငယ်တခု ဆောက်ပေးဖို့ပြော၏။ ကိုညွှန်းက သဘောကျပုံရသော်လည်း လူကြီးဖြစ်သော ဦးစုက ခပ်ပြုံးပြုံးမျက်နှာ ထားနှင့် "စစချင်း သိပ်မလုပ်ပါနဲ့အုံး ဦးပဉ္စင်း၊ ဖြေးဖြေးလုပ်ပါ"ဟုလျှောက်၏။ သူ၏မျက်နှာထားကို ကျွန်ုပ်အဓိပ္ပာယ် ကောက်ပုံမှာ "သောက်သောက်စားစား နေလာခဲ့ပြီး အခုမှ သိပ်အစွမ်းပြ ချင်သကိုး"ဟု ကျွန်ုပ်နားလည်သည်။ ကိုယ့်ကိုယ်ကို စစ်လိုက်သော် အစွမ်းပြ ချင်သောရည်ရွယ်ချက်လည်း အထိုက်အလျောက် ပါရှိပုံရသည်။ ဤတွင်မူကား ကျွန်ုပ်သည် ကိုယ့်ဟာကိုယ် ရှက်တတ်တတ်ဖြစ်လာသည်နှင့် ဓုတင်ဆောင်ခြင်း နှင့်တကွ ဓမ္မကထိကဖြစ်ဖို့ အကြံအစည်ကိုပါ လက်လျှော့လိုက်ပါတော့သည်။

## ပြောင်းရွှေ့ဖို့ကြိုးစားခြင်း

ကျောင်းထိုင်ဘုန်းကြီးသည် ကျွန်ုပ်၏အနေအထိုင် သိပ်သည်းလွန်းခြင်း အတွက် အနေရခက်လာပုံရ၏။ ကိုယ်တော်ကြီးကား ကျောင်းသားနှင့် သမ္မန်စပ် ခြင်းစသော လက်သမားအလုပ်မျိုး၌ ဝါသနာပါလေရာ ကျွန်ုပ်ကအကူအညီ လည်းမပေး၊ ခပ်အေးအေးနေခြင်းအတွက် အနေခက်ဟန်ရှိ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ကမ်းနီကျောင်းတွင် မနေလိုတော့သည်နှင့် ဝက်လက်မြို့ ဘုန်းကြီး ကျောင်းတကျောင်း၌နေရန် မိဘများရှိသော မန်ကျည်းတုံရွာသို့ လာခဲ့လေ၏။

ဆွေမျိုးများအနက် မိခင်နှင့်ငင်း၏ တပည့်များသည် ကျွန်ုပ်၏သက်န်းဝတ်ခြင်း အတွက် နှစ်သက်ဝမ်းမြောက်ကြ၍ ဖခင်နှင့်ငင်း၏တပည့် များကား ကျွန်ုပ် အရာရှိတယောက် ဖြစ်လာခြင်းမျိုးကဲ့သို့ ဝမ်းသာအားရရှိကြပုံမရချေ။ ဤကား ကိစ္စမရှိ။ ဝက်လက်ဘုန်းကြီးကျောင်း၌ ကျွန်ုပ်နေခွင့်ရဖို့အတွက် အခက်အခဲ တွေ့ခြင်းကား ကိစ္စရှိ၏။ ဖခင်သည် ကျွန်ုပ်အတွက် နေခွင့်ရဖို့ ဘုန်းတော်ကြီးထံ သွားရောက်လျှောက်ထားရာ နေရာမရှိဟု ပြောလိုက်၏။ ဖြစ်ဟန်လက္ခဏာ ရှိသည်မှာ ဘုန်းတော်ကြီးသည် ကျွန်ုပ်၏အားထုတ်ပုံများအကြောင်းကို သတင်း ကြားရ၍ ကမ်းနီဘုန်းတော်ကြီးကဲ့သို့ပင် သူ့အတွက်အနေခက်မည်ကို မြင်သည် နှင့် ငြင်းပယ်လိုက်ခြင်း ဖြစ်ဟန်ရှိ သည်။ ဖြစ်တတ်သော သဘာဝတခုမှာ ပဋိပတ္တိဘက်၌ အလေးပေးသော ဦးပဥ္စင်းကလေးများအား ပရိယတ္တိသက်သက် ဘုန်းတော်ကြီးများက လိုလားကြ ဟန်မရှိချေ။ အားလုံးမဟုတ်သော်လည်း အများအားဖြင့် ဤအတိုင်းပင် ကြားရကြုံ ရဘူးသည်။ နောက်ဆုံး၌ ကျွန်ုပ်သည် မန်ကျည်းတုံဘုန်းကြီးကျောင်းကိုလည်း မကြိုက်။ မန္တလေးဘုန်းကြီးကျောင်းများ၌ လည်း ဟန်မည်မထင်သောကြောင့် ကမ်းနီသို့ပင်ပြန်ရန် ဆုံးဖြတ်လိုက်လေသည်။

## ချီးမွမ်းခံရခြင်း

အချို့လူများက ဂုဏ်ဖော်လိုသည်ဟု ထင်ချင်လည်းထင်ကြစေ။ ကျွန်ုပ်၏ ရဟန်းအဖြစ် အနေအထိုင်နှင့်ပတ်သက်၍ ကျေနပ်မိသော အခြင်းအရာတခုကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ကမ်းနီကျောင်းသို့ မပြန်မီမန္တလေးမြို့၌ရှိသော နှမထံသို့ ဖခင်နှင့်အတူသွား၍ နှုတ်ဆက်ကြ၏။ ရှမ်းစုဘူတာမှဆင်း၍ ဘုရားကြီးတိုက်ကျောင်းတကျောင်းတွင် ဖခင်နှင့်အကျွမ်းဝင်သည့် ဆရာတော်ကြီး တပါးရှိသည်နှင့် ဝင်ရောက်ဖူးမြော်ကန်တော့ကြရာ ဆရာတော်ကြီးသည် ကျွန်ုပ်ကို မြင်လျှင်မြင်ချင်း စိတ်ဝင်စားသောအမူအရာနှင့် စိုက်၍ကြည့်နေ၏။ ဖခင်သည်

မကြာသေးမီကမှ ဝတ်သော ရဟန်းဖြစ်၍ သူ၏သားဖြစ်ကြောင်း လျှောက်ထားသောအခါ ဆရာတော်ကြီးသည် ကျွန်ုပ်အားကြည့်လိုက်၊ ဖခင်အားကြည့်လိုက်နှင့် အလွန်အံ့ဩသောမျက်နှာထားရှိ၏။ နောက်ဆုံး၌ ဆရာတော်ကြီးက "ကျုပ်က သိပ်ပြီး အနေအထိုင်သိပ်သည်းတဲ့ ရဟန်းကလေးပါတကားလို့ စိတ်ထဲက ချီးကျူးမိတယ်၊ ခုတော့ ငယ်ဖြူတောင် မဟုတ်ပါပဲကလား၊ တော်ပေ့ဗျာ၊ တော်ပေ့"ဟု မိန့်တော်မူလေသည်။

ယခင်က ကျွန်ုပ်ရန်ကုန်သို့ ရောက်ပြီးနောက် သုံးနှစ်ခန့်ကြာသောအခါ ရန်ကုန်သားစစ်စစ်တယောက်က ကျွန်ုပ်ကိုကြည့်လျက် "အခုတော့ခင်ဗျား ရောက်စကနဲ့ မတူတော့ဘူး၊ ရန်ကုန်ဂိုက်ဆိုက် ဖြစ်လာပြီဗျို့"ဟု ပြောသဖြင့် ကျေနပ်ခဲ့ဘူးရာ ထိုစဉ်က ကျေနပ်မှုထက်ပင် ဆရာတော်ကြီး၏ စကားအတွက် ကျွန်ုပ်ပို၍ကျေနပ်မိပါသည်။ ထို့နောက်တွင် အခြားသောရဟန်းများကလည်း အလားတူစကားမျိုးပြောခြင်းကို အကြိမ်ကြိမ်ကြုံရဘူးပါသည်။ ဟုတ်လည်းဟုတ်သင့်သည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ယနေ့အဖို့ရာတွင် ထိုစဉ်ကထက် အသက်နှစ်ဆမျှ ကြီးလာပြီဖြစ်သော်လည်း ကျွန်ုပ်၏စိတ်ထဲ၌ ထိုစဉ်ကလောက် သိက္ခာမရှိခြင်းကို ကိုယ့်ဟာကိုယ်သိ၏။ အသိဉာဏ်ကား တိုးတက်ပါ၏။ သို့ရာတွင် ရဟန်းဘဝမှာကဲ့သို့ သိက္ခာရှိသည်မထင်ပေ။ ထိုစဉ်ကမူ ကျွန်ုပ်၏စိတ်ထဲ၌ ငါသည် သာမန်ရဟန်းမဟုတ်။ တနေ့တွင် အာသဝေါကုန်ခန်းသည့် ရဟန္တာဖြစ်ရမည့် ပုဂ္ဂိုလ်ပေတည်းဟု အမြဲလိုပင် အထင်ရောက်လျက်ရှိသည်နှင့် ရင့်ကျက်သော ဣန္ဒြေနှင့်ပြည့်စုံခဲ့ဟန်ရှိသည်။ ထိုအထင်သည် ယခုလည်း ကျန်ရှိသေးသော်လည်း ရဟန်းဘဝမှာတုန်းကကဲ့သို့ တထစ်ချယူဆခြင်း မဟုတ်တော့ပေ။ တနေ့တွင် ရဟန္တာဖြစ်မည်ဟု ထင်လျက်ရှိသည် ဆိုသော်လည်း အလကားနေယင်း ဖြစ်လိမ့်မည် ထင်ခြင်းမဟုတ်၊ အားထုတ်ခြင်းဖြင့် ဖြစ်ရမည်ထင်ခြင်း ဖြစ်လေသည်။

## တောကျောင်းသို့ပြောင်းရွှေ့ခြင်း

မန္တလေး၌ နှစ်၊ ထို့နောက် မန်ကျည်းတုံ၌ နှစ်ညနေပြီးနောက် ကမ်းနီရွာသို့ ပြန်ရောက်သောအခါ ကျွန်ုပ်မှာ မူလကြံရွယ်သည့်အတိုင်း ကိုယ့်အဖို့ ကိစ္စပြီးပြတ်အောင် အားထုတ်ရမည့်အစား သူတပါးအားဟောပြောချင်သော စိတ်ကူးများဖြစ်ပေါ်လျက် ရှိသောကြောင့် ထင်သလောက် ခရီးမရောက်ပဲ နှောင့်နှေးလျက်ရှိ၏။ ထိုအချိန်တွင် သူရိယသတင်းစာတိုက်သို့ (ဓမ္မ)ဆောင်းပါးများ ရေးပို့၍ မန္တလေးမြို့မစိုးရိမ်တိုက် ဦးဉာဏထံသို့လည်း တိုင်ပင်စာများရေး၏၊ ဦးဉာဏသည် ကျွန်ုပ်၏သဘောပေါက်ပုံကို ကျေနပ်သော်လည်း သူကိုယ်တိုင်မှာ ကျန်းမာရေး မညီညွတ်သောကြောင့် ကျွန်ုပ်နှင့် တွေ့ဆုံနှီးနှောရန် ထိုအခိုက်တွင်မဖြစ်နိုင်သေးကြောင်းနှင့် စာပြန်လာ၏။ (သို့သော် နောင်အခါ ကာလများ၌ ဦးဉာဏဆရာတော်က လမ်းညွှန်လိုက်ပါသည် ဆိုသော ပုဂ္ဂိုလ်နှစ်ယောက် သုံးယောက်ရောက်လာကြသည်။) ဤအတောအတွင်း ၌ ကျွန်ုပ်အင်္ဂလိပ်ကျောင်း နေစဉ်က အိမ်နီးနားချင်းဖြစ်ဘူးသော လူတယောက်သည် ကျွန်ုပ်ထံသို့လာ၍ ထီးချိုင့်ဘက်တောကျောင်းတွင် ဆရာတော်ကြီးတပါး (ဦးဝိသုဒ္ဓ)၏ အနေအထိုင်အကြောင်းနှင့် ကျွန်ုပ်နှင့်အဆင်ပြေ လိမ့်မည်ထင်ကြောင်း ပြောရာတွင် ကျွန်ုပ်ပြောင်းရွှေ့ဖို့ဆုံးဖြတ်လိုက်တော့၏။ နောက်တနေ့တွင် ကျွန်ုပ်သည် ကမ်းနီကျောင်းမှ ထီးချိုင့်တောကျောင်းသို့ ပြောင်းရွှေ့သွားကာ ထီးချိုင့်မြို့ပေါ်မှ ဒကာကြီးတယောက်က လိုက်၍ပို့၏။ ကျွန်ုပ်ရဟန်းပြုကတည်းက အတူနေသော ယောက်ဖကလေး အောင်မြလည်း တောကျောင်းသို့ပါလာ၏။ ကျွန်ုပ်တို့သုံးယောက်သည် ထီးချိုင့်မြို့နှင့် တစ်မိုင်ခန့် ဝေးသောတောကျောင်းသို့ရောက်၍ ကျောင်းဝင်းထဲသို့ဝင်သွားကြရာတွင် ကျွန်ုပ်၏စိတ်ကိုချက်ချင်း နှစ်သိမ့်စေသော အခြင်းအရာသည်ကား ကျောင်း၏တိတ်ဆိတ်ခြင်းပင်ဖြစ်၏။ အုတ်တံတိုင်းလေးဘက်ကာ၍ သစ်ပင်ကြီးများ အလွန်ထူထပ်သဖြင့် အရိပ်အာဝါသ ကောင်းလှသော

ကျောင်းဝင်းကြီးအတွင်း အုတ်ကျောင်း၊ သစ်သားကျောင်း စသည်ဖြင့် ရှစ်ကျောင်း ခန့်ရှိပေရာ အလယ်၌ကား အုတ်ကျောင်းတကျောင်းရှိ၏။ အလယ်၌ရှိသော အုတ်ကျောင်းမှ တပါး အခြားကျောင်းများမှာ ရဟန်းများ သီတင်းသုံးသည့် လက္ခဏာမရှိ။ ရဟန်းတို့၏ အသုံးအဆောင်တခုမျှပင် မမြင်ရချေ။ တဝင်းလုံး၌ ကျောင်းသားမရှိ ကိုရင်မရှိ ဦးပဥ္စင်းမရှိ။ အခြားကျောင်းများ၏ ထုံးစံအတိုင်း ခွေးကြောင်စသည့် အရိပ်နိမိတ်လည်းမမြင်ရချေ။ ကျွန်ုပ်သည် ၎င်းအခြေအနေကို မြင်လျှင်မြင်ချင်း သဘောကျလျက်ရှိလေပြီ။

## အပြန်အလှန် အကဲခတ်ခြင်း

အလယ်၌ရှိသော အုတ်ကျောင်းထဲသို့ ဝင်သွားကြသောအခါ ခန်းမဆောင်ကြီးထဲတွင် တပါးတည်းစာကြည့်လျက်ရှိသော ဆရာတော်ဦးဝိသုဒ္ဓနှင့် တွေ့၍ ဝတ်ချကြ၏။ ဆရာတော်မှာ သက်တော်၅၀ခန့်ရှိ၍ ဣန္ဒြေရင့်ကျက်ခြင်းကို ချက်ချင်းပင် ကျွန်ုပ်အကဲခတ်မိသည်။ ကျွန်ုပ်တို့ဝင်လာခြင်းကို တယောက်စီကြည့် ဟန်လက္ခဏာမရှိ၊ အားလုံးကိုသိမ်းကျုံး၍ကြည့်လိုက်ပုံရသည်။ ဝတ်ချပြီးနောက် ကျွန်ုပ်ကိုလိုက်ပို့သောဒကာကြီးသည် ဆရာတော်နှင့်သိကျွမ်းပြီးဖြစ်၍ လာရောက်သောကိစ္စကို လျှောက်ထား၏။ စကားဆုံးသည်နှင့်တပြိုင်နက် ဆရာတော်သည် မည်သူ့အားမျှမကြည့်ပဲ ဦးခေါင်းငုံ့လျက် မိန့်တော်မူသည်မှာ ဤတဝါအဖို့၌ ဆရာတော်မှာ တပါးတည်း (ဧကစာ) သီတင်းသုံးမည်ဟု စိတ်ကူးရှိသောကြောင့် မည်သူ့ကိုမျှလက်ခံဖို့ အကြံမရှိကြောင်း၊ အချို့သော ရဟန်းများသည် တောကျောင်းဆိုသော်လည်း ရွာထဲသို့ထွက်၍ ပွဲကြည့်ခြင်း၊ ဟိုအိမ်သည် အိမ်လည်ပတ်ခြင်း စသည်တို့ကြောင့် မကောင်းသတင်း ဖြစ်ခဲ့ရကြောင်း၊ သို့ဖြစ်၍ အားပင်နာသော်လည်း အနည်းဆုံး ဤတဝါအတွက် တပါးတည်း နေမည်ကြံစည်ကြောင်း မိန့်တော်မူလေ၏။

ကျွန်ုပ်မှာ ဤကျောင်း၏အခြေအနေကို အလွန်ကြိုက်လှသဖြင့် နေရချေတော့မည်ဟု ဝမ်းသာလျက်ရှိစဉ် ဤစကားကိုကြားရသောအခါ လွန်စွာအားလျော့လျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်ကိုယ်တိုင်မူကား မည်သို့မျှလျှောက်ထားခြင်းမပြုပဲ ဆိတ်ဆိတ်ထိုင်နေ၏။ ဒကာကြီးကမူ ဦးပဉ္စင်းမှာအခြားပုဂ္ဂိုလ်များနှင့် တူမည်မဟုတ်ကြောင်း၊ လောကကြီးကို တကယ်ငြီးငွေ့၍ ရဟန်းဘောင်သို့ ရောက်လာခြင်းဖြစ်ကြောင်းများနှင့် လျှောက်ထားလေ၏။ ဆရာတော်သည် မူလကတည်းက ငြင်းပယ်မည်ဟု ဆုံးဖြတ်ထား၍ အားနာသည့် လက္ခဏာနှင့် ကျွန်ုပ်ကိုမကြည့်ပဲ မျက်စိချင်း ရှောင်လွှဲထားခြင်းဖြစ်ဟန်ရှိပေရာ ဒကာက တင်လျှောက်သည်တွင်မှ ဦးခေါင်းမော်ကြည့်၍ ကျွန်ုပ်နှင့် မျက်နှာချင်း ဆိုင်မိကြလေ၏။ ကြွား၍ရေးသည်မဟုတ်၊ မျက်နှာချင်းဆိုင်လိုက်မိကြကတည်းက ဆရာတော် စိတ်ပြောင်းလဲသွားခြင်းကို ကျွန်ုပ်မြင်လိုက်ရသည်။ ဆရာတော်သည် မန္တလေးဘုရားကြီးတိုက်မှ ဆရာတော်ကြီးကဲ့သို့ ရဟန်းပီသသော ကျွန်ုပ်၏ ဣန္ဒြေကိုမြင်လေသလော၊ သို့တည်းမဟုတ်လက်သင့်မခံနိုင်ဆို၍ ဝမ်းနည်းသော ကျွန်ုပ်၏မျက်နှာထားကိုမြင်သောကြောင့်ပေလော မပြောတတ်၊ ဆရာတော်သည် ကျွန်ုပ်နှင့်မျက်လုံးချင်း ဆိုင်လိုက်လျှင်ပင် မျက်နှာထား ပြောင်းလဲသွားခြင်းကို ထင်ရှားစွာမြင်လိုက်ရ၏။ 'တော်ပါသေးရဲ့'ဟု ကျွန်ုပ်အောက်မေ့လိုက်သည်။ ဆရာတော်က ဧကစာနေမည်ကြံသော်လည်း ဤသို့သောပုဂ္ဂိုလ်မျိုးနှင့် အတူနေရလျှင် နေနိုင်ပါသည်ဟုဆိုကာ လက်ခံလိုက်လေသည်။ ထို့နောက် ဆရာတော်သည် ထိုင်ရာမှထ၍ ကျောင်းများကိုလိုက်ပြကာ ကြိုက်သော ကျောင်းကိုနေနိုင်ကြောင်းပြောသည်နှင့် ကျွန်ုပ်လည်း နီးရာကျောင်းတကျောင်းကို ရွေးလိုက်သည်။

## ဆရာတော်နှင့်ဆွေးနွေးခြင်း

ထို့နောက် ကျွန်ုပ်အားလိုက်ပို့သော ဒကာကြီးသည် ပြန်တော့မည်ပြုရာ အောင်မြသည် ကျွန်ုပ်အား ပြုစုရန် လိုက်လာခဲ့ခြင်းဖြစ်သော်လည်း ကျောင်းဝင်းကြီးတခုလုံးတွင် ဘုန်းတော်ကြီးနှင့် ကျွန်ုပ်မှတပါး ကျောင်းသား ကိုရင်မရှိသဖြင့် ပျင်းရိရှာမည်ကို ကျွန်ုပ်မြင်သည်နှင့် မြတောင်သို့ပြန်ရန် ဒကာကြီးနှင့်အတူ ထည့်ပေးလိုက်၏။ ၎င်းတို့ပြန်သွားပြီးနောက် ကျွန်ုပ်နေမည့် ကျောင်းပေါ်သို့တက်ကြည့်ရာ ကျောင်းအိုကြီးဖြစ်နေခြင်းကိုတွေ့ရ၏။ လူအဖြစ်၌ ဆိုပါမူ ဤကျောင်းကိုမကြိုက်လျှင် အခြားကျောင်းသို့ ပြောင်းရွှေ့မည်ဖြစ်သော် လည်းမိမိအလွယ်တကူ ရွေးချယ်လိုက်မိသော ကျောင်းပင်ဖြစ်စေကာမူ ရွှေ့ပြောင်းခဲ့လျှင် 'ချီးထူ'သည်ဟု ဘုန်းတော်ကြီးက ထင်မည်စိုးသောကြောင့် မပြောင်းရွှေ့ပဲ နေလိုက်ပါသည်။ ဤဘုန်းတော်ကြီးသည် အရာရာတွင်သည်းခံ၍ အနေအထိုင်ကောင်းလှသည်ဟု နာမည်ကြီးလှသောကြောင့် ၎င်း၏အထင်သေးခြင်း မခံလိုသည့်ရည်ရွယ်ချက်လည်းရှိပါသည်။ ထိုည၌ ကျွန်ုပ်သည် ဘုန်းတော်ကြီး နှင့် ဆွေးနွေးကြရာ ကျွန်ုပ်သည်တရားအားထုတ်ခြင်းအားဖြင့် တွေ့ရသောအမြင်ကို အတိအလင်းဖော်ထုတ်လျှောက်ထားခြင်းမပြုသော်လည်း တရားဓမ္မနှင့် ပတ်သက်၍ အလွန် 'အကင်းပါး'သော ပုဂ္ဂိုလ်ကြီးဖြစ်သည်နှင့် အခြားရဟန်းကလေးများနှင့် မတူသော ကျွန်ုပ်၏ရည်ရွယ်ချက်ကိုရိပ်မိ၍ ချီးမွမ်းစကားမိန့်တော်မူပြီးလျှင် သူ့အဖို့မူကား ဤဘဝ၌ မဂ်တရား ဖိုလ်တရားကို အလိုမရှိသေးကြောင်း၊ အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူသောအခါမှ ၎င်း၏သာဝကအဖြစ်နှင့် ကျွတ်တမ်းဝင်ဖို့ရည်ရွယ်ချက်ရှိကြောင်း မိန့်တော်မူလေသည်။ နောက်ဆုံး၌ မဂ်တရား ဖိုလ်တရားအတွက် စိတ်အားထက်သန်စွာ အားထုတ်သော ပုဂ္ဂိုလ်မျိုး တွေ့ရခဲသောကြောင့် ယခုဆုံတွေ့ရရှိမှုမက အတူတကွ သီတင်းသုံးကြမည် ဖြစ်သည့်အတွက် ဝမ်းမြောက်ကြောင်း၊ လက်သင့်ခံဖို့ငြင်းပယ်မိပြီးမှ

မိမိစိတ်ပြောင်းလဲ၍ အဆုံးအဖြတ်ကို ပြင်ဆင်လိုက်မိခြင်းအတွက်လည်း ဝမ်းသာကြောင်း မိန့်တော်မူလေသည်။

## သီတင်းသုံးကြပုံ

ဘုန်းတော်ကြီး၏စကားကို ကြားရသောအခါ ကျွန်ုပ်သည် ယခုဘဝ၌ မင်္ဂဖိုလ်ကို မလိုချင်သေးဆိုသော အချက်ကြောင့် ဝမ်းနည်းသော်လည်း ကျွန်ုပ်အား နားလည်ပုံရခြင်းအတွက် ဝမ်းသာမိသည်။ မည်သို့ပင်ဖြစ်စေ ယခုမှ ရဟန်းပြုပြီး မင်္ဂဖိုလ်စကားပြောသော ရဟန်းကလေးဟူ၍ ကဲ့ရဲ့လိုသောသဘော၊ နှိပ်နယ်လိုသော စေတနာမရှိခြင်းကား ထင်ရှားပေသည်။ ဘုန်းတော်ကြီးသည် ကျွန်ုပ်နှင့်အတူ သီတင်းသုံးကြသောရက်များအတွင်း ကျွန်ုပ်အားထုတ်ပုံနှင့် ဉာဏ်အမြင်ကို တီးခေါက်စုံစမ်းကြည့်ရာ တနေ့တခြား ကျေနပ်အားရပုံရသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ ကောင်းကောင်းနေမည့် ဦးပဥ္စင်းကလေးမှ ဟုတ်ပါလေမည်လောဟူသော သံသယမှုကား ရောက်သောနေ့မှာပင် ကင်းရှင်းသွားပါပြီဟူ၍လည်း ဝန်ခံတော်မူသည်။

ကျွန်ုပ်တို့သည် အရဏ်မတက်မီထကြ၍ ထီးချိုင့်မြို့ထဲသို့ အတူတကွ ဆွမ်းခံကြွကြရာ မြို့အဝင်တွင်ခွဲသွားကြ၏။ ဘုန်းတော်ကြီးမှာ မြို့ထဲ၌ ထိုင်ကိုယ်တော်အဖြစ်နှင့် ပင့်ဖိတ်ထားသည့် အိမ်အမြောက်အမြားရှိရာ ကျွန်ုပ်မှုကား အိမ်ပေါက်စေ့ရပ်ရမည်ဖြစ်၍ အတူသွားရန် မဖြစ်နိုင်ချေ။ ထီးချိုင့်မြို့ကလေး၏ သဒ္ဓါတရားနှင့်ထကြွလုံ့လဝီရိယရှိခြင်းမှာ ချီးကျူးထိုက်ပါပေသည်။

ကျွန်ုပ်တို့သည်မြို့ထဲသို့ လင်းလျှင်လင်းချင်း ရောက်သွားကြသော်လည်း တအိမ်ခြား နှစ်အိမ်ခြားစသည်ဖြင့် ဆွမ်း၊ ဆွမ်းဟင်းတို့နှင့် အိမ်ပေါက်များ၌ အသင့်စောင့်လျက်ရှိကြပေရာ ကျွန်ုပ်မှာမြို့ဆုံးအောင် မလျှောက်ရပဲ တဝက်လောက်နှင့်ပင် စားလောက်အောင်ရသည်နှင့် လှည့်ပြန်ခဲ့လေသည်။ ကျောင်း၌

ကျောင်းသားမရှိသဖြင့်လည်း ၎င်းတို့အတွက် ကြောင့်ကြစိုက်ဖို့မလို ချေ။ ကျွန်ုပ်တို့သည် တထပ်တည်းဘုဉ်းပေးသူများဖြစ်၍ အတူတကွ ဆွမ်းစားလေ့ ရှိရာ 'ထိုင်ကိုယ်တော်'အဖြစ်နှင့် ဆွမ်းခံရသော ဘုန်းတော်ကြီးအတွက် မဆိုထားဘိ၊ အိမ်ပေါက်စေ့ရပ်ကာ ကမ္ဘသကာ ဆွမ်းခံရသော ကျွန်ုပ်အဖို့ပင် ဟင်းကောင်း များလုံလောက်စွာ ရပါပေသည်။ ဤဘက်တွင် အလှူန်တော်ပေသော ထီးချိုင့် မြို့သူမြို့သားများပါပေ။

## မိဘများရောက်လာခြင်း

ကျွန်ုပ်သည် ရှေးဦးစွာ ရဟန်းပြုစဉ်က ၇ ရက်အဓိဋ္ဌာန်ဖြင့် တရား အားထုတ်ခဲ့သည့်အတိုင်း မီးပွတ်သော ယောက်ျားကဲ့သို့ မနားမနေ ကြိုးစား မည်ဟု ရည်မှန်းခဲ့ပါသည်။ သို့ရာတွင် ရဟန်းအဖြစ်သို့ ရောက်သောအခါ၌မူ တောင်သွားမြောက်သွား လုပ်ခဲ့ရသည်တကြောင်း၊ တရားဟောပြောချင်သောစိတ် ဖြစ်ပေါ်လာသည်တကြောင်း၊ ထီးချိုင့်သို့ ရောက်လာသောအခါတွင်လည်း ဘုန်းတော်ကြီးနှင့် ဆွေးနွေးရခြင်းဖြင့် အချိန်အတော်ကုန်သည်တကြောင်း၊ တရားအားထုတ်ဖို့ အများကြီး အချိန်ရှိသေးသည်ဟု ယူဆမိသည် တကြောင်း ကြောင့် 'မီးပွတ်သောယောက်ျား' ပမာဟူသော 'ဆက်တိုက်'ဝီရိယမျိုး မရှိပဲဖြစ်ခဲ့၏။ ထို့ပြင် ၂၇ ပါးသော ရဟန်းကျင့်ဝတ်များကိုလည်း လေ့လာ ရသေးသည်။ ထို့ကြောင့် ကျွန်ုပ်မှာ ဖြူစင်သောစိတ်ရှိနေခြင်းနှင့် ပတ်သက်၍ လျှော့ကျခြင်းမရှိစေကာမူ သတိပဋ္ဌာန်အလုပ်၌ ပြတ်လပ်မှုများရှိလာသည်။ ယင်းသို့ရှိစဉ် မိခင်နှင့် ဖခင်တို့သည် ဝက်လက်မှမြတောင်သို့ အလည်လာကြ၍ မြတောင်ဘက်တွင် မစိုးတို့အိမ်၌ တည်းခိုကြမည့်အကြောင်းကို အောင်မြ လာ၍လျှောက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မိဘများရောက်မည့်နေ့တွင် မြတောင် ဘက်သို့ကူးလာ၍ ဆွမ်းစားမည့်အကြောင်း မှာထားလိုက်၏။ ထိုနေ့နံနက်တွင်

ကျွန်ုပ်သည်အိပ်ရာမှ ထကတည်းက တကိုယ်လုံးစိမ့်တိမ့်တိမ့်ရှိခြင်းကို သတိပြုမိ၏။ သီလရှင်ကလေးများ ကပ်လှူမြဲဖြစ်သော 'ယာဂု'ကို သောက်ပြီးနောက် မြတောင်ဘက်သို့ ငှက်ဖြင့်ကူးသွားရာ မကြာမီပင် အစုန်သင်္ဘောဖြင့်မိဘများ ဆိုက်ရောက်လာကြသည်။ အစားကောင်း ဝါသနာပါသော ကျွန်ုပ်သည် ထီးချိုင့်မြို့သူမြို့သားများလောင်းသည့် ဆွမ်းဟင်းများမှာ မည့်လှသော်လည်း ကျွန်ုပ်ကြိုက်တတ်သော ဟင်းမျိုးကိုသိသော မစိုးချက်မည့် နံနက်ဆွမ်းဖြစ်သော ကြောင့် မြိန်ရှက်ဖို့ သေချာသည်ဟုသော မျှော်လင့်ချက်ရှိ၏။ သို့ရာတွင် နံနက်ဆွမ်းကပ်သောအခါ၌မူကား မျှော်လင့်သော ဟင်းမျိုးကိုစားရပါလျက် မျှော်လင့်သလောက် မမြိန်သည်သာမက အခါတိုင်းလောက်မျှ မစားနိုင်ခြင်း ကိုတွေ့ရ၏။ ဆွမ်းစားယင်းပင် ကျောထဲမှ စိမ့်၍ စိမ့်၍ တချက်ချက်တက်လာ၏။ သို့ဖြစ်၍ကျွန်ုပ်သည် မိဘများနှင့် နေကုန်အောင် စကားပြောမည်ဟု ကြံရွယ်ခဲ့ သော်လည်း နေထိုင်မကောင်းသည်နှင့် ကျောင်းသို့ပြန်ရန် ပြင်ဆင်လေရာ မိဘများလည်း နက်ဖြန်တွင်လာကြဖို့ မှာထားလိုက်၏။ ကျောင်းသို့အောင်မြ လိုက်ပို့ရာ ကျွန်ုပ်သည် ထီးချိုင့်ရေဆိပ်မှ တောရကျောင်းသို့မည်ကဲ့သို့ လာခဲ့ရခြင်းကိုပင် မမှတ်မိပဲ အိပ်ရာထဲသို့ ရောက်လာခဲ့လေသည်။

## အကြီးအကျယ်ဖျားလေပြီ

"ဦးပဥ္ဇင်း၊ ဦးပဥ္ဇင်း"ဟု ဘုန်းတော်ကြီး၏ အသံဖြင့်ခေါ်သံကြား၍ "ဆွမ်းခံထွက်ကြစို့"ဟု ပြောလိုက်သည်တွင်မှ အံ့အားသင့်လျက်ရှိ၏။ ကျွန်ုပ်၏အထင်မှာ ခုနင်ကမှ မြတောင်က ပြန်လာပြီး အိပ်ရာထဲသို့ဝင်၍ ကျိန်းလိုက်သည်ထင်ရာ ယခုဆွမ်းခံထွက်ချိန် ရောက်ပြီဆိုသောကြောင့် တညလုံး လူမှန်းမသိပဲ 'တုံး'ဖြစ်အောင် ဖျားခဲ့ကြောင်း သိရတော့သည်။ ကျွန်ုပ်က

မလိုက်နိုင်ကြောင်း၊ ဖျားနေကြောင်းလျှောက်ထားရာ ဘုန်းတော်ကြီးဝင်လာ၍ စမ်းသပ်ကြည့်ပြီး ထွက်သွားသည်ကို သိလိုက်ရသည်။

နောက်တကြိမ်သိလိုက်သာအခါမှာ မိဘများနှင့်မစိုးတို့ ရောက်လာကြခြင်းပင် ဖြစ်၏။ သူတို့သည်စောစောထ၍ ချက်ပြုတ်ကြပြီး သံချိုင့်များဖြင့်ထည့်ကာ ဆောင်ယူလာကြခြင်းဖြစ်ကြောင်း သိရ၏။ ကျွန်ုပ်ကားမထနိုင်တော့၊ ဘာမျှလည်း မစားနိုင်တော့ချေ။ ထိုနေ့ တနေ့လုံးလည်း 'တုံး'ဖြစ်၍ ဘာမျှမသိချေ။ ဘုန်းတော်ကြီးလည်း ခဏခဏကူးလာ၍ အားလုံးပူပင်သောကရောက်လျက်ရှိကြ၏။ မိဘများနှင့် မစိုးတို့လည်းမြတောင်ဘက်သို့ မပြန်ကြရတော့ပဲ ကျောင်းဝင်းပြင်ဘက်ရှိ သီလရှင်ကျောင်း၌ ချက်ပြုတ်စားကြရ၏။

မိခင်နှင့် မစိုးတို့သည် သီလရှင်ကျောင်း၌အိပ်ကြ၍ ဖခင်မူကား ကျွန်ုပ်၏ကျောင်းတွင် အိပ်ရ၏။ ကျွန်ုပ်အား ဘာဆေးဝါးများ တိုက်ကြသည်ဟု ကျွန်ုပ်မသိရပေ။ တတိယနေ့ နံနက်၌ ကျွန်ုပ်အတော်ကလေးသတိရလျက်ရှိရာတွင် မိခင်နှင့်ဖခင်တို့က ဤနည်းအတိုင်း အဖျားတာရှည်ခဲ့လျှင် ပြုစုစောင့်ရှောက်ဖို့နှင့်တကွ အစစအရာရာတွင် အခက်အခဲရှိမည်ဖြစ်သောကြောင့် ခေတ္တလူထွက်ပြီး နောင်တွင်မှ တဖန်ပြန်ဝတ်ရန် ပြောပြရာတွင် ကျွန်ုပ်သည်လည်း ၎င်းတို့၏အခက်အခဲကိုမြင်သည်နှင့် ဝမ်းနည်းစွာဖြင့် သဘောတူလိုက်ရပါတော့သည်။

ကျွန်ုပ်ကား 'သေချင်သေပေစေ၊ လူမထွက်'ဆိုသည် အယူသည်းသောလူတယောက် မဟုတ်ချေ။ ဖခင်သည် ဆရာတော်ဘုန်းကြီးအား အဖြစ်အပျက်ကို လျှောက်ထားရာတွင် ဆရာတော်ဘုရားကြီးက မိမိပျံလွန်သောအခါ ကျောင်းသင်္ခမ်းကိုစိတ်ချလက်ချ လွှဲအပ်ထားခဲ့နိုင်မည့် ရဟန်းတပါး ရရှိပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိစဉ် ဤကဲ့သို့ ဖြစ်ရခြင်းအတွက် အလွန်နှမြောလှကြောင်းနှင့် မိန့်တော်မူလိုက်သည်ဟု ဖခင်က ပြန်ပြောလေသည်။ သို့ဖြစ်၍ ၎င်းညနေတွင် ကျွန်ုပ်အား ပက်လက်ကုလားထိုင်ပေါ်တွင်တင်၍ ထမ်းယူသွားကြပြီးလျှင်

မြဲတောင်ဘက်သို့ ရောက်ကာမှသိက္ခာချပြီး လူဝတ်လဲလိုက်ရပါတော့သည်။ ကျွန်ုပ်၏စိတ်တွင်း၌ကား ငါသည်ရဟန်းပြုရေး အတွက် ခဲယဉ်းစွာကြိုးစား၍ အောင်မြင်သောအခါမှ ဤကဲ့သို့ဖြစ်ရခြင်းမှာ ရဟန်းဇာတာပါဟန် မရှိသော ကြောင့် ဖြစ်ရာသည်ဟု အောက်မေ့၍ နောက်တဖန် ရဟန်းပြုဖို့အတွက်လုံးဝ လက်လျှော့လိုက်ပါတော့သည်။

## ထူးဆန်းသော သတ္တိများ

ရဟန်းဘဝ၌ရှိစဉ် ကြံရွယ်ချက် မရှိပဲလျက်နှင့် ကျွန်ုပ်ရရှိဟန်တူသည့် သတ္တိထူးအကြောင်းကို ဗဟုသုတအလို့ငှာ ဤနေရာ၌ ထည့်သွင်းဖော်ပြရ ပေဦးမည်။

ဝက်လက်ဘုတာမှ မန်ကျည်းတုံရွာသို့ဖခင်နှင့် လျှောက်လာကြစဉ် အလွန်ပူပြင်း၍ ထီးလည်းမပါချေ။ ဖခင်၌ထီးပါသော်လည်း ထီးမိုးပေးခြင်းကို မခံလို၊ သင်္ကန်းကို ခေါင်းပေါ်၌တင်ပြန်လျှင်လည်း ရဟန်းအနေဖြင့် ဣန္ဒြေမဲ့ သည်ဟု ယူဆသည်နှင့် နေပူကြီးကျဲကျဲ၌ ဦးခေါင်းပြောင်ပြောင်ကြီးနှင့်ပင် လျှောက်လာခဲ့သည်။ တမိုင်ခန့်ရောက်လတ်သော် မခံမရပ်နိုင်အောင် ပူပြင်းလာ ခဲ့လေပြီ။ ခရီးကလည်း တဝက်ခန့် လိုသေး၏။ ဤတွင်ကျွန်ုပ်သည် ဦးခေါင်းကို လက်ဝါးဖြင့်သပ်လျက် "မပူနဲ့"ဟု ဆိုလိုက်ရာ ဦးခေါင်းရောကိုယ်ပါ ချက်ချင်းအေးချမ်းသွားသည်ကို ခံစားလိုက်ရသဖြင့် နေလုံးကိုတိမ်ဖုံး၍ သွားလေသလောဟု ကောင်းကင်သို့မော့်ကြည့်လိုက်မိသည်။ ကောင်းကင်၌ကား တိမ်တိုက်တခုမျှ မရှိပဲ ခြစ်ခြစ်လန်အောင် ပူပြင်းသော နေလုံးသည်သာလျှင် ကြည်လင်စွာပေါ်ထွက်နေခြင်းကို တွေ့ရသည်။ ကျွန်ုပ်မှာ ကိုယ့်ဟာကိုယ်လန့်ပြီး ကြက်သီးများထမတတ်ဖြစ်သွား၏။ အကြောင်းမူကား "မပူနဲ့"ဟု အမိန့်ပေးလိုက် စဉ်က ဤသို့ဖြစ်လိမ့်မည်ဟု မမျှော်လင့်ပဲပူလွန်းလှသောကြောင့် လုပ်မိလုပ်ရာ

လုပ်လိုက်ခြင်းမျှသာဖြစ်ရာ တကယ်ဖြစ်နေသောအခါ၌ ‘ငါ့မှာ ဘယ်လိုသတ္တိထူးတွေများ ရနေပါလိမ့်’ဟု အလန့်တကြား တွေးတောမိသောကြောင့် ပေတည်း။ လမ်းတလျှောက်လုံးလည်း အရိပ်ထဲ၌ လမ်းလျှောက်ရသည့်နှယ် လုံးဝမပူတော့ချေ။

## ဒုတိယအကြိမ်

ဒုတိယအကြိမ်မှာ ဧရာဝတီမြစ်ကို သမ္ဗန်သမားနှင့် နှစ်ယောက်တည်း ကူးလာကြစဉ်ကဖြစ်၍ ထိုစဉ်ကမြစ်လယ်တွင် လေရောမိုးပါ အကြီးအကျယ် ကျလာတော့သည်။ ရေကူးတတ်သောကြောင့် ကြောက်လန့်ခြင်းမရှိသော်လည်း တကိုယ်လုံးမှာ ရွှဲရွှဲစိုလျက် ရှိလေပြီ။ တဘက်ကမ်းသို့ လွယ်ကူစွာရောက်၍ ဆိုက်ကပ်ထားသော ဖောင်ထက်သို့ ချဉ်းကပ်ပြီးလျှင် မိုးခိုကြရသည်။ ဖောင်ပေါ်၌ ရှိသော လူများသည် ခရီးဦးကြိုကြ၍ ဖောင်တဲကလေးထဲသို့ ဝင်ရန်ပင့်ဖိတ်ကြသဖြင့် ဝင်၍ထိုင်ကြသည်။ မိုးကလည်းရွာတုန်း၊ လေကလည်း တိုက်တုန်းပင်ရှိ၏။ ကျွန်ုပ်သည်ဖောင်ကလေးထဲ၌ ဆောင့်ကြောင့်ထိုင်လျက်ရှိစဉ် ဒကာသုံးလေးယောက်နှင့် ဒကာမနှစ်ယောက်တို့သည် ကျွန်ုပ်အားဝိုင်းရံကာ ထိုင်လျက်ရှိကြ၏။ စက်စက်ကျအောင် စိုရွှဲလျက်ရှိကြသော သင်္ကန်းကို ညှစ်၍လည်း လွှားခွင့်မရ၊ လဲလှယ်ရန်လည်း မရှိပဲ ကျွန်ုပ်သည် လူများအလယ်၌ ရေစက်လက်နှင့်ထိုင်နေရစဉ် လုံခြုံစွာကာရံထားသည် မဟုတ်သော ဖောင်တဲထဲသို့ တဝှူးဝှူးတိုးဝင်တိုက်ခတ်သော လေကြောင့်သင်္ကန်းသည် ရေခဲပမာအေးမြလာသဖြင့် ကျွန်ုပ်တကိုယ်လုံးမှာ ခိုက်ခိုက်တုန်လျက်ရှိလေပြီ။ “ဦးပဥ္စင်းအေးရှာတယ်” ဟု ဒကာမများကပြောရုံသာ ပြောနိုင်၍ ဘာမျှမတတ်နိုင် ချေ။ ကျွန်ုပ်တကိုယ်လုံး တုန်လိုက်ပုံမှာ ငှက်ဖျားတက်သကဲ့သို့ ရှိတော့သည်။ ဒကာများနှင့် ဒကာမများက ကရုဏာသက်သော မျက်နှာထားများနှင့် ကျွန်ုပ်အား ကြည့်နေကြစဉ် ကျွန်ုပ်က တုန်၍ပြနေရသည်မှာ ရှက်စရာကောင်းသည်ဟု အောက်မေ့လာတော့သည်။

ဤတွင်မှ ကျွန်ုပ်သည် ဆတ်ဆတ်တုန်နေသော လက်မောင်းများကို စေ့စေ့ပါအောင်ကြည့်လျက် "မတုန်နဲ့"ဟုအမိန့်ပေးလိုက်၏။ နောက်တခဏ၌ မြီးညှောင့်ရိုးဆီမှစ၍ ရေနွေးအိတ်တင်ပေးလိုက်သည့်နှယ် နွေးကနဲ ဖြစ်လာ၍ ကျောတလျှောက်လုံး တက်လာပြီးလျှင် တကိုယ်လုံးငြိမ်သက်သွားလေ တော့သည်။ ထိုအခါမှ စောစောစီးစီးက ဤအကြောင်းကို သတိမရကောင်းလေလောဟု ကိုယ့်ဟာကိုယ်ပြုံးမိသေးသည်။

## တတိယအကြိမ်

တတိယအကြိမ်မှာ ဆရာတော်များအလယ်၌ အသရေဆည်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ တခုသောမျက်နှာကြီးဆွမ်းကျွေးတွင် ရဟန်းတော်လေးငါးဆယ်ခန့် ပင့်ဖိတ်ထားရာ ကျွန်ုပ်မှာ ဝါနုသောရဟန်းတပါးမျှသာဖြစ်သော်ငြားလည်း ခေတ်ပညာတတ်ရဟန်းကလေးဖြစ်သည်ဆို၍ မြတောင်ဆရာတော်ဘုရားကြီးက ၎င်းတို့ဆရာတော်ဘုရားကြီးများ၏ဝိုင်းသို့ခေါ်ယူဆွမ်းစားစေသည်။ ကျွန်ုပ်တို့၏ ဆွမ်းဝိုင်း၌ ကျွန်ုပ်မှတပါး ကြွင်းကျန်သော ပုဂ္ဂိုလ်ကြီးများသည် ဤရွာထိုရွာတို့မှ ကျောင်းထိုင်ပုဂ္ဂိုလ် ထိပ်သီးကြီးများ ဖြစ်ကြသည်။ ဆွမ်းဘုဉ်းပေးကြစဉ် ကျွန်ုပ်သည် ကြာဇံဟင်းချိုတဇွန်းကို လှမ်းယူ၍ သောက်လိုက်ရာ ငရုတ်ကောင်း ခတ်ထားသည့်အတွက်မွှန်တက်သွားပြီး လည်ချောင်းထဲ၊ နှာခေါင်းထဲမှ ယားကျိကျိဖြစ်ကာ 'ချီး'ကနဲ 'သီး'တော့မည့်ဆဲဆဲဖြစ်နေ၏။ အကယ်၍ သီးလိုက်မိချေသော် ဆွမ်းတဝိုင်းလုံး ပေရေညစ်ပတ်သွားပြီး စားဖို့ကောင်းတော့ မည်မဟုတ်ပဲ ကျွန်ုပ်လည်း အရှက်ကွဲရချေတော့မည်။ ဤအခြင်းအရာကိုရိပ်ကနဲ သတိရလိုက်မိသော ကျွန်ုပ်သည်လည်ပင်းကို ရုတ်တရက်ကိုင်လျက် "မသီးနဲ့"ဟု အမိန့်ပေးလိုက်ရာ မွှန်တက်ခြင်း ရုတ်တရက် ပျောက်သွား၍ကောင်းမွန်စွာ

ဆက်လက်ဆွမ်းစားနိုင်ပါတော့သည်။ ဤသုံးကြိမ်အနက် တတိယအကြိမ် အောင်မြင်ခြင်းအတွက် ဝမ်းသာ၍မဆုံး ဖြစ်ခဲ့ရပါတော့သည်။

## မြတောင်၊ ဝက်လက်၊ ရန်ကုန်

မိဘများရော ကျွန်ုပ်ပါ ပါးရှားသော အခိုက်ဖြစ်သည်နှင့် ဆေးကောင်း ဝါးကောင်းမှီဝဲရန် မတတ်နိုင်ပဲ ရှိရာတွင် ကျွန်ုပ်၏အဖျားမှာ ငှက်ဖျားဖြစ်သည်ဟု သိသော်လည်း နှစ်လခန့်မျှ ခံလိုက်ရသည်။ ကျွန်ုပ်အဖို့မှာ ဒုတိယအကြိမ် ငှက်ဖျားဖြစ်ခြင်းကြောင့် မသေနိုင်ဟု အရမ်းစိတ်ချထားသည်နှင့် မည်မျှလောက် အဖျားကြီးသည်ဖြစ်စေ မိမိအတွက် စိုးရိမ်ကြောင့်ကြခြင်းမရှိ၊ ကွာနိုင်ဆေးမျှ လောက်ဖြင့် တဖြည်းဖြည်းနာလံထူခဲ့ရသည်။ ဖခင်သည် ရက်သတ္တတပတ် ခန့်လောက်တွင် ပြန်သွား၍ မိခင်မှုကား ကျွန်ုပ်တို့နှင့်အတူ နေရစ်ခဲ့သည်။ နှစ်လခန့်ကြာ၍ အဖျားလွတ်သောအခါ ကျွန်ုပ်မှာ အသားမရှိသလောက်ဖြစ်၍ အရိုးနှင့် အရေမျှသာ ကျန်ခဲ့ပါသည်။ ကောင်းစွာ ကျန်းမာလာသောအခါ ကျွန်ုပ်တို့သုံးယောက်သည် ဝက်လက်သို့ပြန်ကြ၍ ယခင်အတိုင်း ဝိုင်းလုပ်ဝိုင်းစား နေထိုင်ကြပြန်လေသည်။ ယင်းသို့ရှိစဉ် ညီတော်မောင်၏ သားရေလုပ်ငန်းမှာ ဈေးမကိုက်ပဲရှိသည်နှင့် ကျွန်ုပ်သည် သူ့ရိယတိုက်တွင် အတူတကွ အလုပ်လုပ်ခဲ့ဘူးသည့် (လွယ်အိတ်)ကိုဘလှိုင်ထံသို့ အလုပ်အကိုင်နှင့် ပတ်သက်၍စုံစမ်းသော စာတစောင် ထည့်လိုက်၏။ ကိုဘလှိုင်မှာ ထိုအခါ၌ နယူးဘားမားရက်ခြား အင်္ဂလိပ်သတင်းစာ ထုတ်ဝေလျက်ရှိရာ ကျွန်ုပ်အား ၎င်းတို့၏တိုက်၌ အတွင်းရေးမှူး (Secretary) လုပ်လိုလျှင် လခ၁၀ဝိပေးနိုင်၍ ရှေ့အဖို့လည်း တိုးတက်ရန် ရှိကြောင်းနှင့် စာတစောင်ပြန်လိုက်ပေသည်။ လခ ၁၀ဝိသည် မများလှသော်လည်း (၁၉၂၆ခုနှစ်) ထိုစဉ်ကမူ ခြိုးခြံစွာသုံးစွဲပါက

ဝမ်းဝနိုင်သည့်ပြင် ရန်ကုန်သို့ရောက်လျှင် ဝတ္ထုရေးဖို့ အတွက်လည်း ပုံနှိပ်တိုက်များနှင့် ဆက်သွယ်နိုင်သေးသည်ဆိုကာ လက်ခံလိုက်ပါတော့သည်။

## နယူးဘားမားတိုက်

၁၉၂၆ ခုနှစ်၊ မတ်လတွင် ကျွန်ုပ်တို့ဇနီးမောင်နှံနှင့် ညီတော်မောင်တို့သည် မိဘများနှင့် ခွဲခွာ၍ ရန်ကုန်မြို့သို့ ဆင်းလာခဲ့ကြလေ၏။ ထိုစဉ်ကပင် ရန်ကုန်မြို့၌ နေထိုင်ရန် အိမ်ရဖို့ခဲယဉ်းနေပြီ ဖြစ်သော်လည်း ကျွန်ုပ်တို့သည် ကုန်သည်လမ်း၌ ဆိုင်ခင်းလျက်ရှိသော မိတ်ဆွေကိုခင်မောင်တင့်၏ တိုက်ခန်း၌ ရက်အနည်းငယ် မျှသာ တည်းခိုပြီးနောက် အလွန်ကံကောင်းစွာနှင့် စမ်းချောင်းရပ် စမ်းချောင်းလမ်း တွင် အိမ်ခန်းတစ်ခန်းရရှိပါသည်။ ရန်ကုန်မြို့၌အလုပ်ရဖို့နှင့် အိမ်ခန်းရဖို့မှာ အတူတူပင် ခဲယဉ်းခဲ့ရာ အလုပ်ရော နေစရာပါ ရောရောရှုရှု ရလိုက်ခြင်းအတွက် ကံကောင်းလှသည်ဟု ဝမ်းသာမိပါသည်။ ဤကားဟုတ်ပါပြီ။ သို့ရာတွင် သတင်းစာတိုက်တတိုက်၌ အတွင်းရေးမှူးအလုပ်ဟူသည်မှာ မည်သည့် အလုပ်မျိုးပေနည်း။

ကျွန်ုပ်သည် ကလောင်ဖြင့် အသက်မွေးသော အလုပ်မျိုးကို သဘောကျသည့်အလျောက် ၎င်းအလုပ်နှစ်မျိုးတတ်ခဲ့ပါသည်။ စာရေးအလုပ်မှာ လည်း တနည်းအားဖြင့် 'ကလောင်'အလုပ်ဟူ၍ ခေါ်နိုင်ပါသည်။ ဤနှစ်မျိုးအနက် ကျွန်ုပ်သည် စာရေးအလုပ်မျိုးကို မကြိုက်။ ကိုယ်ပိုင်ဉာဏ်ကလေးထုတ်၍ ရေးရသော စာရေးဆရာ၊ သို့မဟုတ် သတင်းစာဆရာ အလုပ်မျိုးကိုပို၍ နှစ်သက်၏။ နယူးဘားမားသတင်းစာတိုက်သို့ ရောက်သွားသောအခါ ကျွန်ုပ်စိုးရိမ်သည့် အတိုင်း အတွင်းရေးမှူး အလုပ်မှာ စာရေးတပိုင်း၊ အုပ်ချုပ်ရေးတပိုင်း အလုပ်မျိုး ဖြစ်ခြင်းကို တွေ့ရ၍ ကျွန်ုပ်အတော်တုန်လှုပ်သွား၏။ မန်နေဂျင်း အယ်ဒီတာ ဖြစ်သော ကိုဘလှိုင်မှာ အတော်ခင်မင်အားကိုးပုံရ၍ 'လူတော်' တယောက်ဟု

မှတ်ယူသည့် လက္ခဏာနှင့် တာဝန်များလွှဲပေး၏။ ကျွန်ုပ်မှုကား စာရေးရုံ သာရေးချင်ပြီး စီမံအုပ်ချုပ်သော အလုပ်မျိုးကို အတော်ရွံ့မုန်းသူဖြစ်၏။ အလုပ် တိုက်သို့ရောက်၍ ကျွန်ုပ်၏တာဝန်များကို ခွဲဝေပေးလိုက်ကတည်းက 'ငါကားဤ အလုပ်မျိုးနှင့်ကြာရှည်စွာ လုပ်နိုင်မည့်လူတယောက် မဟုတ်'ဟူ၍ ဆုံးဖြတ်လိုက် လေပြီ။ ကျွန်ုပ်၏အလုပ်ကားစာပေးစာယူ အနည်းငယ်ပါရှိသည့် အပြင် မန်နေဂျာ ကိုဘလှိုင်လက်မှတ်ထိုးစေဖို့အတွက် ကျွန်ုပ်ကတာဝန်ခံ အနေဖြင့်လက်မှတ် အတိုထိုးရခြင်း၊ အရောင်းအဝယ်၊ ငွေထုတ်ငွေသွင်းမှစ၍ အလုပ်သမားနှင့် ကုမ္ပဏီဖြစ်စေ၊ အပြင်လူနှင့်ကုမ္ပဏီဖြစ်စေ ဆက်ဆံမှု ဟူသမျှတွင် ကျွန်ုပ်၏ လက်မှတ်ကို ပါရသည်ချည်းဖြစ်ရာ တနေ့လုံးလက်မှတ် တိုကလေးတွေ ရေးထိုး နေရသည်နှင့်ပင် အချိန်ကုန်၏။ ဤမျှသာမကသေး ထွက်သွားသော အတွင်း ရေးမှူးဟောင်းက လက်မှတ်တိုကလေး မထိုးပဲထားခဲ့သော ဖောက်ချာများကို လည်း (ဘယ်နှစ်လအတွက်မသိ) ကျွန်ုပ်က မှန်မမှန် စစ်ဆေးပြီး လက်မှတ်ထိုးဖို့ ကိုဘလှိုင်က တာဝန်ပေးထား၏။ သို့ဖြစ်၍ ကျွန်ုပ်မှာဖောက်ချာအသစ်များ မရောက်လာသေးသည့် အချိန်များတွင် ဖောက်ချာဟောင်း ဖိုင်ကြီးများကို လှန်၍လက်မှတ်တို ထိုးရလေသည်။

## ကာလဝိပါတ် နောက်ပိုးတက်ခြင်းလော

တနေ့သ၌ ကျွန်ုပ်သည် သူရိယတိုက်တွင် တိုက်အုပ်ဦးလှဖေ မရှိတော့ပဲ မန်နေဂျင်းဒါရိုက်တာနေရာတွင် လုပ်ကိုင်လျက်ရှိကြောင်း သတင်းကြားသည်နှင့် ဝတ္ထုများရေးဖို့ အဆက်အသွယ်လုပ်ရန်ရောက်သွား၏။ ဦးဘဖေက ရှေးကအတိုင်း မှီးသောဝတ္ထုများ ရေးဖို့ပြောသည်နှင့် သဘောတူ လက်ခံခဲ့ပါသည်။ ထို့နောက် ကျွန်ုပ်နှင့် အကျွမ်းဝင်ဘူးသည့် စာရေးတယောက်ထံသို့ ဝင်၍တိုက်သားဟောင်း များအကြောင်း စုံစမ်းမေးမြန်းရာ အံ့ဩဖွယ်သော သတင်းများသာကြားခဲ့ရ၏။

သူရိယတိုက်မှ ကျွန်ုပ်အလုပ်ထုတ်ခံခဲ့ရပုံ အဖြစ်အပျက်ကို အထက်တွင် ဖော်ပြခဲ့ဘူးရာ အမှန်မှာ ကျွန်ုပ်၌ အပြစ်ရှိခြင်းမဟုတ်၊ အလုပ်တခုခု၌ ကြာရှည်စွာ မလုပ်ရသည့် ကျွန်ုပ်၏ဇာတာအတိုင်း ကျွန်ုပ်ကထွက်သည်ဖြစ်စေ၊ အလုပ်ရှင်က ထုတ်ပစ်သည်ဖြစ်စေ တနည်းနည်းဖြင့် ထွက်ရသူ တယောက်ဖြစ်ပါသည်။ ၁၉၂၀ပြည့်နှစ်တွင် ကျွန်ုပ်အလုပ်ထုတ်ခံရစဉ်က ကျွန်ုပ်အား ဝိုင်း၍ တွန်းထုတ်ကြခြင်းကို အထိုက်အလျောက်မျှသာ ရိပ်မိခဲ့ရာ ယခုမှာမူဒင်းစာရေးက အသေးစိတ် ပြောပြခြင်းကြောင့် အလုံးစုံသိရှိခဲ့ရပါသည်။ ဤခြောက်နှစ်မျှသော အချိန်ကာလ အတောအတွင်း၌ ကျွန်ုပ်ကိုဝိုင်း၍တွန်းကြသည့် အယ်ဒီတာနှင့် စာရေးများသာမက လူရိုးကြီးတယောက်ဖြစ်သောတိုက်အုပ် ဦးလှဖေကိုယ်တိုင် အကြောင်းတမျိုးစီဖြင့် သူရိယတိုက်မှ ထွက်သွားကြရ၍ ၎င်းတို့လူစုအနက်မှ တယောက်မျှမကျန်ရှိတော့ကြောင်း ပြောပြလေသည်။

ဦးလှဖေကား ကျွန်ုပ်အပေါ်၌ မတရားပြုကျင့်သည်ဟု မစွပ်စွဲလိုပါ။ 'တွန်း' သောလူများ၏ စကားကို နားဝင်သဖြင့် ကျွန်ုပ်အပေါ်၌ အထင်လွဲပြီး ထုတ်လိုက်ခြင်း ဖြစ်သည်ဟုပင် ယုံကြည်ပါသည်။ သို့နှင့်ပင်သူလည်း မသက်သာ။ သူ့အပေါ်၌ အခြားသော ဒါရိုက်တာများက အထင်လွဲကြသည့်လက္ခဏာဖြင့် သူရိယတိုက်နှင့် အဆက်ဖြတ်ခြင်းခံရပါသည်။ ကျွန်ုပ်ကား ဤအချက်တွင် အတော်ထူးဆန်းသူတယောက်ဖြစ်၏။ သူရိယတိုက်ကိစ္စတွင် သာမကကျွန်ုပ်၏ အသက်တာ နောက်ပိုင်းတွင်လည်း ကျွန်ုပ်ထင်ပေါ်ခြင်းကို မနာလိုသော သူများ သည် သူတို့ကိုယ်တိုင် နစ်မြုပ်သွားခြင်းကိုတွေ့ရ၏။ ကျွန်ုပ်အားကလော် ထုတ်ချင်သောလူများသည် သူတို့ကိုယ်တိုင် လွင့်စင်သွားခြင်းကိုတွေ့ရ၏။ ကျွန်ုပ်အား အကျိုးယုတ်အောင် ဖန်တီးသောသူများသည် ၎င်းတို့အကျိုး ပျက်စီးခြင်းကို တွေ့ရ၏။ ထိုသို့သောလူများသည် ကျွန်ုပ်၏တသက်တာတွင် မနည်းလှချေ။ ကျွန်ုပ်ကိုယ်၌က မနာလိုချင်စဖွယ်ကောင်းသော လူတယောက် ဖြစ်လေသလော မပြောတတ်။ သို့ရာတွင်ကျွန်ုပ်နစ်နာသည်နှင့်အမျှ သူတို့လည်း

အလားတူနှစ်နာကြရသည်ချည်း ဖြစ်လေသည်။ တိုက်အုပ်ဦးလှဖေဆိုပါမူ သူရိယသတင်းစာတိုက်ကြီးကို ဦးဘဖေနှင့်အတူ တည်ထောင်ခဲ့သူဖြစ်ပါလျက် သူရိယသတင်းစာကိုဝယ်၍ ဖတ်ရသောအဖြစ်သို့ ရောက်သွားခြင်းကို (နောက်ပိုင်း၌) သူကိုယ်တိုင် ကျွန်ုပ်အား ဝမ်းနည်းစွာနှင့်ပြောပြဘူးပါသည်။ ၁၉၃၄ ခုနှစ်ဆီလောက်၌မူ ဦးလှဖေသည် သူ့အိမ်ရှေ့မှ ကျွန်ုပ်လမ်းလျှောက်သွားခြင်းကိုမြင်သဖြင့် သူကိုယ်တိုင်ထွက်၍ခေါ် ခြင်း၊ လမ်း၌သူက မြင်းရထားနှင့် ဆုံမိကြရာ မြင်းရထားကိုရပ်၍ ကျွန်ုပ်နှင့်ဆင်းပြီး စကားပြောခြင်း၊ ကျွန်ုပ်၏အခြေအနေကို မေးမြန်းခြင်း၊ အကူအညီလိုပါက ပေးဖို့အသင့်ရှိပါသည်ဟု ပြောခြင်း စသည်ဖြင့် နောင်တရသော လက္ခဏာများပြသည်။ ၁၉၃၆ ခုနှစ်တွင် သူရိယတိုက်သို့ကျွန်ုပ် ဒုတိယအကြိမ်ပြန်ဝင်သောအခါတွင်လည်း သူကိုယ်တိုင် အိမ်သို့လာ၍ ဝမ်းသာကြောင်းပြောပါသည်။ ကျွန်ုပ်အားဦးဘကလေးက ပြန်ခေါ်မည် ပြုရာတွင် (ဦးလှဖေမှာ ဦးဘကလေး၏ သင်ဆရာဖြစ်သည်။) ဦးလှဖေကထုတ်ခဲ့သော လူတယောက်ဖြစ်၍ ပြန်ခေါ်ခြင်းကို ကန့်ကွက်ရန် ရှိပါသလောဟု မေးကြောင်း၊ ဦးလှဖေက ကန့်ကွက်ရန်မရှိသည့်ပြင် ဝမ်းသာပါသည်ဟု ပြန်ပြောလိုက်ရကြောင်းနှင့် ဦးလှဖေကိုယ်တိုင်က နှောင်းဖြစ်များ အကြောင်းကိုမူ သူကလည်း စကားမစပ်၊ ကျွန်ုပ်ကလည်း မပြောပဲ နားလည်မှုနှင့် ရှောင်ကွင်းကြပါသည်။ ဦးလှဖေသည် (၁၉၃၇ခုနှစ်ထင်သည်။) စမ်းချောင်းရပ်၌ ကွယ်လွန်လေရာ စင်စစ်အားဖြင့်လူတော် လူကောင်းတယောက်ဖြစ်သော်လည်း ကြီးပွားရေးတွင် ထင်သလောက်မပေါက်ပဲ ဘောဂဗေဒကျမ်းတစောင်မျှနှင့်ပင် ဘဝဇာတ်သိမ်း သွားရရှာလေသည်။

## အတတ်မျိုးစုံ ရပြန်ခြင်း

ကျွန်ုပ်သည် နယူးဘားမား သတင်းစာတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် သူငယ်ချင်းကိုခင်မောင်တင့်နှင့် 'လုံး'မိကြပြန်သည်နှင့် အတတ်ပေါင်းစုံ ရပြန်လေပြီ။ ကိုခင်မောင်တင့်မှာ ဘီလပ်ပြန်တယောက် ဖြစ်သည့်အလျောက် ပျော်မှုပါးမှု အလုပ်မျိုးတွင် 'ဒိုးကဲ့သို့မွှေ့'နိုင်သူ တယောက်ဟူ၍ ဆိုလောက်ပေသည်။ ဟိုတယ်၌စားသောက်ခြင်း၊ ဘီလိယက်ထိုးခြင်း၊ ကလပ်တက်ခြင်း၊ မြင်းပွဲသွားခြင်းစသော အပျော်မှုနှင့် လောင်းကစားမှုများတွင် သူဝါသနာမပါသော အလုပ်မရှိချေ။

ဤအထဲတွင် မြင်းပွဲတခုမှတပါး ကျွန်ုပ်လည်း အားလုံးကြိုက်၍ သူ့ထံတွင် တပည့်ခံ၏။ မြင်းပွဲမှာမူကားတွက်ချက်တတ်သော ကျွန်ုပ်အဖို့မှာ မည်သည့်နည်းနှင့်မျှ ဝါသနာပါနိုင်စရာ မရှိချေ။ ဤလောင်းကစားနည်းမျိုးကား ငွေကြေးတတ်နိုင်သော မြင်းရှင်များ၊ ဒါရိုက်တာများ၊ မြင်းပွဲနှင့်ဆိုင်ရာ ထရိန်နာ၊ ဂျော်ကီ၊ စတူးဝပ်စသော အလုပ်သမားများအတွက် ဖန်တီးထားသော လောင်းကစားနည်းဖြစ်၍ အရပ်သားများ အဖို့မှာ 'မိုက်ရာ'ကျသော ကစားနည်း သက်သက်ဖြစ်သည်ဟု ကျွန်ုပ်မြင်ထား၏။ အထက်ပါ လူစုမှတပါး အရပ်သားများ အဖို့မှာ နိုင်ချင်၍လောင်းလျှင်လည်း မွဲဖို့သာများ၏။ ပျော်ချင်၍လောင်းလျှင် လည်း တကျပ်တန်လောက်ပျော်ရဖို့အတွက် ငါးကျပ်ကုန်ရသော ပျော်နည်းမျိုး ဖြစ်လေသည်။ သို့ရာတွင် လောက၌ 'စုံ'မှကျေနပ်သော ကျွန်ုပ်သည် နှစ်ခေါက် သုံးခေါက်တော့ ရောက်လိုက်ပါသေး၏။ ထို့ကဲ့သို့ ရောက်ရခြင်းကြောင့်ဖြစ်ရသည့် ကျွန်ုပ်၏ ထူးဆန်းသော အိပ်မက်များ အကြောင်းကို ဖော်ပြပါဦးမည်၊

## ထူးဆန်းသောအိပ်မက်များ

ကျွန်ုပ်၏မိခင်သည် ထူးဆန်းသော အိပ်မက်များ မြင်မက်တတ်သည်ဟု တနေရာ၌ အမြွက်မျှဖော်ပြခဲ့ဘူးရာ ကျွန်ုပ်မှာလည်း မိခင်ထံမှ ပါလာလေသလော မသိ၊ (Psychic) ထူးဆန်းသောစိတ်သဘာဝတမျိုးဆက်ခံ ရရှိပုံရ၏။ ကျွန်ုပ်၏ အိပ်မက်များမှာ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"ဟူ၍ မဆိုနိုင်လောက်အောင် ထူးဆန်းလှသောကြောင့် ဗဟုသုတအလို့ငှာ ဖော်ပြရပါဦး မည်။ ကျွန်ုပ်သည် နယူးဘားမား သတင်းစာတိုက်၌ အတွင်းရေးမှူး လုပ်လျက်ရှိစဉ် မြင်းပွဲဝါသနာ ပါသော ကိုထွန်းသန်းသည် နယူးဘားမား သတင်းစာအယ်ဒီတာလုပ်လျက်ရှိ၏။ ထိုနှစ်က ရန်ကုန်မြင်းပွဲများတွင် "ဟိုတယ်လိုက်ဇေးတား"ခေါ် လျှပ်စစ်ဓာတ်အား ဖြင့် ဂဏန်းများပေါ်ထွက်သည့် စက်ကိရိယာစတင်အသုံးပြုသည် ဆိုသောကြောင့် ကျွန်ုပ်သည် ၎င်းစက်ကိရိယာကိုမြင်လိုသည်နှင့် ကိုထွန်းသန်းနှင့်အတူ မြင်းပွဲသို့ လိုက်သွား၏။ သို့သော် အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဘောပေါက်ထား သည် ဖြစ်သောကြောင့် တပြားတချပ်မျှ မလောင်းပဲ ကြည့်ရှုမျှသာ ကြည့်ပြီးပြန်လာခဲ့လေသည်။ နောက်တနေ့နံနက် အိပ်ရာမှထသောအခါ (Daisy) 'ဒေစီ'ဟူသော မြင်း၏အမည်ကိုအိပ်မက်မက်သည်ဟု သတိရ၏။ အလုပ်တိုက်သို့ ရောက်သောအခါ ကိုထွန်းသန်းအား 'ဒေစီ'ဟူသောမြင်းအမည် ရှိပါသလောဟု မေးကြည့်ရာ ရှိသည်ဟု ပြော၏။ သို့သော် နောက်တပတ်တွင် ပြေးမည်၊ မပြေးမည် မသိနိုင်သေး၊ ဗုဒ္ဓဟူးနေ့မှ သိရမည်ဟု ပြော၏။ ဗုဒ္ဓဟူးနေ့တိုင်ရောက် ၍ မြင်းပွဲဟင်ဒီကတ် ထွက်လာသောအခါ 'ဒေစီ'ပါသည်ဟုပြော၍ ကိုထွန်းသန်းက အကြောင်းကိုမေးသဖြင့် ကျွန်ုပ်ကအိပ်မက်အကြောင်းကို ပြောပြ၏။ ကိုထွန်းသန်း သည် မြင်းဟင်ဒီကတ်ကို တွက်ကြည့်ပြီးနောက် 'ဒေစီ'မှာ ဤ 'ခဲ'ဖြင့် မနိုင်နိုင်ဟု ပြောသော်လည်း စမ်းကြည့်ချင်သည်ဟုဆိုကာ နောက်တပတ် မြင်းပွဲတွင် ကျွန်ုပ်လိုက်သွား၏။ ကျွန်ုပ်၌ငွေ ၂၅ကျပ်ပါခဲ့ရာ ကိုထွန်းသန်းက ဤခဲဖြင့်

မနိုင်နိုင်ပါဟု ပြော၍ လက်ဦးပွဲများမှ မြင်းများကိုထိုးခိုင်း၏။ ဒေစီ၏ပွဲမှာ နောက်ဆုံးပွဲဖြစ်နေလေသည်။ ကျွန်ုပ်သည် ကိုထွန်းသန်း၏ဖြားယောင်းခြင်းများကို နားမထောင်ပဲ (လက်မှတ်အတွက် ၅ကျပ်ပေးပြီးနောက်) ကျန်သောငွေ ၂၀ ကိုကျစ်ကျစ်ပါအောင် ထုပ်ထား၏။ ပဌမပွဲပြီးလတ်သော် ကိုထွန်းသန်း၌ တကောင်မှ မတိုက်သောကြောင့် ပါသောငွေကုန်လေပြီ။ ဆဋ္ဌမပွဲတွင် ကိုထွန်းသန်းသည် ကျွန်ုပ်ထံမှငွေချေးလေရာ မကြည်မသာနှင့်ပင် ငွေ၁၀ ချေး လိုက်ရ၏။ ကိုထွန်းသန်းမှာ ထိုပွဲတွင်လည်းမတိုက်ချေ။ ကစားသမားတို့ မည်သည်မှာ လက်ထဲ၌ငွေကုန်သောအခါ မြင်သောလူထံမှ ချေးချင်တတ်၏။ ထို့ကြောင့်ကျွန်ုပ်သည် (မြင်းဆယ်ပွဲပြေးမည့်အနက်) ကျန်သော မြင်းသုံးပွဲကို ကိုထွန်းသန်းနှင့် လွတ်အောင်ရှောင်နေပြီး နောက်ဆုံး ၁၀ ပွဲတွင်မှ ဒေစီအတွက် ဝင်း ငါးကျပ်၊ ပလေး ငါးကျပ် ထိုးလိုက်၏။ ပန်းလွှတ်တော့သည်။ သို့သော် ၅၁ကျပ်မျှ လျော်သောကြောင့် ထိုနေ့က ဒေစီ၏လျော်ကြေးမှာ အခြားပွဲများမှ 'ဝင်း'ထက်ပင် ပိုသေးသည်ဟုပြောကြသည်။ 'ဝင်း'မတိုက်သော်လည်း လျော်ကြေး အများဆုံးသော မြင်းကိုရွေးပြီး အိပ်မက်ရသည်ဟု ပြောစရာရှိနေလေသည်။

## ဒုတိယအိပ်မက်

ထို့နောက် တလခန့်ကြာ၍ ကျွန်ုပ်အိပ်ရာမှ နိုးလာသောအခါ (Larry) 'လာရီ'ဟူသော အင်္ဂလိပ်စာလုံးကြီး ဘလက်ဘုတ်၌ ရေးထားခြင်းကို အိပ်မက်ထဲ၌ မြင်လိုက်ရသည်ဟု သတိပေါ်လာ၏။ ထိုနေ့မှာပင်ဒီကတ် ထွက်ပြီးဖြစ်၍ ကိုထွန်းသန်းကို မေးကြည့်ရာ ၎င်းက 'လာရီ'ဟူသော မြင်းရှိ၍ ဤတပတ်လည်း ပြေးမည့်အကြောင်း၊ သို့သော် 'ခဲ'လေးလွန်းသောကြောင့် နိုင်လိမ့်မည် မထင်ကြောင်းပြော၏။ (ကိုထွန်းသန်းကား ကျွန်ုပ်တွေ့ဘူးသမျှသော လူများအနက်တွင် ယုံခဲဆုံးသော လူတယောက်ဖြစ်၏။) ကျွန်ုပ်မူကား သူပြောချင်ရာ ပြောစေ၊

'လာရီ'ကို လောင်းမည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်၏။ မြင်းပွဲကား သုံးရက်လိုသေး၏။ ကျွန်ုပ်သည် ထိုစဉ်က ဗြိတိသျှဘားမား မဂ္ဂဇင်းအတွက် စုံထောက်မောင်စံရှား ဝတ္ထုတပုဒ် ၅ဝိ နှုန်းနှင့်လတိုင်း ရေးလျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဝတ္ထုတပုဒ်ရေး၍ မဂ္ဂဇင်းတိုက်သို့ သွားပြီးလျှင် စနေနေ့မှ ငွေ၅ဝိ လာယူမည်ဆိုကာ ကော်ပီပေးထားခဲ့၏။ စနေနေ့တိုင်း ရောက်သောအခါ မန်နေဂျာ ကိုဆိုင်က ငွေ ၅ဝိ မရှိကြောင်း၊ ၂၅ကျပ်သာ ရှိကြောင်းပြော၍ စိတ်ပျက်စွာနှင့် ၎င်းကိုယူခဲ့ရလေ၏။

ထို့နောက် ကိုထွန်းသန်းနှင့်အတူ ထွက်လာကြရာ ကိုထွန်းသန်းသည် ကျွန်ုပ်၏ 'တစ်'ကို မယူလိုသည့်ပြင် ကျွန်ုပ်အားပင် 'လာရီ'ကို မလောင်းဖို့ တလျှောက်လုံး ဖျက်ပါသေး၏။ မြင်းပွဲသို့ ရောက်ကြသောအခါလာရီမှာ မြင်းပွဲဆယ်ပွဲအနက် နောက်ဆုံးပွဲ၏ အလျင်တပွဲ (ကိုးပွဲ)တွင် ပြေးမည်ဟု သိရ၏။ တပွဲနှစ်ပွဲပြေးပြီးသောအခါ ကိုထွန်းသန်းက 'လာရီ'ကို ကျွန်ုပ်တကယ် ယုံကြည်ခဲ့လျှင် ငွေများများနိုင်စေခြင်းငှာ တတိယပွဲ၌သေချာပေါက် နိုင်မည့်မြင်းကို (နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပြီ။) လောင်း၍ရသော လျော်ငွေဖြင့်လာရီကို လောင်းနိုင်ကြောင်း ပြော၏။ ကျွန်ုပ်မှာလည်း လောဘဝင်လာပြီဖြစ်၍ ငွေ၅ဝိ ပါခဲ့ဖို့ စီစဉ်ထားပြီးမှ ၂၅ ကျပ်သာ ပါလာသည်နှင့် မကျေမချမ်း ဖြစ်နေသောကြောင့် သူ့စကားကို နားဝင်သွား၏။ ဤတွင်ငွေ၁ဝိလောင်းလိုက်ရာ ပါသွားလေသည်။ သူ့မှာလည်းပြောင်လေပြီ။ ရှုံးသော လူများသည် ဝမ်းဟာတတ်၍ နိုင်သောလူများမှာ ဘာမျှ မစားပဲနှင့်ကျေနပ်ပြီး ဗိုက်ပြည့်နေတတ်ခြင်းမှာ ကစားသမားများ၏ ဓမ္မတာဖြစ်၏။ အချိန်မှာ နှစ်နာရီကျော်ပြီဖြစ်ရာ ကျွန်ုပ်တို့ နှစ်ယောက်လုံး အူတကြုတ်ကြုတ်နှင့် အလွန်ဆာလျက် ရှိကြ၏။ 'လာရီ'၏ပွဲမှာ တနာရီခွဲခန့် လိုသေး၏။ မစောင့်နိုင်တော့ချေ။ ဤတွင် ကျွန်ုပ်တို့သည် လက်ဖက်ရည်ခန်းထဲသို့ဝင်၍ တကျပ်ဖိုးစီမျှ လက်ဖက်ရည် သောက်လိုက်ကြသဖြင့် ရှစ်ကျပ်သာ ကျန်တော့၍ 'လာရီ'၏ပွဲတိုင် ရောက်သည်နှင့် သွေးငြိမ်စိမ့်

သောင်ှာ အရက်တခွက်စီ သွား၍သောက်လိုက်ကြသည်။ 'လာရီ'ကို 'ပက်ဒေါ့'သို့ ထုတ်လာသောအခါ အလွန်ဆိုးပုံရသော မြင်းနက်ကြီးဖြစ်၍ ကြိုးနှစ်ချောင်းနှင့် ဆိုက်ကုလားနှစ်ယောက် ကိုင်ရ၏။ ကိုထွန်းသန်းက "ခင်ဗျာ့ကောင်ကြီးက ဆိုးကဆိုးသနဲ့၊ ဂိတ်မှာကျန်ရစ် ပါလိမ့်မည်"ဟု ပြောသေး၏။ သို့သော် လွှတ်လိုက်သောအခါ 'အုပ်'ထဲက လိုက်သော်လည်း ပန်းအဝင်တွင်ထိုးတက်လာပြီး ရှေ့ဆုံးမှ ဝင်သွားလေသည်။ လျော်ငွေကား လက်မှတ်တစောင်အတွက် ၁၅၁ ကျပ်ရလေသည်။

ကျွန်ုပ်မှာ အိမ်ကပါလာခဲ့သော ငွေ၂၅ ကျပ်မှ ၁၅၁ ကျပ်ဖြစ်လာ၍ အမြတ်ကြီး ရသော်လည်း မူလကြံရွယ်ချက်အတိုင်း ၅ဝ ဖိုးလောင်းလိုက်ရလျှင် ၁၅၁ဝ ရမည်ဆိုကာ မကျေမချမ်း ဖြစ်နေမိသေး၏။ ဤကားလောဘသားတို့၏ ဓမ္မတာတည်း။

## တတိယအိပ်မက်

တစုံတယောက်သောသူက ကျွန်ုပ်အား အိပ်မက်ပေးခြင်း ဖြစ်ခဲ့လျှင် "ဤလူကား ထိုက်တန်သောလူတယောက် မဟုတ်"ဟု ဆိုကာ အိပ်မက်မပေးပဲ နေလေသလား မပြောတတ်။ ထို့နောက်တွင် အိပ်မက်မရတော့ပဲ ကိုးနှစ်ခန့်ကြာ သောအခါမှ အလွန်ထူးဆန်းသော အိပ်မက်တခု မက်ရပြန်သည်။ အိပ်မက်ထဲ၌ ကျွန်ုပ်သည် တရုတ်ကလပ်တွင် လေးကောင်ဂျင် ထိုးလျက်ရှိ၏။ ထိုဂျင်မှာ လေးကောင်ဂျင် ဆိုသော်လည်း လေးကွက်တည်း မဟုတ်ပဲ အကွက်ပေါင်း ၂ဝ ခန့်ရှိ၍ အကွက်များတွင် ထုံးစံအတိုင်း ကြက်၊ ဝက်၊ ငါးရှဥ့်၊ ဖား တည်းဟူသော အရုပ်လေးကောင်မဟုတ်ပဲ ဂဏန်းများရေးထားသည်ကို မြင်ရ၏။ ဂဏန်းများ မှာလည်း အင်္ဂလိပ် ဂဏန်းများဖြစ်၏။ ကျွန်ုပ်သည် အခြားလူများနှင့်အတူ ခုံရှည်ပေါ်တွင် ထိုင်လျက် ဂျင်ထိုးနေရာ တရုတ်က သုံးကြိမ်ဖွင့်ခြင်းကို မြင်ရ၏။

မြင်ရသော ဂဏန်းများမှာ (၁၄-၈-၆)တို့ဖြစ်လေ၏။ အိပ်ရာမှနိုး၍ ဂဏန်းပါသောဂျင်ဟု မရှိပါပဲလျက် ထူးထူးဆန်းဆန်း မြင်မက်ခြင်းကို စဉ်းစားလျက်ရှိစဉ် ထိုနေ့သည်ကား မြင်းပွဲနေ့ ဖြစ်ခြင်းကို ဖြုန်းကနဲ သတိရ၏။ ဤမျှသာမကသေး၊ ထိုစဉ်ကမူ "သုံးကောင်စွပ်"ပေါ်လျက်ရှိခြင်းကိုလည်း သတိရ၏။ ဤတွင် သုံးကောင်စွပ်အတွက် အိပ်မက်ဖြစ်ရမည်ဟု တွေးထင်လိုက်ပါတော့သည်။

သို့ဖြစ်၍ အိမ်၌ရှိသမျှသော ငွေ၃ဝကို ယူပြီး မြင်းပွဲသို့သွားပါတော့သည်။ ဤတကြိမ်မူ ကိုထွန်းသန်းမရှိတော့ပဲ မိမိတယောက်တည်း သဘောအတိုင်း လုပ်နိုင်တော့မည်ဟု အောက်မေ့မိပါသေးသည်။ မြင်းပွဲသို့ရောက်သောအခါ သုံးကောင်စွပ် ပထမတွဲပွဲ ပြေးခါနီးတွင် အိမ်နီးချင်းတယောက်နှင့်တွေ့၍ "ဘာထိုးသလဲ" ဟုမေးသဖြင့် '၁၄'ဟုပြောလိုက်ရာ သူလည်းပြေး၍ ထိုးသေးသည်။ ကျွန်ုပ်မူကား '၁၄'အတွက်ငွေ၂၅ကျပ်ဖိုး (ငါးစောင်) ဆုတ်လိုက်သည်။ ၎င်းပွဲတွင် '၁၄'နံပါတ် မြင်းပင်ဝင်၍ လျော်ငွေ ၂၄ကျပ်စီရသော ကြောင့် စုစုပေါင်း ၁၂ဝ ရလေသည်။ ပျဉ်ပြားပေါ်တွင် နိုင်သောမြင်းနံပါတ် '၁၄'ကို မြေဖြူဖြင့်ရေး၍ မြောက်တင်လိုက်သောအခါ ပျဉ်ပြားပေါ်၌ ရေးထားသော '၁၄'မှာ အိပ်မက်ထဲတွင် 'ဂျင်'ပေါ်၌ ရေးထားသည့် '၁၄'နှင့် လူတယောက်တည်း ရေးထားသည့် လက်ရေးကဲ့သို့ အလွန်တူသည်ကို ကျွန်ုပ်မြင်ရသောအခါ ငါကား ယနေ့သေချာပြီဟု အကြီးအကျယ်ဝမ်းသာမိပါတော့သည်။

ကျွန်ုပ်သည်ငယ်စဉ်ကတည်းက အလုပ်သမားနှင့် အတူနေခဲ့ရ၍ လောင်းကစားခြင်း အလုပ်၌ ဝါသနာထုံလျက်ရှိသော်လည်း စင်စစ်အားဖြင့် နိုင်ဖို့လောဘကြီးသူ တယောက်မဟုတ်။ မရှုံးပဲနှင့်ပျော်နေရလျှင် ကျေနပ်နိုင်သူတယောက်ဖြစ်၏။ အချို့ကလောင်းကစားပွဲမှထလာ၍ 'အရင်း'ဖြစ်သည်ဆိုလျှင် အလကားညောင်းတာပါပဲဟု ပြောတတ်ကြ၏။ ကျွန်ုပ်မူကား 'အရင်း'ဖြစ်နေသည်ဆိုလျှင် လောင်းကစား၍ပျော်ရခြင်းအတွက် မြတ်သည်ဟု ယူဆနိုင်သည်။ ထိုသူတို့က နိုင်ချင်၍ ကစားသည်ဟုဆိုကြရာ ကျွန်ုပ်မူကား ရှုံးမည်လော

နိုင်မည်လော၊ သို့လောသို့လော (Suspense) ဖြစ်နေရခြင်းသည် အရသာတခု ဖြစ်သည်ဟုယူဆ၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာကား မနိုင်ချင်နေ၊ မရှုံးလျှင် ကျေနပ်သည်ဟုဆိုနိုင်၏။ သို့ဆိုလျှင်ပိုက်ဆံမလောင်းပဲ အလကားတမ်း ကစား လျှင်ဖြစ်နိုင်သည် မဟုတ်လောဟု မေးဖွယ်ရှိ၏။ ကျင်လည်မှုနှင့်ဆိုင်သော ကစား နည်းမျိုးတွင် ပိုက်ဆံမလောင်းပဲ ပျော်နိုင်သော်လည်း 'ကံကစား'နည်းမျိုးတွင် ပိုက်ဆံမလောင်းပဲမပျော်နိုင်၊ အဓိပ္ပာယ်မရှိချေ။ ဤအကြောင်းများကို ရှင်းလင်း ဖော်ပြရခြင်းမှာ ဤသုံးကောင်စွပ်ပွဲ၌ ကျွန်ုပ်လောင်းပုံကို နားလည်ကြစေရန် ဖြစ်လေသည်။ ကျွန်ုပ်သည်အိပ်မက်ရသောကြောင့် နိုင်ချင်၍လာခဲ့ခြင်း ဖြစ်သော် လည်း ရှုံးသွားမည်ကိုတဘက်က စိုးရိမ်သေး၏။ သို့ဖြစ်၍ ပထမတွဲပွဲမှ ငွေ ၁၂ဝိလျော်ငွေရသောအခါ ဒုတိယနှင့် တတိယပွဲများအတွက် အားလုံးပုံ၍မလောင်း သေးပဲ ငွေ ၂ဝိချန်ထား၍ စွပ်အတွက်၆ဝိ (လက်မှတ် ၁၂စောင်)၊ ဒုတိယပွဲအတွက် ၄ဝိ(လက်မှတ် ၈စောင်) လောင်းလိုက်၏။ ဒုတိယပွဲ၌ မြင်းနံပါတ်(၈)တိုက်၍ လျော်ငွေတစောင် ၁ဝိကျပ်နှင့် ငွေ၈ဝိရ၏။ ဤတွင်လက်ထဲ၌ ငွေ၂ဝိ+၈ဝိပြင် သုံးကောင်စွပ်အတွက် လက်မှတ် ၁၂စောင်ရှိသေးသည်။ သုံးကောင်စွပ်ဟူ၍ တခါ မှတိုက်လည်းမတိုက်ဘူး ထိုးလည်းမထိုးဘူးသော ကျွန်ုပ်မှာ တတိယတွဲပြေးခါနီး၌ ရင်ခုန်လှိုက်ပုံမှာ အနီးမှ လူများပင်ကြားရလောက်သည်ထင်၏။ (ဤမျှလောက် ရင်ခုန်ရခြင်းမှာ အနိုင်အရှုံး ကြောင့် မဟုတ်ပါ၊ လေးကောင်ဂျင်ဝိုင်းများတွင် တခါတရံ ဤမျှလောက်မက ထိုးခဲ့ဘူးပါသည်။ ရင်ခုန်ရခြင်းမှာ ငါ၏အိပ်မက် မှန်မည်လော၊ မှားမည်လော သိချင်ဇောကြောင့် ဖြစ်ပါသည်။) တတိယတွဲပွဲ၌ မြင်း ၁၂ ကောင်လွှတ်လိုက် လေပြီ။ ကျွန်ုပ်၏ နံပါတ် (၆)မြင်းမှာ နာတံအဖြူကျားဖြစ်၍ ဖွေးဖွေးဖွေးဖွေးနှင့် ပြေးလာခြင်းကို အဝေးကြီးမှမြင်ရ၏။ သို့သော် ရင်ခုန်လွန်းအားကြီးသောကြောင့် သေသေချာချာ မကြည့်ဝံ့ချေ။ တခါတရံ မကြည့်ရဲသောကြောင့် မျက်နှာလွှဲ၍ နေလိုက်ရ၏။ ပန်းဝင်သွား ကြလေပြီ။ ဘယ်မြင်းပါလိမ့်။ ကျွန်ုပ်နားမကြားပဲဖြစ် နေ၏။ 'စိန်လျှံ'ဆိုလေလား၊

'တိမ်ပျံ'ဆိုလေလား မကွဲပြားချေ။ စိန်လျှံသည် ကျွန်ုပ်၏မြင်းနံပါတ်(၆)ဖြစ်၏။ ဘလက်ဘုတ်သို့ကြည့်လိုက်သောအခါ နံပါတ်(၉)ဖြစ်၍ 'တိမ်ပျံ'နိုင်သွားလေပြီ။ သုံးကောင်စွပ်တွင် နှစ်ကောင်တည်ပြီးမှ နောက်ဆုံးတကောင် လွဲရခြင်း ဖြစ်လေသည်။ ကျွန်ုပ်၏လက်ထဲ၌ငွေ၁၀ဝိရှိနေ၍ ငွေ ၇ဝိနိုင်သည်မှန်သော် လည်း နှစ်ကောင်မှန်ပြီးမှ တကောင်လွဲသော အိပ်မက်ကို ကျွန်ုပ်နားမလည်နိုင် အောင် ရှိတော့သည်။ တကောင်လွဲရမည်ဖြစ်လျှင် အဘယ်ကြောင့် နှစ်ကောင်မှန်သော အိပ်မက်မျိုး မက်ရသနည်း။ စင်စစ်မှာ အိပ်မက်တခုအနေဖြင့် နှစ်ပွဲဆက်ပြီး မှန်ဖို့လည်း လွယ်ကူသည် မဟုတ်ချေ။ နားလည်သော မြင်းသမား တယောက် ကား နှစ်ကောင်မှန်နိုင်သည်။ ယခုမှာ အိပ်မက်သက်သက်ဖြစ်ပါလျက် အဘယ့်ကြောင့် နှစ်ကောင်မှန်နိုင် ရသနည်း။ ကျွန်ုပ်သည် ကျန်သော မြင်းတပွဲ၌ စိတ်မဝင်စားတော့ပဲ မြင်းပွဲမှ တယောက် တည်းပြန်လာခဲ့၏။ ငွေ ၁၀ဝိ လက်ကိုင်ရှိ သည်ကား ဟုတ်ပါ၏။ သို့နှင့် ကျွန်ုပ်မှာ ဤပြဿနာသည် စိတ်ထဲတွင် တအုံနွေးနွေးရှိနေပါတော့သည်။

## ပြဿနာရှင်းသွားခြင်း

ထို့နောက် ၇ နှစ်ခန့်ကြာသောအခါ ကျွန်ုပ်နှင့် လယ်ယာစိုက်ပျိုးရေး မင်းကြီးရုံးတွင် အတူတကွအလုပ်လုပ်ခဲ့ဘူး၍ ပထမအိမ်ထောင် မလှမူးနှင့်ဆွယ် ပေးသော သူငယ်ချင်း ကိုမျိုးအံ့သည် ကျွန်ုပ်၏အိမ်သို့ရောက်လာ၍ နှစ်ပေါင်း များစွာ ကွဲကွာနေခဲ့သော သူငယ်ချင်းဖြစ်သည့်အလျောက် ကျွေးမွေးပြုစု၏။ ထိုသူ မှာအင်္ဂလိယသမားတယောက်ဖြစ်၍ ဟုတ္တိပတ္တိ အလုပ်မလုပ်ပဲ ချောင်လည်ချောင်ပတ် ဖြစ်နေရှာ၏။ ကိုမျိုးအံ့က ငွေချောင်ချောင် ရလိုသလောဟု မေး၍ 'ကစားမှော်'သွင်းပေးမည်ဟုပြောရာ ကျွန်ုပ်က ငွေလိုချင် သော်လည်း 'မှော်'ကို မယုံကြည်ကြောင်းပြော၏။ ဤသို့ဖြင့် လောင်းကစားခြင်း အကြောင်းကို

ဆက်လက် ပြောပြကြယင်း ကျွန်ုပ်ကအထက်ပါ မြင်းပွဲအိပ်မက် များအကြောင်း ပြောပြလေ၏။ ကျွန်ုပ်က တတိယအိပ်မက်သည် ကျွန်ုပ်၏ဦးနှောက်ကို ယနေ့တိုင် အလုပ်ပေးလျက်ရှိကြောင်း ပြောပြလေ၏။ ဤလူကား တနည်းအားဖြင့် ဉာဏ်တမျိုးရှိသော လူတယောက်ဖြစ်ပါပေသည်။ ကျွန်ုပ်၏စကားဆုံးသည်နှင့် တပြိုင်နက် ကိုမျိုးအံ့က "ခင်ဗျားဟာက ၆ နဲ့ ၉ နဲ့ လွဲနေတာကိုးဗျ၊ ၉ ဇောက်ထိုးကြည့်မိတော့ ၆ ဖြစ်သွားတာပေါ့၊ အိပ်မက်က ၉ ပြပါလျက်နဲ့ ခင်ဗျားကဇောက်ထိုးကြည့်မိပြီး ၆ ဖြစ်သွားတော့တာပေါ့ဗျ"ဟု ပြောလေသည်။ ဟုတ်လည်းဟုတ်ပေသည်။ အိပ်မက်ထဲကဂျင်တွင် လက်ကိုင် (အညှာ)ကလေး ကပ်လျက်ပါရှိရာ ၉ ကိုပြောင်းပြန် ကြည့်လျက်သားဖြစ်နေသော ကြောင့် ၆ ဟု ကျွန်ုပ်မြင်ခဲ့ရခြင်း ဖြစ်ရပေမည်။ မည်သို့ပင်ဖြစ်စေကျွန်ုပ်အား နှစ်ပေါင်းအတန် ကြာအောင် ဒုက္ခပေးလာခဲ့သော ပြဿနာတခုကား ရှင်းလင်းသွား ပါပြီ။ မောင်မင်းကြီးသားအား ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏အိပ်မက်များမှာ မည်သူတဦးတယောက်က ပေးလာသည်ဖြစ်စေ၊ ကျွန်ုပ်ဖာသာ ကျွန်ုပ်မြင်မက် သည်ဖြစ်စေ ကျွန်ုပ်အဖို့ရာ၌ တသက်လုံးအတွက် အတိတ်နိမိတ်ကဲ့သို့ အဓိပ္ပာယ် ပေါ်လွင်လှပေသည်။ အိပ်မက်သုံးခုလုံး၌ ကျွန်ုပ်အဖို့ အချည်းနှီးမဖြစ်၊ အထိုက်အလျောက် အကျိုးခံစားရခြင်းကို တွေ့ကြရပေပြီ။ သို့သော် ချောချောမောမော လုလုပပကြီးကား ခံစားရသည်မဟုတ်ချေ။ ကျွန်ုပ်၏ အသက်တာ တလျှောက်လုံးတွင်လည်း ဤအတိုင်းပင် ဖြစ်ခဲ့၏။ ကျွန်ုပ်၏ အကျိုးပေးမှာ သိပ်တော့မခေလှ။ သို့သော် ကျွတ်ကျွတ်လွတ်လွတ် အောင်မြင်မှု ကြီးမျိုးကား မရှိခဲ့ဘူးချေ။ ဤသည်မှာ ဤစာကို ရေးလျက်ရှိသော ယခုအချိန် (၇၂နှစ်)၌ အဓိပ္ပာယ်ကောက်ခြင်းဖြစ်လေရာ ရှေ့အဖို့တွင် ပြင်ဆင်ကောက်ယူဖို့ အကြောင်းဖြစ်ပေါ်ဦးမည်လော မပြောတတ်ပေ။

## လောင်းကစားပုံ စနစ်တခု

နယူးဘားမား သတင်းစာတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် ကျွန်ုပ်တို့၏ ပျော်နည်းအမျိုးမျိုးအနက် ယနေ့တိုင် မမေ့နိုင်သည့် ကလပ်တက်ခြင်းအလုပ်ကို ဖော်ပြလို၏။ မမေ့နိုင်ဆိုခြင်းမှာ ဤဟာမျိုးကြုံတွေ့ချင်လှသေးသောကြောင့် မဟုတ်ရပါ။ ဤခေတ် ဤဟာမျိုး မရှိတော့သည့်အတွက် ရှေးဖြစ်ဟောင်းအနေဖြင့် အောက်မေ့သောကြောင့် ဖြစ်ပါသည်။ ၁၉၂၆ခုနှစ်၌ ကျွန်ုပ်သည် 'အနီထောင်'ဟု ကြားဘူးရုံသာရှိ၍ မြင်လည်း မမြင်ဘူး၊ ကစားဘူးဖို့ကား ဝေးလေပြီ။ (ဤခေတ်လူများသည် 'အနီထောင်'လောင်းကစားနည်းကို မြင်ဘူးသူ နည်းပါး ပေလိမ့်မည်။) လောင်းကစားပုံမှာ လေးကောင်ဂျင်နှင့် လုံးဝတူ၍ 'ပါထန်'နှင့် အတော်အတန်တူ၏။ ကျွန်ုပ်သည် ဤလောင်းကစားနည်းကို အသေးစိတ် ဖော်ပြလိုခြင်းမဟုတ်၊ ထိုခေတ်ကကစားသမားများ၏ 'နတ်ပြည်'တခုကို ရေးပြချင်သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့်အတူ လမ်းမတော်ရှိ တရုတ်ကလပ်များသို့ သွားလေ့ရှိ၏။ လောင်းကစားသူများသည် လောင်းကစားနည်းတမျိုးမျိုး၌ တတ်ခါစတွင် နိုင်တတ်သည်။ (Beginner's Luck) ဆိုသော အင်္ဂလိပ်စကားပုံတခုရှိ၏။ ဤစကားပုံသည် အခြားသူများအတွက် မပြောတတ်၊ ကျွန်ုပ်အဖို့မူ မှန်သည်ချည်း တွေ့ရ၏။ ကျွန်ုပ်တခါတရံ စဉ်းစား မိသည်မှာ ကစားတတ်ခါစလူများ နိုင်တတ်ခြင်းမှာ အကြောင်းမည်သို့ ရှိလေသနည်း။ မတတ်တတတ်နှင့် လောင်းကစားလျှင် ရှုံးဖို့သင့်ပါလျက် အဘယ့် ကြောင့် နိုင်ရသနည်း။ နိုင်တတ်သည်ဆိုခြင်းမှာ 'ဉာဏ်'ပါသော လောင်းကစား ခြင်းမျိုးအတွက် မဟုတ်နိုင်၊ ကံသက်သက် လောင်းကစားနည်းမျိုးအတွက်သာ ဖြစ်ရပေမည်။ ဥပမာ ဘိလိယက်မတတ်ပဲလျက်နှင့် လောင်းတန်းထိုးလျှင် ရှုံးဖို့သေချာလေရာ ကိုးမီးဖဲကစားလျှင်မူကား နိုင်ချင်နိုင်နိုင်ပေလိမ့်မည်။ 'အနီထောင်'မူကား ကိုးမီးဖဲကဲ့သို့ ကံသက်သက် လောင်းစားခြင်းဖြစ်၍

တတ်ခါစလူများလည်း နိုင်ဖို့လမ်းရှိလေသည်။ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့် အတူ တရုတ်ကလပ်များသို့ သွားသောအခါ 'လက်ကိုင်'ငွေ ၂ဝိ–၂၅ိကျပ်မျှ ပါလေ့ရှိ၏။ စ၍ကစားလိုက်သည်ဆိုလျှင်ပင် နာရီတဝက်ခန့်အတွင်း ငွေလေးငါးဆယ် နိုင်လိုက်လေပြီ။ ဆက်လက်ကစား၍ ၁ဝိ–၁၅ိကျပ် ပြန်ရှုံးသည်ဆိုလျှင် ခေတ္တရပ်နားပြီး နိုင်မှသာ ဆက်လက်၍ကစား၏။ ဤသည်ကား ကျွန်ုပ်၏ လောင်းကစားစနစ်ပေတည်း။

## ကျွန်ုပ်တွေ့ရှိသောစနစ်

ဤနေရာ၌ လောင်းကစားခြင်းနှင့် ပတ်သက်၍ (ကြီးပြင်းလာသောအခါမှ) ကျွန်ုပ်တွေ့ရှိထားသော စနစ်တခုကို ဖော်ပြလို၏။ ငယ်စဉ်အခါက လယ်ယာစိုက်ပျိုးခြင်းရုံး၌ အလုပ်လုပ်စဉ် လောင်းကစားမိ၍ရှုံးခဲ့ဘူးခြင်းများ အကြောင်းကို ဖော်ပြခဲ့ဘူးရာ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ဖော်ပြလတ္တံ့သော 'စနစ်'ကို နားမလည်သေးသောကြောင့်ဖြစ်၏။ မည်သူမဆို လောင်းကစားနည်းတခု၌ ('ကံ' ဖြစ်စေ၊ 'ဉာဏ်'ဖြစ်စေ) ကစားလိုက်သည်ဆိုလျှင် တထိုင်တည်းအတွင်း ရှုံးချည် နိုင်ချည် ဖြစ်ခြင်းကို တွေ့ရတတ်ပေသည်။ တလျှောက်တည်းရှုံးခြင်း၊ တလျှောက်တည်းနိုင်ခြင်း ဆိုသည်မျိုးမှာ အလွန်တရာ တွေ့ရခဲပေသည်။ များစွာသော ကစားသမားတို့ ပြောတတ်ကြသည်မှာ "နိုင်နေတုန်းက တော်လိုက်မိလျှင် ကောင်းသားဗျာ၊ မနဲဘူးဗျ၊ ငွေ ၃ဝဝိလောက်နိုင်လိုက်သေးတယ်၊ လောဘကြီးပြီး ဆက်ကစားလိုက်တာ ပြောင်ပါလေရောဗျာ"ဟူသည် ပင်ဖြစ်၏။ ကျွန်ုပ်ကိုယ်တိုင် ငယ်စဉ်ကလည်း ဤအဖြစ်မျိုး ခဏခဏ ကြုံခဲ့ရဘူး၏။ "နိုင်တုန်းမှာတော်ရမည်ဆိုလျှင် ဆက်ပြီးမနိုင်နိုင်ဟုမည်သူက ပြောနိုင်သနည်း"ဟု မေးဖွယ်ရာရှိ၏။ ဟုတ်တော့ ဟုတ်ပါသည်။ သို့သော် ကျွန်ုပ်တွေ့ထားသောစနစ်မှာ ဤသို့ဖြစ်၏။ နိုင်နေသမျှ ဆက်၍ကစားသင့်၏။

ဥပမာ ငွေ၁၀ဝိ နိုင်နေရာမှ ဆက်ပြီးကစားသဖြင့် ၂၀ဝိ–၃၀ဝိ အထိ ဆက်၍နိုင်သည်ဆိုအံ့။ ဆက်လက်၍ကစားသဖြင့် ၁၅ဝိ ခန့်ပြန်ရှုံးပြီး အနိုင်၁၅၀မျှသာ ကျန်တော့သည်ဆိုအံ့။ ကျွန်ုပ်မှုကား ဘယ်နည်းနှင့်မျှ ဆက်၍ကစားတော့မည် မဟုတ်ချေ။ အများအားဖြင့်မူ ၁၀ဝိလောက်ပြန်ရှုံးသည်ဆိုလျှင်ပင် ကျွန်ုပ်တော်ခဲ့ပါသည်။ ဤစနစ်ကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်မှာ အချို့လူများကဲ့သို့ ပက်ပက်စက်စက် မနိုင်သော်လည်း ပက်ပက်စက်စက် ရှုံးခဲလှသည်။ ကျွန်ုပ်လောင်းကစားတိုင်း ၁၀ကြိမ်လျှင် ၇ကြိမ် ၈ကြိမ်ခန့် နိုင်လေ့ရှိ၏။ ထိုင်လိုက်ကတည်းက တောက်လျှောက် ရှုံးသောအခါများ၌သာ ကျွန်ုပ်ရှုံးရ၏။ ဤသို့သောအဖြစ်မျိုးမှာ ကစားသမားတိုင်းပင် ကြုံရခဲ၏။ နိုင်ပြီးမှ 'ပြောင်'ရသူတို့သာ များလေသည်။ ဂျပန်တခေတ်လုံး၌ ကျွန်ုပ်မှာ စာရေးဖို့ အခွင့်မရှိသောကြောင့် လောင်းကစားခြင်းဖြင့် အသက်မွေးခဲ့ရဘူးရာ ဤအကြောင်းကို သက်ဆိုင်သောအခန်းတွင်မှ ဖော်ပြပါဦးမည်။

## ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်

လမ်းမတော် တရုတ်ကလပ်များ၌ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်သည် ၁၉၂၆ ခုနှစ်တွင် စနေနေ့ညတိုင်း 'အနီထောင်' ကစားခဲ့ကြ၏။ ကလပ်တခုကို တက်၍ကစားသဖြင့် (ဥပမာ) ကျွန်ုပ်၌ ငွေ ၅ဝိ နိုင်ပြီးရာမှ ပြန်ရှုံးသဖြင့် ၃ဝိ မျှ (အနိုင်) ကျန်တော့သည်ဆိုလျှင် ကျွန်ုပ်သည် ထိုင်ရာမှ ထလိုက်လေပြီ။ ကိုခင်မောင်တင့်၏ အခြေအနေကိုကြည့်၍ သူကစားချင်သေးလျှင်လည်း ကျွန်ုပ်သည် ချောင်တခုသို့သွား၍ ဘီယာသောက်ယင်းစောင့်နေ၏။ (ကျွန်ုပ်သည် ကိုသိန်းဖေ၊ ကိုညွှန့်တို့နှင့်အတူ ဖခင်ထံ သေအရက် လှူကြပြီးသည့်နောက် သက်န်းဝတ်သောအချိန်နှင့် ဆက်ပြီး သုရာမေရယအလုပ်မျိုး နှစ်နှစ်ခန့်ဖြတ်လျက်ရှိခဲ့ရာ ကိုခင်မောင်တင့်နှင့် တရုတ်ကလပ်များသို့ရောက်ခါမှ အဓိဋ္ဌာန်ပျက်

ရပါတော့သည်။ သို့သော် သူ့ကြောင့်ဟူ၍ကား မဆိုလိုပါ။) ကိုခင်မောင်တင့်မှာ ကလပ်ပြုတ်အောင် နိုင်ရမှ တော်မည်ဟု ပြောဘူးသူ ဖြစ်သည့်အတိုင်း စိတ်ကျေနပ်သောအခါမှ ထလာတော့ရာ ကလပ်မပြုတ်ပဲ သူပြုတ်၍သာ လာခဲ့သည်။ သို့သော်ကျွန်ုပ်၌အနိုင်ကလေးရှိထားသောကြောင့် တော်ပါသေး၏။ တညတလေ၌မူ သူနိုင်နေခိုက်တွင် ကျွန်ုပ်က (တရုတ်များအမုန်း ခံပြီး) အတင်းဆွဲသောကြောင့် အနိုင်ကလေး ပါလာခြင်းများလည်း ရှိပါ၏။ ထိုသို့သော ညမျိုးတွင် ကျွန်ုပ်တို့နှစ်ယောက်သည် ကလပ်ပေါ်မှ ဘီယာတပုလင်းစီသောက် ခဲ့ပြီး အောက်သို့ဆင်းလာကြ၍ ခေါက်ဆွဲဆိုင်များတွင် အကောင်းဆုံးသော စားစရာများကို စားသောက်ကြ၏။ ထို့နောက်လမ်းမတော် လမ်းမကြီးတလျှောက် လျှောက်ကြ၍ မည်သည့်ကလပ်သို့ ပြန်၍တက်ကြရပါမည် နည်းဟုရွေးချယ် ကြ၏။ ထိုစဉ်က လမ်းမတော်တလျှောက်ရှိ တိုက်များမှာ အားလုံးလိုပင် ကလပ်များဖြစ်ကြ၍ ဓာတ်မီးတထိန်ထိန်လေယပ်များတဝီဝီဖြင့် လောင်းကစားသူ များမှာလည်း ပျားပန်းခတ်သို့ ဆင်းကြတက်ကြ၊ စားကြသောက်ကြ၊ လောင်း ကစားကြဖြင့် ဘုရားပွဲတမျှ စည်ကားလှ၏။

ကျွန်ုပ်သည် ကစားသမားများ၏ အမူအရာကို ကြည့်ခြင်းအားဖြင့် ထိုသူ၏အနိုင်အရှုံးကို အကဲခတ်သော အလေ့အကျင့်ပြုလုပ်ထား၏။ ခေါက်ဆွဲ ဆိုင်၌ ရွှန်းရွှန်းဝေသောမျက်နှာနှင့် ဟောင်ဖွာဟောင်ဖွာ စကားပြောသော လူကား နိုင်ခဲ့သူဖြစ်ရမည်။ ထိုသူနှင့် တဝိုင်းတည်းထိုင်လျက် မျက်နှာခပ်ညှိုးညှိုးနှင့် သူပြောသမျှကို ထောက်ခံလျက်ရှိသော လူသည်ကား ကိုယ်တိုင်ရှုံးလာခဲ့သဖြင့် ကပ်၍သောက်သောလူဖြစ်သည်ဟု သိနိုင်လေသည်။ များသောအားဖြင့်မူ ပထမလူစားမျိုး တယောက်တွေ့ရတိုင်း ဒုတိယလူစားမျိုး လေးငါးယောက်မျှ တွေ့ရသည်ချည်းဖြစ်၏။ ဝိုင်းတခုတွင် ဖင်ပေါ့ပေါ့နှင့် ခိုင်းသမျှ ထလုပ်ပြီး သွားတဖြဲဖြဲရှိနေသူမျိုးလည်း ပါရှိတတ်ပေရာ ထိုသူမူကား ကစားသမား မဟုတ်၊ ‘ကလပ်ဂျပိုး’ဖြစ်လေသည်။ လူတယောက်နိုင်၍ ဆင်းသွားလျှင် ဂျပိုး

တကောင်နှစ်ကောင် ကပ်၍ပါသွားသည်ချည်း ဖြစ်လေသည်။ မည်သို့ဆိုစေ လေးငါးယောက်ရှိုးတိုင်း နိုင်သူတယောက်တလေ ပါရှိတတ်သည်ဖြစ်သောကြောင့် ထိုတယောက်ကိုကြည့်ပြီး သွားရည်ကျကြရခြင်းအားဖြင့် လမ်းမတော်ရပ်ကွက်သည် ကစားသမားများ၏ နတ်ပြည်တမျှ တမ်းတသူ ပေါများပါဘိသည်။

အသူရကာယ်၌ ခံချည်တခါ စံချည်တလှည့်ဟု ဆိုရာ ကျွန်ုပ်အဖို့ရာ၌ စနေနေ့များသည် ခံစားသောအပိုင်းဟု သတ်မှတ်ထား ထိုတရက်အတွက် ၆ ရက်လုံးလုံး လက်ချိုးကာ ရေတွက်မျှော်လင့်ခဲ့ရ၏။ နှစ်ယောက်လုံးရှုံး၍ ပြောင်သောညများမှတပါး ကျွန်ုပ်တို့သည် ကလပ်တခုမှတခုသို့ ကူးလိုက်၊ သောက်လိုက်၊ စားလိုက် ဘယ်မှာမှ မရှိတော့သည့်အတွက် တခါတရံ လွမ်းရဦးမည်ကဲ့သို့ ဖြစ်မိပါသေးသည်။ မိုတာကားသည် လှည်းကြမ်းထက် ကောင်းသော်လည်း ရွှေစာရံစသော ဘုရားပွဲမျိုးသို့ လှည်းကြမ်းဖြင့်သွား၍ ပျော်ရဘူးခြင်းကို မမေ့နိုင်သကဲ့သို့ပင်။

## တာဝန်ကြီးသောအလုပ်တခု

နယူးဘားမားတိုက် အတွင်းရေးမှူး အလုပ်သည် 'ဗာဟိရ' အလုပ်မျိုးဖြစ်သောကြောင့် ကျွန်ုပ်မနှစ်သက်ကြောင်း ဖော်ပြခဲ့ပြီဖြစ်ရာ ထိုမျှမက ဦးနှောက်ခြောက်ရပုံကို ဖော်ပြရပါဦးမည်။ တနေ့သ၌ ဝတ်လုံတော်ရတယောက်သည် တိုက်သို့လာ၍ ပုံနှိပ်လုပ်ငန်းတခုအကြောင်း စုံစမ်း၏။ အလုပ်မှာ ဤသို့တည်း။ သူ၏တရားခံတယောက်အား ဟိုက်ကုတ်လွှတ်တော်က လူသတ်မှုထင်ရှားသည်ဆိုကာ သေစားသေစေဟု ကြိုးမိန့်ချထားရာ တရားခံက အင်္ဂလန်ပြည် ပရီဗီကောင်စီသို့ အယူခံဝင်ချင်၏။ ပရီဗီကောင်စီ၏ထုံးမှာ ၎င်းသို့အယူခံဝင်သောအမှုများတွင် အမှုတွဲကို မြန်မာပြည် လွှတ်တော်များမှာကဲ့သို့ လက်နှိပ်စက်ဖြင့် ရိုက်ကူးတင်ဆက်ရုံဖြင့် မပြီးပဲ အမှုတွဲ တခုလုံးကိုပုံနှိပ်၍

စာအုပ်အဖြစ်နှင့် တင်ပို့ရလေသည်။ စာအုပ်များကို (၈ အုပ်ထင်သည်။) တင်ပို့ရာတွင် ယခုကဲ့သို့ လေယာဉ်ပျံမပေါ်သေးသဖြင့် သင်္ဘောနှင့် ပို့ရမည်ဖြစ်၏။ တရားခံသည်လွှတ်တော်မှ ကြိုးမိန့်ကျပြီးသည့်နောက် အယူခံရက် (ရက်ပေါင်း ၄၀ဆိုလား) ရရှိရာ ထိုအချိန်အတွင်း ပရီဗီကောင်စီအဖွဲ့၏ လက်သို့ ရောက်ရမည်ဖြစ်၏။ သင်္ဘောတစင်းသည် ထိုစဉ်က မြန်မာပြည်မှ အင်္ဂလန်သို့ ရက်သတ္တသုံးပတ် အနည်းဆုံးသွားရ၏။ အတိုချုံးလိုက်သော် အင်္ဂလန်ပြည်သို့ အယူခံရက်မှီအောင် ရောက်မည့်သင်္ဘောသည် ထိုအခါ၌ မြန်မာပြည်မှထွက်ဖို့ ရရက်ခန့်မျှသာလိုတော့၏။ အဓိပ္ပာယ်မှာ ဝတ်လုံတော်ရသည် အမှုတွဲစာအုပ်များကို ရရက်အတွင်း ပုံနှိပ်ပြီးစီးစေလိုသည်။ ၇ ရက်အတွင်း မပြီးသဖြင့် သင်္ဘောမမှီလိုက်ပဲ ရှိခဲ့သော်ထိုအလုပ်သည် အချည်းနှီး အလဟဿ ဖြစ်ရလိမ့်မည်ဟု ဆိုလိုသည်။ ဝတ်လုံတော်ရသည်လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ထားသည့် အမှုတွဲကိုထုတ်ပြ၍ ကိုဘလှိုင်နှင့် ကျွန်ုပ်တို့သည် ဖိုမင်၏အကူအညီဖြင့် တွက်ချက်ကြ၏။ ကျွန်ုပ်တို့၏တွက်ကိန်းအရမှာ ၎င်းအလုပ်သည် ၁၀ရက်ခန့်ကြာမည့် အလုပ်တခုဖြစ်၍ လူပိုများခေါ်ပြီး တွန်းထိုးလုပ်ကိုင်မည်ဆိုပါက ၇ ရက်မျှနှင့် ပြီးနိုင်လောက်သည်။ ဝတ်လုံတော်ရကမူ အခြားပုံနှိပ်တိုက်များမှ ငြင်းပယ်လိုက်သည့် လက္ခဏာနှင့် ကိုဘလှိုင်အား အတင်းအပူကပ်နေသည့်ပြင် ပုံနှိပ်ခကိုလည်း တန်ရာတန်ဖိုးထက် နှစ်ဆပေး၏။ ကိုဘလှိုင်ကား စျေးကောင်းရသည်ဆိုကာ လက်ခံချင်လုပြီဖြစ်ရာ ဖိုမင်ကလည်း ကိုဘလှိုင်အားမျက်နှာလုပ်ချင်သည်နှင့် လက်ခံဖို့ တိုက်တွန်းလျက်ရှိ၏။ ကိုဘလှိုင်သည်ဘာမျှမပြောပဲ ဆိတ်ဆိတ်နေသော ကျွန်ုပ်အား "ဘယ့်နှယ်ဗျ ကိုဖေသိန်း"ဟုမေးရာ ကျွန်ုပ်မူကား စိတ်လေးလျက်ရှိ၏။ ကျွန်ုပ်သည် ထိုအလုပ်၏အကြောင်းခြင်းရာကို ဝတ်လုံတော်ရပြောပြ၍ သိရသည့်ပြင် အလုပ်ကိုလက်ခံ၍ လုပ်သောအခါတွင်လည်း ဖိုမင်နှင့်တကွ စာစီသမားများအား ဆော်နှိုးရမည့်တာဝန်မှာ ကျွန်ုပ်အလုပ်ဖြစ်သော

ကြောင့် နှုတ်မသွက်နိုင်ပဲဖြစ်နေ၏။ ကိုယ်တိုင်လုပ်၍ဖြစ်သော အလုပ်မျိုးဆိုပါက (စျေးကောင်းရသောကြောင့်) နှောင့်နှေးမည်မဟုတ်ပါ။

ယခုမှာ ကုလားစာစီသမားများနှင့် ၈–၉လမျှ ဆက်ဆံလုပ်ကိုင်ခဲ့ရဘူးပြီဖြစ်သောကြောင့် ၎င်းတို့အကြောင်းကို သိပြီးဖြစ်၍ အချိန်နှင့်တကွ တာဝန်ယူရမည်ကို အလွန်စိတ်လေးလျက်ရှိပါသည်။ သို့ရာတွင်နောက်ဆုံး၌ ကိုဘလှိုင်၏ဆန္ဒပြည့်ဝပါစေတော့ဆိုကာ ခေါင်းညိတ်လိုက်ပါတော့သည်။

## မကြိုးစားစဘူး ကြိုးစားခြင်း

အမှုတွဲကို ပုံနှိပ်သောအလုပ်စလေပြီ။ ပထမတွင် သုံးရက်မျှနှင့် အလုပ်ထက်ဝက်ခန့်ပြီးစီးသွားသည်ဖြစ်၍ ကိုဘလှိုင်သည် တပြုံးပြုံးရှိကာ ကျွန်ုပ်လည်းကျေနပ်လှပါသည်။ ကျွန်ုပ်သည် ဤအလုပ်တွင် ကိုယ်တိုင်ကူညီ လုပ်ကိုင်ပေးနိုင်သော အကွက်မရှိသော်လည်း ကျွန်ုပ်မမြင်ဘူးရသည့် ကြိုးပေးတရားခံအတွက်ကြောင့် စိတ်ပူသည်နှင့် လုပ်နေကျအလုပ်ကို ချထားကာ ထပ်ခိုးကလေး၌အလုပ်လုပ်ကြသော စာစီသမားများဆီသို့ခဏခဏ တက်သွားပြီး အလုပ်ပြီးသင့်သလောက် ပြီးမပြီးကိုကြည့်ရှု၏။ အလုပ်သမားများကို တိုက်တွန်း၏။ အားပေး၏။ သူတို့လည်း ကြိုးစားကြပါ၏။ သို့ရာတွင် ပဉ္စမနေ့၌မူကား အလုပ်သမားနှစ်ယောက် တုပ်ကွေးကွေးသဖြင့် အလုပ်မဆင်းနိုင်ပဲရှိရာတွင် ဦးခေါင်းကြီးသွားမိပါတော့သည်။ ဖိုမင်အား လူစားရအောင် ရှာစေပါသော်လည်း ရန်ကုန်ဂေဇက်သတင်းစာတိုက်မှ တယောက်တည်းရခဲ့၏။ ၎င်းကိုလည်း လုပ်ခနှစ်ဆပေးရ၏။ ငွေကားကိစ္စမရှိ၊ လူနှစ်ယောက်ပြည့်အောင် မရခြင်းအတွက် စိတ်ပူလှသည်။ နောက်တနေ့၌လူနှစ်ယောက် ထပ်၍ဖျားပြန်ရာ ကျွန်ုပ်တို့ မျက်လုံးပြူးကုန်ကြရလေပြီ။ လူစားရှာပြန်တော့လည်း တယောက်တည်းသာရ၍ ယမန်နေ့က ဆွဲယူခဲ့သည့် အလုပ်သမားလည်း မလာနိုင်တော့ချေ။ ကျွန်ုပ်တို့သည်

ညအချိန်များပါ 'အိုဗာတိုင်'လုပ်ဖို့ စီစဉ်ကြ၏။ ကျွန်ုပ်သည် ကြည့်မြင်တိုင် စမ်းချောင်းရပ်ကွက်၌ နေထိုင်လျက်ရှိရာ ညအချိန်များတွင် တိုက်သို့လာ၍ အလုပ်သမားများကို အားပေးရသေး၏။ အိပ်ချင်ပြေအောင် ကာဖီများဝယ်၍ တိုက်ရသေး၏။ သူတို့လည်းအစွမ်းကုန် ကြိုးစားကြရှာပါပေသည်။ ကျွန်ုပ်လုပ်ခဲ့လေသမျှသောအလုပ် အမျိုးမျိုးတို့တွင် ဤတကြိမ်ကဲ့သို့ လုပ်ခဲ့ဘူးခြင်း မရှိဘူးပါ။ မိုးအလင်းထိုင်ပြီး စာရေးဘူးသော ညပေါင်းများစွာရှိပါ၏။ သို့ရာတွင် မိမိ၏လောဘအလျောက် ရေးခြင်းဖြစ်၍ စိတ်အေးလက်အေးလည်း လုပ်ရပါသည်။ ယခုမှာမူ ကိုယ်တိုင်လည်း မလုပ်တတ်ပဲ အလကား 'ဗျာများ'ရသောအလုပ် ဖြစ်သောကြောင့် စိတ်ပင်ပန်းလှပါ သည်။ ထိုနှစ်တွင် ရန်ကုန်မြို့စာစီသမား လောက၌ တုပ်ကွေး အကြီးအကျယ်ဖျား ကြလေရာ စာစီသမားတယောက် ဖျားသည်ဆိုလျှင် ဤအလုပ်အတွက် အချိန်မှီအောင် အလုပ်ဆင်းနိုင်တော့သည် မဟုတ်သောကြောင့် လူစားထိုးနိုင်ဖို့သာ ကြိုးစားရပါတော့သည်။ အလုပ်အပ်ရမည့်နေ့တွင် စာအုပ်များမှာ မပြီးတပြီးရှိနေ၏။ ဆိုလိုရင်းမှာ သင်္ဘောမှီမည်ဆိုလည်း မှီနိုင်၏။ မမှီပဲဖြစ်လျှင်လည်း ဖြစ်နိုင်၏။ နောက်ပိတ်ဆုံးည၌ အလုပ်သမားများလည်း မိုးလင်းအောင်လုပ်ကြ၍ ကျွန်ုပ်လည်း အလုပ်တိုက်၌ စားပွဲပေါ်တွင်အိပ်ခဲ့ရပါ သည်။ အပြေးအလွှား စာစီ၊ ကတိုက်ကရိုက် ပုံနှိပ်၊ အမြန်ဆုံးပရုကြည့်၊ သေပြေးရှင်ပြေး ချုပ်လုပ်ကြပါ၏။ သို့သော် သင်္ဘောကား မမှီလိုက်တော့ချေ။ စာအုပ်များပြီးသောအချိန်တွင် သင်္ဘောသည် ပင်လယ်ဝ လောက်ထက် ပို၍ရောက်ဦးမည်မဟုတ်ချေ။ ဝတ်လုံ၏စာရေးသည်နောက်ဆုံး ကျွန်ုပ်တို့တိုက်သို့ လန်ချားနှင့် သုံးလေးခေါက်မျှ လာချည်ပြန်ချည် လုပ်လျက်ရှိရာ စတုတ္ထခေါက်တွင် လန်ခြားပေါ်မှပင် မဆင်းနိုင်တော့ပဲ 'ထွက်သွားပြီဗျို့' ဟုဆိုကာ လက်ပြသွားပါလေတော့သည်။ ဆက်လက်၍အလုပ်လုပ်ကြပါမူ ၁၅ မိနစ်ခန့်လောက်တွင် ပြီးနိုင်မည် ဖြစ်သော်လည်း အကြောင်းမထူးတော့သည်နှင့်

အလုပ်သမားများသည် စိတ်ပျက်အားလျော့စွာနှင့် အလုပ်ကို ပစ်ချလိုက်ကြပါတော့သည်။

## အလုပ်မှနုတ်ထွက်ခြင်း

ညနေပိုင်းတွင် ဝတ်လုံစာရေးသည် တိုက်သို့ တခေါက်လာပြန်၍ ပရီဗီကောင်စီသို့ ကြေးနန်းရိုက်ထားကြောင်း၊ နောက်သင်္ဘောနှင့် တင်ပို့လိုက်ပါမည်ဟု ရိုက်လိုက်ကြောင်း၊ သို့ဖြစ်၍ အမှုတွဲစာအုပ်များကို ဆက်လက်၍ ပြီးအောင် လုပ်ကြဖို့အကြောင်း ပြောလေ၏။ အလုပ်သမားများလည်း 'တော်ပါသေးရဲ့'ဆိုကာ အလုပ်ကိုပြန်၍ ကောက်ကြလေ၏။ ၁၀ ရက်ခန့်လောက် ကြာသောအခါ စာရေးသည် တိုက်သို့တဖန် ရောက်လာ၍နှလုံးမသာဖွယ်သော သတင်းတရပ်ကို ပြောပြပါတော့သည်။

ဟိုက်ကုတ်လွှတ်တော်သည် လူသတ်မှုတရားခံ၏ အယူခံအမှုတွဲမှာ ပရီဗီကောင်စီသို့ သင်္ဘောဖြင့်အချိန်မီပါမသွားကြောင်း သိရှိသည်နှင့် တရားခံအား ကြိုးပေးဖို့ အမိန့်ချလိုက်သဖြင့် ထိုနေ့၌ပင် ကြိုးပေးလိုက်ပြီဖြစ်ကြောင်း ပြောပြလေသည်။ အခြားလူများကား မဆိုနိုင်။ ကျွန်ုပ်ကိုယ်တိုင်မှာမူ ပရီဗီကောင်စီသို့အမှုတွဲ ရောက်ကောင်းပါ၏ဟု မျှော်လင့်ခဲ့မိသည်။ ကောင်စီသို့ ရောက်၍ ဖတ်ရှုပြီးကာမှ ပယ်လိုက်သည်ဆိုလျှင် ကျွန်ုပ်နှင့်မဆိုင်။ မည်သည့်နည်းနှင့်မဆို ကောင်စီလူကြီးများ ဖတ်ရှုကြရကောင်းပါ၏ဟု မျှော်လင့်ခဲ့မိ၏။ ယခုမှာမူ ထိုအဖြစ်သို့ မရောက်ရပဲ တရားခံကိုကြိုးပေးလိုက်ပြီ ဆိုသောကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ 'ခဲလေသမျှ သဲရေကျ'ဖြစ်ရလေပြီဆိုကာ ဤအတွင်းရေးမှူးအလုပ်နှင့်ပတ်သက်၍ အကြီးအကျယ် သံဝေဂရရှိသွားခဲ့လေ ပြီ။ ကျွန်ုပ်သည် ဤအကြောင်းကို ကုန်စင်အောင်ကိုဘလှိုင်အားပြောမပြပဲ ဤအလုပ်မျိုးနှင့် ကျွန်ုပ်မတန်ဟုပြောပြီးလျှင် ၁၉၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှစ၍

ထွက်ခွင့်ပြုဖို့ ပြောပါတော့သည်။ ကိုဘလှိုင်သည်လွန်ခဲ့သော လေးလလောက် မှစ၍ ကျွန်ုပ်အား လခ ၁၂၅ိ အထိတိုးပေးလာခဲ့ရာ ဇန်နဝါရီလ ၁ရက်နေ့မှစ၍ ငွေ၁၅ဝိ ပေးပါမည်ဆိုကာ တားပါသေးသည်။ ကျွန်ုပ်မှုကား နှုတ်မှဖွင့်၍ မပြောစေကာမူ ၅ဝဝိ ရသော်လည်း မလုပ်ဟု ဆုံးဖြတ်ပြီးဖြစ်လေသည်။

## ဆူဖြိုးသောနှစ်တနှစ်

၁၉၂၇ခုနှစ်၊ ဇန်နဝါရီလတရက်နေ့သည် ကျွန်ုပ်၏တသက်တာတွင် 'လွတ်လပ်ရေး နေ့' ဟူ၍ပင် သတ်မှတ်ထားမိ၏။ ကျွန်ုပ်သည် ရန်ကုန်နှင့် အဆက်ပြတ် လျက်ရှိစဉ် ရန်ကုန်သို့ ဆင်းလာနိုင်အောင် လမ်းခင်းပေးပေသော ကိုဘလှိုင်အား ကျေးဇူးမတင်ရာ ကျမည်စိုးသောကြောင့် အတွင်းရေးမှူးအလုပ်ကို 'မှီချိုး မျှစ်ချိုး' မပြောလိုပါ။ အလုပ်သည် နိမ့်ကျသည်မဟုတ်။ (ကိုဘလှိုင်အောက်တွင် ကျွန်ုပ် ပင်ရှိ၍ အယ်ဒီတာကိုထွန်းသန်းနှင့် တန်းတူဖြစ်ပါသည်။) ကျွန်ုပ်၏ ဝါသနာနှင့် မကိုက်ညီခြင်းမျှသာ ဖြစ်၏။ သို့ဖြစ်၍ ဒီဇင်ဘာလ ၃၁ရက်နေ့ညတွင် ကျွန်ုပ် သည် ကိုခင်မောင်တင့်နှင့် အပျော်ကြီးပျော်လိုက်မိပါသေး သည်။ ကျွန်ုပ်ပျော်နိုင် သည်မှာကား နယူးဘားမား သတင်းစာတိုက်၌ အလုပ်လုပ်လျက်ရှိစဉ်ကပင် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသော တိုက်များအတွက် ဝတ္ထုများရေးပေးရန် အဆက်အသွယ် ပြုလုပ်ထားပြီးဖြစ်၍ တလလျှင် ၂ဝဝိ၊ ၂၅ဝိမျှရဖို့ သေချာပြီး ဖြစ်သောကြောင့်ဖြစ်၏။ ဤမျှသာမကသေး ဘာသာပြန် အလုပ်နှင့် ဆိုင်ရာတွင် လည်း ကိုဘလှိုင်က အဆက်အသွယ်ပြုလုပ်ပေးပါသေးသည်။ ထိုစဉ်က မြန်မာ ပြည်တွင် ဒိစတြိတ်ကောင်စီများ စတင်ဖွဲ့စည်းလျက်ရှိရာ 'ဘိုင်လော'ခေါ် ဥပဒေ စည်းကမ်း စာအုပ်များကို တပြည်လုံးရှိ ဒိစတြိတ်ကောင်စီများက မြန်မာ ဘာသာဖြင့် ရိုက်နှိပ်လျက်ရှိ၏။ ကိုဘလှိုင်မှာ ထိုစဉ်က မိတ်ဆွေပေါ်များသော လူတယောက်ဖြစ်ရာ များစွာသော ဒိစတြိတ်ကောင်စီများက စက္ကရီတေရီများသည်

သူနှင့်ကျောင်းနေဘက် သူငယ်ချင်းများဖြစ်ကြ၏။ ၎င်းတို့သည် နယူးဘားမား တိုက်သို့ 'ဘိုင်လော'များကို အင်္ဂလိပ်လို အပ်လိုက်ကြ၍ မြန်မာလိုပြန်ပြီး စာအုပ်ရိုက်နှိပ်ပေးရန် အပ်နှံကြ၏။ ကိုဘလှိုင်သည် ဘာသာပြန်အလုပ်ကို ကျွန်ုပ်အား ၎ားပါပေသည်။ ဒိစတြိတ်ကောင်စီဘိုင်လောများမှာ တခုနှင့်တခု ဆင်တူရိုးမှားဖြစ်ကြ၍ အမည်နေရပ်မျှလောက် ပြောင်းလဲပေးရန် သာလိုပေသည်။ သို့ဖြစ်၍ ၁၉၂၇ ခုနှစ်သည် အခြားအလုပ်များနှင့် ဘာသာပြန်အလုပ်မှ ဝင်ငွေ တို့ကြောင့် ကျွန်ုပ်အဖို့မှာ အလွန်ဆူဖြိုးသော နှစ်တနှစ်ဖြစ်၏။ ထိုနှစ်အတွက် ဝင်ငွေစုစုပေါင်းမှာ ၄၂၀၀ိရှိ၍ တလလျှင် ၃၅ဝိမျှ တွက်ကိန်းကျ၏။ ထိုခေတ်က ငွေ၃၅ဝိသည် ဤခေတ်တွင် ၁၅၀၀ိ၊ ၂၀၀၀ိ ခန့်နှင့် ညီမျှသောကြောင့် စာရေးဆရာ တယောက်အဖို့၌ 'ဆူဖြိုးသောနှစ်'ဟု ခေါ်ခြင်းမှာ မမှားလှချေ။

## ကိုယ့်ကိုယ်ကိုကျေနပ်သော အကွက်တခု

ချွေတာရေးသမားတယောက် ဖြစ်ခဲ့လျှင် ထိုနှစ်တွင် ကျွန်ုပ်တို့လင်မယား အဖို့ အထုပ်အထည်ကလေးဖြစ်သင့်၏။ ပထမအိမ်ထောင်နှင့် သမီးတယောက်၊ ဒုတိယအိမ်ထောင်နှင့် သားတယောက် သမီးတယောက်အပြင် ကျွန်ုပ်၏ မိဘများ အတွက်ပါ စုစုပေါင်းမှ တလလျှင် ၇ဝိ–၈ဝိမျှလောက်သာ ထောက်ပံ့ရသည် ဖြစ်သောကြောင့် တလ ၁၅ကျပ်တန် အိမ်ခန်းကလေးတွင် နေလောက်သော ကျွန်ုပ် တို့ လင်မယားမှာ အတော်အတန်စုဆောင်းနိုင်သင့်၏။ သို့ရာတွင် ကျွန်ုပ်ကား လူတမျိုးဖြစ်၍ ပြောလောက်အောင် အဖက်မတင်ချေ။ လူတမျိုးဟု ဆိုခြင်းမှာ တရားအားထုတ်သော အချိန်ပိုင်းနှင့် သင်္ကန်းဝတ်သော အချိန်ပိုင်းတွင် ကျွန်ုပ် သည်ပျော်မှု၊ပါးမှု၊ သုံးဖြုန်းမှုဟူသမျှကို စွန့်လွှတ်နိုင်ခဲ့သဖြင့် ရှေ့အဖို့တွင်လည်း လုံးဝလှည့်မကြည့်တော့ပြီဟူ၍ပင် မှတ်ထင်ခဲ့မိသော် လည်း ရန်ကုန်သို့ရောက်၍ ကိုခင်မောင်တင့်၊ ကိုကျော်(ပီမိုးနင်း)စသော မိတ်ဆွေများနှင့် 'ပြန်ပေါင်းထုပ်'

မိကြရာတွင်မူကား ကျွန်ုပ်၏သန္တာန်၌ ရဟန်းဘဝကစိတ်မျိုး လုံးဝရှာမရတော့ပဲ ဟိုရှေးယခင်ကအတိုင်း ပျော်ပျော်ပါးပါး စားစားသောက်သောက် နေခဲ့မိပြန်ပါတော့သည်။ သို့ရာတွင်ကောင်းသော အကွက်ကလေးတကွက် ကျန်ရှိရစ်သေးသည်မှာကား မိတ်ဆွေများနှင့်အတူ အပျော်ကြူးလျက်ရှိသော အခိုက်အတန့်များ၌ပင် "ငါသည် ယခုပျော်လျက်ရှိသည်၊ သို့သော် တနေ့နေ့၌ ဤပျော်ရွှင်မှုများကို စွန့်လွှတ်ပြီး တရား ဆက်လက်အားထုတ်ဖို့ အလုပ်ကြီး ရှိသေးသည်တကား" ဟူသော စိတ်အကြံသည် ပေါ်လာတတ်သည်ချည်းဖြစ်လေသည်။ ဤသည်မှာ စိတ်အကြံမျှ သာ ဖြစ်သော်လည်း ကျွန်ုပ်အဖို့ရာ၌ အလွန်တရာ တန်ဖိုးရှိလှ၏။ အတော်အတန် လူများ ဖြတ်ဖို့ခဲယဉ်း၍ 'စွဲ'တတ်လှသည်ဆိုသော သုရာမေရယ နှစ်မျိုးသုံးမျိုးကိုပင် စမ်းကြည့်ဖို့ ကျွန်ုပ်မကြောက်ခြင်းမှာ အထက်ပါ စိတ်အကြံအားကိုးကြောင့်ဖြစ်၏။ စမ်းရုံသာမက 'စွဲ'လည်းစွဲဘူး၏။ သို့သော် ဖြတ်နိုင်ခဲ့သည်ချည်း ဖြစ်ပါသည်။ အထက်ပါ သုရာမေရယ သုံးမျိုးအနက် တခုမှာ စွဲမိလျှင် ဖြတ်နိုင်သူ မရှိသလောက် သေရာပါကြရသည်ချည်း ဖြစ်သော်လည်း ကျွန်ုပ်ကား အောင်မြင်ခဲ့သဖြင့် ကိုယ့်ကျောကိုယ် သပ်လိုက်ချင်ပါသေးသည်။ ဤသို့ အောင်မြင်ခဲ့ခြင်းမှာ ကျွန်ုပ်သည် စိတ်အားကောင်းသော လူတယောက်ဖြစ်သောကြောင့်မဟုတ်။ (အမှန်မှာ စိတ်ပျော့သူတယောက် ဖြစ်ပါသည်။) တရားအားထုတ်ဖို့ အလုပ်ကြီးကျန်သေးသည်ဟူသော စွဲလန်းမှုကြီးကြောင့် ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်သည်ထိုအောင်မြင်မှု မရှိခဲ့လျှင် ဤမှတ်တမ်းကို မရေး၊ ယနေ့တိုင် မိုက်မိပါသည်ဟု အကြောင်းမဲ့ဖော်ပြဖို့ကား စိတ်ကူးထည့်မည် မဟုတ်ချေ။ အကြောင်းမဲ့ဟူသော စကားကို ထည့်သွင်းရခြင်းမှာ "ပြောလျှင်ပြော၊ မပြောလျှင် သတ်ပစ်မည်"ဟု ဆိုပါမှပြောရမည် ဖြစ်ပါသောကြောင့်တည်း။

## ဘိလိယက်ထိုးပြန်ခြင်း

ကျွန်ုပ်၏ သုံးဖြုန်းပုံ အမျိုးမျိုးအနက် အများဆုံး ပိုက်ဆံကုန်ခဲ့ရသော ပျော်နည်းတခုမှာ သုရာမေရယမဟုတ်၊ လောင်းကစားခြင်းလည်း မဟုတ်၊ ဘိလိယက်ထိုးခြင်းပင် ဖြစ်သည်။ ဤပျော်နည်းကား ကျန်းမာရေးအတွက် ယောင်ယောင်နှင့်ဆွဲဆောင်ပြီး 'စွဲ'တတ်သော ပျော်နည်းဖြစ်သောကြောင့် ကြောက်စရာကောင်းလှကြောင်းကို စောစောပိုင်းက ဖော်ပြခဲ့ဘူးပြီ ဖြစ်သော်လည်း ကျွန်ုပ်၏ ကိုယ်တွေ့ကို အနည်းငယ် ဖြည့်စွက်ဖော်ပြလိုပါသေးသည်။ ဘိလိယက် ထိုးရာတွင် မပါလျှင်မပြီးသော ကျွန်ုပ်၏အဖော်ကား ကိုခင်မောင်တင့်ပင်ဖြစ်၏။ အခြားလူများနှင့်ထိုးရခြင်းထက် သူနှင့်ထိုးရခြင်းကို ကျွန်ုပ်ပို၍နှစ်သက်၏။ တခါတရံတွင်ယခင်ကတွေ့ဘူးသည့် ကိုကွန်းနှင့်လည်း ဟိုတယ်များတွင် ဆုံမိကြ၍ ပျော်ပျော်ကြီးကစားနိုင်ပါ၏။ (ကိုကွန်းမှာ ထိုအခါတွင် ဝတ်လုံတော်ရ တယောက်ဖြစ်နေလေပြီ။) ကိုကွန်းနှင့် ကျွန်ုပ်ကစား၍ ပျော်ရခြင်းမှာ ကျွန်ုပ်တို့နှစ်ယောက်သည် တယောက်ကိုတယောက် 'အမဲ'ဟု ထင်မှတ်ကြ၍ သူကလည်း ကျွန်ုပ်ကိုအလွယ်တကူ နိုင်လိမ့်မည်ဟုထင်ရာ ကျွန်ုပ်ကလည်း သူ့ကို ချောင်ချောင်နှင့်နိုင်မည်ထင်၏။ သို့နှင့်ကျွန်ုပ်တို့မကြာခဏချိန်း၍ ကစားကြ၏။ တယောက်နှင့်တယောက် မခံချင်အောင် ပြောရခြင်းမှာလည်း အရသာကြီးတခုဖြစ် ၏။ ကျွန်ုပ်နိုင်သောပွဲတွင် ကံကောင်း၍ နိုင်သည်ဟု သူကထင်၍ သူနိုင်သောပွဲတွင်လည်း ကျွန်ုပ်ကံဆိုးသောကြောင့်ဟု ကျွန်ုပ်ကထင်၏။ ဤသို့ဖြင့်သူနှင့်ကျွန်ုပ်သည် 'မီးခိုးမဆုံး မိုးမဆုံး' ဆိုရလောက်အောင် အခဲမကျေပဲ ရှိကြ၏။ စင်စစ်မူကား သူနှင့် ကျွန်ုပ်သည် တယောက်တပွဲလောက် အနိုင်အရှုံးရှိ၍'လက်တူ'ချင်းဖြစ်ဟန်ရှိ၏။ သို့ရာတွင် ဤသည်ကို သူကလည်းလက်မခံ၊ ကျွန်ုပ်ကလည်း ဝန်မခံနိုင်ချေ။ သို့ဖြစ်သောကြောင့် ကိုယ့်ကိုယ်ကိုအထင်ကြီးသော ဤမာနသည် ကျွန်ုပ်တို့နှစ်ယောက်လုံးကို မြှောက်ပေးသကဲ့သို့

ရှိနေသဖြင့် တယောက်နှင့်တယောက် မကျေနိုင်သည့် ကမ္ဘာ့ရန်ကြီး ဖြစ်နေခဲ့ပါတော့သည်။

ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို အထင်ကြီးမိသည်ဟု ဝန်ခံသော်လည်း အခြားသော ဘိလိယက်သမားများနှင့် ကစားရာတွင် အထင်ကြီးခြင်းမဟုတ်၊ ကိုကွန်း တယောက်တည်းနှင့်သာ အထင်ကြီးမိခြင်း ဖြစ်၏။ အခြားလူများနှင့် အထင်ကြီးပြီး ကိုယ့်ထက် တတ်သူနှင့် လောင်းတမ်းကစားမိလျှင် ပြုတ်ပြုတ်ပြုန်းသည်နှင့်ဟိုတယ်အရိပ်ကိုပင် နင်းနိုင်မည် မဟုတ်ချေ။ ကိုကွန်းနှင့် ကျွန်ုပ်သည် ငွေလောင်းတမ်းမဟုတ်ပဲ အလကားတမ်းကစားခြင်း ဖြစ်သော်လည်း လောင်းတမ်းတမျှ အကြိတ်အနယ် ကစားကြ၏။ ငွေထက်ဂုဏ် (Honour) ကို အရေးတကြီးထားသော ကိစ္စမျိုးရှိခြင်းကို စီးပွားရေးသမားများက 'ရူးသည်'ဟု ဆိုကြမည်လောမပြောတတ်ပေ။

## ကျွန်ုပ်စာရေးပုံ

'ရူး'ဟူသော စကားလုံး သုံးနှုန်းမိရာတွင် ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့ ဘိလိယက် 'ရူး'ကြပုံကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ထိုစဉ်က စုံထောက်မောင်စံရှားနှင့် အခြားဝတ္ထုတိုများ ရေးခဲ့ရာတွင် တပုဒ်လျှင် ၅ဝိရသော မဂ္ဂဇင်းတိုက် နှစ်တိုက် သုံးတိုက်ရှိ၏။ ထိုစဉ်က ငွေ ၅ဝိမှာ ဤခေတ်ငွေ ၂ဝဝိ၊ ၃ဝဝိမျှနှင့် တန်ဖိုးညီမျှသောကြောင့် ဝတ္ထုတိုတပုဒ်အတွက် မနည်းလှဟု ဆိုရပေမည်။ (မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ ပေါ်လိုက် ပျက်လိုက် ဖြစ်သောခေတ်ဖြစ်သည်။) ကျွန်ုပ် ဝတ္ထုရေးပုံမှာ ညရှစ်နာရီလောက်မှစ၍ မပြီးမချင်း ထိုင်ရေး၏။ များသောအားဖြင့် သန်းခေါင်ကျော် လင်းအားကြီးတွင်ပြီး၍ တခါတရံတွင်မူ မိုးလင်းသော်လည်း မပြီးသေးသည်နှင့် မီးခွက်ကိုငြိမ်းပြီး နေရောင်ဖြင့် ဆက်၍ ရေး၏။ မိုးလင်းအောင် ထိုင်ရေးသော နေ့တွင်လည်း အိပ်တော့သည်မရှိပဲ

ကော်ဖီသောက်၍ ရေချိုးပြီးလျှင် 'ကော်ပီ'လိပ်ကလေးကို ကိုင်၍ မဂ္ဂဇင်းတိုက်သို့ သွား၏။ ၎င်းမှ ငွေ၅ဝ တောင်းယူခဲ့၍ ကရိုက်တီရီယန်း ဟိုတယ်သို့သွားရာ ကိုခင်မောင်တင့်လည်း ရောက်နေခဲ့လေပြီ။ ၎င်းဟိုတယ်တွင် ဘိလိယက်ခုံ ခြောက်ခုံရှိသည့်အနက် ကျွန်ုပ်တို့ကြိုက်သော ခုံသစ်ကို စောင့်ယူ၍ ရသည်နှင့် တပြိုင်နက် ကစားကြပါတော့သည်။

## ဘိလိယက်'ရှုံး'ကြပုံ

ကိုကွန်းနှင့် ကစားရခြင်း၌ စိတ်ပါပုံကို ဖော်ပြခဲ့ပြီးနောက် ကိုခင်မောင်တင့်နှင့် ကစား၍ စိတ်ပါခြင်းအကြောင်းကို ဖော်ပြရပါဦးမည်။ လွန်ခဲ့သော ၁၅နှစ်လောက်က ကျွန်ုပ်အား ဘိလိယက် သင်ပေးသူမှာ ကိုခင်မောင်တင့် ဖြစ်လေရာ ကျွန်ုပ်တတ်ခါစ အချိန်တွင် ကိုခင်မောင်တင့်က ကျွန်ုပ်အား "ခင်ဗျား ဘယ်တော့မှ ကျုပ်နဲ့လယ်ဗယ် (တန်းတူ) ကစားနိုင်တဲ့ 'လက်မျိုး' မရောက်နိုင်ဘူး"ဟု ပြောဘူး၏။ ကိုခင်မောင်တင့်မှာ ဘိလိယက်သမား ဆယ်ယောက်တွင်မှ တယောက်လောက်သာ တွေ့ရသော 'လက်'မျိုးဖြစ်၍ လန်ဒန်မှာတုန်းက ၈၉ ဘရိတ် ရဘူးသူတယောက်ဖြစ်လေသည်။ ဤသို့ပြောစဉ်က ကျွန်ုပ်မှာ အတော်ကလေးတိုးတတ်ရုံမျှ ရှိသေးသော်လည်း ထိုကဲ့သို့ 'အညွန့်တုံး' စကားမျိုး ပြောခြင်းကို မခံချင်သည်နှင့် တနေ့တွင် သူ့'လက်'မျိုးရောက်စေရမည်ဟု စိတ်ထဲ၌ သန္နိဋ္ဌာန်ချမိပါသည်။ ရှေးယခင်ကမူ သူနှင့်ကျွန်ုပ်မှာ ပွိုင့် ၁၅ဝ–၁ဝဝ ကစားခဲ့ကြရာ ၁၉၂၇ခုနှစ်၌မူကား ၂၂၅–၂ဝဝ မျှသာ အကျောပေးနိုင်လေတော့သည်။ သူက ၂၂၅ ပွိုင့်ကစား၍ ကျွန်ုပ်က ၂ဝဝပွိုင့် ကစားခြင်းဟူသည်မှာ လက်ချင်းအတော်နီးကပ်လာခြင်းကို ဖော်ပြသည်။ ၁၂ နာရီလောက်တွင် ကျွန်ုပ်တို့သည် ခေတ္တနား၍ နံနက်စာ စားပြီးနောက် တချက်လောက်တွင် ပြန်၍ကစားကြ၏။ အများအားဖြင့် သူတပြန် ငါတပြန်

နိုင်ကြပေရာ လောင်းကြေးမပါ၊ ရှုံးသူကခံခပေးရုံမျှ တာဝန်ယူရ၏။ ညနေ စောင်းလတ်သော် ဘီယာတလုံး လောင်းတမ်းကစားကြ၍ ရှစ်နာရီလောက်တွင် ညစာအတွက် လောင်းကြပြန်၏။ ညစာ စားပြီးနောက်လည်း သဲသဲမဲမဲ ကစားကြသေး၏။ ခြေညောင်းသည် လက်ပန်းကျသည်ဟု မရှိချေ။

ကရိုက်တီရီယန်ဟိုတယ်၏ထုံးစံမှာ (ဟိုတယ်များ၏ စည်းကမ်းအတိုင်း) ည၁၁နာရီ၌ ပိတ်သော်လည်း ကစားလက်စဖြစ်သော ပွဲပြီးအောင် လက်စသိမ်းနိုင်ခွင့်ရှိ၏။ အဓိပ္ပာယ်မှာ ၁၁နာရီတွင် ပိတ်သည်ဆိုသော်လည်း ထိုးလက်စပွဲ မပြီးဆုံးလျှင် အချိန်လွန်ချင်လွန်စေ၊ လက်စသပ်နိုင်ခွင့်ရှိ၏။ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့သည် မည်သို့ပြုလုပ်သည် ထင်ကြသနည်း။ ၁၁ နာရီထိုးခါနီး ၁၀မိနစ်လောက်တွင် ထိုးလက်စပွဲကို ဖျက်သိမ်းပြီး ပွဲသစ်တခု အစပြုကြပြန်လေ၏။ မာကာကုလားသည် ကျွန်ုပ်တို့၏အကြံကိုရိပ်မိ၍ ထိုးလက်စပွဲကို ဖျက်သိမ်းသောအခါ၌ 'ဆပ်..ဆပ်...ဆပ်'ဟူ၍ ကန့်ကွက်သော်လည်း ကျွန်ုပ်တို့က ဘီယာကလေး ခပ်ထိုင်းထိုင်းနှင့် 'ယူဂိုးတူဟဲလ်'ဟု သံပြိုင်ရွတ်လိုက်ကြလေသည်။ ဤနည်းဖြင့် ၁၁နာရီခွဲခါနီးလောက်တွင်မှ ပွဲပြီး၍ ဟိုတယ်မှထွက်လာကြသောအခါ ကျွန်ုပ်၏ အိတ်ထဲ၌ ထည့်ခဲ့သော ငွေ၅ဝိအနက်မှ ၂ဝိ–၂၅မျှသာ ကျန်တော့ပေရာ ကိုခင်မောင်တင့်၏ အိတ်မှလည်း အလားတူလောက်ပင် လျော့သွားခဲ့လေပြီ။ ကိုခင်မောင်တင့်မှာ ကုန်သည်လမ်းတွင် နေသူဖြစ်၍ တော်ပါသေး၏။ ကျွန်ုပ်မူကား နောက်ဆုံး (၁၂)နာရီ ရထားကိုမှီအောင် လန်ချားကလေးနှင့်ပြေးရ၏။ တခါတရံ မီးရထားမမှီလိုက်ပဲရှိရာတွင် စမ်းချောင်းသို့ လန်ချားနှင့်ပင်ပြန်ရ၏။ နောက်ကျမည်ဟု အတတ်သိသောအခါများတွင် ကိုခင်မောင်တင့် ကိုယ်တိုင်လည်း လိုက်လာ၍ ကျွန်ုပ်အိမ်၌ အိပ်သွား၏။ လေးမိုင်ဝေးသော ခရီးဖြစ်သော်လည်း သန်းခေါင်ကျော်အချိန်၌ပင် ထိုစဉ်ကလန်ချားခ ၁၂ပဲမျှသာ ပေးရသည်။ တခါတရံတွင် လန်ချားကုလားလည်း မပြန်ဝံ့ဆိုသောကြောင့် အိပ်ဖို့နေရာပေးရ

ပါသေးသည်။ ဤအဖြစ်မျိုးမှာ တလလေးကြိမ်လောက်ဖြစ်တတ်၍ ညဦးလောက်သာ ကစားသောနေ့များလည်း တလလျှင် ၁၀ ရက်မနည်း ရှိပါသေးသည်။

## ဘိလိယက်ကြောင့်ကုန်ငွေ

ဤမျှလောက် ဘိလိယက်ရူးကြသောလူနှစ်ယောက်အဖို့ရာ၌ လစဉ်ဝင်ငွေသုံးလေးရာမျှသည် အဘယ်မှာ စုဆောင်းစရာရှိပါအံ့နည်း။ ဘိလိယက်၏ ဖျက်ဆီးခြင်းကို ကျွန်ုပ်သည် ကိုယ်တိုင်လည်း ခံရ၏။ သူတပါး ဖျက်စီးခြင်းကိုလည်း မြင်ရဘူးလှလေပြီ။ လခတော်တော်ကောင်းသည့် စာရေးများလည်း ကြွေးဝိုင်းဝိုင်းလည်လျက်ရှိခြင်းကိုတွေ့ရ၏။ ကောလိပ်ကျောင်း သားကလေးများလည်း ဘိလိယက်ခုံသို့ လာတတ်ကြရာ (များတော့မများလှ) စာမကျက်နိုင်သဖြင့် စာမေးပွဲ၌ တရှုံးတည်း ရှုံးလျက်ရှိခြင်းကို မြင်ရ၏။ ကျွန်ုပ်သည် ၁၉၁၂ခုနှစ်မျှစ၍ ဘိလိယက်ထိုးတတ်ခဲ့ရာ ပြတ်တောင်းပြတ်တောင်း နှင့် သောင်းကျော်မည်ဖြစ်၍ ရှေးငွေဖြင့် ဘိလိယက်ခုံနှစ်ခုံသုံးခုံ ဝယ်နိုင်လောက်ပေပြီ။ ၁၉၄၈ ခုနှစ်လောက်ကမှ ဘိလိယက်ပြတ်သွားပါတော့သည်။ ဤသည်မှာလည်း အခြား အကြောင်းကြောင့်မဟုတ် တရားအားထုတ်သည့်ဘက်သို့ စိတ်လှည့်လာပြန်သောကြောင့်ဖြစ်သည်။

## အညာတခွင်သို့

၁၉၂၈ ခုနှစ်၌ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့် ပျော်ပျော်နေသော အနေအထိုင်မျိုးကို ‘အီ’လာသည်တကြောင်း၊ မိဘများကို ခဏခဏ သတိရ၍ သူတို့မသေမီ အတူတကွ နေထိုင်ချင်သောစိတ် ဖြစ်ပေါ်လာသည်တကြောင်း၊ နေမည်ဆိုက နေနိုင်လောက်သော အခြေအနေရှိလာသည် တကြောင်းကြောင့် ရန်ကုန်မှ စွန့်ခွာဖို့အကြံ ဖြစ်ပေါ်လာလေ၏။ အခြေအနေရှိသည်ဆိုခြင်းမှာ

'အထုပ်အထည်' ရှိလာသောကြောင့်မဟုတ်။ မဂ္ဂဇင်း၊ ဂျာနယ်များနှင့် အဆက် အသွယ်ပြုလုပ်ထားပြီး၍ အဝေးမှ ရေးပို့လျှင်လည်း ဖြစ်နိုင်သောကြောင့် ဖြစ်လေ သည်။

(ထိုစဉ်ကမူ ဝတ္ထုစာအုပ်ရေးခြင်းသက်သက်ဖြင့် စားလောက်သည်မဟုတ်၊ ပီမိုးနင်းလည်း ဂျာနယ်နှင့်မဂ္ဂဇင်းဖက်ပါမှ စားလောက်ပါသည်။)

ကျွန်ုပ်သည် အဆက်အသွယ်လုပ်ထားသည့် မဂ္ဂဇင်းများနှင့် ဂျာနယ်များမှ လစဉ် ဝင်ငွေကို တွက်ကြည့်ရာ ၁၀၀ိ–၁၅၀ိ ခန့်ရှိ၏။ မန်ကျည်းတုံရွာ၌ မိဘများနှင့် အတူနေရလျှင် ဤငွေသည် လုလုကြီးစားသောက်၍ ဤတဝက်နှင့် လည်း လုံလောက်၏။ သို့ဖြစ်၍ ငင်းနှစ်ဩဂုတ်လတွင် အလုပ်အတွက် အစီအစဉ် ပြုလုပ်ပြီးနောက် ကျွန်ုပ်တို့လင်မယားသည် ရန်ကုန်မှထွက်ခွာ၍ မိဘများရှိရာ မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့လာခဲ့ကြလေ၏။ မန်ကျည်းတုံတွင် တလခန့်နေပြီး နောက် မြတောင်သို့ အလယ်သွားကြပြန်သည်။ ဤကဲ့သို့နေချင်ရာနေ၍ သွားချင်ရာသွားပြီး စိတ်ကြည်ရွှင်သော အခိုက်အတန့်ကလေးများ၌ စာထိုင်ရေး ခြင်းဖြင့် ထမင်းကလေး တလုပ်တဆုပ် စားရခြင်းသည်ပင် စာရေးဆရာ၏ အရသာကြီးတခုဟူ၍ ကျွန်ုပ်မှတ်တမ်းတင်ပါသည်။

## တွေ့အောင်လိုက်ခြင်း

မြတောင်သို့ရောက်ကြသောအခါ မစိုးကို သူ့အိမ်တွင်ထားခဲ့၍ ကိုသိန်းဖေ ရှိသော အင်းရွာသို့ အပြေးအလွှားသွားပါတော့သည်။ ကျွန်ုပ်မှာ အချို့လူများ ကဲ့သို့ မိတ်ဆွေသင်္ဂဟ များများကြီးမရှိ၊ နှစ်ယောက်သုံးယောက်မျှသာရှိပါသည်။ သို့ရာတွင် ထိုနှစ်ယောက်သုံးယောက်နှင့် ကျွန်ုပ်မှာ သမီးရည်းစားတမျှ လွမ်းဆွတ် တတ်၍ တွေ့နိုင်ခွင့်ရှိပါက မတွေ့ရပဲ မနေနိုင်အောင် အူးယားဖားယား ဖြစ်တတ် ကြပါသည်။ ကျွန်ုပ်သည်အခြားလူများ သူငယ်ချင်းချင်းတွေ့ဆုံကြခြင်းကို မြင်ရ

သည့်အခါ အမှတ်မဲ့မနေပဲ သတိထားပြီး ကြည့်လေ့ရှိ၏။ ၎င်းတို့၏ တွေ့ဆုံကြပုံများမှာ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့တွေ့ဆုံခြင်းကဲ့သို့ ဟက်ဟက်ပက်ပက် လှိုက်လှိုက်လှဲလှဲရှိကြပုံမရပါ။ ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ ငယ်ပေါင်းမဟုတ်ပဲ အသက် ၃၀ပြည့်မှ တွေ့ကြရခြင်းဖြစ်သော်လည်း ကွဲသွားပြီး ပြန်တွေ့ကြရသောအခါများတွင် ကျောင်းမှထွက်ခါစ လူပျိုကလေးများအရွယ် ပြန်ဖြစ်ပြီး ခုန်ချင်ပေါက်ချင် ဖြစ်လာကြပါသည်။ သို့သော် တကယ်ခုန်ပေါက် ကြသည်တော့မဟုတ်ပါ။ ကျွန်ုပ်သည် ကိုသိန်းဖေတို့၏ အိမ်သို့ရောက်သွား၍ ကိုသိန်းဖေမှာ ရွှေလီချောင်းရိုးတလျှောက်သို့ တောတက်သွားကြောင်းကြားသိရ သည်တွင် ချက်ချင်းလိုက်ဖို့ စီမံတော့၏။ နောက်တနေ့တွင် ကျွန်ုပ်သည် ရွှေလီအထက်ပိုင်းသို့ လှေတတန်၊ လှည်းတတန်၊ မြင်းတတန်ဖြင့် လိုက်သွားရာ နောက်တနေ့မှ ရောက်သွား၏။ ကျွန်ုပ်သွားရသောလများမှာ ယခင်က ရောက်ဘူးသည်လည်း မဟုတ်၊ 'ငှက်တော ခွေးတော'ဟု လူအများခေါ်ကြသော နယ်ဖြစ်၏။

သို့သော် ကျွန်ုပ်က မသိသော်လည်း ရွာများမှ သစ်အလုပ်သမားများသည် ကျွန်ုပ်အား ဝန်ထောက်ဦးဝင့်မော်၏ သူငယ်ချင်း အင်္ဂလိပ်ကျောင်းဆရာဟူ၍ သိကြ၏။ 'ရွှေဥဒေါင်း'ဟူ၍ကား မသိကြသေးပါ။ လမ်းတွင်တညအိပ်၍ နောက်တနေ့ နံနက်ပိုင်းတွင် ကိုသိန်းဖေရှိနေသောရွာသို့ ဆိုက်ရောက်သွား၏။ သူတည်းခိုနေသော သစ်ကုန်သည်၏အိမ်သို့ ရောက်သောအခါ ကိုသိန်းဖေ မရှိသေး၊ ရေချိုးသွားသည်ဟု ပြောသည်နှင့် ကျွန်ုပ်သည် အိမ်ပေါ်သို့မတက်ပဲ ရေဆိပ်သို့လိုက်သွားရာ ရေချိုးနေသော ကိုသိန်းဖေကို ကျွန်ုပ်ကမြင်ရ၍ သူက မမြင်သေးချေ။ ကျွန်ုပ်သည် ကမ်းပါးကြီးကွယ်ကာ အနီးသို့လျှောက်သွား၍ ချဉ်းကပ်သောအခါတွင်မှ မြစ်ရိုးပေါ်သို့တက်ကာ ဘွားကနဲပြလိုက်ရာ ကိုသိန်းဖေ၏ မျက်နှာထားဖြစ်သွားလိုက်ပုံမှာ ယနေ့တိုင် ကျွန်ုပ်မျက်စိထဲတွင် မြင်မိပါသေးသည်။

## ဝမ်းသာကြပုံ

သူ၏မျက်နှာ၌ ဤမျှလောက် ခေါင်ခေါင်ခန်းခန်း ခရီးကွာလှမ်းသောအရွယ်သို့ ကျွန်ုပ်လိုက်လာလိမ့်မည်မထင်သောကြောင့် ကျွန်ုပ်နှင့်တူသော လူတယောက်အနေဖြင့် ငေးကြည့်ခြင်း၊ ထို့နောက်မှ ကျွန်ုပ်ပါတကားဟု မှတ်မိ၍ ဝမ်းသာခြင်း၊ လာမှလာပလေဟု အံ့သြခြင်း၊ ထပ်လောင်း၍ ဝမ်းသာခြင်း၊ အားရခြင်း၊ ကျေနပ်ခြင်း၊ နှစ်သိမ့်ခြင်းစသော အခြင်းအရာများသည် သူ့ထက်ငါ တလှည့်စီလည်းကောင်း၊ အလုအယက်လည်းကောင်း ထင်ရှားစွာ ဖော်ပြလျက်ရှိ ခြင်းကို ကျွန်ုပ်တွေ့ရသည်။ နောက်ဆုံးတွင်မှ ကိုသိန်းဖေသည် ရေစိုကြီးနှင့်ပြေးတက်လာ၍ (ဗိုလ်ဆန်ဆန် လူတယောက်ဖြစ်သည့်အတိုင်း) ကျွန်ုပ်အားပွေ့ဖက်လေရာ ဗိုလ်မဆန်သောကျွန်ုပ်ကမူ ကျွန်ုပ်၏အဝတ်များ စိုရွှဲမည်ကိုစိုးသည်နှင့် ခပ်ကာကာ လုပ်နေမိပါသေးသည်။ ထို့နောက်ကျွန်ုပ်ပါ ရေဆင်းချိုး၍ လူငယ်ကလေးများသဖွယ် ရေကူးပြိုင်ခြင်း၊ ရေနှင့်ပက်ကစားခြင်း စသည်ဖြင့် အားရအောင် ဆော့ကြပြီးမှ တက်လာကြ၏။

ကိုသိန်းဖေသည် အိမ်ရှင်သစ်ကုန်သည်အား ဟင်းကောင်းများ အထူးတလည် ရှာဖွေချက်ပြုတ်ရန်မှာထား၍ ခရီးထွက်သောအခါ၌ အမြဲပါသော ဘရန်ဒီပုလင်းဖြင့် နံနက်စာ စားသောက်ကြရာ အမြိန်ရှက်ဆုံးသော နံနက်စာတနပ်အနေဖြင့် နှစ်ယောက်လုံး မှတ်တမ်းတင်မိကြပါသည်။ (ကိုသိန်းဖေသည်လည်းကောင်း၊ ကျွန်ုပ်သည်လည်းကောင်း နံနက်ခင်းတွင် သောက်ရိုးထုံးစံမရှိသော်လည်း ထိုနေ့မှာမူ သူကလည်းအလုပ်နားမည်၊ ကျွန်ုပ်ကလည်း ခရီးပန်းသဖြင့် တရေးအိပ်မည်ဆိုကာ ဗိုက်ကားအောင်စားဖို့ 'မြိန်ဆေး' သောက်ကြခြင်း ဖြစ်ပါသည်။) ထိုညဥ့်၌ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့ စကားပြောလိုက်ကြပုံမှာ ထိုရွာ၌ပြောစမှတ်ဖြစ် ကျန်ရစ်သည်ဟု ကြားသိရလေသည်။ ၎င်းရွာသားများမှာ တညလုံး မအိပ်တမ်းစကားပြောသော သူငယ်ချင်းနှစ်ယောက်ဟူ၍ ကြုံဘူးကြ

ဟန်မတူပေ။ "သမီးရည်းစားလဲမဟုတ်ဗျာ၊ ယောကျ်ားအချင်းချင်းဒီလောက်တောင် ပြောနိုင်တာများ အံ့သြပါရဲ့"ဟု ပြောရစ်ကြသည်ဆို၏။

## ခေါင်လှသောဗိုလ်တဲ

များမကြာမီ ကိုသိန်းဖေသည် သပိတ်ကျင်းသို့ တောအုပ်ကြီးအဖြစ်နှင့် ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်လည်း မြတောင်နှင့် သပိတ်ကျင်းကို ခေါက်တုံ့ ခေါက်ပြန်ကူးခဲ့သည်။ ဤနေရာတွင် တစ္ဆေခြောက်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ စိတ်ပြောင်းလဲပြန်ခြင်းကိုလည်းကောင်း၊ တစ္ဆေခြောက်ခြင်းကို ပထမအကြိမ် ကြုံခဲ့ရဘူးခြင်းကိုလည်းကောင်း ဗဟုသုတအလို့ငှာ ဖော်ပြရပါဦးမည်။ ကိုသိန်းဖေနှင့် ဇနီးဒေါ်ဖူးညိုတို့သည် တောအုပ်ကြီး၏ အလုပ်ကို လက်ခံရန် သပိတ်ကျင်းသို့ပြောင်းရွှေ့သွားသောအခါ ကျွန်ုပ်လည်း အတူလိုက်ပါသွား၏။ သပိတ်ကျင်းမြို့၌ တောအုပ် ကိုဘသင်းလုပ်ကိုင်လျက်ရှိရာ ကိုသိန်းဖေက ကိုဘသင်းလက်မှ အလုပ်လွှဲပြောင်းယူရမည်ဖြစ်၍ ကိုဘသင်းသည် ကိုသိန်းဖေ အား သပိတ်ကျင်း သစ်တောနယ်ကို အတူတကွလှည့်လည်ပြသရန် ဖြစ်သဖြင့် ကျွန်ုပ်လည်း ၎င်းတို့နှစ်ယောက်နှင့်အတူ လိုက်ကြည့်ရန်ဖြစ်လေသည်။ (ကိုဘ သင်းမှာသစ်တောဝန်ထောက်အဖြစ်နှင့် ပင်စင်ယူပြီးနောက် မန္တလေးပိုက်ကြုံးရပ်၌ နေထိုင်လျက်ရှိစဉ် ၁၉၄၉ခုနှစ်တွင် မန္တလေးသို့ ကရင်သူပုန်များဝင်သဖြင့် ပေါင်တွင်သေနတ်ထိမှန် သေဆုံးသွားရှာသည်။ တိုင်းမင်းကြီးဦးချစ်ဆွေလည်း တနေ့တည်းပင် မော်တာထိမှန်၍အနိစ္စရောက်ရှာသည်။) ကျွန်ုပ်နှင့် တောအုပ် နှစ်ယောက်တို့သည် တပည့် တောခေါင်းများနှင့်အတူ လှည်းဖြင့် သပိတ်ကျင်းမှ ဝါးဖြူတောင်သို့ ထွက်လာခဲ့ကြရာ လူအားလုံး ခြေလျင်လျှောက်ကြ၍ လှည်းပေါ်တွင် ပစ္စည်းများလောက်သာ တင်လာကြ၏။ ဝါးဖြူတောင်၌ တညအိပ်၍ နောက်တနေ့တွင် သပိတ်ကျင်း မိုးကုတ်ကားလမ်းမကြီးမှ

တောင်ဘက်သို့ ဖဲ့ထွက်လာကြ၏။ တနေ့လုံး နယ်နိမိတ်၏လမ်းကြောင်းကို (မြေပုံအတိုင်း) ကိုဘသင်းက ကိုသိန်းဖေအား ပြသ၍ ညနေခင်းတွင်ရွာနှင့် သုံးဖာလုံခန့်ဝေးသော သစ်တောဗိုလ်တဲကလေးသို့ ဆိုက်ရောက်ကြ၏။

ငင်းဗိုလ်တဲမှာ ဝန်ထောက်ကိုဝင့်မော်နှင့် ကျွန်ုပ်တို့တည်းခိုကြဘူးသည့် ပေါက်နက်ဗိုလ်တဲနှင့်တရွယ်တည်း တပုံစံတည်းရှိ၍ နှစ်မျက်နှာ၌ အကာအရံ မရှိချေ။ ဗိုလ်တဲနှင့် သုံးဖာလုံခန့်ဝေးသည့် (အမည်ကို ကျွန်ုပ်မမှတ်မိ သော) ရွာ၏အကြားတွင် သချိုင်းရှိလေသည်။ ကျွန်ုပ်တို့သည် နေဝင်ရီသရော အချိန်တွင် ဗိုလ်တဲသို့ဆိုက်ရောက်ကြ၍ တောခေါင်းများနှင့် တပည့်များလည်း ညစာ ချက်ပြုတ်ကြ၏။ တောခေါင်းများသည် ဗိုလ်တဲများ၌တည်းခို၍ ချက်ပြုတ်ကြသည့် အခါ အနီးရှိရွာသို့ ကူးသန်းသွားလာခြင်း၊ ကြက်ကလေး ငှက်ကလေး ရှာဖွေဝယ်ယူခြင်း၊ ရွာမှလူငယ်ကာလသားများလည်း နှစ်ယောက်တတွဲ သုံး ယောက်တတွဲ စသည်ဖြင့် ဗိုလ်တဲသို့ အပျင်းပြေ လာရောက်ကြည့်ရှုခြင်း စသည်ဖြင့် အဆက်မပြတ်ခြင်းကို ကျွန်ုပ် မြင်ဘူးရသော်လည်း ဤဗိုလ်တဲ၌မူ တောခေါင်းများက ရွာသို့ကူးပြောင်းခြင်းကိုလည်းကောင်း၊ ရွာသားများလာ၍ လည်ခြင်းကိုလည်းကောင်း ကျွန်ုပ်မတွေ့ရချေ။

## ကျွန်ုပ်၏စိတ်ပြောင်းလဲပုံ

၇ နာရီခွဲလောက်တွင် ချက်ပြုတ်ပြီးစီး၍ တပည့်များက ညစာတည်ခင်း ကြရာ အစားသမားတယောက်ဖြစ်သော ကျွန်ုပ်သည် ထမင်းပွဲကို မစုံစမ်းပဲ မနေနိုင်သဖြင့် ထ၍ကြည့်မိ၏။ ဟင်းများမှာ ငါးသေတ္တာသုတ်၊ ကြက်သား ပြုတ်ကြော်၊ ငါးပိကြော်တို့ဖြစ်၍ ဟင်းရည်မပါကြောင်း ကျွန်ုပ်ကပြောမိရာ တောခေါင်းများသည် တယောက်၏မျက်နှာကို တယောက်ကြည့်ကာ ပြုံးလျက်

"တနပ်တလေတော့ တော်သလိုပဲ ကြိတ်ပေတော့ဆရာ" ဟုပြော၏။ သူတို့ပြုံးခြင်းမှာ ကျွန်ုပ်အစားဝါသနာပါခြင်း အတွက်ကြောင့်ဟု ထင်မိရာ ဤနေရာ၌ သားစိမ်းငါးစိမ်း မချက်ပြုတ်ချင်ကြသောကြောင့်ဟူ၍ နောင်မှ ကျွန်ုပ်သိရသည်။ ဟင်းရည်မပါသော်လည်း တောအရက်ကို ဟင်းချိုပြု၍ သောက်ကြရသည်တွင် ခရီးပန်းလာသောလူစုဖြစ်သည့်အတိုင်း အတော်မြိန်သော ထမင်းတနပ်ဟူ၍ အမှတ်ပြုမိပါသည်။ စားသောက်ပြီးကြသောအခါ တောအုပ်နှစ်ယောက်နှင့် ကျွန်ုပ်သည် ခပ်'ထိုထို'ကလေးနှင့် ထွေရာလေးပါး စကားများကို ဆေးလိပ်တဖွားဖွားနှင့် ပြောနေကြ၏။ ရွာဘက်၌မူကား လုံးလုံးကြီး တိတ်ဆိတ်လျက်ရှိခြင်းကို ကျွန်ုပ်သတိပြုမိသေး၏။ ၉ နာရီထိုးခန့်တွင် တောအုပ် ကိုဘသင်က ကိုသိန်းဖေအား ဤဇရပ်အကြောင်းကိုပြောခဲ့ဖို့ သူ့၌၍ ဝတ္ထုရားရှိသည်ဟု ပလ္လင်ခံပြီးလျှင် "တစ္ဆေကြောက်တတ်ကြသလား"ဟု မေးရာ ကိုသိန်းဖေက "သူလိုငါလိုပေါ့ဗျာ၊ ဘာ့ကြောင့်လဲ"ဟု ပြန်မေး၏။

သင်း။ ။ "ခုတော့ လူများလို့ကိစ္စမရှိပါဘူး၊ နောင်ကိုတော့ ကြောက်တတ်လျှင် ဒီမှာလာမတည်းနဲ့ဗျ"

ကျွန်ုပ်။ ။ "ဘယ်လိုကြောင့်လဲဗျ၊ ကျုပ်က သိချင်လာပြီဗျို့၊ ပြောစမ်းဗျာ"

သင်း။ ။ "ဟောဟိုက ထုပ်ကိုမြင်ကြသလား"

ကျွန်ုပ်တို့မော့်၍ကြည့်ကြသည်။

ဖေ။ ။ "ဘာဖြစ်သလဲဗျ"

သင်း။ ။ "ကျုပ်အလျင်က တောအုပ်ဟာ ဒီဇရပ်ပေါ်ကလန့်ဖျားပြီး သေသွားရှာတယ်ဗျ"

ဖေ။ ။ "ကြားလိုက်သလိုလိုပဲဗျို့၊ ဆိုစမ်းဗျာ"

သင်း။ ။ "ကျုပ်တို့အခုထိုင်ကြတဲ့ နေရာမှာထိုင်ပြီး ထမင်းစားနေတုန်း၊ ထုပ်ပေါ်က ဆံပင်ဖားလျားဆောင့်ကြောင့်ထိုင်ပြီး လျှာကြီး

တွဲလောင်းချပြလိုက်တာ ကြမ်းနဲ့ထိရောတဲ့ဗျ၊ တောအုပ်လန့်ဖျားလိုက်တာငါးရက်နဲ့ သေရှာရောဗျား”

ထိုအခါ ကိုသိန်းဖေကား ကိစ္စမရှိလှ။ ကျွန်ုပ်မှုကား မိမိကိုယ်မိမိ အံ့ဩလျက်ရှိလေပြီ။ ကမ်းနီရွာပြင်ဘက်ရှိ အုတ်ဇရပ်ကြီးတွင် ရဟန်းအဖြစ်နှင့် တပါးတည်းနေခဲ့စဉ်က တစ္ဆေခြောက်သော်လည်း ကြောက်လိမ့်မည်မဟုတ်ဆိုကာ သုသာန်ရှုတင်ပင် တဆင့်တက်ဖို့စိတ်ကူးခဲ့မိကြောင်း ဖော်ပြခြင်းကို သတိရကြပေလိမ့်မည်။ ထိုအချိန်နှင့်ယခုအချိန်သည် သုံးနှစ်မျှသာ ကွာသေး၏။ သို့နှင့် ကျွန်ုပ်သည် တစ္ဆေချောက်ပုံအကြောင်းပြော၍ ကြားရရုံမျှနှင့် ကျောထဲက စိမ့်ကနဲဖြစ်သွား၏။ သီလ၊ သမာဓိတို့၏ တန်းခိုးသတ္တိသည် အဟုတ်တကယ်ကြီး ကျယ်ပါပေသည်တကား။ လွန်ခဲ့သော သုံးနှစ်ခန့်က တယောက်တည်း ကိုယ့်ကိုယ်ကို လှန့်ချင်တိုင်းလှန့်၍ မလန့်သော ကျွန်ုပ်သည် ယခုအခါ၌ လူတွေလည်းရှိသည်။ အရက်ကလေးလည်း သောက်ထားသည်။ သို့နှင့်လည်း သွေးလန့်သည့် အထိမ်းအမှတ်မျိုး တွေ့နေရလေပြီ။ နက်နဲစွာ ဆန်းစစ်လိုက်သည်ရှိသော် ဗုဒ္ဓဃောသမှ ဖေသိန်းဖြစ်လာသည် မှန်သော်လည်း (အရပ်အခေါ်အားဖြင့်) ဤရုပ်နှင့် ဤစိတ်ပင်ဖြစ်ပါ၏။ ခြားနားချက်ကား ဗုဒ္ဓဃောသအဖြစ်၌ ကိုယ့်စိတ်ကို ကိုယ်ယုံကြည်သလောက် ဖေသိန်းအဖြစ်၌ ကိုယ့်ကိုယ်ကိုယုံကြည်မှု မရှိတော့ခြင်းပင် ဖြစ်လေသည်။ သို့သော် အလွန်ကြောက်ခြင်းကား မဟုတ်ပါ။ စိမ့်ကနဲဖြစ်သွားရခြင်းကိုပင် ကိုယ့်ဟာကိုယ် မကျေနပ်ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်၌စဉ်းစားဉာဏ် ဆုတ်ယုတ်လာသည်ကား မဟုတ်။ သီလ၊ သမာဓိ ဆုတ်ယုတ်လာခြင်းပင် ဖြစ်လေရာ ဤသည်မှာ စဉ်းစားဉာဏ် ရှိသည်ဆိုရုံနှင့် မပြီးကြောင်း ထင်ရှားစေသော သာဓကတခုဖြစ်ပါသည်။

## တစ္ဆေချောက်ခြင်းပေလော

ဗိုလ်တဲကလေးပေါ်၌ ကျွန်ုပ်တို့လူစုသည် ဝိုင်းဖွဲ့ကာ စကားပြောလျက်ရှိကြရာ စကားဝိုင်းတို့၏ ထုံးစံအတိုင်း တစ္ဆေအကြောင်းကိုစမိလျှင် တစ္ဆေအကြောင်းကိုချည်း ဆက်လက်၍ တယောက်ပြီး တယောက် မိမိတို့၏ကိုယ်တွေ့နှင့် ကြားဘူးနားဝများကို ပြောပြကြလေရကား လူအားလုံးမှာ ချွတ်ကနဲမြည်လျှင် လန့်ချင်သော အခြေမျိုးသို့ရောက်နေကြလေပြီ။ ထိုခဏ၌ ဗိုလ်တဲ၏ဝါးထရံဘက်ကို "ဖြုန်း၊ ဝုန်း၊ ဒုန်း၊ ဒိုင်း"မြည်အောင်ခဲသံများ နှင့်ထုသံကြားရရုံမျှမက မြေဆိုင်ခဲ အပဲ့အရွဲ့များပင် ကြမ်းပြင်ပေါ်သို့ လိမ့်ဝင်လာကြ၏။ ထိုအခါ ချွတ်ချွတ်မြည်သံ မကြားဝံ့အောင် တဖျတ်ဖျတ် လန့်လျက်ရှိသော ကျွန်ုပ်တို့လူစုမှာ 'ချွတ် ချွတ်'မက မိုးချုံးသလောက် ပြင်းထန်သော ဒုန်းသံများကြားကြရ၍ ခဲများ လိမ့်ဝင်လာခြင်းကိုပင် မြင်ကြရသည်တွင် (ဟန်ကောင်းသောလူများဖြစ်သောကြောင့် ထ၍ မခုန်ကြရုံမယ်သာ ရှိတော့သည်။) လက်ဦးပထမ၌ မျက်နှာငယ်ကလေးများနှင့် တယောက်ကိုတယောက်ကြည့်နေကြခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ သို့ရာတွင် နောက်တခဏ၌ ခရစ်ယန်တယောက်ဖြစ်၍ တစ္ဆေကြောက်သက်သာပုံရသော ကိုသိန်းဖေသည် ထိုင်ရာမှထ၍ သေနတ်ကိုဆွဲသည်တွင်မှ ကိုဘသင်းကလည်း သေနတ်ကိုကိုင်လျက် ကြိမ်းမောင်းကြလေ၏။ "မင်းတစ္ဆေလားကွ၊ ဒို့မကြောက်ဘူးဟေ့၊ သတ္တိရှိလာခဲ့စမ်းကွ၊ ဘာကွ၊ ညာကွ"နှင့်ငေါက်အော်ကာ ကြုံးဝါးကြ၏။ သို့ရာတွင် ခဲသံများလည်းမစဲ၊ ခဲများလည်း ကြမ်းပြင်ပေါ်မှာ လိမ့်ဝင်လျက်ပင်ရှိကြသည်။ ဤတွင်အရက်မူးခြင်းမပြေတပြေရှိနေသေးသော ကိုဘသင်းက "ဟေ့ မင်းတစ္ဆေလား၊ ခဲနဲ့ပေါက်မနေပါနဲ့ကွ၊ သတ္တိရှိ ဒီအပေါ်တက်ပြီး ကိုယ်ထင်ပြလာစမ်းပါကွ"စသည်ဖြင့်ချဲလင့်ချ်လုပ်သေး၏။ သို့သော်တစ္ဆေကား မပေါ်လာ၊ ခဲများသာ လာလျက်ရှိ၏။ ထိုသို့ဖြင့် ငါးမိနစ်လောက်ကြာမှခဲများ တဖြည်းဖြည်းရပ်စဲသွားပါတော့သည်။

## နေရာလုကြခြင်း

ထို့နောက်ကျွန်ုပ်တို့သည် ကျန်ရှိသေးသော တောအရက်ကို ဝေငှ၍ သောက်ကာ သတ္တိဖြည့်တင်းပြီးနောက် ထိုင်၍ စောင့်နေကြ၏။ နာရီဝက်ခန့် ကြာသော်လည်း ဘာသံမျှ မကြားရတော့ချေ။ သို့ဖြစ်၍ကျွန်ုပ်တို့သည် အိပ်ရာများ ပြင်ကြလေရာ အိပ်ဖို့ နေရာရွေးကြပုံကို သတိရ၍ ဤစာကိုရေးယင်း ပြုံးမိပါ သေးသည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ဗိုလ်တဲမှာ နှစ်ဘက်တွင် အကာအရံမရှိသဖြင့် လုံခြုံမှုမရှိသောကြောင့် ဤအခြေအနေမျိုးတွင် ကြောက်စရာကောင်းခြင်းကား အမှန်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့ သုံးယောက်လုံးမှာ ဤကိစ္စမျိုးတွင် ကြောက်သည်ဟု ဝန်မခံချင်သူများဖြစ်၍ အိပ်ရာပြင်ရာ၌ အလယ်မှ နေရာရအောင် မသိမသာကြိုးစားလျက်ရှိ၏။ (တောခေါင်းကလေးများမူကား ခြေရင်း၌ တသီး တခြား အိပ်ကြသည်။) တောအုပ်နှစ်ယောက်နှင့် ကျွန်ုပ်သည် အလယ်ခေါင်မှ အိပ်ချင်ကြသော်လည်း တမင်တကာ ရွေးယူခြင်းမျိုး မဟုတ်ပဲ မတော်တဆ အလယ်ခေါင်မှ နေရာရခြင်း ဖြစ်သည့်နှယ် ဟန်လုပ်ကာ အိပ်ရာပြင် ကြ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် ဘွင်းဘွင်းသမားဖြစ်သည့်အတိုင်း ဤလူစုထဲတွင် ဟန်မလုပ်တော့ဟု အောက်မေ့ကာ "ခင်ဗျားတို့ကလည်း သေနတ်တွေနဲ့ဗျာ၊ နံဘေးကအိပ်ကြ၊ ကျုပ်ကအလယ်က အိပ်မယ်"ဟု ပြောင်ပြောင်ပြောသည်တွင် သူတို့လည်း ရယ်မောကာ ဖယ်ပေးကြပါသည်။

အိပ်ရာသို့ဝင်ကြလေပြီ။ ကျွန်ုပ်ကား နာရီတဝက်နှင့်လည်း မပျော်၊ တနာရီနှင့်လည်းမပျော်။ ခြေထောက်ကိုလာ၍ ဆွဲချမည်လောဟူသော အတွေး သည် ခဏခဏဖြစ်ပေါ်လျက်ရှိ၏။ သူတို့အားလုံးကားငြိမ်လျက်ရှိနေကြ လေပြီ။ ကျွန်ုပ်မူကား မျက်စိလည်းမမှိတ်ဝံ့၊ စောင်ကိုလည်း ခေါင်းမြီးမခြုံတတ်သည့် အတိုင်း ဖွင့်လျက်သား 'ကြောင်'လျက်ရှိ၏။ ကြောက်စရာအတွေးများလည်း

စိတ်ကူးရှိတိုင်း စုံနေလေပြီ။ ဤသို့ဖြင့်(ကျွန်ုပ်အထင်) တနာရီခွဲခန့်ရှိသောအခါ 'ပွမ်း၊ ဂျုံး၊ ပွင်း'မြည်သော အသံများကို အဝေး၌ကြားရ၍ကျွန်ုပ်နားစွင့်လျက်ရှိ၏။ အသံများသည် ကြားသောနေရာ၌ ရပ်မနေပဲ တဖြည်းဖြည်း တရွေ့ရွေ့ချဉ်းကပ် လာကြရာ မိုလ်တဲနှင့် ပေ၂၀၀ လောက်သာ ကွာတော့သည်ထင်၏။ 'ဘာသံတွေပါလိမ့်'ဟု တွေးသော်လည်းမဖော်နိုင်။ တနည်းပြောင်းလဲပြီး တစ္ဆေ ချောက်ပြန်ခြင်းပေလောဟု စဉ်းစားမိ၏။ နောက်ဆုံး၌ ကျွန်ုပ်တယောက် တည်းမခံမရပ်နိုင်တော့သည်နှင့် အဖော်ရစိမ့်သောငှာ 'အဟမ်း'ဟု ချောင်းဟန့် လိုက်ရာ ဟိုက 'အဟမ်း' သည်က 'အဟမ်း'နှင့်တယောက်မကျန် ချောင်းဟန့် ကုန်ကြပါလေတော့သည်။ ဖြစ်ရပုံကား တယောက်မျှအိပ်မပျော်ပဲ အကဲကြည့်ပြီး မြံနေကြခြင်းမျှသာ ဖြစ်ကြောင်း သိကြရ၍ အားလုံး ရယ်မောမိကြပါသေးသည်။ ဤတွင်ကျွန်ုပ်တို့အားလုံး ထထိုင်ကြ၍ အားလုံး ကြားကြပြီးဖြစ်သော 'ဂျုံး၊ ပွမ်း'သံများကိုနားထောင်ကြရာ အသံများသည် မိုလ်တဲနှင့်ပေတရာခန့် အကွာသို့ ချဉ်းကပ်လာပြီးနောက် တဖြည်းဖြည်း ခွာသွား၍အဝေးသို့ ရွေ့သွားပါလေ တော့သည်။

## ကျွန်ုပ်တို့၏ တွေးထင်ချက်

ကျွန်ုပ်တို့သည် မှန်အိမ်များထွန်း၍ ဤပြဿနာနှစ်ခုလုံးကို ဖြေရှင်းရန် ကြိုးစား၏။ စောစောပိုင်းကခဲများနှင့် ပေါက်ခြင်းမှာ မည်သူများဖြစ်လေသနည်း။ ရွာသားကလေးများ 'နောက်ပြောင်'ခြင်းဖြစ်လေသလောဟု ကျွန်ုပ်က အကြံပေးရာ ကိုဘသင်းက ရွာသားလူငယ်များသည် ဤမိုလ်တဲ၏ နာမည်ကြီးခြင်းနှင့် လန့်ကြသဖြင့် ညအချိန်မဆိုထားဘိ နေ့ဝင်ရီသရော အချိန်၌ပင် မလာဝံ့ကြ ကြောင်း၊ ရွာနှင့်မိုလ်တဲအကြားတွင်လည်း သင်းချိုင်းရှိသည်ဖြစ်၍ သင်းချိုင်းဆို လျှင် ကြောက်တတ်သော ရွာသားများသည် မည်သည့်နည်းနှင့်မျှ သင်းချိုင်းကို

ဖြတ်ကျော်ပြီး ဗိုလ်တဲသို့လာဝံ့မည်မဟုတ်ကြောင်း၊ ကျွန်ုပ်တို့လည်း သေနတ်ပါ ရှိခြင်းကို သူတို့သိပြီးဖြစ်၍ ကျွန်ုပ်တို့အား ချောက်လှန့်ပါက သေနတ်နှင့် ပစ်လိမ့်မည်ဟု သူတို့တွေးမိလိမ့်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ရွာသားများ နောက်ပြောင်ခြင်း မဖြစ်တန်ရာ။ လျှာထုတ်၍ပြသော သရဲနှင့်ငင်းကို လန့်ပြီး သေရသော တောအုပ်တို့နှစ်ဦးပေါင်းပြီး ခဲများနှင့်ပစ်ကြခြင်း ဖြစ်တန်ရာသည်ဟု ပြောရာ ကျွန်ုပ်တို့လည်းဘာမျှ ပြန်မပြောနိုင်ပဲ ရှိကြပါတော့ သည်။ ထို့နောက် 'ဂျုံး၊ ဂွမ်း၊ ဂွင်း'မြည်သော ပြဿနာကို ဆက်လက်စဉ်းစား ကြရာ ဤသည်မှာမူ ငင်းအရပ်၌ တောဆင်ရိုင်းများရှိ၍ ဝါးရုံပင်များကို ချိုးဖဲ့စား သောက်သွားကြခြင်း ဖြစ်လိမ့်မည်ဟု ကိုဘသင်းကပင်ပြောရာ ကျွန်ုပ်တို့လည်း ဘာမျှ အကြံမပေးနိုင်ပဲ လက်ခံလိုက်ကြရလေ၏။ နံနက်လင်းသောအခါ ပတ်ဝန်းကျင်အရပ်ကို စုံစမ်း ကြည့်ရှုကြရာတွင် ဆင်ခြေရာများလည်းမတွေ့ရ၊ လူခြေရာများလည်း မတွေ့ရ၊ သရဲဆိုသည်မှာမူ ခြေရာမထင်စကောင်းဟု နားလည်ကြသည်နှင့် ဤပြဿနာ နှစ်ခုလုံးမှာ နာနာဘာဝတို့၏ လက်ချက်ပေလော ဟူသော တွေးတောချက်ဖြင့်သာ လက်စသိမ်းခဲ့ရပါတော့ သည်။

(စုန်းကဝေတစ္ဆေသရဲများနှင့် ပတ်သက်သော ဝတ္ထုများမှာ ယခုတလောတွင် အလင်္ကာဟာသများအနေဖြင့် ရှုတ်ချကဲ့ရဲ့လျက်ရှိကြရာ ကျွန်ုပ်သည် ကိုယ်တွေ့ကို အမှန်အတိုင်း ရေးပြသည်၌ပင် ခပ်တွန့်တွန့်ရှိပါ၏။ တစ္ဆေကြောက်တတ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်၏စိတ်ခဏခဏပြောင်းလဲရခြင်းတွင် သီလ၊ သမာဓိတို့၏ သတ္တိကိုထင်ရှားစေလိုသောကြောင့်မျှသာ ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါ၏။ သို့ရာတွင် တစ္ဆေသရဲမရှိ၊ ကြောက်စရာမဟုတ်ဟူသော သဘောနှင့်ရှုတ်ချခြင်း ဖြစ်ပါမူ ထိုသူတို့သည် တစ္ဆေချောက်တတ်သည်ဟုနာမည်ကြီးသော နေရာမျိုး၌ တယောက် တည်း အိပ်ပြဝံ့သည်ဟုပြောရဲသောသတ္တိရှိသင့်၏။ တစ္ဆေဝတ္ထုများမှာ အပေါ်စား စာရေးဆရာများ၏ 'စားကျက်'ဖြစ်သော်လည်း အဆင့်အတန်းနိမ့်ကျသေး သည့် စာဖတ်ပရိသတ်ပေါ်များနေသေးသမျှ ကာလပတ်လုံး မည်သူက ရှုတ်ချစေကာမူ

ရေးသူကရေး၍ ရိုက်နှိပ်ထုတ်ဝေသူများလည်း ရှိကြလိမ့်မည်သာ ဖြစ်လေသည်။ ကျွန်ုပ်၏တင်ပြချက်မှာ ၎င်းဝတ္ထုမျိုးသည် ကာမဝတ္ထုများလောက် ဆိုးရွားသော အကျိုးဖြစ်စေနိုင်သည် မထင်ပေ။)

## ရန်ကုန်သို့ဆင်းရပြန်ခြင်း

၁၉၂၉ ခုနှစ်တွင် ကျွန်ုပ်တို့လင်မယားသည် မကျည်းတုံသို့ပြန်လာ၍ မိဘများနှင့်အတူ နေထိုင်ကြပြန်၏။ ထိုအတောအတွင်း၌ ရန်ကုန်မြို့တွင် ဂျာနယ်နှင့် မဂ္ဂဇင်းများသည် တဖြုတ်ဖြုတ် ပြုတ်ကြ၍ အသစ်များလည်း တဖွားဖွားပေါ်ထွက်လျက်ရှိ၏။ အဟောင်းတခုပြုတ်သွားသည်ဆိုလျှင် ကျွန်ုပ်အဖို့ ဝင်ငွေ ၃ဝိ၊ ၅ဝိခန့် ယုတ်လျော့သွားလေရာ အသစ်ပေါ်ထွက်လာသော ဂျာနယ်၊ မဂ္ဂဇင်းများကမူ ကျွန်ုပ်ဘယ်ဆီရောက်နေသည် မသိကြသောကြောင့် ဆက်သွယ်ရန် မဖြစ်နိုင်ပဲရှိကြသည်တွင် ကျွန်ုပ်၏ဝင်ငွေမှာ တလက်ထတလ ကျဆင်းလျက်ရှိ၏။ စာရေးဆရာအလုပ်တွင် ကျွန်ုပ်ကဲ့သို့သော အဆင့်အတန်းသို့ ရောက်နေသူ တယောက်ကလည်း ဂျာနယ်သစ်မဂ္ဂဇင်းသစ်များတွင် ကျွန်ုပ် ရေးပါရစေဆိုကာ စာတိုစာရှည် ကမ်းလှမ်းမေးမြန်းရန် မဖြစ်နိုင်ချေ။ ထိုနှစ်တွင် သူကြီးဂေဇက် ဦးခင်မောင်၏မှာထားခြင်းကြောင့် ဝတ္ထုရှည်တပုဒ် (အမည်ကိုတော့ မမှတ်မိတော့ပါ။) သူရိယတိုက်အတွက် ဝတ္ထုရှည်တပုဒ် ရေးသားရပါသေး၏။ သို့ရာတွင် ကျွန်ုပ်၏ဝင်ငွေမှာ ၁၀ဝိ၊ ၁၅ဝိ မှ ၅ဝိ မျှသို့ လျော့ဆင်းလာခဲ့လေပြီ။ ရှေ့လျှောက်၍လည်း ထိုထက်လျော့ဆင်းဖို့ အလားအလာရှိသေး၏။ အဘယ့်ကြောင့်ဆိုသော် ဂျာနယ်နှင့် မဂ္ဂဇင်းများသည် လတိုင်းပြုတ်လျက်ပင် ရှိသေးသောကြောင့်တည်း။ သို့ဖြစ်ရကား ၁၉၃၀ ပြည့် နှစ်ဦးလောက်တွင် ကျွန်ုပ်တို့သည် ရန်ကုန်သို့ဆင်းလာကြရပြန်ပါတော့သည်။

## ဘာသာပြန်အသင်းနှင့်ဆက်ခြင်း

ရန်ကုန်သို့ ရောက်လျှင်ရောက်ချင်း (C.L.S) ခရစ်ယန်စာပေအသင်း ဥက္ကဋ္ဌက ကျွန်ုပ်အားတွေ့လိုကြောင်းခေါ်သည်နှင့် သွားရောက်တွေ့ဆုံ၏။ သူက ၎င်းတို့၏ အသင်းတွင် ဘာသာပြန်ဆရာ (စာတော်ပြန်ဟု သူတို့ခေါ်ကြသည်။) လုပ်မည်လောဟု မေးရာ၊ ကျွန်ုပ်မှာ ပုံနှိပ်တိုက်များနှင့် အသေအချာ ဆက်သွယ်ခြင်း မပြုရသေးသောကြောင့် လုပ်ရလျှင် ကောင်းလေမည်လောဟု ဆိုကာ စုံစမ်းကြည့်၏။ သို့ဖြစ်၍မည်သည့်စာမျိုးကို ဘာသာပြန်ရပါမည်နည်းဟု မေးကြည့်ရာ ခရစ်ယန်ကျမ်းစာများကို ဘာသာပြန်ဖို့ မဟုတ်ကြောင်း၊ မြန်မာစာဖတ်ပရိသတ်အား စာဖတ်ခြင်း အလေ့အကျင့် တိုးတက်စေခြင်းငှာ ဘာသာရေးနှင့်မဆိုင်သည့် စာရိတ္တရေးရာသက်သက် စာအုပ်များနှင့် ဝတ္ထုကောင်း များကို မြန်မာလို ပြန်ဖို့ဖြစ်ကြောင်း ပြောပြ၏။ ကျွန်ုပ်က စမ်းကြည့်လိုကြောင်း ပြောသောအခါ သူကလည်း ကျွန်ုပ်၏ ဘာသာပြန်လက်ရာကို စမ်းကြည့်လို သေးကြောင်းပြော၏။ နောက်ဆုံး၌သူက ဝတ္ထုစာအုပ်ကလေးတအုပ်ထုတ်ပေး၍ ဘာသာပြန်ယူခဲ့ဖို့ ရက်ချိန်းပေးပြီးနောက် ခွဲခွာခဲ့ကြလေသည်။ ကျွန်ုပ်သည် စာအုပ်ကလေးကို ၁၀ရက်လောက်အတွင်း ပြီးအောင်ဘာသာပြန်ပြီး သူပေးခဲ့သည့် လိပ်အတိုင်း ပဲခူးသို့ပို့လိုက်၏။ ရက်သတ္တတပတ်ခန့်အကြာတွင် သူ့ဆီမှပြန်စာ ရ၍ ရန်ကုန်မြို့ ကရိလမ်းရှိ မက်သဒစ်ကျောင်းသို့ လာတွေ့ရန် ရက်ချိန်းပေး လိုက်၏။ ကျွန်ုပ်သွား၍တွေ့သောအခါ လခ ၁၅၀နှင့် နှစ်ဘက်သဘောတူ လက်ခံခဲ့ပါသည်။ ကျွန်ုပ်၏အလုပ်မှာ ပဲခူး၌နေရန်ဖြစ်၍ သူနှင့်အတူ အလုပ်လုပ် ရမည်ဖြစ်လေသည်။ ကျွန်ုပ်ဘာသာပြန် သောဝတ္ထုကလေးမှာ 'ဟန်မောင်ဝတ္ထု'ဟု အမည်မှည့်၍ ပုံနှိပ်ထုတ်ဝေရာ သူတို့မြန်မာ–ကရင် ခရစ်ယန်လောကတွင် အတော်လူကြိုက်များသည်ဟု သိရ၏။ (တနေ့သ၌ ကျွန်ုပ်သည် ဥက္ကဋ္ဌ

ဆရာဂျုံးနှင့် အတူပဲရူးတွင် သူ၏အိမ်၌ တစာပွဲတည်းအလုပ်လုပ်လျက်ရှိစဉ် ဖိုင်တွဲတခုကိုအမှတ်မဲ့ လှန်ကြည့်လိုက်ရာ ကျွန်ုပ်၏ဟန်မောင်ဝတ္ထု ဘာသာပြန်ခြင်းနှင့် ပတ်သက်၍ ဘာသာပြန်အဖွဲ့ဝင် ကော်မတီလူကြီးများ၏ မှတ်ချက်များကို တွေ့လိုက်ရသည်။ လက္ခဏာမှာကျွန်ုပ်၏ ဘာသာပြန်ကောင်စီကို ကော်မတီများ၏ လက်သို့ တယောက်ဆီပို့ကာ ဖတ်ရှုစေပြီး မှတ်ချက်ရေးသား ကြသည့်ဖိုင်တွဲ ဖြစ်ပုံရသည်။

ကျွန်ုပ်သည်တမင်တကာခိုး၍ ကြည့်ခြင်းမဟုတ်ပါ။ သို့သော် ကျွန်ုပ် အကြောင်း မှတ်ချက်များဖြစ်၍ ဆုံးအောင်ဖတ်ကြည့်မိပါသည်။ မှတ်ချက်ရေးသူ များအနက်တွင် ကျွန်ုပ်၏ဆရာဟောင်း ဦးထွန်းဖေလည်းပါရှိ၍ ပိုပြီး စိတ်ဝင်စား မိပါသည်။ သို့ရာတွင်ဆရာကြီး ဦးထွန်းဖေကမူ ရွှေဥဒေါင်းဆိုသူသည် သူ၏ တပည့်ဖြစ်ဘူးသည်ဟု မမှတ်မိပါ။ မှတ်ချက်များသည်မည့်ပါ။ အကောင်းကလေး နှင့် အကောင်းကြီးတို့သာဖြစ်လေရာ တယောက်သောသူကမူ (Exquisite) ရှာမှ ရှားအောင် ကောင်းပေသည်ဟု မှတ်ချက်ချထားပေသည်။ ဤအကြောင်းအရာကို ဖော်ပြခြင်းမှာ ကျွန်ုပ်၏ဘာသာပြန်ပုံနှင့်ပတ်သက်၍ ကြွားလိုသောကြောင့်ဟု မထင်ကြစေလိုပါ။ ဤမှတ်ချက်များကို စောစောစီးစီးက ကျွန်ုပ်မြင်ခွင့်ရလျှင် လခ ၁၅ဝိမဟုတ်ပဲ အနည်းဆုံး ၂၅ဝိလောက် တောင်းမည်ဟု စိတ်ကူးဖြစ်သောကြောင့် ဖြစ်ပါသည်။ စင်စစ်မှာ ကျွန်ုပ်သည် ဈေးနှုန်းနှင့်ပတ် သက်၍ စကားဆိုရာတွင် သဘောလွယ်လွန်းသောသူတယောက် (Bad Businessman) ဖြစ်၍ကိုယ့်ဘက်က နစ်နာခဲ့ရဘူးခြင်း များလှပြီကို သိကြစေလိုသောကြောင့်မျှသာ ဖြစ်ပါသည်။

# စတုတ္ထပိုင်း

# ကိုဖေသိန်းမှ ဦးဖေသိန်းသို့

## ပဲခူးသို့ရောက်ခြင်း

ကျွန်ုပ်တို့သည် ၁၉၃၀ ပြည့်နှစ်၊ မတ်လတွင် ပဲခူးမြို့သို့ ပြောင်းရွှေ့လာကြရာ ယောက်ဖကလေးအောင်မြနှင့် နယူးဘားမားတိုက်၌ တပည့်ဖြစ်ဘူးသည့် မောင်စံလှိုင်တို့လည်း အတူပါလာကြ၏။ (မောင်စံလှိုင်မှာ ကျွန်ုပ်နှင့်သူငယ်ချင်းဟု မဆိုနိုင်သော်လည်း ကျွန်ုပ်အပေါ်၌ အလွန်သစ္စာရှိ၍ တသက်တာတွင် ကျွန်ုပ်အား အခင်မင်ဆုံးသော လူကလေးတယောက် ဖြစ်လာပါသည်။ ထိုသူမှာ တွံတေးတူးမြောင်းလက်ပံကုန်း အကောက်ရုံးတွင် အရာရှိတယောက်ဖြစ်လာ၍ ယခုအချိန်၌ ပင်စင်ယူလေပြီလော မပြောတတ်ပေ။) ကျွန်ုပ်သည် နှုတ်ဖြင့်ပြော၍ တယောက်က လိုက်ရေးစေသော စာရေးနည်း၏ သက်သာခြင်းနှင့် လျင်မြန်ခြင်းကိုသိရှိ၍ အကြိမ်ကြိမ်စမ်းသပ်ခဲ့၏။ ကျွန်ုပ်၏ကိုယ်တွေ့မှာ ဘာသာပြန်အလုပ်မျိုးတွင် ဤနည်းသည် အလွန်တရာ နေရာကျသော်လည်း ကိုယ့်စိတ်ကူးနှင့်ကိုယ်ရေးရသော အလုပ်မျိုးတွင်မူကား ဟန်မကျလှချေ။ ဖြစ်တော့ဖြစ်ပါ၏။ သို့ရာတွင် ကိုယ်တိုင်ရေးသလောက် ကောင်းသည် မထင်ပေ။ ဝါကျတည်ဆောက်ပုံနှင့် ပတ်သက်၍ ညံ့ဖျင်းသွားခြင်းကို တွေ့ရ၏။ အဓိပ္ပာယ်ပြည့်စုံလျှင် ပြီးရောဆိုကာ ဝါကျတည်ဆောက်ပုံအကြောင်းကို သဘောမထားသော စာရေးဆရာများသော်လည်းကောင်း၊ စကားပြောတတ်သော စာရေးဆရာများသော်လည်းကောင်း၊ အသုံးပြုကြသော နည်းတခုဖြစ်သည် ထင်၏။ သို့ရာတွင် ဘာသာပြန်သော အလုပ်မျိုးတွင်မူကား ကိုယ်တိုင်ရေးသည် ထက်အဆင်ပြေခြင်း

ကို တွေ့ရပါသည်။ သို့နှင့်လည်းထိုသူရေးထားသည်ကို ပြန်၍ကြည့်မှသာလျှင် ကောင်းတတ်ပါသည်။ ကိုယ်တိုင်ရေးသော စာဖြစ်ပါမူကား ပြန်၍ကြည့်သော် လည်း ကျွန်ုပ်အဖို့ရာတွင် ပြင်ဆင်ဖို့အလွန်နည်းသည်ကို တွေ့ရပါသည်။ မကြည့်ပဲမူကား လက်မလွှတ်ပါ။ ၁၉၂၇ခုနှစ်၌ ဝင်ငွေ၄၂၀ဝိ ရဘူးသည်ဆိုစဉ်က ဘာသာပြန်အလုပ်များကို အလေးပေး၍ လုပ်ခဲ့ခြင်းဖြစ်ရာ နေ့အချိန်တွင် တယောက်၊ ညအချိန်တွင်တယောက် လိုက်ရေးဖို့ ငှားခဲ့ရဘူးလေသည်။ ပဲခူးသို့ ရောက်သောအခါ၌လည်း တပည့်မောင်စံလှိုင်နှင့် ယောက်ဖအောင်မြတို့ကို တယောက်တနေ့စီ ခေါ်သွား၍ လိုက်ရေးရန် အသုံးချခဲ့ဘူး၏။ ဤအလေ့ အကျင့်သည် သူတို့အဖို့ အကျိုးရခြင်းကို တွေ့ရ၏။ အောင်မြသည် စာပေ ဝါသနာပါသူတယောက် မဟုတ်ပါပဲလျက် ဤနောက်ပိုင်း၌ သူ့ထံမှရသော စာများမှာ သာမန်လူကလေးများထက် ဝါကျတည်ဆောက်ပုံ သပ်ရပ်ချောမော သည့်ပြင် သတ်ပုံ သတ်ညွှန်းမှာလည်း အတော်ကြီး မှန်ကန်ခြင်းကို တွေ့ရသည်။

## မြန်မာသတ်ပုံ၏ အခက်အခဲ

မြန်မာလူမျိုးသည် (စာရေးဆရာများအပါအဝင်) မြန်မာစာသတ်ပုံ သတ်ညွှန်းနှင့်ပတ်သက်၍ ပြောစမှတ်ရလောက်အောင် ညံ့ဖျင်းကြသည်ဟု ကျွန်ုပ်ဆိုချင်၏။ မြန်မာစာသတ်ပုံသတ်ညွှန်းကိုယ်၌က ခက်ခဲခြင်းကိုလည်း ဝန်ခံပါသည်။ ကျွန်ုပ်ကျောင်း၌နေခဲ့စဉ် အင်္ဂလိပ် 'စာလုံးပေါင်း'တလုံးမမှားအောင် ရေးနိုင်ပါလျက် မြန်မာစာသတ်ပုံ၌မူ နှစ်လုံးသုံးလုံးမှားတတ်၏။ ကျွန်ုပ်ကဲ့သို့ သော အခြားလူများလည်းရှိကြ၏။ သို့ရာတွင်ရန်ကြီးအောင်ဝတ္ထုကို ကျွန်ုပ်စတင် ၍ရေးစဉ် သတ်ပုံသတ်ညွှန်း မှန်ကန်မှသာလျှင် ပုံနှိပ်တိုက်က လက်ခံသည်ဟု အထင်ရှိသောကြောင့် သတ်ပုံစာအုပ်များ အနီးမှာချထားကာ စာရေးခဲ့ပါသည်။

ထို့နောက် သူရိယတိုက်သို့ရောက်လာ၍ မဂ္ဂဇင်းအယ်ဒီတာဖြစ်လာသော အခါ ဆရာလွန်းက ကျွန်ုပ်၏သတ်ပုံများကိုကြည့်ပြီး ပြင်ပေးရသော တာဝန် များကို ယူရကြောင်းသိသည်နှင့် ရန်ကြီးအောင်ဝတ္ထုရေးစဉ်ကကဲ့သို့ မကြိုးစား တော့ပဲ စိတ်ထင်သလိုရေးမိ၏။ ဤတွင်အမှားများပါရှိလာ၏။ တနေ့သ၌ ဆရာလွန်းက "စာရေးဆရာ လုပ်မည်ကြံလျှင် ကိုယ့်ဘာသာစကားကို မှန်အောင် မရေးတတ်ဘူးဆိုလို့ ရှက်စရာကြီးပဲ"ဟု ပြောသည်နှင့် ထိုနေ့မှစ၍ သတ်ပုံ မှန်ကန်အောင်ရေးဖို့ ကြိုးစားပါတော့သည်။ ပဲခူးသို့ရောက်၍ ဘာသာပြန်အလုပ် လုပ်သောအခါ၌ သိရှိရပြန်သည်မှာ ၎င်းတို့၌ သတ်ပုံပြင်ဆရာဟူ၍ မရှိကြောင်း၊ ဤမှပို့လိုက်သည့်အတိုင်း အမေရိကန် စာပုံနှိပ်တိုက်က စီ၍ ရိုက်နှိပ်မည် ဖြစ်ကြောင်း သိရလေ၏။ ဤတွင်တချက်အကြပ်တွေ့ရလေပြီ။ သူရိယတိုက်၌မူ မှားခဲ့လျှင် ဆရာလွန်းက ပြင်လိမ့်မည်ဟု သဘောထားကာ သတ်ပုံစာအုပ်ကို လှန်မကြည့်ပဲ ရေးခဲ့၏။ မှန်အောင်တော့ ကြိုးစားပါသည်။ သို့ရာတွင် စာအုပ်ကိုလှန်ကြည့်သည့် ဒုက္ခမျိုးမူကား မခံခဲ့ပါ။ ပဲခူး၌မူကား စာပြင်ဆရာ လုံးဝမထားဟု ဆိုသောကြောင့် သတ်ပုံစာအုပ်တဘက်နှင့် အလုပ်လုပ်ရပါတော့ သည်။ သို့ဖြစ်၍ ကျွန်ုပ်အဖို့သာမက အောင်မြနှင့် မောင်စံလှိုင်တို့လည်း သတ်ပုံမှန်ကန်အောင် ရေးတတ်သောအဖြစ်သို့ ရောက်လာကြပါတော့သည်။ ဤအကြောင်းနှင့်ပတ်သက်၍ စဉ်းစားလိုက်လျှင် ဤခေတ်မြန်မာသတင်းစာ အများအပြားတို့မှာ အလွန်စိတ်ပျက်စရာ ကောင်းလှသည်။ အချို့မှာ ဖတ်၍ရလျှင် ပြီးရောဟူ၍ပင် သဘောထားကြပုံရသည်။ သတ်ပုံကိုယ်နှိုက်က အရေးမကြီးဆို သော်လည်း နေရာတကာတွင် မသပ်မရပ် ဖြစ်ကတတ်ဆန်းလူမျိုး ဖြစ်သွားမည်ကို စိုးရိမ်ရသည်။

## ပဋိရူပရပ်ကွက်

ကျွန်ုပ်သည် နယ်တကာ မြို့တကာ အရပ်တကာတို့၌ အတော်စုံအောင် နေထိုင်ခဲ့ဘူးသူတယောက်ဖြစ်၏။ အိမ်ပိုင် အဆောက်အအုံလည်းမရှိ၊ အလုပ်ကလည်း ခဏခဏပြောင်းတတ်သူ တယောက်ဖြစ်သည်နှင့် ကျွန်ုပ်နေခဲ့ဘူးသည့်အိမ်များမှာ တသက်တာအတွင်း လေးငါးဆယ်ခန့် ရှိလိမ့်မည် ထင်၏။ အလုပ်မပြောင်းပဲလျက် အိမ်ပြောင်းရွှေ့ခြင်းများလည်း မနည်းလှပေ။ မန္တလေးမြို့၌ ဆယ်နေရာမက နေဘူး၍ ကြည့်မြင်တိုင် စမ်းချောင်းရပ်ကွက်များ တွင်လည်း အကြိမ်ပေါင်းတဒါဇင်မက ပြောင်းရွှေ့နေထိုင်ခဲ့ဘူး၏။ ကျွန်ုပ်နေခဲ့ဘူး သောအရပ်များတွင် အများအားဖြင့် ရပ်သူရပ်သားများနှင့် မရောနှောပဲ ကိုယ့်ဟာကိုယ် ရိုးရိုးမှန်မှန် နေခဲ့သည်သာများ၏။ ကြည့်မြင်တိုင် အင်းစိန်လမ်း၌ နေစဉ်ကမူ ရိုးရိုးမှန်မှန်နေသည့်အထဲကပင် စန္ဒရားတီးခြင်းကို နားငြီးသည့် သဘောနှင့် ခဲပေါက်ခံရ၍ ချက်ချင်းပြောင်းရွှေ့ ပြေးခဲ့ဘူး၏။ နေထိုင်ခဲ့သမျှသော အရပ်တကာတို့တွင် ပဲခူးမြို့ဖိုင်းကနိုင်း မြောက်ပိုင်းရပ်ကွက်သည် ကျွန်ုပ်အဖို့ အဆင်ပြေဆုံးသော ရပ်ကွက်ဟူ၍ အမှတ်အသားပြုထားမိပါသည်။

## ပုဂ္ဂလသပ္ပါယဖြစ်ခြင်း

မည်သည့်ရပ်ကွက်၌ နေထိုင်စေကာမူ (မြို့၌ဖြစ်စေ၊ တော၌ဖြစ်စေ) ကျွန်ုပ်သည် မည်သူ့ကိုမျှ မမုန်း၊ မည်သူနှင့်မျှ ချစ်ကျွမ်းဝင်အောင်လည်း မကြိုးစား၊ ကိုယ့်ဟာကိုယ် အေးအေးရိုးရိုး နေလာခဲ့သည်သာဖြစ်ပါ၏။ ပဲခူးသို့ ရောက်သောအခါ၌လည်း 'မူ'ပြောင်းလဲခြင်းမရှိ၊ နဂိုအတိုင်းပင် နေထိုင်ပါသည်။ သို့ပါလျက် ဤမြို့၌ကျွန်ုပ်အထူးသဖြင့် အဆင်ပြေခြင်းငှာ ဖိုင်းကနိုင်း ရပ်ကွက်သူ ရပ်ကွက်သားများနှင့် ကျွန်ုပ်တို့ ဘဝရေစက်အဆက်အသွယ် ရှိခဲ့ကြဘူးခြင်း

ကြောင့် ပေလောဟု စဉ်းစားမိသည်။ ကျွန်ုပ်တို့သည် ခရစ်ယန်သာသနာပြု အသင်းကြီးကပိုင်သော အိမ်တလုံးကို (အလုပ်ချင်း အဆက်ဖြစ်၍) ငှားရမ်းပြီး ပြောင်းရွှေ့သွားကြသောအခါ ရပ်သူ ရပ်သားများက ကျွန်ုပ်တို့အား ကြည့်ကြပုံ အကဲခတ်ကြပုံများသည် ကျွန်ုပ်တို့အပေါ်တွင် စိတ်ဝင်စားရုံသာမက မေတ္တာ သက်ဝင်ခင်မင်ကြပုံရသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။

ရောက်သွားပြီးနောက် နှစ်ရက်သုံးရက်လောက် ကြာသည်ဆိုလျှင်ပင် ၎င်းရပ်ကွက်တွင်ထိပ်တန်းကျပုံရသော လူကြီးလူကောင်းများက တယောက်တလဲ လာရောက်မိတ်ဖွဲ့ကာ အကူအညီလိုပါက အားမနာတမ်းတောင်းဖို့ ပြောကြပါ ပေသည်။ ဤမျှဆိုလျှင်ပင် ကျွန်ုပ်တို့အဖို့ရာ၌ မကြုံဘူးသည့် မိတ်ဆွေဖြစ် သဘောမျိုးဖြစ်နေသဖြင့် များစွာ ကျေနပ်ဝမ်းမြောက်လျက်ရှိလှပါပြီ။ သို့ရာတွင် ဤမျှလောက်ပင် မကသေးချေ။ တရပ်လုံးရှိယောကျ်ားမိန်းမ လူရွယ် လူလတ်များ သည်လည်း ကျွန်ုပ်တို့နှင့်မိတ်ဖွဲ့ကာ အကြောင်းရှာ၍ ဝင်ဝင်ထွက်ထွက် ပြုလုပ်ကြပေသည်။ ကျွန်ုပ်၌ စန္ဒရားတလုံးရှိရာ ကလာသားကလေးများသည် တယော၊ မယ်ဒလင်၊ ဘင်ဂျို အဆိုများနှင့် ကျွန်ုပ်၏အိမ်သို့လာကြ၍ စန္ဒရားနှင့် တွဲဘက်တီးမှုတ်သီဆိုကြဖို့ မိတ်ဖွဲ့ကြပေ သည်။ အရပ်သားများက ဤကဲ့သို့ လိုက်လိုက်လျောလျော သဘောထားကြရာတွင် ကျွန်ုပ်ကလည်း မည်သည့်အသင်း အဖွဲ့သို့မျှ အပါအဝင်မလုပ်ခဲ့ဘူးစေကာမူ ရပ်ကွက်အရှဏ်တော်အသင်းသို့ လိုက်ကာ အကျွေးအမွေးနှင့်အားပေး၏။ ယောက်ဖကလေးကို မီးသတ်အသင်းသို့ သွင်းပေး၏။ ငွေကြေးအလှူခံလျှင် သူတပါးထက် ပိုထည့်၏။ နန်းတော်ရှေ့ ဆရာတင်နှင့် ဇနီးပေါ်လင်တင်တို့သည် ပဲခူးသို့ရောက်လာ၍ ကသီလင်တဖြစ် နေရာတွင် ကျွန်ုပ်ကအိမ်တလုံးငှားပေး၍ ဆရာတင်ထံမှ ကျွန်ုပ်က သီချင်းကြီးများ ကို စန္ဒရားသင်ယူ၏။ ၎င်းတို့လင်မယားအား ကျွန်ုပ်၏နေအိမ်၌ အဆိုအတီးဖြင့် အသုံးခံစေ၍ အိမ်ရှေ့မှ အရပ်သားများ နားထောင်ကြရ၏။ လူကြီးလူကောင်းများ အား အိမ်ပေါ်သို့ဖိတ်ခေါ်ကာ အကျွေးအမွေးဖြင့် ဧည့်ခံ၏။ ကျောင်းနေဘက်

သူငယ်ချင်းမောင်ရီသည် ထိုအချိန်၌ ပဲခူးမြို့တွင် စက်ရှင်တရားသူကြီးအဖြစ်နှင့် အမှုထမ်းလျက်ရှိရာ ကျွန်ုပ်၏အဆိုအတီးပွဲများသို့ လာရောက်၍ ကျွန်ုပ်၏ အဖြစ်ကို မြင်သွားရာတွင် "မင်းကပဲခူးမှာ တယ်ပြီးပေါ်ပြူလာ ဖြစ်နေပါကလား ဟေ့" ဟုဆိုကာ အထင်ကြီးသွားဘူးလေသည်။ စင်စစ်မှာ ကျွန်ုပ်သည်တသက်လုံး တွင် ဤတရပ်တည်း၌သာ ကြုံရဘူးခြင်းဖြစ်ပါသည်။ ယခင်ကလည်းမကြုံစဘူး။ ဤနောက်တွင်လည်း မကြုံရတော့ပါ။ နောက်ပိုင်း၌မူ ဤအရပ်ထိုအရပ်မှ ဓမ္မမိတ်ဆွေများဖြင့် အိမ်စည်ကားဘူးပါ၏။ သို့ရာတွင် ပျော်ပါးမှုမျိုးမူကား မကြုံရတော့ပါ။ ပထမအကြိမ်နှင့် နောက်ဆုံးအကြိမ်ဖြစ်ပါသည်။

## ပဲခူးမြေငလျင်ကြီး

ကျွန်ုပ်တို့သည် ပဲခူးမြို့သို့မတ်လ ၄ ရက်နေ့တွင် ပြောင်းရွှေ့လာကြ၍ မေလ၅ရက်နေ့တွင် မြန်မာပြည်၌ အကြီးဆုံးငလျင်ကြီးဟု အသိအမှတ်ပြုကြရ သည့် ပဲခူးငလျင်ကြီးလှုပ်ခြင်းကို ကြုံရ၏။ မန်ကျည်းတုံရွာမှ ဆွေမျိုးများနှင့် မိခင်သည် ကျွန်ုပ်ရှိနေသော ပဲခူးမြို့သို့လာရောက်ကြ၍ ဘုရားပုထိုး ဖူးမြော်ပြီးနောက် ဆွေမျိုးများပြန်သွားကြသော်လည်း မိခင်မှာ ကျွန်ုပ်တို့နှင့်အတူ နေရစ်သေးသည်ဖြစ်၍ ဆွေမျိုးများက 'အမေကြီး' ကားသေချင်၍ ချန်နေရစ်ခဲ့ သည်ဟု နောင်တွင် ပြောကြသေးသည်။ ထိုညဥ့်၌ မိခင်နှင့်မစိုးတို့သည် လမ်းလျှောက်ထွက်သွားရာမှ ပြန်ရောက်လာကြ၍ အိမ်ရှေ့တွင် ထိုင်နေကြစဉ် ကျွန်ုပ်မှာ တနေ့လုံး အလွန်ပူလောင်ခဲ့ရာမှ အလွန်အိုက်သောညဖြစ်လာသည်နှင့် မှန်အိမ်ကိုဆွဲလျက် ရေချိုးခန်းထဲသို့ ရေချိုးရန်ဝင်သွား၏။ မှန်အိမ်ကိုသံချောင်း တွင်ချိတ်၍ ရေခွက်ကို လှမ်းကိုင်လိုက်သည်နှင့် တပြိုင်နက် သံချောင်းတွင် ချိတ်ထားသည့် မှန်အိမ်မှာ ယိမ်းထိုးလာ၍ ကျွန်ုပ်ကိုယ်တိုင်လည်း မိုက်ကနဲ ဖြစ်သွားသည် ထင်လိုက်၏။ ဤအတောအတွင်းတအိမ်လုံးမှာ ဂျိုးဂျိုးဂျုံးဂျုံး

မြည်လျက်အိမ်အပေါ်ထက်၌နေသော ကုလားမဆရာကတော်၏ အလန့်တကြား အော်ဟစ်သောအသံကို ကြားလိုက်ရ၏။ ထိုအခါတွင် ကျွန်ုပ်မှာ မြေငလျင် လှုပ်ခြင်းဖြစ်သည်ဟု ရုတ်တရက် မတွေးမိသေးပဲ ထူးဆန်းလှပါတကား ဟုသာ အောက်မေ့၍ အိမ်ရှေ့သို့ ကတိုက်ကရိုက်ထွက်လာရာ အိမ်သူအိမ်သား များလည်း ပြူးတူးပျာတာ ဖြစ်နေကြသည်ကို တွေ့ရ၏။ ကျွန်ုပ်တို့နေအိမ်၌ မိခင်နှင့်ဇနီး အပြင်ယောက်ဖအောင်မြနှင့် တပည့်မောင်စံလှိုင်တို့ ရှိကြလေသည်။

"ငလျင်လှုပ်တာဟဲ့ ငလျင် ငလျင်"ဟူသော အသံများသည်တရပ်လုံး ဆူညံလျက်ရှိရာ အိမ်ရှေ့သို့ ကျွန်ုပ်ထွက်လာသောအခါ၌ ဇနီးသည် မိခင်ကို ဆွဲလျက် အိမ်ရှေ့လှေကားမှ ဆင်းနေကြလေပြီ။ ယောက်ဖကလေးကမူကား ဝရန်တာကိုခွလျက် ကြောင်တောင်ကြီးငေးကြည့်နေရာ "ဟဲ့ကောင်လေး ဆင်းလေ" ဟု ကျွန်ုပ်ကပြောလိုက်မှ အိမ်ရှေ့ဘက်သို့ ဖုတ်ကနဲ ခုန်ချလိုက်သည်။ မိခင်နှင့်ဇနီးမှာ အိမ်ရှေ့သို့ရောက်နေကြပြီဖြစ်၍ ကျွန်ုပ်သည်လှေကားမှ ဆင်းပြေး ရာ လှေကားမှာ သုံးထစ်မျှသာရှိသော်လည်း ချောမောစွာ မဆင်းနိုင်ပဲ အလယ်ထစ်သို့ ရောက်သည်နှင့် တပြိုင်နက် 'ဟပ်ထိုး' ကြီးလွင့်သွား၍ အိမ်ရှေ့တွင် လေးဘက်ထောက်လျက်သား ပုံလဲနေတော့သည်။ ထိုအချိန်၌မူ မည်သူ့ကိုမျှ သတိမရနိုင်တော့ပဲ ထိုနေရာသည် အိမ်ဥပစာအတွင်း ရှိသေး၍ မတော်တဆ အိမ်ပြိုခဲ့လျှင် ပိနိုင်သည်ဟူ၍သာ သတိရသည်နှင့် လမ်းပေါ်သို့ ဝမ်းလျားထိုး တွားသွားရတော့သည်။ မြေကြီးပေါ်၌ မတ်တတ်လျှောက်သွားရန် မူကား လုံးဝမဖြစ်တော့ချေ။

လမ်းပေါ်သို့ရောက်၍ တောင်မျက်နှာသို့လှည့်ကာ လေးဘက်ထောက်လျက် ငေးကြည့်နေစဉ် ကောင်းကင်ယံတခုလုံး မည်းမှောင်၍ မြူမှုန်များလွင့်တက်နေသ လိုမြင်ရ၏။

ထိုအခါ၌ ကျွန်ုပ်အဖို့မှာ မြေကြီးပေါ်တွင် လေးဘက်ထောက်နေရန်ပင် မဖြစ်နိုင်တော့ပဲ ယိုင်လဲမည်စိုးသည်နှင့် ဝမ်းဗိုက်ကို မြေသို့ကပ်၍ အလျား

မှောက်နေလိုက်ရတော့သည်။ တောင်မျက်နှာ၌ကား မြူမှုန်များသည် မှောင်ကြီးမည်းမည်းထဲ၌ အလိပ်လိပ် တက်နေကြ၍ မြေမျက်နှာပြင်သည်လည်း လေထန်သောရေပြင်သဖွယ် လှိုင်းကြီးများ တအိအိ ထကြွလျက်ရှိတော့သည်။ မျက်နှာနှင့်မြေကြီးနီးကပ်စွာ ရှိနေသောကြောင့် ပေလောမဆိုနိုင်၊ မြေပြင်သည် ရေပြင်ပမာ လှိုင်းထနေသည်ကို မြင်ရခြင်းကား အမှန်ဖြစ်တော့သည်။ ထိုအချိန်ကာလ၌ ရင်ထဲတွင်စိတ်အားငယ်လိုက်ပုံကား ပြောဖွယ်ရာမရှိတော့ချေ။ အားငယ်ခြင်းသည် ဦးနှောက်ထဲမှမဟုတ်၊ ရင်ပတ်ထဲ၌ ဖြစ်သည်ဟု ကျွန်ုပ်အမှန်ပြောနိုင်၏။ အားမငယ်ပဲ နေချေမည်လော။ သတ္တဝါသည်မြေကြီးကို အခိုင်အမာထား၍ အခါခပ်သိမ်းအားကိုးအားထားပြုနေရသည်ဖြစ်ရာ မိမိက အခိုင်အမာထားသော မြေကြီးကိုယ်တိုင်က ဤကဲ့သို့ အပြင်းအထန် လှုပ်ခါနေခြင်းကိုလက်တွေ့ ခံစားရသော အခါ၌ အားကိုးရာမဲ့ဖြစ်၍ အသည်းနှလုံး နှင့်အူထဲမကျန် လွှတ်ကန်ပြီး အားငယ်မိသည်မှာ အထူးအဆန်း မဟုတ်ချေ။

ကျွန်ုပ်သည် မြေကြီးနှင့် ဝမ်းဗိုက်ကပ်လျက် အလျားမှောက်ကာ မြေကြီးလှိုင်းများ ထကြွနေခြင်းကိုကြည့်နေစဉ် ကမ္ဘာပျက်သည်ဆိုခြင်းမှာ ဤအခြင်းအရာပင်ဖြစ်သည်ဟု စဉ်းစားမိသည်။ သို့သော်ထိတ်လန့်တုန်လှုပ်သည်ဟူ၍ကား မဆိုနိုင်၊ စိတ်အားငယ်ခြင်းကြီးမက ငယ်လှ၍ အူတူတူ ယောင်ချာချာ ဖြစ်နေသည်ဟူ၍သာ ဆိုချင်ပေသည်။ ထိုအခိုက်အတန့်၌ အတိတ်အနာဂတ်ကိုလည်းကောင်း၊ မည်သူမည်ဝါကိုလည်းကောင်း ဘာကိုမျှ သတိမရ၊ ကမ္ဘာပျက်ခြင်း ဖြစ်သည်ဟူသော အမှတ်သညာ တခုသာလျှင် စွဲကပ်လျက်ရှိပါတော့သည်။

လမ်းပေါ်၌ မှောက်နေရသော အချိန်ကာလ အပိုင်းအခြားမှာ မည်မျှလောက် ကြာရှည်သည်မပြောတတ်၊ ကျွန်ုပ်၏စိတ်ထဲ၌ကား နာရီဝက်ထက်မနည်း ရှိလိမ့်မည်ထင်မိသည်။

လှုပ်ရှားခါစ၌ လူသံများ ဆူညံသော်လည်း အပြင်းအထန် လှုပ်ရှားခိုက်တွင် ဝေးလံသော အရပ်မှတဝီဝီမြည်သော အသံများမှတပါး အနီးအပါးတွင် တိတ်ဆိတ်လျက်ရှိ၏။ ထို့နောက် ငလျင်ရပ်စဲခြင်းနှင့်အတူဘယ်သူရေ၊ ဘယ်ဝါရေ စသော အသံများလည်း ပေါ်ထွက်လာပေရာ ကျွန်ုပ်သည် အလျားမှောက်ရာမှထ၍ အိမ်သူအိမ်သားအခြေအနေကို စစ်ဆေးတော့သည်။ တစုံတရာအထိအခိုက် အပျက်အစီး မရှိခြင်းကိုသိရသည်နှင့် တပြိုင်နက် ကျွန်ုပ်သည် ယောက်ဖကလေး ကို အိမ်စောင့်ရန်ထားခဲ့၍ မောင်စံလှိုင်နှင့်အတူ မြို့ကိုလှည့်လည် ကြည့်ရှုကြလေ သည်။

ဈေးကြီးဘက်မှ မီးအကြီးအကျယ် လောင်လျက်ရှိသော်လည်း ကျွန်ုပ်တို့၏ နေအိမ်မှာ ချောင်းတခုလုံးခြားနေသည်နှင့် စိတ်ချရသည်ဆိုကာ မြို့ထဲသို့ အနံ့အပြား လှည့်လည်ကြသည်။ မီးနှင့်နီးကပ်သောအိမ်များတွင် ပစ္စည်းများ သိမ်းကြ ရွှေ့ကြသော အသံများ၏ဆူညံခြင်းထက် နှလုံးမသာမယာဖွယ်သော အသံများပေါ်ထွက်လာသည်မှာကား တိုက်ပြို၍ ပိပြားသေဆုံးကြရသော နေရာများမှ ကျန်ရစ်သူ ဒုက္ခသည်များ၏ ငိုကြွေးမြည်တမ်းကြသော အသံများပင်ဖြစ်သည်။ ထိုအသံများမှာ ကျွန်ုပ်တို့ရောက်လေရာ နေရာအနံ့ အပြား၌ ကြားရ၍ လူစုစုမြင်တိုင်း ဝင်ကြည့်ရာတွင် အချို့မှာ ဖော်ထုတ်ပြီးခါစ အလောင်းများကို လည်းကောင်း၊ အချို့မှာ ဖော်တုန်းဖော်ဆဲ ရှိနေကြခြင်း ကိုလည်းကောင်း၊ အချို့မှာဖော်ထုတ်ရန်ပင် မတတ်နိုင်သေးပဲ လက်မှိုင်ချကာ ဟစ်အော် တမ်းတနေခြင်းကိုလည်းကောင်း တွေ့ကြရသည်။ ကျွန်ုပ်၏တသက်တာ တွင် ဤမျှလောက်ဒုက္ခမီးပူလောင်ခြင်း အမြောက်အမြားကို စုပြုံမြင်ရသည့်အချိန် တနာရီဆို၍ မကြုံခဲ့ရဘူးအောင် ရှိပါတော့သည်။

နေအိမ်သို့ပြန်ရောက်၍ အိမ်နီးနားချင်းများနှင့် စကားပြောနေကြသဖြင့် သန်းခေါင်ကျော်မှ အိပ်ရာသို့ ဝင်ကြရသော်လည်း အိပ်ရေးဝအောင် အိပ်ရ တော့မည် မဟုတ်ချေ။ တနာရီခန့်မျှ အိပ်ရသေးသည်မထင်မီ "ဆရာတို့ထကြလေ၊

မီးတွေလောင်ကုန်ပြီ”ဟု တစုံတယောက်က အိမ်ရှေ့မှ နှိုးပြောသည်နှင့် ကတိုက်ကရိုက်ထကြည့်လိုက်ရာတွင် ကျွန်ုပ်တို့၏အိမ်နှင့် ကိုက်၁၀၀ခန့်သာ ဝေးသော သုံးထပ်တိုက်ကြီး အမိုးပေါ်မှမီးခိုးများ အူထွက်နေသည် ကိုမြင်ရတော့သည်။ ယမန်ညက စိတ်ပင်ပန်းရုံသာရှိ၍ လူမမောရသော်လည်း ယခုမှာအိမ်ချင်းနီးကပ်သော မီးဖြစ်၍ပစ္စည်းများသယ်ထုတ် ရသည်နှင့် တအိမ်သားလုံးဖတ်ဖတ်မောကြရသည်။ ပစ္စည်းများကို အိမ်မြောက်ဘက်ရှိ မြောင်းကြီးတံတားဦးတွင် စုပုံထားရာ တရပ်လုံးမှာလည်း ဤပတ်ဝန်းကျင် တဝိုက်၌ပင် ပစ္စည်းတွေစုပုံ၍ စောင့်နေကြရသဖြင့် ရွာကလေးသဖွယ် ဖြစ်နေတော့သည်။ မီးမှာ တိုက်ကြီးကိုကျွမ်းအောင် မလောင်ရမီ ငြိမ်းသတ်နိုင် ကြသော်လည်း ပဲခူးတမြို့လုံးမှာ မီးအတွက်ကြောင့် စိုးရိမ်ပူပန်လျက်ရှိ ကြသည်နှင့် ကျွန်ုပ်တို့ အရပ်သူ အရပ်သားများသည် ပစ္စည်းများကို အိမ်ထဲသို့ တဖန်သယ်ယူသွတ်သွင်းခြင်း မပြုတော့ပဲ တံတားဦး၌ပင် သူ့အစု ကိုယ့်အစု ဖွဲ့စည်းကာ နှစ်ရက်သုံးရက် နေကြသေးသည်။ တိုက်ပိ သေဆုံးသူများ၊ အိမ်ကိုမီးလောင်သူများသည် ကိုယ့်အပူနှင့်ကိုယ် ဒုက္ခရောက်ကြသော်လည်း ကျွန်ုပ်တို့လူစုမူကား တံတားဦးတွင် ချက်ပြုတ်စားသောက်ကြရသည်မှာ ဘုရားပွဲကဲ့သို့ရှိ၍ ပျော်သည်ဟူ၍ပင် မှတ်ထင်မိသည်။ အချို့လူများသည် ဒုက္ခတခု တွေ့ရသည်မှာ အအိပ်အနေ အစားအသောက် ဆင်းရဲသည်ဆို၍ စိတ်ညစ်ညူးတတ်ကြပေရာ ကျွန်ုပ်၏ဝါသနာတခုကား အပြောင်းအလဲဆိုလျှင် (အဆိုးဘက်သို့ ပြောင်းလဲရခြင်းပင် ဖြစ်စေကာမူ) ပျော်သလိုရှိတော့သည်။ ထို့ကြောင့်လည်း စစ်ကြီးအတွင်း၌ အချို့လူများ ညည်းတွားကြသလောက် ကျွန်ုပ်အဖို့မှာ မဆင်းရဲလှချေ။

## မကျေနပ်ချက်များပေါ်လာခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏ဇာတာမှာ အလုပ်တခုခုတွင် သုံးနှစ် ပတ်ဝန်းကျင်လောက်သာ လုပ်ချင်တတ်၍ သုံးနှစ်ကကျော်သည်ဆိုလျှင် ကျွန်ုပ်ကသော်လည်းကောင်း အလုပ်ရှင်ကသော်လည်းကောင်း၊ ပတ်ဝန်းကျင်၌ သော်လည်းကောင်း၊ အထင်လွဲမှုများသော်လည်းကောင်း ပေါ်လာတတ်သည်ဖြစ်ရာ ဘာသာပြန်အလုပ်တွင်လည်း သုံးနှစ်စေ့ခါနီး အချိန်မှစ၍ ကျွန်ုပ်၏စိတ်ထဲတွင် မကျေနပ်စရာများဖြစ်လာပါတော့သည်။ ကျွန်ုပ်ကို ငှားရမ်းစဉ်က ဘာသာရေးနှင့် မပတ်သက်သော၊ အတ္ထုပတ္တိစသော စာပေမျိုးကိုသာ ဘာသာပြန်ဖို့ဟု ဆိုပါလျက် နောက်ပိုင်းတွင် ခရစ်ယန်ဘာသာအတွက်ဝါဒ ဖြန့်သည့်စာရွက်စာတမ်းများကို ဘာသာပြန်ဖို့ အလုပ်ပေးလာကြ ပါတော့သည်။ ကျွန်ုပ်မှာရိုးရိုးဗုဒ္ဓဘာသာ တယောက်မဟုတ်ပဲ မဂ်တရား၊ ဖိုလ်တရားအတွက် ရည်ရွယ်ချက် ထားရှိသူ တယောက် ဖြစ်သောကြောင့် မဂ်ဖိုလ်ကို ကျော်ခိုင်းထားသူများအတွက် မည်သည့် စာမျိုးကို ဖတ်သည်ဖြစ်စေ အကြောင်းမထူးလှ။ ခရစ်ယန်ဘာသာစာပေများတွင် လည်း သာမန်လူကောင်းသူကောင်းများ ဖြစ်စေနိုင်လောက်သည့် အကြောင်းအရာ များနှင့်ဩဝါဒများ ပါပေသည်ဟုဆိုကာ သူတို့ခိုင်းသည့်အတိုင်း လုပ်ပေးခဲ့ ပါသည်။ ပထမ၌တအုပ်တလေမျှသာခိုင်း၍ နောက်ပိုင်း၌မူ ဆက်ကာ ဆက်ကာ ခိုင်းလာရာတွင် ကျွန်ုပ်စိတ်ကူးတမျိုးဖြစ်ပေါ်လာ၏။ ဗုဒ္ဓဘာသာဝင် လူကောင်း တယောက်သည် မဂ်တရား ဖိုလ်တရားအတွက် သဘောမထားဟုဆိုကာမူ သရဏဂုံတည်သူတယောက်ဟုဆိုနိုင်သည်။ ခရစ်ယန်ဘာသာဝင် လူကောင်း တယောက်မူကား သရဏဂုံတည်သည်ဟု မဆိုနိုင်၊ ထင်ရာလုပ်သော လူအချင်း ချင်း အဖို့၌ ကြီးသောခြားနားမှု မရှိချင်နေမည်၊ လူကောင်းချင်း တူခဲ့လျှင် သရဏဂုံတည်သည်ဆိုသော ခြားနားချက်ရှိသည်။ ဗုဒ္ဓဘာသာကျမ်းဂန်များ၌ သရဏဂုံတည်ခြင်းဟူသော အဖြစ်ကိုအတော်ကြီး အသားပေး၍ ရေးသားထား

ခြင်းများကို ဖတ်ရဘူးသည်။ ထို့ကြောင့်လူဆိုးကို လူကောင်းဖြစ်လာအောင် မဟုတ်ပဲ ဗုဒ္ဓဘာသာမှ ခရစ်ယန်ဘာသာသို့ ကူးပြောင်းရေးအတွက် ဝါဒဖြန့် သောဤအလုပ်မှာ ငါကဲ့သို့သော လူတယောက် အဖို့ရာ၌ ကူညီအားပေး ထိုက်ပါ၏လောဟု သံသယဝင်လာခဲ့ပါသည်။ သို့ရာတွင် ပဲခူးမြို့၌ ပုဂ္ဂလက သပ္ပါယ ဖြစ်လျက်ရှိခြင်းကို ငဲ့မိခြင်းအတွက်ကြောင့် သည်းခံ၍ လုပ်ခဲ့ပါသေး သည်။

## ကပ်သပ်သောအမေရိကန်

ဒုတိယအချက်တခုမှာ အမေရိကန် သာသနာပြုဆရာကြီးများ၏ ကပ်သပ် ခြင်းကို တွေ့ရခြင်းပင်ဖြစ်၏။ ဘာသာပြန် အလုပ်ကို လက်ခံစဉ်အခါက အားလပ် ခွင့်နှင့်ပတ်သက်၍ စည်းကမ်းသတ်မှတ်ချက်မှာ တနှစ်လျှင် လခမပျက် ခွင့်ရက် နှစ်ပတ်ရဖို့ဖြစ်၏။ ကျွန်ုပ်က "ခြောက်လတကြိမ် ရက်သတ္တတပတ် ယူနိုင်သည် မဟုတ်ပါလော"ဟုမေးရာ "ယူနိုင်သည်"ဟု ဆရာကြီးကပြော၏။ ကျွန်ုပ်နှင့် ဆရာကြီးတို့သည် နွေရာသီတွင် ကလောမြို့သို့ တလခန့်မျှ နှစ်တိုင်းသွား၍ အလုပ်လုပ်ကြသည်ဖြစ်ရာ ကျွန်ုပ်သည်မိဘများရှိသော မန်ကျည်းတုံရွာသို့ ကလောမှအပြန်တွင် ဝင်ခဲ့လျှင် (ခွင့်ခုနှစ်ရက်ယူပါက တရက်သက်သာသည် ဆိုကာ) အခွင့်တောင်း၏။ တရက်သက်သာသည်ဆိုခြင်းမှာ ပဲခူးမှ လာရခြင်းထက် သာစည်မှဖြတ်ပြီး သွားရခြင်းက အချိန်တရက်သက်သာ ခြင်းကြောင့်ဖြစ်၏။ အခွင့်ကားရပါ၏။ သို့သော်ခွင့်ရက်နှင့် ပတ်သက်၍ အငြင်းအခုန် ဖြစ်ရ၏။ ဆရာကြီးက ခြောက်လလျှင် အခွင့်ခုနှစ်ရက် ဆိုသည်မှာ ခြောက်လလုပ်ပြီး သောအခါမှ အခွင့်ရက်ရမည်ဖြစ်ကြောင်း၊ လုပ်ရက်ရော ခွင့်ရက်ပါ ပေါင်းပြီး ခြောက်လဟု မဆိုလိုကြောင်း၊ ခြောက်လအတွက်ခုနှစ်ရက် ခွင့်ပေးမည်ဆိုလျှင် ခွင့်ယူသော ရက်အတွက်ပါ ထပ်ပြီး ခွင့်ပေးရဦးမည့်အဓိပ္ပာယ် ဖြစ်နေကြောင်း

ခွင့်ယူသော ခုနစ်ရက်သည် အလုပ်လုပ်သော ခြောက်လ၏ အပြင်ဘက်၌ ရှိရမည်ဖြစ်ကြောင်း ပြောလေသည်။ ကျွန်ုပ်က "အစိုးရ အလုပ်များတွင် တနှစ်လျှင် အခွင့်တလ ရှိသည်ဆိုရာ၌ ၁၁လလုပ်ပြီးတိုင်း တလမျှ အခွင့်ရပါသည်"ဟု ပြောရာသူက "မိမိတို့၏အလုပ်မှာ ဗြိတိသျှအစိုးရ၏ အလုပ် မဟုတ်ပါ"ဟု ပြန်ပြောလေသည်။ ဤပြဿနာမှာ ကြီးကျယ်လှသည် မဟုတ်၊ တရက်၏ အပိုင်းဂဏန်းမျှသာ ခြားနားခြင်း ရှိပါလျက် အလုပ်ရှင်နှင့် အလုပ်သမား တယောက် ဤမျှလောက် ရေးကြီးခွင့်ကျယ်လုပ်၍ စကားပြောနေရခြင်းကို ကျွန်ုပ် စက်ဆုတ်လှပါသည်။ ထိုအချိန်မှစ၍ အမေရိကန် ပြည်သားများသည် အင်္ဂလိပ် လူမျိုးနှင့်မတူ၊ ကပ်ကပ်သပ်သပ်ရှိလွန်းအားကြီးသည် (Too Businesslike) ဟု မှတ်ချက်ချလိုက်ပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်လူမျိုးအရာရှိကြီးများနှင့် ဆက်ဆံ ခဲ့ဘူးရာ ဤမျှလောက် ကပ်သပ်ခြင်းကို မတွေ့ရဘူးပါ။ ကျွန်ုပ်မှာ မန္တလေး မြို့အမေရိကန် ကျောင်းထွက်ဖြစ်သော်လည်း အမေရိကန်ကို အထင်သေးစ ပြုလာခဲ့လေပြီ။

တတိယအချက်တခုမှာ ဤသို့တည်း။ ကျွန်ုပ်တို့သည် နွေရာသီတွင် ကလောမြို့သို့ ပထမအခေါက်သွားကြစဉ်က ဆရာကြီးသည် ကလောဘူတာသို့ ကျွန်ုပ်ကို လာ၍ကြိုရာ ကျွန်ုပ်ဒုတိယတန်း စီးလာသည်ကိုမြင်၍ ကျွန်ုပ်အား ဒုတိယတန်း ခရီးစရိတ် ရှင်းပေး၏။ နောက်တနှစ်၌မူ သူတပါး၏အိမ်၌ ထမင်း လခပေး၍ စားရခြင်းသည် ဆင်းရဲသည်ဆိုကာ ဇနီးကိုခေါ်ခဲ့၍ အိမ်တလုံး ငှားနေ၏။ ဤတခေါက်တွင် ဆရာကြီးနှင့်ဇနီးတို့လည်း မီးရထားနှင့် သွားကြ၍ ကျွန်ုပ်တို့လင်မယားလည်း ၎င်းမီးရထားနှင့်ပင် လိုက်ကြ၏။ ဇနီးကိုခေါ်ခဲ့ရာ၌ ကျွန်ုပ်၏တွက်ကိန်းမှာ ကျွန်ုပ်တယောက်တည်းအတွက် ရမည့် ဒုတိယတန်း ခရီးစရိတ်ကို လင်မယားနှစ်ယောက် တတိယတန်းစီးကြလျှင် ထမင်းဖိုးပင် အမြတ်ထွက်ဦးမည်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ဒုတိယတန်း တတိယတန်း စီးနှင်းလိုက်ကြခြင်းကိုမြင်၏။ သို့ဖြစ်၍ ခရီးစရိတ်ရှင်းသောအခါ ယခင်တခေါက်

ကကဲ့သို့ ဒုတိယတန်းအတွက် အပိုကုန်ရခြင်းကိုပင် မစဉ်းစားတော့ချေ။ ကျွန်ုပ်သည် ငွေရေးကြေးရေးနှင့်ပတ်သက်၍ ကပ်ကပ်သပ်သပ် မပြောချင်တတ်သော ဝါသနာအလျောက် မည်သို့မျှ မပြောတော့ပဲ အမေရိကန် လူမျိုးများ၏ ကပ်သပ်တွက်ချက်တတ်သော ဓလေ့ထုံးစံအပေါ်သို့သာ စုစုပေါင်းကာ အပြစ်ဖို့ လိုက်ပါတော့သည်။

စတုတ္ထအချက်တခုမှာကား ကျွန်ုပ်သည် အလုပ်ချိန်ကို လေးစားသူ တယောက် ဖြစ်သည့်အလျောက် အလုပ်ချိန် ၁၀ နာရီမှ ၄နာရီဟူ၍ သတ်မှတ်ထားသည်ဆိုလျှင် နံနက်တိုင်း ၁၀ နာရီတိတိတွင် ရောက်အောင်သွား၍ ညနေ ၄နာရီတိတိတွင် အလုပ်ခွင်မှ ဆင်းလာခဲ့သည်ချည်းဖြစ်၏။ ကျွန်ုပ်ကနုတ်မှ ပြော၍ အောင်မြနှင့်မောင်စံလှိုင်တို့က တရက်စီ လိုက်၍ရေးသောနေ့မှစ၍ ကျွန်ုပ်တို့အား အလုပ်ခန်းတခန်း သီးသန့်ပေးထား၏။ ကျွန်ုပ်တို့သည် အလုပ်ခန်းမှ ထွက်၍ အိမ်သို့ပြန်ကြရာတွင် ဆရာကြီး၏ အခန်းရှေ့မှ ဖြတ်လာကြရလေရာ ဆရာကြီးသည် ကျွန်ုပ်တို့ကိုမြင်တိုင်း နာရီကို မော့်၍ကြည့်၏။ ကျွန်ုပ်ကလည်းမြင်၍ လက်ပတ်နာရီကို ကြည့်မိပါသေးသည်။ တနေ့သ၌မူ ဆရာကြီးက ကျွန်ုပ်အား "လေးနာရီတိတိမှာ ခင်ဗျားဆင်းနိုင်အောင် အလုပ်ကို ဘယ်လိုလုပ်ပြီး ယတိဖြတ်နိုင်သလဲ"ဟု မေးလိုက်ရာ ကျွန်ုပ်ကလည်း နာရီ သူမော့်ကြည့်ခြင်းကို ဖြုန်းကနဲသတိရလိုက်၏။ ဤတွင်ကျွန်ုပ်က "လေးနာရီတိတိ အလုပ်ဆင်းခြင်းကို ခင်ဗျားသတိပြုမိပုံရသည်၊ ၁၀ နာရီတိတိ ရောက်အောင် လာခြင်းကို ခင်ဗျား သတိပြုမိပါသလား"ဟု ပြန်မေး၏။ ထိုအခါဆရာကြီးသည် ရုတ်တရက် မျက်နှာပျက်သွားရာမှ ကြိုးစား၍ ပြုံးလာပြီးလျှင် အချိန်နှင့်ရောက်ဖို့မှာ အစီအစဉ် ပြုလုပ်ထားပါကဖြစ်နိုင်ကြောင်း၊ အချိန်တိတိ အဆုံးသတ်ဖို့မှာ ဘာသာပြန်အလုပ် မျိုးတွင် ခဲယဉ်းမည်ဖြစ်ကြောင်း၊ မည်သည့်နည်းမဆို ၄ နာရီထိုးသည်ဆိုလျှင် ဝါကျတခုကိုပင် အဆုံးမသတ်တော့ပဲ အလုပ်ကိုချထားခဲ့မှသာလျှင် ၄ နာရီတိတိ ပြန်နိုင်မည်ဖြစ်ကြောင်း ပြော၏။ သူက မျက်နှာထား

တည်တည်ကြီးနှင့် ပြောသဖြင့် ကျွန်ုပ်ကလည်း မျက်နှာထားတည်တည်နှင့်ပင် ရှင်းပြရပါသေးသည်။ ကျွန်ုပ်က ၄နာရီတိတိပြနိုင်ခြင်းမှာ ၃နာရီခွဲအချိန်လောက်တွင် ကျွန်ုပ်သည် အလုပ်အခြေအနေကို အကဲခတ်လေ့ရှိကြောင်း၊ နာရီတဝက်အလုပ်လုပ်လျှင် ရှေ့အဖို့ မည်သည့်နေရာအထိ ပြီးနိုင်သည်ဟု ခန့်မှန်း၍ ထိုခန့်မှန်းသောနေရာသို့ ရောက်အောင် ကြိုးစား၍လုပ်ကြောင်း၊ ထို့ကြောင့် ၄ နာရီထိုးသည်နှင့် တပြိုင်နက် ထိုနေရာသို့ရောက်၍ အလုပ်ကိုရပ်စဲပြီး အိမ်ပြန်နိုင်ခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်အလုပ်လုပ်ရာတွင် တွက်တွက်ကပ်ကပ် သဘောမထားကြောင်း၊ ကျွန်ုပ်၏အိမ်မှလူကလေးများကို ခေါ်လာခဲ့၍ ကျွန်ုပ်က နှုတ်မှပြောပေးကာ လိုက်၍ရေးစေခြင်းအားဖြင့် ကျွန်ုပ်တယောက်တည်း ကိုယ့်ဟာကိုယ်ရေးခြင်းထက် အနည်းဆုံး ရာခိုင်နှုန်း ၂၅–၃၀မျှ ပိုမိုလျင်မြန်ကြောင်း၊ အခြားလူတယောက်သည် သူ့ဖာသာ ဘာသာပြန်ခဲ့လျှင် လူကလေးများနှင့် ကျွန်ုပ်တို့ဘာသာပြန်ခြင်းကဲ့သို့ မည်သည့်နည်းနှင့်မျှ လျင်မြန်နိုင်မည်မဟုတ်ဟု ပြောဝံ့ကြောင်းရှင်းပြလေ၏။ ထိုအခါ ဆရာကြီးက "လူကလေးများခေါ်ခဲ့ပြီး အလုပ်လုပ်ခြင်းသည် အလုပ်တွင်ကျယ်စေလိုသော စေတနာနဲ့ ပြုလုပ်ခြင်းဖြစ်ပါသလော"ဟု မေး၏။ ဤမေးခွန်းကား 'ပွ'မေးခွန်းဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။ ဤတွင် ကျွန်ုပ်သည် မဟုတ်မှန်ပဲလျက်နှင့် အသားယူလိုသော ဝါသနာမရှိသည်နှင့် "ထိုကဲ့သို့ စေတနာရှိသောကြောင့်မဟုတ်၊ ကျွန်ုပ်လည်း လက်ညောင်းသက်သာစေ၊ လူကလေးများအဖို့ ဗဟုသုတလည်းဖြစ်စေ၊ အကျင့်လည်းရစေဆိုကာ ခေါ်လာခဲ့ခြင်းဖြစ်သည်"ဟု ဟုတ်မှန်သည့်အတိုင်း ပြောပြလေ၏။ ထိုအခါ ဆရာကြီးသည် ကျွန်ုပ်အပေါ်၌ ၄ နာရီတိတိအလုပ်ဆင်းခြင်းအတွက် အပြစ်ဖို့စရာအကြောင်းရှာမတွေ့ပဲရှိသည်တွင် ရိုးသားစွာ ဝန်မခံချင်ပဲ မျက်နှာခပ်သုန်သုန်နှင့် ထွက်သွားလေသည်။ ကျွန်ုပ်စဉ်းစားမိသည်မှာကား အင်္ဂလိပ်လူမျိုးဖြစ်လျှင် အချိန်မှန်အလုပ်တက်၍ အချိန်မှန်အလုပ်ဆင်းလျှင် ကျေနပ်မည်ဖြစ်သည်။ အမေရိကန်လူမျိုးများကား အချိန်မှန်တက်ခြင်းကိုမကြည့်ပဲ အချိန်မှန်အလုပ်ဆင်း

ခြင်းကိုပင် တွက်ကပ်သည်ဟု သူတပါးအား အထင်သေးချင်သည်။ ငါသည် ဤလူမျိုးနှင့်ကြာရှည်စွာ အလုပ်လုပ်နိုင်မည်မဟုတ်ဟု အောက်မေ့ပါတော့သည်။

ပဋ္ဌမအချက်တခု ပေါ်လာပြန်သည်မှာ ကျွန်ုပ်တို့၏အလုပ်ဌာနကို ပဲခူးမြို့မှ ရန်ကုန်မြို့သို့ရွှေ့ပြောင်းမည်ဟု သိရခြင်းပင် ဖြစ်လေသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည် တသက်တာတွင်မကြုံဘူးလောက်အောင် အောင့်အည်းသည်းခံ၍ လာခဲ့ခြင်းသည်ပင် ပဲခူးမြို့မှ မထွက်ခွာလိုသောကြောင့် ဖြစ်၏။ ထို့ကြောင့်ပြောင်းရွှေ့ရမည် ဆိုကတည်းက ကျွန်ုပ်တို့စိတ်မကြည်မသာ ဖြစ်ကြရလေပြီ။ နေရစ်မည်ဆို၍လည်း မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ပဲခူးမြို့သူမြို့သားများနှင့် ဝမ်းနည်းစွာ ခွဲခွာ၍ ရန်ကုန်သို့ပြောင်းရွှေ့ကြရ၏။ (ကျွန်ုပ်တို့သည် ဖိုင်းကနိုင်း ရပ်သူရပ်သားများနှင့် ကြာရှည်စွာ ဆက်လက် ခင်မင်ကြသည့်အလျောက် မိတ်ဆွေအဖြစ်နှင့် ဝင်လားထွက်လား ပြုလုပ်ခဲ့ကြရာ စစ်ကြီးဖြစ်သည့် နောက်တွင်မှ ရပ်ကွက်ကိုမီးလောင်၍ လူတွေတကွဲတပြားစီ ဖြစ်ကုန်ကြရလေသည်။) ရန်ကုန်မြို့သို့ရောက်ကြသောအခါ စမ်းချောင်းရပ်၌ရှိ သောကျွန်ုပ်၏နေအိမ်နှင့် အင်းစိန်၌ရှိသော ဆရာကြီး၏နေအိမ်သို့ နေ့စဉ် ဘိုင်စကယ်ဖြင့် သွားရခြင်းကိုငြီးငွေ့ခြင်း၊ မဂ္ဂဇင်းဂျာနယ်သစ်များနှင့် အဆက် အသွယ် ဖြစ်လာပြန်ခြင်းတို့ကြောင့် ဘာသာပြန်အလုပ်ကို စွန့်ပစ်လိုသော စိတ် ပြင်းထန်လာခဲ့ပါတော့သည်။ သို့သော် ဤအတိုင်းဒုံးတိတိမထွက်ပဲ လခ ၂၅ဝိ ရလိုကြောင်း၊ မပေးနိုင်လျှင် ထွက်ရလိမ့်မည်အကြောင်း စာရေး၍ တင်လိုက်၏။ ဘာသာပြန်အသင်းကြီးက စာပြန်လာသည်မှာ အမေရိကန်ပြည်၌ ကုန်သွယ်မှု ရှားပါးသော Trade Depression ခေတ်ဖြစ်နေသောကြောင့် လခတိုးပေးရန် မတတ်နိုင်ကြောင်း ဟူသည်ပင်ဖြစ်၏။ ကျွန်ုပ်ဝမ်းမနည်း၊ ဝမ်းသာလှပါသည်။ အကြောင်းမူကား ပုံနှိပ်တိုက်များနှင့် အဆက်အသွယ်ဖြစ်လာ၍ တလလျှင် ဝင်ငွေ ၁၅ဝခန့်ရဖို့ သေချာလျက်ရှိရာ သို့ဆိုလျှင် မန်ကျည်းတုံတွင် မိဘများနှင့်အတူ နေနိုင်ပြန်သောကြောင့် ဖြစ်လေသည်။ ထိုအချိန်တွင်ယောက်ဖ အောင်မြသည်

စမ်းချောင်းရပ်၌ ကျောက်သွေးအလုပ်တတ်မြောက်၍ တပည့် မောင်စံလှိုင်မှာလည်း လက်ပံကုန်း အကောက်ရုံး၌ အလုပ်ရပြီဖြစ်သောကြောင့် ၁၉၃၃ခုနှစ်၊ စက်တင်ဘာလတွင် ကျွန်ုပ်တို့လင်မယားသည် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့ခဲ့ကြပြန်လေသည်။

## တင်စီးခြင်း မခံချင်တတ်ပုံ

မန်ကျည်းတုံရွာ၌ သုံးလေးလ နေမိကြသောအခါ မစိုးကလည်း မိဘများနှင့်တွေ့ချင်၊ ကျွန်ုပ်ကလည်း ကိုသိန်းဖေထံမှ အလည်လာဖို့ စာများရရှိသည်နှင့်မြတောင်သို့လာခဲ့ကြ၏။ (ကိုသိန်းဖေမှာလည်း ထိုအချိန်တွင် မြတောင်တောအုပ်ကြီးဖြစ်နေလေပြီ။) တောအုပ်ရုံးနှင့် မစိုး၏မိခင်၏အိမ်မှာ မျက်နှာချင်းဆိုင်တည်ရှိသည်တွင် ကျွန်ုပ်သည် တောအုပ်ရုံး၌ ကိုသိန်းဖေနှင့် အချိန်ကုန်သည်သာများ၍ အစားအသောက်အတွက်ပါ တာဝန်ယူပေသည်။ ကိုသိန်းဖေသည် သေနတ်သမားဖြစ်၍ သူ့အိမ်၌ အစားကောင်းမပြတ်ပဲရှိရာ အစားနှင့်မျှားလျှင် ဘဂ်လားလိုက်မည်ဟု သဘောထားသော ကျွန်ုပ်အဖို့မှာ အကြည်ဆိုက်လျက်ရှိလေ၏။ ဤတခေါက်တွင် မြတောင်ရွာ၌ ကျွန်ုပ်၏ပညာစွမ်း တခုပြဖို့အခွင့်ကြုံခဲ့၏။ ကျွန်ုပ်ရန်ကုန်၌ရှိစဉ် ကိုသိန်းဖေနှင့် ကျွန်ုပ်သည် (ထိုခေတ်ကထုံးစံအတိုင်း) အင်္ဂလိပ်လို စာပေးစာယူ ပြုလုပ်လေ့ရှိရာ ကိုသိန်းဖေသည် ကျွန်ုပ်ညွှန်ပြသော အင်္ဂလိပ်ဝတ္ထုကောင်းကြီးများကို ဖတ်ခြင်းအားဖြင့် သူကိုယ်တိုင်လည်း အတော်ကြီးရေးတတ်၍ ကျွန်ုပ်၏အရေး အသားကိုလည်း ချီးမွမ်းဖို့ သဘောပေါက်လာခဲ့လေပြီ။ သူက ကျွန်ုပ်အား (Copperfield) ကော့ပါးဖီး (လူရိုးကလေး)ဟု ခေါ်ဝေါ် ရေးသားရာတွင် ကျွန်ုပ်ကလည်း သူ့အား (Steerforth) စတီးယားဖို့ (လူလည်ကြီး) ဟု ပြန်လည် ခေါ်ဝေါ်ရေးသား၏။ ဤအမည်များမှာ အင်္ဂလိပ်စာရေးဆရာကြီး ဒစ်ကင်းစ်၏ ဝတ္ထုထဲမှ အမည်များ

ဖြစ်ပေရာ ကော့ပါးဖီးသည် လူရိုးလူကောင်းကလေး တယောက်ဖြစ်၍ စတီးယားဖို့ မှာကားလူလည်လူရှုတ်တယောက်ဖြစ်၏။ သို့နှင့် ကိုသိန်းဖေသည် 'လူလည်' တယောက် ဖြစ်ချင်သည်နှင့်ပင် 'လူရှုပ်လူပွေ'ဟူသော အခြင်းအရာကိုပါ တွဲ၍ လက်ခံလို၏။ ကျွန်ုပ်အားလည်း 'လူရိုးလူကောင်း'ဘွဲ့ကိုပေး ထားသောကြောင့် ကျွန်ုပ်သည် 'လူကောင်းကို သဘောကျသော်လည်း လူရိုးဟူသည်မှာ လူအ အဓိပ္ပာယ်မျိုးလည်း တွဲလျက်ရှိသောကြောင့် မနှစ်သက်လှချေ။ သို့သော် ကျွန်ုပ်သည် သူလောက် 'မလည်'ခြင်းကို ဝန်ခံနိုင်သည့်ပြင် သူကိုယ်တိုင်က 'လူပွေလူရှုပ်' ဟူသော စကားလုံးကို လက်ခံပေသည်ဆိုကာ သူပေးနာမည်လက်ခံ လိုက်ရပါတော့သည်။ ဤအခြင်းအရာကို ဖော်ပြရခြင်းမှာ အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းပင် ဖြစ်စေကာမူ မိမိအပေါ်တွင် 'လူလည်လုပ်ခြင်း'ကို မခံချင်တတ်ကြောင်း ဖော်ပြလိုသောကြောင့် ဖြစ်ပါသည်။ မိမိထက် လည်သည်ဟု ဝန်ခံနိုင်သော်လည်း သူကိုယ်တိုင်က အသားယူဟန်နှင့် ပြောသောအခါ၌ မခံချင်တတ်ခြင်းငှာ လူ့သဘာဝပေတည်း။ သို့ရာတွင် ဤနေရာ၌မူ ကိုသိန်းဖေသည် သူ့ကိုယ်သူ 'လူရှုပ်'တယောက်ဟု ဝန်ခံရာ ရောက်သောကြောင့် တဘက်က အသားယူခြင်းကို ကျွန်ုပ်ကျေနပ်နိုင်ပါသည်။

## ကိုယ်ရည်သွေးနိုင်ခြင်းတခု

ကျွန်ုပ်၏ ပညာစွမ်း ပြနိုင်ခွင့်ရသည်ဆိုခြင်းမှာ ဤသို့တည်း။ ကိုသိန်းဖေသည် ကျွန်ုပ် အင်္ဂလိပ်လိုရေးတတ်ခြင်းကို ကောင်းကောင်းသိသည် ဖြစ်၍ ကျွန်ုပ်တို့မုန့်ဖိုး (ဘီယာဖိုး) ရဖို့ အလုပ်ကလေးများ ဆွယ်ပေး၏။ ထိုစဉ်အခါက မြတောင်ရွာ၌ရှိသော သစ်တောဘက် အကောက်ဝန်ထောက်သည် သူ၏အလုပ်နှင့် ပတ်သက်၍ အထက်အရာရှိကြီးများ၏ မသင်္ကာခြင်းခံရ၍ ရာထူးမှ ခေတ္တချထားခြင်း (Suspension) ခံရသည်တွင် ထိုသူအတွက် 'အသနားခံလွှာ'

ရေးပေးရန် ကိုသိန်းဖေက ဆက်သွယ်ပေး၏။ ဝန်ထောက်သည် ကျွန်ုပ်အပေါ်၌ ဖော်ရွေသင့်သလောက် ဖော်ရွေခြင်းမရှိပဲ အနည်းငယ်ဟန်ကြီးပန် ကြီး လုပ်သည်ဟု ကျွန်ုပ်ထင်သောကြောင့် ငွေ၅ဝိရမှ ရေးပေးနိုင်မည်ဟု ပြောစေရာ ဝန်ထောက်သည် ညည်းညည်းညူညူနှင့် ပေးရ၏။ သူ၏အထင်မှာ ကျွန်ုပ်အား အရက်ကလေးတိုက်ပြီး ထမင်းကျွေးလိုက်ယင် သူကဲ့သို့သော ဝန်ထောက်တယောက်အတွက် ဝမ်းမြောက် ဝမ်းသာရေးပေးလိမ့်မည်ဟု ထင်ဟန်ရှိ၏။ ဖွင့်၍လည်း ပြော၏။ ကျွန်ုပ်က ငွေရမှ ရေးနိုင်မည်ဆိုသဖြင့် ငွေပေးသောအခါမှ ကျွန်ုပ်က ရေးပေးလိုက်ရာ ဝန်ထောက်သည် ကျွန်ုပ်ရေးပေးသော 'အသနားခံလွှာ' ကိုသူ၏ဆရာဆိုသော ကသာအရေးပိုင်ထံသို့သွား၍ ပြသေး၏။ အရေးပိုင်က "မင်းတို့မြတောင်မှာ ဒီလိုရေးတတ်တဲ့လူရှိသလား" ဟု အံ့သြစွာနှင့် မေးလိုက်ကြောင်းကို သူပြန်လာသောအခါတွင် ပြောပြ၏။ ကျွန်ုပ်သည် မြတောင်မှ မပြန်မီ ထိုဝန်ထောက်၏ အမှုအကြောင်းကို သူပြန်လာသောအခါတွင် ပြောပြ၏။ ကျွန်ုပ်သည် မြတောင်မှမပြန်မီ ထိုဝန်ထောက်၏ အမှုအကြောင်းကို မသိခဲ့ရသော်လည်း ကျွန်ုပ်ရန်ကုန်သို့ ပြန်ရောက်သောအခါမှ ကိုသိန်းဖေထံမှ သိရှိသည့်ပြင် ၎င်းဝန်ထောက် ကိုယ်တိုင်နှင့်လည်း ရန်ကုန်တွင် ကံအားလျော်စွာ တွေ့ဆုံမိ၍ ကျွန်ုပ်၏ကျေးဇူး ကြီးလှပါပေကြောင်းနှင့် လမ်းပေါ်၌ပင် ဖက်လှဲတကင်း လုပ်ကာ ပြောပြပါပေသည်။

ဤကိစ္စ၌ ကျွန်ုပ်သည် ငွေ၅ဝိ ရလိုက်ခြင်းထက် မြတောင်သူတယောက်နှင့်ရသော စာရေးဆရာတယောက်အနေဖြင့် သူတို့အစိုးရအရာရှိများက ငုံ့၍ကြည့်ချင်တတ်ခြင်းကို (ဝန်ထောက်အပေါ်၌) ဖြိုဖျက်လိုက်ရခြင်းအတွက် အရသာရှိလှပါသည်။ ကသာ၌ရှိသော ကိုသိန်းဖေ၏ အစ်ကိုတယောက်ကို အကြောင်းပြု၍ ကျွန်ုပ်၏သတင်းသည် ကသာမြို့ပေါ်သို့ ပြန်နှံ့သွားလေရာ အစိုးရအမှုထမ်းနှစ်ယောက်၏ အလားတူကိစ္စမျိုးအတွက် အသနားခံလွှာနှစ်စောင် ရေးပေးရပါ

သေးသည်။ ၎င်းအနက် တယောက်မှာ အလုပ်ပြန်ရသည်ဟု ကိုသိန်းဖေထံမှ ကြားသိရပါသည်။

## ဒေသန္တရ ဗဟုသုတ

မြတောင်သို့ရောက်သည့် ဤတခေါက်တွင် ကျွန်ုပ်သည် ယခင်က ကိုဝင့်မော်နှင့် နေဘူးသကဲ့သို့ နယ်လှည့်ရာသို့ အတူလိုက်ကာ ဒေသန္တရ ဗဟုသုတများ ဆည်းပူးခဲ့၏။ ရှေးယခင်ကမူ ကျွန်ုပ်သည်ဝတ္ထုတိုရှည်များ ရေးရာ၌ ဝက်လက်နယ်တဝိုက်ကို နောက်ခံကားအဖြစ်နှင့်ထား၍ ရေးခဲ့ဘူးရာ နောက်ပိုင်း၌မူ 'စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်'ထူထပ်လှသည့် ရွှေလီနယ် တဝိုက်ကို နောက်ခံပြု၍ ရေးလေ့ရှိပါသည်။ တောတောင်၏သာယာခြင်း၊ ထူထပ်လှသည့် နက်နဲခြင်းအရာတွင် ဝက်လက်နယ်သည် ရွှေလီနယ်တဝိုက်ကို မှီနိုင်သည်လည်း မဟုတ်ပေ။ တခါတရံတွင် ကျွန်ုပ်သည် ကျွန်ုပ်၏ဘိုးဘေးဘီဘင် တော်သည်ဆိုသော လက်ဝဲသုန္ဒရအား ပို့ထားသည့် 'မဲဇာ'ချောင်းရိုးတလျှောက်ကို နောက်ခံပြု၍ ရေးလိုသောဆန္ဒရှိပါ၏။ သို့ရာတွင်ကျွန်ုပ်သည် မဲဇာချောင်းကို မီးရထားပေါ်မှ ကြိမ်ဖန်များစွာ မြင်ရဘူးသော်လည်း ကိုဝင့်မော်နှင့် ကိုသိန်းဖေတို့၏ သစ်တောနယ်နိမိတ်မှာ 'မဲဇာ' မပါသဖြင့် ကျွန်ုပ်ကိုယ်တိုင် မရောက်ခဲ့ဘူးပဲ ရှိရာတွင် နောက်ခံပြု၍ ရေးလောက်အောင် တိတိကျကျမသိ ခဲ့ရသောကြောင့် (Local Colour) မဲဇာနယ်ကို အသုံးမပြုဘူးပဲ ချန်လှပ်ထား ခဲ့ရပါသည်။

## ‘စုံ’ချင်သော ဝါသနာ

ကျွန်ုပ်သည် ကိုသိန်းဖေနှင့်အတူ ရွှေလီရိုးတလျှောက်သို့ နယ်လှည့်လိုက်သွား၍ အင်းကြီးရွာကိုရောက်ကြသောအခါ ကျွန်ုပ်၏ခယ်မ (မစိုး၏ညီမ) မမိုးသည် ၎င်းရွာတွင် ဝါးကုန်သည် လုပ်လျက်ရှိသည်နှင့် ကိုသိန်းဖေနှင့်အတူ မလိုက်တော့ပဲ မမိုး၏အိမ်၌ နေရစ်ခဲ့သည်။ (မမိုးမှာ မြတောင်ရွာရှိ မစိုးတို့၏ အိမ်ပေါ်သို့ ခဲကျစဉ်ကကျွန်ုပ်၏ မျက်စိ၌ ‘ဟီးရိုး’ တယောက်တဖွယ် ကာကွယ်သည့်အတွက် ကျွန်ုပ်အထင်ကြီးခဲ့သည့် ခယ်မတယောက် ဖြစ်သောကြောင့် သူ့အိမ်၌ ကျွန်ုပ်တည်းခိုလိုသည်နှင့် ချန်နေရစ်ခဲ့ခြင်းဖြစ်လေသည်။) သုံးလေးရက်မျှ တည်းခိုပြီးနောက် မြတောင်သို့ ပြန်ချင်ပြီဖြစ်ရာ ကျွန်ုပ်မှာ သွားချင်သည်ဆိုလျှင် ချက်ချင်းသွားရမှ ကျေနပ်တတ်သော ဝါသနာရှိသည့်အတိုင်း လှေကြုံကို မစောင့်ချင်တော့ပဲ မလုပ်ဘူးသော အလုပ်တခုကို လုပ်ဖို့စိတ်ကူးဖြစ်ပေါ်လာ၏။ ၎င်းမှာရွှေလီမြစ်ကို ဝါးဖောင်ကလေးနှင့် စုန်ရန်ဖြစ်လေသည်။ (ဝါးစွပ်ဟု သူတို့ခေါ်ကြသည်။) ကိုဝင့်မော်ရှိစဉ်က ဧရာဝတီမြစ်ကို ဝါးဖောင်ကြီးနှင့် စုန်ကြဘူးပါ၏။ သို့ရာတွင် ဖောင်ကလေးနှင့်ကိုယ်ဟာကို စုန်ရသော အလုပ်ကဲ့သို့စွန့်စားသောသဘော (Adventure) မပါရှိသဖြင့် စမ်းကြည့်ချင်သေးသည်။ သို့ဖြစ်၍ မမိုးတို့လင်မယားသည် ဝါးတရာကို ဖောင်ကလေးဖွဲ့၍ အပေါ်၌တဲကလေး ဆောက်ကာ ကျွန်ုပ်အတွက် စီစဉ်ပေးကြလေသည်။ ဖောင်ကလေးပေါ်တွင် စားနပ်ရိက္ခာ နှစ်နပ်စာ အတွက်လည်း ချက်ပြုတ်၍ ထည့်ပေးလိုက်ကြသည်။ ဖောင်စုန်ခါနီး၌ ရွာသူရွာသားများက ကျွန်ုပ်တယောက်တည်းစုန်၍ မလျော်ကြောင်း၊ ‘ခေါင်းခဲလည်နာ’ ဖြစ်ဦးတော့ တယောက်တည်းဆိုလျှင် ဒုက္ခရောက်တတ်ကြောင်း ဝိုင်းဝန်းပြောဆိုကြသည်နှင့် ဖိုးယုန်အမည်ရှိ လူပျိုပေါက်ကလေး တယောက်ထည့်ပေးလိုက်ခြင်းကို လက်ခံခဲ့လေသည်။

## စုန်ကြလေပြီ

ကျွန်ုပ်တို့သည် နံနက်စာ ထမင်းစားပြီးချိန်တွင် အင်းကြီးရွာမှ စုန်ခဲ့ကြရာ မလုပ်ဘူးသော အလုပ်တခုတွင် ပျော်တတ်သော ကျွန်ုပ်မှာ ဖောင်ကလေးပေါ်တွင် အလကားနေယင်း အူရှင်လျက်ရှိ၏။ စာအုပ်များပါသော်လည်း မဖတ်ချင်ပဲ တမျှော်တည်း မျှော်ကြည့်လျက်ရှိ၏။ ကျွန်ုပ်သည် အင်းကြီးရွာသို့ ကိုသိန်းဖေနှင့် လာစဉ်က လှည်းဖြင့် လာခဲ့ခြင်းဖြစ်၏။ ရွှေလီချောင်းကို သင်္ဘောဖြင့် စုန်ဘူးဆန်ဘူးပါ၏။ သို့ရာတွင် သင်္ဘောပေါ်မှမြင်ရသော ရှုခင်းသည် ဖောင်ကလေးပေါ်မှ မြင်ရသော ရှုခင်းကိုမှီသည်မထင်ပေ။ သင်္ဘောဖြင့်သွားစဉ်က လှပဆန်းကြယ်သော တောတောင်တို့၏ သာယာခြင်းသည် မျက်စိအောက်တွင် တခဏတာမျှပေါ်လာပြီး ကြည့်ကောင်းဆဲပင် ကျော်လွန်ကာ ပျောက်ကွယ်ကျန်ရစ်၏။ ဖောင်ကလေးမူကား တရွေ့ရွေ့မျောဆင်းခြင်း ဖြစ်သောကြောင့် ဝဝကြီး ကြည့်နိုင်ခွင့်ရှိပါသည်။ ထို့ပြင် စိတ်၏ဆန်းကြယ်ခြင်းက လည်းရှိသေး၏။ ရှုခင်းတခုတည်းကိုပင် သင်္ဘောပေါ်မှ ကြည့်ရခြင်းနှင့် ဖောင်ကလေးပေါ်မှ ကြည့်ရခြင်းသည်တူသေးသည် မဟုတ်ချေ။ လူတွေကြားထဲမှ မျှော်ကြည့်ရခြင်းသည် ဖောင်ကလေးပေါ်မှ ဇိမ်နှင့်ကြည့်ရခြင်းကဲ့သို့ စိတ်ထဲ၌ ရိုးတိုးရွတ မဖြစ်လှပေ။ သင်္ဘောပေါ်မှမူ တမင်တကာ ထကြည့်ရ၍ မြင်ပြန်တော့လည်း တမျက်နှာသာ မြင်နိုင်ပေရာ ဖောင်ကလေးပေါ်မှမူကား လေးမျက်နှာလုံးကို ကြည့်ချင်ရာ လှမ်းကြည့်နိုင်၏။ သင်္ဘောနှင့် သွားစဉ်က ချောင်းထဲသို့ ရေဆင်းသောက်ကြသော တောတိရစ္ဆာန်ရိုင်းများသည် သင်္ဘောသံ ကြားသည်နှင့် ပုန်းလျှိုးကွယ်ပျောက် သွားကြသည်ဖြစ်ရာ ဖောင်ကလေးကိုမူကား ထိတ်လန့် ကြောက်ရွံ့ခြင်းမရှိပဲ ရဲရဲကြီး မော့်ကြည့်ကြသည်နှင့် ၎င်းတို့၏ ဘာသာဘာဝ နေထိုင်ကြသော အခြင်းအရာကို အားရအောင်မြင်နိုင်လေသည်။ အင်းကြီးမှ ထွက်လာစက ထမင်းစားပြီးသောအခါ တရေးအိပ်တတ်သော ကျွန်ုပ်၏ ထုံးစံအတိုင်း

တဲကလေးထဲတွင် တရေးတမောအိပ်မည် ကြံခဲ့သော်လည်း တခဏအိပ်လိုက်လျှင် ရှခင်းတွေ အများကြီး လက်လွတ်သွားနိုင်သည်ဆိုကာ မအိပ်ပဲ ထိုင်၍ လိုက်လာခဲ့ပါသည်။

## ရှုခင်းကြောင့် လွမ်းစိတ်တွေပေါ်

ရှုခင်းတို့မည်သည်မှာ နေကျဲကျဲ ပူလျက်ရှိသော အချိန်တွင် သာ၍ထင်ရှား စွာ မြင်နိုင်သည် မှန်သော်လည်း ကျွန်ုပ်၏ အကြိုက်ကား မိုးကလေး တချက်တချက် အုံ့လိုက်သောအခါတွင် သာ၍ လှပသည်ထင်၏။ တိမ်တိုက်ကြီး များ တက်လာ၍ ရှန်းရှန်းတောက် ထွန်းလင်းလျက်ရှိသော နေမင်း၏ မျက်နှာပြင် ကို တတုံတတုံ ဖုန်းကွယ်လိုက်သောအခါ ယခင်က ရေပြင်ကို နေရောင်ဟပ်သည် နှင့် မျက်လုံးများကို ခပ်ကျဉ်းကျဉ်းထား၍ ကြည့်ခဲ့ရာမှ တိမ်များကြောင့် ညို့ညို့မှိုင်းမှိုင်း ဖြစ်လာသည့် တောတောင်တို့၏ လှပခြင်းကို မျက်စိဖွင့်၍ ကြည့်ခွင့်ရသည့်ပြင် စိမ်းစိုညို့မှိုင်းခြင်းသည်လည်း လူ၏ စိတ်ဓာတ်ကို ပြုပြင်တတ်၍ ဘယ်ဆီလွမ်းရမည်မသိ၊ ကြည်နူးလွမ်းဆွတ်သော စိတ်များဖြစ်ပေါ် လာရပေသည်။ ထို့ကြောင့်လည်း ညနေခင်းတိုင်ရောက်သောအခါတွင် နေရောင် ဖျော့လာသည်နှင့် လွမ်းချင်သော စိတ်များသည် ရင်ပတ်ကိုဖိ့လျက်ရှိရာ ကျွန်ုပ်အဖို့ရာ၌ စိတ်ထိခိုက်ဆုံးသော အချိန်အပိုင်းအခြားဟူ၍ အသိအမှတ်ပြုခဲ့မိ ပါသည်။ ညနေခင်း အချိန်တွင် ရွှေလီဝသို့ရောက်၍ ကိုသိန်းဖေ နေခဲ့ဘူးသည့် ပိန်းတောရွာကလေးသို့ ချဉ်းကပ်လာလေပြီ။ (ကိုသိန်းဖေသည် အင်းရွာ၌ နေသည်ဟု အထက်တွင် ဖော်ပြခဲ့ဘူးရာ အမှန်မှာ အင်းရွာနှင့် တမိုင်ခန့်ဝေးသည့် ပိန်းတောရွာ အကောက်ရုံး၌ နေထိုင်ခဲ့ခြင်းဖြစ်သည်။) ထိုအခါ၌မူ ကိုသိန်းဖေမှာ မြတောင်တောအုပ်ရုံးသို့ရောက်နေပြီဖြစ်၍ သူ၏ရုံးကလေးကို မျှော်ရုံသာ မျှော်ကြည့်ခဲ့ရ၏။ ဤရုံးကလေး၌ သူရှိခဲ့လျှင် မည်သည့်နည်းမဆို တညအိပ်ဖို့

ဆွဲဦးမည်ဖြစ်လေသည်။ ထို့နောက် ရွှေလီဝဲ၌ရှိသော အင်းရွာကို ကျော်လွန်၍ ဧရာဝတီမြစ်ပြင်ကြီးသို့ ရောက်ကြသောအခါ နေဝင် 'စုတ်စုတ်ကန်း'ချိန် ရှိနေလေပြီ။

## ကြောက်တတ်သော ဖိုးယုန်

ကျွန်ုပ်တို့သည် ရွှေလီဝသို့ရောက်ခါနီးတွင် ကြက်သားကြော်၊ ငါးကြော်နှင့် မုန်ညှင်းချဉ်၊ ရွှေအပ်ငရုတ်သီးတို့ဖြင့် ညစာ စားကြပြီးလေပြီ။ ဟင်းရည်မှာ မြစ်ရေသာ ဖြစ်သော်လည်းမြိန်လိုက်ကြပုံမှာ ပြောဖွယ်ရာမရှိချေ။ ထိုရက်မှာ လပြည့်ကျော် ၁၂ ရက်ဖြစ်သောကြောင့် လရောင်ကိုမျှော်လင့်ရန် မရှိပဲ ဧရာဝတီ မြစ်ပြင်ကြီးတွင် မှောင်ကြီးမည်းမည်း၌ စုန်ကြရ၏။ ထိုအခါ၌မူ ကျွန်ုပ်၏စိတ်ထဲ၌ ပျော်ရွှင်မှု၊ သာယာမှုမရှိတော့ပဲ ရွာသို့ မြန်မြန်ရောက်ချင်သော ဇောသာရှိပါတော့သည်။ သို့ဆိုသော်လည်း မမျှော်လင့်ပဲနှင့် ကြုံရသော အချင်းအရာမဟုတ်၊ မထွက်မီကတည်းက ကြိုတင် သိရှိခဲ့ပြီးသော အခြင်းအရာ ဖြစ်ပါသည်။ မည်းမည်းမှောင်လျက်ရှိသော မြစ်ပြင်ကြီး အလယ်တွင် ဖောင်ကလေးနှင့် မျှောချရခြင်းမှာ ပျော်စရာကောင်းသောအလုပ်တခု မဟုတ်ချေ။ ဤအထဲတွင် ကျွန်ုပ်အဖော် ဖိုးယုန်၏ သတ္တိကြောင်ခြင်းကလည်း ကျွန်ုပ်ကိုချောက်လန့်ပေးသကဲ့သို့ ဖြစ်ရသေး၏။ ဖိုးယုန်သည် ဧရာဝတီမြစ်ပြင်သို့ ရောက်လာကြကတည်းက ဖောင်ကလေးပေါ်တွင် အစွန်အဖျား၌ မထိုင်ပဲ အလယ်ဗဟို တည့်တည့်ကြီးတွင် မလှုပ်မရှား ငြိမ်သက်စွာ ထိုင်လျက်ရှိ၏။ "ဟေ့ ဘာဖြစ်တာလဲကွယ့်"ဟု မေးရာ "ငါးကြောက်တယ်ခင်ဗျ"ဟု ပြန်ပြော၏။ ဤတွင်ကျွန်ုပ်က "တော်ပါပေ့ကွာ၊ မင်းတို့ရွှေလီချောင်းထဲမှာတော့ ငါးမရှိဘူးလား"ဟု မေးရာ သူက "ရှိတော့ရှိတယ်၊ နို့ပေမယ့်ချောင်းဆိုတော့ ငါးငယ်ငယ်သာ ရှိတယ်၊ မြစ်ကြီးဆိုတော့ ငါးကြီးတွေရှိလို့ လူကိုမျိုနိုင်တယ်"ဟု ပြန်ပြောလေ၏။ ကျွန်ုပ်သည်

ဖိုးယုန်၏သရဲဘောနည်းခြင်းကို ဤနေရာ၌ ရယ်ရှုံသာ ရယ်ချင်၏။ ရှေ့အဖို့၌မူ ငိုချင်သော အဖြစ်မျိုး ကြုံရပါသေးသည်။

## ဝဲထဲ၌လည်ရခြင်း

ဧရာဝတီမြစ်သည် ရေငယ်သောရာသီဖြစ်၍ ကျွန်ုပ်တို့သည် မြစ်ပြင်ကြီးမှ စုန်ချလျက်ရှိသော်လည်း စည်းတိမ်သောင်တိမ်များ တွေ့ရ၏။ စည်းတိမ်နှင့် တိုးမိသည်ဆိုလျှင် အလွန်ရေတိမ်သောကြောင့် ဖောင်ကလေးပင်တင်ရပါသည်။ "ဟေ့လူ ဖိုးယုန်၊ ဆင်းတွန်းချလေကွာ"ဟု ကျွန်ုပ်ကပြောရာ "မလုပ်ပါနဲ့ခင်ဗျာ၊ ငါးကြီးကြောက်ပါတယ်"ဟု ဆိုကာ ဖောင်ကလေးပေါ်တွင် ဗဟိုတည့်သည်ထက် တည့်အောင်ရွှေးချယ်ကာ ပြောင်းရွှေ့ပြီး ထိုင်လိုက်သေး၏။ ဤတွင် ကျွန်ုပ် ကိုယ်တိုင်ဆင်း၍ ဖောင်ကို တွန်းချရပါတော့သည်။

ထိုကဲ့သို့ ခဏခဏဖောင်တင်ရာတွင် တင်တိုင်း တင်တိုင်းကျွန်ုပ်တယောက် တည်းဆင်း၍ တွန်းချရ၏။ အချို့နေရာ၌ ရေသည် အလွန်တိမ်လှသဖြင့် ဖောင်သည် ပေါလောကြီး ပေါ်လျက်ရှိသည်တွင် အတော်မောပန်းလျက်ရှိသော ကျွန်ုပ်မှာ ရေတိမ်ကိုကျော်လွန်အောင် တွန်းချရန် အခက်အခဲတွေ့လျက်ရှိသည်နှင့် "ဟေ့ကောင် ခွေးမသား၊ မင်းကတက်ကလေး ဘာလေးနဲ့ ထောက်ပြီး ကူပေးအုံးကွ၊ ငါမောလှပြီ"ဟု ငေါက်၍ပြောရာ ဖိုးယုန်က "ကြောက်ပါတယ်ဆို ဗျာ၊ မလုပ်ပါနဲ့၊ ငါးမျိုသွားပါ့မယ်"ဟုပြန်ပြော၏။

ကျွန်ုပ်က "ငါ့ကိုတော့ ငါးမမျိုဘူးလားကွ"ဟု မေးရာ "ဆရာကတော့ ပျော်ချင်လို့ လာတာကိုးဗျ"ဟု သူက ပြန်ပြောလေသည်။ "မြစ်ကြီးလုပ်နေပြီး ရေ့နယ်တိမ်ရန်ကောဗျာ၊ ဖောင်ကလဲတင်နိုင်ရန်ကောဗျာ"ဟု ကျွန်ုပ်ညည်းတွား မိသော အချိန်များမှာ ငိုချင်မိသော အချိန်များပေတည်း။ သန်းခေါင်အချိန်လောက် တွင်ကမ်းနီရွာသို့ ချဉ်းကပ်လာရာ ရေကြောင်းသည် ကမ်းနီရွာဘက်သို့ဖိ၍

စီးသည်နှင့် တက်ဖြင့် အနည်းငယ်လှော်ခတ်ပေးရုံဖြင့် ကမ်းဘက်သို့ ချဉ်းကပ်လေ၏။

ထိုကဲ့သို့ လှော်ခတ်သူမှာ ဖိုးယုန်မဟုတ်၊ ကျွန်ုပ်ပင်ဖြစ်သည်။ (ဖိုးယုန်သည် ရွှေလီရိုးသားတယောက်ဖြစ်သော်လည်း ဧရာဝတီမြစ်ပြင်သို့ တခေါက်တည်း ရောက်ဘူးသည်ဆိုရာ သူ့ကိုထည့်ပေးလိုက်သော မမိုးသည် ဖိုးယုန်၏ ငါး ကြောက်တတ်ခြင်းကို သိဟန်မတူချေ။) ရေကြောင်းသည် အရှေ့ဘက်ကမ်းသို့ ဖိ၍စီးလိုက်ရာ ဖောင်ကလေးသည် ကမ်းသို့ ချဉ်းကပ်ရုံမက ကမ်းပါး၌ ပေါက်ရောက်လျက်ရှိသော ချုံပင်များအောက်သို့ ဝင်တိုးသည်နှင့် ဖောင်ပေါ်မှ တဲကလေးမှာ ချုံများနှင့်ပွတ်ပြီး ပြုတ်ကျကျန်ရစ်ခဲ့သဖြင့် ဖောင်ကလေးထီးတည်း ကျန်ရစ်ပါတော့သည်။ သို့ရာတွင် ရှေ့လျှောက်၍ နေပူဖို့မရှိတော့သဖြင့် ကိစ္စမရှိဟု အောက်မေ့လိုက်ရ၏။ ချုံများကို ကျော်လွန်သောအခါ ဝဲကြီးရှာ သင်းချိုင်းသို့ရောက်လေရာ ဖောင်သည် ရုတ်တရက် အရှိန်နှေးသွားခြင်းကို သိလိုက်ရ၏။ ထို့နောက်တွင် နှေးရုံသာမက အရှိန်လုံးဝသတ်ပြီး အထက်သို့ပင် ဆန်၍တက်ပြန်၏။ ကျွန်ုပ်အံ့သြလျက်ရှိစဉ် ဤနေရာ၌ ဝဲလှည့်ကြောင်းကို တွေးမိပါတော့သည်။ တွေးမိခြင်းကားဟုတ်ပါ၏။ သို့ရာတွင် ဤဝဲကို ကျော်လွန်ဖို့အရေးက ရှိသေးသည်။ ဝဲတို့မည်သည် အပတ်စေ့သောအချိန်တွင် အလိုအလျောက် ထွက်လာတတ်သည်ဟု ကြားဘူး၏။

သုံးပတ်ရှိသောလည်း လှည့်မြဲတိုင်း လှည့်လျက်ရှိရာတွင် ကျွန်ုပ်အကြံအိုက်လာလေပြီ။ သင်းချိုင်းသည်ကမ်းအထက်တွင်ရှိ၏။ လွန်ခဲ့သော စနစ်ခန့်က သုသာန်စူတင်ဆောင်ဖို့ စိတ်ကူးခဲ့ဘူးသည့် ကျွန်ုပ်သည်သင်းချိုင်းအနီးတွင် ခပ်အေးအေးထိုင်လျက်ရှိ၏။ ကျွန်ုပ်စဉ်းစားမိသည်ကား ဖောင်သည် အလို အလျောက် ထွက်တော့မဟုတ်၊ တွန်းထုတ်မှဖြစ်လိမ့်မည်။ ဖိုးယုန်ကို တစ္ဆေနှင့် ချောက်ရလျှင် တွန်းထုတ်ကောင်းပါ၏ဟု အကြံဖြစ်သည်နှင့် "ဟေ့ ဖိုးယုန်၊ ဟိုပေါ်မှာ သင်းချိုင်းကွ၊ မင်းမကြောက်ဘူးလား၊ ဖောင်ကိုတွန်းထုတ်မှ

ဖြစ်မယ်”ဟု ပြောရာ ဖိုးယုန်က “ကျွန်တော်က ငါးကိုသာကြောက်တာ၊ တစ္ဆေ မကြောက်ဘူးဆရာ”ဟု ပြောသည်နှင့် ဝကျလျက်ရှိပြန်သည်။ ကျွန်ုပ်မှာလည်း အတော်ချမ်းအေးလာသော ဤအချိန်တွင် ရေထဲသို့ မဆင်းချင်တော့ပြီဖြစ်၍ သဗ္ဗေသတ္တာ ကမ္မသကာဟု အောက်မေ့လိုက်ရပါတော့ သည်။ “ဟော့ကောင် ဘယ့်နှယ်လဲကွ၊ ဖောင်နဲ့ကမ်းနဲ့ ခွာလာခဲ့တယ်ထင်တယ်” ဟု ကျွန်ုပ်ကပြောရာ ဖိုးယုန်က “ဟုတ်တာပေါ့ဆရာ၊ ၇ ပတ်စေ့လို့ ခွာထွက်လာတာပေါ့”ဟု ပြောလေ၏။ ဟုတ်လည်း ဟုတ်ပေသည်။ ဖောင်သည် ဝဲလှည့်ရာမှာထွက်၍ ရေစီးကြောင်းသို့ ရောက်ခဲ့လေပြီ။

## ဆင်းဒဘက်ကဲ့သို့

ကျွန်ုပ်၏ မူလရည်ရွယ်ချက်မှာ တညလုံးစုန်ချပြီး နံနက်လင်းလျှင် မြတောင်သို့ ရောက်ဖို့ဖြစ်၏။ ယခုမှာ ဖောင်ပေါ်၌ တဲကလေးမရှိတော့သဖြင့် ချမ်းအေးမည်ဖြစ်သော ကြောင့် ကမ်းနီရွာသို့ ဆိုက်ကပ်ကာ တညအိပ်ရ ပါတော့သည်။ ကျွန်ုပ်သတိရမိသည်မှာ ကမ်းနီရွာတွင် ဗုဒ္ဓဃောသအဖြစ်နှင့် သီတင်းသုံးခဲ့ဘူးသည့် ကျွန်ုပ်နှင့် ယခုကျွန်ုပ်မှာ သီလ သမာဓိ ဣန္ဒြေသမ္ပတ္တိချင်း ခြားနားပုံကို ရှက်သည်နှင့် သူကြီးကိုညင်း အစရှိသော လူကြီးလူကောင်းများ၏ အိမ်သို့မဝင်ပဲ ရွာအစွန်း၌ ဘဲ၊ကြက် မွေးမြူသော လူတယောက် ၏ တဲကလေးသို့ဝင်၍ ညဥ့်တဝက်တည်းခိုခဲ့ပါသည်။ မိုးမလင်းမီထ၍ ကျွန်ုပ်တို့ ဆက်လက်စုန်လာကြရာ နံနက် ၁၀နာရီအချိန်လောက်တွင် မြတောင်ရွာသို့ ဆိုက်ရောက်၍ ကမ်းပါးမှ ကြိုဆိုလျက်ရှိသော မစိုးကိုမြင်ရ၏။ ကျွန်ုပ်၏စိတ်ထဲ၌ သင်္ဘောသား ဆင်းဒဘက်ပြန်ရောက်လာခြင်းကဲ့သို့ ရောမစွန့်စားခြင်းကြီးသဖွယ် အောက်မေ့မိသေးသည်။ ဆင်းဒဘက်ကား ၇ ခေါက်ထွက်ခဲ့သည်။ တခေါက် တည်းသာ ထွက်ဘူးသည့် ကျွန်ုပ်သည် အဘယ့်ကြောင့် အထင်မကြီးသင့်ပဲ

ရှိရမည်နည်း။ ဆိုလိုခြင်းမှာ ကောင်းမှုကုသိုလ် အလုပ်ကိုဖြစ်စေ၊ စွန့်စားရသော အလုပ်မျိုးကိုဖြစ်စေ အကြိမ်ကြိမ်ပြုလုပ်ဘူးသူအဖို့၌ 'ရိုး'သွားတတ်ပေရာ တကြိမ်တခါ ပြုဘူးသူအဖို့မှာမူ ရင်ဘတ်ကော့ခြင်း၊ လက်မထောင်ခြင်း စသည့်အမူအရာမျိုး ဖော်ပြချင်တတ်ကြလေသည်။

## ရန်ကုန်သို့ဆင်းရပြန်ခြင်း

၁၉၃၄ခုနှစ်၊ မေလတွင် မန်ကျည်းတုံမှ မိခင်နေမကောင်းကြောင်း ကြေးနန်းရရှိ သည်နှင့် ကျွန်ုပ်တို့လင်မယား ချက်ချင်းဆင်းလာကြ၏။ မိခင်မကျန်းမာခြင်းမှာ အပြင်း အထန်မဟုတ်သဖြင့် မကြာမီပျောက်ကင်းပါ၏။ သို့ရာတွင် ရန်ကုန်မှ 'ဝတ္ထု'အော်ဒါ များမှာ တဖြည်းဖြည်းလျော့ဆင်းလာလေပြီ။ ကျွန်ုပ်အဖို့မကြာ ခဏကြုံတွေ့ခဲ့သည့် ထုံးစံအတိုင်း ဂျာနယ်၊ မဂ္ဂဇင်းဟောင်းများ ပြုတ်ကြ၍ အသစ်များနှင့် အဆက်အသွယ် မဖြစ်ပဲရှိရာတွင် တလလျှင် ဝင်ငွေ၅ဝိ ခန့်မျှလောက်သာ ကျန်တော့၏။ ၅ဝိ ဟူသော ဝင်ငွေမှာ (ဆန်တတင်း ၂ကျပ် ၄ပဲ၊ ဆီတပုံး ၄ကျပ်၊ ကြက်၊ ဝက် တပိဿာ ၁ကျပ်မျှသာ ပေါက်ဈေးရှိသော ခေတ်ဖြစ်၍) ကျေးရွာ အနေအထိုင်အရ မကျပ်တည်းလှသော်လည်း ဆက်လက်၍ ဝင်ငွေလျော့ဆင်းဦးမည်ကို စိုးရိမ်ရသည်နှင့် ရန်ကုန်သို့ဆင်းရန် အကြံဖြစ်ပေါ်လာ ပါတော့သည်။ ထိုအတောအတွင်း ပဲရော့ဦးဆန်နီက ကျွန်ုပ်ရေးသမျှ စာများကို ဝယ်ယူစုဆောင်းထားပါမည်ဟု အားပေးသောစာများ ရရှိသော်လည်း စေတနာ ကောင်းသော ပုဂ္ဂိုလ်တဦးက ကရုဏာသဘောနှင့် အားပေးခြင်းကို မခံယူလို သည်နှင့် ၄င်းနှစ် ဩဂုတ်လ တရက်နေ့တွင် ရန်ကုန်သို့ဆင်းလာကြပါသည်။

## ပီမိုးနင်းနှင့်အတူ

ရန်ကုန်မြို့၌ နေအိမ်ရဖို့မှာ ဤခေတ်မှာကဲ့သို့ အခက်အခဲကြီး မဟုတ်လှသော် လည်း လွယ်ကူလှသည်ကားမဟုတ်ချေ။ ၁၉၂၆ ခုနှစ်၌ နယူးဘားမားကိုဘလိုင်ကခေါ်၍ ဆင်းလာရာတွင် ကိုခင်မောင်တင့်ကို အားကိုးရသော်လည်း ယခုအခါ၌မူ သူ၏ 'ဘားမားဟောက်စ်'ဆိုင်ကလေးမှာ ပြုတ်သွားခဲ့လေပြီ။ သို့ဖြစ်၍ယခင်က စမ်းချောင်း ကြက်တောင်ရိုက်အသင်းတွင် ကျွန်ုပ်အကြီးအကဲလုပ်ခဲ့ဘူးခြင်းအားဖြင့် သိကျွမ်းခင်မင်ခဲ့သော ကျောက်ထောင်ဆရာ လူငယ်တယောက်အိမ်တွင် ခေတ္တတည်းခိုကြရ၏။ ထိုမှတဖန် ဗိုလ်ချုပ်လမ်းနှင့် ကရိုလမ်းထောင့်ရှိ ပီမိုးနင်း၏တိုက်ခန်းသို့ ပြောင်းရွှေ့ကြ၏။ သူရဲကောင်းသုံးယောက်ဝတ္ထု၌ ပေါ်သိုးသည်ငွေရှင်သော အခါများတွင် သူငယ်ချင်း မိတ်ဆွေများအား ကျွေးမွေးလေ့ရှိကြောင်း၊ မိမိကိုယ်တိုင်ကျပ်တည်းသောအခါများ၌ ထိုမိတ်ဆွေများက အတုံ့အလှည့်သဘောနှင့် ကျွေးမွေးရသည်ဖြစ်သောကြောင့် မိတ်ဆွေများအား ကျွေးမွေးခြင်းသည် အချည်းအနှီးမဖြစ်ပဲ အရင်းအနှီး (Investment) အနေဖြင့် ငွေပင်ငွေရင်းစိုက်ထူထားသည်မည်ကြောင်း ဖတ်ရဘူး၏။ ကျွန်ုပ်သည်လည်း 'စာတော်ပြန်'အလုပ်၌ရှိစဉ် ပီမိုးနင်းတို့ လင်မယားအား အိမ်သို့ဖိတ်ခေါ်ကာ မကြာမကြာ ကျွေးမွေဧည့်ခံခဲ့ဘူး၏။ ထိုစဉ်ကမူ ပီမိုးနင်းနှင့် ကျွန်ုပ်မှာ (နောက်ပိုင်းမှာကဲ့သို့) အလွန်အမင်းရင်းနှီးသေးသည် မဟုတ်သောကြောင့် ကျွန်ုပ်က အထက်ပါနည်းအတိုင်း ကျေးဇူးပြုဘူးခြင်းမရှိခဲ့ပါလျှင် (သူကခေါ်စေဦးတော့) ကျွန်ုပ်က လိုက်ပါနေထိုင်လိမ့်မည် မဟုတ်ချေ။ ပီမိုးနင်း၏ နေအိမ်၌ ကျွန်ုပ်တို့တလခန့်မျှ တည်းခိုနေထိုင်ကြရခြင်း အားဖြင့်လည်း အလွန်နီးရင်းသော 'ငယ်ပေါင်း'များသဖွယ် အကျွမ်းတဝင်ဖြစ်လာ ကြပါသည်။

**ပီမိုးနင်း**

အတူတကွနေထိုင်ကြသည်ဆိုသော်လည်း ကိုယ့်အိုးနှင့်ကိုယ် ချက်ပြုတ်စားသောက် ကြခြင်းဖြစ်၏။ ထိုအချိန်၌ ပီမိုးနင်းသည် ကျွန်ုပ်ထက် အနည်းဆုံးဝင်ငွေသုံးဆခန့်ရရှိသူ ဖြစ်၏။ ကျွန်ုပ်မှာ 'ဖောက်သည်' ပြုတ်လျက်ရှိစဉ် သူ့မှာ အမြဲတမ်း စာရေးစရာရှိနေ၏။ သို့နှင့်လည်း သူ၏ဒုတိယမယားမှာ အလွန်လက်ဖွာသော မိန်းမတယောက်ဖြစ်၍ မကြာခဏငွေပြတ်လပ်ကြ၏။ ဤအကြောင်းနှင့် ပတ်သက်၍ အဖြစ်အပျက်တခုကို ကျွန်ုပ် မှတ်မိသေးသည်။ တနေ့သ၌ ကျွန်ုပ်သည် ပဲရှော့ဦးဆန်နီထံမှ ငွေ၂၅ ရ၍ ပီမိုးနင်းသည် အခြားလူတယောက်ထံမှ ငွေ၁၀၀ ရရှိ၏။ ထိုရက်များအတွင်း မယားဖြစ်သူသည် ဝယ်လိုက်ခြမ်းလိုက်၊ ချက်လိုက် ပြုတ်လိုက်၊ ရှူလိုက် ပွတ်လိုက်ကြသည်မှာ မိုးမွှန်လျက်ရှိ၏။ အပြင်သို့ ခဏခဏထွက်၍ အပြန်တွင်စားစရာကလေးများ ပါလာသည့်ပြင်နှုတ်ခမ်းများနီရဲအောင် ကွမ်းများစားလာ၏။ (ဤသည်မှာ 'ကုတ်ကင်း' 'ရှူ'ကြ၏။ အပြင်သို့ ခဏခဏထွက်၍ 'ထိုး'ကြ၏။ သူခေါ်တိုင်း မလိုက်သော်လည်း တခါတခါလိုက်၍ ကျွန်ုပ်လည်း (မာဇီယား) ထိုးစမ်းကြည့်၏။ (ကြောက်မက်ဘွယ် အကောင်းဆုံးသော သူရာမေရ အလုပ်ပေတည်း။) ကျွန်ုပ်မှာ ကပ်ပါးရပ်ပါးတယောက် မဟုတ်သောကြောင့် သူခေါ်တိုင်းမလိုက်ခဲ့ပါ။ ကိုယ်ကတကြိမ်ခေါ်နိုင်မှ သူခေါ်ခြင်းကို လိုက်ပါသည်။ သူကဲ့သို့ ဝင်ငွေမရှိသောကြောင့်သူဖြုန်းတိုင်းလည်း မဖြုန်းဝံ့ပါ။ အမှန်မှာ ကျွန်ုပ်အဖို့ရာ၌ ချွေတာရေးကိုလေ့ကျင့်ရဆုံးသော ကာလအပိုင်းအခြားဖြစ် ပါသည်။ သို့သော် စိတ်ထဲကမူ သုံးဖြုန်းနိုင်မည့်အချိန်ကို စောင့်မျှော်လျက်ရှိ၏။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပီမိုးနင်းက ငွေ ၁၀၀၊ ကျွန်ုပ်က ၂၅ ရရှိပြီးသည့် နောက်ငါးရက်ခန့် ကြာသောအခါ ပီမိုးနင်းကတော်သည် ထမင်းအိုးတလုံးတည်းချက်ပြီးဘာအိုးမျှမချက်ပဲ ထိုင်နေသည်ဟု မစိုးကပြော၏။ ထမင်းစားချိန်တိုင်

ရောက်သောအခါ ပီမိုးနင်း၏ သားကလေးနှစ်ယောက်သည် ဘယာကြော် နှစ်ပြားဖိုးစီနှင့် ထမင်းစားကြ၍ သူတို့လင်မယားကား တယောက်တလှည့်စီ 'ရှူ'လျက်ရှိကြ၏။ နောက်ဆုံး၌ ကျွန်ုပ်က မနေနိုင်သဖြင့် ပီမိုးနင်းအား မေးကြည့်ရာ "ပိုက်ဆံမရှိတော့'ဟု ရွှင်ပြုံးစွာ ပြောပြလေ သည်။ ရွှင်ပြုံးနိုင်ခြင်းကို မအံ့သြကြပါလေနှင့် 'ရှူ'တတ်သောလူများသည် စားစရာမရှိသော်လည်း 'ရှူ'စရာ ရှိသမျှ ကာလပတ်လုံး ရွှင်ပြုံးနိုင်ကြသည်သာ ဖြစ်၏။ 'ရှူ' စရာမရှိလျှင်မူကား လူကိုသတ်ဖို့ စိတ်အကြံမျိုး ပေါ်လာသည်အထိဖြစ်သွားနိုင်လေသည်။ ဤတွင် ငွေ၂၅သာ ရရှိထားသော ကျွန်ုပ်တို့က ငွေ၁၀ဝိ ရရှိထားသော သူတို့လင်မယား အား ငွေ၃ဝိဖဲ့၍ ချေးလိုက်ရပါသေးသည်။ ဤသို့သောအဖြစ်မျိုးမှာ သူတို့ လင်မယားအဖို့ အထူးအဆန်းမဟုတ်ပေရာ ပီမိုးနင်းနှင့် စကားပြောရသော အချိန် များ၌ အရသာတမျိုးရှိခြင်းကို ကျွန်ုပ်နှစ်သက်သော်လည်း 'အိမ်ရှေ့ပူ အိမ်နောက် မချမ်းသာ' ဟူသော စကားပုံအတိုင်း ကိုယ့်ထက် 'သဲ'သော လင်မယားနှင့် အတူနေရန် ကြောက်ရွံ့လာခဲ့ပါလေပြီ။ သို့ဖြစ်၍ စမ်းချောင်းရပ် မြင့်မိုရ်လမ်းတွင် ဆောက်ပြီးကာစ အိမ်တန်းလျား အသစ်တလုံး၌ အခန်းတခန်းရသည်နှင့် စက်တင်ဘာလတွင် ပြောင်းရွှေ့လာခဲ့ကြပါ တော့သည်။

## မဆူဖြိုးသောနှစ်

ကျွန်ုပ်တို့သည် 'စာတော်ပြန်'အလုပ်မှထွက်ပြီး ဝက်လက်သို့ ပြောင်းသွား စဉ်က အိမ်ထောင်မှုပစ္စည်းများကို တူကလေးတယောက်သဖွယ် ခင်မင်ရင်းနှီးသော စာရေး တယောက်ထံ၌ အပ်နှံထားခဲ့ရာ မြင့်မိုရ်လမ်းသို့ ရောက်သောအခါ၌ အထိုက်အလျောက် သပ်သပ်ရပ်ရပ် နေထိုင်နိုင်သော အခြေအနေရှိပါ၏။ ငွေရေးကြေးရေးမူကား ကျွန်ုပ်၏ အသက်တာတွင် အကျပ်တည်းဆုံးသော ကာလအပိုင်း အခြားတခုဖြစ်၏။ ကျွန်ုပ်တို့မှာ 'လင်ကိုယ်မယား'မျှသာ

ရှိကြသော်လည်း ဒုတိယအိမ် ထောင်နှင့် ရရှိခဲ့သော သားတယောက်နှင့် သမီးတယောက်အတွက် တာဝန်ကရှိသေး၏။ စာရေးခြင်းအလုပ်၌ ဝင်ငွေကလည်း မဆူဖြိုးလှချေ။ မဆူဖြိုးခြင်းအကြောင်းမှာ ဤသို့ဖြစ်၏။ ကျွန်ုပ်၏ 'ဖောက်သည်' ဖြစ်သော သူရိယတိုက်၌ ဦးဘကလေးသည် တိုက်အုပ်ဖြစ်လျက်ရှိရာ ယခင်က သူရိယတိုက်၌ ကျွန်ုပ်အလုပ်လုပ်ခဲ့စဉ် သူကလည်း နေ့စဉ်သတင်းစာ အယ်ဒီတာ၊ ကျွန်ုပ်ကလည်း မဂ္ဂဇင်းအယ်ဒီတာ ဖြစ်ခဲ့ဘူးသည့်ပြင် သက်တူရွယ်တူချင်း လည်း ဖြစ်သောကြောင့် ဝတ္ထုရေးပါရစေဟု 'ကြို့'ရန် အလိုမရှိချေ။ သူရိယတိုက်သို့ တခါတရံအလည်အပတ်ရောက်လာသော်လည်း သူကတိုက်တွန်းခြင်း လည်း မပြုချေ။ တကြောင်းမှာလည်း ထိုစဉ်က မဟာဆွေနှင့် ဇဝနတို့၏ဝတ္ထုများ ခေတ်စားလာ၍ ၎င်းတို့စုံတွဲမှာ နာမည်ကြီးစပြုလာလေရာ ထိုနှစ်ယောက်ကို လက်ကိုင်ပြုထားသော သူရိယဦးဘကလေးက ဝတ္ထုရေးသမား လက်ဟောင်း တယောက်ဖြစ်သော ကျွန်ုပ်ထံမှ တောင်းခံရန် အလိုရှိဟန်မတူချေ။ ကျွန်ုပ်က ရေးပေးလျှင်မူကား လက်ခံမည့် သဘောရှိပုံ ရ၏။ ကျွန်ုပ်ကလည်း မတောင်းပဲ မရေးဟူသော မာနရှိသဖြင့် အဆက်ပြတ်လျက်ရှိကြ လေသည်။

## စားသုံးလောက်ရုံရှိသည်

စုံထောက်ဝတ္ထုတပုဒ်အတွက် ၅ဝနှုန်းပေးသော ဗြိတိသျှဘားမား မဂ္ဂဇင်း သည် ထိုအချိန်၌ ရပ်စဲလျက်ရှိလေပြီ။ တနေ့သ၌ သူရိယတိုက်တွင် ဗြိတိသျှ ဘားမား သဌေး ဦးဘညွန့်နှင့်တွေ့၍ သူ၏စတူဒီယိုသို့ အလည်လာရန် ဖိတ်ခေါ် သည်နှင့် ရောက်သွား၏။ ဦးညွန့်က ကျွန်ုပ်အား ဘိုင်စကုပ်ဇာတ်ညွှန်းရေးဖို့ တိုက်တွန်းသည်နှင့် ဇာတ်ညွှန်းနှစ်ခု ရေးပို့ဘူး၏။ သို့ရာတွင် ဒါရိုက်တာများက ကျွန်ုပ်၏ဇာတ်ညွှန်းများမှာ 'ရိုက်'၍မဖြစ်ဟု ပြောကြသည်ဆို၏။ သို့ဖြစ်၍ ဦးညွန့်သည် ဇာတ်ညွှန်းများအတွက် ကျွန်ုပ်တောင်းဝံ့ သလောက်ပေးသော်လည်း

ဇာတ်ကားအဖြစ်သို့ မရောက်ခဲ့ချေ။ တနေ့သ၌ ကျွန်ုပ်သည် ဦးဘဖေနှင့်တွေ့၍ သူရိယအတွက် ဝတ္ထုရေးရန်ပြောသဖြင့် Moon Stone ကို မှီး၍ ရေးသည့် 'သိန်းထိုက်'ဝတ္ထုတပုဒ် ပို့လိုက်၏။ ၄င်းအတွက် သူရိယက ငွေ၁၅ဝိသာပေး၏။ ကျွန်ုပ်မှာ သူရိယတိုက်မှ ဝတ္ထုတပုဒ်အတွက် ငွေ၂ဝဝိမှ ၆ဝဝိ အထိ ရခဲ့ဘူးသူ ဖြစ်သောကြောင့် (မဟာဆွေနှင့်ဇဝနတို့ကား မည်မျှရရှိကြသည်မဆိုနိုင်။) ကျွန်ုပ်အား 'နှိမ်'သည်ဟု ယူဆသည်နှင့် ဆက်လက်၍မရေးတော့ပဲ ဖြတ်ထားလိုက်ရ၏။ ထိုအချိန်တွင် မြန်မာ့အလင်းအတွက် 'လမ်းနှစ်သွယ်'ဟူသော ဝတ္ထုတပုဒ်လည်း ရေးပေးဘူးသည်။ မိတ်ဆွေ တယောက်ကလည်း ပဉ္စမမြောက်ဂျော့ဘုရင်၏ အတ္ထုပ္ပတ္တိကို ဘာသာပြန်နိုင်း၍ ငွေ ၂ဝဝိ ရခဲ့ဘူးသည်။ ထိုသူသည် ၄င်းအတ္ထုပ္ပတ္တိကို မည်ကဲ့သို့ အသုံးချသည် မပြောတတ်၊ သူကိုယ်တိုင်ကမူ ဘာသာပြန်ပုံကို အလွန်ကျေနပ်ကြောင်း ပြောပြပါပေသည်။ အထက်ပါအလုပ်များမှာ ၁၉၃၅ခုနှစ်အတွင်း ရေးသားပြီးစီးခဲ့သော အလုပ်များ ဖြစ်လေသည်။ ဝင်ငွေမှာ ဖောဖောသီသီ မဟုတ်သော်လည်း (၁၉၂၇ခုနှစ် ကကဲ့သို့ ရှင်လုသည် မဟုတ်ပဲ) သုံးလောက်စားလောက်ရှိတော့ရှိပါသည်။

## မိတ်ဆွေများနှင့် မိတ်ဆက်ပေးခြင်း

၁၉၃၆ခုနှစ်၌ ကိုသိန်းဖေမှာ လူလျှော့သည့်အထဲ (Retrenchment) တွင်ပါသွား၍ အရွယ်မကုန်သေးပဲလျက် ပင်စင်ယူလိုက်ရပြီးလျှင် ရန်ကုန်သို့ အလည်အပတ်ဆင်း လာ၏။ သူသည် ကျွန်ုပ်၏ နေအိမ်၌ မတည်းခိုပဲ ညီဝမ်းကွဲ တယောက်၏အိမ်၌ တည်းခို၏။ သို့ရာတွင် သူ၏မယားကိုကား ထိုအိမ်၌ထား၍ ကျွန်ုပ်၏နေအိမ်၌သာ အချိန်ကုန်သည်က များလေသည်။ ကိုသိန်းဖေက ရန်ကုန်မြို့၌ ပျော်ပါးကြပုံကိုသိလို၍ ဆင်းလာခဲ့ခြင်းဖြစ်သည်ဟု ပြောသည်တွင် ကျွန်ုပ်မှာ သူ့အားဖျော်ဖြေရန်ဝတ္တရား ရှိသည်ဟုယူဆ၏။ ပျော်ပါးမှုနှင့်

ပတ်သက်၍ ကျွန်ုပ်နားလည်သည် မှာ အဖော်ကောင်း ရဖို့အရေးကြီး၏။ ဤတွင် ကျွန်ုပ်၏ ပျော်ဖက်ပါးဖက်များဖြစ်သော၊ ပီမိုးနင်း၊ ကိုခင်မောင်တင့်တို့နှင့် မိတ်ဆက်ပေးရန်လိုလေပြီ။ ထိုလူနှစ်ယောက်လုံးသည် ကျွန်ုပ်နှင့် အလွန်ရင်းနှီး ကြ၍ တယောက်နှင့်တယောက် ကောင်းကောင်းကြီး နားလည်ကြသော်လည်း ကိုသိန်းဖေနှင့် ဘယ်ကဲ့သို့ရှိကြမည် မပြောတတ်သေးချေ။ ကျွန်ုပ်သည် ရှေးဦးစွာ ကိုသိန်းဖေနှင့် ကိုခင်မောင်တင့်တို့ကို မိတ်ဆက်ပေးရာ အတော်နေရာကျပါ၏။ ထို့နောက် ကိုသိန်းဖေနှင့် ပီမိုးနင်းတို့ကို မိတ်ဆက်ပေးပြန်ရာ 'ငါးထန်းရွက်' နှစ်ကောင်ကို ဖက်စပ်ပေးလိုက်သည့်နှယ် အဆင်ပြေပြီး ပူးလုံးသွားကြ၏။ ထို့နောက် ကျွန်ုပ်ပါ လေးယောက်လုံး တပြိုင်တည်း ပေါင်းစပ်ပေးကြည့်ရာ ပီမိုးနင်းနှင့် ကိုခင်မောင်တင့်တို့ အဆင်မပြေလှကြောင်း တွေ့ရ၍ မဆွကတည်းက ကျွန်ုပ်ထင်ခဲ့မိသည့်အတိုင်း ဖြစ်ခဲ့လေပြီ။ 'မဆွကတည်းက'ဟူသော စကားလုံးကို သုံးရခြင်းမှာ ဤသို့တည်း။ ကျွန်ုပ်သည် အလွန်ခင်မင်သော မိတ်ဆွေများ ဖြစ်ကြသည့် ကိုခင်မောင်တင့်နှင့် ပီမိုးနင်းတို့အား မိတ်ဆက်ပေးရန် ယခင် ကတည်းက အကြံဖြစ်ခဲ့ဘူးသော်လည်း ဟန်မည်မထင်သောကြောင့် မလုပ်ပဲထားခဲ့၏။ ကိုသိန်းဖေရောက်လာသော အခါမှ စမ်းကြည့်ခြင်းဖြစ်ရာ ထင်သည့်အတိုင်းပင် မဟန်ခြင်းကို တွေ့ရလေသည်။ ဘိလပ်ပြန်တယောက်ဖြစ်၍ ဝတ်ကောင်းစားလှနှင့် သပ်သပ်ရပ်ရပ် နေတတ်သော ကိုခင်မောင်တင့်က ပီမိုးနင်း ကို မြင်ရသောအခါ "ခင်ဗျားနှယ်ဗျာ၊ ဒီလိုလူမျိုးနဲ့မှ ခင်မင်တတ်ပလေတယ်" ဟူသော အမူအရာမျိုးတွေ့ရ၏။ ဖွင့်ဟ၍ကား မပြော။ သို့သော် ကျွန်ုပ်ကား ကောင်းကောင်းကြီးရိပ်မိသည်။ ပီမိုးနင်းကလည်း ကိုခင်မောင်တင့်အား အနှစ် မရှိသော 'လူ့ဘော်ကျော့'တယောက်ဟူ၍ မြင်ပုံရသည်။ မည်သူကမှ ဖွင့်၍မပြော။ သို့သော် ကိုသိန်းဖေနှင့် ကျွန်ုပ်တို့နှစ်ယောက်လုံးရိပ်မိကြသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ပီမိုးနင်းနှင့် ကိုခင်မောင်တင့်တို့ကို မဆုံမိစေပဲ လူလေးယောက် တွဲမည့်အစား သုံးယောက်မျှသာ တလှည့်စီ တွဲကြရလေသည်။

## ပျော်နည်းတခု ဝကွက်ထားခြင်း

ကျွန်ုပ်တို့လေးယောက်သည် ပျော်ချင်တတ်သော လူများချည်းဖြစ်၍ (သူတပါးအား ထိခိုက်နစ်နာစေသော အလုပ်မျိုးမဟုတ်လျှင်) ဘာမဆို ပျော်မည် ဆိုသော လူလေးယောက်ဖြစ်သော်လည်း ကျွန်ုပ်မှာ ဤလေးယောက် အနက်တွင် အခြေအနေအရ မဏ္ဍိုင်သဖွယ်ရှိနေသည်ဖြစ်ရာ လိင်နှင့်ပတ်သက်သော ပျော်နည်း မျိုးကို ကျွန်ုပ်ကြောက်တတ်သောကြောင့် ကျွန်ုပ်တို့၏ပျော်ပါးနည်း ပရိုဂရမ်တွင် မပါရှိချေ။ ဤကိစ္စကိုမူ ကျောင်းနေဘက် သူငယ်ချင်း ကိုထွန်းလှ၏ဖြစ်အင်ကို မြင်ရကတည်းက သင်ခန်းစာကြီးတခုရ၍ ကြိုးစားပြီးရှောင်ခဲ့ပါသည်။ အလျှင်း ကင်းသည်ဟု မဆိုနိုင်စေကာမူ ကျွန်ုပ်ကဲ့သို့ သော 'လူပျော်'အတန်းအစား အဖို့ရာ၌ မယုံကြည်နိုင်လောက်အောင် ကြိုးစား၍ ရှောင်ခဲ့ပါသည်။ ဤအသက် အရွယ်သို့ တိုင်အောင်အနာရောဂါ ကင်းရှင်းလျက် ရှိခြင်းမှာလည်း ဤအချက် သည် အကြောင်းတရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။ အချို့လူများသည် ဤပျော်နည်းကား ငါးပါးသီလထဲတွင် မပါဟုဆိုကာ သူရာမေရယကဲ့သို့ အလေးဂရုမပြုပဲရှိကြ၏။ ကျွန်ုပ်၏အပေါင်းအသင်းများအနက် မှ ကိုယ်တွေ့ကို ဖော်ပြရသော် အထိုက်အလျောက် အတော်ကတန် ပျော်ပါးခြင်း တူခဲ့လျှင် လိင်နှင့်ဆိုင်သောပျော်ပါးနည်းသည် သူရာမေရယ ပျော်ပါးနည်းထက် အသက် တိုခြင်းကို တွေ့ရပါသည်။ အနာရောဂါထူပြောခြင်း အကြောင်းကိုမူကား ဆရာဝန်တိုင်း သိကြပြီးဖြစ်ပေလိမ့်မည်။ ပျော်ချင်တတ်သူတယောက်ဖြစ်ပါလျက် သူရာမေရယထက် ဤပျော်နည်းကို ကြောက်တတ်ခြင်းသည် ကျွန်ုပ်အဖို့ရာ၌ အနာရောဂါကင်း၍ အသက်ရှည်စေဖို့ ကံပါသောကြောင့် ဖြစ်လေမည်လောဟု တွေးတောမိပါသည်။

## တညအတွင်း နည်းမျိုးစုံပျော်ခြင်း

ကျွန်ုပ်၏အဘိုးက "ယောက်ျားဆိုလျှင် စုံရမည်"ဟု ပြောဘူးခြင်းသည် ကျွန်ုပ်၏နားထဲ၌ စွဲလျက်ရှိပုံကို ဖော်ပြခဲ့ဘူးရာ လူအဖြစ်နှင့် ဇိမ်ခံမှု၊ သို့မဟုတ် ကျေနပ်မှု အမျိုးမျိုးကို လက်လှမ်းမီသမျှ အတော်စုံလင်အောင် ခံစားဖို့ ကြိုးစားခဲ့ဘူး၏။ ကျန်းမာရေးအတွက် လေ့လှော်ခြင်း၊ ကြက်တောင်ရိုက်ကစားခြင်း၊ ခြင်းလုံးခတ်ခြင်းစသော ပျော်နည်းမျိုး၊ မြင်းစီးနည်း၊ ဆင်စီးခြင်း၊ ကျားစောင့်ခြင်းစသော ပျော်နည်းမျိုး၊ ဖဲကစားခြင်း၊ လေးကောင်ဂျင်ထိုးခြင်း၊ အနီထောင်ထိုးခြင်းစသည့် ရင်ခုန်ရသော ပျော်နည်းမျိုးတို့သည် အတော်စုံခဲ့ပါပြီ။ တရားအားထုတ်ခြင်းအားဖြင့် အတော်အတန်လူများ မခံစားခဲ့ရသည့် ပီတိအကြီးစားနှင့် စိတ်၏ငြိမ်းချမ်းကြည်လင်ခြင်းကိုလည်း ခံစားခဲ့ရဘူးပါပြီ။ အထက်ပါ ကျေနပ်စွာ ခံစားမှုများအပြင် ဖော်ပြခဲ့သည့် မိတ်ဆွေများနှင့် သုရာမေရယဘက်တွင် တထိုင်တည်းနှင့် အမျိုးစုံအောင် ခံစားဘူးခြင်းမှာလည်း အတော်အတန်လူများခံစားဖို့ စိတ်ကူးမရနိုင်လောက်အောင် စုံလင်လှပါ၏။ ကိုသိန်းဖေအား ဟိုတယ်သို့ခေါ်သွား၍ ပုလင်းထောင်ပေးထားပြီး ကိုခင်မောင်တင့်နှင့် ဘိလိယက်ထိုးပြပြီးနောက် တရုတ်ဟိုတယ်၌ ကျွေးမွေးပြုစု ခြင်းမှာ အတော်ပျော်စရာကောင်းပါ၏။ သို့သော် ကိုသိန်းဖေကား ဤမျှလောက် နှင့် ရန်ကုန်သို့ လာရကျိုးမနပ်သေးဟုဆို၏။ ဤတွင် ပီမိုးနင်းနှင့် အစီအစဉ် လုပ်ရပြန်သည်။ တညသ၌ ကျွန်ုပ်သည်ကိုသိန်းဖေအား ပီမိုးနင်း၏ နေအိမ်သို့ ခေါ်သွား၍ သူ၏သားကလေးအား ဘီယာလေးပုလင်းဝယ်ခိုင်း၏။ ပီမိုးနင်းနှင့် ကျွန်ုပ်မှာ တပုလင်းစီသာ သောက်ကြသော်လည်း လောဘကြီးသော ကိုသိန်းဖေ အတွက် နှစ်ပုလင်း ဝယ်ရခြင်းဖြစ်လေသည်။ ဘီယာပုလင်းများ ပြောင်၍ 'ပြောကောင်း ဆိုကောင်း' အခြေအနေသို့ရောက်ကြသည်တွင် ကျွန်ုပ်တို့သည် တရုတ်တန်း ဘက်သို့ ဓာတ်ရထားနှင့် ထွက်လာကြ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်တို့

သည့်ပီမိုးနင်းအား သဘာပတိတင်မြှောက်ပြီး ကျွန်ုပ်က ဘဏ္ဍာထိန်း (အသုံးတော်ခံ) တာဝန်ကိုလုံးဝ တာဝန်ယူရပါမှ ကျေနပ်နိုင်မည်ဟု အတိုက်အခံ ပြောယူရပါသည်။ ပီမိုးနင်းသည် ၎င်းရပ်ကွက်၌အသိအကျွမ်း ပေါများသူဖြစ်၍ ဘိန်းခန်းတခန်းသို့ ဝင်ပြီးလျှင် သီးသန့်ထားသော အထက်ထပ်သို့ ခေါ်သွား၍ ဝါးကိုအပြားလိုက်ထုထားသည့် တရုတ်ဖျာပေါ်၌ နေရာယူကြ၏။ ခေါင်းအုံးများမှာ စဥ့်ကိုကြွေရည်သုတ်ထားသည့် လေးထောင့်ပုံသဏ္ဍာန်ဖြစ်ကြ၏။ လက်ဖက်ရည် ကြမ်းအိုးနှင့် ပန်းကန်များလည်း အသင့်ရှိကြသည် ပေါက်ဖော် တယောက်က ထိုးပေးသည့် 'ပြောင်း'ကို စကားတပြောပြောနှင့် တယောက်တလှည့် 'ရှူ'ကြရာ အတော်ကလေး 'ဖိန်း'လာသောအခါ၌ ကိုသိန်းဖေက 'အဖိန်း'ပြေအောင် ဘီယာ သောက်ချင်သည်ဆို၍ ဘီယာသုံးပုလင်း ဝယ်ခိုင်း၏။ စားစရာအဖို့မူ ဂဏန်း ပေါင်းများမှာလိုက်၏။ အလှည့်ကျသူက ရှူလျက်ရှိစဉ် ကျန်နှစ်ယောက်တို့က ဘီယာသောက်ယင်း ဂဏန်းလက်မများကို ဖဲ့ယူစုတ်ရသည်မှာ ဇိမ်တခုဖြစ်၏။ ဘီယာက'ယစ်'၍ ဘိန်းက 'ဖိန်း'စေသဖြင့် ဇိမ်နှစ်မျိုး ခံစားလျက်ရှိကြစဉ် သဘာပတိ ပီမိုးနင်းက 'ကုတ်ကင်း'ပွတ်ကြဖို့ အကြံပေးသည်နှင့် ဘဏ္ဍာထိန်း ဖြစ်သော ကျွန်ုပ်က ကုတ်ကင်း (မက်ထုပ်) သုံးထုပ် ဝယ်ယူလိုက်၏။ (ကုတ်ကင်း မှာ ဘိန်းခန်း၌ပင် ရောင်းသည်။) ကိုသိန်းဖေအဖို့မှာ 'ကုတ်ကင်း'သည် အထူး အဆန်းဖြစ်၍ အလွန်ရွှင်ပျလာခြင်းအားဖြင့် သူ၏ကျေနပ်ခြင်းကို ဖော်ပြသည်။ ကုတ်ကင်းပွတ်ကြစဉ် ပီမိုးနင်းနှင့် ကျွန်ုပ်သည် ကိုသိန်းဖေ၏အမူအရာကို စောင့်ကြည့်ကာ အကဲခတ်လျက်ရှိကြရာ ဘိန်း၏ဖိန်းခြင်း၊ ဘီယာ၏ယစ်ခြင်း တို့ကြောင့် အတော်အတန်မျှလောက်သာ စကားပြောသေးသော ကိုသိန်းဖေသည် ကုတ်ကင်း ထုပ်ဝက်ခန့်ဝင်သွားသောအခါ၌ကား ကျွန်ုပ်တို့အထဲတွင် စကား အများဆုံး လူတယောက် ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်တို့လည်း စကားများ ချင်ကြပါ၏။ သို့သော် ကိုသိန်းဖေ၏ အမူအရာ ပြောင်းလဲခြင်းကို သိလိုကြ သည်နှင့် သတိထား၍ ထိန်းထားကြခြင်းဖြစ်လေသည်။

## ကျွန်ုပ်၏ သတိကောင်းခြင်းတချက်

"ဘယ်မှာလဲဗျာ၊ ခင်ဗျားတို့ကုတ်ကင်းက ဘာမှလဲ မဖြစ်ပါပဲလားဗျ"ဟု ကိုသိန်းဖေက ပြောလိုက်ရာကျွန်ုပ်တို့က ရယ်လိုက်ကြ၏။ "ဘာရယ်ကြတာလဲဗျ" ဟု သူကပြန်မေးရာ ပီမိုးနင်းက "ခင်ဗျားကိုကျွန်တော်တွေ့ရကတည်းက ဒီလောက် စကားပြောတာ တခါမှ မတွေ့ရဘူးဘူး"ဟု ပြောလိုက်သည်တွင်မှ သူ့ဟာသူ ရပ်တန့်စဉ်းစားပြီး "ဟုတ်တယ်ဗျို့"ဟုဆိုကာ ရယ်မောလေသည်။ ကိုသိန်းဖေကား လူဆန်းတယောက်ဖြစ်၏။ စကားနည်းသူ တယောက်ကားမဟုတ်။ လူသွက် တယောက်ပင်ဖြစ်၏။ သို့ရာတွင်အရက်သောက်ကြသော အခါများ၌ အခြားလူများ သည် အူရှင်သည့်အလျောက် စကားများလာတတ်ကြပေရာ ကိုသိန်းဖေမူကား ဘယ်မျှလောက် သောက်သည်ဖြစ်စေ၊ နဂိုအတိုင်း မှန်မှန်သာ ပြောတတ်သူ တယောက်ဖြစ်လေသည်။ သို့ဖြစ်၍ ပီမိုးနင်းက စကားများသည်ဟု ပြောလိုက် သောအခါ ချက်ချင်းနားလည်၍ ရယ်မောကာ ဝန်ခံလေသည်။

ကိုသိန်းဖေ၌ ကျွန်ုပ်သဘောကျသော အချက်အလက်များအနက် ဤဝန်ခံ လွယ်သော အချက်သည် တခုအပါအဝင် ဖြစ်လေသည်။ (တခါတရံတွင် တောင်းပန်၍မရပဲ အများကြီးသောက်ချင်တတ်သော ဝါသနာကိုမူ ကျွန်ုပ် သဘောမကျချေ။ သို့ရာတွင် ထိုအဖြစ်မျိုးကား နည်းပါးလှပါသည်။) မလင်း တလင်းရှိအောင် တမင်တကာ စီမံထားသော အခန်းကလေးထဲ၌ (အရှုသမား များသည် ထိန်ထိန်လင်းသော အလင်းရောင်မျိုးကို မကြိုက်) ဘီယာ၏ယစ်ခြင်း၊ ဘိန်း၏ဖိန်းခြင်း၊ ကုတ်ကင်း၏တက်ကြွခြင်း၊ ဂဏန်း၏ စုတ်ဝါး၍ကောင်းခြင်း တည်းဟူသော ဇိမ်အမျိုးမျိုးတို့ကိုခံစားယင်း စိတ်ဝင်စားဖွယ် ကိုယ်တွေ့ အဖြစ်အပျက်များအကြောင်းကို တယောက်တလှည့် ပြောပြရခြင်းမှာ လူ့ဘဝ၌ တွေ့ကြုံရခဲလှသော ကာမဂုဏ်ဇိမ်ကြီး တမျိုးပေတည်းဟု ကျွန်ုပ် ခဏခဏ သတိရမိပါသည်။ ထိုကဲ့သို့ သတိရသည့် အခါတိုင်းလည်း 'ငါသည် ယခုအချိန်၌

အလွန်ပျော်လျက်ရှိသည်၊ တနေ့သော် ဤအပျော်မျိုးကိုစွန့်လွှတ်၍ လွတ်မြောက်ရေးအတွက် ကြိုးစားအားထုတ်ရဦးမည့် တာဝန်ကြီး ရှိချေသေးသည်တကား' ဟူသော စိတ်အကြံသည် ဖြစ်ပေါ်လာတတ်သည်ချည်းဖြစ် ပါသည်။ အခြားသော အချိန်များ၌ မေ့ချင်မေ့မည်။ အပျော်ကြူးသော အချိန်များ၌မူ ကား သတိရမြဲ ဖြစ်သောကြောင့် မိမိ၏သတိကောင်းခြင်းမှ ဟုတ်ပါလေစ၊ တစုံတယောက်က သတိပေးနှိုးဆော်ခြင်း ဖြစ်လေသလော ဟူ၍ပင် စဉ်းစားမိပါသည်။

## ပျော်တော်ဆက်ကြပြန်ခြင်း

ကျွန်ုပ်တို့၏ပျော်ပါးမှုကား ဤမျှနှင့် ပြီးဆုံးသေးသည် မဟုတ်ချေ။ အခန်းမှ ထွက်လာကြသောအခါ ၁၂ နာရီ ကျော်ပြီဖြစ်ရာ "ကျေနပ်ပြီလား"ဟု ပီမိုးနင်းက မေးရာတွင် "ဒီပြင်ဘာများရှိသေးသလဲ"ဟု ကိုသိန်းဖေက ပြန်၍ မေး၏။ ဤတွင်ပီမိုးနင်းသည် ကွမ်းရာဆိုင်တဆိုင်သို့ ချဉ်းကပ်၍ ဆိုင်ရှင် ကုလားအား တီးတိုးမေးရာ ကုလားက အထုပ်ကလေး တထုပ်ပေး၍ ကျွန်ုပ်က ပိုက်ဆံတမတ် ပေးလိုက်ရ၏။ ထို့နောက်ဘဲကင်တကောင်ဝယ်ဖို့ ပြောသဖြင့် ကျွန်ုပ်က ဝယ်ခဲ့ရ၏။ ဤမှတဖန် မဂိုလ်လမ်းသို့ ခြေလျက်လျှောက်သွား၍ ဖာလူဒါဆိုင်သို့ ဝင်ကြပြီးလျှင် နို့သုံးခွက် မှာယူ၏။ ဤအတောအတွင်း ပီမိုးနင်းသည် အထုပ်ကလေးကို ဖြည်၍ အတွင်း၌ရှိသော သစ်ရွက်ခြောက် ကလေးများကို လက်ဖဝါးပေါ်တွင်တင်ကာ ရေအနည်းငယ်ထည့်၍ နယ်ချေတော့သည်။ ထို့နောက် ကျွန်ုပ်တို့အား သုံးပုံတပုံမျှစီ ခွဲဝေပေး၍ ပါးစပ်ထဲသို့သွင်းကာ ညက်ညက်ပါ အောင်ဝါးစေပြီးမှ နို့တခွက်စီ သောက်ချစေ၏။

ကျွန်ုပ်က "ဘာလဲသိလား ကိုသိန်းဖေ"

"ဆေးခြောက်မဟုတ်လားဗျာ"

"မြည်းဘူးသလား"

"ဒီနည်းတော့ မစမ်းဘူးဘူး၊ ကြက်သားနဲ့တော့ ချက်စားဘူးတယ်"

ပီမိုးနင်းက ဆက်လက်၍–

"ကျေနပ်ပြီလား ကိုသိန်းဖေ"

"ဘာရှိသေးလဲဗျ"

"ခင်ဗျားခံနိုင်ရေ ရှိပါ့မလား"

"ကိစ္စမရှိဘူး၊ ခင်ဗျားတို့နဲ့ အတူပျော်ရပြီး သေသွားလျှင်လဲ ဝမ်းမနည်းဘူး"

ဤစကားမှာ တကယ်ပြောခြင်းဖြစ်၏။ ပျော်မှုနှင့် ပတ်သက်၍ တကယ်လောဘကြီးသော လူတယောက်ဖြစ်သည်။ ကျွန်ုပ်က ကန့်ကွက်ပါသေး၏။ သို့သော် ပီမိုးနင်းက အစဖော်လိုက်ပြီ ဖြစ်သောကြောင့် ကိုသိန်းဖေသည် သူ၏ဝါသနာအတိုင်း နားပူပါလေတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လမ်းကလေးတလမ်းသို့ ဝင်ကြ၍ နှစ်ထပ်တိုက် တတိုက်သို့တက်ကြပြီးလျှင် အခန်းတခန်းသို့ ဝင်သွားကြရာ ပေရေညစ်ပတ်သော ကြမ်းပြင်ပေါ်တွင် အလွန်ပေရေညစ်ပတ်သော ယောကျ်ားမိန်းမများသည် လဲလျောင်းလျက် ရှိခြင်းကို တွေ့ရ၏။ ကြက်ချေးနံ့နှင့်တူသော အနံ့ဆိုးသည်လည်း နှာခေါင်းထဲသို့ ဖွတ်တိုးဝင်လျက်ရှိ၏။ ကျွန်ုပ်မှာ ကြုံရဘူးသည်နှင့်ခံနိုင်သော်လည်း ကိုသိန်းဖေမှုကား ရုတ်တရက်တန့်သွားခြင်းကို မြင်လိုက်ရသည်။ သို့ရာတွင် ကိုသိန်းဖေအကြောင်းကို ကျွန်ုပ်သိရသလောက်မှာ ပျော်မှုအတွက်ဆိုလျှင် ကြက်ချေးနံ့ကို မဆိုထားဘိ၊ လူ့ချေးတွင်းထဲသို့လည်း ကျွန်ုပ်တို့ဆင်းလျှင် လိုက်၍ဆင်းမည့်သူဖြစ်လေသည်။ ပထမ၌ ကိုသိန်းဖေသည် လက်ကိုင်ပဝါကိုထုတ်၍ နှာခေါင်းသို့ပိတ်ဆို့မည်ပြုပြီးမှ အံကြိတ်ကာ ပြန်၍တည်လိုက်သည်။ ကြက်ချေးနံ့မှာ အခြားမဟုတ်၊ မာဖီးယားသမားများ၏ ကိုယ်မှ တငွေ့ငွေ့ထွက်လျက်ရှိသည့် ချွေးနံ့ပင်ဖြစ်လေသည်။ တယောက်တည်းအဖို့၌ ဤမျှလောက် မထင်ရှားသော်လည်း ရေမချိုးသည့်ကုလီ အတန်းအစားယောကျ်ားမိန်းမ တဒါဇင်ခန့်တို့၏

ကိုယ်ကာယမှသည် ညစ်ပတ်ပေရေသော ကြမ်းပြင်မှ တငွေ့ငွေ့တလူလူ ပြန်လွင့်လျက်ရှိခြင်းဖြစ်သော ကြောင့် အတော်အတန်လူများ မခံမရပ်နိုင်အောင် ရှိတော့သည်။ ကျွန်ုပ်ကိုယ်တိုင် မှာလည်း ပထမအကြိမ်ပီမိုးနင်းနှင့် ရောက်ဘူးစဉ်က လှေကားမှ ပြန်ဆင်းပြေးခဲ့ရ ဘူးသည်။ ဤအရာမျိုးတွင်ကိုသိန်းဖေသည် ကျွန်ုပ်ထက် အသည်းကောင်းပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်အား 'ကော့ပါးဖီးလ်'ဟု ခေါ်ခြင်းဖြစ်လေသည်။

## လောဘကြီးသော ကိုသိန်းဖေ

အခန်း၏တထောင့်၌ မင်အိုးဖြင့်ထည့်သော ရေကြည်ဗူးကလေးနှင့် စီးကရက် သံဗူးပြားကလေးကိုရှေ့တွင်ချထားကာ ဝိုင်းထိုင်နေကြသော လူသုံးလေးယောက်ရှိရာသို့ကျွန်ုပ်တို့ လူသုံးယောက် သွား၍ထိုင်ကြ၏။ မင်အိုးဖြင့်ထည့်သော ရေကြည်မှာ ရေကိုချက်၍ ရွေးထုတ်ယူထားသည့် 'ရေကြည်' (Distilled Water) ဖြစ်လေရာ စီးကရက် သံဗူးပြားကလေးထဲ၌ကား မာဖီးယားထုပ်ကလေးများနှင့် ကုတ်ကင်းထုပ် ကလေးများထည့်ထား၏။ လူတယောက်လျှင် အနည်းဆုံး ကုတ်ကင်းမှုးထုပ်နှင့် မာဖီးယားသုံးပဲထုပ် လိုလေသည်။ ဆေးထိုးသမားသည် ကုတ်ကင်းတထုပ်နှင့် မာဖီးယားတထုပ်ကို ပန်းကန်လုံးကလေးထဲသို့ ဖြည်ထည့်၍မင်ဗူးထဲမှ ရေကြည်နှင့် ရောစပ်၏။ ထို့နောက် ဆေးထိုးပြွတ်ကလေးထဲသို့ စုတ်ယူလိုက်ပြီးလျှင် လောဘကြီးသော ကိုသိန်းဖေအား ရှေးဦးစွာ ထိုးပေးရ၏။ အခြားလူတယောက်သည် မိမိ မစမ်းသပ်ဘူးသော အလုပ်တခုတွင် သူတပါးနောက်မှ လုပ်မည်ဖြစ်သော်လည်း ကိုသိန်းဖေမူကား သူတပါးကို မစောင့်နိုင်၊ သူသာလျှင် ရှေးဦးစွာ လုပ်လိုက်ချင် သည်အထိ လောဘကြီးသူဖြစ်လေသည်။ ပန်းကန်လုံးကလေးမှ သုံးပြွတ်စာထွက်၍ ထိုးပြီးသောအခါ ကိုသိန်းဖေသည် ကောင်းကောင်းမသိသာ သေးဟုဆိုကာ ထပ်၍ထိုးချင် သေးသော်

လည်း ကျွန်ုပ်တို့က စောင့်ကြည့်ပါဦး ဆိုကာ တောင်းပန်ထားကြရလေသည်။ (မာဖီးယားကို ကုတ်ကင်းနှင့် ရောစပ်၍ထိုး ရခြင်းမှာ ကုတ်ကင်း 'ဖိမ်'အတွက် မဟုတ်၊ ဆေးထိုးသောအခါ၌ မနာစေရန် ဖြစ်လေသည်။ ကုတ်ကင်းရောစပ်၍ ထိုးသောအခါ လုံးဝနာကျင်ခြင်း မရှိပဲ ယားကျိကျိမျှသာ ရှိလေသည်။)

ကျွန်ုပ်တို့သုံးယောက်လုံး တလှည့်စီထိုးပြီးကြ၍ ကိုသိန်းဖေအား "ဘယ့်နှယ်လဲဆရာကြီးထိုးဦးမလား"ဟုမေးရာတွင် ကိုသိန်းဖေမှာ ဦးခေါင်းယမ်း၍သာ ပြနိုင်တော့သည်။ အကြောင်းမူကား သူသည် ကျွန်ုပ်တို့အထဲတွင် 'အူရိုင်း' သက်သက်ဖြစ်၍ အတော်'ထိ'လျက်ရှိပေသောကြောင့်တည်း။ ကိစ္စပြီး၍ထမည်ပြု ကြသောအခါ ကိုသိန်းဖေ မထနိုင်တော့ချေ။ ထမည်လုပ်ပြီးမှ ပြန်၍ထိုင်သွား သည်။ မျက်တောင်များကား စင်းလျက်ရှိလေပြီ။ ခက်ချေပြီတကား။ ဤတွင် ကုလားတယောက်က ဆောင်းထားသော ဦးထုပ်ကိုချွတ်၍ ကိုသိန်းဖေ၏ မျက်နှာ ကိုဖုံးပေးလိုက်ရာ ငါးမိနစ်ခန့်ကြာသောအခါ လူကောင်းပကတိဖြစ်၍ ကြည်လင် စွာရှိလာလေပြီ။ ပြန်ကြဖို့ပြောသောအခါ ကိုသိန်းဖေက အနည်းဆုံး တပြွတ်တည်းဖြစ်စေ ဖြည့်ခဲ့ပါရစေဦးဟု ပြောသေး၏။ အတော်'ရွတ်'သော လူတယောက်ပေတည်း။ သို့ရာတွင် ကျွန်ုပ်တို့က မလျော်ကြောင်းပြော၍ အတင်း ခေါ်ခဲ့ရလေသည်။ ပီမိုးနင်းက "ကျုပ်တို့အထဲမှာတော့ ဗိုလ်ဆွဲတဲ့လူတယောက် ပဲဗျို့" ဟူ၍ အောချသော အမူအရာနှင့် ကျွန်ုပ်အား ပြောလေသည်။ (ထိုစဉ်ကမူ ရန်ကုန်တမြို့လုံးတွင် မာဖီယားခန်းဟူ၍ ဤတခန်းတည်းသာရှိလေရာ ပီမိုးနင်း၏ ဗဟုသုတအစွမ်းကြောင့် ကျွန်ုပ်တို့ ရောက်နိုင်ခြင်းဖြစ်လေသည်။ ဤခေတ်၌မူ ရှိကောင်းမှ ရှိတော့မည်ထင်သည်။)

## ပီမိုးနင်း၏ တိုက်ခန်း

ကျွန်ုပ်တို့သည် မာဖီယားခန်းမှဆင်းလာကြသောအခါ လန်ချားနှစ်စီးခေါ်၍ ကိုသိန်းဖေနှင့် ပီမိုးနင်းကတစီး၊ ကျွန်ုပ်နှင့် ဘဲကင်က တစီးပြန်လာကြ၏။ ကရိလမ်းထောင့်၌ရှိသော ပီမိုးနင်း၏တိုက်ခန်းသို့ရောက်ကြသောအခါ လက်ဖက်ရည်ဆိုင်တဆိုင်သည် နံနက်ခင်းရောင်းရန်အတွက် နံပြားများ ဖုတ်လျက်ရှိလေပြီ။ ကျွန်ုပ်တို့သည် နံပြားခြောက်ခုဝယ်၍ ပီမိုးနင်း၏ တိုက်ခန်းသို့ တက်လာကြပြီး ပီမိုးနင်းကတော်နှင့် သားကလေးများကို နှိုး၍ဘဲကင်ကို အတုံးအတစ်ဖြစ်အောင် ခုတ်စင်းစေ၏။ ထို့နောက်အိမ်သားအားလုံး ဘဲပင်နှင့်နံပြားကို ဝိုင်းဖွဲ့ကာ မြိန်ရှက်စွာ စားသောက်ကြ၏။ ကိုသိန်းဖေကမူ ဤမျှလောက်ကောင်းသော နံပြားနှင့် ဤမျှလောက်ချိုဆိမ့်သော ဘဲကင်ကို တသက်လုံး မစားဘူးကြောင်း ပြောရာ ပီမိုးနင်းနှင့် ကျွန်ုပ်တို့က ရယ်ကြရသေးသည်။ အကြောင်းမူကား ဘဲကင်၏ထူးခြားချက်ကြောင့်မဟုတ်၊ ဆေးခြောက်၏သတ္တိဖြစ်ခြင်းကို ကျွန်ုပ်တို့ သိကြရသောကြောင့်ဖြစ်လေသည်။ လူခြောက်ယောက်တို့သည် နံပြားခြောက်ခုနှင့် ဘဲကင်တကောင်ကို အရိုးပါဖြူ အောင်စုတ်ကြပြီးနောက် အိမ်ရှေ့ခန်းတွင် မွေ့ရာကြီးခင်း၍ ကျွန်ုပ်တို့သုံးယောက် သားအတူတကွ အိပ်ကြလေသည်။ အမျိုးမျိုးစုံအောင် လုပ်ခဲ့ကြသောကြောင့် ခေါင်းအုံးနှင့် ဦးခေါင်းထိမိသည်နှင့် တပြိုင်နက် အိပ်ပျော်သွားကြသည်ဟု ထင်ကြလျှင် မှားကြပေလိမ့်မည်။ အိပ်ရာနဘေးတွင် စီးကရက်၊ ဆေးပေါ့လိပ်၊ မီးခြစ် စသည်များကိုချထား၍ ကိုယ်တွေ့အဖြစ်အပျက်များကို ဆေးလိပ်တဖွားဖွား နှင့် ဟားတိုက်ကာ တလှည့်စီပြောကြလေတော့သည်။ ကိုသိန်းဖေသည် ရယ်စရာ ပုံတိုပတ်စကလေးများ ပြောတတ်သူဖြစ်ရာ (ရယ်စရာများကိုသတိရတတ်၍ ရယ်မိလျှင်အူတက်မတတ် ရယ်မိတတ်သော) ဆေးခြောက်သတ္တိကြောင့်ပြောသူ ကလည်း

အပြောကောင်း၊ ရယ်သူများကလည်း မပြောမီကပင် ရယ်လိုက်မည်ဟု အသင့်ပြင်ဆင်ထားပြီးရကား လင်းအားကြီး အရှဏ်တက် အချိန်ကြီးတွင် တခစ်ခစ် တခိခိနှင့် ကြိတ်၍ ရယ်မိကြပါတော့သည်။ ဤနည်းဖြင့် မိုးလင်းသည့်တိုင်အောင် အချိန်ဖြုန်းကြလေရာ ပီမိုးနင်းနှင့် ကိုသိန်းဖေတို့မှာ တညတည်း အတူပျော်ကြရုံဖြင့် နှစ်ပေါင်းများစွာ ပေါင်းသင်းလာကြသည့် မိတ်ဆွေများသဖွယ် ခင်မင်ရင်းနှီးခြင်း ရှိသွားကြလေသည်။ ဤအကြောင်းကို မသိသောလူများသည် တညတာကလေး အတွက်နှင့် ဤအဖြစ်မျိုးသို့ ရောက်နိုင်သည်ဆိုခြင်းကို ယုံကောင်းမှပင် ယုံနိုင်ကြပေလိမ့်မည်။ ဤကဲ့သို့ အတူပျော်ကြခြင်းမှာ ထိုညသည် ပထမဆုံးနှင့်နောက်ဆုံးညဖြစ်လေရာ ကိုသိန်းဖေ ပြန်သွားသည့် နောက်တွင်လည်း ဤလူနှစ်ယောက်တို့သည် တယောက်အကြောင်း ကိုတယောက် တမေးတည်းမေးကြ၍ မမေ့နိုင်သော မိတ်ဆွေများအဖြစ်သို့ ရောက်သွားကြတော့သည်။

## ပါးရှားသောအလှည့်၌ပျော်ပုံ

ကျွန်ုပ်၏ တသက်တာ အဖြစ်အပျက်များကို ပြန်ပြောင်းဆင်ခြင်သည့်အခါ ထူးဆန်းသော အခြင်းအရာတခု တွေ့ရှိရသည်မှာကား ကောင်းချင်သော အစိတ်အပိုင်းတွင် တဆက်တည်း ကောင်းနေတတ်၍ ပျော်ချင် (မိုက်ချင်)သော အခါတွင်လည်း ဘယ်သူကပြော၍မျှ သတိမရပဲ တောက်လျှောက်ပျော်၍နေတတ် ခြင်းပင်ဖြစ်သည်။ တရက်စီတလစီမဟုတ် နှစ်ပေါက်အောင် တဆက်တည်းကောင်း တတ်၍ နှစ်ပေါက်အောင်လည်း ပျော်ချင်ပါးချင်မိသည်။ တရားဘက်သို့ ယိမ်းညွတ်သောအလှည့်၌ နေ့ရောညပါ စိတ်အားထက်သန်စွာ အားထုတ်၍ လူ့ဘောင်မှ စွန့်ခွာသည်အထိ ဖြစ်သွားခဲ့ဘူးရာ ပျော်မိလျှင်လည်း တော်တော်နှင့် အရှိန်သတ်မရအောင် ဖြစ်သွားတတ်၏။ ဤသို့ဖြစ်ရခြင်းမှာလည်း ကျွန်ုပ်၏

စိတ်အလိုသက်သက် မဟုတ်ပဲ ပတ်ဝန်းကျင်အခြေအနေကပင် ဖန်တီးပေးခြင်းကို တွေ့ရသည်။ ရန်ကုန်သို့ ကိုသိန်းဖေရောက်လာကတည်းက အခြေအနေက ဖန်တီးပုံမှာ စာရေးဖို့အလုပ်များသည် ကျွန်ုပ်နှင့် လွဲချော်လျက်ရှိ၏။ ကျွန်ုပ်၏ လက်သို့ ရောက်နေကျဖြစ်သော အလုပ်များသည် မရောက်လာပဲရှိရာတွင် ကျွန်ုပ်ကလည်း အလုပ်နောက်သို့ လိုက်၍မရှာချင်သော မာနကလေးရှိ၏။ ဤတွင်ခပ်ပျင်းပျင်းရှိသည်နှင့် 'ပိုကာ'ဆွဲကြည့်ရာ ကစားတိုင်း နိုင်သည်ကို တွေ့ရ၏။ တချက်မှနစ်ပြားနှုန်းသာ လောင်းကစားကြသော ထိုခေတ်၌ များများမနိုင်သော်လည်း တနေ့လေးငါးကျပ်လောက်ကို သေချာပေါက်နိုင်၏။

ငါးကျပ်ဆိုသောငွေမှာ ဤခေတ်တွင် ဆိုက်ကားသမားများပင် ရနိုင်သော်လည်း ထိုခေတ်ငွေနှင့်မတူတော့ချေ။ ငွေငါးကျပ်ဖြင့် ကျွန်ုပ်သည် စားစရာနှင့် အိမ်လခအပြင် ကိုသိန်းဖေနှင့် ကိုခင်မောင်တင့်တို့အားခေါ်ရေနှင့် ကြက်ခြေထောက်ရိုးမျှလောက်ကို ဝဝကြီးတိုက်နိုင်၏။ ကြည့်မြင်တိုင်ဘောတံတား ကြီးပေါ်၌ နေဝင်ရီသရောအချိန်များတွင် 'ဦးရေ'နှင့် ကြက်ခြေထောက်ရိုး၊ အမဲခြောက်ကြော် အမြီးများဖြင့် သုံးယောက်သား သောက်စားကြခြင်းမှာလည်း ပါးရှားသောအလှည့်၌ ပျော်ပါးနည်းအနေဖြင့် မမေ့နိုင်သော 'သောက်ကျင့်'တခု ဖြစ်ပါတော့သည်။ တတ်နိုင်သော အလှည့်အပတ်တွင် ဟိုတယ်ပန်ကာအောက်၌ ဖွေးဖွေးဖြူသောစားပွဲခင်းအပေါ်တွင် ကြည်လင်သောဖလ်ခွက်ထဲသို့ သော့တံဆိပ် ဘီယာကို ငှဲ့ထည့်၍ အမြုပ်တဖွေးဖွေးထလျက်ရှိစဉ် ချိစ်ဆင်းဒွစ်ချ်ကိုဝါးလျက် အမြုပ်ထဲသို့ နှုတ်ခမ်းနစ်ရသော ဇိမ်လည်းတမျိုး၊ ဘောတံတားပေါ်၌ လေတဖြူးဖြူး တိုက်ခတ်လျက်ရှိဆဲတွင် အုန်းမှုတ်ပဲ့ဖြင့် ခေါ်ရေကိုကျိုက်ချပြီး အမဲခြောက်တဖက်လောက် ဝါးရသောဇိမ်လည်း တမျိုးဟု အောက်မေ့မိပါသည်။ ထိုသို့သောအဖြစ်မှ ဤသို့သောအဖြစ်သို့ လျှောဆင်းရချေသည်တကားဟု ဝမ်းနည်းပက်လက်မရှိ။ ကျွန်ုပ်အဖို့မှာ ဤမိတ်ဆွေနှစ်ယောက် အကြား၌ထိုင်ကာ ဆေးတံကလေး တဖွာဖွာနေရလျှင် အကြည်နူးကြီး ကြည်နူးလျက် ရှိပါတော့

သည်။ တခါတရံတွင်ထီးချိုင့် တောရကျောင်း၌ ဗုဒ္ဓဃောသအဖြစ်နှင့် စကြံနံလျှောက်ယင်း တရားဓမ္မကို နှလုံးသွင်းခဲ့ဘူးသော အဖြစ်နှင့် ဘောတံတားပေါ်တွင် ခေါင်ရေသောက်ပြီး ပေါက်တတ်ကရတွေ ပြောနေကြသော အဖြစ်သည်အင်မတန်ကြီး ခြားနားလှသည်တကားဟု ကျွန်ုပ်သတိရမိ၏။ သို့သော် မှားလေသည်ဟု နောင်တတရားရသည်ဟူ၍ကား မရှိ။ တနေ့နေ့၌ ငါသည် ယခင်အဖြစ်မျိုးသို့ ပြန်ရောက်ရဦးမည်ဟု တထစ်ချယုံကြည်လျက်ရှိသည်။ ဤစာကိုရေးလျက်ရှိသော ယခုအချိန်၌လည်း ထိုနည်းအတူ ယုံကြည်လျက်ပင် ရှိပါသည်။

## လေးကောင်ဂျင်စမ်းကြည့်ခြင်း

တညနေ၌ ကျွန်ုပ်သည် ကိုသိန်းဖေ၊ ကိုခင်မောင်တင့်တို့နှင့်အတူ ဘောတံတားပေါ်၌ ခေါင်ရေသောက်ပြီးကြသောအခါ လွန်ခဲ့သည့် ဆယ်နှစ်ခန့် လောက်က လမ်းမတော် ကလပ်များ၌ အနီထောင် လောင်းကစား ခဲ့ကြဘူးခြင်းကို သတိရ၍ ကိုခင်မောင်တင့်အား မေးကြည့်ရာ ဤခေတ်တွင် အနီထောင်မရှိတော့၊ လေးကောင်ဂျင်သာရှိကြောင်းပြော၏။ ကျွန်ုပ်သတိရလာ သည်မှာ ငါသည် ပိုကာ၌ ကံကောင်းလျှင် အခြားသောလောင်းကစားနည်းများ၌လည်း ကံကောင်းရမည် ဟုတွေးမိ၏။ သို့ဖြစ်၍ ပိုက်ဆံစုကြရာ ကိုသိန်းဖေထံမှ ငွေ၁ဝိ၊ ကိုခင်မောင်တင့်ထံမှ ၁၂ ပဲ၊ ကျွန်ုပ်၏အိတ်ထဲမှ ငွေ ၂ကျပ်၊ ၈ပဲ ရရှိလေ သည်။ ၎င်းတို့ထံမှ ရှိသမျှကိုတောင်းယူပြီး ကျွန်ုပ်တို့သည် လမ်းမတော်ကလပ် များသို့ သွားကြလေ၏။ ကလပ်တခုသို့ တက်ကြသောအခါ လေးကောင်ဂျင် ကစားနည်းမှာ အနီထောင်နှင့် အတူတူပင်ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရ၍ ကစားပါတော့သည်။ ပထမ၌ သုံးလေးကြိမ် ဆက်၍ကိုက်သဖြင့် ငွေ ၂ဝိခန့် နိုင်သည်တွင် ကိုသိန်းဖေက သုံးလောက်ပြီဆိုကာ တော်ချင်၏။ သို့သော်

ကိုခင်မောင်တင့်က "ဒီလောက်ကလေး ဘာလုပ်ဖို့လဲဗျ"ဟု ဆို၏။ ကျွန်ုပ်ကလည်း ကစားချင်သေးသည်နှင့် ဆက်၍ထိုး၏။ နောက်ဆုံး၌ အနိုင်ရော အရင်းပါ ပြောင်ပါလေတော့သည်။

တရုတ်ကလပ်များ၏ထုံးစံမှာ ရှုံးသောသူများအား ငွေ၁၀ဝိလျှင် ၁ဝိ (ပြန်စရိတ်ဆို၍) ပြန်ပေး၏။ သို့ဖြစ်၍ ကျွန်ုပ်က ငွေ ၁၂ကျပ် ရှုံးကြောင်းပြော၍ စရိတ်တောင်းရာ တရုတ်က "မစိဘူး"ဆိုကာ ၈ ပဲသာပေး၏။ (တဆယ်ရာခိုင်နှုန်း ပြန်ပေးသည်ဆိုသော်လည်း) ငွေရင်းများများနှင့် ထင်ထင်ရှားရှား လောင်းကစားသည့် 'လက်ကြီး'ကစားသမားများအတွက်ဖြစ်ရာ ငါးကျပ်တဆယ်လောက် ကစားသူများအားမူ အမှတ်အသားမရှိ၍ "မစိဘူး"ဟုဆိုကာ ၈ပဲမျှသာ ပေးလိုက်ခြင်းဖြစ်လေသည်။

## ကြွေတလက် ကြက်တခုန်

ကျွန်ုပ်သည် တရုတ်ပေးသော ပိုက်ဆံ ၈ပဲကိုယူ၍ 'ဝက်'ပေါ်၌ 'အော'ထိုးလိုက်ရာ 'ဝက်'ပင်ဖွင့်သည်နှင့် ၁ကျပ် ၈ပဲ (အကောက်နုတ် ၁ကျပ် ၆ပဲ၂ပြား) အလျော်ရ၍ စုစုပေါင်း ၁ကျပ် ၁၄ပဲ ၂ပြားဖြစ်လာ၏။ ဒုတိယအကြိမ် ဝက်ပေါ်၌ ၁ကျပ် ၉ပဲ ၂ပြား ထိုးပြန်ရာ ဝက်ပင်ထွက်၍ ၄ကျပ် ၈ပဲ အလျော်ရသဖြင့် ၆ကျပ် ၁ပဲ ၂ပြား ဖြစ်လာ၏။ (အောထိုး၍တိုက်လျှင် သုံးဆလျော်လေရာ အကောက်မှာ ၁ကျပ်လျှင်တပဲယူလေသည်။) ထိုအခါ၌ ကျွန်ုပ်၏လက်ထဲတွင် ချန်ထားသောပိုက်ဆံ ၅ပဲနှင့်ပေါင်းလိုက်သော် စုစုပေါင်း ၆ကျပ် ၆ပဲ ၂ပြား ဖြစ်လာခဲ့လေပြီ။ တတိယအကြိမ်လည်း 'ဝက်'ဇယားပေါ်၌ပင် ၆ကျပ်ထိုး၍ အကောက်အတွက် ၆ပဲတင်လိုက်ရာ လက်ထဲတွင် ပိုက်ဆံ ၂ပြားသာ ကျန်တော့သည်။

ပျော်နည်းအမျိုးမျိုးအနက် လောင်းကစားခြင်းတခု မတတ်သေးသော ကိုသိန်းဖေမှာ တရုတ်က 'ဂျင်'ကို ဖုံးထားသည့်ခွက်ကို ဖွင့်သောအခါတွင် ရင်ခုန်လှသည်နှင့် မကြည့်ဝံ့ပဲ မျက်နှာလွှဲ၍ ထားရသည်ဆို၏။ သူပြော၍သာ သိရသည်။ ကျွန်ုပ်တို့ကား သူ့ကိုမကြည့်အားပဲ ဂျင်ခွက်ကိုသာ ပြူး၍ကြည့်နေမိကြသည်။ "လက်ရုပ်ဖွင့်တော့မယ်"ဟုဆိုကာ တရုတ်က ဖွင့်လိုက်ရာ 'ဝက်'ပင် ထွက်လာ၍ လျော်ငွေ ၁၈ ကျပ်ရလာ၏။

အခြားသော ကစားသမားများလည်း တရုတ်ကပြန်ပေးသော ပိုက်ဆံ စပဲမှ ဖြစ်လာသည့် ငွေ ၂၄ကျပ် ဖဲပဲဟုသိကြ၍ စိတ်ဝင်စားစွာနှင့် ကြည့်နေကြ၏။ ဤတွင်တရုတ်က မိမိပေးဘူးသော ပိုက်ဆံ စပဲကိုလျော်ကြေးထဲမှ နှုတ်ယူလိုက်လေသည်။ နှုတ်ယူခြင်းကား မတရားသည်မဟုတ်၊ တရားသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် တရုတ်၏ရည်ရွယ်ချက်မှာ ပိုက်ဆံစပဲကို လိုချင်လှသော ကြောင့်မဟုတ်၊ ကစားသမားများ၏ထုံးစံအတိုင်း 'နံ့နှိမ်'လိုက်ခြင်းဖြစ်သည်ဆို၏။

သုံးကြိမ်တိုင်တိုင် 'အော'တိုက်၍ ငွေ ၂၄ကျပ်ကျော် ဖြစ်လာသည်တွင် ကျွန်ုပ်သည် သူတို့ကိုလှည့်၍ တိုင်ပင်ရ၏။ မကစားဘူးသည့် ကိုသိန်းဖေကက "သုံးလောက်ပါပြီဗျာ၊ တော်ရောပေါ့"ဟုပြောရာ ကစားသွေးကြီးသော ကိုခင်မောင် တင့်ကမူ "ထိုးသာထိုးပါဗျာ၊ ဒီလောက်နဲ့ဘာလုပ်ဖို့လဲ"ဟု ပြော၏။ ပြောမည့်သာ ပြောသည်။ ကိုခင်မောင်တင့်မှာ ထိုအချိန်၌ စီးပွားရေးနိမ့်ကျ၍ ပိုက်ဆံ ၁၂ပဲသာ ယူနိုင်ခဲ့သူ ဖြစ်လေသည်။ ဤတွင်ကျွန်ုပ်သည် ရပ်တန့်စဉ်းစား၍ သူတို့ နှစ်ယောက်၏ အကြံပေးချက်နှစ်ခုတွင် အလယ်အလတ်ဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်၏။ လုပ်ပုံကား ငွေ ၂၄ကျပ်ရှိသည့် အနက် ငွေ ၁၀ကို အိတ်ထဲသို့ ထည့်လိုက်ပြီး ကျန်ငွေ ၁၄ကျပ်ကို 'ဝက်'ပေါ်၌ပင် 'အော'လိုက်ပြန်၏။ 'ဝက်'ပင် ဖွင့်၍ ငွေ ၄၂ ကျပ်အလျော်ရလေသည်။

ကိုသိန်းဖေက လက်ကုပ်၍ခေါ်ရာ မိုးထိအောင် လောဘကြီးသော ကိုခင်မောင်တင့်ကမူ "လုပ်ပါအုံးဗျာ"ဟု ဆက်၍တိုက်တွန်း၏။ ကျွန်ုပ်သည် ငွေ

၅ဖကျပ်အနက်မှ ၂ဝကို အိတ်ထဲသို့ တဖန်ထည့်ပြန်၍ ကျန်ငွေ ၃ဖကျပ်ကို 'ဝက်'ပေါ်၌ 'အောလိုက်ပြန်ရာ 'ဝက်'ပင်ထွက်၍ လျော်ငွေ (အကောက်နှုတ်ပြီး) ငွေ ၁ဝဝကျော် ရရှိလေသည်။ သို့ဖြစ်၍ အိတ်ထဲမှ ငွေ ၃ဝပါ စုစုပေါင်း ငွေ ၁ဖဝကျော် ဖြစ်လာလေပြီ။ 'ဝက်'ချည်းငါးကြိမ်တိုင်တိုင်ထွက်၍ ကျွန်ုပ်ချည်း ဆက်၍ဆက်၍ တိုက်သည့်အတွက်ကြောင့် 'ထိုးသား'များလည်း စိတ်ဝင်စားလွန်းသည်နှင့် ကျွတ်စီကျွတ်စီဖြစ်လာကြလေပြီ။ ထိုးသားများသည်တတိယနှင့် စတုတ္ထအကြိမ်များတွင် 'ဝက်'ကိုထိုးကြသေးသော်လည်း ပဉ္စမအကြိမ်၌မူ အကြိမ်ပေါင်း များလွန်းပြီဆိုကာ 'ဝက်'ကိုမထိုးကြတော့ပဲ 'ဖား'၊ 'ကြက်'၊ ငါးရှဥ့်' စသော ဇယားများသို့ ကူးပြောင်းသွားကြလေပြီ။ သို့ဖြစ်၍ ပဉ္စမအကြိမ် 'ဝက်'ဖွင့်သောအခါ၌ ကျွန်ုပ်တယောက်တည်း 'တိုက်'သူရှိလေတော့သည် ကိုသိန်းဖေက လက်ကုပ်ခြင်းကြောင့် ကျွန်ုပ်မှာ ကျေနပ်နေပြီဖြစ်ရာ ကိုခင်မောင်တင့်မှုကား "လုပ်ပါဗျာ"ဟု တိုက်တွန်းတုန်းပင်ဖြစ်၏။ ကျွန်ုပ်က "တော်လောက်ပြီထင်တယ်" ဟု ပြောသော်လည်း ကိုခင်မောင်တင့် စိတ်ကျေနပ်စိမ့်သောငှာ ငွေ ၃ဝပေး၍ "ရော့ ခင်ဗျားထိုးချင်ရထိုးစမ်း"ဟုပြောလိုက်၏။ ကိုခင်မောင်တင့်သည် ငွေ၃ဝကိုယူ၍ စဉ်းစားနေပြီးနောက် "အနက်များလှပြီဗျ၊ အနီထွက်လိမ့်မယ်ထင်တယ်"ဟု ဆိုကာ 'ကြက်'နှင့် 'ငါးရှဥ့်' (အနီကြိုး) ထိုးလိုက်ရာ 'ဝက်'ပင် (ခြောက်ကြိမ်တိုင်တိုင်) ထွက်လာလေ၏။ ဤတကြိမ်၌မူ 'ဝက်'ထိုးသူမရှိသဖြင့် ဒိုင်က တဇယားလုံး သိမ်းကြုံးစားသွားလေသည်။ "ဘယ့်နှယ်လဲ ကိုခင်မောင်တင့်၊ ကျေနပ်ပြီလား"ဟု ကျွန်ုပ်ကမေးရာ "ကျေနပ်ပါပြီဗျာ"ဟု စိတ်ပျက်စွာနှင့် ပြန်ပြောရှာလေသည်။ ကျွန်ုပ်သည်နောက် တကြိမ်ဖွင့်ခြင်းကိုပင် စောင့်ကြည့်ရန် အလိုမရှိတော့ပဲ သူတို့ကိုခေါ်၍ အောက်သို့ ဆင်းလာခဲ့ရာ ကလပ်'ဂျပိုး'သုံးလေးယောက် တွယ်ကပ်လိုက်လာကြ၏။ ကျွန်ုပ်တို့ အနက်တွင် အပျော်ဆုံးလူမှာ ကိုသိန်းဖေ ဖြစ်လေသည်။ ကိုသိန်းဖေသည်ပျော်ပါးမှု၌ လောဘကြီးသော်လည်း လောင်းကစား

ခြင်းအလုပ်၌ ဝါနုသူတယောက် ဖြစ်သည့်အလျောက် ဤမျှလောက် နိုင်ခြင်းအတွက် အလွန်ကျေနပ်၍ ပြန်ရှုံးမည်ကို စိုးရိမ်လျက်ရှိလေသည်။

## တဖုံနွဲ၍ တလဲပျော်

ထိုခေတ်၌ တရုတ်တန်းဘက်တွင် ခေါက်ဆွဲဆိုင်များ၌ အချိန်မရွေးအရက်ရနိုင်လေရာ ကျွန်ုပ်တို့သည် အကြော်ဆိုင်တဆိုင်သို့ဝင်၍ စားသောက်ရန်ပြင်ဆင်ကြ၏။ ကျွန်ုပ်ကထုံးစံအတိုင်း (အလွန်အမင်းမမူးစေနိုင်သော) ဘီယာမျှသာသောက်ချင်ပေရာ သူတို့နှစ်ယောက်က ဝီစကီသောက်ချင်သည် ဆိုသောကြောင့် (သုံးပြားများရာ'ဟူသော သုံးပုံဖဲ စကားအတိုင်း) ဝီစကီပုလင်းနှင့် ဆိုဒါများ မှာယူရ၏။ ညစာအတွက် ဘောတံတားပေါ်၌ ကြက်ခြေထောက်ရိုးမျှလောက်သာ ကိုက်ခဲ့ရသည်ဖြစ်၍ အကောင်းဆုံးသော စားစရာများကို ဖောဖောသီသီမှာယူကြ၏။ ဗိုက်တင်းအောင် စားသောက်ပြီးကြသောအခါ ကိုသိန်းဖေက ပီမိုးနင်းနှင့် ပျော်နည်းမျိုးပျော်ကြဖို့ အကြံပေးရာ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်ကကန့်ကွက်ကြ၏။ ဤတွင်ကိုသိန်းဖေသည် ကိုခင်မောင်တင့်နှင့် တီးတိုးတိုင်ပင်လေရာ ကိုခင်မောင်တင့်က ဦးခေါင်းကိုညိတ်၏။ ကျွန်ုပ်သည် သူတို့၏အကြံကိုသိ၍ "အလုပ်ကြနဲ့လေ၊ အသက်ရှည်ရှည်မနေချင်ကြဘူးလား"ဟု ပြောရာ ကိုသိန်းဖေက "သုံးပြားများရာဆို၊ ကျွန်ုပ်တို့ကနှစ်ယောက်ဗျ"ဟုပြောသည်နှင့် ကျွန်ုပ်က ဒီလိုဆို လိုက်တော့ လိုက်ရမှာပေါ့ဗျာ၊ သို့သော် ကျုပ်ကိုတော့ မတိုက်တွန်းကြနဲ့ဗျာတို့" ဟုပြောကာ လိုက်ပါလာရလေ၏။

ကိုခင်မောင်တင့်သည် ကျွန်ုပ်တို့အား တရုတ်တန်းမှ ကုလားတန်းသို့ခေါ်သွား၍ သုံးထပ်တိုက်တတိုက်သို့ ရောက်ကြသောအခါ လှေကားမှ တထပ်ပြီးတထပ် တက်ကြရ၏။ တတိယအထပ်သို့ ရောက်သော်လည်း မဝင်သေးပဲ ဆက်လက်၍ တက်ကြရသေးရာ အမိုးပေါ်တွင် နောက်ပိုင်းခပ်ကျကျ ဆောက်လုပ်

ထားသည့် အဆောင်ကလေးတဆောင်ကို တွေ့ရ၏။ တိုက်ရှေ့မြေပြင် မှ မော့်ကြည့်သော် ထိုအဆောင်ကလေးကို မမြင်ရချေ။ အဆောင်ကလေးထဲတွင် အခန်းများဖွဲ့ထား၍ အဆောင်ရှေ့ရှိ ခုံရှည်များပေါ်တွင် ကုလားမ လေးငါးယောက် ထိုင်လျက်ရှိခြင်းကို လရောင်တွင်မြင်ရ၏။ (နေ့ရက်ကိုမမှတ်မိသော်လည်း နွေ ရာသီဖြစ်၍ လသာသောရက်ပိုင်းဖြစ်ခြင်းကိုကား ကျွန်ုပ်မှတ်မိသည်။) လရောင် တွင် ကျွန်ုပ်မြင်ရသလောက်မှာ ကုလားမများသည် အသားမဲများမဟုတ်။ အတော် ဖြူဖွေးသည့် ဘင်္ဂါလီကုလားမများ ဖြစ်ဟန်တူသည်။ ကျွန်ုပ်တို့သုံးယောက် သည် ခုံရှည်တခု၌ ထိုင်ကြရာ အစေခံနှင့်တူသော ကုလားမတယောက်က နို့အေးလား လမနစ်လောဟု မေး၍ ကိုခင်မောင်တင့်က နို့အေး၊ ကိုသိန်းဖေက ဆိုဒါဟု ပြော၏။ ကျွန်ုပ်ကမူ ဤသောက်စရာများသည် 'စရုံပေးခြင်း'ဖြစ်သည် ထင်သော ကြောင့် ဘာမျှမသောက်ချင်ဟု ပြောလိုက်၏။ ဆိုဒါရောက်လာသောအခါ ကိုသိန်းဖေသည် ခါးထဲ၌ ထိုးထည့်လာခဲ့သော ဝီစကီပုလင်းကျန်ကိုငှဲ့၍ သောက်လေ၏။ သူတို့သည် ကုလားမတယောက်စီနှင့် စကားလက်ဆုံငင်လျက်ရှိ စဉ် (ကိုသိန်းဖေလည်း ဟိန္ဒူစတန်နီအနည်းငယ်ပြောတတ်သည်။) ကျွန်ုပ်သည် သူတို့၏ရွှင်ပျခြင်းကိုကြည့်၍ ကျေနပ်လှပါ၏။ သို့သော်အားမကျချေ။ ဤ အတောအတွင်း ကိုခင်မောင်တင့်က ကုလားမတယောက်ကို ကျွန်ုပ်အနီး သို့လွှတ်လိုက်ရာ ကျွန်ုပ်သည် ရဟန္တာမဟုတ်သော်လည်း လူပျိုကလေးဘဝ၌ တကြိမ်နှစ်ကြိမ်မှားဘူးကတည်းက ရွံ့ကြောက်သွားပြီး လူပျိုကိုလန့်သော အပျိုစင် ကလေးကဲ့သို့ ရှိနေပါတော့သည်။

သို့ဖြစ်၍ ကုလားမက မြူသော်လည်း ကျွန်ုပ်သည် တိုက်ရှေ့ပိုင်းသို့သွား၍ လမ်းပေါ်သို့ မျှော်ကြည့်နေရာ ကုလားမများက ရယ်ကြလေသည်။ 'လံဘား'ဟု တချက်တချက် ပြောကြခြင်းကိုကြားရသည်။

## ဝေပုံကျခွဲယူခြင်း

တိုက်ပေါ်မှ ဆင်းလာကြသောအခါ ကျွန်ုပ်တို့သည် ဖာလူဒါဆိုင်တဆိုင်သို့ ဝင်ကြ၍ သူတို့က နို့အေး၊ ကျွန်ုပ်က လမနစ်သောက်ယင်း ကျွန်ုပ်၏အိတ်ထဲမှ ငွေကို ရေတွက်ကြည့်ရာ ငွေ၁၀ဝိကျော် ရှိနေခြင်းကိုတွေ့ရ၏။

နုပ်။ ။"ကိုင်းဆရာတို့၊ ဒီငွေကို ဘယ်လိုလုပ်ကြမလဲ"

တင့်။ ။"ကလပ်သွားပြီး ထပ်ကစားဗျာ"

နုပ်။ ။"ဘယ့်နှယ်လဲဗျို့ ကိုသိန်းဖေ"

ဖေ။ ။"ခင်ဗျားတို့သဘောပါပဲ၊ သုံးပြားများရာ ဆိုလျှင်လဲ လုပ်ပေါ့"

နုပ်။ ။"သုံးပြားများရာဆိုလျှင် ကျုပ်က မကစားချင်တဲ့ ဘက်ကဗျ"

တင့်။ ။"ဒါဖြင့် ဘာလုပ်ကြမလဲ"

နုပ်။ ။"လောင်းကစားတဲ့အလုပ်မှာ ကျုပ်တွေ့ထားတဲ့ စံနစ်ကောင်း တခုကတော့ နိုင်ပြီးသားငွေကို ပြန်မရှုံးစေချင်ဘူး"

တင့်။ ။"ဧကန္တရှုံးလိမ့်မယ်လို့ ခင်ဗျားပြောနိုင်သလား"

နုပ်။ ။"ဧကန္တရယ်လို့တော့ မဟုတ်ဘူးပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့် ကိုယ်တွေ့ကတော့ ပြန်ကစားလျှင် ရှုံးတာကများတယ်၊ ခင်ဗျားလဲ ကိုယ်တွေ့ပဲ မဟုတ်လား ကိုခင်မောင်တင့်"

ကိုခင်မောင်တင့်သည် ဝန်မခံချင်ပဲ ငြိမ်လျက်ရှိ၏။

နုပ်။ ။"နောက်ကိုလဲ ရက်တွေရှိသေးတာပဲဗျာ၊ ကိုသိန်းဖေလဲ မပြန်သေးပါဘူး၊ ဒီတော့ ဒီငွေကိုခွဲဝေယူလိုက်ကြစို့လား"

ဖေ။ ။"ခင်ဗျား သိမ်းထားပါလားဗျာ"

ကိုခင်မောင်တင့်မှာ ထိုအချိန်တွင် ပါးရှားသော အခြေအနေရှိ၍ ပိုက်ဆံ ၁၂ ပဲမျှသာ ယူလာနိုင်ခဲ့ခြင်းကို ကျွန်ုပ်သတိရ၏။ သို့ဖြစ်၍–

နုပ်။ ။"သိမ်းမထားပါရစေနဲ့တော့ဗျာ၊ ခွဲဝေယူလိုက်ကြပါစို့ ကိုသိန်းဖေက ငွေရင်း အများဆုံးထည့်တဲ့လူ ဖြစ်လေတော့ အများဆုံးယူပေါ့၊ ဒီတော့ ကိုခင်မောင်တင့် ၂၄ကျပ်၊ ကျုပ် ၂၅ကျပ်၊ ခင်ဗျားက ၅၀ကျပ်ယူပေါ့"

ဖေ။ ။"ဟာ မလုပ်နဲ့လေ၊ ခင်ဗျား ထိုးပေးလိုက်လို့ နိုင်တာပဲ၊ ခင်ဗျားက ပိုယူမှပေါ့"

နောက်ဆုံး၌ ကျွန်ုပ်တို့သည် ငွေ ၁၀၂ကျပ်ကို အညီအမျှခွဲ၍ ၃၄ကျပ်စီ ဝေယူလိုက်ကြလေ၏။

## စားလောက်ရုံအကျိုးပေးသော ဇာတာ

ထိုစဉ်အခါက ကိုသိန်းဖေမှာ ရန်ကုန်သို့ ပျော်ရအောင် တမင်တကာ ဆင်းလာသူ ဖြစ်သည်တကြောင်း၊ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်မှာ ပိန်ကြုံသော အလုည့်အပတ်သို့ ဆိုက်ရောက်နေကြသူများ ဖြစ်သည်တကြောင်းကြောင့် သူက ညှော်သည်ပင်ဖြစ်ပါလျက် အတူထွက်၍ လည်ကြရာတွင် အများဆုံး ငွေကုန်ခံ ပေးခြင်းအတွက်ကျွန်ုပ်တို့ နှစ်ယောက်မှာ 'ရှက်အားနာ'ကြီးဖြစ်ကြရ သည်။ ကိုသိန်းဖေကမူ ဘောတံတားသို့ ခေါင်ရေသောက်ဖို့မခေါ်၊ အနည်းဆုံး ဘီယာတိုက်၍ အနည်းဆုံး ဘီယာတိုက်၍ တရုတ်ဆိုင်၌ ကျွေးပါပေသည်။ တခါတရံတွင် တရုတ်ကလပ်သို့ တက်ကြ၍ ကိုသိန်းဖေ၏ ငွေရင်းဖြင့် လေးကောင်ဂျင် ကစားကြရာတွင် ကျွန်ုပ်သာလျှင် သဘာပတိလည်း လုပ်ရ၏။ အခါပေးပုဏ္ဏားလည်းလုပ်ရ၏။ ကျွန်ုပ်ကတန်ကြစို့ဟုဆိုလျှင် ကိုခင်မောင်တင့် လည်းမကန့်ကွက်ဝံ့တော့ချေ။ ကျွန်ုပ်မှာလောင်းကစားအလုပ်တွင် ကိုခင်မောင် တင့်ကဲ့သို့ လောဘမကြီးပဲ သုံးလောက်ရုံရလျှင်တန်တတ်သည် ဖြစ်သောကြောင့် အများအားဖြင့်နိုင်သည်က များလေသည်။ တနေ့သ၌ ကျွန်ုပ်သည် သူတို့ နှစ်ယောက်နှင့်အတူ ကလပ်တက်၍ လေးကောင်ဂျင်ထိုးရာ ငွေ ၅၀ခန့် နိုင်ပြီးမှ

ပြန်၍ရှုံးသဖြင့် ငွေ၂ဝိမျှသာ အမြတ်ကျန်တော့၏။ သူတို့နှစ်ယောက်လုံးက ဆက်၍ကစားဖို့ တိုက်တွန်းကြသော်လည်း ကျွန်ုပ်က တန်လိုက်လေပြီ။ ဤတွင် ဒိုင်လုပ်သော တရုတ်က "ခင်ဗျားက ဖဝဝိစား ထင်တယ်"ဟု ပြော၏။

"ဘာကြောင့်လဲကွ"

"တနေ့ ၂ဝိ ဆိုတော့ တလဖဝဝိပေါ့"

တရုတ်များသည် အလွန်မျက်စိရှင်လှသည်။ ကျွန်ုပ်၏အနိုင်အရှုံးကိုပင် သိလောက်အောင် ဂရုစိုက်တတ်ကြလေသည်။ ဤစကားကို ဆိုခြင်းမှာ ကျွန်ုပ်အား မခံချင်အောင်ပြော၍ စိတ်ထွက်လာပြီး တဖန်ပြန်ကစားအောင်ပြောခြင်းဖြစ်လေသည်။ သို့ရာတွင် ကျွန်ုပ်ကတဖန် မကစားတော့သည်ပြင် "ဟုတ်တယ်လေကွာ၊ ဘာဖြစ်သလဲ နိုင်အောင်ကစားတာပဲ၊ ရှုံးအောင် ကစားတာ မဟုတ်ဘူး"ဟု ပြန်ပြောကာ ဆင်းလာခဲ့ကြလေသည်။ တရုတ်များသည် ကိုခင်မောင်တင့်ကဲ့သို့ မကုန်မချင်း ကစားသော ကစားသမားမျိုးကိုသာ လိုချင်သည်။ ကျွန်ုပ်ကဲ့သို့ အတိုင်းအရှည် နားလည်သောလူကို အလိုမရှိကြချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ၎င်းကလပ်သို့ ဘယ်တော့မှ မသွားတော့ပဲ အခြားကလပ်များသို့သာ သွားတော့သည်။ ဤကဲ့သို့ပါးနပ်စွာ လောင်းကစားခြင်းအားဖြင့် ကျွန်ုပ်သည် ကိုသိန်းဖေ ရှိနေခိုက်တွင်သာမက သူပြန်သွားသည့် နောက်တွင်လည်း "အိမ်စရိတ်"ကာမိအောင် တရုတ်ကလပ်များမှ ရရှိပါသည်။ ကျွန်ုပ်သည် စီးပွားရေးအတွက် မဟုတ်၊ (အလုပ်ရှားပါးနေခိုက်တွင်) ဝမ်းရေးအတွက် လောင်းကစားရခြင်းဖြစ်ရာ ဤစိတ်အတိုင်းသာ ထားနိုင်သမျှကာလပတ်လုံး နိုင်ခဲ့သည်သာများ၏။ တခါတရံလောဘထွက်ပြီး 'သူဌေးဖြစ်ခွေးဖြစ်' လောင်းကစားမိရာတွင် မူကားရှုံးသည်ချည်းကြုံရ၏။ ကျွန်ုပ်၏ဇာတာကား တော်တော်ဆန်း၏။ အလွန်အကျွံစီးပွားမဖြစ်နိုင်၊ စားလောက် သောက်လောက်ရုံမျှ ရည်ရွယ်ပါမူကား ခပ်ချောင်ချောင်နှင့် ရတတ်ပါသည်။ နောက်ဆုံး၌ လက္ခဏာ ဆရာ၊ နက္ခတ်ဆရာများက (ပိုက်ဆံမယူပဲ) အလကား ဟောတတ်ကြပေရာ

၎င်းတို့ကလည်း ဤအတိုင်းပင် ဟောတတ်ကြ၍ ကျွန်ုပ်ကလည်း ဟုတ်မှန်ကြောင်း ထောက်ခံလိုက်ရပေသည်။ ဂျပန်တခေတ်လုံးတွင်လည်း ဤအတိုင်းပင်ကြုံရ၍ သက်ဆိုင်သော နေရာတွင်ဖော်ပြပါဦးမည်။

## ခေါင်းကြီးရေးဖို့ ကြောက်ခြင်း

ကိုသိန်းဖေ ပြန်သွားပြီးသည့်နောက် ၁၉၃၆ ခုနှစ်၊ ဇူလိုင်လတွင် သူရိယတိုက်အုပ် ဦးဘကလေးသည် ကျွန်ုပ်နှင့်တွေ့လိုကြောင်း စာရေးခေါ်သဖြင့် တိုက်သို့ရောက်သွား၏။ ဦးဘကလေးက 'ခေါင်းကြီး'ရေးရသည့် တာဝန်ခံ အယ်ဒီတာ လုပ်လိုပါသလောဟု မေးရာ ကျွန်ုပ်မှာ မဂ္ဂဇင်းခေါင်းကြီး နှစ်ပုဒ်သုံးပုဒ်မျှလောက်ကိုသာ တလတကြိမ်ရေးခဲ့ဘူးသည်ဖြစ်၍ နေ့စဉ်ခေါင်းကြီး တပုဒ်ရေးဖို့တာဝန်ကို ကြောက်လှ၏။ သူရိယမဂ္ဂဇင်းအယ်ဒီတာ လုပ်ခဲ့စဉ်ကလည်း ကိုကျော် (ပီမိုးနင်း)နှင့် ကိုဘသန်းတို့နေ့စဉ် တပုဒ်ရေးနိုင်ကြခြင်းကို အံ့သြချီးကျူးခဲ့မိဘူး၏။ "မည်သည့်အကြောင်းကိုရေးပါဟု ခေါင်းစဉ်လေးမျှပြောလျှင်ရေးတတ်ပါသည်"ဟု ကျွန်ုပ်ကပြောရာ ဦးဘကလေးက "ဤသို့မပြောနိုင်၊ ကိုယ်ရေးချင်ရာ ရေးနိုင်သည်"ဟု ပြန်ပြော၏။ ကျွန်ုပ်လည်း ခပ်လန့်လန့်နှင့်ပင် "စမ်းကြည့်ပါဦးမည်"ဟု ပြော၍ ပြန်လာခဲ့သည်။ ပြောမည့်သာ ပြောခဲ့သည်။ ဖြစ်မှဖြစ်ပါမည်လောဟု ပူပန်လျက်ရှိ၏။ အကြောင်းအရာ တခုခုကို ရေးလိုက်စမ်းပါဟုခိုင်းလျှင် ကိုယ့်ဗဟုသုတကို ကိုယ်ယုံကြည်သဖြင့် အင်္ဂလိပ်လိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ၊ အတော်အတန်လူကို မကြောက်ပါ။ လူချီးမွမ်းခံရသည့် အသနားခံလွှာများလည်း ရေးခဲ့ဘူးပါသည်။ သို့ရာတွင်မည်သည့်အကြောင်းကို ရေးထိုက်ပါသနည်းဟု ဆုံးဖြတ်ရန်မှာ အလေ့အကျင့်မရှိသော ကျွန်ုပ်အဖို့ရာ၌ အလန့်ကြီး လန့်လျက်ရှိ၏။ "အကျင့်ရှိလာတော့ ရေးနိုင်ပါလိမ့်မယ်ဗျာ"ဟု ဦးဘကလေးက အားပေးခြင်းကို ယုံကြည်ပါ၏။ သို့ရာတွင် ထိုကဲ့သို့

အကျင့်မရမီ ရေးရမည့် အရေးကိုပူလှသည်။ နောက်တနေ့၌ 'ခေါင်းကြီး'တပုဒ် ရေးတင်လိုက်ရာ "ကောင်းသားပဲဗျ"ဟု ဦးဘကလေးက ပြောပါ၏။ သို့သော် ထိုခေါင်းကြီးကို မရေးမီ လေးငါးပုဒ်မျှ ရွေးယင်းပယ်ယင်း လုပ်ပြီးကာမှ ရေးတင်လိုက်ခြင်း ဖြစ်ပါသည်။

## ဦးစောနှင့်တွေ့ရပုံ

ကျွန်ုပ်၏ခေါင်းကြီးများအကြောင်းနှင့် ပတ်သက်၍ ဂဠုန်ဦးစောက ကျွန်ုပ်အား ပြောဘူးခြင်းကို သတိရပါသေးသည်။ ဦးစောမှာ သူရိယတိုက် အစုရှင်များ အနက်တွင် အစုအများဆုံး လက်ကိုင်ရှိသူ တယောက်ဖြစ်၍ (အယ်ဒီတာချုပ် မဖြစ်လာမီကတည်းကပင်) သူရိယပေါ်လစီနှင့် အုပ်ချုပ်ရေးတွင် အတော်စွက်ဖက် နိုင်ဟန်ရှိ၏။ ဦးစောဝင်လာပြီးသည့်နောက် တနေ့သ၌ ကျွန်ုပ်အား သူ၏အခန်း သို့ခေါ်၍ လက်ဖက်ရည်ဖြင့် ညှဉ့်ခံယင်း "ခင်ဗျားရောက် လာကတည်းက ခင်ဗျားခေါင်းကြီးတွေကို ကျွန်တော်ဂရုစိုက်ပြီး ဖတ်ပါတယ်၊ ခင်ဗျားရေးတဲ့ ပထမခေါင်းကြီးအကြောင်းကို ဦးဘကလေးကမေးလို့ ကျွန်တော်က ဒီလူကို လက်မလွှတ်ပါစေနဲ့၊ ရအောင်ယူပါလို့ ပြောလိုက်ရပါသေးတယ်"ဟု ပြောပေ သည်။

အမှန်ကိုပြောရလျှင် သူရိယတိုက်သို့ ကျွန်ုပ်ပြန်ဝင်လာပြီးသည့်နောက် တနှစ်ကျော်ခန့် ကြာသောအခါတွင် ဦးစော ဝင်လာခြင်းဖြစ်ရာ သူကအယ်ဒီတာ ချုပ်၊ ကျွန်ုပ်ကတာဝန်ခံ အယ်ဒီတာအဖြစ်နှင့် လုပ်ကြရာတွင် သတင်းစာ အကြောင်းကို ဘာမှနားမလည်သော နိုင်ငံရေးသမားတယောက်က သတင်းစာ တိုက်တွင် ကျွန်ုပ်အထက်မှ ဩဇာပေးနိုင်ခြင်းကို ကျွန်ုပ်ခံပြင်းလှသော ကြောင့် နှုတ်ထွက်ရန် အတန်တန်စိတ်ကူးခဲ့၏။ နှုတ်ထွက်လျှင် မည်သို့လုပ်ကိုင် စားသောက်မည်ကိုပင် ကြံစည် စိတ်ကူးလျက်ရှိပါပြီ။ ထိုသို့သော အခြေအနေတွင်

ဦးစောသည် ကျွန်ုပ်အားလက်ဖက်ရည်တိုက်ပြီး အထက်ပါစကားကိုပြောလိုက်ခြင်း ဖြစ်လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သူရိယတိုက်မှ နုတ်ထွက်ဖို့ စိတ်မကူးတော့ပဲ လခတိုးပေးဖို့ တောင်းရန်သာကြံစည်ပါတော့သည်။ သတင်းစာ အကြောင်းကို မသိသော်လည်း ဆက်ဆံရေးကို ကောင်းကောင်းနား လည်သော နိုင်ငံရေးသမားတယောက်ဖြစ်သည်ဟု မြင်လာပါသည်။

## သာသနာပြုဆရာကြီးနှင့်တွေ့ရပုံ

တနေ့သ၌ 'စာတော်ပြန်'လုပ်ခဲ့စဉ်က ကြီးကြပ်လုပ်ကိုင်ခဲ့၍ ကပ်သပ်သော အမေရိကန်လူမျိုးဟု ကျွန်ုပ်မှတ်ချက်ချခဲ့ရဘူးသည့် သာသနာပြုဆရာကြီးသည် သူရိယတိုက်သို့ ကျွန်ုပ် ရောက်နေခြင်းကို ဘယ်ဆီကကြားခဲ့သည်မသိ၊ ကျွန်ုပ်၏ အလုပ်ခန်းသို့ဝင်လာ၍ နှုတ်ဆက်လေသည်။ ကျွန်ုပ်မှာ တာဝန်ခံ အယ်ဒီတာဖြစ် သည့်အလျောက် ကျယ်ဝန်းသော အခန်းကြီးထဲတွင် ရောမစားပွဲကြီး၌ ထိုင်ကာ လေယပ် တစူးစူးနှင့် လက်ဖက်ရည်ကြမ်းသောက်လိုက်၊ ဆေးတံသောက်လိုက်၊ လန်ဒန် တိုင်းသတင်းစာကြီးနှင့် မဂ္ဂဇင်းများကိုဖတ်လိုက် လုပ်နေခြင်းကို သူမြင်၍ အတော်အထင်ကြီးသွားပုံရ၏။ သူ့လက်အောက်၌ 'စာတော်ပြန်'လုပ်ရစဉ်ကမူ ကျဉ်းမြောင်းသော အခန်းကလေးထဲတွင် လေယပ်မရှိပဲ ထိုင်လုပ်ခဲ့ရသည်ဖြစ်ရာ ကျွန်ုပ်သည် သူ့မျက်နှာ၌ 'တယ်ဟုတ်ပါလား'ဟူသော အမူအရာကို မြင်ရသည်နှင့် ကြွားချင်သောစိတ် ဝင်လာတော့သည်။ ဆရာကြီးသည် အလ္လာပသလ္လာပစကားပြော ယင်း ကျွန်ုပ်၏စားပွဲကြီးနှင့် အခန်းကျယ်ကြီးကိုလည်းကောင်း၊ အင်္ဂလိပ် သတင်းစာကြီးများနှင့် လက်ဖက်ရည်ကြမ်း ခတ်ဗူးကိုလည်းကောင်း ကြည့်လျက် ရှိစဉ် 'တယ်ဟုတ်ပါလား'ဟူသော မျက်နှာထားမှာ ပြောင်းလဲခြင်းမရှိပဲ တိုး၍သာဖြစ်ပေါ် လျက်ရှိခြင်းကို ကျွန်ုပ်ကလည်း "ခင်ဗျားတို့ အမေရိကန် သာသနာပြုဌာနကသာ ကျွန်တော့ကို အထင်သေးပြီး လခတိုးမပေးချင်ကြတာပါ၊

ကျွန်တော်ဟာခေတဲ့ လူတယောက်မဟုတ်ပါဘူး”ဟူသော အဓိပ္ပာယ်မျိုးနှင့် ရင်ခပ်ကော့ကော့လုပ်နေမိ၏။ နောက်ဆုံး၌ဆရာကြီးက “ခင်ဗျားဒီမှာ ဘာအလုပ်လဲ” ဟု မေးရာ ကျွန်ုပ်က “အယ်ဒီတာလေ၊ တာဝန်ခံအယ်ဒီတာပဲ”ဟု ပြန်ပြောစဉ် ကျွန်ုပ်၏ရင်ဘတ်သည် တိုး၍ကော့လာသည်ထင်၏။ ဆရာကြီး၏ ‘တယ်ဟုတ်ပါလား’ဟူသော မျက်နှာထားမှာ ပို၍ ထင်ရှားလာပြီး “ခင်ဗျားလခ ဘယ်လောက်ရသလဲ”ဟု ရုတ်တရက်ဆက်၍မေးလိုက်လေသည်။ ခက်ချေပြီ။ အင်္ဂလိပ်လူမျိုးများသည် လူတယောက်၏လခကို မေးရိုးထုံးစံမရှိဟု ကျွန်ုပ်နားလည်ခဲ့ရာ အမေရိကန်လူမျိုးများလည်း ထိုနည်းတူ ဖြစ်သည်ဟု ထင်မိ၏။ ထို့ကြောင့် ဤသို့မေးလိုက်ခြင်း အတွက် ကျွန်ုပ်အံ့အားသင့်ရုံသာမက အဖြေရလည်းခက်သည်နှင့် လေယပ်အောက်တွင် ချွေးကျမတတ်ဖြစ်နေခဲ့ရပါလေပြီ။

မလိမ်ပဲ မဖြစ်သောကိစ္စ အဖြေရခက်ခြင်းကား ဤသို့သော အကြောင်းကြောင့်ပေတည်း။ သူရိယတိုက်၌ ကျွန်ုပ်ပထမအကြိမ်အလုပ်လုပ်ခဲ့ရစဉ် တိုက်အုပ်များဖြစ်ကြသော ဦးလှဖေ၊ ဦးဘဖေတို့၏ လခနှင့် ကျွန်ုပ်တို့အယ်ဒီတာ များ၏ လခမှာ မတိမ်းမယိမ်းမျှသာ ကွာခြား၏။ အလွန်ဆုံးသူတို့က နှစ်ဆလောက်ရကြ၏။ ဒုတိယအကြိမ်ကျွန်ုပ်ပြန်ဝင်လာသောအခါ၌မူကား တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်၏လခသည် တိုက်အုပ်ဦးဘကလေးနှင့် အယ်ဒီတာချုပ်ဆိုသော ဦးစော၏လခများနှင့် ‘အရှု၍မကြားအောင်’ ကွာဝေးလှသည်။ ငါးပုံတပုံမျှပင် တင်းတင်းမပြည့်ချေ။ သူတို့ကလခ ၇၅ဝိစီ ယူကြသော်လည်း တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်မှာအကြိမ်ကြိမ် နားပူနိုင်ပါမှ ၁၃၅မျှသာ ရရှိပါသည်။ ကျွန်ုပ်မဝင်မီ တာဝန်ခံအယ်ဒီတာလုပ်သွားရှာသူမှာ လခ၁ဝဝိမျှပင် ပြည့်ကောင်းမှ ပြည့်ပေမည်။ သူရိယ၏ပေါ်လစီမှာ နိုင်ငံရေးသမားများသာ မျက်မျက်စားကြ၍ ခေါင်းကြီးရေးကောင်းလှပါသည်ဟု သူတို့ကိုယ်တိုင်က ဝန်ခံထားသည့် ကျွန်ုပ်နှင့်တကွ ညအယ်ဒီတာများ၊ သတင်းထောက်များ စသည်တို့မှာ အသက်မသေရုံကလေး လခပေးထားကြလေသည်။

(ဤနောက်ပိုင်းတွင် သူရိယကို အသက်သွင်းပြီး ပြန်ထုတ်ရန်ကြိုးစားကြသေးရာ ရှေးနည်းအတိုင်း နိုင်ငံရေးသမား 'စားကျက်'အဖြစ်နှင့် ဖန်တီးလိုကြပြန်တူသောကြောင့် မျက်စိပွင့်လာကြသော ဤခေတ်တွင် တော်သလို လျော်သလို လခကလေးနှင့် အယ်ဒီတာကောင်းရနိုင်သည့် လက္ခဏာမရှိသဖြင့် မအောင်မြင်ပဲ ပိတ်ထားလိုက်ရလေသည်။) အမေရိကန်သာသနာပြုဆရာကြီးက တာဝန်ခံအယ်ဒီတာဆိုသော ကျွန်ုပ်၏လခကို မေးသောအခါ သူတို့၏လခ ၁၅ဝိစားအလုပ်ကိုစွန့်ပစ်ပြီး ထွက်လာခဲ့ခြင်း ဖြစ်သည်တကြောင်း ကျယ်ဝန်းလှသောအခန်းကြီး၊ စားပွဲကြီးများဖြင့် တဆောင်တယောင် လုပ်ပေးထားသည်နှင့် သူကအထင်ကြီးလျက်ရှိသည် တကြောင်းကြောင့် ကျွန်ုပ်၏လခကို အမှန်အတိုင်းပြောဖို့ ခဲယဉ်းလျက်ရှိလေပြီ။ လခ၁၅ဝိနှင့် လုပ်နေခဲ့ရာမှ ၂၅ဝိတောင်းပြီး မရသဖြင့် ဟန်ကြီးပန်ကြီးနှင့် ထွက်လာခဲ့သော ကျွန်ုပ်ကဗမာပြည်တွင် ထိပ်သီးဆိုသော မြန်မာသတင်းစာတိုက်ကြီး၌ တာဝန်ခံအယ်ဒီတာဆိုသော အလုပ်ကိုလခကလေး ၁၃၅ မျှနှင့်လုပ်နေသည်ဆိုပါက သူရိယတိုက်ကိုလည်း အထင်သေးမည်။ သို့တည်းမဟုတ် ကျွန်ုပ်ကတာဝန်ခံအယ်ဒီတာဟု ပြောခြင်းကို လိမ်၍ပြောခြင်းဖြစ်သည်ဟု ယူဆမည်။ သို့ဖြစ်၍ ကျွန်ုပ်သည် လခနှင့် ပတ်သက်၍ အဘယ်အခါမှ ကြွားဝါပြောဘူးခြင်း မရှိပါပဲလျက် လခ၃ဝဝိရသည်ဟု ပြောလိုက်ရ၏။ သို့နှင့်ပင်ဆရာကြီးသည် အံ့သြသော မျက်နှာထားနှင့် "ဒါပဲလား" (Is That All?) ဟု မေးပါသေးသည်။ ကျွန်ုပ်ကလည်း "ယခုတော့ ဒါပဲရပါသေးသည်။ သို့သော် ၇၅ဝိ ထိအောင် တက်လမ်းရှိပါသည်"ဟု ပြောလိုက်ရသည်။ အမှန်မှာ ကျွန်ုပ်သည် တကယ်ရသော လခထက် နှစ်ဆသာသာကြီးကြွား၍ပြောလိုက်ခြင်းဖြစ်ရာ အမှန်အတိုင်းပြောလိုက်ရလျှင် "အရှုးတယောက်ပေပဲ"ဟု ဆိုကာ ဆင်းပြေးကောင်းပြေးပေလိမ့်မည်။

## လခတိုး၍တောင်းခြင်း

သာသနာပြုဆရာကြီးနှင့် တွေ့လိုက်ရပြီးသည်နောက် ကျွန်ုပ်သည် သူရိယတိုက်၏ လခပေးပုံကို မကျေမချမ်းဖြစ်သည်နှင့်လုပ်ဖော်ကိုင်ဘက် များအား စည်းရုံးကြည့်ပါသည်။ အချို့မှာ အလုပ်ပြုတ်မည်ကို ကြောက်ကြ၍ အချို့မှာ လည်း လခပို၍တောင်းဖို့သဘောတူကြ၏။ ဤအတောအတွင်း မြန်မာက ထုတ်သော အင်္ဂလိပ်သတင်းစာတစောင်က သူရိယသတင်းစာတိုက်၏ လုပ်သား လခပေးပုံနှင့် ပတ်သက်၍ ဝေဖန်ရေးသားလိုက်၏။ (ထိုသတင်းစာသည် ဦးစော ကဲ့သို့သော လူတယောက်က အယ်ဒီတာချုပ်ဖြစ်နေခြင်းကို မနာလိုသဖြင့် ရေးသားခြင်းဖြစ်သည်ဟု ကျွန်ုပ်နားလည်ပါ၏။) ၎င်း၏ဝေဖန်ချက်၌ သူရိယ သတင်းစာတိုက်တွင် အထက်တန်းစား လုပ်သားများသာ ကောင်းစား၍ အခြားလုပ်သားများမှာ ငတ်မသေရုံကလေးမျှသာ ရရှိကြကြောင်း၊ အယ်ဒီတာချုပ် ဆိုသူက ငယ်သားများရေးသည့်စာများတွင် 'ဒိုဘီမှတ်' (Dhoby Mark) ကလေးများထည့်ပေးရုံဖြင့် လခကြီးယူလျက်ရှိကြောင်း စသည်ဖြင့် ဝေဖန်ရေးသား လိုက်လေသည်။ (အမှန်မှာ ဦးစောသည် ကျွန်ုပ်ရေးသည့်ခေါင်းကြီးများတွင် 'ဒိုဘီမှတ်'မျှပင် ဖြည့်စွက်ရခြင်းကို မမှတ်မိပါ။) ဤတွင်ကျွန်ုပ်သည် အယ်ဒီတာချုပ်ဦးစောနှင့် တိုက်အုပ်ဦးဘကလေးမှတဆင့် သူရိယတိုက် ဒါရိုက်တာ အဖွဲ့သို့ လုပ်သားများ၏ လခနည်းလှခြင်းနှင့် ပတ်သက်၍ စာတစောင် ရေးတင် လိုက်ရာ ၎င်းစာ၌ အင်္ဂလိပ် သတင်းစာက ဝေဖန်ရေးသားသည့် 'ဒိုဘီမှတ်'ဟူသော စကားလုံးကိုလည်း အကိုးအကားအဖြစ်နှင့် ထည့်သွင်းဖော်ပြလိုက်၏။ အလုပ်ပြုတ်ရမည်ကို မကြောက်သူများသည် ကျွန်ုပ်၏စာတွင်လက်မှတ် ရေးထိုး ကြရာ ၎င်းတို့အနက်တွင် (ယခုအေပီသတင်းထောက်) ကိုဘသန်းနှင့် (မြဝတီ မဂ္ဂဇင်း အယ်ဒီတာချုပ်) ကိုသိန်းမောင်တို့လည်း ပါဝင်ကြသည်။ တိုက်အုပ်နှင့် အယ်ဒီတာချုပ်သည် ကျွန်ုပ်တို့၏စာကို ဒါရိုက်တာဘုတ်အဖွဲ့သို့ တင်ပြဟန်မရှိ။

သို့သော် ကျွန်ုပ်ခေါင်းဆောင်၍ (ထိုခေတ်က ထုံးစံအတိုင်း အင်္ဂလိပ်လို) ရေးသောစာ ဟူ၍ သိရှိကြသဖြင့် ကျွန်ုပ်ကျေနပ်အောင် တမျိုးတမည် စီမံကြသည်။

## ပျားရည်နှင့် ဝမ်းချခြင်း

သူရိယတိုက်၌ အယ်ဒီတာချုပ်လုပ်သူနှင့် တိုက်အုပ်လုပ်သူများသည် တာဝန်ခံအယ်ဒီတာ၊ သတင်းအယ်ဒီတာ စသည်ဖြင့် လုပ်သားများအား 'လူဘက်'မထင်ကြသော အစဉ်အလာကြီးတခုရှိ၏။ ထိုကဲ့သို့ သွေးကြီးစရာ အကြောင်းတခုမှာ ၎င်းတို့သည် အမတ်များဖြစ်ကြသောကြောင့်ဖြစ်၏။ သတင်းစာ ဘက်၌လည်းကောင်း၊ ဗဟုသုတဘက်၌လည်းကောင်း၊ ဉာဏ်ပညာ အရည်အချင်း ၌လည်းကောင်း သူတို့ကိုယ်သူတို့ပင် (ဦးလှဖေနှင့် ဦးဘဖေတို့ လက်ထက်မှ တပါး) ထင်ဝံ့ကြသည်မဟုတ်ချေ။ ၎င်းတို့သည် လက်အောက်လုပ် သားများနှင့် ဖက်လဲတကင်း မဆိုထားဘိ၊ အရောတဝင်မျှပင် မနေကြချေ။ သို့ရာတွင် အထက်ပါစာကို တင်လိုက်သည့်နောက်၌ ဦးစောသည် ကျွန်ုပ်အား ၎င်း၏နေအိမ်သို့ဖိတ်ခေါ်၍ မုန့်ဟင်းခါး၊ လက်ဖက်ရည်စသည်များဖြင့် ရုံဖန်ရံခါ ဧည့်ခံပါသည်။ ကျွန်ုပ်ကမူ အထက်ပါ စာကိုတင်ပြီး၍ ပထမအကြိမ် ဖိတ်ခေါ်စဉ်ကပင် ကျွန်ုပ်၏လခနည်းလွန်းခြင်းအကြောင်း၊ ဗဟုသုတအကြားအမြင် ၌ဖြစ်စေ၊ ခေါင်းကြီးအရေးအသား၌ဖြစ်စေ၊ အရပ်ရပ်အတွေးအခေါ်၌ဖြစ်စေ သူရိယတိုက်သားများသာမဟုတ်၊ မည်သည့်သတင်းစာသမားနှင့်မဆို ပြိုင်ဝံ့ ကြောင်းပြောလိုက်၏။ ထိုအခါ အလွန်တရာပါးနပ်သော ဦးစောသည် အလွန်ချိုသော မျက်နှာထားနှင့် ဤအကြောင်းအရာများကို မိမိအားလုံးသိကြောင်း လခပိုပေးဖို့ တောင်းသောစာမှာ တယောက်တည်းအတွက်မဟုတ်၊ အယ်ဒီတာ တဖွဲ့လုံးအတွက် တောင်းခြင်းဖြစ်သောကြောင့် လိုက်လျောဖို့ ခဲယဉ်းကြောင်း၊ နောက်များမကြာမီအတွင်း တယောက်တည်းအတွက် စာတင်ခဲ့လျှင် ဒါရိုက်တာ

ဘုတ်အဖွဲ့သို့တင်၍ သူကထောက်ခံမည်ဖြစ်ကြောင်း ပြောလေသည်။ ကျွန်ုပ်အဖို့ရာ၌ကား ရခြင်းမရခြင်းကို အပထား၍ ကျွန်ုပ်ကစိတ်ပေါက်ပေါက်နှင့် ချဲ့လင့်ချ်လုပ်လိုက်ခြင်းကို ပြုံးချိုစွာ ဝန်ခံခြင်းနှင့်ပင် အတော်ကြီးကျေနပ်နှစ်သိမ့်လာခဲ့မိပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် ကျွန်ုပ်သည် ဗိတန်းသမားလက်အောက်၌ လုပ်ရသည်ဆိုကာ အာဃာတထားမှု လုံးဝပျောက်ကင်း၍ ဤလူ တယောက်ကြီးပွားပါစေဟူ၍ပင် မေတ္တာသက်ဝင်လာခဲ့ပါလေပြီ။ ထိုအချိန်မှ စ၍ ကျွန်ုပ်သည် ခေါင်းကြီးတပုဒ်နှင့် မှတ်ချက်များကို ၁၂ နာရီမထိုးမီ ရေးတင်၍ ကျန်သော ညနေအပိုင်းအချိန်တွင် လည်ချင်ရာလည်၍ လုပ်ချင်ရာလုပ်ခဲ့ခြင်းများ ကိုတကြိမ်တခါမျှ အမေးအမြန်းမရှိ လွတ်လပ်ခွင့်ရလျက်ရှိပါပေသည်။

## အယ်ဒီတာချုပ် လုပ်ချင်သူများ

ဦးစောဝန်ကြီးချုပ်ဖြစ်သွားရာတွင် ဦးဘကလေးက တာဝန်နှစ်ခုယူ၍ အလုပ်လုပ်၏။ ဦးစော၏အယ်ဒီတာချုပ်နေရာကို သတင်းအယ်ဒီတာ ကိုသိန်းမောင်ကလည်း ချိန်၍ ကျွန်ုပ်ကလည်း စိတ်ကူးမိပါသည်။ တနေ့သ၌ ကိုသိန်းမောင်သည် ဒါရိုက်တာဘုတ်အဖွဲ့သို့ သူရိယအယ်ဒီတာအဖွဲ့အမည်နှင့် လျှောက်လွှာတစောင်စီကုံးပြီး ကျွန်ုပ်အားပြ၏။ ၎င်းလျှောက်လွှာ၌ အယ်ဒီတာချုပ်နေရာတွင် သူရိယအယ်ဒီတာအဖွဲ့မှ အမှုထမ်းသက် ၁၀နှစ်ထက်မနည်း တဆက်တည်းလုပ်ကိုင်လာခဲ့သူအား ခန့်ထားပါရန် ဟူသောအချက် ပါရှိလေသည်။ ၁၀နှစ်ထက်မနည်းဟူသော စည်းကမ်းချက်သည်ပင် ကျွန်ုပ်အဖို့ လက်မှတ်ထိုးနိုင်ရန် အခက်အခဲရှိနေလေပြီ။ ဤမျှနှင့်အားမရသေးပဲ 'တဆက်တည်း'ဟူသော စကားတလုံးကိုပင် သေချာအောင်ထပ်၍ထည့်လိုက်ချေသေးသည်။ အဓိပ္ပာယ်မှာ ကျွန်ုပ်သည် ယခင်ကလည်း သူရိယတိုက်တွင် တကြိမ်အလုပ်လုပ်ခဲ့ဘူးသည်ဖြစ်ရာ ၎င်းအမှုထမ်းသက်ကိုပါ ထည့်သွင်းရေတွက်လိုက်ပါက အမှုထမ်းသက်

ဆယ်နှစ်ပြည့်သွားမည်စိုးသောကြောင့် ကျွန်ုပ်အား ဝကွက်၍ ချန်ထားနိုင်စိမ့်သော ငှာ 'တဆက်တည်း'ဟူသော စကားလုံးကိုစည်းကမ်းချက်တခု အနေဖြင့် ထည့်သွင်းရေးသားထားခြင်းဖြစ်ဟန်ရှိသည်။ ဤလျှောက်လွှာတွင် အခြားတိုက်သားများနှင့်အတူ ကျွန်ုပ် လက်မှတ်ထိုးလိုက်ပါက သူရိယ အယ်ဒီတာချုပ်ရာထူးနှင့်ပတ်သက်၍ ကျွန်ုပ်အဖို့လုံးဝ မျှော်လင့်ချက်ရှိတော့မည် မဟုတ်သောကြောင့် ကိုယ့်သင်းချိုင်း ကိုယ်တူးခြင်းသော်လည်းကောင်း၊ ကိုယ့်သေဝရမ်း (Death Warrant) ကို ကိုယ်လက်မှတ်ထိုးခြင်းသော်လည်း ကောင်းဖြစ်ရပေတော့မည်။ သူရိယတိုက် ဒါရိုက်တာအဖွဲ့က အယ်ဒီတာချုပ် ခန့်မည်ဆိုလျှင် ကျွန်ုပ်တို့နှစ်ယောက်အနက်မှ တယောက်ယောက်ကို ခန့်မည်ထင်သောကြောင့် ကျွန်ုပ်ဖယ်ပေးစေလိုသည့် သဘောနှင့် ဤလျှောက်လွှာကိုတင်ဖို့ စီစဉ်ခြင်းဖြစ်ဟန်ရှိ၏။ ကျွန်ုပ်သည် ဘယ်ကဲ့သို့ ပြုသည်ထင်ကြသနည်း။ ၎င်းလျှောက်လွှာတွင် လက်မှတ်ထိုးပေးလိုက်ပါသည်။ ဆယ်နှစ်စည်းကမ်းသတ်မှ တပါးအသက်မှစ၍ အစစအရာရာတွင် ကလောင်လုပ် ငန်းနှင့် ပတ်သက်၍ မည်သည့်နေရာတွင်မှ ကျွန်ုပ်နှင့် 'အစပ်'မဟုတ်သူ တယောက်အား (အစုရှယ်ယာရှင်လည်းမဟုတ်၊ အမတ်လည်း မဟုတ်ပါပဲလျက်) ကျွန်ုပ်အထက်မှ ခန့်ထားလောက်အောင် ဉာဏ်တိမ်ကြမည်ဆိုလျှင်လည်း ကျွန်ုပ်မှာ ရှောင်ဖယ်ပေးပြီး အခြားနည်းလမ်းဖြင့် အသက်မွေးရုံသာ ရှိသည်ဟု ဆုံးဖြတ်ထားလိုက်ပါသည်။

အယ်ဒီတာချုပ်နေရာနှင့်ပတ်သက်၍ (သူရိယဒါရိုက်တာ ဘုတ်အဖွဲ့ဝင်တဦး ဖြစ်သော) ဗြိတိသျှဘားမား သဌေးဦးညွန့်အား ကျွန်ုပ်တီးခေါက်စုံစမ်းရာ ဦးညွန့်က "အယ်ဒီတာချုပ်နေရာမှာ ခင်ဗျားကိုမရွေးလျှင် ဘယ်သူ့ကိုရွေးရဦးမှာလဲဗျ"ဟု ပြောဘူးလေသည်။ ဤစကားတလုံး ကြားရကတည်းက ကျွန်ုပ်သည် ၎င်းနေရာအတွက် လော်ခတ်ကြိုးစားခြင်း၊ ဦးစောအား ချဉ်းကပ်ခြင်းပြုရန်လိုတော့သည်မထင်ပဲကိုယ့်အတွက် လခတိုးရဖို့လောက်သာ စိတ်ကူးထည့်ပါတော့သည်။

## ဦးစောက အထင်ကြီးပုံ

ဦးစော ဝန်ကြီးချုပ်ဖြစ်၍ လွှတ်တော်အစည်းအဝေး ကျင်းပလျက်ရှိစဉ် တနေ့သ၌ ဦးစောသည် သူရိယတိုက်သို့ တယ်လီဖုန်းဆက်၍ ကျွန်ုပ်အား လွှတ်တော် အဆောက်အဦသို့ ချက်ချင်းလာဖို့ ခေါ်ယူလေသည်။ ကျွန်ုပ်ရောက်သွားသောအခါ အစိုးရဘာသာပြန်ဌာနက အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာ ပြန်ဆိုထားသည့် စာတစောင်ကို ကျွန်ုပ်အားပြ၍ ၎င်းဘာသာပြန်ပုံ ကို 'အားမရ' သဖြင့် ပြင်ဆင်ချောမောပေးရန်ခိုင်းပါသည်။ စာကိုဖတ်ကြည့်သောအခါ ဘာသာပြန်ပုံမှာမဆိုးလှ၊ သို့သော် ဦးစောသည် ကျွန်ုပ်၏စကားလုံးများနှင့် ဝါကျတည်ဆောက်ပုံကို သူ၏နားထဲ၌ စွဲဝင်လျက်ရှိသောကြောင့် အဆိုပါ ဘာသာပြန်ပုံကို 'အားမရပဲ' ဖြစ်နေပုံရသည်။ မည်သို့ပင်ဖြစ်စေ အစိုးရဘာသာပြန်ဌာနတွင် ကျွန်ုပ်ထက် လခသုံးလေးဆရသော လူများ၏ဘာသာပြန်ပုံထက်ဝန်ကြီးချုပ်တယောက်က ကျွန်ုပ်၏ဘာသာပြန်ပုံကို သဘောကျသည်ဆိုခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ မျှော်လင့်ချက်တခုအနေဖြင့် အမှတ်ပြုထားလိုက်ရပါသည်။ ထို့ပြင် ကျွန်ုပ်အခွင့်နှင့်နေစဉ် ဝန်ကြီးချုပ် ဦးစောနှင့် မန္တလေးတွင် တွေ့စဉ်ကလည်း ဦးစောက "ဦးဖေသိန်းကို ဘယ်လိုနေရာမှ ကျွန်တော် အသုံးချရမည်ဆိုတာ အမြဲစဉ်းစားနေပါတယ်"ဟု ပြောဘူး၏။ ကျွန်ုပ်က "တခြားနေရာမှာထိုးထည့်ဖို့ထက် သူရိယတိုက်မှာပဲ သာမတော်ဘူးလားဗျာ"ဟု ပြန်ပြောရာ ဦးစောက "ကျွန်တော့်အတွက်လဲ စဉ်းစားပါတယ်၊ နို့ပေမယ့် ကုမ္ပဏီအတွက်ထက် ကျွန်တော့်အတွက် သာပြီးအရေးကြီးပါတယ်၊ သို့သော်လဲ ကြည့်သေးတာပေါ့ဗျာ"ဟု ပြောလေသည်။ ဦးစောသည် တခါက ကျွန်ုပ်အား အင်္ဂလိပ်လို စာတစောင်ရေးခိုင်းဘူးရာ နှစ်ဘာသာရေးတတ်သူ တယောက်ဟူ၍ ချီးမွမ်းဘူးလေသည်။

## ဒီးဒုတ်ဦးဘချိုနှင့် "တွယ်"ရခြင်း

ဦးစော ဝန်ကြီးချုပ်ဖြစ်နေစဉ် ဒီးဒုတ်ဦးဘချိုက သူ၏ ဒီးဒုတ်ဂျာနယ်မှ ဦးစောအကြောင်းကို ပုဂ္ဂိုလ်အနေဖြင့် ခပ်ပြင်းပြင်းကလေး လှောင်ပြောင် ဝေဖန် လိုက်၏။ ကျွန်ုပ်သည် ဦးစောကိုထိ၍ နာလောက်အောင်မရှိပါ။ နိုင်ငံရေး သမားတယောက် အနေဖြင့် 'မျက်စိစူး'သူတယောက်ဖြစ်၍ ကျွန်ုပ်ကို တနေရာရာ၌ သူ့အကျိုးအတွက် အသုံးပြုချင်သည် ဟူ၍သာ ကျွန်ုပ်နားလည်ပါ သည်။ သို့ရာတွင် ဒီးဒုတ်ဦးဘချိုအပေါ်၌ ကျွန်ုပ်မကျေနပ်ထားသည့် အချက်ကလေးတခု ရှိပါသည်။ ဦးဘဖေ၏ သတင်းစာအစည်းအဝေးမှ နှစ်ယောက်အတူလန်ချားနှင့် ပြန်လာကြစဉ် ဦးဘချိုက ကျွန်ုပ်အား အထက်စီးလေသံနှင့် ပြောဘူး၍ ကျွန်ုပ်က မခံချင်ပြီး တုံ့ပြန်လိုက်ခြင်းကို တနေရာ၌ ရေးသားဖော်ပြခဲ့ဘူးပါပြီ။ ဦးဘချို သည် ပီမိုးနင်းနှင့် ကျွန်ုပ်တို့၏ ကလောင်စွမ်းကို သိပုံရသော်လည်း ကျွန်ုပ်တို့၏ အနေအထိုင်ကို အထင်သေးသည်နှင့် အထက်စီးလေသံကလေးမျိုးနှင့် စကား ပြောခြင်း ဖြစ်ဟန်ရှိသည်။ ကျွန်ုပ်တို့ကလည်း ဦးဘချို၏ 'သိမ်'ကလေးနှင့် နေခြင်းမျိုးကို ဟန်လုပ်ခြင်း'ရှုံးထုတ်ခြင်း'သက်သက်ဖြစ်သည်ဟု မြင်ကြ၍ တကယ်အနှစ်သာရတွင် (Genuine Qualities) ကျွန်ုပ်တို့၏ အဆင့်အတန်းကိုပင် မှီသည်မထင် ကြသောကြောင့် အပြန်အလှန် အထင်သေးလျက် ရှိကြ၏။ ဦးဘချိုက ကျွန်ုပ်အပေါ်၌ အထက်စီးလေသံမျိုး မသုံးပဲ ရိုးရိုးတန်းတန်း ဆက်ဆံခဲ့ပါမူ ကျွန်ုပ်သည် ဤအကြောင်းအရာမျိုးကို ထုတ်ဖော်ရေးသားလိမ့်မည် မဟုတ်ပါ။ လန်ချားပေါ်တွင် ကျွန်ုပ်က တုံ့ပြန်လိုက်ရဘူးသော်လည်း ဦးစောအား ပြောင်လှောင် ဝေဖန်ထားခြင်းကို ဖတ်ရသောအခါ အခွင့်ကောင်း ပေါ်လာသည် ထင်၍ လက်မလွှတ်နိုင်အောင် ရှိပါတော့သည်။ သို့ဖြစ်၍ (ဦးစော ကျေနပ်စေလိုသည့် ရည်ရွယ်ချက်လည်း ပါလေသလော မပြောတတ်) ကျွန်ုပ်သည်

ဦးဘချိုအကြောင်းနှင့် ပတ်သက်၍ ပုဂ္ဂလိက သဘောမျိုးဆန်ဆန် ခပ်ပြင်းပြင်း ဝေဖန်၍ သူရိယသတင်းစာ 'သတင်းနှင့် မှတ်ချက်ခန်း'တွင် ရေးသား လိုက်လေသည်။ ဦးဘကလေးသည် ကျွန်ုပ်နှင့် ဦးဘချိုတို့၏ အဖြစ်အပျက် အကြောင်းကိုမသိသော်လည်း ဦးစောအား ဝေဖန်ခြင်းအတွက် တုံ့ပြန်ခြင်း ဖြစ်သည်ဟု နားလည်၍ ထည့်ပေးလိုက်လေသည်။ ကျွန်ုပ်သည် ဦးစော၏ 'အိမ်စောင့်ခွေး'ဟူ၍ ဦးဘကလေးက မြင်ခြင်းအတွက် ရှက်ပါသေးသည်။ သို့ဖြစ်၍ ဒေါက်တာသိန်းမောင်က သူရိယတိုက်ကို တရားစွဲသဖြင့် မန္တလေးရုံးသို့ ဦးဘကလေးနှင့် အတူတကွ သွားကြရာတွင် မီးရထားပေါ်၌ ဦးဘချိုနှင့် ကျွန်ုပ်၏အဖြစ်အပျက်ကလေးကို ရှင်းပြလိုက်ပါသည်။ ဦးဘချိုအကြောင်းကို ကျွန်ုပ်ရေးသည့် 'မှတ်ချက်' ထွက်လာပြီးနောက် တပတ်အတွင်းတွင် ကျွန်ုပ်ခွင့်ယူ၍ အညာသို့သွားမည်ပြုစဉ် ဦးစောကလမ်းစရိတ် ဆို၍ သူ့အိတ်ထဲမှ ငွေ၅၀ ထုတ်ပေးပါသည်။ 'အိမ်စောင့်ခွေး'အနေဖြင့် ပေးခြင်းဖြစ်လေသလော မပြောတတ်ပါ။

## ကိုမြစ်နှင့်ကျွန်ုပ်

ဦးဘချိုအပေါ်၌ မကျေနပ်သော အချက်ကို ဖော်ပြမိပြီး ဖြစ်သောကြောင့် ကျေနပ်သော အချက်ကို လည်းဖော်ပြဖို့ တာဝန်ရှိပေသည်။ မှတ်ချက်ရေးပြီးဖြစ်၍ ကျွန်ုပ်အညာသို့မသွားမီ အရေးပိုင်ကိုမြစ်သည် သူရိယတိုက် ကျွန်ုပ်၏အခန်းသို့ဝင်လာ၏။ ကိုမြစ်မှာ လယ်ယာစိုက်ပျိုးခြင်းရုံးတွင် ကျွန်ုပ်နှင့်အတူလုပ်ဖူး၍ ကျွန်ုပ်၏ဆရာလည်း ဖြစ်ပေသည်။ သူသည် ကျွန်ုပ်အပေါ်၌ စိတ်ဝင်စားသူ တယောက်ဖြစ်၍ ရန်ကုန်သို့ရောက်တိုင်း ကျွန်ုပ်ထံသို့ဝင်၍ ဟိုတယ်သို့ ခေါ်ထုတ်ပြီး ကျွေးမွေးလေ့ရှိ၏။ သူရိယတိုက်က ကျွန်ုပ်အား ထုတ်ပစ်သော အခါကလည်း သူသည် ကျောင်းနေဘက် သူငယ်ချင်းများဖြစ်သော ဦးလှဖေနှင့်

ဦးဘဖေတို့ထံသို့ဝင်၍ ကျွန်ုပ်အကြောင်းကို စုံစမ်းသေးရာ ကျွန်ုပ်ကိုယ်တိုင်က အပြစ်ကို ဝန်ခံသည်ဟု ပြောလိုက်ကြသောကြောင့် ဘာမျှမတတ်နိုင်ပဲ ပြန်ခဲ့ရဘူးသည်ဆို၏။ ထိုနေ့ညနေ၌ ကိုမြစ်သည် ကျွန်ုပ်အား ကွန်တီနင်တယ် ဟိုတယ်သို့ခေါ်သွား၍ ကျွေးမွေးပြီးလျှင် ပုဇွန်တောင်ဘက်သို့ ဓာတ်ရထားနှင့် သွားကြ၍ ဦးဘချို၏တိုက်ရှေ့သို့ ရောက်သောအခါ "ခဏလောက် ဆင်းရအောင် ဗျာ"ဟုဆို၍ ဆင်းကြရ၏။ ကျွန်ုပ်က"ဘယ်သွားမှာလဲဗျ"ဟု မေးသောအခါ ကိုမြစ်က "ဘချိုတို့အိမ် ဝင်ကြရအောင်ဗျာ၊ ဘချိုက ကျုပ်ညီပဲ"ဟု ပြော၏။ ကျွန်ုပ်လည်း 'မှတ်ချက်'ကို သတိရ၍ ခပ်ဆိုင်းဆိုင်းလုပ်နေပြီးမှ "ခင်ဗျားညီအရင်း လားဗျ"ဟုမေးလိုက်ရာ" အရင်းတော့ မဟုတ်ဘူး၊ နို့ပေမယ့် အင်မတန် ခင်ကြပါတယ်"ဟု ပြန်ပြောလေသည်။ အမှန်ကိုဆိုရလျှင် ကျွန်ုပ်သည် ဦးဘချို ၏အိမ်သို့ မလိုက်ချင်ပေ။ သို့ရာတွင် အရာရာ၌ ကျွမ်းကျင်ပါးနပ်ခြင်းရှိသော ကိုမြစ်ဟူ၍ ကျွန်ုပ်သိပြီး ဖြစ်သည်နှင့် ရည်ရွယ်ချက်တခု ရှိဟန်တူသည်ဟု တွေးဆကာ လိုက်ပါသွားရလေသည်။

## ဦးဘချိုနှင့်ကျွန်ုပ်

အိမ်တွင်းသို့ရောက်ကြသောအခါ ဦးဘချိုသည် ကျွန်ုပ်ကိုမြင်သည်နှင့် တပြိုင်နက် မျက်နှာပျက်သွား၏။ ဟုတ်လည်း ဟုတ်ပေမည်။ ကျွန်ုပ်၏မှတ်ချက် ထွက်သည်မှာ ပူပူနွေးနွေးပင်ရှိသေးသည်။ သို့ရာတွင်လူလည်တယောက် ဖြစ်ဟန်ရှိသော ဦးဘချိုသည် ချက်ချင်းပင် မျက်နှာထားပြင်ကာ ကြည်ဖြူစွာ ညှော့ခံလေသည်။ သူ၏အစ်ကို ကိုမြစ်ကိုသာမဟုတ်၊ ကျွန်ုပ်အားလည်း (ဘာမျှ မဖြစ်ဘူးသကဲ့သို့) ရွှင်ပျစွာ နှုတ်ဆက်လေရာ အမူအရာ ပြောင်းလဲမှုတွင် ကျွန်ုပ်ကပင် နောက်ကျပေသေးသည်။ စကား တခွန်းနှစ်ခွန်း အစပြုပြီးနောက် ကိုမြစ်သည် မြန်မာပြည် နိုင်ငံရေးနှင့် နိုင်ငံရေးသမားများအကြောင်းကို

ဝေဖန်ပြောဆိုလေရာ အလွန်'သိ'သော လူတယောက်ပါပေတကားဟု ကျွန်ုပ် အံ့သြစွာနှင့် နားထောင်နေရ၏။ ထို့နောက် ကိုမြစ်ကဆက်လက်၍ "ဟော့ ဘချို၊ မင်းနိုင်ငံရေး လုပ်ပုံတွေကို ငါစောင့်ပြီး ကြည့်လာခဲ့တာ ကြာပြီ"၊ "မင်းလုပ်ပုံ တွေဟန်မရသေးပါဘူးကွာ"၊ "မင်းဥစ္စာက စားရတဲ့လမ်းကို မလိုက်ပဲနဲ့ ငတ်တဲ့လမ်းကို လိုက်နေတာကိုးကွ" အစရှိသည်နှင့် ပလ္လင်ခံပြီးနောက် ဦးဘချို၏ နိုင်ငံရေး ဆောင်ရွက်ပုံ အပြစ်အနာအဆာများကို ပွင့်လင်းစွာဖော်ထုတ်ဝေဖန်လေ တော့သည်။ ကိုမြစ်၏စကားများ၌ ပြန်လှန်ထုချေရန် အချက်အလက်များကို ကျွန်ုပ်ပင်မြင်မိသော်လည်း ဦးဘချိုမှုကား တုံ့ပြန်ရန်မဝံ့သည့် အကိုတယောက် ဖြစ်သောကြောင့်ထင့် ငြိမ်၍သာနားထောင်လျက် ရှိလေသည်။ ကျွန်ုပ်သည် ဦးဘချိုအား သနားသောစိတ်ပင်ဖြစ်လာ၍ ပြောတတ်လျှင်သူ့ဘက်မှ ကူ၍ပြော ချင်သောစိတ် ဖြစ်မိပါသေးသည်။ ကိုမြစ်ကား အလွန်တရာ 'တတ်'သော (Capable) လူတယောက်ဖြစ်၍ ကျွန်ုပ်အပေါ်၌ ထောင်လွှားချင်သော ဦးဘချို၏ မာနကို ချိုးနှိမ်ပေးခြင်းဖြစ်လေသလောဟူ၍ပင် ကျွန်ုပ်စဉ်းစားမိပါသေးသည်။ အဖြစ်အပျက်အမှန်မှာလည်း ကျွန်ုပ်ကဦးဘချိုအပေါ်၌ ထောင်လွှားခဲ့ဘူးခြင်းမရှိ၊ သူက အထက်စီးလုပ်ချင်၍ ကျွန်ုပ်ကတုံ့ပြန်ရခြင်းဖြစ်ပါသည်။ နောက်ဆုံးတွင်မှ ကိုမြစ်ကသူ၏ မိတ်ဆွေဟောင်းတယောက်ဖြစ်သော ကျွန်ုပ်နှင့်ညီဖြစ်သော ဦးဘချိုတို့မှာ သတင်းစာသမားချင်းဖြစ်သည့်အလျောက် ခင်မင်ရင်းနှီးမှု ရှိခြင်းကို မြင်လိုကြောင်း ပြောလေရာ ဦးဘချိုနှင့် ကျွန်ုပ်လည်းလက်ဆွဲ၍ လှုပ်ယမ်းကြလေ သည်။ (ကျွန်ုပ်တခုသတိရမိသည်မှာ ဦးဘချို ဝန်ကြီးဖြစ်လာသောအခါ၌ ကိုမြစ်မှာ ကွယ်လွန်လေပြီဖြစ်ရာ ဦးဘချိုသည် သူ၏အောင်မြင်မှုကို သူ၏အစ်ကိုမြင်စေလို လှသည်ဟု သတိရမိလိမ့်မည်ထင်မိ၏။ သို့ရာတွင် နောက်ဆုံး၌ ဝန်ကြီးများ၏ ရုံးခန်းတွင် ဘဝဇာတ်ရုပ်သိမ်းသွားရရှာခြင်းကို ကိုမြစ်မြင်ရပြန်လျှင်လည်း ဘယ်ကဲ့သို့ ပြောလိမ့်မည်ကို ကျွန်ုပ်က ဆက်လက်၍ တွေးမိပါသေးသည်။ ဘဝသံသရာ၏ သဘာဝ တရားကြီးပေတကား။)

## အမ်ဖိုးချိန်နှင့်ကျွန်ုပ်

တိုက်အုပ်ဦးကလေးသည် လခတိုးတောင်းမှုနှင့် ပတ်သက်၍ ကျွန်ုပ်၏ ဦးဆောင်မှုကို ရိပ်မိရာတွင် ကျွန်ုပ်ကား သူရိယတိုက်၌ မြဲမည့်လူတယောက် မဟုတ်ဟု သိမြင်သည့်လက္ခဏာနှင့် (ဦးစောနှင့် ဦးညွန့်တို့ကား ထိုကဲ့သို့မြင်ဟန်မတူ။) အစီအစဉ်တခုပြုလုပ်၏။ လုပ်ပုံမှာကား အမ်ဖိုးချိန်အား ကျွန်ုပ်၏ လက်အောက်တွင် လက်ထောက်ခေါင်းကြီးရေးသမား တယောက်အဖြစ်နှင့် ရွှေ့ပြောင်းထား၍ ခေါင်းကြီးရေးပုံရေးနည်းကိုကျွန်ုပ်က သင်ပြပေးရန် ဖြစ်လေသည်။ ကျွန်ုပ်သည်ဦးဘကလေး၏အကြံကို ရိပ်မိသော်လည်း ဦးစောနှင့်ဦးညွန့်တို့က ကျွန်ုပ်ကိုလက်မလွှတ်ချင်ဟု ရိပ်မိသည်နှင့် စိတ်ထဲတွင် စိုးရိမ်မှုမရှိချေ။ ခေါင်းကြီးများကိုကျွန်ုပ်ကတရက်၊ အမ်ဖိုးချိန်ကတရက် တလှည့်စီရေးကြ၍ သူ၏ခေါင်းကြီးများကို ကျွန်ုပ်ကဖတ်ရှုပြင်ဆင်ပြီး ဦးဘကလေးထံသို့ တင်ပို့ရခြင်းဖြစ်သောကြောင့် ကျွန်ုပ်အဖို့အလုပ်ပင် သက်သာသေးသည်ဆိုကာ ကျေနပ်စွာသင်ပြပေးပါသည်။ သို့ရာတွင်ခေါင်းကြီးကောင်းများ ရေးတတ်ဖို့မှာ စာကလေးမတောက်တခေါက် ရေးတတ်ရုံနှင့်မပြီး။ ဗဟုသုတပြည့်ဝ ဖို့လိုသည့်ပြင် ပျော့စိစိ ချည့်နဲ့နဲ့ ဝါကျမျိုးမဖြစ်စေပဲ အဓိပ္ပာယ်ရှင်းရှင်းနှင့် 'ခွန်အားပြည့် တင်းသော'ဝါကျမျိုးတည်ဆောက်တတ်ဖို့ လိုအပ်ခြင်းကို တိုက်အုပ်ဦးဘကလေး လည်း သိဟန်မတူ။ ခေါင်းကြီးရေးသမား များစွာတို့လည်း သိကြပုံမရ၊ ဂဠုန် ဦးစောနှင့် ဦးညွန့်တို့ကား သိကြသည့်လက္ခဏာရှိသည်။ စာဖတ်သူသည် စာရေးသူနှင့် အယူအဆချင်းတူချင်မှတူပေမည်။ သို့ရာတွင် အထက်ပါ အင်္ဂါရပ် များနှင့် ပြည့်စုံသောခေါင်းကြီးမျိုးကို ဖတ်ရသောအခါတွင် သဘောမတူသော စာဖတ်သမားသည်ပင် "ရေးပုံကတော့ ကောင်းပါပေ့ကွာ"ဟု ဝန်ခံရပေမည်။ အယူအဆကိုပါ သဘောကျသော စာဖတ်သမားကမူကား တခေါက်ဖတ်လိုက် ရလျှင်ပင် "ဟုတ်ပေ့ကွာ"ဆိုကာ ပီတိသောမနဿဖြစ်သွားနိုင်ပေသည်။ ခေါင်းကြီး

ကောင်း ရေးတတ်သူများမှာ သတင်းစာများသလောက် မှိုပေါက်သလို ပေါများသည်မဟုတ်ချေ။ 'ခွန်အားပြည့်တင်းသောဝါကျ'ဟူသည်မှာ ဘာကိုဆိုလိုသည်ဟု အချို့ခေါင်းကြီးရေးသမားများ သိကောင်းမှသိကြပေမည်။ (မြန်မာစာ ရေးပုံရေးနည်းနှင့် ဝါကျတည်ဆောက်ပုံအကြောင်းကို မှတ်တမ်းနောက် ဆုံးပိုင်းတွင် ဖော်ပြပါဦးမည်။) အိမ်ဖိုးချိန်သည် ကျွန်ုပ်၏သင်ပြချက်အရ အတော်ရေးတတ်နေပြီဟု ဦးဘကလေးကယူဆသည့် လက္ခဏာနှင့် (အမ်ဖိုးချိန်ကိုယ်တိုင်က ဘယ်ကဲ့သို့သဘောထားသည်မဆိုနိုင်) ကျွန်ုပ်ကခွင့်ရက် ရှည်တောင်းသောအခါ အလွယ်တကူပင် ခွင့်ပြုလိုက်ပါပေသည်။

## တရားနှင့် မွေ့လျော်သောအပိုင်း

ကျွန်ုပ်သည် လခမပျက် အခွင့်တလရသည်နှင့် အထက်မြန်မာပြည်သို့ တက်လာပြီးလျှင် မန်ကျည်းတုံရွာ၌ မိဘများနှင့်အတူ တရားဓမ္မဆွေးနွေးကာ ရက်သတ္တနှစ်ပတ်ခန့် နေထိုင်၏။ ထိုအချိန်သည်ကား ကျွန်ုပ်အဖို့ပျော်ပါးမှု ရပ်တန့်သော ကာလအပိုင်းအခြားပေတည်း။ တရားဓမ္မကို နှလုံးသွင်းခြင်း၊ ဆွေးနွေးခြင်းတို့ကြောင့် ခံစားရသည့်စိတ်၏ ကြည်လင်ငြိမ်းချမ်းမှုသည် ပီမိုးနင်းကိုသိန်းဖေ၊ ကိုခင်မောင်တင့်တည်းဟူသော မိတ်ဆွေများနှင့်အတူ ပျော်ပါးရခြင်းထက် မွန်မြတ်သည်ဆိုခြင်းကို ကျွန်ုပ်ထက် သိရှိနည်းလည်သူ ရှိလိမ့်မည်မထင်ပေ။ ကျွန်ုပ်အဖို့ကား အတွေးမဟုတ်၊ လက်တွေ့ဖြစ်၏။ သို့ရာတွင် လူ့ဘောင်၌ သားမယားနှင့် အတူနေ၍ ကိုယ့်ဝမ်းစာကို ကိုယ်ရှာစားသောက်ရသော လူတယောက်အဖို့တွင် တရားဓမ္မနှင့်ချည်း နေ၍မဖြစ်နိုင်ခြင်းကိုလည်းတွေ့ရ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့၌ မဖြစ်နိုင်ခြင်းကိုတွေ့ရ၏။ ကျွန်ုပ်ကားမနုဿလူသားအဖြစ်နှင့် သိသင့်သိထိုက်သော အခြင်းအရာများကို သိအောင်ကြိုးစား၍ သိတန်သလောက်လည်း သိခဲ့ရပြီးပါပြီ။ သို့ရာတွင်

'ကောင်းကောင်းနေလျှင် တော်ရောပေါ့'ဟု ထင်မြင်ယူဆသူတယောက်ကား မဟုတ်ချေ။ 'ကောင်းကောင်းနေပါသည်'ဆိုသော်လည်း ဗုဒ္ဓဘာသာကို လေးနက်စွာ ယုံကြည်သူ တယောက်အဖို့ရာ၌ သိသင့်သိထိုက်သောအခြင်းအရာ ကိုသိအောင် မကြိုးစားလျှင် လုံလောက်သည်မဟုတ်ချေ။ 'ကောင်းကောင်း နေပါသည်' ဆိုခြင်းသည် သီယိုဆိုဖီသမားတယောက်အဖို့ရာ၌ ဟုတ်ပေလိမ့်မည်။ ဗုဒ္ဓဘာသာဝင်တယောက်ဟူ၍ ဝန်ခံပါလျှင် ဤမျှနှင့်မလုံလောက်သေးဟူ၍ နားလည်သင့်ကြသည်။ ပွဲလမ်းသဘင် အပျော်အပါးမလိုက်၊ ရုံဖန်ဥပုသ်ကလေး စောင့်၊ ပုတီးကလေးစိပ်နေရုံမျှနှင့် သိသင့်သိထိုက်သောအရာကို သိရချေပြီဟု အဘယ်မှာ ဆိုနိုင်ပါအံ့နည်း။ ဗုဒ္ဓ၏နက်နဲလှသည်ဆိုသော တရားသည် အဘယ်မှာနည်း။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိဘများနှင့်အတူ နေထိုင်ဆွေးနွေးရခြင်း၏ ငြိမ်းချမ်းမှုအရသာကို ကျေနပ်သော်လည်း ဝမ်းစာရှာကြ စားသောက်ရသော လူတယောက်အဖို့၌ ဤလိုနေချည်းနေ၍ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုသိန်းဖေရှိရာကသာမြို့သို့ ထွက်ခွာခဲ့လေ၏။

ကိုသိန်းဖေသည် အလုပ်မှ နှစ်မစေ့မီ ပင်စင်ယူလိုက်ရကတည်းက ကသာမြို့နှင့် တမိုင်ခန့်ကွာသည့် ဇရစ်ချောင်ရွာကလေး၌ အိမ်ဆောက်ပြီးနောက် ကျွန်ုပ်အား အလည်အပတ်ခေါ်လျက်ရှိရာ ယခုမှပင် ရောက်ရပါတော့သည်။ ပေ၂၅၀ ပတ်လည်ခန့်ရှိသည့် ခြံကြီးထဲတွင် လေးခန်းပတ်လည်ရှိသော အိမ်တလုံး ဆောက်၍အိမ်ထောင်ပစ္စည်း အတော်ကောင်းကောင်းနှင့် သပ်သပ်ရပ်ရပ် နေထိုင်လျက်ရှိ၏။ (ကျွန်ုပ်၏အတွေ့အကြုံတခုကိုဖော်ပြရသော် ခရစ်ယန်ဘာသာသို့ ကူးပြောင်းယုံကြည်သည့် မြန်မာလူမျိုးများသည် ဗုဒ္ဓဘာသာဝင်များထက် ဝင်ငွေအဆင့်အတန်းတူခဲ့လျှင် အနေအထိုင် သပ်ရပ်ကြပါပေသည်။) ကိုသိန်းဖေမှာ သူ၏မိခင်ဖခင် လက်ထက်ကတည်းက ခရစ်ယန်ဖြစ်ခဲ့သဖြင့် တောအုပ်ရာထူးချင်းတူလျှင် ပို၍သပ်ရပ်သည်ကို တွေ့ရ၏။ သို့သော် ကိုသိန်းဖေသည် ဗုဒ္ဓ၏တရားတော်အကြောင်းကို မဟုတ်ပဲ သဘာဝဓမ္မ

အကြောင်းကို ကျွန်ုပ်နှင့် ဆွေးနွေးရဖန်များသည်နှင့် ဗုဒ္ဓ၏တရားတော်ကို အတော်ကြီး သက်ဝင်ယုံကြည်လျက်ရှိလေပြီ။ သို့ရာတွင် ယုံမှားသံသယ ကင်းသည်ဟူ၍ကား မဆိုနိုင်သေးပါ။ ဥပမာ ကျွန်ုပ်နှင့် တမလွန်ဘဝအကြောင်း၊ ဖန်ဆင်းသည်ဆိုသော ထာဝရဘုရားအကြောင်း စသည်များကို ဆွေးနွေးလျက်ရှိစဉ် သူက "ဖန်ဆင်းတယ်ဆိုတာတော့ ကျုပ်က သိပ်ပြီးမကြိုက်ဘူးဗျ၊ သို့သော် တခါတလေတော့လဲ ဖန်ဆင်းသူမရှိဘူးလို့ လက်ခံထားပြီး မတော်တဆ ရှိနေလျှင်တော့ ကိုယ်ကျိုးနဲမှာကိုလဲ ကြောက်မိတယ်ဗျ"ဟု ပြောရှာလေသည်။ (ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မည်သည့်ဘာသာ ကိုးကွယ်သည်ဖြစ်စေ၊ ငယ်ကတည်းက 'ရိုက်သွင်း'ထားသည့်အယူအဆတခုကို ထိုးဖောက်တွန်းလှန်ရန်မှာ 'မတထောင် တကောင်ဖွား' ဆိုထိုက်သူများ ဖြစ်လေသည်။ ထို့ကြောင့်လည်း ကိုယ်ပိုင်ဉာဏ်ဖြင့် အထူးတလည် ထပ်ဆင့်လေ့လာစူးစမ်းခြင်းမရှိပဲ မိရိုးဖလာ အတိုင်း လက်ခံယုံကြည်ထားသူများအား မည်မျှလောက် သူတော်ကောင်း လုပါသည်ဆိုစေ ဘာသာရေးအနေဖြင့် ကျွန်ုပ်အထင်မကြီးလှချေ။

## ပြည်လည်တွေ့ဆုံခြင်း

ကသာဘူတာရုံနှင့် ဇရစ်ချောင်ရွာကလေးမှာ တမိုင်ခန့်ကွာလှမ်း၍ မီးရထားသည် ညစနာရီခန့်တွင် ဆိုက်သွားလေရာ ကိုသိန်းဖေသည် သူ၏အိမ်မှ လှည်းတစီးဖြင့် စောင့်ကြိုလျက်ရှိ၏။ အိမ်သို့ဆိုက်ကြသောအခါ သူ၏ဝင်းခြံကြီး ကို လက်နှိပ်ဓာတ်မီးနှင့်လိုက်ပြ၍ အတော်ညောင်းကြသောအခါမှ ညစာစားဖို့ ပြင်ဆင်ကြ၏။ ထမင်းရှူးကြစဉ် ကိုသိန်းဖေက "ခင်ဗျားတို့အဖို့ ဟင်းဆန်းတခွက် ချက်ထားတယ်ဗျ၊ စားကြည့်ပြီးပြောစမ်း"ဟု ဆို၏။

"ဘာဟင်းများလဲဗျ"

"မပြောဘူးလေဗျာ၊ ခင်ဗျားက လျှာဝိဇ္ဇာဆို၊ စားကြည့်ပြီး ပြောစမ်းဗျာ"

"ဒီပြင်ကောဗျာ"

"ဂျီတကောင်ပစ်ရလို့ ဝမ်းတွင်းသား၊ ချက်ထားတယ်ဗျ"

"ဂျီသားမစားရတာ ကြာပြီဗျာ၊ ကောင်းလိမ့်မယ်ဗျို့"

"မဖူးညိုက ခင်ဗျားတို့အကြိုက် ချက်ထားတယ်"

"ဒီပြင်ကောဗျ"

"တောကြက်တကောင်ရှို့စ်လုပ်ထားတယ်ဗျ၊ ဒေါင်းတောင်ပစ်ခိုင်းသေးတယ်၊ မရခဲ့ဘူးဗျို့"

"ရှိပါစေတော့ဗျာ၊ ဒေါင်းက ဒေါင်းသားစားယင် ဇာတ်တူသားစားတယ်လို့ ပြောနေကြပါအုံးမယ်၊ ဒီပြင်ကောဗျာ"

"ကျုပ်က ခင်ဗျားရောက်လာယင် မသောက်ကြပါဘူးလို့ ပဋိညာဉ်ပေးထားတာ၊ ဒီတခါတည်းပါဆိုပြီး ဘီယာလေးလုံးဝယ်ထားတယ်ဗျ"

"သာဓုပါပဲဗျာ"

## ထူးဆန်းသော အသားတမျိုး

ထမင်းပွဲ၌ ထိုင်ကြသောအခါ ကိုသိန်းဖေသည် ဟင်းတခွက်ကို ကျွန်ုပ်ဘက်သို့ တွန်းပို့၍ "ဒါဘာလဲဗျပြောစမ်း"ဟု ဆို၏။ ကျွန်ုပ်သည် ဟင်းပန်းကန်ကိုမြှောက်၍ ဟင်းဖတ်များကို သေချာစွာကြည့်ရာ အသား၊ အဆီ၊ အခေါက် တလွှားစီရှိသော ဟင်းတုံးများကိုမြင်ရ၏။ တတုံးကိုမြီးကြည့်သောအခါ လေးလေးပင်ပင်ရှိသည်ကိုတွေ့ရ၏။ သို့သော် ဝက်သားနှင့်မဟုတ်ခြင်းကိုကား ကျွန်ုပ်သိသည်။

သုံးထပ်သားဆိုလျှင် ဝက်သားမျှလောက်ကိုသာ စားဘူးသော ကျွန်ုပ်အဖို့မှာ မတွေးတတ်ပဲ အကျပ်ရိုက်လျက်ရှိလေပြီ။

"ကိုင်းဗျာ ပန်းပေးပါပြီဗျာ၊ ဖော်ပါတော့"

"ငါ့ပန်း နတ်ပြည်ရောက်၊ သူ့ပန်းဈေးတောထဲရောက်"

(ကျွန်ုပ်တို့မှာ ဘီယာကလေး တလုံးစီဝင်၍ အူရွှင်လျက်ရှိကြလေပြီ။)

"နေအုံးဗျို့ လိပ်သားများလားဗျာ၊ ဈေးတောထဲတော့ အရောက်မခံနိုင်ဘူး၊ ကြိုးစားဖော်အုံးမယ်"

"မဟုတ်ဘူးဗျ"

"ငါးထွေသားလားဗျာ"

"မဟုတ်ဘူးဗျ"

"ဖွတ်သားဗျာ"

"မဟုတ်ဘူးဗျ၊ နီးတော့ နီးလာပြီဗျို့"

"ကြောင်သားဗျာ"

"သာပြီး နီးလာပြီဗျို့၊ ကြာကြာနေ မှန်သွားရော့မယ်၊ ကျားမင်းသားဗျ"

"အလို 'ကျားမင်း'လို့ရှိသလား၊ ဘယ်မှာလဲဗျ သားရေဆုတ်မထားဘူးလား၊ ကြည့်ချင်တယ်ဗျ"

"သားရေဆုတ်မယူဘူးဗျ၊ ဟင်းထဲမှာ 'အခေါက်'ဖြစ်သွားပြီ၊ မတွေ့ဘူးလား"

(ဤစာကိုရေးယင်း တပည့်သော်တာဆွေကို သတိရမိသည်။)

## စကားဆန်းတခုကြားရခြင်း

ထမင်းစားပြီးကြ၍ အတန်ညဥ့်နက်သည်တိုင်အောင် ဝိုင်းဖွဲ့ကာ ထွေရာလေးပါးစကား ပြောကြပြီးနောက် အိပ်ကြတော့မည် ပြင်ဆင်ရာတွင် ဒေါ်ဖူးညိုသည် ထိုင်ရာမှ ထသွား၍ "ကျုပ်တို့တော့ ဒီနေ့ညဘုံလျှောပြီ ဟာဟ" ဟုဆိုကာ မစိုးနှင့်အတူအိပ်ရာပြင်ကြလေ၏။ 'ဘုံလျှောပြီ'ဆိုခြင်းမှာ ကိုသိန်းဖေ၏

အိမ်၌ ကျွန်ုပ်တို့လင်မယားတည်းခိုသည့်အခါတိုင်း ကိုသိန်းဖေနှင့်ကျွန်ုပ်အတူအိပ်ကြ၍ ဒေါ်ဖူးညိုနှင့်မစိုးတို့အတူအိပ်ကြသည့် ထုံးစံရှိသောကြောင့် ဖြစ်လေသည်။ ထိုညဥ့်၌ကိုသိန်းဖေစကားပြောရာတွင် ကံအားလျော်စွာ စကားဆန်းတခု ပြောမိကြသည်။ ကိုသိန်းဖေ၏ဖခင် ဦးရှုမောင်သည် မြေတိုင်းကျောင်းဆရာကြီးဖြစ်၍ ကျွန်ုပ်၏ ပထမအိမ်ထောင် မလှမှူး၏ဖခင် ဆရာစိုးမှာလည်း မန္တလေးမြို့တွင် မြေတိုင်းကျောင်းဆရာကြီးပင်ဖြစ်ရာ အလုပ်တူ၊ ရွယ်တူ၊ တကျောင်းတည်းထွက်များဖြစ်ကြသည့်ပြင် နှစ်ယောက်လုံးပင် ဗိုလ်ခပ်ဆန်ဆန် လူကြီးများဖြစ်ကြ၍ တယောက်နှင့်တယောက် အလွန်ခင်မင်ကြသည်ဆို၏။ ဦးရှုမောင်၌သား နှစ်ယောက် သမီးနှစ်ယောက်ရှိ၍ ဆရာစိုးတွင်လည်း သားနှစ်ယောက် သမီးနှစ်ယောက်ပင်ရှိ၏။ သားသမီးများအားလုံးသည် မတိမ်းမယိမ်းအရွယ်များဖြစ်ကြ၏။ ဤတွင်လူကြီးနှစ် ယောက်သည် မိမိတို့၏သားနှစ်ယောက်နှင့် သမီးနှစ်ယောက်တို့ကို အတုံ့အလှည့် လက်ထပ်ပေးစားရန် အကြံပြုကြသည်ဆို၏။ ဤနည်းဖြင့် ခမည်းခမက်လေးထပ် တော်ဖြစ်လာကြနိုင်လေသည်။ ဤအထဲတွင် ဦးရှုမောင်၏သားအကြီး ကိုအုန်းဖေမှာ ဆရာစိုး၏သမီးအကြီး မလှဦးနှင့် ပေးစားရန်ဖြစ်၍ သားအငယ် ကိုသိန်းဖေမှာ သမီးအငယ်မလှမှူးနှင့် ပေးစားရန်ရည်မှန်းထားသည်ဆို၏။ သို့ရာတွင် သားသမီးများ အရွယ်မရောက်မီ လူချင်းကွဲပြီး တမြို့စီ ရောက်ကုန်ကြ သည်ဟုဆိုလေသည်။ သူ၏စကားအဆုံး၌ ကျွန်ုပ်က "ခင်ဗျားနဲ့ကျုပ်နဲ့ ရေစက်ဆုံဆည်းကြပုံက တမျိုးကြီးပါလားဗျာ"ဟု ဆိုကာ ရယ်မောကြရပါသေး သည်။ ထို့ပြင် သူ၏စကားအဆုံး၌ ကျွန်ုပ်က မိမိတွင် 'စိုး'ဟူသော နာမည်နှင့် ရေစက်ဆုံတတ်လုကြောင်း။ ပထမအိမ်ထောင်၌ ယောက္ခမ 'ဦးစိုး'၊ ဒုတိယအိမ်ထောင်၌ သား'စိုးနိုင်'၊ တတိယအိမ်ထောင်၌ မယား 'မစိုး'ဖြစ်ရ၍ ကြုံလည်း ကြုံတတ်လုကြောင်း ပြောရပါသေးသည်။

## တက်ချက်ညီသော မိန်းမနှစ်ယောက်

မစိုးသည် မိခင်ဖခင်များရှိကြသည့် မြတောင်ရွာသို့ ဆက်လက်၍ မသွားမီ ဇရစ်ချောင်ရွာ၌ လေးငါးရက်နေသည့်အတွင်း ကိုသိန်းဖေတို့လင်မယားက သူတို့ အိမ်၌ရှိသော လှည်းဖြင့် နတ်လှိုင်၊ ကြို့ကုန်းစသောရွာကလေးများသို့ တရက်ခြား လောက် ပျော်ပွဲစားထွက်ကြဖို့ အစီအစဉ်လုပ်၍ မီးသွေးဖုတ်သော လုပ်ငန်း ကိုလည်း ပြသပေသည်။ ကိုသိန်းဖေတို့၏ ခြံကြီးထဲ၌ကား လေးငါးနှစ်သား ရှိသော ဒညင်းပင်၊ ကာဖီပင်များလည်း အတော်ကြီးပွား စည်ကားလျက်ရှိရာ သူ၏ပင်စင်လခမှာ ဖောဖောသီသီ သုံးစွဲလောက်အောင် မရှိသဖြင့် ၎င်းအပင်များ ကြီးပွားလာသောအခါတွင် ဝင်ငွေကောင်းလာမည်ဖြစ်၍ ကျွန်ုပ်တို့လင်မယား လည်း အပျင်းပြေလောက်သာ စာရေးကာ အေးအေးလူလူ လာရောက်နေထိုင်ကြဖို့ သူတို့စိတ်ကူးထားကြောင်းပြောကြလေသည်။ ကျွန်ုပ်လည်း ထမင်းဝမဝ မပြောနိုင် စေကာမူ (ကသာနယ်ဖြစ်၍) အေးဖို့ကတော့ သေချာသည်ဟု ပြောခဲ့ရသေးသည်။ ကိုသိန်းဖေ၏ဇနီး ဒေါ်ဖူးညိုမှာလည်း မီးဖိုချောင်အလုပ်၌ အလွန်ကျင်လည်သော မိန်းမတယောက်ဖြစ်လေရာ မစိုးနှင့် ဒေါ်ဖူးညိုတို့သည် မီးဖိုထဲ၌ ငါးခုတ်သူက ခုတ်၊ ကြက်ဖျက်သူကဖျက်၊ ချက်သူက ချက်၊ ကြော်သူကကြော်၊ ကာဖီစေ့ လှော်သူကလှော်၊ ကြိတ်သူကကြိတ်၊ ထောင်းသူကထောင်း တယောက်က တယောက်အပေါ်၌ ဆရာလုပ်ဖို့မလိုပဲ သူ့တာဝန် ကိုယ့်တာဝန် နားလည်စွာနှင့် တက်ညီလက်ညီ အလုပ်လုပ်ကြခြင်းများ ကို ကိုသိန်းဖေနှင့် ကျွန်ုပ်က မီးဖိုပေါက်မှရပ်ကြည့်ကာ ပီတိဖြစ်မိကြပါသည်။ ကိုသိန်းဖေက "လူနှစ်ယောက် ကဖြင့် ထမ်းပိုးထမ်းညီပါပေ့ကွာ၊ ကျုပ်တို့အဘိုးကြီး အမယ်ကြီးနှစ်စုံကတော့ အတူနေရယင် သိပ်ဟန်ကျမှာပဲဗျို့"ဟု ပြောလေသည်။ ပြောလည်း ပြောထိုက်သည်။ မစိုးသည် မီးဖိုချောင်တွင် အတော်အတန် မိန်းမတယောက်နှင့် အတူတွဲ၍ ချက်ပြုတ်ရသည့်အခါ စိတ်တိုင်းမကျသည်နှင့် "ဖယ်စမ်း ထွက်စမ်း

ကျုပ်လုပ်မယ်”ဟုဆိုကာ မောင်းထုတ်တတ်သည်ဖြစ်ရာ ဒေါ်ဖူးညိုကလည်း ဤနည်းအတိုင်းပင် လုပ်တတ်သည်ဆို၏။ သူတို့နှစ်ယောက်တွဲမှာမူ မီးဖိုချောင်အလုပ်တွင် အလွန်လာဘ်မြင်သူချည်းဖြစ်၍ သူတို့အချင်းချင်းလည်း စိတ်ကျေနပ်စွာနှင့် ပျော်ရွှင်စွာ အလုပ်လုပ်ကြပုံရသည်။)

## ဝန်ထောက် ဦးချစ်စု

မြတောင်သို့ မစိုးသွားသည့်နောက် ကိုသိန်းဖေသည် ကျွန်ုပ်အား သူ၏မိတ်ဆွေ နယ်ပိုင်ဝန်ထောက်ပင်စင်စား ဦးချစ်စု၏အိမ်သို့ခေါ်သွား၍ ကျွန်ုပ်နှင့်မိတ်ဆက်ပေးလေသည်။ ကျွန်ုပ်နှင့် ကိုသိန်းဖေတို့သည် တလလျှင် အနည်းဆုံးစာတစောင်ကျ အင်္ဂလိပ်လို စာပေးစာယူလုပ်ကြရာ၊ (ထိုခေတ်ကမူ အင်္ဂလိပ်လိုရေးလောက်အောင် တတ်လျှင် အင်္ဂလိပ်လိုရေးကြသည်။) ကိုသိန်းဖေသည် ကျွန်ုပ်၏စာများကို ဦးချစ်စုအားပြလေ့ရှိ၏။ ဦးချစ်စုကိုယ်တိုင်ကလည်း တီ၊ဒီ၊အမ် (T.D.M) ဘွဲ့တွေဘာတွေနှင့် အင်္ဂလိပ်လို အတော်ရေးတတ်သူ တယောက်ဖြစ်ရာ ကျွန်ုပ်၏စာများကိုဖတ်၍ ကျွန်ုပ်ကို အထင်ကြီးလျက်ရှိသူဖြစ်၏။ မိတ်ဆက်ပေး၍ သိကျွမ်းသောအခါတွင် ဦးချစ်စုသည် ကျွန်ုပ်အား ပညာရှိကြီး တယောက်တဘွယ် ချီးကျူးကာ တကယ်လည်း လေးစားပါပေသည်။ ဦးချစ်စုသည် ကသာမြို့ပေါ်၌ နေထိုင်လျက်ရှိရာ ဇရစ်ချောင်ရွာကလေးနှင့် တမိုင်မျှသာဝေးသည်ဖြစ်၍ နေ့တိုင်းတွေ့ဆုံကာ သူက'ဝတ်ပြု'ပါပေသည်။ ကျွန်ုပ်တို့မရောက်လာသောအခါ ဦးချစ်စုသည် 'သောက်စရာ'ကို လွယ်အိတ်တွင် လွယ်လျက် သူကိုယ်တိုင်လာရှာသည်။ သူသည် 'လူစုံ'တယောက်ဖြစ်၍ ရန်ကုန်မြို့ကြီးကဲ့သို့ မစုံနိုင်သော ကသာမြို့ကလေး၌ပင် တတ်နိုင်သမျှ 'စုံ'အောင် ဧည့်ခံပေသည်။ ကိုသိန်းဖေက ရန်ကုန်မြို့တွင် ပီမိုးနင်းနှင့် 'စုံ'ခဲ့ကြ ပုံများကို ပြောပြသောအခါ ဦးချစ်စုက

"ခင်ဗျားတို့နဲ့ ရန်ကုန်တခေါက်တော့ လည်စမ်းချင်သေးတယ်ဗျာ" ဟု တောင့်တောင့်တတပြောရှာသည်။

## လခတိုး၍တောင်းခြင်း

တနေ့သ၌ ဦးချစ်စုက ကျွန်ုပ်၏ လခအကြောင်းကိုမေး၍ ကျွန်ုပ်က အမှန်အတိုင်းပြောရာတွင် ဦးချစ်စုက "ဟာ...ဘယ့်နှယ်လဲဗျာ၊ ဇရာမ သတင်းစာ တိုက်ကြီးဆိုပြီး ခင်ဗျားလို လူတယောက်ကို ဒါလောက်ပေးထားသလားဗျာ၊ ဒီပြင်လူကော ဘယ်လောက်ရသလဲဗျ"ဟုမေး၏။ ကျွန်ုပ်မှာပြောလက်စနှင့် အမှန်အတိုင်း ပြောရတော့မည်ဟု အောက်မေ့ကာ အယ်ဒီတာချုပ်နှင့်တိုက်အုပ်တို့၏ လခများကိုပြောရ၏။

စု။ "အောင်မယ်လေးဗျာ၊ သူတို့က ခင်ဗျားထက် ငါးဆခြောက်ဆ တတ်သတဲ့လားဗျ"

ကျွန်ုပ်။ "သူတို့က အစုရှင်တွေလဲ ဖြစ်တယ်ဦးရဲ့"

စု။ "အစုရှင်နဲ့ ဘာဆိုင်လို့လဲဗျ၊ အမြတ်ရတာယူပေါ့၊ ခင်ဗျားနဲ့ ဘာ့ကြောင့် ဒီလောက်ခွာထားရသတဲ့လဲ"

ကျွန်ုပ်။ "သူတို့စည်းကမ်းကို သူတို့သတ်မှတ်ပြီး ယူကြတာပါပဲဦးရယ်"

စု။ "သူတို့ကယူလျှင်ကော ခင်ဗျားက ခံနေရောတဲ့လား၊ ဗျို့ ကိုသိန်းဖေ ခင်ဗျားလူ တော်လိမ့်မှတ်တယ်၊ အညံ့ခံလှချေလားဗျ"

ကျွန်ုပ်တို့ ဘာမျှ မပြောတတ်ပဲ ငြိမ်လျက်ရှိကြ၏။

စု။ "နေစမ်းပါအုံး၊ ခင်ဗျားဝတ္ထုလဲ ရေးတတ်တယ်မဟုတ်လား၊ ကျုပ်သားတွေက စုံထောက်စံရှားတို့၊ ရှုပနန္ဒီတို့၊ ဘာတို့အကြောင်း ခဏခဏ ပြောသံကြားရတယ်၊ ဝတ္ထုရေးစားဗျာ၊ လူနဲ့လူချင်းတော့ ဒီလောက်အညံ့မခံပါနဲ့"

ကျွန်ုပ်သည် အတော်ရှက်လာ၍ ကိုသိန်းဖေမှာလည်း 'သူတင်သော စစ်ကဲအတွက်' မျက်နှာပူဟန်ရှိသည်။

ဤတွင် ကျွန်ုပ်သည် သူရိယတိုက်၌ ဒါရိုက်တာအဖွဲ့သို့ စာတစောင်ရေး လိုက်၏။ ၎င်းစာတွင် ကျွန်ုပ်အားအယ်ဒီတာချုပ်နေရာကို ပေးချင်ပေး၊ မပေးချင်နေ။ လခမှာ ၄၅၀ ထက်လျှော့လျှင် အလုပ်ပြန်ဝင်လိမ့်မည် မဟုတ်ကြောင်း ဖော်ပြပါရှိလေသည်။ ကျွန်ုပ်သည် ၎င်းစာကို ဦးချစ်စုအား ပြရာ "အဲ၊ ဒီလိုမှပေါ့ဗျ"ဟု ဦးချစ်စုက ပြန်ပြောလေသည်။

## ဝတ္ထုများရေးပြန်ခြင်း

ဤအတောအတွင်း ကျွန်ုပ်သည် လခမရှိ အခွင့်တလပြီးတလ ဆက်ကာ ဆက်ကာ ယူလျက်ရှိရာ သူရိယတိုက်သည် ကျွန်ုပ်၏စာကိုမပြန်ပဲ အခွင့်ကိုသာ ဆက်ကာဆက်ကာ ပေးလျက်ရှိ၏။ ထိုအချိန်တွင် ဦးစောမှာ အင်္ဂလန်သို့သွား ပြီဖြစ်၍ ကျွန်ုပ်မှာ အားကိုးတခု လျော့လျက်ရှိသည်နှင့် မလျော့မတင်း ရှိစေခြင်းငှာ အလုပ်လည်း ပြန်၍မဝင်၊ ကျွန်ုပ်တင်ထားသည့် စာအကြောင်းကို လည်း ထပ်၍မနှိုးဆော်ပဲ ဆက်ကာ ဆက်ကာ ခွင့်စာတင်လျက်ရှိ၏။ အခွင့်မပေးနိုင်၊ ပြန်၍ ဝင်ရမည်ဆိုလျှင်လည်း အလုပ်မှနုတ်ထွက်ရန် ဆုံးဖြတ်ထားလေသည်။ ဤအတောအတွင်း ဦးညွန့်၏ဟံသာဝတီပုံနှိပ်တိုက်နှင့် အိုင်ဗင်ဟိုဝတ္ထုကို ဘာသာပြန်ရန်ဆက်သွယ်ထားလေသည်။ ၎င်းအလုပ်မှာ တောရွာကလေးတွင်နေ၍ ခပ်ချောင်ချောင်လုပ်ယင်း သူရိယတိုက်အလုပ်ထက် မနည်းသော ဝင်ငွေရှိခြင်းကို ဦးညွန့်လည်းသိစေရန် ရည်ရွယ်ချက် ရှိလေသည်။ ထို့ပြင်လည်း နဂါးနီစာအုပ် တိုက်အတွက် အာဗျဟမ်လင်းကွန်းမှစ၍ ဦးအုန်းခင်၊ ဒဂုန်ခင်ခင်လေး တို့၏ ပုံနှိပ်တိုက်အတွက်လည်း ရှောလမုန်သိုက်၊ ရတနာသိုက်စသော ဘာသာပြန် ဝတ္ထုများ၊ ထို့ပြင် ယခုလူထုတိုက် ဖြစ်နေသည့်ကြီးပွားရေးတိုက်အတွက်လည်း

ပထမံဆရာသိန်းဝတ္ထုရေးပေးဖို့ စီစဉ်ထားလေသည်။ ကျွန်ုပ်တွေးမိသည်မှာ သူရိယဒါရိုက်တာတဦးဖြစ်သော ဦးညွန့်သည် ကျွန်ုပ်အား သူရိယတိုက်မှ ထွက်ပြီး ဝတ္ထုရေးသမားဘက်သို့ ကူးပြောင်းသွားမည်ကို နှမြောသောကြောင့် ဝတ္ထုရေးခြင်း အလုပ်ကို အားပေးချင်သည့် လက္ခဏာမရှိချေ။ (ဟုတ်မဟုတ်ကား မပြောတတ် သေး။ သို့သော် နောက်ပိုင်း၌ ဖော်ပြလတံ့သော အဖြစ်အပျက်များကမူ သက်သေ ခံလျက်ရှိပါသည်။)

## ဦးညွန့်က 'ဝမ်းချ'ပြန်ခြင်း

တနေ့သ၌ သူရိယတိုက်မှ ကြေးနန်းတစောင်ရ၍ ဖတ်ကြည့်ရာ ရန်ကုန်သို့ ချက်ချင်းလာဖို့ မှာကြားခြင်းဖြစ်သည်ကို တွေ့ရ၏။ ဤတွင်အမျိုးမျိုး တွေးရသည်။ ကျွန်ုပ်တောင်းသော လခကိုပေးချင်၍လော၊ သို့တည်းမဟုတ် အလုပ်ပြန်ဝင်ဖို့ ခေါ်ယူခြင်းလော၊ သို့မဟုတ် ၎င်းကိစ္စအတွက် ဆွေးနွေး ချင်၍လော မပြောတတ် အောင်ဖြစ်နေကြ၏။ ရန်ကုန်သို့ရောက်သောအခါ ကျွန်ုပ်တို့၏ အတွေးအခေါ်များ အားလုံးချော်သည်ကို တွေ့ရမည်။ (မောင်စံရှား လည်းမှားသောအခါမျိုး ရှိပေမည်။) အဖြစ်အပျက်အမှန်မှာ လူတယောက်က သူရိယသတင်းစာတွင် ပါရှိသော သတင်းတခုအတွက် သူရိယတိုက်အား အသရေ ပျက်မှုနှင့် တရားစွဲထားသဖြင့် ကျွန်ုပ်မှာ တာဝန်ခံအယ်ဒီတာ ကိုသိန်းမောင်က ထည့်လိုက်ခြင်းဖြစ်၍ ကျွန်ုပ်လည်း ဘာမျှ မမြင်လိုက်ရပဲ တရားခံဖြစ်ရခြင်း ဖြစ်လေသည်။ အမှုမှာ ရန်ကုန်မြို့ရုံးတရုံး၌ တရားဆိုင်ရန်ဖြစ်၏။ ရန်ကုန်၌ရှိစဉ် သဌေးဦးညွန့်က ကသာမြို့၌ အနေအထိုင် အကြောင်းမေးရာ အခြားအရာများကို အပထား၍ အသက်ရှူအလွန်ချောင်လှကြောင်း၊ ရန်ကုန်သို့ ခေတ္တလာရခြင်းပင် အသက်ရှူကျပ်လှ၍ အမှုပြီးလျှင် ချက်ချင်း ပြန်ပြေးမည့်အကြောင်း အားရပါးရ ပြောပြလေသည်။

“ဒါဖြင့် ဦးဖေသိန်း ရန်ကုန်ပြန်မလာချင်တော့ဘူးလား”

“တန်ရာတန်ဖိုး ရလျှင်တော့ အကြောင်းကြောင်း ထောက်ထားပြီး ပြန်လာရမှာပေါ့ ခင်ဗျာ”

“ဘယ်လို အကြောင်းကြောင်းလဲဗျာ”

“ဒီခေတ်မှာ မင်းနေပြည်ဖြစ်လို့မို့ နေချင်စရာ အချက်ကလေးတွေလဲ ရှိပေသပေါ့ ခင်ဗျာ”

“တန်ရာတန်ဖိုးဆိုတာ ဘယ်လောက်လဲဗျာ”

“ကျွန်တော်တောင်းထားတဲ့အတိုင်း ၄၅၀ ပေါ့ခင်ဗျာ”

“၄၅၀ ဆိုတာ ဦးဖေသိန်း ဖြတ်တဲ့ တန်ဖိုးကိုးဗျ”

ကျွန်ုပ်အနည်းငယ် စိတ်ထွက်လာသည်။

“ကျွန်တော်ဖြတ်တဲ့နှုန်းဟာ အရမ်းဖြတ်တာ မဟုတ်ပါဘူးခင်ဗျာ၊ ၇၅၀ယူနေတဲ့ လူတွေက ကျွန်တော့ထက် ပိုတတ်ကြတယ် မထင်ပါဘူး၊ ဟိုရှေးတုန်းက ဦးဘကလေး ၁၆၀ရကတည်းက ကျွန်တော်ဟာ ၁၃၀ ရခဲ့တဲ့ လူပါ”

“အယ်ဒီတာအဖွဲ့မှာ ဦးဖေသိန်းတယောက်တည်း မဟုတ်လေတော့ တယောက်ကိုပေးလျှင် ကျန်လူတွေကလဲ လိုချင်ပေလိမ့်မယ်၊ ဒီတော့ ဒီလိုလုပ်ကြစို့လားဗျာ”

“ဘယ်လိုလဲ ခင်ဗျာ”

“အလုပ်ပြန်ဝင်ဝင်ချင်း လခ၂၅ တိုးယူဗျာ၊ နောင်ကို သုံးလမှာတကြိမ် အစိတ်အစိတ်တိုးပေးမယ်၊ သို့သော်သူရိယတိုက် လခစားရင်းထဲမှာ မပြပဲ လာယူပါ၊ ကျွန်တော်ကပေးပါမယ်”

“ဒီငွေကို သူရိယက ပေးတာလား၊ ဦးညွန့်ပေးတာလားခင်ဗျာ”

"ဦးစောက မှာခဲ့တယ်၊ ဒီလူကိုလက်မလွတ်ပါစေနဲ့တဲ့၊ သူနဲ့ ကျွန်တော်နဲ့ နောက်တော့ ကြည့်ရှင်းရမှာပဲ၊ အခုအတောအတွင်းတော့ ကျွန်တော်ကလုံးဝ တာဝန်ယူပါတယ်"

"အယ်ဒီတာချုပ် ကိစ္စကကော ဘယ်ရောက်သွားသလဲ ခင်ဗျာ"

"ဒါလဲပဲ ဦးစော ပြန်ရောက်လာမှ ကြည့်လုပ်ပါမယ်တဲ့၊ မှာခဲ့ပါတယ်"

"ကျွန်တော်တောင်းထားတာနဲ့ အများကြီးကွာနေတာပဲ၊ ကျွန်တော့ခွင့်ရက် လမစေ့သေးပါဘူး၊ စဉ်းစားဖို့ အချိန်ရှိပါသေးတယ်၊ ခွင့်ရက် စေ့ခါနီးတော့မှ ကျွန်တော်စကားပြန်ပါရစေ"ဟုပြောကာ ပြန်လာခဲ့ပါသည်။

ကျွန်ုပ်အား ပုဒ်မ ၅ဝဝိနှင့် တာဝန်ခံအယ်ဒီတာအနေဖြင့် တရားစွဲသော အမှုမှာ ရုံး၌ဆိုင်ရသောအခါ ရက်ပေါင်း ၂ဝမျှ ခွာ၍ နောက်တကြိမ်အတွက် ချိန်းလိုက်၏။ ကျွန်ုပ်သည် ထိုရက်၂ဝမျှနှင့် ကသာသို့မပြန်ချင်ပဲ ရန်ကုန်၌ပင် စောင့်နေချင်သည်ဟု ဦးဘကလေးအား ပြောပြရာ ကသာနှင့် ရန်ကုန်အသွား အပြန်ဒုတိယတန်း မီးရထားခနှင့် ညီမျှသည့် ငွေ၁ဝဝိခန့်ကို ထုတ်ပေးပါသည်။

သူရိယတိုက်မှ လူကြီးများက ကျွန်အပေါ်၌ဆက်ဆံကြပုံမှာ ကျွန်ုပ်အား လခဟုတ္တိပတ္တိတိုးပေးဖို့မှတပါး ဘာမဆိုလိုက်လျောကြပါပေသည်။ အလုပ်လုပ်စဉ် ကလည်း ကျွန်ုပ်သည် နေ့တဝက်မျှသာ တိုက်တွင်ထိုင်၍ ကျန်သောအချိန်ကို ဟိုတယ် ဘိလိယက်ခုံတွင် ဖြုန်းလေ့ရှိ၏။ ကျွန်ုပ်ဘက်မှဝတ်ကျေပုံမှာလည်း အခြားခေါင်းကြီးရေးသမားများသည် နေ့လည် နှစ်နာရီလောက်တွင်မှ ခေါင်းကြီး ကို ရေးတင်ကြရာ ကျွန်ုပ်မူကား ၁၂ နာရီမထိုးမီ ခေါင်းကြီးရော မှတ်ချက်ပါ တင်နိုင်သည်ချည်းဖြစ်၏။ (သတင်းနှင့် မှတ်ချက်ခန်းမှာ သတင်းစာတွင် အစဉ်အလာမရှိ ကျွန်ုပ်ရောက်သောအခါမှ စတင်တီထွင်ကာ တခန်းဖွင့်ခြင်း ဖြစ်လေသည်။) ဦးဘကလေးသည် ကျွန်ုပ်၏တာဝန်ဝတ္တရားနှင့် ပတ်သက်၍ ဆိုဖွယ်ရာမရှိ။ အလွန်ကျေနပ်ခြင်းကို ကျွန်ုပ်သိပါ၏။ (ဝတ္တရားနှင့် ပတ်သက်၍ အလွန်စိတ်ချယုံကြည်ရသော လူတယောက် ဖြစ်သည်ဟု ထောက်ခံစာရေးပေးဘူး

ပါသည်။) သို့ရာတွင် လခတိုးပေးဖို့မူကား သူ့ထက် ဂဠုံဦးစောနှင့် ဦးညွန့်တို့က ကြိုးကိုင်နိုင်ကြသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။

သို့ဖြစ်၍ ကျွန်ုပ်ကလည်း အလုပ်လုပ်စဉ် ကျေနပ်လောက်အောင် လခတိုးမပေးသည့် အတူတူ ထင်သလိုနေမည် ဆိုသည့်သဘောနှင့် နွဲ့ဆိုးဆိုးသည့်နယ် ခေါင်းကြီးနှင့် မှတ်ချက်ကို အချိန်မီ တင်ပြပြီး သွားချင်ရာသွားနေတတ်၏။ ဤနောက်ပိုင်း၌ အသက်အရွယ်အလျောက် လက်နှေးလာပြီဖြစ်သော်လည်း ထိုစဉ်ကမူလက်ရော ဦးနှောက်ပါ အတော်မြန်ဆန်ခဲ့ဘူးပါသည်။ ဦးဘကလေးသည် လည်းကောင်း၊ ဦးစောသည်လည်းကောင်း ကျွန်ုပ်အား အလုပ်ဝတ္တရားနှင့် ပတ်သက်၍ မကျေနပ်သော လေသံမျိုး ပြောခြင်းအားဖြင့် တကြိမ်တခါမျှ စိတ်ညှိုးငယ်အောင် မပြုလုပ်ကြဘူးပေ။

တခါတရံ ညနေပိုင်းတွင် ကျွန်ုပ်အား ပြောစရာ စကားရှိ၍ ကျွန်ုပ်မရှိရိုက်ဖြစ်ခဲ့လျှင် စာဖြင့်ရေးမှတ်ထားပြီး နောက်တနေ့တွင်မှ ပြောလေ့ရှိကြပါသည်။ ကြီးပွားရေးအတွက် လည်းကောင်း၊ ငွေအတွက်လည်းကောင်း များးစွာ အာရုံမခံလင့်သည့် ကျွန်ုပ်အဖို့မှာ လခနည်းလေသမျှ ဤအခွင့်အရေးနှင့်ပင် 'ထေ' မိသကဲ့သို့သဘောထားနိုင်ပါသည်။

## လောဘကြောင့်မဟုတ်၊ မာနကြောင့် တောင်းခြင်း

ဦးဘကလေးနှင့် တွေ့ရာတွင် ကျွန်ုပ်က ဦးညွန့်နှင့် တွေ့ခဲ့ကြောင်း ပြောရုံသာပြော၍ အကဲခတ်ကြည့်၏။ ဦးဘကလေးသည် ကျွန်ုပ်အားလခအရစ်ကျ တိုးပေးမည် ဆိုခြင်းကို မသိ၍သော်လည်းကောင်း၊ သို့တည်းမဟုတ် မသိချင်ပြုနေခြင်းသော်လည်းကောင်း ကျွန်ုပ်မပြောနိုင်၊ သူကိုယ်တိုင်က ဘာမျှမပြောပဲ ဆိတ်ဆိတ်သာနေလေသည်။ ဦးစောနှင့် ဦးညွန့်တို့သည် သူရိယ ဒါရိုက်တာ အဖွဲ့တွင် အလွန်အရေးပါသော လူနှစ်ယောက်ဖြစ်သည့်အလျောက် သူတို့

နှစ်ယောက်တည်း ကြိတ်၍တိုင်ပင်စီစဉ် ထားခြင်းလည်း ဖြစ်နိုင်သည်။ ဤနေရာ၌ ကျွန်ုပ်၏လခတိုးရေးနှင့် ပတ်သက်၍ ကျွန်ုပ်၏သဘောထားကို မှန်သည့်အတိုင်း ဖွင့်၍ရေးလိုက်ရပါဦးမည်။ ကျွန်ုပ်၏လခမှာ ၁၃၅ ကျပ်မျှသာ ဖြစ်သော်လည်း ငွေတန်ဖိုးရှိသေးသည်တကြောင်း၊ ဝတ္ထုကလေးများ ရံဖန် ရေးသေးသည်တကြောင်း ကြောင့် စားလောက်၊ ဝတ်လောက်၊ နေလောက်သည်ဟု ဆိုနိုင်သဖြင့် အယ်ဒီတာချုပ်ဖြစ်ဖို့သော် လည်းကောင်း၊ လခတိုးပေးဖို့သော် လည်းကောင်း (ကိုသိန်းမောင်ကဲ့သို့) တောင့်တောင့်တတ မရှိခဲ့လှပါ။ သို့ရာတွင် သာသနာပြုဆရာကြီးနှင့် တွေ့ရခြင်း၊ အင်္ဂလိပ်သတင်းစာက ပြောင်လှောင် ရေးသားခြင်း၊ ဝန်ထောက်ဦးချစ်စုက အညံ့ခံသည်ဟု အပြစ်တင်ခြင်းတို့ကြောင့် မာန (Vanity) ကိုထိခိုက်၍ ရှက်မိခြင်းမျှသာ ဖြစ်ပါသည်။ လိုချင်လှသော လောဘကြောင့် မဟုတ်ရပါ။ သို့သော်တောင်းမိသော အခါ၌မူ ရရှိမှပင် ကျေနပ်နိုင်တော့မည်ဖြစ်ပါ၏။

## သထုံသို့လည်ပတ်ခြင်း

ကျွန်ုပ်သည် ဦးဘကလေးထံမှ ထွက်လာသောအခါ ရန်ကုန်တွင် အချိန် ဖြုန်းမည့်အစား နှမအရင်းကမွေးခဲ့ဘူးသည့် တူတယောက် 'ဖိုးထူး'ရှိနေသည့် သထုံမြို့သို့ အလည်သွားရန် စိတ်ကူးမိပါသည်။ ကျွန်ုပ်အဖို့မှာ စိတ်ကူးခြင်းနှင့် ဆုံးဖြတ်ခြင်းသည် ရှေ့ဆင့်နောက်ဆင့်ဖြစ်၍ ၎င်းညဉ့်တွင် သထုံသို့ မီးရထားနှင့် လိုက်ပါသွား၏။ သထုံမြို့တွင် တန်ခိုးကြီးဘုရားဖြစ်သည့် ရွှေစာရံဘုရား ပွဲတော်လည်း ကျင်းပဆဲဖြစ်၍ မန္တလေးမြို့မှဆင်းလာကြသည့် ပိုးကုန်သည် မိတ်ဆွေများလည်း ရောက်နေကြသည်ဟု သတင်းရသဖြင့် သွားလိုသော ဆန္ဒပြင်းထန်လာခဲ့ခြင်းဖြစ်သည်။ (ကျွန်ုပ်အဖို့မှာ နာမည်များသည် ဥပါဒါန် အစွဲအလန်း အတော်ကြီးမားဟန်ရှိ၏။ ၁၁ နှစ်သားအရွယ်၌ဖခင်၏ အငြိုးအငြင်

ခံရ၍ မြစ်ငယ်ရွှေစာရံဘုရားသို့ ဆရာတော်ဦးပဥ္စင်းနှင့် လိုက်ခဲ့ဘူးခြင်း အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ယခုလည်း သထုံရွှေစာရံဘုရားပွဲတော်ဟု ကြားလိုက်ရုံမျှနှင့်ပင် သွားချင်သောစိတ် ချက်ချင်းဖြစ်ပေါ်၍ မကြာမတင်မီ ပြင်းထန်လာခဲ့ပါတော့သည်။ သထုံ၌တူတယောက်ရှိနေခြင်း၊ မန္တလေးမြို့မှ သိပေါင်းကျွမ်းပေါင်းများ ရောက်လျက်ရှိကြခြင်းတို့သည် ကျွန်ုပ်အားခေါ်လျက် ရှိသည်ဆိုစေကာမူ ဘုရား၏ဘွဲ့တော်သည် ရွှေစာရံမဟုတ်ခဲ့ပါက ကျွန်ုပ်သွား ကောင်းမှ သွားပေလိမ့်မည်ထင်သည်။) သို့ဖြစ်၍ ၁၉၄၁ခုနှစ်၊ မတ်လစရက် (ထိုနှစ်တွင် အင်္ဂလိပ်မတ်လနှင့် မြန်မာတပေါင်းလသည် တထပ်တည်းဖြစ်၍ တပေါင်းလဆန်း စရက်နေ့လည်း ဖြစ်ခြင်းကို ကျွန်ုပ်မှတ်မိ သည်။) ထိုနေ့နံနက်စောစောတွင် ကျွန်ုပ်သည် သထုံဘူတာရုံသို့ ဆိုက်ရောက်ခဲ့လေ၏။

## ဝွကျသောအခြေအနေတခု

မရောက်ဘူးသည့် မြို့တမြို့သို့ ကြိုဆိုမည့်သူမရှိပဲ တယောက်တည်း ဆိုက်ရောက်သွားရခြင်းသည် အားငယ်စရာဖြစ်သော်လည်း မင်းကြီးတောလိုက် စာရေးအဖြစ်နှင့် နှစ်ပေါင်းအတန်ကြာ လုပ်ခဲ့ဘူးသည့် ကျွန်ုပ်အဖို့မှာ ကြိုတင်အကြောင်းကြားခြင်းမရှိပဲ လာခဲ့မိသော်လည်း အားငယ်ခြင်းမရှိ၊ မြင်းရထား တစီးပေါ်သို့တက်၍ တူကလေး၏နေအိမ်ကို လိုက်လံရှာဖွေ၏။ နောက်ဆုံး၌ တူကလေး (ဖိုးထူး)၏နေအိမ်ကိုတွေ့ပါ၏။ သို့ရာတွင်အိမ်တံခါးများ ပိတ်ဆို့လျက်ရှိလေသည်။ ဤသည်မှာကား ကျွန်ုပ်တွက်ချက်ထားသည်ထက် ကဲလွန်သောအခက်အခဲတခု ဖြစ်နေ၏။ မြင်းရထားသမားသည် ကျွန်ုပ်၏ သားရေအိတ်နှင့် အိပ်ရာလိပ်ကို ချပေးခဲ့ပြီး မောင်းထွက်သွားလေရာ ပထမ၌ ဖိုးထူးတို့အိမ်သားများ မထကြသေးဟုလည်းထင်၍ စိတ်ခပ်ပေါ့ပေါ့ပင်ရှိ၏။ အိမ်မှာ ထောင့်အိမ်ဖြစ်၍ တဘက်အိမ်၌လည်း လူစလူနမမြင်ချေ။ ဤတွင်

ကျွန်ုပ်သည်ဖိုးထူး၏အိမ်အခြေအနေကို စုံစမ်းကြည့်ရာ ဝင်းတံခါးနှင့် အိမ်တံခါးဝ တို့မှာ သော့ခလောက်ကြီးများ ခတ်ထားခြင်းကို တွေ့ရသဖြင့် လူမနေကြောင်း သိရလေပြီ။ အသိတယောက်တည်းရှိသောမြို့သို့ တခေါက်မျှ မရောက်ဘူးပဲလျက် လာခဲ့သည့် ခရီးသည်တယောက်အဖို့မှာ အတော်ပွကျသော အခြေအနေဖြစ်၏။ အချိန်မှာ အတော်စောသေးသည်ဖြစ်၍ ပတ်ဝန်းကျင်အိမ်များလည်း မထကြသေး ပဲရှိရာ ကျွန်ုပ်မှာ ဝင်းတံခါးရှေ့တွင် အိပ်ရာလိပ်ပေါ်၌ ထိုင်စောင့်ရန်မှတပါး အခြားနည်းလမ်းမရှိချေ။ မိမိလာသည့်အကြောင်းကို ဖိုးထူးထံသို့ ကြိုတင် အကြောင်းကြားခြင်း မပြုမိသည့်အတွက် မှားလေခြင်း ဟူသောကုက္ကုစ္စ ဝင်လာ ပါသေး၏။ သို့ရာတွင် အကျိုးမရှိပဲ စိတ်ဆင်းရဲစေတတ် သည့်အတွေး အခေါ်များ၏ အချည်းနှီးသဘာဝကို သိပြီးဖြစ်သော ကျွန်ုပ်သည် ထိုအတွေးကို ချက်ချင်းမောင်းထုတ်၍ ဆေးတံသောက်ကာ ဘာလုပ်ရပါမည်ကိုသာ စဉ်းစား၏။ ၁၅မိနစ်ခန့်ကြာသောအခါ ဖိုးထူးပေါက်လာ၏။ ကျွန်ုပ်သည် တူအရင်း ဖြစ်သော ဖိုးထူးအား ကြိမ်ဖန်များစွာ မြင်တွေ့ခဲ့ရဘူးသည်ဖြစ်ရာ ဤတကြိမ် မြင်လိုက် ရခြင်းကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းကို ကျွန်ုပ်မမှတ်မိပေ။

## ရှောလမုန်သိုက် ဘာသာပြန်

ဖိုးထူးသည် ပျာပျာသလဲပြေးလာ၍ ဝင်းတံခါးကိုဖွင့်ပြီးလျှင် ကျွန်ုပ်၏ ပစ္စည်း ကလေးများကို အိမ်ပေါ်သို့တင်ပေးသဖြင့် တထစ်တော့ နေရာကျပါပြီ။ သို့သော် အိမ်ချည်းသက်သက်ရှိ၍ ၎င်း၏အိမ်သူအိမ်သားများသည် ဘယ်သို့ ရောက်ကုန်ကြ လေသနည်းဟူသော ပြဿနာသည် ကျွန်ုပ်အဖို့ရာ၌ တထင့်ထင့် ရှိနေသေး၏။ နောက်ဆုံး၌ သူတို့အိမ်သားများ အားလုံးသည် ရွှေစာရံဘုရား ပွဲတော်တွင် တဲအုံကန္နားထိုးကာဆိုင်ထွက်ကြ၍ ပွဲတော်အတွင်း အိမ်ကိုပိတ်ထား ကြောင်း ပြော၏။ ကျွန်ုပ်ကရက်သတ္တပတ်ခန့် (ဘုရားပွဲပြီးသည်အထိ) နေဖို့

အကြံအစည်နှင့် လာခဲ့ခြင်းဖြစ်ကြောင်း၊ ဘာသာပြန်အလုပ် လုပ်စရာလည်း ပါလာခဲ့ကြောင်းပြောပြသောအခါ ဖိုးထူးက သူ၏အိမ်တွင် တယောက်တည်း နေနိုင်ကြောင်း၊ အစားအသောက်အတွက် သူကတာဝန်ယူပြီး စီစဉ်ပေးမည့် အကြောင်းပြောသည်နှင့် ကောင်းပြီဟု သဘောတူလိုက်လေ၏။

## ထမင်းဆိုင်ကိုအားကိုးခြင်း

သထုံသို့ ကျွန်ုပ်လာခဲ့ခြင်းမှာ ဆာရိုက်ဒါဟဂ္ဂဒ်၏ King Solomon's Mines ဝတ္ထုကို ဦးအုန်းခင်နှင့် ဒဂုန်ခင်ခင်လေးတို့ ပုံနှိပ်တိုက်အတွက် ဘာသာပြန်ပေးဖို့ လာခဲ့ခြင်းဖြစ်၏။ တအိမ်လုံးတွင် ကျွန်ုပ်တယောက်တည်း ရှိနေခြင်းအတွက် သာ၍ပင် အလုပ်တွင်ကျယ်လိမ့်မည်ဆိုကာ အနည်းငယ်မျှ စိတ်အနှောင့်အယှက်မဖြစ်ချေ။ ကျွန်ုပ်၏ဝါသနာတခုမှာလည်း ကိုသိန်းဖေကဲ့သို့ အလွန်ခင်မင်သော မိတ်ဆွေတယောက်ထံ၌ ရက်ပိုင်း လပိုင်းတန်သည် မှီခိုကပ်ရပ်၍ စားသင့်ကစားမည်။ တူသားနောင်မယ်မှစ၍ ဆွေမျိုးညာတိများထံ၌ (မလွှဲမရှောင်သာသောကိစ္စမျိုး ကြုံရသောအခါမှတပါး) တရက်ပြင်နှစ်ရက်မှီခိုကပ် ရပ်စားသောက်ခဲ့ဘူးသည့် အလေ့အကျင့်မရှိချေ။ မိတ်ဆွေဟူသည်မှာ ခင်မင်မှ ကျွေး၍ ခင်မင်မှစားသည်။ သဒ္ဒါပုံမရဟု ရိပ်မိသည်နှင့် တပြိုင်နက် ချက်ချင်း ရွှေ့ပြောင်းသွားနိုင်သည်။ ရွှေ့ပြောင်းရလျှင်လည်း ငါ့ကိုမခင်မင်ကောင်းလေ သလောဟု အပြစ်ပြောစရာ ဘာမျှမရှိပေ။ သူခင်မင်ချင်မှ ခင်မင်ပေမည်။ ကျွန်ုပ်ဘက်ကလည်း ဤအတိုင်းပင်ဖြစ်၏။ တူသားနောင်မယ်မှစ၍ ဆွေမျိုးညာတိ အစရှိသည်တို့မှာမူကား ကျွန်ုပ်ကတည်းခိုသည်ဆိုလျှင် မသဒ္ဒါလည်း ကျွေးရ တော့မည်။ သဒ္ဒါလည်းကျွေးရတော့မည်။ မသဒ္ဒါဟူ၍ ကျွန်ုပ်ရိပ်မိပါမူကား (ဤအရာကိုမျိုးကို ကျွန်ုပ်ကလည်း အလွန်သိတတ်လှသည်။) စားမိသည့်အတွက် ကျွန်ုပ်ပင်စိတ်မချမ်းမသာဖြစ်ရချေတော့မည့်ပြင် ရှေ့အဖို့တွင်လည်း ခင်မင်မှု

ယုတ်လျော့သွားရချေတော့မည်။ (မသဒ္ဒါပဲနှင့်ကျွေးသော ဆွေမျိုးအပေါ်၌ ခင်မင်မှု မလျော့ပါစေနှင့်ဟူသော ဩဝါဒစကားမျိုးမှာ အလကား စကားမျိုးဖြစ်သည်ဟု ကျွန်ုပ်နားလည်သည်။) သို့ဖြစ်၍ ကျွန်ုပ်သည် တူအရင်းဖြစ်သော ဖိုးထူးအိမ်တွင် နေရှုံသာနေ၍ အစားအသောက်အတွက်မှာ (သူတို့အားလည်း ဒုက္ခမပေးလိုသည် တကြောင်းကြောင့်) တရုတ်၊ ကုလား၊ မြန်မာထမင်းဆိုင်များ၌ တလှည့်စီစားဖို့ စီမံခဲ့ပါသည်။ "တူတယောက်လုံးရှိလျက်နဲ့ မတော်ပါဘူး"ဟူသော စကားမျိုးကို ဖိုးထူးကပြောပါသေး၏။ သို့သော် ကျွန်ုပ်က ဦးကြီးအရင်းဖြစ်သည့်အတိုင်း ချက်ချင်း နှုတ်ပိတ်ပစ်လိုက်လေသည်။ (လောကဝတ်စကားမျိုးကို လက်မခံတတ်ပဲ တိုတိုနှင့် စကားဖြတ်ပစ်တတ်သော ကျွန်ုပ်၏ဝါသနာကြောင့် အချို့ ဆွေမျိုးများသည် ကျွန်ုပ်အပေါ်၌ ခင်မင်မှု လျော့ပါးကြဟန်ရှိ၏။ သို့သော် အချို့ကလည်း ဤအတွက်ပင် သဘောကျကြပုံရသည်။)

## ရှေးဖြစ်ဟောင်းပေါ်လာခြင်း

အိမ်ပေါ်သို့တက်ကြ၍ တံမြက်စည်း သုံးလေးရက် လှဲရဟန်မရှိသော ကြမ်းပြင်ကို ဖိုးထူးက လှဲကျင်းပေးပြီးနောက် ကျွန်ုပ်၏ ပစ္စည်းကလေးများကို ခင်းကျင်းပေးခဲ့၍ ဖိုးထူးပြန်သွား၏။ ဖိုးထူးတို့လင်မယားမှာ ဘုရားပွဲဈေးတန်း၌ ပွဲတော်အတွင်း နေထိုင်ကြလေရာ အလိုရှိသော ပစ္စည်းတခုယူရန် အိမ်သို့ခေတ္တ ပြန်လာခြင်းဖြစ်လေသည်။ အိမ်မှာအတော်ကျယ်ဝန်းသည့် နှစ်ထပ်အိမ်ဖြစ်လေရာ အပေါ်ထပ် ဆင်ဝင်ဆောင်တွင် ကျွန်ုပ်နေရန်ဖြစ်၍ နေ့ခင်း၌ အောက်ထပ်သို့ဆင်းပြီး အလုပ်လုပ်ရန် ဖြစ်လေသည်။ အိမ်ရှေ့၌ရှိသော ရေတွင်းတွင် ရေချိုးပြီးနောက် နံနက်ဇနာရီ လောက်တွင် ဘုရားပွဲတော်ဘက်သို့ ထွက်လာခဲ့ရာ (အိမ်ကို သော့ပိတ်ထားခဲ့သည်။) အောက်ပြည်အောက်ရွာမှ ဘုရားပွဲများသို့ မရောက်ဘူး သည့် ကျွန်ုပ်အဖို့မှာ ထူးခြားချက်တခုကို ချက်ချင်း သတိပြုမိသည်။

အညာ၌ ကျင်းပသည့် တပေါင်းပွဲတော်များ အားလုံးမှာ ဖုတ်တထောင်း ထောင်းထလျက် ရှိကြ၍ ပွဲတော်လာ ပရိသတ်များမှာ မျက်တောင်၊ မျက်ခုန်းနှင့် ဆံပင်များသည် (မြေခံအလိုက်) အဖြူ၊ အနီ၊ အဝါ စသည်ဖြင့် ဆေးဆိုးထား သကဲ့သို့ ရှိနေတတ်ပေရာ သထုံရွှေစာရံ ဘုရားပွဲတော် ပရိသတ်မှကား မြူအလိမ်း လိမ်း မကပ်ပဲ သပ်ရပ်သန့်ရှင်းစွာ ရှိနေကြခြင်းကို တွေ့ရပေသည်။ ပွဲဈေးတန်း သို့လျှောက်သွားသောအခါ မန္တလေးမြို့မှ ဈေးရောင်းလိုက်လာကြသည့် ပိုး ကုန်သည်များ အနက်တွင် စံဒေဝီကို ပိုးဖော်ပန်းဘက် ဖြစ်ခဲ့ဘူးသည့် သူငယ်ချင်း များလည်း စိတ်ထဲတွင်ပေါ်လာပါသေးသည်။ စံဒေဝီ၏ထူးခြားချက်တခုမှာ ၎င်းအားပိုးပန်းကြသော ကာလသားများသည် တယောက်နှင့်တယောက် ခိုက်ရန် ဖြစ်ပွားခြင်းမရှိ၊ ဘုရားပွဲများသို့ အတူလိုက်ကြပြီး အတူပိုးပန်းကြ၍ ကြိုက်သူယူစတမ်း ဆိုသကဲ့သို့ နားလည်မှု ရှိကြလေသည်။ စံဒေဝီနှင့် ပတ်သက်၍ တဦးတယောက်က တစုံတရာ ချီးမွမ်းလိုက်သည်ဆိုလျှင် အတူ ပိုးပန်းကြသည့် ကာလသားများက မျက်နှာပျက်ခြင်းမရှိပဲ လှိုက်လှဲစွာ ထောက်ခံကြလေသည်။ စံဒေဝီကို အတူပိုးပန်းရာ၌ ကျွန်ုပ်နှင့်အထူးတလည် ချစ်ခင်သည့် ကိုသိဒ္ဓိအမည်ရှိ သူငယ်ချင်းတယောက်ရှိရာ သူနှင့်ကျွန်ုပ်ချစ်ခင် ကြပုံကို မြင်ရသော လူကြီးများက “ဒီလူငယ်နှစ်ယောက်ဟာ ဆန်းလှချေကလား၊ မိန်းကလေးတယောက်ကို နှစ်ယောက်အတူတူယူကြမယ်လို့ထင်တယ်”ဟူ၍ပင် ပြောတတ်ကြလေသည်။ ကိုသိဒ္ဓိမှာ ကျွန်ုပ်နှင့် အိမ်နီးချင်းသူငယ်ချင်း တယောက် လည်းဖြစ်ပေရာ တယောက်အပေါ်၌တယောက် မည်မျှလောက် ချစ်ခင်ကြင်နာမှု ရှိကြပါသနည်းဟူမူ ကျွန်ုပ်တို့နှစ်ယောက်လုံးက စံဒေဝီကို မိမိမရလျှင် သူနှင့် သာရစေလို၏။ ဤစိတ်ထားမှာ ရယ်စရာလည်းမဟုတ်၊ လွယ်ကူသော အခြင်းအရာလည်း မဟုတ်ချေ။ ခင်မင်ကြပုံကို ဥဒါဟရုဏ်တခု ဆောင်ပြရသော် စံဒေဝီ၏အမေကြီး ကကျွန်ုပ်အား လှည့်စားသကဲ့သို့ ပြုမူသော အချိန်များတွင် ကိုသိဒ္ဓိသည် အမေကြီး၏မယုံကြည်ရသော စိတ်နေသဘောထား အကြောင်းကို

ကျွန်ုပ်အား သတင်းပေးဘူးလေသည်။ ကိုသိဒ္ဓိက "အမေကြီးပြောတိုင်း မယုံနဲ့ ဗျနော်၊ ကြံစရာရှိလျှင် ကြံ၊ နို့မို့ လက်လွတ်သွားမယ်"ဟု ပြောဘူးပေသည်။ ဤစကားကို ပြောစဉ်၌ ကိုသိဒ္ဓိမှာ မိဘဂုဏ်ရည် အဆင့်အတန်း နိမ့်ကျသူ တယောက် မဟုတ်သော်လည်း အင်္ဂလိပ်ကျောင်းမှ ဘာအတန်းမှမအောင်ပဲ တေလေဂျပိုး လုပ်နေသဖြင့် သူ့အဖို့မျှော်လင့်ချက် ကင်းဝေးနေသည့် အခိုက် အတန့်ဖြစ်လေသည်။ တခါက မိတ္ထီလာမြို့သို့ သွားနေသည့် စံဒေဝီတို့နောက်သို့ ကျွန်ုပ်တို့ နှစ်ယောက်အတူတကွ လိုက်ကြပုံကို ဖော်ပြရလျှင် "လူရှုးကလေး နှစ်ယောက်"ဟု ခေါ်ဆိုကြပေလိမ့်မည်။ 'ငါ့ကိုမကြိုက်လျှင်သူနှင့် ရပါစေ'ဟူသော စိတ်ထားမှာ ကျွန်ုပ်တို့နှစ်ယောက်လုံး၌ ရိုးသားစွာ စွဲကပ်လျက်ရှိ၏။ ကိုသိဒ္ဓိမှာ စံဒေဝီသေဆုံးသည့်နောက် များမကြာမီအတွင်း ကွယ်လွန်ရှာလေရာ ထိုသူအသက် ရှင်လျက်ရှိသေးပါလျှင် ကျွန်ုပ်နှင့် အခင်မင်ဆုံးသော သူငယ်ချင်း ဖြစ်ရမည်မှာ သေချာလှသည်။

## အမြန်ဆုံးသော ဝတ္ထု

ပွဲဈေးတန်း၌ နံနက်စာ စားခဲ့ပြီးနောက် ကျွန်ုပ်သည် အိမ်သို့ပြန်လာခဲ့၍ တရေးမျှ အိပ်ပြီးလျှင် ရောလမုန်သိုက် ဝတ္ထုကို အကြိတ်အနယ် ရေးပါတော့သည်။ ကျွန်ုပ်ရေးခဲ့သမျှသောဝတ္ထု (ဘာသာပြန်) များအနက်တွင် ဤဝတ္ထုမှာ အမြန်ဆုံး ဖြစ်၏။ တော်အောင် လျော်အောင် သော့ချသောကြောင့် လျင်မြန်ခြင်းမဟုတ်ရပါ၊ တအိမ်လုံးတွင် တယောက်တည်းရှိနေသဖြင့် အနှောင့်အယှက် ကင်းသည့်ပြင် ဤအလုပ်ကိုမလုပ်လျှင် အခြားဘာမှလည်း လုပ်စရာမရှိသဖြင့် အပြင်သို့ ခဏတဖြုတ်ထွက်သော အချိန်မှတပါး အလုပ် ခွင်၌ကုန်း၍ထိုင်နေသောကြောင့် ဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းအတွက် အခက်အခဲကိုမူ ဓာတ်ဗူးတလုံးဝယ်၍ လက်ဖက်ရည်ဆိုင် တဆိုင်ကို ချဉ်းကပ်ခြင်းအားဖြင့် ဖြေရှင်းနိုင်ပါသည်။

ကိုယ့်အိမ်၌ကိုယ် အလုပ်လုပ်ရသည့်အခါ အချိုအချဉ် စားစရာကလေးများနှင့် ပတ်သက်၍ အိမ်ရှင်မအား ဒုက္ခပေးခြင်း၊ ယောက်ဖကလေးနှင့် တပည့်ကလေး များအား 'ခါးကြိတ်' ခိုင်းခြင်းစသည်ဖြင့် 'ဗိမ်'ကလေးများ ရှာမိပေရာ တယောက် တည်းနေရသော ထိုရက်များ၌မူ မည်သူ့အပေါ်မျှ 'နွဲ့'ရန်မရှိပဲ တယောက်တည်း ကြုံးရေးသဖြင့် တွင်လိုက်သည့် အလုပ်မှာ ကိုယ့်ဟာကိုယ်အံ့သြမိပါသေးသည်။ နေ့အချိန်များတွင်သာမက ညအချိန်များတွင်လည်း ဖယောင်းတိုင်မီးဖြင့် အလုပ် လုပ်ပါသေးသည်။ (ထိုစဉ်က ဖိုးထူးတို့၏ အိမ်တွင်ဓာတ်မီးသွယ်ပြီးပြီ ဟူ၍ကား ထင်၏။ သို့သော်ဖယောင်းတိုင် လေးတိုင်ထွန်း၍ အလုပ်ထိုင်ခြင်းကိုလည်း မှတ်မိသည်။)

## အလိုလိုက်ချင်သောဝါသနာ

နေဝင်စအချိန်တွင် ကျွန်ုပ်သည် အိမ်တံခါးကိုသော့ခတ်၍ ညစာစားရန် ဈေးဘက်သို့ ထွက်လာခဲ့၏။ ဘုရားပွဲဈေးတန်းကြီးမှာ စည်ကားလွန်းအားကြီး သောကြောင့် ဈေးဘက်သို့ ထွက်လာခဲ့ခြင်းဖြစ်၏။ အမှန်မှာ အကြံကလေးတခု လည်းရှိသောကြောင့်ဖြစ်သည်။ ညနေပိုင်းတွင် ရှောလမုန်သိုက်ကို ဘာသာပြန် ယင်း ပီမိုးနင်းနှင့် ကိုသိန်းဖေတို့နှစ်ယောက်ကို ဘွားကနဲသတိရမိ၏။ ပီမိုးနင်းမှာ လွန်ခဲ့သောသုံးနှစ်ခန့်လောက်က (၁၉၃၈ ခုနှစ်) ကွယ်လွန်ရှာပြီဖြစ်ရာ ကိုသိန်းဖေမူကား ရှိသေး၏။ သူတို့နှစ်ယောက်ကို သတိရသည်ဆိုလျှင် သူတို့နှင့် အတူတကွ ပျော်ပါးဘူးသည့် အခြင်းအရာများကိုပါ သတိရခြင်းသည် စိတ်၏ သဘာဝဖြစ်၏။ သို့ဖြစ်၍ ဈေးအနီး၌ရှိသော ကုလားကွမ်းယာဆိုင်ကလေးသို့ ချဉ်းကပ်ကာ 'ဘီဒီ'တမူးဖိုးဝယ်၏။ ကုလားက 'ဘီဒီ'ဆယ်လိပ်ထုတ်ပေးရာ ကျွန်ုပ်ကမျက်နှာတမျိုးနှင့်ကြည့်လျက် "ယေးနိမ်းမန်ကတား၊ ဒွတ်စရားဟဲ"ဟု ပြောလိုက်ရာ ကုလားသည် ကျွန်ုပ်၏မျက်နှာကို တချက်လှမ်းကြည့်ရုံနှင့်

နားလည်၍ အခြားဘီဒီနှစ်လိပ်ကိုထုတ်ပေးလေသည်။ ကျွန်ုပ်သည်ညစာအတွက် ဒန်ပေါက်စားမည်ဟု စိတ်ကူးထားသော်လည်း ဆိုင်သို့ရုတ်တရက်မဝင်သေးပဲ ဘီဒီတလိပ်ကို ညှိသောက်ကာ လမ်းလျှောက်၍ ဘီဒီကုန်သောအခါမှ ဒန်ပေါက် ဆိုင်သို့ဝင်၍ စားလေသည်။ (ကျွန်ုပ်၏ဝါသနာမှာ ထိုအချိန်ကဲ့သို့ မိမိအား ပြုစု စောင့်ရှောက်မည့်သူမရှိပဲလျက် တယောက်တည်း အကြိတ်အနယ် အလုပ်လုပ်ရ သော အခြေအနေမျိုးတွင် မိမိကိုယ်ကို သနားချင်တတ်၍ အလိုလိုက်ချင်သော စိတ်မျိုး ဖြစ်ပေါ်လာတတ်လေသည်။ သို့ရာတွင် ဝိပဿနာတရား အားထုတ်သော အချိန်အပိုင်းအခြားမျိုး၌မူကား 'မနွဲ့နဲ့မောင်ရေ၊ ကြိတ်လိုက်စမ်းကွ'ဆိုကာ မိမိကိုယ်ကို အားပေးလေ့ရှိလေသည်။ ကျွန်ုပ်မျှော်လင့်သည့်အတိုင်း ဒန်ပေါက်တပွဲ ကိုအလွန်မြိန်ရှက်စွာ စားသောက်ပြီးနောက် ဘုရားပွဲဘက်သို့ အနည်းငယ် လမ်းလျှောက်ပြီး အိမ်သို့ပြန်လာခဲ့လေသည်။

## ထိတ်လန့်ရသော ညတည

အိပ်ရာသို့ဝင်သောအခါ အတွေးအခေါ်များသည် ပြွတ်သိပ်ကာ ဝင်လာ ကြ၏။ ရှေးဦးစွာတချက် ကျွန်ုပ်သတိရသည်မှာ လွန်ခဲ့သော နှစ်နှစ်လောက်က ဖိုးထူးတို့လင်မယားသည် သူတို့၏မကျန်းမာသော မိခင်(ဖိုးထူး၏ယောက္ခမ)ကို ရန်ကုန်သို့ ခေါ်လာ၍ ဆရာဝန်နှင့် ဆေးကုဘူး၏။ သူတို့အဖို့အိမ်အတွက် အခက်အခဲရှိ၍ ကျွန်ုပ်ကပင် အိမ်ရှာပေးပြီး လူနာကို အထိုက်အလျောက် ပြုစုစောင့်ရှောက်လိုက်ရဘူး၏။ ထိုမိန်းမကြီးမှာ ရောဂါမသက်သာပဲ သထုံသို့ ပြန်သွား၍ လွန်ခဲ့သည့် သုံးလလောက်ကပင် ပျက်စီးရှာသည်ဟု ကျွန်ုပ်ကြား သိရသည်။ ကျွန်ုပ်သည်ဆင်ဝင်အောက်၌ ပြင်ထားသော ခုတင်ပေါ်၌ လဲလျောင်း ကာ တနာရီခန့်စာဖတ်ပြီးနောက် တော်လောက်ပြီဆို၍ မီးငြိမ်းပြီး ဘုရားအာရုံပြု လျက် အိပ်ဖို့ပြင်ပါတော့သည်။ (သက်န်းဝတ်ခဲ့ပြီးသော အချိန်မှစ၍ ကျွန်ုပ်သည်

အိပ်ရာပေါ်၌ပင် မြတ်စွာဘုရား အားလိုက်လှဲစွာ အာရုံပြုပြီးမှ အိပ်တတ်သော အလေ့အကျင့် ပြုလုပ်ထားပါသည်။) အာရုံပြုပြီးသဖြင့် အိပ်တော့မည် ကြံစည်လိုက်လျှင်ပင် ဖိုးထူး၏ယောက္ခမကြီး သေဆုံးသောအခြင်းအရာသည် ဘွားကနဲပေါ်လာ၏။ ဤအိမ်သို့ရောက်သောအချိန် မှစ၍ မိန်းမကြီးသေဆုံးခြင်းကို တခါနှစ်ခါ သတိရခဲ့မိခြင်းကား မှန်ပါသည်။ သို့ရာတွင် 'သေရှာလေပြီ'ဟူ၍ သာမန်မျှ သတိရမိခြင်းဖြစ်၏။ အိပ်တော့မည် ကြံသောထိုအချိန်၌မူ မိန်းမကြီး အကြောင်းကို သတိရလိုက်မိသည်ဆိုလျှင်ပင် ရန်ကုန်၌ မကျန်းမမာဖြစ်နေခိုက် ကျွန်ုပ်ကဝင်ရောက် မေးမြန်းဘူးခြင်းနှင့်တကွ သူ၏ရုပ်လက္ခဏာများသည် မျက်စိထဲတွင် ထင်ရှားစွာပေါ်ပေါက် လာပါတော့သည်။ ဖြူဖြူတုတ်တုတ် မျက်ခုန်းမျက်လုံးကောင်းကောင်းနှင့် ကျွန်ုပ်အား ကျေးဇူးတင်သော မျက်နှာထားမျိုးဖြင့် ကြည့်လိုက်ပုံကို သတိရ၏။

ထို့နောက် မိန်းမကြီးသည် ဤအိမ်တွင် သေဆုံးခြင်းဖြစ်၍ ဤဆင်ဝင်ဆောင်၌ပင် အလောင်းပြင်ထားလိမ့်မည်။ ဤခုတင်သည်ပင် အလောင်းပြင်သော ခုတင်ဖြစ်ချေမည်ဟူသော စိတ်ကူးပေါက်လာ၏။ စိတ်သည်အလွန်ဆန်းကြယ်၏။ ဟုတ်သည်မဟုတ်သည် မဆုံးဖြတ်နိုင်စေကာမူ စိတ်ထဲက သတိရလိုက်သည်ဆိုလျှင်ပင် တကယ်ထင်လာ၍ ဤခုတင်ကား မိန်းမကြီး၏ အလောင်းပြင်သော ခုတင်ဖြစ်သည်ဟု အသေအချာယူဆလျက်ရှိလေပြီ။ 'ဖြစ်လျှင်ကော ဘာဖြစ်သနည်း' ဟု မိမိကိုယ်ကို မေးကြည့်ရာ ကျွန်ုပ်မှာ ကြောက်ရွံ့သောစိတ် ဝင်လာခဲ့လေပြီ။ လူသေအလောင်းပြင်ဘူးသော ခုတင်မျိုးပေါ်တွင် ဘုန်းကြီးကျောင်း၌ အိပ်ခဲ့ဘူးပါ၏။ သို့ရာတွင် ကြောက်ရွံ့လောက်အောင် မဖြစ်ခဲ့ဘူးပါ။ ယခုမူကား ကျောထဲ၌၍စိမ့်ကနဲ ဖြစ်သွား၏။ ဤတွင်မိမိကိုယ်ကို မကျေမနပ်ဖြစ်ကာ "မင်း ဒီလောက်တောင် ကြောက်တတ်ရသေးသလား"ဟု ဒေါသနှင့်မေး၏။ "ကြောက်တာပဲဗျာ၊ မတတ်နိုင်ဘူး"ဟူသော အဖြေသည် ကျွန်ုပ်၏ဝမ်းထဲမှ ထွက်လာ၏။

ဤတွင်မှ ကျွန်ုပ်သည် ဖယောင်းတိုင်ကိုပြန်ထွန်း၍ ကျွန်ုပ်အားထုတ်ခြင်းဖြင့် သိမြင်ရဘူးသော တရားဓမ္မများကို ပြန်လည်သုံးသပ်လေရာ ၁၅ မိနစ်ခန့်ကြာသောအခါ သက်သာရာရသည်နှင့် ဖယောင်းတိုင်ကိုငြိမ်းပြီး အိပ်ဖို့ပြင်ပြန်၏။ အမှန်မှာ အတန်ညဥ့်နက်ပြီဖြစ်၍ အိပ်ချင်သောစိတ်လည်း ဝင်လာခဲ့လေပြီ။ ကျွန်ုပ်သည်လက်ယာဘက်သို့ စောင်းလျက် အိပ်သဖြင့် မှေးမှေး မှေးမှေးဖြစ်လာစဉ် ဖိုးထူး၏ ယောက္ခမကြီးမျက်နှာသည် ကျွန်ုပ်၏ မျက်နှာအနီးသို့ချဉ်းကပ်ကာ နှားခေါင်းကို 'ဖူး'ကနဲ မှုတ်လိုက်သည်ထင်၏။ ကျွန်ုပ်လန့်သွားသော်လည်း တကယ်မဟုတ်၊ စိတ်၌ထင်ခြင်း သက်သက်မျှသာ ဖြစ်သည်ဟုချက်ချင်းပင် သိသောသတိရှိသည်ဖြစ်၍ ကြောက်ရွံ့ခြင်းကား မရှိပါ။ 'ငါ၏စိတ်ဖောက်ပြန်လျက်ရှိသည်'ဟူ၍ပင် သတိပြုလိုက်မိပါသေးသည်။ 'ဘာ့ကြောင့် ဤကဲ့သို့ဖောက်ပြန်ရသနည်း'ဟု ဆင်ခြင်လိုက်သောအခါ ညဥ့်ဦးက သောက်ရှူထားသည့် ဆေးခြောက်ပါသော ဘီဒီကိုသတိရပါသည်။ သို့ဆိုလျှင် မိမိကိုယ်တိုင်က မကြောက်သော်လည်း ဆေးခြောက်၏သတ္တိကြောင့် ကြောက်စရာကောင်းသောစိတ်ကူးများ ပေါ်ပေါက်လာရချေဦးတော့မည်ဟု စဉ်းစားမိသည်။ ကျွန်ုပ်၏ကံကောင်းခြင်း တချက်မှာ အခက်အခဲနှင့် တွေ့ဆုံသည့်အခါ အချိန်လုံလောက်စွာရရှိပါက သက်ဆိုင်ရာ အကြံဉာဏ်များ ဖြစ်ပေါ်လာတတ်ခြင်းပင်ဖြစ်သည်။ ဆေးခြောက်၏သတ္တိဟူ၍ သိရသည်နှင့် တပြိုင်နက် ကြောက်စရာကောင်းသောစိတ်ကူးများ ပေါ်လာခြင်းသာ ဖြစ်ရမည်။ တကယ့်တကယ် တစ္ဆေချောက်ခြင်းကားမဟုတ်နိုင်။ မိမိ၌ဖြစ်သော စိတ်ကူးကို မိမိက ရွံ့ကြောက်နေဖို့မလို။ လာကြစမ်းပေစေ၊ ခုခံ၍ တိုက်ခိုက်မည်ဟု ဆုံးဖြတ်ကာ မိမိ၏စိတ်ကို 'ခါးတောင်းကျိုက်'လျက် စောင့်နေ၏။ ခုတင်ပေါ်တွင် မှေးကနဲ လစ်ကနဲ ဖြစ်တိုင်းဖြစ်တိုင်း ကျွန်ုပ်၏မျက်နှာအနီးသို့ ဖိုးထူး၏ယောက္ခမ ကြီးသည်လည်းကောင်း၊ ကြောက်စရာကောင်းသော မျက်နှာကြီး တခုခုသည် လည်းကောင်း၊ ရယ်မောပြောင်လှောင်လျက်ရှိသော ကလေးသူငယ်များ၏ မျက်နှာကလေးများသည်

လည်းကောင်း တခုပြီးတခု ဘွားကနဲဆက်ကနဲ ပေါ်လာကြ၏။ ပထမ၌ ပေါ်လာတိုင်းလိုပင် ဖျတ်ကနဲ ဖျတ်ကနဲ လန့်သွား၏။ သို့သော် ကြောက်စိတ်ကား မဝင်လာချေ။ 'ဆေးခြောက်က လုပ်နေတာပါကွာ'ဟု ကိုယ့်ကိုကိုယ် သတိပေးရ၏။ ကြိမ်ဖန်များလတ်သော် ကြောက်စရာသဏ္ဌာန်များသည် ပေါ်မြဲတိုင်း ပေါ်ကြသော်လည်း ဖျတ်ကနဲ လန့်ခြင်းများသည် ကျဲ၍ကျဲ၍သွားပြီးလျှင် နောက်ဆုံးတွင် အိပ်ပျော်ခြင်းသို့ ရောက်သွားပါလေတော့သည်။

## ဆေးခြောက်၏ သတ္တိနှစ်မျိုး

နံနက်လင်းသောအခါ ကျွန်ုပ်သည် ယမန်နေ့က အကြောင်းကိုပြန်လှန်စဉ်းစား၍ ဤအိမ်၌ဆက်လက်နေသင့် မနေသင့် ဆင်ခြင်ရာ အချို့ကိစ္စများတွင် ခေါင်းမာတတ်သော ဝါသနာအတိုင်း ရှောလမုန်သိုက်ဘာသာပြန် မပြီးမချင်း မပြန်သေးဟု ဆုံးဖြတ်ချက်ချလိုက်၏။ ကျန်ရှိသေးသော ဘီဒီတလိပ်ကိုမူ မသောက်ရှူဝံ့တော့ပဲ လွှင့်ပစ်၍ လေးငါးရက်တိုင်တိုင် ဘာသာပြန်အလုပ်ကို ဆက်လက်လုပ်ကိုင်ခဲ့ပါသေးသည်။ နောက်ညဥ့်များ၌မူ ဖိုးထူး၏ယောက္ခမ အကြောင်းကိုလည်းကောင်း၊ အလောင်းပြင်သော ခုတင်ကိုလည်းကောင်း သတိရသော်လည်း ရွံ့စိတ်လည်းမရှိ၊ ကြောက်စရာစိတ်ကူးမျိုးလည်း မပေါ်လာသောကြောင့် ချောမောစွာအိပ်စက်နိုင်ပါတော့သည်။ 'ဆေးခြောက်' အကြောင်းကို ကျွန်ုပ်သိသမျှ ဖော်ပြမည်ဆိုလျှင် ဤယစ်မျိုးသည် အချို့လူကို ကြောက်စိတ်ဝင်စေတတ်၍ အချို့ကိုမူ တခစ်ခစ် ရယ်မောစေတတ်၏။ ကျွန်ုပ်မူကား အူရှင်၍ ရယ်စေတတ်သော လူမျိုးအစားတွင် အပါအဝင်ဖြစ်လေရာ ဤတကြိမ်မျှသာလျှင် ကြောက်စိတ်ဝင်ခြင်းကို ကြုံခဲ့ရဘူးပါသည်။ ကျွန်ုပ်အဖို့ကား အူရှင်ခြင်းကို အရသာတခုထင်၍ ဤယစ်မျိုးကို အသုံးချခဲ့ဘူးရာ ထိုညဥ့်၌ကြောက်စရာ

စိတ်ကူးမျိုး ဖြစ်ပေါ်တတ်ခြင်းကို ကြုံခဲ့ရကတည်းက ကျွန်ုပ်အတွက် အသုံးမဝင်ဟု ဆိုကာတခါတည်း စမ်းသပ်ခြင်း မပြုတော့ပဲ ရပ်စဲလိုက်ပါတော့သည်။

## အညာသို့ပြန်ခဲ့ခြင်း

ရှောလမုန်သိုက် ဘာသာပြန်အလုပ်ပြီးစီး၍ ရန်ကုန်သို့ ပြန်သွားပြီးနောက် တရားရုံးတွင် သူရိယတိုက်ကို တရားစွဲသောအမှုတခုအတွက် တာဝန်ခံအယ်ဒီတာ (တရားခံအဖြစ်နှင့်) အမှုဆိုင်ရသည့် အမှုမှာအသရေပျက်မှုဖြစ်၍ (နာမည်ကိုမှတ်မိသော) ပုဂ္ဂိုလ်တဦးက တရားစွဲခြင်းဖြစ်လေရာ ကျွန်ုပ်မှတ်မိသလောက်မှာ ၎င်းအမှုတွင် တရားလိုနှင့် တရားခံတို့ နားလည်မှုရရှိ၍ ပြီးပြတ်သွားကြသည်။ ထိုအချိန်တွင်ကျွန်ုပ်မှာ အခွင့်နှင့်နေသော သူရိယတိုက်သားတယောက်အဖြစ်ဖြင့် ရှိနေရာ ကျွန်ုပ်၏လခတိုးရေးနှင့်ပတ်သက်၍ ဗြိတိသျှဘားမားသဌေး ဦးညွန့်နှင့် ကျွန်ုပ်တို့ စကားမပြီးမပြတ်ပင် ရှိနေသေးသည်နှင့် ကျွန်ုပ်သည် အထက်မြန်မာပြည်သို့ပြန်သွားပြန်သည်။ စင်စစ်မှာ သူရိယတိုက်သည် ကျွန်ုပ်အားခေါင်းကြီးရေး သမားတယောက်အဖြစ်နှင့် လက်လွှတ်မခံနိုင်သော်လည်း လခတိုးပေးရန် အခက်အခဲရှိသောကြောင့် ကျွန်ုပ်မရှိသော်လည်း အမိဖိုးချိန်နှင့်အလုပ်လုပ်၍ ဖြစ်နိုင်သည့် အနေမျိုးပြကာ ဟန်လုပ်လျက်ရှိ၏။ ကျွန်ုပ်ကလည်း ရန်ကုန်သို့ပြန်မလာစေကာမူ ဝတ္ထုရေးခြင်းအားဖြင့် စားနေဝတ်အတွက် လုံလောက်သည့် အနေမျိုးပြကာ ဟုတ္တိပတ္တိလခ တိုးမပေးလျှင် ပြန်မလာတော့မည်ကဲ့သို့ ဟန်လုပ်ရခြင်း ဖြစ်လေသည်။

အညာသို့ပြန်ခါနီးတွင် ကျွန်ုပ်သည် ဗြိတိသျှဘားမားကုမ္ပဏီသို့သွား၍ နှုတ်ဆက်လေရာ ဦးညွန့်သည် ကျွန်ုပ်ကိုမြင်သောအခါ ဝမ်းသာသောမျက်နှာထားကိုကျွန်ုပ်မြင်လိုက်ရ၏။ ကျွန်ုပ်ကအလျှော့ပေးပြီး အလုပ်ပြန်ဝင်တော့မည်ဟု ထင်ဟန်ရှိ၏။ သို့ရာတွင် ကျွန်ုပ်ကအညာသို့ ပြန်တော့မည်ဖြစ်၍ နှုတ်ဆက်ရန်

လာခြင်းဖြစ်ကြောင်း ပြောသောအခါ (သူထင်သည့်အတိုင်း မဟုတ်ခြင်းကြောင့်) မျက်နှာပျက်သွားခြင်းကိုလည်း ကျွန်ုပ်မြင်လိုက်ရသည်။ ဤလူကြီးကား အလုပ် (Business) နှင့် ပတ်သက်၍ အလွန်ကျင်လည်သိပ်သည်းသော ပုဂ္ဂိုလ်ကြီးဖြစ်၍ ဘယ်အခါမှ စကားမလွန်စေပဲ တဘက်သား၏ စကားကိုသာ အခါခပ်သိမ်း 'ချူ'တတ်၏။ ကျွန်ုပ်ကလည်း သူရိယတိုက်သည် ကျွန်ုပ်၏လခနှင့် ပတ်သက်၍ သူ့အားစကားဆိုဖို့ လွဲထားပြီးပြီဖြစ်ကြောင်း ကောင်းကောင်းသိပြီး ဖြစ်ပါသည်။

## မိခင်လည်း လိုက်လာခြင်း

မန္တလေးမြို့ရှိ နှမ၏အိမ်သို့ရောက်သောအခါ နှမ၏သမီးတယောက် (ကျွန်ုပ်၏တူမ) မင်္ဂလာဆောင်သို့ရောက်ရှိနေကြသော ကျွန်ုပ်၏မိဘများနှင့် မမျှော်လင့်ပဲ တွေ့ရသဖြင့် ဝမ်းသာလှသည်။ မိဘများကား ဝက်လက်မြို့ မန်ကျည်းတုံရွာ၌ နေထိုင်ရာ မင်္ဂလာဆောင်သို့ လာကြခြင်းအတွက် စောစော ကြိုတင်ပြီး တွေ့ရခြင်းကြောင့် ဝမ်းသာခြင်းဖြစ်၏။ မင်္ဂလာဆောင်ပြီးစီး သောအခါ ကျွန်ုပ်သည် မိဘနှစ်ပါးတို့နှင့်တွေ့ရပြီးဖြစ်သောကြောင့် ဝက်လက်သို့ ဝင်ရန်အစီအစဉ်ကိုဖျက်၍ ကသာသို့မီးရထားဖြင့် တိုက်ရိုက်လိုက် သွားရန် စီမံတော့သည်။ ထိုရက်မှာကဆုန်လကွယ်နေ့ဖြစ်ရာ မိခင်သည် ကျွန်ုပ်ကဲ့သို့ပင် အပူကြောက်တတ်သူဖြစ်၍ ဝက်လက်၌မဆင်းပဲ ကျွန်ုပ်နှင့်အတူ ကသာသို့ လိုက်ကာ အပူရှောင်လိုကြောင်းပြောသဖြင့် ကျွန်ုပ်ကဝမ်းမြောက်စွာ သဘောတူ လိုက်သည်။ သမီး၊ သားမက်နှင့် မြေးများက ကသာမြို့မှာ 'ငှက်သင့်' တတ်သည်ဆိုသောကြောင့် မလိုက်ဖို့တားဆီးကြသော်လည်း မိခင်သည် ကျွန်ုပ်နှင့် အတူလိုက်ဖို့ကိစ္စဆိုလျှင် မည်သူဖျက်၍မျှ မပျက်တတ်သော ထုံးစံအတိုင်း လိုက်ဖို့ စီစဉ်ပါတော့သည်။

ဇနီးမစိုးမှာ ထိုအချိန်တွင် မြတောင်ရှာ၌သူ၏မိဘများနှင့် အတူနေထိုင်လျက်ရှိရာ ကျွန်ုပ်သည် မိခင်လိုက်လာမည့်အကြောင်းကို သူ့ထံသို့ကြေးနန်းဖြင့်အကြောင်းကြားပြီး ကသာမြို့မှ စောင့်မျှော်နေရန်မှာထားလိုက်သည်။

ကျွန်ုပ်တို့၏ခရီးစဉ်မှာ သားအမိ သားအဖသုံးယောက် မီးရထားဖြင့်လိုက်ကြ၍ ဖခင်က ဝက်လက်ဘူတာ၌ ဆင်းပြီးလျှင် ကျွန်ုပ်တို့သားအမိက ကသာသို့ ဆက်လက် လိုက်ပါကြရန် ဖြစ်လေသည်။ ဤခရီးမှာကျွန်ုပ်တို့သုံးယောက်အတွက် မမေ့နိုင်လောက်သော ခရီးဖြစ်သည့်အတွက်ကြောင့်အလွမ်းပြေသဘောနှင့်အနည်းငယ် အကျယ်တဝင့် ဖော်ပြလိုက်ရပါဦးမည်။ တကြောင်းမှာ ဤခရီးသည်ကား ကျွန်ုပ်တို့သားအမိသားအဖ သုံးယောက်အဖို့ဆိုရာ၌ နောက်ဆုံးအကြိမ် အတူတကွ သွားကြရသော ခရီးလည်းဖြစ်ပါသောကြောင့်တည်း။

## ရှေးဖြစ်ဟောင်း အောက်မေ့ခြင်း

မန္တလေးဘူတာရုံမှ မီးရထားသည် ငါးနာရီခွဲတွင် ထွက်ရန်ဖြစ်သော်လည်းနေ့လယ်ကတည်းက ဘူတာရုံသို့ တယောက်တည်းသွား၍ မီးရထားကူလီတယောက်အား ပိုက်ဆံပေးပြီး ကျွန်ုပ်တို့အတွက်အကောင်းဆုံး (ချောင်ကျကျ)နေရာခင်းထားဖို့မှာထားခဲ့၏။ ကျွန်ုပ်သည် ဤခရီးကား နောက်ဆုံးအတူတကွသွားကြရသော ခရီးဖြစ်သည်ဟုကြိုတင် မသိရှိရသော်လည်း ကျွန်ုပ်အထူးတလည်ဂရုတစိုက် စီမံပုံများကိုပြည်လည်သုံးသပ်သည့်အခါ 'သွေးပြော'၍သိထားနှင့်သကဲ့သို့ပင် ထင်ရပါသည်။ ငါးနာရီကျော်ကျော်တွင် ဘူတာရုံသို့ ကျွန်ုပ်တို့သုံးယောက်သည် လိုက်ပို့သော မိတ်ဆွေများနှင့်အတူ ရောက်လာကြ၍ကျွန်ုပ်၏ကူလီညွှန်ပြသောတွဲသို့ တက်ကြလေရာ သူရွေးထားသည့် နေရာမှာတတိယတန်း တွဲများအနက်တွင် အကောင်းဆုံးဖြစ်ပါပေသည်။ မီးရထားခေါင်း

တိုင် မှ ကျောက်မီးသွေးမှုန့်များနှင့် ဝေးစေရန် နောက်ခပ်ကျကျရှိသော တွဲတတွဲ၏ ရှေ့ဘက်ချောင်ကို ရွေးချယ်ထားပေသည်။ ချောင်ချင်းတူစေဦးတော့ နောက်ပိုင်းချောင်ဖြစ်ခဲ့လျှင် လေထဲ၌ ပါလာသော ကျောက်မီးသွေးမှုန့်များ၏ တိုးဝှေ့ခြင်း ခံရတတ်သေးသည် ဆို၏။ အမြော်အမြင်ရှိလှသော ကုလီတယောက်ဟု ဆိုကာ ကျွန်ုပ်ကပိုက်ဆံတမူးထပ်၍ ပေးလိုက်သေး၏။ (တမူးတည်းလားဟု မပြုံးပါလေနှင့်၊ လက်ဖက်ရည်ချိုနှင့် ပေါင်မုန့်ထောပတ်သုတ်တခု စားနိုင်ပါသည်။)

လိုက်ပို့ကြသော ဆွေမျိုးများ ပြန်သွားကြသည့်နောက် မီးရထားထွက်၍ သုံးယောက်သားစကားပြေကြလေရာ ကျွန်ုပ်၏တသက်တာတွင် ဤတကြိမ်ကဲ့သို့ မိသားဖသားသုံးယောက် စကားလက်ဆုံ ဝင်ခြင်းကိုကျွန်ုပ်မမှတ်မိပါ။ အခြားသော အကြိမ်များ၌မူ ဤသုံးယောက်သား စကားကြာရှည် ပြောကြသည်ဆိုလျှင် ဖခင်က ကျွန်ုပ်အား အပြစ်တင်ချင်သော အချက်ကလေးမျိုးသော် လည်းကောင်း၊ မိခင်က ဖခင်အားအပြစ်ဆိုချင်သော အချက်ကလေးမျိုးသော်လည်းကောင်း အမှတ်မဲ့ဖြစ်စေ ပါရှိတတ်သောကြောင့် စကားဝိုင်းမှာ အရသာရှိသင့်သလောက် မရှိပဲ အဖုအထစ်ကလေးများနှင့် မပြေမပြစ်ရှိတတ်သည်ဖြစ်ရာ ဤတကြိမ်တွင်မူကား မည်သူက မည်သူ့အားမျှ ပြစ်တင်စကား မပါပဲ အလုံးစုံ အစအဆုံး ချောမောပြေပြစ်စွာ ရှိခြင်းကို ကျွန်ုပ်သတိပြုမိသည်။ မိဘများပြောကြသော အကြောင်းအရာများမှာ ကျွန်ုပ်ငယ်စဉ်ကအဖြစ်အပျက်တို့ပင် များလေရာ သူတို့ကလည်း ပြော၍မငြီး၊ ကျွန်ုပ်ကလည်းနားထောင်၍ မဝအောင် ရှိပါတော့သည်။ ပြောကြသော အကြောင်းအရာအမြောက်အမြားအနက် တခုကို ကျွန်ုပ်ကောင်းစွာ မှတ်မိ၍ ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်သုံးနှစ်သား အရွယ်တွင် မိခင်ဖခင်တို့သည် ရေယင်ဈေ်ဘုရားပွဲသို့ သွားကြကြောင်း (ငယ်စဉ်ကမူ ကျွန်ုပ်၏မိဘများသည် ဘုရားပွဲလိုက်ဖို့ လွန်စွာ ဝါသနာပါကြ၍ တရားအားထုတ်ကြသည့် ဤနောက်ပိုင်းတွင်မှ ရပ်စဲလိုက်ကြခြင်းဖြစ်၏။) ထိုအချိန်တွင် ကျွန်ုပ်၏နမမှာ မိခင်၏ ဝမ်းဗိုက်တွင် ပဋိသန္ဓေအရင့်အမာ အဖြစ်နှင့်ပါလာကြောင်း၊ ဖခင်သည်

ကျွန်ုပ်ကိုထမ်းလျက်၊ ကိုယ်ဝန်အရင့်အမာရှိသော မိခင်သည် ကျွန်ုပ်သောက်ရန် အတွက် ရေအပြည့်ပါသော ရေတကောင်းကိုရွက်လျက် တောခရီးတလျှောက်ဖြတ် သန်းလာကြကြောင်း၊ ခရီးမှာ သုံးလေးမိုင် ကွာလှမ်းသည်ဖြစ်၍ လမ်းတွင် ကျွန်ုပ်ရေငတ်မည် စိုးသောကြောင့် ရေတကောင်း ယူခဲ့ရခြင်းဖြစ်ကြောင်း၊ လမ်းခရီးတွင် ကျွန်ုပ်အား ထမ်းသော ဖခင်သည် ခြေသွက်သောအခြားယောက်ျား ခရီးသည်များနှင့် အတူလိုက်၍ ရေတကောင်းရွက်သော မိခင်မှာ မိန်းမခရီးသည် များနှင့်အတူ နောက်မှလိုက်ခဲ့ရာ တဖြည်းဖြည်း ကွဲကွာသွားပြီး မိန်းမအုပ်စုက လမ်းမှားသွားကြောင်း၊ အတန်ကြာသော် ကျွန်ုပ်ရေငတ်၍ ရေတောင်းသဖြင့် ဖခင်ဒုက္ခရောက်ပုံ၊ မိခင်ကလည်း ငါ့သားလေး ရေငတ်ရှာလိမ့် မည်ဆိုကာ ပူပန်သောက ရောက်ရပုံ စသည်များကို တယောက်တလှည့် ပြောပြကြရာတွင် အသက် ၇၀ ကျော်ကြပြီဖြစ်သော ကျွန်ုပ်၏မိခင်နှင့်ဖခင်တို့သည် ရှေးဟောင်း နှောင်းဖြစ်များကို ပြောရခြင်းအားဖြင့် ငယ်စိတ်ပေါက်၍ ငယ်မူပြန်ကြပြီး တယောက်ကိုတယောက် ကြင်နာသော မျက်နှာထားများဖြင့် လှမ်းကြည့်ကြခြင်းကို ကျွန်ုပ်ကောင်းကောင်းကြီး သတိပြုမိသည်။ ထိုအခိုက်၌ ကျွန်ုပ်သည် မိခင်ဖခင် နှစ်ယောက်၏ အလယ်တွင် ထိုင်လျက်ရှိရာ အသက် ၅၂ ရှိပြီဖြစ်သော်လည်း ဖခင်၏ပခုံးပေါ်တွင် ထိုင်၍လိုက်ခဲ့ရသောအဖြစ်ကိုစိတ်ကူးဖြင့် တွေးတောကာ ကျွန်ုပ်ကိုယ်တိုင် 'နို့ညှာ'ကလေး အဖြစ်သို့ရောက်သွားသည် ထင်လိုက်မိ၏။ ထိုအခိုက်တွင် ကျွန်ုပ်၏စိတ်ကူးတခု ပေါ်လာသေး၏။ ငါသည် အချို့သော လူများကဲ့သို့ လောက၌ကြီးပွားသည်ဟု မဆိုနိုင်စေကာမူ အသက် ၅၂ နှစ်သို့တိုင်အောင် မိစုံဖစုံ ရှိနေသေးသော ငါ၏အဖြစ်သည် ကြီးပွားလှပါသည် ဆိုသော လူများ၏အဖြစ်နှင့် မလဲနိုင်၊ ဘယ်နည်းနှင့်မျှ မလဲနိုင်ဟု စဉ်းစားမိသည်နှင့် အတန်ကျေနပ် ကြည်နူးသောစိတ် ပေါ်လာမိပါသည်။ ကျွန်ုပ်၏ နပျိုသွားလိုက်ပုံမှာလည်း ကျွန်ုပ်သည်မိခင်နှင့် ဖခင်တို့၏ ရင်ခွင်တို့ကို ဦးခေါင်းဖြင့် ဝေ့ချင်သလို ဖြစ်မိပါသေးသည်။

## 'မြိန်လိုက်လေကွယ်'

ရွာထောင်ဘုတာကို ကျော်လွန်သောအခါ မှောင်မိုက်တော့မည်ဖြစ်၍ (ထိုခေတ်က ထုံးစံအတိုင်း) မီးရထားတွဲများပေါ်သို့ ရေနံဆီမီးအိမ်များ တင်ထားပြီဖြစ်ရာ ထမင်းဆာတတ်သော ဖခင်က "စားကြစို့လားသားရယ်"ဟု ပြောသည်နှင့် ကျွန်ုပ်ကထမင်းပွဲပြင်ပါတော့သည်။ နှမ၏သားသမီးများက ချက်ပြုတ်၍ လက်ဆွဲသံဆင့်ဖြင့် ထည့်ပေးလိုက်သော ထမင်းဟင်းများကို ကျွန်ုပ်ဖွင့်ကြည့်လိုက်သောအခါ အုန်းထမင်း၊ အမဲသားနှပ်၊ မန်ကျည်းသီးစိမ်းနှင့် ငါးရံ့ပိကြော်၊ ခဝဲသီးပြုတ်၊ ပုဒီနာရွက်တို့ကို တွေ့ရ၏။ ထို့ပြင်သံချိုင့်ကလေး တခု၌ ကြက်ပေါင်ကြော်နှင့် စာကလေးကြော်များကို တွေ့ရသေးသော်လည်း အမဲသားကြိုက်သောမိသားတစုဖြစ်သည်နှင့် ဖခင်က "တော်ပါပြီကွယ်၊ မင်းတို့လမ်းမှာစားရအောင် ယူသွားပါ"ဟု ပြောသဖြင့် ပြန်၍ ပိတ်ထားလိုက်သည်။ ခဝဲသီးပြုတ်သောအရည်မှတပါး အခြားဟင်းချိုရည် မပါသော်လည်း ကျွန်ုပ်တို့သုံးယောက် မြိန်လိုက်ကြပုံမှာ ပထမလေးငါးဆယ်လုပ်အတွင်း၌ စကားမပြောနိုင်ကြပဲ ကုန်း၍သာ 'လွေး'ကြပြီး ဆယ်လုပ်ကျော်သော အခါတွင်မှ ဖခင်က "မြိန်လိုက်လေကွယ်၊ ငါတော့ ဒီလောက်မြိန်တဲ့ ထမင်းတနပ်ကို မမှတ်မိအောင်ဖြစ်နေပြီ"ဟု ပြောရာသည်။ ကျွန်ုပ်က "ရွှေယင်မျှော် ဘုရားပွဲတုန်း ကထက်တောင် မြိန်သေးသလားအဖေ"ဟု မေးရာ ဖခင်က "ဟာ ဟိုတုန်းက လူတွေတကွဲစီဖြစ်ကုန်တာနဲ့ မြိန်ရမှာထားလို့ မျိုချတဲ့ထမင်းလုပ် ဘယ်ဆီရောက် မှန်းတောင်မသိဘူး"ဟုပြောသဖြင့် မိခင်က "ဘယ်မှမရောက်ပါဘူးတော်၊ ကိုယ့်ဗိုက်ထဲရောက်တာပါပဲ"ဟု ပြော၍ ရယ်ကြရသည်။ ကျွန်ုပ်၏မိခင်မှာ ဤကဲ့သို့သော စကားရွှမ်းမျိုးပြောခဲလှသည်ဖြစ်သောကြောင့် ကျွန်ုပ်အမှတ်တရ သတိပြုမိပါသည်။ ထည့်ပေးလိုက်သော အုန်းထမင်းမှာ မနည်းလှသော်လည်း မြိန်ရှက်ကြလှသောကြောင့် အစားမြန်သော ဖခင်မှတပါး မည်သူမျှ ဝဟန်မရှိချေ။

ကျွန်ုပ်မှာမူ ကြက်ပေါင်ကြော်တခုဖြင့် အာသာဖြေရသော်လည်း မိခင်မူကား အစားသေးဖို့ လေ့ကျင့်ထားဟန်ရှိသည့် နန်းတွင်းသူဖြစ်သည်နှင့် ကွမ်း၊ ဆေး၊ လက်ဖက်နှင့်သာ အာသာဖြေတတ်လေသည်။

## သနားစရာကောင်းသောဖခင်

ပေါက္ကံဘူတာမှ မီးရထားထွက်သောအခါ နောက်တဘူတာမှာ ဖခင် ဆင်းရမည့် ဝက်လက်ဘူတာဖြစ်သဖြင့် ကျွန်ုပ်သည် ဖခင်၏ ဝန်စည်စလွယ် အထုပ်အပိုးကလေးများကို ကူညီ သိမ်းဆည်းပေးပြီး မိခင်အတွက် အိပ်ရာပြင် ပေး၏။ မီးရထားတွဲတွင် နံရံနှင့် ကပ်လျက်ရှိသည့် အစွန်ဆုံးသော ခုံတန်းလျားသည် အရှည်ဆုံးဖြစ်၍ မိခင်ကျယ်ကျယ်ဝင့်ဝင့် အိပ်စေခြင်းငှာ မိခင်အတွက် အိပ်ရာခင်းပေးပြီး မျက်နှာချင်းဆိုင် ခုံရှည်တွင် ကျွန်ုပ်အတွက် အိပ်ရာကိုပြင်၏။ သို့ရာတွင် မိခင်က “ငါ့သားက အရပ်ရှည်ပါတယ်၊ ခုံတန်းလျားအရှည်ကြီးကိုယူပါ”ဟု ပြောသောကြောင့် နေရာချင်းလှဲလှယ်၍ ခင်းကျင်းရသည်။ နေရာများ ခင်းကျင်းပြင်ဆင်ပြီးနောက် ကျွန်ုပ်တို့သည် အိပ်ရာများပေါ်တွင် ထိုင်ကာ စကားပြောလျက် လိုက်ပါလာကြရာ ဖခင်သည် စကားမပြောလိုပဲ သပ်ရပ်စွာ ခင်းကျင်းပြင်ဆင်ထားသည့် ကျွန်ုပ်တို့သားအမိ၏ အိပ်ရာများကိုသာ တစိုက်တည်းစိုက်ကာ ကြည့်လျက်ရှိ၏။ ကျွန်ုပ်သည်ဖခင်၏ မျက်နှာထားကို ရိပ်မိသည်နှင့် “အဖေလဲလိုက်ခဲ့ပါလား အဖေ”ဟုပြောလိုက်ရာ ဖခင်က “လိုက်တော့လိုက်ချင်တာပေါ့ကွယ်၊ နို့ပေမယ့် ငါ့သစ်ပင်ကလေးတွေက မျှော်ကြလှရော့မယ်ကွယ့်၊ လိုက်လို့ မဖြစ်ပေဘူး”ဟု ပြန်ပြော၏။ (ဖခင်သည် မန်ကျည်းတုံရွာတွင် မြေဝယ်၍ ဥယျာဉ်ပြုစု ပျိုးထောင်လျက်ရှိရာ ယခုပင်လည်း သရက်ပင်ကလေးနှစ်ပင် ဝယ်ယူလာခဲ့သေးသည်။)

ဝက်လက်ဘူတာနှင့်ပေါက္ကံဘူတာမှာ ထိုတလျှောက်တွင် အဝေးကွာဆုံး သောဘူတာနှစ်ခုဖြစ်ရာ နာရီတဝက်ခန့် ရောက်သည်တွင် လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ်ရွာသွန်းလာသည်နှင့် တံခါးများကိုပိတ်ထားရ၏။ မိခင်နှင့် ကျွန်ုပ်တို့ကမူ အသံကျယ်စွာထုတ်၍ စကားပြောလျက်ရှိကြရာ ဖခင်မူကား နှုတ်ဆိတ်စွာနှင့် ကျွန်ုပ်တို့သားအမိအား တလှည့်စီကြည့်လျက်ရှိ၏။

"လိုက်ခဲ့ပါလေ အဖေ၊ ကျွန်တော်လက်မှတ်ဆင်းယူပါမယ်"

"မလုပ်ပါနဲ့ကွယ်၊ နဂိုကမှ လိုက်ချင်ရတဲ့အထဲ"

"လိုက်ချင်လိုက်ပေါ့ အဖေရယ်၊ ဟုတ်ဘူးလား အမေရယ်"

မိခင်ကမူ အဖြေမပေးပဲ ပြုံးလျက်သာနေ၏။

"သစ်ပင်ကလေးတွေ ရှိနေတယ်ကွယ့်၊ ရေမလောင်းလျှင် သေကုန်ရှာတော့မယ်"

"မိုးတွေရွာနေပြီပဲ အဖေရယ်"

"ဒီမိုးလောက်နဲ့က မဖြစ်လောက်ဘူးကွယ့်"

မိခင်၏မျက်နှာကို လှမ်းကြည့်ရာ မိခင်မူကား ဘာမျှမပြောပဲ ပြုံးလျက်သာ နားထောင်နေ၏။

သို့နှင့်မီးရထားသည် ဝက်လက်ဘူတာသို့ ဝင်လာလေပြီ။ မိုးလည်းမစဲ လေမှာလည်း ပြင်းထန်ဆဲပင်ဖြစ်ရာ ကျွန်ုပ်သည် တားဆီး၍ ရမည့်ပုံမပေါ်သော ဖခင်၏ အထုပ်ကလေးများကိုယူ၍ တံခါးကို ဖွင့်ပေးလိုက်၏။ ဖခင်လည်း သရက်ပင်အိုးကလေး နှစ်လုံးကိုပွေ့ကာ အပေါက်မှဆင်း၍ ကျွန်ုပ်ကလှမ်းပေး သောအထုပ်ကလေးနှစ်ထုပ်ကို ရင်ခွင်၌ပိုက်လျက် မိုးကြီးလေကြီးထဲတွင် 'ကယ်ကယ်ကယ်ကယ်'နှင့် ဘူတာရုံဘက်သို့ သွားရှာတော့သည်။ မိုးကလည်းရွာ၊ လေကလည်းတိုက်၊ လကွယ်နေ့ဖြစ်၍ အလွန်လည်းမှောင်လှသည့်အထဲတွင် ကူလီမရှိ၊ လှည်းမရှိကြုံဆိုမည့်သူမရှိသည့် ဖခင်၏အဖြစ်ကိုမြင်ရသဖြင့် ကျွန်ုပ်၏ ရင်ထဲဆို့သွား၏။ မီးရထားထွက်သောအခါ ဘူတာရုံထဲ၌ တမတ်တတ်တတ်

ရပ်နေရှာသော ဖခင်အား နောက်ဆုံးလှမ်းမျှော်ကြည့်၍ တံခါးပိတ်ပြီးမိခင်ရှိရာသို့ ပြန်လာသောအခါ ကျွန်ုပ်၏မျက်လုံးများမှာ မျက်ရည်ပြည့်လျက် ရှိနေလေပြီ။ မိခင်သည် ကျွန်ုပ်၏မျက်နှာထားနှင့် မျက်လုံးတို့ကိုမြင်ရာတွင် "မင်းကလဲ ဒီလိုမလုပ်ပါနဲ့"ဟု ဆိုကာ တရားသမားချင်း သတိပေးသော်လည်း မိခင်၏အသံ သည် တုန်ယင်လျက်ရှိသည်ဟု ကျွန်ုပ်ထင်မိပါသည်။ ဤသည်မှာကျွန်ုပ်အဖို့ရာ၌ မိဘနှစ်ပါးတို့အားနောက်ဆုံးအကြိမ် အတူတကွ မြင်တွေ့ရခြင်းနှင့် နောက်ဆုံး အကြိမ် ထမင်းလက်ဆုံ စားရခြင်းဖြစ်လေရာ ကျွန်ုပ်သည် ဤအခြင်းအရာကို မသိရသော်လည်း ခွဲခွာရုံအတွက်နှင့် ဤတကြိမ်ကဲ့သို့ စိတ်ထိခိုက်မှု ရှိခြင်းကို မမှတ်မိပါ။

## မစိုးနှင့်မိခင်

နောက်နေ့နံနက် စောစောကြီး၌ နဘားဘူတာရုံသို့ဆိုက်၍ မီးရထား ပြောင်းစီးပြီး ကသာဘူတာသို့ခပ်စောစောပင် ဆိုက်ရောက်သွားလေရာ ဘူတာရုံ၌ စောင့်ကြိုလျက်ရှိသော မစိုးကိုမြင်ရ၍ မိခင်၏မျက်နှာထားပြောင်းလဲ သွား၏။ မစိုးသည် ကျွန်ုပ်တို့သားအမိကို ရန်ကုန်တွင်ထားခဲ့၍ မြတောင်သို့ ပြန်သွား ဘူးသည့်အပြစ်ရှိ၏။ သို့ရာတွင်မစိုးက မိခင်အားပွေ့ကာ လှည်းပေါ်သို့ တင်ပေးလိုက်သော အခါ၌မူကား မိခင်၏မျက်နှာထားသည် တဖန်ပြောင်းလဲသွား ပြန်၍ နှစ်သိမ့်ကျေနပ်သော အမူအရာ ဖြစ်ပေါ်လာခြင်းကို ကျွန်ုပ်မြင်လိုက်ရ သည်။ ကျွန်ုပ်၏မိခင်သည် တတိယအိမ်ထောင်ဖြစ်သော မစိုးအပေါ်၌ သံယောဇဉ် နှောင်ဖွဲ့မှုကဲလွန်ပုံရသည်။ ဇရစ်ချောင်ရွာရှိ ကိုသိန်းဖေ၏နေအိမ်သို့ ရောက်ကြ သောအခါ မိခင်နှင့် ကိုသိန်းဖေတို့သည် တယောက်နှင့်တယောက် အပြန်အလှန် အကဲခတ်လျက် ရှိကြခြင်းကို ကျွန်ုပ်ရိပ်မိ၏။

ကိုသိန်းဖေသည် ရန်ကုန်သို့ရောက်စဉ်က ကျွန်ုပ်မိခင်အား မြင်တွေ့ဘူး၍ (လူပါးတယောက် ဖြစ်သည်အတိုင်း) 'ထူး'သောမိန်းမကြီးတယောက် ဖြစ်သည်ဟု အကဲဖြတ်သွားရာ (ကိုခင်မောင်တင့်ကလည်း ဤအတိုင်းပင် အကဲဖြတ်ဘူးသည်) မိခင်ကလည်း ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော သူငယ်ချင်းများ ဖြစ်သည်ဆိုသော ကြောင့် နှစ်ယောက်လုံးအား အကဲခတ်လေ့ရှိ၏။ ထိုရက်များတွင် ကျွန်ုပ်သည် ဘယ်တုန်းကနှင့်မျှမတူအောင် မိခင်အပေါ်၌ အထူးကြင်နာသောစိတ် သက်ဝင် လျက်ရှိ၍ မိခင်အနီးမှ ခွာတော့သည်မရှိပဲ စကားတပြောပြောနှင့် အချိန်ကုန် ပါတော့သည်။ ဒေါ်ဖွားညိုနှင့် မစိုးတို့က အစစအရာရာတွင် ပြည့်စုံအောင် ဆောင်ရွက်ကြ၍ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့က မိခင်အနီး၌ထိုင်ကာ မိခင်၏အလိုကို စောင့်ကြည့်၍ လိုလေသေးမရှိအောင် ဆောင်ရွက်ပေးကြလေ၏။ ရက်သတ္တ တပတ်ခန့်ကြာသောအခါ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့နှစ်ယောက်လမ်း လျှောက် ထွက်လာကြရာတွင် ကိုသိန်းဖေက "ခင်ဗျားဟာ တော်တော်ကြီး အသိရက်ခက်တဲ့ လူတယောက်ပဲဗျာ"ဟုပြော၏။

"ဘာကြောင့်လဲဗျ"

"ခင်ဗျားနဲ့ ကျုပ်နဲ့နီးရင်းလာခဲ့ကြတာ နှစ်ပေါင်း ၂၀ ကျော်ခဲ့လို့မို့ ခင်ဗျားအကြောင်းကို ကျုပ်အားလုံးသိရပြီးပြီလို့ မှတ်ထင်ခဲ့မိတယ်၊ ခုတော့ ဘယ်ဟုတ်ပေမလဲဗျာ"

"ဘာတွေများ ထပ်တွေ့နေရပြန်လို့လဲဗျာ"

"ကျုပ်အမေကလေ ခင်ဗျားကိုလူကောင်း မထင်ရှာဘူး၊ ခင်ဗျားကြောင့် ကျုပ်ပျက်စီးရတယ်လို့တောင် ပြောဘူးသေးတယ်၊ ကျုပ်ကရှင်းပြလို့တောင် သူယုံမသွားရှာဘူး၊ ခင်ဗျာ့အမေနဲ့ခင်ဗျား နေကြပုံကို ကျုပ်အမေ မြင်စမ်းစေချင် တယ်ဗျာ"

"ဒါက ချီးမွမ်းစရာလားဗျာ၊ ကိုယ့်အမေတော့ ကိုယ်ချစ်ကြတာချည်းပေါ့ ဗျာ"

"ခင်ဗျားတို့သားအမိက ချစ်ကြရှံမကဘူးဗျ၊ တယောက်အလိုက်ကို တယောက်က သိပ်သိတတ်ကြတာပဲ၊ ဒီသားအမိမျိုး မတွေ့ဘူးပေါင်ဗျာ၊ ကျုပ်သိပ်ကျေနပ်တယ်၊ ဒီတချက်ကြောင့် ခင်ဗျားကိုကျုပ်ကသိပ်ကြည်ညိုတယ် ဗျာ၊ ကျုပ်တို့နဲ့ ဆိုတာတော့ အပြတ်အသတ် ကွာပေတာပဲ"

ကြွားလိုက်ချင်ပါသည်။

ကျွန်ုပ်၏တသက်တာတွင် မကြာခဏချီးမွမ်းခြင်း ခံခဲ့ရသူတယောက် မဟုတ်သော်လည်း ဤအချက်ကလေး၊ ထိုအချက်ကလေးများကြောင့် ရံဖန်ရံခါ လူချီးမွမ်းခံရခြင်းများလည်း အထိုက်အလျောက် ရှိခဲ့ဘူးသည်ဖြစ်ရာ တသက် လုံးတွင် ခံခဲ့ရဘူးသမျှသော ချီးမွမ်းမှုများကို စုပေါင်းလိုက်စေကာမူလည်း ကိုသိန်းဖေ၏ ဤတကြိမ် ချီးမွမ်းခံခဲ့ရခြင်းကဲ့သို့ ကျွန်ုပ်နှစ်သက်လိမ့်မည်မဟုတ်ချေ။ ဘာကောင်းသည်၊ ညာကောင်းသည်၊ ဘာတော်သည်၊ ညာတော်သည် ဆိုခြင်းများကို ကျွန်ုပ်အဖို့ ထိခိုက်လှအောင် မရှိလှ။ ကျွန်ုပ်အကြောင်းကို ကောင်းကောင်းသိသော မိတ်ဆွေတယောက်တလေက ကျွန်ုပ်၏မိခင်အပေါ်၌ ကျွန်ုပ်စိတ်ထားပုံ၊ ဂရုစိုက်ပုံ၊ ကြင်နာပုံ၊ လေးစားပုံနှင့် ပတ်သက်၍ လှိုက်လှိုက်လှဲလှဲ နှစ်နှစ်ကာကာ အားရပါးရ ချီးကျူးပြောဆိုခြင်းကို ကြားလိုက်ရ သောအခါတွင်မူကား ကျွန်ုပ်၏ရင်ဘတ်ထဲမှ လှိုင်းတံပိုး ထလာပြီးလျှင် ကတုန်ကယင် ဖြစ်လာ၍ မျက်ရည်များဝိုင်းလျက် ကိုသိန်းဖေ၏ လက်နှစ်ဘက်ကို ကျွန်ုပ်၏လက်နှစ်ဘက်ဖြင့် အကြိမ်ပေါင်း ၂၀မက လှုပ်ယမ်းဆွဲခါမိပါတော့သည်။ ကိုသိန်းဖေကိုယ်တိုင်မှာလည်း ကျွန်ုပ်၏တုန်လှုပ်ခြင်းကို မြင်ရ၍ အံ့အားသင့်ကာ ငေးကြည့်နေပါတော့သည်။ ဤအဖြစ်အပျက်ကိုပြန်ပြောင်း ဆင်ခြင်သည့်အခါ မိခင်အပေါ်၌ ကျွန်ုပ်၏ကြင်နာလေးစားမှု ပိုမိုလာခဲ့ခြင်းသည် မီးရထားပေါ်တွင် ဖခင်နှင့် ခွဲခွာစဉ်ကစ၍ တဟုန်တိုး တက်လာခြင်းဖြစ်ဟန်ရာသည့်ပြင် မိခင်အား

အဆုံးစွန်သော ဝတ်ကြီးဝတ်ငယ် ပြုရခြင်းဖြစ်သည်ဟု'သွေးပြော၍'ကျွန်ုပ်သိရခြင်းဖြစ်တန်ရာသည် ဟူ၍လည်း ဆင်ခြင်တွေးတောမိပါသည်။ မိခင်ကိုယ်တိုင်ကလည်းကသာသို့ရောက်သည်မှစ၍ ကျွန်ုပ်၏အပေါ်တွင် ရှေးယခင် အချိန်များကထက် ပိုမို၍ စိတ်တိုင်းကျသည့် လက္ခဏာများ မြင်တွေ့ရသည်ထင်မိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မိမိကိုယ်ကို သူတော်ကောင်းကြီး တယောက်အနေဖြင့်ဘယ်အခါမှ အထင်မရောက်ခဲ့စေကာမူ မိခင်၏ စိတ်ကျေနပ်ပုံရခြင်းနှင့်ကိုသိန်းဖေ၏ ချီးမွမ်းခြင်းကိုခံလိုက်ရကတည်းက 'ငါသည် ကိုသိန်းဖေ၏မိခင်နှင့် အချို့လူများ ထင်ကြသကဲ့သို့ လူဆိုး လူယုတ်မာကြီးတယောက်မဟုတ်နိုင်ပြီ တကား"ဟုဆိုကာ သူတော်ကောင်းလုပါသည်ဆိုသော ပုဂ္ဂိုလ်မျိုးနှင့်မျက်နှာချင်း ဆိုင်၍ဦးခေါင်းထောင်လျက် စေ့စေ့ကြီး ကြည့်ခဲ့ရပါတော့သည်။ (ဤစကားမှာ ပလွှားရာ ရောက်သော်လည်း စိတ်နှလုံးကောင်းပါလျက်နှင့်ပျော်ပျော်ပါးပါး နေချင်တတ်သည့် ပီမိုးနင်း၊ ကိုသိန်းဖေနှင့် ကျွန်ုပ်ကဲ့သို့သောလူများအပေါ်၌ စိပ်ပုတီး သမားများက အထင်သေးကြခြင်းကိုအကြိမ်ကြိမ်ခံခဲ့ရဘူးသည် အတွက်ကြောင့် တခါတရံ အံထုတ်လိုက်ခြင်းဖြစ်ပါသည်။) ကိုသိန်းဖေ ကိုယ်တိုင်မှာလည်း မိခင်အပေါ်၌ကျွန်ုပ်၏ကြင်နာပုံကိုမြင်ရသဖြင့် ဖော်ထုတ် ချီးကျူးလိုက်ရသော အချိန်မှစ၍နောင်တ အကြီးအကျယ်ရသည့် လက္ခဏာနှင့် မျက်နှာထား ပြောင်းလဲသွားခြင်းကိုကျွန်ုပ်သတိပြုမိသည်။

## မိခင်၏ထူးပုံ

ဇရစ်ချောင်ရွာ၌ ၁၅ရက်ခန့် နေထိုင်ကြသောအခါ သူရိယတိုက်အပေါ်၌ဒေါက်တာသိန်းမောင်က အသရေပျက်မှုနှင့် တရားစွဲထားသည့် အမှုနှင့်ပတ်သက်၍မန္တလေးမြို့ရုံးတရုံး၌ အမှုဆိုင်ရန် ရက်ချိန်းစေ့ရောက်လာ၏။ ပထမ၌ မိခင်သည်

ကျွန်ုပ်အား ကသာမြို့မှပင် စောင့်နေမည်ဟု အကြံပြုပြီးမှငင်းအကြံကိုဖျက်ပြီး ကျွန်ုပ်နှင့်အတူလိုက်ကာ ဝက်လက်ဘူတာတွင် ဆင်းနေရစ်မည်ဟု ပြော၏။ မိခင်၏အကြံအစည်မှာ အကယ်၍သူရိယတိုက်သို့ အလုပ်ပြန်ဝင်ခဲ့လျှင် ကျွန်ုပ်တို့နှင့် အတူလိုက်၍ ရန်ကုန်၌နေမည်ဖြစ်သောကြောင့် ၎င်းအားဝက်လက်၌ ဝင်၍ခေါ်ကြရန် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ သားအမိသည် မစိုးအား မိဘများနှင့်နှုတ်ဆက်ရန် မြတောင်သို့ ပြန်လွှတ်၍ကသာမြို့မှ မီးရထားနှင့် ထွက်ခွာလာကြရာ ကိုသိန်းဖေ၏ အိမ်သူအိမ်သားများသည် ကျွန်ုပ်၏မိခင်အား 'ထူး'သော အမယ်ကြီးတယောက်ဟူ၍ အသိအမှတ်ပြုကာ ကျန်ရစ်ခဲ့ကြလေ၏။ မိခင်၏'ထူး'ပုံကို အနည်းငယ် ဖော်ပြရလျှင် ထမင်းစားခြင်း၊ ရေချိုးခြင်း၊ လမ်းလျှောက်ခြင်း၊ အဝတ်လဲခြင်း၊ အိပ်ရာဝင်ခြင်း၊ အိပ်ရာမှထခြင်း စသော အမှုကြီးငယ်တို့ကို အချိန်နာရီနှင့် တိကျစွာ ဆောင်ရွက်ခြင်းများစွာသော အမယ်အိုကြီးများကဲ့သို့ စကားဘလစ်ဘလစ် မပြောပဲ ကိုယ့်အာရုံနှင့်ကိုယ် တိတ်ဆိတ်စွာ နေတတ်ခြင်း၊ လောကီမှုရေးရာနှင့် ပတ်သက်လျှင် အတိုဆုံး ချုံးပြော၍ အမြန်ဆုံး ဖြတ်တောက်ပစ်တတ်ခြင်း၊ လူတဘက်သား၏ အာဘော်ကို အမြဲအကဲခတ်၍ ဘယ်အခါမှ စကားလုံးပိုမပြောတတ်ခြင်း၊ မည်သူ့အားမျှ အချိန်နှင့် အလုပ်လုပ်သော မိခင်၏အလေ့အကျင့်ကို မြင်ရ၍ "ခင်ဗျာ့မယ်တော် ကြီးကြည့်ရတာ တကယ့်ဗိုလ်မကြီးတယောက်လို ရှိပါပေဗျာ"ဟု ပြောဘူးလေသည်။

## မိခင်အား နောက်ဆုံးမြင်ရခြင်း

ကျွန်ုပ်တို့သားအမိနှစ်ယောက်သည် ညနေခင်းတွင် ကသာမှထွက်ခွာကြ၍ နောက်နေ့နံနက်စောစောတွင် ဝက်လက်ဘူတာသို့ ဆိုက်ရောက်ကြလေရာ ကျွန်ုပ်ကြိုတင်ရိုက်ကြားထားသည့် ကြေးနန်းအရ ဘူတာရုံမှစောင့်ကြိုနေကြသည့်

မိခင်၏ တပည့်မကြီးလေးငါးယောက်တို့ကိုတွေ့ရ၏။ ကျွန်ုပ်၏မိခင်မှာ ဖခင်ကဲ့သို့ ဓမ္မကထိကတဦး မဟုတ်သော်လည်း တရားအားထုတ်ပုံ အားထုတ်နည်းကို လက်ထပ် သင်ပြထားသဖြင့်အလွန်ကျိုးနွံ့ရှိသေသည့် တပည့်မိန်းမကြီး မိန်းမငယ် တကျိပ်ခန့်ရှိ၏။ ၎င်းတို့မှာ အများအားဖြင့် ဖခင်၏ဆွေမျိုးညာတိများဖြစ်ကြ၍ မိခင်အားဝတ်ကြီးဝတ်ငယ်ပြုကြလေသည်။ မိခင်သည် ကျွန်ုပ်ကလွဲလျှင် ၎င်းမိန်းမကြီးများနှင့်နေရမှ စိတ်ငြိမ်းချမ်းမှုရရှိ၏။ "ဖခင်မပါသလော"ဟု ကျွန်ုပ်ကမေးရာ မိန်းမကြီးများက အကြောင်းမကြားသဖြင့် မသိ၍ မပါလာကြောင်း ပြောကြ၍ ၎င်းတို့၏မျက်နှာထားမှာ ထူးဆန်းသည်ဟု ကျွန်ုပ်သတိပြုမိသည်။ မီးရထားထွက်၍ ကျွန်ုပ်သည် ဘူတာဘက်သို့ လှမ်းကြည့်လိုက်သောအခါ တောရွာသူ အဒေါ်ကြီးများ၏ အလယ်၌ မားမားမတ်မတ် သပ်ရပ်တည်ငြိမ်စွာ ရပ်လျက်ရှိသော မိခင်ကိုမြင်လိုက်ပေရာ မိခင်သည် ကျွန်ုပ်ဘက်သို့လှည့်ကာ တချက်တည်း ပြုံးပြီးနောက် မျက်နှာလွှဲ၍ သွားလေတော့သည်။ ကျွန်ုပ်သည် မိခင်၏ပြုံးခြင်းကို နောက်ဆုံးအကြိမ် မြင်ရခြင်းဖြစ်သည်ဟု မသိရသော်လည်း အခြားအကြိမ်များ၌ ခွဲခွာရခြင်းမျိုးနှင့် မတူခြင်းကိုမူကား စိတ်ထဲ၌ သတိပြုမိပါသည်။

## အလုပ်ပြန်ဝင်ဖို့ သဘောတူခြင်း

ဒေါက်တာသိန်းမောင်၏အမှုကို မန္တလေးရုံး၌ ဆိုင်ပြီးသောအခါ (တိုက်အုပ်ဦးဘကလေးလည်း ကျွန်ုပ်နှင့်အတူ တရားခံတယောက်ဖြစ်သည်။) ဦးဘကလေးသည် ကျွန်ုပ်အား ဦးညွန့်နှင့်တွေ့ရန် ရန်ကုန်သို့ခေါ်သဖြင့် လိုက်သွားရ၏။ ဗြိတိသျှဘားမား သဌေးဦးညွန့်နှင့် ကျွန်ုပ်တွေ့သောအခါ "ကျွန်ုပ်၏လခကို ခြောက်လတကြိမ် သူရိယတိုက်က ၂၅ကျပ်၊ ဦးညွန့်က ၂၅ကျပ်တိုးပေးပါမည်၊ ဦးစောပြန်ရောက်သောအခါတွင်လည်း တမျိုးတမည် အတည်တကျ စီစဉ်ကြ

ပါမည်"ဟု ပြောသည်နှင့် ကျွန်ုပ်သဘောတူ လက်ခံခဲ့ပြီး "ဝါဆိုလပြည့်လျှင် ပြည့်ချင်းအလုပ်ပြန်ဝင်ပါမည်"ဟု ကတိပြုခဲ့လေ၏။ ထို့ပြင် ဦးညွန့်က ဝင်ပေါက်တခု ညွှန်ပြလိုက်သေးသည်မှာ ဗြိတိသျှဘားမား ကုမ္ပဏီထုတ် ရုပ်ရှင်ကားများ၌အပြန်အလှန်ပြောကြသော ရုပ်ရှင်ကားများကို (Dialogues) ကျွန်ုပ်က ချောမောညက်ညော၍ သဘာဝကျအောင် ပြင်ဆင်ပေးပါလျှင် တလ ၁၀၀ိ လောက် ရနိုင်ဖို့ရှိကြောင်းပြောလေသည်။ ဦးညွန့်ကစေတနာနှင့် ပြောခြင်းဖြစ် သော်လည်း ဤလခ ငွေ၁၀၀ိမှာအရချောင်လိမ့်မည် မထင်သောကြောင့် ကျွန်ုပ် အာရုံမခံလင့်လှပါ။

## ကျွန်ုပ်၏အလှူကြီး

ကျွန်ုပ်သည် မိခင်နှင့်မစိုးတို့ကိုခေါ်ရန် အညာသို့ ပြန်လာခဲ့ရာ ဝက်လက် ဘူတာရုံတွင် မန်ကျည်းတုံရွာသားတယောက်နှင့်တွေ့၍ ဝါဆိုလဆန်း ၁၀ ရက်နေ့နံနက် အစုန်ရထားနှင့် ကျွန်ုပ်တို့လိုက်လာမည်ဖြစ်သဖြင့် ဘူတာရုံမှ အဆင်သင့်စောင့်ကြိုနေပါရန် မိခင်အားပြောဖို့မှာထား၍ စာတစောင်လည်း ပေးအပ်ခဲ့၏။ ကသာသို့ရောက်သောအခါ (ကျွန်ုပ်၏ကြိုတင်အကြောင်းကြားစာ အရ) စောင့်မျှော်လျက်ရှိသော မစိုးနှင့်တွေ့၍ ရန်ကုန်သို့ပြန်ဆင်းကြရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်၏လခအကြောင်းကို ဝန်ထောက်ဦးချစ်စုနှင့် ကိုသိန်းဖေတို့ အားပြောပြရာ ဦးချစ်စုက နည်းလွန်းသည်ဟု ပြောသော်လည်း သူရိယတိုက် အဆောက်အအုံအတွင်း၌ ကျွန်ုပ်အား တဆောင်တယောင် သားသားနားနား ထားခြင်း တခုတည်းအတွက်ပင် ကျေနပ်အားရလျက်ရှိသော ကိုသိန်းဖေကမူ "တော်သေးရောပေါ့ဗျာ၊ ဦးစောပြန်လာတော့ မျှော်လင့်ချက်ရှိ သေးသားပဲ" ဟုပြောပါပေသည်။ ဦးချစ်စုက ကျွန်ုပ်အပေါ်၌ အထင်ကြီးခြင်းအတွက် ဂုဏ်ယူ မိသော်လည်း ရန်ကုန်သို့ပြန်ချင်ပြီဖြစ်သော ကျွန်ုပ်အဖို့ရာ၌မူ ကိုသိန်းဖေ၏

စကားကို ပို၍နှစ်သက်သည်။ သုံးရက်လောက်တွင် ကျွန်ုပ်တို့လင်မယား ပြန်ကြမည်ဖြစ်ရာ မပြန်မီအတွင်း ဇရစ်ချောင်ရွာရှိ လူဆင်းရဲ တောင်သူများ၊ ခြံသမားများနှင့် လှည်းသမားများ၊ ထင်းခုတ်သမားများအား ကျွန်ုပ်က 'ပါတီ' ကလေးတခုပေးဖို့ အကြံဖြစ်၏။ ဇရစ်ချောင်ရွာ၌ ကိုသိန်းဖေကဲ့သို့သော အစိုးရအရာရှိ ပင်စင်စား သုံးလေးငါးယောက် ရှိကြသော် လည်း ကျွန်ုပ်သည် ထိုသူတို့ထက် လှည်းသမားများနှင့် ခြံသမားများအား ပို၍ ကျွေးမွေးချင်သောစေတနာ ဖြစ်ပေါ်လျက်ရှိ၏။ သို့ဖြစ်၍ တညနေတွင် ကိုသိန်းဖေ၏ ခြံကြီးအတွင်း ဒင်ညင်းပင်နှင့် ရောက်ပန်းပင်ကြီးများအောက်၌ ၁၀ယောက်ခန့်ရှိသော ထိုလူများကိုဖိတ်ခေါ်၍ ခေါင်ရေနှင့်ကြက်သားဖြင့် ဧည့်ခံကျွေးမွေးလေသည်။ ကျွန်ုပ်တိုက်ကျွေးသော အရာမှာ အဖိုးတန်ကြီးမဟုတ် လှသော်လည်း ကျွန်ုပ်ကဲ့သို့သော လူတယောက်က ၎င်းတို့အား အဖက်လုပ်ကာ ဖိတ်ခေါ်ကျွေးမွေးခြင်းအတွက် ဝမ်းသာကြပုံရသည်။ ခေါင်ရေသောက်ပွဲ၌ အကန့်အသတ်မရှိ တိုက်ကျွေးသော်လည်း ကွန်မြူပျက်လောက်အောင် မူးယစ်သူ မပါသောကြောင့် "ခင်ဗျားကံကောင်းတယ်ဗျို့"ဟု ကိုသိန်းဖေကပြော၏။ ထိုလူများသည် ကျွန်ုပ်အား ကျေးဇူးတင်ကြခြင်းကြောင့် မိမိတို့ကိုယ်ကို ထိန်းသိမ်းကြပုံရသည်ဟူ၍လည်း သူကပြော၏။ ထိုညဥ့်၌ မိုးကြီးသည်းထန်စွာ ရွာသွန်းလေရာ ကိုသိန်းဖေက "ခင်ဗျားက မလုပ်စဘူးလုပ်လိုက်တဲ့ အလှူကြီး ကြောင့်ထင်ပဗျာ"ဟု ပြောသေး၏။

## လမ်းတွေကျိုးခြင်း

နောက်တနေ့ နံနက်လင်းသည်နှင့် တပြိုင်နက် ယမန်ညဥ့်က ရွာသွန်းသော မိုးကြောင့် ရထားလမ်းတွေပျက်ကုန်ပြီး ကသာနှင့်နဘား မီးရထားမပေါက်တော့ဟု ကြားသိရလေ၏။ ကျွန်ုပ်တို့မှာ ထိုနေ့ညနေတွင် ရန်ကုန်သို့ပြန်ကြဖို့ဖြစ်၍

ကိုသိန်းဖေက "ခင်ဗျားအလှူကြီးက ခင်ဗျားကိုပြန်ပြီး ဒုက္ခပေးနေပြီကော"ဟု ရယ်စရာပြောပြန်၏။ ကိုသိန်းဖေကား နေရာတကာတွင် ရယ်စရာပြောတတ်သူ တယောက်ဖြစ်၍ နှုတ်ပေါ့ပေါ့နှင့်လွတ်ကနဲလည်း ပြောတတ်သူဖြစ်လေသည်။ တခါက သူ့အိမ်၌ မြို့အုပ်၊ တောအုပ်၊ ဝန်ထောက်၊ ပညာအုပ်စသော ဧည့်သည်များ ဆုံမိကြ၍ ကိုသိန်းဖေက ဧည့်ခံရာ အစေခံသည် ဝီစကီပုလင်းနှင့် ဖန်ခွက်များ၊ ဆိုဒါပုလင်းများကို လင်ပန်းပေါ်တွင်တင်၍ ဧည့်သည်များထံသို့ ယူလာစဉ် ခါးပန်းကို ခြေထောက်နှင့်တိုက်မိသည်နှင့် (မူးနေသလော မပြောတတ်) ဟတ်ထိုးလဲပြီး ဖန်ခွက်တွေကွဲ၊ ပုလင်းတွေ လိမ့်ကုန်ကြ၏။ ဤတွင် ကိုသိန်းဖေ သည်ဧည့်ခံရာမှထပြေး၍ ဖွင့်ထားပြီးသဖြင့် ဝီစကီများအန်ထွက်လျက်ရှိသော ပုလင်းကို ကပျာကယာကောက်ယူကာ ထောင်ကြည့်လျက် "ဖန်ခွက်တွေ ဘယ်လောက်ကွဲကွဲ၊ ဆိုဒါတွေ ဘယ်လောက်ဖိတ်ဖိတ်၊ မင့်ကိုယ်တိုင်ဘယ်နှစ်ပြန် သေသွားသွား၊ ငါ့ဝီစကီပုလင်းမဖိတ်လို့ တော်ပါသေးရဲ့ကွာ"ဟု သွက်လက်စွာ ပြောနိုင်လေသည်။ မီးရထားလမ်းမှာ မြစ်ကြီးနားလမ်းကြီးတလျှောက်၌ ကျိုးခြင်း မဟုတ်၊ ကသာနှင့် နဘားအကြား၌သာကျိုးခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့မှာ နဘားသို့သွားရန် မဖြစ်နိုင်တော့သဖြင့် ရန်ကုန်သို့ပြန်ကြဖို့ အခက်အခဲ ကြုံလျက်ရှိလေပြီ။ ဤလမ်းတိုကလေးမှာ တောင်အဆင်း အတက်တွေရှိသော ကြောင့် တခါပျက်လျှင် ရက်အတန်ကြာ ပြင်ဆင်ရသည်ဟူ၍လည်း ပြောကြလေ သည်။

## မမျှော်လင့်သောအကူအညီ

နံနက် ဇနာရီလောက်၌ ယမန်နေ့ညက ကျွန်ုပ်၏ 'ပါတီ'ကလေးတွင် ပါဝင်သည့် လူလေးငါးယောက် ပေါ်လာကြ၏။ ရှေ့ဆောင်ဖြစ်သော ဦးပေါလိန်း က (မနေ့တနေ့ကပင် အသက်ရှင်လျက် ရှိသေးသည်ဟု ကြားခဲ့ရသည်။)

မိမိတို့မှာ လှည်းသမားများဖြစ်ကြကြောင်း၊ ကသာ–နဘား မီးရထားလမ်း ပျက်သည်ဟု ကြားရကြောင်း၊ ဤလမ်းပျက်လျှင် ပြင်ဆင်ဖို့ အချိန်အလွန်ကြာတတ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့လှည်းသမားများက ကသာမှ နဘားထိအောင် လှည်းငါးစီးဖြင့် ပျော်ပျော်ပါးပါးကြီး နိဗ္ဗာန်ကူးတို့ပို့လိုကြပါကြောင်းပြောလေ၏။ ကိုသိန်းဖေက အကယ်၍ လိုက်ပို့လိုကြလျှင် လှည်းနှစ်စီးဆိုက လုံလောက်ကြောင်းပြောရာ သူတို့အားလုံးက "မဟုတ်ဘူးဆရာ၊ မျက်နှာကြီးမျက်နှာငယ် မလိုက်ပါနဲ့၊ ကျွန်တော်တို့ငါးယောက်စလုံး ပို့ပါရစေ"ဟု ဝိုင်းဝန်းပြောဆိုကြလေ၏။ ကသာနှင့် နဘားမှာ ခရီး၁၆မိုင် ဝေးကွာသည့်ပြင် တောင်ကြီးတလုံးလုံးကို ဖြတ်ကျော်၍ အဆင်းအတက် အလွန်ကြမ်းလှသောကြောင့် လှည်းတခေါက်ဆိုလျှင် အတော်ကြီးထိုက်တန်သည့်ပြင် ဤသို့သော ရာသီဥတုမျိုးတွင် ငှား၍ရဖို့ပင် အလွန်ခဲယဉ်းလှသည်။ ကျွန်ုပ်ကအလွန်ကျေးဇူးတင်ကြောင်းပြော၍ ကိုသိန်းဖေနှင့် တိုင်ပင်ပြီး စကားပြန်ပါမည်ဟု ပြောလိုက်ရသည်။

၎င်းတို့ ပြန်သွားကြသောအခါ ကိုသိန်းဖေက အိမ်သားများက ဤလမ်းမှာ သာမန်ရာသီဥတု၌ပင် အသွားအလာ ခက်ခဲလှပေရာ မိုးရွာထားသဖြင့် ချောနေမည်ဖြစ်သော ဤရက်များ၌မူ မက်စောက်လှသောအဆင်းကြီး အတက်ကြီးများကြောင့် လှည်းများအတွက် အန္တရာယ် မကင်းတတ်ကြောင်း ပြောပြကာ တားဆီးကြလေသည်။ ကျွန်ုပ်သည် ဦးပေါလိန်းတို့လူစုအား စကားကောင်းအောင်ပြော၍ ငြင်းပယ်ပြီးလျှင် သုံးလေးရက်စောင့်၍ လမ်းပြင်မပြီး သေးသည်နှင့် သဘော်ဖြင့် မန္တလေးသို့လှည့်ပြီး စုန်ဆင်းရန် ဆုံးဖြတ်လိုက်လေ၏။ ကျွန်ုပ်၏ စိတ်ထဲ၌ ထင့်တင့်တင့်ရှိသော အခြင်းအရာတခုမှာ ထိုနေ့သည် ဝါဆိုလဆန်း ၁၀ ရက်ရှိလာပြီဖြစ်၍ ကျွန်ုပ်၏မိခင်သည် ဝက်လက်ဘူတာမှ တမျှော်တည်း မျှော်လျက်ရှိရှာတော့မည်ဟု မကြာခဏသတိရမိခြင်းပင် ဖြစ်လေသည်။ သဘော်ဖြင့် လိုက်ရလျှင်လည်း ဝက်လက်သို့တိုက်ရိုက် မရောက်တော့ပဲ မန္တလေးမှ လှည့်ရမည်ဖြစ်၍ သူရိယတိုက်သို့ အချိန်နောက်ကျမည်ကိုလည်း ပူပန်မိသည်။

မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် လဆန်း ၁၁ ရက်နေ့တွင် အစုန်သင်္ဘောနှင့် လိုက်ကြ၍ ၁၂ ရက်နေ့လယ်တွင် မန္တလေးဆိပ်ကမ်းသို့ ဆိုက်ရောက်ကြပြီး ၎င်းနေ့ညနေတွင် ရန်ကုန်ထွက်မည့် မီးရထားပေါ်သို့ ရောက်လျက်ရှိလေပြီ။ ကျွန်ုပ်၏အကြံမှာ ရန်ကုန်ရောက်တော့မှ မိခင်အား လိုက်ပို့ရန် ဖခင်ထံ စာရေးမှာထားရန် ဖြစ်လေသည်။ ညနေရထားထွက်ခါနီးတွင် ကျွန်ုပ်နှမ၏သား အောင်ကြီးသည် ကျွန်ုပ်ထံသို့ပြေး လာ၍ ဝက်လက်၌အဘွားဆုံးပြီဖြစ်ကြောင်း ပြောပါတော့သည်။ ကျွန်ုပ်သည် အကြောင်းခြင်းရာကိုပင် မေးမြန်းဖို့အချိန်မရှိပဲ ပစ္စည်းကလေးများကို ရထားပေါ်မှ ဆွဲချ၍ မြစ်ကြီးနား ရထားပေါ်သို့ ပြောင်းသူကပြောင်း၊ ကျွန်ုပ်ကရန်ကုန်လက်မှတ် ကိုပြန်အပ်၍ ဝက်လက်လက်မှတ် ကိုယူ ရထားပေါ်သို့ အပြေးအလွှားတက်ရပြီးနောက် မီးရထားလည်း ထွက်လာပါတော့သည်။ အောင်ကြီးအား ကတိုက်ကရိုက် မေးမြန်းလိုက်ရခြင်း အားဖြင့် သိလိုက်ရသည်မှာ မိခင်သည် ငါးရက်ခန့်နာဖျားပြီးနောက် ကွယ်လွန်ရှာ သည်ဟူ၍သာ အကျဉ်းချုပ်သိလိုက်ရ၏။ နက်ဖြန်တွင် သဂြိုဟ်မည့်အကြောင်းကို လည်း သိခဲ့ရ၏။ ထို့ထက် ဘာမှပို၍ မသိခဲ့ရချေ။

## ကံကောင်းသော အချက်တခု

မီးရထားပေါ်တွင် ကျွန်ုပ်သည် မိခင်အကြောင်းကို ဆင်ခြင်သုံးသပ်၏။ အောင်ကြီးပြော၍ ကြားလိုက်ရသောအခါတွင် ရုတ်တရက် ဒိတ်ကနဲဖြစ်ကာ တုန်လှုပ်သွားသော်လည်း အကြောင်းကြောင်းကို ပြန်လည်သုံးသပ်သည့်အခါ ပရိဒေဝမီး တောက်လောင်သင့်သလောက် မတောက်လောင်ခြင်းကို တွေ့ရ၍ ကိုယ့်ဟာကိုယ်ပင် အံ့သြမိ၏။ မိခင်သည် ကျွနုပ်အဖို့ရာ၌ လောကတွင် အမြတ်နိုးဆုံးသော ပုဂ္ဂိုလ်ဖြစ်၍ အခြားသောသားများက ၎င်းတို့၏မိခင်အား ချစ်ခင်ကြခြင်းထက်ပင် ကျွန်ုပ်ကပိုသည်ဟု ထင်မိခြင်းကား မှန်သည်။ သို့ရာတွင်

ကျွန်ုပ်သည် အလိုမကျမှု ဒုက္ခတခုနှင့် ကြုံတွေ့ရသည့်အခါ (တရားသဘာဝကို ထားဘိဦး) ရိုးရိုးနည်းဖြင့်ပင် သက်သာရာရာ၍ ကြည့်တတ်သည့် ဝါသနာတခုရှိ၏။ ကျွန်ုပ်ချက်ချင်းလိုပင် သတိရမိသည်မှာ အသက် ၅၂ နှစ်ရှိ၍ မြေးလေးငါးယောက် ရှိသော အချိန်တိုင်အောင် မိစုံဖစုံနေရသောလူသည် အလွန်ရှားသည်ဖြစ်၍ ငါသည်လောက၌ အလွန်ကံကောင်းသူတယောက်ဖြစ်သည်။ ကသာမြို့၌ ရက်သတ္တနှစ်ပတ်ခန့်အတူတကွ နေကြရသောအခိုက်တွင်လည်း 'ငါသည် မိခင်အား ဝတ်ကြီးဝတ်ငယ်ပြုလိုက်ရ၍ မိခင်ကိုယ်နှိုက်ကလည်း ငါ့အပေါ်၌ စိတ်တိုင်းကျပုံရခြင်းကို ကိုသိန်းဖေလည်း အကဲခတ်နိုင်၍ ငါလည်း ရိပ်မိလိုက်သည်။ မိခင်သည် အမြဲတည်နေနိုင်သည် မဟုတ်သဖြင့် သေခြင်းသေရလျှင် ငါ့အပေါ်၌ ကျေကျေနပ်နပ်ရှိနေသည့်အခိုက်၌ သေရခြင်းသည် မိခင်အဖို့လည်း ကောင်း၍ ငါ့အဖို့လည်း ကောင်းသည်။ မိခင်အကြောင်းကို ပြန်၍တွေးမိတိုင်း စိတ်တိုင်းကျသော နောက်ဆုံးအပိုင်းကို တွေ့ရခြင်းအားဖြင့် ငါ့အဖို့အမြတ်လည်းထွက်၍ ကုသိုလ်လည်းရသည်။ ငါသည် အလွန်ကံကောင်းသူ တယောက်ဖြစ်သည်'စသည်ဖြင့် စဉ်းစားမိ၏။ ပရိဒေဝကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်သည် တကယ်လည်းကံကောင်းသူတယောက်ဖြစ်၏။ အသက် ၅၂ နှစ်ရှိပြီ ဖြစ်သော ထိုအချိန်သို့တိုင်အောင် သားသမီးကြီးကြီးမားမား သေဆုံးဘူးခြင်းမရှိ၊ မယားနှစ်ယောက် ကွဲဘူးသော်လည်း သေဆုံးဘူးသည်မရှိ၊ နှမတယောက် သေဆုံးဘူးသော်လည်း အိမ်ထောင်ခွဲဖြစ်သည့်ပြင် သေဆုံးပြီးခါမှ ကျွန်ုပ်သိရ၍ အလောင်းကို မမြင်လိုက်ရသောကြောင့် ပူသင့်သလောက် မပူလိုက်ရပဲ သက်သာရာရခဲ့သည်။ သို့ဖြစ်၍ကျွန်ုပ်အဖို့ရာ၌ အသက် ၅၂ နှစ်ရောက်ခါမှ မိခင်ကွယ်လွန်ခြင်းသည် ပထမအကြိမ် ဟုတ္တိပတ္တိ လောင်ကျွမ်းသင့်သော ပရိဒေဝ ကိစ္စကြီးဖြစ်၏။ ဤတွင်လည်း အထက်တွင်ဖော်ပြခဲ့ပြီးသော အကြောင်းများ ကြောင့် အကြီးအကျယ်မပူလောင်ရပဲ အတော်ကြီး သက်သာရာရခဲ့ သည်ဖြစ်သော ကြောင့် ဤကိစ္စမျိုးနှင့် ပတ်သက်၍ကျွန်ုပ်သည် အလွန်ကံကောင်း သည်ဟု

ယူဆခြင်းဖြစ်လေသည်။ အောင်ကြီးက ပြောပြစဉ် ရုတ်တရက်ဒိတ်ကနဲ ဖြစ်ခဲ့ရသော်လည်း မျက်ရည်မကျသေးမီ သက်သာရာရသော နည်းလမ်းကို နှလုံးသွင်းမိခြင်းသည်လည်း ကျွန်ုပ်၏ သတိကောင်းခြင်း၊ သို့မဟုတ် အလေ့အထကောင်းခြင်း၊ သို့မဟုတ် ကံကောင်းခြင်းဟူ၍ ဆိုသင့်ပေသည်။

## မိခင်၏ နောက်ဆုံးအချိန်

ကျွန်ုပ်၏မိခင်သည် မန်ကျည်းတုံရွာ၌ နေထိုင်သော်လည်း တပည့်မိန်းမကြီးတယောက် (ဒေါ်ဒေါ်ပိုး) ရှိသော ဝက်လက်သို့ အလည်လာခိုက်တွင် ဖျားနာသေဆုံးခြင်း ဖြစ်သောကြောင့် ၎င်းနေအိမ်၌ပင် မိခင်၏အလောင်းပြင်ထားခြင်းကို တွေ့ရ၏။ ကျွန်ုပ်တို့ရောက်သွားသောအခါ မန်ကျည်းတုံရွာမှ လာရောက်စောင့်ရှောက်ကြသော ဆွေမျိုးများက ဝိုင်းဝန်းငိုယိုကြစဉ် ရင်ဘတ်ထဲ၌ တချက်ဆို့သွားသော်လည်း ကျွန်ုပ်သည် အရေးကြီးသော မေးစရာရှိသည်နှင့် အပူလုံးကို ချက်ချင်းနှိမ်ချ၍ မိခင်၏ တပည့်ရင်းများအနီးသို့ ချဉ်းကပ်ပါတော့သည်။ ကျွန်ုပ်မေးလိုသော အရာသည်ကား မိခင်၏ နောက်ဆုံးအချိန် အကြောင်းပင်ဖြစ်သည်။ ဗုဒ္ဓဝါဒအရ အားထုတ်ကြသည့် တရားဂိုဏ်းအမျိုးမျိုးရှိကြသည့်အနက် မိခင်နှင့် ကျွန်ုပ်အထူးအလေးဂရုပြု၍ ပြင်ဆင်ထားလေ့ရှိသော အလုပ်ကြီးတခုကား သေအံ့ဆဲဆဲရှိသော နောက်ဆုံးအချိန် အပိုင်းအခြားအတွက်ဖြစ်၏။ တရားသမားဆိုသော်လည်း နောက်ဆုံးဖြစ်သော ကာလ၌ တောင်လိုလို မြောက်လိုလို ယောင်ချာချာနှင့် မျက်လုံးကလေး ကလယ်ကလယ်ဖြစ်ခဲ့လျှင် နေရာကျသည်ဟု ကျွန်ုပ်တို့သားအမိက မယူဆချေ။ ကျွန်ုပ်တို့၏ဆရာတော်ကလည်း သေရာညောင်စောင်း လှဲလျောင်းရာဝယ် ဆွေမျိုးညာတိနှင့် မိတ်သင်္ဂဟများက မေးမြန်းကြသောအခါ "ကိစ္စမရှိ၊ ပြောတဲ့နိုင်စေ"ဟု ဩဝါဒပေးတော်မူခဲ့၏။ ဆိုလိုသောအဓိပ္ပာယ်မှာ နှလုံးသွင်းတရား လက်ဆုပ်လက်ကိုင်

ရှိသော ပုဂ္ဂိုလ်တဦးပီပီ တုန်လှုပ်ချောက်ချားခြင်းမရှိပဲ ငြိမ်သက်သောအမူအရာ ရှိနိုင်စေရမည်ဟု ဆိုလို၏။ ကျွန်ုပ်သည် မိခင်နှင့် လက်ပွန်းတတီး နေလေ့ရှိသော နှမဝမ်းကွဲတယောက်အား–

"အမေ ဘယ်လိုသေသလဲဟေ့ မပြုံး"

"လက်ဦးတုန်းကတော့ မောင်ကြီးရောက်လာသလားလို့မေးတယ်"

"ဒီတုန်းကတော့ သိပ် မဆိုးသေးဘူးပေါ့"

"မဆိုးသေးဘူးမောင်ကြီးရဲ့၊ ပျောက်လျှင် မောင်ကြီးတို့နဲ့ လိုက်ဖို့ စိတ်ကူးရှိတယ်"

ကျွန်ုပ်၏ရင်ဘတ်ထဲ၌ နင့်ကနဲဖြစ်သွားသည်။

"နောက်တော့ကောကွယ်"

"သုံးရက်လောက်ကြာတော့ မသက်သာလို့မို့ ဒီတောင်က မတက်နိုင်ကြောင်းကို သူ့ဟာသူ သိပုံရတယ်"

"ဒီတော့ ငါ့ကိုမမေးတော့ဘူးလား"

"ဘယ်သူ့မှ ဘာမှမမေးတော့ဘူး၊ သူ့အာရုံနဲ့သူ နေတော့တာပဲ၊ ဟိုလူ ဒီလူကမေးကြ မြန်းကြတာတွေကိုလဲ ဘာမှပြန်မပြောတော့ဘူး၊ လက်ပြရုံပြတော့တာပဲ၊ ဒေါ်ဂျမ်းဖြူက နေသာရဲ့လားလို့ ခဏခဏမေးတော့ ဂျီးကနေသာ ပါတယ်ကွယ်၊ ခဏခဏ မမေးပါနဲ့လို့ ပြောတာနဲ့ ဘယ်သူမှ မမေးကြတော့ပါဘူး"

"အပြင်းအထန်ခံရတာ ဘယ်လောက်ကြာသလဲ"

"တရက်ပါပဲ မောင်ကြီးရယ်"

"မောသေးလားဟေ့"

"နဲနဲလောက်ပါပဲ မောင်ကြီး"

ကျွန်ုပ်ကျေနပ်လေပြီ။ ကျွန်ုပ်၏မိခင်မှာ သေခါနီး၌ အမောကြီးဆိုက်သည့် ဝေဒနာမျိုး ခံစားရမည်ကိုအတော် တွန့်ဆုတ်ရှာသည်။ ယခုကား တော်ပါသေး၏။

## အမျှဝေနိုင်ခြင်း

နောက်တနေ့၌ မိခင်၏ရှာပနကိစ္စ ဆောင်ရွက်ရာတွင် ကျွန်ုပ်၌ ကြေးငွေအမြောက်အမြား မပါခဲ့သဖြင့် လှလှပပ သဂြိုဟ်နိုင်လောက်အောင် မထည့်ဝင်နိုင်သည့်အတွက် ရင်တချက် ဆို့မိသေး၏။ သို့သော်မသေမီ နောက်ဆုံးအချိန်အပိုင်းအခြား၌ မိခင်စိတ်တိုင်းကျအောင် ပြုစုလိုက်ရခြင်းကို စိတ်ထဲ၌ ပြန်လည်ဖော်ထုတ်ကာ သက်သာရာ ရှာနိုင်ခဲ့ပါသည်။ သို့နှင့်လည်း သသာန်တွင် ဘုန်းကြီးက ရွတ်၍ ရေစက်ချပြီးသည့်အဆုံး၌ ကျွန်ုပ်သည် ရေဖလားကို ကိုင်လျက် အမျှဝေရသည့်တွင် "အမျှ အမျှ"ဟူသော စကားသုံးလုံး ကို အပြင်သို့ထွက်အောင် မဆိုနိုင်ပဲ လည်ချောင်းထဲတွင် တစ်လျက်ရှိသည်နှင့် ပရိသတ်လည်း အတန်ကြာအောင်အံ့သြစွာနှင့် ငေးကြည့်နေကြရလေသည်။ နဂိုကမှ စကားထစ်ချင်ရသည့် အထဲတွင် ရင်ထဲ၌ တစ်ဆို့ကြီးဖြစ်နေသောကြောင့် အသံထုတ်၍ မရခြင်းဖြစ်သည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်မှာ ပရိဒေဝအကြောင်းကို ယခုမှ ဟုတ္တိပတ္တိ ပထမအကြိမ် တွေ့ကြုံရခြင်းဖြစ်ရာ အချို့လူများက ရင်ထဲက ပူလောင်သည်ကို ပြောကြသော်လည်း ကျွန်ုပ်မှာ မိခင်နှင့် တွေ့ခွင့်ရှိတော့မည်မဟုတ်ဟု နမြောပြီး ရင်ထဲက နင့်ဆို့ဆို့ကြီး ဖြစ်ခြင်းကိုသာ မှတ်မိပါသည်။

## ထူးဆန်းသောသားအမိ

မိခင်၏အလောင်းကို မီးသဂြိုလ်သောအခါ အခြားလူများအားလုံး ပြန်သွားကြ၍ သုဘရာဇာများနှင့် ကျွန်ုပ်သာ ကျန်ရစ်သည့်တွင် ကျွန်ုပ်သည် ညှော်မနံစေခြင်းငှာ လေတင်၌ရှိသော သစ်တပင်အောက်သို့ သွား၍ တယောက်တည်းထိုင်ကာ မွေးသမိခင်၏ အကြောင်းကို ပြန်ပြောင်းဆင်ခြင်မိပါသည်။

ကျွန်ုပ်တို့သားအမိ၌ မည်သည့်အခြားသော သားအမိများနှင့်မျှ မတူသော အချက်တခုရှိပါသည်။ ကျွန်ုပ်၏အသက် ၃၅ နှစ်အရွယ်သို့ ရောက်သည့်တိုင် အောင် ကျွန်ုပ်၏မိဘနှစ်ပါးသည် လောကုတ္တရာရေးရာ၌ ကျွန်ုပ်၏ (အာစရိယ)ဆရာများဖြစ်ကြ၏။ အသက် ၃၅ နှစ်တွင် ကျွန်ုပ်တရားအားထုတ်၍ ပေါက်ရောက်တန်သလောက် ပေါက်ရောက်သောအခါတွင် ကျွန်ုပ်သည် တရား သဘာဝအမြင်နှင့် ပတ်သက်၍ မိဘနှစ်ပါးတို့၏ ချွတ်ယွင်းချက်ကိုမြင်လာ ၏။ ၎င်းတို့သည် အပြင်သို့ မရောက်သေးပဲလျက်နှင့် အပေါက်ဝတွင် ထိုင်လျက် ရှိသူများသဖွယ် ကျွန်ုပ်မြင်မိ၏။ ကျွန်ုပ်က ဤအကြောင်းကို ရှင်းပြရာတွင် ဖခင်သည်ရှေးဦးစွာ သဘောပေါက်၏။ သို့ရာတွင်ဖခင်သည် ထိုင်ရာမှထဖို့ ပျင်းရိသောလူတယောက်ကဲ့သို့ရှိနေရာ မိခင်မူကား ကျွန်ုပ်အားဆရာတင်ကာ အပြင်းအထန် အားထုတ်ပါတော့သည်။ ဖခင်သည် ကျွန်ုပ်သက်န်းဝတ်သောအခါ၌ ကြည်ညိုပုံရသော်လည်း နောက်ပိုင်း၌မူ ကျွန်ုပ်၏အနေအထိုင်သည် သူ၏အနေ အထိုင်ကဲ့သို့ သန့်ရှင်းခြင်း မရှိသည်ကို တွေ့ရသည်နှင့် ကျွန်ုပ်၏ တရားအမြင်နှင့်ပတ်သက်၍ သံသယများ ဝင်လာပုံရသည်။ မိခင်မူကား ကျွန်ုပ်ဘာလုပ်၍နေသည်ဖြစ်စေ၊ ကျွန်ုပ်၏ဉာဏ်အမြင်နှင့် ပတ်သက်၍ ယုံမှား သံသယ အလျှင်းမရှိပဲ အားထုတ်မြဲ အားထုတ်လာခဲ့ရာ နောက်ပိုင်းတွင် ကျွန်ုပ်ထက် သာလွန်၍ ကျွန်ုပ်၏ဆရာဖြစ်သွားပြန်ပါသည်။ သို့ဖြစ်၍ မိခင်နှင့် ကျွန်ုပ်သည် တပြန်တလှန် ဆရာတပည့်ဖြစ်ခဲ့ကြ၍ ဤသားအမိမျိုးသည် ရှားမှရှား လိမ့်မည်ထင်မိပါသည်။

## အဆုံးစွန်သော ချီးမွမ်းခြင်း

ဤနေရာ၌ မိတ်ဆွေ ကိုခင်မောင်တင့်က ကျွန်ုပ်၏မိခင်အား ချီးမွမ်းဘူးသည် စကားလုံးကိုသတိရသည်နှင့် ဖော်ပြလိုက်ပါရစေဦး။ ၁၉၃၉ခုနှစ်၌ သူရိယတိုက်တွင် အလုပ်လုပ်စဥ် မစိုးသည် ကျွန်ုပ်တို့သားအမိနှစ်ယောက်အား ထားခဲ့၍ သူ၏ မိဘများထံသို့ ပြန်သွားခိုက် ကျွန်ုပ်တို့သားအမိနှစ်ယောက်မှာ ကိုခင်မောင်တင့်တို့ လင်မယားနှင့်အတူ စမ်းချောင်းရပ် ကျွန်းတောကွက်သစ်၌ အိမ်ကြီးတလုံးတွင် တလခန့်မျှ အတူတကွ နေထိုင်ကြသည်။ ကိုယ့်အိုးနှင့်ကိုယ်စားသောက်ကြခြင်းဖြစ်၍ မိခင်သည် ချက်မှုပြုတ်မှုအတွက် တာဝန်ယူရှာသည်။ ထိုတလအတွင်း၌ ကိုခင်မောင်တင့်မှာ အလုပ်မရှိသူ တယောက်ဖြစ်၍ ကျွန်ုပ်အလုပ်သွားခိုက်တွင် မိခင်နှင့် တနေ့ပတ်လုံး စကားပြောခွင့်ရသည်နှင့် မိခင်အကြောင်း အတော်ကြီးသိပြီး အလွန်ကျေနပ်သွားခဲ့သည်။ မိခင်ပြန်သွားသောအခါ၌ ကိုခင်မောင်တင့်က မိခင်အကြောင်း စကားစပ်ကြသည်နှင့် အင်္ဂလိပ်ဘာသာဖြင့် ပြောသည်မှာကား (The Greatest and best mannered Lady I have ever known) ကျုပ်တွေ့ဘူးသမျှ မိန်းမကြီးများအနက်တွင် စိတ်သဘောထားအကြီးဆုံး၊ အမူအရာသိပ်သည်းဆုံး ဖြစ်ပေသည်ဟု ပြောပေသည်။ ကိုခင်မောင်တင့်မှာ ဘီလပ်တွင် သုံးနှစ်ခန့် နေခဲ့ဘူးသူဖြစ်၍ အတွေ့အကြုံအတော်များသော လူတယောက်ဖြစ်သောကြောင့် သူ၏စကားသည်သာ၍ အရာရောက်လှသည်။ ကိုခင်မောင်တင့်သည် ကိုသိန်းဖေနှင့်မတူပဲ ကျွန်ုပ်နှင့်ကတောက်ကဆ ဖြစ်ကြရဘူးသည့် အကြိမ်များလည်းရှိခဲ့ရာ ကျွန်ုပ်၏မိခင်အား အထက်ပါနည်းအတိုင်း အားရပါးရ စကားလုံးလှလှနှင့် ချီးကျူးစကားပြောလိုက်ခြင်းကို ကြားလိုက်ရသော အခါတွင် ကျွန်ုပ်သည် သည်းခံတတ်သူတယောက် မဟုတ်ပဲ ထစ်ကနဲဆိုစိတ်ဆိုးချင်တတ်သူ တယောက်ဖြစ်ပါလျက် ငါသည် ဤနေ့မှစ၍ ကိုခင်မောင်တင့်က ခြေထောက်နှင့် ကန်စေကာမူလည်း

သည်းခံပါတော့မည်'ဟု သန္နိဋ္ဌာန်ချလိုက်မိပါသည်။ (သူသည် ကျွန်ုပ်ထက် အသက်သုံးနှစ်လည်း ကြီးပါသည်။)

## ကျွန်ုပ်သစ္စာပြုခြင်း

ကျွန်ုပ်သည် အထက်ပါအကြောင်းအရာကို ဆင်ခြင်ရာမှ မိခင်နှင့် ပတ်သက်၍ ကျွန်ုပ်၏အပြုအမူများကို ဆက်လက်သုံးသပ်မိပါသည်။ ကျွန်ုပ်သည် မိဘ၏စကားကို မြေဝယ်မကျ နားထောင်သည့် သားကောင်း သားမြတ်တယောက် မဟုတ်ခြင်းကို ဝန်ခံပါ၏။ သို့ရာတွင် ကျွန်ုပ်၏ နားမထောင်ခဲ့ခြင်းများသည် (ငယ်ရွယ်စဉ်က 'ကျောင်းပြေးခြင်း'များမှတပါး) ၎င်းတို့အား စိတ်နှလုံး ပူလောင်စေလောက်အောင် ကြီးကျယ်လှသည် မဟုတ်ပါ၊ အသက် ၁၁ နှစ်သား အရွယ်တွင် ဖခင်၏ စကားကို နားမထောင်ပဲ ကပ်ဖဲ့လုပ်ခဲ့ ဘူးခြင်းဟူ၍ မမှတ်မိပါ။ အိမ်ထောင်ရေးတွင် မိဘများအား တိုင်ပင်ခြင်းမရှိ၊ ကိုယ်လုပ်ချင်ရာ လုပ်ခဲ့သူတယောက်ဖြစ်ခဲ့ရာ ဤကိစ္စမျိုးတွင် မိဘများကဩဇာ ပေးခဲ့လျှင်လည်း ကျွန်ုပ်နားထောင်ကောင်းမှ ထောင်မည့်သူတယောက် ဖြစ်သောကြောင့် ဤအရာ မျိုး၌ ဝင်ရောက်စွက်ဖက်ချင်သော ဆန္ဒမရှိကြခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ အလွန် ကံကောင်းသည်ဟု ယူဆမိသည်။ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် အထူးသဖြင့် ကျေနပ် မိသော အချက်ကြီးတခုမှာ ဖော်ပြခဲ့သည့်အတိုင်း သားကောင်း သားမြတ် တယောက်မဟုတ်စေကာမူ ကျွန်ုပ်၏မိဘများအား (အထူးသဖြင့် မွေးသမိခင်ကား) ကက်ကော်ကလန် တော်လှန်တုံ့ပြန်သည့် စကားမျိုးကို ကျွန်ုပ်၏အသက်တာတွင် တခွန်းတပါဒမျှ ပြောခဲ့ဘူးခြင်း မရှိဟူ၍ စိတ်ထဲ၌ ရှင်းလင်းကြည်လင်စွာရှိခြင်း (Clear Conscience) ပင်ဖြစ်ပါ သည်။ ဤတွင် ကျွန်ုပ်သည် သစ္စာဆိုဖို့ ချက်ချင်း သတိရ၍ ဆောင့်ကြောင့် ထိုင်ကာလက်အုပ်ချီလျက် အောက်ပါအတိုင်း နှုတ်မှ ရွတ်ဆိုပါတော့သည်။

“ကျွန်ုပ်သည် ယခုမီးလောင်ကျွမ်းလျက်ရှိသော မွေးသမိခင်ကြီးအား ကျွန်ုပ်၏တသက်လုံးတွင် ကက်ကော်ကလန် တော်လှန် တုံ့ပြန်သော အနေဖြင့် စော်ကားသော စကားမျိုးကို တခွန်းတပါဒပြောဘူးသည်ဟု မမှတ်မိပါ၊ ဤစကားသည် မှန်ပါသည်၊ ဤမှန်သောစကားကို ဆိုရသောအားဖြင့် ကျွန်ုပ်သည် လောကုတ္တရာဘက်၌ ဆုံးခန်းတိုင်အောင် အားထုတ်ဖို့ ရည်ရွယ်ချက် ရှိသည့်အတိုင်း အားထုတ်နိုင်ဖို့ အခွင့်အလမ်းမျိုးနှင့် ပြည့်စုံပါစေသတည်း”

“မဂ်ဖိုလ်နိဗ္ဗာန်ကို ရလိုပါ၏”ဟု ကျွန်ုပ် ဆုမတောင်း၊ ကျွန်ုပ်အဖို့ရာ၌ကား အားထုတ်ဖို့ အခွင့်အလမ်းနှင့် အကြောင်းညီညွတ်ဖို့သာ လိုသည်။ အားထုတ်ခွင့်ရလျှင် ‘ကေန္တ ရလိမ့်မည်’ ဟု တထစ်ချ ယုံကြည်ပြီးဖြစ်လေသည်။ သစ္စာပြုပြီးသောအခါ ကျွန်ုပ်သည် မိခင်၏ အလောင်းကို တံစူးဝါးကြီးများနှင့် ထိုးလှန်လျက် ရှိကြခြင်းကို မကြည့်ရက်သည်နှင့် သစ်ပင်အောက်မှ ထလာခဲ့၍ အိမ်သို့ပြန်လာခဲ့ရာ ဆွေမျိုးများသည် ကျွန်ုပ်၏မျက်နှာကို မြင်ကြသဖြင့် အံ့အားသင့်ကာ ငေးကြည့်နေကြ၏။ ကျွန်ုပ်သည် နှမဝမ်းကွဲတော်၍ မိခင်၏ လက်ကသုံးတောင်ဝှေး ဖြစ်ခဲ့သည့်မပြုံးကိုခေါ်၍ တနေရာသို့သွားပြီး မေးမြန်းလေ၏။

“အမေ့ကို ငါပြန်ပို့တုန်းက အဖေမပါလာတဲ့ အကြောင်းကို မေးတော့ နင်တို့က မျက်နှာထားတမျိုးဖြစ်နေကြတာ ဘာ့ကြောင့်လဲဟဲ့”

“မောင်ကြီးမှာ အမေဆုံးပေမယ့် အမေအစားရနေပြီ မောင်ကြီးရဲ့”

“ကောင်မကလေးက ရွှတ်တွတ်တွတ်နဲ့”

“ကန်တော့ပါရဲ့ မောင်ကြီးရယ်၊ အမှန်ကတော့ အမှန်ပဲ မောင်ကြီးရဲ့”

## မိထွေးရခြင်း

မပြုံးက ပြောပြသည်များကို အကျဉ်းချုပ် ဖော်ပြရသော် မိခင်သည် ဖခင်နှင့်အတူနေရခြင်းအတွက် ဝန်လေးကြောင်း၊ အိမ်ထောင်ပြုလိုက ပြုနိုင်သည်ဟု ခွင့်ပေးကြောင်း၊ ထို့ကြောင့် ဖခင်က မိမိထက် အသက် ၃၀ ခန့်ငယ်သည့် ရွာသူတယောက်ကို ယူလိုက်ကြောင်း၊ မိခင်ကခွင့်ပြုထားသည်မှာ သုံးနှစ်လေးနှစ် ရှိပြီဖြစ်သော်လည်း ကသာ၌ ကျွန်ုပ်နှင့်အတူ မိခင်ရှိနေသော အချိန်ကမှ ဖခင်က ယူခဲ့ခြင်းဖြစ်ကြောင်း၊ မပြုံး၏မိခင် (ဖခင်၏နှမ)ကမူ ဓမ္မကထိကကြီးတယောက် လုပ်နေပြီး ကြီးတောင်းကြီးမှ မယားယူရပါမည်လော ဆို၍ ဖခင်အား မကြည်ညိုနိုင်ပဲရှိနေရာ အချို့ဆွေမျိုးများကလည်း ဤအတိုင်းပင် သဘောထားကြကြောင်းပြောလေ၏။ ဖခင်မှာ ထိုအချိန်၌ အသက်၇၀နှစ်ရှိ၍ မိခင်မှာ ၇၄နှစ် ရှိလေပြီ။ ကျွန်ုပ်၏မိထွေးမှာ ကျွန်ုပ်ထက်လေးငါးနှစ်ခန့် ငယ်လိမ့်မည်ထင်သည်။

ကျွန်ုပ်သည် မန်ကျည်းတုံရွာသို့ လိုက်သွား၍ ဖခင်အိမ်ထောင်ပြုခြင်းအတွက် မကျေမချမ်းဖြစ်နေကြသော ဆွေမျိုးများအား ဖခင်ဘက်မှနေ၍ ခုခံပြောဆိုပေးခဲ့ရသေးသည်။ ဤတွင်မရီးက–

"ဓမ္မကထိကကြီးတယောက် လုပ်နေပြီးကွယ်"

"ဓမ္မကထိကပေမယ့် အာသဝေါ ကုန်ခန်းတာမဟုတ်ဘူး အရီးရဲ့"

"ဟာကွာ၊ ဂျီးတယောက်လုံး ရှိနေသေးတဲ့ ဟာကပဲ"

"အမေရှိပေမယ့် ဘယ်လိုဆိုတာကို အရီးတို့ အကဲမခတ်နိုင်ကြဘူးလား"

"တကယ်ဆို သေအောင်စောင့်ပါဦးတော့လားကွယ်"

"ခုလို မြန်မြန်သေလိမ့်မယ်လို့ အရီးကသိလျှင် ပြောမထားပဲကိုးဗျ"

မည်သို့ပင် ဖြစ်စေ၊ ဖခင်ကမူ သူ့ဘက်က လိုက်လျောထောက်ခံ၍ ပြောဘော်ရခြင်းကြောင့် အလိုက်သိသော သားတယောက်အနေဖြင့် ကျေးဇူးတင်ပုံ ရရှာသည်။

## ကျွန်ုပ်၏ ဝါသနာတခု

နောက်တနေ့၌ ကျွန်ုပ်တို့သည် ခရီးဆက်ကြ၍ ရန်ကုန်သို့ ရောက်ကြသော အခါ ရှုတ်တရက်အိမ်မရသေးသည်နှင့် သီတာလမ်းရှိ မိတ်ဆွေတယောက်၏ နေအိမ်၌ ခေတ္တတည်းခို နေထိုင်ရသေး၏။ ၎င်းမိတ်ဆွေ၌ အိမ်ပိုတလုံးရှိရာ ၎င်းအိမ်ပိုတွင် အိမ်ငှားနေသူ ရှိနေသော်လည်း မကြာမီ ပြောင်းရွှေ့သွားမည် ဖြစ်သောကြောင့်တလခန့်လောက် စောင့်ဖို့ပြော၏။ ထိုမိတ်ဆွေမှာ ကိုသိန်းဖေ၏ အစ်ကိုဝမ်းကွဲတော်သူဖြစ်သည့်အလျောက် ကျွန်ုပ်တို့အတွက် အိမ်ပြဿနာကို အဆင်ပြေအောင် စီမံပေးပါသည်။ ထိုအတောအတွင်း ဩဘာလမ်း၌ အိမ်တခန်း လစ်လပ်ရာတွင် ကျွန်ုပ်တို့အတွက် ရအောင်စီမံပေး၍ မကြာမီ ပြောင်းရွှေ့နိုင် ကြပေသည်။ ထိုစဉ်ကပင် ရန်ကုန်မြို့တွင် ကြိုတင်စီမံမှုမရှိပဲ ရှုတ်တရက် အိမ်ခန်းရဖို့ ခဲယဉ်းလှပြီဖြစ်ရာ ရက်သတ္တတပတ်ခန့်အတွင်း အိမ်ခန်းရခြင်းသည် ကျွန်ုပ်တို့အတွက် ကံကောင်းလှခြင်း ဖြစ်သည်။ ဩဘာလမ်းသို့ ပြောင်းရွှေ့သွား ကြသောအခါ မျက်နှာချင်းဆိုင်အိမ်မှာ နယူးဘားမား သတင်းစာတိုက်၌ အတူ လုပ်ခဲ့ကြ၍မြင်းပွဲ သို့ နှစ်ခေါက်သုံးခေါက် အတူသွားခဲ့ကြသည့် ကိုထွန်းသန်း၏ အိမ်ဖြစ်ကြောင်းသိရ၍ ဝမ်းမြောက်ဝမ်းသာ သွား၍လည်ပတ်၏။ နယူးဘားမား တိုက်၌ အလုပ်လုပ်ကြစဉ် ကိုထွန်းသန်းနှင့်ကျွန်ုပ်သည် အင်္ဂလိပ်စာ အရေးအသား နှင့် ပတ်သက်၍ တယောက်နှင့်တယောက် တော်တော်အထင်ကြီးကြခြင်းကို အကြောင်းပြု၍ခင်မင် ရင်းနှီးသောအဖြစ်သို့ ရောက်ခဲ့ကြဘူး၏။ ကိုထွန်းသန်းမှာ ထိုစဉ်အခါက တိုးတက်ရေးသတင်းစာအယ်ဒီတာဖြစ်သည်။

ရပ်ကွက်အသစ်တခုသို့ ပြောင်းရွှေ့လာရသည့်တွင် အသိမိတ်ဆွေဟောင်း တယောက်နှင့် တွေ့ရ၍ ကျွန်ုပ်က ဝမ်းပန်းတသာ သွားရောက် လည်ပတ်သော်လည်း ကိုထွန်းသန်းသည် ကျွန်ုပ်၏နေအိမ်သို့တခေါက်တလေမျှ လာရောက်ခြင်း မရှိသည်နှင့် တဖြည်းဖြည်း'စိမ်း'သွားကြပြီး မိတ်ပျက်သွားကြလေရာ သူ့ဘယ်တုန်း ကသေသွားရှာသည်ကိုပင် ကျွန်ုပ်မသိလိုက်ရပေ။ ကျွန်ုပ်သည် မိတ်ဆွေအဖြစ်နှင့် ပေါင်းသင်းရလျှင် အသွားအပြန် ဆက်ဆံမှုရှိပါမှ မိတ်ဆွေဟု သဘောထား တတ်သည့် ဝါသနာရှိရာ တဘက်သတ် အသွားမျိုးသာရှိသည့် (One Way Traffic) ဆက်ဆံနည်းမျိုးကိုမူကား ကျွန်ုပ်တန်ဖိုး မထားတတ်သော ကြောင့် ကိုထွန်းသန်း ကဲ့သို့ တဖြည်းဖြည်း ပျက်ပြယ်သွားကြသည့် အသိမိတ်ဆွေ မျိုးတို့သည် ကျွန်ုပ်၏ တသက်တာ၌ မနည်းလှတော့ချေ။

## နှုတ်ရဲသောလူ

သူရိယတိုက်သို့ အလုပ်ပြန်ဝင်သည် ဆိုလျှင်ပင် ကိုသိန်းမောင်နှင့် တချီတပွဲ နွှဲကြရပြန်လေပြီ။ အထက်တွင်ဖော်ပြခဲ့ပြီးသည့်အတိုင်း သူရိယတိုက်သို့ ဦးစောမရောက်မီ ကျွန်ုပ်မှာ (ကိုသိန်းဖေအလွန်ကျေနပ်လှသည့်) တဆောင် တယောင်နေရာကြီးရ၍ ဦးစောအယ်ဒီတာချုပ်အဖြစ်နှင့် ဝင်လာသောအခါတွင် ဖယ်ပေးရသော်လည်း နန်းရင်းဝန်ဖြစ်သွားသောအခါတွင် ယင်းနေရာ၌ ကျွန်ုပ် ပြန်၍ထိုင်ရသည်။ ကျွန်ုပ်ပြန်ဝင်လာပြီးနောက် များမကြာမီအတွင်း ကိုသိန်းမောင် သည် ကျွန်ုပ်ထံလာ၍ သူ့မှာ ဧည့်သည်များသောကြောင့် ကျွန်ုပ်၏နေရာကို သူ့အားပေးဖို့ပြောလေသည်။ နေရာ၍ ကျယ်ဝန်းခြင်း၊ ပြတင်းပေါက်နှင့် နီးသဖြင့် လေလည်းရ အလင်းလည်းရခြင်းတို့ကြောင့် နေရာချင်းပြောင်းလဲဖို့ တောင်းခံခြင်း သည်ပင် ရဲလွန်းလှလေပြီ။ ဤမျှမကသေး ကျွန်ုပ်မြင်မိသည်မှာ ဤနေရာသည် အယ်ဒီတာချုပ် ထိုင်ဘူးသွားသော နေရာဖြစ်သောကြောင့် အယ်ဒီတာချုပ် ဖြစ်ချင်း

ဖြစ်လျှင် ၎င်းနေရာတွင် ထိုင်လျက်ရှိသော လူသည်ပင် ဖြစ်စရာ လမ်းရှိသည်ဟု တွက်ကိန်းချပုံရသည်။ မည်သို့ဆိုစေ ၎င်းနေရာ၌ ထိုင်ရခြင်းသည် အယ်ဒီတာချုပ်ဖြစ်ဖို့ ခြေတလှမ်းချရာ ရောက်သည်ဟု ကိုသိန်းမောင်တွက်ပုံရသည်။ ယခင်ကလည်း အမှုထမ်းသက် တဆက်တည်း ဆယ်နှစ်ပြည့်သော လူကိုသာ အယ်ဒီတာချုပ်ခန့်ထားဖို့ဟူသော လျှောက်လွှာတွင် ကျွန်ုပ်အားအများနှင့် လက်မှတ်ထိုးဖို့ပြောရာတွင် ကျွန်ုပ်လက်မှတ်ထိုးခဲ့ဘူးလေပြီ။ ယခုလည်း အကြံအစည် ရည်ရွယ်ချက်နှင့်တကွ တောင်းခံပုံရသောနေရာကို မည်သို့ပြုသည်ထင်ကြသနည်း။ သူ့ဆန္ဒအတိုင်းပြည့်အောင် ကျွန်ုပ်နေရာချင်း လဲလှယ်လိုက်ပါသည်။ အမှန်ကို ဝန်ခံရလျှင်ဝမ်းထဲက မကြည်မသာနှင့် ပေးလိုက်ခြင်းဖြစ်ပါသည်။ ဤလူကား သူလိုချင်သော အရာရှိလျှင် တော်တော်တောင်းရဲသူ တယောက်ဖြစ်၍ ရှေ့အဖို့တွင်လည်း သူ၏နှုတ်ရဲခြင်းနှင့်ပတ်သက်၍ ဖော်ပြရန်ကျန်ပါသေးသည်။ ကျွန်ုပ်ကား မာနရှိသော်လည်း (စံဒေဝီကိစ္စမှစ၍) နှုတ်မရဲခြင်းကြောင့် လက်လွှတ်သွားသည့် အခွင့်အရေးပေါင်း များခဲ့လှပြီဖြစ်ရာ နှုတ်အာရဲခြင်းကြောင့် အောင်မြင်ရမည်ဆိုလျှင်လည်း ကိုသိန်းမောင်မှာ ဤအချိန်တွင် ထိပ်တန်းပုဂ္ဂိုလ် ကြီးတဦးဖြစ်နေလောက်သင့်ပေပြီ။

## အရာရှိ၏ မောင်းမဲခံရခြင်း

သူရိယတိုက်သို့ အလုပ်ပြန်ဝင်၍ ပထမလအတွက် လခထုတ်ရသောအခါ သူရိယတိုက် လခစာရင်းတွင် ကျွန်ုပ်၏လခကို ၂၅ကျပ် တိုးမြှင့်ထား၍ ဗြိတိသျှဘားမားသဌေးဦးညွန့်ထံသို့ ငွေ ၂၅ကျပ်သွား၍ ယူရ၏။ ကျွန်ုပ်အဖို့မှ မည်သည့်နည်းနှင့် ရသည်ဖြစ်စေ၊ ရခြင်းသည်သာ လိုရင်းဖြစ်သည်ဆိုကာ ကျေနပ်လျက်ရှိပါသည်။ သို့ရာတွင် ခြောက်လပြည့်တိုင်း စိတ်မချစရာမရှိ ဆိုကာ ယုံကြည်လျက်ရှိပါသည်။ ဤတကြိမ်အလုပ်ပြန်ဝင်သည်မှစ၍ တိုက်အလုပ်နှင့်ပတ်သက်

ပြီး ကျွန်ုပ်မှတ်မိသလောက်မှာ အတွင်းဝန်ရုံးက ကျွန်ုပ်အားခဏခဏခေါ်၍ သတိပေးခံရခြင်းပင်ဖြစ်၏။ ထိုအချိန်တွင် ဂျာမန်လေယာဉ်ပျံများသည် အင်္ဂလန်ပြည်ကို အကြီးအကျယ် ဗုံးကြဲလျက်ရှိရာ တခါက ဂျာမန်လေယာဉ်ပျံ ပေါင်း ၁၈၀၀မျှ တပြိုင်နက်တည်း ဗုံးကြဲချသည်ဟူသောသတင်းပါလာ၏။ ၎င်းသတင်းနှင့်အတူ အင်္ဂလိပ်သတင်းစာ တစောင်က အင်္ဂလိပ်လူမျိုးများသည် လေယာဉ်ပျံများ ဗုံးကြဲခိုက်အတွင်း လမ်းနံဘေးတွင် အိုက်စကရင် (ရေခဲမုန့်) စားလျက်ရှိသည်ဟု ဖော်ပြပါရှိ၏။ ကျွန်ုပ်သည် ထိုခေတ်က မျိုးချစ်စိတ်ရှိသူများ၏ ထုံးစံအတိုင်း ကျွန်ုပ်တို့၏တိုင်းပြည်ကို သိမ်းယူထားသည့်အင်္ဂလိပ်လူမျိုးများအား ဘယ်သူက ဆော်သည်ဖြစ်စေ ဝမ်းသာချင်ရသည့်အထဲတွင် ကျွန်ုပ်ဝါသနာတခု မှာလည်း အလွန်အမင်း ကြွားသည်ထင်လျှင် ပြောင်လှောင်ချင်တတ်သော စိတ်မျိုး ပေါ်လာတတ်၏။ သို့ဖြစ်၍ အထက်ပါ ရေခဲမုန့်သတင်းကို ဝေဖန်ရာ၌ အင်္ဂလိပ်လူမျိုးများသည် ဝမ်းထဲတွင် မချိမဆန့် ပူလောင်ကြရာသောကြောင့် ရေခဲမုန့်ခဏခဏ စားရာကြရဟန်တူသည်ဟု ရေးလိုက်၏။ ဤတွင်ကာကွယ်ရေး ဌာနကိုင်သည့်အရာရှိက ကျွန်ုပ်အားခေါ်၍ အဓိပ္ပာယ်တမျိုးထွက်စေနိုင်သည့် အရေးအသားမျိုးကို ရှောင်ကြဉ်ဖို့ သတိပေးလေသည်။ အရာရှိသည် ကျွန်ုပ်အား သတိပေးစဉ် အနီး၌သိပ္ပံမောင်ဝလည်းရှိရာ ကျွန်ုပ်ကိုမေးမြန်းခြင်းမရှိပဲ တခါ တည်း သတိပေးခြင်းဖြစ်၍ တော်ပါသေး၏။ အကယ်၍ ကျွန်ုပ်အား မေးလား မြန်းလားလုပ်ပါမူ ကရုဏာနှင့် ရေးခြင်းဖြစ်သည်ဟု ပြန်ပြောလိမ့်မည်ဖြစ်၏။ သို့ဆိုလျှင် ကျွန်ုပ်အဖို့ သာ၍ ဆိုးကောင်း ဆိုးလိမ့်မည်ဟု (ဤနောက်ပိုင်း၌) ကျွန်ုပ်စဉ်းစားမိသည်။

## ဦးဘကလေး ဂုဏ်ပြုပွဲ

ထိုကာလ အပိုင်းအခြားနှင့် ပတ်သက်၍ ကျွန်ုပ်မှတ်မိသောအခြင်းအရာတခုမှာ သူရိယအပေါ်၌ ဒေါက်တာသိန်းမောင်က အသရေပျက်မှုနှင့် တရားစွဲသောအမှုအတွက် မန္တလေးသို့ ခဏခဏသွားရခြင်းဖြစ်၏။ တရားစွဲခံရသူများမှာ တိုက်အုပ်ဦးဘကလေး၊ တာဝန်ခံအယ်ဒီတာဖြစ်သော ကျွန်ုပ်နှင့်ရိုက်နှိပ်ထုတ်ဝေသူ ဦးဘိုးညွှင်းတို့ဖြစ်လေသည်။ ဦးဘကလေးနှင့် ကျွန်ုပ်မှာ ဒုတိယတန်း တွဲတွင် အတူစီးလေ့ရှိ၏။ ဤနေရာတွင် သူရိယတိုက်၌ လူကြီးလုပ်သူများ ဗျူရိုကရက်ဆန်ကြပုံကို အနည်းငယ် ဝေဖန်ရေးသားလို၏။ (အခြားတနေရာ၌လည်း အနည်းအကျဉ်းရေးသားခဲ့ဘူးသည်ထင်၏။) သူရိယတိုက်လူကြီးများသည် အခြားတိုက်သား အလုပ်သမားများထက် လခလေးငါးဆ ယူနိုင်ကြသည့်အတွက်ကြောင့် အခြားအလုပ်သမားများအား 'ချွတ်ကရား'များလောက် သဘောထားကာ ဆက်ဆံတတ်ကြ၏။ (ဦးစောတယောက်ကကျွန်ုပ်အား အရေးပေးပုံကို ဖော်ပြခဲ့ဘူးပါပြီ။) သို့ရာတွင် ဦးဘကလေးတယောက်ကမူ ခပ်မှန်မှန် လုပ်နေ၏။ အခြားတိုက်သားများသည် လူကြီးများ၏ ဗျူရိုကရက်ဆန်ပုံကို မည်သို့မျှရိုကြဟန် မတူသော်လည်း ပညာကိုသာ အလေးပေး၍ စဉ်းစားလေ့ရှိသော ကျွန်ုပ်အဖို့မူ ၎င်းတို့နှင့် ပခုံးချင်းယှဉ်နိုင်သည်ဆိုကာ ၎င်းတို့၏ဆက်ဆံပုံကို အောင့်သက်သက်ရှိ၏။ သို့သော် မည်သို့မျှ မလုပ်တတ်ပဲ ဖြစ်နေ၏။ တနေ့သ၌ ဦးဘကလေးမြို့တော်ဝန်ဖြစ်သည်တွင် သူရိယတိုက်သားများက ဂုဏ်ပြုပွဲလုပ်၍ ဩဘာစာဖတ်ဖို့ စီမံကြ၏။ ၎င်းဩဘာစာကို အင်္ဂလိပ်ဘာသာဖြင့် ကျွန်ုပ်ကစီကုံးရေးသားရန်လည်း ဆုံးဖြတ်ကြလေသည်။

## ကျွန်ုပ်၏ဩဘာစာ

ဩဘာစာကို စီကုံးမည်ပြုစဉ် ကျွန်ုပ်အကြံတခုဖြစ်ပေါ်လာ၏။ ဥပဒေပြုလွှတ်တော်၌ ဦးဘကလေးအမတ်ဖြစ်စဉ်က မိန့်ခွန်းတခုပြောရာတွင် မြန်မာလိုမပြောပဲ အင်္ဂလိပ်ပြောခြင်းကို ကျွန်ုပ်သတိရ၏။ ထိုခေတ်က လွှတ်တော်တွင် (အင်္ဂလိပ်အမတ်များလည်း ရှိသည်တကြောင်းကြောင့်) အင်္ဂလိပ်ပြောနိုင်သောအမတ်များသည် အလွန်ဂုဏ်ရှိ၏။ ကျွန်ုပ်သည် ဦးဘကလေး၏မိန့်ခွန်းကို ရန်ကုန်ဂေဇက် သတင်းစာတွင် ဖတ်ကြည့်ဘူးရာ အချွန်အမွန်ကြီး မဟုတ်သော်လည်း လူတန်းစေ့ (အမတ်တန်းစေ့) ရှိ၍ မည့်လှပှ ဆိုရပေမည်။ ထိုကတည်းက ဦးဘကလေးသည် မြန်မာစာထက် အင်္ဂလိပ်စာကို အထင်ကြီး၍ အင်္ဂလိပ်စာကို အလေးပေးပြီး လေ့ကျင့်ထားသူတယောက်ဖြစ် ကြောင်း ကျွန်ုပ်ရိပ်မိခဲ့လေပြီ။ သို့ဖြစ်၍ သူ့အတွက်ဩဘာစာရေးရာတွင် ငါ၏လက်စွမ်းပြလိုက်မည် ဟူသောအကြံဖြစ်ပေါ်လာ၏။ တကြောင်းမှာလည်း ကျွန်ုပ်၏မြန်မာစာအရေးအသားကို ဦးစောနှင့် ဦးညွန့်တို့က ချီးကျူးကြဘူးပါလျက် ဦးဘကလေးက ဘာသဘောမျှမဖော်ပြခြင်းကိုထောက်သော် ဦးဘကလေးသည် မြန်မာစာအရေးအသားအကြောင်းကို ကောင်းကောင်းနားမလည်၊ အရသာမခံတတ် ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် ကျွန်ုပ်သည် ဦးဘကလေး ဂုဏ်ပြုပွဲ၌ ဖတ်ရမည့် အင်္ဂလိပ်လိုဩဘာစာကို အချိန်အများကြီးပေးပြီး တတ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင်ရေး၍ ဂုဏ်ပြုပွဲကော်မတီသို့ တင်ပြလိုက်၏။ ၎င်းကဦးဘကလေးထံသို့တင်ပြရာ အစီအစဉ်အရမှာ ကျွန်ုပ်၏ဩဘာစာကို ရွှေစာလုံးကြီးများဖြင့် ရိုက်နှိပ်ရဦးမည်ဖြစ်လေသည်။ ဦးဘကလေးသည် ကျွန်ုပ်က အကြမ်းစီကုံးထားသည့်ဩဘာစာကိုဖတ်ပြီးနောက် မှတ်ချက်ကလေးရေးကာ ကျွန်ုပ်ထံသို့ပို့လိုက်၏။ ၎င်းမှတ်ချက်ကိုမြင်လိုက်ရသည်နှင့် တပြိုင်နက် ကျွန်ုပ်ပြုံးမိပါသည်။ သူရိယတိုက်လူကြီး

ပိုင်းနှင့် ကျွန်ုပ်သည် အင်္ဂလိပ်လိုရေးကြသော ထုံးစံရှိရာ ဦးဘကလေး၏ မှတ်ချက်မှာ ( Let us ) ဟူသော စကားမသုံးပဲ ( May I ) ဟူသော စကားလုံးကိုသုံးထား၏။ သူ၏မှတ်ချက်မှာ ကျွန်ုပ်သြဘာစာကို သူကြီးဂေဇက် ဦးခင်မောင်သို့ 'ပြပါရစေ'ဟု အဓိပ္ပာယ်ရှိ၏။ အခါတိုင်းဆိုပါမူ 'ပြကြဦးစို့လားဗျို့'ဟု ရေးတတ်သူဖြစ်လေရာ ဤမှတ်ချက်ကိုမြင်ကတည်းက 'ဟန်ပြီ'ဟု အောက်မေ့ကာ ကျွန်ုပ်သဘောတူလိုက်ပါသည်။ သူကြီးဂေဇက် ကိုခင်မောင်မှာ ရန်ကုန်တိုင်းသတင်းစာတွင် 'တောသား'အမည်နှင့် ဆောင်းပါးများ ရေးလျက်ရှိသည်နှင့် ထိုခေတ်က အင်္ဂလိပ်လို အရေးအသားတွင် နာမည်ကြီးလျက် ရှိလေရာ ကျွန်ုပ်ရေးသောစာကို အခြားလူတယောက်အား ပြခြင်းသည် ကျွန်ုပ်အပေါ်၌ ရိုင်းရာကျသည်ဟု ဦးဘကလေးက ယူဆသည့်သဘောပင်ဖြစ် သည်။ ဤကဲ့သို့နားလည်လာခြင်းသည်ပင်လျှင် ကျွန်ုပ်၏အရေးအသားကို အထင်မသေးကြောင်း ထင်ရှားလေပြီ။ ဦးဘကလေးသည် သူကြီးဂေဇက် ဦးခင်မောင်ထံသို့ ကျွန်ုပ်၏သြဘာစာပို့လိုက်ရာ တနာရီခန့် ကြာသောအခါ ပြန်ရောက်လာ၍ တလုံးတပါဒမျှ ပြင်ဆင်ရန်မရှိကြောင်းဖြင့် မှတ်ချက် ရေးထည့်လိုက်လေသည်။

## ပိုက်ဆံထက် အရသာရှိခြင်း

ဦးဘကလေးသည် ကျွန်ုပ်၏ဗမာစာကို အထင်ကြီးဖို့ နားလည်ပုံမရသော်လည်း အင်္ဂလိပ်စာ အရေးအသားကိုမူ အထင်မကြီးပဲ မနေနိုင်အောင်ဖြစ်ခဲ့၏။ သြဘာစာ၌ သူ့အကြောင်းကို ချီးကျူးထားရာတွင်လည်း မြှောက်လုံးပင့်လုံးများ ပါရှိစေကာမူ ကျွန်ုပ်အစွမ်းကုန် စိတ်ကူးရေးသားထားခြင်းဖြစ်၍ သူ့၌မရှိသော အခြင်းအရာဖြင့် မြှောက်ပင့်ခြင်းမဟုတ်ပဲ သူ့၌တကယ်ရှိသော အရည်အချင်းကို ကပ်ကပ်သပ်သပ် ရှာဖွေဖော်ထုတ်ကာ စကားလုံးလှလှနှင့် ဖွဲ့နွဲ့စီကုံးထားခြင်းဖြစ်သောကြောင့် တော်တော်ခံတွင်းတွေ့ပုံရသည်။ ထိုအချိန်မှစ၍ ဦးဘကလေး

သည် ကျွန်ုပ်အပေါ်၌ သိသိသာသာ အမူအရာပြောင်းလဲလာခြင်းကို ကျွန်ုပ်တွေ့ ရပေရာ မန္တလေးသို့ အမှုအတွက် အတူတကွ သွားကြရသောအခါများ တွင် သူ၏ပြောင်းလဲခြင်းသည် သာ၍ထင်ရှားလေသည်။ ဤအခြင်းအရာသည် ကျွန်ုပ် အဖို့ အမြတ်ကြီးတခုဟု သဘောထား၍ အကျယ်တဝင့်ဖော်ပြခြင်းမဟုတ်။ လူတို့ မည်သည် မျှော်မှန်းချက်တခုနှင့် လုပ်လိုက်၍ အောင်မြင်သည့်အခါ ဝမ်းသာ တတ်သောသဘာဝကို တင်ပြဖို့ လိုခြင်းဖြစ်ရာ လုပ်ရသော အလုပ်သည် ကလောင် အလုပ်ဖြစ်သောအခါ၌ ကျေနပ်ဝမ်းမြောက်မှုသည် သာ၍ ကြီးထွားသည်ဟု ထင်ပါ သည်။ ကလောင်သမားတယောက်အဖို့ရာ၌ ဤအောင်မြင်မှုသည် ပိုက်ဆံမလုပ် မဟုတ်သော်လည်း ပိုက်ဆံရခြင်းထက်ပင် အရသာတမျိုးရှိ၍ ကျွန်ုပ်၏ ဦးနှောက် တွင် အမှတ်ထင်လျက်ရှိသည်အလျောက် မမေ့ပျောက်နိုင်ပဲ ရေးသားဖော်ပြလိုက် ရခြင်းဖြစ်ပေသည်။

## အိမ်ပြောင်းရွှေ့ခြင်း

ဩဘာလမ်း၌ သုံးလခန့်ကြာသောအခါ သီတာလမ်းတွင် ယခင်ဖော်ပြခဲ့ သည့်အိမ်မှာ အားလပ်သည်ဖြစ်၍ ကျွန်ုပ်တို့ပြောင်းရွှေ့ကြ၏။ ဩဘာလမ်း၌ရှိ သော အိမ်ခန်းမှာ သပ်သပ်ရပ်ရပ်ရှိ၍ နေစချင့်ဖွယ်ရှိသော်လည်း သီတာလမ်း အိမ်မှာ အပေါ်ထပ်ပါ တအိမ်လုံးဖြစ်၍ ကျယ်လွင့်သည်နှင့် ပြောင်းရွှေ့ဖို့ ဆုံးဖြတ် ခြင်းဖြစ်၏။ တကြောင်းမှာလည်း အိမ်နီးချင်းအဖြစ်နှင့် အတော်မျှော်လင့်ခဲ့ ဘူးသည့် ကိုထွန်းသန်းသည် ထင်သလောက်မဟုတ်ပဲ သူ့ရိယအယ်ဒီတာနှင့် တိုးတက်ရေးအယ်ဒီတာဆိုကာ ဂုဏ်တုဂုဏ်ပြိုင် သဘောထားလေသလော မဆိုနိုင်။ (မဟုတ်ပါစေနှင့်ဟု ဆုတောင်းသည်။) ခပ်စိမ်းစိမ်း လုပ်နေသောကြောင့် သူ့အားနှုတ်ဆက်ဖို့ပင် သတိမရပဲ ပြောင်းရွှေ့ခဲ့ကြသည်။ ကျွန်ုပ်သည် အိမ်ခန်း ကလေးများ၌ချည်း နေခဲ့ရသည်မှာ စနစ်ခန့်ရှိပြီဖြစ်၍ တအိမ်လုံး (အပေါ်ထပ်ပါ)

ရခြင်းအတွက် အလွန်ကြည်နူးလျက်ရှိ၏။ ဤမျှလောက် စိတ်တိုင်းကျသော အိမ်တလုံး၌ မနေရသည်မှာ ပဲခူးမှ ပြောင်းရွှေ့လာကတည်းက ဖြစ်၏။ ရန်ကုန်၌ နေရသမျှ ဤအိမ်မှ မပြောင်းရွှေ့တော့ဟု စိတ်ကူးမိကြရာ လူသား၏ စိတ်ကူးများသည် ဘာမျှမရေရာလှပါပေတကား။

## စကားတင်းပြောမိခြင်း

သီတာလမ်းအိမ်မှာ ကိုသိန်းဖေ၏အစ်ကိုအိမ်နှင့် ကပ်လျက်ရှိသည့်ပြင် အတော်လည်းကျယ်လွင့်၍ ကိုသိန်းဖေကို ခဏခဏသတိရ၏။ ကိုသိန်းဖေသည် ဇရစ်ချောင်၌ အိမ်ဆောက်ပြီးကတည်းက ကျွန်ုပ်အားသတိရသကဲ့သို့ ကျွန်ုပ်ကလည်းသူ့အား သတိရမိ၏။ သို့ဖြစ်၍ ၁၉၄၁ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့၌ မန္တလေးမြို့တွင် ကျွန်ုပ်တို့ ရုံးချိန်းရှိသည်ဖြစ်၍ မန္တလေးသို့ ထိုရက်တွင် ရောက်အောင်လာခဲ့ဖို့ ကိုသိန်းဖေထံစာရေးလိုက်ရာ ကိုသိန်းဖေသည် ဝမ်းမြောက်ဝမ်းသာရောက်လာ၏။ ၈ရက်နေ့တွင် အမှုဆိုင်၍ ၉ ရက်နေ့တွင် ကိုသိန်းဖေ ရန်ကုန်သို့လိုက်ပါလာ၏။ ကိုသိန်းဖေ၏မျက်စိများမှာ အတော်မှုန်လျက်ရှိပြီဖြစ်ရာ ဤတခေါက်သည် သူ့အဖို့ နောက်ဆုံးတခေါက် ဖြစ်လိမ့်မည် ထင်ကြောင်း ပြော၍ မှန်လည်းမှန်ပါပေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ကိုသိန်းဖေတယောက် ရန်ကုန်သို့ရောက်သည်ဆိုလျှင် ပီမိုးနင်း၊ ကိုခင်မောင်တင့်တို့နှင့် တွေ့ဆုံပေးဖို့မှာ ဝတ္တရားကြီးတခုအနေဖြင့် မှတ်ယူထား၏။ ပီမိုးနင်းမှာ ထိုအချိန်တွင် ကွယ်လွန်လေပြီဖြစ်၍ ကိုခင်မောင်တင့် တယောက်နှင့်သာ ဆုံစည်းပေးရ၏။ ကျွန်ုပ်မှာ ထိုအချိန်၌ အပြောင်းအရွှေ့ များလှ၍ စရိတ်ကုန်ကျသဖြင့် စိတ်တိုင်းကျအောင် ဝတ်မပြုနိုင်သော်လည်း ကျွန်ုပ်၏အခြေအနေကိုသိသော ကိုသိန်းဖေကမူ ကျေနပ်ရှာပါသည်။ တနေ့သ၌ ကျွန်ုပ်သည် ကိုသိန်းဖေအား ကိုခင်မောင်တင့်နှင့် ပတ်သက်၍ ကျေနပ်ဖွယ်သော အချက်များနှင့် မကျေနပ်သော အချက်ကလေး

များအကြောင်းကို ရင်းနှီးသော မိတ်ဆွေချင်းပီပီ ပြောပြမိရာ မကျေနပ်သော အချက်တခုမှာ ကိုခင်မောင်တင့်သည် မန္တလေးမိဘမဲ့ကျောင်းထိမှ ငွေ၅၀ဝိ ပေါက်စဉ်က ကျွန်ုပ်အား မပြောပဲနေကြောင်း ကျွန်ုပ်ကသတင်းကြား၍ သွားသော အခါ ကိုခင်မောင်တင့်က "ကျုပ်တော့အခု မသောက်တော့ဘူးဗျ၊ ရော့ ခင်ဗျားသောက်ဖို့ ငွေ၅ကျပ်ယူသွားပေတော့"ဟု ထုတ်ပေးရာ ကျွန်ုပ်က "နေပါစေ၊ ကျုပ်မှာ ပိုက်ဆံပါပါတယ်"ဟု ပြန်ပြောကာ မယူပဲနေခဲ့ကြောင်း ပြောပြလေသည်။ ကိုသိန်းဖေသည် ကျွန်ုပ်၏စကားကို ကြားရသောအခါ "ခင်ဗျားလူ ရော်လိုက်လေဗျာ၊ ဒါနဲ့တောင် ခင်ဗျားကသူ့ကို မိတ်ဆွေကောင်းကြီး တယောက် လုပ်ပြီး ပေါင်းသင်းနေတာ အံ့ဩပါရဲ့"ဟု ပြောလေသည်။ ဤတွင်ကျွန်ုပ်က "သူညံ့တဲ့နေရာမှာညံ့တာပဲဗျာ၊ သို့သော် ကျုပ်စိတ်ထဲမှာတော့ ကျုပ်အမေကို သူချီးမွမ်းပုံ စကားလုံးကလေးကို ခဏခဏ သတိရပြီး သူဘယ်လောက်ဆိုးဆိုး ခွင့်လွှတ်နိုင်တယ်ဗျာ"ဟု ပြော၍မိခင်အား ကိုခင်မောင်တင့်ချီးကျူးဘူးသည့် စကားကို ပြောပြရသေးသည်။ ထိုအခါမှ ကိုသိန်းဖေက "ဒီလိုဆိုတော့လဲ ခင်ဗျားမှန်တာပေါ့၊ ကိုယ့်လူက စကားလုံးရွေးပုံ နေရာကျပေတယ်ဗျာ၊ ခင်ဗျားအမေကို သူနားလည်တယ်ဆိုလို့ ကျုပ်လဲပဲ သူ့ကိုခွင့်လွှတ်ပါတယ်၊ သူလုပ်ပုံကတော့ တော်တော်ဆိုးတယ်ဗျ"

"ဆိုးတာတော့ မပြောနဲ့တော့ဗျာ၊ သူ့ ၅ကျပ်တန် စက္ကူကလေးနဲ့ သူ့မျက်နှာကို ပြန်ပေါက်ခဲ့ချင်တာပဲ၊ အမေ့အကြောင်း ပြောဘူးပုံကလေးကြောင့် အောင့်ခံခဲ့နိုင်တာပဲ"

"မိတ်ဆွေဆိုတာ ဒီလိုပလေဗျာ၊ ကောင်းတဲ့အချက်ကလေးတွေ ရှာကြည့်ပြီး ပေါင်းသင်းကြရတာပ၊ သို့သော် ဘာပြောပြော သူ့လုပ်ပုံကို ခင်ဗျား သည်းခံခဲ့တာတော့ တော်ပေတယ်ဗျာ"

"ကျုပ်ပြောခဲ့တဲ့အတိုင်း အမေ့ကြောင့်ပါပဲဗျာ"

ကိုခင်မောင်တင့်ကား ငွေရေးကြေးရေးနှင့် ပတ်သက်၍ တခါတရံ တော်တော် ဝကျသူတယောက်ဖြစ်လေသည်။

## လူ့စိတ်သဘာဝတခု

တနေ့သ၌ ကိုသိန်းဖေသည် ကျွန်ုပ်၏နေအိမ်၌ တည်းခိုလျက်ရှိသည်ဖြစ်၍ ကျွန်ုပ်နှင့်အတူ နံနက်စာစားပြီးကြသောအခါ သူ၏ညီဝမ်းကွဲတယောက်ရှိသည့် ကုန်သည်လမ်းသို့ အလည်သွားရန် ကျွန်ုပ်နှင့်အတူလိုက်လာ၏။ အစီအစဉ်မှာ သူ့အား ကုန်သည်လမ်းသို့လိုက်ပို့ပြီး ကျွန်ုပ်က သူရိယတိုက်သို့ သွားရန်ဖြစ်၏။ ကျွန်ုပ်တို့သည် ကျောက်မြောင်းမှ ထရော်လီဘတ်စ်နှင့် လိုက်လာကြ၍ စတော့ ကိတ်တံတားကြီးသို့ရောက်ကြသောအခါ ကိုသိန်းဖေက သူ့ညီအိမ်သို့ တိုက်ရိုက် မသွားလိုတော့ကြောင်း၊ သူရိယတိုက်သို့ ကျွန်ုပ်နှင့်လိုက်လာပြီးလျှင် ကျွန်ုပ် အလုပ်ပြီးချိန် (၁၂နာရီလောက်) တွင်မှ ကျွန်ုပ်နှင့်အတူ သူ့ညီအိမ်သို့ သွားတော့ မည်ဖြစ်ကြောင်း ပြောလေ၏။ ကျွန်ုပ်အဖို့ရာ၌ အလွန်ဝကျလျက်ရှိလေပြီ။ ဝကျပုံမှာကား ကိုသိန်းဖေသည် ကျွန်ုပ်၏ "တဆောင်တယောင်ရှိသော" နေရာထိုင်ခင်းကိုအားပါးတရ ချီးကျူးပြောဆိုဘူးသူ ဖြစ်ရာ ယခုမှာ ၎င်းနေရာကို ကိုသိန်းမောင်အား ပေးလိုက်ရပြီး၍ အခန်းကလေး ကျဉ်းကျဉ်းတွင် ကျွန်ုပ် ထိုင်လျက်ရှိခြင်းကို ကိုသိန်းဖေ မမြင်စေလိုသောကြောင့် ဖြစ်လေသည်။

ကိုသိန်းဖေသည် ကျွန်ုပ်၏ နေရာအကြောင်းကို ဘာမျှမပြောဘူးလျှင် ကိစ္စမရှိ၊ ယခုမှာ ဝမ်းသာအားရချီးကျူးပြောဆိုဘူးသည့်ပြင် လခတိုးသည်ဆိုပြီး နေရာကတော့ လျောဆင်းသွားရသလောဟု မေးလိုက်မည်ကိုလည်း ကျွန်ုပ်ကြောက် လှသည်။ လောက၌ လူတို့သည် အရေးကြီးသယောင်နှင့် အရေးမကြီးသော ကိစ္စမျိုးကိုလည်းကောင်း၊ အရေးမကြီးသယောင်နှင့် အရေးကြီးသော ကိစ္စမျိုး ကိုလည်းကောင်း၊ ကြုံရတတ်သည်ဖြစ်ရာ ဤကိစ္စမှာ ဒုတိယ အမျိုးအစား

ဖြစ်သည်ဟု ကျွန်ုပ်ယူဆ၏။ အချို့လူများက "ဒါလောက်ဟာ ဘာအရေးကြီး လို့လဲ"ဟု ပြောကြမည်လော မဆိုနိုင်ပေ။ ကျွန်ုပ်ကပင် မှားလေသလော မဆိုနိုင်။ ကျွန်ုပ်အဖို့ရာ၌မူ ကျွန်ုပ်၏ နေရာရွှေ့ပြောင်းရခြင်းကို မည်သည်နည်းနှင့်မျှ ကိုသိန်းဖေ အသိမခံနိုင်ပေ။ ကိုသိန်းမောင်ကနေရာချင်း လဲပါဆိုသောကြောင့် ကျွန်ုပ်ကလဲပေးလိုက်ပါသည်ဟု ပြောလျှင်လည်း ကိုသိန်းဖေက ယုံလိမ့်မည် မဟုတ်ချေ။ အမှန်မှာ ကျွန်ုပ်သည် ကျွန်ုပ်၏အခွင့် အရေးကို အလွယ်တကူ စွန့်လွှတ်ပေးလောက်အောင် သဘောကောင်းလှသော လူတယောက်ဟူ၍လည်း ကိုသိန်းဖေက မယူဆချေ။

ကျွန်ုပ်သည်တသက်တာတွင် အကျဉ်းအကျပ်ကလေးပေါင်း တွေ့ခဲ့ရဖန် များလှသည့်အနက် ဤတကြိမ်ကဲ့သို့မဖြစ်စလောက်နှင့် အကျပ်ကျခြင်းကို ကြုံရဘူးသည်မထင်ပါ။ ထရော်လီဘတ်စ်သည် ဖရေဇာလမ်းသို့ရောက်လာပြီဖြစ်၍ (သူရိယတိုက်သို့ သွားကြရန်အတွက်) ကိုသိန်းဖေက ရပ်ခိုင်းဖို့ ကျွန်ုပ်အားသတိ ပေးလျက်ရှိရာ ကျွန်ုပ်မှာ သူ့အား သူရိယတိုက်သို့ ခေါ်သင့်မခေါ်သင့်ကို မဆုံးဖြတ်နိုင်သေးပဲ ဖြစ်နေ၏။ အခက်အခဲတခုမှာ တဘက်၌ ကိုသိန်းဖေအား မည်သည့်နည်းနှင့်မျှ သူရိယတိုက်သို့ ခေါ်၍မဖြစ်ဟု ဆုံးဖြတ်ထားသော်လည်း အခြားတဘက်၌ "ဒီလောက်ဟာ ဘာအရေးကြီးသလဲ၊ ခေါ်သွားလိုက်ပေါ့"ဟူသော အယူအဆကလည်း တိုက်တွန်းလျက်ရှိ၏။ ကျွန်ုပ်အား ညံ့သည်ဟု ဆိုကြလျှင် လည်း တုံ့ပြန်ငြင်းဆိုရန် အလိုမရှိပါ။ ခံဖို့အသင့်ရှိပါသည်။ ကိုသိန်းဖေက သတိပေးသောအခါ ကျွန်ုပ်၏ နဖူးတွင် ချွေးများပြန်လျက်ရှိပါသည်။

"ဖရေဇာလမ်း မဟုတ်လားဗျ၊ ဘဲလ်ကိုဆွဲလေဗျာ"

"ဟာ ဒီကနေ ဦးဘကလေးနှင့် စကားပြောစရာ ရှိတယ်ဗျို့၊ ခင်ဗျား လိုက်လို့မဖြစ်ပေဘူး"

ကျွန်ုပ်နှင့် ကိုသိန်းဖေမှာ တယောက်ကိုတယောက် လိမ်လည်ဖို့မလိုပဲ ကိစ္စ ဟူသမျှတွင် 'အရင်းအတိုင်း' ပြောလေ့ရှိသူနှစ်ယောက် ဖြစ်ကြလေရာ အရေး

မကြီးလှပဲနှင့် ဤတကြိမ် လိမ်ရခြင်းအတွက် ကျွန်ုပ်ရှက်မိပါသည်။ ဤသို့သော အကျဉ်းအကျပ် တွေ့မှုကြောင့် ကိုသိန်းမောင်၏ နှုတ်အာရဲစွာနှင့် တောင်းခံခြင်းအတွက် ကျွန်ုပ်၏စိတ်ထဲတွင် မကျေမနပ် ဖြစ်မိလေသလော မပြောတတ်ပေ။ ဤကိစ္စ မဖြစ်ပေါ်ခဲ့လျှင် နေရာလဲလှယ်ရခြင်းတည်းဟူသော အဖြစ်အပျက်သည် ကျွန်ုပ်၏ဦးခေါင်းထဲတွင် အမှတ်ထင်လျက် ကျန်ကောင်းမှ ကျန်ပေတော့မည်။ လဲလှယ်ရစဉ်က မကျေမချမ်းဖြစ်သည်ဟု ဝန်ခံခဲ့သော်လည်း ယခုတင်ပြခြင်းမှုကား မကျေမချမ်းဖြစ်လျက်ပင် ရှိသေးသောကြောင့်မဟုတ်၊ အဖြစ်အပျက်ကလေးများသည် ဘယ်ကဲ့သို့ အမှတ်ထင်လျက်ကျန်ရစ်တတ်သည် ဆိုသည့် လူ့စိတ်သဘာဝကို တင်ပြလိုသောကြောင့်မျှသာ ဖြစ်ပါသည်။

## အမှုဆိုင်ရာသွားခြင်း

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့သည်ကား မန္တလေးရုံးတွင် ဒေါက်တာသိန်းမောင်က စွဲထားသည့်အမှုကို တရားဆိုင်ကြရန် ချိန်းထားသောနေ့ဖြစ်၏။ ဤတခေါက်တွင် ဦးဘကလေးကနေမကောင်းသဖြင့် မလိုက်နိုင်ဟုဆိုရာ ကိုသိန်းဖေကို ခေါ်လာခဲ့သည့် ယခင်တခေါက်ကလည်း ဦးဘကလေး မလိုက်ခဲ့ချေ။ အမှန်မှာ တရားခံ သုံးယောက်ရှိသည့်အနက် (ဦးဘိုးညွှင်းနှင့် ကျွန်ုပ်) နှစ်ယောက်လိုက်လျှင် ရုံးတော်ကကျေနပ်ပုံရ၏။ ဒေါက်တာသိန်းမောင်၏ ရှေ့နေက ဦးဘကလေး မပါသည့်အတွက် ကန့်ကွက်သေးသော်လည်း တရားသူကြီးက ကန့်ကွက်ချက်ကို ပယ်လိုက်သည်။ ကျွန်ုပ်အဖို့မှာမူ ဦးဘကလေး မပါသည့်အတွက်ဝမ်းသာလှသည်။ အဘယ့်ကြောင့်ဆိုသော် ဦးဘကလေးပါခဲ့လျှင် ကျွန်ုပ်မှာသူနှင့်အတူ ဒုတိယတန်းစီးရမည်ဖြစ်၍ ကိုသိန်းဖေအတွက် တာဝန်လေးချေတော့မည်။ သူ့တယောက်တည်း တတိယတန်း စီးစေ၍လည်းမကောင်း၊ ကျွန်ုပ်ပါ တတိယတန်းစီးလျှင်လည်း ဦးဘကလေးက ကျွန်ုပ်အား အမြွတ်ထုတ်

သည်ဟုထင်ချေမည်။ သို့ဖြစ်၍ ဦးဘကလေး မလိုက်ခြင်းအတွက် ကျွန်ုပ်ဝမ်းသာခြင်း ဖြစ်လေသည်။

ထိုခေတ်၌ တတိယတန်းပင်ဖြစ်သော်လည်း လက်မှတ်တစောင်အတွက် ၁ကျပ်–ရှစ်ပဲ ပိုပေးခဲ့လျှင် အိပ်ဖို့နေရာ ပေးနိုင်သည့် တွဲတတွဲ သီးသန့်ရှိ၏။ ၎င်းသီးသန့်တွဲတွင် အိပ်ရန်အတွက် နှစ်ထပ်လုပ်ထား၍ အထက်ထပ် အိပ်စင်မှာမူ လူတယောက်နှင့် တယောက်အကြားတွင် ရာဇမှတ်ကွက်ကလေးများ ရိုက်ထား၏။ ကျွန်ုပ်သည်အိပ်စင်ပါသော တွဲအတွက် လက်မှတ်နှစ်စောင် ယူရာတွင် အောက်ထပ်၌မရပဲ အထက်ထပ်တွင်ရ၍ ကိုသိန်းဖေနှင့် ကျွန်ုပ်အကြားတွင် ရာဇမှတ်ကွက်ခြားလျက်ရှိ၏။ ကျွန်ုပ်တို့သည် ၂၁ရက်နေ့ည ၈နာရီတွင်ထွက်သော မီးရထားကိုစီးကြရန်ဖြစ်ရာ ကိုသိန်းဖေက "လမ်းမှာပျော်ဖို့ တခုခုတော့ ပါပေစေဗျာ"ဟု ပြောသည်နှင့် အသင့်စီမံလာခဲ့၏။ မီးရထားထွက်၍ တနာရီကျော်ကျော် ကြာသောအခါ ခရီးသည်များသည် စကားတပြောပြော ရှိကြရာမှ တဖြည်းဖြည်း ငိုက်မျဉ်းလာကြ၍ များသောအားဖြင့် အိပ်စပြုကြလေပြီ။ ပဲခူးဘူတာကို ကျော်လွန်သောအခါ ကိုသိန်းဖေက "ဘာများ ပါခဲ့သလဲဗျို့"ဟု မေးသည်နှင့် ဖော့ပိတ်ထားသည့် ဖလ်ပြွန်ကလေးတခုကို ရာဇမှတ်အကြားမှ သူ့ဘက်သို့ ထိုးပေးလိုက်၏။ ကိုသိန်းဖေသည် ဖလ်ပြွန်ကလေးကို ကိုင်ကြည့်ယင်း အလွန်ပြုံးရွှင်သော မျက်နှာထားဖြစ်ပေါ်လာလေ၏။ ဖလ်ပြွန်ကလေးထဲတွင် 'ကုတ်ကင်း ၃ ကျပ်ဖိုး'ပါရှိလေသည်။

"ဟန်ကျလိုက်တာဗျာ၊ ကျုပ်တို့မကုန်ပါဘူး၊ ဦးချစ်စုဖို့တောင် ပါနိုင်ပါသေး တယ်"ဟု ကိုသိန်းဖေက ပြောသော်လည်း သူ၏လောဘကြီးသော ဝါသနာကိုသိ၍ ကျွန်ုပ်ပြုံးမိပါသေးသည်။ အခြားခရီးသည်များသည် မီးရထားပေါ်တွင် 'တခေါခေါ'နှင့် အိပ်မောကျလျက် ရှိကြစဉ် ကိုသိန်းဖေနှင့် ကျွန်ုပ်သည် ဖလ်ပြွန်ကလေးကို ရာဇမှတ်ကွက်အကြားမှ ဟိုဘက်သည်ဘက် အပြန်အလှန် ထိုးသွင်းပေးကာ တယောက်တလှည့်'ပွတ်'လိုက်ကြသည်မှာ သန်းခေါင်ကျော်

လင်းအားကြီးအချိန်သို့တိုင် ရောက်ခဲ့လေပြီ။ ပြောလိုက်ကြသည့် စကားမှာ ရပ်နားကြသည်မရှိတော့ချေ။ သုံးပုံတပုံခန့် ကျန်တော့သည်တွင်မှ ကျွန်ုပ်က ဦးချစ်စုအဖို့မကျန်ပဲရှိတော့မည်ဟု သတိပေး၍ ရပ်လိုက်ကြရသည်။ ကျွန်ုပ်တို့ 'ကုတ်ကင်း'ပွတ်ကြဘူးသည်မှာ ခြောက်ကြိမ်ထက်မနည်း ရှိခဲ့ဘူးပြီဖြစ် သော်လည်း ဤအကြိမ်ကဲ့သို့ ကပ်ကပ်သပ်သပ် ခဲခဲယဉ်းယဉ်းနှင့် လူသူမသိအောင် တထိတ်ထိတ် တလန့်လန့် 'ပွတ်'ကြခြင်းမျိုးကို မကြုံဘူးသဖြင့် စိတ်ထဲ၌ မြိန်ရှက်လိုက်ကြပုံမှာ ပြောဖွယ်ရာမရှိချေ။ ထို့ကြောင့်လည်း "ခိုးစားရ သော သစ်သီးသည် အချိုဆုံးဖြစ်သည်"ဟု အင်္ဂလိပ်စကားပုံတခုကို ဆိုထားခြင်း ဖြစ်၏။ ကျွန်ုပ်တို့၏ ပျော်နည်းသည် ကလေးသူငယ်များ၏ ပျော်နည်းမျိုးသို့လျော ဆင်းလျက် ရှိသော်လည်း လူကြီးဖြစ်လာပြီးမှ ကလေးသဖွယ် တခါတရံ ပြန်လည်လျှောဆင်းရခြင်း၏ အရသာကို လူတိုင်းနားလည်ကြသည်မဟုတ်ချေ။ တယောက်အကြောင်းကို တယောက်ချေးခါးအူမ မကျန် အလုံးစုံသိ၍ တခါတလေမှ 'ဆော့'ရခြင်း၏ အရသာကို ရှာရှာဖွေဖွေ ကြိုက်တတ်သည့် သူငယ်ချင်းမျိုးရှိသော လူများသည်သာလျှင် ကျွန်ုပ်တို့၏ 'ဇိမ်'(အရသာ)ကို နားလည်နိုင်ကြမည် ဖြစ်လေသည်။

## ကိုသိန်းဖေ ကြည်နူးပုံ

မန္တလေးသို့ နံနက်စောစော မီးရထားဆိုက်သွားသောအခါ ကျွန်ုပ်သည် ကိုသိန်းဖေအား မြစ်ကြီးနားရထားပေါ်သို့ တင်ပေးလိုက်ရာ ကိုသိန်းဖေသည် ဦးချစ်စုအတွက် လက်ဆောင်ကလေးပါသည်ဆိုကာ ပြုံးစိပြုံးစိဖြစ်နေသည်ကို ကျွန်ုပ်မြင်ရ၏။ အစုံပျော်ချင်တတ်သော လူအချင်းချင်းအဖို့၌ ပျော်စရာ အသစ်အဆန်းကလေးတခု ရှားရှားပါးပါး လက်ဆောင်ပေးရခြင်းသည် ပေးရသူ၌လည်းကောင်း၊ လက်ခံရသူ၌လည်းကောင်း အဘယ်မျှလောက် ဝမ်းမြောက်

ဝမ်းသာဖြစ်ရသည်ကို အခြားလူများ နားလည်နိုင်ကြမည်မထင်ပေ။ ဦးချစ်စုသည် နယ်ပိုင်ဝန်ထောက် လူစုံကြီးတယောက်ဖြစ်၍ ဤလက်ဆောင်သည် အဆန်း မဟုတ်သော်လည်း ကသာမြို့ကဲ့သို့သော နေရာ၌ ဤလက်ဆောင်မျိုး ရခြင်းအတွက် ဝမ်းမသာပဲ မနေနိုင်ဟု ကျွန်ုပ်တို့တွက်မိကြသည်။ မီးရထား ထွက်ခါနီး၌ ကိုသိန်းဖေသည် ကျွန်ုပ်မှတ်မိသလောက်တွင် ကျွန်ုပ်၏ လက်ကို အများဆုံး လှုပ်ခါ ဆွဲယမ်းသွားလေသည်။

## ရန်ကုန်အတွက် သမိုင်းဝင်နေ့ကြီး

ထိုနေ့မှာ ဒီဇင်ဘာလ ၂၂ ရက်နေ့ ဖြစ်သည့်အတိုင်း ကျွန်ုပ်သည် ရုံးသို့သွား၍ အမှုဆိုင်ရ၏။ ကျွန်ုပ်တို့ရန်ကုန်ခရီးမှ လာရခြင်းနှင့် နှိုင်းစာလျှင် တရားခွင်၌ စစ်ဆေးမေးမြန်းခြင်းများသည် မဖြစ်စလောက်သာ ကြာသည်ဟု ဆိုသင့်၏။ တနာရီကျော်ကျော်နှင့်ပင် အချိန်စေ့၍ ရက်ချိန်းပေး လိုက်သဖြင့် ကျွန်ုပ်ရုံးဆင်းလာခဲ့၍ မန္တလေးရှိ မိတ်ဆွေများ၏အိမ်သို့ လည်ပတ်ရ ၏။ မိမိပြုသောအမှု မဟုတ်ပါပဲလျှက် တရားခံဖြစ်နေရသည်ဆိုကာ စကားတင်စီး ၍ ပြောတတ်ကြသော်လည်း ကျွန်ုပ်အဖို့မှာ မိမိ၏ဇာတိဖြစ်သော မန္တလေးမြို့သို့ တလတခေါက်ဆိုသလို (သူ့စရိတ်နှင့်) လာရခြင်းအတွက် ဝန်လေးသည်မထင်ပဲ အပြောင်းအလဲရ၍ ဦးနှောက်ပင်ကြည်လင်သေးသည်ထင်၏။ ထိုနေ့ညရထားနှင့် ရန်ကုန်သို့ပြန်လိုက်၍ ၁၉၄၁ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့နံနက်တွင် ရန်ကုန်သို့ပြန်ရောက်ခဲ့ရာ ထိုနေ့သည်ကား ရန်ကုန်မြို့သမိုင်းတွင် အမှတ်တရ နေ့ထူးကြီးတရက်ဖြစ်ပါတော့သည်။ အကြောင်းမူကား ဂျပန်လေယာဉ်ပျံများသည် ထိုနေ့တွင် ရန်ကုန်မြို့ကြီးကို ပထမအကြိမ်ဗုံးများကြဲချခြင်း ဖြစ်ပါသောကြောင့် တည်း။

## ပေါ့လျော့သည် ကင်းစောင့်တပ်

ကျွန်ုပ်သည် မန္တလေးမှ ပြန်ရောက်လာ၍ ထမင်းစားပြီးသည့်နောက် သူရိယတိုက်သို့ အလုပ်မဆင်းမီအိမ်ဦးခန်း၌ ခေတ္တခဏ ပက်လက်လှန်လျက်ရှိ စဉ်တဝီဝီမြည်သောအသံများကို ကြားရသည်နှင့် နားစွင့်လျက်ရှိရာမှ 'ဝုန်း ဝုန်း' မြည်သော အသံဆိုးကြီးများကြားရ၍ ကတိုက်ကရိုက် ထလိုက်မိသည်။ နောက်တခဏ၌ ၎င်းအသံများသည် အခြားမဟုတ်၊ လေယာဉ်ပျံများအပေါ်မှ ဗုံးများကြဲချသည့် အသံများဖြစ်ကြောင်း သိလိုက်ရသည်။ ဖြစ်ရပုံမှာ ရန်ကုန်မြို့ကြီး၌ လွန်ခဲ့သော ရက်သတ္တ တပတ်နှစ်ပတ်မှစ၍လေကြောင်း အချက်ပေးဥသြများဖြင့် မကြာခဏ စမ်းသပ်ကာ မြို့သူမြို့သားများအားတပ် လှန့်လာခဲ့ရာ အဟုတ်တကယ် ဂျပန်လေယာဉ်ပျံများက ဗုံးကြဲချရန် ရောက်လာ ကြသောအခါတွင်မှ ဗုံးလေးငါးလုံး ကြဲချပြီးသည့်တိုင်အောင် ဥသြမဆွဲရသေးပဲ ဖြစ်ခဲ့ရလေသည်။ ဤအကြောင်းကို ကျွန်ုပ်နောင်တွင် စုံစမ်းကြည့်သောအခါ ဂျပန် လေယာဉ်ပျံများသည် ရန်ကုန်မြို့သို့ ဝင်လာရာတွင် နေရှိသောဘက်မှ ဝင်လာကြ ခြင်းဖြစ်၍ လေယာဉ်ပျံစောင့် တပ်သားများသည် (နေ၏အရောင်ကြောင့်) ရန်သူလေယာဉ်ပျံများကို မမြင်နိုင်ကြပဲ ရှိကြရသည်ဆို၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်မှာ ဗုံးကြဲသံများနှင့် အချက်ပေး ဥသြသံအနက် ဗုံးကြဲသံကို ရှေးဦးစွာ ကြားလိုက်ရကြောင်း ကျမ်းကိုင်၍ ထွက်ဆိုဝံ့ပါသည်။ ကျွန်ုပ်သည် ပက်လက်လှန် ရာမှ ကပျာကယာထပြီး အိမ်ရှေ့ဝရန်တာမှ အသံကြားရာဘက် (မြစ်ဘက်)သို့ မျှော်ကြည့်လိုက်ရာတွင် ဖွေးဖွေးဖြူသော လေယာဉ်ပျံများကို အစင်းလိုက် အစင်းလိုက် ကွင်းကွင်းကွက်ကွက် မြင်ရပါတော့သည်။ ကျွန်ုပ်တို့၏နေအိမ်၌ ကျွန်ုပ်တို့လင်မယားအပြင် ခယ်မသားအမိ (ညီ၏မယား)တို့ရှိရာ "ဗုံးကြဲတယ်"ဟု ကျွန်ုပ်ကပြော၍ ကာကွယ်ရေးကျင်းရှိရာသို့ ဆင်းပြေးကြလေ၏။

## အရှောင်ရသောဘွဲ့

ကာကွယ်ရေးကျောင်းမှာ အိမ်သုံးလုံးရှိလူများအတွက် စုစုပေါင်းတူးဖော်ထား ခြင်းဖြစ်ရာ ကျွန်ုပ်တို့ရောက်သွားကြသောအခါတွင် ကျောင်းထဲ၌ လူများပြည့်လု မတတ် ရှိနေကြလေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်၏အိမ်သားများကို ကျောင်းထဲသို့ တွန်းထည့်၍ ကျွန်ုပ်ကိုယ်တိုင်မူကား တွင်းဝတွင်ထိုင်ကာ လေယာဉ်ပျံများကို မော့ကြည့်လျက်ရှိ၏။ ဂျပန်တခေတ်လုံးတွင် ကျွန်ုပ်သည် ကာကွယ်ရေး ကျောင်းထဲသို့ တကြိမ်တည်းသာ ဆင်းခဲ့ဘူး၏။ ဤသည်မှာလည်း လူအများက ဝိုင်း၍ဆူကြသောကြောင့်ဖြစ်၏။ ဤအတွက်ကြောင့် အချို့လူများက ကျွန်ုပ်အား သတ္တိကောင်းပေသည်ဟု ချီးကျူးကြလေရာ အမှန်မှာ သတ္တိကောင်းသောကြောင့် မဟုတ်၊ ကျွန်ုပ်၏ 'တွက်ကိန်း'ကြောင့်ဖြစ်လေသည်။ ကျွန်ုပ်သည် အဆန်းအသစ် ဆိုလျှင် မြင်ချင်၊ ကြားချင်၊ ကြုံတွေ့ချင်သော ဝါသနာရှိလေရာ ထိုအတွက် အတော်အတန် စွန့်စားဖို့ရန်လည်း အသင့်ရှိပါ၏။ တကြောင်းမှာလည်း တွင်းဝ၌ ထိုင်သောလူတယောက်ထက် တွင်းထဲမှ လူများက ပို၍လုံခြုံသည်ဟု ကျွန်ုပ် မယူဆချေ။ ဗုံးတည့်တည့်ကျ၍ တွင်းဝမှလူသေလျှင် တွင်းထဲက လူများလည်း သက်သာရာရကြမည်မထင်ပေ။ သို့ဖြစ်၍ ကျွန်ုပ်မှာ ဂျပန်ခေတ်၌ အကြိမ် ပေါင်းများစွာ ဗုံးကြဲလေယာဉ်ပျံများနှင့် ကြုံခဲ့ရာတွင် အရှောင်သက်သက် သူရ သတ္တိဘွဲ့ ရခဲ့သူတယောက်ဖြစ်လေသည်။ တခုတော့ရှိပါသည်။ ဗုံးကြဲလေယာဉ် ပျံများ လာသောအခါ ပထမအကြိမ်ကတည်းက မျက်လုံးပိတ်ပြီး တောင်ပြေး မြောက်ပြေး ပြေးတတ်သောလူစားမျိုးတွင်ကား အပါအဝင်မဟုတ်၊ အချက်အလက် ကိုစောင့်ကြည့်နိုင်အောင် သတိတရားရှိပါသည်။

## ကိုယ်တွေ့မြင်ရပုံ

ကျွန်ုပ်သည် အိမ်ရှေ့၌ တူးထားသည့်ကာကွယ်ရေး ကျင်းထိပ်ဝ၌ ထိုင်လျက်ရှိစဉ် မြစ်ဘက်ဆီမှဖုံးအလုံးပေါင်း အမြောက်အမြားချသည့် အသံများကို ကြားရ၏။ မော်တာသံများလည်း ကြားရ၏။ ၎င်းဘက်သို့ကြည့်နေစဉ် လေယာဉ်ပျံ နှစ်စင်းထိမှန်ပြီး မီးလောင်ကျသွားခြင်းကို မြင်လိုက်ရ၏။ များမကြာမီ လေယာဉ်ပျံ (ကျွန်ုပ်၏အထင်) ၅၀ ခန့်တို့သည် မြစ်ဘက်ဆီမှ ကျွန်ုပ်တို့ရှိရာသို့ တည့်တည့်ကြီး ပျံလာကြခြင်းကို မြင်ရ၏။ ဦးခေါင်းပေါ်သို့ ရောက်ခါနီးတွင် ကျွန်ုပ်သည် ကျင်းထဲသို့ ခုန်ဆင်းရန် အကြံဖြစ်၏။ သို့သော် "ဘာထူးသေးသလဲ"ဟု ကိုယ့်ကိုယ်ကိုမေးပြီး ခုန်မဆင်းပဲ ဆက်လက်၍ ကြည့်နေ၏။ ကျွန်ုပ်တို့၏ ဦးခေါင်းထက်သို့ရောက်ခါနီးသောအခါ လေယာဉ်ပျံများသည် အရှေ့မှနေရောင်နှင့် ပန်ရသည်ဖြစ်၍ တပြောင်ပြောင် တလက်လက်ဖြစ်နေကြခြင်းကိုမြင်ရ၏။ ကျွန်ုပ်အာရုံစိုက်မိသည်ကား လေယာဉ်ပျံများမှ ဖုံးချသည်ဆိုလျှင် ကျွန်ုပ်မြင်နိုင်ရမည်ဆိုကာ ဖုံးများကို မျှော်ကြည့်နေ၏။ လေယာဉ်ပျံအုပ်သည် ကျွန်ုပ်တို့၏ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးရောက်လာကတည်းက ကျွန်ုပ်တို့၏နေရာသို့ ရည်ရွယ်ချက်ထားပြီး ဖုံးများမချဟု ကျွန်ုပ်တွက်နိုင်၍ ကျွန်ုပ်တို့အတွက် စိတ်အေးသွားလေပြီ။ အကြောင်းမူကား ကျွန်ုပ်တို့၏နေရာသို့ ကျမည့်ဖုံးဆိုလျှင် ကျွန်ုပ်တို့အပေါ်တည့် တည့်သို့ လေယာဉ်ပျံမရောက်မီက ဖြုတ်ချရမည်ဟု ကျွန်ုပ်တွက်မိသောကြောင့်ပေ တည်း။ လေယာဉ်ပျံများသည် ရန်ကုန်မြို့ပေါ်သို့ အုပ်စုနှစ်စုခွဲ၍ ပျံဝဲကြသည်ဆိုရာ ဦးခေါင်းထက်မှ အုပ်စုမှာ ၅၀ခန့်ရှိလိမ့်မည်ထင်၏။ ဖုံးဖြုတ်ချခြင်းကို မမြင်ရ၍ ကျွန်ုပ်တို့အတွက် စိတ်အေးလျက်ရှိစဉ် (ကျင်းထဲမှ လူများမူကား ဤအခြင်းအရာ များကို ဘာမျှမသိနိုင်သဖြင့် ကုပ်၍သာ ကြောက်နေကြသည်။) တခဏ၌ ဂျပန်လေယာဉ်ပျံ တစင်းကို မော်တာထိမှန်သဖြင့် ထက်ပိုင်းပြတ်ကာ မီးလောင်ခြင်းကို ကျွန်ုပ်

မြင်လိုက်ရသည်။ "လေယာဉ်ပျံတစင်းကိုမှန်လို့ မီးလောင်ကျတယ်ဗျို့"ဟု ကျွန်ုပ်ကကျင်းထဲမှလူများအား ပြောလိုက်ရာ ယောက်ျားများက "ဟုတ်လားဗျို့"ဟု မေးဖော်ရသော်လည်း မိန်းမများကမူ "ကိုယ့်ဟာကိုယ် ကြည့်တော်မူပါ"ဟု ပြန်ပြောကြသည်။ မီးလောင်လျက်ရှိသော လေယာဉ်ပျံတခြမ်းသည် အနောက်ဘက် (စမ်းချောင်းဘက်)သို့ ထိုးကျသွား၍ ကျွန်ုပ်သည် ကျန်သောတခြမ်းကို ကောင်းကင်၌ ရှာလျက်ရှိစဉ် ဘောလုံးခန့်ရှိသည်ထင်ရသော အဖြူလုံး ကလေး နှစ်လုံးကို မြင်ရ၏။ နောက်တခဏ၌ ပျက်ကျသော လေယာဉ်ပျံမှ လေထီးဖြင့် ဆင်းသောလေသရဲနှစ် ယောက်ဖြစ်သည်ဟု ကျွန်ုပ်တွေးဆနိုင်သည်။ သို့ဆိုလျှင် လေထီးကျမည့်နေရာ သို့ အင်္ဂလိပ်စစ်သားများ လိုက်၍ဖမ်းကြလိမ့်မည်ဟု ကျွန်ုပ်တွေးထင်မိ၏။ သို့ရာတွင် များမကြာမီအတွင်း လေထီးနှစ်ခုအနီး၌ မီးခိုးလုံးကလေးများသည် ဖွေးကနဲ ဖွေးကနဲ ပေါ်လာခြင်းကိုမြင်ရ၍ မော်တောနှင့် ပစ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးနိုင်၏။ အချို့မီးခိုးလုံးကလေးများသည် လေထီး နှင့် ခပ်လှမ်းလှမ်းတွင် ပေါ်၍ အချို့မှာ (ကျွန်ုပ်အထင်) အတော်နီးကပ်သည်ကို တွေ့ရ၏။ အကြောင်းခြင်းရာကို ရိပ်မိသည်နှင့် တပြိုင်နက် စိတ်ကူးသမား တယောက် ဖြစ်သည့်အတိုင်း လေထီး၌ တွဲပါနေရသည့် လေသူရဲနှစ်ယောက်၏ ဒုက္ခကို ကျွန်ုပ်သတိရသည်။ အကာအကွယ်လည်းမရှိ၊ ပြေးလည်းမပြေးနိုင်၊ ပြုသမျှခံနေကြလေသည်တကား ဟူ၍စဉ်းစားမိသည်။ များမကြာမီ လေသူရဲ တယောက်အား မော်တာထိမှန်ခြင်းကို မြင်လိုက်ရ၍ သူ၏ကိုယ်တပိုင်းမှာ လမ်းမတော်တိုက်တလုံး၏ ကောင်းကင်မှန်ပေါက်မှ ထိုးဆင်းကျလာသည်ဟု နောင်တွင် ကြားလိုက်ရသည်။ ဤအဖြစ်အပျက်ကို မြင်ရခြင်းသည် ကျွန်ုပ်အဖို့ ပထမအကြိမ် ဖြစ်သော်လည်း စွန့်စားရသော အန္တရာယ်နှင့် မြင်ရသော အတွေ့အကြုံသည် 'ထေ' မိသည်ဟု ယူဆကာ နောင်ဖုံးကြံခြင်းများကို ကြည့်မြဲကြည့်၍ ထိတ်လန့်တုန်လှုပ်ခြင်း လျော့ပါးသွားပါတော့သည်။ ကျွန်ုပ်မှာ သဘာဝအားဖြင့် သတ္တိကောင်းလှသူတယောက်မဟုတ်သော်လည်း ဆာရိုက်ဒါ

ဟက်ဂဒ် ကိုနင်းဒွိုင်းလ်နှင့် အခြားများစွာသော စွန့်စားခန်းဝတ္ထုများကို ဖတ်ခဲ့ရဘူးခြင်းကြောင့် ကြောက်ရခြင်းကိုပင် အရသာတမျိုးဟု ယူဆကာ တဖြည်းဖြည်း အကြောက်လျော့လာခြင်းဖြစ်သည်ဟု ထင်မိပါသည်။

## 'ရွှတ်'သောလူနှစ်ယောက်

ဂျပန်လေယာဉ်ပျံများ ပြန်သွားသည့်နောက် များမကြာမီ ကိုခင်မောင်ရောက်လာ၍ ရန်ကုန်မြို့ကိုနှစ်ယောက်သား လှည့်လည်ကြည့်ရှုကြ၏။ ဗုံးကျသောနေရာအမြောက်အမြားအနက် သူရိယတိုက်အနီး၌ ကျသောတလုံးကို အထူးမှတ်မိသည်။ ကျွန်ုပ်၏တွေးဆချက်အရ ဂျပန်လေယာဉ်ပျံများသည် မည်သည့်အဆောက်အအုံဟူ၍ ရည်ရွယ်သည့် လက္ခဏာမရှိ၊ မြို့သူမြို့သားများ ထိတ်လန့်တုန်လှုပ်ပြီး စိတ်ဓာတ်ကျဆင်းစေရန် အတွက်မျှသာ ရည်ရွယ်ဟန်တူလေသည်။ အနစ်နာဆုံးရပ်ကွက်မှာ ဗိုလ်တထောင်ရပ်ကွက်ဖြစ်လေရာ ထိုခေတ်သတင်းစာ များ၏ ခန့်မှန်းချက်အရ စုစုပေါင်း လူ၃၀၀ကျော် သေသည်ဟု ဖော်ပြခြင်းကို ကျွန်ုပ်မှတ်မိသည်။ အရပ်သားများ၏ ခန့်မှန်းချက်မှုကား သောင်းချီ၍ပြောကြ၏။ သို့ရာတွင် ဆေးရုံများနှင့် သင်းချိုင်းများက သက်သေခံလျက်ရှိရာ ကိုခင်မောင်နှင့် ကျွန်ုပ်သည် ညနေခင်းတွင် ၎င်းဌာနများသို့ သွား၍အကဲခတ်ကြသေး၏။ သတင်းစာများ၏ ခန့်မှန်းခြေမှာ မဆိုးလှဟု ကျွန်ုပ်တို့ယူဆသည်။ ရန်ကုန်မြို့သည် ကုလားပေါများသော မြို့ဖြစ်ရသည့်အထဲတွင် ဗိုလ်တထောင် ရပ်ကွက်သည်လည်း အထူးသဖြင့် ကုလားကူလီ (ကော်ရင်ဂျီ) ပေါများသော ရပ်ကွက်ဖြစ်သောကြောင့် ကုလားသင်းချိုင်းများမှာ အလောင်းချင်း ထပ်၍ပုံထား ရခြင်းကို ကျွန်ုပ်တို့မြင်ခဲ့ရသည်။ ကျွန်ုပ်တို့နှစ်ယောက်သည် အလောင်းများကို မြင်ရလွန်းသဖြင့် အော်ဂလီဆန်မတတ် ရှိနေကြသော်လည်း 'ခပ်ရွှတ်ရွှတ်' လူနှစ်ယောက်ဖြစ်၍ အိမ်သို့ မပြန်လိုသေးပဲ ရမ်အရက်ဝယ်သောက်ပြီး သင်းချိုင်းစုံအောင်လိုက်၍

ကြည့်ကြသည်။ ကိုခင်မောင်သည် ခပ်ပုပု ခပ်နုနု တယောက်ဖြစ်သော်လည်း 'ရှုတ်'သည့်နေရာတွင် မခေလှပဟု ကျွန်ုပ်အသိအမှတ်ပြု လိုက်ရသည်။

## ဝါသနာတူ နှစ်ယောက်

နောက်တနေ့တွင်လည်း သူရိယတိုက်ပိတ်ထားသည်ဖြစ်၍ ကိုခင်မောင်နှင့် ကျွန်ုပ်သည် ရန်ကုန်မြို့၌ ဖုံးချထားသည့်နေရာများကို အသေးစိတ် လိုက်၍ ကြည့်ကြ၏။ ဖုံးများ၏ ဒဏ်ရာဒဏ်ချက်ကို ပထမအကြိမ်မြင်တွေ့ရဘူးသည့် ကျွန်ုပ်တို့နှစ်ယောက်သည် ဘတ်စ်ကားလည်းမရှိ၊ လန်ချားလည်းမရှိ၊ ကိုယ်ပိုင် ကားလည်းမရှိပဲ သတင်းကြားရာအရပ်များသို့ ခြေလျှင်လျှောက်ကာ ရောက်အောင် သွားကြည့်ကြသည့် လုံ့လဝီရိယကားမသေးလှပဟု ဆိုသင့်သည်ထင်၏။ ကျွန်ုပ်တို့ သည် သတင်းစာတိုက်သို့ သတင်းပေးရန်လည်း ရည်ရွယ်ချက်မရှိ။ ကျွန်ုပ် လည်းယခုကဲ့သို့ မှတ်တမ်းရေးဖို့ ထိုစဉ်က အကြံမရှိပါပဲလျက် ထမင်သက်သက် ကြည့်လိုမြင်လိုသည့်ဇော (Curiosity) ဖြင့် လှည့်လည် ကြည့်ရှုကြခြင်းဖြစ်၍ ကျွန်ုပ်တို့နှစ်ယောက်သည် ဤအလုပ်မျိုးတွင် အတော်'ဖက်မိ'သည်ဟု ဆိုသင့်ပေ သည်။ ကိုသိန်းဖေဆိုလျှင်ကား ဤမျှလောက် အပင်ပန်းခံလိမ့်မည်မဟုတ်။ အကယ်၍ သူပါအောင်ခေါ်ရလျှင်လည်း 'ရမ်'ဖိုး အတော်အကုန်ခံရပေလိမ့်မည်။ ယနေ့လှည့်လည်ကြည့်ရှုကြရာတွင် ကျွန်ုပ်၏စိတ်ကို ထိခိုက်ဆုံးသော အခြင်း အရာသည်ကား သိမ်ကြီးဈေးကြီးပင်ဖြစ်၏။ သိမ်ကြီးဈေးကြီးမှ အခါခပ်သိမ်း ကြိတ်ကြိတ်တိုးအောင် စည်ကားသော ဌာနကြီးတခု ဖြစ်ပါလျက် ကျွန်ုပ် တို့နှစ်ယောက် ခြေလျက်လျှောက်သွားကြသည့် နေ့ ၁၂ နာရီအချိန်ကြီးတွင် လူသူဆို၍ နှစ်ယောက်သုံးယောက်မျှသာ တွေ့ရပြီး ကျွန်ုပ်တို့နှစ်ယောက် လမ်းလျှောက်သွားသည့် ခြေသံများသည် ကျွန်ုပ်တို့အား ထိတ်လန့်စေမတတ် မြည်ဟိန်းဆူညံလျက် ရှိပါတော့သည်။ တောနက်ကြီးထဲ၌ တိတ်ဆိတ်ခြင်းသည်

ကြောက်စရာကောင်းပါ၏။ သို့ရာတွင် စည်ကားလှသော မြို့ကြီးအလယ်၌ အစည်ကားဆုံးသော ဌာနတခုတွင် အစည်ကားဆုံးသော အချိန်အတွင်း တိတ်ဆိတ်ခြင်းကား (မကြုံရဘူးခြင်းအတွက်ကြောင့်) သာ၍ ထိတ်လန့်ဖွယ် လန့်ခုန်မိမတတ် ထိတ်သွားမိ၏။ နောက်ဆုံး၌ ကျောက်မြောင်း ဘက်သို့ ပြန်လာကြ၍ ကွမ်းခြံဘူတာရုံအနီးရှိ သင်းချိုင်းတခုတွင် လူစည်ကား နေခြင်း ကိုမြင်သည်နှင့် ဝင်ကြည့်မိကြရာ ကုလားအလောင်း အပြတ်အသတ် အကြီး အငယ်၊ အထီးအမ အရွယ်အစားအမျိုးမျိုး စုပုံထားခြင်းကိုမြင်ရ၏။ အလောင်း များမှာ ယမန်နေ့က ဖုံးထိသေဆုံးထားခြင်း ဖြစ်သောကြောင့် အတော် နံစော် လျက်ရှိပြီဖြစ်ရာ ကျွန်ုပ်မှာ မခံမရပ်နိုင်သဖြင့် လက်ကိုင်ပဝါဖြင့် နှာခေါင်း ကိုပိတ်ရသော်လည်း ကိုခင်မောင်မှုကား ဘာမျှမဆို့ပဲ နေနိုင်ပေသည်။ ကျွန်ုပ်သည် နီးရင်းသော မိတ်ဆွေများနှင့် အရာရာတွင် စိတ်ထဲက နှိုင်းယှဉ်တတ် သောဝါသနာရှိလေရာ ဤအချက်ကား ကိုခင်မောင်က သာစေသည်ဟု အသိအမှတ်ပြုခဲ့မိ၏။ အခြားသော အချက်တခု သာသေးသည်မှာကား ကိုခင်မောင်သည် ကျွန်ုပ်နှင့် လမ်းတွင်မခွဲပဲ ကျွန်ုပ်၏အိမ်သို့ ရောက်အောင် လိုက်ပို့ပြီးမှ (ဖနာရီလောက်တွင်) ပြန်သွားလေသည်။ သူသည်ကျွန်ုပ်ထက် အသက် သုံးနှစ်ကြီးသည့်အလျောက် စကားပြောရာ၌ ခပ်စီးစီးပြောတတ်သော် လည်း (ကျွန်ုပ်အား 'မောင်ဖေသိန်း'ဟုခေါ်သည်။) လူကြီးသဖွယ် တာဝန်ယူသော နေရာများလည်းရှိပါပေသည်။ သို့သော် သူထီပေါက်စဉ်က ငွေငါးကျပ်ပေးခြင်းနှင့် ပေးပုံ ပေးနည်းကိုမူကား ကျွန်ုပ်တော်တော်နှင့် မကျေနိုင်။ မိခင်အကြောင်းကို သူချီးမွမ်းသည်တွင်မှ လုံးဝ စာရင်းဖျက်လိုက် နိုင်ပါတော့သည်။ မေ့နိုင်သည်ကား မဟုတ်၊ ခွင့်လွှတ်နိုင်ခြင်းသာ ဖြစ်ပါ၏။

## ဒုတိယမိဖုံးကြခြင်း

နောက်တနေ့ ဒီဇင်ဘာလ ၂၅ရက် (ခရစ်စမတ်နေ့)တွင် ရန်ကုန်မြို့ကြီးကို ဂျပန်တို့ ဒုတိယအကြိမ်ဖုံးကြချပြန်၏။ ဗြိတိသျှအစိုးရ လက်ထက်တွင် ခရစ်စမတ် ပွဲတော်နေ့သည် (ခရစ်ယန်အစိုးရ ဖြစ်သည့်အလျောက်) အရေးကြီးသော နေ့ထူးနေ့မြတ်ဖြစ်ရာ ဂျပန်တို့သည် အင်္ဂလိပ်များ မပျော်နိုင်ကြစေရန်အတွက် ၎င်းနေ့ကို တမင်ရွေးပြီး ဖုံးကြချဟန်တူ၏။ ဖုံးကြပုံကြနည်းနှင့် မြို့သူမြို့သားများ ထိတ်လန့်တုန်လှုပ်ကြပုံ အဖြစ်သနစ်မှာ ပထမအကြိမ်အတိုင်းပင် ဖြစ်၏။ ကျွန်ုပ်တို့အိမ်၌ ကျွန်ုပ်တို့လင်မယားအပြင် ခယ်မနှင့်သမီးကလေးရှိကြကြောင်း ဖော်ပြခဲ့ဘူးရာ ၎င်းတို့သည် ပထမအကြိမ် ဖုံးကြကတည်းက ပြောင်းရွှေ့သွားကြသဖြင့် ကျွန်ုပ်တို့လင်မယားသာရှိတော့သည်။ ခယ်မသည် ကျွန်ုပ်၏ညီနှင့် ကွဲကွာနေသဖြင့် ကျွန်ုပ်တို့၏ နေအိမ်၌မှီခိုလျက်ရှိရာ ဖုံးကြသောအခါ၌ ၎င်း၏ဆွေမျိုးများထံသို့ ပြောင်းရွှေ့သွားလေ၏။ 'အရေးကြီးသွေးနီးရာ'ဟူသော စကားပုံကို ကျွန်ုပ်သတိရမိ၏။ ထိုအချိန်မှစ၍ ကျွန်ုပ်သည်ခယ်မနှင့်သူ၏သမီး အပေါ်တွင် တာဝန်ထမ်းစိတ် အတော်လျော့ပါးသွားခဲ့လေပြီ။ ကျွန်ုပ်သည် ကျွန်ုပ်အပေါ်၌ မည်သူက မည်သည့်အချက်၌တော်ပါပေသည်၊ မည်သူက မည်သည့်အချက်၌ ရော်လှသည်စသော အချင်းအရာများကို လုံးစေ့ပါဌ်စေ့တင်ပြရန် မလိုသောကြောင့် စေ့စုံအောင် ဖော်ပြခြင်းမပြုသော်လည်း စိတ်ထဲ၌မူကား အကောင်းကိုဖြစ်စေ၊ အဆိုးကိုဖြစ်စေ မေ့နိုင်သည်မဟုတ်ပါ။ အဆိုးအတွက် လက်တုံ့ပြန်ရန် မှတ်ထားခြင်းကားမဟုတ်၊ သို့ရာတွင် ၎င်းအတွက်မေတ္တာပျက်ကွက်သွားခြင်းကိုကား ကျွန်ုပ် မတတ်နိုင်ပဲရှိပါသည်။ မည်သို့ပင်ဖြစ်စေ ဘာမဆိုမမေ့တတ်ခြင်းကား ကျွန်ုပ်၏ဝါသနာဖြစ်ပါသည်။

## ပီတိဖြစ်ရသော စကားတလုံး

ထိုနေ့ ဖုံးချပြီး၍ ကျွန်ုပ်လည်ပတ်ကြည့်ရှုပြီးမှ ပြန်ရောက်လာသောအခါ ကျွန်ုပ်တို့၏ နေအိမ်အောက်ထပ်တွင် လူစည်ကားလျက်ရှိခြင်းကို တွေ့ရ၏။ ဤအိမ်မှာ အထက်ထပ်တွင် ကျွန်ုပ်တို့တဦးတည်းနေ၍ အောက်ထပ်မှာမူ နှစ်ခန်းဖွဲ့ထားပြီး နှစ်အိမ်ထောင် နေထိုင်ကြသည်။ ကျွန်ုပ်သည်အောက်ထပ်တခန်း၌ အဝတွင်ထိုင်လျက်ရှိသော မိန်းမတယောက်ကိုမြင်ရ၍ တန့်ကနဲရပ်မိ၏။ ဤမိန်းမကားငင်းအခန်း၌နေထိုင်သူမဟုတ်ကြောင်း ချက်ချင်းသိသည်ပြင် ကျွန်ုပ်မြင်ဘူးပါသည်ဟူ၍လည်းထင်မိ၏။ မြင်ဘူးသည်မှာ တော်ရုံ တန်ရုံ မဟုတ်၊ ကြာကြာကြီး မြင်ဘူးသည်ဟူ၍လည်း သိရသည်။ သို့သော် ဘယ်သူ ဘယ်ဝါဖြစ် သည်ဟု မဖော်နိုင်ခြင်းအတွက်ကြောင့် ကျွန်ုပ်မခံချင်ပဲဖြစ်နေ၏။ ထိုမိန်းမကမူ ကျွန်ုပ်အား သူစိမ်းပြင်ပြင်တယောက်အနေဖြင့်သာ ကြည့်နေ၏။ ကျွန်ုပ်ကားသိချင်လှပြီဖြစ်၍ အနီးသို့ချဉ်းကပ်ရလေပြီ။

"အမကြီးကို ကျွန်တော်မြင်ဘူးတယ်မှတ်ပါတယ်၊ ဘယ်ကပါလဲခင်ဗျာ" ယင်းသို့ မေးယင်းကြည့်လိုက်စဉ် ထိုမိန်းမ၏ ငယ်မျက်နှာသည်စိတ်ထဲ၌ ကွက်ကနဲပေါ်လာ၏။ ဘယ်သူဟူ၍ကား မဖော်နိုင်ချေ။

"ကျွန်မ ဧည့်သည်ပါ အစ်ကိုကြီးရှင်၊ ဒီမှာ တူမကလေးများရှိလို့ ခေတ္တလာခဲ့ပါတယ်"

"ဧည့်သည်မှန်းတော့ ကျွန်တော်သိပါတယ်၊ ကျွန်တော်က မြင်ဘူးမှန်းသိလျက်နဲ့ ဖော်မရလို့ခင်ဗျ၊ ဇာတိက ဘယ်ကပါလိမ့်"

"ကျွန်မမန္တလေးကပါရှင်"

ဤမျှဆိုလျှင် ကျွန်ုပ်၏မျက်စိထဲ၌ သူ၏ငယ်ရုပ် ကွက်ကနဲပေါ်လာခဲ့လေပြီ။

"ခင်ဗျား စိန်ဆင်… ဒေါ်စိန်ဆင် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ရှင်၊ အစ်ကိုကြီးက ဘယ်သူပါလိမ့်"

"ကျွန်တော့်ကိုတော့ ခင်ဗျားသိမှာ မဟုတ်ပါဘူး"

မိန်းမသည် ရုတ်တရက်ပြုံးလိုက်ရာ ငယ်ရုပ်သာ၍ပေါ်လာသည်။

"ရှင်က ပွဲကြည့်ပရိသတ်ထဲက နေမှာပေါ့"

"ဒီလောက်တော့ မကတတ်ဘူးဗျ၊ မြွေဆရာဘတို့ အိမ်ကို ခင်ဗျားတို့ ခဏခဏဝင်လာတတ်တယ် မဟုတ်လား၊ ဂုန္တန်ဆေးရိုးဝင်းလေ"

"မှတ်မိပါတယ်ရှင်"

"ဆရာဘတို့အိမ်နားမှာ ပိန်းတန်းဖိနပ်လုပ်တဲ့ အိမ်တအိမ်ရှိတယ် ဟုတ်လား"

"သြော်… မှတ်မိပြီ ရှင်ကအဲဒီအိမ်က အင်္ဂလိပ်ကျောင်းသားလား"

ကျွန်ုပ်ကဟုတ်ကြောင်းဝန်ခံယင်း ၎င်းစကားကလေးအတွက် ပီတိဖြစ်မိသေးသည်။ ပီတိဖြစ်ရခြင်းကား ဤသို့သော အကြောင်းကြောင့်ပေတည်း။

ကျွန်ုပ်သည် စံဒေဝီကို ပိုးပမ်းလျက်ရှိစဉ် သူငယ်ချင်းများနှင့် အငြိမ့်ပွဲ၊ ရုပ်သေးပွဲ စသည်များကို အများဆုံးကြည့်ခဲ့သော အချိန်အခါဖြစ်၏။ အငြိမ့်မင်းသမီးများအနက်တွင် ကျွန်ုပ်၏မျက်စိထဲ၌ အချောဆုံး၊ အလှဆုံး၊ ချစ်စရာအကောင်းဆုံးဟု ထင်ခဲ့မိသူမှာ စိန်ဆင်ပင်ဖြစ်၏။ ကျွန်ုပ်သည် ထိုစဉ်က စံဒေဝီကို အကြိုက်ဆုံးဖြစ်သော်လည်း စိန်ဆင်၏လှပခြင်းကိုလည်း အသိအမှတ်မပြုပဲ မနေနိုင်အောင်ဖြစ်ခဲ့၏။ လှပါပေသည်ဟုစိတ်ထဲက ချီးမွမ်းမိသော်လည်း ပိုးပမ်းချင်သောစိတ်မျိုးရှိသည်မဟုတ်၊ တတ်နိုင်လျှင် သူ့အငြိမ့်ပွဲကို နေ့တိုင်းကြည့်ချင်လိုခြင်းမျှသာ ဖြစ်ပါသည်။ အငြိမ့်မင်းသမီး တယောက်ကို ပိုးပမ်းရာမှာလည်း သုံးနိုင်၊ ဖြုန်းနိုင်၊ ပေးနိုင်၊ ကမ်းနိုင်သော သဌေးသားများ၏ အလုပ်ဖြစ်ပေရာ ကျွန်ုပ်ကဲ့သို့သော ဖိနပ်ထောင်ဆရာ တယောက်၏သား တယောက်အဖို့မှာ အိပ်မက်မက်ဝံ့သော ကိစ္စမဟုတ်ပါ။ သို့ရာတွင် စိန်ဆင်သည်

၎င်း၏အမေကြီးနှင့်အတူ မြွေဆရာဘ၏အိမ်သို့ လာသောအခါများတွင် ကျွန်ုပ်တို့၏အိမ်ရှေ့မှ ဖြတ်သွားရသည်ဖြစ်၍ ကျွန်ုပ်နှင့် ကြိမ်ဖန်များစွာ မျက်နှာချင်းဆိုင်ခဲ့ရဘူး၏။ ကျွန်ုပ်ကမူ အလွန်သဘောကျ၍ အံ့ဩချီးမွမ်းသော မျက်နှာထားမျိုးနှင့် ရိုးသားစွာ ကြည့်မိရုံမှတပါး မည်သည့် ကြံရွယ်ချက်မျှမရှိ၊ ချစ်ကြိုက်ခြင်းကို ဖော်ပြစရာလည်းမရှိ။ စံဒေဝီကဲ့သို့ ချစ်ကြိုက်သည်မဟုတ်၊ ရိုးသားစွာချီးကျူးခြင်းမျှသာ ဖြစ်၏။ ဤကဲ့သို့ သုံးလေးကြိမ်မျှ မျက်နှာချင်းဆိုင်မိကြသောအခါ စိန်ဆင်သည် ကျွန်ုပ်အား စိတ်ဝင်စားခြင်းရှိသော မျက်နှာထားမျိုးနှင့် ကြည့်သည်ဟုထင်မိ၏။ တနေ့သ၌ မြွေဆရာဘက "မစိန်ဆင်က မင်းကို မေးတယ်မောင်၊ ငါက အင်္ဂလိပ်ကျောင်းမှာ ကိုးတန်းသမားကလေးလို့ ပြောလိုက်တယ်"ဟု ပြောသော်လည်း အငြိမ့်တီးလုံး ဆရာများသည် အပိုးအပမ်းဝါသနာပါသော ကာလသားများအား 'လိုမ့်'၍ စားတတ်သော အလေ့အကျင့်ရှိခြင်းကို ကျွန်ုပ်သိသောကြောင့် ကျွန်ုပ်အား 'လိုမ့်' ခြင်းမျှသာ ဖြစ်သည်ဆိုကာ သူ၏စကားကို အယုံအကြည်မရှိချေ။ သို့ရာတွင် ဆရာဘ၏အိမ်သို့ မစိန်ဆင်လာတိုင်း ကျွန်ုပ်ဘာလုပ်နေသည်ဖြစ်စေ ထပြီး ကြည့်မိအောင် ကြည့်လိုက်သည်သာဖြစ်၏။ သို့ဖြစ်၍ထိုညနေက သီတာလမ်း နေအိမ်၌ မစိန်ဆင်နှင့်တွေ့ကြ၍ သူက "အင်္ဂလိပ်ကျောင်းသားမဟုတ်လား"ဟု မေးလိုက်သောအခါ မြွေဆရာပြောစကားသည် အမှန်ပင်ဖြစ်သည်ဟု သိရ၍ ကျွန်ုပ်ပီတိဖြစ်ရခြင်းဖြစ်လေသည်။

## သံဝေဂဖြစ်ရပုံ

ကျွန်ုပ်ဝမ်းပန်းတသာ ဖြစ်ခြင်းကိုမြင်၍ မစိန်ဆင်က "ထိုင်ပါဦးလားရှင်၊ ခုဘယ်မှာနေပါသလဲ"မေးကာ ဖိတ်ခေါ်ရာတွင် ကျွန်ုပ်ကအပေါ်ထပ်မှာနေကြောင်းပြော၍ အနီးတွင် ဝင်ထိုင်လိုက်၏။ ထိုင်ခြင်းကား အခြားကြောင့် မဟုတ်၊

ရှေးက မစိန်ဆင်နှင့် ယခုမစိန်ဆင်တို့၏ ကွာခြားပုံကို နီးကပ်စွာ လေ့လာလိုသော ကြောင့်ဖြစ်လေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ တအံ့တသြ ချီးမွမ်းမိခဲ့သော ရုပ်မှာကား ထိုင်မသိမ်းအင်္ကျီ၊ ကတ္တီပါဘောင်းဘီ၊ ရွှေဇာသပ်လျက် ခေါင်းပေါင်းကလေးပေါင်းကာ ယောကျ်ားကလေးလိုဝတ်ပြီး "သိန်းထိုက်တဲ့ စိန်ဆင်မေ၊ သိန်းထိုက်တဲ့ စိန်ဆင်မေ၊ ဝတိ ံသာဘုံဆိုက်အောင် အလိုဗျာ တီးလိုက်ရပါတော့မယ်"ဟု သီဆိုယင်း အိုးစည်တီးသော ပုံသဏ္ဌာန်ဖြစ်လေရာ ယခုမစိန်ဆင်မှာ အသက်၅၀ကျော် အရွယ်ဖြစ်၍ ပါးရေများတွန့်လိမ်စ ပြုနေသည့်ပြင် ဖုံးကျင်းထဲမှ ထလာခဲ့သည့် လက္ခဏာနှင့်မဖီးမလိမ်း မပြင်မဆင် မယ်ကြီးအိုဟန် ဖမ်းနေသော မစိန်ဆင်ဖြစ်နေတော့သည်။ ဤတွင် ကျွန်ုပ်စဉ်းစားမိသည်မှာကား အလွန်ကြည့်ကောင်းလှသည်ဆို၍ ငါကတစိမ့်စိမ့် ကြည့်ခဲ့မိဘူးသော မစိန်ဆင်သည် ဤအဖြစ်မျိုးသို့ ရောက်နေသည်ဆိုလျှင် ဘယ်တုန်းကမှ ကြည့်ကောင်းလှသည် မဆိုနိုင်သည့်ငါ၏ ရုပ်သည်ကား အတော်ရုပ်ဆိုးလျက် ရှိချေတော့မည်တကားဟု စဉ်းစားကာ ဇရာ၏သဘာဝနှင့် ပတ်သက်၍ တော်တော်ကြီး သံဝေဂဖြစ်မိပါသည်။ ဤတွင် မစိန်ဆင်နှင့် ကြာရှည်စွာ စကားမပြောချင်တော့ပဲ ခပ်တိုတိုနှင့် ဖြတ်၍ အိမ်ပေါ်သို့ တက်သွားလေရာ မစိန်ဆင်ကိုယ်တိုင် အံ့သြသည့် လက္ခဏာနှင့် ငေးကျန်ရစ်ခဲ့ပါသည်။ ထိုနေ့အဖို့၌ ကျွန်ုပ်မှာ ဖုံးတွေကကျ၊ အလောင်းတွေကိုလည်း မြင်ခဲ့ရသည့်အထဲတွင် အလွန်အထင်ကြီးမိခဲ့သော မစိန်ဆင်၏ ရုပ်ပြောင်းလဲခြင်းကို မြင်ရသည်နှင့် စိတ်တမျိုးဖြစ်ပြီးမစိန်ဆင်အား ရှောင်ကွင်းနေခဲ့ရာ သူပြန်သွားခြင်းကိုပင် ဆင်း၍နှုတ်မဆက်လိုက်တော့ချေ။

ဒီဇင်ဘာလ ၂၅ ရက်နေ့၌ ဂျပန်က ဗုံးကြဲချပြီးနောက် လူများသည်ပြောင်း ရွှေ့ကုန်ကြတော့ရာ ၂၀ရက်နေ့တွင် သီတာလမ်း တလမ်းလုံး၌ လေးငါးအိမ်မျှသာ လူရှိတော့သည်။ ကျန်ရစ်သော လူများမှာလည်း လုပ်စားကိုင်စား အတန်းအစား ဖြစ်ကြ၍ တတ်နိုင်သူဟူသမျှ ထွက်ပြေးကုန်ကြလေပြီ။ ကျွန်ုပ်မှာ တတ်နိုင်သမျှ တောင့်ခံသည့်အထဲက ဖြစ်သော်လည်း မစိုးမှာ မျက်နှာကလေးငယ်ငယ် ဖြစ်နေရှာ လေပြီ။ အိမ်ချင်းကပ်လျက်ရှိသော ကိုသိန်းဖေအစ်ကို ကျွန်ုပ်တို့၏အိမ်ရှင် ဦးစံမင်းသည်လည်း သားမယားများကို အဝေးသို့ပို့၍ သူတယောက်တည်း အိမ်စောင့်လျက် ကျန်ရစ်လေပြီ။ ရန်ကုန်မှ မန္တလေးသို့ မီးရထားတစ်စင်း နံနက်စောစောထွက်သည်ဟု သိရသော်လည်း သေတ္တာနှင့် အိပ်ရာလိပ်လောက် ကိုမျှ သယ်ယူရန် ကားမရှိ၊ ရထားမရှိ၊ လန်ချားမရှိ၊ ကူလီမရှိ၊ ဘာမှမရှိသော ကြောင့် ဘူတာသို့သွားရန်ပင် ခဲယဉ်းလှသည်။ အိပ်ရာလိပ်လောက်မျှမပါပဲ ကိုယ်လွတ်ထွက်သွားကြရန်မှာလည်း စိတ်မကူးတတ်အောင် ဖြစ်နေ၏။ ဤသို့သောအခြေအနေတွင် နေ့လယ်၁၂နာရီလောက်၌ ကိုခင်မောင် ပေါက်လာ၏။ သူ၏မယားကို ဟင်္သာတသို့ပို့လိုက်ပြီး၍ ကျွန်ုပ်တို့နှင့် အဖော်လုပ်ပြီး နေရန်လာခဲ့ခြင်း ဖြစ်သည်ဟု ပြော၏။ ကျွန်ုပ်တို့ကလည်း ဤအရပ်ထဲ၌ လူသူမရှိတော့သဖြင့် အညာသို့သွားလိုကြောင်း၊ သို့ရာတွင် အိပ်ရာလိပ်ကလေးမျှပင် သယ်ယူဖို့ခဲယဉ်းလျက်ရှိကြောင်း ပြောပြရလေသည်။

ဤတွင် ကိုခင်မောင်က "နေကြဦးဗျ၊ ကျုပ်ကြံဦးမယ်"ဟုဆိုကာ အပြင်သို့ ထွက်သွားလေသည်။ တနာရီခန့်ကြာသောအခါ ကိုခင်မောင်သည် လန်ချားတစီး ကို သူကိုယ်တိုင်ဆွဲလျက် ပေါ်လာ၏။ ကျွန်ုပ်တို့က အံ့သြစွာနှင့် ကြည့်နေကြစဉ် ကိုခင်မောင်သည် လန်ချားကို အိမ်နောက်ဖေးရှိ ဗူးစင်အောက်သို့ ဆွဲသွား၍ ဖျာစုတ်ဖြင့် အုပ်ထားလိုက်လေ၏။ ၎င်းနောက်သူက ပြောပြ၍ သိရသည်မှာ ဗုံးကြဲ

ချရာတွင် လန်ချားကုလားများသည် မိမိတို့၏လန်ချားများကို လမ်းပေါ်၌ပစ်ချ၍ထွက်ပြေးကြကြောင်း၊ (ကျွန်ုပ်တို့လှည့်လည်ကြည့်ရှုစဉ်ကလည်း လမ်းပေါ်တွင် လန်ချားများ ဟိုတစီးသည်တစီးမြင်ခဲ့ရသည်။) ဗုံးချပြီးကာစရက်များ၌ လမ်းများပေါ်တွင် ပိုင်ရှင်မဲ့လန်ချားတွေပေါများသော်လည်း ယခုမူ ဟိုအိမ် သည်အိမ်မှ လူများက ပိုင်ရှင်မဲ့လန်ချားများကိုကောက်ယူကာ မိမိတို့နေအိမ်များ၌ သိမ်းဆည်းထားကြကြောင်း၊ ကိုခင်မောင်သည် လမ်းများပေါ်၌ လန်ချားမတွေ့ရ တော့သည်နှင့် အိမ်တအိမ်၌ ဝှက်ထားသော လန်ချားတစီးကိုခိုးယူလာခဲ့ကြောင်း၊ ဤလန်ချားဖြင့် ကျွန်ုပ်တို့၏ပစ္စည်းကလေးများကိုတင်၍ နံက်ဖြန်နံနက်အစောကြီး ကွမ်းခြံဘူတာသို့သွားကြပြီး မန္တလေးရထားဖြင့် လိုက်ကြမည်ဖြစ်ကြောင်း၊ သူသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ခဲ့မည်ဖြစ်ကြောင်းပြောပြလေသည်။

## အသည်းတထိတ်ထိတ်

ကျွန်ုပ်တို့သည် ခိုးယူခဲ့သော လန်ချားဖြစ်သည်ဆိုကာ အရိုးများသော၊ ချေးခါးသော ဂျီးမထူကြပဲ ကိုခင်မောင်၏ စိတ်ကူးနှင့် ရဲဝံ့ခြင်းကို ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြသည်။ ဤလန်ချားသာမရှိခဲ့လျှင် ကျွန်ုပ်တို့လင်မယားမှာ အဝတ်တထည် ကိုယ်တခုနှင့် ပြေးရုံမှတပါး အခြားနည်းလမ်းရှိတော့မည် မဟုတ်ဆိုကာ ကျေးဇူးတင်ကြရသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် လန်ချားတစီးနိုင်လောက်ရုံမျှသော အိပ်ရာလိပ်သေတ္တာနှင့် အိုးအင်ခွက်ယောက်၊ တောင်းပလုံးစသည်များကို စုရုံးထုပ်ပိုးကာ ပြင်ဆင်ထားကြလေ၏။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ လန်ချားအတွက် တနွေးနွေးရှိပါတော့သည်။ နွေးမည်ဆိုလည်း နွေးထိုက်သည်။ ထိုနေ့ညနေစောင်းတွင် လူတယောက်သည် အိမ်ရှေ့လမ်းပေါ်မှ တောင်ကြည့်မြောက်ကြည့်နှင့် ခပ်ဖြည်းဖြည်းလျှောက်လာသည်ကို ကျွန်ုပ်မြင်ရကတည်းက လန်ချားရှာသောလူ ဖြစ်ရမည်ဟု ကျွန်ုပ်ရိပ်မိလေပြီ။

"ဟိုလူ အကဲမရဘူးဗျို့၊ ကိုခင်မောင် လန်ချားရှာတယ်ထင်တယ်"

"ဟုတ်မှာပေါ့ဗျာ၊ အသာနေပါ"

"တွေ့သွားလျှင် ဘယ့်နှယ်လုပ်မလဲဗျ"

"တွေ့လျှင်ကော ဘာဖြစ်သလဲဗျ၊ သူ့ပစ္စည်းမှ မဟုတ်ပဲ၊ ဘာဖြစ်ဖြစ်ဗျာ၊ ဒီလို အခါမျိုးမှာတော့ (Might is Right) အားသာတဲ့ဘက်က အနိုင်ယူတမ်းပဲဗျာ"

"ဟိုလူ့ဗလက မခေလှဘူးဗျ"

"ကျုပ်တို့က နှစ်ယောက်ပဲဗျ၊ မနိုင်ယင်လဲ တုတ်နဲ့ရိုက်လှဲပေါ့ဗျာ"

ကျွန်ုပ်လည်း သူ၏ဝါဒကို သဘောကျ၍ ကနစိုသာ ထင်းပုံကို စိတ်ထဲက မှန်းထားရ၏။ ကျွန်ုပ်တို့၏အကြားက လန်ချားကိုသူတွေ့၍ အကြောက်အကန် တောင်းနေလျှင် ထင်းချောင်းများဖြင့် ဦးအောင်နှက်ကြရန်ဖြစ်လေသည်။ ကံအား လျော်စွာ ထိုလူသည် ကျွန်ုပ်တို့၏ သန့်ပြန့်သောရုပ်ရည်များကို မြင်သဖြင့် ဂျပိုးများမဟုတ်တန်ရာဟု ယူဆသည့်လက္ခဏာနှင့် အိမ်နောက်ဖေးဖူးစင်ကို သေချာစွာမကြည့်ပဲ လျှောက်သွားလေ၏။ အိမ်ဝင်းထဲသို့ ဝင်ဖို့မလို၊ အိမ်နံဘေး လှမ်းကြည့်လိုက်လျှင်ပင် ဖျာစုတ်အောက်မှ လန်ချားဘီးများကို အရှင်းသား မြင်နိုင်လေသည်။ ကျွန်ုပ်တို့သည် ဖျာစုတ်များရှာ၍ ဘီးများကို လုံအောင်ဖုံးပြီး စောင့်ကြရသေး၏။ သို့သော် ထိုသူကားမပေါ်လာတော့ချေ။

## မမေ့နိုင်သော ခြေလျင်ခရီး

ကွမ်းခြံဘူတာမှ မီးရထားသည် နံနက် ၄နာရီတွင် ထွက်သည်ဆိုရာ ကျွန်ုပ်တို့သည် တညလုံးအိပ်တော့သည်မရှိပဲ လန်ချားစောင့်ယင်းနှင့်ပင် သန်းခေါင်တိုင်သွား၍ ပစ္စည်းပစ္စယကလေးများကို လန်ချားပေါ်သို့ တင်ကြလေ၏။ ဤဟာကလေးတော့ ယူမှဖြစ်မည်၊ ထိုဟာကလေးတော့ ပါမှဖြစ်မည် စသည်ဖြင့် တိုလီမိုလီ ပစ္စည်းကလေးများကို လန်ချားပေါ်သို့ တင်လိုက်ရာ မဆံ့ပဲဖြစ်နေ၏။

နောက်ဆုံး၌ မစိုးက ပစ္စည်းတရွက်စာရွက်၍ ကျွန်ုပ်ကလန်ချားဆွဲ၊ ကိုခင်မောင်က နောက်မှတွန်းလျက် သီတာလမ်းမှ ထွက်လာကြသောအခါ ၁၉၄၁ ခုနှစ်၌ ဒီဇင်ဘာလ ၂၉ ရက်နေ့နံနက်တနာရီအချိန်ဖြစ်လေသည်။ တမြို့လုံးမှာ မီးလည်းမထွန်း၊ လလည်းမရှိသောကြောင့် မှောင်မည်းလျက်ရှိရာ တလမ်းလုံးတွင် ကားတစီးတလေမှတပါး မည်သည့်ယာဉ်မျှမတွေ့၊ လူလည်းမတွေ့၊ အလွန်တိတ်ဆိတ်လျက်ရှိ၏။ မတိတ်ဆိတ်ပဲရှိမည်လော၊ လမ်းဘေးရှိအိမ်များတွင် လူရှိသောအိမ် အလွန်နည်း၍ ရှိသမျှသော လူများလည်းကြောက်ကြောက်နှင့် ကုပ်နေကြပေလိမ့်မည်။

ကျောက်မြောင်းရပ် သီတာလမ်းနှင့် ကွမ်းခြံဘူတာခရီးမှာ အတန်ကြီးဝေးသည်ဖြစ်ရာ ကျွန်ုပ်တို့လာရပုံ အခြေအနေကိုကြည့်လျှင် အလွန်တရာကြီး ဝေးသည်ဟု ထင်မိသည်ဆိုက နားလည်နိုင်ကြပေလိမ့်မည်။ ကျွန်ုပ်ကရှေ့မှဆွဲ ကိုခင်မောင်က နောက်မှတွန်း (ချဲဂါရီစတိုင်) မစိုးက တရွက်ရွက် လျက်သန်းခေါင်ကျော်အချိန် အလွန်ဆိုးရွားသော စစ်ခေတ်ကြီး၌ သုံးယောက်သားလာခဲ့ရခြင်းကို နောင်အခါ ကာလမျိုး၌ ပြန်လည်တွေးတော လိုက်သည့်အခါ ဆင်းရဲဖော် ဆင်းရဲဘက်များဟူ၍ ကျွန်ုပ်အဖို့ သံယောဇဉ်ကြိုး တပတ်ထပ်၍ ရစ်ပတ်တုပ်နှောင်ခြင်းခံရပါသည်။ တစုံတယောက်သောသူက ကျွန်ုပ်အား လန်ချားဆွဲရသောအဖြစ်မျိုးသို့ တနေ့နေ့၌ ရောက်လိမ့်မည်ဟု ဗေဒင် ဟောငြားအံ့၊ ကျွန်ုပ်က လူရူးဟူ၍ စွပ်စွဲမိလိမ့်မည် ထင်ပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သုံးယောက်သားလာကြ၍ ၂၅ ရက်နေ့က ကုလားအလောင်းပုံကြီး မြင်ခဲ့သည့် သင်းချိုင်းအနီးသို့ ရောက်ကြသောအခါ ကိုခင်မောင်က "ခင်ဗျား မှတ်မိသေးလားဗျို့"ဟု မေးလိုက်သဖြင့် ကျွန်ုပ်က "မှတ်မိပါတယ်ဗျာ၊ နေစမ်းပါ"ဟု ပြန်ပြောလိုက်ရ၏။

ဤတွင် မစိုးက "ဘာလဲအကိုကြီး"ဟု မေး၍ ကျွန်ုပ်က "ဒီအနားမှာ ဟိုတနေ့က ကားတိုက်တာပါကွာ"ဟု ပြောလိုက်သဖြင့် မစိုးက "သေရောလား"

ဟုမေးရာ ကျွန်ုပ်က "မသေပါဘူးကွာ၊ ဆေးရုံတင် ရရုံပါပဲ"ဟုပြောရ၏။ ဤသို့သော ဂွလုပ်နည်းမျိုးမှာ ကျွန်ုပ်၏သူငယ်ချင်း ဝန်ထောက်ကိုဝင့်မော် လုပ်တတ်လှသောကြောင့် သူ့အား ကျွန်ုပ်သတိရမိ၏။ ကိုခင်မောင်မူကား ဤကဲ့သို့ ပြဿနာ သည်မရှိပဲ အဆင်ပြေအောင် စပ်ဟပ်ဖာထေး ပြောဆိုတတ်သူ တဦးဖြစ်ပါလျက် ဤတချက်လုပ်လိုက်ခြင်းအတွက် ကျွန်ုပ်အံ့သြလှသည်။ "ဘာစိတ်ကူးရှိလို့ ခင်ဗျားမေးရတာတုန်းဗျ"ဟု နောင်တွင် ကျွန်ုပ်ကမေးသောအခါ "မပြောတတ်ပါဘူးဗျာ၊ မကြုံစဘူး အဖြစ်မျိုးကြုံရလို့ စိတ်တွေ ဂယောက်ဂယက်ဖြစ်ကုန် ထင်ပါရဲ့ဗျာ"

"ခင်ဗျားတော်လိမ့်မှတ်တယ်၊ ဒီတချက် ချော်လိုက်တာဗျာ၊ တကယ်ဆို မစိုးရိမ်နေတယ်မဟုတ်လား"

"မစိုးကို သတိမရဘူးဗျို့၊ ကျုပ်ကတွန်း ခင်ဗျားကဆွဲ နှစ်ယောက်ထဲ ထင်မိပါတယ်"

## အကြီးအကျယ် စကားများရခြင်း

ဘူတာရုံသို့ရောက်ကြသောအခါ ခရီးသည်တွေအပြည့်နှင့် မီးရထားကြီး ထိုးထားသည်ကို တွေ့ရ၏။ မီးရထားထွက်ဖို့ နှစ်နာရီကျော်ကျော်ကြီး လိုသေးသော်လည်း ကျွန်ုပ်တို့ကဲ့သို့ ပြေးချင်ဇောနှင့် အစောကြီးကြိုတင် ရောက်ရှိနေကြလေပြီ။ ကိုခင်မောင်သည် ကော်ရင်ဂျီကုလား တယောက်ကို ခေါ်၍ ပစ္စည်းများကို မီးရထားပေါ်သို့ တင်ပေးလျှင် လန်ချားကိုအပိုင်ပေးမည်ဟု ပြောသည်နှင့် ကုလားလည်း ဝမ်းမြောက်ဝမ်းသာသယ်ယူတင်ပေး၏။ (ကိုခင်မောင်ကား ငွေရေးကြေးရေးတွင် အတော်လာဘ်မြင်သူဖြစ်သည်။ ပစ်ထားခဲ့ရမည့် လန်ချားကို ကူလီခနှင့် နှိမ်လိုက်သည်။) မီးရထားပေါ်၌ကား အလွန်ပြည်ကျပ်နေပြီဖြစ်၍ မည်သည့် တွဲတွင်မှ နေရာရနိုင်ဖို့မရှိဟု ကျွန်ုပ်ထင်မိရာ ကိုခင်မောင်သည် တွဲတတွဲပေါ်သို့

စွပ်ကနဲတက်သွား၍ ချော့သူကိုချော့၊ ချောက်သူကိုချောက်၊ ငေါက်သူကိုငေါက် စသည်ဖြင့် ပြုလုပ်ရာတွင် ကျွန်ုပ်တို့ လင်မယားနှင့် ပစ္စည်းကလေးများအတွက် နေရာရပေသည်။ သူ့အဖို့မူ ထိုင်ချင်ရာ ထိုင်မည်ဆို၍ အတည်တကျမရှိ။ မတ်တတ်ပင်လိုက်လာသည်။ မီးရထားမထွက်မီ ဘောင်းဘီဝတ် လက်မှတ်စစ်များ ရောက်လာကြ၍ ခရီးသည်များအား လက်မှတ်ယူကြရန်ပြော၏။ ကျွန်ုပ်တို့ ကြားသိထားသည်မှာကား ရန်ကုန်မှ တိမ်းရှောင်ထွက်ပြေးလိုသော ခရီးသည် များအား အစိုးရက နိဗ္ဗာန်ကူးတို့ပို့သည်။ လက်မှတ်ယူရန်မလို ဟူသည်ပင် ဖြစ်၏။ ဤတွင်ကိုခင်မောင်သည် ခရီးသည်များကို အစိုးရ နိဗ္ဗာန်ကူးတို့ပို့သည်။ လက်မှတ်ယူရန်မလို ဟူသည်ပင်ဖြစ်၏။ ဤတွင် ကိုခင်မောင်သည် ခရီးသည် များကို ဦးစီးဦးဆောင်ပြုလျက် လက်မှတ်မယူဖို့ ခုခံပြောဆို၏။ အချို့ခရီးသည် များသည် လက်မှတ်စစ်များကို ကြောက်ရှာကြသည်နှင့် လက်မှတ်ယူမည်ပြုကြရာ ကိုခင်မောင်က "လက်မှတ်မယူကြနဲ့၊ ခံစရာရှိလျှင် ကျွန်တော်ခံမည်" ဟုပြောသည် နှင့် ပြန်၍ထိုင်ကြ၏။ လက်မှတ်စစ်များသည် ကိုခင်မောင်ကို မဲ၍ကြိမ်းကြလေရာ ကိုခင်မောင်ကလည်း အင်္ဂလိပ်လိုတလှည့်၊ ကုလားလိုတလှည့်ဖြင့် သွက်လက်စွာ ခုခံပြော၏။

လက်မှတ်စစ်များက အလကားပို့ခြင်းမှာ မနေ့ကဖြစ်သည်။ ယနေ့အတွက် မဟုတ်ဟုပြောရာ ကိုခင်မောင်က "နားမလည်ဘူး၊ အစိုးရပြေးရမည် အမိန့်ထုတ်၍ ပြေးကြရခြင်းဖြစ်ကြောင်း၊စစ်ဖြစ်ရခြင်းသည် ပြည်သူကြောင့်မဟုတ် အစိုးရကြောင့် ဖြစ်ရခြင်းဖြစ်၍ ပြည်သူကိုရွှေ့ပြောင်းပေးဖို့ အစိုးရက တာဝန်ယူရမည်ဖြစ် ကြောင်း" ပြော၏။

နောက်ဆုံး၌ လက်မှတ်စစ်မှူးက လက်မှတ်မယူကြလျှင် မီးရထားထွက်မည် မဟုတ်ကြောင်း ပြောရာ "မထွက်ချင်နေ ငါတို့ဒီပေါ်မှာ တသက်လုံးနေကြမည်" ဟု ကိုခင်မောင်က ပြော၏။ သို့နှင့် သုံးနာရီခွဲပြီးသော်လည်း ကျွန်ုပ်တို့၏တွဲမှ မည်သူမှ လက်မှတ်မယူကြပဲ ကိုခင်မောင်၏ အရိပ်အကဲကိုကြည့်လျက် ရှိကြ၏။

ကျွန်ုပ်မှာမူ လန်ချားအတွက်နှင့် ရန်မဖြစ်ခဲ့ရပဲ မီးရထားလက်မှတ်အတွက်နှင့် သတ်ကြရလိမ့်မည်ထင်လျက်ရှိ၏။ ဂါတ်ဗိုလ်သည် ဝီစီမှုတ်၍ အချက်ပေးလေရာ ကျွန်ုပ်တို့လည်း တွဲအနီး၌ ရပ်လျက်ရှိသော လက်မှတ်စစ်နှစ်ယောက်၏အကဲကို ကြည့်နေကြ၏။ ၄ နာရီထိုးသည်နှင့် မီးရထားလည်း တရွေ့ရွေ့ထွက်လာရာ ကျွန်ုပ်တို့၏တွဲပေါ်မှ ခရီးသည်များသည် ကိုခင်မောင်၏ ဦးဆောင်မှုဖြင့် "အောင်ပြီ"ဟူသော သဘောနှင့် ဟစ်အော်ကြွေးကြော်ခဲ့ကြလေ၏။ လမ်းခရီး၌ ကျွန်ုပ်တို့စုံစမ်းကြည့်ရာ အချို့တွဲများတွင် လက်မှတ်မယူသော လူမျိုးများပါသော်လည်း များသောအားဖြင့် လက်မှတ်ယူခဲ့ကြသည်ဟု သိရသည်။ လက်မှတ်စစ်များသည် အခြားတွဲများပေါ်သို့တက်၍ စစ်ကြသော်လည်း လမ်းတလျှောက်လုံး ကျွန်ုပ်တို့၏တွဲသို့ တကြိမ်မျှ မတက်ခဲ့ကြချေ။

## ဗမာလူမျိုး၏စေတနာ

မီးရထားသည်နံနက် ၄နာရီတွင် ထွက်၍ ၇–စနာရီတွင် ကောင်းကောင်း လင်းသောဘူတာများသို့ဆိုက်ရောက်လာသောအခါ ၎င်းမြို့ရှိ မြို့သူမြို့သားများ သည်ဘူတာရုံများတွင် စုရုံးစီတန်းကာ ရပ်နေကြခြင်းကိုတွေ့ရ၏။ ၎င်းတို့၏ မျက်နှာများသည် မီးရထားတွဲများပေါ်မှ လူများအား "စစ်ပြေးဒုက္ခသည် များအနေ ဖြင့် ကရုဏာအလွန်ကြီးသော အမူအရာဖြင့် ကြည့်လျက်ရှိကြ၏။ ထိုသူတို့၏ လက်ထဲ၌ကား လင်ဗန်း၊ လက်ဆွဲချိုင့်၊ တောင်းပလုံး အထုပ်ကလေးများ စသည်တို့ကို ကိုင်ဆဲလျက်ရှိရာ လေးလံသည့် ခြင်းတောင်းကြီး၊ ဇျတ်ကြီး စသည်ကိုများကို ရွက်သူကရွက်၊ ထမ်းသူကထမ်း၊ ခါးစောင်းတင်သူကတင်လျက် ရှိကြ၏။ အဆိုပါထည့်စရာများထဲ၌ကား ထန်းလျက်၊ မြေပဲ၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ ပဲစိမ်းစားဥ၊ ထမင်းထုပ်၊ ဆေးလိပ် စသည်ဖြင့် အပြည့်ပါရှိ၏။ အချို့မိန်းကလေးများလည်း ရေအပြည့်ထည့်ထားသည့် ရေအိုးသစ် များကို

ငှက်ပျောရွက်စိမ်းစည်းလျက် ရွက်ထား၏။ မီးရထားရပ်သည်နှင့် တပြိုင်နက် ယောက်ျား၊ မိန်းမတို့သည် မီးရထားတစင်းလုံး ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စားစရာများကို မီးရထားတွဲများထဲသို့ (အချိန်မရှိသဖြင့်) ပစ်ထည့်ကြ သည် ဖြစ်စေ၊ ခရီးသည်များ၏လက်သို့ ကမ်းလှမ်းပေးကြသည်ဖြစ်စေ ကုန်စင်အောင် သွက်လက်စွာ ပေးကြလေတော့သည်။ ခရီးသည်များအနက် တရုတ်၊ ကုလား၊ မြန်မာ စ၍ လူအမျိုးမျိုးပါရှိလေရာ ပေးကမ်းသူများသည် လူမျိုးမရွေး၊ ကျားမမရွေး၊ ကြီးငယ်မရွေး ပေးကမ်းကြပါပေသည်။ လူမျိုးကွဲဆို သောကြောင့် အနည်းငယ်မျှသာပေးခြင်း၊ မြန်မာများဆိုသောကြောင့် ပို၍ ပေးကမ်းကြခြင်းကို မတွေ့ရ။ ၎င်းတို့၌ ပါသမျှကို ကြည်ဖြူရက်ရောစွာ ပေးကမ်းကြခြင်းကိုသာ တွေ့ရပေသည်။ အချို့ဘူတာများ၌ အထက်ပါစားစရာ မျိုးသာမက ဟင်းထမင်း နှင့် အချဉ်အငံ အစုံပါသည့် ထမင်းထုပ်များနှင့် အချို့ဘူတာများ၌ ကြက်သား ဒန်ပေါက်၊ ဆိတ်သားဒန်ပေါက်အထုပ်များကို လည်းကောင်း ရက်ရောဖောသီစွာ ပေးကြလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ အထူးသဖြင့် စွဲမြဲကာ မှတ်သားမိသော အခြင်းအရာတခုမှာ တဘူတာ၌အသက် ၆၀ ခန့်ရှိ လူကြီးတယောက်သည် ယခင်ကမူ အသက်၆၀ အရွယ်များကို 'အဘိုးကြီး'ဟု ရေးခဲ့ရာ ကိုယ်တိုင် ၇၀ ကျော်လာပြီဖြစ်သည့် ဤစာရေးချိန်၌မူ ထိုအရွယ်မျှကို အဘိုးကြီးဟု မခေါ်ချင် 'လူကြီး'ဟူ၍သာရေးချင်ပါတော့သည်။ ပဲစိမ်းစားဥတွဲများကို လက်ဝဲလက်ယာပါ နှစ်ဘက်ကိုင်လျက် မီးရထားတွဲ တလျှောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ယင်း "ကျုပ်ပဲစိမ်းစားဥကလေးများလဲ စားကြစမ်းပါအုံး၊ အမိတို့မောင်တို့ရယ်၊ ကျုပ်ကိုယ်တိုင်စိုက်ပြီး လတ်လတ်ဆတ် ဆတ် ကိုယ်တိုင် ဖော်ယူခဲ့တာပါ၊ အင်မတန်ချိုပါတယ်၊ စားကြည့်ကြပါအုံး၊ လူကလေး မိန်းကလေးတို့ရယ်" စသည်ဖြင့်အသံစာစာနှင့် ပြောလျက်ရှိရာခြင်းပင် ဖြစ်လေသည်။ သူ၏စားစရာမှာ ကြက်သားဒန်ပေါက်၊ ဆိတ်သားဒန်ပေါက်၊ ထောပတ်ထမင်း၊ အုန်းထမင်း၊ နနွင်းမကင်းစသည်ဖြင့် အစားကောင်းတွေထဲတွင် 'မတိုး'နိုင်အောင်ဖြစ်နေသည်နှင့်

အရွယ်ကြီးသူဖြစ်၍ လက်နှစ်ဘက်တွင် အပြည့်ဆွဲထားသော ပဲစိမ်းစားဥများကို ရထားတွဲထဲသို့ ရောက်အောင်မြှောက်သွင်းရန် မတတ်နိုင်ရှာသည်နှင့် တဝဲလယ်လယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရှာရခြင်းဖြစ်လေသည်။ ကျွန်ုပ်သည် မီးရထားပေါ်မှဆင်း၍ လူကြီးထံသို့ ချဉ်းကပ်ပြီးလျှင် မျက်နှာငယ်လျက်ရှိသော ပဲစိမ်းစားဥတွဲများကို အလှူခံလေရာ လူကြီးကဝမ်းမြောက်စွာ အားလုံးပေးခဲ့သည်နှင့် လမ်းတလျှောက်လုံး ကျွန်ုပ်က တဆင့်ကမ်း ဒါန ပြုလုပ်နိုင်ခဲ့ပါလေသည်။

## ကျွန်ုပ်ဂုဏ်ယူမိခြင်း

စားစရာများကိုလည်း လမ်းတလျှောက်လုံး စားလာကြစဉ် ကျွန်ုပ်သည် လူမျိုးကွဲ ခရီးသည်များအား (ကုလားပို၍များသည်။) ဗမာလူမျိုး၏ သနားကြင်နာစိတ်ဖြစ်လွယ်၍ ကရုဏာအလျောက် သဒ္ဓါကြည်ဖြူစွာ ပေးကမ်းတတ်ခြင်းအကြောင်းကို အသားယူကာ ဖော်ထုတ်ချီးကျူး ပြောဆိုလေရာ လူမျိုးကွဲ ခရီးသည်များ (အထူးသဖြင့် ကုလားလူမျိုးများ)သည် ကျွန်ုပ်တို့ ဗမာလူမျိုးများအပေါ်မှ ကပ်သီးကပ်သတ် အမြတ်ထုတ်ခဲ့မိခြင်းအတွက် ရှက်ကိုးရှက်ကန်းဖြစ်ကြသော မျက်နှာထားမျိုးနှင့် (ဤသို့ဖြစ်စေရန် ကျွန်ုပ်ကလည်း ရည်ရွယ်ချက်ရှိသည်။) မြန်မာလူမျိုး၏ရက်ရောပုံကို အူထဲအသည်းထဲက လှိုက်လှဲစွာ ချီးကျူးကြလေသည်။ ဤတွင်အိန္ဒိယပြည်သို့ ရောက်ခဲ့ဘူးသော ကိုခင်မောင်က အိန္ဒိယပြည်တွင် နိုင်ငံခြားသားခရီးသည် တယောက်အဖို့မှာ ရေတခွက်တောင်း၍ ရဖို့အလွန်ခဲယဉ်းကြောင်းနှင့် ဖိနှိပ်ပြောဆိုလေရာ ဟိန္ဒူကုလားခရီးသည်ကြီးများလည်း လက်နှစ်ဘက်ဖြင့် ဆလံပေးကာ ဝန်ခံရှာလေသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း မြန်မာလူမျိုးများ၏ ကြင်နာတတ်ခြင်းနှင့် ရက်ရောခြင်းတည်းဟူသော အပြုအမူသည် ကျွန်ုပ်၏စိတ်ကို အတော်ကြီး ထိခိုက်သည်ဖြစ်၍ ကိုယ့်လူမျိုးအပေါ်၌ ယခင်ကထားရှိခဲ့သည့် မကျေနပ်မှု၊ အားမရမှု၊ အထင်သေးမှုများသည် တခါတည်း

ပျောက်ပျက် လွင့်စင်သွားပါလေတော့သည်။ ခရီးသည်များသည် လမ်းခရီးအဖို့ အစာရေစာအတွက် ကောင်းစွာ လုံလောက်ရုံမက မိမိတို့အသီးသီးရကြသော ဝေစုကိုပင် ကုန်အောင်မစားနိုင်ပဲ ပိုလျှံလျက်ရှိကြပါလေသည်။

## အားငယ်မိခြင်း

ညနေ ၆ နာရီလောက်တွင် မန္တလေးဘူတာသို့ မီးရထားဆိုက်သောအခါ ခရီးသည် အများအပြားမှာ လမ်းဘူတာများ၌ ဆင်းသွားကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့ရထားတွဲ၌ ကျွန်ုပ်တို့သုံးယောက်အပြင် ခရီးသည်လေးငါးယောက်မျှသာ ပါတော့သည်။ ကျွန်ုပ်တို့သည် ပိုလျှံသော စားစရာများကို ကူလီများအားဝေငှရာတွင် တပွေ့တပိုက်စီ ရရှိကြသည်နှင့် ဝမ်းမြောက်ဝမ်းသာ သယ်ယူသွားကြ၏။ ၎င်းတို့သည် အလကားရခဲ့သောပစ္စည်းများဟူ၍ သိရှိကြသောအခါ အောက်ရွာအောက်ပြည်များတွင် ပစ္စည်းအလွန်ပေါ၍ ရက်ရောကြပါပေသည်ဟု မှတ်ထင်ကာ တအံ့တဩ ဖြစ်သွားကြရာလေသည်။ ကျွန်ုပ်တို့၏ခရီးစဉ်မှာ ကသာထိအောင် သွားကြရန်ဖြစ်လေရာ မီးရထားသည် ညဉ့်အချိန်တွင် မခုတ်မောင်းပဲ နံနက်မှ ထွက်မည်ဖြစ်သောကြောင့် ကျွန်ုပ်တို့မှာ မန္တလေးဘူတာအတွင်း မီးရထားတွဲပေါ်တွင် အိပ်ကြရန်ဖြစ်၏။ ကျွန်ုပ်တို့၏တွဲထဲ၌ကား ကျွန်ုပ်တို့သုံးယောက်မှတပါး အခြားခရီးသည်မရှိတော့သဖြင့် ခပ်ခြောက်ခြောက် ဖြစ်နေ၏။ ဖြစ်ရပုံတခုကို ဖော်ပြလိုသည်မှာ ကျွန်ုပ်သည် မန္တလေးသားတယောက် ဖြစ်ပါလျက် မန္တလေးမြို့ကြီးသို့ရောက်ကာမှ ဤမျှလောက် အားငယ်ရခြင်းကို တခါမှ မကြုံရဘူးပါ။ အရပ်ထဲ၌ကျွန်ုပ်၏ဆွေမျိုးများရှိ၍ တညအတွက် တည်းခိုခွင့် ရလောက်သော်လည်း ရန်ကုန်၌ ဗုံးနှစ်ကြိမ်ချကတည်းက မန္တလေးမြို့ကြီးမှာ ထိတ်လန့် တုန်လှုပ်၍ ညဉ့်အချိန်တွင် အသွားအလာ အလွန်နည်းပြီး မည်သည့်ယာဉ်မျှ မတွေ့ရချေ။ အကယ်၍ယာဉ်ရသဖြင့် သွားကြပါလျှင်လည်း ကျွန်ုပ်၏ဆွေမျိုးများသည် နေအိမ်

၌ရှိကြလိမ့်မည်ဟု မည်သူမျှမပြောနိုင်ချေ။ သို့ဖြစ်၍ ဖုံးကြံချမည်ကို စိုးရိမ်ရသော မန္တလေးဘူတာရုံကြီးအတွင်း မီးရထားတွဲထဲ၌ အိပ်ရုံမျှတပါး အခြားနည်းလမ်း မရှိချေ။

## ရှာတတ်ဖွေတတ်သူ တယောက်

ကျွန်ုပ်၏သူငယ်ချင်း ကိုခင်မောင်မှာ အထက်တွင် အမြွက်မျှ ဖော်ပြခဲ့သည့် အတိုင်း မကျေနပ်ဖွယ်သောအချက်ကလေးများကြောင့် ကျွန်ုပ်နှင့်တကျက်ကျက် ဖြစ်ခဲ့ရဘူးသော်လည်း သူ၏ကောင်းသောအချက်အလက် ကလေးများမှာ ကျေနပ် ဖွယ်တွင်မက ရှိခိုးချင်စရာပင် ကောင်းပါပေသည်။ ပမာဆိုသော် မီးရထား တွဲထဲတွင် ကျွန်ုပ်တို့စားစရာအတွက် ထမင်းဟင်းမရှိစေကာမူ မုန့်ပဲသရေစာများရှိ သည်ဖြစ်၍ မတတ်သာလျှင် ၎င်းတို့နှင့်ပင် ညစာအတွက် တင်းတိမ်ရောင့်ရဲရမည် ဖြစ်၏။ ကိုခင်မောင်နှင့် ကျွန်ုပ်ကား ကျေနပ်နိုင်ကြသည်။ သို့ရာတွင်မစိုးသည် ထမင်းမှလွဲလျှင် (ပဲစိမ်းစားဥကိုမဆိုထားဘိ) ပေါင်မုန့်နှင့်ပင် တင်းမတိမ်တတ် ကြောင်း ကျွန်ုပ်သိပြီးဖြစ်၍ သူ့အတွက် ကျွန်ုပ်စိတ်မကောင်းဖြစ်၏။ ကိုခင်မောင် က–

"ဘယ့်နှယ်လဲဗျို့၊ ၎က်ပျောသီး ပဲစိမ်းစားဥနဲ့ မြေပဲပဲရှိတယ်၊ ကျေနပ်နိုင် ကြပါမလား"

"ကျုပ်ကတော့ ကျေနပ်နိုင်ပါတယ်၊ မစိုးကခက်တယ်၊ သို့သော် ဟင်းတွေ တော့ပါတယ်၊ ထမင်းလိုတာပဲ"

မစိုးက ဥပုသ်စောင့်လိုက်ရုံရှိတာပေါ့ဟု ပြောသော်လည်း ကိုခင်မောင်က "နေအုံးဗျ၊ ကျုပ်ကြိုးစားချေအုံးမယ်"ဟုဆိုကာ ရထားပေါ်မှ ဆင်းသွားလေ၏။ ရထားပေါ်၌ကား ကျွန်ုပ်တို့နှစ်ယောက်တည်း ကျန်ရစ်တော့သည်ဖြစ်၍ သာပြီး အားငယ်ကြသည်။ မပြုံးကြပါနှင့်။ ကျွန်ုပ်ကား သူရဲကောင်းကြီးတယောက်မဟုတ်

သော်လည်း လမ်းပေါ်ကလူထက်မူကား သတ္တိမနည်းပါ။ ခေတ်ကြီးဖြစ်နေပုံ အခြေအနေနှင့် ဘူတာရုံတွင် ဖုံးချမည်လောဟု စိုးရိမ်သောကြောင့်ဖြစ်ပါသည်။

တနာရီခန့်ကြာသောအခါ ကိုခင်မောင်ပြန်လာ၍ လက်တွင်အထုပ်တထုပ် ဆွဲလျက် ဂျိုင်းတွင် ပိုင့်ပုလင်းတလုံးပါလာ၏။ အထုပ်ကြီးကို ဖြည်ကြည့်ကြသော အခါ ခေါက်ဆွဲထုပ် သုံးထုပ်တွေ့ရ၍ ပုလင်းမှာကား တောအရက်ပါသည်။ အရက်အကြောင်းကိုအနည်းငယ် ရေးရဦးမည်။ ကိုခင်မောင်နှင့်ကျွန်ုပ်သည် သောက်တတ်သူများဖြစ်ကြသော်လည်း ဟိုတယ်များ၌သာ သောက်ခြင်းများ၍ ဒင်းနာပါတီကလေး တခါတလေကျွေးခြင်းမှတပါး အိမ်တွင် မယားများ၏ရှေ့၌ သောက်ကြခြင်း အလွန်နည်း၏ အထူးသဖြင့်ကြီးပြင်းသော အခါ၌ ရှောင်တတ်ကြ ၏။မယားများကို ကြောက်သောကြောင့်မဟုတ်၊ မလေးစားပဲ ရှိမည်စိုးသောကြောင့် ဖြစ်၏။ သို့ဖြစ်၍ ကိုခင်မောင်က အရက်ပုလင်းဝယ်သောအခါ (မစိုးအတွက် ကြောင့်) ကျွန်ုပ်တွန့်သွား၏။ သို့ရာတွင် တခွက်နှစ်ခွက်စီ သောက်မိကြ၍ အူရွှင်လာကြပြီး စိုးရိမ်သောကစိတ်တွေ ပျောက်ပြယ်သွားခြင်းကို တွေ့ရသောအခါ ကျွန်ုပ်၏စိတ်ထဲ၌ မစိုး၏သောကကိုမြင်သဖြင့် သနားပြီး သူပါသောက်လျှင် ကောင်းလိမ့်မည်ဟုထင်မိလေသည်။ သို့သော် သွေးဆောင်တိုက်တွန်းခြင်း ပြု လောက်အောင် မိုက်မဲလှသည်ကား မဟုတ်ပါ။

## ဖခင်ကို သတိရခြင်း

နံနက်လင်းသည်နှင့် တပြိုင်နက် ခရီးသည်များရောက်လာ၍ မီးရထားလည်း ထွက်ခဲ့လေပြီ။ ဤနေရာ၌ ကျွန်ုပ်သည် အခြားနေရာသို့မသွားပဲ အဘယ့်ကြောင့် ကသာသို့သွားရသည်ကို ရှင်းပြလိုပါသေးသည်။ ကသာ၌ကိုသိန်းဖေရှိခြင်းကား မှန်ပါသည်။ သို့ရာတွင် အခြားသော အကြောင်းအရာများလည်း ရှိပါသေးသည်။ စစ်နှင့်ပတ်သက်၍ ကျွန်ုပ်၏တွက်ကိန်းကား ဂျပန်က အင်္ဂလိပ်ကို နိုင်လိမ့်မည်မှာ

သေချာသည်။ သို့ရာတွင် ဂျပန်သည် ရန်ကုန်မှစ၍ တိုက်လာပြီး တဖြည်းဖြည်း အညာသို့ တက်လာ၍ မန္တလေးလောက် ရောက်သည်ဆိုလျှင် အင်္ဂလိပ်စစ်တပ် တွေအားလုံးပြေးပြီး မြန်မာပြည်ကို ဂျပန်သိမ်းလိမ့်မည်။ သို့ဆိုလျှင် ကသာမြို့ကို တိုက်နေဖို့မလို၊ ကသာမြို့သည် စစ်မြေပြင် ဖြစ်နိုင်စရာမရှိဟု ကျွန်ုပ်တွက်ကိန်း ရသည်။ ဤတွက်ကိန်းမှာ အမှားကြီးမှားရုံမက ကျွန်ုပ်အဖို့ သေရမတတ် ခံလိုက်ရပုံကို ရှေ့တွင်ဖော်ပြပါမည်။ အခြားသောအကြောင်းတရပ်မှာလည်း အကယ်၍ မိခင်အသက်ရှင်လျက်ရှိပါမူ ကျွန်ုပ်သည် ကသာသို့ပြေးစဉ်းတော့ မည်သည့်နည်းမဆို မိခင်နှင့် ဖခင်တို့ကို မန်ကျည်းတုံရွာသို့ ဝင်၍ခေါ်ဦးမည်ဖြစ် ၏။ ယခုမှာ ဖခင်နှင့်မိထွေးတို့သာရှိတော့သည် ဖြစ်သောကြောင့် ဖခင်၏ ဆွေမျိုးပေါ်များလှသော မန်ကျည်းတုံရွာမှ သူတို့အား ခေါ်သွားဖို့မလိုဟု ဆုံးဖြတ်လိုက်ခြင်းဖြစ်လေသည်။ ဝက်လက်ဘူတာကို ကျော်လွန်၍ မီးရထားခုတ် မောင်းသွားရာတွင် ကျွန်ုပ်သည် မိဘနှစ်ပါးအနက် ဖခင်ထက် မိခင်အား မြတ်နိုးပုံကဲလွန်ခြင်းကို သတိရ၍ ကိုယ့်ဟာကိုယ် တရားပါ၏လောဟု ဝမ်းနည်းစွာ နှင့် စဉ်းစားမိပါသေးသည်။ အထူးသဖြင့် ဖခင်၏တူ (ကျွန်ုပ်၏ညီဝမ်းကွဲ) တယောက်နှင့်တွေ့၍ "အကိုကြီး မန်ကျည်းတုံမဆင်းဘူး လား"ဟု မေးရာတွင် "မဆင်းတော့ဘူးကွာ၊ အဖေ့ကိုသာ ပြောလိုက်ပါတော့"ဟု မှာထားရာ၌ စိမ်းကားရာ ကျသည်သည်ဟု ထင်ခဲ့မိပါသည်။

## ကိုခင်မောင် ကျီစယ်ခြင်း

ကျွန်ုပ်တို့သည် ကသာမြို့သို့ ညစနာရီတွင် ဆိုက်ရောက်ကြ၍ ဇရစ်ချောင် သို့ လှည်းဖြင့် ၉ နာရီကျော်မှ ရောက်သွားကြ၏။ ဆောင်းဥတု ရာသီဖြစ်၍ ကိုသိန်းဖေတို့ အိမ်သားများ အိပ်ပျော်ကုန်ကြပြီ ဖြစ်သောကြောင့် နှိုးယူရ၏။ ကိုခင်မောင်၏ အကြံပေးချက်အတိုင်း သူ့အား လေ့ကားရင်းတွင် ဝှက်ထားခဲ့ပြီး

ကျွန်ုပ်တို့လင်မယားသည် ပစ္စည်းကလေးများနှင့် အိမ်ပေါ်သို့ တက်သွားရာ ဖိုးထဲမှ လွတ်မြောက်လာကြသည့် လင်မယားနှစ်ယောက်ဟု ဆိုကာ ကိုသိန်းဖေတို့ ဝမ်းသာလိုက်ပုံမှာ ပြောဖွယ်ရာမရှိချေ။ ကိုသိန်းဖေက–

"ဘယ်သူတွေ သေကြေသေကြေ ခင်ဗျားတော့ ဒီအထဲမပါနိုင်ဘူးလို့ စိတ်ချပြီးသားပါဗျာ"

"ဘာကြောင့်လဲဗျာ"

"ခင်ဗျားက တိမ်းဖို့ရှောင်ဖို့ အချက်အလက် နားလည်တဲ့ လူတယောက်လို့ ကျုပ်က ယုံကြည်ပြီးသားပဲ၊ လူအတွေ့ သေရတာပါဗျာ" ကျွန်ုပ်သည်လည်း မိမိကိုယ်ကို အလားတူပင် ယုံကြည်ထားသူတယောက်ဖြစ်၍ သူ၏စကားကို အတော်ကျေနပ်မိသည်။ သို့သော်–

"ကိုခင်မောင်တယောက်တော့ ပါသွားရှာပြီဗျို့"

"ဟင် ဟုတ်ကဲ့လားဗျာ၊ သူလဲ လူပါးတယောက်ပဲ"

"ပါးတိုင်းလဲ မလွတ်ဘူးဗျ၊ ကံနိပ်စက်တော့ ခံရတာပဲ"

"ဘယ်နေ့ကလဲဗျာ"

"ဒုတိယမွှိုချတဲ့ နေ့ကပေါ့"

"ဖြစ်ရလေဗျာ"

ထိုအတောအတွင်း၌ ဒေါ်ဖူးညိုသည် ငြိမ်းစပြုနေသော ဆောင်းမီးဖိုကို ပြန်မွှေး၍ မီးဖိုအနီး၌ ဝိုင်းထိုင်ကာ ကော်ဖီဖျော်ရန်အတွက် ရေနွေးအိုး တည်လျက်ရှိစဉ် လေ့ကားထိပ်၌ ရပ်လျက်ရှိသော ကိုခင်မောင်ကိုဖွင့်ထားသော တံခါးမှ မြင်ရ၏။ ကျွန်ုပ်နှင့် မစိုးတို့ကမူ မမြင်ချင်ပြု၍ နေကြ၏။ ကိုသိန်းဖေ ကားအတော်မျက်စိမှုံသော လူတယောက်ဖြစ်ရာ ခဏတာမျှ တွေကြည့်လျက် နေပြီးနောက် ဗြုတ်ကနဲ ထသွား၍ ကိုခင်မောင်၏ပခုံးကို လှုပ်ယမ်းလေသည်။ ကိုသိန်းဖေကား ကိုခင်မောင် မျှော်လင့်သည့်အတိုင်း ကိုယ်ထင်ပြသည်။ မထင်၊ ချက်ချင်းပင် အမှန်အတိုင်း ရိပ်မိလေသည်။ ကျွန်ုပ်က–

“တစ္ဆေချောက်တယ်လို့ မထင်ဘူးလားဗျာ”

“မထင်ပေါင်ဗျာ၊ ကိုခင်မောင်လဲ လူပါးတယောက်လို့ ကျုပ်သိသားပဲ”

## ကိုယ့်အဖြစ်ကို ကြည်နူးခြင်း

ထိုညဥ့်မှာ ဒီဇင်ဘာလ ၃၀ ရက်နေ့ဖြစ်၍ ထိုအရပ်တွင် အလွန်ချမ်းအေးလျက် ရှိလေပြီ။ ကျွန်ုပ်တို့သည် ဆောင်းမီးဖိုအနီးတွင်ဝိုင်းဖွဲ့ကာ ထိုင်ကြလျက် ကော်ဖီသောက်ကာ မုန့်စားကာဖြင့် ရန်ကုန်မြို့၏အဖြစ်အပျက်ကို အားရပါးရ ပြောသူကပြော၍ နားထောင်သူများကလည်း စိတ်ဝင်စားစွာ နားထောင်ကြလေသည်။ လွန်ပြီးသော အတွေ့အကြုံများကို အင်္ဂလိပ်လိုတလှည့်၊ မြန်မာလိုတလှည့်ဖြင့် ပြန်ပြောရသော အလုပ်မျိုးတွင် ကိုခင်မောင်ကဲ့သို့ အပြောကောင်းသော လူတယောက်ကို ကျွန်ုပ် မတွေ့ရဘူးကြောင်း ထုတ်ဖော်ရေးသားဘူးပြီဖြစ်ရာ ထိုညဥ့်၌ မစိုးနှင့် ကျွန်ုပ်မှာ ရံဖန်မျှသာ ပြောခွင့်ရကြ၍ သူတယောက်တည်း စာဟောဆရာပြောနည်းမျိုးဖြင့် တပါးသွားကြပါလေတော့သည်။

ကုလားသင်းချိုင်းတခု၌ အလောင်းတွေ စုပြုံထားသည့်အထဲမှ ကိုယ်ဝန်အရင့်အမာနှင့် ကုလားမကြီးတယောက်၏ အလောင်းသည် ပေါင်ထောင် ကားယားနှင့် ရှုမကောင်း မြင်မကောင်း ဖြစ်နေပုံကိုမျက်စိထဲ၌ ကွင်းကွင်းကွက်ကွက် မြင်လာအောင် ပြောပြရာတွင် ကိုယ်တိုင်မြင်ခဲ့ရသော ကျွန်ုပ်သာမက ဒေါ်ဖူးညိုနှင့် မစိုးတို့ပါ အော့နှလုံးနာကြသည်နှင့် ‘ပျို့’တက်လာ ကြပါတော့သည်။ အလွန်သရုပ်ပါအောင်ပြောတတ်သော လူတယောက်ပါပေတည်း။ ဤသို့ဖြင့် သန်းခေါင်ကျော်တိုင်အောင် စကားကောင်းလျက်ရှိကြရာ ကြက်တွေတွန်သောအခါမှ ဒေါ်ဖူးညိုနှင့် မစိုးတို့ ဝင်အိပ်ကြ၍ ကျွန်ုပ်တို့သုံး ယောက်မှာမူ ဆောင်းမီးဖိုကို ဝိုင်းရံလျက်တယောက်၏တင်ပါးကို တယောက်ခေါင်းအုံးကာ လက်ဖက်ရည်ကြမ်း တကရားနှင့် မိုးလင်းတိုင်စကား ကောင်းကြပါတော့သည်။ ဤလူသုံးယောက်

အနက်က သူငယ်ချင်းတယောက်ထံ သို့ လိုက်ပို့၍သူတို့နှစ်ယောက်၏ အလယ်တွင် လဲလျောင်းကာ မိုးလင်းသည့်တိုင်အောင် စကားလက်ဆုံဝင်ကြရခြင်းတည်းဟူသော ကျွန်ုပ်၏အတွေ့အကြုံမျိုး ကြုံတွေ့ရသူတို့သည် လောကတွင် များများကြီးရှိလိမ့်မည်မထင်ပေ။ အခြားသော အခြင်းအရာများကိုထားပါဦး၊ ကျွန်ုပ်ကဲ့သို့ အဟုတ်တကယ် ခင်မင်ရင်းနှီးသော သူငယ်ချင်း လေးငါးယောက်ရှိခဲ့ဘူးသူပင် ခပ်ရှားရှားရှိ၍ "ဟေးလား ဝါးလား" နှင့် ပြီးကြသည့် မိတ်ဆွေများသာ ပေါများကြလေသည်။

လင်းအားကြီးအချိန်တွင် ကိုသိန်းဖေက–

"ဦးချစ်စုကြီး တယောက်တော့ မရှိရှာတော့ဘူးဗျို့"

"ဘာဖြစ်တာလဲဗျာ"

"ကျုပ် ရန်ကုန်က ပြန်မရောက်ခင် ဆုံးနေနှင့်တယ်ဗျာ"

"ဒါဖြင့် ဟိုဒင်းကလေး"

ဤတွင် ကိုခင်မောင်က "ဟိုဒင်းကလေး"၏ အဓိပ္ပာယ်ကိုမေး၍ ကျွန်ုပ်က ပြောပြသောအခါ–

"ဒါဖြင့် ရှိသေးလားဗျို့ ကိုသိန်းဖေ"

"ကျုပ် တဖြည်းဖြည်းမြီးတာနဲ့ကုန်ပါလေရော့ဗျား"

"နစ်နာလိုက်တာ ကိုသိန်းဖေရာ"

## ကိုသိန်းဖေ၏ စေတနာ

နောက်တနေ့မှာ ၁၉၄၁ ခုနှစ်နောက်ဆုံးနေ့ (ဒီဇင်ဘာလ ၃၁ရက်)ဖြစ်၍ ကျွန်ုပ်တို့သည် အနောက်တိုင်းသားများ၏ ထုံးစံအတိုင်း ကုန်လေပြီသော နှစ်ဟောင်းကို သောက်ပွဲကလေးဖြင့် နှုတ်ဆက်ဖို့ သတိရကြသော်လည်း ငွေရေးကြေးရေး မပဟန်သဖြင့် မသိချင်ပြု၍နေကြ၏။ နောက်တနေ့မှာ နှစ်သစ်ကူး

နေ့ဖြစ်သော်လည်း အလားတူ အကြောင်းကြောင့် အိမ်တွင်ကုပ်၍ နေကြ၏။ ဇန်နဝါရီလ ၂ ရက်နေ့သည်ကား ကိုသိန်းဖေ၏ပင်စင်လခ ထုတ်ရမည့်နေ့ ဖြစ်လေရာ ကိုသိန်းဖေသည် ကျွန်ုပ်တို့နှစ်ယောက်အား ရုံးသို့လိုက်ခဲ့ကြရန် ခေါ်သဖြင့် သုံးယောက်သား အတူသွားကြ၏။ လခထုတ်ပြီး သောအခါ ကျွန်ုပ်တို့သည် တရုတ်ခေါက်ဆွဲဆိုင်တခုသို့ ဝင်ကြလေ၏။ ခေါင်ရေနှင့် စားစရာများ ကျွေးမွေးခြင်းကို စာဖွဲ့လိုသောကြောင့်မဟုတ်၊ ကိုသိန်းဖေ၏ဝတ်ပြုခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်အလွန်ကျေနပ်သော အချက်တခုကို ဖော်ပြလိုသောကြောင့်ဖြစ်၏။ ကိုသိန်းဖေသည် ၅၀ ဝင်စီးကရက်ဗူး တဗူးကိုဝယ်၍ဖောက်ပြီးနောက် ကျွန်ုပ်တို့အား တလိပ်စီတည်သဖြင့် ညှိသောက်ကြ၏၊ အနံ့မှာ 'မင်သော်'နံ့မွှေးလေသည်။ ကိုသိန်းဖေ ပြောသည်မှာ–

"ဒီ စီးကရက်မျိုးပေါ်တာ ဘယ်လောက်ကြာပြီလဲ မသိဘူး၊ ဦးချစ်စုက တည်လို့ ကျုပ်သောက်ရဘူးတယ်၊ သိပ်ကြိုက်တာပဲ၊ နို့ပေမယ့် ဈေးကြီးလို့ ဝယ်မသောက်နိုင်ဘူး၊ ဒီတခါတော့ ခင်ဗျားတို့ လာတုန်းမို့ ဘယ်လောက်ပေးရ ပေးရဆိုပြီး ဝယ်လိုက်တာပဲ"ဟု ပြောလေရာ သူသောက်ချင်လျက်နှင့် မဝယ်ပဲ ကျွန်ုပ်တို့အတွက်ဝယ်သည်ဟူသော စကားသည် ကျွန်ုပ်၏စိတ်ကို အတော်ကြီး ထိခိုက်လှသည်။ ကိုသိန်းဖေကား နှမြောတတ်သူမဟုတ်၊ သုံးရက် ဖြုန်းရက်သူ တယောက် ဖြစ်လေရာ သူ၏ပင်စင်လခကလေးဖြင့် တိုင်းတိုင်းထွာထွာ သုံးရှာ သည်တွင် ကျွန်ုပ်တို့အတွက် တခါတရံ တတ်နိုင်သလောက် ကြံရှည်သည်ဟူသော အဓိပ္ပာယ်ပင် ဖြစ်လေသည်။

ကိုခင်မောင်၌ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကောင်းသောအချက်အလက်များ ရှိစေကာမူ ကိုသိန်းဖေ၏ဤကောင်းနည်းမျိုး မရှိခြင်းကို ကျွန်ုပ်သိသည်နှင့် ကိုခင်မောင်၏ မျက်နှာကို ကျွန်ုပ်စေ့စေ့ကြီး ကြည့်လိုက်သည်။ အဓိပ္ပာယ်ကား "ဘယ့်နှယ်လဲဗျာ၊ ကျုပ်လူ မတော်ပေဘူးလားဗျာ"ဟူ၍ ပြောလိုခြင်းပင်ဖြစ်လေ သည်။ ခေါင်ရေတော်တော် မူးလတ်သော် ကိုသိန်းဖေသည် ဤအလုပ်မျိုးတွင်

လောဘကြီးတတ်သည့်အတိုင်း ခပ်မူးမူးနှင့် သဒ္ဓါလွန်၍ စားစရာ သောက်စရာများကို မကုန်နိုင် မခန်းနိုင် ဆက်လက်မှာယူလေရာ ကျွန်ုပ်ကထ၍ သူ့အိတ်ထဲမှ ပင်စင်လခကိုနှိုက်ယူ၍ ဤမျှသာ သုံးရမည်ဆိုကာ ဖယ်ထားပြီး အကျန်ကို ကျွန်ုပ်၏အိတ်ထဲသို့ ထည့်ထားလိုက်ပါသည်။ ထိုနေ့က ကျွန်ုပ်တို့ သုံးယောက်အနက်တွင် ကျွန်ုပ်သည်တမင်တကာ အနည်းဆုံးသောက်သူ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်သည် မဏ္ဍိုင်သဖွယ်ဖြစ်၍ ကျွန်ုပ်မှားလျှင် အားလုံးမှားကုန်ကြမည် ဖြစ်ပါသောကြောင့်တည်း။

## ရန်ကုန်သို့ပြန်ခြင်း

ကျွန်ုပ်တို့သည် ဇရစ်ချောင်ရွာ၌ ၁၂ ရက်ခန့် နေထိုင်ကြသည့်အတွင်း ရန်ကုန်သတင်းကို နားစွင့်လျက်ရှိကြ၏။ ရန်ကုန်ကိုဗုံးများထပ်၍မကြဲသောကြောင့် သူရိယသည် နေရာပြောင်းရွှေ့ပြီး သတင်းစာထုတ်ဝေလျက်ရှိကြောင်း ကြားရ၏။ ကိုခင်မောင်၌ ပိုက်ဆံမပါ။ ကျွန်ုပ်တို့၌ အနည်းငယ်သာပါ၍ ကိုသိန်းဖေ၏ ပင်စင်လခမှာလည်း မများလေရကား ကျွန်ုပ်သည် ဤအတိုင်းထိုင်စားကြ၍ မဖြစ်နိုင်ကြောင်း သိသည်နှင့် မစိုးကို ဒေါ်ဖူးညိုတို့နှင့်ထားခဲ့ရာ ကိုခင်မောင်နှင့် ရန်ကုန်ပြန်ပြီး အလုပ်ဝင်ရန် ဆုံးဖြတ်လေ၏။ ကိုသိန်းဖေတို့က ဖြစ်သလို ဝေစားပါမည်ဟု ပြောကြသော်လည်း ငွေအကြောင်းကိုသိသော ကျွန်ုပ်သည် ပြန်မှဖြစ်မည်ဟု ပြောကာ ၁၉၄၂ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကိုခင်မောင်နှင့် ရန်ကုန်သို့ ပြန်လာခဲ့ကြလေ၏။ ထိုနှစ်မှာ ကသာမြို့၌ ကျွန်ုပ်မှတ်မိသလောက် အချမ်းအေးဆုံးဖြစ်ရာ ကျွန်ုပ်တို့သည် နံနက်၄နာရီထွက်သည့် မီးရထားပေါ်တွင် မီးသွေးမီးဖိုကလေးတခုနှင့် မီးသွေး နှစ်ပြည်ခန့် ဆောင်ယူကာ မီးလှုံကြရလေသည်။ ထိုခေတ်အခါက ခရီးသွားရခြင်းမှာ အလွန်စိတ်မချရပဲ ရင်တနွေးနွေးရှိကြရသော်လည်း အလွန်ချမ်းအေးသော နဘားဘူတာရုံမှစ၍ မီးကျီးတွေရဲရဲနီသော

မီးဖိုကလေးအနီး၌ ထိုင်ကာလိုက်ရခြင်းတည်းဟူသောဇိမ်ကို ယနေ့တိုင် မမေ့နိုင်အောင် ရှိပါတော့သည်။ ဝက်လက်ဘူတာသို့ ရောက်သောအခါဖခင်ကို သတိရ၍ မန်ကျည်းတုံရွာကလေးသို့ မျှော်ကြည့်ရုံသာ ကြည်ခဲ့နိုင်၏။ အသိမတွေ့သဖြင့် မေးမြန်းခြင်း၊ မှာထားခြင်းမပြုနိုင်ခဲ့ပေ။ ထိုညဥ့်၌ ကျွန်ုပ်တို့သည် မန္တလေးဘူတာကြီး၌ပင် အိပ်ကြရ၏။ သို့ရာတွင်ကျွန်ုပ်၏စိတ်ထဲ၌ ယခင်အကြိမ်ကနှင့်မတူပဲ ခြားနားခြင်းတခုရှိသည်မှာကား ဤတခေါက်၌မူ မိန်းမသားဖြစ်သောမစိုးတယောက် မပါသည့်အတွက် အလွန်တာဝန်ပေါ့၏။ ကျွန်ုပ်တို့ယောကျ်ားနှစ်ယောက်ချည်းဖြစ်သောကြောင့် ကြုံချင်ရာကြုံကြရစေ၊ ပေါ့ပါးစွာ တိမ်းရှောင်နိုင်ကြလိမ့်မည်ဟု ယုံကြသည်။

## လက်မှတ်အခက်အခဲ

နံနက်လင်း၍ မီးရထားထွက်သဖြင့် သာစည်ဘူတာသို့ ရောက်ကြသောအခါ ဗိုလ်ကပြား လက်မှတ်စစ်တယောက် တက်လာ၏။ ကျွန်ုပ်တို့၌ လက်မှတ်မရှိချေ။ ကျွန်ုပ်တို့၏ အထင်ကား အစိုးရနိဗ္ဗာန်ကူးတို့ပို့လျက်ပင် ရှိသေးသည်ထင်၏။ ကသာမှမန္တလေးသို့တိုင်အောင် လက်မှတ်စစ်ခြင်းမရှိသောကြောင့် သာ၍ပင် ထင်မိ၏။ သို့ဖြစ်၍ လက်မှတ်စစ်တက်လာသောအခါ ကျွန်ုပ်တို့အံ့သြလျက်ရှိ၏။ လက်မှတ်စစ်ကမေးသောအခါ လက်မှတ်မပါကြောင်း ပြောင်ပြောင်ရဲရဲပင် ပြောလိုက်ကြ၏။ ဤနေရာ၌ ကျွန်ုပ်တို့၏ဘဏ္ဍာရေးအခြေအနေကိုပါ ဖော်ပြရပါဦးမည်။ ကိုခင်မောင်၌ ပိုက်ဆံပါဟန်မရှိ။ ကျွန်ုပ်၌ ငွေ၁၀ကျပ်ပါခဲ့ရာ လမ်းတွင် ထမင်းဟင်း လေးနပ်အတွက်သာရည်ရွယ်၍ လက်မှတ်ခံဖို့ လုံးဝစိတ်ကူးမထည့်ခဲ့ချေ။ ဤတွင်ကိုခင်မောင်က ရန်ကုန်ဘူတာမှ ကုလားလက်မှတ်စစ်များနည်းတူ ဤနှယ်ထိုနှယ် ပြောပါသေး၏။ မစွံချေ။ ဤမျှသာမက လက်မှတ်စစ်သည် ကျွန်ုပ်တို့နှစ်ယောက်နှင့် သူတယောက်တည်း ဖြစ်နေခြင်းကို လန့်သည်လက္ခဏာနှင့်

အခြားကပြား လက်မှတ်စစ်တယောက်ကို လှမ်းခေါ်လိုက်၏။ ဤအတောအတွင်း၌ ကျွန်ုပ်၏စိတ်ထဲတွင် ချည်တုံချတုံဖြစ်လျက် မဆုံးဖြတ်နိုင်ပဲရှိနေသော အခြင်းအရာ တခုကို ဖော်ပြပါဦးမည်။

ဒုတိယရောက်လာသော ကပြားလက်မှတ်စစ်ကို ကျွန်ုပ်ကောင်းကောင်းသိ၏။ သူကလည်းကောင်းကောင်းသိဘူး၏။ သို့သော် မသိချင်ပြု၍ နေခြင်းလော၊ တကယ် မမှတ်မိ၍လော မပြောတတ်ချေ။ သိပုံကား ဤသို့တည်း၊ လွန်ခဲ့သော ၁၅ နှစ်ခန့်လောက်က လယ်ယာစိုက်ပျိုးရေးရုံး၌ အလုပ်လုပ်ခဲ့စဉ် ဒရက်ဂွန်အမည်ရှိ စာရေးတယောက်ရှိရာ သူနှင့်ကျွန်ုပ် တော်တော်ခင်မင်ကြ၏။ မတ္တရာနယ်ဆည်ကြီးဘက်သို့ ငှက်ပစ်သွားကြစဉ်က ဒရက်ဂွန်၏ ယောက်ဖများလည်းပါကြောင်း ရေးသားခဲ့ဘူးရာ ယခုလက်မှတ်စစ်မှာ ဒရက်ဂွန်၏ယောက်ဖတယောက်ဖြစ်၍ ထိုစဉ်ကတည်းက လက်မှတ်စစ်ဖြစ်သည်ဟု ကျွန်ုပ်သိသည်။ သူတို့လူစုသည် ကျွန်ုပ်၏ခြင်ထောင်ထဲသို့ ဦးခေါင်းများထိုးသွင်း၍ အိပ်ကြခြင်းကြောင့် ကျွန်ုပ်၌ ငှက်ဖျားရခဲ့ခြင်းကိုလည်း ဖော်ပြခဲ့ဘူးလေပြီ။ ကျွန်ုပ်မှာ ယခုအခါ၌ အကျပ်အတည်းကျနေ၍ သူကကယ်မည်ဆိုလျှင် ကယ်နိုင်လောက်သော အခြေအနေရှိ၏။ သို့ဆိုလျှင် ထိုသူအား ရှေးဟောင်းအဖြစ်ကို ပြန်ပြော၍ မိတ်ဆက်ရမည်လောဟု ကျွန်ုပ်စဉ်းစား၏။ ကျွန်ုပ်သိရသလောက်မှာ ကပြားများသည် အလွန်'လူလယ်'လုပ်တတ်၏။ ကျွန်ုပ်က ရှေးဖြစ်ဟောင်းကိုပြန်ပြော၍ သူက မသိချင်ပြုနေလျှင် ကျွန်ုပ်သေလုမတတ် ရှက်ရပေတော့မည်။ သို့ဖြစ်၍ ဖြစ်ချင်ရာဖြစ်စေ ကျွန်ုပ်မပြောတော့ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

## "ရွှေး"ယူရခြင်း

လက်မှတ်စစ်က မည်သည့်ဘူတာမှ စီးခဲ့ကြသနည်းဟုမေးရာ မန္တလေးမှဟုလိမ်၍ပြောရ၏။သွားမည့်ခရီးမှာ ရန်ကုန်ဖြစ်ခြင်းကိုလည်းပြောရ၏။နောက်ဆုံး

၌ ဤဘူတာမှ လက်မှတ်ယူကြရန်ပြောရာ ကျွန်ုပ်တို့က အခမဲ့ပို့သည် ဆိုသောကြောင့် စီးခဲ့ကြခြင်းဖြစ်၍ ပိုက်ဆံမပါကြောင်း ပြောရသည်။ ဤတွင်လက်မှတ်စစ်နှစ်ယောက် တိုင်ပင်၍ ကျွန်ုပ်တို့အား ရန်ကုန်ထိအောင် 'အစောင့်အရှောက်' နှင့်ခေါ်ခဲ့ဖို့ ဆုံးဖြတ်ကြလေ၏။ 'အစောင့်အရှောက်'ဆိုသည် မှာ အခြားမဟုတ် ကျွန်ုပ်တို့အနီး၌ လက်မှတ်စစ် တယောက်ယောက်ထိုင်၍လိုက်ပြီး အလှည့်နှင့်စောင့်ကြခြင်းဖြစ်၏။ လက်မှတ်စစ်များသည် သူတို့၏နယ်ဆုံးသောအခါ နောက်ရောက်လာသော လက်မှတ်စစ်များအား ကျွန်ုပ်တို့ကိုလွှဲအပ်ထား ခဲ့၏။ သို့ရာတွင် နောက်လူများသည် ပထမလူများကဲ့သို့ ကျွန်ုပ်တို့အပေါ်၌ အထင်သေးဟန်မရှိပဲ "ခင်ဗျားတို့ကို ယုံကြည်ပါတယ်"ဆိုကာ ကပ်၍မလိုက်ပဲ လွတ်လပ်စွာထားပါပေသည်။ ကျွန်ုပ်တို့သည် မီးရထားပေါ်မှ ဆင်းနေရစ်ခြင်း အားဖြင့်တိမ်းရှောင်ဖို့ စိတ်ကူးမိပါသေး၏။ သို့သော် ပိုက်ဆံမပါသော ကျွန်ုပ်တို့ အဖို့၌မီးရထားပေါ်မှ ဆင်းနေရစ်ပြီး မည်သည့်အချိန်မှ နောက်ရထားရောက်လာ မည်ကိုမပြောနိုင်သောကြောင့် အကြောင်းမထူးဟုဆိုကာ ထိုင်မြဲတိုင်းထိုင်လိုက် လာကြ၏။ ရန်ကုန်ဘူတာကြီးသို့ မီးရထားဆိုက်သောအခါ ည၉ နာရီ ခွဲပြီးနေလေ ပြီ။ လက်မှတ်စစ်တယောက်သည် ကျွန်ုပ်တို့အား ရုံပိုင်ထံသို့ခေါ်သွားရာ ကျွန်ုပ်တို့ကလည်း အမှန်အတိုင်းပြောပြ၏။ ခိုးစီးခြင်းမဟုတ် အစိုးရက အလကားပို့ပေးသည်ထင်သောကြောင့် စီးခဲ့ခြင်းဖြစ်ကြောင်း၊ ပိုက်ဆံမပါခြင်းလည်း အမှန်ဖြစ်ကြောင်း၊ ကျွန်ုပ်၌နေသောလူများဖြစ်၍ ရန်ကုန်သို့ ပြန်လာခြင်းဖြစ်ကြောင်း ပြောပြ၏။ နောက်ဆုံး၌ ရုံပိုင်က ကျွန်ုပ်တို့၏အလုပ်အကိုင်ကိုမေးရာ ကျွန်ုပ်က သူရိယအယ်ဒီတာဖြစ်ကြောင်း ပြောပြသည်နှင့် ကမာရွတ်ဘက်၌ရှိသော တိုက်အုပ်ဦးဘကလေးထံ တယ်လီဖုန်းဆက်၍မေး၏။ ထို့နောက် ဦးဘကလေးနှင့် ကျွန်ုပ်စကားပြောစေ၍ ကျွန်ုပ်ကအဖြစ်အပျက်ကို အမှန်အတိုင်းပြောပြ၏။ ဤတွင်ဦးဘကလေးက ကျွန်ုပ်တို့အတွက်တာဝန်ယူကြောင်းပြော၍ နက်ဖြန်တွင် သူရိယတိုက်သို့ လူလွှတ်ပြီး လက်မှတ်ခတောင်းပါလျှင် ပေးပါမည်ဟု ပြောလေသည်။

နောက်ဆုံး၌ ရှုပိုင်သည် ဦးဘကလေး၏အာမခံချက်ဖြင့် ကျွန်ုပ်တို့အား လွှတ်မည် ပြုရာ ကျွန်ုပ်က–

"လက်မှတ်အတွက်ဘယ်လောက်ကျသလဲ ရှုပိုင်ကြီး"

"တယောက် ၈ ကျပ်၊ နှစ်ယောက် ၁၆ကျပ်၊ ဒဏ်ငွေနှစ်ဆဆိုတော့ ၃၂ ကျပ်ကျတယ်"

"ဒီလိုတော့ ကျွန်တော်မပေးနိုင်ဘူး"

"ဘာကြောင့်လဲ"

"ကျွန်တော်တို့ ရိုးရိုးသားသားမှားတာဗျ၊ ခိုးစီးကြတာမဟုတ်ဘူး၊ ဒဏ်ငွေ တော့ မပေးပါရစေနဲ့"

"ဥပဒေအရတော့ ပေးရမှာပဲဗျ"

"ဒီလိုဆိုလျှင် ကျွန်တော်တို့ကိုမလွှတ်နဲ့၊ ခင်ဗျားတို့ လုပ်ချင်ရာလုပ်၊ ကျွန်တော်တို့မသွားဘူး"

ရှုပိုင်သည် ကျွန်ုပ်တို့၏မျက်နှာများကို လှမ်းကြည့်ရာ တကယ်တင်းမာ ခြင်းကို တွေ့ရသည့်လက္ခဏာနှင့် ခဲတံဖြင့် စားပွဲကိုခေါက်ကာ စဉ်းစားလျက်ရှိ၏။ ဤတွင်ကျွန်ုပ်က–

"လူတွေ ဒုက္ခဖြစ်နေရတဲ့အထဲမှာ ရိုးရိုးသားသားမှားတဲ့အပေါ်က ခင်ဗျား တို့က ဒဏ်ရိုက်ပြီး အမြတ်ထုပ်လို့ တော်နိုင်ပါမလားဗျ"

ကျွန်ုပ်၏စကားသည် ရှုပိုင်အား အတော်ထိသွားဟန်ရှိ၏။

"ကဲ ကဲ ခင်ဗျားပြောသလိုပဲ ထားပါတော့ဗျာ၊ ငွေ၁၆ကျပ် ပေးလိုက်နော်"

"ဒါကတော့ ဦးဘကလေးက တာဝန်ယူပြီပဲ မဟုတ်လား"

"သွားကြပါတော့ဗျာ"

ကျွန်ုပ်တို့နှစ်ယောက်သည် ကျောက်မြောင်းရပ် သီတာလမ်း၌ရှိသော ကျွန်ုပ် ၏နေအိမ်သို့သွားရန် ဖြစ်သော်လည်း ဖြောင့်ဖြောင့်မသွားသေးပဲ တရုတ်တန်း ဘက်သို့သွား၍ ကျန်သမျှပိုက်ဆံကလေးများဖြင့် ကမြင်းကြလေသေးသည်။

ထိုခေတ်ကမူ ပိုက်ဆံများများကြီးပါမှ ပျော်နိုင်သည်မဟုတ်၊ လူတယောက် တကျပ်ဆိုလျှင်လည်း အတော်စုံအောင် ပျော်နိုင်ကြသည်။ သို့ရာတွင် ထိုညဥ့်ကမူ လေယာဉ်ပျံအချက်ပေးဥသြများ နှောင့်ယှက်မှုကြောင့် ဖြောင့်ဖြောင့် မပျော်ကြရသဖြင့် ဓိမ်ပျက်လှပါဘိသည်။

## သွက်ချာပါဒသမား

သီတာလမ်းရှိ ကျွန်ုပ်၏နေအိမ်သို့ နံနက်စောစော ရောက်လာကြသောအခါ အလွန်ဖင်ပေါ့သော ကိုခင်မောင်သည် ချက်ပြုတ်စရာ သားငါးများ ရအောင်ရှာ၍ မီးဖိုချောင်သို့ဝင်ရှာပေသည်။ဤလူမှာ(သူ့အိမ်တွင်လည်း သူကိုယ်တိုင်'အိုးသူကြီး' လုပ်နေကျဖြစ်၍ သူ့အဖို့ ဝန်မလေးလှချေ။) ထမင်းစားသောက်ပြီးကြ သောအခါ ကျွန်ုပ်သည်အလုပ်တိုက်သို့သွား၍ ကိုခင်မောင်က ညစာအတွက်နှင့်တကွ အိမ်မှုကိစ္စအဝဝကို ဆောင်ရွက်ယင်း အိမ်၌နေရစ်၏။ သူရိယသည် ကမာရွတ်အနီး၌ရှိသော ဦးဘကလေး၏နေအိမ်သို့ ပုံနှိပ်စက်များပါ ပြောင်းရွှေ့၍ သတင်းစာ နေ့စဉ် မှန်မှန်ထွက်လျက်ရှိ၏။ အလုပ်ဌာနသို့ ကျွန်ုပ်ရောက်သွား၍ မကြာမီပင် မီးရထားဘက်မှ မင်းစေတယောက် ရောက်လာသဖြင့် ငွေ ၁၆ကျပ် ပေးလိုက်ရ၏။ ကျွန်ုပ်၏ဒီဇင်ဘာလအတွက် လခမှာ ယခုမှထုတ်ရသောကြောင့် ဦးဘကလေးအား အပူမကပ်ပဲ ကျွန်ုပ်ကိုယ်တိုင်ပေးလိုက်ရပါသည်။ ထိုနေ့၌ ခေါက်ကြီးနှင့် မှတ်ချက်ရေး၍ အိမ်သို့ပြန်လာခဲ့ရာ လှေကားသို့ရောက်သည်နှင့် တပြိုင်နက် 'အလိုလေးဗျ၊ အမယ်လေးဗျ' ဟူသော ညည်းညူသံများကိုကြားရ၏။ ကျွန်ုပ်အဖို့ရာ၌ အသစ်အဆန်းမဟုတ်သောကြောင့် အထိတ်တလန့်မဖြစ်ပဲ တက်သွားရာ အိပ်ရာပေါ်၌ လူးလိမ့်လျက်ရှိသော ကိုခင်မောင်ကိုတွေ့ရ၏။ ကိုခင်မောင်မှာ သွက်ချာပါဒရောဂါစွဲကပ်သူတယောက်ဖြစ်ရာ ယခုလူကောင်းပကတိရှိရာမှ တော်တော်ကြာလျှင် အလိုလေး၊ အမယ်လေးနှင့် အော်ဟစ် ညည်းတွားရသူ

တယောက် ဖြစ်လေသည်။ ယင်းသို့ဖြစ်သည့်အခါ နိုပ်၍လည်းမရ၊ သူ၏အသား ကိုလည်း အထိမခံနိုင်ပဲ ကျင်၍တက်သည်ဆို၏။ အစားမှားလျှင် ဤသို့ဖြစ်တတ် သည်ဆိုရာ မသင့်သောအစာကို သူသိသော်လည်း မနေနိုင်သောကြောင့် စားမိ သည်ဆို၏။ ကြီးပြင်းလာသောအရွယ်၌ မသင့်မှန်းသိလျက်နှင့် စားမိ၍ ခံရသော အကြိမ်ပေါင်းမှာ တရာလည်းကမည်မထင်၊ သို့နှင့်လည်း စားမြဲတိုင်းစား၍ ခံမြဲ တိုင်းခံရရှာသည်။ ဤနံနက်၌ မုန့်ဟင်းခါးနှင့် လိပ်ဥ စားခဲ့မိသည်ဟု ပြောပါ သည်။ ညတိုင်သောအခါ၌ ဘာကြောင့်မှန်းမသိ၊ ဝေဒနာပျောက်ကင်းသွားပြန် ပါသည်။

## ကိုခင်မောင်ကျေနပ်ခြင်း

ဤသို့ဖြင့် ကိုခင်မောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်တည်း အတူနေကြ၍ နှစ်ရက်တကြိမ်၊ သုံးရက်တကြိမ်ဆိုသလို သူ၏ရောဂါထလေ့ရှိ၏။ တညဉ့်သ၌ ကိုခင်မောင်ရောဂါထလျက်ရှိစဉ် လေယာဉ်ပျံအချက်ပေးဥသြဆွဲသဖြင့် ဆူညံလျက် ရှိ၏။ အချက်ပေးဥသြသံကို မည်သည့်ဗုံးကြဲလေယာဉ်ပျံများ လာမည့်အရေး ကြောင့်ဆွဲခြင်းဖြစ်သည်ဟု သိကြရပြီးဖြစ်သည့်အထဲတွင် ဥသြသံကိုယ်နှိုက် ကလည်း အသည်းနှလုံးကို ပွတ်ချေလိုက်ဘိသကဲ့သို့ စိတ်၏ညှိုးနွမ်းခြင်း ဖြစ်စေတတ်ခြင်းကို ကြားရသူတိုင်း နားလည်ကြပေလိမ့်မည်။ ဤအသံသည် ညအချိန်ဖြစ်ခဲ့လျှင် သာ၍ဆိုးရွားသေး၏။ အူအသည်းကို တစုံတခုနှင့် ရစ်ပတ် ဆွဲသည့်နှယ် ခွန်အားတွေအားလုံး ပါသွားသည်ထင်ရ၏။ ထိုညဉ့်၌ ကိုခင်မောင် ရောဂါထလျက်ရှိစဉ် အချက်ပေးဥသြ မှုတ်ရုံသာမက တကယ်ပင် ဂျပန်လေယာဉ်ပျံ များ၏ အသံများကိုကြားရ၏။ များမကြာမီ လေယာဉ်ပျံများမှ ဗုံးများကြဲချ၍ မြေပြင်မှ လေယာဉ်ပျံပစ် အမြောက်သံများလည်း ဆူညံလျက်ရှိလေပြီ။ ကျွန်ုပ် သည် ကိုခင်မောင်အနီး၌ ထိုင်လျက်ရှိရာ ကိုခင်မောင်က သူ့မှာ ကာကွယ်ရေး

ကျောင်းထဲသို့ဆင်းရန်မတတ်နိုင်၊ ကျွန်ုပ်၏အသက်ကို အချည်းနှီးမစွန့်ပဲ ကာကွယ်ရေးကျောင်းထဲသို့ဆင်းရန် ပြောရှာလေသည်။ ကျွန်ုပ်သည် သေးငယ်သော ကိုခင်မောင်၏ကိုယ်ကလေးကိုပွေ့၍ မဆင်းနိုင်စေကာမူ တွဲ၍ဆင်းနိုင်သောကြောင့် ထို့ရာတွင်တခါတရံ၌ဖြစ်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း "ဖြစ်ချင်တာဖြစ်စမ်းပါစေဗျာ၊ ကျုပ်တို့အိမ်ပေါ် တည့်တည့်ကျမှ သေမှာပါ၊ သေကြယင်လဲ အတူတူပေါ့ဗျာ၊ ကျုပ်မဆင်းဘူး"ဟု ပြောသည်နှင့် ကိုခင်မောင်သည် ခွန်အားမရှိသော လက်တဘက်ဖြင့်ကျွန်ုပ်၏လက် တဘက်ကို ကိုင်ညှစ်လေသည်။ ၁၅မိနစ်ခန့်အပေါ်က ကြဲသူကကြဲ၊ အောက်မှပစ်သူက ပစ်ကြပြီးနောက် ကျွန်ုပ်တို့အပေါ်သို့ တည့်တည့်ကျသော ဗုံးဟူ၍ တလုံးမျှမရှိသည်နှင့် ကျွန်ုပ်တို့မှာ အရှင်လတ်လတ်ကျန်နေရစ်၍ ဟီးချနိုင်ကြပါတော့သည်။

## လက်မြှောက်ရခြင်း

ဤရက်များ၌ ကျွန်ုပ်၏ဒုက္ခမှာ မသေးငယ်လှချေ။ သူနာကားတဘက်၊ အလုပ်ကားတဘက်ရှိနေသည့်ပြင် သူရိယတိုက်တည်ထားသည့် ကမာရွတ်ရှိ ဦးဘကလေး၏နေအိမ်သို့ သွားရသည်မှာလည်း ဘတ်စ်ကားအတန်တန်ပြောင်းစီး၍ ဖျော့တော့သောမျက်နှာများရှိနေကြသည့် ခရီးသည်များ၏အလယ်တွင် တနာရီခန့်ထိုင်ပြီးမှရောက်ရသည်။ ကိုခင်မောင်ရောဂါတက်နေသော နေ့များတွင် နှစ်ယောက်အတွက် စားစရာကို တရုတ်တန်းတွင် ဆင်းဝယ်ပြီးမှ သီတာလမ်းသို့ ခရီးဆက်ရသည်။ သီတာလမ်းတခုလုံး၌လည်း လေးငါးအိမ်မှတပါး လူမရှိသည်နှင့် ခြောက်ကပ်ငြီးငွေ့ဖွယ် ကောင်းလှသည်။ ဤသို့သော ဒုက္ခများ၏အလယ်တွင် ကိုခင်မောင်၏ရောဂါမှာလည်း ရက်ခြားဖြစ်ရာမှ ရက်ဆက်ဖြစ်လာသည်နှင့် ထမင်းကိုနေ့တိုင်း ဝယ်စားနေရလေပြီ။ နံနက်အဖို့မူ သူ့အဖို့ ကော်ဖီနှင့်ပေါင်မုန့် မီးကင်ပေးခဲ့ပြီး ကျွန်ုပ်အဖို့မူ တရုတ်တန်းသို့သွားပြီးမှ

ကမာရွတ်သို့သွားရ၏။ ဤသို့ဖြင့် ဇန်နဝါရီလကုန်အထိ နေမိသောအခါ ကျွန်ုပ်၏ဦးခေါင်းသည် မည်သို့ဖြစ်သည်မသိ၊ တချက်တချက်၌ ပေါက်ကွဲတော့မည့်အလား ချွတ်ကနဲ ဆတ်ကနဲ မြည်သလိုထင်မိ၏။ ကိုခင်မောင်ကျန်းမာခဲ့လျှင် ကျွန်ုပ်သည် ဤဒုက္ခမျိုးကိုခံဖို့ အသင့်ပြင်ဆင်ထားခဲ့သော်လည်း ယခုကား မခံနိုင်သဖြင့် လက်မြှောက်ရချေတော့မည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကိုခင်မောင်၏ညီရင်းဖြစ်သူ ခင်မောင်ဆင့်ထံသို့သွား၍ အခြေအနေကိုပြောပြရာ ခင်မောင်ဆင့်လိုက်လာ၍ သူ့အစ်ကိုအား သဘော်ာပေါ်သို့တင်ပေးကာ ဟသ်ာတသို့ ပို့လိုက်ရှာပေသည်။ ကိုခင်မောင်ကိုကြည့်ရသည်မှာ ရောဂါအတွက် ဝမ်းနည်းခြင်းထက် မူလအစီအစဉ်အတိုင်း နှစ်ယောက်သား အတူတကွ မနေလိုက်ရခြင်းအတွက် ဝမ်းနည်းပုံရသည်။ ကျွန်ုပ်ကား အကြီးဆုံးသော သားဖြစ်၍ အစ်ကိုတယောက်အား ချစ်ခင်ကြပုံကို နားမလည်သော်လည်း ကျွန်ုပ်၌ အစ်ကိုရှိခဲ့လျှင် ကိုခင်မောင်ထက်ပိုပြီး ချစ်ခင်တတ်လိမ့်မည် မထင်ပါ။

ကျွန်ုပ်၏ဝါသနာတခုမှာ တစုံတခုကို ယနေ့လုပ်ဖို့ ဆုံးဖြတ်ထားလျှင် ယနေ့လုပ်ရမှ ကျေနပ်တတ်၏။ ထိုအချိန်၌ ကျွန်ုပ်၏အိတ်ထဲတွင် ငွေ၃ဝိ ခန့်မျှ ရှိရာ နောက်နေ့တွင် လကုန်မည်ဖြစ်၍ တရက်ဆိုင်းလိုက်လျှင် ဇန်နဝါရီလအတွက် လခရမည်ဖြစ်၏။ သို့နှင့်လည်း တရက်မဆိုထားဘိ တနာရီမျှပင် ရန်ကုန်၌ နေချင်စိတ်မရှိတော့ချေ။ သို့ဖြစ်၍ အဖြစ်အပျက်နှင့် ကျွန်ုပ်၏စိတ်အခြေအနေကို ဦးဘကလေးထံသို့ စာရေး၍ စာတိုက်၌ထည့်ခဲ့ပြီးလျှင် ကသာသို့ ပြန်ပြေးလာခဲ့ပါတော့သည်။

## ရုံးချိန်းကတဘက်

ဇရစ်ချောင်သို့ရောက်၍ ကိုသိန်းဖေတို့ အိမ်သားများနှင့် မစိုးအား ကျွန်ုပ်၏ ရန်ကုန်ကိုယ်တွေ့ကိုပြောပြလေရာ အလွန်အံ့သြကြသည်။ ကိုသိန်းဖေကမူ

“ခင်ဗျားတို့တော်တော်ဆတ်ဆော့ကြတဲ့ လူနှစ်ယောက်ပဲ၊ ဖုံးတွေကြားထဲသွားပြီး အလုပ်လုပ်စားရမယ်ဆိုလျှင် ဒီမှာပဲ ဖြစ်တတ်သလို စားနေကြရောပေါ့ဗျာ”ဟု ပြော၏။ ကိုခင်မောင်နှင့် ကျွန်ုပ်တို့နှစ်ယောက်၏စိတ်ကူးမှာ (အမှန်အတိုင်း ဝန်ခံရလျှင်) ဝမ်းရေးအတွက်ကြောင့်ချည်းမဟုတ်၊ ရန်ကုန်မြို့ကြီးတွင် ဂျပိုးဘဝနှင့် တွေ့ရာစား၊ တွေ့ရာအိပ် ထင်သလို နေစမ်းချင်သော အာသီသနှင့် ဆင်းသွားကြခြင်းဖြစ်လေရာ အကယ်၍ ကိုခင်မောင်သာ ကျန်းမာခဲ့လျှင် ၎င်းစိတ်ကူးအတိုင်း နေကြ၍ အဘယ်နေရာ၊ ဘယ်နေ့တွင် ဖုံးထိ၍ သေကြမည်လော မပြောတတ်ပေ။ ကျွန်ုပ်အဖို့ရာ၌ကား သေလျှင်လည်းဝမ်းမနည်း၊ သူငယ်ချင်းတယောက်နှင့် လုပ်ချင်ရာလုပ်ရလျှင်လည်း ကျေနပ်မည်သာဖြစ်သည်။ ဇရစ်ချောင်၌ရှိစဉ် ဒေါက်တာသိန်းမောင်၏ အမှုအတွက် ရုံးချိန်းကလည်းရှိသေး၍ မန္တလေးသို့ ကျွန်ုပ်ဆင်းလာရပြန်၏။ မန္တလေးမြို့နန်းတော်အတွင်း ဂျင်မခါနာကလပ်ကို ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ ဖုံးကြဲချလေရာ ကျွန်ုပ်လည်း ၂၁ရက်နေ့တွင် မန္တလေးသို့ ရောက်သွား၏။ မန္တလေးမြို့သူမြို့သားများမှာ ရန်ကုန်၌ကြဲချသော ဖုံးများကြောင့် ထိတ်လန့်တုန်လှုပ်လျက်ရှိစဉ် ထိုနေ့ကမူ မိမိတို့ကိုယ်တိုင် ‘ဖုံးလန့်’ရခြင်း၏ အရသာကို မြည်းဘူးကြရလေပြီ။ တမြို့လုံးလည်း ခြောက်သွေ့လျက်ရှိ၏။ ဖေဖော်ဝါရီ ၂၁ရက်နေ့၌ ရုံးချိန်းအတိုင်း အမှုဆိုင်ရန် ရုံးသို့ ရောက်သွားသောအခါ ရန်ကုန်မှအမှုသည်များ မရောက်လာကြသည်နှင့် မတ်လ၃၁ ရက်နေ့သို့ ရက်ချိန်းပေးလိုက်ပြန်သည်။ ကျွန်ုပ်မှာ သူရိယသတင်းထောက် (ယခုပီအာရ်အိုဖြစ်နေသော) ကိုဘတုတ်၏ နေအိမ်၌ နှစ်ညတည်းခိုကာ မန္တလေးမြို့အကြောင်းကို စနည်းနာပြီးနောက် ကသာသို့ ပြန်သွားလေသည်။ မတ်လ ၃၁ရက်နေ့အမှုဆိုင်ရန်ကိုမူ ကျွန်ုပ်လည်း မသွားတော့၊ အခြားလူများလည်း မလာကြဟု ကြားသိရသည်။

## ကိုသိန်းဖေလေးစားပုံ

၁၉၄၂ခုနှစ်၊ ဧပြီလ ၃ ရက်နေ့၌ ဂျပန်လေယာဉ်ပျံများသည် မန္တလေးမြို့သို့ အနံ့အပြားဗုံးကြဲချလေရာ ထိုရက်မှစ၍ မန္တလေးမြို့တွင် နေဝံ့သူအလွန်နည်းပြီး မပြေးနိုင်သူများသာ ကျန်ရစ်၍ တတ်နိုင်သူဟူသမျှ ထွက်ပြေးကုန်ကြလေပြီ။ ဧပြီလတွင်း၌ ကိုသိန်းဖေ၏ တူမများသည် ရန်ကုန်မှမန္တလေးသို့ ပြေးလာကြရာမှ မန္တလေး၌ဗုံးကြဲရာတွင် ကိုသိန်း၏နေအိမ်သို့ ပြေးလာကြပြန်၏။ ၎င်းတို့နှင့်အတူ ဦးဘချစ်အမည်ရှိ ဗိသုကာ (Architect) တယောက်လည်းပါလာ၏။ ဦးဘချစ်မှာ ကျွန်ုပ်နှင့်အတူ ဒုက္ခရောက်ရာရမည့်လူတယောက်ဖြစ်၍ ၎င်းတို့အကြောင်းကို အနည်းငယ်ဖော်ပြရပေဦးမည်။ ကိုသိန်းဖေ၏တူမများသည်ဆေးရုံဆရာမကြီးများ (Sister) ဖြစ်လေရာ အကြီးဆုံးမှာ ဦးဘချစ်နှင့် လက်ထပ်မည့်ဆဲဆဲဖြစ်၍ အတူ တကွလိုက်လာခြင်းဖြစ်လေသည်။ ဦးဘချစ်မှာ အင်္ဂလန်မှ ဗိသုကာစာမေးပွဲ အောင်ပြီး၍ ရန်ကုန်သို့ရောက်လာသည်မှာ လအနည်းငယ်မျှသာ ရှိသေး၏။ ကိုသိန်းဖေအား ကျွန်ုပ်အထူးကျေးနပ်မိသော အချက်တခုမှာ သူ၏အိမ်သို့ ဧည့်သည်များ ရောက်လာကြ၍ ၎င်းတို့အနက်တွင် ဘိလပ်ပြန် တယောက် ပါဝင် သော်လည်း ကျွန်ုပ်တို့လင်မယားအား အကောင်းဆုံးသော နေရာကိုပေးပါသည်။ ကျွန်ုပ်တို့က "လူရင်း"ဖြစ်သည်ဆိုကာ နိမ့်ကျသော နေရာကိုမပေး။ သူတို့ လင်မယားထက် မြတ်သောနေရာကိုပေးပါသည်။ မပေးလျှင် ကျွန်ုပ်ကမည်သို့မျှ ရှိမည်မဟုတ်၊ သို့သော်ပေးခြင်းအတွက်ကား သူ၏လေးစားခြင်းကို အသိအမှတ် ပြုမိပါသည်။

## သဘော်ာများနစ်မြုပ်ခြင်း

ဤရက်များတွင် မန္တလေးမှ သဘော်ာများသည် တစင်းပြီးတစင်း ဆိုက်ရောက်လာကြ၍ ကသာဆိပ်ကမ်း၌ နစ်မြုပ်လိုက်၏။ ဤအကြောင်းကို ကျွန်ုပ်တို့ကြား၍ ဦးဘချစ်၊ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့သုံးယောက်သည် တနံနက်တွင် သဘော်ာဆိပ်သို့သွားကြ၏။ အကြံမှာ စားနပ်ရိက္ခာ ရှားပါးစပြုနေသော ထိုအချိန်တွင် 'ကောက်သင်းကောက်'ကြရန်ဖြစ်၏။ ကျွန်ုပ်တို့သုံးယောက်သည် အခြားသော အရပ်သားများနှင့်အတူ ကမ်းမှရပ်ကြည့်လျက်ရှိစဉ် သဘော်ာတစင်း ဆိုက်ကပ်လာ၍ ဦးခန်းမှ မျက်နှာဖြူ သုံးလေးယောက်နှင့်အခြားနေရာများမှ ကော်ရင်ဂျီကုလားတရာခန့် ဆင်းလာကြ၏။ သဘော်ာပေါ်မှလူများ ဆင်းပြီးသည်နှင့်တပြိုင်နက် သဘော်ာကို နစ်မြုပ်လိမ့်မည်ဟု သိပြီးဖြစ်သော အရပ်သားများသည် သဘော်ာပေါ်မှ လူများကိုကုန်စင်အောင် မဆင်းရသေးမီ တိုးဝှေ့ကာ တက်သွား၍ ကျွန်ုပ်တို့သုံးယောက်လည်း လိုက်ပါသွားကြ၏။ အပေါ်သို့ ရောက်သည်နှင့် တပြိုင်နက် ဤအခန်းထိုအခန်းများကို ဝင်ရောက်မွှေနှောက်ကြလေရာ ကျွန်ုပ်မှကား စားစရာများထားသည့် စတိုး (Pantry) ခန်းသို့ တည့်တည့်ကြီးသွား၏။ မည်သည့်ပစ္စည်းကိုမျှ မလိုချင်၊ စားစရာသာ လိုချင်သည်။ ကသာတဝိုက်၌ ယခုပင်လျှင် စားကောင်းသောက်ဖွယ်များ ရှားပါးစပြု၍ ဝယ်မရပဲဖြစ်နေလေရာ ရှေ့အဖို့တွင် မည်မျှလောက် ပြတ်လပ်ဦးမည် မပြောနိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် စတိုးခန်းထဲမှ စည်သွတ်ဗူးများကို တပွေ့တပိုက်ကြီးယူလာခဲ့၏။ ကိုသိန်းဖေနှင့် ဦးဘချစ်တို့ကမူ ရေနံဆီ ရှားလိမ့်မည်ဆိုကာ တယောက်တပုံးစီ ဆွဲလာကြ၏။ ဤသဘော်ာ၌မည်သည့်အကြောင်းကြောင့်မသိ၊ ဆီပုံးနှင့်ထောပတ်ပုံး အမြောက်အမြားပါလာလေရာ အရပ်သားများသည် ၎င်းတို့ကို တဘက်တပုံးဆွဲကာ ကုန်းပေါ်သို့တက်ကြ၏။ အချို့ကလည်း အခြားလူများ သယ်ချလာသော

ဆီပုံးများကိုတပုံးတကျပ်နှင့် ဆီးကြိုဝယ်ကြ၏။ ဆီတပုံးလျှင် ဈေးထဲ၌ ပေါက်ဈေး ၅ကျပ်၊ ၆ကျပ်ရှိသော်လည်း သယ်ချသူများအဖို့မှာ ချက်ချင်းရောင်းပစ်ရုံမှတပါး အခြားနည်းလမ်း မရှိချေ။ ချက်ချင်းမရောင်းပဲ တနေရာ၌စုပုံထားပြီး သင်္ဘော ပေါ်သို့ ပြန်တက်မည်ဆိုလျှင်လည်း ချထားခဲ့သောပုံးများမှာ လုယူသွားမည် ဖြစ်သောကြောင့် အချည်းနှီးဖြစ်ရမည်ဆိုကာ ချက်ချင်းလက်ငင်း ရောင်းကြခြင်း ဖြစ်၏။ မည်သို့ပင်ဖြစ်စေ ဆီတပုံး တကျပ်နှင့်ချက်ချင်းရောင်းလျှင် တခေါက် နှစ်ကျပ်၊ ဆယ်ခေါက် ၂၀ ရနိုင်သည်ဆိုကာ 'ဆူလွယ်နပ်လွယ်' အလုပ် လုပ်ကြခြင်းဖြစ်၏။ သို့ရာတွင် သင်္ဘောသည်ကြာရှည်စွာ ပေါ်နေတော့မည် မဟုတ်ချေ။ စည်သွတ်ဗူးများကိုပွေ့လျက် ကျွန်ုပ်ကမ်းပေါ်မှရပ်ကြည့်နေစဉ်အတွင်း သင်္ဘောသည် မြုပ်သည်ထက် မြုပ်သွား၍ 'ဖောင်း'မျှလောက်သာ ပေါ်တော့သည် ဖြစ်ရာ လူများသည် အန္တရာယ်ကိုမမြင်ပဲ သဲသဲမဲမဲ သယ်ယူလျက်ရှိကြ၏။ သို့ရာတွင် တချို့က "ဟေ့ကောင်တွေ သင်္ဘောနစ်လုပြီ၊ နစ်သွားလျှင် ရေကူးလို့ မရဘူးဟေ့၊ ဝဲစုပ်ပြီး နစ်သွားလိမ့်မယ်"ဟု ဟစ်အော်ကာ သတိပေးသည်နှင့် အစုလိုက် အပြုံလိုက် ပြေးဆင်းလာကြ၏။ ကံကောင်းသည်မှာနောက်ဆုံးလူသည် ကမ်းပေါ်သို့ရောက်သည်နှင့် တပြိုင်နက် သင်္ဘောကြီးသည် တဘက်သို့စောင်းပြီး နစ်မြုပ်သွားရှာပါတော့သည်။

## ကြေကွဲဖွယ်သော အခြင်းအရာ

ကသာ မြို့သူမြို့သားများသည် သင်္ဘောပေါ်မှ ပစ္စည်းများကို ရကြ၍ ပျော်ရွှင်လျက်ရှိကြစဉ် (အချို့မှာ သင်္ဘောမှ ပန်ကာကိုပင် ခဲယဉ်းစွာ ဖြုတ်ယူကြ သည်။) သင်္ဘောပေါ်မှ ဆင်းလာကြသည့် ကော်ရင်ဂျီခရီးသည်များ၏ သနားဖွယ် အဖြစ်အပျက်ကိုလည်း ကျွန်ုပ်တွေ့မြင်ရ၏။ တရာခန့်မျှရှိသော ကော်ရင်ဂျီ ကုလားများသည် (ကူလီများဖြစ်ကြဟန်တူသည်။) ပစ္စည်းများကို ထမ်းသူကထမ်း၊

ရွက်သူကရွက်၊ ကလေးများကို ချီသူကချီ၊ ပွေ့သူကပွေ့၊ လက်ဆွဲသူကဆွဲလျက် ကမ်းပေါ်သို့ တက်လာကြပြီးလျှင် အနောက်စူးစူးသို့ စီတန်းကာ သွားကြလေ၏။ ၎င်းတို့သည် ကသာမြို့မှ 'တမူးခမ်းပ'သို့ ရောက်အောင်သွား၍ ၎င်းမှ အိန္ဒိယပြည်သို့ ဝင်ကြမည်ဆို၏။

ကျွန်ုပ် စုံစမ်းသိရှိရသည်မှာ ဗမာပြည်သို့ ဂျပန်ဝင်လာသောအခါ ကော်ရင်ဂျီ ကုလားများသည် ကူလီအဖြစ်နှင့် အသုံးဝင်ကြသည်ဖြစ်သောကြောင့် ထိုကဲ့သို့အသုံးမချနိုင်စေရန် အင်္ဂလိပ်အရာရှိများက ၎င်းတို့အားချောက်လှန့်၍ လွှတ်ပြီး ကသာထိအောင် သင်္ဘောများနှင့် လိုက်ပို့ခြင်း ဖြစ်သည်ဟုဆို၏။ ချောက်လှန့်ပုံကား ဂျပန်ဝင်လာလျှင် ၎င်းတို့အားလုံး သတ်ပစ်လိမ့်မည်ဟု ပြောသည်ဆို၏။ ထို့ကြောင့်လုပ်မှကိုင်မှ စားကြရရှာသော ကော်ရင်ဂျီကုလား များသည် ဘာပစ္စည်းမျှ ယူပြေးစရာမရှိပဲ အသက်ဘေးအတွက် ပြေးလာရှာ ကြသည်နှင့် ဤရှည်လျားခက်ခဲသော 'တမူး'ခရီးကို ရိက္ခာမပါပဲသွားဖို့ ကြံစည် ရှာကြခြင်း ဖြစ်လေသည်။ ဤနေရာ၌ အထူးကြေကွဲဖွယ်ကောင်းသော အခြင်းအရာ တခုကို တင်ပြလို၏။ ခရီးသည်များအနက်တွင် အသက်၅၀ကျော်ခန့် ရှိ၍ ကျန်းမာပုံမရသော ကုလားမကြီးတယောက်သည် တိုလီမိုလီပစ္စည်းများ ထည့် ထားသော သွပ်ပုံးတပုံးကို ဗယ်လက်ညာလက်ပြောင်းကာဆွဲလျက် နှစ်ဘက်လုံး ညောင်းသောအခါတွင် မြေပေါ်၌ချ၍ နား၏။ ဗယ်ရောညာပါ ပြောင်းဆွဲကာမှ ပေ၂၀၀ခန့်လောက်သာ ရောက်နိုင်သဖြင့် ချ၍နားရပြန်၏။

လက်နှစ်ဘက်ညောင်းအောင် ဆွဲကာမှ ပေ၂၀၀မျှသာ ရောက်နိုင်၍ တထောက်ချပြီးနားရသော ဤမိန်းမကြီးသည် 'တမူး'ခရီးကို မည်သည့်နည်းနှင့် ရောက်အောင်သွားနိုင်ရှာပါလိမ့်မည်နည်း။ နောက်ပိုင်း၌ ကျွန်ုပ်ကြားသိရသော သတင်းအရမှာ ၎င်းတို့သည် အိန္ဒိယသို့ မရောက်ပဲ လမ်းခရီးတွင် အစာပြတ်၊ ရေငတ် ရောဂါကပ်ပြီး ဖတ်ဖတ်မောသည်နှင့် ရာခိုင်နှုန်း ၉၀ မက သေကုန်ရှာ ကြသည်ဟု ဆိုလေသည်။ ဆိုးယုတ်လှသော နယ်ချဲ့သမားများပေတကား။

ဂျပန်က ကော်ရင်ဂျီကို သတ်ပစ်လိမ့်မည် မဟုတ်ကြောင်း သိလျက်နှင့်ချောက် လှန့်ကာ သေလမ်းသို့ပို့ရက်သည့် နယ်ချဲ့သမားတို့၏ လောဘဇောပေတကား။ ကျွန်ုပ်သည် ကော်ရင်ဂျီခရီးသည်များဘက်သို့ နောက်ဆုံးမျှော်ကြည့်လိုက်သော အခါ ကုန်းမြင့်ဘက်သို့တရွေ့ရွေ့တက်နေကြသော ကော်ရင်ဂျီတန်းကြီးကို မြင်ရ၍ ၎င်းတို့အနက် သွပ်ပုံး ပေ၂၀၀လောက် ရွေ့တိုင်းရွေ့တိုင်း တခါတခါချ၍ နားရှာရသော ကော်ရင်ဂျီမကြီးအား အထူးကရုဏာဖြစ်ကာ ရင်လေးမိပါတော့ သည်။

## ပထမနှင့် နောက်ဆုံးကျင်းအောင်းခြင်း

ကျွန်ုပ်တို့ဇရစ်ချောင်၌ရှိစဉ် ဂျပန်လေယာဉ်ပျံများသည် ကသာမြို့ကို နှစ်ကြိမ်တိုင် ဗုံးကြဲချ၏။ ကိုသိန်းဖေသည်သူ၏ခြံကြီးအတွင်း ဒင်ညင်းပင်ကြီး အောက်တွင် ကာကွယ်ရေးကျင်းတူးထားရာ လေယာဉ်ပျံများလာသံကြားကတည်း က လူ၂၀ကျော်ခန့်ရှိသော အိမ်သားများသည် ကျင်းထဲသို့ဆင်း၍ပုန်းကြ၏။ ကျွန်ုပ်တွက်ကိန်းကား ဗုံးကြဲသည်ဆိုလျှင် ကသာမြို့ကိုသာကြဲမည်၊ ဇရစ်ချောင် ကဲ့သို့သော ရွာကလေးကိုကြဲလိမ့်မည် မဟုတ်ဟု ယူဆ၏။ ထို့ကြောင့် ကျွန်ုပ် သည် လူအများနှင့်အတူ ကျင်းထဲသို့မဆင်းပဲ ကျင်းဝ၌ထိုင်ကာ လေယာဉ်ပျံ များကိုမော်ကြည့်ပြီး ၎င်းတို့၏အသွားအလာကို ကျင်းထဲမှလူများအား သတင်းပေး ၏။ ဤတွင်အချို့သောမိန်းမများက လေယာဉ်ပျံကို ကျွန်ုပ်ကမြင်နိုင်လျှင် လေယာဉ်ကလည်း ကျွန်ုပ်ကိုမြင်ပြီး ဗုံးချပါလိမ့်မည်ဟု အော်ဟစ်ကြ၏။ ကျွန်ုပ်ကသစ်ပင်အောက်၌ရှိသော လူတယောက်ကို လေယာဉ်ပျံပေါ်မှ မမြင်နိုင်ပါ၊ အကယ်၍မြင်စေဦးတော့ လူတယောက်တလေအား ဗုံးချသတ်မည်မဟုတ်ပါဟု ပြောပြသော်လည်း မရပဲ ကျွန်ုပ်အားကျင်းထဲသို့ဆင်းခဲ့ရန် ဝိုင်း၍အော်ကြ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် သူတို့အလိုသို့လိုက်၍ ကျင်းထဲသို့ဆင်းလိုက်ရလေရာ

စစ်ကြီးတခေတ်လုံးတွင် ဤတကြိမ်သည် ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ကျင်းအောင်းခဲ့ရဘူးခြင်းဖြစ်ပါသည်။

## အ သူ သေသည်ဆိုခြင်း

လေယာဉ်ပျံများ ပြန်သွားကြသည်နှင့်တပြိုင်နက် (၁၀စင်းလောက် ရှိမည် ထင်သည်။) ကျွန်ုပ်သည်ထုံးစံအတိုင်း ကသာမြို့ထဲသို့ တယောက်တည်း လှည့် လည်ကြည့်ရှုရာ ရုံး၊ဆေးရုံ၊ဈေး၊ ထောင်ကြီးစသောအဆောက်အအုံကြီးများ အနီး၌ လူတော်တော်များများ အတုံးအရုံးလဲသေကြခြင်းများကိုတွေ့ရ၏။ အဆောက်အအုံ ကြီးများအနီး သေကြခြင်းကိုမြင်ရ၍ လူကိုချိန်ရွယ်ခြင်းမဟုတ် အဆောက်အအုံကို ချိန်ခြင်းဖြစ်သည်ဟု ကျွန်ုပ်တွေးမိသည်။ အဆောက်အအုံထဲ၌ လူရှိရမည် မဟုတ် လောဟု ပြောနိုင်သော်လည်း အဓိကရည်ရွယ်ချက်မှာ အဆောက် အအုံဖြစ်ရမည်ဟု စဉ်းစားမိသည်။ ထူးဆန်းခြင်းတခုမှာ ကသာမြို့သည် ကုလားပေါများလှသော မြို့တမြို့မဟုတ်သော်လည်း အလောင်းများမှာ ရာခိုင်နှုန်းတဝက်ကျော်မျှ ကုလား များ ဖြစ်သည်ကိုတွေ့ရ၏။ ဤတွင် ကိုသိန်းဖေပြောသည့်အတိုင်း "အ တဲ့သူတွေ သေတာပေါ့ဗျာ"ဟူသော စကားသည် ဟုတ်တန်ရာသည်ဟု ထင်မိ၏။ ကုလားဆို သည်မှာလည်း ကူလီ အလုပ်ကြမ်းသမားများသာ ဖြစ်ကြလေသည်။ ကျွန်ုပ်အဖို့မှာ ထောင်ချီ၍သေရသည့် အလောင်းများကို ရန်ကုန်၌ မြင်ခဲ့ရဘူးပြီဖြစ်၍ ရာလောက် မျှရှိသော ကသာအလောင်းများအတွက် စိတ်ထိခိုက်အောင် မရှိလှချေ။

## ကြည့်ကောင်း၍ကြည့်ခြင်း

ရက်အနည်းငယ် ကြာပြန်လတ်သော် ဂျပန်လေယာဉ်ပျံများသည် ဒုတိယ အကြိမ် ရောက်လာပြန်၏။ အိမ်သားများလည်း ဗုံးကျင်းထဲသို့ဆင်း၍ ပုန်းနေကြ

ပြန်လေပြီ။ ကျွန်ုပ်ကဇရစ်ချောင်ရွာလောက်ကို ဖုံးချမည်မဟုတ်ကြောင်း ပြောသော်လည်း မည်သူမျှ လက်မခံချေ။ အခြားလူများထက် ကိုသိန်းဖေကို ကျွန်ုပ်ပို၍ အံ့ဩမိ၏။ ကိုသိန်းဖေနှင့်ကျွန်ုပ် ပေါင်းသင်းဆက်ဆံခဲ့ဘူးသမျှတွင် လူနှင့်လူချင်းဖြစ်စေ၊ တိရစ္ဆာန်အရိုင်း သို့မဟုတ် အယဉ်နှင့်ဖြစ်စေ ရင်ဆိုင်ကြရာ တွင် ကိုသိန်းဖေသည် ကျွန်ုပ်ထက်ဘယ်အခါမှ သတ္တိမလျော့၊ ပိုသောအကြိမ်များ ပင် ကြုံခဲ့ရဘူး၏။ (သူ၏သတ္တိအကြောင်းကို တနေရာတွင် ဖော်ပြပါဦးမည်၊) လေယာဉ်ပျံနှင့် ပတ်သက်၍ကား ကျွန်ုပ်ထက် ထိတ်ထိတ်ပျာပျာ ဖြစ်ခြင်းကို တွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ သူ့ထက်ကျွန်ုပ်က ဤကိစ္စမျိုး၌ အတွေ့အကြုံ များသောကြောင့် ဖြစ်တန်ရာသည်။

လေယာဉ်ပျံများလာ၍ ကသာမြို့ပေါ်သို့ဖုံးကြဲချသဖြင့် ကိုသိန်းဖေသည် အခြားလူများနှင့်အတူ ကျင်းထဲသို့ ဆင်းပြေးကြစဉ် ကျွန်ုပ်သည် ဖုံးကျင်းဆီသို့ လိုက်သွားပါက အတင်းအဓမ္မဆင်းခိုင်းကြသည်နှင့် ဘာမျှမကြည့်ရ၊ မမြင်ရမည်ကို စိုးသောကြောင့် သူတို့ဆီသို့မသွားပဲ ငှက်ပျော်တောထဲသို့ တယောက်တည်း ဝင်သွား၏။ ငှက်ပျောပင်များ ခပ်ကျဲကျဲရှိသော နေရာသို့ ရောက်သောအခါ ကသာဘက်သို့ ဦးခေါင်းလှည့်လျက် မြေကြီးပေါ်၌ အလျားမှောက်ကာ ကောင်းကင်သို့ မော်ကြည့်လိုက်၏။ ဤတွင် ရှစ်စင်းခန့်ရှိသည်ထင်ရသည့် လေယာဉ်ပျံများသည် ကသာမြို့ပေါ်သို့ အနံ့အပြားပျံဝဲကာ ဖုံးများကြဲချနေခြင်းကို တွေ့ရ၏။

လေယာဉ်ပျံတစင်းတစင်းမှ ဖုံးတလုံးစီ တလုံးစီ ဖြုတ်ချခြင်းကိုပင် မြင်ရ၏။ (ဖုံးကျင်းထဲမှ လူများမမြင်ရဘူးချေ၊ စစ်ပြီးခါမှ ရုပ်ရှင်ထဲတွင် မြင်ဘူးကြသည်။) လေယာဉ်ပျံများသည် အုပ်စုလိုက် လှည့်ပတ်ပျံကာ ဖုံးကြဲလျက်ရှိရာမှ လေယာဉ်ပျံတစင်းသည် အုပ်စုနှင့်ခွဲပြီး မြောက်ဘက်ဇရစ်ချောင် ဘက်သို့ ဦးတိုက်ပျံလာ၏။ ပျံရုံသာမကသေး၊ ဖုံးများကြဲချလာခြင်းကိုလည်း တလုံးစီ ကျွန်ုပ်မြင်ရ၏။ ဖုံးလုံးဖြုတ်ချလိုက်ခြင်း၊ ရှိကနဲမြည်ကာ ကျလာခြင်း၊

မြေသို့ရောက်၍ ဝုန်းကနဲပေါက်ကွဲခြင်း စသည်တို့ကို တလုံးစီ တလုံးစီမြင်ရကြားရ၏။ ဗုံးကွဲသံများသည် ဝုန်းကနဲဝုန်းကနဲ မြည်လျက်ရှိစဉ် လေယာဉ်ပျံများသည်လည်း ကျွန်ုပ်ဘက်သို့ ဖြောင့်ဖြောင့်ကြီးပျံလာ၍ ဦးခေါင်းပေါ်သို့ တည့်တည့်ကြီးမရောက်တရောက်တွင်မြေကြီးပေါ်မှ ဗုံးတလုံး ပေါက်ကွဲသံကြားရသေးရာ 'နောက်တလုံးဖြုတ်ချလျှင် ငါ့ခေါင်းပေါ်ပဲကွ'ဟု ဆိုကာ မြေကြီးနှင့် မျက်နှာကပ်လိုက်မိပါသေးသည်။ သို့ရာတွင်လေယာဉ်ပျံသည် နောက်ထပ်၍ မချတော့ပဲ လှည့်ပြန်သွားလေတော့၏။ နောက်ဆုံးဖြုတ်ချသည့် ဗုံးသည် ကသာမြို့အစွန်း၌ရှိသော ဗိုလ်အိမ်ကြီးတလုံးပေါ်သို့ ကျလေရာ၊ နောက်ထပ်၍ မချခြင်းကို ထောက်သော် ဇရစ်ချောင်ထဲသို့ ဗုံးမချဟူသော ကျွန်ုပ်၏တွက်ကိန်းမှာ မှန်သည်ဟုဆိုရပေမည်။ နောင်တွင်လည်း တခါမျှမချချေ။

## ဟန်ကောင်းလှသော ကိုသိန်းဖေ

ဤနေရာ၌ ကိုသိန်းဖေ၏သတ္တိ (သို့မဟုတ်ဟန်) ကောင်းပုံအကြောင်းကို ဖော်ပြရပါဦးမည်။ ကမ်းနီရွာ၌ ကျွန်ုပ်ကျောင်းဆရာလုပ်လျက်ရှိစဉ် ကိုသိန်းဖေမှာ (အင်းရွာအနီး)ပိန်းကောရွာတွင် အကောက်အုပ်အဖြစ်နှင့် အမှုထမ်းလျက်ရှိ၏။ တနေ့သ၌ ကျွန်ုပ်သည် သူ့အိမ်သို့ မြင်းနှင့်အလည်သွား၍ သူ၏ရုံးခန်း၌ စကားပြောလျက်ရှိကြစဉ် ကိုသိန်းဖေ၏ လက်အောက်၌ အမှုထမ်းနေသည့် ဂေါ်ရခါးလူမျိုးကန်ချားဆိုသူတက်လာ၏။ သူ၏လက်၌ကား ဂေါ်ရခါးလူမျိုးကိုင်သည့်ဓားကောက်ကြီးတချောင်း ပါလာ၏။ ဓားကိုကိုင်၍ တက်လာခြင်းကြောင့် ရိုင်းလှပါတကားဟု ကျွန်ုပ်ထင်လျက်ရှိရာမှ ကန်ချား၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ တစုံတခုပြုလုပ်ဖို့ ဆုံးဖြတ်ထားသည့်နယ် တင်းမာသော မျက်နှာထား ရှိခြင်းကို တွေ့ရ၏။

ကျွန်ုပ်သည် ကိုသိန်းဖေ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ မျက်ကြောတချက် ဆတ်ခနဲတင်းသွားခြင်းမှတပါး ပြောင်းလဲခြင်းရှိသည်ကို မတွေ့ရချေ။ ကိုသိန်းဖေ၏ အမူအရာမှာ ကန်ချား၏မျက်နှာထားတင်းလာခြင်းကို လည်းကောင်း၊ သူ၏လက်မှတားကောက်ကြီးကိုလည်းကောင်း အလျဉ်းမမြင်သည့် ဟန်နှင့် 'ဘာကိစ္စလဲဟေ့ ကန်ချား'ဟု မေးလိုက်သည်။ ကန်ချားသည် ကိုသိန်းဖေ၏ထိတ်လန့်တုန်လှုပ်ခြင်းကင်းသော အမူအရာကိုမြင်သည်နှင့် အနည်းငယ်တွန့်သွားဟန်ရှိ၏။ သို့ရာတွင် မိမိ၏အဖြစ်အပျက်ကို ပြောပြသော အခါ၌မူ ပြောယင်း ဒေါသထွက်၍ မျက်နှာများနီလာသည်။ သူပြောပြသော အကြောင်းအရာကို ကျွန်ုပ်ကောင်းစွာ မမှတ်မိသော်လည်း သူ့အလုပ်ကို ကိုသိန်းဖေက အပြစ်ရှာပြီး သစ်တောဝန်ထံ တိုင်တန်းသည်ဟုသူက ယူဆလျက် ရှိသည်။ သူ၏စကားအဆုံး၌ ကိုသိန်းဖေသည် ဂေါ်ရခါး၏ ချောက်လှန့်သော အမူအရာကြောင့် ထိတ်လန့်ခြင်းလည်းမဖော်ပြ။ ဂေါ်ရခါးအပေါ်၌ အရေးယူခြင်းနှင့်ပတ်သက်၍ တရွေးသားမျှလည်းအလျှော့မပေး၊ အရေးယူထိုက်၍ ယူရခြင်းဖြစ်သည်။ လူကို မုန်းတီး၍ အပြစ်ရှာခြင်းမဟုတ်ကြောင်း ပြောသောအခါ ပထမ၌ ကန်ချားသည် အံသွားကြိတ်၍ မျက်လုံးများပြူးကာ ဓားကောက်ကြီး တဆုပ်ကိုင်ကိုင်လုပ်နေ၏။ ကျွန်ုပ်ကား အတော်စိုးရိမ်လျက်ရှိလေပြီ။ စိုးရိမ်ခြင်းကား ကိုသိန်းဖေအတွက်တွင်သာမက ကျွန်ုပ်အတွက်လည်းပါ၏။ အကယ်၍ကန်ချားသည် ဒေါသထွက်ပြီး ကိုသိန်းဖေကို ခုတ်ပိုင်းပြေးအံ့၊ ဒေါသမှန်သောလူများ၏ ထုံးစံအတိုင်း မိုးမမြင်လေမမြင်ဖြစ်ပြီး ကျွန်ုပ်ကိုပါ ဓားစက်ပါသွားနိုင်သည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်အတော်ကြီးလန့်ပါသည်။ ဗုံးကြဲလေယာဉ်များ လာခြင်းထက်ပင် လန့်ပါသည်။ ကိုသိန်းဖေမူကား (သိုင်းတတ်သူဖြစ်၍ အရေးဆိုလျှင် တိမ်းရှောင်ရန် စိတ်ကူးထားသည်ဟု နောင်၌ ကျွန်ုပ်အားပြောပြသော်လည်း) အေးအေးဆေးဆေး အမူအရာနှင့် ထိုင်လျက်ရှိ၏။ ဤအတောအတွင်း လူနှစ်ယောက်တို့သည် တယောက်ကိုတယောက် စေ့စေ့ကြည့်လျက်ရှိကြရာ ကန်ချားကဒေါသနှင့် ပြူး

ကြည့်၍ ကိုသိန်းဖေကတည်ငြိမ်သော မျက်နှာထားနှင့်ကြည့်၏။ ကျွန်ုပ်သည် နှစ်ယောက်လုံးကို ကြည့်လျက်ရှိသော်လည်း ကန်ချားကိုပို၍ဂရုစိုက်လျက်ရှိ၏။ ကျွန်ုပ်ကြည့်နေစဉ် ကန်ချားသည် မဆိုစလောက်ကလေး မျက်နှာထား ပျော့သွားခြင်းကိုမြင်လိုက်ရ၏။ နောက်တခဏ၌ ကိုသိန်းဖေက ငြိမ်သက်သောအသံဖြင့်–

"ဟေ့ ကန်ချား"

"ဆရာ"

"မင်းနဲ့ငါနဲ့ ဘယ်လိုတော်သလဲ"

"ဘယ်လိုမှမတော်ဘူး"

"ဆရာတပည့် မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"မင်းကိုငါက မုန်းနေတယ်လို့ မင်းကထင်သလား"

"မထင်ပါဘူး"

"မုန်းမနေယင် မင့်ကိုငါက ဘာ့ကြောင့်အပြစ်ရှာလိမ့်မလဲ"

"မသိဘူး"

"မင်းနဲ့ငါနဲ့ ရန်သူဆိုယင် အပြစ်ရှာချင်ရှာမပေါ့၊ ခုတော့ ရန်သူမမဟုတ်ပဲနဲ့ ဘာ့ကြောင့်အပြစ်ရှာလိမ့်မှာလဲ၊ မင်းယုံရဲ့လား"

"ပြောတဲ့လူက ပြောတယ်ဆရာ"

"ဘယ်သူကပြောပြော မင့်ကိုငါက ဘယ်တော့မှ အပြစ်မရှာဘူး၊ ငါ့စကားကို မင်းယုံပါ၊ ကိုင်း–သွားတော့"

ကန်ချားသည် မျက်နှာကိုအောက်ချလျက် လှေကားမှဆင်းသွားလေ၏။

အလုံးစုံ ရေလည်သောတနေ့၌ ကန်ချားအား အခြားအလုပ်သမား တယောက်က 'တိုက်'ထားသောကြောင့်ဖြစ်ကြောင်း သိရ၏။ ကိုသိန်းဖေကမူ မည်သူက 'တိုက်'သနည်းဟု ကန်ချားအားမမေး၊ သူ့ဟာသူ သိအောင်လုပ်ယူလေသည်။ လေယာဉ်ပျံစေတ်၌ ဤအကြောင်းကို ကျွန်ုပ်က ပြောပြ၍ ကိုသိန်းဖေ

အား ချီးမွမ်းလေရာ ကိုသိန်းဖေက “တယောက်တမျိုးစီ ပေါ့လေဗျာ၊ ဖုံးကျတော့ ခင်ဗျားကရဲပေတယ်”ဟု ပြန်ပြောလေသည်။

## တရုတ်များ ဖမ်း၍နှိပ်စက်ခြင်း

ဂျပန်ဗုံးကြဲလေယာဉ်ပျံများမလာမီ တရက်နှစ်ရက်၌ ချန်ကေရှိတ်၏ တရုတ်စစ်သားများသည် ကသာသို့ရောက်လာ၍ စခန်းချလျက်ရှိကြ၏။ ချန်ကေ ရှိတ်သည် ဗြိတိသျှအစိုးရနှင့် မဟာမိတ်ဖြစ်၍ မြန်မာပြည်ကိုကာကွယ်ရန် အတွက် စေလွှတ်လိုက်ခြင်းဖြစ်ရာ စစ်ကိုင်းတောင်ရိုးတခွင်တွင် ပြံပြံစင်အောင် မွှေနှောက် ကြပြီးနောက် အညာသို့ဆုတ်ခွာ၍ ကသာသို့ရောက်ကြခြင်း ဖြစ်လေသည်။ ကသာမြို့ကို ဂျပန်များက ဗုံးကြဲခြင်းမှာ တရုတ်စစ်သားများရှိနေ သောကြောင့် ဖြစ်သည်ဆိုကာ ကိုသိန်းဖေတို့လူစုသည် ဇရစ်ချောင်တွင် မနေဝံ့ကြတော့ပဲ မြောက်ဘက်နှစ်မိုင်ခန့်ဝေးသည့် နတ်လှိုင်းရွာကလေးသို့ ရွှေ့ပြောင်းရန် စီမံကြ လေ၏။

သို့ရာတွင် လူအားလုံးနှင့် ပစ္စည်းများကို တခါတည်း သယ်ယူရန် လှည်းလုံလောက်စွာ မရှိသည်နှင့် ကျွန်ုပ်တို့လင်မယားနှင့် ရန်ကုန်မှရောက်လာ သောဗိသုကာဘွဲ့ရ ဦးဘချစ်တို့ ဆရာတပည့်က အိမ်၌စောင့်ရစ်ရန် ဖော်လန် တီယာလုပ်ကြ၍ အခြားလူများ ပြောင်းရွှေ့သွားကြသည်။ အစီအစဉ်မှာ လှည်း အခေါက်ခေါက်သယ်ယူရာတွင် နောက်ဆုံးမှ ကျွန်ုပ်တို့လေးယောက်လည်း တပါတည်း လိုက်ကြရန် ဖြစ်သည်။

ဘေးအန္တရာယ် ကြုံတွေ့ရာတွင် အိမ်ရှင်များက ရှေးဦးစွာထွက်ပြေး၍ ဧည့်သည်များက အိမ်စောင့်နေရစ်ကြရခြင်းမှာ နည်းလည်းမကျဟု ဆိုဖွယ်ရာရှိ၏။ သို့ရာတွင် လူအားလုံး ကြောက်လန့်တုန်လှုပ်နေရာတွင် ရန်ကုန်၌ ကြုံခဲ့ရ ဘူးသည့် ဦးဘချစ်နှင့် ကျွန်ုပ်က အခြားလူများထက် ရဲသည်ဖြစ်၍ မလွှဲမရှောင်သာ

ဤအရေးတွင် ‘ဖော်လန်တီယာ’လုပ်ကြခြင်းဖြစ်သည်။ ဦးဘချစ်နေရစ်၍ သူ၏ တပည့်လည်း နေရစ်ရခြင်းဖြစ်ရာ ကျွန်ုပ်နေရစ်မည်ဆိုရာ တွင်လည်း ဇနီးသည်က ကျွန်ုပ်အစားအသောက် ဆင်းရလိမ့်မည်ဆို၍ ချက်ပြုတ်ကျွေးရန်အတွက် နေရစ်ရှာခြင်းဖြစ်ပေသည်။ အားလုံးသော မိန်းမများ ပြေးသွားကြသည့်နောက် မိန်းမဖော် မရှိပဲ အိမ်ကြီးထဲတွင် ကျွန်ုပ်အတွက် စောင့်နေရစ်ပေသော ဇနီးသည်အား ယနေ့တိုင်ကျေးဇူးတင်၍ မဆုံးအောင်ရှိ ပါတော့သည်။ ထိုအပြုအမူတခုတည်း နှင့်ပင် ဇနီးသည်အပေါ်မည်သို့သော ပြစ်ချက်ရှိစေကာမူ ခွင့်လွှတ်မည်ဟူ၍ တခါတည်း သန္နိဋ္ဌာန်ချထားလိုက်ပါတော့ သည်။

ကျွန်ုပ်တို့လေးဦးသားသည် ဇရစ်ချောင်ရွာထဲတွင် အခြားလူများမရှိပဲ နှစ်ရက်မျှ နေထိုင်ခဲ့ရပြီးနောက် တတိယနေ့ (မေလ ၁၀ရက်)တွင် ကျွန်ုပ်တို့နှင့် တကွ ပစ္စည်းများကိုပါ သယ်ယူရန်အတွက် ကိုသိန်းဖေက လှည်းနှစ်စီးလွှတ်လိုက်၍ နံနက် ၈နာရီခန့်တွင် ရောက်လာကြသည်။ လှည်းပေါ်၌ ကိုသိန်းဖေ၏သား မောင်မောင်နှင့် တူမောင်မောင်ကြီးတို့ လိုက်ပါလာကြသည်။ မောင်မောင်ကြီး သည်ခါး၌ပါလာသော ခြောက်လုံးပြူးသေနတ်ကို စားပွဲပေါ်တွင် ပစ်တင်ထားခဲ့၍ လှည်းပေါ်သို့ ပစ္စည်းများတင်ခိုက်တွင် ရွာထဲသို့ လျှောက်လည်နေသည်။

ပစ္စည်းများကို လှည်းပေါ်သို့ တင်နေခိုက်တွင် တရုတ် စစ်ဗိုလ်ကလေးနှင့် ဂေါ်ရခါးစကားပြန်တယောက် ရောက်လာ၍ ကျွန်ုပ်တို့ကို စစ်ဆေးမေးမြန်းသည်။ ကျွန်ုပ်ကား စကားပြောရန်ပျင်း၍ ‘လူတွင်ကျယ်’လုပ်ရန် ဝါသနာမပါသူ တယောက်ဖြစ်ရာ ဤနေရာတွင် ၎င်းဝါသနာကြောင့် အသက်ချမ်းသာရာရပေတော့ သည်။

အကယ်၍ ဦးဘချစ်က စကားလက်ခံမပြောပဲ ကျွန်ုပ်ကိုပြောရပါမူ ဦးဘချစ် ပြောသကဲ့သို့ ပြောမည်ပင်ဖြစ်၍ ဦးဘချစ်၏အဖြစ်မျိုးကို ကျွန်ုပ်ကြုံတွေ့ရမည် ဖြစ်လေသည်။

တရုတ်စစ်ဗိုလ်ကလေးက စစ်ဆေး၍ ဦးဘချစ်က ဖြေဆိုရာတွင် ကျွန်ုပ်လည်း ဦးဘချစ်နှင့်အတူရပ်လျက်ရှိ၏။ အခြားသောအရာများကို မေးမြန်းပြီးနောက် တရုတ်စစ်ဗိုလ်ကလေးက–

"ခင်ဗျားတို့ဆီမှာ လက်နက်များ မရှိဘူးလား"

ချစ်။ "မရှိပါဘူး"

ဗိုလ်။ "ရှိလျှင်ထုတ်ပေးပါ၊ ကျုပ်တို့ကိုယ်တိုင်တက်ရှာမှတွေ့ယင် ဒဏ်ပေးရပါလိမ့်မယ်"

ချစ်။ "ရှာချင်ရှာပါတော့၊ မရှိပါဘူး"

အမှန်မှာ ဦးဘချစ်၌ ခြောက်လုံးပြူးသေနတ်ကလေးတလက်ရှိ၏။ သို့ရာတွင်အိမ်နောက်ဖေး ငှက်ပျောတောထဲ၌ မြုပ်ထားပြီးလေပြီ။ မောင်မောင်ကြီး၏ သေနတ်အကြောင်းကိုမူ ဦးဘချစ်လည်းမသိ၊ ကျွန်ုပ်လည်းမသိချေ။ ကျွန်ုပ်ကိုမေးလျှင်လည်း ဤအတိုင်းပင် ဖြေမိပေလိမ့်မည်။

ထို့နောက် စစ်ဗိုလ်နှင့် စကားပြန်တို့သည် အိမ်ပေါ်သို့တက်၍ရှာကြရာ အိမ်ဦးခန်းသို့ တက်မိလျှင်ပင် စားပွဲပေါ်၌တင်ထားသော သေနတ်ကို ပက်ပင်းပါ တွေ့နေကြလေပြီ။

ဗိုလ်။ "ဘယ့်နှယ်လဲခင်ဗျားက မရှိဘူးဆို၊ ဒီမှာတွေ့နေပါပြီကော"

ဦးဘချစ်ကား အကျပ်ရိုက် အကျပ်ရိုက်နေရှာပြီ၊ မျက်နှာတွင် သွေးဆုတ်သွားတော့သည်။

ချစ်။ "ကျွန်တော်မသိပါဘူး၊ ကျွန်တော့်သေနတ်မဟုတ်ပါဘူး"

ထိုအခိုက်တွင် မောင်မောင်ကြီးပြန်ရောက်လာ၍ သူ၏သေနတ်ဖြစ်ကြောင်း၊ ဌာနအုပ်တယောက်ဖြစ်၍ သေနတ်ကိုင်ခွင့်ရှိကြောင်း ပြောပါ။ သို့ရာတွင် စစ်ဗိုလ်ကား ကျေနပ်ပုံမရချေ။

ထို့နောက် စစ်ဗိုလ်သည် ဦးဘချစ်တို့ ဆရာတပည့်နှစ်ယောက်၊ မောင်မောင်နှင့် မောင်မောင်ကြီးအပြင် ကျွန်ုပ်ကိုပါ (ယောကျ်ား ငါးယောက်လုံး)

ခေါ်သွားတော့သည်။ ဝင်းတံခါးသို့ရောက်၍ အိမ်ဘက်သို့လှည့်ကြည့်လိုက်ရာတွင် ပြူတင်းပေါက်မှ မျှော်ကြည့်နေသော ဇနီးသည်ကို မြင်သည်နှင့် 'သွားလိုရာ သွားပေတော့'ဆိုသော အနေဖြင့် လက်ပြလိုက်ရာ ဇနီးသည်မှာလည်း မျက်နှာ ကလေး ဓီးရွက်လောက်နှင့် ကျန်ရစ်ခဲ့ရှာတော့သည်။

မျက်နှာချင်းဆိုင်ရှိ အိမ်ကြီးထဲသို့ရောက်သောအခါ ကျွန်ုပ်တို့သာမက အခြားသောရွာသားများကိုလည်း ခေါ်ထားသေးရာ ၎င်းတို့နှင့်အတူ သစ်ပင် အောက်တွင် ရောနှောကာ ထိုင်ကြရသည်။ ဤအတောအတွင်းရွာသား နှစ်ယောက် တတွဲ၊ သုံးယောက်တတွဲ ခေါ်လာ၍ ၁၇ ယောက်ဖြစ်လာလေပြီ။ နောက်ဆုံး တွင်မူကား စောဖေစောနှင့် စောဒယ်နီယယ်အမည်ရှိ ကရင်နှစ်ယောက်ကို ခေါ် လာပြန်ရာ ၎င်းတို့ကိုမူ တရုတ်စစ်သားတယောက်က ကန်ကျောက်ထိုးကြိတ်ယင်း ခေါ်လာခဲ့သည်။ ကျွန်ုပ်တို့အားလုံး ၁၉ယောက်ကို သရက်ပင်ကြီးအောက်၌ ထားစဉ် တရုတ်စစ်သား တယောက်သည် မကျေချမ်း နိုင်သော အမူအရာနှင့် စောဖေစောဆိုသူ၏ ကျောကိုသေနတ်ဒင်နှင့် ပြေး၍ပြေး၍ ဆောင့်သေး၏။ ကျွန်ုပ်တို့အထဲမှ လူတယောက်အား ဤကဲ့သို့ပြုလုပ်သည်ကို မြင်ရခြင်းအားဖြင့် ကျွန်ုပ်တို့၏အမူကား မသေးငယ်လှဟု စဉ်းစားမိသည်။

ကျွန်ုပ်တို့သည်သရက်ပင်ကြီးအောက်၌ စီတန်းကာထိုင်လျက်ရှိစဉ် သရက် ပင်အောက်၌ ခြေသုံးချောင်းထောက် စက်သေနတ်ကလေး နှစ်လက်သည် ကျွန်ုပ် တို့ဘက်သို့ ပြောင်းလှည့်လျက်ရှိရာ တရုတ်စစ်သားတယောက်က ၎င်းသေနတ် တလက်ကို မောင်းတင်ခြင်းပေလော မဆိုနိုင်။ 'ခလောက်လောက်'နှင့် မြည်အောင် လုပ်လိုက်သည်နှင့် ကျွန်ုပ်တို့ကို ပစ်ချေတော့မည်လောဟု ထင်မိသည်။ သို့ဖြစ်၍ ထပြေးရလျှင် တော်ချေမည်လားဟူသော အကြံနှင့် နောက်သို့လှည့်ကြည့်လိုက်ရာ တွင် သေနတ်ထမ်းသော စစ်သားတယောက်က လမ်းလျှောက်နေ၍ အခြား တယောက်က လက်ပစ်ဗုံးနှစ်လုံးကို လက်တဘက်တလုံးကိုင်ကာ ရပ်နေသည်ကို မြင်ရတော့သည်။

ရွာထဲ၌ ယောကျ်ားများ ကုန်စင်လောက်ပြီ ထင်သောအခါမှ စစ်ဗိုလ်ကလေး ကအချက်ပေးလိုက်၍ ကျွန်ုပ်တို့ လူ၁၉ယောက်သည် စစ်သားများခြံရံကာ လိုက်ပါသွားကြရသည်။ လမ်းခရီး၌ ကျွန်ုပ်သည် ဦးဘချစ်နောက်မှ လိုက်ပါလာရာ ဦးဘချစ်မှာ ခြေထောက်၌ ခဲဆွဲထားသကဲ့သို့ အလွန်လေးကန်သော ခြေလှမ်းရှိသည်ကို မြင်ရသည်။

ပိန်းနဲကုန်းရွာထိပ်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့အား သစ်ပင်ကြီး အောက်တွင် ထိုင်စေလျက် ကျွန်ုပ်တို့အိမ်သို့ဝင်ခဲ့ဘူးသော စစ်ဗိုလ်ကလေးသည် ၎င်းထက်ကြီးဟန်တူသော စစ်ဗိုလ်အား ဘာပြောသည်မသိ အတန်ကြာကလေး တိုင်ပင်ကြသည်။ ထို့နောက် စကားပြန်က ကျွန်ုပ်တို့ဘက်သို့ လှည့်၍ပြောလိုက် ရာ ၎င်း၏စကားကို ကျွန်ုပ်မကြားရပဲ အနီးရှိ လူတယောက်က 'လူကြီးတွေ ခေါ်သတဲ့၊ လူကြီးတွေ'ဟု ပြောလိုက်၏။ လူကြီးတွေဆိုလျှင် ငါလည်း လူကြီးတယောက် ဖြစ်သည်ဆိုကာ ထိုင်ရာမှ ထသွားရာ ကျွန်ုပ်နှင့်အတူ ရပ်နေသူများမှာ ဦးဘချစ်၊ စောဖေစောနှင့် စောဒယ်နီယယ်တို့ သုံးယောက်ဖြစ်နေ သည်ကိုမြင်ရသည်တွင်မှ ဟန်မကျသေးဟု အောက်မေ့ကာ ပြန်၍ထိုင်နေလိုက်ရ ပါတော့သည်။ (နောက်ကြောင်းကိုပြန်၍ ဆင်ခြင်သည့်အခါ ပသီပုံပြင် ဝတ္ထုထဲ၌ ဦးခေါင်းဖြတ်ခံရသော ရာဇဝတ်ကောင်များထဲတွင် ရောနှောကာဝင်တိုးမိသော ငရောင်ကန်၏ အဖြစ်နှင့်တူလှ၍ ငိုအားထက် ရယ်အားသန်မိကာ ပြုံးမိပါ သေး၏။)

ထို့နောက်ဦးဘချစ်တို့သုံးယောက်ကို ထိုနေရာ၌ ချန်ထားခဲ့၍ ကျန်လူများ အား ဆက်လက်ခေါ်ဆောင်သွားပြန်ရာ တရုတ်စစ်ဗိုလ်ကြီး တည်းခိုလျက်ရှိသည် ဆိုသော အိမ်ကြီးတဆောင်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့အားဝင်းထဲတွင် ထားခဲ့၍ ဗိုလ်ကလေးသည် အိမ်ကြီးပေါ်သို့ တက်သွားလေသည်။ ထိုအတော အတွင်း ဗမာစကားကောင်းစွာ ပြောတတ်သော တရုတ်ကလေးတယောက် ချဉ်းကပ်လာ၍ မောင်မောင်ကြီးက "ကျွန်တော်တို့တတွေလူကောင်းတွေပါ"ဟု

ပြောရာတွင် တရုတ်ကလေးက "ကိုယ့်ကိုကိုယ်တော့လူကောင်းချည်းပေါ့ဗျာ"ဟု ပြန်ပြောလေရကား ကျွန်ုပ်မှာ 'ငါတို့ကိစ္စမလွယ်လှ'ဟု စဉ်းစားမိပါတော့သည်။

တနာရီခန့်ကြာသောအခါ စစ်ဗိုလ်ကလေး ပြန်ဆင်းလာ၍ ကျွန်ုပ်တို့ကို မြို့စွန်၌ရှိသော ဘုန်းကြီးကျောင်းဝင်းထဲသို့ ခေါ်သွားသည်။ ကျောင်းထဲ၌ကား ဘုန်းကြီးမရှိ၊ လူလည်းမရှိ၊ ခွေးများပင်မရှိ၊ တိတ်ဆိတ်လျက် ရှိတော့သည်။ တနေရာတွင် သစ်ပင်ကြီးအောက်၌ ထိုင်စေပြီးနောက် တရုတ်စစ်သားတယောက်က စက်သေနတ်ကို ရှေးနည်းအတူ 'ခလောက်ခလက်'လုပ်ပြန်ရာ လူမရှိသောနေရာသို့ ကျွန်ုပ်တို့ကိုခေါ်၍ သတ်တော့မည်ပြင်ခြင်းဖြစ်သည်ဟု ထင်မိပြန်ပါသည်။ လူများ၏မျက်နှာများကို ကြည့်လိုက်သည့်အခါ ပေါက်စီထက် ကြီးတော့သည်မထင်။ မျက်နှာငယ်သည်ဆိုခြင်းကား အကယ်ပင်ဖြစ်သည်ဟု သိရတော့သည်။

နောက်ဆုံး၌ ကျွန်ုပ်တို့အား ပေါက်တူးပေါက်ပြားများ စုပုံထားသည်ကိုပြလျက် တယောက်တခုယူခဲ့ရန် လက်ပြခြေပြဖြင့် အမိန့်ပေးသည်။ ထိုနေရာ၌ စကားပြန် မရှိတော့ချေ။ ပေါက်ပြားတခုကို ကောက်ယူလျက် တရုတ်စစ်သားများနောက်သို့ လိုက်ရစဉ် ကိုယ့်သင်းချိုင်းကိုယ်တူးရသည်ဆိုသော စကားကိုကြားဘူး၍အကယ်ပင် ခိုင်းချေမည်လောဟု ပူပန်မိသေးရာ ဆေးရုံသို့ရောက်၍ အလောင်းများကို ညွှန်ပြသောအခါမှ တော်ပေသေးရဲ့ဟု အောက်မေ့မိသည်။

ကသာကိုဗုံးချ၍ ထိမှန်သောလူနာများကို ဆေးရုံကြီးသို့ပို့ထားရာ ဆရာဝန်များအားလုံး ထွက်ပြေးကြသဖြင့် သေသူကသေ၊ ပုပ်သူကပုပ် ဖြစ်ကုန်သည်တွင် ကျွန်ုပ်တို့အား အလောင်းများကို မြေကြီးဖြင့်ဖုံးဖိရန် စေခိုင်းခြင်းဖြစ်၏။ လက္ခဏာမှာ ဆေးရုံကြီးထဲတွင် တရုတ်စစ်တပ် စခန်းချမည်ဟု ကြံစည်ဟန်တူသည်။ နှစ်နာရီကျော်သုံးနာရီခန့် အလုပ်လုပ်၍ အလောင်းပေါင်း ၁၀ လောင်းခန့် မြေဖို့ပြီးလတ်သော် ကျွန်ုပ်တို့လူစုကို မြို့ထဲသို့လှည့်လည်ခေါ်သွားသည်။ အလုပ်မှာကား လမ်းပေါ်တွင် ဗုံးမှန်၍သေဆုံးသော အလောင်းကို

ဖုံးဖိရန်ဖြစ်၏။ မြေကြီးကား မတူးနိုင်၊ မီးရထားတွဲထဲမှ စပါးတွေကိုကြုံး၍ အလောင်းများကို ဖုံးရတော့သည်။

နေ့ရက်ကား မေလ၁၀ရက်၊ အချိန်ကား နာရီပြန်တချက်၊ ခေါင်းတုံးပြောင် လှအောင် ရိတ်ထား၍ ဦးထုပ်လည်းမပါ၊ စွပ်ကျယ်လက်ပြတ် ကလေးနှင့် ရှတ်တရက် လိုက်လာမိခဲ့သော ကျွန်ုပ်အဖို့မှာကား ပူလောင်လိုက်သည်မှာ သွက်သွက်လည်နေပါတော့သည်။

ထိုအတောအတွင်း ထမင်းလည်းမစားရ၊ ရေလည်းမသောက်ရ၊ ခေါ်ရာသို့ တနေ့လုံးလိုက်၍ ခိုင်းရာကို လုပ်နေရပါတော့သည်။ အခြားလူများမှာ များသော အားဖြင့် ကရင်စစ်ပြန်လူငယ်လူလတ်များဖြစ်ရာ ကျွန်ုပ်နှင့်ရွယ်တူ အဘိုးကြီး တယောက်သာပါရှိ၍ ၎င်းအဘိုးကြီးက ကွမ်းစားချင်သောကြောင့် ကွမ်းဝယ်ရန် ထွက်ခဲ့မိရာတွင် တရုတ်စစ်သားများနှင့် တွေ့သွားခြင်းဖြစ်ကြောင်း၊ ကွမ်းစားချင် လှသောပါးစပ်ကြောင့် ဤသို့ဒုက္ခရောက်ရခြင်းဖြစ်၍ ကိုယ့်ပါးစပ်ကိုသာ ရိုက်ချင် ကြောင်း ပြောရှာသဖြင့် ဒုက္ခရောက်သည့်အထဲမှပင် ရယ်ချင်လှတော့ သည်။

နာရီပြန်နှစ်ချက်ခန့် အချိန်တွင်မှ ကျွန်ုပ်တို့ကို ဇရပ်တခုသို့ခေါ်သွား၍ ဆန်နှင့်အာလူးများ ထုတ်ပေးသဖြင့် ကရင်စစ်ပြန်များက ချက်၍ အခြားလူများ စားကြသော်လည်း ကျွန်ုပ်ကား ဆာလည်း မဆာ၊ ကြမ်းပေါ်တွင် ပက်လက်လှန် လျက် မြစ်လယ်၌ လှေကလေးများဖြင့် လှော်ခတ်သွားလာလျက်ရှိသော လူများ၏ လွတ်လပ်ခြင်းကိုသာ အားကျမိပါတော့သည်။

ထိုလူများ ထမင်းစားပြီး၍ စစ်ဗိုလ်ကြီးရှိသော ဗိုလ်အိမ်ကြီးသို့ ကျွန်ုပ် တို့ကို ခေါ်သွားသောအခါ ၄နာရီခန့်ရှိလေပြီ။ ဘာခိုင်း၍ ဘာလုပ်ဦးမည် မသိသဖြင့် လုံးဝ စိတ်မအေးနိုင်ချေ။ နောက်ဆုံး၌တရုတ်စစ်သားတယောက်သည် ကျွန်ုပ်တို့အားလုံး ကို 'ကလပ်'အဆောက်အအုံဘက်သို့ ခေါ်သွားရာ ဘာလုပ်မည် မသိပဲ လိုက်သွားကြ၏။ 'ကလပ်'အဝသို့ ရောက်သည်တွင်မှ တရုတ်စစ်သားသည် ရပ်တန့်လျက် 'သွားကြတော့'ဆိုသော သဘောနှင့် လက်ပြလိုက်သည်နှင့် တပြိုင်

နက် ဌာနအုပ်မောင်မောင်ကြီးသည် အလွန်ပျော်မြူးသည့်လက္ခဏာနှင့် 'ကလပ်' ပတ်ပတ်လည် ကာရံထားသော သံဆူးကြိုးကို ပြေးခုန်လိုက်၏။ အခြားဘက်သို့ ရောက်သည်နှင့် တပြိုင်နက် 'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း'သေနတ်သံများ ပေါ်ထွက်လာသည်နှင့် လိုက်ပို့သောစစ်သားက တရုတ်လိုလှမ်းပြော၏။ လက္ခဏာမှာ "ငါတို့လွှတ်လိုက်တဲ့လူတွေပါ၊ မပစ်ပါနဲ့"ဟု ပြောဟန်တူ၏။ သို့ရာတွင် သေနတ်သံများသည် စဲတော့သည်မရှိပဲ တဒိန်ဒိန်း တဒိုင်းဒိုင်း ဆက်လက်ပစ်ခတ်နေလေတော့ရကား စစ်သားသည် နားမလည်နိုင်သော မျက်နှာထားနှင့် ပေယျာလကံပစ်ထား၍ ပြန်ပြေးလေတော့သည်။

သေနတ်သံများသည် ကျွန်ုပ်တို့နှင့်မျက်နှာချင်းဆိုင်ရှိသော မြောက်အရပ်ဆီမှ ပေါ်လာခြင်းဖြစ်ရာ ကျွန်ုပ်တို့မှာ မည်သည့်အဓိပ္ပာယ်နှင့် မည်သူက မည်သူ့အား ပစ်လေသည်မသိ၊ အသံများသည် များသည်ထက်များလာတော့သည် နှင့် လူစုကွဲ၍ ပြေးမိပြေးရာ ပြေးကြတော့သည်။ ကျွန်ုပ်မှာ အနီးအပါးရှိ ချိုင့်ကြီးထဲတွင် မြောင်းကလေးတွေရှိသည်ဟု သိသည်နှင့် ထိုနေရာသို့တန်းပြေး၍ ချိုင့်ထဲသို့လိုမ့်ချလိုက်သည်တွင် ဦးသိန်းဖေ၏သား မောင်မောင်နှင့် ဦးဘချစ်၏တပည့်လည်း ရောက်နေကြသည်ကိုတွေ့ရသည်။

ထိုအခါ၌မူကား သေနတ်သံများသည် တချက်ချင်းမဟုတ်တော့ပဲ အပြွတ်လိုက် အပြုံလိုက် ပစ်ခတ်လျက်ရှိလေပြီ။ သေနတ်သံများသည် မြောက်မျက်နှာမှသာမဟုတ်၊ တောင်မျက်နှာနှင့် အနောက်မျက်နှာတို့မှလည်း ပေါ်ထွက်နေကြလေပြီ။ အရှေ့ဘက်၌မူ ဧရာဝတီမြစ်သာ ရှိပေသည်။ ထို့နောက်၌မူ ရိုင်ဖယ်သေနတ်သံများသာမဟုတ် စက်သေနတ်သံများလည်း ရောညှပ်ပါလာခဲ့လေပြီ။

"ဘာဖြစ်တာလဲ ဦးလေး"

"ဘာဖြစ်ရမလဲကွ၊ ဂျပန်ဝင်လာတာဖြစ်မှာပေါ့"

ဟုတ်လည်းဟုတ်ပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ကိုလိုက်ပို့သော တရုတ်စစ်သား ပြန်ပြေးရခြင်းဖြစ်လေသည်။

စင်စစ်သော်ကား 'ကလပ်'အနီး၌ ကျွန်ုပ်တို့ရှိစဉ်က ကြားရသော သေနတ်သံများမှာ ကျွန်ုပ်တို့ဘက်သို့ ပစ်ခတ်ခြင်းမဟုတ်၊ မြောက်မျက်နှာမှ ချဉ်းကပ်လာသော ဂျပန်များကို တရုတ်များက ပစ်ခတ်ခြင်း ဖြစ်ဟန်တူပေသည်။

## တရုတ် ဂျပန်တိုက်ပွဲ

ကျွန်ုပ်တို့လူစုမှာ တရုတ်စစ်သားများက လွှတ်လိုက်ပြီဆို၍ ဝမ်းသာရမည် မကြာသေးမီ၊ မြောက်ဘက်မှဝင်ရန် ကြိုးစားသော ဂျပန်နှင့် မြို့ကိုခုခံကာကွယ် သော တရုတ်စစ်တပ်ကို အပြန်အလှန် ပစ်ခတ်ကြသည့်အလယ်ကြားသို့ ရောက် နေခဲ့လေပြီ။ မြောင်းထဲ၌ ကျွန်ုပ်တို့သုံးယောက်တည်းရှိ၍ ကျန်သောလူများ မှာခြေဦးတည့်ရာသို့ စွပ်၍ပြေးကြသောကြောင့် ဘယ်ဆီရောက်ကုန်ကြသည် မပြောတတ်ချေ။

ကျွန်ုပ်သည် တရုတ်စစ်သားများ မမြင်စေရန် ခါးပိုက်ထဲ၌ လိမ်၍ဝတ်ထား သော လက်ပတ်နာရီကိုထုတ်ကြည့်၍ ၅ နာရီခွဲနေသည်ကို တွေ့ရသည်။ အရပ် သုံးမျက်နှာမှ ပစ်ခတ်သံများသည် မိုးချုပ်လေလေအားကြီးလေလေ ဖြစ်နေတော့ သည်။ သို့ရာတွင် ကျွန်ုပ်တို့၏အားကိုးတခုမှာ မြောင်း၏တထောင်ခန့် နက်ခြင်း ဖြစ်၍ အပေါ်တည့်တည့်မှ ချိန်၍ပစ်ခြင်းမဟုတ်သမျှ ကာလပတ်လုံး ကျည်ဆန် များသည် ကျွန်ုပ်တို့ကို မထိနိုင်ပဲ ကျော်သွားရမည်ဟု စိတ်ချနိုင်ပေသည်။ သို့နှင့် ပင် ကျည်ဆန်များ၏ အဆက်မပြတ် တရစပ်ပစ်ခတ်မှုကြောင့် တချက်တချက်တွင် ကျောထဲမှ တွန့်ကနဲ တွန့်ကနဲ ဖြစ်သွားပါသေး သည်။

၅နာရီခွဲမှ ၆နာရီ၊ ၇နာရီ၊ ၈နာရီ၊ ၉နာရီ ထိုးလတ်သော် ပစ်ခတ်သံများသည် တိုး၍ပင် များပြားလာ၍ အထူးသဖြင့် ကျွန်ုပ်တို့၏ ခေါင်းရင်းဆီမှ ပစ်သော စက်သေနတ်သံသည် နားမခံနိုင်အောင် စူးစူး ပေါက်ပေါက်ရှိလှ၏။ ထိန်း၊ ထိန်း၊ ထိန်း၊ ဒိုင်း၊ ဒိုင်း၊ ဒိုင်း၊ တူး၊ တူး၊ တူး၊

စသည်ဖြင့် သေနတ်သံ အမျိုးမျိုးရှိသည့်အနက် တူး တူး တူး မြည်သော သေနတ်သံသည် အထူးသဖြင့် စူးစူး ရားရားရှိ၍ နားထဲသို့ အပ်ကလေးဖြင့် မွှေလိုက်သလို အခံရက်ခက်လှသည်နှင့် ကျွန်ုပ်သည် စွပ်ကျယ်အကျီမှအောက်ပိုင်းကိုဖြတ်၍ နားနှစ်ဘက်ထဲသို့ ဆို့ပိတ်ထားရပါတော့သည်။ သို့နှင့်ပင် တချက်တချက်တွင် အထူးသဖြင့် စူးရှသည်နှင့် ဆို့ပိတ်ထားသော အဝတ်စုတ် ပြုတ်ကျလေသလောဟု စမ်းကြည့်ရာ နေရာတွင်ရှိသည်ကို တွေ့ရပါသည်။ ဤမျှလောက် စူးပေါက်သော သေနတ်သံတမျိုးပါပေတည်း။

၉ နာရီခွဲ လတ်သော် မြောက်အရပ်မှ ဝုန်းကနဲမြည်သံကြီးကြားရ၍ ကျွန်ုပ်တို့၏ ခေါင်းရင်းရှိ မြို့ထဲမှ 'ဒိန်း'ကနဲမြည်သံ ကြားရသည်။ ဝုန်းကနဲ မြည်တိုင်း ဒိန်းကနဲမြည်သံ ကြားရသည်တွင် ဂျပန်ဘက်မှ မော်တာနှင့် ပစ်၍ မြို့ထဲ၌ ပေါက်ကွဲခြင်းဖြစ်သည်ဟု သိရပါသည်။ ဝုန်းကနဲမြည်သံကြီးဖြစ်ပေါ် လာတိုင်း မည်သည့်နေရာ၌ ပေါက်ကွဲချေမည်နည်းဟု အသက်အောင့်လျက် စောင့်ကြရပေရာ တနေရာတွင် ဒိုင်းကနဲကွဲသံကြားရသောအခါမှ 'ဒီအချက်ဖို့ ငါတို့လွတ်ပေပြီ'ဟု ဟီးချရပေတော့သည်။ တခါတရံတွင် ကျွန်ုပ်အပေါ်တည့် တည့် ခပ်မြင့်မြင့်၌ ဒိုင်းကနဲပေါက်ကွဲ၍ မီးခဲအစအနတွေ လွင့်စင်ကျသွားခြင်းကို ပင် မြင်ကြရသည်။ တခါက ဝတ္တုပစ္စည်းတခုသည် 'ဗွီဗွီဗွီဗွီ'ဟူသော အသံကြီးနှင့် လွင့်လာ၍ ကျွန်ုပ်တို့နှင့် ၅ ကိုက်၁၀ကိုက်ကွာခြားသလော မပြောတတ်၊ မြေကြီးပေါ်သို့ ဖုတ်ကနဲကျလာ၏။ ဤလက်နက်ကား 'ဘွဲ့ဖြူလက်နက်'မဟုတ် ခြင်းကိုသိသည်နှင့် ကျွန်ုပ်တို့သည် မြောင်းထဲတွင် ကိုယ့်ကိုယ်ကို တတ်နိုင်သမျှ သေးငယ်အောင် ကွေးကြုံ့လျက် အသက်မရှူပဲ စောင့်နေကြစဉ် ဒိုင်းကနဲအသံကြီး ပေါ်ထက်လာ၍ တယောက်ကိုတယောက်ဖက်လိုက်မိကြသည်။ သို့သော် တော်ပါ သေး၏။ မည်သူ့ကိုမျှ မထိခိုက် မီးခဲအစအနများသည် မြောင်းပေါ်မှလျှံ သွားကြသည်။

ကျွန်ုပ်အဖို့ အဆိုးရွားဆုံးမှာကား ဝုန်းကနဲမြည်သောအသံနှင့် ဒိုင်းကနဲ မြည်သော အသံတို့၏အကြား ၅-၁၀စက္ကန့်မျှသော အချိန်ကာလပင်ဖြစ် ၏။ ဝုန်းကနဲမြည်သံ ကြားလိုက်ရကတည်းက ရှဲလ်ကျည်ဆန်သည် ကျွန်ုပ်တို့ဆီသို့ လာလျက်ရှိသည်ဟု သိရ၍ ပတ်ဝန်းကျင်တဝိုက် မည်သည့်နေရာ၌ ကျလိမ့်မည်ကို မသိရသဖြင့်အသက်အောင့်ကာ စောင့်နေကြရာ တနေရာ၌ ဒိုင်းကနဲပေါက်ကွဲသံ ကြားကာမှ ရှူးကနဲအသက်ရှူလိုက်ကြတော့သည်။ တမိနစ်တွင် တချက်ပစ်၍ ထိုညအဖို့ ဘယ်နှစ်ချက်ပစ်ပြီး ဘယ်နှစ်ကြိမ် အသက်အောင့်ခဲ့ကြရသည် မပြောနိုင်ပေ။

သဘာဝတခုမှာကား အဆိုးရွားဆုံးသော အခြင်းအရာပင် ဖြစ်စေကာမူ ကြာလျှင်ရိုးသည်သာဖြစ်၏။ မော်တာသံကြားခါစ၌ ဝုန်းသံနှင့် ဒိုင်းသံအကြားတွင် လွန်စွာလန့်ထိတ်၏။ သို့သော် အချက်ပေါင်းများစွာကြားရသောအခါတွင် ကျွန်ုပ် တို့ကို ထိမှန်နိုင်သော အခွင့်အရေး နည်းပါးသွားသည် မဟုတ်သော်လည်း ပထမကလောက် အသက်ရှူမှားအောင် မကြောက်တော့ချေ။ သို့သော် ဝေဒနာ ဟောင်းတခုလျော့သောအခါ ဝေဒနာသစ်များ ပေါ်လာကြပြန်သည်။ ကျွန်ုပ်မှာ တနေ့ပတ်လုံး ဘာတခုမျှ မမျိုခဲ့ရသည်နှင့် အူတကျုတ်ကျုတ်ဖြစ်နေတော့ရာ ထို့ထက်ဆိုးရွားသည်ကား ရေငတ်ခြင်းပေတည်း။ လူသည်ကြောက်လျှင် ရေငတ် တတ်သော သဘာဝရှိရသည့်အထဲတွင် တနေ့လုံး နေပူကျဲကျဲကြီး၌ ဦးထုပ်မပါပဲ အလုပ်လုပ်ခဲ့ရ၍ ညနေခင်း ၃နာရီထက် နောက်တွင် ရေတပေါက်မှ မသောက်ခဲ့ရကား ရေငတ်လိုက်ပုံမှာ ပါးစပ်စေးကပ်၍ ဖွင့်ရန်ပင်ခဲယဉ်းလှသည်။ အဘယ်ကြောင့် ဖွင့်ရပါသနည်းဟူမူ မြက်ထဲ၌ ရေဓာတ်ရှိ၍ မြက်များကို တဆုပ်ပြီး တဆုပ်နုတ်၍စားသောကြောင့်ပေတည်း။ အခြားသော ဒုက္ခဝေဒနာ တခုရှိသေး၏။ မြက်ခင်းကြီးဖြစ်၍ ခြင်ကောင်များပျော်မြူးသော ဌာနကြီးဖြစ်ရာ မော်တာကို ကျွန်ုပ်တို့ကြောက်သလို မကြောက်သည့် ရာထောင်မျှသောခြင်ကောင် များသည် ကျွန်ုပ်တို့အောက်ပိုင်းတွင် ရဲတင်းစွာ ပျံဝဲလျက် ခြေသလုံးသုံးစုံမှ

ကြိုက်ရာရွေး၍ သွေးစုပ်နိုင်ကြတော့သည်။ ပထမ၌ ခြင်ကိုက်ခြင်းမှုလောက်ကို မမှုသော်လည်း ရိုးလာ၍ အကြောက်သက်သာသလိုရှိလာသောအခါတွင် ပူနေအောင်ကိုက်ထားသည့် အောက်ပိုင်းတဝိုက်ကို ဖျင်း ဖျင်းပါအောင် ခြစ်ကုတ်ကြလေတော့သည်။

ဤအတောအတွင်း ဦးဘချစ်၏တပည့်က "ကျွန်တော်တော့ ခက်တာပဲ ဘကြီးရယ်"ဟု ညည်းတွားလိုက်သည်နှင့် 'ဘာဖြစ်သလဲ'ဟု မေးလိုက်ရာ 'ကျွန်တော်ဝမ်းနာလိုက်တာ ခင်ဗျာ'ဟု ပြန်ပြောသည်။ မည်သည့်နည်းနှင့်မျှ မအောင့်နိုင်ကြောင်းပြောရာတွင် ခြေရင်းဘက်သို့ လျှောဆင်းပြီး စွန့်ချေပါ မောင်မင်းကြီးသားဟု ပြောယင်း ရယ်မိပါသေးတော့သည်။

စောစောပိုင်း၌ တဘက်နှင့်တဘက် ရပ်နားခြင်းမရှိပဲ တရစပ်ပစ်ခတ်ကြသော်လည်း ညဥ့်နက်လာရာတွင်မူ တချီတချီတွင် နှစ်ဘက်လုံးရပ်နားပြီး အကဲကြည့်ကြ၏။ လက္ခဏာမှာ တရုတ်တွေထွက်ပြေးချေပြီလောဟု ဂျပန်တို့က ရပ်နားကြည့်ဟန်တူ၏။ သို့ရာတွင် ရပ်နားပြီးတိုင်း တရုတ်ဘက်က စတင်ပစ်သည် နှင့် ဂျပန်ဘက်က တုံ့ပြန်ပစ်ခတ်တော့သည်။ ယင်းကဲ့သို့ နားချည်ပစ်ချည် တိုက်ကြ၍ ညဥ့်နက်လာသည်ရှိသော် ကျွန်ုပ်မှာ ကြောက်ခြင်းအမျိုးမျိုး၊ ဒုက္ခဝေဒနာအမျိုးမျိုးခံစားပြီး၍ အသစ်အဆန်းမပေါ်လာတော့ပဲ ရှိသည်တကြောင်း၊ စိတ်ရောကိုယ်ပါ ကြည်ရှည်စွာပင်ပန်းလှ၍ 'မြော့'နေတော့သည် တကြောင်းကြောင့် နောက်ဆုံးနာရီကို ကြည့်သောအခါ ၁၂ နာရီတိတိ ရှိခြင်းကိုသာ သိရပြီးနောက် အိပ်ပျော်သွားပါတော့သည်။ သွေးရိုးသားရိုးအိပ်ပျော် ခြင်းပေလော၊ အပန်းကြီးပန်းပြီး နစ်မျောသွားခြင်းပေလော မပြောနိုင်ပါ။

## ဂျပန်တွေဝင်ကုန်ပြီ

မျက်စိဖွင့်ကြည့်လိုက်သောအခါ ကျဲကျဲကြီး လင်းလျက်ရှိလေပြီ။ ပစ်ခတ်သံများလည်း အလျဉ်းမကြားရတော့ချေ။ သူငယ်နှစ်ယောက်ကိုနိူး၍ အခြေအနေကို အကဲခတ်ကြည့်ရာတွင် ချိုင့်ကြီးနှုတ်ခမ်းပေါ်၌ လူတယောက်သည် အထုပ်ကလေး ထမ်းလျက် လျှောက်သွားသည်ကိုမြင်ရ၏။ တယောက်သွားဝံ့လျှင် သုံးယောက် သွားဝံ့ရမည်ဆို၍ မြောင်းထဲမှထွက်ကြပြီး လူကြီးကိုခေါ်လိုက်ရာ လူကြီးလည်း ရပ်နေ၏။ အနီးသို့ချဉ်းကပ်၍စုံစမ်းသည်တွင် "ဂျပန်တွေ ဝင်လာကုန်ပြီဗျ၊ ခင်ဗျားတို့မသိဘူးလား"ဟုပြောသည်နှင့် အတော်စိတ်အေးသွားကြသည်။ မနီးမဝေး၌ ဂျပန်စစ်သားတယောက်သည် သေနတ်ထမ်းလျက် စကြီလျှောက်နေရာ ကျွန်ုပ်တို့ကိုမြင်သော်လည်း ဂရုမစိုက်သည်နှင့် အားတက်၍ ဇရစ်ချောင်ရွာသို့ လျှောက်လာကြသည်။

ဇရစ်ချောင်ရွာ၌ ကိုသိန်းဖေ၏နေအိမ်မှာ မော်တာထိမှန်သည့် အပေါက်အပြဲများပြည့်နေ၏။ အိမ်၌ကားလူတယောက်မျှမရှိချေ။ ကျွန်ုပ်တို့သည်ရေတွင်းမှ ရေဝအောင်သောက်၍ သရက်သီးများ ခူးစားယင်း နတ်လှိုင်ရွာသို့ လျှောက်လာကြရာ လမ်းတွင်ဝက်အူချောင်းတဗူးတွေ့သည်နှင့် ကျောက်ခဲနှင့်ထုပြီး ရသမျှကိုစားကြသည်။ ကျွန်ုပ်တို့ဝင်လာသည်ကို မြင်ကြသောအခါ အိမ်သူအိမ်သားများ ဝမ်းသာလိုက်ကြသည်မှာ ပြောစရာမရှိချေ။ သို့သော် ၎င်းတို့ဝမ်းသာခြင်းထက် ကျွန်ုပ်တို့၏ဝမ်းသာခြင်းက ပိုလိမ့်မည်ထင်ပါသည်။

ဇရစ်ချောင် ရွာသူရွာသားများသည် အများအားဖြင့် နတ်လှိုင်ရွာသို့ ရွှေ့ပြောင်းလာကြသည်ဖြစ်၍ ကျွန်ုပ်တို့ပြန်ရောက်သောအချိန်တွင် တရုတ်စစ်သားများ ဖမ်းသွားသော ယောကျာ်းများအနက် လေးငါးယောက်မျှသာ ပြန်ရောက်သေးကြောင်း သိရှိရသည်။ ထိုနေ့တနေ့လုံး နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲ

ပြန်ရောက်လာကြသဖြင့် ညနေခင်းအချိန်တွင် လူစုံလုမတတ် ရှိလေပြီ။ ကျွန်ုပ်တို့ နေအိမ်မှ ဖမ်းသွားသော ယောကျ်ားငါးယောက်အနက် ကျွန်ုပ်တို့သုံးယောက်သည် နံနက်ခင်းတွင် ပြန်ရောက်၍ ညနေခင်းတွင် ဌာနအုပ်မောင်မောင်ကြီး ပြန်ရောက်လာ၏။ သို့ဖြစ်၍ ထိုညတွင် ကျွန်ုပ်တို့အိမ်မှ ဗိသုကာ ဦးဘချစ်နှင့် ရွာထဲမှ စောဒန်နီယယ်နှင့် စောဖေစောတို့မှတပါး အားလုံးပြန်ရောက်ကြလေပြီ။

ထိုလူသုံးယောက်မှာမူ ပကတူးကတည်းက ကျွန်ုပ်တို့လူစုနှင့် အတူမထားပဲ တသီးတခြားခွဲထားသည်ဖြစ်သောကြောင့် ၎င်းတို့၏သားမယားများက စိုးရိမ်ပူပန်လျက်ရှိကြလေပြီ။ နောက်တနေ့တွင် စောဖေစော၏အစ်ကိုနှင့် ဆွေမျိုး ညာတိများသည် ဂျပန်များဝင်နေပြီဖြစ်သော ကသာမြို့ထဲသို့ အရဲစွန့်ဝင်ကြ၍ လူသုံးယောက်အကြောင်းကို စုံစမ်းကြရာ နေ့လယ်ခင်းအချိန်တွင် ကျွန်ုပ်တို့ထံလာ၍ အလောင်းများတွေ့ခဲ့ကြောင်းပြောသည်နှင့် ကျွန်ုပ်တို့အိမ်သားများလိုက်သွားကြသည်။

ယခင်က သစ်တောဘက်ဌာန အကောက်ဝန်ထောက် (Revenue Assistant) နေသောအိမ်ဝင်းကြီးထဲ၌ သစ်ပင်ကြီးအောက်တွင် အဝတ်များဖုံးထားသော အလောင်းသုံးလောင်းကိုတွေ့၍ အဝတ်များကို လှပ်ကြည့်သောအခါ ကျွန်ုပ်တို့၏ လူသုံးယောက်ပင်ဖြစ်ချေသည်။ ရင်ထုမနာဖြစ်ရသော အချက်တခုမှာ အလောင်းများ၌ မျက်စိဟောက်တောက်ရှိနေကြသဖြင့် အနီးမှကပ်ပြီး မျက်လုံးကို ခြောက်လုံးပြူးနှင့်ပစ်သတ်ခြင်း ဖြစ်သည်ဟုသိနိုင်ပေသည်။ ဦးဘချစ်မှာ မဒရပ်နှင့် လန်ဒန်မြို့များမှ ဗိသုကာအတတ် အောင်လက်မှတ်များရရှိ၍ ရန်ကုန်သို့ ပြန်ရောက်သည်မှာ များစွာမကြာသေးဟု သိရသည်။

စောဖေစောမှာ ကသာမြို့ ရာဇဝတ်ဝန်ရုံးတွင် စာရေးကြီးဖြစ်၍ စောဒန်နီယယ်မှာ ဌာနအုပ်ဖြစ်လေသည်။ ကျွန်ုပ်တို့သည် ထိုလူသုံးယောက်၏ ဈာပနကိစ္စကို ဆောလျင်စွာဆောင်ရွက်၍ ၎င်းနေရာ၌ပင် မြှုပ်နှံခဲ့ရပါသည်။

## ရေငတ်ခြင်း၏ဒဏ်

ကျွန်ုပ်တို့သည် နံနက်၆ နာရီခန့်တွင် နတ်လှိုင်ရွာသို့ ပြန်ရောက်ကြသော အခါတွင် ကျွန်ုပ်၏အပြင်းထန်ဆုံးသော အာသာဆန္ဒတခုသည်ကား ရေဝဝကြီး ချိုးရန်ပင်ဖြစ်၏။ ယမန်နေ့က အလွန်ပူပြင်းသောကဆုန်လကြီးတွင် နေပူကျဲကျဲ ကြီးထဲ၌ စွပ်ကျယ်လက်ပြတ်ကလေးနှင့် အလုပ်ကြမ်းလုပ်ရ၍ ထမင်းလည်း နှစ်နပ်မစားရ၊ ရေလည်းမသောက်ရ၊ စိတ်ဒုက္ခရောက်ရခြင်းကြောင့် တကိုယ်လုံး ပူလောင်ခြောက်သွေ့လျက်ရှိရာတွင် ရေမည်မျှသောက်သည်ဖြစ်စေ ဝနိုင်သည် မရှိသည်နှင့် ရေထဲ၌ ကျွဲများကဲ့သို့သော စိမ်၍နေလိုက်ချင်သည်။ ဤတွင် ကျွန်ုပ်က ရေအိုင်မရှိသလောဟုမေး၍ ရေအိုင်ကားမရှိ။ သို့သော် ရေတွင်းတိမ်တိမ် ရှိကြောင်း ပြောပြသည်နှင့် မစိုးနှင့် ကျွန်ုပ်သည်ရေတွင်းသို့ သွားကြလေသည်။ ရေတွင်းမှာ နေပြောက်မထိုးနိုင်သည့် မြိုင်ကြီးထဲ၌ရှိ၍ အောက်တွင်ကျောက်များခံ ၍ အလွန်ကြည်လင်အေးမြပေရကား မြင်ရသည်နှင့် အလွန်စိတ်တိုင်းကျ၍ မစိုးငင်ပေးသောရေကို ပုံးတရာထက်မနည်း ချိုးလိုက်၏။ မစိုးလက်ညောင်းသော အခါကိုယ့်ဟာကိုယ်ငင်၍ ချိုးလိုက်လေ၏။ တနာရီခန့်ချိုးသည်တွင်မှ ရေငတ်ပြေ ပြီး လတ်ဆတ်လာပါတော့သည်။ ရေချိုးပြီးသည့်နောက် ထမင်းနှစ်နပ် ငတ်သည့် အတွက် စားလိုက်မည်ဟု ကြုံးဝါးထားသည့် နံနက်စာမှာမူ ထင်သလောက်မစား နိုင်ပဲ အိပ်ဖို့လောက်သာ မက်ပါတော့သည်။

## နတ်လှိုင်ရွာ

နောက်တနေ့နံနက်၌ ကျွန်ုပ်သည် နတ်လှိုင်ရွာကလေး၏ အခြေအနေကို စုံစမ်း၏ အိမ်ခြေ ၃၀ ခန့်ရှိသော ဤရွာကလေးမှာ ကုန်းမြင့်ကလေးပေါ်၌ တည်ရှိလေရာ ရွာမှ ပေ၁၀၀ခန့် လျှောဆင်းလာသောအခါ ညီညာသော

မြေပြင်ကိုတွေ့ရ၍ လယ်ကွက်များကိုမြင်ရသည်။ ထူးခြားသောအခြင်းအရာတခုမှာ ကသာတမြို့လုံးသည် နတ်လှိုင်ရွာသို့ချည်း သဘောတူပြောင်းရွှေ့လာကြသည့်နှယ် အိမ်တိုင်းအိမ်တိုင်းတွင် သုံးလေးအိမ်ထောင် ပေါင်းစုနေထိုင်ကြ၏။ ကျွန်ုပ်တို့ တည်းခိုသည့် အိမ်၌လည်း အပေါ်ထပ် အောက်ထပ် နွားတင်းကုပ်မီးဖိုမှ စ၍ ချွေးခုန်တက်မကျန် ပြွတ်သိပ်ညှပ်သိပ် စုပြုံ၍အိပ်ကြရ၏။ ကျွန်ုပ်တို့ အိမ်သားအားလုံးမှာ 'အသား'ကြိုက်သူများဖြစ်ပါလျက် သေနတ်ရှိသော်လည်း ဂျပန်ကြောက်သည့်အတွက်ကြောင့် 'တောမလည်'ဝံ့သည်နှင့် ပဲဟင်းပြီး ပဲဟင်း နှင့်သာစားကြရ၏။ ထောပတ်ကား ပေါပါ၏။ နှစ်မြုပ်လိုက်သော သင်္ဘော များပေါ်မှ ချရောင်းသူများထံမှ ထောပတ်တပုံး သုံးကျပ်နှင့် ဝယ်ထားသဖြင့် ဟင်းသီးဟင်းရွက်များကို ထောပတ်နှင့်အလျှံပယ် ကြော်စားရပါ၏။ သို့သော် ကျွန်ုပ်တို့လူစုကား ဟိန္ဒူဝါဒ၏ ရန်သူများဖြစ်ကြ၍ အသားဟင်းမပါပဲ လေးငါး နပ်လောက် စားကြရလျှင်ပင် ဌင်းတသားမရှောင်စားမည်ဟု တကဲကဲ ပြင်လျက် ရှိကြလေပြီ။ ငါးသေတ္တာအနည်းအကျဉ်းရှိပါ၏။ သို့ရာတွင် အညှီမပါပဲ လုံးဝ မစားနိုင်သည့် ကလေးသူငယ်များအတွက် ထားရသေးသည်။ တနေ့သ၌ အုန်းသီးခန့် ပမာဏရှိသော ကြပ်တင်ခြောက် အသားတုံးကြီးများကို မိန်းမ တယောက် လာရောင်းရာ ဆင်သားဟုသိရ၍ ကျွန်ုပ်တို့က အားလုံးသိမ်းခြုံ ဝယ်ယူလိုက်သည်။ ၎င်းနေ့ကိုကျွန်ုပ်မှတ်မိသေးသည်။ ဒေါ်ဖူးညိုနှင့် မစိုးတို့သည် ဆင်သားတုံးကြီးများကို ပါးပါးလှီး၍ ငရုတ်သီးနှင့် ကြော်ပြီး ကင်မွန်း ချဉ်ရည်တခွက် ချက်လျက်ရှိရာ ၂၀ခန့်မျှသော ကျွန်ုပ်တို့၏ အိမ်သားများသည် ပါးစပ်တပြင်ပြင်နှင့် စောင့်လျက်ရှိကြ၏။ ထမင်းဟင်းကျက် သည်နှင့် တပြိုင်နက် မိုးရောလေပါ အပြင်းအထန် ကျလာလေရာ ကျွန်ုပ်တို့လူစု သည် နာရီတဝက်ခန့် စောင့်ပါသော်လည်း မိုးလည်းမစဲ၊ လေလည်းမရပ်ပဲရှိသည် နှင့် တတ်နိုင်ပါဘူး ဆိုကာ မိုးထဲလေထဲ၌ပင် ထမင်းစားဖို့ ပြင်ကြလေတော့သည်။ အိမ်ကလေးမှာ နှစ်ခန်းအိမ်မြင့်ကလေးဖြစ်လေရာ ကျွန်ုပ်တို့လူစုသည် မိုးပက်သောကြောင့်

ထိုင်ခွင့်မရပဲ ကိုယ့်ပန်းကန် ကိုယ်ကိုင်ကာ ကင်ပွန်းရှက် ချဉ်ရည်ကိုဆမ်းပြီး ဆင်သားကြော်ဖက်များကို ပန်းကန်တွင်ပုံလျက် စားလိုက်ဝါးလိုက်ကြသည်မှာ ဘီလူးသဘက်များသဖွယ် ရှိပါဘိသည်။ လူတိုင်းသည် အသားတော်လှသည် ဖြစ်သောကြောင့် တယောက်နှင့်တယောက် 'ဟင်းလိုက်'ဖို့တာဝန်မယူနိုင်၊ မိုးထဲသို့ထွက်၍ မီးဖိုထဲသို့ဝင်ပြီး ကိုယ့်ဟင်းကိုယ် ကော်ခပ်ရလေသည်။ ဤထမင်းတနပ်မှာ လွန်ခဲ့သောနှစ်က မီးရထားပေါ်၌ မိဘနှစ်ပါးတို့နှင့် စားရသည့် အန်းထမင်းကဲ့သို့ ဇိမ်မရှိလှသော်လည်း ဆင်းရဲခြင်း၊ တော်ခြင်း တို့ကြောင့် အရသာတမျိုးရှိ၍ ကျွန်ုပ်၏စိတ်ထဲတွင် အမှတ်ထင်လျက်ရှိပါ တော့သည်။ ကျွန်ုပ်၏တသက်တာတွင် ထူးထူးခြားခြားမှတ်မိသော ထမင်းဆယ်နပ် လောက်အနက်တွင် တနပ်အပါအဝင်ဖြစ်လေသည်။

## ငှက်ဖျားရွာကလေး

နတ်လှိုင်ရွာသို့ရောက်ကြ၍ ရက်သတ္တတပတ်ခန့် ကြာသည်ဆိုလျှင်ပင် ဟိုအိမ်သည်အိမ်များမှ ငှက်ဖျားဖျားကြသည်ဆိုသော သတင်းများ ကြားသိရ လေပြီ။ ကျွန်ုပ်တို့၏အိမ်သားများလည်း သိကြားသားများမဟုတ်၊ မကြာမတင်ပင် တယောက်ပြီးယောက် အိပ်ရာ၌ လဲကုန်ကြလေပြီ။ ကျွန်ုပ်မှာ ၁၉၁၂ ခုနှစ်တွင် သေလုနီးပါး ငှက်ဖျား ဖျားခဲ့ဘူးသော်လည်း ငှက်ဖျားဟူသည်မှာ 'ပြီး'သည့် လက္ခဏာမရှိ၊ တကြိမ်ဖျားပြီးသော်လည်း နောက်ထပ်ဖျားရသေး၏။ ဖျားသည်မှာ သက်သက်သာသာမဟုတ် အတော်ကြီးပြင်းထန်၏။ သို့သော် ကိုယ့်ဟာကိုယ် သေလိမ့်မည်ဟူ၍မူကား ထိုစဉ်ကမထင်မိသေး။ နောက်မှထင်လာရသေးသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့အိမ်သားအားလုံးအနက် ဆရာမနှစ်ယောက်မှတပါး အားလုံးကုန်ဖျားပါလေတော့သည်။ သို့သော်တယောက် ထနိုင်မှ တယောက်ဖျား၍ တော်ပါသေး၏။

နတ်လှိုင်ရွာ၏ ထူးခြားချက်တခုမှာ ရပ်ဝေးမှရောက်လာကြသည့် စစ်ပြေးများသာမဟုတ် ကသာမြို့ပေါ်မှ ပြေးလာကြသည့် ဧည့်သည်များလည်း ဖျားကြရသည်သာ များလေသည်။ ကျွန်ုပ်တို့၏အိမ်မှ အဖျားလွတ်သူနှစ်ယောက်မှာ တယောက်ကားကသာမြို့ပေါ်မှ ကျောင်းဆရာမ(ကိုသိန်းဖေ၏နှမ)၊ ကျန်တယောက်ကား ရန်ကုန်မှသူနာပြုဆရာမ(ဦးဘချစ်၏ဇနီးလောင်း) တို့ဖြစ်ပေ ရာ ငှက်ဖျားသည် ဆရာမဟူသောအမည်ကိုကြောက်လေသလော၊ သို့တည်းမဟုတ် ဓာတ်သဘောလေလော မပြောတတ်ပေ။ ကိုယ့်ကိုယ်ကို ဂရုစိုက်သောကြောင့်ဟု ဆိုရန်မှာလည်း ၎င်းတို့နှစ်ယောက်သည် ကျန်းမာရေးကို ကျွန်ုပ်ထက် အလေးဂရုပြုသည်မထင်ပေ။ တယောက်ကမူ သူနာတွေပြုရလွန်းသည် နှင့် ဆေးတွေဝင်ပြီး ခံနိုင်ရည်ရှိနေခြင်းပေလောဟု တွေးတောစရာရှိပေသည်။

## ဇရစ်ချောင်သို့ ပြန်ကြခြင်း

၁၅ ရက်ခန့်နေကြ၍ လူတွေဖျားလွန်းအားကြီးလတ်သော် ကျွန်ုပ်က "ဗိုးကျလို့ မသေကြရပဲ ငှက်ဖျားမိ၍ သေကုန်ကြမည်၊ ဆေးကောင်းဝါးကောင်းလည်းမရှိ၍ ခက်သည်"ဟု ပြောရာတွင် ကိုသိန်းဖေသည် ဇရစ်ချောင်ရွာသို့ ပြန်ပြောင်းရန် အခြားလူများနှင့် အဖော်ညှိလေ၏။ သဘောတူသူ သုံးလေးအိမ်မျှရရှိသည်တွင် ဇရစ်ချောင်သို့ ပြောင်းလာကြပြန်၏။ ပြန်ပြောင်းသောအခါ၌လည်း ကျွန်ုပ်တို့ လင်မယားပင် ရှေ့ဆုံးအသုတ်အဖြစ်နှင့် ဝင်ကြရန် တာဝန်ယူလေရာ ဦးဘချစ်၏ဇနီးလောင်း ဆရာမသည်လည်း ဦးဘချစ်၏မြေပုံနှင့်နီးစေရန်ဆိုကာ ကျွန်ုပ်နှင့်အတူလိုက်လာပေသည်။ ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ သတ္တိချင်းခပ်ပြိုင်ပြိုင်သဘောထားကြသူများဖြစ်၍ ကျွန်ုပ်၏အပြုအမူအတွက် ခပ်ရှက်ရှက်ရှိပုံရသော်လည်း (သူ၏အိမ်သားများ ကျေနပ်စိမ့်သောငှာ ဆိုခြင်းမှာ ကျွန်ုပ်တို့လင်မယားသည် သူတို့၏ထမင်းကိုစားလျက်ရှိကြစဉ် အရေးအကြောင်းရှိလျှင် အားကိုး

ရသော လင်မယားနှစ်ယောက်ဟူ၍ ဒေါ်ဖူးညိုတို့သိမြင်စေလိုခြင်းပင် ဖြစ်လေသည်။) ဇရစ်ချောင်သို့ ပြန်ရောက်ကြသောအခါ အိမ်သားများအနက် အချို့မှာ ငှက်ဖျား မပြတ်ကြသေးပဲရှိရာ ထိုသူတို့အထဲတွင် ကျွန်ုပ်လည်း အပါအဝင်ဖြစ်သည်။ ဇနီးမစိုးကား အဖျားပြတ်လာ၍ ကျွန်ုပ်အဖို့ကံကောင်းလှသည်။ သို့မဟုတ်ခဲ့လျှင် တောင်မင်းကိုမြောက်မင်းမကယ်နိုင် ဆိုသကဲ့သို့ ကျွန်ုပ်အဖို့ အများကြီးဒုက္ခ ရောက်ဖို့ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ဤတကြိမ်ငှက်ဖျားမှာ လွန်စွာ ခွန်အားကုန်ခမ်းသောအဖျားဖြစ်၍ ပြုစုမည့်သူအလွန်လိုအပ်သောကြောင့် ပေတည်း။ ဆရာမများ လည်းရှိကြပါ၏။ ပြုစုဖော်လည်း ရကြပါ၏။ သို့ရာတွင် ဤအရေးမျိုး၌ ကျွန်ုပ်တို့ မြန်မာလူမျိုးသည် သားမယားကို အားအကိုးဆုံး ဖြစ်ကြလေသည်။

## အသည်းကောင်းသော ကိုသိန်းဖေ

တလကျော်ခန့်ရှိ၍ ကျွန်ုပ်အဖျားပြတ်သဖြင့် ရန်ကုန်သို့ ပြန်ဆင်းကြရန် အစီအစဉ်ပြုလုပ်ကြ၏။ ကိုသိန်းဖေ၏ တူမများဖြစ်ကြသော ဆရာမနှစ်ယောက်တို့လည်း ကျွန်ုပ်တို့နှင့်အတူ ရန်ကုန်သို့ ပြန်ကြရန်ဆုံးဖြတ်ကြ၏။ ဤတွင် ကိုသိန်းဖေမှာ ဦးခေါင်းအကြီးအကျယ်ကိုက်သော ဝေဒနာပေါ်လာခဲ့လေပြီ။ ကိုက်လိုက်သည့်ခေါင်းမှာကွဲတော့မည် ထင်ရသည်ဆို၏။ နာကျင်သောဝေဒနာကို ကြိတ်၍ခံတတ်ခြင်း၌ ကိုသိန်းဖေမှာ ကျွန်ုပ်ထက် အသည်းကောင်းခြင်းကို ကျွန်ုပ်သိ၏။ တခါကအသည်း၌ 'ပြီ'တည်သည်ဆို၍ ရန်ကုန်သို့ဆင်းလာပြီး ဆရာဝန်များက နံရိုးနှစ်ချောင်းအကြားမှ အသည်းထဲသို့ ပြွတ်နှင့်ထိုးသွင်း၍ 'ပြီ'များကိုစုပ်ယူလျက် ကိုသိန်းဖေသည် 'ရမ်'တခွက်သောက်ပြီး မရှုံ့ပဲကြိတ်၍ ခံခြင်းကို ကျွန်ုပ်ကြုံဘူးသည်။ ထိုမျှလောက်အသည်းကောင်းသော လူတယောက်သည် ခေါင်းကိုက်၍ ညည်းရှာခြင်းကို တွေ့ရသောအခါ အလွန်အမင်းအပြင်းထန်

သောဝေဒနာဖြစ်ရမည်ဟု ကျွန်ုပ်သနားမိသည်။ သူ၏ကိုးကွယ်ရာကား အက်စ်ပရင်သာရှိတော့၏။ ပထမဦးအက်စ်ပရင်တခွက်သောက်လျှင် နာရီတဝက်ခန့် သက်သာရာရ၏။ ထို့နောက် မိနစ် ၂၀၊ ၁၅မိနစ်၊ ၁၀မိနစ် စသည်ဖြင့် လျော့၍လာလေရာ နောက်ဆုံးတွင် ၅မိနစ်တကြိမ် သောက်ရလေတော့သည်။

## နောက်ဆုံးခွဲခွာခြင်း

တနေ့သ၌ ကိုသိန်းဖေ၏တူမ ဆရာမကြီးက သူတို့မှာ ရန်ကုန်သို့ မပြန်ပဲ မဖြစ်ကြောင်း ဆေးရုံသို့အလုပ်ဝင်ရမည်ဖြစ်ကြောင်း၊ ကျွန်ုပ်အားပြောလေရာ ကျွန်ုပ်က ကိုသိန်းဖေအား ဤစကားကိုပြောပြ၍ ကျွန်ုပ်တို့လင်မယားလည်း အဖော်ကောင်းတုန်းလိုက်လိုကြောင်း၊ (ထိုအချိန်တွင် အသွားအလာ အလွန်ခဲယဉ်းသည်ဖြစ်ရာ ဆရာမကြီးကလည်း ကျွန်ုပ်တို့အား အဖော်သွေးခြင်းဖြစ်၏။) သို့သော် ကိုသိန်းဖေက နေရစ်စေလိုသေးလျှင် ကျွန်ုပ်နေရစ်မည်ဖြစ်ကြောင်း ပြောပြလေ၏။ ကိုသိန်းဖေသည် အလွန်ကျေးဇူးတင်သောမျက်နှာနှင့် ကျွန်ုပ်အား မော့်ကြည့်၍ ကျွန်ုပ်၏လက်ကိုဖျစ်ညှစ်ကာ “ခွဲရမှာတော့ လွမ်းတယ်ဗျာ၊ ဒီတစ်ခါ နောက်ဆုံး ခွဲခွာခြင်းလို့ ကျုပ်ထင်တာပဲ၊ ကျုပ်တို့က ကျွေးထားနိုင်တဲ့ သတ္တိရှိယင်တော့ ခင်ဗျားတို့ကို အတင်းတားမှာပဲ၊ ခင်ဗျားတို့ကျုပ်တို့ တသက်လုံး သုံးဖြုန်းပစ်ခဲ့ကြတာတွေ ဒီတချက်တော့ နာတယ်ဗျာ၊ ကိုင်းဒီဘဝမှာမတွေ့ကြယင် နောက်ဘဝပေါ့ ဗျာ”ဟု နှုတ်ဆက်လေရာ သေရမည်ထင်သည့် ကိုသိန်းဖေထက် ကျွန်ုပ်ကပို၍ မျက်ရည်ကျမိပါသည်။ ကျွန်ုပ်က “ကျုပ်တို့လိုမိုက်တဲ့လူတွေကို ခင်ဗျားတို့ ဘုရားသခင်က စောစောကြီးခေါ်မှာ မဟုတ်ပါဘူးဗျာ၊ လိမ္မာဖို့ အချိန်ပေးအုံးမှာပါ”ဟု မချိသွားဖြဲပြုံးရယ်ကာ ပြောရသော်လည်း ကျွန်ုပ်၏ စိတ်ထဲ၌ကား သူပြောသည့်အတိုင်း နောက်ဆုံးတကြိမ် ခွဲခွာခြင်းဖြစ်သည်ဟူ၍ပင် မှတ်ယူလျက်ရှိ၏။ စင်စစ်သော်ကား သူရောကျွန်ုပ်ပါ တွေးထင်ကြသည့်အတိုင်း

ပင် မှန်ပါလေတော့သည်။ သို့ရာတွင် ကျွန်ုပ်တို့ထင်သလောက်ကားမမြန်၊ ခွဲခွာကြသည့်နောက် ၈ လခန့်ကြာသောအခါမှ ကိုသိန်းဖေကွယ်လွန်ရှာလေသည်။

## သေစေတော့ဟု ဆုံးဖြတ်ခြင်း

ဆရာမ ညီအစ်မနှစ်ယောက်နှင့် ကျွန်ုပ်တို့လင်မယားသည် ကသာမှမန္တလေးသို့ သင်္ဘောတစင်းထွက်ခွာမည်ကြားသည်နှင့် တညနေတွင် ဇရပ်ချောင်ရွာမှ ထွက်ခွာလာကြရာ နေရစ်သူများရော ထွက်ခွာသူများပါစိတ်ထိခိုက်လှသည်။ ယခင်က အကြိမ်ကြိမ် ခွဲခွာခဲ့ကြဘူးသော်လည်း ဤမျှလောက်မရှိကြ၊ ခေတ်ပျက်ကြီးဖြစ်သည်နှင့် နောက်တကြိမ်တွေ့ကောင်းမှ တွေ့ကြရတော့မည်ဟူသော အထင်သည် အားလုံးတွင် ကပ်ရောက်လျက်ရှိ၏။ ဆင်းရဲဖော် ဆင်းရဲဘက်များဟူ၍လည်း တယောက်နှင့်တယောက် အလွန်ချစ်ခင်ကြင်နာလျက် ရှိကြသည်။ ဆိပ်ကမ်းသို့ရောက်၍ အသင့်ဆိုက်ကပ်လျက်ရှိသော သင်္ဘောပေါ်သို့ ပစ္စည်းကလေးများကိုတင်၍ နေထားတကျ ရှိသည်နှင့်တပြိုင်နက် လူတွေ လှုပ်လှုပ်ရှရှဖြစ်လာကြ၏။ အကြောင်းမူကား အင်္ဂလိပ်လေယာဉ်ပျံတစင်းသည် အထက်ကောင်းကင်၌ ကသာဘက်သို့ပျံဝဲလာခြင်းကို မြင်ကြရသောကြောင့်ပေတည်း။ ဤတွင်သင်္ဘောနှင့်အပြည့်ရှိသော ခရီးသည်များသည် သင်္ဘောမှဆင်း၍ ခြေဦးတည့်ရာ ပြေးကြလေရာ ဆရာမညီအစ်မနှင့် ကျွန်ုပ်တို့လင်မယားမှာ တကွဲစီဖြစ်သွားကြလေ၏။ သူတို့ဘယ်ဆီသို့ရောက်သည်မသိ။ ကျွန်ုပ်တို့ကား လမ်းတလမ်းအောက်၌ တူးဖောက်ထားသည့် ရေမြောင်းတခုအနီးသို့ ရောက်သွားကြ၏။ မစိုးခမြာမှာ (ဖုံးကျင်းအားကိုးမရှိသောကြောင့်) အလွန်ထိတ်လန့်၍ မျက်နှာကလေးအလွန်ငယ်စွာနှင့် ရေမြောင်းထဲသို့ဆင်းပြီး လမ်းအောက်သို့ရောက်အောင် တိုးဝင်သွားလေရာ ကျွန်ုပ်မူကား မြောင်းထဲသို့ ဆင်းသော်လည်း လမ်းအောက်သို့ လျှို၍မဝင်ပဲ လေယာဉ်ပျံကို မော့်ကြည့်လျက် ရှိ၏။ ကျွန်ုပ်စဉ်းစားမိသည်မှာကား

အင်္ဂလိပ်များသည် ကျွန်ုပ်တို့ကျွန်များကို ပစ်ပြေးပြီးပြန်ဝင်ရန် ကြိုးစားရာတွင် ကျွန်ုပ်တို့မှန်းသိလျက်နှင့် သင်္ဘောကို ဖုံးကြသတ်ဖြတ်ဦးမည်ဆိုလျှင် သင်းတို့ထက် ရက်စက်မိုက်မဲသောလူမရှိ။ သူတို့၏ စာအုပ်များကို ဖတ်ခြင်းအားဖြင့် ကျွန်ုပ်သိရသလောက်မှာ ဤလူမျိုးသည် အခြားလူမျိုးနည်းတူ လောဘရှိသော်လည်း အဓိပ္ပာယ်မရှိသော ရက်စက်မှုမျိုးကို မလုပ်တန်ရာ၊ အကယ်၍ လူတွေကိုဖုံးကြသတ်ပြီး ဗမာပြည်ကိုသင်းတို့ပြန်ယူရ မည်ဆိုလျှင်လည်း သင်းတို့လက်အောက်ခံ ဖြစ်ရခြင်းထက် သင်းတို့လက်ချက်နှင့်ပင် သေပါလေစေတော့ ဟုဆိုကာ လမ်းအောက်သို့လျှိုးမဝင်ပဲ မြောင်းထဲမှပင် မော့်ကြည့်နေ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် လေယာဉ်ပျံသည် သင်္ဘောကိုဖုံးမကြဲပဲ တောင်ဘက်သို့ပျံသွားပါတော့သည်။ ကျွန်ုပ်သည် သေရမည်ကိုမကြောက်သည် မဟုတ်၊ ရဲစွမ်းသတ္တိရှိသည်ဟူ၍လည်း မဆိုလို၊ ကျွန်ုပ်၏တွက်ကိန်းအရ ပြုလုပ်ခြင်းမျှသာဖြစ်ပါသည်။

## ညှိုးငယ်သော ကာလအတိုင်း

သင်္ဘောစုန်လာသောအခါ၌လည်း ခရီးသည်များသည် စိတ်ချသည့်လက္ခဏာမရှိပဲ ကောင်းကင်သို့တမော့်မော့်နှင့် ကြည့်သူများက ကြည့်ရှာကြ၏။ သို့ရာတွင် ဖုံးကြဲချခြင်း မခံကြရပဲ ချောမောစွာပင် ဆိုက်ရောက်လာကြ၏။ မန္တလေးမြို့မှာ အိမ်ခြေတဝက်ခန့်လောက် လူမနေပဲ ဟောင်းလောင်းရှိနေခြင်းကို တွေ့ရ၏။ ကျွန်ုပ်တို့သည် ဂုန္တန်ရပ်ကွက်၌ရှိသော ကျွန်ုပ်၏ယောက်ဖနှင့် တူမကလေးများ၏အိမ်သို့ လှည်းတစီးနှင့် သွားကြလေရာ (ကျွန်ုပ်၏နှမ ကွယ်လွန်သည်မှာကား ၁၃ နှစ်ခန့်ရှိလေပြီ။) ရောက်သောအခါ၌ အဆင်သင့်တွေ့ရ၍ နှစ်ဘက်လုံးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ ကျွန်ုပ်၏စိတ်ကူးမှာ ၎င်းတို့၏အိမ်တွင် တရက်နှစ်ရက်တည်းခိုကာ နှုတ်ဆက်ကြပြီး နောက်

ရန်ကုန်သို့ ဆက်လက်သွားရောက်ကြရန် ဖြစ်လေသည်။ ၎င်းတို့နေထိုင် တည်းခိုကာ နှုတ်ဆက်ကြပြီးနောက် ရန်ကုန်သို့ ဆက်လက် သွားရောက်ကြရန် ဖြစ်လေသည်။ ၎င်းတို့နေထိုင်လျက်ရှိသော ဂုန္တာန်ရပ်ကွက်မှာ လူရှိသောအိမ်များ ထက် လူမရှိသောအိမ်များက များသည်နှင့် ခြောက်ကပ်ကပ်ဖြစ်နေပြီး သူတို့ အားလုံး မျက်နှာကလေးတွေ ငယ်ငယ်နှင့် ဖြစ်နေကြသည်ကိုတွေ့ရ၏။ ကျွန်ုပ်၏ယောက်ဖက ရန်ကုန်သို့ ကျွန်ုပ်တို့ရောက်ဖို့ အရေးတကြီး မလိုသေးလျှင် တူကလေး တူမကလေးများနှင့်အတူ နေထိုင်စားသောက်ပါဦးဟု တားလေသည်။ ကျွန်ုပ်သည်ယောက်ဖ၏တားဆီး ဖိတ်ခေါ်ခြင်းထက် တူမကလေး များ၏ အားငယ်ပုံရခြင်းအတွက် ညှာတာသည်ဖြစ်၍ ရုတ်တရက်မသွားသေးပဲ အတူနေဖို့ ကတိပေးလိုက်ပါသည်။ ဤသို့ဖြင့် တလခန့်ကြာရှိသောအခါ ယောက်ဖ၏သား (ကျွန်ုပ်၏တူ) ဝင်းမောင်သည် သားမယားများနှင့်တကွ ရောက်လာ၍ ဤအိမ်၌ နေထိုင်ကြလေရာ ယောက်ဖသည် အားကိုးရာရလာသည့် လက္ခဏာနှင့် ကျွန်ုပ်တို့လင်မယားအား ယခင်ကကဲ့သို့ တန်ဖိုးထားဟန်မရှိချေ။ ဤကိစ္စမျိုးတွင် ကျွန်ုပ်သည် အခြားလူများကဲ့သို့ အမှတ်တမဲ့ မနေတတ်ပဲ အရိပ်အကဲကို ချက်ချင်းသိတတ်သူဖြစ်၏။ ဤအတောအတွင်းဂုမန္တန်ရပ်မှ လူများ သည် ဘာကိုထပ်လောင်း၍ လန့်ကြပြန်သည်မသိ၊ အရပ်ထဲမှ ထွက်ပြေးကြပြန်ရာ ယောက်ဖသည် အရှေ့အင်္ဂန်းတိုက်သို့ အားလုံးပြောင်းရွှေ့ကြဖို့ ဆုံးဖြတ်၏။ သို့ရာတွင် သူ့တိုက်တွင် လူစောင့်ရှိစေလိုသည်ဆိုသဖြင့် ဝင်းမောင်နှင့် ကျွန်ုပ် တို့က ဒရဝမ်လုပ်ကြ၏။ အမှန်မှာ ကျွန်ုပ်အား ခိုင်းဝံ့သည်မဟုတ်၊ ကျွန်ုပ်ကပင် လောကဝတ်ချော်မိခြင်းဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်နှင့်တူ မောင်ဝင်းမောင် သည် ဂုန္တန်တွင် ညအိပ်၍ အရှေ့ပြင်သို့ စက်ဘီးတစီးနှင့်သွားပြီး ထမင်းစား ကြရ၏။ ရက်သတ္တတပတ်ခန့်ကြာသော် ရန်ကုန်သူရိယတိုကမှ ဦးဘကလေးက လူကြုံနှင့် ပေးလိုက်သောစာတစောင်ရောက်လာရာ ၎င်းစာတွင် ရန်ကုန်သို့ ချက်ချင်းဆင်းခဲ့စေလိုကြောင်း ပါရှိလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့လင်မယား

သည် ရန်ကုန်သို့ သွားကြဖို့ ပြင်ဆင်ကြလေ၏။ ကျွန်ုပ်၏ တသက်တာတွင် သူတပါး၏ထမင်းကို မှီခိုစားသောက်ရခြင်းနှင့် ပတ်သက်၍ မျက်နှာငယ်လှသည့် ပထမအကြိမ်ပေတည်း။ ကိုသိန်းဖေ၏အိမ်၌ (ဖော်ပြခဲ့ပြီးသည့်အတိုင်း) နေခဲ့ဘူးသော်လည်း ယောက်ဖ၏အိမ်မှာကဲ့သို့ မဟုတ်ပဲ ပိုင်ပိုင်နိုင်နိုင်ရှိလှသည်။ ကျွန်ုပ်ကား ဆွေမျိုးအကျိုးပေးသူတယောက် မဟုတ်၊ တကယ်ခင်မင်ရင်းနှီးသော မိတ်ဆွေမှုကား အခြားလူများထက် ပေါများခဲ့ဘူးသည် ထင်ပါသည်။

## သူခိုးဘဝ

ဤနေရာ၌ ကျွန်ုပ်တို့၏ဘဏ္ဍာရေးအခြေအနေကို ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်တို့သည် ကိုသိန်းဖေတို့နှင့်အတူ ငါးလကျော်ကျော်မျှ နေထိုင်ခဲ့ရစဉ် သူတို့၏ထမင်းကို လုံးဝစားနေခဲ့ရသော်လည်း ရှိသမျှပိုက်ဆံကလေးကို ကျစ်ကျစ်ပါအောင် ထုပ်ထားချင်သောဝါသနာ မရှိသည့်အလျောက် တိုလီမိုလီ ကိစ္စကလေးများအတွက် ရှိသမျှကလေးကို ထုတ်၍သုံးခဲ့သည့်ပြင် အဝတ်အစားများ အနက်မှလည်း တထည်တလေကို ဝယ်ယူသူရှိလျှင် (အချို့ကလည်းရောင်းပါတော့ဟု ဆိုသည်။) ရောင်းချသုံးစွဲသည်နှင့် ဂျပန်များဝင်လာကြသည့်အချိန်ဆိုလျှင် ပိုက်ဆံမကပ်သလောက် ပြောင်လျက်ရှိလေပြီ။ ကသာမြို့သို့ဒုတိယအကြိမ် ဗုံးကြဲသောနေ့နှင့် ဂျပန်များဝင်မလာကြမီ တရုတ်များအုပ်ချုပ်နေသည့် အချိန်အတောအတွင်း တနေ့သ၌ ဇရစ်ချောင်သို့ ကသာမြို့ထဲမှ ပြောင်းလာကြသည့် အိမ်ထောင်များအနက်တွင် ကျောင်းသားကလေးတယောက် ပါလာရာ ထိုသူငယ်က "လာပါဦးလေး၊ မြို့ထဲလျှောက်ကြည့်ချေရအောင်"ဟု ခေါ်သည်နှင့် နှစ်ယောက်သားထွက်လာကြ၏။ ထိုအချိန်တွင် ကသာမြို့ထဲ၌ လူဆယ်ပုံတပုံ မျှလောက်သာကျန်တော့၍ အလွန်ရှင်းလျက်ရှိ၏။ အင်္ဂလိပ်စာသင်ကျောင်းကြီးကိုမူကား တရုတ်စစ်သား တယောက်သည် သေနတ်ထမ်းကာ စန္ဒရီစောင့်လျက်ရှိ၏။ သူငယ်က–

“ဦးလေး၊ ဟိုကျောင်းထဲမှာ ပစ္စည်းတွေအများကြီးရှိတယ်ဗျ”

“ဘာပစ္စည်းတွေလဲကွ”

“နို့ဆီ၊ သကြား၊ အထည်အလိပ်တွေ၊ စစ်သုံးပစ္စည်းတွေ ပြည့်လို့ဗျ”

“ပြည့်နေလျှင် ဘာဖြစ်သလဲကွ”

“ဝင်ယူရအောင်ဗျာ”

“ဟကောင် မလုပ်နဲ့၊ သေနတ်ကြီးနဲ့ စောင့်နေတဲ့ တရုတ်စစ်သား မမြင်ဘူးလားကွ”

“သူတယောက်ထဲပဲဗျာ၊ ကျောင်းကအကျယ်ကြီး၊ သူမမြင်အောင် ဝင်လို့ရပါတယ်”

“မလုပ်နဲ့ကွာ ငါတော့ ကြောက်တယ်”

ယင်းသို့ကျွန်ုပ်ကပြောစဉ် သူငယ်သည် ကျောင်းထဲသို့စွပ်ကနဲ ဝင်သွားလေရာ ကျွန်ုပ်မှာ ထိုနေရာ၌ရပ်နေရစ်ခဲ့လျှင် သေနတ်နှင့်လှည့်လာသော တရုတ်စစ်သားမြင်သွားမည် စိုးသောကြောင့် ကြောက်ကြောက်နှင့်ပင် သူ့နောက်သို့ဝင်၍ လိုက်သွားရလေ၏။ ဤသူငယ်ကား စောရနက္ခတ် ပါလေသည် လောမဆိုနိုင်၊ အလွန်ရဲတင်း၍ ဖျတ်လတ်လျင်မြန်ခြင်းကို တွေ့ရ၏။ ဝင်ခဲ့မိသည့်နောက်၌မူ ကျွန်ုပ်မှာ ဘာမျှမတတ်နိုင်တော့ပဲ သူသွားရာသို့သာ လိုက်နေရတော့၏။ သူငယ်သည် ကျောင်းကြီးထဲတွင် တခန်းမှတခန်းသို့ကူး၍ ထင်ရှူးသေတ္တာကြီးများဖြင့် ထည့်ထားသည့်ပစ္စည်းများကို (ကျောင်းထဲ၌တွေ့သော) သံတူရွင်းတချောင်းနှင့် ကလန့်ကာကလန့်ကာ ဖွင့်ကြည့်လေ၏။ ကျွန်ုပ်ကား “ငါတော့ လူပေါင်းမှားပြီ”ဟု စဉ်းစားကာ ထိတ်လန့်တုန်လှုပ်စွာနှင့် ငေးကြည့်နေမိ၏။ ပစ္စည်းများကား သကြား၊ နို့ဆီဗူး၊ စစ်စောင်ကြီးများ၊ သက္ကလပ်ကြမ်း ရှပ်အင်္ကျီများ၊ အိပ်ရာခင်းများ စသည်တို့ဖြစ်၏။ သူငယ်သည် ဤပစ္စည်းများကို မလိုချင်သေးပဲ ဆက်လက်၍ ဖောက်ထွင်းမွှေနှောက်ပြန်လေရာ ကျွန်ုပ်ကမူ သက္ကလပ်ရှပ်အင်္ကျီတပွေ့နှင့် အိပ်ရာခင်းတပွေ့ကိုယူ၍ “သွားကြစို့ကွာ”ဆိုကာ

ထွက်မည်ပြုသည်တွင်မှ သူငယ်လည်း သူလိုချင်ရာများကို ပွေ့ပါတော့သည်။ သူငယ်က "နေအုံး ဦးလေး၊ အရမ်းမထွက်နဲ့နော်"ဟု ဆိုကာ တနေရာမှချောင်းပြီး တရုတ်စစ်သားကိုကြည့်၏။ တရုတ်စစ်သားသည် ကျောင်းကိုလှည့်ပတ်စဉ် ကျွန်ုပ်တို့ရှိသော နေရာအပိုင်းသို့ ရောက်လာ၍ တိတ်ဆိတ်လှသောမြို့ကြီးတွင် "ဒေါက် ဒေါက် ဒေါက်"မြည်သော သူ၏စစ်ဖိနပ်ခြေသံကို ကျွန်ုပ်ကြားရသဖြင့် ကျွန်ုပ်၏ ရင်ခုန်သံနှင့် အပြိုင်အဆိုင် ဖြစ်နေပါတော့သည်။ သူငယ်ကမူ မှန်ပြတင်းပေါက်တခုမှ စစ်သားကိုချောင်းကြည့် နေ၏။ ခြေသံလွန်သွား၍ အတန်ကြာသောအခါမှ ကျွန်ုပ်ချောင်းကြည့်လိုက်သော အခါ ကျွန်ုပ်တို့ဘက်သို့ ကျောခိုင်းကာ လမ်းထောင့်ချိုးကို ကွေ့သွားသော စစ်သားကိုမြင်ရ၍ သူငယ်က "လာဦးလေး"ဟုခေါ်သဖြင့် တပွေ့တပိုက်စီနှင့် ကျောင်းထဲမှ ထွက်လာကြလေ၏။

## ခိုးခြင်းဟုတ်မဟုတ်

ဇရစ်ချောင်သို့အပြန် လမ်းခရီးတွင် သူငယ်သည် သူ၏အထုပ်ကိုချုံတခုထဲသို့ တိုးဝှက်နေသဖြင့် ကျွန်ုပ်ကမေးကြည့်ရာ "ရုံးထဲ ဝင်ကြည့်ရအောင် ဦးလေး"ဟုပြော၏။

"မလုပ်ပါနဲ့ကွာ၊ ငါကြောက်ပါတယ်"

"ကြောက်စရာမရှိပါဘူး ဦးလေးရဲ့၊ ဘယ်သူမှ မရှိပါဘူး"

ဤတွင်ကျွန်ုပ်စဉ်းစားသည်မှာ ရုံးဆိုကတည်းက လက်နှိပ်စက်တော့ ရှိရမည်၊ ယူရလျှင်တော်မည်လော။ ကျွန်ုပ်သည်စာရေးကလေးဘဝ၌ အစိုးရငွေကို လောင်းကစားခဲ့မိဘူးခြင်းကို ဖော်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် ထိုစဉ်က ကျွန်ုပ်၏ အကြံအစည်မှာ ခိုးရန်မဟုတ်၊ ခေတ္တယူကစားပြီး နိုင်ယင် ပြန်ထည့်ထားရန် ဖြစ်၏။ မနိုင်ခဲ့လျှင် အပြစ်ခံရမည်ကို သိသော်လည်း ရည်ရွယ်ချက်ကား ခိုးရန် မဟုတ်ခဲ့ပါ။ ယခုမှာမူ လက်နှိပ်စက်ကိုတွေ့ခဲ့လျှင် ခိုးယူမည်ဖြစ်၍ သင့်တော်ပါ

မည်လော။ ဖော်ပြခဲ့ဘူးသည့်အတိုင်း ကျွန်ုပ်မှာ တရားအားထုတ်၍ သက်န်းလည်း ဝတ်ခဲ့ဘူး သည်ဖြစ်သောကြောင့် သံသယဝင်လျက်ရှိ၏။ နောက်ဆုံး၌ ကျွန်ုပ် စဉ်းစားသည်ကား အစိုးရပစ္စည်းဆိုသော်လည်း အစိုးရလည်းမရှိ၊ ထွက်ပြေးခဲ့ လေပြီ။ ပစ္စည်းများကိုပစ်၍ ထွက်ပြေးခြင်းဖြစ်သောကြောင့် ဥစ္စာရှင်မရှိသော ပစ္စည်းဖြစ်သည်။ အကယ်၍ ဥစ္စာရှင်ရှိသည်ဆိုလျှင်လည်း အရေးပိုင် အစရှိသည့် အရာရှိများမဟုတ်၊ ပြည်သူသာ ဖြစ်ရမည်။ ငါသည်လည်း ပြည်သူတယောက် ဖြစ်၍ ထိန်းသိမ်းမည့်သူမရှိသော ပစ္စည်းကိုယူခြင်းသည် ခိုးခြင်းမဟုတ်နိုင်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ ထို့နောက် ကျွန်ုပ်သည် သူငယ်နှင့်အတူ ရုံးသို့ လိုက်သွား၍ လက်နှိပ်စက် လေးငါးလုံး တွေ့ရသည့်အနက် အလပ်ဆုံးသော အင်္ဂလိပ်လက်နှိပ်စက်တလုံးကို ရွေးယူခဲ့လေသည်။

## သဒ္ဒါတရားလော၊ အမြင်ကပ်ခြင်းလော

လမ်းခရီးတွင် ဝှက်ထားခဲ့သည့် အထုပ်များကို ချုံထဲမှထုတ်ယူကြ၍ ကျွန်ုပ်တို့သည် လက်နှိပ်စက်တလုံးစီနှင့် ဇရစ်ချောင်သို့ပြန်လာကြ၏။ ကျွန်ုပ်တို့နှင့် အတူနေကြသော ယောက်ျားများသည် လက်နှိပ်စက်များထက် သက္ကလပ်ရုပ်များကို မျက်စိကျလျက်ရှိ၏။ ကျွန်ုပ်တို့က ရပုံရနည်းကို ပြောပြ၍ လမ်းညွှန်ပြလေရာ ထိုလူများသည် သူတို့ကိုယ်တိုင် သွား၍မယူဝံ့ကြပဲ ကျွန်ုပ်တို့ ပစ္စည်းကိုသာ တကိုင်ကြည့်ကြည့်လုပ်နေကြ၏။

နောက်ဆုံး၌ ကျွန်ုပ်သည် ထိုလူများ၏ လိုချင်မျက်စိရှိကြခြင်းကို ရိပ်မိသည်နှင့် ကျွန်ုပ်ပွေ့ခဲ့သော သက္ကလပ်ရုပ်အင်္ကျီဆယ်ထည်အနက်မှ ယောက်ျားဟူသမျှအား တထည်စီဝေပေးလိုက်ရာ ကျွန်ုပ်အတွက် တထည်မျှသာကျန်ပါတော့သည်။ အိပ်ရာခင်းများမှာမူ အကြံအစည်ရှိသည်ဖြစ်၍ ၎င်းတို့မျက်မုန်းမကျိုးမီ ကပျာကယာ သိမ်းထားလိုက်ရသည်။ ဂျပန်တခေတ်လုံး၌ အခြားလူများသည် ဖျင်ကြမ်း

အကျီများ ဝတ်ကြရသော်လည်း ကျွန်ုပ်မူကား စစ်အိပ်ရာခင်းများကို ဇကလက်တို ချုပ်ဝတ်နိုင်ခြင်းအားဖြင့် ဆင်းရဲသားများ သွားရည်ယိုစေနိုင်ခဲ့လေသည်။

## "လင်သေကျွေးပူ"ရှာတတ်သူ

မန္တလေးသို့ရောက်ကြသောအခါ ကျွန်ုပ်သည် ကျောင်းနေဘက် သူငယ်ချင်း တယောက်အား လက်နှိပ်စက်တလုံး ရခဲ့ခြင်းအကြောင်းကို ပြောပြ၍ ရန်ကုန်သို့ သွားရန် စရိတ်နည်းနေသဖြင့် ရောင်းလိုကြောင်းပြောပြ၏။ ကျွန်ုပ်သည် နေရာ တိုင်းတွင် ဟန်မလုပ်တတ်ပဲ အခြေအနေကို အမှန်အတိုင်းပြောတတ်သော ဝါသနာရှိပေရာ ကျွန်ုပ်၏ငွေရေးကြေးရေး အခြေအနေကို ထုတ်ဖော် ပြောပြလိုက် ခြင်းအားဖြင့် သူငယ်ချင်းထံမှ အကူအညီရကောင်းရလိမ့်မည်ဟု မျှော်လင့်မိ၏။ သို့ရာတွင် ၎င်းသူငယ်ချင်းသည် 'လင်သေကြွေးပူ' မိန်းမမျိုးကို ရှာတတ်သော ဈေးဝယ်တယောက်ဖြစ်သည့် လက္ခဏာနှင့် မည်သည့်အခါမဆို ၂၀ဝိလောက်တန် သော လက်နှိပ်စက်ကို ၁၂၅မျှသာ ပေး၍ဝယ်ယူလေသည်။

ကျွန်ုပ်သည် ဤအကြောင်းကို ထိုအခါကတည်းက နားလည်သော်လည်း ပိုက်ဆံပြတ်လပ်သော ထိုစဉ်ကမူ မောင်မင်းကြီးသားက ဝယ်ပေး၍ ငါ့မှာ လမ်းစရိတ်ကလေး ရပေသည်ဟု ကျေးဇူးတင်မိပါသည်။ မည်သို့ဆိုစေ လက်နှိပ်စက်တခုအတွက် ၁၂၅ကျပ် ဆိုသော ဈေးနှုန်းသည် အကျဉ်းအကျပ် တွေ့လျက်ရှိသောကျောင်းနေဘက် သူငယ်ချင်းတယောက်အား ကရုဏာနှင့်ပေး သည့် ဈေးနှုန်းမျိုးကား ဟုတ်သည်မထင်ပေ။

## ရှေးဖြစ်ဟောင်းပေါ်လာခြင်း

ကျွန်ုပ်တို့လင်မယားသည် ၁၉၄၂ခုနှစ် (တော်သလင်း လပြည့် အဖိတ်နေ့) စက်တင်ဘာလတွင် ရန်ကုန်သို့ မီးရထားဖြင့် ဆင်းလာခဲ့ကြ၏။ မီးရထားပေါ်၌ လမင်းကို မော့်ကြည့်မိရာ မမေ့နိုင်သောညအဖြစ်နှင့် ရှေးဖြစ်ဟောင်းတခု ပေါ်လာပါသေးသည်။ ၎င်းမှာ ၁၉၀၈ ခုနှစ်၌ စံဒေဝီတို့နှင့် ပတ္တမြားစေတီဘုရားပွဲသို့သွားစဉ် ဘုရားပေါ်သို့ရောက်၍ လသာသာတွင် နှဲ၊ ကြေးနောင်၊ ဗုံထောက် စသောတူရိယာများဖြင့် 'နရည်း'တီးသည် ရေခင်းသံသည် နားထဲတွင် ပေါ်လာခြင်းပင် ဖြစ်လေသည်။ ယခုအချိန်သည် အကျဉ်းအကျပ်ကျလျက်ရှိသော အချိန်ဖြစ်သည်ဟု မဆိုနိုင်သော်လည်း အလွန်ပေါ့ပါးကြည်နူးလျက်ရှိသော ထိုစဉ်က စိတ်နှလုံးနှင့် နှိုင်းစာလျှင် အလွန်ကွာခြားသည်ဟု သတိပြုမိပါသေးသည်။ ဤကဲ့သို့စိတ်ကူးယဉ်လျက် ငိုက်မျဉ်းရာမှ အိပ်ပျော်သွားရာတွင် မျက်နှာပေါ်သို့ တောင်ကြီးပြုကျသည်ဟု အိပ်မက်မက်သည်နှင့် အလန့်တကြား ခုန်ပေါက်ကာ ထလိုက်မိပါသည်။ ဖြစ်ရခြင်းအကြောင်းကား ဤသို့တည်း။

## အိပ်မက်သော တကယ်လော

ကျွန်ုပ်တို့လင်မယားသည် မန္တလေးဘူတာသို့ ရောက်ကြသောအခါ မီးရထားပေါ်၌ ခရီးသည်များပြည့်ကျပ်လျက်ရှိလေပြီ။ မီးရထားပေါ်၌ မျက်နှာသိ လင်မယားနှင့်တွေ့၍ လူတယောက်အတွက် 'တဖင်ရာစာ'နေရာရနိုင်သည်ဟု ပြောသည်နှင့် မစိုးကို ၎င်းတို့နှင့်ထားခဲ့ပြီးလျှင် ကျွန်ုပ်သည် ကုန်တွဲတတွဲပေါ်သို့တက်၍စီးခဲ့၏။ မီးရထားတစင်းလုံး၌ လူစီးတွဲ သုံးလေးတွဲသာပါ၍ ကုန်တွဲဆယ်တွဲခန့်ဆက်ထားရာ ကုန်တွဲများအပေါ်၌လည်း ခရီးသည်အပြည့်ပါ လေသည်။ အတန်ညဥ့်နက်လှသော် ကျွန်ုပ်သည် ခရီးသည်များ ပြောစကားကို

နားထောင်ယင်း ကုန်တွဲ၏ထောင့်တခု၌ အထုပ်ကလေးကို ခေါင်းအုံးလျက် အိပ်ပျော်သွားလေ၏။ သူတို့ပြောပြသော စကားများအနက် တပ်ကုန်းဘူတာမှ ဂျပန်ရုံပိုင်သည် ခရီးသည်များအား ရိုက်နှက်ရာတွင် အလွန်လက်သွက်သော ကြောင့် 'စိန်ဗေဒါကြီး'ဟု နာမည်တွင်နေကြောင်းပြော၍ ရယ်ကြသည်ကို ကြားလိုက်ရသည်။ ကျွန်ုပ်သည်မျက်နှာပေါ်သို့ တောင်ကြီးပြိုကျသည်ဟု အိပ်မက် မက်၍ အလူးအလဲထကြည့်လိုက်သောအခါ မျက်နှာပေါ်သို့ နေမင်းကြီး အလုံးလိုက်ထိုးလျက် ရှိခြင်းကိုလည်း မြင်လိုက်ရ၏။ ဤအတောအတွင်း 'ရှူးရှူး ရှားရှား' 'ကွီးကွီးကွားကွား'မြည်သော ဂျပန်အသံများကိုလည်း ကြားလျက်ရှိ၏။ ကျွန်ုပ်မှာ ဘာအဓိပ္ပာယ်ရှိသည်ဟု မတွေးတတ်နိုင်ပဲ နေရောင်ထိုးဝင်သော မျက်လုံးများကိုသာ လက်ဖြင့်ပွတ်လျက်ရှိစဉ် နေလုံးကြီးကွယ်ပျောက်သွား၍ ဂျပန်သံများလည်း အဝေးသို့ရောက်သွားလေတော့သည်။ အတန်ငယ်ကြာသော အခါမှ ကျွန်ုပ်သည် အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ အောက်ပါအတိုင်းသိရပါ တော့သည်။

## ရှင်းလင်းချက်

ကျွန်ုပ်သည် တပ်ကုန်းဘူတာသို့ မီးရထားမဆိုက်မီ တွဲပေါ်၌ လူချောင် နေခြင်းကိုမြင်သည်နှင့် အထုပ်ကလေးကိုခေါင်းအုံး၍ အိပ်ခဲ့မိခြင်းဖြစ်ရာ အိပ်ပျော်ယင်း တပ်ကုန်းဘူတာသို့ မီးရထားဆိုက်သောအခါ ဂျပန်ရုံပိုင်သည် အတက်ခရီးသည်များလှသော တပ်ကုန်းဘူတာ၌ ခရီးသည်များကို တွဲပေါ်သို့ သူကိုယ်တိုင်လိုက်ပို့ကာ နေရာချထားပေး၏။ ကျွန်ုပ်၏တွဲသို့ ရောက်သောအခါ ထောင့်တထောင့်တွင် အိပ်ပျော်လျက်ရှိသော ကျွန်ုပ်ကိုမြင်၍ ခရီးသည်တယောက် ထံမှ ဦးထုပ်ကို ဆွဲဖြုတ်ပြီးလျှင် ကျွန်ုပ်၏မျက်နှာသို့ ပေါက်လိုက်ခြင်းဖြစ်၏။ ဦးထုပ်သည် ကျွန်ုပ်၏မျက်နှာပေါ်သို့ တည့်တည့်ကြီးကျလာရာတွင် ကျွန်ုပ်က

တောင်ကြီးပြိုကျသည်ဟု အလန့်တကြား အိပ်မက်မြင်မက်ခြင်းဖြစ်၏။ ကျွန်ုပ်၏ မျက်နှာပေါ်သို့ တည့်တည့်ကြီးထိုးနေသည့် နေလုံးကြီး၏ ရောင်ခြည်ဆိုသည် မှာလည်း ဂျပန်ရှုပိုင်က ကျွန်ုပ်အားထိုးကြည့်သည့် လက်နှိပ်ဓာတ်မီးရောင်ပင် ဖြစ်လေသည်။

ရှုပိုင်သည် ကျွန်ုပ်အလူးအလဲထခြင်းကိုမြင်တော့မှ "ကွီးကွီးကွားကွား"နှင့် ထွက်သွားခြင်းဖြစ်လေသည်။ ကျွန်ုပ်နိုးလာခြင်းကိုမြင်သောအခါ အခြားခရီးသည် များက "ခင်ဗျားကံကောင်းတယ်၊ သူ့လက်ထဲကကြိမ်လုံးနဲ့ တက်ရိုက်မလို့ဟာ၊ လူတွေတစ်နေတဲ့ မတက်နိုင်ပဲ ဟိုသူငယ်ရဲ့ ဦးထုပ်ကို ဆွဲချွတ်ပြီး ပေါက်လိုက်တာဗျ နို့မို့ယင် ခင်ဗျား ဒိထက်နာအုံးမှာ"ဟု ပြောကြလေသည်။ ရှေ့လျှောက်၌မူ တခါတရံလူချောင်သော်လည်း မအိပ်ဝံ့တော့ပဲ မိုးလင်းအောင် ထိုင်၍ လိုက်ရပါတော့သည်။

နောက်တနေ့ ညနေ ၇နာရီလောက်တွင် ရန်ကုန်ဘူတာသို့ ဆိုက်ရောက်၍ လန်ချားနှစ်စီးဖြင့် ကျောက်မြောင်းရပ် သီတာလမ်းသို့သွားကြ၏။ တော်သလင်း လပြည့်နေ့ဖြစ်၍ ကောင်းကင်၌ လမင်းကြီးသာလျက်ရှိခြင်းကို ကျွန်ုပ်သတိပြုမိ သော်လည်း ရန်ကုန်သို့ဝင်ရသည်မှာ ဤတခေါက်ကဲ့သို့ ကျွန်ုပ်စိတ်ညှိုးငယ်ခြင်း ကိုမမှတ်မိပါ။ ဤသို့ဖြစ်ရခြင်းကို ပြန်လည်သုံးသပ်လိုက်သည့်အခါ အောက်ပါ အချက်များကြောင့်ပေလောဟု တွေးတောမိသည်။

ဤတခေါက်လာရသည်၌ ရန်ကုန်မြို့သည် ကိုခင်မောင်နှင့် လာရစဉ်က ထက် အနည်းငယ်စည်ကားလျက်ရှိခြင်းကို တွေ့ရသော်လည်း ကိုခင်မောင်နှင့် လာစဉ်ကကဲ့သို့ စွန့်စားချင်သောစိတ်မျိုး မရှိတော့ပဲ ဇနီးပါသည့် အတွက်ကြောင့် တာဝန်တခုအနေဖြင့် မှတ်ထင်မိသည်တကြောင်း၊ မီးရထားစီးရာ၌ ဖြစ်စေ၊ ကသာမှသင်္ဘောနှင့်စုန်ခဲ့ရာ၌ဖြစ်စေ ယခင်အင်္ဂလိပ်အစိုးရခေတ်ကကဲ့သို့ သက် သာချောင်ချိခြင်း မရှိသည်တကြောင်း၊ အလုပ်အကိုင်အတွက်လည်း စိတ်မအေး ရှိနေသည်ကို တကြောင်းကြောင့် ဖြစ်တန်ရာသည်ဟု စဉ်းစားမိသည်။

တနည်းဆိုသော် အတန်ငယ်စိတ်လေးသည်ဟု ဆိုလိုခြင်းဖြစ်၏။ စိတ်လေးသည့် အတိုင်းပင် သီတာလမ်းအိမ်သို့ ရောက်သွားသောအခါ၌ ကျွန်ုပ်တို့၏ အိမ်ထောင်ပစ္စည်းများမှာ တခုမျှမကျန် လူယူကုန်ရုံမက ကျွန်ုပ်တို့နေခဲ့သော အိမ်ကိုလည်း အိမ်ရှင်က အခြားလူများသို့ ငှားလိုက်ပြီး ဖြစ်နေလေပြီ။ ကျွန်ုပ်တို့ဘယ်တော့မှ ပြန်လာမည်မသိနိုင်သဖြင့် အိမ်ရှင်အား လည်း အဆိုး ဆိုဖွယ်ရာမရှိပါပေ။ သို့သော် အိမ်ရှင် (ကိုသိန်းဖေ၏အစ်ကိုဝမ်းကွဲ) အားကျေးဇူး တင်ထိုက်ပေသည်မှာ အခြားအိမ်မရသေးမီ ၎င်းတို့နှင့်ပင် အတူနေထိုင်ဖို့ ပြောပါပေသည်။ သူ၏အိမ်မှာလည်း အတော်ကျယ်ဝန်းသည်ဖြစ်၍ ကျွန်ုပ်တို့ လင်မယားသည် သူ၏အရိပ်ကို ခိုခဲ့ရပါပေသည်။

## ဂျပန်သတင်းစာတိုက်ဖွင့်ရန်

နောက်တနေ့တွင် ကျွန်ုပ်သည် ကမာရွတ်၌ရှိသော ဦးဘကလေး၏ နေအိမ်သို့ သွား၍တွေ့၏။ ဦးဘကလေးက ကျွန်ုပ်အား မှာယူခြင်းမှာ ဂျပန် အစိုးရသည် ရန်ကုန်၌ရှိသော မြန်မာသတင်းစာတိုက်များကို (သူရိယ၊ မြန်မာ့အလင်းနှင့် တိုးတက်ရေး အားလုံး တတိုက်တည်းပေါင်း၍ သတင်းစာကြီး ထုတ်ဝေဖို့စီမံလျက်ရှိကြောင်း၊ ကျွန်ုပ်နှင့်ကိုထွန်းသန်းတို့အား ခေါင်းကြီးရေး သမား နှစ်ယောက်အဖြစ်နှင့် ရွေးချယ်ထား၍လခ ၃၀၀ စီရကြမည်ဖြစ်ကြောင်း ပြောပြလေ၏။ ကျွန်ုပ်သည် ကိုထွန်းသန်း၏စိမ်းကားဟန်ရှိသော အမူအရာကို မကြိုက်သဖြင့် သူနှင့်အတူ အလုပ်လုပ်ရမည့်အရေးကို ဝမ်းမသာလှသည်နှင့် မည်သူကအကြီးအကဲဖြစ်ပါမည်နည်းဟု မေးကြည့်ရာ ဦးဘကလေးက အကြီးအငယ်မရှိ၊ အတူတူပင်ဖြစ်လိမ့်မည်ဟု ပြောပြန်လေသည်။ မည်သို့ပင် ဖြစ်စေ ကျွန်ုပ်မှာ ဤခေတ်ပျက်ကြီးထဲ၌ ထမင်းစားဖို့အတွက် စိတ်ချရလျှင်ပင် တော်ပေသေးသည်ဆိုကာ ဝမ်းသာမိခဲ့ပါသည်။ ဦးဘကလေး၏ နေအိမ်၌

ကိုသိန်းမောင်နှင့် တွေ့ခဲ့သေးရာ သူနှင့်ဦးဘကလေးတို့ ဘာပြောကြသည်ကိုမူ ကျွန်ုပ်မသိရပေ။ ဦးဘကလေး၏အိမ်မှပြန်ကြရာတွင် ဘတ်စ်ကားမရှိသဖြင့် ကိုသိန်းမောင်နှင့် ကျွန်ုပ်တို့နေပူကျဲကျဲထဲတွင် (တော်သလင်းနေဖြစ်၍ အတော် ပူပြင်းသည်။) အတူပြန်လာကြသော်လည်း အလုပ်အကြောင်းနှင့် ပတ်သက်၍ စကားစပ်မပြောကြပဲ ခွဲခွာသောအခါတွင် သူကကြည့်မြင်တိုင်ဘက်၊ ကျွန်ုပ်က ကျောက်မြောင်းဘက်သို့ ခြေလျင်လျှောက် လာကြလေသည်။

## ရေချိုးမှားခြင်း

သီတာလမ်းအိမ်သို့ရောက်သောအခါ ကျွန်ုပ်မှာ အလွန်ထမင်းဆာလျက်ရှိ လေပြီ။ ဂဠုန်ဦးစောဆိုလျှင် ကျွန်ုပ်တို့နှစ်ယောက်အား အနည်းဆုံးလက်ဖက်ရည် တိုက်၍ ကားနှင့်လိုက်ပို့စေမည်ဖြစ်ရာ ဦးဘကလေးမှုကား (မြို့တော်ဝန်ဖြစ်ဘူး သောကြောင့်ထင့်) မေးလည်းမမေး၊ လောကဝတ်ပင်မလုပ်ချေ။ သြဘာစာရေးပေး ဘူးခြင်းသည် အမှတ်အသားမရှိတော့၊ ပြေပျောက်သွားခဲ့ဟန်တူလေသည်။ အိမ်သို့ ရောက်သောအခါ ထမင်းမြိန်ချင်တတ်သည့် ဝါသနာရှိသော ကျွန်ုပ်သည် ဆာလောင်လှပြီဖြစ်သော်လည်း မြိန်သည်ထက် မြိန်စေရန်ဆိုကာ မစိုးထမင်း ချူးနေခိုက်တွင် ရေချိုးလိုက်သေး၏။ ချိုးပြီး၍ ထမင်းပွဲ၌ ထိုင်လိုက်သောအခါ ယခင်ကဆာလောင်ခြင်းသည် ဘာဖြစ်၍ ဘယ်ရောက်သွားသည်မသိ။ မျှော်လင့် သည့်အတိုင်း မမြိန်တော့ပဲ သုံးလေးလုပ်နှင့် ဝသွားလေတော့သည်။ ဘာဖြစ်ပါ လိမ့်၊ ကျောထဲကလည်း စိမ့်တိမ်တိမ့်ဖြစ်လာသည်။ လက်စသတ်တော့ နေပူထဲက လမ်းလျှောက်လာပြီး ခရီးရောက်မဆိုက် ရေချိုးလိုက်သဖြင့် ချွေးငုပ်သွားခြင်းပင် ဖြစ်လေသည်။ ထိုည၌ ချမ်းဖျားတက်၍ ငှက်ဖျားဝင်လာခဲ့ပြန် လေပြီ။

## လင်မယား တကွဲစီ

၁၉၄၂ ခုနှစ်သည် ကျွန်ုပ်၏တသက်တာတွင် ကျန်းမာရေး၊ စီးပွားရေးနှင့် တကွ အနေအထိုင်ပါ ဒုက္ခအရောက်ဆုံး အညှိုးငယ်ဆုံးသော ကာလအပိုင်းအခြား ပေတည်း။ သူတပါးအိမ်၌ အရိပ်ခိုနေရ၍ (ကိုယ့်ထမင်းတော့ ကိုယ်ချက်စား ပါသည်။) ငှက်ဖျားကလည်း ခဏခဏဖျား၊ ဆေးကောင်းဝါးကောင်း လည်းမရနိုင်၊ ဂျပန်သတင်းစာတိုက်ကလည်း မဖွင့်နိုင်သေး၊ အင်္ဂလိပ်လေယာဉ်ပျံ များကလည်း ခဏခဏဗုံးကြဲ၊ စက်သေနတ်ပစ်၊ လက်နှိပ်စက်ရောင်းခဲ့ရသည့် ပိုက်ဆံကလေး လည်း ကုန်ပြီဖြစ်၍ လက်ပတ်နာရီနှင့် အဝတ်အစားကလေးများကို ညီတော် မောင်ထံသို့ရောင်းပြီး မနက်ည အလျင်မှီအောင် အလွန်တရာ ချွေတာစား သောက်ကြရပါသည်။ နောက်ဆုံး၌ အင်္ဂလိပ်လေယာဉ်ပျံများသည် ညစဉ်လိုပင် လာရောက်ဗုံးကြဲကြသည်တွင် ရန်ကုန်မြို့သူမြို့သားများမှာ ယခင်ကထက် ပိုမို ထိတ်လန့်လာကြပြန်လေပြီ။ ဂျပန်သတင်းစာ ထုတ်ဖို့ဆိုသော စိတ်ကူးမှာလည်း ဘယ်ဆီရောက်သွားသည် မဆိုနိုင်ချေ။

ဤအတောအတွင်း သီတာလမ်းမှ လူများသည်လည်း ဂျပန်များဗုံးကြဲချ သည့် ခေတ်ကကဲ့သို့ပင် အင်္ဂလိပ်ဗုံးများကို ကြောက်လာကြပြန်သည်နှင့် တောင်ပြေးမြောက်ပြေး ပြေးကုန်ကြပြန်ရာ သီတာလမ်းမှာ ရှေးနည်းအတိုင်း ခြောက်ကပ် လူပြတ်သောအဖြစ်သို့ ရောက်ရပြန်လေပြီ။ ကျွန်ုပ်၏အဖျားကလည်း ပြတ်သေးသည်မရှိ၊ တရက်ခြား နှစ်ရက်ခြား ဖျားလျက်ပင်ရှိသေး၏။ ဤအထဲတွင် ကျွန်ုပ်တို့နေသော အိမ်ရှင်များလည်း ပြေးဖို့ပြင်လျက်ရှိကြပြန်လေပြီ။ ဤသို့သော အခက်အခဲတွင် ကျွန်ုပ်တို့အဖို့ ကယ်ပေါက်ကလေးတခုပေါ်လာသည်မှာ ကျွန်ုပ် တို့ ယခင်ကနေခဲ့သည့်အိမ်မြင့်၌ နေထိုင်လျက်ရှိသော တရုတ်ကပြားလင်မယား သည် (အထူးသဖြင့်မယားဖြစ်သူသည်) ကျွန်ုပ်တို့ကိုအလွန်ခင်မင်၍ ကျွန်ုပ်တို့ လင်မယား အားကရုဏာဖြစ်ရာကြသည်။ တရပ်လုံးပြေးကြမည်ပြုသည်တွင်

သူတို့လင်မယားက ကျွန်ုပ်တို့နှစ်ယောက်ကို မြစ်ကျိုးရွာသို့ အတူလိုက်ခဲ့ကြဖို့ အကြောင်း၊ ဘာမျှ ပူစရာမရှိ၊ ၎င်းတို့က အားလုံးတာဝန်ယူမည့်အကြောင်း ကြင်နာစွာနှင့် ပြောရှာကြပါပေသည်။ ကျွန်ုပ်စဉ်းစားမိသည်မှာကား မကျန်းမမာ ဖြစ်နေခိုက်တွင် လင်မယားနှစ်ယောက် အတူနေချင်သည်ကား မှန်သည်။ မြစ်ကျိုး သို့ နှစ်ယောက်လုံး လိုက်သွားပါမူ နှစ်ယောက်အတွက်ဆိုပါက သူတို့အဖို့ တာဝန်လေးလိမ့်မည်။ ဝေဠုဝန်ကျောင်းတိုက်၌ နေထိုင်လျက်ရှိသော ညီနှင့် ခယ်မများထံသို့ နှစ်ယောက်လုံးပြောင်းရွှေ့သွားပါလျှင်လည်း နှစ်ယောက်အတွက် ဆိုတော့ ဝန်လေးလိမ့်မည်။ သို့ဖြစ်၍ မစိုးကိုမြစ်ကျိုးသို့ထည့်လိုက်ပြီး ကျွန်ုပ် တယောက်တည်း ညီများနှင့်အတူ ဝေဠုဝန်ကျောင်းတိုက်သို့ သွား၍နေမည်ဟု ဆုံးဖြတ်လိုက်ပါတော့သည်။

## သေလျှင်ပြီးတာပဲ

ပထမ၌ ကပြားလင်မယားသည် မြစ်ကျိုးသို့ လေးငါးရက်ကြာမှ သွားကြ ရန် ချိန်းထားသော်လည်း လေယာဉ်ပျံများ လာလွန်းအားကြီးသည်နှင့် သီတာလမ်း ၌ တရက်မျှပင် မနေဝံ့ကြတော့ဆိုကာ သကံန်းကျွန်းသို့ တထောက်ရွှေ့ပြောင်း ကြပြီး ထိုနေရာ၌ လေးငါးရက်နေကြပြီးမှ မြစ်ကျိုးသို့ တထောက်ရွှေ့ရန် စီမံကြလေ၏။

ကျွန်ုပ်မှာလေးငါးရက်အတွက်မျှနှင့် သကံန်းကျွန်းသို့ မလိုက်တော့ဆိုကာ ဝေဠုဝန်ကျောင်းတိုက်သို့ တခါတည်း ပြောင်းရွှေ့ရန် ဆုံးဖြတ်လိုက်လေ၏။ သို့ဖြစ်၍ မစိုးတို့လူစုက သကံန်းကျွန်းသို့ပြောင်းရွှေ့ကြသောအခါ ကျွန်ုပ်သည် ဝေဠုဝန်ကျောင်းသို့ ပြောင်းရွှေ့၍နှစ်ရက်တခေါက် သုံးရက်တခေါက် သွားရောက် လည်ပတ်ရန် အစီအစဉ်ရှိလေသည်။ တနေ့သ၌ ကျွန်ုပ်သည် မစိုးတို့ရှိသည့် သကံန်းကျွန်းသို့ သွားရောက်လည်ပတ်စဉ် ၄က်ဖျားတို့ထုံးစံ အတိုင်း အချိန်မရွေး

ဖျားတတ်သည့်အလျောက် ညနေတွင် အဖျားဝင်၍ မပြန်နိုင်တော့ပဲ သင်္ကန်းကျွန်း၌ ညအိပ်ရ၏။ အင်္ဂလိပ်လေယာဉ်ပျံများသည် ထိုအချိန်က ညတိုင်းလိုပင် ရန်ကုန်သို့ လာရောက်ဗုံးကြဲလေ့ရှိရာ (ထို့ကြောင့်လည်း လူတွေထိတ်လန့်ကုန်ကြခြင်း ဖြစ်သည်။) ကျွန်ုပ်အိပ်သောညတွင်လည်း ခပ်များများလာကြသည်။ အချက်ပေး ဥသြဆွဲ သည်နှင့်တပြိုင်နက် အိမ်သူအိမ်သားများသည် ဗုံးကျင်းထဲသို့ ပြေးဝင် ကြလေရာ မစိုးက အဖျားတက်လျက်ရှိသော ကျွန်ုပ်အားတွဲခေါ်ပါမည်ဆိုသော် လည်း ကျွန်ုပ်ကဇွတ်ပေနေ၍ သူ့ကိုသာ အရှောင်ခိုင်းလေသည်။ ကျွန်ုပ် စိတ်ကူးကား လင်ကိုယ်မယား နှစ်ယောက်တည်း ရှိသည့်အထဲတွင် အရေး အကြောင်းရှိ၍မှ အတူတူမပြေးနိုင်ပဲ တယောက်တကွဲ ဖျားကျန်ရစ်မည့် အတူတူ ဗုံးမှန်၍သေရလျှင်လည်း ပြီးတာပဲဆိုကာစောင်ခြုံပြီး မျက်စိမှိတ်နေရစ်ခြင်း ဖြစ်လေသည်။ လေယာဉ်ပျံတစင်းသည် ကျွန်ုပ်အိပ်လျက်ရှိသော အိမ်အထက်မှ နီးကပ်စွာပျံ၍ ဗုံးတလုံးဖြုတ်ချလိုက်သည့်အသံကို ကျွန်ုပ်ကြားလိုက်ရ၏။ အချို့သောအင်္ဂလိပ် လေယာဉ်ပျံများသည် ဗုံးတလုံးဖြုတ်ချလိုက်သည်နှင့် တပြိုင်နက်ဝါးစည်းကို မြေကြီးပေါ်၌ဒရွတ်တိုက်၍ ဆွဲသောသောအသံကဲ့သို့ "ဝရော၊ ရောရော"ဟုမြည် ၏။"ဝရော၊ရောရော"ဟူသော အသံကြီးသည် ရှည်လျားစွာမြည်လျက်ရှိစဉ် တခဏထက် တခဏနီးကပ်လာ၍ ကျွန်ုပ်တို့၏ အိမ်ပေါ်သို့ ကျတော့မည်ထင်ရ၏။ ကျွန်ုပ်ကမူ "ကျစမ်းပါစေကွာ"ဟု ဆိုကာ မျက်စိကို စုံမှိတ်ထားလိုက်၏။ "ဝုန်း၊အုံး၊အုံး"ဟူသော အသံကြီးမြည်ဟိန်း၍ တအိမ်လုံး သွက်သွက်ခါသွားပြီး လျှင် မြူမှုန့်နှင့် အမှိုက်သရိုက်များသည် ခေါင်းမြီးခြုံထားသော ကျွန်ုပ်၏စောင်ပေါ်သို့ တဖွားဖွားကျလာလေ၏။ တခဏမျှ ကြာသော်တဖာလုံမရှိတရှိ ဝေးသည့်နေရာသို့ ဗုံးကျခြင်းဖြစ်သည်ဟု သိရလေ သည်။ ကျွန်ုပ်၏အထင်မှာမူ ဟိုဘက်တအိမ်ခြားလောက်တွင် ကျသည်ထင်မိ၍ "စပလင်တာ"များပင် လွင့်စင်လာမည်လောဟု သတိရမိပါသေးသည်။ ထိုလသည်

တပို့တွဲ (ဖေဖော်ဝါရီ) လပြစ်၍ လိပ်ကန်တို့ဘက်က သဲသဲမဲမဲဖုံးချခြင်းကို ကျွန်ုပ်မှတ်မိသည်။

## တသက်တွင် ဝမ်းအနည်းဆုံး

နောက်တနေ့ နံနက်၌ တရုတ်ကပြား မိတ်ဆွေများသည် သင်္ကန်းကျွန်း၌ သုံးလေးရက် နေမည်ဟူသောအစီအစဉ်ကိုဖျက်၍ ဤနေ့နံနက်ရထားနှင့်ပင် မြစ်ကျိုးသို့လိုက်ရန် ပြင်ဆင်ကြလေတော့သည်။ ကျွန်ုပ်သည်မစိုးအား ဘူတာရုံသို့ လိုက်ပို့စဉ် တသက်တွင် ကျွန်ုပ်၏စိတ်၌ အထိခိုက်ဆုံးသော အခြင်းအရာတခု အနေဖြင့် အသိအမှတ်ပြုမိပါသည်။ တရုတ်များဖမ်းသွား၍ သစ်ပင်ကြီးအောက်တွင် လူတွေတန်းစီထားပြီး စက်သေနတ်နှင့်ချိန်ကာ 'ခလောက်ခလက်'လုပ်စဉ်က ထိတ်လန့်တုန်လှုပ်ခဲ့ခြင်းကားမှန်ပါသည်။ သို့သော်ထိုစဉ်ကမူ တကိုယ်လုံး ထုပူလျက်ရှိသောကြောင့် ဘာသော ညာသော သတိမရသဖြင့် ထိခိုက်လှသည်ဟု မဆိုနိုင်ပါ။ သူတို့လူစုအား ဘူတာရုံသို့လိုက်ပို့၍ မီးရထားထွက်ခါနီး၌မူကား ကျွန်ုပ်၏ မကျန်းမာသောအဖြစ်ကိုလည်းကောင်း၊ တယောက်တည်းရှိသည့် ပြုစုမည့်သူ မစိုးအားခွဲခွာ၍ တရပ်တကျေးသို့ လွှတ်လိုက်ရမည့် အဖြစ်ကိုလည်း ကောင်း၊ မစိုးနှင့်ကျွန်ုပ်သည် သူတပါး၏နှာခေါင်းဖြင့် အသက်ရှုကြရမည့် အဖြစ်မျိုးသို့ ရောက်ရဦးမည်ကိုလည်းကောင်း၊ ဘေးအန္တရာယ်ထူထပ်သည့် ဤအချိန်အခါကြီးတွင် သူ့ခမျာ အားငယ်ရှာလိမ့်မည်ဟူသော အဖြစ်ကို လည်းကောင်း အလုံးစုံ စဉ်းစားမိသည်နှင့် ရင်ထဲ၌ဆို့လာပြီး မျက်စိကောင်းစွာ မမြင်ပဲ မှုန်မှိုင်း၍သွားပါသည်။

ဤအခြင်းအရာသည် မျက်ရည်ထွက်တော့မည့် ရှေ့ပြေးလက္ခဏာဖြစ်သည် ဟုကျွန်ုပ်ရိပ်မိသည်နှင့် ထွက်မည်ပြုသော မျက်ရည်ကိုရှို့သွင်းကာ ကြိုးစား၍ ပြုံးသောမျက်နှာဖြင့် မစိုးအားနှုတ်ဆက်လိုက်ပါသည်။ ကျွန်ုပ်ကမျက်ရည်လည်

လျှင် မစိုးက ငိုလိမ့်မည်ဖြစ်ရာ အဘိုးကြီးအမယ်ကြီးတွေဖြစ်ခါမှ လူတွေရှေ့တွင် ငိုကြသည်ဟု မဖြစ်စေလိုသည့်အတွက် ကျွန်ုပ်ကကြိုးစား၍ ချုပ်တည်းရခြင်းဖြစ်ပါသည်။ ဤကဲ့သို့ချုပ်တည်းရသည့်အတွက် ရင်ထဲ၌အောင့်သက်သက်ကြီးခံရပုံမှာ တသက်တွင် ဤတခါမျှကြုံဘူးသည်ဟု ဆိုနိုင်ပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် မိမိကိုယ်ကိုလည်းကောင်း၊ ဇနီးမစိုးကိုလည်းကောင်း ဤတကြိမ်ကဲ့သို့ ကရုဏာမဖြစ်ရဘူးခြင်းကို ကြုံဘူးသည်ဟု မမှတ်မိအောင် ရှိပါတော့သည်။ မီးရထားမထွက်မီ စိတ်ကိုတင်းထား၍ မီးရထားထွက်သောအခါမှ လူကွယ်ရာသို့သွားပြီး စိတ်ကိုလျှော့ချလိုက်ရာ မျက်ရည်များ အတော်ကျသွားသည်တွင်မှ ရင်ထဲ၌ ရှင်းသွားပါတော့သည်။ ကျွန်ုပ်ကို စိတ်အားပျော့သူ လူတယောက်ဟူ၍ အပြစ်မဆိုကြပါလေနှင့်၊ စင်စစ်မှာ ကျွန်ုပ်၏ ကျန်းမာရေးမကောင်းသည့်အတွက် ဤမျှလောက် အားငယ်မိခြင်းဖြစ်ပါသည်။ ကျန်းမာရေးပြည့်စုံပါမူကား လောကခံတွင် 'ထိပ်'ဆိုသောလူကို အလျှော့ပေးလိမ့်မည်မဟုတ်ပါ။

## တက်ဖျားကျဖျား

သက်ိန်းကျွန်းဘူတာမှ ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်ရောက်သောအခါ ကျွန်ုပ်၏ငှက်ဖျားသည် တရက်ခြား မှန်မှန်ကြီး တက်လျက်ရှိလေပြီ။ ယခင်ကမူ ဖျားချင်သောနေ့တွင် ကောက်၍ဖျားပြီး နှစ်ရက် သုံးရက်တန်သည်ကောင်းချင်ကောင်းနေ၏။ ထိုနေ့ကစ၍မူကား ဖျားတနေ့ ကောင်းတနေ့ မှန်မှန်ကြီးလုပ်နေ၏။ ကောင်းသောနေ့များတွင် သူတပါးနည်းတူ စားနိုင်သောက်နိုင်၍ အဖျားတက်သော နေ့၌မူ တကိုယ်လုံးဆတ်ဆတ်တုန်ပြီး ကျောထဲမှ စိမ့်၍တက်သည်နှင့် စောင်ဘယ်လောက်ခြုံသည်ဖြစ်စေ မနွေးနိုင်ပဲရှိ၏။ လူများများဝိုင်း၍ဖိပေးလျှင်ကား သက်သာရာရပါ၏။ သို့ရာတွင် ဖိပေးမည့်သူမှာ

ညီတော်မောင်၏ သားကလေးသင်းမောင်နှင့် စုံထောက်အင်စပိတ်တော် ကိုအောင်ဘော်၏ သမီးကလေး (နှစ်ယောက်လုံး ဆယ်နှစ်သာသာလောက်ရှိကြသည်။) တို့သာ ရှိကြ၍ လေးလေးပင်ပင် မရှိသောကြောင့် သက်သာလောက် အောင်မရှိလှချေ။ လူကြီးများထံမှမူကကား အကူအညီမတောင်းပဲ တလျှောက်လုံးကြိတ်၍ခံနိုင်ခဲ့ပါသည်။ သူတို့မှာလည်းကိုယ်စီကိုယ်ငှ အလုပ်ရှိကြသူများဖြစ်သည်။ အဖျားလွတ်သောနေ့များတွင် "တရုတ်များနိုပ်စက်သော အဖြစ်အပျက်"နှင့် အခြားဝတ္ထု တပုဒ်ကို ထိုစဉ်ကထုတ်ဝေသည့် ဂျာနယ်တစောင်သို့ရေးပေးရာ ဤခေတ်တွင်ငွေတာရီမဂ္ဂဇင်းက ပြည်လည်ရိုက်နှိပ်ထည့်သွင်းခဲ့ဘူးပါသည်။

## သေတော့မည် ထင်သော်လည်း

ဤသို့ဖြင့် တရက်ခြားဖျားလိုက်စားလိုက်နှင့် တလကျော်ခန့်ရှိလတ်သော် အဖျားလွတ်သော နေ့များ၌ စားသော အစာသည်မနည်းလှသော်လည်း ဘယ်ရောက်ကုန်သည်မသိ၊ တနေ့တခြား ခွန်အားနည်း၍ ချိနဲ့ပိန်ကြုံသွားခဲ့လေပြီ။ ၁၉၄၃ခုနှစ်၊ မတ်လ ၁၅ ရက်နေ့၌ ဒုတိယအိမ်ထောင်မှ မွေးသည့်သား စိုးနိုင်က ကျွန်ုပ်အား ထမင်းစားဖို့ဖိတ်သည်နှင့် သွား၍စားခဲ့ရာ အပြန်တွင် လမ်းမလျှောက်နိုင်ပဲ ဖြစ်နေ၏။ ဝေဠုဝန်ကျောင်းတိုက်နှင့် စိုးနိုင်တို့၏ အိမ်သည် (မန္တလေးအခေါ်) သုံးပြလောက် ဝေးသည်ဖြစ်ရာ ကျောင်းသို့ အပြန်တွင် ၎င်းခရီးကို တဆက်တည်း မလျှောက်နိုင်သဖြင့် လမ်းထောင့်ရှိ 'ဘုတ်တိုင်' တခုပေါ်တွင် ထိုင်၍နားရသေး၏။ ဒူးများကတုန်၊ ရင်ထဲကလှိုက်လျက်ရှိ နေ၏။ ကျွန်ုပ်စဉ်းစားမိသည်ကား "ငါသည် ဤတောင်မှတက်တော့မည်မထင်၊ တောင်တောင်ဤဤ လောကီအာရုံများကို ဖြတ်တောက်ပြီး ငါတွေ့သော တရားအတိုင်း နှလုံးသွင်းမပြတ်အောင် သတိပြုလေလောဟု မိမိကိုယ်ကိုဆုံးမပါ သည်။ အပန်းပြေသောအခါ ထိုင်ရာမှထမိ၍ ဝေဠုဝန်ကျောင်းသို့ ရောက်သည်တွင်

အဆက်မပြတ် သတိမလစ်ပဲ အိပ်ရာဝင်သည်၌လည်း နှလုံးသွင်း တရားနှင့်ပင် အိပ်ပျော်ခြင်းသို့ ရောက်ခဲ့ပါသည်။ နံနက်လင်းသောအခါ ထိုနေ့သည် ဖျားနေကျနေ့ ဖြစ်သော်လည်း ဖျားမည့်အရိပ်နမိတ် မတွေ့ရသည့်ပြင် ပေါ့ပါးဖျတ်လတ်သော ကိုယ်ကာယနှင့် ကြည်လင်ချမ်းမြေ့သော စိတ်နှလုံး ရှိနေခြင်းကိုလည်း တွေ့ရ၏။ အကျဉ်းချုပ်လိုက်သော် ကျွန်ုပ်မှာ ထိုနေ့မှစ၍ အဖျားပြတ်သွားပြီး တနေ့တခြား အင်အားပြည့်တင်းသော အဖြစ်သို့ ရောက်လာပါတော့သည်။

## အိမ်ဖျက်ပွဲစားအလုပ်

ကျွန်ုပ်သည် မည်သူ၏ထမင်းကို စားသည်ဖြစ်စေ၊ ယုတ်စွအဆုံး သူ၏ထမင်းအတွက် ကျေအောင်ဆိုကာ ကိုယ်တတ်နိုင်သော နေရာတခုခု လုပ်ပေးမည်ဟူသော ရည်ရွယ်ချက် ထားတတ်သူဖြစ်ပါသည်။ ကျွန်ုပ်ကျန်းမာလာသည်နှင့် တပြိုင်နက် ညီတော်မောင်၏ အလုပ်ကို ကူညီဖို့စီစဉ်ပါသည်။ ညီတော်မောင်သည် ရောင်းလိုက်သောလူများ၏ အိမ်များကိုဝယ်၍ ဖျက်ရောင်းသော အလုပ်ကိုလုပ်လျက်ရှိ၏။ ထိုစဉ်က ရန်ကုန်မြို့တွင် လိပ်ကန်လေယာဉ်ပျံများ မပြတ်လာ၍ ဗုံးချလျက်ရှိသောကြောင့် အိမ်ရှင်များသည် မိမိတို့မနေဝံ့သည့်အတူတူ အိမ်များကို ဖျက်ရောင်းချင်သူ အလွန်ပေါများလျက် ရှိပါသည်။ ကျွန်ုပ်သည် ကိုခင်မောင်ကိုခေါ်၍ 'အိမ်ဖျက်ပွဲစားလုပ်ကြဖို့တိုင်ပင်ရာ သူ့မှာလည်း အလုပ်မရှိသည်နှင့် ဝမ်းမြောက်စွာ သဘောတူ၏။ အဆင်သင့်ပုံတခုမှာလည်း သူ၏ညီခင်မောင်ဆင့်သည် ကျောက်မြောင်းရပ် ဩဘာလမ်း၌ရှိသော သူ၏အိမ်ကိုရောင်းချင်သည်ဆို၍ ညီတော်မောင်နှင့် "ဆိုင်"ပေးရာ ဈေးတည့်ကြသဖြင့် ကျွန်ုပ်တို့က ဖျက်ပေးရန် တာဝန်ယူကြရသည်။ ကျွန်ုပ်တို့၏ တာဝန်မှာကား လက်သမားများခေါ်၍ ဖျက်စေပြီးလျှင် အသားကောင်းများမှ ထင်းဖြစ်မသွားစေရန် စောင့်ကြည့်ကြဖို့ ဖြစ်လေသည်။ ကိုခင်မောင်နှင့် ကျွန်ုပ်သည်

ညီတော်မောင်၏ အလုပ်ကိုလုပ်ကြရာတွင် မည်၍မည်မျှ အဖိုးအခ(သို့မဟုတ်ပွဲခ) ရကြမည်ဟု စကားအပြောအဆိုမရှိ၊ ကျွန်ုပ်တို့ကအလုပ်ရှိလျှင်တော်စေ၊ သူကြည့်၍ ပေးလိမ့်မည်။ ရသမျှအမြတ်ပဲဟူ၍ အောက်မေ့ကြသူများ ဖြစ်လေသည်။ လောက၌ ငွေရေးကြေးရေးဟူသည် မိတ်ဆွေဖြစ်စေ၊ ညီအစ်ကို မောင်နှမဖြစ်စေ မသေမချာ 'ဝါစာကမာ'သဘောမျိုးလုပ်လျှင် နေရာမကျကြောင်း သင်ခန်းစာ ရခဲ့ပါသည်။

## မောင်မင်းကြီးသားများ

တနေ့သ၌ မစိုးသည် ရန်ကုန်၌ ဖုံးတွေအားကြီးချသည်ဟုကြား၍ ကျွန်ုပ်အား စိတ်မချဆိုကာ မြစ်ကျိုးမှပြန်ရောက်လာ၏။ ကျွန်ုပ်ကလည်း ကောင်းစွာ ကျန်းမာပြီဖြစ်သောကြောင့် လူနာတယောက်အနေဖြင့် အားနာစရာ မရှိတော့ဆိုကာ မြစ်ကျိုးသို့ အလည်သွားဖို့ စိတ်ကူးယဉ်လျက်ရှိစဉ် ကျွန်ုပ်သွားမည် ကြံသည့် နေ့မတိုင်မီ တရက်တွင် မစိုးပြန်ရောက်လာလေသည်။ အခြားသော အချိန်အခါများ၌မူ ဤအဖြစ်မျိုးသည် ကိစ္စမရှိ၊ ရယ်စရာလေးတခု သာဖြစ်နိုင်၏။ သွားဖို့လာဖို့ အလွန်ခဲယဉ်းလှသော ထိုအခါကမူကား ကျွန်ုပ်သွားမည့်ဆဲဆဲတွင် မစိုးရောက်လာခြင်းကိုတွေ့ရသည့်အခါ မျက်နှာကို ဤတကြိမ်မြင်လိုက်ရခြင်း ကဲ့သို့ ဝမ်းသာရဘူးခြင်းကို ကျွန်ုပ်မမှတ်မိချေ။ မစိုးရောက်လာသောအခါ၌မူ ချက်မှုပြုတ်မှုနှင့် ပတ်သက်၍ မစိုးကတာဝန်ယူကာ အကူအညီပေးနိုင်ပြီ ဖြစ်သောကြောင့် ကျွန်ုပ်သည် 'အိမ်ဖျက်ပွဲစား'အလုပ်ကို မလုပ်တော့ပဲ ဝတ္ထုကလေးများရေးဖို့ စိတ်ကူးပါတော့သည်။ သို့ရာတွင် အမှန်ကို ဝန်ခံရပါက ညီအရင်းပင် ဖြစ်သော်လည်း သူတပါး၏ထမင်းကို ကြာရှည်စွာ မှီခိ စားသောက်လိုသောဆန္ဒ မရှိသည်နှင့် ဖခင်ရှိသည့် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့လိုသောဆန္ဒ ပြင်းထန်လျက်ရှိလေပြီ။ တကြောင်းမှာလည်း ညီတော်မောင်နှင့်

အတူနေကြသော အင်စပိတ်တော် ကိုအောင်ဘော်တို့သည် ဂျပန်ခေတ်တွင် အရောင်းအဝယ်အလုပ်၌ ကွက်စပ်တည့်နေကြသူများဖြစ်၍ ငွေစကား အလွန် ပြောကြရာ ငွေရအောင်ရှာနိုင်စွမ်းမရှိသော ကျွန်ုပ်သည် သူတို့နှစ်ယောက်နှင့် အတူနေထိုင်ရခြင်းအားဖြင့် အလကား အနေခက်လျက်ရှိ၏။ တထောင်မြတ်သည်၊ နှစ်ထောင်မြတ်သည်စသည်ဖြင့် သူတို့ပြောကြသော စကားများသည် ကျွန်ုပ်အား ချိုးနှိမ်သကဲ့သို့ဖြစ်နေ၏။ ပြောင်းရွှေ့ရန်အခက်အခဲ တခုဖြစ်နေသည်မှာ ကျွန်ုပ် တို့၌ စုစုပေါင်း ဝန်စည်စလယ် အထုပ်လေးထုပ်ရှိရာ ကူလီဟူ၍ မရှိသော ထိုခေတ်၌ မီးရထားပေါ်သို့ ကတိုက်ကရိုက် တင်လိုက်ချလိုက် လုပ်ရသည်ဖြစ်၍ ကျွန်ုပ်တို့မတတ်နိုင်ဖြစ်နေ၏။ တယောက်တထုပ်ကား သယ်ယူနိုင်ပါ၏။ နှစ်ယောက်အတွက် လေးထုပ်ကား မတတ်နိုင်သဖြင့် တထုပ်တလေ ကျန်ရစ် မည်ကိုစိုးရိမ်သောကြောင့် မန်ကျည်းတုံသို့ စိတ်သာရောက်ပြီး လူမသွားနိုင်ပဲ ဖြစ်နေကြ၏။ ထိုသို့သော အခြေအနေတွင် ကျွန်ုပ်၏ညီဝမ်းကွဲနှစ်ယောက်သည် တပည့်ကလေးကိုယ်စီနှင့် ရန်ကုန်သို့ကုန်ဝယ်ဆင်းလာကြရာ ကျွန်ုပ်တို့ကိုတွေ့ရန် ဝေဠုဝန်ကျောင်းတိုက်သို့ လာကြသည်တွင် ကျွန်ုပ်၏ညှိုးငယ်ပုံရသော မျက်နှာကို မြင်ကြသည်နှင့် ကျွန်ုပ်၏ဖခင်ထံသို့လိုက်ခဲ့ရန် ခေါ်ကြလေ၏။ ဤတွင်ကျွန်ုပ် တို့၏အထုပ်လေးထုပ် သယ်ယူရေးပြဿနာပြေရှင်း၍ သူတို့နှင့် အတူလိုက်ကြရန် သဘောတူလိုက်လေသည်။ ထိုခေတ်၌ မီးရထားဖြင့် သွားလာရခြင်းမှာ တကယ် ခက်ခဲသည်ဖြစ်ရာ ကျွန်ုပ်၏ အထုပ်လေးထုပ်သယ်ယူရေးအတွက် ကျွန်ုပ်စိုးရိမ် ပူပန်မိခဲ့ခြင်းသည် အပိုမဟုတ် တကယ်ပူပန်ထိုက်ခြင်းကို အဟုတ် ခရီးသွား သောအခါ၌ သိကြရပါသည်။ ဂျပန်မီးရထားအရာရှိများက ဆင်းကြဦးဆိုတိုင်း ဆင်းကြရ၍ တက်ဆိုလျှင် ကတိုက်ကရိုက် တက်ကြရလေရာ မီးရထား ဘူတာရုံတခု၌ ကျွန်ုပ်၏ညီများက အထုပ်များကို မရပ်သေးပဲ ရွေ့နေသေး သော မီးရထားပေါ်သို့ပစ်တင်၍ ကျွန်ုပ်တို့လင်မယားကိုလည်း တွဲပေါ်သို့ ဆွဲတင်ယူရ သည်အထိ သေပြေးရှင်ပြေးလုပ်ဖို့လိုခြင်းကိုပင် ကြုံခဲ့ရဘူးသည်။ကျွန်ုပ်တို့ချည်း

ဆိုပါလျှင် ပစ္စည်းထုပ်ကို မဆိုထားဘိ လူကိုယ်တိုင်ပင် မန်ကျည်းတုံသို့ ရောက်ကောင်းမှ ရောက်ပေမည်။

## မိဘ၏ အရိပ်အေးလှခြင်း

မီးရထားတတန်၊ ငှက်(သမ္ဗန်)တတန်၊ လှည်းတတန်၊ မြင်းရထားတတန် သွားကြရ၍ နှစ်ရက်မြောက်သောညတွင် ကျွန်ုပ်တို့သည် မန်ကျည်းတုံရှာ ဖခင်၏နေအိမ်သို့ ဆိုက်ရောက်ကြရာ ကျွန်ုပ်၏စိတ်ထဲ၌ ပင်လယ်ရပ်ခြား တိုင်းတပါးမှ ဆိုက်ရောက်လာကြသည့်နှယ် အကြီးအကျယ် ဟီးချမိပါတော့သည်။ ညီတော်မောင်တို့နှင့် နေထိုင်ရစဉ်က ဆပ်ပြာခဲ၊ ဆီ၊ ရေနံဆီ၊ ငပိ၊ ငါးခြောက် စသည့် ကုန်စည်များကို မြင်ရ၍ ငါးရာမြတ်သည်၊ တထောင်မြတ်သည်ဟု ကြားခဲ့ရပေရာ ဖခင်၏အိမ်သို့ ရောက်သောအခါတွင် ဖျာ၊ ရိုင်၊ တောင်း၊ ခြင်း၊ ပလုံးစသည့် အသေးအနုပ် ကုန်စည်များသာမြင်ရပြီး တကျပ်မြတ်၊ နှစ်ကျပ်မြတ် စသည်ဖြင့်သာ ကြားရမည်ဖြစ်သော်လည်း ဖခင်၏အရိပ်ကိုခိုရခြင်းကား အလွန် အေးချမ်းလှပါဘိသည်။ ညီများရာထောင်စွန်းသည် ဆိုခြင်းသည် ကျွန်ုပ်အဖို့ ဝမ်းသာစရာ မဟုတ်သည့်ပြင် သူတို့၏ အမူအရာကြောင့် ကိုယ့်ကိုယ်ကို နုံရာရောက်သည်ဟု ထင်ခဲ့မိရာမှ ဖခင်၏ငါးကျပ်၊ တဆယ် မြတ်စွန်းခြင်းမူကား ငါတို့ ဆန်ကလေးဆီကလေးဟင်းလျာကလေး ဝယ်နိုင်ပေတော့မည်ဟု ဝမ်းသာမိ ပါတော့သည်။

ကျွန်ုပ်အဖို့ကံကောင်းခြင်း တချက်မှာလည်း ကျွန်ုပ်သည် မိဘများအား ထောက်ပံ့ကြည့်ရှုခဲ့ဘူးခြင်းမရှိသော်လည်း အခါပျက်လုနီးချိန်မှစ၍ မိဘနှစ်ပါး အား တလလျှင် တယောက်တဆယ်စီ ထောက်ပံ့ခဲ့ဘူးခြင်းကြောင့် (ကျွန်ုပ်နှင့် အတူနေ များသော) မိခင်ကကိစ္စမရှိလှစေကာမူ ကျွန်ုပ်၏ဖခင်ကမူကား လူတွေ့ တိုင်းမပြော ပဲမနေနိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရရှာသည်။ သို့ဖြစ်၍

ကျွန်ုပ်ကတလှည့်တပတ် မီိခိုကပ်ရပ်ရဦးမည့် ထိုအချိန်တွင် ဖခင်က "မင်းတို့ လင်မယားတော့ စားချင်တိုင်း စားပါမောင်၊ ငါ့ဆိုင်ကလေးက အမြင်နုပ်ပေမယ့် တနေ့တဆယ် ဆယ်ငါးကျပ်တော့ ဆေးသေဝင်ပါတယ်"ဟု ဝမ်းမြောက်ဝမ်းသာ ပြောရှာပေသည်။ ဖခင်၏အိမ်ဆိုင်မှာ မြန်မာလက်ဖြစ် ကုန်ပစ္စည်းများဖြစ်သည့် ဖျာ၊ ရိုင်၊ တောင်း၊ ပလုံးစသော ပစ္စည်းများရောင်းချလေသည်။ ဇနီးမစိုးနှင့် သူတပါးအိမ်၌နေရ၍ ကျွန်ုပ်ကျေနပ်ခြင်းတခုမှာ မစိုးသည် ဟင်းချက်ကောင်း သည်ဟု နာမည်ရသည့်ပြင် သူတပါးအိမ်၌ 'အိုးသူကြီး'အလုပ်ကို ဘယ်အခါမဆို တာဝန်ယူတတ်သူ တယောက်ဖြစ်သည်နှင့် အိမ်ရှင်မတိုင်းက သဒ္ဓါကြည်ဖြူရှိကြ၍ ကျွန်ုပ်အဖို့ အနေချောင်လှသည်။

## ကျွန်ုပ်၏မိုက်မဲခြင်းတခု

ကျွန်ုပ်တို့ရောက်သောနေ့မှစ၍ ကျွန်ုပ်၏မိထွေးသည် အချက်အပြုတ် တာဝန် လွတ်ငြိမ်း၍ ဝမ်းသာခြင်းနှင့်အတူ မစိုး၏အချက်အပြုတ်ကို တလျှောက် လုံး နှစ်သက်လာခဲ့သော ဖခင်ကလည်း "ယခုမှ ဟင်းနဲ့တူအောင် စားရသကွယ်" ဟုဆိုကာ ဝမ်းသာလျက်ရှိကြ၏။ ဤမျှအထိကား နေရာကျလှပါဘိသည်။ သို့ရာ တွင် ကျွန်ုပ်နှင့် မစိုးတို့၏ဝါသနာမှာ ဟင်းကိုနေ့ဖို့ညစာ တိုင်းထွာချက်ပြုတ် လေ့ရှိ၏။ ဥပမာ ကြက်သားဟင်းချက်သည်ဆိုလျှင် နံနက်အတွက် တဝက်ခွဲ ထားပြီး ညအတွက် တိုင်းထွာ၍ချက်၏။ မိထွေးမှာ ရွာသူတယောက်ဖြစ်၍ ကြုံသည့်အခါများတွင် များများမြတ်မြတ် စားချင်တတ်သူဖြစ်ရကား ညအချိန်တွင် နံနက်အတွက် ချန်ထားသော ကြက်သားဟင်းထဲမှ နှိုက်စားချင်နှိုက်စားတတ်၏။ နံနက်တိုင်သောအခါ မစိုးကဟင်းပျောက်သည်ဆို၍ ကျွန်ုပ်အားပြောရာ ကျွန်ုပ် ကလည်း ဟင်းတုံးများကိုကြည့်ကာမျှနှင့် မည်သည့်အတုံးများ ပျောက်သည်ဟု ပြောနိုင်သူဖြစ်သည့်အလျောက် "ကြက်သားဟင်းအိုးထဲက ရင်အုပ်တုံးတွေပျောက်

တယ်၊ ဘယ်သူစားသလဲ”ဟု စစ်ဆေးလေ့ရှိ၏။ ဖခင်ကမူ သူ့မယားအကြောင်းကို သိရှာသည်နှင့် “မဆူပါနဲ့ ငါ့သားရယ်၊ အဖေရအောင်ရှာပါမယ်၊ ဈေးကိုလူလွှတ်ပြီး ဝယ်ပေးပါမယ်ကွယ်”ဟု ပြောသော်လည်း “ကျွန်ုပ်က”ဝယ်တဲ့လူက ဝယ်နိုင်ပေမယ့်ချက်ရတဲ့ လူကပင်ပန်း သေးတယ် အဖေရဲ့”ဟု ပြန်ပြောမိသေးသည်။ သို့သော် ဖခင်၏မျက်နှာမကောင်းခြင်းကို မြင်ရသည်နှင့် တကြိမ်ပြင် နှစ်ကြိမ်ဆူပူခြင်းကား မလုပ်တော့ပါ။ မိထွေးမူကား သူ၏အကျင့်ကို ဖျောက်တော့သည်မရှိ။ သူဆာလျှင် စားတတ်သည်ဖြစ်၍ ချက်ကတည်းက ပိုပိုလျှံလျှံချက်ပြုတ်ထားရပါတော့သည်။ ဖခင်အား ကျွန်ုပ်သနားမိခြင်းမှာ မိခင်၏နေရာ၌ မြှောက်စားထားသည့် မိထွေး၏ ညံ့ဖျင်းသော အလေ့အကျင့်ကို ကျွန်ုပ်တို့သိသွား၍ ရှက်ရှာခြင်းပင် ဖြစ်လေသည်။ သို့ရာတွင်ကျွန်ုပ်သည် မိထွေး၏ ညံ့ဖျင်းသော အချက်များကို ကိုယ်တိုင်လည်းမပြော၊ မစိုးအားလည်း မပြောဖို့ သတိပေးခြင်းအားဖြင့် စိတ်သက်သာရအောင် ကြိုးစားဖို့ သတိရခဲ့ပါသည်။

## ဆေးကုန်သည်ဖြစ်ရခြင်း

မန်ကျည်းတုံသို့ရောက်ပြီး၍ တလကျော်ခန့်ကြာလတ်သော် ကျွန်ုပ်တို့ကို ခေါ်လာခဲ့သည့် ညီဝမ်းကွဲနှစ်ယောက်အနက် အကြီးဖြစ်သူ မောင်ဖေဘက 'ဆင်ကိုနာ' (ကွာနိုင်မှုန့်) ဝယ်ပြီး ရန်ကုန်သို့သွားရောင်းလျှင်မြတ်နိုင်သည်ဟု အကြံပေး၏၊ ကျွန်ုပ်သည် ဖခင်၏ဆိုင်ကလေးမှ ထမင်းစားသောက်၍ ဖခင်ကလည်း သဒ္ဒါကြည်ဖြူရှိစေကာမူ ဝမ်းစာအတွက် တခုခုလုပ်ရမှ ကျေနပ်တတ်သည့်အလျောက် ညီ၏အကြံအတိုင်းလိုက်နာဆောင်ရွက်ရန် သဘောတူလိုက်လေ၏။

ထိုစဉ်အခါက ကန့်ဘလူဘူတာတွင် အင်္ဂလိပ်အစိုးရ၏ ဆေးမီးရထားတစင်း မှောက်ဘူးရာ ရွာသူရွာသားများသည် မီးရထားထဲ၌ပါလာသော ဆေးအမျိုးမျိုးတို့ကို သူ့ထက်ငါ သယ်ယူဝှက်ထားကြ၏။ မောင်ဖေဘသည်

ၑင်းရှာသားများထံမှ ဆင်ကိုနာဆေးမှုန့် ငွေ ၃၀၀ဝိဘိုး ဝယ်ယူခဲ့၍ ကျွန်ုပ်အား ရန်ကုန်သို့အစမ်းသဘောနှင့် သွားရောက်ရောင်းချရန် အကြံပေးလေ၏။ ခရီးသွားဖို့ ဦးမလေးတတ်သော ကျွန်ုပ်သည် ရန်ကုန်သို့ ကုန်ဝယ်သွားကြမည့် လူငယ်တစုနှင့်အတူ လိုက်ပါသွားလေသည်။ ဤလူငယ်များအနက်တွင် ကျွန်ုပ်တို့လင်မယားကို ကြည့်မြင်တိုင်မှ ခေါ်လာခဲ့သည့် ညီဝမ်းကွဲနှစ်ယောက်အနက် အငယ်ဖြစ်သူမောင်ဘဖလည်း ပါလေသည်။ ကျွန်ုပ်တို့ကုန်သည်လေးငါးယောက်သည် (ကျွန်ုပ်လည်း ကုန်သည်ဖြစ်နေလေပြီ။) ဝက်လက်ဘူတာမှ ပလိပ်ဘူတာသို့ရောက်အောင် မီးရထားတတန်၊ မြင်းလှည်းတတန်၊ လှေတတန်၊ နွားလှည်းတတန်ဖြင့် တညအိပ်ခရီးသွားကြရပြီး နောက် (ဘုန်းကြီးကျောင်း၌ အိပ်ကြသည်။) ညနေခင်းတွင်မှ ဆိုက်ရောက်သွားကြ၏။ အခြားလူငယ်များမှာ ကုန်ဝယ်သွားကြခြင်းဖြစ်သောကြောင့် ဝန်စည်မပါ၊ ဗလာသွားကြလေရာ ကျွန်ုပ်မှုကား ဆင်ကိုနာမှုန့်ကို မုန့်သေတ္တာဖူးနှင့်ထည့်၍ လွယ်အိတ်ဖြင့် လွယ်လျက် ပါလာလေသည်။ ထိုအချိန်၌ လူ့လောကတွင် ကျွန်ုပ်ပိုင်ဆိုင်သော ပစ္စည်းမှာ ဤဆင်ကိုနာဗူးသာရှိပေရာ (ဤသည်မှာလည်း ညီမောင်ဖေဘက အရင်းအနှီး ထူထောင်ပေးလိုက်ရာခြင်းဖြစ်သည်။) ကျွန်ုပ်သည် လမ်းခရီးတလျှောက်တွင် ဤဆင်ကိုနာဗူးကို 'အသက်ဗူး'သဖွယ် ထိန်းသိမ်းစောင့် ရှောက်လာခဲ့ပါသည်။ ပလိပ်ဘူတာမှ မီးရထားစီးကြ၍ တိရစ္ဆာန်တွဲ တတွဲပေါ်၌ နေရာရကြလေရာ ကျွန်ုပ်သည် ဆင်ကိုနာဗူးကို ခေါင်းအုံး၍ အိပ်ခြင်းအားဖြင့် စောင့်ရှောက်ကာကွယ်ခဲ့၏။ မည်သည့်အရပ်သို့ တညအိပ် ခရီးသွားသည်ဖြစ်စေ၊ အိပ်ရာလိပ်မပါပဲ သွားလေ့မရှိသော ကျွန်ုပ်သည် မည်မျှကြာမည်မသိသော ဤခရီးဝေးကြီးကို မျက်နှာသုတ်ပဝါတထည်မျှနှင့် ထွက်လာခဲ့၏။ တိရစ္ဆာန်တွဲဆိုသော်လည်း နွားများအိပ်ရန်အတွက်ထင့်၊ ကောက်ရိုးများ ခင်းထားသည်ကိုတွေ့ရ၍ တော်ပါသေး၏။ သို့သော် နွားသေးစော် အနည်းငယ်တော့ နံသည်။ နောက်တနေ့နံနက်တွင်

ပျဉ်ပုံကြီးဘူတာသို့ရောက်၍ ဂျပန်များက "ရှေ့ဆက်မသွားတော့၊ ဆင်းကြတော့" ဟုဆိုကာ မောင်းချသည်နှင့် ခရီးသည်အားလုံး ဆင်းကြရသည်။

## သင်္ကန်းဝတ်များလည်းပါသည်

ကျွန်ုပ်သည် ခရီးသည်များ၏ အခြေအနေကို ကြည့်လိုက်သောအခါ တနေရာမှ တနေရာသို့ ပြောင်းရွှေ့သူများနှင့်မတူပဲ ကျွန်ုပ်တို့လူစုကဲ့သို့ စီးပွားရေးအတွက် အရောင်းအဝယ်သွားကြသည့် 'ကုန်သည်များ'ဖြစ်ကြပုံရသည်။ ဤအထဲတွင် သင်္ကန်းဝတ်များလည်း ရာခိုင်နှုန်း ၁၀ ထက်မနည်း ပါရှိကြသည်။ ကျွန်ုပ်မှာကြံရာမရ၍ ကုန်သည်ဖြစ်လာရခြင်းဖြစ်လေရာ သင်္ကန်းဝတ်များမှကား ယခုမှ အကြံရပြီးကုန်သည်ဖြစ်လာကြဟန်ရှိပေသည်။ ကျွန်ုပ်သည် 'သင်္ကန်းဝတ်' ဟူသော စကားကိုအဓိပ္ပာယ်နှင့် သုံးနှုန်းခြင်းဖြစ်၏။ ဘူတာရုံမှထွက်လာကြပြီး ရန်ကုန်–မန္တလေးလမ်းမကြီးပေါ်တွင် ကားတစီးပေါ်သို့ တက်ကြရသည့် ခရီးသည် ၃၀ခန့်အနက်တွင် (ဤမျှသာဆန့်၍ ကျန်လူများမှာ အခြားကားများကို စောင့်မျှော်ရစ်ကြသည်။) သင်္ကန်းဝတ်သုံးပါး ပါလာ၏။ ကားထွက်သောအခါ လမ်းတွင် ၁၂ နာရီခွဲသော်လည်း ထမင်းဆိုင်ရှိသော စခန်းသို့မရောက်သေးသည်နှင့် အချို့ ခရီးသည်များက "ကိုယ်တော်တွေ နေလွဲကုန်ရှာကြတော့မှာပဲ" ဆိုကာ ကရုဏာသံနှင့် ပြောကြ၏။ ဘတ်စ်ကားသည် နာရီပြန်တချက် ထိုးပြီးကာမှ ထမင်းဆိုင်ရှိသောစခန်းသို့ ဆိုက်ရောက်လေရာ သင်္ကန်းဝတ် သုံးပါးတို့လည်း အနည်းငယ်မျှ တွန့်ဆုတ်ခြင်းမရှိပဲ ထမင်းသုံးပွဲ မှာယူ၍ ဘုဉ်းပေးသုံးဆောင်ကြ လေသည်။ ခမည်းတော် မယ်တော်များ မကျန်းမာ၍ ခရီးထွက်ရခြင်းမဟုတ်၊ ကုန်ရောင်းကုန်ဝယ်အတွက် ကြွချီကြခြင်းဖြစ်သည်ဟု အတတ်သိရသော ကျွန်ုပ်မှာ ၎င်းတို့အား ကဲ့ရဲ့လိုသောစိတ်မဖြစ်ပေါ်ပဲ သာသနာတော်အတွက်သာ ဝမ်းနည်းမိပါတော့သည်။ သို့သော် ထိုခေတ်က ခရီးသွားရာ၌ ကျွန်ုပ်အထူးသတိပြု သော

အခြင်းအရာတခုမှာ ကျွန်ုပ်လည်း ၎င်းတို့အတွက် ဝတ်ကြီးဝတ်ငယ်ပြုရမည် စိုးသောကြောင့် အနီး၌မထိုင်ပဲ တတ်နိုင်သမျှ ကွာလှမ်းအောင် ထိုင်မိခြင်း ပင်ဖြစ်လေသည်။

## ပထမတချီ တော်ပါ၏

ဘတ်စ်ကားသည် စမ်းချောင်းရပ်ကွက် မြေနီးကုန်းသို့ ညနေခင်းတွင် ဆိုက်ရောက်သွားလေရာ ဘဖနှင့်အခြားဝက်လက်သားကလေးများမှာ ဟသံ္တာတသို့ သွားကြမည်ဖြစ်သောကြောင့် ကျွန်ုပ်သည် သူတို့နှင့်အတူ မတည်းခိုပဲ ယခင်က နေခဲ့ဘူးသည့် မင်းလမ်းထဲရှိ အိမ်နီးချင်းတအိမ်သို့သွား၏။ ညီတော်မောင်နှင့် ကိုအောင်ဘော်တို့ရှိကြသည့် ဝေဠုဝန်ကျောင်းတိုက်သို့လည်း မသွား၊ သားစိုးနိုင် ၏ အိမ်သို့လည်း မသွားချေ။ ဝေဠုဝန်ကျောင်းတိုက်သို့ မသွားခြင်းမှာ သူတို့ လူစုက ထောင်ချီ၍ မြတ်စွန်းကြပြီး ဟုတ်လှပြီဟု ခြေဖျားထောက်နေကြ သည့် အထဲတွင် ကျွန်ုပ်က ဆေးမှုန့်လွယ်အိတ်ကလေးနှင့် သွားရမည်ကို ရှက်သော ကြောင့်ဖြစ်၏။ သား၏အိမ်သို့ မသွားခြင်းကား "ငါ့အဖေ စာရေးဆရာကြီး ဆေးမှုန့်သည်ဖြစ်လာလေပြီ"ဟု ရှက်များရှက်ဦးမည်ကို စိုးရိမ်မိသောကြောင့် ဖြစ်လေသည်။ ကံအားလျော်စွာ မင်းလမ်းမှ ပန်းထိမ်သည် လူငယ်နှစ်ယောက် သည် ကျွန်ုပ်၏အဖြစ်ကိုမြင်ကြ၍ ကြင်နာစွာ လက်ခံကြပြီးလျှင် ကျွန်ုပ်၏ ကုန်ကလေးကို ဆေးဆိုင်ရှင် ဒေါက်တာတယောက်အား ပြသရောင်းချပေး ရာ ငွေ၁၀၀ဝိနှင့် ဈေးတည့်သည့်ပြင် နောင်ကိုလည်း ရသမျှဝယ်ယူပါမည်ဟု ကတိပြုလိုက်လေသည်။ ဤတွင် ကျွန်ုပ်ကား ကုန်သည်အလုပ်သည် မဆိုးလှဟု ဝမ်းသာကြည်နူးခြင်းဖြစ်မိပါသေးသည်။ ဆေးရောင်းပေးသူ ညီနောင်တို့အား ထိုက်သင့်သလောက် ပေးကမ်းပြီးနောက် ကျွန်ုပ်သည် ရွှေပုစွန်ခြောက် သုံးပိဿာဝယ်၍ ဝက်လက်သို့ ပြန်လာခဲ့သည်။ ထိုနေ့မှာ ၁၉၄၃ခုနှစ်၊ ဩဂုတ်လ

ခရက်ဖြစ်၍ ဂျပန်က ဗမာပြည်ကို လွတ်လပ်ရေးပေးသည်ဆိုကာ ကြေငြာသည်နှင့် အချို့လူများ အတော်ဝမ်းသာနေကြသောနေ့ဖြစ်၏။ ကျွန်ုပ်သည် ထိုအချိန်တွင် သတင်းစာဘက်၌ လုပ်လာခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာခဲ့၍ ဆရာတော် ဦးဥတ္တမနှင့်လည်း အလွန်နီးရင်းစွာ ဆက်ဆံခဲ့ဘူးပါလျက် ကျွန်ုပ်၌ အလုပ် လက်မဲ့ဖြစ်ရခြင်း၊ အသွားအလာ ခက်ခဲခြင်းတို့လောက်ကိုသာ တွေ့ရသည် ဖြစ်သောကြောင့် လွတ်လပ်ရေးပေးသည်ဆိုခြင်းအတွက် စိုးစဉ်းမျှပင် ဝမ်းမသာ တတ်ကြောင်းကို ပွင့်လင်းစွာ ဝန်ခံပါသည်။

## သစ္စာရှိသောခွေး

ကျွန်ုပ်သည်ပုစွန်ချောက် သုံးပိဿာကိုလွယ်အိတ်တွင်ထည့်ကာ လွယ်လျက် ကွမ်းခြံဘူတာဘက်သို့ ထွက်လာခဲ့ရာ မီးရထားလက်မှတ်ရဖို့ အရေးမှာ မလွယ်ကူကြောင်း တွေ့ရှိရလေပြီ။ အကြောင်းမူကား မီးရထားသည် ညနေ၅နာရီမှ ထွက်ရန်ဖြစ်သော်လည်း ကျွန်ုပ်ရောက်သွားသည့် ၁၁ နာရီအချိန်ကတည်းက ခရီးသည် 'ကျူ'တန်းကြီးသည် လူစဝခန့်ရှိနေပြီကို' တွေ့ရသောကြောင့်ပေတည်း။ ကျွန်ုပ်လည်းရောက်သည်နှင့်တပြိုင်နက် ထုံးစံအတိုင်း နောက်ဆုံးမှဝင်၍ ရပ်ရ ပါသည်။ အသိမိတ်ဆွေဟူသည်မှာ (တကယ်ကြင်နာမှုရှိခဲ့လျှင်) နိမ့်သည်၊ မြင့်သည်မရွေး အားကိုးရခြင်းကို ဤတကြိမ် ကိုယ်တွေ့ကြုံခဲ့ရဘူးပါသည်။ ကျွန်ုပ်သည် 'ကျူ'တန်းထဲတွင် ရပ်လျက်ရှိစဉ် ကျွန်ုပ်၏နောက်မှ တဖျောက်ဖျောက် ရောက်လာကြသူများလည်း ဝင်၍ရပ်ကြသဖြင့် ၁၀ ယောက်ထက်မနည်း ရှိနေ ကြလေပြီ။ ထိုအခါ ကျွန်ုပ်၏ နောက်ဆီမှ "ဆရာကြီး ဘယ်ကိုလဲ"ဟု မေးလိုက်သဖြင့် လှည့်၍ကြည့်လိုက်ရာ ပီမိုးနင်းနှင့် အဖွဲ့ကျ၍ တရုတ်တန်း ဘက်တွင် ကျက်စားကြစဉ်က ကျွန်ုပ်တို့၏ အခိုင်းအစေဖြစ်ဘူးသည့် တရုတ် 'ပြောင်းထိုးသမား' အုပ်ပေါင်းဖြစ်ကြောင်းတွေ့ရ၏။ တရုတ်တန်းတခွင်၌

ကျက်စားဘူးစဉ်ကမူ 'အုပ်ပေါင်း'သည် ကျွန်ုပ်အပေါ်၌ 'သစ္စာရှိသောခွေး'ပမာ ခင်မင်၍ ကျွန်ုပ်ခိုင်းစေသမျှကို သွက်လက်စွာနှင့် လိုလိုချင်ချင် ဆောင်ရွက် တတ်သည့်အလျောက် ကျွန်ုပ်ကလည်းဖောဖောသီသီ ပေးကမ်းထားဘူး သူဖြစ် လေသည်။ တရုတ်တန်းရပ်ကွက်၌ တရုတ်ဘိန်းစားများအနက်တွင် ကျွန်ုပ်ကို ကြည်ညိုလေးစားသူ အလွန်ပေါများသည်နှင့် တနေ့သ၌ ကိုခင်မောင်က "ဒီလူစုတွေထဲမှာတော့ ဘုရင်တပါးပါပဲ" (Uncrowned King) ဟု ပြောဘူး လေသည်။ ကျွန်ုပ်၏ဝါသနာမှာလည်း ကျွန်ုပ်ကို ခင်မင်လေးစားသောသူ များ၏ နိမ့်ကျမှုကြောင့် ရှက်တတ်သည်မရှိ၊ ကလေးများ (ယုတ်စွာ့အဆုံး) ခွေးများက ချစ်ခင်ကြသည်ဆိုလျှင်လည်း ဝမ်းမြောက်စွာ ဂုဏ်ယူလိမ့်မည်သာ ဖြစ်လေသည်။

အုပ်ပေါင်းသည် ကျွန်ုပ်ထံသို့ချဉ်းကပ်လာရာ ကျွန်ုပ်က အကျိုးအကြောင်း ကို ပြောပြသောအခါ၌ "ဒီလိုဆို ဆရာကြီးဖယ်ပါ၊ ကျွန်တော် ရပ်နေပါမယ်"ဟု ပြောသည်နှင့် သူ့အား နေရာဖယ်ပေး၍ ကျွန်ုပ်မူသစ်ပင်ရိပ် အောက်သို့သွား၍ ထိုင်နေလေ၏။ ဤအတောအတွင်း ကျွန်ုပ်သည် လက်ဖက်ရည်ဆိုင်သို့ သွား၍ ကိုယ်တိုင်သောက်ပြီးနောက် အုပ်ပေါင်းအတွက်လည်း တခွက်ဝယ်ယူကာ လာ၍ ပေးလိုက်သေးသည်။ ယုတ်ညံ့သော တရုတ်ဘိန်းစားတယောက်အတွက် ဝတ်ပြုရ သည်ဆို၍ ကျွန်ုပ်မရှက်တတ်၊ အုပ်ပေါင်းကလည်း ကျေးဇူးတင်ရှာသည်။ နာရီပြန်တချက်ခန့် ရှိလတ်သော် အချက်ပေးဥသြဆွဲ၍ လေယာဉ်ပျံများ ပေါ်လာကြသည်တွင် လက်မှတ်ပေါက်၌စောင့်နေကြသော လူ ၁၀၀ခန့်ရှိ 'ကျူ'တန်းကြီးသည် ဖရိုဖရဲကြဲ၍ ပြေးသူများ ပြေးကုန်ကြလေပြီ။ အုပ်ပေါင်းကမူ ထွက်မပြေးပဲ ရှေ့မှလူများ လစ်လပ်တိုင်း တက်၍တက်၍သွားလေရာ နောက်ဆုံး တွင် 'ကျူ'တန်းထဲ၌ တတိယနေရာသို့ ရောက်သွားခဲ့လေပြီ။ ကျွန်ုပ်အားလည်း လွတ်ရာအရပ်သို့ သွားဖို့ပြောလေရာ ကျွန်ုပ်သည် ဘူတာအဆောက်အအုံနှင့် နီးကပ်လွန်းလျှင် အန္တရာယ်မကင်းဟု ထင်သည်နှင့် နှစ်ဖာလုံခန့်သို့သွား၍ ရှောင်နေ၏။ လေယာဉ်ပျံများသည် (ဘာကြောင့်မသိ) ဗုံးမချပဲ ပြန်သွားကြလေရာ

'အားလုံးရှင်းပြီ'ဆိုသော အချက်ပေးဥသြ ဆွဲသောအခါမှ ကျွန်ုပ်ပြန်လာခဲ့သည်။ အုပ်ပေါင်းမှုကား ကျူတန်းတွင် ထိပ်ဆုံးနေရာသို့ ရောက်လျက်ရှိလေပြီ။

## အုပ်ပေါင်း၏ဇာတ်သိမ်းပုံ

ကျူးတန်းတွင် ကျွန်ုပ်၏နေရာ၌ဝင်ရပ်ကတည်းက အုပ်ပေါင်းသည် "ဆရာကြီးကျွန်တော့်ပေးထား" ဟုဆိုကာ ကျွန်ုပ်၏လွယ်အိတ်ကိုတောင်းယူ၍ လွယ်ထားလေရာ ငါးနာရီထိုး၍ ကျွန်ုပ်အတွက်လက်မှတ်တစောင် ဝယ်ပေးပြီး သောအခါမှ လွယ်အိတ်ရော လက်မှတ်ပါပေး၍ နေရာဖယ်ပေးလေသည်။ ကျွန်ုပ်က မုန့်ဖိုး ၁၀ကျပ်ပေးလိုက်ရာ များလွန်းသည်ဆို၍ အတင်းပေးရသည်။ ဝမ်းသာစရာကောင်းသည်မှာ ထိုနေ့၌ခရီးသည်များကို အားလုံးမရောင်းနိုင်ပဲ လူတဝက်ခန့်ရောင်းပြီးသည်တွင် 'လက်မှတ်ပိတ်ပြီ'ဆိုကာ ရပ်စဲလိုက်သဖြင့် အချို့လူများ ပြန်သွားကြလေရာ အကယ်၍သာ ကျွန်ုပ်သည် အုပ်ပေါင်း၏ အကူအညီမရခဲ့ပါက ပြန်သွားရသည့်လူများထဲတွင် ကျွန်ုပ်ပါကောင်းပါပေလိမ့် မည်။ သို့ဆိုလျှင်လည်း ပြန်တော့မည်ဆိုပြန်လျှင် ပြန်ရမှကျေနပ်တတ်သော ကျွန်ုပ်၏ဝါသနာကြောင့် စိတ်မကောင်းဖြစ်ရချေဦးတော့မည်။ ကျွန်ုပ်သည် လမ်းခရီးတလျှောက်လုံး အုပ်ပေါင်းကို သတိရလျက်ရှိ၏။ နောက်တခေါက် ရန်ကုန်သို့ဆေးမှုန့်ရောင်းရန် လာရသောအခါတွင် ကျွန်ုပ်သည် တရုတ်တန်းသို့ ချက်ချင်းသွား၍ အုပ်ပေါင်းကိုရှာ၏။

ဤသို့သောတရုတ်ဂျပိုးများမှာ မကြာခဏနေရာပြောင်းရွှေ့တတ်ကြသောကြောင့် ရှာဖွေရန်မလွယ်ကူလှချေ။ နောက်ဆုံးတွင်မှ သတင်းရ၍ သူနေသောနေရာသို့ရောက်သွား၏။ အုပ်ပေါင်းသည်လတ္တာလမ်း၌ လူမရှိသောသုံးထပ်တိုက်တတိုက် အပေါ်ဆုံးထပ်တွင် ဘိန်းခန်းဖွင့်၍နေရာ လေကြောင်းအချက်ပေးဥသြသံကြား၍ သုံးထပ်မှဆင်းပြေးလာသည်တွင် ဗုံးတလုံးသည် လေ့ကားရင်းသို့ကျ၍

ပေါက်ကွဲသည်နှင့် ဖုံးဆန်များသည် လေကားတလျှောက်ဆင်းလာသော အုပ်ပေါင်း၏မျက်နှာနှင့် ရင်ဘတ်တို့ကိုထိမှန်သဖြင့် လူရုပ်ပင်မပီတော့ပဲ ပွဲချင်းပြီးသေရှာသည်ဟု ကြားသိရလေသည်။ နောက်ပိုင်း၌ ကျွန်ုပ်သည် လက်သတ်မွေးထားသည့်ခွေးနှစ်ကောင် သုံးကောင်မျှသေဘူး၍ ငိုကျွေးရဘူးရာ ၎င်းတို့နှင့်အတူ အုပ်ပေါင်းတယောက်ကိုလည်း သတိရ၍ မျက်ရည်များ ပျောက်ကွယ်သွားရှာလေပြီတကား။

## လောဘနည်းလွန်းခြင်း

မန်ကျည်းတုံသို့ ပြန်ရောက်သောအခါ ပါလာသော ပုဗ္ဗန်ခြောက် သုံးပိဿာအနက်တပိဿာကို အိမ်သုံးအတွက်ထား၍ နှစ်ပိဿာကိုရောင်းစားဖို့အကြံဖြစ်၏။ ထိုအခါ၌ရွာတွင် ပုဗ္ဗန်ခြောက်ဆို၍ မမြင်ကြရချေ။ ကျွန်ုပ်၏ပုဗ္ဗန်ခြောက်များမှာ အလွန်ကောင်း၍ ရဲရဲနီသော ရွှေပုဗ္ဗန်များဖြစ်ပါသဖြင့် လူတိုင်းကရောင်းပါတော့ဟု တောင်းပန်ကြ၏။ ဤတွင်ကျွန်ုပ်သည်ပုဗ္ဗန်ခြောက်နှစ်ပိဿာကို ဆွေမျိုးများအား အနည်းငယ်မျှစီ ခွဲဝေရောင်းချဖို့ ဆုံးဖြတ်၏။ ပုဗ္ဗန်ခြောက်ဝယ်ရင်းဈေးမှာ တပိဿာ ၁၂ကျပ်ဖြစ်၍ ၁၇ကျပ်ဈေးရောင်းရန် ဆုံးဖြတ်လိုက်ရာ သွက်သွက်လက်လက် ဝယ်ယူကြလေသည်။ ဤနောက်ပိုင်း၌ ကျွန်ုပ်စဉ်းစားမိသည်ကား ရန်ကုန်မှ မန်ကျည်းတုံသို့ ကုန်းတတန်၊ ရေတတန်၊ လေတတန်၊ လှည်းတတန်ဖြင့် ခဲယဉ်းစွာကိုယ်တိုင် လွယ်ယူခဲ့ရပြီးနောက် ပုဗ္ဗန်ခြောက်ဆို၍ မမြင်ရသည့် ဒေသသို့ရောက်ရာတွင် 'ထိပ်'ဆိုသော ပုဗ္ဗန်ခြောက် တပိဿာကို အမြတ်ငါးကျပ်မျှတင်ရောင်းရုံနှင့် ကျေနပ်နိုင်သော ငါသည် ကုန်သည်အလုပ်နှင့် ဘယ်တော့မကြီးပွားနိုင်မည်မဟုတ်ဟု ရိပ်မိနိုင်ပါတော့သည်။ ဟုတ်လည်း ဟုတ်သည်။ ကျွန်ုပ်၏အသက်တာတလျှောက်လုံး၌ ပစ္စည်းတခုကို ရောင်းသော အခါ၌ဖြစ်စေ၊ အလုပ်အတွက်လခ သတ်မှတ်သော အခါ၌ဖြစ်စေ၊ 'စာမူ'တခုအတွက်

ဈေးဖြတ်သော အခါ၌ဖြစ်စေ ကျွန်ုပ်တောင်းသော ဈေးနှုန်းကို ဆစ်သူဟူ၍ မကြုံခဲ့ရ၊ တောင်းသည့်အတိုင်း ချက်ချင်းပေးကြသည့် ဝယ်သူများချည်း ကြုံခဲ့ရပါသည်။

## ဘတ်စ်ကား ခရီး၏ ဒုက္ခ

ရွာသို့ပြန်ရောက်သည်တွင် ကျွန်ုပ်သည် ဆေးကုန်သည်အလုပ်ဖြင့် မကြွယ်ဝနိုင်စေကာမူ အထိုက်အလျောက် စီးပွားဖြစ်နိုင်လောက်သည်ဟု မြော်လင့်လျက်ရှိလေပြီ။ ကျွန်ုပ်၏တွက်ကိန်းကား ၃၀၀၀ကျပ်ဖိုးဝယ်သွားပါက ၁၀၀၀၀ကျပ်ရဖို့သေချာသည်ဟု တွက်လိုက်၏။ အခြေအနေအရ ကြည့်လျှင်လည်း ဝယ်သူမရှားဆိုသောကြောင့် ဤတွက်ကိန်းသည် မရိုင်းလှချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် ကန့်ဘလူဘူတာသို့ လူစေလွှတ်၍ ဆင်ကိုနာ ဆေးမှုန့်များ သာမက မီးရထားမှောက်ရာမှ ရလိုက်ကြသည့် ဆေးမျိုးစုံကို ဝယ်ယူစေ၏။ ဆွေမျိုးများလည်း အစုစပ်ပါကြ၏။ ဤတခေါက်၌မူ ကျွန်ုပ်တယောက်တည်း မဟုတ်တော့ပဲ ညီတော်မောင် မောင်ဖေဘအပြင် တပည့်ကလေး တယောက်ကိုလည်းခေါ်ခဲ့၍ ရန်ကုန်သို့ ဆင်းကြလေသည်။ ဤတကြိမ်၌မူ ပုလိပ်ဘူတာသို့ရောက်ကြသောအခါ ရန်ကုန်သို့မီးရထားမထွက်တော့ဟု ဆိုသောကြောင့် ဘတ်စ်ကားနှင့်သွားကြဖို့ စီမံကြ၏။ ပလိပ်ဘူတာတွင် ကျွန်ုပ်တို့ကဲ့သို့ ရန်ကုန်သို့ သွားလိုသော ခရီးသည်များကို တွေ့ရလေရာ သွားကြဖို့စီမံကြ၏။ ပလိပ်ဘူတာတွင် ကျွန်ုပ်တို့ကဲ့သို့ရန်ကုန်သို့သွားလိုသော ခရီးသည်များကို တွေ့ရလေရာ (သင်္ကန်းဝတ်များလည်းပါသည်။) လူ၅၀ခန့်သည် ဘတ်စ်ကားတစီး ကို ငှားကြ၍ တယောက် ၃၀ကျပ်နှုန်းနှင့် ဈေးတည့်ကြ၏။ သို့ရာတွင် လမ်းခရီးတွင် သူလိုက်ချင်ငါလိုက်ချင်နှင့် တက်လာကြရာ စုစုပေါင်းလူ၈၀ထက် နည်းလိမ့်မည်မထင်ပေ။ ဘတ်စ်ကားသည် ညနေခင်းမှထွက်ရ၍ ကူမဲဘူတာတွင် ပထမ

ညအိပ်ရ၏။ ကျွန်ုပ်အား ညီမောင်ဖေဘက လက်ဖက်ရည်ဆိုင် တဆိုင်တွင် ကုလားထိုင်များကို ဆက်ခင်း၍အိပ်ရာဖြစ်အောင် ပြုပြင်ပေးပေသည်။ ကုလားထိုင် တခုနှင့်တခု အဆက်များမှာ ညီညာပြေပြစ်ခြင်း မရှိသောကြောင့် နိုးလိုးခုလုရှိ သော်လည်း ကံပစ်ချရာ အထိုက်အလျောက် နေတတ်ဖို့ စိတ်ကိုပြင်ဆင်ထားပြီး ဖြစ်သောကျွန်ုပ်မှာ အိပ်ပျော်အောင် အိပ်တတ်ပါသည်။ နံနက်စောစော ခရီးထွက်ကြ၍ ထမင်းဆိုင်ရှိသောစခန်းများတွင် ထမင်းစားရုံမျှ ရပ်နားပြီး တနေ့လုံးမောင်းကြရာ လူသုံးလေးဆယ်မျှသာ ဆန့်သောဘတ်စ်ကားပေါ်တွင် လူစဝခန့် (အမိုးပေါ်မှာလည်း စီးကြသည်။) လိုက်ပါလာခြင်းဖြစ်သောကြောင့် ကျပ်တည်းလိုက်ပုံမှာ မလှုပ်သာအောင် ရှိတော့၏။ ၎င်းနေ့ညနေတွင် တပ်ကုန်းသို့ရောက်ပြန်၍ ညအိပ်ကြသောအခါ ကျွန်ုပ်အား 'ရွှေဥဒေါင်း'ဟူ၍ သိသော လူတယောက်က သူ၏မိတ်ဆွေတယောက်၏ အိမ်သို့ခေါ်သွား၍ အိပ်ရာ နေရာပေးသဖြင့် ချမ်းသာစွာ အိပ်ရပါပေသည်။

## ကြောက်သော်လည်းမပြေး

နောက်တနေ့ နံနက်တွင်လည်း စောစောကြီးထွက်ကြ၍ ပျဉ်းမနားကို ကျော်လွန်သောအခါ အင်္ဂလိပ်လေယာဉ်ပျံ တစင်းသည် ကျွန်ုပ်တို့၏ ဘတ်စ်ကား ဆီသို့ တည့်တည့်ကြီးပျံလာသည်နှင့် ဘတ်စ်ကားရပ်ကာလူတွေ အားလုံး ဆင်း၍ပုန်းကြ၏။ ကျွန်ုပ်မှုကား ကသာဆိပ်ကမ်း၌ မစိုးနှင့် ကြုံရစဉ်ကနည်းတူ အင်္ဂလိပ်လေယာဉ်ပျံအပေါ်၌ သဘောထားကာ 'ပစ်ရက်လျှင် ပစ်စမ်းပါစေ၊ ဆယ်ပြန်သေလိုက်မည်'ဟု စိတ်ကိုတင်းပြီး ဘတ်စ်ကားပေါ်မှမဆင်းပဲ တယောက် တည်း ထိုင်နေရစ်၏။

ကျွန်ုပ်သည် လေယာဉ်ပျံကို မော့်ကြည့်လျက်ရှိစဉ် လေယာဉ်ပျံသည် ဘတ်စ်ကားကို ကြည့်သည့်လက္ခဏာနှင့် တဘက်သို့စောင်းငဲ့ကာ ခပ်နိမ့်နိမ့်ကပ်၍

ပျံ၏။ လေယာဉ်ပျံတို့မည်သည် စက်သေနတ်နှင့် ပစ်သည့်အခါ ခပ်စောင်းစောင်း ပျံတတ်သည်ဟု ပြောကြသောကြောင့် တကယ်ပစ်တော့မည့် ထင်မိသည်နှင့် မျက်စိကိုမှိတ်ထားလိုက်၏။ သို့သော်မပစ်ပဲ ဆက်လက်ပျံသွားလေသည်။ ဤသို့သော အခြေအနေမျိုးတွင် အချို့လူများသည်ဘုရားတရားကို အောက်မေ့တတ်ကြသည်ဆို၏။ ကျွန်ုပ်လည်း ဘုရားတရားကို လူများထက်မက ယုံကြည်သူဖြစ်သည်ဟု ကိုယ့်ဟာကိုယ်သိ၏။ သို့သော်ထိုလူများ အောက်မေ့ပုံ အောက်မေ့နည်းမျိုးကို ကျွန်ုပ်မလုပ်တတ်သည်နှင့် ကြိုးစားခြင်းလည်း မပြုချေ။

ကျွန်ုပ်၏စိတ်ထဲ၌ အင်္ဂလိပ်လူမျိုးသည် (ကျွန်ုပ်ဖတ်ဘူးသောစာများအရ) အဓိပ္ပာယ်မရှိသော ရက်စက်မှုမျိုးကို ပြုလိမ့်မည်မဟုတ်ဟု ယုံကြည်သောစိတ်နှင့် ထိုင်နေခြင်းဖြစ်ပါသည်။ လေယာဉ်ပျံစောင်းငဲ့လိုက်သောအခါ၌ ထိုယုံကြည်ချက်ပျက်၍ ပစ်လိုက်တော့မည် ထင်မိသော်လည်း ကျွန်ုပ်သည် လက်ရှိဘဝထက် ယုတ်ညံ့သောဘဝမျိုးသို့မရောက်နိုင်ဟု သိသည်ဖြစ်သောကြောင့် (ယုံကြည်ဆိုချင်ဆို) ကြောက်ပင်ကြောက်သော်လည်း မျက်ပြူးမျက်ဆံပြာမဖြစ်ခဲ့ပါ။ မည်သို့ဆိုစေ တရုတ်များက စက်သေနတ်နှင့် ချိန်ထားစဉ်ကကဲ့သို့ ထူပူသွားအောင်ပင် မဖြစ်တော့ပါ။ ဤသို့ဖြစ်လာရခြင်းမှာလည်း စက်သေနတ်နှင့် ဖုံးတွေကြားထဲတွင် အတွေ့အကြုံ များသောကြောင့်ဖြစ်တန်ရာပေသည်။ လေယာဉ်ပျံသွား၍ လူများသည် ပုန်းအောင်းရာမှ ထွက်လာကြသောအခါ အချို့မှာ ဆူးချုံထဲသို့ အရမ်းတိုးဝင်မိသောကြောင့် ဆူးခြစ်မိ၍သွေးသံရဲရဲဖြစ်လိုဖြစ်၊ အချို့မှာချိုင့်ထဲသို့ လိမ့်ချသောကြောင့် ပွန်းလိုပွန်း၊ ပဲ့လိုပဲ့၊ အချို့မှာ ခလုတ်တိုက်မိသဖြင့် ခြေနာသူနာ၊ ဒဏ်ရာကလေးများ ပါလာကြလေသည်။ ဘတ်စ်ကားပေါ်မှ ကျွန်ုပ်ဆင်းမပြေးသည့်အကြောင်းတရပ်မှာလည်း ကျွန်ုပ်သည် ဘတ်စ်ကားပေါ်တွင် ရှေ့ဆုံးမှ အကောင်းဆုံးသောနေရာကို ရရှိထားသည်ဖြစ်ရာ ဆင်းပြေးပြီး ပြန်တက်သောအခါ၌ လူကပ်တယောက်တလေက ကျွန်ုပ်၏နေရာကို ယူထားခဲ့လျှင် ပြန်ရဖို့ ခက်ချင်ခက်မည်ဟု စိုးရိမ်သောကြောင့်လည်း တကြောင်းဖြစ်လေသည်။

အလွန်လူကျပ်ပြီး ခရီးရှည်ကြီးသွားရမည့် ဤလမ်းမျိုးတွင် နေရာကောင်းရမှုမှာလည်း အလွန်အရေးကြီးလှပေသည်။

## ထူးဆန်းသောဂျပန်စိတ်ကူး

တောင်ငူသို့ရောက်သောအခါ၌ ကျွန်ုပ်မှာနေရာကောင်း ရထားသည့်အတွက်ပင် အခြားလူများကဲ့သို့မဆင်းရပဲ သက်သာရာရခြင်းကိုပင် တွေ့ရပေသည်။ တောင်ငူနယ်နိမိတ်သို့မရောက်မီ ဆယ်မိုင်လောက်ကတည်းက ဂျပန်စစ်သားအချို့နှင့်တွေ့၍ ကျွန်ုပ်တို့၏ဘတ်စ်ကားတခုလုံးကို လုံအောင်ပိတ်စေ၏။ (ထိုကဲ့သို့ပိတ်ရန်အတွက်လည်း ဘတ်စ်ကားသမားက မိုးကာအဝတ်ကြီးနှင့် ဖျာများအသင့်ယူဆောင်လာခဲ့သည်။) ဂျပန်စစ်သားများ၏ ထူးဆန်းပုံတခုမှာ ခြေလျင်ခရီးသည်များနှင့် ဘိုင်စကယ်သမားများသည် ၎င်းလမ်းမကြီးပေါ်တွင် လွတ်လပ်စွာ သွားလာခွင့်ရှိကြသော်လည်း ခရီးသည်များတင်ဆောင်သည့် ဘတ်စ်ကားများမှုကား သည်အတိုင်း အလွတ်မသွားရပဲ ကားတစီးလုံးကို လုံအောင်ဖုံးပြီးမှသွားရလေသည်။

ကားမောင်းသွားစဉ် လမ်းပေါ်တွင် ဘယ်နေရာ၌ ဘာရှိသည်ကို ကားပေါ်မှလူများမြင်မည်စိုးသောကြောင့်ဟုဆို၏။ ခြေလျင်သမားများနှင့် ဘိုင်စကယ်သမားများမူကား မြင်ချင်မြင်ကြစေဆိုသည့်သဘောဖြစ်နေ၏။ ဘတ်စ်ကားကို အလုံပိတ်လိုက်သောအခါ နံဘေးသို့မမြင်ရပဲ ရှေ့တည့်တည့်သို့ကြည့်ကာ မောင်းနိုင်လေသည်။ ထိုကဲ့သို့ ဖုံးအုပ်၍ မောင်းနှင်ရသော ခရီးမှာ မိုင်၂၀ခန့် ရှည်လျားလေရာ မူလကတည်းကပြွတ်သိပ်အောင်တင်ထားသည့် ကားပေါ်သို့ အမိုးပေါ်မှလိုက်သည့်လူ ၁၅ယောက်ခန့်ကို အောက်သို့အတင်းဖြစ်ညှစ်ထည့်သွင်း ပေးလိုက်ပြန်လေရကား လေဝင်ပေါက်နည်းလှသော ဘတ်စ်ကားပေါ်တွင် ခရီးသည်များမှာ ပျို့အန်မတတ် မွန်းကြရ၏။ ကျွန်ုပ်မူကား ဘတ်စ်ကား ဦးပိုင်းတွင် နေရာရထားသည့်

အတွက်ကြောင့်သာမမူးမမေ့ပဲ လိုက်နိုင်ပါတော့သည်။ လေကောင်းလေသန့်ကို အလွန်မြတ်နိုးသော ကျွန်ုပ်သည် အခြားခရီးသည်များနည်းတူ အလယ်ခေါင်မှ လိုက်ရမည်ဆိုပါမူကား အသက်မသေနင့်ဦးတော့၊ မူးမေ့ပြီးနာနပ်ယူရဖွယ်ရှိပေသည်။ ၎င်းနယ်ကိုကျော်လွန်၍ ဂျပန်စစ်သားတစု စောင့်လျက်ရှိသော အခြားဘက်သို့ ရောက်သောအခါမှ ကားရပ်ပြီး ရွက်ဖျင်ကိုလှပ်လိုက်ရာ အချို့မှာ ရုတ်တရက် စကားမပြောနိုင်ပဲ နွမ်းချိပျော့ခွေလျက်ရှိကြလေသည်။

## စိတ်၏တန်ခိုးပေလော

ကျွန်ုပ်သက်န်းဝတ်ခဲ့စဉ်က ကျွန်ုပ်၏စိတ်တန်ခိုးကြောင့်ဖြစ်ဟန်တူသော အဖြစ်အပျက်သုံးခုကို ဖော်ပြခဲ့ဘူးရာ ဤနေရာ၌အလားတူ ထူးဆန်းသော အခြင်းအရာတခုကို ဖော်ပြရပေဦးမည်။ မြို့တမြို့သို့ရောက်သောအခါ ဂျပန်စစ်သားများသည် ဘတ်စ်ကားကိုရပ်စေ၍ ပစ္စည်းများကို ရှာဖွေကြလေသည်။ ကျွန်ုပ်တို့သည် ဆင်ကိုနာမှုန့်များကို ဖာကြီးတလုံးတွင်ထည့်၍ ဖာကြီးကို ကျွန်ုပ်ထိုင်ခုံအောက်တွင် ထိုးထည့်လာခဲ့၏။ ပစ္စည်းများရှာမည်ဆိုကတည်းက ကျွန်ုပ်၏ရင်ထဲ၌ ဒိတ်ကနဲဖြစ်သွား၍ ညီမောင်ဖေဘလည်း မျက်နှာပျက်လျက် ရှိလေရာ ကျွန်ုပ်က“ကိစ္စမရှိပါဘူးကွယ်”ဟုဆိုကာ စိတ်ကိုတင်းထားလိုက်ရ၏။ လူအားလုံးသည်ဘတ်စ်ကားပေါ်မှဆင်းပေးရလေရာ ကျွန်ုပ်တယောက်တည်းသာလျှင် ကားပေါ်မှမဆင်းပဲ ထိုင်နေရစ်၏။ စိတ်ပူသည်မှာကား ဆင်ကိုနာမှုန့်များကို ဂျပန်များတွေ့သွားလျှင် ယုတ်စွာ့အဆုံး ဘယ်ကရသလဲ၊ ဘာလဲ၊ ညာလဲမေးပြီး မသက်ာဘူးဆိုကာ ဆေးမှုန့်များကို ယူထားလိုက်နိုင်သည်။ ယူထားရုံထားဦးတော့ ကျွန်ုပ်တို့ချမ်းသာသမျှကလေး ပြုတ်ရချေတော့မည်။ ထိုမျှမက သူခိုးထင်သည် ဆိုကာ ဖမ်းလားဆီးလား၊ စစ်လား ဆေးလား၊ လက်သည်းခွံခွာလား လုပ်လျှင်လည်း လုပ်နိုင်သေးသည်။ ဤသို့သောအခြေအနေတွင် ကျွန်ုပ်သည်ထိုင်ရာမှ

လည်းမထ၊ အောက်သို့လည်းမဆင်းပဲ ဆေးမှုန့်ဖာအထက်မှ ထိုင်လျက်နေရစ်သည်။ ခရီးသည်များဆင်းသည်နှင့်တပြိုင်နက် ဂျပန်စစ်သားသုံးလေးယောက်တက်လာ၍ ပစ္စည်းများကို လှန်လှောမွှေနှောက်ကာကြည့်ကြ၏။ ကျွန်ုပ်မှုကား ဏ္ဍမြွေရရနှင့်ထိုင်လျက် သူတို့ကိုကြည့်နေ၏။ ကျွန်ုပ်၏စိတ်ထဲ၌ကား "ငါ့အနားမလာကြနဲ့" ဟုအပြင်းအထန်ဆန္ဒပြုလျက်ရှိ၏။ ရှေ့ဆုံးမှတက်လာသော ဂျပန်စစ်သားသည် တဖြည်းဖြည်းရွေ့လာ၍ ကျွန်ုပ်နှင့်အတော်နီးကပ်လာရာတွင် ကျွန်ုပ်နှင့်မျက်လုံးချင်း ဆိုင်မိကြ၍ "ဘာကြောင့်မဆင်းသနည်း" ဟု မေးသည့်မျက်နှာထားမျိုးနှင့် ကျွန်ုပ်အားကြည့်လိုက်ရာ ကျွန်ုပ်ကခြေထောက်ကိုလက်နှင့်ပြလျက် ခြေနာနေသည် ဟု ပြောလိုသော အမူအရာမျိုးပြလိုက်၏။ ဤတွင်ဂျပန်စစ်သားသည် ရှေ့တို့မတိုး အောင်ရောက်နေသော နေရာမှပင်လှည့်၍ဆင်းသွားလေသည်။ ကျွန်ုပ်ဝမ်းသာလိုက်ပုံကား ပြောဖွယ်ရာ မရှိချေ။ ကျွန်ုပ်၏စိတ်ထဲ၌ ဖြစ်လျက်ရှိသော အခြင်းအရာကို ဖော်ထုတ်ရေးရလျှင် ကျွန်ုပ်သည် ထိုနေရာမှဖယ်၍ အောက်သို့ဆင်းသွားခဲ့လျှင် တားဆီးရန် တတ်နိုင်မည်မဟုတ်၊ ထိုနေရာ၌ထိုင်၍ အနီးသို့မကပ်ခဲ့နှင့်ဟု ဆန္ဒပြင်းစွာပြုခဲ့လျှင်သူတို့မကပ်နိုင်ဟု ယုံကြည်သည့်အလျောက် မထပဲ ထိုင်နေခဲ့ခြင်းဖြစ်ရာထင်သည့်အတိုင်းဖြစ်၍ အန္တရာယ်လွတ်ခြင်းကြောင့်တမျိုး၊ အထင်မှန်ကန်ခြင်းကြောင့်တမျိုး ဝမ်းသာလှပါဘိသည်။ ကျွန်ုပ်သည် ဤအပြုအမူမျိုးကို မကြာခဏပြုလုပ်လေ့ရှိသည်မဟုတ်ပဲ ဘယ်ကဘယ်လို အကြံပေါ်၍ လုပ်လိုက်မိလေသနည်းဟု အံ့ဩလျက်ရှိပါတော့ သည်။

## ချော်လေသည့်ဤတခေါက်

ထိုနေ့ညနေတွင် စခန်းတခုသို့ရောက်၍ ထမင်းစားကြသောအခါ ရန်ကုန်ဘက်မှလာသော ဘတ်စ်ကားများနှင့်တွေ့၍ ယမန်နေ့က ရန်ကုန်ဆိပ်ကမ်းကို

လေယာဉ်ပျံများက အကြီးအကျယ်ဖုံးချသွားသည်ဆိုသောသတင်းကို ကြားကြရ၏။ ဖုံးချလိုက်သည်မှာ တမြို့လုံး အနှံ့အပြားဖြစ်၍ ဆိပ်ကမ်းကိုမူကား အများဆုံး ကြုံရသည်ဟုပြောပြ၏။ ထိုအတွက်ကြောင့် ရန်ကုန်မြို့ကြီးထဲတွင် နေဝံ့သူ မရှိတော့သလောက် ချောက်ချားလျက်ရှိသည်ဟူ၍လည်း ကြားသိရ၏။

ဤသတင်းများကို ကြားလိုက်ရကတည်းက ကျွန်ုပ်တို့မှာ အတော်ရင်လေး လျက်ရှိကြလေပြီ။ ထိုညဥ့် ၈ နာရီလောက်တွင် မြေနီကုန်းရပ်ကွက်သို့ ဘတ်စ်ကား ဆိုက်ရောက်သွားသောအခါ ယခင်တခေါက်ကနှင့်မတူတော့ပဲ အလွန် တိတ်ဆိတ်ခြောက်ကပ်လျက်ရှိသည်ကိုတွေ့ရ၏။ ကျွန်ုပ်တို့ညီအစ်ကို နှစ်ယောက် နှင့် တပည့်ကလေးတယောက်သည် ယခင်တခေါက်က ကျွန်ုပ်တည်းခိုခဲ့သည့် မင်းလမ်းပန်းတိမ်ဖိုသို့ လန်ချားနှစ်စီးကိုခဲယဉ်းစွာငှား၍ သွားကြသောအခါ စမ်းချောင်းတရပ်လုံးမှာလည်း အလွန်တိတ်ဆိတ်နေခြင်းကို တွေ့ရ၏။ သို့သော် ပန်းထိမ်ဖို၌ လူရှိ၍တော်ပါသေးသည်။ အိမ်ရှင်များသည် မြို့အခြေအနေကြောင့် အားရှိကြပုံ မရသော်လည်း ကျွန်ုပ်အား သနားကြသည့်လက္ခဏာနှင့် ဝယ်သူတွေ့ အောင် စပ်ဟပ်ရောင်းပေးပါမည်ဟု အားပေးစကား ပြောကြပါပေသည်။ ပြောမည့် သာပြောရှာကြသည်။ နံနက်လင်း၍စုံစမ်းကြည့်သောအခါ ယခင်ဆေးတိုက်မှာ ဆိုင်းဘုတ်သာကျန်၍ လူတွေဘယ်ထွက်ပြေးကြသည် မသိရချေ။ ကျွန်ုပ်တို့သည် ရန်ကုန်၊ ပုဇွန်တောင်၊ ကျောက်မြောင်းမကျန် ဆေးတိုက်များ လိုက်လံရှာဖွေ ကြသေးရာ မည်သည့်ဆိုင်မှ လူမတွေ့၊ တဆိုင်တလေ တွေ့ပါတော့လည်း အရောင်းအဝယ်မလုပ်ပဟု သိရှိရ၏။ ကျွန်ုပ်တို့၏ တွက်ကိန်းမှာ ရန်ကုန် ရောက်လျှင် ဆေးရောင်းရလိမ့်မည်ဆို၍ ရန်ကုန်သို့ရောက်ရုံအတွက်မျှသာ စားရိတ်ပါခဲ့ကြရာ ဆေးဝယ်သူမရှိပဲဖြစ်သည် တွင် ပိုက်ဆံကုန်လျက်ရှိကြလေပြီ။ ဤအထဲတွင် ရန်ကုန်သို့လာရာ၌ မီးရထားခအတွက် တယောက် ၁၅ကျပ်မျှ လောက်သာ မှန်းထားရာမှ ဘတ်စ်ကားကို တယောက် ၃၀ပေး၍ စီးခဲ့ရ သောကြောင့် သာ၍အောင့်သွားလေသည်။ အိမ်ရှင်က ထမင်းကျွေးရှာသော်လည်း

စုံစမ်းရေးအတွက် လမ်းစရိတ်မရှိ သောကြောင့် ဈေးငှားရန် အလိုမရှိသည်နှင့် တမြို့လုံးကို ခြေလျင်လျှောက်၍ ပတ်ကြရ၏။ ထိုနှစ်ရက်သုံးရက်သည်ကား ကျွန်ုပ်အဖို့ရာ၌ အပင်ပန်းဆုံးသော အချိန်ပိုင်းပေတည်း။ ဝေဠုဝန်ကျောင်းတိုက်ရှိ ညီတော်မောင်ထံမှ ပိုက်ဆံချေးလျှင် ရနိုင်လောက်သော်လည်း ဝက်လက်သို့ ခြေလျင် ပြန်လျှင်ပြန်မည်၊ မချေးလိုဟု ပြဋ္ဌာန်းထားပြီး ဖြစ်လေသည်။ ကျွန်ုပ်တို့၌ ကွာနိုင်မှုန့်အပြင် ဆေးအမျိုးမျိုးလည်းပါရှိ၏။ နောက်ဆုံး၌ ရွှေတိဂုံကုန်းတော်ပေါ်တွင် လူတယောက်နှင့် စကားစပ်၍ 'အက်တိဘရင်'(အဖျားဖြတ်ဆေး) အနည်းငယ်ရောင်းရ၏။ ထိုလူက ၎င်းဆေးတမျိုးတည်း အားလုံးယူမည်ဟု ပြောသော်လည်း (လင်သေကြွေးပူရှာသော လူစားမျိုးနှင့် ကြုံနေရပြန်သဖြင့်) ဝယ်ရင်းဈေးသာသာကလေးမျှပေးရာတွင် ကျွန်ုပ်တို့သည် ဝက်လက်သို့ပြန်နိုင်လောက်ရုံ စရိတ်အတွက်မျှသာ ရောင်းချပြီး မီးရထားနှင့် ပြန်လာခဲ့ကြရလေ၏။ တည်းခိုရသော အိမ်ရှင်ကိုမူကား ထမင်းဖိုး ကျေအောင်ပေးခဲ့ဖို့သတိမမေ့ခဲ့ပါ။

## ထမင်းအခက်အခဲ

အပြန်ခရီး၌ ဂျပန်မီးရထားခုတ်လျက်ရှိပြန်လေပြီ။ သို့ရာတွင် မီးရထားသည် ညအချိန်များ၌သာ ခုတ်မောင်း၍ နံနက်လင်းသည်နှင့် တပြိုင်နက် ဘူတာတခုခုတွင် ဆိုက်ထားပြီးမှောင်သည့်တိုင်အောင် ရပ်နားလေသည်။ ကျွန်ုပ်တို့သုံးယောက်သည် ညအချိန်တွင် ရန်ကုန်မှရထားနှင့်လိုက်လာကြ၍ နံနက်လင်းသောအချိန် ဘူတာတခုသို့ ဆိုက်ရောက်ရာတွင် မီးရထားသည် ထိုနေ့၌ အချိန်နောက်ကျသောကြောင့် ဆိုက်နေကျဘူတာသို့မရောက်မီ ရပ်နားလိုက်ပါတော့သည်။ ဤသို့ဖြစ်ရသည့်အတွက် အခက်အခဲတခု ပေါ်လာခြင်းမှာ ရပ်နားနေကျဘူတာများ၌ ရွာသူရွာသားများသည် ခရီးသည်များအတွက် ထမင်းဟင်းချက်ပြုတ်ထားပြီး လူတယောက် ၁ ကျပ် ၈ ပဲနှုန်းနှင့် ကျွေးကြသဖြင့် ကြက်သားကလေး

ငါးကလေးနှင့် ဟန်ရပန်ရ စားကြရသည်။ ထိုနေ့မှာမူ နောက်ကျလွန်း၍ မိုးလင်းနေသဖြင့် လေယာဉ်ပျံကြောက်သည့် အတွက် ရပ်နားနေကျဘူတာသို့ရောက်အောင် မခုတ်နိုင်တော့ပဲ လမ်းခုလပ်၌ ရပ်နားလိုက်ရခြင်းဖြစ်၏။ ဆိုက်ရောက်သည်နှင့် တပြိုင်နက် စက်ခေါင်းဖြုတ်၍ တွဲများကို ဘူတာရုံ၌ထားခဲ့ပြီး စက်ခေါင်းမူကား ဘူတာရုံ၌ မနေပဲ ဘူတာရုံ နှစ်ခုအကြားရှိ တောထဲသို့ သွား၍ပုန်းနေလေသည်။

ကျွန်ုပ်တို့ခရီးသည်များသည် မီးရထားမှဆင်းလာကြ၍ လွယ်အိတ်ကလေး ကိုယ်စီနှင့် လေးယောက်တဖွဲ့၊ ငါးယောက်တဖွဲ့ စသည်ဖြင့် လူစုခွဲကာ ထမင်းအတွက် တအိမ်တက်ဆင်း စုံစမ်းကြရ၏။ ရပ်နေကျဘူတာဖြစ်ခဲ့ပါမူ ရွာသားများသည် အဆင်သင့်ချက်ပြုတ်ပြင်ဆင်ထားသော ထမင်းပွဲများနှင့် ဟိုက ခေါ်သည်ကခေါ် ပျူပျူငှာငှာရှိကြပေသည်။ ဤဘူတာမှာမူကား ဆိုက်နေကျဘူတာ မဟုတ်သည့်အတွက်ကြောင့် မည်သူမျှချက်ပြုတ်မထားချေ။ ကျွန်ုပ်တို့အဖွဲ့ဝင် လူငါးယောက်သည် (လမ်း၌သိကျွမ်းသော လူငယ်နှစ်ယောက်ပါသည်။) အိမ်ပေါက်စေ့ ရပ်၍မေးကြရာ ကျွေးစရာမရှိဆိုကာ ငြင်းပယ်ကြသော ရွာသူများ ကိုသာတွေ့နေရ၏။ ဟင်းကောင်းကလေး တခွက်ပါမှ စား၍ဖြစ်မည့် ကျွန်ုပ်တို့ လူစုသည် တအိမ်မေးတော့လည်း ငပိကောင်ကလေးသာရှိသည်။ အခြားတအိမ်၌ လည်း ကင်ပွန်းရွက်ကလေးသာရှိသည်။ တအိမ်ကလည်း ချဉ်ပေါင်ရွက်၊ တအိမ်ကလည်း ပဲဟင်း စသည်ဖြင့် တလျှောက်ကြီးမေးလာကြ၏။ နောက်ဆုံး၌ မဖြစ်ချေဘူးဆိုကာ ခရမ်းချဉ်သီးကလေးနှင့် ပဲပုပ်တော့ရှိသည် ဆိုသောအိမ်ကို လက်မလွှတ်တော့ပဲ "ရှိတာပဲချက်ဗျာ၊ ငါးယောက်တွက်ချက်ဗျို့၊ ဆီကလေးတော့ ခပ်နိုင်နိုင်လုပ်ဗျနော်"ဟု ကျွန်ုပ်ကပြောလိုက်၏။ ထိုအခါ အိမ်ရှင်မက "နေအုံး တော့်၊ ကျုပ်ကြည့်လိုက်အုံးမယ်"ဟု ဆိုကာ လည်ပင်းတွင် ကြိုးချည်ထားသည့် ပိုင့်ပုလင်းကလေးတလုံးကို ကြိုးမှဆွဲကာ ထုတ်လာပြီး ကျွန်ုပ်တို့ရှေ့၌ ထောင်၍ပြသည်တွင် လက်နှစ်သစ်ခန့်လောက်ရှိသော ဆီအကပ်အသပ်ကို ပုလင်းထဲတွင် ရေးရေးကလေးမြင်ကြရသည်။ "ဒီပြင်မရှိတော့ ဘူးလားဗျာ၊

ဝယ်ပါ၊ ကျုပ်တို့ကပိုက်ဆံပေးပါမယ်”ဟု ပြောရာတွင် “ဝယ်ချင်တိုင်းရတာ မဟုတ်ဘူးတော်ရေ့၊ ဈေးနေ့မှ ဝယ်လို့ရတာ”ဟု ပြောသည်နှင့် “ကိုင်းရှိတာသာ ချက်ပါဗျာ”ဟု ပြောကြရလေသည်။

## နေရာသတ်မှတ်ခြင်း

အိမ်ရှင်မသည် ထမင်းဟင်းချက်ပြုတ်ရန်အတွက် ထင်းများဖြတ်တောက်၍ မီးမွှေးလျက်ရှိစဉ် ကျွန်ုပ်တို့လူစုသည် နေ့ခင်းအတွက် နေရာထိုင်ခင်း ကြည့်ရှုကြလေ၏။ ဤအိမ်မှာ အလွန်ဆင်းရဲသော တဲကုပ်ကလေးမျှသာဖြစ်၍ ကျွန်ုပ်တို့လူစု တရေးတမောအိပ်ရန်ပင် ကျယ်ကျယ်လွင့်လွင့်မရှိပဲ ညစ်ပတ်ကျဉ်းမြောင်းလှသည်နှင့် ရွာထဲတွင် ဘုန်းကြီးကျောင်းနှင့် စေတီပုထိုးရှိရာသို့ သွားရောက်ကြည့်ရှုကြလေ၏။ ကျေးလက်တောရွာများသည် မည်မျှပင်ဆင်းရဲ၍ တဲကုပ်များ မည်မျှစုတ်ချာစေကာမူ ဘုန်းကြီးကျောင်းများမှုကား သန့်ပြန့်ကျယ်ဝန်းကြသည်သာ များ၏။ ဤရွာမှာမူ တကျောင်းတည်းရှိသော ဘုန်းကြီးကျောင်းသည်ပင် သေးငယ်ကျဉ်းမြောင်းလှသည့်ပြင် ရှိသမျှသော နေရာကလေးများကို ကျွန်ုပ်တို့ထက် အလျင်ဦးသော ခရီးသည်များက ယူထားကြပြီးကြလေပြီ။ သစ်ပင်ကြီးများ ရှိပြန်ပါတော့လည်း အရိပ်တွင် လူပြည့်လျက်ရှိသောကြောင့် ကျွန်ုပ်တို့လူငါးယောက်အတွက် နေရာမရနိုင်တော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ကျောင်းနှင့် မလှမ်းမကမ်းရှိ ဘုရားဝင်းထဲသို့ဝင်ကြည့်ကြရာ သစ်လွင်သပ်ရပ်သောဇရပ်ဟူ၍မရှိ၊ အထက်ကပေါက် အောက်ကကွဲလျက်ရှိသော ဇရပ်နှစ်ဆောင်ကိုသာ တွေ့ကြရ၏။ တဆောင်ထည်းသော သစ်သားဇရပ်မှုကား ကြမ်းပြင်များ ပေါက်ကွဲ နေသဖြင့် လူငါးယောက်အိပ်လောက်အောင် နေရာမရှိချေ။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် သမံတလင်း ခပ်ပြောင်ပြောင်ရှိသော အုတ်ဇရပ်တခု၌

စတည်းချရန် ရွေးချယ်သတ်မှတ်၍ အမှိုက်သရိုက် လှဲကျင်းပြီးလျှင် ထမင်းကျက် လောက်သောအချိန်၌ တဲကုပ်သို့ ပြန်လာကြလေ၏။

## မကြုံဘူးသောနေရာ

တဲကုပ်သို့ပြန်ရောက်ကြ၍ ခဏတဖြုတ်စောင့်ဆိုင်းနေကြစဉ် အိမ်ရှင်မက "ထမင်းတော့ကျက်ပြီ၊ စားချင်ကြလျှင် ခူးလိုက်မယ်"ဟု ပြောလိုက်သောအချိန်မှာ ကိုးနာရီသာသာမျှသာ ရှိသေးသော်လည်း အိပ်ရာမှ ထကတည်းက ဘာမျှမစားကြ ရသော ကျွန်ုပ်တို့မှာ အူတကြုတ်ကြုတ်ဖြစ်အောင် ဆာလောင်လျက် ရှိကြသည်နှင့် "ခူးပါတော့ဗျာ"ဟု တညီတညာတည်း ပြောလိုက်ကြ၏။ အိမ်ရှင်မလည်း ကိုးနှစ် ရွယ်ခန့်ရှိ သမီးကလေးတယောက်၏ အကူအညီဖြင့် ထမင်းခူးတော့မည့်ပြုရာတွင် မိုးကလေးတဖျောက်ဖျောက်ကျလာလေ၏။

ဤတွင်ပြဿနာတခုပေါ်လာတော့သည်။ တဲကလေး၏ ကျဉ်းမြောင်းခြင်းကိုသိ၍ ကုက္ကိုပင်ကြီးအောက်၌ ထမင်းစားကြဖို့ ရည်မှန်းထားကြရာ မိုးရွာလာသဖြင့် အကျပ်တွေ့နေကြလေပြီ။ "သိပ်မသဲပါဘူး၊ ခဏနေတိတ်သွားမှာပါ"ဟု ထင်မြင် ချက်ပေးကြသော်လည်း မတိတ်နိုင်ပဲ တဖွဲဖွဲကလေး ကျလျက်ရှိသော ကြောင့် "သစ်ပင်ကြီးက ဒီမိုးလောက်တော့ လုံပါတယ်၊ ခူးသာခူးပါဗျာ"ဟု အားလုံးဝိုင်း၍ ပြောကြ၏။ သစ်ပင်အောက်တွင်ဖျာခင်း၍ ထမင်းတလုတ်နှစ်လုတ် စားဆဲတွင် မိုးသဲလာပြီး သစ်ပင်ကိုဖောက်ကာ မိုးပေါက်များ ကျလာလေပြီ။ ဤတွင် အိမ်ရှင်ယောကျ်ားသည် တဲကလေးထဲမှ ဖျာနှစ်ချပ်သုံးချပ်ကိုယူ၍ မီးဖိုချောင် အနီးရှိ လှည်းပေါ်တွင်ဖျာများကို ခပ်ခုံးခုံးဖြစ်အောင် တောင်းခု၍ အုပ်လေသည်။ ထို့နောက် ထမင်းပွဲကို လှည်းအောက်သို့ရွှေ့ပေးရာ ကျွန်ုပ်တို့ငါးယောက်သည် လှည်းအောက်သို့ဝင်၍ အလွန်ကျဉ်းကြပ်စွာနှင့် ကပ်ကပ်သပ်သပ် ထိုင်စားကြ၏။ ဟင်းမှာပဲပုပ်နှင့် ခရမ်းချဉ်းသီးရွက်၊ ဗူးရွက်ဟင်းချို ဖြစ်လေသည်။

## ရင်ထုမနာဖြစ်ရခြင်း

ကျွန်ုပ်သည် ဆေးကုန်သည်အဖြစ်နှင့် ထိုကဲ့သို့ခရီးသွားလျက်ရှိစဉ် မိမိကိုယ်ကို 'ရွှေဥဒေါင်း'ဟူ၍ဘယ်တော့မှ မပြော၊ ညီမောင်ဖေဘာအားလည်း မပြောဖို့မှာထား၏။ သို့ရာတွင် မောင်ဖေဘခေါ်ခဲ့သည် အသိလူငယ်နှစ်ယောက်တို့အား ကျွန်ုပ်ရွှေဥဒေါင်းဖြစ်ကြောင်း ပြောထားနှင့်လေပြီ။ သို့ဖြစ်၍ လှည်းအောက်၌ထမင်းစားလျက်ရှိစဉ် တယောက်သောလူငယ်က "နေအုံးဦးလေး" ဟုဆိုကာ ကျွန်ုပ်၏ ထမင်းပန်းကန်ပြားကိုဆွဲယူ၍ မီးဖိုချောင်ထဲသို့ဝင်သွား၏။ အခြားလူများကား ဆက်လက်၍စားနေကြရာ ကျွန်ုပ်မှာမူ တန်းလန်းကြီး စောင့်နေရ၏။ တခဏကြာသောအခါ မီးဖိုထဲမှ တဒုန်းဒုန်း ထုသောအသံကိုကြားရ၍ အနံ့တမျိုးလည်း ထွက်လာပြန်သဖြင့် ကျွန်ုပ်ရိပ်မိခဲ့လေပြီ။ များမကြာမီ ထိုလူငယ်သည် ကျွန်ုပ်၏ပန်းကန်ပြားကိုကိုင်လျက် ပြန်လာလေရာ ပန်းကန်ပြားထဲ၌ လက်လေးသစ်ခန့်ရှိသော ငါးပုပ်ပြားခြောက်တခု ပါလာသည်ကို တွေ့ရသဖြင့် ကျွန်ုပ်၏အတွေးမှန်ကန်ခဲ့လေပြီ။

လူငယ်သည် ပန်းကန်ပြားကို ကျွန်ုပ်ရှေ့တွင် တည်ခင်းပေးယင်း အခြားလူများအား "ခင်ဗျားတို့ကျွန်တော်တို့က ကိစ္စမရှိဘူး၊ ဦးလေးကလူကြီးဆိုတော့ အင်ကလေးမပါလျှင် စားနိုင်ရှာမှာ မဟုတ်ဘူး၊ များများလဲမပါလို့ပါဗျ"ဟု ပြောလေ၏။ မိုးကလည်း တဖွဲဖွဲ၊ ဝမ်းကလည်း အလွန်ဆာလှသည်နှင့် လှည်းအောက်တွင် ကပ်သီးကပ်သပ် ထိုင်ရသော်လည်း ဖူးရွက်ဟင်းချိုပဲပုပ်ချက်နှင့် ငါးပုပ်ပြားတခွက် အားကိုး၍စားရသော ဤထမင်းတနပ်မှာလည်း တသက်တာတွင် မမေ့နိုင်သော ထမင်းတနပ်အပါအဝင် ဖြစ်ပါတော့သည်။

စားသောက်ပြီးကြသောအခါ၌ ငါးပုပ်ပြား ဖုတ်ပေးသော လူငယ်က "ကျွန်တော့်အမေကြီးက မှာလိုက်တဲ့ ငါးပုပ်ပြားပါဗျာ၊ များများလဲ မပါပါဘူး၊ လွယ်အိတ်ဆံ့ရုံ အစိတ်သားထဲ ဝယ်ခဲ့တာ၊ ဟောဒီဦးလေးကို ကြည်ညိုလွန်းလို့

ကျွန်တော်တောင်မစားပဲ ဖွတ်ပေးတာကို ခင်ဗျားတို့သည်းခံကြဗျာ”ဟုပြောလေ၏။ မျက်ရည်ထွက်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်သည် လူတမျိုးဖြစ်၏။ ကမ္ဘာလောကတွင် ကျွန်ုပ်သည် ကျွန်ုပ်၏မိခင်ကို အချစ်ဆုံး၊ အကြည်ညိုဆုံးဖြစ်သော်လည်း မိခင်သေဆုံးစဉ်က ကျွန်ုပ်မျက်ရည်မကျခဲ့ပါ။ ထိုလူငယ်က သူ့အမေကြီးအတွက် ငါးပုပ်ပြားကို သူလည်းမစားပဲ ကျွန်ုပ်အား ခွဲ၍ကျွေးခြင်းဖြစ်သည်ဟု ကြားရသောအခါ၌မူကား ရင်ထဲ၌ဆို့၍ မျက်ရည်များဝိုင်းလာပါသည်။ အကယ်၍သူသည်ထမင်းပွဲ၌ ဤအကြောင်းကိုပြောပြ၍ ကျွန်ုပ်သိရပါမူ ရင်ဆို့သည့်အတွက်ကြောင့် အမြိန်ဆုံးသော ထမင်းတနပ်စာရင်းတွင် ထည့်သွင်းရတော့မည်မဟုတ်ပါ။

## ကျွန်ုပ်ကိုသိနှင့်သကိုး

ထမင်းစားသောက်ပြီးကြ၍ ညစာအတွက်လည်း မှာထားပြီးသဖြင့် စာရင်းရှင်းကြသောအခါ ထိုလူငယ်သည် ကျွန်ုပ်တယောက်အတွက်ပါ ထည့်၍ပေး၏။ ကျွန်ုပ်ကငြင်းသော်လည်း သူမျက်နှာပျက်သည်နှင့် လက်လျှော့လိုက်ရ၏။ ထို့နောက်ဘုရားဝင်းထဲသို့ သမံတလင်းပေါ်တွင်ခင်း၍ ကျွန်ုပ်အတွက် အိပ်ရာပြင်ပေး၏။ ခဏတာမျှနားပြီးနောက် ရေချိုးရန်အတွက် ဘုန်းကြီးကျောင်းထဲသို့ ကျွန်ုပ်အားခေါ်သွားပြီးလျှင် သူကိုယ်တိုင်ရေငင်၍ပေး၏။ နေ့လယ်ခင်းတွင် ကျွန်ုပ်သည် ညီမောင်ဖေဘအား “ငါ့အကြောင်းကို မင်းပြောထားသလား ဟေ့ကောင်” ဟု မေးရာ “ကျွန်တော်မပြောဘူး အကိုကြီး၊ ဘလိုင်ပြောတာ”ဟု ပြန်ပြောလေသည်။ (ဘလိုင်ကားသူ့ယောက်ဖြစ်သည်။)

ကျွန်ုပ်အကြောင်းကိုသိပြီးအတူတူ ဖြစ်သည်နှင့် ထိုလူငယ်အားကျွန်ုပ်၏စာများအနက်မှ မည်သည့်စာအုပ်များကို ဖတ်ဘူးပါသနည်းမေးရာ လူငယ်က ကျွန်ုပ်ရေးသော ဝတ္ထုမှန်သမျှအားလုံးဖတ်ဘူး၍ အားလုံးသိမ်းထားကြောင်း၊

ဤခေတ်ကြီးတွင် ကျွန်ုပ်၏စာအုပ်များပျောက်ပျက်၍ အလိုရှိသော စာအုပ်ရှိလျှင် သူ့ထံမှာယူနိုင်ကြောင်းပြောလေသည်။ (ကျွန်ုပ်သည် သူ၏လိပ်ကို ရေးမှတ်ထား၍ ယခင်တလောက 'လွမ်းအောင်ဖန်'ဝတ္ထုရှိပါသလောဟု စာရေး၍မေးကြည့်ရာ ထိုလူငယ်မှာ ကွယ်လွန်ပြီဖြစ်ကြောင်းနှင့် ပြန်စာတစောင်ရရှိဘူးပါသည်။ ဤနောက်ပိုင်း၌ ကျွန်ုပ်သည်ငါးပုပ်ပြားစားတိုင်း ထိုလူငယ်၏ မျက်နှာကလေးပေါ်၍ပေါ်၍လာပါသေးသည်။) ညနေပိုင်းတွင် ခပ်စောစော ထမင်းစားကြ၍ ဘူတာရုံသို့သွားကြရာ မမှောင်သေးမီပင်တောထဲ၌ပုန်းနေရသော စက်ခေါင်းရောက်လာ၍ တွဲများဆက်လျက်ရှိစဉ် ဟိုနေရာ သည်နေရာမှ ခရီးသည်များထွက်ပေါ်လာကြ၍ တွဲပေါ်သို့ တက်ကြလေသည်။

## လူတိုင်း မျက်စိတတ်ကြခြင်း

တညလုံးခုတ်မောင်း၍ နောက်နေ့နံနက်တွင် ယမန့်နေကနည်းတူ ဘူတာတခုသို့ ဆိုက်ရောက်ရာတွင် ခရီးသည်အားလုံးဆင်း၍ စက်ခေါင်းဖြုတ်ပြီး ပုန်းရပြန်၏။ ဤရွာ၌မူ ရပ်နေကျဘူတာဖြစ်သည်နှင့် အိမ်တိုင်းလိုပင် ထမင်းဆိုင်ဖွင့်နေကြသဖြင့် ကြိုက်ရာကိုရွေးစားနိုင်ကြ၏။ ဆိုင်တိုင်းလိုပင် ကြက်သားဟင်း၊ ဝက်သားဟင်း၊ (အချို့မှာ) အစိမ်းကြော်၊ ဆူးပုပ်ရွက်ဟင်းချို၊ ငါးပိချက် စသည်များနှင့် စားစချင့်ဖွယ် ရှိပါပေသည်။ နှုန်းမှာမူ ဂျပန်ငွေတန်ဖိုးမကျသေးသည်နှင့် ခရီးသည်များ လမ်းတလျှောက်လုံး တကျပ်–ရှစ်ပဲပင်ဖြစ်လေသည်။ ၎င်းနယ်တွင်ငါးရက်တဈေး ထုံးစံရှိ၍ ဈေးနေ့ကြုံသည်နှင့် ခရီးသည်များ ဝယ်ချမ်းကြသဖြင့် ဈေးသည်များ ရောင်းကောင်းလှသည်။ ခရီးသည် အားလုံးလိုလိုပင် ကုန်သည်များဖြစ်ကြ၍ အမြတ်နှင့်ရောင်းဖို့လာဘ်မြင်သူများဖြစ်သည့်အလျောက် (ပြန်ကုန်သဘော)နှင့် ဝယ်ချမ်းလိုက်ကြသည်မှာ ဈေးသည်များ ဆိုင်လုံးကျွတ်မတတ်ရောင်းရ၏။ နေ့လယ်ခင်းတွင်

သစ်ပင်ကြီးများအောက်၌ ခရီးသည်များ နားနေယင်း 'မျက်စိစူး'သူ အချင်းချင်း ကုန်ချင်းဖလှယ်လိုက်ကြသည်မှာ စိတ်ဝင်စားစရာကြီးတခု ဖြစ်နေ၏။ လူတိုင်း သည် (သကၤန်းဝတ်များမကျန်) ကုန်သည်နှင့် ပတ်သက်၍ မျက်စိတတ် လိုက်ကြသည်မှာ ဂျပန်ခေတ်၏ဖန်တီးချက်တခု ဖြစ်၏။ ဤဘက်၌အလွန်န သောကျွန်ုပ်ပင် တခုတလေ ဖလှယ်ခဲ့ပါသေးသည်။

## စိတ်ပျက်စရာကြီးပေတကား

ကျွန်ုပ်တို့လူစုသည် ညကြီးမင်းကြီးတွင် စစ်ကိုင်းတောင်ရိုးရှိ ချောင် တချောင်သို့ရောက်ကြ၍ ၎င်းချောင်မှအစုစပ်ပါဝင်လိုက်သော မိတ်ဆွေတယောက် ၏အိမ်၌ တည်းခိုကြရာ အနည်းဆုံး 'သုံးဆပွား' လိမ့်မည်ဟူသော မျှော်လင့်ချက် ဖြင့် သွားကြသော ကျွန်ုပ်တို့မှာ စရိတ်အနိုင်နိုင် နှင့် ပြန်ခဲ့ရခြင်းဖြစ်သောကြောင့် မျက်နှာပန်းမလှပဲဖြစ်နေ၏။ ကျွန်ုပ်သည် စစ်ကိုင်းတောင်ရိုးမှ မိတ်ဆွေများ အပေး၌လည်းကောင်း၊ ရွာသို့ရောက်သောအခါ၌ ဆွေမျိုးများ အပေးတွင် လည်းကောင်း မျက်နှာကောင်းမရအောင်ဖြစ်၍ (သူတို့၏ လောဘနှင့် သူတို့ အစုဝင်ကြခြင်းဖြစ်သော်လည်း) အလွန်စိတ်မကောင်းဖြစ်ခဲ့၏။ မိမိ၏အပြစ်ဟူ၍ တရွေးသားမျှ မပါသည့်ပြင် တပင်တပန်းနှင့် ဗုံးများ၊ စက်သေနတ်များအကြားတွင် စွန့်စား၍ သွားခဲ့ရခြင်းဖြစ်ပါလျက် သူတို့၏မျှော် လင့်ချက်ကလေးတွေကို ပြည့်ဝအောင် ဆောင်ရွက်မပေးနိုင်ခြင်းအတွက် အနေခက်လျက် ရှိပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် သူတပါး၏ တာဝန်ကို ထမ်းရသည့် ကုန်သည် အလုပ်မျိုးကို ဆယ်ဆဆယ်ထမ်းပိုး မြတ်စေဦးတော့ မလုပ်တော့ပြီဟု စိတ်ပျက် သွားပါတော့သည်။ ကျွန်ုပ်တို့သည် ဖာကြီးနှင့်တလုံးအပြည့်ရှိသော ကွာနိုင်မှုန့် များကို စစ်ကိုင်းတောင်ရိုး၌ ထားခဲ့၍ ငယ်စဉ်က ဘလီခုံတွင် ဂေးလီရှုံး၍ ပြန်ခဲ့ရ သည့် စိတ်အနေအထားမျိုးနှင့် မန်ကျည်းတုံရွာသို့ ပြန်ရောက်လာခဲ့လေ၏။

ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ရန်ကုန်မြို့ အခြေအနေကောင်းလာသည့်အခါတွင်မှ တဖန်သွား၍ ရောင်းချရန် ဖြစ်လေသည်။

## လည်ပတ်လှသော ဘဇံ

ထိုနောက် ငါးလခန့် ကြာသောအခါ ရန်ကုန်မြို့၌ အခြေအနေ ကောင်းပြီ ဟုသတင်းရသည်နှင့် ညီမောင်ဘဇံသည် ကျွန်ုပ်ထံလာ၍ သူနှင့်အတူ ရန်ကုန် ဆင်းဖို့ပြောရာကျွန်ုပ်မှာ ဤအကြိမ်၌ စိတ်ခပ်လေးလေးရှိနေလေပြီ။ ပထမ အခေါက်၌ ကျွန်ုပ်မြတ်ခဲ့သော ငွေရင်းနှင့် အထူးသဖြင့် စစ်ကိုင်းတောင်ရိုးမှ မိတ်ဆွေ၏ငွေများအတွက် တာဝန်ရှိသကဲ့သို့ ဖြစ်နေ၏။ ကျွန်ုပ်ကိုယ်တိုင် မလိုက်လျှင်လည်း ဆေးရောင်းဖို့ မည်သူမျှမတတ်ချေ။ အမှန်အတိုင်းပြောရလျှင် ကျွန်ုပ်မြတ်ချင်သောကြောင့် မဟုတ်။ ကျွန်ုပ်ကသွေးဆောင်ခြင်းမဟုတ်ပဲ သူတို့၏ လောဘအလျောက် ထည့်ဝင်ကြခြင်းဖြစ်သောကြောင့် ကျွန်ုပ်၏ငွေကို ကျွန်ုပ်အဆုံး ခံနိုင်လျှင် သူတို့၏ငွေလည်း အဆုံးခံနိုင်ကြရမည်သာ ဖြစ်ပါလျက် ကျွန်ုပ်သည် သူတို့ကိုသနားသည်နှင့် ရန်ကုန်သို့ဆင်းဖို့ သဘောတူလိုက်ပါသည်။ ဤ တခေါက်၌အကြီးဖေဘနှင့် မဟုတ်ပဲ ညီအငယ်ဘဇံနှင့် သွားရမည်ဖြစ်သော ကြောင့်လည်း သဘောကျသော အချက်ရှိ၏။ ဘဇံသည် ခရီးသွားရာတွင် အလွန်လည်ပတ်သူတယောက်ဖြစ်၏။ ဖေဘသည် လက်မှတ်ခံရာ၌ 'ကျူ'တန်းထဲ သို့ဝင်၍ စီတန်းဖို့သာ နားလည်ရာ (ကျွန်ုပ်လည်းဤမျှလောက်သာ လုပ်တတ် သည်။) ဘဇံမူကား ဘယ်ဆီက ဘယ်လိုနည်းနှင့် ရလာသည်မသိ။ လက်မှတ် တစောင်မျှ မရောင်းသေးမီ လက်မှတ် ရလာခဲ့လေပြီ။ (ဂျပန်ခေတ်၌ ခရီးသွား ရာတွင် လက်မှတ်ရမှုသည်လွန်စွာ အရေးကြီးလှသည်။) တပို့တွဲလဆန်း၌ ကျွန်ုပ် နှင့်ဘဇံတို့သည် ရန်ကုန်သို့ဆင်းကြဖို့ ပြင်ဆင်လေရာ ဘဇံက ညီကလေး တယောက် ခေါ်လာခဲ့သည်။ ကျွန်ုပ်သည် သယ်ယူဖို့ အတော်ဝန်လေးသော

ဆင်ကိုနာမှုန့်များကို စစ်ကိုင်းတောင်ရိုးမှ မယူသေးပဲ ထားခဲ့၍ ပေါ့ပါးသည့် အက်တီဘရင်၊ ဆာလ်ဖာနီလာမိုက်၊ အမ်ဘီ ၆၃၉ စသော ဆေးလုံးဆေးပြား လေးငါးခြောက်မျိုးလောက်သာ ယူလာခဲ့သည်။ ထိုခေတ်၌မီးရထားသည် မန္တလေး ဘူတာမှမထွက်ပဲ ပလိပ်ဘူတာမှ စ၍ထွက်သည်ချည်း ဖြစ်သောကြောင့် ပလိပ် ဘူတာသို့ ခါတိုင်းနည်းတူ သွားကြ၍ နေဝင်စအချိန်တွင် မီးရထားစီးကြ၏။ ဖော်ပြခဲ့သည့်အတိုင်း အခြားခရီးသည်များ စီတန်းလျက်ရှိစဉ်ဘဇကှ လက်မှတ် သုံးစောင် ယူခဲ့လေပြီ။ ဤဘူတာ၌သာမဟုတ်၊ ရောက်လေသမျှသော ဘူတာ တိုင်းတွင် ဤနည်းနှင်နှင် လုပ်တတ်လေသည်။

## ထိတ်လန့်ရသောည

ပလိပ်ဘူတာမှ မှောင်သည်နှင့်တပြိုင်နက် မီးရထားထွက်ခဲ့၍ ပျော်ဘွယ်သို့ ဘယ်အချိန် ရောက်သည်မသိ။ ကျွန်ုပ်တို့၏ မီးရထားဆိုက်လျက်ရှိစဉ် အနောက် အရပ်မှ အရှေ့အရပ်သို့လာသည့် လေယာဉ်ပျံသံကြီးသည် ကောင်းကင်၌ တဝီဝီ မြည်လျက် ပေးလာခဲ့လေပြီ။ "လေယာဉ်ပျံဟ၊ လေယာဉ်ပျံလာပြီ၊ ဆင်းကြ၊ ဆင်းကြ၊ မြန်မြန်လုပ်လေ၊ ဘယ်သူရေ ဘယ်ဝါရေ"ဟူသော အသံများဖြင့် ပွက်ပွက်ရိုက်လျက်ရှိရာ မီးရထားစက်ခေါင်းသည်လည်း ရှဲရှဲမြည်သောစက်သံ မထွက်ရစေအောင် မီးများငြိမ်းသတ်ထားဟန် တူ၏။

ခရီးသည်များသည် လေးလံသော ဝန်စည်အထုပ်အပိုးများကိုထားခဲ့၍ အဖိုးတန်သည့် သားရေအိတ်စသော ပေါ့ပေါ့ပါးပါး ပစ္စည်းမျိုးလောက်မျှသာ ဆွဲကိုင်လျက် တွဲပေးမှ ခုန်ချပြီးလျှင် ဤအကြိုထိုအကြားများသို့ တိုးလျှိုးသူ များကတိုး၊ ဘူတာနှင့်ဝေးမှ တော်မည်ဆို၍ တတ်နိုင်သမျှဝေးအောင် လျှောက် ပြေးသူကပြေးကုန်ကြလေပြီ။ ဤသို့သော အရေးတွင် သူ့လူကိုယ့်လူ မရွေးနိုင်၊ အဖော်လည်း မရှာနိုင်၊ တယောက်တဉာဏ်စီ ကိုယ်လွတ်ရုန်းကြလေ တော့သည်။

ထိုအခါ ပျော်ဘွယ်ဘူတာရုံအနီးတွင် ဖုံးထိ၍ပြိုကျနေသည့် အုတ်တိုက်ပျက်ကြီးများရှိရာ ကျွန်ုပ်သည် အခြားလူလေးငါးယောက်နှင့်အတူ တိုက်ပျက်ကြီးထဲသို့ ဝင်ပြေးမိ၏။ အပြင်၌ လသာသော်လည်း တိုက်ပျက်ထဲ၌မူ မှောင်မည်းလျက်ရှိသဖြင့် ကျွန်ုပ်မှာ မြေမှန်းမသိကင်းမှန်းမသိ အုပ်ချပ်ကြိုအုပ်ချပ်ကြားသို့ မျက်စိမှိတ်ကာ ခြေချရပါတော့သည်။ အချို့လူများမှာ အုပ်တိုက်ပျက် အကြားထဲသို့ ရောက်သော်လည်း မကျေနပ်သေးပဲချောင်ကြို ချောင်ကြားကို တမင်ရှာ၍ တိုးလျှိုးရှာကြသေးသည်။

"ဝီဝီဝီဝီ"လေယာဉ်ပျံသည် အနောက်မျက်နှာမှ အရှေ့သို့ပျံလာ၍ တရွေ့ရွေ့နီးလာပြီး ဦးခေါင်းထက်တည့်တည့်သို့ ရောက်နေလေပြီ။ 'ချလိုက်တော့ မလားဟဲ့' ဟု ကျွန်ုပ်၏စိတ်ထဲ၌ အောက်မေ့နေခိုက်တွင် တနေရာမှ တတွတ်တွတ်ရွတ်သော အသံများကြားရသည်။ "ဝီဝီဝီဝီ"အသံများသည် တဖြည်း ဖြည်းသွား၍ အရှေ့ဘက်သို့ ကျော်လွန်သွားလေပြီ။ တိုက်ပျက်အကြားမှ ချောင်းကြည့်လိုက်သောအခါ ကောင်းကင်၌မီးနီကလေးတလုံး ရွေ့နေသည်ကိုမြင်ရာမှ အရှေ့ဘက်တောင်တန်းများသို့ ချဉ်းကပ်သွားလေပြီ။

ကျွန်ုပ်သည် မီးနီကိုမြင်ရကတည်းက မျက်ခြည်ပြတ်မခံတော့ပဲ ရွေ့ရာသို့လိုက်ကြည့်နေ၏။ တောင်တန်းသို့ရောက်သောအခါ မြောက်ဘက်သို့ချိုးပြီး အနောက်ဘက်သို့ တဖန်လှည့်လာပြန်၏။ 'ဝီဝီဝီဝီ'ကြားရပြန်လေပြီ။ သို့သော် ဦးခေါင်းပေးမှ တည့်တည့်မဟုတ်ပဲ မြောက်ဘက် ခပ်ယွန်းယွန်း ပျံလာခြင်းဖြစ်သည်။ ထို့နောက် အနောက်တည့်တည့် ဆက်လက်ပျံသွားရာ အသံပျောက်၍ မီးနီကိုလည်း မမြင်ရတော့ချေ။

ခရီးသည်များသည် ပုန်းအောင်းရာမှထွက်၍ မီးရထားပေးသို့ တက်လာကြလေပြီ။ မီးရထားထွက်ချေတော့မည်လောဟု မျှော်လင့်နေကြ၏။ မီးရထားလည်း တရှဲရှဲမြည်စပြုလာ၏။ 'ထွက်ပါတော့နော်' ဟုစိတ်ထဲ၌ ကျွန်ုပ်နည်းတူဆုတောင်းကြပေမည်။ "ဟော ဘာသံလဲ" ဟု နားပါးသူများက ပြောသည်နှင့်

နားစွင့်နေကြသည်။ 'ဝီဝီဝီဝီ'သဲ့သဲ့ကလေးပေးလာ၏။ "လာပြန်ပြီဟ လေယာဉ်ပျံ၊ လာပြန်ပြီ"ဆိုကာ မီးရထားပေးမှဆင်းပြေးကြပြန်ပြီ။ ဤတကြိမ်တွင် ကျွန်ုပ်ကား ရုတ်တရက်ဆင်းမပြေးပဲ အရိပ်အကဲကြည့်နေသေးသည်။ 'ဝီဝီဝီဝီ'အနောက်မှ အရှေ့သို့ ပျံလာခြင်းကား အမှန်ဖြစ်သည်။

"ကျုပ်တော့မဆင်းတော့ဘူးဗျာ"ဟု တယောက်ကပြောလိုက်၏။

ကျွန်ုပ်သည် အသံကြားရာသို့ လှမ်းကြည့်လိုက်သောအခါ အထုပ်ကြီးတွေ အကြား၌လူတယောက်ကို မြင်ရ၏။ ဟန်ဖားဘူတာမှ အထည်ထုပ်ကြီးများနှင့် တက်လာသော လူတစုကို သတိရသည်။

နုပ်။ "ခင်ဗျားဘာကြောင့် မဆင်းသလဲ"

အသံ။ "လေယာဉ်ပျံက ဟုတ်ချင်မှဟုတ်မယ်၊ အထည်ထုပ်တွေ လူဆွဲသွားကုန်မှဖြင့် သောက်ကျိုးနဲတော့မယ်"

ကျွန်ုပ်စဉ်းစားမိသည်ကား တိုက်ပျက်ထဲ၌ မြွေပေါက်နိုင်ခြင်းနှင့် မီးရထား ပေါ်သို့ ဗုံးကျနိုင်ခြင်းသည် အတူတူပင် ဖြစ်နိုင်သည်ထားဘိဦး၊ တိုက်ကြိုတိုက် ကြား၌ ဈေးပုံများနှင့်မိဖို့ကား သေချာသည်။ ခုတင်ကတခေါက်တွင်လည်း ကျွန်ုပ်သာကံကောင်း၍ လွတ်ခဲ့သည်။ ညည်းသံညူသံများကြား၍ ဖိနပ်ကို တုတ်နှင့်ခြစ်ခွာသူများကိုမြင်ခဲ့ရသည်။ ထို့အတူတူ ဖြစ်ချင်ရာဖြစ်စေ မီးရထား ပေါ်မှ မဆင်းတော့ဟု ဆုံးဖြတ်လိုက်ပြီးနောက်–

နုပ်။ "ဗျို့ဆရာကြီး ခင်ဗျားမဆင်းဘူးလားဗျို့"

အသံ။ "မဆင်းတော့ဘူးဗျာ၊ ကံအတိုင်းပဲ"

နုပ်။ "ကျုပ်လဲ မဆင်းဘူးဗျာ"

အသံ။ "ဒါဖြင့်ဟန်ရပြီ၊ ခင်ဗျားနဲ့ကျုပ်နဲ့နေရစ်ရစ်ကြစို့"

ထိုအချိန်တွင် အခြားလူများသည် တွဲပေါ်မှ ခုန်ချပြေးကြပြီဖြစ်၍ ကျွန်ုပ်တို့ နှစ်ယောက်တည်း ကျန်ရစ်တော့သည်။ ရထားတွဲမှာ လူစီးတွဲမဟုတ်၊ ကုန်တွဲ မျှသာဖြစ်ရာ ကျွန်ုပ်သည် အပေါက်အနီးသို့ ချဉ်းကပ်၍ 'ဝီဝီ ဝီဝီ'ကြားရ သော

နေရာသို့ ရှာကြည့်လိုက်သည်။ မီးနီကလေးတပွင့်သည် ကျွန်ုပ်တို့၏ အနောက်တောင်ဘက်ဆီမှ အရှေ့ဘက်သို့ တရွေ့ရွေ့သွားလျက်ရှိရာ ဤလမ်းအတိုင်းဖြောင့်ဖြောင့်တန်းတန်းသွားမည်ဆိုလျှင် ကျွန်ုပ်တို့ဦးခေါင်းပေါ်သို့ တည့်တည့်မတ်မတ် တောင်ဘက်နားမှ ပွတ်ကပ်သွားလိမ့်မည်ဟုကျွန်ုပ်ခန့်မှန်းမိ သည်။ သို့နှင့်ကိစ္စမရှိနိုင်ဆိုကာ နေမြဲတိုင်းနေလိုက်ရာ 'ဝီဝီ ဝီဝီ'အသံသည် မြည်သည်ထက်မြည်လာသော်လည်း မီးနီပွင့်ကလေးသည် ကျွန်ုပ်တို့၏ တောင်ဘက်တတောင်ခန့်တွင် ပွတ်သီလျက် အရှေ့ဘက်သို့ ရွေ့သွားတော့သည်။ ကောင်းကင်၌ တတောင်လောက်ဟူသည်မှာ မြေပြင်ပေါ်၌ ကိုက်ပေါင်းများစွာဝေးသည်ဟု ကျွန်ုပ်နားလည်ပြီးဖြစ်သောကြောင့် ပြောပလောက်အောင်တုန်လှုပ်ခြင်းမရှိ။ လမ်းမပြောင်းပါစေနှင့်ဟူ၍သာ ဆုတောင်းမိပါတော့သည်။

တော်ပါသေး၏။ ကျွန်ုပ်မျှော်လင့်သည့်အတိုင်း မီးနီပွင့်ကလေးသည် လမ်းပြောင်းလွှဲခြင်းမရှိပဲ အရှေ့စူးစူးသို့ တရွေ့ရွေ့သွားလျက်ရှိရာ မကြာမီ အရှေ့တောင်တန်းသို့ ရောက်သွားခဲ့လေပြီ။ ကျွန်ုပ်ကား မျက်ခြည်ပြတ်မခံပဲ အနောက်ဘက်သို့ လည့်ပြန်လာခဲ့ရာ ကျွန်ုပ်၏မျက်မှန်းအရ ကျွန်ုပ်တို့ မြောက်ဘက်ဆီမှ ပွတ်ကပ်သွားလိမ့်မည်ဟုထင်မိသည်။ ဤတခေါက်တွင် မီးနီပွင့်ကလေးသည် ဖြောင့်တန်းစွာမလာပဲ တောင်ဘက်သို့တလှည့်၊ မြောက်ဘက်သို့တလှည့် ဦးလှည့်ကာ ရွေ့လာလေရာ ကျွန်ုပ်မှာ လမ်းကြောင်းလွတ်မည် မလွတ်မည်ကို ခန့်မှန်းရန် မတတ်နိုင်ပဲ ရှိတော့သည်။

မီးနီပွင့်ကလေးသည် ကျွန်ုပ်တို့၏ အရှေ့ဘက်တွင် ကောင်းကင်၌ ငါးတောင်ခန့် ကွာလှမ်းတော့သည်ထင်ရ၏။ ထိုနေရာမှ ကျွန်ုပ်တို့၏ ဦးခေါင်းပေါ် တည့်တည့်သို့ရောက်အောင် အချိန်၁၀စက္ကန့် လာကောင်းလာရပေမည်။ ယခုလမ်း ကြောင်းအတိုင်း တည့်တည့်ကြီး လာမည်ဆိုလျှင် ကျွန်ုပ်တို့၏ ဦးခေါင်းထက်သို့ ရောက်လာတော့မည် ဧကန်ဖြစ်၏။ ငါးတောင်ခန့်မှ လေးတောင်၊ ထို့နောက် သုံးတောင်မျှ ကွာလှမ်းတော့ရာ ကျွန်ုပ်သည်မီးနီပွင့်ကို

မော့်ကြည့်နေစဉ် ဖုံးကြဲချလိုက်လျှင် ကြိုကြိုတင်တင် ဖြုတ်ချရသည်ဟု ဖတ်ရဘူးသောကြောင့် ပျော်ဘွယ်ဘူတာရုံကို ဖုံးချလျှင် ယခုအချိန်၌ ဖြုတ်ချေနေတော့မည်လောဟု စူးစူးစိုက်စိုက် ကြည့်မိပါသေးသည်။ တစုံတရာမျှမမြင်ရချေ။ သို့ရာတွင် မမြင်ရသောကြောင့် ဖုံးမချဟူ၍ မဆိုနိုင်သေးရကား ရင်ထဲ၌ တဒိန်းဒိန်းလှုပ်ခုန်လျက် ရှိပါတော့သည်။ သုံးတောင်ကွာလှမ်းရာမှ နှစ်တောင်၊ ထို့နောက် တတောင်ကွာလှမ်းရာမှ ခေါင်းပေါ်သို့ တည့်တည့်ကြီးရောက်လာသည်နှင့် တပြိုင်နက် "ဗုန်း ဝုန်း ဂျုန်း"ဟူသောအသံကြီးဖြစ်ပေါ်၍ "ဟိုက်–သွားပဟ၊ သောက်ကျိုးနဲပြီ"ဟု လွှတ်ကနဲ ဆိုလိုက်မိပါသေးသည်။ သို့သော်ဘယ်ဆီကမှ ဘာမှမဖြစ်ပဲ အသံစဲသွားခဲ့သည်နှင့် အနီး၌ရှိသော အထည်သည်ကြီးအား "ဘာဖြစ်တာလဲဗျ လန့်လိုက်တာ"ဟုမေးရာ "ခင်ဗျားလန့်တာကတော်တော်၊ ကျုပ်ဖြင့်လိပ်ပြာထွက်သွားပြီတောင် ထင်လိုက်တော့တာပဲ" ဟု ပြန်ပြော၏။ စုံစမ်းကြည့်သောအခါ တွဲတတွဲတွင် မှီလျက်ထောင်ထားသော သံပြားကြီးတချပ်ကို ထိုအချိန်တွင် အလန့်တကြားဆင်းပြေးသော လူတစုက တိုက်မိသောကြောင့် လဲပြိုကျခြင်းဖြစ်သည်ဟုသိရပါတော့သည်။

## ငိုအားထက်ရယ်အားသန်

လောက၌ ရယ်စရာများနှင့် ငိုစရာများသည် တခါတရံတွင် လက်တွဲ၍ ပေါ်လာတတ်သည်ဖြစ်ရာ ငိုစရာနှင့် ကြုံရသော ကာယကံရှင်သည် ရယ်စရာကို မမြင်တတ်ပဲ နံဘေးကလူများကသာ မြင်တတ်ကြ၏။ အချို့မှာ ငိုစရာကြုံခိုက်တွင် ရယ်စရာကို လုံးဝမမြင်တတ်၊ အချို့လည်း မြင်တတ်၏။ ငိုစရာကြုံရဆဲတွင် ရယ်ရန်မဖြစ်နိုင်စေကာမူ ရယ်စရာဟူ၍ လှမ်းမြင်နိုင်သော လူများသည် လူတော်များဖြစ်ကြသည်ဟု ဆိုရမည်ထင်သည်။

ပျော်ဘွယ်ဘူတာ၌ လေယာဉ်ပျံသွားပြီး၍ စက်ခေါင်းကိုမီးထိုးပြီး မီးရထား ထွက်တော့မည်ပြုရာတွင် ခရီးသည်များသည် ကိုယ့်တွဲသို့ကိုယ် အသီးသီး ရောက် ကြသော်လည်း ဘဖ၏ညီ ချစ်ဆွေတယောက်ကားမရောက်လာသေးချေ။ ဘဖသည် တွဲပေါ်မှ တကြော်ကြော်ဟစ်ခေါ်လျက်ရှိ၏။ သို့သော်ချစ်ဆွေကား မပေါ်လာချေ။ ဤတွင်ဘဖသည် အလွန်စိတ်ပူလာ၍ တွဲပေါ်မှ ခုန်ဆင်းပြီးလျှင် မီးရထားနံဘေးမှ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ "ချစ်ဆွေရေ၊ ဟေ့ ချစ်ဆွေ ချစ်ဆွေရေ"ဟု ခေါင်းမှအမြီးရောက်အောင် အသွားအပြန် ဟစ်ခေါ်လျက်ရှိ၏။ ကျွန်ုပ်ရှိသော တွဲအနီးသို့ရောက်သောအခါ၌မူ "တယ်ဝွကျတာတဲ့ ကောင်ကလေးကိုး၊ ဘယ်ဆီ များ လျှောက်သွားနေပါလိမ့်၊ ခက်လိုက်တာဗျာ" စသည်ဖြင့် ညည်းသေး၏။ ဤနည်းဖြင့်နှစ်ခေါက်သုံးခေါက် လျှောက်၍ ဟစ်ခေါ်ပြီး လတ်သော် ဘဖ၏ ညည်းညူခြင်းများသည် ကျွန်ုပ်၏နားထဲ၌ ရယ်စရာတခုထင်လာတော့၏။ "ဟေ့ ကောင် လာပါလိမ့်မယ်ကွာ၊ ငယ်တဲ့ကလေးမှမဟုတ်ပဲ၊ ဒီလောက် ဟစ်ခေါ် မနေပါနဲ့" ဟု ကျွန်ုပ်ကပြောသော်လည်း ဘဖက "ဝွကျလိုက်တာ အကိုကြီးရာ၊ ဘယ်ဆီထိအောင်များ သွားပုန်းပါလိမ့်၊ ခုတောင်ပေါ်မလာသေးဘူး၊ ချစ်ဆွေရေ၊ ဟေ့ ချစ်ဆွေ"ဟု ဆက်လက်ဟစ်ခေါ်ပြန်လေရာ ကျွန်ုပ်မှာ အူယား လာသဖြင့် အသံထွက်၍ ရယ်မိမည်စိုးသောကြောင့် အတော်ချုပ်ထားရ၏။

ဘဖနှင့် ချစ်ဆွေမှာ ညီအစ်ကိုအရင်းဖြစ်၍ ကျွန်ုပ်နှင့်ကား ဝမ်းကွဲမျှသာ တော်ကြသည်မှန်၏။ သို့ရာတွင် ကျွန်ုပ်အဖို့မှာမူ ညီအစ်ကိုအရင်းပင် ဖြစ်စေဦး တော့၊ အသက် ၂၀ ကျော်ပြီဖြစ်သော ယောကျ်ားကလေးတယောက်အတွက် ဤ အခြေအနေမျိုး၌ ဘဖကဲ့သို့ သောကရောက်လိမ့်မည် မဟုတ်ချေ။ လေယာဉ်ပျံ ကဖုံးချခဲ့သည်လည်း မဟုတ်သောကြောင့် စိုးရိမ်ကြီးစရာမရှိ၊ တတွဲတွဲသို့ တက်လိုက်ခဲ့လိမ့်မည်။ သို့မဟုတ်လျှင်လည်း တနည်းနည်းနှင့် ဝက်လက်သို့ ပြန်သွားနိုင်လောက်သည်ဟု တွက်ယူလိမ့်မည်ဖြစ်လေသည်။

## ကြောက်အားကြီးသောချစ်ဆွေ

ဘဇံတို့အဖို့ ကံကောင်းသည်မှာ မီးရထားစက်ခေါင်းသည် 'မီးပေါင်' မပြည့်သေးသောကြောင့် လေးငါးခေါက်မျှ ခေါက်တုံ့ခေါက်ပြန် ဘဇံလျှောက်ပြီးသည့်တိုင်အောင် ချစ်ဆွေမပေါ်လာသေးသော်လည်း မီးရထားမထွက်သေးချေ။ "ချစ်ဆွေရေ၊ ဟေ့ချစ်ဆွေ၊ ဘယ်ကလဲဟ၊ သေနေပြီလားဟ' စသည်ဖြင့်ဘဇံက ဆူလျက်ရှိရာ အခြားခရီးသည်များလည်း ရယ်ကုန်ကြပြီထင်သည်။ နောက်ဆုံးတွင်မှ မီးရထားအမြီးဘက်ဆီမှ "ခင်ဗျာ"ဟူသော အသံကလေး သဲ့သဲ့ကြားလိုက်ရ၍ မောကြီးပန်းကြီးနှင့်ပြေးလာသော ချစ်ဆွေကိုမြင်ကြရသည်။ "တယ်ငါ လုပ်လိုက်ရကွာ"ဟု ဘဇံက လက်သီးနှင့်ရွယ်လိုက်သဖြင့် ကျွန်ုပ်ကဟန့်တားလိုက်ရပြီး "ဟဲ့ကောင်လေးဘယ်ဆီပျောက် နေတာလဲ" ဟုမေးရာ လေယာဉ်ပျံလာသည်ဆိုကတည်းက မီးရထားလမ်းအတိုင်း တန်းပြေးပြီး ရေအိုင်တခုတွေ့၍ ဆင်းငုပ်နေကြောင်း၊ မိမိအား ဟစ်ခေါ်သံများကို လုံးဝမကြားမိကြောင်းပြော၍ ကျွန်ုပ်က "ဘယ်လောက်ဝေးဝေးပြေးသနည်း"ဟု မေးရာ ကြေးနန်းဆယ်ခန်း (မိုင်တဝက်)လောက်ဝေးကြောင်းပြောသည်နှင့် "ဝက်လက်ထိအောင် ပြန်မပြေးပဲ ကိုးကွ"ဟု ပြောလိုက်ရသေးသည်။ ထိုခေတ်က မီးရထားထုံးစံအတိုင်း နေ့တွင် နား၍ ညတွင်ခုတ်ခြင်းအားဖြင့် နှစ်ရက်မြောက်သောညတွင် ရန်ကုန်သို့ ဆိုက်ရောက်ကြလေ၏။

## ခြားနားချက်တခုတွေ့ရပုံ

ဤတခေါက်တွင် မည်သူ့အိမ်မျှ မတည်းပဲ ကျုံးကြီးလမ်း တရုတ်ဟိုတယ်တခု၌ တည်းခိုကြပြီးလျှင် နံနက်တွင် ဆေးဆိုင်များကို စုံစမ်းကြည့်ကြ၏။ ရန်ကုန်မြို့သည် ယခင်တခေါက်ကထက် စည်ကားသည်မှန်သော်လည်း ဆေးဆိုင်များ

မူကား ပြန်၍မဝင်ကြသေးချေ။ စုံစမ်းကြည့်သောအခါ ကျွန်ုပ်၌ပါသော ဆေးလုံး ဆေးပြားများကို သထုံမြို့၌ လိုလျက်ရှိသည်ဟု တယောက်ကပြော၏။ ဘဇံက လည်း (မည်သည့်ပစ္စည်းမျိုးကိုလိုချင်သည်ဟူ၍ ကျွန်ုပ်မေ့နေပြီ။) သထုံမြို့၌ ရှိတတ်သည်ဟု သတင်းကြားသည်နှင့် သထုံသို့သွားကြဖို့ ဆုံးဖြတ်ကြ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သုံးယောက်သည် မီးရထားနှင့် လိုက်သွားကြ၍ တပို့တွဲ လပြည့် နေ့နံနက်စောစောတွင် ကျိုက်ထိုဘူတာသို့ ဆိုက်ရောက်ကြလေ၏။ မိုးလင်းပြီဖြစ် ၍မီးရထားဆက်လက် မခုတ်သောကြောင့် ဤဘူတာ၌ ဆင်းကြ ရသည်။ ဤနေရာ၌ ကျွန်ုပ်အဖို့ အလွန်အံ့သြမိသော အခြင်းအရာတခု ကြုံတွေ့ရခြင်းကို ဖော်ပြရဦးမည်။

ဆိုင်ကလေးတဆိုင်၌ တည်ခင်းထားသည့် အသီးအနှံများအနက်တွင် ဝါဝါ ဝင်း၍ ကွမ်းသီးလုံးပမာဏရှိသော သစ်သီးများကိုမြင်ရ၍ 'မရမ်းသီးမှည့်'နှင့် တူလေခြင်းဟု ကျွန်ုပ်တွေးဆမိ၏။ အနီးသို့ချဉ်းကပ်ကြည့်သောအခါ မရမ်းသီး မှည့်များပင် ဖြစ်နေကြောင်း တွေ့ရသဖြင့် အံ့သြမိပါသည်။ မရမ်းသီး မှည့်ထင်ပြီးမှ မရမ်းသီးမှည့်ပင် ဖြစ်နေပါလျက် အဘယ့်ကြောင့်အံ့သြရပါ သနည်းဟု မေးဖွယ်ရာရှိ၏။ ကျွန်ုပ်တို့ အထက်မြန်မာပြည်တွင် မရမ်းသီး ဟူသည်မှာ တပေါင်းလတိုင်ရောက်မှ 'အကင်း'ကလေးများလောက်သာ ပေါ်သေး၍ ထောင်းစား ရန်အတွက် ဖိုးကြီးရင်းထိုက်ပေးပြီး ဝယ်ယူကြရလေရာ 'အမှည့်' များပင် ရောင်းလျက်ရှိသောကြောင့် အံ့သြရခြင်းဖြစ်ပါသည်။ ဤဒေသနှင့် အထက်ဗမာပြည်မှာ တပြည်တည်းဖြစ်ပါလျက် တပြည်စီတည်ရှိသည့်နယ် ခြားနား ခြင်းရှိသည်ဟု အမှတ်ပြုခဲ့မိရာ အလားတူခြားနားခြင်းရှိသော အခြားအချက် ကလေးများကိုလည်း သက်ဆိုင်ရာ နေရာတွင် ဖော်ပြရပါဦးမည်။

## ကောင်းသည်ထင်သောစံနစ်တခု

ကျွန်ုပ်တို့သည် ဤဘူတာမှ သထုံသို့ရောက်အောင် ဘတ်စ်ကားဖြင့် ဆက်လက်သွားကြ၍ သထုံသို့ရောက်သောအခါ နံနက်စာ စားချိန်တိုင် ရောက်နေလေပြီ။ သထုံမြို့တွင် ယခင်က ကျွန်ုပ်တည်းခိုခဲ့ဘူးသည့် တူ (နှမ၏သား) ဖိုးထူး၏အိမ်၌ တည်းခိုကြရန် ရည်မှန်းထားသော်လည်း တရုတ်ထမင်းဆိုင်သို့ ရှေးဦးစွာဝင်ကြလေသည်။ ကျွန်ုပ်၏ဝါသနာတခုမှာ မည်သူ့အိမ်၌ တည်းခိုရသည် ဖြစ်စေ ကြိုတင်အကြောင်းကြားထားခြင်းမရှိခဲ့လျှင် ယုတ်စွအဆုံး ပထမ ထမင်းတနပ်အတွက် အိမ်ရှင်မကို ဒုက္ခမပေးချင်သောကြောင့် ထမင်းဆိုင်၌ စားတတ်သည်ဖြစ်ရာ ဤအပြုအမူသည် ကောင်းသော အပြုအမူတခု ဖြစ်သည်ဟု အထပ်ထပ်သဘောကျခဲ့ပါသည်။ အိမ်ရှင်များက "ကျွန်တော်တို့ ရှိလျက်သားနှင့် ထမင်းဆိုင်မှာစားခဲ့တာ အံ့ဩပါရဲ့"ဟု လောကွတ်စကား ပြောတတ်ကြသော်လည်း ကြိုတင်အကြောင်းကြားခြင်းမရှိပဲ ထမင်းစားချိန်၌ ဆိုက်ရောက်သွားသော ဧည့်သည်အတွက် အိမ်ရှင်မအဖို့တွင် ဘယ်မျှလောက်စိတ်ဒုက္ခရောက်ရသည်ကို ကျွန်ုပ်ကောင်းကောင်းကြီးရိပ်မိသည်။ မိမိ၌ ကုန်ကျရသော ထမင်းဖိုးသည် အိမ်ရှင်မအား ရုတ်တရက် ရှာဖွေချက်ပြုတ်ရ သောဒုက္ခမှ လွတ်ငြိမ်းစေသဖြင့် ကောင်းကောင်းကြီး ကာမိသည်ဟု ကျွန်ုပ်ယူဆ သည်။ သားသမီးနှင့် မိဘများမှတပါး (ညီအစ်ကိုမောင်နှမ အရင်းပင်ဖြစ်စေ) ကျွန်ုပ်၏စံနစ်သည် အကောင်းဆုံးဖြစ်သည်ဟု ယနေ့တိုင်ယုံကြည်လျက်ပင်ရှိ သည်။ အချို့ပစ္စည်းများကို တည်းအိမ်သို့ ပို့ထားပြီးမှ တဖန်ထွက်၍စားမည် ကြံတတ်ကြ၏။ သို့ဆိုပါက အိမ်သို့ရောက်ပြီးကာမှ ထွက်၍စားခြင်းကို အိမ်ရှင်က စိမ်းကားရာကျမည်ဖြစ်သောကြောင့် အတင်းတားရတော့သည်ဖြစ်ရာ ဤသို့သော ဧည့်သည်မျိုးသည် အားနာချင်ယောင် ဆောင်ခြင်းမျှသာ ဖြစ်သောကြောင့် ကျွန်ုပ်၏စိတ်နှင့် မတွေ့လှချေ။ အိမ်ရှင်မကို ဒုက္ခမပေးချင်လျှင် အဘယ့်ကြောင့် တခါတည်းကိစ္စပြီးအောင်

မလုပ်ခဲ့သနည်း။ ကျွန်ုပ်ကိုယ်တိုင်မှာ မိတ်ဆွေပေါ်များ သူတယောက် မဟုတ်သော်ငြားလည်း အလိုက်မသိတတ်သော ဧည့်သည်တယောက် ဟူ၍ကား မည်သည့် အိမ်ရှင်ကမှ စွပ်စွဲနိုင်ကြသည် မထင်ပါ။ မကြည်သာဘူးဆိုလျှင် ချက်ချင်းသိတတ်၍ ချက်ချင်းပြောင်းပြေးတတ်သူ တယောက်ဖြစ်ပါသည်။

## ဒုတိယခြားနားချက်

တရုတ်ထမင်းဆိုင်တွင် ကျွန်ုပ်တို့သုံးယောက်သည် ဗုံးတွေအကြား၌ စွန့်စားသွားကြရသူများဖြစ်၍ ဝမ်းကလေးတော့ ကောင်းကောင်း စားထိုက်သည်ဆို ကာ ကောင်းပေ့ဆိုသော စားစရာများကို မှာယူစားသောက်ကြ၏။ ဘဲကင်တခြမ်း၊ တောက်တောက်ကြော်၊ အစိမ်းကြော်၊ ၁၂ မျိုးဟင်းချို၊ အသည်းကင်၊ ဝက်သားကင်၊ ဝက်အူချောင်းစသော ဟင်းကောင်းများပါရှိ၏။ စာရင်းရှင်းသော အခါ၌ အားလုံးအတွက်မှ ခြောက်ကျပ်သာ ကျသင့်သောကြောင့် အံ့အားသင့်နေ ကြ၏။ မန္တလေး၌ဆိုလျှင် ထိုအချိန်က ဘဲကင်တကောင်ခုနစ်ကျပ်နှုန်းဖြစ်နေရာ ဤနေရာ၌ တကောင်သုံးကျပ်၊ တခြမ်း တကျပ်–ရှစ်ပဲသာ ပေးရ၍ ၁၅ကျပ်လောက် ကျမည့်ထမင်းပွဲကို ခြောက်ကျပ်မျှသာ ပေးခဲ့ရလေသည်။ ဤအခြင်းအရာကို ထောက်သဖြင့်လည်း ဤဒေသနှင့် အညာဒေသမှာ တပြည်တနိုင်ငံစီ တည့်နေ သည့်နှယ် အံ့ဖွယ်ရာ ခြားနားလှသည်ဟု အမှတ်ပြုခဲ့ရပေသည်။

## ဘဝဟောင်းကိုနမြောခြင်း

ဖိုးထူး၏နေအိမ်သို့ ရောက်သွားကြသောအခါ ဖိုးထူး၏ဖခင် (ကျွန်ုပ်၏ ယောက်ဖ) နှင့် သမီးကလေးများသည် ဖိုးထူး၏အိမ်သို့ ရောက်နေကြခြင်းကို တွေ့ရ၏။ မန္တလေးမြို့၌ သူတို့၏အိမ်တွင် ကျွန်ုပ်တို့လင်မယား တည်းခိုကြ

ကတည်းက မတွေ့ရတော့ပဲ ယခုမှပင် တွေ့ကြရခြင်းဖြစ်၏။ "ထမင်းစားခဲ့ ကြပြီလား" ဟုမေး၍ စားခဲ့ပြီးကြောင်း ပြောခြင်းအားဖြင့် စိတ်သက်သာခွင့် ပေးလိုက်၏။ ထိုအိမ်တွင် ယောက်ဖ၏မြေးကလေးများ (ကျွန်ုပ်နှင့်လည်း မြေး တော်ပါသည်။) ကျောက်ပေါက်လျက်ရှိကြခြင်းကို တွေ့ရ၍ ကျွန်ုပ်တို့ ထမင်းစား ခဲ့သည်မှာ အဆင်သင့်လှသည်ဟု ကျွန်ုပ်သတိရသေးသည်။ ထို့နောက် ကျွန်ုပ် သည် ဆေးဝယ်မည့်သူများစုံစမ်းရန်အတွက် ဖိုးထူးကိုခေါ်သွားရာ သွားခါနီးတွင် ညစာအတွက် ကျွန်ုပ်တို့အတွက် မချက်ကြရန်ကိုလည်း ပြောခဲ့ဖို့ သတိမမေ့ချေ။ စုံစမ်းကြသောအခါ သထုံမြို့တွင် ယခင်တလောက ဆေးများလို ဘူးသည် မှန်သော်လည်း ယခုမှာ ဆေးဆိုင်အလွန်နည်း၍ ဆရာဝန်များလည်း မရှိသလောက် ဖြစ်နေကြောင်း တွေ့ရ၏။ ကျွန်ုပ်၏တူဖိုးထူးမှာလည်း သာမန်ဈေးသည်ကလေး တယောက်မျှသာဖြစ်၍ နံ့စပ်ရေလည်သော လူငယ်တယောက်မဟုတ်လှချေ။ သို့ဖြစ်ရကား ကျွန်ုပ်၏ဆေးပြားကလေးများရောင်းဖို့ မျှော်လင့်ချက်မှာ ရေဖြစ်၍ သွားခဲ့လေပြီ။ နေ့လယ်ခင်း၌ ကျွန်ုပ်သည် ဖိုးထူး၏နေအိမ် အောက်ထပ်သို့ ဆင်း၍ လွန်ခဲ့သည့် နှစ်နှစ်ခန့်က 'ရှောလမုန်သိုက်'ဝတ္ထုကို ဘာသာပြန်ခဲ့သော နေရာကလေးကိုကြည့်မိသေး၏။ စာရေးဆရာဘဝမှ 'နယ်လှည့်ဆေးကုန်သည်' ဘဝသို့ ရောက်နေရခြင်းကို သတိရ၍ ဝမ်းနည်းသလိုလို ဖြစ်မိသေး၏။ ဟိုတုန်း ကဆိုလျှင် ငွေလိုချင်ပါက ဖိ၍ အလုပ်လုပ်လိုက်လျှင် ရနိုင်သောအဖြစ်၌ရှိခဲ့ရာ ယခုမှာ ဗုံးတွေကြားထဲ လျှောက်သွားနေရပါလျက် ဘယ်နေရာ ဘယ်ဌာနမှ ရောင်းရမည်မသိအောင် ဖြစ်နေသဖြင့် အားလျော့သလိုဖြစ်ခဲ့မိပါသည်။ သို့ရာတွင် ကျွန်ုပ်သည် အားလျှော့သောစိတ်မျိုးကို ကြာရှည်အောင် လက်ခံသည့် ဝါသနာ မရှိသည့်အတိုင်း ချက်ချင်းပင်နှင်ထုတ်နိုင်ခဲ့ပါသည်။ နောက်ဆုံး၌ ကျွန်ုပ်တို့သည် ဖိုးထူး၏အိမ်တွင် တညအိပ်ပြီး နက်ဖြန်နံနက်တွင် ဘတ်စ်ကားနှင့် မော်လမြိုင် သို့ဆက်လက်သွားကြ ရန်ဆုံးဖြတ်လိုက်၏။ ကျွန်ုပ်၏ညီဘဇံမှာ ကုန်ရောင်းရန် လာခြင်းမဟုတ်၊ ကုန်ဝယ်ရန် သက်သက်လာခြင်းဖြစ်သောကြောင့် ရောက်လေရာ

အရပ်တွင် သင့်တော်သော ကုန်စည်များအကြောင်းကို မေးမြန်းစုံစမ်းလျက်ရှိရာ မော်လမြိုင်မြို့သို့ သွားဖို့ကိုလည်း သွက်လက်စွာသဘောတူလေသည်။

ထိုညဥ့်၌ ကျွန်ုပ်တို့သည် ဖိုးထူး၏အိမ်၌ တညအိပ်ကြရလေရာ အချို့လူများနှင့် မတူသော ကျွန်ုပ်၏ဝါသနာတခုကို ဖော်ပြရပါဦးမည်။ အချို့လူများသည် ကူးစက်တတ်သော ရောဂါကိုမကြောက်လှ၊ ဖုံးကြလေယာဉ်ပျံ များကိုသာ ကြောက်တတ်ကြ၏။ ကျွန်ုပ်မူကား ဖုံးကြလေယာဉ်ပျံထက် ကူးစက်တတ်သော ရောဂါကိုပို၍ကြောက်၏။ လေယာဉ်ပျံဟူသည်မှာ လာခိုက်ကလေးတွင် ရှိန်းကနဲ လန့်ရ၍ ပြန်သွားသောအခါတွင် ပြေပျောက်သွား၏။ ကူးစက်တတ်သော ရောဂါမျိုးဟူသည်မှာကား တစိမ့်စိမ့်နှင့် ကြာရှည်စွာ ရွံ့နေရ၏။ ဘာသံမှလည်းမကြားရ၊ ဘယ်ကလာမည်ဟူ၍လည်း မသိနိုင်ချေ။ ထိုအိမ်တွင် ကျွန်ုပ်အိပ်ရသောညဥ့်၌ ဘဖတို့ညီအစ်ကိုမှာ တရှူးရှူးနှင့် အိပ်ကြသော်လည်း ကျွန်ုပ်မှာမူ ကျောက်ပေါက်သော မြေးကလေးများနှင့် အခန်းချင်းကပ်၍ အိပ်ရသောကြောင့် တကိုယ်လုံး၌ ဟိုကယားသလိုလို၊ သည်ကယားသလိုလိုဖြင့် တော်တော်နှင့် အိပ်မပျော်နိုင်အောင် ရှိပါတော့သည်။ ကျွန်ုပ်ဆုံးဖြတ်ချက်ချမိသည်မှာကား ကျွန်ုပ်၏ဆေးများကို နောက်တညစောင့်လျှင် အားလုံးကုန်ကြိုက်ဈေးပေး၍ ဝယ်ပါမည်ဟု ပြောသူရှိလျှင်လည်း ဤအိမ်၌ တညမအိပ်တော့ဟု အောက်မေ့မိပါသည်။ နောက်တနေ့တွင် ကျွန်ုပ်တို့သုံးယောက်သည် မော်လမြိုင်သို့ဘတ်စ်ကားနှင့် လိုက်သွားကြလေ၏။

## မရောင်းရချင်နေစေ

ကျွန်ုပ်သည် မင်းကြီး၏တောလိုက်စာရေး လုပ်ခဲ့စဉ်က မြန်မာပြည်အတွင်း အတော်နံ့အောင် ရောက်ခဲ့သော်လည်း တနင်္သာရီတိုင်းတခု ကျန်နေသဖြင့် မော်လမြိုင်သို့ ရောက်ရမည့်အတွက် မျှော်လင့်ချက်တခုနှင့် လာခဲ့ခြင်းဖြစ်လေ

သည်။ မုတ္တမဘက်မှ မော်လမြိုင်ဘက်သို့ သမ္ဗန်နှင့်ကူးကြပြီးနောက် ကျွန်ုပ်တို့သည် တရုတ်ဟိုတယ်တခု၌ တည်းခိုကြ၍ ဘဖဲသည် သူတွေ့သော ပစ္စည်းများ အနက်မှ ရောင်း၍စွံမည့်ပစ္စည်းမျိုးကို ရွေးချယ်ဝယ်ယူရာ အထုပ်လေးထုပ် ဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်၏ညီ ဘဖဲကား အတော်မျက်စိတတ် သောဈေးသည် တယောက်ဖြစ်၏။ ဘာပစ္စည်းမဆို သူတွေ့ခဲ့လျှင် ရောင်းမရောင်း၊ အဖိုး မည်၍မည်မျှ ဆိုသည်ကိုမေးမြန်းစုံစမ်းလိုက်သည်ချည်းဖြစ်၏။ ထို့ကြောင့်လည်း သူ့မှာ ဂျပန်ခေတ်အတွင်းက အတော်ကလေး စီးပွားဖြစ်ခဲ့ရာ လောင်းကစား ဝါသနာကြောင့် ပစ္စည်းအဖက်မတင်ပဲ ဖြစ်ခဲ့ရလေသည်။ ကျွန်ုပ်တို့သည် မော်လမြိုင်သို့ ရောက်ကြဘူးသူများ မဟုတ်သည့်အလျောက် အတော်နံ့အောင် လည်ပတ်ခဲ့ကြရာ ကျွန်ုပ်အဖို့၌ စိတ်အဝင်စားဆုံးသော အခြင်းအရာတခုမှာ ကမ်းခြေ၌ပြုလုပ်ထားသည့် စကြံရှည်ကြီးပေတည်း။ ကျွန်ုပ်မှာ ဤအရာမျိုးရှိသော မြို့သို့မရောက်ဘူးသည်နှင့် ညနေခင်းတွင် စကြံနိကို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ မဝနိုင်အောင် ရှိပါတော့သည်။ ဘဖဲအဖို့ကား ပစ္စည်းများရပါ၏။ ကျွန်ုပ်အဖို့မူကား ဆေးများဝယ်မည့်သူ တယောက်မျှ မတွေ့ရပါ။ သို့ရာတွင် ကျွန်ုပ်သည်မူလကတည်းက မျှော်လင့်ကြီးမျှော်လင့်ခဲ့သူ မဟုတ်သောကြောင့် မရောင်းရခြင်းတွက်စိတ်မပျက်လှ။ မရောက်ပဲကျန်နေသည့် မြို့တမြို့သို့ ရောက်ရ သည်ဆိုရုံနှင့်ပင် ကျေနပ်နိုင်သူဖြစ်ပါသည်။ ဘဖဲကမူ ကျွန်ုပ်အကြောင်းကို ကောင်းကောင်းမသိသဖြင့် ကျွန်ုပ်ကိုသနားပုံရသည်။ အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်သည်ဒုတိယတခေါက်၌ ဖုံးတွေကျ၍ ခြောက်ကပ်သော ရန်ကုန်ကို တွေ့လိုက်ရကတည်းက ပထမတခေါက်ကကဲ့သို့ အမြတ်ကြီးမြတ်ဖို့ မျှော်လင့် ချက်ကို တခါတည်း စွန့်လွှတ်လိုက်ပြီဖြစ်ရာ တတိယတခေါက်လာခဲ့ခြင်းမှာ ကျွန်ုပ်အမြတ်ရဖို့ထက် ဆွေမျိုးများနှင့် မိတ်ဆွေများ စိတ်ကျေနပ်မှုအတွက်မျှ လောက်သာ သဘောထားလျက်ရှိပါတော့သည်။ တကြောင်းမှာလည်း မန်ကျည်းတုံ

၌ စားရသောက်ရခြင်းထက် ဟိုတယ်တွေ လျှောက်ပြီးတည်းခိုစားသောက်ခြင်းသည် ကျေနပ်စရာကောင်းသည်ဟု သဘောထားတတ်သူဖြစ်ပါသည်။

## မကြုံဘူးသောအခြေအနေ

မော်လမြိုင်က ဟိုတယ်မှာ သထုံကဆိုင်ကဲ့သို့ ဈေးနှုန်းမချောင်လှစေကာမူ မန္တလေးနှင့် နှိုင်းစာလျှင်အလွန်သက်သာပါသေးသည်။ အမှန်မှာ သထုံနှင့်မန္တလေး တို့၏ အလယ်ကြားတွင် ရှိသည်ဟုဆိုရပေမည်။ ကျွန်ုပ်မှာ ကောင်းကောင်းမြိန်မြိန် စားရသောက်ရခြင်းသည်သာ အမြတ်ဟုသဘောထားကာ အကောင်းဆုံးသော စားစရာများကို ဝဝကြီးမှာယူစားသောက်ကြပြီးနောက် စကားတပြောပြောနှင့် ဆယ်နာရီခန့်တိုင်အောင် ထိုင်နေပြီးမှ အိပ်ရာသို့ဝင်ကြ၏။ ဟိုတယ်ဟု ခေါ်ရသော်လည်း အိပ်ရာနေရာများမှာ သန့်သန့်ရှင်းရှင်းကြီး မဟုတ်လှ၊ သင့်တင့်ရုံမျှသာ ရှိပါသည်။ သို့ရာတွင် ထိုအချိန်ကမူ တရုတ်ပြည်၌ ခမ်းနားသော ဟိုတယ်ကြီးများသို့ လှည့်လည်တည်းခိုရဘူးသေးသည် မဟုတ်သောကြောင့် စိတ် ကြည်နူးခြင်းမှတပါး ဘာမျှမရှိချေ။ မည်သည့်နည်းမဆို မန်ကျည်းတုံ့ရှိဖခင်၏ အိမ်ခန်းကလေးနှင့်နှိုင်းလျှင် အပြောင်းအလဲသဘောနှင့် ကျေနပ်နိုင်သူဖြစ်ပါသည်။ အိပ်ရာသို့ဝင်ကြ၍ ဘာမျှမကြာသေးမီ လေကြောင်းအချက်ပေး ဥသြဆွဲလေရာ ကျွန်ုပ်မှတပါး ဘဖတို့နှင့် အိမ်သားများသည် အလူးအလဲထ၍ ပြူးတူးပြဲတဲ ဖြစ်ကုန်ကြလေပြီ။ ဤဟိုတယ်၌ဌင်းညဥ့်တွင် ကျွန်ုပ်တို့သုံးယောက်မှတပါး အခြားဧည့်သည် မရှိချေ။

ကျွန်ုပ်သည် အိပ်ရာမှထ၍ အောက်ထပ်သို့ဆင်းလာသောအခါ ဘဖတို့ ညီအစ်ကိုလည်းမတွေ့၊ ဆိုင်ရှင်များလည်းမတွေ့သည်နှင့် နောက်ဖေးဘက်သို့ ထွက်လာခဲ့၏။ ထိုအခါ တရုတ်မတယောက်သည် ကလေးတယောက်ကို လက်ဆွဲကာ ကလေးတယောက်ကိုချီလျက် မှုန်တီမှုန်မွှားရှိသော မီးရောင်တွင်

ကျွန်ုပ်ဘက်သို့ပြေးလာ၍ ကျွန်ုပ်ကိုဝင်တိုက်မိ၏။ ဤတွင်မှ “ လာ လာ ဆရာကြီး၊ တီမှာ ဖုံးကျင်းရှိ တယ်”ဟု ပြောကာကျွန်ုပ်ကိုခေါ်သွား၏။ ကျွန်ုပ်တို့သည်ထင်းပုံများအကြားမှ လျှောက်သွားကြ၍ ကမ်းပါးထိပ်သို့ ရောက်သောအခါဖုံးကျင်းထဲသို့ထည့်ပေးလိုက်၏။ ကျွန်ုပ်သည်ထုံးစံအတိုင်း ကျင်းဝတွင်ထိုင်လျက် ကောင်းကင်သို့ကြည့်နေ၏။ လေယာဉ်ပျံများကား ကောင်းကင်သို့ရောက်နေကြ၍ တဝီဝီနှင့်လှည့်လည် ပျံသန်းလျက်ရှိကြလေပြီ။ တခဏကြာလတ်သော် “ဝုန်း၊အုန်း၊အုန်း၊အုန်း”မြည် သောအသံကြီးနှင့် ဖုံးတလုံးကျလာရာ ဖုံးသည် ကမ်းနားတလျှောက်သို့ ချခြင်းဖြစ်၍ ကျွန်ုပ်တို့နှင့်မဝေးလှခြင်းကိုမြင်ရ၏။ နောက်တခဏ၌ တရုတ်မသည် ကြောက်ရှာသည့် လက္ခဏာနှင့် သူ၏ကလေးနှစ်ယောက်ကို ကျွန်ုပ်၏ရင်ခွင်ထဲသို့ တွန်းထိုးထည့်သွင်းပြီး ကျွန်ုပ်အားဖုံးကျင်းထဲသို့ဆွဲခေါ်၏။ ဖြစ်ရပုံမှာ ဖုံးကျင်းထဲ၌ တယောက်တည်းလည်းမနေဝံ့၊ ကျွန်ုပ်နှင့်အတူဖုံးကျင်းပေါ်၌လည်း မနေဝံ့ဖြစ်နေရှာ၏။ သို့ဖြစ်၍ကျွန်ုပ်သည် ကလေးအငယ်ကို သူ့လက်သို့ပေးပြီး ကလေးအကြီးကိုလက်ဆွဲလျက် တရုတ်မနှင့် အတူ ဖုံးကျင်းထဲသို့ ဆင်းရတော့သည်။ ဖုံးများသည် ၁၀ စက္ကန့်လောက်တွင်တလုံး၊ ၁၅ စက္ကန့်လောက်တွင်တလုံး ဆက်ကာဆက်ကာ ကျလေရာ တရုတ်မသည် ဖုံးသံတချက်ကြားတိုင်း ကလေးရောသူပါ ကျွန်ုပ်၏ရင်ခွင်ထဲသို့ ပစ်လှဲ၍ တွန့်ကနဲ တွန့်ကနဲ ဖြစ်သွားခြင်း ကို ကျွန်ုပ်သိရသည်။ ကျွန်ုပ်ကား မည်သို့မျှမရှိခြင်းမှန်ပါသည်။ သို့ရာတွင် သူ့ယောကျ်ားမြင်လျှင် မည်သို့များရှိချေမည်နည်းဟူသော စိတ်ကူးကား ဖြစ်ပေါ်လာပါသည်။

## ကျေးဇူးတင်ခံရပုံ

နာရီဝက်ခန့်ကြာသောအခါ လေယာဉ်ပျံများ ပြန်သွား၍ ကျွန်ုပ်တို့သည် ဟိုတယ်ထဲသို့ ပြန်ဝင်ပြီး မီးများဖွင့်လိုက်သည်တွင်မှ ဘဖုညီအစ်ကိုနှင့် ဟိုတယ် အလုပ်သမား တရုတ်များဝင်လာကြသည်။ ဖြစ်ပုံမှာ ကျွန်ုပ်တို့အိပ်ရာသို့ ဝင်ကြသောအချိန်တွင် ဟိုတယ်ရှင်သည် မာရကျောင်း(ဖဲဝိုင်း)သို့သွား၍ အလုပ် သမားများလည်း ခဏတဖြုတ် ထွက်၍လည်ကြရာ ဘဖုညီအစ်ကိုမူကား ကမ်းနားသို့ ဆင်းပြေးကြသည်ဆို၏။ စင်စစ်မှာဘဖုသည် ကမ်းနားသို့ သူ့ညီ ချစ်ဆွေကြောင့် လိုက်ရခြင်းဖြစ်ရာ ချစ်ဆွေသည် လေယာဉ်ပျံလာတိုင်း (ပျော်ဘွယ် ဘူတာမှာကဲ့သို့) ရေထဲတွင် ငုပ်လျှိုးနေရမှ လုံခြုံသည်ဟု ထင်တတ်သော ဝါသနာအတိုင်း ရေအောင်းတွင် ငုတ်လာခဲ့သည်နှင့် သူ၏အဝတ်များ ရွှဲရွှဲစိုလျက် ရှိလေသည်။ ချစ်ဆွေ၏လုပ်ပုံကြောင့် ကျွန်ုပ်မှာဒုတိယ အကြိမ်ရယ်ခဲ့ရပြန်ပါ သေးသည်။ ထိုအတောအတွင်းတရုတ်မသည် ကျွန်ုပ်အား မေးငေါ့ကာငေါ့ကာဖြင့် သူ့ယောက်ျားအား တရုတ်လိုပြောလျက်ရှိရာ မာရကျောင်းဝိုင်းမှ ပြေးလာခဲ့ရသည့် သူ့ယောက်ျားက ကျွန်ုပ်ကိုကြည့်ပုံမှာလည်း ကျေးဇူးတင်သည့် အမူအရာပင် ဖြစ်သည်။ တရုတ်မသည် ကျွန်ုပ်၏စောင့်ရှောက် ကူညီခြင်းအကြောင်းကို ပြောပြဟန်ရှိသော်လည်း ကျွန်ုပ်၏ရင်ခွင်ထဲသို့ လှဲ၍အိပ် ခြင်းအကြောင်းကိုမူ ပြောပြပုံမရချေ။ အဘယ့်ကြောင့်ဆိုသော ဆိုင်ရှင်ပေါက်ဖော် သည် တရုတ်မ၏ စကားအဆုံး၌ ကျွန်ုပ်ထံသို့လာ၍ ကျေးဇူးတင်ကြောင်းပြောပြီးလျှင် ကျွန်ုပ်တို့ သုံးယောက်အား ချက်အရက်တပုလင်းနှင့် အသားကင်များဖြင့် ဧည့်ခံကျွေးမွေး ပေသောကြောင့်တည်း။

## တတိယအံ့သြစရာ

နောက်တနေ့နံနက်၌ ကျွန်ုပ်တို့သည် ထမင်းစားပြီးသည်နှင့်တပြိုင်နက် ပြန်ခရီးဆက်ကြလေ၏။ သမ္ဗန်နှင့်ကူးကြ၍ မုတ္တမဘက်သို့ ရောက်ကြသောအခါ ဘဇ၏ပစ္စည်းလေးထုပ်ကိုသယ်ယူရန် ကူလီငှားကြရာ၌ အံ့ဖွယ်ရာတခုကြုံခဲ့ရသေး၏။

ရေဆိပ်နှင့် မီးရထားဘူတာရုံမှာ တဖာလုံခန့် ကွာလှမ်းသည်ထင်ရာ ကူလီတယောက်အား စုံစမ်းသောအခါ သုံးမတ် (၇၅ဆင့်)ပေးရမည်ဆို၏။ ကျွန်ုပ်အံ့သြလျက်ရှိစဉ် ကုန်သည်ပီသသော ဘဇက ဆင့်၅၀နှင့် ဆစ်လိုက်သေးရာ ကူလီများလည်း သဘောတူလက်ခံကြလေသည်။ အထုပ်လေးထုပ်ကို ကူလီနှစ်ယောက်သယ်ယူကြ၍ တယောက် ၂၅ဆင့်စီ ခွဲဝေယူကြလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ငါတို့အညာဆိုလျှင် မီးရထားကူလီများ သည် တဖာလုံခရီးရောက်အောင်သယ်ပေးရမည်ဆိုပါက ဘယ်လောက်များ တောင်းလေမည်မသိဟု အံ့သြလျက်ရှိ၏။ ကျွန်ုပ်ထင်သည့်အတိုင်းပင် ပလိပ်ဘူတာသို့ရောက်ကြသောအခါ မီးရထားပေါ်မှ ဤအထုပ်လေးထုပ်ကိုပင် လှည်းပေါ်သို့ တင်ပေးရုံအတွက် (တထုပ်တကျပ်)လေးကျပ်တောင်း၍ သုံးကျပ်နှင့် ခဲယဉ်းစွာဆစ်ယူရလေသည်။ ကျွန်ုပ်သည် ကူလီခအတွက် နမြောသောကြောင့် ဤကဲ့သို့ အကျယ်တဝင့်ဖော်ပြခြင်းမဟုတ်၊ တပြည်တည်းအတွင်းဖြစ်လျက် အရပ်ရပ်ဈေးနှုန်းမှာ ဤမျှလောက် ကွာခြားခြင်းကို အံ့သြမိသောကြောင့်ဖြစ်၏။ လက္ခဏာမှာ အညာတွင် စက္ကူပေါ်ပြီး ပစ္စည်းရှား၍ ဤအပိုင်းတွင် ပစ္စည်းပေါ်ပြီး စက္ကူတန်ဖိုးရှိသည့်အတွက်ကြောင့် ဖြစ်ရပေမည်။ ကျွန်ုပ်၏လက်ထဲ၌ ပိုက်ဆံအသင့်အတင့်ရှိလျှင် သထုံသို့လာ၍ ထိုင်စားနေနိုင်ပါက တော်လိမ့်မည်ဟု စိတ်ကူးဖြစ်မိသည်။ ကျွန်ုပ်၏ယောက်ဖသည် ဤအကြောင်းကို သိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ဟန်မတူ၊ သူ၏သားဖိုးထူးရှိသောကြောင့် ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သော်လည်း

(ပစ္စည်းနှင့်ပတ်သက်၍ ကံကောင်းသူ တယောက်ဖြစ်သည့်အတိုင်း) သူလုပ်လေ သမျှ ဟန်ကျခြင်းကို တွေ့ရသည်။

## စိုးရိမ်မိသောတံတားကြီး

ဤခရီးတွင် ကျွန်ုပ်တို့သည် လမ်း၌တရက်ရပ်နားရသေးလေသလော မမှတ်မိတော့။ ရန်ကုန်သို့ညဥ့် ၁၀ နာရီအချိန်ခန့်တွင်မှ မီးရထားဆိုက်ရောက် သွားခြင်းကိုသာ မှတ်မိပါတော့သည်။ ဤအချိန်တွင် တည်းခိုရန် ဟိုတယ်များ လည်း ပိတ်ကုန်ကြပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သိမ်ကြီးဈေးဘက်သို့ သွားကြရန် ဆုံးဖြတ်ကြ၏။ သို့ရာတွင် ကူလီလည်းမတွေ့၊ လန်ချားလည်း မရှိသောကြောင့် ဘဖဲတို့ညီအစ်ကိုသည် အထုပ်လေးထုပ်ကို နှစ်ထုပ်စီ ခွဲဝေ ထမ်းယူလာကြရာ ကျွန်ုပ်မူကား ဆေးလွယ်အိတ်ကလေးကိုသာ လွယ်ယူနိုင် ပါသည်။ ဆူးလေဘုရားလမ်း ဂုံးတံတားကြီးပေါ်သို့ရောက်ကြ၍ ကျွန်ုပ်သည် ရှေ့မှတချို့၊ နောက်မှတချို့ လျှောက်လာကြသော ခရီးသည်များကို ရပ်ကြည့် လိုက်သောအခါ ခရီးသည်ပေါင်း ၅၀ ခန့်ရှိခြင်းကို မှတ်မိပါသေးသည်။ အားလုံးသည် အထုပ်အပိုးကိုယ်စီနှင့် လျှောက်ကြရခြင်းကြောင့် အားရှိခြင်းကို လည်းကျွန်ုပ်မှတ်မိ၏။ ဤသို့ရှိစဉ် ဘဖဲက "ကျွန်တော်တော့ လေးလှပြီအကိုကြီး ရယ်၊ ခဏလောက်နားအုံးမှဖြစ်မယ်"ဟု ပြောလိုက်ရာ ကျွန်ုပ်ကလည်း မကူညီ နိုင်သဖြင့် အထုပ်များကိုချ၍ ရပ်နားဖို့ သဘောတူလိုက်ရ၏။ ကျွန်ုပ်၏ စိတ်ထဲ၌ကား အလွန်လူပြတ်သည့် ဤတံတားကြီးပေါ်တွင် အခြားခရီးသည် များနှင့်ခွဲပြီး ကျွန်ုပ်တို့သုံးယောက်တည်းချန်နေရစ်ရမည့် အရေးကြောင့် စိတ် နှောင့်နှေးခြင်းရှိ၏။ အခြားခရီးသည်များသွားကုန်ကြ၍ ကျွန်ုပ်တို့ချည်း ငါးမိနစ် ခန့် ချန်နေရစ်စေကာမူ တစုံတရာမျှ မဖြစ်သည်နှင့် တော်ပါသေး၏။ ဘဖဲ အပန်းဖြေသောအခါ ဆက်လက်၍သွားကြပြန်ရာ သိမ်းကြီးဈေးသို့မရောက်မီ

သုံးကြိမ်တိုင်တိုင် ရပ်နားကြရလေ၏။ အုပ်ပေါင်း ရှိခဲ့ပါမူ ကျွန်ုပ်သည် တွေ့အောင်ရှာ၍ အကူအညီတောင်းလိမ့်မည်ဖြစ်ရာ အုပ်ပေါင်းကား ဒုတိယတခေါက် ကျွန်ုပ်ရောက်စဉ်ကတည်းက ဖုံးထိမှန်၍ သေပြီးခဲ့လေပြီ။ ဘယ်မှာ အိပ်ကြရပါမည်နည်း။

## မမျှော်လင့်သောအိပ်ရာ

ရှေးယခင်အခါများကမူ တရုတ်တန်းရပ်ကွက်သည် ဓာတ်မီးတွေထိန်လျက် မိုးလင်းအောင်ရောင်းသော စားစရာဆိုင်များဖြင့် စည်ကားစွာရှိခဲ့ရာ ယခုမှာမူ အချို့သောတိုက်များမှ မီးကလေး တပွင့်တလေမှတပါးတရပ်လုံး မှောင်မည်းလျက်ရှိ၏။

ကျွန်ုပ်တို့အဖို့မှာ လမ်းပေါ်တွင် အိပ်ရုံမှတပါး အခြားနည်းလမ်းမရှိချေ။ သို့ဖြစ်၍ နာရီစင်အနီးအပါးတဝိုက်၌ နေရာစုံစမ်းကြရာ နာရီစင်၏ တောင်ဘက်တွင် လမ်း၏အရှေ့ဘက်သို့ ပလက်ဖောင်းပေါ်၌ သံပြားကြီးနှစ်ချပ်ချထားခြင်းကိုတွေ့ရ၏။ မြေကြီးပေါ်၌ အိပ်ရခြင်းထက် သံပြားပေါ်၌ အိပ်ရခြင်းက တော်သေးသည်ဆိုကာ ကျွန်ုပ်တို့သည် အထုပ်များကို သံပြားပေါ်တွင်ချ၍ အိပ်ဖို့နေရာပြင်ကြလေ၏။ ပြင်သည်ဆိုရသော်လည်း ကြီးကြီးကျယ်ကျယ်မဟုတ်၊ ကျွန်ုပ်အဖို့မှာ လုံချည်တထည်ကိုခင်းပြီး ဆေးလွယ်အိတ်ကို ခေါင်းအုံးပြုလုပ်ရခြင်းသာဖြစ်၏။ ဘဇံတို့နှစ်ယောက်မှာ မာချာသော သံပစ္စည်းထုပ်ကြီးများကို ခေါင်းအုံးကြရ၍ ကျွန်ုပ်ထက်ပင်ဆိုးသေး၏။ များမကြာမီ တတိုက်တလေမှ ထွက်လာသော မီးရောင်ပင် ငြိမ်းလိုက်ပြီဖြစ်၍ မှောင်အတိဖြစ်သွားခဲ့လေပြီ။ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့ည လရောင်မှာလည်း (အရှေ့ဘက်မှ) တိုက်ကြီးများကွယ်လျက်ရှိသောကြောင့် စိုးရိမ်သည့်လက္ခဏာနှင့် အိပ်ပျော်ဟန်မရှိပေရာ ကျွန်ုပ်၏ဆေးအိတ်မှာမူ ခေါင်းအုံးထားသည့် အတွက်ကြောင့်

ခိုးယူ၍မဖြစ်နိုင်၊ လုယူမှုရနိုင်မည်။ သို့နှင့်လည်း ဘိန်းစားအလွန်ပေါသော ရက်ကွက်ဖြစ်သောကြောင့် စိုးရိမ်ရသေးသည်။ ကျွန်ုပ်မှာမူ ကိုယ်ပိုင်ပစ္စည်း ရှိစုမဲ့စုသာမက သူတပါး၏ပစ္စည်း၏လည်း ပါသေးသောကြောင့် တော်တော် ကလေးများပါ၏။ သို့ရာတွင် ပစ္စည်းအတွက် စိုးရိမ်မဖက်တတ်သော ဝါသနာ ကြောင့် သောကမရောက်လှပါ။ ကျောအောက်မှ သံပြားကြောင့် ကျောနာ သည့်အတွက်သာ မအိပ်နိုင်ပဲရှိနေပါသည်။ သံပြားပေါ်တွင် ပက်လက်လှန်ယင်း 'ငါသည် တကြိမ်တခါ၌ ဤနေရာတွင် အိပ်ရလိမ့်မည်ဟု တယောက်ယောက်က ဗေဒင်ဟောငြားအံ့၊ ထိုသူအား သူရူးဟူ၍ ဆိုလိမ့်မည်ဖြစ် ရာ ဘယ်တုန်းကမှ မထင်ခဲ့သည့် နာရီစင်ကြီးအနီး ပလက်ဖောင်းပေါ်၌ အိပ်ရသည်ဆိုခြင်းမှာ အလွန်ဆန်းကြယ်သည့် ကံတရားပေတကား'ဟု ကံအကြောင်းတရားကိုသာ အံ့ဩလျက်ရှိပါတော့သည်။ (ဤနောက်ပိုင်း၌ ၎င်းနေရာတဝိုက်သို့ရောက်သွား သည့်အခါတိုင်း သံပြားကြီးများ ခင်းထားဘူးသည့် နေရာသို့သွား၍ ထိုစဉ်က အိပ်ခဲ့ရဘူးခြင်းအကြောင်းကို စမြုံ့ပြန်ပဲ မနေနိုင်အောင်ဖြစ်ခဲ့ရပါ၏။) နံနက် လင်းသောအခါမှ ယခင်တကြိမ်တည်းခိုခဲ့ ဘူးသည့် တရုတ်ဟိုတယ်သို့ ထသွားကြရပါသည်။

## အကြွေးပေးရဲလိုက်ပုံ

တရုတ်ဟိုတယ်၌ နေရာရကြပြီးနောက် ဘဖဲညီအစ်ကိုသည် ဝယ်စရာပစ္စည်း များ လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြစဉ် ကျွန်ုပ်သည် ၎င်းတို့နှင့်အတူမလိုက်ပဲ မြို့ထဲသို့ လည်ယင်းပတ်ယင်း တယောက်တည်းထွက်လာခဲ့၏။ ယင်းသို့ လည်ပတ်စဉ် ဘယ်နည်းနှင်ဘယ်လို အဆက်ဖြစ်သွားသည်ဟု ကျွန်ုပ်မမှတ်မိ တော့။ ရိုးသားပုံရသော လူတယောက်နှင့် ဆေးဝါးအကြောင်း စကားစိပ်မိကြ သည်နှင့် သူ၏အိမ်သို့အလည်ခေါ်သွား၏။ ထိုလူသည် ဆေးလုံးဆေးပြားများ

အရောင်းအဝယ်လုပ်သူတယောက်ဖြစ်သည်ဟု ကျွန်ုပ်သိရ၏။ သူ၏သားမယား များလည်း ရိုးသားပုံရသည်ဟု ကျွန်ုပ်အကဲခပ်မိ၏။ ကျွန်ုပ်၌ ဆေးများပါကြောင်း ပြောပြရာတွင် ထိုလူသည် ဟိုတယ်သို့လိုက်လာ၍ ကျွန်ုပ်၏ဆေးများကိုကြည့်ရာ ၎င်းတို့ကို သူဝယ်လိုသော်လည်း သူ့လက်ထဲ၌ပိုက်ဆံမရှိသေးကြောင်းပြော၏။ အခြားလူများသည် ဤသို့သော အခြေအနေတွင် ဆေးများကို ပြန်၍သိမ်းလိမ့်မည်ထင်၏။ ကျွန်ုပ်မူကား ပိုက်ဆံအတွက် ကိစ္စမရှိချေ။ နှုန်းတည့်ဖို့သာ အရေးကြီးသည်ဟုပြော၍ ဈေးနှုန်းအကြောင်း စကားပြောကြရာ သူပေးသောဈေးနှုန်းမှာ မူလက ကျွန်ုပ်တို့မှန်းထားသလောက် မဟုတ်စေကာမူ လက်ရှိအခြေအနေအရ ရောင်းမည်ဆိုက ရောင်းထိုက်သည်ဟု ကျွန်ုပ်ဆုံးဖြတ်၏။ သူရွေးယူသော ဆေးများအတွက် ကျသင့်ငွေ ၁၅၀၀ခန့်ရှိရာ ကျွန်ုပ်က စရိတ်အတွက် ယခုလက်ငင်း ငွေ ၃၀၀ိပေးလိုက်လျှင် ကျန်ငွေကို ကျွန်ုပ်ထံသို့ တလအတွင်း ပို့လိုက်နိုင်သည်ဆိုကာ လိပ်ပေးခဲ့မည်ဟုပြော၏။

ထိုလူက ငွေ၃၀၀ိကိုရှာပေး၍ ပေးလိုက်ရန် သဘောတူသည်နှင့် ကျွန်ုပ်သည် ဆေးအိတ်ကိုလွယ်လျက် သူ့အိမ်သို့ လိုက်သွားရာ ငွေ၃၀၀ိရသည် နှင့် ဆေးများကို ခွဲပေး၍ပြန်လာခဲ့၏။ ငွေပို့ရန်လိပ်ကိုလည်း 'ဝက်လက်စာတိုက် မန်ကျည်းတုံရွာ'ဟု ပေးထားခဲ့လေသည်။ ကျွန်ုပ်သည် ၎င်းငွေဖြင့် ပုစွန်ခြောက်၊ ငါးပုပ်ပြား၊ ဒူးရင်းယိုစသည့် ကုန်ကလေးများ ဝယ်လာခဲ့သည်။

## ဘဖဲအံ့သြခြင်း

ဘဖဲတို့ပြန်လာ၍ ဤအကြောင်းကို ပြောပြသောအခါ ဘဖဲက "လုပ်မှ လုပ်ပလေအစ်ကိုကြီးရယ်" ဟုဆိုရာ ကျွန်ုပ်က "အေးလေကွယ်၊ ဒီဆေးတွေရှိနေသမျှ ငါတို့ရန်ကုန်ဆင်းဖို့ တိုက်တွန်းနေကြအုံးမှာပဲ၊ လက်လွတ်သွားမှ

အေးတော့မှာကွ၊ တကြောင်းကလဲ ငါ့လူကို ငါကရိုးသား တယ်ထင်လို့ လက်လွတ်စပယ်လုပ်လိုက်တာပဲ”ဟုပြော၏။

“အရင်က အသိမဟုတ်ဘူးလား”

“ခုမှတွေ့ဘူးတာပဲ”

“အံ့ဩပဗျာ၊ သူနေတာက ဘယ်မှာလဲ”

“ကြည့်မြင်တိုင်ဘက်ပဲကွ၊ အိမ်ကိုတော့ ငါသိတယ်၊ လမ်းကိုတော့ ငါမသိဘူး”

“လမ်းနာမည်ကိုတောင် မသိဘူးလား”

“ဘာလုပ်ဖို့လဲကွ၊ ငါ့လိပ်ကို သူသိယင် ပြီးတာပဲ၊ သူကငွေပို့ရမယ့်လူကွ၊ ငါက သိဖို့မလိုပါဘူး”

“သူက မပို့ယင်ကော အကိုကြီးရယ်”

“မပို့လျှင်လဲ မရရုံပေါ့ကွာ”

“လိုက်မတောင်းတော့ဘူးလား ခင်ဗျာ”

“လိုက်တောင်းလျှင် စားရိတ်ကုန်ရုံ ရှိတော့မှာပေါ့ကွ၊ သူပို့လျှင် ငါရမယ်၊ မပို့လျှင်မရဘူး၊ ဒါပဲရှိတာ”

“လုပ်လိုက်လေ အစ်ကိုကြီးရယ်”

“ရမှာပါကွ၊ လူရိုးပါ ငါသိပါတယ်”

ငွေ ၁၅၀ဝိ အနက် ၃၀ဝိ ရရှိခဲ့ပြီဖြစ်သောကြောင့် ၁၂၀ဝိ ကျန်သေးပေရာ ၎င်းကို ၁၂ဝိ နှင့် ဝယ်မည့်သူ တော်တော်ရှားပေလိမ့်မည်ထင်သည်။ အမှန်မှာ ကျွန်ုပ်သည် ဆေးအတွက်ကြောင့် စိတ်ပျက်လျက်ရှိသည်တကြောင်း၊ မိမိကိုယ်ကို မောင်စံရှားလုပ်ပြီး လူကဲခတ်လိုက်သည်တကြောင်း၊ ဆုံးလျှင်လဲပြီးတာပဲဟု သဘောထားသည် တကြောင်းကြောင့် လုပ်လိုက်ခြင်းဖြစ်ပါသည်။

## လက်မှတ်အခက်အခဲ

ဘဇံမှာလည်း ကုန်များဝယ်ပြီး၍ ငွေကုန်ပြီဖြစ်သောကြောင့် ကျွန်ုပ်တို့သည် နောက်တနေ့တွင် ရွာသို့ပြန်ကြရန် ပြင်ဆင်ကြလေ၏။ မီးရထားသည် သင်္ကန်းကျွန်းဘူတာမှ ထွက်မည်ဖြစ်၍ ၎င်းဘူတာသို့ သွားကြရ၏။ ရောက်သောအခါ ဂျပန်အရာရှိများကိုယ်တိုင် ကြပ်မတ်၍ လက်မှတ်ရောင်းလျက်ရှိသောကြောင့် လက်မှတ်ရဖို့အရေးမှာ ‘ကျူ’တန်းထဲ၌ ရပ်ရုံမှတပါး အခြားနည်းလမ်း မမြင်ရတော့ချေ။ သို့ဖြစ်၍ ကျွန်ုပ်ကချစ်ဆွေအား ‘ကျူ’တန်းထဲ၌ အရပ်ခိုင်းဖို့ ဘဇံကိုပြောရာ အခက်အခဲတခု ပေါ်ပေါက်လာပြန် ၏။ ရုံပိုင်က လူတယောက်လျှင် လက်မှတ်တစောင်စီသာ ရောင်းဖို့အမိန့်ထုတ်ထားကြောင်း သိရ၏။ သို့ဆိုလျှင် ကျွန်ုပ်တို့သုံးယောက်လုံး ဝင်ရပ်ဖို့ လိုသည်ဖြစ်ရာ ပစ္စည်းများကို မည်သူစောင့်၍နေချေမည်နည်း။ “နေပါစေကိုကြီးရာ၊ ထိုင်သာနေပါ”ဟု ဘဇံကပြော၍ ကျွန်ုပ်သည် စီးကရက်တည်လိုက်၊ ဘူတာရုံထဲသို့ ဝင်သွားလိုက် ထွက်လိုက်နှင့် ရောက်ယက်ခတ်ဖြစ်နေ၏။ ‘ကျူ’တန်းထဲမှ လူအချို့ကား လက်မှတ်ကိုယ်စီနှင့် ထွက်လာကြလေပြီ။ ၁၅မိနစ်ခန့်ကြာလတ်သော် ဘဇံသည် ပြုံးရွှင်သောမျက်နှာနှင့် ထွက်လာခြင်းကို မြင်လိုက်ရ၍ နေရာကျခဲ့ပြီဟု ကျွန်ုပ်ထင်လိုက်ရာ ထင်သည့်အတိုင်းပင် လက်မှတ်များကို မြှောက်၍ပြလေသည်။ ဘဇံကား သူလိုသောအရာကို ရရှိရေးအတွက် ငွေလိုလျှင် ငွေပေးသည်။ ဆလံကြိုက်လျှင် ဆလံပေးသည်။ တတ်နိုင်လျှင် ခြေထောက်ကိုကိုင်မှ ရမည်ဆိုလျှင်လည်း ခြေထောက်ကို ကိုင်မည်ဆိုသည့် လူစားမျိုးတယောက် ဖြစ်လေရကား ဂျပန်ခေတ်တွင် အတော် အပေါက်အလမ်းတည့်သော လူငယ်တယောက်ဖြစ်ပေ၏။ ထိုခေတ်ကတလအတွင်း ရအောင်ရှာခဲ့သည့် ငွေတထောင်ကို တရက်တည်းနှင့် ရှုံးချင်ရှုံးပစ်တတ်သူဖြစ်၍ မကြီးပွားပဲရှိခဲ့ရသည်။

ကျွန်ုပ်တို့သည် ဤတခေါက်၌ လမ်းခရီး၌ အဆန်းတကြယ် မကြုံခဲ့ရပဲ နှစ်ညခုတ်ပြီးနောက် ရွာသို့ပြန်ရောက်ကြလေ၏။

## လုပ်မှလုပ်ပလေ ငါ့ညီရယ်

ရွာသို့ပြန်ရောက်ကြသောအခါ မိထွေးကွယ်လွန်နှင့်၍ ညီတော်မောင်နှင့် ခယ်မတို့လည်း မိုးကုတ်မှအလည်အပတ် လာရောက်ကြခြင်းကို တွေ့ရ၏။ ညီတော်မောင်မှာ ဝေဠုဝန်ကျောင်းတိုက်၌ အလုပ်အကိုင်အတော်ကြီးပြီးမှ ဂျပန်များနှင့် ဘာဖြစ်သည်မသိ၊ အလုပ်ကိုရုပ်သိမ်းပြီး ခယ်မ၏ ဇာတိဖြစ်သော မိုးကုတ်သို့ပြောင်းရွှေ့သွားကြခြင်းဖြစ်ရာ ကျွန်ုပ်ကမူ ဝေဠုဝန်ကျောင်းတိုက်၌ပင် ရှိကြသေးသည်ထင်လျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်ဝင်ဖို့ စိတ်မကူးခဲ့သည့်အတွက် ခြေညောင်းသက်သာသေး၏။ ညီတော်မောင်လုပ်ပုံနှင့် ပတ်သက်၍ ကျွန်ုပ်ဖော်ပြလိုသောအချက်ကလေးတခုရှိ၏။ ၁၉၃၂ ခုနှစ်၌ မိခင်နှင့်ဖခင်တို့သည် ကျွန်ုပ်ထံသို့အလည်လာကြ၍ လေးငါးလမျှ နေထိုင်လျက်ရှိကြ၏။ တနေ့သ၌ ဖခင်က မှတ်စုများ ရေးဖို့အတွက် စာအုပ်တအုပ်လှလှကောင်းကောင်း လိုချင်သည်ဆိုသောကြောင့် ကျွန်ုပ်သည် အေဘီအမ်ပုံနှိပ်တိုက်သို့သွားပြီး မော်ရကိုသရေဖုံးနှင့် ရွှေမင်ချထားသည့် စာအုပ်ကလေး တအုပ်ဝယ်ခဲ့၍ ဖခင်အား ကန်တော့လိုက်၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ဖခင်၏လက်ရေးနှင့်ရေးထားသော ဤစာအုပ်ကလေးကို ကျွန်ုပ်အမွေခံဖို့ဖြစ်သည်ဟု ဖခင်အားလည်း ဖွင့်ပြောထား၍ ညီတော်မောင်လည်းသိ၏။ ဖခင်၏လက်ရေးမှာ လုပသပ်ရပ်၍ ဆယ်နှစ်ခန့်မျှ ရေးမှတ်ထားသည့် မှတ်စုများသည် စာအုပ်ကလေးနှင့် ပြည့်လုမတတ်ရှိ၏။ ဖခင်ကွယ်လွန်သော အခါ၌ကျွန်ုပ်သည် စာအုပ်ကလေးကို ဗီရိုထဲ၌ရှာကြည့်ရာ မတွေ့ရတော့ချေ။ ညီတော်မောင် လင်မယားလာစဉ်က ဖခင်၏ စာအုပ်ဗီရိုကို မွှေနှောက်သွားပုံရကြောင်း ပြောကြ၏။ နောက်ပိုင်းတွင် ကျွန်ုပ်သည်

ညီတော်မောင်၏ လက်ထဲ၌ စာအုပ်ကလေးကို မြင်မိသော်လည်း မေးလည်းမမေး၊ ယနေ့တိုင်လည်း ဘာမျှ မပြောခဲ့ဘူးချေ။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌မူကား နှစ်ပေါင်းများစွာက ကြိုတင်စီမံထားခဲ့သည့် အစီအစဉ်ကို ဖျက်ရလေခြင်းဆိုကာ ဘာနှင့်မျှ မတူအောင် အောင့်လှပါသည်။ ကျွန်ုပ်က အကြီးဖြစ်၍ ကျွန်ုပ် သေသော အခါ၌ ရပါရစေဟု တောင်းထားလျှင် ဟုတ်ပါသေး၏။ ဤသို့ပြုခြင်းမူကား တခါမျှ ဖွင့်မပြောဘူးသော်လည်း လားလားမျှ မကျေနပ်နိုင်ချေ။ သို့ရာတွင် နောက်ဆုံး၌ကား ဖခင်ကိုသူချစ်၍ ယူခြင်းသာ ဖြစ်ရမည်ဆိုကာ အနိုင်နိုင်ဖြေဆည် လိုက်ရပါတော့သည်။ ကျွန်ုပ်ကိုမူကား ထောက်ထားညှာတာသည့် သဘောထား လက္ခဏာလုံးဝရှာမရချေ။

## ကျွန်ုပ်၏ကံကောင်းခြင်းတချက်

မိထွေးကွယ်လွန်ခြင်းနှင့်ပတ်သက်၍ ဖခင်၏ဆွေမျိုးများသည် ဝမ်းနည်းသော အထိမ်းအမှတ်အရိပ်နိမိတ် မဖော်ပြကြချေ။ ဤအကြောင်းကို ဖခင်သိ၍ ကျွန်ုပ်လည်းရိပ်မိ၏။ ဖခင်သည် မိခင်နှင့်မတူ၊ စိတ်ထိခိုက်လွယ်သူ တယောက် ဖြစ်၍ ညှိုးငယ်လျှင် ညှိုးငယ်ခြင်းကို ဖော်ပြတတ်၏။ ဆွေမျိုးများသည် နဂို ကတည်းက သူတို့၏ဆွေမျိုးဖြစ်သော ကျွန်ုပ်၏ဖခင်ထက် မိခင်အား ပိုမို လေးစားကြသည့်ပြင် ဓမ္မကထိက ပုဂ္ဂိုလ်ကြီးတယောက်က ကြီးတောင့်ကြီးမှ မယားယူရချေသလောဆိုကာ မကျေနပ်ကြ၍ သေဆုံးသော အခါ၌လည်း ဝမ်းနည်း ကြောင်းကို ပရိယာယ်ဖြင့်ပင် ဖော်မပြကြချေ။ ဤသို့သော အခြေအနေတွင် ကျွန်ုပ်သည် အလိုက်သိသော သားတယောက်အနေဖြင့် ဖခင်ဘက်မှလိုက်ကာ ဆွေမျိုးများကို ခုခံတိုက်ခိုက်ပေး၏။ (အရေးနိမ့်သောဘက်မှ လိုက်၍ တိုက်ပေး ချင်တတ်သည်မှာ ကျွန်ုပ်၏ ဝါသနာလည်းဖြစ်၏။ ဤဝါသနာအတွက်ကြောင့် တသက်တာတွင် အနစ်နာခံခြင်းများရှိသော်လည်း နောင်တမရခဲ့။ ရှေ့အဖို့တွင်

လည်း နောင်တရလိမ့်မည်မထင်ပေ။) ဆွေမျိုးများက မိထွေးသေဆုံးသွားခြင်းကြောင့် ဖခင်အတွက် ကောင်းသည့်အနေမျိုး ပြောချင်ကြရာတွင် ကျွန်ုပ်သည် မိထွေး၏ကောင်းသော အချက်အလက်ကလေးများ ကိုရှာရှာဖွေဖွေ ဖော်ထုတ်၍ အနည်းငယ်ချဲ့ထွင်ကာ ပြောပြလေသည်။ ဤအတွက်ကြောင့် ဆွေမျိုးများက ကျွန်ုပ်အပေါ်၌ ဘယ်ကဲ့သို့ သဘောထားကြသည် မဆိုနိုင်။ ဖခင်ကမူ ကျေနပ်ဝမ်းမြောက်ရှာသည်။ ကျွန်ုပ်အဖို့ရာ၌ကား ထိုအချိန်တွင် မိထွေးနှင့်ပတ်သက်သော ကိစ္စများ၌ ဖခင်ကျေနပ်မှုသည်သာ ပဓာနဖြစ်လေသည်။ ဖခင်နှင့် ကျွန်ုပ်သည် တသက်ပတ်လုံး သဘောကွဲလွဲချက်ကလေးတွေ အတော်များခဲ့သော်လည်း ဤနောက်ပိတ်ဆုံး အချိန်ကလေး၌ ဖခင်နှစ်သိမ့်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ကျွန်ုပ်၏ကံကောင်းခြင်းတရပ်ဟူ၍ ယူဆပါသည်။

## လူကဲခတ်မဝေးခြင်း

ကျွန်ုပ်သည် ဆေးအချို့ကို ရန်ကုန်၌ အကြွေးရောင်းခဲ့ခြင်းနှင့် ပတ်သက်၍ ဆွေမျိုးများအား ပြောပြရာတွင် ဘဇံအား ပြောပြသကဲ့သို့ ပစ်ပစ်ခါခါမဟုတ်ပဲ ဖေးဖေးမမ အကြောင်းပြ၍ ပြောပါလျက်နှင့်ပင်ဆွေမျိုးများကမူ ဆုံးပါလေပြီဟု သဘောထားကြပုံရသည်။ သို့သော် ကျွန်ုပ်အားမူ မည်သို့မျှ မပြောကြပဲ ဆိတ်ဆိတ်သာနေကြသည်။ ကျွန်ုပ်ပြန်ရောက်ပြီးသည့်နောက် တလခန့်ကြာသော အခါ ရန်ကုန်မှ မန်နီအော်ဒါတစောင် ရောက်လာ၍ ငွေ ၁၂ဝဝိကို ချောမောစွာ ရရှိပါသည်။ ကျွန်ုပ်မှာကား ကျွန်ုပ်အတွက် ဝေစုကလေးရရှိခြင်းထက် မောင်စံရှားလုပ်၍ အကဲခတ်ခြင်းမှန်ကန်သည့်အတွက် သာ၍ ဝမ်းမြောက်မိပါသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဆက်လက်ဖော်ပြလိုသေးသည်မှာ ကျွန်ုပ်သည် တသက်တာတလျှောက်လုံးတွင် လူကဲခတ်မှားသည်ဟု အလွန်ကြုံခဲလှပါသည်။ ကျွန်ုပ်အားမကြည်ဖြူသူ၊ မနာလိုသူ၊ မလေးစားသူတို့နှင့်တွေ့လျှင် ချက်ချင်း

သိတတ်သည့်နည်းတူ လေးစားသူ၊ ကြည်ညိုသူ၊ ခင်မင်သူ၊ ကြင်နာသူများနှင့် တွေ့ရသောအခါ၌လည်း တထိုင်တည်းနှင့်ပင် အကဲခတ်နိုင်ပါသည်။ သို့ရာတွင် (ဆေးရောင်းခဲ့ခြင်း ကိစ္စကဲ့သို့) တထုပ်တည်းနှင့် ဆုံးဖြတ်ချက် ချခဲ့သည် ချည်းကား မဟုတ်ပါ။ ဆိုလိုခြင်းမှာ ပထမဆုံးဖြတ်ချက်အတိုင်း နောင်အရှည် တွင်လည်း အတည်ပြုရသည်သာများခြင်းကို ဖော်ပြလိုခြင်းဖြစ်ပါသည်။ ငယ်စဉ် ကမူ ပထမထင်မြင်ချက်အတိုင်း ရဲရဲကြီးဆုံးဖြတ်ချက် မချဝံ့သည့်အကြောင်းကို စံဒေဝီအကြောင်း လေ့လာခဲ့သူတို့ ရိပ်မိနိုင်ကြပေလိမ့်မည်။ စံဒေဝီအကြောင်းကို ၎င်းကွယ်လွန်ပြီးသည့်နောက် စကားစပ်မိ၍ မိခင်က ပြောပြရာတွင်မှ ကျွန်ုပ်၏စိတ်နှလုံး ဒုံးဒုံးချနိုင်ခဲ့ပါသည်။ ကျွန်ုပ်၏ဝါသနာများနှင့် ပတ်သက်၍ နိဂုံးချုပ်အခန်းတွင်မှ ဝေဖန်ရေးသားပါဦးမည်။

## ဥပုသ်တော်မန်ကျည်းပင်

ဆေးကုန်သည်အလုပ်ကို စိတ်ပျက်စွာနှင့် စွန့်ပြီးနောက် ကျွန်ုပ်သည် တရားဘက်သို့ စိတ်ညွှန်ပြန်သည်နှင့် ဥပုသ်ရက်ရှည်စောင့်ပြီး ဥပုသ်တော် မန်ကျည်းပင်ကြီးအောက်သို့ နေ့တိုင်းသွား၍ အားထုတ်ပါသည်။ ကျွန်ုပ်ကလည်း ဥပုသ်စောင့်၍ ဥပုသ်တော် မန်ကျည်းပင်ဟု ရှိနေခြင်းမှာ အလွန်အဆင်ပြေလှ သည်ဟု ပြောစရာဖြစ်နေပါသည်။ မန်ကျည်းတုံရွာ၏အရှေ့ဘက် (ဖခင်၏ခြံကြီး မြောက်ဘက်)၌ သောက်ရေကန်ကြီး နှစ်ကန်ရှိရာ ၎င်းတို့အကြားတွင် အထိကရ မန်ကျည်းပင်ကြီးတပင်ရှိ၍ 'ဥပုသ်တော်မန်ကျည်းပင်'ဟု ခေါ်ကြ၏။

ဤအပင်ကြီးအကြောင်းကို အဘိုးကြီးတယောက်က ပြောဘူးသည်မှာ "ကျုပ်တို့ငယ်ငယ်တုန်းကလဲဒီအပင်ကြီးဟာ ဒီလောက်ပဲဗျ၊ ကျုပ်တို့အဖေ ကျုပ်တို့အဘိုးကလဲ ပြောဘူးတယ်၊ သူတို့ငယ်ငယ်တုန်းကလဲ ဒီလောက်ပဲတဲ့ဗျ၊ ဒီအပင်ကြီး ဒီလောက်ကြီးနေတာ နှစ်ပေါင်းတရာလောက်ရှိနေပြီး သူ့အသက်

ဘယ်လောက်ရှိပြီလို့ ဘယ်သူမှမပြောနိုင်ဘူး”ဟု ပြောဘူးလေသည်။ ကျွန်ုပ်၏ မိခင် ရှိစဉ်ကလည်း (လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်က) ကျွန်ုပ်အပါအဝင် မိခင်နှင့်တပည့်များသည် ဥပုသ်နေ့များတွင် ဤသစ်ပင်ကြီးအောက်၌ တရားဆွေးနွေးကြဘူး၏။ ကျွန်ုပ်ကိုယ်တိုင်လည်း သစ်ပင်ကြီးအောက်၌ (မိုးလုံစေရန်အတွက်) ထန်းရွက်တဲကလေးဆောက်ကာ ဝတ္ထုများရေးခဲ့ဘူး၏။ အတိုချုံးရလျှင် မန်ကျည်းပင်တွေ ပေါများလှသော ဤနယ်တလျှောက်တွင် ဥပုသ်တော်မန်ကျည်းပင်သည် အကြီးဆုံးဖြစ်၍ မန်ကျည်းတုံရွာကို အဝေးမှ မျှော်ကြည့်လိုက်သည့်အခါ ဥပုသ်တော်မန်ကျည်းပင်ကို အလျင်ဆုံး မြင်ကြရသည်။ လက်ဝဲသုန္ဒရရှိနေသေးလျှင် “ငါတို့ငယ်ငယ်ကလဲ ဒီအပင်ကြီးဟာ ဒီလောက်ပဲ ကွယ့်” ဟု ပြောမည်ကို ကြားယောင်မိပါသေးသည်။

## အစိဋ္ဌာန်ပြုခြင်း

ကျွန်ုပ်သည် ရွက်ဖျင်ကုလားထိုင် တလုံးယူသွား၍ နံနက်စာ စားပြီးသည်နှင့် တပြိုင်နက် သစ်ပင်ကြီးအောက်၌ထိုင်ကာ တရားအားထုတ်ခဲ့ရာ နေ့လယ်စာ အတွက်မူ ဇနီးမစိုးက လက်ဖက်ရည်ကြမ်းနှင့် မုန့်ပဲသရေစာများ လာပို့၏။ တရားအားထုတ်ပုံနှင့် ပတ်သက်၍ ရှုမဝမဂ္ဂဇင်း၌ ဆောင်းပါးများ ရေးသားခဲ့ဘူးပြီ ဖြစ်၍ အကျယ်တဝင့် မဖော်ပြတော့ပဲ ထူးဆန်းသော အခြင်းအရာတခုကိုသာ ဖော်ပြပါတော့မည်။ ဤသစ်ပင်ကြီးအောက်၌ သစ်သားဆိုလျှင် ဘာမျှမခံနိုင်၊ ခြစားသည်ချည်းဖြစ်၏။ ယခင်က တဲကလေးဆောက်ပြီး ဝတ္ထုရေးခဲ့စဉ်ကလည်း ထန်းသားတိုင်များကိုခြစား၍ နောက်ဆုံး၌ ပြိုကျမတတ်ဖြစ်ခဲ့ဘူး၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ရွက်ဖျင်ကုလားထိုင်ကို ခြစားမည်စိုးသည်နှင့် ညနေတိုင်း အိမ်သို့ပြန်ယူရန် အစီအစဉ်ရှိ၏။ ယူလည်းယူခဲ့၏။ တနေ့သော် သမာဓိ အထူးကောင်း၍ ပြန်ခါနီးတွင် စမ်းသပ်ကြည့်ဖို့ တခုသတိရ၏။ စမ်းသပ်လို

ခြင်းမှာကား ရွက်ဖျင်ကုလားထိုင်ကို အိမ်သို့မယူပဲ အစိဋ္ဌာန်ပြုပြီး ထားခဲ့လျှင် ခြစားမစား သိလိုခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ကျွန်ုပ်ဓိဋ္ဌာန်လိုက်သည် မှာကား 'ကျွန်ုပ်အားထုတ်လျက်ရှိသော တရားမှန်ကန်ခဲ့လျှင် ကုလားထိုင်ကို ခြမစား နိုင်ပါစေသတည်း'ဟူသည်ပင်ဖြစ်၏။ ထို့နောက် ကျွန်ုပ်သည် ကုလားထိုင်ကို ခေါက်၍ သစ်ပင်ခွကြား၌ထားခဲ့ရာ နောက်တနေ့နံနက် ပြန်လာသောအခါ၌ ဘာမျှမဖြစ်၊ ခြတကောင်မှ မတက်ခြင်းကို တွေ့ရပါသည်။ ထိုနေ့မှစ၍ ကျွန်ုပ်သည် ကုလားထိုင်ကို အိမ်သို့မယူတော့ပဲ ဤနည်းအတိုင်း ထားပစ်ခဲ့ရာ လုံးဝခြမတက်ခြင်းကိုတွေ့ရ၍ အလွန်တရာ အားရကျေနပ်ခြင်း ဖြစ်ခဲ့ပါသည်။

## အားကိုးရသောဌာနကြီး

ဥပုသ်တော်မန်ကျည်းပင်ကြီးနှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ အခြားသော ထူးခြားချက်တခုမှာ ၁၉၆၀ ပြည့်နှစ်၌ လက်ဝဲသုန္ဒရ အမတ်ကြီးမွေးဖွားရာဇာတိနှင့် ပတ်သက်၍ မုံရွေးကလူများနှင့် အငြင်းအခုံဖြစ်ကြရာတွင် ဤအကြောင်းနှင့် ပတ်သက်၍ စိတ်ဝင်စားသော မိတ်ဆွေနှစ်ယောက်က ကျွန်ုပ်အား မန်ကျည်းတုံသို့ လိုက်ခဲ့ဖို့ခေါ်သဖြင့် ကျွန်ုပ်လိုက်သွား၏။ (ကျွန်ုပ်ကိုယ်တိုင်အဖို့မူကား တရား အားထုတ်သော အချိန်မှစ၍ ဤပုဂ္ဂိုလ်ကြီး ထိုပုဂ္ဂိုလ်ကြီးများ၏ မွေးဖွားရာ ဇာတိချက်မြုပ်ကိုမဆိုထားဘိ၊ မွေးသမိခင် မွေးသဖခင်တို့၏ ဇာတိချက်မြုပ်ဆို သောဌာနအကြောင်းကိုပင် စိတ်ဝင်စားမှု အလွန်နည်းပါးလျက် ရှိပါပြီ။) မန်ကျည်းတုံသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် မိတ်ဆွေနှစ်ယောက်တို့အား နမများနှင့် လွှဲထားခဲ့၍ ဥပုသ်တော်မန်ကျည်းပင်ကြီးအောက်သို့ တယောက်တည်း သွားခဲ့ပါသည်။ ရောက်သည်နှင့်တပြိုင်နက် ရေကန်ဘက်သို့ ဆင်းသွားသည့် သစ်မြစ်ကြီးပေါ်တွင် ထိုင်လျက် ၁၉၂၁ ခုနှစ်မှစ၍ ၁၉၄၆ ခုနှစ်တိုင် ဤရွာသို့ ကျွန်ုပ်ရောက်သည့်အခါတိုင်း ဤမန်ကျည်းပင်ကြီးအောက်၌ တရားဆွေးနွေးခဲ့ကြ

သည့် အကြိမ်များနှင့် ၎င်းဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည့် သွားလေသူ မိခင်၊ ဖခင်၊ အရီး၊ အဒေါ်၊ ဦးလေး၊ နမ၊ ညီ၊ တူ–တူမ စသည်တို့၏ မျက်နှာများသည် စိတ်ထဲတွင် တယောက်စီပေါ်လာ၍ အောက်မေ့လွမ်းဆွတ်ဖွယ်ရာမှ လူ့ဘဝကလေး၏ တာမရှည်ခြင်း၊ မရေရာခြင်း အစရှိသော သင်္ခါရသဘောတရား အကြောင်းကို စဉ်းစားမိသည်နှင့် စိတ်၏ဖြူစင်ကြည်နူးခြင်းဖြစ်ခဲ့ရပါသည်။ ဤစိတ်မျိုးကား လိုချင်သောအရာကို ရခြင်းကဲ့သို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည့် ပျော်စရာကြီးမျိုး မဟုတ်သော်လည်း တနည်းအားဖြင့် ငြိမ်းချမ်းခြင်းရှိ၍ စိတ်ကောင်းစိတ်မြတ် စိတ်ကြီးစိတ်မြင့်တို့ဝင်လာတတ်ခြင်းကို လူတိုင်းသိမှ သိကြပါလေ၏ဟု စဉ်းစားမိပါသေးသည်။ ဖော်ပြခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်ခန့် အတွင်း (၁၉၂၁–၁၉၄၆)ကျွန်ုပ်သည် ဤရွာ၌ တဆက်တည်းနေခဲ့ခြင်းကားမဟုတ်။ တတုံတတုံ ရောက်၍ တခေါက်ခေါက်တွင် ရက်ပိုင်းမှ နှစ်ပေါက်အောင် နေခဲ့ဘူးသည်ဖြစ်ရာ ရောက်လေသမျှသော အခေါက်တိုင်း၌ အလိုမကျမှု အသေးအဖွဲ့မှ အကြီးအကျယ်များတိုင်အောင် ကြုံရသောအခါများတွင် ဤသစ်ပင်ကြီးအောက်သို့သွား၍ ၁၅ မိနစ်မှ နာရီတဝက်ခန့်တိုင်အောင် ထိုင်လိုက်ရလျှင် ဖြူစင်ငြိမ်းအေးသော စိတ်မျိုးဝင်လာရသည်ချည်းဖြစ်၍ ကျွန်ုပ်၏ အားကိုးရာသော ဌာနကြီး၊ အာဝါသကြီးတခုလည်း ဖြစ်ခဲ့ပါပေသည်။

## စိတ်ပြောင်းလဲမြန်ခြင်း

၁၉၄၄ ခုနှစ်၌ ကျွန်ုပ်သည် ဆေးကုနှင့်သည်အလုပ်ကို ငြီးငွေ့၍ ဥပုသ်ရက်ရှည်စောင့်ပြီး တရားအားထုတ်သည်ဟု ဖော်ပြခဲ့ရာ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာ (ထိုအကြိမ်၌) တခါတည်း ပေါက်ရောက်ဖို့ မမှန်းထားပဲ 'အငြီးပြေ' မျှလောက်သာ သဘောထားခဲ့ပါသည်။ 'အငြီးပြေ' ဆိုခြင်းမှာ သွားရလာရ၍ နောက်ကျိသောစိတ်မျိုးဖြစ်လာခြင်းကို ပယ်ထုတ်ရန်မျှသာဖြစ်သည်

ဟု ဆိုလိုပါသည်။ တလခန့်ကြာလတ်သော် ထိုစိတ်မျိုးပျောက်ပြယ်သွား၍ သူလိုငါလိုနေချင်သော စိတ်မျိုးဖြစ်လာပြန်ရာတွင် ကျွန်ုပ်သည် ငွေရအောင် မည်သို့လုပ်ရပါမည်နည်းဟု အကြံဖြစ်လာ၏။ ထိုအခါက မကျည်းတံုရွာသားများ သည် လေးကောင်ဂျင် ကစားဖို့ဝါသနာပါခါစဖြစ်၍ နေ့ရောညပါအကြီးအကျယ် ကစားလျက်ရှိရာ ကျွန်ုပ်၏ငုပ်နေသော ဝါသနာဟောင်းကလေးသည် ဦးခေါင်းပြူ၍ ထလာလေ၏။ လေးကောင်ဂျင်ကစားလျှင် မည်သို့ကစားရသည်ဆိုသော စံနစ် (System) ကိုကျွန်ုပ်တွေ့ထားဘူးသည်ဖြစ်၍ ၎င်းအတိုင်း လောင်းကစားရာ ငါးခါလောက်အနက်တွင် လေးခါလောက် နိုင်လျက်ရှိ၏။ အဘယ့်ကြောင့် ငါးခါလုံး မနိုင်ရသနည်းဟု မေးခဲ့လျှင် လောင်းကစားခြင်းနှင့်ပတ်သက်သည့် အလုပ်ဟူသမျှတွင် လိမ်လည်ညစ်ပတ်ခြင်းမပါပဲ ကံသက်သက်ဖြင့် ကစားမည် ဆိုပါက ရာခိုင်နှုန်း တင်းပြည့် ကျပ်ပြည့်နိုင်သည်ဟု မဖြစ်နိုင်။ အကြိမ်ပေါင်း ၁၀၀လျှင် ၈၀မျှ နိုင်သည်ဆိုပါက 'စံနစ်'ကောင်းဟူ၍ ဆိုကြရပေမည်။ ရွာသားများသည် ကျွန်ုပ်ချည်း အနိုင်များခြင်းကို တွေ့ကြသောအခါ ကျွန်ုပ်ထံသို့ချဉ်းကပ်ပြီး ကစားပုံ ကစားနည်းနှင့်ပတ်သက်၍ 'စံနစ်'သို့မဟုတ် 'မူသေနည်း'တခုရှိပါသလောဟုမေး ကြ၏။ ကျွန်ုပ်သည် ကောင်းသော'စံနစ်' သို့မဟုတ် 'နည်း'တခုတွေ့ခဲ့လျှင် လျှို့ဝှက်မထားပဲ သင်ပြချင်တတ်သည့်အတိုင်း ၎င်းတို့အားသင်ပြပေးရာ စိတ်ကိုချုပ်တည်းရသည့် အလုပ်တခုလည်း ပါဝင်သော ကြောင့် အချို့သာအောင်မြင်၍ အများအားဖြင့် မအောင်မြင်ကြပေ။ လောင်းကစား ခြင်းဖြင့် ငွေရှာသော ဝါဒသည် ကောင်းသောဝါဒတခု မဟုတ်သောကြောင့် ဤအကြောင်းကို သင်ပြရန် နှောင့်နှေးခြင်းရှိပါ၏။ သို့သော် မကစားဘူးသည့် လူများ ကစားစေဖို့ တိုက်တွန်းရန်မဟုတ်ပဲ ကစားကြသည့်အတူတူ နည်းနည်း ရှုံး၍ များများနိုင်စေခြင်းငှာ ကျွန်ုပ်တွေ့ထားသည့် 'စံနစ်'တခုကို အကျဉ်းအားဖြင့် ဖော်ပြလိုက်ပါဦးမည်။

မူလစိတ်ထားတခု

ရှေးဦးစွာ ထားရှိဖို့လိုအပ်သော စိတ်ထားတခုမှာ 'ငါသည် လောင်းကစားခြင်းအားဖြင့် သဌေးဖြစ်ဖို့ မရည်ရွယ်၊ စားဖို့သောက်ဖို့ သုံးစွဲဖို့ရလျှင် တော်လောက်ပြီ' ဟူသော ရည်ရွယ်ချက်ထားရမည်။ ဤအချက်သည် လွန်စွာအရေးကြီး၏။ ကစားသမားများအနက် ငွေ ၁၀၀ နှင့် အရင်းပြုပြီးလေးငါးရာနိုင်ပြီးမှ လောဘကိုမသတ်နိုင်ပဲ ဆက်လက်ကစားခြင်းကြောင့် အားလုံးပြောင်ခဲ့ရခြင်းကို ကြုံရဘူးသူ အမြောက်အမြား ရှိကြပေသည်။ ငွေ၁၀၀ကျပ်ကိုလက်ကိုင်ပြု၍ ၂၀၀ကျပ်၊ သို့မဟုတ် ၃၀၀ ကျပ်မျှ နိုင်သည်ဆိုလျှင်တော်လောက်ပြီဟု ယူဆသင့်၏။ ကျွန်ုပ်၏မိတ်ဆွေတယောက် (ကိုခင်မောင်)မှာငွေ ၁၀၀ ကျပ်ကို အရင်းတည်၍ကစားရမှ ၁၀၀၀ ကျပ်နိုင်သော်လည်း မတော်နိုင်သည့်အတွက်ကြောင့် အားလုံး ပြန်ရှုံးရသော အဖြစ်မျိုးနှင့် (သူ့အသက်တာတွင်) မကြာခဏကြုံရရှာသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း (အဝါးမဝမီက) ဤနည်းအတိုင်း အကြိမ်ကြိမ် ခံခဲ့ရဘူးသည်။ ကံတရား၏ သဘာဝမှာ (ဤနေရာ၌ ကံ၊ဉာဏ်၊ဝီရိယ ဟူသော (Chance) အဓိပ္ပာယ်ကို ဆိုလိုသည်။) တလျှောက်တည်းတဆက်တည်း အလွန်ကြာရှည်စွာ မဖြစ်တတ်၊ အပြောင်းအလဲ ရှိတတ်သည့်သဘာဝရှိ၏။ ဥပမာပိုက်ဆံတပြားကို လှည့်လိုက်သည့်အခါ ခေါင်းချည်းလည်းမကျတတ်၊ ပန်းချည်းလည်း မကျတတ်၊ မျှမျှတတ ကျတတ်သော သဘာဝရှိ၏။ သို့သော် တိတိကျကျ တလှည့်စီ ကျရမည်ဟု မဆိုနိုင်။ 'မျှမျှတတ ကျတတ်ခြင်း' ဟု ဆိုလိုခြင်းသာဖြစ်၏။

အထက်တွင်ဖော်ပြခဲ့သည့် 'ကြွေလမ်း' အမျိုးမျိုးရှိသည့်အနက် တကောင်တည်း 'ဝပ်'နေသည်ဖြစ်စေ၊ 'လေးအိမ်ကြက်ခြေ' သွားနေသည့်အခါဖြစ်စေ 'ပတ်ကြွေ' သွားနေသည့်အခါဖြစ်စေ ကြုံရပါမူကား 'အော' ထိုးခြင်းသည် လွန်စွာအရာရောက်၏။ ထိုးတိုင်းတည့်အောင် နွှယ်သောအခါများ၌လည်း 'အော'

ထိုးခြင်းသည် ကျေးဇူးရှိ၏။ သို့မဟုတ်ပါက 'ကြိုး'နှင့် 'ရုံ'ကိုသာ ထိုးသင့်ပေသည်။ 'ရုံ'ထိုး၍ခဏခဏ 'ဖင်'ချည်း တိုက်နေပါလျှင် 'ကြိုး'ကစား ခြင်းသည် ကောင်းသောစံနစ်တခုဖြစ်လေသည်။ လောင်းကစားခြင်းနှင့် ပတ်သက်၍ 'ဖွတ်' လုပ်ချင်တတ်သော ဝါသနာသည် ရှုံးတတ်ခြင်း၏ လက္ခဏာတခု ဖြစ်သည်ဟု နားလည်သင့်ပေသည်။ ဖွတ်လုပ်၍ ရခြင်းမျိုးလည်း တခါတရံ ကြုံရတတ်ပါ၏။ သို့သော် 'စံနစ်သမား'သည် ဤဝါသနာကို စွန့်ပယ်ပါမှ ဟန်ကြပေလိမ့်မည်။

တဖန်လောင်းကစားခြင်းအလုပ်သည် မကောင်းသော အလုပ်ဖြစ်သည်ဟု ယုံကြည်ပါလျက် လောင်းကစားနည်းကို ဖော်ပြပါက ဝါဒဖြန့်ရာရောက်မည်ဟု သိသော်လည်း အဘယ့်ကြောင့် ထည့်သွင်းဖော်ပြရပါသနည်းဟု မေးဖွယ်ရာရှိ၏။ ဤမေးခွန်းကို ကျွန်ုပ်ရိုးသားစွာဖြေဆိုပါမည်။ (၁)နှစ်ပေါင်းများစွာ အနစ်နာခံ၍ လေ့လာခဲ့ပြီးနောက် ကျေးဇူးရှိသည်ဟု ယုံကြည်သော (သို့မဟုတ်ကိုယ်တွေ့ဖြစ်သော) စံနစ်တခုကို ပညာပေးသောအနေဖြင့် သင်ပြလိုသောကြောင့် ဖြစ်ပါသည်။ ဤတွင်လည်း အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဝါသနာမရှိသူများအား သွေးဆောင်တိုက်တွန်းဖို့မရည်ရွယ်၊ ဝါသနာရှိ၍ လောင်းကစားနေကြသည့် အတူတူ ရှုံးစရာရှိလျှင် နည်းနည်းရှုံး၍ နိုင်စရာရှိလျှင် များများနိုင်နိုင်သော စံနစ်အနေဖြင့် တင်ပြခြင်းဖြစ်ပါသည်။ 'ဆေးသေပေါက်'နိုင်သော စံနစ်ဟူ၍ မဆိုလိုပါ။ (၂) လေးကောင်ဂျင်ကစားနည်းတွင် 'ဒိုင်'ကားတဘက်၊ ထိုးသားများက တဘက်ဟူ၍ ကျွန်ုပ်မြင်မိရာ 'ဒိုင်'သည် (အကောက်ဖြင့် ဖိစီးထားသူဖြစ်၍) ခွန်အားရှိသူအနေဖြင့်လည်းကောင်း၊ ထိုးသားများသည် (အကောက်ဖြင့် ဖိစီးထားခြင်းခံရသူများဖြစ်၍) ခွန်အားနည်းလူများအနေဖြင့် လည်းကောင်း ကျွန်ုပ်မြင်မိသည်။

ကျွန်ုပ်သည် လောကတွင် မည်သည့်အရာဖြစ်စေ ခွန်အားနည်းသည့်ဘက်မှ ကူညီချင်တတ်သော ဝါသနာရှိသူဖြစ်၍ 'ဒိုင်'နှင့် ထိုးသားများ စီးပွားရေး၊ စစ်တိုက်ကြရာတွင် ခွန်အားနည်းသော 'ထိုးသား'များဘက်မှ အကူအညီပေးသော

အားဖြင့် သင်ပြလိုသောကြောင့် တကြောင်း ဖြစ်ပါသည်။ တခုသတိပေးလိုသည်မှာ ဤစံနစ်ကိုတွေ့ပြီဆို၍ (ဝါသနာမပါပဲလျက်) နိုင်လိုက်သည့်အတွက် စမ်းကြည့်မည် ဟူ၍ စိတ်မကူးပါလေနှင့်။ တကယ့်တကယ် အလုပ်လုပ်သောအခါ၌ စိတ်ကို ချုပ်တီးရန်ဖြစ်စေ၊ 'သဒါပြန်'သုံးလှည့်ထိုးဖို့ စွန့်စားရန်ဖြစ်စေ လွယ်ကူသော အလုပ် မဟုတ်ဟူ၍ နားလည်ထားဖို့ လိုအပ်ပါသည်။ မိမိ၏ စံနစ်သေချာခြင်းကို အထပ်ထပ်တွေ့ရှိထားသည့် ကျွန်ုပ်သည်ပင်လျှင် စံနစ်ကိုဖောက်ဖျက်မိသော အကြိမ်ပေါင်းမြောက်များစွာ ခံခဲ့ရဘူးခြင်းများလည်း ကြုံခဲ့ရဘူးလှပါလေပြီ။ ဆိုလိုခြင်းမှာ ဤစံနစ်သည် ဝါသနာမပါသော လူများအတွက် မရည်ရွယ်၊ ဝါသနာအိုးများအတွက် သက်သက်ဖော်ပြခြင်း ဖြစ်ပါသည်။ စိတ်ကိုမနိုင်ပဲနှင့် စမ်းသပ်သူများ အဖို့မှာ ရှုံးဖို့က များသည်ဟု နောက်ဆုံးပိတ် သတိပေး လိုက်ပါသည်။

## ဝမ်းချုခြင်း၏ ကျေးဇူး

ကျွန်ုပ်၏ ဖခင်ပြောလေ့ရှိသော စကားတခွန်းမှာ "အဘိုးကြီးအမယ်ကြီး လင်မယားများဟာ အဘိုးကြီးသေပြီးတဲ့နောက် အမယ်ကြီးလဲ တယ်မကြာဘူး၊ လိုက်သွားတတ်တယ်၊ အမယ်ကြီး သေပြီးတဲ့နောက်လဲ အဘိုးကြီးဟာ တယ်မကြာဘူး၊ လိုက်သွားတတ်တာပဲ၊ တယောက်တည်း ကြာကြာကြီး ကျန်ရစ်တဲ့ အဘိုးကြီး အမယ်ကြီး အင်မတန်နည်းတယ်" ဟူသည်ပင်ဖြစ်၏။ မိထွေး သေဆုံးသည့်နောက် ကျွန်ုပ်၏ဖခင်မှာ သိသိသာသာကြီး ညှိုးငယ်ခြင်းကို ကျွန်ုပ်တွေ့ရ၍ သူ၏စကားအတိုင်း ဖြစ်ချေမည်လောဟု ကျွန်ုပ်သတိရ၏။ ထို့ကြောင့် ဖခင်သဘောမတူသည့် လောင်းကစားအလုပ်ကိုပင် နိုင်မှန်းသိလျက်နှင့် ဖြတ်ထားလိုက်ပါသည်။ ဖခင်သည် ညှိုးငယ်သော စိတ်ရှိရာမှ ခြေထောက်များ အနည်းငယ်ရောင်ဖောလာခြင်းကို တွေ့ရ၍ (ထိုစဉ်ကတည်းက ကျွန်ုပ်စတင်

လေ့ကျင့်လျက်ရှိသော)နေ့စဉ် ဝမ်းချူသောအလုပ်ကို တိုက်တွန်းပြီး သင်ပြပေး၏။ ဖခင် သက်သာလာခြင်းကို တွေ့ရ၍ ဝမ်းသာမိပါသေးသည်။ သို့ရှိနေစဉ် ကျွန်ုပ်၏ညီသည် မိုးကုတ်မှ ဆားများဝယ်ရန် ဆင်းလာ၍ ဖခင်သည် သူ၏အချစ်ဆုံးဖြစ်ပုံရသော သားငယ်ကိုတွေ့မြင်ရ၍ (မိခင်မူကား ကျွန်ုပ်အား အချစ်ဆုံးဖြစ်သည်ထင်၏။) တနေ့တခြား စားကောင်းသောက်ကောင်း ဖြစ်လာ၏။ ဂျပန်ခေတ်၌ဝက်လက်မှလူများသည် မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့ နေထိုင်လျက်ရှိသဖြင့် ကျွန်ုပ်တို့၏အိမ်ရှေ့မှာ ဈေးတန်းကြီးဖြစ်နေ၏။ ဖခင်သည် နံနက်စောစော အိမ်ရှေ့သို့ထွက်၍ ဈေးတန်းကြီးကို လျှောက်ကြည့်လေရာ မုန့်သည်၊ အကြော်သည်များသည် နာလန်ထူလာသော အဘိုးကြီးဆို၍ စေတနာ ထက်သန်စွာနှင့် ကျွေးမွေးကြ၏။ သို့ဖြစ်၍ ထိုနေ့နံနက်၌ ဖခင်သည် မုန့်ပေါင်း နှစ်ခု၊ ဗူးသီးငါးပေါင်းကြော်နှစ်ခု၊ မုန့်ဆီကြော်နှစ်ခုမျှ စားခဲ့သည်ဆို၏။ ကျွန်ုပ်၏ ဖခင်သည် ဘာကိုစားသည်ဖြစ်စေ အစာမကြေဘူးသည် မရှိသလောက် 'ပါစကေတေဇော'ကောင်းသူ တယောက်ဖြစ်ပါလျက် (ကျွန်ုပ်လည်း ဖခင်ထံမှ ဤအမွေကို ဆက်ခံရသည်။) နာလန်ထူခါစတွင် ဤမျှလောက်မြောက်မြားစွာစား မိ၍ အစာမကြေနိုင်သောကြောင့်ထင့်၊ ရင်ပြည့်ပြီး ရောဂါပြန်၍ ဖြစ်ရှာလေသည်။ ညီတော်မောင်မှာမူ ထိုနေ့တွင် မိုးကုတ်သို့ပြန်သွား၍ ဖခင်အကြောင်းကို သိမသွားချေ။

## ဖခင်၏နောက်ဆုံးအချိန်

ထို့နောက် ၁၀ ရက်ခန့်ကြာသောအခါ တည၌ ကျွန်ုပ်သည် ဖခင်ကို စိတ်မချသည်နှင့် သူ၏ခုတင်အနီးတွင် ကျွန်ုပ်တို့လင်မယား စောင့်၍ အိပ်ကြ၏။ အိပ်ချိန်တန်သောအခါ ကျွန်ုပ်သည် ဖခင်၏အခြေအနေကို စိုးရိမ်သည်နှင့် ထိုညဥ့်အဖို့ မအိပ်ပဲ စာဖတ်၍စောင့်မည်ဟု မီးအိမ်ကို ကျွန်ုပ်၏ခေါင်းရင်းသို့

ယူထား၍ မစိုးအားအိပ်ချင် အိပ်တော့ဟု ပြောပြီး ကျွန်ုပ်စာဖတ်လျက်ရှိစဉ် ဖခင်က "ငါက မီးခွက်ထွန်းထားယင် မအိပ်တတ်ဘူးကွယ်၊ ငါအိပ်ချင်ပြီ၊ မီးခွက်ငြိမ်းလိုက်ပါတော့"ဟုပြော၏။ ကျွန်ုပ်သည် မီးခွက်ငြိမ်းလိုက်ရသောအခါ ဖခင်ကို တညလုံးစောင့်ဖို့ စိတ်ကူးထားသော် လည်း စာမဖတ်ရသည်နှင့် လစ်ကနဲ အိပ်ပျော်သွားတော့သည်။ မည်မျှလောက်ကြာသည်မသိ၊ ကျွန်ုပ်၏နားထဲ၌ 'တချောက်ချောက်'အသံ ကြား၍ နိုးလာပြီး မီးခွက်ထွန်းကြည့်လိုက်သောအခါ ယနေ့တိုင် ဝမ်းနည်း၍ မဆုံးသော အခြင်းအရာကို တွေ့ရလေ၏။ ဖခင်သည် ခုတင်ပေါ်မှ လိမ့်ကျပြီး သူ၏သံသေတ္တာအနီးတွင် စောင်းလျက်ကလေး ဖြစ်နေရှာလေရာ ကျွန်ုပ်တို့အားခေါ်၍ မနှိုးနိုင်သည့်အတွက် သံသေတ္တာ၌ ပတ်ထားသည့် သံကြိုးကို လက်ဖြင့်ဆွဲကာ ဆွဲကာ လှုပ်၍နှိုးရှာခြင်းဖြစ်ဟန် တူပေသည်။ ကျွန်ုပ်တို့လင်မယားသည် ဖခင်ကိုခုတင်ပေါ်သို့ပွေ့တင်၍ အိမ်နီးနားချင်း ဦးလေးနှင့် အိမ်သားများကို ခေါ်ယူလိုက်သောအခါ ဖခင်မှာ စကားပြောနိုင်သော အခြေအနေမရှိတော့ချေ။ ကျွန်ုပ်ကသူ၏လက်ကို ကိုင်လိုက်သောအခါ ဖခင်သည် ကျွန်ုပ်၏လက်ကို တင်းကျပ်စွာ ကိုင်ဆွဲထား၏။ ကျွန်ုပ်ကိုအားကိုးရှာသည်ဆိုသော အဓိပ္ပာယ်မျိုး ကျွန်ုပ်ကောက်ယူ၏။ ဤအမှုအရာသည် ကျွန်ုပ်စိတ်တိုင်းကျသော အမှုအရာမျိုးမဟုတ်ချေ။ ကျွန်ုပ်၏မိခင်သည် ဤကဲ့သို့ပြုလိမ့်မည်မဟုတ် ဟု ကျွန်ုပ်နားလည်၏။ ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်တွေ့ဘူးသမျှသော ပုဂ္ဂိုလ်များ အနက်တွင် သီလ အစင်ကြယ်ဆုံးတယောက် ဖြစ်ရုံသာမက ဓမ္မကထိက တယောက်လည်းဖြစ်၏။ သို့နှင့်လည်း နှလုံးသွင်းတရားတခုခု လက်ကိုင်ပြုစရာ မရှိခဲ့လျှင် သေခြင်းနှင့် ရင်ဆိုင်ရသည့်အခါ အားကိုးရာမဲ့ ဖြစ်ရတတ်ချေသည် တကားဟု ထပ်လောင်း စဉ်းစားမိပါသေးသည်။ ဤကဲ့သို့ အားကိုးစရာ ရှာတတ်သော ဖခင်သည် ခုတင်ပေါ်မှလိမ့်ကျပြီး သံသေတ္တာကိုလှုပ်ကာ ကျွန်ုပ်တို့အား ခေါ်နေရှာသောအခိုက်တွင် အဘယ်မျှလောက် စိတ်ဆင်းရဲရှာလေမည်နည်းဟု ယခုစဉ်းစားလိုက်လျှင် ယခုပင် မျက်ရည်ဝဲလျက်ရှိပါသည်။

ကျွန်ုပ်သည် ဖခင်ထက် မိခင်ကိုပို၍ ချစ်ခင်သည်မှန်သော်လည်း မိခင်၏ စိတ်ဓာတ်ကို သိပြီးဖြစ်သောကြောင့် အလားတူ အဖြစ်မျိုးတွင် မိခင်အတွက် ဖခင်ကဲ့သို့ ရင်ထုမနာဖြစ်လိမ့်မည်မဟုတ်ချေ။ မိခင်မူကား ခုတင်ပေါ်မှ လိမ့်ကျလျှင် ကျွန်ုပ်တို့ကို ခေါ်နေမည်မဟုတ်၊ သူ့အာရုံနှင့်သူ နေလိုက်လိမ့်မည် ဖြစ်လေသည်။ ခုတင်ပေါ်သို့ ပွေ့တင်လိုက်၍ ၁၀ မိနစ်ခန့်အတွင်း ဖခင်သည် ဇီဝိတိန္ဒြေချုပ်သွားလေ၏။

## ကံကောင်းခြင်းတရပ်

ကျွန်ုပ်သည် ချစ်ခင်ရင်းနှီးသူများ ဇီဝိတိန္ဒြေချုပ်ပျောက်ခြင်းကို မြင်ရသည်မှာ ဤအကြိမ်သည် ပထမအကြိမ်ဖြစ်၏။ ဤအဖြစ်ကို အခြားလူများက ဘယ်ကဲ့သို့ ထင်ကြသည် မဆိုနိုင်၊ ကျွန်ုပ်မူကား ကံကောင်းခြင်းတခုဖြစ်သည်ဟု ယူဆ၏။ လူတဘက်သား အသက်ထွက်ခြင်းကို မြင်ရသည့်အခါ (တရားသဘောကို ဆင်ခြင်ဖို့ သတိရသော ပုဂ္ဂိုလ်များမှတပါး) နှလုံးမသာယာခြင်း ဖြစ်စေသော ကြောင့် အနိဋ္ဌာရုံတခုဟု ကျွန်ုပ်ယူဆ၏။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရခြင်းသည် အကုသိုလ်ကံ၏ အကျိုးဆက်ဖြစ်သည်ဟု စာကဆိုထား၏။ မည်သို့ပင် ဖြစ်စေချစ်ခင်သော ပုဂ္ဂိုလ်မျိုးအသက်ငင်နေသည့်အခါ ကျွန်ုပ်သည် မျက်နှာလွှဲ သွားမည့် အမျိုးအစားထဲက မဟုတ်သော်လည်း မကြုံရခြင်းသည် ကံကောင်းခြင်း ဖြစ်သည်ဟု ကျွန်ုပ်ယူဆသည်။ ကျွန်ုပ်၌ "ဟေးလား ဝါးလား"မိတ်ဆွေမျိုး နည်းသော်လည်း 'ရင်ဘတ်'မိတ်ဆွေမျိုးကား အတော်များခဲ့ပါသည်။ မိတ်ဆွေ ဖြစ်စေ၊ ဆွေမျိုးဖြစ်စေ ကျွန်ုပ်ရှေ့တွင် ဇီဝိန်ချုပ်ခြင်း အလွန်နည်း၏။ ဤစာရေး သော အချိန်တိုင်အောင် ဖခင်တဦးသာ ကြုံရဘူးပါသည်။ အလွန်ခင်မင်သော သူငယ်ချင်း စက်ခွေတယောက် ဇတန်းတွင် ပလိပ်ဖြစ်၍သေရာ ကျွန်ုပ်ဘာမျှ မမြင်လိုက်ရ ကိုဖေတယောက် အဆုတ်နာနှင့်သေရာ အသုဘသာ ပို့လိုက်ရ၏။

မောင်ရီတယောက်မှာလည်း သေပြီးခါမှ ကြားလိုက်ရ၏။ နှမအရင်းတယောက် ကွယ်လွန်ရာတွင် အကြောင်းကြားဖို့ မေ့နေကြသည်ဆိုသောကြောင့် အသုဘပင် မပို့လိုက်ရချေ။ (ယောက်ဖနှင့်တူ၊ တူမများ၏ ပေါ့လျော့မှုဖြစ်သော်လည်း ကျွန်ုပ်ကား အပြစ်မတင်လိုပေ။) မိခင်ကွယ်လွန်စဉ်ကလည်း အလောင်းကိုသာ မှီလိုက်၏။ ကိုသိန်းဖေနှင့် ကိုခင်မောင်တို့မှာလည်း ရပ်ဝေး၌ ကွယ်လွန်သွားကြ၍ မြင်လည်းမမြင်၊ ကြားလည်းမကြား၊ ပြီးကာမှသိလိုက် ရ၏။ သမီးတယောက် (၃၇)နှစ်၊ သားတယောက် (၄၀)နှစ် ကွယ်လွန်စဉ်က လည်း သင်္ဂြိုဟ်ပြီးမှ သိရ၏။ ဤစာရင်းမှာ အသက်ငင်ခြင်းကို ကျွန်ုပ်မြင်ရလျှင် စိတ်ဆင်းရဲမှုဖြစ်ရမည့် ကွယ်လွန်ပြီးသူများ ဖြစ်ကြ၏။ ဘယ်သူ့ကိုမျှ ကျွန်ုပ်မမြင်လိုက်ရချေ။ အချို့ လူများသည် အသက်မမှီခဲ့လျှင် ခေါင်းကိုဖွင့်၍ ကြည့်ချင်တတ်ကြ၏။ ကျွန်ုပ် မှုကား ၎င်းဝါသနာမျိုး မရှိချေ။ ထိုသူတို့သည် ဖွင့်ကြည့်ပြီး ဟစ်အော် ငိုကြွေး ကြခြင်းအားဖြင့် ဘာအကျိုးများ ရှိကြသည်ဟု ကျွန်ုပ်နားမလည်ချေ။

## မိခင်နှင့်ဖခင်နှိုင်းယှဉ်ချက်

ဖခင်ကွယ်လွန်၍ အလောင်းပြင်ပြီးသည့်နောက် ကျွန်ုပ်သည် ဖခင်၏ဝင်းခြံ တနေရာ၌ရှိသော သရက်ပင်ကြီးတပင်အောက်သို့ သွား၍စဉ်းစားဆင်ခြင်ရာတွင် မိခင်ကိုသတိရ၍ နှိုင်းယှဉ်ချက် ထုတ်မိပါသည်။ ကျွန်ုပ်သည်သားသမီး ဆုံးမပုံနှင့် ပတ်သက်၍ ဖခင်၏ကျပ်တည်းလွန်းခြင်းကြောင့် ချစ်ခင်သလောက် မချစ်ခင်မိ သော်လည်း (ကြီးပြင်းလာသောအခါ၌ သူ၏စေတနာကို နားလည်ပါသည်။) ဖခင်၏ကောင်းသောအချက်အလက်များကို ကောင်းကောင်းကြီးသိပါ၏။ ပင်ကို အားဖြင့် စိတ်နှလုံးသိမ့်မွေ့ခြင်း၊ ဖြူစင်ခြင်း၊ သူတော်ကောင်းခြင်းဟူသော အရည်အချင်းများတွင် ကျွန်ုပ်၏ဖခင်ထက် သာလွန်သော ပုဂ္ဂိုလ်တဦး တယောက်ကို တသက်ပတ်လုံးမတွေ့ရဘူးပါ၊ ဤအတွက်လည်း ကြည်ညိုဖို့

ကျွန်ုပ်သတိရပါသည်။ မိခင်မူကား စိတ်ဆတ်သော အမျိုးဖြစ်၍ မဟုတ်မခံ တတ်သော ဝါသနာရှိသူဖြစ်ပါသည်။ ကျွန်ုပ်တရားအားထုတ်၍ သက်န်းဝတ် ပြီးသော အချိန်မှစ၍မူကား မိခင်သည်(ကျွန်ုပ်၏မျက်စိ၌) အသစ်ပြင်ဆင် ထုလုပ်လိုက်သော အရုပ်ကဲ့သို့ စိတ်သဘော ပြောင်းလဲလာခြင်းကို မြင်ရ၏။ စိတ်ဆတ်သော ဝါသနာအလျောက် ရံဖန်ရံခါမခံချင်သော မျက်နှာထား ဖြစ်ပေါ်လာခြင်းကို ကျွန်ုပ်မြင်ရသော် လည်း မျက်နှာထား ပြောင်းရုံမျှထက် ကျော်လွန်၍ နှုတ်ဖြင့်လည်းကောင်း၊ အပြုအမူဖြင့်လည်းကောင်း အမျက်ဒေါသ ဖော်ပြခြင်းကိုမတွေ့ရပါ။ ထိုအချိန်မှစ၍မူကား မိခင်သည် ပင်ကိုအားဖြင့် သဘော ကောင်းသော ဖခင်ထက်ပင် ကျစ်လျစ်သိပ်သည်းခြင်း ရှိသည်ကို ကျွန်ုပ်တွေ့ရ၏။ ကျွန်ုပ်လည်း မိခင်မြင်သောတရားသဘာဝကို သိမြင်ထားစေကာမူ မိခင်ကဲ့သို့ တလျှောက်တည်း သုံးသပ်ဆင်ခြင်နိုင်သော အခွင့်အရေး မရရှိသည့် အတွက် ကြောင့် အပြောအဆို အပြုအမူ စသည်များ၌ ချွတ်ယွင်းချက်များ ရှိနေခြင်း ဖြစ်သည်ဟု စဉ်းစားမိပါသည်။ လောဘ၊ ဒေါသ အမြစ်ပြတ်သေးသူမဟုတ်ခဲ့လျှင် သတိနှင့် မနေတတ်ပါက အမှားအယွင်းများ ရှိရဦးမည်ဟူ၍လည်း ကျွန်ုပ် မြင်လာပါသည်။ စိတ်ထက်သော ပုဂ္ဂိုလ်တယောက်သည် ပင်ကိုအားဖြင့် စိတ် သဘော ကောင်းသော လူတယောက်ထက်ပင် အမှားအယွင်းနည်း၍ လောကဓံကို ခံနိုင်ရည်ရှိခြင်းသည်ကား တရားတော်၏ ဂုဏ်ကျေးဇူးပေတည်းဟု ကျွန်ုပ် တိုးတက်သဘောကျ၍ သဒ္ဓါတရား ပိုမိုခိုင်မြဲခြင်း ဖြစ်ခဲ့ရပါသည်။

## 'သေကံကောင်းခြင်း' ဟူ၍ရှိသလော

လူတယောက်သည် ဆင်းရဲစွာနေထိုင် စားသောက်ရပြီးနောက် ကွယ်လွန်သောအခါ၌ သူ၏ ရှာပနစည်ကားခဲ့လျှင် သေကံကောင်းသည်ဟု ပြောပြ၏။ အချို့သားသမီးများသည် မိဘမကျန်းမာသည့်အခါဆရာဝန်ခေါ်ဖို့ ဝန်လေးသော်လည်း ရှာပန စည်ကားရေးအတွက်ကိုမူ ရှိသမျှကလေးကို ရောင်းချ၍ အကုန်ခံတတ်ကြ၏။ အချို့ကလည်း ကွယ်လွန်သူကို ရည်စူး၍ လှူဒါန်းခဲ့လျှင် ဤကောင်းမှုအတွက် ကွယ်လွန်သူက တမလွန်ဘဝ၌ ခံစားခွင့်ရှိသည်ဟု ယုံကြည်ကြ၏။ ကွယ်လွန်သူသည် ဘဝတပါး၌ ပြိတ္တာဖြစ်နေခဲ့ပါမူ ဤကောင်းမှုအတွက် သာဓုခေါ်နိုင်ခွင့်ရှိ၍ 'ကျွတ်'နိုင်သည်ဟု ပေဝတ္ထု၌ ဗုဒ္ဓဟောတော်မူခြင်းမှ တပါးကျန်ရစ်သူများကပြုသော ကောင်းမှုအတွက် ကွယ်လွန်သူက အကျိုးခံစားခွင့်ရှိသည်ဆိုခြင်းကို ကျမ်းဂန်၌မတွေ့ရဘူးပေ။ စေတနာကြောင့် အကျိုးပေးသည်ဟု ဗုဒ္ဓဟော်တော်မူခဲ့ ရာ ကျန်ရစ်သူများ၏ စေတနာကြောင့် ကွယ်လွန်သူအဖို့၌ အကျိုးပေးသည်ဆိုခဲ့လျှင် စေတနာရှင်ကတခြား၊ ခံစားရသူက တယောက်ဖြစ်နေသဖြင့် သဘာဝမကျလှချေ။ ပြိတ္တာဘဝသို့ရောက်၍ သာဓုခေါ်နိုင်ခြင်းမှတပါး လူတဦးတယောက်က အခြားလူတဦးတယောက်အတွက် ကောင်းမှုသော်လည်းကောင်း၊ မကောင်းမှုသော်လည်းကောင်း ပြုလုပ်ပေးနိုင်သည့်နယ် ယုံကြည်တတ်ကြခြင်းမှာ ကျမ်းဂန်နှင့်လည်း မညီညွတ်၊ သဘာဝလည်းမကျသော အယူဝါဒတခုဖြစ်ချေသည်။ (ကျွန်ုပ်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အနက်တွင် ကျမ်းဂန်နှင့် မကိုက်ညီသည့် အယူဝါဒအတော်များများ ရှိကြလေရာ သင်ပြထိုက်သော ပုဂ္ဂိုလ်များက သင်ပြခြင်းမရှိပဲ မျက်နှာလွှဲတတ်ကြခြင်းမှာ ဝမ်းနည်းဖွယ်ရာတခုဖြစ်ပေသည်။)

## ဆန္ဒမပြည့်ရှာခြင်း

ကျွန်ုပ်၏ဖခင်က "ငါသေလျှင် သရဏဂုံတင်ဖို့ မလိုဘူးဟေ့၊ သရဏဂုံတင်တယ်ဆိုတာ ပြိတ္တာဖြစ်မယ်ထင်တဲ့ လူများအဖို့ လုပ်ကြရတာကွယ့်"ဟု ပြောဘူး၏။ ဆိုလိုခြင်းမှာ သူ၏သီလ သမာဓိကို ယုံကြည်အားထားသည့် သဘောပင်ဖြစ်လေသည်။ ကျွန်ုပ်လည်း သူ၏ဂုဏ်ကိုဤအတိုင်းပင် ယုံကြည်ပါသည်။ သို့ရာတွင်ဖခင်သည် များစွာသောလူတို့၏ ဆန္ဒအတိုင်း မိမိ၏ ဈာပနစည်ကားခြင်းကို လိုလားရှာပုံရသည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ ဤနေရာ၌ မိခင်နှင့်ကျွန်ုပ်တို့မှာကား မသေမီအတွင်း အထိုက်အလျောက်ကလေးမျှ အလိုဆန္ဒပြည့်ဝလျှင်တော်ပါပြီ။ 'သေကံကောင်းသည်'ဆိုသော ဈာပနစည်ကား ခြင်းမျိုးကိုတောင့်တောင့်တတ ရှိကြသူများမဟုတ်ချေ။ ကျွန်ုပ်တို့ကား ဘဝကူးကောင်းလျှင်တော်ပါပြီ။ ကျန်ရစ်သောအလောင်းကြီးကို ကျန်ရစ်သူများ လုပ်ချင်သလိုလုပ်ကြစေဟု သဘောထားနိုင်သူများ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်ုပ်ကမိမိ၏ဈာပနအတွက် ကြောင့်ကြမစိုက်သော်လည်း ဖခင်၏ဆန္ဒကိုရိပ်မိ သည်ဖြစ်၍ သူ၏ဈာပန စည်ကားရေးအတွက် တတ်နိုင်သမျှ ကြိုးစားပါသည်။ ဖခင်၏ဆန္ဒနှစ်ခုအနက် တခုတည်းသာ ကံအားလျော်စွာ ပြည့်စုံ၏။

ဖခင်၏ဈာပနနေ့၌ အလောင်းကိုရွာ၏ အနောက်ဘက်၌ရှိသော သုသာန်သို့ ပို့ဆောင်ကြစဉ် ထိုအချိန်တွင် ၎င်းနယ်တဝိုက်၌ 'ကျွဲညီနောင်'ဟုခေါ်ကြသော လေယာဉ်ပျံနှစ်စီးတို့ မကြာခဏလာရောက်ချောက်လှန့်မှုကြောင့် ရွာသားများနှင့်ရွာနီးချုပ်စပ်မှလူများ အလွန်ထိတ်လန့်နေကြသဖြင့် အသုဘလိုက်ပို့ဝံ့သူ အလွန်နည်းပါး၍ ကျွန်ုပ်၏မျှော်လင့်ချက်မကိုက်ပဲ ဖြစ်နေ၏။ ဤမျှသာမကသေး ချေ။ သုသာန်သို့ ရောက်ကြ၍ သုသာန်ဇရပ်ထဲ၌ အလောင်းကို သရဏဂုံတင်မည်ပြုကြစဉ် လေယာဉ်ပျံနှစ်စီး ပေါ်လာကြလေပြီ။ (ကျွန်ုပ်သည် သရဏဂုံတင်ရေးနှင့်ပတ်သက်၍ ဖခင်၏စကားကို သတိရသဖြင့် မစီမံပဲ ထားသော်လည်း

ဆွေမျိုးများက သူတို့ဖာသာ အစီအစဉ်ပြုလုပ်ထားပြီးဖြစ်သည်နှင့် ဘာမျှမပြောပဲ ကြည့်နေရ၏။ သို့ရာတွင် ဘုန်းကြီးများက ထုံးစံအတိုင်း သရဏဂုံတင်မည်ပြုဆဲတွင် လေယာဉ်ပျံနှစ်စီးရောက်လာခြင်းကြောင့် ဘုန်းကြီးရောလူများပါ ထပြေးကြပါတော့သည်။ နောက်ဆုံး၌ သတ္တိကောင်းသော လူငယ်လေးငါးယောက်နှင့် ကျွန်ုပ်တို့လင်မယားအပြင် ဦးလေးတယောက်သာ မြေဖို့မည့်သူ ရှိပါတော့သည်။ ကျွန်ုပ်သည် မြေစိုက်ခဲများကို ကျင်းထဲသို့ပစ်ချစဉ် စည်စည်ကားကား ဖြစ်စေလိုသော ဖခင်၏ဆန္ဒ မပြည့်ဝစေကာမူ "ငါ့အလောင်းကိုသရဏဂုံတင်ဖို့ မလိုပါဘူး"ဟု ဖခင်ပြောခဲ့သည့်အတိုင်းပင် ကံအားလျော်စွာ ဖြစ်ရပုံတို့ကို ဆင်ခြင်စဉ်းစားမိပါသေးသည်။ (မစိုးသည် လေယာဉ်ပျံ မကြောက်တတ်သူတယောက်မဟုတ်ပါပဲလျက် ဖခင်၏အလောင်းကိုမြုပ်နှံရာတွင် ကျွန်ုပ်နှင့်အတူ အရဲစွန့်၍နေခြင်းအတွက် ချီးကျူးမိပါသည်။ လေယာဉ်ပျံနှင့် ပတ်သက်၍ 'မရဲသော်လည်း ပြေးခဲ့စေ'ဆိုသော မြန်မာစကားပုံအရ ကျွန်ုပ်ထံမှ အတုယူခြင်း ဖြစ်လေသလောဟူ၍လည်း ကျေနပ်ခဲ့ပါသည်။)

## အံ့သြလောက်အောင်စကားပီလှသူ

ဖခင်၏ရှာနကိစ္စပြီးစီး၍ များမကြာမီ ဂျပန်စစ်သားများသည် ကျွန်ုပ်တို့၏ခြံကြီးထဲသို့ တပ်ချီ၍ဝင်လာကြပြီး အစုအအုပ်နှင့် စတည်းချနေကြခြင်းကို ကြုံရ၏။ ကျွန်ုပ်သည် ဂျပန်စစ်သားများကို အဝေးမှသာ မြင်တွေ့ရ၍ တခါတရံမျှသာ စကားပြောဘူးသည်နှင့် ၎င်းတို့အကြောင်းကို လေ့လာခွင့်မရခဲ့ချေ။ ထိုအခါ၌မူ ကျွန်ုပ်တို့၏ခြံကြီးထဲတွင် ကျွန်ုပ်တို့နှင့်အတူ နေထိုင်လျက်ရှိကြသောကြောင့် သူတို့၏အလေ့အကျင့်များကို နီးကပ်စွာ လေ့လာခွင့်ရ၏။ ဤတလော၌ ဂျပန်တပ်များသည် မြောက်အရပ်မှ တောင်အရပ်သို့ တသုတ်ပြီးတသုတ် ရွှေ့ပြောင်းကြခြင်းကို မြင်ရ၍ (သတင်းစာမဖတ်ရသော ထိုခေတ်တွင်)

စစ်အခြေ အနေအကြောင်းကို မကြားရပဲ အကဲခတ်ခြင်းဖြင့်သာ သိရ၏။ ကျွန်ုပ်တို့၏ ခြံအတွင်း၌ စတည်းချလျက်ရှိသော ဂျပန်စစ်တပ်မှာ နောက်ဆုံးရောက်လာသော စစ်တပ်ဖြစ်၍ ငှက်ဖျားမိလာသောစစ်သား တော်တော်များများ ပါလာကြသည်။ ရောဂါသည်များသည် ခြံကြီးအတွင်း မြေကြီးပေါ်၌အိပ်ကြရ၍ အစားအသောက်၊ အအိပ်အနေ ဆင်းရဲကြည့်ပြင်ငှက်ဖျားသမားများလည်း ဆေးဝါးကောင်းစွာမှီဝဲကြရပုံ မရသည်ကိုတွေ့ရ၍ ဂျပန်ဘက်မှ စစ်အခြေအနေ အတော်ဆိုးနေဟန် တူသည်ဟု အကဲခတ်မိ၏။ ကျွန်ုပ်သည် မြန်မာစကား တတ်သော ဂျပန်စစ်ဗိုလ် ကလေးများနှင့် စကားပြောယင်း အခြေအနေကို တီးခေါက်စုံစမ်းချင်သော်လည်း ပြောမှားဆိုမှား ဖြစ်သွားခဲ့လျှင် (ကျွန်ုပ်အင်္ဂလိပ်စကားပြောတတ်ခြင်းကို သူတို့သိသည်နှင့်) အင်္ဂလိပ်သူလျှိုဟု အထင်ခံရမည်စိုးသောကြောင့် နှုတ်ခပ်ဆိတ်ဆိတ် လုပ်နေရ၏။ ဤအတောအတွင်း ဂျပန်စစ်ဗိုလ်ကလေးများ၏ မြန်မာစကား ပီသအောင်ပြောတတ်ခြင်းနှင့် စကားသုံးနှုန်းတတ်ခြင်းကို တအံ့တသြ တွေ့ရှိရ၏။ ဥပမာ တညနေ၌ ကျွန်ုပ်သည် ရွာထဲမှ ပြန်လာ၍ ကျွန်ုပ်တို့ဝင်းခြံထဲသို့ ဝင်မိသည်နှင့် တပြိုင်နက် "ဦးဖေသိန်း၊ ဘယ်က ကြွလာပါသလဲခင်ဗျား"ဟု မေးသံကြားလိုက်သည်နှင့် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်ုပ်၏စိတ်ထဲ၌ ဝက်လက်မှ မိတ်ဆွေတယောက် ဖြစ်လိမ့်မည်ထင်ရာ ကာကီယူနီဖောင်းနှင့် စီးကရက်တလိပ် သောက်လျက်ရှိသော ဂျပန်စစ်သားတယောက် ကိုမြင်ရ၍ အလန့်တကြား ဖြစ်သွားမိပါသည်။

ဂျပန်သည် ကျွန်ုပ်၏အံ့သြသောမျက်နှာကို မြင်သည်နှင့် ခပ်ပြုံးပြုံးမျက်နှာထားနှင့် "ကျွန်တော်ကစစ်ဗိုလ်တွေကို မြန်မာစာသင်ပေးရတဲ့ ဆရာတယောက်ပါခင်ဗျာ"ဟုပြော၏။

"ခင်ဗျား ဗမာလား၊ နစ်ပွန်လား"

"ကျွန်တော်နစ်ပွန်ပါ၊ ဒီရောက်ရောက်ချင်း မြန်မာစာသင်ရလို့ တော်တော်တန်တန် တတ်ပြီးတဲ့နောက် နစ်ပွန်ချင်းချင်းကို မြန်မာစာသင်ပေး ရပါတယ်၊ မိတ်ဆွေကစာရေးဆရာဆိုလို့ မြန်မာစကားဆက်လက်သင်ဖို့လာခဲ့ပါ တယ်"

"မလုပ်ပါနဲ့ဗျာ ကျွန်တော်က ခင်ဗျားလောက် ဗမာစကားမပြောတတ်ပါဘူး"ဟု ပြောလိုက်ရာ ထိုလူသည် အတော်သဘောကျဟန်နှင့် ရယ်မောလေသည်။ ကျွန်ုပ်စာရေးဆရာဖြစ်သည်ဟု ဘယ်ဆီကသိခဲ့သည် မဆိုနိုင်သဖြင့် အံ့သြမိခြင်းနှင့်အတူ ရွံ့ကြောက်သောစိတ်လည်း ဖြစ်ပေါ်မိပါသည်။

တနေ့သ၌ ဝက်လက်မှ မြန်မာပြည်ပေါက် ကုလားစက်ပိုင် တယောက်သည် ကျွန်ုပ်တို့၏အိမ်ရှေ့မှ ဖြတ်သွား၍ ကျွန်ုပ်နှင့်နှုတ်ဆက်ရာ အနီးတွင် ဤဂျပန်လည်းရှိသည်နှင့် ကျွန်ုပ်က မိတ်ဆက်ပေးပြီး အလ္လာပသလ္လာပ စကားအနည်းငယ် ပြောကြ၏။ အတန်ငယ်စကားပြောမိကြသောအခါ ဂျပန်ကပြောသော မြန်မာစကား တလုံးနှစ်လုံးကို မြန်မာပြည်ပေါက် ကုလားက နားမလည်သဖြင့် ကျွန်ုပ်က အဓိပ္ပာယ်ပြော၍ပြရ၏။ ဂျပန်သည် သူတတ်ခြင်းကို အစွမ်းပြခြင်းဖြစ်သည် မှန်သော်လည်း ဤဂျပန်လူမျိုးသည် မြန်မာပြည်ပေါက်ကုလားများထက်လည်းကောင်း၊ တရုတ်များထက် လည်းကောင်း၊ အနောက်တိုင်းသားများထက်လည်းကောင်း မြန်မာစကားပီသအောင် ပြောနိုင်ခြင်းမှာမူကား ကျွန်ုပ်အဖို့ရာ၌ အံ့သြမဆုံးအောင် ရှိခဲ့ပါတော့သည်။

## သြဝါဒပေးရခြင်း

ကျွန်ုပ်တို့ဝင်းထဲ၌ စတည်းချလျက်ရှိသော ဂျပန်စစ်သားများသည်နေ့အချိန်တွင် တနေ့လုံးအိပ်ကြ၍ ညအချိန်များတွင် ပျောက်သွားကြခြင်းကို ကျွန်ုပ်မြင်ရ၍ ဘာလုပ်ကြသည်ဟု သိချင်လှသော်လည်း မေးမြန်းခြင်းမပြုဝံ့ပဲ အကဲကိုသာ ကြည့်နေရ၏။ နောက်ဆုံး၌ ရွာသားများ သိလာကြသည်မှာကား ဂျပန်များသည်

ဝက်လက်နှင့် စစ်ကိုင်းအကြားရှိ မီးရထားသံလမ်းများကို ညအချိန်များတွင် ဖြုတ်ကြပြီးလျှင် စစ်ကိုင်းသို့ မီးရထားနှင့်တင်၍ ဧရာဝတီမြစ်ထဲသို့ ချပစ်ကြသည်ဟု ပြောကြလေသည်။ ဤတွင်မှ ကျွန်ုပ်သည် ဂျပန်များအရေးနိမ့်၍ ဆုတ်ခွာသွားကြခြင်းဖြစ်ကြောင်း တွေးနိုင်ပါသည်။ သို့ရာတွင် ဆုတ်ခွာသော စစ်တပ်တို့မည်သည် ချီတက်လာသော စစ်တပ်ကဲ့သို့ နာမည်ကောင်းယူဖို့ မရှိတော့ပဲ ရမ်းတတ်သည်ဟု ဖတ်ရဘူးခြင်းကြောင့် ၎င်းတို့နှင့်ဆက်ဆံရာတွင် အထစ်အငေါ့မရှိရအောင် သတိထားကြဖို့အကြောင်း ရွာသားများအား ပြောပြရပါသေးသည်။ အချို့သော ဒေသများ၌ လူငယ်များသည် ဂျပန်များ ဆုတ်ခွာခြင်းကို ရိပ်မိ၍ ၎င်းတို့အပေါ်၌မကျေနပ်သော အမှတ်အသားများအတွက် လက်တုံ့ပြန်ကြခြင်းကို ကျွန်ုပ်ကြားရ၏။ ရွှေဘိုနယ်မှာ ဦးအောင်ဇေယျပေါ်ထွက်သော နယ်ဖြစ်၍ ယနေ့တိုင် အတော်ကြမ်းသော နယ်တနယ်အဖြစ်နှင့် အသိအမှတ်ပြုထားကြလေရာ ကျွန်ုပ်သည် ရန်ငြိုးဖြင့် ကြမ်းကြုပ်စွာ လက်တုံ့ပြန်ကြခြင်းကို မနှစ်သက်သည်နှင့် လူငယ်များအား ကြိုတင်သတိပေးရခြင်းဖြစ်ပါသည်။ သို့ရာတွင် တိုက်ရိုက်ထုတ်ဖော်၍ ပြောခြင်းမဟုတ်ပဲ သွယ်ဝိုက်သော နည်းဖြင့် ပြောရပါသည်။ ကျွန်ုပ်သည် ဂျပန်ဝင်လာခြင်းကို အခြားလူများနှင့် အတူကြိုဆိုမိ၍ အရည်လည်သောအခါ၌ မကြိုက်လှသော်လည်း နိမ့်ကျနေသောလူကို ဖိ၍နင်းရာရောက်သည့် အပြုအမူမျိုးကို မကြိုက်နိုင်သူ ဖြစ်ပါသည်။ (ဤသဘောထားမှာ အင်္ဂလိပ်ဝတ္ထုကောင်းများမှ ရရှိခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။) မည်သည့်နည်းမဆို ဂျပန် ၁၀ ယောက်ကို ဖျောက်ဖျက်ပြီး မြန်မာတယောက်ခံရလျှင် မြန်မာလည်းနစ်နာသည်ဟု မြင်တတ်သူဖြစ်ပါသည်။ ဂျပန်စစ်တပ်သည် မီးရထားသံလမ်းများကို ဝက်လက်တဝိုက်၌ ဖျက်သိမ်းပြီးနောက် တောင်ဘက်သို့ ပြောင်းရွှေ့သွားကြသည့် အချိန်တိုင်အောင် ကျွန်ုပ်တို့ရွာ၌ တစုံတရာ ကြမ်းကြမ်းတမ်းတမ်း ဖြစ်မသွားခြင်းမှာ ကျွန်ုပ်၏ကြိုးပမ်းမှုလည်း ပါရှိသည်ဟု ထင်ပါသည်။

## စာရေးဆရာအလုပ် ပြန်ကောက်ခြင်း

ထိုအချိန်တွင် ကျွန်ုပ်သည် အမေရိကန်ပြည်ထုတ် ကျန်းမာရေးစာတအုပ်၌ ဝမ်းချခြင်းအကြောင်းဖတ်ပြီး၍ စမ်းသပ်ကြည့်သဖြင့် အကျိုးရှိကြောင်း သိရှိသည်နှင့် မြန်မာလိုပြန်ဆိုရန် အကြံဖြစ်ပါသည်။ ၎င်းစာအုပ်ထဲမှ မြန်မာများ လိုက်နာနိုင်လောက်သည့် အကြောင်းအရာများကို ထုတ်နုတ်ပြန်ဆို၍ "အာဟာရဖြင့်ကျန်းမာအောင်လုပ်နည်း"ဟူသော အမည်ဖြင့် စာအုပ်ဖြစ်အောင် စီစဉ်ပါသည်။ စာမူရေးသားပြီးသည့်နောက် ကျွန်ုပ်သည် (ယခုအခါ လူထုနေ့စဉ် သတင်းစာပိုင်ရှင်ဖြစ်နေကြသည့်) ဦးလှ၊ ဒေါ်အမာတို့နှင့် ဆက်သွယ်နိုင်အောင် အတော်ခဲယဉ်းစွာ ကြိုးစားရ၏။ စစ်မဖြစ်မီအချိန်က ကျွန်ုပ်သည် ၎င်းတို့လင်မယား တည်ထောင်ထားသည့် ကြီးပွားရေးပုံနှိပ်တိုက်အတွက် 'ဝသုံးလုံးဝတ္ထု'နှင့် 'ပထမံဆရာသိန်း' ဝတ္ထုများ ရေးသားပေးခဲ့ဘူးရာ ၎င်းတို့သည် ထိုအချိန်၌ မတ္တရာမြို့မြောက်ဘက်ရှိ မြွေရွာကလေးတွင် နေထိုင်လျက်ရှိကြကြောင်း သတင်းရ၍ စွန့်စားခန်းကလေးတခုသဖွယ် ရှိနေသည်ဖြစ်၍ (၎င်းစာအုပ်နှင့် ပတ်သက်သည့်အဖြစ်အပျက်အနေဖြင့်) အနည်းငယ် ရေးသားဖော်ပြလိုက်ပါဦးမည်။

## ညစခန်းချခြင်း

ကျွန်ုပ်သည် "အာဟာရဖြင့်ကျန်းမာအောင်လုပ်နည်း" စာအုပ်ကို စီရင်ရေးသား ပြီးသောအခါ၌ မန်ကျည်းတုံရွာတွင် ရှိနေရာ ဦးလှတို့လင်မယားအကြောင်း စုံစမ်းကြည့်၍ မြွေရွာ၌ရှိကြသည်ဟု ကြားသိရ၏။ ၎င်းတို့သည် မြွေရွာတွင် ဒေါ်အမာ၏မိဘများနှင့် နေထိုင်ကြသည်ဆိုရာ ဖခင်မှာ ကျွန်ုပ်၏ ကျောင်းနေဘက် (တတန်းတည်းအတူနေခဲ့ကြ၍ တက္ကသိုလ်ဝင် ဘဂ်လားစာမေး

ပွဲကို အတူအောင်ခဲ့ကြသည့်) ဦးထင်ဖြစ်၍ မိခင်ဒေါ်စုမှာ စံဒေဝီတို့နှင့်အတူ ကျွန်ုပ်နှင့်အိမ်နီးချင်း ကစားဖော် ကစားဘက်ဖြစ်လေသည်။ စာမူကို လိပ်ပြီး နောက် မြွေရွာသို့သွားဖို့ ကျွန်ုပ်စိတ်ကူးလိုက်သောအခါ လှည်းတတန် 'ငှက်' တတန်၊ ခြေလျင်တတန်သွားရမည့်လမ်းဖြစ်၍ တယောက်တည်း သွားရမည့် အတွက် အတော်တွန့်ဆုတ်မိသည်။ ကျွန်ုပ်သည် ကဆုန်လပြည့် အဖိတ်နေ့ညတွင် ကျွန်ုပ်တို့၏ဝင်းခြံအတွင်း၌ နေထိုင်သည့် ဈေးသည်မိန်းမကြီး တယောက်၏ လှည်းဖြင့် ခိုကပ်၍လိုက်သွားရ၏။ ဇနီးမစိုးကိုမူ ဦးလေးတယောက်၏ သမီးများ နှင့်အတူ ဝင်းခြံထဲ၌ ထားခဲ့ရသည်။ ဈေးသည်မိန်းမကြီးသည် ဧရာဝတီမြစ်ကမ်းရှိ ရှိမ်းမကားရွာသို့ ကုန်ဝယ်သွားခြင်းဖြစ်ရာ လှည်းပေါ်တွင် လှည်းသမား အဘိုးကြီးအပြင် သူနှင့်ကျွန်ုပ် နှစ်ယောက်တည်းပါလာ၏။ မန်ကျည်းတုံ့ရွာမှ နေဝင်ချိန်တွင်ထွက်ကြ၍ သန်းခေါင်အချိန်တွင် လမ်းခရီးရှိ ညောင်ပင်ကြီး တပင်သို့ ဆိုက်ရောက်ကြရာ တဆက်တည်းလှည်းမောင်းခဲ့လျှင် ရှိမ်းမကားရွာသို့ အရောက်စောလွန်းနေမည်ဖြစ်သောကြောင့် ဤညောင်ပင်ကြီးအောက်၌ အိပ်ကြရ မည်ဖြစ်လေသည်။ မည်သူမျှ အိပ်ရာခေါင်းအုံးဟူ၍မပါ၊ လှည်းပေါ်မှဖျာကို အောက်သို့ချပြီး သုံးယောက်သား အတူယှဉ်အိပ်ကြမည်ဖြစ်၏။ ကျွန်ုပ်သည် တချပ်တည်းသော ဖျာကြမ်းပေါ်တွင် အစွန်မှအိပ်ရန် နေရာယူလေရာ ဈေးသည် မိန်းမကြီးက ကျွန်ုပ်အား အလယ်မှအိပ်ဖို့ပြောနေ၏။ ကဆုန်လဖြစ်၍ အလွန် ပူအိုက်သောရာသီ ဖြစ်သောကြောင့် အလယ်ခေါင်မှ မအိပ်လိုကြောင်း ကျွန်ုပ် ကပြောသောအခါ ဈေးသည်မိန်းမကြီးက လှည်းသမားကြီးနှင့် ပူးကပ်၍ မအိပ် လိုပါဟု ကျွန်ုပ်အား တီးတိုးပြော၏။ (သူတို့နှစ်ယောက်လုံးသည် ကျွန်ုပ်ထက် ၅နှစ်ခန့် အသက်ကြီး၍ သူတို့ရွယ်တူချင်းချင်း ပူးပူးကပ်ကပ် မအိပ်လိုသည့် သဘောပင် ဖြစ်တန်ရာသည်။) သို့ဆိုလျှင် ကျွန်ုပ်သည် သူတို့နှစ်ယောက်၏ အလယ်ကြားမှ အိပ်ရန်မှတပါး အခြားအစီအစဉ်ရှာ၍မရသဖြင့် သဘောတူ လိုက်ရပါသည်။

## ထူးဆန်းသောဒုက္ခတမျိုး

ညောင်ပင်ကြီးအောက်တွင် လေကလေး တဖြူးဖြူး တိုက်လျက်ရှိသော်လည်း အလွန်ပူအိုက်သော ရာသီဖြစ်၍ ၎င်းတို့၏ ကိုယ်ငွေ့များသည် တဘက်တချက်မှ ကျွန်ုပ်၏နှာခေါင်းဝသို့ ထိုးဝင်သည်နှင့် အိပ်မပျော်နိုင်ပဲဖြစ်နေ၏။ သူတို့နှစ်ယောက်မှုကား တရှူးရှူးနှင့် အိပ်ပျော်ကုန်ကြလေပြီ။ ကျွန်ုပ်မှုကား လက်ယာဘက်သို့ စောင်းလိုက်သည့်အခါ ကိုယ်တုံးလုံးချွတ်ထားသည့် လှည်းသမားအဘိုးကြီး၏ ချွေးနံ့သည်လည်းကောင်း၊ လက်ဝဲဘက်သို့ စောင်းလိုက်သည့်အခါ (ငါးပိ ငါးခြောက်လည်း ရောင်းတတ်သည့်) ဈေးသည်မိန်းမကြီး၏ငါးညှီနံ့သည် လည်းကောင်း၊ နှာခေါင်းထဲသို့ တလှည့်စီ တိုးဝင်သည်နှင့် တည့်တည့်ကြီး ပက်လက်လှန်၍အိပ်ရ၏။ ကျွန်ုပ်မှာလည်း တကယ်အိပ်ပျော်အောင် အိပ်သောအခါ တွင် ပက်လက်လှန်၍ မအိပ်တတ်ပဲ တဘက်ဘက်သို့ စောင်း၍အိပ်ရမည် ဖြစ်သောကြောင့် အိပ်မပျော်နိုင်ပဲ ဒုက္ခရောက်လျက်ရှိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အိပ်မပျော်နိုင်သည့်အတူတူ ဒုက္ခခံ၍ မနေတော့ပါဟု ဆိုကာ ဖျာပေါ်မှထ၍ ညောင်ပင်မြစ်ရင်းသို့သွားပြီးလျှင် သစ်ပင်ကိုမှီလျက် မိုးလင်းသည် တိုင်အောင် ထိုင်နေပါတော့သည်။ ကျွန်ုပ်သည် ဂျပန်ခေတ် ခရီးသွားရာတွင် အကျဉ်းအကျပ်အမျိုးမျိုးနှင့် ကြုံခဲ့ရဘူးသော်လည်း ကပ်ကပ်သပ်သပ်ရောက်ရသော ဤဒုက္ခမျိုးမှာ ဤတကြိမ်သာ အမှတ်တရ ကြုံရဘူးပါသည်။ ဤအကြောင်းကို စဉ်းစားလိုက်သည့်အခါ ဒုက္ခဆင်းရဲတွေ့ရသည့် အရာဌာနတွင် ဤကဲ့သို့ စုံသောလူ ရှားလိမ့်မည်ဟု ပြုံးမိပါသည်။

## အပြောင်းအလဲ၏ သက်သာခြင်း

အရှေ့ဘက်တက်ချိန်တွင်ထ၍ မောင်းကြသဖြင့် နံနက်'ဈေးချိန်'တွင် 'ရှိမ်းမကား' ရွာသို့ ရောက်ကြလေရာ ကျွန်ုပ်သည် မုန့်ဟင်းခါးတပန်းကန်စားပြီး နောက် မြစ်တဘက်ကမ်း၌ရှိသော 'မြေရွာ' သို့ကူးရန် သမ္ဗာန်စုံစမ်းလေ၏။ ကျွန်ုပ် တယောက်တည်း သမ္ဗာန်တစင်းလုံး မငှားနိုင်သဖြင့် အခြားလူများနှင့်အတူ ကူးရမည်ဖြစ်ရာ ခရီးသည်များသည် 'ဈေးဝယ်'များဖြစ်ကြ၍ အပြည့်အစုံဝယ်ပြီးမှ မြစ်တဘက်သို့ ပြန်ကူးကြမည်ဖြစ်သောကြောင့် နေပူသည်တိုင်အောင် စောင့်နေရ ၏။ နောက်ဆုံးတွင် ၁၁ နာရီထိုးကာမှ နေပူကျဲကျဲကြီး၌ ကူးကြရသည်။ မြစ်လယ်ခေါင်ကျော်လတ်သော် သမ္ဗန်သည် သောင်များ၊ ကျွန်းများအကြားရှိ ရေလက်ကြားကလေးများမှ ဆန်တက်ရာတွင် ထီးမပါခဲ့သော ကျွန်ုပ်မှာ ခြစ်ခြစ်လန်အောင်ပူလှသော လှေပေါ်တွင် ထိုင်၍လိုက်ရခြင်းထက် ကုန်းကြောင်း လျှောက်ရခြင်းက တော်လိမ့်မည်ဆိုကာ လှေကိုအရပ်ခိုင်းပြီး ကျွန်းထဲတလျှောက် ခြေလျှင်လျှောက်ခဲ့လေ၏။ ပထမ၌ ငြိမ်ငြိမ်ထိုင်ပြီး အပူခံရခြင်းထက် လှုပ်ရှားလျက်ခံရခြင်းက သက်သာရာရသည်ထင်၏။ အတန်ကြာ လမ်းလျှောက် လိုက်သောအခါ၌မူ နေပူခြင်းကားတဘက်၊ ခြေလှမ်းရခြင်းကတဘက် သာ၍ ပင်ပန်းသည်ထင်လာသဖြင့် လှေကိုအရပ်ခိုင်းပြီး တက်၍စီး၏။ အတန်ကြာပြန် သော် ငြိမ်သက်စွာအပူခံရခြင်းက သာ၍ဆိုးသည်ဟု ထင်လာပြန်သဖြင့် အရပ်ခိုင်းပြီး ဆင်းပြန်၏။ နောက်ဆုံး၌ ကျွန်ုပ်တွေ့ရှိရသည်မှာ မည်သည်ကမျှ သက်သာသည်ဟူ၍မရှိ၊ အပြောင်းအလဲသည်သာလျှင် သက်သာခြင်းဖြစ်သည်ဟု သဘောပေါက်လာပါတော့သည်။ ဤသို့ဖြင့် ဆင်းချည်တက်ချည်ခရီးသွားခဲ့ရာ ညနေစောင်းတွင်မှ 'ဥဒိန်ရွာ'သို့ ဆိုက်ရောက်လာပါသည်။ ရှိမ့်မကားရွာမှ မြစ်အရှေ့ဘက်သို့ ကူးရခြင်းမှာ ဘာလိုလိုနှင့် တနေ့ခရီးဖြစ်နေသဖြင့်

အံ့ဩဖွယ်ရာ (မုန့်ဟင်းခါးတပန်းကန်တည်း စားမိခဲ့၍) ဗိုက်ထဲက တကြုတ်ကြုတ် မြည်ကာ အစာတောင်းလျက်ရှိလေပြီ။

## မမျှော်လင့်သောမိတ်ဆွေ

ကျွန်ုပ်သည် လေ့ပေါ်မှဆင်းပြီး ရေဆိပ်တွင် တွေ့ရသည့် တဲကလေးထဲသို့ဝင်၍ ထိုင်နေစဉ် ရွာသားတယောက်ကိုတွေ့၍ စုံစမ်းရာ ကျွန်ုပ်သွားလိုသည့်ရွာမှာ တမိုင်ကျော်ကျော်မျှသာ ဝေးသည်ဆိုသောကြောင့် အားတက်မိ၏။ သို့သော် မန္တလေးမြို့မှ ဦးထင်နှင့် ဒေါ်စုတို့ရှိပါ၏လောဟု မေးသောအခါ မြွေရွာ၌မနေကြ။ 'ကပိုင်'ရွာ၌ နေကြသည်ဟု ပြောသောကြောင့် ပက်လက်လန်မတတ် အားလျော့သွားပါသည်။ အကြောင်းမူကား နံနက်စာ ထမင်းမစားခဲ့ရ၍ ညနေစာစားဖို့ အချိန်နီးပြီဟု မျှော်လင့်လျက်ရှိသော ကျွန်ုပ်မှာ ကပိုင်သို့ရောက်အောင် ဘယ်နှစ်ရက်သွားရဦးမည် မသိနိုင်သည့် ခရီးနှင့် ရင်ဆိုင်လျက်ရှိပါသောကြောင့်တည်း။ ကျွန်ုပ်သည်စာမူလိပ်ကလေးကို ဂျိုင်းတွင် ညှပ်လျက် အကြော်ဆိုင်ကလေးနှင့်တူသော တဲကလေးအောက်၌ ထိုင်နေစဉ် အဝေးမှ လူငယ်တယောက်လျှောက်လာသည်ကို မြင်ရ၏။

လူငယ်သည် လက်ထဲ၌ ထမင်းသံဆင့်တခုကို ဆွဲလာရာငါ့အတွက် ထမင်းပို့လာခြင်းဖြစ်လျှင် ကောင်းလေစွဟု စိတ်ကူးယဉ်မိ၏။ အနီးသို့ရောက်သောအခါ လူငယ်က "ဟင် ဆရာကြီးပါကလား"ဟု ဆိုကာ ရပ်တန့်ပြီးမေးလေရာ ကျွန်ုပ်က ဦးထင်၊ ဒေါ်စုတို့ထံသို့ လာခြင်းဖြစ်ကြောင်းပြောပြ၏။ ကျွန်ုပ်ကမူ ထိုလူငယ်အား တွေ့မြင်ဘူးသည်မထင်ပေ။ နောက်ဆုံး၌လူငယ်က ကျွန်ုပ်၏စာပေများကို ဖတ်ဘူးသည့်ပြင် သူ၏ဖခင်သည်လည်း ကျွန်ုပ်၏ဖခင်ကို ကောင်းကောင်းသိကြောင်းပြောလေ၏။ သူ၏ဖခင်မှာ ဦးညိုဖြစ်ကြောင်း ပြောရာ ကျွန်ုပ်ကလည်း ဦးညိုကိုတော့ သိပါသည်။ နောက်ဆုံး၌ ဦးထင်တို့မရှိသော်လည်း သူ၏အိမ်မှ

စောင့်နေနိုင်ကြောင်း၊ ဦးထင်ကိုယ်တိုင် တရက်နှစ်ရက်အတွင်း လာမည်ဟု သတင်းကြားကြောင်းပြော၍ သူ၏အိမ်သို့ဖိတ်ခေါ်ပါပေသည်။ သဲကန္တာရ၌ သွားလာသော ခရီးသည်သည် စွန်ပလွံပင်အုပ်စုကို မြင်သောအခါ၌ ကျွန်ုပ်ထက်ပို၍ ဝမ်းသာနိုင်လိမ့်မည်မထင်ပေ။ "ဆရာကြီးဒီမှာ ခဏစောင့်ပါအုံး၊ ဘုန်းကြီးကျောင်းကို ဒီမုန့်ကလေး သွားပြီးလှူလိုက်အုံးမယ်" ဟုဆိုကာ လူငယ်ထွက်သွားလေရာ ကျွန်ုပ်၏စိတ်ထဲ၌ "ငါ့အတွက်ထမင်းမဟုတ်သော်လည်း ဘုန်းကြီးအတွက် မုန့်တော့ဟုတ်သည်၊ သို့ဆိုလျှင် သူ့အိမ်တွင် မုန့်တော့ရှိကောင်း ပါသေး'ဟု အောက်မေ့မိသည်။

## ထမင်းနှစ်နပ်ငတ်ခြင်း

လူငယ်ပြန်လာသောအခါ ကျွန်ုပ်သည် သူနှင့်အတူလိုက်သွား၍ တမိုင်ကျော်ခန့် လျှောက်ကြရာတွင် မြွေရွာသို့ရောက်ကြလေ၏။ ဤနယ်၌ မြွေရွာပေါင်း လေးငါးခြောက်ရွာရှိသည်ဆိုရာ သူ၏ရွာကား မြက်ရောလော၊ မြွေပွေးလော၊ ဘာမြွေဖြစ်သည်ဟု ကျွန်ုပ်မမှတ်မိ၊ ထမင်းဆာခြင်းလောက်ကိုသာ ကျွန်ုပ်မှတ်မိသည်။ အိမ်သို့ရောက်ကြသောအခါ၌ နေဝင်ပြီး အလင်းရောင်မျှ လောက်သာ ကျန်တော့ပေရာ လူငယ်က "ဆရာကြီးထမင်းစားခဲ့ရသေးမထင်ပါဘူး၊ မုန့်ဆီကြော်နဲ့ လက်ဖက်ရည်ကြမ်း သောက်နှင့်ပေဦးတော့၊ ကျွန်တော်ထမင်း ချက်ခိုင်းလိုက်အုံးမယ်"ဟု ပြော၏။ ကျွန်ုပ်ကမူ ကောင်းကောင်း မသိသူတယောက်အား ဒုက္ခပေးဖို့ အားနာသည်နှင့် "ထမင်းတော့နေပါစေမောင်ရယ်၊ လက်ဖက်ရည်ကြမ်းသောက်ရယင် တော်ပါပြီ"ဟု ပြောသည်နှင့် လူငယ်က ပြင်ဆင်လေ၏။ ဤနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်၍ ရွာများထုံးစံအတိုင်း မုန့်ကြော်ကြရာ ကျွန်ုပ်အား မုန့်ဆီကြော်သုံးလေးခုနှင့် လက်ဖက်ရည်ကြမ်းကရား တည်ခင်းကျွေးမွေးလေ၏။ ဘာမဆိုခပ်များများ စားလိုက်ချင်သော အခြေအနေသို့

ဆိုက်ရောက်လျက်ရှိသည့် ကျွန်ုပ်မှာမူ အလွန်အရသာရှိသည်ထင်ရသော မုန့်ဆီကြော်များကိုစား၍ လက်ဖက်ရည်ကြမ်းဖြင့် ကျိုက်ချနေစဉ် လူငယ်က "ဆရာကြီး သိပ်မစားနဲ့အုံးနော်၊ ထမင်းမစားနိုင်ပဲနေမယ်၊ ထမင်းအိုးတည်ခိုင်း ထားပြီး"ဟု ပြော၏။ ကျွန်ုပ်မှာမူ မုန့်ဆီကြော်နှင့်ပင် အလွန်ကျေနပ်ပြီး အဝစားရန် ကြံရွယ်ထားသည်ဖြစ်သောကြောင့် ထမင်းမချက်စေရန် အကြောက်အကန် တားဆီးထားလိုက်ပါတော့သည်။

"ဟုတ်ပါ့မလား၊ ဝပါ့မလား ဆရာကြီး"

"ဝပါ့ဗျာ၊ ထမင်းစားယင်တော့ ဗိုက်ပေါက်ထွက်ရုံရှိတော့တယ်" ဟုပြောလိုက်သဖြင့် ကျေနပ်သွားပါသည်။

## ဦးသိဒ္ဓိ

နောက်တနေ့၌ အခြားမြေရှာတရွာတွင် နေထိုင်လျက်ရှိသည့် ကျွန်ုပ်နှင့် အသိအကျွမ်းဖြစ်သူ ဦးသိဒ္ဓိ၏အိမ်သို့ ပြောင်းရွှေ့နေထိုင်လိုကြောင်း ကျွန်ုပ်က ပြောသည်နှင့် လူငယ်ကလိုက်၍ပို့ပေးသည်။ ဦးထင်လာလျှင်ထိုအိမ်သို့ လာလိမ့်မည်ဟုလည်း သိရသည်။ ကျွန်ုပ်သည် ဦးသိဒ္ဓိနှင့် တကြိမ်နှစ်ကြိမ် ဆွေးနွေးဘူးရာ တွေးရဲ၊ ခေါ်ရဲ၊ ယူဆရဲခြင်းနှင့် လူများစု၏ ထင်မြင်ချက်ကို ဂရုမစိုက်တတ်ခြင်း တည်းဟူသော အခြင်းအရာများတွင် ကျွန်ုပ်နှင့် ခပ်ဆင်ဆင်တူကြသည်ဖြစ်၍ မြင်လျှင်မြင်ချင်း အပြန်အလှန်ခင်မင်လေးစားကြသည်။ ကျွန်ုပ်တို့၏အယူဝါဒ ကား ဒီမော်ကရေစီဟူသည်မှာ လူများစု၏အဆုံးအဖြတ်၊ သို့မဟုတ် လူများစု၏ ထင်မြင်ချက်ဟူသော အဓိပ္ပာယ်ကိုမူကား လားလားမှလက်မခံချင်သူ နှစ်ယောက် ဖြစ်ကြသည်။ ဤပုဂ္ဂိုလ်ကြီးကား ကျွန်ုပ်နှင့်ဆွေးနွေးရဘူးသူ ဟူသမျှတွင် အရသာ အရှိဆုံး တယောက်ဖြစ်ပေသည်။ ဤပုဂ္ဂိုလ်ကြီးသည် ဘာသာရေးဘက်တွင် ကျွန်ုပ်ကဲ့သို့ အထုံဝါသနာမပါကြောင်း ကျွန်ုပ်သိ၍ ဤအကြောင်းကိုချန်လှပ်ကာ

နိုင်ငံရေး၊ လူမှုရေး၊ စာရိတ္တရေး၊ ဆက်ဆံရေးစသော ကိစ္စများအကြောင်း ဆွေးနွေးကြရာ လွတ်လပ်စွာ တွေးခေါ်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်ထက်ပင် တတန်းမြင့်သော ပုဂ္ဂိုလ်တဦးအဖြစ်နှင့် မှတ်တမ်းတင်မိပါသည်။ ကျွန်ုပ်သည် မည်မျှပင် လွတ်လပ်စွာ တွေးခေါ်ဝံ့သည်ဆိုစေကာမူ ဘုရားဟောပါဠိတော်ဆိုလျှင် တော်လှန်ဖို့မဝံ့ပဲရှိရာ ဤပုဂ္ဂိုလ်ကြီးမှုကား ဘာသာရေးသမားတယောက် မဟုတ်သည့်အတွက်ကြောင့် အတွေးအခေါ်တွင် ကျွန်ုပ်ထက်သတ္တိကောင်းသည်ဟု ဝန်ခံပါသည်။ ကျွန်ုပ်အဖို့မှာမူ ဘုရားဟောသည်ဆိုသော အယူဝါဒတခုသည် သဘာဝနှင့်မကိုက်ညီဟု ကျွန်ုပ်ထင်မြင်သည့်အခါ ဤအယူအဆသည် ဘုရားဟော မဟုတ်တန်ရာဟူ၍သာ ပြောဝံ့၏။ ထိုပုဂ္ဂိုလ်ကြီးမှုကား ဘယ်သူ့ကို ထိခိုက်၍ ဘာဖြစ်ရသည်ဖြစ်စေ၊ သူမယုံလျှင် မယုံကြည်ကြောင်းကို တိုက်ရိုက်ပြောင်ပြောင်ပြောဝံ့သူဖြစ်လေသည်။ ဤပုဂ္ဂိုလ်ကြီးသည် ရွာသူရွာသား လူများစုနှင့် သပွါယမဖြစ်ခြင်းမှာ အံ့ဖွယ်ရာမဟုတ်ချေ။ သို့နှင့်လည်း ၎င်းနယ်တဝိုက်တွင် ဦးသိဒ္ဓိထက် တည့်မတ်ဖြောင့်စင်းသော လူမရှိနိုင်ဟု ကျွန်ုပ်လေးနက်စွာ ယုံကြည်လျက်ရှိပါသည်။ ဤလူကြီး၌ ကျွန်ုပ်အထူးသဖြင့် သဘောကျသော အချက်မှာ ပရိယာယ်ဟန်ဆောင်ခြင်းကင်း၍ ပွင့်လင်းသော သဘောရှိခြင်းပင်ဖြစ်ရာ ပရိယာယ်ဖြင့် လူလုပ်နေကြသော ဤလောကကြီး၌ လူကြိုက်နည်းခြင်းမှာ ဓမ္မတာပင်ဖြစ်လေသည်။

## ကျွန်ုပ်အကြောင်းကိုသိသူများ

ကျွန်ုပ်သည် ဤပုဂ္ဂိုလ်ကြီးနှင့် နှစ်ညအိပ်မျှ ဆွေးနွေးခဲ့ရာ ကျွန်ုပ်အကြောင်းကို သူသိသည်ထက် သူ့အကြောင်းကို ကျွန်ုပ်ကပို၍ သိခဲ့ရသည် ထင်၏။ ကျွန်ုပ်၏ဝါသနာတခုမှာ မိမိအကြောင်းကို လူသိအောင် ဖော်ထုတ်ဖို့ထက် သူတပါးအကြောင်းကိုသိအောင် အကဲခတ်ဖို့အတွက်သာ၍ အရေးကြီး

တတ်ခြင်းပင်ဖြစ်သည်။ အချို့လူများသည် မိမိတို့၌ရှိသော အရည်အချင်းကို လူသိအောင် ဘန်းပြတတ်ခြင်းအတွက် အလွန်ကျင်လည်ကြပေရာ (Good Salesman) ကျွန်ုပ်မူကား ၎င်းအတတ်ပညာတွင် အလွန်ညံ့ဖျင်းပါသည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်မှာလည်း မိမိကိုယ်ကို ပြဖို့ထက် လူတဘက်သား အကြောင်းကို သိဖို့က အဓိကဖြစ်ပါသည်။ ထို့ကြောင့်လည်း ကျွန်ုပ်၏မိတ်ဆွေ ကိုသိန်းဖေက "ခင်ဗျားဟာ တော်တော်အသိခက်တဲ့လူတယောက်ပဲ"ဟု ပြောဘူး၏။ ဟုတ်ပုံလည်းရသည်။ ကျွန်ုပ်၏မွေးသဖခင်သည် ကျွန်ုပ်အကြောင်းကို မွေးသမိခင်လောက် မဆိုထားဘိ၊ ကိုသိန်းဖေလောက်ပင် သိသွားရာပုံ မရချေ။ ကျွန်ုပ်သည် ဤအလုပ်မျိုးကို ပြုလုပ်လိမ့်မည်၊ သို့သော် မည်မျှအထိသာ ပြုလုပ်လိမ့်မည်၊ ထိုမျှထက် ကျော်လွန်၍ ပြုလုပ်လိမ့်မည် မဟုတ်ဟုခန့်မှန်းရာတွင် ကျွန်ုပ်၏ ဖခင်ထက် ကိုသိန်းဖေနှင့် မိခင်တို့က တိကျမှန်ကန်အောင် ခန့်မှန်းနိုင်ကြလေသည်။ ဥပမာ ကျွန်ုပ်အရက်တွေမူးပြီး ရန်ဖြစ်နေသည်ဟု တယောက်ယောက်ကပြောလျှင် ဖခင်ကမူ "ဒီကောင်ဟုတ်မှာပဲ"ဟုဆိုကာ ချက်ချင်းစိုးရိမ်သောက ဖြစ်လိမ့်မည်ဖြစ် ရာ ကိုသိန်းဖေနှင့် မိခင်တို့မူကား ယုံလောက်သောသူက ပြောစေကာမူ အနည်းဆုံး စဉ်းစားကြဦးမည် ဖြစ်လေသည်။ ကျွန်ုပ်အကြောင်းကို ကျွန်ုပ်ကွယ်ရာ ၌ ဝေဖန်ကြရာတွင် ကျွန်ုပ်၏ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ဖခင်၏ အထင်အမြင် လွဲမှားမှုကလေးများ အကြောင်းကို မိခင်နှင့် ကိုသိန်းဖေတို့က ကျွန်ုပ်အား ပြောပြကြဘူးလေသည်။ ဤသည်မှာ ဖခင်၏ညံ့ဖျင်းမှုဟူ၍ မဆိုလို။ မိခင်နှင့် ကိုသိန်းဖေတို့၏ (ကျွန်ုပ်နှင့်ပတ်သက်၍) ထူးခြားချက်တခုဟူ၍ ယူဆပါသည်။ ဤပုဂ္ဂိုလ်နှစ်ယောက်သည် အခြားလူများနှင့် ပတ်သက်၍ အလားတူ တိကျမှန်ကန်အောင် အကဲဖြတ်နိုင်ကြလိမ့်မည်ဟု မဆိုလိုပါ။ ကျွန်ုပ်တယောက်အကြောင်းကို အထူးသိထားကြခြင်းဖြစ်သည်ဟု ဆိုလိုပါသည်။ ကျွန်ုပ်အကြောင်းကိုဖခင်က အကဲဖြတ်ခြင်းထက်ပင် ဆိုးဆိုးရွားရွား အကဲဖြတ်သော လူများလည်း ရှိကြပါလိမ့်ဦးမည်။ ဦးသိဒ္ဓိနှင့် ကျွန်ုပ်နှစ်ညမျှ ဆွေးနွေးကြရာ

တွင် မည်သည့်နည်းမဆို (အယူအဆနှင့် ပတ်သက်၍) အပြန်အလှန် လေးစားမှု ရှိကြသည် အထိမျှလောက်တော့ နားလည်မှုရှိကြပါသည်။ ကျွန်ုပ်ကမူ တောကြို တောကြားတွင် ဤသို့သော် လူမျိုးကြီးတယောက် တွေ့ခဲ့ရခြင်းမှာ အံ့ဖွယ်ရာ တခုအနေဖြင့် အမှတ်အသား ပြုခဲ့ရပါသည်။

## ဦးထင်၏ မျက်နှာ

ဦးသိဒ္ဓိနှင့်ဆွေးနွေးရခြင်းမှာ အရသာတမျိုးရှိသည် မှန်သော်လည်း တတိယနေ့၌မူ ကျွန်ုပ်၏ စာမူအတွက်ကြောင့် ကပိုင်သို့ ရောက်ချင်စိတ် အတော်ပြင်းထန်လျက် ရှိနေပါလေပြီ။ မြေရွာမှ ကပိုင်သွားရန်မှာ (မတ္တရာမှ ကပိုင်သို့မီးရထား ပေါက်သော်လည်း) မြေရွာမှ မတ္တရာသို့လှည်းဖြင့် သွားရဦး မည် ဖြစ်၍ စိတ်ထဲတွင် အတော်ဝန်လေးလျက်ရှိ၏။ ဦးသိဒ္ဓိ၌ လှည်းနွားမရှိ၊ လှည်းငှား ရန်လည်း လွယ်ကူပုံမရသောကြောင့် သာ၍ ဝန်လေးလျက်ရှိ၏။ တတိယနေ့ နံနက်ပိုင်းတွင် ဦးထင်သည် အိမ်ထဲသို့ဝင်လာသည်ကို မြင် လိုက်ရ၏။ ဦးထင်မှာ ကျောင်းနေဘက် သူငယ်ချင်းတယောက်ဖြစ်၍ သူ့ကို ကျွန်ုပ်မြင်ရဘူးသည်မှာ အကြိမ်ပေါင်းရာထောင်မက ရှိပါတော့မည်။ သို့ရာတွင် ထိုနံနက်၌ ဦးထင်၏ မျက် နှာကို မြင်ရခြင်းကဲ့သို့ ဝမ်းသာမိသောအခြားအကြိမ်ကို ကျွန်ုပ်မမှတ်မိပါ။ ထိုအချိန် အဖို့ရာ၌ ဦးထင်၏ မျက်နှာကဲ့သို့ ကျွန်ုပ်အား ဝမ်းသာအောင်ပြုလုပ်နိုင်သော အခြားမျက်နှာတခုသည်လည်း ရှိလိမ့်မည်မဟုတ် ပါ။ ပူလောင်လောက်အောင် မဟုတ်သော်လည်း ရင်ထဲ၌ တနွေးနွေးရှိနေသော အငွေ့သည် ရေအေးနှင့် ပက်လိုက်သည့်နှယ် တခါတည်း ပြေပျောက်သွားပါ တော့သည်။

## ပူလောင်လှသောခရီး

ဦးထင်၏ကိစ္စပြီးစီးအောင် နှစ်ရက်ခန့်နေကြပြီးနောက် မတ္တရာမြို့သို့ လှည်းဖြင့်သွားကြ၍ ထိုမှတဖန်ကပိုင်သို့ မီးရထားဖြင့် ဆက်လက် သွားရောက်ကြ၏။ မတ္တရာနှင့် ကပိုင်ခရီးမှာ ၁၀ မိုင်မျှထက် ပိုမည်မထင်သော်လည်း ကျွန်ုပ်၏ တသက်တာတွင် မမေ့နိုင်သည့် ခရီးတိုကလေးတခုဖြစ်၏။ ပူပြင်းသည့် နွေရာသီကဆုန်လတွင် အလွန်မိုးခေါင်သော နှစ်တနှစ်လည်းဖြစ်၍ ကျွန်ုပ်တို့ ခရီးသည်များသည် နေ့လယ် နာရီပြန်အချက်အချိန် သွပ်မိုး၍ သွပ်ကာသော ကုန်တွဲပေါ်သို့တက်ကာ လူတွေအပြည့်အကျပ်နှင့် ကြမ်းပေါ်တွင် တနာရီကျော်ကျော်ကြီး ထိုင်နေကြရ၏။ ဂျပန်ခေတ်ဖြစ်၍ မီးရထားထွက်ချိန်ကို အတိအကျ မသိရသည့်ပြင် မီးရထားမထွက်သေးဆို၍ အောက်သို့ဆင်းချင်ပါလျက် ပြန်တက်ဖို့ နေရာအတွက် အခက်အခဲရှိလိမ့်မည်ဆိုကာ မည်သူမျှမဆင်းဝံ့ကြပဲ တွဲခလောင်ကြီးထဲတွင် ချွေးတလုံးလုံးနှင့် ဝင့်ခံကြရပါသည်။ လူစီးတွဲဆိုပါလျှင် မျက်နှာကြက်နှင့် သစ်သားကာ၍ ပြတင်းပေါက်များရှိသောကြောင့် 'တော်ပါလိမ့်ဦး မည်။ ယခုမှာ ကုန်တွဲဖြစ်၍ သွပ်မိုး၍ သွပ်ကာပြီး ဝင်ပေါက်ထွက်ပေါက်မှတပါး ပြတင်းပေါက် အလျဉ်းမရှိပဲ ဖြစ်နေရာ ကံဆိုးမိုးမှောင်ကျ၍ ခလောင်ထဲသို့ ရောက်နေကြသော ကျွန်ုပ်တို့မှာ မျက်နှာသို့ ဈာဈာသုတ်ပေးရသော ချွေးများကြောင့် လက်ကိုင်ပဝါမှာ ညှစ်၍ရနိုင်လောက်ပါသည်။ ရိုးရိုးတွဲများ၌ ခရီးသည်များ ပူအိုက်သောအခါ မီးရထားထွက်ပါစေတော့ဟု ဆုတောင်းတတ်ကြပေရာ ထိုနေ့က မတ္တရာမှ မီးရထားထွက်ခြင်းသည် ကျွန်ုပ် မှတ်မိသမျှတွင် ဝမ်းအသာဆုံး ထွက်ခြင်းပေတည်း။

## စာမူစွံပါ၏

ဂျပန်ခေတ်၌ တောင်ရောက်မြောက်ရောက် ထွက်ပြေးတိမ်းရှောင်ကြသူများသည် တခါတရံတွေ့ဆုံကြရသောအခါ ဝမ်းသာကြမြဲဖြစ်သည့်အတိုင်း ကျွန်ုပ်မှာလည်း ငယ်သူငယ်ချင်း ဒေါ်စုနှင့်သားသမီးများအား တွေ့ဆုံကြခြင်း အတွက် လိုက်လှဲစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဝမ်းသာကြရခြင်းမှာ ကွဲရာမှ ပြန်တွေ့ကြခြင်းကြောင့်သာ မဟုတ်။ ဘေးအန္တရာယ်များသော အချိန်အခါ ဖြစ်၍ မသေပဲ အသက်ရှင်လျက်တွေ့ကြရခြင်းအတွက်ပါ ဝမ်းသာကြရခြင်း ဖြစ်လေသည်။ တယောက်နှင့်တယောက် တွေ့ကြရသည့်အခါ နှုတ်မှဖွင့်၍ မပြောကြသော်လည်း 'သြော်–တော်ပါသေးတယ်၊ ရှိသေးရဲ့ကိုးနော်'ဟု စိတ်ထဲက အပြန်အလှန်အောက်မေ့တတ်ကြလေသည်။ ဦးလှတို့သည် ကျွန်ုပ်၏စာကို ရှောရှောရှူရှူ ဝယ်ယူလိုက်ကြသဖြင့်လည်း ဝမ်းသာရပါသေးသည်။ ထိုခေတ်တွင် စက္ကူအခက်အခဲ ဖြစ်တတ်သောကြောင့် ပုံနှိပ်ရိုက်ထုတ်ပါမည်ဆိုခြင်းအတွက် ဝမ်းသာရခြင်းဖြစ်ပါသည်။

## လူအိုများအရသာ

ကြီးပြင်းလာသောအခါတွင် ကျောင်းနေဘက်သာမက တတန်းတည်းအတူနေသူငယ်ချင်းများနှင့် တခါတရံ တွေ့ဆုံရခြင်းသည် အရသာတမျိုးရှိခြင်းကို ကြီးပြင်းအောင် နေကြသူများသာ သိနိုင်ကြပေလိမ့်မည်။ ဦးထင်သည် ကျွန်ုပ်နှင့် တတန်းတည်း အတူနေဆိုသော်လည်း သူ့'အတွဲ'ကိုယ့်'အတွဲ'ရှိကြ၍ သူနှင့်ကျွန်ုပ်မှာ 'ရင်ဘတ်'မိတ်ဆွေများ မဟုတ်ကြပေ။ ကျွန်ုပ်၏အတွဲများမှာ မောင်ရီ၊ စက်ခွေနှင့် ကိုဖေတို့ဖြစ်ကြလေရာ ကိုဖေမှာ ကျွန်ုပ်ထက်လေးငါးနှစ်ကြီး၍ ကိုဖေဟု ခေါ်ရသော်လည်း မောင်ရီမှာမူ စက်ရှင်တရားသူကြီး ဖြစ်လာသည်တိုင်

အောင် 'မောင်ရီ'"ဖေသိန်း'ဟုခေါ်ကြ၍ ငယ်စဉ်ကအတိုင်း 'မင်းနှင့်ငါနှင့်'ပြောခဲ့ကြ၏။ ဒေါ်အမာ၏ ဖခင်ဦးထင်နှင့်မူ ငယ်စဉ်က 'ဖေသိန်း'"ဖိုးထင်'ဟု ခေါ်ခဲ့ကြသော်လည်း ကြီးပြင်းလာသောအခါတွင် 'ဦးထင်'"ဦးဖေသိန်း'ဖြစ်လာကြလေပြီ။ ဤသို့ခေါ်ဝေါ်ကြသူများမှာ ငယ်သူငယ်ချင်းပင်ဖြစ်သော်လည်း 'မောင်ရီ'"ဖေသိန်း' ဟု ခေါ်ရခြင်းကဲ့သို့ နီးရင်းမှုမရှိ၍ အရသာလည်း လျော့သည်ထင်၏။ ကျွန်ုပ်အဖို့ ရာ၌ ဤကဲ့သို့အပြန်အလှန် ခေါ်ရသူမှာ မောင်ရီတယောက်သာ ရှိတော့၏။ စက်ခွေတယောက်ရှိနေသေးပါလျှင်လည်း 'စက်ခွေ' 'ဖေသိန်း' ပင် ခေါ်ကြမည် ဖြစ်သည်။ ဤအခေါ်အဝေါ်များသည် ငယ်စဉ်က ရင်းနှီးခဲ့ခြင်း၏ အဆင့်အတန်းကို ဖော်ပြ၏။ 'ဖိုးထင်'သည် ယခုအခါ၌ 'ဦးထင်'ဖြစ်နေလေရာ (နဂါးဒေါ်ဦးနှင့် လူထုဒေါ်အမာတို့၏ဖခင်ဖြစ်သောကြောင့်) 'ဖိုးထင်'ခေါ်၍လည်း လျောက်ပတ်ကောင်းမှ လျောက်ပတ်ပေမည်။ သူနှင့်တခါတရံ တွေ့ဆုံရသည်တွင် ကျောင်းသားဘဝက ရှေးဟောင်းနှောင်းဖြစ်များကို တယောက်တလှည့် ပြန်ပြောင်းပြောနေကြသည့်အခိုက်တွင် ကျောင်းသားအရွယ်ကလေးများ ပြန်ဖြစ်သွားကြသည်နှင့် အရသာတမျိုးပေတည်း။ လူငယ်များသည် ဤအရသာကို တွေ့ရှုံသာ တွေ့နိုင်ကြပေမည်။ အတိအကျခန့်မှန်းရန် ခဲယဉ်းပေလိမ့်မည်။ ဦးထင်နှင့်သာမဟုတ်၊ ဒေါ်စုနှင့် ရှေးဟောင်းနှောင်းဖြစ်များအကြောင်း ပြောရခြင်းမှာလည်း အရသာရှိပါဘိသည်။ (ဒေါ်စုဟူ၍ ရေးသားသော်လည်း လက်တွေ့မှာ 'မစု'ဟူ၍ပင် ခေါ်သေးရာ သူကလည်း 'ကိုဖေသိန်း'တခွန်း 'မောင်ဖေသိန်း'တခွန်း ခေါ်တုန်းပင် ရှိကြသည်။) ကျွန်ုပ်၏ တသက်တာတွင် လင်ရောမယားပါ သူငယ်ချင်းဖြစ်ခဲ့ဘူးသည့် လင်မယားဆို၍ ဤတစုံသာရှိပါ၏။ သို့ဖြစ်၍ ကပိုင်ရွာကလေး၌ ကျွန်ုပ်တည်းခိုနေထိုင်ခဲ့ရခြင်းမှာ မည်သည့်အရပ်၌ နေထိုင်ခဲ့ရဘူးခြင်းနှင့်မျှမတူ။ ကိုယ့်အိမ်ကိုယ်ရှာ ကိုယ့်ဌာနကဲ့သို့ အောက်မေ့နိုင်သည့်ပြင် ကျွန်ုပ်၏အသက်မှာလည်း အနှစ်သုံးလေးဆယ် ပြန်၍ငယ်သွားသည်ဟု ထင်မိပါသည်။ ငယ်လိုက်

ကြပုံမှာ ဦးထင်၏သမက် မောင်လှနှင့် သမက်လောင်း မောင်နေဝင်းတို့နှင့်ပင် လူကြီးလူငယ် တစုံစီတွဲ၍ ဘက်မင်တန် ကစားခဲ့ကြပါသေးသည်။

ပြန်မည့်နေ့၌ ဒေါ်စုက သရက်သီးများနှင့် မျှင်ငါးပိတပိသာ (နောက်တခေါက်တွင် ငွေတထောင်လည်း ပေးပါပေသည်။) ပေးလိုက်ရာ စေတနာနှင့် ပေးခြင်းဖြစ်သော်လည်း ထိုပစ္စည်းများ အတွက်ကြောင့် ကျွန်ုပ်ဒုက္ခရောက်ရပုံကို ဖော်ပြပါဦးမည်။ အပြန်ခရီးတွင် ကျွန်ုပ်သည် လာလမ်းအတိုင်းမဟုတ်ပဲ မန္တလေး ဘက်မှလှည့်ပြီး စစ်ကိုင်း၊ ရွာထောင် ခရီးစဉ် အတိုင်း ပြန်လာခဲ့၏။ စစ်ကိုင်းသို့ ရောက်သောအခါ ထိုမြို့မှာ အတော်ခြောက်ကပ်၍ သုံးအိမ်တအိမ်၊ လေးအိမ် တအိမ်မျှလောက်သာ လူနေကြ၏။ ကျွန်ုပ်သည် ရွာထောင်ဘူတာသို့ နေ့လယ်ခင်းတွင် ရောက်သွားရာ မီးရထားသည် ညနေ ငါးနာရီအချိန်တွင်မှ ထွက်မည်ဟု သိရ၏။ (ဤနေရာ၌ ကျွန်ုပ်၏အစီအစဉ် အမှတ်အသား မှားယွင်း ခြင်းကို သတိရလာလေပြီ။ ကပိုင်သို့ သွားသောအဖြစ် အပျက်မှာ ကျွန်ုပ်၏ဖခင် မကွယ်လွန်မီ မီးရထားလမ်းများကို ဂျပန်များ မဖျက်ဆီးမီက ဖြစ်ပါသည်။)

## အခက်အခဲတခု

ရွာထောင်ဘူတာတွင် ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိထုပ်ကိုထမ်း လျက် သစ်ပင်ရိပ်အောက်သို့သွား၍ ညနေတိုင်အောင် စောင့်နေရ၏။ လေး နာရီလောက်တွင် ရွာသူများချက်၍ရောင်းသည့် ထမင်းဟင်းကို ဝယ်စားရာ တောချက်နည်း ချက်ထားသည့် ရေလွတ်ကြက်သားဟင်းနှင့် ချဉ်ပေါင်သနပ် ကြောင့် အမြိန်ဆုံးသော ထမင်းတနပ်တွင် အပါအဝင်အဖြစ်နှင့် မှတ်တမ်းတင် ထားရသည်။ ငါးနာရီထိုးခါနီးလတ်သော် ၁၀၀ ခန့်ရှိသော ခရီးသည်များသည် လှုပ်လှုပ်ရွရွ ဖြစ်လာကြလေပြီ။ ကျွန်ုပ်စုံစမ်းကြည့်သောအခါ မီးရထားမလာတော့ ဘူးဟု ပြောသူကပြော၊ လာဦးမည်ဟု ပြောသူကပြော အမျိုးမျိုးဖြစ်နေကြလေပြီ။

မီးရထားအလုပ်သမားတယောက်အား မေးရာတွင် “လာမှာပါဗျာ”ဟုပြောသည်နှင့် စိတ်ချပြီးထိုင်ခုံတခုပေါ်၌ အေးချမ်းစွာထိုင်နေလိုက်၏။ ခြောက်နာရီထိုးသော်လည်း မီးရထားမလာသေးပဲရှိရာတွင် အလုပ်သမားကို မေးပြန်ရာ “လာတော့လာမှာပါပဲ မိုးချုပ်လိမ့်မယ်”ဟု ပြော၏။ မိုးချုပ်ခြင်းသည် ကျွန်ုပ်အဖို့ အရေးမကြီးလာလျှင်တော်ပြီဟု အောက်မေ့၍ စိတ်အေးအေးပင် နေလိုက်၏။ ခုနစ်နာရီထိုးခါနီးတွင် အချို့ခရီးသည်များသည် စစ်ကိုင်းသို့မြင်းရထားနှင့် ပြန်စပြုကြလေရာ ကျွန်ုပ်မှာ စစ်ကိုင်းမြို့ပေါ်တွင် အသိအိမ် တအိမ်နှစ်အိမ်ရှိသော်လည်း အိမ်၌လူရှိမရှိ မသေချာသောကြောင့် အလုပ်သမား၏စကားအရ ပေပြီးစောင့်နေ၏။ လက်မှတ်ကား အစောကြီးကဝယ်ထားပြီးလေပြီ။ သို့သော်လက်မှတ်ကြောင့် အရေးကြီးသည်ကား မဟုတ်ချေ။ ခုနစ်နာရီထိုးလတ်သော် ခရီးသည် လေးငါးယောက်မျှကျန်ရှိသေးသော်လည်း မြင်းရထားမူကား တစီးမျှမရှိတော့ချေ။ ကျွန်ုပ်သည် အခြေအနေမလှသည့် အဖြစ်ကိုမြင်၍ အလုပ်သမားအား နောက်ဆုံး အနေဖြင့် မေးကြည့်ရာ စက်ခေါင်းဖျက်နေသောကြောင့် မီးရထားမလာတော့ဟု ပြောပါတော့သည်။

## ဘယ်လိုလူကြီးပါလိမ့်

ကျွန်ုပ်သည် စိတ်အားငယ်စွာနှင့် အထုပ်ကလေးကိုထမ်းလျက် ကြွင်းကျန်နေသေးသော ခရီးသည်သုံးလေးယောက်တို့အား စုံစမ်းကြည့်ရာ ၎င်းတို့သည် စစ်ကိုင်းသို့သွားမည်မဟုတ်၊ မြောက်ဘက်နားရှိရွာကလေးသို့ ပြန်ကြမည်ဟု ပြောကြလေသည်။ ဂျပန်ခေတ်ဖြစ်၍ လူတိုင်းချည်ကြမ်းလုံချည် ဝတ်ကြရသောကြောင့် ကျွန်ုပ်အားလေးစားလောက်သော လူတယောက်ဟု မထင်သည့်လက္ခဏာနှင့် ခပ်ပေါ့ပေါ့ စကားပြောကြသည်တွင် ကျွန်ုပ်သည် သူတို့နှင့်လိုက်လိုသည့် စိတ်ကူးကိုဖျက်၍ စစ်ကိုင်းသို့ ဖြစ်သည့်နည်းသွားပြီး သင့်တော်ရာတွင်

အိပ်ပါတော့မည်ဟု ဆုံးဖြတ်လိုက်လေ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် မြင်းရထားလည်းမရှိ၊ ခရီးသွားဖော်လည်း မရှိပဲ အထုပ်ကလေးကို ထမ်းလျက် စစ်ကိုင်းမြို့ဘက်သို့ သွားသောလမ်းအတိုင်း လိုက်လာခဲ့လေ၏။ အချိန်မှာ နေဝင်ပြီဖြစ်၍ အလင်းရောင်လောက်သာ ကျန်ပါတော့သည်။ ဆင်များရှင်ဘုရား သို့ရောက်သောအခါ လူတစုသည် ဘုရားထဲမှဖြတ်၍ ကျောင်းနှင့်တူသော အဆောက်အအုံဆီသို့ သွားကြသည်ကိုမြင်သဖြင့် သူတို့နောက်မှ လိုက်သွား၏။ ပိတ်ထားသော ဘုန်းကြီးကျောင်း တကျောင်းနှစ်ကျောင်းကို ကျော်လွန်သွားကြပြီး နောက် လူတစုသည် အပေါက်ကြီးတခုထဲသို့ ဝင်သွားကြ၏။ ကျွန်ုပ်သည် အပေါက်ဝမှ ရပ်ကြည့်လိုက်သောအခါ ဂူကြီးသဖွယ် ကျယ်ဝန်းသော လိုဏ်ခေါင်း ကြီးကိုတွေ့ရ၍ မီးဖိုများနှင့် ချက်ပြုတ်နေကြသော လူနှစ်စု သုံးစုကို မြင်ရ၏။ ဤလိုဏ်ဂူကြီးထဲတွင် အိပ်ဖို့နေရာတောင်းရလျှင် တော်လေမည်လောဟု အခြေ အနေကို အကဲခတ်လျက်ရှိစဉ် မီးဖိုများအနီးမှ ကျွန်ုပ်အား လှမ်းကြည့်ကြသော လူများ၏မျက်နှာထားများမှာ ကျွန်ုပ်အပေါ်၌ လိုလိုချင်ချင် ရှိပုံမရသည်နှင့် ဘာမျှမပြောပဲ လှည့်၍ပြန်လာခဲ့လေ၏။

## အရဲစွန့်၍မရပုံ

ပိတ်ထားသော ဘုန်းကြီးကျောင်းများအနီးမှ ဖြတ်၍ပြန်ထွက်လာရာတွင် ကျွန်ုပ်သည် ကျောင်းတံခါးများကို တွန်းကြည့်ခြင်း၊ ခေါ်စမ်းခြင်း စသည်ဖြင့် စုံစမ်းပါသေးသည်။ သို့ရာတွင် မည်သူကမျှ ထူးသံမကြားသည်နှင့်ဘုန်းကြီးမရှိ၍ ပိတ်ထားသောကျောင်းများ ဖြစ်သည်ဆိုကာ ဆင်များရှင်ဘုရားဆီသို့ ဆက်လက်၍ လျှောက်လာခဲ့၏။ စေတီတော်အနီးရှိ ကျွန်ုပ်သဘောကျလောက်သော နေရာထိုင်ခင်း မတွေ့သည်နှင့် အရှေ့ဘက်စောင်းတန်းဆီသို့ လျှောက်လာခဲ့၏။ စောင်းတန်းအထွက်ဝတွင်ရှိသော ဆင်ရုပ်ကြီးကြီး နှစ်ကောင်သို့ရောက်လာသော

အခါ တောင်ဘက်ရှိ ဆင်ရုပ်၏ဖင်ဘက်တွင် စောင်းတန်းအမိုးအောက်၌အိပ်ရန် ဆုံးဖြတ်လိုက်လေ၏။ ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိထုပ်ထားသည့် လုံချည်ကိုဖြည်၍ ဖြန့်ခင်းပြီးလျှင် အုတ်ခဲတလုံးရှာ၍ စွပ်ကျယ်ဟောင်းတထည်ကို အုတ်ခဲပေါ်၌တင်ကာ ခေါင်းအုံးပြုလုပ်၏။ ထို့နောက်ဆေးရွက်ကြီးကိုကို ပျားရည်နှင့်နယ်၍ ကိုယ်တိုင်ပြုလုပ်ထားသော ဆေးတံသောက်ဆေးဖြင့် ပက်လက်လှန်ကာ ဆေးတဆုံသောက်ယင်း စိတ်ကူးလျက်ရှိ၏။ လပြည့်ကျော် ရှစ်ရက်ဖြစ်၍ သန်းခေါင်တိုင်မှ လထွက်မည်ဖြစ်ရာ ယခုအချိန်၌မူ ကောင်းကင်၌ မိုးတိမ်များကြောင့် ကြယ်များမပေါ်နိုင်သဖြင့် အလွန်မှောင်မည်းလျက်ရှိ၏။ မိုးရွာချေဦးမည်လောဟု စိုးရိမ်သော်လည်း တစောင်းအောက်ဖြစ်၍ အကာမရှိစေကာမူ လေမတိုက်လျှင် မိုးလုံကောင်းပါ၏ဟု အောက်မေ့၏။ ဆင်နှစ်ကောင်၏ ဦးခေါင်းဘက်၌ရှိသော လမ်းပေါ်၌ကား ဤခေတ်အခါကြီးတွင် ယာဉ်အသွားအလာမရှိသည့်ပြင် ဘုန်းကြီးကျောင်းများမှာလည်း ဘုန်းကြီးမရှိသဖြင့် စာအံသံမျှမကြားရသောကြောင့် အလွန်တိတ်ဆိတ်လျက်ရှိ၏။ ဆေးတဆုံသောက်လျက် အခြေအနေကို အကဲခတ်ယင်း "ဒီအတိုင်းဆိုလျှင် မင်းအိပ်ဝံ့ပါ့မလား"ဟု ကိုယ့်ကိုယ်ကို မေးကြည့်ရာ "အိပ်ဝံ့ပါတယ်"ဟု အဖြေရ၏။ အတွင်းဆုံး၌ရှိသော စိတ်ကမူ "ဒိပြင်မှ နည်းလမ်းမရှိတော့ပဲ စွန့်ပြီး အိပ်ရတော့မှာပေါ့"ဟု တီးတိုးကလေး အဖြေပေး၏။ ကျွန်ုပ်သည် ထိုအသံကို လက်မခံပဲ ဖိနှိပ်ထားလိုက်၏။ အိမ်မှထွက်ခဲ့သည်မှာ ရှစ်ရက်ရှိပြီဖြစ်၍ ဖခင်နှင့် မစိုးတို့က ကြာလှချေတကားဟု မျှော်များနေကြမည်လောဟု စသည်ဖြင့် တွေးတောလျက်ရှိစဉ် စောင်းတန်းအမိုးပေါ်မှ တချောက်ချောက်မြည်သော အသံကိုကြားရပြီး 'ဖုတ်'ကနဲမြည်သံ ကြားလိုက်ရသဖြင့် ဒိတ်ကနဲ လန့်သွား၏။ တခဏမျှကြာသော် ရှဉ့်တကောင်ဖြတ်ပြေးခြင်းကို မြင်လိုက်ရသည်။ ဤတွင်ခုနင်က အတွင်းမှတီးတိုးပြောလိုက်သော အသံကိုသတိရ၏။ "လက်စသတ်တော့ ငါကြောက်ပါတကား၊ ရှဉ့်ခုန်ပြေးပြေးတာလောက်ကို ရင်ခုန်အောင် လန့်နေလျှင် တညလုံး ဘယ်လို

လုပ်ပြီး ငါအိပ်လို့ဖြစ်နိုင်ပါမလဲ"ဟု စဉ်းစားမိ၏။ နောက်ဆုံး၌ ကျွန်ုပ်သည် သရက်သီးများနှင့် မျှင်ငါးပိကိုလုံချည်ဖြင့်ပြန်ထုပ်၍ မြို့ထဲသို့ဝင်ပြီး တနည်းနည်း အိပ်တော့မည်ဟုဆိုကာ ထလာခဲ့လေ၏။

## ဝမ်းသာရသော တွေ့ခြင်းတခု

ကျွန်ုပ်သည် အထုပ်ကလေးကို ပြန်ထုပ်၍ ပခုံးပေါ်တွင်တင်လျက် မြို့ဘက်သို့လျှောက်လာခဲ့ရာ ငါးမိနစ်ခန့် လျှောက်မိသောအခါ မိုးကလေး တဖွဲဖွဲကျလာ၏။ သို့ရာတွင် အလွန်သေးငယ်သော မိုးပေါက်များဖြစ်၍ စိုလောက်အောင် မဖြစ်နိုင်ဟု မိမိကိုယ်ကို အားပေးလာခဲ့၏။ မြို့၏အစသို့ ဝင်လာခဲ့လေပြီ။ သို့ရာတွင် အိမ်များမှာ ကြောက်ရသောခေတ်ဖြစ်၍ တံခါးပိတ်ပြီး စောစောအိပ်ကြသောကြောင့် လည်းကောင်း၊ လူမရှိကြသောကြောင့်လည်းကောင်း မီးရောင်မမြင်ရပဲ မှောင်နှင့်မည်းမည်းရှိနေကြ၏။ စစ်ကိုင်းမြို့ အိုးတန်းရပ်၌ ကျွန်ုပ်၏ညီဝမ်းကွဲတယောက်ရှိသည်ဆိုရာ သူ့အိမ်သို့လည်း မရောက်ဘူး၊ အိုးတန်းရပ်ဆိုသည်မှာလည်း ဘယ်မှာရှိသည်မသိချေ။ သို့သော် မေးလျှင်ရကောင်းပါ၏ဟူသော မျှော်လင့်ချက်ဖြင့် လာခဲ့ရာ မှောင်မည်းသောအိမ်များကိုသာတွေ့ရ၍ မေးဖို့ပင် အခွင့်မရချေ။ ဤအတောအတွင်း မိုးပေါက်ကလေးများသည် တဖြည်းဖြည်းကြီးလာ၍ လူကိုစွပ်စိုစပြုလာလေပြီ။ သည်လိုဆို ခက်ရချေရဲ့ဟု အောက်မေ့မိ၏။ သို့သော် ဒုက္ခရောက်သည်ဆိုကာ စိတ်ညစ်စွာနှင့် ညည်းတွားခြင်းမျိုးမူကား ပြုတတ်သော ဝါသနာမရှိ၍ တော်ပါသေး၏။ ကလေးဘဝ၌ဖခင်၏ ကျပ်တည်းလွန်းခြင်းကြောင့် လွတ်လပ်စွာ မကစားရခြင်းအတွက် စိတ်ညစ်ရခြင်းနှင့်ညီမျှသော စိတ်ညစ်မှုမျိုးကို ကျွန်ုပ်၏အသက်တာတွင် အလွန်ကြုံရခဲလှပါသည်။ ဤသည်မှာ ကျွန်ုပ်၏ဉာဉ်ကောင်းကလေးတခုဖြစ်သည်ဟု ဆိုလောက်သည် ထင်ပါ၏။ ဆက်လက်၍ လျှောက်လာသောအခါ ဆင်ဝင်နှင့် ဆောက်လုပ်ထား

သည့် အိမ်တဆောင်တွင် အပေါ်ထပ်မှ မီးရောင်ကလေး တလက်လက်မြင်ရ၏။ မိုးပေါက်ကလည်း တိုး၍ကြီးလာခဲ့လေပြီ။ တတ်နိုင်ပါဘူးဆိုကာ ထိုအိမ်သို့ ချဉ်းကပ်၍ "အိမ်ရှင်တို့ အိမ်ရှင်တို့၊ တဆိတ်ကလေးဗျာတို့"ဟုခေါ်စမ်း လိုက်၏။ လူငယ်တယောက်သည် အိမ်ရှေ့ပြတင်းပေါက်ကိုဖွင့်၍ "ဘယ်သူလဲ"ဟု မေးလိုက်၏။ "ဝက်လက်ကပါ မောင်ရယ်၊ အိုးတန်းဆိုတာ ဘယ်နားမှာလဲ၊ မောင်နီဆိုတာ သိပါသလား"

"မန်ကျည်းတုံရွာက ကိုနီလား"

"ဟုတ်ပါတယ်မောင်ရယ်"

ကျွန်ုပ်ဝမ်းသာသွား၏။

"ကိုကြီးသိန်းမဟုတ်လား"

တိုး၍ဝမ်းသာလာပြီး–

"ဟုတ်ပါတယ်၊ မောင်ကဘယ်သူလဲ"

"ကျွန်တော်က ဘိုးကြီးတပည့် ဖိုး...လေ"

နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပါလေပြီ။

"ဟုတ်လားဟေ့၊ နေရာကျလိုက်လေကွယ်၊ ငါဒီမှာ တညလောက် အိပ်ပါရစေလားကွယ်"

"အိပ်တာပေါ့ ကိုကြီးသိန်း"

လူငယ်သည် ပျာယီးပျာယာဆင်းလာ၍ တံခါးဖွင့်ပေးလေသည်။

ကျွန်ုပ်သည် အိမ်ပေါ်သို့ရောက်သောအခါ လူငယ်၏မျက်နှာကို ကြည့်သော် လည်းမြင်ဘူးသည်ထင်ရုံမှတပါး မည်သူမည်ဝါဟူ၍ မမှတ်မိချေ။ ဖြစ်ပုံမှာ ကျွန်ုပ်တို့လင်မယားသည် ရွာသို့ရံဖန်ရံခါ ရောက်တတ်ကြသည်ဖြစ်ရာ ဖခင်သည် စာသင်ကျောင်းဖွင့်၍ ကလေးသူငယ်များအား အခမဲ့ ပညာသင်ပေးလေ့ရှိ၏။ ဤလူငယ်မှာ ကျောင်းသားတယောက်ဖြစ်၍ ကျွန်ုပ်တို့ကို ကောင်းကောင်းသိသော် လည်း ကျွန်ုပ်ကမူ လူလတ်အရွယ်ဖြစ်နေသော ဤသူကိုမမှတ်မိခြင်းဖြစ်ပါသည်။

ကျွန်ုပ်၏အသက်တာ၌ ဝမ်းအသာဆုံးသော အခြင်းအရာများအနက်တွင် ဤသူငယ်နှင့် တွေ့ရခြင်းသည် တခုအပါအဝင်ဖြစ်ပါသည်။ လက်ဖက်ရည်ကြမ်းအိုး ထည့်၍ အချိုမှုန့်များနှင့် ဧည့်ခံပြီး အိပ်ရာနေရာ ပြင်ပေးလေရာ ကျွန်ုပ်သည် သရက်သီးအချို့ကို ခွဲဝေပေးပြီး ဓိမ်နှင့်အိပ်နိုင်ပါတော့သည်။

နောက်တနေ့နံနက်၌ ကျွန်ုပ်သည် လူငယ်၏အိမ်၌ နံနက်စာစား၍ မြို့ထဲသို့ သွားဖို့ ပြင်ဆင်၏။ ဤလူငယ်မှာ ဂျပန်စစ်တပ်သို့ ရိက္ခာသွင်းသော ကံထရိုက်ကြီး လက်အောက်တွင် ကံထရိုက်ကလေးဖြစ်၍ ချောင်လည်စွာ စားသောက်နိုင်သည်ဟုသိရ၍ ဝမ်းမြောက်ခဲ့ရပါ၏။ ဤအတောအတွင်း သတင်းတခု ကြားသိရသည်မှာ မီးရထားသည် ဤညနေတွင်လည်း ထွက်ဖို့မသေချာဟုဆို၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆက်လက်ပြီးစုံစမ်းရန် မြို့ထဲသို့ အထုပ်ကလေးနှင့်ထွက်လာရာ အိုးတန်း၌ နေသည်ဆိုသော ညီမောင်နီ၏အိမ်ကို တွေ့သော်လည်း လူကားမရှိ၊ အိမ်သာရှိ၏။ ဤတွင် လူငယ်ကို မတွေ့ပါက မနေ့ညက အတော်အကျပ်ကျဦးမည်ဟု သတိရမိပါသေးသည်။ ဈေးအနီး၌ရှိသော ခေါက်ဆွဲဆိုင်များသို့ ရောက်သောအခါ ဤညနေမီးရထားထွက်မည်မဟုတ်ဆိုသောသတင်းမှန်ကန်ကြောင်း၊ သို့သော်စစ်ကိုင်းမှ ရွှေဘိုသို့သွားသော ကုန်တင်ကားများရှိ၍ လိုက်နိုင်ကြောင်းသိရလေ၏။ ခေါက်ဆွဲဆိုင်၌ မန္တလေးမှ အသိဟောင်း မိန်းမကြီးတယောက်နှင့် တွေ့၍မေးမြန်းစုံစမ်းရာ သူ့မှာလည်း ရွှေဘိုသို့ တယောက်တည်း သွားရမည်ဖြစ်၍ ကျွန်ုပ်နှင့်အဖော်ရလေပြီဆိုကာ ဝမ်းမြောက်ဝမ်းသာ အဖော်သွေးသဖြင့် ကားနှင့်လိုက်ဖို့ ဆုံးဖြတ်လိုက်လေ၏။ သုံးနာရီလောက်တွင် ကားထွက်၍ ကျွန်ုပ်တို့နှစ်ယောက်နှင့် အခြားခရီးသည် သုံးလေးယောက်တို့သည် ကုန်ပစ္စည်းများအကြားမှ ကျပ်တည်းကျဉ်းကျုပ်စွာ ထိုင်၍ လိုက်ကြရ၏။ ဆားထောင်ရွာနှင့် အခြားရွာတရွာကြားသို့ ရောက်သောအခါ ကားဘီးပေါက်သည်နှင့် ရပ်နားကြရ၏။ အပိုဘီးမပါသောကြောင့် ပေါက်သော ကားဘီးကို ဖာကြလေရာ ပြီးသောအခါ၌ မိုးချုပ်ပြီဖြစ်၍ လမ်းခုလပ်၌ပင်

အိပ်ကြရ၏။ ခရီးသည်များအနက်တွင် ကျွန်ုပ်၏အဖော်တယောက်တည်းသာ မိန်းမပါ၍ ကားသမားက ရွက်ဖျင်ပြီး ဖြန့်ခင်းပေးသည့်အပေါ်တွင် အားလုံးစီတန်း အိပ်ကြရ၏။ အဖော်မိန်းမမှာ ကြောက်လည်း ကြောက်တတ်၍ အခြားယောက်ျား များကိုလည်း ယုံကြည်ပုံမရသဖြင့် တညလုံး "ကိုကြီးသိန်း အိပ်ပြီလား"ဟု ခဏခဏမေးခြင်းကြောင့် အိပ်ပျက်ခဲ့ရပါသေးသည်။

နံနက်လင်း၍ ဆက်လက်မောင်းကြရာတွင် ရွာသာကြီးရွာသို့ ရောက်၍ ကျွန်ုပ်ဆင်းခဲ့ရ၏။ ဤရွာမှ မန်ကျည်းတုံရွာသို့ ခုနစ်မိုင်ခန့်ဝေး၍ လှည်းငှား ရဦးမည်ဖြစ်လေသည်။ ကံအားလျော်စွာ ဌာနအုပ်ပင်စင်စား မိတ်ဆွေ တယောက် နှင့် အဆင်သင့်တွေ့၍ သူ၏အိမ်သို့ ခေါ်သွားပြီး နံနက်စာကျွေး၍ သူ့ သမက်အားလှည်းနှင့် လိုက်ပို့စေပါပေသည်။ 'အာဟာရဖြင့် ကျန်းမာအောင် လုပ်နည်း'စာအုပ်မှာ ကျွန်ုပ်ရေးခဲ့သမျှသော စာအုပ်များအနက်တွင် အခဲယဉ်းဆုံး ရောင်းထုတ်ရသော်လည်း စာအုပ်တွင် ပါရှိသော နည်းနာများအရ လိုက်နာခြင်း ကြောင့် အကျိုးများပါပေသည်ဟု ကျေးဇူးတင်စာများ ရရှိသည့်အတွက်ကြောင့် ခဲယဉ်းကျိုးနပ်ပါပေသည်ဟု ကျေနပ်မိပါသည်။

## စိတ်ကူးတခုပေါ်လာခြင်း

ကျွန်ုပ်သည် "အာဟာရဖြင့်ကျန်းမာအောင်လုပ်နည်း" စာအုပ်ကို အစမ်း သဘောနှင့် ရေးသားခဲ့ခြင်းဖြစ်ရာ ဦးလှဒေါ်အမာတို့က (အားနာပါးနာနှင့်) လက်ခံလိုက်ကြရဟန် တူသော်လည်း စက္ကူရှားပါးခြင်းကြောင့် ပုံနှိပ်ရိုက်ထုတ်ရန် အခက်အခဲရှိခြင်းကို ကျွန်ုပ်သိခဲ့ရသဖြင့် စာအုပ်များ ဆက်လက်ရေးသားဖို့ တုန့်ဆုတ်သွားခဲ့ပါလေပြီ။ ကျွန်ုပ်ကိုမွေးထားသည့် ဖခင်ပင်ဖြစ်စေ သူ၏ထမင်း ကို ကြာရှည်စွာ ထိုင်စားဖို့ဝန်လေးတတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း တနည်းနည်းဖြင့် ဝမ်းစာအတွက်ရဖို့ အကြံထုတ်ပါတော့သည်။ လေးကောင်ဂျင်

ထိုးခြင်းအလုပ်ကို ဖခင် သဘောမကျသည့်အပြင် ဂျင်ဝိုင်းမှာလည်း ခြောက်ခန်း၍ သွားပါလေပြီ။ ခြောက်ခန်းရပုံမှာ ဂျင်ကစားသူများသည် မန်ကျည်းတုံရွာသား များချည်း ဖြစ်လေရာ ကစားသမားတို့၏ ထုံးစံအတိုင်း နိုင်သောအခါတွင် သုံးဖြုန်းပစ်ကြ၍ ရှုံးသောအခါ၌ အိပ်ထဲကရှုံးကြရ၏။ ဥပမာ ငွေ ၃၀၀ ကျပ်နိုင်သော လူတယောက်သည် နိုင်သည်ဆို၍ ဝယ်ချမ်း သုံးဖြုန်းလိုက်ပြီးနောက် ၁၅၀ ကျပ် ရှုံးသောအခါ၌ လက်ကိုင်ပြုတ်သွားလေတော့သည်။ ဤသို့ဖြင့် ကျွန်ုပ်မှတပါး လုံးပါးပါးကုန်ကြသည်ဖြစ်၍ ဂျင်ကစားနိုင်သူ မရှိတော့ပဲ ရပ်စဲလိုက်ကြရလေ၏။ တနေ့သ၌ ကျွန်ုပ်သည် မန်ကျည်းတုံရွာနှင့် တမိုင်သာသာဝေးသည့် သခွတ္တော်ရွာ သို့ အလည်အပတ်ရောက်သွားရာ ဤရွာသားများသည် ဆားချက်ခြင်း အလုပ်ဖြင့် အသက်မွေးကြသူများဖြစ်၏။ ၎င်းရွာ၌ ဖခင်သည် ဆွေမျိုးများရှိကြ၍ ကျွန်ုပ်သည် ဆားချက်သောလုပ်ငန်းကို လေ့လာကြည့်ရာ အတော်စိတ်ဝင်စားမိ၏။ ကျွန်ုပ်မှာ စက်မှုလက်မှုအလုပ်မျိုး (Industry) ၌ ဝါသနာပါသူ မဟုတ်သော်လည်း ဉာဏ်ထုတ်၍ စဉ်းစားခြင်း အလုပ်တွင် အထုံပါသူဖြစ်သည်နှင့် ဤလုပ်ငန်းကို ကျွန်ုပ်လုပ်ရလျှင် လူသက်သာသောနည်း၊ သို့မဟုတ် လျှင်မြန်သောနည်းစသည် ကိုစိတ်ထဲတွင် စိတ်ကူးကလေးများပေါ်လာ၏။ (ဟုတ်မဟုတ်ကား စမ်းကြည့်မှပင် သိမည်။ မည်သည့်နည်းမဆိုနှစ်ခုတွင် တခုတော့ဟုတ်ရမည်ဟု ယနေ့တိုင် ထင်လျက် ရှိသည်။) ဥပမာ မြေကြီးများ သယ်ယူရာတွင် တောင်းကိုခါးစောင်းတင်၍ သယ်ယူကြရာ လက်တွန်းလှည်းကလေးသုံး၍ တခုတည်းသော ဘီးကို'ဆားခုံ'များ အကြားမှ တွန်းယူရလျှင် သူတို့ထက် နှစ်ဆလောက် အလုပ်တွင်ကျယ်လိမ့်မည်ဟု ထင်မိသည်။

## လက်လျှော့ရခြင်း

ထိုအချိန်တွင်မြန်မာပြည်တွင် ဆားအလွန်ရှား၍ ဂျပန်တို့ ဘယ်ဆီမှ သွင်းသည်မသိသည့်ဆားအတုံးအခဲများကို ထောင်းထု၍ ဟင်းခတ်ကြရသဖြင့် ဆားဈေးအလွန်ကောင်း၏။ မန်ကျည်းတုံရွာမှ ကျွန်ုပ်၏ဆွေမျိုးအချို့သည် သခွတ္တောရွာသို့ ခေတ္တပြောင်းရွှေ့၍ ဆားချက်ခြင်းအလုပ်ကိုလုပ်လျက်ရှိကြ၏။ ကျွန်ုပ်သည် သခွတ္တောရွာသူကြီး၏ အိမ်သို့အလည်အပတ် ရောက်သွားရာတွင် သူကြီးသည် ကျွန်ုပ်၏ စိတ်ဝင်စားခြင်းကို မြင်သည်နှင့် "ကိုကြီးသိန်း လုပ်ချင်လျှင် မြေကွက်ရအောင် ကျွန်တော်စီမံပေးပါမယ်"ဟု ပြော၏။ ကျွန်ုပ်ကား အတော်ဝမ်းသာသွားလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်ကချက်ချင်း 'စိမ်ခေါ်'ခဲ့ပြီး ဆားချက်ရန်အတွက် ဆွေမျိုးများနှင့် စီစဉ်ပါတော့သည်။ (ဤနေရာ၌ ကျွန်ုပ်ဖော်ပြလိုသည်မှာ ဖခင်သည် ကျွန်ုပ်တို့လင်မယားအား ကျွေးရသည့်အတွက် အနည်းငယ်မျှ ငြူစူသည့် အထိမ်းအမှတ် မပြုသည့်အပြင် မစိုးချက်သော ဟင်းကို လက်လွတ်မည်စိုးသောကြောင့် အကြောက်အကန် ကန့်ကွက်ရှာပါပေသည်။) ဆွေမျိုးများကလည်း မလုပ်ချင်ပါနှင့် ကြည့်တော့သာလွယ်သည်။ တကယ်လုပ်တော့ တကယ်ပင်ပန်းသော အလုပ်ဖြစ်သည်။ ကူလီခလောက်သာရသော အလုပ်မျိုးဖြစ်၍ အလုပ်ကြမ်းအားလုံးကို လူငှားနှင့်လုပ်မည်ဆိုလျှင် ကိုယ့်အတွက် ဘာမှကျန်မည်မဟုတ်ပါဟုဆိုကာ ဖျက်ကြ၏။ အမှန်မှာ သူတို့၏ သဘောကိုလည်း ကျွန်ုပ်ရိပ်မိပါသည်။ ကျွန်ုပ်ကဲ့သို့သော သူတယောက်က ဤအလုပ်မျိုး လုပ်သည်ဆိုလျှင် တဆွေလုံးတမျိုးလုံး ဂုဏ်ငယ်သည်ဟု ယူဆကြဟန်တူပါသည်။ ကျွန်ုပ်ကိုယ်တိုင်ကမူ မလွဲသာ၍ လုပ်စားရလျှင် မည်သည့်အလုပ်ကိုဖြစ်စေ။ ဂုဏ်ငယ်သည်ဟု မယူဆသူဖြစ်သည်။ သို့ရာတွင် အားလုံးက ဝိုင်း၍ဖျက်ကြသော အချိန်၌ 'သံဃာအား ဘုရားမဆန်သာ'ဟူသော စကားကဲ့သို့ ကျွန်ုပ်က မှန်သည်ထင်ပါလျက်နှင့်ပင် ဝမ်းနည်းစွာနှင့် လက်လျှော့လိုက်ရပါသည်။

## နောက်အကြံတခု

ထို့နောက် ကျွန်ုပ်သည် အကြံတခုရပြန်၏။ ထိုခေတ်၌ ဝက်အူချောင်း တပိဿာ ၈၀ ကျပ်ဈေးပေါက်၍ ဝက်သားတပိဿာလျှင် ၅-၁၀ကျပ် ဈေးဝယ်ရ၏။ ကျွန်ုပ်၏အဘိုးမှာ မင်းတုန်းဘုရင်၏ 'စားတော်ခဲ' ဖြစ်ခဲ့၍ အစားအသောက်ကို စားကောင်းအောင် စီမံတတ်ခြင်းသည် ကျွန်ုပ်၏သွေးထဲတွင် ပါလာလေသလောမဆိုနိုင်။ ဝက်အူချောင်းကို ကျွန်ုပ်လုပ်ရလျှင် သူတပါး၏ ဝက်အူချောင်းထက်သာအောင် လုပ်တတ်လိမ့်မည်ဟုထင်၏။ သို့ဖြစ်၍ ဝက်အူချောင်းလုပ်ရောင်းဖို့ အကြံဖြစ်ပေါ်လာသည်။ သို့ဆိုလျှင် လက်ကား သဘောမျိုး လုပ်မည်ကြံသောကြောင့် ငွေရင်းအတော်အတန် လိုလိမ့်မည်ဆိုကာ ကပိုင်၌နေသော သူငယ်ချင်းလင်မယား ဦးထင်နှင့် ဒေါ်စုတို့ထံမှ ချေးယူရန် အကြံဖြစ်ပေါ်လာလေ၏။ သူတို့မှာလည်း ကပိုင်တွင်အထည်ဆိုင်ဖွင့်၍ အရောင်းအဝယ်ကောင်းလျက်ရှိသည်ကို မြင်ခဲ့ရသောကြောင့် ကျွန်ုပ်လိုအပ်သော အရင်းအနှီးမျှလောက်ကို ထုတ်ချေးရန် ခဲယဉ်းမည်မဟုတ်ဟုဆိုကာ ကပိုင်သို့ ဒုတိယအခေါက်သွားရောက် ပြန်ပါသည်။

## မြင်းစီးရသောဇိမ်

ဤတကြိမ်၌ ရှိမ်းမကားဘက်မှ သွားရန်မလိုပဲ မန္တလေးဘက်မှ လှည့်၍သွားသဖြင့် ရောရောရှူရှူပင် ဆိုက်ရောက်ခဲ့၏။ ကပိုင်သို့ ကျွန်ုပ်ရောက်သွားသောအခါ ဒေါ်စု၏ညီမ မသက်ရှေမှာ မကျန်းမမာဖြစ်နေခြင်းနှင့် တွေ့ရ၍ အချေးအငှား လာရခြင်းဖြစ်သော ကျွန်ုပ်မှာ ရုတ်တရက်ပြောဖို့ အခွင့်မသင့်ဟု ဆုံးဖြတ်ကာ ရက်အတန်ကြာ စောင့်နေရ၏။ တကြောင်းမှာလည်း ကျွန်ုပ်သည် မသက်ရှေနှင့် အကျွမ်းတဝင် အတော်ခင်မင်ခဲ့ဘူးသည်ဖြစ်၍ သူမကျန်းမာခိုက်နှင့်

ကြုံသည်တွင် ရုတ်တရက် ပြန်သွား၍ မလျော်ဟူ၍လည်း စဉ်းစားမိ၏။ ဒေါ်စု၏ ညီမ မသက်ရှေမှာ အခြားသူမဟုတ်၊ မိဘများက ကျွန်ုပ်အား ပုဆိုးတုံးလုံးချွတ်၍ အရိုက်ခံရဘူးသည့် နော်မန်ကျောင်းသူကလေးအား တေးထပ်တပုဒ် ပေးပေးခဲ့ ဘူးသူပင်ဖြစ်လေသည်။ ဤအကြောင်းကိုသူ၏အစ်မကြီးဒေါ်စုတို့ပင် သိပုံမရ၊ သူနှင့်ကျွန်ုပ်သာ သိကြပေရာ ကျွန်ုပ်သည် လူနာမေး၍ နှစ်ယောက်တည်းရှိခိုက် တွင် ဤအကြောင်းကို သတိရကြသည်နှင့် ပြုံးခဲ့ကြရပါသေးသည်။ မသက်ရှေသည် ဤတောင်မှ တက်မည့်ပုံမပေါ်၊ သို့သော် ရုတ်တရက်လည်း သေဦးမည့် လက္ခဏာမရှိသည်နှင့် ဦးထင်တို့၏ ကိစ္စတခုအတွက် ဦးထင်နှင့် ကျွန်ုပ်သည် မြင်းဝါသနာအိုးတယောက်ဖြစ်၍ မြင်းနှင့်သွားရမည်ဆိုလျှင် ဘယ်လောက်ကြာ၍ တာဝတိံသာတက်ရမည်ဖြစ်စေ လိုက်ချင်သူ တယောက် ဖြစ်၏။

နံနက်စာစားပြီးချိန်တွင် ကျွန်ုပ်တို့သည် မြင်းကိုယ်စီနှင့် ကပိုင်ရွာမှ ထွက်လာကြ၍ ရွှေတချောင်းမြောင်းဘောင်တလျှောက် စကားတပြောပြောနှင့် စီးလာကြရခြင်းမှာ (မြင်းဝါသနာပါ၍ အတန်ကြာအောင် မြင်းမစီးခဲ့ရသော ကျွန်ုပ်အဖို့ရာ၌) အတော်ကြီးသော ဇိမ်တခုဖြစ်၏။ ကမ္ဘာကျော်အင်္ဂလိပ်ဝတ္ထုရေး ဆရာကြီးတယောက်ဖြစ်သော ဆာဝါလတာစကော့တ်သည် ဝတ္ထုပေါင်း မြောက်မြားစွာကို မြင်းစီးယင်းစိတ်ကူးသည်ဆိုသကဲ့သို့ ကျွန်ုပ်သည်လည်း ခေတ်ကောင်း၍ လုံခြုံမှုရှိခဲ့လျှင် မန်ကျည်းတုံရွာ၌နေပြီး မြင်းစီးယင်းစိတ်ကူးဖို့ မကြာခဏ အကြံရခဲ့ဘူး၏။ မာဆဒိဘင့်ကားကိုမြင်ရ၍ ကျွန်ုပ်သည် သွားရည်မယို၊ အသားကျမြင်းကောင်းကောင်းနှင့် လမ်းဖြူးဖြူးဖြောင့်ဖြောင့်ကို မြင်ရလျှင် စိတ်ထဲ၌ ရိုးတိုးရွတ ဖြစ်မိပါသည်။

ဦးထင်သည် စကားခပ်နည်းနည်း လူတယောက်ဖြစ်သော်လည်း ငယ် သူငယ်ချင်းချင်းဆုံမိ၍ လွတ်လပ်စွာစကားပြောခွင့် ရသောအခါများ၌ ဖြစ်တတ် သော ထုံးစံအတိုင်း သားရေးသမီးရေးမှစ၍ ငယ်ပေါင်းကြီးဖော်များ အကြောင်းကို

စိတ်ထဲ၌ရှိသမျှ အပြန်အလှန် ဖွင့်ဟပြောပြကြရခြင်းသည်လည်း နေ့တိုင်း တွေ့ကြုံခံစားကြရသော အရသာမျိုးမဟုတ်ပေ။ တခါတရံတွင် ကျွန်ုပ်က ကစားဖော်သူငယ်ချင်းအဖြစ်နှင့် သိခဲ့ရသော ဒေါ်စုနှင့် ဦးထင်က မယားအဖြစ်နှင့် သိရသော ဒေါ်စုသည် ဘယ်လိုများနေသည်ဟု ကျွန်ုပ်သလိုသဖြင့် တီးခေါက်စုံစမ်း မိခြင်းများလည်း ပါရှိ၏။ တချက်တချက် စကားပြတ်သည့်တွင် ကျွန်ုပ်သည် ရွှေတချောင်းဘက်သို့ လှမ်းကြည့်၍ စံဒေဝီကို ပိုးပန်းစဉ်က သူငယ်ချင်းများနှင့် တောင်ပြုံးပွဲသို့ သွားကြသည့်အဖြစ်ကလေးများကိုလည်း သတိရမိ၏။ တန်ဆောင် မုန်းလ ရာသီဖြစ်သော်လည်း နေသည်အတော်ပူပြင်း လျက်ရှိသည်ဖြစ်၍ သစ်ပင် ရိပ်ကောင်းကောင်း တွေ့ရသည့်အခါ မြင်းများကိုလည်း အနားပေးယင်း အရိပ်အောက်သို့ ဝင်ကြပြီးလျှင် ဆေးတံတဆုံတလေ သောက်ရှုရခြင်းသည်လည်း သေးငယ်သောဇိမ်မဟုတ်ပေ။

## အဘိဇ္ဈာစိတ်လော

ကျွန်ုပ်တို့သည် မတ္တရာမြို့ကို ကျော်လွန်၍ မြောက်အရပ်သို့ ဆက်လက်စီး သွားကြရာ တံငါသည်ရွာကလေးသို့ ရောက်သောအခါ ခရီးအဆုံးသို့ ရောက် ကြလေပြီ။ ဦးထင်သည် ၎င်းရွာတွင် အတော်ကျယ်ဝန်းသည့် မြေကွက်ကြီးတခုရှိ၍ ၎င်းတွင်အသီးအနှံများစိုက်ပျိုးရန် ကြံရွယ်ချက်ရှိသည့်အလျောက် ခြံစောင့်သော လူနှင့် တွေ့ရန်ကိစ္စအတွက် လာခဲ့ခြင်းဖြစ်သည်ဆို၏။ ကျွန်ုပ်တို့လာမည့် အကြောင်းကို ကြိုတင်အကြောင်းကြားခြင်း မရှိသဖြင့် ခြံစောင့် သည် ကျွန်ုပ်တို့ရောက်ကာမှ ညစာထမင်းချက်ပြုတ်ရန် စီမံလေရာ ကျွန်ုပ်မှာ ဆာရေချေသေးဟူသော စိုးရိမ်မှုသည် မဖြစ်ပေါ်ပဲ မနေနိုင်အောင် ရှိပါတော့သည်။ မြင်းများကိုကုံးဖြုတ်၍ မြို့ကြီးအတွင်း 'လုံကြိုး'များနှင့် လွှတ်ထားလေရာ မြစ်ချစ်တတ်သော ကျွန်ုပ်မှာ ၎င်းတို့အတွက် စားစရာမြက်ပေါပါလေ၏လောဟု

တွက်၍ကြည့်မိပါသေးသည်။ မြက်များမှာ အလိပ်အလိပ် ထသည်တိုင်အောင် ထူထပ်ပေါများခြင်းကို မြင်ရ၍ သဘောကျလှသည်။ ထို့နောက် ဦးထင်၏ မြေကွက် ဝင်းထရံအနီးတွင် ကပ်၍တသွင်သွင် စီးဆင်းလျက်ရှိသော ချောင်း ကလေးသို့သွားပြီး အပန်းပြေရေချိုးရ၏။ ရေဆိပ်မှတက်လာ၍ ရေရှင်နှင့်နီးသော ခြံ၏ အခြေအနေကိုလည်းကောင်း၊ ကျယ်ဝန်းခြင်း၊ မြက်ပေါခြင်း၊ မြေသြဇာ ကောင်းပုံ ရခြင်းတို့ကိုလည်းကောင်း မြင်ရသည့်အခါ ကျွန်ုပ်၌ စိတ်အကြံတခု ဖြစ်ပေါ်လာပါသည်။ ကျွန်ုပ်သည် သူတထူး၏ပစ္စည်းကို မြင်ရသည့်အခါ "ငါ့ပစ္စည်းဖြစ်ရလျှင် ကောင်းလေစွ"ဟူသော အဘိဇ္ဈာစိတ်မျိုးဖြစ်ပေါ်ခဲလှပါသည်။ သို့ပါလျက်နှင့် အထက်ပါ အခြင်းအရာတို့ကို တွေ့မြင်ရသောအခါ မန်ကျည်းတုံ ရွာ၌ မြင်းကောင်း မွေးပြီး နေချင်လှသည်ဆိုသော ယခင်စိတ်ကူးအစား၊ ဤနေရာ၌ မြင်းမွေးယင်း ဆာဝါလ်တာစကော့လ် လုပ်နေရလျှင် လောကစည်းစိမ်တွင် အထွတ် အထိပ်ပေ တည်းဟူသော တမ်းတမှုဖြစ်မိခြင်းကို ဝန်ခံပါသည်။ ဦးထင်သည် ရေကြိုက်သူ တယောက် မဟုတ်သဖြင့် ကျွန်ုပ်နှင့်အတူ ရေမချိုးပဲ တဲထဲ၌ နေရစ်လေရာ တဲဝ၌ရပ်လျက်ရှိသော ဦးထင်ကိုမြင်မိ၍ 'ချင်းလက်စိမ်ရောက် လေသည်တကား'ဟု တွေးမိပါသေးသည်။ ထိုညဉ့် စားရသည့် ချဉ်ပေါင်ဟင်း၊ ငါးကလေးချက်၊ ငါးပိကောင်ကင်နှင့် ထမင်းတနပ်မှာ (မြင်းစီးရ၍ ဗိုက်လှုပ်ပြီး ဝမ်းချောင်သည့် အတွက်ကြောင့်) အမြိန်ဆုံးစာရင်းဝင် ထမင်းတနပ်ဖြစ်ပါ ပေသည်။

## ငါးနှင့်ခရုသဲ့

"ကွမ်းမစားစဘူးစားလျှင် ထုံးပေါက်၊ မြင်းမစီးစဘူးစီးလျှင် ကုံးပေါက်"ဟူ သော စကားပုံအတိုင်း ဦးထင်မှာ ကုံးပေါက်မပေါက်ကား မမှတ်မိတော့၊ တကိုယ်လုံး ရိုက်ချထားသကဲ့သို့ဖြစ်ပြီး နံနက်၌ ရုတ်တရက်မထနိုင်ခြင်းကိုကား

မှတ်မိပါသေးသည်။ မည်သို့ပင်ဖြစ်စေ နံနက်စာစားပြီး၍ ပြန်တော့မည်ပြုသော အခါ ဦးထင်မှာ မြင်းပေါ်သို့ မတက်ဝံ့လောက်အောင် ကိုယ်လက်တွေ နာကျင်လျက်ရှိသောကြောင့် ကျွန်ုပ်နှင့်အတူမလိုက်တော့ပဲ လှည်းနှင့် လာတော့မည်ဆိုကာ ချန်နေရစ်ပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ အပြန်ခရီး၌ မြင်းတစီးနှင့် တကိုယ်တည်းလာ၍ ခပ်သုတ်သုတ်နှင်ခဲ့သည်တွင် နေ့လယ်ကျော်၌ ပင် ကပိုင်ရွာသို့ ပြန်ရောက်ခဲ့လေ၏။ ဦးထင်မှာမူ ညနေစောင်းမှ မြင်းလှည်း နောက်သို့ ချိတ်ဆွဲကာ လှည်းပေါ်တွင် လျောင်းလျက်ရောက်လာလေ ၏။ သူ့သမက်လောင်း မောင်နေဝင်းသည် ဤအဖြစ်အပျက်ကိုမြင်ရာ သမက်ဖြစ် လာသောအချိန်၌ ဤအကြောင်းကို ရယ်မောပြောလေ့ရှိ၏။ "ငါးတုလို့ရေပွက်ဆို တဲ့ စကားဟာ ဟုတ်တာပဲ၊ အသွားတုန်းကတော့ မြင်းကိုယ်စီနဲ့ ကျော့ကျော့ မော့မော့၊ အပြန်ကျတော့ တယောက်က မြင်းနဲ့ပြန်၊ တယောက်ကတော့ လှည်းနဲ့တိုက်လာခဲ့ရတော့ဗျား"ဟု ပြောဘူးလေသည်။ မြင်းစီးခြင်းသည် ယောကျ်ားတိုင်း တတ်အပ်သော ပညာတခုဖြစ်ခဲ့ရာ ဤခေတ်၌မူ ဂျော်ကီများ လောက်သာ တတ်တော့သည်အထိ ကွယ်ပျောက်သွားခြင်းမှာ ဝမ်းနည်းဖွယ် တရပ်ဖြစ်ပါတော့သည်။ အချို့က ကားကောင်းစီးရခြင်းလောက် ဇိမ်မရှိဟု ပြောတတ်ကြလေရာ အသက်မရှိသော စတီယာရင်ဘီးကိုကိုင်ကာ ကူရှင်ပေါ်သို့ ထိုင်၍လိုက်ရခြင်းနှင့် အသက်ရှိသောသတ္တဝါပေါ်၌ ခွ၍ထိုင်ကာ ဇက်ကိုထိန်း၍ လိုက်ရခြင်းတို့၏ အရသာချင်းကွာခြားပုံကို မြင်းကောင်းစီးဘူးသူများသာလျှင် နားလည်ကြပေလိမ့်မည်။

## သံသရာခရီးသည်များ

ကျွန်ုပ်သည် ဦးထင်၊ဒေါ်စုထံမှ ငွေချေးရန် လာခဲ့ခြင်းဖြစ်ရာ ဒေါ်စု၏ညီမ မသက်ရှေ မကျန်းမာသည့်အတွက်ကြောင့် (မြို့စားတို့၏ထုံးစံအတိုင်း) မြို့ရှင်၏ မျက်နှာသာမှုကို စောင့်ကြည့်ရသည်နှင့်ပင် တလနီးပါးမျှအချိန်ကုန်သွားခဲ့လေပြီ။ ထိုအတောအတွင်း ကျွန်ုပ်သည် ဦးထင်နှင့်အတူအိပ်၍ ညဥ့်နက်အောင် စကားပြော ကြယင်းနှင့်ပင် သူ့အကြောင်းကို လေ့လာခွင့်ရရှိခြင်းအားဖြင့် 'ရင်ဘတ်မိတ်ဆွေ' အဖြစ်သို့ ရောက်သွားခဲ့ပါလေပြီ။ ဤလူတယောက်ကား ကျွန်ုပ်တွေ့ဘူးသမျှသော မိတ်ဆွေများအနက်တွင် ကုသိုလ်ကံအကောင်းဆုံး တယောက်အပါအဝင် ဖြစ်သည် ဟု မြင်လာ၏။ သူသည် ကျွန်ုပ်လေးပုံတပုံမျှ ကြိုးစားရသူတယောက် မဟုတ်ပါ ပဲလျက် အလိုက်သင့် အလျားသင့် ကံထောက်ပံ့သည်နှင့်ပင် စီးပွားရေး လောကခံလှိုင်းများ၏ ပုတ်ခတ်ခြင်းမှလွင်ကင်း၍ ကျွန်ုပ်ထက် အဆပေါင်းများစွာ စိတ်၏ ငြိမ်းချမ်းမှုရလောက်သော အခြေအနေ ရှိနေသူတယောက်ဖြစ်လေသည်။ တသက်ပတ်လုံး အလုပ်နှင့်လက်မပြတ်အောင် လုပ်ကိုင်လာခဲ့ရသော ကျွန်ုပ်သည် (ထိုအချိန်တွင်) ဝမ်းရေးကလေးအတွက် တယောက်တည်း ဟိုပြေးသည်ပြေး ပြေးလွှားနေရသော်လည်း သူ့မှာမူ လူပ်ကာလှုည့်ကာနှင့်ပင် သားသမီး၊ သားမယားအပြင် ဆွေမျိုးညာတိ အခြွေအရံ အသင်းအပင်းနှင့် ဥမကွဲ သိုက်မပျက်နေရသော အခြေအနေရှိ၏။ ကျွန်ုပ်သည် သူ၏သက်သာငြိမ်းချမ်းပုံ ကိုမြင်ရ၍ သူ၏ပရမ္မရကုသိုလ်ကံထောက်ပံ့ခြင်းကို သာဓုခေါ်မိပြီး အားကျ သယောင်ရှိပါသည်။ ဤတွင်ကျွန်ုပ်၏ယောက်ယက်ခတ် အကျိုးပေးပုံကို မကျေနပ် သလိုလိုဖြစ်လာမိ၏။ သို့သော် သံသရာဝဲသြဃ၌ မျောကြရသော သတ္တဝါများ သည် တခါတရံ ရေသာခိုခွင့်ရခြင်းကြောင့် သက်သာသည်မှန်သော်လည်း ရေကိုဆန်၍ ပင်ပန်းစွာ လော်ခတ်ရသော လူများကဲ့သို့ 'ကြွက်သား' (Muscle) မတက်ပဲ ရှိတတ်ခြင်းနှင့် ကျွန်ုပ်၏အတွေ့ အကြုံများအတွက်ကြောင့် ရရှိထား

သည့် သင်ခန်းစာများသည်လည်း ဘဝသံသရာ ခရီးတွင် ကြီးစွာသော အထောက် အပံ့ဖြစ်စေနိုင်ပေသည်တကားဟု စဉ်းစားသောအားဖြင့် မိမိကိုယ်ကို ဖြေဆည်နိုင် ပါသည်။

## ရှာပနနှင့် ကြုံရခြင်း

ကျွန်ုပ်ကပိုင်၌ရှိစဉ် ဒေါ်စု၏ညီမ မသက်ရှေသည် လပေါင်းများစွာ နာတာရှည်ရောဂါ ခံစားရပြီးနောက် ကွယ်လွန်အနိစ္စရောက်ရှာလေပြီ။ ကျွန်ုပ်သည် အလောင်းအနီး၌ မတ်တတ်ရပ်၍ကြည့်နေခဲ့စဉ် အသက်ငါးဆယ်အရွယ်ရှိနေပြီ ဖြစ်သော မသက်ရှေ၏ပုံသဏ္ဌာန်ပျောက်သွား၍ ဦးစွန်းဖုတ်ရောင်ထုံးကလေးနှင့် ဆယ်နှစ်သမီးအရွယ်က နှော်မန်ကျောင်းသူအား တေးထပ်ကလေးတပုဒ် ပို့ပေးဘူးသည့် မသက်ရှေ၏ရုပ်ကလေး ပေါ်လာခြင်းကို မှတ်မိပါသေးသည်။ "လူကြီးတွေ သိသွားမှဖြင့် ကျွန်မကိုဆူလိမ့်မယ် ကိုဖေသိန်းရဲ့"ဟု သူကပြောရှာ သည်တွင် "မသိနိုင်ပါဘူးကွယ်၊ စာအုပ်ထဲ ညှပ်ပေးတာကပဲ"ဟု ကျွန်ုပ်က ပြန်ပြောခြင်းကိုလည်း အမှတ်ရပါသေးသည်။ သူ၏အစ်မကြီး ဒေါ်စုသည် ကျွန်ုပ် နှင့်ရွယ်တူချင်းဖြစ်၍ အရွယ်ရောက်ကြသောအခါတွင် (မြန်မာလူမျိုးတို့၏ထုံးစံ အတိုင်း) ခေါ်ခေါ်ပြောပြော မဟုတ်တော့ပဲ အပျို လူပျိုကလေးများ အဖြစ်နှင့် ခပ်တန်းတန်း နေလာကြတော့သည်ဖြစ်ရာ မသက်ရှေမူကား ကျွန်ုပ်ထက် ငါးနှစ်ခန့်ငယ်၍ ကျွန်ုပ်၏နှမကလေးနှင့် ရွယ်တူလိုဖြစ်ပြီး ခင်မင်ရင်းနှီးစွာ ဆက်ဆံကြသည်ဖြစ် သောကြောင့် အပျိုကလေး အရွယ်တိုင်အောင် ကျွန်ုပ်နှင့် လည်း ခေါ်ခေါ်ပြောပြော ပင်ဆက်ဆံခဲ့ကြသည်။ (မသက်ရှေသည် ဦးထင်၏ အစ်ကို ဆရာရှင်နှင့် အိမ်ထောင်ကျ၍ မုဆိုးမအဖြစ်နှင့် ဆယ်နှစ်ခန့်အသက်ရှင် လျက် ကျန်ရစ်ခဲ့ခြင်းဖြစ်လေရာ ဆရာရှင်မှာ ဦးထင်ကဲ့သို့ "ဘာသိဘာသာ" နေတတ်သူမဟုတ်သဖြင့် မန္တလေးမြို့တွင် အတော်လူသိများခဲ့သော ပုဂ္ဂိုလ်တဦး

ဖြစ်လေသည်။) မသက်ရှေမှာ ဒေါ်စုတို့ညီမ ရှစ်ယောက်အနက်တွင် ကျွန်ုပ်နှင့် အရင်းနှီးဆုံးသော မိန်းကလေးဖြစ်၍ နုမကလေးသဖွယ် ခင်မင်ခဲ့သဖြင့် သူ၏ သေဆုံးခြင်းအတွက် စိတ်၌အတော်ထိခိုက်ပါသည်။ မသက်ရှေသည် ကပိုင်၌ ကျွန်ုပ်ရှိနေစဉ်ကတွင် ကွယ်လွန်ခြင်းဖြစ်သော်လည်း သန်းခေါင်ကျော် အချိန်တွင် ကွယ်လွန်ရှာခြင်းဖြစ် သောကြောင့် (ကျွန်ုပ်၏ကံကောင်းသော ထုံးစံအတိုင်း) သူ၏အသက်ငင်ခြင်းကို ကျွန်ုပ်မမြင်လိုက်ရပေ။ မသက်ရှေကား ကျွန်ုပ်၏ အသက်တာတွင် လိင်နှင့်ပတ်သက်သော ချစ်ကြိုက်မှု အလျဉ်းကင်း၍ ဖြူစင်စွာ ခင်မင်သည့် မိန်းမများ အနက်တွင် ထိပ်ဆုံးကတယောက်ဖြစ်ပါပေသည်။

## ပထမဦးဆုံး ဂုဏ်ပြုပွဲ

ဈာပနကိစ္စ ပြီးသည့်နောက် ကျွန်ုပ်သည် ဒေါ်စုသို့ချဉ်းကပ်၍ အရောင်းအဝယ် အလုပ်တခုအတွက် (ဝက်အူချောင်း လုပ်ရောင်းဖို့ဟု မပြောပဲ) အရင်းအနှီး လိုသဖြင့် ငွေ ၁၀ဝိ ချေးဖို့ပြောရာ ရှောရှောရှူရှူပင် ချေးပါပေသည်။ ထို့နောက် မောင်လှနှင့် မအမာတို့ထံမှလည်း စာတအုပ်ရေးပေးပါမည်ဆိုကာ ငွေ၅၀ဝိစရံ ယူခဲ့ပါသည်။ (စစ်ကြီးပြီး၍ လူထုသတင်းစာ အယ်ဒီတာချုပ် ဖြစ်လာသော အခါတွင် ကျွန်ုပ်ချေးယူထားသော ငွေတထောင်အတွက် ဘယ်လောက်ပြန်ဆပ် ရပါမည်နည်းဟု ဒေါ်စုအားမေးရာ ဒေါ်စုက မူလကတည်းက ချေးသည်ဟု သဘောမထား၊ ပေးခြင်းဖြစ်သောကြောင့် ပြန်ဆပ်ဖို့မလိုကြောင်း ပြောပြပါပေ သည်။ ဦးလှနှင့်ဒေါ်အမာတို့အားမူ သူတို့၏အလုပ်တိုက်တွင် ကျွန်ုပ်က အလုပ်သမားတယောက်အဖြစ်နှင့် ကူညီဆောင်ရွက်နေပြီဖြစ်သောကြောင့် ပြန်ဆပ် ဖို့အကြောင်း ကျွန်ုပ်ကလည်းမပြော၊ သူတို့ကလည်း စကားမစပ်ကြပါပေ။) အပြန်ခရီးတွင် ကျွန်ုပ်သည် မင်းကွန်းဘက်ရှိ မိတ်ဆွေတယောက်နှင့် တွေ့သဖြင့် ထိုဘက်မှလှည့်၍ ပြန်ခဲ့၏။ မင်းကွန်းတွင် မာလာအမှုးရှိသော စာရေးဆရာ

ကလေးများက လက်ဖက်ရည်ပွဲနှင့် ဂုဏ်ပြုဧည့်ခံကြသည်နှင့် စာရေးဆရာ အစုလိုက် အဖွဲ့လိုက်ကို ပထမအကြိမ် တွေ့ဆုံခဲ့ရဘူးသည်။ ရန်ကုန်၌နေစဉ်က မောင်လှ၊ ဇဝနစသော လူငယ်စာရေးဆရာများ အသင်းအဖွဲ့ ပြုလုပ်ကြသော်လည်း ဘယ်အခါမှ ကျွန်ုပ်အပါအဝင်မပြုခဲ့ချေ။ ကျွန်ုပ်မှာ မည်သည့်အရာတွင်မှ ခေါင်းဆောင်လုပ်လိုသော ဆန္ဒလည်းမရှိ၊ (တတ်လည်းမတတ်) အသင်းအဖွဲ့အနေဖြင့် ခံစားရသော အကျိုးကျေးဇူးကိုလည်း မမျှော်လင့်ပဲ မိမိ၏စိတ်ကူးနှင့် နှလုံးသွင်း တရားအလိုက်ငြိမ်းချမ်းစွာ နေလိုသူ တယောက်ဖြစ်ပါသည်။

ဂုဏ်ပြုပွဲမှာ မင်းကွန်းဘုရားကြီး တန်းဆောင်းတခုတွင် ကျင်းပ၍ စာရေးဆရာ အရေအတွက်သုံးလေးယောက်မျှသာရှိသော်လည်း စာပေဝါသနာပါ သူများလည်း တက်ရောက်ကြခြင်းကို တွေ့ရသဖြင့် တော်တော်စည်စည်ကားကား ဖြစ်အောင် ကြိုးစားထားကြပုံရသည်။ ကျွန်ုပ်အား စကားပြောဖို့ တောင်းပန်ကြသေးရာ အလေ့အကျင့်လည်းမရှိ၊ စဉ်းစားထားခြင်းလည်းမရှိ၊ လေးလေးနက်နက် ပြောနိုင်မှ ပြောချင်တတ်သော ဝါသနာလည်း ရှိသည်ဖြစ်၍ ကျေးဇူးတင်ခြင်း လောက်မှတပါး ဘာများပို၍ ပြောနိုင်ခဲ့သေးသည်ကို ကျွန်ုပ်မမှတ်မိပါ။ ဧည့်ခံသူများက ကြိုတင်ပြင်ဆင်ဖို့ အချိန်မရသည့်အတွက် ကြောင့် (ကျွန်ုပ်က တရက်ပင်ပို၍ မနေနိုင်ကြောင်းငြင်းခဲ့သည်။) သိုက်သိုက်ဝန်းဝန်း သားသား နားနား ဖြစ်အောင် မလုပ်ရ၍ အားမရကြောင်း ပြောပြကြရာ ကျွန်ုပ်ကလည်း သြဝါဒပေးဖို့စကားများ စဉ်းစားချိန်မရသည့်အတွက် အားရပါးရ မပြောနိုင်၍ ဝမ်းနည်းကြောင်း'ဖြန်း'ခဲ့ရသည်။ အမှန်မှာ ဤမျှထက်ပို၍ ပြောတတ်မည်လည်း မဟုတ်ပါ။ (စာရေးဆရာကြီးဖြစ်လာသော ဤနောက်ပိုင်း၌မူ ရန်ကုန်သို့ရောက်သည့် အခါတိုင်းလိုပင် လူငယ်စာရေးဆရာ ကလေးများကဂုဏ်ပြုပွဲမလုပ်လျှင် ဝတ္တရားပျက်ကွက်သည့်အနေမျိုး ယူဆထားသည့် လက္ခဏာရှိပေရာ ကျွန်ုပ်၏ သဘောမှာမူ ကျွန်ုပ်ထံသို့ တယောက်စီလာကြ၍ အာလာပသလ္လာပ စကားပြောဖော်ရလျှင် တော်လောက်ပြီဟု ထင်မြင်ပါသည်။)

## ဦးထွန်းလှအောင်

အပြန်ခရီးတွင် ကျွန်ုပ်သည် မင်းကွန်းမှ ပဒူဘူတာသို့ လှည်းနှင့်သွားရမည် ဖြစ်ရာ မသွားဘူးသော ခရီးလမ်းတခုကို သွားရမည့်အတွက်ကြောင့် စိတ်ဝင်စားမှု ရှိခြင်းနှင့်အတူ စိုးရိမ်မကင်းသောစိတ်လည်း ဖြစ်မိပါသည်။ စိုးရိမ်မကင်းဖြစ်ရခြင်းမှာ တောလမ်းကြီးသက်သက်ဖြစ်၍ လှည်းပေါ်တွင် တယောက်တည်း လိုက်ရမည့် အပြင် ကပိုင်မှရခဲ့သည့် ငွေ ၁၅၀ဝိကလည်း ပါလာသောကြောင့်ဖြစ်၏။ (ထီးချိုင့်ဘက်ဆီ၌ ကြက်ရောင်း၍ပြန်လာသော ကြက်သည်၏ ငွေ ၃၇ကျပ်ကို သတ်ယူသည်ဟု စုံစမ်းကြည့်ရာ ဤနယ်တခုလုံးတွင် သူခိုးဒမြတယောက်မျှ မရှိကြောင်းကို ရာဇဝင်နှင့်တကွ ပြောပြလေ၏။ ဂျပန်ဝင်ခါစအချိန်၌ ရွှေဘိုနယ် တဝိုက်တွင် သူခိုးဒမြ ထူထပ်ခဲ့ဘူးရာ ဝက်လက်သို့ ရာဇဝတ်ဝန် ဦးထွန်းလှ အောင် ရောက်လာ၍ နာမည်ကြီးသော လူဆိုး ၁၂ယောက်ခန့်ကို တန်းစီပြီး ပစ်သတ်သွားကတည်းက တနယ်လုံး ခိုးမှုတိုက်မှုများ တခုမျှ မပေါ်ပေါက် ကြောင်းပြောပြလေသည်။ ဤအဖြစ်အပျက်မှာ ဝက်လက်သို့ ကျွန်ုပ်မရောက်မီက ကျွန်ုပ်ကြားဘူးပါ၏။ သို့ရာတွင် စစ်ကိုင်းတလျှောက်သို့ တိုင်အောင် ငြိမ်ဝပ် ပိပြားမှု ရှိသည်ဆိုခြင်းကိုမူ ထိုသူပြောမှ သိရပါသည်။ အချို့လူများက တရားရုံးသို့မတင်ပဲ ပစ်သတ်ခြင်းဖြစ်၍ ရက်စက်သည်ဟု ပြောသော်လည်း နယ်တခုံး ငြိမ်သွားခြင်းမှာ ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်၏။ ဤမျှသာမကသေး ကျွန်ုပ်စုံစမ်းကြည့်သောအခါတွင် ပစ်သတ်ခြင်းခံရသော လူများသည် အမှန်စင်စစ် လူကျယ်လူစွာများဖြစ်ကြောင်း တနယ်လုံးက ပြောကြ၏။ (ဤနေရာ၌ ဦးထွန်းလှအောင်အကြောင်းကို အနည်းငယ် ဖော်ပြရပေဦးမည်။ ကျွန်ုပ်သည် ဦးထွန်းလှအောင်ကို မြင်ရုံမျှမြင်ဘူး၍ နာမည်လောက်သာ ကြားဘူး၏။ အသိအကျွမ်းတယောက် မဟုတ်ပါ။ မသေမီ ခြောက်လလောက်ကမူ ဦးထွန်းလှ အောင် သည် ကျွန်ုပ်၏အိမ်သို့ နှစ်ခေါက်မျှလာ၍ တကြိမ်လျှင် နှစ်နာရီခန့်

ထက်မနည်း ကြာအောင် စကားပြောကြ၏။ သူလာခြင်းမှာ သူထုတ်သော ဗုဒ္ဓဓမ္မစာစောင်တွင် လောကုတ္တရာ ဆောင်းပါးများ ရေးပေးဖို့စာရေး တောင်းခံဘူး ရာမှ ကျွန်ုပ်ကမအားလပ်ကြောင်း ပြန်ကြားဘူးသည်နှင့် ကိုယ်တိုင်လာရောက် တောင်းခံခြင်းဖြစ်လေသည်။ ထိုနှစ်ခေါက်တွင် သူသည် ဘာကိုစိတ်ကူးရသည် မသိ၊ ဆောင်းပါး အကြောင်းကိုအကျဉ်းချုပ်လောက်မျှသာ ပြောပြပြီး တသက်လုံး သူ၏ ဆိုးမိုက်ခဲ့ပုံနှင့် ပျော်ခဲ့ပုံ အကြောင်းများကို အသေးစိတ်ပြောပြလေသည်။ သူ၏အတ္တိုပ္ပတ္တိမှာ စိတ်ဝင်စားဖွယ်ကောင်းသော်လည်း ကျွန်ုပ်ကမူ မည်သို့သော ရည်ရွယ်ချက်နှင့် သူစိမ်းတယောက်အား ပြောပါလေသနည်းဟု တတွေးတည်း တွေးလျက် နားထောင်နေမိ၏။ ထိုစဉ်ကလည်း ကျွန်ုပ်မတွေးတတ်၊ သူကွယ်လွန် ပြီးနောက် ယနေ့တိုင်လည်း သူ၏ရည်ရွယ်ချက်ကို ကျွန်ုပ်မတွေးတတ်အောင် ရှိပါသည်။ အရမ်းတွေး တွေးရလျှင် ကျွန်ုပ်အား တရားသမားအနေဖြင့် သူမြင်၍ သူ၏နောင်တရခြင်းအကြောင်းကို ထုတ်ဖော်ဝန်ခံခြင်း ဖြစ်လေသလောဟု စဉ်းစားမိပါသည်။ (တရားအယူအဆနှင့်ပတ်သက်၍ လူပျော်လူရမ်းတယောက် အဖြစ်မှ လူတည်လူကောင်းတယောက် ဖြစ်လာပြီဆိုခြင်းမှတပါး နက်နဲသော အတွေးအခေါ် အယူအဆမျိုး ရှိပုံမရသောကြောင့် ကျွန်ုပ်က နှီးနှောဆွေးနွေးခြင်း မပြုလိုက်ပါ။)

## မင်းကွန်း–ပဒူ ခရီး

ကျွန်ုပ်သည် လှည်းတစီးငှား၍ ကောက်ရိုးထူထူ ခင်းစေပြီးလျှင် (ကူရှင် အတွက် ဖြစ်သည်။) အပေါ်မှ ဖျာခင်းစေ၍ ကျွန်ုပ်အဖို့ အဆန်းဖြစ်သော မင်းကွန်းပဒူလမ်းအတိုင်း မောင်းလာကြ၏။ မင်းကွန်းမှအထွက်တွင် လွယ်အိတ် ကိုယ်စီနှင့် လူငယ်နှစ်ယောက်ကိုတွေ့၍ ပဒူသို့ သူတို့လည်းလိုက်ပါ ရစေ၊ လှည်းခအတွက်တဝက်ခံပါမည်ဟု ပြောကြ၏။ ပထမဦး တောခရီးဖြစ်သည့်

အတွက်ကြောင့် ကျွန်ုပ်တွန့်ဆုတ်သွားမိသော်လည်း 'မောင်စံရှား'၏ မျက်စိဖြင့် အကဲခတ်လိုက်ရာတွင် လူကောင်းများ ဖြစ်ပုံရသည်ဟု ဆုံးဖြတ်ပြီး လက်ခံလိုက်လေသည်။ လမ်းခရီး၌ စကားတပြောပြောလာကြရာ လူငယ်နှစ်ယောက်သည် ကျွန်ုပ်၏ ဇဟုသုတကိုရိပ်မိကြ၍ မည်သူဖြစ်ပါသနည်းဟု မေးကြသည်တွင် ကျွန်ုပ်က အမှန်အတိုင်း ပြောလိုက်၏။ ထိုအခါမှစ၍ လူငယ်နှစ်ယောက်က မိမိတို့သည် စာပေသမားများဖြစ်၍ ကျွန်ုပ်၏စာများကို အများကြီးဖတ်ဘူးကြောင်း၊ လူကိုယ်တိုင် မမြင်ဘူးသော်လည်း အဝေးမှ ကြည်ညိုလျက်ရှိကြောင်းနှင့် လောကဝတ် စကားပြောရုံမျှသာမက ဝတ်ကြီးဝတ်ငယ် ပြုကြပါပေသည်။ လမ်းခရီး၌ ရွာကလေးများ တွေ့သောအခါ သောက်ရေခပ်ပေးခြင်း၊ မီးခြစ်ဗူးဝယ်ပေးခြင်း စသော အလုပ်ကလေးများကို ပျူပျူငှာငှာ ပျာပျာသလဲ လုပ်ပေးကြသည်။ ၎င်းတို့၏အပြုအမူကြောင့် ရန်ကုန် မန္တလေးလမ်းတွင် မီးရထားနှင့် သွားစဉ်က ကြုံခဲ့ရဘူးခြင်းများသည်လည်း စိတ်ထဲတွင် ပေါ်လာ၍ စာရေးဆရာအလုပ်သည် ဝင်ငွေကောင်းသောအလုပ် မဟုတ်လင့်ကစား ခရီးသွားရာ၌ စာပေသမားနှင့် တွေ့သည့်အခါ အတော်နေရာ ကျပေသည်ဟု ကြည်နူးခြင်းဖြစ်မိပါသည်။ ပဒူသို့ရောက်ကြသောအခါ မီးရထားဆိုက်ဖို့ အချိန်လိုသေးသည်နှင့် ကျွန်ုပ်အား သူတို့၏အသိအိမ်သို့ ခေါ်သွား၍ လက်ဖက်ရည်ကြမ်းနှင့် ထန်းလျက်ဖြူဆုပ်၊ မြေပဲယို စသည်များနှင့် ဧည့်ခံကြပေသည်။ လှည်းခငွေ၂ဝိအတွက် တဝက်ပေးမည်ဟု ကတိပြုခဲ့ကြရာမှ သူတို့ကချည်း လုံးဝပေးသွားကြပါပေသည်။ မန်ကျည်းတုံသို့ပြန်ရောက်၍ ဖခင်အား ငွေ၁၅ဝိရခဲ့ကြောင်းပြောပြသောအခါ ဖခင်က "မင်းမှာ ဒီလိုကြည့်ရှုမယ့် မိတ်ဆွေများရှိသကိုး"ဟု အံ့ဩဝမ်းသာစွာနှင့် ပြောရှာပါသေးသည်။

## သမ္မာအာဇီဝ အလုပ်မဟုတ်

ကျွန်ုပ်သည် ငွေ ၁၅၀၀ိ အရင်းအနှီးဖြင့် ဝက်အူချောင်းလုပ်ရောင်းဖို့ စုံစမ်း၏။ အမှန်အတိုင်းဖော်ပြရလျှင် ကျွန်ုပ်သည် ငွေရမှုအတွက် သက်သက် မဟုတ်၊ ကျွန်ုပ်၏မိခင်ဘက်မှ အဘိုး၏ "သွေး"ပါသောကြောင့် ဖြစ်ဟန်တူ၏။ စားကောင်းသောက်ဖွယ်ကို ကြိုက်တတ်ရုံသာမဟုတ်၊ ကိုယ်တိုင်ချက်ပြုတ်လုပ် ကိုင်ရခြင်း၌လည်း ဝါသနာပါ၍ မီးဖိုချောင်သို့ ဝင်တတ်သူဖြစ်၏။ ဇနီးမစိုးသည် အသိမိတ်ဆွေများအနက်တွင် အချက်အပြုတ်နှင့် ပတ်သက်၍ နာမည်ရလျက်ရှိ ရာ သူချက်ပြုတ်တတ်ခြင်းမှာ ကျွန်ုပ်၏သင်ပြမှုကြောင့်ဖြစ်ကြောင်း သူကိုယ်တိုင် ဝန်ခံပါသည်။ အချက်အပြုတ်သာမက ယိုလုပ်ခြင်း၊ သနပ်လုပ်ခြင်း စသော အတတ်များကိုလည်း မီးဖိုချောင်အတတ် စာအုပ်များဖတ်ခြင်း၊ သူတပါးတို့လုပ် ခြင်းကို မျက်မြင်လေ့လာခြင်းတို့ကြောင့် မိမိကိုယ်ကိုအတော်နားလည်သည်ဟု ထင်မိရာ ဝက်အူချောင်းလုပ်ရလျှင်လည်း သူတပါးတို့မသိသော နည်းကလေးများ သိထားခြင်းကြောင့် တကယ်လုပ်ရလျှင် စီးပွားဖြစ်လောက်သည်ဟုလည်း ထင်မိ သည်။ ပျော်လည်းပျော်လိမ့်မည်ဟူသော စိတ်ကူးဖြင့် စီစဉ်းခြင်းဖြစ်၏။ သို့ရာတွင် ဤအလုပ်ကိုလည်း ဆွေမျိုးများက ဝိုင်းဝန်းကန့်ကွက်ကြပြန်သည်။ ဤအလုပ်အောင်မြင်ပါက (ကျွန်ုပ်လုပ်ရလျှင် အောင်မြင်ဖို့လည်း သေချာ သလောက်ရှိသည်။) ဆားချက်သောအလုပ်ကဲ့သို့ ထမင်းစားရရုံမကပဲ စီးပွားဖြစ် လောက်သည်ဟု ကျွန်ုပ်ကအကြောင်းပြပြောဆိုသော်လည်း သူတို့က တဘက်မှ အကြောင်းတခု ဖော်ပြကြသည်။ ဝက်အူချောင်းအလုပ်သည် ဂုဏ်မရှိသောအလုပ် ဖြစ်သည်ဟု ပြောကြရုံမျှနှင့် ကျွန်ုပ်နားဝင်သည်မဟုတ်၊ ယခုသော် သူတပါး၏ အသက်နှင့် လုပ်ရမည့် အလုပ်မျိုးဖြစ်၍ ယုတ်စွာ့အဆုံး ဝက်သားရအောင် ကြိုတင်မှာယူခြင်း စသော ကိစ္စမျိုး ပါဝင်ရမည်ဖြစ်သောကြောင့် သန့်ရှင်း စင်ကြယ်သော သမ္မာအာဇီဝ အလုပ်မျိုးမဟုတ်နိုင်ဟု ပြောပြသည်တွင်

ကျွန်ုပ်နားဝင်သွားပါသည်။ ကြိုတင်မှာယူဖို့ လိုလိမ့်မည်ဆိုသောအချက်ကို ကျွန်ုပ် လုံးဝသတိမရခဲ့ချေ။ တော်တော်ကြီးကြီးကျယ်ကျယ်လုပ်မည်ဆိုလျှင် ဈေးထဲမှ 'ပဲ့သကူ'ဝယ်၍ မလုံလောက်နိုင်ဆိုခြင်းကို မစဉ်းစားမိချေ။ သို့ဖြစ်၍နောက်ဆုံး၌ ဤတလုံးနှင့်ပင် ကျွန်ုပ်၏အကြံအစည်ပျက်သွားပါတော့ သည်။ (အလုပ်လုပ် ရလျှင် 'ရွှေဥဒေါင်း ဝက်အူချောင်း'ဟူ၍ နာမည်ကြီးပြီး စီးပွားဖြစ်နေဦးမည်လော မပြောတတ်ပေ။)

## ကလောင်ကိုပြန်ကောက်ခြင်း

ကံကောင်း၍ ဝက်အူချောင်းသည် မဖြစ်ရသောအခါတွင် ကျွန်ုပ်သည် ကလောင်ကိုပြန်ကိုင်ဖို့ နည်းလမ်းရှာရပြန်၏။ ထိုအခါ၌ ကျွန်ုပ်၏လက်တွင် စာအုပ်ကောင်းတအုပ် ရှိနေ၏။ ဝန်ကြီးချုပ် ဦးနုသည် အမေရိကန်စာအုပ်တအုပ် ကို 'လူပေါလူဇော်လုပ်နည်း'ဟူသော အမည်ဖြင့် ဘာသာပြန်၍ထုတ်ရာ အလွန်အောင်မြင်၍ ပိုက်ဆံအတော်ရသည်ဟု ကြားရဘူး၏။ ၎င်းစာအုပ်မှာ တဘက်သားကို အလိုက်သင့်အလျားသင့် မြှောက်ပင့်ပြောဆိုခြင်းအားဖြင့် မိမိ၏ လိုဘပြည့်အောင် ဆွဲဆောင်ယူသော နည်းဖြစ်၍ 'လူပေါလူဇော်လုပ်နည်း'ဟု ဦးနုက အမည်ပေးခြင်းမှာ မမှားလှချေ။ ဤနောက်ပိုင်း၌ ဦးနုက နာမည်ဆိုးသည် ဆို၍ ပြောင်းလဲရိုက်ထုတ်သော်လည်း အမှန်မှာ ၎င်းနာမည်သည် ထိုစာအုပ်၏ သဘောရင်းအမှန်ကို ဖော်ပြလိုက်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်၏လက်ဝယ်၌ရှိသော စာအုပ်မှာ တဘက်သားအပေါ်၌ 'ကျော'ရအောင် လုပ်ယူသော နည်းမျိုးဖြင့် မဟုတ်ပဲ လူအသီးသီး၏ သန္တာန်၌ရှိတတ်သည့် ကြီးပွားရေးမျိုးစေ့ကလေးကို အညှောက်ပေါက်စေပြီး အပင်ကြီးထွားအောင် ပြုစုပျိုးထောင်ပေးမည် နည်းမျိုး ဖြစ်လေသည်။ ကျွန်ုပ်သည် ၎င်းစာအုပ်ကို ဘာသာပြန်ဆိုရာ၌ ဗုဒ္ဓအဘိဓမ္မာ အခေါ်အဝေါ်များနှင့်တကွ စိတ်သဘာဝနှင့် ပတ်သက်သည့် ကိုယ်တွေ့ကလေး

များကိုလည်း ရောညှပ်ဖြည့်စွက်ကာ ပြန်ဆိုရေးသားထားခြင်း ဖြစ်သောကြောင့် စာဖတ်ပရိသတ်က အရှေ့တိုင်းစိတ်ကူးသက်သက် ဖြစ်သည်ဟူ၍ပင် မှတ်ထင်ယုံကြည်ကြလေသည်။ ၎င်းစာအုပ်ကို ဦးလှ ဒေါ်အမာတို့၏ ကြီးပွားရေးတိုက်မှ ရိုက်နှိပ်ရောင်းချရာတွင် စက္ကူရှားပါးသော ဂျပန်ခေတ်ဖြစ်၍ ရောင်စုံစက္ကူများဖြင့် ဖြစ်တတ်သလို ရိုက်နှိပ်ရခြင်းကြောင့် စာအုပ်ကောင်းတအုပ် တိမ်မြုပ်ကွယ်ပျောက်ရသည်ဟု နှမြောမိပါသည်။ 'အကြံဥာဏ်ဖြင့် ကြီးပွားအောင်လုပ်နည်း' စာအုပ်မှာ ဦးနု၏ 'လူပေါ်လူဇော် လုပ်နည်း'စာအုပ်နှင့် ပညာရှိခုံရုံး၌ဖြစ်စေ ယှဉ်ပြိုင်ဝံ့သော စာတအုပ်ဖြစ်ပါသည်။

## အင်္ဂလိပ်စစ်တပ်ဝင်လာခြင်း

ဖခင်ကွယ်လွန်သည့်နောက် များမကြာမီ (၁၉၄၅ ခု နှစ်ဦးလောက်ထင်၏။) နံနက်မိုးမလင်းမီ ကျွန်ုပ်တို့၏ ဝင်းခြံအတွင်းသို့ မိုတာကားများဝင်လာ၍ ကားမီးရောင်များ ထိန်ထိန်လင်းလျက်ရှိခြင်းကို တွေ့ရသဖြင့် ကျွန်ုပ်တို့သည် အိပ်ရာမှ ပျာရီးပျာရာထကြရ၏။ စုံစမ်းကြည့်သေအခါ အင်္ဂလိပ်စစ်တပ်ဖြစ်သည်ဟု သိရသည်။ ထိုနယ်တဝိုက်၌ အမေရိကန်ဝင်သည်ဟု သုံးနှုန်းကြသော်လည်း ကျွန်ုပ်တွေ့ရခြင်းမှာ စကော့တလန်ပြည်သား (Highlanders) စစ်သားများ ဖြစ်ကြလေသည်။

ကျွန်ုပ်တို့လင်မယားနှင့် ဦးလေးတယောက်သည် အိပ်ရာမှထလာကြ၍ ချမ်းအေးလှသော ပြာသိုလဖြစ်သည့်အလျောက် ထင်းတုံးကြီးများဖြင့်မီးဖိုကာ ဝိုင်းဖွဲ့၍ မီးလှုံလျက်ရှိကြစဉ် စစ်ဗိုလ်သုံးလေးယောက်တို့သည် မီးဖိုအနီးသို့လာ၍ မီးလှုံကြ၏။ ၎င်းတို့သည် အင်္ဂလိပ်လို ပြောလျက်ရှိကြစဉ် ဤနေရာ၌ တပ်စခန်းချမည့်အကြောင်းကို ကျွန်ုပ်သိရလေပြီ။ ဤတွင်ကျွန်ုပ်က အင်္ဂလိပ်စကားနားလည်ခြင်းကို ၎င်းတို့အား အသိပေးဖို့အချိန်ရောက်ပြီဟု မြင်လာသည်။ အသိပေး

လိုခြင်း မှာကျွန်ုပ်တတ်ခြင်းကို ပြလို၍မဟုတ်၊ သူတို့သည်ကျွန်ုပ်နားလည်ခြင်းကိုမသိ၍ ပြောချင်ရာပြောမိကြပြီး နောင်အခါမှ ကျွန်ုပ်တတ်ကြောင်း သိလာကြလျှင် ကျွန်ုပ်အပေါ်၌ 'အားတုံ့အားနာ'လည်းဖြစ်နိုင်သည်။ ထို့မှုမက ရန်သူတယောက်ဟု သဘောထားသည့်တိုင်အောင်လည်း ဖြစ်သွားနိုင်သောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်က "ဒီခြံထဲရောက်အောင် ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး မောင်းဝင်လာကြသလဲ"ဟု ပြုံးပြုံးရယ်ရယ်နှင့် အင်္ဂလိပ်လိုမေးလိုက်ရာ၊ ကျွန်ုပ်အင်္ဂလိပ်စကားပြောတတ်ခြင်းကြောင့် အံ့ဩပုံရခြင်းနှင့်အတူ ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကိုလည်း နားလည်သွားကြဟန်တူသည်။

ကျွန်ုပ်တို့၏ဝင်းခြံမှာ ကားဝင်စရာလမ်းမရှိသဖြင့် ခြံစည်းရိုးကိုဖောက်ဖျက်ပြီး ဝင်လာကြခြင်းဖြစ်၏။ ဝင်ပါရစေဟူ၍ ခြံရှင်ထံ အခွင့်မတောင်းကြချေ။ ဤတွင် 'မေဂျာ'ဟု အခြားစစ်ဗိုလ်များ ခေါ်ကြသည့် စစ်ဗိုလ်က "ဝမ်းနည်းပါတယ်ဗျာ၊ စစ်အတွင်းဆိုတော့ ဒီလိုပဲလုပ်ကြရတာပဲ၊ ခင်ဗျား အင်္ဂလိပ်လိုပြောတတ်တယ်ကိုး ဒီမှာဘာလုပ်ကိုင်စားသလဲ" ဟုမေး၏။ ကျွန်ုပ်က စာရေးဆရာဖြစ်၍ ရန်ကုန်မှ စစ်ပြေးတယောက်ဖြစ်ကြောင်း၊ ဤခြံမှာ ဖခင်၏ဝင်းခြံဖြစ်ကြောင်း ပြောရလေသည်။ စစ်ဗိုလ်များသည် အင်္ဂလိပ်လိုတတ်သော စာရေးဆရာတယောက်ဆို၍ ကျွန်ုပ်အား (သူတို့ထင်သကဲ့သို့) တောသားတယောက် မဟုတ်ဆိုကာ လေးလေးစားစား ဆက်ဆံကြပါပေသည်။

## စစ်သားနှင့်ဈေးသည်

နံနက်လင်းသောအခါမေဂျာသည် ကျွန်ုပ်အား သူတို့၏ကာနယ်(အိုစီ)နှင့် မိတ်ဆက်ပေး၍ ကျွန်ုပ်တို့နေထိုင်သောတဲကြီးကို သူ့အတွက်ဖယ်ပေးပြီး ဦးလေး၏အိမ်ကလေးသို့ ပြောင်းရွှေ့နေထိုင်သဖြင့် ကျေးဇူးတင်စကားပြောပေသည်။ ကျွန်ုပ်တို့၏ခြံရှေ့၌ လမ်းဘေးဆိုင်ကလေးများရှိ၍ ဆိုင်ရှင်နှင့် စစ်သားများ

ပြဿနာတခုပေါ်ပေါက်သဖြင့် ကျွန်ုပ်ထံသို့ရောက်လာကြ၏။ စစ်သားများက ငှက်ပျောတဖီးဝယ်ရာတွင် အင်္ဂလိပ်ငွေတကျပ်ထုတ်ပေး၍ ဈေးသည်က ဒဝိပေးရမည်ဟုတောင်း၏။ စစ်သားကမူ ငွေတကျပ်ဆိုလျှင် များလှပြီဆိုကာ "လည်ပင်းဖြတ်၍ ယူချင်သည်အထိ လောဘကြီးသောဈေးသည်များ" ဆို၍ ကျွန်ုပ်ထံတိုင်တန်းလေသည်။ ထိုအချိန်၌ ငှက်ပျောတဖီးလျှင် ဂျပန်ငွေတဆယ် ပေါက်ဈေးဖြစ်နေရာ စစ်သားက ငွေတကျပ်တည်း ပေး၍မရောင်းနိုင်ဟု ဈေးသည်က ငြင်းနေ၏။ ဤတွင်ကျွန်ုပ်အကြံတခုရလာသည်။ ကျွန်ုပ်ကဆိုင်ရှင်အား "အင်္ဂလိပ်ငွေတကျပ်နှင့်သာ ရောင်းပါ၊ ၎င်းအင်္ဂလိပ်ငွေကို ကျွန်ုပ်ထံယူလာ လျှင် ဂျပန်ငွေဒဝိပေးပါမည်" ဟုပြောသည်နှင့် အရောင်းအဝယ် ဖြစ်သွားရုံမက အခြားဈေးသည်များအားလည်း ဤအတိုင်းပင် ကျွန်ုပ်ကြေငြာလိုက်သည်။ လက်ရှိဂျပန်ငွေမှာ အင်္ဂလိပ်ငွေသို့ မကြာမီပြောင်းလဲရလိမ့်မည်ဟု ကျွန်ုပ်သိသည့်ပြင် အင်္ဂလိပ်ငွေတကျပ်တန်ကို ဂျပန်စက္ကူတဆယ်တန်နှင့် လဲယူထားခြင်းဖြင့် ကျွန်ုပ်မနစ်နာနိုင်ဟူ၍လည်း တွက်ကိန်းရပြီးဖြစ်သည်။ ကျွန်ုပ်၏ကြေငြာချက်ကြောင့် ဈေးသည်များနှင့် စစ်သားများသည် အရောင်းအဝယ်ဖြစ်၍ အလွန်ကျေနပ်ကြရာ ကျွန်ုပ်၏တဲကလေးမှာလည်း ငွေလဲလှယ်သည့် ဌာနကြီး ဖြစ်လာပါတော့သည်။ ဤအလုပ်မှာဈေးသည်များရော စစ်သားများပါ အလွန်ကျေနပ်ကြ၍ ကျွန်ုပ်မှာလည်း တနေ့၌ အကျိုးရှိဖို့ သေချာသောကြောင့် ဤအလုပ်ကဲ့သို့ နေရာကျသောအလုပ်ကို ကျွန်ုပ် မတွေ့ရဘူးချေ။

## မိတ်ဆွေစစ်၏အင်္ဂါ

စစ်သားများသည် ၎င်းတို့၏ပြဿနာကို ကျွန်ုပ်ထံသို့ယူလာကြ၏။ ဆေးပြင်းလိပ်၊ ထန်းလျက်၊ ခရမ်းချဉ်သီးစသော ကုန်ပစ္စည်းများ ဝယ်ယူရာ၌ အခက်အခဲတွေ့ကြရသဖြင့် ကျွန်ုပ်ကိုယ်တိုင် ဆိုင်ဖွင့်၍ရောင်းချဖို့ တိုက်တွန်း

ကြရာ ကျွန်ုပ်ကလည်း သူတို့၏ဆန္ဒအတိုင်း လိုက်၍လုပ်ပေးရသဖြင့် တသက် တွင် မလုပ်ခဲ့ဘူးသည့် အိမ်ဆိုင်ရှင်တယောက် ဖြစ်လာခဲ့လေပြီ။ စစ်သားများ သည် အထက်ပါ ပစ္စည်းများကို မည်သည့်ဆိုင်တွင်မှမဝယ်ကြ။ ကျွန်ုပ်၏ဆိုင် သို့သာ ပြေးလာကြ၏။ နံနက်အိပ်ရာမထသောအခါ ကျွန်ုပ်၏အိမ်ရှေ့၌ စစ်သားများသည် 'ကျူ'တန်းကြီးတန်းလျက် စောင့်နေကြပြီဖြစ်ရာ စစ်သား တယောက်က တယောက်ရှေ့သို့ ကျော်တက်ခြင်းကြောင့် စကားများကြရခြင်းများ လည်း မကြာခဏကြုံရ၏။ ဤသည်မှာ ဈေးသည်တို့၏ အရသာတခုဖြစ်၍ ကျွန်ုပ်ကိုယ်တိုင် ပထမအကြိမ်ခံစားရစဉ်က အလွန်ကျေနပ်မိပါသည်။ ဆိုလိုရင်း မှာ မိမိ၏ဆိုင်စည်ကားလွန်း၍ ဈေးဝယ်သူများက အလုအယက် ဝယ်ယူကြရ သည်ဆိုသော အဓိပ္ပာယ်ပင်ဖြစ်သည်။ မည်၍မည်မျှ မြတ်ခြင်း မမြတ်ခြင်းကို အပထား၍ လက်လီဈေးရောင်းကောင်းခြင်းသည် ဈေးသည်များ အဖို့ရာ၌ အရသာကြီးတခုဖြစ် ခြင်းကို ကျွန်ုပ်ကိုယ်တိုင် ခံစားရဘူး၍ နားလည်ခဲ့ပါသည်။ စုံထောက်မောင်စံရှား ဝတ္ထုများခေတ်စားစဉ်က မဂ္ဂဇင်းတိုက်ရှင်များက 'စာမူခ' အပြင် ဒူးရင်းသီး၊ မင်းဂွတ်သီးစသော လက်ဆောင်ကလေးများနှင့် လာကြခြင်းကို ကိုသိန်းဖေ ကြုံသွားရဘူး၍ သူကိုယ်တိုင်ပီတိဖြစ်ပြီး အညာတခွင်၌ ပြော၍မဆုံး ဖြစ်ခဲ့ခြင်းကို ကျွန်ုပ်သတိရသည်။ မိတ်ဆွေတယောက် ကြီးပွားခြင်း၊ ကျော်စော ထင်ရှားခြင်း အတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက် ဝမ်းသာ ဖြစ်သောလူမျိုးသည် လောက၌ အတော်ရှားပေရာ (ကျွန်ုပ်အဖို့ရာ၌ တကယ်ရှားပါသည်။) ကိုသိန်းဖေ သည်ကား ဤတခုတည်းနှင့်ပင် စစ်မှန်သော မိတ်ဆွေကောင်း တယောက်ဟူ၍ ကျွန်ုပ်ဆုံးဖြတ်နိုင်ပါသည်။ ကိုသိန်းဖေသည် ကျွန်ုပ်ကွယ်ရာ၌ ချီးမွမ်းခြင်းဖြစ် သောကြောင့် သာ၍တန်ဖိုးရှိ၏။ ကျွန်ုပ်နှိပ်နယ်ပြောဆိုသူများနှင့် ဆုံမိလျှင် (နှုတ်လျှာသွက်၍အာရွှင်သူတယောက် ဖြစ်သည့်အတိုင်း) ခပ်နာနာ ပြန်တုပ်ခြင်း အကြောင်းများကိုလည်း သူတပါးပြောပြ၍ ကျွန်ုပ်ကြားရဘူးသည်။ ဤသို့သော မိတ်ဆွေမျိုးသည် ရှာမှရှားသည့် အဖြစ်ကို စဉ်းစားဉာဏ်ရှိသူများ သိကြပေလိမ့်

မည်။ အများအားဖြင့်မူ ရှေ့တွင်မြှောက်ပြောလျှင် အဟုတ်ထင်တတ်သော လူများသာ ပေါများခြင်းကို တွေ့ရသည်။

## လူတွင်ကျယ်ဖြစ်လာရပုံ

ကျွန်ုပ်သည် မန်ကျည်းတုံရွာတွင် အင်္ဂလိပ်လိုပြောတတ်သည့် တဦးတည်းသော ပုဂ္ဂိုလ်ဖြစ်၍ စစ်သားများနှင့် ရွာသူရွာသားများအကြားတွင် အောင်သွယ်ကြီးဖြစ်လာပြီး နှစ်ဘက်လုံးသည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန် အတွက်ကျွန်ုပ်ထံသို့ ယူလာကြ၏။ ဥပမာ စစ်သားများသည် သောက်ရေကန် များထဲသို့ဆင်း၍ ရေချိုးကြသည်ဟု ကျွန်ုပ်ထံတိုင်တန်းကြလေရာ ကျွန်ုပ်က ကာနယ်အရာရှိ (အိုစီ)အား ပြောပြလိုက်သည်နှင့် ၎င်းကချက်ချင်းတယ်လီဖုန်းဆက် ၍အမိန့်ပေးလိုက်၏။ (ဗြိတိသျှစစ်တပ်သည် ရွာသို့ရောက်သည်နှင့်တပြိုင်နက် တယ်လီဖုန်းကြိုးများ သွယ်တန်းထား၏။) ထို့နောက် စစ်ဗိုလ်ချုပ်က ရေကူးခြင်းများရှိသေးလျှင် ပြောပါဟု ကျွန်ုပ်အား မှာထားသေးရာ မည်သူမျှ နောက်ထပ်ကျူးလွန်ခြင်း မရှိသည့်အတွက် ရွာသားများက "တို့ကိုကြီးသိန်း တယ်ဟုတ်ပါတကား" ဟု ကျေးဇူးတင် အထင်ကြီးခြင်းလည်း ခံရပေသည်။ စစ်သားများကလည်း အလားတူစွာ ပြဿနာကလေးများကို ကျွန်ုပ်ထံယူခဲ့ကြ၍ ကျွန်ုပ်ကဖြေရှင်းပေးနိုင်ခြင်းအတွက် ကျေးဇူးတင်ခြင်းခံရပေသည်။ ကျွန်ုပ်သည် 'လူတွင်ကျယ်' လုပ်ချင်၍ စွက်ဖက်ခြင်းမဟုတ်ပဲ အလိုအလျောက် တာဝန်ကျရောက်လာခြင်းကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သို့နှင့်လည်း နှစ်ဘက်လုံး၏ကျေးဇူးတင်ခြင်းခံရသည့်အခါ ကျေနပ်ဝမ်းသာသော အရသာကလေး ခံစားမိခြင်းကို ဝန်ခံရမည်ဖြစ်ရာ ထို့ကြောင့်လည်း အချို့လူများ 'လူတွင်ကျယ်' လုပ်ချင်ကြခြင်းကို သဘောပေါက်နားလည်ပါသည်။ သို့ရာတွင် ဤအတွက်ကြောင့်ကျွန်ုပ်ကိုယ်တိုင် 'လူတွင်ကျယ်' တယောက်အနေဖြင့် ဆက်လက်ဆောင်ရွက်ချင်

သောစိတ်မျိုးဖြစ်ပေါ်လာသည်ကား မဟုတ်ရပါ။ သူတပါးအတွက် တိုင်းပြည်အတွက်ဆို၍ ဆောင်ရွက်ကြသည့် အကောင်းဆုံးဆိုသော နိုင်ငံရေးသမားများသည်ပင် (နိုင်ငံရေးလုပ်စားသည့် အညံ့စားများကို မဆိုထားဘိ) လူတွင်ကျယ်လုပ်ချင်သူများ၏ နယ်ပယ်ဖြစ်သည်ဟု သဘောပေါက်မိခဲ့ပါသည်။ အောင်မြင်သည့်အခါ၌ ခံစားရသော အရသာကလေးမှာလည်း ဟုတ်တုတ်တုတ်ရှိခြင်းကို ဝန်ခံပါသည်။

## စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်

သုံးရက်ခန့်ကြာရှိသောအခါ ကာနယ်စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်သည် အကျွမ်းတဝင်ဖြစ်လာကြ၍ ညနေခင်းအချိန်များတွင် စကားလက်ဆုံကျပြီး ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအကြောင်းကို အပြန်အလှန် မေးကြမြန်းကြ ပြောပြကြ၏။ စစ်ဗိုလ်ကြီးလည်း ကျောင်းဆရာလုပ်ခဲ့ဘူး၍ အတော်စာဖတ်သော လူတယောက်ဖြစ်ရာ သူ၏စကော့တလန်ပြည်အကြောင်းနှင့် သူ၏သားသမီးများ အကြောင်းကို လွမ်းဆွတ်သော မျက်နှာထားနှင့်ပြောပြလေ့ရှိ၏။ ကျွန်ုပ်ကလည်း စကော့လူမျိုးစာရေးဆရာကြီး ဆာဝါလ်တာစကော့နှင့် ကဗျာဆရာကြီး ရော့ဘတ်ဘန်းစ်အကြောင်းတို့ကို ဖတ်ဘူးထားသည့်အတိုင်း ချီးကျူးပြောဆိုလေရာ စစ်ဗိုလ်ကြီးသည် ကျွန်ုပ်ကို အထင်ကြီးရုံသာမက ခင်မင်လာကြ၍ စားစရာများ ကျွေးမွေးလေ့ရှိ၏။ ကျွန်ုပ်ကလည်း မြန်မာနည်းချက်ထားသည့် ကြက်သားဟင်းနှင့်ထမင်းကို စစ်ဗိုလ်အားလုံးတို့အား ‘ဒင်းနားပါတီ’ ကျွေးမွေးပါသေးသည်။ စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်သည် သက်တူရွယ်တူ (၅၆နှစ် ဖြစ်၍ စကားနည်းပုံချင်းလည်း တူကြသည်နှင့် တယောက်ကိုတယောက် အတော်ကြီးခင်မင်လာကြသည်။ လေးငါးရက်ခန့် ကြာလတ်သော် စစ်ဗိုလ်ကြီးက ကျွန်ုပ်အင်္ဂလိပ်စကားပြောပုံမှာ ရောက်စကနှင့်မတူပဲ အတော်သွက်လက်လာသည်ဟုပြော၏။ အမှန်မှာ ကျွန်ုပ်

သည် ကိုသိန်းဖေ၊ ကိုခင်မောင်တို့နှင့် ကွဲလာကတည်းက တခွန်းတပါဒမျှ ပြောရခြင်းမရှိသောကြောင့် ကျွန်ုပ်၏လျှာသည် အသုံးမပြုပဲ ပစ်ထားသည့် စက်ကိရိယာတခုကဲ့သို့သံချေးတက်ပြီး ယခုမှပင် ဆီထည့်လိုက်သည့်နှယ် သွက်လက်လာကြောင်း ပြောပြရသေးသည်။ (ဤခေတ်၌ ခေတ်ပညာတတ် လူငယ်များသည် အင်္ဂလိပ်စကား ပြောခြင်းအတတ်တွင် အတော်ဆုတ်ယုတ် လာခြင်းကို တွေ့ရပေရာ အင်္ဂလိပ်စကားပြောတတ်ခြင်းသည် အရာရောက်သော ပညာရပ်တခုဖြစ်သည်ဟု ထင်ကြလျှင် မိမိတို့တတ်ထားသော စကားလုံးများ ဆွေးမြေ့မကုန်စေရန် အလေ့အကျင့်ပြုကြဖို့ လူငယ်များအား တိုက်တွန်းလို၏။ သို့မဟုတ်ခဲ့လျှင် နားလည်ရုံသာရှိပြီး ပြန်မပြောတတ်သောအဖြစ်သို့ ရောက်သွား၍ နားသာရှိပြီး လျှာမပါသောလူကဲ့သို့ ဖြစ်သွားမည်ကိုစိုးရိမ်ရသည်။) တညနေ၌ စစ်ဗိုလ်ကြီးက မိမိတို့စစ်တပ်မှာ အရှေ့ဘက်တည့်တည့် ရောဝတီဆိပ်ကမ်းတွင် ရှိသော သစ်ဆိမ့်ကြီးရွာသို့ပြောင်းရွှေ့ဖို့ အမိန့်ရောက်လာကြောင်းကို ဝမ်းနည်းပုံ ရသော မျက်နှာထားနှင့် ပြောပြနှုတ်ဆက်လေသည်။ နောက်တနေ့နံနက် မိုးမလင်းမီ စစ်တပ်သည် သစ်ဆိမ့်ကြီးရွာသို့ ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်၏ 'ဖောက်သည်' များဖြစ်သော စစ်သားများကမူ ၎င်းတို့ဝယ်နေကျဖြစ်သော ခရမ်းချဉ်းသီး၊ ဆေးပြင်းလိပ်နှင့် ထန်းလျက်စသည့် ကုန်စည်များနှင့် ၎င်းတို့ရှိသော နေရာသို့ လာ၍ ရောင်းချဖို့ အတန်တန် မှာသွားကြလေသည်။

## ဈေးလိုက်၍ရောင်းခြင်း

သစ်ဆိမ့်ရွာသို့ ဈေးရောင်းလိုက်သောအလုပ်မှာ ပျော်စရာမဟုတ်သော်လည်း စွန့်စားခန်းကလေးများ ပါရှိသည်ဖြစ်သောကြောင့် အကျဉ်းချုံး၍ဖော်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်သည် ယောက်ဖတယောက် (မောင်စံလွန်)အား စစ်သားများသို့ ဈေးရောင်းရခြင်း၏ ကျေးဇူးရှိပုံအကြောင်းကို ပြောပြရာ သူသည်

အလွန်စိတ်ပါလာ၍ သွားကြဖို့ တိုက်တွန်းလေ၏။ သူ့၌လှည်းနွားရှိ၍ ဆေးပြင်းလိပ်၊ ခရမ်းချဉ်သီးနှင့် ထန်းလျက်စသော ပစ္စည်းများလည်း ဝယ်ခဲ့ဖို့ တာဝန်ယူလေရာ ကျွန်ုပ်က စစ်သားများအား ဈေးရောင်းရန်အတွက်သာ တာဝန်ယူပါဆို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ညနေသုံးနာရီအချိန်တွင် ကုန်ပစ္စည်းများတင်၍ မန်ကျည်းတုံရွာမှ လှည်းတစီးနှင့် ထွက်လာကြရာ ဆောင်းဥတုရာသီဖြစ်၍ ပေါင်းမိုးမပါသော လှည်းပေါ်တွင် နေပူခြင်း၏ဒဏ်ကို ခံနိုင်ပါသည်။

နေဝင်ချိန်တွင် မင်းကုန်းရွာသို့ ဆိုက်ရောက်၍ သူကြီးအိမ်၌ ထိုညဥ့်အတွက် စတည်းချကြရာ သူကြီးသည် ကျွန်ုပ်နှင့်အနည်းငယ်မျှသာ သိကျွမ်းသော်လည်း ကျွန်ုပ်ကဲ့သို့သော လူတယောက်က ဈေးသည်လုပ်နေခြင်းကို သနားကြင်နာသည့် လက္ခဏာနှင့် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်ကျွေး၍ အိပ်ရာနေရာကောင်းမွန်စွာ ပြင်ဆင်ပေးပါပေသည်။ ကျွန်ုပ်၏ယောက်ဖ မောင်စံလွန် သည် ဂေါ်ရာစစ်သားများသို့ရောင်းရန်အတွက် ကျွန်ုပ်မသိအောင် လျှို့ဝှက်ယူခဲ့သော တောအရက်များကို သူကြီးနှင့်အတူ သောက်ကြလေရာ ကျွန်ုပ်သည် အရက်မသောက်သူ မဟုတ်သော်လည်း ဤလူများနှင့်အတူ မသောက်လိုသဖြင့် ဟန်လုပ်၍ရှောင်နေပါသည်။ (ဟန်လုပ်ရခြင်းမှာ ဤလူများသည် ကျွန်ုပ်၏ သူငယ်ချင်းများမဟုတ်၊ ယောက်ဖငယ်နှင့်ကျွန်ုပ်ကို ရိုသေလေးစားသည့် သူကြီး တယောက် ဖြစ်သောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်ထက် ငယ်၍ အဝါးမဝသော လူများနှင့်အတူသောက်မိသောကြောင့် မှားခြင်းကိုကြုံဘူး၍ သင်ခန်းစာရခဲ့ဘူးပါပြီ။ ဤအပြုအမူမှာ အနောက်တိုင်းသားများ၏ စနစ်ကောင်းတခုဖြစ်၍ သာမန်အရှေ့တိုင်းသားများ နားလည်ကောင်းမှ နားလည်ကြပေမည်။ အရက်သောက်ခြင်းအတူတူ ဆိုသော်လည်း ခြားနားခြင်း ရှိပေသေးသည်။) ထိုညဥ့်၌ စားကောင်းသောက်ကောင်းဖြစ်လာအောင် သောက်ချင်လှသော်လည်း အောင့်အီး၍ နေလိုက်ပါသည်။

## ကျွန်ုပ်၏ဝါသနာတခု

နောက်တနေ့နံက်စောစောထ၍ လှည်းမောင်းသွားကြရာ ဤခရီးလမ်းမှာ ကျွန်ုပ်မရောက်ဘူးသည့်လမ်းဖြစ်၍ အဆန်းအသစ်၌ စိတ်ဝင်စားတတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း လှည်းပေါ်၌ ပျင်းရိသည်မရှိပဲ တောင်ကြည့် မြောက်ကြည့်ဖြင့် လိုက်ပါလာခဲ့၏။ ယောက်ဖမောင်စံလွန်မှာ တောင်သူတယောက်မျှသာဖြစ်လေရာ ကျွန်ုပ်နှင့်ဗဟုသုတ အဆင့်အတန်းမမှီသူများနှင့် စကားကြောရှည်မပြောတတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း သူ့ဘာသာလှည်းမောင်း၍ ကျွန်ုပ်ဘာသာ ငေးမောကာလိုက်လာ၏။ (ဤစကား၌ ချွင်းချက်တခု ထားရပါဦး မည်။ ဗဟုသုတအဆင့်အတန်း မမှီသော်လည်း ကျွန်ုပ်ဝါသနာပါသော မြင်းအကြောင်း ဘိလိယက်အကြောင်း၊ ဂီတအကြောင်း စသည်များကိုမူ မည်သည့်ဝါသနာအိုးနှင့် စကားပြောရသည်ဖြစ်စေ ကျွန်ုပ်အလွန် စိတ်ပါဝင်စား ခြင်းရှိပါသည်။ ဤအတတ်များ၌လည်း အထုံဝါသနာမရှိ၊ ဗဟုသုတလည်း အလွန်နည်း၍ ရှာမှီးလိုသောဆန္ဒလည်း မရှိသူများနှင့်မူ ရိုင်းသည်ဟု ဆိုချင်ဆို၊ သူတို့၏ ဘလစ်ဘလစ်ပြောခြင်းမျိုးကို ကြာရှည်စွာ သည်းမခံနိုင်ကြောင်း အမှုအရာဖြင့် ဖော်ပြချင်တတ်ပါသည်။) နံနက် စနာရီလောက်တွင် ကျွန်ုပ်တို့သည် သစ်ဆိမ့်ကြီးရွာသို့ ဝင်လာကြရာ လမ်းလျှောက်ထွက်လာကြသော ဖောက်သည် စစ်သားနှစ်ယောက်နှင့်တွေ့၍ ကျွန်ုပ်အား ဝမ်းသာအားရ နှုတ်ဆက်ကြပြီး "ဘာပစ္စည်း ရောင်းစရာပါသနည်း" ဟုမေးကြသဖြင့် ကျွန်ုပ်က ပြန်ပြောရသေး၏။ ယောက်ဖက အရက်လည်း ရောင်းဖို့ပါကြောင်း ပြောခိုင်းရာ "နေအုံးကွ၊ ညနေမှ ရောင်းလို့တော်မယ်"ဟု ပြန်ပြောလိုက်ရသည်။

## စတည်းချရပုံ

စစ်တပ်သည် ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်း၌ ဂျပန်စစ်သားများ ရှိသည်ဆိုသော သတင်းကြောင့် ဤရွာသို့ပြောင်းရွှေ့လာခြင်းဖြစ်ရာ ရွာသားများသည် ဤသတင်းကိုကြားကြ၍ ရွာမှတိမ်းရှောင်ထွက်ပြေးကြသော ကြောင့် တရွာလုံးတွင် အိမ်လွတ်တွေသာများပြီး လူရှိသောအိမ် အနည်းငယ်သာ တွေ့ရ၏။ ကျွန်ုပ်တို့သည် ဤရွာ၌ အသိမိတ်ဆွေရှိသည်မဟုတ်၊ သစ်ပင်အောက်၌ဖြစ်စေ စတည်းချပြီး ကုန်ရောင်းမည့်အကြံနှင့် လာခဲ့ကြခြင်းဖြစ်ရာ အိမ်လွတ်တွေပေါ်များခြင်းကို တွေ့ရသောအခါ သစ်ပင်ရိပ်ကို မရှာတော့ပဲ သင့်တင့်သော အိမ်လွတ်တဆောင်ကိုသာ ရှာကြ၏။ စစ်တပ်မှုကား ဘုန်းကြီးကျောင်းဝင်းတခုအတွင်း၌ စတည်းချထားခြင်းကို တွေ့ရ၏။ ကျွန်ုပ်တို့သည် စစ်တပ်နှင့်မနီးမဝေးတွင် စုံစမ်းရှာဖွေကြ၍ သင့်တော်သော အိမ်လွတ်တလုံးကို တွေ့ရ၏။

ထိုအိမ်မှာ အိမ်မြင့်ဖြစ်၍ အပေါ်ထပ်မှာ သော့ခတ်ထားသော်လည်း အောက်ထပ်တွင် ခုတင်တခုနှင့် မီးဖိုအပြင် အိမ်ရှေ့၌ လှည်းနွားထားရန် သစ်ပင်တပင်လည်းရှိလေသည်။ ကျွန်ုပ်တို့သည် လှည်းချွတ်၍ ပစ္စည်းကလေးများ စီစဉ်လျက်ရှိစဉ် လမ်းတွင်တွေ့လိုက်သော ဂေါ်ရာစစ်သားများ၏ ကြော်ငြာပေးခြင်းကြောင့်ထင့်စစ်သားများ နှစ်ယောက်တတွဲ၊ သုံးယောက်တတွဲ ရောက်လာကြပြီး ကျွန်ုပ်တို့၌ပါသော ကုန်ပစ္စည်းများကို ဝယ်စပြုကြလေ၏။ အချို့အရပ်များ၌ အမေရိကန်စစ်တပ်များ၏ ရိက္ခာဖောဖြေးခြင်းနှင့် အနေအထိုင်သားနားခြင်း အကြောင်းကို ပြောသံကြားရဘူးပေရာ ကျွန်ုပ်တွေ့ရသည့် ဤဗြိတိသျှ (စကော့တလန်) စစ်တပ်မှုကား တကယ်နုံချာပါးရှားလှပေ၏။ အမေရိကန် စစ်တပ်၌ ချော့ကလက်များ အလွန်ပေါ၍ အရပ်သားများပင် စားကြရသေးသည်ဆိုရာ ဤတပ်သားများမှုကား ထန်းလျက်ကို သားရေစာကောင်းလုပ်၍ စားရှာကြသည်။ ၎င်းတို့သည် ထန်းလျက်ကို 'သကြားလုံး' (Suger Ball) ဟုခေါ်ရာ ကျွန်ုပ်တို့

ရောက်လာသည်နှင့် တပြိုင်နက် 'ရှူးဂါးဘော်လ်၊ ရှူးဂါးဘောလ်'ဟု ကြွေးကြော်တောင်းခံကာ ဝယ်ယူပြီးနောက် ချက်ချင်းလက်ငင်းပင် 'ပလုပ်ပလောင်း'စားသူများ ကစားကြလေသည်။ ဤစကော့တလန် တောင်တန်းသားများကား အလွန် အချိုကြိုက်တတ်ပုံရ၏။ အချို့ကလည်း ခရမ်းချဉ်သီးများကို အစိမ်းလိုက် ကိုက်၍ စားကြ၏။ ပြီးသောအခါမှ ဆေးပြင်းလိပ်ကို ဖွာကြလေသည်။ ကျွန်ုပ်တို့၏ ရောင်းဈေးမှာ ဘာမဆို တထုပ်တကျပ်ဖြစ်၍ အားလပ်သော အချိန်တွင် တကျပ်တန်အထုပ်များ ပြုလုပ်ထားရ၏။ မူးစေမတ်စေ 'အကြွေ'လည်းမရှိကြပေ။ အချို့စစ်သားများသည် ယောက်ဖ မောင်စံလွန်အား ဖောက်သည်အဖြစ်နှင့် သိထားသည့် လက္ခဏာနှင့် တောအရက် (Country Spirit) ရှိသလောဟု မေးကြရာ ကျွန်ုပ်ကညနေတော့ ရောက်လာလိမ့်မည်ဟု ပြောသဖြင့် အလွန် ဝမ်းသာသွားကြသည်။

## စိတ်ထင့်သော ထမင်းတနပ်

ညနေခင်းတွင် မောင်စံလွန်က ထမင်းချက်၍ ကျွန်ုပ်ကဈေးရောင်းရ၏။ ကျွန်ုပ်သည်စစ်ဗိုလ်ကြီးကို တွေ့လိုသော်လည်း ဤမျှလောက်ဝေးလံသော အရပ်သို့ လိုက်၍ ခရမ်းချဉ်သီးရောင်းခြင်းကို မသိစေလိုသည်နှင့်သူ့ထံသို့ မသွားပဲ နေလိုက်၏။ မတော်တဆ စစ်သားတယောက်တလေ အရက်မူး၍ ပေါက်ကြားသွားလျှင်လည်း ကျွန်ုပ်တို့လှည်းမှ ရောင်းသောအရက်ဟူ၍ မသိစေလိုသောကြောင့် တကြောင်းလည်း ဖြစ်၏။ စစ်သားများအနက်တွင် အသောက်လောဘကြီးသော 'ကိုသိန်းဖေ'များလည်း ပါရှိလေရာ ကျွန်ုပ်ကလူတယောက်လျှင် ဤ၍ဤမျှထက် ပိုမရောင်းဟူသော စည်းကမ်းတခုလည်း လုပ်ထားရ၏။ (ထိုခေတ်တွင် ကျေးရွာတိုင်း၌ တောအရက်များရှိသော်လည်း မောင်စံလွန်းမှာ တနယ်လုံးတွင် အကောင်းဆုံးတောအရက် ချက်တတ်သူဖြစ်၍ သူ့အရက်စွဲလှပေသည်။)

ဆိုင်ပိတ်သောအချိန်၌ (စစ်သားများသည် နေဝင်သည်နှင့်တပြိုင်နက် ကျောင်းဝင်း အပြင်သို့မထွက်ကြရပေ။) ကျွန်ုပ်တို့၏ရောင်းကုန်ပစ္စည်းများမှာ မောင်စံလွန်က သူသောက်ရန်ချန်ထားသော အရက်တပုလင်းမှတပါး အားလုံးရောင်းကုန်ပြီးလေပြီ။ ညစာစားကြသောအခါ မစိုးကပြုတ်ကြော်လုပ် ပေးလိုက်သည့်အမဲသားတုံးကြီးကို ပါးပါးလှီးပြီး ငံပြာရည်နှင့်သံပရာသီးညှစ်၍ မောင်စံလွန်ချက်သည့် ပဲဟင်း တခွက်နှင့်ပင် အတော်ကြီးမြိန်ကြပါသည်။ ကျွန်ုပ်သည် ခရီးထွက်သောအခါများ၌ မမြိန်သော ထမင်းနပ်ဟူ၍ အလွန်ရှားပေရာ စိတ်ကြည်ရွှင်သောအခါ၌ အမြိန်ကြီးမြိန်၍ ကြည်ရွှင်စရာမရှိသော အခါ၌ အမြိန်ကလေး မြိန်ခြင်းလောက်သာ ခြားနားခြင်း ရှိလေသည်။ ဤညစာမှာမူ စိတ်အတန်ငယ် 'ထင့်'သောကြောင့် အမြိန်ကြီးမမြိန်လှပါ။

## ချမ်းလှသော ညတည

ကျွန်ုပ်တို့သမီးယောက်ဖသည် အိမ်မြင့်ကလေး အောက်ထပ်တွင် အကာ အရံမရှိပဲ ခုတင်တခုပေါ်၌အိပ်ကြ၏။

မောင်စံလွန်သည် စပါးပွဲစားအလုပ်၊ တောင်သူအလုပ်နှင့် အရက်ချက်သော အလုပ်၌သာ စိတ်ဝင်စားသူဖြစ်၍ ကျွန်ုပ်နှင့်တာရှည်စွာ စကားပြောဖို့ အကြောင်း အရာမရှိသည်နှင့် ခပ်စောစောပင် အိပ်ဖို့ပြင်ဆင်ကြလေ၏။ ထိုနှစ်ဆောင်းသည် အခြားနှစ်များထက် ချမ်းအေးသည့်ပြင် ပြာသို (ဇန်နဝါရီ) လလည်းဖြစ်၍ အခြားသောညများထက် ချမ်းအေးသည်ဟု ကျွန်ုပ်ထင်မိသည်။ ဤအထဲတွင် အကာအရံလည်းမရှိသောကြောင့် မြောက်လေတဖြူးဖြူး ဝင်လျက်ရှိရာ ကျွန်ုပ်မှာ အိမ်မှယူခဲ့သော တိုက်စောင်နှစ်ထည်နှင့် ကွေး၍မလုံ အောင်ရှိတော့၏။ ခရီးပန်း လာခဲ့ပါလျက်နှင့်ပင် ၁၀ နာရီထိုးသော်လည်း အိပ်မပျော်နိုင်သေးပဲ ဟိုဘက် သည်ဘက် ခဏခဏစောင့်၍ ကွေးရ၏။ အခင်းအတွက်မူ မွေ့ရာမယူနိုင်ခဲ့ပဲ

ကော်ဇောနှင့် ကွေးရသဖြင့် ချမ်းလည်းချမ်း၊ နာလည်းနာလှ၏။ ၁၀ နာရီခန့်တွင် 'အုံး"ဒိုင်း'ဟူသော အသံနှစ်ဆင့်ကြားရ၍ မော်တာပစ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ချက်ချင်းသိပါသည်။ အဘယ့်ကြောင့်ဆိုသော် ကသာမြို့၌ တရုတ်တပ်နှင့် ဂျပန်တပ်အကြားတွင် အသံမျိုးအချက်ပေါင်းများစွာ ကြားခဲ့ရဘူးသောကြောင့် ဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက်သည် အိပ်ရာမှ ငေါက်ကနဲ ထထိုင်ကြ၍ တိုင်ပင်ကြရာ အရှေ့ဘက်ကမ်းမှ ပစ်ခြင်းဖြစ်ရမည်ဟု တွေးနိုင်ကြ သည်။ ကျွန်ုပ်၏အတွေးအခေါ်မှာ အရှေ့ဘက်မှပစ်သည်ဆိုလျှင် သစ်ပင်တပင်၏ ပင်စည် အရင်း၌ အနောက်ဘက်မှကပ်၍ဝပ်နေလျှင် လုံးဝလွတ်မည်ဟု မဆိုနိုင်စေကာမူ ထိမှန်ဖို့လမ်း အနည်းဆုံးဖြစ်လိမ့်မည်ဟု တွက်ချက်မိသည်။ မော်တာဆိုလျှင် တချက်တည်းနှင့် ပြီးမည်မဟုတ်သောကြောင့် အကာကွယ်ယူမှ ဖြစ်မည်ဆိုကာ ကျွန်ုပ်တို့၏နွားနှစ်ကောင် ချည်ထားသည့် သစ်ပင်အောက်သို့ လာကြ၍ အနောက်ဘက်မှ အမြစ်ရင်းတွင်ဝပ်ကြ၏။ မော်တာသံတော့ဟုတ်သည်။ သို့သော် တချက်ပြီးတချက် ထပ်ဆင့်၍ မပစ်သောကြောင့် အတွေးရခက်နေ၏။ သတင်းအရ အရှေ့ဘက်ကမ်းရှိ ဂျပန်တပ်က ပစ်ခြင်းဖြစ်ခဲ့လျှင် တချက်ပြီးတချက် ထပ်ဆင့်၍ ပစ်ပြီး ဤဘက်မှ ဗြိတိသျှစစ်တပ်ကလည်း တုံ့ပြန်ရပေလိမ့်မည်။ ယခုသော် တချက်တည်းနှင့် တိတ်ဆိတ်လျက် ရှိ၏။ ဘာလုပ်ကြလေသနည်း။ သူတို့ ဘာလုပ်ကြခြင်းကား ကိစ္စမရှိလှ၊ တကိုယ်လုံး ခိုက်ခိုက်တုန်အောင်ချမ်းအေး လာခြင်းကား ကိစ္စရှိသည်။ မောင်စံလွန်သည် ခုတင်ဆီသို့သွား၍ စောင်များယူလာ ပြီး ကျွန်ုပ်အားခြုံပေး၏။ တခဏတာမျှ နွေးသည်ထင်လိုက်ရပြီးနောက် မကြာမီ အတွင်း ချမ်းအေးမြဲတိုင်း ချမ်းအေးလာပြန်လေပြီ။ မောင်စံလွန်က မီးဖိုပေးမည်ဆို ရာ မော်တာပစ်သော ဂျပန်များအား မီးရောင်ဖြင့် 'မှန်းသားရအောင်'ပြုလုပ်ပေး သည်ဆိုကာ ဗြိတိသျှစစ်တပ်က ကျွန်ုပ်တို့အား ကြိမ်းမောင်းလိမ့်မည်ထင်သော ကြောင့် မီးမဖိုဖို့ပြောထားရ၏။ ညဥ့်နက်လေလေ ချမ်းအေးလေလေ ဖြစ်လာသည် တွင် ကျွန်ုပ်သည် အကြံတခုရ၍–

“ညနေက မင်းဟာလေး ကျန်သေးသလားဟေ့ မောင်စံလွန်”

“လေးပုံသုံးပုံလောက် ကျန်ပါသေးဗျာ”

“ယူစမ်းချေကွာ”

မောင်စံလွန်သည် အရက်ပုလင်းနှင့် ရေဖန်ခွက်အပြင် အပိုဖန်ခွက်တခု လည်းယူလာ၏။ မောင်စံလွန်ချက်သောအရက်မှာ တောအရက်နံ့ လုံးဝမထွက်သည့်ပြင် မီးဟုန်းဟုန်းတောက်သည်တိုင်အောင် ပြင်းလှသည်။ ကျွန်ုပ်သည် ပုလင်းနှင့်ဖန်ခွက်ကိုယူ၍ လက်နှစ်သစ်ခန့် ထည့်ပြီးသည့်နောက် မောင်စံလွန်က ရေခွက်ကိုလှမ်းပေး၏။ ကျွန်ုပ်ကဦးခေါင်းယမ်းပြပြီး ရေမရောပဲသောက်မည်ပြုရာ မောင်စံလွန်က “မလုပ်နဲ့ကိုကြီးသိန်း ကျုပ်ချက်တဲ့ အရက်ဗျနော်”ဟု သတိပေး၏။

ကျွန်ုပ်သည် ဘီယာလောက်သာ ကြိုက်တတ်၍ ကိုသိန်းဖေတို့လူစုနှင့် တခါတရံ ဝီစကီ၊ ဘရန်ဒီစသည်များကို သောက်ဘူးသော်လည်း ဆိုဒါအများကြီး ထည့်ကာ ‘ဗိုလ်သောက်’သောက်တတ်သူ ဖြစ်ပါသည်။ ဤတကြိမ်တွင်မူ ချမ်းအေးခြင်းကို ကာကွယ်လိုသည်ဖြစ်၍ မောင်စံလွန်၏အရက်ကိုရေမရောပဲ တချက်တည်းမော့ချလိုက်ရာ နိုင်ငံခြားအရက်များပင် အဆန်းမဟုတ်သော ကျွန်ုပ်အဖို့ရာပင်ချက်ချင်းနားရွက်ကြီး ထူလာသည်ထင်မိပြီး အစာအိမ် အတွင်းထပ်ကို မီးနှင့်မြိုက်လိုက်သည်ထင်၏။

“အမဲသားတုံးကြီးထဲက နဲနဲလှီးချေစမ်းပါကွာ”ဟု ပြော၍ မောင်စံလွန် ယူလာသော အမဲသားတဖက်နှစ်ဖတ်ကို ဝါးလိုက်ရသည်တွင်မှ အနေတည့်ပြီး တကိုယ်လုံးရှိ သွေးများ အပြေးအလွှားလျှောက်ကာ တထောင်းထောင်းနွေးလာပါတော့သည်။ မောင်စံလွန်သည် ကျွန်ုပ်နှင့် အတူသောက်ရမည်ကို ရှဲ့သည်နှင့် အရက်ပုလင်းကို ကိုင်ကြည့် ကိုင်ကြည့်လုပ်နေရာ “သောက်လေကွာ” ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ကျွန်ုပ်နည်းတူ ရေမရောပဲ သောက်လေသည်။

“ခါတိုင်းကော မင်းရေမရောဘူးလား”

“ကျွန်တော့အရက်ကို ရေမရောပဲ သောက်နိုင်တဲ့လူ ကိုကြီးသိန်း တယောက်ပဲ တွေ့ဘူးတယ်၊ ခုတောင်မှ ကိုကြီးသိန်းလုပ်လို့ ကျွန်တော်လိုက်လုပ် ဝံ့တာပဲ”

## ချမ်းသည်ထက် ချမ်းလာခြင်း

သစ်ပင်ကြီးအောက်၌ နာရီဝက်ကျော်ကျော် ထိုင်နေကြပြီးနောက် ဘာသံမျှ ထပ်၍မကြားသည်နှင့် ကျွန်ုပ်တို့သည် ခုတင်ပေါ်သို့ ပြန်လာကြ၍ စောင်ခြုံထဲ၌ ကွေးကြလေ၏။ ရာသီဥတုမှာ ကြာလေချမ်းလေဖြစ်လာခဲ့လေပြီ။ ကျွန်ုပ်သည် စောင်ခြုံထဲတွင် လုံနေအောင်ကွေးပြီး လက်နှစ်ဘက်ကို ပေါင်ကြားထဲသို့ထိုးသွင်းထားရ၏။ သို့နှင့်လည်း တိုး၍တိုး၍ ချမ်းအေးလာသဖြင့် အခံရခက်တုန်းပင်ရှိ၏။ ကျွန်ုပ်သည်သူ၏စောင်နှင့် ကျွန်ုပ်၏စောင်များပါ အားလုံးပေါင်းထပ်ပြီး အတူတူ ခြုံ ဖို့စိတ်ကူးရပါ၏။ သို့သော်ကြီးပြင်းလာသော ဤနောက်ပိုင်း၌ လင်မယားပင် အတူခြုံ၍မအိပ်ကြသည့် အလေ့အကျင့်ကြောင့် ယောကျ်ားချင်းအတူခြုံ၍အိပ်ဖို့မှာ အလွန်ခဲယဉ်းနေ၏။ သို့သော်ကျောချင်းကပ်၍ အိပ်ကြရန် အကြံဖြစ်၍ မောင်စံလွန်ကို ကျွန်ုပ်အနီးသို့ရွှေလာရန် ခေါ်ယူရသည်။ နွေးတော့နွေးပါ၏။ သို့သော် ဟိုဘက်သည်ဘက် မစောင်းရပဲတဘက်သတ်အိပ်ရသဖြင့် ညောင်းလှသည်။ နောက်ဆုံး၌ ကျွန်ုပ်သည် အိပ်ရာမှထ၍ “ဟော့ မောင်စံလွန်၊ မင့်ပုလင်း ပေးစမ်းကွာ”ဟု တောင်းယူကာ နွေးလောက်အောင် ‘ဝမ်းပက်’ကြီးကြီး သောက်ပြီး တယောက်တအိပ်ရာစီ ခွဲ၍အိပ်လိုက်ကြပါတော့သည်။ (ဤနေရာ၌ ကျွန်ုပ်ကို သိသော ကိုသိန်းဖေမှတပါး အခြားလူများက ကျွန်ုပ်အား ‘သူသောက်ချင်လို့ ဉာဏ်ဆင်နေတာပါ’ဟု စွပ်စွဲကြလျှင်လည်း ကျွန်ုပ်ခံနိုင်ရည် ရှိပါသည်။)

## မမေ့နိုင်သောပျောက်ခြင်း

နောက်တနေ့နံနက်၌ ကျွန်ုပ်တို့သည် စောစောကြီးထွက်ကြရန် အကြံရှိသော်လည်း ယမန်ညဥ့်က အိပ်ပျက်သည့်အတွက်ကြောင့် စောစောမထွက်နိုင်ကြ ပဲ မိုးကြီးလင်းခါမှ ထွက်နိုင်ကြ၏။ ပြန်ခါနီးတွင် စစ်သားတယောက်နှင့်တွေ့၍ ယမန်ညဥ့်က မော်တာသံအကြောင်းကို မေးကြည့်ရာ ဟိုဘက်ကမ်းမှ အသံမဟုတ်ကြောင်း၊ ဤဘက်စစ်တပ်မှ မိမိတို့နီးကြားခြင်းကို ဂျပန်များသိအောင် လှန့်ပေးခြင်းဖြစ်ကြောင်းပြောပြ၍သိရလေသည်။ အခြားစစ်သားတယောက်က လည်း ဂျပန်များသည် ဤဘက်ကမ်းသို့ ကူးကြလိမ့်မည်ဟု သတင်းရသော ကြောင့် လှန့်ပေးခြင်းဖြစ်သလိုလို ပြောပြလေသည်။ ကျွန်ုပ်တို့သည် သစ်ဆိမ့်ကြီး ရွာမှ ထွက်လာကြ၍ မိုးချုပ်ခါမှ မန်ကျည်းတုံရွာသို့ ပြန်ရောက်လာကြလေ၏။ ဤခရီးတွင် ကျွန်ုပ်အဖို့ရာ၌ မမေ့နိုင် သောအဖြစ်အပျက်တခုမှာ ကျွန်ုပ်အလွန်မြတ်နိုးသည့် ဆေးတံတချောင်းကျပျောက်ခဲ့ရခြင်းပင် ဖြစ်သည်။

## ကျွန်ုပ်နှင့် ဆေးတံ

ဤဆေးတံမှာ ကျွန်ုပ်မြတ်နိုးလောက်သည့် ရာဇဝင်ကြောင်းကလေး ရှိသည် ဖြစ်၍ ကျွန်ုပ်အပေါ်၌ ခင်မင်မြတ်နိုးသူတို့ စိတ်ဝင်စားကြလိမ့်မည် ထင်သောကြောင့် ဆယ်နှစ်ကျော် သောက်လာခဲ့သည့် ဒင်းကလေးအကြောင်းကို ဖော်ပြရပါဦးမည်။ ကျွန်ုပ်သည် ၁၉၁၇ ခုနှစ်မှစ၍ (မောင်စံရှားကို အားကျပြီး)ဆေးတံသောက်ဖို့ အလေ့အကျင့်ပြုရာတွင် သုံးလေးကျပ်တန် ဆေးတံမျိုးကို ဝယ်သောက်၍ ခဏခဏပျောက်ဘူး၏။ တချောင်းပျောက်တိုင်း ထို့ထက်ကောင်း သောဆေးတံကို ဝယ်၍သောက်ရာ အလွန်ဆုံးနှစ်နှစ်သုံးနှစ်လောက်သာ သောက်ရပြီး မေ့ကျန်ပျောက်ဆုံးရသည်ချည်းဖြစ်၏။

ပဲခူးမြို့၌ 'စာတော်ပြန်'အလုပ်ကိုလုပ်စဉ် ရိုးတိုက်မှ ၁၀ကျပ်ရှစ်ပဲ ပေး၀ယ် ထားသည့် အံဒါဘိုး (Under Bore) ဆေးတံတချောင်း ပျောက်ရပြန်၏။ ကျွန်ုပ်၏ထင်မြင်ချက်မှာ လုံလောက်အောင် အဖိုးမတန်သောကြောင့် မေ့ကျန်ရစ် ခဲ့ခြင်းဖြစ်ရမည်။ အဖိုးငွေ တဆယ်ကျော်တန်သော အံဒါဘိုး ဆေးတံကိုမေ့ပျောက် သေးလျှင် ဤထက် အဖိုးတန်သော ဆေးတံမျိုးကို ၀ယ်သောက်ဦးမည်ဆိုကာ အင်္ဂလန်ပြည်မှ ဒန်းတီး (Dunhill) ဆေးတံကိုမှာယူ၍စာတိုက်မှ ၂၅ကျပ်–ရှစ်ပဲနှင့် ရွေးယူရ၏။ ဤမျှသာမကသေးလေးစားသည်ထက် လေးစားစေခြင်းငှာ 'အမင်း' တွင် ရွှေဒင်္ဂါးကွပ်ထားလိုက်ပါသေးသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ဤဆေးတံသည် အဖိုးတန်သောကြောင့်သာမက အင်္ဂလန်ပြည်မှ မှာယူရခြင်း လည်းဖြစ်သောကြောင့် အလွန်မြတ်နိုးလျက်ရှိသည်နှင့် မေ့ကျန်ရစ်ခြင်း မရှိသည့်ပြင် ကြာလေမြတ်နိုးလေ ဖြစ်လာခဲ့ပါသည်။ ကျွန်ုပ်တို့၏ခြံကြီးထဲ၌ ဗြိတိသျှစစ်တပ်စခန်းချစဉ်က ဆေးတံ သောက်သော မေဂျာစစ်ဗိုလ်တယောက်သည် ကျွန်ုပ်နှင့်အတန်ငယ် အရောဝင် လာကြရာတွင် ကျွန်ုပ်လုပ်ထားသော ဆေးရွက်ကြီးမှုန့်ကို မြည်းကြည့်ခြင်း၊ သူ၏ဆေးချိုပြားကို ဖဲ့ပေးခြင်း စသည်ဖြင့် အရောတ၀င် ဖြစ်လာကြသောအခါ ကျွန်ုပ်၏ဆေးတံကို တောင်းယူကြည့်၍ (Dunhill) တံဆိပ်ကို တွေ့သည်နှင့် မျက်ခုန်းချီလိုက်ခြင်းအားဖြင့်အံ့ဩသော အမူအရာဖော်ပြ၏။ သူ၏အံ့ဩခြင်း အဓိပ္ပာယ်မှာ 'ဒန်ဟီးလ်' ဆေးတံတွေ ဘာတွေနဲ့ အာဂလူကြီး တယောက်ပါ ကလား"ဟု ဆိုခြင်းပင်ဖြစ်၏။ သူ၏အမူအရာ ကို ကျွန်ုပ်မြင်လိုက်ရသောအခါ မျက်နှာဖြူတယောက်လည်းဖြစ်၊ ဆေးတံသောက် သမားချင်းလည်းဖြစ်၍ သူ၏မျက်နှာထားကို မြင်လိုက်ရခြင်းအားဖြင့် ကျွန်ုပ်၏ ဆေးတံဖိုး ၂၅ကျပ်–ရှစ်ပဲ ကျေသွားသည်ဟု အောက်မေ့လိုက်သည်။ (သို့နှင့် လည်း ကျွန်ုပ်သည် သူတပါးတို့ထက် ကြွားချင်တတ်သူတယောက် ဖြစ်သည် မထင်ပါ။)

တနေ့သ၌ လက်ဖှေ့ပွဲတပွဲကြည့်အပြီးတွင် ရင်းနှီးသော လူငယ်တယောက် ကကျွန်ုပ်အား "ဦးလေးသိန်း၊ ဆေးတံသောက်ပုံကြည့်ပြီး ကျွန်တော့်ရဲ့ကုလားမိတ် ဆွေ တယောက်ကချီးမွမ်းနေတယ်ဗျ"ဟု ပြော၏။

"ဘယ်လိုများ ချီးမွမ်းနေသလဲမောင်"

"ဗမာလူမျိုးတွေ ဆေးတံသောက်တာ မြင်ဘူးလှပြီ၊ ဒီလူကြီးသောက်တာ လောက် ကြည့်လို့ကောင်းတာ တယောက်မှ မမြင်ဘူးဘူးတဲ့ခင်ဗျာ"

ကျွန်ုပ်၏ဝတ္ထုများ၊ သတင်းစာခေါင်းကြီးများ၊ ဆောင်းပါးများနှင့်ပတ်သက် ၍ ချီးကျူးစကားပြောကြခြင်းကို ရံဖန်ရံခါကြုံရဘူးပါသည်။ စာရေးတတ်ခြင်း သည် ဆေးတံသောက်ခြင်းထက် အရာရောက်သော အရည်အချင်းဖြစ်ခြင်းကို ကျွန်ုပ်နား လည်ပါသည်။ သို့နှင့်လည်း စာရေးတတ်ခြင်းကို ချီးကျူးခံရသည်၌ လူ၏သောက် တတ်ပုံကို ချီးကျူးခံရခြင်းထက်ပို၍ ပီတိဖြစ်မိသော အကြိမ်ကို ကျွန်ုပ်မမှတ်မိပါ။ ဤသည်မှာလူ၏ယေဘုယျ သဘာဝပေလော၊ သို့တည်းမဟုတ် ကျွန်ုပ်၏ ထူးခြားသော ဝါသနာတခုပေလော မပြောတတ်ပါ။ စာရေးခြင်းနှင့် ပတ်သက်၍ အကောင်းပြောကြခြင်းကို ကြားရဖန်များ၍ တခါတရံ အဆန်း အသစ်တခုအတွက် ချီးမွမ်းခံရခြင်းဖြစ်သောကြောင့် နှစ်သက်ခြင်းဖြစ်လေသလော ဟုလည်း စဉ်းစားမိပါသည်။ ဆေးတံသောက်ပုံနှင့် ပတ်သက်၍ ဆက်လက် စဉ်းစားလိုက်ရာတွင် ဘိလိယက် ထိုးရာ၌ ကျူကိုင်ကောင်းပုံ၊ တင်းနစ်ကစားရာ၌ 'ရက်ကက်' ကိုင်ကောင်းပုံဟူ၍ ရှိဘိသကဲ့သို့ ဆေးတံသောက်ရာ၌လည်း ဟန်တမျိုးစီရှိကြ ဟန်တူပါ၏။ မည်သို့ပင်ဖြစ်စေ ဆေးတံသောက်ခါစ လူများသည် မျက်စိထဲတွင် 'ထော်လော်ကန့်လန့်'ရှိ၍ တော်တော်နှင့် 'အသားမသေ'နိုင်ခြင်းကိုမူကား သတိပြုမိကြပေလိမ့်မည်။ ကျွန်ုပ်ကား နှစ်ပေါင်း ၅၀ခန့် ဆေးတံသောက်လာ ခဲ့ခြင်းဖြစ်၏။ အကိုင်အတွယ်၊ အကိုက်အဖြုတ် ကျင်လည်မှုပင် ဖြစ်လေသလော ဟု တွေးတောမိပါသည်။ သို့တည်းမဟုတ်

ထိုအိန္ဒိယတိုင်းသားသည် ကျွန်ုပ်နှင့် ဘဝရေစက်နီးခဲ့သောကြောင့် ကျွန်ုပ် လုပ်သမ္မာသူ့မျက်စိတွင် အဆင်ပြေသည်ဟု ထင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

## စာသုံးစောင်ရရှိခြင်း

၁၉၄၆ ခုနှစ်ဦးတွင် ရန်ကုန်မြို့၌ သတင်းစာတိုက်များဖွင့်၍ သတင်းစာများ ထုတ်ဝေလျက်ရှိကြောင်းကြားသိရသည်နှင့် ရန်ကုန်သို့ဆင်းလိုသောဆန္ဒပြင်းပြ လျက်ရှိ၏။ သို့ရာတွင် ထိုစဉ်က ရန်ကုန်မန္တလေးခရီးမှာ အသွားအလာ မလွယ် ကူချေ။ တနေ့သ၌ ရန်ကုန်မှ ကျွန်ုပ်ထံသို့ လူကြုံနှင့်ပို့လိုက်သည့် စာသုံးစောင် ရောက်လာ၏။ စာများကိုဖွင့်ကြည့်သည့်အခါ (၁)သူရိယ ကိုသိမ်းမောင်ထံမှ တစောင်၊ (၂)ဗမာ့ခေတ် ကိုအုန်းခင်ထံမှ တစောင်၊ (၃)ပြိတိသျှဘားမား သဒ္ဒေး ဦးညွန့်ထံမှ တစောင်တွေ့ရ၏။ ကိုသိန်းမောင်က 'သံတော်ဆင့်'သတင်းစာ ထုတ်ဝေလျက်ရှိ၍ ကျွန်ုပ်အား ခေါင်းကြီးရေးသမား တယောက်အဖြစ်နှင့် အလိုရှိကြောင်းပါရှိ၏။ ကျွန်ုပ်သည် ကိုသိမ်းမောင်အပေါ်၌ မကျေနပ်သော အချက်ကလေးများရှိခဲ့ခြင်းကို ဖော်ပြခဲ့ဘူးရာ သူကမူ ဤအကြောင်းကို ရိပ်မိဟန်မရှိရှာပေ။ ထို့ကြောင့်လည်း သူ့လက်အောက်တွင် ခေါင်းကြီးရေးသမား တယောက်အဖြစ်နှင့်လုပ်ဖို့ ခေါ်နေခြင်းဖြစ်၏။ ဤမှတ်တမ်း၌ သူ့အကြောင်း ရေးထားခြင်းများကို သူဖတ်မိလျှင် အံ့သြလေမည်လော မပြောတတ်ပေ။ သူ့ တိုက်၌ အလုပ်လစ်လပ်သည်ဆို၍ ကျွန်ုပ်အား အလုပ်ပေးလိုသော သူ၏စေတနာ ကို ကျွန်ုပ်အသိအမှတ်ပြုပါ၏။ သို့ရာတွင် သူပြောသည့် အတိုင်း ဝင်၍လုပ်ရန် မူကား မဖြစ်နိုင်ပါ။ ထို့ကြောင့် စာပြန်မိလျှင် အာဃာတထား သည့်အသံမျိုး ပါမည်စိုးသောကြောင့် စာမပြန်ပဲ နေလိုက်ပါသည်။

## ကိုအုန်းခင်ကခေါ်ခြင်း

ကိုအုန်းခင်သည် ရန်ကုန်၌ ဗမာ့ခေတ်သတင်းစာ တည်ထောင်လျက်ရှိ၍ သူ့တိုက်၌လုပ်ရန် စိတ်ဆန္ဒရှိပါလျှင် ရန်ကုန်သို့ ဆင်းလာခဲ့ဖို့အကြောင်း စာရေးခြင်းဖြစ်ပါသည်။ ကျွန်ုပ်သည် နဂါးနီစာအုပ်တိုက်၌ ကိုအုန်းခင် မန်နေဂျာလုပ်စဉ်က ၎င်းတိုက်အတွက် စာအုပ်နှစ်အုပ် ဘာသာပြန်ပေးသည့်အပြင် ဒဂုံခင်ခင်လေးနှင့်သူတို့ တည်ထောင်ကြသော စာအုပ်တိုက်အတွက်လည်း ရှောလမုန်သိုက်၊ ရတနာသိုက် စသောဝတ္ထုများကို ဘာသာပြန်ပေး၏။ လူချင်းကား ထိုအချိန်၌ အကျွမ်းတဝင်ကြီးရှိလှသည်မဟုတ်ချေ။ သူကခေါ်ယူပုံမှာလည်း အေးအေးစက်စက်ရှိသည်ထင်၍ သူ၏စာကိုလည်း ကျွန်ုပ်လေးလေးနက်နက် မစဉ်းစားပဲ ဖယ်ထားလိုက်သည်။ သူသည် ကျွန်ုပ်ကို အထိုက်အလျောက် သဘောကျပုံရသည်ဟု ကျွန်ုပ်ရိပ်မိပါ၏။ နောက်ပိုင်း၌မူ ထိုမျှမက တိုး၍သဘာကျလာခြင်းကိုလည်း ကျွန်ုပ်ရိပ်မိပါသည်။ သို့ရာတွင် ထိုစဉ်က ခေါ်ယူပုံမျိုးလောက်နှင့်မူ ကျွန်ုပ်က အူးယားဖားယား ဆင်းသွားလိမ့်မည် မဟုတ်ချေ။

## ဟံသာဝတီကခေါ်ခြင်း

တတိယဖြစ်သော ဗြိတိသျှဘားမား ဦးညွန့်၏စာမှာ အတော်ကျေနပ်ဖွယ် ရေးသားလိုက်ပါပေသည်။ သူသည် ဟံသာဝတီသတင်းစာ တည်ထောင်လျက်ရှိရာ သတင်းစာထောင်မည်ဟု စိတ်အကြံဖြစ်ကတည်းက ကျွန်ုပ်အကြောင်းကို စုံစမ်းခဲ့ကြောင်း၊ အထက်မြန်မာပြည်၌ ရှိသည်ဟု သိရခြင်းမှတပါး မြို့ရွာအမည်ကို မသိရသဖြင့် အခက်ကြုံခဲ့ရကြောင်း၊ ကျွန်ုပ်ကိုတွေ့မှ သတင်းစာထောင်မည်ဟု ကြံရွယ်ထားသော်လည်း နောက်ဆုံး၌စုံစမ်း၍မရသည်နှင့် ဖြစ်သလို တည်ထောင်လိုက်ရကြောင်း၊ ဤစာကိုရလျှင် ရန်ကုန်သို့ချက်ချင်းဆင်းလာ၍ မန္တလေးမြို့၌ရှိသော

သူ၏ ရုပ်ရှင်ကားကိုယ်စားလှယ် စာရေးဆရာ မြမျိုးလွင်ထံမှ လိုအပ်သော စရိတ်ငွေများတောင်းယူနိုင်ကြောင်း စသည်ဖြင့် ရေးသားပါရှိလေသည်။ အခြားသော အခြင်းအရာများကို မစဉ်းစားမီကျွန်ုပ်သည် ဦးညွန့်၏ စာရေးပုံတခုတည်းနှင့်ပင် သူ့ဘက်သို့ ပါသွားခဲ့လေပြီ။ ကျွန်ုပ်သည် အလုပ်တခုကိုလက်ခံမည်ကြံသည့်အခါတိုင်း ရမည့်လခထက် ကျွန်ုပ်အား မည်မျှလောက် လိုလိုချင်ချင်ရှိသည်ဟူသောအချက်ကို အလေးပေး၍ စဉ်းစားလေ့ရှိ၏။ မတတ်နိုင်၍ လခနည်းနည်း ပေးနိုင်သည်ဆိုစေ လူကိုလေးစားကြောင်းဖော်ပြလျှင် အလုပ်ကို လက်ခံချင်တတ်၏။ ဦးညွန့်ကိစ္စ၌မူ လခအကြောင်း ထည့်၍မရေးသော်လည်း အခြားသူများပေးနိုင်သည်ထက်ပိုလျှင်သာပိုမည်၊ လျော့လိမ့်မည်မဟုတ်ဟုစိတ်ချနိုင်လောက်၏။

တကြောင်းမှာလည်း သူရိယတိုက်တွင် ကျွန်ုပ်လုပ်ခဲ့စဉ်ကတည်းက ဦးစောမရှိသည့်နောက် ကျွန်ုပ်မှတပါး အယ်ဒီတာချုပ်ဖြစ်သင့်သူမရှိဟု ဖွင့်ပြောဘူးခြင်းကို ထောက်ခြင်းအားဖြင့် ကျွန်ုပ်အပေါ်၌ အထင်မသေးခြင်းကို သိရပြီးဖြစ်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ဦးညွန့်၏ ဟံသာဝတီ သတင်းစာတိုက်တွင် အလုပ်လုပ်မည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

## ချည်ကြမ်းလုံချည်ခေတ်

၁၉၄၆ခုနှစ်၊ မတ်လ၃ရက်နေ့တွင် ကျွန်ုပ်သည် ဖခင်၏ဝင်းခြံကို ညီတော်သူတယောက်သို့ အပ်ခဲ့၍ မန်ကျည်းတုံရွာမှ မန္တလေးမြို့သို့ ဆင်းလာခဲ့ပါသည်။ ကျွန်ုပ်တို့လင်မယားနှင့်အတူ "ငယ်မွေးခြံပေါက်' ခွေးကလေး တကောင်ပါလာခဲ့၏။ ခွေးကလေးမှာ ဗမာခွေးစစ်စစ်ဖြစ်သော်လည်း ဗမာခွေးများ အနက်တွင် ဤမျှလောက် ရုပ်ရည်သန့်ပြန့်သောခွေးကို မမြင်ဘူးပါဟူ၍ လူတိုင်းကပြောကြ၏။ ချောချောထွားထွားနှင့် အထူးသဖြင့် နှုတ်သီးပန်းရောင်ရှိ သောဗမာခွေးကို ကျွန်ုပ်ကိုယ်တိုင်လည်း မမြင်ဘူးပါ။ ခွေးချစ်တတ်သော ဝါသနာရှိ၍

အဖိုးတန်ခွေးကောင်းမွေးလိုသောဆန္ဒ အမြဲရှိသော်လည်း အခွင့်မသာသဖြင့် ဗမာခွေးနှင့် ပင်ရောင့်ရဲခဲ့ရပေရာ 'ဘော်ဘီ'ကြီးလာသောအခါ၌ ကျွန်ုပ်အား ချစ်ခင်ရာခြင်းကို တွေ့ရသည်နှင့် အဖိုးတန်လှပါသည်ဆိုသော 'အယ်လ်ဆေးရှင်း' ခွေးမျိုးနှင့် မလဲနိုင်အောင် ဖြစ်လာပါတော့သည်။ ထိုအချိန်၌ ဝက်လက်နှင့် မန္တလေးမှာ (ဂျပန်များကသံလမ်းများကို ဧရာဝတီမြစ်ထဲသို့ ချပစ်ခဲ့ကြခြင်းကြောင့်) မီးရထားမပေါက်သည်နှင့် မန္တလေး–ရွှေဘို ကားလမ်းပေါ်ရှိ ရွာသာကြီးဘက်မှ ကျပ်တည်းစွာလိုက်ကြရပေရာ ကျွန်ုပ်သည်ခြောက်လသားမျှသာ ရှိသေးသော ဘော်ဘီကို ရင်ခွင်ကြားသို့သွတ်သွင်းကာ တောသူခရီးသည်မိန်းမကြီးများ၏ငြူစူခြင်းခံ၍လိုက်ခဲ့ရ၏။ "အမယ်လေးဟဲ့၊ ဒီလူကြီးက ခွေးကြီးနဲ့ပါလား၊ လူများကိုက်ပါ့မယ်တော်" ဟုအော်ကြီးဟစ်ကျယ် ကန့်ကွက်ကြရာ "ခွေးကြီးမဟုတ်ပါဘူး၊ ခွေးကလေးပါဗျာ"ဟု တိုးလျှိုးတောင်းပန်စကား ပြောရ၏။ သို့နှင့်ပင် တယောက်က "ဟိုနားတိုးစမ်းပါတော်၊ ခွေးစော်နံလိုက်တာ" ဟုပြောလေရာ "ကျုပ်ခွေးကနေ့တိုင်း ရေချိုးပေးထားလို့ ခင်ဗျားတို့ထက် မွှေးသေးတယ်" ဟု ကျွန်ုပ်ကပြန်ပြောလိုက်သဖြင့် ကျွန်ုပ်အားဝိုင်းပြီး မျက်စောင်း ထိုးကြသည်။ ဤစကားမှာ မိန်းမကြီးများ မခံချင်အောင် သက်သက်ပြောခြင်း မဟုတ်၊ အမှန်လည်းဖြစ်ပါသည်။ ကျွန်ုပ်၏တပည့်တယောက်သည် ဘော်ဘီကို ကျောပိုးခေါ်သွား၍ ခြံစည်းရိုးအနီးရှိ 'တဘက်ဆည်'ထဲတွင် ရေချိုးပေးပါသည်။ (ထိုခေတ်၌လူတိုင်းချည်ကြမ်းလုံချည် ဝတ်ကြရလေရာ အဝတ်အစားလောက်သာ အကဲခတ်တတ်သော လူများ၏ မထီမဲ့မြင်ပြောခြင်းခံရသည်မှာ ခရီးသွားတိုင်းလိုလိုဖြစ်ပါသည်။ လက်ဝဲစာပေများ မဖတ်ရဘူးသေးသည့် ထိုအချိန်ကမှ လူတိုင်းတတန်းတည်းဖြစ်အောင် ဖြို့ချမည်ဆိုသော ကွန်မြူနစ်ဝါဒကို အတော်ကြောက်ခဲ့မိပါသည်။

မန္တလေးသို့ရောက်၍ သူငယ်ချင်း လင်မယားဖြစ်သည့် ဦးထင်ဒေါ်စုတို့ထံသို့ နှုတ်ဆက်ယင်းအလည်အပတ် သွားရာတွင် မောင်လှမအမာတို့နှင့်တွေ့၍ ကျွန်ုပ်အားမန္တလေးနေဖို့ တိုက်တွန်းကြ၏။ သူတို့အစီအစဉ်မှာ မန္တလေးတွင် 'ရက်သတ္တပတ်စဉ် ထွက်သည့်လူထုဂျာနယ်' ထုတ်နေသည်ဖြစ်၍ ကျွန်ုပ်အား အယ်ဒီတာလုပ်ဖို့ တောင်းပန်ကြ၏။ သူတို့လင်မယားသည် ကျွန်ုပ်အပေါ်၌ ဦးညွန့်က လေးစားသကဲ့သို့ လေးစားလိမ့်မည်မထင်သောကြောင့် သူတို့အစီအစဉ်ကို ရုတ်တရက် လက်မခံချင်ပဲ ဖြစ်နေ၏။ အကြောင်းမျိုးစုံတွေးတောဆင်ခြင်လိုက်ရာတွင် ထိုစဉ်အခါက ရန်ကုန်သို့ခရီးသွားရခြင်းမှာ မလွယ်ကူသည်တကြောင်း၊ ခုနစ်ရက်တကြိမ်ထုတ် ဂျာနယ်အလုပ်သည် နေ့စဉ်သတင်းစာအလုပ်ထက် သက်သာလိမ့်မည်ဟုထင်သည်တကြောင်းကြောင့် နောက်ဆုံးတွင် ဂျာနယ်အယ်ဒီတာအလုပ်ကို လက်ခံဖို့ သဘောတူလိုက်လေ၏။

လူထုဂျာနယ်ထုတ်နေကြသည့် သူတို့လင်မယားထံမှ စကားတခွန်းထွက်လာ ပြန်၏။ ၎င်းမှာ ဦးထင်ဒေါ်စုတို့၏ သမက်ဖြစ်နေပြီဖြစ်သော ကာယဗလမောင်နေဝင်းက သူတို့အား အကြံတခုပေးကြောင်း၊ ထိုအကြံမှာ ဦးလေးသိန်း(ကျွန်ုပ်)အား မန္တလေး၌ အလုပ်လုပ်ဖို့ တိုက်တွန်း၍ ရသည့်အတူတူတပတ်တကြိမ်ထုတ်ဂျာနယ်မျိုးထုတ်မည့်အစား နေ့စဉ်သတင်းစာ တစောင်ထုတ်ဖို့ စိတ်ကူးသင့်သည်ဟု အကြံပေးကြောင်း ပြောကြလေသည်။ ဤတွင်ကျွန်ုပ်မှာ စဉ်းစားစရာတချက် ပေါ်လာပြန်လေပြီ။ ဂျာနယ်အယ်ဒီတာအလုပ်သည် နေ့စဉ်သတင်းစာအယ်ဒီတာအလုပ်ထက် သက်သာလိမ့်မည်ဟူသော တွက်ကိန်းအရ မူလကလက်ခံမိခြင်းဖြစ်ရာ ယခုမှသူတို့ကလည်း နေ့စဉ်သတင်းစာပင်ထုတ်ချင်ပြန်သည်ဟုပင် ပြောနေကြပြန်လေပြီ။ သို့ဖြစ်၍ထိုအချိန်၌ ကျွန်ုပ်စဉ်းစားရာတွင် ရန်ကုန်သို့ မသွားချင်စရာအချက်မှာ အသွားရခက်ခြင်း တည်းဟူသော အကြောင်း

တရပ်သာ ရှိလေတော့သည်။ ဤတကြောင်းတည်းမျှသာ ဆိုပါမူ ဟံသာဝတီ သတင်းစာဘက်က အလေးသာလျက်ရှိ၏။ ငွေအရင်းအနှီးတောင့်တင်းခြင်းမှာ ပြောစရာမရှိ။ မောင်လှ မအမာတို့က ကျွန်ုပ်အားမည်မျှလောက် သဘောကျခြင်း၊ အားထားခြင်းကို အကဲခတ်ဖို့ အခွင့်မရသေး။ (ဝတ္ထုနှစ်အုပ် သုံးအုပ်ရိုက်နှိပ် ထုတ်ဝေဘူးခြင်းလောက်သာ ရှိသေးသည်။) ဦးညွန့်ကမူ ကျွန်ုပ်ရေးသည့် သူရိယသတင်းစာ ခေါင်းကြီးများ အကြောင်းကို အကြိမ်ကြိမ် ချီးကျူးပြောဆို ဘူးရုံသာမက ဂျွန်ဦးစောမရှိသည့်နောက်တွင် ကျွန်ုပ်ကိုသူရိယ အယ်ဒီတာချုပ် ခန့်ဖို့ သူထောက်ခံမည့်အကြောင်း ပြောဘူးခြင်းအားဖြင့်လည်း ဦးညွန့်၏ လေးစားခြင်းမှာ အတော်ထင်ရှားလျက်ရှိလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်သည် ဟံသာဝတီဘက်သို့ အတော်ကြီး စိတ်ညွတ်လျက်ရှိ၏။ ဤနေရာတွင် ကျွန်ုပ်သည် တခုသော အချက်ကို စဉ်းစားမိပါသည်။

## ကျွန်ုပ်၏ဆုံးဖြတ်ချက်

ကျွန်ုပ်၌ 'ပေါးလားဝါးလား'မိတ်ဆွေမျိုး နည်းပါးခြင်းကို ကိုယ့်ဟာကိုယ် လည်းသိ၍ လူအများကလည်း ရိပ်မိကြပုံရသော်လည်း ရင်းနှီးသော မိတ်ဆွေ သူငယ်ချင်း အနည်းငယ်ရှိရာ၌ အရေးကိစ္စရှိက ထိုသူတို့ဘက်သို့ ထောက်ထောက် ညှာညှာစဉ်းစားတတ်သောဝါသနာရှိပါသည်။ ကျွန်ုပ်သည် သူငယ်ချင်း လင်မယား ဖြစ်သော (မအမာ၏မိခင်နှင့်ဖခင်) ဦးထင်ဒေါ်စုတို့က ငွေ၁၀၀ဝိဈေးဘူးသည့် ကျေးဇူးနှင့် (ထိုစဉ်ကမူဈေးသည်ဟူ၍ပင် ကျွန်ုပ်သိရ၏။) မောင်လှမအမာတို့က ငွေ၅၀ဝိ စရံပေးထားသည့် ကျေးဇူးကိုသတိရပါသည်။ ဤကိစ္စတွင် ဦးထင် ဒေါ်စုတို့က သူတို့၏သားသမီးများနှင့် အလုပ်လုပ်ဖို့တိုက်တွန်းခြင်း မရှိသော် လည်း (သူတို့ကိုယ်တိုင် သိကောင်းမှ သိကြမည်။) ကျွန်ုပ်သည်မောင်လှ မအမာ တို့၏မျက်နှာထက် သူငယ်ချင်းလင်မယားဖြစ်ကြသော ဦးထင်ဒေါ်စုတို့၏

ကျေးဇူးကိုင်ညှာထောက်ထားခြင်းအားဖြင့် ဟံသာဝတီအလုပ်ကိုပယ်၍ လူထု သတင်းစာ အလုပ်ကိုလက်ခံဖို့ ဆုံးဖြတ်လိုက် ပါတော့သည်။ (လူထုသတင်းစာ တိုက်ဖွင့်ဖို့ အခြေအနေကောင်းလာသောအခါတွင် တနေ့သ၌ ဒေါ်စုက ကျွန်ုပ်အား "ကိုဖေသိန်းကသူတို့နှင့် လုပ်နေခြင်းဟာ သူတို့မျက်နှာကြောင့်များ မှတ်နေ ထင်ပါရဲ့"ဟု ပြောဘူးရာ ကျွန်ုပ်ကမူ မည်သို့မှပြန်မပြောပဲ ပြုံး၍ နေလိုက်ပါ သည်။

# ပဥ္စမပိုင်း

## ဦးဖေသိန်းမှဆရာကြီးသို့

၁၉၄၆ခုနှစ်၊ ဧပြီလ တရက်နေ့တွင် မောင်လှ၊ မအေမာတို့သည် ကျွန်ုပ်အား အလုပ်သမားတယောက်အဖြစ်နှင့် အသိအမှတ်ပြုကြ၍ ဧပြီလ၁၉ရက်နေ့တွင် လူထုသတင်းစာအမည်နှင့် ပထမသတင်းစာ ထွက်ပေါ်လာပါသည်။ ထိုအချိန်တွင် ကျွန်ုပ်သည် နိုင်ငံရေးအနေဖြင့် လက်ဝဲ–လက်ယာ ဘာမျှ နားမလည်သေးသည် နှင့် သူတို့မှည့်ခေါ်ထားသည့် 'လူထု'ဟူသော အမည်ကို မကြားဘူးသလောက် ရှိသေးသောကြောင့် ၎င်းအမည်အကြောင်းနှင့် ပတ်သက်၍ ပြက်ရယ်စကား ပြောမိပါသေးသည်။ ကျွန်ုပ်နားထဲ၌ 'လူထု'ဟူသောအမည်သည် ခပ်ထောင့်ထောင့် ရှိသည်ဟူ၍ပင် ထင်မိပါသည်။

People ဟူသော အင်္ဂလိပ်စကားလုံးမှ ဘာသာပြန်ထားခြင်း ဖြစ်သည်ဟူ၍ သူတို့ကပြောမှပင် ရိပ်မိပါသည်။ ဖော်ပြခဲ့သည့်အတိုင်း လက်ဝဲ–လက်ယာဟူ၍ နားမလည်သေးသော ကျွန်ုပ်မှာ ဝါဒလမ်းစဉ်အကြောင်းကို ဘာမျှ နားမလည်၊ သူရိယတိုက်တွင်ထားရှိခဲ့သော သဘောထားအတိုင်း ဗြိတိသျှအစိုးရ၏ နယ်ချဲ့ ဝါဒအတိုက်အခံပြု၍ ရေးသားရန် (Anti-colonialism) ဟူ၍လည်းကောင်း လူတစုကလူတစုကိုဖြစ်စေ၊ လူတယောက်က လူတယောက်ကိုဖြစ်စေ ခွန်အားဖြင့် မတရားဖိနှိပ်ခဲ့လျှင် ဖိနှိပ်ခြင်းခံရသော ဘက်မှ လိုက်၍ရေးရန်ဟူ၍လည်းကောင်း နားလည်ခဲ့ပါသည်။ ဤသဘောထားသည် သတင်းစာသမား အပေါင်းတို့၌ ထားရှိသင့်သည့် သဘောထားဖြစ်သည်ဟု ယေဘုယျအားဖြင့်... 

သည်။ ဤအချိန်မှစ၍ ကျွန်ုပ်အား 'ဆရာကြီး'(အသက်လည်း ၅၇နှစ်ရှိပါပြီ။) ဟူ၍ ခေါ်ဝေါ်စပြုလာကြသည် ဖြစ်သောကြောင့် ကျွန်ုပ်၏တသက်တာမှတ်တမ်းတွင် ကဏ္ဍသစ်တခုဖွင့်လိုက်ရခြင်းဖြစ်ပါသည်။

## ကျွန်ုပ်၏ပယောဂကြောင့်

လူထုသတင်းစာ ထွက်လာ၍လပိုင်းအတွင်းတွင် ရန်ကုန်မှ မန္တလေးသို့ပို့ရသော နေ့စဉ်သတင်းစာများစောင်ရေမှာ ထိုးဆင်းသွားသည်ဖြစ်သောကြောင့် ရန်ကုန်သတင်းစာတိုက်များ တုန်လှုပ်ချောက်ချားသွားသည်ဟု ကြားလိုက်ရ၏။ လူထုသတင်းစာ စောင်ရေမှာလည်း တနေ့တခြား တက်လာသည်ဆို၏။ 'ဆို၏'ဟူသော စကားကိုသုံးနှုန်းခြင်းမှာ ကျွန်ုပ်သည် မိမိ၏သတင်းစာစောင်ရေ တက်ခြင်း ကျခြင်း အကြောင်းကို တိုက်ရှင်များအားလည်းကောင်း၊ သတင်းစာရိုက်နှိပ်သော အလုပ်သမားများအားလည်းကောင်း မေးမြန်းစုံစမ်းလေ့မရှိ။ (ယနေ့အထိလည်း ဤအတိုင်းပင် ဖြစ်သည်။) တိုက်ရှင်များက စကားစပ်မိ၍ ပြောကာမှ ကျွန်ုပ်အသိအမှတ်ပြုလိုက်သည်။ ဤသို့လျစ်လျူရှုထားတတ်ခြင်းမှာ ကျွန်ုပ်က မေးမြန်း၍ စောင်ရေ'တက်သည်'ဟုကြားရလျှင် တော်ပါ၏။ ကျသည်ဟုကြားရလျှင် စိတ်မကောင်းခြင်း ဖြစ်မည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ လူထုသတင်းစာသည် စောင်ရေတက်သော အလှည့်အပတ်များလည်းရှိမည်။ ကျသော အလှည့်အပတ်များလည်း ရှိပေမည်။ လူထုတိုက်ရှင်များက သတင်းစာ စောင်ရေကျသည်ဟု တခါမျှ ပြောဘူးသည်မရှိ၊ တက်သည်ဟူ၍ကား တခါတရံ ပြောပြခြင်းရှိသည့်အတွက်ကြောင့် သူတို့၏စေတနာကို ကျွန်ုပ်ကျေးဇူးတင်မိသည်။ ကျွန်ုပ်ဘက်ကလည်း ခိုကပ်ခြင်းမရှိ၊ တတ်နိုင်သမျှ ကြိုးစားရေးသားခဲ့သည်သာ ဖြစ်သောကြောင့် စောင်ရေကျသည်ဟုကျွန်ုပ်သိရလျှင် စိတ်မကောင်းဖြစ်လိမ့်မည်ဟုသူတို့ရိပ်မိကြပုံရသည်။ လူထုတိုက်ရှင်များသည် လူထုသတင်းစာထုတ်ဝေခြင်း

အတွက်ကြောင့် ကောင်းကျိုးများလည်း ရှိပုံရ၍ ခံရသော အလှည့်အပတ်များလည်း ရှိကြသည်ဖြစ်ရာ လူထုတိုက်တွင် ကျွန်ုပ်မလုပ်ပဲ ဟံသာဝတီသတင်းစာသို့ မူလက ကျွန်ုပ်သွားဖို့ ဆုံးဖြတ်ခဲ့ပါမူ (လူထုသတင်းစာကို ဘယ်အချိန်မှ စတင်ဖွင့်လှစ်မည် မပြောနိုင်သောကြောင့်) သူတို့ခံစားရသည့် ကောင်းကျိုးဆိုးကျိုး များသည် ကျွန်ုပ်၏လုံ့လပယောဂ ရာခိုင်နှုန်း အတော်များများပါသည်ဟု ဆိုရန်ရှိပါသည်။

## အကျိုးတရားများ

၁၉၄၇ ခုနှစ်ဦးတွင် လူထုသတင်းစာကြီးပွားလာခြင်း အတွက်ကြောင့် (ကြီးပွားသည် ဆိုခြင်းမှာ ကျွန်ုပ်အတတ်သိခြင်းမဟုတ်၊ ခန့်မှန်းခြေမျှသာဖြစ်သည်။) ကျွန်ုပ်အဖို့ရာတွင် အကျိုးတရားများ ထွက်ပေါ်လာ၏။ ကျွန်ုပ်မှာ မန္တလေးသားတယောက်ဖြစ်သော်လည်း ဝတ္ထုရေးဆရာအဖြစ်နှင့်လည်းကောင်း၊ ခေါင်းကြီးရေးသမား တယောက်အဖြစ်နှင့်လည်းကောင်း ရန်ကုန်သူရိယတိုက်မှ အစပြုခဲ့ရခြင်းဖြစ်လေရာ ဤအကြိမ်တွင်မန္တလေး၌ နေထိုင်၍မန္တလေးမြို့ထုတ်သတင်းစာတစောင်မှ နာမည်တက်လာရခြင်း ဖြစ်သောကြောင့် ဂုဏ်ယူမိခြင်း တချက်ဖြစ်ပါသည်။ ဒုတိယတချက်မှာလည်း ထိုစဉ်က ကျွန်ုပ်သည် တယောက်တည်းသော နှမအရင်းက မွေးထားခဲ့သည့် ဆေးရုံဟက်ကလပ် စာရေးကြီးဝင်းမောင် (ထိုစဉ်က ဝန်ထောက်မဟုတ်သေး) နှင့်အတူ ဓားတန်းရပ်၌ နေထိုင်လျက်ရှိရာ ချက်မြုပ်ရာအရပ်သို့ ပြန်ရောက်သည်နှင့် ဘာများဖြစ်ဦးမည်နည်းဟု စဉ်းစားမိ၏။ (ကျွန်ုပ်၏ဖခင်သည် မန်ကျည်းတုံ့ရွာ၌ မွေးဖွား၍ မန္တလေး၌ နှစ်ပေါင်း ၃၀ကျော်နေခဲ့ပြီးမှ မန်ကျည်းတုံ့ရွာသို့ ပြန်ရောက်ရာတွင် "ငါက ဝလုံးလိုလူတယောက်ပဲကွယ့်၊ စတဲ့နေရာမှာ ပြန်ဆုံးလိမ့်မယ်ထင်တယ်၊ မွေးတော့လဲ မန်ကျည်းတုံ့သား၊ အခုလဲပဲ မန်ကျည်းတုံ့ ပြန်ရောက်ပြီး မန်ကျည်းတုံ့ရွာမှာပဲ

ဘ၀ဇာတ်သိမ်းရပုံရတယ်”ဟု ပြောဘူးရှာသည်။ ဖခင်အဖို့မှာ ပြောသည့်အတိုင်းပင် ဖြစ်ခဲ့သည်။) ကျွန်ုပ်သည်လည်း ဓားတန်းရပ် ဝင်းမောင်၏နေအိမ်၌ နေရသည်တွင် ဖခင်ကဲ့သို့ ဖြစ်လေမည်လောဟု မကြာမကြာသတိရမိပါသည်။ တနေ့သ၌ လူထုတိုက်မှ အလုပ်လုပ်၍ အပြန်တွင် ကျွန်ုပ်မသိသော လူခပ်ရွယ်ရွယ်တယောက် ရောက်နှင့်နေခြင်းကို တွေ့ရ၏။ စုံစမ်းကြည့်သောအခါ ဂဠုန်ဦးစော၏ အတွင်းရေးမှူးဖြစ်ကြောင်း၊ သူရိယတိုက်၌ အယ်ဒီတာချုပ်လုပ်ရန် ကျွန်ုပ်အား အခေါ်လာခြင်းဖြစ်ကြောင်း ပြောပြလေသည်။ ဦးစောထံမှစာပါပါသလောဟု မေးကြည့်ရာ စာမပေးလိုက်ပဲ လူကိုယ်တိုင်စေလွှတ်လိုက်ခြင်းဖြစ်ပါသည်ဟု ပြော၏။

ဤအပြုအမူကို ကျွန်ုပ်မကျေနပ်သည့်ပြင် ဦးစောအပေါ်၌ ကျွန်ုပ်မကျေနပ်သည့်အခြားအပြုအမူတခုလည်း ကျွန်ုပ်မှတ်မိ၏။ ဦးစောယူဂန္ဓာမှ ပြန်ရောက်လာသောအချိန်တွင် မျိုးချစ်ပါတီကိုယ်စားလှယ်အဖြစ်နှင့် ဦးဘအုန်းသည် ဝန်ကြီးတယောက်ဖြစ်နေလေရာ ဦးစောရောက်လာသည်နှင့် တပြိုင်နက် ဦးဘအုန်းက ဖယ်ပေးရ၍ ဦးစောက ဦးဘအုန်း၏နေရာ၌ ဝန်ကြီးဝင်၍လုပ်၏။ ကျွန်ုပ်သည် ထိုစဉ်က သူတို့၏နိုင်ငံရေးပါတီစည်းကမ်းကို နားမလည်၊ နည်းလမ်းကျချင်လည်း ကျပေမည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ကား ဦးစောသည် ဦးဘအုန်း၏နေရာကို လုယူခြင်းဖြစ်သည်ဟု ထင်လိုက်၏။ (ဤအကြောင်းကို လူထုသတင်းစာမှပင် မှတ်ချက်ရေးလိုက်မိသေး၏။) ကျွန်ုပ်သည် ဦးဘအုန်းနှင့် သိကျွမ်းသည်လည်း မဟုတ်ပါပဲလျက် (ဒေါက်တာဘမော်အစိုးရ လက်ထက်၌ အစိုးရအာဏာကို ဖီဆန်သည့်အနေဖြင့် ရွှေတိဂုံဘုရားခြေရင်းမှ ဦးစောနှင့်အတူ စီတန်းလမ်းလျှောက်ခြင်းကိုသာ မြင်လိုက်ရဘူး၏။ မဟာဆွေလည်းပါသည်။) ဦးစောသည် ဦးဘအုန်းအပေါ်၌ အနိုင်ကျင့်သည်ဟု ကျွန်ုပ်ထင်လျက်ရှိသည်။ ထို့ကြောင့် ဦးစောမှာ ‘လူထက်’ တယောက်ဖြစ်၍ ကျွန်ုပ်အားကြည့်ရှုစောင်မချင်သော ဆန္ဒရှိသည်ဟု ကျွန်ုပ်ယုံကြည်သည့်ပြင် သူရိယတိုက် အယ်ဒီတာချုပ်ဖြစ်ဖို့

တလျှောက်လုံး ကျွန်ုပ်မျှော်မှန်းလာခဲ့ခြင်းလည်း မှန်ပါလျက် သင့်တော်အောင် ပြော၍ ငြင်းပယ်လိုက်ပါသည်။ ကျွန်ုပ်က မိမိကိုအားကိုး၍ တည်ထောင်ထားသည့် လူထုသတင်းစာတိုက်ရှင်များ ဝမ်းနည်းပက်လက်ဖြစ်အောင် မလုပ်ရက်ကြောင်း၊ ဦးစောထံမှ အလာကောင်းသော်လည်း အခါနှောင်းနေပြီဖြစ်ကြောင်း စသည်ဖြင့် ပြော၍လွှတ်လိုက်ပါသည်။ ကျွန်ုပ်သည် ဤအကြောင်းကို လူထုတိုက်ပိုင်ရှင်များအား ပြောပြမိဘူးလေသလောမမှတ်မိ၊ ပြောမိသည်ပင်မထင်ပါ။ ဦးစောအမှုဖြစ်သောအခါ ကျွန်ုပ်၏ညီမောင်ဖေစိန်းမှာ ဦးစောနှင့်နိုင်ငံရေး အဆက်အသွယ်ရှိသည်ဆိုကာ မသင်္ကာမှုဖြင့် ဖမ်းချုပ်ခြင်းခံခဲ့ရသေးပေရာ ဦးစောက ခေါ်သည့်အတိုင်း လိုက်ပါသွားမိပါက ကျွန်ုပ်ပင် အချုပ်ခံရဦးမည်လော မပြောနိုင်သဖြင့် ကျွန်ုပ် ကံကောင်းသည်ဟု အောက်မေ့မိပါသေးသည်။ ထိုစဉ်က သီသီကလေး လွတ်ခဲ့ပြီး ဖဆပလလက်ထက်တွင်မှ ထောင်၏အရသာကို မြည်းရဘူးပါတော့သည်။

## လခတိုးပေးခြင်း

တတိယအချက်မှာ ဟံသာဝတီ သတင်းစာတိုက်ပိုင်ရှင် ဦးညွန့်ထံမှ ကျွန်ုပ်ကိုခေါ်သည့် စာသုံးစောင်ရရှိခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် လခထက် ကြီးမြင့်သည့်ပြင် သတင်းစာဆရာများအဖို့ရာ၌ ရန်ကုန်သည်မန္တလေးထက် ကြီးပွားလမ်းရှိသည်ဖြစ်သောကြောင့် ဦးညွန့်၏အလုပ်ကို ကျွန်ုပ်လက်ခံလို၏။ သို့ရာတွင်နောက်ကြောင်းများကို ပြန်လည်သုံးသပ်လိုက်ပြန်ရာတွင် ဦးညွန့်နှင့် လူထုတိုက်ပိုင်ရှင် ဖနီးမောင်နံ့တို့ကို ပုဂ္ဂိုလ်အနေဖြင့် နှိုင်းယှဉ်ချက် ထုတ်ကြည့်လိုက်၏။ ကျွန်ုပ်သည် လူထုတိုက်၌ လုပ်ကိုင်လျက်ရှိသည့် ထိုအချိန်သို့တိုင်အောင် (တနှစ်ခန့်ရှိပြီထင်သည်။) လူထုသတင်းစာသည် လောကဓံနှင့် မကြုံရဘူးသေးသဖြင့် လူထုမောင်နှံတို့၏ အကောင်းအဆိုးကို ကျွန်ုပ်အကဲခတ်ခွင့်

မရသေးလင့်ကစား ကျွန်ုပ်အား စိတ်မချမ်းမသာဖြစ်စေမည့် အပြုအမူအပြောအဆို နှင့် မျက်နှာထားမှစ၍ ရှောင်ကြဉ်ကြလိမ့်မည်ဟု အကဲခတ်မိသည်။ ဦးညွန့် အကြောင်းမှာ ဤကဲ့သို့ အကဲခတ်မရချေ။ ဗြိတိသျှဘားမားကုမ္ပဏီ၌ အလုပ်လုပ် ကြဘူးသည့် ညာဏ အစရှိသော အလုပ်သမားများက ပြောပြသည်မှာ သင်္ဘေးဦးညွန့်သည် စိတ်တိုင်းကျသည့်အခါများတွင် မျက်နှာအလွန်ရွှင်ပျ၍ မြှောက်စားပေးတတ်ခြင်းနှင့်အတူ စိတ်တိုင်းမကျသော အခါများတွင်လည်း မျက်နှာထားဖြင့် ဖော်ပြတတ်သည်ဆို၏။ သို့ဆိုလျှင် ငါသည် ညာဏတို့အရွယ် မဟုတ်၊ သတင်းစာအရေးအသားကြောင့် အစိုးရက အရေးယူ၍ သတင်းစာခံရ သည်ဆိုလျှင် (ဖြစ်လည်းဖြစ်နိုင်သည်။) ငါ့အား မသာယာသော မျက်နှာထား မျိုးပြမည့်ဆိုက ထွက်လျှင် ထွက်သွားမည်၊ မထွက်နိုင်လျှင်လည်း စိတ်မချမ်းမသာ ဖြစ်ရလိမ့်မည်၊ သုံးလေးကြိမ်ပြုံး၍ပြသော်လည်း တကြိမ်မျက်ကြောတင်းလျှင် ငါခံချင်လိမ့်မည်မဟုတ်၊ သို့ဖြစ်၍ လူထုတိုက်၌ပင် ဆက်လက်၍လုပ်ပါတော့မည် ဟု ဆုံးဖြတ်လိုက်ပါသည်။ သို့သော်ဦးညွန့်၏စာကို လူထုမောင်နှံအားပြရသော် မိမိအတွက် အကျိုးရှိလိမ့်မည်ထင်သည်နှင့် မောင်လှ၏လက်သို့ ထည့်လိုက်ပါ သည်။ စာကိုဖတ်ကြည့်ပြီးနောက် မောင်လှက “ကျွန်တော်တို့အခြေအနေအရတော့ ဦးညွန့်ပေးသလောက် မပေးနိုင်၍ ဝမ်းနည်းပါတယ်၊ သို့သော်အိမ်လခအတွက် ၅ဝိပိုပေးပါမယ်”ဟုပြောလေသည်။ ဖော်ပြခဲ့ပြီးသော အကျိုးတရားသုံးခုအနက် ဦးစောခေါ်ခြင်းသည် ကျွန်ုပ်အဖို့ အကျိုးကျေးဇူးပေါ်ထွက်လာသည် မဟုတ်စေ ကာမူ အလုပ်ရှင်များက ခေါ်ခြင်းကိုငြင်းပယ်ရခြင်းသည် အလုပ်သမားများအဖို့ အရသာတခုဖြစ်သည်ဟု နားလည်ပါသည်။ ကျွန်ုပ်သည် ဤအဖြစ်အပျက်များကို လူတကာသို့ ပြောပြခြင်းအားဖြင့် အသားယူသူတယောက် မဟုတ်သော်လည်း (စုံထောက်ဝတ္ထုခေတ်ကကဲ့သို့ ဒူးရင်းသီး၊ မင်းဂွတ်သီးများကို မစားရစေကာမူ) ‘ငါ့ကိုဟိုကသည်ကခေါ်ကြပေသည်’ဟု ကိုယ့်ဟာကိုယ် စဉ်းစားရခြင်းသည်လည်း ကြည်နူးဖွယ်ရာတခု ဖြစ်ခဲ့ပေသည်။

## မာနလျှော့ကျပုံ

လူထုမောင်နံ့သည် ပထမတွင် သတင်းစာခေါင်းကြီးအရေးအသားနှင့် ပတ်သက်၍ ကျွန်ုပ်အားဆရာသမားအရာ၌ ထားကြပုံရသည်။ ကျွန်ုပ်၏ စာတလုံး ကိုပြင်ဖို့ သူတို့အတော်တွန့်ဆုတ်ပုံရ၏။ ကျွန်ုပ်မှတ်မိပါသေးသည်။ တနေ့သ၌ ကျွန်ုပ်သည် ခေါင်းကြီးတပုဒ်ရေးပြီး စားတန်းမှ တိုက်သို့မသွားပဲ သူငယ် တယောက်ကိုစေလွှတ်ပေးပို့လိုက်၏။ ထိုအချိန်တွင် မောင်လှမရှိချေ။ တနာရီခန့် ကြာလတ်သော် လူထုတိုက်သားတယောက်ရောက်လာ၍ ဒေါ်အမာက ခေါင်းကြီး၌ ခေါင်းစည်းတပ်ပုံ စာတလုံးပြင်ပေးဖို့ မှာလိုက်ကြောင်း ပြောလေသည်။ ထိုစဉ်ကမူ စာအရေးအသားနှင့် ပတ်သက်၍ ကျွန်ုပ်မှာ အတော်မာနရှိသူ တယောက်ဖြစ်သည် နှင့် မအမာ၏အပြုအမူကို ကျေနပ်လှသည်။ သူရိယတိုက်၌ အလုပ်လုပ်စဉ်က ပီမိုးနင်းသည် ဆရာလွန်း၏စာတလုံးကို ဝေဖန်မိသည်နှင့် ဆရာကြီး အသား ဆတ်ဆတ်တုန်သွားခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ လူထုမောင်နံ့တို့သည် တဖြည်းဖြည်းတွန့်ဆုတ်မှု ပေါ့လျော့လာကြလေရာ ဤနောက်ပိုင်း၌မူ တလမ်း တည်းနေကြ၍ အိမ်ချင်းနီးကပ်လျက်ရှိသော်လည်း စာတလုံးနှစ်လုံးမက တပိုဒ် နှစ်ပိုဒ်ကိုပင် ရဲတင်းစွာ ပြင်ဝံ့ကြလေပြီ။ ကျွန်ုပ်သည် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ဆရာကြီးကဲ့သို့ အသားဆတ်ဆတ်တုန် အောင်မာနကြီးဖို့ ပညာအခြေခံသူတယောက် မဟုတ်သော်လည်း ပထမ၌ တော်တော်အောင့်သွား၏။

ထို့နောက် တဖြည်းဖြည်းတွင်မှ ကျင့်သားရ၍ ခံနိုင်ရည်ရှိလာ၏။ ဤနောက်ဆုံးတွင်မူကား လောကုတ္တရာဘက်၌ အလေးအနက် လေ့လာလိုက်ရာ တွင် စာရေးတတ်ခြင်းသည် ရေကြီးခွင့်ကျယ်ပညာရပ်တခု မဟုတ်ဟူ၍ ယူဆလာသည်ဖြစ်သောကြောင့် လောကီမှုရေးရာ စာပေမျှလောက်ကို မည်သူက ဝေဖန်၍ မည်သူက ပြင်ဆင်ပေးသည်ဖြစ်စေ စိတ်ထဲ၌ တချက်ကလေး

အောင့်သွားရုံထက်ပိုပြီး ကြာရှည်ကြီး အခံရခက်လောက်အောင် မရှိတော့သဖြင့် ကိုယ့်ဟာကိုယ် ဂုဏ်ယူမိပါသည်။

## ကျေနပ်သည်များလည်းရှိခြင်း

ကျွန်ုပ်သည်ဤမှတ်တမ်းကို ရေးရာ၌ စိတ်ထဲတွင်ရှိသမျှကို ရိုးသားစွာ ဖော်ပြတန်သလောက် ဖော်ပြခြင်းဖြစ်သည့်အလျောက် အချို့လူများ ကျေနပ်ခြင်းများလည်းရှိ၍ မကျေနပ်သော အချက်များလည်း ပါရှိပေလိမ့်မည်။ ဤသို့ ဖော်ထုတ်ရေးသားခြင်းများမှာ ထိုထိုသော ပုဂ္ဂိုလ်များအား မြှောက်ပင့်လိုသော ကြောင့်လည်းမဟုတ်၊ ထိခိုက်နာကျင်စေလိုသောကြောင့်လည်း မဟုတ်၊ ကျွန်ုပ်၏ အဆိုးအကောင်း ဝါသနာကလေးများကို တင်ပြလိုသောကြောင့် မျှသာဖြစ်၏။ လူထုမောင်နံ့နှင့်ပတ်သက်၍ မကျေနပ်သည့်အဓိပ္ပာယ်ရှိသော အခြင်းအရာကို ဖော်ပြပြီးနောက် ကျွန်ုပ်အလွန်ကျေနပ်သော အခြင်းအရာကိုလည်း ဖော်ပြရပေမည်။ ကျေနပ်သောအခြင်းအရာကို ဖော်ပြခြင်းသည် သူတို့အား မြှောက်လို၍ မဟုတ်၊ မကျေနပ်သော အခြင်းအရာကိုဖော်ပြခြင်းသည်လည်း သူတို့အားပြုပြင်စေလိုသောကြောင့်မဟုတ်၊ (သူတို့မှာလည်း သူတို့ဝါသနာကလေး တွေနှင့်သူတို့ ရှိကြပေလိမ့်မည်။) ကျွန်ုပ်ကျေနပ်လှသော အချက်မှာ ဤသို့တည်း။ ကျွန်ုပ်သည် တခါတရံဝက်လက်သို့ အလည်အပတ်သွားရာတွင် သုံးရက်လောက် နေမည်ဟု ပြောသွားပြီး လေးငါးခြောက်ရက်ကြာချင်ကြာခဲ့၏။ ကျွန်ုပ်ဘက်က လည်း လူငယ်များဆို၍ မလေးမစားမလုပ်ပဲ ရက်ပို၍ကြာစေကာမူ ကျွန်ုပ်၏တာဝန် ဖြစ်သော ခေါင်းကြီးများကို ဝက်လက်၌ရေး၍ လူငယ်တယောက်ကို စေလွှတ်ပြီး နေ့တိုင်းပို့၏။ ဝက်လက်မှ ပြန်ရောက်လာ၍ မအမာနှင့်တွေ့ရာတွင် သူက "ကိုလှကပြောတယ်၊ ဦးလေးသိန်းဟာ ပြောသွားတဲ့ရက်မှာ ပြန်မရောက်ပေမယ့် သူ့တာဝန်ကိုတော့ သိပ်ဂရုစိုက်တယ်တဲ့"ဟုပြောပေသည်။ ကျွန်ုပ်၏စိတ်ထဲ၌

ဤစကားသည် အလွန်တာသွား၏။ မောင်လုက သူ့မယားအား ကျွန်ုပ်အကြောင်းကိုချီးမွမ်းပြောဆိုခြင်းကား ထားပါဦးတော့၊ ဤစကားကို မအမာက ကျွန်ုပ်အားပြန်ပြောင်းပြောပြခြင်းမှာ အဓိပ္ပာယ်ရှိလှသည်။ အလုပ်ရှင်နှင့် အလုပ်သမားတယောက်အနေဖြင့် ဤစကားမျိုးပြောသော အလုပ်ရှင်သည် အတော်ရှားပေလိမ့်မည်။ အလုပ်သမားတယောက်ကို ချီးမွမ်းလိုက်လျှင် 'ကန်းတက်ပြီး' ခဏခဏပျက်ကွက်၍သွားချင်ရာ သွားနေလိမ့်မည်ဟု ယူဆသော အလုပ်ရှင်တို့သာများပေလိမ့်မည်။ ဟံသာဝတီ ပြောလိမ့်မည်မဟုတ်ဆိုကာ လူထုတိုက်ကိုရွေးချယ်မိခြင်းကား တော်လေစွဟု ခဏခဏ အောက်မေ့မိပါသည်။ ဤစကားတလုံးသည် မအမာ၏ချွတ်ယွင်းချက်ကလေးများကို ဖြေဖျောက်စေပါသည်။

## လောင်းကစားပွဲများ

လူထုတိုက်၌ အလုပ်လုပ်လျက်ရှိစဉ် ကျွန်ုပ်သည် အမြဲစိတ်ကူးရသောခေါင်းကြီးရေးခြင်းအလုပ်ကြောင့် ဦးနှောက်ရှင်းသည့်အနေဖြင့်တကြောင်း၊ လေးကောင်ဂျင်ကစားနည်းပညာကို (အမြဲကစားတတ်သော) လူတယောက်အားသင်ပြပေးလိုသည်တကြောင်းကြောင့် ရှမ်းပြည်ဘုရားပွဲ (ကစားပွဲ)များသို့ တနှစ်တခေါက်သွားလေ့ရှိ၏။ လူထုတိုက်သည် သူရိယတိုက်ကဲ့သို့ အားလပ်ခွင့်ရက်ရှည်ပေးသော စည်းကမ်းသတ်မှတ်ချက်မရှိသည်နှင့် လူထုမောင်နံ့တို့အားမှန်မှန်မပြောပဲ သွားလေ့ရှိ၏။ သူတို့သည် ကျွန်ုပ်၏အတိုင်းအရှည်နားလည်သောသဘောထားကို သိကြမည်မဟုတ်သဖြင့် လောင်းကစားရန် သွားမည်ဟုဖွင့်ပြောလျှင် 'ရှုံးကုန်ပါလိမ့်မည်'ဟု ထင်ကြမည်ဖြစ်သောကြောင့် ဖွင့်၍မပြောခြင်းဖြစ်၏။

၁၉၄၇ခုနှစ်နှင့် ၁၉၄၈ခုနှစ်များတွင် ဘော်ကြီးဘုရားပွဲသို့လည်းကောင်း၊ ၁၉၄၉ခုနှစ်တွင် မြို့ကြီးဒေါင်းမီးပွဲသို့လည်းကောင်း၊ ၁၉၅၀ပြည့်နှစ်တွင် တံတားဦး အောင်ပွဲသို့လည်းကောင်း ဝက်လက်မှ အဖော်များနှင့်သွားခဲ့သည်။ ကျွန်ုပ်၏ အကြံအစည်တခုမှာ ဂျပန်ခေတ်က မန်ကျည်းတုံရွာ၌ လေးကောင်ဂျင် လောင်း ကစားစဉ်ကမူ ဒိုင်လုပ်သူမှာ ရွာသားချင်းဖြစ်၍ ညာညာတာတာ ထိုးရသည်။ ၎င်းဘုရားပွဲ၌မူ တရုတ်ဒိုင်များဖြစ်သောကြောင့် အားနာဖို့မရှိ။ 'တိုက်'လျှင် ပက်ပက်စက်စက် ထိုးယူနိုင်သည်ဆိုကာ စမ်းသပ်ချင်သောစိတ် ပြင်းထန် လျက်ရှိ၏။ သို့ရာတွင် ကျွန်ုပ်၏ဇာတာမှာ ငွေများများကြီးအကျိုးမပေး၊ မငတ်ရုံ၊ သို့မဟုတ် ချောင်လည်ရုံမျှလောက်သာ အကျိုးပေးသည်ဖြစ်သောကြောင့် ဟုတ္တိပတ္တိနိုင်လောက်အောင် 'မတိုက်'ပဲ စရိတ်ကျေရုံမျှနှင့် ပြန်ခဲ့ရသည်သာများ ၏။ ရှုံးသည်ဟူ၍ကား နည်းလှပါသည်။ ကျွန်ုပ်သင်ပြသော လူမှာမူ 'ကိုခင်မောင်' ဆန်ဆန် စိတ်ထားမျိုးရှိသည်ဖြစ်၍ ကျွန်ုပ်၏စံနစ်အတိုင်း အတိအကျလိုက်နိုင် အောင် စိတ်ကိုမချုပ်တည်းတတ်သဖြင့် ရှုံးသည်ကများခဲ့လေသည်။ ဤလေးပွဲ အနက် ၁၉၄၉ခုနှစ်၌ သွားခဲ့သည့်မြို့ကြီးဒေါင်းမီးပွဲမှာ စိတ်ဝင်စားဖွယ် အခြင်း အရာများပါရှိသဖြင့် ဖော်ပြလိုက်ရပါဦးမည်။

## အကျပ်တွေ့လေပြီ

ဘော်ကြီးဘုရားပွဲနှင့် မြို့ကြီးဒေါင်းမီးဘုရားပွဲမှာ တပေါင်းလပြည့်မတိုင်မီ တချိန်တည်း ကျင်းပသည်ဖြစ်ရာ ဤတနှစ်တွင် ကျွန်ုပ်နှင့် အဖော်များသည် ဘော်ကြီးသို့မသွားပဲ မြို့ကြီးဒေါင်းမီးပွဲသို့သွားရန် ဆုံးဖြတ်ကြ၏။ ဘုရားပွဲများ သို့ သွားရာတွင် လေးကောင်ဂျင် လောင်းကစားခြင်းကို အကြောင်းတရပ်အနေဖြင့် ဖော်ပြခဲ့သော်လည်း ကျွန်ုပ်၏အဓိကရည်ရွယ်ချက်မှာ ဒေသ အဆန်းအသစ် များသို့ သွားခြင်းအားဖြင့် 'ဦးနှောက်ဆေး'ရန်ဖြစ်ပါသည်။ ကျွန်ုပ်၏ စိတ်ထားမှာ

နိုင်ဖို့အရေးမကြီး၊ မရှုံးပဲနှင့် ရောက်ခဲ့ရသည်ဆိုလျှင် စိတ်ကျေနပ်နိုင်သူဖြစ်ပါသည်။ ကျွန်ုပ်နှင့် အဖော်နှစ်ယောက်သည် မန္တလေးမှ ညနေခင်းတွင်ထွက်ကြ၍ ကျောက်ဆည်သို့ရောက်သောအခါ ကားပြောင်း၍စီးကြပြီး ည၉နာရီခန့်အချိန်တွင် မြို့ကြီးဒေါင်းမီးပွဲသို့ ရောက်ကြ၏။ ကျွန်ုပ်သည် ၁၉၀၉ခုနှစ်ကလည်း ဤပွဲသို့ သူငယ်ချင်းတယောက်နှင့် ရောက်ခဲ့ဘူးရာ လမ်းခရီးတွင် လွန်ခဲ့သောနှစ်ပေါင်း ၄၀ တိတိက အမှတ်အသားများကို ယခုမှတ်မိသေး၏လောဟု လမ်းခရီးတလျှောက်လုံးဟိုကြည့်သည်ကြည့် သတိပြု၍ ရှာကြည့်ရခြင်းအားဖြင့် ဦးနှောက်အတော်ရှင်းသွား၍ လာရကျိုးနပ်သည်ဟု အောက်မေ့နိုင်လေပြီ။ ပွဲသို့ရောက်သောအခါ ကျွန်ုပ်တို့သည် တည်းခိုရန် အိမ်တလုံးငှားပြီးမှ အလုပ်ခွင်သို့ဝင်ကြသည်။

ကျွန်ုပ်၏အဖော်နှစ်ယောက်သည် ကျွန်ုပ်၏စနစ်အရ လောင်းကစားပါက စိတ်ကိုနိုင်နင်းဖို့ ခဲယဉ်းသည်ဆိုကာ သူတို့ဘာသာ လောင်းကစားကြ၍ အတော်အတန်နိုင်ကြ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏စနစ်အရလောင်းကစား၍ ငွေ၁၅ဝိခန့်နိုင်၏။ ကျွန်ုပ်မှာ လောဘမကြီးပဲ ခရီးစရိတ်သက်သာရလျှင် တော်လောက်ပြီဟုဆိုကာ ပြန်ကြဖို့အကြံပေး၍ သူတို့ကလည်း သဘောတူကြသည်နှင့် ပြန်လာကြသည်။ လမ်းခရီးတွင် ဘုရားပွဲသို့လာကြသော လူများနှင့်ဆုံမိရာတွင် ကျောက်ဆည်မြို့ကို ကရင်သူပုန်များ ဝင်စီးသလိုလို ပြောကြသဖြင့် ကျွန်ုပ်တို့လူစု အတော်တုန်လှုပ်သွား၏။ အဘယ့်ကြောင့်ဆိုသော် မန္တလေးသို့ပြန်ရန်မှာ ကျောက်ဆည်မြို့ကိုမဖြတ်ပဲ မဖြစ်နိုင်သောကြောင့်ပေတည်း။ မန္တလေး–ရန်ကုန်ကားလမ်းပေါ်၌ရှိသော ဟန်မြင်းမိုရွာကလေးသို့ ရောက်ကြသောအခါ လမ်းကြီးပေါ်၌ ကားအသွားအလာ လုံးဝမရှိပဲဖြစ်နေရာ ကျွန်ုပ်တို့စီးလာသော လော်ရီကားသည် ဘုရားပွဲသို့ပြန်တက်ရန် စီစဉ်လေ၏။ ခရီးသည်များလည်း ဆင်းသူများဆင်း၍ ပြန်လိုက်သူများလည်း လိုက်ကြ၏။ ကျွန်ုပ်တို့သုံးယောက်ကား ပြန်မလိုက်လိုကြချေ။ မည်သို့ပြုချေမည်နည်း။ စာရေးဆရာဖြစ်ရခြင်းသည် အကျဉ်းအကျပ်ထဲတွင် ကျွန်ုပ်အားအထောက်အပံ့ပေးခဲ့ဘူးလှပြီဖြစ်ရာ ဤတကြိမ်

တွင်လည်း အဆင်ပြေအောင် ဖန်တီးပေးပြန်လေပြီ။ ကျွန်ုပ်တို့သုံးယောက် ချီတုံချတုံဖြစ်လျက်ရှိကြစဉ် ကားနောက်ပိုင်းမှ ထိုင်၍လိုက်လာသော ခရီးသည်တယောက်က ကျွန်ုပ်အား–

"ဆရာကြီးတို့ဘယ့်နှယ်လုပ်ကြမလဲ"

"အကျပ်ကျနေပြီဗျာ၊ ပွဲကိုလဲပြန်မလိုက်ချင်ဘူး၊ အိမ်က စိတ်ပူနေလိမ့်မယ်"

"ကျွန်တော့်အိမ်လိုက်ခဲ့ကြလေ၊ ကျွန်တော်ကဒီရွာကပါ"

ငွေကလေးကိုယ်စီရှိကြသောကြောင့် ကျွန်ုပ်တို့တွေဝေကာ စဉ်းစားနေကြ၏။

"ကျွန်တော့်ကို ဆရာကြီးကမသိပေမယ့် ကျွန်တော်ကသိပါတယ်၊ လူထုသတင်းစာဖတ်တဲ့လူတယောက်ပါ၊ ကျွန်တော်က ပွဲစား ဦး...ပါတဲ့"

(နာမည်ကိုတော့ ကျွန်ုပ်မေ့သွားပါပြီ။) ကျွန်ုပ်တို့သုံးယောက် တိုင်ပင်ကြ၍ နောက်ဆုံး၌ ဆင်းကြဖို့သဘောတူပြီး ပွဲစား၏အိမ်သို့ လိုက်သွားကြလေ၏။

ပွဲစား၏အိမ်သို့ ရောက်ကြသောအခါ အိမ်မှာ ဤရွာတွင် အကြီးဆုံးဖြစ်သည့်ပြင်အတော်ကျယ်ဝန်းသော ဝင်းကြီးအတွင်း တထောင့်တွင် ဧည့်သည်ကုန်သည်များအတွက် သီးသန့်ဆောက်လုပ်ထားသည့် အိမ်တလုံးလည်း ရှိ၏။ ကျွန်ုပ်တို့သည် ထိုလူ၏အခြေအနေကိုမြင်ကြရသောအခါ သူ့အပေါ်၌ မသင်္ကာစိတ်ရှိသယောင်ဖြစ်ခဲ့ခြင်းအတွက် ရှက်မိကြပါသေးသည်။

## စွန့်၍ထွက်လာခြင်း

ပွဲစားသည် ကျွန်ုပ်တို့အား အိမ်တလုံးလုံးပေးထား၍ လွတ်လပ်ချောင်ချိစွာနေထိုင်ကြရသည့်ပြင် နံနက်စာညစာကို ထမင်းကောင်း ဟင်းကောင်းနှင့်ကျွေးမွေးရုံမက ကော်ဖီများပင် တနေ့သုံးကြိမ်တိုက်ပါပေသည်။ အားလပ်ချိန်များတွင် ပွဲစားသည် ကျွန်ုပ်တို့ထံလာ၍ စကားပြောရာ ( လူထုသတင်းစာ

ဖတ်သော ကျေးဇူးကြောင့်ထင်) နိုင်ငံခြားရေးရာ အကြောင်းကို မန္တလေးမြို့ပေါ်၌နေကြသည့် ကျွန်ုပ်၏အဖော်နှစ်ယောက်ထက် နားလည်ဟန်ရှိ သည်နှင့်ကျွန်ုပ်၏လူနှစ်ယောက်မှာ တယောက်ကိုတယောက်ကြည့်ကာ ပါးစပ်ဟောင်းလောင်း နေကြရလေသည်။ ဤအတောအတွင်း ကျွန်ုပ်တို့သည် ၈ မိုင်ခန့်ဝေးသော ကျောက်ဆည်မြို့သတင်းကို ထောက်လှမ်းစုံစမ်းကြည့်ရာ ကရင်ဝင်သလိုလို၊ မဝင်သေးသလိုလို၊ ဝင်တော့မလိုလို အမျိုးမျိုးသတင်းကြားရ ၏။ လမ်းပန်းအဆက်အသွယ်မှုကား လုံးဝပြတ်တောက်လျက်ပင်ရှိသေး၏။ တတိယနေ့၌ ကျွန်ုပ်က "ကျောက်ဆည်သို့ရောက်အောင် သွား၍စုံစမ်းကြစို့"ဟု ပြောရာ သူတို့နှစ်ယောက်က ခရီးဝေးလွန်း၍ လမ်းလျှောက်ဖို့ညောင်းလိမ့်မည်ဆို ကာငြင်းကြ၏။ ဤတွင် ကျွန်ုပ်က "မောင်ရင်တို့က အသက်၄၀ သမားတွေပါ၊ ၆၀နီးနေတဲ့ အဘိုးကြီးတယောက်လုံးက လျှောက်နိုင်လို့မှ မလိုက်နိုင်ကြဘူးလား" ဟု ကြုံးဝါးငေါက်ငန်းလိုက်လိုက်သည်တွင် လိုက်ပါတော့မည်ဟု ပြင်ဆင်ကြလေ၏။ ကျွန်ုပ်တို့သည် နိုင်ခဲ့သော ငွေကလေးများကို ပေါင်တွင်ကိုယ်စီပတ်လျက် 'ဟန်မြင့်မို'ရွာမှ ခြေလျက်လျှောက်လာခဲ့ကြရာ လမ်းတွင်တုတ်များချိုး၍ တချောင်းစီကိုင်လာကြ၏။ နှစ်မိုင်ခန့်လမ်းလျှောက်ကြသော်လည်း လူသွားလူလာ တယောက်မှမတွေ့။ ဂျပန်ခေတ်ကြီးပျက်တုန်းကထက်ပင် ချောက်ချားလျက်ရှိ၏။ သူတို့နှစ်ယောက် ငွေဘယ့်လောက်ပါကြမည်မသိ၊ ကျွန်ုပ်ကမူ အလကားရခဲ့သော ငွေဆို၍ နှမြောလှအောင်မရှိ၊ တင်းတင်းတောင်းလျှင်ထုတ်ပေးဖို့ အသင့်ရှိပါသည်။ ကြောက်လှသည်ကားမဟုတ်၊ အရာဟုတ်သည်မထင်သော ကိစ္စတခုတွင် စွန့်စားချင်သောစိတ် မရှိသောကြောင့် ဖြစ်ပါသည်။ သုံးမိုင်ခန့် လျှောက်မိကြသောအခါ ကျွန်ုပ်တို့နောက်မှ ဂျစ်ကားတစီးမှီလာ၍ အနီး၌ရပ်ကာ စုံစမ်း၏။ ကားပေါ်တွင် ဒရိုင်ဘာနှင့် လူငယ်တယောက်ပါ၏။ ဒရိုင်ဘာက–

"ဆရာတို့ဘယ်သွားကြမလို့လဲ"

"ကျောက်ဆည်သွားကြမလို့ပဲ"

"ကျွန်တော်တို့လဲ ကျောက်ဆည်သွားချင်တာပဲ၊ မသွားဝံ့လို့ လှည့်ပြန်တော့မယ် စိတ်ကူးတယ်" ထိုအခါ ကျွန်ုပ်၏လူနှစ်ယောက်တို့က ကျောက်ဆည်၌ ဘေးအန္တရာယ်မရှိနိုင်၊ မည်သူမည်ဝါတို့ကို ကောင်းကောင်းသိ သည်၊ အားလုံးတာဝန်ယူနိုင်သည် စသည်များနှင့် သွေးဆောင်ခေါ်ငင်လေရာ ထိုလူက "ဒါဖြင့် ကားပေါ်တက်ကြပါခင်ဗျား"ဟု ကျွန်ုပ်တို့ကို ဖိတ်ခေါ်လေ၏။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ခြေလျင်မလျှောက်ရတော့ပဲ ကားစီး၍သွားနိုင်ခြင်း အတွက် အလွန်ကြည်နူးစွာနှင့် လိုက်ပါလာကြလေ၏။ ဟိုရောက်တော့မှ တာဝန်မယူနိုင်ပဲ တခုခုဖြစ်လျှင်လည်း 'နောင်ခါလာ နောင်ခါဈေး'ဟု သဘောထားလိုက်ကြပါတော့သည်။

## သောင်ပြင်လွတ်သော ခွေးပမာ

ကျောက်ဆည်သို့ရောက်သောအခါ တမြို့လုံး ချောက်ချားလျက်ရှိခြင်းကို တွေ့ရ၏။ အရေးပိုင်နှင့်တကွ အစိုးရအရာရှိအားလုံးသည် မန္တလေးသို့ထွက်ပြေးသွားကြလေပြီ။ သူတို့၏အတွေးမှာ ကရင်သူပုန်များသည် မိတ္ထီလာမှ ကျောက်ဆည်သို့ ချီတက်လာကြပြီဆိုကာ အစိုးရငွေတိုက်မှ ငွေသတ္တာများကိုပါ သယ်ယူသွားကြလေပြီ။ ကျွန်ုပ်တို့၏ ကားကိုမူ မည်သူကမျှ စစ်ဆေးမေးမြန်းခြင်းမရှိ၊ လွတ်လပ်စွာ သွားလာနိုင်ကြလေသည်။ ကားပေါ်၌ရှိသော လူငယ်နှစ်ယောက်သည် သူတို့၏ကိစ္စရှိရာသို့ သွားကြသည်တွင် ကျွန်ုပ်တို့သည် မန္တလေးသို့သွားဖို့ နည်းလမ်းကို စုံစမ်းကြ၏။ ထိုအချိန်၌ ကျောက်ဆည်နှင့် မန္တလေးမှာ အဆက်အသွယ်ပြတ်လျက်ရှိ၏။ မည်သူကမျှ မသွားရဟု တားဆီးခြင်းမရှိ၊ ကားရှင်များနှင့် ခရီးသည်များ ကိုယ်နှိုက်ကထိတ်လန့်ပြီး မသွားဝံ့ပဲ ရှိနေကြခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့သုံးယောက်မှာ ကျောက်ဆည်မြို့တွင်

အသိမိတ်ဆွေရှိသည်မဟုတ်ပဲ ထိုလူငယ်နှစ်ယောက်ကို ဖြန်းသန်းပြီး သွေးဆောင်ခေါ်ငင်လာခဲ့ခြင်းဖြစ်ရာ သူတို့ကား ကိစ္စမရှိ၊ ကျွန်ုပ်တို့၌ ကိစ္စရှိလေပြီ။ အကြောင်းမူကား ကျွန်ုပ်တို့မှာ တည်းခိုစရာရှိသော ဟန်မြင့်မိုရွာမှ တည်းခိုစရာမရှိသော ကျောက်ဆည်မြို့သို့ ရောက်လာကြ၍ လွတ်ထားသည့် ခွေးများပမာဖြစ်နေကြရသောကြောင့်ပေတည်း။ နံနက်စာ မစားခဲ့ရသေးသော ကျွန်ုပ်တို့သုံးယောက်သည် တခုတည်းသော ကုလား လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်နှင့် နံပြားဖြင့်သာ အာသာဖြေကြရပြီးနောက် တနေ့လုံး လှည့်လည်ကာ မန္တလေးသွားဖို့ ဖြစ်နိုင်သောနည်းကို စုံစမ်းရှာဖွေကြ၏။ သို့ရာတွင် ဘယ်မှာမှရှာမရချေ။ ကားတစီးတလေတွေ့၍ ထုံးစံထက် ကားခ သုံးလေးဆပေးပါမည် ပြောသော်လည်း ပို့ဝံ့မည့်သူမရှိချေ။ ခက်ချေပြီတကား။

## ခရီးဆက်ရပြီ

ညနေစောင်းတွင် ငှက်ပျောခိုင်များတင်ထားသော လော်ရီကားတစီးသည် မြို့ထဲတွင်ယောင်လည်လည်နှင့် ဟိုဝင်သည်ထွက်လုပ်နေခြင်းကိုတွေ့ရ၍ စုံစမ်းကြည့်ရာ ပလိပ်သို့ သွားလိုသော်လည်း လျော်မည် မလျော်မည်ကို ချင့်ချိန်လျက်ရှိသည်ဟု သိရ၏။ ဤတွင်ကျွန်ုပ်တို့က "သွားသာသွားပါ၊ ဘာမှ ကြောက်စရာမရှိပါဘူး၊ ကျုပ်တို့လဲလိုက်ပါမည်"ဟု တိုက်တွန်းရုံမက ကားခ လည်း ပို၍ပေးပါမည်ဟု ပြောသည်နှင့် ရွံ့တွန့်တွန့်ဖြင့်ပင် ထွက်လာခဲ့၏။ လမ်းတလျှောက်ရှိ ကျေးရွာများတွင် ရွာသားများသည် လက်နက်ကိုင်ကာ လမ်းပေါ်မှစောင့်၍ ကျွန်ုပ်တို့၏လော်ရီကားကို ရပ်တန့်စစ်ဆေးကြ၏။ ရွာ တရွာ၌မူ ရွာသားတကျိပ်ခန့်သည် ဓား ခက်ရင်း၊ ဝါးရင်းတုတ်စသည့် လက်နက်ကိုယ်စီ ကိုင်စွဲကာ ကားရှေ့မှရပ်၍ တားဆီးကြ၏။ ၎င်းတို့အနက် အကြီးအကဲနှင့် သဏ္ဍာန်တူသော လူကြီးတယောက်၏ ပုံသဏ္ဍာန်မှာ ယခုတိုင်

မျက်စိထဲတွင် မြင်ယောင်သေး၍ ပြုံးမိပါသေးသည်။ ထိုလူကြီးသည် ရောင်ထုံးကြီးကို ထိပ်အလယ်တည့်တည့်တွင် ထုံးလျက် ကာကီဘောင်းဘီတိုနှင့် အကျႌမပါ ဖိနပ်မပါ ဗလာဖြစ်ရသည့်အထဲတွင် သေနတ်ကြီးကို ပခုံးပေါ်၌ ထမ်းလျက် တကျိုပ်ခန့်မျှသော ရွာသားများ၏ရှေ့မှ စစ်ဗိုလ်ကြီးဟန်မျိုးနှင့် ခါးထောက်၍ လျှောက်ယင်း ကျွန်ုပ်တို့အား "ဟိုး"ဟုအမိန့်ပေးလိုက်ရာ ကျွန်ုပ်တို့မှာ သူ၏စစ်သားဟန်အမူအရာကြောင့် မလန့်သည့်ပြင် ပြုံးပင်ပြုံးခဲ့မိပါသေးသည်။ ပလိပ်ရွာသို့ရောက်သောအခါ လော်ရီကားသည် ဆက်လက်၍ သွားမည်မဟုတ် သောကြောင့် ကျွန်ုပ်တို့သည် ကားပေါ်မှဆင်းပြီး ငှက်တစင်း ငှား၍ ရွှေကြက်ယက်သို့ စုန်လာကြ၏။ ညဇနာရီကျော်မှ ဆိုက်ရောက် သွားကြသောအခါ ရွှေကြက်ယက်ရွာကလေးမှာ ကရင်သူပုန်များသတင်းကြောင့် ထိတ်လန့်နေကြ၍ တိတ်ဆိတ်စွာ ကပ်လျက်ရှိကြ၏။ ငှက်သမား၏ အိမ်သို့လိုက်ပြီးပြောင်းဖူးပြုတ်ဖြင့် ပြီးရပြန်၍ တနေ့လုံးထမင်းငတ်ရသော အဖြစ်နှင့် ကြုံခဲ့ရလေသည်။

## ကြောက်ပဲကြောက်လွန်းသည်

နံနက်လင်းသောအခါ မန္တလေးသို့ ဘတ်စ်ကားနှင့်လိုက်ကြ၍ အိမ်သို့ ရောက်ရာတွင် ကျွန်ုပ်တို့အတွက်စိုးရိမ်ပူပန်လျက်ရှိသော အိမ်သားများနှင့် လူထုမောင်နံ့တို့အား အဖြစ်အပျက်ကို ဟုတ်တိုင်းမှန်ရာ ပြောပြရသည်။ စိုးရိမ်ကြခြင်းမှာ မန္တလေးသို့ကရင်သူပုန်များ နေ့လားညလား ဝင်လာမည်ဟု တထိတ်ထိတ် ရှိနေကြရသောကြောင့် ဖြစ်လေသည်။ မန္တလေးမှလူများကမူ ကရင်များ မိတ္ထီလာမှ ဝင်မည်မဟုတ်၊ မေမြို့ဘက်မှ ဝင်လာမည်ဟု သတင်းရကြ၍ ကြောက်လန့်နေကြခြင်းဖြစ်၏။ သို့ဆိုလျှင် ကျောက်ဆည်မှ ပြေးလာကြသော အရာရှိတစုသည် အချည်းနှီးအကြောင်းမဲ့ကြောက်လန့်နေကြ ခြင်းဖြစ်နေ၏။

ကျွန်ုပ်သည် ကြုံတွေ့ခဲ့ရသော ဒုက္ခများအကြောင်းကို ပြန်ပြောင်း ဆင်ခြင် လိုက်သည့်အခါ အရာရှိတစု၏ ညံ့ဖျင်းမှုကြောင့် မိမိတို့ဒုက္ခဖြစ်ရသည်ဟု စိတ်ဆိုးမိသည်။ ဤအတောအတွင်းကျောက်ဆည်ငွေတိုက်မှ မန္တလေးသို့ ငွေများသယ်ယူရာ၌ အတော်များများ ပျောက်ဆုံးခဲ့သည်ဟု ကြားရပြန်ရာတွင် “လုံဖျားပုစဉ်းနားတော့ ကျီးကန်းက ကြောက်ချေးပါသည်”ဆိုသော စကားပုံနှင့် နှိုင်းကာ အရာရှိတစုတို့က အကြောက်လွန်ပုံအကြောင်းကို အတော်ပြင်းထန်သော ခေါင်းကြီးတပုဒ်ရေးထည့်လိုက်၏။ ကျွန်ုပ်တို့ဒုက္ခရောက်ခဲ့ခြင်း အတွက်ကြောင့် စိတ်ကူးရှိသလောက် ပြင်းထန်စွာရှုတ်ချဝေဖန်မိခြင်းဖြစ်သော်လည်း ဝန်ခံပါသည်။ ထိုစဉ်က တိုင်းမင်းကြီးဖြစ်ခဲ့သော ဦးချစ်ဆွေနှင့်လည်း အတော်အတန်သိကျွမ်း၍ ကံအားလျော်စွာ တွေ့ဆုံမိရာတွင် ကျောက်ဆည်အရာရှိများအကြောင်းကို အတော် ဖိနှိပ်၍ တိုင်တန်းမိသေးသည်။ နောက်ဆုံး၌ တာဝန်ရှိသော အရာရှိကြီး များ အရေးယူခြင်းခံရသည်ဟု ကြားရသောအခါ၌ ဝမ်းသာမိသလို ရှိသော်လည်း အပြီးသတ်တွင် မိမိ၏ဒေါသအပြစ်ကို မြင်မိပါသည်။

## ချော့ရသောခေါင်းကြီး

ဤအတောအတွင်း ကရင်သူပုန်များသည် မေမြို့တွင် ဗမာမြို့သူ မြို့သား များ ကိုရာထောင်ချီ၍ သတ်သည်ဟူသော သတင်းများကြားရ၏။ မန္တလေးသို့ ဆင်းလာ လိမ့်မည်ဟူ၍လည်း သတင်းပြေးလျက်ရှိသည်နှင့် မန္တလေးမြို့သားများ အလွန်တရာ တုန်လှုပ်ချောက်ချားလျက်ရှိလေပြီ။ မေမြို့မှ ကရင်များဆင်းလာပြီဟု ကြားကြရာတွင် မန္တလေး၌ရှိသော အစိုးရစစ်တပ်သည် စစ်ကိုင်းဘက်သို့ ရွှေ့ ပြောင်းသွားသည်ဟု ကြားရပြန်၏။ ဤတွင် အစိုးရစစ်တပ်သည် မန္တလေးမြို့သူ မြို့သားများအား အကာအကွယ်မပေးပဲ ပေယျာလကန်ပစ်ထားခဲ့ သည်ဟူသော ခေါင်းကြီးတပုဒ် ရေးမိ၏။ ထို့နောက် ကရင်သူပုန်များသည် မေမြို့မှ မန္တလေးသို့

ဆင်းလာကြ၍ လမ်းခုလတ်သို့ရောက်ပြီဟူသော သတင်းကိုကြားရ၏။ ထိုအခါ ကျွန်ုပ်စဉ်းစားမိသည်မှာ ကရင်သူပုန်များသည် မေမြို့၌ အလွန်ရက်စက်ကြသည် ဆိုရာ မန္တလေးသို့ရောက်သောအခါတွင်လည်း ထိုနည်းအတူ ရက်စက်မည် မဟုတ်ဟု မည်သူမျှမပြောနိုင်၊ အကယ်၍ရက်စက်ကြသည်ဆိုလျှင်လည်း 'အသက် ကို ဖက်နှင့်ထုပ်ထားပေတော့'ဆိုသည့် အခြေအနေမျိုး ဖြစ်သွားပေတော့မည်။ ဤတွင်ကျွန်ုပ်သည် တသက်တာအတွင်း တခါမျှမရေးဘူးသည့် ခေါင်းကြီးမျိုး တပုဒ်ကို ရေးလိုက်ရ၏။ ကျွန်ုပ်ရေးခဲ့သမျှသော ခေါင်းကြီးများမှာ အကြောင်း အရာတခုတွင် မခံချင်သော စိတ်ထားကလေးနှင့် ရေးမိသည်ချည်းဖြစ်၏။ ဤအကြိမ်၌မူ မိမိ၏အသက်အန္တရာယ်ကို ကာကွယ်လိုသော ရည်ရွယ်ချက်ဖြင့် ဗမာတိုင်းရင်းသားအချင်းချင်း ဖြစ်ကြသော ဗမာနှင့်ကရင်ဆိုသည်မှာ ညီအစ်ကို အရင်း ခေါင်းနင်းဆင်းပမာ ဖြစ်ခဲ့ကြသည့်အလျောက် တဘက်နှင့်တဘက် အထင် အမြင်မှားမှုများ ရှိသည့်အခါတွင် ဒေါသအလျောက်မပြုကြမူ၍ တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး မေတ္တာတရား ရှေ့ထားကာ ပြုမူကြမည်ဆိုပါက မပြေလည် နိုင်သောပြဿနာဟူ၍ ရှိမည်မဟုတ်ကြောင်း စသည်များဖြင့် ဖျောင်းဖျရေးသား လိုက်လေ၏။ အကယ်တန္တု ကရင်များဝင်လာ၍ (ဝင်ဖို့ကလည်း သေချာ သလောက်ဖြစ်နေသည်။) လူထုသတင်းစာ အပေါ်၌ မျက်မုန်းကျိုးမှု၊ အာဃာတ ထားမှုဖြင့် အပြစ်ရှာခဲ့သော် ဤခေါင်းကြီးကို အထောက်အထားလုပ်၍ ရှင်းလင်း တင်ပြရန်ပင် ဖြစ်လေသည်။ သတင်းစာခေါင်း ကြီးအနေဖြင့် ကိုယ့်အတွက်ငဲ့၍ ရေးသားခြင်းမှာ သတင်းစာဆရာတသက်တာတွင် ဤတကြိမ်မျှသာ ကြုံခဲ့ရဘူးပါ သည်။

## ကရင်သူပုန်များဝင်လာခြင်း

မန္တလေးမြို့သူမြို့သားများသည် မေမြို့မှ ကရင်များဆင်းလာသည်ဟု ကြားကတည်းက ထိတ်လန့်တုန်လှုပ်ကြ၍ နှစ်ရက်သုံးရက်မျှ ကျီးလန့်စာစား နေကြရပြီးနောက် ကရင်များဝင်လာကြလေပြီ။ သို့သော် ကရင်များသည် နန်းတော်အတွင်း၌ စတည်းချကြ၍ မြို့တွင်း၌အလံဖြူနီများ အုပ်ချုပ်ကြသည် ဆိုသောကြောင့် မေမြို့သူ မေမြို့သားများ၏ ဆိုးရွားသောအဖြစ်မျိုးမှ လွတ်ကင်း ချမ်းသာရာ ရကြသဖြင့် ကံကောင်းလှပေသည်။ ဝင်ခါစညများ၌ ဘယ်ဆီက ဘာလက်နက်များနှင့် ပစ်သည်မသိ၊ မီးလုံး (အမြောက်ဆန်လော၊ မော်တာ လော) များတက်လာ၍ ကျွန်ုပ်တို့၏ အိမ်မိုးပေါ်သို့ဖြတ်ကျော်သွားခြင်း ကို တွေ့ရသဖြင့် ဗုံးကျင်းတူးသူများတူးကြ၏။ တခါတရံတွင် ဗုံးကျင်းထဲသို့ဆင်း၍ ပုန်းအောင်းကြ ရသော အလှည့်များလည်းရှိ၏။ ဂျပန်၊ အင်္ဂလိပ်ဗုံးများကိုပင် မပုန်းခဲ့သော ကျွန်ုပ်မှာမူ ၁၅ မိနစ်ခန့်လောက်တွင်မှ တချက်လောက်ပစ်သော ဤအသံမျှ လောက်ကို မဖြုံပဲ လှေကားရင်းမှထိုင်၍ ကြည့်နေခဲ့သည်။ (ရဲသည်ဟု ကြွားလိုသောကြောင့်မဟုတ်၊ အရမ်းကြောက်တတ်သောလူများ တွက်ချက်တတ်စေ ရန်ဖြစ်သည်။) ကရင်ဝင်ပြီးနောက် တရက်နှစ်ရက်အကြာတွင် ဗမာအစိုးရက လေယာဉ်ပျံဖြင့် ဗုံးတလုံးကြဲချခြင်းကို တွေ့ရ၍ ဝမ်းနည်းမိသည်။ ဤအပြုအမူ သည် အပြည်ပြည်မှအစိုးရတို့ ပြုမူကြသော ခံစစ်ပရိယာယ် ဖြစ်လေသလော မပြောတတ်။ ကျွန်ုပ်၏အမြင်အရ အလွန်မှားသော အပြုအမူ ဖြစ်သည်ဟု ထင်မိသည်။ မန္တလေးမြို့အတွင်းသို့ သူပုန်များဝင်လျက်ရှိ၍ (ပြည်ပရန်သူပင် ဖြစ်စေဦးတော့) မြို့သူမြို့သား တရာတွင်မှ ရန်သူတယောက် လောက်သာရှိမည် ဖြစ်သောကြောင့် မြို့ပေါ်သို့ ကောင်းကင်မှဗုံးများကြဲချသော အလုပ်သည် သေစရာ ရှိလျှင် မြို့သူမြို့သားများ သေကြရမည်ဖြစ်သဖြင့် ကိုလိုနီ နယ်ချဲ့သမားများ၏

စစ်တိုက်နည်းဖြစ်၍ ကိုယ့်မင်းကိုယ့်ချင်း အစိုးရများက အတုခိုးနည်းယူ ထိုက်သည်မထင်ပေ။ ဗမာအစိုးရသည် ကောင်းကင်မှ လေယာဉ်ပျံနှင့် ဗုံးကြဲချခြင်းအလုပ်ကို တကြိမ်မျှသာ စမ်းကြည့်ခြင်းကိုတွေ့ရ၍ မိမိတို့၏အမှားကို မြင်ကြဟန်ရှိပေသည်။ သူပုန်များဝင်နေကြသည့်အချိန်တွင် ကျွန်ုပ်တို့၏ လူထု သတင်းစာတိုက်ကို ပိတ်ထားရသည်။

## ဒိုင်းနမိုင်းခွဲခြင်း

၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ဗမာ့တပ်မတော်က မန္တလေးမြို့ကို ပြန်လည်သိမ်းပိုက်ရာတွင် ဂုံတန်ဆေးရုံးဝင်းအတွင်းရှိ လူထုသတင်းစာတိုက်ကို ဒိုင်းနမိုင်းဖြင့် ဖြိုခွဲလိုက်၏။ လူထုသတင်းစာ အလုပ်တိုက်မှာ ယခုကဲ့သို့ လက်ဆည်ကန် (ဗိုလ်ချုပ်လမ်းကြီး)ပေါ်၌မဟုတ်သေးပဲ ဆေးရုံးဝင်းအတွင်း ဝါးတဲကြီးနှင့် ရှိသေး၏။ ကျွန်ုပ်သည် ထိုအချိန်တွင် ၎င်းဝါးတဲကြီးနှင့် မျက်နှာချင်း ဆိုင်တွင်ရှိသော အုတ်တိုက်ဟောင်းကြီးတခုတွင် (ဒေါ်စုတို့၏ တိုက်ဖြစ်သည်။) အိပ်ရာပေါ်၌ စာဖတ်လျက်ရှိရာ ဒိုင်းနမိုင်းကိရိယာများနှင့် တဲကြီးထဲသို့ ဝင်သွားသော စစ်သားများကို မြင်လိုက်ရ၏။ တိုက်အိုကြီးထဲတွင် ကျွန်ုပ်တို့ အရပ်ထဲမှ စုပေါင်းခိုအောင်း၍နေကြသော လူများသည် တိုက်ထဲမှ ထွက်ပြေးကြလေရာ ကျွန်ုပ်ကမူ ဒိုင်းနမိုင်းခွဲသော်လည်း ကျွန်ုပ်အဖို့ အန္တရာယ် မရှိနိုင်ဆိုကာ စာဖတ်မြဲတိုင်း ဖတ်နေ၏။ တခဏမျှကြာသော် ပြင်းထန်လှသော ပေါက်ကွဲသံကြီး ဖြစ်ပေါ်လာ၍ အမိုက်သရိုက်နှင့် ဖုံများသည် ဖွင့်ထားသော အပေါက်မှ ပက်လက်လှန်လျက် စာဖတ်နေသော ကျွန်ုပ်ထံသို့ ဝုန်းကနဲ ဝင်လာသည်နှင့် ဝေါက်ကနဲ ထထိုင်လိုက်ရာ တိုက်အိုကြီး၏ နံရံများသည် ဆင်နားရွက် ခတ်သည့်နှယ် လှုပ်ခါနေခြင်းကို မြင်လိုက်ရသည်။

ဤတွင် ထ၍ပြေးရမည်လောဟု အကြံဖြစ်သော်လည်း ဒိုင်းနမိုင်းတလုံးခွဲလျှင် လဲပြိုပျက်စီးမည့်တဲကြီးဖြစ်၍ နောက်ထပ်ခွဲဖို့လိုမည်မထင်ဟု ဆုံးဖြတ်ပြီး ထ၍မပြေးပဲ တဲကြီးဘက်သို့ တိုက်ပေါက်မှ လှမ်းကြည့်လိုက်၏။ လဟာပြင်တခုလုံးကား မီးခိုးနှင့် မြူမှုန်များနှင့် မှောင်မည်းလျက်ရှိခြင်းကိုတွေ့ရ၏။ မီးတောက်များ မတွေ့ရသောကြောင့် ထွက်ပြေးဖို့မလိုဟု ဆုံးဖြတ်လိုက်သည်။

## ဦးလှလိုက်ခဲ့ပါတဲ့

ဖုံနှင့်မီးခိုးများလွင့်စင်သွား၍ ကောင်းစွာမြင်နိုင်လောက်သောအခါ ကျွန်ုပ်သည် ခုတင်ပေါ်မှထလာ၍ လူထုသတင်းစာပုံနှိပ်တိုက်ဖြစ်ခဲ့သော တဲကြီးကို လှမ်းကြည့်လိုက်ရာတွင် အမိုးအကာများ မရှိတော့ပဲ ပျက်စီးယိုယွင်းလျက်ရှိသော ဝါးအဆောက်အအုံပျက်ကြီးကိုတွေ့ရ၏။ ထိုအတောအတွင်း လူထုသတင်းစာတိုက်ပိုင်ရှင်များ နေထိုင်သော ဗိုလ်ချုပ်လမ်းဆီမှ ကြွက်စီကြွက်စီကြားရ၍ လူများစုရုံးလျက်ရှိခြင်းကို မြင်ရသည်တွင် ၎င်းလမ်းဘက်သို့ ထွက်လာခဲ့သည်။ ယခုမြန်မာစက္ကူဆိုင်ဖြစ်နေသော တိုက်ခန်းရှေ့၌ ဂျစ်ကားတစီးဆိုက်ထား၍ စစ်သားသုံးလေးယောက်ကိုလည်း မြင်ရ၏။ တိုက်ခန်းတွင်းသို့ လှမ်းကြည့်လိုက်သောအခါ မအမာနှင့်ကလေးများအပြင် မောင်လှ၏ခါးကို ဆွဲထားသည့် (မအမာ၏ညီမ) မတင်တင်တို့ကိုမြင်ရ၏။ မတင်တင်က "မထည့်နိုင်ဘူးရှင်၊ ကိုကိုလှကိုတော့ မထည့်နိုင်ဘူးရှင်"ဟု ပြောလျက်ရှိသဖြင့် ကျွန်ုပ်စုံစမ်းကြည့်ရာ နန်းတော်ထဲ၌ရှိသော ဗိုလ်မှူးကျင်က လူထုဦးလှကို တွေ့ချင်၍ အခေါ်ခိုင်းခြင်း ဖြစ်ကြောင်းသိရလေသည်။ စစ်သားများကလည်း မလိုက်ပဲမဖြစ်ကြောင်း ပြောလျက်ရှိ၍ ကားပေါ်သို့တက်ခိုင်း၏။ ငြင်းဆန်၍မဖြစ်နိုင်ကြောင်း သိကြသောအခါ မတင်တင်နှင့် မအမာတို့သည် ဘေးအန္တရာယ်ရှိသည်ထင်ကြသော လူထုဦးလှအတွက် အဖော်ရစေရန်ဆို၍ ၎င်းတို့၏မိဘများကိုထည့်ဖို့ သတိမရကြပဲ ကျွန်ုပ်

အား လိုက်သွားဖို့ တိုက်တွန်းကြလေသည်။ ထိုအခါ ကျွန်ုပ်သည် ခါး၌ဝတ်ထားသည့် စွပ်ကျယ်ကလေးနှင့်ပင် ကားပေါ်သို့ တက်လိုက်သွားရာ လူထုဦးလှ၏ ဝဖြိုးဝိုင်းစက်သော မျက်နှာမှာ ပူဒီမုန့်ထက် ကြီးတော့သည် မထင်ပါ။

## ဗိုလ်မှူးကျော်နှင့်တွေ့ခြင်း

လမ်းခရီး၌ ကျွန်ုပ်သည် စစ်တပ်နှင့်ပတ်သက်၍ အငြိအစွန်းရှိသည့် အရေးအသားမျိုးရေးခဲ့မိဘူးပါသလောဟု စဉ်းစားကြည့်ရာ ကရင်များ ဝင်လာမည်ဆိုစဉ်က စစ်တပ်သည် ကျွန်ုပ်တို့မြို့သူမြို့သားများအား အကာအကွယ်မပေးပဲ ပေယျာလကန် ပစ်ထားခဲ့သည်ဟု ရေးခဲ့ဘူးခြင်းကို သတိရ၏။ ဤတွင်ကျွန်ုပ် ကျောစိမ့်သွားခြင်းကို ဝန်ခံရပေမည်။ ဗိုလ်မှူးကျော်သည် လူထုဦးလှအား ထမင်းစားဖိတ်၍ ကျွန်ုပ်ကအဖော်လိုက်ရခြင်း မဟုတ်၊ လူထုတိုက်ကို ဒိုင်းနမိုင်းခွဲပြီး ချက်ချင်းအခေါ်ခိုင်းခြင်းဖြစ်သဖြင့် မကျေနပ်ချက်ရှိရမည်ဖြစ်ရာ အထက်ပါ မှတ်ချက်ကို ရေးခြင်းသည်လည်း အကြောင်းတရပ်ဖြစ်ရမည်ဟု ကျွန်ုပ်တွေးမိသော ကြောင့်ဖြစ်ပါသည်။ မှတ်ချက်ရေးသော အယ်ဒီတာသည်လည်း ကျွန်ုပ်ပင်ဖြစ်၍ ကျွန်ုပ်ကျောစိမ့်သည်ဆိုခြင်းမှာ ကြောက်တတ်လှသည်ဟု မစွပ်စွဲသင့်ပါ။ နန်းတော်ထဲသို့ရောက်၍ ဗိုလ်မှူးကျော်၏ရှေ့သို့ ခေါ်သွားကြရာတွင် ကျွန်ုပ်သည် ဗိုလ်မှူးကျော်၏မျက်နှာကို အကဲခတ်လိုက်သောအခါ ရွှင်ရွှင်ပျပျကြီး မဟုတ်လှသော် လည်း မျက်နှာထားဆိုးကြီးမျိုးမဟုတ်ခြင်းကို တွေ့ရ၍ ကိစ္စမရှိတန်ရာဟု ကိုယ့်ကိုယ်ကို အားပေးလိုက်ရသည်။ ဗိုလ်မှူးကျော်သည်ကျွန်ုပ်တို့အား နေရာထိုင်ခင်းပေး၍ ကုလားထိုင်များပေါ်၌ ထိုင်လျက်ရှိကြစဉ် စစ်ဗိုလ်ကလေးများသည် အနီးတွင်ဝိုင်းရံကာ ရပ်လျက်ရှိကြ၏။ စစ်ဗိုလ်ကလေးများအနက်တွင် မျက်နှာသိတယောက်ပါ၏။ ထိုသူမှာမေဂျာဘဖြူဖြစ်လေရာ သူသည် မြတောင်ရွာသား တယောက်ဖြစ်၍ ဇနီးမစိုးနှင့် ဆွေမျိုးနီးစပ်ပင် တော်ပေသေးသည်။ သူ့ကို

မြင်ရ၍ ကျွန်ုပ်ကပြုံးရယ်လိုက်သည်တွင် သူသည် ကျွန်ုပ်မျှော်လင့်သကဲ့သို့ ပြုံးပြုံးရွှင်ရွှင် မလုပ်ပဲမဆိုစလောက်ကလေးမျှ သွားကလေး ဖော်ပြလိုက်ခြင်းကို တွေ့ရသဖြင့် ဤအမူအားမသေးလှပဟု အကဲခတ်မိသည်။

ထိုအခိုက်တွင် ကျွန်ုပ်အား တွန်းထိုးထည့်ပေးလိုက်ကြသည့် မတင်တင်နှင့် မအမာတို့အပေါ်တွင်ကျေးဇူးတင်သောစိတ် မဖြစ်ပေါ်လာခြင်းကို ဝန်ခံပါသည်။ ဗိုလ်မှူးကျင်က စကားပြော၍ ခေတ္တစကားပြတ်သည်တွင် စစ်ဗိုလ်ကလေး တယောက်က "ခင်ဗျားတို့က ကျွန်တော်တို့ အကြောင်းတွေ ရေးပုံက မကောင်းဘူးဗျ" ဟု ဝင်ပြောလိုက်ရာ ကျွန်ုပ်၏စိတ်ထဲ၌ မြို့သူမြို့သားများအား စစ်တပ်က ပစ်ထားခဲ့ပုံ အကြောင်းရေးခြင်းကို ပြောတော့မည်ဟု ရိပ်မိ၍ ခိုကိုးရာမဲ့ဖြစ်ပြီး အားငယ်သည်နှင့် ရေးမိခြင်းဖြစ်ကြောင်း ပြောမည်ဟု ပြင်ဆင်ထား၏။ သို့ရာတွင် ဗိုလ်မှူးကျင်သည် စစ်ဗိုလ်ကလေးအား 'ရှူး ရှူး ရှူး'ဟု သတိပေးလိုက်သည်နှင့် စစ်ဗိုလ်ကလေးက ရပ်တန့်သွား၍ တော်ပါသေး၏။ သို့မဟုတ်ခဲ့လျှင် ကျွန်ုပ်ပြောမည့်စကားကို စစ်ဗိုလ်ကလေးကမည်ကဲ့သို့ လက်ခံမည်မသိ။ ဤအတွက်အရေးယူဦးမည်လော မပြောနိုင်ပေ။ ထို့နောက် ဗိုလ်မှူးကျင်သည် စစ်ဗိုလ်ကလေးစကားပြောခွင့်မရအောင် အခြားအကြောင်းအရာများကို ဆက်လက်ပြောသည်နှင့် စကားပြတ်၍ သွားပါတော့သည်။ နောက်ဆုံး၌ ဗိုလ်မှူးကျင်သည် ကျွန်ုပ်တို့အား ပြန်ခွင့်ပြု၍ စစ်သားများအား ကျွန်ုပ်တို့ကို လိုက်ပို့ရန် အမိန့်ပေးလိုက်ရာ အိမ်သို့ပြန်ရောက် သောအခါတွင် အားလုံးသော အိမ်သူအိမ်သားများက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြခြင်းကို မှတ်မိပါသေးသည်။ (ဗိုလ်မှူးကျင်သည် ပတ်ဝန်းကျင်၌ရှိသော စစ်ဗိုလ်ကလေးများထက် သဘောကောင်းပုံရသည်ဟူသော အထင်အမြင်သည် ကျွန်ုပ်၏စိတ်ထဲတွင် ယနေ့တိုင် စွဲလျက်ရှိပါသည်။)

## အနတ္တခေါင်းကြီးများ

သတင်းစာခေါင်းကြီးများ ရေးရာတွင် ပေါ်ပင်သတင်းနှင့် ပတ်သက်၍ (Topical) ရေးနိုင်လျှင် အကောင်းဆုံးဖြစ်သည်ဟု ခေါင်းကြီးရေးသမားတိုင်း နားလည်ကြပေရာ အရေးကြီးသည့် ပေါ်ပင်သတင်းမရှိသည့်အခါတွင် အခြား လူများသည် ဘာကိုလက်ကိုင်ထားကြသည် မပြောတတ်ပေ။ ကျွန်ုပ်မူကား နက်လည်းနက်နဲရမည်၊ လူသာမန်များလည်း နားလည်နိုင်ရမည်ဟူသော 'အနတ္တ' အကြောင်းကို လက်ကိုင်ပြု၍ ရေးလေ့ရှိ၏။ ကျွန်ုပ်ရေးခဲ့သည့် 'အနတ္တ'ခေါင်းကြီး များမှာ ဘုန်းကြီးများဟောသည့် (ဘုန်းကြီးချင်းသာနားလည်နိုင်သော) 'ပါဠိ အနတ္တ'မျိုးမဟုတ်၊ သတင်းစာဖတ်ပရိသတ်များ ဉာဏ်လှမ်းမှီနိုင်သည့် လက်တွေ့ နှင့် သဘာဝအကြောင်းအရာများ ဖြစ်သည့်အတွက်ကြောင့် (လက်မခံနိုင် ကြလျှင်ရှိစေ) ဘာကို ဆိုလိုသည်ဟူ၍မူကား နားလည်ကြသည်ဟု ပြောကြပါ သည်။ မဟာစည်ဆရာတော်ဘုရားသည် ထိုစဉ်အခါက ယခုကဲ့သို့ 'နေမြင်လမြင်' ဆိုကြသည့် အခြေအနေသို့မရောက်သေးပဲ ဆိပ်ခွဲရွာကလေး၌ပင် သတင်းသုံး လျက်ရှိသေးရာ ဆရာတော်၏တပည့်ရင်းတယောက်သည် ကျွန်ုပ်၏ 'အနတ္တ ခေါင်းကြီး' များ အကြောင်းကို လူပြောများ၍ သတင်းကြားသည့်လက္ခဏာ နှင့် (သတင်းစာဖတ်သူတယောက် မဟုတ်၍ သူကိုယ်တိုင်ဖတ်မိခြင်း ဟုတ်ဟန်မတူ) ကျွန်ုပ်ထံသို့ရောက်လာ၏။ စကားစ၍ပြောလိုက်သောအခါ ဤလူသည်ကျွန်ုပ်၏ 'အနတ္တ'ခေါင်းကြီးများကို သဘောကျ၍ ဆွေးနွေးရန်လာသည် ဟု ထင်မိ၏။ သို့ရာတွင် ဤပုဂ္ဂိုလ်ကား 'ယူ'ရန်မဟုတ်၊ 'ပေး'ချင်၍လာခြင်းဖြစ်သည်ဟု ကျွန်ုပ်အကဲခတ်မိသည်နှင့်တပြိုင်နက် စကားလှ၍မပြောတော့ပဲ သူ့ကို လွှတ်ပေး လိုက်၏။ ထိုအခါသူသည် ဆရာတော်၏ 'အဖောင်းအပိန်' နည်းကို ဟောပြော လေသည်။ ကျွန်ုပ်သည် တရားဆွေးနွေးရာ၌ စကားရှည်ခြင်းကို မကြိုက်တတ် သော ဝါသနာအတိုင်း "ခင်ဗျားဟောခြင်းထက် ခင်ဗျားဆရာတော်ကို ဖူးတွေ့

လိုသည်၊ ဘယ့်နှယ်လဲ”ဟုမေးရာ ဆရာတော်ကိုမတွေ့မီ ဆရာတော်၏စာအုပ်ကို ဖတ်ပါဦးဟုပြော၍ ဆရာတော်ရေးသည့် စာအုပ်နှစ်အုပ် လှူပါသည်။ စာအုပ်များမှာ တအုပ် ၁၀စီဖြစ်၍ ဤပုဂ္ဂိုလ်၏စေတနာကို ကျွန်ုပ် လေးစားသည့်အလျောက် သူလှူသော စာအုပ်ကြီးနှစ်တွဲကို လေးလေးနက်နက် ဖတ်ရှုဆင်ခြင်ပါသည်။

## စမ်းသပ်အားထုတ်ခြင်း

ကျွန်ုပ်သည်အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မိစဥ်ဖဆက်တရားစမ္မ ဝါသနာ ထုံခဲ့သူဖြစ်၍ ကိုယ့်ဆရာ၏နည်းအတိုင်း တပင်တပန်း အားထုတ်ခြင်းအားဖြင့် ယထာဘူတ သဘာဝကိုအထိုက်အလျောက် သဘောပေါက်ထားသည်ဟု ယုံကြည်ထားစေကာမူ ကိုယ့်ဆရာတော်၏နည်းနာနိဿယမှတပါး အလကားဟာချည်းဖြစ်သည်ဟု ကျဉ်းမြောင်းသော သဘောထားရှိသူတယောက် မဟုတ်သည့်အလျောက် ဤဆရာတော်၏နည်းအား ယုတ်စွအဆုံး စမ်းသပ်ထိုက်သောနည်းတခုဖြစ်ပေသည်ဟု ဆုံးဖြတ်လိုက်၏။ (လက်တွေ့အားထုတ်ခြင်းမဟုတ်ပဲ ကျမ်းဂန်ထဲမှ ထုတ်ပြီးရေးကြသည့် အခြားနည်းလမ်းများကို ဖတ်ရဘူးသော်လည်း စမ်းသပ်ထိုက်သည်ဟု ကျွန်ုပ်မယူဆခဲ့ပါ။) သို့ဖြစ်၍ နောက်တကြိမ် ထိုမိတ်ဆွေလာသောအခါတွင် စမ်းသပ်အားထုတ်ဖို့သဘောတူကြောင်း ကျွန်ုပ်ကပြောသည်နှင့် ထိုသူသည် ကျွန်ုပ်အားထုတ်ရေးအတွက် ဝမ်းမြောက်ဝမ်းသာတာဝန်ယူ၍ အစီအစဉ်ပြုလုပ်ပေးပါသည်။ လူထုမအမာ၏ဖခင် ဦးထင်သည် ကျွန်ုပ်နှင့်အတူလိုက်၍ အားထုတ်ရန်သဘောတူသည်နှင့် ကျွန်ုပ်သည် လူထုတိုက်မှ အခွင့်ခုနှစ်ရက်ယူ၍ စစ်ကိုင်းတောင်ရိုးရွှေမင်းဝံချောင်သို့ သွားကြလေ၏။

မဟာစည်ဆရာတော်၏တပည့် ကျွန်ုပ်၏ဓမ္မမိတ်ဆွေမှာ ရေဦးမြို့ဆန်စက်ပိုင် (ယခုကောလင်းမြို့ ဆန်စက်ပိုင်) ဦးဘသင်ဖြစ်လေရာ သူသည်

ရွှေမင်းဝံချောင်သို့ ကျွန်ုပ်တို့နှင့် အတူလိုက်၍ ရက်သတ္တတပတ်ခန့်ထိုင်ဖို့ ကျွန်ုပ်တို့အတွက် စားရေးသောက်ရေးပါ အစီအစဉ်ပြုလုပ်ပေးသွားပါသည်။ (သူ့ဆရာတော်၏နည်းအတိုင်း အားထုတ်မည့်သူဆိုလျှင် လူ၊ရှင်၊ရဟန်း၊ သီလရှင် မရွေး တာဝန်ယူဖို့ အသင့်ရှိသည်ဟူ၍ ပြောဘူးပါသည်။) ရွှေမင်းဝံချောင်သို့ ရောက်ကြသောအခါ ကျွန်ုပ်တို့အား ပြသမည့်ပုဂ္ဂိုလ်မှာ ဆရာတော်ဦးကောသလ္လ ဖြစ်၏။ ဦးကောသလ္လမှာ မူလက မိုးညှင်းဆရာတော်၏ လက်ရုံးဖြစ်ခဲ့ရာ ဦးဘသင် တိုက်တွန်းမှုကြောင့် မဟာစည်ဆရာတော်နည်းအရ အားထုတ်ပြီး ရွှေမင်းဝံချောင်၌ နည်းပြဆရာတော် အဖြစ်နှင့် သီတင်းသုံးနေသော ပုဂ္ဂိုလ်ဖြစ်ပါသည်။ ဦးဘသင် သည် ကျွန်ုပ်တို့နှစ်ယောက်ကို ဦးကောသလ္လထံသို့အပ်၍ တညအိပ်ပြီးနောက် မန္တလေးသို့ပြန်သွားလေသည်။

## ကြိုးစားခဲ့ပုံ

နောက်တနေ့၌ (တန်ဆောင်မုန်းလပြည့်နေ့ဖြစ်ပါသည်။) ဆရာတော်သည် ကျွန်ုပ်တို့နှစ်ယောက်အား အဖောင်းအပိန်နည်းကို သင်ပြပေး၍ စတင်အားထုတ် ကြပါသည်။ ကျွန်ုပ်မှာ ဝိပဿနာအလုပ်နှင့် ပတ်သက်၍'အစိမ်း'တယောက် မဟုတ်သဖြင့် ဤကား သမထ၊ ဤကား ဝိပဿနာ ဖြစ်သည်ဟု သိနှင့်ပြီးသော 'အခံ'ကလေးများပါရှိသော်လည်း အသိများကို အားလုံးဖယ်ထား၍ ဤနည်း သက်သက်ဖြင့် စမ်းသပ်အားထုတ်ပါတော့မည်ဟု သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဆရာတော်ညွှန်ကြားသင်ပြသည့်အတိုင်း (ဆင်ခြေကန်ခြင်း၊ နငယ်အမြီးဆက်ခြင်း စသည်တို့ကို ရှောင်ရှားပြီး) တိတိကျကျ ဂဃဏန မှတ်သားလိုက်နာခဲ့ပါသည်။ လပြည့်ကျော်ခါစရက်များဖြစ်၍ ကျောင်းဝင်းကြီးမှာ ထိန်ထိန်လင်းလျက်ရှိရာ 'အကြွ အလှမ်း အချ'တို့ကို ဆရာတော်ပြောသည့်အတိုင်း မှတ်ကာ ကျောင်းဝင်းကြီး ပတ်ပတ်လည် စင်္ကြံလျှောက်ချည်တလှည့်၊

ကျောင်းပေါ်၌ 'အဖောင်းအပိန်' မှတ်ချည်တလှည့်ဖြင့် တည၌လုံး အချိန်ကုန်စေသည့်ညဥ့်များလည်း ပါရှိပါသည်။ သုံးလေးရက်ကြာလတ်သော် သမာဓိအား အလွန်ကောင်း၍ မိမိ၏စိတ်ကိုအတော်ကြီး နိုင်နင်းလာပါသည်။ အိပ်ချင်လာသောအခါ "မအိပ်ချင်ပါနဲ့"ဟု အမိန့်ပေးရုံနှင့် ချက်ချင်းလိုပင်ပြေပျောက်သွားပါ၏။ အထိုင်အထ ပေါ့ပါးပါ၏။ စိတ်ကြည်လင်ပါ၏။ 'အဖောင်းအပိန်' တည်းဟူသော အာရုံမှတပါး အခြားသို့မထွက်ပဲ အကြာကြီးနေနိုင်ပါသည်။ သို့ရာတွင် ကျွန်ုပ်မျှော်လင့်သည့် (ဝိပဿနာ) ဉာဏ်အမြင်မျိုးမှုကားမပေါ်လာချေ။

## ထူးဆန်းသော အတွေ့အကြုံ

ပဉ္စမမြောက်နေ့၌ နံနက်ခင်းတွင် ကျွန်ုပ်သည် အဖောင်းအပိန်အလုပ်ကို သဲသဲမဲမဲလုပ်လေရာ ဝမ်းဗိုက်၏ ဖောင်းခြင်း ပိန်ခြင်းများကို ရှုမှတ်ခြင်းအားဖြင့် ရေပေါ်၌ လှိုင်းစီးလျက်ရှိသော စင်ရော်ငှက်သဖွယ် မိမိကိုယ်ကိုထင်မြင်လာ၏။ ရန်ကုန်ဆိပ်ကမ်း၌ စင်ရော်ငှက်များ လှိုင်းစီးခြင်းကို ကျွန်ုပ်မြင်ဘူးရာ ဝမ်းဗိုက်ဖောင်းခြင်းသည် လှိုင်းဝင်လာခြင်းနှင့်တူ၍ ဝမ်းဗိုက်ပိန်ခြင်းသည် လှိုင်းထွက်သွား၍ နိမ့်သွားခြင်းနှင့်တူ၏။ ဖောင်းချည်ပိန်ချည်ရှိသော အခြင်းအရာသည် လှိုင်းပေါ်ရောက်လိုက် အောက်ကျလိုက်ဖြစ်နေသော အခြင်းအရာနှင့်တူလှသည် ဖြစ်သောကြောင့် ကျွန်ုပ်တကိုယ်လုံး လှိုင်းစီးနေရသကဲ့ သို့ အလွန်ငြိမ့်လှပေ၏။ အဖောင်းအပိန်ကို ရှုမှတ်ရခြင်းကြောင့် ပင်ပန်းသည်ဟု ယခင်က ထင်ခဲ့ရာမှ ယခုမူ လှိုင်းစီးရသကဲ့သို့ ငြိမ့်သည်ထင်လာသောကြောင့် ဇိမ်အမျိုးရှိသည်ဆိုကာ ကျေနပ်လျက်ရှိပါတော့သည်။ ဤသို့ရှိနေရာမှ ကျွန်ုပ်က စိတ်အားစိုက်ရသည် မဟုတ်ပဲလျက် အသက်ရှုခြင်းသည် တဖြည်းဖြည်း ပြင်း၍ ပြင်း၍ လာလေရာ လေမုန်တိုင်းတိုက်ခတ်၍ လှိုင်းတံပိုးထကြွခြင်းနှင့်တူလှ၏။ ထိုအခါ၌မူ ငြိမ်သည်

ဟုထင်ရသောအမှတ်သည် ပျောက်သွား၍ အနေခက်သည့် သဘောမျိုးထင်လာခဲ့လေပြီ။ ဤအတောအတွင်း အသက်ပြင်းစွာရှူရှိုက်ခြင်းသည် တိုး၍တိုး၍လာသည်ဖြစ်သောကြောင့် သေခါနီး၌ အမောဆိုက်သော လူနာတယောက်ကဲ့သို့ဖြစ်နေခဲ့လေပြီ။ အသက်ရှူခြင်းကို မပြုပြင်ပဲ ဆက်လက်၍လွှတ်ထားလိုက်ပါက နောက်ဆုံးတွင် တားမနိုင်ဆီးမရ အမောကြီးဆိုက်သောလူနာကဲ့သို့ ဖြစ်သွားလိမ့်မည်ဟု စိုးရိမ်လာသည်နှင့် ကျွန်ုပ်သည် အသက်ရှူရှိုက်ခြင်းကို ဘရိတ်အုပ်ကာ ထိန်းသိမ်းထားလိုက်ရာ နဂိုအတိုင်း သာမန်အသက်ရှူသောအဖြစ်သို့ ရောက်သွားပါတော့သည်။ ထူးဆန်းလှသည်တကားဟု အောက်မေ့မိသည်။

## ဆက်လက်၍စွန့်စားခြင်း

ကျွန်ုပ်သည် ရှက်ဖျင်ကုလားထိုင်ပေါ်၌ထိုင်ကာ အလုပ်လုပ်ခြင်းဖြစ်ရာ (ဆရာတော်ကလည်း ခွင့်ပြုသည်။) ကုလားထိုင်ပေါ်မှထ၍ စင်္ကြံလျှောက်ယင်း အထက်ပါ အဖြစ်အပျက်ကို ပြန်လှန်သုံးသပ်သည်။ မကြုံဘူးသော အခြင်းအရာတခုဖြစ်၍ နားမလည်နိုင်အောင်ဖြစ်နေ၏။ အတန်ကြာအောင်စင်္ကြံလျှောက်ပြီးနောက် ကျွန်ုပ်သည် ကုလားထိုင်ပေါ်၌ တဖန်ပြန်ထိုင်၍ ယခင်ကအတိုင်း အဖောင်းအပိန်ကို ရှုပြန်ရာစင်ရော်ငှက်ကလေး လှိုင်းစီးသကဲ့သို့ရှိသောအဖြစ်သို့ မကြာမီပင် ရောက်လာ၏။ ထို့နောက် အသက်ပြင်းပြင်းရှူသောအဖြစ်သို့ (သူ့ဘာသာ) ရောက်သွားပြန်ရာ တဖြည်းဖြည်း ပြင်းသည်ထက် ပြင်းသောအဖြစ်သို့ရောက်သွားပြန်၍ အသက်ငင်သကဲ့သို့ ဖြစ်လာပြီး လန့်ပြန်သည်နှင့် တဖန်ရပ်မိလိုက်ပြန်သည်။ ဘာဖြစ်သနည်းဟုစဉ်းစားစရာ အဖြေမထွက်လာချေ။ ဤတွင် ကျွန်ုပ်သည် တတိယအကြိမ် ထပ်မံအားထုတ်ပြန်ရာ (ကျွန်ုပ်အထင်) တမိနစ်ခန့် အတွင်းတွင် သက်ပြင်းရှူသောအဖြစ်သို့ ရောက်လာပြန်၏။ ဤတကြိမ်၌ကား ကြောက်စိတ်ကိုနှိမ်နင်း၍ဖြစ်ချင်ရာ ဖြစ်စမ်းပါစေဆိုကာ

ဘရိတ်မအုပ်ပဲ လွှတ်ပေးလိုက်သည်။ အသက်ရှူခြင်းသည် ပြင်းသည်ထက် ပြင်းလာ၍ လှိုင်းတံပိုးကြီးများထသည့်နှယ် ဝမ်းဗိုက်ကိုမြင်ရသော်လည်း ရှိုးရှိုး မောဟိုက်ခြင်း မျိုးကဲ့သို့ အခံရခက်ခြင်း၊ ပင်ပန်းခြင်းမျိုးကား လုံးဝမတွေ့ရ။ ဝမ်းဗိုက်သည် အစွမ်းကုန်ဖောင်း၍ အစွမ်းကုန်ပိန်သွားသောအဖြစ်သို့ ရောက်သွား သောအခါ (ပိန်သောအလှည့်များ၌ ကျောနှင့်ဝမ်းဗိုက်ထိသည်ဟု ထင်ရသည်။) အသက်ရှူခြင်းသည် တဖြည်းဖြည်းကလေး ပြန်၍ပျော့လာ၏။ ဤအခြင်းအရာ ကိုလည်း ကျွန်ုပ်ကောင်းကောင်းသိ၏။ ဤသို့ဖြင့် တချက်ထက်တချက် ပျော့သည်ထက် ပျော့ဆင်းလာရာ ငွေ့ငွေ့ကလေး ရှူရှိုက်ရာမှ လုံးဝအသက်မရှူပဲ ငြိမ်နေသည် 'ထင်'ရသောအဖြစ်သို့ ရောက်လာ၏။ ('ထင်'သည်ဟု ကျွန်ုပ် ရေးပါသည်။ တကယ်ငြိမ်မငြိမ်ကို ကျွန်ုပ်အမှန်မပြောနိုင်ပါ။) ထိုကဲ့သို့ အသက်ရှူသည် မထင်ရပဲ ငြိမ်နေသော အခိုက်အတန့်၌စိတ်၏ ငြိမ်းချမ်းမှုရှိခြင်း မှာ ယှဉ်မှားဖွယ်မရှိ ပါ။

သတိလစ်ခြင်းကားမဟုတ်၊ လောကကြီးနှင့် ပတ်သက်၍ ဟိုအကြောင်း သည်အကြောင်းတို့ကိုမသိ၊ ဘာသံမှလည်း ကြားသည်မထင်၊ ဘာမှလည်း မစဉ်းစား၊ ငြိမ်းချမ်းမှုသက်သက်ကိုသာ သိပါသည်၊ ဤသို့ဖြင့် (တမိနစ်သာသာ ကြာလိမ့်မည်ထင်သည်။) အတန်ကြာသောအခါ အာရုံ ဖြပါးနှင့် စပ်လျဉ်းသည့် အသိကလေးများပေါ်လာ၍ တဖြည်းဖြည်းတွင်မှ လူရှိုးရှိုးတယောက် ဖြစ်လာ ပါသည်။

## ဆရာတော်လည်းအခက်တွေ့၏

ကျွန်ုပ်သည် ထိုင်ရာမှထခဲ့၍ ဆရာတော်ထံသို့သွားပြီး အကြောင်းခြင်းရာကို လျှောက်ထားလေရာ ဆရာတော်သည် မကြုံဘူးသည့်လက္ခဏာနှင့် ကျွန်ုပ်ကို ကြည့် နေပြီးနောက်–

"ဒကာကြီးရဲ့အဖြစ်က တော်တော်ဆန်းတာပဲ၊ လေ့ကားမပါပဲနဲ့ ထန်းပင်ပေါ်ရောက်တဲ့လူလို ဖြစ်နေပြီကော၊ ဘယ်တရားများ အားထုတ်ဘူးသလဲ" ဟုမေး၏။ ကျွန်ုပ်ကယခင်က အားထုတ်ခဲ့ဘူးပုံနှင့် သက်န်းဝတ်ခဲ့ဘူးခြင်း အကြောင်းတို့ကို အကျဉ်းချုပ်လျှောက်ထားလေရာ ဆရာတော်သည် ကျွန်ုပ်ဖြစ်ပုံကို ဆုံးဖြတ်ရန် မတတ်နိုင်သည့် လက္ခဏာနှင့် ဤနည်းအတိုင်း ထပ်၍ အားထုတ်ဖို့ တိုက်တွန်းလေ၏။ ကျွန်ုပ်ကလည်း မိမိ၏ အဖြစ်ကို စိတ်တိုင်းကျလှသည်လည်းမဟုတ်၊ ဆရာတော်ကလည်း ဟုတ်ပြီဟု ထောက်ခံလိမ့်မည်ဟူ၍ မမျှော်လင့်ခဲ့ဘူးသည့်အတွက်ကြောင့် ထပ်မံအားထုတ်ဖို့ တိုက်တွန်းပြန်ခြင်းအတွက် စိတ်ပျက်ခြင်းမရှိပဲ ဆက်လက်အားထုတ်ပြန်ပါသည်။

## စမ်းသပ်နည်း

ထိုညဥ့်၌ကျွန်ုပ်သည် အဖောင်းအပိန်နည်းအရ အားထုတ်ပြန်ရာ စင်ရော်ငှက်သဖွယ် လှိုင်းစီးသော အဖြစ်မျိုးသို့ ရောက်ပြီးနောက် အမောဆိုက်သလိုဖြစ်ပြီး ငြိမ်သက်သွားသောအဖြစ်မျိုးသို့ ဆိုက်ရောက်သွား၏။ ထိုကဲ့သို့ သုံးကြိမ်သုံးဖန် ဆိုက်ရောက်ပြီးသောအခါ၌ကား ကျွန်ုပ်သည် ဘယ်နှစ်ကြိမ်ဆက်၍ အားထုတ်သည်ဖြစ်စေ ဤနည်းအတိုင်းသာ ဖြစ်ချေတော့မည်ဟု ရိပ်မိသည်နှင့် ဆက်လက်၍ အားမထုတ်တော့ပဲ အနားယူထားလိုက်လေ၏။ အရုဏ်တက်ချိန်တွင် ကျွန်ုပ်တို့သည် ယာဂုသောက်ရန်အတွက် သီလရှင်၏ ကျောင်းသို့သွားကြ၏။

ကျွန်ုပ်တို့အား ချက်ပြုတ်ကျွေးဖို့ တာဝန်ယူထားသော သီလရှင်မှာ မဟာစည်ဆရာတော်၏ အဖောင်းအပိန်နည်းဖြင့် တရားအားထုတ်၍ 'ဉာဏ်စဉ်နှာ' ပြီးသူဖြစ်လေရာ ကျွန်ုပ်သည် ကျွန်ုပ်၏ဖြစ်ပုံကို သီလရှင်အား ပြောပြ၏။ ထိုအခါ သီလရှင်က အဓိဋ္ဌာန်နှင့် စမ်းကြည့်ဖို့ အကြံပေး၏။ စမ်းနည်းမှာ ရောက်နေကျအဖြစ်မျိုးသို့ နာရီဝက်အတွင်း ရောက်ပါစေသား၊ သို့မဟုတ် ၁၅မိနစ်အတွင်း ရောက်ပါစေသားစသည်ဖြင့် အဓိဋ္ဌာန်ပြုပြီး 'ထိုင်'ရန် ဖြစ်လေသည်။ ယာဂုသောက်ပြီးကြ၍ ကျွန်ုပ်တို့နေသော စကြံ့ကျောင်းသို့ပြန် ရောက်ကြသောအခါ ကျွန်ုပ်သည် သီလရှင်ဆရာကလေးပြောသည့်အတိုင်း နာရီဝက်အဓိဋ္ဌာန်ပြု၍ ထိုင်ပြန်ရာထိုအချိန်တွင် ရောက်သွား၏။ နောက်ဆုံး၌ ၅မိနစ်အတွင်း လည်းကောင်း ၊ တဖန် ၂ မိနစ်အတွင်းလည်းကောင်း ရောက်စေသားဟု အဓိဋ္ဌာန်ပြု၍ ထိုင်ပြန်ရာ ထိုအချိန်တိတိ၌ပင် ရောက်ခြင်းကို တွေ့ရသည်။

## ပြန်လာခဲ့ခြင်း

ထိုနံနက်၌ ကျွန်ုပ်သည် နည်းပြဆရာဖြစ်သော ဦးကောသလ္လဆရာတော်ထံသို့သွား၍ ညဉ့်ကအားထုတ်ပုံအကြောင်းကို လျှောက်ထားပြီးလျှင် ကျွန်ုပ်အဖို့ တရားအဆုံးသို့ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ဆက်လက်အားထုတ်ခြင်းအားဖြင့် အကြောင်းထူးဖို့မရှိကြောင်း၊ အားထုတ်လိုက်တိုင်း ငြိမ်သက်သောအဖြစ်သို့ ရောက်သွား၍ ဆက်လက်အလုပ်လုပ်ရန် လမ်းမမြင်တော့ကြောင်းသို့ဖြစ်၍ အိမ်သို့ပြန်ဖို့မှတပါး အခြားလုပ်စရာမရှိကြောင်း လျှောက်ထားလေ၏။ ကျွန်ုပ်အကဲခတ်ရသမျှမှာ ဆရာတော်သည် (သူ့စကားအတိုင်း) လေ့ကားမမြင်ရသည့်အတွက်ကြောင့် ထန်းပင်ပေါ်သို့ရောက်ခြင်းကို ကျေနပ်ပုံမရသဖြင့် 'အောင်လက်မှတ်'လည်း မပေးလို၊ ဆက်လက်၍ အားထုတ်ရန် ပြောဖို့လည်း ခက်နေသည်ဖြစ်သောကြောင့် ဆိတ်ဆိတ်သာ နေတော်မူသည်။

သို့ဖြစ်၍ ကျွန်ုပ်သည် ရွှေမင်းဝံချောင်မှ ပြန်လာခဲ့ရာ ဦးထင်မှာမူ တစုံတရာထူးခြားခြင်း မတွေ့ရသေးမီ ကျွန်ုပ်နှင့်အတူ ပြန်လိုက်လာလေ၏။

## နှိုင်းယှဉ်ချက်ထုတ်ခြင်း

အိမ်သို့ပြန်ရောက်သောအခါ ကျွန်ုပ်သည် မိတ်ဆွေဦးဘသင်ထံသို့သွား၍ အဖြစ်အပျက်ကို ပြောပြရာသူကမူ လေကားမပါဟုမပြောပဲ နောက်ဆုံးရောက်သည့် ငြိမ်သက်သောအဖြစ်ကို သဘောကျ၍ဝမ်းမြောက်လက်ခံလေသည်။ ကျွန်ုပ်က "ကြည့်ချင်လျှင် ခုချက်ချင်းလုပ်ပြမည်"ဟုပြောရာ သူက"ပြဖို့မလိုပါ၊ ကျေနပ်ပါသည်"ဟု ပြောလေသည်။ ကျွန်ုပ်၏အိမ်တွင်လည်း ဇနီးနှင့် နှမကလေးတယောက်အား ကျွန်ုပ်ဖြစ်ပုံကို သူတို့ရှေ့တွင် လုပ်ပြရာ သူတို့သည် ကျွန်ုပ်၏ အသက်ငင်နေသကဲ့သို့ မောသည့်အဖြစ်ကို ကြောက်လန့်ကြသော်လည်း အလွန်ထူးဆန်းသည်ဆိုကာ အံ့သြကြ၏။ အမှန်မှာ ကျွန်ုပ်ကိုယ်တိုင်လည်း အံ့သြလှပါသည်။ တမိနစ် အဓိဋ္ဌာန်ပြု၍ လုပ်လိုက်ရာတွင် တမိနစ်စေ့သည်နှင့် တပြိုင်နက် မိမိက အသက်ပြင်းအောင် ရှူရှိုက်ခြင်းမဟုတ်ပဲ သူ့ဘာသာ ပြင်းပြင်းကြီးရှူလာပြီး တဖြည်းဖြည်း ငြိမ်သက်သွားခြင်းဟူသည်မှာ နားမလည်စရာ အခြင်းအရာတခုဖြစ်ပါသည်။ ဦးဘသင်က ဟုတ်သည်ဟုပြောခြင်းနှင့် နည်းပြဆရာတော်က မဆုံးဖြတ်နိုင်ပဲရှိခြင်းတို့ကို အပထား၍ ကျွန်ုပ်သည် မိမိ၏အဖြစ်ကို အပြန်ပြန်အလှန်လှန် စိစစ်စုံစမ်းပါသည်။ ကျွန်ုပ်တသက်ပတ်လုံး နားလည်ထားသည်မှာကား မဂ်ဆိုက်ခြင်းတည်းဟူသော ဉာဏ်အလုပ်ဖြစ်သည်။ ထို့ကြောင့်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟု ခေါ်ခြင်းဖြစ်သည်။ ဉာဏ်ဟူသည်မှာ တခုသောအခြင်းအရာကို သိမြင်နိုင်စွမ်းသည့် သတ္တိထူးတခုဖြစ်သည်။ သက်န်း ဝတ်ခဲ့စဉ်က ကျွန်ုပ်သည် (မဂ်ဟုတ်မဟုတ် အပထား၍) 'ငါ' ဟူသော အခြင်းအရာသည် အဟုတ်တကယ်ရှိသည်မဟုတ်၊ မရှိသော အခြင်းအရာတခုကို

ရှိသည်ဟု ထင်နေကြခြင်းမျှသာဖြစ်သည်ဟု တပ်အပ်သေချာ ပိုင်းပိုင်းခြားခြားကြီး သိလိုက်ရသည်နှင့် မိဘများအားနှိုး၍ ပြောပြခဲ့ရဘူးသည်။ ဥပမာ ဓာတ်မီးပွင့်တခုကို ကြိုးဖြင့်တပ်၍ မှတ်လုအောင် လှည့်ယမ်းပေးလိုက်သည့်အခါ မီးကွင်းတခုဟူ၍ ထင်မှတ်ရသော်လည်း လည်ပတ်ခြင်း ရပ်သွားသည်ကို တကြိမ် မြင်လိုက်ရဘူးသော လူသည် ဤသည်ကား မီးကွင်းမဟုတ်၊ မီးပွင့်တခုပေတကား ဟု သိလိုက်ဘိသကဲ့သို့ ဖြစ်၏။ ထိုလူသည် တဖန်ပြန်၍လည်သော မီးပွင့်ကိုမြင်ရ သောအခါ မီးကွင်းနှင့်တူသည်ဟူ၍ ဝန်ခံမည်ဖြစ်သော်လည်း အထူးတလည် ပိုင်းပိုင်းခြားခြား သိခဲ့ရခြင်း၊ သို့မဟုတ် အထင်မှားပျောက်ခဲ့ခြင်း၊ သို့မဟုတ် မျက်စိလည် ပျောက်ခဲ့ရခြင်းမျိုးဟူ၍ တစုံတရာမျှ မရှိခဲ့ရ ချေတကားဟု စဉ်းစားမိသည်။ သို့ရာတွင် ထူးခြားချက်တခု ရှိပေသည်မှာကား အိမ်သို့ပြန်ရောက် ခါစအချိန်တွင် အစီဋ္ဌာန်နှင့် ပြုလုပ်တိုင်း ၁၅မိနစ်အတွင်း၊ သို့မဟုတ် ၁၀ မိနစ် အတွင်း၊ သို့မဟုတ် ၅မိနစ်အတွင်း ထိုအဖြစ်သို့ ရောက်နိုင်ခြင်းပင်ဖြစ်လေသည်။ အစီဋ္ဌာန်နှင့်လုပ်တိုင်း ရောက်သည်ဆိုခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ ကြားလည်းမကြားဘူး။ ကျွန်ုပ်ယခင်က အားထုတ်ခဲ့သည့်နည်း တွင် ကြုံလည်းမကြုံဘူးပါပေ။ ဤထူးဆန်းသော အခြင်းအရာတခုအတွက်ကြောင့် ကျွန်ုပ်သည် ဤနည်းကို အချိန်အတန်ကြာသည်တိုင်အောင် အထင်ကြီးလျက် ရှိခြင်း ကိုလည်း ဝန်ခံရပေမည်။

## ကျွန်ုပ်၏အတွေးအခေါ်

အခြားသော ထူးဆန်းချက်တခုရှိသေးသည်မှာလည်း (ကျွန်ုပ်၏မိတ်ဆွေက အကြံပေးသည့်အတိုင်း) နောက်တဆင့် တက်လိုသေးသည်ဖြစ်၍ ယခုရရှိထား သည့် ငြိမ်သက်မှုကို အလိုမရှိတော့ပါ။ စွန့်လွှတ်လိုက်ပါသည်ဟု အဓိဋ္ဌာန် ပြုလိုက်ရာတွင် ယခင်က ၁၅မိနစ်၊ ၁၀မိနစ်၊ ငါးမိနစ်မျှ အတွင်းရောက်ခဲ့သော

ငြိမ်သက် မှုမျိုးသို့ မရောက်တော့ပါ။ တခါတရံ စမ်းသပ်လိုသော သဘောနှင့် 'အဖောင်း အပိန်'အလုပ်ကို တနာရီမျှ ကြိုးစားသော်လည်း ထိုအဖြစ်မျိုးသို့ မရောက်ခြင်းကို ဝန်ခံပါသည်။

ဤအခြင်းအရာသည်လည်း ကျွန်ုပ်အဖို့ရာ၌ ထူးဆန်းခြင်းတခုဟူ၍ပင် နားလည်၏။ ယခင်ကငါးမိနစ်မျှ အတွင်းရောက်ခဲ့သော အဖြစ်မျိုးသို့ (စွန့်လွှတ်လိုက်သည့်နောက်တွင်) တနာရီမျှ ကြိုးစားပါလျက် မရောက်တော့ခြင်းမှာ အဘယ့်ကြောင့်ပေနည်းဟု စဉ်းစားပြန်ရာ အဓိဋ္ဌာန်၏အစွမ်းပင်ဖြစ်ရမည်ဟု ကျွန်ုပ်သဘောကျပါသည်။ သို့ရာတွင် ဤနေရာ၌ အဓိဋ္ဌာန်ပြုခြင်းသည် အဘယ့်ကြောင့် ဤမျှလောက်အစွမ်းသတ္တိရှိပါသနည်းဟု ဆက်လက်စဉ်းစားပြန်ရာ ကျွန်ုပ်သဘောကျသောအဖြေမှာ ဤသို့တည်း။ စိတ်သည် သမာဓိအား ကောင်းသောအခါ၌ မကြုံဘူးသောလူများ မယုံကြည်နိုင်လောက်အောင် တန်ခိုးသတ္တိထူးများ ရှိလာတတ်၏။ အဖောင်းအပိန်အလုပ်ကို ကျွန်ုပ်အားထုတ်ခဲ့စဉ်အခါက ကျွန်ုပ်၏စိတ်သည် သမာဓိအတော်ကြီး ကောင်းလာ၏။ ထိုသမာဓိ၏ အစွမ်းသတ္တိကြောင့် 'ရောက်စေ'ဟု အဓိဋ္ဌာန်ပြုပြန်သည့်အခါ တနာရီကြိုးစားသော်လည်း မရောက်ပဲရှိခဲ့သည်ဟု စဉ်းစားမိသည်။ သို့ဖြစ်၍ ဤအခြင်းအရာတခုလုံးသည် သမာဓိ၏သတ္တိဖြစ်ရမည်။ ပညာ(ဉာဏ်)၏ အစွမ်းသတ္တိမဟုတ်ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။ များသောအားဖြင့် အခြားလူများက လပိုင်းမျှ ကြိုးစားရသောအလုပ်တခုကို ကျွန်ုပ်သည် ငါးရက်မျှ အတွင်း ရောက်နိုင်ခြင်းမှာ ယခင်က အပူတပြင်း အားထုတ်ခဲ့ဘူးသည့် သမာဓိ၏ အစွမ်းသတ္တိဖြစ်ဟန်ရှိသည်ဟူ၍လည်း ကျွန်ုပ်ယူဆသည်။ (ကျွန်ုပ်ရောက်ခဲ့သော အခြေသည် မစစ်မှန်သေးဟု ဆိုကြလျှင်လည်း ကျွန်ုပ်မငြင်းလိုတော့ပါ။ ကျွန်ုပ်အဖို့ရာတွင် ၎င်းနည်းအရ တက်လမ်းမမြင်တော့သည်ဖြစ်၍ 'ဒိဋ္ဌေဒိဋ္ဌမတ္တံ' နည်းသို့ ကူးပြောင်းသွားခဲ့ပြီးဖြစ်ရာ သက်ဆိုင်သော နေရာတွင်မှ အနည်းငယ် ဆက်လက်ဖော်ပြပါဦးမည်။)

## ဘာသာပြန်အလုပ် ပြန်ကောက်ရခြင်း

၁၉၄၉ ခုနှစ်၊ ဧပြီလ ၂၄ရက်နေ့တွင် လူထုတိုက်ကို ဒိုင်းနမိုင်းအခွဲခံရသဖြင့် လူထုသတင်းစာ ရပ်စဲလိုက်ရသည်တွင် ကျွန်ုပ်သည် ဘာသာပြန်ဝတ္ထုများ၊ မဂ္ဂဇင်းဆောင်းပါးများ၊ ဝတ္ထုတိုများ ရေးသားခြင်းဖြင့် အသက်မွေးခဲ့ရ၏။ ဟံသာဝတီသတင်းစာအတွက်လည်း ဘာသာရေး ဆောင်းပါးများ စမ်းသပ်ရေးသားကြည့်ရာ ဦးညွန့်က နှစ်သက်သဘောကျသည် ဆို၍ အစမ်းသဘောနှင့် ထည့်ပေး၏။ အချို့လည်း သဘောကျ၍ အချို့ကလည်း ဗုဒ္ဓဃောသ(၂)ဟူသော ကလောင်အမည်ကို ပြင်းထန်စွာ ကန့်ကွက်ကြသည်ဟု ဦးညွန့်ကပြော၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ 'ရွှေဥဒေါင်း'အမည်နှင့် ရေးခဲ့လျှင် ဝတ္ထုနှင့်သတင်းစာ ခေါင်းကြီးမျှလောက်ကိုသာ ရေးတတ်သည့် စာရေးဆရာ တယောက်က ဘာသာရေးအကြောင်းကို ရေးသည်ဆိုလျှင် အထင်သေးပြီး မဖတ်ပဲ နေကြမည်စိုးသောကြောင့် နာမည်သစ်တခုနှင့် စမ်းလိုက်ခြင်းဖြစ်၏။ တကြောင်းမှာလည်း ဗုဒ္ဓဃောသဟူသော အမည်မှာ ကျွန်ုပ်၏ ရဟန်းဘွဲ့ဖြစ်ရာ ရှင်မဟာဗုဒ္ဓဃောသတည်းဟူသော အဋ္ဌကထာဆရာ ရှိဘူးသည့်အတွက်ကြောင့် (၂)ဟူ၍ တပ်ပေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်၏စာဖတ်ဖောက်သည်အချို့ကမူ "ခင်ဗျားဘယ်လိုအမည်နဲ့ရေးရေး၊ ခင်ဗျားရေးပုံရေးနည်းကို ကျွန်ုပ်တော်တို့ သိထားပြီးမို့လို့ ခင်ဗျားမှန်းသိပါတယ်"ဟု ပြောကြပေသည်။ (ဤစကားသည် စာရေးရာ၌ ကျွန်ုပ်၏ကိုယ်ပိုင် 'ဟန်' တခုရှိသည်ဟု အသိအမှတ်ပြုရာရောက်သောကြောင့် ကျွန်ုပ်ဂုဏ်ယူမိရာ ဤအကြောင်းကို စာပေအရေးအသားနှင့် ပတ်သက်၍ ဖော်ပြသောအခန်းတွင်မှ စုံလင်စွာ ရေးသားရပါဦးမည်။)

## ဟံသာဝတီကမေးပြန်ခြင်း

လူထုတိုက်ပိတ်ထားရ၍ ဝတ္ထုများနှင့်ဆောင်းပါးများ ရေးစားလျက်ရှိစဉ် ဟံသာဝတီသတင်းစာတိုက်မှ စာတစောင်ရောက်လာ၏။ ၎င်းစာတွင် ဟံသာဝတီ သတင်းစာခေါင်းကြီးနှင့် မှတ်ချက်ခန်းများ ရေးပေးနိုင်ပါမည်လော၊ ရေးမည် ဆိုလျှင် မည်မျှပေးရပါမည်နည်းဟု အမေးတခုပါရှိ၏။ စာမှာ ဟံသာဝတီ ပိုင်ရှင် ဦးညွန့်၏အရေးအသားမဟုတ်ပဲ အယ်ဒီတာချုပ် မောင်စိန်၏ လက်ရေးဖြစ် ၏။

ဦးညွန့်သည် ကျွန်ုပ်ထံသို့ ယခင်စာများပေးသည့်အခါ (တိုက်သားများ သိမည် စိုးသည့်လက္ခဏာနှင့်) လက်နှိပ်စက်ဖြင့်မရိုက်ပဲ ကိုယ်တိုင်လက်ရေးဖြင့် ရေးပို့လေ့ရှိ၏။ ဤတကြိမ်မှာမူ သူ၏အရေးကို လက်နှိပ်စက်ဖြင့် ရိုက်စေခြင်း မဟုတ်ရုံသာမက သူ့အနေနှင့် ရေးခြင်းမဟုတ်ပဲ သတင်းစာ အယ်ဒီတာချုပ်၏ အရေးနှင့်ရေးခိုင်းလိုက်ခြင်းဖြစ်လေသည်။ ဤအပြုအမူသည် အဓိပ္ပာယ်ရှိရမည်ဟု ကျွန်ုပ်ယူဆ၍ စဉ်းစားမိပါသည်။ သူသည်ကျွန်ုပ်ထံသို့ ကိုယ်တိုင်ရေးသည့် စာသုံးလေးစောင် ပို့ခဲ့ဘူးသော်လည်း မအောင်မြင်။ ထို့ကြောင့်ဟံသာဝတီ တိုက်သားတယောက်ကို ရေးခိုင်းခြင်းဖြစ်နိုင်၏။ ဟံသာဝတီသတင်းစာ အယ်ဒီတာ ချုပ် မောင်စိန်မှာ ကျွန်ုပ် သူရိယတာဝန်ခံ အယ်ဒီတာဖြစ်စဉ်က သတင်းထောက် ချုပ်ဖြစ်၏။ ကျွန်ုပ်သည် မောင်စိန်ထံသို့ စာပြန်ရာတွင် ခေါင်းကြီးမှတ်ချက် ရေးခြင်းအတွက် တနေ့ ၃၀ (တလ ၉၀၀) ရလိုသည်ဟု စာပြန်လိုက်ရာ များလွန်းသည် ထင်သောကြောင့်ပေလော မဆိုနိုင်၊ ဈေးဆစ်ဖို့ အားနာသည့် လက္ခဏာနှင့်ထုတ်၍မပြောပဲ အင်တင်တင်လုပ်နေကြလေသည်။ ကိစ္စမရှိပါ၊ ကျွန်ုပ်ကလည်း ခေါင်းကြီးများ ရေးရသောအလုပ်ကိုငြီးငွေ့လျက်ရှိပါပြီ။ အခြား နည်းအားဖြင့်လည်း မှန်မှန်အလုပ်လုပ်လျှင် အလားတူ ဝင်ငွေရရှိနိုင်သော ကြောင့်မက်မောလောက်အောင် မရှိလှပါ။ တခါတရံတွင် စဉ်းစားမိသည်မှာ

သဋ္ဌေးဦးညွန့်နှင့် ကျွန်ုပ်သည် ပုဂ္ဂိုလ်အနေဖြင့် ခင်မင်လေးစားခြင်း ရှိကြပုံရသော်လည်း အလုပ်ဖက်စပ်လုပ်ကိုင်ဖို့ ရေစက်မပါကြသောကြောင့် ဖြစ်ဟန်တူသည်။

## သူကလေး ဘော်ဘီ

၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ၌ ခွေးကလေးဘော်ဘီသေဆုံးရာ ကျွန်ုပ်တို့တအိမ်လုံး ချုံးချုံးချ၍ငိုကြရသည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ဝတ္ထုပစ္စည်းဖြစ်စေ ဂုဏ်ရှိသော မရှိသော ကြီးသော ငယ်သော၊ တန်ဖိုးရှိသော မရှိသော အကြောင်းမဟုတ်၊ ကျွန်ုပ်နှင့်ခင်မင်သလောက် ချီးမြှောက်ရေးသားချင်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း ခွေးကလေးဘော်ဘီအကြောင်းကို စာဖွဲ့လိုက်ရဦးမည်ဖြစ်ရာ 'သူကလေး' ၏ထူးခြားချက်ကို ဖတ်ရှုရသော ပရိသတ်အနက် ကျွန်ုပ်အပေါ်၌ ခင်မင်တွယ်တာခြင်း ရှိသူများအဖို့ စိတ်ဝင်စားမှု ရှိကြလိမ့်မည်ဟု မျှော်လင့်သည်။ ကျွန်ုပ်၏မိထွေးသည် ရန်ကုန်မှ ကျွန်ုပ်တို့ ရောက်လာသောအခါ ဗမာခွေးမနှစ်ကောင်ကို မွေးထားရာ တကောင်မှာ ခိုးစားတတ်သော ဝါသနာကြောင့် လူရိုက်သတ်၍သေသွားပြီး ကျန်တကောင်မှာ ဗမာခွေးမတကောင်အဖို့ရာ၌ ကျစ်လျစ်သော အဆက်အပေါက်ရှိ၍ အတော်ချော သော ခွေးဝါမကလေးဖြစ်၏။ မိထွေးကွယ်လွန်ပြီးနောက် ထိုခွေးမသည် ခွေးကျားကလေး လေးကောင်ပေါက်ဖွား၍ အားလုံး အထီးချည်းဖြစ်၏။ ခွေးကလေးလေးကောင်စလုံးသည် ဘယ်က ပဋိသန္ဓေရသည်မသိ၊ အခြားသော ရွာခွေးများနှင့်မတူပဲ ပန်းရောင်နှုတ်သီးကလေးများရှိ၍ လူတိုင်းက လိုချင်ပြီး တောင်းနေကြ၏။ ကျွန်ုပ်၏သဘောမှာ လေးကောင်လုံးကို မွေးလိုသော်လည်း မန်ကျည်းတုံ့ရွာ၌ ကျွန်ုပ်ကြာရှည်နေမည် မဟုတ်ခြင်းကို သိသည်နှင့် တကောင်ကိုသာမွေးပြီး သုံးကောင်ကို ပေးပစ်ရမည်ဟု ဆုံးဖြတ်လိုက်၏။ မည်သည့်အကောင်ကို မွေးရမည်နည်း။ ထိုအချိန်၌ ကျွန်ုပ်သည် လေးကောင်လုံးကို ချစ်နေ၍ ရွေးဖို့ခက်နေ၏။ ဤတွင်ကျွန်ုပ်သည်ခွေးကလေးများ

၏ အမွေးများကို စမ်းသပ်ကြည့်ရာ ဘော်ဘီ၏အမွေးသည် အကြမ်းဆုံးဖြစ်၍ ၎င်းကိုချန်ထားပြီး ကျန်ခွေးများကို ပေးပစ်လိုက်၏။ (မပေးလျှင်လည်း ခိုးယူကြမည်ဟု သတင်းကြားရ၏။) အမွေးကိုစမ်း၍ ရွေးချယ်ခြင်းမှာ အမွေးကြမ်းမှ စိတ်ကြမ်းသည်ဟု ကြားဘူး၍ စိတ်ကြမ်းမှ ကြိုက်တတ်သောကြောင့်ဖြစ်၏။ (ကျွန်ုပ်ကိုယ်တိုင်မှာ ဖခင်၏ သိမ်မွေ့သောစိတ်ကို အမွေခံရ၍ သူငယ်ချင်းများ၏ အနိုင်ကျင့်ခြင်း ခံခဲ့ရသည်ဟူသော အယူအဆ စွဲကပ်လျက်ရှိရာ ခွေးချင်းကိုက်လျှင် ရှုံးခြင်းကို မလိုချင်သည်နှင့် အမွေးကြမ်းသော ဘော်ဘီကို ရွေးချယ်မိဟန်တူသည်။

## စိတ်ကြမ်းသောဘော်ဘီ

ဘော်ဘီသည် တကောင်တည်း ရှိနေသောအခါတွင် စိတ်ကြမ်းသော လက္ခဏာများဖော်ပြလျက်ရှိလေပြီ။

ကျွန်ုပ်နှင့်တူကလေးတို့၏ ဂရုတစိုက်မွေးမြူခြင်းကြောင့် ဘော်ဘီသည် တနေ့တခြား 'မွေးထူးရေးခြား'ခေါ်လောက်သည့် ရုပ်ဆင်းသဏ္ဍာန်မျိုးပေါ်ထွက်လာလေရာ ကျွန်ုပ်တို့၏ ဝင်းခြံရှေ့၌ ရပ်တန့်ကြသော လှည်းသမားများသည် ဝချောသော ဘော်ဘီကိုခိုးယူချင်သောစိတ် ဖြစ်ပေါ်ကြ၏။ ဤအကြောင်းကိုကျွန်ုပ်သိ၍ ကျွန်ုပ်နှင့်တူကလေးသည် ဘော်ဘီကို မျက်ခြည်ပြတ်မခံပဲ စောင့်ကြည့်ကြ၏။ တနေ့သ၌ လှည်းသမားတယောက်သည် ဘော်ဘီအား ဗယာကြော်ကျွေး၍ ချော့နေခြင်းကို ကျွန်ုပ်တို့မြင်ကြ၏။ သန်းရွှေ(တူကလေး)က ဘော်ဘီကို ခေါ်ယူမည်ပြုရာ ကျွန်ုပ်ကတားဆီးလိုက်၏။ ဗယာကြော်တခုကျွေးပြီးနောက် လှည်းသမားသည် ဘော်ဘီကိုဖမ်းလေရာ ဘော်ဘီက သူ၏လက်ကို ဆတ်ကနဲ ဟပ်လိုက်၏။ လှည်းသမားသည် စိတ်ဆိုးပြီး ဘော်ဘီကိုတုတ်နှင့်ရိုက်မည် ပြုရာတွင်မှ ကျွန်ုပ်ကထွက်ပြီး "ဟေ့လူဘာလုပ်တာလဲ"ဟု မေးလိုက်သဖြင့် တွန့်ဆုတ်သွားပြီး

ရှက်ကိုးရှက်ကန်းဖြစ်နေ၏။ အခြားသောလှည်းသမားများလည်း ဤအခြင်းအရာကိုမြင်တွေ့ကြရ၍ ရယ်မောကြလေသည်။ ကျွန်ုပ်သည် မန်ကျည်းတုံရွာ၌ 'လူတလုံးသူတလုံး' ဖြစ်သည်ဟု အသိအမှတ်ပြုကြသည့်ပြင် ကျွန်ုပ်တို့၏ အိမ်ရှေ့ဥပစာ အရိပ်အာဝါသကိုလည်း ခိုလှုံကြရသည်ဖြစ်သော ကြောင့် ကျွန်ုပ်အပေါ်၌ အထိုက်အလျောက် ဦးညွှတ်ကြပုံရသည်။ ကျွန်ုပ်၏ အရှိန်ကို မှီခိုရသည် တကြောင်း၊ ကိုင်လျှင် ကိုက်တတ်သော ခွေးကလေးဟု နာမည်ထွက်လာသည် တကြောင်းကြောင့် ဘော်ဘီသည် ထိုနေ့မှစ၍ ခရီးသွား လှည်းသမားများနှင့် ရွာလူငယ်များ၏ ခိုးယူရန်ကြံစည်ခြင်းမှ သက်သာရာရ လေတော့သည်။

## အချစ်စမ်းခြင်း

တနေ့သ၌ ကျွန်ုပ်သည် ဝက်လက်သို့လမ်းလျှောက်ထွက်သွားရာ ဘော်ဘီသည် ထုံးစံအတိုင်း ကျွန်ုပ်နောက်မှ တကောက်ကောက်လိုက်လာ၏။ သုံးလသားခန့်မျှသာရှိသေး၍ ခရီးဝေးသွားနိုင်သောအရွယ်မဟုတ်၊ ပွေ့ချီ၍ ခေါ်ရမည့်အရွယ်ဖြစ်၏။ ကျွန်ုပ်စဉ်းစားလျက်ရှိစဉ် ဘော်ဘီ၏အမေ ခွေးဝါမလည်း ပြေးထွက်လာ၍ ကျွန်ုပ်နှင့်အတူ လိုက်ဖို့ပြင်၏။ ခွေးဝါမကား ဖခင်ရှိစဉ်က ကျွန်ုပ်တို့၏ ဝင်းခြံထဲတွင် အတူနေကြပြီး ယခုဝက်လက်သို့ ပြောင်းရွှေ့နေထိုင် လျက်ရှိသည့် ကျွန်ုပ်၏ ဘထွေး၏အိမ်သို့ သွားနေကျဖြစ်၍ ဝက်လက်နှင့် မန်ကျည်းတုံကို ကူးချည်လာလှည့်ပြုလုပ်နေသော ခွေးမဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ် ဝက်လက်သို့ လျှောက်လာသောအခါ ဘော်ဘီတို့သားအမိသည် နောက်မှ လိုက်လာကြ၏။ ဝက်လက်မြို့အဝင် မူးမြောင်းသို့ရောက်လာသောအခါ ကျွန်ုပ်သည် တောင်ဘက်သို့ချိုးရမည်ဖြစ်ရာ ဘထွေး၏နေအိမ်မှာ အရှေ့တည့်တည့်၌ရှိ၏။ ကျွန်ုပ်ကတောင်ဘက်သို့ချိုးသောအခါ ခွေးဝါမသည် ကျွန်ုပ်နောက်သို့ မလိုက်ပဲ ကျွန်ုပ်၏ဘထွေးရှိသည့် အရှေ့တည့်တည့်သို့သွားလေ ရာ ဘော်ဘီသည်

မည်သည့်ဘက်ကိုမျှမလိုက်ပဲ လမ်းဆုံ၌ ထိုင်လျက်ကျန်ရစ်သည်။ တဘက်၌ မိခင်ရှိ၍ အခြားတဘက်၌ သခင်ရှိရာ မည်သည့်ဘက်သို့လိုက်ရမည်ဟု မဆုံးဖြတ်နိုင်သည့်လက္ခဏာနှင့် အရှေ့ဘက်ကြည့်လိုက် တောင်ဘက်ကြည့်လိုက် လုပ်နေရာ၏။ ကျွန်ုပ်သည်သူ၏ အကဲကိုကြည့်လိုသည်နှင့် အမည်ကိုမခေါ်ပဲ ရပ်ကြည့်နေရာ ခွေးဝါမကလည်း ကျွန်ုပ်နည်းတူ ရပ်၍စောင့်နေ၏။ တခဏမျှ ကြာသော် ခွေးဝါမက 'အိ.အိ.အိ'ဟု ခေါ်လိုက်သဖြင့် ဘော်ဘီသည်ထလိုက်၏။ သို့သော် လိုက်၍မသွား၊ ရပ်လျက်သာကြည့်နေ၏။ ကျွန်ုပ်ကမူ လိုက်ချင်လိုက် သွားပါစေဟု သဘောထားကာ မခေါ်ပဲအကဲကြည့်လျက်ရှိ၏။ ဘော်ဘီသည် ကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်ုပ်ကမူ ဘာမျှအသံမပေးပဲ ရပ်လျက်သာ ကြည့်နေ၏။ ဤသို့ဖြင့် ဘော်ဘီသည် မိခင်ကိုတလှည့် ကျွန်ုပ်ကိုတလှည့် ကြည့်ကာ မဆုံးဖြတ်နိုင်ပဲ တွေလျက်ရှိစဉ် ခွေးဝါမသည် ကြာသည်ဟု အောက်မေ့သည့်လက္ခဏာနှင့် အရှေ့အရပ်သို့ ဆက်လက်ထွက်သွားလေရာ ဘော်ဘီသည် မျက်စိတဆုံး မျှော်ကြည့်နေပြီးနောက် ကျွန်ုပ်ဘက်သို့ တဖြည်းဖြည်းကလေး လျှောက်လာလေ၏။

## လက်လွန်မိမတတ်

ကျွန်ုပ်သည် သွားလိုသောအိမ်သို့ ဆက်လက်၍ လျှောက်လာခဲ့ရာ ဘော်ဘီလည်းလိုက်ပါလာ၏။ လမ်းတွင် (မိုးရွာသောကြောင့်) ရွံ့ဗွက်အိုင်ကလေးများရှိသည်နှင့် ဘော်ဘီသည် ၎င်းတို့ကို ကျွန်ုပ်ကဲ့သို့ရှောင်ကွင်းမသွားပဲ ဖြတ်ဆင်းသွားသည့် အတွက်ကြောင့် တကိုယ်လုံး ရွှံ့တွေပေကျံလျက်ရှိ၏။ ဘော်ဘီ၏ ဝါသနာမှာ ညေ့သည်အဖြစ်နှင့် အိမ်တအိမ်၌ ကျွန်ုပ်ဝင်၍ထိုင်သည့်အခါ တိုင်း ကျွန်ုပ်၏ရင်ခွင်ထဲသို့ ဝင်၍ထိုင်လေ့ရှိ၏။ ဤအကြောင်းကို ကျွန်ုပ်သိသည်နှင့် သူ၏ပေကျံသော ခြေလက်များကို ရေနှင့်ဆေးကျောပေးမည်ဟု ခေါ်ယူရာ

အနီးသို့မကပ်ပဲ ရှောင်နေ၏။ ကျွန်ုပ်ကအတင်းဖမ်းမည်ပြုသောအခါ ကျွန်ုပ်၏ လက်ကို ကိုက်လိုက်၏။ ဤတွင်ကျွန်ုပ်ဒေါသထွက်လာ၍ တုတ်ကောက်ဖြင့် ခါးကိုတချက်ခပ်ဆဆရိုက်လိုက်ရာ (အကြောကိုထိသွားလေ သလောမပြောတတ်) ခါးကျိုးသကဲ့သို့ ချက်ချင်း ပျော့ခွေကျသွားပြီး ပုံလဲလျက်ရှိ၏။ ကျွန်ုပ်က ပွေ့ချီ၍ယူသွားရန် ကိုင်တွယ်ပါတော့လည်း လုံးဝ အကိုင်မခံပဲ ကျွန်ုပ်၏ လက်ကိုဆီး၍ကိုက်၏။ ခက်ချေပြီ။ ဤအတောအတွင်း ဘော်ဘီသည် တဂိန်ဂိန် မြည်လျက်ရှိရာ ကျွန်ုပ်က နည်းမျိုးစုံနှင့် ချော့သော်လည်း လုံးဝအထိမခံချေ။ ကျွန်ုပ်သည် မည်သို့မျှ မတတ်နိုင်ပဲ အလွန်သနားသောစိတ်နှင့် ကြည့်နေရာ အကြံတခုဖြစ်ပေါ်လာ၏။ ဘော်ဘီကား ခါးကျိုးသွားပြီဖြစ်၍ တသက်ပတ်လုံး ခွေးကျိုးကလေးဖြစ်နေရှာတော့မည်။ (မှန်သည်ဖြစ်စေ၊ မှားသည် ဖြစ်စေ) ဤကိစ္စမျိုးတွင် ကျွန်ုပ်မှာ အနောက်တိုင်း အယူအဆ သက်ဝင်နေသူ တယောက်ဖြစ်၏။ ကျွန်ုပ်၏သားသမီးဖြစ်စေ၊ မိဘဖြစ်စေ၊ မယားဖြစ်စေ မခံမရပ်နိုင်သော ဝေဒနာခံစားရ၍ ကုမရဟုဆိုလျှင် အဆိပ်ပေးပါဟု တောင်းပါက ကျွန်ုပ်၌အဆိပ်ရှိလျှင် ပေးလိမ့်မည်ဖြစ်၏။ ဗုဒ္ဓကစေတနာကို ကံကောက်ရမည်ဟု ဟောတော်မူရာ ဤစကား၏ အဆုံးအဖြတ်နှင့် ပတ်သက်၍ မည်သူ၏ အဆုံးအဖြတ်ကိုမှ ကျွန်ုပ်လက်မခံ၊ ကိုယ့်ဟာကိုယ် ရဲရဲကြီး ဆုံးဖြတ်ဝံ့သူ ဖြစ်သည်။ သို့ဖြစ်၍ ဘော်ဘီအား ခွေးကျိုးကလေးအဖြစ်နှင့် တသက်ပတ်လုံး ဝဋ်ခံရမည့်အစား ချက်ချင်းသေရလျှင် ဝဋ်ကျွတ်လိမ့်မည်ဆိုကာ ဦးခေါင်းကလေး ကို တချက်တည်းနှင့် ရိုက်သတ်လိုက်မည့်အကြံနှင့် တုတ်ကောက်ကို ကိုင်မြှောက် လိုက်၏။ ထိုခဏ၌ဘော်ဘီသည် ဦးခေါင်းကလေး ထောင်ကြည့်လိုက်သဖြင့် ကျွန်ုပ်မရိုက်ရက်ပဲ မြှောက်ထားသောလက်ကို ပြန်ချလိုက်၏။ ထို့နောက် ကျွန်ုပ်သည် တုတ်ကောက်ကိုချထား၍ အနီး၌ထိုင်ကာ စောင့်ကြည့်နေရာ နာရီဝက်ခန့်ကြာသောအခါဘော်ဘီသည် ထဖို့ကြိုးစားခြင်းကို မြင်၍ ကျွန်ုပ်က အကူအညီပေးရာတွင် လက်မခံပဲ လှမ်း၍ကိုက်၏။ ကျွန်ုပ်စိတ်မဆိုးတော့ပဲ

ကြင်နာစွာနှင့် စောင့်ကြည့်နေ၏။ ဘော်ဘီသည် တဖြည်းဖြည်း ကြိုးစား၍ တရွေ့ရွေ့ကုန်းထနိုင်ခဲ့လေပြီ။ ကျွန်ုပ်ကဝမ်းမြောက်စွာနှင့် ပွတ်သပ်အားပေးမည် ပြုသော်လည်း အလျှင်းလက်မခံပဲ ဟိန်းသံကလေး ပေးသေး၏။ နောက်ဆုံး၌ ထနိုင်ရုံမက လမ်းလျှောက်နိုင်သောအဖြစ်သို့ရောက်လေပြီ။ ကျွန်ုပ်သည် လှုပ်ရှား ခြင်းမပြုပဲ ငြိမ်သက်စွာ ထိုင်လျက်ကြည့်နေရာ ဘော်ဘီသည် လမ်းလျှောက် နိုင်သည်နှင့်တပြိုင်နက် မည်သို့ပြုသည်ထင်ကြသနည်း။ ကျွန်ုပ်အား တချက်မျှ မော့်ကြည့်ပြီးနောက် ချာကနဲလှည့်ကာ ရွာဘက်သို့ပြန်သွားလေတော့ သည်။ နှစ်မိုင်မျှဝေးသောခရီးကို ခွေးကလေးအဖြစ်နှင့် တကောင်တည်း ပြန်ဝံ့သော သတ္တိကိုလည်းကောင်း၊ ကျွန်ုပ်အပေါ်၌ စိတ်ပျက်ပုံရသော အပြုအမူကို လည်း ကောင်း ကျွန်ုပ်အံ့ဩ၍မဆုံးဖြစ်မိပါသည်။ ကျွန်ုပ်ကလှမ်း၍ခေါ်သော်လည်း လှည့် ကြည့်ရုံမျှကြည့်ပြီး ရွာဘက်သို့ ဆက်လက်၍ တဖြည်းဖြည်းလျှောက်သွား လေတော့သည်။ ကျွန်ုပ်၏ကိစ္စကို ပြီးအောင်ဆောင်ရွက်ပြီးနောက် ရွာသို့ပြန်လာ သောအခါလမ်းတွင် ရွာမှလှည်းများကိုတွေ့၍ "ကိုကြီးသိန်းရဲ့ ခွေးကလေးကို မြင်လိုက်တယ်၊ ကွဲနေရစ်တယ်ထင်တယ်"ဟု သတင်းပေးကြသည်။ ကျွန်ုပ်ကမူ ဘော်ဘီကို ဘယ်သူဖမ်း၍မျှ မရနိုင်ဟု စိတ်ချသည်နှင့် လွှတ်လိုက်ခြင်းဖြစ်လေ သည်။ အိမ်သို့ရောက်သောအခါ ဘော်ဘီသည် ကျွန်ုပ်ကိုမြင်သော်လည်း အမြီးနံ့ရုံမျှလောက်ဖြင့်သာ နှုတ်ဆက်၍ ခရီးဦးကြိုမပြုချေ။

နောက်တကြိမ်ထပ်၍စမ်းသပ်ရာ ဤအတိုင်းပင်တွေ့ရ၏။ အိမ်မှ အတူ ထွက်လာကြ၍ တဖာလုံခန့်ရောက်သည်ဆိုလျှင်ပင် ကျွန်ုပ်၏ကိုင်တွယ်ခြင်း ကို မခံတော့ချေ။ မည်သို့သော သန္ဓေပေနည်းဟု မပြောတတ်အောင်ရှိတော့သည်။ ကျွန်ုပ်အဖို့ရာ၌မူ ဘော်ဘီကိုမန္တလေးသို့ခေါ်သင့် မခေါ်သင့် အကြိမ်ကြိမ်စဉ်းစား လျက်ရှိရာ ဝက်လက်၌ အဖြစ်အပျက်ကိုကြုံရကတည်းက ခေါ်ရမည်ဟု တခါ တည်း ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

## လူ့စကားနားလည်သလော

မန္တလေးသို့ရောက်၍ ဓားတန်းရပ်၌ နေထိုင်လျက်ရှိစဉ် ဘော်ဘီသည် ကျွန်ုပ်ရိုက်ဘူးသော အဖြစ်ကိုမေ့ပျောက်သည့်လက္ခဏာနှင့် ကျွန်ုပ်အား သခင် အဖြစ်နှင့် အခြားသောခွေးများနှင့် မကြုံဘူးလောက်အောင် ခင်မင်လျက်ရှိ ၏။ ကျွန်ုပ်အနီးမှခွာသည်မရှိတော့ပဲ ညအချိန်တွင် ကျွန်ုပ်၏ခြေရင်း၌ ခြေတင် 'ဖုံ'ဖြစ်၍ နေ့အချိန်တွင် ကျွန်ုပ်အလုပ်လုပ်သောအခါ၌ စားပွဲအောက်မှ ခြေတင်ခုံ အဖြစ်နှင့် အသုံးခံလေ့ရှိ၏။ ကျွန်ုပ်ကလည်းဓားတန်းမှ လူထုတိုက်သို့ နေ့တိုင်း ခေါ်သွားရာတွင် ခွေးကလေးမျှသာရှိသေး၍ ခွေးကြီးများ၏ ရန်မူခြင်းမှ ဒုက္ခခံပြီး အကာအကွယ်ပေးသွားရ၏။ "ဒီခွေးကလေး မော်တော်ကားတိုက်သေပါ လိမ့်မယ်" ဟုမြင်သူများက ပြောကြသော်လည်း ဘော်ဘီ၏ပါးနပ်ခြင်းကို စိတ်ချပြီး နေ့တိုင်း ခေါ်ခဲ့၏။ တနေ့သ၌ ကျွန်ုပ်အလုပ်မသွားမီ မစိုးသည် ဈေးချိုမှ အမဲသား ဝယ်ခဲ့ပြီး မီးဖိုထဲတွင်ထားခဲ့၍ အပြင်သို့ထွက်သွားရာ ခဏကြာ၌ ပြန်ဝင် လာသောအခါ အမဲသားတုံးကြီးမရှိတော့ချေ။ ဤတွင်မစိုးသည် ဘော်ဘီ အား ခိုးစားတတ်သော ခွေးသူခိုးဟု ကြိမ်းမောင်းကာ မြည်တွန်တောက်တီး ပြီးနောက် အမဲသားထပ်၍ဝယ်ရန် ဈေးသို့ထွက်သွား၏။ ကျွန်ုပ်၏တူဝင်းမောင် တို့၌လည်း ခွေးတကောင်ရှိသည်နှင့် ကျွန်ုပ်ကမူ မည်သည့်ခွေးက ခိုးသည်ဟု မဆုံးဖြတ်နိုင်ပဲ ဖြစ်နေ၏။ မစိုးထွက်သွားပြီးနောက် ၅ မိနစ်မျှ မကြာမီ ဘော်ဘီသည် အမဲ ပေါင်တုံးကြီးကို ကိုက်ချီကာ မီးဖိုထဲသို့ဝင်သွားသည် ကိုမြင်လိုက်ရ၍ ကျွန်ုပ် သွားကြည့်သောအခါ အမဲသားတုံးကို ချထားခဲ့ပြီးနောက် မီးဖိုထဲမှ ထွက်လာသော ဘော်ဘီကိုတွေ့ရ၏။ မစိုးသည် ဈေးမှနောက်ထပ် ဝယ်ခဲ့သော အမဲသားနှင့် ပြန်လာသောအခါ ကျွန်ုပ်ကပြောပြသဖြင့် အားလုံး အံ့ဩကြရသည်။ ထိုနေ့မှစ၍ ဘော်ဘီသည် ခိုးဝှက်ခြင်းအလုပ်ကို တသက် လုံးမပြုတော့ချေ။ (မစိုး၏

မြည်တွန်တောက်တီးခြင်းကို နားလည်ရုံမက နားထောင်သည့်သဘောပင် ဖြစ်နေတော့သည်။)

## အထင်လွဲနေပုံ

တနေ့သ၌ မစိုးသည်မူးဝေသောရောဂါဖြစ်သည်နှင့် အိမ်နီးချင်း မိန်းမများ ပြေးလာကြ၍ ဦးခေါင်းကိုနှိပ်သူကနှိပ်၊ ကျောကိုထောက်သူကထောက်၊ခြေထောက်ကို ချိုးဖဲ့သူကချိုး၊ နှာနှပ်သူကနှပ် စသည်ဖြင့်ပြုလုပ်ပေးကြ၏။ ထိုအခိုက်တွင် မစိုးမှာ ဆံပင်များဖားလျားကျလျက် ဦးခေါင်းငိုက်စိုက်ဖြစ်ကာ တချက်တချက်တွင် ညည်းညူသံထွက်လာ၏။ ဘော်ဘီသည် လည်ရာက ပြေးတက်လာလေရာ မိန်းမများ၏ နှိပ်နယ်ခြင်းနှင့် မစိုး၏ညည်းညူခြင်းတို့ကို မြင်ရကြားရသည်တွင် သူ၏သခင်မကို အားလုံးက ဝိုင်းဝန်းနှိပ်စပ်နေကြသည်ဟု ထင်မှတ်သည့်လက္ခဏာနှင့် ဟိန်းဟောက်ကာ မိန်းမများကို ရန်လုပ်လေတော့သည်။ ဤတွင် ကျွန်ုပ်ကချော့မော့ကာ ဆွဲခေါ်သွား၍ အိမ်ပြင်သို့ထုတ်ပြီး တံခါးပိတ် ထားလိုက်ရ၏။ သို့နှင့်လည်း အိမ်ပြင်မှ တံခါးကိုကုတ်ခြစ်၍ ဟောင်ခြင်း၊ အူခြင်း၊ ဟိန်းခြင်း စသည်ဖြင့် အသံပေးကာ တံခါးကိုဖွင့်ခိုင်းသေး။ မစိုး အမူးပျောက်၍ မိန်းမများ ပြန်မည်ပြုရာတွင် ကျွန်ုပ်က တံခါးကိုဖွင့်၍ ဘော်ဘီကိုသွင်းပြီး နေကောင်းသောသူ့သခင်မကိုပြပြီးမှ အိမ်နီးချင်းများအား ပြန်စေရပါသည်။ နေကောင်းနေပြီဖြစ်သော မစိုးကိုမြင်ရသောအခါ ဘော်ဘီသည် ဝမ်းသာသော အမူအရာနှင့် မစိုးကိုနှုတ်ဆက်လေသည်။

## ဘက်လိုက်သော ဘော်ဘီ

တခါက မစိုးနှင့်ကျွန်ုပ်သည် ပစ္စည်းတခုကို သူအရင်ါအရလုကြရာ ဘော်ဘီ ကကြည့်နေ၏။ ကျွန်ုပ်သည်ဘော်ဘီကြည့်နေသည်ကိုမြင်ရ၍ မစိုးကိုတွန်းလိုက် ရာ မစိုး ယိုင်သွားသော်လည်း ဘော်ဘီက မည်သို့မျှမရှိ။ မစိုးက ကျွန်ုပ်ကို တွန်းလိုက်၍ ကျွန်ုပ်ကယိုင်လဲချင်ပြုလိုက်သည်တွင် ဘော်ဘီသည် မစိုးကို ဟိန်းကာ ရန်လုပ်လေတော့သည်။

ထိုအခါ မစိုးသည် ဘော်ဘီကိုစိတ်ဆိုး၍ "နင့်လား နောက်ကိုဘာမှမကျွေး ဘူး၊ ငါကတော့ အမဲရိုးဆိတ်ရိုး အမဲရွတ်ဝယ်ကျွေးရတယ်၊ ရန်ဖြစ်ကြတယ်ထင် တော့ သူ့သခင်ဘက်ကလိုက်တယ်၊ နင့်ကိုအငတ်ထားမယ်၊ ဘာမှဝယ်မကျွေးဘူး" စသည်ဖြင့် အတည်ပြောလျက်ရှိလေ၏။ ထိုအခါ ကျွန်ုပ်က ခွေးတို့မည်သည်မှာ သခင်ကိုအချစ်ဆုံးဖြစ်၍ သခင်ကလွဲလျှင် သခင်မကို အချစ်ဆုံးဖြစ်ကြောင်း၊ တနေ့က အိမ်နီးချင်းများက နှိပ်နယ်ပေးခြင်းကို နှိပ်စက်သည်ထင်၍ ဘော်ဘီက မိန်းမများကို ကိုက်မည်လုပ်သဖြင့် အိမ်ပြင်သို့ထုတ်ထားရကြောင်း စသည်ဖြင့် ပြောပြသည်တွင်မှ မစိုးစိတ်ကျေနပ်သွားသည်။ ထိုအခါမှ ကျွန်ုပ်က "ငါ့ကိုတော့ မတုနဲ့လေကွာ၊ ခွေးဆိုတာဟာ တပါးကျွန်ုပ်ပဲ"ဟု ဖိ၍ပြောလိုက်ရသေးသည်။

## ပတ်စဉ်ပျော်ပွဲစားထွက်ခြင်း

စနေနေ့များ၌ (ထိုစဉ်က လူထုတိုက်က စနေနေ့ပိတ်သည်။) ကျွန်ုပ်သည် တကိုယ်တည်းဖြစ်စေ၊ ဦးထင်နှင့်ဖြစ်စေ နံနက်စောစောကြီး အိမ်မှ ဘိုင်စကယ်နှင့် ထွက်ကြ၍ စားစရာအတွက် ကျွန်ုပ်က တာဝန်ယူ၏။ ပဲနှင့်ကြက်သားချက်ပြီး နံပြား သို့မဟုတ် ပေါင်မုန့်ဖြစ်စေ ဆောင်ယူခဲ့၏။ ဘော်ဘီမူကား ထိုအခါတွင် အရွယ်ရောက်ပြီဖြစ်၍ သွားတိုင်းလိုက်၏။ ကျွန်ုပ်တို့သည် အရှေ့ဘက်မေမြို့လမ်း

ထုံးဖိုသို့လည်းကောင်း၊ တောင်ဘက်ရန်ကုန်လမ်း မြစ်ငယ်သို့လည်းကောင်း၊ အနောက်တောင်ဘက် ရွှေဘိုလမ်း အင်းဝတံတားသို့လည်းကောင်း၊ မြောက်ဘက် အိုးဖို သို့မဟုတ် မန္တလေးတောင်ခြေသို့လည်းကောင်း တလှည့်စီ သွားလေ့ရှိ၏။ ခရီးအဆုံး၌ ကျွန်ုပ်တို့သည် သစ်ပင်ရိပ်ကောင်းကောင်းတွင် ထိုင်၍ နံပြား သို့မဟုတ် ပေါင်မုန့်နှင့် ပဲကြက်သားဟင်းတို့ကို မြိန်ရှက်စွာ စားသောက်ကြရာ ကျွန်ုပ်သည် ဦးခေါင်းတမော့်မော့်နှင့် မျှော်လျက်ရှိသော ဘော်ဘီကိုမြင်ရ၍ ပြီး အောင် မစားနိုင်ပဲ တချက်တချက်တွင် သူ့ဘက်သို့ တဖဲ့တဖဲ့ ပစ်ပေး လိုက်ရသေးသည်။ သူ့အတွက် အပိုပါ၍ ကျွန်ုပ်တို့စားပြီးခါမှ ကျွေးနိုင်သည် မှန်သော်လည်း ၁၂ မိုင် ၁၃မိုင်ခရီးကို ဘိုင်စကယ်မှီအောင် ပြေးလိုက်ခဲ့ရသော ဘော်ဘီသည် ကျွန်ုပ်တို့ထက် ဆာပေလိမ့်မည်ဟု သတိရ၍ ကျွန်ုပ်တို့နှင့် တချိန်တည်း ကျွေးရမှ ကျွန်ုပ်ကျေနပ်နိုင်ပါသည်။ စားသောက်ပြီးကြ၍ သစ်ပင် အောက်၌ တရေးတမော အိပ်ကြသောအခါ ဘော်ဘီသည် ကျွန်ုပ်၏ခေါင်းအုံး ဖြစ်၏။ ကာဘော်လစ်ဆပ်ပြာ နှင့် ရေချိုးပေးပြီး နေ့စဉ် ဘရွတ်ဖြင့် ဖီးပေး ထားသည့် ဘော်ဘီဖြစ်၍ ရွံစရာမရှိပါ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကတော့ မရွံပါ။ ကျွန်ုပ်သည် အပေါ်ဝတ် ဘလေဇာ ကုတ်အင်္ကျီကိုချွတ်၍ ဘော်ဘီ၏ ဝဖြိုး ဖောင်းအိသော ကိုယ်လုံးကြီး ပေါ်သို့ တင်ပြီးလျှင် ခေါင်းအုံးသဖွယ် အသုံးပြု လေရာ ခံနေကျဖြစ်သော ဘော်ဘီသည် မလှုပ်မရှား ငြိမ်သက်စွာ ဝပ်လျက်ရှိ၏။ တခါတရံကျွန်ုပ်သည် နာရီဝက်ကျော်ကျော် တကယ်အိပ်ပျော်သွားသော်လည်း ဘော်ဘီသည် ယားယံ၍ခြစ်ကုတ်ခြင်း၊ လှုပ်ရှားခြင်းမရှိပဲ အသေကောင်သဖွယ် ငြိမ်သက်စွာ ဝပ်နေ၏။ ခွေးချစ်တတ်သည့် မည်သူမဆို ဘော်ဘီ၏အပြုအမူ ကိုမြင်ရလျှင် မချစ်ပဲ နေနိုင်လိမ့်မည် မဟုတ်ပေရာ သူ၏မြေးကလေးများကိုမျှ ယုယပိုက်ထွေး ပြုလုပ်ဖို့သတိရဟန်မရှိသော ဦးထင်ကမူ ဘာမျှမပြော၊ မသိမမြင်သကဲ့သို့ ခပ်အေးအေးနေတတ်လေသည်။ အိပ်ရာမှ နိုးလာသောအခါ တွင် ကျွန်ုပ်တို့သည် ခရီးအဆုံး၌ တွေ့ရတတ်သော မြစ်၊ သို့မဟုတ် ချောင်း၊

သို့မဟုတ် မူးမြောင်း စသည်တို့၌ ရေချိုးကြလေရာ ဘော်ဘီလည်း အပန်းပြေ ရေချိုးရှာသည်။ တနေ့သ၌ ကျွန်ုပ်တို့သည် အင်းဝတံတားပျက်ကြီး အစွန်း တဘက်၌ စားစရာများ စား၍ ဧရာဝတီမြစ်ထဲသို့ဆင်းကာ ရေကူးကြပြီးနောက် ၁၀ နာရီကျော်ကျော် လောက်တွင် တံတားမှဆင်းလာကြ၏။ အင်းဝတံတားကြီးမှ ဆင်းသောလမ်းမှာ အလွန်မတ်စောက်၍ ဘရိတ်ထိန်းပြီး သတိနှင့်ဆင်းကြရ၏။ ခွတ်လပ်သို့ရောက်သောအခါ တံတားဘက်သို့ တက်လာသော လော်ရီကားကြီး များနှင့် ဆုံမိကြရာတွင် ဦးထင်သည် ဘရိတ်ချော်သွားလေသလောမသိ။ လမ်းဘေး တွင် လဲပါလေသည်။ ပွန်းပဲ့ရုံမှတပါး အထိအခိုက်မရှိသော်လည်း ဦးထင်မှာ ဘိုင်စကယ် မစီးနိုင် တော့သည်ဖြစ်၍ ဘတ်စ်ကားဖြင့် တင်လွှတ်လိုက်ရ၏။ မောင်နေဝင်းသိရလျှင် ဘာပြောဦးမည်မဆိုနိုင်ချေ။ ထိုနေ့မှစ၍ ဦးထင်၏အိမ်သား များသည် ဦးထင်အား ဘိုင်စကယ်စီးခွင့်မပြုပဲ အတင်းပိတ်ပင် တားမြစ်ကြလေ တော့သည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ စိတ်တူသဘောတူ အဖော်ကောင်းတယောက် လက်လွတ်သွား၍ နောက်နောင်တွင် ဘော်ဘီနှင့် ကျွန်ုပ်သာ ခရီးထွက်ကြရပါ တော့သည်။

## အတင်းလိုက်လာခြင်း

စနေနေ့များ၌ ထိုကဲ့သို့ ဘိုင်စကယ်နှင့် ခရီးရှည်ထွက်ရာတွင် အသွား အပြန် မိုင် ၂၅–၃၀ ခန့်ပေါက်ရောက်သည်ချည်းဖြစ်၏။ ဦးထင်လိုက်သော အခါ များ၌ ကျွန်ုပ်သည် ဘိုင်စကယ်စီးဖို့ အကျင့်နည်းသော ဦးထင်ကို စောင့်ရခြင်း ကြောင့် ခပ်မှန်မှန်ကလေးသာ နင်းရ၏။ ကျွန်ုပ်၏စိတ်ကြိုက်မှာမူ တချက်တချက် တွင် ခပ်သုတ်သုတ်ကလေးနင်းပြီး ချွေးထွက်အောင်လုပ်ချင်၏။ သားမယားများက အစိုးရိမ်ကြီးပြီး ခွင့်မပြုကြသဖြင့် ဦးထင် မလိုက်ရသောအခါ၌ ကား ကျွန်ုပ်သည် မှန်မှန်တခါ၊ ခပ်မြန်မြန်တလှည့် နင်းခွင့်ရသည့်အတိုင်း ပြုလုပ်ရ၍ ကျေနပ်

သော်လည်း ဘော်ဘီက တဘက်ရှိနေပြန်သည်။ ခရီးရှည်ရသည့်အထဲတွင် တချက်တချက်၌ အပြေးကြီးလိုက်ခြင်းဖြစ်သောကြောင့် သူခမျာ အတော်ပင်ပန်းရှာသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဘော်ဘီကို ခေါက်တိုင်း မခေါ်ပဲ မြန်မြန်စီးလိုသောအခါများတွင် ထားပစ်ခဲ့ရ၏။ သို့ရာတွင် သူ့ကိုထားခဲ့ဖို့မလွယ်ကူ၊ အတင်းလိုက်ချင်၏။ သို့ဖြစ်၍ မစိုးအားဘော်ဘီ၏လည် ပတ်ကို ကိုင်ထားစေ၍ ကျွန်ုပ်ကဘိုင်စကယ်နှင့် ထွက်မည်ပြုသည့်အခါ အတင်းရုန်းကန်သည်နှင့် ဘိုင်စကယ်မှဆင်းပြီး သူနားလည်အောင် ငေါက်၍ ပြောရသေး၏။ မလိုက်စေလိုမှန်းသိ၍ ငြိမ်သွားသောအခါမှ ကျွန်ုပ်ထွက်လာရသည်။ တခါတရံ၌မူ မစိုးက လွှတ်လိုက်သည်နှင့် တပြိုင်နက် ဘော်ဘီသည် ကျွန်ုပ်နောက်သို့ ပြေးလိုက်လာရာ နှစ်မိုင်သုံးမိုင်ခရီးလောက်တွင် မှီလာခြင်း များလည်းကြုံရသည်။ ထို့နောက်၌မူ ကျွန်ုပ်သည် ဘော်ဘီကိုထားပစ်ခဲ့ဖို့ မကြိုးစားတော့ပဲ ခရီးထွက်တိုင်း ခေါ်ခဲ့ပါတော့သည်။

## ပျော်ပွဲစားထွက်ကြပုံ

ဘော်ဘီကို ထားမည့်သာထားခဲ့ရသည်။ ဘော်ဘီလိုက်လာခြင်းသည် (ရွာခွေးများလိုက်၍ကိုက်ခြင်းမှ ကာကွယ်ပေးရသော ဒုက္ခမှတပါး) ကျွန်ုပ်အဖို့ ဖိမ်တမျိုးရှိလှသည်။ တခါတရံတွင် ရွာများအနီးမှ ဖြတ်သန်းသွားကြသောအခါ ရွာခွေးများသည် ဘော်ဘီကိုဝိုင်း၍လိုက်ကြ၏။ ဘော်ဘီသည် ဗမာခွေးများ အနက်တွင် ထုကောင်းဒေါက်ကောင်းဖြစ်သဖြင့် တကောင်ချင်းဖြစ်ခဲ့လျှင် သူ့ကို ကိုက်ဝံ့သောခွေး အလွန်ရှား၍ သူကလည်းခွေးတကောင်နှစ်ကောင် လိုက်ခြင်းမျှ လောက်ကိုမဖြုံလှပဲ ဣန္ဒြေမပျက် လိုက်လာတတ်၏။ တခါတရံရွာခွေးအုပ်များနှင့် ကြုံရသောအခါများ၌ကား ဘော်ဘီသည် ကျွန်ုပ်ကိုမှီအောင်ပြေးလာ၍ သခင်ဘက် သို့ ကျောခိုင်းကာ ရွာခွေးများဘက်သို့ မျက်နှာလှည့်ပြီး ခုခံတတ်၏။ ခွေးအုပ်

အလွန်ကြီးသောအခါတွင် ကျွန်ုပ်ကိုယ်တိုင်ဆင်းပြီး အကာအကွယ်ပေးရပါ သည်။ ဤကိစ္စအတွက် ကျွန်ုပ်သည် ကြာပွတ်တချောင်း ဆောင်ယူခဲ့ဖို့ စိတ်ကူး မိရာ ခွေးရှင်ရွာသားများနှင့် ပဋိပက္ခဖြစ်ရမည်စိုးသည်နှင့် မဆောင်ဖြစ်ခဲ့ပါ။ မည်သို့ ဖြစ်စေ ဘော်ဘီကား ရွာခွေးများအကိုက်ခံရသည်ဟု တခါမျှ မကြုံရဘူးပါ။ ခံရ ဘူးပါမူ ဘာပဲဖြစ်ဖြစ် ကျွန်ုပ်ကြာပွတ်ဆောင်မိလိမ့်မည်ထင်သည်။ ဘော်ဘီကို ခေါ်ခဲ့၍ ဖိမ်ရှိပုံမှာ တခါတရံတွင် ကျွန်ုပ်သည် စာတအုပ်၊ လက်ဖက်ရည်ကြမ်းဗူး နှင့် စားစရာ ခပ်များများယူလာခဲ့၍ ချောင်းတခုအနီး အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် တနေ့ပတ်လုံး ရေချိုးလိုက်၊ ဘော်ဘီကိုခေါင်းအုံးပြီး တရေးတမောအိပ်လိုက်၊ စာဖတ်လိုက်၊ ရေတထပ်ဆင်း၍ချိုးလိုက် စသည်ဖြင့် တနေ့ပတ်လုံး အနားယူတတ်ကြရာ နေဝင်ခါနီးတွင် အိမ်သို့ပြန်ရောက်တတ်ကြ လေသည်။ ရန်ကင်းတောင်ပတ်ဝန်းကျင်ရှိ ရွာကလေးများမှ ရွာသူရွာသားများသည် ကျွန်ုပ်တို့အား 'ခွေးကြီးနဲ့လူကြီး' ဟူ၍ သိနေကြလေပြီ။ တခါတရံတွင် ကလေးသူငယ်များအတွက် မုန့်ပဲသားရေစာများ ဝယ်ယူသွားရပါသေးသည်။

## လူဝင်စားပေလော

ဘော်ဘီ၏ထူးဆန်းခြင်းတခုမှာ သေနတ်သံ၊ အမြောက်သံ၊ ဗုံးသံစသည့် ပြင်းကနဲမြည်သော အသံမျိုးကို အလွန်ကြောက်တတ်ရာ၏။ တခါက မြို့ထဲ၌ လမ်းလျှောက်လာကြစဉ် တရုတ် နှစ်သစ်ကူးချိန် ဖြစ်သည်နှင့် အိမ်တအိမ်မှ တဖြောင်းဖြောင်းမည်အောင် တရုတ်ဖျောက်အိုးများ ဖောက်လိုက်ရာတွင် ဘော်ဘီ သည်သခင်ကိုပင် လှည့်၍မကြည့်နိုင်တော့ပဲ ခြေဦးလှည့်ရာသို့ တန်းပြီး ပြေးလေ တော့သည်။ ပြေးလိုက်သည်မှ လျားကနဲလျားကနဲ မြင်းပွဲမှ ပြိုင်မြင်းများ ပြေးသည့်နှယ် ခြေကုန်သုတ်ခြင်းဖြစ်လေသည်။ ကျွန်ုပ်ကခေါ်ပါသော်လည်း ကြား ဟန်မတူ၊ သူ၏နားထဲ၌ ဖျောက်သံတွေချည်း ဆူလျက်ရှိပုံရသည်။ မန္တလေး

မြို့တွင်းသို့ ကရင်သူပုန်များဝင်စဉ်ကလည်း မော်တာသံများကြားသည့် အခါ ဘော်ဘီပျောက်သွား၍ အိမ်သာထဲသို့ ဝင်သောလူက ချောင်ထဲ၌ ကုပ်နေသော ဘော်ဘီကိုတွေ့တော့မှ ပုန်းနေခြင်းဖြစ်ကြောင်း သိရသည်။ တဖန် ကာကွယ်ရေး ကျင်းတူးပြန်တော့လည်း မော်တာသံကြား၍ ပုန်းကြသူများသည် ကျင်းထဲသို့ ရောင်နှင့်နေသော ဘော်ဘီကိုတွေ့ကြရပြန်သည်။ ဤတွင် ကျွန်ုပ်၌ အတွေးအခေါ် တခု ဖြစ်ပေါ်လာ၏။ ဝက်လက်မြို့ပေါ်သို့ အင်္ဂလိပ်တို့ဗုံးများကြဲချဘူး၍ လူများ အတော်အတန် သေဆုံးကြဘူးရာ လူများသေကြသော အချိန်နှင့် ဘော်ဘီ မွေးသောအချိန်မှာ ကာလအားဖြင့် ရှေ့နောက် ကိုက်ညီလျက်ရှိသောကြောင့် ဘော်ဘီသည် ဗုံးထိမှန်သူ တယောက်ယောက် ဝင်စားခြင်းဖြစ်၍ ဗုံးသံကို ဤမျှလောက် ကြောက်တတ်လေသလောဟု စဉ်းစားမိသည်။ အခြားသော အကြောင်းတရပ်မှာလည်း အချို့ကိစ္စများတွင် ဘော်ဘီသည် ခွေးတိရစ္ဆာန်နှင့် မလိုက်အောင် သိတတ်သော သဘာဝတခု ပါရှိခြင်းပင် ဖြစ်လေသည်။

## ဗိုလ်ကျမှုရောက်ခြင်း

၁၉၄၉ ခုနှစ်၊ ဩဂုတ်လလောက်တွင် ကျွန်ုပ်သည် ရန်ကုန်သို့ရက်ပေါင်း ၂၀ ကျော်ခန့် သွားနေခဲ့ရာ တော်သလင်းလ ရာသီဖြစ်သည်တကြောင်း၊ ကျွန်ုပ် လည်း မရှိသည်တကြောင်းကြောင့် ဘော်ဘီသည် အိမ်သို့ ကပ်တော့သည် မရှိပဲ အရပ်ထဲတွင် ထိုနယ်တပိုက်၌ အရှေ့လိုက်လေတော့သည်။ ထိုအချိန်တွင် လေးနှစ် သားအရွယ်ရှိပြီဖြစ်၍ 'ခွေးလား'ကောင်းကောင်းမြောက်လျက် ရှိသည်နှင့် နှစ်တိုင်း နှင့် မတူအောင် ကာမစိတ်အားကြီးလာ၍ အတားအဆီးမရှိ လိုက်လေ တော့သည်။ ဒေါက်ကောင်း၊ ထုကောင်း၊ ဗလကောင်းလည်းဖြစ်၍ ယခင်နှစ် များကကဲ့သို့ သူကြောက်ရသော ခွေးမရှိသဖြင့် ဗိုလ်ကျချင်တိုင်း ကျနေနိုင်၏။ ရန်ကုန်မှ ကျွန်ုပ်ပြန်ရောက်လာသောအခါတွင် ဘော်ဘီမှာ အိပ်ပျက် စားပျက်နှင့် အတော်

ပိန်ချုံးလျက် ရှိလေပြီ။ သို့ရာတွင် 'ဆင်ပိန် ကျွဲလောက်' ဆိုသော စကားကဲ့သို့ တောင့်တောင့်တင်းတင်း ရှိပါသေးသည်။ မစိုးက သုံးလေးရက်မျှ အိမ်သို့မပြန်ပဲ လည်နေသော ဘော်ဘီကို သုံးလေးပြတိုင်အောင် လိုက်လံခေါ်ယူ ရကြောင်း၊ လိုက်လာသော်လည်း ကျွေးသည်များကို မစားချင်စား ချင်စားပြီးနောက် ပြန် ထွက်ပြေးကြောင်း ပြောပြလေ၏။ ကျွန်ုပ်ရောက်သောအခါ၌ ညဥ့်အိပ်ညဥ့်နေ မလည်သော်လည်း သူ့အမြီး၌ ခွေးကိုက်သော အနာတခုရှိနေခဲ့လေပြီ။ ဘော်ဘီ သည် ဝင်းမောင်တို့၏အိမ်၌ နေခဲ့ရကတည်းက သူ့ထက်အရိုးရင့်သော ခွေးကြီး တကောင်နှင့် ခဏခဏကိုက်ရခြင်းကြောင့် အလေ့အကျင့် ရ၍ သူ၏အရှေ့ပိုင်းကို ထိအောင်မကိုက်နိုင်သဖြင့် နောက်ပိုင်းကို အခြားခွေး၊ တကောင်က ဆွဲကိုက် ထားခြင်း ဖြစ်ဟန်တူသည်။ ကျွန်ုပ်သည် အနာကို ဆေးထည့်ပေးခြင်း၊ ဝမ်းချူ ခြင်းအားဖြင့် ဘော်ဘီမှာ အတော်သက်သာလာခဲ့လေ ပြီ။

## ဘော်ဘီနှင့်တိုင်နီ

ဒေါ်စု၏သမက် ကာယဗလ မောင်နေဝင်းက ခွေးချစ်တတ်သော ကျွန်ုပ်၏ ဝါသနာကို သိသည်ဖြစ်၍ "ဦးလေးသိန်းကို ခွေးတကောင် ပေးရဦးမည်"ဟု ပြော ဘူး၏။ သူ၏အိမ်၌ အယ်လ်ဆေးရှင်း တစုံရှိ၍ ခွေးကလေးရှစ်ကောင် မွေးသည် တွင် ကျွန်ုပ်အား ခေါ်သွား၍ ကြိုက်ရာခွေးကလေးတကောင်ကို ရွေးယူစေရာ ကျွန်ုပ်သည် ခွေးထီးကလေးတကောင်ကို ရွေးယူပြီး တိုင်နီ (Tiny) ဟု အမည်ပေး ထား၏။ တိုင်နီရောက်လာသောအချိန်တွင် ဘော်ဘီမှာ ကျွန်ုပ်ပြုစုကုသမှုကြောင့် ကျန်းမာလုမတတ် ရှိနေလေပြီ။ တနေ့သ၌ ကျွန်ုပ်သည် ပန်းကန်ပြားတချပ်စီတွင် နွားနို့၊ ဆိတ်ရိုးနှင့် ဆန်များရောကျိုထားသည့် ခွေးစာများကို ထည့်စေပြီးနောက် ကျွန်ုပ်ကိုယ်တိုင် စောင့်၍ကျွေး၏။ ပန်းကန်ပြား နှစ်ချပ်ကိုလည်း နီးကပ်စွာထားစေရာ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ မလုမယက်၊ အနိုင်အကျင့် မကျင့်

ပဲ ကိုယ့်ပန်းကန်ပြားနှင့်ကိုယ် စားတတ်စေရန် ကျင့်ပေးခြင်း ဖြစ်လေသည်။ သူတို့ ကြောက်စေရန် (အထူးသဖြင့် ခွေးကြီးဖြစ်သော ဘော်ဘီ ကြောက်စေရန်) ကျွန်ုပ်၏လက်တွင် တုတ်တချောင်း ကိုင်ထား၏။ တိုင်နီသည် အစားကြီးသော ခွေးကြီးမျိုးဖြစ်၍ သူ့ဝေစုကိုကပျာကယာ စားပြီး ဘော်ဘီအနီးသို့ သွား၍မျှော်၏။ လက္ခဏာမှာ ကျွန်ုပ်ကိုအားကိုးပြီး ချဉ်းကပ်ဝံ့ခြင်းဖြစ်သော်လည်း ဘော်ဘီကို အလွန်သတိကြီးစွာနှင့် စောင့်ကြည့်လျက်ရှိ၏။ တိုင်နီသည် ဘော်ဘီ၏ ပန်းကန်တွင် အကပ်အသပ်အဖြစ်နှင့် တဖက်နှစ်ဖတ် ကျန်နေသေးသော ဆိတ်ရိုးတုံးကလေးများ၏ သွေးဆောင်မှုကြောင့် ရှေ့သို့ တလှမ်းတိုးလိုက်ရာ ဘော်ဘီက 'ဝေါင်း'ကနဲဟန့်ကာ တိုင်နီကို တချက်ဟန့်လိုက် ခြင်းနှင့် ကျွန်ုပ်ကဘော်ဘီ၏ ကျောကိုတုတ်နှင့် တချက်ချလိုက်ခြင်းတို့သည် တပြိုင်နက်ဆိုရမတတ် ကပ်၍ဖြစ်သော အခြင်းအရာများဖြစ်လေသည်။ ဘော်ဘီက တိုင်နီကိုဟပ်လိုက်ခြင်းသည် ထိပင်ထိသော်လည်း မနာကျင်လှ။ ကျွန်ုပ်ကဘော်ဘီ၏ကျောကို ရိုက်လိုက်ခြင်းသည်လည်း မပြင်းထန်လှ။ တိုင်နီကမူ 'ဂိန်'ကနဲ လန့်ထွက်ပြေးသော်လည်း ဘော်ဘီမူကား ကျွန်ုပ်၏တုတ်ချက်ကြောင့် မည်သို့မျှ အသံမထွက်ပဲ မျက်နှာညှိုး၍ ကျသွား၏။ ကျွန်ုပ်သည်ခွေးတကောင်၏ ဤမျှလောက် မျက်နှာညှိုးငယ်သွားခြင်းကို တခါမျှ မမြင်ဘူးသဖြင့် တအံ့တဩ ဖြစ်သွား၏။ ကျွန်ုပ်ကြည့်နေစဉ် ဘော်ဘီသည် သူ့ပန်းကန်ထဲ၌ ကျန်ရှိနေသေးသော အရိုးနှစ်ဖတ်ကို မစားတော့ပဲ သူ၏အိပ်ရာသို့သွား၍ ခွေလျက်နေပါတော့သည်။ ထိုအပြုအမူကို မစိုးကမြင်၍ "ဘော်ဘီဘာဖြစ်သွားတာလဲ"ဟုမေးရာ ကျွန်ုပ်က "နေပါစေကွာ"ဟု စိတ်ခုခုနှင့် ပြန်ပြောလိုက်သည်။

## ဆန္ဒပြတတ်သော ဘော်ဘီ

အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်သည်ဘော်ဘီ၏ သိတတ်သော သဘောကို ကြိုက်သော်လည်း ကျွန်ုပ် (သခင်) အပေါ်၌ ဆန္ဒပြရာရောက်သော အပြုအမူ အတွက် စိတ်ခုတုတုဖြစ်သွားပါသည်။ ကျွန်ုပ်ကလည်းမောင်နေဝင်းက စေတနာနှင့် ပေးသည့် ခွေးအဖိုးတန် (အယ်လ်ဆေးရှင်းမျိုး) ဖြစ်သည့်ပြင် သင်ကြား၍တတ် လွယ်လှသည်ဟု ကမ္ဘာကျော်ကြားသော ခွေးမျိုးဖြစ်သည့်အတွက်ကြောင့် တိုင်နီ ကလေးကို ယုယုယယလုပ်မိ၏။ ဘော်ဘီသည် ထိုအပြုအမူကို မြင်ရသော အခါတိုင်း မျက်နှာညှိုးငယ်သွားခြင်းကို ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်ကသူ့ကို ခေါ်သည့် အခါများတွင် ယခင်ကကဲ့သို့ ချက်ချင်းမလာပဲ တခွန်းပြင် နှစ်ခွန်းခေါ်မှ လာလေ တော့သည်။ ထိုနေ့မှစ၍ ဘော်ဘီသည် အစားအသောက် ဆုတ်ယုတ်ခြင်းကိုလည်း ကျွန်ုပ်သတိပြုမိ၏။ ကျွန်ုပ်သည်ဘော်ဘီ၏ အမူအရာပြောင်းလဲခြင်းကို သဘော ကျသလိုလို မကျသလိုလိုဖြစ်မိ၏။ ကျွန်ုပ်အပေါ်၌ယုံမှားဖွယ်မရှိအောင် တာတွယ် ခင်မင်ခြင်း ကိုသဘောကျသော်လည်း တိုင်နီကိုအရေးတယူ လုပ်ရချေမည်လောဟု ဝန်တိုဟန်ရှိသော သဘောထားကို မကြိုက်နိုင်ခြင်းဖြစ်ပါသည်။ ထိုနေ့က တိုင်နီ အတွက်ကြောင့် သူ၌အရှိက်ခံရခြင်းကား မှန်ပါသည်။ သို့ရာတွင် ဤတကြိမ်မှအပ နောက်ထပ်၍ ကျွန်ုပ်ထိုသို့မပြုလုပ်မိစေဖို့ သတိပြုရန် ကျွန်ုပ် နားလည်ပါသည်။ မစိုးကမူ တိုင်နီကို ပြန်ပို့လိုက်ဖို့ အကြံပေးပါသေးသည်။ သို့ရာတွင် ကျွန်ုပ် ကလည်း ခွေးမျိုးကောင်းတကောင်ကို လက်လွှတ်ဖို့ခဲယဉ်းသည် တကြောင်း၊ ကျွန်ုပ်နှင့် တိုင်နီကလေးမှာလည်း သံယောဇဉ်ကြိုးနှောင်ဖွဲ့လျက် ရှိကြပြီတကြောင်း၊ ခွေးတန်ပဲလျက်နှင့် ဤမျှလောက် ဝန်တိုတတ်ရချေသလောဟု မခံချင်သည် တကြောင်းကြောင့် မစိုး၏အကြံကို လက်မခံခဲ့ချေ။ သို့ရာတွင် ဘော်ဘီရှေ့၌ တိုင်နီကိုပွတ်လားသပ်လားလုပ်ကာ ခင်မင်ကြင်နာမှု ဖော်မပြမိဖို့ကား သတိထား ပါသည်။ သို့နှင့်လည်းဘော်ဘီသည် တနေ့တခြား အစားဆုတ်ယုတ်၍ ကြုံလှီ

လျက်ရှိလေပြီ။ စဉ်းစားစရာတချက် ရှိသည်မှာကား ဘော်ဘီသည် (မစိုး ထင်သကဲ့သို့) ရင်ကွဲနာကျခြင်း သက်သက်မဟုတ်၊ အမြီး၌ ခွေးကိုက်သော ဒဏ်ရာကလည်း အနာမကျက်သေးပဲဖြစ်နေပါသည်။ ကျွန်ုပ်က အစာမကြေကျက်၊ ရင်ပြည့်သည်ထင်၍ ကျွန်ုပ်ကိုယ်တိုင် ကြင်နာယုယစွာ ဝမ်းချုပေးသဖြင့် ဓာတ်သွားပြီး နေထိုင်ကောင်းလာသည့် အခါများတွင် ဘော်ဘီသည် ကျွန်ုပ်၏ခြေထောက်များကို လျက်ခြင်းအားဖြင့် ကျေးဇူးတင်ခြင်း၊ ဝမ်းသာခြင်းတည်းဟူသော အမူအရာမျိုး ဖော်ပြပါသည်။ တနေ့သ၌ ကျွန်ုပ်သည် ဘော်ဘီကို ဝမ်းချုပေး၍ ဝမ်းပိုက်ထဲ၌ ရေပြည့်သည်နှင့်တပြိုင်နက် ဘော်ဘီကဆင်းပြေး၏။ (သူကလေးသည် ဝမ်းချုသည်ဖြစ်စေ၊ အလိုအလျောက် ဓာတ်သွားခြင်း၊ ဆီးသွားခြင်း ပြုသည့်အခါများ၌ဖြစ်စေ၊ ကျွန်ုပ်တို့၏နေအိမ်အနီး နား၌ မလုပ်တတ်ပဲ အတော်ကလေးဝေးသောနေရာသို့ ပြေးသွားပြီးမှ လုပ်တတ်ခြင်းမှာ ငယ်ငယ်ကလေးကတည်းက ဝါသနာဖြစ်၏။) ထိုနေ့၌ ဝမ်းဗိုက်တွင် ရေပြည့်၍ကျွန်ုပ်ကလွှတ်ပေးလိုက်ရာတွင် အိမ်ပေါ်မှဆင်းပြေး၍ အိမ်ရှေ့သို့ရောက်သည်နှင့်တပြိုင်နက် ချာလပတ်လည်ပြီး လဲကျသွား၏။ ကျွန်ုပ်တို့လည်း အိမ်ပေါ်မှ ဆင်းပြေးကြ၍ အနီးသို့ရောက်ကြသည်တွင် ဘော်ဘီသည် ခြေလေးဘက်ကို အစွမ်းကုန်ဆန့်လျက် တချက်တည်း ဆတ်ဆတ်တုန်သွားခြင်းကို မြင်လိုက်ကြရပြီးနောက် အသက်ကုန်ပျောက်သွားရှာပါတော့သည်။

## ကျွန်ုပ်၏ ထူးဆန်းချက်တခု

အိမ်သားများ ငိုကြွေးကြသည်တွင် ကျွန်ုပ်ကိုယ်တိုင်လည်း မျက်ရည်များကျမိပါသည်။ ကျွန်ုပ်သည် မိခင် ကွယ်လွန်စဉ်ကလည်းကောင်း၊ ဖခင် အသက်ငင်ခြင်းကို မြင်ရစဉ်ကလည်းကောင်း မျက်ရည်မကျခဲ့ပဲ အုပ်ပေါင်းသေခြင်းအကြောင်းကိုကြားရ၍ ဘော်ဘီအသက်ထွက်ခြင်းကို မြင်ရသောအခါများတွင်မှ

မျက်ရည်ကြီးငယ် ကျရသည်ဆိုခြင်းမှာ ထူးဆန်းသည်ဟု မှတ်ထင်ဖွယ်ရှိသောကြောင့် ရှင်းလင်းဖော်ပြပါဦးမည်။ ဤသည်မှာ ကျွန်ုပ်တရားအားထုတ်၍ သိရခြင်း၏ အကျိုးအာနိသင်ဖြစ်ပါသည်။ ရှင်းပါဦးမည်။ များသောအားဖြင့် ပရိဒေဝမီးလောင်ကျွမ်း၍ ငိုကြွေးကြရာတွင် ထိုသူတို့သည် သေသူနှင့်ဘယ်တော့မှ တွေ့ဆုံကြရတော့မည်မဟုတ်ဟု တွေးမိခြင်းကြောင့် ဝမ်းနည်းပြီး ရှိုက်ကြီးတငင် ငိုကြွေးပူလောင်ကြခြင်းဖြစ်၏။ မိခင်ဖခင်တို့နှင့် ပတ်သက်၍ ကျွန်ုပ်၌ထိုသို့သောအတွေးမျိုးမပေါ်လာချေ။ ထိုအခါများ၌ ကျွန်ုပ်စဉ်းစားမိသည်ကား ငါ၏မိခင်နှင့်ဖခင်(အထူးသဖြင့်မိခင်)သည် မည်သည့်နည်းနှင့်မျှ ယခုထက် ယုတ်ညံ့သောဘဝမျိုးသို့မရောက်နိုင်။ ဤဘဝတွင်လည်း မိခင်ကား ၇၀ကျော်၊ ဖခင်ကား ၈၀ကျော်နေကြရပြီဖြစ်၍ သူတို့လည်းကျေနပ်သင့်ပြီ၊ ငါလည်းကျေနပ်လောက်ပြီဟု ဆင်ခြင်မိသောအားဖြင့် အလွန်အမင်း ပူလောင်စရာရှာမတွေ့သောကြောင့် မျက်ရည်ကြီးငယ် မကျခဲ့ခြင်းဖြစ်ပါသည်။ 'သူကလေး'ဘော်ဘီနှင့် အုပ်ပေါင်းမူ ကားငင်းတို့၏သေရပုံမှာ ရင်နာဖွယ်ကောင်း၍ သနားမိသည့်ပြင် ဘယ်ဘဝသို့ရောက်ရှာလေမည်မသိ။ လက်ရှိဘဝထက် တိုးတက်ဖို့လမ်း နည်းသည့်အတွက်ကြောင့် ကရုဏာစိတ်ဖြစ်ပေါ်လာသည်နှင့် မျက်ရည်ကျခဲ့မိခြင်းဖြစ်ပါသည်။

## တိုင်နီကလေး

ဘော်ဘီသေရခြင်းမှာ ဝမ်းချုခြင်းကြောင့်မဟုတ်၊ အမြီးမှအနာက အဆိပ်ဖြစ်ပြီး (Septic) အနာဝင်၍သေခြင်းဖြစ်သည်ဟု နောက်တွင်မှသိရပါ သည်။ မစိုးကမူ တိုင်နီကြောင့် ဘော်ဘီသေရသည်ဟု (မိန်းမပြီပြီ) ယူဆသည်နှင့် ကျန်ရစ်သော တိုင်နီအပေါ်၌ မေတ္တာထားရှိဟန် မတူချေ။ ကျွန်ုပ်ကမူဘော်ဘီသေပြီးသည့်နောက်၌ တိုင်နီကိုတိုး၍ဂရုစိုက်ပြီး၊ တိုး၍ကြင်နာလာခဲ့လေသည်။ ဘော်ဘီ၏သိတတ်ခြင်းမှာ 'လူဝင်စား'ဖြစ်သောကြောင့်ဟု ကျွန်ုပ်ထင်မိရာ၊ တိုင်နီမူကား

ခွေးမျိုးထဲတွင် အသိတတ်ဆုံးသော ခွေးမျိုးဖြစ်သောကြောင့်ဟူ၍ ကျွန်ုပ်ယူဆ၏။ ကျွန်ုပ်အပေါ်၌ ချစ်ခင်တာတွယ်ကြခြင်းမှုကား (နှစ်ကောင်လုံးအဖို့) ကျွန်ုပ်၏ ခွေးချစ်တတ်သော ဝါသနာကြောင့် ဟူ၍ထင်မြင်ပါသည်။ ဘော်ဘီသေသည့် နောက် တိုင်နီသည်လည်း (ကျွန်ုပ်အထူးစောင့်ရှောက်ပြုစု ကျွေးမွေးထားသည့် အထဲမှာပင်) ချိနဲ့သောရောဂါစွဲကပ်လျက် ရှိလေပြီ။ ဤသည်မှာ ကျွန်ုပ်တို့၏ အပြုအစုညံ့သောကြောင့် မဟုတ်တန်ရာချေ။ မောင်နေဝင်း၌ (တိုင်နီ၏ညီအစ်ကို မောင်နှစ်မ ခုနှစ်ကောင်ရှိသည့်အနက်) ခွေးကလေး တကောင်ပြီးတကောင် သေ ကုန်ကြ၍ တိုင်နီသည်နောက်ဆုံးသော ခွေးကလေးဖြစ်နေလေပြီ။ ထို့ကြောင့် ကျွန်ုပ်သည် တိုင်နီ၏ သက်ဆိုးရှည်ပုံ မပေါ်သည့်အဖြစ်ကိုသိသည်နှင့် သူ့ ကျန်းမာရေးအတွက် ထပ်ဆင့်ပြီး ကြိုးကြိုးစားစား ဂရုစိုက်ပါသေး၏။ တိုင်နီနှင့် ပတ်သက်၍ ကျွန်ုပ်မမေ့နိုင်သော အခြင်းအရာ တခုအဖြစ်နှင့် ကျန်နေရစ်သည်မှာ တနေ့သ၌ ကျွန်ုပ်သည် ဖျာပေါ်တွင် ခြေဆင်းလျက် ခုချက်ချင်းရောက်လာသော သတင်းစာတစောင်ကို ခေတ္တမျှ လှန်လှောဖတ်ရှုလျက်ရှိစဉ် တိုင်နီသည် ကျွန်ုပ်၏ ခြေသလုံးနှစ်ဘက် အကြားသို့ဝင်ဝပ်ကာ ကျွန်ုပ်၏ပေါင်ပေါ်၌ မေးတင်လျက် ကျွန်ုပ်၏မျက်နှာကို လှမ်းကြည့်နေ၏။ ဤသို့သော အနေအထားမှာ ပထမ အကြိမ်ဖြစ်သော်လည်း တိုင်နီသည် ဤအနေအထားကို အလွန်နှစ်သက်ကြောင်း ကျွန်ုပ်ရိပ်မိ၏။ သို့ဖြစ်၍ ကျွန်ုပ်က အညောင်းခံပြီး ခြေဆင်းထားရာ တိုင်နီသည် ကျွန်ုပ်မထမချင်းဝပ်နေ၏။ ဤအကြောင်းကို ရိပ်မိရာတွင် ကျွန်ုပ်သည် ခဏခဏ ခြေဆင်းထိုင်ပေး၍ ကျွန်ုပ်ထိုင်တိုင်းတိုင်နီက လာ၍ဝပ်၏။ နောက်ဆုံးတနေ့၌ တိုင်နီသည် ကျွန်ုပ်၏ ခြေသလုံးနှစ်ဘက်အကြား၌ပင် ဝပ်လျက် အသက်ထွက်သွားရာလေတော့သည်။ ဤတချီတွင်လည်း ကျွန်ုပ်မျက်ရည်ကျခဲ့ ရပါသေးသည်။

## ကိုယ့်ခွေးကိုယ့်ကိုက်

ဘော်ဘီနှင့်တိုင်နီတို့အပြင် အခြားသောခွေးကလေး (မောင်နှမ) နှစ်ကောင် မွေးဘူးပါသေးသည်။ ထိုစဉ်အခါက အတူနေသော သားသမီးမရှိသည့် ကျွန်ုပ်မှာ ခွေးမရှိလျှင် မနေတတ်သလောက် ဖြစ်သည်နှင့် ခွေးရှာရပါသေးသည်။ မောင် နေဝင်း၌ အယ်လ်ဆေးရှင်းမျိုး ခွေးကလေးများ ရှိပါသေးလျှင် ကျွန်ုပ်တောင်း ယူဦးမည်ဖြစ်ရာ သူ၏ခွေးကလေး ခုနှစ်ကောင်လုံးမှာ သေကုန်ကြပြီဖြစ်၍ အခြား နေရာမှ တောင်းယူရသည်။ ကျွန်ုပ်သည် စားတန်းရပ်မှ ခွေးထီးကလေး တကောင် ကို သဘောကျ၍ တောင်းကြည့်ရာ သူ့သခင်ကအထီးချည်းမပေးနိုင်၊ အမ ကလေးတကောင်ပါ တွဲယူရမည်ဟု ပြောသောကြောင့် မောင်နှမတစုံယူရ၏။ ခွေးချစ်တတ်သော ကျွန်ုပ်တို့သည် နို့မခွဲတခွဲ ရှိနေသေးသော သူတို့နှစ်ကောင်ကို နွားနို့တိုက်၍မွေးရ၏။ ခွေးထီးကလေးမှာ နှုတ်သီးချွန်၍ နားရွက်ထောင်သော ကြောင့် 'ကြွက်စုတ်'ဟုမှည့်ထားရာ (ဘော်ဘီမှာ နှုတ်သီးပုတို နှင့်နားရွက်ကုပ် ဖြစ်သည်။) ခွေးမကလေးကိုမူ 'မက်ဂီ'ဟု မှည့်ထား၏။ တနေ့သ၌ ကျွန်ုပ်သည် မင်းကွန်းဘက်သို့ ဥပုသ်ရက်ရှည်စောင့်ရန် သွား၍ ပြန်ရောက်လာရာ တွင် ကြွက်စုတ်နှင့်မက်ဂီတို့ကိုခေါ်၍ နှုတ်ဆက်၏။ မက်ဂီသည် ကျွန်ုပ်အား 'ပလူး ပလဲ'လုပ်ကာ နှုတ်ဆက်ပြီးနောက် ကျွန်ုပ်၏ဒူးကို ဆတ်ကနဲကိုက်လိုက် သဖြင့် သွေးအနည်းငယ်ထွက်လာ၏။ ကျွန်ုပ်သည် အလွန်အံ့သြစွာနှင့် မက်ဂီကို လှမ်း ကြည့်လိုက်ရာ မက်ဂီ၏မျက်လုံးများမှာ ကျွန်ုပ်ကို သိသည့်လက္ခဏာမရှိပဲ တမျိုး တမည်ဖြစ်နေ၏။ ကျွန်ုပ်မစဉ်းစားတတ်အောင် ဖြစ်နေစဉ်တွင် မစိုးနှင့် ခယ်မမိသေးတို့က သူတို့ကိုလည်း ယမန်နေ့က ကိုက်သေးကြောင်းပြောပြလေ သည်။ ဤတွင် ကျွန်ုပ်သည် မက်ဂီကိုခေါ်ကြည့်ရာ၊ မက်ဂီသည် ကျွန်ုပ်ကို သိဟန်မရှိပဲ မျက်လုံးများ တမျိုးတမည် ဖြစ်နေခြင်းကို တွေ့ရ၏။ ထိုအခါမှ ကျွန်ုပ်သည် မက်ဂီရူးကြောင်းသိ၍ ဆောင်းကြီးတခုနှင့် မက်ဂီကိုအုပ်ထားပြီး

(ဆေးရုံစာရေးကြီး)တူ ဝင်းမောင်ထံသို့ အကြောင်းကြားလိုက်ရသည်။ ထိုအတော အတွင်း၌ ကျွန်ုပ်သည်မက်ဂီအား (ဆောင်းထဲ၌) အစာကျွေးခြင်း၊ ရေတိုက်ခြင်း အားဖြင့် စမ်းကြည့်ရာ အစာလည်းမစား၊ ရေလည်းမသောက်သဖြင့် 'ရူး'ခြင်းကား ထင်ရှားလေပြီ။

## ကျွန်ုပ်၏အဆုံးအဖြတ်

ဘာသာရေးကို လေးစားသည်ဆိုသည့် အခြားသော ဗုဒ္ဓဘာသာဝင်များ သည် ဤသို့သော အခြေအနေနှင့်မည်ကဲ့သို့ပြုလုပ်ကြမည် မပြောတတ်ချေ။ ကျွန်ုပ်စဉ်းစားသည်ကား ခွေးဟူသည်မှာ 'ရူး'သည်ဆိုလျှင် ကုသ၍ရစကောင်း သည်မရှိ၊ မသေမီအတွင်း အခြားလူများကို အနှောင့်အယှက်ပေးဖို့သာ ရှိတော့ သည်။ အချို့ကမူ ယင်းသို့ဆိုလျှင် ဆောင်းထဲတွင် အုပ်ထားပါက တော်လောက်ပြီ မဟုတ်လောဟု ပြောကောင်းပြောကြပေလိမ့်မည်။ ကျွန်ုပ်မူကား (တနေရာတွင် ဖော်ပြခဲ့သည့်အတိုင်း) ဤကိစ္စမျိုးတွင် အနောက်တိုင်းအယူအဆ ကို သဘောကျ သည့်အပြင် ဗုဒ္ဓဟောတော်မူသည့် 'စေတနာ'အကြောင်းကို ကျွန်ုပ်စဉ်းစားပြီးဖြစ် သည့်အလျောက် ရဲရဲကြီးဆုံးဖြတ်နိုင်၍ ခံရမည်ဆိုလျှင်လည်း ခံဖို့အသင့်ရှိသည်။ (ခံရမည်ဟူ၍လည်း မည်သူကပြော၍ မယုံကြည်ပါ။) ကျွန်ုပ်သည် မက်ဂီအပေါ်၌ ဒေါသစိတ်အလျဉ်းမရှိ၊ ကရုဏာကြီးစွာထားလျက်ရှိပါသည်။ မက်ဂီကို အရှင်ထား ၍လည်း မည်သည့်အကျိုးမျှ ကြည့်၍မမြင်ပါ။ သို့ဖြစ်၍ဆေးရုံမှ ဝင်းမောင်က လွှတ်လိုက်သည့်လူတယောက် ရောက်လာသည့်အခါ ကျွန်ုပ်တို့သည် မကြည့်ရက် သည်နှင့် ရှောင်ဖယ်ပေးကြပြီး ထိုလူက အဆုံးစီရင်ပြီးနောက် ဂုန်နီအိတ်နှင့် ထည့်၍ ထမ်းယူသွားပါလေတော့သည်။ ဆရာဝန်များသည် မက်ဂီ၏ဦးနှောက်ကို ရန်ကုန်သို့ပို့၍ ခွဲစိတ်ကြည့်ရှုသည့်အခါ ခွေးရူးပိုး (Hydrophobia) တွေ့ရသည် ဟု အကြောင်းပြန်လိုက်လေ၏။ ကျွန်ုပ်တို့အိမ်သားသုံးယောက်သည် မြန်မာနည်း

အရ (ဆယ်နည်းမထက်မနည်း) ကုသကြရသည့်အပြင် အနောက်တိုင်းနည်းအား ဖြင့်လည်း အကြိမ်ပေါင်းများစွာ ဆေးထိုးကြရပါသည်။ ကျွန်ုပ်တို့မှာသုံးနှစ်အတွင်း၌ 'ခွေးရူးပြန်'နိုင်သေးသည်ဟု ပြောကြသောကြောင့် 'ခွေးတောက်ရှက်' မစားဝံ့ပဲ ရှောင်ကြပေရာ သုံးနှစ်ကျော်လွန်သောအခါမှ စိတ်ချလက်ချ အသက်ရှူ ကြရပေ တော့သည်။

## ကြွက်စုတ်ကလေး

၁၉၅၀ ပြည့်နှစ်၊ ဒီဇင်ဘာလ၌ ကျွန်ုပ်တို့သည် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရန် ဆုံးဖြတ်ကြရာတွင် 'ကြွက်စုတ်'အတွက် အခက်အခဲတခု ဖြစ်နေ၏။ ဘော်ဘီသို့မဟုတ် တိုင်နီဖြစ်ခဲ့လျှင် ခွေးခေါ်သွား၍ မဖြစ်နိုင်ဆိုပါက အောက်ပြည်သို့ မသွားပဲနေလျှင်သာ နေလိမ့်မည်။ ဤနှစ်ကောင်ကိုခွဲ၍ ထားခဲ့လိမ့်မည် မဟုတ်ချေ။ ကြွက်စုတ်မှုကား ထိုမျှလောက် သံယောဇဉ်ငြိတွယ် ခြင်းမရှိသေးချေ။ သို့နှင့်လည်း ကျွန်ုပ်အဖို့ရာ၌ ပြဿနာကြီးတခုဖြစ်နေ၏။ နောက်ဆုံး၌ ကြွက်စုတ်၏သခင်နှင့် ၎င်း၏မိခင်တို့ကို သတိရ၍ ဓားတန်း၌ရှိသော သူ့သခင်အား စုံစမ်းကြည့်ရာ ကြွက်စုတ်ကို ပြန်၍ယူပါမည်ဟု ပြောသည်နှင့် ပြန်ပို့လိုက်ရသည်။ ပြန်ပို့ပြီးနောက် ကျွန်ုပ်သည် ရန်ကုန်သို့ ရုတ်တရက် မသွားဖြစ်သေးသည်နှင့် မစိုးနှင့် ကျွန်ုပ်သည် ကြွက်စုတ်တို့ရှိရာသို့ နေ့စဉ်ထမင်း ဟင်းနှင့် စားစရာများ တလှည့်စီပို့ကြပါသေးသည်။ ဘော်ဘီနှင့် တိုင်နီတို့ဆိုလျှင် ဘယ်လိုများနေကြမည် မပြောတတ်ချေ။ ကျွန်ုပ်ကားခွေးချစ်တတ်သော လူတယောက်ဆို၍ ခွေးဘဝမှ လာလေသလောဟု ပြောကြလျှင် ကျွန်ုပ်စိတ်ဆိုးလိမ့်မည်မဟုတ်ပါ။ ကျွန်ုပ်၏ခွေးများသည် ကျွန်ုပ်အပေါ်တွင် အချို့လူများထက် ရိုးသားစွာ ကြင်နာခြင်း၊ သစ္စာရှိခြင်း တည်းဟူသော အင်္ဂါများနှင့် ပြည့်စုံကြသည်ဟု တုံ့ပြန်ပြောရမည်ဖြစ်လေသည်။ ရန်ကုန်သို့ မပြောင်းရွှေ့မီ တည၌ွ်၌

ကျွန်ုပ်သည် ဈေးချိုနာရီစင်အနီးရှိသည့် ဒန်ပေါက်ဆိုင်တဆိုင်သို့ ဝင်၍ ဒန်ပေါက်စားပြီးနောက် အိမ်သို့ပြန်လာရာ ကျွန်ုပ်၏လုံချည်စကို နောက်မှ ဖြည်းညှင်းစွာ ဆွဲသည်ထင်သဖြင့် လှည့်ကြည့်လိုက်သည်တွင် ကြွက်စုတ်ဖြစ်နေကြောင်း တွေ့ရ၏။ ဤနေရာမှာ ကြွက်စုတ်၏အိမ်နှင့် မိုင်တဝက်ခန့် ဝေးသော်လည်း တော်သလင်းလ ရာသီဖြစ်၍ လူပျိုလှည့်လာခြင်းဖြစ်ကြောင်း ကျွန်ုပ်သိရ၏။ နက်ဖြန်တွင် ကျွန်ုပ်တို့သဘော်ဆင်းကြမည်လည်း ဖြစ်လေသည်။ ကြွက်စုတ်သည် ကျွန်ုပ်နောက်သို့ လိုက်လာမည်ပြင်နေ၏။ ဤတွင်ကျွန်ုပ်သည် ဒန်ပေါက်တပွဲကိုမှာ၊ ဆိုက်ကားတစီးကိုခေါ်၊ ဒန်ပေါက်ကိုဖက်နှင့်ထုပ် ကြွက်စုတ်ကို ကျွေးထားခဲ့ပြီး ဆိုက်ကားဖြင့်သုတ်ခြေတင်ခဲ့ရလေသည်။

## ဂျူဒီရောက်လာခြင်း

ခွေးများသည် ကျွန်ုပ်အပေါ်၌ သစ္စာရှိခြင်း၊ အနွံအနာခံခြင်း၊ ကျောက်မတွန်းတတ်ခြင်း အကြောင်းကိုကျွန်ုပ်သိသော်လည်း သူတို့အပေါ်၌ သံယောဇဉ်ငြိတွယ်ခြင်းကြောင့် ဒုက္ခရောက်တတ်ခြင်းကိုလည်း နားလည်ပြီးဖြစ်၍ နောက်ထပ်ခွေးမမွေးဖို့ ဆုံးဖြတ်ထား၏။ သို့ရာတွင် ကာယဗလမောင်နေဝင်းသည် ကျွန်ုပ်၏ခွေးဝါသနာပါခြင်းကိုသိသည်နှင့် စပယ်မီယယ်ခွေးမကလေးတကောင် လာပို့သည်တွင် ကျွန်ုပ်၏ သန္နိဋ္ဌာန်သည် မခိုင်မြဲတော့ပဲ 'ခဲနိဋ္ဌာန်'ဖြစ်ကာ အရည်ပျော်၍ သွားပါတော့သည်။ ကျွန်ုပ်သည် မောင်နေဝင်း၏ စေတနာကို သိသည်နှင့် လက်ခံထားလိုက်ရ၏။ ခွေးကလေးအတွက်နာမည်တခု စိတ်ကူးရာတွင် အနောက်တိုင်းဇာတ်လိုက်မင်းသမီး ဂျူဒီဂါလင်၏ မျက်နှာသည် ဘွားကနဲပေါ်လာ၏။ ပေါ်လာခြင်းမှာ ဂျူဒီဂါလင်သည် နာမည်ကြီး၍ရုပ်အဆင်း မည့်သော်လည်း သူ၏နှာရောင်သည်ခပ်ကောက်ကောက်ရှိ၏။ (ဂျူဒီဂါလင်ကြားလျှင် ကျွန်ုပ်အား တရားစွဲမည်ကို ကြောက်ရ၏။) ဤခွေးမကလေးမှာလည်း နှာရောင် ကောက်

တောက်တောက် ရှိသည်နှင့် ကျွန်ုပ်က 'ဂျူဒီ' ဟုမှည့်ထားလိုက် ၏။ ဂျူဒီ ထူးခြားချက်မှာ ဘော်ဘီကဲ့သို့ ကျွန်ုပ်သွားတိုင်း မလိုက်ရှုံသာမက နေအိမ်မှ တဖာလုံထက်ဝေးအောင် ဘယ်တော့မှမခွာပဲ 'မအိမ်မြဲ' ကလေးဖြစ်နေ၏။ တခါတရံကျွန်ုပ်နှင့် လိုက်လာသော်လည်း တဖာလုံခန့် ရောက်သည်နှင့်တပြိုင်နက် ချာကနဲလှည့်၍ပြန်ပြေးတတ်လေသည်။ ဂျူဒီအရွယ်ရောက်သည်တွင် မောင်နေဝင်းတို့လင်မယားသည် ကျွန်ုပ်၏အိမ်သို့ အလည်လာရာတွင် ဂျူဒီ၏မောင် 'ချမ်းသာ' ခေါ် ခွေးထီးကလေးတကောင် ပါလာ၏။ ထို့နောက်၌ ချမ်းသာသည် ကျွန်ုပ်တို့၏အိမ်သို့ ခဏခဏ အလည်လာ၍ သူ့သခင်များက လူလွှတ်ပြီး အဖမ်းခိုင်းရ၏။ သည်ကနေ့ဖမ်းလျှင် နက်ဖြန်ခါတွင် ပြန်ရောက်လာ၏။ ဤသို့ လေးငါးကြိမ်ပြုသောအခါ သူ့သခင်များက "ဦးလေးသိန်းဆီမှာ ပျော်လျှင်လဲ နေပါစေတော့"ဟုဆိုကာ စွန့်လွှတ်လိုက်သည်နှင့် ကျွန်ုပ်တွင် ခွေးတစုံဖြစ် လာပြန်လေ၏။

## ချမ်းသာကိုလွမ်းမိခြင်း

၁၉၅၆ ခုနှစ်၌ ဖဆပလအစိုးရသည် သူတို့၏ခြောက်ပြစ်ကင်းသော ပြုစောထီးများကို လူထုသတင်းစာက ဝေဖန်ရေးသားရချေမည်လောဟု ကျွန်ုပ်အား ထောင်ကြီးထဲ၌ ချုပ်လှောင်ထားရာတွင် ကျွန်ုပ်သည် ချမ်းသာကို ခဏခဏ သတိရ၏။ ချမ်းသာသည် ဘော်ဘီကဲ့သို့ဗလမကောင်းသော်လည်း (ခွေးမျိုးကောင်းကလေး ဖြစ်သည့်အလျောက်) သတ္တိအရာတွင် ဘော်ဘီထက် မညံ့ချေ။ ဘော်ဘီကား ဗလနှင့် ကျင်လည်မှုအားကိုးဖြင့် သတ္တိကောင်းခြင်းဖြစ် ဟန်တူရာ ချမ်းသာမူကား ခွေးပုကလေး ဖြစ်ပါလျက် မည်သည့်ခွေးကြီးကိုမျှ မကြောက်တတ်၊ အမြီးကုပ်ခြင်းကို ကျွန်ုပ်တခါမျှ မမြင်ဘူးချေ။ သူသည်ဘော်ဘီကဲ့သို့

သူ့ကိုယ်သူ ထိထိရောက်ရောက်ခုခံကာကွယ်နိုင်ရှာသည် မဟုတ်၊ ကျွန်ုပ်အားကိုးနှင့် နေရာတကာတိုင်း လိုက်လာတတ်၏။

ကျွန်ုပ်နောက်သို့ လိုက်လာသောနှစ်ပေါင်းမှာ ချမ်းသာသည်ဘော်ဘီထက်ပင် ကြာပေသေးသည်။ သို့ရာတွင် ချမ်းသာသည် ဘော်ဘီကဲ့သို့ ဘိုင်စကယ်နောက်မှ မလိုက်ပဲ ခြေလျင်လျှောက်သောအခါမှ လိုက်လာတတ်သည်။ နံနက်တိုင်း စောစောကြီးလမ်းလျှောက်ခြင်းမှာ နှစ်ပေါင်း ၂၀မျှ ကျွန်ုပ်၏အလေ့အကျင့်တခုဖြစ်၍ ခွေးနှင့်တုတ်ကောက်မှာ ကျွန်ုပ်၏အကောင်းဆုံးသော အဖော်များဖြစ်ကြလေသည်။ ထောင်ထဲသို့ရောက်သောအခါ ကျွန်ုပ်သည် ချမ်းသာကိုခဏခဏ သတိရသည်နှင့် သူ့ကိုခေါ်ယူဖို့ ထောင်ပိုင်ထံ အခွင့်တောင်းမည်ကြံ၏။ ဤအကြောင်းကို အခြားလူများအား တိုင်ပင်ကြည့်ရာ "မလုပ်နဲ့ဆရာကြီး၊ စီကလပ်စ်ဘက်ကလူတွေ စိတ်မချရဘူး၊ ခွေး၀၀ကလေးဆိုလျှင် ချက်စားမှာစိုးရိမ်ရတယ်" ဟုပြော၏။ တယောက်က "ဆရာကြီးရဲ့ ခွေးကိုတော့ လုပ်ကြမထင်ပါဘူး"ဟု ပြောရာ ပထမလူက "မလုပ်နဲ့ဗျ၊ ဟိုလူတွေက နိုင်ငံရေးအကျဉ်းသမားတွေ မဟုတ်ဘူးနော်" ဟုပြောသည်နှင့် မခေါ်ဝံ့တော့ချေ။ ကျွန်ုပ်ထောင်ထဲမှ လွတ်လာ၍တလခန့်ကြာသောအခါတွင် ချမ်းသာပျောက်သွားလေရာ စစ်ဗိုလ်နှင့်တူသော လူတယောက်က ဂျစ်ကားပေါ်သို့ တင်ခေါ်သွားခြင်းကို မြင်လိုက်ရကြောင်းနှင့် လူတယောက်က သတင်းပေးလေသည်။ ဤတချက်တွင်ဘော်ဘီနှင့် ကွာလှသည်၊ ဘော်ဘီသည် အိမ်သူအိမ်သား များမှတပါး (ဘာကိုကျွေး၍ ချော့သည်ဖြစ်စေ) ကိုင်တွယ်ခြင်းကို မခံတတ်ပဲဖြစ်ရာ ချမ်းသာမူကားသူ့အား ယုယုယယ ပွတ်သပ်ကိုင်တွယ်လိုက်သည်ဆိုလျှင် ဘယ်သူက ပွေ့ခေါ်သည်ဖြစ်စေ အမြီးနန့်၍ လိုက်သွားတတ်လေသည်။

## မယ်ကြီးအိုကလေး ဂျူဒီ

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလ(သီတင်းကျွတ်)လ၌ ကျွန်ုပ်သည် ကျောက်ဆည်ရှိ ဝေဘူဆရာတော်ကို ဖူးတွေ့ယင်း ဥပုသ်စောင့်ယင်း သွားလေရာမှ ပြန်လာသောအခါ ဂျူဒီသေနှင့်ကြောင်းပြောကြ၍ ကြားရသည်။ ဂျူဒီသည် ကျွန်ုပ်တို့လက်ထဲတွင် ဆယ်နှစ်တိုင်တိုင်နေခဲ့၍ အမယ်ကြီးအိုကလေးအဖြစ်သို့ ရောက်နေခဲ့လေပြီ။ သူ့၌ 'အိမ်မြဲခြင်း၊ သခင်ကိုဒုက္ခမပေးခြင်း၊ သိမ်မွေ့သော သန္တေရှိခြင်း၊ သူ့သခင်မအား ချစ်တတ်ခြင်းစသော အခြင်းအရာကလေးများ မှတပါး ခွေးထီးများကဲ့သို့ ကျွန်ုပ်အထူးတလည် နှစ်သက်သော သဘာဝ မျိုးမရှိသည့် အတွက်ကြောင့် သနားရုံမှတပါး စိတ်၌ထိခိုက်လှအောင် မဖြစ်ခဲ့ပါ။ ဂျူဒီသေဆုံး သည့်နေ့မှစ၍ယနေ့တိုင် ကျွန်ုပ်သည် ခွေးမွေးချင်သော အာသီသကို ဖြတ်လိုက်ပြီဖြစ်ရာ ဤစာကိုရေးသောအချိန်တွင် ကျွန်ုပ်၌ ခွေးတကောင်မျှ မရှိတော့ပါ။ (ကိုယ့်အဖြစ်အပျက်ကိုရေးရာမှ ခွေးများအကြောင်းကို ရေးရလေ သလောဟု အပြစ်ပြောလိုသော လူများရှိကြလျှင် ကျွန်ုပ်အဖို့ရာ၌ ဤခွေးများသည် ကျွန်ုပ်၏စိတ်ကို အချို့လူသားများထက် ထိခိုက်စေတတ်ကြောင်း ဝန်ခံပြီးနောက် ကျွန်ုပ်ကို ခင်မင်သူများနှင့် ခွေးချစ်တတ်သူများကို ချန်လှပ်ပြီး ဤအတွက် ခွင့်လွှတ်ပါရန် တောင်းပန်ရမည်ထင်ပါသည်။)

## ကျွန်ုပ်၏တပည့်များ (၁) သော်တာဆွေ

၁၉၄၆ ခုနှစ်တွင် ဝက်လက်မှ မန္တလေးသို့ ပြောင်းလာခဲ့၍ ဓားတန်းရပ် တူဝင်းမောင်၏အိမ်၌မှီခိုနေထိုင်လျက်ရှိစဉ် တနေ့သောနံနက်၌ လူငယ်တယောက် ရောက်လာ၏။ ကျွန်ုပ်သည်သူ့ကိုတကြိမ်မျှမတွေ့ဘူးသည့်ပြင် သူ၏ကိစ္စကိုလည်း မခန့်မှန်းတတ်သည်နှင့် အန်းတန်းတန်းဖြစ်ကာ နေရာထိုင်ခင်းပေးလေရာ သူက

လည်းရဲတင်းသော အမူအရာမရှိပဲ ခပ်တွန့်တွန့်နှင့်ပင် ဝင်၍ထိုင်၏။ ကျွန်ုပ်က ကိစ္စမေးသောအခါ သူက ဝတ္ထုတပုဒ်ရေးထားကြောင်း၊ ၎င်းကို ကျွန်ုပ် ကြည့်ရှု ပြင်ဆင်ပေးစေလိုကြောင်းပြောလေသည်။

ကျွန်ုပ်သည် ဤကိစ္စမျိုးနှင့်လာသော ရှင်ရဟန်းများကို မကြာခဏ တွေ့ရ ဘူး၍ ၎င်းတို့၏စာမူများကို ဖတ်ကြည့်သောအခါတွင် ပုံနှိပ်လောက်အောင် ကောင်းလှသည် မဟုတ်ခြင်းကို ကြုံရဖန်များခဲ့လှပြီ ဖြစ်သောကြောင့် အင်တင်တင် ဖြစ်သွားမိသည်။ (နောက်ပိုင်း၌ သော်တာဆွေက ဤအကြောင်းကို စကားစပ်မိ၍ ပြောရာတွင် "ဦးကြီးကို ပထမအကြိမ် ကျွန်တော်တွေ့လိုက်ရတုန်း ကသိပ်ပြီး အထင်မကြီးဘူးဗျ၊ နောက်တော့မှတဖြည်းဖြည်း ကြာလေကြာလေ သဘောကျလာတယ်"ဟု ပြောဘူးလေသည်။)

အလုပ်အကိုင်၊ နေရပ်၊ အသက်အရွယ်စသည်တို့ကို မေးမြန်းကာ စကား အနည်းငယ် ပြောကြပြီးနောက် ကျွန်ုပ်က သူ၏စာကိုယူခိုင်းလိုက်၏။ နောက် တခေါက်လာသောအခါ ဖိုးကျင်မောင်သည် စာမူကလေးနှင့်အတူ ဆန်တအိတ် လည်းယူလာ၏။ အချိန်တန်ကုန်သော အလုပ်တခုကို လုပ်ပေးရလျှင် လုပ်ခရ ချင်တတ်သော ကျွန်ုပ်၏ဝါသနာကိုဝန်ခံ၍ ဆန်အိတ်ကို မြင်ရခြင်းကြောင့် ရုတ်တရက်ဝမ်းသာသလိုဖြစ်မိသော်လည်း ဤဆန်အိတ်အတွက်ကြောင့် ညံ့ဖျင်း သော စာမူတခုကို ကောင်းသည်ဟု မပြောမိစေဖို့ လိုအပ်ခြင်းကိုလည်း သတိရ သည်နှင့် ဆန်အိတ်ကို ရိုးသားစွာငြင်းပယ်မိပါသေးသည်။ သို့ရာတွင် ဖိုးကျင် မောင်က "ဦးကြီးစားရအောင် စေတနာနဲ့ ပေးခြင်းဖြစ်ပါသည်"ဟု အတင်းပေး သည်နှင့် လက်ခံလိုက်ရ၏။ ကျွန်ုပ်သည် သူ၏စာမူကို ချက်ချင်းဖတ်ကြည့်ဖို့ အချိန်မရသေးသော်လည်း ဖိုးကျင်မောင်က ခဏခဏ လာ၍ စကားပြောသည်နှင့် စာမူအကြောင်း မသိရသေးစေကာမူ လူကိုမူကား တိုး၍တိုး၍ သဘောကျ လာလေပြီ။ ကျွန်ုပ်ကတခုသတိပြုမိသည်ကား ဖိုးကျင်မောင်သည် အထင်ကြီး ခံချင်၍ ဝင့်ကြွားကာ ဟိတ်ထုတ်တတ်သော လူငယ်တယောက်မဟုတ်၊ ရိုးရိုး

ကလေး တင်ပြတတ်သူတယောက်ဖြစ်သည်ဟု ကျွန်ုပ်အကဲခတ်မိ၏။ ဤတချက်သည်သူနှင့် ကျွန်ုပ်ရှေ့အဖို့တွင် ကြာရှည်လေးမြင့် ဆက်ဆံ၍ဖြစ်နိုင်မည့်လူငယ်တယောက်ဖြစ်ကြောင်း ညွှန်ပြ၏။ ကျွန်ုပ်၏ဝါသနာတခုမှာ လူကြွားများကိုအမိဖမ်း၍ ဖော်ထုတ်ချင်တတ်ပေရာ (ကောင်းလှသော ဝါသနာတော့မဟုတ်ပါ။) ဖမ်း၍မိသည်ဆိုလျှင် သူတို့သည် ကျွန်ုပ်အား သောက်မြင်ကပ်သွားသည်ကများလေသည်။

## အပြန်အလှန်နားလည်ခွင့်ရခြင်း

ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တူသောဝါသနာကလေးအချို့ရှိ၍ (သုရာကိုရည်ရွယ်ခြင်းမဟုတ်) တကြိမ်ထက်တကြိမ် ခင်မင်ရင်းနှီးခြင်းရှိလာကြရာ တနေ့သ၌ ဝင်းမောင်တို့နှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ ကျွန်ုပ်တို့နှစ်ယောက် လိုက်သွားကြသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏စာမူကိုလည်းယူခဲ့၏။ ပထမ၌ကျွန်ုပ်သည်သူ့စာမူကို ဖတ်လျှင်ဖတ်ချင်း စုံထောက်ဝတ္ထုဖြစ်ခြင်းကို ရိပ်မိ၍အတော်စိုးရိမ်မိ၏။ စိုးရိမ်ခြင်းကား ကျွန်ုပ်၏မောင်စံရှား ဝတ္ထုများမှ ကမ္ဘာကျော်ရှားလော့ဟုမ်းကို မှီး၍ရေးခြင်းဖြစ်ရာ သူကငင်းကို အားကျပြီး စုံထောက်ဝတ္ထုရေးမည်ဆိုလျှင် ဖတ်ပျော်သော ဝတ္ထုတခုဖြစ်လာနိုင်ဖို့ ခဲယဉ်းသည်ဟု ကျွန်ုပ်ယူဆထားသောကြောင့်ဖြစ်၏။ သို့သော် ဆက်လက်၍ဖတ်ကြည့်ရာတွင် ဖတ်ပျော်သော စုံထောက်ဝတ္ထုတခုဖြစ်နေခြင်းကိုတွေ့ရ၍ ဝမ်းသာမိသည်။ ဤအကြောင်းကို ဖိုးကျင်မောင်အား ပြောပြ၍သူလည်း ဝမ်းသာသည်။ ဤညဥ့်၌ဖိုးကျင်မောင်နှင့် ကျွန်ုပ်သည် တွေ့ကရာရှစ်သောင်း စကားများကို ပြောပြကြရာတညတည်းနှင့် အတော်ကြီးရင်းနှီးပြီး တယောက်ကိုတယောက် နားလည်သောအဖြစ်သို့ ရောက်သွားကြ၏။ တညလောက် အတူအိပ်၍ ပြောချင်ရာတွေပြောကြခြင်းကဲ့သို့ လူတယောက်နှင့်တယောက် နားလည်မှုရစေနိုင်သော အခြင်း

အရာတခုကို ကျွန်ုပ်မကြုံဘူးပါ။ နားလည်စေနိုင်သည်ဟုဆိုပါသည်။ သဘောကျစေနိုင်သည် မဆိုလိုပါ။ အချို့မှာတယောက်ကိုတယောက် ဓာတ်သိရုံ သာသိပြီး သဘောမကျသောအဖြစ်သို့ ရောက်သွားခြင်းများလည်း ကြုံရဘူးပါသည်။ ဖိုးကျင်မောင်သည် ကျွန်ုပ်အား ထိုညမှစ၍ ဆရာသမားအနေဖြင့် အသိအမှတ်ပြု သွားဟန်တူပေရာ သူသည် ကျွန်ုပ်အား ဘာကိုဆရာတင်သည့်မဆိုနိုင်၊ (ဝတ္ထုရေးရာ၌လည်း တဂိုဏ်းစီဖြစ်သည်။) သို့သော် ကျွန်ုပ်သည်ဘာသာပြန် သမားတယောက်အနေဖြင့် ထင်ရှားသူတယောက်ဖြစ်သည်မှန်သော်လည်း ကျွန်ုပ်၏ တပည့်နှစ်ယောက်ဟု ဝန်ခံကြသော ဖိုးကျင်မောင်နှင့် ဖိုးကြီးမောင်တို့က ကျွန်ုပ်၏ ဘာသာပြန်တပည့်များဖြစ်လိုကြသည့် ရည်ရွယ်ချက်ရှိကြပါမူ ခပ်စောစောက လက်လျှော့ကြဖို့ ကျွန်ုပ်အကြံပေးလိုက်ပါသည်။ ကျွန်ုပ်သည် ဖိုးကျင်မောင်၏ စုံထောက်ဝတ္ထုတွင် နိဒါန်းရေးပေး၍ ရှုမဝက ရိုက်နှိပ်ထုတ်ဝေရာတွင် အောင်မြင်သည်ဟု ကြားရ၍ဝမ်းသာလှသည်။

## ခုတမျိုး ခုတမျိုး

တနေ့သ၌ ဖိုးကျင်မောင်သည် ကျွန်ုပ်အိမ်သို့လာ၍ အထက်မြစ်ညာ၌ ဆန်ရောင်းရန် သူ၏အရပ်(ပေါင်းတည်)မှ ဆန်အိတ် အမြောက်အမြား ယူလာခဲ့ကြောင်း မော်တော်တစင်းငှား၍ ကသာသို့ဆန်တက်မည်ဖြစ်ကြောင်း ပြော၏။ ဤမျှလောက် ငွေအရင်းအနှီးကောင်းသူတယောက်က စာရေးဆရာဖြစ်ဖို့ ရည်ရွယ်ချက်ရှိရလေသလောဟု ကျွန်ုပ်ပင်အံ့သြမိပါသေးသည်။ မည်သို့ပင်ဖြစ်စေ သူထွက်မည့်နေ့၌ ကျွန်ုပ်သည် မြစ်ဆိပ်သို့ဆင်း၍ သူ့ကိုနှုတ်ဆက်ယင်း သဒ္ဒေးသားကလေးပေးလောဟု မုဒိတာဖြစ်မိပါသေးသည်။ ထို့နောက် ကျွန်ုပ်သည် ဖိုးကျင်မောင်မပေါ်လာသည်နှင့် သူ့တည်းအိမ်သို့ သွား၍စုံစမ်းရာ ၈ လတိုင်တိုင် ဘာသတင်းမှမကြားရသည်တွင် စစ်ပြီးခါစဖြစ်၍ ခပ်ရှုပ်ရှုပ်ရှိနေသေးသည့်

အညာတခိုအကြောင်းကို သိရသည်နှင့် သဌေးသားတယောက် တစခန်းသိမ်းသွား ချေပြီလောပြု စိုးရိမ်ပူပန်မိပါသည်။ ထိုအတောအတွင်း ကျွန်ုပ်သည် ဓားတန်းရပ်မှ ဂုံတန်ရပ်သို့ပြောင်းရွှေ့နေထိုင်လျက်ရှိရာ တနေ့သ၌ ဖိုးကျင်မောင် ပေါ်လာ၍ သူ၏ဆန်ကုန်သည်ဇတ်ရှုပ်ကြီးအကြောင်းကို အလုံးစုံ ရှင်းလင်းပြော ပြသည်တွင်မှ သူ၏သဌေးသားအဖြစ်မှာ ကျွန်ုပ်၏စိတ်ကူးယဉ်သက်သက်ဖြစ် ကြောင်း သိရပါသည်။ တညနေ၌ ကျွန်ုပ်သည် ထမင်းစားတော့မည်ပြုဆဲတွင် ဖိုးကျင်မောင်အား ရုံတော်ကြီးသို့ ဘိုင်စကယ်ဖြင့် အစိမ်းကြော်အဝယ်ခိုင်းရာ နှစ်နာရီကျော်မှပြန်လာ၍ ကသာသို့ဆန်ရောင်းသွားစဉ်က မိန်းမတယောက်နှင့် ဇာတ်ရှုပ်ခဲ့ပုံအကြောင်းနှင့် ထိုမိန်းမနှင့် ယခုတွေ့ရပုံများကို ပြောလေသည်။ ကျွန်ုပ်တို့ကား တမျှော်မျှော်နှင့် စောင့်နေကြပြီးမှ ဆာလွန်းလှသည်နှင့် ညစာ စားလိုက်ကြပြီးဖြစ်ရာ သူဝယ်ခဲ့သော အစိမ်းကြော်ကိုညလယ်စာအဖြစ်နှင့် စားကြ ရပါတော့သည်။ ဖိုးကျင်မောင်သည် ထိုမိန်းမအကြောင်းကို ကျွန်ုပ်အား အမျိုးမျိုးပြောပြ၍ မဂ္ဂဇင်းများ၌လည်း အမျိုးမျိုးရေးခြင်းများကို ဖတ်ရသည်တွင် ကျွန်ုပ်က "မင့်ဟာ ဘယ့်နှာလဲကွ၊ ခုတမျိုး ခုတမျိုး ပြောလိုက်ရေးလိုက် ဖြစ်နေ ပါပြီကော၊ ဘယ်ဒင်းက အမှန်လဲကွ"ဟု မေးရာ သူက "အခုနောက်ဆုံး ပြောတာ အမှန်ပဲ ဦးကြီး" ဟု ပြော၏။ နောက်တဖန် တမျိုးပြောင်း၍ပြောပြန်သည် တွင် ကျွန်ုပ်က "ဟေ့ ဖိုးကျင်မောင် တမျိုးလုပ်လာပြန်ပြီ၊ ဘယ်ဒင်းကိုအတည်ယူ ရမှာလဲကွ"ဟုမေး၍ "ခုဟာမှ အမှန်ပါဦးကြီး"ဟု ပြောပြန်၏။ နောက်ဆုံး၌ ကျွန်ုပ်က "ဒီကိစ္စမှာတော့မင်းက ဘာပြောပြော ဘယ်ဒင်းမှ မယုံတော့ဘူးကွာ"ဟု ပြောလိုက်ရသည်။ ဖိုးကျင်မောင် တော်သောအချက်မှာ ဤမိန်းကလေးအကြောင်း ကိုရေးရာ၌ တခုနှင့်တခု နှိုင်းကြည့်မိသောကြောင့်သာ အမှားဖမ်း၍ရသည်။ တခု တည်းဖတ်ကြည့်ပါမူ မည်သည့်အတ္ထုပတ္တိကို ဖတ်ကြည့်သည်ဖြစ်စေ၊ အဟုတ် တကယ်ထင်ရလောက်အောင် ယုတ္တိယုတ္တာဆင်၍ ရေးထားသည်ချည်း တွေ့ရလေ သည်။ ကျွန်ုပ်မကျေနပ်သောအချက်မှာ ဤသို့ဖြစ်၏။ အတ္ထုပတ္တိတခု၌ မီးရထား

ပေါ်တွင် ဖိုးကျင်မောင်အား လူဆိုးဂျပိုးများက ဝိုင်း၍ရိုက်ကြသောအခါ မိန်းကလေးသည် ဖိုးကျင်မောင်အား ကိုယ်လုံးနှင့် ဖုံးအုပ်၍ အကာအကွယ်ပေးသည်ဟုပြောသောကြောင့် ကျွန်ုပ်သည် မိန်းကလေးကိုမြင်တွေ့ရသောအခါ၌ ဟီးရိုးဝင်းတယောက်သဖွယ် အထင်ကြီးခဲ့မိဘူးသည်။ နောက်တဖန် ဤအကြောင်းကိုပြောပြန်ရာတွင် ဟီးရိုးဝင်း အပြုအမူသည် နောက်ဇာတ်လမ်းနှင့်မကိုက်ညီမဆီလျော်တော့သည်ဖြစ်၍ အထင်ကြီးအောင် လုပ်ထားပြီးမှ ဖျက်ပစ်ခြင်းကိုမကြိုက်နိုင်သည်နှင့် "ငါ့လခွေးတဲ့၊ တော်ပါတော့ကွာ၊ မင်းဥစ္စာတွေ ငါဘယ်ဒင်းမှမယုံတော့ပါဘူး"ဟုပြောလိုက်ရလေသည်။

## ရန်ကုန်သို့ပြောင်းရွှေ့ခြင်း

၁၉၄၉ ခုနှစ်တွင် လူထုသတင်းစာတိုက်ကို ဒိုင်းနမိုင်းခွဲခံရ၍ သတင်းစာရပ်ထားရသည်၌ ကျွန်ုပ်သည် ဝတ္ထုအတိုအရှည်များရေးခြင်းဖြင့် အသက်မွေးလျက်ရှိရာ တနှစ်ကျော်ခန့်မျှကြာသောအခါ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်လိုသောဆန္ဒပြင်းထန်လာခဲ့ပြန်သည်။ သို့ဖြစ်၍ ဇနီးမစိုးနှင့် ခယ်မမိသေးပါ ကျွန်ုပ်တို့သုံးယောက်သည် ၁၉၅၀ပြည့်နှစ်၊ စက်တင်ဘာလ တရက်နေ့တွင် သင်္ဘောဖြင့်ရန်ကုန်သို့စုန်ဆင်းကြလေ၏။ ထိုအချိန်၌ မီးရထားလမ်း မပေါက်သေးချေ။ သင်္ဘောမှာလည်း အထက်တန်းအောက်တန်း အခန်းမရှိ၊ ကုန်းပတ်ပေါ်တွင်ခရီးသည်အားလုံး ကြမ်းတပြင်တည်း အိပ်ကြရသည်။ မန္တလေးဆိပ်ကမ်းမှသင်္ဘောထွက်ခွာသောအခါ ခရီးသွားရခြင်းမှာ လုံခြုံမှုမရှိ သောကြောင့်ထင့်၊ သင်္ဘောပေါ်တွင် ခရီးသည်အလွန်နည်း၍ ကြိုက်သောနေရာကို ရွေးယူနိုင်ကြသည်။ သင်္ဘောဦးပိုင်းရော နောက်ပိုင်းပါ ကက်ဘင်(အခန်း)မရှိ၊ တောက်လျှောက်ကြီး မြင်နိုင်သည့် ဟာလာဟင်းလင်းကြီးဖြစ်၏။ ကျွန်ုပ်တောလိုက်စာရေး ဖြစ်ခဲ့စဉ်အခါက မင်းကြီးနှင့် သင်္ဘောဖြင့်ခရီးသွားကြရာတွင် ကျွန်ုပ်က ပဲ့ခန်း

(စက္ကင်းကလပ်စ်)မှ လိုက်၍မင်းကြီးက ဦးခန်းမှလိုက်သော ထုံးစံရှိ၏။ ကျွန်ုပ်သည် အလုပ်ကိစ္စရှိ၍ မင်းကြီး၏ဦးခန်းသို့ ဝင်သွားသောအခါများတွင် လေတဟူးဟူးနှင့် အလွန်အေး၍ ဖိမ်ရှိပုံရသော သူတို့၏နေရာထိုင်ခင်းကို မြင်ရသဖြင့် တောင့်တောင့်တတဖြစ်ကာ တနေ့နေ့၌ သင်္ဘောဦးခန်းတွင် ငါစီးကြည့်ချင်စမ်းပါဘိဟု ဆန္ဒပြုမိသည်။ သို့ဖြစ်၍ မန္တလေးဆိပ်ကမ်း၌ သင်္ဘောပေါ်သို့ ကျွန်ုပ်ကိုယ်တိုင်တက်ပြီး နေရာရွေးသည့်အခါ သင်္ဘောဦးပိုင်းတခုလုံး လစ်လပ်လျက်ရှိသည်ကို တွေ့ရသည်နှင့် ထိပ်ချွန်းကလေးတည့်တည့်ကို ရွေးယူခဲ့၏။ ကျွန်ုပ်တို့ထက် ရှေ့ကျသော ခရီးသည်ဟူ၍ မရှိနိုင်တော့ချေ။

## သင်္ဘောစီးရခြင်း၏ဖိမ်

သင်္ဘောထွက်လာ၍ အခြေအနေကိုကြည့်လိုက်သောအခါ ငယ်စဉ်က ငါ၏တောင့်တမှုကား ပြည့်ဝပါပေပြီဟု အောက်မေ့မိ၏။ အခန်းတည်းဟူသော အကာအရံမရှိခြင်းကြောင့် တောင်လေတဟူးဟူးနှင့် အေးရုံမက ချမ်း၍ပင်လာသည်နှင့် ကျွန်ုပ်တို့၏ ဝန်စည်စလယ်ပစ္စည်းများ ခြံရံထားရုံဖြင့် မလုံလောက်ပဲ မိုးကာ(တာလပတ်)များကိုပင် ချထားရ၏။ “အအေးကြိုက်လှတဲ့လူ ဘယ့်နှယ်လဲကွ”ဟု မိမိကိုယ်ကိုမေးမိရာ ခပ်ပေပေတေတေ သဘောထားတတ် သော ကျွန်ုပ်၏ဝါသနာအလျောက် “ကိစ္စမရှိဘူး၊ ဖြစ်ချင်တာဖြစ်ရယင် ကျေနပ်တာပဲ”ဟု အလျှော့မပေးသော အဖြေထွက်လာလေသည်။ ကျွန်ုပ်သည် သင်္ဘောနှင့်ခရီးရှည်မသွားရသည်မှာ အတန်ကြာပြီဖြစ်၍ စိတ်ထဲ၌ အလွန်ကျေနပ် ပြီး မီးရထားလမ်းမပေါက်ခြင်းအတွက် ဝမ်းသာမိပါသေးသည်။ ရေကြောင်းခရီးသွားသောအခါများ၌ ကျွန်ုပ်သည် စာဖတ်ခြင်းထက်ကမ်းဘက်သို့ မျှော်ကြည့်ကာ ရှုခင်းများကို ကြည့်တတ်သော ဝါသနာရှိသည့်ပြင် တကြိမ်မြင်ထားလျှင် တော်တော်နှင့်မမေ့နိုင်သော မှတ်ဉာဏ်မျိုးလည်း ရှိသည်ဖြစ်၍ လွန်ခဲ့သော

နှစ်ပေါင်း ၃၀တိတိက (၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ) သူရိယတိုက်၌ လုပ်စဉ်က ဒုတိယအိမ်ထောင်နှင့် သားသမီးများ မိဘများနှင့်အတူသင်္ဘောဖြင့် စုန်ဆင်းလာစဉ် မြင်ခဲ့ရသောရှုခင်းများကို တွေ့မြင်ရသည်နှင့် သွားလေသူများကို သတိရမိပါသေးသည်။ ထိုစဉ်က သူရိယတိုက်သို့အချိန်မီအောင် ပြန်မရောက်ဆိုကာ ထုချေလွှာတောင်းနိုင်မည်မဟုတ်ဟု သတိရသည်နှင့် လခစားမဟုတ်သည့် စာရေးဆရာအလုပ်ကို ကျေနပ်လျက်ရှိပါသည်။ ရေကြောင်းခရီးဖြင့် သင်္ဘောစီး၍ လာခဲ့ရာ၌ ကျေနပ်မှုအမျိုးမျိုး ကြုံတွေ့ရပေရာ ကျွန်ုပ်အထူးတလည် ကျေနပ်လှသော အခြင်းအရာတခုကို ဖော်ပြရပါဦးမည်။ ကျွန်ုပ်တို့သည် သင်္ဘောပေါ်သို့ ထမင်းဝယ်၍မစားကြပဲ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားရန်အတွက် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်၊ ငါးပိ၊ ငါးခြောက်မှစ၍ အပြည့်အစုံ ဝယ်လာခဲ့ကြရုံသာမက ကျွန်ုပ်အလွန်သဘောကျသော မီးဖိုတခုလည်း ဝယ်လာခဲ့၏။ လေထိုးမီးဖိုမဟုတ်ပဲ ရေနံဆီနှင့်ထွန်းရ၍ မီးတောက်ပြာကလေးထွက်သော မီးဖိုမျိုးမှာ ထိုစဉ်က ပေါ်ခါစဖြစ်၍ ခရီးသည်များက အဆန်းတကြယ်အဖြစ်နှင့် ဝိုင်းအုံလာရောက်ကြည့်ရှုကြရသည်။ အလွန်သန့်ရှင်း၍ လိုသလောက် အပူရှိန်လည်း ရရှိနိုင်၏။ ကျွန်ုပ်သည် အချက်ပြုတ်တွင် မျိုးရိုးဇာတိအလိုက် ဝါသနာပါသူ တယောက်ဖြစ်လေရာ ကျွန်ုပ်၏ ရွက်ဖျင်ခုတင်ကိုခေါက်ထားပြီး သင်ဖြူးပေါ်တွင် မီးဖိုတင်၍ ဇနီးနှင့်ခယ်မတို့က ထောင်းထုလှီးဖြတ် ခုတ်ထစ်ပေးကြသောဟင်းချက်စရာ သားငါးများကို မီးဖိုပေါ်တွင်တင်၍ တင်ပျဉ်ခွေလျက် ချက်ပြုတ်ကြော်လှော်ပြီးနောက် မီးဖိုကို ဖယ်ထား၍ သင်ဖြူးပေါ်တွင် ညစာ၊ နံနက်စာ၊ နေ့စာများ စားသောက်ရခြင်းကဲ့သို့ ဇိမ်ရှိသောအလုပ်သည် ကျွန်ုပ်အဖို့ရာ၌ ခပ်ရှားရှား ရှိပါလိမ့်မည်။ ပတ်ဝန်းကျင်ရှိ ခရီးသည်များသည်လည်း ကျွန်ုပ်တို့၏ တက်ညီလက်ညီ ချက်ပြုတ်ကြော်လှော် ရှူးခပ်စားသောက် ဆေးကြောသုတ်သင်ကြခြင်းများကိုမြင်ရ၍ သွားရည်ကျသည့် လက္ခဏာနှင့် "သိပ်ကြည့်ကောင်းတယ် ခင်ဗျာ"ဟု တကယ့် မုဒိတာသဘောနှင့် ပြောဆိုချီးကျူးကြလေသည်။

## လမ်းလျှောက်ခြင်း၏ အာနိသင်

ကျွန်ုပ်၏အသက်မှာ ထိုအခါ၌ ၆၁နှစ်ရှိပြီဖြစ်သော်လည်း မိမိကိုယ်ကို ၄၀ အရွယ်လောက်သာထင်မိသည့်အလျောက် လူလတ်အရွယ်များ လှုပ်ရှားနိုင်သလောက် အားကျမခံ လျင်မြန်ဖျတ်လတ်စွာ လှုပ်ရှားသွားလာနိုင်ပါသည်။ ဆိပ်ကမ်းတခု၌ သင်္ဘောဆိုက်သည်ဆိုလျှင် ဈေးဝယ်သည့်အချိန်အခါဖြစ်ပါက ကုန်းဘောင်ထိုးသည်နှင့်တပြိုင်နက် လွယ်အိတ်ကလေးနှင့် ဆင်းသွားပြီး သားငါး ပုစွန်စသော ဟင်းချက်စရာများဝယ်ယူကာ ခြေကုန်သုတ်၍ပြန်လာခဲ့ရာ သင်္ဘောမှ ဆင်းလာကြသည့် အခြားခရီးသည်ဈေးဝယ်များနှင့် လမ်းတွင်တွေ့၍ "ဈေးထဲမှာ ဘာတွေများပေါ်သလဲ ဆရာကြီး"ဟုပြုံးရယ်ကာ မေးကြမြန်းကြလေ သည်။ ထိုလူများသည် လူကြီးတန်ပဲလျက်နှင့် ဤမျှလောက် 'ဖင်ပေါ့'ရချေ သလော ဆိုသည့်သဘောနှင့် ခပ်ပြုံးပြုံးခပ်လှောင်လှောင် မေးကြခြင်းဖြစ်သည်ဟု ရိပ်မိသော်လည်း ကျွန်ုပ်သည် ထိုသူတို့၏ ပြောင်လှောင်ခြင်းကြောင့် ရှက်သည် မရှိပဲဆိပ်ကမ်းတိုင်းလိုပင် ဤနည်းအတိုင်းပြုလုပ်၏။ မြန်မာလူကြီး တယောက် အနေဖြင့် လွယ်အိတ်ကလေးနှင့် ဈေးဝယ်သွားခြင်းသည် သိက္ခာမဲ့ သည်ဟု ထင်ကြပုံရသော်လည်း ကျွန်ုပ်မူကား ထိုသို့သော 'သိက္ခာ'မျိုးကို အထင်မကြီး သဖြင့် ကိုယ်လုပ်ချင်ရာ လုပ်တတ်သူဖြစ်လေသည်။ ဤသို့သော အခြင်းအရာ မျိုးကြောင့် ကျွန်ုပ်အပေါ်၌ အထင်သေးသူများ ရှိကြပုံရသော်လည်း ကျွန်ုပ် ဂရုမစိုက်။ သူတို့၏ 'သိက္ခာမျိုးနှင့် ကျွန်ုပ်၏ဖျတ်လတ်ပေါ့ပါး၍ အသုံးဝင်ခြင်း ကိုမလဲနိုင်ဟု အောက်မေ့ပါသည်။ ပြည်မြို့ဆိပ်ကမ်း၌ သင်္ဘောဆိုက် ၍ ရွှေဆံတော်ဘုရားသို့ လမ်းလျှောက်ယင်း ဘုရားဖူးရန် ကျွန်ုပ်ဆင်းလာသော အခါ "ကျွန်တော်တို့လိုက်ဦးမည်"ဟုဆိုကာ လူသုံးလေးယောက် လိုက်လာကြ၏။ ကျွန်ုပ်မှာ သင်္ဘောပေါ်၌ ကုပ်နေရသောရက်ပေါင်း များပြီဖြစ်၍ ဘုရားသို့ ခပ်သုတ်သုတ် လျှောက်လေရာ လမ်းတဝက်ကျော်ကျော် ရောက်ကြသောအခါ

နောက်မှမီအောင် မလိုက်နိုင်သောလူများ ကျန်ရစ်နေပြီဖြစ်၍ "ရှေ့က ဆရာကြီး၊ ဖြေးဖြေးလုပ်ပါ၊ ကျွန်တော်တို့ မလိုက်နိုင်ဘူး"ဟု ပြောယူရလေသည်။ ပြောမည့်သာ ပြောကြသည်။ သူတို့အထဲတွင် အကြီးဆုံးလူမှာ အသက်၅၀ပင် ကျော်သေးပုံမရချေ။ ဤသည်မှာ လွန်ခဲ့သော ၁၀နှစ်ခန့်ကတည်းက နံနက်တိုင်း မှန်မှန်လမ်းလျှောက်ခဲ့ခြင်း၏ အကျိုးအာနိသင်ပေတည်း။ (ကျွန်ုပ်၏တပည့် ဖိုးကြီးမောင်သည် ကျွန်ုပ်နှင့်အတူနေစဉ်အခါ ဘယ်တော့မှ လမ်းလျှောက်လိုက် သည်မရှိ၊ ကျွန်ုပ်သုံးလေးပြန် လမ်းလျှောက်နိုင်သည့်ဈေးချိုခရီးမျှလောက်ကို မရှိမဲ့ရှိမဲ့နှင့် ဆိုက်ကားအမြဲစီး၍ သွားတတ်လေသည်။ သူသည် ကျွန်ုပ်တို့ထံမှ ဆိုက်ကားခ တောင်းလျှင် ခဲယဉ်းလိမ့်မည်ဟု သိသည်နှင့် စာအုပ်ဆိုင်ထွက်သော ကျွန်ုပ်၏ညီ ဘဇံထံမှ ဆိုက်ကားခအမြဲတောင်းသည်ဟု သိရသည်။ ဖိုးကျင်မောင်မူကား ကျွန်ုပ်နှင့် မေမြို့၌ အတူနေကြစဉ် နံနက်တိုင်းလမ်းလျှောက်လိုက်ဖို့ ကြိုးစားရာသည်။ ဤတကောင်လည်း ခပ်ပျင်းပျင်းရှိသည်။ သို့သော် ကျွန်ုပ်ဆူမည် ကိုကြောက်သည်နှင့် သူ့ဘာသာ မထသော်လည်း ကျွန်ုပ်ကနှိုင်းလိုက်လျှင် လူးလဲ၍ ထဖော်ရပေသည်။)

## စိုးရိမ်ရသောနေရာများ

မန္တလေး–ရန်ကုန်ရေကြောင်းခရီးမှာ ထိုခေတ်အခါက လုံခြုံမှုမရှိသဖြင့် အောက်ပိုင်းသို့ ရောက်လာသောအခါ ခရီးသည်များမှာ တထိတ်ထိတ် တလန့်လန့်နှင့် လိုက်ပါကြရ၏။ တခါတရံ၌မူ ထိတ်လန့်ရုံနှင့် ကိစ္စမပြီးချေ။ သင်္ဘောအရာရှိများ၏ နှိုးဆော်ချက်အရ အချို့နေရာများ၌ ခရီးသည်များသည် သင်္ဘောအောက်ထပ်သို့ ဆင်းကြ၍ ဆန်အိတ်များအကြားတွင် ဝပ်သူကဝပ်၊ မှောက်သူကမှောက်၊ ချောင်ကြိုချောင်ကြား၌ ပုန်းလျှိုးသူက ပုန်းလျှိုး အမျိုးမျိုးသော ဣရိယာပုတ်ဖြင့် ကိုယ့်ကိုယ်ကို သေးငယ်အောင် ကြုံထားကြရလေသည်။

တနေရာတွင် ကမ်းပါးစောက်ကြီးသည်သင်္ဘောအမိုးထက်ပင် မြင့်လျက်ရှိရာ ကမ်းပေါ်မှ ဘရင်းဂန်း၊ စတင်းဂန်းများဖြင့် ဆွဲလိုက်လျှင် သက်သာလှမည် မဟုတ်ဟု အောက်မေ့မိသည်။ ဤနည်းအားဖြင့် သုံးလေးကြိမ်မျှ ဆန်အိတ်များအကြားသို့ ဝင်ချည်ထွက်ချည် ပုန်းလျှိုးကြရသော်လည်း ကံကောင်းထောက်မသဖြင့် သေနတ်သံ တချက်မျှမကြားရပဲ ချောမောစွာ လွတ်မြောက်လာကြပါသည်။

## အားနာတတ်လွန်းခြင်း

၁၉၅၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျွန်ုပ်တို့၏ 'မင်းလတ်'သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်လာလေရာ လမ်းခရီးတွင် ခရီးသည်အပြည့်ပါသောနေရာများ ရှိခဲ့သော်လည်း (ထုံးစံပေလာမသိ) ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်သည့်အခါတွင် ခရီးသည် ၂၀၊ ၂၅ထက်မများတော့ သဖြင့် အချို့မှာ "အမယ်လေးဟဲ့၊ သင်္ဘောကလဲ တစ္ဆေချောက်မှာတောင် ကြောက်ရတယ်" ဟု ပြောကြသည်။ အချို့ခရီးသည်များမှာ ကမ်းပေါ်မှ အကြိုလာသူများအား "ဘယ်သူရေ၊ဘယ်ဝါရေ"စသည်ဖြင့် လှမ်း၍ နှုတ်ဆက် လျက်ရှိကြရာ ဝန်စည်အတော်များသော ကျွန်ုပ်တို့မှာ ဘယ်သူ့ကိုမှ လှမ်းခေါ်ရမည့်လူ မရှိသဖြင့် ဇနီးနှင့်ခယ်မတို့ မျက်နှာငယ်ကြခြင်းအတွက် ကျွန်ုပ်သနားမိသည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်၏အမှားကြောင့်ပင် ဖြစ်သည်။ ကျွန်ုပ်၏ဝါသနာတခုမှာ အခြားလူများကို ဒုက္ခမပေးချင်၊ ကိုယ့်ဖာသာ သွားတတ်သည်။ ရောက်သောအခါမှ ဝမ်းသာကြပါစေဟု သဘောထားတတ်သော ကြောင့် ကြိုတင်အကြောင်းကြားခြင်း မပြုမိခဲ့ချေ။ ရန်ကုန်၌ ညီအရင်းနှင့် တပည့်နှစ်ယောက်အပြင် မိတ်ဆွေများလည်းရှိပါလျက် ကြိုတင်အကြောင်းမကြားမိခြင်းအတွက် (အထူးသဖြင့် ပစ္စည်းများပါသောကြောင့်) ဇနီးနှင့် ခယ်မတို့အားငယ်ကြရခြင်းမှာ ကျွန်ုပ်၏အပြစ်ဖြစ်သည်။ ကျွန်ုပ်သည် မိမိကိုယ်တိုင်နှိုက်က မျက်နှာမငယ်၊ အားမငယ်

တတ်သည်နှင့် အခြားလူများလည်း ဤသို့ဖြစ်ရမည်ဟု မျှော်လင့်လွန်းအားကြီးသည့် အပြစ်မျိုးဖြစ်နေ၏။ ကိုယ်ချင်းမစာတတ်သော အပြစ်ဟူ၍ကား ဆိုသင့်သည်မထင်ပါ။ ကျွန်ုပ်တယောက်တည်း ခရီးသွားသော အခါများတွင်လည်း ကြိုတင် အကြောင်းကြားသည်ဟု အလွန်နည်းပါသည်။

## ရှုမဝနှင့်အဆက်ပြတ်ပုံ

ကျွန်ုပ်သည် ရန်ကုန်သို့ မဆင်းမီကတည်းက ကျောက်မြောင်းရပ် သီတာလမ်းတွင် အခန်းတခန်းရဖို့ကြိုတင်စီစဉ်ထားပြီးဖြစ်သည်နှင့်အညီ ညီနှင့် ၎င်း၏ အိမ်သူအိမ်သားများ ကျေနပ်စေရန် သူတို့အိမ်၌ ရက်သတ္တတပတ်မျှ တည်းခိုပြီးနောက် သီတာလမ်းသို့ပြောင်းရွှေ့နေထိုင်ကြ၏။ ထိုစဉ်က ဝမ်းရေးအတွက် ကျွန်ုပ်၏အားကိုးမှာ သွေးသောက်မဂ္ဂဇင်း၊ ဟံသာဝတီသတင်းစာ နှင့် ဝတ္ထုရှည်များရေးခြင်းပင်ဖြစ်၏။ ရှုမဝမဂ္ဂဇင်းအတွက်မူ ကျွန်ုပ်မရေးတော့ဟု ဆုံးဖြတ်ထား၏။ မရေးခြင်းမှာ ဤသို့သော အကြောင်းကြောင့်ပေတည်း။ ကျွန်ုပ်သည် ဖိုးကြီးမောင်တိုက်တွန်းချက်အရ ရှုမဝအတွက် တော်လ်စတွိုင်၏ အယ်နာကရင်းနီးနား ဝတ္ထုကို စာအုပ်ဆိုက်အရွယ် (Book Length) ဘာသာပြန်ပေးပြီး ရှုမဝမဂ္ဂဇင်း၌ထည့်ကြ၏။ ၎င်းအတွက်အခကြေးငွေ ရှင်းသောအခါ တင့်တယ်အား ပေးသည်ဟု ဖိုးကြီးမောင်ပြောဖူးသော နှုန်းထက် လျော့နည်းနေခြင်းကိုတွေ့ရ၍ ဘာမျှပြန်မပြောသော်လည်း ရှုမဝအတွက် ဘာမျှမရေးတော့ဟု ဆုံးဖြတ်လိုက်သည်။ ကိုယ်ပိုင်ဉာဏ်နှင့်ရေးကြသော ဝတ္ထုစာမူများအတွက် ဘယ်သူဘယ်လောက်ရကြသည်ဖြစ်စေ ကျွန်ုပ်ကိစ္စမရှိ၊ ဘာသာပြန်ဝတ္ထုအတွက်ဆိုလျှင် မည်သူထက်မျှ ယုတ်လျော့ပေးခြင်းကို ကျွန်ုပ်ခံနိုင်မည်မဟုတ်ချေ။ သို့နှင့်ရှုမဝနှင့် ကျွန်ုပ်ပြတ်သွားခဲ့သည်မှာ နှစ်အတန်ကြာခဲ့သေးသည်။ ရန်ကုန်၌ရှိစဉ် တိုင်းရင်းမေစသော မဂ္ဂဇင်းမျိုး၌ပင် သော်တာဆွေ၏ တောင်းပန်မှုကြောင့်) ဘာမဆိုင်ညာမဆိုင်

ရေးခဲ့ဘူးသော်လည်း ရှုမဝအတွက် တပုဒ်မျှကျွန်ုပ်မရေးခဲ့ချေ။ ရှုမဝကိုကျော်သည် ကျွန်ုပ်အပေါ်တွင် ယခုတလော၌ တော်သလောက် ထိစဉ်က ရော်ခဲ့သည်။ ဤလူ ကား စာပေသမားနှင့် ပတ်သက်၍ အကဲခတ်ရာတွင် (ကျွန်ုပ်အထင်အားဖြင့်) 'ထင်မိထင်ရာ' လူတယောက်ဖြစ်၏။ စာရေးဆရာတယောက်ကို သူသဘောကျ သည်ဆိုလျှင် သူ့လည်ပင်း၌ ကင်ဆာပေါက်သည်ဆိုပါက ထိုလူကိုပြရမှ ကျေနပ် မည့်ပုံရ၏။ သို့ရာတွင် ကျွန်ုပ်သည် ရှုမဝမဂ္ဂဇင်းအတွက် ဘာမျှမရေးသော်လည်း ရှုမဝဧည့်ခံပွဲများသို့မူ ဖိတ်တိုင်းရောက်ပါသည်။

## ဦးညွန့်နှင့်ဦးဆန်နီ

ရန်ကုန်သို့ပြန်ရောက်၍ သီတာလမ်း၌ နေထိုင်ရသည်တွင် နှစ်ပေါင်း အတန်ကြာမျှ ကွဲကွာနေသော 'ရင်ဘတ်မိတ်ဆွေ' ကိုခင်မောင်နှင့် ပြန်လည် ဆုံစည်းခွင့်ရပြီး နံနက်တိုင်း အတူလမ်းလျှောက်ရခြင်း၊ ဓမ္မမိတ်ဆွေများဖြစ်သည့် ဗြိတိသျှဘားမား ဦးညွန့်နှင့် ပဲရောက်ဦးဆန်နီတို့နှင့် တရားဓမ္မဆွေးနွေးရခြင်း၊ သော်တာဆွေခေါ်ခဲ့သည့် စာရေးဆရာသစ်များဖြစ်ကြသည့် သုခ၊ သာခ၊ သန်းဆွေ၊ မင်းရှင်နောင် စသော လူငယ်များနှင့် မိတ်ဖြစ်ရခြင်းသည် ကျွန်ုပ်အဖို့ 'အမြတ်' ဟူ၍ အောက်မေ့ပါသည်။ အထူးသဖြင့် ဦးညွန့်၊ ဦးဆန်နီ၊ (တခါတရံ) ဒဂုန်ကိုလှဖေစသော ပုဂ္ဂိုလ်များနှင့် တရားဆွေးနွေး ရသည်မှာ အတော်အရသာ ရှိလှပါသည်။ ဦးညွန့်နှင့် ဦးဆန်နီတို့သည် ကျွန်ုပ်နှင့် သိကျွမ်းသည်မှာ အတန်ကြာပြီဖြစ်သော်လည်း ကျွန်ုပ်အား တရားဓမ္မ၌ လေ့လာလိုက်စားသူ တယောက်အနေဖြင့် ယခုမှပင်သိကြ၍ အလွန်တရာ အံ့သြဝမ်းသာလျက်ရှိကြ၏။ တနင်္ဂနွေနေ့တိုင်း ဦးညွန့်သည် ကျွန်ုပ်၏အိမ်သို့ သူ၏ကားကို လွှတ်လေ့ရှိရာ ကျွန်ုပ်ရောက်သွားသောအခါ၌ ဦးဆန်နီရောက်လျက်ရှိလေပြီ။ ဦးညွန့်သည် ကျွန်ုပ် တို့အား တနင်္ဂနွေနေ့တိုင်း နံနက်စာ ကျွေးလေ့ရှိရာ သူ၏အနေအထိုင် အခင်း

အကျင်းနှင့် အကျွေးအမွေးများမှာ ကျွန်ုပ်မြင်ဘူး တွေ့ဘူးသမျှသော မြန်မာ ဓနရှင်များအနက်တွင်အသားနားဆုံး၊ အသပ်ရပ်ဆုံး၊ ဇိမ်အရှိဆုံးဖြစ်ပေသည်ဟု ကျွန်ုပ်အမှတ်အသားပြုမိပါသည်။ တရားဆွေးနွေးရာ၌ ကျွန်ုပ်သည် ဥပုသ်စောင့်ခြင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီများကိုဖတ်ခြင်း ပုတီးစိပ်ခြင်းမျှလောက်နှင့် ကျေနပ်ကြသည့် မိရိုးဖလာ ဗုဒ္ဓဘာသာမျိုးမဟုတ်ပဲ တော်စွာ လျော်စွာ ဗုဒ္ဓဘာသာဝင်များ၏ လမ်းလွဲသော အယူအဆများကို ထောက်ပြချင်တတ်သည့် တော်လှန်ရေးသမား (Revolutionary Type) ဗုဒ္ဓဘာသာတယောက်ဖြစ်ခြင်းကိုသိကြ၍ ဦးညွန့်ကား အတော်သဘောကျပုံရ သည်။ ဦးဆန်နီမှာမူ ဘိုင်စကုပ်ကုမ္ပဏီအလုပ်ကို သားအားလွှဲထား၍ အလျှင်းပြန်မကြည့်ပဲ ဘာသာရေးစာပေများဖြင့်သာ အချိန်ကုန်စေသည့်အတွက်ကြောင့် ဦးညွန့်က ၎င်းအားမိမိထက်သာပေသည်ဟု ချီးကျူးပြောဆိုတတ်သော်လည်း ဘာသာရေးအယူအဆမှာ မိရိုးဖလာအတိုင်း စိပ်ပုတီးနှင့် ရိပ်ကြီးခိုပြီး ဥပုသ်စောင့်ခြင်းမျှလောက်ကို အမြင့်ဆုံးစံချိန်ထားသည့် လက္ခဏာရှိပေသည်။ သုံးယောက်သား တရားဆွေးနွေးကြသောအခါများတွင် ကျွန်ုပ်နှင့်ဦးဆန်နီတို့မှာ ယူပုံဆပုံ ခပ်ကွဲကွဲရှိကြ၍ ဦးညွန့်ကမူ အများအားဖြင့် နားထောင်နေတတ်၏။ ဆွေးနွေးကြဖန်များလတ်သော ဦးဆန်နီနှင့် ကျွန်ုပ်အယူအဆ ကွဲလွဲမှုရှိတိုင်း ဦးညွန့်သည်ကျွန်ုပ်ဘက်မှ ထောက်ခံခြင်းက များလာ၏။ ကြာကြာနေသောအခါ၌ ကုမ္ပဏီအလုပ်ကို စွန့်လွှတ်ထားနိုင်ပေသည်ဆိုကာ ဦးဆန်နီအား အမြဲချီးကျူးလေ့ရှိသော ဦးညွန့်သည် ဧရာမစွန့်ခြင်းကြီးတခု ပြုနိုင်ပေသည်ဆိုသော ဦးဆန်နီထက် ကျွန်ုပ်ဘက်သို့ (လောကီအရ ဂုဏ်ကိစ္စမှတပါး) လေးစားမှု တဖြည်းဖြည်း ပို၍ လာလေတော့သည်။ တရားဓမ္မဆွေးနွေးရခြင်းဟူသည်မှာ အတော်ခဲယဉ်း၏။ မိမိအား အဟုတ်ကြီးထင်လာခဲ့သော ပုဂ္ဂိုလ်တဦးက မိမိအပေါ်၌ အကဲဖြတ်မှု နိမ့်ကျသွားခြင်းကို တွေ့ရသည်ဆိုလျှင် အနည်းဆုံး မျက်နှာမသာမယာ ဖြစ်တတ်သည်သာ များလေသည်။ ဤအခြင်းအရာကို ကျွန်ုပ်ရိပ်မိ၍ ဦးဆန်နီရှေ့တွင်

ကျွန်ုပ်၏ဆန်းသစ်သော အယူအဆများကို တင်မပြတော့ပဲ ဦးဆန်နီ မလာသောနေ့များနှင့် သူမရောက်မီ အချိန်များ၌ ဆွေးနွေးကြပါတော့ သည်။ ဦးဆန်နီမှာလည်း တဖြည်းဖြည်း အချိန်မမှန်ခြင်း၊ ရက်မမှန်ခြင်းများကို တွေ့ရသည်။ ဤသို့ဆိုသော်လည်း ဦးဆန်နီသည် ကျွန်ုပ်အပေါ်၌ ဓမ္မမစ္ဆရိယစိတ် မျိုးထားခြင်းကို ကျွန်ုပ်တွေ့ရသည်ဟု မဆိုလိုပါ။ မန္တလေးသို့ ကျွန်ုပ်ပြန်တော့မည် ဟု နှုတ်ဆက်သောအခါတွင် သူ၏ကုန်စုံဆိုင်ကြီးထဲသို့ ခေါ်သွား၍ ကျွန်ုပ်ကြိုက်နှစ်သက်ရာ ဝတ္ထုပစ္စည်းအဖိုးတန်များကို ရွေးယူဖို့ပြောကာ လက်ဆောင်များ ပေးလိုက်ပါပေသည်။

## ဦးညွန့်က အားပေးသော်လည်း

ဤအတောအတွင်း၌ ဦးညွန့်သည်မန္တလေးသို့ ကျွန်ုပ်မပြန်စေလိုသည့် လက္ခဏာများ ဖော်ပြလျက်ရှိ၏။ တနေ့သ၌ ဦးညွန့်က "ကျွန်ုပ်ရေးလိုသော စာအုပ်များကိုရေးပါ၊ သူကငွေရင်းစိုက်ထုတ်ပြီး ပုံနှိပ်ပေးပါမည်၊ ရောင်းချပေးပါမည်၊ ဟံသာဝတီသတင်းစာ၌ အခမဲ့ကြော်ငြာပေးပါမည်၊ မြတ်သည့်ငွေထဲမှ သူကတပြားတချပ်မျှမယူပဲ ကျွန်ုပ်အား အကုန်လုံးပေးပါမည်"ဟု ပြောပါပေသည်။ စာရေးခြင်း၌ အထိုက်အလျောက်အစွမ်းအစရှိ၍ ငွေရင်းစိုက်ထုတ်ရန် မတတ်နိုင်သည့် ကျွန်ုပ်ကဲ့သို့သော စာရေးဆရာတယောက်အဖို့မှာ ဤသို့သော အကူအညီသည် အလွန်အရာရောက်သော အကူအညီကြီးတခု ဖြစ်ပါပေသည်။ ကျွန်ုပ်လည်း အလွန်သဘောကျ၍ ကျေးဇူးတင်လှကြောင်းပြောရပါသည်။ သို့ရာတွင် ကျွန်ုပ်ဘက်၌ အခက်အခဲတခုရှိနေသည်မှာ ကျွန်ုပ်သည် ဘာသာပြန်အလုပ်ကိုလည်း ငြီးငွေ့လျက်ရှိသည်။ ကိုယ်ပိုင်ဉာဏ်ထုတ်၍ ဝတ္ထုများရေးရန်မှာလည်း (ထိုအချိန်တွင် တရားဘက်သို့ ခပ်ညွတ်ညွတ်ဖြစ်လျက်ရှိ သည်နှင့်) ဝတ္ထုဇာတ်ကွက်ဇာတ်လမ်းများ တီထွင်စိတ်ကူးရန် ဝန်လေးလျက်ရှိပါသည်။

ဤနောက်ပိုင်း၌ ရှမဝမဂ္ဂဇင်းတွင် ရေးသားလျက်ရှိသော လောကုတ္တရာ ရေးရာ ဆောင်းပါးမျိုးအတိုင်း စာအုပ်ဖြစ်အောင် ရေးထုတ်ရန်မှာလည်း လုံးဝ စိတ်ကူးမရပါ။ ရန်ကုန်၌နေခဲ့သော ထိုအချိန်တွင် ကျွန်ုပ်သည် ထမင်းစားဖို့ လုံလောက်ရုံအတွက်သာ စာရေးပြီး ပိုလျှံသော အချိန်များကို တရားဓမ္မနှင့် ပတ်သက်သည့်စိတ်ကူးများ၊ မိမိ၏စိတ်ကို အလေ့အကျင့်ပြုလုပ်၍ တိုးတက်မှု ရှိအောင် ကြိုးစားခြင်းများ၌သာ အသုံးချခဲ့ခြင်းမှန်ပါသည်။ သို့နှင့်လည်း ဤ နောက်ပိုင်းမှာကဲ့သို့ ကျမ်းပြုလောက်အောင် ဉာဏ်ရှင်လှသည်မဟုတ်ပါ။ သို့ဖြစ် ၍ မန္တလေးမှ လူထုဦးလှတို့လင်မယားက လူထုသတင်းစာ ပြန်ထုတ်ဖို့ စာရေး၍ခေါ်ရာတွင် ကျွန်ုပ်တို့သည် (မီးရထားမပေါက်သေးသည်နှင့်)သင်္ဘောနှင့် ပင်ဆန်တက်လာခဲ့ကြပါသည်။ ဦးလှက လေယာဉ်ပျံနှင့်လာကြဖို့ ပြောသော် လည်း ကျွန်ုပ်ကမူ သင်္ဘောခရီးကို နှစ်သက်သည်နှင့် သင်္ဘောနှင့်ပင် ပြန်လာ ကြလေသည်။

## မန်းမြေနင်းရပြန်ခြင်း

ရန်ကုန်မှမန္တလေးသို့ အပြန်ခရီးမှာ ရေဆန်ဖြစ်သောကြောင့် သင်္ဘောပေါ်၌ ၁၀ ညတိတိအိပ်ခဲ့ရပေရာ အစုန်ခရီးထက် နှစ်ဆမျှ အချိန်ကြာသဖြင့် သင်္ဘော ခရီးနှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ အတော်ဝအီသွားခဲ့လေပြီ။ မန္တလေးဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်သောအခါ လူထုဇနီးမောင်နှံတို့၏ မျက်နှာများကို မြင်လိုက်ရ သည်နှင့် ကျွန်ုပ်အလွန်ကျေနပ်မိသည်။ တနေရာ၌ ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ် သည်အလုပ်တခုကို လက်ခံသောအခါတိုင်း လခအနည်းအများထက် ကျွန်ုပ် အပေါ်၌ အလုပ်ရှင်က လေးစားမှုရှိမရှိအပေါ်တွင် အခြေတည်၍ အကဲဖြတ် တတ်သူတယောက်ဖြစ်ပါသည်။ ဤသို့ဆိုခြင်းအားဖြင့် ကျွန်ုပ်သည် လူတိုင်းက ခရီးဦးကြိုပြုခြင်းကို မျှော်လင့်တောင့်တသူတယောက်ဖြစ်သည်ဟု နားမလည်ကြ

စေလိုပါ။ (ဤနောက်ပိုင်း၌ ဝက်လက်သို့တခါတရံ အလည်အပတ်သွားရာတွင် ဆွေမျိုးများက လှည်းများဖြင့် စည်စည်ကားကား ကြိုဆိုကြပြီး ရွှေဥဒေါင်းကြီး ရောက်လာသည်ဆိုသောအနေမျိုး လုပ်ချင်ကြသော်လည်း ကျွန်ုပ်က ၎င်းတို့၏ အစီအစဉ်ကို ဖျက်လိုက်ပါသည်။) ဤတခေါက်တွင် ရန်ကုန်မှမန္တလေးသို့ ပြန်တက်လာခဲ့ရာ၌ ဗြိတိသျှဘားမားဦးညွန့်ကပေးမည်ဆိုသော အကူအညီကို စွန့်ပယ်ပြီး တက်လာခဲ့ရခြင်းဖြစ်သောကြောင့် လူထုမောင်နံ့တို့၏ ကြိုဆိုခြင်းကို ကျွန်ုပ် အလေးဂရုပြုခဲ့ခြင်းဖြစ်ပါသည်။ လူထုမောင်နံ့တို့ကား (နောင်တွင်မှ ဖြစ်ချင်ရာဖြစ်စေ) ကျွန်ုပ်ပြန်ရောက်လာခြင်းနှင့် ပတ်သက်၍ အစီအစဉ်လုပ်ပုံကို ကျွန်ုပ်ခံတွင်းတွေ့လှသည်။ ဇနီးနှင့်ခယ်မတို့မှာလည်း ရန်ကုန်သို့ကျွန်ုပ်တို့ ဆိုက်ရောက်စဉ်ကကဲ့သို့ အားမငယ်ရသဖြင့် ကျွန်ုပ်ကျေနပ်မိသည်။

## နေအိမ်ပြဿနာ

မန္တလေးသို့ရောက်ကြသောအခါ နေအိမ်အတွက်ပြဿနာတခုပေါ်ပေါက်လာ၏။ မအမာက ကျွန်ုပ်တို့သည် တူ ဝင်းမောင်နှင့်အတူ ယခင်ကအတိုင်း (ခေတ္တဖြစ်စေ) နေထိုင်ကြလိမ့်မည်ဟု ထင်မှတ်သည့်လက္ခဏာနှင့် ကျွန်ုပ်တို့ နေထိုင်ရေးအတွက် အစီအစဉ်ပြုလုပ်ထားခြင်းမရှိချေ။ ကျွန်ုပ်ကလည်းဝင်းမောင် တို့နှင့်အတူ နေထိုင်ကြဖို့ ကြံရွယ်ချက်မရှိချေ။ အကြောင်းကား ဤသို့တည်း။ ကျွန်ုပ်တို့သည် ဝင်းမောင်၏အရိပ်အာဝါသကို နှစ်ကြိမ်တိုင်တိုင်ခိုခဲ့ရဘူးပေပြီ။ ကျွန်ုပ်တွင်သာမက ညီဘဖေတို့ တအိမ်ထောင်သည်လည်း ကျွန်ုပ်ကို အကြောင်းပြု၍ သူ့အိမ်၌ လပေါင်းအတန်ကြာ မှီခိုနေထိုင်ခဲ့ကြဘူးလေရာ ကျွန်ုပ်အတွက် ရော ဘဖေအတွက်ပါ ကျွန်ုပ်ကကျေးဇူးတင်ပါသည်။ ကျေးဇူးတင်သည့်အလျောက် ကျွန်ုပ်ကလည်း ဦးကြီးတယောက်နှင့် လျော်ညီစွာ ကျွန်ုပ်တတ်နိုင်သည့် နေရာ များက အကူအညီပေးခဲ့ပါသည်။ ကျွန်ုပ်ပေးခဲ့သော အကူအညီမျိုးမှာ အခြား

လူများပေးဖို့လည်း ခဲယဉ်းမည်။ ဝင်းမောင်က တောင်းခံဖို့ လည်းခဲယဉ်းမည့် အကူအညီမျိုးဖြစ်ပါ၏။ အတူတကွ နေထိုင်ခဲ့ကြသည့်အတွင်း (နှစ်နှစ်ခန့် ရှိသည်။) သူ့အိမ်သူအိမ်သားများနှင့် ကျွန်ုပ်၏အိမ်သူများလည်း အငြိအစွန်းမရှိ၊ သင့်မြတ်စွာနှင့်ပင် ခွဲခွာနိုင်ခဲ့ကြသဖြင့် ကျွန်ုပ်အံ့သြဝမ်းမြောက်ခဲ့ မိသည်။ ဝင်းမောင်၌မယားဘက်မှ အတူနေ မိန်းမဆွေမျိုး အတော်များခြင်းကြောင့် သာ၍ အံ့သြဝမ်းမြောက်၏။ သို့ရာတွင် ဝင်းမောင်၏အိမ်၌ တတိယအကြိမ် မှီခို နေထိုင်ဖို့အတွက် ကျွန်ုပ်စဉ်းစားလိုက်သောအခါ၌မူကား ဖခင်၏သြဝါဒတခုကို ကျွန်ုပ်သတိရမိ၏။ ဖခင်က ကျွန်ုပ်တို့လင်မယားအား "ဟေ့ မင်းတို့သူများအိမ်ကို ခဏခဏသွားမလည်ကြနဲ့ဟေ့နော်၊ တခေါက်သွားတော့ ရွှေညည့်သည်၊ နောက် တခေါက်သွားတော့ ငွေညည့်သည်၊ သွားဖန်များတော့ သောက်ညည့်သည် ဖြစ်သွားတတ်တယ်ဟေ့"ဟု သတိပေးဘူးလေသည်။ ဤသည်ကြောင့် ကျွန်ုပ်သည် ခေတ္တတည်းခိုရန်အတွက်ပင် ဝင်းမောင်ကို အပူမကပ်တော့ဟု ဆုံးဖြတ်လိုက် လေသည်။

## မြမျိုးလွင်နှင့် ကျွန်ုပ်

ရန်ကုန်သို့ သွားမည်ဟု သင်္ဘောဆင်းခဲ့စဉ်က ဆရာလွင်(မြမျိုးလွင်)တို့ လင်မယားသည် ကျွန်ုပ်တို့အား နှုတ်ဆက်ရန် လက်ဆောင်ကလေးများနှင့် သင်္ဘောသို့ဆင်းလာကြ၍ (လူထုမောင်နံ့တို့ကား မပေါ်လာချေ။) ဆရာလွင်က "ကျွန်တော်တို့အိမ်ဆောက်နေပါသည်၊ အိမ်ပြီးသောအခါ ကျွန်တော်တို့အိမ်မှာ ဘယ်အခါမဆို တည်းခိုနိုင်ပါသည်"ဟု ပြောသွားဘူးသည်။ မန္တလေးသို့ ကျွန်ုပ် တို့ ပြန်ရောက်လာသောအခါ ဆရာလွင်၏ နေအိမ်မှာ ဆောက်လုပ်ပြီးပြီဖြစ်ရာ ကျွန်ုပ်သည်ဆရာလွင်၏စကားအတိုင်း (အိမ်မရသေးမီအတွင်း) သူ့အိမ်၌ တည်းခို ရန်မှတပါး အခြားနည်းလမ်း မရှိသည်နှင့် သူ့အိမ်သို့ တက်ကြရသည်တွင်

သူတို့လင်မယားနှစ်ယောက်လုံးက ဝမ်းသာအားရ လက်ခံကြပါပေသည်။ ထိုစဉ်က ကျွန်ုပ်သည် ရံဖန်ရံခါ သောက်တတ်သေးသည်ဖြစ်ရာ အတူတကွ သောက်ကြသော အခါများတွင် "ဘိန်းသမားချင်းတူတူ တလုံးပိုရှုချင်" ဟူသော စကားအဓိပ္ပာယ် မျိုးနှင့်မဟုတ်ပဲ နီးရင်းသော မိတ်ဆွေတယောက်အဖြစ်နှင့် "သောက်တော့ သောက်တာပေါ့ ဆရာလွင်၊ သို့သော် ယစ်ထုပ်တယောက်တော့ အဖြစ်မခံ ပါနဲ့နော်"ဟု သတိပေးဘူးပါသည်။ (သော်တာဆွေကိုလည်း ဤအတိုင်းပင် ကျွန်ုပ်အကြိမ်ကြိမ်သတိပေးဘူးပါသည်။) ကျွန်ုပ်တို့သည် ဆရာလွင်၏နေအိမ်၌ သုံးလကျော်မျှ တည်းခိုနေထိုင်ခဲ့ရာ ယောက်ျားချင်းရော၊ မိန်းမချင်းပါ သင့်မြတ် ကြည်ဖြူစွာ ရှိကြခြင်းအတွက် ကျွန်ုပ်ဝမ်းလည်းသာ၍ ကျေးဇူးလည်းတင်ပါသည်။ ယင်းသို့ အတူတကွ နေထိုင်ကြသည်တွင် ကျွန်ုပ်သည် ဆရာလွင်နှင့် ပတ်သက်၍ အကဲခတ်ဖို့ အခွင့်ကြုံခဲ့ရာ သူ့၌ (လူချင်းဆက်ဆံမှုနှင့် ပတ်သက်၍) ကျွန်ုပ်ထက် သာသော အချက်အလက်များ တွေ့ရခြင်းကို ကြည်ဖြူစွာ ဝန်ခံရပေမည်။ ဆရာလွင်အပေါ်၌ ကျွန်ုပ်၏ကျေးဇူး ဘာမျှမရှိခဲ့။ သူကသာလျှင် ကျွန်ုပ်အား အကြိမ်ကြိမ် ဖိတ်ခေါ်ကျွေးမွေးခဲ့ဘူးသည် ဖြစ်ရာ သို့နှင့်လည်း သူ့အိမ်၌ ကျွန်ုပ်မှီခိုနေထိုင်ရစဉ် အတောအတွင်းသူသည် ကျွန်ုပ်၏ ကျေးဇူးရှိဘူးသည့် အနေမျိုးနှင့်ဆက်ဆံပါပေသည်။ ကျွန်ုပ်က အိမ်လခပေးသော်လည်း သူကမယူ သည့်ပြင် သူ၏ဂျစ်ကားနှင့်ပင် ကျွန်ုပ်တို့အား မေမြို့မှစ၍ ဟိုအရပ် သည်အရပ် များသို့ လိုက်၍ပို့ပါသေးသည်။ ကျွန်ုပ်အပေါ်၌သာမက အခြားသော အသိအကျွမ်း များအပေါ်တွင်လည်း လောကဝတ် ကျေပွန်ခြင်းကို ကျွန်ုပ်ကြုံရသည်။ ထို့ကြောင့်လည်း ဆရာလွင်မှာ ကျွန်ုပ်ထက်ငယ်သော်လည်း မိတ်ဆွေပေါများ၍ သူ၏စည်းရုံးမှုများ အောင်မြင်ခြင်း ဖြစ်ရမည်ဟု ယုံကြည်သည်၊ ကျွန်ုပ်မှုကား စည်းရုံးတတ်ဖို့လည်း မကြိုးစား၊ ကြိုးစားလျှင်ပင် ဖြစ်လိမ့်မည်မထင်ဟု သဘောရသည်။

## လက်ဝဲစာပေလေ့လာခြင်း

၁၉၅၁ခုနှစ် နွေရာသီတွင် လူထုတိုက်မှခွင့်နှစ်လယူ၍ မေမြို့၌ အိမ်တလုံး ငှားပြီး ဆရာလွင်၏နေအိမ်မှ ပြောင်းရွှေ့နေထိုင်ရာ သော်တာဆွေလည်း လိုက်ပါလာ၏။ ကျွန်ုပ်သည် လူထုသတင်းစာတိုက်၌ သုံးနှစ်ကျော်မျှ အယ်ဒီတာချုပ်အဖြစ်နှင့် လုပ်ကိုင်လာခဲ့စဉ် လူထုမောင်နံ့နှင့် နိုင်ငံရေးအကြောင်း ဆွေးနွေးကြသည့်အခါများ၌ သူတို့၏လက်ဝဲသံပါသော စကားလုံးများနှင့် အယူအဆများကို ကျွန်ုပ်နားမလည်နိုင်ပဲဖြစ်ခဲ့၏။ သူတို့နှင့်ကျွန်ုပ်သည်တိုင်းပြည် လွတ်လပ်ရေး၊ နယ်ချဲ့တော်လှန်ရေးစသည့် အယူအဆများတွင် သဘောတူညီကြသော်လည်း ကျွန်ုပ်တို့၏ သဘောတူညီမှုသည် ဤမျှနှင့်ပင် ပြီးဆုံးလေတော့၏။ ကျွန်ုပ်တို့၏ဘာသာရေး အယူအဆများနှင့် ပတ်သက်၍ ၎င်းတို့ဉာဏ်မမီနိုင်သကဲ့သို့ သူတို့၏တိုင်းပြည်စီးပွားရေးနှင့်ပတ်သက်သည့် အယူအဆများတွင် ကျွန်ုပ်ဉာဏ်မမီနိုင်ပဲ ဖြစ်နေ၏။ ဥပမာ အနတ္တအကြောင်းကို သူတို့နားမလည်နိုင်သည့်နည်းတူ လယ်ယာမြေများကို လယ်လုပ်မစားသော မြေရှင်ကြီးများထံမှ သိမ်းယူပြီး တောင်သူလယ်သမားများအား ခွဲဝေပေးခြင်း တည်းဟူသော စံနစ်ကို တရားသည်ဟူ၍ ကျွန်ုပ်နားမလည်နိုင်ပဲ ဖြစ်နေတော့သည်။ သို့ဖြစ်၍ မေမြို့သို့ ကျွန်ုပ်ရောက်သောအခါတွင် လက်ဝဲဝါဒနှင့် ပတ်သက်သည့် စာပေများကို ရှာဖွေတွေ့ရှိသမျှ ကျွန်ုပ်တို့ထံသို့ တင်ပို့လိုက်ပါရန် လူထုမောင်နံ့တို့ထံသို့ မှာထားလိုက်ရာ သူတို့တင်ပို့သည် စာအုပ်များကို ကျွန်ုပ်ဖတ်ရှုလေ့လာခဲ့သည့် ပထဦးဆုံး ဖတ်ရသည့် စာအုပ်များအနက် ဦးနုရေးသည့် 'မာ့က်ဆီးဇ်မ်း' ခေါ်စာအုပ်ကြီးတအုပ်ပါရှိရာ ဤကိစ္စမျိုးတွင် မြန်မာဘာသာနှင့်ရေး သည့် စာအုပ်မျိုးထက် အင်္ဂလိပ်လိုရေးသည့် စာအုပ်များသည် (လက်ရင်းကျသည်ဟုယူဆသည့်အလျောက်) အင်္ဂလိပ်စာအုပ်မျိုးကိုသာ ဖတ်လိုသော်လည်း ဝန်ကြီးချုပ်

တယောက် ရေးထားခြင်းဖြစ်သည်တကြောင်း၊ အင်္ဂလိပ်စာအုပ်များ မရသေးသည့်တကြောင်းကြောင့် ကျွန်ုပ်သည် ဦးနု၏ 'မာ့က်ဆီးဇမ်း'ကို စိတ်ဝင်စားစွာနှင့်ဖတ်ရှုရပါသည်။ ဦးနုသည် ဤကျမ်းကို အခြားစာအုပ်များမှ အတော်လည်းကျေနပ်ပါသည်။ ထို့နောက်တွင် ဦးနုသည် သူ၏'မာ့က်ဆီးဇမ်း'ကို ရုပ်သိမ်းပြီးကွန်မြူနစ်ဆန့်ကျင်ရေးယောင်ယောင် အလုပ်လုပ်နေပြန်ခြင်းကို တွေ့ရသည့်အခါသူ၏ အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ သံသယဖြစ်မိပါသည်။ သံသယဖြစ်မိခြင်းကား ဤပုဂ္ဂိုလ်သည် အခြားလူများ၏ စာအုပ်များမှ ထုတ်နုတ်တင်ပြရာတွင် အတော်ရှင်းအောင် တင်ပြတတ်သော်လည်း ကိုယ်တိုင်စဉ်းစားဆင်ခြင်ရသော ကိစ္စမျိုး၌ ရှင်းရှင်းပြတ်ပြတ် (Clear Thinking) မစဉ်းစားတတ်ဟုဆုံးဖြတ်ချက်ချလိုက်ရသည်။

## လူများစုအကျိုး ကြည့်ရမည်

လက်ဝဲဝါဒနှင့်ပတ်သက်၍ အခြားစာအုပ်လေးငါးအုပ် ဖတ်ပြီးသည့်နောက် ဤကိစ္စနှင့်ပတ်သက်၍ လက်ရှင်းအကျဆုံးဖြစ်သည့် ကာလ်မာ့က်စ်၏ ကက်ပီတဲလ် (ငွေရင်း) ခေါ် စာအုပ်ကြီး သုံးတွဲအနက်မှ ပထမတွဲ ဖတ်လိုက်ရသည်တွင်ကျွန်ုပ်မှာ တိုင်းပြည်စီးပွားရေးစံနစ်နှင့် ပတ်သက်၍ မျက်စိ၌ဖုံးကွယ်လျက်ရှိသော 'တိမ်သလာ'များကို ထုတ်ယူပစ်လိုက်သည့်နှယ် စက္ခုအလင်းရရှိလာပါတော့သည်။ ပမာဆိုသော် တောင်သူမဟုတ်သော မြေပိုင်ရှင်ကြီးများ၏လက်ဝယ်၌ရှိသည့် လယ်မြေများကို သိမ်းယူခြင်းသည် မတရားဟု ထင်ခဲ့မိရာမှလယ်မြေကို တောင်သူလယ်သမားပိုင်ဖြစ်အောင် လုပ်မပေးပဲ လူများစုဖြစ်သောတောင်သူလယ်သမားများ ကောင်းစားအောင်လုပ်ရန် မဖြစ်နိုင်ဟု သဘောကျလာခဲ့ပါသည်။ တရားသည် မတရားသည်ဟူသောကျွန်ုပ်၏မူလ 'စံချိန်' မှာလူအချင်းချင်းဆက်ဆံမှုအတွက်သာ အသုံးပြုရသည့် 'ချိန်ခွင်'ဖြစ်သည်။ နိုင်ငံရေး

အရဆိုပါလျှင် ဖိနှိပ်ခြင်းခံရသော လူများစုအား ဖိနှိပ်သော လူနည်းစု၏ လက်မှလွတ်မြောက်ရေးအတွက် ဘာမဆိုလုပ်ရမည်။ သို့မှသာ တတိုင်းပြည်လုံး ချောင်ချိသက်သာခွင့် ရနိုင်သည်ဟူသော အမြင်တခုဝင်လာခဲ့ပါသည်။ သို့ရာတွင် ဗုဒ္ဓဝါဒကို နက်နဲစွာ လေ့လာခဲ့သော ကျွန်ုပ်အဖို့ရာ၌ အဖိနှိပ်ခံလူတန်းစား၏ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် ဖိနှိပ်သောလူများကို နှိပ်စက်ချင်သော စေတနာမျိုး မရှိစေသင့်၊ ဖိနှိပ်ခံများ ကောင်းစားရေးအတွက်သာ စေတနာကို ဦးလှည့်ထားရမည်ဟု ကျွန်ုပ်နားလည်သည်။ မာ့က်စ်များသည် ကျွန်ုပ်၏ အယူအဆကို ရှုပ်သည်ဟု ဆိုကောင်းဆိုကြမည်။ ကျွန်ုပ်အဖို့ရာ၌ကား အလွန်ရှင်း၍ ဤနည်းမှတပါး အပြစ်မကင်းဟူ၍ ကျွန်ုပ်မြင်သည်။

## 'မှု'ကိုလက်ခံခြင်း

ဤစာအုပ်ကြီးကို ဖတ်ရပြီးနောက် ကျွန်ုပ်သည် ကာလ်မာ့က်၏ တိုင်းပြည် စီးပွားရေးစံနစ်ကို သဘောပေါက်လာပြီဖြစ်ကြောင်း လူထုမောင်နှံထံသို့ စာရေး ထည့်လိုက်ရာ ၎င်းတို့က ဝမ်းသာကြသည်။ ဝမ်းသာခြင်းမှာ လူထုသတင်းစာ အယ်ဒီတာချုပ်လုပ်နေသူတယောက်က အရင်းရှင်စီးပွားရေးစံနစ် ၏အပြစ်များကို မမြင်ခဲ့လျှင် ၎င်းတို့နှင့် အလုပ်လုပ်ရာတွင် အဖုအထစ်များပေါ် လာတတ်သည် ဖြစ်၍ နောင်အခါတွင် ဤအတွက်နှင့်စိုးရိမ်စရာ မရှိတော့ပြီဟု စိတ်ချရပြီ ဖြစ်သောကြောင့် ဖြစ်လေသည်။ ကျွန်ုပ်သည် အရင်းရှင်စံနစ်၏ အပြစ်များကို မြင်လာ၍ ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို နှစ်သက်လာပြီဖြစ်သော်လည်း 'မှု' အားဖြင့်သာ လက်ခံတတ်ခြင်းဖြစ်၍ (ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေးသမား တယောက် မဟုတ်သည့်အတွက်ကြောင့်) ဆိုရှယ်လစ်စီးပွားရေးစံနစ် ပေါ်ထွန်းလာ အောင် မည်သို့မည်ပုံ စီမံခန့်ခွဲရမည်ဟူသော လီနင်နှင့်မော်စီတုံးတို့၏ စာပေများကို ဖတ်ရှုလေ့လာရန် အလိုမရှိချေ။ သို့ရာတွင် ၎င်းစံနစ် ပေါ်ထွန်းလျက်ရှိသော

နိုင်ငံများ၏ စီးပွားရေးအခြေအနေတိုးတက်လာပုံ အကြောင်းအရာများကိုမှ အထိုက်အလျောက် လေ့လာခဲ့ပါသည်။

## 'မှ'မမှန်သော်လည်း အလုပ်မှားနိုင်ခြင်း

ကာလ်မာ့က်၏ စီးပွားရေးစံနစ်ကို သဘောကျခါစ အချိန်များ၌ ကျွန်ုပ်သည် ၎င်းစံနစ်အရ လိုက်နာဆောင်ရွက်လျက်ရှိကြသည့် လီနင်၊ စတာလင်၊ ခရုရှော့၊ မော်စီတုံး၊ ချူအင်လိုက်စသော ခေါင်းဆောင်ကြီးများအပေါ်တွင် အခြားသော လက်ဝဲသမားများ အထင်ကြီးသကဲ့သို့ပင် ကျွန်ုပ်လည်း အထင်ကြီးခဲ့၏။ တိုင်းပြည်ရေးရာနှင့် ပတ်သက်၍ ထိုပုဂ္ဂိုလ်ကြီးများ ပြောဆိုပြုလုပ်သမျှသည် မှန်ကန်သည်ချည်းဖြစ်သည်ဟု သူတို့နည်းတူကျွန်ုပ်လည်းယုံကြည်ခဲ့၏။ သို့ရာတွင် ကျွန်ုပ်ကျမ်းတစောင်တဖွဲ့ ပြုစုခဲ့သည့် ဒိဋ္ဌေဒိဋ္ဌေမေတ္တံ ကျင့်စဉ်အရ အားထုတ်၍ အထိုက်အလျောက် သဘောပေါက်လာသော အချိန်၌မူကား ကျွန်ုပ်၌ အမြင်တမျိုး ပြောင်းလဲလာခဲ့သည်။ ကာလ်မာ့က်စ်၏ တိုင်းပြည်စီးပွားရေးစံနစ်သည် အရင်းရှင်စံနစ်ထက် တိုင်းပြည်လူများစုအတွက် အကျိုးများသည် ဆိုခြင်းကိုမူ အကြွင်းမဲ့ လက်ခံယုံကြည်လျက်ပင် ရှိပါသည်။ ၎င်းပုဂ္ဂိုလ်ကြီး၏ စံနစ်အရ လီနင်က လုပ်ပုံလုပ်နည်းများ ညွှန်ကြားပြသခြင်းများလည်း မှန်ကန်သည်ဟူ၍ပင် ကျွန်ုပ်လက်ခံယုံကြည်နိုင်ပါသည်။ သို့ရာတွင် ၎င်းတို့၏ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ကြသည့် စတာလင်၊ ခရုရှော့၊ မော်စီတုံး၊ ချူအင်လိုက်စသော ခေါင်းဆောင်ကြီးများနှင့် ပတ်သက်၍မူကား (လူနှင့်လူချင်းဆက်ဆံမှုများလည်း ပါရှိသည် ဖြစ်သောကြောင့်) အားလုံးမှန်သည်ဟု လက်မခံချင်တော့ပဲ အမှားများလည်း ပါချင်ပါနိုင်သည်ဟူ၍ပင် ယူဆလာခဲ့လေပြီ။

## မှားခြင်း၏ အကြောင်းရင်း

ရှင်းဦးအံ့၊ ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်အားရှေးဦးစွာ မျက်စိဖွင့်ပေးသကဲ့သို့ရှိသော အခြင်းအရာသည်ကား စတာလင်၊ ခရုရှော့ကိစ္စပင် ဖြစ်၏။ စတာလင်လက်ထက်၌ လက်ဝဲဝါဒသမားများ အားလုံးလိုပင် စတာလင်အား 'ဘုရားတဆူ၊ ဂူတလုံး'အနေဖြင့် ယုံကြည်လက်ခံလာခဲ့ကြရာ ခရုရှော့ပေါ်လာသောအခါ၌ စတာလင်၏အမှားများဟူ၍ ထောက်ပြလျက်ရှိလေပြီ။ ဤတွင်စတာလင်ကိုယုံကြည်သူနှင့် ခရုရှော့ကိုယုံကြည်သူဟူ၍ နှစ်ဂိုဏ်းပေါ်ထွက် လာလေရာ ကျွန်ုပ်စဉ်းစားမိသည်ကား မည်သူကမှန်၍ မည်သူကမှားသည်ဖြစ်ဖြစ် (အနည်းဆုံး)တယောက်ယောက်တော့ မှားလေပြီ။ သို့ဆိုလျှင် သူတို့လုပ်ဟန်များ သည် မမှားနိုင်သောလုပ်ဟန်မဟုတ်၊ ပုဂ္ဂိုလ်တဦး၏အတွေးအခေါ်အယူအဆပေါ်၌ တည်လျက်ရှိသည်ဟု ကျွန်ုပ်မြင်လာသည်။ ဆိုလိုခြင်းမှာ ကာလ်မာ့က်စ်နှင့်လီနင်တို့မှန်သည်ထားဦး၊ လက်တွေ့လိုက်နာဆောင်ရွက်ကြသော ခေါင်းဆောင်များကား မှားချင်မှားနိုင်သည်ဟု ဆိုလိုသည်။ လက်ဝဲသမားများကမူ စတာလင်ကမှန်သည်၊ ခရုရှော့ကမှန်သည်စသည်ဖြင့် ငြင်းခုန်ကြတုန်းပင်ရှိရာ ကျွန်ုပ်အဖို့ရာ၌မူကား မည်သူကမှန်သည်ဟု (လက်တွေ့နိုင်ငံရေးသမားတယောက် မဟုတ်သောကြောင့်) ဆုံးဖြတ်ဖို့မကြိုးစားပဲ လက်ဝဲခေါင်းခေါင်များလည်း မှားချင်မှားနိုင်သည်ဟူသော ကောက်နုတ်ချက် ပေါ်ထွက်လာလေတော့သည်။ ၎င်းတို့သည် အဘယ့်ကြောင့် မှားကြရသနည်းဟု ထပ်လောင်း၍ စစ်ဆေးပြန်ရာ စတာလင်သည်လည်းကောင်း၊ ခရုရှော့သည်လည်းကောင်း နိုင်ငံရေးတွင် ဉာဏ်ကြီးသူများဖြစ်ကြ၍ ညံ့ဖျင်းသောကြောင့် မှားခြင်းမဟုတ်တန်ရာ။ လောဘ၊ ဒေါသ၊ မာနတို့ကြောင့် မှားခြင်းဖြစ်ရမည်ဟု (ဗုဒ္ဓဝါဒရှုထောင့်မှ) အဖြေထွက်လာသည်။ ဟုတ်လည်းဟုတ်ရမည်။ လောဘ၊ ဒေါသ၊ မာနတည်းဟူသော အခြင်းအရာများသည် အမှားဘက်သို့ တွန်းပို့လေ့ရှိသည်ဟု ဗုဒ္ဓဟောတော်မူရာ

ထိုလူများသည် လောဘ၊ ဒေါသနှင့် မာနတို့တွင် တရွေးသားမျှ မပယ်စွန့်သေးရသည့်ပြင် သူသူ ငါငါ တို့ထက်ပင်ကြီးထွားလျက် ရှိကြလေသည်။ လက်ဝဲခေါင်းဆောင်များသည် အခြားလူများထက် လောဘ၊ ဒေါသ၊ မာနလျော့ပါးပါသည်ဟု အဘယ်မည်သော လက်ဝဲသမားသည် ငြင်းဆိုရဲပါသနည်း။

## သံသယရှိစကောင်းသည်

ဤ'သော့ချက်'ကို ကျွန်ုပ်တွေ့ရှိရသောအချိန်မှစ၍ ကျွန်ုပ်သည် (ယခင်က အထင်ကြီးခဲ့မိသော) ခရုရှော့၏ အပြောအဆိုနှင့် အပြုအမူများကို စောင့်ကြည့်လာခဲ့ရာ ခရုရှော့၏ အမှားများကို တကြိမ် နှစ်ကြိမ်မြင်မိ၏။ ၎င်းအမှားများသည်လည်း ဒေါသနှင့်မာနတို့ကြောင့် ဖြစ်သည်ဟု ကျွန်ုပ်ရှင်းရှင်းကြီးမြင်လာ၏။ ကျွန်ုပ်သည် ဤအကြောင်းကို နီးရင်းသော လက်ဝဲသမားများနှင့် ဆွေးနွေးကြည့်ရုံမက အမှားများကို တခုစီထောက်၍ပြ၏။ ထိုသူက မည်သို့ပြန်ပြောသည် ထင်ကြသနည်း။ "ခရုရှော့သည် နိုင်ငံရေး၌ အလွန်ဉာဏ်ကြီးသူတယောက် ဖြစ်သောကြောင့် သူ့ဉာဏ်ကို ကျွန်တော်တို့ မမီနိုင်ပါ။ သူက မှန်သည်ဟု ယူပြီးဖြစ်သောသူတယောက် ဖြစ်သောအခြင်းအရာ တခုကို ကျွန်တော်တို့က ဉာဏ်မမီသည့်အတွက်ကြောင့် မှားသည်ဟု မြင်မိခြင်း ဖြစ်ပါလိမ့်မည်"ဟု ပြောရှာလေသည်။ ဤနေရာ၌ သူ၏ယုံကြည်ပုံနှင့် ကျွန်ုပ်၏ ယုံကြည်ပုံကို နှိုင်းယှဉ်ချက်ထုတ်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်သည် ဂေါတမဗုဒ္ဓ၏ ဝိနည်းပညတ်တော်အချို့နှင့် ပတ်သက်၍ စိတ်ထဲ၌မရှင်းလင်းသောအချက်များ၊ မကျေနပ်နိုင်သောအချက်များ တွေ့ရှိထားပါသည်။ သို့ရာတွင် ဤသည်တို့မှာ လူသားများ၏ ကိစ္စမဟုတ်၊ ရဟန်းများ၏ ကိစ္စမျှသာဖြစ်သည့်အတွက်ကြောင့် မိမိဉာဏ်မမီခြင်းသာဖြစ်ရမည်။ ဗုဒ္ဓမှုကား စကန်မုချ မှန်ကန်ရမည်ဟု ဆုံးဖြတ်ကာ ပြည်ဖုံးကားချလေ့ရှိပါသည်။ လက်ဝဲသမားများသည်လည်း (ဗုဒ္ဓကို ကျွန်ုပ်

ယုံကြည်သည့်နည်းတူ) သူတို့၏စတာလင်၊ ခရုရှော့တို့ကို ယုံကြည်ကြဟန်တူလေသည်။ ကျွန်ုပ်အဖို့မူကား ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အရ အားထုတ်ထားသော အချိန်မှစ၍ သဘာဝဝတ္ထုနှင့် ပတ်သက်သော ကိစ္စများတွင် (ဂေါတမဗုဒ္ဓကို ချန်လှပ်၍) မည်သည့် အဋ္ဌကထာဋီကာ၊ ဒီပနီကျမ်းပြုဆရာ (ရှေးရောခေတ်ပါ)များကိုမှ မျက်စိမှိတ်ပြီး လက်ခံလိမ့်မည်မဟုတ်၊ ထိုပုဂ္ဂိုလ်များ၏ အယူအဆနှင့်ပတ်သက်၍ သံသယရှိခဲ့လျှင် ရဲရဲဝံ့ဝံ့ပင် သံသယရှိလိမ့်မည်ဖြစ်၏။ ဤသို့ဆိုခြင်းအားဖြင့် သူတို့အားလုံး မှားသည်၊ မိမိသာမှန်သည်ဟု ပြောလိုခြင်းမဟုတ်၊ ဗုဒ္ဓမှတပါး မည်သည့်ပုဂ္ဂိုလ်က ဟောပြောသည်ဖြစ်စေ၊ မယုံကြည်ပါက သံသယရှိစကောင်းသည်။ နာမည်ကြီး သောကြောင့် သူတို့မှန်ရမည်ဟု မျက်စိမှိတ်ပြီး မလိုက်နာနိုင်သည့်အဖြစ်ကို ဖော်ပြခြင်းမျှသာ ဖြစ်ပါသည်။ ကျွန်ုပ်အံ့သြမိခြင်းတချက်မှာ လက်ဝဲသမားမှန်လျှင် စိစစ်ဝေဖန်ခြင်းအလုပ်တွင် အလွန်ဝါသနာပါသူများဖြစ်ကြပါလျက် အချို့သည် လူနှင့်လူချင်းဖြစ်သော ခရုရှော့၊ မော်စီတုံး၊ စတာလင်တို့ကျခါမှ မော့်၍မကြည့်ဝံ့ လောက်အောင် သတ္တိနည်းကြဝံ့ရခြင်းပင် ဖြစ်လေသည်။ ဤသို့ရေးလိုက်ခြင်းအား ဖြင့် မိမိကိုယ်ကိုသတ္တိကောင်းလှသည်ဟု ကြွားဝါလိုခြင်းမဟုတ်၊ ဂေါတမဗုဒ္ဓညွှန်ပြ တော်မူခဲ့သည့် 'သော့ချက်'၏ တန်ဖိုးရှိခြင်းကိုဖော်ပြလိုခြင်းမျှသာဖြစ်ပါသည်။

## သူ့ရောဂါနှင့်သူ့ဆေး

ကျွန်ုပ်သည် ကာလ်မာ့က်စ်၏ 'ငွေရင်း' ဟူသော စာအုပ်ကြီးကို ဖတ်ရှုလေ့လာရခြင်းကြောင့် ရရှိခဲ့သော အကျိုးကျေးဇူးနှင့် ဂေါတမဗုဒ္ဓ၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်ခဲ့ခြင်းကြောင့် စိတ်သဘာဝအကြောင်းကို သိမြင်လာခဲ့ခြင်းတို့၏ အကျိုးကျေးဇူးတို့ကို နှိုင်းယှဉ်ဖော်ပြလိုပါသေးသည်။ တိုင်းပြည်တပြည်၌ လူများစုဆင်းရခြင်းကို တွေ့ရသည့်အခါ မည်သို့သော

အကြောင်းကြောင့်ဖြစ်သည်ဟုလက်နှင့် ထောက်၍ပြနိုင်ခြင်းမှာ ကာလ်မာ့က်စ်၏ ကျေးဇူးကြောင့် ဖြစ်သည့်နည်းတူ ပုဂ္ဂိုလ်တဦးယောက်၌ စိတ်၏ဆင်းရဲမှုဖြစ်နေခြင်းကို တွေ့ရသည့်အခါ မည်သို့သော အကြောင်းကြောင့်ဖြစ်သည်ဟု ထောက်၍ ပြနိုင်ခြင်းသည်လည်း ဂေါတမဗုဒ္ဓ၏ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်၏ ကျေးဇူးကြောင့် ဖြစ်ပါသည်။ သို့ရာတွင်လူများစု ကျပ်တည်းဆင်းရဲခြင်း၏ အကြောင်းရင်းကိုလည်းကောင်း၊ လူတဦးတယောက် စိတ်ဆင်းရဲခြင်း၏ အကြောင်းရင်းကိုလည်းကောင်းထောက်ပြနိုင်သည်ဆိုစေကာမူ ပြလိုက်ရုံမျှနှင့် လွတ်မြောက်သွားသည်ဟု မဆိုလိုပါ။ လူများစုဆင်းရဲမှုကိစ္စ၌ လူအများဝိုင်းပြီး ကြိုးစားလိုသကဲ့သို့ လူတယောက်ဆင်းရဲမှုမှ လွတ်မြောက်ရန်မှာလည်း ထိုလူ၏ကြိုးစားအားထုတ်မှု အပေါ်တွင် တည်လျက်ရှိပါသည်။ ထို့ကြောင့် ရုပ်တရားနှင့် ပတ်သက်သည့် ချမ်းသာမှုတွင် မာ့က်ဆီးဇ်မ်းသည် ဆေးကောင်းကြီးတလက်ဖြစ်သည်ဟု နားလည်သည့်နည်းတူ စိတ်ချမ်းသာမှုနှင့် ပတ်သက်၍ ဗုဒ္ဓဝါဒ (ဝိပဿနာအလုပ်ကိုဆိုလိုသည်။)သည် အကောင်းဆုံးသော ဆေးကြီးဖြစ်သည်ဟု နားလည်ပါသည်။ ဤကဲ့သို့ သူ့ကဏ္ဍနှင့်သူ ပိုင်းခြားနားလည်သောလူသည် ကမ္ဘာလောက၌ အလွန်ရှားပါးသည်ကို တွေ့ရ၏။ 'မာ့က်ဆီးဇီး'စာအုပ်ကို ရေးထုတ်သော ဝန်ကြီးချုပ်ဦးနုသည် ဤအခြင်းအရာကို ရှင်းလင်းပြတ်သားစွာ နားမလည်သည့်အတွက်ကြောင့် တိုင်းပြည်စီးပွားရေး ကျပ်တည်းလျက်ရှိရာတွင် မာ့က်ဆီးဇ်မ်းကို ဖယ်ထားပြီး ငါးပါးသီလဖြင့် လူတွေကို 'ထမင်းခွံ့'ပေးဖို့ ကြိုးစားနေခြင်းဖြစ်လေသည်။ ဂေါတမဗုဒ္ဓ၏စိတ်ချမ်းသာမှု ဆေးနည်းမှာ ငါးပါးသီလလောက်နှင့် မပြီးသည့်အဖြစ်ကို လက်တွေ့အားဖြင့် သိနိုင်လောက်ပါလျက် သိပုံမရပဲ ရောထွေးယှက်တင် ပြုမူနေကြခြင်းမှာ ကုန်ခဲ့ပြီးသော ၁၃နှစ်အချိန်အတွက်နှမြောဖို့ကောင်းလှသည်။

## လမ်းလျှောက်ဖို့ ဝါဒဖြန့်ခြင်း

ကျွန်ုပ်သည် ရောက်လေရာအရပ်တွင် နံနက်စောစော လမ်းလျှောက်ဖို့ ကိုယ်တိုင်လေ့ကျင့်ရုံသာမက အပေါင်းအဖော်များအားလည်း သွေးဆောင်ခြင်း၊ နမူနာပြခြင်း၊ တိုက်တွန်းခြင်း ပြုလုပ်လေ့ရှိ၏။ မန္တလေးမြို့ဆရာလွင်၏ အိမ်၌နေစဉ် အလွန်ချမ်းအေးသည့် ပြာသိုလဖြစ်သော်လည်း လမ်းလျှောက်ဖော် လေးငါးယောက်ရအောင်စုရုံး၍ အချိန်မှန်ကုန်ဖို့လည်း ရှေ့ဆောင်ပြု၍ တိုက်တွန်းသည့်အတိုင်း နံနက်ငါးနာရီတွင် တညီတညာတည်း ထွက်နိုင်ကြဖို့ ဆော်ဩခဲ့၏။ နွေရာသီတွင် မေမြို့၌ နေထိုင်လျက်ရှိစဉ်ကလည်း သော်တာဆွေ နှင့်လူထုမအမာ၏ဖခင်(ဦးထင်)အပါအဝင် လမ်းလျှောက်ဖော် လေးယောက်ရ အောင် စုရုံးနိုင်ခဲ့သည်။ တခါတရံတွင် အဖော်တယောက်တလေက "ချမ်းလိုက် တာဗျာ၊ ဒီကနေ့ ကျွန်တော်မလိုက်ပါရစေနဲ့" ဟု ပြောလျှင်လည်း ရအောင် သွေးဆောင်ပြီး စောင့်ခေါ်တတ်လေသည်။ ၁၉၅၁ခုနှစ်၌ နွေရာသီ နံနက် စောစောတွင် မေမြို့သည် မန္တလေးမြို့ပြာသိုလလောက်ပင် ချမ်းအေးသည်ဖြစ်၍ လောင်းကွတ်များ ဝတ်ကြရပါသေးသည်။ ၁၉၆၁ခုနှစ် နွေရာသီ၌ မေမြို့တွင် ကျွန်ုပ်တယောက်တည်း လမ်းလျှောက်သည့်အခါ ဟာဝေယံ ရုပ်အင်္ကျီမျှနှင့် ထွက်လာနိုင်သည်ဖြစ်၍ ဆယ်နှစ်မျှသော အချိန်အကွာအခြားတွင် မေမြို့သည် ဤမျှလောက် အချမ်းပေါ့သွားခြင်းကိုတွေ့ရ၍ အံ့ဩမိသည်။ နံနက်စောစော၌ ယာဉ်များအသွားအလာရှင်းခြင်း၊ လူသွားလူလာနည်းခြင်း၊ ကတ္တရာစေးလမ်း ဖြစ်ခြင်း၊ လတ်ဆတ်သန့်ရှင်းသောလေကို ရှုရှိုက်ရခြင်းတို့ကြောင့် မေမြို့သည် လမ်းလျှောက်သမားများ၏ နိဗ္ဗာန်ဖြစ်သည်ဟု ဆိုထိုက်ပေသည်။ စင်စစ်မှာ ကုန်းမြင့်ဒေသများဖြစ်သည့်တောင်ကြီး၊ ကလော၊ မိုးကုတ် စသော မြို့များ အားလုံးသည် မေမြို့ကဲ့သို့ပင် ဆိုခဲ့ပြီးသော ကောင်းခြင်းများနှင့်ပြည့်စုံ

ခြင်းကိုတွေ့ရ၍ ကျွန်ုပ်သည် ၎င်းမြို့များသို့ နွေရာသီတိုင်း တလှည့်စီသွား၍နေဖို့ ကြိုးစားလျက်ရှိပါသည်။ ၎င်းမြို့များ၌ ကျွန်ုပ်သည် နွေရာသီတွင် မန္တလေးနှင့် ရန်ကုန်မြို့များမှာထက် နှစ်ဆမျှ ပို၍အလုပ်လုပ်နိုင်ခြင်းကိုတွေ့ရသည်။ ကျွန်ုပ်သည် ကုန်းမြင့်မြို့များသို့ သွားသည့်အခါတိုင်း ဘိုင်စကယ်ကိုလည်း ယူသွားလေ့ရှိ၍နံနက်စောစော လမ်းလျှောက်ခြင်းအပြင် ညနေခင်းများတွင်လည်း ဘိုင်စကယ်နှင့်တခေါက်ထွက်သေး၏။ သို့ဖြစ်၍ လမ်းကြိုလမ်းကြားမကျန် လှည့်လည် ကြည့်ရှုသဖြင့် ကျွန်ုပ်မရောက်ဘူးသောနေရာ မရှိသလောက်ဖြစ်နေသည်နှင့် အချို့လူများက "ဘိုင်စကယ်စီးတဲ့ အဘိုးကြီး ပိန်ပိန်ရှည်ရှည် တယောက်"ဟု အမှတ်အသားပြုလာကြလေသည်။

## ဟာသသမားနည်းပရိယာယ်

၁၉၅၁ခုနှစ်၊ ဇွန်လတွင် သော်တာဆွေနှင့် ကျွန်ုပ်တို့သည် မေမြို့မှ ဆင်းလာကြသောအခါ ဆရာလွင်၏အိမ်တွင် မနေတော့ပဲ ၃၃လမ်း၌ တိုက်တလုံးငှား၍နေထိုင်ကြသည်။ သော်တာဆွေသည် ကျွန်ုပ်တို့နှင့်အတူ တလခန့် ဆက်လက်နေထိုင်ပြီးနောက် ရန်ကုန်သို့ပြန်သွား၏။ ဤသူငယ်သည် ကျွန်ုပ်၏အိမ်၌ သုံးလခန့်နေထိုင်သွားရာ ဘာကိစ္စနှင့်လာသည်ဟု သူကလည်းမပြော၊ ကျွန်ုပ်ကလည်း မမေးချေ။ နောက်များ၌ သူ၏ 'ကိုယ်တွေ့'တခုကို ကျွန်ုပ် ဖတ်ကြည့်ရာတွင် ရန်ကုန်၌ရှိစဉ် သင်္ကြန်အတွက် သံချပ်များရေးပေးဖို့ ရေသဘင်အဖွဲ့တခုထံမှ စရံငွေယူထားပြီးနောက် မရေးတတ်သည်နှင့် အညာသို့ ပြေးလာပြီး ကျွန်ုပ်၏အိမ်၌ တည်းခိုနေထိုင်ခဲ့သည်ဟု တွေ့ရ၏။ ဟုတ်မဟုတ်ကား အမှန်မပြောနိုင်ပါ။ ကျွန်ုပ်သည် သူ့ကိုယ်ကို ဖုံးကွယ်ပေးထားသည်ဆိုသည့် 'ဟီးရိုးဝင်း' အကြောင်းကိုဖတ်ရ၍ ဟာသစာရေးဆရာတို့မည်သည် အဖြစ်အပျက် ဟုတ်မဟုတ် အပေါ်၌ မူမတည်ပဲ ပွဲကျအောင် ကြံဖန်ရေးသားသူများဖြစ်သည်ဟု သိလိုက်ရ

ကတည်းက သော်တာဆွေ၏ ကိုယ်တွေ့ဆိုသော တင်ပြချက်များကို အပျင်းပြေ လောက်ဖတ်ပြီး တကယ်ဟု မယူဆတော့ချေ။ ကျွန်ုပ်အား ဖဆပလအစိုးရက ဖမ်းပြီး ထောင်ထဲ၌ ပိတ်လှောင်ထားသည်ဟု ကြားရ၍ သူ၏နဖူးကို တုတ်ကောက် ကျိုးအောင် ရိုက်သည်ဆိုခြင်းမှာလည်း 'ပွဲသနားအောင် မင်းသားကလေးက ငိုခြင်း'ဆိုသကဲ့သို့ ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်မိသည်။ သူသည် ကျွန်ုပ်နှင့်အတူ သုံးလခန့်နေသွား၍ လူတို့၏ သဘာဝတခုမှာ ကိုယ့်ဘက်မှ လိုက်၍ရေးလျှင် (ယုံမယုံ အပထား၍) သဘောကျတတ်သည့်အလျောက် သူ၏အရေးအသားကို ကြိုးစားပြီး လက်ခံခဲ့ပါသည်။

## ဦးလှ၏ ချီးမွမ်းချက်

ခွင့်နှစ်လစေ့၍ အလုပ်ပြန်ဝင်သောအခါ ကျွန်ုပ်မှာ ဝါဒတခုကို လက်ခံခါစ လူများ၏ စိတ်အားထက်သန်တတ်သော ထုံးစံအတိုင်း ခေါင်းကြီးများရေးရာတွင် ကာလ်မာ့က်စ်၏ တိုင်းပြည်စီးပွားရေးစနစ်အကြောင်းမှတပါး အခြားအကြောင်း အရာများကို မရေးတတ်သလောက်၊ မရေးချင်သလောက်ဖြစ်သွားပြီး အားပါးတရ ရေးခဲ့ဘူးပါသည်။ လူထုမောင်နှံတို့ကလည်း ကျွန်ုပ်စိတ်အားထက်သန်ခြင်း အတွက် အတော်ကျေနပ်အားရကြပုံရသည်။ တနေ့သ၌ ဦးလှက–

"ဆိုရှယ်လစ် စီးပွားရေးစနစ်အကြောင်းကို ဦးလေးသိန်းက ဒါလောက် မြန်မြန်ကြီး သဘောပေါက်သွားတာ သိပ်အံ့သြတာပဲ"

"အံ့သြစရာ မဟုတ်ပါဘူး၊ ကာလ်မာ့က်စ်ရဲ့ စာအုပ်ကို မဖတ်ရဘူးလို့ပါ၊ ဖတ်ကြည့်လိုက်ယင်တော့သိပ်ရှင်းနေတာပဲ"

"ဒီလောက်မလွယ်ဘူးခင်ဗျား၊ ဦးလေးသိန်းက ရှင်းရှင်းပြတ်ပြတ် စဉ်းစား တတ်တဲ့ အလေ့အကျင့်ရှိလို့သဘောပေါက်လွယ်တာပါ"

ကျွန်ုပ်သည် ဦးလှ၏စကားနှင့်ပတ်သက်၍ အကြိမ်ကြိမ် အဖန်ဖန်စဉ်းစားခဲ့ရာ လူသတ္တဝါတို့၏စဉ်းစားဉာဏ်နှင့် ပတ်သက်၍ အရေးကြီးသော အခြင်းအရာများထပ်မံတွေ့ရှိရခြင်းကို တင်ပြရပေဦးမည်။

## အတားအဆီးသုံးခု

ဝါဒအဆန်းအသစ်တခု ပေါ်လာသည့်အခါ ရာခိုင်နှုန်း အတော်များသည့် လူသတ္တဝါများသည် စဉ်းစားဖို့ အတော်ပျင်းရိကြ၏။ နက်နဲသော အခြင်းအရာတခု ကို စဉ်းစားရခြင်းအလုပ်သည် ဦးနှောက်ရှုပ်သည်ဟုဆိုကြ၏။ စဉ်းစားရသော အလုပ်၌ ဝါသနာပါသူ အနည်းငယ်တို့အဖို့မှာလည်း အမှန်သို့ မရောက်စေနိုင်သည့် အတားအဆီးများရှိနေပြန်လေသည်။ ၎င်းအတားအဆီးများမှာ (၁)မိရိုးဖလား အစဉ်အလာကိုမပယ်နိုင်ခြင်း၊ (၂) သဘာဝကျမကျကို ဆုံးဖြတ်တတ်သည့်ဉာဏ် မျိုး နုံ့နဲ့ခြင်း၊ (၃)မိမိ၏အလိုဆန္ဒနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည့် သဘောတရား တခုကို လက်မခံလိုခြင်းတို့ဖြစ်လေသည်။ (၁)မိရိုးဖလာအစဉ်အလာကို မပယ်နိုင်ခြင်းနှင့် ပတ်သက်၍ ထင်ရှားသော ဥဒါဟရဏ်တခုမှာ ကမ္ဘာလောက၌ (အကြမ်းအားဖြင့်) ဘာသာကြီးလေးခုရှိရာ ဗုဒ္ဓဘာသာမိဘများက မွေးလျှင် ဗုဒ္ဓဘာသာအဖြစ်နှင့် တည်နေခြင်း၊ ခရစ်ယန်ကမွေးလျှင် ခရစ်ယန်ဖြစ်နေခြင်း၊ မူဆလင်က မူဆလင်မွေးခြင်း၊ ဟိန္ဒူက ဟိန္ဒူမွေးခြင်း တို့ကိုသာ တွေ့ရ၏။ ဤဘာသာကြီးများ၌ ကောင်းသောအချက်အလက်များ ပါရှိကြသည် မှန်သော်လည်း အရေးကြီးသော ကွဲလွဲချက်များလည်းရှိကြ၏။ သို့နှင့်လည်း မိမိတို့၏စဉ်းစားဉာဏ်ကိုအသုံးပြုပြီး ဘာသာတခုမှ တခုသို့ကူးပြောင်း ယုံကြည်ကြသူဆို၍ ကမ္ဘာလောက၌ အလွန်နည်းပါးလှသည်။ ထာဝရဘုရားသခင်က ဖန်ဆင်းပြီးသူကပင် သတ္တဝါကို ကောင်းကျိုးဆိုးကျိုးပေးနိုင်သည်ဆိုသော ဘာသာဝါဒနှင့် မိမိပြုသမျှအတိုင်းခံရသည်။ စံရသည်ဆိုသော ဘာသာဝါဒသည်

ကြီးစွာသော ခြားနားခြင်းရှိပါလျက် မည်သည်က မှန်ကန်သည်။ သဘာဝကျသည်ဟု မစဉ်းစားတတ်ကြပဲ မူလမွေးဖွားခဲ့သည့် ဘာသာဝါဒအတိုင်း ဘဝအဆုံးတိုင် လက်ခံထားကြခြင်းမှာ မိရိုးဖလာ၏ ချည်နှောင်တတ်သော သတ္တိပေတည်း။

## သဘာဝမကျသော ယုံကြည်မှု

(၂) သဘာဝကျမကျ ဆုံးဖြတ်တတ်သော ဉာဏ်ဟူသည်မှာလည်း (လူပြောများသလောက်) မပေါ်များလှပဲ ၎င်းဉာဏ်မျိုးရှိသူ အလွန်နည်းပါးခြင်းကို ကျွန်ုပ် တွေ့ရသည်။ အနောက်တိုင်းသားများသည် ပင်ကိုဉာဏ်အရာတွင် (ဤခေတ်၌) အရှေ့တိုင်းသားများထက် သာကြသည်ဟု အသိအမှတ်ပြုကြ၏။ သို့နှင့်လည်းခရစ်ယန်ဘာသာ ကိုးကွယ်သော အနောက်တိုင်းသားများသည် မိမိတို့ပြုသော အပြစ်များအတွက် သခင်ယေရှုခရစ်က ခံသည်ဆိုခြင်းကို လက်ခံယုံကြည်နိုင်ကြခြင်းသည်လည်းကောင်း၊ ဘဝအသစ်စက်စက် ဖန်ဆင်းလိုက်သော ထာဝရဘုရားသခင်သည် မွေးကတည်းက မျက်ကန်း၊ နားပင်း၊ ခြေကျိုး၊ လက်ကျိုး၊ အဆွံ့ အအ များကိုဖန်ဆင်းလွှတ်လိုက်သည်ဟု လက်ခံယုံကြည်ကြခြင်းသည်လည်းကောင်း ကျွန်ုပ်အဖို့ရာ၌ အံ့ဩမဆုံးနိုင်အောင် ရှိပါဘိတော့သည်။ ဖန်ဆင်းသော ဘုရားဟူ၍မရှိနိုင်၊ အလိုအလျောက် ဖြစ်ပေါ်လာကြသည်ဟု ထင်မြင်ယူဆသည်ဆိုသော ကွန်မြူနစ်များအား ဘုရားမရှိ၊ တရားမရှိ 'ဓမ္မန္တရာယ်'ဟုပြောကြ၏။ ဝါဒဖြန့်ကြ၏။ ကျွန်ုပ်သည် ဂေါတမဗုဒ္ဓ၏ကျင့်စဉ်အရ အားထုတ်ထားသဖြင့် ကံ–ကံ၏အကျိုးကိုယုံကြည်၍ သံသရာမှ ထွက်ပေါက်ရှိခြင်းကို သိမြင်ထားသူတယောက်ဖြစ်သည်နှင့် ဗုဒ္ဓ၏တရားတော်ကို နှစ်နှစ်ကာကာ ယုံကြည်သူတယောက်အဖြစ်၌ တည်ရှိပါသည်။ ဤကဲ့သို့မဟုတ်ပဲ ကျွန်ုပ်သည် ဗုဒ္ဓ၏တရားတော်ကိုလည်း မကြားဘူး၊ သတ္တဝါတွေကိုဖန်ဆင်းပြီး သူ့သဘော အတိုင်း အကောင်းအဆိုး စီမံသည်ဆိုခြင်းကို ယုံကြည်သော ခရစ်ယန် မိဘများ

၏ဝမ်းမှ အကျိုးအကန်းအဖြစ် နှင့် မွေးဖွားလာရသည်ဆိုပါမူ သူတို့ခေါ်ကြသည့် ဘုရားမရှိ၊ တရားမရှိ၊ ဘာသာမရှိဆိုသော လူအုပ်ထဲသို့ နေ့ညမဆိုင်း အမြန်ဆုံး ကူးပြောင်းဝင်ရောက်သွားလိမ့်မည်ဟု ရဲရဲကြီးဝန်ခံပါသည်။ သို့ဖြစ်၍ သဘာဝ ကျမကျဟူသော ကိစ္စကို ဆုံးဖြတ်နိုင်သောဉာဏ် ဆုံးဖြတ်ရဲသောသတ္တိဟူသည်မှာ လမ်းပေါ်ကလူများ၌ ရှိနေသည်ဟူ၍ မယူဆထိုက်ပါ။

## ကျွန်ုပ်ကိုကွန်မြူနစ်တဲ့

(၃) မိမိ၏အလိုဆန္ဒနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည့် သဘောတရားတခုကို လက်မခံခြင်း တည်းဟူသော သဘာဝသည်လည်း ရာခိုင်နှုန်းအတော်များများ၌ ကိန်းအောင်းတတ်၏။ ဆိုလိုခြင်းမှာ ရိုးရိုးဉာဏ်ဖြင့် စဉ်းစားလိုက်သည့်အခါ 'အဖြူ'ဖြစ်နေသည်ကို တွေ့ရသော်လည်း မိမိက အနီဖြစ်စေလိုသောဆန္ဒ အရင်းခံ ရှိသူအဖို့မှာ 'အဖြူ'ကို လက်မခံလိုပဲ 'အနီ'ဖြစ်အောင် ကြံကြံဖန်ဖန် တွေးဆယူ တတ်ခြင်းကို ဆိုလိုသည်။ ဥဒါအရှက်ကား အချို့လူများသည် တနေ့သောအခါ တွင်သဌေးဖြစ်ဖို့ မျှော်လင့်တတ်ကြ၏။ အချို့မှာသဌေးသားဖြစ်၍ သဌေးဖြစ် ဖို့လမ်းစ မြင်လေရာ အချို့မှာလည်း လမ်းစမြင်သည်မဟုတ်၊ တနည်းနည်းဖြင့် သဌေးဖြစ်အောင်လုပ်ယူမည်ဟု အားခဲထားကြ၏။ လမ်းစမြင်သည်ဖြစ်စေ၊ လမ်းစမမြင်ပဲ လောဘကြောင့် စိတ်ကူးယဉ်သည်ဖြစ်စေ သဌေးဖြစ်ချင်သော တောင့်တမှုမျိုးရှိသူ ဟူသမျှသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဘယ်နံ့ရောအခါမျှ မကြိုက်နိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးသော တိုင်းပြည်များတွင် သဌေး(နေရှင်ကြီး) ဖြစ်နိုင်ဖို့ အပေါက်အလမ်းမရှိဆိုခြင်းကို ကြားဘူးထားကြသောကြောင့်ပေတည်း။ ဘိန်းစွဲသောလူတယောက်သည် ဘိန်းမရှိ သော တိုင်းပြည်တပြည်တွင် နေချင်စိတ် မဖြစ်နိုင်သကဲ့သို့ပင် မည်မျှလောက် ငြိမ်းချမ်းသာယာလှသည်ဆိုစေကာမူ ဘိန်းသမားသည် ဘိန်းမရှိသောတိုင်းပြည်ကို

မကြိုက်နိုင်သည့်နည်းတူ သဌေးဖြစ်ချင်သောသူ၊ ဖြစ်နိုင်သောသူ၊ ဖြစ်နေသောသူတို့သည် ဆိုရှယ်လစ်စနစ်ကို မကြိုက်နိုင်။ "ကျားချင်ကျား မီးယပ်ပဲ"ဟူသော စကားပုံအတိုင်း ဖြစ်ကြပေလိမ့်မည်။ (သဌေးဖြစ်ဖို့ သတိမရသော အလုပ်သမားအချို့က ဆိုရှယ်လစ်စနစ်ကို သနားဖွယ်ရာ ကန့်ကွက်ပြောဆိုကြခြင်းမှာမူ ဝါဒဖြန့်သူများ၏စကားကိုနားဝင်ထား သောကြောင့် ဖြစ်ရပေမည်။ တနေ့သ၌ ကျွန်ုပ်ဆိုက်ကားစီးသွားရာတွင် ဆိုက်ကားဆရာက ကျွန်ုပ်အား "ဆရာကြီးက ကွန်မြူနစ်ကြီးဆို"ဟု မေးမြန်းခြင်းကို အံ့သြစွာနှင့် ကြားခဲ့ရဘူးပါသည်။)

## ထွက်မယ် ထွက်မယ်

လူထုဦးလှက ကျွန်ုပ်အား ကာလ်မာ့က်စ်၏ စီးပွားရေးသဘောတရားကို သဘောပေါက်လွယ်လွန်းသည်ဟု ပြောလိုက်သဖြင့် ကျွန်ုပ်ဆင်ခြင်သုံးသပ်သည့်အခါ ကျွန်ုပ်၌အထက်ပါ အပြစ်သုံးချက် ကင်းလွတ်လျက်ရှိခြင်းကို တွေ့ရသည်။ ကျွန်ုပ်သည် (၁) မိရိုးဖလာအစဉ်အလာ အယူအဆများကို တွန်းလှန်ဖောက်ထွင်းပြီး ဖောက်ထွင်းဆဲ ဖောက်ထွင်းလတံ့ရှိနေခြင်း၊ (၂) သဘောတရားတခု၏ သဘာဝကျမကျကို မြင်တတ်သောပါရမီပါခဲ့ခြင်း၊ (၃) သဌေးဖြစ်ချင်သောတောင့်တမှု ဘယ်အခါမှ ပြောပလောက်အောင်ရှိခြင်းတို့ကြောင့် ကာလ်မာ့က်စ်၏ "ငွေရင်း"ဟူသော စာအုပ်ကြီးကိုဖတ်လိုက်ရသည်နှင့် တပြိုင်နက်အရင်းရှင်စနစ်၏ ဆိုးရွားချက်များနှင့် အပြစ်အနာအဆာများကို တခါတည်းထိုးဖောက်သိမြင်သွားပါတော့သည်။ တိုင်းပြည်၌ဆိုရှယ်လစ်စနစ် ထွန်းကားအောင် မည်ကဲ့သို့ ပြုလုပ်သင့်သည်ဆိုသော ကိစ္စကိုမူ ကျွန်ုပ်၏အရာမဟုတ်၊ နိုင်ငံရေးသမားများ၏အလုပ်ဖြစ်သည်ဟု ကျွန်ုပ်ရေးခဲ့သည်။ သို့ရာတွင် နေရှူး၊ ဦးနုစသော နိုင်ငံရေးခေါင်းဆောင်များ လုပ်ပုံမျိုးနှင့်လည်း ဤစနစ် ပေါ်ထွန်းလာအောင် တတ်နိုင်မည်မဟုတ်ဟု ကျွန်ုပ်မြင်သည်။ ၎င်းတို့လုပ်ကြပုံမျိုးနှင့်ဆိုလျှင် ၎င်းတို့တသက်တာအတွင်း

၎င်းတို့၏တိုင်းပြည်များ၌ ဆိုရှယ်လစ်စနစ် ဖြစ်ထွန်းဖို့ မရှိနိုင်ခြင်းကား သေချာသည်ဟု ဆိုရသည်။ ကျွန်ုပ်သည် (ကျွန်ုပ်နှင့် တခုတည်းဖွား ဖြစ်သော) နေရှူးအပေါ်၌ အတန်ကြာကြီး အထင်ကြီးခဲ့သော်လည်း ကာလ်မာ့က်စ်ကို ဆရာ မတင်ပဲ ကိုယ့်ဘာသာထွင်ချင်သော သူတို့၏မာနအကြောင်းကို ရိပ်မိကတည်းက အထင်ကြီးမှု ယုတ်လျော့လာ၍ ကြားနေတိုင်းပြည် ခေါင်းဆောင်ကြီး တယောက် အနေနှင့် နာမည်ကြီးခြင်းမှတပါး ကိုယ့်တိုင်းပြည် လူနေမှုစနစ်နှင့် ပတ်သက်၍ ဟုတ္တိပတ္တိ မစွမ်းဆောင်နိုင်ပဲ ဘင်္ဂလားအော် တဘက်နှင့်တဘက် 'ထွက်မယ်' 'ထွက်မယ်'ဟုဆရာတပည့်နှစ်ယောက် အသံပေးကြခြင်းဖြင့်သာ အချိန်ကုန်ကြလိမ့် မည်ဟု မြင်လာပါတော့သည်။

## ကျွန်ုပ်၏စာတာ

ဤအတောအတွင်း လူထုသတင်းစာ၌ ကျွန်ုပ်၏ခေါင်းကြီးများနှင့် ဝေဖန် ချက်များသည် စာဖတ်ပရိသတ်၏မျက်စိ၌ တမျိုးတမည် အမြင်ပြောင်းလဲ လာ၏။ ၁၉၄၆–၄၉ခုနှစ်များ၌ ကျွန်ုပ်၏လူထုခေါင်းကြီးများသည် ရန်ကုန်သူရိယ ခေါင်း ကြီးမျိုးခပ်ဆန်ဆန်ရှိ၍ လက်ဝဲလက်ယာမခြား စဉ်းစားဉာဏ် လေ့ကျင့်ခြင်း၌ ဝါသနာပါသော စာဖတ်သမားတိုင်း သဘောကျသည်ကများသည်ဟု ပြောကြ၏။ ကျွန်ုပ်သည်အဓိပ္ပာယ်အရှင်းလင်းဆုံးဖြစ်အောင် ဝါကျအထားအသို၌ ဂရုစိုက်သူ တယောက်ဖြစ်၍ ရှင်းပါပေသည်ဟု ပြောကြသူများရှိသော်လည်း ကျွန်ုပ်ရေးသော စာများ၌ စဉ်းစားစရာ အချက်အလက်ကလေးများ ရောညှပ်ထည့်သွင်း ပေးတတ် ခြင်းမှာ ကျွန်ုပ်၏ဝါသနာဖြစ်၏။ ထို့ကြောင့်မေမြို့မှ ပြန်လာသောအခါတွင် နိုင်ငံစီးပွားရေးစနစ်နှင့် ပတ်သက်၍ စဉ်းစားစရာများ ထည့်သွင်းရေးသားခြင်း အားဖြင့် သာမန်စာဖတ်ပရိသတ်များအား အလုပ်ပေးလာသည့်အပြင် လက်ဝဲဂိုဏ်း သားများ၏ ချီးကျူးပြောဆိုသံများလည်း ပေါ်ထွက်လာသည်။ သို့ရာတွင်

လက်ဝဲသမားများ သဘောကျသည်နှင့်အမျှ မြန်မာအရင်းရှင်ကြီးများ တုန်လှုပ်ချောက်ချားခြင်းကိုလည်းတွေ့ရ၏။

၁၉၅၂ ခုနှစ်ဦး၌ ရန်ကုန်သို့ခေတ္တဆင်းသွား၍ ဦးညွန့်နှင့်တွေ့ရာတွင် ဦးညွန့်က "ဦးဖေသိန်းရဲ့ ခေါင်းကြီးတွေကို ကျွန်တော်အမြဲစောင့်ဖတ်ပါတယ်၊ မန္တလေးမှာ လူထုသတင်းစာပေါ်လာလိုက်တာဟာ မန္တလေးမြို့တော့ ကွန်မြူနစ်မြို့ ဖြစ်သွားတော့မှာပါပဲဗျာ"ဟု တကယ်စိုးရိမ်သော မျက်နှာထားနှင့် ပြောခြင်းကို ကျွန်ုပ်မှတ်မိပါသေးသည်။ ကျွန်ုပ်သည် ဦးညွန့်ပေးဘူးသော အကူအညီကို လက်မခံသော်လည်း သူ၏စေတနာကို သတိရ၍ သူ၏စိုးရိမ်ပူပန်ခြင်းအတွက် ကရုဏာဖြစ်မိပါသည်။ သို့ရာတွင် ကျွန်ုပ်၏အရေးအသားနှင့် ပတ်သက်၍ချီးကျူးခြင်းသည်လည်း စာရေးဆရာတယောက်အနေဖြင့် ကျွန်ုပ်အား တဘက်က ဝမ်းသာစေခြင်းကိုလည်း ဝန်ခံရပေမည်။ ကျွန်ုပ်အားခေါင်းကြီးတပုဒ်အတွက် ၃ဝိ (တလ၉ဝဝိ)ပေးရမည်ကိုများလွန်းသည်ဟုထင်ခဲ့ခြင်းကို ကျွန်ုပ်သတိရသော်လည်း ဖွင့်ဟ၍မပြောခဲ့ပါ၊ အကယ်၍ ၁၉၅ဝပြည့်နှစ်၌ ဦးညွန့်သည်ကျွန်ုပ်အား လခ၉ဝဝိ ပေး၍ငှားခဲ့ပါမူ ကျွန်ုပ်သည် ကာလ်မာ့က်စ်၏စာပေများကို ဖတ်ခွင့်ရတော့မည် မဟုတ်သောကြောင့် လောကီမှုရေးရာနှင့်ပတ်သက်၍ သိသင့်သိထိုက်သော ပညာရပ်တခုလက်လွတ်သွားခဲ့ချေမည်တကားဟု စဉ်းစားမိပါသည်။ ဤသည်ကို ထောက်ပြသဖြင့် ကျွန်ုပ်၏ဇာတာမှာ ငွေနှင့်ပတ်သက်၍ အကျိုးမပေးပညာနှင့် ပတ်သက်၍သာ အကျိုးပေးမည့် ဇာတာရှင်တယောက်ဟူ၍ (တကြိမ်ထပ်ပြီး) ရိပ်မိရပြန်ပါသည်။

## ကပ်သပ်လှသော ယူဘီအေ

၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ၌ ပီကင်းမြို့တွင်ကျင်းပသည့် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့်ကြီးသို့ လေးခရိုင် ကိုယ်စားလှယ်အဖြစ်နှင့် ကျွန်ုပ်အား

ရွေးချယ်စေလွှတ်သည်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား အဖွဲ့ဥက္ကဋ္ဌ အဖြစ်နှင့်လည်းကောင်း၊ ကျွန်ုပ်နှင့် လွှတ်တော်အမတ် မန်းထွန်းရင်တို့အား ဒုတိယဥက္ကဋ္ဌများအဖြစ်နှင့်လည်းကောင်း တင်မြှောက်ကာ ပီကင်းကွန်ဖရင့်သို့ တက်ရောက်ခဲ့ရပါသည်။ (ပီကင်းကွန်ဖရင့်အကြောင်းနှင့် တရုတ်ပြည်ကြီးအတွင်း လှည့်လည်ကြည့်ရှုခဲ့ရပုံ အကြောင်းအရာများကိုမူ စာတအုပ်သီးသန့်ရေးထုတ်ခဲ့ပြီးပြီဖြစ်၍ ဤမှတ်တမ်းတွင် အကျယ်တဝင့် မဖော်ပြတော့ပဲ ကျွန်ုပ်နှင့် တိုက်ရိုက်ပတ်သက်သည့်အကြောင်းအရာများကိုသာ ရေးသားဖော်ပြပါတော့မည်။) ကျွန်ုပ်သည် ကမ္ဘာပေါ်ရှိ အခြားတိုင်းပြည်များ အကြောင်းပါဝင်သည့် ဝတ္ထုအမြောက်အမြားကို ဖတ်ခဲ့ရဘူးသူ တယောက် ဖြစ်သည်နှင့် အခြားတိုင်းပြည်များသို့ သွားရောက်ကြည့်ရှုလိုသော ဆန္ဒသည် အခြားလူများထက် ပြင်းထန်လျက်ရှိသည်ထင်၏။ မရောက်ဘူးသော ဒေသတခုသို့ ရောက်ဘူးချင်သည်ဆိုခြင်းမှာ လူအတော်များများ၌ ရှိတတ်သည် မှန်သော်လည်း ဘာမျှမကြားရဘူး၊ မဖတ်ရဘူးပဲလျက်နှင့် ရောက်ချင်သည်ဆိုသော လူများ၏ ဆန္ဒသည် ကျွန်ုပ်၏ဆန္ဒကဲ့သို့ အကြောင်းယုတ္တိ ခိုင်လုံသည်မဟုတ်ချေ။ ကျွန်ုပ်မူ ကားတရုတ်ပြည်ကြီးအကြောင်းကို ဖတ်ဘူးထားသည့်ပြင် ပထမ ဆရာသိန်း ဝတ္ထု၌ ပီကင်းမြို့ရိုးကြီးအကြောင်းနှင့် ရှန်ဟဲမြို့ကြီး၏ စည်ကားရှုပ်ထွေးပုံ အကြောင်းများကို (စာတွေ့ရော စိတ်ကူးဖြင့်) ရေးသားခဲ့ဘူးသည်ဖြစ်သောကြောင့် မိမိစိတ်ကူးထားသည့်အတိုင်း မည်မျှလောက် မှန်ကန်မည်ကို သိလိုလှသည်နှင့် ကိုယ်တိုင်ရောက်ချင်သောဆန္ဒ ပြင်းပြလျက်ရှိခဲ့ ပါသည်။ သို့ဖြစ်၍ ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့၌ ရန်ကုန်မှ လေယာဉ်ဖြင့် ထွက်ခွာခဲ့ကြသော ကိုယ်စားလှယ်များအနက်တွင် ကျွန်ုပ်၏ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကို တုပယှဉ်ပြိုင်နိုင်သော ကိုယ်စားလှယ်ရှိလိမ့်မည် မထင်ပေ။ သို့ရာတွင် ကျွန်ုပ်၏ ဝမ်းသာစရာများတွင် အနှောင့်အယှက်ပေါ်လာ တတ်သည့် ဇာတာရှင်တယောက် ဖြစ်သည့်အတိုင်း ဘန်ကောက်မြို့သို့ရောက်လျှင်ပင် စိတ်ပျက်စရာတခုပေါ်လာ

ခဲ့လေပြီ။ ကျွန်ုပ်တို့စီးနင်းသည့် ယူဘီအေ လေယာဉ်ပျံသည် ကိုယ်စားလှယ် ၃၀ကျော်မျှ တင်ဆောင်လာခဲ့၍ ဘန်ကောက်သို့ ရောက်သောအခါကျမှ ဟောင်ကောင်သို့ ဆက်လက်ပျံသန်းရမည့် ခရီးတွင် လူအားလုံးအတွက် နေရာ မရှိသည့်အတွက်ကြောင့် ရန်ကုန်မြို့သို့ လူ၁၀ယောက် ပြန်သွားရမည်ဟု ဆိုလေ သည်။ ပြန်သွားရမည့်၁၀ယောက်အနက် တွင် ကျွန်ုပ်၏အမည် ပါဝင်လျက်ရှိ၏။ ဤတွင် ကြင်နာခြင်းသဘောနှင့် ပြည့်စုံသည့် ကိုယ်စားလှယ်တယောက်က (ပခုက္ကူမြို့မှ သခင်ကောင်းဆင့်ဖြစ်၍ ကျွန်ုပ်မေတ္တာပို့ပါသည်။) ကျွန်ုပ်မှာ အသက်ကြီးရင့်သူဖြစ်၍ ဒုက္ခမများပါစေနှင့်၊ ကျွန်ုပ်အား ပြန်ပို့မည့်အစား သူပြန်၍သွားပါမည်ဟု 'ဇော်လန်တီယာ' လုပ်ပါပေသည်။ သို့ရာတွင် 'ကြိုးနီ' စနစ်ပေလော၊ ဘာစနစ်ပေလော မပြောတတ်၊ ယူဘီအေ အစိုးရလေယာဉ်ပျံက အမည်အစား မည်သူပြန်၍မှမဖြစ်၊ ကျွန်ုပ်ပင် ပြန်ရမည်ဟု ဖွတ်အတင်း အကျပ် ကိုင်ပါလေတော့သည်။ ကျွန်ုပ်တို့ကိုယ်စားလှယ်များအနက်တွင် ပြောတတ် ဆိုတတ်ရှိသူ အတွင်းရေးမှူးကိုဘငြိမ်းလည်း မပါရှိသည်နှင့် ယူဘီအေအရာရှိ များ၏ အမိန့်အတိုင်း ကိုယ်စားလှယ် ၁၀ ယောက်ပြန်လာခဲ့ကြရ လေ၏။

## ကိုဘငြိမ်းနှင့်ကျွန်ုပ်

ကျွန်ုပ်ကား အတော်ကြီး စိတ်ပျက်လျက်ရှိလေပြီ။ အထက်တွင် ဖော်ပြခဲ့ သည့်အတိုင်း ပီကင်းမြို့ရိုးနှင့် စည်ကားရှုပ်ထွေးသော ရှန်ဟဲမြို့တို့ကို ကိုယ်တိုင် တွေ့မြင်လိုသည့်ဆန္ဒ ပြင်းထန်မှုမရှိခဲ့ပါလျှင် ကျွန်ုပ်သည် ရန်ကုန်မှ မန္တလေးသို့ တောက်လျှောက်ပြန်လာမိလိမ့်မည်ထင်သည်။ (ကွန်ဖရင့်ကား ကိစ္စမရှိ၊ ကျွန်ုပ် မတက်လျှင်လည်း သူ့အချိန်တွင် လုပ်ကြမည်သာဖြစ်သည်။) နောက်တနေ့ ရန်ကုန်မှ လေယာဉ်ပျံဖြင့် ပြန်ထွက်ကြရာတွင် ယမန်နေ့က နိုင်ငံကူး 'ပတ်စ်ပုတ်' လက်မှတ်မရသဖြင့် ကျန်နေရစ်ခဲ့သော အတွင်းရေးမှူး ကိုဘငြိမ်းတယောက်လည်း

ပါလာသဖြင့် ကျွန်ုပ်အတော်အားတက်မိသည်။ ဒုတိယအသုတ်ဖြစ်သော ကိုယ်စားလှယ်အဖွဲ့အနက်တွင် ကိုဘငြိမ်းအပြင် ဒဂုန်တာရာ၊ ဗိုလ်လရောင်၊ မန်းထွန်းရင်၊ ရန်နိုင်စိန်တို့ကို ကျွန်ုပ်မှတ်မိသည်။ တရုပ်ပြည်ကြီးအတွင်း လှည့်လည်ကြရာတွင် ကျွန်ုပ်တို့ ကိုယ်စားလှယ် ၃၀ကျော်မျှရှိသည့်အနက် ကိုယ့်လူနှင့်ကိုယ် အလျဉ်းသင့်ရာ ပူးပေါင်းတွဲဖက် ဆက်ဆံသမှု ပြုကြလေသည်။ ကျွန်ုပ်မှာမူ လူသစ်တယောက်နှင့် မိတ်ဆွေဖြစ်ဖို့ လွယ်ကူသူတယောက် မဟုတ်သည့်အတိုင်း ရှေးကတည်းက သိကျွမ်းပြီးဖြစ်သည့် ဆရာကြီးသခင် ကိုယ်တော်မှိုင်းနှင့် ပိုမိုရင်းနှီးလာခဲ့ခြင်းမှတပါး မိတ်ဆွေသစ်ဟူ၍ မရရှိခဲ့ချေ။ ပထမ၌ကျွန်ုပ်သည် အတွင်းရေးမှူး ကိုဘငြိမ်းအား အိုင်စီအက်စ် တယောက် အနေဖြင့်လည်းကောင်း၊ ကိုဘငြိမ်းကလည်း ကျွန်ုပ်အားအသက်ကြီး၍ ခေတ်ပညာ တတ်သော စာရေးဆရာကြီးတယောက်အနေဖြင့်လည်းကောင်း အပြန်အလှန် အထိုက်အလျောက် လေးစားခြင်းရှိကြပုံရ၏။ သို့ရာတွင် ကိုဘငြိမ်းသည် နိုင်ငံရေးသမားတယောက်ဖြစ်သည့်အလျောက် သူတို့နိုင်ငံရေး သမားအချင်းချင်း ကို ပိုမိုလေးစားပုံရ၍ ဘက်လိုက်ချင်တတ်သော ဝါသနာကလေးရှိသည်ဟူ၍လည်း ကျွန်ုပ်အကဲခတ်မိသည်။ ဘက်လိုက်ပုံမှာ ဤသို့တည်း။ ကျွန်ုပ်နှင့် မန်းထွန်းရင် တို့သည် ဒုတိယဥက္ကဋ္ဌများဖြစ်ကြ၍ ပီကင်းဟိုတယ်၌ တခန်းတည်း အတူ တည်းခိုကြရသည့်အလျောက် သူ့အကြောင်းကို ကျွန်ုပ်အတော်သိလာ၏။ ကျွန်ုပ် တို့သည် ထွေရာလေးပါး အကြောင်းများကို ပြောကြရာတွင် မန်းထွန်းရင်၌ အမတ်တယောက် အနေဖြင့် ကျွန်ုပ်မျှော်လင့်သည့် အထွေထွေဗဟုသုတ General Knowledge မျိုးနှင့် မပြည့်ခြင်းကိုတွေ့ရ၏။ လွှတ်တော်အမတ်တယောက်ဆိုလျှင် ဤမျှမက ပြည့်ဝသင့်သည်ဟု ကျွန်ုပ်ယူဆထားသည်။ (ဤသည်မှာ ကျွန်ုပ်၏အထင်ကြီးမှုလည်း ဖြစ်နိုင်ပါသည်။) ကျွန်ုပ်သည်မန်းထွန်းရင်နှင့် အများ ဆုံး ဆက်ဆံစကားပြောခွင့်ရရှိသည့်အလျောက် သူ၏ချို့ငဲ့ချက်ကို သိရှိလာ ရာတွင် (ကျောင်းဆရာလုပ်ခဲ့ဘူးသောဝသီကြောင့်ထင့်) ဆရာတပည့် မဟုတ်ပဲ

လျက် ဆရာတပည့်အနေမျိုး ခပ်ဖိဖိ၊ ခပ်ငေါက်ငေါက် ပြောမိလာတတ်ပါသည်။ (ဤသည်မှာ ကျွန်ုပ်၏ချွတ်ယွင်း ချက်ဖြစ်သည်ဟု အကြွင်းမဲ့ဝန်ခံပါသည်။) မန်းထွန်းရင်သည် ကျွန်ုပ်၏ 'အနိုင်ကျင့်' ခြင်းကို မခံချင်ရုံနှင့် မပြီးပဲ ကိုဘငြိမ်းအားပြောပြသည့် လက္ခဏာရှိ၏။ ကိုဘငြိမ်းနှင့် ကျွန်ုပ်သည် တကြိမ်တခါမျှ 'ကတောက်ကဆ'ဖြစ် ဘူးသည်ဟု ကျွန်ုပ်မမှတ်မိပဲ ကျွန်ုပ်အပေါ်၌ အမူအရာ ပြောင်းလဲလာခြင်းကို ကျွန်ုပ်ရိပ်မိလာသည်။

မော်တော်ကားဖြင့် ခရီးအတူ သွားကြရသောအခါတွင် မန်းထွန်းရင်နှင့် ကျွန်ုပ်ယှဉ်တွဲကာ ထိုင်နေကျဖြစ်ပါလျက် (သူတို့နှစ်ယောက်နားလည်မှုယူထားသည့်လက္ခဏာနှင့်)ကိုဘငြိမ်းက အလယ်မှထိုင်ကာ ကျွန်ုပ်တို့နှစ်ယောက်ကို ခွဲထားပါသည်။ ကျွန်ုပ်သည်နီးကပ်စွာ ဆက်ဆံရသည့် လူများ၏အပြုအမူကို အမှတ်မဲ့မနေပဲ သတိထား၍ကြည့်တတ်သည့် အလေ့အထရှိသူတယောက်ဖြစ်သည့်အလျောက်သူတို့၏ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံကလေးများကို ရိပ်မိသည်နှင့် ကျွန်ုပ်ကလည်း ခပ်ခွဲခွဲ ခပ်အေးအေးပင် နေခဲ့ပါတော့သည်။ သို့ရာတွင် ကိုဘငြိမ်းနှင့် ကျွန်ုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးသမားချင်း နီးကပ်ရင်းနှီးမှုရှိသင့်သလောက်မရှိကြပဲ ခပ်စိမ်းစိမ်းနေလာခဲ့ကြရာ ဖဆပလအစိုးရက ကျွန်ုပ်အားဖမ်းဆီးတိုက်ပိတ်ပြီးနောက်တွင်မှ ကိုဘငြိမ်း၏အမူအရာပြောင်းလဲပြီး လှိုက်လှဲရင်းနှီးမှုရှိခြင်းကို ကျွန်ုပ်တွေ့ရပါသည်။ (ဤသည်တို့မှာ ကိုဘငြိမ်း၏ ချွတ်ယွင်းချက် အနေဖြင့် တင်ပြလိုခြင်းမဟုတ်၊ ကျွန်ုပ်၏'ဇာတာ'အရအားဖြင့် ခင်မင်ရင်းနှီးခဲ့သမျှသော မိတ်ဆွေဟူသမျှသည် ပထမတွင် အထစ်ငေါ့ရှိပြီးမှ နားလည်မှုရ၍ အချိန်ကာလ ကြာရှည်သောအခါတွင် ခင်မင်ရင်းနှီးသောအဖြစ်သို့ ရောက်တတ်ခြင်းကို သာဓကတခုအနေဖြင့် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။)

## ဒဂုန်တာရာ

စာရေးဆရာ ဒဂုန်တာရာသည်လည်း ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်တဦးအဖြစ်နှင့်အတူသွားကြ၍ ၎င်းအား အထိုက်အလျောက် လေ့လာခွင့်ရခဲ့သည်။ ပီကင်းသို့မသွားကြမီ ၄နှစ်ခန့်လောက်က ဒဂုန်တာရာသည် ကျွန်ုပ်၏ အယူအဆများနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဝေဖန်သည်ဟု ငွေဥဒေါင်းက ကျွန်ုပ်အားပြောပြဘူး၏။ စာရေးဆရာရန်အောင်သည် ဤအတွက်ကြောင့် ဒဂုန်တာရာအား ရိုက်မည်ပြုသေးသည်ဟူ၍ပင် ငွေဥဒေါင်းကပြောဘူး၏။ (ဟုတ်မဟုတ်ကား မပြောတတ်၊ ဆရာရန်အောင် မဟုတ်လျှင်လည်း တယောက်ယောက်ဖြစ်ပါလိမ့်မည်၊ နာမည်ကိုတော့ ကျွန်ုပ်ခပ်မေ့မေ့ရှိနေသည်။ သို့သော် ဆရာရန်အောင်ဟူ၍ပင်ပြောသည်ထင်၏။) ၁၉၅၀ပြည့်နှစ်တွင် ကျွန်ုပ် သီတာလမ်း၌နေထိုင်လျက်ရှိစဉ် ငွေဥဒေါင်းသည် ကျွန်ုပ်အားသူ့အိမ်သို့ ထမင်းစားဖိတ်၍ ရောက်သွားသောအခါ ဒဂုန်တာရာကို တွေ့ရသဖြင့် ကျွန်ုပ်အံ့ဩ မိသေး၏။ ကျွန်ုပ်သည် အသက်အရွယ်အလိုက် အကဲခတ်တတ်သူတယောက်ဖြစ် သည်နှင့် ကျွန်ုပ်၏သားထွေးအရွယ်လောက်မျှရှိသူတယောက်က ကျွန်ုပ်အကြောင်း ကို ဆရာရန်အောင်လို ကြားလူတယောက်က ဝင်၍ရိုက်ချင်လောက်အောင် ရှုတ်ချပြောဆိုရချေမည်လောဆိုကာ ဒဂုန်တာရာအပေါ်၌ (ငွေဥဒေါင်း၏စကားအရ) အာဃာတထားလျက်ရှိသည်ဖြစ်သောကြောင့် ငွေဥဒေါင်းက တိုက်ကျွေးခြင်းကိုလည်း မသောက်၊ ဒဂုန်တာရာနှင့်လည်း စကားဟဟမပြောပဲ နှုတ်ဆိတ်ဆိတ်နေခဲ့မိသည်။ ဒဂုန်တာရာကိုယ်၌ကလည်း 'စကားရောဖောရော' နှင့် နှောတတ်သူတယောက် (Good Mixer) မဟုတ်သဖြင့် ဝှကျတတနှင့်ပင် ထမင်းစားပွဲပြီးဆုံးသွားခဲ့သည်။ အကယ်၍ ကျွန်ုပ်သည် ငွေဥဒေါင်းဝယ်ထားသော ရမ်အရက်ကို သောက်ခဲ့ပါမူ (အသောက်သမားတို့၏ ထုံးစံအတိုင်း) ရောရောနှောနှောပြောမိဆိုမိ ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်သိ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည်

တမင်ရှောင်၍ မသောက်ပဲနေခဲ့ခြင်းဖြစ်၏။ ပီကင်းသို့ရောက်ကြ၍ တကြိမ်နှစ်ကြိမ် စကားပြောမိသောအခါ၌မူကား ဒဂုန်တာရာမှာ လူပေါင်းဆန့်ခြင်း မဆန့်ခြင်းကို အပထား၍ အရည်အချင်းအားဖြင့် 'ခေ'သော လူငယ်တယောက် မဟုတ်ခြင်းကို ကျွန်ုပ်အကဲခတ်နိုင်လာပါသည်။ တည့်တည့်ဝန်ခံရလျှင် ဒဂုန်တာရာကား ကျွန်ုပ်ထင်မိသည်ထက် 'ပြည့်'သော အရည်အချင်းရှိခြင်းကို တွေ့ရ၏။ အတီးအမှုတ်အကြောင်းကိုပြောကြရာတွင် "ကျွန်တော်စန္ဒရားတီးလျှင် တော်ရုံတန်ရုံ အဆိုတော်မျိုးနဲ့မဖြစ်ဘူး၊ စောမြအေးကြည်တို့လို အဆိုတော်ကြီး မျိုးနဲ့မှ တီးချင်တယ်" ဟုဒဂုန်တာရာက ပြောလိုက်သဖြင့် ကျွန်ုပ်အတော်မျက်လုံး ပြူးသွား၏။ ဟုတ်လောက်သည်ထင်ခြင်းတဝက် (မူလအာဃာတကြောင့်) ကြွားသည်ထင်ခြင်းကား တဝက်ဖြစ်နေ၏။

သို့ရာတွင်ပီကင်း၌ပင်သူ၏လက်သံကို ကျွန်ုပ်နားထောင်ခွင့်ရသောအခါ အာဂလူငယ်တယောက်ပေတကားဟု ဆုံးဖြတ်ခဲ့ပါသည်။ ထို့နောက် စာပေအကြောင်းမှစ၍ ထွေရာလေးပါး အကြောင်းအရာများကိုဆွေးနွေးကြရာတွင် သူ၏အရည်အချင်းကို အကဲခတ်မိ၍ အာဃာတစိတ်များ လုံးဝလွင့်စင်သွားပါလေတော့သည်။ လူတယောက်၌ အရည်အချင်းပြည့်ဝခြင်းကို တွေ့ရသည့်အခါ သူ၏အခြားသော ချို့ငဲ့ချက်များကို ခွင့်လွှတ်နိုင်ခြင်းမှာ ကျွန်ုပ်၏ချွတ်ယွင်းချက်ပေလော၊ သို့တည်းမဟုတ် ကောင်းခြင်းတရပ်ပေလောမပြောတတ်ပါ။ အချို့ကမူ လူစွမ်းကောင်း ကြည်ညိုတတ်ခြင်း (Hero Worship) ဟုခေါ်ကြ၍နှံ့ည့်သည်ဟု ဆိုကြလေသည်။ မည်သို့ပင်ဖြစ်စေ တရုတ်ပြည်ခရီးတွင် ကျွန်ုပ်အကြောင်းကို ဒဂုန်တာရာက သိခြင်းထက် ဒဂုန်တာရာ အကြောင်းကို ကျွန်ုပ်သိရခြင်းက ပိုသည်ထင်၏။ ဒဂုန်တာရာအပေါ်၌ ယခင်က ထားခဲ့သည့် အာဃာတစိတ်မှာလည်းလုံးဝပျောက်ကွယ်သွားခဲ့ပါလေပြီ။

## ဆရာကြီးနှင့် ကျွန်ုပ်

တရုတ်ပြည်၌ ခရီးလှည့်လည်ကြစဉ် ကျွန်ုပ်သည်အခွင့်ကြုံတိုင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့်အတူခရီးသွားလေ့ရှိ၏။ 'အခွင့်ကြုံတိုင်း' ဟူ၍ ဖော်ပြရခြင်းမှာ မီးရထားနှင့် ခရီးသွားကြသောအခါများ၌သာလျှင် ဆရာကြီးနှင့် ကျွန်ုပ်သည် တယောက်တခန်းစီးကြရ၍ သူ့အခန်းသို့ကျွန်ုပ်သွားရောက်လည်ပတ်နိုင်သောကြောင့်ဖြစ်၏။ မော်တော်ကားဖြင့် ခရီးသွားကြသောအခါ၌မူ ဆရာကြီးက ကားတစီး၊ ကိုဘငြိမ်း၊ မန်းထွန်းရင်နှင့်ကျွန်ုပ်တို့သုံးယောက်က ကားတစီး ရရှိကြသောကြောင့် ဆရာကြီးနှင့်အတူ စီးခွင့်မရှိပဲ ကျွန်ုပ်ကိုကြည်ညိုလေးစားပုံမရသည့် ကိုဘငြိမ်း၊ မန်းထွန်းရင်တို့နှင့်အတူ ပျင်းခြောက်စွာ ခရီးသွားရ၏။ ကျွန်ုပ်၏ဝါသနာတခုမှာ မည်မျှလောက်ကြီးကျယ်သော ပုဂ္ဂိုလ်တဦးဖြစ်စေ ကျွန်ုပ်အား လေးစားပုံမရလျှင် ကျွန်ုပ်ကလည်း အဖက်မလုပ်ပဲ နေတတ်၏။ ကိုဘငြိမ်းက ကျွန်ုပ်၏ဗဟုသုတနှင့် စဉ်းစားဉာဏ်ကို မလေးစားဟုဆိုလျှင် ကျွန်ုပ်ကလည်း သူ၏အိုင်စီအက်စ်နှင့် အတွင်းရေးမှူးရာထူးကို အထင်မကြီးတော့ချေ။ ပီကင်းကွန်ဖရင့်သို့ ကျွန်ုပ်လိုက်ပါလာခဲ့ရခြင်းမှာ ကျွန်ုပ်၌ အကျိုးကျေးဇူးရှိ ခြင်းထက် သူတို့၏ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကျွန်ုပ်က ထောက်ခံရေးသားပေး နိုင်ခြင်းကသာ ကျေးဇူးများသည်ဟု ကျွန်ုပ်ယူဆထား၏။ သို့ရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးသမားများကမူ ဤကိစ္စ၌ကျွန်ုပ်နှင့် အယူအဆမတူခြင်းကို နောင်အခါတွင် ပိုမိုထင်ရှားလာသည်ဖြစ်၍ သက်ဆိုင်သောနေရာတွင် ရှင်းလင်းဖော်ပြပါဦးမည်။ ပီကင်းသို့ လိုက်ရခြင်းအတွက် ကျွန်ုပ်အဖို့ရာ၌ ထင်ရှားသော အကျိုးကျေးဇူးတခု ပေါ်ထွက်လာခြင်းမှာကား ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ကျွန်ုပ်အပေါ်၌ အထင်မှားမှုတခုပပျောက်သွားခြင်းပင် ဖြစ်လေသည်။ ကျွန်ုပ်ကိုသူရိယတိုက်က ထုတ်ပစ်လိုက်သဖြင့် ဆရာကြီးထံသို့ သွားရောက်နှုတ်ဆက်ရာတွင် ဆရာကြီးသည် သူ့၌ 'ရှိစုမဲ့စု' ဖြစ်ဟန်ရှိသော ဒင်္ဂါးများနှင့် မူးစေ့၊ မတ်စေ့

အကြွေကလေးများကို လက်ခုပ်ဖြင့်ဆောင်ယူလာပြီး ကျွန်ုပ်၏အိတ်ထဲသို့ ဖွတ်ထည့်ကာ ငိုသံပါကြီးနှင့် နှုတ်ဆက်သည်အထိ ကျွန်ုပ်အတွက် စိတ်ထိခိုက်ခြင်းရှိပုံကို ကျွန်ုပ်မြင်ရ၏။ ထို့နောက်တနှစ်ကျော်ခန့်ကြာ၍ တွေ့ဆုံကြရာတွင် ဆရာကြီးသည် ကျွန်ုပ်အပေါ်၌ ပြောင်းလဲခြင်းရှိသည်ကို တွေ့ရ၏။ ဤတွင်ကျွန်ုပ်သည် အကြောင်းခြင်းရာကိုတွေးနိုင်ခဲ့လေပြီ။ ကျွန်ုပ်၏ ဒုတိယအိမ်ထောင်သည် ကျွန်ုပ်နှင့်ကွဲကြရာ၌ သူ့အပြစ်ကိုမြုပ်ထားပြီး ကျွန်ုပ်နှင့် မိဘများ၏အပြစ်ဟူ၍ ဆရာကြီးအား ပြောထားဟန်ရှိသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် မီးရထားပေါ်တွင်တခန်းတည်းစီးကြရ၍ ရှင်းလင်းခွင့် ရသောအခါတွင် ဤမှတ်တမ်း၌ တင်ပြခဲ့သည့်အတိုင်း ဒုတိယအိမ်ထောင်ကိုယုံကြည်ကျေနပ်သည့်လက္ခဏာနှင့် "ငါကမသိပေါင်ကွာ၊ မင်းမိဘများက ခေါ်ပြေးတယ်ဆိုမှတ်နေတာကိုး" ဟုပြန်ပြောလေသည်။ ကျွန်ုပ်သည်မိမိအား မလိုလားသူများက ထင်ချင်သလို ထင်ကြခြင်းကို သက်ာရှင်းရန် မကြိုးစားသော်လည်း ဆရာကြီးကဲ့သို့သော ပုဂ္ဂိုလ်ကြီးတဦးအား ကျွန်ုပ်အပေါ်၌ အထင်လွဲခြင်း ပြေပျောက်အောင်ရှင်းပြလိုက်ရခြင်းအတွက် အတိုင်းမသိ ကျေနပ်အားရခြင်းဖြစ်ခဲ့ရဘူးပါသည်။

## ကျွန်ုပ်၏လူပေါင်းမဆန့်ပုံ

ကျွန်ုပ်အပေါ်၌ ကိုဘငြိမ်းကအေးစက်စက်လုပ်လာသည်ဆိုလျှင်ပင် အခြားသော မြန်မာကိုယ်စားလှယ်အချို့က (အားလုံးတော့မဟုတ်ပါ။) ကျွန်ုပ်အပေါ် တွင် အထူးတလည်လေးစားမှု မရှိတော့ခြင်းကို ကျွန်ုပ်တွေ့လာရသည်။ ကျွန်ုပ်သည် အိမ့်ရှင်များဖြစ်သော တရုတ်လူမျိုးများအပေါ်၌ (ဧည့်ဝတ်ကျေပွန်ခြင်း အတွက်) ကျေနပ်ဖွယ်ကောင်းခြင်းကို တရုတ်ပြည်သွား မှတ်တမ်းတွင် ချီးကျူးရေးသားခဲ့ဘူးသည်ဖြစ်ရာ မိမိတို့အချင်းချင်း ကျေနပ်ဖွယ်မကောင်းသည့် အခြင်းအရာကို

ဤနေရာတွင် ရေးသားဖော်ပြလိုက်ရပါဦးမည်။ တနေ့သ၌ ကျွန်ုပ်တို့ ကိုယ်စားလှယ်များသည် မြစ်ဝါမြစ်ကို တာတမံတူးပြီး ရေလွှဲပေါက်ပြုလုပ် သည့် လုပ်ငန်းဌာနကြီးတခုသို့ သွားရောက်ကြည့်ရှုကြ၍ အပြန်တွင် သင်္ဘောနှင့် သွားရသည့် ခရီးစခန်းတခု ပါရှိ၏။ ကျွန်ုပ်မှာခရီးပန်းသည့်အတွက် ကြောင့် နေထိုင်မကောင်းသည်နှင့် သင်္ဘောပေါ်၌ ခင်းထားသည့် ဆိုဖာကြီးတခု ပေါ်တွင် (စကားပြန်တရုတ်မကလေး၏ ညွှန်ပြချက်အရ) လဲလျောင်းကာ အိပ်နေ၏။ သင်္ဘောမှာ သေးငယ်သောကြောင့် ခရီးသည်များအတွက် နေရာ မလုံလောက် ခြင်းကားမှန်ပါသည်။ အချို့ကိုယ်စားလှယ်များသည် ဆိုဖာကြီးပေါ်၌ လဲလျောင်း နေသော ကျွန်ုပ်ကိုမြင်ကြသောအခါ ဘာဖြစ်သနည်းဟု မမေးကြပဲ "အမယ် လေးဟဲ့၊ နေရာကျဉ်းကျပ်ရတဲ့အထဲ အိပ်တဲ့လူက အိပ်နေသကိုး" ဟု ကျွန်ုပ် ကြားလောက်အောင် ပြောကြသည်။ ကျွန်ုပ်သည်(တတ်နိုင်လျှင်) အခြားလူများအား အနှောင့်အယှက် မပေးလိုသော ဝါသနာအတိုင်း ထ၍ထိုင်မည်ပြုရာ စကားပြန် တရုတ်မကလေးက "အိပ်သာအိပ်ပါ အဘိုးရဲ့၊ ဒီပြင်နေရာမှာ သူတို့ထိုင်ကြ လိမ့်မပေါ့"ဟု ပြောကာပြန်၍လှဲခိုင်းပေသည်။ ဤအဖြစ်အပျက်နှင့် တကွ အချိန်ကိုမလေးစားခြင်း၊ ကျွန်ုပ်တို့မော်တော်ကားစီးရပြီး သူတို့အဖို့ဘတ်စ် ကားသာ စီးရ၍ မကျေနပ်သည်နှင့်ညည်းညူခြင်း စသောအခြင်းအရာများကို ကျွန်ုပ်တွေ့မြင်လိုက်ရသည်တွင် ကိုဘငြိမ်းရွေးလာခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်တော်များကား တော်တော်ညံ့သေးသည်ဟု ကျွန်ုပ်မှတ်ချက်ချလိုက်မိ သည်။ သို့ရာတွင် အားလုံးမဟုတ်၊ ကျွန်ုပ်အပေါ်၌ ကြင်နာပုံရသည့် သခင် ကောင်းဆင့် ကဲ့သို့သော ကိုယ်စားလှယ် သုံးလေးယောက်ကိုလည်း ကြုံခဲ့ရ ပါပေသည်။

## လောင်းကစားခြင်းကင်းပုံ

ကျွန်ုပ်တို့သည် တရုတ်ပြည်၌ လှည့်လည်ကြည့်ရှုကြစဉ် တရုတ်လူမျိုးများ အပေါ်၌ မကျေနပ်စရာ ဘာတခုမျှ မတွေ့ရပဲ ထကြွလုံ့လဝီရိယရှိခြင်း၊ သူတို့၏ ခေါင်းဆောင်များစကားကို ကြည်ဖြူစွာ နာယူကြပုံရခြင်းတို့ကိုသာ တွေ့ရ၏။ တိုးတက်ခြင်းဟူသည်မှာမူ တရုတ်လူမျိုးများ၏ ယခင်အခြေအနေကို မမြင်ရဘူးပဲ ဤတခေါက်တည်း ရောက်ဘူးသူဖြစ်၍ နှိုင်းယှဉ်ချက်ထုတ်စရာ မရှိသည့်အတွက် ကြောင့် တိုးတက်သည်၊ သို့မဟုတ် ဆုတ်ယုတ်သည်ဟု ကျွန်ုပ်က မှတ်ချက်ချခဲ့လျှင် အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်ချေ။ ကျွန်ုပ်ချီးမွမ်းမိသော အချက်တခုမှာ လောင်းကစားခြင်းအလုပ်၌ ကမ္ဘာကျော်အောင် ဝါသနာကြီးသော တရုတ်လူမျိုး ဖြစ်ခဲ့ပါလျက် မော်စီတုံးလက်ထက်တွင် မည်သည့်နေရာဌာနတွင်မှ လောင်းကစားခြင်းနှင့်ပတ်သက်၍ အရိပ်အငွေ့မမြင်ခဲ့ရခြင်းပင်ဖြစ်သည်။ ဤအကြောင်းကို ရေးသားလျက်ရှိစဉ် မြင်းကောင်းမျိုး ထွန်းကားရန်အတွက်ဆို၍ ဥရောပတိုက်သားများ စတင်တည်ထောင်ခဲ့သည့် မြင်းပွဲများသည် ဘုရားမရှိ၊ တရားမရှိ၊ ဘာသာမရှိဆိုသည့် တရုတ်ကွန်မြူနစ်တိုင်းပြည်၌ လုံးလုံးကြီး အစတုံးပြီး လောင်းကစားခြင်းသည် ငရဲကြီးသည်ဟု ပါးစပ်ကပြောကာ နိုင်ငံတော်ဘာသာ တည်ထောင်သည်ဆိုသော ဦးနု၏မြန်မာပြည်၌ ဗြိတိသျှအစိုးရ လက်ထက်က အတိုင်း ဆက်လက်၍ စည်ကားပြန့်ပွားလျက်ရှိခြင်းကို သတိရမိသည်။ မိမိမပိုင်သောငွေကို အလွဲသုံးစားပြုမိခြင်းအတွက်ကြောင့် ထောင်တန်းကျရသည့် ငွေကိုင်စာရေးများ၊ ငွေတိုက်အရာရှိများ၊ သားဝမယားဝအဖွဲ့အမှုဆောင်များ၏ ဖြစ်အင်ကို စစ်တမ်းယူလိုက်သည်ရှိသော် မြင်းပွဲများ၌ ရှုံးခြင်းကြောင့် အလွဲသုံးစားပြုမိ သူများ၏ ရာခိုင်နှုန်းအရေအတွက်သည် အတော်ကြီးမား များပြားလိမ့်မည်ဟု ကျွန်ုပ်တွေးထင်မိသည်။

## အလန့်တကြား စိတ်ပျက်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်မှာ တရုတ်ပြည်သို့သွားခဲ့ရခြင်းနှင့် ပတ်သက်၍ကံမကောင်းသော အခြင်းအရာများ အတော်ကလေး ကြုံခဲ့ရ၏။ တရုတ်ပြည်မှ ပြန်လာကြ၍ နယ်စပ်ဖြစ်သော မီးရထားဘူတာရုံသို့ ဆိုက်ရောက်ကြရာတွင် ကျွန်ုပ်၏ပတ်စ်ပုတ်စာအုပ်ကလေး ရှာမတွေ့ပဲဖြစ်နေသည် ဟုပြောကြ၍အတော်စိတ်ညစ်သွား၏။ ကျွန်ုပ်တို့ကိုယ်စားလှယ်တော်များသည် မိမိတို့၏ နိုင်ငံကူးလက်မှတ် (ပတ်စ်ပုတ်စာအုပ်ကလေး)များကို တရုတ်အစိုးရ အရာရှိများ၏လက်သို့ အသီးသီးပေးအပ်ထားကြရလေရာ နယ်စပ်ဘူတာရုံသို့ ရောက်ကြသောအခါ၌ အခြားကိုယ်စားလှယ်တော်များ၏ ပတ်စ်ပုတ်များ တွေ့ရပါလျက် ကျွန်ုပ်၏ပတ်စ်ပုတ်တခုတည်းမှရှေးပြီး ပျောက်နေသည်ဆိုသောကြောင့် အလွန်စိတ်မကောင်းပဲဖြစ်သွားခဲ့၏။ ပတ်စ်ပုတ်မပါခဲ့လျှင် နယ်စပ်ကို ကူးကျော်ခွင့်မရှိသဖြင့် ကျွန်ုပ်တယောက်တည်း တရုတ်ပြည်၌ ချန်နေရစ်မည်ဆို သောကြောင့် အလွန်စိတ်ပျက်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ပြန်သွားကြမည့် ကိုယ်စားလှယ်များကိုပင် နှုတ်မဆက်နိုင်ပဲ မီးရထားပေါ်၌ တယောက်တည်း ပက်လက်လှန်ကာ အိပ်နေရစ်သည်။ သို့ရှိစဉ် မိမိကိုယ်ကို "တရုတ်ပြည်ရောက် ချင်လှတဲ့ငနဲတယောက် မှတ်ပေရော့ကွာ၊ မင်းတယောက်တည်း ဘယ်နှစ်ရက် ဘယ်နှစ်လနေခဲ့ရမယ်မဆိုနိုင်ဘူး၊ အီသွားအောင် နေရလိမ့်မယ်၊ မှတ်ကရောပေါ့ ကွာ"ဟု ပြောမိပါသေးသည်။ ကျွန်ုပ်မှာအဖော်ခင်တတ်သည်ဆိုလောက်သည့် ဝါသနာမရှိတော့စေကာမူ နိုင်ငံခြားတိုင်းပြည်သို့ ဤတခေါက်တည်းသာရောက် ဘူးသောကြောင့်ထင့်၊ တယောက်တည်း နေရစ်ရမည့်အတွက် အတော်အားငယ်လှ သည်။ 'ရွှေဥဒေါင်း၊ ရွှေဥဒေါင်း"ဟု ခေါ်သံကြားသည်နှင့် ထကြည့်လိုက်သော အခါ ကျွန်ုပ်တို့၏ စကားပြန်တရုတ်မကလေးပြေးလာသည်ကိုမြင်ရ၍ လက်ထဲ၌

အနီရောင်ရှိသော စာအုပ်ကလေးကို ဝမ်းသာအားရနှင့် မြှောက်ယမ်းလာခြင်းကို တွေ့ရသည်။ အဓိပ္ပာယ်ကား ကျွန်ုပ်၏ပတ်စ်ပုတ်စာအုပ်တွေ့ပြီဖြစ်၍ နယ်စပ်၏ အခြားဘက်၌ဆိုက်လျက်ရှိသေးသော မီးရထားကိုမီအောင်ပြေးရန်ဖြစ်လေ သည်။ ကျွန်ုပ်သည်တရုတ်ပြည်၌အဆန်းအသစ်များ မြင်တွေ့ရခြင်းကြောင့် ဝမ်းမြောက်ရ သောအကြိမ်ပေါင်း အတော်များခဲ့ပါ၏။ သို့ရာတွင်စကားပြန်မကလေး၏လက် ထဲ၌ စာအုပ်နီကလေးကို မြင်လိုက်ရခြင်းကဲ့သို့ ဝမ်းသာသောအဖြစ်ကို မမှတ်မိပါ။ စာအုပ်ကလေးကို သူ့လက်မှဆွဲယူပြီး လက်ဆွဲအိတ်ကလေးကို လှမ်းယူကာ နယ်စပ်ဆီသို့ ကတိုက်ကရိုက်ပြေးလေရာ စကားပြန်မကလေးက "ဝွတ်ဒ်ဘိုင် ဂရင်ပါ" (သွားပေတော့အဘိုး)ဟု နှုတ်ဆက်ခြင်းကိုပင် မဟားတရား ပြန်ပြောခဲ့ရသည်။ ကျွန်ုပ်၏လေးလံသော သားရေအိတ်ကိုမူ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့်ညွှန်ကြားချက်ခံကော်မတီနှင့် အလုပ်လုပ်ကြသည့် လူငယ်များက ထမ်းပိုးသယ်ယူ ပို့ ဆောင်ကြပါပေသည်။

## ကံဆိုးပုံတချက်

ကျွန်ုပ်၏ကံမကောင်းခြင်းသည် ဟောင်ကောင်သို့ ရောက်ကြသောအခါတွင် လည်း လက်စမသိမ်းသေးချေ။ ကျွန်ုပ်သည်ဟောင်ကောင်မြို့၌ လူသုံးပစ္စည်းများ ဈေးပေါသည်ဆိုသောကြောင့် အိမ်မှယူခဲ့သော ငွေနှင့်ပီကင်းကွန်ဖရင့်ကော်မတီက တိုလီမိုလီသုံးစွဲရန် ပေးသည့်ငွေကို ဘာမျှမသုံးပဲ ဟောင်ကောင်၌ဈေးဝယ်ရန် အတွက် ချန်ထားခဲ့၏။ သို့ရာတွင်အလာခရီး၌ ကျွန်ုပ်တို့ဒုတိယအသုတ်ကိုယ်စား လှယ်များစီးလာကြသည့် ထိုင်းလေယာဉ်ပျံသည် နောက်တနေ့တွင် ဆိုက်ရောက် လာလေရာ (အသွားအပြန် လက်မှတ်ဝယ်ထားကြသည့်) ကိုယ်စားလှယ် ၁၀ ယောက်မှာ ဈေးဝယ်ချိန်မရတော့ပဲ လေဆိပ်သို့လာကြရလေတော့သည်။ ကျွန်ုပ် သည်ဈေးဝယ်ရန်အတွက်သာမက ကမ္ဘာ၌အတော်နာမည်ကြီးသော ဟောင်ကောင်

မြို့ကို နံ့အောင်လှည့်လည်ကြည့်ရှုလိုသော ဆန္ဒလည်းရှိ၏။ ကျွန်ုပ်တို့နှင့် အတူပြန်ကြရမည့် ရဟန်းကိုယ်စားလှယ်နှစ်ပါးသည် ကျွန်ုပ်တို့နှင့် အတူ မလိုက်လိုသေးသည်နှင့် ကိုဘငြိမ်းအား နေရစ်ခွင့်ရစေရန် ပြောခိုင်းကြရာ အခွင့်ရ၍ နေရစ်ကြ၏။ ကျွန်ုပ်သည်လည်း အထက်ပါအကြောင်းကြောင့် သူတို့ ကဲ့သို့ နေရစ်ချင်သေး၍ အခွင့်တောင်းခိုင်းဖို့ စိတ်ကူးပါသေး၏။ သို့ရာတွင် မျက်နှာသာပုံမရသော ကိုဘငြိမ်းကိုမြင်ရသည်နှင့် ဤနိုင်ငံရေးသမားများထံမှ ဘာအခွင့်အရေးမှ မတောင်းလိုတော့ပါဟု ဆုံးဖြတ်ကာ သူတို့နှင့်အတူ ပြန်လိုက် ခဲ့ပါသည်။ ကျွန်ုပ်တို့ ၁၀ယောက်မှအပ ကြွင်းကျန်သော ကိုယ်စားလှယ် များမှာမူ ဟောင်ကောင်၌ သုံးရက်ခန့်ဆက်လက်နေထိုင်ခွင့်ရှိကြလေရာ ကျွန်ုပ်သာလျှင် ဘာမှမဝယ်ခဲ့ရပဲ ငွေကိုပိုက်ပြီး ပြန်လာခဲ့ရသည်။

## မျက်နှာငယ်သော ကမ္ဘာ့ငြိမ်းချမ်းရေးသမား

မင်္ဂလာဒုံလေဆိပ်သို့ ညစနာရီအချိန်တွင် ဆိုက်ရောက်လာသောအခါ အကောက်အရာရှိများသည် ကျွန်ုပ်တို့ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်များ၏ ပစ္စည်းများကို အထူးစေ့စပ်စွာ မွှေနှောက်ရှာဖွေစစ်ဆေးကြ၏။ နိုင်ငံခြားမှ ပြန်လာကြသည့် ခရီးသည် အမျိုးမျိုးရှိကြသည့်အနက် အကောက်အရာရှိများ သည် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်မှ ပြန်လာသူများကို အထူးဂရုစိုက်၍ စစ်ဆေး ကြသည်ထင်၏။ အခြားခရီးသည်များနှင့် နှိုင်းစာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေး သမားများသည် လေဆိပ်၌ အတော်မျက်နှာငယ်ပုံရ၏။ အရာရှိများသည် တရုတ်ပြည်ကပေးလိုက်သည့် ဝါးထီးကလေးတချောင်းကိုပင် အကောက်ခွန်ခွဲဖို့ သတ်မှတ်ကြ၏။ ကျွန်ုပ်တို့သည် မြန်မာငွေနှင့် ဝယ်ယူခဲ့ခြင်းမဟုတ်ပဲ တိုင်းပြည်တပြည်က မေတ္တာလက်ဆောင်ပေးလိုသည်ဆိုပါလျှင် ကျွန်ုပ်တို့ မြန်မာ ပြည်၌ ဘဏ္ဍာ (Wealth) တိုးပွားလာခြင်းဖြစ်သောကြောင့် ဝင်းပစ္စည်းအပေါ်မှ

အခွန်ကောက်ယူထိုက်သည် မထင်ပါ။ မည်သို့ပင်ဖြစ်စေ ဝန်ကြီးအစရှိသော ညွှဲ့သည်များသည် နိုင်ငံခြားမှပြန်လာ၍ အလကားရခဲ့သော လက်ဆောင်မှန် ခဲ့လျှင် အကောက်ပေးဆောင်ကြရ သည်မထင်ပါ။ ကျွန်ုပ်တို့ ကမ္ဘာ့ငြိမ်းချမ်းရေး ကိုယ်စားလှယ်များထံမှမူ ထီးကလေးတလက်ကိုမျှ ချမ်းသာမပေးကြပဲ 'လုံးစေ့ ပါဌ်စေ့' ညှစ်ယူကြခြင်းကို ခံခဲ့ကြရသည်။

## ဦးညွန့်နှင့်ဆွေးနွေးခြင်း

ကျွန်ုပ်သည် ရန်ကုန်သို့ ပြန်ရောက်သောအခါတွင် ဓမ္မမိတ်ဆွေကြီး တဦးဖြစ်သော ဦးညွန့်ထံသို့သွား၍နှုတ်ဆက်လေရာ ဦးညွန့်နှင့် ကျွန်ုပ်တို့ ဆွေးနွေးပြောဆိုကြသော စကားများမှာ တိုင်းပြည်စီးပွားရေးစနစ်နှင့် သက်ဆိုင် သည်ဖြစ်သောကြောင့် စာဖတ်သူတို့၏ ဗဟုသုတအလို့ငှာ တင်ပြလိုက်ရပါ ဦးမည်။ နှုတ်ဆက်ကြပြီးနောက်–

ညွန့်။ "တရုတ်ပြည် မသွားခင်ကတည်းက ခင်ဗျားရဲ့ အရေးအသားကြောင့် မန္တလေးသူ မန္တလေးသားတွေ ကွန်မြူနစ်ဖြစ်ကုန်ကြလေရော့မလားလို့ စိုးရိမ်နေမိ တာတရုတ်ပြည်က ပြန်လာတော့မှ ခင်ဗျားရေးပုံနဲ့ဆိုလျှင် တပြည်လုံး ကွန်မြူနစ် ဖြစ်ကုန်ကြတော့မှာ ထင်ပါ့ဗျာ"

နုပ်။ "ကျွန်တော်က ကြမ်းပိုးကိုလိပ်ဖြစ်အောင် ရေးတတ်တယ်လို့ ဆိုလိုက်ခြင်းလား ခင်ဗျာ"

ညွန့်။ (ရယ်မောလျက်)"ဒီလိုတော့မဆိုလိုပါဘူး၊ ဦးဖေသိန်းက အကြောင်း ပြရာမှာ ယုတ္တိယုတ္တာအရာကောင်းလွန်းလို့ ကျွန်တော်တို့က လန့်တယ်ခင်ဗျာ"

နုပ်။"ကိုယ့်စည်းစိမ် ပြုတ်လေမလားလို့ လန့်တာလားခင်ဗျာ၊ သို့သော် လည်း ကျွန်တော်တင်ပြသမျှဟာကတော့ ကျွန်တော်မြင်တဲ့အတိုင်း ရိုးရိုးသားသား တင်ပြခြင်းဖြစ်ပါတယ်၊ ပရိယာယ်နဲ့ လှည့်စားခြင်းမပါပါဘူး ခင်ဗျာ"

ညွန့်။ “ဒါလဲပဲ ကျွန်တော်တို့က လန့်တာပဲဗျ၊ ဒါတွေထားပါတော့ဗျာ၊ တရုတ်ပြည်မှာ ဘာတွေများ မြင်ခဲ့တွေ့ခဲ့သလဲဗျာ”

နုပ်။ “ကျွန်တော်တွေ့ခဲ့တာကတော့ တရုတ်ပြည်မှာ အလုပ်သမား လယ်သမားတွေဟာ ရှေ့အဖို့မျှော်လင့်ချက်တွေနဲ့ ပျော်နေကြတာကို မြင်ခဲ့ရ ပါတယ်ခင်ဗျာ”

ညွန့်။ “အခု လက်ငင်းအတွက်ကတော့ ဒါလောက် မဟုတ်ဘူးလား”

နုပ်။ “လက်ငင်းအတွက်လဲ ပျော်တန်သလောက် ပျော်နေကြပုံရပါတယ်၊ သို့သော် ဆိုရှယ်လစ်စနစ်အတိုင်းသူတို့ လိုက်နာခွင့်ရကြတာက သုံးနှစ်သာ ရှိသေးလေတော့ လက်ငင်းခံစားရတဲ့ အကျိုးတရားကို ထောက်ချင့်ပြီး ရှေ့အဖို့ အကြီးအကျယ် အကျိုးများလာလိမ့်မယ်လို့ မျှော်လင့်နေကြဟန်တူပါတယ်”

ညွန့်။ “မြေပိုင်ရှင်ကြီးတွေရဲ့ လက်ဝယ်မှာရှိတဲ့ လယ်မြေတွေကို တောင်သူလယ်သမားများလက်ရောက်အောင် ဝေပေးလေတော့ ပျော်ကြတာပေါ့ လေ”

နုပ်။ “ဒါကလဲ တကြောင်းပါပဲခင်ဗျား”

ညွန့်။ “ကျွန်တော်တို့ဆီမှာလဲ လယ်မြေတွေကို ဝေငှပေးလိုက်တာ မြေပိုင်ရှင်ကြီးတွေမှာသာ ဆုံးရှုံးရပြီး လယ်သမားတွေမှာ ဒါလောက် အကျိုး မများဘူး၊ ငွေကြေးချေးလို့ငှားလို့ မရတာလောက်ပဲ အဖတ်တင်တယ် ဆိုပါ ကလားခင်ဗျာ”

နုပ်။ “ကျွန်တော်လဲ ကြားရဘူးပါတယ်၊ ကျွန်တော်တို့ဆီက မြေမဲ့လယ်သမားတွေဟာ လယ်မြေကလေး အချိုးကျရကြလေတော့ သောက်လား၊ စားလား၊ လောင်းကစားလားနဲ့ ဖြစ်ကုန်ကြတယ်၊ အစိုးရက အမတော်ကြေး ထုတ်ချေးတယ်ဆိုလျှင်လဲ ခေါင်းပုံဖြတ်တဲ့လူကဖြတ်၊ ကျန်တဲ့ငွေကလေးကို အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက် လုပ်ပစ်ကြလေတော့ တဝက်တပြတ်လောက်ပဲ အိမ်ပြန်ပါကြတယ်လို့ကြားရဘူးပါတယ်”

ညွန့်။ "ဒီလိုဆိုလျှင် လယ်မြေတွေဝေပေးတဲ့ စနစ်ဟာဘယ်မှာ ကောင်းလို့လဲခင်ဗျ"

နုပ်။ "စနစ်ကတော့မဆိုးပါဘူး၊ လုပ်ပုံလုပ်နည်းက နေရာမကျလို့ပါ၊ ဝေငှပေးတိုင်း ကောင်းတာမဟုတ်ဘူးခင်ဗျ၊ လုပ်တတ်ဖို့က လိုသေးတယ်၊ ဒီအကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်ကြားဘူးတဲ့ ရှေးဟောင်းရာဇဝင်တခုကို ပြောပြချင်ပါတယ်"

ညွန့်။ "ကြားပါရစေခင်ဗျာ၊ ပြောပါအုံး"

နုပ်။ "ရှေးတုန်းက အိန္ဒိယပြည်မှာ မင်းတပါးဟာ ဆင်းရဲသားတွေအပေါ်မှာ သနားကရုဏာစိတ်ရှိလေတော့ သူ့တိုင်းပြည်မှာရှိတဲ့ သူဌေးသူကြွယ်များထံမှ လယ်မြေရော၊ စိန်ရွှေရော၊ တိုက်တာနေအိမ်များရောသိမ်းယူပြီး ဆင်းရဲသားတွေကို ဝေပေးလိုက်တယ်တဲ့ခင်ဗျ၊ ဒီအခါမှာ ဆင်းရဲသားတွေဟာ အင်မတန်ပျော်ကြပြီး အလုပ်အကိုင် မလုပ်ချင်ကြတော့ပဲ သောက်လား၊ စားလား၊ ပွဲကြည့်လား၊ လောင်းကစားလားနဲ့ ဖြုန်းတီးလိုက်ကြတာ များမကြာမီအတွင်း သူတို့လက်ထဲမှာလဲ ဥစ္စာပစ္စည်းတွေပြောင်၊ တိုင်းပြည်မှာလဲ လယ်ယာကိုင်းကျွန်းမှ အသီးအနှံ အထွက်မရှိလေတော့ အစားအသောက်ရှားပါး၊ ရွှေငွေရတနာ ဆိုတာတွေကလဲ ယခင်က သဌေးသူကြွယ်ဆိုတဲ့လူတွေလက်ထဲ ပြန်ရောက်ကုန်တယ်တဲ့၊ ဒီတော့ ရှင်ဘုရင်က တဖန်သိမ်းယူပြန်ပြီး ဝေငှလိုက်ရာမှာ လျှပ်ပေါ်လော်လီမှုကြောင့် ရှေးနည်းအတိုင်းပဲ သူတို့လက်ထဲမှာ မတည်ပဲသဌေးသူကြွယ် ဆိုသူများလက်ဝယ် ပြန်ရောက်ကုန်တယ်တဲ့၊ ဒီတော့မှ ဘုရင့်မယ်တော်က ဒီလိုဆိုခက်ရချေရဲ့ ဆိုပြီးသူ့သား ရှင်ဘုရင်ကို လုပ်ကြံပြီး သတီလိုက်ရတယ်တဲ့ခင်ဗျ"

ညွန့်။ "ဟုတ်လိုက်လေဗျာ၊ ဒါဖြင့် တယောက်လက်မှလုပြီး တယောက်ကို ဝေပေးခြင်းဟာ မကောင်းဘူးပေါ့"

နုပ်။ "ဝေပုံ နေရာမကျလျှင် မကောင်းပါဘူးခင်ဗျာ"

ညွန့်။ "ဘယ်ပုံ နေရာမကျတာလဲ ခင်ဗျာ"

နုပ်။ "ရှိးရှိးနည်းနဲ့ ဝေပေးလိုက်လျှင် သဌေးသူကြွယ်တွေ ဖိမ်ခံကြတာကို မြင်ပြီး သွားရည်ကျနေကြတဲ့ ဆင်းရဲသားတွေဟာ လက်ထဲငွေရောက်တာနဲ့ တပြိုင်နက် ချွေးထွက်တဲ့အလုပ်မျိုးကို မလုပ်ချင်ကြတော့ပဲ အပျော်အပါးနောက် လိုက်ပြီး ဖိမ်ခံချင်ကုန်ကြတော့တာကိုးခင်ဗျ၊ တရုတ်ပြည်တို့၊ ရုရှားပြည်တို့ ဆိုတာတွေမှာတော့ လယ်မြေတွေကို ဝေပေးပေမယ့် တောင်သူလယ်သမားတွေ၊ အလုပ်သမားတွေကို ရှေးယခင်ကထက် ပိုပြီးအလုပ်လုပ်ချင်လာအောင်၊ ကိုယ့်တိုင်း ပြည်ကို အခြားတိုင်းပြည်များထက် ကြီးပွားစေလိုတဲ့ စိတ်ဆန္ဒ ပြင်းထန် လာအောင်၊ တိုင်းပြည်နဲ့အမျိုးသားကိုချစ်တဲ့ စိတ်ဓာတ်မျိုး၊ တိုင်းပြည်နဲ့ အမျိုးသားအတွက် အနစ်နာခံမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေ တဖွားဖွားပေါ်လာ အောင် အချိန်အကြာကြီး သင်ပြဆုံးမ ဩဝါဒပေးပြီးတဲ့နောက် မှာမှခွဲဝေပေးခြင်း ဖြစ်ပါတယ်ခင်ဗျာ"

ညွှန့်။ "ဒီလိုဆိုလျှင်တော့ ကျွန်တော့်လယ်မြေကလေးတွေ သိမ်းယူထားတာ ဆုံးချင်ဆုံးပါစေတော့ဗျာ၊ ဒီအကြောင်းတွေကို ကျွန်တော်တို့ အစိုးရ နားလည် သွားအောင် ရေးစမ်းဗျာ"

နုပ်။ "ကျွန်တော်တို့လူတွေက တဆိပ်ပညာ နတယ်ခင်ဗျ၊ သူတို့ ကိုယ်သူတို့ အတတ်ဆုံးလောက်ထင်နေကြပုံရတယ်"

ညွှန့်။ "ဒီလိုဆိုလဲ ခုနင်က မယ်တော်မျိုး မျှော်ရမည့်ပုံ ပေါ်နေပြီထင်တယ်"

နုပ်။ "ဒါကတော့ 'ဓမ္မာဟဝေရက္ခတိ ဓမ္မစာရီ'ဆိုတဲ့ ဘုရားဟောအတိုင်း ကိုယ့်စေတနာအလျောက် အကျိုးပေးရမှာပေါ့ခင်ဗျာ"

## လူတွေစွဲသောအချက်

မန္တလေးသို့ ပြန်ရောက်၍ လူထုသတင်းစာတွင် ခေါင်းကြီးများရေးရသော အလုပ်ကိုပြန်ကောက်ရစဉ် ကျွန်ုပ်သည် တရုတ်ပြည်သွား မှတ်တမ်းကိုလည်းရေး

၍ သတင်းစာတွင်ထည့်သေး၏။ ပြီးဆုံးသောအခါတွင်စာအုပ်အဖြစ်နှင့် ပေါ်ထွက်လာ၏။ တရုတ်ပြည်အကြောင်းရေးရာတွင် သိန်းဖေမြင့်၏ စာအုပ်ကဲ့သို့ စုံစုံလင်လင် သားသားနားနားရေးဖို့ ကြံရွယ်ချက်ရှိသော်လည်း ဤအကြောင်း၊ ထိုအကြောင်းများကိုအသေးစိတ် မေးမြန်းစုံစမ်းရန် စကားပြန်တယောက် တောင်း၍ မရနိုင်သည်နှင့် ကျွန်ုပ်၏စိတ်၌ ထိရိုက်သည်များအနက် စွဲကပ်ကြွင်းကျန်ရစ်သမျှသော အခြင်းအရာများကိုသာ ရေးသားတင်ပြနိုင်ပါတော့သည်။ ယင်းသို့ ရေးသားရာတွင် ကျွန်ုပ်၌ အထူးတလည်ထိရိုက်ခဲ့ဘူးသော အခြင်းအရာများသည် စာဖတ်ပရိတ်သတ်၏ စိတ်၌လည်း အထူးတလည်ထိရိုက် ခြင်းရှိသည်ကို တအံ့တသြတွေ့ရှိရပါသည်။ တရုတ်ပြည်အကြောင်းနှင့် ပတ်သက်၍ တရုတ်လူမျိုးများ စည်းလုံးညီညွတ်ကြပုံ၊ စည်းကမ်းသေသပ်ပုံ၊ နိုးကြားပုံ၊ တိုးတက်ပုံစသည်များကို ကျွန်ုပ်မှတ်မိသမျှ ရေးသားဖော်ပြခဲ့သည့် အထဲတွင် စာဖတ်ပရိသတ်တို့အထူးသဘောကျ၍ မကြာခဏပြောကြသော အခြင်းအရာတခုမှာ 'ပီကင်းဘဲကင်'အကြောင်းပင်ဖြစ်လေသည်။ စာဖတ်သူအချို့ ကကျွန်ုပ်၏စာကိုဖတ်ရခြင်းကြောင့် ဘဲကင်စားချင်သော တောင့်တမှုမှာ မခံမရပ် နိုင်အောင် ပြင်းထန်လာ၍ တရုတ်တန်းသို့ပြေးပြီး ဘဲကင်တကောင် ဝယ်စားရခြင်းနှင့် ပိုက်ဆံကုန်ရသည်ကြောင့် ကျွန်ုပ်ကပင် အလျော်ပေးရမည့်နှယ် ပြောကြလေသည်။ ပီကင်းဘဲကင်သည် ကျွန်ုပ်ရောက်မှ ပေါ်သည်မဟုတ်၊ စားဘူးသော မြန်မာလူမျိုးသည်လည်း ကျွန်ုပ်တယောက်တည်း ရှိသည်မဟုတ်။ ကျွန်ုပ်မရောက်မီကမ္ဘေကမ္ဘာကြီးကတည်းက အံခွက်အောင်စားလာခဲ့ကြသည့် ဗမာတွေ အမြောက်အမြားရှိကြပေလိမ့်မည်။ သို့ရာတွင် ပီကင်းဘဲကင်အကြောင်း ကိုလူပြောများလာသည်မှာ ကျွန်ုပ်ပြန်လာပြီးသည့်နောက်မှ ဖြစ်သောကြောင့် ကျွန်ုပ်အား 'ပီကင်းဘဲကင်' ကြော်ငြာသမား တယောက်အနေဖြင့် တရုတ်ပြည်အစိုးရကဖြစ်စေ၊ ဟိုတယ်ပိုင်ရှင်ကဖြစ်စေ ရွှေတံဆိပ်တခုချီးမြင့်သင့်သည်ထင်၏။ ဤအကြောင်းကို ဆင်ခြင်သုံးသပ်သည့်အခါ ကျွန်ုပ်ကား မျိုးရိုးဇာတိတလျှောက်လုံး အစား

အသောက်ဘက်၌ ဝါသနာထုံခဲ့သူဖြစ်၍ မိမိ၏လျှာပေါ်၌ တွေ့ရှိသော ရသာရုံကို သူတပါး သွားရည်ယိုလောက်အောင် တင်ပြတတ်သော ပါရမီရှင်တဦး ဖြစ်ဟန်တူသည်ဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။

## 'လူထု'မှထွက်ခြင်း

၁၉၅၂ခု နှစ်ကုန်ခါနီးတွင် ကျွန်ုပ်၌ပေါ်နေကျဖြစ်သော ရောဂါဟောင်းကြီး တဖန်ထလာခဲ့ပြန်ပါလေပြီ။ ကျွန်ုပ်၏စာများကိုဖတ်ရ၍ သဘောကျသော ပရိသတ်ပိုင်းအား ထိတ်လန့်တုန်လှုပ်ခြင်း မဖြစ်ကြဖို့သတိပေးရပါမည်။ ရောဂါဟောင်းဆိုသည်မှာ အခြားမဟုတ်၊ အလုပ်တခု၌ သုံးနှစ်ထက်ပိုပြီး မလုပ်ချင်တတ်သည့် ကျွန်ုပ်၏ဝါသနာပင်ဖြစ်ပါသည်။ တရုတ်ပြည်မှ ပြန်လာပြီးသည့်နောက် များမကြာမီအတွင်း၌ပင် ကျွန်ုပ်သည် သတင်းစာခေါင်းကြီးများ ရေးရခြင်းအလုပ်ကို တနေ့တခြားအပြင်းအထန် ငြီးငွေ့လာတော့လေရာ ၁၉၅၂ခုနှစ်၊ ဒီဇင်ဘာလ ၁၅ရက်နေ့၌ ကျွန်ုပ်သည် နှစ်ကုန်သည်နှင့်တပြိုင်နက် လူထုသတင်းစာအယ်ဒီတာချုပ်အဖြစ်မှ နုတ်ထွက်တော့မည့်အကြောင်းကို လူထုမောင်နှံတို့ထံသို့ စာရေးအသိပေးလိုက်ပါသည်။ ကျွန်ုပ်သည်တစုံတခုကို လိုချင်သောကြောင့် "ထွက်မယ်–ထွက်မယ်" နှင့်ပရိယာယ်လုပ်သော လူတယောက် မဟုတ်ခြင်းကို လူထုမောင်နှံတို့သိကြသည့်လက္ခဏာနှင့် ထွေထွေထူးထူး မပြောကြပဲ ဒီဇင်ဘာလ ၃၁ရက်နေ့ရောက်၍ နှစ်ကုန်သည်တွင် လူထုသတင်းစာတိုက်မှ ငြိမ်းအေးတိတ်ဆိတ်စွာ ထွက်လိုက်ပါတော့သည်။

## ခေါင်းတုံးပေါ်ထိပ်ကွက်ခြင်း

'လူထု'မှထွက်ပြီး၍ များမကြာမီအတွင်း ၁၉၁၆ခုနှစ်က ကျွန်ုပ်ရေးခဲ့သည့် ရတနာပုံဝတ္ထုမှာ ကျောင်းသုံးပြဋ္ဌာန်းသည်ဟူသော သတင်းသန့်သန့်ကြားလိုက်ရလေပြီ။ အမှန်မှာ ကျွန်ုပ်သည် နှစ်တွဲထွက်သည့် ရတနာပုံဝတ္ထုကို သူရိယဦးဘဖေ၏ ဈေးဆစ်ကောင်းခြင်းကြောင့် သူရိယတိုက်သို့ ၁၁၅ကျပ်မျှနှင့် မူပိုင်ရောင်းပြီးဖြစ်၍ကျောင်းသုံးဖြစ်ပြီး စာအုပ်အမြောက်အမြား ရောင်းရသည်ဆိုလျှင် သူရိယထံမှ သဒ္ဒါကြေးကလေးများ ပေးမည်လောက်ကိုသာ မျှော်လင့်နိုင်ပါသည်။ ဤအတောအတွင်း နောက်ထပ်ကြားသိရသော သတင်းတခုအရ ရတနာပုံဝတ္ထုမူပိုင်ကိစ္စမှာ လက်ပြောင်းလဲသွားပြီဖြစ်၍ သူရိယတိုက်မှ ဝယ်ယူသွားသည့် မူပိုင်ရှင်က ကျွန်ုပ်အား ငွေ၂၀၀ဝိ (သဒ္ဒါကြေး) ပေးပါမည်ဟု လေသံပစ်လိုက်သည်။ ကျွန်ုပ်အတောအံ့သြသွား၏။ အံ့သြခြင်းကား ငွေရေးကြေးရေးနှင့် ပတ်သက်၍ အလွန်ပါးနပ်သည့်အလျောက် (လင်သေကြွေးပူဟူသကဲ့သို့ ကြုံတွေ့လျက်) အလုပ်လက်မဲ့ဖြစ်နေသော ကျွန်ုပ်ထံမှ ငွေ၁၁၅ကျပ်နှင့် ဝယ်ယူထားခဲ့သည့် ရတနာပုံဝတ္ထုစာမူပိုင်ခွင့်ကို ကျောင်းသုံးဖြစ်လုဆဲဆဲ အချိန်ကလေးတွင်မှ (ဦးဘဖေအုပ်ချုပ်သည့်)သူရိယတိုက်မှအခြားလက်သို့ ရောင်းလိုက်သည်ဆိုခြင်းမှာ ဦးဘဖေကိုယ်တိုင် အငိုက်ရိုက်ခံရသည်ဟု တွေးမိသောကြောင့် ဖြစ်ပါသည်။ ရတနာပုံမူပိုင် လက်ကိုင်ရှိသော ပုံနှိပ်တိုက်ပိုင်ရှင်က ကျွန်ုပ်အား ငွေ၂၀၀ဝိ အလကားပေးချင်ပါသည်ဟု ကြားသိရသောအခါ ပေးသမျှနှင့် လက်လွှတ်ချင်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း လက်ခံချင်လှပြီဖြစ်သော်လည်း မိတ်ဆွေများနှင့် တိုင်ပင်ရာတွင်နည်းလွန်းသည်ဟု ပြောကြသည်နှင့် ကျွန်ုပ်လက်မခံသေးပဲ စောင့်ကြည့်လျက်ရှိ၏။

## ဗမာ့ခေတ် ဦးအုန်းခင်

၁၉၅၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဗမာ့ခေတ်ကိုအုန်းခင်သည် ကျွန်ုပ်၏ အိမ်သို့ မလာစဘူးပေါ်လာ၍ ရန်ကုန်သို့ တခေါက်တလေ အလည်အပတ်လာဖို့ ကျွန်ုပ်အားဖိတ်ခေါ်၏။ ကျွန်ုပ်က မီးရထားမပေါက်သေးပဲ လေယာဉ်ပျံနှင့် သွားရမည့် ခေတ်ကြီးတွင် စရိတ်ငွေ ၂ဝဝိကျော် ၃ဝဝိ အကုန်မခံနိုင်ကြောင်းပြော ရာ ကိုအုန်းခင်က ဤအတွက် တာဝန်ယူမည့်ပြင် သူ၏အိမ်၌လည်း တည်းခိုစေလို ကြောင်းဖိတ်ခေါ်လေသည်။ ဤတွင်လွန်ခဲ့ပြီးသော အဖြစ်အပျက်တခုသည် ကျွန်ုပ် ၏စိတ်ထဲ၌ ဘွားကနဲပေါ်လာ၏။ ၁၉၄၈ခုနှစ်၊ မတ်လတွင် (ဖဆပလ အစိုးရ လက်ထက်) အလုပ်သမားဆိုသော လူတစုသည် သတင်းစာတိုက် တချို့ကို ရိုက်ချိုးဖျက်ဆီးသည်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗမာ့ခေတ် ဦးအုန်းခင် နှင့် တကွ အခြားပုဂ္ဂိုလ်လေးငါးယောက်တို့သည် (မဟာဆွေလည်းပါသည်။) မန္တလေးသို့ တက်လာကြ၍ ကျွန်ုပ်၏နေအိမ်၌ တည်းခိုကြပြီး တရားပွဲများ ပြုလုပ်ကြသည်။ စစ်ကိုင်းသို့သွားကြ၍ တရားဟောပြီးအပြန် သမ္ဗာန်ပေါ်တွင် ကိုအုန်းခင်နှင့် မောင်လှတို့ ကျွန်ုပ်အကြောင်း ပြောကြသည်။ ထိုနေ့နံနက်ထုတ် လူထုသတင်းစာ၌ ကျွန်ုပ်သည် သတင်းစာတိုက်များ ရိုက်ချိုးခြင်းနှင့် ပတ်သက်၍ ဖဆပလအစိုးရ၏ "ကလေးကလားဆံပုံ"အကြောင်းကို ရေးထားရာဆရာကြီး သခင်ကိုယ်တော်မှိုင်းက "သိပ်ထိတယ်ကွာ"ဟု ချီးကျူးသည်တွင် ကိုအုန်းခင်က "ဟုတ်တယ်ဆရာကြီး၊ ရေးလိုက်ပုံဟာက လိုရင်းကို စွပ်ဝင်သွားတာပဲ"ဟု ဖြည့်စွက်ပြောဆိုလေသည်။ သမ္ဗာန်ပေါ်၌ ကိုအုန်းခင်က ကျွန်ုပ်၏အရေးအသားကို ဆက်လက်ချီးကျူးပြန်ရာတွင် မောင်လှက–

လှ။ ။ "ခင်ဗျားက ဦးလေးသိန်းကို ဆွယ်မနေပါနဲ့၊ ဦးလေးသိန်းဟာ ကျွန်တော်တို့နဲ့ ဘယ်တော့မှမခွဲဘူးမှတ်ထားပါ"

ခင်။ ။ "မင်းကသိပ်မထင်ပါနဲ့မောင်၊ ငါခေါ်ယင် ရပါတယ်၊ တနေ့တော့ မင်းကြည့်ပါ"

လှ။ ။ "စမ်းကြည့်ပါဗျာ"

ခင်။ ။ "အေးလေ၊ မင်း သိပါလိမ့်မယ်"

အထက်ပါစကားကို သတိရသည်တွင် ကိုအုန်းခင်က ကျွန်ုပ်အား ရန်ကုန်သို့ စရိတ်ခံခေါ်ပြီး သူ့အိမ်၌တည်းခိုရန် ဟူသည်မှာ သူ့ဇမာ့ခေတ်အတွက် ကျွန်ုပ်ကို ဆွယ်ခြင်းဖြစ်သည်ဟု ကျွန်ုပ်ရိပ်မိပါသည်။ ကိုအုန်းခင်နှင့်အတူ ဗမာ့ခေတ်ကိုယ်စားလှယ် မောင်လှရွှေလည်းပါလာရာ ပြန်ခါနီး၌ ကိုအုန်းခင်က မောင်လှရွှေအား ကျွန်ုပ်အလိုရှိသောနေ့တွင် လေယာဉ်ပျံလက်မှတ်ဝယ်ပေးလိုက်ဖို့ မှာထားခဲ့လေ၏။

## ကိုအုန်းခင်ထံသို့ သွားခြင်း

ကိုအုန်းခင်တို့ ပြန်သွားသည့်နောက် ကျွန်ုပ်စဉ်းစားသည်မှာ ကိုအုန်းခင်သည် လူထုတိုက်နှင့် အဆင်မပြေမှုရှိသောကြောင့် ကျွန်ုပ်ထွက်လိုက်သည်ဟု ထင်ဟန်ရှိသည်။ သို့ဖြစ်၍ ကျွန်ုပ်ကို သူ့ဗမာ့ခေတ်အတွက် ဆွယ်ခြင်း ဖြစ်ရမည်ဟုတွေးမိသည်။ ကျွန်ုပ်မူကား ကွန်မြူနစ်ဆန့်ကျင်ရေးပေါ်လစီ လက်ကိုင်ပြုသော ဗမာ့ခေတ်သတင်းစာ၌ ဘယ်နည်းနှင့်မျှ မလုပ်နိုင်ဟု သိပြီးဖြစ်သည်။ ဤအတောအတွင်း ရတနာပုံဝတ္ထုကိစ္စကလည်း မပြီးမပြတ်ရှိနေ၏။ မူပိုင်လက်ကိုင်ရှိသူများက ငွေ ၂၀၀၀ထက်ပိုပြီး ဘယ်နည်းနှင့်မျှ မပေးနိုင်ဟုတင်းခံလျက်ရှိရာ မိတ်ဆွေများ ကလည်း နည်းသေးသည်ဟု အကြံပေးလျက်ရှိကြ၏။ သူတို့ဘက်ကကြည့်လျှင် သူရိယတိုက်မှ မူပိုင်ဝယ်ထားပြီးဆိုသောကြောင့် ငွေ ၂၀၀၀ပင်လျှင် အလကားပေးခြင်းဖြစ်သည်ဟု ပြောနိုင်ခွင့်ရှိလေသည်။ ဤတွင် ကျွန်ုပ်အကြံပေါ်လာ၏။ ကိုအုန်းခင်ကား ကြံရည်ဖန်ရည်ရှိသူတယောက်ဖြစ်ရာ သူ့အိမ်၌

တည်းခိုပြီး ၂၀၀၀ိထက်ပိုရအောင် ညှစ်ရလျှင် ဖြစ်နိုင်စရာရှိသည်ဟု စိတ်ကူး ပေါ်လာ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မောင်လှရွှေအား အကြောင်းကြား၍ လက်မှတ်ဝယ်ခိုင်းပြီး လေယာဉ်ပျံနှင့် ရန်ကုန်သို့ဆင်းသွားလေ၏။

## အုန်းရိပ်ခိုရခြင်း

ကိုအုန်းခင်တို့၏ အိမ်ကြီး၌ တည်းခိုလျက်ရှိစဉ် ကျွန်ုပ်သည် ကျွန်ုပ် လာရောက်ခြင်း၏ ကိစ္စအမှန်ကို ဖွင့်ဟ၍မပြောသေးပဲ သူ၏မျှော်လင့်ချက် အတိုင်း မက်လုံးပေးထား၏။ သူနှင့်အတူတူ ကလပ်သို့လိုက်သွားပြီး ကလပ် ပိတ်ချိန်တိုင်အောင် ဘိလိယက်ထိုးခြင်းအားဖြင့် ခင်မင်ရင်းနှီးအောင်လုပ် ထား၏။ သူကလည်း နေးရှင်းသတင်းစာတိုက်မှ ကိုလောရုံနှင့်လည်းကောင်း၊ အမေရိကန် သံရုံးမှ အရာရှိများနှင့်လည်းကောင်း မိတ်ဆက်ပေး၍ 'သူတို့လူ' ဖြစ် လာသည့်အနေနှင့် ဝမ်းသာအားရ လက်ခံစကားပြောကြ၏။ ဤအတောအတွင်း ကျွန်ုပ်သည် (ထိုစဉ်က) စာရေးဆရာအသင်း ဥက္ကဋ္ဌဖြစ်သော ဇဝနနှင့်တွေ့ဆုံ၍ ရတနာပုံဝတ္ထုကိစ္စကိုပြောပြရာ သူကလည်းစာရေးဆရာ အစည်းအဝေးခေါ်၍ ရတနာပုံဝတ္ထု မူပိုင်ကိစ္စနှင့် ပတ်သက်၍ စာရေးဆရာအသင်းက ကျွန်ုပ်အား လိုသောအကူအညီကိုပေးရန် ဆုံးဖြတ်ချက်ချကာ ဗမာ့ခေတ်သတင်းစာတွင် ထည့်သွင်းဖော်ပြကြလေသည်။ မူပိုင်ရှင်သည် ရန်ကုန်သို့ ကျွန်ုပ်ရောက်လာသည် ဆိုကတည်းက ကျွန်ုပ်အကြောင်းကိုစုံစမ်းနေဟန်ရှိပေရာ ကိုအုန်းခင်၏အိမ်၌ တည်းခိုလျက်ရှိခြင်းကိုလည်း သူတို့သိကြပုံရ၏။ သို့ဖြစ်၍ဗမာ့ခေတ်သတင်းစာ၌ စာရေးဆရာအသင်းက ကျွန်ုပ်ဘက်မှ လိုအပ်သောအကူညီပေးမည်ဆိုသော ဆုံးဖြတ်ချက်ပါလာ၍ ကိုအုန်းခင်၏အိမ်၌ ကျွန်ုပ်တည်းခိုလျက်ရှိခြင်းကိုလည်း ရတနာပုံဝတ္ထုမူပိုင် လက်ကိုင်ရှိထားသူများသိရှိသွားသည့် နောက်တနေ့၌ပင် မူပိုင်ရှင်ဆိုသူသည် ကျွန်ုပ်ထံသို့ရောက်လာ၍ လက်ဖက်ရည်ဆိုင်တဆိုင်သို့ခေါ်

သွား၏။ နောက်ဆုံး၌ ရတနာပုံဝတ္ထု ကျောင်းသုံးဖြစ်၍ ရိုက်နှိပ်ရောင်းချမည့် ကိစ္စအတွက် ကျွန်ုပ်အားငွေ ၅၀၀၀ိ(ငါးထောင်) ပေးပါမည်ဟု စကားထွက် လာသည်။ ယခင်ကမူ ၂၀၀၀ိထက်တပြားမျှ ပို၍မပေးနိုင်သည့်နယ် အတန်ကြာ တင်းပြီးခံနေခဲ့ သောမူပိုင်ရှင်သည် ကျွန်ုပ်ဘာမျှမပြောရသေးပဲ တခါတည်းငွေ ၃၀၀၀ိတိုးပေးဖို့ သဘောတူသည်ဆိုသဖြင့် အံ့ဩမိပါသည်။ သို့ရာတွင် ဤသို့ဖြစ်ရခြင်းမှာလည်း စာရေးဆရာအသင်း၏ ဆုံးဖြတ်ချက်နှင့် ကိုအုန်းခင်၏ 'အရှိန်အစော်'ကြောင့်ဖြစ် သည်ဟု ကျွန်ုပ်နားလည်ပါသည်။ ကျွန်ုပ်က မူပိုင်ရှင်အား သွားရလာရသော စရိတ်စကအတွက် ငွေ၅၀ိပိုပေးဖို့ပြောရာ ချက်ချင်းပင်သဘောတူပေသည်။

## အထင်လွဲကြစရာ

ဗမာ့ခေတ်သတင်းထောက် ခင်မောင်ကြည်သည် ကျွန်ုပ်၏စာအရေးအသား ကိုအလွန်နှစ်သက်၍ အချို့သောစာပိုဒ်များကို အာဂုံဆောင်ထားသည်ဆိုရာ (ကျွန်ုပ်လည်း ငယ်စဉ်က မေတ္တာလေးနှင့် ဆာပါလတာစကော့၏ စာပိုဒ်များကို အာဂုံဆောင်ထားသည်။) ခင်မောင်ကြည်က ကျွန်ုပ်ကို သဘောကျသောအခြား စာဖတ်ပရိသတ်လူငယ်အချို့နှင့် ဧည့်ခံပွဲကလေး ပြုလုပ်ပါရစေဟု ဖိတ်ကြားထား ၏။ သို့ရာတွင်ကျွန်ုပ်မှာ ယမန်ညဥ့်ကတည်းက အအေးမိပြီး အဖျားဝင်လာသည် နှင့် မည်သူ့ကိုမျှ အကြောင်းပြန်ခြင်း၊ နှုတ်ဆက်ခြင်းမပြုနိုင်ပဲ မန္တလေးသို့ လေယာဉ်ပျံဖြင့် ရုတ်တရက်ပြန်လာခဲ့ပါသည်။ စာရေးဆရာအသင်းကမူ ရတနာပုံ ကိစ္စအတွက် ကျွန်ုပ်ဘက်မှ အကူအညီပေးရန် ဆုံးဖြတ်ထားကာမှ တစုံတရာ အကြောင်းမကြားပဲ ရုတ်တရက် ပြန်ပြေးသည်ဆိုကာ စိတ်ခုစရာဖြစ် လောက်ပါ ပေသည်။ ကျွန်ုပ်၏ အကျင့်တခုမှာ နေမကောင်းထိုင်မသာ မကျန်းမမာ ဖြစ်သည် ဆိုလျှင် သူတပါးအိမ်၌ တည်းခိုရခြင်းအတွက် အလွန်ဝန်လေးတတ်၍ (ဘယ်သူ

ကတားသည်ဖြစ်စေ) ကိုယ့်အိမ်သို့ ပြန်ချင်တတ်ပါသည်။ သို့ဖြစ်၍ စာရေးဆရာအသင်းနှင့်တကွ ခင်မောင်ကြည်နှင့် အပေါင်းအဖော်တို့အား ကျွန်ုပ်၏ ချွတ်ယွင်းချက်အတွက် ဝမ်းနည်းစွာနှင့် ဤနေရာမှ အနူးအညွတ်တောင်းပန်လိုက်ပါသည်။ (သို့သော် ငွေရပြီး ကျွေးမွေးရမည်ကို ရှောင်ထွက်ပြေးသည်ဟု မထင်ကြစေလိုပါ။ အတန်ကြာသောအခါမှ ငွေရောက်လာခြင်း ဖြစ်ပါသည်။)

## ကိုဆန်းထွန်း

၁၉၅၃ ခုနှစ်၌ လူထုသတင်းစာတိုက်မှ ထွက်ပြီးခါစအချိန်တွင် ကျွန်ုပ်သည် ထမင်းစားလောက်ရုံကလေးအတွက်မျှသာ အလုပ်လုပ်၍ ဗုဒ္ဓ၏တရားတော်များကို ဖတ်ရှုလေ့လာခြင်း၊ အားထုတ်ခြင်း၊ ဆွေးနွေးခြင်းစသည့် အလုပ်များတွင် အချိန်ကုန်ခံလျက်ရှိ၏။ သီတင်းနေ့များတွင် ကျွန်ုပ်၏နေအိမ်မှာ တရားဆွေးနွေးရသောဌာနဖြစ်လာ၍ ကျွန်ုပ်နှင့်သိကျွမ်းသည့် ဓမ္မမိတ်ဆွေများလာရောက် ဆွေးနွေးကြပါသည်။ အဆိုပါဆွေးနွေးပွဲများ၌ ကျွန်ုပ်သည်မိမိ၏ အယူအဆများနှင့် အတွေ့အမြင်များကို တင်ပြခြင်းထက်အခြားလူများ၏ တရားသဘာဝ အယူအဆများကို တီးခေါက်နှိုက်ယူခြင်းအလုပ်ကို အလေးပေးတတ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်အကြောင်းကို ထိုလူများသိခြင်းထက် ထိုလူများ၏ အယူအဆအသီးသီးကို ကျွန်ုပ်သိရခြင်းကသာ၍ ပြည့်စုံသည်ထင်ပါ၏။ ဆွေးနွေးပွဲများ၌ အရှင်ဉာဏုတ္တရ လူထွက် (မှော်ကစ်ဝါဒီဟောင်း) ယခုမန်းတက္ကသိုလ် လက်ထောက်ကထိက ကိုဆန်းထွန်းသည် ကျွန်ုပ်တို့အထဲတွင် စာပေကျမ်းဂန်၌ အနှံ့စပ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်သည့်အလျောက် စာပေနှင့်ပတ်သက်သည့် အထောက်အထားများကို မေးမြန်း၍ အကောင်းဆုံးရှင်းလင်းအောင် အပြောတတ်ဆုံးသော ပုဂ္ဂိုလ်အနေဖြင့် ကျွန်ုပ်အသိအမှတ်ပြုပါသည်။ သို့သော် ကျမ်းဂန်အပေါ်၌ အတွေးအခေါ် အယူအဆနှင့်ပတ်သက်၍ ကျွန်ုပ်ရဲသလောက် သူရဲပုံရသော်လည်း သူနှင့်ကျွန်ုပ်

ကွဲလွဲသောအချက်များလည်းရှိပါသည်။ သို့သော် သူသည် ကျွန်ုပ်ကဲ့သို့ 'အလုပ်သမား' တယောက်မဟုတ်သည့်ပြင် ကျွန်ုပ်အားလည်း အလုပ်သမား တယောက်အနေဖြင့် သူကသိမြင်သေးဟန် မတူသောကြောင့် ကွဲလွဲသောအချက် များကို ဆွေးနွေးခြင်းမပြုပဲ သူ၏ဝါဒကိုသာ ကျွန်ုပ်က မှတ်သားထားလိုက် ပါသည်။ သို့ရာတွင် ဤနောက်ပိုင်း၌ ကျမ်းတစောင်တဖွဲ့ အနေဖြင့် ကျွန်ုပ် ရေးသား ထုတ်ဝေလျက်ရှိသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်မှာမူ ကိုဆန်းထွန်းက မာလုကျပုတ္တထေရ်အကြောင်းကို ကျမ်းစာအုပ်မှ ဖတ်ပြရာတွင် ကျွန်ုပ်အလွန် သဘောကျပြီး ကိုင်တိုင်စမ်းသပ်အားထုတ်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံပါသည်။

## မဟာစည်ဆရာတော်

ကျွန်ုပ်သည် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်၍အဟုတ်ရှိ တကယ် ရှိသော သဘာဝကြီးအကြောင်းကို ရိပ်မိလာရာတွင် အခြားနည်းအားဖြင့် အားထုတ် လျက်ရှိကြသည်ဆိုသော တရားဂိုဏ်းဆရာကြီးများနှင့် တွေ့ဆုံဆွေးနွေး ဖို့အခွင့် ရှာခဲ့ပါသည်။ ဆွေးနွေးသည်ဆိုသော်လည်း (ကျွန်ုပ်၏ဝါသနာအတိုင်း) ကျွန်ုပ်၏ အတွေ့အမြင်ကို တင်ပြခြင်းထက် အကြင်ပုဂ္ဂိုလ်၏ အယူဝါဒနှင့် အတွေးအခေါ် များကိုသိရအောင် နှိုက်ယူခြင်း၌ အလေးပေးလေ့ရှိပါသည်။ တနေ့သ၌ စစ်ကိုင်းမြို့ဆင်များရှင်ရိပ်သာသို့ မဟာစည်ဆရာတော် ကြွလာသည်ဆို၍ ကျွန်ုပ်၏ဓမ္မမိတ်ဆွေ ဦးဘသင်က သွားရောက်ဖူးမြော်ရန် ကျွန်ုပ်ကိုလာ၍ ခေါ်သည်တွင် ကျွန်ုပ်လိုက်ပါသွား၏။ ထိုညဥ့်၌ ဇရပ်တဆောင်တွင် ဆရာတော်က ခုတင်ပေါ်မှကျိန်းစက်၍ ကျွန်ုပ်က ခုတင်အောင်မှ ကပ်လျက်အိပ်ကာ ဦးဘသင်က အစွန်မှအိပ်၏။ သို့ဖြစ်၍ သူတို့ဆရာဒကာ နှစ်ပါး၏အလယ်မှ အိပ်ရသည်နှင့် အခွင့်ကောင်းရ၍ ဆရာတော်အား တရားသဘာဝနှင့်ပတ်သက်သော ပုစ္ဆာများကို မေးလျှောက်လေသည်။ အမှန်ကိုပြောရလျှင် ကျွန်ုပ်၏မေးခွန်းများမှာ မသိ၍မေး

ခြင်းမဟုတ်။ ကျွန်ုပ်၌ရှိပြီးသော အယူအဆများနှင့် ကိုက်မကိုက် ညီမညီကို စုံစမ်းခြင်းမျှသာ ဖြစ်လေသည်။ ဆရာတော်ကလည်း ကျွန်ုပ်၏ ရည်ရွယ်ချက်ကိုရိပ် မိပုံရ၏။ သူ၏အဖြေများမှာ အားလုံးလိုလိုပင် ကျွန်ုပ်၏အယူအဆနှင့် ကိုက်ညီသည်ဟု ကျွန်ုပ်မှတ်မိသည်။ ကျွန်ုပ်၏ပုစ္ဆာများမှာ စာတတ်ပေတတ်တဦး ကစာတတ်ပေတတ်တဦးသို့ မေးသည့်ပုစ္ဆာမျိုးမဟုတ်။ တရားအားထုတ်ထား၍ လွတ်လပ်စွာ တွေးခေါ်တတ်သည့် အလေ့အထရှိသူအချင်းချင်း မေးမြန်းခြင်းမျိုး ဖြစ်လေသည်။ အချို့သောပုစ္ဆာများမှာ ရိုးရိုးကျမ်းတတ်ပုဂ္ဂိုလ်က အဖြေတမျိုးပေး ကြမည်ဖြစ်သော်လည်း ဆရာတော်၏အဖြေကို ကျွန်ုပ်ပို၍သဘောကျသည်။ မဟာစည်ဆရာတော်အကြောင်းကို ကျွန်ုပ်သိရသမျှ ရေးသားဖော်ပြရသော် ကျွန်ုပ်တွေ့ရဘူးသမျှသော ပုဂ္ဂိုလ်များအနက်တွင် ကျမ်းဂန်အနေဖြင့်လည်းကောင်း၊ အလုပ်အနေဖြင့်လည်းကောင်း၊ ပင်ကိုဉာဏ်အနေအားဖြင့်လည်းကောင်း ကျေနပ်ဖွယ် အကောင်းဆုံးသော ပုဂ္ဂိုလ်မြတ်တဦးဟူ၍ဆိုရပါမည်။ အလုပ်သဘော ကိုဖယ်ထား၍ အချို့သောကျမ်းတတ်ပုဂ္ဂိုလ်များသည် ပြဿနာတခု၏ သဘာဝကျမကျကို ဆုံးဖြတ်နိုင်သော ပင်ကိုဉာဏ်နည်းပါးခြင်းကို တွေ့ရဘူးလှပါလေပြီ။ သဘာဝကျမကျကို ဆုံးဖြတ်နိုင်သော ဉာဏ်ပညာရှိသူများ၏ အရေအတွက်သည် သာမန်တရားအားထုတ်ထားသည်ဆိုသော ပုဂ္ဂိုလ်ဖြစ်စေ တခုသောအမှုသည် အဘယ့်ကြောင့် ကုသိုလ်ဖြစ်သည်ကိုလည်းကောင်း၊ တခုသော အမှုသည်အဘယ့်ကြောင့် အကုသိုလ်ဖြစ်ခြင်းကိုလည်းကောင်း တခုသောအလေ့အကျင့်သည် အဘယ့်ကြောင့် မဂ်အခြေ၊ ဖိုလ်အခြေ ဖြစ်ခြင်းကို လည်းကောင်း ကိုယ်ပိုင်ဉာဏ်ဖြင့် သူ့အသက်ကို ဆင်ခြင်သုံးသပ်ပြီး ထိုးထွင်းသိမြင်တတ်သော ပုဂ္ဂိုလ်သည် တိုင်းပြည်၌ အလွန်နည်းပါးသည်ကိုတွေ့ရ ၏။ ကုသိုလ်ရ၍ မဂ်အခြေ ဖြစ်နိုင်သည်ဆိုခြင်းကို ကိုယ်ပိုင်ဉာဏ်ဖြင့် နားလည်သူ ရှားလှ၏။ မေးလိုက်လျှင် ဘုရားဟောသောကြောင့် သိရသည်ဟု ဖြေမည့်သူများသာတွေ့ရ၏။ ကျွန်ုပ်အဖို့မူကား အပြစ်ရှိခြင်း၊ ကုသိုလ်ဖြစ်ခြင်း စသောကိစ္စများမှာ ဘုရားဟောဖို့မလို၊ ကိုယ်ပိုင်

ဉာဏ်ဖြင့် ရှင်းပြီးဖြစ်၏။ 'ကျွန်ုပ်အဖို့တွင် ဂေါတမဗုဒ္ဓသည် လောကမှ လွတ်မြောက်ရေးအတွက် သက်သက် ပွင့်တော်မူခြင်းဖြစ်သည်ဟု နားလည် ပါသည်။

## ဆွေးနွေးခြင်းတခြား၊ ငြင်းခြင်းတခြား

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏နေအိမ်၌ သီတင်းနေ့တိုင်း တရားဓမ္မဆွေးနွေးကြရာတွင် ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကျမ်းဂန်နှင့် ပတ်သက်၍ ကျွန်ုပ်၏ အယူအဆများကို ကိုဆန်းထွန်းစသည့် ကျမ်းတတ်ပုဂ္ဂိုလ်များနှင့် နှီးနှောရန်သော်လည်းကောင်း၊ တရားအားထုတ်ဖူးသည့် ပုဂ္ဂိုလ်များပါရှိလျှင်လည်း မိမိတို့၏'အမြင်'များကို တင်ပြကာ ညှိနှိုင်းတိုက်ဆိုင်ကြည့်ကြရန် လည်းကောင်း ဖြစ်ပါသည်။ ပထမနှစ်ပတ်သုံးပတ်ခန့်၌မူ အယူအဆမတူကြသော အချက်အလက် များကိုဆွေးနွေးကြရာတွင် ဖြည်းညှင်းသာယာစွာနှင့် ထိန်းထိန်းသိမ်းသိမ်းပြောဆို နိုင်ကြပါသေး၏။ နောက်ပိုင်း၌မူ အချို့ပုဂ္ဂိုလ်များသည် မိမိတို့အယူအဆ အတွေးအခေါ်တိမ်းချော်ခြင်းများ ရှိခဲ့လျှင် ဓမ္မမိတ်ဆွေအချင်းချင်းနှင့် ဉာဏ် ဖလှယ်ခွင့် ရရှိခြင်းအားဖြင့် အမှားမှအမှန်သို့ ရောက်အောင်ဟူသော ရည်ရွယ် ချက်မျိုးနှင့် ဆွေးနွေးခြင်း မဟုတ်တော့ပဲ မိမိတို့၏အယူအဆအတွေး အခေါ်များ မှန်ကန်ပါသည် ဆိုသောသဘောနှင့် ရှေ့နေများ လျှောက်လဲခြင်းမျိုး ကဲ့သို့ အနိုင်ရစေခြင်းငှာ ဆင်ခြေကန်သော အနေမျိုးဖြင့် ငြင်းကြလေတော့သည်။ အမှန်သို့ရောက်အောင် ဆွေးနွေးတိုင်ပင်ခြင်းမျိုး မဟုတ်တော့ပဲ ကပ်လုံးများရှာပြီး 'ငါ့စကားနွားရ'ဟူဘိသို့ နိုင်အောင်ငြင်းကြသော အဖြစ်မျိုးသို့ ရောက်လာကြလေ ၏။ အချို့ကမူ "သတ္တိရှိထွက်ခဲ့စမ်း၊ မလှုပ်နိုင်အောင် ငြင်းပြလိုက်မယ်"ဟူသော လူစွမ်းပြနည်းမျိုး၊ စကားတတ်ပြိုင်သော ပွဲမျိုးဖြစ်အောင် ဖန်တီးလာကြ၏။ တဦးသော ပုဂ္ဂိုလ်ကမူ (စကား'ကပ်'တတ်သူတယောက်ဖြစ်သည့်အလျောက်)

အခြား ပုဂ္ဂိုလ်တဦးပေါ်၌ နိုင်အောင် ငြင်းပြီးသည့်နောက် "ပြောအုံးလေဗျာ့၊ ခင်ဗျားဘာပြောနိုင်သေးလဲ"ဆိုကာ လဲနေသောလူကိုဖိ၍တောင်းသည့်နှယ် ဆင့်၍ ဆင့်၍ မေးချေသေးသည်။ ဤတွင်ကျွန်ုပ်မှာ တရားဆွေးနွေးခြင်းနှင့် ပတ်သက်၍ သံဝေဂအကြီးအကျယ် ရသွားသည်နှင့် ကျွန်ုပ်၏ပတ်စဉ်ဆွေးနွေးပွဲကို ဖျက်သိမ်း လိုက်သည့်ပြင် တရား'ငြင်းခြင်း'အလုပ်ကို ဘယ်တော့မှ မလုပ်တော့ဟု သန္နိဋ္ဌာန် ချလိုက်ပါတော့သည်။ (သို့နှင့်လည်းကွယ်လွန်သူ မန္တလေးမြို့ပြည်သူ့ဘဏ် ဒါရိုက်တာ ဦးဘမောင်၏နေအိမ်၌ တနင်္ဂနွေပတ်စဉ် တရားဆွေးနွေးပွဲပြုလုပ်ကြရာ တွင် ရှေ့နေတယောက်က ကျွန်ုပ်၏တရားဓမ္မအယူအဆနှင့်ပတ်သက်၍ ရှေ့နေ ဆန်ဆန် 'ကပ်လုံး ကပ်ပေါက်'များနှင့် ဖိ၍ငြင်းခြင်းကို ခံလိုက်ရဘူးသေး သည်။ သူသည် ရှေ့နေဖြစ်သည့်အလျောက် ရှေ့နေစိတ်ထားလည်းရှိ၍ ရှေ့နေဆန်ဆန် ငြင်းလျက်ရှိခြင်းကို တွေ့ရသောအခါ ရှေ့နေငြင်းနည်းမျိုးဖြင့် ထိုသူကိုနိုင်အောင် မငြင်းနိုင်ကြောင်းသိ၏။ ကျွန်ုပ်တို့ငြင်းကြသည်မှာလည်း အင်္ဂလိပ်လိုဖြစ်၏။ သို့နှင့်လည်း ကျွန်ုပ်၏စိတ်ထဲ၌ကား ကျွန်ုပ်တင်ပြသော အယူအဆနှင့် ပတ်သက်၍ ရှေ့နေငြင်းနည်းမျိုးမဟုတ်ပဲ အကြောင်းသင့်၊ အကျိုးသင့်၊ သဘာဝ ကျကျ၊ ရိုးရိုးသား သဘောထားမျိုးနှင့် စာဖြင့်ရေးရမည် ဆိုလျှင် မြန်မာလိုဖြစ်စေ၊ အင်္ဂလိပ်လိုဖြစ်စေ ၎င်းရှေ့နေနှင့်သာမက ဘိုးဘေးဘီ ဘင်များနှင့်ဖြစ်စေ အချိန်အခါမရွေး တိုင်းပြည်သို့ ယှဉ်ပြိုင်တင်ပြဝံ့သည်ဟု အောက်မေ့မိပါသေး သည်။)

## မျှော်တလင့်လင့်

၁၉၅၃ ခုနှစ်တွင် ချားလ်စ်ဒစ်ကင်းစ် (Charles Dickens \ Great Expectations) ဝတ္ထုကြီးကို 'မျှော်တလင့်လင့်'အမည်ဖြင့် ကျွန်ုပ်ဘာသာ ပြန်ခဲ့ သော စာအုပ်မှာ စာပေဗိမာန်ဆုရရှိ၏။ 'မျှော်တလင့်လင့်'ဟူသော စကားလုံး မှာ

မူရင်းအင်္ဂလိပ်ဝတ္ထုအမည်နှင့် အလွန်ဟပ်သည့်ပြင် ၎င်းစကားလုံးမှာလည်း မြန်မာအသုံးအနှုန်းအနေဖြင့် ကျွန်ုပ်တီထွင်လိုက်သော စကားလုံးဖြစ်သည့် အတွက်ကြောင့် အတော်ကျေနပ်မိသည်။ ဒစ်ကင်းစ်၏ဝတ္ထုကြီးမှာ တကမ္ဘာလုံးရှိ ဘာသာစကားပေါင်းစုံနှင့် ရေးခဲ့ကြသော ဝတ္ထုကြီးများအနက် ဒုတိယအကောင်းဆုံးအဖြစ်နှင့် ပြင်သစ်ပြည် စာပေဌာနက ရွေးချယ်ခဲ့ဘူးသည်ဆို၏။ ပထမအကောင်းဆုံးမှာ တောလ်စတွိုင်၏ 'စစ်နှင့်ငြိမ်းချမ်းရေး' ဝတ္ထုကြီးဖြစ်သည်ဟုဆိုလေသည်။ ဒစ်ကင်းစ်၏ဝတ္ထုကြီးကောင်းပုံမှာ ဇာတ်ကွက်ဇာတ်လမ်းဆင်ပုံနှင့်ပတ်သက်၍ စာဖတ်ပရိသတ်တို့ ကြိုတင်ခန့်မှန်းရန် မတတ်နိုင်လောက်အောင်လျှို့ဝှက်ထားပုံ သပ်ရပ်လှသည်ဟုဆိုကြလေသည်။ စာပေဗိမာန်ဌာနသည် ကျွန်ုပ်၏ဘာသာပြန် ကောင်းသည်ဆိုကာ ၎င်းဝတ္ထုကို ရွေးချယ်ကြသော်လည်း မြန်မာပြည်စာဖတ်ပရိသတ်သည် ၎င်းဝတ္ထုကြီး၏ဇာတ်ကွက်ဆင်ပုံ လျှို့ဝှက်သိပ်သည်းခြင်းကို အရသာခံတတ်ကြပုံ မရသည့်အတွက် ကျွန်ုပ်ဝမ်းနည်းမိသည်။ ဆိုလိုခြင်းမှာ ဗမာစာဖတ်ပရိသတ် လူများစုသည်ဇာတ်ကွက်ဇာတ်လမ်းနှင့် ပတ်သက်၍ အကဲခတ်သော ပညာဘက်တွင် အတော်ညံ့ကြသေးသည်ဟုလို။ ၎င်းတို့သည် ဘန်ကောက်လုံချည်ဝတ်သော မဟာဆွေ၏ဟီးရိုးမျိုးကိုသာ နားလည်ကြ၍ ဖားဖိုကြီးရှေ့၌ အိုးမဲတွေပေကျံလျက် ရဲရဲနီသောသံချောင်းကြီးကို တူကြီးနှင့်ထုရသည့် ပန်းပဲသမားမျိုးကို ဟီးရိုးအနေဖြင့် မမြင်တတ်အောင်ရှိနေကြသေးဟန်တူလေသည်။

## ပထမအကြိမ် စကားပြောရခြင်း

၁၉၅၃ ခုနှစ် ဒီဇင်ဘာလတွင် ကျွန်ုပ်သည် မျှော်တလင့်လင့်ဝတ္ထုအတွက် စာပေဗိမာန်ဆုကို ကိုယ်တိုင်လာယူဖို့ တိုက်တွန်းခြင်းခံရသည်နှင့် စိတ်ခပ်ထင့်ထင့်နှင့် ဆင်းသွားပါသည်။ စိတ်ထင့်ခြင်းကား ဆုပေးသောအခမ်းအနားတွင်

ကျွန်ုပ် စကားပြောရမည် ဆိုသောကြောင့်ဖြစ်၏။ ထိုနေ့၌ အခမ်းအနားသို့ တက်ရောက်ကြမည့် ပရိသတ်မှာလည်း ဝန်ကြီးချုပ်ဦးနုနှင့်တကွ စာပေဝါသနာပါသည့် လူကြီးလူကောင်းများ၊ အစိုးရအရာရှိကြီးများ ပါဝင်ကြလိမ့်မည်ဟု သိရှိရ၏။ ကျွန်ုပ်သည်လောကီ လောကကုတ္တရာဆိုင်ရာ ဗဟုသုတဘက်တွင် အတော်ပြည့်စုံအောင် ဆည်းပူးထားခဲ့သည်ဟု ကိုယ့်ဟာကိုယ် ယုံကြည်ထားသည့်အတွက်ကြောင့် ပရိသတ်ကို ရွံ့ခြင်းမျိုးကားမရှိပါ။ ကျွန်ုပ်ရွံ့ကြောက်ခဲ့လျှင် ကျွန်ုပ်ထက် ဗဟုသုတများသူကို ကြောက်လိမ့်မည်။ ရာထူးကြီးခြင်းကို ကြောက်တတ်သူ မဟုတ်ပါ။ ကျွန်ုပ်စကားပြောရမည်ဟု သိရသောအချိန်တွင် တပည့်သော်တာဆွေ ကယမန်နှစ်က ဆုရသည့် စာရေးဆရာသာခုပြောသွားသည့် စကားတလုံး အကြောင်းကိုပြောပြ၏။ သာခုက စာပေဗိမာန်ဆုကို သူယူသည်မှာ ဤတကြိမ်သည် ပထမအကြိမ်ဖြစ်သော်လည်း နောက်ဆုံးမဖြစ်စေရ၊ ခဏခဏ သူယူလိမ့်မည်ဟု ကြုံးဝါးသွားသည်ဆို၏။ သော်တာဆွေ၏စကားကို ကျွန်ုပ်ကြားရသည့်အခါ ငါသည် သာခုနှင့်ဆန့်ကျင်ဘက်ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။ သို့ဖြစ်၍ ဆရာဇော်ဂျီက ကျွန်ုပ်စာရေးဆရာ ဖြစ်လာပုံအကြောင်းကို ပြောပြဖို့ 'တစ်ပေး'ရာတွင် ကျွန်ုပ်သည် မည်သို့ပြောရမည်ကို စိတ်ကူးပေါ်လာခဲ့ကလေပြီ။ စင်မြင့်ပေါ်သို့ တက်မိသောအခါ ကျွန်ုပ်ကိုလူကိုယ်တိုင်မြင်ဘူးသူ ရှားသေးသည့် လက္ခဏာနှင့် ပရိသတ်က အတော်စိတ်ဝင်စားစွာနှင့် ကြည့်ကြခြင်းကို ကျွန်ုပ်သတိပြုမိ၏။ စကားစလိုက်သည်နှင့်တပြိုင်နက် ကျွန်ုပ် စာရေးဆရာ ဖြစ်လာရခြင်းမှာ 'လူတော်'တယောက်ဖြစ်သောကြောင့်မဟုတ်၊ 'လူရော့်' တယောက်ဖြစ်သောကြောင့် စာရေးဆရာဖြစ်လာရကြောင်း ပြောလိုက်သည်တွင် ပရိသတ်သည် 'ဘာများပါလိမ့်'ဟုစောင့်မျှော်သော မျက်နှာထားမျိုး ဖြစ်ပေါ်လာကြ ခြင်းကိုမြင်လိုက်ရ၏။ ကျွန်ုပ်ကအစိုးရဘက်တွင် အသက် ၂၀ကျော် အရွယ်ကလေးတည်းက ရိုးရိုးသားသား လာဘ်မစားပဲနှင့် လစဉ်ဝင်ငွေ ၂၀၀ကျပ် မျှစီသောမင်းကြီး တောလိုက်စာရေးအလုပ်ကို ရရှိခဲ့ကြောင်း၊ ထိုစဉ်က

ငွေ၂၀၀ကျပ်ဆိုသည်မှာ ယခုခေတ် ငွေ၂၀၀၀ကျပ်မျှနှင့် ညီမျှကြောင်း၊ သို့ပါလျက် ဂျီးထူသော မင်းကြီးတယောက် လက်အောက်၌ အမှုထမ်းခြင်းသည် စိတ်ညစ်စရာကောင်းသည်ဆိုကာ အလုပ်မပြုတ်ပြုတ်အောင် အခွင့်စာလည်းမတင်၊ ဘာမျှလည်းမပြောမူ၍ အလုပ်မဆင်းပဲနေခဲ့ကြောင်း၊ အခွင့်တောင်းလျှင်ရနိုင်သော်လည်း အစိုးရအလုပ်ထဲတွင် သံသရာရှည်နေမည်စိုးသောကြောင့် တမင်တကာကပ်ဖဲ့လုပ်ပြီး ကိုယ့်ကိုယ်ကို ပြုတ်အောင်လုပ်လိုက်သည်နှင့် အလုပ်ပြုတ်ပြီး စာရေးဆရာဖြစ်လာရသည့် 'လူရှော်'တယောက်ဖြစ်ကြောင်း ပြောပြရာတွင် နားထောင်သောပရိသတ်သည် ကျွန်ုပ်၏ရိုးသားသော ဝန်ခံချက်ကိုသဘောကျသည့် လက္ခဏာနှင့်တဝေါဝေါ ပွဲကျခဲ့ဘူးပါသည်။ စာရေးဆရာသာခုနှင့် ဆန့်ကျင်ဘက်ပြောမည်ဆိုခြင်းမှာ သာခုကသူ့ကိုယ်သူ ချီးမြှောက်ပြောဆိုရာတွင် ကျွန်ုပ်က ကိုယ့်ဟာကိုယ်နှိမ့်ချပြီး 'လူရှော်'တယောက်အနေဖြင့် တင်ပြခြင်းကိုဆိုလိုပါသည်။ ဆုပေးပွဲအခမ်းအနားပြီးစီး၍ ထွက်လာကြရာတွင် ကျွန်ုပ်ကိုအရာရှိကြီး တချို့က "ရွှေဥဒေါင်းကြီးစကားမပြောတတ်ဘူးဆိုတာညာတာ"ဟု ကားပေါ်မှ ဟစ်အော်သွားကြပါသေးသည်။ တပည့်ငွေဥဒေါင်းကမူ ကျွန်ုပ်ကိုစောင့်ကြည့်ပြီး ဝေဖန်တတ်သည့်ထုံးစံအတိုင်း "ဆရာကြီးစကားပြောခါစတုန်းကတော့ သွားရော့လားလို့ ကျွန်တော်က စိုးရိမ်မိသေးတယ်၊ နောက်ဆုံးကျတော့ ဟန်ကျသားပဲဆရာကြီး"ဟု ပြောလေသည်။ ဤတပည့်တယောက်ကား ကျွန်ုပ်လုပ်သမျှတွင် ဟုတ်မှဟုတ်ပါ့မလားဟု အမြဲစိုးရိမ်လျက် ရှိပုံရသည်။

## တရားအားထုတ်သော ဌာနများ

၁၉၅၄ ခုနှစ်နှင့် ၁၉၅၅ ခုနှစ်များတွင် ကျွန်ုပ်သည် (လူသုံးယောက်ရှိသည့်) ကျွန်ုပ်တို့ တအိမ်ထောင်အတွက် စားလောက်ရုံကလေးမျှရအောင် အလုပ်လုပ်ပြီး ပိုလျှံသောအချိန်ကို တရားအားထုတ်ခြင်းဘက်တွင် အများဆုံး အသုံးပြုလျက်ရှိ၏။

တရားနှင့်ပတ်သက်၍ ကျွန်ုပ်အလုပ်လုပ်ခဲ့သမျှမှာ 'ငါ'ရှာခြင်းအလုပ်နှင့် စိတ္တာနုပဿနာခေါ် မိမိ၏စိတ်ကို စောင့်ကြည့်ခြင်းတို့သာဖြစ်ခဲ့ရာ ရှင်ဥာဏုတ္တရလူထွက် ကိုဆန်းထွန်းက မာလုကျပုတ္တအား ဗုဒ္ဓညွှန်ပြတော်မူခဲ့သည့် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်ကို ဖတ်ပြသဖြင့် ကြားနာလိုက်ရသည့်နေ့မှစ၍ ၎င်းကျင့်စဉ်အရအလေးပေးပြီး အားထုတ်ခဲ့ပါသည်။ အဆိုပါ ကျင့်စဉ်အရ ကျွန်ုပ်အားထုတ်၍မြင်တွေ့သမျှကို ရှုမဝမဂ္ဂဇင်းတွင်ဆောင်းပါးများအနေဖြင့် အတော်ကျယ်ပြန့်စုံလင်စွာ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသောကြောင့် ဤမှတ်တမ်းတွင်အထူးတလည် ထပ်မံဖော်ပြရန် ကြံရွယ်ချက်မရှိတော့ပါ။ ထိုအချိန်မှစ၍ဤစာကိုရေးသားသော ယခုအချိန်တိုင်အောင် ကျွန်ုပ်သည် အလုပ်ချောင်သောရက်များတွင် စစ်ကိုင်းတောင်ရိုးသို့မဟုတ် စိန်ပန်းရိပ်သာ၊ သို့မဟုတ် ဇောဓိကုန်းရိပ်သာ၊ သို့မဟုတ် မန်ကျည်းတုံရွာမှ ဥပုသ်တော်မန်ကျည်း ပင်ကြီးစသောဌာနများသို့ ရံဖန်ရံခါထွက်ပြီး အားထုတ်လေ့ရှိပါသည်။

## ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့ပုံ

၁၉၅၅ ခုနှစ်နောက်ပိုင်းတွင် ကျွန်ုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့၌ နာယကတယောက်မျှသာဖြစ်သော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေးသမားများ၏ ဆွဲဆောင်မှုကြောင့်တကြောင်း၊ ကမ္ဘာ့လူထုညီညွတ်နိုးကြားခြင်းရှိခဲ့လျှင် ကမ္ဘာစစ်ကို တားဆီးနိုင်သောအားအစွမ်းရှိလာနိုင်သည်ဟု ယုံကြည်သည်တကြောင်းကြောင့် မန္တလေးမြို့အတွင်း ကမ္ဘာ့ငြိမ်းချမ်းရေးအသင်းများဖွဲ့စည်းရာတွင် ကိုယ်တိုင်လိုက်၍ မဟောတတ်ဟောတတ်နှင့် ဟောပြောခဲ့ရ၏။ တခါတရံတွင် တနေ့အတွင်း မနက်တပွဲ၊ နေ့လယ်တပွဲ၊ ညတပွဲပါ သုံးပွဲတိုင်တိုင် ဟောပြောရခြင်းများပင်ပါရှိ၏။ ကျွန်ုပ်မှာအရေးသက်သက်မျှသာတတ်သော ကလောင်သမားတယောက်ဖြစ်ပါ သည်ဟုပြောပြထားပါလျက်နှင့်ပင် "ဆရာကြီးမျက်နှာပြလျှင် လူငယ်များလုပ်အားရှိ

ပါသည်” ဟုဆိုကာ ကပ်ရပ်ပြီး ခေါ်ကြသည်နှင့် အားနာပါးနာ ပါသွားရ၏။ သွားလေသူ တို့ဘုရင် ဦးဘရင်မှာ ကျွန်ုပ်နှင့်အတူ သွားဖော်လာဘက် ‘ရဲဘော်’ တယောက်ဖြစ်၍ မန္တလေးမြို့ ချောင်ကြိုချောင်ကြား များ၌ ဖွဲ့စည်းထားသော ကမ္ဘာ့ငြိမ်းချမ်းရေးအသင်းများသို့ ညကြီးမင်းကြီးများတွင် ချမ်းချမ်းအေးအေးနှင့် သွားခဲ့ရဘူး၏။ တခါတရံလူထုမအမာလည်း လိုက်ပါတတ်သေးရာ ကျွန်ုပ်တို့ တူဝရီးသုံးယောက်သည် ဂျစ်ကားကလေးပေါ်၌ တိုးတိုးဖော့ဖော့ ထိုင်ကာ (စိန်ပန်းရပ်) မှောင်မှောင်မည်းမည်းကြီးတွင် ချမ်းချမ်းစီးစီးနှင့် သွားရခြင်း များသည် ဇိမ်မရှိသော်လည်း ကောင်းသောအလုပ်ကို လုပ်ရခြင်းဟူ သော အမှတ်ဖြင့် တော်တော်ပျော်မိကြပါသည်။ ကျွန်ုပ်၏စိတ်ထားကိုရိုးသားစွာ ဝန်ခံရ မည်ဆိုလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဤကဲ့သို့ ဆောင်ရွက်ရခြင်းကြောင့် နောင်အခါ၌ မိမိအဖို့အကျိုးကျေးဇူးတစုံတရာ ပေါ်ထွက်လာလိမ့်မည်ဟူ၍ မည်သူကမျှလည်း မက်လုံးပေးဘူးခြင်းမရှိ၊ မိမိကိုယ်တိုင်လည်း ရော်ရမ်းမှန်း မျှော်ဘူးခြင်းမရှိခဲ့ပါ။

## တရားခံဖြစ်ရခြင်း

၁၉၅၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဇန်းမော်မြို့မှ ဖဆပလတယောက်က လူထုသတင်းစာကို အသရေဖျက်မှုနှင့် တရားစွဲဆိုရာတွင် ကျွန်ုပ်သည် အယ်ဒီတာ ချုပ်အဖြစ်နှင့် လိုက်သွားရ၏။ လူထုမအမာက ကျွန်ုပ်အားစောင့်ရှောက်ပြုစုရန် အတွက်ဆို၍ မောင်နှံစုံတွဲသွားကြဖို့ အစီအစဉ်လုပ်ပေးလိုက်ပါသေးသည်။ ကျွန်ုပ် အဖို့မှာသူတပါးပြုသော အမှုအတွက် တာဝန်ယူပြီး တရားခံဖြစ်ရ ခြင်းသည် အဆန်းမဟုတ်တော့ပါ။ သူရိယတိုက်၌ရှိစဉ် ကိုသိမ်းမောင်ထည့်သော သတင်း တခုအတွက် ကျွန်ုပ်တရားခံဖြစ်ခဲ့ရဘူးရာ လူထုတိုက်တွင်လည်း သတင်း အယ်ဒီတာထည့်ပေးသည့် ဆောင်းပါးတခုအတွက် ကျွန်ုပ်ပင်တရားခံဖြစ်လျက်

ရှိပါလေပြီ။ တခါကဆရာမျိုးလွင်သည် မန္တလေးတွင် 'ဥက္ကဋ္ဌလုပ်စားသည်' ဟု ဇဝနကပြက်ရယ်ပြု၍ ရေးလိုက်ခြင်းကို တွေ့ရသည်တွင် ကျွန်ုပ်လည်း တာဝန်ခံ အယ်ဒီတာလုပ်စားသည်ဟု ပြောရမလောက် ဖြစ်နေတော့သည်ဟု သတိရ၍ ပြုံးမိပါသေးသည်။ ဗန်းမော်ရုံး၌ တရားခံတယောက် အဖြစ်နှင့်အမှုဆိုင်ရ ခြင်းသည် အပန်းမကြီးလှ၊ ဒေသန္တရဇဟုသုတကို အချို့လူများထက် လိုလားသော ကျွန်ုပ်အဖို့မှာ ဟိုရောက်သည်ရောက် လည်ကာပတ်ကာ ထမင်းမြိန်မြိန် စားရခြင်း လောက်သာ အလုပ်ရှိသည်ဆိုကာ အတော်ကျေနပ်ခဲ့မိပါသည်။ သို့ရာတွင် 'နေ့တိုင်းသည် တနင်္ဂနွေမဖြစ်နိုင်'ဆိုသော အင်္ဂလိပ်စကားပုံအတိုင်း တရားစွဲခံရပြီး တရားခံဖြစ်ရသော အလုပ်သည်အမှုတိုင်း၌ချောင်လှသည် မဟုတ်ခြင်းကို နောင်ကြုံတွေ့ရသောအခါမှ ဖော်ပြရပါဦးမည်။

## ငြိမ်းချမ်းရေးညီလာခံကြီး

ဗန်းမော်မှ ပြန်ရောက်လာသောအခါ ကမ္ဘာ့ငြိမ်းချမ်းရေးအလုပ်တွင် အတော်စိတ်ဝင်စားလျက်ရှိပြီဖြစ်၍ မန္တလေးမြို့ ရပ်ကွက်အတော်များများတွင် ကမ္ဘာ့ငြိမ်းချမ်းရေး အသင်းအဖွဲ့များ ဖွဲ့စည်းရာ၌အပြောသမားတယောက်အနေဖြင့် ပါလေသည်ချည်း ဖြစ်နေခဲ့လေပြီ။ ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းဆိုင်ရာ 'ပြောလုံးပြောပေါက်'ကလေးများလည်း အတော်တိုးတက်နေပြီ ဖြစ်သောကြောင့် လုပ်ဘော်ကိုင်ဘက် 'ရဲဘော်'များက "ဆရာကြီး အတော်တိုးနေပြီ"ဆိုကာ မြှောက်ပင့်ပေးကြသည်တွင် စကားပြောခြင်း အလုပ်မျိုး၌စိတ်ကူးမထည့်ခဲ့ဘူး သည့် ကျွန်ုပ်သည်ပင်လျှင် အတော်'မြှောက်'သွားပြီး စိတ်အားတက်ကြွလျက်ရှိ လေပြီ။ ဖေဖော်ဝါရီလတွင် မိုးညှင်းမြို့၌ကျင်းပသည့် နစ်ပတ်လည် ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံသို့ပင် လူထုမအမာက ကျွန်ုပ်တို့လင်မယားကို စေလွှတ်သည်နှင့် တက်ရောက်ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ကိုဘငြိမ်းစသောကမ္ဘာ့ငြိမ်းချမ်း

ရေးပုဂ္ဂိုလ်ကြီးများနှင့်အတူ ညီလာခံစင်မြင့်ပေါ်တက်ပြီး တချီတပွဲနွှဲခဲ့ရပါသေးသည်။ ဖေဖော်ဝါရီလ (တပို့တွဲလ) ရောက်လာပြီးဖြစ်သော်လည်း မိုးညှင်းဒေသမှာ အတော်ကြီးချမ်းအေးလျက်ပင်ရှိသေးရာ တအိမ်တည်းအတူ တည်းခိုလျက်ရှိသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ကျွန်ုပ်သည်သန်းခေါင်ကျော်သည့်တိုင်အောင် အိပ်ရာသို့မဝင်ကြသေးပဲ မီးလင်းဖိုကလေးရှေ့တွင် မျက်နှာချင်းဆိုင်ထိုင်ကာလက် ဖက်ရည်ကြမ်းတအိုးနှင့် ရှေးဟောင်းနှောင်းဖြစ်များ ပြောလျက်ရှိကြ၏။ ဆီးနှင်းပေါက်များသည် အိမ်နဘေး၌ရှိသော ဝါးရုံပင်ထက်မှ သစ်ပင်အောက်ရှိ မီးပုံပြာထဲသို့ တရှဲရှဲကျသော အသံများသည် သန်းခေါင်ကြက်တွန်သံများအကြားတွင် စည်းဝါးလိုက်ပေးသကဲ့သို့ တချက်တချက်ပေါ်ထွက်လာခြင်းကိုကြားရ၏။ "ဘယ့်နှယ်လဲဆရာ၊ သန်းခေါင်ကြက်တွေလဲ တွန်ကုန်ပြီ၊ ဆရာအိပ်ပျက်နေတော့ မယ်"ဟု ကျွန်ုပ်ကသတိပေးသောအခါ ဆရာကြီးက "မင်းအိပ်ချင်ပြီလားကွ၊ ငါတော့ မအိပ်ချင်သေးပေါင်ကွာ၊ ငါတို့ဒီလို ဆုံဆည်းခဲ့တယ်ကွ"ဟု ပြောသည်နှင့် ကျွန်ုပ်သည် တနာရီထိုးသည့်တိုင်အောင် ဆက်ထိုင်ပြီးမှ အိပ်ရာသို့ ဝင်ကြရပါသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ညီလာခံကြီးမှာ နေ့အချိန်တွင် စည်ကားရုံသာမက ညဥ့်များတွင်လည်း ငြိမ်းချမ်းရေးညွန့်တင် ဇာတ်ပွဲတွေဘာတွေ နှင့် ခြိမ့်ခြိမ့်သဲလျက် တိုးမပေါက်အောင် စည်ကားလှပါဘိသည်။ ကျွန်ုပ်တို့ မြန်မာလူမျိုးအဖို့မှာ မည်သည့်ကိစ္စကိုစီမံသည်ဖြစ်စေ ဇာတ်ပွဲကလေး ဘာကလေးထည့်သော အစီအစဉ်သည် မဆိုးလှဟုစဉ်းစားမိသည်။

ညီလာခံပြီး၍ ကျွန်ုပ်တို့လူစု ပြန်ခါနီးတွင် မိုးညှင်းမြို့ပေါ်မှသာမက ငင်းနယ်ပယ်တဝိုက်ရှိ အမျိုးသမီးအမျိုးသားလူငယ်များသည် အလွန်ရွှင်ပျသော မျက်နှာများနှင့် ကျွန်ုပ်တို့အား နှုတ်ဆက်စဉ် "ဒီညီလာခံမျိုးနှစ်တိုင်း မိုးညှင်းမှာ ကျင်းပနိုင်အောင် ကြိုးစားမယ်"ဟု ပြောရှာကြသည်။ ဝမ်းနည်းဖွယ် အခြင်းအရာ တခုဖော်ပြရဦးမည်မှာ မိုးညှင်းမြို့ပေါ်ရှိ ဖဆပလအစွယ်အပွား လူရမ်းကားကလေး များသည် ပွဲပျက်အောင်အနှောင့်အယှက်ပြုလုပ်ကြသေးသည်ဆိုရာ ကမ္ဘာ့ငြိမ်းချမ်း

ရေးသမားများ၏ အအုပ်အထိန်းကောင်းမှုကြောင့် သူတို့၏အကြံမအောင်မြင်ပဲ ငြိမ်းချမ်းရေးအဖွဲ့ဆိုသည့်အလိုက် ငြိမ်းချမ်းစွာနှင့်ပင် လက်စသိမ်းနိုင်ခဲ့ကြပါပေ သည်။ ဖဆပလဟူသော အမည်ကို ဘယ်သူက မှည့်ခဲ့သည်ဖြစ်စေ ထိုအချိန်တွင် ကား အနယ်နယ်အရပ်ရပ်၌လူရမ်းကားများ သိမ်းသွင်းစုဆောင်းခြင်းအလုပ်တွင် "နိုးတူး"ခေါ်လောက်သည့်လူစုပေတကားဟု မှတ်တမ်းတင်ထိုက်ပါပေသည်။

## မုံရွာနယ်တခွင်သို့

မိုးညှင်းညီလာခံကြီးမှ မန္တလေးသို့ပြန်ရောက်သောအခါ ဆရာကြီးသခင် ကိုယ်တော်မှိုင်းနှင့် ကိုဘငြိမ်းတို့အဖွဲ့သည် မုံရွာသို့ ဆက်လက်သွားရောက်၍ ငြိမ်းချမ်းရေးတရားဟောပြောရန် စီမံကြသည်တွင် ကျွန်ုပ်အားလည်းလိုက်ခဲ့ဖို့ခေါ် ကြပြန်၏။ ကျွန်ုပ်မှာ ဓာတ်ပွဲနှင့် လိုက်ရသည့် ဓာတ်သမားတယောက်ကဲ့သို့ အဖွဲ့အစည်းနှင့် သွားရခြင်းအလုပ်တွင် အတော်ပျော်ပိုက်လျက်ရှိနေပြီဖြစ်သော ကြောင့် တခါပြင်နှစ်ခါပြင်မခေါ်ရပဲ သူတို့နှင့်အတူလိုက်သွားခဲ့ပြန်ပါသည်။ ထိုအချိန်တွင် ကိုဘငြိမ်း၊ သိန်းဖေမြင့်အစရှိသော အမတ်လောင်းများသည် မုံရွာနယ်ဘက်၌ ရွေးကောက်ပွဲအတွက် တရားပွဲများ စီစဉ်လျက်ရှိရာ ကျွန်ုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးတရား ဟောယင်းကနေပြီး ပမညတအမတ်လောင်းများအတွက် ထောက်ခံဟောပြောပေးသူတယောက် ဖြစ်မှန်းမသိ ဖြစ်လာခဲ့ပါလေပြီ။ ဤအပြု အမူအတွက်ကြောင့်ပင် ဖဆပလအစိုးရက ကျွန်ုပ်အပေါ်၌အညှိုးထားပြီး ဖမ်းသည် ဟု (ဟုတ်မဟုတ်ကား မဆိုနိုင်။) သတင်းစာဆရာညိုမြက ဂါဒီယန် သတင်းစာ၌ ရေးသားခြင်းကို သက်ဆိုင်ရာနေရာ၌ ဖော်ပြပါဦးမည်။ မုံရွာနယ်တပိုက်တွင် ကျွန်ုပ်သည် အရှမ်းအသောကလေးများပါရှိသည့် ပုံတိုပတ်စ ကလေးများညှပ်ကာ ဟောပြောတတ်သည့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနောက်မှ မဟောတတ် ဟောတတ်နှင့် တတ်သ၍ မှတ်သ၍ကလေးများဖြင့် ကြံခဲ့ရပါသေးသည်။

ကျွန်ုပ်၏ ဟောပြောချက်များမှာ အကြောင်းယုတ္တိ တင်ပြရာ၌ ညံ့လိမ့်မည် မထင်သော်လည်း ဟောပြောနေကျဖြစ်သော နိုင်ငံရေးသမားများ၊ တရားဟော ဓမ္မကထိကများ၏ လေယူလေသိမ်းမျိုးမဟုတ်သည့် အတွက်ကြောင့် ထိရောက်သင့် သလောက် ထိရောက်ခြင်းရှိပုံ မရခြင်းကိုလည်း ကျွန်ုပ်ရိပ်မိပါသည်။ ဝန်ကြီး ချုပ်ဦးနုရှေ့၌ ဘာသာပြန်ဆုယူခဲ့စဉ်က မိမိအကြောင်းကို နှိမ့်ချပြောပြော ခြင်းဖြင့် အောင်မြင်ခဲ့ဘူးသော်လည်း နေရာတကာတွင် ကိုယ့်အကြောင်းပြောပြ ခြင်းအား ဖြင့် စားသာမည်မဟုတ်ခြင်းကိုသိသည်နှင့် ထည့်မပြောပဲ 'ရွက်ကြမ်းရေကျို' မျှနှင့်ပင် ကျေနပ်ခဲ့ရပါသည်။

## ချဲလင့်ချ်လုပ်လိုက်ပုံ

မုံရွာမှ ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့နှင့်အတူ မန္တလေးသို့ ပြန်လာ ကြ၍ ဆရာကြီးတို့လူစုသည် ကျွန်ုပ်၏နေအိမ်၌ တည်းခိုကြပြီး ရန်ကုန်သို့ ပြန်သွားကြသည့်နောက် ရက်အနည်းငယ်အတွင်း လူထုအယ်ဒီတာချုပ် ရွှေဉဒေါင်း နှင့် လူထုဒေါ်အမာတို့ကို ဧပြီလ ၁၉ ရက်နေ့တွင် ဖမ်းလိမ့်မည်ဟူသော သတင်းတရပ် ပေါ်ထွက်လာ၍ အချို့သတင်းစာများတွင် ဖော်ပြပါရှိခြင်းကို တွေ့လိုက်ရ၏။ ကာယကံရှင်များဖြစ်သော ဒေါ်အမာနှင့် ကျွန်ုပ်တို့ကား ဘာမျှမသိရချေ။ ဤသတင်းကား အတော်ဆန်းကြယ်၏။ သတင်းစာတိုက် အယ်ဒီတာများကို ဖမ်းသည်ဆိုလျှင် ဖမ်းပြီးသောအခါမှ လူအများသိရသော ထုံးစံရှိပါလျက် မဖမ်းမီသုံးလေးရက်ကြိုတင်ပြီးသတင်းပြေးနေခြင်းမှာ အစဉ်အလာ မဟုတ်ချေ။ ဖမ်းလိမ့်မည်ဟု သတင်းဖြစ်သည်ဆိုလျှင် တခါတရံ ဖြစ်နိုင်သေးသော် လည်း ရက်စွဲနှင့်တကွ အတိအကျ ကြိုတင်ဖော်ပြထားခြင်းမှာ မည်သည့်တိုင်းပြည် သတင်းစာရာဇဝင်တွင်မှ မကြားရဘူးချေ။ မအမာကဆိုလျှင် ဧပြီလ ၁၉ ရက်နေ့ နီးကပ်လာကတည်းက အိပ်ရာလိပ်ကလေးများ ပြင်ထားသည်ဆို၏။ ဘယ်အခါ

မဆို ခရီးထွက်ဖို့ အသင့်ရှိသော ကျွန်ုပ်အဖို့မူကား (ဖခင်၏ဝါသနာအတိုင်း ပင်)ဘာမျှပြင်စရာမလို၊ စောင့်၍ကြည့်နေ၏။ သို့နှင့် ၁၉ရက်နေ့ရောက်လာ ပြီး ကျော်လွန်သွားသော်လည်း ကျွန်ုပ်တို့ကိုမဖမ်းပဲ ထားသေး၏။ ဤအတောအတွင်း ရန်ကုန်၌ စစ်ဆေးလျက်ရှိသော လူထုဦးလှ၏အမှုတွင် တရားခံပြသက်သေ အဖြစ်နှင့် ကျွန်ုပ်အားပြထား၍ မေလ၂ရက်နေ့တွင် ရန်ကုန်သို့ ကျွန်ုပ် သွားရမည်ဖြစ်၏။ ထိုအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးက ကျောက်ဆည်နယ် နိုင်ငံရေးတရားပွဲတခုတွင် ဟောပြောလိုက်ပုံမှာကား ရွေး ကောက်ပွဲ၌ ပမညတ အမတ်လောင်းများသည် မိမိတို့ ဖဆပလအမတ်လောင်း များနှင့် ပြိုင်ဝံ့သည်ဆိုလျှင် ငွေ၁၀ဝိနှင့် ၁ကျပ်၊ ၁၀၀ဝိနှင့် ၁ကျပ် အကျော့ပေးပြီး လောင်းဝံ့သည်ဟု ပြောသည်ဆို၏။ ဤတွင် ကျွန်ုပ်က လက်ရှိအာဏာ၏ ဘုန်းရိပ်မခိုပဲ လွတ်လွတ်လပ်လပ်သန့်သန့်ရှင်းရှင်း ရွေးကောက်ပွဲကျင်းပမည် ဆိုပါက ဖဆပလဘက်မှ ငွေကျော့ပေးဖို့မလိုပဲ ပမညတအမတ်လောင်းများဘက်မှ 'ဆတူ'လောင်းစမ်းချင်သည်ဆိုသည့် ချဲ့လင့်ချ်လုပ်သော ဆောင်းပါးတပုဒ်ကို လူထုသတင်းစာ၌ ရေးထည့်လိုက်လေသည်။

## 'ပညာရှိ'နှိပ်စက်ခြင်း

အထက်ပါဆောင်းပါးမှာ မေလ၁ရက်နေ့ထုတ် လူထုသတင်းစာတွင် ပါလေ ရာ မေလ ၂ရက်နေ့တွင် လူထုဦးလှ၏ အမှုအတွက် ကျွန်ုပ်ရန်ကုန်သို့သွား ရလေသည်။ အမှုချိန်းရက် နီးကပ်နေပြီဖြစ်၍ ကျွန်ုပ်သည် လေယာဉ်ပျံနှင့် သွားရလေရာ ခရီးသည်များအနက်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေး ကို မြင်လိုက်ရသည်။ လေယာဉ်ပျံပေါ်၌ ဗိုလ်ခင်မောင်ကလေးနှင့် ကျွန်ုပ် တချက်မျှ မျက်လုံးချင်းဆိုင်လိုက်မိကြရာတွင် တယောက်နှင့်တယောက် တကြိမ်မျှ မတွေ့ဆုံကြဘူးသော်လည်း တယောက်ကိုတယောက် သိကြပုံရသည်။ သူ့မျက်နှာ

ထားကို ကြည့်ရသည်မှာ သူသည် ပမညတဘက်မှ 'ဆတူ'လောင်းရဲ သည်ဆိုသော ကျွန်ုပ်၏(ချဲ့လင့်ချ်)ဆောင်းပါးကို ဖတ်ခဲ့ရဟန်ရှိသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ ထိုညနေ၌ မိုးကလေးစိပ်စိပ်ရွာလျက်ရှိစဉ် လေယာဉ်ပျံ သည် မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်သွားလေရာ လူငယ်တယောက်သည် "ဆရာကြီးပါကလား"ဟု နှုတ်ဆက်၍ ကျွန်ုပ်၏ပစ္စည်းကလေးများကို လေယာဉ်ပျံ ပေါ်မှ ရုံထဲသို့ ကူညီသယ်ယူပေးပါသည်။ ရုံထဲသို့ရောက်ကြသောအခါ (ယစ်မျိုးဘက်ကထင့်) အမှုထမ်းများသည် ထိုလူငယ်၏ပစ္စည်းများကို မွှေနှောက်ကြည့်ရှုကြရာတွင် ရွှေချောင်းသုံးလေးချောင်း တွေ့ကြ၏။ ဤတွင်အမှုထမ်းသည် ကျွန်ုပ်ရောလူငယ်ကိုပါ အခန်းတခုထဲသို့ခေါ်သွားပြီး စစ်ဆေးကြ၏။ လူငယ်က သူ၏အထုပ်ထဲမှတွေ့ရှိသော ရွှေချောင်းများဖြစ်၍ သူ၏ပစ္စည်းဖြစ်ကြောင်း ဝန်ခံပြောဆိုပါလျက်နှင့်ပင် အမှုထမ်းများက ကျွန်ုပ်ကိုမလွှတ်သေးပဲ "ဒီဟာ ဆရာကြီး ပစ္စည်းလား၊ ခင်ဗျားပစ္စည်းဟုတ်ရဲ့လား" စသည်ဖြင့် အကြိမ်ကြိမ် အထပ်ထပ်စစ်မေးလျက်ရှိ၏။ ထိုအတောအတွင်း၌လူများသည် ကျွန်ုပ်တို့နှစ်ယောက်ကို ချောင်းမြောင်းကြည့်ရှုနေကြ၏။ လူငယ်က "ကျွန်တော့ပစ္စည်းပါဆိုမှဗျာ၊ ခင်ဗျားတို့က ဆရာကြီးကိုမေးလားမြန်းလား ဒုက္ခမပေးကြပါဘိနဲ့"ဟုပြောပေး၏။ ထိုအချိန်တွင် ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်ကလေးသည် အခြားအခန်းတခုတွင် ထိုင်လျက်ရှိ၍ ကျွန်ုပ်ကို တတ်နိုင်သမျှ အနှောင့်အယှက်ပေးဖို့ အမှုထမ်းများအား မျက်ရိပ်ပြထားလေသ လောဟူ၍ပင် ကျွန်ုပ်သင်္ကာမကင်းရှိလာလေပြီ။ ခရီးသည်များသည် ယူဘီအေ ဘတ်စ်ကားကြီးပေါ်သို့ တက်ကုန်ကြပြီဖြစ်ရာ လူငယ်နှင့် ကျွန်ုပ် နှစ်ယောက်တည်းသာ ကျန်လေတော့သည်။ ကျွန်ုပ်မှာ ဘတ်စ်ကားကို မမီလိုက်လျှင် နေကလည်းဝင်၊ မိုးကလည်းရွာ၊ အကြိုအဆိုကလည်းမရှိသဖြင့်) တယောက်တည်း ဒုက္ခရောက်ရချေတော့မည်ဆိုကာ စိတ်ပေါက်လာသည်နှင့် "ဟေးလူတွေ ဘာလုပ်ကြတာလဲ၊ ရွှေချောင်းဥစ္စာရှင် ရှိလျက်နဲ့ ငါ့ကိုဘာပြုလို့ တာဆီးထားနိုင်သလဲ"ဟု အော်ငေါက်သည်တွင်မှ

အမှုထမ်းများသည် တယောက်၏မျက်နှာကို တယောက်ကြည့်ပြီး ကျွန်ုပ်ကိုသွားခွင့် ပြုလိုက်ကြသည်။

ဘတ်စ်ကားလည်းထွက်တော့မည်ဆဲဆဲရှိနေရာ ကျွန်ုပ်သည် လူထုမအမာက လက်ဆောင်ပါးလိုက်သည့် သရက်သီးခြင်းတောင်းကလေးကိုဆွဲပြီး ဘတ်စ်ကား ပေါ်သို့ အပြေးအလွှားတက်ရပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ဗိုလ်ခင်မောင်ကလေး သည် အခန်းထဲမှ ချောင်းကြည့်ပြီး ကျွန်ုပ်၏ဒုက္ခရောက်ပုံများကို ရယ်လျက်ရှိ သည်ဟု ထင်မိသည်။ (လူထု မအမာကား လက်ဆောင်ပါးခြင်းနှင့် ပတ်သက်ပြီး ရှာရှာဖွေဖွေ စိတ်ကူးရသော မိန်းကလေးတယောက်ဖြစ်၏။ တရုတ်ပြည်သို့ သွားစဉ်ကလည်း သံအမတ်ဦးလှမောင်အတွက်ဆို၍ လက်ဖက်စို၊ ကြက်သွန်ကြော်၊ နှမ်းဆီပုလင်းတို့ကို ခြင်းတောင်းတခုတွင် ကိုးရိုးကားရားထည့်ပြီး လက်ဆောင်ပါး လိုက်ရာ ဘန်ကောက်၊ ဟောင်ကောင်၊ ကွမ်တုံစသော နိုင်ငံခြားမြို့များတလျှောက် ဖြတ်သန်းသွားရစဉ် လမ်းတွင် ပစ်ချထားခဲ့ဖို့ ဆယ်ကြိမ်မက စိတ်ကူးမိသည်။ ပီကင်းသို့ရောက်၍ သံအမတ်ဦးလှမောင်သို့ လက်ဆောင်ပေးလိုက်ရာတွင် ဦးလှ မောင်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းသို့ ခွဲပေးသည်ကို မြင်ရသဖြင့် ‘တော်ပါ သေးရဲ့၊ ငါလဲစားရအုံးမှာပဲ’ဟု ဖြေဆည်မိသည်။ နောက်တနေ့တွင် ခံတွင်းချဉ် သည်နှင့် “ကျွန်တော့်ကိုလက်ဖက်တရိုးပေးပါဆရာ”ဟုတောင်းမိရာ ဆရာကြီးက “ဟော့ မရှိဘူးကွ၊ ဦးပဉ္စင်းတွေကို ငါအကုန်လှူလိုက်ပြီ”ဟု ပြန်ပြောသဖြင့် “ပက်လက်လန်ကျန်ရစ်သည်” ဟူသော ငယ်စဉ်ကသီချင်းတပိုဒ်ကို သတိရ မိသည်။)

## ကံဆိုးသောမေလ ၁၀ ရက်

ကျွန်ုပ်တည်းခိုသော ညီတော်မောင်၏ နေအိမ်သို့ရောက်၍ လူထု၏အမှု တွင် သက်သေခံရန်အတွက် နှစ်ရက်သုံးရက် နေထိုင်လျက်ရှိစဉ် အစိုးရစုံထောက်

များ သည်နေ့တိုင်းလိုပင် ကျွန်ုပ်အကြောင်းကို လာရောက်မေးမြန်းကြသည်ဆို၏။ ကျွန်ုပ်နှင့်ကား တခါမှမတွေ့ရပါ။ ဤတွင်ကျွန်ုပ်သည် လေယာဉ်ပျံပေါ်၌ မြင်လိုက်ရသည့် ဗိုလ်ခင်မောင်ကလေး၏မျက်နှာထားကို သတိရ၍ ပြည်ထဲရေး ဝန်ကြီးကား လေယာဉ်ပျံရုံထဲတွင် ငါ့ကိုညဉ်းရရုံနှင့် ကျေနပ်သေးပုံမပေါ်ဟု စဉ်းစားမိပါသေးသည်။ အမှုတွင်သက်သေခံပြီးနောက် ကျွန်ုပ်မန္တလေးသို့ပြန်သော အခါတွင် ရန်ကုန်ဘူတာကြီး၌ မီးရထားတွဲထဲတွင် ထိုင်လျက်ရှိစဉ် လူနှစ်ယောက် သည် မလှမ်းမကမ်းမှ ကျွန်ုပ်ကိုကြည့်လျက် သူတို့အချင်းချင်း စကားပြောကြခြင်း ကိုမြင်ရ၏။ စိတ်ထဲ၌ထိတ်လန့်လောက်အောင်မရှိသော်လည်း သူတို့မျက်နှာများ သည် ကျွန်ုပ်အား ရွှင်မြူးခြင်းမဖြစ်စေသည်ကို ဝန်ခံရပါမည်။ မန္တလေးသို့ ချောမောစွာ ဆိုက်ရောက်သွား၍ တို့ဘုရင်ဦးဘရင်သည် ကျွန်ုပ်၏အိမ်သို့လာပြီး နက်ဖြန်နံနက်စောစောတွင် မတ္တရာမြို့သို့ သွားကြဖို့ပြောသဖြင့် ကျွန်ုပ်က လိုက်ရန်သဘောတူလိုက်ရပါသည်။ နောက်တနေ့တွင် ကျွန်ုပ်သည်နံနက်စော စောထ၍မတ္တရာသို့သွားရန်အတွက် အဝတ်များလဲလှယ်ပြင်ဆင်လျက်ရှိစဉ် အိမ် ရှေ့၌ဂျစ်ကားတစီးဆိုက်လာသည်နှင့် ကျွန်ုပ်က "လာပြီဗျို့ ဦးဘရင်"ဟု လှမ်းပြောလိုက်သေး၏။ သို့ရာတွင်ဂျစ်ကားကိုကြည့်လိုက်သောအခါ၌၍ ဦးဘရင် ၏ ဂျစ်ကားမဟုတ်သည့်ပြင် ဦးဘရင်လည်းမဟုတ်ပဲ အခြားလူနှစ်ယောက် သုံးယောက်ကိုမြင်ရသည်နှင့် 'ဘယ်သူတွေပါလိမ့်' ဟုစဉ်းစားနေမိသေး၏။ သို့သော် ကြာရှည်စွာစဉ်းစားဖို့မလိုချေ။ ဖော်ပြခဲ့သည့် အဖြစ်အပျက်ကလေး များကြောင့် အမှန်ကိုရုတ်တရက် တွေးဆနိုင်ပါသည်။ ဌာနအုပ်တယောက်သည် အရပ်လူကြီးကိုခေါ်ခဲ့၍ ကျွန်ုပ်ကိုဖမ်းရန်လာခြင်းဖြစ်လေသည်။ ဤနေ့သည်ကား မေလ ၁၀ ရက်နေ့ဖြစ်ရာ ၁၉၄၂ခုနှစ်က ကျွန်ုပ်အား ချန်ကေရှိတ်၏ တရုတ်ဖြူများ ဖမ်းသွားခြင်းမှာလည်း မေလ၁၀ရက်နေ့ပင် ဖြစ်သောကြောင့် ဤနေ့ ဤရက်သည် ကျွန်ုပ်အဖို့ ကံမကောင်းသော နေ့ရက်ဟူ၍ အမှတ်အသား

ပြုမိသည်နှင့် နှစ်တိုင်း ဤနေ့ ဤရက်တွင်ဘာမှုနှင့်များ ဖမ်းကြဦးမည်နည်းဟု သတိရမိပါသည်။

## မိတ်ဆွေများ လိုက်ပို့ခြင်း

များမကြာမီ ဦးဘရင်၏ ဂျစ်ကားလည်း ဆိုက်ရောက်လေရာ အဖမ်းအဆီး နှင့် ပတ်သက်၍ အဆန်းမဟုတ်သော ဦးဘရင်အဖို့မှာ မျက်နှာပျက်လှအောင် မရှိသော်လည်း နောက်ထပ်ရောက်လာကြသည့် ဆရာလွင်နှင့် လူထုမအမာတို့မှာ မျက်နှာထား ပြောင်းလဲခြင်းရှိသည်ကို သတိပြုလိုက်မိသည်။ လူထုမအမာမှာမူ "တယောက်တည်းမှ ဟုတ်ပါလေစ၊ ငါပါပါလေသေးသလား"ဟု စဉ်းစားမိလေသ လော မပြောတတ်ပေ။ ကျွန်ုပ်အဖို့ အိပ်ရာလိပ်နှင့် ရွက်ဖျင်ကုလားထိုင်ကို ဂျစ်ပေါ်သို့ တင်ပြီးနောက် ဇနီးမစိုးနှင့် မိတ်ဆွေများသည် ကျွန်ုပ်အား ထောင်ကြီးသို့ လိုက်ပို့ကြ၏။ ကျွန်ုပ်မှာ တရားအားထုတ်ထားသူတယောက် ဖြစ်သည့်အလျောက် ဤမျှလောက်သော လောကဓံအတွက်ပြင်ဆင်ပြီးဖြစ်၍ ကြံ့ကြံ့ခံဖို့အသင့်ရှိပါ၏။ သို့ရာတွင် အချို့လူများကဲ့သို့ ပြုံးပြုံးရွှင်ရွှင်နှင့် ခံသည်ဟူ၍ကား မဆိုနိုင်ပါ။ ဤအကြောင်းနှင့် ပတ်သက်၍ လောကဓံ ခံပုံခံနည်းချင်း တမျိုးစီရှိနေကြပုံကို ရှင်းပြရပါဦးမည်။

## ခံပုံအမျိုးမျိုး

စိတ်ပျော့၍ ခံနိုင်ရည်မရှိသောလူများသည် အဖမ်းအဆီးခံရခြင်း၊ ဒုက္ခတခုခု တွေ့ရခြင်းစသော လောကဓံမျိုးနှင့် ကြုံတွေ့ရသည့်အခါ မျက်နှာကလေးငယ်ငယ် နှင့် ဟိုလူကိုမာန်၊ သည်လူကိုမဲ စသည်ဖြင့် လုပ်တတ်ကြ၍ အလွန်ညံ့သူများကား မျက်ရည်ကလေး ကလယ်ကလယ်ဖြစ်တတ်ကြ၏။ ဤသည်တို့ကား လူညံ့များ၏

လက္ခဏာများဟူ၍ နားလည်ကြသည့်အလျောက် သတိကောင်းသော လူများသည် ထိုကဲ့သို့ မဖြစ်မိစေရန် ကြိုးစားကြလေသည်။ ယင်းသို့ကြိုးစားရာတွင် တဘက်စွန်းသို့ရောက်သွားကြသူများလည်းရှိကြ၏။ အနောက်တိုင်းသားများက ဒုက္ခတွေ့လျှင် (Grin and Bear) သွားဖြဲပြီး ခံတတ်ရမည်ဟုဆိုကြ၏။ ဤအပြုအမူသည် မျက်နှာကလေးငယ်ငယ်နှင့် ခံခြင်းမျိုးထက် ကောင်းမွန်ခြင်းကား ယုံမှားဖွယ်ရာမရှိပါပေ။ သို့ရာတွင် ကျွန်ုပ်၏အယူအဆမှာ 'သွားဖြဲပြီး' ရယ်ရယ်ပြုံးပြုံးနှင့် ခံခြင်းသည် 'ဟန်လုပ်ခြင်း'တမျိုးဖြစ်သည်ဟုဆိုချင်၏။ သို့သော် ဟန်မလုပ်ပဲ မျက်ရည်ဝိုင်းခြင်းထက် ဟန်လုပ်ပြီးသွားဖြဲနိုင်ခြင်းက ကောင်းခြင်းကို ဝန်ခံရန်အသင့်ရှိပါ၏။ သို့နှင့်လည်း သွားဖြဲ၍ခံခြင်းသည် 'ဟန်လုပ်ခြင်း'သဘောမျိုးပါရှိသည့်အတွက်ကြောင့် အကောင်းဆုံးသော 'ခံနည်း'ဖြစ်သည်ဟု ကျွန်ုပ်မယူဆပါ။ ကျွန်ုပ်၏ထင်မြင်ချက်မှာကား လောကခံရှစ်ပါးကို အောင်မြင်သည်ဆိုသော ရဟန္တာပုဂ္ဂိုလ်များသည် ဒုက္ခအကြီးအကျယ် ကြုံတွေ့ရသောအခါများ၌ 'သွားဖြဲပြီး' ခံကြသည်မထင်ပါ။ တုန်လှုပ်ခြင်း၊ ညှိုးငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ နှလုံးမသာယာခြင်း၊ ပူပန်ခြင်းအစရှိသည့်အမူအရာ လက္ခဏာမျိုးအလျဉ်းကင်း၍ ငြိမ်သက်ကြည်လင်သော မျက်နှာထားမျိုးနှင့် ဣန္ဒြေရရခံတော်မူကြသည်ဟု ထင်မြင်ပါသည်။ ကျွန်ုပ်မှာ အာသဝေါကင်းသောပုဂ္ဂိုလ် မဟုတ်ငြားသော်လည်း (စက်တိုင်တက်ရမည့် အမှုမျိုးလည်း မဟုတ်သောကြောင့်) တုန်လှုပ်လောက်အောင် မရှိ။ ဟန်လုပ်နေဖို့လည်း မလို၊ နကိုအတိုင်း ကြံ့ကြံ့ခိုင်ခိုင်နှင့် ဣန္ဒြေရရ နေတတ်ဖို့လောက်သာ သတိပြုလျက် ရှိပါသည်။ လူထုမအမာက နောက်တနေ့ထုတ် လူထုသတင်းစာတွင် ပြုံးပြုံးရွှင်ရွှင်နှင့် အဖမ်းခံသည်ဟု ကျွန်ုပ်အကြောင်း ရေးသားခြင်းကိုတွေ့ရသည့်အခါ "မဟုတ်ဘူး မအမာရေ၊ ဒီလိုမရေးပါနဲ့၊ မှန်လဲမမှန်ဘူး"ဟု ပြောပြရာတွင် မအမာသည် ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကို နားလည်ပါလေစ မပြောတတ်ပေ။ ကျွန်ုပ်ကိုယ်ကျွန်ုပ် အထင်ရောက်လျက်ရှိသည်

မှာကား ငါသည်ဟန်လုပ်ဖို့လိုသည့် အဆင့်အတန်းထက် မြင့်သည်ဟု ဆိုလိုပါသည်။

## မျှော်လင့်ချက် မကိုက်ပုံ

ကျွန်ုပ်ကိုဖမ်းပြီး ထောင်ထဲသို့ ပို့လိုက်သောအခါ၌ မတုန်လှုပ်ခြင်း အကြောင်းတရပ်မှာထောင်ထဲ၌အချုပ်ခံရခြင်းသည် မိမိသွားလိုသော နေရာသို့ မသွားရခြင်းထက်ပိုပြီး ဒုက္ခရောက်စရာမရှိ၊ ထောင်ထဲ၌လည်းငါ့ကိုလေးစားသည့် လူငယ်များနှင့် စကားစမြည်ပြောကာ အချိန်ဖြုန်းနိုင်သည်၊ စာဖတ်နိုင်သည်၊ တရားနှလုံးသွင်းနိုင်သည်၊ စားချင်ရာ မှာစားနိုင်သည်၊ (အစားသမားဖြစ်၍ အစားကလေးတော့ သတိရပါသည်။) လမ်းလျှောက်နိုင်သည် စသည်ဖြင့် ထင်မိသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင်ဇနီးနှင့် မအမာတို့ပြန်သွားကြသော အခါ ထောင်မှူးများသည် ကျွန်ုပ်ထင်ခဲ့သည့်အတိုင်း အခြားနိုင်ငံရေး အကျဉ်း သမားများရှိသည့်နေရာသို့ ခေါ်မသွားပဲ အလွန်ကျဉ်းမြောင်းလှသည့် အုတ်တိုက် ခန်းကလေးထဲသို့ ခေါ်သွားကြ၏။ မေလ(ကဆုန်လ)ဖြစ်၍ အလွန်ပူပြင်း သည့်နွေရာသီဖြစ်ရသည့်အထဲတွင် တိုက်ခန်းကလေးသည် အနောက်ဘက်သို့ မျက်နှာမူလျက် ရှိသောကြောင့် သည်းမခံနိုင်အောင် ပူလောင်လှပါသည်။

ကျွန်ုပ်မှာနွေရာသီသို့ရောက်တိုင်း မေမြို့တက်ပြီး တလကျော်ခန့် အပူရှောင်လာခဲ့သူဖြစ်လေရာ ဤနှစ်တွင်လည်း လူထုဦးလှ အမှုတွင်သက်သေခံ ပြီးလျှင် မေမြို့သို့တက်ရန် ကြံရွယ်ချက်ရှိခဲ့သည်ဖြစ်၍ တိုက်ခန်းကလေးသည် အခြားလူများထက် ကျွန်ုပ်အား ပို၍ပူလောင်စေသည်ဟုထင်မိပါသည်။ အသိ လူငယ်များလည်း မတွေ့၊ ရေလည်းမချိုးရ၊ လေတိုက်လည်းမခံရ၊ အစားအသောက် မှာလည်း အိမ်မှပို့ပါလျက်အလွန်ချာလှသည်။ ကျွန်ုပ်မှတ်မိသေးသည်။ ကျွန်ုပ် သည် ထောင်ထမင်းဟင်းကို စားနိုင်ပါသည်ပြောသော်လည်း ဇနီးနှင့် မအမာတို့က

ကျွန်ုပ်၏ စားကောင်းသောက်ဖွယ် တပ်မက်ခြင်းကို သိကြသည်နှင့် နေ့တိုင်းနံနက် စာညစာ ပို့ကြဖို့စီမံကြသည်။ နောက်တနေ့၌ အိမ်မှပို့လိုက်သည့် ထမင်းဟင်း သံဆင့်ကို ဖွင့်ကြည့်လိုက်သည့်အခါ ကြက်ရိုးနှင့် ခဝဲသီးချက်သည့် ဟင်းချို၊ သရက်သီးသနပ်နှင့် ငါးပိကြော်တို့ကို တွေ့ရ၏။ ဟင်းကောင်းမပါရှိချေ။ မအမာနှင့် ဖနီးတို့ရောက်လာကြ၍ 'ဗူး'ထဲ၌ တွေ့ဆုံကြသဖြင့် ကျွန်ုပ်က မေးကြည့်သောအခါ ကြက်ရင်အုပ်ကြော်တခွက် ပျောက်နေကြောင်း သိကြရလေ သည်။ 'ဗူး'ထဲမှ ကျွန်ုပ်၏ တိုက်ခေါင်းကလေးထဲသို့ ထမင်းသံဆင့်ကို ဆွဲပို့ရသည့် အကျဉ်းသမားသည် ကြက်ရင်အုပ်ကြော်ကို နှိုက်ယူထားလိုက်ခြင်း ဖြစ်ရပေမည်။ ဤအကြောင်းကို ထောင်ပိုင်ကြားသည်နှင့် ထမင်းပို့ရန်အတွက် လူပြောင်းလဲပေး လေရာ ဟင်းကောင်းတခွက်လုံး မပျောက်တော့ပဲ တဖဲ့တစွဲ့မျှပျောက်ခြင်းကို (ဟင်းအစအနများ တွေ့ရခြင်းအားဖြင့်) သိရပေသည်။ သို့သော်သူတို့လည်း ငတ်ရှာကြသည်ဟု အောက်မေ့၍ တိုင်တန်းခြင်းမပြုပဲ သည်းခံလိုက်ပါသည်။

## အာဃာတနှင့် နှိပ်စက်ခြင်းလော

ကျွန်ုပ်အဖို့ရာ၌ အများဆုံး ဒုက္ခရောက်စေသော အခြင်းအရာမှာ အစား အသောက်မဟုတ်၊ နေပူ၍ညဥ့်အိုက်ခြင်းနှင့် နံစော်ခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ် ဒုက္ခရောက်ပုံကို အခြားတနေရာ၌ ရေးသားဖော်ပြခဲ့ဘူးပြီဖြစ်သောကြောင့် ဤ မှတ်တမ်းတွင် အကျယ်တဝင့် ဖော်ပြရန် မကြံရွယ်တော့ပါ။ ဖဆပလအစိုးရ သည် ကျွန်ုပ်အပေါ်၌ အာဃာတထားပြီး ညဥ်းဆဲပုံရသည့် အပြုအမူကိုသာ ဖော်ပြလိုပါသည်။ ဖဆပလအစိုးရသည် လူထုခေါင်းကြီးတွင်ပါရှိသည့် ပြုစောထီး ကြောင်းရေးသားချက်ကြောင့် ကျွန်ုပ်အားတရားစွဲပြီး ဖမ်းချုပ်ထားခြင်းဖြစ်သည်ဟု သိရ၏။ ပြုစောထီးမကောင်းခြင်းကို တပြည်လုံးသိရုံမက သူတို့ကိုယ်တိုင်လည်း သိ၍ဟိုလိုပြောင်း သည်လိုပြောင်း လုပ်ခဲ့ရ၏။ သည်အထဲကပင် ပုပ်စော်နံခြင်းကို

ပုပ်စော်နံပါသည်။ ဤအတိုင်းဆိုလျှင် ဖဆပလအစိုးရအဖို့လည်း နာမည်ပျက်မည်ကို စိုးရိမ်ရပါသည်ဟု သတိပေးရေးသားမိသော ခေါင်းကြီးအတွက် ကျွန်ုပ်ကို တရားစွဲပြီး ဖမ်းချုပ်ထား၏။ ဤမျှဆိုလျှင်ပင် လွန်လှပါချေပြီ။ လွန်ပင် လွန်စေဦးတော့ကျွန်ုပ်သည် ထိုလူစု၏ ဉာဏ်ပညာနုနယ်ခြင်းကို သိပြီးဖြစ်၍ ခွင့်လွှတ်ရန် တတ်နိုင်ပါသေးသည်။ ယခုသော် ကျွန်ုပ်ကိုဖမ်းပြီး ထောင်ထဲတွင် သွင်းထားရုံမက လူသတ်မှုတရားခံများကို ကြိုးစင်သို့မတင်မီ ပိတ်လှောင်ထားသည့် လိုဏ်ခေါင်းကလေးထဲသို့ သွတ်သွင်းပိတ်လှောင်ထားလေသေးသည်။ ဤအထဲတွင် ရာသီဥတု၏ ပူပြင်းမှုကလည်း ကျွန်ုပ်အား ဖြည့်စွက်နှိပ်စက်လိုက် သေးသည်ဖြစ်ရာ ကျွန်ုပ်အပေါ်၌ အာဃာတစိတ်ထားဖြင့် တမင်တကာ ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်ခဲ့ပါမူ အကြင်သူသည် ကျွန်ုပ်၏ဆင်းရဲဒုက္ခရောက်ခဲ့ရပုံ များအကြောင်းကို ကြားရခြင်းအားဖြင့် ဝမ်းသာမည်ဆိုလျှင်လည်း သာပါစေ၊ နောင်တတရား ရလျှင်လည်းရပါစေဟု အောက်မေ့မိပါသည်။

## စာထန်ထန်ရေးခြင်း

ထိုရက်များ၌ ကျွန်ုပ်သည် ထောင်စည်းကမ်းများအကြောင်းကို ဘာမျှမသိ၊ မည်သူနှင့်မျှလည်း တွေ့ဆုံခွင့်မရှိသည့်အတွက်ကြောင့် တိုက်ပိတ်ခံရခြင်းသည် ထောင်ထဲသို့ ရောက်ခါစလူများအတွက် ထုံးစံတခုပေလောဟု ကြိတ်၍သာ ခံခဲ့ပါသည်။ သို့ရာတွင် ဘိကလပ်စ်ရသည်ဆိုပြီး တိုက်ခေါင်းကလေးထဲတွင် တယောက်တည်းနေရခြင်းအတွက် အံ့ဩမိပါ၏။ သုံးလေးရက်ခန့် ကြာ လတ်သော် ဗိုလ်ချုပ်အောင်ဆန်းကတော် ဒေါ်ခင်ကြည်၏မောင် မောင်သိန်းသည် ကျွန်ုပ်ကို ပိတ်ထားသည့် တံခါးအပြင်ဘက်မှ ချောင်းလျက် နှုတ်ဆက်သည်နှင့် ကျွန်ုပ်က မေးမြန်းစုံစမ်းရာတွင်မှ အကြောင်းမဲ့တိုက်ပိတ်ထားခြင်း ဖြစ်သည်ဟု သိရပါတော့သည်။ ထိုအခါ၌ကား ကျွန်ုပ်ဒေါပွဖို့နားလည်လာခဲ့လေပြီ။ သို့ဖြစ်၍

ကျွန်ုပ်သည် ထောင်ပိုင် မစ္စတာကရစ်ရှနားထံသို့ မည်သူ့အမိန့်နှင့် ကျွန်ုပ်ကို တိုက်ပိတ်ထားခြင်း ဖြစ်ကြောင်း သိလိုသည်ဟု ဒေါပါပါ စာတစောင် ရေးပို့လိုက်၏။ ထောင်ပိုင်သည် နေရာမရှိသည့် အတွက်ကြောင့်လိုလို ကျွန်ုပ်ကို ပြောသေးရာ ကျွန်ုပ်မန္တလေးထောင် ကြီးတခုလုံးတွင် ကျွန်ုပ်အတွက် ဤ လိုဏ်ခေါင်းကလေး တခုတည်းသာရှိသလော၊ မျက်နှာလိုအားရ သဘောမျိုးနှင့် ကျွန်ုပ်ကို နှိပ်စက်ချင်သည်ဆိုလျှင် ခင်ဗျားဦးခေါင်းထက်မှာ မီးထတောက် လိမ့်မည်၊ သတိထားလိုက်ပါ စသည်ဖြင့် အထန်ဆုံးသော စကားလုံးများဖြင့် ရေးသားပေးပို့လိုက်သည်တွင်မှ ထောင်ပိုင်သည် ကျွန်ုပ်အားထောင်ဆေးရုံပေါ်သို့ ပြောင်းရွှေ့ထားပါတော့သည်။ ဆေးရုံပေါ်တွင်လည်း တခြမ်းလုံးကို ကျွန်ုပ်အတွက် ရှင်းလင်းပြီး တယောက်တည်း ထားပါလေသည်။ သို့သော် အပူဒဏ်နှင့် အနံ့အစော်ကင်းခြင်းကြောင့်ကျေနပ်ပါ သည်။ တိုက်ပိတ်ခံရခြင်းမှာ ခြောက်နေ့နှင့် ခြောက်ညဖြစ်လေရာ ဖဆပလအစိုးရ ၏ကောင်းမှုကြောင့် ကျွန်ုပ်၏သဘာဝဠ် နောက်ဆုံးပေါက်လာသည့် မာထက်သော ဆူးကြီးတချောင်းပေတည်း။ (ကျွန်ုပ်၏ သဘာဝဠ် 'ဖြူ'ကောင်သဖွယ် ငယ်စဉ် ကတည်းက ပေါက်ခဲ့သည့် 'ဆူး'များ အကြောင်း ရေးသားဖော်ပြခြင်းကို မှတ်မိသူများသည် ဆူးမပေါက်သည်မှာ အတန် ကြာလေပြီဟု သတိရကောင်း ရကြပေလိမ့်မည်။ 'ဆူး'ဟူသည်မှာ ရန်ညိုးဖွဲ့ခြင်း ဟူ၍ မယူဆကြစေလိုပါ။ ကျွန်ုပ်၏ သဘာဝကို 'ချဉ်စူးတူးခါး' အောင်ပြုလုပ် တတ်ခြင်းဟူ၍သာ နားလည်ကြစေလို ပါသည်။)

## တွေးကြထင်ကြပုံ

ထောင်ထဲ၌ လေးလနှင့် ၂၂ ရက်နေခဲ့ရပြီးနောက် ၁၉၅၆ခုနှစ်၊ အောက်တို ဘာလ ၁ ရက်နေ့တွင် တရားသူကြီးသည် ကျွန်ုပ်ကို စွဲချက်မတင်ပဲ (Discharge) တရားရှင်လွှတ်ဖို့ အမိန့်ချလိုက်လေ၏။ ထောင်မှထွက်ရသည်ဆိုလျှင် ဝမ်းသာ

ကြစမြဲဖြစ်သော်လည်း ကျွန်ုပ်အဖို့မှာ 'တိုက်ပိတ်'ရာမှထုတ်ပြီး ဆေးရုံပေါ်သို့ ပို့လိုက်စဉ်ကထက် ပို၍ဝမ်းသာသည်ဟု မဆိုနိုင်ပါ၊ ဝမ်းမသာနိုင် အောင်ဖြစ်ရပုံ မှာလည်း ကျွန်ုပ်အားလွှတ်ပစ်လိုက်သည့် တရားသူကြီးမှာ ရက်ပိုင်း လောက် အတွင်းမှာပင် ကျောက်ဖြူသို့ ပြောင်းရွှေ့လိုက်သည်ဟူသော သတင်းကို ကြား ရသောကြောင့်ဖြစ်၏။ ဤအကြောင်းနှင့်ပတ်သက်၍ တောင်တောင်မြောက် မြောက် ပြောသံများကြားရ၏။ ဟုတ်ချင်မှလည်း ဟုတ်ပေမည်။ အကယ်၍ လူအများ တွေးထင်ကြသည့်အတိုင်း ကျွန်ုပ်ကို လွှတ်ပစ်ခြင်းကြောင့် တရားသူကြီး ကို နယ်ပြောင်းရွှေ့ပစ်ခြင်းမှန်ခဲ့ပါလျှင် ကျွန်ုပ်သည် သူ့အတွက် ထောင်ထဲသို့ ပြန်ဝင်ရန် အသင့်ရှိသည်ဟု အောက်မေ့ဘူးပါသည်။ ဤသို့သော်စိတ်ကူးဖြစ်ပေါ် လာခြင်းမှာကျွန်ုပ်သည် အလွန်တရာ စိတ်နှလုံးကောင်းသော ပုဂ္ဂိုလ်တယောက် ဖြစ်သောကြောင့်ဟူ၍ ဆိုလိုခြင်းမဟုတ်၊ ကျွန်ုပ်၌ အကျိုးရှိသည်ထက် သူ့၌ ပို၍အကျိုးယုတ်လေသလောဟု တွေးတောမိသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ် အဖို့ရာ၌ကား ထောင်ထဲ၌ လေးငါးလနေလိုက်ရကတည်းက အတော်ကျင့်သားရ သွားသည့်ပြင် ဟိုသွားသည်သွားမလှုပ်ရှားရရုံမှတပါး ထောင်သည် ကျွန်ုပ်အတွက် ကြောက်မက်ဖွယ်ရာသော ဌာနကြီးတခု မဟုတ်ဟူ၍မြင်လာ သောကြောင့် ဖြစ်ပါသည်။ (ဝမ်းသာစရာနှင့် ဝမ်းနည်းစရာတို့ ပူးတွဲကပ်ပါတတ် ခြင်းမှာ ကျွန်ုပ်၏ဇာတာအတိုင်း ဖြစ်ပါသည်။)

## ကိုဘငြိမ်း

ကျွန်ုပ်၏မှတ်တမ်းတွင် အချို့ပုဂ္ဂိုလ်များအပေါ်၌ မကျေနပ်မှုရှိလျှင် မကျေ နပ်သည့်အလျောက်၊ ကျေနပ်စရာကို ကျေနပ်သည့်အလျောက် ရေးသားဖော်ပြ ခဲ့ခြင်းများကို စာဖတ်သူတို့ သတိပြုမိကြပေလိမ့်မည်။ တရုတ် ပြည်သို့သွားစဉ်က ကိုဘငြိမ်းအပေါ်၌ ကျွန်ုပ်မကျေမနပ်ဖြစ်ခဲ့ရဘူးပုံကို ဖော်ပြခဲ့ဘူးသည်ဖြစ်ရာ

သူ၏ကျေနပ်ဖွယ်သော အကြောင်းအရာကို မဖော်ပြခဲ့လျှင် ကျွန်ုပ်တရားလိမ့်မည်မဟုတ်ချေ။ ထောင်ထဲ၌နေရစဉ် ကျွန်ုပ်၏အိမ်သူအိမ်သား များနေရေးထိုင်ရေးအတွက် လူထုမအမာတို့က တာဝန်ယူသည့်ပြင် ကျွန်ုပ်တို့၌လည်း အလုပ်ကလေးအနည်းငယ်ရှိသည့်အတွက်ကြောင့် ငွေကြေးအတွက် ပူပင်ရခြင်းမရှိ၊ မည်သူ၏အထောက်အပံ့ကိုမျှ စောင့်မျှော်ရန် မလိုအပ်သော်လည်း ကျွန်ုပ်မမျှော်လင့်သည့်အသိမိတ်ဆွေ နှစ်ယောက်သုံးယောက်တို့က ငွေကြေးနှင့် ပတ်သက်၍ အကူအညီလိုခဲ့လျှင် ပြောသာပြောပါဟု မစိုးအားပြောကြပါပေသည်။ ၎င်းတို့အနက်တွင်ကိုဘငြိမ်းကား ကျွန်ုပ်အမှတ်ရဆုံးသော မိတ်ဆွေဖြစ်လေသည်။ မန္တလေးသို့ရောက်လာတိုင်း "အစ်မကြီး သုံးလောက်ကြရဲ့လား၊ ကျွန်တော့်ကိုပြောနော်၊ အားမနာနဲ့"ဟု ကျွန်ုပ်ဇနီးအားမေးဖော်ရသည်ဟု မစိုးကပြော၍ သိရပါသည်။ ထို့ပြင် ကျွန်ုပ်ကိုတွေ့ရန် ထောင်ထဲသို့ဝင်လာကြသည့် ဒေါက်တာဦးအေးမောင်၊ သိန်းဖေမြင့်နှင့် မုံရွာအမတ် လေးငါးယောက်တို့ အနက်တွင် ကိုဘငြိမ်းလည်းပါလာလေရာ ကိုဘငြိမ်းသည် ကျွန်ုပ်အတွက် ဝမ်းနည်းပုံအရဆုံးသောမျက်နှာထားကို ကျွန်ုပ်မြင်လိုက်ရသည်။ ဤလူစုအနက်တွင် ကိုဘငြိမ်းသည်ကျွန်ုပ်နှင့်အများဆုံး ဆက်ဆံမှုရှိသူ တယောက်ဖြစ်သော ကြောင့်သာမဟုတ်၊ တရုတ်ပြည်သို့ အတူသွားကြစဉ်က တယောက်နှင့် တယောက် အပြန်အလှန်မကျေနပ်မှုကလေးများ ရှိခဲ့ဘူးခြင်းကိုလည်း သတိရသည့်လက္ခဏာနှင့်ထိုအတွက် နောင်တရသည့်သဘောမျိုးလည်း ပါရှိသည်ဟု ကျွန်ုပ် အကဲခတ်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်၏စိတ်ထဲ၌ကား ကိုဘငြိမ်းနှင့် ပတ်သက်၍မပြေပြစ်သည့် အဖုအထစ်ကလေးများ ရှိနေခဲ့ပါလျှင် ထိုနေ့မှစ၍ လုံးလုံးကြီးချောမောပြေပြစ်သွားသည်ဟု ဖော်ထုတ်ရေးသားလိုက်ပါ သည်။

## သခင်ချစ်မောင်

ကျွန်ုပ်သည် သခင်ချစ်မောင်အား အမည်ကိုကြားရုံမျှသာ ကြားရဘူး၍ ကျွန်ုပ်ထောင်ထဲမှ လွတ်လာသောအခါတွင်မှ ပထမအကြိမ် တွေ့ရဘူးပါသည်။ တနေ့သ၌ သခင်ချစ်မောင်နှင့် ကိုအောင်သန်း (ဗိုလ်ချုပ်အောင်ဆန်း၏အစ်ကို) တို့သည် ကျွန်ုပ်၏အိမ်သို့ ဝင်လာကြ၏။ သခင်ချစ်မောင်က "ဆရာကြီးကို ဈေးချိုနားမှာ ဘိုင်စကယ်စီးသွားတာမြင်လိုက်လို့ ကျွန်တော်ဝမ်းသာလိုက်တာ ခင်ဗျာ"ဟု စ၍ပြော၏။ ကိုဘငြိမ်းအစရှိသည့် ကျွန်ုပ်ကိုခင်မင်သော လက်ဝဲသမား များက ကျွန်ုပ်အသက်ကြီးပြီဖြစ်၍ ဘိုင်စကယ်မစီးဖို့ တောင်းပန်တတ်ကြသည့် အထဲတွင် သခင်ချစ်မောင်တဦးတည်းသာလျှင် ထိုအတွက်ဝမ်းသာသည်ဟု ပြောသူ ရှိသောကြောင့် ကျွန်ုပ်အဖို့ အမှတ်တရဖြစ်မိ၏။ "ကျွန်တော်ဖြင့် ဆရာကြီးရဲ့ ကျန်းမာရေးကောင်းတာကို မြင်ရလို့သိပ်အားရတယ်ဗျာ၊ ဘိုင်စကယ်တောင် စီးနိုင်သေးတာပဲ"ဟု ထပ်ဆင့်၍ ရှင်းပြောလေသည်။ ဆက်လက်၍ စကားပြော ကြရာတွင် ကျွန်ုပ်ကိုလေးစားသည့် လက်ဝဲနိုင်ငံရေးသမားများအနက်တွင် တွေ့ လျှင်တွေ့ချင်းအပြန်အလှန်ကျေနပ်ပုံရသူများကား နံပါတ် (၁) သခင်ချစ်မောင် ဖြစ်၍ နံပါတ်(၂) ဗန်းမော်တင်အောင်ဖြစ်လေသည်။ ဤလူနှစ်ယောက်ကား ကျွန်ုပ်ကို ရှိသေကိုင်းရှိုင်းပုံရခြင်းအရာတွင် တူညီကြ၍ အပြောအဆို သိမ်မွေ့ ပုံခြင်းမှာလည်း 'နင်လားငါလား'ဆိုလောက်ပေရာ ဘာသာရေး၌ ကိုင်းညွတ်ခြင်း မှုကား သခင်ချစ်မောင်ကသာသည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ လက်ဝဲသမား ဆိုလျှင် ဒိုးဒေါက်သမားများသာ များကြလေရာ (ကျွန်ုပ်လည်း ပါဝင်သည်။) ဤလူနှစ်ယောက်မှာမူ ပျော့ပျောင်းသိမ့်မွေ့သော အမူအရာရှိခြင်းတွင် 'မိုးထူး ရေခြား' ဆိုလောက်၍ တကြိမ်မျှစီ တွေ့ဘူးကတည်းက ကျွန်ုပ်၏နှလုံးထဲ၌ စွဲလျက်ရှိကြခြင်းကို သတိပြုမိသည်။ (ကျွန်ုပ်ကိုယ်နှိုက်က 'ဒိုးဒေါက်သမား'ဖြစ် သည့်အတွက်ကြောင့် သာ၍ထိခိုက်ခြင်းဖြစ်လေသလောမပြောတတ်ပေ။) ကျွန်ုပ်က

"နိုင်ငံရေးသမားတွေထဲမှာ သခင်ချစ်မောင် နှစ်ယောက်ပါကလားဗျ၊ ဖြစ်လဲဖြစ် တတ်တယ်ဗျာ၊ ဘယ်သူက အလျင်သခင်ဖြစ်တာလဲဗျ"ဟု မေးမိရာ သခင် ချစ်မောင်က "ကျွန်တော်ကနံပါတ်(၁)ပါဆရာကြီး" ဟု ပြုံးရယ်ကာ ပြောသွား လေသည်။ ထိုနေ့မှစ၍ ကျွန်ုပ်လည်း ရန်ကုန်သို့ရောက်တိုင်း သူ၏အိမ်သို့ မဝင်မနေ သဘောထား၍သူကလည်း ရောက်တိုင်း ဝင်ပြီးကန်တော့လေ့ရှိသည်။ တရားဓမ္မအယူအဆနှင့် ပတ်သက်၍ ကျွန်ုပ်ကိုကြည်ညိုသည့်အလျောက် ကန်တော့ သူများ ရှိကြသော်လည်း နိုင်ငံရေးသမားအနက်မှမူ သူတယောက်တည်း ထူးထူး ခြားခြားကြုံရဘူးပါသည်။

## ဗန်းမော်တင်အောင်

ကျွန်ုပ်ကိုယ်တိုင် နိုင်ငံရေးသမားတယောက် မဟုတ်သော်လည်း ထောင်ထဲ၌ ငါးလခန့်နေခဲ့ရ၍ လွတ်မြောက်လာသည့်နောက်တွင် လက်ဝဲနိုင်ငံရေးသမားများ လည်းကျွန်ုပ်အား 'လူတလုံး သူတလုံး'အနေဖြင့် အသိအမှတ်ပြုလာကြသည့် လက္ခဏာရှိ၏။ ဂျပန်ခေတ်၌ ဗန်းမော်တင်အောင်သည် ကျွန်ုပ်တည်းခိုလျက်ရှိ သော ဇရစ်ချောင်ရွာအနီးသို့ရောက်၍ ကျွန်ုပ်အကြောင်းကို ကြားခဲ့ရသည်ဟု ပြောဘူးသော်လည်း သူနှင့်ပထမအကြိမ် တွေ့ရဘူးခြင်းမှာ ကျွန်ုပ်ထောင်မှ လွတ်လာပြီးသည့် နောက်တွင်မှဖြစ်၏။ သူ့ခမျာမှာ ထောင်ထဲ၌နေရသော နှစ်ပရိစ္ဆေဒအတော်ကြာရှည်သည်ဖြစ်၍ ရန်ကုန်သို့ ကျွန်ုပ်ရောက်တိုင်း ထောင်ပြင် ၌ သူရှိချင်မှရှိတတ်၏။ ၁၉၅၇ခုနှစ်၌ (ကျွန်ုပ်အထင်)ရန်ကုန်သို့ ကျွန်ုပ် ရောက်သွား၍ ထောင်ပြင်သို့သူရောက်နေခိုက်နှင့် ဆုံစည်းတိုက်ဆိုင်မိရာတွင် ဗန်းမော်တင်အောင်သည် ကျွန်ုပ်ထံသို့ ရောက်လာ၏။ ဤလူငယ်ကား (မျက်ခုန်း တုတ်သောကြောင့်သာမဟုတ်) တကြိမ်မြင်တွေ့ရလျှင် မမေ့နိုင်စကောင်းသော လူငယ်တယောက်ဖြစ်၏။ ကျွန်ုပ်ကိုလေးစားသည်ဆို၍ တွေ့ဆုံရန်လာသော

လူငယ်များသည် (များသောအားဖြင့်) သူတို့၏အကြောင်းခြင်းရာကလေးများကို ပြောပြခြင်းအားဖြင့် ‘ခေ’ သော လူတယောက် မဟုတ်ပါဆိုခြင်းကို တင်ပြခြင်း အားဖြင့်လောက်သာ ကျေနပ်ကာ ပြန်သွားတတ်ကြ၏။ ကျွန်ုပ်ကလည်း မိမိအကြောင်းကို (တရုံဆံလူများအား) ပြောပျင်းသူတယောက်ဖြစ်သည်နှင့် ၎င်းတို့သည် ကျွန်ုပ် အကြောင်းကိုဘာမျှသိမသွားကြပေ။ ဇန်းမော်တင်အောင်မူကား ထိုကဲ့သို့မဟုတ်ချေ။ အိမ်သို့ရောက်လာကတည်းက စကားပြောခြင်း၌ သူ့အလှည့်မယူပဲ ကျွန်ုပ်ကိုသာ အများဆုံးအလှည့်ပေးပြီး တတ်နိုင်သမျှ နှိုက်ယူသွားသူတယောက် ဖြစ်လေသည်။ ကျေနပ်ဖွယ်ကောင်းသော အခြင်းအရာတခုမှာ ဇန်းမော်တင်အောင်သည် ကျွန်ုပ်ပြောစကားများကို ပေါ့ပေါ့ဆဆ သာမန်ကာလျှံကာ နားထောင်ခြင်းမျိုးမဟုတ်ပဲ သူ့အိမ်သို့ ပြန်ရောက်သောအခါ၌ ကျွန်ုပ်အကြောင်းကိုစာတအုပ် ရေးထုတ်တော့မည့်နှယ် အထူးတလည် ဂရုတစိုက် လေးလေးစားစား မှတ်သား နာယူနေသည့်အမူအရာမျိုးကို ထင်ရှားစွာ ဖော်ပြသူတယောက်ဖြစ်လေသည်။ ဇန်းမော်တင်အောင်က ကျွန်ုပ်ကို မည်ကဲ့သို့ မှတ်ချက်ချသည် မပြောတတ်၊ ကျွန်ုပ်ကမူ ဤခေတ် ဤအခါမျိုးတွင် လူကြီးနှင့် ဆက်ဆံပုံနှင့် ပတ်သက်၍ ရှာမှ ရှားသော လူငယ်တယောက်ဖြစ်ပေသည်။ အတော်လူကင်းပါးသော ကျွန်ုပ်၏ခယ်မ (ညီ၏မယား) သည် ဇန်းမော်တင်အောင်လာတိုင်း သတိနှင့်စောင့်ကြည့်ကာ အကဲခတ်လျက်ရှိရာ ပြန်သွားသောအခါ၌ ချီးကျူး၍မဆုံးအောင် ရှိပါတော့သည်။

## စာရေးဆရာသုခ

ကျွန်ုပ်အား လေးစားသည်ဟု ဝန်ခံကြသော စာရေးဆရာများမှာ များသောအားဖြင့် လက်ဝဲသမားများ ဖြစ်ကြလေရာ လက်ဝဲမဟုတ်သူများအနက်မှ ကျွန်ုပ်ကို ကြည်ညိုလေးစားကြောင်း ဖော်ထုတ်ဝန်ခံသည့် စာရေးဆရာသည်ကား

သုခပင်ဖြစ်သည်။ သုခ၏ထူးခြားချက်တခုမှာကား သူသည်မန္တလေးသို့ ရောက်သည့်အခါတိုင်း ကျွန်ုပ်၏နေအိမ်သို့ဝင်လာ၍ ကျွန်ုပ်အဖို့ဖြစ်စေ၊ ဆရာကတော်ဖို့ဖြစ်စေ၊ လက်ဆောင်ကလေးတခု အမြဲယူလာတတ်ခြင်းပင်ဖြစ်သည်။ အထူးချစ်ဖို့ကောင်းသည်မှာကား သူကိုယ်တိုင် လက်ဆောင်မပါသော အခေါက်များတွင် လက်ဆောင်ပါလာသူ တယောက်ယောက်ကိုခေါ်လာတတ်၏။ တခါကသူသည် ငွေ၅ဝိကန်တော့မည့် ဇာတ်လိုက်မင်းသား ဇေယျကို ခေါ်လာခဲ့ဘူးသည်။ သို့ရာတွင်အကောင်းနှင့်အဆိုး ပူးတွဲကပ်ပါတတ်သည့် ဇာတာရှင် တယောက်ဟူ၍ ဖော်ပြခဲ့ဘူးသည့်အတိုင်း သုခနှင့် ဇေယျတို့ ပြန်သွားသည့်နောက် တရက်တွင် ကျွန်ုပ်မှာ အအေးမိ၍ ဆေးထိုးရသည်နှင့် ဇေယျက ကန်တော့ခဲ့သည့် ငွေ၅ဝိသည် ကျွန်ုပ်၏လက်ထဲတွင်မတည်ပဲ ဆရာဝန်၏လက်သို့ လွှဲပေးလိုက်ရပါသည်။ သုခ၏အခြားသော ထူးခြားချက်တခုမှာလည်း စာရေးဆရာများအနက်တွင် ဘာသာရေးကို အကိုင်းရှိုင်းဆုံး လူတယောက်ဖြစ်၏။ 'ကိုင်းရှိုင်းခြင်း' ဆိုရာ၌ သာမန်ဥပုသ်သီတင်း ဆောက်တည်းခြင်းမျိုးလောက်သာမက ကံ၊ ကံ၏အကျိုးကို လေးနက်စွာယုံကြည်သူတယောက်ဟူ၍ ကျွန်ုပ်အကဲခတ် မိသည်။ သုခသည် ဓမ္မဆရာမဟုတ်သည့် သူ့ထက်အသက်ငယ်သော လောကီမှုရေးရာ ဆရာဖြစ်သည့် အေဝမ်းမောင်တင်မောင်အား ဒူးတုပ်ဦးချကာ ကန်တော့ခြင်းမှာ သူ၏ နိဝါတသဘောကို ဖော်ပြခြင်းဖြစ်၍ ကျွန်ုပ်ချီးကျူးမိသည်။ သူသည်ကျွန်ုပ်၏လောကုတ္တရာရေးရာ စာပေများကိုစိတ်ဝင်စားခြင်း ရှိသော်လည်း မဂ်ပေါက်ဖိုလ်ရောက် အားထုတ်ဖို့ဆန္ဒ မပြင်းထန်သေးကြောင်းဝန်ခံလေရာ ကျွန်ုပ်က လောကီရေးဘက်၌ အကျိုးပေးလျက်ရှိခိုက်တွင် တရားအားထုတ်ဖို့ ဆန္ဒပြင်းသူ ရှိခဲလှကြောင်း ပြောပြခြင်းကို ရယ်မောကာ ဝန်ခံလေသည်။ သုခသည် လည်း ကျွန်ုပ်တွေ့ဘူးသည့် 'ပညာသည်' များအနက်တွင် လူထူးတယောက်ဟူ၍ အသိအမှတ်ပြုမိပါသည်။

## အမှတ်တရ အဖြစ်အပျက်

ကျွန်ုပ်ထောင်ထဲ၌ရှိစဉ် အမှတ်တရရှိသော အဖြစ်အပျက်တခုကို ဖော်ပြရပေဦးမည်။ ၎င်းမှာ ဩဂုတ်လတလတည်းအတွင်း ကျွန်ုပ်၏ ဓမ္မမိတ်ဆွေသုံးဦးနှင့် တဦးတည်းသော သားတယောက် ကွယ်လွန်ကြခြင်းပင်ဖြစ်သည်။ ပထမကွယ်လွန်သူမှာ မန္တလေးပြည်သူ့ဘဏ်မန်နေဂျင်းဒါရိုက်တာ ဦးဘမောင်ဖြစ်၏။ ကျွန်ုပ်သည် လွန်ခဲ့သည့်သုံးလေးနှစ်လောက်ကတည်းက တနင်္ဂနွေနေ့တိုင်း ဦးဘမောင်၏ ဘဏ်တိုက်သို့ ဦးထင်နှင့်အတူသွား၍ မန္တလေးမြို့ရှိတရားဆွေးနွေးရန် ဝါသနာရှိသော လူတစုနှင့် တွေ့ဆုံဆွေးနွေးရာတွင် အပါအဝင်ပြုလုပ်ခဲ့၏။ ထိုလူစုအနက်တွင် ဒေါက်တာဆိုနီ၊ ဒေါက်တာချောဟန်၊ ရှေ့နေမစ္စတာဘို့စ်၊ မစ္စတာဗားမား အစရှိသော လူမျိုးကွဲများလည်း ပါရှိသည်ဖြစ်သောကြောင့် လူအားလုံး ပါဝင်ဆွေးနွေးနိုင်စေရန် အင်္ဂလိပ်ဘာသာဖြင့် ဆွေးနွေးကြ၏။ ကျွန်ုပ်မှာ နှုတ်ဖြင့် လူစွမ်းပြချင်တတ်သော ဝါသနာမရှိသည်ဖြစ်၍ ဆွေးနွေးပွဲများတွင် နောက်တန်းက ထိုင်သူ (Back Bencher) တယောက်အဖြစ်နှင့်သာ ပါဝင်ခဲ့၏။ ကျွန်ုပ်ကား 'အလုပ်သမား'၊ ထိုလူစုကား စာကလေးဘာလေး ဖတ်ဘူးသည့် 'အပြောသမားများ' ဖြစ်ကြခြင်းကို သိသည်နှင့် ဆွေးနွေးရန်အကြောင်းအရာ ရှားပါးသောကြောင့် မိတ်ဖြစ်ဆွေဖြစ်သဘောနှင့်သာ တက်ရောက်ခဲ့ခြင်းဖြစ်၏။ အချို့ကမူ ကျွန်ုပ်အား ကွန်မြူနစ်တယောက်ဟူ၍ပင် ထင်မှတ်ကြပုံရ၍ ဘာသာရေးဗဟုသုတ ရှိသည်ဟု ပင်မထင်ကြချေ။ တနေ့သ၌ တိုင်းပြည်တွင် အတ္တဝါဒီတယောက်အဖြစ်နှင့် ထင်ရှားလျက်ရှိသော စစ်ကိုင်းအရေးပိုင်ဟောင်း ဦးစံဖေရောက်လာ၍ သူ၏အတ္တဝါဒ အကြောင်းကို လက်ချာပေးရာ မည်သူမှဆင်ခြေကန်ခြင်းမရှိပဲ ရေငုံနေကြ၏။ ကျွန်ုပ်က ဗုဒ္ဓ၏ အနတ္တဝါဒကိုထိလျှင် မခံချင်တတ်ပဲ တတ်သ၍ မှတ်သ၍ကြံချင်သော်လည်း အင်္ဂလိပ်စကား မပြောသည်မှာ နှစ်ပေါင်းကြာလှပြီဖြစ်၍ ထမင်းစားရေသောက်မျှလောက်သာ ပြောတတ်သလိုဖြစ်နေသည်နှင့် ဘာမျှမပြောပဲ နား

ထောင်နေလိုက်၏။ ဦးစံဖေပြန်သွားသောအခါ "ခင်ဗျားတို့ဒီလိုပဲ ခံနေကြတော့မလား"ဟု ကျွန်ုပ်ကမေးသည်တွင် အချို့က "ခင်ဗျားရေးချင်ရေးစမ်းဗျာ" ဟု တိုက်တွန်းကြ၏။ ဤတွင် ကျွန်ုပ်သည် ရာထူးခန့်ထားရေးဘုတ်အဖွဲ့တွင် အတွင်းရေးမှူးဖြစ်နေသော ဦးစံဖေထံသို့ အနတ္တဝါဒအကြောင်းကို အင်္ဂလိပ်လို စာရှည်ကြီးတစောင်ရေးလိုက်ရာ သူကလည်း စာရှည်ကြီးတစောင် ပြန်ရေးလိုက်၏။

ကျွန်ုပ်က ဒုတိယတစောင် ထပ်ရေးရာ သူကပြန်၍ရေး၏။ ကျွန်ုပ်၏ တတိယစာကိုမူ သူကမပြန်တော့ချေ။ ကျွန်ုပ်သည် ၎င်းစာများကို ဦးဘမောင်၏ ဓမ္မမိတ်ဆွေအဖွဲ့သို့တင်ပြရာ ဒေါက်တာဆိုနီနှင့် ဝတ်လုံဦးသာကျော်တို့မှတပါး ကျန်သောလူများမှာ ကျွန်ုပ်ကိုမနာလိုကြသလိုလို၊ သူတို့ကိုယ်တိုင်အင်္ဂလိပ်လို ကောင်းကောင်းမတတ်၍ နားမလည်ကြသလိုလိုနှင့်ပင် မြဲ၍နေကြသည်။ ဒေါက်တာဆိုနီနှင့် ဦးသာကျော်တို့ကမူကား (အထူးသဖြင့် ဒေါက်တာဆိုနီက) ကျွန်ုပ်သည်စာရေးသောအခါတွင် လူတဘက်သား၏နှလုံးသားကို ထိခိုက်အောင် ရေးတတ်ပေသည်ဟု ချီးကျူးပြောဆိုဖော်ရပေသည်။ ကျွန်ုပ်မှာ မန္တလေးသား တယောက်ဖြစ်သော်လည်း မန္တလေး၌ ထွန်းကားမည့်ပုံ မပေါ်ခြင်းကို ဤ နောက်ပိုင်း၌သာ၍ထင်ရှားစွာသိရပါသည်။ ဦးစံဖေကိုယ်တိုင်ကမူ မကြာသေးမီက ရန်ကုန်၌ တွေ့ကြရာတွင် (သူသည် ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်ကို ဖတ်ပြီးပြီဖြစ်၍) "ခင်ဗျားဝါဒနဲက ကျွန်တော့ဝါဒ အတူတူပါပဲဗျာ၊ တင်ပြပုံချင်း ကွဲနေလို့ပါ"ဟုပြောနေသေး၏။ ကျွန်ုပ်ကမူ လက်မခံနိုင်ချေ။ ဦးဘမောင်မှာ တနင်္ဂနွေ ဆွေးနွေးပွဲများတွင် ပရိသတ်အား အကျွေးအမွေးများနှင့် ကောင်းမွန်စွာ ညှဉ့်ခံသည်ဖြစ်လေရာ ရုတ်တရက် ကွယ်လွန်ကြောင်းကို ထောင်ထဲမှကြား၍ ယူကြုံးမရဖြစ်ရပါသည်။

## သားသေခြင်း

ဗြိတိသျှဘားမားသဌေး ဦးညွန့်နှင့် ပဲရောက်ဦးဆန်နီတို့ ရုတ်တရက်ကွယ်လွန်ခြင်းမှာလည်း ထောင်ထဲ၌ကျွန်ုပ်၏စိတ်ကို ထိခိုက်လှသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးသည် ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေအဖြစ်သို့ ရောက်ခဲ့ပုံအကြောင်းကို တနေရာ၌ဖော်ပြခဲ့ပြီးဖြစ်ရာ (ယခုအချိန်တွင် ကျွန်ုပ်၌ ဓမ္မမိတ်ဆွေများသာမက တပည့်တပန်းများပင်ရှိနေပြီဖြစ်သော်လည်း) ထိုစဉ်ကမူ ကျွန်ုပ်အကြောင်းကို အထိုက်အလျောက်နားလည်သည့် ပုဂ္ဂိုလ်ပင် ရှားပါးသေးသည်ဖြစ်၍ ပုဂ္ဂလသပ္ပါယအနေဖြင့်လွန်စွာနှမြောမိပါသည်။ ဦးညွန့်အားမူ နောက်ပိုင်းတွင် ကျွန်ုပ်အားထုတ်ထားသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အကြောင်း ရေးသားထားသည့် စာအုပ်ကို မပြလိုက်ရသည့်အတွက် အထူးတမ်းတဝမ်းနည်းလှသည်။ ကျွန်ုပ်၏တယောက်တည်းသောသားစိုးနိုင်သည်လည်း (သမီးတယောက်တော့ ကျန်ပါသေးသည်။) ကျွန်ုပ်ထောင်ထဲ၌ရှိစဉ်ကပင် ကွယ်လွန်လေရာ အတန်နှီးရင်းသော မိတ်ဆွေသုံးယောက်နှင့်တပြိုင်တည်းကဲ့သို့ ဆုံးရှုံးရခြင်းကြောင့် ကျွန်ုပ်အဖို့ အလွန်ကံမကောင်းသောနှစ်တနှစ်အနေဖြင့် အမှတ်အသားပြုမိ၍ ကျွန်ုပ်၏အကုသိုလ်ကံသည် ဤမျှနှင့်ပင်လက်စသတ်ပါမည်လောဟု ထိုစဉ်က စိုးရိမ်ခဲ့မိပါသေးသည်။ သို့သော်သားသေခြင်းသည် ကျွန်ုပ်အဖို့ ယနေ့အထိ နောက်ပိတ်ဆုံး အကုသိုလ်ကံအကျိုးဆက်ဖြစ်ခြင်းကို တွေ့ရ၍ တော်ပါပေသေးသည်။

## အထင်လွဲကြခြင်းများ

ထောင်မှ လွတ်လာသောအချိန်တွင် ကျွန်ုပ်မှာ အသက် ၃၅နှစ်အရွယ်ကတည်းက သက်နှင်းဝတ်ပြီးတရားအားထုတ်ခဲ့ဘူးခြင်းကို လည်းကောင်း၊ အခြားသော နည်းပြဆရာများ၏ ကျင့်စဉ်ကျင့်နည်းအတိုင်း စမ်းသပ်အားထုတ်

ဘူးခြင်းကိုလည်းကောင်း၊ မာလုကျပုတ္တနှင့် ဘာဟိယထေရ်တို့အား ဗုဒ္ဓဟောပြ တော်မူခဲ့သည့် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်အရ အားထုတ်ဘူးခြင်းကိုလည်းကောင်း (ကျွန်ုပ်၏ စာပေတပည့်တပန်းများမှတပါး) တရားဂိုဏ်းဆရာများအနက်မှ လူသိ နည်းလှသေးသည်။ သို့ဖြစ်၍ မန္တလေးမြို့မှ အင်္ဂလိပ်ဘာသာဖြင့် ရိုက်နှိပ် ထုတ်ဝေသည့် (Light of Buddha) 'ဗုဒ္ဓရောင်ခြည်'အမည်ရှိ မဂ္ဂဇင်းတစောင် တွင် 'ကျွန်ုပ်နားလည်သည့် သောတာပန်'ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါးတပုဒ် ရေးထည့်လိုက်ရာ (ကျွန်ုပ်မှာလည်း ၎င်းစာစောင်တွင် အယ်ဒီတာ အဖွဲ့ဝင်တဦး ဖြစ်သည်။) အခြားသော အယ်ဒီတာအဖွဲ့ဝင်များသည် ကျွန်ုပ်၏ဆောင်းပါးကို လက်သံပြောင်လွန်းသည် ထင်သောကြောင့် ပေလော၊ သောတာပန် ပုဂ္ဂိုလ် အကြောင်းကို သူပြောလူပြော မျှလောက်သာ ကြားဘူး၍ ကိုယ်တိုင် သောတာပန် ဖြစ်အောင် အားထုတ်ဖို့လည်း စိတ်မကူး၊ သောတာပန် အကြောင်းကို နိကာယ်ကျမ်းကြီးများ၌ ဗုဒ္ဓဟောတော်မူခဲ့ခြင်းများကိုလည်း မဖတ် ဘူး၊ အကယ်၍ ဖတ်ဘူးပါသည်ဆိုလျှင်လည်း သဘာဝကျကျ ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သည့် (Clear Thinking) ပညာဉာဏ် ပါရမီခံမရှိသောကြောင့်ပေ လော၊ အတိုက်အခံသတင်းစာသမား တယောက်ဖြစ်သည် ဆိုကတည်းက (ကွန်မြူနစ်) တယောက်ဖြစ်ရမည်ဟု ယူဆကြသောကြောင့်ပေလော၊ အစိုးရက ဖမ်းဆီးအရေးယူသော စာရေးဆရာတယောက်ကို မိမိတို့၏စာစောင်တွင် အယ်ဒီ တာအဖွဲ့ဝင် တယောက်အဖြစ်နှင့် လက်ခံထည့်သွင်းထားခြင်းအားဖြင့် ဖဆပလ အစိုးရ၏ ငြိုငြင်ခြင်းခံရလိမ့်မည်ဟု စိုးရိမ်ကြသောကြောင့်ပေလော မပြောတတ်။ ထောင်မှလွတ်လာ၍ မကြာမီအတွင်း ကျွန်ုပ်အား အကြောင်းတစုံတရာ မကြားပဲ ဗုဒ္ဓရောင်ခြည် အယ်ဒီတာအဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ပစ်လိုက်ကြသည်။ (ထုတ်ပစ် မည့်သာ ထုတ်ပစ်ကြသည်။ ထိုစာစောင်ကို ကမကထပြု၍ ထုတ်ဝေသည့် ပုဂ္ဂိုလ် တဦးအား ဂဠုံဦးစောအမှု၌ ဖဆပလအစိုးရက ဖမ်းဆီးချုပ် နှောင်ထားရာတွင် ကျွန်ုပ်သည်ပင်လျှင် လူထုသတင်းစာမှ ကန့်ကွက်ရေးသားခဲ့ဘူးပါသည်။ ဤ

သည်မှာ ဟုတ်မှန်သည်ထင်သောဘက်မှ သတင်းစာဆရာ တယောက်အနေဖြင့် ရေးသားဘူးခြင်းအတွက် ဂုဏ်ဖော်လိုသောကြောင့်မဟုတ်၊ အမှန်ဘက်မှ ယုံကြည်ချက်အတိုင်း ရေးလေ့ရှိသော ကျွန်ုပ်အား အထင်လွဲကြခြင်းအတွက် မခံချင်လှသောကြောင့်မျှသာ ဖြစ်ပါသည်။)

## အတင်းဆရာလုပ်ချင်သူ

မြန်မာပြည်မှ ဘာသာရေးနှင့်ပတ်သက်၍ အင်္ဂလိပ်လိုထုတ်ဝေကြသည့် 'ရောင်ခြည်' အမည်ခံစာစောင်များသည် ကျွန်ုပ်၏အရည်အချင်းကို အကဲခတ်ကြရာတွင် အတော်အောက်တန်းချထားပုံရ၏။ 'ဗုဒ္ဓရောင်ခြည်စာစောင်က ကျွန်ုပ်ကို အသိမပေးကြပဲ အယ်ဒီတာအဖွဲ့မှ ထုတ်ပစ်လိုက်ကြပြီးသည့်နောက် ရန်ကုန်မှ ထုတ်ဝေသည့် 'ဓမ္မရောင်ခြည်'စာစောင် အယ်ဒီတာကလည်း ဤနောက်ပိုင်းတွင် ကျွန်ုပ်ထံမှ ဆောင်းပါးတောင်းသည့် စာတစောင်လက်ခံရရှိ၏။ ၎င်းစာတွင် ဗုဒ္ဓဘာသာအကြောင်း ဆောင်းပါးတပုဒ် ကျွန်ုပ်က ရေးပို့ပါလျှင် ဓမ္မရောင်ခြည် အယ်ဒီတာအဖွဲ့သို့တင်ပြပြီး (သင့်လျော်သည်ထင်ပါက) ဓမ္မရောင်ခြည်စာစောင်တွင်ထည့်သွင်းဖော်ပြပါမည်ဟူ၍ ပါရှိလေသည်။ ကျွန်ုပ်သည် ဓမ္မရောင်ခြည်စာစောင်အတွက် ဆောင်းပါးရေးပေးပါရစေဟူ၍ တိုးလျှိုးတောင်းပန်ခဲ့ဘူးခြင်းမရှိပါ။ ဘာသာရေးဆိုင်ရာ ကျွန်ုပ်၏ဆောင်းပါးများသည် မဂ္ဂဇင်းများတွင် အပတ်စဉ်ပါလာပြီးသည့်နောက် (စာဖတ်ပရိသတ်၏တောင်းပန်ချက်အရ) စာအုပ်အဖြစ်နှင့် ထွက်လာရာ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ခေါ် ပထမတွဲမှာ တနှစ်အတွင်း သုံးကြိမ်မျှ ရိုက်နှိပ်ခဲ့ရပါသည်။ ကျွန်ုပ်သည် ဘာသာရေးစာစောင်များ ရိုက်နှိပ်ထုတ်ဝေကြသောပုဂ္ဂိုလ်များ၏စေတနာကို ကြည်ညိုပါသည်။ သို့ရာတွင် ကျွန်ုပ်ကသူတို့ထံ တပည့်ခံသည်မဟုတ်ပဲ ကျွန်ုပ်အပေါ်၌ ဆရာလုပ်ချင်လွန်းရာကျသည့် 'ကော်ပီ' တောင်းနည်းမျိုးကို ကျွန်ုပ်နားမလည်နိုင်အောင် ရှိပါသည်။ အယ်ဒီတာတို့မည်

သည် ဆောင်းပါးရှင်များ၏ 'စာမူ'ကို ဖတ်ရှုစစ်ဆေးရသော တာဝန်ရှိခြင်းမှာ ကလောင်သမားတိုင်းနားလည်ကြပြီးဖြစ်ပါသည်။ ယခုမှာမူကျွန်ုပ်၏ဆောင်းပါးကို မရေးရသေးမီက သူတို့၏တပည့်အဖြစ်နှင့် လက်အောက်ခံပြီး ရေးရမည်ဆိုသည့် အဓိပ္ပာယ်မျိုး သက်ရောက်သော စည်းကမ်းသတ်မှတ်ချက်ကို ကျွန်ုပ်ထံသို့ ကြိုတင်ပေးပို့ခြင်းမှာ အံ့ဩမဆုံးရှိပါဘိသည်။ ကျွန်ုပ်၏ လောကုတ္တရာရေး ဆောင်းပါးများကို ပရိသတ်က စိတ်ဝင်စားစွာနှင့် ဖတ်ရှုလျက်ရှိနေသမျှကာလပတ် လုံး ကျွန်ုပ်သည် မည်သည့်'ရောင်ခြည်'အတွက်မျှ တပည့်ခံပြီး ဘာဆောင်းပါးမှ ရေးလိမ့်မည်မဟုတ်ပေ။

## ကိုယ့်ကိုယ်ကိုလှည့်စားခြင်း

တရားဟောသည့် ဓမ္မကထိကဖြစ်စေ၊ ကျမ်းပြုဆရာဖြစ်စေ၊ မိမိတို့တတ်ကြောင်းကို တိုင်းပြည်သိစေလိုသော ရည်ရွယ်ချက်ဖြင့် ပြောဟောကြခြင်း၊ရေးသားကြခြင်းကများ၏။ သူတပါးသိစေလိုသော စေတနာဖြင့် ပြောဟောပါသည်။ ရေးသားပါသည်ဟု ဆိုတတ်ကြသော်လည်း အကြင်ပုဂ္ဂိုလ်၏စိတ်ထားကို အသေအချာစစ်ဆေးလိုက်သည့်အခါ သူတပါးအပေါ်၌ ထားရှိသော စေတနာထက် မိမိတို့တတ်ကြောင်းကို ပြလိုသောရည်ရွယ်ချက်က (ဘုရား ရဟန္တာများကိုချန်လှပ်၍) ရာခိုင်နှုန်းအားဖြင့် ကဲလွန်ပိုမောက်ခြင်းကို တွေ့ရမည်ချည်းဖြစ်၏။ သူတပါးအတွက် သက်သက်အပင်ပန်းခံပြီး ပြောဟောပါသည်။ ရေးသားပါသည်ဟု ပြောကြသောပုဂ္ဂိုလ်များသည် မိမိတို့ကိုယ်ကို မိမိတို့ လှည့်စားထားကြခြင်းမျှသာ ဖြစ်၏။ လှည့်စားခြင်းအမျိုးမျိုးနှင့်ပတ်သက်၍ ဗုဒ္ဓဟောတော်မူသည့် ဒေသနာ တခုကို တွေ့ရသည့်အချိန်မှစ၍ ကျွန်ုပ်သည် မိမိကိုယ်ကို လှည့်စားသူများအနက်တွင် အပါအဝင်မဟုတ်တော့ချေ။ ဤသို့ဆိုခြင်းအားဖြင့် ကျွန်ုပ်သည် မိမိတတ်ကြောင်းကို ပြလိုသောသူတယောက် မဟုတ်တော့ဟု ဆိုလိုခြင်းမဟုတ်ပါ။

သူတပါးအတွက်လေး ဘာလေးနှင့် ကိုယ့်ကိုယ်ကို မလှည့်စားပဲ 'ဒီနေရာတော့ ငါတတ်ကြောင်း ပြလိုက်အုံးမှပဲ'ဟူသော ဆုံးဖြတ်ချက်ဖြင့် တမင်တကာရေးသည့် သူတယောက်ဖြစ်သည်ဟု ဆိုလိုပါသည်။ ယင်းသို့ဆိုလျှင် 'မာနဖြစ်မနေပါလော' ဟု မေးကြပါက မာနဟူသည်မှာ အရဟတ္တမဂ်ဖြင့်သာ ပယ်နိုင်သည်ဟု ဗုဒ္ဓဟော တော်မူရာ မိမိ၌ရှိသော မာနကို ကိုယ့်ဟာကိုယ်ဝန်မခံပဲ ပရိယာယ်နှင့် ကိုယ့်ကိုယ်ကို လှည့်စားထားခြင်းအားဖြင့် မာနလည်းမပြုတ်၊ လျော့ပင်လျော့လိမ့် မည်မဟုတ်ချေ။ သို့ရာတွင် ဤသို့ဆိုခြင်းအားဖြင့် 'မာနကြီးတခွဲသား'နှင့် ဟော ပြောသင့်သည်၊ ရေးသားသင့်သည်ဟူ၍ ဆိုလိုခြင်းကားမဟုတ်ပါ။ သိမ်မွေ့စွာ ပြောဟောတတ်ခြင်း၊ ရေးသားတတ်ခြင်းသည် ကောင်းသောအင်္ဂါတရပ်ဖြစ်ခြင်းကို ကျွန်ုပ်နားလည်ပါသည်။ သို့ရာတွင် ကိုယ့်ကိုယ်ကို မလှည့်စားပဲ ရိုးသားစွာဝန်ခံ ခြင်းသည်လည်းအလားတူ ကောင်းသောအင်္ဂါတရပ်ပင်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည် ပါသည်။

## ဘာ့ကြောင့်ကျမ်းပြုသနည်း

ဟောပြောခြင်း၊ ရေးသားခြင်းဆိုင်ရာတို့၌ 'မာန'အကြောင်းကို ရှင်းလင်း တင်ပြခြင်းမှာ ရည်ရွယ်ချက်ရှိသောကြောင့်ဖြစ်၏။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာ အားထုတ်ခဲ့၍ လွန်ခဲ့သည့် ၁၀ နှစ်ခန့်လောက်ကတည်းက ဂေါတမဗုဒ္ဓဟော် တော်မူခဲ့သည့် တရားဓမ္မနှင့် ပတ်သက်၍ လိုရင်းကို ရိပ်မိသည်ဟု ကျေနပ် လောက်သော အချိန်မှစ၍ လောကုတ္တရာနှင့် ပတ်သက်သည့် စာပေမျိုး ရေးသားဖို့ အကြံဖြစ်ပေါ်ခဲ့၏။ သို့ရာတွင် လောကုတ္တရာရေးရာနှင့် ပတ်သက် သည့်စာပေမျိုး ရေးသားဖို့ မာမာဆတ်ဆတ်ရေးခြင်းထက်သိမ်မွေ့နူးညံ့စွာ ရေးခြင်းသည် သာလွန်သင့်လျော်သည်ဟု နားလည်ထားသည်ဖြစ်သောကြောင့် တရားဓမ္မကို ဆက်လက်အားထုတ်ပြီး ဒေါသကုန်ခန်းသော အဆင့်အတန်းသို့ ရောက်ခါမှ

ရေးပါတော့မည်ဟု ပြဌာန်းထား၏။ သို့ရာတွင် ၁၉၅၆ခုနှစ်၌ ဖဆပလ အစိုးရက ကျွန်ုပ်အား ကွန်မြူနစ်တယောက်ထင်သည့်လက္ခဏာနှင့် ဖမ်းချုပ်နှိပ် စက်ခြင်း၊ ဗုဒ္ဓရောင်ခြည်စာစောင်က ကျွန်ုပ်အား အယ်ဒီတာအဖွဲ့မှ ထုတ်ပစ်ခြင်း တို့ကို ခံရသည့်အခါ ငါသည်သူတို့တတွေထက် ဗုဒ္ဓဘာသာစစ်ကြောင်း၊ ဗုဒ္ဓ၏ တရားတော်ကို နားလည်ကြောင်း၊ အခြားလူများနားလည်အောင်လည်း သူတို့ထက် ရေးတတ်ကြောင်းကို ဖော်ပြလိုက်ဦးမှတော်မည်၊ တင်ပြဖို့အချိန်တန် ပြီဟူ၍ (မာန၊ ဒေါသ အပြည့်အဝနှင့်ပင်) ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။ ဤအကြောင်းကို မသိကြသောစာဖတ်ပရိသတ်အချို့က ကျွန်ုပ်၏စာများသည် မာလှသည်ဟု အပြစ်ဆိုသံများ ကြားရဘူးလေရာ အကြောင်းစုံသိသော အချို့ပရိသတ်ကမူကား "ဆရာကြီး မကျေနပ်မှု ကြုံတွေ့ရသောကြောင့်သာ ကျွန်တော်တို့ စောစော စီးစီးဖတ်ခွင့်ရသည်၊ ထို့ကြောင့် ဤသို့ဖြစ်ရခြင်းအတွက်ပင် ဝမ်းသာရအုံးမလို ဖြစ်နေသည်"ဟု ပြောကြလေသည်။ ကျွန်ုပ်၏စာများကို ပြန်လည်စစ်ဆေး သည့်အခါ ထောင်မှလွတ်လာပြီးသည့်နောက်တွင် နေရာတကာ 'မာ' လာသည် ဟုလည်း ထင်မိပါသည်။

## ပျော်ပျော်ကြီးရေးသည့် ဆောင်းပါးများ

၁၉၅၇ခုနှစ်၊ မတ်လထုတ် ရှုမဝမဂ္ဂဇင်းမှစ၍ လောကုတ္တရာရေးရာ ဆောင်းပါးများ ရေးသားလာခဲ့ရာ ပထမတွင်တပုဒ်တလေမျှသာ ရွေးထည့်ဖို့ ကြံမိသော်လည်း ပရိသတ်က 'ပွဲတောင်း'သည့်တကြောင်း၊ ရေးယင်းနှင့် 'ခံတွင်းတွေ့' ပုံကို ပြောရလျှင် ကျွန်ုပ်၏တသက်တာအတွင်း အချစ်ဝတ္ထုများ၊ (ကိုယ်ပိုင်ဉာဏ်ရော မှီးသောဝတ္ထုများပါ) ဘာသာပြန်များ၊ စွန့်စားခန်းများ၊ လျှို့ဝှက်သည်းဖိုဖွယ်များ၊ စုံထောက်ခန်းများ၊ သတင်းစာခေါင်းကြီးများ၊ အထွေ ထွေဆောင်းပါးများ စသည်တို့ကို ရေးရခြင်းထက် ဘာသာရေးခေါ် လောကုတ္တရာ

ဆောင်းပါးများကို ရေးရခြင်းသည် အရသာအရှိဆုံး၊ အမြိန်ရှက်ဆုံး ဖြစ်ပါ၏။ ရှုမဝကိုကျော်သည် ၁၉၅၈ခုနှစ်၌ ကျွန်ုပ်နှစ်လခန့်မျှ မကျန်းမာသဖြင့် လစဉ် ရေးနေကျအတိုင်း ရှုမဝမဂ္ဂဇင်းအတွက် လောကုတ္တရာရေးရာ ဆောင်းပါးများ မရေးသားနိုင်ပဲရှိသော်လည်း စာမူခဆို၍ လစဉ်ပေးပို့ပါပေသည်။ ကျွန်ုပ်ဘက်က တင်ပြရလျှင်လည်း ရှုမဝကိုကျော်က ငွေရေးကြေးရေး အခက်အခဲနှင့် ကြုံရသည့် အခါ များတွင် ဆောင်းပါးအတွက် ဥာဏ်ပူဇော်ခကို ခေတ္တမျှလျှော့ပေါ့ယူပါရန် တောင်းပန်စာရေးဘူးရာ ကျွန်ုပ်က လောကုတ္တရာ ဆောင်းပါးများအတွက်ဆိုပါမူ လျှော့ပေါ့ရုံသာမက အလျှင်းမပေးလျှင်လည်း ဝမ်းမြောက်ဝမ်းသာပင် ဆက်လက် ရေးသားပေးပို့ပါမည်ဟု ပြန်စာရေးပို့လိုက်ဘူးပါသည်။ သို့ပါသော်လည်း ကိုကျော် သည်ဆောင်းပါးများအတွက် ဉာဏ်ပူဇော်ခကိုမပေးပဲ နေခဲ့ဘူးခြင်း မရှိပါပေ။

## အောင်မြင်သော ကျမ်းတစောင်

ကျွန်ုပ်၏လောကုတ္တရာ ဆောင်းပါးများနှင့် ပတ်သက်၍ အထူးကျေနပ် အားရလှသည့် အခြင်းအရာတခုကိုတင်ပြရပါဦးမည်။ ၁၉၅၉ခုနှစ်၊ စက်တင်ဘာ လ၌ ကျွန်ုပ်သည် ရန်ကုန်သို့တနှစ်တခေါက် ဆင်းနေကျထုံးစံအတိုင်း ဆင်းသွား ရာတွင် ရှုမဝကိုကျော်သည် ကျွန်ုပ်ရောက်တိုင်း တခေါက်တခါ မိတ်ဆက်ညစာ စားပွဲကျင်းပ သောထုံးစံအရ စာရေးဆရာများကိုဖိတ်ခေါ်လေသည်။ ၎င်းညစာ စားပွဲ၌ စာရေးဆရာအချို့သည် ‘ရွှေဥဒေါင်း စာပေရိုက်နှိပ်ထုတ်ဝေရေး’ အတွက်ဆိုကာ ငွေကြေးထည့်ဝင်ကြ၍ ရှုမဝမဂ္ဂဇင်းတွင် ပါရှိသောကျွန်ုပ်၏ ဘာသာရေး ဆောင်းပါးများကို တတွဲပြီးတတွဲ ရိုက်နှိပ်ထုတ်ဝေရန် ဆုံးဖြတ် ကြလေသည်။ ရှုမဝကိုကျော်ကမူ ထိုစာအုပ်များမှရရှိသည့် အမြတ်ငွေများမှာ ကျွန်ုပ်အတွက်ဖြစ် ကြောင်းပြောပြ၏။

ကျွန်ုပ်၏ဆန္ဒမှာမူ ထိုစာအုပ်များကို အမြတ်တင်၍ရောင်းရန် အလိုမရှိသည်နှင့် ကိုကျော်နှင့် တိုင်ပင်ကြည့်ရာ ကိုကျော်က ကျွန်ုပ်မှာ တသက်ပတ်လုံး စာရေး၍ စားနိုင်မည်မဟုတ်သောကြောင့် 'အိုစာမင်းစာ'အတွက် မှန်းရွယ်ထိုက်ကြောင်း ပြောသည်နှင့် ဆိတ်ဆိတ်နေလိုက်ပါသည်။ ကျွန်ုပ်၏ဘာသာရေးဆောင်းပါးများသည် 'ဒိဋ္ဌေဒိဋ္ဌမိတ္တံ ကိုယ်တွေ့ကျင့်စဉ်' တည်းဟူသော အမည်ဖြင့် ၁၉၆၀ပြည့်နှစ်တွင် ပထမတွဲထွက်လာရာ တလအတွင်းကုန်သွား၍ တနှစ်အတွင်း သုံးကြိမ်တိုင်တိုင် ရိုက်နှိပ်ရပါသည်။ ကျွန်ုပ်၏ဝတ္ထုစာအုပ်များကို ဤမျှထက် သုံးလေးဆမျှ တွင်ကျယ်စွာ ရောင်းချရသည် ဆိုစေဦးတော့ (ရောင်းရသည်ဟုမဆိုလိုပါ။) ဤတဝက်မျှ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည်မဟုတ်ပါ။ ယခုမူ ဘာသာရေး ဖြစ်ရုံသာမက ကိုယ့်ဟာကိုယ် အားရပါးရ ရေးသားထားသည့် ဆောင်းပါးများဖြစ်၍ မိတ်ဆွေများနှင့်တကွ ကျွန်ုပ်တို့မျှော်လင့်ကြသည်ထက် ပိုမိုအောင်မြင်ခြင်းကိုတွေ့ ရ၍ အတိုင်းမသိ ဝမ်းသာလှပါသည်။ (ရတော့မှရစေ) ငွေတည်းဟူသော မျှော်လင့်ချက်လည်း မထားရှိသောကြောင့် ကျွန်ုပ်၏ မျှော်မှန်းချက်သည် အတော်ဖြူစင်သည် ဟုထင်မိပါသည်။

## ရဟန်းသည်တပန်းသာခြင်း

ကျွန်ုပ်၏တပည့်တယောက်သည် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်စာအုပ်ကို ဤခေတ်တွင် အလွန်တရာနာမည်ကျော်ကြားသည့် ဓမ္မကထိက ဆရာတော်ကြီး တပါးသို့ ဆက်ကပ်လှူဒါန်းပြီးသည့်နောက် ဖတ်ပြီးလောက်သောအချိန်တွင် ကျွန်ုပ်အား ဆရာတော်ကြီးထံသို့ ခေါ်သွား၏။ တပည့်၏ရည်ရွယ်ချက်မှာ ကျွန်ုပ်၏ စာအုပ်နှင့်ပတ်သက်၍ ဆရာတော်က မည်ကဲ့သို့ ဝေဖန်သည်ကို သူရော ကျွန်ုပ်ပါ ကြားစေလိုသောကြောင့် ဖြစ်၏။ ဆရာတော်သည် ကျွန်ုပ်၏စာအုပ်ကို အဆုံးတိုင် မဖတ်ရသေးပဲ တဝက်တပျက်မျှသာ ဖတ်ရသေးကြောင်း မိန့်တော်မူပြီးနောက်

ကျွန်ုပ်၏စာအုပ်မည်မျှလောက် တွင်ကျယ်ပါသနည်းဟုမေးရာ ကျွန်ုပ်ကအတော် အတန်တွင်ကျယ်ကြောင်း၊ မည်သည့်နည်းမဆို ကျွန်ုပ်မျှော်လင့်ထားသည်ထက် တွင်ကျယ်ပါကြောင်း လျှောက်ထား၏။ ဤတွင်ဆရာတော်က "ကျုပ်စာအုပ်များ ဖြင့်ဗျာ၊ ထွက်လာကုန်ထွက်လာကုန်၊ မြေကြီးနဲ့ထိလိုက်ရတယ်ကို မရှိပါဘူး"ဟု မိန့်တော်မူလေသည်။ ထိုပုဂ္ဂိုလ်မှာ ဆရာတော်ကြီးတပါးဖြစ်၍ ကျွန်ုပ်ကမည်သို့မျှ ပြန်မပြောပဲ ပြုံး၍သာ နေလိုက်ပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌မူကား ဆရာတော်မှာ သဌေးဒကာတပည့်များမပါသောကြောင့် အုပ်ရေ ၅၀၀၀ဝယ်သူ၊ ၁၀၀၀ ဝယ်သူများ ကစမ္ပဒါနပြုလုပ်ကြသည်။ ကျွန်ုပ်၏စာအုပ်မှာ မရှိမဲ့ရှိမဲ့နှင့် သုံးကျပ်ပေးပြီး ဝယ်ဖတ်ရခြင်းဖြင့် အုပ်ရေတွင်ကျယ်သည့်အရာတွင် မတူနိုင်သော်လည်း အလကားဝေသော စာအုပ်ဖြစ်၍ ဖတ်ချင်သူဖတ်လိမ့်မည်ဖြစ်သောကြောင့် စိတ်ဝင် စားစွာနှင့် ဖတ်ရှုသည့် အရေအတွက်မှာ ပိန်မသာလိမ်မသာ ဖြစ်နိုင်သည် ဟု အောက်မေ့မိပါသည်။ ဤစိတ်ကူးသည်မာနမှ ဖြစ်ပေါ်လာသည့် စိတ်ကူးတခု ဖြစ်သည် မှန်သော်လည်း ဆရာတော်ကြီးတပါး ကိုယ်၌က ယှဉ်ပြိုင်သည့်အသံမျိုး ထွက်လာသည့်အခါတွင် ကျွန်ုပ်က ဘာမျှပြန်မပြောပဲ စိတ်ကူးဖြစ်ရုံမျှ ဖြစ်ပေါ်ခြင်း အတွက်ခွင့်လွှတ်လိုက်သည်ထင်ပါ၏။ လူပုဂ္ဂိုလ်ချင်းဖြစ်ပါမူကား စိတ်ကူးရုံနှင့် မပြီးပဲ ဖော်ထုတ်ပြောဆိုလိမ့်မည်ကေန်ဖြစ်သည်။

## ကျန်းမာရေးလေးစားခြင်း

ကျွန်ုပ်၏တသက်တာရည်မှန်းချက်မှာ အခါခပ်သိမ်း ငြိမ်းချမ်းကြည်လင် သော စိတ်နှလုံးရှိရေးပင်ဖြစ်ရာ ထိုအတွက် မိမိ၏စိတ်ကို ဗုဒ္ဓ၏အဆုံးမ တော်အတိုင်း တတ်အားသရွေ့ အလေ့အကျင့်ပြုလုပ်ခဲ့ပါသည်။ သို့ရာတွင် ဤငြိမ်းချမ်းကြည် လင်မှုရှိနေရေးမှာ ကျန်းမာသော ကိုယ်ရှိမှ ဖြစ်နိုင်ခြင်းကို နားလည်သည်ဖြစ်၍ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါသည်။ များစွာသော

လူတို့သည် မိမိတို့၏ကြီးပွား ရေး၊ စီးပွားရေးအတွက်အများဆုံးအလေးပေး၍ ဂရုစိုက်တတ်ကြသည်ဖြစ်ရာ ကျွန်ုပ်မှုကား စိတ်ငြိမ်းချမ်းရေးနှင့် ကိုယ်ကျန်းမာရေးကို အများဆုံး အလေးပေးသူ တယောက်ဖြစ်၏။ မည်သူမဆို မိမိတို့အလေးပေးသည့်ဘက်၌ ထွန်းကားတတ်ခြင်း မှာယေဘုယျသဘာဝဖြစ်လေရာ ကျွန်ုပ်မှာ စီးပွားရေးနှင့် ကြီးပွားရေးဘက်တွင် အချို့လူများကဲ့သို့ မထွန်းကားသော်လည်း ကိုယ့်ဟာကိုယ် ရောင့်ရဲကျေနပ်ရုံသာမ က ထိုသူတို့နှင့်လည်း အခြေအနေချင်းမလဲနိုင်ပါ။ ကျန်းမာရေးအတွက် ဂရုစိုက်ရာ ၌လည်း ကျွန်ုပ်သည် အသက်ရှည်လိုလှသောကြောင့်မဟုတ်၊ အသက်ရှင်နေခိုက်တွင် ဖျတ်ဖျတ်လတ်လတ် ပေါ့ပေါ့ပါးပါးသွားသွားလာလာ နေနိုင်ရေးအတွက်မျှ လောက်ကိုသာ ရည်ရွယ်ပါသည်။ ဤသည်မှာ လက်ရှိ၍ ရေးခြင်းမဟုတ်၊ ကျွန်ုပ်၏ အသက်တာတွင် (ဝမ်းဝ ခါးလှသည်ဆိုလျှင်) စီးပွားရေးအတွက်ထက် ကျန်းမာရေးအရာကိုပို၍ ဂရုစိုက်သူဖြစ်ပါသည်။ ဥပမာဆိုသော် ကျွန်ုပ်သည် ကျန်းမာရေးအတွက် နံနက်တိုင်း လေးနာရီထခဲ့သည့် နှစ်ပေါင်းအတော်များခဲ့ပြီဖြစ်ရာ စီးပွားရေးအတွက် ဆိုပါက ဤမျှလောက် နှစ်ရှည်လများ ကြိုးစားလိမ့်မည်မဟုတ်ပါ။ အသက်ရှည်ခြင်းနှင့်ပတ်သက်၍မူ ကျွန်ုပ်သည် အထိုက်အလျောက်ရှည်ချင်သည် မှန်သော်လည်း လူပုံထဲတွင် အသုဘကောင်ကြီးအနေဖြင့် ဝင်ရသည့်လူအိုကြီးတယောက် အဖြစ်ဖြင့်လည်းကောင်း၊ လူထဲသို့ ဝင်မကောင်းပဲ လူရာမဝင်သော ဇရာအိုကြီးအဖြစ်၌လည်းကောင်း ကြာရှည်စွာ တည်နေရခြင်းမျိုးကိုတောင့်တခြင်းမရှိပါ။ လူအိုတယောက်သည် သားသမီးများကပင် ရွံ့ချင်လာကြသောအဖြစ်၌ တည်နေရခြင်းအားဖြင့် အကျိုးမများ၊ သေချိန်တန်လျှင် သေရသောလူ၏အဖြစ်သည် မြတ်သည်ဟု ယူဆသူတယောက်ဖြစ်ပါသည်။ ဂေါတမဗုဒ္ဓသည် မိမိ၏လုလ္လပယောဂအစွမ်းဖြင့် အသက်တရာပြည့်အောင် (အာယုကပ်တကပ်မျှ) အသက်ရှင်နေလိုက နေနိုင်သည်ဆိုပါလျက် သက်တော်(၈၀)အရွယ်တွင် အာယုသင်္ခါရ လွှတ်တော်မူသည် ဆိုခြင်းမှာ လွန်စွာသဘာဝကျသည်ဟု ကျွန်ုပ်

ယုံကြည်သည်။ အသက် ၇၂နှစ်ပြည့်တော့မည်ဖြစ်သော ယနေ့အချိန်တွင် ရှယ်တူ ချင်းအနက်မှ ကျွန်ုပ်ထက် လျင်မြန်ဖျတ်လတ်သူ ရှားလိမ့်မည်ထင်သော် လည်း ဂေါတမဗုဒ္ဓ၏ အရှယ်တော်သည် ဘ၀ဇာတ်သိမ်းဖို့ အကောင်းဆုံးသော အရှယ် ပေတကားဟု စဉ်းစဉ်းစားစားနှင့်ပင် သဘောကျလျက်ရှိပါသည်။

## လမ်းလျှောက်ခြင်း အလေ့

၁၉၄၁ ခုနှစ်တွင် သူရိယတိုက်အုပ် ဦးဘကလေးနှင့် ကျွန်ုပ်သည် ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့်ခရီးအတူသွားကြစဉ် စကားစပ်မိကြ၍ လမ်းလျှောက်ခြင်း အကြောင်း ပြောကြ၏။ ဦးဘကလေးက သူသည် လွန်ခဲ့သော ၁၅ နှစ်ခန့် လောက်ကတည်းက နံနက်စောစောကြီး လမ်းလျှောက်ခဲ့ကြောင်း၊ မည်မျှလောက် မိုးသည်းထန်သည်ဖြစ်စေ (၎င်း၁၅နှစ်အတွင်း) တရက်မျှ မပျက်ခဲ့ဘူးကြောင်း ပြောပြ၏။ ထိုအခါ ကျွန်ုပ်က "နေမကောင်းထိုင်မသာ ဖြစ်လျှင်ကောဗျာ"ဟု မေးကြည့်ရာ "ကျွန်တော်မှတ်မိသလောက် ဒီအချိန်အတွင်းမှာ တခါမှ မဖျားဘူးဗျ" ဟု ပြန်ပြောလေသည်။ ဤတွင်ကျွန်ုပ်အလွန်အံ့ဩ၍ သူနှင့်ကျွန်ုပ် သိကျွမ်းလာ ခဲ့ကြသည့် (၁၉၁၇–၄၁ခုနှစ်) ၂၄နှစ်မျှသောအချိန်ကာလကို ပြန်လည် သုံးသပ်ရာ ဦးဘကလေးနေမကောင်း၍ အလုပ်ပျက်သည်ဆိုခြင်းကို ကျွန်ုပ် တကြိမ်မျှ မမှတ်မိခြင်းကို ဝန်ခံပါသည်။ မီးရထားပေါ်၌ သူနှင့်စကားပြောစဉ် ကျွန်ုပ် လမ်းလျှောက်ခြင်း လေ့ကျင့်လာသည်မှာ တနှစ်ကျော်ကျော်မျှသာ ရှိသေးပေ ရာ သူ၏စကားကို ကျွန်ုပ်ကြားရသောအခါ၌ ကျွန်ုပ်သည်လည်း သူကဲ့သို့ပင် ရက်မှန်မှန် လမ်းလျှောက်ဖို့ ကြိုးစားမည်ဟု သန္နိဋ္ဌာန်ချလိုက်မိပါသည်။ တဖန် ၁၉၄၇ခုနှစ်တွင် ကျွန်ုပ်သည် ရန်ကုန်သို့ရောက်သွား၍ သမာဓိ သတင်းစာတိုက် ဖြစ်သော ဦးဘကလေး၏နေအိမ်သို့ သွားရောက်တွေ့ဆုံရာ ဦးဘကလေးမှာ ၁၉၄၅ခုနှစ်လောက်က မော်တော်ကားမှောက်ခြင်းကြောင့် ပေါင်ကျိုးသွားပြီး

လမ်းမလျှောက်နိုင်ရှာပဲ ရှိနေခြင်းကို ဝမ်းနည်းစွာ တွေ့ခဲ့ရလေ၏။ ထို့နောက် တနှစ်ခန့်မျှအတွင်း၌ပင် ဦးဘကလေး ကွယ်လွန်ကြောင်း သိရပါသည်။ ဤတွင် ကျွန်ုပ်ချက်ချင်းသတိရမိသော အခြင်းအရာ တခုသည်ကား ဦးဘကလေးသည် လမ်းလျှောက်မှန်လှုခြင်းကြောင့် တအံ့တသြကျန်းမာလာခဲ့သည်။ သူသည် လမ်းမလျှောက်နိုင်သော အခြေအနေတွင် ကြာရှည်စွာ အသက်မရှင်ပဲ သေဆုံးရသည်။ ကျွန်ုပ်၏ကောက်နုတ်ချက်ကား လမ်းမှန်မှန်ကြီးလျှောက်ဖို့ အလေ့အကျင့် ပြုလုပ်ထားသူများသည် (အကြောင်းတစုံတရာကြောင့်) လမ်းမလျှောက်ပဲ နေရသောအခါ၌ မြန်မြန်သေတတ်သည် ဟူသည်ပင် ဖြစ်၏။ မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ကျွန်ုပ်သည် ဤအယူအဆကို အလွန်သဘော ကျသည် ဖြစ်၍ ထိုအချိန်မှ စပြီးလမ်းလျှောက်သော အလေ့ကိုကြာရှည်စွာ အပျက်မခံတော့ပဲ ရက်မှန်ရုံမက အချိန်ပါမှန်ဖို့ ကြိုးစားပါတော့သည်။

သို့ဖြစ်၍ ၁၉၄၈ခုနှစ်၊ မေလ ၃၁ရက်နေ့၌ မအမာ၏ဖခင်ဦးထင်နှင့် စကားစပ်မိကြ၍ နံနက်တိုင်းအတူလမ်းလျှောက်ကြဖို့ သိန္နဌာန်ချလိုက်ကြ၏။ ကျွန်ုပ်တို့သည် မိုးရွာမရှောင်၊ လေတိုက်မရှောင် လျှောက်ကြဖို့ ကတိထားကြသည့်အတိုင်း မှန်မှန်ကြီးလမ်းလျှောက်ကြရာ ၁၉၅၁ခုနှစ်လောက်တွင် ဆရာလွင်နှင့်အခြားလူ သုံးလေးယောက်ပင် လိုက်ပါကြသေး၏။ သို့ရာတွင် ထိုလူများသည် ကျွန်ုပ်တို့ကဲ့သို့ ဖွဲကောင်းသူများ မဟုတ်သည်နှင့် တဖြည်းဖြည်းတွင် ပြုတ်ကုန်ကြပါလေတော့သည်။ ၁၉၅၅ခုနှစ်လောက်မှစ၍ မန္တလေးမြို့နီစပယ်အခွန်ဝန် (ယခုပင်စင်စား) ဦးလူကလေးသည်လည်း ကျွန်ုပ်တို့နှင့်အတူလမ်းလျှောက်ဖော် ရလာခဲ့သည်ဖြစ်၍ အခြားသော လမ်းလျှောက်သမားများက (ကျွန်ုပ်တို့ သုံးယောက်၏ မှန်မှန်ကြီးတွဲခြင်းကို မြင်ကြသောကြောင့်ထင့်) 'သူရဲကောင်းသုံးယောက်' (Three Musketeers) ဟုခေါ်စပြုလာကြလေသည်။

## ဝမ်းချုခြင်း

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ကျွန်ုပ်အဖို့ အလေ့အမှန်တခု ဖြစ်လာသည့်နည်းတူ ဝမ်းချုခြင်းသည်လည်း ဒုတိယအလေ့တခုဖြစ်လာ၏။ ၁၉၄၅ ခုနှစ်၌ ကျွန်ုပ်သည် အမေရိကန်ပြည်ထုတ်ကျန်းမာရေး စာအုပ်တအုပ်ကို သဘောကျ၍ 'အာဟာရဖြင့်ကျန်းမာအောင်လုပ်နည်း'ဟူသော အမည်ဖြင့် ဘာသာ ပြန်ဆိုခဲ့၏။ ၎င်းစာအုပ်တွင် ဝမ်းချုခြင်း၏ အကျိုးကျေးဇူးများဖော်ပြပါရှိ သည်နှင့် ကျွန်ုပ်ကိုယ်တိုင်စမ်းကြည့်ရာ အကျိုးများကြောင်းတွေ့ရပါသည်။ ထိုနှစ်မှစ၍ ကျွန်ုပ်နှင့် ဦးထင်တို့သည် နေ့စဉ်ရေအေးနှင့်ဝမ်းချုခြင်းအလုပ်ကို ယနေ့တိုင်မှန်မှန်ကြီး လိုက်နာဆောင်ရွက်လျက်ရှိကြ၍ ကြာလေအကျိုးများ ကြောင်းတွေ့ရသည်နှင့် ကြာလေယုံကြည်လေ ရှိနေကြပါတော့သည်။ အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်းစာအုပ်ကိုဖတ်ရ၍ လိုက်နာပြုလုပ်သဖြင့် အကျိုးများလှပါ သည်ဆိုသော စာများလည်း ဤနှစ်များအတွင်းမြောက်မြားစွာ လက်ခံရရှိ၏။ ကျွန်ုပ်ကိုယ်တိုင် အဖို့မှာမူ တခါစွဲကပ်လျှင် ပျောက်ဖို့အလွန်ခဲ ယဉ်းသည့် 'နှင်းကူ' နာကြီး ရှင်းရှင်းပျောက်သွား၍ ဦးထင်အဖို့မှာလည်း ဝမ်းမိုက်နှင့် ရင်ပတ်တပြင်လုံးတွင် ကျရောက်သည့်ဆင်ညှင်းကြီး ပျောက်ကင်းသွား လေသည်။ ကျွန်ုပ်တို့နှစ်ယောက်မှာသွားလေရာ အရပ်သို့ ဝမ်းချုပုံးဆောင်သွား ကြသည် ချည်းဖြစ်၏။ ၁၉၅၂ခုနှစ်က တရုတ်ပြည်သို့ ကျွန်ုပ်သွားခဲ့ရာတွင် ဝမ်းချုပုံးကို မထားခဲ့ပဲ သုံးလေးရက်သွားရသည့် မီးရထားပေါ်၌ပင် ကတ်ကတ် သတ်သတ် ချုမိအောင်ချုခဲ့လေသည်။ အတူသွားကြသော ကိုယ်စားလှယ်တော်များသည် လည်း ကျွန်ုပ်၏ဝမ်းချုပုံးအကြောင်းကို ဘယ်ကကြားကြသည်မသိ၊ ခေါင်းခဲ လည်နာဖြစ်တိုင်း ကျွန်ုပ်ထံသို့ ဝမ်းချုပုံးငှားရန် လာကြလေသည်။ ဦးထင်နှင့် ကျွန်ုပ်တို့၏ ယုံကြည်ချက်မှာ ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် အအေးမိခြင်းစသော အသေးအဖွဲ ရောဂါမျိုးကို ခုခံရန်မတတ်နိုင်ပဲရှိချင်ရှိမည်။ သို့သော် ကျွန်ုပ်တို့၏

သွေးသားစင်ကြယ်မှုကြောင့် သွေးသားထဲတွင် နှစ်ရှည်လများ အခြေတည်ပြီးမှ ဖြစ်ပေါ်လာရသည့် 'ကင်ဆာ'၊ 'တီဘီ'အစရှိသော ရောဂါမျိုးမှုကား မစွဲကပ်နိုင်၊ (ဝါ)အခြေမတည်နိုင်ဟူ၍ လို့က်လုံစွာ ယုံကြည်စိတ်ချလျက် ရှိကြပါသည်။ ကျွန်ုပ်တို့၏ ယုံကြည်ချက်သည် သဘာဝကျသည်ထင်သောကြောင့် အတော် အတန် ဆရာဝန်များ တွန်းလှန်ဖြိုဖျက်ခြင်းငှာ မစွမ်းနိုင်ဟု 'အသည်းစွဲ' ယုံကြည်လျက်ရှိကြပါသည်။

# ဆဌမပိုင်း

## စာပေအရေးအသား

ကျွန်ုပ်သည် စာအုပ်တွင် အမည်ပေးထားသည့်အတိုင်း ကျွန်ုပ်၏ဘဝတသက် တာအဖြစ်အပျက်များနှင့် အတွေးအခေါ်များ ရောညှပ်ကာ ရေးသားတင်ပြခဲ့ရာ နိဂုံးချုပ် အနေဖြင့်မူ ကျွန်ုပ်၏ အတွေးအခေါ်များနှင့် အယူအဆများ သက်သက် ကိုသာ ဖော်ပြရန် ကျန်ပါတော့သည်။ ကလောင်ဖြင့် အသက်မွေးသည့် စာရေး ဆရာတယောက်လုပ်တော့မည်ကြံလျှင် တတ်နိုင်သမျှ စာများများဖတ်ခြင်းသည် မရှိမဖြစ်သော အင်္ဂါရပ်တခုဖြစ်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ အချို့စာရေးဆရာ များက "ကျွန်တော်တို့တော့ စာများများမဖတ်ဘူးပေါင်"ဟု ထုတ်ဖော် ပြောဆို ခြင်းကိုကြားရဘူးရာ ပျင်းရိသောအနေဖြင့် ဝန်ခံခြင်းဖြစ်လျှင်ပင် ဆိုးရွားလှလေပြီ။ ထိုကဲ့သို့ မဟုတ်မူ၍ စာဖတ်ဖို့မလို၊ သူကိုယ်တိုင်စာမဖတ်ပဲ စာရေးဆရာ တယောက်ဖြစ်လျက်ရှိသည်ဟု ပြောလိုခြင်းဖြစ်ပါမူကား အလွန့်အလွန် ဆိုးရွား သည်ဟု ဆိုသင့်သည်။ စာရေးဆရာ မဟုတ်သူများအဖို့မှာ စာဖတ်ခြင်း သည် ဗဟုသုတအလို့ငှာ ဖြစ်သည်ဟု ဆိုနိုင်သော်လည်း စာရေးဆရာများအဖို့မှာ စာရေးပုံ ရေးနည်းလေ့လာရန်အတွက်ပါ ဖတ်ရှုလေ့လာကြရပေမည်။

## ကျွန်ုပ်၏စံနမူနာဆရာ

အထက်တွင် ဝန်ခံခဲ့ဘူးသည့်အတိုင်း (တတ်နိုင်လျှင်) ကျွန်ုပ်သည် အင်္ဂလိပ်လို စာရေးဆရာတယောက်ဖြစ်ဖို့ ရည်မှန်းချက်ထားဘူးသည့်အလျောက် အင်္ဂလိပ်ဘာသာ၌ 'စံတင်လောက်သည်' ဆိုသည့်စာအုပ်ကြီးများ (Classics) ကို

ဖတ်ရှုခဲ့၍ မြန်မာစာပေဘာက်တွင် လေ့လာမှုနည်းပါးခဲ့ပါသည်။ ထိုစာအုပ်များမှာ (ဝတ္ထုများသော်လည်း) ဝတ္ထုချည်းမဟုတ်၊ အရေးအသားကောင်းလှသည်ဟု နာမည်ကျော်ကြားလျက်ရှိသော စာအုပ်များကို ရွေးချယ်ဖတ်ရှုခဲ့သည်။ အချို့လူများသည် အရေးအသားကောင်းသော စာပေမျိုးကိုတွေ့ရသော်လည်း ကောင်းလှသည်ဟူ၍ အမှတ်မထင်၊ သာမန်ကာလျှံကာ ဖတ်ရှုတတ်သည်။ အချို့မှာအရေးအသားကောင်းခြင်း၊ မကောင်းခြင်းမျှကိုပင် ခွဲခြား၍မသိတတ်ပဲ (စာရေးဆရာများလည်းပါသည်။) စာအားလုံး အတူတူဖြစ်သည်ဟု မှတ်ထင်သည့်အလား အပြေးအလွှား ဖတ်တတ်ကြသည်။ ကျွန်ုပ်၏ပါရမီတခုမှာကား လုံးဝစာမရေးတတ်သေးမီကပင် အရေးအသားကောင်းသည့်စာဆိုပါက ပီတိသောမနဿဖြစ်တတ်ပါသည်။ အင်္ဂလိပ်စာအုပ်များအနက် ရေးဟန်ကောင်းလှသည်ဟု (ထိုစဉ်က) နာမည်ကြီးလှသော လော့ဒ်မကြောလေး၏ စာတမ်းများ (Essays) ကို ဖတ်ရှုရသည့်အခါ သူ၏ဝါကျတည်ဆောက်ပုံ သပ်ရပ်ကျစ်လျစ်ပြေပြစ်ခြင်းနှင့် အချက်ကျအောင်ရေးတတ်ခြင်း၊ ချောမွေ့လှပခြင်း၊ ခန့်ညားအောင် ရေးတတ်ခြင်းတို့ကိုတွေ့ရ၍ ကျောထဲ၌ ကြက်သီးတဖြန်းဖြန်း ထသည့်တိုင်အောင် အရသာပေါ်ထွက်လာပါသည်။ သူ၏ဝါကျများသည် ပွတ်သမား၏ ပွတ်စင်မှထွက်လာသည့် 'ဂျင်'ကလေးသဖွယ် ချောမွတ်သေသပ်လှသောကြောင့် အချို့ကို ကျွန်ုပ် အာဂုံဆောင်လေ့ရှိ၏။ ကျွန်ုပ်သည် စာဖတ်ခြင်းအလုပ်၌ အတော်ဝါရင့်လာသောအခါမှ သူ၏စာအုပ်များကို ဖတ်ရှုခြင်းဖြစ်၍ 'ခတ်ခံ'အတော်ကောင်းလျက်ရှိသည် ဖြစ်သောကြောင့် သူ၏စာရေးပုံရေးနည်းများသည် ကျွန်ုပ်၏စိတ်ထဲသို့ စိမ့်၍စိမ့်၍ဝင်သွားသည်ဟု ထင်မိပါသည်။ သူ၏စာများကို သုံးနှစ်ခန့်တဆက်တည်း ဖတ်ရှုလာသည့်အခါ ကျွန်ုပ်သည် မကြောလေး၏ ဝါကျတည်ဆောက်ပုံကို တမင်တကာ အတုခိုးရသည်မဟုတ်ပဲ မကြာခဏ ပီတိဖြစ်ရခြင်းအတွက်ကြောင့် တဖြည်းဖြည်းတစိမ့်စိမ့်ဝင်၍ဝင်၍သွားသည်ဟုထင်ပါသည်။ သို့ဖြစ်၍ လော့ဒ်မကြောလေး၏စာများကို ကျွန်ုပ်နှင့်အတူ နှစ်သက်သဘောကျသော သူငယ်ချင်းမောင်ရီက "မင်းက

မကျောလေးစတိုင်မျိုးဆန်ဆန် ဖြစ်လာပါပြီကော”ဟု ချီးကျူးပြောဆိုရာ ကျွန်ုပ် အလွန်တရာ ကျေနပ်မိသည်။

## အင်္ဂလိပ်နှင့်ပါဠိ

ကျွန်ုပ်စာရေးဆရာဖြစ်လာ၍ မြန်မာလို စာရေးရသောအခါ ကျွန်ုပ်၏ ဝါကျများသည် (မောင်ရီပြောဘူးသည့်အတိုင်း) မကျောလေးဆန်ဆန် ဖြစ်နေပုံရ၏။ တနေ့သ၌ အမျိုးသမီးစာရေးဆရာ ခင်မျိုးချစ်၏ခင်ပွန်း ကိုခင်မောင်လတ်က စကားစပ်မိ၍ ပြောဘူးသည်မှာ “အစိုးရဘာသာပြန်ဘက်မှာ ကျွန်တော်လုပ်ခဲ့ရဘူးတုန်းက ဆရာကြီးရဲ့ သူရိယခေါင်းကြီးတွေကို ကျွန်တော်က အင်္ဂလိပ်လိုပြန်ပြီး အထက်အရာရှိကြီးများထံတွင် ပြရပါတယ်၊ သူများစာတွေနဲ့မတူဘူး၊ ဆရာကြီးရဲ့ ခေါင်းကြီးတွေကို အင်္ဂလိပ်လိုပြန်ရတာ သိပ်လွယ်တယ်၊ တခါတည်း ချောမွတ်သွားတာပဲ”ဟု ပြောဘူးလေသည်။ အခါတပါး၌လည်း မြန်မာကျမ်းပြု ဆရာများအနက်တွင် ထင်ရှားကျော်ဇောသော ဆရာတော်ကြီးတပါးက “ဝါကျ တည်ဆောက်ပုံနှင့်ပတ်သက်လို့ ဗမာမှာသိပ်ပြီး စည်းကမ်းစနစ်မရှိကြဘူး၊ ဒကာကြီးက အင်္ဂလိပ်စာမှ ရလာခဲ့တယ်၊ ဘုန်းကြီးက ပါဠိမှရလာခဲ့တယ်၊ တမျိုးစီ နေရာကျတာပဲ”ဟု မိန့်တော်မူဘူးလေသည်။ ဤပုဂ္ဂိုလ်များ စကားသည် မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ကျွန်ုပ်အဖို့ ဆင်ခြင်သုံးသပ်စရာများ ဖြစ်ပေါ်လာစေပါသည်။ ထို့နောက် ဆရာတော်နှင့် ကျွန်ုပ်သည် ဇာတ်ကြီးဆယ်ဘွဲ့ ကိုစီကုံးနွှန်းဖွဲ့သည့် ဦးသြဘာသနှင့် ဦးပုညတို့အကြောင်းများကို ဆက်လက်ဆွေးနွေးကြရာ ဆရာတော်က ဦးပုည ဝါကျအကြောင်းကို မေးသည်နှင့် ကျွန်ုပ်က “ဦးပုညကတော့ ဝါကျမှာ ဒါလောက်မဟုတ်ပါဘုရား၊ သူက စကားလုံးပြောင်တဲ့ဘက်က စွမ်းတဲ့ပုဂ္ဂိုလ်ဖြစ်ပါသည်”ဟု ကျွန်ုပ်က လျှောက်ထားသဖြင့် ဆရာတော်ကလည်း သဘောတူ လက်ခံတော်မူသည်။

## စာအမျိုးမျိုး

စာရေးရာ၌ ကောင်းပုံကောင်းနည်း အမျိုးမျိုးရှိသည့်အနက် အမျိုးသမီး စာရေးဆရာတယောက်နှင့် ကျွန်ုပ်ဆွေးနွေးဘူးရာတွင် သူက "ဒီလက်ထက်မှာတော့ ဦးသြဘာသကို မြန်မာစာ စကားပြေအရေးကောင်းတဲ့ ပုဂ္ဂိုလ်မျိုး မပေါ်လာတော့ပါဘူးထင်တယ်"ဟု ပြောလိုက်သဖြင့် ကျွန်ုပ်က "ဦးသြဘာသက ဘာအရေးကောင်းတာလဲ"ဟု မေးလိုက်ရာ အမျိုးသမီး မျက်နှာပျက်သွား၏။ ကျွန်ုပ်ဆိုလိုသောအဓိပ္ပာယ်ကို နားလည်ဟန်မတူချေ။ ကျွန်ုပ်၏ဝါသနာမှာ ဤသို့သောလုန့်လုံးကလေးများနှင့် ပြောချင်တတ်ပေရာ အချို့လူများသည် ကျွန်ုပ်စကားအဓိပ္ပာယ်ကို ကျနစွာနားမဆင်ကြပဲ "ရှေ့ဥဒေါင်းကြီးက ဦးသြဘာသရေးတဲ့စာတွေ မကောင်းဘူးဆိုပါကလား"စသည်ဖြင့် အလွဲလွဲအချော်ချော် ပြောချင်တတ်ကြလေသည်။ ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်မှာ ဘာသာစကား တခုတည်း၌ပင် စာအမျိုးမျိုးဆိုရာ၌ ဦးသြဘာသရေးသည့် ဇာတ်ကြီးဆယ်ဘွဲ့အစရှိသော 'စာ'မျိုး၊ မိတ်ဆွေအချင်းချင်းပေးသည့်စာမျိုး၊ သတင်းစာခေါင်းကြီးပိုင်းမျိုး စသည်တို့ရှိကြလေသည်။ ကျွန်ုပ်တို့မြန်မာပြည်တွင် စာပေးစာယူ အပြန်အလှန်ရေးကြသည့် ပေးစာမျိုးကို ရေးကြီးခွင်ကျယ်လုပ်၍ စာအုပ်ရိုက်နှိပ်ခြင်း နည်းပါးသော်လည်း (သားသမီးများထံသို့ လူထုဦးလှရေးသည့် စာတအုပ်တွေ့ရဘူး။) လောကီမှုရေးရာ၌ ထွန်းကားလျက်ရှိသော အနောက်တိုင်း ပြည်များ၌မူ အဆိုပါ စာမျိုးကို သူတပါး ထက်ကောင်းအောင် ရေးတတ်၍ ဤရေး နည်းမျိုးဖြင့် ကမ္ဘာကျော်ကြားသည့် စာရေးဆရာများပင် ရှိကြလေသည်။

## ဦးသြဘာသကောင်းပုံ

တဖန်စကားပြေရေးချင်တူသော်လည်း ဤခေတ်တွင် သတင်းစာခေါင်းကြီးများနှင့် ဆောင်းပါးများရေးနည်းဟူ၍ တမျိုးတဖုံပေါ်လာပြန်၏။ ကျွန်ုပ်သည် ဦးသြဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့ကို စီကုံးနှုန်းဖွဲ့ခြင်းနှင့် ပတ်သက်၍ သူမတူအောင် ကောင်းခြင်းကို ဝန်ခံပါသည်။ သူ၏ရေးနည်းမျိုးမှာ ကာရန်ကလေးမလွတ်စေပဲ အချိန်အဆက်ကလေးတွေနှင့် ဟပ်ကာဟပ်ကာ ရေးထားခြင်းဖြစ်သောကြောင့် အသံထုတ်၍ ဖတ်လိုက်သောအခါ၌ အလွန်ချောမောပြေပြစ်ခြင်းရှိသည်ကိုတွေ့ရ၏။ ဤခေတ်စာဖတ်ပရိသတ်ကမူ စာလုံးပေါင်း ၁၀ကျော် ၁၂လုံးတွင်မှ အလျဉ်းသင့်သလို တချက်တချက် စပ်ဟပ်ထားသည့် 'ကာရန်' ကလေးများကို သတိပြုမိကောင်းမှ ပြုမိကြပေလိမ့်မည်။ သူရိယတိုက်၌ အလုပ်လုပ်ခဲ့စဉ်က ၎င်းရေးနည်းကို ကျွန်ုပ်သဘောကျလှသည်နှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံမှ ကျွန်ုပ်အနည်းငယ် လေ့လာခဲ့ဘူး၏။ သို့ရာတွင်ဆရာကြီးကိုယ်တိုင်ခေါင်းကြီးတပုဒ်ရေး၍ ဦးသြဘာသရေးနည်းမျိုး ခပ်ဆင်ဆင်စီကုံးထားသည်ကို ဖတ်လိုက်ရသော အခါကာရန်ကလေးများကြောင့် ချောပင်ချောသော်လည်း တမျက်နှာနှင့် ပြီးရမည့် စာတပုဒ်သည် အဓိပ္ပာယ်ပိုမိုထိရောက်ခြင်းလည်းမရှိပဲ သုံးမျက်နှာခန့် ဆန့်ထွက်သွားခြင်းကို တွေ့ရဘူးလေသည်။ ဤတွင်တိုတိုတုတ်တုတ်နှင့် ဒိုးဒိုးဒေါက်ဒေါက် ကြိုက်တတ်သူ တယောက်ဖြစ်သော ကျွန်ုပ်သည် သတင်းစာခေါင်းကြီးများ ကိုယ်၌ကလည်း ထိုရေးနည်းမျိုးနှင့်သာ သင့်လျော်ကြောင်း သိမြင်သည်ဖြစ်၍ ကာရန်နှင့် ရေးနည်းမျိုးကို အလေ့အကျင့်မလုပ်တော့ပဲ စွန့်လွှတ်လိုက်ပါသည်။ ဇာတ်ကြီးဆယ်ဘွဲ့ကို အရေးကောင်းလှသော ဦးသြဘာသသည်လည်းကောင်း၊ 'အနအယဉ်လူ့တခွင် သူ့ပြင်မရှိ'ဆိုသော လယ်တီပဏ္ဍိတဦးမောင်ကြီးသည်လည်းကောင်း သတင်းစာခေါင်းကြီးများရေးရလျှင် အကောင်းဆုံးရေးတတ်ကြလိမ့်မည်ဟု မှတ်ထင်သူများရှိကြလျှင် ထိုလူစုထဲတွင် ကျွန်ုပ်အပါ

အဝင်မဟုတ်ချေ။ ဤမျှလောက် ရေးပြသည်ဆိုပါက "ဦးသြဘာသက ဘာအရေး ကောင်းတာလဲ"ဟု အမျိုးသမီး စာရေးဆရာအား ကျွန်ုပ်မေးခွန်းသည် ပြေလည် လောက်ပြီဟုမျှော်လင့်ပါသည်။

## ခေတ်ပြောင်းခြင်း

ဝန်စာရေး ဦးကျီးနှင့် လယ်တီပဏ္ဍိတဦးမောင်ကြီး ကွယ်လွန်သည့်နောက် (လူသတ်ခံရသော မြန်မာ့အလင်းအယ်ဒီတာ ဆရာသင်မှာလည်း ဤရေးနည်းမျိုး ရေးချင်ရေးတတ်ပါသည်။) ကာရန်ကလေးငဲ့ကာရေးကြသည့် စကားပြေရေးနည်း မျိုးသည် ဝတ္ထုများရေးရာ၌ပင် ကွယ်ပျောက်မတတ် ရှိနေခဲ့လေပြီ။ အဖြစ်အပျက် အကြောင်းအရာကို လျင်မြန်စွာ သိလိုကြသော ခေတ်စာဖတ်ပရိသတ်သည် ရှည်လျားစွာ စီကုံးဖွဲ့နွဲ့ထားသည့် စကားလုံးများ၏ လှပခြင်းသက်သက်မျှကို အရသာခံစားဖို့ အချိန်မရရှိတော့ချေ။ စကားတန်ဆာဆင်ခြင်းမှာ ကဗျာသမား၏ အရာဖြစ်သည်ဟု နားလည်လျက်ရှိကြလေပြီ။ ဤခေတ်၌ စကားပြေကောင်းရေး တတ်ဖို့ ကြိုးစားတတ်ကြခြင်းမှာ ဇာတ်ကြီးဆယ်ဘွဲ့နှင့် ခင်မြင့်ကြီးဝတ္ထု အသွားမျိုး မဟုတ်တော့။ ကာလပေါ်ဝတ္ထုများနှင့် သတင်းစာများသည်သာလျှင် လေ့ကျင့် ရာဌာနများ ဖြစ်ပေတော့သည်။ ဤနေရာ၌ ကျွန်ုပ်သည် ဝတ္ထုရေးဆရာနှင့် သတင်းစာဆရာတယောက် ဖြစ်သည်မှန်သော်လည်း မည်သည့်စာမျိုးသည် ကောင်းသည်ဟု ထောက်ပြရန် အလိုမရှိပဲ မည်သို့သော ကောင်းနည်းမျိုးကို ကျွန်ုပ်နှစ်သက်၍ မည်သည့်ရေးနည်းမျိုးရေးတတ်အောင် ကျွန်ုပ်ကြိုးစားခဲ့သည် ဆိုခြင်းမျှလောက်သာ ရေးသားဖော်ပြလိုပါသည်။

## အကျင့်ဆိုးကို ပြင်ခြင်း

ကျွန်ုပ်သည် ဝတ္ထုရှေသတင်းစာခေါင်းကြီးများပါ ရေးသားခဲ့ရာတွင် အရေးအသားနှင့်ပတ်သက်၍ ဝတ္ထုဘက်မှာထက် သတင်းစာဘက်၌ ပိုမို အလေးပေးခဲ့ပါသည်။ ဝတ္ထုရေးရာတွင် တခါတရံ အလျင်စလိုရေးမိသောအခါ များ၌ ပြန်ကြည့်ဖို့ အချိန်မရှိဆိုကာ တခါတည်း ရေးလွှတ်ခဲ့မိခြင်းများရှိခဲ့ဘူးရာ သတင်းစာခေါင်းကြီးများ၊ ဆောင်းပါးများ၊ ကိုယ်တွေ့ အဖြစ်အပျက်များမူကား အနည်းဆုံး တကြိမ်ဖြစ်စေ ဖတ်ပြီးမှလက်လွှတ်တတ်ပါသည်။ ဝတ္ထုများ၌ အရေး အသားချော်၍ ကိစ္စမရှိ၊ ခေါင်းကြီးတပုဒ် အရေးချော်ခဲ့လျှင် ဒုက္ခရောက်နိုင်သည် ဟူသော အယူအဆကြောင့် ဖြစ်၏။ ဤအယူအဆသည် မှန်ပင်မှန်သော်လည်း စာရေးဆရာကောင်းတယောက်၏ အင်္ဂါမဟုတ်ခြင်းကို ဝန်ခံပါသည်။ စာရေး ဆရာကြီး တော်လ်စတွိုင်၏ "စစ်နှင့်ငြိမ်းချမ်းရေး"ဟူသော ဝတ္ထုကြီးကို ဖတ်ရှုရသောအခါ စာတမျက်နှာတည်းတွင် ၁၁ ကြိမ်တိုင်တိုင် ပြန်လည်ပြင်ဆင် ရေးသားထားခြင်းကို ဓာတ်ပုံနမူနာများနှင့်တကွ တွေ့ရသည်တွင်မှ ကျွန်ုပ် အကြီးအကျယ်နောင်တရပြီး ကျွန်ုပ်၏ ပျင်းရိသော အကျင့်ဆိုးကို ကတိုက်ကရိုက် ပြင်လိုက်ရပါတော့သည်။

## ပီမိုးနင်း၏ မှတ်ချက်

စာရေးဟန် (Style) နှင့် ပတ်သက်၍မူ ကျွန်ုပ်သည် စာရေးဆရာတယောက် ဖြစ်လာသည့် နှစ်ပေါင်းသုံးဆယ်ခန့်လောက်အတွင်း၌ အင်္ဂလိပ်စာအရေးအသား တွင် ရေးဟန်ကောင်းလှသည်ဟု နာမည်ကြီးလှသော စာရေးဆရာကြီး လော့ဒ် မကော်လေး၏ရေးဟန်ကို အလွန်သဘောကျသူတယောက်ဖြစ်၏။ ကျွန်ုပ်၏ ဝါသနာမှာ တစုံတခုကို နှစ်နှစ်ခြိုက်ခြိုက် သဘောကျသည်ဆိုလျှင် ထိုအခြင်း

အရာသည် ကျွန်ုပ်အထဲသို့ တဖြည်းဖြည်း စိမ့်ဝင်လာတတ်သည်ဖြစ်ရာ အခြားလူများအဖို့မှာလည်း ဤအတိုင်းပင် ဖြစ်တန်ရာသည်ဟု ယူဆမိသည်။ ဤမှတ်တမ်းကို ရေးသားလျက်ရှိစဉ် လူတိုင်း၌ ရှိသည်မဟုတ်ပဲ လူအချို့၌ သာရှိတတ်သည့် ဝါသနာတခု ကျွန်ုပ်၌ရှိခြင်းကို သတိပြုမိ၏။ ၎င်းမှာ တစုံတခု၌ 'စွဲ'တတ်သော ဝါသနာပင်ဖြစ်၏။ တစုံတခုကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ကျွန်ုပ်၏စိတ်ကို ထိခိုက်တတ်၍ အမှတ်တခု ကျန်ရစ်တတ်ကြောင်းကို အထက်တွင် ဖော်ပြခဲ့ဘူးသည်ထင်၏။ မကျွေးလေး၏ အရေးအသားကို ကျွန်ုပ်သဘောကျစဉ်က ပီတိတစိမ့်စိမ့်ဖြစ်မိ၍ သူ၏ရေးဟန်နှင့် စကားအသုံးအနှုန်းများသည် ကျွန်ုပ်၏ဦးနှောက်တွင် အလိုအလျောက် စွဲကပ်ကျန်ရစ်သည်ထင်၏။ ကျွန်ုပ်သည် မခို့တရို့နှင့် မထိမခိုက်ကလေး ရေးနည်းမျိုးကို မကြိုက်။ 'ပိဿာ လေးနှင့် နံဘေးပစ်သည်'ဆိုသော မကျွေးလေး၏ အရေးအသားမျိုးကို ကြိုက်တတ်သူဖြစ်ရာ စာရေးဆရာဖြစ်လာသည့်နောက် (အထူးသဖြင့် သတင်းစာခေါင်းကြီးများတွင်) ထိထိခိုက်ခိုက် လေးလေးပင်ပင် ရေးချင်တတ်သော အလေ့အကျင့်ဖြစ်လာ၏။ ဆရာပီမိုးနင်းက ကျွန်ုပ်၏သူရိယခေါင်းကြီးများကို ဖတ်ရသည် မှာ "ဆိတ်ကြီးပဲလှော်စားရခြင်းနှင့် တူလှသည်"ဟု ပြောဘူးလေသည်။ ဆိုလိုခြင်းမှာ ကျွန်ုပ်၏စကားလုံးသုံးပုံနှင့် ဝါကျတည်ဆောက်ပုံမှာ ထုံထုံထိုင်းထိုင်းမဟုတ်။ ကျွတ်ကျွတ်ရွရွရှိလှသည်ဟု ထပ်လောင်း၍ ရှင်းပြောပါသေးသည်။

## ပြောစကားလုံးညှပ်သုံးခြင်း

၁၉၃၆–၄၁ခုနှစ်များတွင် သူရိယခေါင်းကြီးများရေးရာ၌ ဟန်တလုံးပန်တလုံးနှင့် ခန့်ခန့်ညားညားဣန္ဒြေကြီးနှင့် ရေးချင်တတ်၏။ စာရေးသောအခါတွင် စကားပြောရာ၌သုံးသော (Colloquial) ပြောစကားသုံးမျိုးကို တတ်နိုင်

သမျှရောင်ခဲ့၏။ သို့ရာတွင် တခါတရံ၌မူ ‘ရေးစကားလုံး’ ထက် ‘ပြောစကားလုံး’ က ပိုမိုထိရောက် တောက်ပြောင်ခြင်းကို တွေ့ရသည့်အခါ ကျွန်ုပ်သည် ‘ပြောစကား လုံး’ဆို၍မရှောင်ပဲ’ ‘ကော်မာကလေးများပိတ်၍ သုံးလေ့ရှိပါသည်။ အချို့ စာရေးရာတွင် ‘ပြောစကားလုံး’ညှပ်ထည့်ခြင်းသည် ‘ကလက်’သယောင်ယောင် မှတ်ထင်ကြပေလိမ့်မည်။ ကျွန်ုပ်အဖို့မှာမူ အဓိပ္ပာယ်လေးနက်ခြင်းကိုသာ ဦးစားပေးပြီး စကားလုံး ရွေးချင်တတ်သူတယောက်ဖြစ်သောကြောင့် ‘ပြောစကား လုံး’ကိုဖြစ်စေ၊ အင်္ဂလိပ်စကားလုံးကို ဖြစ်စေ၊ ပါဠိစကားလုံးကိုဖြစ်စေ စာဖတ်သူ များနားလည်မည်ဆိုက သုံးချင်တတ်သည်။ တခါတရံ ပါဠိလုံးကိုကျွန်ုပ်သုံးလျှင် ပါဠိတတ်ကြောင်း ပြချင်သောကြောင့်မဟုတ်၊ (သုံးတော့သုံးခဲ့ပါသည်။) အင်္ဂလိပ် စကားလုံးကို သုံးလျှင်လည်း တတ်ကြောင်း ပြချင်၍မဟုတ်၊ သူ့နေရာနှင့်သူ အဆင်ပြေအောင် သုံးတတ်လျှင် အလွန်ထိရောက် လေးနက်သောအဓိပ္ပာယ်ရှိ ခြင်းကို လေးလေးနက်နက် ပြတ်ပြတ်သားသား ရေးချင်တတ်သည့် စာရေးဆရာ များနှင့် ထိထိခိုက်ခိုက် ရေးသောစာမျိုးကို ဖတ်ချင်တတ်သည့် စာဖတ်ပရိသတ် တို့နားလည်ကြပေလိမ့်မည်။

## ရေးဟန်ပြောင်းခြင်း

အသက်ဇဝကျော်လာသော အချိန်၌မူ ကျွန်ုပ်တွင် ‘ရေးဟန်’တမျိုးပြောင်း လဲလာခြင်းကို တွေ့ရ၏။ ယခင်ကမူ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ခန့်ညား သောဣန္ဒြေကြီးနှင့် ဟန်ပါပါ ရေးချင်တတ်၏။ (ကျွန်ုပ်၏ဆရာမကွေ့ာလေးသည် အသက် ၅၇နှစ်တွင် ကွယ်လွန်ခဲ့ရာ သူ့အဖို့ရာ၌ ‘ဟန်’မပြောင်းသော်လည်း အသက် ၅၇နှစ်ကျော်အောင် မနေရသောကြောင့် ဖြစ်ချင်ဖြစ်မည်။) ကျွန်ုပ်အဖို့မှာ မူ အသက် ဇဝကျော်လာရာ ‘အကြိုက်’တမျိုးဖြစ်လာခဲ့လေပြီ။ ထိုအချိန်တွင် ကျွန်ုပ်သည် ဤခေတ်၌ အလွန်နာမည်ကြီးသော အင်္ဂလိပ်စာရေးဆရာကြီး

ဆောမားဆက်မော်မ်၏ စာတအုပ်ကိုဖတ်ရ၍ စာရေးနည်းအကြောင်း ရေးထားသည့်သူ၏ အယူအဆများသည် ကျွန်ုပ်၏အယူအဆနှင့် တထပ်တည်း ကိုက်ညီလျက်ရှိခြင်းကို တွေ့ရ၏။ အံ့ဩဖို့ကောင်းသည်မှာ ကျွန်ုပ်၌ အကြိုက် တမျိုးပြောင်းလဲခါစဖြစ်၍ သို့လောသို့လော ရှိနေစဉ် သူ၏စာကိုဖတ်လိုက်ရသည် နှင့် တပြိုင်နက် 'ဟုတ်တာပဲ'ဟု ချက်ချင်းသဘောကျကာ ရဲရဲကြီး ပြောင်းလိုက် ခြင်းပင် ဖြစ်လေသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် ဟန်တလုံးပန်တလုံးနှင့် ခန့်ခန့်ထည်ထည်ကြီး ရေးတတ်မှ ကောင်းသည်ဟူသောအထင်သည် တဖြည်း ဖြည်း လျော့ပါးလျက်ရှိပါတော့သည်။

## ခေတ်ပြောင်းလဲခြင်း

ကမ္ဘာကျော် စာရေးဆရာကြီးဖြစ်သည့် ဆောမားဆက်မော်မ်နှင့် ကျွန်ုပ်သည် 'ဦးခေါင်းချင်း တိုက်မိသည်'ဟု ရေးခဲ့လျှင် ကြွားသည်ဟု ဆိုကြမည်လော မပြော တတ်။ ၎င်းဆရာကြီးနှင့် ကျွန်ုပ်သည် စာအရေးအသားတွင် အကြိုက်ချင်းတူရုံသာ မက အယူအဆများ၊ ညံ့ဖျင်းချက်များ၊ ကောင်းသော အချက်အလက်များတွင် လည်း တူသည်က များသောကြောင့် ကျွန်ုပ်အဖို့ရာ၌ တအံ့တဩဖြစ်ခဲ့ရဘူးပါ သည်။ ထိုအချိန်မှစ၍စာပေအရေးအသားတွင် မရှိပဲမဖြစ်ဟူ၍ ကျွန်ုပ်တို့သဘော ကျသည့် အင်္ဂါသုံးရပ်မှာ

### (၁) ရိုးရိုးကလေး ရေးခြင်း၊

အဓိပ္ပာယ်မှာအဆန်း၊ အကွန့်၊ အညွန့်၊ အတက်တွေပါစေဖို့ သဘောမထားပဲ ပုံမှန်အတိုင်း ရိုးရိုးရေး ခြင်းကို ဆိုလို၏။ ကျွန်ုပ်၏အရေးအသားကို 'ရိုး'သည်ဟု အချို့ကဝေဖန်ကြရာ သဘောကျသူများ ကမူ ရိုးသော်လည်းကောင်းသည်၊ သို့မဟုတ် ရိုးရိုးနှင့် ကောင်းသည်ဟု

ပြောကြ၏။ ကျွန်ုပ်ကို ချီးကျူးသူများပင်လျှင် ကျွန်ုပ်၏ ရည်ရွယ်ချက်ကို ရိပ်မိကြဟန်မတူချေ။ သူတို့၏အထင်မှာ ဆန်းဆန်းရေးနိုင်လျှင်သာ၍ ကောင်း လိမ့်မည်ဟုဆိုချင်ပုံရ၏။ ကျွန်ုပ်ကမူကား တမင်တကာ ရိုးရိုးကြီးရေးဖို့ ကြိုးစား လျက်ရှိပါသည်။ အဆန်း၊ အကွန့်၊ အတွန့်၊ အတက်များသည် တခါက ခေတ်စားခဲ့ဘူးသော်လည်း စကားလုံးလှလှရွေးပြီး အရသာခံချိန် မရှိသောခေတ် ဖြစ်လာခဲ့လေပြီ။ စကားလုံးလှလှရွေးပြီး တန်ဆာဆင်သောအလုပ်မှာ စကားပြေ သမားများအတွက် မဟုတ်တော့၊ ကဗျာလင်္ကာသမားတို့၏အလုပ် ဖြစ်သွားခဲ့လေ ပြီ။ စာဖတ်ဝါနသော ပရိသတ်သည် ကဗျာဆန်သော စကားပြေမျိုးကိုကောင်း သည်ဟု ထင်တတ်သေးသော်လည်း ဝါရင့်သော ပရိသတ်ကမူ ပြုံးဖို့နားလည်ကုန် ကြလေပြီ။

## (၂) ရှင်းရှင်းရေးတတ်ရမည်

အဓိပ္ပာယ်ရှင်းရှင်းရေးခြင်း၊ ဆိုလိုခြင်းမှာ စကားပြေရေးခြင်းသည် ပဟေဠိ (စကားဝှက်)မဟုတ်သည်ကို ကျွန်ုပ်အထူးသတိပြု၏။ ခက်ခဲနက်နဲသော အဓိပ္ပာယ်ရှိသည့် စာပင်ဖြစ်စေ တခေါက်ဖတ်ရုံမျှနှင့် နားသယ်ကို နက်လိုက်ဘိ သကဲ့သို့ 'အလန့်တကြား'နားလည်စေခြင်းသည် ကျွန်ုပ်သဘောကျသော ရေးနည်းမျိုးဖြစ်၏။ အချို့စာရေးဆရာများသည် ခပ်လွယ်လွယ်ရှိသော အဓိပ္ပာယ် မျိုးကိုပင် နှစ်ခေါက်သုံးခေါက်ဖတ်ယူရသော စာမျိုးဖြစ်အောင် ရေးချင်တတ်၏။ ကျွန်ုပ်အဖို့မှာ အဆိုပါစာမျိုးကို စိတ်မရှည်တတ်ပေ။

## (၃) ဒေါင်းဒေါင်းပြေးခြင်း

ဖတ်၍ချောခြင်း၊ စာတပုဒ်ကို ဖတ်လိုက်သည့်အခါ 'ဒေါင်းဒေါင်း ဒေါင်းဒေါင်း'ပြေး၍ နားထဲသို့အလိုက်သင့် ဝင်သွားသော စာမျိုးကိုဆိုလိုသည်။ ၎င်းအင်္ဂါနှင့် မပြည့်စုံသော စာမျိုးကို ဖတ်ရသည့်အခါ သမံတလင်းပေါ်တွင်

သဲဖြူးပြီး သတ္တုအိုးဖင်နှင့် ပွတ်သောအသံကဲ့သို့ ကျွန်ုပ်၏နားထဲ၌ အခံရခက်လှသည်။ မိမိရေးသောစာသည် ချောမချော စစ်ဆေးလိုသည့်အခါ အသံကျယ်ကျယ်ထွက်၍ ဖတ်ခြင်းသည် ကောင်းသောစစ်ဆေးနည်းတခုဖြစ်၏။ သို့ရာတွင် ဤသည်မှာ အတော်'ပညာပါ'သော ရေးနည်းဖြစ်၍ 'နား'ကောင်းဖို့လည်းလိုသည်။ 'နားညံ့'သော လူများသည် မချောသောစာကို ဖတ်ပြသော်လည်း မချောခြင်းကို မသိရှိပဲနေတတ်၏။ ကျွန်ုပ်၏အထင်မှာ စာအမြောက်အမြားဖတ်၍ စာအမြောက်အမြားရေးခြင်းအလေ့အကျင့်ပြုလုပ်ပြီးသည့်အခါမှသာလျှင် 'နားကောင်း'လာနိုင်သည်ထင်၏။ သို့သော် 'ရွက်ကြမ်း ရေကျို'မျှလောက် ကောင်းဖို့မှာကြိုးစားလျှင် ဖြစ်နိုင်လောက်ပေသည်။

## ညိုမြ၏စကားတခွန်း

အထက်ပါ မရှိမဖြစ်သော ကောင်းခြင်းအင်္ဂါများအပြင် ကျွန်ုပ်သတိထားမိသော အချက်အလက်အချို့လည်း ရှိပါသေး၏။ ၁၉၆၁ခုနှစ်လယ်လောက်က စာရေးဆရာ ညိုမြသည် မုံရွာမှ ရန်ကုန်သို့အပြန်လူထုသတင်းစာတိုက်သို့ ဝင်လာစဉ် (မည်သည့်ကိစ္စအတွက်ဟု ကျွန်ုပ်မမှတ်မိ) စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာများ ပါဝင်သည့် 'ပညာသည်'တစုနှင့် အဆင်သင့် ဆုံစည်းမိသဖြင့် စကားအနည်းငယ်ပြောသွား၏။ သူ၏စကားထဲတွင် 'အောက်မြန်မာပြည်ကလူတွေ စာမရေးတတ်ပါဘူး' ဟူသော စကားလုံးတခုပါရှိ၏။ သူသည်ထိုကဲ့သို့ သိမ်းကြုံးပြောဆိုလိုက်ရာ၌ စိတ်ထဲမှာ ရှိသည်ထက် 'ခနဲ့'သည့်သဘောမျိုးနှင့် 'ငေါ့'လိုက်ခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ညိုမြ၏စကားတလုံးသည် ကျွန်ုပ်၏ဝမ်းထဲ၌ တရေးရေးပေါ်ဘူးသည့် အယူအဆတခုကို နှိုးဆွပေးလိုက်သည့် နယ် ဖြစ်သွားသည်နှင့် ဤအကြောင်းကို ဆက်လက်စဉ်းစားမိရာ အောက်ပါ အတွေးအခေါ်များ ဖြစ်ပေါ်လာပါသည်။

## စကားလုံး ကြွယ်ခြင်းနှင့် 'ပီ'ခြင်း

စာရေးဆရာများသည် စာထဲမှတွေ့ရသော စကားလုံးများမှလည်းကောင်း၊ အချင်းချင်းပြောကြသောစကားလုံးများမှ လည်းကောင်းထုတ်နုတ်ကာ စီကုံးနှုန်းဖွဲ့ ကြရသည်ချည်းဖြစ်ရာ စာတွေ့အရာတွင်အထက်သားနှင့် အောက်သားခြားနားခြင်း မရှိ၊ အဖတ်များသူက သာနိုင်သည်။ သို့သော်ပြောစကားမှရသော 'အလုံး'များမှာမူ အထက်သားကသာနိုင်၍ အောက်သားထက် (Vocabulary) ကြွယ်ဝနိုင်သည် ဟုကျွန်ုပ်စဉ်းစားမိသည်။ 'ပြောစကားလုံး' ပင်ဖြစ်သော်လည်း အချက်ကျ၍ အဓိပ္ပာယ်ပေါ်လွင်သော စကားလုံးဖြစ်ခဲ့လျှင် စာထဲ၌ညှပ်၍သုံးလေ့ရှိသည့် ကျွန်ုပ်၏ စာမူများကို အောက်သားများ ဖတ်ရသည့်အခါ သူတို့မကြားဘူးသော စကားလုံးများ ပါတတ်၍ နားမှလည်ပါမည်လောဟု စိုးရိမ်မိဘူးသည်။ သို့ရာတွင် ကြားပင်မကြားဘူးသော်လည်း စကားသုံးပုံကို မြင်ခြင်းအားဖြင့် (စာရေးဝသူဖြစ်ခဲ့ လျှင်) အဓိပ္ပာယ်ကိုတွေးယူနိုင်လောက်သည်။ သို့ဆိုလျှင် စာဖတ်သူအဖို့ စကားတလုံးတိုးသွားနိုင်သည်ဟု ကျွန်ုပ်ယူဆသည်နှင့် ဤနောက်ပိုင်းတွင် ထိုရေးနည်းမျိုးကို တွင်တွင်ကြီး အသုံးပြုလာခဲ့သည်။ ညီမြသည် အောက်သားများ၏ စကားလုံးခေါင်းပါးခြင်းကို အထောက်အထားပြုပြီး "စာမရေးတတ်ပါဘူး" ဟုပြောလိုက်ခြင်း ဖြစ်ဟန်တူပေရာ တနည်းအားဖြင့်မှန်သည်ဟု ကျွန်ုပ်ကလည်း ထောက်ခံလိုသည်။ သို့ရာတွင် ကျွန်ုပ်ကမူ ချွင်းချက်ကလေး ဖြည့်စွက်လိုက်၏။ အထက်သားတိုင်းသည် အောက်သားတိုင်းထက် သာသည်ဟုမဆိုလို၊ အထက်သားတိုင်း စာရေးတတ်သည်ဟူ၍လည်း မဆိုလို၊ ပုဂ္ဂိုလ်အသီးသီး၏ ပါရမီခံကလည်း ရှိပေသေးသည်။ မန္တလေးမြို့သည် မင်းနေပြည်ဖြစ်ခဲ့ဘူးခြင်း ကြောင့် (ဝါ) အညာအရပ်သည် မင်းနေပြည်နှင့် နီးကပ်သောကြောင့် မြန်မာစကားလုံး 'ကြွယ်' ခြင်းနှင့် 'ပီ'ခြင်းကို ဝန်ခံထိုက်သည်ထင်ပေရာ အောက်သားစာရေးဆရာကောင်းတယောက်သည် မန္တလေးမြို့၌မွေးဖွားခဲ့ရပါက မိုးထိုးအောင် ထောင်သွား

နိုင်သည်ဆိုခဲ့လျှင် အောက်သားစာရေးဆရာများအဖို့ 'ခိုသာခံသာ' ရှိကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## 'ပြော'စကားလုံးညှပ်သုံးခြင်း

ရှေးခေတ်က စာရေးဆရာများသည် 'ကာရန်'ကလေးနှင့် ရေးတတ်ကြ၍ ကာရန်ကို ငဲ့ရသောကြောင့် ဖြစ်စေ၊ မိမိတတ်ကြောင်းကိုပြလို၍ဖြစ်စေ 'ပေါရာဏ' စကားလုံးများ ညှပ်သုံးတတ်ကြ၏။ လူတိုင်းနားမလည်ချင်နေစေ စာ'ခန့်'သည်ဟု သဘောထားတတ်ကြ၏။ ဤခေတ်တွင်မူကား စကားလုံးခန့်ခြင်း သက်သက်ထက် အဓိပ္ပာယ်ပေါ်လွင်ခြင်းနှင့် အလွယ်ဆုံး၊ အမြန်ဆုံး နားလည်စေ ခြင်းကို အလေးပေး၍ ရေးသားလျက် ရှိကြလေပြီ။ ကျွန်ုပ်သည် ခေတ်၏သဘော ကို ရိပ်မိသည့်ပြင် မန္တလေးသား တယောက်ပီပီ အောက်သားစာရေးဆရာများ ထက် 'ပြောစကားလုံး' ကြွယ်သည်ဟု (ကိုယ့်ဟာကိုယ်) အထင်ရောက်လျက် ရှိသည့် အတိုင်း စာရေးရာတွင် တိုတိုနှင့်ထိသည်ထင်သော 'ပြောစကားလုံး' များကို အခြားစာရေးဆရာများထက် အများဆုံးညှပ်၍ရေးတတ်သူတယောက် ဖြစ်၏။ အချို့စာရေးဆရာများနှင့် စာဖတ်ပရိသတ်သည် ကျွန်ုပ်၏ထူးခြားချက်ကိုရိပ်မိကြလေသလော၊ ရိပ်မိလျှင်လည်း ကောင်းသောရေးနည်းတခု ဖြစ်သည်ဟု အသိအမှတ်ပြုကြပါလေ၏လော မပြောတတ်။ အမျိုးသမီး စာရေးဆရာ ဒေါ်အမာနှင့် သတင်းစာဆရာ တယောက်ကမူ ဤအကြောင်းကိုကျွန်ုပ်ကား ဖွင့်ဟချီးကျူး ပြောဆိုခြင်းကို ကြားရသဖြင့် ကျွန်ုပ်ကျေနပ်အားရမိပါသည်။ အထူးသဖြင့် ဒေါ်အမာသည် ကျွန်ုပ်၏ဝါကျတည်ဆောက်ပုံနှင့် စကားအသုံးအနှုန်း များသည် သူ့နားထဲသို့ စိမ့်ဝင်လျက်ရှိကြောင်း ဝမ်းမြောက်စွာ ဝန်ခံဘူးသည်။

အတော်စာဝါရင့်သော သူအချို့က မအမာ၏ အရေးအသားသည် ကျွန်ုပ်၏ အရေးအသားနှင့် တခါတရံမှားမိကြပါသည်ဟု အံ့ဩစွာနှင့်ဝန်ခံပြောပြကြဘူး၏။

သို့ရာတွင် 'ပြောစကားလုံး' ညှပ်၍ သုံးခြင်း၌မူ အလေ့အကျင့်ရှိသေးပုံမရ၊ တတုံ တတုံမှ တွေ့ရတတ်လေသည်။ ဤသည်မှာမူ ရုတ်တရက်ချက်ချင်း အတူခိုး၍ ရလောက်အောင် မလွယ်ကူသောကြောင့် ဖြစ်တန်ရာသည်။ ဟုတ်တော့ လည်းဟုတ်သည်။ 'ပြောစကားလုံး'သုံးသည်ဆိုလျှင်လည်း သုံးချင်အားကြီးနှင့် သုံး၍မကောင်း၊ 'ရေးစကားလုံး'ထက် 'ပြောင်'၍ အဓိပ္ပာယ်လေးနက်သော 'ပြောစကားလုံး'မျိုးကို ရနိုင်မှသာ သုံးနှုန်းထိုက်ပေသည်။ မအမာအပြင် အထက်ပါ လူငယ်စာရေးဆရာမှာမူ အောက်သားတယောက်ဖြစ်၍ 'ပြောစကားလုံး ပြောင်'များကို မရှာတတ်ရှာသည်နှင့် သာမာန်ပြောစကားလုံးများကိုကျွန်ုပ်နည်းတူ ' 'ကော်မာတပ်၍ သုံးသော်လည်း သူမျှော်လင့်သလိုဖြစ်မလာခြင်းကို တွေ့ရသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ၁၉၁၇–၂၀အချိန်က သူရိယမဂ္ဂဇင်းခေါင်းကြီးများတွင် ခပ်ရဲရဲသုံးဝံ့ပါသည်။ ထို့နောက် လူထုသတင်းစာခေါင်းကြီးများနှင့် ဤမှတ်တမ်း ကို ရေးသောအချိန်သို့တိုင်ရောက်သောအခါ၌မူ ဝါရင့်သော စာရေးဆရာ တယောက်၊ သို့မဟုတ် တိုင်းပြည်က လက်ခံသော စာရေးဆရာတယောက် ဖြစ်လာသည်ဟူသော ယုံကြည်ချက်ဖြင့် (မှားချင်လည်းမှားမည်။) ဤနည်းကို အကွက်ပေါ်တိုင်း တွင်တွင်ကြီး အသုံးပြုလျက်ရှိပါသည်။ အချို့လူများက 'အခန့်'ပျက်သည် ပြောကြခြင်းကို ကျွန်ုပ်ခံနိုင်ရည် ရှိလာခဲ့ပါပြီ။

## ကျွန်ုပ်၏ဆရာနှစ်ယောက်

'ပြော'စကားလုံးများ ကြွယ်ဝခြင်းမှာ (မန္တလေးသားတယောက်ဖြစ်သည့်ပြင် စကားလုံးပီပီပြောတတ်သည့် နန်းတွင်းသူ မိခင်နှင့် လွှတ်တော်စာရေးဖြစ်ခဲ့သူ ဖခင်၏သား ဖြစ်သည့်အတွက်ကြောင့်) အချောင်ရခဲ့ခြင်းဖြစ်သော်လည်း စာရေး သော အခါ၌ 'ဝါကျ'တည်ဆောက်တတ်ဖို့မှာမူ အလကားရသည် မဟုတ်။ ပထမဆရာဖြစ်သော မကျောလေးနှင့် ဒုတိယဆရာဖြစ်သော ဆောမားဆက်မော်မ်

တို့ထံမှ (အထက်တွင်ရေးပြခဲ့သည့်အတိုင်း) သူတို့စာရေးပုံကို အကြိမ်ကြိမ် ပီတိသောမနဿဖြစ်ခြင်းအားဖြင့် သွေးထဲသို့ စိမ့်ဝင်လာခြင်းကို ဆိုလိုပါသည်။ ပထမဆရာထဲမှမူ ကြိုးကြိုးစားစားသင်ယူရ၍ ဒုတိယဆရာထံမှမူ သူနှင့်ကျွန်ုပ် အကြိုက်ခြင်းတူသည်ကို တွေ့ရ၍ ကျွန်ုပ်အားတက်ပြီး သူ့နည်းအတိုင်း 'မူသေ' လာခြင်းပင်ဖြစ်လေသည်။ ဒုတိယဆရာထံမှ ကျွန်ုပ်ရရှိလိုက်သော ရေးနည်းမှာ စာကိုဖတ်ကြည့်လိုက်သည့်အခါ (မင်္ဂလာလေး၏စာများကဲ့သို့) ခဲခဲယဉ်းယဉ်းနှင့် တပင်တပန်းရေးထားရသည့် အသွင်သဏ္ဌာန်ဟန်ပန်လေသံမျိုး ပေါ်မလာစေပဲ အလွယ်ကလေးကောက်ခြစ်ထားသည်ဟု ထင်ရသောစာမျိုး (Easy Flow) ရေးတတ်ဖို့ပင် ဖြစ်လေသည်။ ဤသို့ရေးသားဖော်ပြရခြင်းအားဖြင့် ဆရာမင်္ဂလာလေး၏ကျေးဇူးကို ပစ်ပယ်ခြင်းမဟုတ်ရပါ။ ဆောမားဆက်မော်မ်သည် မင်္ဂလာလေးထက်စာရေးကောင်းသည်ဟု မဆိုလိုပါ။ အမှန်အတိုင်း ရှင်းပြရလျှင် 'အလွယ်ကလေးကောက်ခြစ်သည်'ထင်ရသည့် စာမျိုးရေးတတ်ဖို့မှာ နှစ်ပရိစ္ဆေဒ ကြာရှည်စွာ စာအမြောက်အမြားရေးပြီးသောအခါမှ ဝင်လာသော 'ပညာ'တခု ဖြစ်ပါသည်။ ထိုအခြေအနေသို့ ရောက်လာသော အခါ၌မူဝါကျတည်ဆောက်ရေး အတွက် တပင်တပန်း သတိမထားရတော့ပဲ လွယ်လွယ်ကလေး ရေးထုတ်နိုင် သော်လည်း စာမရေးတတ်သူများ ရေးသကဲ့သို့ 'ကပျက်ကချော်၊ တော်အိလျော်အိ' ဝါကျမျိုးမဖြစ်လာပဲ သပ်ရပ်ပြေပြစ်၍ အဖုအထစ်မရှိသော စာမျိုးဖြစ်လာနိုင်ပေသည်။ ဥပမာဆောင်ရသော်မင်္ဂလာလေး၏ ဝါကျများသည် ပွတ်ခံထားသည့် 'ဂျင်'ကလေးများနှင့် တူသည်ဆိုလျှင် ဆောမားဆက်မော်မ်၏ ဝါကျများသည် အိုးပေါက်မှယိုထွက်လာသည့် ရေပေါက်ကလေးများနှင့် နှိုင်းယှဉ် သင့်ပေသည်။

## ဝါကျတည်ဆောက်ပုံ

ရိုးရိုးဝါကျများမှာ ကတ္တား၊ ကြိယာ၊ ကံဟူ၍ အချက်အချာကြီး သုံးခုရှိ၏။ အင်္ဂလိပ်ဘာသာတွင်၎င်းတို့သည် ဤအစီအစဉ်အတိုင်း သတ်မှတ်တည်ရှိကြ၍ မြန်မာဘာသာ၌မူ ကတ္တား၊ ကံ၊ ကြိယာ ဟူသောအစီအစဉ်ဖြင့် ရေးတတ်ကြ၏။ သို့ရာတွင် ကျင်လည်သော ဝါကျတည်ဆောက်သမားသည် (အင်္ဂလိပ်ဘာသာ၌ လည်းကောင်း၊ မြန်မာဘာသာ၌လည်းကောင်း) တခါတရံတွင် အထက်ပါအစီအစဉ် ကိုဖျက်၍ ရေးခြင်းအားဖြင့် အဓိပ္ပာယ်ပို၍လေးနက်စေနိုင်သည့် အခါအခွင့်မျိုး ပေါ်လာခြင်းကို မြင်တတ်၏။ ထိုအစီအစဉ်ကို ဖျက်၍ ရေးခြင်းအားဖြင့် ပို၍ရှင်းခြင်း၊ ပို၍ချောမောပြေပြစ်ခြင်းတို့ကိုလည်း မြင်တတ်၏။ ထိုမှတပါး နာမဝိသေသန၊ ကြိယာဝိသေသန စသည်တို့လည်း ရှိသေးပေရာ ၎င်းတို့ကို 'မှုသေ'မထားပဲ သင့်တော်သော နေရာများ၌ ညှပ်သွင်းထိုးထည့်တတ်ခြင်းသည် လည်း ကျင်လည်သော ဝါကျ'လက်သမား'၏အရည်အချင်းတခုပေတည်း။ ဝါကျလက်သမားကောင်းတယောက် ရေးထားသည့် ဝါကျတပိုဒ်မှ စကားလုံးများ ကို ထိုမှဤမှ ရွှေ့ပြောင်းလိုက်သည့်အခါ အဆင်ပြေမှု ပျက်သွားနိုင်သည့်နည်းတူ မကျင်မလည် ရှုပ်ရှုပ်ထွေးထွေး ရေးတတ်သူတယောက်၏ ဝါကျ၌ စကားလုံးများ ကို နေရာပြောင်းရွှေ့လိုက်ခြင်းအားဖြင့် ပို၍ရှင်းလင်းလာနိုင်ခြင်းကို နားလည်ထား ဖို့သင့်၏။ အချို့စာရေးဆရာများသည် ဝါကျတည်ဆောက်ခြင်းနှင့် ပတ်သက်၍ မည်မျှလောက် နားဝေးကြသနည်းဟူမူ ဝါကျအားလုံးသည် ရေးပုံအတူတူပင်ဖြစ် သည်ဟု မှတ်ထင်ကြ၏။ ကျစ်လျစ်သိပ်သည်းသော ဝါကျ၊ 'ပွလျောင်းလျောင်း' ဖြစ်နေသော ဝါကျ၊ ချောမောပြေပြစ်သော ဝါကျ၊ အဖုအထစ်များသော ဝါကျဟူ၍ ရှိတတ်ခြင်းကို သဘောပင်မပေါက်ကြချေ။ ထိုသို့သော စာရေးဆရာမျိုးသည် အနက်အဓိပ္ပာယ်နှင့် စိတ်ကူးစိတ်သန်းဘက်တွင် ချွန်ချင်လည်းချွန်ပေမည်။ သို့ရာတွင် ဝါကျလက်သမားကောင်းတယောက် ဖြစ်နိုင်သည်ဟူ၍ကား မဆိုလိုပါ။

အချို့မှာ ဝါကျအကြောင်းနားမလည်သော်လည်း အခြားသော အချက်အလက်များ ကောင်းမွန်ခြင်းကြောင့် နာမည်ကျော်စာရေးဆရာများ ဖြစ်နေခြင်းလည်းရှိကြပါသည်။ သို့ရာတွင် တယောက်နှင့်တယောက် အပြန်အလှန်ရေးကြသည့် စာမျိုးတွင်မူကား စိတ်ကူးစိတ်သန်းချင်း၊ စကားလုံးပြောင်ပုံချင်း တူညီခဲ့လျှင် ဝါကျကောင်းသမားက အနိုင်ရလိမ့်မည်ဖြစ်၏။ အချုပ်၌ဝါကျကောင်းသမား၏စာသည် ပို၍ 'အသက်ဝင်' သည်ဟု ဆိုလိုပါသည်။

## ဝါကျအတိုအရှည်

အချို့က ဝါကျရှည်ရှည်ရေးခြင်းသည် စာ'ခန့်'သည်၊ စာရေးဆရာ၏လက်ရာပီသသည်ဟု ယူဆ၍ရှည်ရှည်ရေးဖို့ ကြိုးစားကြ၏။ အချို့ကလည်း ဝါကျတိုပါမှ အဓိပ္ပာယ်ရှင်းသည်ဆိုကာ တိုတိုရေးကြ၏။ ကျွန်ုပ်၏အယူအဆမှာ ရှည်တိုင်းလည်းမခန့်၊ တိုတိုင်းလည်းမရှင်း၊ 'မူသေ'မှတ်ထားဖို့မလိုသော အရာတခုဖြစ်သည်ထင်၏။ ဝါကျလက်သမားကောင်းတယောက် ဖြစ်လာသောအခါတွင် မည်သည့်နေရာ၌ ရှည်သင့်သည်၊ မည်သည့်နေရာ၌တိုသင့်သည်ဆိုခြင်းကို အလိုအလျောက် မြင်လာတတ်ပေသည်။ ရှည်မှပင်ဖတ်၍ကောင်းသောနေရာမျိုးလည်းရှိ၍ တိုတိုနှင့် ဆတ်ဆတ်ရေးဖို့ လိုအပ်သော နေရာများလည်းရှိ၏။ ဝါကျလက်သမားကောင်းများ၏ အယူအဆတခုမှာ ဝါကျရှည်ကြီးများချည်း ဆက်ကာဆက်ကာ ရေးထားသည့်အခါစာဖတ်သူသည် (မှတ်ရဖန်များသည်နှင့်) ပင်ပန်းသွားတတ်သောကြောင့် ဝါကျတိုကလေးများအားဖြင့် အနားပေးသင့်သည်ဟု ဆိုကြ၏။ ဟုတ်သလိုလိုတော့ ရှိပါ၏။ သို့ရာတွင် ဝါကျလက်သမားကောင်းတယောက်၏စာကို ဖတ်ရသည့်အခါ (ရှည်သင့်၍ရှည်ရခြင်းဖြစ်ခဲ့လျှင်) စာဖတ်သူသည် တပင်တပန်းကြိုးစား၍ မှတ်ထားဖို့မလိုပဲ ဝါကျမဆုံးမချင်း ဖတ်ပြီးခဲ့သော အဓိပ္ပာယ်များသည် စာဖတ်သူ၏ ဦးခေါင်းထဲတွင် ကပ်၍လိုက်

ပါလာတတ်ပေသည်။ ဤအချက်သည် ဝါကျကောင်းမကောင်း ဆန်းစစ်သော နည်းတနည်းဖြစ်၏။ အဓိပ္ပာယ်သည် သူ့အချိန်အဆက်နှင့်သူ ဦးခေါင်းထဲ၌ လိုက်ပါနေခဲ့လျှင် ဝါကျရှည်သော်လည်းမမေ့နိုင်ပဲရှိတတ်၏။ ဖတ်ယင်းမေ့ကုန်သော ဝါကျမျိုးကား ဝါကျရှည်လွန်းခြင်း၊ သို့မဟုတ်ညံ့ဖျင်းသော လက်သမား၏လက်ရာဖြစ်ခြင်း ထင်ရှားလေသည်။ ဝါကျလက်သမားအတတ်၌ မကျွမ်းကျင်သေးသူတို့အဖို့မှာကား တိုတိုရေးခြင်းသည် အန္တရာယ်ကင်းသည်ဟုဆိုသင့်ပေသည်။

## သဗ္ဗန္ဓအသုံး

အချို့စာရေးများသည် သဗ္ဗန္ဓအသုံးနှင့် ပတ်သက်၍ အမှတ်တမဲ့သဘောထားကြခြင်းကိုတွေ့ရ၏။ ဝါကျတခုတည်းအတွင်း အဆင်တူသော သမ္ဗန္ဓ တခုထက်ပို၍ မသုံးမိစေရန် ကျွန်ုပ်အမြဲသတိထား၏။ 'ပြီးလျှင်' များဖြစ်စေ၊ '၍' များဖြစ်စေ၊ 'ရာ'များဖြစ်စေ တခုထက်ပိုသုံးသည့် ဝါကျမျိုးကို ဖတ်ရသည့်အခါကျွန်ုပ်အဖို့တွင် 'နားကလော'လှ၏။ (တခါတရံပြန်ဖတ်ဖို့ အချိန်မရှိသောစာများ၌ ကျွန်ုပ်ကိုယ် တိုင်လည်းမှားတတ်ခြင်းကို ဝန်ခံပါသည်။) ဤအပြစ်မျိုးမှာ 'အရပ်သား'များ မှားချင်မှားကြပါစေ၊ စာရေးဆရာတယောက်အနေဖြင့် ခဏခဏမှားခြင်းမှုကား မဖြစ်ကြစေဖို့ သတိပေးလိုက်၏။ 'ပြီးလျှင်'တခုသုံးပြီးနောက် '၍'သို့မဟုတ်'ရာ' စသော သမ္ဗန္ဓမျိုးခြားပြီးမှ 'ပြီးလျှင်'ကိုပြန်ကောက်လျှင် ခံသာပါသေး၏။ 'ပြီးလျှင်' နှစ်ခုဆက်၍သုံးခြင်းကား အထူး'အသံဆိုး'လှသည်။

## အသုံးများသော'ရာ'

'ရာ'ဟူသော သမ္ဗန္ဓအကြောင်းကို အထူးတလည်ဖော်ပြလိုသေး၏။ 'ရာ'ဟူသည်မှာ ဝါကျဆုံးမည်ဆိုက အဆုံးသတ်နိုင်ပါလျက် တမင်ဆက်၍ ရေးချင်သေးသဖြင့် အသုံးပြုသော သမ္ဗန္ဓဖြစ်၏။ 'ရာ'ကိုဖြုတ်ပြီး'ဧ'ကိုသုံးလျှင် ဖြစ်နိုင်ခြင်းကို တွေ့ရပေလိမ့်မည်။ သို့ရာတွင် ဝါကျတိုလွန်းမည် ထင်သောကြောင့် အဆုံးမသတ်သေးပဲ 'ရာ' နှင့်ဆက်ယူခြင်းဖြစ်လေသည်။ အတော်အတန်သုံးလျှင် ကိစ္စမရှိ၊ အချို့မှာမူ ဝါကျတခုတွင် တစ်'ရာ'နှစ်'ရာ'သုံး'ရာ'တိုင်အောင် တခုပြီးတခု သုံးခြင်းအားဖြင့် စာဖတ်သူ၏ 'နား'ကိုညှဉ်းပန်းနှိပ်စက်တတ်ကြ၏။ မြန်မာဘာသာ၌ဖြစ်စေ၊ အင်္ဂလိပ်ဘာသာ၌ဖြစ်စေ ကြိယာတခုတည်းပါသည့် ဝါကျမျိုး (Simple Sentences) ချည်းရေးသွားလျှင် 'နား'အောင့်တတ်သည်ဖြစ်၍ သမ္ဗန္ဓများသုံးကာနားသက်သာအောင် လုပ်ပေးရ၏။ သို့ရာတွင်'ရာ'တွေများလွန်းလျှင်လည်း ငြီးငွေ့လာတတ်ပြန်လေသည်။ ကျွန်ုပ်ကိုယ်တိုင်'ရာ'ကိုလိုအပ်မှ သုံးမည်ဟု သတိထားလေ့ရှိသော်လည်း တခါတရံတွင် ဝါကျတိုင်း၌ 'ရာ'တခုထည့်၍သုံးသော အလေ့အကျင့်ပေါ်လာသေး၏။ ဤအခြင်းအရာကို သတိရသည်နှင့် တပြိုင်နက် 'ရာ'ကိုအလျှင်း မသုံးတော့ဆိုကာ ဖြတ်ထားတတ်၏။ သမ္ဗန္ဓအကြောင်းကိုကောင်းစွာနားလည်သော ကလောင်သမားသည် 'ရာ'မသုံးပဲ ရေး၍ဖြစ်နိုင်ရုံသာမက သာ၍ ကျစ်လျစ်သိပ်သည်းသော ဝါကျမျိုး တည်ဆောက်နိုင်ခြင်းကို တွေ့ရပေ လိမ့်မည်။ သို့ဖြစ်၍ 'ဖုံပွပွ' ဝါကျမျိုး ရေးမိသောအပြစ်မျိုး ကင်းလွတ်လိုသော ကလောင်သမားသည် 'ရာ' တည်းဟူသော သမ္ဗန္ဓကို ချွေချွေတာတာသုံးဖို့ သတိပြုကြရာချေသည်။

ရှောင်အပ်သော သမ္ဗန္ဓ

ဝါကျတခု အဆုံးသတ်ပြီး နောက်တခု အစပြုသည့်အခါ ‘သို့ဖြစ်လေရာ’ဟူသော စကားလုံးဖြင့် အစပြုခြင်းသည် ခွန်အားနည်းသောဝါကျမျိုးတည်ဆောက်စေဖို့ အလေ့အကျင့်ကို ပျိုးထောင်ခြင်းဖြစ်၏။ တသက်ပတ်လုံး ကျွန်ုပ်စာရေးခဲ့သမျှတွင် ‘သို့ဖြစ်လေရာ’ ဟူသော စကားလုံးကို တခါမျှ အသုံးပြုခဲ့ဘူးသည်မှာ မမှတ်မိပါ။ ‘သို့ဖြစ်၍’သော်လည်းကောင်း၊ ခန့်ချင်လျှင် ‘သို့ဖြစ်ရကား’ဟူ၍လည်းကောင်း သုံးဘူးပါ၏။ ‘သို့ဖြစ်လေရာ’ဟူသော စကားကိုမူ မသုံးခဲ့ဘူးပါ။ ဤနှစ်ခုသည် အဓိပ္ပာယ်ခြားနားခြင်းရှိ၏။ ‘သို့ဖြစ်ရကား’ဟူသောစကားသည် အကြောင်းတရားအဖြစ်နှင့် အထက်တွင်ဖော်ပြခဲ့ပြီးသမျှကို ထောက်ထားပြီး အကျိုးတရားကိုဖော်ပြတော့မည်ဟု ဟန်ပြင်လိုက်ခြင်းဖြစ်၏။ ‘သို့ဖြစ်လေရာ’ဟူသည်မှာကား အထက်မှ ဝါကျဆုံးပုံ နေရာမကျခြင်းကြောင့် ဘာမျှအဓိပ္ပာယ်ထူးမရှိပဲ ‘တုံး’ ခုပေးရခြင်းဖြစ်၏။ ကျွန်ုပ်၏စာများတွင် ‘သို့ဖြစ်လေရာ’ ဟူသော စကားလုံးခုပေးဖို့ လိုသောနေရာဟူ၍ မတွေ့ရဘူးပါ။ ကျွန်ုပ်က ‘ချ’ ထားခဲ့သည့်ဆိုပြီး ထည့်ပေးလျှင်လည်း ‘ဝင်’မည်မဟုတ်၊ အပိုသက်သက်ဖြစ်နေပေလိမ့်မည်။ အချို့လူများ၏စာ၌မူ ‘သို့ဖြစ်လေရာ’ဟူသော အလုံးကို သုံးထားသည့်အခါ ဖြုတ်ပစ်၍မရ၊ ဖြုတ်ပစ်လျှင် ဟာလာဟင်းလင်းကြီး ဖြစ်သွားနိုင်၏။ ကျွန်ုပ်အဖို့ရာ၌ ‘သို့ဖြစ်လေရာ’ ဟူသော စကားလုံးမလို၊ အချို့လူများအတွက်မှာ ‘သို့ဖြစ်လေရာ’စကားလုံးသည် တကယ်ပင်လို၏။ အဘယ့်ကြောင့် ဤသို့ဖြစ်ရ သနည်း။

## ကြိုတင်ပြင်ဆင်မှု

ဤအကြောင်းကို နားလည်အောင်ရှင်းပြရန်မှာ မလွယ်ကူသော်လည်း ရေးမိသော လက်စရှိနေပြီဖြစ်၍ တတ်နိုင်သမျှ ကြိုးစားပြီး ရှင်းပြပါမည်။ ကျင်လည်သော ဝါကျလက်သမားသည် စာရေးသည့်အခါတွင် ဝါကျတခုဆုံးခါနီး၌ ရှေ့ဝါကျအတွက် ကြိုတင်ပြင်ဆင်ထားတတ်၏။ ကြိုတင်ပြင်ဆင်သည်ဆိုရာ၌ အဓိပ္ပာယ်အရဖြစ်စေ၊ စာဟန်အရဖြစ်စေ ကြိုတင်ပြင်ဆင်မှုရှိရ၏။ ဥပမာ ရှေ့တလှမ်းတွင် ချိုင့်တခုကို မြင်ထားသော လမ်းလျှောက်သမားသည် ထိုချိုင့်ကို မကျော်မီရကတည်းက ခြေထောက်ကို ဟန်ပြင်ထားရသကဲ့သို့ပင်။ ထို့အတူ ကျင်လည်သော ဝါကျလက်သမားသည်လည်း မိမိရေးနေသည့်ဝါကျဆုံးခါနီးသည်ကိုသိသည်ဖြစ်၍ စိတ်ထဲ၌ကြိုတင်ပြင်ဆင်မှုရှိထားသည့် အတွက်ကြောင့် 'သို့ဖြစ်လေရာ'တည်းဟူသော 'တုံး'ခုပေးဖို့မလိုတော့ချေ။ ထိုကဲ့သို့ ပြင်ဆင်မှုမရှိသော စာရေးဆရာအဖို့မှာမူ 'တုံး'မခုလျှင် 'ဟပ်ထိုး'ဖြစ်သွားပြီးစာမချောပဲ ဖြစ်တတ်လေသည်။ 'သို့ဖြစ်လေရာ'ဟူသော စကားလုံးသည် ရှုပ်သည်ဆိုပြီး ဖြုတ်ပစ်၍ရသည် မဟုတ်၊ ကြိုတင်ပြင်ဆင်မှုမရှိပဲ ဖွတ်အစမ္မဖြုတ်ပစ်ခဲ့ပါလျှင် စာဖတ်သူအဖို့၌ လမ်းလျှောက်ယင်း ချိုင့်ထဲသို့အမှတ်တမဲ့ ခြေထောက်ကျသွားသည့်နှယ် ဟာကနဲ၊ နင့်ကနဲ ဖြစ်သွားတတ်ပေသည်။ အချို့စာရေးဆရာများသည် 'အကျင့်ကြီးပါ'နေတတ်၍ 'သို့ဖြစ်လေရာ'ဟူသော စကားလုံးကို ခဏခဏသုံးရသော အဖြစ်မျိုးသို့ ရောက်သွားကြရလေသည်။ ကျွန်ုပ်၏အဆုံးအဖြတ်ကား ခေါင်းကြီးတပုဒ်လောက်အတွင်း 'သို့ဖြစ်လေရာ'တခုထက် ပို၍ပါခဲ့လျှင် ကျွန်ုပ်၏'ဝါကျလက်သမားကျောင်း'မှ အောင်လက်မှတ်ရလိမ့်မည် မဟုတ်ချေ။

## ခွန်အားရှိသောစာမျိုး

ဤလက်ထက်၌များစွာသော စာရေးဆရာတို့သည် 'ခွန်အားရှိသောစာ' (Forceful Language) ဟူသည်မှာ ဘာကိုဆိုလိုသည်ဟု နားလည်ရှာကြပုံမရချေ။ 'ခွန်အားရှိသောစာ'မျိုး ရေးတတ်ဖို့မှာ (၁)ရေးလိုသည့် အကြောင်းအရာကို ကောင်းစွာနားလည်ခြင်း၊ (၂)အချက်ကျကျရေးတတ်ခြင်း၊ (ဝါ)သင့်တော်သော စကားလုံးကိုရွေးချယ်တတ်ခြင်း၊ (၃) ကြံ့ခိုင်ကျစ်လျစ်သောဝါကျမျိုးတည်ဆောက်တတ်ခြင်းတို့လိုအပ်ပေသည်။

(၁) အချို့လူများသည် အကြောင်းအရာတခုကို ကောင်းစွာနားမလည်ပါပဲလျက် ကိုယ့်ဟာကိုယ်နားလည်ပြီအထင်နှင့် ရေးချင်ပြောချင်တတ်ကြ၏။ သာမန်ကာ လျှံကာမျှလောက် သိထားခြင်းကို တကယ်သိထင်ကြ၍ ဖြန်းသန်းကာ ရေးတတ်ပြောတတ်ကြ၏။ မိမိတို့ကိုယ်၌က 'ဝိုးတိုးဝါးတား'ဖြစ်နေသေးသောအသိမျိုးကိုပင် အဟုတ်သိထင်ပြီး မပိုင်နိုင်ပဲလျက်နှင့် ပိုင်နိုင်လေဟန် ရေးတတ်ပြောတတ်ကြ၏။ ထိုအခြေမျှလောက်နှင့် ရေးထားသည့်စာမျိုး ဖြစ်မလာနိုင်ချေ။ ထိုသူတို့သည် အမှုအကြောင်းကို တကယ်သိသည်မဟုတ်ပဲ ကြေးစားလိုက်သောသက်သေအား ကျင်လည်သောရှေ့နေက စစ်ကြောမေးမြန်းလိုက်သည့်အခါ ယောင်ချာချာနှင့် ဖရိုဖရဲဖြစ်ကုန်တတ်သကဲ့သို့ စဉ်းစားတတ်သော စာဖတ်ပရိသတ်မျိုးက (သိပ်တော့မများလှ) ဉာဏ်ဖြင့်မွှေနှောက်ဆင်ခြင်လိုက် သည့်အခါ ဖြန်းသန်းရေးသားထားသောလူ၏စာသည် အလကားဖြစ်သွားတတ်လေ သည်။

(၂) သူ့နေရာနှင့်သူ တိကျမှန်ကန်သောစကားလုံး ရွေးချယ်သုံးနှုန်းတတ်ခြင်းသည် အချက်ကျအောင်ရေးတတ်ခြင်းပင်ဖြစ်၍ 'ခွန်အားရှိသောစာ'မျိုးဖြစ်လာနိုင်၏။ ဤပညာမှာ လွယ်ကူသည်မဟုတ်၊ စာကောင်းများများကြီးဖတ်ထားပြီး စကားလုံး တော်တော်များများ တတ်ထားသည့်ပြင် ရွေးချယ်တတ်သော အသိဉာဏ်မျိုးလည်း ရှိဖို့လို၏။ အဘိဓာန်ကဲ့သို့ စကားလုံးတွေ တတ်ထားသော်

လည်း အရွေးမတတ်လျှင် ခွန်အားရှိသောစာမျိုး ရေးတတ်သေးသည်မဟုတ်ချေ။ အချို့သော ပုဂ္ဂိုလ်များမှာမူ စကားလုံးများများကြီးမတတ်ပဲလျက်နှင့် တတ်သ၍ စကားလုံးများအနက်မှ အထိရောက်ဆုံးသောအလုံးကို ရွေးချယ်သုံးနှုန်းတတ်သည် ဟူ၍ ရှိပါ၏။ သို့ရာတွင် ထိုသူတို့ကား ပါရမီထူးသောပုဂ္ဂိုလ်များဖြစ်ကြပေသည်။ ကျွန်ုပ်ကိုယ်တိုင် ကြုံရဘူးသည်မှာ ၁၀နှစ်သားကျော်ကျော်မျှရှိ၍ "ထမင်းစားရေသောက်" စကားလုံးမျှသာ တတ်သေးသည်ဖြစ်ပါလျက် သူတတ်သော စကားလုံးကလေးများအနက်မှ ကျွန်ုပ်ကိုယ်တိုင်တအံ့တသြဖြစ်လောက်အောင် ထိရောက်သော စကားလုံးများ ရွေးချယ်သုံးနှုန်းတတ်သော လူငယ်ကလေးကို တွေ့ရဘူးလေသည်။ ဤသူငယ်ကားကြီးပြင်းလာသောအခါ၌ အပြောကောင်းသော်လည်းကောင်း၊ အရေးကောင်းသော်လည်းကောင်း ဖြစ်လာလိမ့်မည်ဟု ကျွန်ုပ်မျှော်လင့်ခဲကရာ အရွယ်မရောက်မီ သေဆုံးသွားသဖြင့် ကျွန်ုပ်နှမြောမိပါသည်။ သာ၍အံ့သြဖို့ကောင်းသည်မှာ ထိုသူငယ်သည် မြို့ကြီးသားမဟုတ်၊ ရွာသားကလေးတယောက်မျှသာ ဖြစ်လေသည်။

(၃) ကြံ့ခိုင်ကျစ်လျစ်သော ဝါကျမျိုးတည်ဆောက်တတ်ခြင်းသည် 'ခွန်အားရှိသောစာ'မျိုးအတွက် နံပါတ်(၃)နေရာ၌ ဖော်ပြထားသော်လည်း အရေးကြီးရာ၌မူ နံပါတ်(၃)မဟုတ်၊ (၁)နှင့်(၂)တို့ကဲ့သို့ပင် တန်းတူထားလိုက်သည်ထင်၏။ စကားလုံး 'ပြောင်'လျှင် 'ခွန်အားရှိသောစာ'မျိုး ဖြစ်လာတတ်သော်လည်း ဝါကျတည်ဆောက်ပုံက ပွစိစိ ချည့်နဲ့နဲ့ လျော့ရဲရဲနှင့် ခနော်ခနဲ့ ဖြစ်နေသည်ဆိုလျှင် စကားလုံး 'ပြောင်'ခြင်းကြောင့် 'နား'ကိုထိခိုက်သော်လည်း စာဖတ်သူ၏ ဦးနှောက်နှင့်နှလုံးသို့ မထိခိုက်ပဲ ရှိနေတတ်သည်။ (ကျွန်ုပ်ဆိုလိုသော အဓိပ္ပာယ်ကို နားလည်ကြစေခြင်းငှာ အခြားလူများရေးကြသည့် စာကောင်းနှင့် စာဆိုးများမှ ဥဒါဟရုဏ်များ ရှာဖွေစုဆောင်းပြီး သီးသန့်စာတအုပ်အဖြစ်နှင့် တင်ပြရလျှင် သာ၍ ပေါ်လွင်ထင်ရှားမည်ဖြစ်သော်လည်း မကောင်းသောစာကို နမူနာအဖြစ် တင်ပြရလျှင် ကာယကံရှင်များ၏ ရန်သူကြီးဖြစ်လာနိုင်သည်တကြောင်း၊ ကြီးပြင်း

လာပြီဖြစ်သော ဤအရွယ်၌ ကျန်ရှိသော အသက်တာကလေးကို ထို့ထက် အရေးကြီးသော အလုပ်များတွင် အသုံးချရမည်ဖြစ်သည် တကြောင်း ကြောင့် တသီးတခြား စာတအုပ်ရေးသားဖို့ ကြံရွယ်ချက်မရှိတော့ပါ။) 'ဝါကျလက် သမား'၏အလုပ်မှာ စကားလုံးများကို သူ့နေရာနှင့်သူ အစီအစဉ်ပြုလုပ်ရခြင်းပင် ဖြစ်၏။ ဤအလုပ်ကို နားလည်ရန်မှာ ဆရာနှင့်သင်ပြ၍ဖြစ်သည်မဟုတ်၊ 'လက်သမား'ကောင်းများ၏စာပေတို့ကို ကြိုက်တတ်အောင်လေ့လာပြီး ပီတိနှင့် တကွ အထပ်ထပ်ဖတ်ရှုရခြင်းပင်ဖြစ်လေသည်။

## ဝိဘတ်များ

စာချောအောင် ရေးတတ်ချင်လျှင် ဝိဘတ်များကိုလည်း တလှည့်စီသုံးတတ် ဖို့ အလေ့အကျင့်ပြုလုပ်သင့်၏။ ယခုတလော၌ 'ကို'ဟူသော ဝိဘတ်အစား 'အား'ဟူသော ဝိဘတ်ကို ထပ်ခါထပ်ခါ သုံးကြသောအလေ့အကျင့်တခုဖြစ်ပေါ်လာ ၏။ တလုံးစီကြည့်လိုက်လျှင် 'ကို'ဟူသော ဝိဘတ်သည် 'အား'ဟူသောဝိတ်ဘတ် ထက် အဓိပ္ပာယ်ထိရောက်၍ တိုက်ရိုက်သဘောမျိုးလည်း ပါရှိ၏။ သို့နှင့်လည်း 'ကို'ကိုဖတ်ထားပြီး 'အား'ကို သဘောကျသည့်လက္ခဏာနှင့် အထပ်ထပ်သုံးကြ ခြင်းကို တွေ့ရ၏။ ဝိဘတ်နှစ်ခုသည် အဓိပ္ပာယ်တူသယောင် ထင်ကြသော်လည်း ခြားနားခြင်းရှိ၏။ ဥဒါဟရဏ်ကား မောင်ဘသည်စာတအုပ်ကို ကျွန်ုပ်အားပေး၏ ဟုရေးသင့်ပါလျက် မောင်ဘသည် စာတအုပ်အား ကျွန်ုပ်ကိုပေး၏ဟုရေးပါမူ မှားသည်ဟုဆိုသင့်သည်။ မောင်ဘသည် စာတအုပ်အား ကျွန်ုပ်အားပေးသည်ဟု ရေးပါမူကား မှားရုံသာမက(ကျွန်ုပ်အဖို့) နားကလောလှသည်။ သို့နှင့်လည်း 'အား'နှစ်လုံးထပ်ရေးကြသူ အတော်များလာ၍ အထူးသဖြင့် 'မြန်မာ့အသံ'သည် ကျွန်ုပ်၏နားကို ခဏခဏ နှိပ်စက်တတ်လေသည်။ မြန်မာဘာသာ၌ အဓိပ္ပာယ် ခပ်ဆင်ဆင်ရှိသည့် ဝိဘတ်မျိုးရှိလေရာ (အထက်ပါ ဥဒါဟရဏ်ကဲ့သို့) '၌'မှာ'

'တွင်'ဝယ်'တည်းဟူသော ဝိဘတ်များကို ထပ်လည်းမထပ်၊ အသုံးလည်းတတ်အောင် လေ့ကျင့်ထားခြင်းသည် အဆင်ပြေသောစာမျိုး ရေးလိုသူများအဖို့ လိုအပ်လှပေသည်။

## ဝိသေသနများ

နာမဝိသေသနနှင့် နာမ်ကိုလည်းကောင်း၊ ကြိယာဝိသေသနနှင့် ကြိယာကိုလည်းကောင်း နီးကပ်စွာထားခြင်းသည် အဓိပ္ပာယ်ရှင်စေဖို့ အထောက်အပံ့ပြု၏။ လှပသော မောင်ဖြူ၏အိမ်ဟု ရေးခြင်းထက်မောင်ဖြူ၏ လှပသောအိမ်ဟု ရေးခြင်းသည်လည်းကောင်း၊ လျင်မြန်စွာ တိုက်ပေါ်သို့တက်သွားသည်ဟု ရေးခြင်းထက် တိုက်ပေါ်သို့လျင်မြန်စွာ တက်သွားသည်ဟု ရေးခြင်းသည်လည်းကောင်း အဓိပ္ပာယ်ရှင်းခြင်းကို နားလည်သင့်ပါလျက် ဤစည်းကမ်းကို ချိုးဖောက်သူအတော်များလျက်ရှိခြင်းကို တွေ့ရ၏။ ကျွန်ုပ်အဖို့မှာဤမျှလောက် လူသိများသော စည်းကမ်းကိုသာမက ဝါကျတခုအတွင်း မည်သည့်စကားလုံးကို မည်သည့်နေရာတွင် ထားသင့်သည်ဟု ချက်ချင်းသိမြင်ဖို့ အလေ့အကျင့်ပြုထားသည့် ကျေးဇူးကြောင့် ကျွန်ုပ်၏ခက်ခဲနက်နဲသော လောကုတ္တရာ ဆောင်းပါးမျိုးသည်ပင်ရှင်းပါပေသည်ဟု ပြောကြရခြင်းဖြစ်ပါသည်။

## မြန်မာစာနှင့် အင်္ဂလိပ်စာ

ကျွန်ုပ်ကျောင်းနေစဉ်အခါကျွန်ုပ်၏ ဆရာများက "မင်းတို့စာရေးလျှင် စကားပြောတဲ့အတိုင်းရေးတာ အကောင်းဆုံးပဲ" ဟု ဩဝါဒပေးခြင်းကို ကျွန်ုပ်မှတ်မိသေး၏။ ၎င်းဩဝါဒသည် အင်္ဂလိပ်စာအတွက် သက်သက်ဖြစ်သည်ဟုကျွန်ုပ်လက်ခံသည်။ မြန်မာစာအတွက်မှာမူ ရေးဟန်နှင့်ပြောဟန်သည် အကြီး

အကျယ်ခြားနားခြင်းရှိသည်ဖြစ်၍ ၎င်းဩဝါဒအတိုင်းရေးသည့် မြန်မာစာသည် အကောင်းဆုံးသောစာမျိုးဖြစ်မလာနိုင်ချေ။ အင်္ဂလိပ်စာ၌မူ ကျွန်ုပ်၏နမူနာဆရာကြီးမက္ကောလေးသည် ကဗျာလင်္ကာများလည်း စီကုံးရေးစပ်သည်။ စကားပြေများလည်းရေးသည်။ ဗြိတိသျှပါလီမန်၌ (အမတ်တယောက်အဖြစ်နှင့်) အချေအတင်မိန့်ခွန်းများလည်း ပြောခဲ့သည်။ ဤပုဂ္ဂိုလ်ကြီးမှာ ပါလီမန်တွင် စကားပြောကောင်း တယောက်အဖြစ်နှင့်လည်းနာမည်ကြီးခဲ့၍သူ၏ မိန့်ခွန်းများမှာ စာအုပ်အဖြစ်နှင့် သီးသန့်ရိုက်နှိပ်ရောင်းချခဲ့လေသည်။ ဝါကျတည်ဆောက်ခြင်းပညာ၌တပည့်ခံခဲ့သော ကျွန်ုပ်သည် သူ၏ကဗျာလင်္ကာများ၊ စကားပြေများနှင့် မိန့်ခွန်းများမကျန်အားလုံးလိုလိုပင် စေ့စေ့စပ်စပ်ဖတ်ရှုလေ့လာခဲ့သည်။ ၎င်းတို့အနက်တွင် လင်္ကာများနှင့် စကားပြေများ၏ခြားနားခြင်းမှာ ယုံမှားဖွယ်မရှိသော်လည်း မိန့်ခွန်းများမှာမူ 'ရေးစာ'များနှင့် လုံးဝခြားနားခြင်းမရှိသည်ကိုတွေ့ရ၏။ (ဝန်ကြီးချုပ်ဦးနုသည် ပါလီမန်မိန့်ခွန်းများကိုရေးပြီးမှ ဖတ်သည်ဆိုသော်လည်း သူဖတ်ပြသောအခါ၌ 'ရေးဟန်'အတိုင်း ဖတ်ခြင်းမဟုတ်၊ 'ပြောဟန်'နှင့် ဖတ်ခြင်းဖြစ်၏။ ရေးဟန်အတိုင်းဖတ်ခဲ့ပါမူ သူ၏မိန့်ခွန်းများသည် ယခုကဲ့သို့ ထိရောက်လိမ့်မည် မဟုတ်ချေ။) အင်္ဂလိပ်ဘာသာတွင်တယောက်နှင့်တယောက် အချီအချစကားပြောကြရာ၌ ရေးလုံးများနှင့်ခြားနားခြင်းရှိသော်လည်း မိန့်ခွန်းအနေဖြင့်တယောက်တည်းအရှည်ကြီး ပြောရသောအခါမျိုး၌မူ အပြောနှင့်အရေးသည် အတူတူလိုပင် ရှိနေ၏။ မြန်မာဘာသာ၌မူ အပြောနှင့် အရေးသည် စကားများတွင်သာမက ဟန်ပန် လေသံနှင့်တကွ ဘာမျှမတူအောင် ခြားနားခြင်းရှိလေသည်။

## ကိုလောရဲ့နှင့်ကျွန်ုပ်

နေးရှင်းအယ်ဒီတာကိုလောရဲ့နှင့် ကျွန်ုပ်သည် နိုင်ငံရေးအမြင်ချင်း တမျိုးစီရှိကြသော်လည်း အင်္ဂလိပ်လိုသတင်းခေါင်းကြီး ရေးပုံနှင့် ပတ်သက်၍ ကိုလောရဲ့

ကားမြန်မာပြည်တွင် အကောင်းဆုံးခေါင်းကြီးရေးသမားတယောက်ဟူ၍ စိတ်ထဲက သဘောကျထား၏။ ၁၉၅၂ခုနှစ်၌ ကိစ္စတခုနှင့် ပတ်သက်၍ နေရှင်းသတင်းစာ ဖတ်ပရိသတ်ထံမှ ထင်မြင်ချက် တောင်းခံရာတွင် ကျွန်ုပ်သည် ကျွန်ုပ်၏အယူအဆ ကိုတင်ပြသည့် ဆောင်းပါးတပုဒ်ရေးပို့လိုက်၏။ နေရှင်းသည် စာဖတ်သူများထံမှ ဆောင်းပါးများကို သတင်းစာတွင် ထည့်သွင်းဖော်ပြဖို့ကတိပေးထားသော်လည်း ကျွန်ုပ်၏ဆောင်းပါးမှာ နောက်ကျနေသောကြောင့် ဖော်မပြပဲ ချထားလိုက်ရသည် ဆို၏။ သို့ရာတွင် ကျွန်ုပ်၏ဆောင်းပါးကို လက်ခံရရှိကြောင်းဖော်ပြ၍ ကျွန်ုပ်၏ အင်္ဂလိပ်လိုအရေးအသားနိုင်နင်းပုံကို အတော်ကလေး အကျယ်တဝင့်ရေးသားထည့် သွင်းလိုက်ဘူး၏။ တဖန်သုံးနှစ်ခန့်ကြာသောအခါ ကျွန်ုပ်သည် တရုတ်ပြည် အပေါ်၌ နေရှင်း၏သဘောထားကို အတော်ပြင်းထန်စွာ ရှုတ်ချဝေဖန်ယင်း ကိုလောရှုံ၏ အင်္ဂလိပ်လို အရေးအသားကို ချီးကျူးလိုက်သည့် ဆောင်းပါးတပုဒ် ရေးပို့လိုက်၏။ ၎င်းဆောင်းပါးကို 'ထည့်ဝံ့ထည့်စမ်း' ဟူသော ခေါင်းစဉ်တပ်ပေး လိုက်ရာ ကိုလောရှုံက သူ့သတင်းစာတွင် ထည့်ပေးလိုက်၏။ သို့ရာတွင် ကျွန်ုပ်၏ဆောင်းပါး အဆုံး၌ အယ်ဒီတာမှတ်ချက်ဖြင့် 'အကွန့်' ကလေးရေးထည့် လိုက်၏။ အဓိပ္ပာယ်မှာ အယ်ဒီတာအား အပြင်းအထန်ဝေဖန်ထားသည့် ဆောင်းပါး မျိုးကို အခြားအယ်ဒီ တာများထည့်ဝံ့ကြပါမည်လောဟူသော မေးခွန်းကလေး မျိုးပင်ဖြစ်၏။ ဤတွင် ကျွန်ုပ်ဒုတိယဆောင်းပါးကိုလည်း သတင်းစာတွင် ထည့်ပေးလိုက်၏။ သို့သော် 'အကွန့်'ကလေးမပါတော့ချေ။ ဤအကြောင်းအရာကို ရေးသားဖော်ပြခြင်းမှာ ကျွန်ုပ်အင်္ဂလိပ်လို ရေးတတ်ခြင်းကို ကြွားလို၍မဟုတ်ရပါ။ လူတို့မည်သည် တယောက်ကတယောက်၏ အရေးအသားကို နှစ်ခြိုက်လှ သည်ဆိုလျှင် တယောက် ကလည်းတုံ့ပြန်နှစ်ခြိုက်တတ်သော သဘာဝရှိခြင်းကို တင်ပြလိုသောကြောင့်မျှသာ ဖြစ်ပါသည်။ ကိုလောရှုံနှင့် ကျွန်ုပ်တို့ကိစ္စ၌ ကျွန်ုပ်တို့နှစ်ယောက်သည် (ဆန့်ကျင်ဘက်ဝါဒရှိကြသော်လည်း) စာပေအရေး အသားနှင့် ပတ်သက်၍မူ အကြိုက်ချင်းတူကြခြင်းကို ထင်ရှားစေလိုသောကြောင့်

ဖြစ်ပါသည်။ ကျွန်ုပ်က သူ့အားသဘောကျနေကြောင်းကို ပထမဦးသူမသိ၊ သို့သော် ကျွန်ုပ်၏ဆောင်းပါးကို သူဖတ်ရသည်နှင့်တပြိုင်နက် တုံ့ပြန်၍ကြိုက် ရလေတော့သည်။ ကိုလောရုံ့ အကြောင်းကို ထည့်သွင်းရေးသားရခြင်းမှာ ဤကိစ္စ အပြင် အခြားသော ရည်ရွယ်ချက်တခုလည်းရှိပါသေးသည်။

ယခုတလော၌ ကိုလောရုံသည် နိုင်ငံသစ်သတင်းစာတွင် ခေါင်းကြီးများ ရေးလျက်ရှိခြင်းကို ကျွန်ုပ်တွေ့ရသောအခါ အင်္ဂလိပ်လို အရေးကောင်းလှသည်ဟု ကျွန်ုပ်သဘောကျထားသည့် လူတယောက်သည် မြန်မာလိုရေးသောအခါ၌ ဘယ်ကဲ့သို့ရှိလေမည်နည်းဟု သိလိုစိတ် ဖြစ်ပေါ်လာသည်နှင့် သူ၏ခေါင်းကြီး များကို အလွန်စိတ်ဝင်စားစွာနှင့် ဖတ်ကြည့်ပါသည်။ စိတ်ဝင်စားသည်ဆိုရာ၌ သူ၏အာဘော်ကို ဆိုလိုသည်မဟုတ်၊ (အာဘော်ကိုမူ ကလောင်တံကိုသူ ကိုင်ကတည်းက ကျွန်ုပ်သိပြီးဖြစ်သည်။) သူ၏မြန်မာလိုအရေးအသားကို သိလိုခြင်း ကြောင့်ဖြစ်၏။ ခေါင်းကြီးတပုဒ်ကို ဖတ်လိုက်သည်နှင့် တပြိုင်နက် ကိုလောရုံ၏ မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ကျွန်ုပ်၏မျက်စိထဲတွင် 'မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကြီး'မြင်ရပါတော့သည်။ (ဤအသုံးအနှုန်းမှာ ဦးပုည၏စကားလုံးဖြစ်၍ သာလိုက်ပြီး သုံးလိုက်ရသည်။ 'မုန့်တီဟင်း'သည် မည်သည့်နည်းနှင့် ကွင်းကွင်း ကြီးရှိနေနိုင်ခြင်းကို ကျွန်ုပ်ယနေ့တိုင် မတွေး တတ်နိုင်အောင် ရှိပါသေးသည်။) ကိုလောရုံကား အင်္ဂလိပ်လိုခေါင်းကြီးအရေးတွင် မြန်မာပြည်၌သူမတူအောင် ကောင်းသူတယောက် ဖြစ်ခြင်းကားမှန်သည်။ အင်္ဂလိပ်ဘာသာမှာ စာလိုရေးသော အခါ၌ (အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း) စကားပြောသလိုရေး၍ လက်ခံကြခြင်းလည်းမှန်သည်။ ကိုလောရုံသည် အင်္ဂလိပ် ဘာသာနယ်ပယ်ဘက် တွင် 'တန်းကုန်'လေပြီ၊ ထပ်ဆင့်၍အောင်ပန်း (Fresh Laurels) ဆွတ်ခူးရန် မရှိတော့ပြီဟူ၍ ယူဆသည့် လက္ခဏာနှင့် မြန်မာစာ အရေးအသားဖက်သို့ နယ်ချဲ့သည့်သဘောနှင့် ခြေတလှမ်းဝင်လာခဲ့ဟန်တူသည်။ သူသည် မြန်မာလို စာရေးဘူးဟန်မရှိ၊ (တကယ့်စာကိုဆိုလိုသည်။) စကား

လောက်သာ ပြောဘူးသူ ဖြစ်ရမည်။ သူ၏အထင်ကား အင်္ဂလိပ်လို ရေးသောအခါ၌ စကားပြောသလိုရေး၍ ဖြစ်သည်ဆိုလျှင် မြန်မာဘာသာတွင်လည်း စကားပြော သလို စာရေး၍ဖြစ်ရမည်ဟု ယူဆဟန်တူ၏။ ဤသည်၌ကိုလောရှဲခများမှာ အကြီး အကျယ်မှားရှာလေပြီ။ ကိုလောရှဲက မြန်မာလိုအရေးအသားဘက်၌ 'လက်တည့် စမ်း'လိုခြင်းကား ကိစ္စမရှိ၊ လူတော်တယောက်ကတခုခုပြုလုပ်လိုက်သည့်အခါ 'နလဗိန်တုံး' မျိုးက အဟုတ်ကြီးမှတ်ကာ အယောင်ယောင် အမှားမှားဖြစ်ကုန် ကြပါက မြန်မာစာပေ အရေးအသားသည် အလိုလိုမှ မဟန်ရသည့်အထဲတွင် ကိုလောရှဲ၏ ဖျက်ဆီးမှု ကြောင့် ဓောက်ထိုးမိုးမျှော်ကျဆင်းသွားမည်ကို စိုးရိမ်မိပါသောကြောင့် လက်ဝယ်သို့ရောက်ရှိပြီးသား 'အောင်ပန်း'များနှင့် ကျေနပ်လောက်ပြီဖြစ်၍ မြန်မာစာပေနယ်ဘက်ကို ကျူးကျော်သမှု မပြုပါရန် လေးနက်စွာ မေတ္တာရပ်ခံလိုက်ရပါသည်။

## အပြောနှင့်အရေး

အင်္ဂလိပ်ဘာသာတွင် အပြောနှင့်အရေးသည်အတူတူလိုပင် ဖြစ်သော်လည်း မြန်မာဘာသာ၌မူ ပြောဟန်နှင့် ရေးဟန်မှာ ဝါကျတပုဒ်တပည်း၌ပင် ခြားနားခြင်း ရှိပုံကို ထင်ရှားစွာ သိနိုင်ပေသည်။ အပြောနှင့်ပတ်သက်၍ မြန်မာလူမျိုးများ မြန်မာလိုပြောတတ်ပုံသည် အင်္ဂလိပ်လူမျိုးများ အင်္ဂလိပ်လိုပြောတတ်ပုံနှင့် နှိုင်းစာ လျှင် ထမင်းစားရေသောက် ပြောတတ်ရုံလောက်သာ ရှိသည်ဟုဆိုပါက မြန်မာ လူမျိုးများက ခံချင်ကြလိမ့်မည်မဟုတ်ပေ။ မခံချင်တော့မှရှိကြစေ၊ ဤစကား သည် အမှန်အတိုင်းထက် တရွေးသားမျှ ပိုသည်မဟုတ်ပါ။ အင်္ဂလန်ပြည်၌ စကား အကောင်းဆုံးပြောတတ်သူတို့သည် ပါလီမန်တွင် အမတ်ဖြစ်ဖို့ တက်လှမ်းကြ၍ အကောင်းဆုံးသော စကားများမှာလည်း ပါလီမန်၌ ကြားရတတ်ပေသည်။ မြန်မာပြည်မှာမူ ပါလီမန်သက် အလွန်နုသေးသည်ဖြစ်၍ ဗြိတိသျှပါလီမန်ကို

မဆိုထားဘိ၊ အိန္ဒိယပါလီမန်နှင့် နိုင်းယှဉ်လိုက်လျှင်ပင် ဗမာအမတ်များသည် ကလေးသာသာလောက်သာ ပြောတတ်ကြသေး၏။ ဗြိတိသျှပါလီမန်တွင် အချို့ အမတ်များသည် ဘယ်မျှလောက် စကားပြောကောင်းကြသည်ကို စာဖတ်သူ တို့ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါဦးမည်။ ဗြိတိသျှပါလီမန်၌ အက်ဒ်မန်ဘာ့က် (Edmund Burke) ၊ ဖောက်စ် (Fox) ၊ ရှရီဒင် (Sheridan) တည်းဟူသော စကားပြော အလွန်ကောင်းလှသည့် အမတ်သုံးယောက်တို့သည် တခေတ်တည်း စင်ပြိုင်ပေါ် ထွန်းခဲ့ကြ၏။ ထိုအချိန်တွင် ဉရောပတိုက်ပြင်သစ်ပြည်၌ တော်လှန် ရေးကြီး (Frence Revolution) ဖြစ်ပေါ်ခဲ့ရာ ဤပြဿနာနှင့် ပတ်သက်၍ အက်ဒ်မန်ဘာ့က်သည် ဗြိတိသျှပါလီမန်တွင် အတိုက်အခံဘက်မှ စကားပြော၏။ ဗြိတိသျှပါလီမန်မှာ ထုံးစံအတိုင်း ညအချိန်၌ ကျင်းပရာ ဘာ့က်သည်သန်းခေါင် မတိုင်မီမှ စ၍စကားပြော၏။ သန်းခေါင်ကျော်သော်လည်း ပြောတုန်း၊ ၂ နာရီ ၃ နာရီထိုးတော့လည်း မဆုံးသေး၊ မိုးလင်းတော့လည်းပြောတုန်း၊ နံနက် ကော်ဖီ သောက်ချိန် တန်လတ်သော် ဘာ့က်ကမိမိ၏စကားမဆုံးသေးသဖြင့် ခေတ္တနားပြီး ကော်ဖီသောက်ကြဖို့ပြောလေရာ ပရိသတ်ကဘယ်သို့ပြုသည်ထင်ကြသနည်း။ "မောင်မင်းကြီးသား အနားပေးပေလို့ တော်ပါသေးဗျာ"ဟုဆိုကာ လက်ဖက် ရည်ခန်းသို့ထသွားကြသည်ထင်သလော၊ မဟုတ်ပါ။ အမတ်များသည် (အတိုက် အခံရော အစိုးရဘက်ပါ) အလွန်စိတ်ဝင်စားလျက် ရှိကြသည်ဖြစ်၍ လက်ဖက် ရည်သောက်လိုက်လျှင် အာရုံပြတ်သွားလိမ့်မည်ဆိုကာ လက်ဖက်ရည်သောက် ဖို့မထကြပဲ (G0 on! Go on!) "ပြောသာပြောပါ၊ ပြောသာပြောပါ"ဟု ဟစ်အော် ကြသည်နှင့် အနားမယူပဲ ဆက်လက်၍ပြောရလေသည်။ တဖန်နံနက်စာစား ချိန်တွင်လည်း ထိုနည်းအတူဘာ့က်က အနားပေးသော်လည်း ပရိသတ်က မထပဲ (ဂိုးအော်န်၊ ဂိုးအော်န်)ဟု ခုံများကိုထုကာ အော်နေကြပြန်သဖြင့် ဘာ့က်က ဆက်လက်၍ပြောရပြန်လေသည်။

## အင်္ဂလိပ်တို့၏ စာရိတ္တစံချိန်

မြန်မာပြည်၌မူ ဝန်ကြီးချုပ်ဦးနုက အိမ်မှရေးယူခဲ့သော မိန့်ခွန်းကို သုံးနာရီခန့်လောက်ကြာအောင် ဖတ်ပြောသည်ဆိုလျှင် "ဧရာမမိန့်ခွန်းရှည်ကြီး" (မာရသွန်မိန့်ခွန်းကြီး) ဟူ၍ သတင်းစာများက ချီးကျူးထောပနာ ဩဘာပေးကြ လေသည်။ ဘာ့က်၏မိန့်ခွန်းသည် အလျားရှည်ခြင်း သက်သက်ဖြစ်သည်ဟု မထင်ကြပါနှင့်ဦး။ တော်လှန်ရေးပြဿနာနှင့် အပြည့်အနက် ပါရှိသည်ဖြစ်သောကြောင့် စာအုပ်များ ရိုက်နှိပ်ရောင်းချရသေးပေရာ ကျွန်ုပ်တို့ငယ်စဉ်က ဘီအေအတန်းတွင် ကျောင်းသုံးအဖြစ်နှင့် သင်ကြရသည်ဟု အမှတ်ပြုမိပါသည်။ ဘာ့က်သည် ဆယ်နာရီမက ပြောရသည့် ၎င်းမိန့်ခွန်းကို အိမ်မှရေးယူခဲ့ပြီး ဖတ်ပြခြင်းမဟုတ်၊ မှတ်စု (Notes) ကလေးများလောက်သာ ရေးခဲ့၍ တချက်တချက်တွင် သတိပေါ်စေရန် လှမ်းကြည့်ရရုံသာရှိလေသည်။ (ကျွန်ုပ်သည် အင်္ဂလိပ်လူတော်များ အကြောင်းကို ဖတ်ရ၍ ကြည်ညိုမိခြင်းကား ဝန်ခံပါသည်။) မကြာသေးမီက ဦးနုနှင့် အတော်ရင်းနှီးသည့် လူခပ်ရွယ်ရွယ်တယောက်သည် ကျွန်ုပ်၏နေအိမ်သို့ ရောက်လာ၍ အင်္ဂလိပ်စာအုပ်တွေဖတ်ပြီး အင်္ဂလိပ်ကို ကြည်ညိုနေကြတာကိုးကွယ့်" ဟု ကြိမ်းမောင်းကြောင်းပြောပြဘူးလေသည်။ ဦးနုသည် ကျွန်ုပ်နှင့် မသိကျွမ်းသဖြင့် ဆွေးနွေးခွင့်မရသည့်အတွက် ဦးနုကံကောင်းသည်။ စာအုပ်ကောင်းကို ပစ်ပစ်ခါခါ ပြောတတ်သူများအား ဘိုးအေလောက် ဂုဏ်ကြီးစေ၊ ကျွန်ုပ်တွယ်စမ်းချင်သည်။ အင်္ဂလိပ်လူမျိုးအနက် မတရားသော လောဘရှိသည့် အရင်းရှင်များသည် ကျွန်ုပ်တို့၏ လည်မျိုကိုနင်းပြီး သွေးစုတ်ကြသည်မှန်သော်လည်း ပညာရှိပိုင်းမှ အင်္ဂလိပ်များသည် (နယ်ချဲ့သမားသည် ပညာရှိထဲတွင်မပါချေ။) ပညာဘက်တွင် သာမက စာရိတ္တဘက်တွင်လည်း ကမ္ဘာတွင် ဦးဆောင်ခဲ့သူ များဖြစ်ကြသည်။

ဂျန်တလ်မဲန် (Gentleman) ဟူသည်မှာ စာရိတ္တဘက်တွင် လူတယောက် အနေနှင့် ကောင်းသောအရည်အချင်းများ အတော်ပြည့်စုံသူ တယောက်ဟူ၍

(အင်္ဂလိပ်အသုံးအနှုန်းကို နားလည်သော) ကမ္ဘာသူကမ္ဘာသားတိုင်းက အသိအမှတ်ပြုကြရသည်ဖြစ်ရာ အရှေ့တိုင်းရော အနောက်တိုင်းပါ ထိုစကားလုံးနှင့်အဓိပ္ပာယ်အပြည့်အစုံတူညီသော စကားလုံးဟူ၍ မရှိခြင်းကို ကမ္ဘာက ဝန်ခံလျက်ရှိကြရသည်။ ဤအတွက်ကြောင့် အင်္ဂလိပ်လူမျိုးများ ဂုဏ်ယူတတ်ကြခြင်းကို ကျွန်ုပ်လည်းထောက်ခံသည်။ ဂျန်တလ်မဲန် ဟူသောစကားလုံးကို နားမလည်သူများသိကြအောင် ဥပမာဆောင်၍ပြရသော် ဗုဒ္ဓဘာသာဝင်များသည် 'အရိယာ'ဟူသောစကားလုံးကို အမြတ်တနိုးသဘောထားကြသည့်နည်းတူ အင်္ဂလိပ်လူမျိုးတို့သည်လည်း ထိုစကားလုံးကို အမြတ်တနိုးထားကြ၏။ ဤသို့ဆိုခြင်းအားဖြင့် ဂျန်တလ်မဲန်သည် အရိယာနှင့် အရည်အချင်းတူသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ အရိယာဟူသည်လောကမှ လွန်မြောက်သူများဟူ၍ ဗုဒ္ဓဘာသာဝင်များ (အကြမ်း အားဖြင့်) နားလည်ကြပေရာ ဂျန်တလ်မဲန်ဟူသည်မှာ လောကအတွင်း၌ အကောင်းဆုံးသော စာရိတ္တအရည်အချင်း ရှိသူတယောက်ဟူ၍ သူတို့ကဆိုလိုပေသည်။ လောကီသားတယောက်အနေဖြင့် ဂျန်တလ်မဲန်ထက်ပိုပြီးကောင်းရန် မဖြစ်နိုင်ဟူ၍ သူတို့ယူဆကြသည်။ အင်္ဂလိပ်ကို ကျွန်ုပ်ကြည်ညိုသော အချက်တခုမှာ စိတ်နှလုံးကောင်းသောလူများသည် ဂျန်တလ်မဲန်ဖြစ်ဖို့ ကြိုးစားကြရန်သတိရ တတ်ခြင်းပင်ဖြစ်လေသည်။ ဂျန်တလ်မဲန်အစစ်သည် သူတို့အထဲတွင်လည်း တရာတွင်တယောက်စ နှစ်ယောက်စ ရှိချင်မှရှိသည်ဟု အယူရှိကြဟန်တူလေ သည်။ အင်္ဂလိပ် ဝတ္ထုကောင်းများ၏ ရည်ရွယ်ချက်မှာ စာဖတ်သူများအား 'ဂျန်တလ်မဲန်' ဖြစ်အောင် ကြိုးစားချင်သောဆန္ဒမျိုး နှိုးဆွပေးကြသည် ဖြစ်ပါလျက် ဦးနုသည် ထိုသို့သော စာမျိုးကို ကျောခိုင်းသည်ဆိုခြင်းအတွက် အံ့ဩမဆုံး ဖြစ်မိသည်။ ဦးနုကား စာရိတ္တကောင်းရေးအတွက် 'နီတိ'စာအုပ်များဖတ်လျှင်လုံ လောက်သည်ဟု မှတ်ထင်သည့်လက္ခဏာရှိသည်။ မှားလေစွတကား။

## စကားပြောကောင်းသော ဗမာများ

အင်္ဂလိပ်လူမျိုး အက်ဒ်မန်ဘာ့က်၏ စကားပြောကောင်းပုံကို ဖော်ပြမိရာတွင် စကားပြောကောင်းသော ဗမာလူမျိုးများ အကြောင်းကိုလည်း ဖော်ပြလိုက်ချင်ပါသေးသည်။ ယင်းသို့ဖော်ပြရာတွင် ကျွန်ုပ်ကိုယ်တိုင် နားထောင်ရဘူးသူများအကြောင်းကိုသာ ဖော်ပြနိုင်ပါမည်။ ကျွန်ုပ်၌ ပထမဦးစွာ နားထောင်ရဘူးသည့် ပုဂ္ဂိုလ်မှာ မန္တလေးသား စီပီဦးခင်မောင်ဖြစ်၏။ သူရိယတိုက်၌ နိုင်ငံရေး အစည်းအဝေးတခု ပြုလုပ်ရာတွင် (ဝိုင်အမ်ဘီအေလော၊ ငါးပွင့်ဆိုင်လော မမှတ်မိ) ဦးချစ်လှိုင်၊ ဦးဘဖေ၊ ဦးခင်မောင်တို့ တက်ရောက်ကြခြင်းကို မှတ်မိ၏။ ထိုအစည်းအဝေး၌ မန္တလေးသားဖြစ်၍ စကားလုံး ကြွယ်ဝသည့်ပြင် ယဉ်ကျေးသော အသုံးအနှုန်းများနှင့် ကရားရေသွန်ချောမောသွက်လက်စွာ ပြောသွားသည်နှင့် ပရိသတ်များ ငေးလျက်နားထောင်ကြရ၏။ အောက်သားပရိသတ်သည် ဦးခင်မောင် ပြောနည်းမျိုးကို နားထောင်ကြရဘူးသည့် လက္ခဏာမရှိချေ။ စကားအဆုံး၌ ဆရာလွန်းက "ဒီကချွေးမသားတွေ ဒီလိုတယောက်မျှ မပြောတတ်ပါဘူး" ဟု ကျွန်ုပ်ကားပြောသည်ကို မှတ်မိပါသေးသည်။ ကျွန်ုပ်၏အယူအဆမှာကား စကား၏အဓိပ္ပာယ်လေးနက်ခြင်းထက် သွက်လက်ခြင်း၊ ပီသခြင်း၊ ချောမော ခြင်းနှင့် ယဉ်ကျေးခြင်းအားဖြင့် ထင်ရှားသည်ဟု ဆိုချင်ပါသည်။ အောက်သားများ သည် အဓိပ္ပာယ် လေးနက်ခြင်းတွင် သာချင်သာမည်ဖြစ်သော်လည်း အထက်ပါ အင်္ဂါ လေးရပ်တွင် စီပီဦးခင်မောင်အနီးသို့ ချဉ်းကပ်ဖို့ ခဲယဉ်းလိမ့်မည်ထင်မိပါသည်။

## ဂဠုံဦးစော

ပုဂ္ဂိုလ်တဦးတယောက်တွင် ကြီးကျယ်သော အပြစ်အနာဆာမျိုးပင် ရှိပင်ရှိသော်ငြားလည်း အကြင်ပုဂ္ဂိုလ်၌ ထူးခြားသော အရည်အချင်းတမျိုးရှိသည်ကို တွေ့ရလျှင် အပြစ်ရှိသည်ဆို၍ မြေမြုပ်မပစ်လိုက်ချင်ပဲ ထူးခြားချက်ကို ဖော်ထုတ်တင်ပြလိုခြင်းမှာ ကျွန်ုပ်၏ဝါသနာတခုဖြစ်၏။ ဤနေရာတွင် 'ခြောက်တန်းသမား' ဟုပြောနေကြသည့် ရှေ့နေကလေးအဖြစ်မှ (ထိုခေတ်အခေါ်) နန်းရင်းဝန်ဖြစ်လာသော ဂဠုံစော၏ အရည်အခြင်းကို အမွှန်းတင်ရန်မဟုတ်၊ စကားပြောခြင်းနှင့် ပတ်သက်၍ အလျဉ်းသင့်သည် ထင်သဖြင့် ရေးသားမည်ကြံခြင်းဖြစ်ပါသည်။ မန္တလေးသို့ ရန်ကုန်မှ ကျွန်ုပ်ခေတ္တရောက်နေစဉ် မင်္ဂလာဈေးဘက်၌ နိုင်ငံရေးတရားပွဲရှိ၍ ကျွန်ုပ်ရောက်သွား၏။ ထိုစဉ်က ရွေးကောက်ပွဲ ကျင်းပလုဆဲဆဲရှိရာ မျိုးချစ်အမတ်လောင်းရွှေပြည်ဆရာဦးဘတင်အတွက် နန်းရင်းဝန် ဂဠုံစော စကားပြောမည်ဆိုသဖြင့် ကျွန်ုပ်သွားရောက်ခြင်းဖြစ်၏။ ဦးစောနှင့်ကျွန်ုပ်မှာ သူရိယတိုက်တွင် အယ်ဒီတာချုပ်နှင့် တာဝန်ခံအယ်ဒီတာအနေဖြင့် အလုပ်အတူလုပ်ခဲ့ဘူးသော်လည်း သူစကားပြောခြင်းကို တကြိမ်မျှမကြားဘူးသေးချေ။ ဦးစောမှာ ထိုည၌ တရားပွဲအဆက်များရှိသောကြောင့် မင်္ဂလာဈေး တရားပွဲတွင် ဦးစောက ရှေးဦးစွာဟော၍ ဦးဘတင်က နောက်မှဟော၏။ ကျွန်ုပ်သည် ကိုယ်တိုင်စကားပြောဖို့နှင့် ပတ်သက်၍ ထိုစဉ်ကတည်းက လက်မြှောက်ထားခဲ့ပြီးဖြစ်သောကြောင့် မိမိအတွက်အတုယူရန်မဟုတ်ပဲ စကားပြောခြင်းအတတ်ကို ပညာရပ်တခုအနေဖြင့် ဗဟုသုတရှာမှီးရန်အလို့ငှာ နားစိုက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဦးစောစကားပြော ကောင်းလှသည်ဟု နာမည်ထွက်နေခြင်းမှာ ဘာများကောင်း၍ပေးနည်းဟု စုံစမ်းလိုသောစိတ်ထားဖြင့် နားထောင်လျက်ရှိ၏။ ဦးစော၏ စကားပြောကောင်းသောအင်္ဂါတရပ်ကို ကျွန်ုပ်အမှတ်ပြုခဲ့မိသည်မှာ

ပြောစဉ်အခိုက်၌ 'ဝေါကနဲ'ပွဲကျအောင် ပြောတတ်ရုံသာမက တရားပွဲပြီး၍ ပရိသတ်များ ပြန်သွားကြသောအခါ၌လည်း သူတို့၏ဦးခေါင်းထဲသို့ နက်သွင်းလိုက် သည့်နှယ်စူးဝင်သွားသည့်စကား လေးငါးလုံးသည် 'ဆောင်ပုဒ်' ကလေးများသဖွယ် တပြောတည်းပြောလျက် ကျန်ရစ်ခြင်းပင် ဖြစ်လေသည်။ ဤတွင် ၎င်းပြောနည်း သည် ဦးစောအဖို့ 'စားပေါက်' ပေတည်းဟု ကျွန်ုပ် မှတ်ချက်ချထားလိုက်သည်။

## ရွှေပြည်ဆရာ ဦးဘတင်

ဦးစောပြောပြီးသည့်နောက် ကာယကံရှင် အမတ်လောင်း ဆရာဦးဘတင် ထ၍ပြော၏။ စ၍ချီလိုက်သည်ဆိုလျှင်ပင် ရွှေပြည်ဦးဘတင်က ပရိသတ်နားလည် ချင်လည်း၊ မလည်ချင်နေ ပါဠိပါဠ်သား ခပ်များများရွတ်၍ပြောရမှ ပြောတတ်သည် ဆိုကာ စကားပလ္လင်ခံလိုက်ပြီးနောက် (ဘာသုတ်ဟု ကျွန်ုပ်မမှတ်မိ) အတော် ရှည်လျားသော ပါဠိတပုဒ်ကို ရွတ်ဆိုလေသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင်ရှိ ပရိသတ်၏မျက်နှာများကို လှမ်းကြည့်လိုက်သောအခါ ပါဠိသံကိုအထင်ကြီးလေ့ ရှိသော မန္တလေးပရိသတ်ဖြစ်၍ (အလှူမဏ္ဍပ်ထဲ၌ နာမည်ကြီးဆရာတော်တပါး၏ တရားကို နာကြားကြခြင်းကဲ့သို့) အောင့်အည်း သည်းခံကာ နားထောင်လျက် ရှိကြသော်လည်း သူတို့၏ မျက်နှာထားများမှုကား နှစ်ခြိုက်သဘောကျခြင်းကို မဆိုထားဘိ၊ တခွန်းတပါဒမျှ နားလည်သည့် အထိမ်းအမှတ်မျိုး မတွေ့ရပေ။ (ထိုစဉ်ကမူ ရွှေပြည်ဦးဘတင်သည် ရဟန်းဘဝကို စွန့်လွှတ်ခဲ့သည်မှာ မကြာသေး ဟု ကျွန်ုပ်ထင်သည်) ကျွန်ုပ်သည် ပရိသတ်နှင့်အတူ စိတ်ရှည်စွာ နားထောင်လျက်ရှိသော်လည်း စကားပြောကောင်းခြင်းနှင့် ပတ်သက်၍ ဤခေတ် တွင် နာမည်ကြီးလျက်ရှိသော ရွှေပြည်ဆရာဦးဘတင်၏ ကောင်းခြင်း အင်္ဂါ လက္ခဏာများကို အရိပ်နိမိတ်မျှပင် မတွေ့ခဲ့ရကြောင်းရှင်းရှင်းပင် ဖော်ထုတ်

ဝန်ခံရပေမည်။ ကျွန်ုပ်တွေ့ရသည်မှာကား ရွှေပြည်ဆရာဦးဘတင်၏ စကားပြော သည့်အကွက်မှာ နိုင်ငံရေးဘက်မဟုတ်၊ ရာဇဝင်ဘက်တွင်ဖြစ်သည်။ ကျွန်ုပ်စဉ်း စားမိသည်မှာကား ပုဂ္ဂိုလ်တဦးသည် မည်မျှလောက်အပြောကောင်းသည်ဖြစ်စေ၊ အရေးကောင်းသည်ဖြစ်စေ မိမိမကျွမ်းကျင်သည့် ပညာရပ်တခုတွင် အရာထင် လောက်အောင်မပြောနိုင်၊ မရေးနိုင်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ရာဇဝင်နှင့် ပတ်သက်၍ ကျွန်ုပ်သည် ဆရာဦးဘတင်၏ ဟောပြောခြင်းကို တကြိမ်ကြားနာ လိုက်ရကတည်းက ထိုပုဂ္ဂိုလ်၏ ထူးကဲချက်များသည် ကျွန်ုပ်၏ဦးနှောက်တွင် အမှတ်ထင်လျက်ရှိခဲ့လေပြီ။ ဆရာဦးဘတင်သည် မြန်မာရာဇဝင်ကို နှံ့စပ်ခြေမြစ် စွာ လေ့လာဆည်းပူးထားရုံသာမက မိမိသိရှိထားသော အကြောင်းအရာများသည် (မှားတော့မှ မှားစေ)ကေန်မုချမှန်ကန်သည်ဟု စိတ်ချထားသည့် အတွက်ကြောင့် ပြောဟောရာတွင် “ငါ့ပြင် မရှိ” ဟူသော ယုံကြည်ချက် (Self Confidence) သည် နားထောင်သော ပရိသတ်အား လက်မခံပဲ မနေနိုင်လောက်အောင် အတင်း သွေးဆောင်လျက်ရှိတော့၏။ စာရေးဆရာ၌ ဖြစ်စေ၊ တရားဟောဆရာ၌ဖြစ်စေ (အထူးသဖြင့် စကားပြောသမားများ၌) ဤယုံကြည်ချက်သည် အလွန်အရေးကြီး ၏။ ပြောဟောသူက စမ်းတဝါးဝါးလုပ်နေလျှင် မှန်ပင်မှန်စေဦးတော့ ပရိသတ်က မယုံချင်ပဲ ရှိနေတတ်၏။ ထို့ပြင် စကားပြောခြင်းနှင့် ပတ်သက်၍ ဆရာဦးဘတင် ၏‘စပယ်ရှယ်’ကောင်းသော အင်္ဂါရပ်များလည်း ရှိသေး၏။ သူသည် (ဇာတ်ဆရာ ကြီးဦးဖိုးစိန်က ဇာတ်ကျောရှည်သွားမည်ကို မစိုးရိမ်ရသည့်နည်းတူ) ပရိသတ်များ ငြီးငွေ့ကုန်ကြလိမ့်မည်ဟု စိုးရိမ်ကြောင့်ကြမှု အလျဉ်းကင်းသည့် လက္ခဏာနှင့် ပြောရန်ရှိသော အကြောင်းအရာကို ‘အဆိုင်းကလေး၊ ‘အင့်’ကလေး၊ ‘အတန့်’ ကလေး၊ ‘အဟန့်’ကလေးများဖြင့် စိန်ပြေနပြေ ပြောတတ်လေသည်။ ၎င်းအင်္ဂါမှာ အတော်အတန်စကားပြောကောင်းရုံမျှနှင့် ပြည့်စုံသေးသည်မဟုတ်။ ပရိသတ်၏ ‘ဆိုက်ကော်လိုဂျီ’ကို နားလည်ပြီး အချိန်ကို ပဓာနမထားသူတို့သာ တတ်နိုင် ပေသည်။ (ဤနေရာ၌ ‘အချိန်ကို ပဓာနမထား’ ဟူသော စကားကို

သုံးနှုန်းခြင်းမှာကောင်းသော အဓိပ္ပာယ်နှင့်သုံးနှုန်းခြင်းဖြစ်ပါသည်။ ပြောချင်အား ကြီးနှင့် အလေလာသုံးဆယ် တွန်းထိုးပြောဆိုခြင်းမျိုး၏ ဆန့်ကျင်ဘက် အဓိပ္ပာယ် ကို ဆိုလိုပါသည်။) ထို့ပြင် ဆရာဦးဘတင်၏ ခြေဟန်လက်ဟန်များသည်လည်း စကားအဓိပ္ပာယ်ကို တိုး၍လေးနက်စေ၏။ ဟောပြောပွဲတခု၌ ဆရာဦးဘတင် သည် တစုံတခုကို ထမ်း၍ပေါက်သည့် အဖြစ်အပျက်နှင့် ကိုက်ညီအောင်လက်ဟန် ကိုယ်ဟန်နှင့် တကွယိမ်းနွဲ့၍ပြလေရာ အပြစ်ရှာချင်သော လူများက ဇာတ်ဟန်ပါ သည်ဟု ဆိုကောင်းဆိုကြမည်ဖြစ်သော်လည်း ကျွန်ုပ်ကမူ ဘာပြောပြောကြည့်၍ ကောင်းသည်ဟုထင်မိပါသည်။

## ကိုဆန်းထွန်း

မန္တလေးတက္ကသိုလ်ကျောင်းသားများက မေးခွန်းများကိုဖြေရသည့် စကားပွဲ တခု (Brain Trust) သို့ ကျွန်ုပ်အားဖိတ်ခေါ်ရာ ထိုပွဲတွင် ရွှေပြည်ဆရာ ဦးဘတင် နှင့် ကိုဆန်းထွန်းတို့ပါသည်ဟုသိရ၏။ ကျွန်ုပ်ကအပြောသမား မဟုတ်သဖြင့် တောင်းပန်သော်လည်း အတင်းခေါ်ကြသည်နှင့် အားနာပါးနာနှင့် လက်ခံလိုက် ရ၏။ သို့ရာတွင် ကျွန်ုပ်အား ရှေးဦးစွာ 'ထုတ်'ပါမည်ဟူသော ပဋိညာဉ် တခုတောင်းယူလိုက်ပါသည်။ သောလုံးများဖြင့် ရွှမ်းရွှမ်းဝေအောင် ပြောတတ်သော ကိုဆန်းထွန်းနှင့် ဆရာဦးဘတင်တို့နောက်မှ ကျွန်ုပ်ပြောရလျှင် ခြောက်ကပ်ကြီး ဖြစ်ပြီး ငြီးငွေ့ဖွယ်ဖြစ်နေလိမ့်မည်ဟု သိသောကြောင့် ဖြစ်၏။ သို့ရာတွင် ကျောင်းသားများသည် ၎င်းတို့၏ ကတိအတိုင်း မတည်ကြချေ။ ကိုဆန်းထွန်းနှင့် ဆရာဦးဘတင်တို့ကို ကျွန်ုပ်ရှေ့မှထုတ်နှင့်ကြလေပြီ။ အထူးသဖြင့် ကိုဆန်းထွန်း ၏'ဒဏ်'ကို မန်းတက္ကသိုလ်တွင် မည်သူမျှခံနိုင်ကြမည်မထင်ပေ။ တက္ကသိုလ် ကျောင်းသူကျောင်းသားများကား လွန်ပဲလွန်လွန်းလှသည်။ သူတို့၏ဆရာဖြစ် သော ကိုဆန်းထွန်းဝင်လာသည်ဆိုလျှင်ပင် ကျောင်းဆောင်ကြီး ပြိုကျတော့မတတ်

လက်ခုပ်တီးကြ၍ နားကွဲမတတ်ဆူညံသွား၏။ ထို့နောက် ဦးဆန်းထွန်း ထလိုက်သောအခါ ဘာတခွန်းမျှ မပြောရသေးမီက ရယ်ဖို့ ပါးစပ်ပြင် လျက်ရှိကြလေပြီ။ ကျောင်းသားများ၏ မေးခွန်းများကို ဆရာကိုဆန်းထွန်းက ဖြေဆိုသောအခါ ရယ်စရာ အလုံးများပေါ်များလှသည်ကား မှန်ပါ၏။ သို့ရာတွင် ကျောင်းသူကျောင်းသားများကမူ ပြက်လုံးလော၊ အတည်လုံးလော မရွေးနိုင်ကြ တော့ပဲ သူတို့ဆရာပြောတိုင်း တဝေါဝေါတသောသောနှင့် သဘောကျလျက်ရှိကြ သောကြောင့် ကိုဆန်းထွန်းမှာ ဘာမျှစဉ်းစားနေဖို့ မလိုတော့ပဲ ပါးစပ်လှုပ်နေလျှင် ပင် လုံလောက်နေလေပြီ။ ကျောင်းဆရာတယောက်အနေဖြင့် 'သောလုံး'ထုတ်ရ သောဘက်တွင် ကိုဆန်းထွန်း'ပေါ်ပြူလာ'ဖြစ်လိုက်ပုံမှာ အားရစရာကောင်းပါဘိ သည်။ သို့ရာတွင် အောင်ဦးဘကြည် စသည့် (သူ့အထွာနှင့်သူ) ခပ်သောသော ကလေးပြောချင်ဟန်ရှိသော ပုဂ္ဂိုလ်များအဖို့မူ ကိုဆန်းထွန်းနောက်မှ ပြောရခြင်းကို ခပ်တွန့်တွန့်ရှိသည့်လက္ခဏာနှင့် ထုတ်ဖော်ကန့်ကွက်သံ ကြားလိုက်ရ၏။ သောလုံးထုတ်ဖို့ ရည်ရွယ်ချက်လည်း လုံးဝမရှိ၊ မည်သူနှင့်မျှလည်း ယှဉ်ပြိုင်ရန် အကြံမရှိသော ကျွန်ုပ်သည်ပင်လျှင် ကိုဆန်းထွန်းနောက်မှ ပြောရပြီး ကျောင်းသား များကတိပျက်ကြပုံကို အလွန်မကျေနပ်သည်နှင့် တက္ကသိုလ်ပွဲများသို့ ဘာအတွက် မျှ မသွားတော့ပါဟု ဆုံးဖြတ်ချက် ချလိုက်ပါတော့သည်။ ထိုနေ့က ကိုဆန်းထွန်း နှင့် 'ဒိုးဒေါက်'လိုက်နိုင်သူမှာ (ကျောင်းသားလောကမှ မကြာသေးမီ ကမှထွက် လာခဲ့သည့်)ရှေ့နေကိုမြစိန်တယောက်သာရှိပါ၏။

## သခင်ချစ်မောင်

ပါလီမန်တွင် (အိမ်မှရေးခဲ့ပြီး ဖတ်ခွင့်ရသော) ဝန်ကြီးချုပ်ဦးနုမှအပ စကားပြောကောင်းသည်ဟု နာမည်ရလျက်ရှိသော ပုဂ္ဂိုလ်မှာ သခင်ချစ်မောင်ပင် ဖြစ်သည်။ မန္တလေးမြို့သို့ နိုင်ငံရေးသမားများတရားဟောရန် တက်လာကြသည့်

အခါတိုင်း ကျွန်ုပ်သည် ၎င်းတို့၏ပြောဟောပုံများကို လေ့လာလိုသည့်အတွက် ဆောင်းရာသီများ၌ပင် အချမ်းခံပြီး နားထောင်လေ့ရှိ၏။ တခါတရံ လက်လွှတ်ခံသော်လည်း သခင်ချစ်မောင်နှင့် သိန်းဖေမြင့်တို့၏ တရားပွဲများကိုမူ မလွတ်တမ်း နားထောင်လေ့ရှိ၏။ သခင်ချစ်မောင်သည် အချိန်လုံလောက်စွာ ရရှိ၍ အေးအေး ဆေးဆေး ပြောခွင့်ရပါမူ သူပြောလိုသော အကြောင်းအရာကိုပရိသတ်သဘော ပေါက်အောင် ပြောတတ်ခြင်းအရာ၌ ရှာမှရှားသော စကားပြောသမားတယောက် ဖြစ်၏။ သူသည် အကြောင်းအရာတခုကို ပြောမည်ကြံသည့်အခါ တနေရာမှ အစတည်လိုက်ပြီးနောက် ထိုနေရာသို့ ပြန်ဆိုက်ကာ (ဝလုံးရေးသည့်နယ်) ပြောတတ်သည့် အလေ့အကျင့်ရှိ၍ ကျွန်ုပ်သဘောကျလှသည်။ အချို့အပြော သမားများသည် ဤပြောနည်း၏ ထိရောက်ခြင်းကို မရိပ်မိကြပဲ ပြောချင်အားကြီး နှင့် 'ခုနစ်စင်အမျှင်တန်း' လျှောက်ပြောခြင်းအားဖြင့် လိုရင်းသို့မရောက်ပဲ အချိန် စေ့ကုန်ပြီး ရပ်လိုက်ကြရလေသည်။ သခင်ချစ်မောင်မူကား ဝလုံးစနစ် သုံးခြင်းကို အများအားဖြင့် တွေ့ရသည်။ ပြောခွင့်ရခဲ့လျှင် သခင်ချစ်မောင်သည် ရေးဖတ်သော ဦးနု၏ 'မာရသွန်'စံချိန်ကို မီနိုင်လောက်သည်ဟု ကျွန်ုပ်ယုံကြည် သည်။

## သိန်းဖေမြင့်

စကားပြောသောအခါ၌ တုန်လှုပ်ခြင်းအလျဉ်းကင်း၍ အအေးဆုံးပြောတတ်သော အပြောသမားတယောက်ကို ရွေးချယ်စမ်းပါဟုဆိုလျှင် ကျွန်ုပ်သည် သိန်းဖေမြင့်ကို ရွေးချယ်ပေလိမ့်မည်။ သူသည်ပရိသတ်ကိုစိတ်တက်ကြွအောင် နှိုးဆွပြီး မိမိလိုရာသို့ တွန်းထိုးခေါ်ငင်သွားနိုင်သည့် အပြောသမားမျိုးကား မဟုတ်၊ မည်သူ့ကိုမျှ ထိခိုက်နာကျင်အောင်မပြောပဲ စကားလုံးခပ်ပျော့ပျော့ များကို လေအေးနှင့်ထုတ်ပြီး 'အပျော့ဆွဲ' သမားတယောက်ဖြစ်လေသည်။ သိန်းဖေမြင့်သည် အန္တရာယ်ကင်းအောင် ခရီးသွားချင်တတ်သည့် လက္ခဏာနှင့်

တစောက်ကန်း အပြောမျိုး၊ အလုပ်မျိုးကို (ဝိရတီစ)အဝေးမှ တီမ်းရှောင်ချင်တတ်သည့် ဝါသနာရှိဟန်တူ၏။ သို့ပါသော်လည်း သူ၏ပြောလုံးများသည် မထိရောက်သည်မဟုတ်၊ အချက်လည်း ကျလှသည်။ သူ၏ရှုရပတ်ရည် ဥပမာကလေးမှာ အချို့ရပ်ကွက်များ၌ ယနေ့တိုင် စမြုံ့ပြန်လျက် ကျန်ရစ်ခဲ့သေးသည်။

## စကားပြောခြင်းသည် ကျွန်ုပ်နှင့်မဆိုင်ပုံ

အချို့သော ပုဂ္ဂိုလ်များက ကျွန်ုပ်အား ဗဟုသုတအတော်ပြည့်ဝသော လူကြီးတယောက်အနေဖြင့် အစည်းအဝေးများတွင် စကားပြောဖို့ တိုက်တွန်းတတ်ကြလေရာ ကျွန်ုပ်သည် "ဖိုးပြောချင်"တယောက် မဟုတ်ပါပဲလျက် အားနာပါးနာနှင့် ပြောခဲ့ရဘူးသော အကြိမ်ပေါင်း အတော်များခဲ့ပါလေပြီ။ ကျွန်ုပ်ကစကားမပြောတတ်ခြင်းကို ဖွင့်၍ဝန်ခံဘူးပါလျက် ယနေ့တိုင် ဇွတ်အတင်း တိုက်တွန်းသူများလည်း ရှိနေကြသေးသည်ဖြစ်သောကြောင့် စကားပြောခြင်းသည် ကျွန်ုပ်နှင့်ဘာမျှမဆိုင်ပုံကို ဤနေရာတွင် အလုံးစုံဖွင့်၍ ရေးလိုက်ရပါဦးမည်။ ပထမအချက်၌ ကျွန်ုပ်အကြောင်းကို အချက်ပေါင်းများစွာ မှန်ကန်အောင်ဟောနိုင်သည့် လက္ခဏာဆရာကြီးဦးစိန်က ကျွန်ုပ်သည် လူဆန်းတယောက်ဖြစ်ကြောင်း၊ အချို့လူများ၌သူရဿတီသည် နှုတ်တွင်သာ စောင့်ရှိးထုံးစံရှိပါလျက် ကျွန်ုပ်၌မူကလောင်တံတွင် စောင့်လျက်ရှိကြောင်း ဟောဘူးလေသည်။ သူဆိုသောအဓိပ္ပာယ်ကို ကျွန်ုပ်ကုန်စင်အောင် နားမလည်သော်လည်း ကျွန်ုပ်၏ကိုယ်တွေ့အရ ချင့်ချိန်သည့်အခါ ဟုတ်ပုံရခြင်းကို တွေ့ရသည်။ စကားပြောရသောအခါများ၌ စဉ်းစားထား သောစကားလုံးများသည်ပင် ကျွန်ုပ်ကြိုက်သော အစီအစဉ်မျိုး ဖြစ်ပေါ်မလာပဲ ကိုးရိုးကားရားပေါ်လာကြသည်နှင့် ဖြစ်တတ်သလို ပြောလွှတ်လိုက်ရ၏။ စာဖြင့်ရေးသောအခါ၌မူ တခါတရံ၌ (သတင်းစာခေါင်းကြီးများရေးစဉ်က) မည်သည့်အကြောင်းရေးရမည်ဟု စိတ်ကူးမပေါ်နိုင်ပဲ စားပွဲသို့သွားပြီး

ကလောင်တံကို ကောက်ကိုင်လိုက်ရာတွင် ရေးစရာအကြောင်းများသည် တဖွားဖွား ပေါ်လာတတ်ပါသည်။ ထို့ပြင်စာဖြင့် အရေးအတင်ရေးရမည်ဆိုလျှင် ကျွန်ုပ် ကြောက်ရမည့်လူ မရှိသလောက် ထင်မိသော်လည်း စကားဖြင့် ချေပရမည် ဆိုပါက သာမညရှေ့နေတယောက်ကိုပင် ကျွန်ုပ်ကြောက်ချင်တတ်ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ လက္ခဏာဆရာဟောသည့် သူရသတီ၏ သတ္တိပေလော မပြောတတ်ပေ။

ဒုတိယအချက်၌ မန္တလေးသား စီပီဦးခင်မောင်၏ ယဉ်ကျေးသော မြန်မာ စကားလုံး သုံးနှုန်းပုံအကြောင်းကို အထက်တွင်ဖော်ပြခဲ့ရာ ကျွန်ုပ်မှာလည်း နန်းတွင်းသူမိခင်နှင့် လွှတ်တော်စာရေးဖခင်တို့မှ ပေါက်ဖွားရုံမျှမက ကျွန်ုပ်တို့၏ အိမ်သို့ လာရောက်လည်ပတ်ကြသည့် မြန်မာမင်းသမီးမင်းသား၊ အရာရှိ အရာခံ များ၏အလယ်တွင် ကြီးပြင်းလာရသူတယောက်ဖြစ်သည့်အလျောက် မြန်မာမှုဆိုင် ရာ ယဉ်ကျေးသောအပြောအဆို အမူအရာစသည်များကို ကျွန်ုပ်အားလုံးနားလည် ပါသည်။ သို့ရာတွင် အဆိုပါယဉ်ကျေးသည်ဆိုသော အပြောအဆိုအခေါ်အဝေါ် များသည် ကျွန်ုပ်၏နားထဲသို့မဝင်ပဲ တယောက်နှင့်တယောက် အလကား 'ညာ' နေကြသည်ဟု ကလေးကတည်းက ထင်မိပါသည်။ ကျွန်ုပ်တို့၏ အိမ်နီးချင်းဖြစ်ခဲ့ ဘူးသည့် စစ်ကဲတော်မင်းအား ကျေးကျွန်များက "ချဉ်ပေါင်ဟင်း၊ဟင်း၊ဟင်း ပါဘုရား"၊ "ပုစွန်တုပ်ကြော်ဟော်ဟော်ဟော်ပါဘုရား"စသည်ဖြင့် သံရှည်ကြီးဆွဲ ပြီး တင်လျှောက်ကြခြင်းမျိုးကို ၎င်းစစ်ကဲတော်မင်းက သားသမီးများအား "လူကလေး မောင်မောင်ကြီးရေ"၊ "သမီးလေး ခင်ခင်လတ်ရေ" စသည့် ခေါ်သံ များကို ကြားရတိုင်း ကျွန်ုပ်ပြုံးမိ၍ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဦးကြီး၊ အရီး၊ ဒွေးလေးများ နန်းတော်ထဲသို့ ပထမအကြိမ် ဝင်လာကြစဉ်က "ဖိုးအောင်ဇေယျတယောက်ကော ဟရို့"ဟု ဝန်ကြီးများအား မေးကြသည်ဟု မိခင်ကပြောဘူးခြင်းကို ကြားရ၍ ကျွန်ုပ်ပီတိဖြစ်မိသည်။ ကျွန်ုပ်၌လူရိုင်းစိတ် ကိန်းအောင်းသည်ဟု ဆိုကြလျှင်လည်း ခံရပေမည်။ (ဟုတ်ချင်လည်း ဟုတ်ပေ

မည်။) ကျွန်ုပ်၏စိတ်ထဲ၌ကား လူနှင့်လူချင်း အလွန်အမင်းအရှိအသေပေးခြင်းကို အတုမခိုးချင်တတ်သည့် ဥာဉ်ဆိုးကလေးရှိခြင်းကို ဝန်ခံပါသည်။ ဆိုလိုခြင်းမှာ ကျွန်ုပ်သည် စီပီဦးခင်မောင်၏ ယဉ်ကျေးသော အသုံးအနှုန်း အခေါ်အဝေါ်မျိုးဖြင့် ပြောလိုရေးလိုက ပြောတတ်ရေးတတ်သော်လည်း ကျွန်ုပ်ကိုယ်၌က သုံးနှုန်းဖို့ နုတ်တွန့်မိပါသည်။ ပမာဆိုသော် "ကျွန်တော်တို့" ဟုပြောရမည့်အစား "ကျွန်တော်များ" ဟုပြောခြင်းသည် ဇာတ်သဘင်ဆံသည်ထင်၍ 'လူညာ'တယောက်ဟု ပြုံးမိပါသည်။ ဇာတ်သဘင်သမားသည် ကျွန်ုပ်တို့ထံမှ ပိုက်ဆံရအောင် 'ချူ' ၍ယူသည်။ 'ညာ' ၍ယူသည်ဟူသောအမှတ်ကို ကျွန်ုပ် ဖျောက်ဖျက်ဖို့ခဲယဉ်းလှသည်။ 'ကျွန်တော်များ' ဟူသောအလုံးကို (ကျွန်ုပ်အထင်) ရှေးဦးစွာ ထွင်၍သုံးသော ဇာတ်ဆရာ ဦးဖိုးစိန်သည် အရပ်သားများနှင့် ဆက်ဆံရာ တွင် ခပ်ထန်ထန်ရှိသည်ဟု ကြားရဘူးသော်လည်း အရာရှိပိုင်းနှင့် တွေ့ဆုံသော အခါ များ၌မူ "ပြားပြားဝပ်"သည်မဆိုနိုင်သော်လည်း (ယုတ်စွအဆုံး) ဈေးသည် တယောက်က ဈေးဝယ်ကိုမြှူသည့် အမူအရာမျိုး သာသာကြီးရှိသည်ဟု ကျွန်ုပ် ထင်သည်။ မည်သူ့ထံမှ ဘာကိုမျှမြှူချဖို့ စိတ်ကူးမရှိသော ကျွန်ုပ်အဖို့မှာ စင်မြင့် ပေါ်တက်ပြီး မဲဆွယ်သောလူများလုပ်ကြသည့် ဟောပြောခြင်းအလုပ်မျိုးကို အလေ့အကျင့်ပြုရန် အလိုမရှိချေ။ ကျွန်ုပ်စိတ်တိုင်းကျ စကားပြောရလျှင်ချော့၍ မပြောချင်၊ ငေါက်၍သာ ဆုံးမချင်တတ်သည်။ လူအားလုံးသည် ကျွန်ုပ်၏တပည့် များ မဟုတ်သဖြင့် ကျွန်ုပ်ငေါက်ခြင်းကို ခံနိုင်ကြမည် မဟုတ်ရကား ကျွန်ုပ်အဖို့ရာ ၌ စကားမပြောခြင်းသည် အကောင်းဆုံးဖြစ်ပါတော့သည်။

တတိယအချက်၌ ကျွန်ုပ်မှာ စကားထစ်တတ်သူ တယောက်ဖြစ်သည်။ ဤအကြောင်းကို ဖွင့်၍ရေးရဦးမည်။ စကားထစ်သည်ဆိုသော်လည်း စကားလုံး တိုင်း ထစ်သည်မဟုတ်၊ တခါတရံ (တ)နှင့်စသောစကားလုံးများ၊ တခါတရံ(ပ)နှင့် စသော စကားလုံးများ၊ တခါတရံ (စ)နှင့်စသော စကားလုံးများ၊ တခါတရံ (က)နှင့်စသော စကားလုံးများ စသည်ဖြင့် တလှည့်စီပြောင်း၍ထစ်တတ်၏။

တခါတည်း 'မူသေ'မဟုတ်ချေ။ ဤတလတွင် (က)သံများထစ်လျှင် နောက်တလတွင် (ပ)သံများထစ်ချင်ထစ်ပြန်၏။ ဤနည်းအားဖြင့် အပြောင်းအလဲရှိတတ်လေသည်။ အချို့လူများသည် စကားထစ်တတ်ကြသော်လည်း ထစ်ချင်ထစ်ဆိုကာဖွတ်အတင်း ပြောတတ်ကြ၏။ အချို့လည်း ထစ်စေကာမူ အပြောမည့်လုပ်ခြင်းကိုတွေ့ရဘူး၏။ ဒေါက်တာသိန်းမောင်သည် အထစ်ခံပြီး အတော်များများ စကားပြော၏။ ၅ပွင့်ဆိုင် ဦးစိန်ဘသည် ထစ်ပင်ထစ်သော်လည်း အတော်အတန် လူများထက် စကားပြောကောင်းသည်ကို တွေ့ရ၏။ ကျွန်ုပ်၏အခက်အခဲမှာ ပရိသတ်ရှေ့၌ထစ်ရခြင်းကို ရှက်သည်နှင့် ရှောင်လွှဲ၍ပြောရ၏။ ရှောင်လွှဲပုံကား (က)သံထွက်သော အလုံးများထစ်တတ်သောအခိုက်တွင် အကောင်းဆုံး စကားလုံးအဖြစ်နှင့် စိတ်ထဲပေါ်လာသောအလုံးမှာ (က)သံနှင့်စသော အလုံးဖြစ်နေ သည်ဆိုအံ့။ ၎င်းစကားလုံးကို အထစ်ခံပြီး မပြောပဲ ၎င်းနှင့်အဓိပ္ပာယ်တူညီသော အခြားစကားလုံးတခုကို ချက်ချင်းရအောင်ရှာပြီး အစားထိုး၍ ပြောရပါသည်။ ဤသို့ပြောင်းလဲခြင်းအတွက်ကြောင့် အကြိုက်ဆုံးအလုံးကို မပြောရသည်နှင့် အဓိပ္ပာယ်လေးနက်မှု လျော့သွား၏။ ထို့ပြင်လည်းဤပြောင်းလဲရမှုကြောင့် တခါတရံတွင် ဝါကျတည်ဆောက်ခြင်းကိုထိခိုက်ပြီး ခွန်အားရှိသောဝါကျမျိုးမှ ချည့်နဲ့သောဝါကျမျိုး ဖြစ်သွားပါသည်။ ဤမျှသာမကသေး ကျွန်ုပ်သည် ငံ့တန်ငံ့၊ တန့်တန်တန့်၊ သော့တန်သော့၊ တွန်းတန်တွန်းရသည့် စကားပြောခြင်းနည်းပရိယာယ်များကို နားလည်ထားပါလျက် ထစ်မည်စိုးသည်နှင့် ဆိုင်းငံ့ရမည့်နေရာများတွင် ဒလတွန်းပြောချလိုက်ရသော အဖြစ်မျိုးနှင့်လည်း ကြိမ်ဖန်များစွာကြုံရဘူးပါသည်။ ဤမျှလောက် ဖွင့်ဟ၍ ဝန်ခံပြီးသည့်နောက်တွင် ကျွန်ုပ်အားဤအစည်းအဝေး၊ ထိုအစည်းအဝေးများ၌ မိန့်ခွန်းပြောဖို့ တိုက်တွန်းရက်သောလူများသည် ကျွန်ုပ်ကို တမင်'ဂျောက်ချ'လိုသူများဟူ၍ ယူဆလိမ့်မည်ဖြစ်ကြောင်းနောက်ဆုံးအကြိမ် ကြေငြာလိုက်ရသည်။

## စာအုပ်သုံးမျိုး

အင်္ဂလိပ်လူမျိုးများအနက် စာပေဘက်၌လည်းကောင်း၊ အတွေးအခေါ်အရာ၌ လည်းကောင်း၊ စကားလုံးတိုတိုနှင့် ထိအောင်ရေးတတ်ခြင်း၌လည်းကောင်း ကဝိတဆူအဖြစ်နှင့် တင်မြှောက်ခြင်းခံရသည့် ဖရန်ဆစ်ဘေကော်န် (Francis Bacon) က စာအုပ်သုံးမျိုးသုံးစားရှိကြောင်း ရေးသားဖော်ပြခဲ့ဘူးရာ ၎င်း၏အဆုံးအဖြတ်မှာ နိုင်ငံမရွေး၊ ဘာသာမရွေး စာပေလောကတခုလုံးအတွက်မှန်ကန်သည်ဟု ဆိုနိုင်သည့်ပြင် ကျွန်ုပ်ကိုယ်တိုင်မှာလည်း သူ၏သြဝါဒအတိုင်း လိုက်နာကျင့်သုံးခဲ့သည်ဖြစ်သောကြောင့် ဗဟုသုတအလို့ငှာ တင်ပြရပါဦးမည်။ ဘေကော်န်က စာအုပ်သုံးမျိုးရှိသည့်အနက် အချို့စာအုပ်များမှာ မြည်းရုံမျှ မြည်းကြည့်ထိုက်သည်၊ အချို့စာအုပ်များမှာ 'မျို' ချလိုက်ရသည်၊ အနည်းငယ်မျှသော စာအုပ်မျိုးမှုကား ညက်ညက်ပါအောင်ဝါးချပြီး အစာကြေအောင် ချေယူထိုက်သည်ဟု ရေးခဲ့ဘူးလေသည်။ ကျွန်ုပ်သည် စာတအုပ်ကို ကိုင်လိုက်သည့်အခါ မည်သည့်အမျိုးအစားတွင် ပါဝင်သည်ဟု အကဲခတ်ပြီးသည့်နောက်တွင်မှ ဖတ်ရှုလေ့ရှိ၏။ တခါတရံ၌မူ မြည်းရုံမြည်းကြည့်စမ်းမည်ဆိုကာ ဖတ်ရှုရာမှ ညက်ညက်ဝါးချပြီး အစာကြေအောင်ချေရဘူးသည်များလည်း ကြုံရဘူးပါသည်။ စာဖတ်ပရိသတ်အနက် မြည်းရုံသာမြည်းရမည့် စာအုပ်မျိုးဖြင့်သာ အချိန်ကုန်ကြသည့် ရာခိုင်နှုန်းသည် အတော်များပုံရလေရာ အချို့မှာ ညက်ညက်ဝါးရသော အလုပ်မျိုးကိုပျင်းရိ တတ်သည်နှင့် ဖတ်သော အုပ်ရေများသော်လည်း မယ်မယ်ရရ ပြောပလောက် အောင် အဖတ်မတင်သူများလည်း အမြောက်အမြား တွေ့ရဘူး၏။ ညက်ညက်ပါအောင် ဝါးဖို့လိုသည်ဆိုသော စာအုပ်မျိုးမှာ အဘိဓမ္မာဆန်သော စာအုပ်မျိုးကိုချည်း ဆိုလိုသည်မဟုတ်၊ လူ့သဘာဝကို နက်နက်နဲနဲ ထိထိခိုက်ခိုက် ဖော်ပြ၍ စိတ်ကောင်းနှလုံးကောင်း ဝင်လာစေတတ်သော စာအုပ်မျိုးဟူ၍ ကျွန်ုပ်နားလည်သည်။ စိတ်ကောင်းနှလုံးကောင်းဝင်လာသည် ဆိုခြင်းမှာလည်း

ဘုရားရှိခိုး ကျောင်းတက်ချင်သောစိတ်မျိုး ဖြစ်ပေါ်လာခြင်းကိုဆိုလိုသည်မဟုတ်၊ တဘက်သားကို ကြင်နာတတ်၍ မတရားခြင်းကို ရွံ့မုန်းတတ်သောစိတ်မျိုးဟူ၍ ကျွန်ုပ်ဘာသာပြန်လိုသည်။ ကျွန်ုပ်အဖို့မူ ဘေကော်န်၏ အဆုံးအဖြတ်ကို လက်ခံရာ၌ ညက်ညက်ပါအောင် ဝါးရသည့်စာအုပ်မျိုးကိုမှ ဖတ်ချင်သည်ဟု မဆိုလို၊ စာစုံအောင်ဖတ်ဖို့ ကြိုးစားပြီး ညက်ညက်ဝါးရသောအလုပ်မျိုးကိုလည်း မတွန့်ဆုတ်၊ မြည်းတန်းကမြည်း၊ မျိုတန်ကမျိုရခြင်းများလည်း ပါရှိပါသည်။

## တိုတိုတုတ်တုတ် ရေးတတ်ပုံ

တဖန် ဘေကော်န်၏ တိုတိုတုတ်တုတ် ရေးတတ်ပုံနှင့် ပတ်သက်၍ နမူနာ တင်ပြလိုသည်မှာ စာဖတ်ခြင်း၊ ဆွေးနွေးခြင်း၊ စာရေးခြင်း တည်းဟူသော အလုပ်သုံးခု အကြောင်းကို အကျဉ်းချုံးရေးထားပုံကား 'စာဖတ်ခြင်းဖြင့်'ပြည့်'သော လူတယောက်ဖြစ်လာနိုင်သည်၊ ဆွေးနွေးခြင်းဖြင့် တခ်ဏုပ္ပတ္တိဉာဏ်(လျင်မြန်သော ဉာဏ်)ကောင်းလာနိုင်သည်။ စာရေးခြင်းဖြင့် တိကျသောလူတယောက်ဖြစ်လာနိုင် သည်"ဟု ဆိုလေသည်။ မြန်မာစကား၌ 'မပြည့်သောအိုး ဘောင်ဘင်ခတ်သည်' ဟု အဆိုရှိလေရာ စာမဖတ်သောလူများသည် ဘေကော်န်၏ စကားအတိုင်းရေ မပြည့်သော အိုးကဲ့သို့ ဘောင်ဘင်ခတ်သည်ဟု အဓိပ္ပာယ်ရှိ၍ သဘာဝကျသည် ဟုလည်းကျွန်ုပ်ထင်မိသည်။ ယေဘုယျအားဖြင့် ပြောရသော် 'ဟောင်ဖွာဟောင်ဖွာ' ပြောတတ်သော လူများသည် စာမဖတ်သူများဖြစ်သည်ကိုတွေ့ရ၏။ ဘာစာမှမဖတ် သောလူတယောက်သည် သေးငယ်သော အရေးအရာကို ဧရာမကိစ္စကြီးအနေဖြင့် မြင်တတ်၍ တအံ့တသြ ပြောခြင်းမျိုးကို ကြုံရဘူးသည်။ 'ဆွေးနွေးခြင်းသည် တခ်ဏုပ္ပတ္တိဉာဏ်ကောင်းစေတတ်သည်'ဆိုခြင်း၏ အဓိပ္ပာယ်မှာ သူ့အလှည့် ကိုယ့်အလှည့် အပြန်အလှန်ပြောကာ ဆွေးနွေးရခြင်းအားဖြင့် လူတယောက်သည် လျင်မြန်သောဉာဏ်မျိုး တိုးတက်လာစေဖို့ အလေ့အကျင့်ပြုလုပ်ရာရောက်၏။

စားသိုင်း၊ လုံသိုင်းတတ်ထားသော သူသည် မကြာမကြာ သတ်ပုတ်ထိုးခုတ်ရပါမှ လျင်မြန်သွက်လက်၍ အချက်အလက်ကို မြင်လာတတ်သည့်နည်းတူ အပြန်အလှန် ချေပပြောဆိုရသောအလုပ်သည်လည်း လူ၏ဉာဏ်ကို လျင်မြန်စွာ ညှစ်ထုတ်ခြင်း တည်းဟူသောအလုပ်၌ ကျင်လည်မှုရှိလာနိုင်သည်ဟု ဆိုလိုပေသည်။ 'စာရေးခြင်း ဖြင့် တိကျသောလူတယောက် ဖြစ်လာနိုင်သည်' ဆိုခြင်း၏အဓိပ္ပာယ် မှာ 'လဘော် သရေ' စဉ်းစား ဆုံးဖြတ်လေ့ရှိသော လူတယောက်ပင် ဖြစ်စေကာမူ စာများများ ရေးရသောအခါတွင် စဉ်းစားခြင်း အလုပ်သည် မလွှဲမရှောင်သာသော အလုပ်တခု ဖြစ်လာ၏။ မည်သည့်နည်းမဆိုသူ၌ရှိသမျှသော ဉာဏ်ကလေးဖြင့် စဉ်းစားလာ ရတော့သည်။ ဤသို့ဖြင့် ထိုသူသည် တိကျအောင်စဉ်းစားဖို့ ကြိုးစား ရသည်နှင့်ပင် ယခင်ကထက် တိကျသော အတွေးအခေါ်များ ဖြစ်ပေါ်လာဖို့ လမ်းပွင့်လာ၏။ ဤသို့ဆိုခြင်းအားဖြင့် စာရေးသူတိုင်းသည် တိကျသော အတွေးအခေါ်များ ရရှိလာသည်ဟု ဆိုလိုခြင်းကား မဟုတ်ပေ။ သူ၏ဗဟုသုတနှင့် ပညာပါရမီကလည်း ရှိပေသေးသည်။ အဓိပ္ပာယ်မှာ လူတယောက်သည် စာမရေး ဘူးသေးသော အချိန်ကထက် စာခပ်များများ ရေးလာသောအချိန်တွင် မိမိဆိုလိုသော အကြောင်းအရာကိုပို၍ထင်ရှားအောင် တင်ပြတတ်သည်ဟုဆိုလို ခြင်းဖြစ်လေသည်။ သို့ရာတွင် အကြင်သူတင်ပြသော အယူအဆသည် မှားချင် လည်း မှားနိုင်ပါသေးသည်။

## မြန်မာစကား အသုံးအနှုန်း

မြန်မာစကားမှာ စာရေးသော အခါ၌ဖြစ်စေ၊ စာဆန်ဆန် ပြောသောအခါ များ၌ဖြစ်စေ အတွဲလိုက်ကလေး သုံးတတ်သော ထုံးစံရှိ၏။ ဥပမာ 'သွားရောက်'၊ 'ဖမ်းဆီး'၊ 'ပြောဆို'၊ 'လုပ်ကိုင်'၊ 'တုန်လှုပ်'၊ 'ဖြည့်စွက်'စသော စကားလုံးများစွာ တို့တွင် အတွဲလိုက် သုံးတတ်ခြင်းမှာ ထုံးစံတခု ဖြစ်နေ၏။ အထူးသဖြင့် 'ကြိယာ'

များတွင် တလုံးတည်း မသုံးစကောင်းသလောက် ဖြစ်နေ၏။ အတွဲလိုက် သုံးခြင်းအားဖြင့် အဓိပ္ပာယ်လေးနက်ခြင်းများရှိတတ်သော်လည်း အချို့မှာမူ ဤအတွက်ကြောင့် ပို၍မလေးနက်သည့်ပြင် မမှန်ကန်သောအဓိပ္ပာယ်မျိုး ပေါ်ထွက်လာခြင်းကို ပင်တွေ့ရ၏။ ပမာဆိုသော် 'ဝန်ကြီးချုပ် ဦးနုသည် မည်သည့်နေ့တွင် ပါကစ္စတန်ပြည်သို့ သွားရောက်လိမ့်မည်'ဟူသော သတင်းကိုဖော်ပြလိုက်ကြရာ သွားမှမသွားရသေးမီ 'ရောက်'ဟူသော စကားသည် အပိုဖြစ်ရုံမက မှားပင်မှားသေး၏။ တလောက ဦးနုအကြောင်းကို သတင်းစာများတွင် အထက်ပါအတိုင်း ဖော်ပြကြရာ သွားပင်မသွားဖြစ်သည်နှင့် ထိုသတင်း၏မှားခြင်းသည် လုံလောက်သင့်ပေပြီ။ 'ရောက်'ဟူသော စကားလုံးကို ထည့်ရန်ပင် မလိုချေ။ သို့ရာတွင် တလုံးတည်းမရေးသည့် ထုံးစံကြောင့်မထည့်မဖြစ်သကဲ့သို့ သဘောထားလျက်ရှိကြလေသည်။ သတင်းစာများ၌ "လူတယောက်ကိုဖမ်းဆီးသည်"ဟု ရေးတတ်ကြရာ စင်စစ်မှာ 'ဖမ်းသည်'ဟု ရေးလိုက်လျှင် အဓိပ္ပာယ် ပြည့်စုံရုံသာမက နားထဲတွင် သာ၍ပေါ်လွင်သော အသံထွက်ရှိသည်ထင်၏။ "မောင်ဘသည် အလုပ်လုပ်ကိုင်လျက်ရှိသည်" ဟုရေးမည့်အစား "မောင်ဘအလုပ်လုပ်နေသည်" ဟု ရေးလိုက်လျှင် သာ၍နားရှင်းသည်ထင်၏။ ဤရေးနည်းမျိုးသည် သတင်းစာများအတွက် အထူးသင့်လျော်သည်ထင်၏။ ခေါင်းကြီးများအတွက် 'စာခန့်'ရေးလိုကရေးနိုင်သည်။ 'သတင်း'များအတွက်မှာ အတွဲလိုက်မသုံးပဲ တလုံးတည်း ရွေး၍သုံးလျှင် စက္ကူအကုန်နည်းပြီး နားရှင်းသည်ထင်ပါသည်။ ကျွန်ုပ်၏ အကြံပေးချက်ကို သဘောကျ၍ လိုက်သူများလည်း လိုက်ကြစေ၊ ယခုမလိုက်သေးလျှင်လည်း နောင်ကာလ၌ အထူးသဖြင့် သတင်းစာများတွင် လုံးပိုအတွဲများ ပြုတ်ကုန်ကြလိမ့်မည်ဟု မြင်ယောင်မိပါသည်။

## အဓိပ္ပာယ်နှစ်မျိုးရှိသော စကားများ

မြန်မာစကားတွင် စကားတလုံးသည် တနေရာ၌ ကောင်းသောအဓိပ္ပာယ်ရှိ၍ အခြားတနေရာတွင် မကောင်းသောအနက် ရှိတတ်ခြင်းကို တွေ့ရတတ်ပေရာ 'ကြွယ်'ဟူသော စကားတလုံးမှာ ထိုစကားမျိုးပင်ဖြစ်သည်။ မန္တလေးသားများသည် အောက်သားများထက် စကားလုံးကြွယ်သည်ဟု အထက်တွင်ရေးခဲ့ဘူးရာ ၎င်းမှာ ကောင်းသောအဓိပ္ပာယ်နှင့် သုံးခြင်းဖြစ်၏။ စကားလုံးပေါင်း များများတတ်သည်ဟု ဆိုလို၏။ အဆိုပါ 'ကြွယ်'ဟူသော စကားလုံးသည်ပင်လျှင် မကောင်းသော အဓိပ္ပာယ်နှင့် သုံးသည်များလည်းရှိ၏။

ဉပမာ"တောင်ကြိုတောင်ကြားပေါက်တဲ့ဝါး အဖျားခပ်သွယ်သွယ်"

"အိမ်ကြိုအိမ်ကြားမွေးတဲ့သား စကားခပ်ကြွယ်ကြွယ်"

ဤစကားပုံ၌ 'ကြွယ်'ဟူသော စကားလုံးသည် မကောင်းသော အနက်သဘော ရှိ၏။ စကားကြွယ်ခြင်းဟူသည်မှာ လေခပ်ပေါပေါနှင့် ခပ်ကြွားကြွား ပြောတတ်ခြင်း ကို ဆိုလိုပါသည်။ ထို့ပြင်'စင်'ဟူသော စကားတလုံးလည်းရှိသေး၏။ လူအများ သည် 'သူတော်စင်'ဟူသော စကားလုံးကို 'သူတော်သူမြတ်' ဟူသောအဓိပ္ပာယ်နှင့် သုံးတတ်ကြ၏။ သို့ရာတွင် ကျွန်ုပ်ကြားဘူးသော စကားပုံ တခုမှာကား–

"သူတော်ကောင်း၊ မကောင်းထင်မိ၊ ဘေးရန်ထိ။

သူတော်စင်၊ စုန်းပင်ထင်မိ၊ ပြစ်မရှိ" ဟုဆိုရာ ဤအတိုင်းဆိုလျှင် 'သူတော်စင်' ဟူသော စကားသည် 'လူယုတ်မာ'ဟူ၍ အဓိပ္ပာယ်ရှိလေသည်။

## ဟာသစာပေမျိုး

ကမ္ဘာကျော်လက်ာဆရာကြီး မီလ်တန်အကြောင်းကို လော့ဒ်မကောလေးက ရေးသားရာတွင် "မီလ်တန်၌စာရေးဆရာများတွင် ရှိတတ်ကြသည့် ကောင်းမြတ်သော ဂုဏ်အင်္ဂါအလုံးစုံနှင့် ပြည့်စုံသည်ဟု ဆိုရန်မှာ 'ဟာသ'ပညာတခုတည်းလိုလျက်ရှိသည်"ဟုဆိုဘူးလေသည်။ စာရေးဆရာများ၌ ရှိတတ်သည့် အင်္ဂါကောင်းများမှာ ခန့်ညားခြင်း၊ နက်နဲခြင်း၊ ရှင်းလင်းပြတ်သားခြင်း၊ စာချောခြင်း၊ နားလည်လွယ်အောင် ရေးတတ်ခြင်း၊ နှလုံးကို ထိခိုက်အောင် ရေးတတ်ခြင်း၊ စကားလုံးပြောင်ခြင်း စသည်တို့ဖြစ်လေရာ လက်ာဆရာကြီး မီလ်တန်တွင် အထက်ပါအင်္ဂါများအားလုံးနှင့် ပြည့်စုံ၍'ဟာသဉာဏ်'တခုတည်းသာ ချို့ငဲ့လျက်ရှိသည်ဟု ဆိုလိုခြင်းဖြစ်၏။ ဟာသကလေးဖက်ခြင်းသည် မြန်မာစာများထက် အင်္ဂလိပ်စာတွင် သာ၍ အမြတ်တနိုးထားတတ်ကြ၏။ အင်္ဂလိပ်စာရေးဆရာကြီးများသည် စာရေးသည့်အခါ၌ တတ်နိုင်လျှင် ဟာသလုံးကလေးတလုံးတလေ ညှက်ထည့်နိုင်ပါမှ 'စာပြောင်သည်'သို့မဟုတ်'ရွှင်သည်'စု ယူဆကြလေရာ မြန်မာစာ၌မူ ရှေးဆရာကြီးများအနက် ဦးပုညမှတပါးရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရစသော ပုဂ္ဂိုလ်ကြီးများ၏ စာများတွင် တချက်တလေမျှ ပြုံးရသော အလုံးမျိုး၊ အကွက်မျိုးပင် တွေ့ရခဲလှသည်။ ထိုပုဂ္ဂိုလ်ကြီးများက ဟာသဖက်လျှင် စာပျက်သည်၊ သို့မဟုတ် ပေါ့သည်ဟု ယူဆကြလေသသလော မပြောတတ်ပေ။

## ဟာသနှစ်မျိုးရှိခြင်း

အင်္ဂလိပ်ဝတ္ထုများရေးရာတွင် အလွမ်းနိုင်သောစာရေးဆရာ (Pathos) ရွှင်ရွှင်ကလေးရေးတတ်သော စာရေးဆရာ (Wit and Humor) ဟူ၍ နှစ်ဂိုဏ်းသတ်မှတ်ထား၏။ နှစ်မျိုးလုံးရေးတတ်ဖို့လိုသော်လည်း တဘက်ဘက်တွင်

ချွန်သောဆရာများလည်း ရှိကြသည်။ မြန်မာစကား၌ 'ဟာသ'ဆိုလျှင် ရယ်ရသော၊ သို့မဟုတ် ပြုံးရသောစာမျိုးဟူ၍ တမျိုးတည်း နားလည်တတ်ကြပေရာ အင်္ဂလိပ်စာ၌မူ (Wit) အပေါ့စား ရယ်စရာနှင့် (Humor) အခန့်စား ပြုံးစရာဟူ၍ နှစ်မျိုးခွဲခြား နားလည်တတ်ကြလေသည်။ ပထမအမျိုးအစားမှာ တခုသော အခြေအနေတွင် ရယ်စရာအခြင်းအရာကို အကွက်ကျကျ မြင်တတ်၍ အချက်ကျကျ ရေးတတ်ခြင်းအားဖြင့် စာဖတ်သူကို ရယ်မောစေနိုင်သည်။ ဒုတိယ အမျိုးအစားမှာ အခြေအနေအမျိုးမျိုးတို့တွင် 'ပွ'ကျသော အခြင်းအရာကို မြင်တတ်၍ သူပြုံးသလို အခြားလူများအားလည်း ပြုံးအောင်လုပ်နိုင်သော သတ္တိ ထူးပင်ဖြစ်လေသည်။ အင်္ဂလိပ်စာ၌ ဒုတိယအင်္ဂါမှာ အခြေအနေအမျိုးမျိုးတွင် ကြုံတွေ့နိုင်၍ စာဖတ်သူအား မကြာခဏ ပြုံးစေနိုင်သောကြောင့် အလွန်တန်ဖိုး ထားတတ်ကြ၏။ ဝတ္ထုရေးဆရာကြီး ဒစ်ကင်းစ်သည် သနားစရာများအထဲမှ ပြုံးစရာကလေးများကိုလည်း မြင်တတ်၍ သူမြင်သည့်အတိုင်းလည်း တင်ပြတတ် သောကြောင့် အဆင့်အတန်းအမြင့်ဆုံးသော ဝတ္ထုရေးဆရာ အတန်းအစားတွင် တင်ထားကြ၏။ ခေတ်ပညာတတ် စာဖတ်ပရိသတ်သည် ဟောဟောဒိုင်းဒိုင်းနှင့် ဝါးလုံးကွဲသလို ရယ်ရသည်ဆိုသော အမေရိကန်ဝတ္ထုများနောက်သို့ လိုက်ကြပြီး ဒစ်ကင်းစ်ကဲ့သို့သောစာရေးဆရာမျိုးကို အရသာခံဖို့နားမလည်ကြသည်မှာ ခေတ်၏လျှော့ဆင်းခြင်း တရပ်ဖြစ်သည်ဟု ဆိုရမည်ထင်၏။ ခေတ်လူငယ်များသည် ဘီအေအောင်ပြီးသော်လည်း ဒစ်ကင်းစ်၏ဝတ္ထု တစ်အုပ်မျှဆုံးအောင်မဖတ်နိုင်ဟု ဝန်ခံကြခြင်းမှာ သနားဖို့ကောင်း၏။ အချဉ်အငန်စူးစူးရှားရှားတွေကိုချည်း စားထားသော လျှာတွင် နွားနို့ကဲ့သို့ ယဉ်ယဉ်ကလေးဆိမ့်သော အရသာမျိုး တိုး၍မပေါက်နိုင်သည့်နယ် ဖြစ်ကုန်ကြသည်ဟု ထင်မိသည်။

## ဆရာလွန်း၏ စာရှမ်းများ

မြန်မာပြည်၌ အဆင့်အတန်းမြင့်သော ပြုံးစရာ (Humour) စာမျိုးကို ပထမဦးစွာ ရေးသားသောပုဂ္ဂိုလ်မှာ ဆရာလွန်း( ဆရာကြီးသခင်ကိုယ်တော်မှိုင်း) ဖြစ်သည်ဟု ကျွန်ုပ်တွေ့ရသည်။ ဆရာကြီးသည် 'အူနှိပ်နေရသည်'ဟု ပြောတတ်ကြသည့် 'စာရွှတ်' မျိုးရေးသည်မဟုတ်၊ အရသာရှိစွာနှင့် ပြုံးရသည့် စာခန့်မျိုးသာ ရေးလေ့ရှိလေသည်။ မှန်နန်းရာဇဝင်ကို ဆရာကြီးပြန်ရေးစဉ်က ကျွန်ုပ်အားပြောဖူးသည်မှာ "မှန်နန်းရာဇဝင်ကြီးဟာက ခြောက်ကပ်ကပ်ကြီးဖြစ်နေတော့ လူတွေမဖတ်ကြလို့မို့ လူတွေဖတ်ချင်အောင် စာခပ်ရှမ်းရှမ်းနဲ့ ဆရာက ပြန်ရေးထားတယ်" ဟု ဆရာကြီးက ပြောဖူးလေသည်။ ဆရာကြီးသည် ငယ်စဉ်က ဓားပိန်ဆရာဦးမောင်ကြီးစသည့် စာရေးဆရာများ ရေးကြသော (မင်းသမီး ငို၊ မင်းသားငို၊ လူပြက်ပြော) ဟူသော ပြဇာတ်ကလေးမျိုး ရေးခဲ့ဖူးသော်လည်း ဗိုလ်ဋ္ဌီကာဆောင်းပါးမှ အစပြု၍ 'စာခန့်လောကသို့'ဝင်လာခဲ့လေသည်။ ထိုအချိန် မှစ၍ 'ဋ္ဌီကာ'အမြောက်အမြား ရေးထုတ်ခဲ့ဖူးရာ ဆရာကြီးရေးလေးသမျှသော စာများသည် ဘယ်အခါမှ ခြောက်ကပ်ကပ်မရှိပဲ တည်တည်ခန့်ခန့်နှင့် ပြုံးရသည့် စာမျိုးချည်း များလှသည်။ ဤအရေးမျိုးမှာ အချို့မြန်မာများ အရသာမခံတတ်ပဲရှိကြသော်လည်း အင်္ဂလန်ပြည်၌မူ လူ့အဖိုးတန်များ နှစ်သက်ကြ၍ အင်္ဂလန်ပြည်၌ ဆရာကြီးမွေးခဲ့ပါက ယခုထက်ပင် ကျော်ဇောထင်ရှားနိုင်သည်ဟု ကျွန်ုပ်တွေးမိသည်။ သို့ဆိုလျှင် ဆရာကြီး၏စာများကိုအဘယ့်ကြောင့် အင်္ဂလိပ်ဘာသာ မပြန်ကြသနည်းဟု မေးဖွယ်ရာရှိ၏။ ပြက်လုံးမဟုတ်ပဲ အရသာရှိစွာနှင့် ပြုံးရသောစာမျိုးမှာ ဘာသာတခုမှ အခြားဘာသာတခုသို့ ပြန်ဆို၍မဖြစ်နိုင်သောကြောင့်ဟု ဖြေဆိုရပေမည်။ (ကျွန်ုပ်သည် ဒစ်ကင်းစ်၏မျှော်တလင့်လင့် ဝတ္ထုကြီးကို ဘာသာပြန်ဆိုရာတွင် ဇာတ်ကွက် ဇာတ်လမ်းမျှကိုသာ ပြန်ဆိုရန်ဖြစ်နိုင်၍ ပြုံးစရာအလုံးကလေးများ humour ကိုမူ ပြန်ဆိုရန်မဖြစ်နိုင်သည့် အတွက်ကြောင့်ထိုစာအုပ်မှာ

ကောင်းသင့်သလောက် မကောင်းပဲဖြစ်ခဲ့ရသည်)။ တည်တည်ခန့်ခန့်ကြီးနှင့် ပြုံးရသောစာမျိုး ရေးတတ်သူတို့သည် မြန်မာပြည်၌ အလွန်ရှားလှပေရာ ကျွန်ုပ်ဆို လိုသော အဓိပ္ပာယ်ကို နားလည်လိုသော သူတို့သည် ဆရာကြီး၏ဋီကာများကို စေ့စေ့စပ်စပ်ဖတ်ရှုလေ့လာသင့်ကြပေသည်။

## ဆိတ်မြည်သံပြက်လုံး

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကဲ့သို့ တည်တည်ခန့်ခန့်ကြီးနှင့် ပြုံးရသော စာမျိုးရေးတတ်သူတို့သည် မြန်မာပြည်၌ အလွန်ရှားသော်လည်း လူပြက်သဘော မျိုးဖြင့် 'စာရွှတ်'ရေးသူတို့ကား နည်းနည်းပါးပါးရှိကြပါ၏။ ဤခေတ်၌ ၎င်းစာမျိုး ရေးတတ်သူတို့အနက် ဇဝနသည် ရှေးဦးစွာ ထွက်ပေါ်လာရာ သော်တာဆွေသည် ဒုတိယပေါ်လာသူ ဖြစ်သည်ဟု ကျွန်ုပ်သတိပြုမိ၏။ ဇဝနသည် ကောလိပ်ကျောင်း သား ဝတ္ထုဖြင့်ပေါ်ထွက်လာ၍ သူ့ဝတ္ထုကြောင့်ရယ်ကြသည့် 'ဝါး' သံသည် ထိုခေတ်က ရန်ကုန်တွင် အတော်ဂယက်ပြင်းသည်ကို ကြုံလိုက်ရ၏။ သူ၏ရယ်စ ရာများမှာ အဖြစ်အပျက်အားဖြင့် ရယ်ရအောင် 'ဆင်'ထားရုံသာမက ပွဲထဲကလူရွှင် တော်များ၏ ပြက်လုံးများလည်း အတော်များများပါရှိလေသည်။ အချို့သော ပြက်လုံးများမှာ လူပြက်များ၏ပါးစပ်မှ မန္တလေးတွင် ကျွန်ုပ်ကြားဖူးသည်ထင်၏။ မည်သို့ပင်ဖြစ်စေ ထိုသို့သော 'ဟာသ'ပညာမျိုးမှာ အဆင့်အတန်းမြင့်လှသည် မဟုတ်ပေ။ ဇဝနကိုယ်တိုင်မှာ ဤအကြောင်းကိုနားလည်သည့် လက္ခဏာနှင့် ဟာသလမ်းကို စွန့်သွားလေသလော မပြောတတ်ပေ။ ဇဝန၏နောက်၌ သော်တာဆွေတယောက်ပေါ်လာလေရာ သော်တာဆွေသည် ဇဝနထက် ကြာရှည် ခံသည့်လက္ခဏာရှိ၏။ သူတို့နှစ်ယောက်၏အကောင်းဆုံးသော ရယ်စရာများသည် 'ကျပန်း'ပြက်လုံးမျိုး အလွန်နည်း၍ 'ဆင်လုံး'တို့သာ များကြသည်။ ၎င်းတို့ ရယ်စရာဖြစ်အောင် 'ဆင်'၍ရေးရသည့် (Wit) ဟာသဉာဏ်တမျိုးမျှသာဖြစ်လေ

သည်။ ရယ်စရာရေးကြခြင်းနှင့် ပတ်သက်၍ ယခုတလောတွင် ညံ့ဖျင်းသော အကျင့်ဆိုးတခု ပေါ်လာခြင်းကို ကျွန်ုပ်သတိပြုမိ၏။ 'ငေါ့'လုံးဆန်ဆန် စကားတလုံးကို ရေးထည့်ပြီးနောက် ဆိတ်မြည်သံကဲ့သို့ 'ဟဲဟဲ'ဟူသော စကားလုံးကိုရေးထည့်ကြ၏။ ဤသို့ရေးထည့်ကြခြင်းမှာ 'ပြက်လုံး'ဟူ၍ စာဖတ်သူက သဘောမပေါက်ခဲ့သော် 'ပြက်လုံး' မပါပဲရယ်ကြပေတော့'ဟု သတိပေးယူရခြင်းနှင့် တူလှသည်။ ပေါ်လွင်အောင် ရေးတတ်သည့်ရယ်စရာဖြစ်ခဲ့ပါမူ စာဖတ်သူအား 'ဆိတ်မြည်သံ'မျိုးဖြင့် သတိပေးဖို့ လိုအပ်သည်မထင်ပေ။ ဤအသုံးကို တည်ထွင်သူမှာ ဇဝနလေလော၊ မိုးကြိုးလေလော မပြောတတ်။ (အခြားလူများလည်း သုံးနေကြသည်။) ကျွန်ုပ်၏တပည့်သော်တာဆွေလည်း ပါခဲ့ပါမူ တပည့်တယောက်အနေဖြင့် ဤအကျင့်ကိုဖျောက်ဖို့ သတိပေးလိုက်သည်။

## ကျွန်ုပ်တွေ့ဘူးသည့် ဆရာကြီးများ

မြန်မာပြည်၌ ခေတ်ပညာတတ်ပြီး မြန်မာလိုရေးကြသည့် စာရေးဆရာများရှိကြသည့်အနက် 'မောင်ရင်မောင် မမယ်မ'ဝတ္ထုရေးသည့် ဂျိမ်းလှကျော်၊ ရွှေပြည်စိုးဝတ္ထုနှင့် စပယ်ပင် ဝတ္ထုများကို ရေးသည့် ဦးမောင်မောင်လတ်တို့သည် စာပေလောကတွင် ကျွန်ုပ်အလျင် ပေါ်ထွန်းကြ၍ ကျွန်ုပ်နှင့်လည်းတွေ့ဆုံဖို့ အခွင့်မရသဖြင့် ထိုဆရာကြီးများ အကြောင်းကို ကျွန်ုပ်ဖော်ပြရန် မတတ်နိုင်ပေ။ ခေတ်ပညာ မတတ်သည့် ဆရာကြီးများအနက် ကျွန်ုပ်တွေ့ဘူးသည့် ပုဂ္ဂိုလ်သုံးဦးအကြောင်းကို ကျွန်ုပ်သိသလို ဖော်ပြရပေဦးမည်။ ဆရာလွန်းအကြောင်းကို အထက်တွင် အနည်းငယ် ဖော်ပြခဲ့ဘူးသော်လည်း စာပေနှင့်ပတ်သက်၍ ဖြည့်စွက်စရာကလေးများ ပေါ်လာသည်နှင့် ထည့်သွင်းဖော်ပြလိုပါသေးသည်။ ၁၉၁၇ ခု၌ ကျွန်ုပ်နှင့်တွေ့စဉ်က ဆရာလွန်းမှာ အသက် ၄၂နှစ်မျှသာရှိသေး၍ သုံးလခန့် တစားပွဲတည်းထိုင်ကာ အလုပ်လုပ်ကြရသဖြင့် လျင်မြန်စွာရင်းနှီးလာကြသည်တွင်

ဆရာလွန်းသည် ဖိုးသူတော်ဦးမင်း လူဦးမင်းစသည့် စာဆိုတော်များရေးသော (ကာလသားကြိုက်) ခပ်ကြမ်းကြမ်း ရေးစပ်ထားသည့် စာပေအတိုအထွာများ၊ အမည်မသိ စာရေးဆရာများရေးခဲ့သည့် (ဆရာလွန်း ရေးစပ်ခြင်းလည်း ဖြစ်နိုင်သည်။) ခပ်သောသော တေးထပ်များကို ကျွန်ုပ်အားရွတ်ပြ၍ ကျွန်ုပ်ကလည်း ရေးမှတ်ယူလေ့ရှိ၏။ သူရိယတတိုက်လုံးတွင် ကျွန်ုပ်လောက် ရင်းနှီးသူတယောက်မျှမရှိသဖြင့် ကျွန်ုပ်အား အညာသားကလေး တယောက်ဆိုကာ (အညာသားချစ်တတ်သော ဆရာလွန်းက)မည်သူနှင့်မျှမတူအောင် အရောတဝင် ဆက်ဆံခြင်းကြောင့် အဆိုပါလျှို့ဝှက်သော စာကြမ်းများကို ကျွန်ုပ်အားရွတ်ပြခြင်းဖြစ်လေသည်။ ဆရာလွန်းကိုယ်တိုင်မှာလည်း ယခုနှင့်နှိုင်းစာလျှင် အလွန်ဆုံး လူလတ်တယောက်အရွယ်မျှသာရှိသေးသည့်ပြင် မြန်မာစာ သက်သက်သာတတ်သော ဆရာတယောက်သည် ခေတ်ပညာတတ် အယ်ဒီတာကလေးတယောက်ထက် လခနည်း၍ မော့်ကြည့်ရဦးမည်ကဲ့သို့ဖြစ်ခဲ့ရသော သူရိယတိုက်ထုံးစံအရ ကျွန်ုပ်တို့လူစုကပင် ဂုဏ်ကြီးသလိုလို ဖြစ်ခဲ့ဘူးသည်နှင့် ဆရာလွန်းသည် ကျွန်ုပ်လိုချင်သော 'စာကြမ်း'များကို ကြည်ဖြူစွာပေးတတ်ရာသည်။ သို့ရာတွင် ဆရာလွန်းကား အခြားသော မြန်မာဆရာကြီးများနှင့် ခြားနားခြင်းရှိပေသည်။ သူရိယတိုက်၌ ဆရာလွန်းအပြင် အခြားသော မြန်မာဆရာကြီးများလည်း နှစ်ယောက်သုံးယောက်ရှိသေးရာ ကျွန်ုပ်တို့လူစုသည် အခြားသော မြန်မာဆရာများအား လူဖက်မဟုတ်လေဟန် ဆက်ဆံမှုနည်းပါးသော်လည်း ဆရာလွန်း၏ပညာကို တန်ဖိုးထားကြဖို့ ကျွန်ုပ်တို့က နားမလည်ကြစေကာမူ ဆရာလွန်း၏ဥပမိရုပ်သည် မည်သည့်ပရိသတ်မျိုးဖြစ်စေ မထီမဲ့မြင်ပြုရန် မဖြစ်နိုင်သော ရုပ်မျိုးဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ်တို့ ခေတ်ပညာတတ် ကလေးများက ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လေးစားကြရလေသည်။ ဆရာလွန်းကိုယ်၌ကလည်း ထိုစဉ်ကတည်းက သူ့ကိုယ်သူ အထင်သေးသည် မဟုတ်၊ တိုက်အုပ်နှစ်ယောက်တို့အားမောင်ဘဖေ၊ မောင်လှဖေဟု ခေါ်လေ့ရှိလေ သည်။ ဤနောက်ပိုင်း၌

ဆရာလွန်းသည် နိုင်ငံရေးအရ တိုင်းပြည်၏ဘိုးအေအဖြစ် သို့ရောက်သော်လည်း ထိုစဉ်ကမူ အလုပ်သမားလခစား မြန်မာဆရာ တယောက် ကခေတ်ပညာတတ် တိုက်အုပ်များအား 'မောင်'တပ်၍ ခေါ်ဝံ့ခြင်းမှာ သေးငယ် သော သတ္တိမဟုတ်ပေ။ သူရိယတိုက်၌ရှိကြသည့် အခြားမြန်မာဆရာများကမူ (ဆရာလွန်းနှင့် ရွယ်တူ လောက်ရှိကြသော်လည်း) တိုက်အုပ်များကို 'မောင်'တပ်၍ ခေါ်ဖို့ဝေးစွ မတ်တတ်ရပ်၍ပင် စကားပြောဝံ့ကြဟန်မတူချေ။

## စာရေးဆရာများ၏ ကြိုက်လုံးကလေး

ကျွန်ုပ်သည် ဆရာလွန်းထံမှ 'စာဝှက်များ'ကိုချူ၍ယူရာတွင်ဆရာ့အကြိုက် လုပ်ဖို့ နားလည်ပါသည်။ ဆရာလွန်းသည် မစ္စတာမောင်မှိုင်းအမည်နှင့် သူရိယ သတင်းစာတွင် အခါအခွင့်ပေါ်တိုင်း လေးချိုးကြီးများ ရေးထည့်လေ့ရှိရာ ကျွန်ုပ် သည် ၎င်းတို့ကို အာဂုံဆောင်ထားပြီး ကိုယ့်ဟာကိုယ်လည်း သီဆိုလေ့ရှိ၏။ အခွင့်ကြုံသော အခါများ၌ သူ၏လေးချိုးများကို သူ့အားလည်း ရွတ်ဆိုပြလေ့ ရှိ၏။ တနေ့သ၌ ခပ်ကြမ်းကြမ်းပြောလေ့ရှိသော ထိုစဉ်က ထုံးစံအတိုင်း ဆရာလွန်းနှင့် ကျွန်ုပ်သည် ကာမနှင့်စပ်လျဉ်းသော စကားမျိုးပြောမိကြရာ အလွန်တရာ အဓိပ္ပာယ်ဆီလျော်သည်နှင့် သူ၏လေးချိုးကြီးထဲမှ ကျွန်ုပ်က "သံသရာ ဂနိုင်ကြာမြိုင် အလွန်နက်ပေတဲ့၊ ညွန်ဗွက်ကန် သူ့အတွင်းဆီသို့၊ သက်ဆင်းကာ မက်ရင်းအာသာ ရှိသူတို့မှာဖြင့်၊ စက်ကွင်းပမာမှာ လက်ငင်းမကြာ မိပြန်တော့"ဟု ရွတ်ပြလိုက်ရာ ဆရာအလွန်ပီတိဖြစ်ပုံရသည်။ စာရေးဆရာတို့ မည်သည် မိမိတို့ စီကုံးဘူးသည့်စာကို တဦးတယောက်က အကွက်ဆိုက်သော အခါ၌ ရွတ်ပြလိုက်ခြင်းကို ကြားရသည့်အခါ နှလုံးခွေ့တတ်ခြင်းမှာ ဓမ္မတာ ပင်ဖြစ် ပေလိမ့်မည်။ စာတွေကို တပုံကြီးရွတ်ပြခြင်းထက် အချက်ကျသောအခါ၌ တပိုဒ်တည်း ရွတ်လိုက်ခြင်းသည် နားဝင်ချိုလှသည်။ မုံရွာသို့ ကမ္ဘာ့ငြိမ်းချမ်းရေး

ကိစ္စအတွက် အတူတကွ သွားကြစဉ်ကလည်း ချောင်းဦးဘုတာသို့ မီးရထား ဆိုက်နားလျက်ရှိစဉ် ကျွန်ုပ်က "ချောင်းဦးဆယ်ရွာက ပြောင်းဖူးသယ် မယ်ညှာ တို့များ ရှိကြသေးသလားဆရာရယ်"ဟု ပြောလိုက်ရာ ဆရာကြီး၏မျက်နှာ၌ အလွန်အထူးကြည်နူးနှစ်သိမ့်သော အမူအရာကို မြင်လိုက်ရခြင်းအားဖြင့် ကျွန်ုပ်အဖို့ ဆုလာဘ်ကြီးရသကဲ့သို့ ထင်လိုက်မိပါသည်။ ကျွန်ုပ်၌ အပြစ်အနာ များ ဒုနှင့်ဒေး ရှိနေရမည်ဖြစ်သော်လည်း ကျွန်ုပ်ကြည်ညိုမြတ်နိုးသော ပုဂ္ဂိုလ်မျိုး အား နှစ်သိမ့်ကျေနပ်အောင် လုပ်လိုက်ရ၍ ကျွန်ုပ်ကို ခင်မင်သဘောကျခြင်းဖြင့် တုံ့ပြန်ခြင်းကို မြင်လိုက်ရသောအခါ၌ ဖြစ်ပေါ်လာသည့် မုဒိတာစိတ်သည် ကျွန်ုပ်၏အပြစ်အနာအဆာများအနက်မှ တဝက်ထက်မနည်း ပြေပျောက်သွားစေ နိုင်သည်ဟု ယုံကြည်လျက် ရှိပါသည်။ ထိုအချိန်၌ ကျွန်ုပ်သည် ဆရာကြီး၏ လေးချိုးကြီးများကို အာဂုံဆောင်ထားပြီး လိုအပ်သောအချိန်တွင် ပေါ်လာတတ် သည့် ကျွန်ုပ်၏မှတ်ဉာဏ်အတွက် ကိုယ့်ကျောကို ကိုယ်သပ်ပေးချင်သည့်စိတ် ဖြစ်မိပါသည်။

## လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

သူရိယတိုက်သို့ ကျွန်ုပ်ရောက်၍များမကြာမီ ဗြိတိသျှအစိုးရသည် ပဌမ မြောက်ကျော့ဘုရင်အား ချီးကျူးသည့် 'ဘုန်းတော်ဘွဲ့'တပုဒ်ကို မြန်မာလို အကောင်းဆုံးစီကုံးနိုင်သူအားဆုငွေ ၁၀၀ိ ချီးမြှင့်မည်ဟု ကြေငြာလိုက်ရာဘူဘယ် နှစ်ယောက်က ရေးတင်ပြသည်ဟု မမှတ်မိ။ မြန်မာကျောင်းဆရာကြီးတယောက် စီကုံးသည့်စာကို အကောင်းဆုံးဟု ဆုံးဖြတ်ပြီး ဆုငွေချီးမြှင့်လိုက်ဘူးလေသည်။ တိုက်အုပ် ဦးလှဖေသည် အဆိုပါစာကို အကောင်းဆုံးဟုဆုံးဖြတ်ပြီး ဆုငွေချီးမြှင့် လိုက်ဘူးလေသည်။ တိုက်အုပ် ဦးလှဖေသည် အဆိုပါဘုန်းတော်ဘွဲ့ကို ဆရာလွန်း အားပြ၍ ထင်မြင်ချက်တောင်းလေရာ ဆရာလွန်းက ပြောပလောက်အောင်

ပြောင်မြောက်ခြင်း မရှိသည့်ပြင် ကိုယ်တိုင်ရေးစပ်ထားခြင်းသာဖြစ်ကြောင်း ပြောလေသည်။ ဤတွင်ဦးလှဖေက ဘုန်းတော်ဘွဲ့ကို ဝေဖန်ချက်ရေး၍ သူရိယ မဂ္ဂဇင်း၌ ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်လေ၏။ ဆရာလွန်းသည် ဘုန်းတော်ဘွဲ့ထဲမှ စကားလုံးများမှာ မည်သည့်စာများ မှ ထုတ်နုတ်ခိုးယူထားခြင်းဖြစ်ကြောင်း ဖော်ပြ၍ တပုဒ်စီ တပုဒ်စီကို မူရင်းစာပေအထောက်အထားများနှင့်တကွ တင်ပြလိုက်လေ၏။ ဆရာလွန်း တင်ပြသည့်အတိုင်း ဆိုပါလျှင် ခိုးယူထားသော ထိုစာပိုဒ်များကို နုတ်ပယ်လိုက်မည်ဆိုပါက ဘုန်းတော်ဘွဲ့တခုလုံးမှာ '၏'သည် '၍'တည်းဟူသောစကားလုံးမျိုးမှတပါး များများစားစားကျန်တော့သည် မဟုတ်ပေ။ မဂ္ဂဇင်းထွက်ပြီးသည့်နောက် များမကြာမီ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီးသည် သူရိယတိုက်သို့လာ၍ ကျွန်ုပ်နှင့်တစားပွဲတည်းအတူ ထိုင်လျက်ရှိသော ဆရာလွန်းနှင့်စကားပြောကြ၏။ ဆရာဦးမောင်ကြီးက ဝေဖန်ချက်ကို ဖတ်ခဲ့ရသဖြင့် ဆရာလွန်း၏စာနံ့ပုံကို ချီးကျူးပြောဆိုလေသည်။ ဆရာလွန်းသည်လည်း (သူတို့အထင်) ထိပ်သီးစာရေးဆရာအချင်းချင်းက ချီးကျူးခြင်း ဖြစ်သည်ဆိုကာ အတော်ပီတိဖြစ်ပုံရ၏။ ကျွန်ုပ်သည် ဆရာလွန်း၏ လေးချိုးကြီးများကိုလည်းကောင်း၊ ဆရာလွန်း၏ 'အခန့်စား'ရှမ်းခြင်းများနှင့် ဆရာဦးမောင်ကြီး၏ နုယဉ်သော စိတ်ကူးများကိုလည်းကောင်း ချီးကျူးရန်အသင့်ရှိသော်လည်း နက်နဲသောစဉ်းစားလုံးများ ပါရှိသည့်စာမျိုး ဟုတ်သည်မထင်သောကြောင့် အခါခပ်သိမ်း ထိပ်သီးတန်းတွင်ထားဖို့ ကျွန်ုပ်သဘောမတူနိုင်ချေ။ ကဗျာအနေဖြင့် ထိပ်တန်းကျပေမည်။ စကားပြေအနေနှင့် ထိပ်ဆုံးတန်း၌ ထားသင့်သည်မထင်ပါ။ ဤသည်မှာ ထင်မြင်ချက်မျှသာဖြစ်၍ မှားချင်လည်း မှားပေမည်။

## ဖြစ်ပုံချင်းမတိုက်ဆိုင်

ဆရာလွန်းနှင့် ဆရာဦးမောင်ကြီးတို့ စကားပြောလျက်ရှိကြစဉ် ကျွန်ုပ်မှာ ပုဂ္ဂိုလ်ကြီးနှစ်ယောက်ကို အကဲခတ်လျက်ရှိရာ စကားအတန်ကလေး ပြောကြပြီးနောက် ဆရာလွန်းသည် ကျွန်ုပ်ကိုဆရာဦးမောင်ကြီးနှင့် မိတ်ဆက်ပေး၏။ ဆရာလွန်းက ကျွန်ုပ်သည် ရတနာပုံဝတ္ထုနှင့် ရန်ကြီးအောင်ဝတ္ထုများရေးသည့် 'တက်သစ်စ' စာရေးဆရာကလေးတယောက်ဖြစ်သည်ဟု ပြောပြရာ ဦးမောင်ကြီးသည် မဟာဝိဇ္ဇာတန်းအောင်မြင်သူတယောက်က မက်ထရစ်သမားတယောက်အား လှည့်ကြည့်လိုက်သည့် မျက်နှာထားမျိုးနှင့်ကြည့်လိုက်၏။ သူ၏ပါးစပ်ကမူ "မြန်မာ စာပေနယ်ထဲသို့ ခေတ်ပညာတတ်ကလေးတယောက် ဝင်လာခြင်းအတွက် ဝမ်းမြောက်ပါသည်' ဟုပြောပါသည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ်သည် ဦးမောင်ကြီး၏ အထက်စီးနှင့် ကြည့်ခြင်းကိုမကြိုက်နိုင်ချေ။ အကြောင်းမူကား ကျွန်ုပ်သည် ဦးမောင်ကြီး၏ အချစ်ဝတ္ထုများကို ဖတ်ခဲ့ရဘူး၍ ဇာတ်ကွက် ဇာတ်လမ်းမဟုတ်လှပဲ လူပျိုလှည့်ခဏ်းတို့သာများသည်ဟု အောက်မေ့ကာ ဇာတ်ကွက်ပါသောဝတ္ထုမျိုးရေးပြမည်ဟု ရန်ကြီးအောင်ဝတ္ထုကို ရေးခဲ့သူဖြစ်သောကြောင့်တည်း။ ထို့ပြင် အကြောင်းတရပ်မှာလည်း ခေတ်ပညာတတ် တယောက်က မြန်မာလိုသက်သက် ရေးတတ်သူ တယောက်အား (မည်မျှလောက်'နယဉ်'သော စာမျိုးဟုတ်စေကာမူ) အထင်မကြီးခြင်းကလည်း ရှိပေသေးသည်။

## ထင်မြင်ချက် ပြောင်းလာပုံ

ထို့ပြင်တဝလည်း စာစီသမားဖိုမင်မောင်ဘသက် ဆိုသူက ဆရာဦးမောင်ကြီး အကြောင်းကို ကျွန်ုပ်အားပြောပြဘူးသည့် အခြင်းအရာတခုကလည်း

စိတ်ထဲတွင် ပေါ်လာလိုက်ချေသေး၏။ မောင်ဘသက်သည် ဆရာဦးမောင်ကြီးနှင့် အတော် လက်ပွန်းတတီးနေလာခဲ့ဘူးသူ တယောက်ဖြစ်၍ ပြောပြဘူးသည်မှာ ဆရာဦးမောင်ကြီးသည် ခင်မြင့်ကြီးဝတ္ထုကို ရေးစဉ်အခါက မိန်းမအကြောင်း ရေးတော့မည်ဆိုလျှင် ဆေးပေါ့လိပ်မီးမှိန်းလျက် သူ့ဇနီး၏ ရုပ်လက္ခဏာ တို့ကို တစိမ့်စိမ့်ကြည့်ပြီးမှ စာဖွဲ့လေ့ရှိသည်ဟု ဆိုလေသည်။ ဤသို့သောအပြုအမူသည် စာရေးဆရာများ ပြုနေကျအလုပ်မျိုး ဖြစ်ချင်ဖြစ်ပေမည်။ ကျွန်ုပ်အဖို့မှာ ရဟန်းလူထွက်တယောက်ဆိုသည့်အတွက် မနှစ်သက်နိုင်အောင် ရှိပါသည်။ ဤ အတိုင်းဆိုပါမူ ဆရာဦးမောင်ကြီး၌ ကျွန်ုပ်ကြိုက်ချင်စရာ အတွက်နည်းပါးလျက် ရှိလေပြီ။ သို့သော် နောက်ပိုင်း၌ ချီးကျူးစရာ အချက်အလက်များ တွေ့လာရ၍ တော်ပါသေး၏။ ကျွန်ုပ်သည် လယ်တီဆရာ တော်ဘုရား၏ စာများကို ဖတ်ရှုသောအခါ ဆရာဦးမောင်ကြီး၏ ဘာသာပြန်များ နှင့် ကြုံရ၍ စကား သုံးနှုန်းထားပုံများကို နှစ်ထောင်းအားရ ဖြစ်လာပါတော့သည်။ ဤအရာကြီးကား စာနကိုသာ ရေးတတ်သည်မဟုတ်၊ စာခန့်များလည်း အရေး ကောင်းပါပေသည်ဟု ချီးကျူးမိပါသည်။

## ဆရာသင်

ကျွန်ုပ်သည် မြန်မာ့အလင်း အယ်ဒီတာ ဆရာသင်ကိုမန္တလေး တိုင်းသတင်း စာတိုက်တွင် ပထမဦးစွာ တွေ့ဘူးပါသည်။ ရန်ကြီးအောင် ဝတ္ထုရေးပြီးနောက် ကျွန်ုပ်သည် စာမူကို သူရိယတိုက်သို့မပို့သေးမီ မန္တလေးတိုင်းသတင်းစာတိုက်သို့ ပို့စမ်း၏။ မန္တလေးသည် ရန်ကုန်ထက်နီး၍ အဆုံးအဖြတ်ကို မြန်မြန်သိလိုသော ကြောင့်ဖြစ်၏။ တိုင်းသတင်းစာတိုက်မန်နေဂျာသည် (ဗိုလ်ကပြားတယောက် ဖြစ်၏) ကျွန်ုပ်၏စာကို မြန်မာဆရာအဖြစ်နှင့် အလုပ်လုပ်လျက်ရှိသော ဆရာသင်အားပြ၍ ကျွန်ုပ်နှင့်စကားပြောကြရန် လွှတ်လိုက်၏။ ဆရာသင်သည်

ပြင်ရေးခပေးပြီး မန်နေဂျာထံသို့တင်၍ ရောင်းသောနည်းသာရှိသည်ဆို၏။ ကျွန်ုပ်မှာအလုပ်လက်မဲ့ အဖြစ်၌ရှိ၍ ပိုက်ဆံလိုလျက်ရှိသည့်အထဲတွင် သူ့ကိုပြင်ခပေးနှင့်ရဦးမည်ဆိုသော အစီအစဉ်ကို လက်မခံနိုင်သည်နှင့် စာမူကိုပြန်ယူခဲ့ပြီး သူရိယတိုက်သို့ ပို့လိုက် ခြင်းဖြစ်လေသည်။

## မြန်မာ့အလင်းအုပ်စု

သူရိယတိုက်၌ ကျွန်ုပ်မဂ္ဂဇင်းအယ်ဒီတာ ဖြစ်လာသောအချိန်တွင် မြန်မာ့အလင်း သတင်းစာတိုက်တွင် အယ်ဒီတာချုပ်ဦးစိန်း၊ အယ်ဒီတာ စိန်ကလောင် (ထို့နောက် ဗန္ဓုလ) ဦးစိန်တို့ရှိကြ၏။ ဆရာလွန်းသည် မစ္စတာမောင်မှိုင်းအမည်နှင့် လေးချိုးကြီးများ ရေးရာတွင် ဦးစိန်အား 'အရီးစိမ်း'အမည်နှင့် ရုံဖန်ရံခါ 'ကလိ'တတ်သည်ဖြစ်၍ ဓာတ်သိများ၏ အခေါ်အဝေါ်အရ ဦးစိန်သည် 'အရီးစိမ်း' ဖြစ်လာသည်။ ယခုအခါ ဦးနုအစိုးရ လက်ထက်၌ သာသနာရေးဌာနတွင် ညွှန်ကြားရေးဝန်ဖြစ်နေသော ဗန္ဓုဦးစိန်သည် ထိုစဉ်အခါက ရဟန်းလူထွက်ကလေးဖြစ်၍ ဆံပင်တိုကလေးနှင့် ပွရောင်းရောင်းရှိသေး၏။ ဗန္ဓုဦးစိန်မှာ သူ့ဦးခေါင်းတွင် ရေးစရာများများရှိပုံ မရသော်လည်း မန္တလေးသား တယောက်ဖြစ်၍ စကားလုံး ကြွယ်ဝခြင်းအတွက်ကြောင့် အယ်ဒီတာဖြစ်လိုက်သေး၍ ဦးနုလက်ထက်တွင်လည်း ဥပဓိရုပ်ကောင်းခြင်း အတွက်ကြောင့် ညွှန်ကြားရေးဝန် ဖြစ်လျက်ရှိသည်။ ဦးနုလက်ထက်၌ ဦးနှောက်များများရှိဖို့မလို၊ လူဟန်ကောင်းပြီး စကားမတောက်တခေါက် ပြောတတ်လျှင် နေရာကောင်း ရနေကြသည်ဖြစ်၍ ဗန္ဓုလဦးစိန် အဖို့ဆိုလျှင် ဤမျှမက ကြီးပွားထိုက်ပါသေးသည်။ ထိုစဉ်က ဒီးဒုတ်ဦးဘချိုသည် ပညာအုပ် အလုပ်နှင့် မြန်မာ့အလင်း သတင်းစာတွင် 'တောက်တဲ့'အမည်နှင့် ဆောင်းပါးများ မှန်မှန်ရေးထည့်လေ့ရှိ၏။ ထိုအချိန်တွင် ကျွန်ုပ်သည်ဆရာသင်နှင့် မတွေ့ရသော်လည်း အရီးစိမ်း၊ ဗန္ဓုလဦးစိန်၊ တောက်တဲ့

ဦးဘချိုတို့နှင့် ရံဖန်ရံခါ ဆုံမိတတ်ကြလေရာ ကျွန်ုပ်မှာ ဝတ္ထုရှည် သုံးပိုဒ်ခန့် ရေးထုတ်ပြီးဖြစ်၍ နာမည်ကလေး အတော် အတန်ထူထောင်မိပြီ ဖြစ်သောကြောင့် မြန်မာ့အလင်းအုပ်စုသည် (ကျွန်ုပ်၏ဇာတာအတိုင်း) ကျွန်ုပ်ကို နာလိုကြသည့် လက္ခဏာမရှိချေ။ ကျွန်ုပ်ကဲ့သို့ပင် ခေတ်ပညာတတ် တယောက်ဖြစ်သည့် ဦးဘချို ကမူ ကျွန်ုပ်အား 'ခိုးချ' သမားတယောက်အနေဖြင့် အချောင်နာမည်ကြီးနေသည်ဟု ယူဆပုံရသည်။ ဦးစိန်နှင့် ဦးဘချိုတို့ကတတွဲ၊ ပီမိုးနင်းနှင့် ကျွန်ုပ်ကတတွဲ တဘက်နှင့်တဘက် အပြန်အလှန်အထင်အမြင်သေးထားကြပုံများကို ထုတ်ဖော်၍ ရေးရလျှင် စိတ်ဝင်စားဖွယ် ကောင်းမည်ဖြစ်သော်လည်း အကုသိုလ်စိတ် ပွားများဖို့ အလိုမရှိသော ဤအချိန်တွင် ဤမျှနှင့်ပင် ရပ်လိုက်ရပါတော့မည်။

## ဆရာသင်

ဆရာသင်မှာ မြန်မာပြည် သတင်းစာလောကတွင် မကြုံရဘူးသေးသည့် သေနည်းမျိုးဖြင့် ကွယ်လွန်အနိစ္စရောက်သူဖြစ်လေသည်။ ဆရာသင်သည် အရှီး စိမ်းနှင့်အတူ မြန်မာ့အလင်း သတင်းစာတိုက်မှ (ထိုစဉ်က ပန်းဆိုးတန်း၌ရှိ သည်။) ညကိုးနာရီခန့်တွင် ဆင်းလာကြ၍ ကွမ်းခြံဘုတာအနီးသို့ရောက်ကြသည် တွင် လူဆိုးငမိုးဆိုသူက ဓားနှင့်ထိုးသတ်သဖြင့် ပွဲချင်းပြီး သေဆုံးရှာသည်။ ငမိုးကိုမူ ချက်ချင်းပင် လက်ပူးလက်ကြပ်မိ၍ ရုံးတင်စစ်ဆေးပြီး တသက် တကျွန်းပို့ အပြစ်ပေးခံရသည်။ ဆရာသင်သည် ကျွန်ုပ်၏ရန်ကြီးအောင် ဝတ္ထုကို သူပြင်ရေးမှ ကောင်းမည်ဟု ပြောဘူးခြင်းအတွက် သူ့အပေါ်တွင် မကျေမချမ်း ဖြစ်ခဲ့ဘူးသော်လည်း အသတ်ခံရပုံကို ကျွန်ုပ်ကြားသိရသောအခါ စာရေးဆရာချင်း အနေဖြင့် လွန်စွာကရုဏာဖြစ်လှသည်နှင့် သူ၏သေရပုံနှင့်ပတ်သက်၍ တကယ့် အဖြစ်အပျက်ရော၊ စိတ်ကူးကလေးများပါထည့်သွင်းကာ ကျွန်ုပ်ကိုယ်ကို မျက်ရည် တွေတွေ ကျလောက်အောင်တွေးတောပြီး ဆောင်းပါးတပုဒ်ရေး၍ သူ့ရိယ

သတင်းစာတွင် ထည့်သွင်းဖော်ပြလိုက်လေသည်။ ထိုဆောင်းပါးသည် စာဖတ်သူများ၏စိတ်ကို ထိခိုက်လှသည်ဆို၍ ကြည့်မြင်တိုင်ဘက်မှ အသင်းတသင်းက ကျွန်ုပ်၏ဆောင်းပါးကို စာရွက်များရိုက်နှိပ်ပြီး ဆရာသင်း၏ အသုဘ၌ ဝေငှကမ်းလှမ်းလေသည်။ ဆရာသင်း၏ အသုဘ၌ ကျွန်ုပ်၏စိတ်ကို ထိခိုက်လှသော အခြင်းအရာတခုမှာ ဆရာသင်း၏အလောင်းကို ပန်းရထားပေါ်သို့ တင်ကြမည်ပြုသောအခါ သူရိယတိုက်အုပ် ဦးလှဖေသည် (တောင်ရှည် အမြဲဝတ်သူတယောက်ဖြစ်ပါလျက်) တောင်ရှည်ကြီး တကားကားနှင့် ဆရာသင်း၏ အလောင်းကို သတင်းစာသမားများ ချည်း ထမ်းကြစို့ဆိုကာ စုရုံးခေါ်ငင်ပြီး ပန်းရထားပေါ်သို့ ကျွန်ုပ်တို့လူစု ထမ်း၍ တင်ကြရခြင်းပင် ဖြစ်လေသည်။ တောင်ရှည်ပုဆိုးနှင့် သပ်ရပ်ခန့်ထယ်စွာ အမြဲဝတ်တတ်သော သူတယောက်ဖြစ်၍ ဦးလှဖေ၏ အပြုအမူသည် ကျွန်ုပ်အား အံ့သြစေရုံမက သဘောကျ၍မဆုံး ဖြစ်မိပါသည်။ ဆရာသင်း၏ ဈာပနခွဲ အညတရကျောင်းသားအဖြစ်မှ တနေ့ချင်းအတွင်း မိုးထိုးအောင် နာမည်ကြီးသွား သူတယောက်ရှိ၏။ ထိုသူမှာဂျပ်ဆင်ကောလိပ်မှ 'ဖိုးကျား' (ထို့နောက် ပညာဝန် ဦးဖိုးကျား) ပင်ဖြစ်လေသည်။ ဈာပနခွဲ 'ဖိုးကျား' စကားပြောလိုက်သည်နှင့် တပြိုင် နက် ပရိသတ်များသည် 'သူဘယ်သူလဲ'၊ 'ဘယ်ကလဲ'၊ 'ဘာလုပ်တဲ့လူလဲ' စသော မေးခွန်းများဖြင့် တတွတ်တွတ် မေးကြလေရာ သူ့ကိုသိသော တယောက် တလေက ပြောသဖြင့် 'ဖိုးကျား၊ 'ဖိုးကျား'၊ 'ဖိုးကျား'နှင့်အုတ်အော်သောင်းတင်း ဖြစ်သွားပါတော့သည်။

## သက်ာမကင်းကြခြင်း

ဆရာသင်ကိုသတ်သည့် ငမိုးမှာ လက်သည်အဖြစ်နှင့် အပြစ်ရသည်မှန်သော်လည်း သေသူနှင့် တရားခံတို့မှာ မည်သည့် အဆက်အသွယ်မျှမရှိ၊ ရန်ညိုးရန်စဟူ၍လည်း ရှာမရသည့် အတွက်ကြောင့် သို့လောသို့လောတွေး

တောစရာဖြစ်နေ၏။ တရားခံငမိုးကိုယ်တိုင်မှာလည်း ကြေးတန်းစား လူသတ်သမား တယောက်ဖြစ်သည်ဟု ပြောသူများကပြောကြ၏။ ဆရာသင် ကိုယ်တိုင်ကလည်း မြန်မာ့အလင်း သတင်းစာအချို့တွင် အချို့လူများ မခံချင်စရာသတင်းမျိုး ထည့်သွင်းသည်ဆို၏။ သို့ဖြင့် ငမိုးကို စေခိုင်းသူရှိရမည်ဆိုကာ ပုလိပ်က မသင်္ကာသောလူများကို အရေးယူသေးသည်ဟု ကြားလိုက်ရသော်လည်း ငမိုးမှအပ အပြစ်ရသောလူ ရှိသေးသည်ဟု မမှတ်မိတော့ပေ။

## ဆရာသင်၏ လက်စွမ်း

ဆရာသင်၏ စာပေအရေးအသားနှင့်ပတ်သက်၍ ကျွန်ုပ်မှတ်မိသလောက်မှာ ခေတ်ပညာတတ်မဟုတ်သည့် မြန်မာဆရာရိုးရိုးတယောက်မျှသာ ဖြစ်သည့်အတွက်ကြောင့် သတင်းစာခေါင်းကြီးများကိုပြောင်မြောက်အောင် ရေးနိုင်သည်ဟု ကျွန်ုပ် မထင်ပေ။ ခေတ်ပညာမတတ်ပဲလျက် ပထမတန်းခေါင်းကြီးမျိုး ရေးနိုင်သည်ဟု ပြောသူရှိလျှင် ကျွန်ုပ်ကား ယုံလိမ့်မည်မဟုတ်ချေ။ မြန်မာအဆွေမဂ္ဂဇင်းသည် ဆရာလွန်းအား လည်းကောင်း (ဂုဏ်ကြီးသောမြန်မာဆရာကြီးများအနေဖြင့် ပုဆိုးတောင်ရှည် ဓာတ်ပုံကြီးများထည့်ကာ) ခန့်ညားအောင် သုံးခဲ့ကြဘူး၏။ သို့ရာတွင် ၎င်းတို့သည် ခေါင်းကြီးရေးဆရာများအဖြစ်နှင့် အောင်မြင်ကြသည်ဟု ကျွန်ုပ်ဝန်မခံနိုင်ပေ။ သို့ရာတွင်ဆရာသင်သည် ကဗျာဘက်တွင် အတော်ချွန်သည့် လက္ခဏာရှိ၏။ မသေမီအချိန်အနည်းငယ်က ဆရာသင်သည် ဆရာလွန်း၏ လေးချိုးကြီးများနှင့် ပတ်သက်၍ (အရီးစိမ်းက'တို့'ပေးလေသလောမဆိုနိုင်။) လေးချိုးများ၏ အပိုဒ်စည်းကမ်းကို ဖောက်ဖျက်သည်ဟု ဝေဖန်ယင်း သီပေါဘုရင် ပါတော်မူခြင်းအကြောင်းကို သူကိုယ်တိုင် စီကုံးရေးသားသည့် လေးချိုးတပုဒ်ကို မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြလိုက်သည်။ ကျွန်ုပ်သည် ၎င်းလေးချိုးကို ဖတ်ကြည့်ရာ အပိုဒ်စည်းကမ်းဥပဒေဆိုသည်ကို နားမလည်သော်

လည်း ဆရာလွန်း၏ အရသာရှိသော ပြုံးစရာကလေးမျိုး Humour မတွေ့ရစေကာမူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး၏ 'အနုအယဉ်လူ့တခွင် သူ့ပြင်မရှိ'ဆိုသော စကားအသုံးအနှုန်းမျိုးဘက်တွင် အတော်ကြီးအဆင့်အတန်းမြင့်သည်ကို တွေ့ရပေသည်။ ကျွန်ုပ်သည် ၎င်းလေးချိုးကို အာဂုံမဆောင်နိုင်ပဲ သတင်းစာဖြတ်ပိုင်းကို သိမ်းဆည်းထားရာ စစ်ကြီးအတွင်း၌ အခြားစာရွက်စာတမ်းများနှင့် အတူပျောက်ဆုံးသွား၍ နှမြောမိပါသည်။

## 'ဟာသ'၏ စည်းကမ်းချက်

စကားပြောရာ၌ဖြစ်စေ၊ စာရေးရာ၌ဖြစ်စေ ရယ်စရာကလေးညှပ်၍ ပြောတတ်ရေးတတ်ခြင်းသည် ပြုလုပ်သူအဖို့၌လည်းကောင်း၊ ကြားရဖတ်သူအဖို့၌လည်းကောင်း အရသာတမျိုးရှိ၍ လိုလားအပ်သော ပညာတခုဖြစ်၏။ သို့ရာတွင် လူတဘက်သားကို ရယ်အောင်ပြုလုပ်ကြရာ၌ စည်းကမ်းကလေးတခု နားလည်ကြရလေသည်။ ဟာသဘက်၌ ကမ္ဘာကျော်ကြားသလို ပြင်သစ်စာရေးဆရာကြီး ဗော်လ်တဲယား (Voltaire) သည် အလွန်'ရွှတ်'ချင်တတ်သူ တယောက်ဖြစ်၍ ဂုဏဝုဒ္ဓိ ဆိုသည်ကိုလည်းကောင်း၊ ဘုရားဂိုဏ်း ရာဇဂိုဏ်းဆိုသည်ကိုလည်းကောင်း ထောက်ထားခြင်းမရှိပဲ ရွှတ်တွတ်တွတ်ရေးကာ နောက်ပြောင်လေ့ရှိ၏။ သို့ရာတွင် ၎င်းဆရာကြီးသည်ပင်လျှင် မရွှတ်မပြောင်ပဲ ချန်လှပ်ထားသည့်အချက်ရှိ၏။ ၎င်းသည်ကား လူတဦးတယောက်၏ ကိုယ်ကာယနှင့် ပတ်သက်သည့် ချွတ်ယွင်းချက်တမျိုးမျိုးကို ပြက်ရယ်ပြောင်လှောင်သမှုမပြုခြင်းပင်ဖြစ်လေသည်။ စာရေးဆရာတို့မည်သည်မှာ လူများ၏ စိတ်နေသဘောထားနှင့်ပတ်သက်၍ဖြစ်စေ အကျင့်စာရိတ္တနှင့် ပတ်သက်၍ဖြစ်စေ၊ အတွေးအခေါ် အယူအဆများနှင့် ပတ်သက်၍ဖြစ်စေ ပြောင်လှောင်နိုင်သော အခွင့်အရေးရှိ၏။ ပြောင်လှောင်စရာများကို ပြောင်လှောင် ပေးခြင်းအားဖြင့် လူများကို ပြုပြင်ပေးခြင်းမှာ စာရေးဆရာများ၏အလုပ်ဖြစ်၏။ သို့ရာတွင်

ကိုယ်ကာယနှင့်ပတ်သက်သည့် ချို့ငဲ့ချက်များမှာ ပြုပြင်နိုင်စကောင်း သောကိစ္စမျိုး မဟုတ်သည့်အတွက်ကြောင့် ၎င်းတို့ကို ပြက်ရယ်ပြောင်လှောင်ခြင်း သည် ကလေးဆန်သော အလုပ်မျိုးဖြစ်၏။ ခြေကျိုးသော လူတယောက် လမ်းသွားပုံကို ပြောင်လှောင်သည့်အနေဖြင့် 'ထော့နဲ့ထော့နဲ့'လျှောက်ပြခြင်း၊ မျက်စိမမြင်သော လူတယောက် တစုံတရာနှင့် တိုက်လဲပုံကိုလုပ်ခြင်းစသော အပြုအမူများသည် 'လူကြီး' များ၏အလုပ် မဟုတ်သကဲ့သို့ အရုပ်ဆိုးခြင်း၊ သွားခေါခြင်း၊ အသားနက်ခြင်း၊ ခါးကုန်းခြင်း စသော ချို့ငဲ့မှုကို ရယ်ဖွယ်လုပ်၍ ရေးခြင်းမျိုး တို့သည်လည်း လူ၏ယဉ်ကျေးလှသော စည်းကမ်းများကိုဖောက်ဖျက် ရာကျသည် (Bad Form) ဟု ဟာသစာရေးဆရာများ နားလည်သင့်ကြသည်။

## သတင်းစာခေါင်းကြီးများ

တနေ့သ၌ အမျိုးသမီးစာရေးဆရာ မအမာက သတင်းစာခေါင်းကြီးများ ရေးပုံရေးနည်းနှင့်ပတ်သက်၍ ဩဝါဒပေးသည့်အနေဖြင့် တခန်းတလေ ရေးခဲ့ဖို့ အကြံပေး တိုက်တွန်းဘူးရာ ကိုယ့်စာကို ကိုယ်အကောင်းဆုံးဟု သတ်မှတ်နေကြပုံ ရသည့် ဤခေတ်တွင် မည်သူ့အပေါ်မှ ဆရာလုပ်ပြီး ဩဝါဒပေးဖို့မကြံရွယ်ပဲ ခေါင်းကြီးရေးသမားကောင်းတယောက်၌ ရှိအပ်သည်ဟု ကျွန်ုပ်ထင်သော အရည် အချင်းများအနေဖြင့်သာ ဖော်ပြလိုက်ပါသည်။ စာရေးဆရာတယောက်သည် ဗဟုသုတ ပြည့်စုံရေးအတွက် စာများများကြီးဖတ်ထိုက်သည်ဆိုလျှင် ခေါင်းကြီး ရေးသမား တယောက်သည် သာ၍များများကြီးဖတ်ထိုက်သည်ဟု ကျွန်ုပ်ဆိုချင် သည်။ အင်္ဂလန်ပြည်ထုတ် လန်ဒန်တိုင်းသတင်းစာကြီးမှာ သတင်းစာလောကတွင် 'အာဏာစက်' အလွန်ပြန့်နှံ့သည့် သတင်းစာကြီးတစောင်အနေဖြင့် အသိအမှတ် ပြုခြင်းခံရလေရာ နေ့စဉ်ထုတ် သတင်းစာတစောင်တည်း၌ ခေါင်းကြီးသုံးလေးပုဒ် သုံးလေးမျိုးပါရှိ၍ လူသုံးလေးယောက် ရေးကြသည်ဆို၏။ နိုင်ငံရေး၊

ဘောဂဗေဒရေး၊ ပညာရေး၊ ကုန်သွယ်ရေး စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ခေါင်းကြီး များကို ဆိုင်ရာဆိုင်ရာပါရဂူများက ရေးကြရသည်ဆို၏။ ကျွန်ုပ်တို့ မြန်မာပြည် ၌မူ ခေါင်းကြီးရေးသမားတယောက်တည်းက ပေါ်ပင်အကြောင်းအရာဟူသမျှကို အလျဉ်း သင့်သလို တလှည့်စီ ရေးရသည့်ပြင် ကောက်ကာငင်ကာ လှန်၍ရှာနိုင် မည့် စာအုပ်များကလည်း နည်းပါးလေရကား ခေါင်းကြီးရေးသမားတယောက် အဖို့ရာ၌ ဗဟုသုတရှာမှီးဖို့ မည်မျှလိုအပ်သည်ကို အထူးပြောဖွယ်ရာမလိုပေ။ မြန်မာရုပ်သေးစင်၌ ဝန်ရုပ်၊ မင်းသားကြီးရုပ်၊ ပုဏ္ဏားရုပ်၊စသည်ဖြင့် တလှည့်စီ ကိုင်တွယ်ရသောလူသည် ဝန်လို၊ မင်းသားလို၊ ပုဏ္ဏားလို ပြောတတ်အောင် လေ့ကျင့်ထားရသကဲ့သို့ ခေါင်းကြီးရေးသမားသည်လည်း နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး စသည်တို့ကို အထိုက်အလျောက် 'ခေါက်'မိအောင် လေ့လာထားဖို့ လိုအပ်ပေသည်။ သို့မဟုတ်ခဲ့လျှင် ပြဿနာတခုတွင်လေးနက်သော ထင်မြင် ချက် မျိုးမပေးနိုင်ပဲ 'အရှုးချေးပန်း'စာမျိုးသာ ရေးတတ်ပေလိမ့်မည်။

ပါလီမန်သည် စကားအပြောကောင်းဆုံးသောသူများ စုဝေးရာဌာနတခု ဖြစ်သင့်သကဲ့သို့ သတင်းစာတိုက်များသည်လည်း အကောင်းဆုံးသောစာရေး သမားများ စုဝေးရာသောဌာနဖြစ်သင့်သည်ဟု ကျွန်ုပ်ယူဆသည်။ ဤစကားသည် အနည်းငယ်လွန်သည်ဟု ဆိုကြလျှင်လည်း ယုတ်စွအဆုံးအားဖြင့် နေ့စဉ်နှင့်အမျှ ပေါ်ထွက်လျက်ရှိသော စာပေများအနက်တွင် သတင်းစာခေါင်းကြီးများသည် ပြဿနာတခုနှင့် ပတ်သက်၍ ထင်မြင်ချက်ပေးရာတွင် ကလေးစကားပြောသလို မပီကလာ ပီကလာနှင့် 'ကပေါက်ထိ ကပေါက်ချာ'အရေးအသားမျိုးမဖြစ်စေပဲ တည်တည်ခန့်ခန့် ကြံ့ကြံ့ခိုင်ခိုင်နှင့် နိုင်နိုင်နင်းနင်း ရေးတတ်ဖို့ လိုအပ် ပေသည်။ ခေါင်းကြီးတပုဒ်သည် ဘုရားဟော ကျမ်းတစောင်ကဲ့သို့ သစ္စာတရား တွေချည်း စုဝေးရာဌာန မဖြစ်နိုင်သော်လည်း အထက်ဖော်ပြရာပါ အရည်အချင်း မျှလောက်ကို မူ 'သူ့ဆန်ကိုစားသော' ခေါင်းကြီးရေးသမားတိုင်း မဖြစ်ဖြစ်အောင် ကြိုးစားထိုက် သည်ဟု ကျွန်ုပ်ဆိုချင်သည်။ မြန်မာပြည်၌ မြန်မာများရေးထုတ်

သည့် မြန်မာသတင်းစာ ခေါင်းကြီးများသည် မြန်မာများရေးထုတ်သည့် အင်္ဂလိပ် သတင်းစာ ခေါင်းကြီးပိုင်းများထက် (ဖျမ်းမျှအားဖြင့်) အရေးအသား များစွာ ညံ့ဖျင်းခြင်းအကြောင်းကို ကျွန်ုပ်ရေးခဲ့ဘူးလေပြီ။

## ဘက်မလိုက်ခြင်း

မည်သည့်တိုင်းပြည်၌ဖြစ်စေ ပါတီတခု၊ သို့မဟုတ် အဖွဲ့အစည်းတခု၊ သို့မဟုတ် လူတစု၊ သို့မဟုတ် အစိုးရတခု၏ အကျိုးကို ကာကွယ်ရန်ဖြစ်စေ၊ ကျေးဇူးရှိစေရန်ဖြစ်စေ တည်ထောင်ထားသည့် သတင်းစာများရှိတတ်ကြ၏။ အဆိုပါ သတင်းစာများ၌ လုပ်ကိုင်ရေးသားကြသော ကလောင်သမားများသည် ယုံကြည်မှုဖြင့် ရေးသားကြခြင်းများလည်း ရှိနိုင်၍ ဝမ်းရေးအတွက် ရေးချတ်ကြခြင်းများလည်းရှိနိုင်၏။ ကျွန်ုပ်ကိုယ်တိုင်မှာ ယုံကြည်မှုမရှိပဲ ကြေးတန်းစား ကလောင်သမားအဖြစ်နှင့် ရေးလည်းမရေးခဲ့၊ ရေးလိမ့်မည်လည်း မဟုတ်စေကာမူ ဤနည်းဖြင့် အသက်မွေးရသူများအား အထင်မကြီးရုံမျှသာရှိ၍ ကဲ့ရဲ့ရှုတ်ချလိုသော စေတနာ မရှိပေ။ ထိုသို့သောလူများက ဘာကိုရေးကြသည်ဖြစ်စေ (ဝမ်းရေးအတွက်ဆိုသောကြောင့်) ကျွန်ုပ်က မဲ့ရွဲ့လိမ့်မည်မဟုတ်ချေ။ သို့ရာတွင် ကိုယ့်သိက္ခာကို ကိုယ်စောင့်စည်းသည့် ခေါင်းကြီးရေးသမားတယောက် ဖြစ်ပါမူကား ဘက်မလိုက်မိစေဖို့ အထူးသတိပြုသင့်ပေသည်။ ဘယ်လိုက်ခြင်းဟု ဆိုရာ၌ ကိစ္စပေါင်း အမြောက်အမြားရှိသည့်အနက် အကြီးအကဲကိစ္စများမှာ ပြည်သူနှင့် အစိုးရ၊ လက်ဝဲနှင့်လက်ယာ၊ ဤပါတီနှင့် ထိုပါတီစသည်တို့အပြင် အရံဖန်ရံခါ ပေါ်လာတတ်သည့် ကျောင်းသားနှင့် ကျောင်းဆရာ၊ အလုပ်ရှင်နှင့် အလုပ်သမားမှစ၍ ပြဿနာပေါင်းသောင်းခြောက်ထောင်မက ရှိတတ်ကြလေသည်။ တခါတရံပေါ်လာတတ်သည့်ကိစ္စများ၌မူ လူသားသည် လူသားသာဖြစ်၍ မိမိနှင့် အကျိုးချင်း ဆက်စပ်သည့် ပြဿနာများတွင် နီးစပ်ရာဘက်သို့ မလိုက်ပဲ နေဖို့

ခဲယဉ်းလှသည်။ ပမာဆိုသော် ကျောင်းဆရာနှင့် ကျောင်းသားများ ပြဿနာပေါ်သည်ဆိုလျှင် ကျောင်းသားမိဘဖြစ်သော အယ်ဒီတာတယောက်သည် ကျောင်းသားများဘက်မှ ခပ်ပင်းပင်း မရေးပဲ နေနိုင်ဖို့ ခဲယဉ်းပေလိမ့်မည်။ အလွန်တည့်မတ်လှပါသည်ဆိုသော အယ်ဒီတာတယောက်သည် မိမိကတည့်မတ်စွာရေးပါတော့မည်ဆိုသည့်အထဲကပင် ကိုယ့်ဟာကိုယ်မသိပဲ ဘယ်လိုက်လျက်ရှိနိုင် ၏။ ဤသို့သောအခက်အခဲမျိုးမှုကား လွန်မြောက်နိုင်သူ မရှိသလောက် ရှားလိမ့် မည်ထင်သည်။ ဤသို့သော ကိစ္စမျိုးတို့ကို ချန်လှပ်၍ ပြည်သူနှင့်အစိုးရ၊ လက်ဝဲ နှင့်လက်ယာ စသည့် ကိစ္စမျိုးတို့တွင်မူ ဘက်လိုက်သင့် မလိုက်သင့် ဟူသော ပြဿနာတခု သီးသန့်ပင်ရှိနေပြန်လေသည်။ လက်ဝဲနှင့်လက်ယာ ကိစ္စတွင် လက်ဝဲဝါဒကြိုက်သူနှင့် လက်ယာဝါဒကြိုက်သူတို့က မိမိကြိုက်သော ဝါဒကို ထောက်ခံရမည်၊ ကြားနေ၍ မဖြစ်နိုင်ဟု ဆိုကြပေလိမ့်မည်။ ပြည်သူနှင့်အစိုးရ ပြဿနာပေါ်ပေါက်လျှင်လည်း ပြည်သူ့သတင်းစာ ဆိုသည်များက ဘာပြောပြော ပြည်သူ့ဘက်က ထောက်ခံရေးသားရမည်၊ ပြည်သူ့ဘက်က အမှားရှိလျှင် မိမိတို့က ထောက်ပြဖို့ မဆိုထားဘိ၊ တဘက်က ထောက်ပြခြင်းကိုပင် ဝန်ခံလိမ့် မည်မဟုတ်ချေ။

## မှန်သည်ထင်သလိုရေးချင်သည်

ကျွန်ုပ်မှာ မျက်နှာမလိုက်ပဲ မိမိမှန်သည်ထင်သောဘက်မှ ထောက်ခံရေးသားလိုသောဆန္ဒ ပြင်းထန်သူဖြစ်သည့်အလျောက် မည်သည့်ကိစ္စနှင့်ဖြစ်စေ မည်သူမကြိုက်ကြိုက် ကြိုက်ကြိုက် မှန်သည်ကိုသာ ဝန်ခံရေးသားလို၏။ တိုင်းပြည် စီးပွားရေးစနစ်တွင် လက်ဝဲဝါဒကို သဘောကျစေကာမူ လက်ဝဲ သမားများ၌ အမှားတွေ့လျှင်လည်း ထောက်၍ပြချင်တတ်၏။ ဤကဲ့သို့ ထောက်ပြမိသည့်အတွက်ကြောင့် လက်ဝဲဝါဒ အောင်မြင်ရေးအတွက် အနှောင့်အယှက်ဖြစ်

သည်ဆိုလျှင်လည်း ကျွန်ုပ်ဂရုမစိုက်၊ ကျွန်ုပ်လူဖြစ်လာသည်မှာ လက်ဝဲဝါဒ အောင်မြင်ရေးအတွက် မဟုတ်၊ အမှန်တရားကို သိအောင်လုပ်ပြီး ကျွန်ုပ်မြင်သည့် အတိုင်း တင်ပြရန်အတွက်သာဖြစ်သည်။ တိုင်းပြည်၌ လက်ဝဲဝါဒအောင်မြင်လျှင် လူများစု ချောင်ချိနိုင်သည်ဟု ယုံကြည်သော်လည်း လက်ဝဲခေါင်းဆောင်ကြီးများ မှားသည်ထင်လျှင် ဖုံးဖုံးဖိဖိမလုပ်ချင်း ကျွန်ုပ်လက်လမ်းမှီသလောက် ဖော်ထုတ် တင်ပြရမှ ကျေနပ်တတ်သည်။ ကျွန်ုပ်၌ ပါတီစိတ်ဓာတ်မျိုး၊ ဝါဒစိတ်ဓာတ်မျိုး တတ်နိုင်သမျှ ကင်းအောင်နေချင်တတ်၍ ထိုအတိုင်းလည်း ရေးချင်တတ်သည်။ ဤအတွက်ကြောင့် မိတ်ဆွေနည်းလျှင်လည်း ကိစ္စမရှိ၊ သစ္စာတရားကိုသာ မိတ်ဆွေဖွဲ့ချင်သည်။ အင်္ဂလန်ပြည်ထုတ် တိုင်းသတင်းစာကြီးသည် လက်ယာဝါဒ ဖြစ်ရမည်ဖြစ်သော်လည်း ပြည်သူနှင့်အစိုးရ တဘက်တလမ်းဖြစ်သည့် ကိစ္စမျိုးတွင် ဘက်မလိုက်ပဲ မှန်သည်ထင်သလို ရေးထားသည်ဆိုသောကြောင့် ကျွန်ုပ်သဘော ကျလှသည်။ ကျွန်ုပ်ကြိုက်ပုံသည်ကောင်းသောနည်းလမ်း မှန်သောနည်းလမ်း၊ ကြီးပွားသောနည်းလမ်း၊ လူချစ်လူခင်များသော နည်းလမ်းဟူ၍ မဆိုလို၊ ကျွန်ုပ်၏ ဝါသနာတခုအနေဖြင့် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

## စဉ်းစားစရာပေးခြင်း

သတင်းစာခေါင်းကြီးများသည် ဗဟုသုတပေးခြင်း၊ စဉ်းစားပေးခြင်းဟူ၍ (အကြမ်းအားဖြင့်) အလုပ်နှစ်မျိုး ဆောင်ရွက်ကြသည်ဖြစ်ရာ ဤနှစ်ခုကို အလျဉ်းသင့်သလို တလှည့်စီ ဆောင်ရွက်ကြလေသည်။ လောပြည်၌ ဆူဆူပူပူ ဖြစ်သည်ဆိုလျှင် လောပြည်၏သမိုင်းကို စာအုပ်စာတမ်းများမှရှာဖွေပြီး အကျဉ်း ချုပ်ရေးသား တင်ပြခြင်းသည် စာဖတ်သူအား ဗဟုသုတပေးခြင်းဖြစ်၏။ ကျွန်ုပ်မှာမူမည်သည့်စာကို ရေးသည်ဖြစ်စေ စဉ်းစားစရာကလေးများပါအောင် ရေးသားချင်တတ်သော အလေ့အကျင့်ရှိ၏။ အကြောင်းတိုက်ဆိုင်သည့်အခါ

ဗဟုသုတအဖြစ် တင်ပြခြင်းများရှိသော်လည်း ကျွန်ုပ်အမြဲတစေ အာသီသထားသည်မှာ စာဖတ်သူများအား စဉ်းစားစရာကလေးများ တင်ပြရန်ဖြစ်၏။ လူဖြစ်လျှင်စဉ်းစားဆင်ခြင်ဉာဏ်သုံးရမည်၊ စဉ်းစားဆင်ခြင်တတ်ရမည်ဆိုကာ စဉ်းစားဆင်ခြင်ဖို့ အလေ့အကျင့် ထူထောင်ပေးလိုသော ရည်ရွယ်ချက်ဖြင့် အများလူတို့မကြိုက်နိုင်သည့် အလုံးကလေးများကို တမင်တကာ ဖော်ထုတ်တင်ပြချင်တတ်၏။ ဦးနုကငါးပါးသီလအကြောင်းဟော၏။ ထာဝရဘုရားသခင်က ပညတ်တော်ဆယ်ပါးတွင် သေအရက် မသောက်ရဟူသော အမိန့်ပေးချက်တခုပါရှိ၏။ သဘာဝကိုကျွန်ုပ်နားလည်သည်ကား သတ္တဝါကို (သံသရာအနေဖြင့်) မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဘုရားကမှ အမိန့်ပေးခြင်း၊ အာဏာပြခြင်း မပြုနိုင်၊ တဦးကိုတဦးက ကျေးဇူးပြုလျက် ကောင်းကျိုးပေးသည်၊ ထိခိုက်နစ်နာအောင် စေတနာနှင့်လုပ်၍ ထိခိုက်နစ်နာခဲ့လျှင် မကောင်းကျိုးပေးသည်၊ အရက်သောက်လျှင် ငရဲကြီးသည်ဟု ဗုဒ္ဓက ဟောတော်မမူခဲ့၊ ဒုစရိုက်ဆယ်ပါးတွင်လည်း မပါဟု တယောက်တည်း ထ၍ ရေးခဲ့ဖူးသည်။ ဤစကားကို ခရစ်ယန်များနှင့် ဦးနုတို့ ကြိုက်နိုင်မည် မဟုတ်သော်လည်း စဉ်းစားဉာဏ်သုံးဖို့ ပျင်းရိပြီး မျက်စိမှိတ်၍ ယုံချင်တတ်သော လူများ အလန့်တကြားဖြစ်သွားအောင် လှန့်ပေးလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင် စဉ်းစားဆင်ခြင်တတ်သော ဝါသနာရှိ၍ စာဖတ်သူများအား စဉ်းစားဆင်ခြင်သောအလေ့ဖြစ်အောင် ပျိုးထောင်ပေးခြင်းသည် ကလောင်သမားတယောက်အနေဖြင့် ကျွန်ုပ်၏ဝတ္တရားတခုဟူ၍ သတ်မှတ်ထားပါသည်။

## ရှင်းရှင်းပြတ်ပြတ်စဉ်းစားတတ်ခြင်း

အနောက်တိုင်းပညာရှိကြီးများက ကမ္ဘာလောက၌ ထွေးလုံးရစ်ပတ် စဉ်းစားတတ်သည့် (Muddled Thinkers) လူတို့သာပေါများ၍ ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သည့် (Clear Thinkers) လူများသည် အလွန်နည်းပါးသည်ဟု

ဆိုကြ၏။ ဗုဒ္ဓကလည်း မည်သူပြောလျှင်မှန်လိမ့်မည်ဟု မယုံကြည်ပဲ ကိုယ်ပိုင် ဉာဏ်ဖြင့်လည်း စဉ်းစားရမည်ဟု (ကာလာမသုတ်တွင်) ဟောတော်မူခဲ့၏။ သို့နှင့်လည်း သဘာဝ ကျမကျကို ကိုယ်ပိုင်ဉာဏ်ဖြင့် ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သည့် လူဦးရေ ရာခိုင်နှုန်းသည် အပိုင်းဂဏန်းမျှလောက် သာရှိမည်ဟု ကျွန်ုပ်ဆိုချင်သည်။ ဤအရည်အချင်းသည် နိုင်ငံရေးသမားများ၌ လည်းကောင်း၊ စာရေးဆရာများ၌ လည်းကောင်း၊ သတင်းစာဆရာများ၌ လည်းကောင်း အလွန်တရာ အရေးကြီးလှ ၏။ သို့နှင့်လည်း ၎င်းအင်္ဂါမျိုးနှင့် ပြည့်စုံသောလူများမှာ ထိုသူတို့အနက်တွင် ခပ်ရှားရှားရှိနေ၏။ သာဓကတခု တင်ပြရသော ကာလ်မာ့က်စ်က ဘာသာရေး သည် 'ဘိန်း'ဖြစ်သည်ဟု အဓိပ္ပာယ် တမျိုးနှင့် ရေးခဲ့ခြင်းဖြစ်ပါလျက် (ဖန်ဆင်း သောထာဝရ ဘုရားသခင်ရှိသည်ဟု ယုံကြည်သော ဘာသာမျိုးကိုသာ ဆိုလိုသည် ဟု ဗမာကွန်မြူနစ်များက နားမလည်ပဲ) ဗုဒ္ဓဘာသာကို ယုံကြည်ခြင်းသည် သူတို့၏အလုပ်ကို နှောင့်ယှက် သည်ဟု အဓိပ္ပာယ်ကောက်သည့် လက္ခဏာနှင့် ဗုဒ္ဓဘာသာကို ဖျက်ပစ်နိုင်လျှင် ကောင်းသည်ဟု ယူဆကြပုံရ၏။ (ယခုကား မပြောတတ်) အခြားတဘက်ကလည်း ဆိုရှယ်လစ်စီးပွားရေးစနစ်သည် ဗုဒ္ဓဘာသာနှင့် မကိုက်သည့်နှယ် 'ဓမ္မန္တရာယ်' ဟုပြောကြ၏။ ဤနှစ်ဘက်လုံးသည် လောကရေးနှင့် ဓမ္မရေးကို ရှင်းရှင်းပြတ်ပြတ် မစဉ်းစားတတ်သူများ ဖြစ်ကြလေသည်။ ဤနောက်ပိုင်းတွင် ကျွန်ုပ်၏ 'စာ'များမှာ သူတပါး၏ စာများထက် ရှင်းသည်ဟု ကျွန်ုပ်ကိုသဘောကျသူများက ပြောကြ၏။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်စာရေးတတ်သောကြောင့် ဖြစ်သည်ဟုလည်း ပြောကြ ၏။ ကျွန်ုပ်၏အထင်ကား စာရေးတတ်ခြင်း တခုတည်းကြောင့်မဟုတ်၊ ရှင်းရှင်း ပြတ်ပြတ် စဉ်းစားတတ်သော ဝါသနာရှိ၍ ကျွန်ုပ်ရေးလိုသော အကြောင်းအရာကို ကိုယ့်ဟာကိုယ် ရှင်းရှင်းကြီးနားလည်အောင် လေ့လာပြီးမှရေးလေ့ရှိသောကြောင့်ဟု ထင်ပါသည်။ သို့ရာတွင် ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်ခြင်းဟူသည်မှာ ခုထ လုပ်၍ ခုဖြစ်သည်မဟုတ်၊ နဂိုပါရမီခံ (ဦးနှောက်) အပြင် ဗဟုသုတမြောက်

မြားစွာ ရှာဖွေစုဆောင်းပြီး လေးလေးနက်နက် မွေနှောက် ဆင်ခြင်တတ်သူတို့၌သာ ရရှိစကောင်းသည်ဟု ကျွန်ုပ်ဆိုချင်သည်။

## သာသနာပြုခြင်းအကြောင်း

အနောက်တိုင်းပြည်များတွင် ဂျန်တလ်မဲန် အတန်းအစား လူများရှိကြသည်ဆိုလျှင် မြန်မာပြည်နှင့်တကွ ဗုဒ္ဓဘာသာ ကိုးကွယ်သော တိုင်းပြည်များမှ အင်္ဂလန် အမေရိကန် စသော အနောက်တိုင်းပြည်များ သာသနာပြုသွားရန် အကြံရှိသော ပုဂ္ဂိုလ်များ လေးနက်စွာ စဉ်းစားထိုက်လှသည်။ အကယ်၍ သာသနာဆရာများသည် အထက်ပါ 'ဂျန်တလ်မဲန်' အဆင့်အတန်းရှိသော ပုဂ္ဂိုလ်များနှင့် တွေ့ကြရသည့်အခါ မည်သို့သော တရားမျိုးကို ဟောကြပါမည် နည်း။ အရက်မသောက်ကြနှင့်၊ ငှက်မပစ်ကြနှင့်၊ ညစာ မစားကြပါနှင့် ဘုန်းကြီးများကို ရှိခိုးကြပါ။ လူဘွယ်ဝတ္ထုများ ပေးလှူကြပါ ဆိုသည်များထက် (လက်တွေ့ကျင့်စဉ်အနေဖြင့်) ပို၍ဟောစရာ ရှိကြပါသေးသလား၊ ဤမျှနှင့်လည်း နိဗ္ဗာန်ရောက်ကြောင်းတရား ဟုတ်ပါ၏လော၊ နိဗ္ဗာန်ရောက်ကြောင်းတရားများ လည်းဟောပြောတတ်ပါသည်ဆိုလျှင် ဟောပြောမည့်ပုဂ္ဂိုလ်များ ကိုယ်တိုင်က ပေါက်ရောက်အောင် အားထုတ်ပြီးကြပါပြီလော။ ကိုယ်တိုင်ပေါက်ရောက်အောင် အားမထုတ်ရသေးပါပဲလျက် သူတပါးတို့အား ပေါက်ရောက်အောင်ဖြစ်စေ၊ (ယုတ်စွအဆုံး) အားထုတ်ချင်သောဆန္ဒပြင်းထန်စွာ ဖြစ်ပေါ်လာအောင်ဖြစ်စေ ဟောပြောနိုင်သည်ဟု ယုံကြည်ကြပါသလော၊ နာဂတောင်တန်းသို့ တရားဟောထွက်ခြင်းနှင့် 'ဂျန်တလ်မဲန်'များရှိသောဌာနသို့ တရားဟော ထွက်ခြင်းသည် အတူတူပင်လွယ်ကူသည်ဟု ထင်ကြပါသလော။ အနောက်တိုင်း ပြည်များတွင် လောဘ၊ ဒေါသ၊ မာန အားကြီးသည်ကား မှန်သည်။ သို့ရာတွင် မိမိတို့ကိုယ်တိုင်က တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို တဆိတ်တဖဲ့မျှ ချွေဖို့ ကြိုးစား

အားထုတ်ခြင်းမပြုရသေးပဲ မိဓမ္မတိုင်း ဖမွေးတိုင်း ရှိနေကြပါသေးလျက် အခြားလူများကို လောဘ၊ ဒေါသ ချွေဖို့ ဟောပြောရန် ဖြစ်နိုင်သည်ဟု ယုံကြည်ကြပါသလော။ အိန္ဒိယပြည်မှ အနောက်တိုင်းသို့ တရားဟော ထွက်ခဲ့ကြသည့် ဗီဗီကာနန္ဒ၊ ရာမတိသစသော ပုဂ္ဂိုလ်များသည် (ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ) သူတို့နည်းနှင့် သူတို့တောထဲတွင် နှစ်ပေါင်းများစွာ အားထုတ်ပြီးနောက် အနောက်တိုင်း ဘာသာစကားကို ပရော်ဖက်ဆာများကဲ့သို့ ပြောတတ်အောင် လေ့လာပြီးကာမှ လှည့်လည် ဟောပြောကြသည်ဟု ဖတ်ရဘူး၏။ မြန်မာပြည်မှ သာသနာပြုဆရာများသည် ကိုယ်တိုင် ထိထိရောက်ရောက် မဂ်ပေါက်ဖိုလ်ပေါက် အားထုတ်ဘူးခြင်းမရှိပဲ ဗုဒ္ဓ၏ ကျမ်းဂန်များမှ သင်အံမှတ်သားကာ ပြောဟောခြင်းအားဖြင့် 'ဂျန်တလ်မဲန်'များအား အရိယာဖြစ်ကုန်အောင် စွမ်းဆောင်နိုင်ကြလိမ့်မည်ဟု ထင်ကြသလော။ လူဖြစ်စေ၊ ရဟန်ဖြစ်စေ ကိုယ့်တိုင်းပြည်တွင် နာမည်ကြီးရုံနှင့် အနောက်တိုင်းပြည်များတွင် သာသနာပြုဖို့ လုံလောက်သည် ထင်ကြလျှင် တောင်သူလယ်သမားများ၏ ချွေးနှင့် ရင်းနှီးရသောငွေကို မဖြစ်စလောက်သာ နိုင်ငံရေးဂုဏ်လေးအတွက် ဖြုန်းတီးပစ်ရာ ရောက်ပေလိမ့် မည်။ သာသနာပြုခြင်းကိစ္စသည် ခေါင်းပေါင်းစထောင်သော တောင်ရှည်သမားများအတွက်မဟုတ်၊ ဘာသာစကား ကောင်းကောင်းတတ်သည့် အရိယာ ရဟန်းများအတွက် ဖြစ်သင့်သည်။ ဤအတောအတွင်း ထိုပုဂ္ဂိုလ်မျိုးလည်းရရှိ၍ တိုင်းပြည်လည်း ချောင်ချိအောင် လုပ်ရဦးမည်။ ကျွန်ုပ်၌ တွေးလုံးတခုရှိသည်မှာကား အထက်ပါ ပုဂ္ဂိုလ်မျိုးရခဲ့လျှင် ဖန်ဆင်းသော ထာဝရဘုရားသခင်မရှိဟု ယုံကြည်သည့် ရုရှားပြည်သည် ဗုဒ္ဓ၏အဘိဓမ္မာကို လက်ခံလွယ်ဆုံးသော တိုင်းပြည်ဖြစ်လိမ့်မည်ဟု ထင်သည်။

## ကျောချမ်းသောအလုပ်တခု

ကျွန်ုပ်တို့မြန်မာလူမျိုးသည် ဗုဒ္ဓ၏ တရားတော်ကြောင့် သာသနာတော် မရောက်မီကထက် ခုနှစ်ဆ ရှိ၍ ယဉ်ကျေးလာကြခြင်းကား ယုံမှားဖွယ်မရှိပေ။ ကျွန်ုပ်တို့၏ ယဉ်ကျေးမှုများသည် ဗုဒ္ဓ၏တရားတော်မှ ယဉ်ကျေးမှုတို့သာ များ၏။ အထူးသဖြင့် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ယဉ်ကျေးမှုသည် ဗုဒ္ဓ ယဉ်ကျေးမှု သက်သက်ဖြစ်၏။ အင်္ဂလန်အစရှိသော အနောက်တိုင်း ပြည်များတွင် လည်း လူမျိုးယဉ်ကျေးမှုနှင့် ခရစ်ယန်ယဉ်ကျေးမှုနှစ်ခု တွဲလျက်ရှိ၏။ ထိုသူတို့ အား ကျွန်ုပ်တို့ ကအရိုင်းအစိုင်းသဖွယ် သဘောထားကာ ယဉ်ကျေးအောင်ဆို၍ သာသနာပြုဖို့ လိုအပ်သည်မဟုတ်ပေ။ သူတို့အထဲ၌ ဂျန်တလ်မဲန်ဆိုသူများသည် လူမျိုးယဉ်ကျေးမှုအနေဖြင့် ထိပ်တန်းကျသူများဖြစ်၍ လောကီသားတယောက် အနေဖြင့် ၎င်းတို့အား သင်ပြစရာခပ်ရှားရှားရှိပေလိမ့်မည်။ ထိုသူတို့ လိုအပ် သည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိ ပြုတ်အောင် အားထုတ်နည်းကိုသင်ပြရန်မျှသာ ဖြစ်လေရာ မိမိတို့ကိုယ်တိုင် အားမထုတ်ရသူများက ဂျန်တလ်မဲန် အဆင့် အတန်းမီသော ပုဂ္ဂိုလ်များ အပေါ်၌ ဆရာလုပ်ချင်သည်ဆိုခြင်းမှာ ကျွန်ုပ်အဖို့ရာ၌ တွေးမိတိုင်း ကျောချမ်း လှပါတော့သည်။

## ပြောစကားကိုရေးခြင်း

မြန်မာဝတ္ထုရေးဆရာများအနက် ဇာတ်ကောင်များ အချီအချပြောသည့် စကားများ (Dialogues) ကိုအဟုတ်တကယ် ပြောသည့်အတိုင်း ရေးတတ်သူတို့ သည်များများရှိသည်မထင်ပေ။ စာရေးဆရာများ၏ ချို့တဲ့ချက်တခုမှာ စာရေး သောအခါတွင် စကားပြော 'ဟန်' မျိုးရောညှပ်ပါတတ်၍ ပြောစကားများကို ရေးရသောအခါ၌မူကား ရေးစကားဟန်မျိုး ရောညှပ်ပါတတ်ခြင်းပင်ဖြစ်လေသည်။

အချီအချ ပြောကြသောစကားမျိုးကို ဝတ္ထုတွင်ဖြစ်စေ၊ ရုပ်ရှင်ဇာတ်ညွှန်းတွင် ဖြစ်စေ ရေးထည့်သည့်အခါ တကယ်စကားပြောသည့်အတိုင်း စစ်စစ်ဖြစ်အောင် ရေးတတ်သူတို့မှာ ခပ်ရှားရှားပင်ရှိမည်ထင်သည်။ စာရေးဆရာများအဖို့ ကံကောင်းသေးသည်မှာ ရုပ်ရှင်၌ဖြစ်စေ၊ ဝတ္ထု၌ဖြစ်စေ ပြောစကားနှင့် ပြောဟန် စစ်စစ်မဟုတ်ခြင်းကိုရိပ်မိသော ပရိသတ်ကလည်း အတော်ကြီးနည်းပါးသေးသည်။ စစ်မဖြစ်မီခေတ်၌ ဗြိတိသျှဘားမားရုပ်ရှင်က ရိုက်ထုတ်သည့် 'ဖူးစာနှစ်ခိုင်' ဇာတ်ကားအတွက် ပြောစကားများကို ကျွန်ုပ်အားရေးခိုင်းသဖြင့် ရေးပေးခဲ့ဘူးရာ ဦးညွန့်သည် ကျွန်ုပ်ရေးပေးသည့် 'ပြောစကား' များကို သဘောကျသည့် လက္ခဏာနှင့် သူ၏ကုမ္ပဏီမှထွက်သော ရုပ်ရှင်ကားအားလုံးအတွက် ပြောစကား များကိုရေးပေးရန် ကျွန်ုပ်နှင့်စကားဆိုဘူးလေသည်။ သို့ရာတွင် စစ်ကြီးဖြစ်လာ သည့်အတွက်ကြောင့် မလုပ်ဖြစ်တော့ပဲ သူနှင့်ကျွန်ုပ်ကွဲသွားကြပါသည်။ ထိုခေတ် ကမူ ပြောစကားများကို ရေးရသည့် ဇာတ်ညွှန်းရေးဆရာက နေရာမကျရ သည့်အထဲတွင် ဇာတ်ကောင်ကလည်း (တလုံးစီသင်ပေးရသည့် လက္ခဏာနှင့်) ဝါကျ သုံးလေးခု ပါဝင်သော စကားတခွန်းကို ပြတ်တောင်းပြတ်တောင်းနှင့် လေးငါးခြောက်ခါ ရပ်ဆိုင်းရပ်ဆိုင်းနှင့် ပြောခြင်းများကို (ဇာတ်ကောင်တယောက် နှစ်ယောက်မှတပါး) အများအားဖြင့်တွေ့ရတတ်ပါသည်။ ဤသည်မှာဒါရိုက်တာ၏ အပြစ်လည်း ပါပေလိမ့်မည်။ ထိုစဉ်ကမူ မိန်းမကြမ်းသိန်းရင်ကြီးမှတပါး ဤအပြစ်မျိုးကင်း သောဇာတ်ကောင် ခပ်ရှားရှားရှိခဲ့ရာ ဤခေတ်တွင် ထွန်းဝေ၊ မောင်သင်း၊ ကြည်ကြည်ဌေး စသည်တို့ပေါ်လာ၍ တကယ့်စကားပြောလုံးကို တကယ့်ပြော ဟန်နှင့် ပြောနိုင်သူတို့ အတော်ကလေးများခဲ့ပေပြီ။ အချို့လူများက မြန်မာရုပ်ရှင် ဇာတ်ကောင်များသည် အင်္ဂလိပ်ရုပ်ရှင်ဇာတ်ကောင်များကဲ့သို့ 'အက်တင်' မကောင်းဟု ပြစ်တင်ပြောဆိုခြင်းကို မခံနိုင်ပဲရှိတတ်ကြပေရာ ကျွန်ုပ်အဖို့ရာ၌ကား 'အက်ဆင်'ဆိုင်ရာအခြားသော အမူအရာများကို ထားပါဦး၊ မိမိတို့ပြောရမည့် စကားကို 'စာကျေအောင်' မကျက်ပဲ မသင်ပဲနှင့်

ဇာတ်ကားရိုက်ကြသည် ရုပ်ရှင်ပညာသည် တဖွဲ့လုံးကို ကုန်း၍သာ ငေါက်လိုက်ချင်သည်။ အခြားသော အချက်များထက် ဤအချက်မှာ ကျွန်ုပ်အဖို့ရာ၌ ခွင့်မလွှတ်နိုင်ဆုံးသော ပြစ်ချက်ကြီးတခု ဖြစ်လေရာ ထွန်းဝေတို့ လက်ထက်တွင် တော်လာသေးသဖြင့် ရုပ်ရှင်ကြည့်၍ ဖြစ်နိုင်ပါလေပြီ။

## သဘာဝကျသတဲ့

ကျွန်ုပ်သည် ပြောစကားလုံးများကို တကယ်ပြောသည့်အတိုင်း သဘာဝကျအောင် ရေးတတ်သည်ဟု ကိုယ့်ဟာကိုယ် ထင်လျက်ရှိသော်လည်း ဗြိတိသျှဘားမားဦးညွန့်က ပြောကာမှ တော်တော်ရဲရဲထင်ဝံ့လာပါသည်။ ဦးညွန့်မပြောမီကမူ စာရေးဆရာတိုင်းသည် မိမိရေးသည့်ပြောစကားကို သဘာဝကျသည်ထင်ကြစမြဲဖြစ်ရာ သူတပါးရေးထားခြင်းကို အပြစ်မြင်ပြီး ကိုယ့်ဟာကိုယ်ဟုတ်နေခြင်းဖြစ်နိုင်သည်ဟု စဉ်းစားမိသေးသည်။ သို့ရာတွင် ဦးညွန့်က ပြောကာမှ စိတ်ချလက်ချရှိလာပါသည်။ ထိုမျှမက ဤနောက်ပိုင်း၌ ကျွန်ုပ်ရေးသည့်ပြောစကားများ၏ သဘာဝကျခြင်းနှင့် ပတ်သက်၍ ထပ်လောင်းပြီး သာဓကများတွေ့ရှိရပြန်ပါသည်။ ကျွန်ုပ်သည် ရှုမဝမဂ္ဂဇင်းတွင် လောကုတ္တရာရေးရာ ဆွေးနွေးခဏ်းများနှင့် ငွေတာရီမဂ္ဂဇင်း၌ (စဉ်းစားဉာဏ်လေ့ကျင့်လိုသူများအဖို့) အထွေထွေ ဆွေးနွေးခဏ်းများ ရေးထည့်လျက်ရှိရာ တတ်သိနားလည်ပုံရသည့် စာဖတ်ပရိ သတ်အတော်များများကို ကျွန်ုပ်၏ ဆွေးနွေးခဏ်းများမှာ အကြောင်းပြ ကောင်းရုံသာမက စကားပြောပုံ ပြောနည်းမှာလည်း အဟုတ်တကယ် ပြောမည့်အတိုင်း သဘာဝကျလှသည်ဟု ပြောကြသည်။ လူငယ်စာရေးဆရာ တယောက်ကမူ ပြောစကားလုံးများရေးသားခြင်း၌ သူ့ကိုယ်သူ အတော်ဟန်သည်ဟု ထင်နေသည့် အထဲတွင် ကျွန်ုပ်၏ဆွေးနွေးခဏ်းများကို ဖတ်လိုက်ရသောအခါမှ သူ့ဟာသူ အများကြီးလိုသေးခြင်းကိုတွေ့ရ၍ စိတ်ပျက်မိပါသည်ဟု ဝန်ခံပြောဆို ဘူးလေ

သည်။ ဤသည်တို့မှာ ကျွန်ုပ်အား နဂိုကတည်းကသဘောကျသူများက ပြောကြသောစကားများလည်း ဖြစ်နိုင်သေးရာ ထို့ထက်ခိုင်လုံသော အထောက်အထားများလည်း ရှိပါသေးသည်။ ငွေတာရီမဂ္ဂဇင်းအမှတ်(၁)တွင် ကျွန်ုပ်နှင့် မှော်ကစ်ဝါဒီတယောက်ဆွေးနွေးခဏ်း ပါရှိလေရာ ၎င်းကိုမြန်မာ့အသံက သုံးကြိမ် တိုင်တိုင်လွှင့်ပေးဘူး၏။ ကျွန်ုပ်သည်ရေဒီယိုမှ နားထောင်သောအခါ စဉ်းစားဆင်ခြင်ပုံများနှင့် အကြောင်းပြချက်များကို (ကိုယ့်ဟာကိုယ်) ဟုတ်လှသည်ထင်မိခြင်းကား ထားပါဦး။ ကျွန်ုပ်တို့ဆရာတပည့် နှစ်ယောက်အနေဖြင့် ရေဒီယိုထဲမှ ပြောကြသူနှစ်ယောက်တို့က ကျွန်ုပ်ရေးထားသည့် ပြောစကားလုံးများအတိုင်း တလုံးစီပြောကြပုံမှာ (အပြောကောင်းသူများဖြစ်ကြပေသောကြောင့်) အဟုတ်တကယ် ပြောနေကြခြင်းကဲ့သို့ ထင်ရလောက်ပေသည်။ ကျွန်ုပ်ကိုသိသောလူတယောက်ကမူ ရေဒီယိုမှ နားထောင်ရပြီးနောက် ကျွန်ုပ်နှင့် တွေ့ရာတွင် ရန်ကုန်မှ ကျွန်ုပ်ဘယ်နေ့က ပြန်ရောက်ပါသနည်းဟုမေး၏။ ကျွန်ုပ်က ရန်ကုန်သို့ မသွားကြောင်းပြော၍ "အဘယ့်ကြောင့် ဤသို့မေးရသနည်း"ဟု ပြန်မေးရာတွင် ဤလူက "ရေဒီယိုထဲက စကားပြောတာဟာ ဆရာကြီးမဟုတ်ဘူးလား၊ 'မင်းတယ်မိုက်တဲ့ ကောင်ပါလား'ဆိုတဲ့ အလုံးကလေးများတော့တကယ့်ကို ဆရာကြီးရဲ့'လေ'ပါပဲခင်ဗျာ၊ ကျွန်တော်ဟာ ဆရာကြီးကိုယ်တိုင်ပြောနေတယ် မှတ်တာပါပဲ"ဟု ပြန်ပြောလေသည်။ ကျွန်ုပ်က "ဒီလောက်များပြောတတ်လျှင် စာရေးဆရာတောင် လုပ်မနေဘူး"ဟု ပြောလိုက်ရပါသေးသည်။ ဤအကြောင်းကို စဉ်းစားမိသောအခါ ခပ်စောစောပိုင်းက ပြဇာတ်ရေးဆရာလုပ်ရလျှင် အောင်မြင်လေမည်လောဟု မတောက်တခေါက်အကြံ ဖြစ်ပေါ်မိပါသေးသည်။

## လောကအကြောင်းနှင့် ဓမ္မအကြောင်း

လောကကြောင်းနှင့် ဓမ္မကြောင်းကို ရှင်းရှင်းပြတ်ပြတ် မစဉ်းစားတတ်သည့် အတွက်ကြောင့် ကျွန်ုပ်တို့ မြန်မာပြည်၌ ပြဿနာများ မပေါ်တန်ပဲလျက်နှင့် ပေါ်ပေါက်နေရသည်ဟု ကျွန်ုပ်မြင်မိပေရာ ဤအကြောင်းကိုလည်း အနည်းငယ် တင်ပြလိုပါသည်။ ကျွန်ုပ်၏အမြင်ကို ရှင်းရှင်းတင်ပြရမည်ဆိုလျှင် သာသနာပြု မင်း (ဤမျှမက)ဘုရားလောင်း ဟူသည်တို့သည် တိုင်းပြည်တပြည်အတွက် အကောင်း ဆုံးသော မင်းဖြစ်သည်ဟူ၍ လက်မခံနိုင်ချေ။ ဤသို့ရေးခြင်းအားဖြင့် ကျွန်ုပ်အား ဗုဒ္ဓဘာသာဝင်တယောက် မဟုတ်ဟူ၍ မစွပ်စွဲကြပါကုန်လင့်။ ဗုဒ္ဓ၏တရားတော်ကို နှစ်ပေါင်းများစွာ လေ့လာခြင်း၊ လက်တွေ့ကျင့်ကြံ အားထုတ်ခြင်းစသည်ဖြင့် ပြုလုပ်ခဲ့သည့်အတွက်ကြောင့် ဗုဒ္ဓကို ယုံကြည်မှုနှင့် ပတ်သက်၍ ကျွန်ုပ်နှင့်တူညီ သောသူ ရှိချင်မှရှိမည်။ ကျွန်ုပ်ထက်ယုံကြည်မှု ကဲလွန်ပိုမောက်သောသူဟူ၍ကား မြန်မာပြည်၌သာမက မည်သည့်တိုင်းပြည်တွင်မှ ရှိနိုင်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်ထင်မြင်သည်။ ဘုရားအလောင်းတော်တယောက်ကို အကောင်းဆုံးသောမင်းဟု လက်မခံနိုင်ခြင်းနှင့် ဗုဒ္ဓကို အလိုက်လှဲဆုံး ယုံကြည်သူ ဖြစ်သည်ဟူသော စကားနှစ်ခွန်းသည် အမြီးအမောက်မတည့်ဟု ဆိုကြမည်ဖြစ်ရာ ထိုသူတို့ကား လောကအကြောင်းနှင့် ဓမ္မအကြောင်းကိုရှင်းရှင်းပြတ်ပြတ် စဉ်းစား တတ်လောက်အောင် ဉာဏ်မမီကြသောကြောင့်မျှသာဖြစ်၏။ ကျွန်ုပ်မူကား ဤနှစ်ဌာနတို့၏ တကန့်စီတည်ရှိခြင်းကို ရှင်းရှင်းကြီး မြင်ထားသည့်အတွက် ကြောင့် အထက်ပါ စကားကိုရဲရဲကြီးဆိုလိုက်ခြင်းဖြစ်သည်။

## သာဓကတင်ပြခြင်း

ရှင်းဦးအံ့။ ဝေဿန္တရာမင်းသည် (ဗုဒ္ဓ ကိုယ်တော်တိုင်က အတိတ်ဆောင်ပြီး ဟောတော်မူခြင်း ဆိုသောကြောင့်) သို့လော သို့လော အလောင်းတော်မျိုးမဟုတ်၊ စစ်စစ်မြဲသော အလောင်းတော်တပါးဖြစ်ရပေမည်။ သူသည် (လူရဲသောမင်းဝေဿန်ဆိုသည့်အတိုင်း) ဆင်ဖြူတော် ပစ္စယကိုလှူ၏။ သားသမီးကိုလည်းလှူ၏။ မဒ္ဒီဒေဝီမိဖုရားကြီးကိုလည်းလှူ၏။ ဆင်ဖြူတော်ပစ္စယရှိသောတိုင်းပြည်တွင် မိုးမခေါင်စေနိုင်သော သတ္တိထူးရှိသည်ဆို၏။ မင်းကြီးသည် တိုင်းသူပြည်သား လူအများတို့၌ မိုးခေါင်လျှင် ဒုက္ခရောက်မည့်အရေးကို သိမြင်ပါလျက် ဆင်ဖြူတော်ကို ပေးလှူလိုက်၏။ အဘယ့်ကြောင့် ပေးလှူသနည်း။ သဗ္ဗညုတဉာဏ်တော်ကို ရရှိမှုအတွက် ပေးလှူသည်ဆို၏။ သဗ္ဗညုတဉာဏ်တော်သည် ဘယ်သူ့အတွက်ဖြစ်သနည်း။ အလောင်းတော်အတွက်ဖြစ်သည်။ နောက်ဆုံး၌ တိုင်းသူပြည်သားတို့သည် ဝေဿန္တရာမင်းကြီးကို (ဆင်ဖြူတော်ပေးလှူမှုကြောင့်)တိုင်းပြည်မှ နှင်ထုတ်လိုက်ကြရ၏။ ဤကိစ္စတွင် မင်းကြီးက မှားသလော၊ တိုင်းသူပြည်သားကပင် မှားသလော။ မင်းကြီးကမူ သဗ္ဗညုတဉာဏ်အတွက် ဘာကိုမဆို ပေးလှူရမည် ဖြစ်သောကြောင့် မင်းကြီးမှားသည်ဟု မဆိုနိုင်ချေ။ တိုင်းသူပြည်သားများကလည်း မိမိတို့ဒုက္ခရောက်စေမည့် အလုပ်တခုကို ပြုမိသောဘုရင်ဘားတိုင်းပြည်မှ နှင်ထုတ်ခြင်းဖြစ်သောကြောင့် မှားသည်ဟု မဆိုသင့်ချေ။ သို့ဖြစ်၍ ဤကိစ္စတွင် မင်းကြီးလည်းမမှား၊ တိုင်းသူပြည်သားများလည်း မိုးခေါင်သော ဒုက္ခနှင့်ကြုံတွေ့ရသည်။ ဝေဿန္တရာမင်း(အလောင်းတော်)ကမူ မည်သည့်တိုင်းပြည်၌ ဘုရင်လုပ်ရသည်ဖြစ်စေ (အလှူခံမည့်သူရှိက) ဘာမဆို ပေးလှူလိမ့်မည်သာ ဖြစ်၏။ အလောင်းတော်တိုင်းသည် ဝေဿန္တရာကဲ့သို့ ရင့်သေးသည် မဟုတ်သောကြောင့် ဘာမဆို လှူရက်လိမ့်မည် မဟုတ်သေးသော်လည်း ထိုသူတို့သည် တိုင်းသူပြည်သား၏ အကျိုးထက်သူ့အတွက် သဗ္ဗညုတ

ဉာဏ်ရဖို့လောက်ကိုသာ ကြည့်တတ်သည်ဆိုသောကြောင့် တိုင်းပြည်အတွက် အကောင်းဆုံးသော မင်းအဖြစ်နှင့် လက်မခံနိုင်ဟူသော စကားမှာပြေလည်လောက်ပြီဟု သဘောရပေသည်။

## မဟုတ်နိုင်ခြင်းတချက်

ဤမှျသာမကသေး၊ အလောင်းတော်ဆိုသူများသည် သားသမီး သားမယားများအတွက်ပင် အကောင်းဆုံးသော ဖခင်၊ သို့မဟုတ် အကောင်းဆုံး သောခင်ပွန်းမဟုတ်နိုင်ဟု ဆိုပါက များလွန်းသည်ဟု ဆိုချင်စရာဖြစ်နေပြန်၏။ ဆိုချင်လည်းဆိုကြစေ၊ ကျွန်ုပ်မှုကား ဤအတိုင်းပင်မြင်မိ၏။ ဝေဿန္တရာမင်းကြီးက ဂဏှာနှင့်ဇာလီတို့ကို ဇူဇကာပုဏ္ဏားအား ပေးလှူသည့်အခါ မောင်နှမနှစ်ယောက်တို့ သည်ခမည်းတော်၏ ပါရမီတော်ကို ကူညီဖြည့်စွက်သည်ဟု သဘောထားကြသည်။ သို့မဟုတ် သဘောထားသင့်သည်ဟု ဆိုကြ၏။ ကျွန်ုပ်သည် သဗ္ဗညုတဉာဏ်၏တန်ဖိုးကို သူလိုငါလိုလူများထက် နားလည်သည်ထင်၏။ သို့ရာတွင် ကျွန်ုပ်၏ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်သော ဝါသနာကြောင့် ဇာလီတို့မောင်နှမသည်ခမည်းတော်၏ ပါရမီတော်ကို ကူညီဖြည့်စွက်မည်ဟု သဘောထားနိုင်ကြမည်လည်းမထင်၊ သဘောထားသင့်ကြသည် ဟူ၍လည်းမယူဆနိုင်ချေ။

## ကျမ်းပြုဆရာ၏ စိတ်ကူး

ရှင်းဦးအံ့။ ဝေဿန္တရာမင်း ပေါ်ထွန်းသည့်အချိန်နှင့် မရှိမတိုင်း၌ဂေါတမဗုဒ္ဓ ပွင့်တော်မူသည့်အချိန်ကာလမှာ နှစ်ပေါင်း ၅၇ကုဋေနှင့် ၆ သန်းကွာခြားသည်ဟု ကျမ်းဂန်ကဆိုသည်။ အတိအကျမှန်ကန်သည်ဟု လက်မခံလိုကြလျှင်ရှိစေ၊ ဤနှစ်ခေတ်မှာ ကာလအရှည်ကြီး ခြားနားလျက်ရှိသည်ဆိုခြင်းကိုမူ

ဗုဒ္ဓဘာသာဝင်တို့ လက်ခံကြရပေလိမ့်မည်။ ဝေဿန္တရာခေတ်မှာ ကဿပမြတ်စွာဘုရား၏သာသနာနှင့် ဂေါတမမြတ်စွာဘုရား၏ သာသနာတော်အကြားတွင် တည်ရှိရမည် ဖြစ်သည့်ပြင် နှစ်ဘက်သော သာသနာတို့နှင့် နှစ်ပရိစ္ဆေဒ အလွန်ဝေးကွာလျက်ရှိရပေမည်။ ထိုသို့သော အချိန်အခါ၌ 'သာသနာ'ဟူသော စကားသည်လည်းကောင်း၊ 'ဗုဒ္ဓ' ဟူသောစကားသည်လည်းကောင်း ၎င်းလူတို့နား၌ မကြားရဘူးသလောက် ဖြစ်ရပေမည်။ ဝေဿန္တရာမင်းကြီးမှာ အလောင်းတော် ဖြစ်သည့်အတွက်ကြောင့် သဗ္ဗညုတဉာဏ်ဟူသော စကားလုံးသည် အမည်ပညတ်အားဖြင့် သူ၏စိတ်ထဲတွင် မထင်ရှားသော် လည်း သဘောတရားအနေဖြင့် နားလည်ထားခြင်းမူကား ရှိလောက်သင့်သည်ဟု လက်ခံနိုင်လောက်ပါသည်။ သို့ရာတွင် ငယ်ရွယ်သူကလေးများသာဖြစ်ကြသော ဂဏှာ ဇာလီမောင်နှမတို့သည် သဗ္ဗညုတဉာဏ်ဆိုသည်ကိုလည်းကောင်း၊ ပါရမီဖြည့်မှုရသည့် သဘာဝစည်းကမ်းဥပဒေကိုသော်လည်းကောင်း၊ ပါရမီဟူသော အမည်နာမနှင့် အနက်အဓိပ္ပါယ်ကိုသော်လည်းကောင်း နားလည်နိုင်ကြမည်မဟုတ်သောကြောင့် ခမည်းတော်၏ ပါရမီကို ကူညီဖြည့်ပေးပါမည်ဟု သဘောထားကြသည်ဆိုခြင်းမှာ များလွန်းအားကြီးလှသည်ဖြစ်၍ ကျမ်းပြုသူများ၏ စိတ်ကူးယဉ်မှုဟု ဆိုသင့်သည်ထင် ပါသည်။

## ကျွန်ပ်၏ဆန္ဒ

တဖန်မောင်နှမနှစ်ယောက်တို့က ပါရမီကို ကူညီဖြည့်သည်ဟု သဘောထားသင့်ကြသည်ဆိုလျှင်လည်း အလွန်မတရားရာကျသည်ဟု ဆိုသင့်၏။ သဗ္ဗညုတဉာဏ်၏ကြီးကျယ်နက်နဲခြင်းကို ထားပါဦး၊ သတ္တဝါဟူသမျှသည် ဖြစ်လေရာဘဝတွင် ကြီးကျယ်ပြီး ပျော်ပျော်နေချင်မှုလောက်ကိုသာ အလိုရှိ ကြ၍ သံသရာသည်ဆင်းရဲ သည်ဟူ၍လည်း မထင်။ ထို့ကြောင့် သံသရာဝဋ်ဆင်းရဲဆိုသည်မှ လွတ်မြောက်လို သောဆန္ဒဆိုသည်မှာလည်း မရှိကြခြင်းမှာ သတ္တဝါအပေါင်းတို့၏

ဓမ္မတာသဘောကြီး ပင်ဖြစ်လေသည်။ မိမိကိုယ်တိုင်က လွတ်မြောက်လိုသောဆန္ဒ မရှိပါပဲလျက် သတ္တဝါတွေ လွတ်မြောက်ရေးအတွက် ဟောပြောမည်ဆိုသည့် ဗုဒ္ဓတဆူ ပွင့်တော်မူ ရေးအတွက် ဂဏှာ ဇာလီ မောင်နှမတို့က မိမိတို့ကိုယ်ကို ဇူဇကာလက်သို့ အပေးခံပြီး အလောင်းတော်၏ပါရမီကို ကူညီဖြည့်စွက်သင့်သည် ဆိုခြင်းမှာ ကိုယ်ချင်းမစာနာသည့်အတွက်ကြောင့် မမျှော်လင့်ထိုက်သည်၌ မျှော်လင့်ရာရောက်သည်ဟု ဆိုချင်ပါသည်။ ကျွန်ုပ်အတွက် ရှင်းရှင်းရေးလျှင် အလှူရဲသော အလောင်းတော်များ၏ ပိုင်ဆိုင်ခြင်းခံရ၍ ပေးလှူစွန့်ကြဲနိုင်သည့် သားသမီးစသောအဖြစ်မျိုးကို အလိုမရှိ၊ ထိုပုဂ္ဂိုလ်များ၏ မိတ်ဆွေအဖြစ်လောက်ကို သာ လိုလားပါသည်။

## ကြောက်စရာကောင်းသော အစိုးရ

ကျွန်ုပ်၏ယုံကြည်ချက်တခုမှာလည်း တိုင်းပြည်အုပ်ချုပ်သူတယောက်သည် တိုင်းသူပြည်သား ချောင်ချိသက်သာရေးနှင့် ကုသိုလ်ရေးကို တွဲဖက် ဆောင်ရွက် နိုင်က ဆောင်ရွက်သင့်သည် မှန်သော်လည်း တိုင်းသူပြည်သားတို့၌ အကျပ်ခံပြီး တိုင်းသူ ပြည်သားတို့၏ငွေဖြင့် မိမိကုသိုလ်ရအောင်ဖြစ်စေ၊ တိုင်းသူပြည်သားများ ကုသိုလ်ရ အောင်ဖြစ်စေ ပြုလုပ်သည်ဆိုပါလျှင် ထိုသူသည် လောကရေးနှင့် ဓမ္မရေးကို ပိုင်းခြား နားလည်သူမဟုတ်ဟု ဆိုချင်သည်။ အစိုးရ၏ဝတ္တရားသည် တိုင်းသူပြည်သားတို့၏ စားဝတ်နေရေး အဆင့်အတန်းကို မြင့်တင်ပေးရန်ဖြစ်၍ နတ်ပြည်သို့တင်ပေးရန် တာဝန်မရှိချေ။ အုပ်ချုပ်သူတယောက်သည် သူကုသိုလ် လိုချင်ပါက မိမိ၏ချွေးနဲ့စာ ဖြင့် ပေးကမ်းလှူဒါန်းရာ၏။ ပြည်သူပြည်သား၏ အခွန်တော်ငွေကို တိုင်းသူပြည်သား ၏ လက်ငင်း ပစ္စက္ခအကျိုးအတွက်မှတပါး မည်သည့်ကုသိုလ်ရေးအတွက်မဆို သုံးထိုက်သည်ဟု အထင်ရောက်လာလျှင် ထိုအစိုးရသည် ကြောက်စရာကောင်းသော အစိုးရတခု ဖြစ်လာနိုင်သည်။

## သိထိုက်သောအချက်

ပုဂ္ဂလိကအနေဖြင့်တမျိုး၊ အစိုးရအနေဖြင့်တမျိုး ဆောင်ရွက်ရသော ကိစ္စမျိုးရှိ ခြင်းကို အုပ်ချုပ်သူတို့နားလည်သင့်၏။ လူတဦးတယောက်၏လယ်မြေကို အခြားသူ လူတယောက်က သိမ်းယူခြင်းသည် အမှန်စင်စစ် မတရားဟု ဆိုရပေမည်။ သို့ရာတွင် ဆိုရှယ်လစ်အစိုးရတခုအနေဖြင့် လယ်မလုပ်ပဲ ထိုင်စားသူများ၏ လယ်မြေကို သိမ်းယူပြီးလယ်သမားများ၏လက်ဝယ်သို့ ပေးဝေသောနည်းဖြင့်သာလျှင် မြန်မာပြည်တွင် လူများစုဖြစ်နေသည့် တောင်သူလယ်သမားများ ချောင်ချိနိုင်ဖို့ရှိတော့သည်ဟု ယုံကြည်သည်ဆိုပါမူကား ဝန်ကြီးချုပ်ဦးနု ပြောဘူးသကဲ့သို့ ဝိတိုရိယဘုရင်မကြီး၏ စာချုပ်လက်မှတ်တွေ ဘာတွေနှင့် ချောင်လည်ချောင်ပတ်ပြောမနေပဲ ပြောင်ပြောင်ရဲရဲပင် ခွဲပေးသင့်ပေသည်။ ဦးနုသည် လယ်မြေနှင့်ပတ်သက်၍ ဝိတိုရိယဘုရင်မကြီး၏ စာချုပ်လက်မှတ်ကို အထောက်အထားပြု၍ ပြောခြင်းမှာ မြေပိုင်ရှင်များ ကျေနပ် အောင် နားလည့်ခြင်းပေလော၊ သူ့ကိုယ်တိုင်ပင် တကယ်ယုံကြည်၍ပေလော မပြော တတ်ပေ။ ကျွန်ုပ်၏အထင်မှာ မြေသိမ်းရခြင်းကို သူကိုယ်တိုင်စိတ်'မသန့်'သည်နှင့် သူ့ကိုယ်သူနားလည့်ခြင်းဖြစ်ပုံရသည်။ ဖြစ်သင့်သည်မှာကား အစိုးရလုပ်မည့် ပုဂ္ဂိုလ် တယောက်သည် လူတွေ စားနေဝတ် ချောင်ချိရေးအတွက် ဤနည်းလမ်းတခုတည်း သာရှိသည်ဟု ယုံကြည်ပါက ခံစရာရှိလျှင်လည်းခံမည်၊ ထိုနည်းလမ်းအတိုင်းလုပ်မည် ဟု ဆုံးဖြတ်ဝံ့သောသတ္တိ ရှိရပေမည်။ ဦးနုကမူ ပါးစပ်ကတော့ ပြောဘူးပါ၏။ တကယ်လုပ်ရာ၌မူ ငရဲကိုကြောက်ရုံသာမက အုပ်ချုပ်ယင်းပင် ကုသိုလ်ကလေးတဘက် ရလိုက်ချင်သေးသည်။ လူတယောက်သည် ပုဂ္ဂိုလ်တယောက်အနေဖြင့် ရှောင်ကြဉ်ရမည့် အလုပ်မျိုးတို့ကို အစိုးရအနေဖြင့် ရှောင်၍မရကြောင်း၊

ရှောင်လျှင် ဝတ္တရားပျက်ကွက်ရာကျ၍ သူ၏တိုင်းသူပြည်သားများ ကျပ်တည်း ဆင်းရဲနိုင်ကြောင်း ကိုအစိုးရလုပ်ချင်သူများ သိထိုက်လှသည်။

ရှင်းဦးအံ့။ ဗုဒ္ဓဘာသာယုံကြည်သော ဝန်ကြီးချုပ်တယောက်သည် ပါဏာ တိပါတအလုပ်နှင့် ပတ်သက်၍ အခက်အခဲတွေ့ရတတ်၏။ ထိုအထဲတွင် လူများ စားကြသော တိရစ္ဆာန်မျိုးတို့၏အသက်ကို ကာကွယ်ပေးခြင်းသည် သာသနာ ပြုခြင်းမည်သည်ဟု ယူဆခဲ့လျှင် ထိုအခက်အခဲသည် ပိုမိုကြီးထွားလာတတ်၍ ဖြေရှင်းရန် မဖြစ်နိုင်သော အခြေမျိုးသို့ ရောက်သွားနိုင်၏။ နွားသားမပေါ်ရ၊ ငါးဈေးကြီး၍ ဝယ်မစားနိုင်ကြလျှင် ငါးတွေ အသေသတ်သာသောကြောင့် သာ၍ကောင်းသည်ဟူ သောသဘောထားသည့် အရပ်သားတယောက်အနေဖြင့် ဤအတိုင်းကျင့်သုံးသည့်အခါ တိုင်းသူပြည်သား (အထူးသဖြင့် ဆင်းရဲသားများ) အား တိုး၍ ကျပ်တည်းဆင်းရဲအောင် ဖန်တီးပေးရာရောက်လေသည်။ လိုင်စင် သမားများအဖို့မှာ နွားသားမပေါ်လျှင် ဝက်ကြက်စားနိုင်သည်။ ငါးရှား၍ ဈေးကြီးလျှင် တပိဿာကို ၁၅ကျပ်၊ ၂ဝိလည်း ပေးဝယ်စားနိုင်သည်။ အလုပ်သမား ဆင်းရဲသားများမှာသာ ကျပ်လျှင်ကျပ် ငတ်လျှင်ငတ်ကြရသည်။ (အမဲသားကား မပေါ်သည်မဟုတ်၊ 'တိုးတိုးသား'အဖြစ်နှင့် ဈေးတက် သွားရုံသာရှိသည်။) ယခုတလော၌ ကျွန်ုပ်တို့ဝန်ကြီးချုပ်၏ ဦးခေါင်းထဲသို့ ထူးဆန်းသောစိတ်ကူး များ ဝင်ရောက်လျက်ရှိ၏။ ဂေါတမဗုဒ္ဓဟောပြတော်မူခဲ့သည့်ကျင့်စဉ် များအနက် တွင် အကျပ်တည်းဆုံး၊ ခြိုးခြံရဆုံးသောကျင့်စဉ်မှာ ရုတင်တေရသပင်ဖြစ် ၏။ ထိုကျင့်စဉ်မှာ ဗုဒ္ဓ၏ရည်ရွယ်ချက်ကို ကောင်းစွာနားမလည်သော လူများက ပြင်းထန်လွန်းအားကြီးလှ၍ အတ္တကိလမထကျင့်စဉ်ဟူ၍ပင် ပြောချင်ကြသည်။ အဆိုပါ ရုတင်တေသရသ၌ပင် သက်သက်လွတ်စားရမည်ဟူသော ကျင့်ရပ်တခု မပါချေ။ သက်သက်လွတ်စားခြင်းမှာ ဟိန္ဒူဘာသာမှ (ကောင်းနိုးယောင်ယောင် နှင့်) ဗမာပြည်သို့ ထိုးဝင်လာသည့် ကျင့်စဉ်တရပ်ဖြစ်၍ ဝန်ကြီးချုပ်ဦးနုကဲ့သို့ လူပြိန်းများ အများဆုံးကြည်ညိုကြသည့် ပုဂ္ဂိုလ်ကြီးတဦးက ကျင့်သုံးလာသည်

ဆိုလျှင် ဗုဒ္ဓသာသနာတော် ညှိုးမှိန်ရေးအတွက် ဟိန္ဒူဘက်မှ ခြေတလှမ်း ဝင်လာခြင်းဖြစ်သည် ဟု ကျွန်ုပ်စိုးရိမ်မိသည်။ ဗုဒ္ဓက "ငါမပညတ်ခဲ့သည်ကို ပညတ်ခြင်း၊ ငါပညပ်ခဲ့သည်ကို ဖျက်ခြင်းအားဖြင့် သာသနာတော်ကို ညှိုးမှိန်အောင် မပြုကြပါကုန်လင့်" ဟုမိန့်တော်မူခဲ့၏။ သက်သက်လွတ်စားခြင်းသည် ဟိန္ဒူများ၏နည်းသာဖြစ်သည်။ ကျွန်ုပ်သည် ဂေါတမဗုဒ္ဓ၏ သာသနာတော် မျက်နှာကို ထောက်ထားခြင်းအားဖြင့် ယောင်လည်လည်လူများက အထွတ်အမြတ် ထင်ကြသည့် သက်သက်လွတ်စားနည်းကို မည်သူမကြိုက်သည်ဖြစ်စေ လက်လှမ်းမီသလောက် တာဝန်ယူရပေလိမ့်မည်။

## နလုံးကောင်းသော ဦးနု

တိုင်းပြည်ကို အုပ်ချုပ်၍ မင်းလုပ်မည့် ဝန်ကြီးချုပ်တယောက်သည် ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်ဖို့လိုအပ်၏။ ပြည်သူလူထု ချောင်ချိအောင်လုပ်ရမည့် မိမိ၏တာဝန်ကို ဆောင်ရွက်ရာတွင် အပြစ်ပေးထိုက်သည့် ရာဇဝတ်ကောင်ကို အပြစ်အားလျော်စွာ ဒဏ်ပေးတန်လျှင်ပေးရမည်။ သနားသည်၊ သို့မဟုတ် ငရဲကြောက်သည် ဆိုကာ ရှောင်လွှဲ၍မဖြစ်။ တိရစ္ဆာန်၏အသားကို စားနေကျဖြစ်သော လူမျိုးအား ငရဲမကြီးကြပါစေနှင့်ဆိုကာ သားသတ်ရုံများကို ပိတ်ပစ်၍ နည်းမကျ၊ မိမိမလုပ်ဝံ့လျှင်လည်း ရှောင်လွှဲ၍သာ ပေးသင့်သည်။ တိုင်းပြည်အတွက် ဆောင်ရွက်ရာတွင် ငရဲကြီးလိမ့်မည်ဟု ထင်စရာရှိသော အမှုများကိုလည်း ပြုတန်က ပြုရလိမ့်မည်။ (အလောင်းတော် တေမိမင်းသည် အပါယ်ငရဲသို့ ကျခဲ့ရသည်ဟု စာကဆိုသည်။) ကျွန်ုပ်အားဝန်ကြီးချုပ်တင်မြှောက်ကြလျှင် လုပ်မည်လောပြဟု မေးငြားအံ့။ ကျွန်ုပ် တန်ခိုးအာဏာကို မက်မောသော စိတ်မျိုးရှိ၍လက်ခံခဲ့လျှင် တာဝန်ကိုရှောင်လွှဲပြီး ငရဲကို ကြောက်လိမ့်မည်မဟုတ်၊ လုပ်သင့်သည်ကို လုပ်လိမ့်မည်သာဖြစ်၏။ တဘက်၌ စေတနာကောင်းနှင့် ပြည်သူ့အကျိုးအတွက်

လုပ်ရသည်ဟူသော 'ဖြေလုံး' ဖြင့်သာ မိမိကိုယ်ကိုဖြေယူပါလိမ့်မည်။ ဦးနု၏ အပြစ်ကား ကောက်ကျစ်စဉ်းလဲခြင်း၊ ညစ်ပတ် ယုတ်မာခြင်းမဟုတ်၊ လောက အကြောင်းနှင့်ဓမ္မကြောင်းကို ပိုင်းပိုင်းခြားခြားနားမလည် ရှာခြင်းပင်ဖြစ်သည်။ ဦးနု၏ကောင်းမွန်သော အချက်တခုကိုကျွန်ုပ်မြင်မိသည်မှာ သူသည် ဝေဿန္တရာ မင်းကြီးကဲ့သို့ တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရမည်မဟုတ်။ (အရမ်း ကြည်ညိုသူ များလည်း ရှိသည်။) သူ့သန္တာန်၌ ရှိနေသည့် ဖီလာသဘောတရားများ (Absurdities) ကြောင့် သူ့ဟာသူ စွန့်ခွာသွားရလိမ့်မည် ထင်သည်။ အချုပ်အား ဖြင့် ဖော်ပြရသော် ဦးနုသည် စိတ်နှလုံးကောင်းနှင့် စေတနာကောင်းရှိသော်လည်း နားလည်မှု မပြည့်စုံရှာချေ။ ပညာဓိကမဟုတ်၊ သဒ္ဓါဓိကဖြစ်ပုံရသည်။

## သစ္စာနှစ်မျိုး

များစွာသောသူတို့က အမှန်တရားသည် နှစ်မျိုးမရှိနိုင်။ တမျိုးတည်း သာရှိ နိုင်သည်ဟု ပြောလေ့ရှိကြ၏။ ကျွန်ုပ်သည် လောကုတ္တရာနှင့် ပတ်သက်၍ အခြားနေရာများတွင် ရေးချင်သလောက် ရေးနိုင်သည်ဖြစ်သောကြောင့် ဤမှတ် တမ်းတွင် ဓမ္မရေးရာနှင့် ပတ်သက်၍ အကျယ်တဝင့်ရေးသားရန် ဆန္ဒလည်းမရှိ၊ သင့်လျော်သည်ဟူ၍လည်း မယူဆချေ။ သို့ရာတွင်သစ္စာနှစ်မျိုးရှိခြင်းကို နားလည် ဖို့မှာ လောကီသားများ အတွက်လည်းလိုအပ်သည် ထင်သောကြောင့် ဤ အကြောင်းကို အနည်းငယ် ရှင်းပြပါဦးမည်။ လောကုတ္တရာရေးရာ၌ သမုတိသစ္စာ၊ ပရမတ္ထသစ္စာဟူ၍ နှစ်မျိုးရှိသကဲ့သို့ လောက၏ကျင့်စဉ်များတွင်လည်း ပုဂ္ဂလိက အနေဖြင့် ကျင့်စဉ်တမျိုး၊ အုပ်စုအနေဖြင့် (Society) ကျင့်စဉ်တမျိုး ရှိရပေသည်။ ရှင်းရှင်းပြတ်ပြတ် စဉ်းစား တတ်သောဉာဏ်မရှိခဲ့လျှင် ဓမ္မကွန်ကြောင်းဖြစ်သော သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ ကိစ္စတွင် ရောထွေးခြင်း ရှိတတ်သကဲ့သို့ပုဂ္ဂလိက ကိုယ်ကျင့်တရားနှင့် အုပ်စုကိုယ် ကျင့်တရားကိုလည်း မရှင်းမလင်း ဖြစ်တတ်

လေသည်။ ပထမတွဲတွင် အချို့လူများက သမုတိသစ္စာထက် ပရမတ္ထသစ္စာသည်သာလျှင် မှန်ကန်သည်ဟုဆိုကာ သူမရှိ၊ ငါမရှိ၊ ပုဂ္ဂိုလ်သတ္တဝါမရှိဟု ပြောပြီးလျှင် လုပ်ချင်ရာ လုပ်သည်အထိ ပရမ်းပတာ ဖြစ်သွားသူ များလည်း ကြုံဘူးသည်။ စင်စစ်မှာ ဤသစ္စာနှစ်မျိုးအနက် သမုတိသစ္စာထက် ပရမတ္ထသစ္စာက နက်နဲ၍ အမြင်ခက်သည် မှန်သော်လည်း သူ့နေရာနှင့်သူ မှန်ကန်ခြင်းကိုလည်း နားလည်ဖို့ အရေးကြီးပေသည်။ သို့မဟုတ်ခဲ့လျှင် ယထာဘူတကျသောအမြင် မျိုး မရရှိပဲ လွဲလွဲချော်ချော် ဖြစ်ကုန်တတ်ပေသည်။

## ကျွန်ုပ်သာ မင်းဖြစ်ရလျှင်

တဖန်ပုဂ္ဂလိကကျင့်စဉ်နှင့် အုပ်စုကျင့်စဉ်များ၌လည်း အလားတူ ပိုင်းခြားနားလည်ဖို့ အရေးကြီးလေသည်။ ပုဂ္ဂလိကကျင့်စဉ်အရ လူတဘက်သားကိုသနားကြင်နာ ခြင်း၊ ကူညီစောင်မခြင်းသည်ကောင်း၏။ မြတ်၏။ ချီးမွမ်းထိုက်၏။ သို့ရာတွင် လူတယောက်သည် အကျဉ်းသမားတယောက်ကို သနားသည်ဆို၍ ထောင်ထဲမှ ထွက်ပြေးဖို့ ကူညီသည်ဖြစ်စေ၊ မင်းတပါးသည် အကျဉ်းသမားကို သနားသည်ဆို၍ ခဏခဏ ထောင်ဖွင့်ပြီး လွှတ်ပေးသည်ဖြစ်စေ အုပ်စုကျင့်ဝတ်ကို ဖောက်ဖျက်ရာ ရောက်ပေလိမ့်မည်။ (ကုသိုလ်ရသည်ထင်၍ လွှတ်ပစ်ခြင်းဖြစ်ပါမူ သာ၍ဆိုးသေး၏။ နာမည်ကောင်း လိုချင်၍ လုပ်လျှင်လည်း အလားတူပင်။) ဟိန္ဒူဝါဒ၊ သို့မဟုတ် ဒေဝဒတ်ဝါဒကိုကြိုက်၍ သက်သက်လွတ်စားလိုလျှင် ပုဂ္ဂလိကအနေဖြင့် လုပ်နိုင်ခွင့် ရှိ၏။ သို့ရာတွင်မင်းတပါးသည် တိရစ္ဆာန်များကို သနားသည်၊ သို့မဟုတ် လူတွေကို လည်း ငရဲမကြီးစေနှင့်ဆိုကာ သားသတ်ရုံတွေကိုပိတ်၊ အင်းတွေကိုပိတ်၊ ပိုက်ကွန်တွေ ကိုသိမ်း၊ ပိုက်ကွန်ယက်သူတွေကိုဖမ်း စသည်ဖြင့် သက်သက်စားစရာ မပေါ်နိုင်အောင် အာဏာနှင့် ပြုလုပ်မည်ဆိုပါမူကား ထိုမင်းသည် 'အုပ်စုကျင့်စဉ်' ကို ဖောက်ဖျက်ရာကျ

ပေလိမ့်မည်။ သူတပါး၏ လယ်မြေကို လုယူခြင်းသည် ပုဂ္ဂလိကကျင့် စဉ် အနေဖြင့် မှားသည်ဟုဆိုရပေမည်ဟု ယုံကြည်ခဲ့လျှင် ထိုကဲ့သို့ဖြစ်အောင်စီမံ ခြင်းသည် အုပ်စုကျင့်စဉ်အရ လမ်းမှန်သည်ဟု ဆိုရပေလိမ့်မည်။ ကျွန်ုပ်အဖို့မှာ တန်းခိုးအာဏာကို မက်မောသူတယောက် မဟုတ်သည့်အတွက်ကြောင့် လယ်မြေ တွေ ကိုသိမ်းယူရမည့် မင်းအဖြစ်ကို မလိုချင်ပဲရှိရသည်။ ငရဲကြီးမည်ကို ကြောက်လှသော ကြောင့် မဟုတ်ချေ။ အကယ်၍ တန်ခိုးအာဏာကို မက်မောပြီး မင်းလုပ်မိပါမူကား ငရဲကို ကြောက်လိမ့်မည်မဟုတ်၊ ခံစရာရှိလျှင်လည်းခံမည်၊ ဝတ္တရားကိုတော့ ရှောင်တိမ်းလိမ့်မည်မဟုတ်ချေ။ သက်ထိုက်သူများကိုလည်း သတ်ဖို့အမိန့်ပေးလိမ့် မည်သာဖြစ်သည်။ ပုဂ္ဂလိကကျင့်စဉ်နှင့် အုပ်စုကျင့်စဉ် ကိုလည်း ပိုင်းခြား၍နားမလည်၊ တန်ခိုးအာဏာကိုလည်းမက်လိုက်သေး၊ သနား တတ်သည်ဆိုသော နာမည်ကောင်း ကလေးလည်း ယူလိုက်ချင်သေးဆိုပါလျှင် အကြင်သူသည် မင်းအဖြစ် (သို့မဟုတ် ဝန်ကြီးချုပ်အဖြစ်) နှင့် မလျော်ကန်ဟု ကျွန်ုပ်နားလည်သည်။ မည်မျှလောက်စိတ်နှလုံး ကောင်းသော ပုဂ္ဂိုလ်တယောက်ပင် ဖြစ်စေကာမူ ဝန်ကြီးချုပ်ဖြစ်သည့်အခါ တိုင်းပြည်ချောင်ချိအောင် စီမံရမည့် မိမိ၏တာဝန်ကို ရှောင်တိမ်းခဲ့လျှင် သူ့ကိုယ်တိုင်လည်း ဆန့်ကျင်ဘက် သဘာဝများ (Contradictions) နှင့်တွေ့ရ၍ ပြည်သူလူထု မှာလည်း စီးပွားရေး အကျပ်အတည်းများနှင့်တွေ့ရမည် ဖြစ်သောကြောင့် နောက်ဆုံး တနေ့တွင် သူ့ဘာသူ စိတ်ညစ်ပြီး တိမ်းရှောင်ထွက်ပြေးရမည်ဖြစ်သည်။

## သာဓကတခု

မြန်မာပြည်၌ လယ်များကို နွားများဖြင့် ထွန်ယက်ကြရသောကြောင့် နွား များ မလုံမလောက်ဖြစ်မည်စိုး၍ (စစ်တပ်မှတပါး) နွားသတ်ရုံများ ပိတ်ထားခြင်း ကို ရှိပါစေဦးတော့။ အိန္ဒိယပြည်မှ ရှေးတခေတ်လုံး တင်သွင်းခဲ့သည့် ဆတ်သား

ခြောက် (အမဲခြောက်) များတင်သွင်းခြင်းကို ပိတ်ပင်ထားလိုက်သည်မှာ နားမလည်နိုင်အောင်ရှိတော့သည်။ ကျွန်ုပ်ကိုယ်တိုင် တောင်သူအဆက်အနွယ်ဖြစ်၍ တောင်သူလယ်သမားများနှင့် လက်ပွန်းတတီး နေထိုင်ခဲ့ဘူးသဖြင့် တောင်သူလယ်သမားများ၏ စားပုံ သောက်ပုံနေပုံထိုင်ပုံ အကြောင်းကောင်းကောင်းကြီးသိသူတယောက်ဖြစ်သည့်အတိုင်း ပွင့်လင်းစွာရေးသားရမည်ဟု ဆိုပါလျှင် ၎င်းတို့အကြိုက်ဆုံးဖြစ်၍ ဈေးအပေါဆုံးလည်းဖြစ်သော ဟင်းလျာမှာ 'အမဲခြောက်' ပင်ဖြစ်သည်။ ဝက်သား၊ ကြက်သား၊ ဘဲသား၊ ငါးကျင်းသားသည် ဝန်ကြီး၊ ဝန်ကလေး၊ စာရေးစာချီကုန်သည်ပွဲစားတို့အတွက် ထမင်းကိုလည်ချောင်းထဲမှ တွန်းချသည့် ဟင်းလျာကောင်းလေးများဖြစ်သကဲ့သို့ အမဲခြောက်သည်လည်း တောင်သူလယ်သမားနှင့်ဆင်းရဲသား အလုပ်သမားများအတွက် ထမင်းကို လည်ချောင်းထဲမှ အောက်သို့တွန်းချပေးသည့် ဟင်းလျာကောင်းတခွက်ဖြစ်သည်။ လူသတ္တဝါသည် ဆင်းရဲချမ်းသာမရွေး ဟင်းကောင်းကလေးတခွက်မပါလျှင် ထမင်းလုပ်ကို လည်ချောင်းထဲမှ အောက်သို့ဆင်းအောင် မျိုမချနိုင်သဖြင့် ဆန့်ငင်ဆန့်ငင် ဖြစ်နေတတ်သည်ဖြစ်ရာ အထက်တန်း နှင့် လူလတ်တန်းများက ထမင်းလုပ်ကို ကြက်သား၊ ဝက်သား၊ ငါးကြင်းသားဖြင့် တွန်းချသည့်နည်းတူ၊ တောင်သူများနှင့် အလုပ်သမား ဆင်းရဲသားတို့မှာလည်း အမဲခြောက်ကို 'ဒရိုင်ဘာ'အဖြစ်နှင့် အသုံးပြု၍ ထမင်းလုပ်ကို လည်ချောင်းအောက် သို့ကျအောင် မောင်းချကြရလေသည်။ ဈေးပေါ၍ သူတို့လည်းကြိုက်သော အမဲခြောက်ကိုပင် ပိတ်ပင်ထားလိုက်ရာတွင် ခမျာများမှာ ထမင်းလုပ်ကို 'ဒရိုင်ဘာ' မပါပဲ မောင်းချရန် မဖြစ်နိုင်သည့်အတွက်ကြောင့် ငါးသေး၊ ငါးနုပ်၊ ငါးခြောက်ရိုး၊ ကြက်ရိုးကလေးများကို မမိုမကမ်းနှင့် ဝယ်ယူစားသောက်ရသဖြင့် ပိုက်ဆံလည်း အပိုကုန်၊ ကျေနပ်မှုလည်း မရရှာကြချေ။ ကျွန်ုပ်သည် ဤအကြောင်းကို စိတ်ကူးဖြင့် ရေးသည်မဟုတ်၊ ဆင်းရဲသား လူတန်းစားများ အကြောင်းကို ကောင်းကောင်းကြီးသိ၍ ရေးခြင်းဖြစ်သည်။ အမဲခြောက်သည် ဆင်းရဲသားများ

အဖို့၌ 'ဒရိုင်ဘာ'ကောင်းကြီးဖြစ် ၏။ ဖုတ်လိုဖုတ်၊ ချက်လိုချက်၊ ထောင်းပြီး ငရုတ်သီးနှင့် ကြော်လိုကြော်၊ အလုပ်သမား၊ လယ်သမားတို့အကြိုက်ဆုံးသော ဟင်းလျာတခွက်ဖြစ်၏။ ဤမျှလောက် လူများစုက နှစ်သက်သဘောကျသည့် အာဟာရတခုကို မြန်မာအစိုးရ က နိုင်ငံခြားမှမသွင်းရဟု ပိတ်ပင်ထားခြင်းမှာ ကျွန်ုပ်အဖို့၌ လုံလောက်သော အကြောင်းပြချက် ရှာမရအောင်ရှိပါဘိသည်။

## ဤသို့ဖြစ်လောသလော

အမဲခြောက်ကို နိုင်ငံခြားမှ သွင်းခွင့်ပြုခဲ့လျှင် နိုင်ငံခြား၌ နွားများသေရလိမ့်မည်။ မြန်မာပြည်၌အလုပ်သမား၊ လယ်သမား ဆင်းရဲသားတွေ ကျပ်တည်းခြင်း၊ အစားအသောက်ဈေးနှုန်း ကြီးမြင့်ခြင်းအရေးထက်နိုင်ငံခြား၌ (မည်သည့်တိုင်းပြည်တွင်ဖြစ်စေ) နွားသတ္တဝါတွေ သေရသည့်အရေးက ပိုမိုကြီးကျယ်သည်ဟု ယူဆကြသလော။ သို့ဆိုလျှင် နွားသတ္တဝါ၏ အသက်သည် အခြားသတ္တဝါများ၏ အသက်ထက်လည်းကောင်း၊ မြန်မာတိုင်းသူပြည်သားတို့၏ စီးပွားရေးကျပ်တည်းမှု ထည်လည်းကောင်း ပိုမိုဂရုစိုက်သင့်သည်ဟု ဆိုလိုပါသလော။ နွား၏အသက်သည် အခြားသတ္တဝါများ၏ အသက်ထက် အရေးကြီးသည်ဟု ဗုဒ္ဓဘာသာကျမ်းစာတစောင် တဖွဲ့က ညွှန်ကြားခြင်းရှိပါသလော။ ကျွန်ုပ်၏အယူအဆကို တင်ပြရလျှင် နွားသားကို ရှောင်၍နွားကောင်ကို အထူးအလေးဂရုပြုခြင်းသည် ဟိန္ဒူဘာသာမှစိမ့်ဝင်လာသည့် အယူဝါဒတခုဖြစ်၍ ကောင်းမြတ်သယောင်ယောင်နှင့် ဗုဒ္ဓဝါဒကို တွန်းဖယ်ထုတ်သည့် အရိပ်နမိတ်တခု ဖြစ်သည်၊ အစားအသောက်ဈေးနှုန်းကြီးခြင်းကြောင့် လူတွေကျပ်တည်းမှုထက် နွား၏အသက်က (နိုင်ငံခြားမှနွားပင်ဖြစ်စေ) ပိုမိုဂရုပြုသင့် သည်ဆိုသော အယူအဆသည် ဟိန္ဒူဝါဒအယူအဆသက်သက်ဖြစ်၍ တိုင်းသူပြည် သား ချောင်ချိအောင်ပြုစွမ်းနိုင်သည့် အစိုးရတခု၏ မှန်ကန်သော နိုင်ငံရေးအမြင်တခု မဟုတ်ချေ။

## ဒေဝဒတ်ဝါဒ

နွားသားမစားခြင်းသည် ဟိန္ဒူဝါဒဖြစ်သည်ဟူ၍လည်းကောင်း၊ သက်သက်ရှောင်ခြင်းသည် 'ဒေဝဒတ်ဝါဒ' ဖြစ်သည်ဟူ၍လည်းကောင်း ရေးသားဖော်ပြခဲ့ရာ နွားသားအကြောင်းကို ရေးခဲ့ပြီး၍ သက်သက်ရှောင်ခြင်း၏ ဒေဝဒတ်ဝါဒဖြစ်ပုံကို ရှင်းပြရပေဦးမည်။ ဗုဒ္ဓလက်ထက်တော်၌ ယောက်ဖတော်ဒေဝဒတ်သည် အကြံကောင်း တခုရသည်အထင်နှင့် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးလျှင် ရဟန်းတော်များ ကျင့်သုံးလိုက်နာရန် အတွက်ဆိုကာ ဝိနည်းပညတ်ချက် ငါးချက်ကို အကြံပေးလျှောက် ထား၏။ ထိုငါးချက်မှာ–

၁။ ရဟန်းများသည် မြို့ကျောင်း၌မနေပဲ တောကျောင်းများ၌သာ သီတင်းသုံး ကြရန်။

၂။ လူများပို့သော ဆွမ်းကိုဘုဉ်းမပေးပဲ၊ ဆွမ်းကျွေးများလည်းမလိုက်ပဲ ဆွမ်းခံ၍သာ စားရန်။

၃။ သစ်တပင်၊ သို့မဟုတ် ဝါးတပင်အောက်၌သာ နေကြရန်။

၄။ သက်သက်လွတ် စားကြရန် ဖြစ်လေသည်။

မြတ်စွာဘုရားသည် ဒေဝဒတ်၏ အကြံပေးချက်ငါးခုလုံးကို တခုမျှ လက်မခံပဲ ငါးခုလုံးကို ပယ်ချတော်မူခဲ့ရာ သက်သက်လွတ်စားခြင်းနှင့် ပတ်သက်၍ 'ကြားသား၊ မြင်သား၊ ရည်သား'ဟု ဆိုအပ်သော 'အစွန်းသုံးပါး'လွတ်ခဲ့လျှင် ဘုဉ်းပေးနိုင်သည်ဟု မိန့်တော်မူလေသည်။ ဒေဝဒတ်၏ အကြံပေးချက် ငါးချက်မှာ သူတော်ကောင်းဟု အထင်ခံချင်သည့် 'လူပြိန်း'များ ကြိုက်ချင်စဖွယ် ဖြစ်ပေရကား အနီးရှိ ရဟန်းအချို့ သည် ဒေဝဒတ်၏ မွန်မြတ်သော အကြံပေးချက်ကို ဗုဒ္ဓကလက်မခံကောင်းလေလော ဟု သဘောမကျဖြစ်ကြ၍ ဗုဒ္ဓထက်ပင် ဒေဝဒတ်က ကိုယ်ကျင့်တရားအရာတွင် သာသေးသည်ဟု ထင်မှတ်ကြသည့်လက္ခဏာနှင့် ဗုဒ္ဓကိုယ်တော်မြတ်ကို စွန့်ပြီး ဒေဝဒတ်နောက်သို့

ကောက်ကောက်ပါအောင် လိုက်သွားကြသည်ဟုဆိုလေသည်။ ဤအထက်၌လည်း အသားရှောင်ခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓ၏ 'အစွန်းသုံးပါး'ဟော ပြောချက်ကို မကျေနပ်(မလုံလောက်)ဟု မှတ်ယူကြသည့် လက္ခဏာနှင့် ဒေဝဒတ်၏ 'ဥာဏ်ကွန့်ခြင်း'ကို လက်ခံသဘောကျပြီး သက်သတ်လွတ်စားကြသော လူများသည် ရှင်ဒေဝဒတ်၏ တပည့်အဆက်အနွယ်များ ဖြစ်ကြဟန်တူသည် ဟူ၍သာ ဆိုရန်ရှိပေတော့သည်။

## သံသယဖြစ်တတ်ကြသောကိစ္စတခု

တရားသူကြီးတယောက်သည် လူသတ်မှုထင်ရှားသော တရားခံတယောက် သေစားသေစေဟု အမိန့်ပေးသည့်အခါ ထိုတရားသူကြီး၌ ငရဲကြီးသည်ဟု ယူဆသူ များရှိကြ၏။ ဤအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓ၏သားတော်ကြီးဖြစ်သော ရှင်သာရိ ပုတ္တရာနှင့် 'အာဏာသား'(လူသတ်သမား)တယောက်၏ အဖြစ်အပျက်မှာ အထောက် အထားအနေဖြင့် စဉ်းစားထိုက်လှပေသည်။ တနေ့သ၌ ရှင်သာရိ ပုတ္တရာ၏ တရားပွဲ တခုတွင် 'အာဏာသား' (ရာဇဝတ်ကောင်များကို သတ်ရသူ) တယောက်သည် ရှင်သာရိပုတ္တရာဟောပြောသည့်တရားကို မနာနိုင်ပဲ ငိုင်လျက် ရှိ၏။ ထိုအခြင်းအရာ ကို ရှင်သာရိပုတ္တရာ မြင်တော်မူ၍ အာဏာသားအား မေးတော်မူရာ ထိုသူက "မိမိမှာ အာဏာသားတယောက် အနေဖြင့် ရာဇဝတ်ကောင် အမြောက်အမြားကို သတ်ခဲ့ဘူးသောကြောင့် ကောင်းစွာတရားမနာနိုင်ပဲ မိမိ၏ မကောင်းမှုပြုမိခြင်းများအတွက် တွေးတောပူပန်လျက်ရှိပါသည်" ဟု လျှောက်ထား ၏။ ထိုအခါရှင်သာရိပုတ္တရာက "ရာဇဝတ်ကောင်များကို သတ်ရခြင်းသည်သင်၏ သဘောအလျောက် သတ်ခြင်းလော"ဟု မေးတော်မူရာ အာဏာသားက မင်းမိန့်အရသတ်ရခြင်းဖြစ် ကြောင်းလျှောက်ထား၏။ ဤတွင်ရှင်သာရိပုတ္တရာက "သို့ဖြစ်လျှင် သင်၌ဘာပူစရာရှိ သနည်း"ဟုမေးတော်မူ၏။ ထိုအချိန်မှစ၍

အာဏာသားသည် ရှင်သာရိပုတ္တရာ ဟောတော်မူသည့် တရားတော်ကို ကောင်းစွာနာကြားနိုင်သည်ဖြစ်၍ သောတာပန်တည်သည်ဟု စာဆိုရှိလေသည်။ ကျွန်ုပ်၏အယူအဆမှာကား အာဏာသားသည် ရာဇဝတ်ကောင်များကို ပုဂ္ဂလိက သဘောအရ သတ်ခြင်းမဟုတ်၊ 'အုပ်စုစည်းကမ်း' အရ သတ်ရခြင်းဖြစ်သော ကြောင့် အပြစ်မရှိဟုဆိုချင်သည်။ ထိုနည်းတူစွာ တရားခံကို ကြိုးမိန့်ပေးရသော တရားသူကြီးများမှာလည်း 'အုပ်စုစည်းကမ်း'အရ ဝတ္တရားကို ဆောင်ရွက်ရခြင်း ဖြစ်သည့်အတွက်ကြောင့် အပြစ်မရှိဟု ယုံကြည်သည်။ သို့ရာတွင် အခြား တဘက်၌လည်း တရားသူကြီးတယောက်သည် လူသတ်မှုတရားခံတယောက် အား အပြစ်ကျူးလွန်ကြောင်း မိမိသိရှိပါလျက် ငွေစားပြီး လွှတ်ပစ်ခဲ့သော် သူ၏ အသက်ကို ကယ်သည်ဆို၍ ကုသိုလ်မရထိုက်သည့်ပြင် အဂတိလိုက်စားခြင်း အတွက် အပြစ်ရှိသည်ဟု ကျွန်ုပ်ယုံကြည်သည်။ လိုရင်းအချုပ်၌ မင်းစိုးရာဇာ များနှင့် မင်းမှုထမ်းများအဖို့မှာ ဥပဒေစည်းကမ်းအတိုင်း ရိုးသားစွာ ဆောင်ရွက်ခဲ့ လျှင် (အုပ်စု ကျင့်စဉ်အရ) ဝတ္တရားအတိုင်းဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ကြောင့် အပြစ်မရှိနိုင်။ (အပြစ်ရှိသည်ဆိုလျှင်လည်း မဆိုစလောက်ကလေးမျှသာ ရှိသင့်သည်။) အဂတိလိုက် စားမှုသည်သာလျှင် သာ၍အပြစ်ကြီးသည်ဟု ရဲရဲကြီးယုံကြည်လျက်ရှိသည်။ (ဤအကြောင်းအရာများမှာ စိတ်သဘာဝအ ကြောင်းကို နှစ်ပေါင်းများစွာလေ့လာ သုံးသပ်ခဲ့ပြီးသည့် ကျွန်ုပ်၏အယူအဆကို တင်ပြခြင်းမျှသာ ဖြစ်ပါသည်။)

## မကွယ်ပျောက်နိုင်သောစာပေ

အနောက်တိုင်းပြည်များ၌ စာရေးဆရာများ၊ ပန်းချီဆရာများမှစ၍ များစွာသော အနုပညာသည်များသည်မိမိတို့ ကွယ်လွန်သွားသော်လည်း မိမိတို့၏ 'လက်ရာ'များ သည်မကွယ်မပျောက်ပဲ အမြဲထာဝစဉ်တည်နေရစ်စေဖို့ဆိုသည့်

Immortality ရည်မှန်းချက်ကြီးထားတတ်ကြသည်ဟု ဖတ်ရဘူး၏။ ဤသို့သော ရည်မှန်းချက်မျိုးမှာ လူကြိုက်များ၍ အလွန်နာမည်ကြီးသည့် ပညာသည် အနည်းငယ်တို့သာ ထားရှိဝံ့ခြင်း ဖြစ်၏။ စာရေးဆရာဖြစ်ခါစ၌ ကျွန်ုပ်သည် အဆိုပါ ရည်မှန်းချက်အကြောင်းကို ကြားရဘူးသော်လည်း မိမိကိုယ်တိုင်မူကား ထိုသို့သော ရည်မှန်းချက်မျိုးထားနိုင် လောက်သည့် အခြေမျိုးသို့ ဘယ်သော အခါမှ ရောက်လိမ့်မည်ဟု အိမ်မက်မမက်ဝံ့ခဲ့ဘူးပါ။ အသက်အရွယ်ကြီးရင့်လာ၍ တရားဓမ္မကို အားထုတ်လာသော အခါ၌မူကား မကွယ်ပျောက်နိုင်သော စာပေမျိုးရေးခဲ့နိုင်ခြင်းအတွက် ဂုဏ်ယူခြင်းသည် ရေးသူအဖို့ လုံးဝအဓိပ္ပာယ်မရှိ၊ လူအများကို အကျိုးပြုမည်ထင်သည့် စာပေမျိုးရေးခဲ့နိုင်လျှင် နောင်လာနောင်သား များအဖို့ ကျေးဇူးရှိစေနိုင်လိမ့်မည်ဖြစ်သောကြောင့် သူတို့၏ အကျိုးရှိစေမှုအတွက် မိမိ၏စာပေ တည်နေရစ်စေလိုသော ဆန္ဒရှိမိခြင်းကိုမူကား ဝန်ခံရပေမည်။ ဆိုလိုခြင်းမှာ မိမိဂုဏ်ယူလို၍ တည်နေရစ်စေ လိုခြင်းမဟုတ်၊ နောင်လာ နောင်သားများ၏ အကျိုးအတွက် တည်နေရစ်စေလိုသည့် စေတနာမျှ သာဖြစ်ပါသည်။ ကျွန်ုပ်ရေးခဲ့သမျှသော စာပေများအနက် ကြာရှည်လေး မြင့် တည်နေလိမ့်မည်ပြာဟု မျှော်လင့်မိသည့် စာပေသည်ကား ဤမှတ်တမ်းမဟုတ်၊ လောကုတ္တရာရေးဆိုင်ရာ ဒိဋ္ဌေဒိဋ္ဌမတ္တံ အစရှိသော ဘာသာရေးစာပေများဖြစ်ပါ သည်။

## အတွေးနှင့်'စာရေးကောင်း'

မိမိ၏လက်ရာများ ရာသက်ပန်တည်စေဖို့ မျှော်လင့်သူများ၏ 'ဂုဏ်ယူခြင်း' များသည် လုံးဝအဓိပ္ပာယ်မရှိဟု ဆိုခဲ့ခြင်းမှာ ဤသို့သောအကြောင်းကြောင့် ဖြစ်၏။ စာရေးဆရာများ သို့မဟုတ် အနုပညာသည်များသည် မိမိတို့၏ လက်ရာများ ရာသက်ပန် တည်နေရစ်ဖို့ မျှော်လင့်ချက်ထားကြခြင်းမှာ စိတ်ကူး

ယဉ်မှုသက်သက်ဖြစ် ၍ အဆိုပါစိတ်ကူးယဉ်မှုအပေါ်တွင် အခြေတည်ပြီးစိတ်ထဲ၌ ဂုဏ်ယူခြင်းဖြစ်တန်ရာ ၏။ ပညာသည်တရာအနက်တွင်မှ တယောက်တလေမျှသာ ဖြစ်နိုင်ပေရာ ကြွင်းကျန် ရစ်သော ၉၉ယောက်တို့၏ လက်ရာများမှာ မကြာမီ တိမ်မြုပ်ကွယ်ပျောက်ခြင်းသို့ ရောက်ကြရသည် ဖြစ်သောကြောင့် အတွေးနှင့် ဂုဏ်ယူမိကြခြင်းမျှသာဖြစ်ပေလိမ့်မည်။ မျှော်လင့်ချက်မကိုက်သော ပညာသည် များကို ထားပါဦး၊ လက်ရာများ တကယ်တည်နေပြီး နာမည်ကြီး တလုံးကျန် နေသည့်စာရေးဆရာနှင့် ပညာသည်များ အကြောင်းကို စဉ်းစားကြပါဦးစို့။ မြန်မာပြည်၌ ရှင်သီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ နဝဒေး၊ ဦးသြဘာသ၊ ဦးပုညအစရှိသော ပုဂ္ဂိုလ်များ အင်္ဂလန်ပြည်၌ ရှိတ်စပီးယား၊ မီလ်တန်၊ ဒစ်ကင်းစသော ပုဂ္ဂိုလ်များ၊ ရုရှားပြည်၌ တော်လ်စတွိုင်၊ ချီးကော့ဖ်စသော ပုဂ္ဂိုလ်များ၊ ပြင်သစ်ပြည်၌ ဗော်လ်တဲယား၊ ဒူးမာ့စ်စသော ပုဂ္ဂိုလ်များ၏ လက်ရာများနှင့် ၎င်းတို့၏အမည်များသည် ယနေ့တိုင်တည်လျက်ရှိကြ၍ နောင် တွင်လည်း ကမ္ဘာချင့်အောင် တည်နေကြလိမ့်မည်ဆိုကြပါစို့။ ထိုသူတို့သည် ယခုအချိန်၌ မည်သည့်ဘဝကို ရောက်ရှိနေကြပါသနည်း။ ၎င်းတို့သည် လူ့ဘဝသို့ရောက်လျက်ရှိကြသည်ဆိုလျှင် မိမိတို့၏လက်ရာများ ကျန်နေရစ်ခြင်း အတွက် ပီတိသောမနဿ ဖြစ်နိုင်ခွင့်ရှိကြပါ၏လော။ ဖြစ်နေရာဘဝတွင် မိမိတို့၏ကျန်ရစ်သော လက်ရာများအတွက် မည်သည့်နည်းနှင့် ဂုဏ်ယူနိုင်ခွင့် ရှိကြပါသနည်း။ မိမိတို့၏လက်ရာများ တည်နေရစ် ခြင်းအတွက် မိမိတို့၏ အဆက်အနွယ်များ ဂုဏ်ယူရစ်နိုင်ကြလိမ့်မည်ဟု ကြိုတင်ပြီး စိတ်ကူးယဉ် နှင့်ကြသည်ဆိုပါလျှင်လည်း အနောက်တိုင်းသားများအတွက်မှာ ဟုတ်ကောင်း ဟုတ်ပေလိမ့်မည်။ ကျွန်ုပ်တို့မြန်မာလူမျိုးအတွက်မှာ အဓိပ္ပာယ်မရှိလှ ချေ။

## အဆက်အနွယ်များ ဂုဏ်ပြုခြင်း

ရှင်းဦးအံ့။ အင်္ဂလန်ပြည်တွင် ရိုတ်စပီးယား၏ အဆက်အနွယ်များ၊ ပြင်သစ်ပြည်တွင် ဗော်လ်တဲယား၏ အဆက်အနွယ်များ ကျန်ရှိနေသေးပါက ငါတို့၏ဘေး၊ ငါတို့၏ဘီ၊ ငါတို့၏ဘင်သည် ပြဇာတ်ရေးဆရာကြီး ရိုတ်စပီးယားဖြစ်သည်၊ ငါတို့၏ ဘီ၊ သို့မဟုတ် ဘင်သည် ဗော်လ်တဲယားဖြစ်သည် စသည်ဖြင့် ဂုဏ်ယူကြွားဝါနိုင်ခွင့် ရှိကြပေလိမ့်မည်။ ကျွန်ုပ်တို့ မြန်မာလူမျိုး အဖို့မှာကား မိမိတို့၏ အဆက်အနွယ်ကို သုံးဆင့်မျှလောက်ထက်ပို၍ အမှတ် အသားပြုနိုင်သူ ရှားပေလိမ့်မည်။ အဘယ့်ကြောင့် ဆိုသော် ရိုတ်စပီးယားက ရိုတ်စပီးယားကလေးမွေးသော်လည်း မြန်မာပြည်ထုံးစံမှာ ဦးဖေသိန်းက ဖေသိန်း ကလေးမွေးသည်မဟုတ်၊ ရွှေဒေါင်းကြီးက ရွှေဒေါင်းကလေး မွေးသည်မဟုတ်ပဲ သုံးလေးဆက်ဆိုလျှင် ဘိုးဘေးတို့၏အမည်များ ပျောက်ကွယ်သွား တတ်သော ကြောင့် ဖြစ်လေသည်။ ပမာဆိုသော် ကျွန်ုပ်ဖခင်၏ နမဝမ်းကွဲ တယောက်က လက်ဝဲသုန္ဒရအမတ်ကြီးသည် ကျွန်ုပ်တို့၏အဆက်အနွယ်ဖြစ်သည်ဟု ပြောဘူးရာ ကျွန်ုပ်ကဖခင်အား မေးကြည့်သောအခါ ဖခင်က လက်ဝဲသုန္ဒရနှင့် ဆက်သည် မဟုတ်၊ ဘိုးတော်ဘုရားလက်ထက်သုံးပါးမင်းကြီးဆိုသူနှင့်သာ အဆက်ရှိသည် ဟုပြော၏။ ကျွန်ုပ်သည် သူတို့မောင်နှမနှစ်ယောက်ကို တွေ့ဆိုင်ပေးသောအခါ တယောက်တမျိုး ပြောကြ၍ ငြင်းခုန်ကြ၏။ မည်သူ၏စကားကို အတည်ပြုရမည် မပြောတတ်နိုင်အောင် ရှိတော့သည်။ သို့ဖြစ်၍ မကြာသေးမီက လက်ဝဲသုန္ဒရ ၏မွေးဖွားရာ ဇာတိအကြောင်း နှင့် ပတ်သက်၍ မဂ္ဂဇင်းနှင့်သတင်းစာများတွင် အငြင်းအခုန်ဖြစ်ကြသည့်အခါ ကျွန်ုပ်သည် အဆက်အနွယ် ဖြစ်ပါသည်ဟုသာဓက တင်ပြနိုင်ခြင်းမရှိသည့်အတွက်ကြောင့် လက်ဝဲသုန္ဒရသည် ကျွန်ုပ်၏ အဆက် အနွယ်ဖြစ်ပါသည်ဟု ထုတ်ဖော်ရေးသားခြင်းမပြု ပဲဆိတ်ဆိတ်နေခဲ့ခြင်း ဖြစ်ပါသည်။ အကယ်၍ ကျွန်ုပ်တို့မြန်မာပြည်တွင်ဖခင်၏ အမည်ကိုဆက်ခံ

ရသောထုံးစံရှိခဲ့ပါမူ ကျွန်ုပ်သည် 'ဦးမြတ်စံ' တယောက်ဖြစ်၍ မဲဇာတောင်ခြေရတု အတွက် ဂုဏ်ယူမည်ဆိုက ယူနိုင်ခွင့်ရှိပေလိမ့်မည်။ ဆိုလိုခြင်းမှာ မိမိ၏လက်ရာများ တည်နေရစ်သည့်အတွက်ကြောင့် မိမိက ကြိတင်ဂုဏ်ယူခြင်းဟူ သည်မှာ အထူးသဖြင့် ကျွန်ုပ်တို့ မြန်မာပြည်သားတယောက်အဖို့ရာ၌ အဓိပ္ပာယ်မရှိ လှပေ။

## ကျွန်ုပ်၏ယုံကြည်ချက်

ကျွန်ုပ်၏လက်ရာအချို့ တည်နေရစ်ပါမူ မိမိအတွက် စိတ်ကူးယဉ်သဘောမျိုးနှင့် ကြိုတင်ဂုဏ်ယူခြင်းမရှိသော်လည်း နောင်လာနောင်သားများ၏ အကျိုးအတွက် ဝမ်းသာမိခြင်းကိုမူကား ဝန်ခံခဲ့ပြီးပါပြီ။ ကျွန်ုပ်၏ လောကုတ္တရာ ရေးဆိုင်ရာ စာပေများ မှာပျော်ပျော်နေချင်တတ်သည့် စာရေးဆရာတယောက်၏ လက်ရာမျှသာဖြစ်သည်ဟု ဤခေတ်လူများက (အထူးသဖြင့် လူကြီးပိုင်းက) နှာခေါင်းရှုံ့ချင်ကြမည်ဖြစ်သော် လည်းနောင်ခတ်များ၌မူ မည်သည့်ပုဂ္ဂိုလ်မျိုးက ရေးသည်ဖြစ်စေ သဘာဝတည်းဟူ သော စံချိန်ထိုးကြည့်၍ ကိုက်ညီသည်ဆိုလျှင် လက်ခံဖို့အသင့်ရှိ၍ လွတ်လပ်စွာ စဉ်းစားရဲသော လူငယ်လူလတ်များ ပေါ်ပေါက်လာလိမ့်မည်ဟု ယုံကြည်သည့် အတွက်ကြောင့် ကျွန်ုပ်၏လက်ရာများမှာ သမာဓိနှင့် သတိကိုလည်းကောင်း၊ သမထ အလုပ်နှင့် ဝိပဿနာ အလုပ်ကို လည်းကောင်း ပိုင်းပိုင်းခြားခြား နားလည်၍ သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း တင်ပြတတ်သော ပုဂ္ဂိုလ်မျိုး အလွန်ရှားပါး၍ ထွေးလုံးရစ်ပတ် ဖြစ်နေကြရရှာသည့် ယောဂီများသာ ပေါများလှသည့် ဤခေတ်မြန်မာပြည်တွင် (ကျွန်ုပ်ကိုယ်တိုင်က ထေရ်ကြီးဝါကြီး ဆရာတော်ကြီးတပါး မဟုတ်သည့်အတွက်ကြောင့်) ဟိုးလေး တကျော်ဖြစ်အောင် ခေတ်စားသည်ဟု မဆိုနိုင်စေကာမူ ဤခေတ်မျိုး၌ ဤမျှ လောက် လက်ခံကြခြင်းသည်ပင်လျှင် ပုဂ္ဂိုလ်စွဲကင်းရှင်း၍ လွတ်လပ်စွာ စဉ်းစား ဆင်ခြင်ဝံ့သော နောင်ခေတ်များသို့ ရောက်သောအခါ၌ မဂ်တရား ဖိုလ်တရား ကို

လိုလားသူများ ရှိနေကြသေးသမျှ ကာလပတ်လုံး နည်းနိဿယတခုအနေဖြင့် တည်နေရစ်လိမ့်မည်ဟု မျှော်လင့်ရုံသာမက ယုံကြည်လျက်ရှိပါသည်။ စာရေးဆရာ တယောက်ဖြစ်ရခြင်းအတွက် အထင်ကြီးခံရသယောင်ယောင်နှင့် အထင်သေးခံရ ဘူးပုံ အဖြစ်အပျက်တခုကို ဤနေရာ၌ ဖော်ပြလိုပါသေးသည်။

## ချီးမွမ်း၍ဝမ်းသာမိခြင်း

၁၉၆၂ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျွန်ုပ်သည် ရန်ကုန်မြို့၌ရှိနေစဉ် ယောဂီ ဦးတင်၏ခြံသို့ မိတ်ဆွေတယောက်နှင့် ရောက်သွား၏။ ၎င်းတို့ခြံထဲမှာ ဓမ္မာရုံကြီး တခုရှိ၍ အထက်တန်းအရာရှိ ပင်စင်စားများသည် တနင်္ဂနွေနှစ်ပတ်လျှင် တကြိမ် ကျ တွေ့ဆုံကြ၍ တရားဟောချင်သူက တနာရီမျှဟောခွင့်ရပြီး ကျန်သောအချိန် တွင် တရားဓမ္မဆွေးနွေးကြသော ထုံးစံရှိ၏။ ဆွေးနွေးပွဲအပြီး၌ လာရောက် သမျှသော ပရိသတ် ၂၀ကျော်တို့အား ယောဂီဦးတင်က အလွန်ကောင်းမွန်စွာ ချက်ပြုတ်စီမံ ထားသည့် ထမင်းဟင်းများကို အလွန်သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားသည့်စားပွဲ ရှည်ကြီးပေါ်တွင် ကျွေးမွေးပေသည်။ (ချက်ပြုတ်ပုံ၊ ဟင်းခွက်များ စုံလင်ပုံနှင့် ပြင်ဆင်ထားပုံတို့ကို မြင်ရခြင်းအားဖြင့် အလှူရှင် ယောဂီဦးတင်၏ စေတနာ ထက်သန်ခြင်းကို ကျွန်ုပ်အကဲခတ်နိုင်ပါသည်။) လာရောက်ကြသည့် ပရိသတ်များ အနက် အချို့မှာ ကျွန်ုပ်၏ဒိဋ္ဌေဒိဋ္ဌမတ္တ စာအုပ်ကိုဖတ်ဘူးထားကြသည်ဖြစ်၍ တရားဟောဖို့ တိုက်တွန်းကြ၏။ ကျွန်ုပ်ကား တရားတောက်လျှောက် မဟောတတ်ပဲ ဒိဋ္ဌေဒိဋ္ဌမတ္တစာအုပ်၌ ပါရှိသော အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးမေး မြန်းခြင်း ပြုလုပ်ကြပါလျှင် ဖြေဆိုပါမည်။ ထိုစာအုပ်မှအပ အခြားသော အကြောင်း အရာများကို မေးမြန်း ကြပါမူကား ကျွန်ုပ်ဖြေဆိုလောက်အောင် မတတ်ကျွမ်းပါဟူ၍ အတိအလင်း ဖော်ထုတ်ဝန်ခံရပါသည်။ လာရောက်ကြသော ဧည့်သည်များအနက် အထက်တန်း

အရာရှိကြီး တယောက်ကမူ ကျွန်ုပ်အနီးသို့ ချဉ်းကပ်၍ ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌ မတွဲ့စာအုပ်၌ အရေးအသားရှင်းလင်းပြတ်သားပုံကို လှိုက်လှဲဝမ်းမြောက်စွာ ချီးကျူးပါပေသည်။ ကျွန်ုပ်မှာ ကျွန်ုပ်ရေးခဲ့ဘူးသည့် စာအုပ်များနှင့် ပတ်သက်၍ ရံဖန်ရံခါ ချီးကျူးစကားပြောခြင်းများကို ကြုံရဘူးပါ၏။ စုံထောက်ဝတ္ထုများ၊ စွန့်စားခန်းများ၊ အလွမ်းအဆွေးများပါသည့် ဝတ္ထုများနှင့် ပတ်သက်၍ချီးမွမ်းခြင်းများကို ကြားရသည့်အခါ ၎င်းစာအုပ်များမှာ များသောအားဖြင့် 'မှီး'သော ဝတ္ထုများဖြစ်၍ မှီးပုံမှီးနည်းကောင်းလျှင်သာ ကောင်းမည်၊ ကိုယ်ပိုင်စိတ်ကူး မဟုတ်ခြင်းကို ကိုယ့်ဟာ ကိုယ်သိသည်ဖြစ်သောကြောင့် ချီးမွမ်းစကား ပြောခြင်းအတွက် ဝမ်းမြောက်လှအောင် မရှိသဖြင့် ပြောသင့်သူများကိုမူ မှီးသောဝတ္ထုများ ဖြစ်ပါသည်ဆိုကာ မူလဝတ္ထုအမည်နှင့်တကွ ဖွင့်ဟ၍ပြောလေ့ရှိပါသည်။ အထက်တန်းအရာရှိကြီးတယောက်က (မင်းကြီးဖြစ်သည်။) ဒိဋ္ဌေဒိဋ္ဌမတွဲ့ စာအုပ်အကြောင်းကို အချို့လူများ ကြားလောက် အောင်ချီးမွမ်းပြောဆိုသော အခါ၌မူကား အဖိုးတန်လှသည် ဆိုကြသည့် လောကုတ္တရာရေးရာ ဖြစ်သည့်ပြင် မှီးခြင်း၊ သို့မဟုတ် ခိုးချခြင်းမဟုတ်ပဲ မိမိအားထုတ်၍ တွေ့မြင်ရသည့်အတိုင်း စာဖတ်သူများ နားလည်အောင်ကြိုးကြိုးစားစား ရေးသားထားခြင်း ဖြစ်သည့်အတွက်ကြောင့် ထိုစာအုပ်အကြောင်းကို လှိုက်လှဲစွာ ချီးကျူးပြောဆိုခြင်းကို ကြားရသည့်အခါ ဘယ်တုန်းကနှင့်မျှ မတူအောင် ပီတိသော မနသဖြစ်မိပါသည်။ ကျွန်ုပ်၏မျက်စိထဲ၌အနည်းငယ် ညိုမည်းသော ၎င်းအရာရှိကြီး ၏ အသားသည် အညိုရောင်ပျောက်၍ ရွှေရောင်တောက်လာသည်ဟု ထင်လာမိ၏။ နောက်ဆုံး၌ အရာရှိကြီးသည် ကျွန်ုပ်နှင့်ခွဲခွာတော့မည်အပြုတွင် ပြောလိုက်သည်မှာ "ကျွန်တော်တော့ ကောင်းကောင်းကြီး သဘောပေါက်သွားပြီ ဆရာကြီးရေ၊ ဘာလဲဆို တော့ တရားဓမ္မအကြောင်းမျိုးဆိုတာဟာ စာရေးဆရာက ရေးပြမှ ကောင်းတာကိုးလို့ တထစ်ချယူဆလိုက်ပြီ ခင်ဗျာ"ဟု ပြောလေသည်။

## သဘောပေါက်ပုံတစ်မျိုး

အထက်ပါစကားကိုကြားရသောအခါ လည်ချောင်းအနီးသို့ရောက်အောင် မြင့်တက်နေသော ကျွန်ုပ်၏ဘဝင်သည် သူ့နေရာသို့ပြန်၍ ခုန်ချလိုက်သဖြင့် 'ဖုတ်ကနဲ'မြည်သံကြားလိုက်ရသည်ထင်၏။ လက်စသတ်တော့ သူ၏အယူမှာ ကျွန်ုပ် ကိုယ်တိုင် အားထုတ်၍တွေ့ရသည့် သဘောတရားမျိုးကို တင်ပြခြင်း မဟုတ်၊ စာရေးဆရာ၏စိတ်ကူးဉာဏ်ဖြင့် ကြံဖန်တွေးတောပြီး စာရေးကောင်းသူ တယောက်၏ ရေးသားခြင်းမျှသာ ဖြစ်သည်ဟု ဆိုလိုဟန်ရှိပေသည်။ သို့ဆိုလျှင် စိတ်ကူးတတ်၍ စာရေးကောင်းသော စာရေးဆရာတိုင်း ရေးနိုင်သည်ဆိုသည့် အဓိပ္ပာယ်မျိုး သက်ရောက်လျက်ရှိ၏။ ထိုသူ၏စကားသည် တနည်းအားဖြင့် ချီးကျူးရာရောက်ပေသည် မှန်သော်လည်း ကျွန်ုပ်အဖို့မူ 'မှန်းချက်'နှင့် နှမ်း ထွက်ကွာသည်' ဆိုသည့် စကားကဲ့သို့ဖြစ်နေ၏။ အဘယ့်ကြောင့်ဆိုသော် ကိုယ်တိုင်အားထုတ်၍ တွေ့ရသော အမြင်ကို တင်ပြခြင်းနှင့် စိတ်ကူးတတ်၍ စာရေးကောင်းပြီး ရေးထားသည့်စာပေတို့ မှာ (လေးနက်ခြင်း အရာဌာန၌) ကြီးစွာသော ခြားနားခြင်းရှိပေသောကြောင့်တည်း။ ကျွန်ုပ်၏ဒိဋ္ဌေဒိဋ္ဌမတ္တံစာအုပ်ကို ဖတ်ရှုကြသူ အားလုံးသည် ထိုမင်းကြီးကဲ့သို့ ယူဆကြသည်ဆိုပါလျှင် ကျွန်ုပ်၏ ကျမ်းစာအုပ် ကြာရှည်လေးမြင့် တည်နေရစ်ဖို့ တည်းဟူသော ယုံကြည်ချက်မှာ ခပ်ပျက်ပျက် ဖြစ်ရပေတော့မည်။ သို့ရာတွင် တရားဓမ္မနှင့် ပတ်သက်၍ ပုဂ္ဂလိက မိဋ္ဌာန်သဘောမထားပဲ ဓမ္မဒိဋ္ဌာန်နည်းဖြင့် ဆင်ခြင်ကြမည့် နောင်လာနောင်သား များအတွက် မျှော်လင့်ချက်ရှိပါသေးသည်ဟု ဖြေဆည်ရပေသည်။ ကျွန်ုပ်၏ အယူအဆတခုမှာလည်း လူသတ္တဝါသည် တခေတ်ထက်တခေတ် မိရိုးဖလာ အယူအဆများကို ဖောက်ထွင်းဆင်ခြင်တတ်သည့် စဉ်းစားနည်းမျိုး တိုးတက် လျက်ရှိသည်ဟု ယုံကြည်ပါသည်။ ဘုရားဟောကျမ်းဂန်များကို နိဿယ အနေဖြင့် အနက်ပြန်၍ ရေးခြင်းမျိုးထက် ဗုဒ္ဓညွှန်ကြားတော်မူခဲ့သည့် ကျင့်စဉ်များ အရ

ကိုယ်တိုင်အားထုတ်ပြီး ခေတ်စကားမျိုးခေတ်ဥပမာမျိုးဖြင့် ရေးသားတတ်ခြင်းသည် နောင်ခေတ်လူများအတွက် သာ၍ထိရောက်နိုင်လိမ့်မည်ဟူ၍လည်း မျှော်လင့်လျက်ရှိပါသည်။

## ကိုယ်ကျင့်တရား အယူအဆ

ဒိဋ္ဌေဒိဋ္ဌမတ္တံအစရှိသော လောကုတ္တရာရေးရာ စာအုပ်များကိုတော့ရေးသည်၊ ရုပ်ရှင်ကားများကိုတော့ ကြည့်သေးသည်ဟု ကျွန်ုပ်အား အချို့သော လောကုတ္တရာသမား ဆိုသူများက ကဲ့ရဲ့ချင်တတ်၏။ မိတ်ဆွေတယောက်က "ဘယ့်နှယ်လဲဗျာ၊ ဘိုင်စကုပ်တွေ ဘာတွေ ကြည့်သေးသကိုး"ဟု ကျွန်ုပ်အား မေးဘူးရာ ကျွန်ုပ်က "မကြည့်ပဲနေမလားဗျာ၊ ဘိုင်စကုပ်ဇာတ်ညွှန်းတောင် ရေးတတ်ယင် ရေးချင်သေးရဲ့" ဟု ကျွန်ုပ်က ဝါသနာအတိုင်း ခပ်ရွဲ့ရွဲ့ပြန်ပြောလိုက်မိသည်။ အမှန်မှာ ကျွန်ုပ်သည် 'အငြိးပြေ' သဘောဖြင့် တခါတရံဘိုင်စကုပ်ကြည့်မိသည် မှန်သော်လည်း ဘိုင်စကုပ်ဇာတ်ညွှန်းမျိုးကိုမူ (ငွေဝင်ကောင်းလှသည်ဆို၍ ရေးချင်မိသော်လည်း) ဆောင်းပါးများရေးရခြင်းကဲ့သို့ အရသာရှိတော့သည် မဟုတ်သောကြောင့် ရေးဖို့စိတ်မကူးတော့ပါ။ သို့ရာတွင် ဘိုင်စကုပ်ကြည့်ခြင်းကြောင့် လူကြီးတယောက်အဖို့ရာ၌ သိက္ခာပျက်သည်ဆိုသော လူများ၏အယူအဆကိုမူ လက်မခံနိုင်ပါ။ ဤအတွက်ကြောင့် သိက္ခာပျက်သည်ဟု လူအများက ပြောလျှင်လည်း ကိစ္စမရှိ၊ ခံနိုင်ရည်ရှိပါသည်။ ကျွန်ုပ်၏အယူအဆကား လူသည် ရဟန်းမဟုတ်၊ ဝမ်းစာကိုကိုယ့်ဟာကိုယ် ရှာစားရသော တာဝန်ရှိသည် ဖြစ်သောကြောင့် တခါတရံ 'အငြိးပြေ' သဘောနှင့် ပျော်စရာအာရုံကလေးများ ခံစားမိခြင်းအတွက် ဘာအပြစ်မှမဖြစ်နိုင်၊ လူတဘက်သားအား ထိခိုက်နစ်နာစေခြင်းမရှိသမျှ ကာလပတ်လုံး လူသားသည် ပျော်စရာ အာရုံကလေးများကို အတိုင်းအရှည်နှင့် ခံစားလျှင် အကျိုးမယုတ်နိုင်ဟု ယူဆသည်။ ရဟန်းဘဝ၌မူ

ကျွန်ုပ်သည် နေပူလှ၍သင်္ကန်းကိုခေါင်းပေါ်တင်မည်ဟု ကြံမိခြင်း ကိုပင်မလျော်ဟု ထင်သည်နှင့် မပြုလုပ်ပဲ ရှောင်ခဲ့ပုံအကြောင်းကို ရေးသားခဲ့ဘူးပါ သည်။ ရဟန်းများအဖို့မှာ (ပါသာဒိကဂုဏ်နှင့် ပြည့်စုံရမည်။) လူများ ကြည်ညိုဖွယ် ဖြစ်အောင် နေတတ်ရမည်ဟု ဗုဒ္ဓက မိန့်တော်မူရာ စင်စစ်မှာ ကြည်ညိုဖွယ်ဖြစ် အောင် နေတတ်ပါမှလည်း လူများက လှူဒါန်းကြပြီး ဝမ်းဝနိုင်မည်ဖြစ်၏။ ကိုယ့်ဝမ်းစာအတွက် ကိုယ်ရှာ၍စားရသည့် လူသားများအဖို့မှာ တခါတရံ စိတ်ရွှင်ပျ စေမှုအတွက် ကာမဂုဏ်အာရုံမျိုး ခံစားခြင်းသည် လိုအပ်သည်ဟူ၍ပင် ကျွန်ုပ်ထင် သည်။ လူကြည်ညိုအောင်ဆို၍ ဟန်လုပ်ချင်သော လူများအဖို့မှာ ရှောင်ချင်လည်း ရှောင်ကြစေ၊ ထိုလူစုက ကျွန်ုပ်အား ကဲ့ရဲ့ချင်ကြလျှင်လည်း ကျွန်ုပ်ဂရုစိုက်လိမ့်မည် မဟုတ်ချေ။

## ကာမဂုဏ် မရှောင်နိုင်သေးလျှင်

အချို့လူများက ကျွန်ုပ်အား "ဟုတ်တော့ဟုတ်ပါသည်၊ သို့သော် တရား သမား တယောက်ဆိုသောကြောင့် ရှောင်ကြဉ်သင့်သည်" ဟု ပြောကြ၏။ ဤစကားကိုလည်း ကျွန်ုပ်လက်မခံနိုင်ချေ။ ကျွန်ုပ်သည် ရုံဖန်ရံခါ ရက်သတ္တ တပတ်နှစ်ပတ် စသည်ဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်၍ ဥပုသ်ရက်ရှည် စောင့်ပြီး တရားအားထုတ်လေ့ရှိရာ ထိုသို့သော အချိန်အပိုင်းအခြားတွင် ပျော်ရွှင်မှုကို ရှောင်ကြဉ်ရုံသာမက သတိမွေး မြူခြင်းအားဖြင့် မိမိ၏စိတ်ကို ဖြူစင်အောင်၊ စိတ်အကြောင်းကို သိရအောင် ကြိုးစားဘူးပါ၏။ အိမ်သို့ပြန်လာ၍ အလုပ်ခွင်သို့ ဝင်ရသောအခါ၌မူ တရားအား ထုတ်စဉ်က အနေမျိုး မနေနိုင်ပါ။ (လက်ရှိအခြေအနေ၌ လိုအပ်သည်ဟူ၍လည်း မယူဆပါ။) အိမ်ထောင်နှင့် နေထိုင်၍ အဖြဟ္မစရိယ သိက္ခာပုဒ်ကို မစောင့်ထိန်း နိုင်သော လူများအဖို့မှာ

ပွဲလမ်းသဘင်နှင့် ရုပ်ရှင်ကြည့်ခြင်းမျှလောက်ကို ရှောင် ကြဉ်ဖို့ မလိုအပ်ဟူ၍ ကျွန်ုပ်နားလည်ပါသည်။ ကိုယ်ကျင့်တရားပြင် သိက္ခာနှင့် ဆိုင်သော အယူအဆ ကလည်းရှိသေး၏။ ကျွန်ုပ်တို့အရှေ့တိုင်းသားများ (အထူးသဖြင့် မြန်မာလူမျိုး များ) သည် အသက်အရွယ် ကြီးပြင်းလာသည့်အခါ၌ သိက္ခာစောင့်ထိန်းရသော အစဉ်အလာရှိ၏။ ကျွန်ုပ်မှာ အသက် ၇၀ကျော်ပြီဖြစ်သော်လည်း ကျန်းမာ ဖျတ်လတ်စွာရှိသေးသည့်အခိုက်တွင် ခြင်းလုံးခတ်ခြင်း၊ ကြက်တောင် ရိုက်ခြင်း စသော ကစားနည်းကလေးများကို လုပ်ချင်သေး၏။ အထိုက်အလျောက် လည်း ကစားနိုင်ပါသေး၏။ သို့ရာတွင် မြင်ရသူများက 'ကလေးကလားရှိသည်'၊ 'အတိုးကြီးဆော့သည်'ဟု ပြောကြမည်စိုးသောကြောင့် အောင့်အီး၍ နေလိုက်ရ၏။ ဤကိစ္စမျိုး၌ ကျွန်ုပ်သည် အနောက်တိုင်းသားများ၏ ထုံးစံကို သဘောကျ၏။ အသက် မည်မျှကြီးသည်ဖြစ်စေ 'ဂေါက်သီး'ရိုက်ခြင်းအလုပ်ကို လုပ်ကြသေးရာ ကျွန်ုပ် အလွန်သရေကျလှသည်။ မြန်မာမျက်စိ၌ အားကစားခြင်း အလုပ်အားလုံး သည် ကလေးသူငယ်များ၏ ပျော်ပါးနည်းဖြစ်သည်၊ လူကြီးများနှင့် မလျော်ဟု မှတ်ထင်ကြ သည့်လက္ခဏာနှင့် ကိုယ်လက်လှုပ်ရှားခြင်းနှင့် စိတ်ပျော်ခြင်းဆိုင်ရာ အလုပ်မျိုးကို လုပ်မိကြလျှင် ကမြင်းသည်ဟု မှတ်ထင်တတ်ကြလေသည်။ ဘိုင်စကယ်စီးခြင်းအလုပ် ကိုပင် 'ကလေးကလား'ရှိသည်ဟု မှတ်ထင်ပုံရကြလေရာ ဤတခုကိုမူကား မည်သူက မည်သို့ထင်ကြသည်ဖြစ်စေ၊ မျက်စိ၊ နားနှင့် သတိမချွတ်ယွင်းသမျှ ကာလပတ်လုံး ဆက်လက် ပြုလုပ်လိမ့်ဦးမည်ဟု ဆုံးဖြတ် ချက်ချထားပြီးဖြစ်လေသည်။

## အပျော်ကျူးခြင်း

တနေ့သ၌ ကျွန်ုပ်သည် ကမ္ဘာကျော်အင်္ဂလိပ်စာရေးဆရာကြီး ဆောမား ဆက်မော်မ်၏ စာတအုပ်ကိုဖတ်ရှုစဉ် ကျွန်ုပ်အံ့သြမိသော အကြောင်းတရာ တခု

ဖော်ပြထားခြင်းကိုတွေ့ရ၏။ မော်မ်က တခါတရံကာမဂုဏ်၌ အပျော်ကျူးခြင်းသည် ဝိညာဉ်အတွက် အကျိုးရှိသည်၊ သူကိုယ်တိုင်မှာ လုံလောက်သော ခွန်အားမရှိသောကြောင့် မတတ်နိုင်၍နေရသည်။ ကြယ်တာရာများသည် တောင်ထိပ်ပေါ်မှာ တက်၍ကြည့်ရခြင်းထက် မြောင်းထဲမှဆင်း၍ကြည့်ရသည့်အခါ သာ၍တောင်ပသကဲ့သို့ တခါတရံ ကာမဂုဏ်အပျော်ကျူးပြီးသော အခါများ၌ ကိုယ်ရောစိတ်ပါ နှစ်သိမ့်ကျေနပ်မှုရှိသည်ဟု ဆိုလေသည်။ မော်မ်သည် အထူးသန်စွမ်းသော ကိုယ်ကာယ မရှိခြင်းအတွက်ကြောင့် ကိုယ်တိုင်စမ်းသပ်ခွင့်မရပဲ အတွေးနှင့် ရေးခြင်းပေလော၊ တခါတရံတွင် စမ်းသပ်ဘူး၍ ရေးခြင်းပေလော မပြောနိုင်ပေ။ လူတယောက်၏ အတွေ့ကိုလည်းကောင်း၊ အယူအဆကိုလည်းကောင်း အခြားလူတယောက်က မှန်သည်၊ သို့မဟုတ် မှားသည်ဟူ၍ တထစ်ချဆုံးဖြတ်ရန် သင့်လျော်သည်မထင်ပေ။ သို့ရာတွင် ကျွန်ုပ်အဖို့မှာမူ အလွန်အကျူး ပျော်ပါးခြင်းမျိုးထက် 'စုံ'ချင်တတ်သော ဝါသနာကဆွဲဆောင်လျက်ရှိ၏။ "ယောကျ်ားကလေးဆိုတာ စုံမှကွယ့်သမီးရဲ့" ဟု အဘိုးကပြောဘူးရာ ကျွန်ုပ်သည် လူလားမြောက်သောအရွယ်မှစ၍ ကာမဂုဏ်အမျိုးမျိုးကို စုံအောင်မြည်းချင်သောဆန္ဒအမြဲကပ်လျက်ရှိ၏။ မစားဘူးသောအစားအစာ၊ မကြားဘူးသော တေးချင်းကောင်း၊ မတွေ့ဘူးသောဖေဌွဗ္ဗာရုံ၊ မမြည်းဘူးသော သုရာမေရယမှစ၍ မတွေ့တွေ့အောင် လိုက်လံစုံစမ်းတတ်၏။ သို့ရာတွင် လွန်ကျူးအောင် မဖြစ်ခဲ့မိခြင်းများမှာ ကျွန်ုပ်၏သတိတရားကောင်းခြင်းထက် ကံကောင်းခြင်း ဖြစ်ဟန်တူပေသည်။ အကယ်၍ ကျွန်ုပ်သည် လွန်ကျူးသည့်အရသာကို ကြိုက်နှစ် သက်လာခဲ့ပါမူ ရှောင်ကြဉ်လောက်အောင် သမာဓိရှိလှသည်မထင်။ မိမိကိုယ်၌က လွန်ကျူးရခြင်းကို မနှစ်သက်တတ်သည့် သဘာဝ(ပါရမီ၊) ရှိသည့်အတွက်ကြောင့် ကံကောင်းခြင်းသက်သက် ဖြစ်တန်ရာသည်။ စုံရုံမျှသာစုံချင်၍ လွန်ကျူးချင်တတ် သောဝါသနာကလေးမရှိခဲ့သည့်တွက်ကြောင့် ကျွန်ုပ်သည် အတူတကွ ပျော်ပါးခဲ့ကြသည့် ငယ်သူငယ်ချင်းများအားလုံး ကွယ်လွန်ကြသည့်နောက် ယခုတိုင်

အသက်ရှင်လျက်ရှိခြင်း ဖြစ်သလောဟု တွေးတောမိသည်။ ကျွန်ုပ်ဝန်ခံပါသည်။ ကျွန်ုပ်သည်စိတ်တင်းမာလှသော လူတယောက်မဟုတ်၊ မည်သည့်အရာ၌မဆို လွန်ကျူးရခြင်းကို မကြိုက်တတ်၊ မြည်းရုံမျှလောက် (နာမည်ပျက်ရုံမျှလောက်) သာ စမ်းချင်တတ်သူတယောက် ဖြစ်သောကြောင့် ဤမျှလောက် နေရခြင်းဖြစ် ဟန်တူ ၏။

## အထင်ကြီးခံထိုက်မှ ခံချင်သည်

နာမည်ပျက်ရုံဟူသော စကားလုံးကို သုံးခဲ့သည်ဖြစ်၍ ဤအကြောင်းကို ရှင်းပြရန် လိုပေသေးသည်။ များစွာသောသူတို့သည် ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ နာမည်ကောင်းရဖို့ ကြိုးစားတတ်ကြသည်သာ ဖြစ်ပါလျက် ကျွန်ုပ်မူကား တခါတရံတွင် နာမည်ပျက်အောင် တမင်တကာလုပ်ချင်တတ်သည်ဟု ပြောရလျှင်ယုံနိုင်ဖွယ်ရာ မရှိသလောက် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ဤသို့သော စိတ်မျိုးဖြစ်ပေါ်တတ်ခြင်းမှာ အခါခပ်သိမ်းမဟုတ်၊ တခါတရံမျှသာဖြစ်ပါသည်။ ဤစိတ်မျိုးဖြစ်လာတတ်ခြင်းမှာ ကျွန်ုပ်၌ တကယ်မရှိသောအရည်အချင်းမျိုးကို အခြားလူများက ရှိသည်ဟု အထင် ရောက်လျက်ရှိသောအခါ၌ဖြစ်စေ၊ အခြားလူများဟန်လုပ်နေကြသည်ဟု ထင်မိသော အခါဖြစ်စေ ကျွန်ုပ်သည် ကိုယ့်ကိုယ်ကို နာမည်ပျက်အောင် လုပ်ချင်တတ်လေသည်။ တနေ့သ၌ လူငယ်တယောက်သည် ကျွန်ုပ်၏စွန့်စားခန်းဝတ္ထုများကို ဖတ်ရသည်နှင့် ကျွန်ုပ်ကိုကျွေးချင်မွေးချင်သော သဒ္ဒါတရား ထက်သန်သည့်လက္ခဏာနှင့် လမ်း၌ အမှတ်မဲ့ တွေ့ဆုံကြရာတွင် ကျွန်ုပ်အား ဟိုတယ်ထဲသို့ ခေါ်သွင်းကျွေးမွေးလေသည်။ စားစရာများမှာယူ ပြီးနောက် လူငယ်က ကျွန်ုပ်၏၏စိတ်ကူးဉာဏ်ကို ချီးမွမ်းပြောဆိုရုံ တွင်မက ကျွန်ုပ်၏ငါးပါးသီလတည်မြဲပုံရခြင်း အကြောင်းကိုလည်း ထုတ်ဖော်ပြောဆို လေသည်။ (ထိုလူငယ်သည် ကျွန်ုပ်အကြောင်းကို မသိရှာချေ။) ထိုအချိန်၌ ကျွန်ုပ်

သည်ဘီယာသောက်ဖို့ လုံးဝစိတ်ကူးမရသော်လည်း လူငယ်က ကျွန်ုပ်၌ မရှိသော အရည်အချင်းကို ချီးကျူးရာတွင် ဝမ်းထဲ၌ ယားကျိကျိဖြစ်လာသည်နှင့် ဘီယာ တလုံး မှာယူသောက်စားလိုက်သည်။ လူငယ်သည် ကျွန်ုပ်အား ပါးစပ်ဟောင်း လောင်းနှင့် ငေးကြည့်နေစဉ် ကျွန်ုပ်အပေါ်၌ အံ့သြခြင်းနှင့်ရောစပ်၍ အထင်အမြင် ကျဆင်းသွား သည့်မျက်နှာထားမျိုး ကြုံတွေ့ရသော်လည်း ကျွန်ုပ်ဝမ်းမနည်း လှချေ။ ထိုစဉ်က ကျွန်ုပ်သည် သောက်ချင်သောအခါ သောက်သေးသည်ဖြစ်၍ သုရာမေရယ ကင်းရှင်း သည်၊ ကင်းရှင်းမှုမြတ်သည်ဟူသော သူ၏ထင်မြင်ချက်ကို ဖျက်ပစ်လိုက်ရမှ ကျေနပ် နိုင်သည်။ လူငယ်သည် ကျွန်ုပ်သောက်သော ဘီယာဖိုးအတွက် ပိုက်ဆံပေးရမည်ကို နှောင့်နှေးလိမ့်မည်ထင်၍ ၎င်းအတွက် ကျွန်ုပ်ကပင် ထုတ်ပေးပါ၏။ သို့ရာတွင် သူက လက်မခံပါ။ ဤအပြုအမူသည် မှန်ကန်သည်ဟု ကျွန်ုပ်မဆိုလိုပါ။ မထိုက်တန်သောနည်းဖြင့် အထင်ကြီး မခံလိုခြင်းမှာ ကျွန်ုပ်၏ဝါသနာဖြစ်ပါသည်။ ကျမ်းမပြုမီ အချိန်ကာလ တလျှောက်လုံး ကျွန်ုပ်မှာ ဤအလေ့အကျင့်အတိုင်း ပြုလုပ်လာခဲ့ပါ သည်။

## စေတနာပါမှ လုပ်ချင်သည်

လွန်ခဲ့သော ကိုးနှစ်ခန့်လောက်ကလည်း ကျွန်ုပ်သည် အခြားသော ဥပသကာ များနှင့်အတူ သင်္ကြန်တွင်းတွင် ကုသိုလ်တော် ဘုရားသို့သွား၍ ဥပုသ်သီတင်းဆောက် တည်ကြ၏။ လူလတ်အချို့ကမူ ဥပုသ်မစောင့်ပဲ ညစာ ထမင်းစားကြ၏။ တတိယနေ့၌ ကျွန်ုပ်သည် သူတို့ထမင်းစားခြင်းကို မြင်ရ၍ ထိုနေ့အဖို့ သီလမယူပဲနေလိုက်၏။ သီလယူပြီးမှ ဥပုသ်ချိုးသည်မဟုတ်၊ ကြိုတင်ပြီးသီလမယူပဲ နေလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်သည် ဤအကြောင်းကို ဦးထင်အားပြောပြရာ ဦးထင်က "မလုပ်နဲ့ဗျ၊ ဒီအထဲမှာ ခင်ဗျားနဲ့ကျုပ်နဲ့ အသက်အကြီးဆုံးပဲ ဒီလိုဆိုလျှင်ခင်ဗျားကို အထင်သေးကုန်ကြလိမ့် မယ်"ဟု

သတိပေး၏။ သူ၏သတိပေးချက်သည် ကျွန်ုပ်အဖို့ သာ၍ဆိုးသွား၏။ ကျွန်ုပ်ကား ထမင်းစားလို၏။ မိမိကိုယ်၌က သီလယူဖို့ ဆန္ဒမရှိပဲ သူတပါး အထင်သေး မည်ကိုကြောက်သည့်အတွက်ကြောင့် ဥပုသ်စောင့်ရသည်ဆိုလျှင် စေတနာမပါသည့် အတွက် 'ညာ'သည်ဟု အဓိပ္ပာယ်ကောက်ပြီး ထိုနေ့အဖို့ ဥပုသ်မစောင့်ပဲ ထမင်းမြိန် မြိန်စားလိုက်ပါတော့သည်။ ဤသည်မှာလည်း ကျွန်ုပ်၏ည့်ဖျင်းချက်ဖြစ်သည်ဟု ဆိုချင်ဆိုကြစေ၊ ကျွန်ုပ်၏ဝါသနာမှာ စေတနာမပါပဲ လုပ်ရလျှင် 'ညာ'သည်ဟု ထင်တတ်၍ မပြုလုပ်ပဲ နေသည်ကများ၏။ တကယ့်စေတနာ မဟုတ်ပဲ 'ညာ'သော အလုပ်မျိုးကို ကျွန်ုပ်အထင်မကြီးချေ။ ထိုအတွက်ဓာကာင့် ကျွန်ုပ်အပေါ်၌ အထင် သေးကြလျှင်လည်း ကိစ္စမရှိ၊ အထင်သေးခြင်းဟူသည်မှာ အပြန်အလှန်ဖြစ်နိုင်သော အလုပ်မျိုးဖြစ်၏။ ဝါတွင်းများ၌ ကျွန်ုပ်သည် ဥပုသ်သီတင်း မှန်မှန်မစောင့်တတ်၊ စိတ်ပါသောအခါမှ စောင့်တတ်၏။ အလွန်စိတ်ပါ၍ တရားအားထုတ်ချင်သောအခါ များ၌မူ ဥပုသ် ရက်ရှည်စောင့်တတ်ပါသည်။ ကျွန်ုပ်အဖို့ရာ၌ နေ့ရက်သတ်မှတ်ခြင်း သည် အဓိပ္ပာယ်မရှိလှ၊ စိတ်အားထက်သန်သောနေ့သည် အကောင်းဆုံးဖြစ်သည်ဟု ယူဆသူဖြစ်သည်။ ပေးကမ်းစွန့်ကြဲခြင်းကိစ္စမျိုး၌လည်း စေတနာရှိမှလုပ်ချင်သည်။ ပကာသနကို ရည်ရွယ်၍ မလုပ်ချင်တတ်။ ငါးကျပ်တဆယ်မျှသော ငွေပင် ဖြစ်စေ စေတနာထက်သန်သော အချိန်၌ ပေးကမ်းစွန့်ကြဲရလျှင် ထောင်ကိုးရာ လှူဒါန်းကြ ခြင်းထက် အကျိုးများသည်ဟု ကျွန်ုပ် နားလည်ပြီးဖြစ်သည်။ ကျွန်ုပ်၏စေတနာကား လိုနေသောပုဂ္ဂိုလ်ကို ပေးလှူရမှ ဖြစ်ပေါ်လာတတ်၏။ တောင်ပုံရာပုံရှိနေသော ပုဂ္ဂိုလ်အား (မည်မျှပင် အကျင့်သီလ ဖြူစင်လုပါ သည်ဆိုစေ)ပေးလှူချင်သော စေတနာထက်သန်ဖို့ ခဲယဉ်းလှသည်။ အထက်ပါ အခြင်းအရာများကြောင့် ကျွန်ုပ် အား 'ဝွစာကြီး'တယောက်ဟု ခေါ်ကြလျှင်လည်း ခံနိုင်ရည်ရှိပါသည်။

## ကျွန်ုပ်၏ ရည်မှန်းချက်

များစွာသော သူတို့သည် မိမိတို့၏ တသက်တာတွင် ရည်မှန်းချက်ဟူ၍ တိတိကျကျ မရှိကြပဲ အမှတ်မဲ့ နေလာခဲ့ကြ၏။ လက်ရှိအခြေအနေထက် တိုးတက်အောင်ဆိုသော 'သောင်းပြောင်း'ရည်မှန်းချက်မျိုးကား ရှိတတ်ကြပါ၏။ အချို့ကမူ သဌေးဖြစ်အောင် ဟူ၍လည်းကောင်း၊ ရာထူးတိုးတက် ကြီးကျယ်အောင် ဟူ၍လည်းကောင်း၊ ထင်ပေါ်ကျော်ဇောအောင်ဟူ၍လည်းကောင်း၊ အာဏာလက်ကိုင်ရအောင်ဟူ၍လည်းကောင်း အဓိကရည်မှန်းချက် တခုခုထားတတ်ကြလေသည်။ အထက်ပါတို့မှာ ကျွန်ုပ်၏ အဓိကရည်မှန်းချက်မဟုတ်ချေ။ ထင်ပေါ်ကျော်ဇော်ခြင်းဟူသည်မှာ အလိုရှိတတ်သူများသည့်အလျောက် ကျွန်ုပ်လည်း အထိုက်အလျောက် တော့ကြိုက်တတ်ပါ၏။ ကျော်ဇော ထင်ရှားအောင်ကား တမင်မလုပ်တတ်ပါ။ ပစ္စည်းဥစ္စာ ဆိုသည်မှာလည်း အလွန်အမင်းမတောင့်တ၊ 'မရှိမရှား' ဆိုသော အဖြစ်မျိုးလောက်ဆိုလျှင် တော်လောက်ပြီ ထင်ပါသည်။ ပစ္စည်းဥစ္စာနှင့် ပတ်သက်၍မူ ကျွန်ုပ်မှာ ကျွန်ုပ်၏ စေတနာအတိုင်း အကျိုးပေးလျက်ရှိသည်ထင်ပါ၏။ ကျွန်ုပ်သည် "သဌေးကိုကြေးပံ့သည်" ဟူသော စကားကဲ့သို့ တသိန်းတန်ကျောင်းကြီးပေါ်၌ ထိုင်နိုင်သော ဆရာတော်ကြီးတပါးအား (မည်မျှလောက် ကြည်ညိုဖွယ်ဆောင်သည် ဖြစ်စေ) ထိုကျောင်းထက်သာအောင် နှစ်သိန်းတန်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းချင်သော စေတနာမျိုး ဖြစ်ပေါ်လိမ့်မည်မဟုတ်။ (ကျွန်ုပ်ကိုယ်တိုင် သဌေးဖြစ်လျှင်လည်း လုပ်လိမ့်မည်မဟုတ်။) ကျောင်းသခ်မ်း ချို့ငဲ့နေသော ရဟန်းမျိုးအတွက်သာ လှူနိုင်က လှူချင်တတ်၏။ ဆိုလိုခြင်းမှာ လိုအပ်သော ပဂ္ဂိုလ်မျိုးအား လိုအပ်သလောက်သာ လှူချင်တတ်သည်၊ 'ဘုန်းပေါ်လအော' မလုပ်ချင်တတ်ချေ။ တသိန်းတန် ကျောင်းထိုင်ပုဂ္ဂိုလ်ကြီးမျိုးက "ဒါကြောင့်ဒကာကြီးမှာ ဘုန်းပေါ်လအော အကျိုးမပေးပဲ မငတ်ပြတ်ရုံလောက်သာ အကျိုးပေးလျက်ရှိသည်" ဟုဆိုလျှင်ကား ကျွန်ုပ်မငြင်းလိုပါ။ ဟုတ်ကောင်း ဟုတ်

ပေလိမ့်မည်ဟူ၍ပင် ဝန်ခံဖို့အသင့်ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်ကပြန်လည် လျှောက်ထားလိုသည်မှာကား “တပည့်တော် ကိုယ်၌က ကျိုကျိုတက် အောင် ကြွယ်ဝသော အဖြစ်မျိုးကိုတောင့်တခြင်းမရှိပါ၊ မရှိမရှားဆိုသော အဖြစ်မျိုး လောက်ဆိုလျှင် တော်လောက်ပါပြီ၊ ပစ္စည်းဥစ္စာအလွန်အမင်းကြွယ်ဝတိုင်း ကောင်းချင်မှကောင်းတတ်သည်၊ ကာမဂုဏ်ယစ်ပြီး အကြီးအကျယ်ဇိမ်ခံမှုကြောင့် သိသင့်သိထိုက်သော အခြင်းအရာကို သိအောင်မကြိုးစားပဲ ကြွယ်ဝသည်ထက် ကြွယ်ဝအောင် လုပ်ရသည်နှင့်ပင် ဖတ်ဖတ်မောပြီး တဘဝကုန်ဆုံး သွားသူ များလည်း ဒုနှင့်ဒေး ရှိကြပါသည်”ဟု လျှောက်ထားမည်ဖြစ်ပါသည်။

## ပြိုင်ဆိုင်မှု၏ဆိုးရှားခြင်း

သောက်သောက်စားစား နေလာခဲ့သူတယောက်က ‘ကာမဂုဏ်ယစ်သည်’ဟူ သော စကားလုံးကို အသုံးပြုမိသည့်အတွက် နှာခေါင်းရှုံ့ချင်သူများ ရှိတတ် သည်ဖြစ်သောကြောင့် ဤစကားလုံး၏ အဓိပ္ပာယ်ကို ရှင်းလင်းအောင်ဖော်ပြ ရပေဦးမည်။ ရံဖန်ရံခါ သောက်စားတတ်သော လူတယောက်သည် ကာမဂုဏ် ဇိမ်ခံရာရောက်ခြင်းကား မှန်ပါသည်။ သို့ရာတွင် အထိုက်အလျောက် သောက်စား တတ်သော လူတယောက်သည် သောက်စားသည့် အခိုက်၌သာ မူးယစ်တတ်၏။ သဌေးတယောက်မူကား (ဆင်ခြင်တုံတရား လက်လွတ်ခဲ့လျှင်) ကာမဂုဏ် ခံစားမှုများအပြင် ကားချင်းပြိုင်ရ၊ တိုက်ချင်းပြိုင်ရ၊ လိုင်စင်ရအောင်လုပ်ရ၊ သူ့ထက်ငါ ပစ္စည်းဥစ္စာသာအောင်လုပ်ရ၊ ကိုယ့်ထက်သာသော လူများအပေါ်၌ မနာလိုဖြစ်စေတတ်သဖြင့် ဖတ်ဖတ်မောလျက်ရှိ ကြသည်။ စင်စစ်မှာ ကာမဂုဏ်ခံစားမှုသည် မင်္ဂဖိုလ်နိဗ္ဗာန်အတွက် အနှောင့်အယှက် ဖြစ်ရုံမျှသာ တတ်နိုင်ပေရာ လူအများ၌ရှိတတ်ကြသည့် ဣဿာ၊ မစ္ဆရိယတရားများ သည်သာလျှင် စိတ်၏ဆင်းရဲပင်ပန်းခြင်း ဖြစ်စေတတ်၍ ယုတ်နိမ့်သောဘဝမျိုးသို့

ပစ်ချတတ်လေသည်။ စိတ်သဘာဝကို ကျွန်ုပ်လေ့လာတွေ့ရှိရသည့်အတိုင်း တင်ပြရသော် ဟိုတယ်၌ စားသောက်ပျော်ပါးလျက်ရှိသော လူငယ်တစုထက် အခြားသင်္ချေးများကဲ့သို့ လိုင်စင်များများမရသဖြင့် မခံမရပ်နိုင်ဖြစ်ကာ အံသွား တကြိတ်ကြိတ်ဖြစ်နေသော ဓနရှင်တယောက်၏အဖြစ်သည် ပိုပြီးဆင်းရဲရုံသာမက ဆိုးရွားယုတ်မာသော စိတ်ကူးများလည်း ပွားများစေနိုင်သည်ဟု ဆိုလိုပေသည်။

## ရည်မှန်းချက်နှစ်ခု

မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ကျွန်ုပ်သည် ဥစ္စာပစ္စည်း အလွန်အမင်းကြွယ်ဝသော သင်္ချေးတယောက်အဖြစ်ထက် ချောင်ချောင်ချိချိ မရှိမရှား နေထိုင်စားသောက်နိုင်သော အဖြစ်ကိုအမှန်တကယ် လိုလားပါသည်။ သို့ရာတွင် မရှိမရှားဆိုသော အဖြစ်သည် ကျွန်ုပ်၏တသက်တာ ရည်မှန်းချက်ဖြစ်သည်ဟု မဆိုလိုပါ။ မရှိမရှားဆို သော အဖြစ်သည် ကျွန်ုပ်၏အခြေအနေ၌ အထူးကြိုးစားအားထုတ်နေရလောက်အောင် ခဲယဉ်းသောအလုပ်တခု မဟုတ်ပါ။ သို့ဆိုလျှင် ကျွန်ုပ်၏တသက်တာ ရည်မှန်းချက်ကား အသို့နည်း။ ရည်မှန်းချက်ကား လူ့ပြည်သို့ရောက်နေရသည့် ဤဘဝတွင် လူတယောက်အနေဖြင့် သိသင့်သိထိုက်သော အခြင်းအရာများကိုသိရအောင် လုပ်ယူရန်ဖြစ်ပါသည်။ သိသင့်သိထိုက်သော အခြင်းအရာဟူသည်မှာ (၁)လူ့အကြောင်း သို့မဟုတ် လောကီဗဟုသုတနှင့် (၂) စိတ်အကြောင်း သို့မဟုတ် လောကုတ္တရာရေးရာတို့ ဖြစ်ပါသည်။ သဘာဝအားဖြင့် လောကုတ္တရာရေးရာသည် လောကီမှုထက် အရေးကြီးသည်ဆိုသော်လည်း ရိုးသားစွာစဉ်းစားတတ်သူ တယောက်အနေဖြင့် လောကီရေးကို ရှေးဦးစွာလေ့လာဖို့ လိုအပ်သည်ဟု သတ်မှတ်သည့်အတိုင်း လောကီဗဟုသုတကို နံပတ်(၁)ထား၍ ဖော်ပြခြင်းဖြစ်၏။ ဤရည်မှန်းချက်အရ ကျွန်ုပ်သည် လောကီမှုဆိုင်ရာ လူသားတို့၏ အကြောင်းခြင်းရာကို သိရှိနားလည်

အောင် အချိန်ရသမျှ လေ့လာဆည်းပူးခဲ့၏။ ဥရောပတိုက်စသော အနောက်တိုင်းပြည်များတွင် လူ့အကြောင်းကို သိရှိစေရန် တပြည်မှတပြည်သို့ လှည့်လည်ကြည့်ရှုတတ်ကြသည်ဖြစ်ရာ ကျွန်ုပ်အဖို့မှာ ဤသို့သောအခွင့်အရေးမျိုးကို မရရှိသည်ဖြစ်၍ ကမ္ဘာ့စာအုပ် ကောင်းများကို ဖတ်ရှုခြင်းအားဖြင့် လေ့လာဆည်းပူးရပါသည်။ (ဤခေတ်၌ ကမ္ဘာကိုလှည့်ဖို့ အခွင့်အရေးရလျက်ရှိကြသော အစိုးရအမှုထမ်းများနှင့် ဝန်ကြီးဝန်ကလေး ဆိုသူများသည် လူ့အကြောင်းကို ဘယ်လောက်များ သိခဲ့ကြသည်မပြောတတ်၊ လူ့သဘာဝနှင့်ပတ်သက်၍ စာတစောင်တဖွဲ့ ရေးသားကြခြင်းကိုမူကား မတွေ့ရဘူး သေးချေ။)

## အသိရခက်လှသော စိတ်ကလေး

ဒုတိယရည်မှန်းချက်ဖြစ်သော လောကုတ္တရာရေးရာဆိုသည်မှာ စိတ်အကြောင်း ပင်ဖြစ်၏။ လောက၌ နာမ်နှင့်ရုပ်မှတပါး အခြားသောတရားမရှိပေရာ ဤနှစ်ခုအနက် တွင် ဗုဒ္ဓဘာသာတရားတော်အရ နာမ်(စိတ်)သည် ရှေ့ဆောင်ဖြစ်၍ စိတ်အကြောင်းကို ယထာဘူတကျကျ သိသည်ဆိုလျှင် ကိစ္စပြီးနိုင်သည်ဟု ဟောတော်မူသည်။ ယထာ ဘူတကျဟူသည်မှာ အနောက်တိုင်းသားများ လေ့လာခါစပြုနေကြသည့် ဆိုက်ကော် လိုဂျီခေါ် စိတ်ပညာမျိုးလည်းမဟုတ်၊ အိန္ဒိယပြည်၌ ရှေးအစဉ်အလာကတည်းက လေ့ကျင့်လာကြသည့် ဝိညာဏ်အနန္တဟူသော အရူပကမ္မဋ္ဌာန်မျိုးလည်းမဟုတ်၊ ဗုဒ္ဓ၏ စိတ္တာနုပဿနာနည်းကို ဆိုလိုသည်။ စိတ်အကြောင်းကိုမည်မျှလောက် သိသည်ဖြစ်စေ ကိစ္စမပြီးနိုင်ဟု အချို့လူများ ထင်ကောင်းထင်ကြလိမ့်မည်။ စိတ်တခုတည်းကို ဗုဒ္ဓအလိုတော်ကျ သိအောင်လုပ်ထားပါက ကိစ္စပြီးနိုင်သည်ပြု ကျွန်ုပ်ယုံကြည်သည်။ ကျမ်းဂန်အထောက်အထားလည်း ပြနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် စိတ်ကို အလိုတော်ကျအောင် သိသောပုဂ္ဂိုလ်သည် စိတ်(လောက)ကို လွန်မြောက်သည့်

တရားကိုလည်း သိသည်ဟု ဆိုနိုင်သည်ဖြစ်သောကြောင့်တည်း။ မိမိနယ်ပယ်၏ နယ်မိမိတ်ကို သိသောသူသည် နယ်ပယ်၏အခြားဘက်၌ ရှိသောအရာကို သိသည်ဟု ဆိုနိုင်သကဲ့သို့ပင် အနောက်တိုင်းဆိုက်ကော်လိုဂျီအကြောင်းနှင့် အိန္ဒြိယပြည် ဝိညာဏ်အနန္တ (အရူပကမ္မဋ္ဌာန်း) ကိုလေ့လာအားထုတ်သော ပုဂ္ဂိုလ်များသည် စိတ်အခြင်းအရာကို (ဗုဒ္ဓ၏နည်းကဲ့သို့) ထိုးဖောက်လွန်မြောက် အောင် မည်သည့်နည်းနှင့်မျှ သိစွမ်းနိုင်ဖို့မရှိသောကြောင့် သံသရာမှ မလွတ် မြောက်နိုင်ပဲရှိကြ၏။ အကယ်၍ ၎င်းတို့လည်း ထိုးဖောက်လွန်မြောက်နိုင်သော နည်းရှိသည် ဆိုခဲ့လျှင် ဗုဒ္ဓဘာသာအရ သမ္မာသမ္ဗုဒ္ဓတည်းဟူသော ဂုဏ်ပုဒ်သည် ပျက်ပြယ်ရတော့မည်ဖြစ်၍ ဗုဒ္ဓဘာသာ အယူဝါဒကြီးတခုလုံး ပြိုကွဲရပေတော့မည်။ ဗုဒ္ဓဘာသာဝင် စစ်မှန်ခဲ့လျှင် ဂေါတမဗုဒ္ဓ ၏ ကျင့်စဉ်နည်းလမ်းများမှတပါး စိတ်သဘာဝကို အဆုံးတိုင်သိမြင်ပြီး လောကကြီးမှ လွတ်မြောက်နိုင်သော ကျင့်စဉ်နည်းလမ်း မရှိနိုင်ဟု လက်ခံယုံကြည်ရပေမည်။ တနည်းဆိုသော် လောကမှ လွန်မြောက်နိုင်သော အခြားနည်းလမ်းရှိနိုင်သည်ဟု ဆိုဝံ့သောသူသည် ဗုဒ္ဓဘာသာဝင်တယောက် မဟုတ်တော့ချေ။

## အခြားနည်းမရှိနိုင်

ဤနှစ် ဇန်နဝါရီလအတွင်းက ရန်ကုန်သို့ရောက်ခဲ့ရာတွင် ခေတ်ပညာလည်း ထိပ်ထိပ်ကြဲတတ်သည့်၊ တရားကိုလည်း (ဂိုဏ်းတဂိုဏ်းမှ နိဿယဖြင့်) အပြင်းအထန် အားထုတ်လျက်ရှိသည့်၊ စဉ်းစားဉာဏ်လည်း အတော်ရှိပုံရသည့် လူငယ်တယောက်နှင့် ဆွေးနွေးခဲ့ရဘူး၏။ ထိုလူငယ်သည် နိုင်ငံခြားမှ နာမည်ကျော်ပုဂ္ဂိုလ်တဦး၏ သူ့နည်းနှင့်သူ အားထုတ်ခြင်းကိစ္စတွင် မဂ်ဆိုက်ဖိုလ်ဆိုက် ပေါက်မပေါက် (နိဗ္ဗာန်ကို မြင်မမြင်) ကျွန်ုပ်ရှေ့တွင် သူ့ဟာသူ ဆင်ခြင်

စစ်ဆေးလျက်ရှိခြင်းကို ကြားခဲ့ရ၏။ ကျွန်ုပ်အဖို့၌မူ ဘာသာကွဲတယောက်သည် သူ့နည်းနှင့်သူ အားထုတ်ခြင်းအားဖြင့် တရားထူး တွေ့ရပါသည် ဆိုကတည်းက သူတွေ့သောတရားသည် မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရား မဟုတ်နိုင်ဟု တထစ်ချယူဆမည်ဖြစ်၏။ သို့ရာတွင် ထိုကဲ့သို့ တထစ်ချယူဆပြီး မျက်နှာလွှဲလိုက်လိမ့်မည် မဟုတ်သေးပါ။ မိမိတွေ့ထားသည့် တရားအမြင်နှင့် သူ၏အမြင်ကို တိုက်ဆိုင်ချိန်ထိုးကြည့်လိုက်သည့်အခါ ကွဲလွဲသော အချက်ကိုတွေ့ရမည့်အပြင် ကျွန်ုပ်၏အမြင်သည် ထိုပုဂ္ဂိုလ်၏အမြင်ထက် ကျမ်းဂန်စည်းမျဉ်းနှင့် သာ၍ကိုက်ညီသည့် အဖြစ်ကိုလည်း တွေ့အောင်ရှာနိုင်ပေလိမ့်မည်။ ကျွန်ုပ်အံ့သြမိခြင်းမှာ တရားလည်း အားထုတ်၍ စဉ်းစားဉာဏ်လည်း ရှိပုံရသော ခေတ်ပညာတတ် ထိုလူငယ်သည် ဗုဒ္ဓကျင့်စဉ်မှတပါး အခြားနည်းအားဖြင့် အားထုတ်ထားသည်ဆိုသည့် ဘာသာကွဲ တယောက်၏ တရားအမြင်နှင့် ပတ်သက်၍ တခဏတာကလေး အတွက်မျှဖြစ်စေ၊ ဟုတ်မှန်သယောင်ယောင် သို့လောသို့လော ဖြစ်ရာရခြင်းပင်ဖြစ်လေသည်။ တရားအားထုတ်ထားသော ယောဂီတယောက်သည် စစ်မှန်သော ဝိပဿနာကျင့်စဉ်အရ အားထုတ်၍ အထိုက်အလျောက်မျှ ပေါက်ရောက်ထားသည့်ဆိုခဲ့ပါလျှင် ဘာသာကွဲတဦးတယောက်၏ တရားအမြင်နှင့် ပတ်သက်၍ ချွတ်ယွင်းချက်ကို ချက်ချင်းထောက်၍ မပြနိုင်လျှင် ရှိစေဦး၊ ဗုဒ္ဓသာ၀ကတို့၏ တရားအမြင်မျိုး မဟုတ်နိုင် ဆိုခြင်းကိုမူ မကြာမတင် သိမြင်ဆုံးဖြတ်နိုင်လောက်ပေသည်။

## စိုက်ကြည့်နှင့် စောင့်ကြည့်

စိတ်အကြောင်းသိအောင် လက်တွေ့စောင့်ကြည့် လေ့လာခြင်းသည် ဗုဒ္ဓကျင့်စဉ် အမှန်ဖြစ်သည်ပြဟု လက်ခံကြသည်ဆိုလျှင် လေ့လာခြင်းတကာတို့တွင် စိတ်ကိုလက်တွေ့လေ့လာရခြင်းကဲ့သို့ စိတ်ဝင်စားဖွယ်ကောင်းသော အလုပ်သည်

ဘယ်မှာမှမရှိနိုင်ဟု ကျွန်ုပ်ဆိုချင်သည်။ ငယ်ထိပ်ကိုစိုက်ရခြင်း၊ ဝမ်းဗိုက်ကို အာရုံပြုခြင်း၊ ထွက်သက် ဝင်သက်ကို ရှုမှတ်ခြင်း၊ ခြေလှမ်းကို သတိပြုခြင်းစသော အားထုတ်နည်းမျိုးတို့မှာ ကလေးသူငယ်များပင် လုပ်တတ်ကြ၍ လွယ်ကူသည်ဟု ပြောကြသော်လည်း စိတ်ကလေးကို စောင့်ကြည့်လေ့လာရခြင်းကဲ့သို့ အဘယ်မှာ စိတ်ဝင်စားဖွယ် ရှိနိုင်ပါအံ့နည်း။ ငယ်ထိပ်ကဲ့သို့ ငြိမ်လျက်ရှိသော အခြင်းအရာကိုလည်းကောင်း၊ ဝမ်းဗိုက်၊ သို့မဟုတ် ထွက်လေဝင်လေကဲ့သို့ နှစ်မျိုးတည်းသာ လှုပ်ရှားနိုင်သော အခြင်းအရာကိုလည်းကောင်း စိုက်၍ရှုခြင်းအားဖြင့် အသိဉာဏ်တိုးတက်ဖို့ အလွန်ခဲယဉ်းပေလိမ့်မည်။ ဤကျင့်စဉ်များသည် တည်ငြိမ်သော သမာဓိရစေသည့် သမထ အလုပ်မျိုးမျှသာဖြစ်၍ ဝိပဿနာဉာဏ်ဖြစ်ပေါ်ဖို့ လွန်မင်းစွာ ခဲယဉ်းပေလိမ့်မည်။ စိတ်ကလေးကို စောင့်ကြည့်လေ့လာရသော အလုပ်မှုကား စိုက်၍ကြည့်ခြင်းမဟုတ်၊ စောင့်၍ကြည့်ရသော အလုပ်ဖြစ်သည့် အတွက်ကြောင့် ထိုးထွင်းဉာဏ်များ ဖြစ်ပေါ် အောင် ဆွပေးသည့်နှယ်ရှိနေ၏။ စောင့်ကြည့်တတ်သော ယောဂီအဖို့၌ ဉာဏ်များ သည် (အရှိန်ရလာသည်နှင့် တပြိုင်နက်) ပေါ်ထွက်လာဖို့ 'ပြူစီပြူစီ'ဖြစ်နေကြခြင်း ကိုတွေ့ရပေမည်။ မြန်မာပြည်၌ ယောဂီအများ နားလည်လျက်ရှိကြသည်မှာ ဝိပဿနာအလုပ်ဟူသည် စိုက်၍ရှုခြင်း၊ သို့မဟုတ် ရှုမှတ်ခြင်းဟူ၍ နားလည်ကြ၏။ ဝိပဿနာအလုပ်ဟူသည်မှာ စိုက်၍ရှုခြင်း မဟုတ်၊ စောင့်၍ရှုခြင်းဖြစ်သည်။ စိုက်၍ရှု လျှင် သမထဖြစ်သွားတတ်သည်။ ကျွန်ုပ်သည် ဤအကြောင်းကို အတွေးနှင့် ရေးခြင်း မဟုတ်၊ လက်တွေ့ကျင့်သုံးပြီးမှ ရဲရဲကြီး ရေးလိုက်ခြင်းဖြစ်သည်။ စိတ္တာနုပဿနာ အလုပ်ဟူသည်မှာ စိတ်ကိုစောင့်၍ ကြည့်ခြင်းဟူ၍လည်းကောင်း၊ ဝေဒနာနုပဿနာ အလုပ်ဟူသည်မှာ ဝေဒနာစောင့်၍ ကြည့်ခြင်းဟူ၍လည်းကောင်း၊ ကာယာနုပဿနာ အလုပ်ဟူသည်မှာ ကိုယ်ကာယကို စောင့်၍ကြည့်ခြင်းဟူ၍လည်းကောင်း၊ ဓမ္မာနုပဿနာ အလုပ်ဟူသည်မှာ တရားသဘာဝကို စောင့်၍ကြည့်ခြင်း ဟူ၍လည်း ကောင်း နားလည်သင့်ကြပေသည်။ အချို့ယောဂီများသည်

ဝေဒနာနုပဿနာ အလုပ်ဆို၍ ဝေဒနာကို စောင့်၍မကြည့်ပဲ စိုက်၍ကြည့် တတ်ကြရာ ဝေဒနာ၏ သဘောသဘာဝကို ဉာဏ်ထဲတွင် မပေါ်လာပဲ သမထအလုပ်အနေဖြင့် 'အမြင်'၊ 'အကြား' စသော တန်ခိုးသတ္တိကလေးများ ရရှိနေကြခြင်းကို ကြုံရဘူးလှလေပြီ။ ဉာဏ်ရှိ၍ စူးစူးစိုက်စိုက် စဉ်းစားတတ်သော ပုဂ္ဂိုလ်တဦးသည် ကိုယ်တိုင်စမ်းသပ် ကြည့်ပါက စိုက်၍ကြည့်ခြင်းနှင့် စောင့်၍ ကြည့်ခြင်းတို့၏ ခြားနားပုံကို ထင်ထင်ရှား ရှား တွေ့ရတတ်ပေသည်။

## ကိုယ်တွေ့အခြင်းအရာတခု

သာဓကေတခုတင်ပြရသော် ဂျပန်ခေတ်၌ ကျွန်ုပ်သည် စိတ္တာနုပဿနာ လုပ်ယင်း စိတ်ကိုစောင့်ကြည့်ဖို့ နားမလည်ပဲ စိုက်၍ကြည့်မိခဲ့ရာ ရက်ပေါင်း အတန်ကြာသော အခါ၌ 'လက္ခဏာ'မထင်လာပဲ ဝိညာဏအနန္တခေါ်သည့် (ဝိညာဉ်အဆုံးမရှိ) ဟူသော အရူပ ကမ္မဋ္ဌာန်းအမြင်မျိုး ဝင်လာခဲ့ဘူးလေသည်။ ဤကမ္မဋ္ဌာန်းသည်လည်း မိစ္ဆာဒိဋ္ဌိ ကမ္မဋ္ဌာန်းမဟုတ်၊ ဗုဒ္ဓကိုယ်တော်မြတ် သည်လည်း ပရိနိဗ္ဗာန်ပြုခါနီးတွင် ဝိညာဏံအနန္တံ အပါအဝင် အရူပဈာန် တို့ကိုလည်း ဝင်စားတော်မူသည်ဟု စာဆိုရှိလေသည်။ သို့ရာ တွင် စိတ်ကိုစိုက်၍ ရှုခြင်းအားဖြင့် ကျွန်ုပ်ရရှိဘူးသည့် အရူပဈာန်(အငွေ့အသက်) သည် စိတ်၏ ငြိမ်းချမ်းမှုကို ဖြစ်စေခဲ့ဘူးသော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူ သော လက္ခဏာ သဘောတရားမျိုးလည်း မထင်လာ၊ ဝိပဿနာဉာဏ်မျိုးလည်း ပေါက်လာသည်ကို မတွေ့ရသောကြောင့် ဤလမ်းကား ငါသွားလိုသော လမ်းမဟုတ် ဟု ကိုယ့်ဟာကိုယ် ရိပ်မိကာ စိတ်ကိုစိုက်၍ရှုရာမှ စောင့်၍ရှုရသော အလုပ်သို့ ကူးပြောင်းလိုက်ရပါတော့သည်။ 'စောင့်'ကြည့်ခြင်းနှင့် 'စိုက်' ကြည့်ခြင်းတို့၏ ခြားနားချက်သည် တရားအားထုတ်သောယောဂီများအဖို့ အလွန့်အလွန် အရေးကြီးလှသည့်ပြင် အမှားလမ်းသို့ ရောက်လျက်ရှိသော

ယောဂီပေါင်းများစွာတို့ကို တွေ့ရှိနေရသည်ဖြစ်၍ ဗုဒ္ဓ၏ကျေးဇူးတော်ကို ရှုမျှော်ထောင်ခြင်းအားဖြင့် ('နာအီလုပါပြီ'ဟု ဆိုချင်ဆိုကြစေ) အခါအခွင့်ကြုံတိုင်း (နောင်လာနောင်သားများအတွက် ဖြစ်ချင်ဖြစ်စေ) အနည်းနှင့်အများ ရေးသားဖော်ပြရလိမ့်မည်ဖြစ်၍ မလိုသူများခွင့်လွှတ်ကြရန် တောင်းပန်အပ်ပါသည်။ ဗုဒ္ဓဘာသာမှန်လျှင် တရားအားမထုတ်ချင်သေးလျှင်ရှိစေ၊ ဗဟုသုတအနေဖြင့် ဖတ်ရှု စဉ်းစားထိုက်လှပါသည်။

## စိတ်ဝင်စားဖွယ်ကောင်းသောစိတ်

စိတ္တာနုပဿနာ ဟူသည်မှာ ခေတ်စကားနှင့် ခေါ်သည်ရှိသော် ဗုဒ္ဓညွှန်ပြခဲ့သည့် နည်းနာအတိုင်းစိတ်သဘာဝကို ထိုးထွင်းသိမြင်စေခြင်းငှာ ထက်ကြပ်မကွာစောင့်ကြည့်ပြီး စူးစမ်းလေ့လာခြင်း (ဝါ)သုတေသနပြုခြင်း (Research) ပင်ဖြစ်သည်။ အနောက်တိုင်း ဆိုက်ကော်လိုဂျီဆရာများက စိတ်အကြောင်းကို စဉ်းစားခြင်း၊ စိတ်ကူးခြင်းအားဖြင့် သိအောင်ကြိုးစားကြ၏။ အိန္ဒိယပညာရှိများနှင့် ဖကီရ်များက စိတ်ကိုစူး စိုက်၍ ရှုခြင်းအားဖြင့် ဝိညာဏံအနန္တံ (ဝိညာဉ်အဆုံးမရှိ) ဟူသော သဘောကိုတွေ့ ကြ၏။ ဗုဒ္ဓနည်းမှာမူ စိတ်ကိုလက်တွေ့(ပစ္စုပ္ပန်) အနေဖြင့် စောင့်ကြည့်ပြီး စိတ်၏ အသာရကဋ္ဌ (အနတ္တ) သဘာဝကို မျက်ဝါးထက်ထင် မြင်နိုင်ခြင်းပင် ဖြစ်လေသည်။ ပညာသည်တယောက်သည် မြေကြီးအကြောင်းကို လေ့လာသည့်အခါ မြေကြီးရှိရာသို့ ကိုယ်တိုင်သွားကြည့်ရ၏။ အခန်းထဲမှာထိုင်ပြီး စာအုပ်ကိုဖတ်ရုံနှင့် မလုံလောက်ချေ။ ပတ္တမြားအကြောင်းကိုလေ့လာသော ပညာသည်သည် ပတ္တမြားကို တကိုင်တည်းကိုင် တကြည့်တည်းကြည့်လျက် ပတ္တမြားအမျိုးမျိုးကို တလုံးပြီးတလုံး လေ့လာပြီးခါမှ ပတ္တမြားအကြောင်းကိုသိနိုင်၏။ ပတ္တမြားတလုံးကို စိုက်ကြည့်နေခြင်းအားဖြင့် ပတ္တမြားတို့အကြောင်းကို သိနိုင်သည်မဟုတ်ချေ။ သစ်ပင်အကြောင်းကို

လေ့လာသော ပညာသည်တယောက်သည် သစ်ပင်အမျိုးမျိုးတို့ကို တပင်ပြီးတပင် လက်တွေ့ကြည့်ရှု လေ့လာရ၏။ သစ်တပင်တည်းကို စိုက်၍ကြည့်နေခြင်းအားဖြင့် သစ်ပင်တို့အကြောင်း ကို သိနိုင်မည်မဟုတ်ချေ။ စိတ္တာနုပဿနာ (ခေတ်အခေါ် စိတ်သုတေသန) အလုပ်မှာ လည်း စိတ်ကိုသတိနှင့် စောင့်ကြည့်သောအခါ၌ တခုဖြစ်ပြီး တခုပျက်သွားသော စိတ်ကလေးများ၊ အကြောင်းတိုက်ဆိုင်ခိုက်၌ ဖြစ်ပေါ်လာပြီး ပျောက်ပျက်သွားသော စိတ်ကလေးများ၊ အနီမှုန့်နှင့် ရောသည့်အခါ ရေနီဖြစ်ခြင်း၊ အဝါမှုန့်နှင့် ရောသည့် အခါ ရေဝါဖြစ်ခြင်းကဲ့သို့ ကောင်းသော(ကုသိုလ်)စေတသိက်နှင့် တွဲသည့်အခါ စိတ်ကောင်းဖြစ်ခြင်းသဘော၊ မကောင်းသော (အကုသိုလ်) စေတသိက်နှင့် တွဲသည့်အခါ မကောင်းသော စိတ်ဖြစ်လာခြင်းသဘော၊ ခဏခဏပြောင်းလဲလျက်ရှိခြင်းသဘော၊ အဆင်းရူပါရုံ တခုကို သတိရသော အခိုက်အတန့်၌ ဝတ္ထုဒြပ်နှင့်တကွ ပေါ်လာပြီး အဟုတ် တကယ် ထင်မှတ်ရခြင်းသဘော၊ နောက်တခဏ၌ အခြား အဆင်းတခု ဝင်လာသည့်အခါ ခုနင်ကတကယ်ထင်ရသော ဝတ္ထုဒြပ်ကွယ်ပျောက် သွား၍ နောက်တခုက တွန်းထုတ်လိုက်သကဲ့သို့ ဖြစ်ရသောသဘော၊ ဝမ်းနည်းဖွယ် သောအာရုံတခု ပေါ်လာသည့်အခါ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာသောသဘော၊ ပျော်ရွှင်ဖွယ်သောအာရုံတခုပေါ်လာသည့်အခါ ဝမ်းသာမိသောသဘော၊ ဘယ်သင်း မှ အဟုတ်တကယ်အနှစ်သာရ မရှိသောသဘော စသည်များသည် ယောဂီ၏ဉာဏ် အမြင်၌ပေါ်လာတတ်ပေသည်။ ပထဝီဗေဒပညာသမားသည် မြေကြီးရှိရာသို့ သွားရ သေးသည်။ ရုက္ခဗေဒပညာသမားသည် သစ်ပင်ရှိရာသို့ သွားရသေးသည်။ ပတ္တမြားပညာသည်သည် ပတ္တမြားအမျိုးမျိုးကို ဆောင်ထားရဦးမည်။ စိတ္တာ နုပဿနာ (စိတ်ပညာသည်) ယောဂီအဖို့မူကား စိတ်ကိုစောင့်ကြည့်လေ့လာ ရန်အတွက် အထူးတလည် ပစ္စည်းတခုဆောင်ထားဖို့လည်းမလို၊ မြေကြီးပညာ သည်ကဲ့သို့ ဝတ္ထုရှိရာသို့ ထသွားဖို့လည်းမလို၊ ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက် ဖြစ်စေ၊ ထလျက် ဖြစ်စေ၊ သွားလျက်ဖြစ်စေ စိတ်ကလေးသည် အခါခပ်သိမ်း

သူနှင့်အတူ ကပ်ပါလျက် ရှိသည်ဖြစ်သောကြောင့် အချိန်မရွေး နေရာမရွေး စောင့်ကြည့်လိုက်သည်နှင့် တပြိုင်နက် စူးစမ်းလေ့လာဖို့ အလုပ်ပေါ်ထွက်လာ ရပေသည်။ လေ့လာစရာ ပညာရပ် အမျိုးမျိုးတို့တွင် စိတ်ကလေး၏ ပြောင်းလဲပုံ၊ ဖြစ်ပေါ်ပုံ၊ ပျောက်ပျက်ပုံ၊ တကယ်မဟုတ်ပါပဲလျက် တကယ်ထင်ရအောင် လှည့်စားပုံ အခြင်းအရာများကို စောင့်ကြည့်လေ့လာရခြင်းကဲ့သို့ စိတ်ဝင်စားဖွယ် ကောင်းသော ပညာရပ်တခုသည် အဘယ်မှာ ရှိနိုင်ပါအံ့နည်း။ စိတ်ဝင်စား ဖွယ်ကောင်းသည်သာမကသေး၊ ပညာရပ် တကာတို့တွင် စိတ်သုတေသန ပညာကဲ့သို့ တန်ဖိုးရှိသော ပညာရပ်သည် အဘယ်မှာ ရှိနိုင်ပါမည်နည်း။

စိတ္တာနုပဿနာအလုပ်သည် ခက်ခဲလှသည်၊ ပျင်းစရာကောင်းသည် မြင်ဖို့ခက် သည် စသည်ဖြင့် ပြောတတ်ကြခြင်းမှာ ဘောလုံးပွဲ၊ ဘိုင်စကုပ်ပွဲ ကြည့်လျက်ရှိသော လူများက ပြောချင်ပြောကြပါစေ၊ ရက်အပိုင်းအခြားနှင့် စမ်းသပ်ကြည့်လိုသော ယောဂီများအဖို့မှာ စိတ္တာနုဿနာအလုပ်နှင့်ပတ်သက်၍ လမ်းမှန်အောင်ပြတတ်သည့် ဆရာမျိုး ရှားလျက်ရှိသည့်အတွက် အလွဲလွဲ အချော်ချော် ပြောရှာကြခြင်းဖြစ်သည်။ ပေါက်ရောက်ဖို့ လွယ်ကူသည် မဟုတ် သော်လည်း အားထုတ်ဖို့မှာ (ဆရာကောင်း၍ တပည့်၌ သဒ္ဓါတရားနှင့် ပြည့်စုံပါက) မဖြစ်နိုင်လောက်အောင် ခဲယဉ်းလှသော အလုပ်မဟုတ်သင့်ပါ။

## အကျိုးတရားများ

စိတ်သဘာဝကို ယထာဘူတကျကျ သိမြင်အောင် သုတေသနပြုလုပ်သော စိတ်ပညာသည်တယောက်သည် (စိတ္တာနုပဿနာ ယောဂီဝင်ဖြစ်သည်။) စိတ်၏ သဘောသဘာဝတွကို အထိုက်အလျောက် ထိုးထွင်းသိမြင်လာသောအခါ၌ (သောတာပန် သကဒါဂါမ်စသော နာမည်ကြီးများကို အသုံးမပြုပဲ တမင်ရှောင်၍ ရေးသည်။) ခံစားရရှိသော အကျိုးကျေးဇူးများကို အနည်းငယ် ဖော်ပြလိုသေး

သည်။ ထိုသူသည် မိမိ၏စိတ်အကြောင်းကိုလည်းကောင်း၊ ခပ်သိမ်းသော စိတ်တို့၏ အကြောင်းကိုလည်းကောင်း ရိပ်မိနားလည်သည်ဖြစ်၍ ပထမဦ လောဘကို မပယ်နိုင်သေးသဖြင့် လောဘစိတ်ဖြစ်တတ်သေးစေကာမူ လောဘစိတ် ဖြစ်သည်နှင့် တပြိုင်နက် လိုချင်၍မရသဖြင့် အခံရခက်သောသဘောကို ဆင်ခြင်လိုက်ရာတွင် လောဘစိတ်သည် ကွယ်ပျောက်သွားရပေသည်။ (ငယ်ထိပ် ကို စိုက်၍ရှုသောနည်း၊ ဝမ်းပိုက်ကို စိုက်၍ရှုသောနည်း၊ ထွက်သက်ဝင်သတ်ကို ရှုသောနည်း'မာသဘော'ဆို သော နည်းမျိုးတို့ဖြင့် ဤသို့ဖြစ်နိုင်ကြပါ၏လော။) လောဘစိတ်၏အပြစ်ကို တတ်တတ်အပ်အပ် မမြင်ဘူးပဲလျက် လောဘစိတ်ကို တွန်းထုတ်နိုင်ပါမည်လော၊ ဝမ်းဗိုက်၏ ဖောင်းခြင်း ပိန်ခြင်းကိုလည်းကောင်း၊ ကြာကြာထိုင်၍ ကိုက်ခဲညောင်း ညာလာခြင်းကိုလည်းကောင်း စိုက်၍ရှုထားခြင်း အားဖြင့် ထိုအခိုက်တွင် လောဘ မဖြစ်နိုင်သော်လည်း ကမ္မဋ္ဌာန်းကျောင်း မှထွက်လာ၍ လောဘစိတ်ဝင်လာသောအခါ ထိုစိတ်ကို မည်သည့်နည်းဖြင့် နှင်ထုတ်ရန် ဖြစ်နိုင်ပါသနည်း။ စိတ်အကြောင်းကို ပိုင်ပိုင်နိုင်နိုင် သိထားမှသာ လျှင် အလိုမရှိအပ်သောစိတ်မျိုးကို နှင်ထုတ်နိုင်မည်မဟုတ်ပါလော။ စိတ်သုတေ သနအလုပ်လုပ်၍ အထိုက်အလျောက် ပေါက်ရောက်ထားသော (ဉာဏ်အမြင်ရ ဘူးသော) ပုဂ္ဂိုလ်သည် သတိစောင့်လျက်ရှိနေပါလျှင် လောဘ၊ ဒေါသ၊ မာနစသော အခြင်းအရာများကို အလျှင်းမပယ်နိုင်သေးလျှင် ရှိမည်၊ ကြာရှည်စွာ လက်မခံပဲ ချက်ချင်းမောင်းထုတ်နိုင်သည်။ မောင်းထုတ်တတ်သည်။ အလိုရှိအပ် သော စိတ်ကောင်းကိုသာ လက်ခံသည်။ ထို့ကြောင့် လူသာမန်တို့ထက် စိတ်ဆင်း ရဲမှု သက်သာသည်။ လူတိုင်းလူတိုင်းသည် ကိုယ့်လောကကို ကိုယ့်စိတ်ဖြင့် ဖန်ဆင်းလျက် ရှိသည်ဟု ဗုဒ္ဓဟောတော်မူရာ စိတ်သဘာဝကို ယထာဘူတကျကျ ထိုးထွင်းသိမြင် အောင် လေ့ကျင့်ထားခြင်းကဲ့သို့ နောက်ကျိညစ်ညမ်းသော လောကမျိုးမဖြစ်ပေါ် အောင် ချုပ်ကိုင်နိုင်သော ပညာသည် ကမ္ဘာလောကတွင် အဘယ်မှာ ရှိနိုင်ပါဦးမည်နည်း။ (စိတ္တာနုပဿနာခေါ်ခဲ့လျှင် တရားစော်နံလု

သည်ဟု ခေတ်လူငယ်များ ဆိုကြမည်စိုးသည်တကြောင်း၊ ဤခေတ်လူများအဖို့၌ 'သုတေသန'ဟူသော စကားလုံးသည် သာ၍ပေါ်လွင်သည်ဟု ယူဆသည် တကြောင်းကြောင့် ထည့်သွင်းသုံးနှုန်းခြင်းအတွက် ရှေးကျသောလူများက နှာခေါင်းရှုံ့ကြလျှင်လည်း မတတ်နိုင်ပါ၊ ဤခေတ်တွင် လက်မခံနိုင်ကြလျှင်လည်း နောင်ခေတ်များအတွက် မျှော်လင့်ပါသည်။)

## ဒုတိယ ဦးအောင်မြတ်ထွန်းတဲ့

မကြာသေးမီက ဤခေတ်တွင် အလွန်တရာ ထင်ရှားကျော်စော၍ သာသနာ့ဝန်ထမ်း ရဟန်းတော်များ၏ ကြည်ညိုဖွယ် ဆောင်ရေးအတွက် အထူးကြိုးစား ဆောင်ရွက်လျက်ရှိသည့် ဆရာတော်ကြီးတပါးအားဖူးတွေ့ခွင့်ရရှိ၍ လောကီရေးရာ၊ လောကုတ္တရာရေးရာ ထွေရာလေးပါး စကားလက်ဆုံကျကြရာတွင် ဆရာတော်က စာပေကျမ်းဂန်နှင့်တကွ အယူအဆအရာတွင် စူးစူးရှရှ သဘာဝကျလှသည်ဟု နာမည်ကြီးခဲ့သည့် အရှင်အာဒိစ္စဝံသ (လူမည် ဦးအောင်မြတ်ထွန်း) အကြောင်းကို စကားစပ်မိ၍ မိန့်တော်မူလေသည်။ ဆရာတော်က ဦးအောင်မြတ်ထွန်းသည် စာအရေးအသား အလွန်ကောင်းမွန်ကြောင်း၊ သို့ရာတွင် တင်းမာခက်ထန်သော မာနသံပါသည့်အတွက်ကြောင့် သူ၏စာကို ကြိုက်သော်လည်း လက်မခံချင်ပဲရှိကြကြောင်း၊ ကျွန်ုပ်(ရွှေဥဒေါင်း)မှာလည်း ဒုတိယဦးအောင်မြတ်ထွန်း ဖြစ်နေဟန်ရှိကြောင်းနှင့် မိန့်တော်မူလေသည်။ ကျွန်ုပ်သည်ဆရာတော် မြင်သည့်အတိုင်း ကိုယ့်ဟာကိုယ်လည်း မြင်မိဘူးပါ၏။ သို့ရာတွင် ဆရာတော်၏စကားကို ကြားရသည့်အခါ မိမိ၏အပြစ်အနာဆာများကို နှိုက်နှိုက်ချွတ်ချွတ် ထပ်ဆင့်စစ်ဆေးရုံ သာမက အဘယ်သို့သောအကြောင်းကြောင့် ၎င်းအပြစ်မျိုး ကျွန်ုပ်၌ ရှိနေရသည်ကို စူးစမ်းရှာဖွေ ခြင်းအားဖြင့် အောက်ပါအတိုင်းတွေ့ရှိရပါသည်။

## ဖြူကောင်သဘာဝ

ကျွန်ုပ်၏မှတ်တမ်းတွင် (အထူးသဖြင့် သူငယ်ဘဝ၌) ဆူးများ တချောင်းပြီး တချောင်း ပေါက်ခဲ့ရပုံကို ဖော်ပြခဲ့ဘူးရာ ဆူးတွေများလာသောအခါတွင် ကျွန်ုပ်၏ စိတ်နေသဘောတရားသည် ဖြူကောင်သဖွယ်ဖြစ်လာသည်ဟု ဆိုလိုခြင်း ဖြစ်၏။ ဖြူကောင်သည် အခြားသော သတ္တဝါများကို အန္တရာယ်ပြု တတ်သည် မဟုတ်၊ ပြုနိုင်သော သတ္တိရှိသည်လည်းမဟုတ်၊ သို့ရာတွင် အခြားသတ္တဝါ ဟူသမျှသည် ၎င်းတို့၏ ရန်သူချည်းဖြစ်သည်ဟု ယူဆသည့်လက္ခဏာနှင့် မည်သည့်သတ္တဝါမျိုး ချဉ်းကပ်လာ သည်ဖြစ်စေ ကိုယ်၌ရှိသော ဆူးချောင်းများကို မြှောက်ကြွကာ ခုခံဖို့ ဟန်ပြင်တတ် သည့်နည်းတူ ကျွန်ုပ်မှာလည်း သူစိမ်းမြင်သမျှကို မိတ်ဆွေဟု သဘောထားနိုင် လောက်အောင် ယုံကြည်မှုမရှိပဲ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ရတော့မည့်နှယ် 'ဆူး' များကို ထောင်ကြွထား တတ်ပါတော့သည်။ ဆူးများမြှောက်ထောင်ထားသော 'ဖြူ' ကောင်ကိုမည်သူကမျှ ချစ်ခင်ကြင်နာခြင်း၊ ပွတ်ကာသပ်ကာ အရောတဝင် ဆက်ဆံ ခြင်းပြုလုပ်ရန် မဖြစ်နိုင်သကဲ့သို့ များစွာသော လူစိမ်းများသည်ကျွန်ုပ်ကိုမြင်သော အခါ ခင်မင်ရင်းနှီးသော အဖြစ်မျိုးသို့ ရောက်နိုင်လိမ့်မည်ဟု မမျှော်လင့်နိုင်ပဲ ရှိကြ၏ အချို့ကမူ မာနကြီးသော လူကြီးတယောက်ဟု ထင်ကြကြောင်း ပြောပြကြ၏။ စင်စစ်မှာ ဖြူကောင်၌ မာနမရှိနိုင်စကောင်းသကဲ့သို့ ကျွန်ုပ်မှာလည်း မည်သူ့ အပေါ်သို့မှတက်ပြီး ပလွှားကြွားဝါဘူးခြင်းမရှိ။ မိမိ၏အမြင်ကို စိတ်ချလက်ချ ယုံကြည်၍ ရဲရဲကြီးတင်ပြဝံ့ခြင်း (Self Confidence) မျှသာ ဖြစ်သောကြောင့် 'မာန'ဟုတ်မည် မထင်၊ မိမိအား ပုတ်ခတ်ပြောဆိုကြမည့်အရေးကို သိမြင်သည်နှင့် ကြိုတင်ပြီး ခုခံကာ ကွယ်သည့်သဘောကို ဖော်ပြသည့် 'ဉာဉ်ဆိုး'တမျိုးမျှသာ ဖြစ်တန်ရာသည်ထင်ပါ၏။ ဖြူကောင်သည် ကျား၊ ကျားသစ်စသော

တိရစ္ဆာန်များကို မြင်သည်နှင့်တပြိုင်နက် 'ရန်သူ'ဟူ၍ ချက်ချင်း သိဘိသကဲ့သို့ ကျွန်ုပ်သည်လည်း ကျွန်ုပ်နှင့် အစပ်မတည့်မည့် လူတယောက်ကို မြင်လိုက်သည်နှင့် တပြိုင်နက် ချက်ချင်းပင် သိတတ်၏။ ဤကိစ္စမျိုး၌ ကျွန်ုပ်၏ အထင်သည် အလွန်လွဲခဲလှ၏။ အစပ်မတည့်ဟူ၍ ကျွန်ုပ်ထင် လိုက်မိသည် ဆိုလျှင် အခြေအနေအရ မဆက်ဆံပဲမဖြစ်၍ ဆက်ဆံကြည့်သော အခါတွင်လည်း ထင်သည့်အတိုင်း အစပ်မတည့်ခြင်းကိုပင် တွေ့ရ၏။ အချို့လူများမှာ မူပထမ အကြိမ် မြင်လိုက်ကတည်းက ကျွန်ုပ်က သိသည့်အတိုင်း သူ့စိတ်သို့ဓာတ်ရိုက်သည့် လက္ခဏာနှင့် သူကလည်းသိပုံရ၍ တယောက်နှင့်တယောက် ကြိမ်ဖန်များစွာ တွေ့ကြရသော်လည်း စကားတခွန်းမျှ မပြောပဲ နေကြသူများလည်း ရှိလေသည်။ ဆူးပေါက်သော ဖြူကောင်သည် မသင့်မြတ်သူကို အကဲခတ်ခြင်းအလုပ်၌ အခြားသတ္တဝါများထက် သိလွယ်တတ်သော ပကတိဉာဏ် (Instinct) ရှိပုံရ၏။ ကျွန်ုပ်သည်လည်း မိမိနှင့်အစပ်မတည့်မည့် လူတယောက်ကိုသိဖို့ရန် စုံစမ်းဆင်ခြင် နေရသည်မဟုတ်။ မြင်လျှင်မြင်ခြင်း တိရစ္ဆာန်တို့၏ ပကတိဉာဏ်မျိုးဖြင့် သိနိုင်လေ သည်။ ဤနည်းအားဖြင့် ကျွန်ုပ်နှင့်ကြိမ်ဖန်များစွာတွေ့ဘူးသော်လည်း တကြိမ်တခါမျှ မခေါ်မပြောဘူးသူပေါင်းမှာ ကျွန်ုပ်၏တသက်တာ၌ တော်တော်များလေသည်။ တခါတရံတွင် ထိုလူမျိုးတို့သည် ကျွန်ုပ်အကြောင်းကို မကောင်းပြောကြသည်ဟူ၍ လည်း အခြားလူများထံမှ ကြားရလေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ မည်သို့မျှမရှိပါ။ ထိုသို့ သောလူမျိုးနှင့် ခေါ်ပြောဆက်ဆံမှုမပြုမိခြင်းသည် ရန်ဖြစ်ဖို့ အခွင့်မရှိပဲ ရှိသည်ဆိုကာ ကိုယ့်'အသိ'ကိုကိုယ်ကျေနပ်မိပါသည်။

## စိတ်မတိုမိသင့်ပဲ တိုမိခြင်း

ဆူးများပေါက်ရခြင်းသည် ဤမျှလောက်သာ အကျိုးတရား ပေါ်ထွက်သည် ဆိုပါလျှင် တော်ပါသေး၏။ ကျွန်ုပ်အဖို့၌မူ ဤမျှလောက်မကသေးခြင်းကို တွေ့ရ၏။ ကျွန်ုပ်၌ သည်းမခံတတ်ခြင်း၊ စိတ်တိုခြင်း၊ ဆန့်ကျင်ဘက်သဘာဝနှင့် တွေ့သည့်အခါ စိတ်ဆိုးလွယ်တတ်ခြင်း တည်းဟူသော မကောင်းသည့် 'ဥာဉ်ဆိုး'များဖြစ်ပေါ်လျက်ရှိ ၏။ ဥဒါဟရုဏ်ဆောင်ရသော် ပီကင်းသို့သွားစဉ်က အမတ်တယောက်၏ ဗဟုသုတ မပြည့်စုံခြင်းအတွက် ကျွန်ုပ်ကစိတ်ဆိုးလိုက်မိ၏။ သူ့ဟာသူ ဗဟုသုတနည်းခြင်းသည် ကျွန်နှင့်ဘာဆိုင်ပါသနည်း။ သို့နှင့်လည်း ကျွန်ုပ်က ပိုင်စိုးပိုင်နင်းလုပ်၍ ကိုယ့်တပည့်သဖွယ် ငေါက်ဆတ်ဆတ် ပြောလိုက်မိသည်။ ရှုတ်ချလိုက်မိသည်။ ဤသည်မှာ ဆူးများပေါက်ထားခြင်း၏ အကျိုးဆက်ပင်ဖြစ်လေရာ ဤအခြင်းအရာမျိုးမှာမူ အထက်ပါ ကိစ္စမျိုးတို့ထက် ဆိုးရွား၍ ကိုယ့်ဟာကိုယ်လည်းမကျေနပ်သဖြင့် ဤနောက်ပိုင်းတွင် ပြုပြင်ဖို့ ကြိုးစားလျက်ရှိပါသည်။

## ချွတ်ယွင်းချက်တခု

အလားတူ ဆိုးရွားသော ကိစ္စတခုလည်း ရှိသေး၏။ စာရေးသောအခါ၌ ကျွန်ုပ်သည် (အထူးသဖြင့် လောကုတ္တရာရေးရာအကြောင်း ရေးသားသောအခါများ တွင်) အခြားလူများ လွဲမှားလျက်ရှိသည်ဟု ကျွန်ုပ်အသေအချာသိသော အကြောင်း အရာများကို ရေးချင်တတ်၏။ ကျွန်ုပ်က အထောက်အထားပြည့်စုံစွာနှင့် ရေးသား တင်ပြစေကာမူ အတော်အတန်လူများ (လောက၌ အတော်အတန် လူများသာ များလှ သည်) လက်ခံနိုင်လိမ့်မည် မဟုတ်ခြင်းကို ကြိုတင်သိရှိထား၏။ ထိုကဲ့သို့ကြိုတင်သိရှိ ထားမှုသည် ဆူးတွေပေါက်ထားသည့် ကျွန်ုပ်အဖို့ရာ၌

ယားကျိကျိဖြစ်အောင် ကလိပေးသကဲ့သို့ရှိနေ၍ မည်သူကမျှ ဆန့်ကျင်ဘက် ငြင်းချက်မထွက်ရသေးမီ မိမိတယောက်တည်း ကြိုတင်ပြီး ငြင်းနေနှင့်သကဲ့သို့ ဒေါနှင့်မောနှင့် ရေးခဲ့မိ၏။ ပီကင်းအမတ်သည် ဗဟုသုတနည်းပါးခြင်း အတွက် ကြောင့် ကျွန်ုပ်စိတ်တိုခဲ့ဘူးသကဲ့သို့ ဂေါတမဗုဒ္ဓက ရှင်းလင်းအောင် ဟောပြ တော်မူခဲ့ပါလျက် သမထအလုပ်နှင့် ချင့်ချိန်နှိုင်းဆနိုင်သော ဉာဏ်မရှိကြသလော၊ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးမျိုးက ရေးပြမှပတ်မှန်သည်ဟု လက်ခံတတ်ကြ သလော၊ သဘာဝကိုစံချိန်ထားပြီး ကိုယ်ပိုင် ဉာဏ်ဖြင့် မစဉ်းစားတတ်ကြသလော၊ ကာလာမသုတ်အကြောင်းကို မကြားဘူးကြ သလော၊ ဘာလော ညာလော စသည်ဖြင့် ကိုယ်တယောက်တည်း ဒေါဖောင်းပြီး တင်းမာခက်ထန်သော စကားလုံးများနှင့် ကျွတ်ဆတ်သော ဝါကျများ ထွက်လာကုန် ကြလေတော့သည်။ ဤအခြင်းအရာကို ယခုကဲ့သို့ရှင်းပြခြင်းမှာ ကျွန်ုပ်စိတ်တိုခြင်း သည် နည်းလမ်း မှန်သည်ဟု ဆိုလိုခြင်း (Justification) မဟုတ်ပါ၊ အဘယ့်ကြောင့် စိတ်တိုမိခြင်းကို ကိုယ့်ဟာကို ရှာထုတ်ပြီး ရှင်းလင်းတင်ပြခြင်း (Explanation) မျှသာဖြစ်ပါသည်။ စိတ်တိုရခြင်းမှာ အကြောင်းရှိသော်လည်း ကျွန်ုပ်၏အပြစ် (ချွတ်ယွင်းချက်) ဖြစ်ပါသည်ဟူ၍ ကျေကျေနပ်နပ်ကြီး ဝန်ခံပါသည်။

## တကိုယ်တည်းသမား

ကျွန်ုပ်သည် ကျွန်ုပ်၏ (သဘာဝကျ မကျ နည်းလမ်းမှန်မှန်) ဆုံးဖြတ်တတ် သည့် ဉာဏ်စွမ်းနှင့်ပတ်သက်၍ လောကီမှု၌ဖြစ်စေ၊ လောကုတ္တရာ ရေး၌ဖြစ်စေ ရဲရဲကြီးစိတ်ချယုံကြည်ထားသော်လည်း ကျွန်ုပ်၏ညံ့ဖျင်းမှုများ (အထူးသဖြင့် လူမှု ဆက်ဆံရေးတွင် ညံ့ဖျင်းမှုများ)ကိုမူ ဝန်ခံရန် အသင့်ရှိပါသည်။ စဉ်းစားဉာဏ်ဖြင့် ဆုံးဖြတ်ခြင်းမှတပါး ကျွန်ုပ်၏ညံ့ဖျင်းမှုများသည် ရေး၌မကုန်နိုင်အောင် ရှိနေ ကြောင်း ကိုယ့်ဟာကိုယ်လည်းသိပါ၏။ သဘာဝအကြောင်းကို ဤမျှလောက်

သိသည်ဆိုလျှင် အဘယ့်ကြောင့် ညံ့ဖျင်းမှုများရှိရသနည်းဟု မေးချင်စဖွယ် ဖြစ်နေ၏။ သိခြင်းသည် တခြား၊ လုပ်တတ်ခြင်းသည်တခြား ဖြစ်သည်ဟု ဆိုရပေမည်။ ဥပမာ လူပေါင်းဆန့် ခြင်းသည် ကောင်း၏ဟုသိ၏။ လက်တွေ့၌မူ (စိတ်တိုခြင်းအစရှိသော ချွတ်ယွင်းချက် ကလေးများကြောင့်)ဖြစ်အောင် မလုပ်တတ်ပဲရှိနေ၏။ ဤကားမှန်သည် ဤကားမှား သည်ဟူ၍လည်းကောင်း၊ အဘယ့်ကြောင့်မှားသည်၊ အဘယ့်ကြောင့် မှန်သည်ဟူ၍ လည်းကောင်း အကြောင်းအကျိုးနှင့် တကွကျွန်ုပ် ကောင်းကောင်းသိ၏။ သို့ရာတွင် လူအများနှင့် ဆက်ဆံရသော အလုပ်ဟူသမျှ၌ ကျွန်ုပ်မအောင်မြင်ပဲရှိ၏။ ကျွန်ုပ်၏ စဉ်းစားဉာဏ်တဝက်မျှ မရှိသောလူများသည် ကျွန်ုပ်ထက် နှစ်ဆမက အောင်မြင် လျက် ရှိခြင်းကိုတွေ့ရ၏။ စဉ်းစားရသော အလုပ်မျိုးသည် ကိုယ့်ဟာကိုယ် လုပ်ယူရသော အလုပ်မျိုးဖြစ်သောကြောင့် မှန်ကန်အောင် စဉ်းစားတတ်ပါ၏။ လူအများနှင့်မဆိုထားဘိ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ ဦးစီးဆောင်ရွက်ရမည့် အလုပ်မျိုးကိုမူ ကျွန်ုပ် ဘာမျှ ဖြစ်အောင်မလုပ်တတ်၊ လုပ်တတ်အောင်ပင် မကြိုးစားချင်ပါ။ ဤသည်မှာ ကျွန်ုပ်၏ ဝါသနာဖြစ်နေသဖြင့် ကျွန်ုပ်မတတ် သည့်အတွက်ကြောင့် လူအများမလုပ် ချင်သည့် စဉ်းစားခြင်းအလုပ်မျိုးတွင် ခွန်အားကောင်းလျက် ရှိလေသလောဟု ကြံဆမိသည်။ သို့ရာတွင် နှစ်ဘက်လုံး ချွန်သော လူများလည်း ရှိကြပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်အဖို့မူ လူမှု ဆက်ဆံရေး အလုပ်ဟူသမျှကို လက်လျှော့ပြီး တကိုယ်တည်း စဉ်းစား၍ရေးခြင်း၊ တကိုယ်တည်းအားထုတ်ခြင်းစသော အလုပ်မျိုးနှင့်သာ တသက်ပတ်လုံး နေပါ တော့မည်ဟု ဆုံးဖြတ်ထားပြီးဖြစ်ပါသည်။

## မေတ္တာတရား၏ အကျိုးအာနိသင်

ကျွန်ုပ်၏ တသက်တာမှတ်တမ်းကို ဖတ်ရှုကြသည့် ပရိသတ်နှင့် ကျွန်ုပ်တို့ ကွဲကွာလျက် ရှိခဲ့သည်မှာ လေးလခန့်မျှရှိခဲ့လေပြီ။ ဤမှတ်တမ်းကို ယခုတဖန် ပြန်လည်ဆက်လက်ရေးသားဖော်ပြရာတွင် ဆိုဗီယက်ယူနီယံသို့ ကျွန်ုပ်သွားရောက်ခဲ့ခြင်းကို သိရှိကြသော မိတ်ဆွေများက ၎င်းအကြောင်းကို ရှေးဦးစွာ သိလိုကြလိမ့်မည်ဟု ထင်မိသည်တကြောင်း၊ ကျွန်ုပ်ကိုယ်တိုင်ကလည်း အဖြစ်အပျက်များကို မှတ်မိခြင်းအရာတွင် (အသက်ကြီးပြင်းလာမှုကြောင့်) ရှေးယခင်ကကဲ့သို့ မဟုတ်တော့ပဲ အနည်းငယ်ဆုတ်ယုတ်ခြင်းရှိလာသည်ကို တွေ့ရ၍ ဆိုဗီယက်ယူနီယံ၌ ကြုံခဲ့ရသော အခြင်းအရာများကို ပူပူနွေးနွေးရေးသားဖော်ပြပါမှ တိကျစုံလင်လိမ့်မည် ဟု ယူဆသည်တကြောင်းကြောင့် ယခင်က ဖော်ပြလာခဲ့သည့် အကြောင်းအရာများ ကို ခေတ္တဖြတ်ထားပြီးနောက်ဆုံး ကြုံတွေ့ခဲ့ရသည့် ဆိုဗီယက်ကိုယ်တွေ့အခြင်းအရာ များကို ရှေးဦးစွာ တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ယင်းသို့တင်ပြရာတွင်လည်း တရုတ်ပြည်သွား မှတ်တမ်းကို ရေးသားစဉ်ကကဲ့သို့ ကိုယ်တွေ့အဖြစ်အပျက်များကို အစီအစဉ်အတိုင်း မဖော်ပြပဲ (အစီအစဉ်ကိုမူ အခြားတနေရာတွင် အလျဉ်းသင့်သလို ရေးသားတင်ပြကောင်း တင်ပြပါဦးမည်။) ကျွန်ုပ်၏ မေတ္တာကမ္မဋ္ဌာန်း(ဝါ)မေတ္တာ တရားပွားများခြင်းနှင့် ပတ်သက်၍ တအံ့တသြ အောင်မြင်ခဲ့ပုံ အကြောင်းအရာ သက်သက်ကိုသာ ဤနေရာ၌ ထုတ်နုတ်ဖော်ပြရန် ကြံရွယ်ချက်ရှိပါသည်။

## ရှင်းလင်းချက်

မေတ္တာတရား ပွားများမှုနှင့်ပတ်သက်၍ ကျွန်ုပ်၏အောင်မြင်မှုများကို ဖတ်ရှုရသောပရိသတ်က ကျွန်ုပ်အား 'ကိုယ်ရည်သွေးသည်'ဟု စွပ်စွဲချင်စဖွယ် အကြောင်းအရာများလည်း ပါရှိသည်ဖြစ်သောကြောင့် ကြိုတင်၍ အနည်းငယ်ရှင်းလင်းဖော်ပြလိုပါသေးသည်။ ကျွန်ုပ်သည် လူအများချီးမွမ်းခြင်း၊ ထင်ပေါ်ကျော်စောခြင်း အစရှိသော အရာမျိုးကို လုံးဝမလိုလားသူ တယောက်ဟူ၍ မပြောဝံ့စေကာမူ ချီးမွမ်းခံလိုသော ရည်ရွယ်ချက်ဖြင့် 'မဏ္ဍပ်တိုင် တက်ပြသော' လူစားမျိုး မဟုတ်ကြောင်းကိုမူ ကျွန်ုပ်၏တသက်တာမှတ်တမ်းကို ဖတ်ရှုလာခဲ့ကြသည့် မိတ်ဆွေများတို့ နားလည်လောက်ကြသည်ဟု မျှော်လင့်ပါသည်။ မေတ္တာတရား၏ အကျိုးအာနိသင် အကြောင်းကို ရေးသားတင်ပြရာတွင် ကျွန်ုပ်သည် မိမိအတွက် လူချီးမွမ်းခံလိုမှုထက် စစ်မှန်သော မေတ္တာတရားမည်သည် လောကဌအံ့သြလောက်သည့် အကျိုးအာနိသင် မျိုးဖြစ်ပေါ်လာရသည့် အစွမ်းသတ္တိရှိခြင်းကို ဗုဒ္ဓဘာသာမြန်မာလူမျိုးများသာမက မည်သည့်ဘာသာ၊ မည်သည့်လူမျိုးပင်ဖြစ်စေ ယုံကြည်စေနိုင်လောက်သည်ဟု ယူဆသည့်အတွက်ကြောင့် ယုံကြည်သော လောကလူသားတို့၏ အကျိုးအလို့ငှာ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ တကြောင်းမှာလည်း မေတ္တာတရား၏အကျိုး ကြီးခြင်းကို လူတိုင်းလိုပင် သိရှိနားလည်ကြပြီးသကဲ့သို့ ရှိနေကြ၍ ပွားများသူများ လည်းရှိကြမည် ဖြစ်သော်လည်း ပွားများပုံပွားများနည်းနှင့်တကွ အသေးစိတ်ဖော်ပြခြင်း မျိုးကိုလည်းကောင်း၊ ထိုမှဖြစ်ပေါ်လာသော အကျိုးတရားများကို ကိုယ်တွေ့အနေဖြင့် ရေးသားဖော်ပြခြင်းမျိုးကိုလည်းကောင်း ကျွန်ုပ်မတွေ့ရသေးသည့် အတွက်ကြောင့် လောကကြီးအတွင်း၌ အမြင့်မြတ်ဆုံးဖြစ်သော ဤမေတ္တာတရား အကြောင်းကို စာဖတ်ပရိသတ်တို့ ဖတ်ရှုရပါက အားကျစေလိုခြင်းအလို့ငှာ ရေးသားဖော်ပြရခြင်း ဖြစ်ပါသည်။ "လောကကြီးအတွင်း"ဟူသော စကားလုံးကို သုံးနှုန်းရခြင်းမှာ

မေတ္တာတရားသည် လောကမှလွန်မြောက်စေသော တရားမျိုးကားမဟုတ်။ သို့သော် လောကအတွင်း၌မူ ၎င်းထက် မြင့်မြတ်ကြီးကျယ်သည့် တရားမျိုးမရှိဟူ၍ ဆိုလိုသည့် အတွက်ကြောင့်ဖြစ်ပါသည်။ ဤမျှစကားပလ္လင်ခံပြီးနောက် ဤအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ကိုယ်တွေ့အခြင်းအရာများကို ဖော်ပြပါတော့မည်။

## ဆရာကြီး ဘာတရန်ရတ်ဆဲလ်

၁၉၆၁ ခုနှစ်ကုန်ခါနီးတွင် ရန်ကုန်သို့ဆင်းသွား၍ ကျွန်ုပ်အား ဂုဏ်ပြုညှိခံကြ သည့် ထမင်းစားပွဲတပွဲ၌ ကျွန်ုပ်၏ စဉ်းစားဉာဏ် အတွေးအခေါ်နှင့် ပတ်သက်၍ အထင်ကြီးပုံရသည့် ရန်ကုန်တက္ကသိုလ်မှ ပုဂ္ဂိုလ်နှစ်ဦးတို့က ကမ္ဘာကျော် အဘိဓမ္မာ ဆရာကြီး ဘာတရန်ရတ်ဆဲလ် စီရင်ရေးသားသည့် စာအုပ်လေးအုပ်ကို ကျွန်ုပ်အား ပေးလှူကြပေသည်။ ထိုလေးအုပ်အနက် 'လူသားသည် အနာဂတ်ရှိသေးသလော' Has Man any Future? ဟူသော စာအုပ်ကို ကျွန်ုပ်ရှေးဦးစွာ ဖတ်ရှုလိုက်သည်။ ပထမ၌ ကျွန်ုပ်၏အထင်မှာ 'လူသတ္တဝါသည် သေပြီးသည့်နောက် ဘဝရှိသလော' ဆိုသည့်အကြောင်းကို ရေးထားသည် အထင်နှင့်စိတ်မပါတပါ ဖတ်ရှုမိပါသည်။ သို့ရာတွင် ဖတ်ရှုလိုက်သောအခါ၌ ထိုအဓိပ္ပာယ်မျိုးမဟုတ်ပဲ ကမ္ဘာစစ်ကြီးဖြစ်ပြီး လူသားမျိုးပြုတ်သွားနိုင်သလော ဟူသောပုစ္ဆာကို ဆရာကြီးက သူ့ဟာသူမေးပြီး သူ့ဟာသူဖြေထားခြင်းဖြစ်၍ ကျွန်ုပ် အလွန်စိတ်ဝင်စားစွာနှင့် ဖတ်ရှုဆင်ခြင်ပါသည်။ ထိုစာအုပ်တွင် ဆရာကြီးသည် ပုံမတော်အဆင်မသင့်ပါက ကမ္ဘာစစ်ကြီးဖြစ်နိုင်ပုံကို ဖော်ပြ၍ ထိုကဲ့သို့မဖြစ်ရအောင် ကာကွယ်တားဆီးရန် နည်းလမ်းကိုလည်း (သူ၏စိတ်ကူးဉာဏ်အရ) ရေးသားဖော်ပြထားလေသည်။

## ကျွန်ုပ်၏အတွေး

ဘာတရန်ရတ်ဆဲလ်မှာ ငြိမ်းချမ်းရေးကို လိုလားသည့်ကမ္ဘာကျော် ပညာရှိပုဂ္ဂိုလ်ကြီးဖြစ်ပေရာ ကျွန်ုပ်သည် ၎င်း၏အကြံပေးချက်များကို ငြင်းဆိုလိုသောကြံရွယ်ချက် အလျှင်းမရှိစေကာမူ ကျွန်ုပ်မှာလည်း ဂေါတမဗုဒ္ဓ ညွှန်ပြတော်မူခဲ့သည့်အတိုင်း စိတ်သဘာဝကို နှစ်ပေါင်းများစွာ လေ့လာထားခဲ့သူ တယောက်ဖြစ်သည့်အလျောက် ကမ္ဘာစစ်မဖြစ်နိုင်ရေးအတွက် စိတ်ကူးများပေါ်ပေါက်ခဲ့ပါသည်။ ဤသည်မှာ စိတ်ကူးသက်သက်မျှသာ ဖြစ်သော်လည်း ဝန်ကြီးချုပ်ဟောင်း ဦးနုတို့ ပြောဟောတတ်ကြသည့် ငါးပါးသီလတရားမျိုးမျှလောက်မဟုတ်၊ တကယ်လုပ်လျှင် တကယ်ဖြစ်နိုင်လောက်သည့် နည်းလမ်းတခုဖြစ်သည်ဟု ကျွန်ုပ်ထင်မြင်မိပါသည်။ ထိုအချိန်မှစ၍ ကမ္ဘာ့နိုင်ငံရေးနှင့်ပတ်သက်၍ မည်သည့်အဖြစ်အပျက် အခြင်းအရာ ကိုမျှ ဂရုမစိုက်တော့ပဲ ဆိုဗီယက်နှင့် အမေရိကန်တို့ဆက်ဆံရေးတခုတည်းကိုသာ အလေးပေးပြီး လေ့လာခဲ့ပါသည်။ အကြောင်းမူကားကမ္ဘာစစ်ကြီးဖြစ်မဖြစ်ဟူသည် မှာ ထိုတိုင်းပြည်ကြီးနှစ်ပြည်တို့၏ ဆက်ဆံမှုပြေပြစ်ခြင်းရှိမရှိ အပေါ်တွင် တည်လျက်ရှိသည်ဟု ကျွန်ုပ်ထင်မြင်လျက်ရှိပါသောကြောင့်တည်း။ တချို့ကကျူးဘား အရေး၊ ဘာလင်အရေး၊ လောအရေးစသည်တို့ကြောင့် စစ်ဖြစ်နိုင်သည်ဟုပြောကြလေရာ ကျွန်ုပ်မှာစိတ်ကိုအရင်းခံထား၍ စဉ်းစားသူတယောက် ဖြစ်သည့်အလျောက် (အဖြစ်အပျက်များကစိတ်ကို ပြုပြင်ပြောင်းလဲစေနိုင်ခြင်းကို မငြင်းလိုစေကာမူ) တပြည်ကိုတပြည်ကအထင်မှားမှုများ၊ မယုံကြည်မှုများ၊ စိတ်မချနိုင်မှုများကို ဖြေရှင်း ပေးနိုင်လျှင်လည်းကမ္ဘာစစ်ဖြစ်ဖို့ ဝေးသွားနိုင်သည်ဟု ယုံကြည်လျက်ရှိပါသည်။

## ဘယ်လိုလိုက်ရလိုက်ရ

ကျွန်ုပ်၏စိတ်ကူးအရမှာ ဆိုဗီယက်နှင့်အမေရိကန်တို့ တဘက်နှင့်တဘက် အထင်လွဲမှားမှုများ ရှိနေကြရာတွင် ဆိုဗီယက်တို့၏ စိတ်နေသဘောထားနှင့် အမေရိကန်တို့၏ စိတ်နေသဘောထားများကို ကျွန်ုပ်သိရအောင် စူစမ်းနိုင်ခွင့်ရှိခဲ့လျှင် ကျွန်ုပ်၏အကြံအစည်အောင်မြင်မည်၊ မအောင်မြင်မည်ကို မှန်းဆနိုင်ခွင့်ရှိလိမ့်မည်ဟု ယုံကြည်လာသည်။ ထိုနှစ်ပြည်ထောင်ရှိ တိုင်းသူပြည်သားတို့၏ စိတ်သဘောထားများအကြောင်းကို စာအုပ်များဖတ်ခြင်းအားဖြင့် အထိုက်အလျောက် ရိပ်မိသည်ထင်သော်လည်း ကိုယ်တိုင်သွား၍ တီးခေါက်စုံစမ်းခြင်း၊ ပေါင်းသင်းဆက်ဆံခြင်း စသည်တို့ဖြင့် ပြုလုပ်ခွင့်ရခဲ့လျှင် ကျွန်ုပ်အကဲခတ်နိုင်လိမ့်မည်ဟု ယုံကြည်မိသည်။ သို့ရှိစဉ် အက်ဖရိုအေရှန် ချစ်ကြည်မှုတည်မြဲရေးအဖွဲ့မှ ကိုယ်စားလှယ်သုံးဦး၊ စေလွှတ်မည်ကြံရာတွင် ကျွန်ုပ်အားကိုယ်စားလှယ်တဦးအနေဖြင့် ထည့်သွင်းမည်ဆိုသည်ကို ကြားရသည့်အခါ ကျွန်ုပ်မှာ အထက်ပါရည်ရွယ်ချက် ရှိနေသူဖြစ်သည့် အတွက်ကြောင့် ဘယ်လိုအဖြစ်နှင့် လိုက်ရသည်ဖြစ်စေ၊ လိုက်လိုသော ဆန္ဒပြင်းထန် လျက်ရှိပါတော့သည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ကမ္ဘာစစ်ကို တားဆီးလိုခြင်းတည်းဟူသော အကြံအစည်ကြီးနှင့် (ဖြစ်မဖြစ်အပထား၍ ဤအကြံရခြင်းအတွက် ဝမ်းမြောက်စွာဖြင့်)ဆိုဗီယက်ယူနီယံသို့ လိုက်ပါသွားခဲ့ပါသည်။

## မေတ္တာ၏အကျိုး

မော်စကိုသို့ ရောက်သွားသောအခါ ကျွန်ုပ်မှာ ကျွန်ုပ်၏ ဇာတာကံကြမ္မာထုံးစံအတိုင်း "အဆိုးထဲမှ အကောင်းထွက်ပေါ်ခြင်း" တည်းဟူသော အခြင်းအရာတခုနှင့် ရင်ဆိုင်ရလေပြီ။ ကျွန်ုပ်၏ အတိတ်အဖြစ်အပျက်များအနက်မှ ဥဒါဟရုဏ်

နှစ်ခုမျှကို တင်ပြရသော် (၁)ချစ်ကြိုက်လှသော စံဒေဝီနှင့် လွဲရခြင်းအတွက် ဝမ်းနည်းခဲ့ရဘူးသော်လည်း ထိုအတွက်ကြောင့်ပင် တရားဘက်သို့ ကျွန်ုပ် တလေးတစားအားခဲ၍ လိုက်နိုင်ခဲ့ခြင်း၊ (၂)ကိုယ့်ဟာကို အလုပ်ပြုတ်အောင် လုပ်ပြီး အစိုးရဘက်မှထွက်ခဲ့ရခြင်းအတွက် စာရေးဆရာတယောက် ဖြစ်လာရခြင်း တို့ဖြစ်ပါသည်။ (အစိုးရဘက်၌ ဆက်လက်အမှုထမ်းခဲ့လျှင် ဝန်ထောက်တန်းမျှ လောက်နှင့် ဘဝဇာတ်သိမ်းရမည်ဖြစ် ရာ ယခုမှာတိုင်းပြည်ကို ကျေးဇူးပြုနိုင်သော စာရေးဆရာတယောက်အနေဖြင့် ရှေ့အဖို့ မျှော်လင့်ချက်ရှိလာသည်။) မော်စကိုသို့ ရောက်ပြီးသည့်နောက် ကျွန်ုပ်၏စိတ်ကို အကြီးအကျယ်ထိခိုက်စေသည့် အခြင်း အရာတခုနှင့် ကြုံတွေ့ရလေရာ ထိုကဲ့သို့ ကြုံတွေ့ရခြင်း အတွက်ကြောင့်လည်း မေတ္တာတရားပွားများသည့် အကြံကြီး ကိုရ၍ ၎င်းတို့အတွက် ကျွန်ုပ်ရော ပတ်ဝန်းကျင်ပါ အကျိုးကြီးစွာပေါ်ထွက်လာခဲ့ပါ သည်။ အဘယ့်ကြောင့်ဆိုသော် မေတ္တာစိတ်ဓာတ်မည်သည်မှာ ခံယူသူရော ပို့သသူပါ အကျိုးများခြင်းကို ကိုယ်တွေ့ကြုံခဲ့သောကြောင့် ဖြစ်သည်။

## တဆင့်တက်ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏စိတ်နှလုံး၌ ထိခိုက်ခြင်း ခံလိုက်ရသည်တွင် ကျွန်ုပ်မှာ တရားသမားတယောက် ဖြစ်သည့်အလျောက် ဖြေဆည်ရာ ဖြေဆည်ကြောင်း နည်းလမ်းကိုရှာကြံမိဖြစ်လေသည်။ ၁၉၆၂ခုနှစ် ဇန်နဝါရီလ ၁ရက် နေ့မှစ၍ ကျွန်ုပ်သည် လူသတ္တဝါမှန်သမျှ တယောက်နှင့် တယောက်ညီအစ်ကို မောင်နှမ၊ သားအဖ၊ သားအမိမှစ၍ အိမ်သူအိမ်သား အချင်းချင်း၊ အိမ်နီးချင်း အချင်းချင်း၊ တိုင်းသူပြည်သားအချင်းချင်း၊ တပြည်နှင့် တပြည်၊ တတိုက်သားနှင့် တတိုက်သား သင့်မြတ်ကြပါစေ၊ ခိုက်ရန်ဒေါသ မဖြစ်ကြပါစေနှင့်၊ စစ်မဖြစ်ကြပါစေနှင့် ဟူ၍ ညတိုင်းနံနက်တိုင်း မေတ္တာပို့ဖို့

သန္နိဋ္ဌာန်ချမှတ်ခဲ့ပါသည်။ ၎င်းသန္နိဋ္ဌာန်အတိုင်း လည်းလိုက်နာဆောင်ရွက်ဖို့ ကြိုးစားခဲ့ပါသည်။ အထက်ပါ နှလုံးမသာယာဖြစ်စေ သည့်အခြင်းအရာနှင့် ရင်ဆိုင်ရသောအခါ၌မူကား ငါသည် ဤမျှသော မေတ္တာ လောက်မျှနှင့် မလုံလောက်သေး၊ ဤထက်တဆင့်တိုး၍ ကြိုးစားဦးမှ တော်မည်ဟူ သော အကြံတခုဖြစ်ပေါ်လာတော့သည်။ ထို့ပြင်ငါသည် ဆိုဗီယက်ယူနီယံသို့ လာခဲ့ရာ တွင် ကောင်းမြတ်သော အကြံအစည် ရည်ရွယ်ချက်ကြီးတခုနှင့် လာရောက် ခဲ့ခြင်းဖြစ်သည့်အလျောက် ငါကိုယ်တိုင်လည်း ရှိသမျှသော အချိန်ကို အကောင်း ဆုံးသောနည်းဖြင့် အသုံးချပါမှ ငါ၏အကြံအစည် အောင်မြင်နိုင်ဖို့ရှိလိမ့်မည် ဟူ၍လည်း စဉ်းစားမိသည်။ သို့ဖြစ်၍ ကျွန်ုပ်၌ အားလပ်သမျှသော အချိန်ကို အောက်ပါအလုပ်ကြီးသုံးခုဖြင့်သာ ကုန်လွန်စေရမည်ဟူ၍ သန္နိဋ္ဌာန်ချမှတ် လိုက်ပါသည်။ အလုပ်ကြီး သုံးခုဟူသည်မှာကား (၁) ဗုဒ္ဓကိုအာရုံပြုခြင်း၊ (၂) မေတ္တာပို့ခြင်း၊ (၃) ဒိဋ္ဌေဒိဋ္ဌမတ္တံ တည်းဟူသော ဝိပဿနာအလုပ်ကို အားထုတ် ခြင်းတို့ဖြစ်ပါသည်။

## ဗုဒ္ဓကို အာရုံပြုပုံ

မြတ်စွာဘုရားကို အာရုံပြုခြင်းနှင့် ပတ်သက်၍ နည်းအမျိုးမျိုး ရှိသည့် အနက် ကျွန်ုပ်ကြည်ညိုပုံကို ဌေးတာရီမဂ္ဂဇင်း၌ အကျယ်တဝင့်ရေးသား ဖော်ပြခဲ့ ဘူးပြီဖြစ်သော်လည်း ကြိုက်နှစ်သက်သူတို့ အတုယူလိုက ယူနိုင်ကြစေခြင်း အလို့ငှာ ဤနေရာ၌ အကျဉ်းမျှ ဖော်ပြလိုက်ပါဦးမည်။ ကျွန်ုပ်သည် ဆင်းတုတော်များနှင့် စေတီပုထိုး စသည်များကို ရှိခိုးပူဇော်ဖူးမြော်ကန်တော့ခြင်း၏ အကျိုးကျေးဇူးရှိခြင်းကို ယုံကြည်သူ ဖြစ်သော်လည်း အခြားလူများပြုလုပ်ကြ ထိုနည်းမျိုးထက် အကျိုးများသည်ဟု မိမိယုံကြည်သည့် အောက်ပါနည်းအတိုင်း သာ ကြည်ညိုလေ့ရှိသူဖြစ်ပါသည်။ ကျွန်ုပ်သည် ဆင်းတုတော်တဆူရှိရာသို့

သွားဖို့မလိုပဲ ဂေါတမဗုဒ္ဓ၏ ကြည်ညိုဖွယ်အကောင်းဆုံးသော သဏ္ဍာန်တော်ကို စိတ်ထဲ၌ ကိုယ့်ဟာကိုယ်မှန်းမျှော် ဖန်ဆင်း၍ယူလေ့ရှိပါသည်။ ကျွန်ုပ်အကြည်ညို ဆုံးသော သဏ္ဍာန်တော်မှာကား ဖလသမာပတ် ဝင်စားတော်မူသည့် ဗုဒ္ဓ၏သဏ္ဍာန် တော်ပင်ဖြစ်ပါသည်။ ဆင်းတုတော်အဖြစ်နှင့်မဟုတ်ပဲ သွေးနှင့်သားနှင့် အသက် ရှင်လျက်ရှိ၍မျက်လွှာချကာ ဖလသမာပတ် ဝင်စားလျက်ရှိသည့် ဂေါတမ၏ သဏ္ဍာန်တော်ပေါ်လာအောင် စိတ်ထဲ၌ဖန်ဆင်းလိုက်ပါသည်။ ကျွန်ုပ်အဖို့မှာ လုပ်နေကျဖြစ်၍ မျက်စိမှိတ်ပြီး စိတ်ကူးလိုက်သည်နှင့်တပြိုင်နက် သဏ္ဍာန် တော်ပေါ် လာရပါသည်။ နောက်တခဏ၌ ဖလသမာပတ် ဝင်စားလျက်ရှိသော ဂေါတမဗုဒ္ဓ၏ ရုပ်တော်၌အတုမရှိအောင် ငြိမ်းချမ်းသော စိတ်တော်၊ ကြည်လင် သော စိတ်တော်၊ ဖြူစင်သော စိတ်တော်၊ သိမ်မွေ့သောစိတ်တော်နှင့်တကွ လိုအပ်သော အခြင်းအရာ ဟူသမျှကို သိတတ်သော ဉာဏ်တော်လည်း ကိန်း အောင်းလျက်ရှိသည်ဟု အာရုံပြုလိုက်ပါသည်။ ထိုအခါတွင် ကျွန်ုပ်၌ သမာဓိ အားကောင်းလျှင် ကောင်းသလောက် ကြက်သီးမွေးညှင်းထခြင်းမှစ၍ မျက်ရေ များဝိုင်းသည်အထိ ပီတိဖြစ်ပေါ်လာရပါသည်။ ကျွန်ုပ်အဖို့မှာ ဆင်းတုတော် များနှင့် စေတီပုထိုးစသည်တို့ရှိသောနေရာသို့ သွားဖို့မလို၊ ထိုင်လျက်ဖြစ်စေ၊ ရပ်လျက်ဖြစ်စေ၊ ဝပ်လျက်ဖြစ်စေ၊ အိပ်ရာထဲ၌ လျောင်းလျက်ဖြစ်စေ အာရုံ ပြုလေ့ရှိပါသည်။

## မေတ္တာပို့ပုံ

မေတ္တာပို့ခြင်းနှင့် ပတ်သက်၍လည်းအကျယ်တဝင့် ဖော်ပြလိုပါသေးသည်။ များစွာသော ဗုဒ္ဓဘာသာဝင်တို့သည် သဗ္ဗေသတ္တာ အဝေရာဟောန္တုတည်းဟူသော မေတ္တာပို့ ပရိတ်တော်ကို ရွတ်ဆိုခြင်းအားဖြင့် မေတ္တာပို့လေ့ရှိကြ၏။ ဤသည် လည်း အကျိုးရှိခြင်းကား မှန်ပါသည်။ သို့ရာတွင်များစွာသော သူတို့သည်

မေတ္တသုတ် ပရိတ်တော်ကို နှုတ်မှရွတ်ဆိုလျက်ရှိစဉ်အတွင်း ၎င်းတို့၏စိတ်သည် စဉ်းစားချင်ရာ စဉ်းစား၍ ရောက်ချင်ရာရောက်နေခြင်းကို တွေ့ရတတ်ပါသည်။ ဤအခြင်းအရာကို ကျွန်ုပ်သိရှိသည်ဖြစ်၍ ထုံးစံအတိုင်းမေတ္တသုတ်ပရိတ်ကို ရွတ်ဆိုရုံမျှနှင့် မကျေနပ်ပဲ စိတ်ပါဝင်စားခြင်းရှိအောင် အလေ့အကျင့် ပြုလုပ်ထားပါသည်။ မေတ္တာစိတ် ထားခြင်း နှင့်ပတ်သက်၍ မဖော်ပြမီ မေတ္တာဟူသော စကားအဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြလိုပါ သေးသည်။ လူငယ်တယောက်သည် မိန်းကလေးတယောက်ကို ချစ်ကြိုက်သည့်အခါ မေတ္တာရှိသည်ဟု သုံးနှုန်းတတ်ကြ၏။ ဤသည်မှာ ဗြဟ္မစိုရ်ထိုက်သော မေတ္တာစိတ်မျိုး မဟုတ်ချေ။ ထိုလူငယ်သည် မိန်းကလေးကိုလိုချင်၏။ သူ့အနား၌ နေစေချင်၏။ ခဏခဏမြင်ချင်၏။ သူတပါးက စော်ကားလျှင် ခုခံကာကွယ်ပေးလိုခြင်းကားမှန်ပါ၏။ သို့ရာတွင် မိန်းကလေးက အခြားလူငယ်တယောက်ကို ချစ်ကြိုက်သည်ဟု သူသိရလျှင် မိန်းကလေးကိုဓားနှင့်ခုတ်သတ်ချင်၏။ ဤသည်မှာမေတ္တာမဟုတ်၊ တဏှာ ရာဂမျှသာ ဖြစ်သည်။ သူသည် မိန်းကလေးကို 'မေတ္တာရှိသည်' ဆိုသော်လည်း မိန်းကလေး၏ အကျိုးကိုလိုလားခြင်းထက် မိန်းကလေးကို သူရလိုခြင်းမျှသာဖြစ်သည်။ စစ်မှန်သော မေတ္တာစိတ်မည်သည် မိမိအတွက် မျှော်လင့်ချက်မထား၊ မိမိ၏အကျိုးအတွက် ရည်းမှန်းချက်မရှိ၊ တဘက်သား၏ အကျိုးအတွက်(ဝါ) တဘက်သား ကောင်းစေလို သည့်စေတနာသက်သက် ထားရှိနိုင်ခြင်းပင်ဖြစ်လေသည်။ သားသမီး၊ သားမယား အစရှိသည်တို့အပေါ်၌ ချစ်လှပါသည်၊ ကြင်နာလှပါသည်၊ မေတ္တာထားလှပါသည်ဆိုသော မေတ္တာမျိုးတို့သည် စင်စစ်အားဖြင့် တိရစ္ဆာန်များ၌လည်း ရှိတတ်သည့် ခင်တွယ်မှုမျိုးသာဖြစ်ပေရာ ထိုသို့သော မေတ္တာမျိုးသည် ဓမ္မတာသဘောမျှသာဖြစ်၍ 'ဗြဟ္မစိုရ်မေတ္တာ'မျိုးတွင် အပါအဝင်မဟုတ်နိုင်ချေ။

## အခက်အခဲကြီးတခု

အလွန်တန်ဖိုးရှိ၍ မြင့်မြတ်စစ်မှန်သော မေတ္တာမျိုးရှိသည်ကား မိမိအတွက် မျှော်လင့်ချက် လုံးဝမထားပဲ(ဝါ) တဘက်သား၏ တုံ့ပြန်မှုအပေါ်မှ အမြတ်ထုတ်ဖို့ မရည်ရွယ်ပဲ တဘက်သား ကောင်းစားစေလိုသည့် စေတနာသက်သက် (Good Will) ထားနိုင်ခြင်းကို ဆိုလိုသည်။ ဤစိတ်ထားမျိုးကား မြင့်မြတ်သလောက် မလွယ်ကူလှသော စိတ်ထားမျိုးဖြစ်၏။ ကျွန်ုပ်သည် ဗြဟ္မစိုရ် မေတ္တာစစ်၏ မြင့်မြတ်ခြင်းကို သဘောပေါက်၍ မေတ္တာပွားများပါတော့မည်ဟု အကြံပြုသည့်အခါ ကြီးစွာသော အခက်အခဲနှင့် ကြုံတွေ့ရ၏။ ကျွန်ုပ်သည် ဝိပဿနာတရား အားထုတ်ခဲ့သော အချိန်မှစ၍ သီလ၊ သမာဓိ၊ ပညာတည်းဟူသော အခြင်းအရာကိုသာ နားလည်ပြီး မေတ္တာဘက်သို့ လုံးဝမလှည့်ခဲ့မိပေ။ အထူးသဖြင့် 'ပညာ'ကိုသာ တန်ဖိုးထားပြီး ပညာအတွက်ကိုသာ ကြိုးပမ်းလာခဲ့သူဖြစ်၏။ ကျွန်ုပ်၏ဘဝတာ၌ ပေါ်ပေါက်ခဲ့သည့် 'ဆူး'များသည်လည်း မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်ခဲ့၍ ကျွန်ုပ်ကိုယ်တိုင် မေတ္တာတရား ခေါင်းပါးသူတယောက် ဖြစ်ခြင်းကိုလည်း ကိုယ့်ဟာကိုယ်သိပါသည်။ ထိုသို့သော အခြေအနေ၌ရှိသော ကျွန်ုပ်အဖို့မှာ မေတ္တသုတ်ပရိတ်ရွတ်ဆိုရှုမဟုတ်ပဲ အထက်တွင် ဖော်ပြခဲ့သည့် စစ်မှန်သော မေတ္တာမျိုး ပွားများဖို့ မဆိုထားဘိ ဖြစ်ပေါ်ဖို့ပင်လျှင် ကြီးစွာသော အခက်အခဲနှင့် ရင်ဆိုင်လျက်ရှိရပါလေပြီ။

## လေ့ကျင့်ယူရခြင်း

စစ်မှန်သော မေတ္တာစိတ်ဟူသည်မှာ ကိုယ့်ကိုယ်ကို 'ညာ'၍ရသည်မဟုတ်။ ကျွန်ုပ်၌ အခြားသောအပြစ်များရှိစေကာမူ ကိုယ့်ကိုယ်ကိုလှည့်စားပြီး ညာလိုင်းဖြန်းသန်းသော အပြစ်မျိုးကား ရှိသည်မထင်ပါ။ သို့ဆိုလျှင် စစ်မှန်သော

မေတ္တာမျိုး လိုအပ်သည်၊ မေတ္တာပွားများရမည်ဟု ဆုံးဖြတ်ချက် ချမှတ်လိုက်သော ထိုအချိန်တွင် ကျွန်ုပ် ဘယ်ကဲ့သို့ပြုရပါမည်နည်း။ လူတဘက်သား ကောင်းစားပါစေဟူသော မေတ္တာစိတ်ဟူသည်မှာ ခုချက်ချင်းလုပ်၍ ဖြစ်ပေါ်လာနိုင်သည့် အခြင်းအရာမျိုး မဟုတ်ချေ။ သို့ရာတွင်ဗုဒ္ဓ၏အဘိဓမ္မာ၌ မတိုက်တွန်းရပဲ သွက်သွက်လက်လက် အလိုအလျောက် ဖြစ်ပေါ်လာသည့် (အသင်္ခါရိက) စိတ်ဟူ၍လည်းကောင်း၊ မိမိကိုယ်ကို မိမိတိုက်တွန်းပြီး ကြိုးစားဆောင်ရွက်ရသည့် (သသင်္ခါရိက) စိတ်ဟူ၍ လည်းကောင်းနှစ်မျိုးရှိခြင်းကို သင်ရဘူး၏။ ကောင်းမြတ်သော စိတ်မျိုးသည် မည်သူ့၌ မဆိုတခါတရံအကြောင်းအားလျော်စွာ အလိုအလျောက်ကဲ့သို့ဖြစ်ပေါ်လာတတ်၏။ သတိရှိသော လူအဖို့မှာမူ ကောင်းမြတ်သောစိတ်မျိုး အလိုအလျောက်မဖြစ်ပေါ်ခဲ့လျှင်လည်း မိမိကိုယ်ကို တိုက်တွန်းပြီး ဖြစ်ပေါ်အောင်လုပ်ယူရ၏။ အလိုအလျောက် ဖြစ်ပေါ်လာသော စိတ်ကောင်း (အသင်္ခါရိက) စိတ်စေတနာသည် ထက်သန်ခြင်းရှိ သည့်အတွက်ကြောင့် တိုက်တွန်းယူရသည့် (သသင်္ခါရိက)စေတနာမျိုးထက် အကျိုးအာနိသင် ကြီးမားသည်ဟုဆိုပါသည်။ သို့ရာတွင် အလိုအလျောက် မဖြစ်ပေါ် သည့်လူများအဖို့၌ တိုက်တိုက်တွန်းတွန်းဖြင့် အလေ့အကျင့် လုပ်ယူခဲ့လျှင် တဖြည်းဖြည်းတွင် ထက်သန်သော အဖြစ်သို့ရောက်လာနိုင်သည်ဟု ကျွန်ုပ်ယုံကြည် ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် မေတ္တာတရား ပွားများခြင်းအလုပ်တွင် အောက်ပါအတိုင်းအလေ့အကျင့်ပြုလုပ်ပါသည်။

## လေ့ကျင့်၍တိုးတက်ပုံ

ရှေးဦးစွာ ကျွန်ုပ်သည် အိမ်သူအိမ်သားများ၏ မျက်နှာကိုထင်ရှားစွာ ပေါ်လာ အောင် ဖော်ယူ၍၎င်းတို့အား အစစအရာရာ အကြောင်းညီညွတ်ကြပါစေ၊ ငြိမ်းချမ်းမှု ရှိကြပါစေဟူသော စိတ်စေတနာ ဖြစ်ပေါ်လာအောင် လုပ်ယူပါသည်။

ဤသည်မှာ လွယ်ကူသော အလုပ်တခုဖြစ်၏။ ထိုမှတဆင့်တက်ပြီး မိမိနှင့် ရင်းနှီးချစ်ခင်သည့် ဆွေမျိုးညာတိနှင့် မိတ်ဆွေသင်္ဂဟတို့၏ မျက်နှာများကို တယောက်စီပေါ်လာအောင် ဖော်ယူ၍ အထက်ပါနည်းအတိုင်း အစစအရာရာတွင် အကြောင်းညီညွတ်ကြပါစေ ဟူသော စေတနာဖြစ်ပေါ်လာအောင်လုပ်ယူ၏။ ဤသည်မှာလည်း ခဲယဉ်းလှသော အလုပ်တခု မဟုတ်သေးချေ။ အစစအရာရာ အကြောင်းညီညွတ်ပါစေဟူသော စကားမှာ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ငြိမ်းချမ်းခြင်းတည်းဟူသော အခြင်းအရာများ ပါရှိသည်ဖြစ်သောကြောင့် စကား လုံးမရှည်ပဲနှင့် အဓိပ္ပာယ်စုံလင်သည့်အတွက် ကျွန်ုပ် ရွေးချယ်ထားခြင်းဖြစ် လေသည်။ လူအမြောက်အမြား၏ မျက်နှာများကို တဦးစီဖော် ထုတ်ကာ အာရုံပြုရခြင်းမှာ အချိန်အတော်ကြာသောအလုပ်မျိုးဖြစ်၍ တိုတိုနှင့် အဓိပ္ပာယ် ပြည့်စုံသော စကားလုံးကို ရွေးချယ်ထားခြင်းဖြစ်ပါသည်။ ခင်မင်ရင်းနှီးသော မိတ်သင်္ဂဟများ၏မျက်နှာများ စေ့စုံသောအခါ အဖျားကျသော အသိအကျွမ်းများ၏ မျက်နှာများကိုဖော်ထုတ်ကာ မေတ္တာပို့ပါသည်။ ဤသို့ဖြင့် လူစေ့စုံပြီးသောအခါ ကျွန်ုပ်အပေါ်၌မနာလိုဝန်တိုခြင်းရှိသည်ဟု ကျွန်ုပ်ထင်သောလူများ၏ မျက်နှာများ ကိုဖော်ယူ၍ အထက်ပါအတိုင်း မေတ္တာပို့ပါသည်။ ဤအလုပ်မှာ ခင်မင် ရင်းနှီးသော မိတ်ဆွေများအား မေတ္တာပို့ရခြင်းကဲ့သို့ (အစပထမ၌) မလွယ်ကူလှသော်လည်း တိုက်တိုက်တွန်းတွန်းနှင့် လုပ်ဖန်များလာသောအခါ၌မူ လွယ်ကူသည်ထက် လွယ်ကူခြင်း ရှိလာသည်ကိုတော့တွေ့ရပါသည်။ ထိုအခါ၌မူ ကျွန်ုပ်၏စိတ်သည် ကြည်လင်ခြင်း၊ ဖြူစင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သိမ်မွေ့ခြင်း တည်းဟူသော အရည် အချင်းများတွင် သိသိသာသာကြီး တိုးတက်လျက်ရှိခြင်းကို တွေ့ရပါသည်။

## ထူးခြားသောကြည့်ခြင်း

ကျွန်ုပ်သည် ဖော်ပြခဲ့ပြီးသော အလုပ်မျိုးတွင် နံပတ်(၂)ဖြစ်သည့် မေတ္တာပို့ခြင်းတည်းဟူသော အလုပ်ကို အချိန်အများဆုံးပေး၍ နံပါတ်(၃)ဖြစ်သည့် ဒိဋ္ဌေဒိဋ္ဌမတ္တံတည်းဟူသော ဝိပဿနာအလုပ်ကို အချိန်ပိုသောအခါများ၌ အပြောင်းအလဲ သဘောမျိုးဖြင့်သာ လေ့ကျင့်ပါသည်။ မိမိ၏အခန်း၌ရှိစဉ် အထက်ပါနည်းအတိုင်း မေတ္တာပို့သောအလုပ်ကို လေ့ကျင့်၍လူအများနှင့်တွေ့ဆုံသောအခါများ၌မူ တဦးတယောက်၏ မျက်နှာကိုစေ့စေ့ကြည့်ကာ အထက်ပါနည်းအတိုင်း မေတ္တာပို့ပါ သည်။ ဤအတိုင်း သုံးရက်ခန့်မျှ မိနစ်မပြတ် ကြိုးစားလိုက်ရာတွင် ကျွန်ုပ်၏အတွင်း စာတ်သည် မကြုံဘူးအောင် ငြိမ်းချမ်းကြည်လင်ခြင်း ရှိလာရုံသာမက ကျွန်ုပ်၏ မျက်လုံးများသည်လည်း 'မေတ္တာမျက်လုံး' ဖြစ်လာကြဟန်တူ၏။ လူများသည် ကျွန်ုပ်ကို မြင်သည့်အခါ ရှေးကကဲ့သို့ သာမန်ကြည့်ခြင်းမျိုးမဟုတ်ပဲ လေးလေးစားစား ကြည်ကြည်ညိုညိုရှိပုံရသော ကြည့်ခြင်းမျိုးဖြင့် ကြည့်လာကြ၏။ ကျွန်ုပ်နှင့် မျက်လုံး ချင်းတကြိမ်ဆုံမိသောသူသည် (ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ) ကျွန်ုပ်ကိုထပ်၍ မကြည့်ပဲ မနေနိုင်သည့်လက္ခဏာနှင့် အထူးစိတ်ဝင်စားစွာ ကြည့်ကြခြင်းကိုတွေ့ရ၏။ သုံးရက်လွန်မြောက်သောနေ့တွင် ကျွန်ုပ်သည် ဤအခြင်းအရာကို သတိပြုမိ၍ ကိုယ့်ဟာကိုယ်ဟုတ်မှ ဟုတ်ပါလေ၏လောဟူ၍ပင် သံသယဖြစ်မိပါသည်။ ရှေးဦးစွာ ထူးထူး ခြားခြား ထင်ရှားသော အဖြစ်အပျက်တခုကိုဖော်ပြလိုပါသည်။

## တခွန်းတည်းသောစကား

ကျွန်ုပ်အလေ့အကျင့်ပြုလုပ်၍ စတုတ္ထမြောက်သောနေ့တွင် ကျွန်ုပ်တို့ ကိုယ်စားလှယ် သုံးယောက်နှင့် ကျွန်ုပ်တို့အတွက် စကားပြန်အဖြစ်နှင့် လည်းကောင်း၊ လမ်းပြအဖြစ်နှင့်လည်းကောင်း လိုက်ပါလာကြသည့် ရုရှားရဲဘော်နှစ်ယောက်တို့သည် မော်စကိုမြို့မှထွက်လာပြီး၍ အာမီးနီးယားရီပတ်ဘလစ်၏ မြို့တော်ဖြစ်သည့် အီရာဗန်မြို့မှ ရွာကလေးတရွာသို့ ထွက်လာကြ၏။ ကျွန်ုပ်တို့သည် ၎င်းရွာရှိ စပေါင်းစိုက်ပျိုးရေးအဖွဲ့ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ၎င်းကျေးရွာနှင့်တကွ စပေါင်းစိုက်ပျိုးခြင်းနည်းစနစ်ကိုပါ ကြည့်ရှုရန် လာခဲ့ကြခြင်း ဖြစ်လေသည်။ ကျေးရွာရှိ စာသင် ကျောင်းနှင့် စပေါင်းစိုက်ပျိုးခြင်းနည်းစနစ်ဆိုင်ရာတို့ကို ဥက္ကဋ္ဌနှင့်အဖွဲ့သားများက ပြသပြီးနောက် ဥက္ကဋ္ဌသည် ကျွန်ုပ်တို့အား နေ့လယ်စာ ကျွေးမွေး ရန်အတွက် ၎င်း၏အိမ်သို့ ဖိတ်ခေါ်သွားလေသည်။ ဥက္ကဋ္ဌ၏နေအိမ်မှာ ဘဲ၊ ကြက်၊ ငန်း စသည် များ မွေးမြူထားသော်လည်း တယ်လီဗီးရှင်းနှင့်တကွ အိမ်ထောင်မှုကိရိယာများအပြင် ပန်းကန်ခွက်ယောက်စသည်များ၏ သားနားပုံ အခြေအနေမှာ မြန်မာပြည်မှ ဝန်ထောက်အဆင့်အတန်းရှိသည့် အရာရှိ တယောက်၏ အခြေအနေမျိုးရှိခြင်းကို တွေ့ရသည်။ ဆိုဗီယက်ယူနီယံသို့ ရောက်သည်မှစ၍ ကျွန်ုပ်သည် အစည်းအဝေးများ၌ ကျွန်ုပ်သိလိုသော အခြင်းအရာကို တခွန်းတလေ မေးမြန်းခြင်းမှတပါး စကား မပြော၊ ပြောရန်လည်း အစီအစဉ်မရှိ၊ ဆိတ်ဆိတ်သာနေခဲ့သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ဆိုင်ရာ ကော်မတီ လူကြီးအဖွဲ့နှင့် ဆွေးနွေးရာတွင်မူကား ဦးသန့်အကြောင်းကို စကားစပ်မိသည်နှင့် ကျွန်ုပ်က "ဦးသန့်သည် ကွယ်လွန်သူ ဟမ်းမားရှိုးထက်သာသည်ဟု မထင်ကြသလော" ဟု မေးလိုက်၏။ ဤတွင်အကြီးအကဲဖြစ်သူတဦးက "နှိုင်းယှဉ် လို့တော့ မပြောပါရစေနဲ့ခင်ဗျာ"ဟု စကားခံပြီးလျှင် ဟမ်းမားရှိုး၏ အရည်အချင်းနှင့် အခက်အခဲများ၊ ဦးသန့်၏အရည်အချင်းနှင့် ကြိုးစားချက်များ စသည်တို့ကို

ပြောပြလေရာ ကျွန်ုပ်၏စိတ်ထဲ၌ မိမိသိလိုသော အခြင်းအရာကို သိရပြီ ဖြစ်၍ ထိုသူ၏စကားပြောပုံ လိမ္မာခြင်းကို စိတ်ထဲ၌ ချီးမွမ်းခဲ့ဘူးပါသည်။ ဤသည်မျှ လောက်မှအပ ကျွန်ုပ်ပါးစပ်ပင် မဟခဲ့ဘူးသေးပါ။

## မေတ္တာမျက်လုံးသုံးခြင်း

ကျေးရွာဥက္ကဋ္ဌ၏ နေ့လယ်စာစားပွဲ၌လည်း ကျွန်ုပ်သည် စကားပြောဖို့ လုံးဝ အကြံအစည်မရှိပဲ စားပွဲထိပ်၌ခင်းထားသည့် ဆိုဖာပေါ်တွင် ခပ်စောင်းစောင်း မှီကာ ထိုင်လျက်ရှိ၏။ ဥက္ကဋ္ဌသည် ကျွန်ုပ်အားအဖွဲ့ခေါင်းဆောင် မဟုတ်ခြင်းကို သိသော်လည်း လူကြီးတယောက်အနေဖြင့် အကောင်းဆုံးသောနေရာကို ပေးခြင်း ဖြစ်ဟန်ရှိ၏။ ကျွန်ုပ်၏အဖော်များက အက်ဖရိုအေရှင် ချစ်ကြည်မှု ခိုင်မြဲရေးအဖွဲ့ အကြောင်းကိုပြောပြ၍ စုပေါင်းစိုက်ပျိုးရေးဥက္ကဋ္ဌနှင့် အဖွဲ့သားများက 'တို့စ်' လုပ်လျက်ရှိကြသည်။ ကျွန်ုပ်သည် စားပွဲထိပ်တွင် တိတ်ဆိတ်စွာထိုင်လျက် စားကြသောက်ကြသော လူများ၏ မျက်နှာများကို တယောက်စီကြည့်ကာ မေတ္တာ ပို့လျက်ရှိ၏။ ရွာသားများသည် ကျွန်ုပ်နှင့်တကြိမ် မျက်လုံးချင်းဆိုင်လိုက် ရသည်ဆိုလျှင် ကျွန်ုပ်၏မျက်နှာမှ အခြားသို့ပြောင်းလွှဲကြည့်ရန် မတတ်နိုင် သည့်နှယ် အားလုံးလိုပင် ကျွန်ုပ်အား စူးစိုက်စွာ ကြည့်လာကြ၏။ ဤတွင် အိမ်ရှင်ဖြစ်သော ဥက္ကဋ္ဌသည် ထိုင်ရာမှထ၍ ကျွန်ုပ်အား စကားပြောဖို့ တောင်းပန်ပြီး တစုံတခု 'တို့စ်' လုပ်ဖို့တိုက်တွန်းလေသည်။ ကျွန်ုပ်သည် အက်ဖရိုအေရှင် ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်လည်း မဟုတ်သည့် အတွက် စကားပြောဖို့ တာဝန်မရှိဟု ယူဆကာ မည်သည့်ဆွေးနွေးပွဲတွင်မျှ စကားပြော ဖို့ မကြံခဲ့သော်လည်း ဥက္ကဋ္ဌလုပ်သူက တိုက်ရိုက်တောင်းပန်သည့်အခါ ငြင်းဆန်ဖို့ မဖြစ်နိုင်သကဲ့သို့ရှိနေ၏။ စကားပြောဖို့လည်းအမှန်ပင် တွန့်ဆုတ်ပါသည်။ သို့ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌မူ ဤလူထုအား ပြောချင်သော စကားတခွန်း

ရှိသည်နှင့် ဤတချီတော့ ကြံလိုက်မှ တော်မည်ဟု ဆုံးဖြတ်ကာ ထိုင်ရာမှ ထလိုက်ပါသည်။ သို့ရာတွင် မည်သည့်ဘာသာစကားဖြင့် ပြောရချေမည်နည်း။

## အင်္ဂလိပ်လိုပြောရခြင်း

ကျွန်ုပ်သည် မြန်မာလိုပြောပါက ဤပရိသတ်၌ မြန်မာစကားတတ်သူမှာ ကျွန်ုပ်၏အဖော်နှစ်ယောက်ဖြစ်သော ကိုလှကျော်နှင့် သခင်ကျော်စိန်တို့အနက်မှ တယောက်ယောက်က အင်္ဂလိပ်လို ပြန်၍ပြောရပေလိမ့်မည်။ ဤပရိသတ်တွင် အင်္ဂလိပ်လိုတတ်သူ လေးငါးယောက်မျှသာရှိသည်ဖြစ်၍ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာကြသည့် ရုရှားရဲဘော်နှစ်ယောက်အနက် တယောက်ယောက်က ရုရှားလို ဘာသာပြန်၍ပြောရ ပေဦးမည်။ ထိုကဲ့သို့ နှစ်ဆင့်မျှ ဘာသာပြန်၍ ပြောရသည့်အခါ ကျွန်ုပ်ပြောလိုသော အဓိပ္ပာယ်များသည် ပေါ့ပျက်ပျက်ဖြစ်သွားနိုင်သည်ဟု စဉ်းစားမိသည်။ ထို့ကြောင့် အင်္ဂလိပ်လိုပြောမည်ဟု ကြံပါတော့သည်။ ကျွန်ုပ်မှာ အင်္ဂလိပ်လိုပြောလေ့ရှိသည့် ကျွန်ုပ်၏သူငယ်ချင်း မောင်ရီ၊ ကိုခင်မောင်နှင့် ကိုသိန်းဖေတို့ ကွယ်လွန်ကြကတည်း ကအင်္ဂလိပ်လိုပြောသည့် အလေ့အကျင့် လုံးဝပြတ်စဲလျက် ရှိခဲ့သည့်အတွက်ကြောင့် အင်္ဂလိပ်လိုပြောဖို့ မရဲပဲဖြစ်နေ၏။ နောက်ဆုံး၌ ဘာပဲဖြစ်ဖြစ် မိမိပြောလိုသည့် အဓိပ္ပာယ်ကို အင်္ဂလိပ်လိုပြောပါမှ ယုတ်စွအဆုံး အချို့လူများ အပြည့်အဝ နားလည် နိုင်ခွင့်ရှိသေးသည်ဟု အကြံရကာ အင်္ဂလိပ်လိုပြောဖို့ ဆုံးဖြတ်လိုက်ပါသည်။

## ပထမအကြိမ်စကားပြောခြင်း

ကျွန်ုပ်စကားပြောတော့မည်ဟု ထိုင်ရာမှထလိုက်သည်ဆိုလျှင်ပင် ထမင်းစားပွဲ၌ ရှိကြသော ပရိသတ်၂၀ ခန့်တို့သည့် မည်သူစကားပြောစဉ်ကနှင့်မျှ မတူအောင် နားစွင့်လျက်ရှိခြင်းကို တွေ့ရ၏။ သတင်းထောက်နှင့်တူသော လူတယောက်ကမူ အခြားလူများပြောစဉ်က လိုရင်းမျှလောက်ကို ရေးမှတ်ရုံမျှ ပြုလုပ်ခဲ့သော်လည်း ကျွန်ုပ် ထလိုက်သောအခါ၌မူ အသံသွင်းစက်ဖြင့် သွင်းယူဖို့ ပြင်ဆင်လေပြီ။ အခြားသောအချိန်များ၌ ဤအပြုအမူသည် ကျွန်ုပ်အားလန့်ဖျတ်စေမည်ဖြစ်သော်လည်း ထိုအခါ ကမူ (ကျွန်ုပ်၏မေတ္တာစိတ်ဓာတ် အလေ့အကျင့်ကြောင့်ထင့်) လန့်ခြင်း၊ ကြောက်ခြင်း မရှိသည့်ပြင် အကောင်းဆုံးဖြစ်သော စကားပြောဖို့အားပေးသကဲ့သို့ရှိနေ၏။ ကျွန်ုပ် ပြောလိုသော စကားမှာကား ကမ္ဘာလောကကြီး၌ တိုင်းကြီးပြည်ကြီးများသည် (နာမည်ကိုမဖော်ပြ) တပြည်နှင့်တပြည် မုန်းတီးခြင်း ပြိုင်လျက်ရှိကြကြောင်း၊ တပြည်ကိုတပြည်က ကမ္ဘာသူကမ္ဘာသားများ အထင်သေးအောင် နှိပ်နယ်သည့် နှိမ်လုံးမျိုးကို ရှာကြံပြီး ပြောလျက်ရှိကြကြောင်း၊ ခေါင်းဆောင်များက ထိုကဲ့သို့ပြောလိုက်သည့်အခါ နောက်လိုက်ငယ်သားများက လက်ခုပ်လက်ဝါးတီးကာ သြဘာပေးကြကြောင်း၊ ဤကဲ့သို့ တဘက်နှင့်တဘက် မုန်းတီးမှုတိုးပွားပြီး စိတ်ချယုံကြည်ခြင်း ကင်းမဲ့လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးကို ပါးစပ်က ဘယ်လိုပြောကြသော်လည်း မုန်းတီးဖို့ အပြန်အလှန်ဖန်တီးကာ ခြိမ်းခြောက်စကားပြောနေကြမည်ဆိုလျှင် ကမ္ဘာသူ ကမ္ဘာသားများမှာ ဘယ်အခါမှ စိတ်ချလက်ချနေကြရဖို့ မရှိကြောင်း၊ ဤနည်းအတိုင်း တဘက်နှင့်တဘက် အပြန်အလှန်မုန်းတီးအောင် ဖန်တီးနေကြမည်ဆိုလျှင် တိုးတက် လှပါသည်ဆိုသော ဤကမ္ဘာကြီးသည် တနေ့စောစောတွင် မီးခိုးနှင့်ပြာလောက်သာ ကျန်တော့သည်ကို အခြားကမ္ဘာသားများက တွေ့မြင်ကြရမည်ဖြစ်ကြောင်း စသည်များဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းပက်လက်

အမူအရာမျိုးနှင့် ကျွန်ုပ်က ပြောပြလေသည်။ နားထောင်သော ပရိသတ်သည် ပထမ၌ခပ်ကြောင်ကြောင်ဖြစ်နေကြရပုံရသော်လည်း ကျွန်ုပ်ကမျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် နလုံးသို့ခိုက်အောင် ပြောပြရာတွင် မူကား မျက်ရည်ကျသူကျ၊ လက်ခုပ်တီးသူတီး၊ စားပွဲကိုထုသူထု စသည်ဖြင့် သြဘာပေးကြလေသည်။ နောက်ဆုံး၌ကျွန်ုပ်၏ 'တို့စ်'မှာကား "ကမ္ဘာသူကမ္ဘာသား အပေါင်းတို့သည် မုန်းတီးခြင်းလျော့ပါးပြေပျောက်၍ အရှေ့အုပ်စုတို့နှင့် အနောက် အုပ်စုတို့ အပြန်အလှန် စေတနာကောင်းနှင့် ပေါင်းသင်းဆက်ဆံသောအဖြစ်သို့ (Good Will and Good fellowship ) အမြန်ဆုံးရောက်ကြပါစေသတည်း" ဟု ဆိုကာ ဆန္ဒပြုလိုက်ပါသည်။

## လူထုကိုအားကိုးခြင်း

ကျွန်ုပ်၏စကားအဆုံး၌ ရွာသားများသည် ဝိုင်အရက်ခွက်ကိုယ်စီနှင့် တယောက်ပြီးတယောက်ထ၍ ကျွန်ုပ်အား ကျန်းမာချမ်းသာစွာရှိပါစေကြောင်း ဆုတောင်းကာ 'တို့စ်' လုပ်ကြလေသည်။ ကျွန်ုပ်မှာမူ အင်္ဂလိပ်လို ပထမအကြိမ်ပြောခြင်း၌ အောင်မြင်သည်တကြောင်း၊ နားထောင်သောပရိသတ်၏ လှိုက်လှဲသော အမူအရာကိုမြင်ရသည် တကြောင်းကြောင့် ရင်ထဲ၌ လှိုင်းတံပိုးထ လျက်ရှိပါတော့သည်။ စကားပြော၍ဆုံး သော်လည်း ရွာသားများသည် ကျွန်ုပ်အား 'ဟီးရိုး'တယောက်အနေဖြင့် သဘောထားကြသည့် လက္ခဏာနှင့် အလေးပြု၍ မဆုံးနိုင်အောင် ရှိပါတော့သည်။ ဤအဖြစ်အပျက်ကို ကျွန်ုပ်စေ့စေ့တွေးကြည့် သည့်အခါ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အောင်မြင် ခြင်းဖြစ်သည်ဟု ယူဆသည် တကြောင်း၊ ဆိုဗီယက်ပြည်သူပြည်သားများသည် ကျွန်ုပ်၏ မေတ္တာဓာတ်ကို တုံ့ပြန်တတ်ရုံသာမက ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် လုပ်ခြင်းနှင့်ပတ် သက်၍ ကျွန်ုပ်ပြောပြသည့် နည်းလမ်းကို ဟုတ်တန်လောက်သည်ဟု လက်ခံကြရာ

ရောက်သည်တကြောင်း၊ ယင်းသို့ဆိုလျှင် ဆရာကြီး ဘာတရန်ရတ်ဆဲလ်၏ မေးခွန်းကို ကျွန်ုပ်ကစာတအုပ်ဖြင့် ဖြေဆိုမည်ဟူသော အကြံအစည်နှင့် ပတ်သက်၍လည်း မိမိဖြေဆိုမည့် အဖြေသည် ယုတ်စွအဆုံး ကမ္ဘာသူကမ္ဘာသား အချို့နားဝင်လောက် သည်ဟု မျှော်လင့်ချက်ရှိလာသည် တကြောင်းကြောင့် အကြီးအကျယ် ဝမ်းမြောက် ဝမ်းသာဖြစ်မိပါသည်။ ကျွန်ုပ်၏ထင်မြင်ချက်မှာ ကမ္ဘာ့ငြိမ်းချမ်းရေးအလုပ်သည် အလွန်တရာ မာန်မာန ကြီးလျက်ရှိသော ကမ္ဘာ့ခေါင်းဆောင်များက ဆောင်ရွက်ခြင်း ထက် ကမ္ဘာသူကမ္ဘာသားတို့ကို ချဉ်းကပ်ရလျှင်အောင်မြင်ဖို့ရှိသည်ဟု မြင်လာပါသည်။ ဆိုလိုခြင်းမှာ အစပထမ၌ ခေါင်းဆောင်ကြီးတွေက မုန်းတီးဆေးဖော်ကာ တဘက်ကိုတဘက် အရှက်ကွဲအောင် ပြောကြ၊ လုပ်ကြတိုင်း ဟိုဘက်သည်ဘက်ရှိ နောက်လိုက်များက အဟုတ်ကြီးထင်ပြီး လက်ခုပ်မတီးကြရန် ဖြစ်လေသည်။ သို့ရာတွင် ဤအကြောင်းကိုမူ နောက်ပိုင်းတွင်မှ အဆင့်ဆင့် ဖော်ပြပါဦးမည်။

## ညီနှင့်သားတယောက်ရလာခြင်း

နေ့လယ်စာ စားပွဲပြီး၍ ရွာကလေးမှ ပြန်ကြမည်ပြုရာတွင် ရွာသူရွာသားများသည် အထူးလိုက်လှဲစွာ နှုတ်ဆက်ကြခြင်းကို တွေ့ရ၍ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ် အောင်မြင်ခြင်းအတွက် ပီတိဖြစ်မိပါသည်။ အပြန်ခရီးတွင် ရုရှားရဲဘော်နှစ်ယောက်တို့သည် ကျွန်ုပ်၏စကားအဓိပ္ပာယ် ထိရောက်ပုံကို ချီးကျူး၍ မဆုံးအောင်ရှိနေကြ၍ အသက် ၅၈ နှစ်ရှိပြီဖြစ်သော ရဲဘော်က ကျွန်ုပ်အား အစ်ကိုကြီး အရင်းကဲ့သို့ ချစ်ခင်လာပြီဖြစ်ကြောင်းပြောပြီးလျှင် သူ့အားလည်း ညီအရင်းတယောက်ကဲ့သို့ ကျွန်ုပ်က သဘောထားစေလိုကြောင်း အထပ်ထပ် ပြောလေသည်။ ဤတွင် အသက် ၄၃နှစ် ရှိပြီဖြစ်သော ရဲဘော်ကလည်း သူ၏ကြည်ညိုလေးစားခြင်းကို အားကျမခံ ဖော်ပြလိုသည့်

လက္ခဏာနှင့် ကျွန်ုပ်ကို ဖခင်ဟူ၍ မှတ်ထင်လာပြီဖြစ်သောကြောင့် သူ့အားလည်း သားတယောက်ကဲ့သို့ သဘောထားဖို့အကြောင်းနှင့် တယောက် တလှည့် အချီအချ အားရပါးရပြောကြပါတော့သည်။ ကျွန်ုပ်ကလည်း သူတို့၏ ကြင်နာချစ်ခင်ခြင်းသည် လောကဝတ်စကားမဟုတ်၊ တကယ်လှိုက်လှဲခြင်း ရှိသည် ကို သိရသဖြင့် သူတို့နှင့်အလားတူလှိုက်လှဲစွာ 'ညီကလေး' 'သားကလေး'ဟု ခေါ်ယင်း အကြိမ်ကြိမ် လက်ဆွဲကြပါသည်။ တဘက်က မေတ္တာထား၍ တဘက်က ဤကဲ့သို့ လှိုက်လှဲစွာ တုံ့ပြန်ခြင်းခံရသည့် အရသာသည် ရိုးရိုးသားသား ချီးမွမ်းခြင်းခံရသော အရသာထက်ပင် စိတ်၏ချမ်းမြေ့ခြင်းရှိသည်ကို ကျေနပ်စွာ တွေ့ကြုံခံစားခဲ့ရပါသည်။ လူချီးမွမ်းခံရ၍ ကျေနပ်သောအရသာသည် 'တယ်တော် တဲ့ငါပါတကား' ဟူသည့် မာန Vanity သဘောယှဉ်တွဲလျက်ရှိသည်ဖြစ်ရာ တဘက်သားကောင်းစားစေလိုသည့် မေတ္တာစစ်ဖြင့် တုံ့ပြန်သည်ဟု သိရခြင်းမှု ကား မာနမဖက်သည့် ဖြူစင်ကြည်လင်သော နှစ်သိမ့်မှု မျိုးပေတကားဟု စဉ်းစားမိပါသည်။

## သစ်ကျားသီးအဆောင်

ကျေးရွာထမင်းပွဲ၌ ကျွန်ုပ်သည် လတ်ဆတ် ဖြူဖွေးသော သစ်ကျားသီး တပွဲကိုတွေ့ရ၍ ဆယ်လုံးမျှတောင်းယူလာခဲ့၏။ အဖော်နှစ်ယောက်က "ဘာလုပ်ဖို့ လဲဆရာကြီး" ဟုမေးသောအခါကျွန်ုပ်က "အဆောင်ပေါ့ဗျ" ဟုပြန်ပြောခဲ့သည်။ ဟိုတဲလ်သို့ ရောက်ကြ၍ သစ်ကျားသီးများကို မြင်ကြသောအခါ "ဆရာကြီးရဲ့ အဆောင်က တယ်နေရာကျပါကား" ဟု ပြောကြရာ၌ ကျွန်ုပ်က "ဟုတ်တာပေါ့ဗျ" ဟူ၍သာ ပြန်ဖြေလိုက်၏။ သူတို့နှစ်ယောက်က ကျွန်ုပ်၏ အောင်မြင်မှုသည် သစ်ကျားသီးအဆောင်ကြောင့်ဖြစ်သည်ဟု ထင်ကြလျှင်လည်းရှိစေ၊ ကျွန်ုပ်က မေတ္တာစိတ်ဓာတ်၏ အကြောင်းကို ရှင်းလင်း၍မပြောပဲ ထားလိုက်သည်။

ဤအကြောင်းကိုဤနေရာ၌ ရှင်းပြပါဦးမည်။ ကျွန်ုပ်မှာ မိဘအစဉ်အဆက်မှစ၍ အယူသည်းသော (Superstitions) လူတယောက်မဟုတ်သည့်ပြင် ခေတ်ပညာ တတ်တယောက်ဖြစ်၍ စဉ်းစားဆင်ခြင်တတ်သော အလေ့အကျင့်ရှိသူ တယောက် လည်း ဖြစ်သည့်အတွက်ကြောင့် အကြောင်းအကျိုး ဆက်စပ်၍မရသည့် အခြင်း အရာမျိုးကို မယုံကြည်ချင် တတ်ဆုံးလူတယောက်ဟူ၍ ယူဆပါသည်။ သို့ရာတွင် ကျွန်ုပ်၏ လက္ခဏာနှင့် ပတ်သက်၍ အချက်အလက် အတော်များစွာ မှန်ကန် အောင်ဟောဘူးသည့် လက္ခဏာ ဆရာနှစ်ယောက်နှင့်တွေ့ရာတွင် ယုတ်စွအဆုံး လက္ခဏာဖတ်ခြင်း အတတ်ပညာကို ယုံကြည်ရမည်ကဲ့သို့ တဖြည်းဖြည်း ဖြစ် လာ၏။ ဂေါတမဗုဒ္ဓ၏ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်များ အကြောင်း ကိုလည်း ဖတ်ရဘူးသည်နှင့် ဗုဒ္ဓဘာသာဝင် တယောက်အနေဖြင့် ယုံကြည်ရ မည်ကဲ့သို့ဖြစ်ခဲ့၏။ ကျွန်ုပ်၏ လက္ခဏာဆရာက နိုင်ငံခြားသို့ ခရီးထွက်လျှင် သစ်ကျားသီးအနည်းငယ် ဆောင်သွားဖို့ ပြောဘူး၏။ ကျွန်ုပ်သည် ဆိုဗီယက် ယူနီယံသို့ ခရီးထွက်ခဲ့ရာ၌ အထက်တွင်ဖော်ပြခဲ့သည့် အကြံကြီး အစည်ကြီး များလည်း ရှိသည်ဖြစ်သောကြောင့် ၎င်းအကြံအစည်အောင်မြင် ရေးအတွက် ဆိုလျှင် ဘာမဆိုလုပ်မည်၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သစ်ကျားသီး အနည်းငယ် 'ဆောင်'သွားရခြင်းအတွက် ဘာမျှ ဝန်လေးသည်မဟုတ်ဆို ကာ သစ်ကျားသီးဆယ်လုံးမျှကို မန္တလေးကတည်းက ဆောင်ယူလာ၏။ ထိုရွာကလေး ၌ လတ်ဆတ်ဖြူစင်သော သစ်ကျားသီးများကိုတွေ့ရသည့်အခါတွင် ကျွန်ုပ်၏ စိတ်ထဲ၌ လတ်ဆတ်လျှင်သာ၍ကောင်းမည်ဟူသော အထင်နှင့် အိမ်ရှင်ထံမှ သစ်ကျားသီး ဆယ်လုံးတောင်းယူခဲ့ခြင်းဖြစ်ပါသည်။ ရှေ့အဖို့တွင် ဆက်လက်၍ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ် အစွမ်းအောင်မြင်မှုတွင် ဤသစ်ကျားသီးများက အထောက်အပံ့ပြုပြန်ရှိသည်ဟူသော အယူအဆဘက်သို့ ခပ်ယိမ်းယိမ်းရှိနေခြင်း ကို ဝန်ခံပါသည်။

## သတိကြီးစွာထားခြင်း

ကျွန်ုပ်အဖို့ရာ၌ မေတ္တာစိတ်ဓာတ်၏ အောင်မြင်မှုများသည် အလွန်များပြားသော်လည်း စာဖြင့်ရေးမှတ်ခြင်းမပြုခဲ့မိသည့်အတွက်ကြောင့် အားလုံးစေ့စုံအောင် မဖော်ပြနိုင်စေကာမူ မှတ်မိသလောက်ကို ဖော်ပြပါဦးမည်။ အာမီးနီးယားနယ် မြို့တော် အီရီဗန်မှ ဂျော်ဂျီယာနယ် မြို့တော်တစ်ဘလစ်ဆီသို့ ရောက်ကြ၍ ဟိုတဲလ်တခု၌တည်းခိုလျက်ရှိကြစဉ် ကျွန်ုပ်တို့နေ့တိုင်းစားသောက်ကြသည့် စားပွဲ တခု၌ မိန်းကလေးတယောက်က လိုအပ်သော စားစရာများကို သယ်ယူပေး သည့်တာဝန်ကို ဆောင်ရွက်၏။ ထိုမိန်းကလေးကား အလွန်ချောမောလှပသည်ဟု မဆိုနိုင်ပဲ 'ရွက်ကြမ်းရေကျိုမျှ' လောက်ရှိသည့် ရုပ်ဆင်းသဏ္ဍာန်ရှိစေကာမူ မျက်နှာထားအလွန် ချို၍အခြားလူများထက် ကျွန်ုပ်အားပို၍ ဂရုတစိုက်ပြုစုခြင်းကို အခြားလူများကပင် ရိပ်မိကြ၍ ပြုံးစိစိမျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်ကြ၏။ ကျွန်ုပ်သည် မိန်းကလေး အား သန့်ရှင်းဖြူစင်သော မေတ္တာမျက်လုံးဖြင့် ကြည့်မိ ခြင်းကား မှန်ပါသည်။ ရုရှား ရဲဘော်နှစ်ယောက်နှင့် ကျွန်ုပ်၏အဖော်နှစ်ယောက် တို့က ထိုမိန်းကလေး၏ကြင်နာသော ပြုစုပုံကို သတိပြုမိကြကြောင်း ကျွန်ုပ်သိ ရသည့်အခါ ကျွန်ုပ်သည် ကျွန်ုပ် အကြောင်းကိုသူတို့အား ရှင်း၍မပြသော်လည်း မိမိကိုယ်ကို စစ်ဆေးသတိပေးခြင်း ပြုပါသည်။ ကျွန်ုပ်၏မေတ္တာမှာ မိန်းမများနှင့် ပတ်သက်သောနေရာမျိုးတွင် နှမအရွယ်၊ သမီးအရွယ်၊ မြေးအရွယ်စသည်ဖြင့် ပိုင်းခြားပြီးလျှင် အရွယ်အလိုက် နှမကလေးကဲ့သို့လည်းကောင်း၊ သမီးကလေး ကဲ့သို့လည်းကောင်း၊ မြေးကလေးကဲ့ သို့လည်းကောင်း သဘောထားဖို့ ကျွန်ုပ် မမေ့ပါ။ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ် အောင်မြင်လျက်ရှိခြင်းကို ကိုယ့်ဟာကိုယ် သိသော်လည်း ဖောက်ပြန်သော ရာဂစိတ် မျိုး မဖြစ်ပေါ်စေရအောင် အထူးတလည် သတိပြုပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ကောင်းကင်ခရီးမှ ရှာန်ကြွသော

သာမဏေသည် ရက်ကန်းသည်မ၏ တေးသီချင်းသံ ကိုကြားရ၍ ဈာန်လျှော ဘူးသည့် အကြောင်းအရာကို မကြာခဏသတိရ၍ ဆင်ခြင်သုံး သပ်ပါသည်။ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်သည် 'ဈာန်'အခြေသို့ ရောက်အောင် ထက်မြက်သည်ဟု မထင်မှတ်စေကာမူ ကျွန်ုပ်၏စိတ်ဖောက်ပြန်သည် နှင့် တပြိုင်နက် ရောက်ရှိနေသော အခြေအနေမှ လျှောဆင်းသွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် အထူးသတိကြီးစွာထားလျက်ရှိပါသည်။

## မြေးနှင့်အဘိုး

ကျွန်ုပ်တို့ပြန်ကြရမည့်နေ့၌ နံနက်စာစားပွဲတွင် ထိုမိန်းကလေးသည် ကျွန်ုပ်အား အခြားသူများထက် ဂရုစိုက်ပြုစု၏။ ကျွန်ုပ်တို့ထွက်ခွာကြမည့် အကြောင်းကို သူသိပုံရ၍ ကြင်နာသော အမူအရာမျိုးပို၍ ထင်ရှားစွာဖော်ပြ၏။ စားပွဲမှထကြသောအခါ မိန်းကလေးသည် ကျွန်ုပ်တို့အားလုံးကို တယောက်စီ လက်ဆွဲ၍ နှုတ်ဆက်ရာတွင် ကျွန်ုပ်အား အထူးကြင်နာခြင်းကို ဖော်ပြကြောင်း လူတိုင်းရိပ်မိ၏။ နှုတ်ဆက်ပြီး၍ စားပွဲခန်းမှ ထွက်လာကြသောအခါ ကျွန်ုပ်သည် နောက်ပိတ်ဆုံးမှ လိုက်လာသည်တွင် မိန်းကလေးသည် ကျွန်ုပ်၏နောက်သို့ ပြေးလိုက်လာ၍ နောက်ဆုံးအကြိမ်ထပ်မံ လက်ဆွဲနှုတ်ဆက်ပြန်လေသည်။ သူငယ်မသည် ကျွန်ုပ်၏မြေးထက် ၁၀ နှစ်လောက် ငယ်ပါလိမ့်မည်။ (ကျွန်ုပ်၏ မြေးသည် သားသမီး ၇ ယောက်ရှိ၍ ကျွန်ုပ်မှာ 'မြစ်' ၇ ယောက်ရှိသူဖြစ်ပါ၏။) ကျွန်ုပ်သည် သူငယ်မ၏ ဖြူစင်သော ခင်မင်မှုကို နားလည် ၍ သူ၏နဖူးကို ကစ္စပေးလိုက်ချင်သော စိတ်ကူးဖြစ်ပေါ်လာသော်လည်း ကျွန်ုပ်၏ အဖော်များက အထင်လွဲမည်ကိုစိုးသည်နှင့် ၎င်းအကြံအတိုင်းမပြုခဲ့ပါ။ အခြားအခန်းသို့ ကူးဝင်တော့မည်အပြုတွင် ကျွန်ုပ်သည် မိန်းကလေးဘက်သို့ နောက်ဆုံးအကြိမ် လှည့်ကြည့်လိုက်ရာတွင် မိန်းကလေးသည် ၎င်း၏အလုပ်ဝတ္တရားများကို

ဆက်လက်၍ မလုပ်ပဲ ကျွန်ုပ်တို့ဘက်သို့ခါးထောက်ကာ ငေးကြည့်နေခြင်းကို နောက်ဆုံးအကြိမ်မြင် ခဲ့ရပါသည်။ ကျွန်ုပ်သည် သူငယ်မအပေါ်၌ မြေးကလေး တယောက်ကဲ့သို့ ကြင်နာခြင်းမျိုးထက် မပိုခြင်းကို သစ္စာပြုနိုင်သကဲ့သို့ မိန်းကလေးကလည်း ကျွန်ုပ်အပေါ်၌ အဘိုးတယောက်အား ကြင်နာသော စိတ်မျိုး မျှသာရှိမည်ဟု စာဖတ်သူတို့ ယုံကြည်ကြစေလိုပါသည်။

## လူထုမအမာနှင့် ကျွန်ုပ်

ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ ရောက်ခဲ့သည့်အဖြစ်အပျက် အခြင်း အရာ များကို အစီအစဉ်အတိုင်းမဟုတ်ပဲ ကျွန်ုပ်၏စိတ်၌ ထိခိုက်သော အခြင်းအရာများကို စိတ်ထဲတွင် ပေါ်လာသည့်အလျောက် ရေးသားဖော်ပြမည်ဟု ဆိုထားခဲ့ရာ လူထုမအမာနှင့် မော်စကိုမြို့၌ တွေ့ရသည့် အဖြစ်အပျက်မှာ ကြီးကျယ်လှသည်မဟုတ်သော်လည်း ကျွန်ုပ်သည် စိတ်ကိုအလေးပေး၍ စဉ်းစား တတ်သူတယောက် ဖြစ်သည့်အတိုင်း ကျွန်ုပ်စိတ်၌ ထိခိုက်ခဲ့သော ထိုအဖြစ် အပျက်ကို ဤနေရာ၌တင်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်မှာ ရုရှားစာရေးဆရာကြီး တော်လ်စတွိုင်ရေးသည့် အယ်နာကရဲနီးနား ဝတ္ထုကို ဘာသာပြန်ဘူး၊ စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်ကြီးကိုဘာသာပြန်ဖို့ စိတ်ကူးဖြင့် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုရကတည်းက ရုရှားဆောင်းရာသီ၏ ကြမ်းထမ်းခြင်း အကြောင်းကိုသိရ၍ မော်စကိုသို့ရောက်လိုသောဆန္ဒ ပြင်းပြခဲ့၏။ ဆိုဗီယက်ယူနီယံသို့ ဖိတ်ခေါ်သည့် အခါ အချို့မိတ်ဆွေများက ရုရှားဆောင်းရာသီ ကြမ်းလှသောကြောင့် နွေပေါက်မှ သွားဖို့ ကျွန်ုပ်အားတားဆီးကြ၏။ ကျွန်ုပ်ကမူ အဆန်းအသစ် တွေ့မြင်ခံစား လိုသော ကျွန်ုပ်၏ဝါသနာအတိုင်း ကြမ်းလှပါသည်ဆိုသော ရုရှားဆောင်းဥတုကို ကြုံလိုသောကြောင့် ဆောင်းမကုန်မီပင် သာ၍သွားချင်၏။ သို့ဖြစ်၍ ညနေ ၅နာရီအချိန်တွင် မော်စကိုလေဆိပ်သို့ လေယာဉ်ပျံတံခါးဖွင့်ပြီး ဆင်းလိုက်ရာတွင်

မိုးပွင့်ရော မိုးပါရောနှောလျက်ကျွန်ုပ်၏ မျက်နှာသို့ တိုက်ခတ် လိုက်သည့် လေအေးကို ပထမအကြိမ် ခံစားလိုက်ရသည်နှင့် အလွန်အေးချမ်းလှသော် လည်း "မင်းလားကွ ရှုရှားဆောင်းဥတု"ဆိုကာ မေးလိုက်မိသည်။ လေဆိပ်အဆောက် အအုံထဲသို့ရောက်ကြ၍ ကြိုဆိုလျက်ရှိကြသည့် ရှုရှားမိတ်ဆွေ လေးငါးယောက် တို့ကို တွေ့ရသည့်အခါ ကျွန်ုပ်သည် မအမာ၏ မျက်နှာကိုရှာသော်လည်း မတွေ့သဖြင့် ထင်ခြေ မကိုက်ပဲ ဖြစ်သွား၏။ သို့ရာတွင် လေဆိပ်မှမြို့ထဲသို့ ကားဖြင့်မောင်းလာကြ သည့်အခါ လေဆိပ်နှင့်မြို့မှာ အတော်ဝေးသည်ကို တွေ့ရသည်တွင်မှ ဤဥတုမျိုးတွင် ဤမျှလောက် ခရီးဝေးအောင် မလာနိုင်ပေဟု အောက်မေ့ကာ ခွင့်လွှတ်လိုက်ပါသည်။

## မအမာ၏အသံ

ဟိုတဲလ်သို့ ရောက်သည်နှင့်တပြိုင်နက် မအမာအကြောင်းကို စုံစမ်းရာ ကျွန်ုပ်တို့ကို လာ၍ကြိုသည့် ရှုရှားမိတ်ဆွေများအနက်မှ စကားပြန် အမျိုးသမီး ကလေးက "မြန်မာအမျိုးသမီးတယောက်သည်" ရွှေဥဒေါင်းအမည်ကို တညနေလုံး မေးမြန်းစုံစမ်းလျက်ရှိသည်ဟု ပြောသဖြင့် စိတ်ကျေနပ်သွားပါသည်။ ထို့နောက် အဝတ်များလဲ၍ ညစာစားလျက်ရှိကြစဉ် ရှုရှားမိတ်ဆွေတယောက်က တယ်လီဖုန်း မှ အမျိုးသမီးတယောက်သည် ကျွန်ုပ်နှင့် စကားပြောလိုကြောင်း ပြောလာသည်။ ကျွန်ုပ်ကား မအမာဖြစ်ရမည်ဟု ချက်ချင်းသိ၍ ထလိုက်သွားပြီး တယ်လီဖုန်း ကိုင်လျက် 'ဟဲလို'ဟု ခေါ်လိုက်သည်တွင် "ဒေါ်အမာ စကားပြောနေပါတယ်"ဟု အင်္ဂလိပ်လို ပြောသံကြား လိုက်သည်နှင့် မအမာသည် ကျွန်ုပ်၏ ဤ'ဟဲလို'သံကို ကျွန်ုပ်၏အသံဖြစ်သည်ဟု မသိကြောင်း ကျွန်ုပ်ရိပ်မိလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်က ဗိုလ်ဆန်ဆန်အသံဖြင့် 'ဘယ်က ဒေါ်အမာလဲ၊ ဘာလဲ ညာလဲ'စသည်နှင့် နောက်ပြောင်ဖို့ အကြံဖြစ်သေးသော်လည်း တဘက်က တွေ့ချင်လှ၍ တယ်လီဖုန်း

အကြိမ်ကြိမ်ဆက်နေရာတွင် ကျွန်ုပ်က နောက် ပြောင်ခြင်းငှာ မသင့်ဟု သတိရပြီး "ဦးလေးသိန်းပါ"ဟု ချက်ချင်းပြောလိုက်သည်။ ဤတွင် ကျွန်ုပ်သည် ဝမ်းသာ လွန်းသဖြင့် တုန်ယင်လျက်ရှိသော မအမာ၏အသံကို ကြားလိုက်ရပြီးနောက် 'ကျွန်ုပ်၏ဟိုတဲလ်သို့ သူချက်ချင်းလာခဲ့ပါမည်'ဟု ချိန်းဆိုလေ သည်။ ကျွန်ုပ်က "ယခုညစာစားပွဲမှထ၍ စကားပြောရခြင်းဖြစ်သည်" ဟု ပြန်ပြောသောအခါ မအမာက "ကျွန်ုပ်စားပြီးချိန်လောက်တွင် လာခဲ့ပါမည်" ဟု ပြောလေသည်။ ကျွန်ုပ်သည် စားပွဲခန်းသို့ပြန်သွား၍ ညစာကိုဆက်လက်စားပါသော်လည်း စိတ်လှုပ်ရှားလျက်ရှိ၍ မစားနိုင်သည်နှင့် နာမည်ကြီးလှသည့် ရုရှားဗိုဒ်ကာ တခွက်ကို ပထမအကြိမ် မြည်းပြီး ကျွန်ုပ်၏အခန်းသို့ပြန်ကာ စောင့်နေပါသည်။

## ပထမအကြိမ် တွေ့ရခြင်း

ကျွန်ုပ်အထင် တနာရီခန့်ကြာသောအခါ (အမှန်မှာ ၁၅ မိနစ်ခန့်သာကြာပါ သည်။) မအမာနှင့်ရုရှားအမျိုးသမီးနှစ်ယောက် ကျွန်ုပ်၏အခန်းသို့ ဝင်လာကြ သည်။ ကျွန်ုပ်သည် မအမာကိုမြင်ရ၍ အလွန်ဝမ်းသာသော်လည်း ဤထက် စိတ်ထိခိုက်သည့် ဒုတိယအကြိမ်တွေ့ဆုံခြင်း ရှိသေးသောကြောင့် ဝမ်းသာခြင်းမျှ လောက်ကို စာမဖွဲ့လို တော့ပါ။ မအမာက အမျိုးသမီးနှင့် ကျွန်ုပ်ကို မိတ်ဆက် ပေးပြီးနောက် အမျိုးသမီးက "ယခုရှစ်နာရီရှိပါပြီ။ ၁၀နာရီတိတိတွင် ပြန်လာ ပါမည်" ဟု ပြော၍ထွက်သွားလေ သည်။ ထိုနေ့တွင် ကျွန်ုပ်ရောက်မည်ဟု သိသဖြင့် ဟိုတဲလ်ပေါင်းဇခုထက်မနည်း တယ်လီဖုန်းဆက်၍ မေးထားကြောင်းနှင့် မအမာကပြောပြီးနောက် သူ့အိမ်က အကြောင်းများကို ကျွန်ုပ်က ပြောပြလေသည်။ ကျွန်ုပ်က(မောင်လှမခံချင်လည်း မတတ်နိုင်။) မအမာမိခင်ဒေါ်စုအကြောင်းကို ရှေးဦးစွာ ပြောပြလေသည်။ ကျွန်ုပ်ထွက်လာမည့်နေ့တွင် ဒေါ်စုတို့အိမ်သို့သွား၍ နှုတ်ဆက်ကြောင်း၊ မအမာထံ သို့ စာပေးလိုက်လျှင် ယူသွားမည်ဖြစ်ကြောင်း

ပြောသောအခါ ဒေါ်စုက "စာမပေး တော့ပါဘူး ကိုဖေသိန်းရယ်၊ ပါးစပ်နဲ့မှာလိုက်လျှင်တော်ပါပြီ၊ ကျန်းမာတဲ့အကြောင်းကိုသာ ပြောလိုက်ပါတော့" ဟု ပြော၏။ ကျွန်ုပ်က "ဒီလိုလဲဘယ်ဟုတ်မလဲမစု၊ သားသမီးဆိုတာ မိခင်ရဲ့လက်ရေးကိုမြင်ရတဲ့အခါ အလွမ်းပြေတာပေါ့ဗျ" ဟု ပြောလိုက်သည်တွင် ဒေါ်စုက "ဟုတ်တယ် ဟုတ်တယ်၊ ကျုပ်ရေးပေးလိုက်မယ်" ဆိုကာ စာတစောင် ရေးပေးလိုက်ကြောင်းပြောပြ၏။ ထို့ပြင် ကျွန်ုပ်က မောင်လှနှင့် သားသမီးများအားလည်းစာတစောင်စီရေးကြဖို့ ပြောသည်နှင့် သူတို့၏စာများလည်း ပါလာကြောင်းပြောလေသည်။ မအမာက စာများကို ချက်ချင်းဖတ်ချင်သည်ဆိုသဖြင့် ကျွန်ုပ်က ထုတ်ပေး၍ စောင့်ကြည့်နေရာ မအမာသည် အခြားစာများထက် မိခင်ဒေါ်စု၏စာကိုဖတ်သောအခါ၌ မျက်နှာပြောင်းလဲသွားခြင်းကို ကျွန်ုပ်တွေ့ရ သည်။ (မောင်လှမခံချင်လည်းရှိစေ၊ ကျွန်ုပ်ကား အမှန်ကို ရေးချင်တတ်သူဖြစ်သည်။) စာများအားလုံး ဖတ်ပြီးသောအခါ မအမာက "စာတွေအားလုံးထဲမှာ မမစုရေးလိုက်တဲ့စာက အကောင်းဆုံးပဲ" ဟုပြောသည်နှင့် ကျွန်ုပ်က "ဖတ်ပြစမ်းပါ" ဟုပြောသည်တွင် မအမာက ဖတ်၍ပြလေသည်။

## နားထောင်သော သမီး

ဒေါ်စု၏စာသည် သမီးဖြစ်သူ မအမာ၏စိတ်ကို ထိခိုက်သည်ဆိုလျှင် ကျွန်ုပ်၏ စိတ်ကိုထိခိုက်ခြင်းမှာလည်း လျော့နည်းသည်မထင်ပေ။ သူ၏တနေရာ၌ အသက်အရွယ်ကြီးပြီဖြစ်သော ကျွန်ုပ်အားသမီးမအမာက ဂရုတစိုက် ကြည့်ရှုပြုစုဖို့ အကြောင်း၊ အထူးသဖြင့်ကျွန်ုပ်၏ကျန်းမာရေးအတွက် သမီးမအမာက တာဝန်ယူပြီး စောင့်ရှောက်စေလိုကြောင်း စသည်ဖြင့် အတော်ရှည်လျားစွာမှာကြားရေးသားခြင်းကို တွေ့ရပေသည်။ ထိုစာကို မအမာက ဖတ်ပြ၍ကြားလိုက်ရသည်တွင် ကျွန်ုပ်သည် ငယ်သူငယ်ချင်း ဒေါ်စုအပေါ်၌ ခင်မင်မှု၊

သတိရမှု ဆထက်ထမ်းပိုး တိုးလာပြီးလျှင် ကျွန်ုပ်မေတ္တာပို့သောအခါများ၌လည်း ဒေါ်စု၏မျက်နှာသည် (လူဦးရေ တရာထက် မနည်းရှိသည့်အနက်တွင်) နံပါတ်(၃) လောက်တွင် အမြဲပေါ်လာခြင်းကို ကြုံရပါ သည်။ တွေ့ရာလေးပါး စကားပြောလျက်ရှိကြစဉ် မအမာက ၁၁နာရီတိုင်အောင် သူနေနိုင်ကြောင်းပြော၍ ၁၁နာရီတိုင်အောင်ပင်မနေပဲ ၉ နာရီခွဲတွင် ပေါ်လာသည်နှင့် ကျွန်ုပ်တို့ခွဲခွာကြရလေသည်။ နောက်နေ့နံနက်၌ မအမာသည် ကျွန်ုပ်၏ ဟိုတဲလ် သို့ အဖော်တယောက်နှင့်ရောက်လာ၍ ကျွန်ုပ်အတွက် ပျားရည်တဗူးနှင့် သံပုရာသီး တလုံး ယူလာလေရာ မိခင်၏စကားကို နားထောင်သော သမီးတယောက်အနေဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။ မအမာကား ထိုနေ့၌ပင် ဂျာမနီဘက်သို့ ထွက်သွား၍ ကျွန်ုပ်တို့ပထမအကြိမ်တွေ့ဆုံခြင်း ပြီးဆုံးသွားပါတော့သည်။

## ဒုတိယအကြိမ်တွေ့ဆုံခြင်း

ကျွန်ုပ်တို့ကိုယ်စားလှယ် သုံးယောက်သည် ဆိုဗီယက်ယူနီယံအတွင်းရှိ မြို့ကြီးများသို့ လှည့်လည်ကြည့်ရှုပြီးကြ၍ ဂျာမနီပြည်ဘက်သို့ထွက်ခွာရန် ပြင်ဆင်ကြလေသည်။ နေ့နာရီပြန်တချက်လောက်တွင် မော်စကိုလေဆိပ်သို့ ရောက်ကြ၍ ကျွန်ုပ်တို့ကို လိုက်ပို့သည့် ကျွန်ုပ်၏ 'ညီ' နှင့် 'သား' တို့က စားပွဲခန်းသို့ ခေါ်သွားပြီး စားစရာကလေးများ ကျွေးမွေးလျက်ရှိစဉ် ရုရှားရဲဘော် တယောက်သည် ကျွန်ုပ်အနီး သို့ချဉ်းကပ်၍ "ရှေ့ဥဒေါင်းဟုတ်ပါသလား"ဟု မေးသဖြင့် ကျွန်ုပ်ကဟုတ်ကြောင်း ပြော၏။ ထိုအခါ ရဲဘော်က "ဒေါ်အမာ တယောက် ဂျီဒီအာရ်မှ လေယာဉ်ပျံနဲ့အခု ဆိုက်လာပါလိမ့်မယ်"ဟု ပြောသည်တွင် ကျွန်ုပ်သည် ချက်ချင်းထလိုက်၏။ ဤတွင် ရဲဘော်များက ရယ်မောလျက် "ဒေါ်အမာရဲ့ လေယာဉ်ပျံက ခုချက်ချင်းဆိုက်မှာ မဟုတ်သေးပါဘူးဆရာကြီး"ဟု ပြောသည်နှင့် ပြန်၍ထိုင်ရသည်။ (ရုရှားရဲဘော်များသည် ကျွန်ုပ်ကို

အစ်ကိုကြီးခေါ်သည့်ရဲဘော်မှတပါး ဆရာကြီးဟုခေါ်ကြသည်။) မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် မအေမာရောက်လာမည်ဟု ကြားလိုက်ရကတည်းက ဂဏှာငြိမ်စွာ မထိုင်နိုင်တော့ပဲ ဖင်တကြွကြွ ဖြစ်နေသည်နှင့် ရဲဘော်များသည် ကျွန်ုပ်ကို လေယာဉ်ပျံရုံအဝသို့ ခေါ်လာကြလေသည်။

## ဝမ်းသာလိုက်ကြပုံ

နာရီတဝက်ခန့်ကြာသောအခါ လေယာဉ်ပျံတစင်း ဆိုက်ရောက်လာ၍ ကျွန်ုပ် အား အကြောင်းကြားထားသော ရဲဘော်သည် မအေမာကို ကျွန်ုပ်တို့ရှိရာသို့ ခေါ်လာသဖြင့် ကျွန်ုပ်တို့ကြိုဆိုနေကြသည်။ ကျွန်ုပ်သည် မအေမာကို ဤတကြိမ်မြင်ရခြင်းကဲ့သို့ ဝမ်းသာခြင်းမျိုးကိုမမှတ်မိပါ။ လုပ်ဖော်ကိုင်ဘက် တယောက်ဖြစ်ခြင်း၊ နိုင်ငံခြား၌ တိုင်းပြည်သားအချင်းချင်း တွေ့ရခြင်း၊ ထိုနေ့က ခဏကလေးမျှသာ တွေ့လိုက်ရပြီး ဘယ်နေရာဘယ်ဌာန၌ ဘယ်အချိန်တွင် တွေ့ရမည်ဟု အချိန်းအချက် မပေးနိုင်သည့် ပြင်တွေ့ချင်မှ တွေ့ရတော့ မည်ပြုသော အထင်မျိုး ရောက်လျက်ရှိနေသည့်အတွင်း ဘွားကနဲတွေ့ရခြင်း ဖြစ်သည့်အတွက်ကြောင့် တအံ့တသြကြီးဝမ်းသာလျက်ရှိပါသည်။ လေယာဉ်ပျံရုံဝ တွင် ကျွန်ုပ်ကရှေ့ဆုံးမှကြိုနေ၍ မအေမာဝင်လာသည့်အခါ ကျွန်ုပ် သည် ဝမ်းသာအားရကြီးနှင့် သူ၏ပုခုံးနှစ်ဘက်ကို ကိုင်၍လှုပ်လိုက်ချင်သည်။ သို့ရာတွင် ကျွန်ုပ်တို့မြန်မာလူမျိုးသည် ဝမ်းထဲ၌ရှိသော စိတ်ဓာတ်ကို အမူအရာဖြင့် ဖော်ပြ သောထုံးစံမရှိသည်ဖြစ်သောကြောင့် လှမ်းမည်ပြုသော လက်များကို ချုပ်ထား လိုက်ရသည်။ သို့နှင့်လည်း သူ့ပုခုံးနှင့်နီးကပ်သော လက်ဝဲလက်မှာ တားဆီး၍မရ တော့ပဲ သူ့လက်ယာပုခုံးကို ဆုပ်ကိုင်လိုက်ပါသေးသည်။ မအေမာသည်လည်း ကျွန်ုပ်ကဲ့သို့ပင် တကိုယ်လုံး တုန်လျက်ရှိပုံရသည်။ လေယာဉ်ပျံရုံကြီးထဲတွင် အနီးဆုံး ကုလားထိုင်သို့သွား၍ ဘယ်ကပြန်ပြီး ဘယ်သွားကြမည့် အကြောင်း

များကို အပြန်အလှန် ပြောပြလျက်ရှိစဉ် ဤမျှလောက်ကျယ်ဝန်းသော တိုင်းပြည် ကြီးတပြည်၌ ခရီးသည် တယောက်နှင့်တယောက် အချိန်းအချက်မရှိပဲ တနေရာ၌ တွေ့ဆုံမိခြင်းမှာ အလွန်ခဲယဉ်းလှသည့်အကြောင်း၊ ယခုကဲ့သို့ လေဆိပ်တခု၌ ဆုံမိကြသည် ဆိုစေဦးတော့ မိနစ်အနည်းငယ် လွဲသွားခဲ့လျှင် တယောက်ထွက်ပြီး မှ တယောက်ဝင်လာမည် ဆိုပါက လွဲသွားနိုင်သေးကြောင်း၊ ယခုကဲ့သို့ တည့်တည့်မတ်မတ် ဆိုက်ဆိုက်မြိုက် မြိုက် ဆုံမိကြခြင်းမှာ လူ့ပြည်မှ အပ်တစင်းနှင့် ဗြဟ္မာ့ပြည်မှ အပ်တစင်းဆိုသော စကားပုံကဲ့သို့ အလွန်ကံကြီးလှ၍ တွေ့ဆုံကြရခြင်းဖြစ်သည်ဟု ကျွန်ုပ်ကတွေးမိရာ မအမာကလည်း ဤနည်းအတူ တွေးမိ၍ ဝမ်းသာလှသည်ဟု ပြောပြလေသည်။ နာရီဝက်ခန့် စကားပြောပြီး သည့်နောက် ကျွန်ုပ်တို့၏လေယာဉ်ပျံ ဆိုက်ရောက်လာ၍ နှုတ်ဆက်ကာ ခွဲခွာ ကြလေရာ မအမာ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ၌ အလွန်တောက်ပ သော မျက်လုံးများကို မြင်ရသည်နှင့် မျက်ရည်၏ အရိပ်အရောင် ဖြစ်လေသလော ဟု တွေးတောယင်း လေယာဉ်ပျံပေါ်သို့ တက်ခဲ့ရပါတော့သည်။

## လီနင်ဂရက်သို့

ကျွန်ုပ်သည် မအမာနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ရခြင်းအကြောင်းကို တဆက် တည်း ဖော်ပြလိုသည်နှင့် ရှေ့သို့အနည်းငယ် ကျော်လွန်ရေးသားထားခြင်း ဖြစ်လေရာ ယခုတဖန် ဂျော်ဂျီယာနယ် တီဘလစ်ဆီမြို့တော်ရှိဟိုတဲလ်မှ ထို သူငယ်မနှင့်ခွဲခွာပြီး လီနင်ဂရက်မြို့သို့သွားကြသည့် အကြောင်းအရာကို တုံ့ပြန်ဖော်ပြရဦးမည်။ တီဘလစ်ဆီမြို့နှင့် လီနင်ဂရက်မြို့မှာ တနာရီလျှင် ကီလိုမီတာ ၈၀၀ (မိုင်ပေါင်း ၄၉၂) နှုန်းမျှ ပျံသန်းသည့်ဂျက်လေယာဉ်ပျံကြီးဖြင့် သုံးနာရီခန့်ပျံသန်းရသော ခရီးဖြစ်၍ ဆိုဗီယက်ယူနီယံအတွင်းမျှသာ ဖြစ်သော် လည်း ခရီးအတော်ကွာလှမ်းသည်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့သည် လေယာဉ်ပျ

ပေါ်သို့တက်၍ ခရီးထွက်လာကြ သောအခါ လေယာဉ်ပျံပေါ်၌လိုက်ပါလာသည့် လေယာဉ်မယ် Air Hostess သုံးယောက်အနက် တယောက်သည် ကျွန်ုပ်အတွက် စားစရာများ တည်ခင်းပေးယင်း ကျွန်ုပ်နှင့် 'မျက်မှန်းတန်း' မိကြလေပြီ။ မိန်းကလေးသည် ကျွန်ုပ်ကိုမြင်သည်နှင့် တပြိုင် နက် "ရှင်ဘာလူမျိုးလဲ"ဟုမေး၍ ကျွန်ုပ်က 'ဘိမ္မော' ဟုပြောလိုက်ရာတွင် ကျွန်ုပ်အနီးသို့ ချက်ချင်းဝင်ထိုင်ပြီး "ရှင့်ကိုမြင်မြင်ချင်း ကျွန်မက ဘိမ္မောပြည် အကြောင်းကို သိပ်သိချင်တာပဲ၊ ပြောပြစမ်းပါရှင်"ဟု ပြော၏။ ကျွန်ုပ်ကမူ စားယင်းသောက်ယင်း စကားပြောတတ်သည့် အနောက်တိုင်းထုံးစံကို မကြိုက်လှသည်နှင့် "ဘိမ္မောအကြောင်းကိုသိလိုလျှင် ဟိုလူကိုမေးကြည့်ပါ"ဆိုကာ သခင်ကျော်စိန်ကို လက်ညှိုးညွှန်ပြလိုက်၏။ (သခင်ကျော်စိန်ကား ဗမာပြည်အကြောင်းနှင့် ဗမာ အကြောင်းကိုပြောပြရာ၌ ခပ်ကြွားကြွားကလေးနှင့် နားထောင်ကောင်းအောင် ပြောတတ်သူတယောက်ဖြစ်သည်ဟု ကျွန်ုပ်သိပြီးဖြစ်၏။) သို့ရာတွင် မိန်းကလေးက "ဟင်းအင် သူများပြောပြတာထက် ရှင်ပြောတာကို ကျွန်မပိုပြီးကြားချင်တယ်၊ စိတ်ဝင်စားတယ်"ဟုပြောသည်နှင့် ကျွန်ုပ်မှာ မလွှဲမရှောင်သာပဲ ပြောပြရပါတော့ သည်။

သို့သော် ကျွန်ုပ်က "တလျှောက်ထဲတော့ ပြောမပြတတ်ဘူး၊ မင်းသိချင်တာကိုမေး၊ ငါကပြောပြမယ်" ဟုပြောရ၏။ လေယာဉ်မယ်သည် ဗမာမိန်းကလေးများအကြောင်း၊ ယောကျာ်းကလေးများအကြောင်း၊ ဗမာလေယာဉ်ပျံအကြောင်း၊ ရွှေများ ထိန်ထိန်ဝင်းလျက် ရှိသည်ဆိုသော ဗမာပြည်မှ စေတီတော်များအကြောင်း၊ လူငယ်များဝတ်စားဆင်ယင်ပုံအကြောင်း၊ လက်ထပ်ကြပုံ ထုံးစံနှင့် မင်္ဂလာအခမ်းအနားအကြောင်း စသည်များကို တွတ်တီးတွတ်တာနှင့်မေး၍ ကျွန်ုပ်ကလည်း တတ်အားသမျှ ဖြေဆိုရပါသည်။ ကျွန်ုပ်စားသောက်ပြီး၍ လင်ပန်းကို သိမ်းယူသွားသော်လည်း သူငယ်မသည် အခြားသော အလုပ်ဝတ္တရားများကိုပစ်ထားပြီး ကျွန်ုပ်အနီးသို့ အခေါက်အခေါက်အခါခါ လာ၍ထိုင်ကာ တောင်မေးမြောက်မေး မေးပါသေးသည်။ ကျွန်ုပ်မှာ စကားပြောခြင်းအတတ်၌

လေ့လာထားသူတယောက် မဟုတ်သော်လည်း အာမီးနီးယားပြည်နယ် တောရွာကလေးတွင် တကြိမ်အောင်မြင်ခဲ့ပြီးကတည်းက အရှက်အကြောက် အတော်ပျောက်ပြီး အတော်သွက်လက်စွာ ပြောနိုင်လျက်ရှိပါလေပြီ။ မိန်းကလေးများအကြိုက် မြှောက်ကာပင့်ကာနားဝင်ချိုအောင် ပြောခြင်းအရာတွင်လည်း ကျွန်ုပ်မှာအတော်ပညာ တိုးလျက်ရှိပါသည်။ သို့ဖြစ်၍ တနာရီနီးပါးမျှ စကားပြောကြရသည့်တွင် ဤမိန်းကလေးသည်လည်း တီဘလစ်ဆီမြို့ရှိ ဟိုတဲလ်မှ မိန်းကလေးကဲ့သို့ပင် ကျွန်ုပ်အပေါ်တွင် ခင်မင်ရင်းနှီးလျက်ရှိနေလေပြီ။ ဤသည်မှာလည်း ကျွန်ုပ်၏စကားပြောကောင်းခြင်းထက် မေတ္တာမျက်လုံး၏ သတ္တိဟူ၍ မှတ်ချက် ချလိုက်ပါသည်။

## စိတ်ကိုစစ်ဆေးခြင်း

ကျွန်ုပ်တို့၏လေယာဉ်ပျံသည် ကိဗ်လေဆိပ်သို့ဆင်းရာတွင် ဘီးအားလုံးပေါက်ကွဲသွားသည်ဟုသိရ၏။ ကိုလုကျော်ကမူ ဘီးတွေအားလုံး ပေါက်ကွဲသွားခြင်းကို လေယာဉ်ပျံပေါ်မှ သူမြင်လိုက်ရသဖြင့် အတော်ထိတ်လန့်သွားသည်ဟုပြော၏။ ထိုနေ့၌ ဆီးနှင်းများ အတော်ထူထပ်စွာ ကျလျက်ရှိ၍ ကွင်းကြီးပေါ်၌ ရေခဲများထူထပ်စွာ တင်နေသည့်အတွက် ရေခဲတုံးကြီးများနှင့် ထိခိုက်မိပြီး ဘီးများကွဲသွားခြင်း ဖြစ်သည်ဆိုရာ လေယာဉ်မောင်းသမား၏ ကျွမ်းကျင်လိမ္မာမှုကြောင့် လေယာဉ်ကြီးကို ချောမောစွာ ရပ်နိုင်ခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်တို့အလွန်ကံကောင်းကြောင်း ကိုလုကျော်က ပြောပြလေသည်။ ကျွန်ုပ်အဖို့ရာ၌မူကား ကျွန်ုပ်၏မေတ္တာဓာတ်အစွမ်းကြောင့် ဘေးအန္တရာယ် ငြိတွယ်ခြင်းမရှိနိုင်ဟူ၍ စိတ်ချ ယုံကြည်ထားသည့်အတွက်ကြောင့် ကိုလုကျော်၏စကားများသည် ကျွန်ုပ်အား အနည်းငယ်မျှ စိုးရိမ်ခြင်း၊ တုန်လှုပ်ခြင်း မဖြစ်စေခဲ့ပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိ၏မေတ္တာစိတ်ဓာတ်အစွမ်းကို စိတ်ချယုံကြည်

နိုင်ခြင်းသည်ကား စိတ်သက်သာမှုရစေနိုင်ခြင်းမှာ ယုံမှားဖွယ်ရာ မရှိပေ။ ကိဗ် လေဆိပ်တွင် ကျွန်ုပ်တို့၏ လေယာဉ်ဘီးများကို အချိန်မီအောင်ပြင်ဆင် ရန် မတတ်နိုင်သဖြင့် ထိုလေယာဉ်ပျံကိုထားခဲ့ပြီး အခြားလေယာဉ်ပျံတစင်းဖြင့် ကျွန်ုပ်တို့ ခရီးဆက်ကြရလေသည်။ လေယာဉ်ပျံပြောင်း၍စီးရသဖြင့် ကျွန်ုပ်နှင့် စကားလက်ဆုံကျခဲ့သည့် လေယာဉ်မယ်သည် ကျွန်ုပ်တို့နှင့်အတူ မပါလာတော့ပဲ သူ့လေယာဉ်ဖြင့်နေရစ်ရ၏။ ကျွန်ုပ်သည် ပထမ၌ ထိုမိန်းကလေး၏မေးခွန်းများကို ဖြေရခြင်းအတွက် ဝန်လေးသည်ဟု ထင်ခဲ့မိသော်လည်း ခရီးဆက်ကြသော အခါတွင် ထိုမိန်းကလေးမပါသည့်အတွက် စိတ်ထဲ၌ ဘာလိုလိုဖြစ်သည်ကို သတိပြုမိ၏။ သို့ရာတွင် မိမိ၏စိတ်ကို အစဉ်စောင့်၍ကြည့်လေ့ရှိသော ကျွန်ုပ် အဖို့မှာ ချက်ချင်းပင် ကိုယ့်ကိုယ်ကို ဝေဖန်စစ်ဆေးကြည့်မိပါသည်။ ကျွန်ုပ် တွေ့ရသည်မှာကား ကျွန်ုပ်သည် ထိုမိန်းကလေးအပေါ်၌ တဏှာရာဂ စိတ်မျိုးဖြင့် တပ်မက်စွဲလန်းခြင်းကား မဟုတ်၊ မိမိအား ခင်မင်လေးစားခြင်းရှိကြောင်းသိရ၍ ဆက်လက်ပြီး ခင်မင်လေးစားခြင်း ခံလိုသည့်မာန (Vanity) သဘောမျှသာ ဖြစ်သည်ဟု ဆုံးဖြတ်နိုင်ပါသည်။

## အဲ့စ်တိုးရီးယားဟိုတဲလ်

ကျွန်ုပ်တို့သည် မတ်လ တရက်နေ့ညတွင် လီနင်ဂရက်မြို့သို့ ဆိုက် ရောက်ကြ၍ အဲ့စ်တိုးရီးယား ဟိုတဲလ်ကြီး၏ ခမ်းနားကြီးကျယ်ပုံ၊ ဈေးနှုန်း ကြီးမြင့်ပုံ၊ နေရာရဖို့ခဲယဉ်းပုံ စသည်များကိုဖတ်ရဘူးသည့် ကျွန်ုပ်သည် လီနင်ဂရက်မြို့တွင် နာမည်တူ ဟိုတဲလ်ကြီး၏အမည်ကို ကြားလိုက်ရသည်နှင့် တပြိုင်နက် စိတ်ဝင်စားစွာနှင့် သတိပြုမိပါ၏။ ကျွန်ုပ်တည်းခိုခဲ့သမျှသော ဟိုတဲလ်များအနက်တွင် ဤဟိုတဲလ်သည် အခမ်းနားဆုံးဖြစ်၏။ ဗဟုသုတ အတော်ရှိသည့် သခင်ကျော်စိန်က ဤဟိုတဲလ်ကြီးမှာ နယူးရောက်မြို့ရှိ နာမည်တူ

ဟိုတဲလ်ကြီးနှင့် ပိုင်ရှင်တဦးတည်းဖြစ်ခဲ့ဘူးကြောင်း၊ ဆိုဗီယက်ယူနီယံသည် ဆိုရှယ်လစ်နိုင်ငံ ဖြစ်လာသောအခါတွင်မှ အစိုးရက အမေရိကန်ပိုင်ရှင်ကြီးများ၏လက်မှ ဝယ်ယူလိုက်ခြင်းဖြစ်ကြောင်း ပြောပြလေသည်။ ကျွန်ုပ်မှာ ခန်းလုံးပြည့်ကောဇောခင်းသည့် ဟိုတဲလ်ကြီးမျိုး၌ တည်းခိုခဲ့ရဘူးခြင်း နည်းပါးသည့်အတွက်ကြောင့် ဤဟိုတဲလ်၏သားသားနားနား ခန့်ညားသော အခင်းအကျင်းကို သတိပြုမိခြင်း ဖြစ်လေသည်။ အဲ့စ်တိုးရီးယားဟိုတဲလ်တွင် တည်းခိုနေထိုင်ခဲ့ရပြီးသည့်နောက် ခန်းလုံးပြည့်ကောဇောမခင်းသည့် ဟိုတဲလ်များတွင် တည်းခိုရသည့်အခါ ကြမ်းနှင့်ဖိနပ် ထိတွေ့ရခြင်းအတွက် 'သွားကျိုး' သည်ဟု ထင်လာသည်အထိ စိတ်ကြီးဝင်လျက်ရှိလေပြီ။ ကောင်းသောအရာကို 'မြည်း'ကြည့်ရခြင်းသည် ကျွန်ုပ်ထင်သလောက် အကျိုးမများလှပဟု စဉ်းစားမိပါသည်။

## အာဏာသိမ်းသောသတင်း

ကျွန်ုပ်တို့ကိုယ်စားလှယ် သုံးယောက်နှင့် ရဲဘော်နှစ်ယောက် (ကျွန်ုပ်၏ 'ညီ'နှင့် 'သား') တို့သည် လီနင်ဂရက်မြို့သို့မတ်လ တရက်နေ့ညတွင် ဆိုက်ရောက်ကြ၍ ၂ရက်နေ့ညတွင် မြန်မာပြည်၌ အစိုးရအပြောင်းအလဲဖြစ်ခြင်း အကြောင်းကို ကြားသိရလေသည်။ ထိုည၌ လီနင်ဂရက်မြို့တွင် ပညာသင်လျက်ရှိသည့် မြန်မာကျောင်းသား တယောက်သည် ကျွန်ုပ်တို့ရောက်ရှိခြင်းကို ကြားသိ၍ နှုတ်ဆက်ရန်လာရောက်ရာတွင် ဤသတင်းကိုပြောပြခြင်းဖြစ်လေသည်။ ကျွန်ုပ်တို့သည် ဤသတင်းကိုကြားရ သောအခါ၌ အလွန်အံ့သြမိကြသည်ဟု ရေးလျှင် ကျွန်ုပ်တို့၏ စိတ်ထဲ၌ရှိသော အခြင်းအရာကို ဆယ်ပုံတပုံမျှ ဖော်ပြရာရောက်မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ စိတ်ထဲ၌ အံ့သြခြင်း၊ စိုးရိမ်ခြင်း၊ ပူပန်မိခြင်းတို့အပြင် ကျွန်ုပ်တို့အတွက် အိမ်သူအိမ်သားများက ပူပန်ကြလိမ့်မည်။ ကျွန်ုပ်တို့မရှိသည့်အတွက် သူတို့အားငယ်ကြလိမ့်မည်၊ သို့လောသို့လော

တွေးတောကြလိမ့်မည်ဟူသော အခြင်းအရာများသည် ကျွန်ုပ်တို့သုံးဦးလုံး၏ စိတ်ထဲတွင်ဖြစ်ပေါ်လျက်ရှိသည်ဟု ကျွန်ုပ်မှန်းဆနိုင်ပါသည်။ ရုရှားရဲဘော်များသည် ဤအဖြစ်အပျက်နှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ထင်မြင်ချက်ကို တီးခေါက်စုံစမ်းကြလေရာ ကျွန်ုပ်ကားဘာမှမပြောတတ်၊ ကျွန်ုပ်၏ အဖော်နှစ်ယောက်ကမူ “ခင်ဗျားတို့သိသလောက်ထက် ကျွန်တော်ဘာမျှပိုမသိသောကြောင့် ထင်မြင်ချက်မပေးနိုင်ပါ၊ ခင်ဗျားတို့ကပင် ကျွန်တော်တို့ထက်ပိုပြီး သိကြလိမ့်မည် ထင်ပါသည်”ဟု ပြောပြ၏။ ၎င်းတို့ပြောပုံလည်း မဆိုးလှဟု ကျွန်ုပ်စဉ်းစားမိသည်။ ကျွန်ုပ်သည် အတော်အတန်လူများထက် စိတ်သက်သာအောင် စဉ်းစားတတ်သူတယောက် ဖြစ်သည်ဟု ယုံကြည်ထားသည့်အတိုင်း ရုတ်တရက်စိတ်အေးသွားအောင် အကြံမရသေးစေကာမူ ပူလောင်စေသော အတွေးအခေါ်မျိုးကို လက်မခံပဲ သူတို့အထဲတွင် နှုတ်အဆိတ်ဆုံးသော လူတယောက်အဖြစ်နှင့် ထိုင်နေခဲ့ပါသည်။ (ကျွန်ုပ်မှာစကား နည်းသော လူတယောက်ဖြစ်သည်ဟု လူတိုင်းကပြောကြသော်လည်း ဆိုဗီယက်ယူနီ ယံသို့ရောက်ကတည်းက နားမျက်စိကို ဖွင့်ထားရုံသာမက ပါးစပ်ကိုပါ ဖွင့်ထားပြီး ပီယဝါစာဖြစ်အောင် ပြောဖို့ကြိုးစားခြင်း၊ သိလိုသော အကြောင်းအရာများကို စုံစမ်း မေးမြန်းခြင်း စသည်ဖြင့် ‘မူ’တမျိုး ပြောင်းလဲလျက်ရှိသည့် အတွက်ကြောင့် ကျွန်ုပ်၏ အဖော်နှစ်ယောက်က “တို့ဆရာကြီး စကားနည်းတယ်ဆိုပြီး ခုတော့တော်တော်ပြောသားပဲ”ဟု အကဲခတ်ကြဟန်ရှိသည်။ ထိုည၌မူ ကျွန်ုပ်သည် ‘ဒုံရင်း’သို့ ပြန်ဆိုက်သွား သည်ဟုဆိုလောက်အောင် နှုတ်ဆိတ်ခဲ့ပါသည်။)

ဖြဟ္မစိုရ်ကရုဏာ

ထိုညဥ့်၌ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ ရောက်ကတည်းက အလေ့အကျင့် ပြုလုပ်ထားသည့်အတိုင်း အိမ်သူအိမ်သားများ၊ ဆွေမျိုးညာတိနှင့် နီးရင်းသော မိတ်ဆွေများမှစ၍ မျက်နှာသိများတိုင်အောင် တဦးစီမေတ္တာပို့ပြီးနောက် အာဏာသိမ်းသည်ဆိုသော တော်လှန်ရေးကောင်စီအနက်မှ ဓာတ်ပုံကို ကျွန်ုပ်မြင်ဘူး၍ မှတ်မိသည့်ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်မှူးချုပ်အောင်ကြီး အစရှိသော ပုဂ္ဂိုလ်များ၏ မျက်နှာများကိုသော်လည်းကောင်း၊ ဦးနု၏မျက်နှာကိုလည်းကောင်း ထင်းထင်းကြီး ပေါ်အောင်ဖော်ယူပြီး မေတ္တာပို့ပါသည်။ ကျွန်ုပ်သည် မိမိအား ထောင်ထဲတွင် 'တိုက်ပိတ်လှောင်'ထားဘူးသည့် ဖဆပလအစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော ဦးနု အတွက်သက်သက်ဆို၍ မေတ္တာပို့ခြင်း မရှိခဲ့ဘူးသော်လည်း ရုရှားပြည်သို့ ရောက် ကတည်းက မျက်နှာကိုမြင်ဘူးသူတိုင်းအား မေတ္တာပို့သည့် အလေ့အကျင့်ပြုလုပ်ထားသည့်ပြင် အဖမ်းခံနေရသည့် ဝန်ကြီးချုပ်တယောက် အနေဖြင့် ကရုဏာသက်သက်နှင့် အထူးတလည် မေတ္တာပို့မိပါသည်။ ကျွန်ုပ်သည် သွေးသောက်မဂ္ဂဇင်းတွင် ဦးနုအကြောင်းကို ဝေဖန်ခဲ့ဘူးစဉ်က သူ၏ညာဖြန်းချင်တတ်သော ဥာဉ်အကြောင်းကို ဖော်ပြခဲ့ဘူးသော်လည်း အခြားတဘက်ရှိ ရိုးသား၍ စိတ်ကောင်းနှလုံးကောင်းရှိပုံရ ခြင်းအကြောင်းကို ရေးသားဖော်ပြခဲ့ဘူးပါသည်။ ယခုအခါ၌မူ ဦးနုသည် ထောင်ထဲ၌ တိုက်ပိတ်ခံရသဖြင့် တိုင်းကြားသည့် ကျွန်ုပ်၏ကြေးနန်းကို ဂရုမစိုက်ခဲ့သော်လည်း သူ့၌စေတနာကောင်းရှိပုံရခြင်း တခုတည်းကိုသာ စိတ်ထဲတွင် အာရုံပြုသည့်အတွက် ကြောင့် ဦးနုကြုံတွေ့ရသည့် လောကဓံအတွက် ရိုးရိုးသားသားပင် ဖြဟ္မစိုရ်ကရုဏာ ထားနိုင်ခဲ့ပါသည်။

## ကျွန်ုပ်စဉ်းစားပုံ

ကျွန်ုပ်သည် ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်မှူးချုပ်အောင်ကြီးတို့၏ မျက်နှာများကို အာရုံပြုသောအခါများ၌လည်း ထိုပုဂ္ဂိုလ်နှစ်ဦးသည် ဆိုးယုတ်သောအသွင်ဖြင့် ကျွန်ုပ်၏မျက်စိထဲတွင် မထင်မြင်လာပါ။ ဤအကြောင်းကိုဖော်ပြရခြင်းမှာ "စစ်တပ် ကအာဏာသိမ်းသည်" (ကူးဒီတာလုပ်သည်)ဟု ကြားလိုက်ရသောအခါ ကျွန်ုပ်၏ စိတ်ထဲ၌ မကောင်းသော အခြင်းအရာတခု အနေဖြင့်ဘွားကနဲ ထင်မြင်လာသော် လည်း ပုဂ္ဂိုလ်အနေဖြင့် ဆင်ခြင်လိုက်သည့်အခါ မကောင်းသည့်ဓာတ်ခံ ရှိသည့်အထဲ မှပင် ကောင်းသောအသွင်သဏ္ဍာန်ပေါ်လာခြင်းကို မြင်ရသောကြောင့် ဖြစ်ပါသည်။ မေတ္တာပို့ပြီးနောက် ကျွန်ုပ်သည် မြန်မာပြည်၌ အာဏာသိမ်းခြင်း နှင့်ပတ်သက်၍ လေးလေးနက်နက် ဆင်ခြင်သုံးသပ်ပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ဘွားကနဲပေါ်လာ သည့်အခြင်းအရာတခုမှာ (ဘုရားဟော ဟုတ်မဟုတ် မပြောတတ်) မိုးလေးမျိုး၊ သရက်လေးမျိုး၊ ကြွက်လေးမျိုးဆိုသော အကြောင်းအရာပင် ဖြစ်၏။ အဓိပ္ပာယ်မှာ (၁) ရွာတော့မည်ဟန်ပြင်ပြီး မရွာသောမိုး၊ (၂) မရွာတော့မလိုနှင့် ရွာသောမိုး၊ (၃) ရွာတော့မလိုနှင့် ရွာသောမိုး၊ (၄) မရွာတော့မလိုနှင့် မရွာသောမိုး ဟူ၍လေးမျိုး ရှိလေရာ သရက်နှင့် ကြွက်တို့မှာလည်း အလားတူ အခြင်းအရာကို ဖော်ပြသည့် ဥဒါဟရုဏ်များပင်ဖြစ်လေသည်။ ဆက်လက်၍ ဆင်ခြင်သည့်အခါ အာဏာသိမ်းယူသည့် ဗိုလ်ချုပ်အစိုးရသည် မကောင်း မလိုလိုနှင့် ကောင်းသော အစိုးရမျိုးလည်းဖြစ်နိုင် ခွင့်ရှိသည်ဟူသော အချက်တခု ပေါ်ထွက်လာ၏။

ကျွန်ုပ်၏နိုင်ငံရေးအမြင်အရမှာ တိုင်းသူပြည်သားမှတပါး (ဝါ) တိုင်းသူ ပြည်သား၏ကိုယ်စားပြုသော အဖွဲ့မှတပါး မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အသင်း အပင်း အဖွဲ့အစည်းကဖြစ်စေ အာဏာသိမ်းခြင်းသည် မကောင်းဟူ၍ နားလည် ထား၏။ သို့ရာတွင် ဆိုးယောင်နှင့် ကောင်းခြင်း၊ ကောင်းယောင်နှင့်ဆိုးခြင်း

စသော အထက်ပါ စကားကလည်း ရှိသေး၏။ ဤတွင်အကြံတခု ဖြစ်ပေါ်လာသည်မှာ ဖဆပလအစိုးရ သည် ပြည်သူ၏ဆန္ဒအရတက်လာ၍ (ရွေးကောက်ပွဲများတွင် ညစ်ပတ်မှုများတော့ ရှိပုံရသည်။) တိုင်းသူပြည်သား တယောက်လျှင် တိုက်တလုံးကားတစီးနှင့် ဝင်ငွေလစဉ် ၈ဝဝိ ရစေရမည်ဟု မက်လုံးပေးကာ ဘန်းပြကောင်းသော်လည်း လက်တွေ့အားဖြင့် ဘာမျှမကောင်းခဲ့ ဟု စိတ်ထဲ၌ပေါ်လာသေးသည်။ (မကောင်းပုံ မကောင်းနည်းများ လည်းစိတ်ထဲ၌ အသေးစိတ်ပေါ်လာသေးသည်။) ထို့နောက် စစ်အစိုးရဘက်သို့ လှည့်ကြည့်လိုက် သည့်အခါ ရာထူးမက်ပုံမရသည့် ဗိုလ်ချုပ်နေဝင်း အမှူးရှိသည့် စစ်တပ်က အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်းကိုလည်းကောင်း စဉ်းစားမိသည်။ ထို့ပြင် ရှေးခပ်ကျကျ နိုင်ငံရေးပါရဂူကြီးတယောက်က ဉာဏ်ပညာရှိသောအာဏာရှင် တယောက် (A Wise Autocracy) အုပ်ချုပ်ခြင်းသည် အကောင်းဆုံးသော အုပ်ချုပ်ခြင်းဖြစ်သည်ဟု ရေးခဲ့ဘူး၏။ ကျွန်ုပ်သည် ထိုပညာရှိကြီး၏စကားကို (အမျိုးမျိုးသော အကြောင်းတို့ကြောင့်) အကြွင်းမဲ့မထောက်ခံနိုင်စေကာမူ အာဏာ ရှင်တယောက်ပင် ဖြစ်သော်လည်း ဉာဏ်ပညာ အမြော်အမြင်ရှိသူ တယောက် ဖြစ်ခဲ့လျှင် (ရှားတော့ရှားသည်။) တိုင်းပြည်ကို ကောင်းမွန်စွာ အုပ်ချုပ်ရန် ဖြစ်နိုင်သည်ဆိုသော အချက်ကိုမူ ကျွန်ုပ်လက်ခံသည်။ (သို့သော် ငါ့မှာဉာဏ် ပညာ အမြော်အမြင်ရှိသည်ဆိုပြီး တိုင်းပြည်ကို အုပ်ချုပ်ချင်သည့် လူတိုင်းအား ကျွန်ုပ်လက် ခံလိုသည် မဟုတ်ပါ။)

## ကျွန်ုပ်၏အဆုံးအဖြတ်

ထိုမှဆက်လက်၍ မြန်မာပြည်ကိုစစ်တပ်က အာဏာသိမ်းသည်ဆိုသော သတင်းအကြောင်းကို ဆင်ခြင်ရာတွင်ကျွန်ုပ်သည် ဗိုလ်ချုပ်နေဝင်းနှင့် ဦးနုတို့ကို ပုဂ္ဂိုလ်အနေအားဖြင့် နှိုင်းယှဉ်ချက် ထုတ်မိသည်။ ဗိုလ်ချုပ်နေဝင်းအကြောင်းကို

ကျွန်ုပ်ကြားသိရဘူးသမျှနှင့် ဦးနုအကြောင်းကို ကျွန်ုပ်သိရသမျှမှာ (ကျွန်ုပ်သည် ဤပုဂ္ဂိုလ်နှစ်ဦးတို့နှင့် ကိုယ်တိုင်သိကျွမ်းသည် မဟုတ်ပါ။) အုပ်ချုပ်ရေးသမား တယောက်အနေဖြင့် ဗိုလ်ချုပ်နေဝင်းကိုပို၍ကြိုက်ပါသည်။ (ကျွန်ုပ်အကဲခတ် မှားချင် လည်းမှားပေမည်။) နောက်ဆုံး၌ ကောင်းယောင်နှင့်ဆိုးနိုင်သည်၊ ဆိုးယောင်နှင့်လည်း ကောင်းနိုင်သည်ဆိုသော စကားကို ထောက်ထားခြင်းအားဖြင့် ဦးနု၏အုပ်ချုပ်ရေး သည်'မူ'အားဖြင့် ကောင်း၍ ဗိုလ်ချုပ်အုပ်ချုပ်ရေးသည် 'မူ'အားဖြင့် မကောင်းစေကာ မူ လက်တွေ့အားဖြင့်မူကား ဗိုလ်ချုပ်၏အုပ်ချုပ်ပုံက ဦးနု၏အုပ်ချုပ်ပုံထက် သာချင်လည်းသာနိုင်သည်ဟု စဉ်းစားမိသည်။ မည်သို့ ပင်ဖြစ်စေ ဗိုလ်ချုပ် အုပ်ချုပ်ခြင်းသည် ဦးနုအစိုးရအုပ်ချုပ်ခြင်းထက် ဆိုးဆိုး ရွားရွားဖြစ်မသွားနိုင်၊ တိုင်းပြည်ကြီး ဗယောက်ဗယက် ဖြစ်မသွားတန်ရာဟု ဆုံးဖြတ်ချက်ချမှတ်လိုက်သည်ဖြစ်၍ တိုင်းပြည်အတွက် ကျွန်ုပ်၏ စိုးရိမ်ပူပန်မိ ခြင်းများမှာ တခါတည်းပျောက်ပြယ်လွင့်စင်သွားပြီး ကောင်းစွာ အိပ်စက်နိုင် ပါသည်။

## ဆက်လက်စုံစမ်းခြင်း

နံနက်လင်းသောအခါ ကျွန်ုပ်သည်ယမန်ညဥ့်က စဉ်းစားဆင်ခြင်ပုံများကို သခင်ကျော်စိန်အားပြောပြရာ သခင်ကျော်စိန်က ကျွန်ုပ်၏အဆုံးအဖြတ်ကို နှစ်သက် သဘောကျလှသည်ဟု အားရပါးရထောက်ခံရုံသာမက ရှရှားရဲဘော်များအား လည်း ပြောပြလေသည်။ ထို့နောက် ကျွန်ုပ်တို့သည် မြန်မာပြည်မှ သတင်းများကို ဆက်လက်နားစွင့်လျက်ရှိရာ ကြားရသမျှသော သတင်းများသည်လည်း ကျွန်ုပ်၏ အဆုံးအဖြတ်ကို တနေ့တခြား ထောက်ခံလျက်ရှိကြောင်းတွေ့ရ၍ စိတ်ကျေနပ် လှပါသည်။ ဤတွင်ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံ၌ ဆက်လက် လှည့်လည်ရခြင်း

အလုပ်တွင် လုံးဝနောက်ဆံမတင်းတော့ပဲ ကျွန်ုပ်သိလိုသော အခြင်းအရာများကို စိတ်အေးလက်အေးဖြင့် စုံစမ်းနိုင်ပါသည်။ ကျွန်ုပ်စုံစမ်းလျက်ရှိသော အခြင်းအရာကား အခြားမဟုတ်၊ ဆရာကြီး ဘာတရန်ရတ်ဆဲလ်၏ မေးခွန်းကို ဖြေဆိုမည် ကြံသည့် ကျွန်ုပ်၏ အဖြေသည် ဆိုဗီယက်ပြည်သူပြည်သားများ၏ စိတ်နေသဘောထားနှင့် ကိုက်မကိုက်၊ ညီမညီဟူသော အချက်ပင်ဖြစ်ပါသည်။

## အဖော်နှစ်ယောက်တို့

လီနင်ဂရက်မြို့တွင် ကျွန်ုပ်၏မေတ္တာကို တုံ့ပြန်ခြင်းနှင့် ပတ်သက်၍ ကျေနပ်အားရလောက်စရာ အောင်မြင်ခြင်းကိုတွေ့ရ၏။ ကျွန်ုပ်၏အောင်မြင်ပုံများကို ဖော်ပြရာတွင် ကျွန်ုပ်အတွက် အသားယူလိုသောကြောင့် မဟုတ်၊ မေတ္တာစိတ်ဓာတ်၏ အံ့သြလောက်သော အကျိုးအာနိသင်ကို စာဖတ်သူတို့သိရ၍ ယုံကြည်ကြစေခြင်းငှာ တင်ပြခြင်းဖြစ်ပါသည်။ ယင်းသို့ဖော်ပြရာတွင် ကိုယ်တွေ့ 'ဆိုင်းဘုတ်' တပ်ပြီး စိတ်ကူးယဉ်သဘောနှင့် ချဲ့ထွင်ရေးသားခြင်းများသာ ဖြစ်သည်ဟု စွပ်စွဲ၍ မဖြစ်နိုင် လောက်အောင် ကျွန်ုပ်၏ အဖော်နှစ်ယောက် လည်းပါရှိပါသည်။ ကျွန်ုပ်သည် မေတ္တာစိတ်ဓာတ် စမ်းသပ်ခြင်းအကြောင်းကို အဖော်နှစ်ယောက်တို့အား ထုတ်ဖော် ပြောပြခြင်းမပြုခဲ့သော်လည်း ကျွန်ုပ်ရေးသား တင်ပြသည့် အဖြစ်အပျက်များမှာ သူတို့နှစ်ယောက်၏မျက်စိအောက်တွင် ဖြစ်ပျက်ခြင်းတို့သာ များပါသည်။ အကယ်၍ ကျွန်ုပ်သည် တစိတ်ကိုတအိတ် လုပ်ပြီး ချဲ့ထွင်ရေးသားသည်ဟု ထိုလူနှစ်ယောက်က ယူဆကြပါမူ ကျွန်ုပ်အား မညှာတာပဲ ဖွင့်ချလိုက ဖွင့်ချနိုင်ခွင့်ရှိကြပါသည်။ သို့ဆိုလျှင် ကျွန်ုပ်က ငြင်းဆိုလိမ့်မည်မဟုတ်ပဲ ကိုယ့်ဟာကိုယ် အထင်ကြီးပြီး အတွေးအခေါ်တွေ ချော်ခဲ့ခြင်း ဖြစ်လေသလောဟူ၍သာ စဉ်းစားလိမ့်မည်ဖြစ်ပါသည်။

## မေတ္တာမျက်လုံး၏ သတ္တိ

လီနင်ဂရက်မြို့ အဲ့စ်တိုးရီးယားဟိုတဲလ်တွင် ညစာစားလျက်ရှိကြစဉ် တက္ကသိုလ် ကျောင်းသား မောင်သိုက်သည် သူနှင့်အတူ ပညာသင်လျက်ရှိသည့် ရုရှားကျောင်းသူ (Girl Friend) တယောက်ကို ဟိုတဲလ်သို့ခေါ်လာ၍ ကျွန်ုပ်တို့စားပွဲတွင် ထိုင်ကြ၏။ မောင်သိုက်သည် ရုရှားကျောင်းသူလေးအား ကိုလှကျော်တို့လူစုနှင့် မိတ်ဆက်ပေးရာ ကျွန်ုပ်မှာဆေးတံပိတ်လျက်ရှိသည်နှင့် သူတို့ကိုမော့်မကြည့်အားပဲ ဆေးတံကိုပြင်ဆင် လျက်ရှိ၏။ ထိုအခါကိုလှကျော်က "ဆရာကြီးမောင်သိုက်က ရုရှားကျောင်းသူလေး တယောက်ခေါ်လာတယ်၊ နှုတ်ဆက်လိုက်ပါဦး"ဟု ပြောသော်လည်း ကျွန်ုပ်မှာ ကျွန်ုပ်၏ဆေးတံသည် ရုရှားကျောင်းသူထက် အရေးကြီးသည်ဆိုသောသဘောနှင့် မော့်၍မကြည့်ပဲ ဆေးတံကို သာ ငုံ့၍ပြင်ဆင်လျက်ရှိ၏။ အလုပ်ပြီးသောအခါမှ ကျွန်ုပ်သည် မိန်းကလေး ရှိရာသို့ လှမ်းကြည့်လိုက်ရာ ထိုအခါတွင်မှ မိန်းကလေးကို ဂရုမစိုက် သည့်အနေဖြင့် ဆေးတံကိုငုံ့၍ ပြင်ခဲ့မိခြင်းအတွက် အားနာသောစိတ်ဖြစ် ပေါ်လာ၏။ ဤတွင် ကျွန်ုပ်သည်အားနာသော အခြင်းအရာကို နှုတ်ဖြင့်မပြောပဲ မျက်နှာထားဖြင့်ပြလျက် သူငယ်မ၏ မျက်နှာကို ကျွန်ုပ်၏မေတ္တာမျက်လုံးများဖြင့် တချက်ကြည့်လိုက်၏။ ထို့နောက် သူနှင့်ကျွန်ုပ်မျက်လုံးချင်းဆိုင်မိတိုင်း ဖြူစင်သော မေတ္တာမျက်လုံးဖြင့် ကျွန်ုပ်ကကြည့်ရာ သုံးကြိမ်မျှဆိုင်မိ ကြသောအခါတွင် သူငယ်မ သည် ကျွန်ုပ်ကိုကြည့်ရာမှ မောင်သိုက်အနားသို့ ကပ်ကာ တစုံတရာပြောလိုက်၏။ မောင်သိုက်သည် ကျွန်ုပ်ဘက်သို့ လှည့်လျက် "ဆရာကြီးခင်ဗျား၊ မိန်းကလေးက ဆရာကြီးကို မြင်မြင်ချင်း အင်မတန် ချစ်ခင်လေးစားတဲ့စိတ်တွေ ဖြစ်ပေါ်လာတာမို့ သူနဲ့ တချီလောက် တွဲကဖို့

တောင်းပန်ပါတယ်တဲ့ခင်ဗျာ၊ ဆရာကြီးနဲ့ တွဲကလိုက်ရလျှင် သူ့မှာ အင်မတန် ဂုဏ်ကျက်သရေတိုးသွားလိမ့်မယ်လို့ ယူဆပါတယ်တဲ့ ခင်ဗျား”ဟုပြောလေသည်။

## ‘ကြဲကြီးစီရာ’ ကြုံရပုံ

ကျွန်ုပ်တို့လှည့်လည်ခဲ့ကြသည့် ဆိုဗီယက်ယူနီယံတခုလုံး၌ ဟိုတဲလ်ကြီးများ အတွင်းစားပွဲခန်းကြီးများတွင် တဘက်သော မျက်နှာ၌ စင်မြင့်တခုရှိ၍ ၎င်းအပေါ် တွင် တယော၊ ဘာဂျာ၊ ဘင်ဂျို၊ မယ်ဒလင်စသည့် တူရိယာအဖွဲ့တခုရှိ၏။ ဟိုတဲလ် ကြီးလျှင် ကြီးသလောက် တူရိယာအဖွဲ့လည်းကြီး၍ အချို့မှာ ဆယ့်လေးငါးယောက် အထိပါဝင်လေသည်။ တူရိယာအဖွဲ့သည် တချီတချီတွင် တီးမှုတ်ကြ၍ တချီတချီတွင် အနားယူလေ့ရှိရာ ညစာစား လျက်ရှိသော ပရိသတ်သည် တူရိယာအဖွဲ့က တီးမှုတ် လိုက်သည့်အခါတိုင်း စားပွဲမှထလာကြပြီး အခန်းကြီးအလယ်၌ရှိသည့် ကွက်လပ်တွင် သူ့အတွဲ ကိုယ့်အတွဲ ကကြ၍ အတီးအမှုတ် ရပ်စဲသွားသောအခါမှ ကိုယ့်စားပွဲသို့ ပြန်ထိုင် ကာ ဆက်လက်စားသောက်ကြပြန်လေသည်။ ဤသို့ဖြင့် ၁၂ နာရီထိုး၍ ဟိုတဲလ်ပိတ်ချိန်တိုင်အောင် အချို့ကား တချီတလေ နားသော်လည်း အချို့မှာ အနားမယူပဲ အတီးအမှုတ်စတိုင်း လက်တွဲ၍ထလာကြလေသည်။ ကျောင်းသူလေးက ကျွန်ုပ်အား တွဲကဖို့တောင်းပန်သည့်အခါ ငယ်စဉ်က တောင်ပြုံးပွဲသို့ရောက်၍ သူငယ်ချင်းများကကြသည်ကိုမြင်သော်လည်း

တကြိမ်တခါမျှလက်ပင်မမြှောက်ခဲ့ဘူး သည့် ကျွန်ုပ်မှာ ကချင်ဖို့ဝေးစွ မျက်နှာများ ထူပူသွားပါသေးသည်။ ဤအထဲတွင် အချို့က “ရက်စရာ မရှိပါဘူး၊ ကသာကပါဆရာကြီး”ဟု တိုက်တွန်းကြပြန်ရာတွင် ကျွန်ုပ်မှာ မျက်နှာမထား တတ်အောင် ဖြစ်သွား၏။ အချို့လူများသည် ‘ပွတ်သဘင်’ ပွဲအတွက် သင်တန်းတက်ပြီး ကကြသည်ဟု ကြားရဘူးသော်လည်း ကျွန်ုပ်မှာ အဆို

အတီးဘက်တွင် အဖော်ကောင်းလျှင် လုပ်ချင်လုပ်မည်။ မိမိကိုယ်ကို 'ကလန်ကလား' ကြီးအဖြစ်နှင့် ကိုယ့်ဟာကိုယ်ထင်မြင်ထားသူတယောက် ဖြစ်သောကြောင့် ခြေဟန် လက်ဟန်နှင့် လုပ်ရသော အလုပ်မျိုးကို အထူးရှောင်ကြဉ်သူ ဖြစ်သည်နှင့် တိုက်တွန်းခြင်း ခံရသည့်အတွက်ပင် မျက်နှာပူလျက် ရှိပါတော့သည်။ နောက်ဆုံး၌ ကျွန်ုပ်၏ 'ညီ'ကို အစားထိုး၍ ထည့်ပေးလိုက်ခြင်းအားဖြင့် ပြဿနာကို ဖြေရှင်းပေးလိုက်နိုင်ပါ သည်။ ကျွန်ုပ် မကြာခဏစဉ်းစားမိသော အချက်တခုမှာ ကျွန်ုပ်ကိုမြင်လျှင်မြင်ချင်း ခင်မင်လေးစားခြင်းရှိသည်ဆိုခြင်းကား ထားပါတော့၊ အသက်၇၀ကျော်၍ ဆံဖြူ သွားကျိုး ရှိနေသည့် အဘိုးကြီးအိုတယောက်နှင့်တွဲ၍ ကပါရစေဟု မိန်းမပျိုလေး တယောက်က ခွင့်တောင်းခြင်းကား နားမလည် နိုင်အောင်ရှိပါတော့သည်။ ကျွန်ုပ်တို့ 'ဘိဓမ္မာ' များအနက်တွင် အရွယ်ကောင်း သေးသည့် ကိုလှကျော်နှင့် သခင်ကျော်စိန်တို့ကိုမမြင်ပဲ ကျွန်ုပ်အား ကွက်၍ ရွေးချယ်ခြင်း ဖြစ်သည့်အတွက်သာ၍ အံ့သြ၏။ မိန်းမပျိုကလေးသာမက အမျိုးသမီး စာရေးဆရာ မုဆိုးမတယောက်ကလည်း ကျွန်ုပ်အား အလားတူ ခွင့်တောင်းခြင်းကို ကြုံခဲ့ရပါသေးသည်။

## ပိုင်နိုင်သောအမူအရာ

လီနင်ဂရက်မြို့၌ရှိစဉ် ကချေသည်များ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ အဆိုသမားများ အစရှိသည့် အနုပညာသည် အမျိုးမျိုးတို့ နေထိုင်ကြသည့် ရိပ်သာ တခုသို့ ကျွန်ုပ်တို့သုံးယောက်အား ဖိတ်ကြားသဖြင့် ညစာစားရန်သွားကြလေသည်။ ကျွန်ုပ်အား တွဲကပါရစေဟု ခွင့်တောင်းသည့် အမျိုးသမီးစာရေးဆရာသည်လည်း ကျွန်ုပ်တို့နှင့်အတူ ပါလာ၍ လမ်းတလျှောက် လုံး၌ ကျွန်ုပ်နှင့်ခွာတော့သည်မရှိပဲ အထူးဂရုစိုက်ပါပေသည်။ ထိုမိန်းမသည် ဆတ်ကတ်ပွဲသို့ ကျွန်ုပ်နှင့်အတူ သွားဘူးစဉ်က စာပေအကြောင်း ဆွေးနွေးကြ

ရာတွင် ကျွန်ုပ်သည် တော်လ်စတွိုင်၏ 'အယ်နာကရဲနီးနား' ဝတ္ထုကြီးကို မြန်မာလိုပြန်ဆိုဘူးသည်ဟု သိရကတည်းက ကျွန်ုပ်မှာ သူ၏မျက်စိတွင် ဟီးရိုးကြီးတယောက် ဖြစ်လာပုံရသည်။ ညစာစားရန် သွားကြသော ထိုညှ ကျွန်ုပ်တို့သည် ရိပ်သာတွင်းသို့ မော်တော်ကားဖြင့်ဝင်ရန် မဖြစ်နိုင်သဖြင့် ကားကိုရပ်ထားခဲ့ပြီး တဖာလုံခန့်ခြေလျင်လျှောက်ကြရ၏။ လျှောက်ရသောလမ်းမှာ ဆီးနှင်းမှုဖြစ်သည့် ရေခဲတုံးကြီးငယ်တို့ဖြင့် ထူထပ်စွာ ဖုံးလွှမ်းလျက်ရှိသည် ဖြစ်သောကြောင့် သတိကြီးစွာနှင့် ခဲခဲယဉ်းယဉ်း လျှောက်ကြရ ၏။ စာရေးဆရာမသည် ကျွန်ုပ်အား ရုရှားရဲဘော်များက အကူအညီပေးခြင်းကိုပင် မခံယူစေလိုသည့် လက္ခဏာနှင့် ကျွန်ုပ်အား သူ့တယောက်တည်း တွဲခေါ်သွား၏။ အသက်၅၀ခန့်ရှိပြီ ဖြစ်သော်လည်း ထိုမိန်းမသည် အတော်ဖျက်လတ်သန်စွမ်းပုံရ၍ ကျွန်ုပ်၏မပေါ့လှသော ကိုယ်ကာယကို (၁၄၆ပေါင်ရှိသည်။) ခပ်ကျစ်ကျစ်ဖက်ပြီး ပိုင်နိုင်စွာတွဲခေါ်သွား၏။ ကျွန်ုပ်၏အဖော်များနှင့် ရုရှားရဲဘော်များသည် (ညီနှင့်သား) နောက်မှလိုက်ပါလာကြ၏။ စာရေးဆရာမ၏ ကိုင်တွယ်ပုံ ပိုင်နိုင်ခြင်းကို ထောက်ခြင်း အားဖြင့် ကျွန်ုပ်အား နှစ်ကြိမ်မျှသာ တွေ့ဘူးသည့်နိုင်ငံခြားသားတယောက်ဟူ၍ သဘောထားဟန်မရှိ၊ နှစ်ရှည်စွာသိကျွမ်းခဲ့ပြီး ရင်းနှီးသော မိတ်ဆွေတယောက်ကဲ့သို့ လည်းကောင်း၊ အစ်ကိုကြီးတယောက်၊ ဦးလေးတယောက်ကဲ့သို့ လည်းကောင်း သဘောထားဟန်ရှိလေသည်။ ရုရှားရဲဘော်တယောက်သည် မိန်းမ၏ အလယ်အလတ် မျှရှိသော ခွန်အားနှင့် ကျွန်ုပ်၏မပေါ့လှသော ကိုယ်ကာယကို မြင်သဖြင့် စိုးရိမ်သည့် လက္ခဏာနှင့် အကူအညီပေးမည် ပြုသောအခါများတွင် ထိုမိန်းမသည် "မဆိုင်သူ မကိုင်ကြနဲ့"ဆိုသည့် အမူအရာမျိုးဖြင့် ကျွန်ုပ်အား တွဲခေါ်သွားခြင်းများကို ကြုံရဘူးလေသည်။

## ပင်စင်စား ပညာသည်များ

ပညာသည်များ၏ ရိပ်သာသို့ တက်မိကြသောအခါ ပထမ၌ ခပ်ခြောက်ခြောက် ရှိနေသည်ဟု ကျွန်ုပ်ထင်မိသော်လည်း ဟိုအခန်းသည်အခန်းများမှ တယောက်ချင်းဖြစ်စေ၊ နှစ်ယောက်တတွဲဖြစ်စေ ထွက်လာကြပြီး စားပွဲကြီးတခုတွင် ထိုင်မိကြသည့်အခါ အတော်ရှင်ပျစည်ကားခြင်းကို တွေ့ရပေသည်။ ဤနေရာ၌ ၎င်းရိပ်သာအကြောင်းကို ဖော်ပြရပေဦးမည်။ အလွန်ကျယ်ဝန်းသော ဝင်းကြီးတခု အတွင်း၌ အဆောက်အအုံ အတော်များများရှိလေရာ ကျွန်ုပ်တို့သည် အဆောက်အအုံတခုပေါ်သို့ ရောက်နေကြ ခြင်းဖြစ်၏။ အဆောက်အအုံများမှာ ဖော်ပြခဲ့သည့် အရွယ်ကြီးရင့်သော ပညာသည် အမျိုးမျိုးတို့အတွက် အစိုးရက ဆောက်လုပ်ပေးထားခြင်းဖြစ်၍ စားလောက်သောက် လောက်အောင်လည်း လခပေးထားသည်ဟု သိရလေသည်။ ဦးရေသုံးဆယ်ခန့်မျှရှိသည့် ပညာသည်များကို ကျွန်ုပ်ကြည့်လိုက်သည့်အခါ အားလုံးလိုပင် အသက် ၆၀ကျော်ခန့် ရှိပုံရ၍ ကျေနပ်ရွှင်ပျသည့် မျက်နှာထားများရှိကြသည်။ ထိုသူတို့၌ သားသမီးများရှိကြသော်လည်း လူငယ်များမှာ ထိုရိပ်သာတွင် နေထိုင်ခွင့်မရှိ၊ အရွယ် လွန်၍ အနားယူရသည့် အဘိုးကြီးအမယ်ကြီးများအတွက် သက်သက်ဖြစ်သည်ဟု သိရလေသည်။

## ဘဲလေးခေါင်းဆောင်မကြီး

စားပွဲရှည်ကြီးတခု၏ ထိပ်၌ အသက်အတော်ကြီးသော်လည်း အိုသည်ဟု မဆိုနိုင်ပဲ အလွန်ကြည့်၍ကောင်းသေးသည့် မိန်းမကြီးတယောက်ရှိလေရာ ကျွန်ုပ်ကိုတွဲ၍ ခေါ်လာခဲ့သည့် စာရေးဆရာမသည် မိန်းမကြီးထံသို့ခေါ်သွားပြီး ကျွန်ုပ်နှင့် မိတ်ဆက်ပေးလေသည်။ မိန်းမကြီးကား အရွယ်ကောင်းစဉ်အခါက ဘဲလေးအက ခေါင်းဆောင်ကချေသည်မကြီး တယောက်ဖြစ်သည်ဆိုရာ ၎င်း၏

မျက်နှာနှင့် ကိုယ်လုံး ကိုယ်ပေါက်တို့ကို ကြည့်ရခြင်းအားဖြင့် ငယ်စဉ်က အလွန်ချောပြီး အဆက်အပေါက် အလွန်လှလိမ့်မည်ဟု ကျွန်ုပ်အကဲခတ်မိသည်။ မိတ်ဆက်ပေးပြီးနောက် ခေါင်းဆောင် မိန်းမကြီးက မိမိသည် ဤရိပ်သာတွင် အကြီးအကဲဖြစ်၍ ကျွန်ုပ်အား သူနှင့်အတူ စားပွဲထိပ်တွင် ထိုင်စေခြင်းဖြင့် ဂုဏ်ပြုချီးမြှောက်ပါကြောင်းပြောပြီးလျှင် စာရေးဆရာမအားလည်း ကျွန်ုပ်၏ လက်ဝဲဘက်၌ထိုင်စေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ စားပွဲထိပ်၌ လက်ယာဘက်တွင် ဘဲလေးခေါင်းဆောင်မကြီး၊ လက်ဝဲဘက်တွင် စာရေးဆရာမ မုဆိုးမတို့၏ အလယ်၌ ထိုင်ရပါသည်။ (ခေါင်းဆောင်မကြီးလည်း မုဆိုးမပင်ဖြစ်သည်ဟု နောင်တွင်သိရသည်။) စာရေးဆရာမက ကျွန်ုပ်မှာ အယ်နာကရဲနီးနား ဝတ္ထုကိုဘာသာပြန်သူတယောက်ဖြစ်သည်ဟု ပရိသတ်အား ပြောပြလိုက်၍ သူတို့သည် ကျွန်ုပ်အပေါ်၌ ယခင်ကတည်းက စိတ်ဝင်စားခြင်းရှိပုံရသည့် အမူအရာကို နှစ်နှင့်မြှောက်လိုက်သကဲ့သို့ နှစ်ဆထမ်းပိုးတိုး၍ ဖော်ပြလာကြလေသည်။

## အထူးအလေးပြုခြင်းခံရသည့် ညစာစားပွဲ

ကျွန်ုပ်သည် စားပွဲရှည်ကြီး၏ထိပ်တွင် ဘဲလေးခေါင်းဆောင် ကချေသည်မကြီး နှင့် စာရေးဆရာမတို့၏ အကြားတွင်ထိုင်ကာ စကားလက်ဆုံကျလျက်ရှိ၏။ ရုရှားပြည် သို့ရောက်ကတည်းက ကျွန်ုပ်သည်မော်စကိုမြို့ဘော်လ်ရှိုင်ဇာတ်ရုံကြီး၌ တကြိမ်၊ လီနင် ဂရက်မြို့၌တကြိမ်၊ အလွန်နာမည်ကြီးလှသော ဘဲဘေးဇာတ်ပွဲကို ကြည့်ရဘူးပြီဖြစ်၍ ဘဲလေးဇာတ်ပွဲ၌လည်းကောင်း၊ ကပြသူများ၌လည်းကောင်း စိတ်ဝင်စားလျက်ရှိရာ ဘဲလေးခေါင်းဆောင် မိန်းမတယောက်နှင့် နီးနီးကပ်ကပ် ထိုင်၍စကားပြောရသော အခါတွင် (ပင်စင်အငြိမ်းစားတယောက် ဖြစ်စေကာမူ) မကြုံဘူးအောင် စိတ်ဝင်စားလျက်ရှိ၏။ ကျွန်ုပ်၏စိတ်ဝင်စားပုံမှာ ငယ်စဉ်က

အငြိမ့်မင်းသမီးစိန်ဆင်အပေါ်၌ စိတ်ဝင်စားပုံမျိုးနှင့် ခပ်ဆင်ဆင်တူ၍ နှစ်ဆ လောက်ကဲလွန်ခြင်းမျှလောက်သာ ခြားနားခြင်းရှိလေသည်။ ကျွန်ုပ်တို့စကားပြော လျက်ရှိစဉ် ဘဲလေးခေါင်းဆောင်၏ မျက်နှာသည်နုပျိုသည်ထက် နုပျိုလာသည် ထင်ရ၍ ၎င်း၏ရုပ်အဆင်းမှာလည်း ချောသည်ထက် ချောလာသည်ထင်မိ၏။ ဤတွင်ကျွန်ုပ်သည် သူ၏အသက်ကို သိချင် သောဆန္ဒပြင်းပြလာ၏။ မျက်နှာဖြူ လူမျိုးသည် မိန်းမတယောက်၏အသက်ကို မေးရိုးထုံးစံမရှိဟူ၍ ကျွန်ုပ်သိထား၏။ သို့ဆိုလျှင် မည်သို့ပြုရပါမည်နည်း။ ကျွန်ုပ်မှာမြန်မာ မိန်းမများနှင့်ပင် ထမင်းစားပွဲများ၌ 'တောက်တိုစယ' Small Talk စကားပြောလေ့ရှိသူ တယောက် မဟုတ်ပါပဲလျက် အနောက်တိုင်းသူ နှစ်ယောက်၏ အလယ်တွင်ထိုင်ကာ စကားပြောရခြင်းသည် အလွန်ခဲယဉ်းလိမ့်မည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့ရာတွင် ထင်သလောက်မဟုတ်ပဲ လွယ်ကူချောမောခြင်းရှိသည်ကို တွေ့ရ၏။ ဤသို့ဖြစ် ရခြင်းမှာ သူတို့ကကျွန်ုပ်အား အထူးဧည့်သည့်တယောက်အနေဖြင့် ဂုဏ်ပြုလျက် ရှိကြခြင်းကြောင့် Lionize အားတက်ပြီး 'ရှီးတိုးရှန့်တန့်' မဖြစ်သည်တကြောင်း၊ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ် အစွမ်းကြောင့် မိမိကိုယ်ကို စိတ်ချယုံကြည်လျက် ရှိသောကြောင့် (Self Confidence) တကြောင်း ဖြစ်တန်ရာသည်။ အခြား တကြောင်းမှာလည်း ကျွန်ုပ်သည် 'တောက်တိုစယ' ပြောနည်းမျိုး၌ ကိုယ်တိုင် အကျင့်မရှိသော်လည်း အင်္ဂလိပ်ဝတ္ထုပေါင်း မြောက်မြားစွာ ဖတ်ဘူးထားသဖြင့် စိတ်ထဲက နားလည်နေဟန် တူလေသည်။

## အပြန်အလှန် မြှောက်ကြခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်သည် ဘဲလေးခေါင်းဆောင်၏ အသက်ကို သိလိုသော်လည်း တိုက်ရိုက်မမေးပဲ–

နုပ်။ ။ "ခင်ဗျားကြည့်ရတာ သိပ်ချောတယ်ဗျာ၊ ခုတောင် ဒီလောက်ချောလျှင် ဟိုတုန်းကများဆို ရုရှားလူပျိုတွေ ခင်ဗျားအတွက် ဘယ်နှစ်ယောက်သတ်ခဲ့ပုတ်ခဲ့ကြ တယ်မဆိုနိုင်ဘူး၊ ခင်ဗျား ယောက်ျားကတော့ ဟီးရိုးပေါ့လေဗျာနော်"

မိန်းမကြီးသည် နှစ်သိမ့်သောမျက်နှာထားနှင့် ကျွန်ုပ်အားကြည့်၍ ပြုံးလိုက်သည်။

ဘဲ။ ။"ရှင်က ကျွန်မအသက်ကို ဘယ်လောက်ရှိနေပြီထင်သလဲ"

လက်ဝဲဘက်တွင်ထိုင်သော စာရေးဆရာမသည် ကျွန်ုပ်အားမျက်နှာထားတမျိုး နှင့်လှမ်းကြည့်ရာ ဆိုလိုသောအဓိပ္ပာယ်ကို ကျွန်ုပ်ရိပ်မိပါသည်။

နုပ်။ ။"ကျွန်တော်က ခင်ဗျားအသက်ဟာ ၆၀ ဘက်နီးမလား၊ ၅၀ဘက်နီးမလားကို ဆုံးဖြတ်မရနိုင်အောင် ဖြစ်နေတယ်ခင်ဗျား"

မိန်းမကြီးသည် ကျွန်ုပ်အားအလွန်သဘောကျသည့် မျက်နှာထားမျိုးနှင့် ကြည့်၍ပြုံးလေရာ စာရေးဆရာမကလည်း ကျွန်ုပ်၏လက်ကို စားပွဲခုံအောက်တွင် လူမမြင်အောင်ကိုင်၍ဖြစ်ညှစ်လေသည်။ အခြားလူများမှာမူ ကိုယ့်အတွဲနှင့်ကိုယ် စကားလက်ဆုံ ကျလျက်ရှိကြလေသည်။

ဘဲ။ ။"တကယ်လားရှင်"

နုပ်။ ။"ကျွန်တော်က လူကဲခတ်တဲ့နေရာမှာ နံပါတ်ဝမ်းခင်ဗျာ့၊ အသက်တို့ ဘာတို့ဆို ဆရာဝန်ထက်မှန်အောင် မှန်းတတ်တဲ့ လူတယောက်ပဲ"

ဘဲ။ ။"ဒီတခါတော့ရှင်မှားပြီ"

နုပ်။ ။"မမှားပါဘူး၊ လောင်းတောင်လောင်းဝံ့သေးရဲ့"

ဘဲ။ ။(စိုက်ထားသော သွားများပေါ်အောင် ရယ်မောပြီး) "ကျွန်မအသက် ၆၉နှစ်ရှိပြီရှင့်၊ ဒီအထဲမှာ ကျွန်မအကြီးဆုံးပဲ၊ ရှင့်ထက်တောင်ကြီးမယ်ထင်တယ်"

ဤသည်မှာ ကျွန်ုပ်အား တုံ့ပြန်၍ အချေးဆပ်ခြင်းဖြစ်သည်ဟု နားလည်ပါသည်။ ကျွန်ုပ်၏အသက်မှာ ၇၃နှစ်ရှိပြီဖြစ်၍ သူ့ထက်လေးနှစ်ကြီးပါသည်။

ဤသည်ကိုသူသိသော်လည်း ‘အသွားရှိလျှင် အပြန်ရှိရမည်’ ဆိုသည့်အတိုင်း အပေးအယူလုပ်လိုက်ခြင်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် သတ္တဝါသည် အမြော်ကြိုက်တတ်သော သဘာဝရှိ၏။ သူ့ထက် ကျွန်ုပ်က ငယ်သည်ထင်ကြောင်း ပြောလိုက်ရာတွင် ကျွန်ုပ်၏စိတ်ထဲ၌ ‘နက္ခတိုင်တွေဘာတွေနဲ့ ဗိုလ်လိုဝတ်ထားလို့များ နုနေလေရော့ သလား’ဟု တွေးမိပါသည်။

## ဒုတိယအကြိမ် စကားပြောခြင်း

ကျွန်ုပ်၏အသက်ကို သူကလျှော့၍အထင်ပေးသောအခါ ကျွန်ုပ်သည် မိန်းမကြီးအား အကဲခတ်ကောင်းတယောက်အနေဖြင့် အသားယူချင်စေခြင်းငှာ သူ၏အများ ကို မပြင်ပဲထားလိုက်၏။ သူက အတိအလင်းမေးခြင်း မရှိသဖြင့် ကျွန်ုပ်ကလည်း ပြုံး၍နေလိုက်သည်။ မိမိကိုယ်ကို စစ်ဆေးကြည့်သည့်အခါ အသက်ငယ်သည် (နုသည်)ဟု အထင်ခံရခြင်းသည်လည်း ထိုပရိသတ်တွင် အရသာတမျိုးရှိသယောင် ယောင်ဖြစ်နေပါသည်။ လူ့သဘာဝသည် အတော်ဆန်းကြယ်၏။ အသက်ငယ်သည်ဟု ဘယ်အခါမှ အထင်မခံချင်ခဲ့သည့် ကျွန်ုပ်သည် အဘိုးကြီးအမယ်ကြီးများချည်း စုရုံးလျက်ရှိကြသော ထိုပရိသတ်အနက်တွင် ငယ်သည်နုသည်ဟု အထင်ခံရခြင်းကို သဘောကျလျက်ရှိ၏။ ရုပ်ရည်ချောသည့် ဘဲလေးခေါင်းဆောင် မုဆိုးမကြီးတယောက် ပါဝင်သောကြောင့်ပေလော မပြောတတ်ပေ။ ညစာစားယင်း သူတို့ထုံစံအတိုင်း ‘တို့စ်’ လုပ်ကြလေရာ သခင်ကျော်စိန်က ကျွန်ုပ်အား စကားပြောဖို့ တိုက်တွန်းသည်နှင့် ဆိုဗီယက်ယူနီယံတွင် ဒုတိယအကြိမ် စကားပြောရပြန်ပေပြီ။ ကျွန်ုပ်က အင်္ဂလိပ်ပြောခြင်းကို အနီးရှိစာရေးဆရာမက ရုရှားလိုဘာသာပြန်၍ပြောလေသည်။ ကျွန်ုပ်က အနုပညာသည်ဆိုလျှင် ကျွန်ုပ်နှင့် ဘဝတူချည်းဖြစ်သည်ဟု မှတ်ယူတတ်သူ တယောက်ဖြစ်၍ အနုပညာသည်များ၊ အထူးသဖြင့် ကျွန်ုပ်နှင့် သက်တူရွယ်တူ

ဖြစ်ကြသည့် အဘိုးအို အမယ်အိုကြီးများသည် ရိပ်သာတခုတည်း၌ စုပေါင်းကာ သင့်မြတ်ချစ်ခင်စွာ အတူတကွ နေထိုင်ကြလျက် စားနေဝတ်အတွက် မပူရပဲ မိမိတို့၏အစိုးက အလုံးစုံ တာဝန်ယူသည်ဆိုခြင်းကို ကြားသိရသည့်အခါ ထိုကဲ့သို့ တာဝန်ယူနိုင်သည့် အုပ်ချုပ်ရေးစနစ်ကို တဆင့်တိုး၍ သဘောကျလာကြောင်း၊ ကျွန်ုပ်မှာ တိုးတက်သော အယူအဆရှိသည့် စာရေးဆရာ တယောက်မျှသာဖြစ်၍ ကွန်မြူနစ်တယောက် မဟုတ်ပါကြောင်း၊ သို့ရာတွင် ဤရိပ်သာသို့ရောက်၍ ကျွန်ုပ်နှင့်ဘဝတူများ၏ အနေအထိုင်ကို မျက်မြင်ကိုယ်တွေ့ကြုံရသည့် ယခုအချိန်၌မူကား ကျွန်ုပ်အားလည်း ဤကဲ့သို့သော အခွင့်အရေးမျိုးပေးနိုင်သည့် အုပ်ချုပ်ရေးစနစ်မျိုးသည် ကျွန်ုပ်တို့ တိုင်းပြည်၌လည်းပေါ်ပေါက်ပါစေဟု ဆုတောင်းမိကြောင်း၊ ဤရိပ်သာ၌ရှိကြသည့် ပညာသည်များသည် ကျွန်ုပ်ထက် မကြီးကြသော်လည်း အငြိမ်းစားနိုင်ကြပြီဖြစ်ရာ မိတ်ဆွေများထက် အသက်မငယ်သည့် ကျွန်ုပ်မှာကလောင်ကိုကိုင်နိုင်မှ ထမင်း စားရသည့် အဖြစ်၌ ရှိနေသဖြင့် သူတို့၏အဖြစ်ကို သွားရည်ယိုမိပါကြောင်း၊ ချီးမွမ်းလိုသောအချက်တခုရှိသေးသည်မှာလည်း အစိုးရက ပင်စင်ပေးထား၍ အငြိမ်းစားကြရသည့်အတွက် အစိုးရအား ချီးမွမ်းရုံသာမက ဤကဲ့သို့ အငြိမ်းစားကြရသည့် အခြေအနေတွင် အချင်းချင်းဆက်ဆံကြပုံကို ကြည့်ရခြင်းအားဖြင့် တဦးနှင့်တဦး အလွန်သင့်မြတ်၍ ချစ်ခင်ကြင်နာပုံရသည့် အခြင်းအရာကို တွေ့ရသဖြင့် ဤရိပ်သာသူ ရိပ်သာသားအပေါင်းတို့အားလည်း ချီးကျူး၍မဆုံးအောင်ရှိပါကြောင်း ပြောပြ၍ ဤနည်းအတိုင်း သင့်မြတ်ငြိမ်းချမ်းစွာဖြင့် အသက်ထက်ဆုံး နေနိုင်ကြပါစေသတည်းဟုဆိုကာ 'တို့စ်'လုပ်ရာ ဤပရိသတ်သည် ယဉ်ကျေးသောလူစုဖြစ်၍ အာမေနီးယား ပြည်မှ ရွာသားများကဲ့သို့ ဆူညံစွာ ဩဘာပေးခြင်းမရှိသော်လည်း ကျေနပ်နှစ်သိမ့်သော အခြင်းအရာကို အခြားနည်းအားဖြင့် ဖော်ပြကြလေသည်။ ကျွန်ုပ်အနီး၌ထိုင်သော ဘဲလေးခေါင်းဆောင်မိန်းမကြီးက ကျွန်ုပ်သည် သူတို့၏ အနေအထိုင်ကို သဘောကျ၍ သူတို့နှင့်အတူ နေထိုင်လိုသောဆန္ဒရှိခဲ့ပါမူ

ကျွန်ုပ်အားလည်း သူတို့ကဲ့သို့ပင် အခွင့်အရေးမျိုးရရှိစေ၍ ဤရိပ်သာ၌ နေထိုင်နိုင်ရန် သူတို့၏အစိုးရ အားချဉ်းကပ်ကာ ထောက်ခံပြောဆိုပေးပါမည်ဟု ပြောလေရာ လူကြီးတယောက်က လည်း ထောက်ခံပြောဆိုလေသည်။ ကျွန်ုပ်သည် သူတို့၏စေတနာကို လက်ခံရန်မဖြစ်နိုင်သော်လည်း ဤကဲ့သို့ ဖိတ်ခေါ်ခြင်းခံရသည်မှာ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်ကို တုံ့ပြန်ခြင်းဖြစ်သည်ဟု ယူဆသည့် အလျောက် မေတ္တာတရား၏ အောင်မြင်မှု အတွက် ဝမ်းမြောက်လှပါသည်။ ကျွန်ုပ်၏စကားအဆုံး၌ ပရိသတ်သည် ကျွန်ုပ်အပေါ်၌ တိုး၍စိတ်ဝင်စားမှုရှိလာသည်ကို မြင်ရသဖြင့် ကျေနပ်လှပါသည်။

## ဉာဏ်ရှင်လှခြင်း

ထို့နောက် အခြားလူများလည်း 'တို့စ်' လုပ်ကြသေးရာ ကျွန်ုပ်ရှေ့၌ တည်ထားသည့် ဝိုင်းဂလတ်စ်မှာ ကုန်လုနီးပါးဖြစ်နေခဲ့လေပြီ။ ဤတွင် ဘဲလေးခေါင်းဆောင်ကြီးက ၎င်း၏သောက်လက်စ ဝိုင်ဂလတ်စ်ထဲမှ ဝိုင်အကျန်ကို ကျွန်ုပ်၏ခွက်ထဲသို့ငှဲ့ထည့်ကာ (If you Don't Mind) "ရှင်မရွံ့ဘူးမဟုတ်လား"ဟု ပြောလေရာ ကျွန်ုပ်က "မရွံ့တဲ့အပြင် အကြီးအကျယ်ဂုဏ်ပြုခံရခြင်းတခုလို့ကို မှတ်ယူပါတယ်"ဟု ပြော၍မော့်ချလိုက်ပါသည်။ ကျွန်ုပ်ကား မျက်နှာဖြူ မိန်းမများနှင့်မဆိုထားဘိ မြန်မာအမျိုးသမီးများနှင့်ပင် စားပွဲတွင်အပေါက်တည့်အောင် ပြောတတ်သူ မဟုတ်ပါပဲလျက် ထိုပြည်သို့ရောက်ခါမှ ဘယ်ဆီက ဉာဏ်တွေ တိုးပြီး ဤမျှလောက် (Gallant) အာရှင်လျက်ရှိရလေသနည်းဟု အံ့သြမိပါသေးသည်။ ကျွန်ုပ်၏လက်ဝဲဘက်၌ ထိုင်သော စာရေးဆရာမကမူ ကျွန်ုပ်၏ ပြောလုံးများကို ထောက်ခံအားရသည့် လက္ခဏာနှင့် ဦးခေါင်းတဆတ်ဆတ်နှင့် တပြုံးပြုံးရှိနေလေသည်။ ဝိုင်ပုလင်းလည်း ကုန်၍စကားလည်း ပြတ်သွားသည်တွင် မိန်းမကြီးတယောက်သည် စာအုပ်ကြီးတအုပ်ကိုယူလာ၍ ဧည့်သည်မှတ်တမ်းရေး

ခဲ့ဖို့ တိုက်တွန်းလေသည်။ ဆိုဗီယက်ယူနီယံသို့ရောက်ကတည်းက ဧည့်သည် မှတ်တမ်းရေးရသည့်အခါ ဧည့်သည်တယောက်ယောက်ကရေးပြီး ကျန်သော ဧည့်သည်များက လက်မှတ်ရေးထိုးကြသည့် ထုံးစံရှိ၏။ ကျွန်ုပ်သည် မှတ်တမ်း ရေးသောအခါများ၌ 'ရွှမ်းလုံး'ကလေး တလုံးတလေ ညှပ်ပြီးရေးလေ့ရှိသည်။ သခင်ကျော်စိန်သည် ထိုအရေးအသားကို သဘောကျသည့်လက္ခဏာနှင့် မှတ်တမ်း ရေးဖို့လိုသည့်အခါတိုင်း ကျွန်ုပ်အား တိုက်တွန်းလေ့ရှိ၏။ ကျွန်ုပ်ကငြင်းသော အခါများ၌သာ သူတို့တယောက်ယောက် ရေးလေ့ရှိ၏။ ထိုညဥ့်၌ကျွန်ုပ်မှာ အလွန်ကျေနပ် နှစ်သိမ့်လျက်ရှိသည်ဖြစ်၍ မှတ်တမ်းရေးဖို့မငြင်းပဲ တာဝန်ယူ၍ ရေးခဲ့ပါသည်။ ဘာတွေကိုရေးခဲ့သည်ဟု ကျွန်ုပ်မမှတ်မိတော့။ သို့ရာတွင် တိုင်း တပါး၌ ဘဝတူလူအိုကြီးများ အချင်းချင်းရင်းနှီးစွာ စကားလက်ဆုံကျခဲ့ရ သည့်အတွက် ဘယ်အခါမှ မမေ့ပျောက်နိုင်သည့် အမှတ်အသားတခုအနေဖြင့် ကျွန်ုပ်၏နှလုံးသားတွင်တံဆိပ်ရိုက် နှိပ်ယူလာခဲ့သည့် အကြောင်းတခုကိုသာ ကျွန်ုပ်မှတ်မိ၍ ကျေနပ်သော မျက်နှာများ ကိုလည်း ယခုတိုင်ကျွန်ုပ်၏ မျက်စိထဲတွင် ထင်မြင်လျက်ရှိပါသည်။ (ဤစားပွဲ၌ လူတယောက်လျှင် နှစ်လုံး သုံးလုံးမျှ သောက်နိုင်သည့် ဝိုင်အရက်နှစ်ပုလင်းကို လူ၂၀ခန့် သောက်ကြခြင်း ဖြစ်၍ ဤအတွက်ကြောင့် ကျွန်ုပ်'အူရွှင်'သည်ဟုမယူဆ စေလိုပါ။)

## ပုံတူဆွဲခံရခြင်း

ဧည့်သည်မှတ်တမ်းရေးပြီးသည်နှင့် တပြိုင်နက် လူကြီးတယောက်က ကျွန်ုပ်၏ သဏ္ဌာန်ကိုပုံတူရေးဆွဲပါရစေဟု တောင်းဆိုလေရာ အားလုံးက သဘောတူကြလေ သည်။ ထိုလူကြီးမှာ ငယ်စဉ်က ပုံတူရေးဆွဲသည့် ဆရာကြီးတယောက်ဖြစ်သည်ဆိုရာ ကျွန်ုပ်သည် သူနှင့်အတူ အခန်းတခန်း သို့လိုက်သွား၍ သူပေးသောနေရာ၌ ထိုင်ကာ 'အဆွဲ'ခံခဲ့ပါသည်။ ဆရာကြီးသည်

ကျွန်ုပ်အား အနေအထားနှင့် ပတ်သက်၍ ပြုပြင်ပေးခြင်းမရှိ၊ ကျွန်ုပ်ကြိုက် သလိုထိုင်ရ၏။ ကျွန်ုပ်ကလည်း ကိုယ်ဟန်အနေအထားထက် မျက်နှာထားကိုသာ ဂရုပြုလျက်ရှိ၏။ ကျွန်ုပ်သည် ဓာတ်ပုံရိုက်ခြင်းလည်းခံဘူး၍ ပုံတူဆွဲခြင်းလည်း ခံဘူးပါသည်။ မည်သည့်အခါကမှ ဤတကြိမ်ကဲ့သို့ မျက်နှာထား နှင့်ပတ်သက်၍ ဂရုမစိုက်ခဲ့ဘူးခြင်းကို ဝန်ခံပါသည်။ ဂရုစိုက်ခြင်းအကြောင်းကား ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ ရောက်ကတည်းက မေတ္တာစိတ် ပွားများလျက် ရှိခြင်းကို ဖော်ပြခဲ့ပြီးဖြစ်ရာ ကျွန်ုပ်၏မျက်နှာထားသည်လည်း ထိုစိတ်ဓာတ်အရ ဖော်ပြ လျက်ရှိသည်ဟု ထင်မြင်လျက်ရှိ၏။ သို့ဖြစ်၍ ကျွန်ုပ်ထင်သည့်အတိုင်း ဟုတ်မဟုတ်ကို ဤလူကြီး၏လက်ရာတွင် ထင်ရှားလိမ့်မည်ဟု ယုံကြည်၏။ ဤတွင် ကျွန်ုပ်သည် ပုံဆွဲခံလျက်ရှိစဉ် မည်သည့်အာရုံမျိုးမျှ အဝင်မခံပဲ လူသတ္တဝါများအပေါ်၌ မေတ္တာစိတ်ထားတခုတည်းဖြင့် ဧကဂ္ဂတာကျအောင်နေမည် ဟုဆုံးဖြတ်ကာ ထိုအတိုင်း'ထိုင်'ခဲ့ပါသည်။ နာရီတဝက်ခန့် ကြာသောအခါ 'ပြီးပြီ'ဟု လူကြီးကပြောလိုက်သဖြင့် စားပွဲခန်းမှပရိသတ်သည် စုပြုံကာ ဝင်လာကြ၏။ ကျွန်ုပ်သည်အခြား လူများနှင့်အတူ ကျွန်ုပ်၏'ပုံ'ကို ကြည့်လိုက် ရာတွင် တအံ့တသြ ကျေနပ်ခြင်းဖြစ်သွားမိ၏။ ကိုလုကျော်က "မျက်လုံးနဲ့ မျက်နှာထားကို သဘောကျတယ်ဗျာ၊ တကယ့်ကို Serene ဖြစ်တဲ့ မျက်နှာထား ပဲဆရာကြီးရေ့"ဟု အင်္ဂလိပ်လိုပြော၏။ အဓိပ္ပာယ်မှာ "ဒေါသကင်းရှင်းပြီး အလွန် ငြိမ်းချမ်းတဲ့ မျက်နှာထားဖြစ်သည်" ဟု ဆိုလိုသည်။ ကျွန်ုပ်မှာ ကိုလုကျော်၏ စကားလုံးရွေးချယ်ပုံကိုကြား၍ ပီတိဖြစ်မိသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ် မှန်းရွယ်ထားသည့် အဓိပ္ပာယ်အတိုင်း သူကစကားလုံးတပ်၍ ပေးလိုက်သကဲ့သို့ ဖြစ်နေသောကြောင့်ပေတည်း။ ဤတွင် ကျွန်ုပ်သည် ပုံကိုကောက် ယူ၍ စေ့စေ့ကြည့်လိုက်ရာ ကျွန်ုပ်သဘောကျပုံကို စာဖွဲ့ကာဖော်ပြထိုက်ပါသေးသည်။

## သဘောကျလိုက်ပုံကား

အနောက်တိုင်းဒဏ္ဍာရီတခု၌ လုလင်ပျိုတယောက်သည် (Narcissi) ကြည်လင်သော ရေကန်တခုတွင် ရေချိုးလျက်ရှိစဉ် မိမိ၏အရိပ်ကို မြင်လိုက်သည်နှင့် လှပသော သူ့ရုပ်အဆင်းကို သူချစ်ကြိုက်ပြီး စွဲလမ်းတပ်မက်လှသဖြင့် အခြားမိန်းကလေးများကို ချစ်ကြိုက်ရန်မတတ်နိုင်တော့ပဲ သူ့ကိုယ်သူသာ စွဲလမ်းတပ်မက်လျက်ရှိတော့သည်ဆို၏။ ကျွန်ုပ်သည် ထိုဆရာကြီး ရေးဆွဲသောပုံကို မြင်လိုက်ရ သောအခါ၌ သဘောကျလိုက်ပုံမှာ ထိုလူငယ်၏သဘောကျခြင်းနှင့် နှိုင်းယှဉ်လောက် ပါသည်။ သို့ရာတွင် ခြားနားချက်တခု ရှိသည်မှာကား ထိုလူငယ်သည် မိမိ၏ရုပ် အဆင်းကို တဏှာရာဂစိတ်ဖြင့် နှစ်သက်ခြင်းဖြစ်ရာ ကျွန်ုပ်မှုကား ရာဂစိတ်လည်း မပါ၊ ငါတကောကောသည့် မာနစိတ်လည်းမဟုတ်၊ ကျွန်ုပ်၏စိတ်ထဲ၌ အကြံတခု ဖြစ်ပေါ်လာသည်မှာကား မည်မျှပင်အရုပ်ဆိုးသော လူတယောက်ဖြစ်စေကာမူ မျက်နှာထားလှသည်ဟူ၍ ဖြစ်နိုင်သည်၊ ရုပ်ချောခြင်းကားတခြား၊ မျက်နှာထားလှ ခြင်းကား တခြားဖြစ်သည်။ မည်မျှပင် ရုပ်ချောစေကာမူ မျက်နှာထား ဆိုးခဲ့လျှင် ကြည့်မကောင်းပဲ ဖြစ်နိုင်သည်။ အရုပ်ဆိုးခြင်းသည် အတိတ်ကံ၏ စီမံချက်ဖြစ်သောကြောင့် ပြုပြင်ရန် မတတ်နိုင်သော်လည်း မျက်နှာထားလှခြင်းကား ပစ္စုပ္ပန်၏ပြုပြင်မှု နယ်နိမိတ်အတွင်း၌ရှိသည်ဖြစ်သောကြောင့် မည်သူမဆို အလိုရှိပါက ကြိုးစားလျှင် ဖြစ်နိုင်သည်။ လှချင်သောလူများသည် ဤအခြင်းအရာကို နားလည်ကြပါက ကြိုးစားထိုက်လှသည် စသည်ဖြင့် စိတ်ကူးများဖြစ်ပေါ်လာပါသည်။ လူတို့မည်သည် မိမိတို့ကြိုးစားသော အလုပ်တခု၌ အောင်မြင်သည့်အခါ ဝမ်းမြောက်ကြစမြဲဖြစ်လေရာ ကောင်းသောအလုပ်တခု၌ ကြိုးစား၍အောင်မြင်ခြင်းမှုကား အတိုင်းမသိ ဝမ်းမြောက်လှသည်။ ကျွန်ုပ်မှာ မေတ္တာစိတ်ဓာတ် မွေးမြူခြင်း အလုပ်တွင်အောင်မြင်မှု ထင်ရှားလှသည်ဟု သဘောကျသည်နှင့် ထိုညဥ့်သည်

ကျွန်ုပ်အဖို့ရာ၌ အကျေနပ်ဆုံး၊ ဝမ်းအသာဆုံးသော ညတညအနေဖြင့် မှတ်တမ်းတင်လိုက်ရပါသည်။ ယုံကြည်ကြဖို့ ခဲယဉ်းမည်လောမပြောတတ်၊ ကျွန်ုပ် အထင်မှာ သိန်းထီပေါက်ခြင်းသည် ကျွန်ုပ်အား ထိုမျှထက်ပိုပြီး ဝမ်းသာစေနိုင်လိမ့်မည်မထင်ပါ။

## ၅၀ဝ တန်သော ပုံတူကား

ကျွန်ုပ်၏ပုံတူကို ဝိုင်းဝန်းချီးကျူးကြပြီးနောက် ဆရာကြီးသည် ကျွန်ုပ်အား ၎င်း၏အခန်းသို့ခေါ်သွား၍ သူတို့၏အနေအထိုင်ကို ကျွန်ုပ်အားပြသ၏။ အခန်းမှာ ဟိုတဲလ်ခန်းတခုကဲ့သို့ရှိ၍ ရေချိုးခန်းစသည့် လိုအပ်သော အဆောင်အယောင်များ အပြည့်အစုံရှိလေသည်။ သူတို့ဇနီးမောင်နှံကို ကြည့်ရသည်မှာ (အသက်ဖ၀ကျော် ရွယ်တူချင်းဖြစ်သည်။) တယောက်ကိုတယောက် အလွန်ကျေနပ်ပုံရ၍ စိတ်၏ငြိမ်းချမ်း ရှိကြဟန်တူ၏။ သူတို့ဇနီးမောင်နှံသည် ကျွန်ုပ်အပေါ်၌ အလွန်စိတ်ဝင်စားပုံရ၍ ခင်မင်သော အမူအရာများလည်းဖော်ပြကြသည်။ ဆရာကြီးသည် ကျွန်ုပ်၏မျက်နှာထားကို စက္ကူအပေါ်တွင် ထင်ရှားစွာပေါ်လွင်အောင် ရေးသားဖော်ပြရာ၌ ကျွန်ုပ်၏မေတ္တာ စိတ်ဓာတ်အကြောင်းကိုလည်း ရိပ်မိပုံရ၏။ ထို့ကြောင့်လည်း ကျွန်ုပ်အားလေးစားခြင်း ဖြစ်ဟန်ရှိသည်။ ထို့နောက် အချို့ပညာသည်များသည် သူတို့၏အခန်းများကို ကျွန်ုပ်တို့အား ပြလိုသေးရာ အထူးသဖြင့် အသက်ဖ၀ခန့်ရှိ မိန်းမကြီးတယောက်သည် ၎င်း၏ သပ်ရပ်လှပစွာ ပြင်ဆင်ထားသည့် အခန်းကလေးကို ကျွန်ုပ်အား ဝမ်းသာအားရ ပြသလေသည်။ မည်သည့် အခန်းတွင်မှ ချက်ပြုတ်ရန် မီးဖိုမရှိ၊ ၎င်းတို့အားလုံးသည် အသီးသီးရရှိသော ပင်စင်လခမှ အချိုးကျထည့်ပြီး ဘုံမီးဖိုခန်းဖြင့် ချက်ပြုတ်စားသောက်ကြ၏။ အပျင်းဖြေရန်အတွက်မှာမူ မြို့ပေါ်၌ရှိသည့် ဓာတ်ရုံအားလုံးတို့မှ အခမဲ့လက်မှတ်များ ပေးလှူကြလေသည်။ ခွဲခွာနီး၌ ပုံတူရေး

ဆရာကြီးက ကျွန်ုပ်၏ပုံကိုအချောရေးပြီး ကျွန်ုပ်ထံသို့ ပို့လိုက်ပါမည်ဟု ကတိပြု လိုက်ပေသည်။ ကျွန်ုပ်သဘောကျလိုက်ပုံကို ဖော်ပြရလျှင် ကိုယ်တိုင် ကြွယ်ဝ သူတယောက် မဟုတ်ပါပဲလျက် ထိုပုံကို ၅၀၀ဝ ပေးဝယ်ရန် အသင့်ရှိပါသည်။

## ဆောင်းနန်းတော်ကြီး

မတ်လ ၃ရက်နေ့၌ ကျွန်ုပ်တို့သည် လီနင်ဂရက်မြို့၌ ဆောင်းဥတု နန်းတော် Winter Palace ခေါ်သည့် ပြတိုက်ကြီးသို့ သွားရောက်ကြည့်ရှုကြ၏။ ကျွန်ုပ်သည် ပန်းပုနှင့် ပန်းချီပညာတို့တွင် လေ့လာဘူးခြင်းမရှိ၊ သူလိုငါလို အရပ်သားတယောက် အနေဖြင့်သာ အရသာခံတတ်သူတယောက် ဖြစ်သော်လည်း ပန်းချီကားများနှင့် ကျော်ကြားဖြင့် ထုထားသည့် အရုပ်များ၏ လုပခြင်းကိုမူ မချီးမွမ်းပဲ မနေနိုင်အောင် ရှိခဲ့ပါသည်။ လုပရုံသာမကသေး၊ ပြတိုက်ကြီး၏ ကြီးကျယ်ခမ်းနားခြင်းမှာလည်း မည်မျှလောက် ထုံထိုင်းသည့် အရပ်သား တယောက်ပင် ဖြစ်စေကာမူ မအံ့ဩပဲ မနေနိုင်လောက်အောင် ရှိပါသည်။ အခန်းကြီးတခန်းတွင် နာမည်ကျော် ပန်းချီဆရာ ကြီးများ ရေးဆွဲထားသည့် ပန်းချီကားပေါင်း ၂၀၊ ၃၀ခန့်ရှိကြပေရာ ထိုအခန်းမျိုး ၃၀၀ ရှိသည်ဟု သိခဲ့ရသည်။ ကျွန်ုပ်မှာ 'ပန်းချီမျက်စိ' မရှိသော်လည်း ဗဟုသုတရှိ သူတယောက်ဖြစ်သည့် အားလျော်စွာ ပန်းချီကားတခု၏ လုပခြင်းနှင့် သဘာဝကျခြင်းတို့ကို အသေးစိတ် မချီးမွမ်းတတ်စေကာမူ အချို့သော ရာဇဝင်ကားများအားမူ ပန်းချီဆရာ၏အမည်ကို ကြားဘူး၍ ရာဇဝင်အဖြစ် အပျက်ကိုလည်း ဖတ်ဘူးသည်ဖြစ် သောကြောင့် သာမန်အရပ်သားချင်းတူလျှင် ကျွန်ုပ်က ပိုပြီးအရသာခံတတ်သည်ဟု ထင်ပါသည်။ သို့နှင့်လည်း ပန်းချီကားများ ချိတ်ဆွဲထားသည့် အခန်းပေါင်း ၃၀၀မျှကို စေ့စုံအောင်လိုက်ကြည့်ရန် မတတ်နိုင်သည်နှင့် အခန်းပေါင်း၃၀ခန့်မျှ လိုက်ကြည့်ပြီး နောက် လက်မြှောက်ပြီး

တနေရာတွင် ထိုင်နေရစ်ခဲ့ပါသည်။ ကျွန်ုပ်၏အဖော်နှစ်ယောက်နှင့် ရဲဘော်နှစ်ယောက်တို့မှုကား လမ်းပြမိန်းကလေးနှင့်အတူ ဆက်လက်ရှုစားကြသည်။ တနာရီခန့်ကြာ၍ သူတို့ပြန်လာသောအခါ "ဘယ့်နယ်လဲ၊ နံ့အောင်ကြည့်ခဲ့ကြပြီလား" ဟု ကျွန်ုပ်ကမေးရာ "အခန်းပေါင်း ၃၀၀ရှိသည်" ဟု လမ်းပြမိန်းကလေး ကပြောသည်တွင်မှ ကျွန်ုပ်သိရသည်။ ကျွန်ုပ်၏ခန့်မှန်းခြေမှာ ပန်းချီကားများကို အတော်အတန် နံ့စပ်အောင် အရသာခံလိုသူတယောက်ဖြစ်ပါက တနေ့လျှင်သုံးခန်း (ကားပေါင်းတစ်ရာ) နှုန်းဖြင့် ရက်ပေါင်းတရာ ကြည့်သည်တိုင်အောင် လုံလောက်လိမ့်မည်မထင်ပါ။ ကျွန်ုပ်မှာ ကမ္ဘာကိုနံ့အောင် လှည့်ဘူးသူတယောက် မဟုတ်သည်နှင့် 'ဆောင်းဥတုနန်းတော်'ပြတိုက်ကဲ့သို့ ပန်းချီကားပေါင်းစုံလင်သည့် အခြားပြတိုက်တခုသည် ကမ္ဘာတွင်ရှိလိမ့်မည်မထင် ဟုပြောရာတွင် သခင်ကျော်စိန်က အင်္ဂလန်ပြည်လန်ဒန်မြို့ရှိ ဗြိတိသျှပြတိုက်ကြီးမှာလည်း အလွန်ကြီးကျယ်သည်ဟု သူကြားဘူးကြောင်း ပြောပါသည်။ အခြားသော ဝတ္ထုပစ္စည်းများစုံလျှင် စုံလိမ့်မည်။ ကမ္ဘာကျော် ပန်းချီကားများနှင့် ပတ်သက်၍မူ ဤမျှလောက် စုံလင်များပြားရန် မဖြစ်နိုင်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်အထူးသဖြင့် အံ့သြခဲ့မိသော အခြင်းအရာတခုမှာ အခန်းပေါင်း ၃၀၀ ရှိသည်ဆိုသော ဤပြတိုက်ကြီးတွင် ကျွန်ုပ်ရောက်ခဲ့လေသမျှသော အခန်းတိုင်း၌ ကြည့်ရှုသူပရိသတ် ပြည့်နှက်လုမတတ်ရှိ၍ လူချင်းတိမ်းရှောင် ပေးရသည့် အဖြစ်မျိုးကို ကြုံခဲ့ရခြင်းပင် ဖြစ်ပါသည်။ တနေရာ၌ ကျွန်ုပ်သည် အရုပ်ကားတကားကို မော့်ကြည့်လျက်ရှိစဉ် မိန်းမပျိုတယောက်အား ဖင်နှင့်ပေါက်မိ၍ တောင်းပန်ယူရပါသည်။ သို့ရာတွင်မိန်းမပျိုသည် ကျွန်ုပ်အား 'ဘိစမ္ဘာ' ဖြစ်ကြောင်း မြင်သည်နှင့် ပြုံးရွှင်သော မျက်နှာကိုသာ ပြပါသည်။ (ဆိုဗီယက်ယူနီယံ၌ 'ဘိစမ္ဘာ'ဖြစ် ခြင်းသည် အတော်နေရာကျပုံကို အခြားနေရာ၌ ဖော်ပြပါဦးမည်။) ဤပြတိုက်ကြီး၌ ပန်းချီကားများကို အခန်းများတွင် ဆွဲချိတ်ထား၍ ပန်းပု ပညာနှင့်ဆိုင်သည့် ကျောက် ရုပ်၊ ကြေးရုပ်စသည်များကိုမူ အခန်းများ၏အပြင်ရှိ

လေ့ကားအဆင်းအတက်များနှင့် ကွက်လပ်များတွင် တွေ့ခဲ့ရပါသည်။ များစွာသောအရုပ်တို့မှာ ရုပ်ရှင်ကားတခုတွင် ပါဝင်ခဲ့လျှင် မြန်မာပြည်မှ ဆင်ဆာလူကြီးများက ဖြတ်ပစ်ဖို့အမိန့်ပေးကောင်း ပေးလိမ့်မည်ဟု တွေးယင်းပြုံးခဲ့မိပါသေးသည်။

## လီနင်ဂရက်ပြတိုက်

တနေ့တွင် ကျွန်ုပ်တို့သည် လီနင်ဂရက်မြို့ကြီးအကြောင်းနှင့် ပတ်သက်သည့် ဓာတ်ပုံကားများ စုစုပေါင်းထားသော ပြတိုက်ကြီးသို့ ရောက်သွားကြ၏။ ၎င်းပြတိုက် တွင်လည်း အခန်းပေါင်းမြောက်မြားစွာရှိ၍ ဓာတ်ပုံများကို နံရံများတွင် ဆွဲချိတ်ထားလေရာ ပရိသတ်သည် တခန်းမှတခန်းသို့ လှည့်လည်ပြီး ဓာတ်ပုံများကို ကြည့်ကြရလေသည်။ ဤနေရာ၌မူ ကျွန်ုပ်တို့နှင့် အတူပါသည့် ရဲဘော်နှစ်ယောက်နှင့် လမ်းပြတယောက်အပြင် ဤပြတိုက်ကြီးမှ မိန်းမတယောက်သည်လည်း ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာ၍ ဓာတ်ပုံများ၏အကြောင်းအရာကို အတော်စုံလင်စွာ အသေးစိတ်ပြော ပြလေသည်။

ကျွန်ုပ်သည် သုံးလေးခန်းမျှ ကြည့်ပြီးသောအခါတွင် အတော်ညောင်းလာသည်နှင့် အခန်းတခုအတွင်း ဓာတ်ပုံများကို စေ့စုံအောင် တကောက်ကောက်လိုက်၍ မကြည့်လိုတော့ပဲ တနေရာ၌ ခင်းထားသည့် ထိုင်ခုံပေါ်တွင်ထိုင်ကာ မျှော်ကြည့်ရုံမျှကြည့်၏။ ဤတွင် ကျွန်ုပ်၏ 'ညီ'နှင့်'သား' တို့သည် ကျွန်ုပ်ကောင်းစွာမြင်စေလိုသည့် စေတနာဖြင့် ကျွန်ုပ်ထိုင်သည့် ထိုင်ခုံကို ဓာတ်ပုံကားအနီး အခြားလူများ၏ရှေ့သို့ ရွှေ့ကာရွှေ့ကာ ခင်းပေးကြ၏။ သူတို့ကတယောက်တလှည့် ပြောင်းရွှေ့ပေးကြခြင်းကို ကျွန်ုပ်က အားနာသည်နှင့် ရွှေ့မပေးဖို့ တောင်းပန်သော်လည်း သူတို့နှစ်ယောက် ကအယုအယက် ရွှေ့ပေးကြ၏။ ဤသည်မှာ 'ညီ'တော်ပါရစေ၊ 'သား'တော်ပါရစေဟု ပြောပြီးဖြစ်သည့်

ရဲဘော်နှစ်ယောက်ဖြစ်သောကြောင့် ထားပါဦး၊ အခန်းစောင့် မိန်းမကြီးများက လည်း သူတို့နှစ်ယောက်ကဲ့သို့ပင် ကျွန်ုပ်အတွက် အလုအယက် ကျေးဇူးပြု ကြခြင်းမှာ အံ့ဩလောက်ပါပေသည်။

## လူ့အိုချင်းကြင်နာပုံ

ဤပြတိုက်ကြီးတွင် အခန်းပေါင်းများစွာရှိသည့်အနက် တခန်းလျှင် အသက် ၅၀ မှ ၆၀အတွင်း ရှိသည့် မိန်းမကြီးတယောက်စီ စောင့်လျက်ရှိရာ ပထမ တခန်းနှစ်ခန်း၌ မိန်းမကြီးများသည် ရဲဘော်များက ထိုင်ခုံပြောင်းရွှေ့ပေးခြင်းကို ကြည့်နေကြသော် လည်း တတိယအခန်းသို့ ရောက်ကြသော အခါ၌မူကား အစောင့်မိန်းမကြီးသည် ရဲဘော်များရွှေ့ပေးခြင်းကို ကြည့်မနေပဲ ကျွန်ုပ်အတွက် ထိုင်ခုံကို သူကိုယ်တိုင်ရွှေ့ပေးလေသည်။ အခန်းတခန်းလျှင် ဆယ်နေရာထက် မနည်း ပြောင်းရွှေ့ရလေရာ မိန်းမကြီးသည် ကျွန်ုပ်အနီးမှခွာတော့သည်မရှိပဲ နောက်မှကပ်၍ရပ်ကာ လိုအပ်သောအချိန်တွင် ဖျတ်ကနဲ ကောက်ယူပြောင်း ရွှေ့ပေးလေသည်။ ထိုမှတဖန် စတုတ္ထအခန်း၊ ပဥ္စမအခန်း စသည်ဖြင့် တခန်းပြီးတခန်း ပြောင်းရွှေ့ကြလေရာ နောက်တခန်းသို့ ကျွန်ုပ်တို့ကူးခါနီးတွင် ထိုအခန်းမှ မိန်းမကြီးသည် အဝမှ ကျွန်ုပ်ကိုကြိုလျက်ရှိပါတော့ သည်။ တယောက်ပြီးတယောက် ဤနည်းအတိုင်း ပြုလုပ်ခြင်းကို တွေ့ရသောအခါ မိန်းမကြီးများသည် အသက်ကြီးရင့်သော ဧည့်သည်များအား ဤနည်းအတိုင်း လောကဝတ်ပြုကြလေသလောဟု ကျွန်ုပ်စဉ်းစားမိပါသေးသည်။ သို့ရာတွင် ဓာတ်ပုံ ကားများအကြောင်းကို ရှင်းလင်းပြောပြသော ခပ်ရွယ်ရွယ်မိန်းမက ကျွန်ုပ်အား မိန်းမကြီးများ အရေးတယူ စိတ်ပါလက်ပါ ဆောင်ရွက်ပေးကြခြင်း များကိုမြင်ရ၍ ပြုံးခြင်းကို ကျွန်ုပ်တွေ့ရပါသည်။ အကယ်၍လူ့အိုတိုင်းအား မိန်းမကြီးများက ဤနည်းအတိုင်း ဆောင်ရွက်နေကျဖြစ်ခဲ့ပါမူ ထိုမိန်းမသည်

ဤကဲ့သို့ပြုးလိမ့်မည် မထင်ပါ။ ထို့ကြောင့် အစောင့်မိန်းမကြီးများသည် ကျွန်ုပ်အတွက် သက်သက်ဆောင်ရွက် ပေးကြခြင်းဖြစ်သည်ဟု ထင်ပါသည်။ ဤကဲ့သို့ ထင်မြင်မိရာတွင် ကျွန်ုပ်သည် ဤအခန်းမှ ထိုအခန်းသို့ ကူးတော့မည်ပြုတိုင်း ခွဲခွာရမည့်ဆဲဆဲရှိသော မိန်းမကြီး၏ လက်ကိုလှိုက်လှဲစွာ ကိုင်လှုပ်လေရာ မိန်းမကြီးများသည်လည်း ကျွန်ုပ်၏လှိုက်လှဲသော အမူအရာကို မြင်ကြ၍ ဝမ်းသာကြပုံရသည်။ ဤနည်းအားဖြင့် ကျွန်ုပ်တို့သည် အခန်းပေါင်း ၂၀ခန့်မျှ ဝင်ရောက်ကြည့်ရှုခဲ့ကြရာ သွားလေရာအရပ်တွင် မိန်းမကြီးတယောက်နှင့် ခွဲခါနီး၌ အခြားတယောက်က ကျွန်ုပ်ကိုဆီးကြိုလျက်ရှိသည်ချည်းတွေ့ ရ၏။ ကျွန်ုပ်၏'ညီ'ကမူ ဤအခြင်းအရာကို တပြောတည်းပြောကာ ချီးမွမ်း၍မဆုံး အောင်ရှိပါတော့သည်။ ဤအဖြစ်အပျက်ကို အသေးစိတ်ဖော်ပြရခြင်းမှာ ကျွန်ုပ်အတွက် ကြွားလိုသောကြောင့်မဟုတ်၊ မေတ္တာစိတ်ဓာတ်၏အစွမ်းကို လူအများ သိစေလိုသောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်၏မေတ္တာမျက်လုံးသည် ထိုမိန်းမကြီးများ၏ ကြင်နာသော သဘောကိုနှိုးဆွပေးသည်ဟု ကျွန်ုပ် ယုံကြည်သည်။

## စာပေစိတ်ဓာတ်

လီနင်ဂရက်၌ရှိစဉ် မတ်လ၄ရက်နေ့တွင် ကျွန်ုပ်တို့သုံးယောက်သည် ကျွန်ုပ်၏ 'ညီ'နှင့်'သား' အပြင် လမ်းပြမိန်းမကလေး အာလာနှင့်အတူ ရွာကလေးတရွာသို့ ကားတစီးနှင့် သွားကြ၏။ ထိုရွာမှာ လီနင်အား ဇာဘုရင်အစိုးရက ဖမ်းဆီးမည်ဆို၍ ပုန်းအောင်းနေရဘူးသော ရွာကလေးဖြစ်၏။ ကျွန်ုပ်တို့မောင်းနှင်လာကြသည့် ကားလမ်းမှာ ဖင်လန်ပင်လယ်ကွေ့ကမ်းခြေမှ ဖြတ်သန်းလာသည်ဖြစ်သောကြောင့် ကျွန်ုပ်တို့ရောက်ဘူးခဲ့သမျှသော နေရာများအနက်တွင် မြောက်အကျဆုံး အအေးဆုံးဖြစ်လေသည်။ ကျွန်ုပ်သည် ဖင်လန်ပင်လယ်ကွေ့ဆိုသော

ကြောင့် ကားပေါ်မှတမင်တကာ မျှော်ကြည့်ခဲ့ပါသေးသည်။ ရေခဲများဖုံး၍ ဖွေးဖွေး ဖြူလျက်ရှိခြင်းကိုသာ မြင်ခဲ့ရ၏။ ရွာကလေးသို့ ချဉ်းကပ်လာသောအခါ ကျွန်ုပ်တို့သည် မော်တော်ကားကို နှစ်ဖာလုံခန့်တွင်ထားခဲ့ပြီး ခြေလျင်လျှောက်ကြရလေသည်။ ထိုအခိုက်တွင် မိုးပွင့်များ တဖွေးဖွေးကျလျက် လေကလေးကလည်း တဖြူးဖြူးတိုက်ခတ်နေသောကြောင့် ကျွန်ုပ် ကြုံရဘူးသမျှတွင် အချမ်းအအေးဆုံး ဥတုဖြစ်၏။ (အအေးချိန်မှာ သုညအောက် ၂၀ ဒီဂရီရှိသည်ဟု နောက်တနေ့ သတင်းစာတွင် တွေ့ရသည်။) ကျွန်ုပ်တို့ခြောက်ဦးသည် ကားပေါ်မှဆင်းပြီး ခြေလျင်လျှောက်ကြရသည်တွင် အလွန်အေးချမ်းလှသည်နှင့် တဖြည်းဖြည်း မလျှောက်ကြပဲ လက်တွဲ၍ ပြေးကြ၏။ 'ညီ'နှင့်'သား'သည် ကျွန်ုပ်၏ လက်များကို တဘက်စီတွဲ၍ပြေးကြရာ သခင်ကျော်စိန်နှင့် ကိုလှကျော်တို့၏အလယ်မှ အာလာက လက်တွဲ၍ပြေး၏။ နှစ်ဖာလုံခရီးမှာ မနီးလှသော်လည်း အေးလှသောဥတုကြောင့် မောဟိုက်သည်မထင်ရပေ။ ရွာကလေးသို့ရောက်၍ လီနင်ပုန်းအောင်နေခဲ့သည့် တဲကလေးကိုမြင်ရသည့်အခါ ကျွန်ုပ်မှာ ဆေးတံသောက်ချင်လှပြီဖြစ်၍ တဲကလေးထဲသို့ ဝင်ပြီးအားရပါးရ ဖွာလိုက်မည်ကြံ၏။ သို့ရာတွင် ဆေးတံမသောက်ရဟု ပြောပြ၏။ သို့ဆိုလျှင် အပြင်သို့ထွက်၍ သောက်မည်ကြံပါတော့လည်း ဝင်းထဲ၌ပင် ဆေးမသောက်ရဟု ပြောပြပြန်သည်။ အကြောင်းမူကား ဆေးလိပ်ဆေးတံ သောက်ခြင်းသည် လီနင်ကို အရှိအသေပျက်ရာ ရောက်သည်ဟု ယူဆကြသော ကြောင့်ပေတည်း။ ဘုရားထဲကျောင်းထဲ၌ ဆေးလိပ်သောက်တတ်ကြသည့် ဗုဒ္ဓဘာသာဝင်တယောက်ဖြစ်သည့် ကျွန်ုပ်အဖို့မှာ ကွယ်လွန်သူ တယောက်အတွက် ဆေးလိပ်မသောက်ရဆိုသော ရှိသေနည်းကို မကျေမနပ် ဖြစ်မိ၏။ နှစ်ဖာလုံပြေးလာခဲ့ရ၍ ခပ်မောမောနှင့် ဝအောင်ရှူလိုက်မည်ဟု မှန်းရွယ်လာခဲ့သူ ဖြစ်သောကြောင့် သာ၍ မကျေမနပ်ဖြစ်မိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် လူတမျိုး၏ ရှိသေပုံ ရှိသေနည်း နှင့် ပတ်သက်၍ ဝေဖန်ရန် စိတ်မရှိသော်လည်း အားရပါးရ ဖွာလိုက်မည်ဆိုသည့် ဆေးတဆုံ

လက်လွှတ်ရခြင်းအတွက်မူကား သတိမရပဲ မနေနိုင်အောင်ရှိခဲ့မိပါသည်။ လီနင် ပုန်းအောင်းဘူးသည့် တဲကလေးမှာ သစ်သားဖြင့် ဆောက်လုပ်သည့် နှစ်ထပ် အဆောက်အအုံကလေးဖြစ်၍ အပေါ်ထပ်တွင် လီနင်အလုပ်လုပ်သည်ဟုသိခဲ့ရ၏။ ကျွန်ုပ်မှာ နိုင်ငံရေးစိတ်ဓာတ်ထက် စာပေစိတ်ဓာတ် ပြင်းထန်သူတယောက် ဖြစ်သည့် အလျောက် တော်လ်စတွိုင်၏ နေအိမ်သို့ မရောက်ခဲ့ရခြင်းအတွက် ဝမ်းနည်းခဲ့မိခြင်း သည် လီနင်၏တဲကလေးသို့ ရောက်ခဲ့ရခြင်းနှင့် မထေမိအောင်ရှိခဲ့ပါတော့သည်။

## မမေ့နိုင်တဲ့ကြင်နာမှု

အပြန်ခရီး၌ ကျွန်ုပ်တို့သည် ဖင်လန်ပင်လယ်ကွေ့ကမ်းခြေရှိ လမ်း တလျှောက် မောင်းလာကြရာ ကျွန်ုပ်၏လက်များမှာ သွေးခဲလုမတတ် အေးမြလျက် ရှိလေပြီ။ ကျွန်ုပ်၏လက်တွင် သားရေလက်အိတ် စွပ်ထားသော်လည်း အအေး ဓာတ်သည် အတွင်းသို့ ထိုးဝင်ဖောက်သည့်လက္ခဏာနှင့် လက်ချောင်းကလေး များမှာ ရေခဲချောင်း ကလေးများသဖွယ် မာကျောလျက်ရှိလေပြီ။ ကျွန်ုပ်သည် အတော်အခံရခက်သည်နှင့် လက်အိတ်နှစ်ဘက်ကိုချွတ်ပြီး လက်ချင်းပွတ်ပေးရ၏။ ဤအပြုအမူကို လမ်းပြသူငယ်မ အာလာမြင်ရာတွင် ၎င်း၏သိုးမွေးလက်အိတ်ကို ချွတ်၍ ကျွန်ုပ်၏လက်များတွင်စွပ် ပေးပြီး လက်နှစ်ဘက်ဖြင့် ပွတ်ပေးလေသည်။ သို့နှင့်လည်း ကျွန်ုပ်၏လက်ချောင်းများသည် တော်တော်နှင့် အငွေ့မရနိုင်ပဲ ရှိနေရာတွင် အာလာသည် ကျွန်ုပ်၏လက်များကို လက်နှစ်ဘက်ဖြင့် ဆုပ်နယ်ကာ ပွတ်ပေးယင်း ပူနွေးသော သူ၏အာငွေ့ကို ကျွန်ုပ်၏ လက်များပေါ်သို့ အကြိမ်ကြိမ် 'ဟားတိုက်'ပေးရှာသည်။ ဤသို့ဖြင့် မိုင်ပေါင်း အတော်ရောက်ကာမှ ကျွန်ုပ်၏လက်များနွေးလာ၍ လက်ချောင်းများလည်း အသက်ဝင်လာပါတော့သည်။ မိန်းကလေးတဦးတယောက်က ဤမျှလောက် ကြင်နာယုယစွာ ပြုစုစောင့်ရှောက်

ခြင်းကို တကြိမ်တခါမျှ မခံရဘူးသည့် ကျွန်ုပ်မှာ အာလာ၏ အပြုအမူကြောင့် ရင်ထဲ၌ ဆို့သွားမိသည်။ ဤမိန်းကလေးသည် ကျွန်ုပ်နှင့် ဆွေမတော် မျိုးမတော်၊ လူမျိုးတူ၊ ဘာသာတူ တိုင်းပြည်သားချင်းမျှလည်း မဟုတ်ပါပဲလျက် ကျွန်ုပ်၏ အတွက် ဤမျှလောက်ကြင်နာစွာ ပြုစုစောင့်ရှောက်ခြင်းသည်ကား ဆိုဗီယက် ယူနီယံ၌ ကျွန်ုပ်ကြုံတွေ့ခဲ့ရသမျှသော အခြင်းအရာများအနက်တွင် မမေ့ နိုင်ဆုံးသော အပြုအမူတခုအနေဖြင့် ကျွန်ုပ်၏နှလုံးသားတွင် မှတ်တမ်းတင် ထားရပါတော့သည်။ နောက်ဆုံး၌ ခွဲခွာခါနီး၌ အာလာက ကျွန်ုပ်တို့၏ မျက်နှာများကို ဝမ်းနည်းသော မျက်နှာဖြင့်ကြည့်ကာ "ဂွဒ်ဘိုင်၊ ဖော်အဲဗား" "နောက်တကြိမ်တွေ့ဖို့ မျှော်လင့်ချက်မရှိသည့် နှုတ်ဆက်ခြင်းဖြင့် ကျွန်မ နှုတ်ဆက်လိုက်ပါတယ်"ဟု ပြောရှာသည်။ ဤစကားသည် ကျွန်ုပ်တို့သုံးယောက် အတွက်ဖြစ်သော်လည်း အထက်ပါ အခြင်းအရာကို သတိရလျက်ရှိသော ကျွန်ုပ်မှာ ထိုလူနှစ်ယောက်ထက်ပို၍ ထိခိုက် သည်ဟု ထင်မိပါသည်။

## ကချင်စိတ်ဖြစ်ပေါ်ခြင်း

မတ်လ ၄ ရက်နေ့ညနေ၌ ကျွန်ုပ်တို့သည် လီနင်ဂရက်မှ မော်စကိုသို့ မီးရထားဖြင့် ပြန်ကြမည်ဖြစ်ရာ မီးရထားထွက်ချိန်မှာ ၁၁ နာရီ ၅၅ မိနစ်ဖြစ်သည်။ (လက်ဦးစ၍ထွက်သော ဘူတာဖြစ်ပါလျက် ၁၂ နာရီတိတိမဟုတ်ပဲ ၅ မိနစ်စော၍ သတ်မှတ်ထားခြင်းမှာ ရုရှားလူမျိုးတို့နှင့် ပတ်သက်၍ ကျွန်ုပ် နားမလည်နိုင်သော အချက်ဖြစ်၏။) ထိုညဥ့်၌ ကျွန်ုပ်တို့သည် ဟိုတယ်လ်တွင် နောက်ဆုံးနှုတ်ဆက်သည့် ညစာစားပွဲကျင်းပ၍ အတော်ပျော်ကြသည်။ ညစာစားပွဲသို့ မောင်သိုက်တို့စုံတွဲနှင့် အမျိုးသမီးစာရေးဆရာမတို့လည်း လာရောက်ကြ၏။ (စုံတွဲဟုရေးသော်လည်း မောင်သိုက်မှာ လူပျိုမဟုတ်၊ မြန်မာ ပြည်၌ မယားနှင့်ကလေးတယောက် ရှိသူဖြစ်လေရာ အနောက်တိုင်းထုံးစံအတိုင်း

'တွဲ'ကြခြင်းဖြစ်၍ ရိုးရိုးသားသားခင်မင်ကြခြင်းဖြစ်ပုံ ရသည်ဟု ကျွန်ုပ် အကဲခတ်မိသည်။ 'ကျားနှင့်မ' တွဲကြသည့် အနောက်တိုင်းထုံးစံမှာ ကျွန်ုပ်တို့မြန်မာလူမျိုးများ နားလည်ဖို့အခက်အခဲရှိသည်ဖြစ်၍ ဤထုံးစံ၏ အကောင်းအဆိုးကို ဝေဖန်ရန် ဆန္ဒမရှိပေ။) ညစာစားပွဲ၌ 'မက' တတ်သော ကျွန်ုပ်တို့အဘိဓမ္မာ သုံးယောက်သည် ကျွန်ုပ်တို့စားပွဲမှကတတ်သူများကိုကြည့်၍ သွားရည်ကျလျက်ရှိကြရ သည်။ 'သွားရည်ကျသည်'ဆိုသော စကားလုံးမှာ ကျွန်ုပ်အတွက် သက်သက်သုံးနှုန်း ခြင်းဖြစ်ပါ၏။ ရေမှလွဲ၍ မသောက်မစား၊ ဆေးလိပ်ပင်မသောက်ပဲ သတ်သတ်လွတ်စားသည့် ကိုလှကျော်နှင့် သခင် ကျော်စိန်တို့ကား မည်ကဲ့သို့ရှိကြသည်မပြောတတ်ပါ။ လောက၏'ပျော်'ခြင်းများ၌ 'စုံ'ချင်သော ကျွန်ုပ်အဖို့မှာမူ အရွယ်ကောင်းသေး၍ ကတတ်ပါက သူတို့နှင့်အတူ တွဲကရလျှင် ပျော်လိမ့်မည်ဟူသော စိတ်ကူးသည် တကြိမ်မက ဖြစ်ပေါ်မိခြင်းကို ဝန်ခံပါသည်။ ထိုညဥ့်ကပွဲ၌ ကျွန်ုပ်၏ 'ညီ'သည် ကျောင်းသူကလေးနှင့်တလှည့်၊ စာရေးဆရာမနှင့် တလှည့်ထ၍ထ၍ ကကြလေရာ ကျောင်းသူကလေးက 'ညီ'၏ အကကောင်းပုံကို ကျွန်ုပ်အား ပြောပြသဖြင့် သူ၏ ပညာစုံခြင်းကို စိတ်ထဲက ချီးမွမ်းမိပါသည်။ ဟုတ်ပုံလည်း ရသည်။ ကျွန်ုပ်၏'ညီ' သည် စစ်ဗိုလ်တယောက်ဖြစ်ခဲ့ဘူး၏။ သူ၏ခြေဟန်၊ လက်ဟန်၊ ကဟန်တို့မှာ အခြားလူများ ထက် ကြည့်၍ကောင်းသည်ဟု သတိပြုမိသည်။

## မှတ်မိစရာအချက်

ကျွန်ုပ်တို့သည် ၁၁ နာရီ ထိုးခါနီးတွင်မှ စားပွဲခန်းမှ ထလာခဲ့ကြပြီး ထလာခဲ့ကြပြီး ခရီးထွက်ရန်အတွက် ကတိုက်ကရိုက်ပြင်ဆင်ကြရ၏။ ကျွန်ုပ်မှာ မင်းကြီး၏ တောလိုက်စာရေးဖြစ်စဉ်က အလေ့အကျင့်ကြောင့် ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးခြင်းအလုပ်မျိုးတွင် ကျင်လည်ခဲ့သော်လည်း အသက်ဖဝကျော်

ကတည်းက ၎င်းကိစ္စမျိုးကို ဖနီးဒေါ်စိုးက တာဝန်ယူပြီး ဆောင်ရွက်သည့် အတွက်ကြောင့် ခရီးထွက်ကြမည်ဆိုလျှင် တုတ်ကောက်ကိုင်ပြီး ထွက်လာခဲ့နိုင်၏။

ထိုညဥ့်၌ ကျွန်ုပ်တို့သည် စောစောစီးစီးက ကြိုတင်ပြင်ဆင်မထားကြပဲ အချိန်ကပ်ခါမှ ပျာယီးပျာယာသိမ်းဆည်း ကြရခြင်း ဖြစ်သည်နှင့် ကျွန်ုပ်မှာ အရေးကြီးသော ပစ္စည်းတခုမေ့ကျန်ရစ်ခဲ့၏။ ကျွန်ုပ်သည် ရုရှားပြည်သို့ ခရီးထွက်ရ မည်ဆိုကတည်းက နွေးသောအတွင်းခံဝတ်များ လုံလောက်အောင် ဝယ်ယူခဲ့သော်လည်း အပေါ်ဝတ်အတွက်မှာမူ သက္ကလပ်ရှမ်းဘောင်းဘီတထည်နှင့် ဂျာကင်တထည် သာပြင်ဆင်ထား၏။ လူထုဦးလှက အလှဝတ်တစုံ ချုပ်သင့်ကြောင်းတိုက်တွန်းသော် လည်း "အဘိုးကြီးကပဲ တော်ရောပေါ့"ဟု ကျွန်ုပ်က ငြင်းလာခဲ့ရာ ရန်ကုန်သို့ရောက် ခါမှ ကိုလှကျော်တို့လူစုကို အားကျပြီး အလှဝတ်တစုံ ချုပ်လာခဲ့သည်။ ထိုညဥ့်၌ ကျွန်ုပ်သည် မီးရထားဖြင့် ခရီးထွက်ရမည်ဆိုကာ ထမင်းစားပွဲတွင် ဝတ်စုံကိုမဝတ်ပဲ ဂျာကင်နှင့် ရှမ်းဘောင်းဘီကိုသာ ဝတ်ထား၏။ သို့နှင့်ပစ္စည်းများ သိမ်းဆည်းရာတွင် ကျွန်ုပ်သည် အလှဝတ်စုံကို ဗီရိုထဲတွင် မေ့ချန်ထားခဲ့ပြီး မီးရထားဘူတာရုံသို့ ထွက်လာခဲ့ကြသည်။ လိုက်ပို့ကြသူများ အနက်တွင် မော်သိုက်တို့စုံတွဲနှင့် စာရေးဆရာမလည်း ပါရှိလေရာ စာရေးဆရာမမှာ မြို့အစွန်အဖျားတွင် နေထိုင်သည် ဟု ကျွန်ုပ်သိသည်နှင့် အချိန်မဲ့ကြီးတွင် တယောက်တည်းပြန်ရမည့် အရေးကြောင့် လိုက်မပို့ဖို့ ကျွန်ုပ်က တားသော်လည်းမရပါ။ ၎င်းတို့သည် ဘူတာရုံသို့လိုက်ပို့ကြ၍ မီးရထားထွက်သည့်တိုင်အောင် ကျွန်ုပ်၏တွဲအနီးရပ်ကာ နှုတ်ဆက်နေကြလေရာ ပိတ်ထားသည့် မှန်တံခါးသို့ မျက်နှာများ ကပ်ထားသည့် အတွက်ကြောင့် သူတို့၏ ပြားသောနှာခေါင်းများကို ကျွန်ုပ်၏မျက်စိထဲတွင် ယခုပင်မြင်လျက်ရှိပါသည်။

## သဘောကျပြီးယင်း ကျခြင်း

မီးရထားပေါ်တွင် 'ညီ' နှင့်ကျွန်ုပ်သည်တခန်း၊ သခင်ကျော်စိန်နှင့် ကိုလှကျော်တို့ ကတခန်း၊ 'သား'နှင့်အခြားခရီးသည်တယောက်ကတခန်း စီးကြ၏။ ထမင်းစားပွဲ၌ရှိစဉ် စကားစပ်မိကြသည်နှင့် ကျွန်ုပ်ကမီးရထားပေါ်တွင် မြန်မာ ရှေးသီချင်း တပုဒ်နှစ်ပုဒ်မျှဆိုပြမည်ဟု ကတိပြုခဲ့သော်လည်း အခန်းများမှာ လေးယောက်ခန်းမဟုတ်။ နှစ်ယောက်ခန်းမျှသာ ဖြစ်သည့်အတွက်ကြောင့် သူတို့ကသတိပေးတိုက်တွန်းသေးသော်လည်း ကျွန်ုပ်က အခြေအနေမကောင်းဟု အကြောင်းပြကာ ငြင်းဆိုခဲ့ပါသည်။ အမှန်မှာ ကျွန်ုပ်သည် 'ညီ'နှင့်'သား' တို့အား ကျွန်ုပ်တတ်သည့် ပညာကလေးကို ပြချင်စိတ်ရှိပါ၏။ သို့ရာတွင် သခင် ကျော်စိန်နှင့် ကိုလှကျော်တို့အားမူ ရှက်တတ်တတ် ရှိလာသည်နှင့် ရှိုးမယ်ဖွဲ့ကာ ငြင်းလိုက်ခြင်းဖြစ်ပါသည်။ တရေးနိုးသောအခါ ကျွန်ုပ်သည် ဗီရိုထဲတွင် ထည့်ထားသည့်ဝတ်စုံကို ယူခဲ့မိပါလေစဟု စဉ်းစားရာ မေ့ကျန်ရစ်ခဲ့ကြောင်း သတိရလေပြီ။ ၃၀ဝိကျော်ပေးခဲ့ရသည့်အပြင် တခုတည်းသော ဝတ်စုံဖြစ်သည့် အတွက်ကြောင့် တော်တော်နှမြောမိပါသည်။ သို့ရာတွင်အကြောင်း ကြောင်းကို ဆင်ခြင်လိုက်သည့်အခါ ကျွန်ုပ်၏ဝတ်စုံကား မပျောက်ဆုံးနိုင်၊ မော်စကိုသို့ ရောက်သည့်အခါ ဟိုတဲလ်သို့ တယ်လီဖုန်းဆက်လိုက်ပါက နောက်တနေ့ မီးရထား ဖြင့်ပါလာနိုင်သည်။ ဤတနေ့အတွက် မဝတ်ရရုံမျှသာ ရှိမည်ဆိုကာ စိတ်အေးစွာနှင့် လိုက်ပါလာခဲ့၏။ နံနက်လင်းသောအခါ ညီက "အစ်ကိုကြီး ပစ္စည်းများ မေ့မကျန်ရစ် ဘူးလား"

"ကျန်ရစ်တယ်၊ ဝတ်စုံတစုံမေ့ကျန်ရစ်တယ်" ဟု ခပ်အေးအေး ပြန်ပြော လိုက်၏။

ညီသည် ကျွန်ုပ်၏ အေးဆေးသော အမူအရာကိုမြင်၍ အံ့သြပုံရ၏။

"ကျန်ရစ်တာ ဘယ်တုန်းက သိသလဲ"

"ညက တရေးနိုးတော့ သတိရတယ်၊ ခင်ဗျားက ဘာ့ကြောင့်မေးနိုင်သလဲ"

ညီသည် ပြုံးစိစိမျက်နှာထားနှင့် ကျွန်ုပ်အား ကြည့်လိုက်သည်တွင် ကျွန်ုပ်ရိပ်မိ လေပြီ။

"ဘယ်သူတွေ့လို့ ထည့်ယူခဲ့သလဲပြောစမ်း"

ဤတွင်မှညီသည် အဖြစ်အပျက်ကို ပြောပြပါတော့သည်။ စာရေးဆရာမ သည် အခန်းထဲမှ ကျွန်ုပ်ထွက်လာပြီးသည့်နောက် စိတ်မချသည်နှင့် 'သား' ကိုခေါ်ပြီး ကျွန်ုပ်၏အခန်းသို့ ဝင်ကြည့်ကြကြောင်း၊ ဝတ်စုံကိုဗီရိုထဲတွင် တွေ့သည်နှင့်ယူခဲ့၍ ကျွန်ုပ်၏သေတ္တာထဲသို့ တိတ်တဆိတ် ထည့်ထားကြပြီး မပြောပဲနေကြခြင်းဖြစ်ကြောင်း၊ စာရေးဆရာမက "ဝတ်စုံတခုလုံး မေ့ထားခဲ့တယ် ဆိုတော့ သူ့ကိုယ်သူအစုံပါခဲ့ရဲ့လား လို့စမ်းကြည့်ပါစေဦး" ဟု ရယ်မောကာ ပြောပြီး ကျွန်ုပ်ကိုမပြောသေးပဲထားဖို့ ပိတ်ထားကြောင်း ပြောပြလေသည်။ စာရေးဆရာမသည် အသက်၅၀ကျော် မုဆိုးမ တယောက်ဖြစ်၍ ခပ်ရွှတ်ရွှတ် ပြောနိုင်ခြင်းကိုလည်းကောင်း၊ ကျွန်ုပ်အားလည်း ဆွေမျိုးသားချင်းတယောက် အနေဖြင့် သဘောထားသည့်အတွက်ကြောင့် ထိုကဲ့သို့ရဲရဲ လွတ်လွတ်ပြောဝံ့ခြင်း ဖြစ်ဟန်ရှိကြောင်း စသည်များဖြင့် ကျွန်ုပ်စဉ်းစားမိပါသည်။ 'ညီ' ကမူ ဝတ်စုံမေ့ကျန်ရစ်သော်လည်း တုန်လှုပ်ခြင်းမရှိသည့် ကျွန်ုပ်၏အမူအရာကို အံ့သြ ချီးကျူး၍မဆုံးရှိပါသည်။ ဤတွင်ကျွန်ုပ်သည် "မုန်းလျှင်အပြစ်၊ ချစ်လျှင်အကျိုး၊ မြတ်နိုင်းလျှင်သဒ္ဓါ၊ ကြင်နာမှသနားသည်" ဟူသော မြန်မာစကားကို သတိရမိသည်။ 'ညီ'သည် ကျွန်ုပ်အား သဘောကျ၍ ချစ်ခင်လျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်ပြုလုပ်ပြောဆိုသမျှသည် သူ၏နားမျက်စိတို့တွင် အကောင်းချည်းဖြစ်နေပုံရပါ တော့သည်။

## ဘော်လ်ရှိုင်ဇတ်ရုံကြီး

ဆိုဗီယက်ယူနီယံတွင် ကျွန်ုပ်တို့သည် ဘဲလေးအကကို ဇာတ်ရုံကြီးသုံးရုံတွင် ကြည့်ခဲ့ရ၏။ (၁) မော်စကိုမြို့၌ ဘော်လ်ရှိုင်ဇာတ်ရုံကြီး၊ (၂) လီနင်ဂရက်မြို့ဇာတ်ရုံကြီး (၃) မော်စကိုမြို့ ကရင်မလင်ဇာတ်ရုံကြီး၊ (Palace of Congress) ဟူ၍လည်း ခေါ်သည်။ ကျွန်ုပ်မှာ ဘဲလေးအကအကြောင်းကိုလည်းကောင်း၊ ဘော်လ်ရှိုင်ဇာတ်ရုံကြီး အကြောင်းကိုလည်းကောင်း ကြားရဘူးသည်ဖြစ်၍ ဘော်လ်ရှိုင်ဇာတ်ရုံကြီး၌ ဘဲလေးအကကို ပထမအကြိမ်ကြည့်ရသောအခါတွင် အဆန်းအသစ်မြင်ချင် မြည်းချင်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း မျှော်လင့်ချက်ကြီးစွာနှင့် သွားရောက်ခဲ့ပါသည်။ ကျွန်ုပ်တို့လူစုက ဘော်လ်ရှိုင်ဇာတ်ရုံကြီး၌ ဘဲလေးအကကို အမြန်ဆုံးကြည့်လို ကြောင်း ပြောပြရာတွင် ရုရှားရဲဘော်များက ကောင်းပါပြီဟု ချက်ချင်းကတိမပေးပဲ ဖြစ်အောင်ကြိုးစားပါမည် ဟူ၍သာ ပြောကြသည်။ အကြောင်းကား ဤသို့တည်း။ ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာ ကမ္ဘာ၌ နာမည်တလုံး ရသည်တိုင်အောင် လူကြိုက်များလှသော ဇာတ်ရုံကြီးဖြစ်သည့်အလျောက် မော်စကိုမြို့သူမြို့သားများသည် ဤဇာတ်ရုံ၌ လက်မှတ်ရဖို့အရေးအတွက် ရက်သတ္တတပတ်မက ကြိုတင်ပြီး ဝယ်ယူကြရသည်ဆို ၏။ ကျွန်ုပ်တို့ကဲ့သို့သော ဧည့်သည်တော်များအတွက်ပင်လျှင် (အထူးအစီအစဉ်ပြုလုပ်ထားသော်လည်း)ချက်ချင်း လက်မှတ်ရဖို့ မလွယ်ကူဆို၏။ ဟုတ်လည်းဟုတ်ပေမည်။ မော်စကိုမြို့မှာ ဟိုတဲလ်ပေါင်း ရာနှင့်ချီ၍ရှိသော်လည်း တည်းခိုရန်အတွက်နေရာရဖို့ အခက်အခဲရှိသည်ဆိုရာ တရုံတည်းသာရှိသော ဘော်လ်ရှိုင်ဇာတ် ရုံမှာ (အခြားဇာတ်ရုံများတော့ အမြောက်အမြားရှိသည်။) လက်မှတ်ရဖို့ အခက်အခဲကား အတော်ကြီးပေလိမ့်မည်။ ကျွန်ုပ်တို့အတွက် လက်မှတ်ရသော ညဥ့်၌ပင် ကျွန်ုပ်တို့သုံးယောက်အတွက်သာ ရရှိ၍ အဖော်လုပ်သော

ရဲဘော်အတွက် မရနိုင်သဖြင့် ရဲဘော်သည် ကျွန်ုပ်တို့ကို လိုက်ပို့ရုံပို့ပြီး ပြန်သွားရလေသည်။

## ပြင်ဆင်ကြပုံ

ထိုည၌ရဲဘော်သည် ကျွန်ုပ်တို့သုံးယောက်ကို လိုက်ပို့၍ခုံနံပါတ်အလိုက် နေရာ ချထားပေးပြီးနောက် ပြန်သွားရသည်။ သို့နှင့်ပင် ကျွန်ုပ်တို့သုံးယောက် အတွက် နေရာတဆက်တည်း မရနိုင်သဖြင့် ကိုလှကျော်နှင့် ကျွန်ုပ်အတွက်သာ နေရာတဆက်တည်းရပြီး သခင်ကျော်စိန်မှာ အခြားခုံတန်း၌ ထိုင်ရသည်။ ရုံပေါက်ဝ ၌ပွဲကြည့်ပရိသတ်သည် တိုးဝှေ့ခြင်း မရှိသော်လည်း လူချင်းထိမတတ် စည်ကားလျက် ရှိရာ အတွင်းဘက်သို့ ရောက်သောအခါ၌ကား ကျားမ မရွေးနိုင်ပဲ ကြိတ်ကြိတ်တိုး လျက်ရှိ၏။ အတွင်းဘက်တွင် အပေါ်ဝတ်အင်္ကျီထူကြီးများနှင့် ဦးထုပ်များကို သိမ်းယူ သည့် အဘိုးကြီးအမယ်ကြီးများလက်သို့ ကျွန်ုပ်တို့၏ အဝတ်နှင့်ဦးထုပ်များကို ချွတ်၍ အပ်ထားခဲ့ကြရ၏။ အဝတ်များ သိမ်းသော အလုပ်ကို လုပ်သူများမှာ မိန်းမကြီးများနှင့် ယောကျ်ားကြီးများသာဖြစ်၏။ ခပ်ပေါ့ပေါ့အလုပ်မျိုးဖြစ်၍ အသက်ကြီးရင့်သူများအား တာဝန်ပေးထားခြင်း ဖြစ်ပုံရ၏။ (ဆတ်ကတ်ပွဲများမှတပါး ဇာတ်ရုံဟူသမျှတွင် ပွဲကြည့် ပရိသတ် အားလုံးသည် အပေါ်ဝတ် အင်္ကျီထူကြီးများကို ချွတ်၍အပ်ခဲ့ကြရသည်။ ဤ အကြောင်းကို နောင်အခါ၌ ကျွန်ုပ်၏မိတ်ဆွေ စာရေးဆရာမအားမေးကြည့်ရာ ဆတ်ကတ်ပွဲများမှာ 'လူထု၏ပွဲ' ဖြစ်၍ အပေါ်အင်္ကျီထူကြီးများ ဝတ်ခွင့်ရ သည်ဟုပြော လေသည်။) ကျွန်ုပ်တို့၏ လက်မှတ်သုံးစောင်အနက် တစောင်မှာ အောက်ဆုံးအထပ် ရှေ့ဆုံးတန်းမှဖြစ်၍ ကျန်နှစ်စောင်မှာ နံပါတ်(၇) အတန်း၌ဖြစ်ရာ ကျွန်ုပ်သည် နီးနီးမှ ကပ်၍ အားရပါးရ ကြည့်လိုသည်နှင့် ရှေ့ဆုံးတန်းကို ယူမည်ကြံသေး၏။ သို့ရာတွင် အသက်ကြီးလာ၍ 'ကြောင်'

သည်ဟု ထင်သည်တကြောင်း၊ တယောက်တည်း ခွဲကြည့် ပါက စကားပြောရမည့် အဖော်မရှိပဲ ဖြစ်နေမည်တကြောင်းကြောင့် ရှေ့ဆုံးတန်း လက်မှတ်ကို သခင် ကျော်စိန်ယူစေပါသည်။

## ဟန်ပါလှသော အတီးခေါင်းဆောင်

ကျွန်ုပ်တို့သည် မိမိတို့၏နေရာတွင် ထိုင်ကြ၍ ကျွန်ုပ်သည် ပွဲခင်းအခြေအနေ ကိုကြည့်လိုက်ရာ အောက်ဆုံးထပ်ဖြစ်သော ကြမ်းပြင်အပြင် အပေါ်၌ အထပ်လေး ထပ်ရှိခြင်းကိုတွေ့ရ၏။ အထပ်အားလုံးတို့မှာ ရွှေများဝင်းထိန်အောင်ချထား၍ ပရိသတ်တို့၏ မျက်နှာများမှာ ဝရန်တာအထက်မှ ပြုလျက်ရှိခြင်းကိုတွေ့ရ၏။ ကျွန်ုပ်တို့နှင့် ကြမ်းတပြေးတည်းရှိ၍ ဇာတ်ခုံကြီး၏ လက်ဝဲလက်ယာတို့၌ လည်း ကောင်း၊ ဇာတ်ခုံနှင့် တည့်တည့်နောက်ပိုင်းဆီမှ အထက်ထပ်များ၌လည်းကောင်း ကန့်လန့်ကာကြီးများနှင့် အထူးသားနားအောင် ပြင်ဆင်ထားသောနေရာများကိုမြင်ရ၏။ ၎င်းတို့မှာ ဆိုဗီယက်ဝန်ကြီးများနှင့် အခြားတိုင်းပြည်များမှ အထူးဧည့်သည်တော်များ (State Guests) အတွက် ဖြစ်သည်ဟု သိရသည်။ အတွေးအခေါ်သမား တယောက်ဖြစ်သော ကျွန်ုပ်သည် အကောင်းဆုံးသော နေရာတခုကို လှမ်းမျှော်ကြည့်ရှုယင်း ဝန်ကြီးချုပ်ဦးနု လာ ရောက်စဉ်က မစ္စတာခရုရှော့နှင့် အတူထိုင်၍ ရှုစားသော ကုလားထိုင် ဖြစ်တန်ရာသည်ဟု တွေးမိပါသည်။ (ထိုစဉ်ကမူဦးနုမှာ ဝန်ကြီးချုပ်အဖြစ်၌ ရှိပါသေးသည်။) ပွဲမထွက်မီ အော့ခဲ့စတြာအဖွဲ့ကြီးက စတင်၍တီးမှုတ်လိုက်ရာ တီးမှုတ်သံထက် အဖွဲ့ခေါင်းဆောင် Band Master ၏ ကိုယ်ဟန်လက်ဟန်ကို ကျွန်ုပ် အထူးမျက်စိကျသည်နှင့် ငေးကြည့်နေမိ၏။ ထိုသူသည် များစွာသော ခေါင်းဆောင် များကဲ့သို့ သက်ကြီးရွယ်ရင့်တယောက်မဟုတ်ပဲ အသက် ၃၀ကျော် ၄၀နီးပါးမျှ လောက်သာရှိသေးသည်ဖြစ်ရာ လက်တဘက်တချက်တွင် တုတ်

ကလေး တချောင်းစီ ကိုင်ကာ ဆန့်ချည် ကွေးချည်၊ မြှောက်ချည်ချချည်၊ မြန်ချည် နှေးချည်၊ လက်ဝဲဘက် သို့တလှည့်၊ လက်ယာဘက်သို့တလှည့်ကြည့်ချည် စသည်ဖြင့် အချက်ပေးလျက်ရှိ၏။ သူ၏ကိုယ်ကို ယိမ်းနွဲ့ပုံနှင့် လက်များ ကိုကွေးချည်ဆန့်ချည် လုပ်ပုံများမှာ ကျွန်ုပ်၏ မျက်စိထဲ၌ အလွန်တရာဟန်ပါ၍ လှပယဉ်ကျေးသည်ထင်မိသောကြောင့် ကန့်လန့် ကာကြွ၍ ဇာတ်အကသမားများ မထွက်မချင်း သူ့ကိုသာ စိုက်ငေးနေမိပါသည်။ ကျွန်ုပ်သည် သူ၏မျက်နှာ ကိုမမြင်ရပဲ ကျောပိုင်းကိုသာ မြင်ရသည်နှင့် လှမလှ ချောမချောကို မပြောနိုင် ပဲရှိရာ ကိုယ်ဟန်လက်ဟန်လှသလောက် မျက်နှာလှခဲ့လျှင် ကြည့်၍အကောင်းဆုံး လူတယောက်ဖြစ်လိမ့်မည်ဟုတွေးမိပါသေးသည်။

## မျက်စိလှည့်စားပုံ ကောင်းလှခြင်း

ကန့်လန့်ကာကြွ၍ ဇာတ်ခုံပေါ်မှ 'ဇာတ်ခင်း'ကို မြင်ရသောအခါ ကျွန်ုပ်မှာ ကြည့်ယင်းကြည့်ယင်း တခန်းထက်တခန်း အံ့ဩသည်ထက် အံ့ဩလျက်ရှိ ပါတော့ သည်။ လက်ဝဲလက်ယာတို့၌ တဲငယ်ကလေးတခုစီရှိလေရာ တဲများအနီး၌ သစ်ပင်ကြီးများ ပေါက်လျက်ရှိ၏။ တဲများနံဘေးတွင်လည်း ပွင့်သောပန်းပင် ကလေးများရှိကြလေ သည်။ တဲကလေးများ၏ အခြားဘက်၌ လမ်းကလေးများဖြင့် ဖြတ်သန်းဖောက်လုပ် ထား၍ ချုံများနှင့် သစ်ပင်ကြီးငယ်များ ထူထပ်လှသည့် တောကလေးရှိရာ တောသည် နောက်သို့ဆက်ပြီး အရှည်ကြီးရှိနေရာမှ အဝေး၌ မိုးပွင့်များဖုံး၍ ဖွေးဖွေးဖြူလျက်ရှိ သော တောင်ထွတ်ကြီးကို မြင်ရလေသည်။ အနီး၌ ရှိသော ပန်းပွင့်များကို လှမ်း၍ ဆွတ်ကြခြင်း၊ သစ်ပင်ကြီးများပေါ်သို့ တက်သူများကတက်ကြခြင်း၊ တဲကလေးများထဲသို့ ဝင်ချည်ထွက်ချည်ပြုလုပ် သူများက ပြုလုပ်ခြင်း စသည်တို့ကို မြင်ရခြင်းအားဖြင့် ပန်းပင်ကလေးများ၊ တဲများနှင့် သစ်ပင်ကြီးများသည် အရုပ်ကားမဟုတ်၊ တကယ့်အရာ ဝတ္ထု

များဖြစ်ခြင်းကို ထင်ရှားစွာသိနိုင်၏။ တဲကလေးများနှင့် သစ်ပင်ကြီးများ၏နောက် ဘက်၌ရှိသော တောကလေးနှင့် လမ်းကလေးများကိုလည်း မြင်ရပေရာ တော ကလေး မှာ အရုပ်ကားဖြစ်သည်ဟု ထင်နေရသည့်အတွင်း ချုံများ၏အကြားရှိ လမ်းကလေး ပေါ်တွင် ဖြတ်သန်းကာ အကြိုအကြားမှ သွားလာနေကြသူများကို မြင်ရသည်တွင်မှ တကယ့်ချုံ တကယ့်လမ်းများဖြစ်လာကြလေသည်။ ဤနေရာမှ ဆက်၍ တဖြည်းဖြည်း ဝေး၍ဝေး၍သွားလေရာ နောက်ဆုံးတွင်မှ မိုးပွင့်များဖြင့် ဖွေးဖွေးဖြူသော တောင်ထွတ်ကြီးကို မြင်ရလေသည်။ သစ်ပင်ကြီးများနှင့် တဲကလေးများသည် တကယ့်ဝတ္ထု ပစ္စည်းများဖြစ်သော်လည်း တောင်ကြီးနှင့် တောင်ခြေရှိ လမ်းကလေးများသည် တကယ်မဟုတ်နိုင်ဟု ဉာဏ်အားဖြင့် သိနိုင်၏။ သို့ရာတွင်တကယ်ရှိသော ဝတ္ထုပစ္စည်းများနှင့် တကယ်မဟုတ် အရုပ် ကားမျှသာဖြစ်သည့် တောင်ခြေနှင့်တောင်ကြီးတို့သည် မည်သည့်နေရာ၌ ရောစပ် သွားကြသည်ကို ရှာ၍မတွေ့နိုင်အောင် ဖြစ်နေပါတော့သည်။ လမ်းကလေးတခု ကိုမြင်ရ၍ ဤကား အရုပ်ကားဖြစ်ရမည်ဟု ထင်လျက် ရှိစဉ် လမ်းဆုံလမ်းခွတွင် ကွေ့ကောက်ကာ လျှောက်သွားသော လူတယောက်ကို မြင်ရသည်တွင်မှ ရေးထား သောလမ်းမဟုတ်၊ လုပ်ထားသော လမ်းကလေးဖြစ်သည်ဟု သိရပါတော့သည်။ ကန့်လန့်ကာကြွ၍ အတန်ကြာသည်တိုင်အောင် ကျွန်ုပ်သည် ကပြသူများနှင့် ဇာတ်ကွက်ဇာတ်လမ်းကို အာရုံမပြုနိုင်ပဲ ဇာတ်ခင်းကိုကြည့်ကာ အတု နှင့်အစစ်ကို ပိုင်းခြားသိရှိအောင် ကြိုးစားရခြင်းဖြင့် အချိန်ကုန်လျက်ရှိပါသည်။ ဤတခန်းပြီး၍ ဇာတ်ခင်းသာ ပြောင်းလဲသွားသည်။ ကျွန်ုပ်မှာ ရေးသောအရုပ်ကား နှင့် လုပ်ထားသော ဝတ္ထုပစ္စည်းကို မခွဲခြားနိုင်အောင်ရှိတော့သည်။ နောက်တခန်းတွင် ဇာတ်ခင်းတခု ပေါ်လာပြန်တော့လည်း ကျွန်ုပ်အဖို့မှာ အလားတူပြဿနာ ပေါ်လာပြန်သည်နှင့် နောက်ဆုံး၌ လက်မြှောက်လိုက်ရပါတော့သည်။ ကျွန်ုပ်တို့ မြန်မာပြည်၌ တောကား၊ နန်းတော်ကား၊ အိမ်တော်ပုံကား စသည့် ကားလိပ် ကြီးများကို တလိပ်ပြီး တလိပ် မြှောက်ချည်ချချည်လုပ်၍ ကပြကြရသောအဖြစ်မှ

ထိုအဖြစ်မျိုးသို့ရောက်အောင် အချိန်ကာလ မည်မျှကြာပါဦးမည်နည်း ဟုစဉ်းစားမိပါသေးသည်။

## ဘဝကူးခြင်းကို ယုံကြည်သလော

ကပြသည့်ဇာတ်ကွက်နှင့် ပတ်သက်၍ ကျွန်ုပ်၏စိတ်ထဲ၌ ဖြစ်ပေါ်လာသည့် အတွေးအခေါ်များအကြောင်းကို ဖော်ပြရပါဦးမည်။ ဇာတ်လမ်းမှာ ယောကျ်ားကလေးတယောက်နှင့် မိန်းကလေးတယောက် ချစ်ကြိုက်ကြပြီးနောက် အကြောင်းမဆုံးဆည်းပဲ ကွဲကြ၊ သေကြရပြီး နောင်ဘဝတွင်မှ အကြောင်းဆက်ကာ ပေါင်းဖက်ကြရသည့် ဇာတ်လမ်းဖြစ်သည်။ နောင်ဘဝဆိုရာ၌ 'လူသေလူဖြစ်' သဘောမျိုးမဟုတ်၊ တစ္ဆေ လောက (Spirit World) အဓိပ္ပာယ်မျိုးဖြစ်၍ ချက်ချင်းဘဝတခု၌ အသစ်ဖြစ်ပြီး ချက်ချင်းတွေ့ဆုံချစ်ကြိုက်ကာ အကြောင်းပါကြသည့် သဘောမျိုးဖြစ်လေသည်။ ဘဝတခုမှတခုသို့ ကူးပြောင်းသည်ဆိုခြင်းကို အယုံအကြည်မရှိသော ကွန်မြူနစ် တိုင်းပြည်များ၌ အထက်ပါ ဇာတ်ကွက် ဇာတ်လမ်းမျိုးကို ရေးသားခြင်း၊ ကပြခြင်း မပြုတော့ဟူ၍ ထင်မှတ်ခဲ့မိသော ကျွန်ုပ်အဖို့မှာ အတော်အံ့ညြလျက်ရှိ၏။ (ကျွန်ုပ်၏အထင်မှားခြင်း လည်းဖြစ်နိုင်ပါသည်။) ဤသို့သော အဖြစ်အပျက်မျိုးသည် တကယ်မဖြစ်နိုင်သောကြောင့် သဘာဝမကျဟု ယူဆကြလိမ့်မည်ထင်မိ၏။ လွန်ခဲ့ သောနှစ်ပေါင်းအနည်းငယ်က ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဇာတ်ကွက် ဇာတ်လမ်းကောင်းလျှင် ရေးသားသင့်သည်၊ ကပြထိုက်သည် (Art for Art's Sake) ဟူသောအယူအဆ သမားများနှင့် အမှန်တကယ်ဖြစ်နိုင်သည့် (သဘာဝကျသည့်) အခြင်းအရာများကိုသာ ရေးသားထိုက်သည်၊ ကပြထိုက်သည်ဟူသော အယူအဆ ရှိသူတို့ အငြင်းအခုန် ဖြစ်ရာတွင် ဒုတိယဂိုဏ်းသားများက အနိုင်ရသည်ဟု ကျွန်ုပ်

အမှတ်အသားပြုမိ၏။ အထက်ပါ ဇာတ်လမ်းမှာ ပထမဂိုဏ်း၊ အယူအဆမျိုးဖြစ်နေသည်ထင်သောကြောင့် ကျွန်ုပ်အံ့ဩမိခြင်း ဖြစ်ပါသည်။

## စဉ်းစားစရာအချက်

ဤအကြောင်းနှင့် ပတ်သက်၍ ဆက်လက် ဆင်ခြင်ရာတွင် လွန်ခဲ့သည့် ဆယ်နှစ်ခန့်က တရုတ်ပြည်သို့ ကျွန်ုပ်ရောက်ခဲ့၍ ဇာတ်ပွဲတပွဲကြည့်သောအခါ အထက်ပါ ဇာတ်လမ်းနှင့် ခပ်ဆင်ဆင်ရှိသော အဖြစ်အပျက်ကို တွေ့ခဲ့ရသည်။ ၎င်းဇာတ်လမ်းမှာ သမီးရည်းစားနှစ်ယောက် သေပြီးသည့်နောက် လူသားပုံသဏ္ဌာန်မဟုတ်ပဲ လိပ်ပြာကောင်များအဖြစ်နှင့် တွေ့ဆုံပေါင်းသင်းကြခြင်းဖြစ်လေသည်။ တစ္ဆေ(ဝိညာဉ်) အဖြစ်နှင့်ဖြစ်စေ၊ လူသားအဖြစ်နှင့်ဖြစ်စေ၊ လိပ်ပြာကောင်များအဖြစ်နှင့်ဖြစ်စေ ပြန်လည်တွေ့ဆုံ ပေါင်းသင်းကြသည်ဆိုခြင်းမှာ သဘောအားဖြင့် အတူတူပင်ဖြစ်၏။ ထိုသဘောကား လူသတ္တဝါသည် ကွယ်လွန်ပြီးသည့်နောက် ဘဝသစ်တခုသို့ ရောက်ရသေးသည်ဟူသော အယူအဆပင်ဖြစ်လေသည်။ ကျွန်ုပ်တို့ မြန်မာပြည်၌ 'စုန်းတစ္ဆေကဝေ'စသော အကြောင်းအရာများကို ရေးသားခြင်းသည် 'ခေတ်နောက်ပြန်ဆွဲခြင်း' ဖြစ်သည်ဟု ပြောသူများက ပြောကြ၏။ နောင်ဘဝရှိသည်ဟု ယုံကြည်သူပေါများသည့် မြန်မာပြည်တွင် 'တစ္ဆေသရဲ' စသောအခြင်းအရာများ အကြောင်းကို မရေးသားထိုက်၊ ရေးခဲ့လျှင် မဟုတ်တရုတ်တွေ ရေးခြင်းဖြစ်သောကြောင့် ခေတ်နောက်ပြန်ဆွဲရာ ရောက်သည်ဟု ပြောကြခြင်းသည် တကယ့် ပညာရှိများ၏စကား ဟုတ်ပါလေ၏လောဟု ကျွန်ုပ်ကိုယ်တိုင်ယုံမှားခြင်းဖြစ်မိသည်။ (ဤနေရာ၌ ကျွန်ုပ်ကိုယ်တိုင် တပ်အပ်ပိုင်နိုင်စွာ ပြောဝံ့သည်မဟုတ်သောကြောင့် 'ယုံမှားခြင်း' ဟူသော စကားကို သုံးထားခြင်းဖြစ်ပါသည်။) အမှန်ကိုဖော်ပြရလျှင် ကျွန်ုပ်ကိုယ်တိုင်မှာ ဆိုဗီယက်ယူနီယံ၌ ဂိုဏ်းနှစ်ဂိုဏ်းကွဲကြဘူးသည် ဆိုစဉ်ကတည်းက သင်ခန်းစာ

ပါချင်ပါ မပါချင်နေ ဇာတ်ကွက်ဇာတ်လမ်းကောင်း၍ မညစ်ညမ်းလျှင် ရေးထိုက်သည်၊ ကပြထိုက်သည်ဟူသော ဂိုဏ်းဘက်သို့ ခပ်ပါပါဖြစ်ခဲ့ဘူးပါသည်။ ကျွန်ုပ်၏အယူအဆကား ဇာတ်ကွက်ဇာတ်လမ်းကောင်း၍ သင်ခန်းစာလည်းပါလျှင် အလွန်ကောင်းပါသည်။ သို့ရာတွင် အလွန်ကောင်းသော ဝတ္ထုတခုကို သင်ခန်းစာမပါဆိုသည့် အကြောင်းတခုတည်းဖြင့် မပစ်ပယ်ထိုက်၊ မသုံးပဲ မနေထိုက်ဟူသည်ပင် ဖြစ်ပါသည်။ အထက်ပါ ရုရှားဇာတ်လမ်း၌လည်းကောင်း၊ လိပ်ပြာနှစ်ကောင် ဇာတ်လမ်း၌လည်းကောင်း သေပြီးသည့်နောက် တဖန်ပြန်တွေ့ပြီးပေါင်းမှသာလျှင် ဇာတ်ကွက်ဇာတ်လမ်း၏ အရသာအပြည့်အဝပေါ်နိုင်သည်။ မသေပဲနှင့် ဖြစ်ကိုမဖြစ် သည့်အတွက်ကြောင့် ကွန်မြူနစ်နိုင်ငံကြီးတခုတွင် ပြသနေကြဟန်တူပေသည်။ ခေတ်နောက်ပြန်ဆွဲခြင်းအကြောင်း ပြောတတ်ကြသည့် စာပေဝေဖန်ရေးဆရာများ စဉ်းစားထိုက်ကြသည်။

## ရုရှားလူထုအကြိုက်

ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်စိတ်ထဲ၌ ဖြစ်ပေါ်လာသည့် အတွေးအခေါ်တခုကို ဖော်ပြလိုပါသေးသည်။ ဆိုဗီယက်ယူနီယံတွင် ကျွန်ုပ်ကြည့်ခဲ့ရသည့် ဘဲလေး ကပွဲ၃ပွဲအနက် (ဆွမ်းလိပ်မပါ) အထက်ပါ ကပွဲမှာအများဆုံး ဩဘာပေးခြင်းခံရသည် ကိုတွေ့ရ၏။ ကပွဲပြီးသည်နောက် ကချေသည်များနှင့် ကချေသည်မများအားပရိတ် သတ်က လက်ခုပ်တီးခေါ်ကြသဖြင့် ကန့်လန့်ကာ အပြင်ဘက်သို့ထွက်ကာ မျက်နှာပြ ကြရသော အကြိမ်ပေါင်းမှာ ၅ကြိမ် ၆ကြိမ်ရှိလိမ့်မည်ထင်သည်။ ကျွန်ုပ်မြင်ခဲ့ဘူးသည့် အခြားနှစ်ပွဲ၌ အများဆုံး သုံးကြိမ်မျှသာထွက်၍ မျက်နှာပြကြရသည်။ ဤတွင်သာမက လက်ခုပ်တီးကြပုံ လှိုက်လှဲခြင်း ဆူညံခြင်းမှာလည်း အခြားသော ကပွဲများထက် နှစ်ဆလောက်ရှိသည်ကို ကျွန်ုပ်တွေ့ရသည်။ ဤသည်ကိုထောက်ခြင်းအားဖြင့် ၎င်းဇာတ်လမ်းမှာ

လူကြိုက်များကြောင်း ထင်ရှားရုံသာမက ရုရှားပရိတ်သတ်သည် တဘာဝမှ တဘာဝသို့ ကူးရသည်ဆိုသောအခြင်းအရာကို သဘောကျကြောင်း၊ လူသတ္တဝါသည် နောင်ဘဝရှိသည်ဆိုသော အခြင်းအရာကို ဝမ်းထဲက နှစ်သက်တတ်ကြောင်း (ဘဝတဏှာ)၊ နောင်ဘဝရှိခြင်းတည်းဟူသော အခြင်းအရာသည် တကယ်အမှန်ဖြစ်၍ လူသတ္တဝါသည် အမှန်တရားကို အရိပ်အငွေ့အားဖြင့် ထိုးထွင်း ၍ သိမြင်ဟန်ရှိကြောင်း၊ နောင်ဘဝမရှိဟု ပတ်ဝန်းကျင်ရှိ လူများကပြောကြစေကာမူ ရုရှားပရိသတ်များသည် နောင်ဘဝရှိသည်ဟူသော အယူအဆကိုယုံကြည်နှစ်သက် ကြဟန်တူကြောင်း စသည့် အတွေးအခေါ်များ ဖြစ်ပေါ်လာပါသည်။ ဤသည်မှာ ကျွန်ုပ်၏ အတွေးအခေါ်သက်သက်မျှသာ ဖြစ်သော်လည်း ယုတ္တိယုတ္တာမကင်းဟူ၍ ထင်မြင်မိပါသည်။

## တကယ်ပျော်ရွှင်ကြသူများ

ဆိုဗီယက်ယူနီယံတွင် ပွဲလမ်းသဘင်များနှင့် ပတ်သက်၍ ကျွန်ုပ်၏အတွေးအခေါ်တခုကိုတင်ပြလိုသေး၏။ ပွဲကြည့်ပရိသတ်တို့မည်သည်မှာ မည်သည့်တိုင်းပြည်၌ဖြစ်စေ လွတ်လပ်ပျော်ရွှင်သော အမူအရာရှိကြခြင်းကား မှန်ပါသည်။ ကျွန်ုပ်တို့ မြန်မာပွဲကြည့်ပရိသတ်သည်လည်း (အဝတ်အစားကို အပေါင်ဆိုင်၌ ပေါင်ခဲ့ရစေကာမူ) လွတ်လပ်စွာ ပျော်ရွှင်သော မျက်နှာထားမျိုးရှိကြခြင်းလည်း မှန်ပါသည်။ သို့ရာတွင် ရုရှားပရိသတ်၏ ရွှင်ပျခြင်းသည် မြန်မာပရိသတ်ထက်ပင် ကဲလွန်းသည်ဟု ထင်မိပါသည်။ လူတိုင်းလိုပင်ဝတ်ကောင်းစားလှနှင့် ရောက်လာကြ၍ ရွှင်ပျသော မျက်နှာများကို ထိုင်ခုံတိုင်း၌လိုပင်တွေ့မြင်ရ၏။ ဖြစ်ဟန်လက္ခဏာရှိသည်မှာ ငါတို့သည် တနေ့လုံး ချွေးကျအောင် လုပ်ခဲ့ရပြီးသည့်နောက် (စကားရှိ၍သာ ရေးမိသည်။ ရုရှားပြည်တွင် ထိုရာသီ၌ မည်မျှလောက် အလုပ်လုပ်သည်ဖြစ်စေ၊ ချွေးမကျနိုင်ပါ။) ပျော်ရသည့်

ဤအချိန်ပိုင်းတွင် အားရပါးရတာဝကြီးပျော်လိုက်မည်ဟူသော သန္နိဋ္ဌာန် ဖြင့် ပွဲသို့လာကြခြင်း ဖြစ်ဟန်ရှိသည်။ ခုံတန်းများသို့ လှမ်းကြည့်လိုက်သည့်အခါ ဣန္ဒြေကြီးနှင့်ကြည့်နေသည့် ယောက်ျားကိုလည်းကောင်း၊ မိန်းမကိုလည်းကောင်း၊ လူဆယ်ယောက်တွင်မှ တယောက်တွေ့မိသည်မထင်၊ တီးကြသော လက်ခုပ်သံများ၊ သဘောကျသည့် ရယ်သံများသည် လှိုက်လှဲခြင်းရှိလှ၍ လူဖြစ်ရခြင်း၏အရသာကို ရာခိုင်နှုန်းပြည့် ခံစားလျက်ရှိကြ၏။ ဟုတ်လည်းဟုတ်ပေမည်။ မြင်းပွဲရှုံးလာသော မျက်နှာမျိုး၊ ပိုကာဝိုင်းမှ ထလာသော မျက်နှာမျိုး၊ အိမ်လခမပေးနိုင်၍ နှင်ထုတ်ခြင်း ခံရသည့်မျက်နှာမျိုး၊ ကြွေးပူသော မျက်နှာမျိုး ၊ အင်ပို့ လိုင်စင်မရသဖြင့် ရှုံ့မဲ့နေသူ၏ မျက်နှာမျိုးသည် ဤပရိသတ်ထဲတွင် ပါရှိလိမ့်မည်မဟုတ်၊ ရှုံ့မဲ့နေသူ၏မျက်နှာကို တွေ့ခဲ့လျှင် မိမိ၏အချစ်ကို တုံ့ပြန်ခြင်း မခံရသူ၏မျက်နှာပင် ဖြစ်တန်ရာ၏။ ဤသည်မှာ ကာမဘုံသားတို့၏ ဓမ္မတာပေတည်း။

## ကရင်မလင်ဇာတ်ရုံကြီး

ဘော်လ်ရှိုင်ဇာတ်ရုံကြီးသည် ဇာဘုရင်များ လက်ထက်ကတည်းက ဆောက်လုပ်ခဲ့သဖြင့် ရှေးရောင်တပြောင်ပြောင်နှင့် ခမ်းနားတင့်တယ်လှသည် မှန်သော်လည်း နောက်ဆုံးဆောက်လုပ်သည့် ကရင်မလင်ဇာတ်ရုံကြီးနှင့် နှိုင်းယှဉ်လိုက်သည့်အခါတွင်မူကား (အဟောင်းအမျဉ်းကို တန်ဖိုးထားတတ်သည့် သမိုင်းဆရာ များ၏ မျက်စိမျိုးမှတပါး) မယှဉ်သာအောင် ကွာခြားလျက်ရှိလေပြီ။ ကရင်မလင် ဇာတ်ရုံကြီးမှာ ၁၉၆၁ ခုနှစ်အောက်တိုဘာလတရက်နေ့တွင် ဆောက်လုပ်ပြီးစီး၍ ၂၂ ကြိမ်မြောက် ဆိုဗီယက်ပါလီမန်အဖြစ်နှင့် အစည်းအဝေး ထိုင်ခဲ့သဖြင့် ကွန်ဂရက် နန်းတော်ကြီး Palace of Congress ဟူ၍ အမည်တွင်ခဲ့ရာ ၎င်းအဆောက် အအုံကြီးကိုပင် ဇာတ်ရုံကြီးအဖြစ်နှင့်

အသုံးချခြင်းဖြစ်သောကြောင့် ကရင်မလင် ဇာတ်ရုံကြီး **Kremlin Theatre** ဟူ၍လည်း ခေါ်တွင်လေသည်။ ဆိုလိုခြင်းမှာ ၎င်းအဆောက်အအုံကြီးကို ရုရှားပါလီမန်ခန်းမဆောင်ကြီးအဖြစ်နှင့်လည်းကောင်း၊ (အစည်းအဝေးမထိုင်သည့် ရာသီတွင်) ဇာတ်ရုံကြီးအဖြစ်နှင့်လည်းကောင်းနှစ်မျိုး အသုံးပြုလေသည်။ ရုရှားဆိုလျှင် ရှုတ်ချဖို့ကြံစည် စိတ်ကူးသူများက "မခမ်းနားပဲ ရှိမည်လော၊ ပါလီမန်အဆောက်အအုံကို ဇာတ်ရုံအဖြစ်နှင့် သုံးထားခြင်းမဟုတ်ပါလော" ဟု ပြောကောင်းပြောကြပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ဇာတ်ရုံကြီးတခု အနေဖြင့် မကြုံဘူးအောင် ခမ်းနားတင့်တယ်သည့် အဆောက်အအုံကြီးဖြစ်သည့် အတွက် အနည်းငယ်ဖော်ပြပါရစေဦး။

## ကြီးကျယ်ခမ်းနားပုံ

ကျွန်ုပ်မှာ အနည်းငယ်အအေးမိ၍ ဂျာမနီပြည်၌ ဆေးရုံတက် နေရစ်ခဲ့ရသဖြင့် ကိုလှကျော်နှင့် သခင်ကျော်စိန်တို့ မြန်မာပြည်သို့ပြန်သွားကြသည့်နောက်တွင်မှ ကရင်မလင်ဇာတ်ရုံကြီးကို ကြည့်ခွင့်ရသည့်အတွက်ကြောင့် အအေးမိခြင်းကိုပင် ကျေးဇူးတင်ရမည်ကဲ့သို့ အောက်မေ့မိသည်။ ဂျာမနီမှ ကျွန်ုပ်ပြန်ရောက်လာသောအခါ ကျွန်ုပ်၏ညီသည် ကျွန်ုပ်အား ၎င်းဇာတ်ရုံကြီးသို့ ခေါ်သွား၏။ ထိုပွဲမှာအထူးနေ့ပွဲဖြစ်သည်။ ပွဲကပြသည့်ဇာတ်ရုံနှင့် ဇာတ်ခုံကြီးတို့၏ ကြီးကျယ်ခမ်းနားခြင်းထက် ပတ်ပတ်လည်ရှိ အဆောင်ဆောင် အခန်းခန်းတို့၏ ခမ်းနားခြင်းနှင့် ဆန်းကြယ် ခြင်းတို့အတွက် ကျွန်ုပ်သာ၍ အံ့သြမိသည်။ ဇာတ်ရုံခန်းသို့ မဝင်မီဖြစ်စေ၊ ခေတ္တခဏ အပန်းဖြေရန်ဖြစ်စေ ပတ်ပတ်လည်ရှိ အဆောင်ဆောင်အခန်းခန်းတို့တွင် ထိုင်နိုင်ကြသည်။ ဆေးလိပ်သောက်ရန် အတွက်လည်းကောင်း၊ စကားပြောရန်အတွက်သော် လည်းကောင်း၊ စားသောက်ကြရန် အတွက်သော်လည်းကောင်း ကျယ်ဝန်းလှသော အခန်းကြီး

များရှိပေရာ အခင်းအကျင်းနှင့် မီးထွန်းထားပုံတို့သည်ပင်လျှင် (ကျွန်ုပ်အဖို့ ရာ၌) တအံ့တသြရှိပါဘိသည်။ အလင်းရောင်သည် စူးစူးဝါးဝါးမဟုတ်ပဲ မျက်စိနှင့် အလွန်ပနံရအောင်ရှိသော်လည်း လင်းလိုက်ပုံမှာ လိုလေသေးမရှိပေ။ ကြမ်းပြင်ကြီး တခုလုံးမှာ ရော်ဘာအပျော့စားဖြင့် ခင်းထားသည်ဖြစ်၍ အနုအညံ့ကြိုက်သော ကျွန်ုပ်အဖို့ ဇိမ်ရှိလှသည်။

စားပွဲခန်းကြီးမှာလည်း အလွန်ကျယ်ဝန်း၍ ခမ်းနားစွာပြင်ဆင်ထားသည့်ပြင် မြိန်ရှက်ပုံရသော ပွဲကြည့်ပရိသတ်တို့ စားလိုက်သောက်လိုက်ကြပုံမှာလည်း ပျော်စရာကြီးဖြစ်နေ၏။ အစားအသောက်များမှာ ကျွန်ုပ်တို့မြန်မာငွေနှင့်တွက်သော် ဈေးနှုန်းကြီးမြင့်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ခြိုးခြံခြင်းမရှိ၊ အလျှံပယ် စားကြ သောက်ကြခြင်းကို တွေ့ရ၏။ ဈေးနှုန်းချိုသော်လည်း ပိုက်ဆံရှား၍ ဝယ်မစားနိုင်ကြလျှင် ဈေးချိုခြင်းသည် အချည်းနှီးဖြစ်ပေလိမ့်မည်။ သူတို့၏ အစားအသောက် အသုံးအစွဲရက်ရောပုံကို ကျွန်ုပ်မြင်ရသည့်အခါ မြင်းပွဲကို နှစ်ခေါက်သုံးခေါက် ရောက်ဘူးစဉ်က မြင်းနိုင်သောသူများ သုံးကြဖြုန်းကြခြင်းကို သတိရမိသည်။ စည်ကားလိုက်ပုံကို ဥပမာနှိုင်းရသော် ကျွန်ုပ်တို့ မြန်မာပြည်၌ အစည်ကားဆုံးသော ဘုရားပွဲကြီးတခုတွင်စားကြသောက်ကြခြင်းနှင့်တူလှ၏။ သို့သော်ခြားနားချက်တခု ရှိသည်မှာကား ဘုရားပွဲများ၌ လူစည်ကားသည်ဆိုလျှင် တော်အောင်လျော်အောင် ပြင်ဆင်ပေးတတ်ကြပေရာ ထိုစားပွဲခန်းကြီး၌မူ ထုံးစံအတိုင်း ပြင်ဆင်ပေး၍ ကိုယ့်အလှည့်ကျသောအခါ (အတော်အတန် တော့ ကြာသည်။) မချွတ်ဧကန်ရကြလေသည်။

## ဓာတ်လှေကားတမျိုး

ကရင်မလင်ဓာတ်ရုံကြီးမှာ ဘော်လ်ရှိုင် ဓာတ်ရုံကြီးကဲ့သို့ပင် အထပ်လေးထပ်ရှိပေရာ ဘော်လ်ရှိုင်ဓာတ်ရုံကြီးမှာမူ ကိုယ့်အထပ်သို့ရောက်အောင် ရိုးရိုးလှေကားဖြင့် ခြေလျင်တက်ကြရ၏။ ကရင်မလင်ဓာတ်ရုံကြီး၌မူကား 'မက်ထရို' မြေအောက်မီးရထား မှာကဲ့သို့ပင် အဲ့စ်ကာလိတ္တာ (Escalator) ခေါ် ဓာတ်လှေကားတမျိုးဖြင့် တက်ရသည်။ ဓာတ်လှေကားတမျိုးဟုရေးခြင်းမှာ ရွှေတိဂုံဘုရားနှင့် ရန်ကုန်တိုက်ကြီးများတွင် တပ်ဆင်ထားသည့် အထက်နှင့်အောက် မတ်စောက်စွာ ဆင်းတက်ရသော (လှောင်အိမ်ခန်း) လှေကားမျိုးမဟုတ်၊ ကြည့်လိုက်လျှင် ပကတိလှေကားရိုးရိုးကဲ့သို့ အထစ်တွေနှင့် ခပ်စောင်းစောင်းရှိသော လှေကားမျိုးဖြစ်လေသည်။ ဤလှေကားအကြောင်းကို အခြားလူများ ရေးဖူးကြလှ၍ အဆန်းအသစ် မဟုတ်သော်လည်း မဖတ်ရဘူးသူတို့အတွက် ဗဟုသုတဖြစ်စေခြင်းငှာ အနည်းငယ်ဖော်ပြလိုက်ပါဦးမည်။ လှေကားရင်းမှ ရပ်ကြည့်လိုက်သည့်အခါ သာမန်လှေကားရိုးရိုးသဖွယ် အထစ်တွေနှင့် ခပ်စောင်းစောင်းရှိ၍ နှင်းစင်းယှဉ်လျက်ရှိသည်ကို မြင်ရပေလိမ့်မည်၊ တဘက်တချက် မြဲမြဲမရပ်တတ်သူများအဖို့ လက်ရန်းများလည်း ရှိ၏။ (အလေ့အကျင့်မရှိမီကိုယ့်ကိုယ် ကိုစိတ်မချနိုင်၍ လက်ရန်းကိုကိုင်ကာ ထိန်းထားရသော်လည်း ကျွန်ုပ်အဘိုးကြီးအို တယောက်ပင်လျှင် နှစ်ကြိမ်လောက် ဆင်းတက်ရသောအခါ လက်ရန်းကိုမကိုင်ရတော့ပါ။) လှေကားရင်းမှ တက်လိုသောသူသည် အောက်ဆုံးလှေကားထစ်ပေါ်သို့ ဖျတ်ကနဲ ရပ်လိုက်သည်နှင့် တပြိုင်နက် အထက်သို့ တက်လျက်ရှိသော လှေကားထစ်များနှင့် အတူ ပါသွားတော့သည်။ အခြားဘက်၌ မိမိနှင့်ဆန့်ကျင်ဘက် ခရီးသွားနေကြသည့် အဆင်းသမားများကိုလည်းမြင်ရ၏။ လှေကားထိပ်သို့ အလိုအလျောက် ရောက်သွားသောအခါ မိမိ၏ အလုပ်မှာ ညီညာသော ကြမ်းပြင်ပေါ်သို့ အသာကလေး လှမ်းကူးလိုက်ရန်သာရှိသည်။

အဆင်းမှာလည်း အလားတူပင် လှေကားထစ်ပေါ်သို့ အသာကလေး လိုက်ပါသွားရန်သာ ဖြစ်သည်။ ကရင်မလင်ဓာတ်ရှုကြီး၌ ပွဲကြည့်ပရိသတ်သည် မိမိတို့၏လက်မှတ်ရှိရာအဆင့်သို့ ဓာတ်လှေကားဖြင့် ခြေညောင်းမခံရပဲ သွားနိုင်ကြလေသည်။

## ဓာတ်ခုံကြီး

ဓာတ်ရှုကြီးထဲသို့ တအိအိပျော့ပျောင်းသော ကြမ်းပြင်တလျှောက် လှမ်းဝင်သွားသောအခါ ထိုင်ခုံများမှာ ဘော်လ်ရှိုင်ဓာတ်ရှုကြီး မှာကဲ့သို့ ခပ်မှိုင်းမှိုင်းမဟုတ်ပဲ ရဲရဲနီလျက်ရှိသည်ကို တွေ့ရသည်။ ပို၍ဆင်ခြေလျှော ပြုလုပ်ထားသည့်အတွက် ပရိသတ်သည် ဓာတ်ခုံပေါ်၌ ကပြသူများကို ပို၍ထင်ရှားစွာမြင်နိုင်သည်။ ထိုင်ခုံတခု၌ ထိုင်ပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်ထိုင်သော ထိုင်ခုံကိုသေချာစွာ ကိုင်တွယ်စမ်း သပ်ကြည့်ရာသပ်ရပ်ခြင်း၊ ချောမွေ့ခြင်း၊ ပင်ကိုအထည်ကောင်းခြင်းတို့ကို မြင်ရသဖြင့် မြန်မာလက်သမားတယောက်သည်ငင်းထိုင်ခုံမျိုးတခုကို ကျပ် ၃၀၀ထက်လျှော့၍ လုပ်နိုင်ပါမည်လောဟု အကဲဖြတ်မိသည်။ ထိုင်ခုံ၏လက်ယာဘက်၌ စားပွဲရှင်ကလေး တခုရှိရာ အလိုရှိသည့်အခါမိမိ၏ရင်ခွင်ထဲသို့ ဆွဲတင်ပြီး စားသောက်စရာများ တင်ကာ သုံးဆောင်နိုင်သည်။ ထိုင်ခုံတွင် ခလုတ်ကလေးတခုရှိသေးရာ ကျွန်ုပ်သည် ၎င်း၏အသုံးကိုသိလိုသည်နှင့် ကျွန်ုပ်၏ညီအားမေးကြည့်၏။ သူသည်ခလုတ်ကို ထိုမှ ဤမှလှုပ်ခါစမ်းသပ်ကြည့်သော်လည်း အသုံးကိုရှာမတွေ့နိုင်ပဲ ရှိ၍လက်လျှော့လိုက်ကြရသည်။ 'ညီ'သည် ရဲဘော်တယောက် ဖြစ်သော်လည်း အလုပ်များသူတယောက်ဖြစ်၍ ကရင်မလင်ဓာတ်ရှုကြီးသို့ ဤတကြိမ်သာ ရောက်ဘူးသည်ဟု သိရသည်။ ဘဲလေးကပွဲမှာ အခန်းတခန်းပြောင်း၍ 'ဓာတ်ခင်း'ကို ပြုပြင်ရသည့်အခါ ကားလိပ်များကို ကြိုးဖြင့် ဆွဲရုံနှင့်မပြီးပဲ များစွာ ပြုပြင်ရန်လိုသည်ဖြစ်သောကြောင့်

နာရီတဝက်ခန့် အနားပေးပြီး ပရိသတ်လည်း အပြင်သို့ထွက်ကာ စားကြ သောက်ကြ ဆေးလိပ်သောက်ကြလေသည်။ ကျွန်ုပ်မမေ့နိုင်သည့် ဇာတ်ခင်းတခုမှာ ဇာတ်ခုံနောက်ပိုင်း ခပ်ကျကျတွင် ရှေးဟောင်းအိမ်ကြီးတဆောင်ရှိရာ အတွင်း၌ မီးအိမ်များထွန်းညှိထား၍ လူများထွက်ဝင်သွားလာလျက်ရှိ၏။ အိမ်ရှေ့၌ကား မိန်းကလေးတယောက်နှင့် ယောကျ်ားကလေးတယောက်သည် မြက်ခင်းပေါ်တွင် တွဲ၍ ကလျက်ရှိ၏။ နောက်ဆုံး ၌ကား ရှေးအိမ်ကြီးသည် ဇာတ်ခုံပေါ်၌ပင် မီးများတောက်လောင်လျက်ရှိ သည်ကို မြင်ကြရသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်မှာဘဲလေးကပွဲများတွင် ဇာတ်ကောင် များနှင့် ဇာတ်လမ်းထက် သရုပ်ပါ၍ တကယ်ထင်ရလောက်အောင် ပြင်ဆင်ထားသည့် 'ဇာတ်ခင်း'များ၌ ပိုမိုစိတ်ဝင် စားခြင်းရှိခဲ့ပါသည်။

## ဘဲလေးအက

ဘဲလေးအကနှင့် ပတ်သက်၍ ကျွန်ုပ်သတိပြုမိသော အခြင်းအရာတခုကို ဖော်ပြလိုသေး၏။ ဘဲလေးကပွဲကို ကြည့်ကာစ၌ ကျွန်ုပ်သည် ခြေဖျားကလေး နှစ်ချောင်းထောက်ကာ မညောင်းမညာ ကြာရှည်စွာကနိုင်ခြင်းကို အံ့သြရုံမှတပါး ချီးမွမ်းစရာ ရှာမတွေ့ပဲဖြစ်နေ၏။ ခြေထောက်များကို မြှောက်ခြင်း၊ ကားခြင်းနှင့် လက်များကို လှုပ်ရှားပုံတို့မှာ မိန်းကလေးများအတွက် အလုမ်းကွာလွန်းပြီး ကိုးရိုး ကားရား နိုင်လွန်းသည်ဟူ၍ပင် ထင်မိ၏။ သို့ရာတွင် ကြာရှည်စွာ ကြည့်လိုက်သော အခါ၌မူကား သူတို့၏လှုပ်ရှားပုံများသည် ထင်သလောက် မရိုင်းဟုမြင်လာ၏။ ထို့ထက်ကြာပြန်သောအခါ၌မူကား သူတို့၏လှုပ်ရှားပုံများ နှင့် ပတ်သက်၍ အဆင် ပြေသော အချက်အလက်များကို မြင်တတ်လာတော့သည်။ မိန်းကလေးများ ပေါင်ကားရားလုပ်ခြင်း၊ ခြေထောက်မြှောက်လွန်းခြင်းသည် မြန်မာမျက်စိနှင့် မြင်လိုက် လျှင် မြင်လိုက်ချင်း ရိုင်းစိုင်းသည်၊ အမြင်မတော်ဟု

တခါတည်း ဆုံးဖြတ်တတ်၏။ ကျွန်ုပ်တို့သည် အတွေးနက်သော လူမျိုးဖြစ်ဟန်တူသည်။ ကျွန်ုပ်သည်ဘဲလေးအကကို အချိန်ကြာရှည်စွာ ကြည့်သည့်အခါ မူလကတည်းက အခံရှိသည့် အဆိုပါအတွေးမျိုး ပျောက်သွား၍ ခြေဟန်လက်ဟန် သက်သက်ကိုသာ မြင်လာ၏။ အမှန်မှာ ဘဲလေး ကချေသည်မများ၏ ခြေလက်လှုပ်ရှားပုံသည် အလွန်ယဉ်ကျေးသည့် ဟန်အမူအရာ မျိုး ပါရှိခြင်းကို ကျွန်ုပ်သဘောပေါက်လာသည်။ စာဖတ်သူ သဘောပေါက်အောင် ရှင်းပြရမည် ဆိုလျှင် ဘဲလေးကချေသည်မများ၏ က နည်း က ဟန်နှင့်ကိုယ်အနေ အထားကို လေ့ကျင့်မထားသည့် မိန်းကလေးတယောက်သည် ၎င်းတို့နည်းတူ ပေါင်နှစ်ချောင်းကို ကားသည်ဖြစ်စေ၊ ခြေထောက်နှစ်ချောင်းကို တဘက်စီမြှောက်သည်ဖြစ်စေ မကြည့်ပျော်အောင်ဖြစ်ပြီး မျက်စိထဲ၌ ကိုးရိုးကားရားနှင့် မဖွယ်ရာသော စိတ်ကူးမျိုး ဝင်လာပေလိမ့်မည်။ ဘဲလေးအကကို ကြည့်တတ်လာသော အခါ၌မူ နောက်ခြေတဘက်ကို ခါးအထက်ရောက်အောင် မြှောက်လိုက်စေကာမူလည်း ကိုယ်ကာယ၏ ဟန်ပြင်ပုံ အလိုက်သင့်ရှိလှ၍ လှပသော ကိုယ်လုံးကိုယ်ပေါက်လည်း ရှိသူများဖြစ်သည့် အတွက်ကြောင့် မတော်တလျော် အသွင်မျိုးမပေါ်လာပဲ ကိုယ်လက်နှင့် ခြေ ထောက်တို့၏ လှုပ်ရှားနည်းဆိုင်ရာ အနုပညာသည်သာလျှင် စိတ်ထဲတွင် ပေါ်လာပါ တော့သည်။ ဤသည်ကြောင့် အနောက်တိုင်း ဘဲလေးအကသည် အနုပညာတခုအနေဖြင့် ကမ္ဘာတွင် နာမည်ကြီးခြင်း ဖြစ်တန်ရာသည်ဟု ကျွန်ုပ်တွေးတောမိပါသည်။

## ရူရှားဆတ်ကတ်

ကမ္ဘာတွင် နာမည်ကြီးလှသော ရူရှားဆတ်ကတ်ကိုလည်း မော်စကို၌တကြိမ် လီနင်ဂရက်၌ တကြိမ်ကျွန်ုပ်ကြည့်ခဲ့ဘူးသည်။ လီနင်ဂရက်ရှိ ဆတ်ကတ်သို့ စာရေးဆရာမနှင့်အတူ ကျွန်ုပ်တို့သွားကြရာတွင် ဆရာမက “ကျွန်မတော့

ဆတ်ကတ်ပွဲ မကြည့်တာကြာပါပြီ၊ ရှင်တို့ကြည့်ချင်တယ်ဆိုလို့ လိုက်ပို့ပါတယ်" ဟုပြောသည်နှင့် ကျွန်ုပ်တီးခေါက်စုံစမ်း၍ အောက်ပါအတိုင်း သိရှိရသည်။ ဆတ်ကတ်ပွဲ ဟူသည်မှာ ကလေးသူငယ်များနှင့် အလုပ်ကြမ်းသမားများ (Uncultured) သာကြည့်သောပွဲ ဖြစ်၍ အပေါ်ဝတ် အင်္ကျီထူကြီးများကို ရုံထဲတွင် ဝတ်နိုင်ခွင့်ရှိကြောင်းပြောရာတွင် "ကလေးပဲထင်ထင်၊ စာမတတ်တဲ့ အမျိုးအစားပဲ ထင်ထင် ကျွန်တော်တို့တော့ ကြည့်ချင်သဗျာ"ဟု ကျွန်ုပ်က ပြန်ပြော၏။ ဤတွင်သူက "ရှင်တို့လို တခါတရံလာတဲ့ သူအဖို့တော့ဟုတ်ပါတယ်၊ ကြည့်လဲ ကြည့်ထိုက်ပါတယ်၊ ဒါကြောင့်လဲ ကျွန်မက လိုက်ပို့တာပါပဲ"ဟုပြောလေသည်။ ဤစာရေးဆရာမကား ပြောစရှိလျှင် ဘွင်းဘွင်းပြော တတ်သည့် ဝါသနာရှိသူ တယောက်ဖြစ်၍ နောက်ဆုံးတွင် ကျွန်ုပ်နှင့် အလွန်ခင်မင် ရင်းနှီးသော အဖြစ်သို့ ရောက်ခဲ့ကြသည်။ (ကျွန်ုပ်၏ဝတ်စုံမေ့ကျန်ရစ်စဉ်က "စမ်းကြည့်ပါစေဦး"ဟု ပြောရဲသော အမျိုးသမီးပင်ဖြစ်သည်။) လီနင်ဂရက်ဆက်ကတ် ပွဲ၌ ကျွန်ုပ်သည် သူနှင့်ပထမအကြိမ် တွေ့ခြင်းဖြစ်၍ အယ်နာကရဲနီးနားအကြောင်း ဆွေးနွေးကြသည်နှင့်ပင် ဆတ်ကတ်၌ ရည်မှန်းသလောက် အာရုံမစိုက်နိုင်ပဲ ဖြစ်ခဲ့ရ သည်။ ကျွန်ုပ်က "အယ်နာကရဲနီးနား၏ အဖြစ်မျိုးနှင့် ကြုံရလျှင် မိန်းမတရာအနက် ဘယ်နှစ်ယောက်လောက် အလွန်ရှုန်းနိုင်မည်ထင်ပါသနည်း"ဟု မေးသောအခါ သူက "အလွတ်ရုန်းနိုင်တဲ့ မိန်းမမျိုး မရှိဘူးလို့တော့ မဆိုပါဘူး၊ ကျွန်မကိုယ်တိုင်ဖြင့် တယောက်မှ မတွေ့ဘူးသေးဘူး" ဟု ပြန်ပြောရာ ဤအဆုံးအဖြတ်နှင့်တကွသူ၏ ပွင့်လင်းသော သဘောထားကိုပါ ကျွန်ုပ်သဘောကျလှသည်။ "ဒီလိုဆို ခင်ဗျား အပါအဝင်ပေါ့" ဟု ကျွန်ုပ်က စစ်မေးရာ "ကျွန်မလဲ မိုးကျရွှေကိုယ် (Heaven Born) တယောက်မှ မဟုတ်ပဲ" ဟု ရဲရဲ ဝံ့ဝံ့ ဖြေဆိုလေသည်။

## မော်စကိုဆတ်ကတ်ပွဲ

မော်စကိုဆတ်ကတ်ပွဲသို့မှု ကျွန်ုပ်တို့သုံးယောက်သည် 'ညီ'နှင့်'သား'တို့နှင့် အတူ သွားရောက်ကြ၏။ ပွဲထဲသို့မဝင်မီ 'သား'က အိုက်စကရင်စားကြအုံးမလား"ဟု မေးသည်နှင့် ကျွန်ုပ်က စိတ်ခပ်ထင့်ထင့်နှင့်ပင် "စားမည်"ဟု ပြောလိုက်၏။ စိတ်ထင့်မိခြင်းမှာ ဤမျှလောက် အေးလှသောဒေသတွင် စား၍သင့်တော်ပါမည်လော ဟု စဉ်းစားမိခြင်းကြောင့်ဖြစ်သည်။ သို့ဖြစ်၍ လေယာဉ်ပျံပေါ်၌ ဤဟာမစား၊ ဟိုဟာမစား၊ ရေကိုပင်သောက်ဝံ့ဟန်မတူသော သခင်ကျော်စိန်မှတပါး အိုက်စကရင်တထုပ်စီ ယူလာခဲ့ကြသည်။ ပွဲထဲ၌ ကျွန်ုပ်တို့သည် အိုက်စကရင်ထုပ်ကို ဖြေကာဖြေကာ ကြိတ်ရသည်မှာ ဇိမ်ရှိလှသည်။ ဆတ်ကတ်ပွဲမှာ ဘိုင်စကုပ်ထဲ၌ ကျွန်ုပ်ကြည့်ဘူးသည့် အခန်းအချို့ပါရှိသော်လည်း အရုပ်အဖြစ်နှင့် ကြည့်ရခြင်းထက် လူကိုယ်တိုင်မြင်ရခြင်း ၏အရသာသည် ကြီးစွာသော ခြားနားခြင်းရှိပေသည်။ ထို့ပြင် အချို့သော အဆန်းများကို အခြားသောဆတ်ကတ်များတွင် ငယ်ကတည်းက မြင်ခဲ့ဖူးသော်လည်း တူပင်တူစေကာမူ ပို၍ခက်ခဲသော အတတ်များကို တွေ့ရသည်။ ပမာဆိုသော် ကောင်းကင်ဘား၊ ကြိုးတန်းလျှောက်ခြင်း၊ ပွှမ်းပစ်ခြင်း၊ မြင်းစီးခြင်းမှစ၍ ခွေးလိမ္မာ၊ မြင်းလိမ္မာ၊ တောတိရစ္ဆာန်ရိုင်းများ စသည်ကို ဆတ်ကတ်ပွဲများ ပေါ်ကတည်းက လူတိုင်းမြင်ခဲ့ကြ၍ ကျွန်ုပ်လည်း လက်မလွတ်တမ်း ကြည့်လာခဲ့သူတယောက်ဖြစ်၏။ သို့ရာတွင် ကောင်းကင်ဘား၌လည်းကောင်း၊ ကြိုးတန်းလျှောက်ခြင်းနှင့် မြင်းစီးခြင်းတို့၌လည်းကောင်း အခြားဆတ်ကတ်များ ပြကြသည်ထက်နှစ်ဆမျှခဲယဉ်းပြီး သုံးဆမျှ ကြည့်ရှုကောင်းသည်ကိုမြင်ခဲ့ရ၏။ ခွေးလိမ္မာချင်းလည်းမတူ၊ မြင်းလိမ္မာချင်းလည်းမတူ အလွန့်အလွန်ခဲယဉ်းလှ၍ တခါတရံ ဟာသဖက်သော အတတ်ကလေးများ သင်ပြထားပုံမှာ မယုံနိုင်လောက်အောင် ခက်ခဲလှပါပေသည်။ ကျွန်ုပ်သည် တဘက်တွင် အိုက်စကရင်၏ ရသာရှုကိုခံစားယင်း လူပြက်များ၏

ရယ်စရာ အပြုအမူကို တဘက်က ရယ်မောရသည်မှာ မအားလပ်အောင် ရှိပါတော့သည်။ တချက်တချက် တွင် ကျွန်ုပ်၌ စိတ်ကူးလေးတခုပေါ်ပေါက်လာ၏။ (အိုက်စကရင်မှာ စက္ကူဖြင့်ပတ် ထား၍ အတောင့်လိုက် လက်နှင့်ကိုင်စားရသည်ဖြစ်ရာ ရေခဲသော ရာသီဥတုဖြစ်သည် နှင့် အရည်မပျော်ပဲ လက်ထဲ၌ အတောင့်လိုက်တည်လျက် ရှိသဖြင့် ကိုက်စားလိုသော အထက်ပိုင်းမှစက္ကူပတ်ကို တဖြည်းဖြည်းချင်း ဖြေကာ ကိုက်စားနိုင်လေသည်။) ကျွန်ုပ်၏စိတ်ထဲ၌ အိုက်စကရင်တောင့်ကို ကိုက်စားယင်း ဆတ်ကတ်လူပြက်များ၏ နောက်ပြောင်ခြင်းများကို အအုပ်အထိန်းမရှိ၊ လွတ်လပ်စွာ တဟားဟားရယ်လျက်ရှိ ခြင်းများကို သတိပြုမိပါသည်။ ငါသည်ဆိုဗီယက်ယူနီယံသို့ ရောက်ခါမှ ကလေးဘဝ သို့ ပြန်ဆင်းနေရချေပြီတကားဟု စဉ်းစားမိပေသေးသည်။

## တတိယအကြိမ် စကားပြောခြင်း

မော်စကိုမြို့မှ ကျွန်ုပ်တို့သုံးယောက် ဒုတိယအကြိမ် ထွက်ခွာခါနီးတွင် အာရှအာဖရိက ချစ်ကြည်မှုခိုင်မြဲရေးကော်မတီ လူကြီးများက ကျွန်ုပ်တို့ တည်းခိုသည့် ဘုဒါ့ပဲစ် ဟိုတဲလ်တွင် နေ့စာစားပွဲ တည်ခင်းကျွေးမွေးခြင်းအားဖြင့် နှုတ်ဆက်ကြလေသည်။ ၎င်းနှုတ်ဆက်ပွဲတွင် ကျွန်ုပ်သည် 'ညီ'၏တိုက်တွန်းချက်အရ တတိယအကြိမ် စကားပြောခဲ့ပါသည်။ ထိုအခါ၌မူ ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံအတွင်း အတော်ကလေးနဲ့အောင် လည်ပတ်ပြီး၍ အတော်အတန် လူကဲခတ်ခွင့် ရရှိခဲ့ပြီဖြစ် သောကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ရှိသော အခြင်းအရာကို အထိုက်အလျောက် ဖွင့်ဟပြောပြချင်သောဆန္ဒဖြစ်ပေါ်လျက်ရှိ၏။ ကျွန်ုပ်ပြောသော စကားများကို စကားပြန်မိန်းကလေး အာဒါက ဘာသာပြန်ပြောရ၏။ (အာဒါသည် ကျွန်ုပ်တွေ့ခဲ့ရသည့် ဆိုဗီယက်စကားပြန်များအနက်တွင် အင်္ဂလိပ်လို အတော်သပ်သပ်ရပ်ရပ် ဘာသာပြန်တတ်သူတယောက်ဖြစ်၏။ ရုရှားလိုပြန်ဆိုခြင်း မှုကား

ကျွန်ုပ်မပြောနိုင်ပေ။) စလျှင်စချင်း ကျွန်ုပ်က ကိုယ်စားလှယ်အဖွဲ့တွင် ဦးလှကျော်ကား ဦးခေါင်း၊ သခင်ကျော်စိန်ကား ပါးစပ်၊ ကျွန်ုပ်ကား နှလုံးနှင့်တူပါကြောင်း၊ နှလုံးနှင့်တူပုံမှာ ဆိုဗီယက်ယူနီယံသို့ ရောက်ကတည်းက ကျွန်ုပ်သည် တွေ့ရသမျှသော လူများနှင့် ချစ်ခင်ရင်းနှီးခြင်းရှိအောင် အထူး တလည် ကြိုးစားခဲ့ရာ ကြိုးစားသည့်အတိုင်းလည်း အောင်မြင်ခြင်းကို တွေ့ရ၍ ဝမ်းမြောက်လှပါကြောင်း (ဤနေရာ၌ ပင်စင်စား ကချေသည်ကြီးများ၏ ရိပ်သာတွင် ကျွန်ုပ်အား ၎င်းတို့နှင့် အတူနေဖို့ ဖိတ်ခေါ်ပြီးအစိုးရ အား ၎င်းတို့က ထောက်ခံတိုက်တွန်း ပေးပါမည်ဟု ပြောဘူးသည့် အကြောင်းများနှင့် ကျွန်ုပ်၏လက်ချောင်းများ အေးလွန်းလှ၍ သွေးတောင့်မတတ်ရှိရာတွင် စကားပြန်မ ကလေး အာလာက 'အာငွေ့ဖြင့်' ဟားတိုက်ပြီး နွေးအောင်လုပ်ပေးသည်အထိ ကြင်နာခြင်းရှိပုံတို့ကို ပြောပြသည်။) ဤသည်ကို ထောက်ခြင်းအားဖြင့် ဆိုဗီယက် တို့သည် ကြင်နာသောနှလုံးကို ကြင်နာသောနှလုံးဖြင့် တုံ့ပြန်တတ်သည့် လူမျိုးဖြစ် သည်ဟု ကျွန်ုပ်ယုံကြည်ကြောင်း (လူအားလုံး ဦးခေါင်းဆတ်ကြသည်။) သို့ဆိုသော်လည်း ကျွန်ုပ်နှင့်အဆက်ဖြစ်ရသူများမှာ အစိုးရအဖွဲ့တွင် အထက်တန်း ကျသည့် ပရဲ့ဆီးဒီးယမ်း အဆင့်အတန်းမဟုတ်၊ သာမန်အတန်းအစား မျှသာဖြစ်ကြောင်း၊ ကျွန်ုပ်၏အထင်မှာ အထက်တန်းဆိုသော ပုဂ္ဂိုလ်ကြီးများမှုကား ဒေါသတွေမာနတွေ မိုးမွှန်ပြီး ငါတကောကောချင်သည့် စိတ်ဓာတ်မျိုးတွေ ပြည့်လျှံလျက် ရှိကြသည်ထင် ကြောင်း၊ ဆိုဗီယက်ခေါင်းဆောင်ကြီးများသည် တောင်သူလယ်သမားနှင့် အလုပ်သမားတို့၏ မေတ္တာစိတ်ဓာတ်မျိုး မမွေးမြူကြပဲ မာန်မာနတွေ ထောင်လွှား လျက်ရှိကြပါက ကမ္ဘာကြီးသည် တနေ့စောစောတွင် မီးခိုးနှင့် ပြာလောက်သာ ကျန်ရစ်ဖွယ်ရာရှိကြောင်း၊ ဆိုဗီယက်ယူနီယံသို့ နှလုံးအဖြစ်နှင့် ကျွန်ုပ်လိုက်ပါလာခဲ့ ခြင်းမှာ နှလုံးအလုပ်ကို ကိုင်တိုင်လေ့ကျင့်ပြီး အခြားသူတို့အားလည်း ပြန့်ပွားစေရန် အတွက်ဖြစ်ကြောင်း၊ (အချို့မှာ စဉ်းစားလျက် တယောက်နှစ်ယောက်မျှ ဦးခေါင်းဆတ် ကြသည်။) ကျွန်ုပ်၏

'တို့စ်'ကား ကမ္ဘာ့တိုင်းပြည်များအားလုံး တစ်ပြည်နှင့်တစ်ပြည် မေတ္တာစိတ်ဖြင့် အပြန်အလှန် တုံ့ပြန်နိုင်ကြပြီး သင့်သင့်မြတ်မြတ် ရှိကြပါစေသတည်း၊ (Good Will and Good Fellowship) ဟုဆန္ဒပြုခဲ့ပါသည်။လူအားလုံးသည် ကျွန်ုပ်၏ 'တို့စ်'ကို ထုံးစံအတိုင်း ဝိုင်အရက်ဖြင့်လက်ခံကြသော်လည်း ဝမ်းထဲက ရုတ်တရက် ကြိုက်ချင်မှကြိုက်ပေမည်။ တယောက်နှစ်ယောက်ကမူ နှစ်သက်သောအမူအရာမျိုး ပြကြလေရာ အားလုံးမူကား လေးနက်စွာ စဉ်းစားသော မျက်နှာထားမျိုး ဖော်ပြကြသည်ချည်း တွေ့ခဲ့ရပါသည်။ (သခင်ကျော်စိန်အား 'ပါးစပ်'နှင့်နှိုင်း၍ ကျွန်ုပ်ကပြောစဉ် ဥက္ကဋ္ဌလုပ်သူ စာရေးဆရာကြီးက "ပါးစပ်မကပါဘူးခင်ဗျား၊ လောက်စပီကာနဲ့ တူပါပေတယ်"ဟု ပြောပါသေးသည်။ ဆွေးနွေးပွဲများတွင် သခင်ကျော်စိန်သည် စကားမပြောသည်မရှိ၊ ပြောသည်ချည်းတွေ့ခဲ့ရသည်။)

## ရဲဘော်များနှင့်ခွဲခွာခြင်း

နောက်တနေ့နေ့လယ်တွင် ကျွန်ုပ်တို့သည် မော်စကိုမြို့မှ ဒုတိယအကြိမ် ထွက်ခွာကြလေရာ ကျွန်ုပ်၏ 'ညီ'နှင့်'သား' တို့သည် ကျွန်ုပ်တို့ကို လေဆိပ်သို့ တိုင်အောင် လိုက်ပို့ကြ၏။ ရဲဘော်နှစ်ယောက်သည် ကျွန်ုပ်တို့အား အာမီးနီးယား၊ ဂျော်ဂျီးယား၊ လီနင်ဂရက် စသောမြို့များသို့ ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာခဲ့ကြရာ ဤတကြိမ်မှာမူ အခြားတိုင်းပြည်တပြည်သို့ ထွက်ခွာကြရမည်ဖြစ်၍ သူတို့ကိုယ်တိုင် လိုက်ပါခွင့်မရှိပဲ ကျွန်ုပ်တို့အား လေဆိပ်အထိသာ လိုက်ပို့ကြခြင်းဖြစ်လေသည်။ (ကျွန်ုပ်တို့သည် လေယာဉ်ပျံရုံထဲတွင် လေယာဉ်ပျံစောင့်လျက်ရှိသည်။ မအမာသည် ဂျာမနီပြည်မှ လေယာဉ်ပျံနှင့် ဆိုက်ရောက်လာခြင်းအကြောင်းကို အထက်တွင်ဖော်ပြခဲ့ပြီးပါပြီ။ ခွဲခါနီးတွင် ညီနှင့်သားတို့သည် ဝမ်းနည်းသောမျက်နှာထားကို ထင်ရှားစွာဖော်ပြလျက် ရှိကြရာ ကျွန်ုပ်သည် မအမာအား ရဲဘော်များနှင့် မိတ်ဆက်ပေး၍အထူးသဖြင့် 'ညီ'၏

ဝမ်းနည်းသော မျက်နှာထားကို မအေမာကိုယ်တိုင် မြင်နိုင်လောက်ပါသည်။ ညီ၏မျက်နှာကို မြင်ရသည်တွင် ကျွန်ုပ်၏စိတ်၌ထိခိုက်သည်နှင့် 'ညီ'အား တခါတည်း အပြီးခွဲကြခြင်းမဟုတ်သေးပဲ တဖန်ပြန်တွေ့ကြရဦးမည် ဖြစ်သောကြောင့်အလွန်ကြီး ဝမ်းနည်းစရာမဟုတ်သေးကြောင်းနှင့် အားပေးစကား ပြောခဲ့ရပါသေးသည်။)

## ထိတ်လန့်မိသောအပြုအမူ

ဘာလင်မြို့သို့ရောက်ကြ၍ နီဝါဟိုတဲလ်၌ တည်းခိုလျက်ရှိစဉ် ဂျာမနီရဲဘော်များသည် ကျွန်ုပ်တို့အား လိုက်ပဇစ်မြို့ပြပွဲကြီးသို့လိုက်ပို့ရန် စီမံကြလေသည်။ ဆိုရှယ်လစ်နိုင်ငံများမှ ရဲဘော်များသည် အခြားတိုင်းပြည်များမှ ဖိတ်ခေါ်သည့် ဧည့်သည်တော်များအား ဂရုစိုက်ကြပုံများမှာ အလွန်ကျေးဇူးတင်ဖို့ကောင်းလှသည်။ အစားအသောက် အနေအထိုင်နှင့် လည်ပတ်ကြည့်ရှုရန်အတွက် အလုံးစုံတာဝန် ယူပေးသည့်အပြင် ကျွန်ုပ်တို့လူသုံးယောက်နှင့်အတူ ရဲဘော်နှစ်ယောက်၊ တခါတရံ သုံးယောက်မျှ အမြဲထည့်ပေးတတ်ကြပေသည်။ (ဤသည်ကိုပင် မလိုသောသူများက 'သူလျှို'အစောင့် ထည့်ပေးထားသည်ဟု ပြောကြဦးမည်လော မဆိုနိုင်ပေ။) ဘာလင် သို့ ကျွန်ုပ်တို့ရောက်သည့်ညဉ့် ဧည့်ခံပွဲကလေးတခုပြုလုပ်၍ ရဲဘော် ၈ယောက်ခန့် လာရောက်ကြသည်။ ၎င်းအနက်တွင် ယောကျာ်းလေးယောက်နှင့် မိန်းမလေးယောက် ခန့်ပါရှိ၏။ မိန်းမလေးယောက်အနက် ဥပမိရုပ်ကောင်းကောင်းနှင့် အတော်ခန့်ခန့် ဝတ်ထား၍ အသက် ၄၀ခန့်ရှိသော မိန်းမတယောက်သည် စားပွဲတွင် ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် ထိုင်မိကြ၏။ ထိုမိန်းမက ဂျာမန်လိုပြောသော စကားကိုတယောက် ကအင်္ဂလိပ်လိုဘာသာပြန်၍ ပြောရခြင်းကို ထောက်ခြင်းအားဖြင့် သူတို့အထဲတွင် အကြီးအကဲဖြစ်ဟန်ရှိ၏။ အားလုံးကလည်း ၎င်းအားရှိသေလေးစားကြပုံရသည်။ စားပွဲ၌

ညစာစားလျက်ရှိကြစဉ် ထိုမိန်းမနှင့် ကျွန်ုပ်သည် ထုံးစံအတိုင်း မျက်မှန်းတန်း မိကြလေပြီ။ သို့ရာတွင်သူက အင်္ဂလိပ်လိုလည်း ပြောတတ်ဟန်မတူ၊ အသေးအဖွဲ အကြောင်းအရာကလေးများကို စကားပြန်နှင့်ပြောဖို့လည်း မသင့်သဖြင့် သူနှင့် ကျွန်ုပ်သည် စကားကမ်းလှမ်းခြင်းမပြုပဲ စားပွဲတဘက်တချက်၌ထိုင်ကာ ကြည့်ရှုမျှ သာ ကြည့်နေကြ၏။ စားသောက်ပြီးကြ၍ ထိုင်ရာမှထကြသောအခါ ထိုမိန်းမသည် ကျွန်ုပ်ရှိရာသို့ လျှောက်လာ၍ လက်ဆွဲနှုတ်ဆက်ကြရာတွင် ကျွန်ုပ်၏မျက်နှာ အနီးသို့ ဆတ်ကနဲငုံ့လိုက်သည်ကိုမြင်သည်နှင့် ကျွန်ုပ်မှာ ကစ်(စ်)ပေးလိုက်ချေ တော့မည်လောဟု ဒိတ်ကနဲဖြစ်သွား၏။ သို့ရာတွင် ထိုကဲ့သို့မပြုပဲ ကျွန်ုပ်၏ အနီးသို့ချဉ်းကပ်ပြီး "ဂွဒ်နိုက်"၊ "ဂွဒ်နိုက်" ဟု နှစ်ခွန်းတိုင် ခပ်တိုးတိုး နှုတ်ဆက်လေသည်။ သူ၏ပြုစင် သောစိတ်နှင့်ပတ်သက်၍ ကျွန်ုပ်ယုံမှားခြင်း မရှိသော်လည်း အပြုအမူကား ထူးဆန်း သည်ဟု ကျွန်ုပ်သတိပြုမိပါသည်။

## အအေးမိခြင်း

မတ်လ ၁၃ရက်နေ့၌ ကျွန်ုပ်တို့သည် စကားပြန်မိန်းမတယောက်၊ လမ်းပြ ယောက်ျား တယောက်နှင့် အတူမော်တော်ကားဖြင့် လိုက်ပဇစ်မြို့သို့ထွက်လာကြ သည်။ ထိုမြို့တွင်ကျွန်ုပ်တို့လူစု တည်းခိုသောဟိုတဲလ်၏အမည်မှာ အဲ့စ်တိုးရီး ယားဟိုတဲလ်ပင်ဖြစ်၏။ သို့ရာတွင်လီနင်ဂရက်မြို့မှ နာမည်တူဟိုတဲလ်ကြီးကဲ့သို့ ကြီးကျယ်ခမ်းနားသည်တော့မဟုတ်ပါ။ ဟိုတဲလ်၌ နေ့စာစားသောက်ကြပြီးနောက် ကျွန်ုပ်တို့သည် ပြပွဲကြီးသို့ သွားရောက်ကြည့်ရှုကြ၏။ တိုင်းပြည်ပေါင်း ၈၀ ကျော်မှ ကုန်ပစ္စည်းများ လာရောက်ပြသကြခြင်းဖြစ်၍ တပြည်လျှင် အဆောက် အအုံကြီးတခုစီ နေရာယူထားကြသည်ဖြစ်သောကြောင့် ပြပွဲကြီး၏ ကြီးကျယ် ခမ်းနားလိုက်ပုံမှာပြော ဖွယ်ရာမရှိပေ။ သို့ရာတွင် ထိုနေ့မှာ ပြပွဲနောက်ဆုံးနေ့ ဖြစ်သည့်အတွက်ကြောင့် စည်ကားသင့်သလောက်မစည်ကားတော့ဟု သိရ၏။

သို့နှင့်လည်း ကြည့်၍မနှံ့နိုင် အောင်ရှိပါဘိသည်။ ကျွန်ုပ်တို့သည် အဆောက် အအုံကြီးတခုနှစ်ခုသို့ ဝင်ကြည့်၍ ဝယ်လိုသောပစ္စည်းအနည်းငယ်တွေ့သည်နှင့် မေးကြည့်ရာ လက်လီရောင်းဖို့မဟုတ် ဟုပြောသည်နှင့် ကျွန်ုပ်စိတ်ပျက်ခဲ့လေပြီ။ သို့ဖြစ်၍ ကျွန်ုပ်သည် ဝယ်လိုသော ပစ္စည်းဝယ်မရသည့်လူသုံးပစ္စည်းပြပွဲကို ခြေညောင်းခံပြီး လှည့်၍မကြည့်လိုတော့သည် နှင့် အဖော်များအား အကြောင်း ကြားကာ မော်တာကားပေါ်သို့သွား၍ ထိုင်နေ၏။ တနာရီခန့်ကြာ၍ အဖော်များ မပြန်လာကြသေးပဲရှိရာတွင် ကားပေါ်၌ တစိမ့်စိမ့် အေးလျက်ရှိလေပြီ။ (ထိုနေ့မှာ နှင်းများအထူးကျ၍ ချမ်းအေးလှသည်။) တနာရီခွဲကြာသော်လည်း မပေါ်လာ ကြသေးပဲရှိရာတွင် ကျွန်ုပ်သည်ဒရိုင်ဘာအား ဟိုတဲလ်သို့ပြန် ပို့ရန်ပြောပြီး အိပ်ရာထဲ၌ကွေးနေပါတော့သည်။ သို့နှင့်ပင်ကျွန်ုပ်မှာ အအေးမိသွားခဲ့ လေပြီ။ သူတို့ပြန်လာ၍ ကျွန်ုပ်အအေးမိသည်ထင်ကြောင်း ပြောပြသည့်အခါ ရဲဘော် များက သံပုရာရေတဖန်ခွက်ကို တိုက်ကြသည်။ ကျွန်ုပ်သည် မြန်မာပြည်၌ အအေးမိ၍ ဖျားသွေးရှိစဥ်က အချဥ်ဟူသမျှကို ရှောင်ဖို့ ဒေါက်တာကပြောဖူး သည်နှင့် သံပုရာရည်ကို ကြောက်ကြောက်နှင့်သူတို့ တိုက်တွန်း၍သာ သောက် လိုက်ရသည်။ နောက် တနေ့၌ မသက်သာသည်နှင့် ဘာလင်သို့ပြန်လာကြသည်။ ဟိုတဲလ်သို့ ရောက်သော အခါ ဒေါက်တာရောက်လာ၍ ကုသသည်နှင့် သက်သာစပြုလာသော်လည်း နိုင်ငံခြား ရေးရုံးမှ ရဲဘော်တယောက် ရောက်လာ၍ ဆေးရုံသို့ပို့လိုက်ပါသည်။ (ဤသည်မှာရဲ ဘော်များနှင့် ကိုလှကျော်တို့လူစု မရှိခိုက်တွင်ဖြစ်သည်။)

ဆေးရုံသို့ရောက်သောအခါ ကျွန်ုပ်အား ပြုစုစောင့်ရှောက်ကြပုံများမှာ ကျေနပ် ဖွယ်ရာ ကောင်းလှသောကြောင့် အသေးစိတ်ဖော်ပြလိုပါသေးသည်။ ကျွန်ုပ်သည် နာဖျားမကျန်း ဖြစ်ခါစ၌ အစာမစားပဲနေလိုက်လျှင် သက်သာ မြဲဖြစ်သည့်အတွက် ကြောင့် အစာမစားပဲနေရာ ဆရာဝန်က ချမ်းအေးသော သူတို့တိုင်းပြည်များ၌ အအေးမိ၍ အစာမစားလျှင် ခွန်အားကုန်ခမ်းမည်ကို

(အထူးသဖြင့် လူအိုတယောက် အဖို့ရာ၌) စိုးရိမ်ရသည်ဟုပြောသဖြင့် ကြိုးစား၍ မျိုချရပါသည်။ ကျွန်ုပ်၏အခန်းသို့ ဆရာဝန်ကလေးတယောက်၊ မိန်းကလေး နှစ်ယောက်နှင့် မိန်းမကြီးတယောက်သည် တလှည့်စီ လာကြည့်ကြသည်။ ဆရာဝန်သည် နှစ်ခေါက်လာကြည့်၍ မိန်းကလေးများ နှင့် မိန်းမကြီးမှာမူ မကြာခဏ ရောက်လာကြသည်။ နှစ်ရက်လောက်ကြာသောအခါ မိန်းကလေး များသည် ကြင်နာမှုတဖြည်းဖြည်း တိုးလာကြပုံရလေရာ အသက်၅၀ခန့်ရှိ မိန်းမကြီးမှုကား အကျွမ်းတဝင်ဖြစ်လာရုံမက ကြင်နာသော အမူအရာကို ထင်ရှားစွာ ဖော်ပြလျက်ရှိလေပြီ။ ဒုတိယနေ့တွင် ကျွန်ုပ်သည် ဆရာဝန်က ကြိုးစား၍ စားရမည် ဆိုသောကြောင့် ခဲယဉ်းစွာ မျိုချပါသော်လည်း တလုတ်တလေထက် ပို၍မျိုမချနိုင်ပဲ သူတို့ပို့သော စားစရာများမှာ စားပွဲပေါ်၌ နကိုအတိုင်းရှိနေ၏။ ဤတွင်မိန်းမကြီး သည် စားစရာများကို တနာရီလျှင် တမျိုးအလဲလဲယူလာ၏။ သို့နှင့်လည်းကျွန်ုပ်မစား နိုင်ချေ။ မိန်းမကြီးသည် အခန်းတွင်းသို့ဝင်လာ၍ စားပွဲပေါ်ရှိ စားစရာများ အရာ မယွင်းပဲ နကိုအတိုင်းရှိနေသည်ကိုမြင်ရတိုင်း ညှိုးငယ်သောမျက်နှာထား ဖြစ်သွားခြင်း ကို ကျွန်ုပ်မြင်ရသည်။ ထိုအခါမိန်းမကြီးသည် ကျွန်ုပ်ကိုပွေ့ထူ၍ စားစရာများကို ဇွန်းဖြင့်ဖြစ်စေ၊ ခရင်းဖြင့်ဖြစ်စေ ရယ်ကာမောကာနှင့် ချော့၍ခွံ့ပေးရှာသည်။ ကျွန်ုပ် မှာမူ အမျိုးမျိုးရနိုင်သည့် ဟိုတဲလ်စားစရာများကိုပင် ရွံ့မုန်းလာခဲ့ပြီဖြစ်၍ ဆေးရုံ စားစရာများကို အနံ့ပင် မခံချင်အောင် ရွံ့မုန်းလျက်ရှိနေ၏။ သို့နှင့်လည်း မိန်းမကြီးသည် လက်မလျှော့သေးပဲ ဆေးရုံ၌ရှိသည့် စားစရာအမျိုးမျိုးကို အနည်းနည်းပြင် ဆင်၍ယူခဲ့ပါသည်။

## မတော်တဆဖြစ်မှု

ကျွန်ုပ်၏အခန်းသို့ မိန်းကလေးနှစ်ယောက် ဝင်ရောက်ပြုစုလေ့ ရှိကြောင်း ဖော်ပြခဲ့ပြီးဖြစ်ရာ တယောက်မှာ ထောင်ထောင်မောင်းမောင်းနှင့် အားခွန်ဗလ ကောင်းလှ၍ ဒုတိယတယောက်မှာ အရပ်ခပ်ပြတ်ပြတ် ပါးနီကလေးနှင့် ပြုံးပြုံး ကလေးနေတတ်သူဖြစ်လေသည်။ ထိုနှစ်ယောက်အနက် ပထမမိန်းကလေးသည် ယောကျ်ားကလေးသဖွယ် ရဲတင်းသော အမူအရာရှိ၍ ဒုတိယမိန်းကလေးမှုကား ဦးခေါင်းကို အမြဲငုံ့၍ ရှုံ့ရှက်တတ်သည့် အမူအရာရှိလေသည်။ ဒုတိယ မိန်းကလေးသည် ဆေးရုံသို့ ကျွန်ုပ် ရောက်သည့် ပထမနေ့၌အခန်းထဲသို့ ဝင်လာ၍ ကျွန်ုပ်နှင့်တကြိမ်တည်း မျက်နှာချင်း ဆိုင်ပြီးသည်မှစ၍ ကျွန်ုပ်၏ မျက်နှာကို ဘယ်အခါမှမော့်မကြည့်တော့ပဲ အမြဲငုံ့ထား လေ့ရှိ၏။ ကျွန်ုပ်မေးသည့် စကားများကို ငုံ့လျက်သာ ဖြေလေ့ရှိ၏။ တနေ့သ၌ မိန်းကလေးသည် နှုတ်သီးမှ အငွေ့ပန်းထွက်သည့် ကိရိယာတခုကို ကျွန်ုပ်၏ရှေ့တွင် တည်ပေး၍ ထွက်သော အငွေ့ကို ကျွန်ုပ်က ရှူရ၏။ ငါးမိနစ်ခန့်ရှူပြီး၍ မိန်းကလေး သည် ထိုကိရိယာကို သိမ်းရာတွင် ရေနွေးငွေ့ထွက်သည့် နှုတ်သီးမှရေနွေးထွက်လာ၍ ကျွန်ုပ်၏ မျက်နှာသို့ပန်းပါသည်။ ကျွန်ုပ်သည်အတော်ပူလောင်သော ရေနွေးကြောင့် လန့် အော်လိုက်မိရာ မိန်းကလေးသည် ငုံ့ရာမှ ကျွန်ုပ်၏မျက်နှာသို့ ဖျတ်ကနဲမော့် ကြည့်လိုက်သဖြင့် ကျွန်ုပ်နှင့်မျက်လုံးချင်းဆိုင်မိကြ၏။ ကျွန်ုပ်သည် ရေနွေးပူ ဝင်သော မျက်လုံးတဘက်ကိုလက်ဖြင့်ပိတ်၍ ကြည့်လိုက်ရာ သူ့၌ဖြစ်ပေါ်လျက် ရှိသော ကရုဏာမျက်နှာထားမှာလည်း ဘယ်တော့မှကျွန်ုပ်မေ့နိုင်မည် မဟုတ်သည့် မျက်နှာ ထားဖြစ်ပါတော့သည်။ မိန်းကလေးသည် ကျွန်ုပ်ကို သနားရုံသာမက သူ့အပြစ်ကြောင့် ဖြစ်ရခြင်းအတွက်လည်း အကြီးအကျယ် နောင်တရလျက် ရှိပုံရသည်။ အမှန်မှာ သူ၏ပေါ့လျော့မှုကြောင့် ဖြစ်ရပုံလည်းရသည်။ ကျွန်ုပ်မှာ အတော်ပူလောင်သည် မှန်သော်လည်း မိန်းကလေး၏ဝမ်းနည်းသော မျက်နှာကို

မြင်သည်နှင့် လက်ဖြင့် ဖုံးအုပ်ထားသည့် မျက်လုံးတဘက်ကို ဖွင့်လှစ်၍ "ကိစ္စမရှိပါဘူး" ဟု ရယ်မောကာ ပြောလိုက်ရသည်။ ဤတွင်မှ မိန်းကလေးသည် ကျွန်ုပ်၏လက်မောင်းတဘက်ကို သူ့လက်နှစ်ဖက်ဖြင့်ကိုင်ကာ ပြုံးနိုင်လေသည်။ ထိုနေ့မှစ၍ မိန်းကလေးသည် ကျွန်ုပ်၏ အခန်းထဲတွင် ဦးခေါင်းမင့်တော့ပဲ ဝင်လျှင်ဝင်ချင်း ပြုံး၍နှုတ်ဆက်ဖော် ရပါတော့သည်။

## 'ဂွဒ်နိုက်'၏ခန့်ညားပုံ

ကျွန်ုပ်ဆေးရုံသို့တက်ပြီး နောက်တရက်၌ သခင်ကျော်စိန်၊ ကိုလှကျော်၊ လမ်းပြ ရဲဘော်၊ စကားပြန်မိန်းကလေးတို့သည် ကျွန်ုပ်ကိုလာ၍ကြည့်ကြရာ ၎င်းတို့နှင့်အတူ ကျွန်ုပ်အား 'ဂွဒ်နိုက်' ဟု တီးတိုးနှုတ်ဆက်သည့် မိန်းမလည်း လိုက်ပါလာသည်။ ကျွန်ုပ်တို့သည် သူတို့ဝင်လာခိုက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ကာအနီးရှိ စားပွဲကလေးပါတွင် မလိုင်တဖန်ခွက်နှင့် ပန်းသီးပန်ကန်ပြား တင်ထား၍ ပန်းသီး တလုံးကို အခွံနွှာလျက်ရှိရာ သခင်ကျော်စိန်သည် ကျွန်ုပ်၏အနေအထိုင်ကိုမြင်သည် နှင့် "ဆရာကြီးကတော့ဖိမ်ပဲဆရာကြီးရေ့"ဟု ဝမ်းသာအားရပြောလေသည်။ ရဲဘော်များသည် ကျွန်ုပ်၏ ကျန်းမာရေးအကြောင်းကို မေးမြန်းကြရာ 'ဂွဒ်နိုက်'မိန်းမကလည်း စကားပြန်နှင့် မေးပါသည်။ သူတို့အားလုံးသည် ကုလားထိုင်လုံလောက်စွာ မရှိသဖြင့် မတ်တတ်ရပ်ကာ မေးကြရ၏။ ထိုအခိုက်တွင် ဆရာမကလေးတယောက်သည် အခန်းထဲသို့ ပျာယီးပျာယာဝင်လာ၍ ဂျာမန်လိုပြောရာ ကျွန်ုပ်ကစကားပြန် မိန်းကလေးအား မေးသဖြင့် "အကြီးဆုံးဆရာဝန်ကြီးတွေနဲ့ ဆရာဝန်မကြီးတွလာနေ ကြလို့ မြန်မြန်ထွက်ကြပါတဲ့"ဟု ပြန်ပြောလေသည်။ ဆရာမကလေး၏စကားကြောင့် အခြားလူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသော်လည်း 'ဂွဒ်နိုက်'ကမူ မထီတရီလုပ်နေပြီး ကျွန်ုပ်အားမေးလက်စ စကားကို စကားပြန်မှတဆင့် ဆက်လက်

၍မေးနေ၏။ ဤတွင်ဆရာမကလေးက ထွက်သွားကြဖို့ ထပ်လောင်းပြောဆိုပြန်ရာ ဂွဒ်နိုက်သည် အနည်းငယ်မျှ အခြေမပျက်ပဲ ဆရာမကလေးအား "တယ်ရှုပ်တယ်" ဟု ဆိုလိုသော အဓိပ္ပာယ်မျိုးဖြင့် လက်ပြရုံပြပြီး ဆက်လက်၍ မေးနေသေးသည်။ ထို့နောက်အခန်း ပြင်မှ ခြေသံများကြားသည်တွင်မှ 'ဂွဒ်နိုက်'သည် အခန်းပြင်သို့ အေးအေးဆေးဆေး ထွက်သွား၍ အခြားလူများလည်း လိုက်ပါသွားကြလေသည်။ ထိုမိန်းမ၏ခန့်ညား တည်ငြိမ်သော ဣန္ဒြေကို ကျွန်ုပ်မြင်ရသဖြင့် 'ကြီးကြီး မာစတာ၏ ကတော်ကြီး' တယောက် ဖြစ်ရမည်ဟု အကဲခတ်မိပါသည်။

## စစ်ဆေးကြခြင်း

ကျွန်ုပ်၏အခန်းတွင်းသို့ အသက် ၅၀ကျော်ခန့်မျှချည်း ရှိကြသည့် လူကြီး နှစ်ယောက်နှင့် မိန်းမကြီးနှစ်ယောက် ဝင်လာကြရာ ၎င်းတို့၏နောက်မှ ကျွန်ုပ်ထံလာနေကျဖြစ်သည့် ဆရာဝန်ကလေးလည်းပါလာ၏။ နောက်ဆုံးမှ သူနာပြုဆရာမကြီး တယောက်နှင့် ဆရာမကလေးတယောက်လည်း လိုက်ပါလာကြသည်။ သူတို့ငါး ယောက်လုံးမှာ 'နားကျပ်'ကိုယ်စီတပ်လျက် ရှိကြ၏။ ရှေးဦးစွာ ကျွန်ုပ်အားပက်လက် လှန်စေ၍ ဆရာမများက ကျွန်ုပ်၏ ရှေ့ပိုင်း အဝတ်များကိုလှန်ကြရာ ဆရာဝန်ကလေးကလည်းကူပေး၏။ ဆရာဝန်ကြီး နှစ်ယောက်နှင့် ဆရာဝန်မကြီး နှစ်ယောက် တို့ကမူ (ကျွန်ုပ်အကဲခတ်နိုင်ပါပြီ။) နားကျပ်ကိုယ်စီနှင့် ရပ်ကြည့်နေကြ၏။ အဝတ်များ လှန်ပြီးသောအခါ ၎င်းတို့ လေးယောက်သည် ကျွန်ုပ်၏လက်ဝဲဘက်သို့ နှစ်ယောက် လက်ယာဘက်သို့ နှစ်ယောက် ချဉ်းကပ်ကြ၍ ကျွန်ုပ်၏ရင်ဘတ်ကို နယ်နိမိတ်လေး စိတ်ခွဲခြား ထားသည့် လက္ခဏာနှင့် ကိုယ့်အပိုင်းနှင့်ကိုယ် တီးခေါက်ခြင်း၊ ဖိနှိပ်စမ်းသပ်ခြင်း၊ နားထောင်ခြင်း စသည်ဖြင့် အတန်ကြာအောင်ပြုလုပ်ကြ၏။ ထိုအတောအတွင်း ဆရာဝန်ကလေးကမူ သူတို့လေးယောက်၏ မျက်နှာများကို စောင့်ကြည့်ကာ

အကဲခတ်နေပုံရ၏။ ရင်ဘတ်ကို စမ်းသပ်ကြည့်ရှုပြီးသည့်နောက် ကျွန်ုပ်အား မှောက်ခိုင်း၍ ယခင်နည်းတူအဝတ်များကိုလှန်စေပြီး ရှေးနည်းအတိုင်း စကား ပြောခြင်းမရှိ၊ တယောက်၏မျက်နှာကို တယောက်လှမ်းကြည့်ရုံမျှ ကြည့်ကြ သည်။ ရှေ့ပိုင်းနောက်ပိုင်းပြီးသောအခါ အောက်ပိုင်းကို ဒူးအထိလှန်စေပြီး ခြေဖျားမှစ၍ ဒူးတိုင်အောင် တီးခေါက်စမ်းသပ်ကြည့်ရှုကြသည်။ ပြီးသောအခါ ဆရာဝန်မကြီး နှစ်ယောက်တို့ကို ဖယ်ရှားပြီးဒူးအထက် ခါးထိအောင် ဆရာဝန်ကြီး နှစ်ယောက် တည်း ဆက်လက်စမ်းသပ်ကြည့်ရှုကြလေသည်။ စမ်းသပ်ပုံမှာ အလွန် သေချာ၍ ၃၂ကျပ်ပေးပြီး ကျွန်ုပ်စမ်းသပ်ခြင်းခံရသော အခါများထက် စေ့စုံလှသည်။ ကိစ္စပြီးသောအခါ ဆရာဝန်ကလေးအား မှာထားခဲ့ကြ၍ ၎င်းကကျွန်ုပ်၏ နားရွက် အောက်ပိုင်းမှ သွေးကိုလည်းကောင်း၊ လက်မောင်းမှသွေးကိုလည်းကောင်း ထုတ်ယူ သွားလေသည်။ ထို့နောက်ဆရာမကြီးတယောက်က ကျွန်ုပ်၏ဆီးကိုယူရန်အတွက် ဖလ်ခွက်တိုပို့လာသည်။ ကျွန်ုပ်၏အထက်ပိုင်းကိုလည်း ဓာတ်မှန်ရိုက်ရန်ခေါ်သွား သည်။

## အားလုံးကောင်းသည်တဲ့

နောက်တရက်ခြားတွင် ဆရာဝန်လေးယောက်လာကြပြန်၍ ယခင် တခေါက် ကနည်းတူ ဒုတိယအကြိမ်စမ်းသပ်ကြည့်ရှုကြပြန်သည်။ စစ်ဆေးပြီးသောအခါ ဆရာဝန် ကလေးအား သွေးဖောက်ဖို့ မှာထား၍၎င်းကကျန်သော လက်မောင်း တဘက်နှင့် နားရွက်တဘက်တို့မှ သွေးများကို ထုတ်ယူသွားပြီး ဆီးအတွက် ကိုလည်းဆရာမကြီး တယောက်က ဖန်ခွက်ပို့လာသည်။ နောက်တနေ့၌ ဆရာဝန်ကြီးတယောက်နှင့် ဆရာဝန်ကလေးပေါ်လာ၍ ကျွန်ုပ်၌နှလုံးတွင် လည်းကောင်း၊ အသည်းတွင်လည်းကောင်း၊ အဆုတ်တွင်လည်းကောင်း လုံးဝ

ချွတ်ယွင်းချက်မရှိ၊ စိတ်ချလက်ချနေနိုင်ကြောင်းနှင့် ဆရာဝန်ကလေးက ပြောပါသည်။ ဆရာဝန်ကလေးသည် အင်္ဂလိပ်စကား အတော်အတန်ပြောတတ်၍ ဆရာဝန်ကြီးမူကား လုံးဝပြောတတ်ဟန်မတူပါ။ ကျွန်ုပ်သည် ရောဂါနှင့် ပတ်သက်၍ ဘာမျှနားမလည်သူတယောက် မဟုတ်သော်လည်း အသည်းနှလုံးနှင့် အဆုတ်တည်းဟူသော အင်္ဂါအစိတ်အပိုင်းတို့၏ အရေးကြီးခြင်းကို မူကား ကြားဘူးနားဝနှင့်နားလည်ပါသည်။ သို့ဖြစ်၍၎င်းအင်္ဂါသုံးရပ်နှင့် ပတ်သက်၍ ချွတ်ယွင်းချက် (Defect) မရှိကြောင်း ကြားသိရသောအခါ ဆေးရုံတက်ရကျိုးနပ် သည်ဟု ဝမ်းသာမိပါသည်။ ပထမ၌ ကျွန်ုပ်သည် အအေးမိခြင်း သက်သက်မျှနှင့် ဆေးရုံသို့ ပို့ခြင်းကိုမကျေမနပ်ရှိခဲ့ရာ ဂျာမန်ဆေးရုံသို့ တက်ခဲ့ရ၍ ဤမျှလောက် စေ့စပ်သေချာစွာ စစ်ဆေးကြည့်ရှုခြင်းခံရပြီး ချွတ်ယွင်းချက်မရှိဟုသိရခြင်း၏ အကျိုးကျေးဇူးမှာ အလွန်ကြီးကျယ်သည်ဟု ဝမ်းသာမိပါသည်။ သေတော့မှသေ စေရော့ တော်တော်နှင့် ကျွန်ုပ် မသေနိုင်သေးဟု ကိုယ့်ကိုယ်ကို ယုံကြည်လာခဲ့၏။ ဤယုံကြည်ချက်သည်လည်း အသက်ရှည်စေဖို့ အထောက်အပံ့တခု ဖြစ်တန်ရာ ပေသည်။

## မိတ်ဆွေသစ်များ

ပထမသုံးလေးရက်၌ ကျွန်ုပ်သည်အင်္ဂလိပ်စကားလုံးဝမပြောတတ်သဖြင့် ခြေပြ လက်ပြလောက်သာ လုပ်တတ်ကြသည့် ဆရာမကလေးများနှင့် တလုံး တလေလောက်သာ ပြောတတ်သည့် ဆရာဝန်ကလေးတယောက်မျှနှင့်သာ ဆက်ဆံ ရသည့်အတွက် ကြောင့် 'အဖော်ဆာ'လှသည်။ ထူးဆန်းခြင်းတခုမှာ ကျွန်ုပ်သည် ကိုယ့်ပြည်၌ရှိစဉ်က ရက်သတ္တတပတ်မျှ စကားမပြောပဲနေရလျှင် မည်သို့မှမရှိခဲ့၊ (နေလည်းနေခဲ့ဘူး သည်။) ယခုမှာမူ ဘယ်လိုကြောင့်ဘာဖြစ်သည်မသိ၊ စကားပြောချင်စိတ် ဖြစ်လျက်ရှိ၏။ စာအုပ်ကိုလည်း အဖော်လုပ်တတ်သူ၊

ကိုယ့်အာရုံနှင့်လည်း စိတ်လေလျက်ရှိ၍ ခက်နေသည်။ (သို့သော် ဤအဖြစ်မျိုးမှာ ခဏခဏ မဟုတ်၊ တတုံတတုံ ဖြစ်တတ်ပါ သည်။) ထိုနေ့၌ ကျွန်ုပ်သည် အခန်းရှေ့တွင်ရှိသော စင်္ကြံတွင် ကုလားထိုင်တလုံးနှင့် ထိုင်လျက်ရှိစဉ် လူတယောက် လမ်းလျှောက်လာ၍ လွန်သွားပြီးမှ ကျွန်ုပ်ကိုလှည့်ကြည့်၏။ ၎င်းနောက်ထိုလူသည် ပြန်လှည့်လာ၍ "ခင်ဗျား အင်္ဂလိပ်စကားပြောတတ်သလား"ဟု ရေလည်သော စကားလုံးမျိုးဖြင့်အင်္ဂလိပ်လိုမေးရာ ကျွန်ုပ်ဝမ်းသာသွားပြီး တတ်ကြောင်း ပြော၏။ ဤတွင် အပြန်အလှန် မိတ်ဆက်ကြ၍ ကျွန်ုပ်ကား 'ဘိဓမ္မာ'၊ သူကား ဣရက် လူမျိုးဖြစ်ကြောင်းပြောပြသည်။ သူ့မှာလည်း အသည်း၌ရောဂါစွဲကပ်သဖြင့် ဂျာမန်ဆေးရုံသို့လာရောက်ကုသခြင်းဖြစ်ကြောင်း သိရလေသည်။ သူသည် အလွန်ထက်သန်သော နိုင်ငံရေးသမားတယောက်ဖြစ်၍ သူ့အစိုးရက 'တွေ့ရာသင်းချိုင်း" အမိန့်ထုတ်ခြင်းခံရသူတယောက် ဖြစ်သည် ဆို၏။ ကျွန်ုပ်ကမူ နိုင်ငံရေးဝါဒ အကြောင်း မပြောလိုသည်နှင့် ကမ္ဘာ့ရေးရာများ အကြောင်းကိုသာ ဆွေးနွေးကြသည်။ မကြာမီလူတယောက်လျှောက်လာ၍ ကျွန်ုပ်တို့၏စကားဝိုင်းတွင် ဝင်ပြောလေရာ သူသည် အင်္ဂလိပ်လိုတတ်သည့် ရှုမေးနီးယားတယောက်ဖြစ်သည်ဆို၏။ မကြာမီ တတိယ လူတယောက်ပေါ်လာ၍ ၎င်းမှာဂျာမန်တယောက် ဖြစ်သည်ဆို၏။ ကျွန်ုပ်တို့ အားလုံးမှာ ဆေးရုံတက်လျက်ရှိကြသည့် လူနာများဖြစ်ကြလေရာ ၁၅မိနစ်အတွင်း အတော်ကလေး အကျွမ်းတဝင်ဖြစ်လာကြလေပြီ။ ထိုနေ့မှစ၍ ကျွန်ုပ်၏အခန်းပြင် ဘက်စင်္ကြံမှာ ကျွန်ုပ်တို့လေးဦး၏ တွေ့ဆုံဆွေးနွေးရာ ဌာနဖြစ်လာ၍ ဆရာမများက အေးလွန်းလှပါသည်ဟု တိုက်တွန်းယူရပါသည်။

## တယ်လီဗီးရှင်း

တညသ၌ ကျွန်ုပ်၏အခန်းပြင်ဘက်စင်္ကြံတွင် တယောက်တည်း ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်လျက်ရှိရာ (ပေနှစ်ရာခန့် အလျားရှိလိမ့်မည် ထင်သည်။) ဆရာမကလေး နှစ်ယောက်အနက် ထောင်ထောင်မောင်းမောင်းနှင့် ရဲတင်းသော အမူအရာရှိသည့် မိန်းကလေးနှင့် စင်္ကြံတွင် ကျွန်ုပ်နှင့်မျက်နှာချင်း ဆိုင်ဆုံမိ ကြသည်နှင့် ကျွန်ုပ်၏လက်မောင်းတဘက်ကို သူ့လက်မောင်းနှင့် ညှပ်၍ ခေါ်သွား၏။ အင်္ဂလိပ်လိုလည်း မတတ်သည်နှင့် ဘာမပြောညာမပြော ခေါ်သွားရာ ကျွန်ုပ်လည်း ဘယ်ကိုခေါ်မှန်းမသိ၊ မေးလည်းမမေးနိုင်ပဲ လိုက်သွားရ၏။ သန်စွမ်းလိုက်သည့် မိန်းကလေးမှာ ကျွန်ုပ်၏လက်မောင်းတဘက်ကို ညှပ်၍တွဲ ခေါ်သည်နှင့်ပင် ကျွန်ုပ်မှာ ခြေထောက်နှင့် ကြမ်းပြင်မထိတထိနှင့် ပါသွား ပါတော့သည်။ မီးပွင့်များ ခပ်ကျဲကျဲ ထွန်းထား၍ မှောင်လုမတတ်ရှိနေသော ဆေးရုံအပိုင်းသို့ရောက်သောအခါ ကျွန်ုပ်တို့သည် တိတ်ဆိတ်လျက်ရှိသော အခန်းသုံးလေးခန်းကို ကျော်လွန်သွားကြ၏။ ပဥ္စမအခန်းသို့ ရောက်သောအခါ မိန်းကလေးသည် ရုတ်တရက်ရပ်တန့်ပြီး တံခါးကို ဖွင့်လိုက်ရာတွင် မီးရောင်မမြင်ရသော အခန်းဖြစ်သည်နှင့် ကျွန်ုပ်ဒိတ်ကနဲဖြစ်သွားပြီး 'ဘုရား ဘုရား' တသမိ၏။ နောက်တခဏတွင်မှ မှေးမှိန်သော အလင်းရောင်တွင် စုရုံးကာ ထိုင်လျက်ရှိသည့် လူများကိုမြင်ရ၍ တယ်လီဗီးရှင်း နားထောင်နေကြသူများ ဖြစ်သည်ဟု သိရပါသည်။ မိန်းကလေးသည် ကျွန်ုပ်အတွက် နေရာရှာပေးပြီး နောက် ပြန်ထွက်သွားရာ ကျွန်ုပ်နှင့် စကားပြောဖူးသည့် အသိများက ဆီးကြိုနှုတ် ဆက်ကြပါပေသည်။ ကျွန်ုပ်မှာမူ ဤအခန်းအကြောင်းကို စောစောက မသိရလေ လားဟု ဝမ်းနည်းရပါသေးသည်။

## လက်ဆွဲသောထုံးစံ

ကျွန်ုပ်မှာ ခေတ်ပညာတတ်တယောက်ဖြစ်သော်လည်း အပေါင်းအသင်းနည်းသူတယောက်ဖြစ်၍ ကိုခင်မောင်တင့်နှင့် ကိုသိန်းဖေတို့မှတပါး လိုက်လံ့စွာလက်ဆွဲနှုတ်ဆက်ရသူ အလွန်နည်းပါး၏။ တရံဆံအသိများနှင့် မိတ်ဆက်ပေးခြင်းခံရသည့်အခါ အချို့နှင့်သာလက်ဆွဲ၍ အချို့မှာ ဦးခေါင်းညိတ်ရုံမျှလောက်နှင့်သာပြီးကြလေသည်။ အချို့မှာ လိုက်လံ့ခြင်းရှိ၍ အချို့မှာဝတ်ကျေဝတ်ကုန်သဘောမျိုးဖြင့် လက်ဆွဲကြ၏။ ဟန်ကြီးပန်ကြီး တယောက်တလေမှာမူ လက်ဖျားကလေးမျှလောက်သာလှမ်းပေးပြီး သူကလက်မလှုပ်ပဲ တဘက်သား၏လှုပ်ခြင်းကိုသာ ခံတတ်လေသည်။ ပထမတကြိမ် လိုက်လံ့စွာ လက်ဆွဲခံရခြင်းမှာ လွန်ခဲ့သော ၁၀နှစ်က တရုတ်ပြည်သို့ရောက်စဉ် ပီကင်းမြို့တွင်ဖြစ်၏။ ဒုတိယအကြိမ်လိုက်လံ့စွာနှင့် အမြောက်အမြား လက်ဆွဲခံရခြင်းမှာ မော်စကိုမြို့တွင်ဖြစ်၏။

အင်္ဂလိပ်လူမျိုးများ(အထူးသဖြင့် အင်္ဂလိပ်မများ)သည် လက်ဖျားကလေးမျှလောက်သာ ပေးတတ်ကြရာ ဆိုရှယ်လစ်နိုင်ငံများ၌မူ ယောကျ်ားများကို မိန်းမများ(အထူးသဖြင့်မိန်းကလေးများ)သည်ပင် လိုက်လံ့စွာ လက်ဆွဲတတ်ကြသည်ဖြစ်၍ ဖျစ်ညှစ်လွန်းသဖြင့် ကျွန်ုပ်၏လက်ချောင်းများပင် နာကျင်မတတ်ရှိပါသည်။ ဂျာမန်ဆေးရုံကြီး၌ မိန်းမကြီးရော မိန်းကလေးများပါ နောက်ဆုံးအချိန် ၉ နာရီခွဲလောက်တွင် ကျွန်ုပ်၏အခန်းသို့ ဝင်၍နှုတ်ဆက်ကြပုံများမှာ ခင်မင်ကြင်နာကြပုံရလှသောကြောင့် ကျွန်ုပ်ဝမ်းသာအားရရှိလှသည်။ မိန်းမကြီးကမူ ကျွန်ုပ်သက်သာလာခြင်းကိုတွေ့ရ၍ အကြိမ်ကြိမ်လက်ဆွဲခြင်းအားဖြင့် ဝမ်းသာခြင်းကိုဖော်ပြရှာသည်။ ဤအကြောင်းအရာများကို ဆင်ခြင်မိသည့်အခါ အနောက်တိုင်းထုံးစံများအနက် လက်ဆွဲသော အလေ့သည် လူ၏ခင်မင်မှုကို ဖော်ပြနိုင်သည်ဖြစ်သောကြောင့် ကောင်းသောအလေ့အကျင့်တခုအနေဖြင့် ကျွန်ုပ်တို့မြန်မာများက

အတုယူခဲ့လျှင် ဆုံးရှုံးခြင်းမရှိနိုင်ဟု ကျွန်ုပ်သဘောကျမိပါသည်။ အဘယ့်ကြောင့် ဆိုသော် ခင်မင်ရင်းနှီးသူတယောက်အား လက်ဆွဲဖျစ်ညှစ်လိုက်ရသည့်အခါ ကျေနပ် အားရမှုရှိခြင်းနှင့်အတူ ခင်မင်မှုသည်လည်း တိုးတက်ခိုင်မြဲ လာဘိသကဲ့ သို့ ထင်ရသောကြောင့် ပေတည်း။

## ဆရာကြီးကိုသတိရခြင်း

ဂျာမနီ၌ ဆေးရုံတက်ခဲ့ရသည့်အကြောင်းကို ယခုဖော်ပြသည့်နေရာအထိမှာ သက်သာသောအခြေသို့ ရောက်နေပြီဖြစ်ရာ ဤအခြေသို့မရောက်မီက စိတ်၏ညှိုး ငယ်ခြင်းဖြစ်ခဲ့ရပုံ အကြောင်းကိုလည်း အနည်းငယ်ဖော်ပြလိုပါသေးသည်။ ဆေးရုံသို့ ရောက်ခါစ၌ အဖော်များပြန်ကြပြီး ကျွန်ုပ်တယောက်တည်း တပြည် တနိုင်ငံ၌နေရစ်ရ မည့်အဖြစ်ကို အတော်ကလေး ဆွေးမိပါသည်။ လူကလည်း အားနည်း၊ ဆေးရုံသူ ဆေးရုံသားများနှင့်လည်း မျက်မှန်းမတန်းမိသေး၊ ဆေးရုံ အစာများကိုလည်း မျို၍မကျ၊ အနံ့မျှမခံနိုင်၊ စိတ်အားကိုယ်အားငယ်လျက်ရှိစဉ် အိပ်ရာပေါ်တွင် တောင်တောင် မြောက်မြောက် စဉ်းစားမိပါသည်။ အကယ်၍ ဤဒေသ၌ သေဆုံးရလျှင် တသက်တာမှတ်တမ်းကိုလည်း အပြီးမသတ်နိုင်၊ ဘာတရန်ရတ်ဆဲလ်အား ဖြေရန်အတွက် စိတ်ကူးထားသည့် အကြံအစည် ကလေး များနှင့် အတွေ့အကြုံကလေးများမှာလည်း အသုံးမချနိုင်ပဲ အချည်းနှီးဖြစ်ရ ချေတော့မည် စသည်များဖြင့် ညှိုးငယ်သောစိတ်ကူးများ ဖြစ်ပေါ် လျက်ရှိစဉ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ဘွားကနဲသတိရမိသည်။ သတိရခြင်းကား အခြားကြောင့်မဟုတ်၊ ကျွန်ုပ်ရောက်ကတည်းက ဆရာကြီးတက်သွားသည့် ဆေးရုံဟူ၍ မကြာခဏအမှတ်ပြုမိ သောကြောင့်ဖြစ်၏။ ငါသည်ဆရာကြီး၏ တပည့်ဆိုမှ တကယ့်တပည့်ဖြစ်သည်။ ၁၉၅၆ခုနှစ်က မြန်မာပြည် အထက်ပိုင်းသို့ လှည့်လည် ကာ အတူတကွကမ္ဘာ့ငြိမ်းချမ်းရေး တရားဟောကြခြင်း၊ သူရိယတိုက်၌

တစားပွဲတည်းထိုင်၍ အလုပ်လုပ်ကြခြင်းတို့အပြင် ဆရာကြီးတက်ခဲ့သည့် ဆေးရုံသို့ မမျှော်လင့်ပဲ ရောက်ရ၍ "ဆရာကြီး၏ခြေရာကို ကြည့်နင်းသည်" ဆိုသော မြန်မာစကားသည် ငါ့အဖို့ရာ၌ တည့်တည့်မတ်မတ် တိုက်ရိုက်ကြီး မှန်လျက်ရှိချေပြီတကား၊ ဤအခန်း သည်ပင် ဆရာကြီးနေခဲ့ဖူးသည့် အခန်းဖြစ်လေမည်လော စသည်များဖြင့် ရောက် တတ်ရာရာ စဉ်းစားမိပါသေးသည်။ ဤသို့သော အတွေးအခေါ်များသည် တနည်းအားဖြင့် လွမ်းဆွတ်ခြင်းနှင့် ဆက်စပ်လျက်ရှိသည့်အတွက် အရသာတမျိုးရှိ၏။ ထို့ကြောင့်လည်း ကျွန်ုပ်လက်ခံထားခြင်းဖြစ်၏။ အကယ်၍ ကျွန်ုပ်အား နှလုံးပူ လောင်စေမည့် ဒုက္ခဒေါမနဿဝေဒနာမျိုးသက်သက်ဖြစ်ခဲ့ပါမူ ကျွန်ုပ်သည် တမိနစ်အတွင်း မောင်းနှင်ဖယ်ရှားနိုင်သည့် နှလုံးသွင်းတရား လက်ကိုင်ထားသူ တယောက် ဖြစ်ပါသည်။ အဘယ့်ကြောင့် ချက်ချင်းမဖယ်ရှားပဲဆင်းရဲခံဘိသနည်းဟု မေးငြားအံ့။ အလွမ်းဝတ္ထုဖတ်သူများရှိခြင်းကိုထောက်၍ လွမ်းရခြင်းသည်လည်း အရသာတမျိုး ရှိသောကြောင့်ဟု ဖြေဆိုရပါမည်။

## 'ညီ'နှင့်ဆုံမိကြပြန်ခြင်း

မတ်လ ၂၂ ရက်နေ့တွင် ကျွန်ုပ်ကောင်းစွာ ကျန်းမာလာပြီဖြစ်၍ မော်စကိုသို့ လေယာဉ်ပျံဖြင့်လိုက်ရန် စီစဉ်ထားပြီဖြစ်ရာ ထိုနေ့တွင် ရဲဘော်တယောက်နှင့် 'ဂွဒ်နိုက် မိန်းမ'တို့ဆေးရုံသို့လာရောက်ကြ၏။ ဆင်းခါနီး၌ သူနာပြုဆရာမကြီး၊ ဆရာမကလေးများနှင့် နှုတ်ဆက်ရာတွင် ၎င်းတို့သည် ကျွန်ုပ်၏ပစ္စည်းကလေးများကို ကူညီသိမ်းဆည်းပေးခြင်းအားဖြင့် ကျွန်ုပ်အပေါ်တွင် ကြင်နာခြင်းရှိကြောင်း ဖော်ပြရ ရှာကြပါသေးသည်။ ကျွန်ုပ်သည် ထိုရက်သို့တိုင်အောင် ဝတ္ထုပစ္စည်း တစုံတခုမျှ (အမှတ်အသားအဖြစ်နှင့်) ဝယ်ယူရသေးခြင်းမရှိသည်နှင့်

ဈေးဆိုင်များသို့ အတူတကွ သွားရောက်ရှာဖွေကြပါသော်လည်း အဆင်သင့်သော ဝတ္ထုပစ္စည်းဆို၍ ဟုတ္တိပတ္တိ မတွေ့သည်နှင့် တိတ်ရီကော့ဒါတလုံးနှင့် တိုလီမိုလီပစ္စည်း အနည်းငယ်မျှသာ ဝယ်ခဲ့ပါသည်။ တိတ်ရီကော့ဒါမှာ ချက်ချင်း အသုံးမဝင်သော်လည်း နှုတ်ဖြင့်ပြော သော အလေ့အကျင့်လုပ်ပြီး တိတ်ရီကော့ဒါ၌ သွင်းထားခြင်းအားဖြင့် အလုပ်လျင်မြန်လိမ့်မည် ဟူသောအကြံနှင့် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ 'ဂွဒ်နိုက်'ကမူ ကျွန်ုပ်အတွက် စာရေးစက္ကူထည့်သည့် သားရေအိတ် တလုံး လက်ဆောင်ပေးလိုက်ပါပေသည်။ ထိုနေ့ နာရီပြန်တချက်အချိန်တွင် မော်စကိုမြို့သို့ တတိယအကြိမ်ဆိုက်ရောက်သွား၍ လေဆိပ်တွင် ကျွန်ုပ်၏'ညီ'က ကြိုဆိုလျက်ရှိလေသည်။ ကျွန်ုပ်တို့နှစ်ဦးတွေ့ဆုံကြခြင်း မှာ ညီအစ်ကိုအရင်းများ တွေ့ဆုံကြခြင်းထက် လှိုက်လှဲမှုလျော့သည်မထင်ပါ။

## ကျွန်ုပ်စိတ်ကြီးဝင်လာပုံ

ဤတခေါက်တွင် ဘူဒါပဲ့စ် ဟိုတဲလ်၌ နေရာမရှိသည်နှင့် ဘူးခါးရဲ့စ် ဟိုတဲလ်သို့ ခေါ်သွား၏။ ဤဟိုတဲလ်မှာ ကျွန်ုပ်တည်းခိုခဲ့ဖူးသမျှသော ဟိုတဲလ် များအနက်တွင် အညံ့ဆုံးဖြစ်။ အခြားအရာများမထောင်းတာ၊ သီးသန့်ရေချိုးခန်း မရှိ၊ ဘုံရေချိုးခန်းမျှ သာရှိလေသည်။ ကျွန်ုပ်ကား အတော်စိတ်ကြီး ဝင်လျက်ရှိလေပြီ။ မိမိအိမ်တွင် ဟန်ရ ပန်ရ ရေချိုးခန်းတခုမျှ မရှိပါပဲလျက် ရေပူရေအေးရှိသေးသော ဘုံရေချိုးခန်းကိုပင် နှာခေါင်းရှုံ့ချင်သကဲ့သို့ ဖြစ်နေ လေပြီ။ ကျွန်ုပ်သည် မနှစ်သက်သော အမူအရာမျိုး မဖော်ပြဖို့ ကြိုးစားသော်လည်း 'ညီ'ကမူ ရိပ်မိပုံရသည်။ တညအိပ်ပြီးနောက် နံနက် လင်းသောအခါ ကျွန်ုပ်မှာ အနည်းငယ်နေမကောင်းပဲဖြစ်နေ၏။ စိတ်ထဲ၌ ချမ်းသလို လို အေးသလိုလိုလည်း ထင်မိ၏။ 'ညီ'ရောက်လာ၍ ပြောပြရာတွင် သူသည်အခန်းကို စစ်ဆေးစုံစမ်း သည်နှင့် ပြတင်းပေါက်မှန်တချပ် ကွဲလျက်ရှိခြင်းကိုတွေ့ရ၏။ မော်စကို မြို့၌

ဟိုတဲလ်ပြတင်းပေါက်များမှာ မှန်နှစ်ချပ်ထပ် တပ်လေ့ရှိရာ ကျွန်ုပ်၏အခန်းပြတင်းပေါက်မှာ မှန်တချပ်ကွဲနေသည့်အတွက်ကြောင့် ကောင်းစွာလေမလုံသဖြင့် ချမ်းအေးခြင်းဖြစ်သည်ဟု ပြော၏။ သို့ဖြစ်၍ 'ညီ'သည် ချက်ချင်းသွား၍တိုင်ပြီး ကျွန်ုပ်အား အခြားအခန်းသို့ ရွှေ့ပြောင်းပေးလေသည်။ ညနေခင်း၌ ကျွန်ုပ်သည် 'ရှိန်းတဝဲဝဲ'အနေမျိုးဖြစ်လျက်ရှိရာ 'ညီ'ရောက်လာ၍ ဆရာဝန်ခေါ်ဖို့ စီမံလေသည်။ ထိုအခိုက်တွင် မော်စကိုရေဒီယိုမှ မောင်ကြင်ဝေရောက်လာ၍ ညစာစားဖို့ ဖိတ်ခေါ်လေရာ ကျွန်ုပ်မှာ မြန်မာထမင်းဟင်းစားချင်သော အာသာဆန္ဒပြင်းထန်လျက်ရှိ၏။ သို့ဖြစ်၍ ညီအား ဆရာဝန်ခေါ်ဖို့ အစီအစဉ်ကို ဆိုင်းသင့်ကြောင်း၊ မြန်မာထမင်းဟင်း လိုက်စားပြီး နေမကောင်းခြင်းတိုးလာမှ ဆရာဝန်ခေါ်စေလိုကြောင်း ပြောပြ၏။ သို့ဆိုလျှင် ဤဟိုတဲလ်၌မနေပဲ သည့်ထက်ကောင်းသော ဟိုတဲလ်ရှာဦးမည်ဆိုကာ 'ညီ'ဆင်းသွား၏။ နာရီတဝက်ခန့်တွင် ညီပြန်လာ၍ ကျွန်ုပ်၏ ပစ္စည်းများ သိမ်းကြပြီး လျှင် ဝါဆောဟိုတဲလ်သို့ ပြောင်းရွှေ့ကြလေသည်။

## မြိန်လှသော ထမင်းတနပ်

မောင်ကြင်ဝေသည် ဝါဆောဟိုတဲလ်သို့ အတူလိုက်လာ၍ ကျွန်ုပ်တို့အား စောင့်ခေါ်ရာ သူ့အိမ်၌အဆင့်သင့်ရှိသော ဟင်းများကို ကျွန်ုပ်က မေးသည်တွင် အခြားဟင်းများအပြင် ကြက်သားရည်ချို၊ ပုန်းရည်ကြီးသုပ်၊ ငါးပိချက်ဟု ပြောသဖြင့် ကျွန်ုပ်သွားရည်ကျလျက်ရှိလေပြီ။ (မောင်ကြင်ဝေ၏ ညစာမှာ ကြိုတင်ပြင်ဆင်ရခြင်း မဟုတ်။) ကျွန်ုပ်ရောက်သည်ဟုကြား၍ ချက်ချင်းလာတွေ့ရာတွင် ဖိတ်ခေါ်ရခြင်း ဖြစ်လေသည်။ သို့နှင့် သွားရည်ကျသည့် ဟင်းမျိုးပါရှိခြင်းမှာ အကြီးအကျယ် ကံကောင်းခြင်းဖြစ်၏။ ကျွန်ုပ်သည် 'ညီ'အားလည်း မြန်မာထမင်းဟင်း မြည်းဖို့ခေါ်ရာ သူလည်း ဝမ်းသာစွာလိုက်လာ၏။ မောင်ကြင်ဝေ၏တိုက်ခန်းမှာ ဟိုတဲလ်နှင့် ရှစ်မိုင်ခန့်ဝေး၍ တက္ကစီနှင့်သွားကြပြီး

၁၁ ထပ်သို့ တက်ကြရသည်။ သို့သော် ဓာတ်လှေကားရှိ၍တော်ပါသေးသည်။ မောင်ကြင်ဝေသည် ဟိုတဲလ်မှမထွက်မီ သူ့အိမ်သို့တယ်လီဖုန်းဆက်၍ "ကျွန်ုပ်နဲ့ ရဲဘော်တစ်ယောက် ညစာစားဖို့ ပါလာကြလိမ့်မည်" ဟု ပြောထားပြီးသည်နှင့် ကျွန်ုပ်တို့ရောက်ကြသောအခါတွင် သင့်ပြင်ဆင် ပြီး ရှိနေလေပြီ။ ကျွန်ုပ်သည် အခြားသောဟင်းခွက်များထက် ပုန်းရည်ကြီး၊ ကြက်သား ရည်ချိုနှင့် ငါးပိချက်ကိုသာနှိုက်ပြီး ဗွန်းနှင့် ခက်ရင်းကိုဖယ်ထား၍ လက်ဖြင့် ကုန်းလွေး လိုက်ရာ ဗမာပြည်မှ ထွက်လာကတည်းက အမြိန်ဆုံးသော ထမင်းတနပ် ဖြစ်ပါ တော့သည်။ 'ညီ'သည်လည်း သူတို့ထုံးစံအတိုင်း ငါပိချက်နှင့် ပုန်းရည်ကြီးတို့ကို ဗွန်းခက်ရင်းနှင့် စားရ၍ အချိုးမကျစေကာမူ အလွန်အရသာရှိလှသည်ဟု တပြော ပြောရှိနေလေသည်။

## အကောင်းဆုံးသောပန်းသီး

ထမင်းစားပြီးကြသည့်နောက် မောင်ကြင်ဝေက ပန်းသီးတပန်းကန်ပြား တည်ခင်း၍ ကျွန်ုပ်တို့အား စားဖို့တိုက်တွန်းလေရာ ကျွန်ုပ်က "ဆေးရုံ၌ ပန်းသီးကို ချည်းစားခဲ့ရလှသောကြောင့် ပန်းသီးဆိုလျှင် မုန်းသလောက်ဖြစ် နေပါပြီ" ဟုပြော၏။ မောင်ကြင်ဝေက "ပန်းသီးဆိုပေမယ့် ပန်းသီးချင်း မတူပါဘူးဆရာကြီး၊ တလုံးလောက် ဖြစ်ဖြစ် မြည်းကြမ်းစမ်းပါဦးခင်ဗျာ"ဟု တိုက်တွန်းသည်နှင့် ကျွန်ုပ်သည် ပန်းသီးများကို လှမ်းကြည့်လိုက်၏။ ပန်းကန်ပြားထဲ၌ ထည့်ထားသည့် ပန်းသီးများမှာ ရှောက်သီးသေး သေးအရွယ်ရှိ၍ စိမ်းဖန့်ဖန့်၊ ဖြူတူတူ အသွေးရှိ၏။ ကျွန်ုပ်သည် တရုတ်ပြည် တလျှောက်၌ လှည့်လည်ခဲ့ဖူးစဉ်က လက်သီးဆုပ်မကကြီး၍ အညိုရောင်သို့မဟုတ် ပန်းကျား တွေနှင့် ရဲရဲနီသော ပန်းသီးကြီးများကို စားခဲ့ရဖူးလှပြီဖြစ်သောကြောင့် သူ၏ ပန်းသီးကို မက်လုံးမရှိပဲ မစားချင်စားချင် အားနာပါးနာနှင့် တလုံးနှိုက်မြည်း

လိုက်၏။ ကျွန်ုပ်မျက်လုံးပြူးသွားလေပြီ။ မောင်ကြင်ဝေတို့လင်မယားသည် ကျွန်ုပ်အား ကြည့်နေ ကြ၏။ "ဘယ့်နှယ်လဲဆရာကြီး" ဟု မေးကြ၍ "ကောင်းလဲ ကောင်းပါပေတယ်ဗျာ"ဟု ပြန်ပြောလိုက်ရသည်။ ပန်းသီးများတွင် 'မွတ်' သောအသီး၊ 'ကျွတ်'သောအသီးဟူ၍ ၂မျိုးရှိခြင်းကိုသိကြသူ အတော်များ ပါလိမ့်မည်။ မွတ်သောအသီးထက် ကျွတ်သောအသီးက 'အတွေ့'သာခြင်းကိုလည်း သိကြသူများပါလိမ့်မည်။ ('အတွေ့'ဆိုသည်မှာ ကိုက်စားသောအခါ တကျွတ်ကျွတ် မြည်ခြင်းကြောင့် သွားပေါ်၌ ခံစားရသည့် ဖောဋ္ဌဗ္ဗာရုံကို ဆိုလိုသည်။ ရသာရုံ မဟုတ်သေးပါ။ ရသာရုံကိုလျှာဖြင့်သာခံစားနိုင်သည်။) ကျွတ်ကနဲမြည်သံ ကြားပြီးနောက် လျှာပေါ်သို့စိမ့်ဆင်းသည့် အချိုရည်ကြောင့် ကျွန်ုပ်မျက်လုံးပြူး သွားခဲ့ရခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အသီးအနံ့ဟူသမျှသည် သူ့ အချိုဒီဂရီနှင့်သူ ရှိကြသည်ဖြစ်ရာ ထိုပန်းသီးကို တကိုက် ကိုက်လိုက်စဉ် ကျွန်ုပ်သည် ပန်းသီးများ၏အရသာကို သိပြီးဖြစ်၍စိတ်ထဲ၌ မျှော်မှန်း ထားသည့် အချိုဒီဂရီစံချိန်ရှိပြီးဖြစ်၏။ လျှာပေါ်သို့အချိုရည် စိမ့်ဆင်းသောအခါ ကျွန်ုပ် မှန်းဆထားသည့် အတိုင်းအတာထက် အများကြီး ကျော်လွန်ခြင်းကိုတွေ့ရ၍ အလန့်တကြား ဖြစ်သွားရခြင်းပေတည်း။

ဤမျှသာမကသေး၊ မွှေးကြိုင်လှသော ဂန္ဓာရုံကလည်း ရှိပါသေးသည်။ ပန်းသီး ဟူသမျှသည် အနံ့တမျိုးရှိကြခြင်းကား မှန်ပါသည်။ ဤပန်းသီးများမှာမူ အနံ့တမျိုး ရှိရုံသာမက ပန်းပမာဏကဲ့သို့ မွှေးကြိုင်သော အနံ့ရှိပါသည်။ ကျွန်ုပ်သည် အစားကောင်းတွေ့လျှင် စုံစမ်းချင်တတ်သော ဝါသနာအတိုင်း မေးကြည့်ရာ ဤပန်းသီးများမှာ ဘာလ်ဂေးရီးယားပြည်မှလာ၍ အခြားပန်းသီးများ ထက် ဈေးနှုန်းကြီးမြင့် ကြောင်း၊ လူတိုင်းဝယ်စား၊ အကောင်းကြိုက်တတ်သော လူများသာဝယ်စားကြောင်း၊ လိုချင်တိုင်းလည်းဝယ်မရ၊ တခါတရံမှ လာတတ် ကြောင်း၊ ဟိုတဲလ်များနှင့် ဆေးရုံများသို့ ဤပန်းသီးမျိုးရောက်ခဲကြောင်း ပြောပြလေသည်။ ပြန်ခါနီး၌ မောင်ကြင်ဝေတို့ လင်မယားက ပန်းသီး ၇ လုံး

ပေးလိုက်ရာ ဟိုတဲလ်သို့ရောက်သောအခါ အခွံမသင်ပဲ တဖြည်းဖြည်းချင်း စားယူရပါသည်။ ဗမာပြည်သို့ ပြန်ခါနီးတွင် အိမ်သားများနှင့် မိတ်ဆွေများအား အမြည်းပေးလို၍ ၎င်းပန်းသီးမျိုး ဝယ်ခိုင်းသေးရာ ဘာလ်ဂေးရီးယားမှ မလာသောကြောင့် မရခဲ့ပါ။ မအေမာရှိစဉ်က ဤပန်းသီးမျိုး တထုပ်ပေးဖူးသည်ဆိုရာ မအေမာမှာ နေထိုင်မကောင်းခိုက်ဖြစ်၍ ခံတွင်းပျက်သောကြောင့်ပေလော၊ လျှာထူသောကြောင့် ပေလော မပြောတတ်။ ပန်းသီးထူးခြင်း အကြောင်းကိုပြောသံ မကြားရပါ။

## ဝါဆောဟိုတဲလ်

ကျွန်ုပ်သည် ညံ့သောဟိုတဲလ်တခုမှ ပြောင်းရွှေ့တည်းခိုရသောကြောင့်ပေလော မဆိုနိုင်၊ ဝါဆောဟိုတဲလ်သည် ကျွန်ုပ်ကို အထူးကြည်နူးစေသည်။ တည်ဆောက်ထားပုံမှာ မည်သည့်ဟိုတဲလ်နှင့်မျှမတူ၊ အထူးခေတ်ဆန်၍ ဆောက်ပြီးသည်မှာလည်း တနှစ်ထက် ကျော်လွန်သေးပုံမရချေ။ ဘူဒါပဲ့စ်ဟိုတဲလ်သို့ မအေမာလာလည်စဉ်က သူတည်းသည့် မက်တရိုပိုလ် ဟိုတဲလ်မှာ ကြီးသော်လည်း ဟောင်းနွမ်းကြောင်း၊ ဘူဒါပဲ့စ်ဟိုတဲလ်မှာ သစ်လွင်၍ချစ်စရာကောင်းကြောင်းပြောသွားဖူးသည်ကို မှတ်မိ၍ ဝါဆောဟိုတဲလ်သစ်၌ ကျွန်ုပ်နေရသောအခါ မအေမာကိုလည်း သတိရသည်။ ဟိုတဲလ်သစ်လွင်ခြင်း၏ ကောင်းမွန်ခြင်းကို ကျွန်ုပ်ထပ်၍ သဘောပေါက်သည်။ ဤဟိုတဲလ်တွင် တယောက်အိပ်ခန်း မအားလပ်သဖြင့် ကျွန်ုပ် အတွက် နှစ်ယောက်အိပ်ခန်းယူရ၍ နေထိုင်ရသည်မှာ ကျယ်ကျယ်ဝင့်ဝင့်နှင့် စိတ်ချောင်ချိလှသည်။ မော်စကိုတွင် ဟိုတဲလ်ခန်းများမှာ တယောက်အိပ်ခန်း ၂ရှိဘဲလ် (ကျပ်၁၀)၊ ၂ယောက်အိပ်ခန်း ၄ ရှိဘဲလ်(ကျပ်၂၀) ဆိုသောကြောင့် အတော်ဈေးချိုလှသည်။ ၇ ထပ်၌ရှိသော ကျွန်ုပ်၏အခန်းမှ အောက်သို့ငုံ့ကြည့်လိုက်သောအခါ လမ်းဆုံလမ်းခွကြီးနှင့် တည့်တည့်ရှိရာ ပြတင်းပေါက်အနီးတွင်

ထိုင်ကာ အပျင်းပြေ ငုံ့ကြည့်လိုက်တိုင်း ဖောင်းပွသော အဝတ်ထူကြီးများနှင့် လမ်းလျှောက်နေ ကြသည့် ယောက်ျားမိန်းမများမှာ ဝတ်ဝံကြီးများသဖွယ် ထင်လာရသည်။ 'ညီ'သည် အစည်းအဝေးမရှိသောအခါများတွင် ကျွန်ုပ်၏ အခန်းသို့လာ၍ ဝါဒရေးရာများကို ဆွေးနွေးကြရာ ညဥ့်အခါများတွင်မှ ပွဲလမ်းသဘင်များသို့ လည်ပတ်ကြသည်။ ကရင်မလင် ဇာတ်ရုံကြီး၌ ဘဲလေး ကပွဲကြည့်ရသည်မှာ ဤတခေါက်တွင်မှဖြစ်၍ ထိုဇာတ်ရုံကြီးကို မမြင်ရပဲ ပြန်သွားကြရသည့် ကိုလှကျော်တို့လူစုကိုသနားမိပါသေးသည်။ ဝါဆောဟိုတဲလ်၌ စားပွဲခန်းသည် ထိပ်ဆုံးထပ် (၉ထပ်)၌ရှိ၍ အခြားဟိုတဲလ် များကဲ့သို့ ပိတ်လှောင်ခြင်း၊ ညှော်နံ့ခြင်းမရှိပဲ ကြည်နူးဖွယ်ကောင်းလှပေရာ နံနက်စာ အတွက် 'ဘူဖေး'ခန်းမှာမူ တတိယအထပ်၌ရှိလေသည်။

## ဘိမ္မာမျက်နှာပွင့်ခြင်း (၁)

ဝါဆောဟိုတဲလ်၌ စားသောက်ခန်းကို ၁၁ နာရီမှဖွင့်၍ နံနက်စောစော အတွက် မူ တတိယအထပ်တွင် ဘူဖေးခန်းဖွင့်ထား၏။ ကျွန်ုပ်သည် နံနက် ၈နာရီခွဲလောက်၌ ကျွန်ုပ်၏အခန်းမှထွက်လာ၍ တတိယအထပ်ရှိ 'ဘူဖေး' အခန်းသို့သွားရန် ဓာတ်လှေကားသို့ လျှောက်လာ၏။ လှေကားလှောင်အိမ်ထဲတွင် လူတယောက်ရှိနေနှင့်၍ ကျွန်ုပ်ဝင်သွားပြီးနောက် သူကခလုတ်ကိုနှိပ်မည်ပြုရာ၍ "နံပါတ်၃"ဟု ကျွန်ုပ်က ပြောလိုက်၏။ ဤတွင်ထိုလူက "လူတိုင်း ဒီအချိန်မှာ နံပါတ်၃ချည်းပေါ့ဗျာ၊ ဘူဖေးခန်း ပဲဟာကိုး"ဟု အင်္ဂလိပ်လို ရေလည်စွာပြော၏။ ကျွန်ုပ်က–

"အလို ခင်ဗျား အင်္ဂလိပ်စကားပြောသကိုး၊ ဝမ်းသာသဗျာ"

"အင်္ဂလိပ်စကားပြောဆို ကျွန်တော်ကအင်္ဂလိပ်ပဲ"

"“ဟုတ်လား၊ တွေ့ရတာ ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော်က အင်္ဂလိပ်ဂျန်တလ်မဲန်ကို အလွန်ကြည်ညိုတဲ့ လူတယောက်ပါဗျာ”

ကျွန်ုပ်သည် သူ၏လက်ကိုဆွဲ၍ လှုပ်ယမ်းရာ၊ ထိုလူသည် မျက်နှာထားတမျိုးပြင်လျက် “ကျွန်တော်ကအင်္ဂလိပ်ဆိုပေမင့် အင်္ဂလိပ်စကားပြောခြင်းကို ဆိုလိုပါတယ်၊ လူမျိုးကတော့ အမေရိကန်ပါ”

ထိုလူသည် ဂျန်တလ်မဲန်ဟူသော ကျွန်ုပ်၏ စကားအသုံးအနှုန်းကို ဘယ်ကဲ့သို့ အဓိပ္ပာယ်ကောက်ယူသည်မသိ၊ မျက်နှာထားအနည်းငယ် ပြောင်းလဲသွား ပြီး ကျွန်ုပ်ကိုမစောင့်ပဲ စားပွဲခန်းဆီသို့ သူ့ဖာသာ ထွက်သွားလေသည်။ အမေရိကန်တို့သည် ဂျန်တလ်မဲန်ဟူသော အင်္ဂလိပ်စကားလုံးကို နားမလည်သောကြောင့်ပေလော၊ သို့တည်းမဟုတ် သူကိုယ်တိုင်က ဂျန်တလ်မဲန်တယောက်ဟူ၍ ဝန်မခံရဲသည့်အတွက် ရှက်တတ်တတ်ရှိသောကြောင့်ပေလော မတွေးတတ်အောင် ရှိပါတော့သည်။ ဘူဖေးခန်း၌ လူ၁၀ယောက်ခန့် စီတန်းလျက်ရှိရာ နောက်ဆုံးမှ ရပ်နေသော အမေရိကန်၊ အမေရိကန်နောက်မှ ကျွန်ုပ်ဝင်၍ တန်းစီပါသည်။ ခဏမျှကြာသော် စားစရာရောင်းသော မိန်းကလေးသည် ကျွန်ုပ်ကိုမြင်၍ လက်ယပ်ခေါ်ရာ ကျွန်ုပ်ကိုခေါ်သည်မထင်သောကြောင့် တောင်ကြည့်မြောက်ကြည့် လုပ်နေ၏။ ဤတွင်ရှေ့နားမှလူများက “သွားလေဗျာ၊ ခင်ဗျားကိုခေါ်နေတယ်” ဟုပြောကြတော့မှ ကျွန်ုပ်ထွက်လာ၍ မိန်းကလေးအနီး၌ရပ်၏။ မိန်းကလေးသည် ကျွန်ုပ်လိုသော စားစရာများကို ချက်ချင်းလုပ်ပေးပြီး လင်ဗန်းတွင် ထည့်လွှတ် လိုက်သဖြင့် ကျွန်ုပ်ယူလာခဲ့၏။ ကျွန်ုပ်သည် လင်ဗန်းကိုကိုင်လျက် လျှောက်လာယင်း ကျွန်ုပ်အား အထူးအခွင့်အရေးပေးခြင်းအတွက် မနာလိုကြလေသလောဟု ထိုလူစုကိုကြည့်လိုက်ရာ အားလုံးသောလူများသည် ကျွန်ုပ်အား မျက်စပစ်ကာ ပြုံးရယ်ကြ၍ နောက်ဆုံးမှ အမေရိကန်တယောက် တည်းသာလျှင် ပုပ်သိုးသော မျက်နှာရှိသည်ကိုမြင်ခဲ့ရပါသည်။ ကျွန်ုပ်သည် ဘူဖေးခန်းသို့ ဝင်သွားသည့်အခါတိုင်း အခြားလူများထက် အလျင်ဆုံးစားခဲ့ရသည်ချည်း ဖြစ်ပါသည်။ ဤအကြောင်းကို

'ညီ'အားပြောပြရာ သူက "မိန်းကလေးတွေက မမြင်လို့ရှိလျှင် 'ဘိဓမ္မာ' လိုသာအော်သာအော်လိုက်" ဟု ညွှန်ကြားပါသေးသည်။

## ဘိဓမ္မာမျက်နှာပွင့်ခြင်း(၂)

ညီနှင့်ကျွန်ုပ်သည် ကရင်မလင်ဇာတ်ရုံကြီးနှင့် လီနင်၏အလောင်းကို တနေ့တည်းကြည့်ကြရန်ချိန်းထား၍ ဇာတ်ရုံကြီး၌ ဘဲလေးအကကို ကြည့်ပြီးနောက် (ဤအကြောင်းကို အထက်တွင်ဖော်ပြခဲ့ပြီ။) လီနင်၏သင်းချိုင်းသို့ သွားကြလေသည်။ လီနင်၏သင်းချိုင်းကို ရက်သတ္တတပတ်လျှင် လေးရက်မျှဖွင့်ပေးရာ နှစ်နာရီအချိန်လောက်တွင် ဇာတ်ရုံကြီးမှ ကျွန်ုပ်တို့ထွက်လာကြသောအခါ လီနင်၏သင်းချိုင်းသို့သွားသည့်လမ်းပေါ်၌ နံဘေးတိုက်လေးယောက်တန်း လောက်ရှိ၍ လေးဖာလုံခန့်ရှိသော လူတန်းကြီးသည် တဖွေးဖွေးကျလျက်ရှိသော မိုးပွင့်များအောက်၌ စီတန်းကာ တရွေ့ရွေ့ လျှောက်သွားလျက်ရှိသည်ကို တွေ့ရလေသည်။ ကျွန်ုပ်တို့သည် ထုံးစံအတိုင်း လူတန်းကြီး၏နောက်မှ ဝင်ရပ်ပါက သင်းချိုင်းသို့ရောက်အောင် နှစ်နာရီ ထက်မနည်းတဖြည်းဖြည်း လျှောက်ကြရပေလိမ့်မည်။ 'ညီ'သည် သူ၏'ပက်စ်'စာအုပ်ငယ်ကို လမ်းစောင့်ပုလိပ်အားပြ၍ ကျွန်ုပ်ကို လက်ညှိုးထိုးကာ 'ဘိဓမ္မာ' ဟုပြောလိုက်ရာတွင် ပုလိပ်သည် ကျွန်ုပ်တို့နှစ်ယောက်အား လူတန်းကြီးနောက်မှမလိုက်စေပဲ နံဘေးမှရှေ့သို့ ကျော်တက်ခွင့်ပြုလိုက်လေသည်။ ကျွန်ုပ်တို့ကျော်တက်လာကြ၍ ရှေ့၌တွေ့ရသည့် ပုလိပ်တယောက်အားအလားတူ'ဘိဓမ္မာ'ဟု ပြောလိုက်ခြင်းအားဖြင့် ဆက်လက်လျှောက်သွားခွင့် ရရှိကြလေသည်။ သင်းချိုင်းအဝသို့ ရောက်သောအခါမှ ကျွန်ုပ်တို့သည် လူတန်းကြီးထဲသို့ ဝင်ရပ်ကြလေရာ နှစ်နာရီခန့်ကြာမည့် ခရီးကို ၁၀ မိနစ်ခန့်မျှအတွင်း ရောက်လာကြလေသည်။ အဆောက်အအုံကြီးအတွင်းသို့ နှစ်ယောက်စီယှဉ်ကာ ဝင်လာကြ၍ မှန်သေတ္တာကြီးအတွင်း ဓာတ်မီးထွန်းပြထားသည့် လီနင်၏အလောင်း

ကိုမြင်ကြရလေသည်။ ကျွန်ုပ်တို့သည် ခေါင်းရင်းဘက်မှ စဝင်ကြ၍ တဖြည်းဖြည်း လျှောက်လာသဖြင့် ခြေရင်းဘက်သို့ ရောက်လာကြသောအခါ လီနင်၏ တကိုယ်လုံးနှင့် မျက်နှာကိုထင်ရှားစွာမြင်နိုင်ပေသည်။ လီနင်၏ဦးခေါင်း သည် ကျုံ့ဝင်သွားသည့် လက္ခဏာနှင့် သာမန်ဦးခေါင်းထက် သေးငယ်ဟန်တူသော် လည်း (လီနင်၏ပကတိဦးခေါင်းသည် အခြားလူများ၏ ဦးခေါင်းထက် သေးငယ်လိမ့် မည်မထင်၊ ကျုံ့ဝင်ခြင်းသာဖြစ်ရပေမည်။) မျက်ခုန်းမွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်မှစ၍ မျက်ခွံ၊ မျက်တောင်၊ နှာခေါင်း၊ ပါးပြင်စသည်တို့မှာ အလောင်းနှင့်မတူ၊ အိပ်ပျော်လျက်ရှိသော လူတယောက်ဟုဆိုလျှင် ယုံနိုင်လောက် ပေသည်။ ကိုယ်ပေါ် တွင်ဆန့်ထားသည့် လက်နှစ်ဘက်အနက် လက်ယာဘက် လက်ချောင်းကလေးများ သည် ကွေးလျက်ရှိသော်လည်း လက်ဝဲဘက် လက်ချောင်းများမှာမူ ပကတိအတိုင်း ဖြောင့်စင်းစွာ ဆန့်တန်းလျက်ရှိလေသည်။ ရုရှားလူမျိုးများက ဘုရားတဆူ ဂူတလုံး အနေဖြင့် ဂါရဝပြုလျက်ရှိကြသည့် လီနင်သည် ယခုအခါ၌ မည်သည့်ဘဝသို့ ရောက်လျက်ရှိလေဘိသနည်းဟူသော မေးခွန်းသည် ကျွန်ုပ်၏စိတ်ထဲတွင် ထုံးစံအတိုင်းပေါ်လာပါသည်။ (အလောင်းကို ကြည့်တိုင်း ဤမေးခွန်းသည် ပေါ်လာခြင်းမှာ ကျွန်ုပ်အဖို့ ထုံးစံတခုဖြစ်ပါသည်။) လေဝင်လေထွက်မရှိ၍ လိုဏ်ဂူကြီးသဖွယ်ရှိနေသော အဆောက်အအုံကြီးထဲသို့ လူအမြောက်အမြား ဝင်ကြထွက်ကြသည့်အတွက် ကျွန်ုပ်၏နှာခေါင်းထဲ၌ မခံသာ သော အနံ့တခုခံစားရသည်ထင်၏။ သို့ဖြစ်၍ မြင်လိုသော အာသာဆန္ဒ ပြည့်စုံ သည်နှင့်တပြိုင်နက် ကျွန်ုပ်မှာ အပြင်သို့ချက်ချင်း ရောက်လိုသောစိတ်ဖြစ်ပေါ်လာ ပါသည်။

## စတာလင်၏ကြေးရုပ်

ကျွန်ုပ်တို့သည် လီနင်၏သင်းချိုင်းမှ ထွက်လာကြသောအခါ အဆောက် အအုံကြီးအဝတွင် မော်တော်ကားများ ရပ်ခွင့်မရှိသော နေရာသို့ လမ်းလျှောက် သွားကြ၏။ လျှောက်သွားသောလမ်းမှာ ကရင်မလင်အုတ်ရိုးကြီးတလျှောက်တွင် ဖောက်လုပ်ထား သောလမ်းနှင့် အုတ်ရိုးအကြားတွင် တော်လှန်ရေးခေါင်းဆောင် ကြီးများ၏ ကြေးရုပ်များကိုလည်းကောင်း၊ အုတ်ရိုးတွင် နာမည်များကိုလည်း ကောင်း ၊ မွေးဖွားသော သက္ကရာဇ်နှင့် ကွယ်လွန်သည့် ခုနှစ်ကိုလည်းကောင်း၊ တသီတသန်းကြီး ကမ္ပည်းထိုးထားခြင်းကို တွေ့ရလေသည်။ ထိုအထဲတွင် ဂျပန် လူမျိုးတို့၏ အမည်များလည်း ပါရှိ၏။ တနေရာသို့ ရောက်ကြသောအခါ ကြေးရုပ်တခုဖယ်ရှားထားသည့် ကွက်လပ်တခု ကိုတွေ့ရ၍ အောက်ခံကျောက်ခုံ တွင် ၁၈၇၉–၁၉၅၃ ဟူသောခုနှစ်သက္ကရာဇ်ကို တွေ့ရသည်။ ထိုကျောက်ခုံနှင့် ကွက်လပ်ကိုမြင်သောအခါ 'ညီ'အားမေးတော့မည်ပြု ပြီးမှ ရုတ်တရက်သတိရ၍ နှုတ်ကို ဘရိတ်အုပ်ထားလိုက်သည်။ သတိရခြင်းကား ဤသက္ကရာဇ်သည် စတာ လင်၏သက္ကရာဇ်ဖြစ်၍ ၎င်း၏ကြေးရုပ်ကို ဤနေရာမှ ရွှေ့ထားခြင်းဖြစ်ရမည်။ ဤကိစ္စသည် သူတို့ပါတီဝင်များအဖို့ သိမ်မွေ့သောကိစ္စ တခုဖြစ်၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းပြုရန် မသင့်ဟု စဉ်းစားမိခြင်းပင်ဖြစ်ပါသည်။ သို့သော် ကျွန်ုပ်သည် ညီ၏အကဲကိုသိလိုသည်နှင့် ဆက်လက်၍မလျှောက်ပဲ ကွက်လပ်ရှေ့တွင် မတ် တတ်ရပ်လျက်ကြည့်နေသေးရာ 'ညီ'သည် ကျွန်ုပ်အား ဘာမျှမပြောပဲ ကျွန်ုပ် နှင့်အတူ ရပ်လျက်သာ စောင့်ကြည့်နေပါသည်။

## ဘာကြောင့်ဖျောက်ဖျက်ရသနည်း

ထိုညဦး၌ ကျွန်ုပ်သည် တော်တော်နှင့်အိပ်မပျော်နိုင်ပဲ စတာလင်ကိစ္စနှင့်ပတ်သက်၍ အယူအဆကွဲလွဲကြခြင်း အကြောင်းများကို စဉ်းစားဆင်ခြင်မိပါသည်။ စတာလင်၏ အလောင်းနှင့် ကြေးရုပ်ကို ပြောင်းရွှေ့ပစ်ခြင်းနှင့် ပတ်သက်၍ အပြစ်ပြောကြသူများက စတာလင်၌ မည်သို့သော အပြစ်အနာအဆာများ တွေ့ရသည်ဖြစ်စေ ဆိုဗီယက်ပြည်သူပြည်သားတို့၏ ကယ်တင်ရှင်ကြီးတယောက် အစစ်အမှန်ဖြစ်ခဲ့သည့်အတွက်ကြောင့် ကွယ်လွန်ပြီးသည့်နောက်၌ သူ၏ဂုဏ်သရေကို ညှိုးပုပ်စေခြင်းငှာ အလောင်းကို ရွှေ့ပြောင်း၍ ကြေးရုပ်ကိုဖျောက်ဖျက်ပစ်ခြင်းသည် လက်တုံ့မပြန်သင့်သော ကိစ္စ၌ လက်တုံ့ပြန်ရာ ရောက်သောကြောင့် မှားသည်ဟု ဆိုကြသည်။ ကျွန်ုပ်သည် ခရုရှော့ကို ကာကွယ်ရန်လည်း အလိုမရှိ၊ ပြစ်တင်ကဲ့ရဲ့ရန် လည်းအလိုမရှိ၊ လူ၏စိတ်သဘောထားကို ကျွန်ုပ်နားလည်သလောက်နှင့် ခရုရှော့ အကြောင်းကို ကျွန်ုပ်လေ့လာသိရှိရသလောက်အပေါ်တွင် အခြေတည်၍စဉ်းစား ဆင်ခြင်ခြင်းအားဖြင့် ပေါ်ထွက်လာသည့် အဖြေကို ဘက်မလိုက်ပဲ တင်ပြလိုပါသည်။ လူ၏သဘာဝမှာ မိမိ၏တိုင်းပြည်တွင်ဖြစ်စေ၊ တတ်နိုင်လျှင် ကမ္ဘာတွင်ဖြစ်စေ မိမိသာ လျှင်အကြီးအကျယ်ဆုံး၊ အလေးစားခံရဆုံး ပုဂ္ဂိုလ်တဦးဖြစ်ချင်၍ မိမိထက်ကြီးကျယ်သည်၊ အလေးစားခံရသည်ဆိုလျှင် မည်သူ့ကို မဆို ဖြိုဖျက်ပစ်ချင်တတ်သည့် လောဘ မျိုး၊ မာနမျိုးရှိတတ်ခြင်းကားမှန်သည်။ သို့ရာတွင်ခရုရှော့အကြောင်း ကျွန်ုပ်သိရသမျှ မှာ ဤပုဂ္ဂိုလ်သည် သာမညမဟုတ်၊ စဉ်းစားဉာဏ်ကြီးရှိသော ပုဂ္ဂိုလ်တဦးဖြစ်သည်။ ဆိုဗီယက်ပြည်ကြီးတခုလုံးက ကယ်တင်ရှင်ကြီးအဖြစ်နှင့် ကြည်ညိုလေးစားကြ၍ တကမ္ဘာလုံး၏ အထင်ကြီးခြင်းခံခဲ့ရသည့် စတာလင်၏အလောင်းကို မရှိမသေ မလေးမစား ပြုလုပ်လိုက်ချေသော် တိုင်းသူပြည်သား လူအများစုက မကျေနပ်ရုံမက ကမ္ဘာက လည်း ကဲ့ရဲ့ပြစ်တင်ကြလိမ့်မည်၊ ကဲ့ရဲ့ပြစ်တင်စရာအကြောင်းကောင်းကြီးတခုလည်း

ရသွားကြလိမ့်မည်ဟူသည်ကို သူမသိပဲမရှိ၊ သိရှိရမည်သာဖြစ်သည်။ သို့ဖြစ်လျှင် အဘယ့်ကြောင့် ထိုကဲ့သို့ ပြုလုပ်ဘိသနည်းဟု မေးဖွယ်ရာရှိ၏။ ဆိုဗီယက် ယူနီယံတွင် စတာလင်ဝါဒ (စတာလင်လမ်းစဉ်) သမားများနှင့် ခရုရှော့လမ်းစဉ် သမားများဟူ၍ နှစ်ဂိုဏ်းရှိကြခြင်းမှာ ကမ္ဘာကအသိဖြစ်၏။ ခရုရှော့ဝါဒသမား များသည် အုပ်ချုပ်ရေးတွင် လူများစုဖြစ်နေ၍ လူနည်းစုဖြစ်သည့် စတာလင် လမ်းစဉ်သမားများ ဖြုတ်ချခံရခြင်းမှာလည်း လူတိုင်းအသိဖြစ်၏။ နိုင်ငံရေး သမားတို့၏ အမြင်အရ 'ပွစိပွစိ'လုပ် သောဂိုဏ်းကို ဖြစ်နိုင်သောနည်းဖြင့် ဖြုတ်ချ ရမည်ဖြစ်ရာ ခရုရှော့သည်လည်း စတာလင်ဂိုဏ်းကို (တတ်နိုင်လျှင်) သွေးထွက် သံယို မပါရှိသောနည်းဖြင့် ဖြုတ်ချင်ပေလိမ့်မည်။ စတာလင်၏အလောင်း ကိုတူးဖော်ပြောင်းရွှေ့လိုက်ခြင်း၊ ကြေးရုပ်ကို ဖျောက်ဖျက်လိုက်ခြင်း တည်းဟူသော အလုပ်သည် စတာလင်ဂိုဏ်းကိုအမြစ်မှကိုင်၍ လှုပ်လိုက်ခြင်းဖြစ်ရမည်။ "ခွန်အား ရှိလျှင်ထကြစမ်း၊ အားမရှိလျှင်ပြုတ်ကြစမ်း၊ ပွစိပွစိ တော့လုပ်မနေကြနဲ့"ဟု ချဲ့လင့်ချ်လုပ်လိုက်ခြင်းပင်ဖြစ်ရမည်။ ကျွန်ုပ်သည် ခရုရှော့၏အပြုအမူကို နည်း လမ်းမှန်သည်ဟု ထောက်ခံခြင်းမဟုတ်၊ အပြစ်တင်ခြင်းလည်းမဟုတ်၊ အချို့ လူများ တွေးဆကြသည့် အကြောင်းပြချက် မမှန်ခြင်းကို တင်ပြခြင်းမျှသာဖြစ် သည်။ ခရုရှော့၏အလုပ်ကို မှန်မမှန်ကိုမူ ရာဇဝင်ကသာ ဆုံးဖြတ်ပေလိမ့်မည်။

## နိုင်ငံရေးထုံးစံလော

အချို့လူများက ခရုရှော့ကိုယ်တိုင် ဤကဲ့သို့မပြော၊ စတာလင်၏ အပြစ် များကိုသာ ဖော်ထုတ်စွပ်စွဲပါတကားဟု စောဒက တက်ကောင်းတက်ကြပေလိမ့် မည်။ ခရုရှော့၏ ရည်ရွယ်ချက်မှာ စတာလင်လမ်းစဉ်နှင့် စတာလင်ဂိုဏ်းကို ဖြိုဖျက် ရန်ဖြစ်သောကြောင့် စတာလင်၏ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အပြစ်အနာအဆာများ ရှာဖွေဖော်ထုတ်ကြေငြာရန်မှာ သူ၏အလုပ်ဖြစ်နေ၏။

သို့ရာတွင် ဤသို့ပြုလုပ်ခြင်း၌ ခရုရှော့သည် စတာလင်ကို မုန်းတီးသောကြောင့် ဟုကျွန်ုပ်မယုံကြည်။ (မချစ်ချင်တော့နေနိုင်သည်။) စတာလင်ကို လူတွေက ကြည်ညိုလေးစားမှု ပျက်သွားပါမှ စတာလင်၏ လမ်းစဉ်နှင့် စတာလင်၏ဂိုဏ်းပါ နာမည်ညှိုးပုပ် ပြိုပျက် သွားလိမ့်မည်ဟု တွက်ကိန်းရသောကြောင့် ဖြစ်ရပေမည်။ ကျွန်ုပ်၏တွက်ကိန်းတခုမှာကား အကယ်၍စတာလင်၏လမ်းစဉ်ကို သဘောကျသည့် စတာလင်ဂိုဏ်းသားများ မကျန်ရစ်ခဲ့ပါမူ ခရုရှော့သည် စတာလင်၏ အလောင်းကို လီနင်၏သင်းချိုင်း အဆောက်အအုံထဲမှ ထုတ်ယူပြောင်းရွှေ့လိမ့်မည် မထင်ပေ။ အခြားတွေးလုံးတခုမှာ ခရုရှော့သည် စတာလင်၏အလောင်းကို ရွှေ့ပြောင်းရာ၌ သူ့သဘောတခုတည်း မဟုတ်နိုင်၊ ပါတီ၏အဆုံးအဖြတ် ယူပေမည်။ ကွန်မြူနစ်ပါတီထဲတွင်လည်း စတာလင်ကို အားလုံးကမုန်းသည် မဟုတ်နိုင်၊ အလောင်းမိမိပြောင်းခြင်းအတွက် ဝမ်းနည်းသူများလည်း ရှိရမည်ဖြစ်ရာ ရွှေတို့၏ ပါတီ တည်တန့်ခိုင်မြဲရေးအတွက် လိုအပ်သည်ထင် သောကြောင့် လုပ်ကြရခြင်း ဖြစ်ပေလိမ့်မည်။ ခရုရှော့သည်လည်းကောင်း၊ အချို့ပါတီဝင်များသည် လည်းကောင်း သူတို့တည်မြဲရေးအတွက်ဆိုလျှင် ဘာမဆိုလုပ်ကြမည့် လူစုဖြစ်ပုံရသည်။ (အခြားနိုင်ငံရေးသမားများလည်း ဤအတိုင်းပင်ရှိကြမည်လော မပြောတတ်၊ နိုင်ငံရေးဆိုလျှင် ဤအတိုင်းပင် ဖြစ်ရလေသလောလည်း မပြောတတ်ပါ။) ခရုရှော့ ကိုယ်နှိုက်က ဖွင့်မပြောဆိုခြင်းမှာမူ အထူးရှင်းလင်းရန် လိုတော့ သည်မထင်ပေ။

## သဒ္ဒိဿအလှူကြီး

မော်စကိုမှပြန်ခါနီးတွင် ကျွန်ုပ်သည် တရုတ်စားစရာများရနိုင်သည့် ပီကင်းဟိုတဲလ်ဟူ၍ မော်စကိုမြို့တွင်း၌ရှိကြောင်း သိရှိရသည်။ ရုရှားစားစရာမျိုးငြီးငွေ့ပြီး တရုတ်စားစရာများ စားချင်စိတ် ပေါ်လျက်ရှိသည်မှာ အတန်ကြာပေပြီ။ ပြန်ခါနီး၌ ကျွန်ုပ်သည် ရုရှားသတင်းစာတစောင်၏ တိုက်တွန်းချက်အရ

ဆောင်းပါးတပုဒ်ရေးပေးရာ ရှုဘဲနှစ်ဆယ် (ကျပ်တရာကျော်) ရရှိ၏။ ဤတွင် ကျွန်ုပ်သည်အတော်ကြီး ခင်မင်ရင်းနှီးလျက်ရှိသည့် ရှုရှားရဲဘော်သုံးယောက်တို့ကို ပီကင်းဟိုတဲလ်၌ ဒင်းနား ပါတီကလေးကျွေးလိုသော အကြံဖြစ်ပေါ်လာ၍ 'ဖဲယားဝဲလ်ဒင်းနား' (နှုတ်ဆက်ပွဲညစာ) ကျွေးခဲ့ပါသည်။ ကျွန်ုပ်အား ထမင်း နှစ်နပ်စီ ကျွေးဖူးသည့် မောင်တင်ဟုတ် နှင့် မောင်ကြင်ဝေတို့ စုံတွဲအားလည်း ဖိတ်ချင်သေး၏။ သို့ရာတွင် ခရီးဝေးကွာလှသောကြောင့် စားရသည့်အစာနှင့် တက္ကစီခနှင့် မကာမိအောင် ရှိလိမ့်မည်ဟု စဉ်းစားမိသည်နှင့် မဖိတ်ပဲနေမိသည်။ (ဤအတွက် ကျွန်ုပ်နောင်တရမိသည်။) ကျွန်ုပ်တို့ လေးယောက်သည် ပီကင်း ဟိုတဲလ်သို့ ညခုနှစ်နာရီခန့်တွင် ရောက်သွားသောအခါ အတော်ကျယ်ဝန်းသည့် ပီကင်းဟိုတဲလ်စားပွဲခန်းကြီးမှာ ပြည့်ကျပ်လျက် ရှိလေပြီ။ ရဲဘော်များက နေရာရအောင် ကြိုးစားကြသော်လည်း အချည်းနှီးဖြစ်နေ၏။ နောက်ဆုံး၌ 'ညီ' သည် မန်နေဂျာကို ကိုယ်တိုင်သွားတွေ့ရာ မန်နေဂျာလိုက်လာ၍ ကျွန်ုပ်ကို မြင်သည်တွင်မှ ဟိုတဲလ်အလုပ်သမားများ စားပွဲများကို ဟိုပြောင်းသည်ရွှေ့ ပြုလုပ်စေကာ ကျွန်ုပ်တို့လေးယောက်အတွက် နေရာမရရအောင် စီမံပေးကြသည်။ (ဤသည်လည်း 'ဘိဓမ္မာ' မျက်နှာစာပင်ဖြစ်သည်။) ရဲဘော်များသည် တရုတ် စားစရာ များအကြောင်းကို ဘာမျှမသိကြသဖြင့် 'မီးနူး'စာရင်းကို ကျွန်ုပ်ပင် ရွေးချယ်ရသည်။ ကျွန်ုပ်မှာလည်း တရုတ်စားစရာများကို အင်္ဂလိပ်အခေါ်နှင့် ရေးထားသဖြင့် မရွေးတတ်ပဲဖြစ်နေ၏။ သို့ရာတွင် ကျွန်ုပ်သည် မသိသူ အချင်းချင်းအပေါ်တွင် လူလယ် လုပ်လိုက်ဦးမည်ဟု အောက်မေ့ကာ မသိခြင်းကို ဖွင့်၍မပြောပဲ ပီကင်းဘဲတပွဲမှတပါး တွေ့ကရာ စားစရာများကို ထင်ခြေနှင့် ရမ်းသမ်းပြီးရွေးလိုက်၏။ ရောက်လာသောအခါ၌ ပီကင်းဘဲအပြင် ကြက်သား ချိုချဉ်၊ ၁၂ မျိုးကြော်၊ ဝက်သားစင်းကောလုံး၊ တောက်တောက်ကြော်တို့ကိုမြင်ရ၍ တော်ပါသေး၏။ အမှန်ကိုဝန်ခံရလျှင် ကျွန်ုပ် သည် ဤစားစရာများကို အင်္ဂလိပ်လို လုံးဝမခေါ်တတ်၊ ဘယ်နည်းမဆို စား၍ဖြစ်ရ မည်ဟူသော အားကိုးတခုနှင့်

မှာယူလိုက်ခြင်းဖြစ်ပါသည်။ ရဲဘော်များသည်လည်း ဤစားစရာမျိုးကိုတခါမှ မစားဘူးကြဟုဆိုကာ အလွန်မြိန်ရှက်စွာစားကြသောက် ပါပေသည်။ (ကျွန်ုပ်ကိုပြန်၍ 'လိုမ့်' ကြလေသလော မပြောတတ်ပေ။) စားစရာများ၏ အဘိုးနှုန်းမှာ 'မီးနူး'တွင် တခါတည်း ရေးထားသဖြင့်ကျွန်ုပ်သိနိုင်ပါ၏။ သို့သော် ရှမ်ပိန်၊ ဂျော်ဂျီယာဝိုင်၊ ဗို့ဒ်ကာ၊ စကော့ချ်ဝီစကီ စသည့် သောက်စရာတို့၏ အဘိုးနှုန်းကိုမူ ကျွန်ုပ်ဘာမျှမသိပဲ ရမ်းပြီးမှာရခြင်းဖြစ်၏။ (စကော့ချ်ဝီစကီမှာ ကျွန်ုပ်၏ တိုက်တွန်းချက်ဖြစ်၏။ သူ့ခမျာများမှာ ဗို့ဒ်ကာမှတပါး သောက်ရခဲလှသည်။) ပထမ၌ ကျွန်ုပ်သည် ဆောင်းပါးအတွက်ရသည့် ရူဘဲလ်နှစ်ဆယ်နှင့် လုံလောက်မည်ဟု ခန့်မှန်းသော်လည်း စေတနာသဒ္ဓါတရား ထက်သန်လာသည့် အလှူရှင်တယောက်ဖြစ် လာသည်နှင့် အိတ်ထဲ၌ အင်္ဂလိပ်ပေါင်တွေ ရှိသေးသည်ဆိုကာ ရဲဘော်များက တောင်းပန်ယူရအောင် ရက်ရက်ရောရော ဖောဖောသီသီ မှာယူလျက် ရှိပါတော့သည်။ ထိုည၌ ကျွန်ုပ်တို့ အားလုံးအတွက်ပြောရမည်ဆိုလျှင် (လူအားလုံး အသက်၅၀ကျော် တွေချည်းဖြစ်သည်။) တဦးတယောက်မျှ ဣန္ဒြေမပျက်၊ ခင်မင်ရင်းနှီးစေသည်ထက် ရင်းနှီးစေသော စကားမျိုးကိုသာ ပြောကြပါပေသည်။ "ဘိမ္မောတယောက်က ဆိုဗီယက်ယူနီယံသို့လာပြီး ကျွေးသည့် ဒင်းနားပါတီသို့ ဤတကြိမ်သာ ရောက်ဖူး သည်"ဟု 'ညီ'ကပြောပါသေးသည်။ စာရင်းရှင်းသောအခါ ရူဘဲနှစ်ဆယ်ပင်မကုန်၊ တရူဘဲလ်နှင့် ကိုပက်၅၀ပိုပါသေးသည်။

## ကမ္ဘာ့ရေးရာ ဆွေးနွေးခန်း

ကျွန်ုပ်မော်စကိုမှ ပြန်မည့်နေ့ (မတ်လ၂၇ရက်)၌ မောင်တင်ဟုတ်တို့ လင်မယားနှင့် မောင်ကြင်ဝေသည် ဝါဆောပိုတဲလ်သို့ လက်ဆောင်ကလေးများနှင့် လာရောက်ကန်တော့ကြ၏။ သူတို့သည် "မော်စကိုတွင် မြန်မာမျက်နှာကို မြင်ရ၍ မြန်မာလိုပြောရခြင်းအတွက် ဝမ်းမြောက်ကြည်နူးလှပါသည်" ဟု

ပြောကြသည်။ ထို့ပြင် ရုရှားရဲဘော်သုံးလေးယောက်တို့လည်း လာရောက် နှုတ်ဆက်ကြသည်။ ထိုသူတို့သည် ကျွန်ုပ်အပေါ်တွင် ခင်မင်လေးစားမှုရှိကြခြင်း ကား ယုံမှားဖွယ်မရှိပါ။ အာရှအာဖရိက ချစ်ကြည်မှု ခိုင်မြဲရေးအဖွဲ့မှလည်း လူကြီးနှစ်ယောက်လာကြသည်။ ညီမှာမူ ထိုနေ့နံနက်ခင်းမှ ညဥ့်နာရီပြန်နှစ်ချက် တိုင်အောင် ကျွန်ုပ်နှင့်မခွဲတော့ပဲ ဝါဒရေးရာနှင့် ကမ္ဘာ့ရေးရာများကို ခုတင် တလုံးစီတွင် ပက်လက်လှန်ကာ ဝိုင်သောက်ကာဖြင့် (သူကဝိုင်နှစ်လုံး ယူလာ ခဲ့သည်။ ) ဆွေးနွေးကြလေရာ ကျွန်ုပ်တို့၏ဆွေးနွေး ခန်းကို စာဖတ်သူတို့အဖို့ ဗဟုသုတအလို့ငှာ ဖော်ပြလိုက်ပါဦးမည်။

ညီ။ ။ "ပင်စင်စား ကချေသည်များရဲ့ ဂေဟာမှာတုန်းက အစ်ကိုကြီး ကပြောတယ်၊ တိုးတက်သောစာရေးဆရာတယောက်တော့ ဟုတ်တယ်၊ ကွန်မြူနစ် တော့ မဟုတ်ဘူးတဲ့၊ ဘာပြုလို့ ကွန်မြူနစ်မဟုတ်တာလဲ အစ်ကိုကြီး"

နုပ်။ ။ "တိုးတက်သော စာရေးဆရာတယောက်အနေ့ ကာလ်မာ့က်စ်ရဲ့ စီးပွားရေးစနစ်ကိုတော့ လက်ခံယုံကြည်တယ်၊ ကွန်မြူနစ်ပါတီဝင်တယောက်တော့ မဟုတ်ဘူးပေါ့ဗျာ"

ညီ။ ။ "ဘာ့ကြောင့် ပါတီထဲမဝင်တာလဲအစ်ကိုကြီး"

နုပ်။ ။"တပည့်မခံနိုင်ဘူးဆိုပါတော့ဗျာ"

ညီ။ ။"တပည့်မခံနိုင်ယင် အစ်ကိုကြီးက ဆရာဖြစ်အောင်လုပ်ပေါ့ဗျာ"

နုပ်။ ။"ဒီလိုလဲ မဖြစ်ပါဘူး၊ ကျွန်တော်က ခေါင်းဆောင်တယောက်ဖြစ်ဖို့ အင်္ဂါအရည်အချင်းမရှိပါဘူး"

ညီ။ ။"အစ်ကိုကြီးက စဉ်းစားဉာဏ်ရှိတဲက လူတယောက်ပဲခင်ဗျာ"

နုပ်။ ။"စဉ်းစားဉာဏ်ရှိပေမယ့် လူတွေစည်းရုံးတာတို့ ကြိုးကိုင်တာတို့ စီမံခန့်ခွဲတာတို့ လုံးဝဝါသနာမပါဘူး၊ တတ်လဲ မတတ်ဘူးဗျ၊ ခေါင်းရှုပ်တယ်"

ညီ။ ။"ကျွန်တော်တို့တိုင်းပြည်နဲ့ပတ်သက်လို့ အစ်ကိုကြီးက ဘာများ ဝေဖန်စရာရှိသလဲခင်ဗျာ"

နုပ်။ ။" ခင်ဗျားတို့ဆီမှာ ပြည်တွင်းရေးရာနဲ့ ပတ်သက်လို့ မာ့က်စ်လီနင် (စတာလင်တော့ မထည့်တော့ပါဘူး) တို့ဆီက ဆက်ခံရရှိထားတဲ့ မူသေစနစ် ကြောင့် တိုင်းပြည်ကြီးပွားနေခြင်းကို တွေ့ရတဲ့အတွက် ကျွန်တော်ဘာမှ ဝေဖန် စရာမရှိပါဘူး၊ ဝေဖန်နိုင်လောက်တဲ့ အရည်အချင်းလဲ ကျွန်တော့်မှာမရှိပါဘူး"

ညီ။ ။"ဘာကိုတော့ ဝေဖန်ချင်သလဲခင်ဗျာ"

နုပ်။ ။"နိုင်ငံခြားနဲ့ဆက်ဆံမှုဆိုင်ရာမှာတော့ ခင်ဗျားတို့မှာ 'မူသေ' နည်းမရှိသေးဘူး၊ စမ်းပြီးလုပ်နေရတုန်းပဲ ရှိသေးတယ်မဟုတ်လား၊ ဒီတော့ မှားချင်မှားနိုင်တယ်ပေါ့"

ညီ။ ။"ကျွန်တော်တို့မှာလဲ နည်းကောင်းရှိပါတယ်ခင်ဗျာ၊ ဥပမာ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စကြီးဟာလမ်းမှန်တယ်မဟုတ်ဘူးလာခင်ဗျာ"

နုပ်။ ။"ငြိမ်းချမ်းရေးဆိုတာကတော့ လမ်းမှန်ပါတယ်၊ ယုံမှားဖွယ်ရာ မရှိပါဘူး၊ သို့သော် လုပ်ပုံလုပ်နည်းကလိုသေးတယ်ဗျ"

ညီ။ ။"ဘယ်လိုလဲခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့စလုပ်ကတည်းက နိုင်အောင်ဆိုပြီး သဘောထားတယ် မဟုတ်လား"

ညီ။ ။"တဘက်က စစ်တိုက်ချင်တဲ့လူတွေကို မတိုက်နိုင်အောင်ဟာ နိုင်အောင်လုပ်ရမှာပဲ မဟုတ်လားခင်ဗျာ"

နုပ်။ ။"ဒီကတည်းကသွားပြီ၊ ခင်ဗျားတို့က နိုင်တာလိုချင်တာလား၊ ငြိမ်းချမ်းတာလိုချင်တာလား"

ညီ။ ။"ဒီကိစ္စမှာနိုင်တာနဲ့ ငြိမ်းချမ်းရေးနဲ့ဟာ တွဲနေတယ် မဟုတ်လား ခင်ဗျ"

နုပ်။ ။"အဲဒါ ခင်ဗျားတို့လူစု ကောင်းကောင်းကြီးလွဲနေတာပဲ၊ ကျွန်တော် ပြောမယ်၊ အနိုင်ယူပြီး ငြိမ်းချမ်းရေးယူမယ်ဆိုလို့ ဤကမ္ဘာမရဘူး မှတ်ထား လိုက်ဗျာ"

ညီ။ ။"ဘယ်လိုပြောတာလဲခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့ အထင်ပေးထားပုံက အမေရိကန်တွေဟာ စစ်ဝါဒီတွေ (အနောက်ဂျာမနီကတော့ ဟုတ်ပါတယ်။) သူတို့မလိုက်နိုင်အောင် လက်ကိုရိုက်ချိုး ထားမှ ငြိမ်းချမ်းမှုရမလိုလို ခင်ဗျားတို့ပြောတတ်ကြတယ်မဟုတ်လား၊ ဘယ်လို အဓိပ္ပာယ်ရှိသလဲ၊ ခင်ဗျားတို့က သူတော်ကောင်းတွေ ၊ သူတို့ကသူယုတ်မာ တွေ၊ ဒီသူယုတ်မာတွေကို ချိုးဖဲ့နှိမ်နင်းထားမှ ကမ္ဘာကြီးငြိမ်းချမ်းမယ်ဆိုမဟုတ်လား၊ ဒီလိုဆို သူတို့ခံချင်ပါ့မလား"

ညီ။ ။"ဟုတ်လဲ ဟုတ်တာကိုးခင်ဗျ"

နုပ်။ ။"ဟုတ်တယ်ပဲထားဦး၊ ဒီနည်းနဲ့ငြိမ်းချမ်းရေးမရနိုင်ဘူး၊ အခုတော့ ဟုတ်တာလဲမဟုတ်ဘူး၊ အမေရိကန်က စစ်တိုက်ချင်ယင် ခင်ဗျားတို့ရဲ့ ကမ္ဘာ့ ငြိမ်းချမ်းရေးကြောင့် မတိုက်တာလား၊ ခင်ဗျားတို့ရဲ့ ညူကလီးယားလက်နက် တွေကြောင့် မတိုက်တာလား"

ညီ။ ။"ကမ္ဘာ့ငြိမ်းချမ်းရေးကြောင့်လဲ ပါမှာပေါ့ခင်ဗျာ"

နုပ်။ ။"ဒါကခင်ဗျားတို့စိတ်ကူးယဉ်တာပါဗျာ၊ သူတို့ကြောက်တာက ညူကလိယာလက်နက်ပါဗျ"

ညီ။ ။"ဒါဖြင့် ကမ္ဘာ့လူထုအင်အားနဲ့ ဆောင်ရွက်နေကြတဲ့ငြိမ်းချမ်းရေး လုပ်ငန်းကြီးဟာအလကားပဲလားခင်ဗျာ"

နုပ်။ ။"လူထုသွေးစည်းမှုကို ကျွန်တော်အထင်မသေးဘူး၊ သို့သော် ခင်ဗျားတို့ လုပ်ပုံက လမ်းလွဲနေတယ်"

ညီ။ ။"ဘယ်လိုလွဲတာလဲခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့က အမေရိကန်အပေါ် အနိုင်ရအောင်ဆိုတဲက ရည်ရွယ်ချက်နဲ့ လုပ်နေကြတာကိုးဗျ၊ လက်ရိုက်ချိုးမယ်၊ တုပ်နှောင်ထားမယ်ဆိုတဲ့ သဘောပဲဗျာ၊ ဒီလိုမရဘူးဗျ၊ အားလုံးလက်တွဲပြီးဆောင်ရွက်ရမည့်နည်းလမ်းကို အမေရိကန်ကြီးမပါပဲ မနေနိုင်အောင် ကမ္ဘာ့လူထုနဲ့ သိမ်းသွင်းပြီးရယူနဲ့နည်းကို ရှာရမယ်ဗျ"

ညီ။ ။"အခုလဲ ကမ္ဘာ့လူထုနဲ့ သိမ်းသွင်းတာပဲ မဟုတ်ဘူးလားခင်ဗျာ"

နုပ်။ ။"သိမ်းသွင်းပေမယ့် ခင်ဗျားတို့စေတနာကမူမှ မမှန်ပဲဗျ၊ တဘက်သားကို လူယုတ်မာအနေနဲ့တင်ပြပြီး ရိုက်သွင်းချင်တာကိုးဗျ၊ ဒီလိုအညှဉ့်ခံပြီး ဝင်ရမည့် သဘောမျိုးနဲ့တော့ ဝေးသေးဗျာ"

ညီ။ ။"ဒါဖြင့် ကျွန်တော်တို့ ဘာလုပ်ရမလဲခင်ဗျာ"

နုပ်။ ။"စည်းရုံးတာကတော့စည်းရုံးပါ၊ တဘက်သားအပေါ် အနိုင်ယူဖို့ဆိုတဲ့ ရည်ရွယ်ချက်ကိုတော့စွန့်လွှတ်လိုက်ပါ။

ညီ။ ။"ဘာထူးသေးလို့လဲ ဘရားသား"

နုပ်။ ။"ထူးပါသော်ကော၊ ကျွန်တော်တို့ဆီက ကွန်မြူနစ်တွေကိုလဲ ကျွန်တော်တို့ခဏခဏ သတိပေးပါတယ်၊ အရင်းရှင်တွေပျက်စီးပါစေဆိုတဲ့ ဒေါသ စိတ်မျိုးနဲ့ အလုပ်မလုပ်ကြပါနဲ့၊ အလုပ်သမားလယ်သမား၊ ဆင်းရဲသားတွေ ချောင်ချိ ကြပါစေဆိုတဲ့ စေတနာမျိုးနဲ့ အလုပ်လုပ်ကြပါလို့ သတိပေးရပါတယ်"

ညီ။ ။"ဘာထူးသေးသလဲခင်ဗျာ၊ ပစ္စည်းကို သိမ်းယူတာချင်းအတူတူပဲ မဟုတ်လား"

နုပ်။ ။"သိမ်းတာချင်းတူပေမယ့် စေတနာချင်းမတူလျှင် အကျိုးတရားချင်း မတူတတ်ဘူးဗျ"

ညီ။ ။"ဘာကြောင့်လဲ ဘရားသား"

နပ်။ ။"ဒေါသဆိုတာ မကောင်းဘူး၊ မကောင်းကျိုးပေါ်ထွက်တတ်တယ်၊ မေတ္တာဆိုတာ ကောင်းတယ်၊ ကောင်းကျိုးပေါ်ထွက်တတ်တယ်၊ ဒေါသနဲ့မေတ္တာ ဟာ မတူဘူးဆိုတာတော့ ခင်ဗျားဝန်ခံမှာပေါ့"

ညီ။ ။"မတူတောတော့သိပါတယ်၊ နို့ပေမယ့် အလုပ်ချင်းတူလျှင် အကျိုးတရားချင်း တူရမှာပေါ့ဗျ၊ ဒေါသတို့ မေတ္တာတို့ဆိုတာတွေကစိတ်ပဲ၊ အလုပ်မှ မဟုတ်ပဲ"

နပ်။ ။"စိတ်မှဖြစ်တဲ့ စေတနာတို့၊ မေတ္တာတို့ ဆိုတာတွေဟာ အကျိုးတရား ပေါ်ထွက်နိုင်တယ် ဆိုတာတွေဟာ ခင်ဗျားတို့ ကာလ်မာ့က်စ်ရဲ့ စာအုပ်ကြီးထဲမှာမပါဘူး၊ ရုပ်နဲ့လုပ်ရတဲ့ အလုပ်ကိုသာ အလေးပေးပြီး ဖော်ပြ ထားတာကိုး၊ ဒါကြောင့်မို့ ခင်ဗျားတို့အလုပ်တွေဟာ မချောမောပဲ တစ်ဆို့ဆို့ ဖြစ်နေတာပဲ"

ညီ။ ။"ဒါကတော့ ဘုရားသားရဲ့ စွပ်စွဲချက်ရှိတာပါခင်ဗျာ၊ ဒါထား ပါတော့၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိစ္စမှာ ကျွန်တော်တို့က တဘက်သားကို အနိုင်ရချင်တဲ့သဘောထားနဲ့ ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဘယ့်နှယ်စွပ်စွဲနိုင် သလဲဗျ"

နပ်။ ။"သိပြီလားဗျာ၊ ခင်ဗျားတို့ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဖရင့်တွေမှာ ဘာတွေပြောကြသလဲ၊ တဘက်သားဟာ စစ်ဘီလူးကြီးဆိုပြီး အပြစ်အနာအဆာ တွေ လျှောက် ပြောကြတယ် မဟုတ်ဘူးလား"

ညီ။ ။"ကမ္ဘာသူ ကမ္ဘာသားတွေသိအောင် တိုင်ရတာပေါ့ ဘုရားသား"

နပ်။ ။"တိုင်တော့ဘာဖြစ်သလဲ၊ တဘက်သားက ဒေါသဖြစ်တယ် မဟုတ်လား"

ညီ။ ။"သူတို့ဒေါသဖြစ်လဲ ဘယ်တတ်နိုင်မလဲ ဘုရားသား"

နပ်။ ။"ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆို၊ တဘက်သားကို ဒေါသဖြစ်အောင်လုပ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ၊ ကျွန်တော်နားလည်တဲ့ စိတ်သဘာဝအရတော့ ဖြစ်ဖို့ဝေးသေးဗျာ"

ညီ။ ။"ဆိုးချင် မိုက်ချင်တဲ့လူကို မဆိုးဝံ့ မမိုက်ဝံ့အောင် လုပ်ရမှာပေါ့ ဘရားသား"

နပ်။ ။"ဖြစ်သလား၊ ရသလား၊ တင်းမာမှုတွေ မလျှော့ပဲ တိုးတိုးသာလာတယ် မဟုတ်လား"

ညီ။ ။"ဒါဖြင့် ဘယ့်နှယ်လုပ်မလဲ ဘရားသား"

နပ်။ ။"တဘက်သားကို လူဆိုးကြီးလို့ ကြွေးကြော်ပြီး လက်ရိုက်ချိုးဖို့ လူတွေ စုနေမယ့်အစား ငြိမ်းချမ်းရေးကို လက်တွဲ ဆောင်ရွက်ချင်အောင် သိမ်းသွင်းယူရမယ် ဗျ"

ညီ။ ။"ပြောတော့လွယ်တယ်၊ လုပ်တော့ဘယ်လိုလုပ်မတဲ့လဲ ဘရားသား"

နပ်။ "ခင်ဗျားတို့လူစု လုပ်နေကြပုံတွေဟာ သည်အတိုင်းထိုင်နေတာက တော်လိမ့်ဦးမယ်၊ ငြိမ်းချမ်းရေးဆိုပြီး တဘက်သားရဲ့ အပြစ်တွေကို မောင်းတီးပြီး ကြေငြာပေးကြတာက သာလို့သာလို့ဆိုးဆိုးသွားတာကိုချည်း တွေ့နေရတယ်ဗျ"

ညီ။ ။"ဟုတ်ပါပြီ၊ ထားပါဦးတော့ ဘရားသား၊ ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

နပ်။ ။"ကျွန်တော် ခုနင်က ပြောခဲ့တဲ့အတိုင်း ခင်ဗျားတို့ကိုယ်နှိုက်က တဘက်သားအပေါ်မှာ အနိုင်ယူဖို့နောက်လိုက်စုပြီး အသားယူချင်တဲ့ ရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး ရိုးရိုးသားသား ငြိမ်းချမ်းစွာအတူနေချင်တဲ့ သဘောထားကို ထင်ရှား အောင်ဖော်ပြဖို့လိုတယ်"

ညီ။ ။"ဘယ်လိုပြရမှာလဲ ဘရားသား"

နပ်။ ။"ရှေးဦးစွာ တဘက်နဲ့တဘက် မုန်းတီးခြင်းလျှော့အောင် မတတ်နိုင်သေးမီ ယခုထက်တိုးပြီး မမုန်းကြရအောင်တော့ လုပ်တတ်ရမယ်ဗျာ"

ညီ။ ။"ဘယ်လိုလုပ်မလဲ ဘရားသား"

နုပ်။ ။"ငါ့တို့ကိုမထိနဲ့ မီးပွင့်သွားမယ်၊ မျိုးပြုတ်သွားမယ်၊ ချေမှုန်း ပစ်လိုက်မယ်လို့ တဘက်က ကြုံးဝါးလိုက်တဲ့အခါမှာ တဘက်က ဘယ်လိုဖြစ် သွားသလဲ၊ ကြောက်ပါပြီ ခင်ဗျာဆိုပြီးဒူးထောက်လိုက်ကရောတဲ့လား"

ညီ။ ။"မထောက်ပါဘူး ခင်ဗျာ"

နုပ်။ ။"ဒေါသတွေ ထွက်လာပြီး သူကလဲ ပြန်ကြုံးဝါးတယ်မဟုတ်လား၊ အခုလို အပြန်အလှန်ကြုံးဝါးလိုက်ကြတဲ့အခါမှာ တဘက်နဲ့တဘက် စိတ်စေတနာ ကောင်းတွေ တဖွားဖွားပေါ်လာရောတဲ့လား"

ညီ။ ။"မဟုတ်ပါဘူး ခင်ဗျာ"

နုပ်။ ။"ဒေါသစိတ်တွေ တိုးလာပြီး ပျက်စီးရာပျက်စီးကြောင်း အကြံ အစည်တွေ ထုတ်ကြရော့မဟုတ်ဘူးလား"

ညီ။ ။"မှန်ပါတယ် ဘရားသား"

နုပ်။ ။"ခင်ဗျားတို့အစိုးရနဲ့ အမေရိကန်ဟာ ခုတလောမှာ ဒီလိုပဲ လုပ်နေကြ တယ် မဟုတ်ဘူးလား"

ညီ။ ။"သူတို့ဘက်စပြီး ကြုံးဝါးတာပါ ခင်ဗျာ"

နုပ်။ ။"သူတို့ဘက်ကစပြီး ကြုံးဝါးတော့ ခင်ဗျားတို့ဘက်ကပြန်ပြီး ကြုံးဝါးတယ်၊ ဒီတော့ ခုနင်ကပြောခဲ့တဲ့အတိုင်း တဘက်နဲ့တဘက် တဆင့်တက် ပြီး မုန်းသွား ကြတယ်မဟုတ်ဘူးလား"

ညီ။ ။"ဟုတ်မှာပေါ့ ခင်ဗျာ"

နုပ်။ ။"တိုးပြီးမုန်းတာ လိုအပ်သလား၊ မလိုအပ်ဘူးလား"

ညီ။ ။"မလိုအပ်ဘူး ထားပါတော့ခင်ဗျာ"

နုပ်။ ။"ထားပါတော့ မလုပ်ပါနဲ့လေ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေချင် တယ် ဆို"

ညီ။ ။"နေတာ့နေချင်ပါတယ်"

နုပ်။ ။"တဘက်က ကြုံးဝါးလို့ တဘက်က ပြန်မကြုံးဝါးပဲ ဆိတ်ဆိတ်နေလျှင် ကြောက်တယ်လို့လူတွေကထင်ကြမှာ စိုးရသလား"

ညီ။ ။"မပြောတတ်ဘူးခင်ဗျာ"

နုပ်။ ။"မပြောတတ်မရှိပါနဲ့၊ ဒီခေတ်မှာ ဖြစ်နေကြတာက တဘက်က ကြုံးဝါးလို့ တဘက်ကဆိတ်ဆိတ်နေလျှင် ဂုဏ်ငယ်သွားတယ်၊ Prestige လျှော့ဆင်းသွားတယ်၊ ရှက်စရာကောင်းတယ်လို့ ယူဆနေကြတယ် မဟုတ်ဘူးလား"

ညီ။ ။"ဟုတ်တယ်ထင်ပါရဲ့ ဘရားသား"

နုပ်။ ။"ဂျာမနီမှာ ကျွန်တော်ဖျားသွားတဲ့အတွက် မူလကြံရွယ်ချက်တခု ပျက်သွားတယ်ဗျာ"

ညီ။ ။"ဘာလဲ ဘရားသား"

နုပ်။ ။"ကျွန်တော်တို့ အာရှအာဖရိက ကြံ့ခိုင်ရေး ဆွေးနွေးပွဲမှာ သခင်ကျော် စိန်က ခရုရှော့ထံမေးခွန်းတွေ ရေးတင်တယ် မဟုတ်လား"

ညီ။ ။"ဟုတ်ပါတယ် နို့ပေမယ့် မတင်ဖြစ်ပါဘူး၊ ပြန်ရုပ်သိမ်းသွားပါတယ်"

နုပ်။ ။"ဒီတုန်းက ကျွန်တော်စိတ်ကူးတခုဖြစ်ဖူးတယ်၊ ပြန်ခါနီးမှာ မစ္စတာခရုရှော့နဲ့ တွေ့ခွင့်တောင်းပြီး ပြောချင်တာကလေးတွေကို တယောက်ချင်း ပြောစမ်းချင်တယ်၊ အခုတော့ ဖျားတာနဲ့ စိတ်ဓာတ်ကျဆင်းပြီး ဒီအကြံကို ဖျက်လိုက် ပါပြီ"

ညီ။ ။"ဘာလို့ စိတ်ဓာတ်ကျဆင်းသွားတာလဲ ခင်ဗျာ"

နုပ်။ ။"ပြောချင်တဲ့ စကားတွေက သူကြိုက်ချင်မှ ကြိုက်မှာတွေ ဖြစ်လေတော့ မောင်းထုတ်ချင်ထုတ်စေလို့ ဟိုတုန်းကစိတ်တင်းထားနိုင်တယ်၊ ဖျားပြီးတဲ့နောက်တော့ လူကအားပျော့လို့ စိတ်အားကလဲလျော့ပြီး မပြောဝံ့တော့သလို ဖြစ်သွားတယ်"

ညီ။ ။"ဘာအကြောင်းတွေပြောချင်လို့လဲ ဘရားသား"

နုပ်။ ။"ပြောချင်တာ သုံးချက်လေးချက်ပါပဲ၊ သူမကြိုက်လျှင် သူ့တိုင်းပြည် ထဲကမောင်းထုတ်ရုံပြင် မရှိဘူးပေါ့လေဗျာ"

ညီ။ ။"ကြားပါရစေလား ခင်ဗျာ"

နုပ်။ ။"ပထမတခုက ခုနင်ကပြောခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး လမ်းစဉ် အကြောင်း၊ ဒုတိယတခုက တင်းမာမှုလျော့ပါးရေးအကြောင်း၊ တတိယ တခုက ဘာလင်ပြဿနာအကြောင်း၊ စတုတ္ထတခုက ယူတူးလေယာဉ်ပျံပစ်ချခြင်းနှင့် ထိပ်သီး ကွန်ဖရင့်အကြောင်းတို့ပါပဲ"

ညီ။ ။"ကမ္ဘာ့ငြိမ်းချမ်းရေး လမ်းစဉ်အကြောင်းကိုတော့ နည်းနည်းကြား ရပါပြီ ကျေကျေနပ်နပ်ကြီးတော့ သဘောမပေါက်သေးပါဘူး"

နုပ်။ ။"ကျွန်တော်က စဉ်းစားစရာလေးတွေလောက်ကိုသာ တင်ပြခဲ့ ရပါသေးတယ်၊ သဘောပေါက်လောက်အောင် တထိုင်တည်းနှင့် ပြောမပြနိုင်ပါဘူး၊ သို့သော် တင်းမာမှုလျော့ဆင်းရေးအကြောင်းနဲ့ ဆက်နေလေတော့ တင်းမာမှု အကြောင်း ပြောတဲ့အခါမှာ ငြိမ်းချမ်းရေးဆိုင်ရာ အချက်ကလေးတွေပါထပ်ပြီး ရှင်းသွားဖို့ မျှော်လင့်ပါတယ်"

ညီ။ ။" တဘက်နဲ့တဘက် ကြုံးဝါးကြတဲ့ အကြောင်းကိုပြန်ဆက်ပါဦး ခင်ဗျာ"

နုပ်။ ။"ဟိုဘက်က ကြုံးဝါးလို့ ခင်ဗျားတို့ကပြန်ပြီး ကြုံးဝါးရတယ်ဆို မဟုတ်လား"

ညီ။ ။"ဟုတ်ပါတယ်"

နုပ်။ ။"ဒါကတော့ သွားရိုးသွားစဉ် လမ်းကြီးပေါ့ဗျာ၊ အရက်ဆိုင်ထဲမှာ အရက်မူးတဲ့ လူတွေဟာလဲ ဒီလမ်းအတိုင်းသွားကြပြီး ဌာနရောက်ကြတာပဲ မဟုတ်ဘူးလား၊ မစ္စတာခရုရှော့ကို ကျွန်တော်ကဒီထက်မက မျှော်လင့်တယ်ဗျ"

ညီ။ ။"ဘယ်လိုလဲဘရားသား"

နုပ်။ ။"တဘက်က ကြုံးဝါးလို့ မကြုံးဝါးလျှင် ခရုရှော့ကြီး ကြောက်သွားပြီလို့ ကမ္ဘာကထင်သွားမှာ စိုးရိမ်ရတယ်ဆိုပါတော့၊ ကျွန်တော်တခု ပြောရဲပါတယ်၊ ဒီပြင်လူကို ကြောက်တတ်တယ်လို့ထင်ချင်ထင်ကြမယ်၊ စဉ်းစားဉာဏ်ရှိတဲ့လူထဲက မစ္စတာခရုရှော့ကိုတော့ ကြောက်တတ်တယ်လို့ထင်ဝံ့တဲ့လူမရှိပါဘူး၊ ခင်ဗျားတို့လူစု အထင်မှားနေတာတခုက ကိုယ့်ကိုတဘက်က အမြဲကြောက်နေမှ တော်ကာကျမယ်၊ ဒါကြောင့် ကြောက်လန့်အောင် ခြောက်လှန့်ပေးဖို့ လိုတယ်လို့ ထင်နေကြပုံရတယ်"

ညီ။ ။"မကြောက်လျှင် လာပြီးမစော်ကားပေဘူးလားခင်ဗျာ"

နုပ်။ ။"အဲဒီခေတ်ကလွန်ခဲ့ပါပြီ၊ ညူကလိယာခေတ်ကြီးမှာတမျိုးဗျ၊ မကြောက် လို့မစော်ကားပါဘူး၊ ကြောက်လေလေ ခုခံကာကွယ်ဖို့ နည်းလည်းရှာယင်း တဘက် နဲ့တဘက် ငြိစွန်းပြီး အထင်လွဲမှုတွေ ဖြစ်ကုန်လေလေပဲဗျ"

ညီ။ ။"ဥဒါဟရုဏ်တခု ပြပါခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့ဟိုဘက် ဒီဘက် အနုမြူဗုံးတွေ စမ်းကြတာဟာ ဘာကြောင့်လဲ၊ တဘက်ကိုတဘက် ကြောက်နေကြလို့ မဟုတ်ဘူးလား၊ ကြောက်နေကြတော့ စိတ်ချယုံကြည်မှု မရှိနိုင်ကြတော့ဘူး၊ ခုခံကာကွယ်ရေးအတွက် လက်နက်ဆန်းရှာကြရရော၊ သူကစမ်းငါကစမ်းနဲ့ အတောမသတ်နိုင်အောင် ဖြစ်ကုန်ကြရော၊ တဘက်နဲ့တဘက် အကြောက်ပြေအောင် လုပ်ဖို့လိုတဲ့နေရာမှာ ခင်ဗျားတို့ တတွေက တချောက်ထဲချောက်နေကြတယ် မဟုတ်လား"

ညီ။ ။"အစ်ကိုကြီးပြောတာ ဟုတ်သလိုလိုတော့ မြင်လာပြီခင်ဗျာ၊ ဒါဖြင့် ဘယ်နှယ်လုပ်ရမလဲ"

နုပ်။ ။"တဘက်ကမယုံ၊ မယုံတော့ကြောက်၊ ကြောက်တော့လက်နက်လုပ်၊ လက်နက်လုပ်တော့ တဘက်ကတိုးပြီးမယုံ၊ တိုးပြီးမယုံတော့တိုးပြီးကြောက်၊ တိုးပြီး ကြောက်တော့ တိုးပြီးလက်နက်လုပ်၊ ခင်ဗျားတို့ဟာက Vicious Circle

သံသရာစက်ရဟတ်လို ဖြစ်နေပြီကောဗျ၊ ဒီအတိုင်းဆိုလျှင် ငြိမ်းချမ်းရေးနဲ့ ဝေးသေးဗျာ တိုးပြီးဆိုးဖို့တာ ကျွန်တော်မြင်တာပဲ"

ညီ။ ။"ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ ဘရားသား"

နုပ်။ ။"ဒီရဟတ်ကို တယောက်ယောက်ကစပြီး ရပ်မှဖြစ်မယ်၊ ကျွန်တော်က မစ္စတာခရုရှော့ကို အားကိုးတယ်၊ သူဟာမစ္စတာကနေဒီတို့ လူစုထက် သတ္တိရှိတယ်လို့ ကျွန်တော်ယုံကြည်တယ်"

ညီ။ ။"ဘာကြောင့်လဲခင်ဗျာ"

နုပ်။ ။"မစ္စတာကနေဒီတို့လူစုက ပိုပြီးကြောက်လို့ပိုပြီး မယုံနေရှာကြတယ်ဗျ၊ ဒိပြင်ဟာ မကြည့်နဲ့လေ၊ ကောင်းကင်မှာ လေယာဉ်ပျံတွေနဲ့ ၂၄နာရီလုံး မလပ်အောင် အစောင့်ချထားတာကို ကြည့်မှပေါ့၊ ဘယ်လောက် ကြောက် ဘယ်လောက်မယုံနေလိုက်သလဲလို့"

ညီ။ ။"ဒီတော့ကော ဘယ့်နှယ်လုပ်ရမလဲ"

နုပ်။ ။"ဒီတော့ကော သူတို့ဘက်က ဘယ်လိုခြောက်ခြောက် မစ္စတာခရုရှော့ က သတ္တိကောင်းတဲ့လူတယောက်ပီပီ တုံ့ပြန်ပြီး မခြောက်စေချင်ဘူး၊ ဒီလိုမှသာ သံသရာစက်ရဟတ်ကြီး (Vicious Circle ) အရှိန်နှေးသွားဖို့ ကျွန်တော်မြင်တယ်၊ အရှိန်နှေးသည်ထက် နှေးသွားတယ်ဆိုလျှင် အနုမြူဗုံး စမ်းတာတွေဘာတွေစွန့်လွှတ်ပြီး ငြိမ်းချမ်းမှု၊ စိတ်ချမှုရလို့မို့ လက်နက်လုပ်ငန်း လောက်ကို မလိုက်ကြတော့ပဲ ကမ္ဘာသူကမ္ဘာသား ချောင်ချိသက်သာမှု ရရှိကြမယ် မဟုတ်ဘူးလားဗျ၊ ဒီအကြောင်းတွေကို ကျွန်တော်က မစ္စတာခရုရှော့ကို ပြောပြချင်ခဲ့တာဗျာ၊ အကြောင်းမညီညွတ်ခဲ့ ဘူး ခင်ဗျားက ကျွန်တော်ပြောတာတွေကို သဘောကျပြီးတော့ ပြောဝံ့မှာ မဟုတ်ဘူး၊ ကျွန်တော်ကတော့ မောင်းထုတ်ရုံအပြင် မရှိနိုင်ဘူးဆိုပြီး ပြောခဲ့စမ်းချင်တာဗျာ"

ညီ။ ။"ဒီတော့လိုရင်းအချုပ် ပြောစမ်းပါဦးခင်ဗျာ"

နပ်။ ။"အချုပ်ကတော့ သူတို့ဘက်က ဘယ်လိုခြောက်ခြောက်၊ ဘယ်လိုပဲ ကြုံးဝါးကြုံးဝါး မစ္စတာခရုရှော့က တုံ့ပြန်ပြီးမကြုံးဝါးစေချင်ဘူး၊ မခြောက်လှန့်စေချင် ဘူးဗျာ၊ အမေရိကန်ပြည်မှာ မစ္စတာဒါးလဲ့စ်ကွယ်လွန်သွားတဲ့နောက် မစ္စတာခရုရှော့နဲ့ ယှဉ်ပြိုင်ပြီး ထိအောင်ပြောတတ်တဲ့လူ၊ နာအောင်ပြောတတ်တဲ့လူ မပေါ်လာသေးဘူးဗျ၊ ဟိုတုန်းကတော့ အချီအချပြောနိုင်ကြလို့ တော်သေးတယ်၊ အခုတော့ ဒီဘက်ကတချက်တွယ်လိုက်လျှင် သူတို့ခမျာမှာ နာနာသွားတယ်၊ တဘက် ကိုနာအောင်ပြောတတ်ခြင်းဟာ ကိုယ့်လူတွေအဖို့တော့ ပွဲကျပါရဲ့၊ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်တော့ ဆိုးဆိုးသွားတယ်ဗျ၊ ကျွန်တော်တို့ကကြားလူတွေ ဖြစ်လေတော့၊ လက်ခုပ်တီးရတာကို အရသာမခံ တတ်ဘူး၊ ကမ္ဘာစစ်နီးနီးသွားမလားလို့ ကျောချမ်းချမ်းသွားတယ်ဗျာ၊ ကျွန်တော် တောင်းပန်ချင်တာကတော့ စကားရည်လု ပွဲမှာလို တဘက်ကိုထိပြီး ပွဲကျအောင် ပြောတဲ့ဘက်မှာ မစ္စတာခရုရှော့ရဲ့အစွမ်းကို ကမ္ဘာကသိပြီးလို့မို့ တုဏှိဘာဝေ ဆိတ်ဆိတ်နေတဲ့နည်းကို တလှည့်လောက် စမ်းကြည့်စေချင်ပါသေးတယ်"

ညီ။ ။"ပြောခွင့်ရှိလဲ ပြောရမယ်မဟုတ်လား ဘရားသား"

နပ်။ ။"ပြောခွင့်ရှိတော့လဲ ပြောပေါ့ဗျ၊ သို့သော် တဘက်သားကို ဒေါသဖြစ်အောင် ပြောတဲ့နည်းမျိုးကတော့ အပျင်းပြေစကားရည်လုပွဲမျိုးနဲ့ တရားခွင်မှာ ရှေ့နေချင်းငြင်းရာမှာလောက်သာ သင့်လျော်ပါတယ်၊ တပြည်နဲ့တပြည် နားလည် မှုရအောင် ဆောင်ရွက်ကြတဲ့ ကိစ္စမျိုးမှာ အသုံးမပြုသင့်ပါဘူး ထင်ပါတယ်"

ညီ။ ။"ဘာလင်ပြဿနာကို အစ်ကိုကြီးက ဘယ်လိုမြင်လို့လဲ"

နပ်။ ။"မစ္စတာခရုရှော့က ကိစ္စတခုမှာ နိုင်ငံရေးအမြင်နဲ့ စဉ်းစားတယ်၊ ကျွန်တော်က စိတ်သဘာဝအမြင်နဲ့ စဉ်းစားတယ်ဗျ"

ညီ။ ။"စိတ်သဘာဝအမြင်ဆိုတာက ဘယ်လိုလဲ ဘရားသား"

နုပ်။ ။"စိတ်သဘာဝအမြင်ဆိုတာ တဘက်သားရဲ့ လောဘတို့၊ ဒေါသတို့၊ မာနတို့ကိုပါ ထည့်ပြီးစဉ်းစားတယ်"

ညီ။ ။"ရှင်းပါအုံး ဘရားသား"

နုပ်။ ။"နိုင်ငံရေးခေါင်းဆောင်တွေဟာ ငါက ဘယ်လိုခြေလှမ်းလိုက်လျှင် တဘက်က ဘယ်လိုတုံ့ပြန်မယ်ဆိုတာကို ကြိုတင်ခန့်မှန်းပြီး တယောက်ဆီက တယောက်တတ်နိုင်သမျှ ညှစ်ယူနေကြတာပဲ မဟုတ်လား၊ ဒါကို (Brinkmanship) "စစ်နှုတ်ခမ်းလျှောက်" လုပ်နည်းလို့ခေါ်တယ်မဟုတ်လား"

ညီ။ ။"ဒါက ဒါးလဲ့စ်ရဲ့ နည်းပါဘရားသား"

နုပ်။ ။"နှစ်ဘက်စလုံးပါပဲဗျာ၊ ခင်ဗျားတို့ကလဲ လုပ်နေတာပါပဲ"

ညီ။ ။"ကျွန်တော်တို့က ဘယ်မှာလုပ်သလဲခင်ဗျာ"

နုပ်။ ။" ကောင်းပြီ ကျွန်တော်ပြမယ်၊ ကျူးဘားကိစ္စရယ်၊ စူးအက်တူးမြောင်း ကိစ္စရယ်၊ ဘာလင်ကိစ္စရယ်ပေါ့ဗျာ၊ စစ်နှုတ်ခမ်းလျှောက်လမ်းစဉ် ကျင့်သုံးခြင်းဟာ မှားတယ်လို့ ကျွန်တော်က မဆိုလိုပါဘူး၊ နိုင်ငံရေးဆိုတာ ဒီလိုလုပ်ကြတာပါပဲ၊ သို့သော် တဘက်သားရဲ့စိတ်ကို မှန်ကန်အောင် ကြိုတင် ခန့်မှန်းတတ်ဖို့က အရေးကြီးတယ်ဗျ၊ ကြိုတင်ခန့်မှန်းတဲ့ အခါမှာ တဘက်သားရဲ့ မာနကိုထည့်ပြီး စဉ်းစား တတ်ဖို့က သိပ်အရေးကြီးတယ်"

ညီ။ ။"ရှင်းပြပါဦး ဘရားသား"

နုပ်။ "စူးအက်တူးမြောင်းကိစ္စမှာ အင်္ဂလန်၊ ပြင်သစ်နဲ့ အိစရေးယလ်တို့က အီဂျစ်ကိုဝိုင်းတိုက်ကြတော့ ခရုရှော့က ဟန့်လိုက်တယ်မဟုတ်လား၊ တန်လျှင် တန်ကြ မတန်လျှင် ဆော်လိုက်မယ်ဆိုတဲ့စကားမျိုးသုံးလိုက်တယ်၊ တိုက်တဲ့အထဲ မှာ အမေရိကန် မပါဘူးဗျ၊ ခရုရှော့က ဒိပြည်သုံးပြည်ဟာ အမေရိကန်မပါပဲ ဘယ်နည်းနဲ့ မှ ဖွတ်မလုပ်ဝံ့ဘူးလို့ ကြိုတင်ခန့်မှန်းလိုက်တာဟာ မှန်သွားတယ် မဟုတ်လား၊ ဟိုလူစု ချက်ချင်းနောက်ဆုတ်သွားကြရတယ်လေ၊ ဒီကိစ္စမှာ ခရုရှော့ရဲ့ ခန့်မှန်းချက် ကို ချီးကျူးထိုက်ပါပေတယ်"

ညီ။ ။"ဘယ်လိုခန့်မှန်းချက်လဲခင်ဗျာ"

နုပ်။ ။"ခရုရှော့ကကြိမ်းလိုက်တဲ့အခါ အမေရိကန်က ငါ့လူတွေကိုကြိမ်းရ မလားဆိုပြီး သူပါဝင်တိုက်လျှင် ကမ္ဘာစစ်ကြီး ဖြစ်မသွားပေဘူးလား၊ ကမ္ဘာစစ်ကြီး ဖြစ်ဖို့ကလဲ ခရုရှော့က ဘယ်နည်းနဲ့မှ မလိုလားဘူး၊ သူကြိမ်းလိုက်လျှင် ဟိုလူတွေ တွန့်သွားလိမ့်မယ်လို့တွက်ပြီး လုပ်လိုက်တာပဲ၊ သူ့တွက်ကိန်း မှန်သွားတဲ့အတွက် အီဂျစ်လဲ ချမ်းသာရာရတယ်၊ ကမ္ဘာစစ်လဲ မဖြစ်လိုက်ရဘူး၊ ဒီဟာ ခရုရှော့ရဲ့ အစွမ်းပဲ"

ညီ။ ။"ကျူးဘားကိစ္စကော ဘရားသား"

နုပ်။ ။"ကျူးဘားကိစ္စကတော့ အမေရိကန့် ခေါင်းချင်းဆိုင်လိုက်ရတာမို့ ပိုပြီးလန့်စရာကောင်းတယ်၊ သို့သော် ခရုရှော့တွက်ကိန်းက စူးအက်ကိစ္စမှာ အမေရိကန်ဝင်မကူလေတော့ ကျူးဘားကိစ္စမှာလဲအင်္ဂလန်နဲ့ ပြင်သစ်တို့က ဝင်မကူပေဘူး၊ သူ့လူတွေက မကူလျှင် အမေရိကန်တဦးတည်း မလုပ်ဝံ့ဘူးလို့ မြင်ထားတယ် ထင်ပါရဲ့၊ တချက်တည်း ဟောက်လိုက်ရတယ် အမေရိကန် ကြီးလက်ရှုပ်သွားရတာပဲ၊ တွက်ပုံချက်ပုံလဲတော်ပါပေတယ်ဗျာ၊ ကျွန်တော်တို့တော့ ဟိုတုန်းက တော်တော်လန့် သွားတယ်၊ သို့သော် နောက်ပိုင်းတော့ကျွန်တော် စဉ်းစားမိပါတယ်။ ဒါကြောင့် ခရုရှော့နဲ့ တွေ့ရလျှင် ဟိုတုန်းကကျူးဘားကို အမေရိကန်ဝင်စီးလျှင် ခင်ဗျား တကယ်ပစ်မှာလားလို့ မေးစမ်းချင်တယ်၊ သူက ဖြေမှာတော့ မဟုတ်ပါဘူး"

ညီ။ ။"ဘာကြောင့် အစ်ကိုကြီးကဒီလိုစဉ်းစားမိတာလဲ"

နုပ်။ ။"ခင်ဗျားတို့နိုင်ငံရေးသမားတွေက အလျှော့အတင်းလုပ်ပြီး စစ် နှုတ်ခမ်းလျှောက်ဝါဒကျင့်သုံးနေကြတာကို တွေ့နေရတာကိုးဗျာ၊ တင်းလို့ရလျှင်ရ၊ မရလျှင် ပြန်လျှော့ပေးတာမျိုးလဲ တွေ့နေရပြီကော၊ ဘာလင်ပြဿနာမှာ ခင်ဗျား တို့ ဆရာကြီး ပြန်လျှော့ချတာကို တွေ့ရတယ်မဟုတ်ဘူးလား"

ညီ။ ။"ပြန်လျှော့တာကို မကြိုက်ဘူးလားခင်ဗျာ"

နပ်။ ။"ဘယ့်နှယ်မကြိုက်ပဲရှိပေမလဲ၊ ကမ္ဘာစစ်ဖြစ်တာကို ကျွန်တော် လိုလား နိုင်ပါ့မလားဗျာ"

ညီ။ ။"ဒါဖြင့် ဘာ့ကြောင့်ဒီအကြောင်းကိုထည့်ပြောသလဲ ခင်ဗျာ"

နပ်။ ။"ပြောရခြင်းအကြောင်းက ဒီလိုဗျ၊ စူးအက်ကိစ္စနှင့် ကျူးဘား ကိစ္စမှာတော့ ခရုရှော့လုပ်လိုက်တာမှန်တယ်၊ သူအောင်မြင်တယ်၊ ဘာလင်ကိစ္စမှာ တော့ သူမအောင်မြင်ခဲ့ဘူး၊ ဘာ့ကြောင့် အောင်မြင်တယ်၊ ဘာ့ကြောင့် မအောင်မြင်ဘူးဆို တာကို အသေးစိတ်သူ့ကိုရှင်းပြချင်တယ်၊ နောက်နောင်ကို ဒီအမှားမျိုးမမှားလျှင် သူ့အဖို့လဲ ကောင်းတယ်၊ ကမ္ဘာသားအဖို့လဲကောင်းတယ်"

ညီ။ ။"ဘယ်လိုရှင်းပြချင်တာလဲ ဘရားသား"

နပ်။ ။"စူးအက်ကိစ္စနဲ့ ကျူးဘားကိစ္စမှာ ခရုရှော့ အောင်မြင်ခြင်းက သူတို့ချင်း သဘောကွဲလွဲမှုရှိခြင်းကတကြောင်း၊ သူတို့ဟာသူတို့ မတရားမှန်းကို သိတာကတကြောင်း ဒါကြောင့် အောင်မြင်တယ်"

ညီ။ ။"ဘာလင်ကိစ္စမှာတော့ကောခင်ဗျာ"

နပ်။ ။"သူတို့ချင်းကလဲညီညွတ်တယ်၊ သူတို့ဘက်က တရားနည်းလမ်းမှန် တယ်လို့လဲ ယူဆကြပုံရတယ်"

ညီ။ ။"ညီညွတ်တာကတော့ထားပါတော့၊ သူတို့ဘက်က တရားနည်းလမ်း မှန်တယ်လို့ ဆိုနိုင်သလား ဘရားသား"

နပ်။ ။"မှန်တယ်လို့ ကျွန်တော်က မဆုံးဖြတ်လိုပါဘူး၊ သူတို့ဘက်က တရား နည်းလမ်း မှန်တယ်လို့ သူတို့ယူဆစရာအကြောင်းတွေရှိပေတယ်ဗျ"

ညီ။ ။"ဘာမှန်သလဲ ဘရားသား"

နပ်။ ။"ဘာလင်ကို အရှေ့ခြမ်းအနောက်ခြမ်းခွဲစဉ်က ခင်ဗျားတို့ ကိုယ်တိုင် က သဘောတူပြီး လက်မှတ်ရေးထိုးခဲ့ကြတယ်မဟုတ်ဘူးလား"

ညီ။ ။"လက်မှတ်ထိုးခဲ့ပေမယ့် ဒီအတိုင်းကမ္ဘာချဉ်းအောင်တည်မြဲနေသင့် တယ်၊ တည်မြဲနေရမယ်လိုယူဆသင့်သလား ခင်ဗျာ"

နုပ်။ ။“ဒီလိုတော့ မဟုတ်ဘူးပေါ့လေဗျာ၊ သို့သော် လက်ရှိအခြေအနေ Status Quo ကို ခင်ဗျားတို့ဘက်က ပြောင်းလဲချင်တာ မဟုတ်ဘူးလား၊ သဘောတူခဲ့ပြီးဖြစ်တဲ့ လက်ရှိအခြေအနေကို ပြောင်းလဲချင်လို့ရှိလျှင် တဦးတည်း တယောက်တည်းသဘောနဲ့ မပြုပြင်သင့်ဘူး၊ အားလုံးသဘောတူညီချက်နဲ့မှ ပြောင်းလဲသင့်ပါတယ်လို့ သူတို့အားလုံးက ယူဆနေကြလျှင် ဒီအယူအဆဟာ တရားနည်းလမ်း မကျဘူးလို့ခင်ဗျားတို့က ဆိုနိုင်မလား”

ညီ။ ။“နစ်နာတဲ့လူတွေမှာ နစ်နာနေလျှင် ပြောင်းသင့်တာပေါ့ခင်ဗျား”

နုပ်။ ။“ဒါက ခင်ဗျားတို့ဘက်က အယူအဆလေဗျာ”

ညီ။ ။“အယူအဆမဟုတ်ပါဘူး၊ နည်းလမ်းမှန်တယ် မဟုတ်ဘူးလား ဘရား သား”

နုပ်။ ။“အဲဒါကလဲခင်ဗျားတို့ဘက်က အထင်လေ”

ညီ။ ။“ဒါဖြင့်ပြောင်းလဲချင်တယ်ဆိုတာ ကျွန်တော်တို့ကမှားသလား”

နုပ်။ ။“ပြောင်းလဲချင်ရုံကတော့ မှားတယ်လို့မဆိုသင့်ပါဘူး၊ မူလက သဘောတူလက်မှတ်ထိုးခဲ့တဲ့ အလုပ်တခုကို တဦးတည်းသဘောနဲ့ အတင်း ပြုပြင်ဖို့ စီမံခြင်းကတော့ တရားနည်းလမ်းမကျဘူးလို့ သူတို့ဘက်က ယူဆ နိုင်စရာအကြောင်းတခု ရထားပေတယ်ဗျ၊ တကယ်လို့ ကမ္ဘာ့ခုံရုံးမှာ တင်ပြမယ်ဆိုလျှင်လဲ ခင်ဗျားတို့ဘက်က ရှုံးနေမလားါ မဆိုနိုင်ဘူး”

ညီ။ ။“ကမ္ဘာ့ခုံရုံးဆိုတာမျိုးကိုလဲ ကျွန်တော်တို့က လက်မခံနိုင်ပါဘူး”

နုပ်။ ။“ဒီလိုလေဗျာ၊ ကျွန်တော်တခုပြောမယ်၊ တရားနည်းလမ်းကျခြင်း မကျခြင်းကိုထားလိုက်ကြပါစို့၊ ခင်ဗျားတို့ဘက်ကပါ သဘောတူ လက်မှတ် ထိုးထားတဲ့ ကိစ္စတခုကို ခင်ဗျားတို့ သဘောတခုတည်းနဲ့ ဖွတ်အတင်းပြင်ဆင်ဖို့ စီမံတယ်ဆိုခြင်းဟာ ခင်ဗျားတို့ မတရားဘူးလို့ သူတို့ဘက်က တညီ တညွတ်တည်း ရိုးရိုးသားသား ယုံကြည်နေသမျှ ကာလပတ်လုံး ခင်ဗျားတို့က ဖွတ်လုပ်လျှင် သူတို့မခံပေဘူး၊ ကျွန်တော်ကောင်းကောင်းနားလည်တယ်”

ညီ။ ။"ဘာကြောင့် အစ်ကိုကြီးက ပြောနိုင်သလဲ"

နုပ်။ ။"မာနဗျ မာန၊ သူတို့မှာလဲ ခင်ဗျားတို့လိုပဲ မာနရှိတာပဲ၊ ခင်ဗျားတို့က ဖွတ်လုပ်လျှင် သူတို့ကလျှော့မပေးပေဘူး၊ သူတို့က ဖွတ်ခံမှာပဲ၊ တိုက်သူရော ခုခံသူ ရော နှစ်ဘက်လုံး သေကုန်ကြလဲ ပြီးတာပဲ၊ မတရားတာတော့ ငုံ့မခံဘူးဆိုတဲ့ စိတ်မျိုးဟာ သူတို့မှာလဲရှိတယ်၊ ခင်ဗျားတို့မှာလဲ ရှိတယ် မဟုတ်လား၊ လူရယ်လို့ဆိုလျှင် ဒီမာနမျိုးရှိရမှာပဲ၊ ဒီမာနမျိုးမရှိလျှင် အနုံစား အညံ့စား အလကားလူစားမျိုးတွေ ဖြစ်ကုန်တော့မှာပေါ့ဗျ"

ညီ။ ။"ဒီလိုဆို ကျွန်တော်တို့ဘက်က အချိန်ရွှေ့ပေးလိုက်တာ လမ်းမှန်တာ ပေါ့ခင်ဗျာ"

နုပ်။ ။"လမ်းမှန်တယ်ဆိုပါတော့လေ၊ ပြန်မဆုတ်လိုက်လျှင် ကမ္ဘာစစ် ဖြစ်ရုံရှိ တော့မှာပေါ့၊ ဒီအချက်မှာ ဘယ်သူ့ဘက်က ယုံကြည်ချက်က ပြင်းထန်တယ်၊ နိုင်မြဲတယ်ဆိုတာ ပေါ်ထွက်လာတာပဲဗျ"

ညီ။ ။"ဘယ်လိုလဲ အစ်ကိုကြီး"

နုပ်။ ။"မစ္စတာခရုရှော့က သူ့ဟာ လမ်းမှန်ပါတယ်ဆိုပြီး တင်ပြ စမ်းတယ်၊ ဟိုဘက်ကလူစုက သူ့ဟာ တရားနည်းလမ်းမကျပါဘူးလို့ ခံပြော တယ်၊ ဖွတ်ခုခံတယ်၊ ဒီနေရာမှာ ယုံကြည်မှုနှစ်ခု ဘယ်ဒင်းကနိုင်မြဲသလဲဆိုတာ ပြိုင်ကြတာပဲ၊ နောက်ဆုံးမှာ မစ္စတာခရုရှော့ရဲ့ ယုံကြည်မှုဟာ ဟိုဘက်က ယုံကြည်မှုလောက် မခိုင်မြဲလေတော့ သူက လျှော့ပေးလိုက်ရတယ် မဟုတ်လား"

ညီ။ ။"ကမ္ဘာစစ်ဖြစ်မှာကိုစိုးလို့ အမြော်အမြင်ကြီးစွာနဲ့ ဆုတ်ပေး လိုက်တယ် လို့ဆိုနိုင်တယ် မဟုတ်ဘူးလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်က ဒီလိုမမြင်ဘူး၊ သူ့အမှုဟာ ဟိုဘက်က အမှုလောက် မကောင်းဘူးလို့ သူ့ဟာသူသိတဲ့အတွက် ရုပ်သိမ်းလိုက်ခြင်းဖြစ်ရမယ်၊ အကယ်၍ သာ သူ့ရဲ့ယုံကြည်ချက်ကလဲ ဟိုဘက်ကလောက် ပြင်းထန်တယ်၊ ခိုင်မြဲ တယ်ဆိုလျှင် မစ္စတာခရုရှော့ကို ကျွန်တော်အကဲခတ်မိသလောက်မှာ ကမ္ဘာပျက်ချင်

ပျက် လျှော့ပေးမယ့်လူမဟုတ်ဘူးထင်တယ်၊ သူက ဟိုလူစုထက် ချိတဲ့ ပျော့တဲ့လူ မဟုတ်ဘူး၊ ပိုလျှင်သာ ပိုလိမ့်မယ်ထင်တယ်၊ သူ့အမူက တယ်မကောင်းမှန်း သူ့ဟာသူသိပြီး ရုပ်သိမ်းလိုက်ခြင်းဖြစ်ရမယ်။

ညီ။ ။"ရုပ်သိမ်းတာမဟုတ်ပါဘူး၊ အချိန်ရွှေ့လိုက်တာပါ ခင်ဗျာ"

နုပ်။ ။"တော်စမ်းပါကိုယ့်လူ၊ ဒီကစ္စမှာ ဒီနည်းလုပ်လို့ မရဘူးဆိုတာကို မစ္စတာခရုရှော့သိလောက်ပါပြီ၊ သို့သော် ကျွန်တော်စိုးရိမ်နေတာတခုရှိတယ်ဗျာ"

ညီ။ ။"ဘာလဲ ဘရားသား"

နုပ်။ ။"နှစ်ဘက်စလုံးက ကိုယ့်ဟာကိုယ် မှန်တယ်လို့ အညီအမျှခိုင်မြဲစွာ ဆန့်ကျင်ဘက်ယုံကြည်တဲ့ကိစ္စမျိုးတခု ပေါ်လာလျှင်တော့ ကမ္ဘာကြီး သက်တန်း စေ့ ပြီလို့ ကျွန်တော်က ဗေဒင်ဟောချင်တော့တာပဲ"

ညီ။ ။"ဒီလောက်ပဲဆိုးသလား ဘရားသား"

နုပ်။ ။"လက်ရှိ လက်နက်မျိုး မာနမျိုး၊ အာဃာတမျိုးတွေနဲ့တော့ ကျွန်တော် ဒီလိုပဲမြင်တယ်"

ညီ။ ။"လွတ်မြောက်စရာနည်းလမ်း မရှိဘူးလားခင်ဗျာ"

နုပ်။ ။"လက်နက်လျှင်လဲ ဖျက်သိမ်း၊ မာနလျှင်လဲ လျှော့၊ အာဃာတလျှင်လဲ လျှော့ ဒီသုံးခုမှာ တခုခုလုပ်ကြပါမှ ဖြစ်မှာပဲဗျာ"

ညီ။ ။"ဒီသုံးခုမှာ ဘယ်ဒင်းက အရေးကြီးသလဲ၊ ဘယ်ဒင်းက လွယ်သလဲ ခင်ဗျာ"

နုပ်။ ။"တခုစီ စဉ်းစားကြစို့ဗျာ၊ ညူကလီယာလက်နက်တွေကို ဖျက်သိမ်း လိုက် ကြတယ်ဆိုပါတော့၊ မာနနဲ့ အာဃာတစိတ်တွေဟာ အခုအတိုင်း ရှိနေကြမယ်ဆိုလျှင် ကမ္ဘာမပျက်ရုံသာရှိမယ်၊ ပထမနဲ့ ဒုတိယကမ္ဘာစစ်ကြီးမျိုးတွေ ဖြစ်နိုင်သေးတာပဲဗျ၊ ဒီလိုဆိုလဲ လူတွေဆင်းရဲကြအုံးမှာပဲ၊ တကယ်လို့ ဗုံး၊ အမြောက်၊သေနတ်စတဲ့ လက်နက်တွေပါ ဖျက်သိမ်းလိုက်ကြစေအုံးတော့၊ မာနနဲ့ အာဃာတကို မလျှော့ကြလျှင် ဓားတွေတုတ်တွေနဲ့ ရှေးတုန်းကလို ဗိုလ်လုအုံးမှာပဲ၊

မာနနဲ့ အာဃာတကို မလျှော့ကြသမျှ ကာလပတ်လုံး တုတ်ဓားမရှိလျှင် လက်သီးနဲ့ထိုးကြမယ်၊ လက်မရှိ လျှင် တိရစ္ဆာန်များလို သွားနဲ့ကိုက်ကြမယ်၊ တနည်းနည်းတော့ သတ်နေကြမယ့် လူတွေပဲဗျ၊ ငြိမ်းချမ်းမှာတော့မဟုတ်ဘူး၊ လူမျိုးမပြုတ်ရုံသာရှိမှာပဲ"

ညီ။ ။"မာနလျှော့လျှင်ကောခင်ဗျာ"

နုပ်။ ။"မာနကိုလျှော့ဖို့က လက်နက်ကိုဖျက်သိမ်းဖို့ထက် ခဲယဉ်းလိမ့်မည် ထင်တယ်၊ ကျွန်တော်တို့ဗုဒ္ဓတရားတော်အရ မာနကိုဖျောက်ဖို့က အခက်ဆုံး လို့ဆိုထားတယ်၊ ဖြစ်နိုင်လျှင်တော့ ဟုတ်ပါရဲ့၊ ခဲယဉ်းလွန်းတဲ့အတွက် ဒီလမ်းကို ချန်ထားလိုက် ကြစို့ဗျာ၊ မဖြစ်နိုင်တာကို စဉ်းစားနေလို့ အပိုပဲဖြစ်နေလိမ့်မယ်"

ညီ။ ။"ဒါဖြင့် အာဃာတအကြောင်း ပြောပါတော့ခင်ဗျာ"

နုပ်။ ။"အာဃာတ Hatred ဆိုတာ ဆန့်ကျင်ဘက်သဘောထားရှိခြင်း၊ မလိုမုန်းတီးခြင်း၊ ကိုယ့်ထက်သာသွားခြင်းကို မကြည့်နိုင်ခြင်း၊ မလိုလားခြင်း၊ သူ့အပေါ်မှာ ဗိုလ်ကျလိုခြင်း၊ တဘက်သား ပျက်စီးခြင်းကိုသာ မြင်လိုကြားလိုခြင်း အစရှိတဲ့ သဘောထားတွေ အားလုံး ပါဝင်တာပေါ့လေဗျာ"

ညီ။ ။"အိမ်နီးချင်းကို မိမိကိုယ်ကဲ့သို့ချစ်ရမည်၊ လက်ဝဲဘက်ပါးကို ရိုက် လျှင် လက်ယာဘက်ပါးကိုလှည့်ပေးမည်ဆိုတာမျိုးတွေကော ပါသလားခင်ဗျာ"

နုပ်။ ။"ဒါတွေမပါပါဘူး၊ ကျွန်တော့နည်းက လူတွေမကျင့်သုံးနိုင် တဲ့ဟာ မျိုးတွေ မဟုတ်ပါဘူး၊ အိမ်နီးချင်းကို ကိုယ့်ကိုယ်ကဲ့သို့ချစ်တဲ့လူ ဘယ်မှာ ရှိသလဲဗျာ၊ လက်ဝဲဘက်ပါးကိုရိုက်လျက် လက်ယာဘက်ပါးကို လှည့်ပေး တဲ့လူ တွေ့ဖူးသလားဗျာ"

ညီ။ ။"ခုနင်ကပြောခဲ့တဲ့ဟာတွေထဲမှာ ဘယ်ဒင်းကိုအရင်ဆုံး လုပ်ထိုက် သလဲ ခင်ဗျာ"

နုပ်။ ။"စိတ်နဲ့ပတ်သက်လို့ ကျွန်တော်က လက်တွေ့စုံစမ်းလေ့လာထားတဲ့ လူတယောက်ဖြစ်ပါတယ်။ မုန်းတီးခြင်းဆိုတဲ့ အာဃာတစိတ်နဲ့ 'ဗိုလ်လု'

ချင်တဲ့စိတ် ဆိုတာမှာ 'ဗိုလ်လု'ချင်တဲ့စိတ်က အကြောင်းတရား၊ အာဃာတစိတ်က အကျိုးတရား ဖြစ်ပါတယ်။ သို့သော် လောကလူသားများအနေနဲ့ကတော့ 'ဗိုလ်လု'ချင်တဲ့စိတ်ကို မပယ်ဖျောက်နိုင်မီ အာဃာတထိအောင်မရောက်ဖို့၊ အာဃာတထားတိုင်းမလုပ်ဖို့၊ အာဃာတစိတ်၊ ရှိခြင်းကို ထုတ်ဖော်ပြီးမပြဖို့ ဆင်ခြင်ကြပါမှ တဖြည်းဖြည်း ငြိမ်းချမ်းရေးရနိုင်ဖို့ ရှိလိမ့်မယ်"

ညီ။ ။"ဘယ့်နှယ်လဲ အစ်ကိုကြီး 'ဗိုလ်လု' ချင်တဲ့စိတ်က အကြောင်းတရား၊ မုန်းတီးခြင်း (အာဃာတ) သဘောက အကျိုးတရားလို့ဆိုလျှင် အကြောင်းဖြစ်တဲ့ 'ဗိုလ်လု'ချင်သော သဘောကိုရှေးဦးစွာ နှိပ်ကွပ်ရမယ် မဟုတ်ဘူးလား ခင်ဗျာ"

နပ်။ ။"ဒီကိစ္စက နက်နဲတယ်ဗျ၊ စဉ်းစားပြီးနားထောင်ပါ၊ ကျွန်တော် ကြိုးစားပြီးရှင်းပြပါမယ်၊ ခင်ဗျားတို့ကွန်မြူနစ်ဝါဒမပေါ်မီ လွန်ခဲ့တဲ့ ခေတ်တွေ တုန်းကတော့ တပြည်နဲ့တပြည်ဟာ သူ့ထက်ငါမြေကြီးလုကြတယ်၊ ပစ္စည်းစု ကြတယ်၊ နယ်မြေပေါ်များတဲ့ပြည်က အင်ပိုင်ယာကြီးဆိုပြီး 'ဗိုလ်လုပ်'ခဲ့ကြတယ်၊ မဟုတ်ဘူးလား၊ အော်တိုမန်အင်ပိုင်ယာ၊ ရိုမန်အင်ပိုင်ယာ၊ ဗြိတိသျှအင်ပိုင်ယာ၊ ဘာတို့ညာတို့ပေါ့လေဗျာ၊ တလှည့်စီဗိုလ်လုပ်ခဲ့ကြတယ် မဟုတ်လား၊ ကွန်မြူနစ်ဝါဒ ပေါ်ပေါက်လာတဲ့ ဒီခေတ်ကျတော့ အင်ပိုင်ယာခေတ်မဟုတ်တော့ပဲ ဥစ္စာပစ္စည်းနဲ့ ဗိုလ်ဖြစ်အောင် စစ်တပ်နဲ့ဗိုလ်ဖြစ်အောင် လက်နဲ့ဗိုလ်ဖြစ်အောင် ပြိုလ်တုနဲ့ဗိုလ်ဖြစ် အောင် နောက်လိုက်နောက်ပါအရေအတွက်နဲ့ဗိုလ်ဖြစ်အောင် ပြိုင်တူဖြစ်စေ၊ တခုပြီး တခု တမျိုးပြီးတမျိုးဖြစ်စေ ယှဉ်ပြိုင်ကြိုးစားနေကြတယ် မဟုတ်ဘူးလား၊ အခုတလော များမှာတော့ ရွှေငွေပစ္စည်းဥစ္စာနဲ့တောင် ဂုဏ်မယူကြတော့ဘူး၊ ကိုယ့်မှာရှိတဲ့ ငွေကိုဖြန့်ဖြူးပြီး နောက်လိုက် စုဆောင်းကြတယ်၊ ဂြိုလ်တုလုပ်ဖို့အတွက် အဆမတန် အကုန်ခံကြတယ်၊ ဒါတွေဟာ အားလုံးဘာလုပ်ဖို့လဲ၊ သူ့ထက်ငါ 'ဗိုလ်လုပ်'ဖို့အတွက် မဟုတ်လား၊

အထူးသဖြင့် ခင်ဗျားတို့ရုရှားနဲ့ အမေရိကန်နဲ့ ဗိုလ်လုနေကြတာပဲ မဟုတ်ဘူးလား"

ညီ။ ။"ဒါမှလဲ တိုးတက်တယ် မဟုတ်ဘူးလား ဘရားသား"

နုပ်။ ။"ဝတ္ထုပစ္စည်းဘက်က တိုးတက်တာကို ဝန်ခံပါတယ်၊ သို့သော် တဘက်က မကောင်းတဲ့စိတ်တွေ တိုးတက်လာတာကို ကာကွယ်တတ်ဖို့ ကျွန်တော် သတိပေးချင်တယ်ဗျာ"

ညီ။ ။"ဘယ်လိုလဲခင်ဗျာ"

နုပ်။ ။"ကိုယ့်ပြည်ကို တိုးတက်အောင် အပြိုင်အဆိုင် ကြိုးစားကြတာကတော့ ကိစ္စမရှိပါဘူး၊ မကြိုးစားတဲ့ တိုင်းပြည်၊ မကြိုးစားတဲ့ လူမျိုးဟာလဲ ညံ့သောတိုင်းပြည် ညံ့သောလူမျိုး ဖြစ်သွားရမှာ အမှန်ပါပဲ၊ သို့သော် ကိုယ့်ဟာကိုယ် ကြီးပွားတိုးတက်ရုံ နဲ့ မပြီးပဲ'ဗိုလ်လု'တဲ့စိတ်မျိုး၊ 'ဗိုလ်ကျ'ချင်တဲ့သဘောထားမျိုး ဝင်လာလျှင်တော့ မကောင်းဘူးဗျ၊ ဗိုလ်လုချင်တဲ့စိတ်မျိုး ဝင်လာပြီဆိုမှဖြင့် ကိုယ့်ဟာကိုယ် ကြီးပွားရုံနဲ့ မကျေနပ်ချင်ပဲ ကိုယ်နဲ့အတူတူ တိုင်းပြည်ချင်းက ကိုယ့်ထက်သာသွားတာကို မကြည့်ချင်ဘူး၊ ကိုယ့်အောက်က တိုင်းပြည်က ကိုယ့်မီလာတာကိုလဲ မကြည့်ချင်ဘူး၊ တဘက်သော တိုင်းပြည်ပျက်စီးသွားတာကို မြင်ချင်တယ်၊ တတ်နိုင်လျှင် ပျက်စီးအောင် လုပ်ချင်တယ်၊ ဒီစိတ်မျိုးတွေက ကောင်းသလား မကောင်းဘူးလားဗျာ"

ညီ။ ။"မကောင်းဘူးလို့ ဆိုရမှာပေါ့ခင်ဗျာ"

နုပ်။ ။"မကောင်းဘူးဆိုတာ ဟိုအထက် ကောင်းကင်အာကာသထဲမှာ သူ့ဟာသူ မကောင်းတဲ့အခြင်းအရာတွေ ဖြစ်နေတာမျိုး မဟုတ်ဘူးဗျ၊ တပြည်နဲ့တပြည်၊ တယောက်နဲ့ တယောက်အပြန်အလှန်ပဲ့တင်ထပ်ပြီး အားလုံးကုန်မကောင်းတဲ့ သဘောတရားတွေ ပြန့်နှံ့ကုန်တာပဲဗျ"

ညီ။ ။"ဘယ်လိုခင်ဗျ"

နုပ်။ ။"ဒီခေတ်မှာ အမေရိကန်နဲ့ ခင်ဗျားတို့ဟာ ကမ္ဘာမှာ ဗိုလ်လုနေကြတယ် ဆိုတာကို ငြင်းနိုင်သလား"

ညီ။ ။"ထားပါတော့ ဘရားသား"

နုပ်။ ။"ဝန်ခံလိုက်ပါဗျာ၊ သူ့ထက်ငါသာအောင် ကြိုးစားနေကြတယ် မဟုတ်ဘူးလား"

ညီ။ ။"ကြိုးစားတာတော့ ဟုတ်ပါတယ်"

နုပ်။ ။"တပြည်ကတပြည်ထက်သာအောင် ကြိုးစားယင်း သူတို့ဘက်က ခင်ဗျားတို့ထက် တခုခုမှာသာသွားလျှင် ခင်ဗျားတို့စိတ်ထဲမှာ ဘယ်လိုရှိသလဲဗျ"

ညီ။ ။"မီအောင်လိုက်ဖို့ကြိုးစားမှာပေါ့ခင်ဗျာ"

နုပ်။ ။"ကောင်းပြီ၊ ဒါကိုထားတော့၊ အနောက်အုပ်စု၊ အရှေ့အုပ်စု ရှိကြတယ် မဟုတ်လား၊ ဘယ်ဘက်ကိုမှမပါပဲ ကြားနေတိုင်းပြည်တပြည်ဟာ အနောက်အုပ်စုထဲ ကို ပါသွားလျှင် ခင်ဗျားတို့ဘယ်နှယ်ရှိသလဲ၊ ပျော်ကြရဲ့လား"

ညီ။ ။"ဘယ်ပျော်မှာလဲ ဘရားသား"

နုပ်။ ။"ငွေနဲ့လုပ်ရမလား၊ ဘယ်လိုချော့ရမလဲ၊ သူ့ကြိုက်လုံးကို ဘယ်လိုရှာမလဲ၊ ဘာလဲညာလဲနဲ့စဉ်းစားကြမယ် မဟုတ်ဘူးလား"

ညီ။ ။"ဒါတော့ ဟုတ်ပါတယ်"

နုပ်။ ။"ဟိုတုန်းက ကျွန်တော်တို့ဗမာပြည်ကို ပြင်သစ်ကလိုချင်တယ်၊ အင်္ဂလိပ်က လိုချင်တယ်၊ ချောင်းနေခဲ့ကြတယ် နောက်ဆုံးကျတော့ အင်္ဂလိပ်က ဦးအောင်ဝင်လုယူလိုက်တာ ပြီးသွားတာပဲ ဒီခေတ်ကဒီလိုမဟုတ်ဘူးဗျ၊ တပည့်လုရတာက ဒီထက်ရန်များတယ်၊ ထောက်ပံ့တယ်ဆိုပြီးငွေသွန်ပေးလိုက်ရတာက ကိစ္စမရှိဘူး၊ တဘက်ကိုတဘက် သံကွန်ချာတဲ့၊ ဝါးကွန်ချာတဲ့၊ ဘုရားမရှိတရားမရှိတဲ့၊ စစ်ဘီလူးတဲ့၊ နယ်ချဲ့တဲ့၊ သွေးစုတ်ကောင်တဲ့ ပြောလိုက်ကြ၊ ရေးလိုက်ကြ၊ ကိုယ့်ဟာ ကိုယ်ယုံ၊ ကိုယ့်လူကိုယ်သိမ်းသွင်း၊ ဒီလိုဒီလိုနဲ့

တဘက်နဲ့တဘက် အာဃာတတွေပွားပြီး တောင်လောင်နေကြတယ် မဟုတ်ဘူးလား"

ညီ။ ။"ကျွန်တော်တို့ဘက်က ပြောတာတွေမမှန်ဘူးလား၊ မယုံဘူးလား ခင်ဗျာ"

နုပ်။ ။"ဘယ်ဘက်ကပြောတာကိုမှ ကျွန်တော်အားလုံးမယုံဘူးဗျာ၊ မဟုတ်တာ ရော၊ ဟုတ်တာရော တဆိတ်ကိုတအိတ်လုပ်၊ တဘက်သားကို ရှုံ့အောင် မုန်းအောင်စက်ဆုပ်အောင်လို့ ရည်ရွယ်ချက်နဲ့ ပုတ်ခတ်နေကြတာကို ကျွန်တော် တွေ့ရတယ်၊ လုပ်ချင်ကြလျှင် ကိုယ့်တိုင်းပြည်ကောင်းကြောင်းကို သဘောရှိ ပြောကြပါ၊ တဘက်ကို လူပွေလူညစ် လူယုတ်မာလို့တော့ မပုတ်ခတ်ကြလျှင် ကောင်းတယ်ဗျ၊ တပည့်နောက် လိုက်များပါမှ ဗိုလ်လုပ်နိုင်တယ်ဆိုလျှင် ဗိုလ်လုပ်ရမှ ကျေနပ်နိုင်မယ်ဆိုလျှင် ကြားတိုင်းပြည်တွေကို ကူညီကြ၊ ထောက်ပံ့ ကြ၊ ပေးကြ၊ ကမ်းကြ၊ ချော့ကြမော့ကြ၊ ပြောဟောကြ၊ တဘက်သားကို ရှုံ့နဲ့ပက်ခြင်းမျိုးကိုတော့ ရှောင်ကြဉ်ဖို့ နားလည် ထိုက်ကြတယ်ဗျာ၊ နာပေ့ဆိုတဲ့ စကားလုံးတွေ ရေးကြပြောကြပြီး တဘက်သား ဒေါသထွက်အောင် လုပ်ခြင်းမျိုး ကတော့ အကျိုးမရှိတဲ့အပြင် အကျိုးယုတ်ဖို့ချည်း ကျွန်တော်မြင်တယ်ဗျာ၊ ချစ်အောင်မလုပ်ချင်လျှင်၊ မလုပ်တတ်လျှင်နေကြ၊ တိုးပြီး မုန်းအောင်တော့ လုပ် ကြဖို့ မတော်ဘူးဗျာ၊ ဒါကြောင့် ကိုယ့်လူမျိုးကို တိုးတက်အောင် ကြီးပွားအောင် လုပ်ကြပါ၊ ဗိုလ်လုချင်တဲ့စိတ်မျိုးဟာ သူရောငါပါ အန္တရာယ်များတတ် တယ်ဆိုတဲ့ အကြောင်းလောက်ကိုတော့ သဘောပေါက်ကြဖို့ ကောင်းတယ်၊ သဘောမပေါက်သေးလျှင် မပေါက်မချင်း ကြပ်ကြပ်ကြီးစဉ်းစားကြဖို့ ကောင်း တယ်ဗျာ"

ညီ။ ။"ဒီလိုဆိုလျှင် မလွတ်လပ်သေးတဲ့ တိုးပြည်တွေဟာ ဒီအတိုင်းနေရ တော့မှာလား ခင်ဗျာ"

နုပ်။ ။"ဒီကိစ္စကို ကျွန်တော်အကြိမ်ကြိမ် စဉ်းစားမိပါတယ်၊ ဒီခေတ်ဟာ လွတ်လပ်ရေးခေတ်ပါဗျ၊ ခင်ဗျားတို့နဲ့အမေရိကန်နဲ့ မုန်းတီးရေး လျှော့တဲ့အချိန်မှာ ကမ္ဘာ့တိုင်းပြည်တွေ အားလုံးလွတ်လပ်ရမှာပါ"

ညီ။ ။" ဘယ်လိုသက်ဆိုင်လို့လဲ ဘရားသား"

နုပ်။ ။"အမေရိကန်ကိုယ်နှိုက်ကလဲ တပြည်ကတပြည်ကို အုပ်ချုပ်တာဝမ်းထဲက မလိုလားပါဘူး၊ ခင်ဗျားတို့ကြောင့် ကပ်ဖဲ့လုပ်နေခြင်းဖြစ်ပါတယ်"

ညီ။ ။"မရှင်းလင်းသေးပါဘူး ဘရားသား"

နုပ်။ ။"ကျွန်တော်ရှင်းပြပါမယ်၊ နောက်လိုက်စုပြီး ဗိုလ်လုကြတဲ့ခေတ်လို့ကျွန်တော်ပြောခဲ့တယ်မဟုတ်လား"

ညီ။ ။"ဟုတ်ကဲ့ခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့က မလွတ်လပ်သေးတဲ့ တိုင်းပြည်ကလေးတွေဘက်ကလိုက်ပြီး ပြောတယ်ဆိုတယ်၊ ထောက်ခံတယ် မဟုတ်လား"

ညီ။ ။"ဟုတ်ပါတယ်၊ ဒီဟာလမ်းမှန်တာပေါ့ခင်ဗျာ"

နုပ်။ ။"တချို့နေရာတွေမှာ လမ်းမှန်ခြင်း၊ လမ်းမှားခြင်းထက် လူစုဖို့က အရေးကြီးနေတဲ့ခေတ်ဗျ၊ ခင်ဗျားတို့က လက်အောက်ခံတိုင်းပြည်တွေဘက်က လိုက်ပြောပြီးနောက်လိုက်စုတယ်လို့ အမေရိကန်ကမြင်လေတော့ သူတို့ကအုပ်ချုပ်တဲ့ တိုင်းပြည်တွေဘက်က လိုက်ပြီးလူစုတာပဲ၊ အကြောင်းကလဲ ခင်ဗျားတို့က ဖြူလျှင် သူကမည်းမယ်ဆိုတဲ့ အာဃာတသဘောကလဲ အမြဲရှိနေတယ်၊ ဒီကစ္စမှာ ခင်ဗျားတို့ဘက်က တရားနည်းလမ်းကျတာ အမှန်ပဲ၊ တရားနည်းလမ်းကျတဲ့အတိုင်း အမေရိကန်ကို ခင်ဗျားတို့ကနစ်နာအောင်၊ ရှက်အောင်ဖိပြောတော့ လူ့သဘာဝအတိုင်း တကဘ်က အရွဲ့တိုက်ပြီး ဖွတ်လုပ်ချင်တတ်တာပဲ၊ ဂိုဝါးနဲ့ အိန္ဒိယကိစ္စမှာအင်မတန် ထင်ထင်ရှားရှား မတရားပြီး ခွန်အားချင်းမတူတာတောင် ပေါ်တူဂီက ဘယ့်လောက်ကြာကြာကြီး တွယ်ကပ်နေနိုင်သလဲဗျာ၊ ဒီဟာ အမေရိကန်တို့ အနောက်အုပ်စုတွေက မျက်နှာသာပေးထားခဲ့လို့ပေါ့ဗျ၊ ခုတဖန်

အင်ဒိုနီးရှားနဲ့ ဟော်လန်တို့ကိစ္စ ပေါ်လာပြန်ပြီ၊ ဒီဟာလဲ တဘက်က ဟော်လန်ကို မျက်စပစ်ပြီးအားပေးထားခဲ့လိုပဲဗျ၊ ခုနင်က ပြောခဲ့တဲ့အတိုင်း တရားနည်းလမ်းကျမကျထက် နောက်လိုက်ငယ်သား စုဖို့နဲ့ခင်ဗျားတို့ကို ကဏာလုပ်ဖို့က အရေးကြီးနေတဲ့ခေတ်ဗျ၊ အမေရိကန်ဦးစီးတဲ့ အနောက်အုပ်စုကသာ မျက်နှာလွှဲထားလိုက်လျှင် အနောက်ဂီနီတို့ အာဖရိကတိုက်ထဲက တိုင်းပြည်ကလေးတွေတို့ဟာ သူတို့အလိုအလျောက်ရောရောရှုရှု ဖြစ်ကုန်ကြမှာပဲ”

ညီ။ ။“ဘယ်လိုမှ သူတို့က မျက်နှာလွှဲမှာလဲ ဘရားသား”

နုပ်။ ။“ခင်ဗျားတို့နဲ့အမေရိကန်နဲ့ အာဃာတလျော့ပါးအောင် ကြိုးစားတဲ့ အချိန်မှာ ဒီကိစ္စတွေ အများကြီး ရှင်းသွားမှာပေါ့ဗျာ”

ညီ။ ။“သူတို့နဲ့ ကျွန်တော်တို့နဲ့ ဘယ်ဘက်က အာဃာတပိုသလဲခင်ဗျာ”

နုပ်။ ။“သူတို့ဘက်က ၂၄ နာရီ အဆက်မပြတ် ကောင်းကင်တက်စောင့်နေရခြင်းကို ထောက်ခြင်းအားဖြင့် သူတို့ဘက်က ပိုပြီးကြောက်နေတယ်၊ အစိုးရိမ်ကြီးနေတယ်၊ မသင်္ကာမှုအားကြီးနေတယ်၊ ဒါကြောင့်ပိုပြီး အာဃာတများနေတယ်လို့ ဆိုရမယ်”

ညီ။ ။“ဒါဖြင့်ဘယ့်နှယ်လုပ်ကြမလဲ၊ အာဃာတ ပိုနေတဲ့လူက အာဃာတလျှော့ပေးရမယ် မဟုတ်လားခင်ဗျာ”

နုပ်။ ။“သူတို့ဟာသူတို့ လုပ်လို့မရဘူး၊ ခင်ဗျားတို့ကို သူတို့က မုန်းနေတယ် ဆိုလျှင် မုန်းတီးခြင်းလျော့အောင် ခင်ဗျားတို့ကပဲ လုပ်ရမယ်”

ညီ။ ။“ကိုယ့်စိတ်က မုန်းနေတယ်ဆိုလျှင် မုန်းတီးခြင်းလျော့အောင် ကိုယ့်ဟာကိုယ် လုပ်ရမယ်မဟုတ်ဘူးလား ခင်ဗျာ’

နုပ်။ ။“ဒါကတနည်းပဲ၊ ဗုဒ္ဓဘာသာမှာ ရှိတယ်။ လောဘလျော့အောင် ဒေါသလျော့အောင်လုပ်တဲ့နည်းတွေ ရှိတယ်၊ ခင်ဗျားတို့လူစုက ဒီစာကို မရောက်သေးဘူး၊ လောကနည်းနဲ့ပဲလုပ်ရမယ်၊ ကိုယ့်ကိုသူက မုန်းနေလျှင် သူမုန်းတီးခြင်း လျော့အောင် ကိုယ်ကလုပ်ယူရမယ်”

ညီ။ ။"ဘယ်လိုလဲခင်ဗျာ"

နုပ်။ ။"သူဒေါသဖြစ်အောင် မပြောနဲ့၊ မလုပ်နဲ့ပေါ့ဗျ၊ ခက်နေတာက တခြားမဟုတ်ဘူး၊ တဘက်ကိုတဘက်က မုန်းနေခြင်းဟာ သူရောကိုယ်ပါ အကျိုးပျက်စီးတယ်ဆိုတာကို ခင်ဗျားတို့အားလုံး ကောင်းကောင်းကြီး သဘောမပေါက်ကြဘူးဗျ၊ တဘက်နဲ့တဘက် ဒေါသဖြစ်အောင် တိုးပြီးမုန်းအောင်တမင်တကာ ပြောနေကြ၊ လုပ်နေကြတယ်၊ ဒီလို ပြောနိုင် ၊ လုပ်နိုင်မှ ဂုဏ်ရှိတယ်၊ လူတွေက သြဘာပေးတယ် ဒီလိုထင်နေကြတယ်၊ ခင်ဗျားတို့အားလုံးပဲ ဒိပြင်နေရာတွေမှာ တော်ကြပါရဲ့၊ စိတ်ဆိုးလာလျှင် တဘက်သားကို နာအောင်တွယ်ချင်တဲ့ နေရာမှာတော့ ကျောင်းသားအဆင့်အတန်းထက် မြင့်သေးတယ် မထင်ပေါင်ဗျာ"

ညီ။ ။"ဒါဖြင့် ကျွန်တော်တို့ကြိုးစားခဲ့သမျှတွေဟာ အလကားပဲလား ဘရားသား"

နုပ်။ ။"ကာလ်မာ့က်ရဲ့ ဝါဒအရ ကိုယ့်တိုင်းပြည်သား အချင်းချင်း အပေါ်မှာ သဘောထားကြပုံကတော့ အများကြီးတိုးတက်ပါတယ်၊ ကျွန်တော်လဲ မြင်ပါတယ်၊ သို့သော်ခင်ဗျားတို့ရဲ့ ဆရာကြီးကာလ်မာ့က်စ်ကိုယ်နှိုက်က တိုင်းပြည်တပြည်အတွင်း အချင်းချင်းစိတ်ထားပုံနဲ့ စီးပွားရေးချောင်ချိမှုလောက် အတွက်ကိုသာ သဘောထားပြီး စဉ်းစားထားတယ်လို့ ကျွန်တော်နားလည်တယ်၊ အရင်းရှင်တိုင်းပြည်တွေနဲ့ ပတ်သက်တဲ့ ဆက်ဆံရေးမျိုးတော့ သူ့စာတွေထဲမှာ ကျွန်တော် မတွေ့ရဘူး သူ့အလုပ် လဲမဟုတ်ပေဘူး၊ သူ့အယူအဆကတော့ ကမ္ဘာကြီးဟာ တနေသောအခါမှာ ကွန်မြူနစ်ဖြစ်ရမှာပဲလို့ ယုံကြည်သွားပုံရတယ်၊ သို့သော် သူ့ခေတ်တုန်းက ညူကလီယာလက်နက်တွေ မပေါ်သေးဘူးဗျ၊ ကွန်မြူနစ်တော့ အဖြစ်မခံဘူး၊ ကမ္ဘာကြီး ပျက်ချင်ပျက် တယောက်မှမကျန်ချင်နေ ဖျက်ပစ်လိုက်မယ် ဆိုတဲ့ စိတ်ကူးမျိုးတွေလဲ မပေါ်သေးဘူးဗျ"

ညီ။ ။"ဒီစိတ်ကူးမျိုးတော့ တရားသလား ဘရားသား"

နုပ်။ ။"ကမ္ဘာလောကကြီးမှာ လူတွေဟာ တရားတာကိုမှ လုပ်ပါမယ်လို့ ဘယ်သူက တာဝန်ခံထားသလဲ၊ မာနကိုသိလျှင် ဘာမဆို လုပ်တတ်တယ်ဆိုတာ ခင်ဗျားတို့ မစဉ်းစားဘူးလား၊ ကမ္ဘာကြီးကို ကွန်မြူနစ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့ ခင်ဗျားတို့ရဲ့ မျှော်မှန်းချက်ဟာ ခုလုပ်နည်းအတိုင်းဆိုလျှင် စိတ်ကူးယဉ် သက်သက် ဖြစ်နေပြီ၊ ခင်ဗျားတို့ရဲ့ရှေ့က မုန်းတီးမှုနဲ့ ညှကလီယာလက်နက်ကြီး ဆီးနေပြီ"

ညီ။ ။"သူတို့လုပ်ချင်တိုင်း လုပ်ရမလားခင်ဗျာ"

နုပ်။ ။"လာပြန်ပြီဗျာ၊ ကျွန်တော်ပြောခဲ့ပြီမဟုတ်ဘူးလား၊ ငြိမ်းချမ်းရေး လုပ်ချင်လျှင် တဘက်သားကို ဒေါသဖြစ်အောင် မလုပ်ကြပါနဲ့လို့၊ အနုမြူခေတ်ကြီးမှာ ခုဒေါသဖြစ်လို့ ခုလုပ်ချင်တာ ထလုပ်လိုက်လျှင် ဘယ်သူက ဘယ်ကိုလိုက်ဆွဲနိုင်မှာလဲဗျ၊ ဟိုတုန်းကဆိုလျှင် စစ်တိုက်ဖို့ဆိုတာ တိုင်းသူ ပြည်သားတွေ စိတ်ပါလာအောင် ဟစ်တလာတို့ အတော်ပြောဟောသိမ်းသွင်း ယူကြရတယ်၊ ခုဆိုလျှင် ထိပ်ဆုံးက လူ၁၀ ယောက်လောက်က ဆုံးဖြတ်ပြီး လူတစ်ရာနှစ်ရာလောက်က စတိုက်လိုက်လျှင် ကမ္ဘာစစ်ဖြစ်သွားနိုင်တယ် ဆိုမဟုတ်လား၊ ဒီလောက်သိမ်မွေ့နေတဲ့ ကိစ္စတခုမှာ လက်ကိုဖွတ်ချုပ်ကိုင်ဖို့ ခဲယဉ်းတယ်ဆိုတာ ခင်ဗျားတို့လဲ သိကြပါတယ်၊ ဒီလောက် အထိမခံဖြစ်နေတဲ့ အခြေအနေမှာ ခင်ဗျားတို့ဆရာကြီးကလဲ တချက်တချက်မှာ လမ်းချော်တယ်ဗျာ"

ညီ။ ။"ဘယ်လိုချော်လို့လဲခင်ဗျ၊ လကိုသွားဖို့ ကိစ္စမျိုးတွေမှာ အားလုံးတိုင်း ပြည်တွေ လက်တွဲပြီးဆောင်ရွက်ကြဖို့ အကြံပေးသည်အထိ ဆန္ဒကောင်းပြထားပါပြီ ဘရားသား"

နုပ်။ ။"လိုက်ရောတဲ့အချက်တွေကိုလဲ ကျွန်တော်တွေ့ခဲ့ရပါတယ်၊ ဆိုဗီယက် ယူနီယံကို အခြားတိုင်းပြည်တွေမှလာကြတဲ့ ဧည့်သည်တော်တွေထဲမှာ အမေရိကန် ဧည့်သည်တော်တွေကို အရေးအပေးဆုံး၊ ဂရုအစိုက်ဆုံး ကျေနပ်အောင် အပြုစုဆုံးလို့ သိရပါတယ်၊ အမေရိကန်ပြည်သွားကြတဲ့ ရုရှားဧည့်သည်တော်

တွေကို ဒီလိုအထူးတလည်မှ ပြုစုပါလေရဲ့လား၊ မပြောတတ်ဘူး၊ ကျွန်တော့် သဘောကတော့ သူတို့ဘက် ကထူးချင်ထူး မထူးချင်နေ၊ ခင်ဗျားတို့ဘက်က သူတို့အပေါ်မှာ ထူးပြီး ဂရုတစိုက် ပြုစုတယ်ဆိုတာကို ကျွန်တော်ချီးမွမ်းတယ်ဗျာ၊ ဒါကြောင့်လဲ ဒီကပြန်သွားတဲ့ ဧည့်သည်တိုင်းလိုလိုက ကျေနပ်ခဲ့တဲ့အကြောင်း ပြောကြပေတာပဲ၊ ဒီဟာမျိုးကလေး တွေ့ရယ်၊ ခုနင်က ခင်ဗျားပြောတဲ့ အာကာသစုံစမ်းရေးကိစ္စမှာ လက်တွဲပြီး ဆောင်ရွက်ကြဖို့ အကြံပေးတာမျိုး ရယ်ကတော့ အလွန်ကောင်းပါပေတယ်၊ သို့သော် တချက်တချက်မှာ ခင်ဗျားတို့ ဆရာကြီးက အသည်းနှလုံးကိုခွပ်လိုက်တာက ဆိုးတယ်ဗျ”

ညီ။ ။“ဘာလဲဘရားသား”

နပ်။ ။“ယူတူးလေယာဉ်ပျံကိုပစ်ချပြီး ဒူးထောက်တောင်းပန်ခိုင်းတဲ့ အလုပ်မျိုးကတော့ လွန်လွန်းတယ်ထင်တယ်ဗျာ”

ညီ။ ။“ကိုယ့်ဆီလာပြီး ကျူးကျော်စော်ကားတာကို ပစ်မချရဘူးလား ခင်ဗျာ”

နပ်။ ။“ကျူးကျော်တာတော့ ပစ်ချပေါ့ဗျာ၊ ဆယ်ခါကျူးကျော်လဲ ဆယ်ခါပစ်ချပေါ့၊ သို့သော် ကမ္ဘာ့ဗိုလ်ထုအလယ်မှာ ဒူးထောက်တောင်းပန်ခိုင်းတာကတော့ မဖြစ်နိုင်တဲ့အလုပ်တခုကို လုပ်ခိုင်းရာရောက်လို့မို့ တင်းမာမှုတွေ အဆမတန် တိုးလာကုန်တော့တာပါပဲဗျာ”

ညီ။ ။“ရန်စတာ Provocation လက်ပိုက်ကြည့်နေရမလား ခင်ဗျာ”

နပ်။ ။“ခင်ဗျားတို့က အလွန်အကျွံ အဓိပ္ပာယ်ကောက် ယူကုန်ကြတာကိုးဗျ၊ ကျူးကျော်တာတော့ဟုတ်ပါတယ်၊ ရန်စတာတော့မဟုတ်ပါဘူး၊ ရန်ဖြစ်ချင်လို့ ရန်စလျှင် ဒီလိုဘာလုပ်နေစရာရှိသလဲ၊ ညူကလီယာဗုံးပစ်ထည့်လိုက်ရုံပေါ့။ ကျွန်တော်ပြောတဲ့အတိုင်း သူတို့ဘက်ကခင်ဗျားတို့ကို အင်မတန်လန့်ပြီး အင်မတန် ယုံပဲဖြစ်နေတယ်၊ ဒီတော့ခင်ဗျားတို့မှာ ဘာတွေများရှိသလဲလို့ သိရအောင်၊ ယူတူးလွှတ်ပြီး စုံစမ်းထောက်လှမ်းခြင်းဖြစ်မှာပေါ့၊ ဒါကိုရန်စတယ်

လို့ခင်ဗျားတို့ဘက်က အစီပွာယ်ကောက်တာကတော့ တမင်သက်သက် 'ချဲ့' ရာရောက်ပါတယ်၊ ခင်ဗျားတို့ ကိုယ်တိုင်ကလဲ မခံချင်အောင် 'တမင်သက်သက်စတယ်လို့ယူဆတယ် မထင်ပါဘူး၊တဘက်သားပိုပြီး ဆိုးရာရောက်အောင် စွပ်စွဲခြင်း ဖြစ်ဟန်တူပါတယ်၊ ဒါမှ ဒူးထောက်ခိုင်းကောင်းအောင်ပေါ့လေ"

ညီ။ ။"ဒါဖြင့် ဘယ်လိုလုပ်သင့်တယ် ထင်သလဲခင်ဗျာ"

နုပ်။ ။"ကျူးကျော်တဲ့ ယူတူးကိုပစ်ချပြီးပြီ မဟုတ်လား၊ သူတို့ဘက်ကတော့ သူတို့လေယာဉ်ပျံကို ခင်ဗျားတို့ပစ်မချနိုင်ပေဘူးထင်ပြီး တောင်ရှာမြောက်ရှာနဲ့ ထောက်လှမ်းစုံစမ်းနေတယ်လေ၊ ခင်ဗျားတို့ဘက်က မသိယောင်ဆောင်ပြီး ဘာမှမဆူပဲ ထိပ်သီးကွန်ဖရင့်ကို တိတ်တိတ်ဆိတ်ဆိတ်လုပ်၊ သူတို့ဟာသူတို့ ဒေါင်းတောက်အောင် ရှာပေစေ၊ ယူတူးကိစ္စကို ခင်ဗျားတို့က (Trump Card) ဂျိုကာ အနေနဲ့အရေးရှိမှ သုံးသင့်သုံးရအောင် လျှို့ဝှက်ထား၊ သုံးဖို့လိုတဲ့အစိပ်အပိုင်းရောက်တော့မှ ခင်ဗျားတို့ဆိုးညစ်တာတွေကို ကျွန်တော်တို့သိပါတယ်၊ ခင်ဗျားတို့ အရှက်မကွဲရလေအောင် ကျွန်တော်တို့က လျှို့ဝှက်ထားပြီး ကြိတ်ခံခဲ့ပါတယ်လို့ ထုတ်ပြောလိုက်ရလျှင် ဟိုလူတွေ အင်မတန်လန့်သွားပြီး အများကြီးလိုက်လျောလိမ့်မယ်လို့ ကျွန်တော်မျှော်လင့်တယ်၊ ခုတော့ ခင်ဗျားတို့က အရှက်ခွဲရတာကို အသားယူပြီး ဆူလိုက်ပူလိုက် တောင်းပန်ခိုင်းလိုက်တော့ အပြန်အလှန်ဆူကြပြီး ထိပ်သီးကွန်ဖရင့် မလုပ်လိုက်ရဘူးဟုတ်လား၊ ခင်ဗျားတို့လူစုချည်ပုံတုပ်ပုံ မနိပ်သေးပါဘူးဗျာ"

ညီ။ ။"ဒီလိုဆိုလျှင် ထိပ်သီးကွန်ဖရင့်အောင်မြင်မယ်လား"

နုပ်။ ။"အောင်မြင်သည်အထိတော့ ကျွန်တော်အထင်မကြီးပါဘူး၊ သို့သော် ဘယ်နည်းမဆိုတင်းမာမှုကတော့ ယခုလောက် ဒီဂရီမမြင့်ပေဘူး ထင်တယ်ဗျာ"

ညီ။ ။"ကျွန်တော်တို့က ဆိတ်ဆိတ်နေလို့ သူတို့က ယူတူးတွေ တစင်းပြီး တစင်း ဆက်ပြီးလွှတ်နေလျှင်ကော ခင်ဗျာ"

နုပ်။ ။"ဆက်လွှတ်တော့လဲ ဆက်ပစ်ချပေါ့ဗျာ၊ သို့သော် ကျွန်တော် ပြောချင်တာက လုံးဝဆိတ်ဆိတ်နေဖို့ မဟုတ်ပါဘူး၊ ထိပ်သီးကွန်ဖရင့်ထဲမှာပဲ အချိန်တန် တော့ပြောပြဖို့ပါပဲ၊ ခုတော့ခင်ဗျားတို့က ဆူပူရုံမကတောင်းပန်ခိုင်းပြီး အရှက်ခွဲလိုက်သေးတာကိုးဗျ၊ ကျွန်တော်ကတော့ ဒီကတည်းက တင်းမာမှုလျှော့ဖို့ ဆိုတာမျှော်လင့်ချက် မရှိတော့ပါဘူးလို့ စိတ်ပျက်မိတော့တာပါပဲ"

ညီ။ ။"သူတို့မှားလျှင် တောင်းပန်မခိုင်းရဘူးလား ခင်ဗျာ"

နုပ်။ ။ 'Sorry ဝမ်းနည်းပါတယ်ဗျာ ဆိုတာမျိုးလောက်တော့ ဟုတ် မှာပေါ့၊ ခင်ဗျားတို့တောင်းပန်ခိုင်းပုံက ဒူးထောက်ရမလောက် အကျပ်ကိုင်ထား တာဗျ၊ ကမ္ဘာ့အလယ်မှာ ဒီလိုတောင်းပန်နည်းမျိုးတော့ အမေရိကန်လဲ မတောင်း ပန်ဘူး၊ ခင်ဗျားတို့လဲမတောင်းပန်ဘူး၊ ကမ္ဘာမှာ ထိပ်သီးရောက်နေတဲ့ ဘယ်လို တိုင်းပြည်အစိုးရ မျိုးကမှ မတောင်းပန်ပေဘူးဗျာ၊ ဒါလောက်တော့ ခင်ဗျားတို့လဲ နားလည်လောက် ပါတယ်၊ မာန (Pride) ဗျ၊ မာနဆိုတာ ဘယ်အထိ ဖွတ်ပေခံတတ်တယ်ဆိုတာ ခင်ဗျားတို့လဲ စဉ်းစားမိဖို့ကောင်းပါတယ်၊ ဒီတချက် ခင်ဗျားတို့ဘက် ချော်သွားတာ ကျွန်တော်တော့ ကမ္ဘာကြီးအတွက် ဝမ်းနည်းလို့ မဆုံးဘူးဗျာ"

ညီ။ ။"ဘာတွေများ ဖြစ်ကုန်သေးလို့လဲ ခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့လုပ်လိုက်တာ သူတို့အင်မတန်ရှက်သွားပြီဗျ၊ ဒါ လောက်ရှက်ရအောင် ဖြစ်ရဖူးတဲ့တခြားကိစ္စတခုကို ကျွန်တော်ဖြင့် ရှာလို့မရဘူး၊ မာနကြီးနေတဲ့ လူတယောက်၊ သို့မဟုတ် လူတစု ရှက်သွားတယ်ဆိုလျှင် တော်တော်နဲ့ မပြေ ပျောက်နိုင်ဘူးဆိုတာ ခင်ဗျားတို့သတိထားဖို့ကောင်းတယ်"

ညီ။ ။"သူတို့ရှက်တာ ကျွန်တော်တို့အပူလားဗျာ"

နုပ်။ ။"တသက်လုံး ရန်သူအဖြစ်နဲ့ ခရီးသွားကြမှာဖြင့် ဟုတ်ပါတယ်၊ အခုတော့ ခင်ဗျားတို့က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြဖို့ ရည်ရွယ်ချက် ရှိတယ်ဆို၊ ကျူးဘားကိစ္စမျိုးလို သူတို့ဟာသူတို့ရှက်ရတာကတော့ ဘယ်တတ်နိုင်

မလဲ၊ ခင်ဗျားတို့က ဒူးထောက်တောင်းပန်ဖို့ အကျပ်ကိုင်ခံတဲ့ဆီအထိ ကြုံရတာကတော့ မေ့နိုင်မယ်မဟုတ်ဘူးဗျ"

ညီ။ ။"မမေ့နိုင်တော့ ဘာဖြစ်သလဲခင်ဗျာ"

နုပ်။ "သင့်မြတ်ညီညွတ်ရေးနဲ့ ပတ်သက်လို့ ခင်ဗျားတို့ဘက်က စကားကမ်းလှမ်းချက်ကလေးတွေ မစွံပဲဖြစ်တတ်တာပေါ့"

ညီ။ ။"သူတို့က ဘယ်လိုမြင်သလဲခင်ဗျာ"

နုပ်။ ။"အလကား ဝါဒဖြန့်တာလို့မြင်ဟန်ရှိတယ်၊ ယူတူးကိစ္စဖြစ်လိုက်ရကတည်းက အမေရိကန်ဟာ အခွဲထဲဝင်သွားတဲ့ လိပ်ခေါင်းလို ခင်ဗျားတို့မြူလို့ တော်တော်နဲ့ထွက်တော့မှာမဟုတ်ဘူး၊ ဒီလိုတချက်ကောင်းနှစ်ချက်ကောင်းကလေးမျိုးလောက်နဲ့တော့ ခင်ဗျားတို့ကို မယုံတော့ဘူးဗျာ"

ညီ။ ။"ဘယ်လိုလဲခင်ဗျ"

နုပ်။ ။"အရင်းအမြစ်ကစပြီး ကြိုးစားယူရမယ်"

ညီ။ ။"ဘယ့်နှယ်လဲခင်ဗျာ"

နုပ်။ ။"ငြိမ်းချမ်းစွာအတူနေထိုင်ခြင်း ဆိုတာဟာ ခင်ဗျားတို့က လိုချင်တာလား၊ အမေရိကန်ကလိုချင်တာလား"

ညီ။ ။"ဘယ်သူမဆို လိုချင်ထိုက်တာပေါ့ခင်ဗျာ"

နုပ်။ ။"လိုချင်ထိုက်တာတော့ ဟုတ်တယ်၊ သူကမလိုချင်တော့ သူတို့က မလိုချင်တာလဲခင်ဗျာ"

ညီ။ ။"တကယ် လိုချင်ထိုက်တဲ့ အခြင်းအရာတခုကို ဘာ့ကြောင့်သူတို့က မလိုချင်တာလဲခင်ဗျာ့"

နုပ်။ ။"ခင်ဗျားတို့ကို လန့်နေတယ်၊ မယုံဘူး၊ စိတ်နာထားတယ်၊ အရှက်ခွဲ ခံထားရတယ်၊ ဒါကြောင့်သူတို့က အနိုင်ရချင်တယ်၊ ငြိမ်းချမ်းရေးကို မလိုချင်ဘူး"

ညီ။ ။"ဒီလိုဆိုသူတို့က ဆိုးတာပေါ့ခင်ဗျာ"

နုပ်။ ။"ကျွန်တော်က သူဆိုးတာ၊ ငါဆိုးတာကို တင်ပြလိုခြင်း မဟုတ်ဘူး၊ ခင်ဗျားတို့က ငြိမ်းချမ်းရေးကို လိုချင်တဲ့ဘက်ဖြစ်တော့ ရအောင်ယူဖို့ဟာ ခင်ဗျားတို့ တာဝန်ဖြစ်နေတယ်"

ညီ။ ။"ခေါင်းငုံ့ခံတဲ့ နည်းလမ်းလားခင်ဗျာ"

နုပ်။ ။"ကာလ်မာ့က်စ်ရဲ့ 'မူ'နဲ့ပတ်သက်လို့လက်တလုံး လျှော့ပေးဖို့ ကျွန်တော်က မတိုက်တွန်းချင်ပါဘူး၊ ကာလ်မာ့က်စ်က အရင်းရှင်နိုင်ငံတွေ ဒေါသဖြစ် အောင် တမင်တကာ လုပ်ရမယ်၊ ပြောရမယ်လို့လဲ မညွှန်ခဲ့ပါဘူး၊ ကိုယ့်ပြည်တွင်းရေး မှာ ဘယ်သူဝင်ရှုပ်တာကိုမှလဲ မခံထိုက်ပါဘူး၊ သို့သော် ဝါဒချင်းပြိုင်ချင်တဲ့စိတ်မျိုး တွေ၊ သူ့စနစ်ထက် ကိုယ့်စနစ်က သာတယ်ဆိုတာကို နေရာတကာတိုင်း ယှဉ်ပြချင်တဲ့ စီစဉ်မှုမျိုးတွေကိုတော့ အလေသုံးဆယ် မလုပ်ကြဖို့ တောင်းပန်ချင်တယ်ဗျာ"

ညီ။ ။"ကမ္ဘာ့လူထုချမ်းသာအောင် မဆောင်ရွက်ထိုက်ဘူးလား ခင်ဗျာ၊ ကမ္ဘာ့ ဖိနှိပ်ခံ လူတန်းစားက ကျွန်တော်တို့ကို မျှော်ကြည့်နေကြတယ် မဟုတ်ဘူးလား ခင်ဗျာ"

နုပ်။ ။"ဒါကတော့ လုပ်ထိုက်ပါတယ်၊ သို့သော်'ငါကွ'ဆိုတဲ့ သဘောမျိုးနဲ့ မလုပ်ဖို့၊ ဘယ်သူ့မှဂရုမစိုက်ဘူးဆိုတဲ့ သဘောနဲ့မလုပ်ဖို့ တောင်းပန်ချင်တာပဲဗျာ"

ညီ။ ။"ကျွန်တော်တို့ လုပ်တာတွေမှာ 'ငါကွ'ဆိုတဲ့ သဘောမျိုးပါသလား ခင်ဗျာ"

နုပ်။ ။"ပါပါတယ်လေ၊ ဒါမျိုးဟာ ကိုယ့်ဟာကိုယ် မမြင်ပေမင့် ကြားလူတွေက တော့ မြင်နိုင်ပါတယ်၊ မနာလိုတဲ့ တဘက်သားကဆိုတော့ ချဲ့ထွင်ပြီးတောင် မြင်တတ် တာကိုးဗျ"

ညီ။ ။“ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ သဘောမျိုးလဲ ပါပါသလား ခင်ဗျာ၊ တရားနည်းလမ်းကျမကျ၊ မှန်မမှန်အပြင် ဘယ်သူ့ကို ဂရုစိုက် ထိုက်သေး သလဲခင်ဗျာ”

နုပ်။ ။“ကိုယ့်ပြည်တွင်းရေးတော့ ဟုတ်တာပေါ့၊ ပြည်ပရေးရာမျိုးတွေကျ တော့ တဘက်ကဘယ်လိုက်ခံမယ်ဆိုတာကိုပါ ထည့်ပြီးချင့်တွက်ထိုက်ပါတယ်၊ ငါတို့လုပ်တာ နည်းလမ်းမှန်တယ်၊ ဘယ်သူက ဘာပြောချင်သေးသလဲဆိုတဲ့ ပြယုဂ်မျိုးကိုတော့ ကျွန်တော်ကလန့်တယ်ဗျာ၊ အထူးသဖြင့် ယခုလိုအလွန်တရာ အယုံအကြည်ကင်းမဲ့ပြီး သွေးလန့်နေကြတဲ့ အချိန်အခါမျိုးမှာ သာပြီး သတိပြုဖို့ လိုတယ်ဗျ”

ညီ။ ။“ဘရားသားက ကျွန်တော်တို့အတွက် ကြောင့်ကြကြီးနေသလား”

နုပ်။ ။“ခင်ဗျားတို့အတွက် သက်သက်ဆိုလျှင်တော့ ကျွန်တော်မပြောဝံ့ ပါဘူးဗျာ၊ ခုတော့ဖြစ်လိုက်တယ်ဆို လူမျိုးပြုတ်သွားမှာကြောင့် စိတ်ထဲရှိတာတွေ ထုတ်ပြောမိခြင်းဖြစ်ပါတယ်”

ညီ။ ။“ဘရားသားက အမေရိကန်ဟာ နယ်ချဲ့တယ်လို့မမြင်ဘူးလား”

နုပ်။ ။“ရှေးတုန်းကလို မြေကြီးကို နယ်ချဲ့တာတို့၊ ရွှေငွေအမြတ်ထုတ်တာ တို့တော့လုပ်တဲ့ ခေတ်မဟုတ်တော့ပါဘူးခင်ဗျ၊ ပြင်သစ်တို့ ဟော်လန်တို့၊ ပေါ်တူဂီ တို့ဆိုတဲ့ အစိုးရတွေက လုပ်ချင်ကြသေးပေမင့် ယုတ်စွာ့အဆုံး အမေရိကန်နဲ့ ရုရှားကတော့ မလုပ်ချင်ကြတော့ဘူးလို့ ကျွန်တော်ယူဆတယ်”

ညီ။ ။“ဖော်မိုဆာတို့၊ အိုတီနာဝါတို့၊ ယိုးဒယားတို့၊ လော၊ ဗီယက်နမ်တို့တွေ မှာ ဝင်ရှုပ်နေတာကဘာလဲခင်ဗျာ”

နုပ်။ ။“ဒါကတော့ ခင်ဗျားလဲ သိပါတယ်၊ ရှေးတုန်းကလို သွေးစုပ်ဖို့ မဟုတ်ပါဘူး၊ နောက်လိုက်များအောင် လူစုတဲ့ရည်ရွယ်ချက်ပါ၊ သူတို့အိတ်ထဲက ဒေါ်လာတွေအကုန်ခံပြီး လုပ်နေတယ် မဟုတ်ဘူးလား၊ ခင်ဗျားတို့ကို ပြိုင်ချင်တဲ့ သဘော၊ ဗိုလ်လုတဲ့သဘောပါပဲ၊ ခင်ဗျားတို့လဲ ဗိုလ်လုတဲ့သဘောမျိုး

မကောင်းပါဘူး၊ သို့သော် အမေရိကန်ကတော့ 'ဗိုလ်ကျ' တဲ့သဘောပါတယ်ဗျ၊ ဒါကြောင့် သာဆိုး တယ်"

ညီ။ ။" 'ဗိုလ်လု'တာနဲ့၊ 'ဗိုလ်ကျ'တာနဲ့ ဘယ်လိုခြားနားသလဲ ခင်ဗျာ"

နုပ်။ ။" 'ဗိုလ်လု'တယ်ဆိုတာက အမေရိကန်ရော၊ ခင်ဗျားတို့ရောဟာ ကမ္ဘာမှာ ဩဇာအာဏာနဲ့တကွ ကမ္ဘာသူကမ္ဘာသား အထင်ကြီးခံရတဲ့နေရာမှာ (၁)နံပါတ် တိုင်းပြည်ဖြစ်အောင် ကြိုးစားအားထုတ်နေကြတယ်မဟုတ်လား၊ ဒါကို ဗိုလ်လုတယ်လို့ ခေါ်တယ်ဗျ"

ညီ။ ။"ကျွန်တော်တို့ကတော့ ဒီလိုမဟုတ်ပါဘူး ဘရားသား၊ ကမ္ဘာသူကမ္ဘာသားအားလုံး ဖိနှိပ်မှုခံရတဲ့ အဖြစ်မျိုးမှ လွတ်ကုန်ကြပြီး ချောင်ချိစွာ နေထိုင်နိုင်ကြ တယ်ဆိုလျှင် ကျေနပ်တာပါပဲ"

နုပ်။ ။"ဒီရည်ရွယ်ချက်မျိုးရှိလိမ့်မယ်ဆိုတာကို ကျွန်တော်မငြင်းပါဘူး၊ သို့သော် ဒီဆန္ဒဟာ အဓိကမဟုတ်သေးပါဘူးဗျ၊ ခင်ဗျားတို့ လူစုတွေက လူ့စိတ်အကြောင်းကို အသေးစိတ် လေ့လာဖူးခြင်းလဲ မရှိဘူး၊ စိတ်အကြောင်းကို အစအဆုံးသိတဲ့ ပုဂ္ဂိုလ်မျိုးက ဟောပြထားခဲ့တဲ့ ကျမ်းမျိုးလဲ မရှိဘူး၊ ကျွန်တော်ပြောမယ်၊ ကမ္ဘာမှာ ကိုယ်ကျိုးမပါပဲ သူတပါးအကျိုးအတွက် သက်သက်ဆောင်ရွက်ခဲ့ပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တဦးတည်းပြစမ်းပါ၊ ကာလ်မာ့က်စ် ပြောမလား၊ လီနင် ပြောမလား၊ ဘယ်သူ့ပြောမလဲ ပြောစမ်း၊ ကာလ်မာ့က်စ်သည် တိုင်းပြည် စီးပွားရေးနဲ့ ပတ်သက်လို့လူများစု ချောင်ချိအောင် နည်းမှန်၊ လမ်းမှန် စနစ်မှန်ကို ရှာဖွေတွေ့ရှိ သွားတဲ့ ပုဂ္ဂိုလ်ကြီးတဦးဖြစ်ခြင်း မှန်ပါတယ်ဆိုပါစို့၊ လူသားလူများစု ချမ်းသာစေချင် တဲ့စေတနာနှင့်အတူ ငါသည်ဤနည်း ဤလမ်းကို ပထမဦးဆုံး တွေ့ရှိတဲ့ပုဂ္ဂိုလ်တဦး အနေဖြင့် နာမည်တလုံး ကျန်ရစ်စေတော့ဆိုတဲ့ ရည်ရွယ်ချက်ကပိုပြီး ကြီးကျယ်တယ် လို့ ကျွန်တော်နားလည်တယ်"

ညီ။ ။"ဘရားသား ဘယ့်နှယ်သိနိုင်သလဲ"

နုပ်။ ။"လူ့စိတ်သဘာဝအကြောင်းကို ဆရာကောင်း၏ တပည့်အဖြစ်နဲ့ လေလာထားလို့သိတယ်"

ညီ။ ။"ဆရာကောင်းက ဘယ်သူလဲခင်ဗျာ"

နုပ်။ ။"ဂေါတမဗုဒ္ဓတဲ့"

ညီ။ ။"သူကဘယ်လိုဟောခဲ့သလဲခင်ဗျာ"

နုပ်။ ။ "သတ္တဝါသည် ကိုယ့်ကိုယ်ကိုအချစ်ဆုံးတဲ့၊ ကိုယ့်အကျိုးကို ရှေးဦးစွာ ကြည့်တတ်တယ်တဲ့"

ညီ။ ။"ဒီလိုဆို လူညံ့ချည်းပဲလားခင်ဗျာ"

နုပ်။ ။ "ကိုယ့်အကျိုးကိုနံပါတ်(၁)ထားပြီး သူ့အကျိုးလဲပါအောင် ဆောင် ရွက်တဲ့လူဟာလူတော်ပဲ"

ညီ။ ။"ကျွန်တော်တို့ဆီမှာ တိုင်းပြည်အတွက် အသက်အသေခံပြီး ဆောင်ရွက်သွားတဲ့လူတွေအများကြီးရှိပါတယ် ခင်ဗျာ"

နုပ်။ ။"နာမည်တလုံးအတွက် လုပ်သွားတဲ့ ရည်ရွယ်ချက်လဲ ပါမှာပေါ့"

ညီ။ ။"နာမည်တလုံးအတွက် အသက်ကို အသေခံပါ့မလားခင်ဗျာ"

နုပ်။ ။"ရှိတော့ ရှိပါတယ်လေ၊ ရှားတော့ ရှားသပေါ့ လူအမျိုးမျိုး အကြိုက်အမျိုးမျိုးပေါ့ဗျ"

ညီ။ ။"ဘရားသားက ကတ်ကတ်သတ်သတ် နှိုက်စဉ်းစားတာကိုးခင်ဗျာ"

နုပ်။ ။"ကျုပ်အစွမ်းမဟုတ်ပါဘူးခင်ဗျာ၊ ဆရာ့လမ်းညွှန်ချက်ပါ၊ လူရှုးမှ တပါး ကိုယ့်အဖို့တခုခုမရပဲ ခက်ခက်ခဲခဲ ဘာမှမလုပ်ဘူးဗျ"

ညီ။ ။"ထားပါတော့ ဘရားသား၊ ဗိုလ်ကျတယ်ဆိုတာ ပြောပါဦးခင်ဗျာ"

နုပ်။ ။"အမေရိကန်ဟာ ခင်ဗျားတို့နဲ့ကျတော့ 'ဗိုလ်'လု တယ်တဲ့ဗျ၊ သူ့ထက်နိမ့် ကျတဲ့ တိုင်းပြည်များအပေါ်မှာတော့ ဗိုလ်ကျချင်တယ်တဲ့ဗျ"

ညီ။ ။"ဘယ်လိုခြားနားသလဲခင်ဗျာ"

နုပ်။ ။"ရှုရှားအစိုးရနဲ့ ယှဉ်ပြိုင်ရတဲ့အလုပ်မျိုးမှာတော့ သူကရမ်းရမ်း ကားကား မလုပ်ဘူး၊ ခင်ဗျားတို့ တိုင်းပြည်ကလေးတပြည်ကို ဒေါ်လာတသန်း ထောက်ပံ့လျှင် သူတို့ကနှစ်သန်းထောက်ပံ့မယ်၊ ခင်ဗျားတို့က တဘက်ကို အား ပေးလျှင် သူတို့က အခြားတဘက်ကို အားပေးမယ် ဒီလိုအပြိုင်အဆိုင်လုပ်မှာပဲ၊ စေတနာ ကောင်းရှိပါတယ်ဆိုတဲ့ နေရာမှာ ခင်ဗျားတို့က သူတို့ထက် သာ တယ်လို့ အထင်မခံ နိုင်ဘူးဗျ၊ ဒါကို'ဗိုလ်လု'တယ်လို့ ခေါ်တယ်"

ညီ။ ။"ဗိုလ်ကျတာကတော့ ဘရားသား"

နုပ်။ ။"တရုတ်ပင်လယ်ထဲမှာ (၇)နံပါတ် ရေတပ်ကြီးနဲ့ လမ်းသလား နေတယ် မဟုတ်လား၊ အဲဒါက ဗိုလ်ကျတာတဲ့ဗျ၊ သူ့ဟာသူ မတရားမှန်းတော့ သိတာပဲ၊ နို့ပေမယ့် တရုတ်ထက် သူကခွန်အားသာသေးတဲ့အခါမှာ မင်းတို့ ဘာတတ်နိုင်သေးသလဲဆိုတဲ့သဘောနဲ့ အရမ်းလုပ်နေတာပဲဗျ၊ ဒါကိုဗိုလ်ကျတယ် လို့ခေါ်တယ်၊ ဖော်မိုဆာ ကိစ္စကိုနမူနာတခုအနေနဲ့ တင်ပြခြင်းသာ ဖြစ်ပါတယ်၊ အမေရိကန်ကဒီကိစ္စမျိုးတွေ လုပ်နေတာ တော်တော်များပါတယ်၊ ခင်ဗျားတို့လဲ တော်တော်အောင့်တယ် မဟုတ်လား"

ညီ။ ။"မတရားတာတွေကို မြင်ရတော့ မခံချင်ဘူးပေါ့ ခင်ဗျာ"

နုပ်။ ။"ကျွန်တော် မြင်ထားတာတော့ လွတ်မြောက်ဖို့ရာ နည်းလမ်းနှစ်ခု ရှိပါတယ်လေ"

ညီ။ ။"ဘယ်လိုလဲခင်ဗျာ"

နုပ်။ ။"မော်မိုဆာလို ကိစ္စမှာတော့ တရုတ်က ခွန်အားချင်း မပြိုင် နိုင်သေးခင်ပေါ့ဗျ၊ တရုတ်မှာညှကီလယာလက်နက်မျိုး ဖြစ်လာတဲ့ အချိန်ကျတော့ စကားဆိုလာ လိမ့်မယ်ထင်တယ်၊ တရုတ်က စကားဆိုနိုင်တဲ့ အချိန်ကျတော့ အမေရိကန်ဟာ သူ့ဟာသူ မတရားမှန်းသိတဲ့အတွက် အသာတကြည် ဆုတ်ခွာ သွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်၊ 'ဗိုလ်ကျတယ်'ဆိုတဲ့ လူဟာ မိမိက

ခွန်အားသာတဲ့ အရိုက်လောက်သာ လုပ်ဝံ့တာဗျ၊ သူသေ ကိုယ်သေဆိုလျှင် ဆုတ်ခွာတတ်တာပဲ”

ညီ။ ။“တရုတ်မှာ သူတို့နဲ့ တူညီတဲ့လက်နက်အင်အားမျိုး ဖြစ်နိုင်ပါ့မလား ခင်ဗျာ”

နုပ်။ ။“ညှကလီယာလက်နက်မျိုးဆိုတာက တူညီနေဖို့ မလိုပါဘူး၊ အသေမခံ ဝံ့တဲ့ဘက်က ဆုတ်စတမ်းပဲ၊ ကိုယ့်ဟာကိုယ်မတရားမှန်း သိတဲ့လူဟာ အသေမခံ တတ်ပါဘူးဗျ၊ မော်မိုဆာကိစ္စမှာ တရုတ်ကအမေရိကန်ထက် ဆယ်ပြန်အသေခံရစေ၊ အသေခံဖို့ အသင့်ပဲလို့ ကျွန်တော် တွက်မိတယ်၊ ဘာ့ကြောင့်ဆိုတော့ သူတို့ဘက်က လမ်းမှန်ပေတာကိုးဗျ၊ သို့သော် မော်မိုဆာ ကိစ္စမျိုးမှာ ခင်ဗျားတို့ကဝင်ပြီး စကားဆိုလိုတော့ အမေရိကန်က မခံပေဘူး ထင်တယ်၊ ကျူးဘားနဲ့ မတူဘူးဗျ၊ မော်မိုဆာ ကိစ္စကတော့ အတော်ကြာနေလို့ အသားသေနပြီမို့ ခင်ဗျားတို့က အသစ်ဝင်ပြီး လူစွာလုပ်တယ်လို့ သူတို့ယူဆ တတ်တယ်၊ ကျွန်တော်ပြောတာတွေက နိုင်ငံရေး အမြင်တော့ မဟုတ်ဘူးဗျ၊ လူ့စိတ် သဘာဝအကြောင်းကို ကျွန်တော်နည်းလည် သလောက် ပြောခြင်းပဲ”

ညီ။ ။“တရုတ်က ညှကလီယာ လက်နက်လုပ်ဖို့ထက် အခြားနည်းလမ်း မရှိဘူးလား ဘရားသား”

နုပ်။ ။“ရှိတယ်၊ အဲ့ဒါက ဒုတိယနည်းလမ်းပဲ ဒီနည်းကတော့ ခင်ဗျားတို့ ဆရာကြီး ခရုရှော့ရဲ့ လက်ထဲမှာ ရှိတယ်၊ သူလုပ်လျှင်တော့ ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်တယ်၊ မလုပ်ချင်လျှင်တော့ မပြောတတ်ဘူး”

ညီ။ ။“ဘယ်လိုလဲဘရားသား”

နုပ်။ ။“ကျွန်တော် ခုနင်က ဘတပိုင်းတစတော့ ပြောခဲ့ပြီးပါပြီ၊ သူတို့က ခင်ဗျားတို့ကို အင်မတန်လန့်၊ အင်မတန်မယုံ၊ အင်မတန်မုန်းနေတယ်ဆို မဟုတ် လား”

ညီ။ ။"မုန်းတာကတော့ အရင်းရှင်စနစ်ကို ကျွန်တော်တို့က ဖြိုဖျက်နေတာကိုးခင်ဗျ"

နုပ်။ ။"ဖြိုဖျက်တာတော့ အနုနည်းနဲ့ ဖြိုဖျက်နိုင်ပါတယ်"

ညီ။ ။"ကျွန်တော်တို့က အကြမ်းဖက်လို့လား ဘရားသား"

နုပ်။ ။"လက်နက်နဲ့တော့ အကြမ်းမဖက်ပါဘူး၊ နို့ပေမယ့် သူတို့မုန်းအောင် ခင်ဗျားတို့က ခဏခဏပြောတယ်၊ လုပ်တယ်ဗျ၊ လုပ်ခဲ့သမျှ အောင်မြင်မှုအတွက်လဲ ခင်ဗျားတို့က 'ငါကွ'ဆိုတဲ့ သဘောမျိုးနဲ့ အင်မတန် အသားယူတယ်၊ ကြွေးကြော်တယ် ဗျ၊ လူ့စိတ်ဆိုတာ ဘယ်လိုလဲလို့ ခင်ဗျားတို့ ကောင်းကောင်းနားမလည်ပါဘူး၊ ကျွန်တော်နားလည်တာကတော့ ခင်ဗျားတို့ အောင်မြင်မှုတွေထက် ခင်ဗျားတို့ အသားယူတာတွေ၊ ကြွေးကြော်တာတွေ၊ ဟစ်တိုင်တက်တာတွေကို သူတို့ကပိုပြီး ခံပျင်းတယ်ဗျ၊ ကိုယ့်မာနကို ထိလာလျှင် ဒေါ်လာတို့၊ ရူဘဲလ်တို့ကို ဒလဟောသွန်ပြီး သုံးနေကြတာကို ခင်ဗျားတို့ မြင်ကြသားပဲ၊ အရင်းရှင်စနစ်နဲ့ ပြိုင်ကြတာတော့မှန်ပါ တယ်၊ အခုအချိန်မှာတော့ အမေရိကန်ဘက်က ခင်ဗျားတို့ကို မုန်းလွန်းလို့ ဘယ်လို နည်းနဲ့နိုင်ရနိုင်ရ၊ ဘာစနစ်ဖြစ်ရဖြစ်ရ နောက်ဆုံးမှာ ခင်ဗျားတို့ကို အရှက်ခွဲရုံ လုပ်ရ လုပ်ရ အရမ်းလျှောက်လုပ်ချင်တဲ့ ဒေါသစိတ်တွေ ဖြစ်လာကုန်ကြတတ်တယ်ဗျ၊ ဖြစ်တုန်းကတော့ ငွေတရာလောက်တန်တဲ့ မြေကလေး တမိုက်လောက်အတွက် စဖြစ်ကြပြီး နောက်ဆုံးမှာ နှစ်ဘက်လုံး သောင်းကိုးထောင်မက ကုန်ကြရတဲ့ အမှုမျိုးတွေ ခင်ဗျားတို့ မကြားဖူးဘူးလား၊ ခင်ဗျားတို့အုပ်စုနှစ်ခုကို ကျွန်တော်ဒီလိုပဲ မြင်လာပြီ"

ညီ။ ။"အရင်းရှင်စနစ်ဟာ စစ်ဖြစ်စေတတ်တယ်လို့ ဘရားသား နားမလည်ဘူးလား"

နုပ်။ ။"နားလည်ပါတယ်၊ အရင်းရှင်စနစ်ဟာ သူတို့အချင်းချင်းလဲပဲ ဖြစ်တတ်တယ်၊ ဆိုရှယ်လစ်စနစ်နဲ့လဲ ဖြစ်တတ်တယ်၊ သူတို့အချင်းချင်းတော့

လောဘစပြီး ဖြစ်တတ်တယ်၊ ဆိုရှယ်လစ်စနစ်နဲ့ကျတော့ ဒေါသကစပြီး ဖြစ်နိုင်တယ်၊ မာနကလဲစပြီး ဖြစ်နိုင်တယ်၊ ကာလမာ့က်စ်က လောဘစစ်ကိုသာ သူပြသွားတယ်၊ မာနစစ်မျိုးတော့ သူကြံမသွားဘူး"

ညီ။ ။"ကျွန်တော်တို့ကော ကြုံရဦးမှာလားခင်ဗျာ"

နုပ်။ ။"ခင်ဗျားတို့အားလုံး သတိမထားလျှင် ကြုံနိုင်တယ်ဗျ"

ညီ။ ။"ဘယ်လို သတိထားရမှာလဲ ခင်ဗျာ"

နုပ်။ ။"ယူတူးကိစ္စတုန်းကစပြီး အမေရိကန်ဟာ သူ့မာနကို ထိခိုက်တဲ့အတွက် အင်မတန်စိတ်ဆိုးနေတယ်၊ ရှက်ရမ်းရမ်းချင်တဲ့စိတ်တွေ ဖြစ်နေတယ်။ ဒီအထဲမှာ လူစုရာမှာလဲ ခင်ဗျားတို့ဘက်က အရေးသားသလို ဖြစ်နေတယ် ၊ ဒါကိုသူမခံနိုင်ဘူး၊ ရှက်ရမ်းရမ်းလိမ့်မယ်"

ညီ။ ။"သူရမ်းလျှင် သူမှားမှာပေါ့ခင်ဗျာ"

နုပ်။ ။"ရမ်းတိုင်းလျှော့ပေးဖို့ မဆိုလိုပါဘူး၊ သို့သော် သူရမ်းလို့ခံစရာရှိလျှင် သူသာခံရမှာ မဟုတ်ဘူး၊ ကျွန်တော်တို့ပါခံရမယ်၊ ခင်ဗျားတို့ပါ မသက်သာပါဘူး"

ညီ။ ။"ဒီလိုဆို သူရမ်းသမျှကျွန်တော်တို့က လျှော့ပေးရမှာလားခင်ဗျာ"

နုပ်။ ။"ရမ်းတိုင်းလျှော့ပေးဖို့ မဆိုလိုပါဘူး၊ သို့သော် မရမ်းမီက သူဒေါသဖြစ်အောင်၊ ယုတ်စွာ့အဆုံးတိုးပြီး ဒေါသမဖြစ်အောင် ခင်ဗျားတို့ဘက်က လုပ်ပေးဖို့ နည်းလမ်းပဲ ရှိတယ်ဗျာ"

ညီ။ ။"ဘယ်လိုလဲ ဘရားသား"

နုပ်။ ။ "ကြေငြာချက်က အကြမ်းအားဖြင့်ဒီလိုဗျ၊ 'ကျွန်ုပ်တို့သည် မည်သူ့ကိုမျှ မကြောက်ခဲ့၊ နောင်ကိုလည်း ဘယ်သူ့ကိုမျှ ကြောက်လိမ့်မည်မဟုတ်၊ သို့ရာတွင် သူတပါးကို ကြောက်စေခြင်းငှာ ခြောက်လှန့်ခဲ့ဘူးသည်၊ သူတပါးတို့ကြောက်အောင် ခြောက်လှန့်သောလမ်းစဉ်သည် သူတပါးအဖို့မကောင်း၊ ကျွန်ုပ်တို့အဖို့လည်း ငြိမ်းချမ်းခြင်း ကင်းကွာသည့်အဖြစ်ကို ကျွန်ုပ်

တို့သဘောပေါက်နားလည်ခဲ့လေပြီ။ တပြည်နှင့်တပြည်နှုတ်အားဖြင့်ဖြစ်စေ၊ လက်နက်ပြင်ဆင်ခြင်းအားဖြင့်ဖြစ်စေ၊ ခြိမ်းခြောက်ခြင်းသည် မည်သူ့အတွက်မှ ကောင်းကျိုးမဖြစ်စေပဲ စိတ်ဆင်းရဲရသော ကမ္ဘာကြီးဖြစ်လာရခြင်းကို ကျွန်ုပ်တို့ သဘောပေါက်ခဲ့လေပြီ။ တပြည်ကို တပြည်က ကြောက်လန့်နေရခြင်းထက် ကိုယ့်စနစ်နှင့်ကိုယ် ငြိမ်းချမ်းစွာအလုပ်လုပ်ကြခြင်းသည် အားလုံးအတွက် အကျိုးများသည်ဟူ၍ ယုံကြည်လျက်ရှိလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်တို့အား မည်သည့်တိုင်းပြည်က ကိုယ်ထိလက်ရောက် ကျူးကျော်စော်ကားခြင်း မပြုသမျှ ကာလပတ်လုံး ကျွန်ုပ်တို့အား မည်သည့်တိုင်းပြည်ကကြုံးဝါးခြင်း၊ ခြောက်လှန့်ခြင်းပြုစေကာမူ ကျွန်ုပ်တို့က တုံ့ပြန်ကြုံးဝါးခြင်း ပြုလိမ့်မည် မဟုတ်ကြောင်း ကြေငြာလိုက်သည်' အကြမ်းဖျင်း ဒီလောက်ဆိုတော်ပါပြီဗျ"

ညီ။ ။"ဒီလိုဆို တဘက်က ဘယ်လိုဖြစ်သွားမလဲ ဘရားသား"

နုပ်။ ။"ပထမတော့ အံ့သြသွားမှာပဲ၊ ချက်ချင်းယုံမှာတော့ မဟုတ်ဘူး၊ သို့သော်ပြောတဲ့အတိုင်း ဟုတ်ပါစေလို့တော့ ဆုတောင်းပါလိမ့်မယ်၊ ဟုတ်မဟုတ်ကို စောင့်ကြည့်ကြမှာပဲ၊ သူတို့ကလဲ စောင့်ကြည့်မယ်၊ တကမ္ဘာလုံးကလဲ စောင့်ကြည့်ကြ မယ်၊ ဒီအတောအတွင်းမှာ ခင်ဗျားတို့ဘက်က သတိပြုပြီး ပြောတဲ့အတိုင်းကိုက်ညီ အောင် စောင့်စည်းရပေလိမ့်မယ်"

ညီ။ ။"ဒီအတွက် မကောင်းကျိုးတွေများ ပေါ်ထွက်မလာနိုင်ဘူးလား ဘရား သား"

နုပ်။ ။"ဘယ်လိုလဲ ရုရှားကြီး အစွယ်ကျိုးသွားပြီဆိုပြီး ခင်ဗျားတို့ကို ဝိုင်းတိုက်ဖို့လား၊ စိတ်ချပါမဖြစ်နိုင်ပါဘူး၊ လူ့သဘာဝကို ကျွန်တော် နားလည်ပါတယ်၊ တဘက်က ရုတ်တရက် မတုံ့ပြန်စေကာမူ စပ်ကြားတိုင်းပြည်တွေကတော့ သာခု ခေါ်ကြမှာ ကေန္တပါဗျ"

ညီ။ ။"ဒီလိုဆို ဖိနှိပ်ခံနေရတဲ့ တိုင်းပြည်ကလေးတွေအဖို့ မျှော်လင့်ချက်ဝေးမသွားပေဘူးလားခင်ဗျာ၊ အားငယ် မကုန်ကြပေဘူးလားခင်ဗျာ"

နုပ်။ ။"ကျွန်တော်ကတော့ ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်တဲ့ ဝါသနာရှိတယ်ဗျနော်၊ ဘက်မလိုက်တတ်ဘူး၊ ခင်ဗျားတို့က မလွတ်လပ်သေးတဲ့ တိုင်းပြည်ငယ်များကို အားပေးလျက်ရှိတယ်ဆိုတာဟာ ဘယ်လိုအထိ အားပေးနိုင်သလဲ၊ Moral Support စိတ်ဓာတ်အားနဲ့ အလွန်ဆုံး အကြံဉာဏ်လောက်ပဲ မဟုတ်ဘူးလား၊ ခင်ဗျားတို့ အားပေးခြင်းအတွက် စိတ်ဓာတ်အားတက်ခြင်းကိုတော့ ကျွန်တော် မငြင်းပါဘူး၊ မြင်တတ်ပါတယ်၊ သို့သော် ခင်ဗျားတို့က တဘက်ကို အားပေးတော့ အမေရိကန်က အခြားတဘက်ကို အားပေးတာပဲ မဟုတ်ဘူးလား၊ ဗွတ်လုပ်စရာရှိလျှင် ခင်ဗျားတို့ထက် သူတို့ဘက်က သာပြီးဗွတ်လုပ်ဝံ့တယ် မဟုတ်ဘူးလား၊ ဒီတော့ ဘယ့်နှယ်ရှိသလဲ၊ ခင်ဗျားတို့က ပါးစပ်၊ သူတို့က ကိုယ်ထိလက်ရောက်ကူကုန်တော့ ဖိနှိပ်ခံ တိုင်းပြည်များမှာ ဘယ့်နှယ်ဖြစ်ကုန်ကြသလဲ"

ညီ။ ။"သူတို့ဘက်က မတရားလုပ်ဝံ့တာကိုးခင်ဗျာ"

နုပ်။ ။"ဒီတော့ ခင်ဗျားတို့က မတရားဘူးဆိုပြီး ကူအော်ပေးရုံပဲ မဟုတ်လား၊ ခံရတဲ့ သူခများများမှာတော့ နာရှာတာပဲ"

ညီ။ ။"ဘရားသား မျှော်လင်ချက်က ပြောပါဦးခင်ဗျာ"

နုပ်။ ။"ပထမတချက်က လွတ်မြောက်ရေးဆိုတာ အလျင်စလိုလုပ်လို့ မဖြစ်ဘူးဆိုတာကို ခင်ဗျားလဲ နားလည် ပြီးပါ၊ သူ့တိုင်းပြည်သားများကိုယ်တိုင် လုံလောက်အောင် သဘောပေါက်ပြီး လုံလောက်တဲ့ အရေအတွက်ရတဲ့ အခါမှာ သင့်တော်သော ခေါင်းဆောင်မျိုးပေါ်လာပြီး တညီတညွတ်တည်း လုပ်ကြမှ ရနိုင်တဲ့ အလုပ်မျိုးမဟုတ်ဘူးလားဗျာ၊ အခုတော့ ခင်ဗျားတို့ကို အားကျပြီး ပညာနုသေးတဲ့ ခေါင်းဆောင်တွေက ထထလုပ်ကြတဲ့အခါမှာ ဟိုတဘက်က (ခင်ဗျားတို့ကိုမုန်းတဲ့) လူစုက ငွေကုန်ခံပြီး ဝင်ဖျက်လိုက်တော့ ခများများမှာ မသေသင့်ပဲ သေကြရ၊ တိုင်းသူ ပြည်သားတွေလဲ ဒုက္ခရောက်၊ ဒီလိုဟာမျိုးတွေ ဒီခေတ်မှာ အများကြီးရှိကြတယ် မဟုတ်လားဗျာ"

ညီ။ ။“ကျွန်တော်တို့ကတော့ စေတနာကောင်းနှင့် ဆောင်ရွက်ခြင်းပါ ခင်ဗျာ၊ တဘက်က ဖျက်ဆီးချင်တဲ့ စေတနာဆိုး ရှိနေတာကိုးခင်ဗျ”

နုပ်။ ။“စေတနာတွေကို ကျွန်တော်နားလည်ပါတယ်လေ၊ ခင်ဗျားတို့က တပည့်နောက်လိုက်တိုးပွားဖို့ လုပ်ကြတာပဲ၊ ဟိုတဘက်က ခင်ဗျားတို့အကြံပျက် အောင် နှောင့်ယှက်ဖျက်ဆီးတာပဲ၊ ဒါကအရင်းခံပါဗျ၊ ဆိုရှစ်လစ်တို့၊ အရင်းရှင် စနစ်တို့ ဆိုတာတွေက အစကတော့ ဟုတ်လိမ့်မယ်၊ အခုတော့ ဟိုနောက်ဘက်မှာ ကျန်ရစ်ခဲ့ပါပြီ၊ ခင်ဗျားတို့အပေါ်မှာ အနိုင်ရပြီး သူတို့ဗိုလ်လုပ်ချင်တဲ့စိတ်က ထိပ်ဆုံးရောက်နေပါပြီ”

ညီ။ ။“ဘရားသားဟာက တဘက်သတ် မကျလွန်းဘူးလားခင်ဗျာ၊ စီးပွား ရေး ကို အလေးမပေးတော့ပဲ အာဃာတကိုချည်း အလေးပေးတော့တာကိုးခင်ဗျာ”

နုပ်။ ။“စတာကတော့ စီးပွားရေးပါပဲ၊ မှန်ပါတယ်၊ ခုကျတော့ ဗိုလ်လု ရေးက အလေးသာသွားပြီဗျ၊ ငွေတရာလောက်တန်တဲ့ မြေတပေလောက် လုကြရာ မှာ တရား သူကြီးကို ငွေတထောင် နှစ်ထောင်လာဘ်ထိုးတဲ့ အမှုသည်လိုပေါ့ဗျ၊ အမှုနိုင်ပြီးတဲ့ နောက် ရတဲ့မြေကွက်ကလေးကို သူတပါးပေးပစ်တာကိုတောင် ကျွန်တော်ကြားဖူး သေးတယ်၊ ခင်ဗျားတို့လူစုက မာနအကြောင်းကို မစဉ်းစားဘူး၊ အမေရိကန်လိုချင်တာက ဒေါ်လာမဟုတ်တော့ဘူးခင်ဗျ၊ ခင်ဗျားတို့ကို အနိုင်ရချင် တော့တာပဲ၊ ခင်ဗျားတို့ကို အနိုင်ရမယ်ဆိုလျှင် ရှိတဲ့ဒေါ်လာတွေကို ရေထဲကို တောင် လွှတ်ပစ်ဝံ့ တယ်ထင်တယ်”

ညီ။ ။“ပြီးတော့မှ အရင်းရှင်စနစ်နဲ့ ပြန်ရှာယူမယ်ပေါ့လေ”

နုပ်။ ။“ဒီအထိအောင် စိတ်ကူးမယ်မထင်ပါဘူး၊ ခင်ဗျားတို့ကို နိုင်လိုက်ရလျှင် ဖြစ်ချင်တာ ဖြစ်ရစေလို့ သဘောထားပုံရပါတယ်”

ညီ။ ။“အချုပ်ကိုပြောပါတော့ခင်ဗျာ”

နုပ်။ ။“အချုပ်ကတော့ အလျင်စလို မြှောက်မပေးကြပါနဲ့၊ ထိုက်တန်သော အချိန်တိုင်အောင် သူတို့ဟာသူတို့ လုပ်ယူပါစေ”

ညီ။ ။"ဒုတိယအချက် ရှိသေးလား ဘရားသား"

နပ်။ ။"ဒုတိယ အချက်ကတော့ ကျွန်တော်ပြောခဲ့တဲ့ ကြေငြာချက်ကြီးကို ထုတ်ပြန်ပြီးတဲ့နောက်ခင်ဗျားတို့ရဲ့ စိတ်ထဲနှလုံးထဲက အပြိုင်အဆိုင်သဘောထား ပြီး အနိုင်ယူတဲ့လမ်းစဉ်ဟာ ညူကလီယာခေတ်ကြီးမှာ မဖြစ်နိုင်တော့တဲ့ အကြောင်း၊ လက်နက်နဲ့လဲ မဖြစ်နိုင်၊ လူရေးပြပြီးတော့လဲ မဖြစ်နိုင်ကြောင်း လှိုက်လှိုက်လှဲလှဲ သဘောပေါက်ပြီး ကြေငြာချက်အတိုင်း ရိုးသားစွာကြိုးစား ကြဖို့ပါပဲဗျာ"

ညီ။ ။"လူရေးပြပြီး လုပ်တယ်ဆိုတာ ဘာလဲဘရားသား"

နပ်။ ။"ခင်ဗျားတို့လူစုတွေက လက်နက်နဲ့မဖြစ်နိုင်ပေမယ့် လူစွမ်းလူစနဲ့ အလိမ္မာဉာဏ်နဲ့ ဟိုလိုဒီလိုဖလယ်ပြီးဗိုလ်လုပ်ချင်တဲ့ နည်းလမ်းရှိသေးတယ်လို့ မျှော် လင့်နေကြပုံရတယ်၊ ညူကလီယာလက်နက်တွေ ဟိုဘက်သည်ဘက် ဖြစ်ကုန်ကြက တည်းက သည်လမ်းလဲ ပိတ်သွားပြီဗျ၊ မာနဆိုတဲ့သဘောက အညံ့မခံချင်တတ်ဘူးဗျ၊ ကိုယ့်အပေါ်မှာ ဘယ်နည်းနဲ့ ဗိုလ်ကျဗိုလ်ကျ၊ ကြမ်းကြမ်းနုနု အားလုံးဖျက်ပစ်လိုက်မှာ ပဲ၊ 'ငါကွ' ဆိုတဲ့သဘောမျိုးနဲ့ အစွမ်းပြတာမျိုးတော့မခံဘူး၊ ဒါကြောင့် 'ဗိုလ်လုပ်' ဖို့ (သူတပါးက မတင်ပဲ) 'ဗိုလ်လုပ်'ဖို့ဆိုတဲ့ သဘောမျိုးတွေကိုတော့ လုံးဝစွန့်လွှတ်နိုင်ဖို့ ခင်ဗျားတို့က စပြီး ကြိုးစားကြပေလိမ့်မယ်"

ညီ။ ။"ထိပ်သီးချင်းတွေ့ဆုံတဲ့ ကွန်ဖရင့်ကို ဘယ်လိုထင်သလဲ ဘရား သား"

နပ်။ ။"တွေ့ဆုံဆွေးနွေးတယ်ဆိုတာ 'မူ'အားဖြင့် ကောင်းပါတယ်၊ သို့သော်လဲအခုဖြစ်နေကြတဲ့ စိတ်ထားမျိုးတွေနဲ့တော့ အကျိုးများလိမ့်မယ် မထင်ပါဘူးဗျာ"

ညီ။ ။"ဘာ့ကြောင့်လဲ ဘရားသား"

နပ်။ "ကျွန်တော်ပြောရမှာ ခင်ဗျားတို့ကို အားနာတယ်ဗျာ"

ညီ။ ။"ပြောသာပြောပါ ဘရားသား၊ မခံယူနိုင်လဲနေပေါ့ ကြားပါရစေဗျာ"

နုပ်။ ။ "ထိပ်သီးကွန်ဖရင့် လုပ်တဲ့အခါတိုင်း ခင်ဗျားတို့နှစ်ဘက်လုံးက ကမ္ဘာ့ဇာတ်ခုံပေါ်တက်ပြီး စကားရည်လုပွဲလုပ်တဲ့သဘောမျိုးနဲ့ တယောက်ကို တယောက် အနိုင်ပြောချင်ကြတာပဲဗျ တဘက်နဲ့တဘက်နားလည်မှုရဖို့ ရည်ရွယ်ချက်နဲ့ စေတနာကမပါလာကြပါဘူး"

ညီ။ ။"ကျွန်တော်တို့ဘက်က ပါပါတယ် ဘရားသား"

နုပ်။ ။ "ဘယ်ဘက်ကမှ မပါကြပါဘူး၊ ခင်ဗျားတို့ဘက်က သာဆိုးသေးတယ်"

ညီ။ ။"ဘယ်လိုလဲဘရားသား"

နုပ်။ ။ "ခင်ဗျားတို့ဘက်က နိုင်ခြေရှိတယ်လို့ တွက်ပြီးသားကိုးဗျ"

ညီ။ ။ "ဘယ်လိုလဲဘရားသား"

နုပ်။ ။"ပထမအချက်က အရင်းရှင်စနစ်နဲ့ ဆိုရှယ်လစ်စနစ်ရှိကြတဲ့အနက် တခုက အရင်းရှင်သဌေးများအကြိုက် တခုကဆင်းရဲသား အလုပ်သမားများအကြိုက်ဖြစ်လေတော့ လူများစုဖြစ်တဲ့ အလုပ်သမားကြိုက် ဆိုရှယ်လစ်စနစ်ဘက်က ပင်ကိုအားဖြင့် သာပြီးသာဖြစ်နေတယ်၊ ပြောတတ်တဲ့လူ ဘယ်သူပြောပြော၊ ဘယ်ပရိသတ် ရှေ့မှာပဲပြောပြော ဆိုရှစ်လစ်စနစ်ဘက်က နိုင်လိုက်တာပဲ၊ ပြောကြတဲ့အခါမှာလဲ ဘယ်သူ့ကိုအထူးသဖြင့်ချိန်ရွယ်ပြီးပြောကြသလဲ၊ စပ်ကြားနိုင်ငံတွေက ပရိသတ်ကို လုမ်းပြီး ပြောကြခြင်းဖြစ်မှာပဲ၊ စပ်ကြားနိုင်ငံတွေမှာ ဘယ်လိုလူတွေကများသလဲ၊ ဆင်းရဲသားအလုပ်သမားတွေက များကြတာပဲ၊ သည်တော့ရိုးရိုးသားသား ပြောကြ တောင်ထိပ်သီး ကွန်ဖရင့်တပွဲတပွဲမှာ ကမ္ဘာ့ပရိသတ်က မဲပေးရလျှင် ဆိုရှယ်လစ်စနစ် ဘက်က နိုင်မှာပဲ၊ အတိအလင်း ထုတ်ဖော်ပြီး မဲပေးခွင့်မရှိတဲ့ ကွန်ဖရင့်မျိုးဖြစ်စေကာမူ ကွန်ဖရင့်တချီ လုပ်လိုက်ယင် စပ်ကြားနိုင်ငံတွေမှာ ဆိုရှယ်လစ်စနစ်ကို သဘောကျတဲ့လူတွေ အတော်ကြီး

တိုးတိုးသွားနိုင်တယ်၊ ဒါဟာခင်ဗျားတို့ဘက်က ရိုးရိုးပြောလျှင် တောင်ဖြစ်တတ်တဲ့ သဘာဝပဲဗျ"

ညီ။ ။"ကျွန်တော်တို့က ဘာများမရိုးသလဲခင်ဗျာ"

နုပ်။ ။"မရိုးဆိုတာ လိမ်လည်ခြင်းတော့မဟုတ်ပါဘူး၊ ကွန်ဖရင့်မှာ ပြောကြဆွေးနွေးကြတာတွေကို အပြင်ထုတ်ပြီး ဖြေမပြစတမ်းလို့ ပဋိညာဉ်ပေးကြရတယ်ဆို မဟုတ်လား၊ သူတို့ဘက်က ကွန်ဖရင့်လုပ်မယ့်သာ လုပ်ရတယ် 'ပေါ်' ကုန်မှာကို အလွန်ကြောက်ရှာကြတယ်ဗျ၊ ဒါကိုခင်ဗျားတို့က တချက်တချက်မှာအပြင်ထုတ်ပြီး ကြေငြာတယ် ဆိုပါကလားဗျ"

ညီ။ ။"ဒါဟာ လွန်သလားဘရားသား၊ လူတွေသိသင့်တာလဲ သိစေရမှာပေါ့"

နုပ်။ ။"ဒီကတည်းက ခင်ဗျားတို့ရည်ရွယ်ချက်က ပေါ်နေပြီဗျာ၊ တဘက်နဲ့တဘက် သဘောတူနားလည်မှုရစေဖို့ထက် လူတွေသိအောင် ဝါဒဖြန့်ဖို့ ရည်ရွယ်ချက်ဟာက ခင်ဗျားတို့မှာ ပိုပြီးပြင်းထန်ကြောင်း ထင်ရှားနေတာပေါ့ဗျ၊ သူတို့ ရည်ရွယ်ချက်က လူသိမခံချင်ဘူး၊ နည်းနည်းပါးပါး အပေးအယူလုပ်ရလျှင်လုပ်ကြမယ်၊ ဒါလောက်ပဲ ခင်ဗျားတို့က လူတွေကိုတိုင်တည်ပြီး ညှစ်တောင်းယူချင်တယ်၊ ဟုတ်ကဲ့မဟုတ်လား"

ညီ။ ။"ဒါက တရားနည်းလမ်းအတိုင်းပဲ ခင်ဗျာ"

နုပ်။ ။ "ဒါက ခင်ဗျားတို့အမြင်ဗျ၊ သူတို့အမြင်က အပြင်ထုတ်မပြောပါဘူးလို့ ထားမိတဲ့ ပဋိညာဉ်ကို ထိန်းသိမ်းသင့်တယ်တဲ့ဗျ"

ညီ။ ။"ဒီပြင်ကော ဘရားသား"

နုပ်။ ။ "ဒုတိယအချက်ကတော့ မစ္စတာခရုရှော့က တဘက်သားကိုနိုင်အောင် ပြောတတ်တဲ့နေရာမှာ အလွန်စွမ်းတယ်ဗျ၊ နိုးတူးပဲ၊ အမေရိကန်ပြည်မှာလဲ မရှိဘူး၊ ခင်ဗျားတို့ပြည်မှာလဲ ရှိပုံမရဘူး၊ အမေရိကန်ပြည်မှာ မစ္စတာဒါးလဲ့စ် တယောက်ရှိ ဘူးသော်လည်း ထိပ်သီးကွန်ဖရင့်မှာ ထိပ်သီးချင်းပြောရတာ

ဖြစ်လေတော့ အိုက်ဆင်ဟောင်ဝါလဲ သူ့ကိုမနိုင်ဘူး၊ ကနေဒီကလဲ သူ့ကိုမနိုင်နိုင်ပေဘူး၊ ဒါကိုလဲ သူတို့သိတယ်၊ ဒီအထဲမှာ ခင်ဗျားတို့ဆရာကြီးက စကားနဲ့နိုင်သလောက် ဖိထောင်းချင်တတ်တဲ့ ဝါသနာလဲရှိတယ်၊ ဒီတော့ထိပ်သီး ကွန်ဖရင့်လုပ်လျှင် ကမ္ဘာ့ဇာတ်ခုံပေါ်တက်ပြီး အရှက်ခွဲခံရသလို ဖြစ်နေတော့ သူတို့ဘက်က ထိပ်သီးချင်းတွေ့ဆုံရေးကို မလိုလား တော့ဘူး၊ တကယ်လို့တွေ့ဆုံကြရင်တောင်မှ အကျိုးများတော့မယ်၊ မထင်ဘူး၊ ရန်ဖြစ် ဖြစ်ပြီး လက်စသိမ်းခဲ့ရရုံရှိမှာပဲလို့ မြင်ကြပုံရတယ်"

ညီ။ ။"အမှန်တရားကို လူတွေသိကြရတာပေါ့ခင်ဗျာ"

နုပ်။ ။"ဒါက ခင်ဗျားတို့အကြိုက်ကိုးဗျ၊ သူတို့က လိုက်မလုပ်ပေဘူး"

ညီ။ ။"ဒါဖြင့် ဘယ်လိုလုပ်ကြမလဲ ဘရားသား"

နုပ်။ ။"ပထမဦးဆုံး ကျွန်တော်ပြောခဲ့တဲ့ ကြေငြာချက်ကို ထုတ်ပြန်ပြီး ကျင့်သုံးရလိမ့်မယ်၊ မစ္စတာခရုရှော့ကိုယ်နှိုက်ကလဲ ဝါဒရေးရာ အနိုင်ရချင်လွန်းတဲ့ စေတနာကိုဖယ်ထားပြီး တဖြည်းဖြည်းဆွဲယူမှဖြစ်မယ်၊ ကြေငြာချက်အတိုင်း ခင်ဗျား တို့ဘက်က ကျင့်သုံးလို့မို့ ဟိုဘက်က ယုံကြည်လာပြီး ထိပ်သီးကွန်ဖရင့် ကျင်းပဖြစ် ကြမယ်ဆိုလျှင် နယ်ရေး၊ ပယ်ရေး ဝါဒရေးရာတွေထက် သဘောတူညီမှု တခုတည်းရ နိုင်ကြလျှင်တော်ပါပြီဗျာ"

ညီ။ ။"ဘယ်လိုဟာလဲ ဘရားသား"

နုပ်။ ။"အရှေ့အုပ်စုနှင့် အနောက်အုပ်စုဝင် တိုင်းပြည်များသည် (အထူးသဖြင့် ရုရှားနှင့် အမေရိကန်အစိုးရတို့သည်) တဘက်ကိုတဘက် ခြိမ်းခြောက်သည့် အပြုအမူ အပြောအဆိုများမှ ရှောင်ကြဉ်ကြပြီးလျှင် မိမိတို့၏ သတင်းစာများအားလည်း တဘက်သော အစိုးနှင့်လူမျိုးတို့၏ ဂုဏ်သရေကို ညှိုးပုပ်ကျဆင်းစေမည့် အရေး အသားမျိုးမှ ရှောင်ကြဉ်ကြဖို့ ဆုမ္မပါမည်ဆိုတဲ့ အချက်လောက်ကို နှစ်ဘက် သဘောတူညီချက်ရနိုင်ကြလျှင် ကမ္ဘာကြီးအတော်ငြိမ်းချမ်းသွားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်တယ်ဗျ"

ညီ။ ။"တိုင်းပြည်ငယ်များအတွက် အကျိုးတရားရယ်လို့ ဘာမှမပါပါ ကလား ခင်ဗျာ"

နုပ်။ ။"ကျွန်တော့်အမြင်အရ စိတ်ဓာတ်ကအရေးကြီးပါတယ်၊ မပေးချင်ပဲနဲ့ ညှစ်ယူရတဲ့ စည်းကမ်းချက်မျိုး တရာတထောင်ထက် ကြည်ကြည်ဖြူဖြူ နှစ်ဘက် သဘောတူပြုလုပ်ကြတဲ့ စည်းကမ်းတချက်ဟာက တန်ဖိုးရှိပါတယ်၊ ခင်ဗျားတို့က ကမ္ဘာကြီးကို ကွန်မြူနစ်ဖြစ်အောင် နေ့ချင်းညချင်း လုပ်ချင်တဲ့ဆန္ဒက တယ်လော တာကိုးဗျ"

ညီ။ ။"ဒီစည်းကမ်းမျိုးကို သူတို့ဘက်က သဘောတူပါ့မလား၊ ဘရား သား"

နုပ်။ ။"ခင်ဗျားတို့ဘက်က ဗိုလ်လုချင်တဲ့ စိတ်ထားမျိုးကို သူတို့ ယုံကြည်လောက်အောင် ထင်ထင်ရှားရှား စွန့်ပြနိုင်တဲ့တနေ့မှာ သူတို့လဲ ရှိင်းမယ်မထင်ပါဘူး၊ ခင်ဗျားတို့ဘက်က ကျွန်တော်ပြောတဲ့ ကြေငြာချက်မျိုး ထုတ်ပြန်ပြီး တကယ်ကျင့် သုံးတယ်ဆိုလျှင် စပ်ကြားတိုင်းပြည်တွေက သဘော ကျရမယ်၊ စပ်ကြားတိုင်းပြည်တွေ ကသဘောကျလျှင် သူတို့စဉ်းစားကြရမယ်၊ ဒါမှ မလိုက်နာလျှင် စပ်ကြားတိုင်းပြည် တွေက ဟိုဘက်ကိုမေတ္တာထားကြလိမ့်မယ်လို့ သူတို့စဉ်းစားမိကြလိမ့်မယ်၊ ဒီနည်းမျိုးကမှ သန့်ရှင်းတာဗျ၊ ချေမှုန်းပစ်နိုင်တာ တို့၊ ပြာဖြစ်သွားစေနိုင်တာတို့၊ ဘာတို့ညာတို့ဆိုတဲ့ ကြုံးဝါးနည်းမျိုးတွေကတော့ စပ်ကြားတိုင်းပြည်တွေ့ရဲ့စိတ်ထဲမှာ 'တယ်ဟိန်းဟောက်တဲ့ လူတွေပါကလား၊ တနေ့တော့ ခက်ကုန်ကြပါလိမ့်မယ်'လို့ အောက်မေ့ပြီးခင်ဗျားတို့နှစ်ဘက်စလုံးကို ရွံကြ၊ မုန်းကြ၊ ကြောက်လန့်ကုန်ကြတာပဲဗျ၊ ပြီးတော့ ကျွန်တော့်အတွေးအခေါ် တခုရှိသေးတယ်ဗျာ"

ညီ။ ။"ဘာလဲ ဘရားသား"

နုပ်။ ။"လက်ရှိစိတ်ဓာတ်အခြေအနေက ဘယ်လိုဖြစ်နေသလဲဆိုတော့ တဘက်နဲ့တဘက် လျှော့မပေးချင်ရုံမက လျှော့ပေးတယ်လို့သူတပါးက ထင်သွား

မှာကိုတောင် စိုးရိမ်နေကြတယ်၊ ဥပမာ ကိစ္စတခုမှာ သည်လိုလုပ်လိုက်လျှင် သင့်တော် လိမ့်မယ်လို့ ကိုယ့်ဟာကိုယ် ထင်တယ်ဆိုပါတော့ ကိုယ်ထင်တဲ့အတိုင်း တခါတည်း မလုပ်လိုက်ချင်ကြသေးဘူးဗျ၊ သည်လုပ်လိုက်လျှင် ငါကလျှော့ပေး တယ်လို့ လူတွေကထင်ကုန်ကြလေမလား ဆိုတဲ့ဆီအထိ စဉ်းစားနေကြတယ်၊ တကယ်လျှော့ပေးတာ မဟုတ်သေးပဲလျက်နဲ့ လူတွေက ထင်တာကလေးလောက် ကိုတောင် မခံနိုင်ကြဘူးဗျ၊ တကယ့်အကျိုးထက်လူတွေက ထင်တာလောက်ကို ပိုပြီးဂရုစိုက် အလေးပေးနေကြ တယ်ဆိုတာ အတော်ကလေးဆန်းတဲ့ မာနပဲလို့ ဆိုချင်တယ်ဗျာ”

ညီ။ ။“အထင်ကြီးခံချင်မှုကတော့ သူတို့ဘက်ကသာပြီးဆိုးပါတယ်”

နုပ်။ ။“ရွှေ့၊ ကျွန်တော်မငြင်းဘူး၊ လက်ခံတယ်၊ ကောင်းပြီ၊ သည်တော့ ကျွန်တော်ပြောခဲ့တဲ့ ကြောငြာချက်မျိုးကို ခင်ဗျားတို့ဘက်က ထုတ်ပြန်လိုက် တဲ့အခါ မှာ ရှုရှားကြီး ပျော့လာပြီလို့ တချို့ကပြောကြမယ်၊ လျှော့ချလာပြီလို့ တချို့ကပြောမယ်၊ သည်လို စကားတွေကိုအမေရိကန် ကြားရတဲ့အခါမှာ တနည်း အားဖြင့် ဂုဏ်ယူကြလိမ့်မယ်၊ တင်းမာနိုင်မှ ဂုဏ်ရှိတယ်ထင်တဲ့ လူစုကိုးဗျ၊ တဘက်သား ပျော့တယ်၊ လျော့တယ်ဆိုလျှင် သူတို့သဘောကျတာပဲ၊ သဘောကျ ရှာစမ်းပါစေဗျာ၊ ဒီနည်းမျိုးနဲ့ သဘောကျလေလေ ငြိမ်းချမ်းရေးအလုပ် အောင်မြင် မြင်လေလေပဲလို့ ကျွန်တော်မြင်ပါတယ်”

ညီ။ ။“သူတို့က ကမ်းတက်မလာပေဘူးလား ဘရားသား”

နုပ်။ ။“ဒါကတော့ မမေးပါနဲ့ဗျာ၊ ကျွန်တော့် ကြေငြာချက်မျိုးက ကမ်းတက် စေနိုင်တဲ့အချက်မပါပါဘူး၊ တင်းမာမှု သို့မဟုတ် တင်းမာတယ်လို့ အထင်ခံချင်မှုတွေ မိုးမွှန်နေကြတဲ့ ခေတ်ကြီးမှာ ကိုယ့်အိတ်ထဲက ဘာတခုမှလဲ မထုတ်ရ၊ မှာ့က်ဆီးဇင်း ထဲက ခြေတလှမ်းမှလဲ နောက်ဆုတ်မပေးရပဲနဲ့ လိုက်လျောလာပြီလို့ လူတွေက အထင်ခံရခြင်းဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်

အမြွတ်တခု ထွက်လာခြင်းဖြစ်လို့မို့ ရှေ့အဖို့မျှော်လင့်ချက်ကြီးအနေနဲ့ ကျွန်တော်မြင်တယ်ဗျာ”

ညီ။ ။ “ဘုရားသားက ကာလ်မာ့က်စ်ရဲ့ စီးပွားရေးစနစ်ကို ဘယ်ပုံကြိုက်တာ လဲခင်ဗျာ”

နုပ်။ ။“ကျွန်တော်က ဗုဒ္ဓရဲ့ မဇ္ဈိမပဋိပဒါ Middle Way ဆိုတဲ့ ကျင့်စဉ်ကို နေရာတိုင်းမှာလိုလို ကြိုက်ချင်တဲ့ လူတယောက်ပဲ၊ ဘာမဆို အတိုင်းအရှည်နဲ့ အလယ်အလတ်ကိုကြိုက်တတ်တယ်၊ အရင်းရှင်စီးပွားရေးစနစ်က ပင်ပန်းရတဲ့ အလုပ်သမားမှာ အကျိုးမခံစားရပဲ အရင်းရှင်များက ခြင်္သေ့မင်းဝေစု Lion's Share ယူသွားကြတာကတချက်၊ အလွန်အမင်းချမ်းသာတဲ့လူနဲ့ အလွန်အမင်း ဆင်းရဲတဲ့ လူတွေ ဖြစ်ကုန်တာကတချက်၊ ဒီနှစ်ချက်ကို မကြိုက်ဘူး၊ လူတွေအားလုံး “မရှိမရှား”ဆိုတဲ့ အခြေအနေမျိုး ဖြစ်စေချင်တယ်၊ ကျွန်တော်ကိုယ်တိုင်ကလဲ မရှိမရှားဆိုတဲ့ အဖြစ်မျိုးကိုပဲ တောင့်တပါတယ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်က ဒီလိုဖြစ်နိုင်တဲ့ အစအနမြင်ရလို့ ကျွန်တော်သဘောကျတယ်”

ညီ။ ။“ဆိုရှယ်လစ်စနစ်အောက်မှာ စစ်မဖြစ်နိုင်ဘူး ဆိုတာကော မယုံဘူးလားခင်ဗျာ”

နုပ်။ ။“ဆိုရှယ်လစ်ချင်း စစ်မဖြစ်ရမီ အရင်းရှင်စနစ်နဲ့ ဖြစ်ပြီး ကမ္ဘာကြီးပျောက်သွားမှာကို ကြောက်ရတယ်ဗျာ၊ ဒါကြောင့် ကျွန်တော်ဖြင့် ခုတလောမှာ ဘာကိုမှမစဉ်းစားပဲ အမေရိကန်နဲ့ ခင်ဗျားတို့အကြောင်းချည်း စဉ်းစားနေတာပဲ၊ ကျွန်တော်က အလွန်အကျွံဆိုတာဘာမှ မကြိုက်ဘူးဗျ၊ ပစ္စည်းဥစ္စာမှာလဲ အလွန်အကျွံ မကြိုက်ဘူး၊ သြဇာအာဏာမှာလဲ အလွန်အကျွံ မကြိုက်ဘူးဗျာ”

ညီ။ ။“ဘယ်လိုပြောတာလဲ ဘုရားသား”

နုပ်။ ။“အမေရိကန်မှာတော့ ပစ္စည်းဥစ္စာဘက်က ငွေးလွန်းတယ်ဗျ၊ ဆိုရှယ်လစ်နိုင်ငံများမှာတော့ သြဇာအာဏာဘက်က ‘ငွေး’လွန်းတယ်ထင်တယ်၊ အလယ်အလတ်ပဲ ကျွန်တော်ကြိုက်တယ်၊ သြဇာအာဏာမရှိတဲ့ အစိုးရမျိုး

ဖြစ်လျှင်လဲ အုပ်ချုပ်လို့မဖြစ်ဘူး၊ ကျွန်တော်တို့ပြည်က ဦးနုအစိုးရလိုဖြစ်မှာပဲ၊ ဩဇာအာဏာ'ငွေး' လွန်းတော့လဲ အပိုင်စီးချင်တတ်တယ်ဗျာ"

ညီ။ ။"အပိုင်စီးတယ်ဆိုတာက ဘာလဲဘရားသား"

နုပ်။ ။"နိုင်ငံရေးသမား တယောက်ဖြစ်စေ၊ ပါတီတခုဖြစ်စေ သူ့အစွမ်းအစနဲ့ အထွဋ်အထိပ်အာဏာပိုင်အဖြစ် ရောက်လာကြတဲ့အခါကျပြီဆိုမှဖြင့် သူတို့တိုင်းပြည်ကိုသူ၊ သို့မဟုတ် သူ့ပါတီမှတပါး ကြီးပွားကောင်းစားအောင် လုပ်နိုင်တဲ့လူ၊ သို့မဟုတ် ပါတီရယ်လို့ မရှိနိုင်တော့ဘူးလို့ ယူဆလာတတ်တယ်၊ ဒီအယူအဆဟာ မှန်ချင်လဲမှန်မယ်၊ မှားချင်လဲမှားမယ်၊ မှန်မှန်မှားမှား သူတို့ဟာသူတို့တော့ ဖွတ်အစမ္မယူဆနေတော့တာပဲ၊ ဒီအယူအဆဟာ ဘယ်လိုကြောင့်ဖြစ်ပေါ်လာသလဲဆိုတော့ လောဘစိတ်ကြောင့်ဖြစ်ပေါ်လာခြင်းပဲ၊ ဘယ်လိုလောဘစိတ်ကြောင့်ဖြစ် ပေါ်လာသလဲဆိုတော့ အထွဋ်အထိပ်နေရာမှ မဆင်းချင်တော့တဲ့ လောဘဗျ၊ ဒီလောဘမျိုးဟာက လူတိုင်းလို ဖြစ်တတ်တာပဲ၊ ဒီလောဘမျိုး ဝင်လာပြီဆိုမှဖြင့်ငါ၊ သို့မဟုတ် ငါ့ပါတီမှတပါး တိုင်းပြည်ကြီးပွားအောင် စီမံအုပ်ချုပ်နိုင်တဲ့လူမရှိတော့ဘူးလို့ သူတို့ဟာသူတို့ အဟုတ်တကယ်ထင်လာသည်ဖြစ်စေ တကယ်မထင်ဝံ့ပဲနဲ့ မျက်စိမှိတ်ပြီး ဖွတ်ငြင်းသည်ဖြစ်စေလုပ်လာတတ်တယ်၊ ဒီအခါမှာ သူတို့က အထွဋ်အထိပ်ရောက်နေခိုက်ဖြစ်လေတော့သူတို့မဆင်းရအောင် တောင်ပြောမြောက်ပြော၊ တောင်လုပ်မြောက်လုပ် ဥပဒေတွေလုပ်ကုန်ကြရောဗျ၊ အလုပ် တကယ်တော်တဲ့ လူကလဲ ဒါမျိုးလုပ်တာပဲ၊ သူ့ဟာသူစိတ်မချနိုင်ပဲကိုးဗျ၊ တကယ်မတော်ပဲ သူ့ဟာသူ ထင်ရှုထင်နေတဲ့ လူကလဲလုပ်တတ်တာပဲ၊ တကယ်တော်တဲ့လူက လုပ်မိလျှင်တော့ မထောင်းသာဘူးထားပါတော့၊ သူ့ထက်တော်တဲ့ လူတွေရှိလျက်နဲ့ သူကအထွဋ်အထိပ် အာဏာရထားခိုက် ဖြစ်နေလို့မို့ တခြားလူ၊ သို့မဟုတ် တခြားလူ စုံကိုမတက်နိုင်အောင်လမ်းပိတ်ထားတာမျိုး ဖြစ်နေလျှင်တော့ အဲသည့်တိုင်းပြည်အဖို့ မနစ်နာပေဘူးလားဗျာ၊ အကောင်းဆုံးလူရှိလျက်နဲ့ မတက်ရပဲ ဖြစ်နေတော့တာပေါ့၊

ဒါကြောင့်အစိုးရတစုရဲ့ လက်ဝယ်မှာတန်ခိုးအာဏာ များလွန်းခြင်းကိုလဲ ကျွန်တော် မကြိုက်ဘူးဗျာ၊ အလယ်အလတ်လောက်ပဲ ကြိုက်တယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ အာဏာသိမ်းတယ်လို့ ကြားရတယ်၊ ဘယ်လောက်တော်တဲ့ လူတွေက သိမ်းသည်ဖြစ်စေ၊ သူတို့လက်ဝယ်မှာ အာဏာတွေ များလွန်းလျှင်တော့ ကျွန်တော် မကြိုက်ဘူး ဗျာ၊ ကြည့်ရဦးမှာပဲ”

ညီ။ ။“အာဏာများလွန်းတယ်ဆိုတာ ဘယ်လိုလဲဘုရားသား”

နုပ်။ ။“လုပ်ချင်တာ လုပ်၊ ပြုတ်မကျနိုင်ဘူး၊ လူများစုက သဘောမတူတဲ့ အလုပ်တခုဖြစ်ပေမင့် သူတို့လုပ်ချင်လုပ်နိုင်တယ်၊ ဖြုတ်ချနိုင်တဲ့ ဥပဒေရှိစေကာမူလဲ ဟိုလိုသည်လို ဖန်တီးနိုင်တယ်၊ ဖလှယ်နိုင်တယ် ဆိုတဲ့ အခွင့်အရေးမျိုး ရရှိထားလျှင် အာဏာများလွန်းတယ်လို့ ကျွန်တော်နားလည်တာပဲ”

ညီ။ ။“ကျွန်တော်တို့ဆီမှာကော ခင်ဗျာ၊ အာဏာများလွန်းတယ်လို့ မြင်ပါ သလား”

နုပ်။ ။“ဒါကတော့ အခြေအနေအားလျော်စွာ စီမံထားရခြင်းဖြစ်ပါတယ်လို့ ပြောနိုင်မှာပေါ့လေဗျာ၊ ဟုတ်ချင်လဲ ဟုတ်ပေမှာပဲ”

ညီ။ ။“ဘယ်အချက်ကို ထောက်ပြီးများလွန်းတယ်လို့ ဆိုချင်ပါသလဲ ဘုရား သား”

နုပ်။ ။“ခင်ဗျားတို့ပြည်တွင်းရေးကိစ္စကို ကျွန်တော်မဝေဖန်ချင်ပါဘူးဗျာ၊ ပြောစရာ အထောက်အထားတော့ရှိပါတယ်၊ ကျွန်တော့်စိတ်ထဲမှာ အများဆုံး အရေးကြီးတာက ကမ္ဘာ့ငြိမ်းချမ်းရေးဖြစ်ပါတယ်၊ ဒါကလွဲလျှင် ကျွန်တော် မပြောချင် ပါဘူး”

ညီ။ ။“ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ကော ပြောစရာရှိသေးသလား ဘုရားသား”

နုပ်။ ။“တခုတော့ ကျွန်တော်ပြောချင်သေးတယ်ဗျာ”

ညီ။ ။“ပြောပါခင်ဗျာ”

နပ်။ ။"ကျွန်တော်ပြောချင်တာက ဒဏ္ဍာရီကလေးတခုပါပဲ၊ နေမင်းနဲ့ လေမင်းဟာ ခရီးသည်တယောက်ရဲ့ အဝတ်အစားကို ချွတ်ခွာဖို့ အပြိုင်အဆိုင်ကြိုး စားကြသတဲ့၊ ရှေးဦးစွာ လေမင်းကအစွမ်းရှိသလောက် ပြင်းပြင်းကြီးတိုက်ခတ်ပြီး ခရီးသည်ရဲ့ အဝတ်ကိုချွတ်ခွာဖို့ကြိုးစားရာမှာ ခရီးသည်က လေဟုန်ပြင်းလေလေ၊ သူ့အဝတ်ကိုမကျွတ်ရအောင် သိမ်းကျုံးပြီး ဖက်ထားလေလေပဲတဲ့၊ သည်တော့ လေမင်းလက်လျှော့လိုက်ရရောတဲ့၊ နေမင်းအလှည့်ကျတော့ အထက်ကောင်းကင် အာကာသမှာ လေမင်းတိုက်လွှင့်ထားလို့ တိမ်တွေလွင့်စင်ပြီး လဟာပြင် ဟင်းလင်းကြီး ဖြစ်နေခိုက်မှာ အစွမ်းရှိသမျှ အားထုတ်ပြီး ကျဲကျဲကြီး ပူပေးလိုက်ရာမှာ ခရီးသည်ဟာ ပူပြင်းလှလို့ မခံမရပ်နိုင်အောင်ဖြစ်ပြီး သူ့ကိုယ်မှ အဝတ်တွေကို ချွတ်ခွာလိုက်ရသတဲ့၊ ခင်ဗျားတို့ခရုရှော့ဟာလဲ အမေရိကန် နဲ့ဆက်ဆံရာမှာ နေမင်းရဲ့ထုံးကို ကျင့်သုံးလျှင် ကောင်းမယ်ဗျာ၊ သူတို့ဘက်က လေမုန်တိုင်းလို ဟိန်းဟောက်စမ်းပါစေ၊ ကိုယ်က နာကျည်းတဲ့ စကားလုံးမျိုး တွေနဲ့ ပြန်မတွယ်ပဲ ကြံ့ကြံ့ခိုင်ပြီး ကမ္ဘာသူကမ္ဘာသားကို အနုနည်းအမျိုးမျိုးနဲ့ ယဉ်ယဉ်ကျေးကျေး သိမ်းသွင်းသွားလျှင် ယခုထက်အောင်မြင် ပြီးကမ္ဘာစစ်ကြီးလဲ အလှမ်းဝေးသွားလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်"

ညီ။ ။"ဘာရားသားပြောတဲ့ နည်းမျိုးတွေနဲ့ ဖြစ်နိုင်ပါ့မလားခင်ဗျာ"

နပ်။ ။"ခင်ဗျားကို ဆရာကြီးကာလ်မာ့က်စ်က လူများစု သက်သာ ချောင်ချိရေးစနစ်နဲ့ ပတ်သက်ပြီးသူ့ဟာသူ စိတ်ချယုံကြည်သလို၊ ကျွန်တော်က လဲပဲ တဘက်နဲ့တဘက် အာဃာတလျှော့ကျအောင် လုပ်ခြင်းသည် ကမ္ဘာစစ် တားဆီးနိုင်တယ်ဆိုခြင်းကို သူ့လောက်ပဲ ယုံကြည်ပါတယ်၊ အာဃာတ လျှော့ကျ အောင် လုပ်ပုံလုပ်နည်းများနဲ့ ပတ်သက်လို့လဲ ကျွန်တော့်ဟာ ကျွန်တော် ယုံကြည်လျက်ရှိတဲ့အပြင် ကာလ်မာ့က်စ်ရဲ့ Theory စိတ်ကူးကို လီနင်က လက်တွေ့စမ်းသပ်ဖြည့်စွက်ခဲ့သလို၊ ခင်ဗျားတို့က ကျွန်တော့်နည်းကို ဖြည့်စွက်

ပေးနိုင်ကြလျှင် ကောင်းပါလိမ့်မယ်၊ ကျွန်တော့်နည်းနဲ့ ဖြစ်မဖြစ်ထားပါဦး၊ ခင်ဗျားတို့မှာ ကမ္ဘာစစ်မဖြစ်နိုင်တဲ့နည်းရယ်လို့ လက်ကိုင်ရှိထား ပြီလား"

ညီ။ ။"ကျွန်တော်တို့လဲကြိုးစားပြီးလုပ်နေတာပဲ ဘရားသား"

နုပ်။ ။"ကောင်းပါပြီ၊ ကမ္ဘာစစ်မဖြစ်နိုင်တဲ့နည်းရယ်လို့ (Theory) စိတ်ကူးတခုအနေနဲ့ တွေ့ထားကြပြီလား"

ညီ။ ။"သူတို့ဘက်က လိုချင်တာတွေကို လျှော့ပေးလိုက်လျှင်တော့ စစ်မဖြစ်ဘူးပေါ့ခင်ဗျာ"

နုပ်။ ။ "ကျွန်တော်တင်ပြခဲ့တဲ့နည်းဟာက ကာလ်မာ့က်စ်ရဲ့လမ်းစဉ်ကို ဖျက်သိမ်းပြီး လျှော့ပေးရတဲကဆီအထိ လုပ်ဖို့ပါသလားဗျာ"

ညီ။ ။ "ဒါကတော့ စဉ်းစားရဦးမှာပဲခင်ဗျာ"

နုပ်။ ။"စဉ်းစားကြပါလေ၊ သို့သော် ကျွန်တော်တခုပြောချင်ပါတယ်၊ ခင်ဗျားတို့ ကမ္ဘာ့ငြိမ်းချမ်းရေးကော်မတီတို့၊ ကြံ့ခိုင်ရေးကော်မတီတို့နဲ့ ကျွန်တော် ဆွေးနွေးခဲ့ဖူးပါပြီ ကမ္ဘာစစ်ကြီး မဖြစ်နိုင်တော့ပါဘူးလို့တော့ စိတ်မချရပါဘူးတဲ့၊ ဒီလိုဆိုကတည်းက စိတ်ချလောက်တဲ့နည်းတခုကို စိတ်ကူးအားဖြင့်တောင် တွေ့ မထားသေး ဘူးဆိုတာ ထင်ရှားနေ တယ်မဟုတ်ဘူးလား"

ညီ။ ။"ဟုတ်ကဲ့ဆိုနိုင်ပါတယ်"

နုပ်။ ။"ဒီလိုဆိုလျှင် ကျွန်တော့်နည်းကို စမ်းသပ်တဲ့အတွက် ခင်ဗျားတို့ ကာလ်မာ့စ်ရဲ့ စီးပွားရေးလမ်းစဉ်ကို ထိခိုက်ပျက်ပြားခြင်း မရှိနိုင်ဘူးလို့ စိတ်ချရ တယ်ဆိုပါက စမ်းသပ်မကြည့်ထိုက်ဘူးလားဗျာ"

ညီ။ ။"ဒါကတော့ အချိန်ယူပြီး စဉ်းစားကြရပေမှာပေါ့ခင်ဗျာ"

နုပ်။ ။"အချိန်ကတော့ သိပ်မရှိတော့ဘူးနော်၊ ဟိုတဘက်က အင်မတန် စိတ်ဆိုးနေကြပြီ၊ သူတို့ရဲ့ဒေါသမန်မာနအလျောက် ခင်ဗျားတို့သည်းမခံနိုင်တဲ့ အပြုအမူမျိုး တခုခုပြုလိုက်မိလျှင် အားလုံးဒုက္ခတွေ့ကုန်ကြလိမ့်မယ်၊ ဂျာမန်ဆိုတဲ့ လူမျိုးကလဲ မာနခဲကြီးဗျ၊ ကျွန်တော် ရောက်ခဲ့ဖူးလို့ အကဲခတ်ခဲ့နိုင်တယ်"

ညီ။ ။"ဘရားသားက ဒါတွေကို ဘယ်တုန်းက စဉ်းစားထားသလဲ"

နုပ်။ ။"ကျွန်တော်လဲ ကမ္ဘာ့ငြိမ်းချမ်းရေးသမားတယောက်ပါပဲ၊ ဟိုတုန်းက ခင်ဗျားတို့နည်းမျိုးနဲ့ ကိုယ်တတ်သလောက် ရေးခဲ့ဟောခဲ့ဖူးပါတယ်၊ ယူတူးကိစ္စ ပေါ်လာတော့မှ ခင်ဗျားတို့နည်းမျိုးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးမရနိုင်ဘူးလို့ သဘော ပေါက်ပြီး ကိုယ့်ဟာကိုယ် စဉ်းစားခဲ့ပါတယ်"

ညီ။ ။"ဘာကိုအခြေတည်ပြီး စဉ်းစားသလဲ ဘရားသား"

နုပ်။ ။"ဂေါတမဗုဒ္ဓရဲ့နည်းပါပဲ၊ ဂေါတမဗုဒ္ဓရဲ့ ဩဝါဒအပေါ်မှာ အခြေ တည်ပြီး သည်ခေတ်အခြေအနေအရ သည်ခေတ်လူတွေ (ဘာသာမရွေး၊ ဘာသာ ရှိရှိ မရှိရှိ) အားလုံး သဘောပေါက်နားလည်လောက်အောင် ဘယ်လိုတင်ပြ ရပါ့မလဲလို့ စဉ်းစားခဲ့တာ တော်တော်ကြာပါပြီ၊ အင်္ဂလန်က အဘိဓမ္မာ ဆရာကြီး ဘာတရန်ရတ်ဆဲလ်က "လူသားသည် အနာဂါတ်ရှိရှိသေးသလော"ဆိုတဲ့ ပုစ္ဆာကို စာတအုပ်ထုတ်ပြီး မေးလိုက်တော့ ကျွန်တော်က အဖြေပေးဖို့ အပူတပြင်း စဉ်းစား စိတ်ကူးပြန်တယ်၊ ကျွန်တော့်အဖြေကိုရေးပြီး စာတအုပ်ထုတ်ဖို့ စိတ်ကူးနေတုန်းမှာ ခင်ဗျားနဲ့ စကားလက်ဆုံဝင်ပြီး ဒါတွေကို လျှောက်ပြောမိတာပဲ"

ညီ။ ။ "ဘရားသားရဲ့ ဆရာကြီးဂေါတမဗုဒ္ဓက သူတပါးထက် ဘာများ ထူးသလဲ ခင်ဗျာ"

နုပ်။ ။ "ဗုဒ္ဓကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်တွေကတော့ အလုံးစုံသော အခြင်းအရာကို သိနိုင်တဲ့ဉာဏ်တော် (Omniscience) ရှိတော်မူတယ်လို့ ဆိုကြ တယ်"

ညီ။ ။"အလုံးစုံကိုသိတယ်ဆိုတာ ဘာလဲ"

နုပ်။ ။"အလုံးစုံတွေ ဘာတွေလုပ်မနေနဲ့၊ ကျွန်တော်အရေးကြီးတာကတော့ ဗုဒ္ဓသည် ကိစ္စဟူသမျှမှာ အကြောင်းတရားကို သိတော်မူတယ်၊ အကျိုးတရားကိုလဲ သိတော်မူတယ်၊ ဒါဟာ ကျွန်တော့်အဖို့အရေးကြီးဆုံးပဲ၊ ဒါကို ကျွန်တော်ယုံကြည် တယ်၊ ဒီဉာဏ်ကို ကျွန်တော်ကြည်ညိုတယ်"

ညီ။ ။"ဒါပြင်လူများကော မသိနိုင်ဘူးလားခင်ဗျာ"

နုပ်။ ။"သိတန်သလောက် သိတဲ့လူများ ရှိကြပါလိမ့်မယ်၊ ကိစ္စဟူသမျှ မှာတော့ မသိနိုင်ကြဘူးဗျ၊ သိပြန်တော့လဲ အမှန်းအဆအားဖြင့်သာ သိနိုင်ကြမယ်၊ မှန်တဲ့အခါမှန်တယ်၊ မှားတဲ့အခါမှားတယ်၊ ဗုဒ္ဓကတော့ တတ်အပ်သေချာ မလွဲတမ်း သိတော်မူတယ်ဗျ"

ညီ။ ။"ထပ်ရှင်းပါဦးဘုရားသား"

နုပ်။ ။ " Matter ရုပ်တရားနဲ့ပတ်သက်လို့ ဒီခေတ် လောကဓာတ်ဆရာ တွေဟာ စမ်းသပ်ခြင်း၊ တွေးတောခြင်းအားဖြင့် အကြောင်းတရား အကျိုးတရား တွေကို အတော်မှန် ကန်အောင် သိနိုင်ကြပါတယ်၊ စိတ်နဲ့ပတ်သက်လို့တော့ သူတို့မှန်အောင် မတွေးတတ်ဘူး၊ တဘက်က ဒေါသဖြစ်နေလျှင် သူ့ထက်ကြီးတဲ့ ဒေါသနဲ့ ခံတိုက်လို့ အောင်မြင်နိုင်တယ် ထင်ကြတယ်၊ ဗုဒ္ဓကတော့ ဒေါသကို ဒေါသဖြင့် မချေမှုန်းနိုင်၊ မေတ္တာဖြင့်သာ အောင်နိုင်တယ်လို့ တတ်အပ်သေချာ သိတော်မူတယ်"

ညီ။ ။ "ဒေါသဖြစ်နေတဲ့လူကို မေတ္တာထားဖို့ ဖြစ်နိုင်သလား ဘုရားသား"

နုပ်။ ။"မေတ္တာထားဖို့ မဖြစ်နိုင်လျှင် ဒေါသချင်း မပြိုင်ဖို့လောက်ကိုတော့ ကြိုးစား ကြရလိမ့်မယ်"

ညီ။ ။"ဒါလောက်တောင်မှ ခဲယဉ်းလှပါတယ်ခင်ဗျာ"

နုပ်။ ။"ခဲယဉ်းတာကတော့မှန်တယ်၊ သို့သော် ဒီနည်းလမ်းကိုမှ တဘက် ဘက်ကစပြီး မလိုက်ကြလျှင် ဒီလက်နက်မျိုးတွေနဲ့တော့ တချိန်ချိန်မှာ လူမျိုး ပြုတ်တတ်တယ်၊ မပြုတ်သေးမီအတွင်းမှာလဲ တချိန်ထက်တချိန်စိုးရိမ်ကြောင့်ကြမှု၊ စိတ်ပူလောင်မှုတွေက တိုး၍တိုး၍သာ တက်လာတော့မှာပဲ"

ညီ။ ။"ရှေ့ကိုမတိုးပဲ ဒီအတိုင်း ရပ်တည်မနေနိုင်ဘူးလား ဘုရားသား"

နုပ်။ ။ "စိတ်က ရုပ်လိုမဟုတ်ဘူးဗျ၊ ဥပမာသံမဏိတချောင်းဆိုလျှင် အတန်ကြာကြာကြီး တည်နေနိုင်တယ်ဆိုပါတော့၊ စိတ်မှာဖြစ်တဲ့ ဒေါသတရား

ဆိုတာမျိုးကတော့ ဒီလိုမဟုတ်ဘူးဗျ၊ ဆုတ်လျှင်ဆုတ်မယ်၊ မဆုတ်လျှင် တိုးမှာပဲ၊ အကြာကြီးရပ်တည်လို့ မနေတတ်တဲ့ သဘာဝရှိတယ်"

ညီ။ ။"ကျွန်တော်တို့ဘက်က ဘရားသားပြောတဲ့အတိုင်း အာဃာတလျော့ အောင်ကြိုးစားပြီဆိုပါတော့၊ သူတို့ရဲ့အုပ်ချုပ်ရေးဝါဒက စစ်ပြင်ဆင်ရေးဝါဒ ခင်ဗျ၊ ချက်ချင်း စစ်ထတိုက်ဖို့ မဟုတ်ပေမယ့် လက်နက်တွေလုပ်နေရမှ အလုပ် သမားတွေ အလုပ်ရပြီး စက်ယန္တရားကြီး လည်နိုင်တာခင်ဗျ၊ ဒီအကြောင်းကို ဘရားသား စဉ်းစားဖူးရဲ့လား"

နုပ်။ ။"စဉ်းစားဖူးပါတယ်လေ၊ ခင်ဗျားတို့ဘက်က ကျွန်တော်ပြောတဲ့ အတိုင်း ကြေငြာချက်ထုတ်၊ နောက်တထစ် သဘောတူညီချက် ရအောင်လုပ်နိုင်တဲ့ အခြေရောက်တဲ့ အခါမှာ သူတို့ဟာသူတို့ အကြံဉာဏ်ထုတ်ရပါလိမ့်မယ်၊ အခု တော့ ခင်ဗျားတို့က သူတပြန် ငါတပြန် ခြောက်လှန့်ပေးနေကြတော့ သူတို့ အရင်းရှင်ကြီးတွေအကြိုက်၊ သူတို့အစိုးရအကြိုက် ဖြစ်နေပြီး သူတို့ထောင်ထား တဲ့ ကျော့ကွင်းထဲ ခင်ဗျားတို့ကဝင်တိုးနေသလို ဖြစ်နေတာပေါ့ဗျ"

ညီ။ ။"သူတို့က ဒီအခြေကိုမြင်ပြီး ကျွန်တော်တို့ လျှော့တိုင်းမလျှော့ပဲ တင်းခံနေ လျှင်ကော ခင်ဗျာ"

နုပ်။ ။"ဒီတော့လဲ စပ်ကြားနေကြတဲ့ ကမ္ဘာသူကမ္ဘာသားတွေ ရှိကြပါသေး တယ်လေ၊ ခုအထိတော့ ခင်ဗျားတို့အုပ်စုကြီး နှစ်ခုလုံးဟာ ပြိုင်တူလို တင်းနေကြရာမှာ ဒီဘက်ကဆိုးတယ်၊ ဟိုဘက်က ဆိုးတယ်လို့ မပြောနိုင်ကြပဲ ကြည့်နေကြရတာပဲ၊ ခင်ဗျားတို့ဘက်က ရန်မလိုတဲ့အနေမျိုး ထင်ထင်ရှားရှား ပြနိုင်တဲ့အခါမှာ စပ်ကြားတိုင်းပြည်တွေက ခင်ဗျားတို့ဘက်ကို မေတ္တာထားလာကြ လို့မို့ သူတို့တနည်းတလမ်းဉာဏ်ထုတ်ကြရတော့မှာပဲ"

ညီ။ ။"ဉာဏ်ထုတ်တဲ့အခါမှာ နည်းကောင်းနည်းမှန်ကို မတွေ့ပဲနဲ့ စစ်ထတိုက်တဲ့ နည်းကိုလိုက်သွားလျှင်ကော ခင်ဗျာ"

နုပ်။ ။ "ဒီနေရာကျတော့ ကျွန်တော့်ဆရာ ဂေါတမဗုဒ္ဓရဲ့ ခြေရာပျောက် သွားလို့မို့ ကျွန်တော့်ထင်မြင်ချက်အရ ဖြေရတော့မှာပဲဗျာ၊ ကြေငြာချက်ထုတ်ပြီး ခင်ဗျားတို့က စတင်ကောင်းလာခဲ့တာကို တကမ္ဘာလုံးကလဲ သိလို့မို့ သူတို့လဲသိ ရမှာပဲ၊ လက်နက်အင်အား တောင့်တင်းပါလျက်နဲ့ ရန်ရှောင်တဲ့လမ်းစဉ်ကို စတင်ကျင့်သုံးခဲ့တဲ့ အစိုးရတခုအား မုန်းတီးစရာကြောင်းအချက်လဲ မရှိပါပဲနဲ့ တမင်သက်သက်စတိုက်ဖို့ဆိုတာတော့ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ဆိုချင်တယ်ဗျာ၊ ဖြစ်နိုင်တယ်၊ တိုက်တယ်ဆိုလျှင်လဲပဲ ကမ္ဘာကြီးပျက်ဖို့ အချိန်စေ့လို့ပဲလို့ ဆိုရ တော့မှာပဲဗျာ"

ညီ။ ။"ဒီပြင်ကောခင်ဗျာ၊ ဘုရားသားရဲ့ဆရာက ဘာများမြင်သေးသလဲ"

နုပ်။ ။"ကာလ်မာ့က်စ်က အရင်းရှင်စနစ်ကြောင့် လူတွေစားနေဝတ် မလုံလောက်ပဲ ဆင်းရဲကြရတယ်၊ စစ်ဖြစ်ကြရတယ်လို့မြင်တယ်၊ ဒါက ရုပ်ဘက် ကအမြင်ပဲ၊ သူ့ဟာနဲ့သူတော့ မှန်ပေတယ်၊ သူ့နည်းအတိုင်း လိုက်နာကျင့်သုံး ကြလို့ ဆိုရှယ်လစ်တိုင်းပြည်တွေမှာ စားနေဝတ်နဲ့ ပတ်သက်လို့ အဆင့်အတန်း တက်လာပြီး လူများစုမှာ သက်သာချောင်ချိ လာတာကို ကျွန်တော်တွေ့ခဲ့ ရပါတယ်၊ သို့သော်တဘက်က အနှောင့်အယှက်တမျိုး ဝင်လာပြန်တယ်ဗျ၊ ဒါကိုတော့ ကာလ်မာ့က်စ်ရဲ့နည်းနဲ့မရဘူး၊ ဂေါတမဗုဒ္ဓနည်းနဲ့ လုပ်ယူမှ ရမယ်လို့ ကျွန်တော်မြင်တယ်"

ညီ။ ။"ဘယ်လိုများ ဟောခဲ့သလဲဗျာ"

နုပ်။ ။"လောကကြီးမှာ လူတွေဟာ ဘာ့ကြောင့် ငြိမ်းချမ်းစွာမနေကြရပဲ တထိတ် ထိတ်တလန့်လန့်နဲ့ သောကစိုးရိမ်မှုတွေ ဖြစ်နေကြသတဲ့လဲဗျ၊ ပုဂ္ဂိုလ် တဦးက မေးလျှောက်တယ်"

ညီ။ ။"ဘယ်လိုဖြေသတဲ့လဲခင်ဗျ"

နုပ်။ ။ " Jealousy And Envy (ဣဿာ၊မစ္ဆရိယ) မနာလိုဝန်တိုမှု တွေကြောင့်တဲ့ဗျ၊ ကာလ်မာ့က်စ်က ရုပ်ဘက်ကကြည့်တယ်၊ ဗုဒ္ဓက စိတ်ဘက်က

ကြည့်တယ်၊ ကာလ်မာ့က်စ်ရဲ့ နည်းမှန်ကန်လို့ ဆိုရှယ်လစ် တိုင်းပြည်တွေမှာ 'စားနေဝတ်'မှုအတွက် ချောင်ချိလာတယ်၊ နို့ပေမယ့် လူတွေမှာ တနည်းတဖုံ အားဖြင့် စိုးရိမ်ကြောင့်ကြမှုတွေ တိုးပွားလာပြီး ငြိမ်းချမ်းမှု မရကြဘူးမဟုတ်လား၊ ဒါကိုတော့ ကာလ်မာ့က်စ်က မတတ်နိုင်ဘူး၊ ဗုဒ္ဓရဲ့နည်းနဲ့ လုပ်ယူမှ အောင်မြင်မယ်လို့ ကျွန်တော်မြင်တယ်"

ညီ။ ။ "ဘရားသားပြောတဲ့ 'ဗိုလ်လုမှု' ဆိုတာဟာ မနာလို ဝန်တိုမှုပဲလား ခင်ဗျာ"

နုပ်။ ။"ဟုတ်တာပေါ့ဗျ၊ တဘက်ကကမ္ဘာမှာ အရှိန်အစော် တန်ခိုးအာဏာကြီးသွားလျှင် မခံမရပ်နိုင်ဖြစ်ပြီး သူ့ထက်သာအောင် လုပ်ယူနေကြတယ် မဟုတ်ဘူးလား၊ ခင်ဗျားတို့နဲ့ အမေရိကန်ဟာ မြေကြီးလုတော့တာလဲမဟုတ်ဘူး၊ သူ့ထက်ငါ အရှိန်အစော် တန်ခိုးအာဏာ Power ကြီးအောင် အပြိုင်အဆိုင်လုပ်နေကြတယ်မဟုတ်လား၊ ကာလ်မာ့က်စ်က လမ်းညွှန်ခဲ့တဲ့ စားနေဝတ်ပြဿနာဟာ ခင်ဗျားတို့နဲ့ မဆိုင်တော့ဘူး၊ လွန်ခဲ့ပြီ၊ ဗုဒ္ဓဟောတော်မူတဲ့ ဂုဏ်ပြိုင်မှုဆီ ရောက်လာကြပြီ၊ သူ့နည်းနဲ့ရှင်းမှ ရတော့မယ်ဗျာ"

ညီ။ ။"ဗိုလ်လုကြတာဟာ ဘာ့ကြောင့်တဲ့လဲ ဘရားသား"

နုပ်။ ။ "ဗုဒ္ဓကချစ်ခြင်း မုန်းခြင်းကြောင့်လို့ ဟောတော်မူခဲ့တယ်၊ တဘက်နဲ့တဘက် အမုန်းကဲနေကြလေတော့ ဗိုလ်လုမှုဟာ သာပြီးဆိုးနေတာကို တွေ့ကြရတယ် မဟုတ်ဘူးလား၊ ဒါကြောင့် မုန်းတီးခြင်းလျော့အောင် ခင်ဗျားတို့ ဘက်ကစပြီး လုပ်ပါလို့ကျွန်တော် တောင်းပန်တိုက်တွန်းခြင်း၊ ဖြစ်ပါတယ်၊ ဗုဒ္ဓရဲ့နည်းက ဟိုရှေးတုန်းက ပေါ်ပေါက်ခဲ့ဘူးတဲ့ နိုင်ငံရေးကဝိ Machiavelli ကြီးရဲ့ တပြည်ကိုတပြည်ကလှည့်ပတ်ပြီး အနိုင်ယူတဲ့ ပရိယာယ်နည်းမျိုး မဟုတ်ပါဘူးဗျ၊ အဟုတ်တကယ် ငြိမ်းချမ်းရေးရနိုင်တဲ့နည်းဖြစ်ပါတယ်၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ခင်ဗျားတို့မှာ သည့်ပြင်နည်းလဲ မရှိနိုင်ပါဘူး၊ ကျွန်တော်

ပြောခဲ့တဲ့ကြေငြာချက်ကို ခင်ဗျားတို့ဘက်က ထုတ်ပြန်နိုင်အောင် မစွတာခရုရှော့ကို ကျွန်တော် ဘယ်လိုချဉ်းကပ်ရပါ့မလဲလို့ စိတ်ကူးနေတုန်းပဲဗျာ”

## အဘိုးကြီးနှစ်ယောက် ဆွေးကြပုံ

‘ညီ’နှင့် ကျွန်ုပ်သည် ဝါဆောဟိုတဲလ်၌ ညဥ့်၁၂နာရီထိုးသည့်တိုင်အောင် စကားပြောကြ၍ ဟိုတဲလ်ခန်းစောင့်မိန်းမကြီးက ခရီးထွက်ဖို့ အချိန်တန်ပြီဖြစ်ကြောင်း လာရောက်သတိပေးသည်တွင်မှ တက္ကစီတစီးဖြင့်လေဆိပ်သို့ ထွက်လာကြလေ၏။ လေဆိပ်၌ ‘ညီ’က နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် ဂျော်ဂျီယန်ဝိုင်တလုံးမှာယူကာ တယောက်၏ ကျန်းမာရေး ချမ်းသာရေးအတွက် တယောက်က ‘တို့စ်’ လုပ်ကြလေသည်။ ဤသို့ဖြင့်တနာရီခန့်ကြာ၍ နာရီပြန်တချက်ခွဲအချိန်တွင် ကျွန်ုပ်တို့သည် အသင့်ဆိုက်ထားသည့် မော်စကိုဂျာကာတာ ရုရှားလေယာဉ်ပျံကြီးဆီသို့ လျှောက်လာကြသည်။ လေယာဉ်ပျံကြီးအနီး၌ ခရီးသည် ၁၀ယောက်ခန့်ရပ်လျက်ရှိ၏။ လေယာဉ်ပျံသို့ ကျွန်ုပ်တက်ခါနီး၌ ‘ညီ’သည် ကျွန်ုပ်တကိုယ်လုံးကို သိမ်းကျုံးကာဖက်လျက် ကျွန်ုပ်၏ပါးနှစ်ဘက်ကို သူ၏ပါးနှစ်ဘက်ဖြင့် တလှည့်စီအပ်ကာ ရှိုက်ကြီးတငင်ငိုကြွေးလေရာ ကျွန်ုပ်မှာသူကဲ့သို့ထိခိုက် တုန်လှုပ်သည်မဟုတ်သော်လည်း မျက်ရည်များ ကျလာပါသည်။ လေယာဉ်ပျံအနီး၌ ရပ်လျက်ရှိကြသော ခရီးသည်များ သည် လေယာဉ်ပျံပေါ်သို့ တက်ကြတော့မည်ဟု လှေကားလက်ရန်းကို ကိုင်ပြီးကာမှ မတက်နိုင်ကြသေးပဲ ‘ဘိရမ္မာ’ အဘိုးကြီးတယောက်နှင့် ရုရှားအဘိုးကြီးတယောက်သည် ဘယ်လိုအကြောင်းများကြောင့် ဤမျှလောက် ကြင်နာတွယ်တာခြင်း ရှိကြလေသည်ကို တွေးတောနေကြသည့် လက္ခဏာနှင့် ကျွန်ုပ်တို့နှစ်ယောက်အား ငေးကြည့်နေကြပါသေးသည်။

ကျွန်ုပ်၌ မရှိလျှင်ဝေစားမည်ဆိုသည့် (စားလည်းစားကြပါပေသည်။) သူငယ်ချင်း သုံးလေးယောက်ရှိခဲ့ဘူးပါ၏။ ကျွန်ုပ်၏သဘာဝမှာ အချို့လူများ ကဲ့သို့ ရုတ်တရက်မိတ်ဆွေ မဖြစ်တတ်ပဲ နှစ်ရှည်လများ ပေါင်းသင်းဆက်ဆံခွင့် ရရှိသောအခါမှ တဖြည်းဖြည်း ခင်မင်မှုတိုးပွားပြီး ရင်းနှီးသောအဖြစ်သို့ ရောက်ရှိခဲ့ကြသည်ချည်းဖြစ်ပေရာ တလခန့်မျှအတွင်း ဤ'ညီ'ကဲ့သို့ အပြန်အလှန် ခင်မင်ရင်းနှီးသောအဖြစ်မျိုးသို့ ရောက်ခဲ့ရခြင်းကိုမူ ကျွန်ုပ်၏ အသက် ၇၀ကျော် အတွင်း၌ တကြိမ်တခါမှ မကြုံခဲ့ရဘူးပါ။ လေယာဉ်ပျံထွက်သောအခါ ကျွန်ုပ် သည် လက်ကိုင်ပဝါ ယမ်းပြလျက်ရှိသော 'ညီ'ကိုလှည့်ကြည့်ယင်း မော်စကိုမြို့၏ မီးပွင့်များလှသောအဖြစ်ကိုလည်း သတိပြုမိပါသည်။ နေအိမ်တိုက်ခန်းများနှင့် လမ်းများမှ မီးပွင့်များသည် မြေကြီးပေါ်တွင် နှမ်းများ ပက်ဖြူးထားသည့်နှယ် ပြွတ်သိပ်အွတ်သိပ် ဖြစ်နေရာ လေယာဉ်ပျံသည် တနာရီလျှင် ကီလိုမီတာ ၆၇၀နှုန်းပျံသန်းပါလျက်နှင့်ပင် မိနစ်ပေါင်းများစွာတိုင်အောင် မီးပွင့်များကို မကျော်လွှန်နိုင်သေးကြောင်း သတိပြုမိပါသည်။ ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ တခေါက်တည်း ရောက်ရသော်လည်း မော်စကိုသို့ သုံးကြိမ် တိုင်တိုင် ရောက်ခဲ့ရပါလျက် မော်စကိုမြို့ကြီး၏ အကျယ်အဝန်းကို သိနိုင်စေခြင်းငှာ မြို့ကြီး၏ အစွန်အဖျားမှ တပတ်ပတ်၍ မလည်ခဲ့မိခြင်းအတွက် ဝမ်းနည်းမိသည်။

## ခဲလေသမျှ

မော်စကိုသို့ အသွားခရီး၌ လေယာဉ်ပျံသည် ဟိမဝန္တာတောတန်းကို ဖြတ်ကျော်ပျံသန်းလျက်ရှိစဉ် လေယာဉ်မယ်က ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် အမြင့်ပေပေါင်းမည်မျှ၊ အဟုန်ကီလိုမီတာပေါင်း မည်မျှနှုန်းဖြင့် ဧဝရက် တောင်ထွတ်ကို ဖြတ်ကျော်လျက်ရှိကြောင်း ကြေငြာသည်ကို ကြားလိုက်ရသည်နှင့်

ဆိုဗီယက်သံရုံးမှ မောင်ဘဝင်းပြောလိုက်သောစကားကို သတိရမိ၏။ မောင်ဘဝင်းက ဇေဝရက်တောင်ထွတ်အထက်မှ မှန်ပြောင်းဖြင့်ကြည့်၍ ကောင်းလှသည်ဟုပြော၏။ သို့ရာတွင် ကျွန်ုပ်၌ မှန်ပြောင်းမရှိသောကြောင့် မကြည့်နိုင်ခဲ့ချေ။ မော်စကိုမှ ပြန်ခါနီးတွင် ဤအကြောင်းကို သတိရသည်နှင့် မှန်ပြောင်းကလေးနှစ်ခု ဝယ်လာခဲ့သည်။ တခုမှာ ကျွန်ုပ်အတွက်ဖြစ်၍ တခုမှာ ကျွန်ုပ်၏ညီက မွေးသည့် တူမကလေး ကြည်ကြည်အတွက်ဖြစ်၏။ အပြန်ခရီး၌ ကျွန်ုပ်သည် ဟိမဝန္တာတောင်တန်းရှိ ဇေဝရက်တောင်ထွတ်ပေါ်သို့ ရောက်၍ လေယာဉ်မယ်က အထက်ပါအတိုင်း ကြေးကြော်ခြင်းကို ကြားရသည်တွင် မှန်ပြောင်းကို သတိရ၏။ သို့ရာတွင်မှန်ပြောင်းကလေးများမှာ အလွယ်တကူ ထုတ်၍သုံးရမည့် တိုလီမိုလီ ပစ္စည်းကလေးများထည့်သည့် လက်ဆွဲအိတ်ကလေးထဲ၌ မထည့်ခဲ့မိပဲ ခရီးဆောင် သေတ္တာကြီးထဲသို့ထည့်ပြီး 'လက်ဂေ့ဂျ' လုပ်ခဲ့မိသောကြောင့် ထုတ်ယူရန် မဖြစ်နိုင်သဖြင့် တောင်ထွတ်ကို မှန်ပြောင်းဖြင့် မကြည့်ခဲ့ရတော့ပဲ လက်လွတ် ခဲ့ရပါသည်။ ကျွန်ုပ်၏ဘဝတသက်တာတွင် ဤအဖြစ်မျိုးကဲ့သို့ အဆုံးသတ် ကလေးတွင်မှ လွဲရပြီး 'အဖျားရှူး' သွားခဲ့ရသည့်အဖြစ်မျိုးပေါင်းမှာ အလွန်များလှ ခဲ့ဖူးပါလေပြီ။

## ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်ဌာနီ

ညသ၁ဝနာရီခွဲအချိန်၌ ရန်ကုန်လေဆိပ်သို့ ဆိုက်မည်ပြုရာတွင် ကျွန်ုပ်သည် ရန်ကုန်မြို့နှင့် လေဆိပ်ကို လှမ်းမျှော်ကြည့်လိုက်သောအခါ၌ မီးပွင့်များ အလွန် နည်းပါးခြင်းကိုမြင်ရ၍ ရန်ကုန်မြို့ပင်ဟုတ်ပါလေ၏လော၊ မြို့သိမ်မြို့ငယ် ကလေးတမြို့သို့ အကြောင်းတခုခုကြောင့် ခေတ္တခဏဆင်းသက်ခြင်း ဖြစ်လေ သလောဟု တွေးထင်မိသည်နှင့် အနီးရှိခရီးသည်တယောက် အားမေးမိပါ သေးသည်။ ဤသို့အထင်မှားမိခြင်းမှာ ကျွန်ုပ်သည်မျက်စိဖြင့် ကြည့်၍မဆုံးနိုင်

အောင် ပေါများလှသည့် မော်စကို မီးပွင့်များကို လှမ်း၍ကြည့်ခဲ့ရပြီးနောက် မျက်စိထဲ၌ စွဲမြဲလျက်ရှိ၍ ရန်ကုန်မီးပွင့်များကို နည်းပါးလှသည်၊ မှေးမှိန်လှသည်ဟု အထင်သေးခြင်းကြောင့် ဖြစ်ဟန်ရှိပါသည်။ ဤတွင် ငါတို့ရန်ကုန်မြို့မှာလည်း သူတို့မော်စကိုကဲ့သို့ မီးပွင့်များ ဖောဖောသီသီ ထွန်းနိုင်ဖို့ဘယ်မျှလောက် အချိန်ကြာပါလေဦးမည်နည်းဟူ၍ စိတ်ကူးဖြစ်ပေါ်မိပါသည်။ လေယာဉ်ပျံပေါ်မှ ဆင်းကြသောအခါ ကျွန်ုပ်မှာအနွေးဝတ်အကျီကြီးကိုပွေ့ရမည်ကတဘက်၊ ပစ္စည်းကလေးများထည့်သည့် လက်ဆွဲအိတ်ကတဘက်၊ တုတ်ကောက်ကတဘက် ဖြစ်နေသည်နှင့် အခြားခရီးသည်များ သွားနှင့်ကုန်ကြ၍ ကွင်းကြီးထဲ၌ ကျွန်ုပ်တယောက်တည်း ဘိုသီဘတ်သီနှင့် လျှောက်လာရစဉ် လေယာဉ်ပျံရုံဆီသို့ မျှော်ကြည့်လိုက်၏။ ရုံရှေ့၌ လူအုပ်နှစ်စုရပ်လျက်ရှိကြရာ ကျွန်ုပ်ရိုက်ကြားလိုက်သည့် ကြေးနန်းမှ ရောက်ပါ လေစ၊ မရောက်၍မကြိုကြလျှင် ဤအချိန်တွင် မြို့ထဲသို့သွားဖို့အခက်ပါပဲ စသည့် စိုးရိမ်ပူပန်မှု များဖြင့် တဖြည်းဖြည်းမျှသာ လျှောက်လာရ၏။ နာရီပေါင်း ၂၀ခန့်မျှ ထိုင်ခဲ့ရခြင်းကြောင့် ခြေထောက်များကလည်း ညောင်းညာသည်နှင့် မလှုပ်တလှုပ်သာ လှမ်းနေကြသည်။ ထိုခဏတွင် ရုံရှေ့၌ရပ်နေသော လူအုပ်တအုပ် အနက်မှ မိန်းကလေးတယောက်ထွက်လာ၍ ကျွန်ုပ်ထံသို့ပြေးလာပြီး ပစ္စည်းများကို ဆွဲယူလေရာ ကျွန်ုပ်သည် မော်စကိုသို့ရောက်စဉ်က 'ဒါလားကွ မော်စကို'ဟုဆိုကာ ဝမ်းသာခြင်းလည်းတမျိုး၊ တူမကလေး ကြည်ကြည်ကိုဖက်ယင်း 'ကိုယ့်တိုင်းကိုယ့်ပြည်သို့ရောက်လာချေပြီ' ဟု အောက်မေ့ကာ ဝမ်းသာခြင်းလည်းတမျိုး ရှိပါတော့သည်။ ရုံထဲသို့ရောက်သောအခါ ရှုမဝကိုကျော်နှင့် လူထုတိုက်ခွဲမှ မောင်တင်မောင် တို့ လာရောက်ကြိုဆိုကြခြင်းအတွက်လည်း ဝမ်းသာလှပါသည်။

## တူမလေး ကြည်ကြည်

ကျွန်ုပ်မှာ ညီတယောက်နှင့် နှမတယောက်သာရှိ၍ (နှမမှာ ကွယ်လွန်ရှာလေပြီ။) မွေးပေါက်ဖော်နည်းပါးသော်လည်း ဆွေမျိုးညာတိ နည်းပါးသူ တယောက် မဟုတ်ပေ။ သားတယောက် သမီးနှစ်ယောက်အနက် သမီးတယောက်သာကျန်၍ မြေး၁၇ယောက်၊ မြစ်ခုနစ်ယောက် ရှိသဖြင့် တူနှင့်တူမ အရင်းများလည်း ကိုးယောက်ရှိပါသည်။ ၎င်းတို့အနက် ညီကမွေးသည့် တူမကလေးကြည်ကြည်သည် ကျွန်ုပ်အား ဂရုအစိုက်ဆုံး၊ အကြင်နာဆုံးဖြစ်ပါ ပေသည်။ ရန်ကုန်သို့ကျွန်ုပ်ရောက်တိုင်း ကြည်ကြည်သည် ကျွန်ုပ်အားဘကြီးတယောက်အနေဖြင့် ဂရုစိုက်ရုံသာမက ကျွန်ုပ်အကြောင်းကို ချီးကျူးပြောဆို၍မဆုံး ရှိသည်နှင့် သူ့ဖခင် (ကျွန်ုပ်၏ညီ)ကပင် မနာလိုချင်စဖွယ် ဖြစ်နေပါတော့သည်။ နှမအရင်းက မွေးထားခဲ့သည့် တူများနှင့်တူမများသည် မန္တလေးမြို့တွင် ကျွန်ုပ်နှင့်အတူ ရှိကြသော်လည်း 'ခေါ်ထူးမေးပြော' အဖြစ်မျိုးလောက်သာ ရှိကြ၍ နိုင်ငံခြားတိုင်းပြည်များသို့ ကျွန်ုပ်သွားရသည့် အခွင့်အရေးမျိုး ရရှိခြင်းအတွက် ဝမ်းသာခြင်း၊ ဂုဏ်ယူခြင်းစသည့် အရိပ်နမိတ်များပင် ဖော်ပြခြင်းမရှိကြချေ။ ထိုတူများနှင့် တူမများသည် ကျွန်ုပ်နှင့်တကြိမ်တခါမျှ အချင်းများခြင်း မရှိခဲ့ဘူးပါလျက် ဤအဖြစ်မျိုး၌ ရှိနေကြခြင်းမှာ ကျွန်ုပ်၏အပြစ်မဟုတ်၊ သူတို့၏အပြစ်လည်းမဟုတ်တန်ရာ၊ ကံဇာတာအလျောက်သာ ဖြစ်ဟန်တူသည်။ ကျွန်ုပ်၏ကံဇာတာမှာကား ဆွေမျိုးအရင်းအချာများ၏ ခင်မင်လေးစားမှုကို မခံထိုက်၊ (ဝမ်းကွဲနှမများကမူ အလေးပြုကြပါပေသည်။) သူစိမ်းတရံစာများ၏ ရှိသေကိုင်းရှိုင်းမှုကိုသာလျှင် (ဤနောက်ပိုင်း၌) ခံယူထိုက်သည့် ဇာတာရှင်တဦးဖြစ်ဟန်ရှိသည်။ ဤသို့ဖြစ်ရခြင်းအတွက် ကျွန်ုပ်သည် မည်သူ့အပေါ်မှ မကျေနပ်ခြင်း မရှိ။ (ဆန်ပေးမှဆေးရသည်။) ကျွန်ုပ်အကြောင်းကို တင်ပြသည့်မှတ်တမ်းရေးသားခြင်း ဖြစ်သည့်အတွက် ထည့်သွင်းဖော်ပြခြင်းမျှသာဖြစ်ပါသည်။

## မေတ္တာမှကမ္ဘာ့ငြိမ်းချမ်းရေးသို့

ကျွန်ုပ်သည် နဂိုစရိုက်အားဖြင့် မေတ္တာသမားတယောက်မဟုတ်၊ ‘ပညာ’ သမား တယောက်ဖြစ်ပါလျက် ဆိုဗီယက်ယူနီယံတွင် အကြောင်းမညီညွတ်သော အဖြစ်အပျက်တခုကြောင့် (ဆိုဗီယက်နှင့် မည်သို့မျှမသက်ဆိုင်) မေတ္တာတရား ပွားများပါတော့မည်ဟု သန္နိဋ္ဌာန်ပြုခဲ့ကြောင်းနှင့် ကျွန်ုပ်၏အောင်မြင်ခဲ့ပုံ အခြင်း အရာများကိုလည်း ဖော်ပြခဲ့ဖူးပါပြီ။ ကျွန်ုပ်၏ ‘မေတ္တာ’ မျက်လုံးအကြောင်းကို သတိပြု၍ ဖတ်ရှုဖူးသူများက ကျွန်ုပ်ပြန်ရောက်လာသောအခါ၌ ကျွန်ုပ်ကို မြင်ရသည်တွင် ‘သူရေးထားသလောက် ထူးခြားခြင်းမရှိပါတကား’ ဟုပြောဖွယ်ရာ ဖြစ်နေသဖြင့် အနည်းငယ်ရှင်းလင်းလိုပါသည်။ ရုရှားပြည်၌ရှိစဉ် ကျွန်ုပ်သည် မိမိကိုယ်တိုင်အလွန် ကျေနပ်အားရသည်ဖြစ်၍ ကိုယ့်ပြည်သို့ ပြန်သောအခါ တွင်လည်း ဤအတိုင်းပင် ဆက်လက်ကျင့်သုံးပါတော့မည်ဟု အောက်မေ့ဖူး ပါသည်။ သို့ရာတွင် ထိုကဲ့သို့မဟုတ်ပဲ စိတ်အားထက်သန်မှု လျော့ပါးပြီး တဖြည်းဖြည်း ဆုတ်ယုတ်ကုန်ခဲ့ခြင်းမှာ ကျွန်ုပ်၏ညံ့ဖျင်းသော သဘာဝတခု အနေဖြင့် ဝန်ခံရပါတော့မည်။ သို့ဖြစ်၍ ဆိုဗီယက်ယူနီယံ၌ မေတ္တာတရား ပွားများခဲ့ခြင်းမှာ ကျွန်ုပ်အဖို့ရာတွင် ဥပုသ်ရက်ရှည်စောင့်ခြင်းမျိုးကဲ့သို့ ဖြစ်နေ၍ ယနေ့အဖို့အရာ၌ အကတ်အသတ်မျှလောက်သာ ကြွင်းကျန်သည့်လက္ခဏာ ရှိပါသည်။ သို့ပင်ဖြစ်လင့်ကစား မိမိအတွက် ကိုယ်လွတ်ရုန်းကာ သတိပဋ္ဌာန် တရားဘက်သို့သာ အစဉ်တစိုက် စိတ်အားထက်သန်လာခဲ့ဖူးသည့် ကျွန်ုပ်သည် မေတ္တာတရားပွားခဲ့ဖူးသည့် အရှိန်ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာ အကြံ အစည်နှင့် စိတ်ကူးဉာဏ်များ ထုတ်သည့်ဘက်တွင် ဘယ်တုန်းကနှင့်မျှ မတူအောင် အလေးပေးချင်သည့် ဆန္ဒမျိုးထက်သန်လျက်ရှိခြင်းကို တွေ့ရပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် သံသရာမှလွတ်မြောက်ရေးကိစ္စကို ခေတ္တခေါက်ထားပြီး မည်သူ၏

အစွမ်းကြောင့်ဖြစ်စေ၊ ကမ္ဘာစစ်ဖြစ်ဖို့တော့ ဝေးသွားလေပြီဟု စိတ်ချရသော အချိန်သို့မရောက်မချင်း ကျွန်ုပ်၌ရှိသမျှသော အသိဉာဏ်နှင့် ဝီရိယကို ကမ္ဘာ့ငြိမ်းချမ်းရေး အလုပ်တခုတည်း၌ အားသွန်ခွန်စိုက် ဆောင်ရွက်ရန် သန္နိဋ္ဌာန် ချလိုက်ပြီးပါပြီ။ သို့ရာတွင် ကျွန်ုပ်ဆောင်ရွက်ပုံ ဆောင်ရွက်နည်းမှာ ကမ္ဘာ့ငြိမ်းချမ်းရေးအမည်ဖြင့် အခြားပုဂ္ဂိုလ်များ ဆောင်ရွက်ပုံနှင့် တူကောင်းမှတူကြပေလိမ့်မည်။ ကျွန်ုပ်၏လမ်းစဉ်အရမှာ ဤလူမျိုး၊ ထိုလူမျိုး၊ ဤစနစ်၊ ထိုစနစ်သည် ရန်လုပ်ဖွယ်ရာမဟုတ်၊ ဣဿာနှင့် မစ္ဆရိယတည်းဟူသော သဘာဝတို့သည်သာလျှင် လူသတ္တဝါကို ညှဉ်းပန်းနှိပ်စပ်လျက်ရှိသည်ဟု သဘောပေါက်နားလည်ပြီးလျော့ပါးသွားအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။

## နားမလည်နိုင်သော လူတယောက်တဲ့

များစွာသောလူတို့သည် ကျွန်ုပ်ကိုနားမလည်ကြ၊ အချို့ကမူ (ကိုသိန်းဖေလည်းပါသည်) နားလည်ဖို့ခက်သော လူတယောက်ဟူ၍ ဖွင့်ပြောကြသည်။ အမှန်မှာ အခြားလူများက မဆိုထားဘိ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်ပင် နားမလည်သောအချက်များ ရှိပါသည်ဟု ဖွင့်ပြောရ လျှင် အံ့သြကြမည်ဖြစ်သောကြောင့် ရှင်းလင်းဖော်ပြလိုက်ရပါဦးမည်။ နားမလည်ဆိုသော လူများကတရားအားထုတ်ပြီး သက်န်းလည်း (ဒုလ္လဘမဟုတ်) ဝတ်ဖူးသည်၊ သုရာမေရယ သည် ငရဲမကြီးဟုလည်း ရေးသည်၊ ကာလ်မာ့က်စ်ကိုလည်း လက်ခံသည်။ ဗုဒ္ဓဘာသာကို ကောင်းကောင်းကြီး နားလည်သည်ဟုလည်း (သူ့ဟာသူ) ထင်ဝံ့သည်၊ တရားဘက်၌လည်း ဝါသနာပါသည်၊ ပျော်ပျော်လည်း နေချင်တတ်သည်၊ တိုးတက်သော အယူအဆရှိသည်ဟု လည်း ပြောသည်၊ လူကြီးမိဘ ဆရာသမားကို ရှိသေကိုင်းရှိုင်းသင့်သည် ဟုလည်းရေးသည်၊ လောကုတ္တရာကျမ်းများလည်း ရေးသည်၊ ဘိုင်စကုပ်လည်းကြည့်တတ်သည်၊ ခဏခဏလည်း တရားအားထုတ်

သည်၊ အစားကောင်းလည်းကြိုက်တတ်သည် စသည်များဖြင့် ဝေဖန်တတ်ကြလေသည်။ ဤအခြင်းအရာများမှာ ကျွန်ုပ်၏မှတ်တမ်းကို ရေလည်စွာဖတ်ရှုသူတို့ နားလည်လောက်သည်ထင်သဖြင့် ရှင်းလင်းရန်အကြံမရှိပဲ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် နားမလည်သော အချက်အလက်များကိုသာ ဖော်ပြပါတော့မည်။

(၁)

တရားအားထုတ်ပြီး၍ သင်္ကန်းဝတ်ခဲ့စဉ်က ကျွန်ုပ်သည်နေပူကြီးကျဲကျဲတွင် ဖခင်နှင့် လမ်းလျှောက်သွားရာ လူသူမရှိသော တောခရီး၌ပင် သင်္ကန်းကို ဦးခေါင်းပေါ်သို့တင်ခြင်း အားဖြင့် နေပူရှိန်မှ အကာကွယ်မယူခဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့ဖူးသည်၊ သင်္ကန်းကို ဦးခေါင်းပေါ်၌ မတင်ရဟူ၍ ဝိနည်းပညတ်တော်၌ ပါသည်မပါသည်ကို ကျွန်ုပ်မသိပါ။ ဗုဒ္ဓက ရဟန်းများသည် ပါသာဒိကဂုဏ်နှင့် ပြည့်စုံစေရမည် (လူများကြည်ညိုဖွယ် အသွင်ရှိစေရမည်) ဟုဆုံးမတော်မူရာ သင်္ကန်းကိုခေါင်းပေါ်တင်ခြင်းသည် ထိုဂုဏ်ပျက်သည်ဟု ကျွန်ုပ်ယူဆသောကြောင့် နေပူခံပြီးလျှောက်သည်အထိ စောင့်ထိန်းခဲ့ပါသည်။ လူအဝတ်နှင့်မူကား ကျွန်ုပ်သည်သူတပါးအား ထိပါးနစ်နာစေသော အပြုအမူမျိုးလောက်ကိုသာ ရှောင်ကြဉ်၍ အခြားကိစ္စများ၌မူ ထင်ချင်ရာ ထင်ကြစမ်းပါစေဟု သဘောထားတတ်သည်။ ရဟန်းတို့ထက် ကျပ်တည်းစွာ ထိန်းသိမ်းခဲ့ဖူးသည့် ကျွန်ုပ်သည် လူ့ဘဝ၌ လူများစုလောက်မှ ထိန်းသိမ်းမှုကို ဂရုမစိုက်ခြင်းမှာ ကျွန်ုပ်အဖို့ ထူးဆန်းခြင်းတရပ်ဖြစ်၏။ သိက္ခာပုဒ်တော်များကို အထူးရိုသေ လေးစားသည့် နိုင်ငံကျော်ဆရာတော်ကြီးတပါးသည် ကျွန်ုပ်၏စာပေအရေးအသားကို သဘောကျတော်မူသည်နှင့် "ဒကာကြီး ရဟန်းဘောင်မရောက်ရတာ နစ်နာတယ်ဗျာ၊ နို့မို့ယင် သာသနာဘက်မှာ အရေးအသားနဲ့ပတ်သက်လို့ အားကိုးလောက်တဲ့ ပုဂ္ဂိုလ်တပါး ဖြစ်ရမှာပဲ"ဟု မိန့်တော်မူဖူး၏။ ကျွန်ုပ်ကမူ အရေးအသားအတွက် မပြောတတ်၊ ဝိနည်း သိက္ခာပုဒ်တော်များကို ရိုသေစောင့်ထိန်းသည့်အရာမှာဖြင့် နာမည်တလုံး

ရလိမ့်မည်ထင်ပါသည်ဟု ဖွင့်၍မပျော့ာက်သော်လည်း စိတ်ထဲ၌အောက်မေ့မိပါသည်။ ရဟန်းအဖြစ်၌ လူရှိသေအောင် ကြိုးစားချင်ပါလျက် 'လူ' အဖြစ်၌ဂရုမစိုက်ချင်သော ကျွန်ုပ်၏ ဝါသနာကို နားမလည်နိုင်အောင် ရှိပါတော့သည်။

(၂)

ကျွန်ုပ်သည် အခြားလူများ၏ လေးစားခြင်းကို မနှစ်သက်သည်မဟုတ်၊ နှစ်သက်တတ်ပါ၏။ မလေးမစား ပြုသည်ထင်လျှင် မခံချင်သောစိတ်ပင် ဖြစ်ပေါ်တတ်ပါ၏။ သို့ရာတွင် အခြားလူများက အလွန်အမင်းရှိသေလေးစားခြင်းမျိုးနှင့် ကြုံရသည့်အခါ အနေရခက်သလို ဖြစ်တတ်ပါသည်။ ကျွန်ုပ်တွေ့ရဖူးသည့် ပုဂ္ဂိုလ်အမြောက်အမြားတို့မှာ (ရဟန်းရောလူပါ) သူတပါးတို့က ရှိသေကိုင်းရှိုင်းလေလေ နှစ်သက်သဘောကျလေလေ ရှိကြခြင်းကိုသာတွေ့ရ ၏။ ကျွန်ုပ်မူကား ကျွန်ုပ်အား ရှိသေလွန်းလျှင် မနေတတ်သလို ဖြစ်တတ်ပါသည်။ ဥပမာ အချို့လူများသည် ကျွန်ုပ်၏လောကုတ္တရာရေးရာ စာပေများကြောင့် ကျွန်ုပ်ကို ပင့်ဖိတ်၍ ဘုန်းကြီးရဟန်းသဖွယ် နေရာထိုင်ခင်းပြင်ဆင်ကာ အရှိအသေ ပြုတတ်ကြပေရာ ကျွန်ုပ်သည် သူတို့ပြင်ထားသည့်နေရာတွင် ထိုင်ရခြင်း၌ လုံးဝပျော်ပိုက်ခြင်း မရှိသည့်ပြင် ထိုအရပ်သို့ နောက်တကြိမ် ပင့်ဖိတ်လျှင်လည်း မသွားတော့ပါ။ အချို့မိန်းမများသည် ၎င်းတို့ အလွန် ကြည်ညိုလှပါသည်ဆိုသည့် ရဟန်း၏ရှေ့၌ ဆံပင်ကိုဖြန့်ခင်းခြင်း၊ ခြေထောက်ကို ဆံပင်နှင့် ပွတ်ခြင်း စသည်ဖြင့် ပြုလုပ်တတ်ကြလေရာ ကျွန်ုပ်သာ ရဟန်းဖြစ်၍ ထိုကဲ့သို့ပြုခြင်းခံရမည်ဆိုလျှင် နောက်နောင်တွင် လူတွေ့မခံတော့ပဲ တခါတည်းတိမ်းရှောင်ထွက်ပြေးလိမ့်မည်ဟု ထင်မိပါသည်။ ကောင်းသောအခြင်းအရာကို ကြိုက်တတ်သော်လည်း ကောင်းလွန်းလျှင် ရွံ့သလို ဖြစ်တတ်ခြင်းမှာ ကျွန်ုပ်၏ထူးဆန်းမှု တခုဟူ၍ထင်မိပါသည်။

(၃)

ဝတ်ဖြူစင်ကြယ်နှင့် စိပ်ပုတီးအမြဲဆောင်ကာ ဥပုသ်ရက်ရှည် ခဏခဏ စောင့်လေ့ရှိသော ပုဂ္ဂိုလ်မျိုးကို လူအများတို့ကြည်ညိုတတ်ကြ၏။ ကျွန်ုပ်မူကား ထိုပုဂ္ဂိုလ်မျိုးထက် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ပို၍ကြည်ညိုသည်။ ကျွန်ုပ် သိရသလောက်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် သီလစင်ကြယ်မှု နှင့်ပတ်သက်၍ မဲ့စွန်းတပေါက်မျှ ငြိစွန်းခြင်း မရှိသော ပုဂ္ဂိုလ်ကြီးဖြစ်သည်ဟု ယုံကြည်၏။ သို့နှင့်လည်း ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကျွန်ုပ် သဘောအကျဆုံးသော ပုဂ္ဂိုလ်မျိုးမဟုတ်သေးချေ။ လူအများတို့၏ထုံးစံမှာ အပြစ် အနာအဆာ ကင်းရှင်းလေလေ၊ ကြည်ညိုဖွယ်ကောင်းလေလေဟု ယူဆတတ် ကြ၏။ ကျွန်ုပ်၏အကြိုက်မှာ ရဟန်းများအဖို့၌ 'ခြောက်ပြစ်ကင်း သဲလဲစင်' ဆိုရမလောက် ဖြူစင်ခြင်းသည် ကြည်ညိုဖွယ်ကောင်းသည်ဟု ဝန်ခံရန် အသင့်ရှိသော်လည်း လူပုဂ္ဂိုလ်များအဖို့မူ (သူတပါးအား ထိခိုက်နစ်နာစေသည့် အပြုအမူအပြောအဆိုမျိုးမှ ရှောင်ကြဉ်သမျှကာလပတ်လုံး) အပြစ်အနာအဆာ ကလေး အနည်းငယ်တော့ရှိမှ သဘောကျချင်တတ်သည်။ ဤအကြောင်းကို ရှင်းလင်းဖော်ပြရသော် လူ၏သွားများသည် ညီညီညာညာရှိပါမှ လှသည် မှန် သော်လည်း အချို့မိန်းကလေးများအဖို့၌ 'သွားတက်' ကလေးတချောင်း ပေါက် သည့်အတွက် သာ၍ကြည့်ကောင်းသည် ထင်ရသကဲ့သို့ပင် တဖန်မျက်နှာပြင်၌ 'မဲ့' ကလေးတလုံးမျှ မရှိခြင်းသည် ကောင်းသောလက္ခဏာတခုဖြစ်သည် မှန်သော်လည်း မျက်ခုန်းနှစ်ဘက်အကြား၌ မဲ့ကလေးတလုံးပေါက်သည့် သူငယ်မ ကလေးတယောက်ကို မြင်ရဖူးကတည်းက အစွန်းအထင်းဟုဆိုကြသော 'မဲ့'သည် ထိုသူငယ်မအဖို့၌ တန်ဆာဆင်ထားသကဲ့သို့ရှိပါဘိ သည်ဟု ကျွန်ုပ်အောက်မေ့ မိဖူးသည်။ ဤသို့အားဖြင့် ကျွန်ုပ်သည် 'စင်းလုံးချော' ဆိုကြသည့် အကျင့် စာရိတ္တမျိုးရှိသော လူပုဂ္ဂိုလ်မျိုးထက် တစွန်းတကွက်ကလေး အပြစ်အနာဆာ ရှိသည့် ပုဂ္ဂိုလ်မျိုးကို သာ၍သဘောကျတတ်သည်။ လူတယောက်အနေဖြင့်

အပြစ်လုံးဝကင်းစင်ခြင်းသည် ကောင်းလွန်းအားကြီး၍ 'သဘာဝမကျ' သည့်နှယ် ထင်မိ၍ အပြစ်ကလေးတခုတလေရှိပါမှ ကျွန်ုပ်သဘောကျချင်တတ်သည်။ မြင်းများ၌ အပြစ်အနာအဆာ လုံးဝကင်းသည်ဆိုလျှင် 'စွန့်' တတ်သော သတ္တိမရှိသဖြင့် ထူးထူးချွန်ချွန်မဖြစ်လာနိုင်၊ သာမည မြင်းကောင်းတစီးသာ ဖြစ်လာတတ်သည်ဟု မြင်းသမားများ ပြောတတ်ကြ၏။ ထိုစကားသည်လည်း ကျွန်ုပ်အဖို့၌ နားဝင်လျက်ရှိပါတော့သည်။ ထို့ပြင် 'ယောကျ်ားဆိုတာမျိုးဟာ စုံမှကွယ့်" ဟု ကျွန်ုပ်၏အဘိုး ပြောဖူးသည့် စကားတလုံးသည်လည်း ကျွန်ုပ်၏နားထဲတွင်စွဲလျက်ရှိ၏။ ထို့ပြင်လည်း အင်္ဂလိပ်ဝတ္ထုများကို ဖတ်ရှုရသည့် အခါ အကောင်းတွေချည်း စုံပေါင်းထားသည့် 'ဟီးရိုး' မျိုးထက် (Villain Hero type) အကောင်းနှင့်အဆိုး ရောစပ်လျက်ရှိသည့် 'ဇာတ်လိုက်' မျိုးကို ကျွန်ုပ်သာ၍ နှစ်သက်တတ်သည်။ အင်္ဂလိပ် 'ဂျန်တလ်မဲန်' အကြောင်းကို ကျွန်ုပ်အကျယ်တဝင့် ရေးသားဖော်ပြခဲ့ဖူးသည်ဖြစ်ရာ ကျွန်ုပ်သည် သူ၏အကျင့်စာရိတ္တနှင့် အနေ အထိုင်ကို စိပ်ပုတီးသမားတယောက်၊ ကမ္မဋ္ဌာန်းသမားတယောက်၏ အနေအထိုင် ထက် နှစ်သက်သဘောကျလျက်ရှိပါသည်။ ကျွန်ုပ်၏အကြိုက်သည် မှန်ကန်သည်၊ တရားနည်းလမ်း ကျသည်ဟု မဆိုလိုပါ။ သို့ရာတွင် မြန်မာလူမျိုး တရားသမားတယောက်အနေဖြင့် ထူးဆန်းသည်ဟု ဆိုကြလိမ့်မည်ထင်ပါသည်။ "လူရိုးလူကောင်းကြီး"တယောက်ဖြစ်သည့် မွေးသဖခင်မှ ကျွန်ုပ်ကဲ့သို့သော သားတယောက် ပေါက်ဖွားလာရခြင်းမှာလည်း ကျွန်ုပ်အဖို့ရာ၌ နားမလည်နိုင် သော အခြင်းအရာတခုဖြစ်ပါတော့သည်။

## (၄)

ကျွန်ုပ်သည် လောကကြီးတွင် အထိုက်အလျောက်စည်းစိမ်ကလေးနှင့် နေချင်တတ်သူ တယောက်ဖြစ်ပါ၏။ ဥစ္စာပစ္စည်း အလွန်ကြွယ်ဝပြီး ဝင့်ဝင့် ဝါဝါနေရသော အဖြစ်မျိုးကို မတောင့်တစေကာမူ ချောင်ချောင်ချိချိကလေး

နေထိုင်စားသောက်ရသောအဖြစ်မျိုးကို လိုလားမိပါ၏။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ (အထူးသဖြင့်ဒုတိယအိမ်ထောင်ပျက်သည့် အချိန်တွင်) ထိုကဲ့သို့သော အခြေအနေမျိုး ရနိုင်လောက်သည့်အခွင့်အရေးမျိုးလည်း ကြုံခဲ့ပါ၏။ အိမ်ထောင်ရေးအားဖြင့် ဖြစ်စေ၊ မိမိကိုယ်တိုင် ကြိုးစားခြင်းအားဖြင့် ဖြစ်စေ ဖော်ပြခဲ့ပြီးသည့် အခြေအနေမျိုးသို့ ရောက်နိုင်လောက်သည့် အခွင့်အလမ်းများလည်း ပေါ်ပေါက်ခဲ့ပါ၏။ ကျွန်ုပ်ကိုယ်တိုင်မှာ စဉ်းစားဉာဏ်ကင်းမဲ့သည့် လူစားမျိုးလည်း ဟုတ်သည်မထင်ပါ။ သို့ပါလျက် (ဤနောက်ပိုင်းအချိန်မှတပါး) ဆင်းရဖို့အကြောင်းတွေချည်း ထပ်ကာထပ်ကာ ပြုလုပ်ခဲ့ပါ၏။ အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံကျော်ဆရာတော်ကြီးကမူ ကျွန်ုပ်အကြောင်းကိုသိသည်နှင့် အပြစ်မတင်စေကာမူ အံ့ဩမိကြောင်းနှင့် အကြိမ်ကြိမ် မိန့်တော်မူဖူးပါသည်။ ဤသည်မှာလည်း ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်နားမလည်သောအချက်တခု ဖြစ်ပါသည်။

## ပြန်လည်သုံးသပ်ခြင်း

ကျွန်ုပ်သည် ဖခင်၏ကျပ်တည်းသော ပဲ့ပြင်မှုနှင့် အငယ်ဆုံး ကျောင်းသားကလေး အဖြစ်နှင့် ကျောင်းသားကြီးများ၏ အနိုင်ကျင့်မှုများ ခံခဲ့ရခြင်းအတွက်ကြောင့် ကျွန်ုပ်၏ သဘာဝ၌ 'ဆူး'များပေါက်လာခဲ့ရပုံကို စာဖတ်သူတို့နားလည်လောက်ပါပြီ။ ဆူးများသည် တပြိုင်နက်တည်း ပေါက်လာခြင်းမဟုတ်ပဲ အနိုင်ကျင့်မှုခံရ၍ တချောင်းပေါက်လာသည့်အခါ ကျွန်ုပ်၏သဘာဝသည် 'ချဉ်တူး' သောအဖြစ်သို့ရောက်ပြီး သူတပါးနှိပ်စက်ချင်စရာ ဖြစ်လာ၍ နောက်တချောင်းပေါက်စေဖို့ ဖန်တီးပေးသကဲ့သို့ရှိနေ၏။ သို့ဖြစ်သောကြောင့် 'မရှိ၍မလှူ မလှူ၍မရှိ' ဟူသော စကားကဲ့သို့ (Vicious Circle) ဆူးပေါက်လေလေ၊ အနိုင်ကျင့်ချင်သူ ပေါများလေလေ၊ တိုး၍ 'ချဉ်တူး' လေလေ၊ အနိုင်ကျင့်ချင်ကြလေလေ ဖြစ်လာခဲ့ရပါတော့သည်။ အကယ်၍ကျွန်ုပ်သည် သာမန်ဖခင်

တယောက်၏ ပဲ့ပြင်ခြင်း ခံခဲ့ရသည်ဆိုပါက ကျွန်ုပ်၏ဖခင်ကဲ့သို့ပင် 'လူရိုး လူကောင်းကလေး' တယောက်အဖြစ်နှင့် ဘဝဇာတ်သိမ်းကောင်း သိမ်းရချေ မည်လောဟု တွေးတောမိပါသည်။ သို့ဆိုပါလျှင်လည်း နာမည်တလုံး ပေါ်ထွက် လာဖို့ ခဲယဉ်းလေမည်လော မပြောတတ်ပါ။ မြင်းသမားများ ပြောစကားကဲ့သို့ 'အပြစ်ကလေးရှိမှ 'စွန့်'ချင်တတ်ပြီး ထူးချွန်တတ်သည်' ဆိုသည့်အတိုင်း သူတပါးနှင့်မတူသော ကျွန်ုပ်၏အချို့အယူအဆများကို ဖော်ထုတ်၍ ရေးဝံ့ခြင်းမှာ ဖြူကောင်သဘာဝကြောင့် ဖြစ်လေသလောမပြောတတ်ပါ။ ထိုသို့သော အတွေး အခေါ်မျိုး ဖြစ်ပေါ်ဖို့ပင် ခဲယဉ်းကောင်းခဲယဉ်းပါလိမ့်မည်။ သို့ဆိုလျှင် ကျွန်ုပ်သည် 'သောင်းပြောင်း' စာရေးဆရာများ၏ အဆင့်အတန်းမှ လွန်မြောက်ဖို့ ခဲယဉ်းပေလိမ့်မည်။ ဆိုလိုခြင်းမှာ 'ဆူး'များမပေါက်ခဲ့လျှင် ကျွန်ုပ်သည် မိရိုးဖလာ အယူအဆအချို့ကို တော်လှန်ချင်သော စိတ်မျိုးရှိကောင်းမှရှိပေမည်။ အကယ်၍ စိတ်ရှိစေကာမူလည်း ဖော်ထုတ်ရေးသားဝံ့ကောင်း မှဝံ့ပေလိမ့်မည်။

## ဖြူကောင်မှယုန်ကောင်သို့

ဤအတိုင်း ဟုတ်မှန်ခဲ့ပါလျှင် ကျွန်ုပ်၏ 'ဆူး' များသည် 'နှစ်ဘက်ချွန်' ဆိုသော စကား ကဲ့သို့ အကျိုးနှစ်မျိုးဖြစ်စေလျက်ရှိ၏။ တဘက်၌အချို့လူများက ကျွန်ုပ်၏စာများသည် ကျွတ်ဆတ်မာကျောလှသောကြောင့် ဖတ်ချင်စဖွယ်မရှိဟု အပြစ်ဆိုခြင်းခံရ၏။ သတ္တိကောင်းသော လူငယ်တယောက်ကမူ ကျွန်ုပ်တို့ထံ လာ၍ မျက်နှာချင်းဆိုင်ပြောပြဖူး၏။ (သို့ရာတွင် ထိုသူ သည် နောင်တွင် 'အရေလည်'သွားပါသည်ဟု ဝန်ခံသွားပါသည်။) အခြားတဘက်၌ ကျွန်ုပ် သည် ထို'ဆူး'များကြောင့်ပင် ရဲရဲစဉ်းစားပြီး ရဲရဲထုတ်၍ ရေးဝံ့ခြင်းဖြစ်ဟန်ရှိသည်။ ဆိုဗီယက် ယူနီယံသို့သွား၍ မေတ္တာတရားပွားများခဲ့သည့် အချိန်မှစ၍မူကား ကျွန်ုပ်၏'ဆူး'များသည် တဖြည်းဖြည်းအဖျားတုံးလာ၍ ယခုအချိန်တွင် အားလုံး

ကျွတ်ကွာကျပြီး ဖြူကောင်အဖြစ်မှ ယုန်ကောင်အဖြစ်သို့ရောက်ကာ ဘဝပြောင်းလာပြီဟု မျှော်လင့်ပါသည်။ ဤသို့ဆိုသော် လည်း ရေးဖို့လိုသည်ထင်လျှင် ရေးဝံ့သောသတ္တိကို ချန်ထား၍ ကျွတ်ဆတ်တင်းမာသော စာမျိုး ရေးသားခြင်းမှ ရှောင်ရှားနိုင်လိမ့်မည်ဟူ၍သာ မျှော်လင့်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် ရေးယခင်က မကျေမချမ်းဖြစ်ခဲ့ရဖူးသည်ကို ပုဂ္ဂိုလ်များနှင့် ပတ်သက်၍ ဆန့်ကျင်ဘက် (အာဃာတ) သဘောမျိုးကို လုံးဝစွန့်ပယ်နိုင်ပြီဟု ယုံကြည်လျက်ရှိပါသည်။

## ဝန်ခံချက်

ဤနေရာ၌ ရှင်းလင်းရန် တချက်ရှိပါသည်။ ကျွန်ုပ်သည် ရေးယခင်က အချို့လူများ အပေါ်တွင်အာဃာတ ထားခဲ့သည်ဟု ဝန်ခံရာရောက်သော်လည်း ကျွန်ုပ်၏တသက်တာတွင် မည်သူ့အားမျှ ရန်ငြိုးထားပြီး ထိုသူတို့ ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ စိတ်ဖြင့်ကြံစည် စိတ်ကူးခြင်းဟူ၍ မရှိခဲ့ဘူးခြင်းကို သစ္စာဆိုဝံ့ပါသည်။ အများဆုံးပြုလုပ်ခဲ့မိခြင်းမှာ မခံချင်သော အကြောင်းအရာကိုစာဖြင့် ရေးသားဖော်ပြမိခြင်းမျှ သာ ဖြစ်ပါသည်။ ပမာဆိုသော် သူရိယကိုသိန်းမောင်အကြောင်းနှင့် တပည့်ငွေဥဒေါင်း အကြောင်းကို ဤမှတ်တမ်းတွင် ထည့်သွင်းရေးသားဖူး၍ သိန်းဖေမြင့်အကြောင်းကို ငွေတာရီမဂ္ဂဇင်းတွင် ရေးခဲ့ဖူးသဖြင့် အတော်ကလေး'နာ' ကြသည်ဟု ကြားသိရသည်။ ကိုသိန်းမောင် နှင့် ငွေဥဒေါင်းတို့အကြောင်းမှာ ထိခိုက်နစ်နာစေလိုသော ရည်ရွယ်ချက်မရှိပဲ ကျွန်ုပ်၏စိတ်ထဲ၌ ခံပြင်း၍ 'ခုလုခုလု' ရှိနေသော အခြင်းအရာကို တင်ပြခြင်းမျှသာဖြစ်ရာ၊ ငွေတာရီမဂ္ဂဇင်းတွင် သိန်းဖေမြင့် အကြောင်းကို ရေးခဲ့ခြင်းမှာနာအောင်ရေးထိုက်သည်ထင်၍ တမင်တကာ နာအောင် ရေးခဲ့မိခြင်းဖြစ်ကြောင်း၊ ဝန်ခံပါသည်။ သိန်းဖေမြင့်အကြောင်းမှာ 'လက်လွန်'

ပြီးဖြစ်၍ မတတ်နိုင်သော်လည်း ကိုသိန်းမောင်နှင့် ငွေဥဒေါင်းတို့အကြောင်းကိုမူ နောက်နောင်တွင် ထပ်မံရိုက်နှိပ်ခွင့်ရှိပါက စာမူမှ ထုတ်နုတ်ပစ်ပါမည်ဟု ကတိပြုပါသည်။

## မေတ္တာစိတ်ဓာတ်၏ အာနိသင်ပေလော

## (၁)

ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့သွားစဉ်က မေတ္တာတရား ပွားများခဲ့ဖူးကြောင်း၊ မြန်မာပြည်သို့ ပြန်ရောက်သောအခါ၌ သတိလစ်ဟင်း၍ထိုအလုပ်၌ ပေါ့လျော့ခဲ့ကြောင်း၊ သို့ရာတွင် ကျွန်ုပ်ပြုနေကျထုံးစံအတိုင်း ပူအိုက်သော နွေရာသီတွင် မိုးကုတ်မြို့သို့ သွားရောက်နေထိုင်လျက်ရှိသည့်အခါ မေတ္တာပွားသော အလုပ်ကို တဖန်ပြန်၍ကောက် သည့်အကြောင်းတို့ကို ဤမှတ်တမ်းတနေရာတွင် ဖော်ပြခဲ့ပါသည်။ မေလ၁၄ရက်နေ့၌ ကျွန်ုပ်သည် ခယ်မ မစောလှ (ညီ၏ဇနီး) နှင့် တူမလေး ကြည်ကြည်တို့နှင့်အတူ ဂျစ်ကားတစီးနှင့် မိုးကုတ်မှပြန်လာကြရာတွင် ဘေးအန္တရာယ်မှ သီသီကလေး လွတ်သွားသည့်အဖြစ် အပျက်တခုနှင့် ကြုံခဲ့ရပါသည်။ ကျွန်ုပ်တို့သည် ဝါးဖြူတောင်စခန်းကို အနည်းငယ်ကျော် လွန်လာကြသောအခါ ရေမရှိသော ချောင်းတချောင်းကို ဖြတ်ကူးကြ၏။ ချောင်းလယ်သို့ရောက်၍ ကားသမားသည် အခြားဘက်ကမ်းပါးကို တက်ရန်အတွက် ‘ဂီယာ’ပြောင်းလိုက် ရာတွင် ကားသည် ဒိတ်ကနဲမြည်သွားပြီး ကားဘီးတဘက် ပြုတ်ထွက်ကာ အသာကလေး ရပ်တန့်သွားပါသည်။ ကျွန်ုပ်တို့သည် ကားပေါ်မှဆင်းကြ၍ သစ်တပင်အောက်သို့ဝင်ကာ ကားသမားကစပယ်ယာဘီး လဲလှယ်လျက်ရှိစဉ် ကျွန်ုပ်နှင့်မစောလှတို့သည် မိမိတို့၏ကံကောင်းသောအဖြစ်ကို စဉ်းစားမိကြပါသည်။ မိုးကုတ်မြို့နှင့် ဝါးဖြူတောင်

စခန်းမှာ မိုင်၅၀မျှကွာလှမ်းသည်ဖြစ်၍ ထိုခရီးလမ်းတလျှောက်လုံးမှာ 'တောင်ဆင်း' ကြီးဖြစ်၏။ ကားဘီးသည် ထိုမိုင် ၅၀ခရီးအတွင်း၌ မကျွတ်ပဲ ဝါးဖြူတောင်ကို ကျော်လွန်မိကာမှ ကျွတ်ထွက်သွားခြင်းဖြစ်၏။ အကယ်၍ 'တောင်ဆင်း' ခရီး၌ ကျွတ်ထွက်ခဲ့ပါမူ ကားသည်အရှိန်ပြင်းစွာနှင့် မောင်းနှင်လျက်ရှိသည်ဖြစ်သောကြောင့် တဘက်၌ရှိသော တောင်းကမ်းပါးကိုလည်း ဝင်တိုက်နိုင်သည်။ သို့တည်းမဟုတ် အခြားတဘက်၌ရှိသော ချောက်ထဲသို့ သော်လည်း ထိုးဆင်းကျသွားနိုင်သည်။ ကျွန်ုပ်သည် ဤအခြင်းအရာကို ကိုယ်တိုင်စဉ်းစားမိသည် မဟုတ်ပဲ မစောလှက ပြောပြသောအခါမှ သတိပြုမိခြင်း ဖြစ်ပါသည်။ မစောလှက မိမိတို့၏ကံကောင်းပုံကို ပြောပြသောအခါတွင်မှ ကျွန်ုပ်သည် ကိမ်လေယာဉ်ပျံကွင်း၌ ဘီးတွေအားလုံး ပေါက်ကွဲသွားသောအဖြစ် အပျက်ကို အသေးစိတ်တွေးတောမိသည်။ ကျောချမ်းမိပါသေးသည်။ လေယာဉ်ပျံ ဘီးများ ပေါက်ကွဲခြင်းအကြောင်းကို ရေးသားဖော်ပြခဲ့ပြီးသော်လည်း ရောမ အန္တရာယ်ကြီးမှ လွတ်မြောက်ခဲ့ရခြင်းဖြစ်ပုံကို ယခုမှ အသေးစိတ် တွေးမိပါသဖြင့် ဖော်ပြလိုက်ရပါဦးမည်။

(၂)

ဂျော်ဂျီယာနယ် တီဘလစ်ဆီမြို့မှ လီနင်ဂရက်သို့ ကျွန်ုပ်တို့ စီးနင်း လိုက်ပါသည့် လေယာဉ်ပျံကြီးမှာ ရန်ကုန်မှမော်စကိုသို့ ပျံသန်းသည့် 'တာဘိုဂျက်' အမျိုးအစားထက် ကြီးလည်းကြီး မြန်လည်းမြန်သည့်ဂျက်လေယာဉ်ပျံကြီးဖြစ်၏။ လေယာဉ်ပျံကြီးသည့် အလျောက် ကွင်းသို့ဆင်းသောအခါတွင် အရှိန်လည်းပြင်း၍ အရှည်ကြီးလည်း လိမ့်ပြေးရခြင်းမှာ ထုံးစံဖြစ်၏။ ကျွန်ုပ်တို့၏ လေယာဉ်ပျံ ကြီးသည် ကွင်းကြီး၏တဘက်သောအစွန်းတွင် မြေကြီးများနှင့် ဘီးများထိပြီး နောက် မြေကြီးပေါ်တွင် မော်တော်ကားသဖွယ် သုံးလေးဖာလုံခန့်မျှ လိမ့်ပြေးရ၏။

မြေကြီးနှင့်ထိ၍ ရှေးဦးစွာ လိမ့်ပြေးကာစ အချိန်တွင် ၎င်း၏အရှိန်သည် မိုင် ၁၀၀ကျော် ၂၀၀နှုန်းရှိ၍ ထိုနောက်မှ တဖြည်းဖြည်းအရှိန်လျော့သွား ခြင်းဖြစ်လေသည်။ လေယာဉ်ပျံဘီးများ ပေါက်ကွဲသွားခြင်းမှာ ရေခဲတုံးများနှင့် တိုက်မိသောကြောင့်ဟုဆိုရာ ရေခဲတုံးများသည်လည်း ကွင်းကြီးပေါ်တွင် အနှံ့အပြားရှိနေကြ၏။ ဘီးများနှင့် ရေခဲတုံးများသည် ခိုက်မိချင်သောနေရာတွင် ခိုက်မိနိုင်၍ ဘီးများမှာလည်း ပေါက်ကွဲချင်သောနေရာတွင် ပေါက်ကွဲနိုင်၏။ အကယ်၍မြေကြီးနှင့်ဘီးများ ထိကာစ အချိန်၌ မိုင်တရာကျော်နှစ်ရာနှုန်းဖြင့် လိမ့်ခိုက်တွင်ဖြစ်စေ၊ ကွင်းလယ်သို့ရောက်၍ မိုင်ငါးဆယ်ကျော် တရာနှုန်းဖြင့် လိမ့်ခိုက်တွင်ဖြစ်စေ ပေါက်ကွဲလိုက်ပါမူကား လေယာဉ်ပျံ ကြီးသည် ဘီးများမပါသောကြောင့် မလိမ့်နိုင်ပဲရှိရာတွင် အရှိန်ကလည်းအတော်ပြင်းလျက် ရှိသည့်အတွက်ကြောင့် ပွမ်းထိုးပြီး မှောက်သွားနိုင်သည်။ ထိုမျှမက မီးလောင်ပျက်စီး၍လည်း သွားနိုင်သည်။ ယခုမှာမူ ကွင်း၏အဆုံးသို့ ရောက်ခါနီး၍ အရှိန်ကုန်လုမတတ် နှေးသွား သောအခါတွင်မှ ပေါက်ကွဲသွားပြီး ကျွန်ုပ်ပင်မသိလိုက်ရအောင် ဖြည်းညင်းစွာရပ်တန့်သွားခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် ဤအခြင်းအရာကို ထိုစဉ်ကမတွေးမိ၊ ကိုယ့်မေတ္တာစိတ်ဓာတ်ကို ကိုယ်ယုံကြည်လျက်ရှိသည်နှင့် ခပ်ပေါ့ပေါ့ခပ်အေးအေးပင် နေလိုက်မိရာ ဤဂျစ်ကား ဘီးကျွတ်သော အဖြစ်အပျက်နှင့် ကြုံရသည်တွင်မှ ခယ်မကပြောပြ၍ ပြန်တွေးမိပြီး ကျောချမ်းမိပါသေးသည်။ ဤအဖြစ်အပျက်နှစ်ရပ်မှာ အခြားလူများ၏ ကံကြောင့် လည်းကောင်း၊ ကျွန်ုပ်၏ကံကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ ကျွန်ုပ်ကမူ ကျွန်ုပ်၏ မေတ္တာစိတ်ဓာတ်ကြောင့်ဟူ၍ ယူဆလျက်ရှိရာ ဟုတ်မဟုတ်ကိုအပထား၍ ကျွန်ုပ်အဖို့ အားတက်စရာကြီးဖြစ်နေပါတော့သည်။

## ဝေဖန်ခံရခြင်း

ဤခေတ်တွင် အတော်နာမည်တက်လျက်ရှိသော ရန်ကုန်စာရေးဆရာ တယောက်သည် မကြာသေးမီက ကျွန်ုပ်၏နေအိမ်သို့ လာရောက်၍ 'တသက်တာ မှတ်တမ်း' အကြောင်းကို ဝေဖန်ဆွေးနွေးလေသည်။ ထိုသူသည် မှတ်တမ်းတွင် ဖော်ပြပါရှိသည့် ကျွန်ုပ်၏ကောင်းသော အပြုအမူများအကြောင်းကို အထိုက် အလျောက် ချီးကျူးပြောဆိုပြီးနောက် သူမကျေနပ်သည့် အပြုအမူများကို ထောက်ပြ၍ အဘယ့်ကြောင့်ကျွန်ုပ် ထိုကဲ့သို့ပြုလုပ်ခဲ့ရလေသည်ကို ထုချေလွှာ တောင်းသည် အနေမျိုးဖြင့် စစ်ဆေးမေးမြန်းပါသည်။ အခြားလူတယောက်က ထိုကဲ့သို့ပြုလုပ်ပါမူ ကျွန်ုပ်သည် မည်သို့မျှရှိလိမ့်မည်မဟုတ်၊ နာမည်အတော် ကျော်ကြားလျက်ရှိသည့် စာရေးဆရာတယောက်က စစ်ဆေးမေးမြန်းခြင်း ဖြစ်သော ကြောင့် အတော်ကလေးအံ့ဩမိပါသည်။ သို့ရာတွင် အမေးရှိက အဖြေရှိရမည် ဖြစ်သောကြောင့် ကျွန်ုပ်သည် ထိုသူအား တသက်တာမှတ်တမ်း (Autobiography) ရေးသားခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောပြလိုက်ရပါသေးသည်။

## ဝတ္ထုနှစ်မျိုး

ဖြစ်ပုံမှာ ထိုစာရေးဆရာသည် ဝတ္ထုရေးသမားတယောက်ဖြစ်၍ သူ၏ 'ဇာတ်လိုက်' များအား အပြစ်အနာအဆာ လုံးဝကင်းသည့် အနေမျိုးဖြင့် (Perfect Hero) ကြံစည်စိတ်ကူးပြီး စာဖတ်သူများက 'ဘုရားတဆူ ဂူတလုံး'အနေဖြင့် ကိုးကွယ်ချင်လောက်အောင် ရေးသားလာခဲ့ပုံရသည်။ ဤရေးနည်းမျိုးသည် ရှေးခေတ်က အင်္ဂလိပ်ဝတ္ထုများနှင့် ဤခေတ်မြန်မာ

ဝတ္ထုများတွင် ခေတ်စားလျက်ရှိရာ ၎င်းတို့အင်္ဂလိပ်လို Story ဟုခေါ်၍ မြန်မာလို 'စိတ်ကူးယဉ်ဝတ္ထု' ဟုခေါ်သင့်သည်ထင်၏။ ဝတ္ထုအားလုံးသည် စိတ်ကူးယဉ်ဝတ္ထုချည်း မဟုတ်ပါလောဟု မေးခဲ့လျှင် ဤကိစ္စမှာ မြန်မာအသုံးအနှုန်းပေါ်လွင်အောင်မရှိသေးသည်ဖြစ်၍ အင်္ဂလိပ်စကားလုံး အကူအညီယူမှ ရှင်းပြနိုင်ပေလိမ့်မည်။ အင်္ဂလိပ်ဝတ္ထုများ၌ Story (စိတ်ကူးယဉ်ဝတ္ထု) နှင့် Novel (သဘာဝကိုတိကျအောင်ဖော်ပြသောဝတ္ထု) ဟူ၍ နှစ်မျိုးရှိ၏။ ဤဝတ္ထုနှစ်မျိုးလုံးမှာ စိတ်ကူးဖြင့် ရေးရသည်ချည်းဖြစ်သော်လည်း ပထမအမျိုးမှာ သဘာဝကျမှုထက် ဇာတ်ကွက်ဇာတ်လမ်းကို ပို၍အလေးပေးကြသည်။ ဆိုက်ကားသမားက သဌေးသမီးကို တက္ကသိုလ်မှအဆင်းတွင် ဆိုက်ကားနှင့်ခိုးတင်ပြေးခြင်းမှ စ၍ သေရာမှပြန်ရှင်သည်အထိ ဇာတ်ကွက်ကို ဆင်ချင်သလို ဆင်နိုင်ခွင့်ရှိလေသည်။ လူ့သဘာဝကိုမှန်ကန်တိကျအောင် တင်ပြသည့် Novel အမျိုးအစား ဝတ္ထုမျိုးမူကား ဇာတ်ကွက်ဇာတ်လမ်း ကောင်းစေရန်ဆို၍ ရေးချင်သလို ရေးနိုင်သည် မဟုတ်၊ ဇာတ်လမ်း မည်မျှကောင်းစေကာမူ သဘာဝမကျသော အဖြစ်အပျက် တခုပါသည်ဆိုလျှင် Novel အင်္ဂါနှင့်မညီဆိုကာ Story အဆင့်အတန်းသို့ လျှောဆင်းရပါတော့သည်။ အနောက်တိုင်းပြည်များတွင် Novel အမြောက်အမြား ကြိုးစားရေးသားလျက် ရှိပြီဖြစ်သော်လည်း မြန်မာပြည်မှ ဝတ္ထုရေးဆရာများမှာမူ Story အဆင့်အတန်းမျှလောက်သာ (အများအားဖြင့်) ရေးနေကြ၍ အချို့မှာ ဤဝတ္ထုနှစ်မျိုး၏ ခြားနားပုံကိုပင် သဘောပေါက်ကြသေးဟန် မရှိချေ။

## ကျွန်ုပ်၏ ရည်ရွယ်ချက်

အထက်ပါ စာရေးဆရာသည် စိတ်ကူးယဉ်ဝတ္ထု Story ရေးသမားတယောက်၏ အမြင်မျိုးဖြင့်ကျွန်ုပ်၏ မှတ်တမ်းကို ဝေဖန်သည့် လက္ခဏာရှိ၏။ အမှန်မှာ အတ္ထုပတ္တိကို မိမိဘာသာ ရေးသားတင်ပြသူများသည် အထက်ပါ

သဘာဝဝတ္ထုများ Novel ရေးသမား ထက်ပင် သစ္စာရှိဖို့ တာဝန်ရှိပေသည်။ ကိုယ့်အကြောင်းကို ကိုယ်ရေးကြသည့်အခါ အဆိုးတွေကိုမြုပ်ထားပြီး အကောင်းတွေကို ချဲ့ထွင်ကာ တင်ပြခြင်းအားဖြင့် မိမိတို့ကိုယ်ကို 'ဟီးရိုး' သဖွယ် အထင်ခံရအောင် ရေးချင်တတ်ကြ၏။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကောင်းသော အချက်အလက်များကို မြုပ်ထားခြင်းအားဖြင့် နှိမ့်ချသည့်သဘောမျိုး Modesty ဖော်ပြရန်လည်း မကြိုးစား၊ (မေတ္တာတရားပွားများခြင်း အလုပ်မျိုးကဲ့သို့) အားရပါးရ ရေးသားတင်ပြချင်တင်ပြဖို့ ကြိုးစားခဲ့ပါသည်။ ကျွန်ုပ်သည် မိမိကိုယ်ကို 'ဟီးရိုး' တယောက် အနေဖြင့် အထင်ပေးလို၍ ရေးသားခြင်းမဟုတ်၊ အကောင်းနှင့်အဆိုးတို့သည် ကျွန်ုပ်၏သန္တာန်၌ ဘယ်ကဲ့သို့ ဖြစ်ပေါ်ခဲ့သည့် အကြောင်းကို စာဖတ်သူတို့ သဘာဝကျကျ သိစေရန် အတွက်ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းဖြစ်ပါသည်။ အကယ်၍ကျွန်ုပ်သည် အကောင်းချည်း သက်သက် စုပေါင်းဖွဲ့စည်းထား၍ (ထိုစာရေးဆရာက ထောက်ပြသည့်) အဆိုးသဘာဝမျိုး လုံးဝကင်းစင်သူတယောက် ဖြစ်ခဲ့ပါမူ ကျွန်ုပ်၏တသက်တာမှတ်တမ်းသည် စိတ်ဝင်စားဖွယ် ဖြစ်လိမ့်မည်မထင်သောကြောင့် ကျွန်ုပ်ရေးဖို့ စိတ်ကူး ထည့်လိမ့်မည်ပင် မဟုတ်ပါ။ ဤမှတ်တမ်းကို ရေးရာ၌ ကျွန်ုပ်သည် မိမိကိုယ်ကို အထင်ကြီးခံလိုသော ရည်ရွယ်ချက်ထက် မိမိ၏အတ္ထုပ္ပတ္တိကိုရေးလျှင် မည်သို့ ရေးလိုက်သည်ဆိုခြင်းကို ကျွန်ုပ်နားလည်သလို တင်ပြလိုသော ရည်ရွယ်ချက် ပိုမိုလျက်ရှိပါသည်။

## ပရိသတ်ကိုနှုတ်ဆက်ခြင်း

လူထုသတင်းစာတွင် ကျွန်ုပ်၏ 'တသက်တာမှတ်တမ်း' ကိုထည့်သွင်း ဖော်ပြခဲ့သည်မှာ နှစ်နှစ်ကျော်ခဲ့ပြီဖြစ်၍ ဤမျှလောက်ကြာရှည်သော အချိန် ကာလအတွင်း ကျွန်ုပ်၏ဆောင်းပါးများကို သည်းခံဖတ်ရှုကြသည့် စာဖတ်

ပရိသတ်အား ကျေးဇူးဥပကာရတင်ရှိပါသည်။ ဤအကြောင်းကို ပမာဆောင်ရသော် စာဖတ်ပရိသတ်နှင့် ကျွန်ုပ်သည် ပင်လယ်ကူး သင်္ဘောကြီးတစင်းနှင့် ခရီးအတူ ထွက်ခဲ့ကြခြင်းနှင့်တူ၍ ကျွန်ုပ်ကား ကပ္ပိတန်၊ စာဖတ်ပရိသတ်ကား သင်္ဘောစီး ခရီးသည်များနှင့် ပုံနှိုင်းချင်ပါသည်။ ကပ္ပိတန်သည် ခရီးသည်များအား ခေါ်ချင်ရာ ခေါ်သွား၍ ဆိုက်ချင်သော ဆိပ်ကမ်း၌ဆိုက်ပြီး ပြချင်ရာ ပြသကဲ့သို့ ကျွန်ုပ်သည် လည်း ရေးချင်ရာရေး၍ တွေးချင်သလိုတွေးသည့် အတွေးအခေါ်များကို စာဖတ်ပရိသတ်အား တင်ပြခဲ့ပါသည်။ သင်္ဘောစီး ခရီးသည်များသည် ကပ္ပိတန် ပြသည့် ရှုခင်းများအနက် ခြောက်ကပ်ငြီးငွေ့ဖွယ်ရာများလည်း တွေ့ရ၍ သာသာ ယာယာနှင့် ပျော်ရွှင်ဖွယ်ကောင်းသော အရာများကိုလည်း တွေ့မြင်ကြရသည့် နည်းတူ စာဖတ်ပရိသတ်သည်လည်း ကျွန်ုပ်တင ပြသည့် အဖြစ်အပျက်များနှင့် အတွေးအခေါ်များအနက်၌ မကြိုက်ချင်စရာ၊ လက်မခံနိုင်စရာအကြောင်းများ လည်း တွေ့ကြရ၍ နှစ်သက်သဘောကျသဖြင့် မှတ်သားနည်းယူချင်စရာ အခြင်း အရာများလည်း တွေ့ကောင်းတွေ့ကြရပေလိမ့်မည်။ သို့ရာတွင်ခြားနားချက်တခုရှိ သည်မှာ သင်္ဘောစီး ခရီးသည်များသည် ကပ္ပိတန်ဆိုက်သည့် ဆိပ်ကမ်းများသို့ မလိုက်မနေ ရ၊ မမြင်မနေရ ရှိကြသည်ဖြစ်သော်လည်း ကျွန်ုပ်စာဖတ်ပရိသတ်မှာမူ မိမိတို့မကြိုက်သော အခြင်းအရာများ ပါခဲ့လျှင် မဖတ်ပဲ ကျော်လွှားသွားနိုင်ခွင့် ရှိကြပါသည်။ ခရီးအတူသွား ကြသည့် သင်္ဘောစီးများသည် ကပ္ပိတန်ပြသသည့် ရှုခင်းများ၌ မကြိုက်သည်နှင့် ကြိုက်သည် တို့ရောနှောလျက် ရှိစေကာမူ နှစ်နှစ်ကျော်မျှ ခရီးအတူသွားကြရပြီး နောက်ပိတ်ဆုံး ဆိပ်ကမ်းသို့ ဆိုက်ကပ် သဖြင့် ခွဲခွာမည်ပြုကြသောအခါတွင် တဘက်နှင့်တဘက် ခင်မင်တွယ်တာမှု ရှိကြရမည် ဖြစ်သကဲ့သို့ ကျွန်ုပ်သည်လည်း စာဖတ်ပရိသတ်နှင့် နှစ်နှစ် ကျော်မျှ စိတ်ဓာတ်ချင်း နီးနှောခဲ့ကြပြီး၍ ဤမှတ်တမ်းကို အဆုံးသတ်တော့မည့် ယခုအချိန် တွင် (စာဖတ်ပရိသတ်က မည်ကဲ့သို့ ရှိကြမည်မပြောတတ်သော်လည်း) ကျွန်ုပ်ဘက်ကမူ စိတ်ဓာတ်ချင်းနီးနှောမှု ရပ်စဲလိုက်ရသဖြင့် ဟာတာတာ

ဖြစ်သွားသည့်ပြင် လုပ်နေကျအလုပ်တခု လက်လွှတ်လိုက်ရသည့်နှယ် ယောင်လည်လည် ဖြစ်သွားဦးမည် ထင်ပါသည်။ သို့ရာတွင် ကျွန်ုပ်လွှတ်လိုက်သည့် "ကွက်လပ်" ၌ သန်တုန်းမြန်တုန်းအရွယ် ဖြစ်သည့် အလျောက် အစစအရာရာကို ကျွန်ုပ်ထက်လျင်မြန်ထက်သန်စွာ ရေးသားဖော်ပြနိုင်စွမ်းရှိသည့် ကလောင်ရှင်တဦး နေရာယူလိမ့်မည်ဟု သိရှိထားရသည့်အတွက်ကြောင့် စာဖတ်ပရိသတ်အဖို့ ဆုံးရှုံးခြင်း မရှိနိုင်သည့်အပြင် အပြောင်းအလဲသဘောမျိုးနှင့် အရသာတမျိုးပင် တွေ့ကြရလိမ့်မည်ဟု မျှော်လင့်နိုင်ကြပါသည်။

ကျွန်ုပ်အဖို့ အနာဂတ်အရေးကို ဖော်ပြရလျှင် ကျွန်ုပ်မှာ မေတ္တာစိတ်ဓာတ် ပွားများဖို့ တတုံတတုံ့ ကြိုးစားအားထုတ်လျက်ရှိသော အချိန်မှစ၍ ကမ္ဘာစစ်ကြီး ဖြစ်မည့်အရေးကို ကမ္ဘာသူ ကမ္ဘာသားအတွက် (ရှင်ဘုရင်အတွက် ဝေကြက ကြောင့်ကြသည်ဟု ဆိုချင်ဆို) စိုးရိမ်ပူပန်လျက် ရှိသည်ဖြစ်၍ တနေ့အတွင်း အကြိမ်ပေါင်းများစွာ သတိရလျက်ရှိပါသည်။ ဤမှတ်တမ်းတနေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ကျွန်ုပ်၏စိတ်မှာ အလွန်ကြီးကျယ်လှ၍ "ဆင်ခေါင်း ခွေးမချီနိုင်" ဆိုသော စကားကဲ့သို့ ဖြစ်နေရာတွင် ကျွန်ုပ်ကိုယုံကြည်သော စေတနာရှင်များ၏ ထောက်ပံ့ကူညီခြင်းကို ခံယူရရှိလျှင်လည်း ရရှိစေ၊ သို့မဟုတ်ပါက ကမ္ဘာ့ရေးရာကို ကျောခိုင်းပြီး ကိုယ်ရေးကိုယ်တာအတွက် အလွတ်ရုန်းသည့် အလုပ်မျိုး ဖြစ်သော ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ်ကိုသာ သဲသဲမဲမဲပြန်ကောက်ဖို့ကြံရွယ်ပါသည်။ သို့ရာတွင် ကျွန်ုပ်သည် ကလောင်လောကမှ တခါတည်း ကွယ်ပျောက်သွားဦးမည်တော့ မဟုတ်ပါ။ ဝမ်းစာအဖို့ လုံလောက်ရုံကလေးအတွက်မူ ရံဖန်ရံခါ "မလိုလဲလိုလဲ" ရေးသားရဦးမည် ဖြစ်ပါသတည်း။

ရွှေဥဒေါင်း

၁၄ ၊ ၆ ၊ ၆၂

# ကျေးဇူးတင်လွှာ

ဆရာကြီးရွှေဥဒေါင်း၏ တသက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ ၊ အစအဆုံး အပြည့်အစုံပါဝင်သော ယခု e-book ဖြစ်မြောက်ခြင်းအတွက် ကျေးဇူးအရှိဆုံး ပုဂ္ဂိုလ်မှာ Native Myanmar Forum တွင် စာရိုက်တင်ပေးခဲ့သော ဦးမောင်ကို ဖြစ်ပါသည်။ ဦးမောင်ကို၏ လက်ဖျားခါလောက်သည့် အားထုတ်မှုကို အထူး ကျေးဇူးတင်ပါကြောင်း ဤနေရာမှ ဖော်ပြလိုက်ရပါသည်။


ထို့အပြင် စာအုပ်မျက်နှာဖုံးကို scanner ဆွဲပြီးတင်ပေးခဲ့သော ကိုညီလင်းငယ် (မြန်မာကျူးပစ်ဖိုရမ်) ကိုလည်း ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါသည်။

လေးစားစွာဖြင့်

မောင်ပို

ပီဒီအက်ဖ်စီစဉ်သူ

၂၈.၁၂.၂၀၀၇


ရွှေဥဒေါင်း
တစ်သက်တာမှတ်တမ်း
အတွေးအခေါ်များ